www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိံမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

# သရဖူ

မဂ္ဂဇင်း

အတွဲ (၁၆) အမှတ် (၈) ၂၀၁၆ ခုနှစ် ဩဂုတ်လ

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၆ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော
ပကိဏ္ဏက လေခကျွန်မှာ့ကထာ
(ကထာစာပေါင်းသိုက်)
လျောင်ချိုင့်
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၇ ထိုင်းနိုင်ငံမှ
လာဘ်လာဘပြည့်ဝစေသောဘုရား
**ခင်မောင်အေး(မန္တလေး)**

၂၄ ကိုယ့်အရိပ်ကိုယ်စစ်
**ကိုရွှေမြသန်း(သမိုင်း)**

၂၆ ဝေဘူဆရာတော်ဘုရားကြီး
အမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၃၁ ငွေ(၃)သိန်းနှင့်အသက်အန္တရာယ်
ကယ်ဆယ်သည့်ဂါထာတော်
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
**ကစစ(၁၂) ထုံးဘို**

၃၅ လောကဓံရှစ်ခါးပဏီတပ်ကြီးကို
အောင်နိုင်သည့်ဂါထာတော်
**သုဓ္ဓ(နဝင်းမြို့)**

၃၇ နန်းသက်မြတ် ဝေဒီမင်းကောင်းမှု
မြစ်ကုန်းရွှေးဟောင်းစေတီတော်
**မောင်စိမ်းထွေး(ထားဝယ်)**

၄၇ ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊
တြိဖလဆေးဘုရား ပန္နက်တင်မင်္ဂလာ
**ဘိုဘို(ရွှေကံကူ)**

၆၀ သာသနာ့အသက်-ဝိနည်း
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၆၄ ဘုန်းကံကြီးမားမင်းကေရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ(၁၈)
**သစ္စာဝါဒီ-ဦးမြင့်အောင်**

၆၅ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ
ထင်ရှားကျော်ကြားစေတီဘုရားများ
အမှတ်(၁၀)
**ကံဝင်း**

၇၂ ဒေါက်တာနန္ဒမာလာဘိဝံသ
(ပါမောက္ခချုပ်ဆရာတော်)
**ဦးစန္ဒီမ(စလင်း)**

၈၅ မေရုဒကုန်းတော်မှာ
ထွန်းပစံပျော်တာ
ရွှေဆံတော်စေတီမဟာ
**အောင်သာကျော်**

၉၇ လေးကြိုးမင်းခေါင်ရဲ့ဝိဇ္ဇာတောင်
တဘောင်အတိတ်နဲ့နိမိတ်ကိုဆောင်
မိုးထိတက်အောင်
လေ့ကားထောင်ဟော့
**အဘဝ(သာသနာ့အလင်းရောင်)**

၁၂၁ မန္တလေးရောက်
ရခိုင်မဟာမြတ်မုနိဘုရားကြီး
ပင့်ဆောင်စဉ်
ဖောင်တော်ဆိုက်ကပ်ခဲ့ရာ
တောင်ကုတ်မြို့ သမိုင်းဝင်
ဖောင်တော်ဦးစေတီတော်မြတ်ကြီး
**ရွှေချိုအောင်(ငပလီ)**

၁၂၈ မဟာပဋ္ဌာန်းလွန်ထူးဆန်းသည်
**ရောမြေ-ကျော်ဝေ**

၁၃၆ မြတောင်ဆရာတော်ဘုရားကြီး၏
ပုဂံမြို့ ဘုရားတဆူခုနစ်ဆူသမိုင်းလ
နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်
**မြဝင်း(ဒဿန)**

၁၄၄ ကိုယ်တွေ့
ဘေးရန်ကင်းကွာဂါထာတော်
**တက္ကသိုလ်ဝင်းမြင့်**

၂၀၉ ဗုဒ္ဓမြတ်စွာဘာပြောခဲ့သလဲ(၇)
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**


## သုတရသဆောင်းပါး


၄၃ ဘဝအတွက်
တွန်းအားပေးအတွေးများ
**အရှင်ဥဇ္ဇယ**

၇၄ သူတော်ကောင်းစကား
**ချောင်းဆုံအုန်းသွင်**

၇၆ သုတ္တန်မှန်လျှင် အန္တရာယ်လွတ်သ
**မင်းထိုက်ဇော်**

၇၈ ဘိသိက်မင်္ဂလာကျမ်း
**ဦးကြည်ဝင်း(ရွှေစင်)ချောက်**

၉၅ ရွှေဘုံသာမုနိမှ
သိုက်မယ်တော်မမြစိမ်းနှင့်
သူမ၏ပုခက်
**မနှင်းပွင့်(ပြည်)**

၁၁၁ လူပို
**အရှင်သိရီဒတ္တာလင်္ကာရ**
**(ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ)**

၁၁၅ မိဂုဏ်ဖဂုဏ်
**ချောင်းဆုံအုန်းသွင်**

၁၃၀ ရေတံခွန်တောင်မှ
ထူးမတောင်သို့ဘုရားဖူးခရီးစဉ်
**တင်တင်ဦး(ပေါင်းတည်)**


www.burmeseclassic.com

www.burmeseclassic.com


မြန်နန်းစံကျော်ရွှေနန်းတော်သို့ တစ်ခေါက်တစ်ခါခရီး
**ဇေးလားနွယ်**

ထိပ်တန်းလျှို့ဝှက်ဓာတ်တော်တိုက်
**နတ်ထီးလှိုင်**

ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများမှ ပြောပြနေသော မြောက်ဦးခေတ် အမျိုးသားများ၏ ဝတ်ဆင်မှု အဆင်တန်ဆာများ
**နင်းဦး**

အာရုံစူးစိုက်မှုနှင့် မှတ်ဉာဏ်ကောင်းစေရန်
**တင်နိုင်ဝင်း(ထမင်းရေးမြို့)**

နောကိုးတန်ပေး၊ ဇေကိုးချက်ယူ
**အုံကြွယ်**

အင္ဂကထာကိုဖန်တီးသူ
**နေသျှင်စိုး**

တွယ်တာမိ၍စွဲလမ်းမှုဖြစ်လာရသည်
**သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်)**

ကြေးဆင်းတုမျက်နှာတော်၏ ရယ်ခြင်းပြုံးခြင်းများ
**ကိုဇော်ဝင်း(လှတော)**

ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်စင်ကာပူ-မလေးရှားခရီးစဉ်
**မောင်ပွင့်ဉာဏ်(မောရ)**

မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(ဂ၁)
**မောင်သန်းဆွေ(ထားဝယ်)**

ဂျပန်ခေတ်မြန်မာ့စာပို့သမိုင်း
**ကြည်လွင်**

ပုဂံခေတ်၏လူဝင်စားဘုရင်များ
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

မိုးမြေအနှံ့ခြေဆန့်၍ရှာဖွေသူ
**လှမ်းထက်**

အင်းဝတံတားကို ဖောက်ခွဲဖျက်ဆီးခဲ့စဉ်က
**လှမိုး(ပညာရေး)**

ကျွန်ပ်သိသောနိုင်ငံရေးနှင့် ဘဝအမြင်
**ချစ်ဖို့(မော်ကျွန်း)**

မြေလျှောက်ဝိဇ္ဇာဘဝက ကြုံတွေ့ခဲ့ရသော ဒေါ်သန်းလှအကြောင်း
**အထ္တဝါလှိုင်း**

ကျေးဇူးရှင် စစ်ကွင်းဆရာတော်ကြီး၏ တပည့် မဟာပထမံပညာ၏ မြေပြင်ဂိုဏ်းချုပ် ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်(၁၇)
**ပထမံဆရာဦးအေးရွှေ**

၄၁၁ မြောက်ဦးခေတ်လယ် ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု (၅)
**ပန်းချီထူးလှ (ရေးပေါင်းသုတေသန)**


## သုတရသတိုင်းရင်းဆေး


၁၁၇ ခင်ပုပ်မြစ်ဆေးအစွမ်းများ
**နေဝင်းဝင်း(လွန်ဆေး)**

၁၆၇ အစာလည်းဆေး ဆေးလည်းအစာ ရောဂါလည်းပျောက်၊ လျှာလည်းလောက်သည့် ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ(၁၇)
**ရွှေနဝင်း(ပုသိမ်)**

၁၇၃ မသိသူကျော်သွားသိသူဖော်စား (အဝေးအနီးကဆေးနည်းနှစ်လက်
**ရောမြေ-ကျော်ဝေ**

၁၉၇ လေးဖက်နာဆေး ဘီလူးတောင်ဝေး
**သန်းလှိုင်ထွဏ်း(အမြင့်)**

၂၄၀ ပန်းပေါင်းတစ်ထောင် သိဒ္ဓိဝင်ပျားရည်
**အောင်စကြာ**
**အရှင်သုမင္ဂလာရ(ဥပစာဝိဇ္ဇာ)**
**အငြိမ်းစားကျန်းမာရေးမှူး**

၂၇၇ နှုးနာပျောက်ကြောင်း ဆေးနည်းကောင်းများ
**နေဝင်းဝင်း(လွန်ဆေး)**

၃၀၀ ရာသီပေါ်သီးနံ့ မင်းကွတ်သီး၏ ဆေးဖက်ဝင်လျှို့ဝှက်ချက်များ
**မင်းချမ်းမြေ့(ပုသိမ်)**

၃၂၁ လေပူထခြင်းနှင့်ရဲယိုသီးမှည့်
**နေပြည်တော်ကျော်ကျော်စိုး**

၃၄၁ ထိကရုံးနှင့်အူကျဝေဒနာ
**နေပြည်တော်ကျော်ကျော်စိုး**

၃၅၁ သက်ရှည်ကျန်းမာဆေးနည်းတစ်ဖြာ
**နတ်မောက်မင်းသန့်နိုင်**

၃၅၂ အခါးရွက်များအခါးသက်သာစေရန်
**နေပြည်တော်ကျော်ကျော်စိုး**

၃၅၃ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**

၃၇၂ ရတ်တရက်သွေးပေါင်တက်သော်
**တင်နိုင်ဝင်း(ထမင်းရေးမြို့)**

၄၂၆ ခြစားခြင်းမှကင်းဝေးနည်း
**ဘစိုးသိန်း**


## သုတရသဓာတ်ပုံ


၁၁၈ မန်းရေဆိပ်ကအရိပ်လား
**တင်ဘုန်းဝင်း**

၁၅၀ ပြကျောက် (၆)
**နေပြည်တော်ကျော်ကျော်စိုး**

၁၆၂ အစွဲအလမ်းသည် လွဲလမ်းသာတည်း
**ချောဘသိုင်း(စလင်း)**

၁၇၄ မှင်စာမြူးသောည
**တင့်ထူး(ဝေယျဝတီ)**

၁၈၆ လက်မရွံ့ငတင့်
**မြတ်ခေါင်းနိုင်(ဂုံညင်းတန်း)**

၁၈၉ သံသရာရေလျဉ်ကြောမှာဖြင့်
**စိုးလင်းအောင်(မြန်အောင်)**

၁၉၂ ဂန္ဓာရီခရီးသွားမှတ်တမ်း
**စန်းမြင့်(ငြိမ်း)**
**ဟိုတယ်ခရီး**

၂၁၀ လမ်းဦးတိုက်၊လေဦးတိုက်၊ လှည်းဦးတိုက်အိမ်များနှင့် ပတ်သက်၍
**ထောင်မှူးကြီးသိန်းဝင်း**

၂၁၄ ဆန်းကြယ်သည့်ဂမ္ဘီရတောင်
**ချစ်ဆိုင်**

၂၂၃ ရင်ကွဲတောင်
**အေးမင်း(ကျိုင်းတုံ)**

၂၃၀ ရွှေသလွန်စေတီဦးကသိုက်နန်းရှင်
**ခင်မမလင်း(ကလော)**

၂၃၆ ကျောက်ဝဲဂူစံအိမ်ကြီး
**မောင်မောင်မိုးအောင် (စာပေဗိမာန်စာမူဆုရ)**

၂၄၄ သစ်ကွင်းနှင့်တိုက်ဆိုင်မှုများ
**မောင်မောင်ချစ်ဦး(မုံရွာ)**

၂၆၀ သဲမှန်တိုင်းဖုံးစာ
**သပိတ်ကျင်း-ကျော်ကျော်ထွန်း**

၂၆၆ စေတနာကောင်းလျှင် ကံအကြောင်းလှပါသည်
**ကိုစနေ**

၂၇၈ အိမ်အောက်ကသိုက်နဲ့ ကျွန်တော့်မိသားစု
**စိုးမင်း(ကြောက်စည်း)**

၃၀၂ အရှုးကတစ်မူးသာ
**ညွန့်ဝေယျာ**

၃၁၈ ယုံယုံ၊ မယုံယုံ မဆော့နှင့်
**ကျော့နှစ်သုခေ**

၃၂၂ မောင်ခေါ်ရာလိုက်ခဲ့တော့
**အောင်မြင့်ထွန်း (မသုံးလုံး)**

၃၃၂ အိပ်မက်စေတမန်
**ထူးအောင်ထက်**

၃၆၂ လေစုန်တိုက်သူနှင့် ရေဆန်ကြိုက်သူ
**ပန်းမြိုင်လယ်စိန်ဝင်း**


www.burmeseclassic.com

www.burmeseclassic.com








၃၆၆ လက်ပံဖူးချိန်
**ရွှေပြည်စိုး(မိုးကုတ်)**
၃၇၇ စေတနာမုန်လို့
အကျိုးပေးလေသလား
**ကြည်ပြာမောင်(သဇင်မြေ)**
၄၀၂ လူသတ်ကျွန်း
**သန့်ဇင်**


## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်


၃၅၄ ပညာရှင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၉၀ ဟူးကောင်းကျား
**ဖိုးကျော့**


## သုရဋ္ဌ ပညာရပ်


၂၁၉ တရုတ်ဂမ္ဘီရဖုန်းရွှေပညာ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**
၂၂၅ ဝိဇ္ဇာရေမြန်မာ့အဂ္ဂိရတ်ပညာ(၆၅)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**
၂၅၆ နာမည်များနှင့်ငြင်းခုံခြင်း(၁၁)
**နေဝိဇ္ဇာ**
၂၉၀ ချင့်ချိန်-စဉ်းစား-ဆင်ငှေ့ပြန်အား
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၃၁၃ တားရော့ဖြန့်ခင်းပုံနည်းစနစ်
**ဆရာကြီး**
၃၄၇ တားရော့ပုံပြင်(၄)
သို့မဟုတ် ရောမကကြွလာတဲ့
ဂျူးနတ်မင်းကြီး
**ဆရာစိုး-ရွှေအာရုဏ်ဦး**
**(တားရော့သုတေသီ)**
**မိုးကောင်း**
၃၇၃ ယနေ့ခေတ်သုံးလက္ခဏာကွန်ရက်
**ဘသုန်**
၃၈၃ လက္ခဏာပညာ၏
လျှို့ဝှက်နက်နဲမှုများ
**ဦးအောင်မင်း**


## သုရဋ္ဌလက်တွေ့အသုံးချ


၁၇၂ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၂၄၃ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက်
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**
၃၁၇ ပြည်မြန်မာ၏
၂၀၁၆ ခုနှစ်၊ သိဟ်ရာသီပြောင်း၊
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၃၉၉ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**
၄၀၀ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**
၄၁၅ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၄၁၈ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**
၄၂၂ ရရန်၊ ပေးရန်များအတွက်
သုရဋ္ဌလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိခိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလဲ့လဲ့ထွဏ်း

**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)
**မျက်နှာဖုံးနှင့်**
**အတွင်းဒီဇိုင်း**
စိုးအောင်
**သုရဋ္ဌစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၂၉၈၆၇၄
**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း
**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမွန်ထွန်း၊ နှင်းသဇ္ဈာကျော်၊
စန်းထွန်းမြင့်
**ရုံးအဖွဲ့**
သဲယုလှိုင်၊ အေးအေးစန်း၊
စုမွန်၊ စုစုစံ၊ နုနု၊ ဖြိုးရတနာ၊
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၇၁၈
**မန္တလေး**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကလယား**-ဂဏ်နဒီ၊ မိလျံနာ
**ပဲခူး**- သဇင်စာပေ
**ဟသာတ**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လူထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဈေး
( ၃000 ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com



## မေတ္တာရပ်ခံပန်ကြားလွှာ

အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် ရွှေနှစ်တောရတွင် အေးချမ်းစွာ သီတင်းသုံးနေတော်မူပါသည်။

၁၃၇၇ ခုနှစ် တန်ခူးလကွယ်နေ့ နောက်ဆုံးထားပြီး အဝေးနေပရိသတ်များအတွက် ဆွမ်းခံကြွချီတော်မူခဲ့ပါသည်။

၁၃၇၇ ခုနှစ် ကဆုန်လဆန်း (၁) ရက်နေ့မှ စတင်၍ အဓိဋ္ဌာန်ဝင်တော်မူပါသည်။

ဆရာတော်ဘုရားကြီး ဆိတ်ငြိမ်စွာ တရားအားထုတ်တော်မူနိုင်စေရန်အတွက် ဆန္ဒတော်မြတ်ကို အဝေးမှ မေတ္တာခံယူလိုက်နာခြင်းဖြင့် ပါရမီကုသိုလ်ယူကြပါရန်နှင့် အဖူးမျှော်ခံခြင်းမရှိသေးပါကြောင်း လေးစားစွာ ပန်ကြားအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

❑ ဗဟုလ္လာ သန္တိကေ မမ၊ တက္က ဝစရ ဝတ္ထုနိ၊
တမှိ ဒမှိ ရာသိ ဇကော၊ ဇကေကော ဓမ္မ ဘိသယော။ ။

**မမသန္တိကေ** - အာရုံပျံ့ဝဲ ငါ့သန္တာန် ထဲဝယ်. . .၊ **တက္ကဝစရဝတ္ထုနိ**-ရေးရာ အဖုံဖုံ တွေးစရာအစုံတို့သည်ကား. . .၊ **ဗဟုလ္လာ** - စာပေါင်းသိုက်အလား အများသား။

**တမှာ** - ထိုစာပေါင်းသိုက်ထဲမှာ၊ **က္ကဒမှိ** - လှောင်ချိုင့်အမည်ထား၊ သည် စကားတစ်ခွန်းကလည်း၊ **ဇကောရာသိ** - စာအပေါင်းအစုတွင် တစ်ခုအပါအဝင်တည်း။ **ဇကေကောဓမ္မဘိသယော**-တစ်ခုပေါ် တစ်ခုနင်းလျက်ထွက်လာသောတရား တစ်ပွဲ။

**❑ အစဥ်အလာကြီးသော သဘာဝတရား**

သတ္တဝါတို့၏ အစဖြစ်ဘဝကို သဘာဝအရ ဓာတ်ဖို၊ ဓာတ်မတို့က မွေးပေးကြ၏။ သို့ကြောင့် သတ္တဝါတိုင်း၏ မူလမိဘနှစ်ပါးသည် သဘာဝ ဓာတ်ဖို၊ ဓာတ်မများပင်။

လေ၊ မီးနှစ်ပါးတို့သည် ဓာတ်ရှင်များဖြစ်ကြ၍ သန္ဓေပေးနိုင်စွမ်းရှိကြ၏။

မြေ၊ ရေ နှစ်ပါးတို့သည် ဓာတ်သေများဖြစ်ကြ၍ သန္ဓေခံယူနိုင်စွမ်းရှိကြ၏။ သက်ရှိသတ္တဝါများကဲ့သို့ အသိဝိညာဉ်ဖြင့် အပေးအယူလုပ်ကြသည် မဟုတ်။ သဘာဝဓမ္မ၏ အချိတ်အဆက်ဖြင့်သာ အပေးအယူဖြစ်သွားကြခြင်းသာ။

သို့ကြောင့် သတ္တဝါတိုင်း ဓာတ်မိဘနှစ်ပါးတို့၏အုပ်ထိန်းမှုနှင့်မကင်း။

ထိုဓာတ်မိဘနှစ်ပါးတို့က သင်၊ ငါ အပါဝင် သတ္တဝါများကို အုပ်ချုပ်ရာ၌ လှောင်ချိုင့်ကို အသုံးပြုကြ၏။ လှောင်ချိုင့်ကား ပုခက်ကဲ့သို့လွှဲပေးစရာမလို။ သားသည်မိခင်ကဲ့သို့ ချော့သိပ်စောင့်သိပ်ပေးနေစရာလည်းမလို။

တစ်ဖက်က မြေဓာတ်ကြီး ကာရံထားခြင်းဖြင့် ကိစ္စပြီး၏။

တစ်ဖက်က ရေဓာတ်ကြီးကာခြားထားခြင်းဖြင့် ကိစ္စပြီး၏။

တစ်ဖက်က လေဓာတ်ကြီးကာခြားထားခြင်းဖြင့် ကိစ္စပြီး၏။

တစ်ဖက်က မီးဓာတ်ကြီး ကာခြားထားခြင်းဖြင့် ကိစ္စပြီး၏။

ဤဓာတ်လေးပါးစလုံးတို့၏သတ္တိလှိုင်းအရှိန်ကား. . . ထုထည်ကလည်း ကမ္ဘာမြေနှင့် ပမာဏချင်း ညီမျှ၏။ နံရံအမြင့်ကလည်း မြင်းမိုရ်တောင်နှင့်ပမာဏချင်းညီမျှ၏။ သတ္တဝါတစ်ဦးတစ်ဖက်နံရံ၌ ထွက်ပေါက်ရှိလိုရှိသားဖြင့် ပြေးကပ်ကြည့်မိသော်. . .

မြေနံရံဘက်ပြေးကပ်မိက ပျဉ်ချပ်ကဲ့သို့ မာကျောခြင်း ဖြစ်သွားစေ၏။

ရေနံရံဘက် ပြေးကပ်မိက ရောင်ဖော်နေသူကဲ့သို့ ပြည်တစိုစိုယိုထွက်စေ၏။

လေနံရံဘက် ပြေးကပ်မိက ဓားခုတ်ခံရသူကဲ့သို့ အကြောများပြတ်တောက်စေ၏။

မီးနံရံဘက် ပြေးကပ်မိက မီးမြှိုက်ခံရသူကဲ့သို့ တစ်ကိုယ်လုံး အဖုအပိမ့်ထွက်စေ၏။

သို့ကြောင့် မည်သည့်သတ္တဝါမျှ၊ မည်သည့်နံရံဘက်မျှ မချဉ်းကပ်ဝံ့ကြ။ ထိုလှောင်ချိုင့်ထဲက ထွက်ပြေးဖို့စိတ်ကူးကား ဝေးလာဝေး တွေးပင်မတွေးရဲ။ နံရံများက ရံတစ်ခါ နိမ့်မြင့်ဖြစ်သွားတတ်ကြရာ အချို့ကား အနိမ့်ဘက်ပြေးကပ်ကြည့်ကြ၏။ အချို့အမြင့်ဘက်။မည်သည့်ဘက်ကပ်ကပ် ထိုနံရံက အစွမ်းပြလွှတ်လိုက်သည်ချည်းသာ။

သည်မျှ အစဉ်အလာကြီးမားသော ဓာတ်သတ္တိတို့သည် သတ္တဝါများမွေးဖွားပေးပြီးနောက် ကိုယ့်ကိုယ်ကိုယ်စိတ်စာ၊ ရုပ်စာကျွေး၍ မွေးမြူကြရန်အမြဲအမိန့်ပေးရ၏။

ရုပ်စာရှာဖွေစေရာ၌လည်း မျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ စိတ်တံခါးပေါက်ငယ်လေးများက အတွက်ခိုင်းကာ ကြည့်ပေးတန်ကြည့်ပေး စသည်များနှင့်တွဲ၍ရှာဖွေရ၏။

စိတ်စာရှာဖွေရာ၌လည်း နည်းတူပင် ပြုကျင့်စေ၏။

သဘာဝသည် သဘာဝဖြင့် စီမံအုပ်ချုပ်၏။ သဘာဝဖြင့် ထိန်းသိမ်းစောင့်ရှောက်၏။ သဘာဝဖြင့်ပင် ပြုစုလုပ်ကျွေးမွေးမြူပေး၏။ မိလက်၊ ဖလက်ဟူ၍ သီးခြားထွက်မလာ။

လှောင်ချိုင့်တွင်းသားများ အပြင်ထွက် အစာရှာဖွေရာ၌ လိုက်လံစောင့်ကြပ်သူကား. . . အစွဲ။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ အမြင်ပေါက် အတ္တဝါဒုပါဒါန်အစွဲ။

**❑ တစ်သက်တစ်ကျွန်းကျပြစ်မှုများဖြင့်**

စေတနာကြမ်းလွန်းရာမှ ဖြစ်သော ပြစ်မှုများက အလွန်ကြီးလေးလှသောအခါ ထောင်တစ်သက် လွတ်ရက်မရှိစေရအမိန့်ဖြင့် ထောင်၌ပင်တစ်သက်





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



လုံးနေစေသည့်ပမာ . . . ဤသတ္တဝါ သင်ရော ငါပါ အများတို့သည်လည်း . . . နောက်ဘဝကိုသတ်၍ သူ့ဥစ္စာလုယူထွက်ပြေးလာရသည်ချည်းဖြစ်ကြရာ . . .

သတ်မှုကြီးကလည်း ပါနေ၏။

လုယက်ဖျက်ဆီးမှုကြီးကလည်းပါနေပြန်၏။ သည်ကြားထဲ. . .

ကြိမ်းမောင်းမှုကြီးလည်းပါကောင်းပါနိုင်၏။

ဖြားယောင်းသွေးဆောင်မှုလည်းပါကောင်းပါနိုင်၏။

ဒုစရိုက်သမား အသုံးပြုလေ့ရှိသော ကျင့်နည်းမျိုးစုံ အကုန်ပါနိုင်၏။ သို့ဖြင့် သင်ရော ငါပါတို့သည် သန္ဓေယူလိုက်ပြီဆိုကတည်းကပင် သဘာဝတရားသူကြီးက ခါတ်လေးခု ကာရံထားရာ လှောင်ချိုင့်တွင်း တန်းသွင်းလိုက်တော့သည်။

ထိုမှနေ မွေးဖွားခြင်း၊ သေဆုံးခြင်းများအထိ အပြစ်တစ်ပေါင်းတည်းကျခံစေ အမိန့်အတိုင်း သင်ရော ငါပါတို့သည် ဓာတ်လေးမျိုးကာရံထားသောထောင်အတွင်းအကျဉ်းချခံကြရရာ. . . ကိုယ့်ထမင်း၊ ကိုယ့်ဟင်း ရှာဖွေစားရင်းက နေထိုင်ကြရ၏။ ကိုယ့်အနာ ကိုယ်ပြုစုကုသရင်းက နေထိုင်ကြရ၏။ ကိုယ့်အသက် ကိုယ်ဆက်ပေးရင်းက နေထိုင်ကြရ၏။ ထောင်ကျမို့လို ထောင်ထမင်း၊ ထောင်ဟင်း စားခွင့်ရခြင်းကား အလျှင်းမရှိကြ။ ထောင်တွင်း၌ စားရသဖြင့် ထောင်ထမင်းဆိုချင်ဆို. . . စင်စစ်ကား ကိုယ်တိုင်ရှာ၊ ကိုယ်တိုင်သိမ်း၊ ကိုယ်တိုင်ယူ သုံးနေကြရခြင်းမျှသာ. . .။

ထောင်သည် အပြစ်ကျသမားတို့ထားရာဖြစ်၍ ချမ်းသာလိမ့်မည်မဟုတ်။

အပြစ်ကျသမားသည် ကာမအာရုံပြတ်တောက်ခဲ့ခြင်းမရှိ၍ သမုဒယမကင်းသို့ သမုဒယမကင်းသောဒုက္ခခံအပြစ်ကျသမားများပီပီ လွမ်းကြ၊ ဆွေးကြ၏။ လွမ်းဆွေးတိုင်း ထောင်မျှော်ကြည့်၏။ ညိုမှိုင်းမှိုင်းနံရံသာကြည့်မိကြ၏။ လွမ်းဆွေးတိုင်း မြောက်နှင့် အရှေ့၊ အနောက်တို့သို့ကြည့်လည်း ထိုနည်းလည်းကောင်းပင် တွေ့ကြရ၏။ ထောင်တစ်သက်လွတ်ရက်မရှိဆိုထားသဖြင့် ထောင်ပြီးမှထွက်ခွင့်ရကြမည် ဖြစ်၏။ ထောင်ကလည်း ထူထဲခြင်း၊ မြင့်မောက်ခြင်းများအပြင် မျိုးရိုးဗီဇသတ္တိခိုးများကလည်းအတိုးကြမ်းကြမ်းပါဝင်နေ၏။ ရောက်ဆဲဒေသရှိ ဖြစ်ဆဲဥတုကလည်း ပူကြမ်းကြမ်းအခိုးများ အစားထိုးပေးနေပြန်၏။ သို့ကြောင့် ထောင်သည် ဆွေးမြည့်ပြိုလဲရန် အကြောင်းမမြင်သေး။

ထောင်မပြို မောင်ဟိုဒင်းကိုယ့်မင်း အညည်းခံပေဦး။

**◻ ထောင်နံရံတွင်းကထောင်သတင်းများ**

ဓာတ်လေးပါး ကာရံထားရာ ထောင်တွင် ဓာတ်ဘဉ်ကား ထောင်ပိုင်။

ဓာတ်ဘဉ် လက်အောက်ခံ အကုသိုလ်စေတသိက် ၁၄-တို့ကား ထောင်အရာရှိများ။

အညသမန်းစေတသိက် ၁၃-တို့ကား အရံအမှုဆောင်အရာရှိများ။

သို့ဖြင့် သင်ရော ငါပါ သူတကာတို့သည် လှောင်ချိုင့်စံဘဝထဲ ဝဲလည်နေကြရရာ. . . ရံတစ်ခါ ဘဉ်အမိန့်ဆိုကာ အလိုပြင်းက ညှဉ်းဆဲ၏။ သူနှင့်အတူ မာန်တင်းကလည်း ထောင်ပေးသေး၏။ ငါဖို့ တွေးကလည်း အရေးဆိုနိုင်သေး၏။ ရံတစ်ခါ ညဉ်အမိန့်ဆိုကာ မကျေတင်းကလည်း ညှဉ်းဆဲပြန်၏။ သူနှင့်အတူ ကိုယ့်ဘက်က မနာလိုညှဉ်း။ ကိုယ့်အောက်ဆို သဝန်တိုညှဉ်း။ ကိုယ့်ကိုယ်ကိုယ် နောက်ပြန်ငင်ညှဉ်းတို့ကလည်း သူဝင်၊ ကိုယ်ဝင် လျှိုသပ်ပင်း ဝိုင်းညှဉ်းကြသေး၏။

ထိုအုပ်စုကြီး နှစ်စုပြန်၍ ဒဏ်ရာကမှ အနာမကုန်သေး။ မရှက်ညှဉ်း၊ မကြောက်ညှဉ်းတို့ကလည်း အတင်းဝင်ညှဉ်းကြပြန်၏။ တစ်ဖန် ပူညှဉ်းများကား ငါတို့ကို ထောင်ပတ် အပြေးခိုင်းရင်းလည်းညှဉ်းကြ၏။ တစ်နေရာထဲ အထိုင်အထအလုပ်ခိုင်း၍လည်း ညှဉ်းပြသေး၏။

အထက်ပါအုပ်စုများ အလှည့်ကျဝင်၍ညှဉ်းပန်းနေကြစဉ်အတွင်း နောက်ပါ အရံထောင်ဝန်ထမ်းများကလည်း . . . ငါတို့နှင့် ဝန်ထမ်းများကို မျက်နှာချင်းဆိုင်ဆုံတွေ့ပေးခြင်း၊ လှုံ့ဆော်ပေးခြင်းစသည်များဖြင့် ဝန်ထမ်းဘက်ကနေ အကူအညီဝင်ပေးနေကြသေး၏။

သို့ဖြင့် ငါတို့၏ တစ်နေ့တာ ကုန်လွန်စေခဲ့ရပါသည်။

သို့ဖြင့် ငါတို့၏တစ်ညခရီး ပြီးစီးခဲ့ရသည်ချည်းဖြစ်ခဲ့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

သည်အထဲ ထောင်သားချင်း ညှဉ်းပုံများကလည်း ပါဝင်လာကြသေး။ ခက်ထန်ကြမ်းတမ်းသော ထောင်သားသည် နူးညံ့သိမ်မွေ့သူကို အမြဲအနိုင်ကျင့်၏။ ယုတ်မာရက်စက်သော ထောင်သားသည် သနားကြင်နာသူကို အမြဲအနိုင်ကျင့်၏။

ရံတစ်ခါ ခက်ကြမ်း၊ ခက်ကြမ်းချင်း အားစမ်းသည်လည်း ပါသေး၏။ ယုတ်ရက်၊ ယုတ်ရက်ချင်းလည်း အာဏာလုပွဲကျင်းပကြ၏။ နူးမွေ့နှင့်နားကြင်တို့အုပ်စုကား စံဘက်ကသာနေ၏။ လုပ်ဘက်၌မနေကြ။

ထောင်သည် ဒုက္ခပေးသော နေရာဖြစ်၏။ သို့ကြောင့် ဒုက္ခမရမှာ မပူပါနှင့်။

ထောင်သည် နှိမ်သာနေရာဖြစ်၏။ သို့ကြောင့် အနှိမ်မခံရမှာမပူပါနှင့်။ တစ်ဖန် ထောင်သည် သုခနှင့်ဝေးသော နေရာ ဖြစ်၏။ သို့ကြောင့် သုခမမျှော်ပါနှင့်။ ထောင်သည် အပူတကာတို့ စုဝေးရာဖြစ်၏။ သို့ကြောင့် အေးချမ်းမှုကို ကြံမနေပါနှင့်။ ထောင်ဆိုသဖြင့် ထောင်သူကို အထောင်ခိုင်းလိမ့်မည် မဟုတ်။ ထောင်သူကို လှဲချပစ်ရာနေရာဖြစ်သဖြင့် ထောင်လဲသာ အမည်မှန်ဖြစ်၏။

သို့သော် သင်ရော ငါပါ ထောင်သားတို့ဘဝသည် ကိုယ်လုပ်ခဲ့သော စေတနာ၊ ကိုယ့်ကြောင့် ပျက်စီးသွားသော တစ်ဖက်သားတို့နှင့် နှိုင်းစာလျှင် အပြစ်မကြီးလေးသော၊ ထောင်တစ်သက် လွတ်ရက်မရှိသော ထောင်တွင်းနေပြရုံလေးနှင့် မလုံလောက်။

သင်ရော ငါပါ ကျူးလွန်ခဲ့သော အပြစ်ကား. . .

နောက်ဘဝ ဆိုသော သူတစ်ပါးအားသတ်ဖြတ်ပစ်ခဲ့မှုကြီး။ တစ်ဖန်. . . သူသိမ်းဆည်းထားသမျှသောပစ္စည်းများ လုယက်ခဲ့မှုကြီး။ နောက်တစ်ဖန် ဟိုဘဝ၌ ခြေရာဖျောက်ဖျက်ခဲ့ပြီး။ သည်ဘဝထဲ လွှဲရှောင်လာခဲ့မှုကြီး. . . ။

သဘာဝတရားသူကြီးသည် ငါတို့ကို လူအဖြစ် အသိမှတ်ပြု၏။ အသိမှတ်ပြုသည့်အလျောက် လူ့အခွင့်အရေးများကို မပိတ်ပင်။ သို့ကြောင့် သည်လောကကြီးလေးသောပြစ်မှုကြီးများဖြင့် ပြစ်ကျဒဏ်ခံနေရလျက်က. . . ဒါနဖြင့်ကောင်းမှုများပြုခွင့်ပေးထား၏။သီလဖြင့်ကောင်းမှုများပြုခွင့်ပေးထား၏။ ဘာဝနာတို့ဖြင့် ကောင်းမှုများပြုကျင့်လိုသည်ဆိုပါလျှင် . . . ဝေယျာဝစ္စပြုကျင့်ခြင်းမှသည် အကောင်းစုံအကုန်ပြုနှင့် ပေးထားသေး၏။

ထိုစဉ်. . . သင်ရောငါပါအပေါင်းပါတို့သည် ထိုအကောင်းစုံအကုန်တို့ကို-

(က) ကံကို ကံအတိုင်း အသိုင်းအဝိုင်းမပါပြုကျင့်သော် ထောင်၌ အဆင့်မြင့်မြင့်နေချင်ရ၏။


(ခ) ကံပေါ် ဉာဏ်ဆောင်း အတွင်းကြောင်းထိဝင်၍ ပြုကျင့်သော် ထောင်ကပင် လွတ်ခွင့်ပေး၏။

အကယ်တိတိ သင်သည်လည်းကောင်း၊ ငါသည် လည်းကောင်း၊ အပေါင်းပါတို့သည် လည်းကောင်း၊ ကိုယ့်အဖြစ်ကိုယ်မရှုဘဲ ဝန်ထမ်းများအပေါ် ပြန်လည် ရန်လုပ်နေခဲ့သော် သို့မဟုတ် ထောင်သားအချင်းချင်းတို့အပေါ် ကြီးနိုင်ငယ်ညှဉ်းအနိုင်ကျင့်နေခဲ့သော် သို့မဟုတ် ထောင်သားထဲမှ ကိုယ်နှင့်အကြောင်းသင့်ရာတွဲထောင်ဆူအောင် ထင်ရာကျဲနေခဲ့သော် . . . ငါတို့အားလုံး တိုက်လှောင်ခံကြရတော့မည်ကား ဧကန်. . . ။

ထောင်ထဲက တစ်ဆင့်ကျထောင်သည် မူလထောင်ထက် ကျဉ်းကျပ်သည်။

ထောင်ထဲက တစ်ဆင့်ကျထောင်သည် ထောင်သားချင်း အသင်းအပင်းလုပ်ခွင့်မရ။ ဆိုးသူတကာ၏အောက်လက်ခုပ်တစ်ဖောင်လောက် ဆင်း၍ကျင်းယက်ဆိုပြနေသောကြောင့်။

ယနေ့ ငါတို့ဘဝ၏ဖြစ်စဉ်များကို လေ့လာကြည့်သော်. . . သံသရာထောင်ကြီးထဲ၌ပင် ဘဝထောင်ဖြင့်တိုက်လှောင်ခံနေကြရသည်။ ဘဝလှောင်တိုက်၏ အကျဉ်းဆုံး၊ အကျပ်ဆုံးနှင့် အဆင်းရဲဆုံး ရောက်နေကြသူများ ထောင်ကြီးဝမ်းဗိုက်ကဲ့သို့ လွတ်လပ်စွာ သွားလာစရာ အကွက်မရှိ။ လွတ်လပ်စွာ ပြုကျင့်စရာကွင်းလည်းမရှိ။ လွတ်လပ်စွာ နိုးနှောစရာ သူငယ်ချင်းလည်းမရှိ။ သို့ကြောင့် အကျဉ်းသားတစ်ယောက် လှောင်တိုက်ဖောက်ထွက်သွားပြီ မကြားရ။ အကျဉ်းသားများ တိုင်ပင်၍ထောင်ဆူပြီဆိုသည်လည်း မကြားရ။ အကျဉ်းသားချင်း အပြန်အလှန်အပေးအယူလုပ်နေကြပြီ ဆိုသည်လည်း မကြားရ။ ကြားရသည်မှာကား . . . လှောင်တိုက်တွင်းမှာ တစ်ယောက်တည်း ခွေးလိုနေ၊ ခွေးလိုအိပ်၍ ခွေးလိုစားနေရသည် ဆိုသော သတင်းများပင်။





www.burmeseclassic.com

www.burmeseclassic.com

**▫ ခတ်သိ အကြောင်းပါတို့ ထောင်ဝင်စာ လာအတွေ့မှာ**

သဘာဝတရားကြီးက တို့များ အပေါ် သနားတတ်ပါသည်။ သို့ကြောင့် . . . ထောင်ထမင်း၊ ထောင်ဟင်းအပြင် အိမ်တွင်းနံ့သင်းသောအစာများကိုပါ ပို့စေ၊ စားစေပါသည်။ ထောင်သားအချင်းချင်းအပြင် အိမ်သားများနှင့်လည်းတွေ့ဆုံခွင့်ပေးထားပါသေးသည်။

ယင်းကို ထောင်ဝင်စာခေါ်၏။ ထောင်ထဲ ဝင်နေရသူများအတွက် ကိုယ်ကြိုက်တွေ့ စိတ်စာ၊ ရုပ်စာများ အထူးခံစားခွင့်ပေးထားခြင်းပင်။

ဤအခွင့်အရေးကို နေ့၊ ရက်၊ အချိန်များ သတ်မှတ်ပေးထားကာ သဘာဝတရားသူကြီးက အပြစ်ကျထောင်သားများအား သနားထားပေးရာ . . . ထောင်ကျနှင့် အကြောင်းပါသူများ ထိုနေ့၊ ရက် အထူးမှတ်သားထားကြမြဲ။ ထောင်ကျအများလည်း ထိုနေ့ရက် အထူးအားထားမြဲ။ အချိန်ကျရောက်လာပြီ. . .။ ထိုစဉ် . . . ထောင်ကျများက အတွင်း သံစကာမှ တန်းစီစောင့်၍ အကြောင်းပါများက အပြင်သံစကာမှ တန်းစီစောင့်၍ အကြောင်းပါတို့ ယူခဲ့ပေးစားသမျှ ထောင်ကျများ ခံစားခွင့်ရကြပါသည်။

ခတ်သိ အကြောင်းပါများက ကိုယ့်ထောင်သာ အကြိုက်လိုက်ဖက်စွာ. . .။

ခတ်မသိ အကြောင်းပါတို့က သူတို့ပါရာပါရာ ပျူငှာစွာ. . .။

ထောင်ကြပ်များကား ထိုနှစ်ဖက်အကြား သွားလာစောင့်ကြပ်လျက်က။ သံစကာ နှစ်တန်းတို့၏ အကွာအဝေးက မြင်ခွင့်၊ ကြားခွင့်ရရုံနှင့် လှမ်း၍ ပေးယူခွင့်ရရုံမျှဖြစ်ပြီး ကြားလမ်းက အစောင့်အကြပ်များ လူးလာခေါက်ပြန်သွားလာရန်။

ထိုစဉ် . . . အစောင့်၏အလစ် ထောင်ကျတစ်ဦးက အကြောင်းပါကမ်းပေးထားသည့်အစာမယူဘဲ အကြောင်းပါ၏လက်ကို ဖမ်းဆွဲလိုက်၏။ ယင်းကို အစောင့်ပြန်အလှည့်၌တွေ့သွားရာ. . . ‘ဒါဘာလုပ်တာလဲ’ အော်ငေါက်ရင်း တုတ်မြှောက်ပြ၏။ နောက်တစ်ယောက်က အကြောင်းပါ ကမ်းစာစာရင်းက အကြောင်းပါကို တွေတွေကြီးစိုက်ကြည့်နေ၏။ ယင်းကိုလည်း အစောင့်က တွေ့လိုက်ချိန်တွင် မြင်သွားပြန်ရာ ‘အချိန်စေ့တော့မယ်၊ စားမှာစားပါတော့လား’





www.burmeseclassic.com

www.burmeseclassic.com

အော်ပြောရပြန်၏။

သို့အတိုင်းပင် . . . အချို့က အစာစားရင်း ချစ်ကြောင်းကုန်စင်ဖွင့်ပြောပြောကြ၏။ အချို့က အကြောင်းပါပြောသမျှ ခေါင်းဆတ်၊ ခေါင်းယမ်းဖြင့် နားထောင်နေကြ၏။

ထိုစဉ် အစောင့်က 'အချိန်စေ့ပြီ' အချက်ပေးလိုက်ရာ. . . ထောင်ကျများက ညှိုးငယ်ရီဝေသောမျက်နှာများဖြင့် ရပ်ငေးကျန်ရစ်ခဲ့ကြသည်။ အကြောင်းပါများက အားမလိုအားမရသော နောက်ပြန်ကြည့်များဖြင့် ထွက်ပေးကြရသည်။ နှစ်ဖက်ကိုယ်စီရှိ အတေးအစွဲများအားရပါးရ လဲခွင့်ရမသွားကြသောကြောင့်။

သို့ဖြင့် သည်အပတ် နောက်အပတ်များစွာတို့ကိုကား မဆုံးနိုင်သော မျှော်လင့်ချက်များဖြင့် စောင့်စားကြရပေဦးတော့မည်။ ယင်းကိုကား . . . အပြဘက်ကလား။ အကြည့်ဘက်ကလား။ သို့မဟုတ် နှစ်ဖက်စလုံးလား။ ထိုစဉ် . . .


ကိုယ့်ထံနေ အဆင်း၊ အသံစသည်များက သူ၏မျက်စိကြား၊ နားကြားပါသွားတော့ရာ. . . ကိုယ်ရှိမျက်စိ၊ နား စသည်များအကြား သူ့ထံနေ အဆင်း စသည်များကလည်း ကျန်နေခဲ့ရာ. . .

လူသည် အစွဲဖြင့် လန်းဆန်းနေကြရ၏ စကား. . .။

လူသည် အစွဲကို လမ်းဖောက်၊ အစွဲဖြင့် လမ်းလျှောက် စကား. . . ဤစကားများနှင့်အညီ သူ့လမ်း၊ ကိုယ့်လမ်းပေါ်မှာ သူလန်း၊ ကိုယ်လန်းစွာ လျှောက်လှမ်းနေကြမည်မှာ သေချာ၏။ သို့ဖြင့် ထိုလူသားများ. . . မှန်းဆရင်း တမ်းတကြ၏။ တမ်းတရင်းကလည်း မှန်းဆကြ၏။ သို့ကြောင့် လူသည် မီးရှို့မခံရ မနေတတ်သောအမျိုး။ တစ်ဖန် . . . တို့မီး၊ ရှို့မီးစွဲမှလည်း နေတတ်သောအမျိုး။ နောက်တစ်ဖန် ထိုမီး အစွဲကနေတောက်၊ အတောက်ကနေ လောင်နေမှ နေသာထိုင်သာအမျိုး။ ထိုမီးနှင့် ဤလူသား. . . မပြောင်မချင်း လောင်၊ လောင် ရှောင်လိမ့်မည် မဟုတ်။

ထိုစဉ်. . . တို့သည်မစွဲ။ စွဲသည် မတောက်။ တောက်၏ မလောင်ခဲ့လျှင် . . . . စိတ်တောင်ဆိုးပစ်လိုက်ချင်ကြသေး၏။ မီးမလောင် မနေတတ်၍။

အစွဲကြီးခြင်းသည် တို့မီး၊ ရှို့မီး မီးတောက်ကြီးလွန်းလို့။



www.burmeseclassic.com



အလောင်ကြမ်းခြင်းသည် ကိုယ်ထဲနေ လောင်စာများက ခြောက်လွန်းလို့။ သို့ဆိုသော် . . . ထောင်ကျနှင့် ထောင်ဝင်စာ ဘယ်ခါမှ ကင်းပါမည်နည်း။

ဗီဇသတ္တိနှင့် ဥတုငွေ့များမှ ထ၍ ထောင်တက်လာနေကြသော ဓာတ်ကြမ်းလေးမျိုး (ဓာတ်ဆိုးလေးမျိုး) တို့၏ ဓာတ်ဦးကား မိုးမှောင်အထိ တိုးတက်နေကြရာ သင်သည် လည်းကောင်း၊ ငါသည် လည်းကောင်း၊ အများသည် လည်းကောင်း ပေ့ါပေ့ါလျော့လျော့ ခုန်ထွက်ရုံလေးနှင့် မလွတ်မြောက်နိုင်ပါ။ တစ်ချီကောင်း၊ နှစ်ချီကောင်း စုန်ကြည့်ရုံလေးဖြင့်လည်း မထွက်နိုင်ပါ။ မထွက်နိုင်သရွေ့လည်း ဓာတ်အမိန့်နာခံကြရဦးမည်ဖြစ်ကြရာ. . . သူဆီပါသွားသော ငါ့အဆင်း၊ အသံစသည်များ လာပို့တန်ကောင်းရဲ့ဖြင့်။ ငါ့ဆီချန်ထားခဲ့သော သူ့အဆင်း၊ အသံ စသည်များ လာယူတန်ကောင်းပါရဲ့ဖြင့်။

ငါသည် ငါ့အကြောင်းပါများကို မသေမချင်း မျှော်တမ်းနေမည်။

သူသည်လည်း သူ့အကြောင်းပါများအပေါ် မသေမချင်း မျှော်မှန်းနေမည်။ တစ်ဦးနှင့်တစ်ဦး အစွဲတန်းဖြင့် လန်းဆန်းစွာ အသက်ရှင်ခွင့်ရယူကြပြီ။ တစ်ဦးမှတစ်ဦး အစွဲကို လမ်းအဖြစ်ထားသွားလာတွေ့ဆုံနေကြပြီ။

ထိုလူသားများ . . . ရံတစ်ခါ ထောင်ထမင်းစား ထောင်မင်းသား။ ထောင်ကျသမားချင်းအတူတူ အများထက် မိုက်ပြနိုင်သူသည် ထောင်မင်းသား။ ရံတစ်ခါ ကိုယ့်ထမင်းကိုယ်ရှာစား သူလို ကိုယ်လိုထောင်အကျဉ်းသား။ တည်ချိုး၊ တည်ခါများ မွေးထားရာ လှောင်အိမ်အချိုင့်ဖြစ်၏။ ချိုင့်မှလည်း လှောင်၍ရ၏ပမာ. . .။ ထိုလူသားများ ချိုင့်အတွင်း လောင်ဆင်း၊ လှောင်ဆင်ဆင်းကြလေဦး။ ။

**❑ သူ့ထံနေ ငါ့ထံရှိ အမှန်စစ်များ**

ဘဝရှိလျှင် ရှိကြောင်းကို ပြသသော ဓာတ်သတ္တိလေးပါး ပူးတွဲပါရ၏။ ဓာတ်လေးပါး ထွန်းကားရာမှ ကိုယ်ထင်ရှားရုပ်ပေါ် ပေါက်လာသော် ခန္ဓာဟူသည်လည်း ပူးတွဲပါရပြန်၏။

တစ်ဖန်. . . ခန္ဓာငါးပါး တရားခွင်ဝင်ကြသောအခါ သူ့အကြောင်း၊ ကိုယ့်အကြောင်းဆိုသော အာယတန (၁၂) ပါးလည်း ဝင်ပေးရ၏။ အတွင်းကြောင်း၊ အပြင်ကြောင်းဆိုသော အာယတန (၁၂) ပါး၊ တစ်ဖန် အတွင်းနှင့်အပြင်၊ အပြင်နှင့် အတွင်း သူတို့ချင်းတွေ့ထိကြစဉ် ကိုယ့်သဘောနှင့်ကိုယ် သူ့အလိုနည်းနည်းလေးမျှမလိုက်သော၊ သူကလည်း သူ့သဘောနှင့်သူ ကိုယ်နှင့်ရောသော်မှ ကိုယ်ထဲမဝင်။ တစ်ဖန် သူ၊ ကိုယ်ကြားက ဘွားခနဲပေါ် လာသည်များကလည်း မိ,ထဲမဝင် ဖ,ထဲမရော။ သူတို့သဘောနှင့်သူတို့ပင်။

အရင်းထား သူ၊ ကိုယ်မှ ၆-ပါးစီ (ကိုယ်က မျက်စိဆို၊ သူက အဆင်း စသည်) ကြားဝင်ဖွား သတ်သတ်က ၆-ပါး (မြင်သိ စသည် ပေါင်း ၁၈-ပါး)

ဤ၌. . . ဓာတ် ၁၈-ပါးတို့လည်း ပါဝင်ပေးရ၏။ သည့်နောက် ဘဝခန္ဓာက အာယတနဓာတ်တို့ဖြင့် လူသူအချင်းချင်း ဓာတ်ကစား၊ ဓာတ်သွေးများကို အလောင်းအစားအဖြစ်ထားကြသောအခါတွင်မူကား. . . အကြိုက်ကို ဒုက္ခပေးလျော်ရသည်များလည်း ဖြစ်ပွားလာ၏။ ဒုက္ခကို အကြိုက်ပေးလျော်ရသည်များလည်းရှိလာ၏။ ထိုစဉ် . . . ကြိုက်လွန်း၍ ဒုက္ခခံပေါင်းရခြင်းက အကြိုက်အား ဒုက္ခပေးလျော်ခြင်း။ ဒုက္ခခံ၍ အကြိုက်ရယူခြင်းအား ဒုက္ခအား အကြိုက်ပေးလျော်ခြင်း။

ဤ၌ သစ္စာများကိုသာ ဦးစားပေးပြောတော့မည်။

ခန္ဓာ့ အာယတန ဓာတ်များကား ပန္နက်ရိုက်ပြီးကတည်းက ပြောခဲ့ကြပြီးပြီ။ ဘို့များစွာထား လူတွေများမှာ ဒုက္ခနှင့်ရင်း၍ ဘဝရယူခဲ့ကြရပါသည်။ သမုဒယအောင်သွယ်ထား ဒုက္ခနှင့်ပေးစားကြရ၏။ ထိုစဉ်. . .

ဤ လူ့ဘဝရရန် ဒါနမှု (သီလမှု) ပြုစုကြရာ၌ . . . မိသားစု သို့မဟုတ် အခြံအရံများနှင့် စေတနာ တန်းညှိပြီးမှ ပြုကြရစမြဲဖြစ်ရာ ဝတ္ထုတူ၊ စေတနာတူဖြစ်လာပြီဆိုက တစ်ဘဝ အကျိုးစပ်တူရ၏သာ။ သည်သို့ ကောင်းမှုအကျိုးအချိုးကျ ခွဲဝေခံစားကြရာ၌. . .

၁။ ဦးဆောင် အကြံပေးလုပ်ခဲ့သူများက မိဘနေရာကနေယူဝင်ယူ။

၂။ တန်းတူ ရင်ပေါင်တန်းဝင်ထမ်းသူက လာခဲ့ လင်မယားနေရာ။

၃။ နောက်လိုက်အဖြစ်ဖြင့် ဝင်ထမ်းသူများက သားသမီးနေရာဝင်နေကြ။

၄။ ကောင်းမှု၌ လာရောက်အားပေးသူ ပရိသတ်က အခြွေအရံမိတ်ကောင်းအဖြစ်. . . ။

သို့ဖြစ်ရာ. . ကောင်းမှုမှဖြစ်သော လူ့ဘဝရယူရာ၌ မိဘနှစ်ပါးတို့၏သန္ဓေခံ၊ သန္ဓေပေးနှစ်ခုကြားမှနေ၍သာထွက်လာခဲ့ခွင့်ရ၏။ ကံစပ်တူ၏သက်သေခံ။


ငရဲပြန် ပြိတ္တာသွားများကား စေတနာငါ့တစ်ဘို့ထဲပါ၏။ တစ်ဖန် . . .

နတ်ဆန် ပြဟ္မာတက်များလည်း စေတနာ ငါ့တစ်ဘို့ထဲပါ၏။ သို့ကြောင့် . . . သူတို့သည် ကံဖက်စပ်သူထောင်



www.burmeseclassic.com

www.burmeseclassic.com



စရာ မိဘမလို၊ တစ်ကိုယ်တည်းသမား များချည်းသာ။ သူတို့အကြောင်းကိုကား နောင်အလျဉ်းသင့်မှ အကျယ်ရှင်းခွင့်ရပါတော့အံ့။ ဤနေရာက သစ္စာတို့လှစ်ပြရာဖြစ်နေသဖြင့် သစ္စာသို့သာ ဦးဆိုက်ပါအံ့။

သည်ဘဝ အကြိုက်ကြီးလွန်းသော သင်ရော ငါပါတို့သည် ဘဝချင်းကူးကာနီး ဆိပ်ကမ်းပေါ်ဝယ် သမုဒယကို အရင်းအနှီးအဖြစ် ထုတ်ပေးခဲ့ရ၏။ တစ်ဖန် သမုဒယက ထွက်လာသည့် အမြတ်အစွန်းကား မိခင်ဝမ်းထဲ ဒုက္ခခံရခြင်း၊ တစ်ဖန် မိခင်ဝမ်းထဲ ကိုးလကျော်ဆယ်လအထိ ဒုက္ခခံယူပြီးနောက် မိခင်ဝမ်းဗိုက်မှ ကျွတ်ထွက်လာခဲ့ရာ. . . ယင်းကို မီးဖွားသည် ဆို၏။

သံယောဇဉ်မီး ဘွားခနဲကြီး မြင်လာသည်ကို ဖွားမြင်သည်။ မီးဖွားသည် ဆိုရာ. . .

သားက မိဘနှင့် အများအတွက် မီးဖွားပေးသလား မေးစရာ. . .။

သည်သို့ ဒုက္ခအမြတ်အစွန်းကိုင်၍ လူ့ဘဝထဲ ပွဲဝင်လာသောအခါ. . . ငါ့ဝမ်းပူဆာ မနေသာ၍ မိခင်ထံမှ နို့တောင်းသောက်ပေးရ၏။

ဝမ်းဆာခြင်း ဒုက္ခမှ နို့စို့လိုခြင်း သမုဒယ။

နို့စို့လိုခြင်း သမုဒယမှ နို့စို့ပေးနေရခြင်းဒုက္ခ။

ဤသမုဒယ၊ ဒုက္ခတို့သည် ဓာတ်ထောင်တွင်းက ဓာတ်ကောင်အကျဉ်းသားများအတွက် ဖွားဖက်တော်များဖြစ်ကြ၏။ အလွန်ရင်းနှီးကြ၏။ လူနှင့်လည်းအရင်း၊ သူတို့ချင်းလည်းအရင်း။

လူဖြစ်လျှင် သူတို့နှစ်ခင်း မကင်းခြင်းဖြင့် လူ့အရင်း။

သူတို့ချင်းလည်း တစ်ခုဖြစ်လျှင် တစ်ခုပင်းကြောင့် သူတို့ချင်းလည်း အရင်း၊ လူသည် ဒုက္ခခံဖော်၊ ခံဖက် မိဘနှစ်ပါးမှနေ ဆင်းသက်ခဲ့ရခြင်းကြောင့် ဓာတ်ထောင်ကြီးအတွင်း အသွင်းခံရသော ဓာတ်ကောင်၊ ဓာတ်သားဖြစ်ခဲ့ရာ . . . ဓာတ်ဖျစ်လျှင် ဓာတ်စာရှာဒုက္ခမည်သို့မျှ ရှောင်မရကြပါ။ ဓာတ်စာရခဲ့လျှင် ဓာတ်ကြိုက်ခံရခြင်း သမုဒယ မည်သို့မျှ ရှောင်မရကြပါ။

ဤသမုဒယနှင့် ဒုက္ခတို့သည် သင်ရော၊ ငါရော၊ အများရော မည်သူမျှ မလွတ်ကြသည်ကား အမှန်။ ရှေ့၊ ယခု၊ နောင် ဘယ်ကာလရှိ ဘယ်သူမှမကင်းကြသည်ကား အမှန်။ အားလုံးနှင့် မှန်နေသည်ကို သစ္စာဆို၏။ အားလုံးနောက် လိုက်နေလျှင် သစ္စာတိုက်၏။ တစ်ယောက်မှန်၊ တစ်မျိုးမှန်၊ တစ်ဘာသာမှန် အမှန်မျိုး မဟုတ်။ တစ်ဖန် အချိန်တစ်ချိန်၊ ဘုံတစ်ဘုံ၊ ဘဝတစ်ခုထဲ ခွဲမှန်သော အမှန်မျိုးလည်းမဟုတ်။

ကြိုက်မိလျှင် ဒုက္ခခံရမည်။ ဒုက္ခခံပြီးမှ ကြိုက်ခွင့်ရ၏။ ဤအကြောင်းခံအကျိုးဖြစ်တို့ကား အားလုံးတို့၏အားလုံးနှင့် အမှန်ချည်းဖြစ်နေခြင်းကြောင့် သစ္စာအမည်ရကြ၏။ ဓာတ်ထောင်တွင်းက ဓာတ်အကျဉ်းသားများ၏ဓာတ်စာများဖြစ်ကြ၏။

ငါတို့သည် သစ္စာထား နှစ်ပါးသွားဖွဲ့ မှန်သမျှ သူတို့နှင့်ချည်းသာ . . .။

## ဒဘို့များစွာထား အိုလူသား

ဘူတရုပ်ပိုင်ရှင် လူ (တိရစ္ဆာန်လည်းပါ) ကား ဘို့များစွာ ကျောပေါ်တင်ဆောင်လာကြ၏။ ဘို့များစွာလည်း ဝမ်းဗိုက်အောက်ပေါက်စေကြဦးမည်။

အစွဲဖြင့် အလိုလိုဘဝဖြစ်သွားကြသော ငရဲနှင့် ပြိတ္တာ။

အစွဲဖြင့် အလိုလိုဘဝဖြစ်သွားကြသော နတ်၊ ဗြဟ္မာ. . .။

ယင်းတို့ကား တစ်ဘို့တည်းဖြင့် ကံ၊ ဈာန်များကိုရယူ၍ အလိုလို(မိဘမဲ့) တစ်ကောင်ဖွား ဖြစ်လာကြရသည်။

ယင်းတို့အကြောင်း ဤ၌အကျယ်ပြရန် လိုလာပြီ။

လောဘဖြင့် ကံဖျက် ငါပက်စားလေ့ရှိသောသူ၊ ဒေါသဖြင့် ံဖျက် ငါးပက်စားလေ့ရှိသောသူ. . .။ ထိုသူများ သတ်စား၊ ခိုးစား စသည်များ ကျူးလွန်ရာတိုင်းတို့၏ စေတနာဦးစီးသော သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ စသည့် ကြိုးကိုင်များက စိတ်ကို၊ ကိုယ်ကို ကိုယ်ပြန်အာရုံအခံခိုင်းပြီးမှသာ တစ်ဖက်ကို သတ်မိန့်၊ ခိုးမိန့်ချလေ့ရှိ၏။

ငါစားဖို့ သူ့ကိုသတ်သည်။

ငါသုံးဖို့ သူ့ဥစ္စာယူသည်။


ငါပျော်ဖို့ သူ့ကာမဆွယူယူသည် . . . စသည်များ. . .။

တစ်ဖန် တစ်ဖက်အာရုံချ ငါးများ



www.burmeseclassic.com

www.burmeseclassic.com



က ကိုယ့်ဓာတ်ကလည်းမကြိုက်၊ ကိုယ့်ကိုလည်း ပြန်လည် တိုက်ခိုက်ခံနေရချိန် . . . ဒင်းက ငါ့ကိုများလား . . . ဖြင့်။ တစ်ဖက်ကြည့်၍ ကိုယ့်ဘက်အားဖြည့်ပေးရိုးရှိသည်။ ဒင်းရန်ကင်းမှ ငါကောင်းကောင်းနေရမည် . . . စသည်များ။

မှတ်ချက် ။ ။ ထိုအမှုများကို တစ်ကိုယ်တော်ကျူးကျူး၊ အဖွဲ့လိုက်ကျူးကျူး စိတ်စေတနာထားကာ ငါ့ဖို့ချည်း အသီးသီးထားကြ၍ တစ်ဦးတည်းပင်ဆိုရသည်။

သည်သို့ ကျူးလွန်ခဲ့ရာမှ တစ်ဖန်ကံကြွေးပေးလှည့်ကျလာသောအခါ . . . ဒေါသစေတနာကြောင့် ငရဲသွားရာတွင် မိဘနှစ်ပါးမှတစ်ဆင့် မဟုတ်တော့ဘဲ ကိုယ်ချည်း တစ်ကောင်ဖွား ဥပါဒ်ရုပ်ဖြင့်သွားရသည်။ ကျခံရာ၌လည်း ကာမမှုဆိုပါစို့။ သူ့ဘဝ သူ့ကာမ ဖျက်လိုဖျက်ဆီးစေတနာဆန္ဒဖြင့် အလိုပါလာသည်အထိ ဖြားယောင်း၍ဖြစ်စေ၊ အလိုမပါဘဲ အဓမ္မဖြစ်စေ ကျူးလွန်ခဲ့သဖြင့် ဤငရဲ၌လည်း ယောကျ်ားမိန်းမနှစ်ယောက်တွဲမကျ။ မိမိတစ်ဦးတည်းမျှသာ . . . ။

တစ်ဖန် . . . သူ့ဘဝ၊ သူ့ကာမ ပျော်ပါးလို၍ ကျူးလွန်မိရာ၌ လည်းကောင်း၊ သူ့ဘဝ၊ သူ့ဓန ရယူသိမ်းပိုက်လို၍ ကျူးလွန်မိရာ၌ လည်းကောင်း တစ်ဖက်နှင့်တွဲ တစ်ဖက်ထဲက သူပိုင်များ ကိုယ်ပိုင်အဖြစ် ထားလိုရာတိုင်းတို့၌ . . . ငါ့ဖို့ စိတ်စိုက်ထားပြီး သူ့ဆီအာရုံယူသည်လည်း ရှိ၏။ သူ့ဆီ အာရုံရောက်ပြီးမှ ငါ့ဖို့သို့ စိတ်စိုက်ချလိုက်သည်လည်းရှိ၏။ မည်သို့ရှိစေ စေတနာကား ငါ့ဖို့တစ်ဘို့သာ ထားတတ်သောကြောင့်။ ထိုပြစ်မှုက ပြိတ္တာဘဝကျရောက်သွားရာတွင်လည်း မိဘမပါ ကိုယ်ချည်းသာ။

မှတ်ချက်။ ။သဘာဝကပိုင်သောသက်မဲ့၊ သက်ရှိပစ္စည်းများကို ငါပိုင်အထင်ဖြင့် ခင်ရာမှ သွားကြရသောပြိတ္တာများလည်း နည်းတူ။

တစ်ဖန် . . . နတ်ပြည်သွားခရီးသည်များအကြောင်း လေ့လာကြည့်ကြဦးစို့။

(က) လူဖြစ်ကံက ဒါနအခြေခံ သီလက အရံမျှသာ။ (ရှင်ပြု စသည်ရှု)

(ခ) နတ်ဖြစ်ကံက သီလအမာခံ ဒါနကအရံမျှသာ။ (ဥပုသ်နေ့စသည်ရှု)

သို့ဆိုသော် နတ်ဖြစ်ကံ သီလဆောက်တည်ထားပြီ ဆိုကတည်းက ကိုယ်ကိုယ်ကိုယ် ဆိုင်ရာတံခါးများ လုံခြုံအောင် သတိဖြင့် စောင့်ထိန်းရသောကြောင့် . . . နတ်ပြည်တက်ရာ၌ ကံတူအကျိုးပေး မိဘများ ရှာကြံထားစရာမလိုတော့ပါ။ နတ်ပြည်ထဲ မိဘများက တစ်ဆင့် တံခါးဖွင့် ဝင်ရောက်စရာလည်း မလိုတော့ပါ။

ကိုယ်တစ်ဦးတည်း စျာန်ဝင်စား၍ ကိုယ်တစ်ယောက်တည်း စျာန်ကစားထားရာမှသွားကြရသော ဗြဟ္မာများကား သာ၍ပင် မိဘမလိုအပ်ကြပါ။

သို့ကြောင့် တစ်ဘို့တည်းထား အထက်သား၊ အောက်သားများ ကြားခံမိဘမထားကြဘဲ ရုတ်တရက် အရှန်းဖြုန်းခနဲ ရုပ်လုံးပေါ် (အစွဲကိုယ်) ဖြင့် ရွက်လွင့်နိုင်ကြသည်။

လူမှာမူကား ဒါနအရင်းခံ သီလသာမန်မျှဖြင့် ကံပြုစုကြရရာ . . . အလှူကြီးတစ်လှူ ပေးလှူတော့မည်ကြံစည်တိုင်း . . . မယားက လက်ဦးအကြံပေါ် လင်နှင့်ကျန်သားသမီးများကို မိမိလှူလိုသော အလှူအကြောင်း ဆန္ဒ (တူ၊မတူ) တောင်းခံရ၏။ လင်ကလည်း ထိုနည်းလည်းကောင်း . . . သည်ကတည်းက ကံစပ်တူ၊ စပ်ဖက်ဖြစ်သွားကြပြီ။ သည့်နောက် ရပ်ရွာလူကြီးများ၊ ကာလသားခေါင်း၊ ကာလသမီးခေါင်းများနှင့်တိုင်ပင်။ ပြီးလျှင် ရွာဦးဆရာတော်အားသွားရောက်ပန်ကြား၍ ဆန္ဒတောင်းခံ။ ထိုအားလုံး ကံတူအကျိုးပေး ဖြစ်မြောက်ရေး၏ရှေ့ပြေးများပင်။ သို့ဖြင့် . . .

ပွဲခြေဆင်းမှ ပွဲအစပျိုးအထိ တစ်ရွာလုံး ဆန္ဒတူ၊ ဝတ္ထုတူဖြင့် အကူပါရ၏။ ပွဲကြိုနေ့မှ ပွဲဝင်အထိလည်း တစ်ရွာလုံး၊ တစ်နယ်လုံး ဆန္ဒတူ၊ ဝတ္ထုတူ အကူပါရ၏။ အချို့က ငွေကူ သာဓုခေါ်ဖြင့် ဆန္ဒတူကြောင်းသက်သေပြကြ၏။ အချို့က ကိုယ်အား၊ စိတ်အား ကိုယ့်အလှူလို သဘောထားဖြင့် သက်သေပြကြ၏။

မှတ်ချက် ။ ။ အလှူတိုင်းလိုလို ရေစက်ချကာနီးမှ သီလယူလေ့ရှိကြသည်။ ဥပုသ်ဆောင်ဝင်ရာ၌ကား သီလနှင့်အတူ ဒါနပွဲအကူပါလေ့ရှိကြသည်။

ထိုစဉ် . . . သည်လူ (သည်ယောကျ်ား၊ သည်မိန်းမ အလှူရှင်) သေခါနီးသည် အလှူကြီးက . . . နင်သည် ကံပြုထားခဲ့သည် မဟုတ်လား။ လှမ်းမေးလိုက်သည့်ပမာ . . . အလှူပေးစဉ်က မြင်ကွင်းများဖြင့် ရှေ့ကနေ နိမိတ်ပြလိုက်ရာ (အရိပ်အယောင်ပြခြင်း) . . .

သည်လူ သည်အလှူကို လှမ်းသတိရအောက်မေ့လိုက်၏။

သည်လူ သည်အလှူတုန်းက ပါဝင်ခဲ့သူများကိုလည်း လှမ်းမြင်နေရ၏။ ထိုအချိန် မိမိသွားဖြစ်ခွင့်ရဘဝက လှမ်း၍ နိမိတ်ပြလိုက်သည်။ ကိုယ်ဝင်ရမည့် မိဘနှစ်ပါး၏ပုံများလည်း ပါ၏။ ကိုယ်နှင့်အတူနေရမည့် မိသားစုပုံများလည်းပါ၏။ ကိုယ်နှင့်မိသားစုများအတူခံစားရမည့် စည်းစိမ်ဥစ္စာပုံများလည်း ပါ၏။ ထိုစဉ် . . . 'ရောက်ချင်လိုက်တာ သိပ်ပျော်စရာကောင်းမှာပဲ' . . . သည်ဘဝကို အရင်ဘဝကနေဆွဲယူလိုက်ခြင်းပင်။


သို့ဖြင့် သင်သည် လည်းကောင်း၊ ငါသည် လည်းကောင်း၊ အများတို့သည် လည်းကောင်း . . . သေခါနီး နိမိတ်ပြေးရာနောက်လိုက်ခဲ့ရပေါင်းများလှပြီ။

သေခါနီး နိမိတ်ပေးရာအပေါ်ဝင်ရပေါင်းလည်းများလှပြီ။ နောင်လည်းပဲ ဝင်ခွင့်ရရန် စရန်ဦးထားကြ



www.burmeseclassic.com

www.burmeseclassic.com



ဆဲပင် ဖြစ်ကြသည်။

ယခု သည်လူ့ဘဝထဲ လွဲဝင်လာခဲ့ကြသည့် သင်နှင့် ငါတို့သည် ကာမ ကျက်စားခွင့်ပေးသော ကာမာဝစရ ကုသိုလ်ဖြင့် ဟိုလိုလား၊ သည်လိုလား လိုလားပေါင်းများစွာတို့ဖြင့် ကာမ ကုသိုလ်ထူး ဆည်းပူးမိခဲ့ကြခြင်းကြောင့် . . .

ဆန္ဒရှေ့ကပြေး၍ စီမံပေးသူက များက မိဘနေရာကနေ။

ဆန္ဒတူ ရင်ပေါင်တန်းက. . . လာခဲ့ မယားနေရာ၊ လင်နေရာ။

ဆန္ဒနောက်ရံများက. . . လာခဲ့ သားသမီးများနေရာ။

ဆန္ဒကို အထမြောက်ရန်အားပေး သူများက စောင့်နေကြပါ။ မိတ်ကောင်း နေရာများက။ သို့ဖြင့် ဤလူ့ဘုံတစ်ခွင် သို့ ပွဲဝင်လာခဲ့ကြရာ. . . သဏ္ဌာန်တွင်း ကနေ နောက်ယောင်ခံလိုက်နေကြသော ဆန္ဒတူများ၏ လှုံ့ဆော်မှုကြောင့် . . . သူ့ငါမြင် ချစ်ချင်ချင်ဖြစ်လာနေကြ၏။ (အချို့ မမြင်ရ မနေနိုင်အထိ ငြိနေ၏)။ ငါ့ သူ့မြင် ချစ်ချင်ချင်ဖြစ်လာနေကြ၏။ (အချို့ မရှက်နိုင် မကြောက်နိုင် အထိ ငြိနေ၏) မှတ်ချက် ။ ။ ဆန္ဒဆန့်ကျင် ဘက်ချင်းတွေ့ကြရာ၌လည်း မြင်ရုံနှင့် မုန်း၊ ကြားရုံနှင့်မုန်း ဖြစ်ပွားလာကြခြင်း သည် နောက်ပါဆန္ဒအားများ၏လှုံ့ဆော် ချက်များချည်းသာ။

ထိုစဉ်. . . ဆန္ဒအလိုက် အံကိုက် များသာ လက်ထပ်ပေါင်းသင်းခွင့်ရသွား ကြ၏။ အလျှုရှင်နှင့် ဆန္ဒ အပိုအလို သမားများကား ဇာတ်ပို့နေရာမှ ကပြကြ ရုံသာ။ ဆန္ဒနောက်ရံများက သားနေရာ၊ သမီးနေရာဝင်ပါကြရ၏။ ထိုစဉ်. . . ထိုလင်ထိုမယားများသည် အဖွားဖြင့် ဖွားလာကြသော သားသမီးများကိုကြည့် ၍ . . .။

ငါတို့တွေက အကျ သူတို့လေး တွေက အထကြရင် ငါတို့အားကိုးဖို့။

ငါတို့သေ၍ သူတို့ကျန်နေခဲ့လျှင် အမွေဝေခြင်းဖြင့် ငါတို့ကို အာမခံပေးဖို့။ ဤအတွေးများဖြင့် ဝမ်းဗိုက်ဝယ် ဘို့များ ထားကြဦးမည်အမှန်. . . သည့်အတူ သား၊ သမီးများမှ မြေးများကျလာသော အခါ. . .။ မြေးထီး၊ မြေးမများမှ မြစ် လေးများကျလာသောအခါ. . . အကယ် တိတိ သူတို့မသေသေး၍ မြစ်ကနေ တီ၊ တွတ်၊ ကျွတ်၊ ဆက် မျိုးခုနစ်ဆက်တိုင် အောင်လည်း ငါတို့အတွက် ကျော ထောက်နောက်ခံအခြေအရံဆိုသောဘို့ ထားများဖြင့်သာ သိမ်းပိုက်ကြဦးမည် ဖြစ်ရာ . . . အို - လူသား သင်ဆိုသော သင်သည်ကား. . .။

လူ့ဘုံကိုလာ ဘို့များစွာ ကျောမှာ စုပြုံပေါက်။

လူ့ဘုံနေရာ ဘို့များစွာ ရင်မှာ မှိုလိုပေါက်။

လူမှထွက်ခွာ သွားလေရာ ဘို့သာ ရွှေလမ်း၊ ငွေလမ်းဖောက်။

နွားစသည်များက တစ်ဘို့တည်း ဖြင့် ရုန်းကြရ၏။ လူတို့မှာကား ဘို့များ စွာထား သွားလာကျက်စားနေကြရာ နွားထက် အရုန်းသန်မည်ကား ဧကန်။ ထိုလူသား. . .

ဝင်ပေဦးတော့ လှောင်ချိုင့်ထဲ . . .။

## ❑ ထောင်စောင်းအထောင်းခံနေရသောငါ

ထောင်ဖောက်၍ ထောင်ကလွတ် မြောက်ရန် ကြိုးစားရင်းက ထောင် စောင်းအထောင်းခံနေရသည့် ငါ့ဘဝ ဖြစ်စဉ်ကို ဦးစွာလေ့လာခွင့်ပေးပါမည်။

ငါသည် ပြီးခဲ့သော ဘဝက ရဟန်း။

လူ့အမည်က ဉာဏ်ကျော်။ ဘွဲ့က ဥ ယျ။ အင်္ဂါသား။ ယင်းဘဝကို အိန္ဒိယ-မဏိပူရဖွား ကုလားနှင့် မြန်မာ ဖွား ပျူလူမျိုးတို့ အကြောင်းပါကြရာမှ ငါ့ကိုဖွားမြင်၏။ ထိုမှနေ ငါသေလွန် သွားသောအခါ. . . ကျန်ရစ်သူ အစ်ကို လတ်နှင့် မရီးတို့ကို စွဲငြိနေရာမှ ယခု ဤဘဝ အစ်ကို အဖေခေါ်၍ မရီးကို အမေတော်ဖြစ်ခဲ့ရ၏။ ထိုစဉ် ထိုမရီးက လည်း ရှမ်းနှင့်ဗမာအကြားမှ ဖွားလာသူ ဖြစ်နေပြန်ရာ . . . မျိုးကွဲစပ်ဖက်တို့ အကြားမှ လူသားဘဝရယူခဲ့ရ၏။ သို့ကြောင့် ငါ့၌ စိတ်ထန်ဉာဉ်ပါလာ၏။ (ဗီဇသတ္တိကပေးသောအမွေ) တစ်ဖန် အင်္ဂါနေ့ဖွားဖြစ်နေ၍ စိတ်ကြီးနေပြန်၏။ နောက်တစ်ဖန် ဝါဆိုလပြည့်ည မိုးကြီး လေကြီးကြား ဖွားခဲ့ရသဖြင့် စိတ်မြန်၏။ ငါ၏ ယခုဘဝအမည်က ညိမ်းမောင်။ ဘွဲ့က ဥ ယျက ဥ ယျအတိုင်း။

ထိုသည့်ငါ . . . ၁၃-နှစ်သားက စတင်၍ ဝိပဿနာအကျင့်ကျင့်ခဲ့၏။ သို့သော် ကျင့်လိုစိတ်ထက် ရလိုစိတ်က ဆို့တက်နေ၍ မရခဲ့။ သူတို့အဖြစ် အား ကျ၍ ငါဖြစ်ကြိုးစားနေခြင်းကြောင့် လည်း မရခဲ့။ ထိုစဉ် ဆရာဘုန်းကြီး ချော့မော့ပို့သဖြင့် ရွှေဘို ဝေဠုဝန်စာသင် တိုက်ရောက်ခဲ့ရရာ . . .

အရွယ်ကလည်း ၁၅ - ၁၆၊ ဓာတ် သွေးများအနှောင့်ခံလာရသောအရွယ်။

တစ်ဖက် အာရုံရှင်များကလည်း မြို့သူဖြူချော ရင်မောစရာပြကွက်။

ဆိုကတည်းက ဓာတ်ဆွဲခံလိုက်ရ ပြီ။ သို့သော် အပြင်မှာပင်ရှိသေး။

ဗီဇဉာဉ်၊ ပင်ကိုဉာဉ်တို့က ဓာတ် မေးသမျှအဖြေ မပေးတစ်ချက်၊ ပေးတစ် ချက်။

ထိုမှ ၁၈ - နှစ်အရွယ်သို့ရောက် သောအခါ. . . အရွယ်သနစ္ဆာန်တက် လာခြင်းလည်းပါ၏။ ရာဂ၊ ဒေါသထန် ၍ မာန်တက်လာခြင်းလည်း ပါ၏။ သို့ဖြင့် ထိုသည့်ငါ ဝေဠုဝန်မှထွက် ရန်ကုန်ဘက်ဆက်၏။ ဓာတ်တို့ကလည်း နောက်ယောင်ခံလိုက်နေ၏။ တစ်ဖန် . . . ရန်ကုန်မှ မောလမြိုင်ထွက်ပြန်၏။ ဓာတ်တို့ကလည်း လိုက်လံမြဲ။ တစ်ဖန် . . . မော်လမြိုင်မှ ပုသိမ်ထွက်ပြန်၏။ ဓာတ်တို့ကလည်း လိုက်လံမြဲ။ ပုသိမ်မှ ရန်ကုန်သို့ထွက်လာသည့်အခါ လူ့ဘဝ ပြောင်း ထောင်စောင်းဝင်ခိုလိုက်၏။

ထိုအချိန်၏ ငါ့အသက်က ၂၇-



www.burmeseclassic.com

www.burmeseclassic.com



နှစ်။

ထောင်စောင်းနေရာက အမျိုးသမီးများစုဝေးရာ ဆေးလိပ်ခုံမှာ။

ထိုအချိန် တစ်ဦးတည်းသော *ယောက်ျားဖြစ်သူ ငါ့အား အမျိုးသမီး*များက ဝိုင်းတို့ကြ၊ စကြ၏။ အကြိုက်ကတော့ အရှိသား။ သို့သော် ကြောက်၍ ကုပ်နေရ၏။ ထိုအထဲ ရုံပိုင်ရှင်၏မွေးစားသမီးဖြစ်သူ တူမများပါပါ၏။

သည်သို့ ဓာတ်သွေးတို့၏အဖျစ်တစ်နှစ်မျှ ကြာညောင်းသွားသောအခါ . . . ဓာတ်သွေးများ စစ်မေးနေသော အဖြစ် ၂၇-နှစ်အထိ မပေးဘဲနေခဲ့ရာ . . . ယခုသော်. . . ငါ့ကိုယ်တွင်းကိန်းရာဂ (ဒေါသ) စိတ်ထိပ်တက်လာချေပြီ။ သို့ဖြင့် ရုံပိုင်ရှင်၏တစ်ယောက်သောသူကို ကြည်ဖြူပါရန် ဆိုင်ရာခွင့်တောင်းရာ. . . ပိုင်ရှင်အဖိုးကား ကြည်ဖြူ၏။ ငါ မပြောခင်ကပင် ရေလာမြောင်းပေးပြီးဖြစ်၏။ ပိုင်ရှင်အဖွားကား လုံးဝသဘောမတူပါ။ ရုံတွင်းအတူနေ မနှစ်ပါးတို့ကား နှစ်ဦးစလုံးပင် ငါ့အားလိုလားကြ၏။

ထိုစဉ် ငါ့အမေ၊ ငါ့အစ်မများ တောကလိုက်လာကြပြီး ဝိုင်းတားကြတော့သည်။ ထိုဟာများ တားပြီးနောက် ဤတောသူလုံမေတစ်ပါးထံ အပ်နှံလိုက်တော့သည်။ ငါကား ရာဂဓာတ်ရိုင်းဖြတ်တောက်ခိုးထုတ်မှုဖြင့် ဓာတ်ထောင်ကျခဲ့ပြီ။ စွဲချက်ကား တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် ငါ၊ ငါ့ဟာ၊ ငါပိုင်လုပ်ယူမှု။ ထိုနှင့်အတူ. . . ဒေါသ၊ မောဟအုပ်စုတို့ဖြင့် မဖြစ်ညစ်ကျယ်လုပ်မှုများပါပါ၏။ ကျမိန့်ကား ထောင့်တစ်သက် လွတ်ရက်မရှိစေရအမိန့်။

သို့ဖြင့် ဓာတ်လေးပါးတို့ ကာရံထားသော ဓာတ်ထောင်၏လှောင်ချိုင့်ကြီးအတွင်း လည်စင်းခံရင်းက ထောင်ဖောက်ရန် ကြံစည်၏။ အခွင့်မသာခဲ့။ နောက်ဆုံး ကြံရာမရသဖြင့် ဘသန့်ရှင်းခေါ် အဘိဝိမလ၏ အကူအညီဖြင့် အိမ်ထောင်မှုကား လွတ်မြောက်ခွင့်ရခဲ့၏။ ဓာတ်ထောင်မှုကား မလွတ်သေး။

ယင်းကို မဟာစည်ရိပ်သာ ပဏ္ဍိတာရာမဆရာတော်ဘုရားကြီး၏ အကူဖြင့် ဓာတ်၏ ထောင်ဖောက်လက်နက်ရှာဖွေကိုင်ဆောင်ခွင့်ရခဲ့၏။ ဓာတ်တို့၏ သဘောသဘာဝ တီးခေါက်နည်းများလည်းရခဲ့၏။ သို့ဖြင့် ထိုသည့်ငါ အသက် ၃၉-နှစ်မှ ယနေ့တိုင်အောင်ပင် တစ်တောဝင်တစ်တောထွက်ဖြင့်လည်း ထောင်ကဖောက်ထွက်ရန် ကြိုးစား၏။

ထိုစဉ် ဓာတ်မှူထမ်းများကလည်း ငါ့ဆိုနည်းနည်းမှ အလစ်မပေးကြ။

ထိုဓာတ်မှူထမ်းများက ငါ့အား အလစ်မပေးကြသည့်အပြင် ရှေ့ကြိုနောက်လိုက် ပရိသတ်တို့ကို ထောင်ဝင်စာဝင်ကြရန် လှုံ့ဆော်ပေးကြ၏။ တစ်ဖက်က ကောင်းသတင်း ကောင်းတင်းဆင်၍ထောင်ဝင်စာဝင်တွေ့ကြ၏။ တစ်ဖက်က ထင်သလောက်မဟုတ်ပါဘူးထင်၍ ထောင်ဝင်စာဝင်တွေ့ကြ၏။ ငါကား တောင်စောင်းအထောင်းလည်းခံ၊ အတောင်းလည်းခံနေရပြီ။

ကောင်းတင်းများဘက်က စုထားသည့် စုဘူးထဲမှ အချို့အဝက်ခွဲပေးရန်၊ တောင်းဆိုးတင်းများဘက်က စုဘူးကြီး ဖျက်ဆီးပစ်ရန် လေသံပစ်၍ထောင်း။

ငါဆိုသော ငါကိုလည်း ပြန်ကြည့်ဦး. . .။ ငါ့၌ ထန်၊ ကြီး၊ မြန် စိတ်များကဦးဆောင်နေပြီး ဉာဏ်က အစေခံနေရာကသာရ၏။ သို့ကြောင့် ထိုသည့် ငါ. . . ရေနှုးမြေနှုးကြောင့် ရာဂတဏှာ၊ ဒေါသတဏှာများ မောက်တက်လာချိန် ဉာဏ်က ထောင်ဖောက်လက်နက်ဖြင့် ဖျက်ထုတ်မည်အလုပ် ဓာတ်မိန့်ခံဉာဉ်များက ဉာဏ်လက်ကို ပုတ်ချပစ်လိုက်သောကြောင့် ဘာမှအရာမထင်ခဲ့။

တစ်ဖန် မီးစွေ လေမြှူးကြောင့် မောဟမှိုင်းလုံးကြီးများထောင်တက်လာချိန် ငါ့ဉာဏ်က ထောင်ဖျက်လက်နက်ဖြင့် ဖျက်ချမည်အလုပ် ဉာဉ်တို့ကပုတ်ချလိုက်သောကြောင့် ဘာမှအရာမထင်လာ။ နောက်တစ်ဖန်. . .

ဗီဇဉာဏ်၊ ပင်ကိုဉာဉ်များနှင့် ထန်၊ ကြီး၊ မြန်အခံများက ထောင်ထလာချိန် ငါ့ဉာဏ်ကလည်း ဖျက်အားပြင်းထန်လှသော ထောင်ဖျက်လက်နက်ဖြင့် ထ,တွက်မည်အရွယ် ဓာတ်မျိုးလေးပါး ထန်ကြရာမှ ထဖြစ်လာသောဓာတ်မာန်များက ထ,တွယ်ကြပြန်ရာ. . . ငါ့ဉာဏ် ခမျာ ပက်လက်သာ။

သို့ဖြင့် ငါ့တောနေ တောင်နေများကား ၃၂-နှစ်တိုင်ခဲ့ပြီ။

ငါ့အသက်လည်း ၇၀-ပြည့်ရန် တဲတဲလေးလိုတော့သည်။

သို့တစေလည်း ဓာတ်ကောင်၏ ဓာတ်ဆောင်ထောင်ကား တူမြဲတူ၊ မြင့်မြဲမြင့်နေသေးဆဲ။ ငါ့ထံနေ ရုပ်ဓာတ်အရွယ်အားများကား တစ်စစလျော့မြဲလျော့ကျနေဆဲ။ အမွေရ ဓာတ်ဉာဉ် (ပင်ကိုဉာဉ်၊ ဗီဇဉာဉ်) များကသာ ဓာတ်ကောင်၏ ဓာတ်ထောင်အမိန့် နာခံရဆဲဖြစ်နေ၍ ထန်မြဲထန်၊ ကြီးမြဲကြီးနေကြဆဲ။ မြေပြင်က အလွတ်ခုန်သောယုန်၊ မြေပြင်၌သာ ပုံလျက်သားကျနေသည့် ပမာ. . . နေဝင်ကာနီးပြီ နွားအုပ်များတောင် ပြန်သွင်းနေကြပါပြီကောလား။

အင်း. . . ထောင်ထဲမှာ မှောင်တောင်နေမှပဲ။

□ ဗဟုလ္လာ သန္တိကေ မမ၊ တက္က ဝစရ ဝတ္ထုနိ၊
တမှိ ဒမ္ဗိ ရာသိ ဧကော၊ ဧကေကော ဓမ္မ ဘိသယော။ ။

**မမသိန္တိကေ** - ငါ့ထံမှာ၊ **တက္ကဝစရဝတ္ထုနိ** - တွေးစရာအဖုံဖုံ ရေးမကုန်ရာ အကြောင်းရာတို့သည်ကား၊ **ဗဟုလ္လာ** - တွေးလိုက်တိုင်းလိုက်၊ စာပေါင်းသိုက်ပမာသာ။

**တမှာ** - ထိုအထဲမှ၊ **ဋ္ဌမ္ဗိ** - လှောင်ချိုင့်ဆိုသည့် သည်စကားလုံးလေးကလည်း၊ **ဧကောရာသိ** - ဝေစုရ စကားလေးတစ်ခွန်း။

**ဧကေကော ဓမ္မ ဘိသယော** - တစ်ပေါ်တစ်ခုနင်းလျက် တက်လာသော တရားပွဲတစ်ပွဲ။ ။

*၁၃၇၃-ခုနှစ်၊*
*နယုန်လပြည့် (မဟာသမယနေ့၊*
*ကြာသပတေးနေ့။*

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

လယ်တောအိမ်ကလေးရှေ့တွင်ရှိ ဩဇာပင်ပေါ်မှ သီချင်းဆိုသော သပိတ်လွယ်ငှက်ကလေး သီချင်းတွေ သီဆိုနေပါပြီ။ ယမန်နေ့ညက ညစာစား နေကြတုန်း အိမ်ရှင် Roy Maimilan က နံနက်စောစော နံနက်ဦးစာစားပြီးလျှင် နယ်စပ်တစ်နေရာရှိ တန်ခိုးကြီးဘုရား တစ်ဆူရှိရာသို့ လိုက်ပို့မည်ဟု ကြိုတင် ပြောထားပါသည်။ သို့ဖြစ်သောကြောင့် ကျွန်တော်တို့ နံနက်ဦးစာကို သူလူတွေ က ကြိုတင်ပြင်ဆင်ထားပြီးဖြစ်သဖြင့် မျက်နှာသစ်ကြပြီး ရေချိုးခန်းမှအမြန် ထွက်လျက် စားသောက်ပြီး ခရီးသွားရန် အသင့်ပြင်ဆင်ထားလိုက်ကြ၏။

ဘုရားကျောင်းက လယ်တော အိမ်ရှိရာ စူလွန်ရွာမှ လမ်းမကြီးပေါ်သို့ တက်ပြီးက ကီလိုမီတာ (၉၀) ဝေးသည် ဟုဆိုပါသည်။ ဘုရားဖူးသွားရောက်ကြမည့် ခရီးသွားများက ကျွန်တော်တို့ဇနီး မောင်နှံ၊ အိမ်ရှင်မစ္စတာရှိုင်းနှင့် သူ၏ အဖော် အန်တီဂျိုင်း၊ သည့်အပြင် ခရစ် တိုဖာခေါ် အန်တီဂျိုင်း၏ သားကလေး တို့ ဖြစ်ကြပါသည်။


စင်စစ် ထိုကလေးလေးက အန်တီ ဂျိုင်း၏ ကိုယ်ပွားကလေးဖြစ်လေသည်။ အန်တီဂျိုင်းက ကလေးကို အစဉ်ပင် လွယ်ပိုးထားတတ်သည်။ လက်ပေါ်က

# ထိုင်းနိုင်ငံမှ လာဘ်လာဘပြည့်ဝစေသောဘုရား

ခင်မောင်အေး(မန္တလေး)



လာဘမုနိဆုတောင်းပြည့်ဘုရားအား မုခ်ဝမှ ဖူးမြင်ရစဉ်



လာဘမုနိဘုရားမှ ဦးမချောက်စီ လက်ဝဲဘက်ရှိ အရန်စေတီတော်



လာဘမုနိဘုရားအတွင်းရှိ စံကျောင်းတော်သို့အဝင်



www.burmeseclassic.com


www.burmeseclassic.com




ကြောင်လိမ်လေ့ကားထပ်ပေါင်း (၁၃၉) ထပ်တက်ရောက်ပြီး ဖူးတွေ့ရသော ဆုတောင်းပြည့်မြတ်စွာ




လာဘမုနိဘုရားအတွင်း ဂန္ဓကုဋိတိုက်အတွင်းမှ ဆုတောင်းပြည့်ဆင်းတုတော်



စံကျောင်းတော်အပြင်ဘက်ရှိ ရွှေသင်္ကန်းကစ်လှူမှုတော်ရန် ပြုပြင်ဆဲ ရုပ်တော်မှုမြတ်စွာ



လာဘမုနိဘုရားအတွင်းမှ အာရုံခံတန်ဆောင်းအတွင်း လက်ဝဲဘက်ရှိ ရဟန္တာရုပ်တော်များ



လာဘမုနိဘုရားအတွင်းမှ အာရုံခံတန်ဆောင်းအတွင်း လက်ယာဘက်ရှိ ရဟန္တာရုပ်တော်များ

ချသည်မရှိပေ။ ကလေးလေးကလည်း အန်တီဂျိုင်းကိုမတွေ့သည်နှင့် အသံကုန်ဟစ်လေတော့သည်။ ကျွန်တော်တို့ဇနီးမောင်နှံက ခရစ်စတိုဖာအား နာမည်တစ်ခုပေးထားခဲ့၏။ 'ဟစ်တစ်လုံး' တဲ့။ ကလေးကလည်း သူ့လှည်းအတွင်းချထားပြီး နို့ပုလင်းအပြည့်တပ်ပေးထားလိုက်လျှင် ကျေကျေနပ်နပ်ကြီးငြိမ်သွားတော့သည်။ တစ်ခါတလေ သူ့လှည်းကလေးကို ဘာသာတွန်းသွားတတ်သည်။ ဂျီကျတတ်သောကလေး မဟုတ်ပေ။ ကျွန်တော့်အမျိုးသမီး၏ အသည်းစွဲဟု ပြောရတော့မည်။

ထို့ကြောင့်ပင် ကျွန်တော်တို့ ဘုရားဖူးခရီးစဉ်တွင် လူငါးဦးသာဖြစ်လေသည်။ အိမ်ရှင်၏ ဟိုင်းလပ်ကားကြီးပေါ်တွင် Double Cab ပါဝင်သည် ဖြစ်သောကြောင့် ရှေ့ခန်းတွင် အိမ်ရှင်နှင့် သူ၏အဖော်၊ နောက်ခရစ်စတိုဖာ၊ နောက်ခန်းမှာ ကျွန်တော်တို့ဇနီးမောင်နှံတို့ စီးနင်းလိုက်ပါလာကြပါသည်။

အန်တီဂျိုင်းမှာ ဝမ်းမနည်းသား လေးတစ်ယောက်ပါလာသည့် သမီးက မွေးသည့်မြေးဖြစ်ပါသည်။ သမီးက အိမ်



www.burmeseclassic.com

www.burmeseclassic.com


ထောင်ကွဲပြီး နောက်ထပ်အိမ်ထောင်သစ်သူပြန်သည့်အခါ ပထမအိမ်ထောင်နှင့်မွေးသည့် ကလေးအား မိခင်ထံလာရောက် ပို့ဆောင်ထားခြင်း ဖြစ်သည်။

ကျွန်တော်တို့၏ အိမ်ရှင်ဖြစ်သူ နယူးဇီလန်နိုင်ငံသားကြီးကလည်း အန်တီဖွိုင်း၏မွေးစားသားကလေးကို ကြည်ဖြူစွာ လက်ခံသည်။ သူ့အရပ်၊ သူ့ဇာတ်၊ သူ့အထာနှင့်သူပေပဲလေ။


အိမ်မှထွက်သည့်အချိန်တွင် နံနက် (၇) နာရီရှိပြီ။ စူလွန်ရွာမှ လမ်းမကြီးပေါ်သို့ ကားကိုမောင်းတက်သွားပြီးနောက် ကီလို (၉၀) ခရီး စတင်ပါပြီ။ ယိုးဒယားနိုင်ငံရှိ ဟိုင်းဝေးလမ်းမကြီးတွေက ကွန်ကရစ်လမ်းများမဟုတ်ကြ။ နိုင်လွန်ကတ္တရာလမ်းကြီးတွေဖြစ်ပြီး တစ်နာရီလျှင် ကီလိုတစ်ရာခန့်မျှ အရှိန်နှင့်မောင်းနှင်နေသည့်တိုင် တစ်ချက်လေးမျှပင် မခုန်ချေ။ ငြိမ့်ညောင်းညင်သာသက်သောင့်သက်သာပြေးသွားနေသည်။ လမ်းမကြီးတစ်ဖက်တစ်ချက်လမ်းနံဘေးဝဲယာတွင် ကျယ်ဝန်းပြန့်ပြူးသည့် လယ်ကွင်းများချည်းသာ။ မိုးဦးကိုစောင့်နေသဖြင့် လယ်ကွင်းတွေအတွင်း ရှင်းလင်းလျက်ရှိနေသည်။ တချို့ တစ်နေရာ၊ နှစ်နေရာ လယ်ကွင်းများတစ်ဝိုက် ရိုးပြတ်ငုတ်တိုတွေ မီးရှို့ထား၍ ထက်ကောင်းကင်တစ်ခွင် မီးခိုးလုံးတွေတဝေဝေတက်နေ၏။ လယ်တောအိမ်တွေ ဟိုတစ်လုံးဒီတစ်လုံး တွေ့မြင်ရသည်။ အိမ်ဟုရေးလိုက်မိသော်လည်း စင်စစ် အိမ်မဟုတ်ပါ။ မြန်မာပြည်ဝင်ဒါမီယာရပ်ကွက်တွင်းရှိသူကြွယ်ကြီးများ၏ တိုက်ကြီးများထက်ပင်သာချိမ့်ဦးမည်။

ခဏအကြာမှာ -

မြို့ကလေးတစ်မြို့သို့ရောက်လာ၏။ နယ်စပ်အနီးမှမြို့ဖြစ်သောကြောင့်တစ်ကြောင်း၊ ထိုင်းနိုင်ငံ၏မြို့ဖြစ်သောကြောင့်တစ်ကြောင်း စည်ကားလှသည်။ စူပါမားကတ်များ၊ ဈေးဆိုင်ကြီးများ၊ မော်တော်ယာဉ်အရောင်းဆိုင်၊ ဆိုင်ကယ်အရောင်းဆိုင်၊ စက်သုံးပစ္စည်းအရောင်းဆိုင် စသည်ဖြင့် ဆိုင်ကြီးကနားကြီးများပြည့်နှက်နေသည်။ မြို့ငယ်လေးအတွင်း ဝင်ရောက် ရပ်နားခြင်းပင်မပြုတော့ဘဲ ဆက်လက် ထွက်ခွာလာကြ၏။ ရှုခင်းကလည်း ပြောင်းလဲသွားသည်။ စိမ်းစိုသောတောတန်းကြီးကို စတင်မြင်တွေ့ရသည်။



လာဘမုနိခြေတော်ရင်းသို့လျှောက်လှမ်းသွားကြသော ဆိမ်ရှင် ROY MACMILAN နှင့်သူ့အဖော်



မွန်ခွန်မင်းပြန်ဘုရားကျောင်း၊ စတင်တည်ထောင်သော ပထမဆရာတော်




လာဘမုနိဘုရားကျောင်း၊ ကျောင်းထိုင်ဒုတိယဆရာတော်



လာဘမုနိဘုရားအတွင်း၊ မုခ်ဦး



လာဘမုနိဘုရားအောက်ခံတန်ဆောင်းအတွင်းရှိ ဆုတောင်းပြည့်မင်္ဂလာမောင်းတော်




လာဘမုနိဘုရားပရိဝုဏ်အတွင်းမှ နတ်သုငယ်ရေပန်း



www.burmeseclassic.com

www.burmeseclassic.com




လာဘမုနိဘုရားကျောင်း ထေသာဆောင်မှ လှမ်းမျှော်တွေ့မြင်ရသည့်မြင်ကွင်း




ခြေကျင်ဘုရားဖူးခရီးသည်များအား အပ်မာမြေက စောင့်ကြိုနေသော ပန်းဥယျာဉ်



ကြောင်လိမ်လှေကားဝမှ ဆီးကြိုနေသော ကျောင်းတော်စောင့်နတ်မင်း



စံကျောင်းတော်ထက်သို့တက်ရန် ကြောင်လိမ်လှေကားအစ



လာဘမုနိဘုရား ဂန္ဓကုဋိတိုက်အတွင်းသို့အဝင်



လာဘမုနိဘုရားမုခ်ဦးရှေ့မှ ကြာမျိုးစုံရှာ ရေကန်သာ

သဘာဝအလျောက် ပေါက်ရောက်ရှင်သန်နေကြသည့် သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုး ထိန်းသိမ်းရကောင်းမှန်းသိကြသည့်လူမျိုးပေပဲကိုး။

လယ်တောအိမ်မှထွက်လာခဲ့သည်မှာ သုံးနာရီခန့်ရှိလောက်ပြီ။ ခရီးလည်းတော်တော်ရောက်ပြီဟု ကျွန်တော်ထင်မိသည်။ မိမိတို့မရောက်ဘူးသောခရီးပေပဲမဟုတ်ပါလား။ ထင်သည့်အတိုင်းပင်။ အိမ်ရှင်က စကားစသည်။ တစ်လမ်းလုံးသူက စကားအပိုတစ်လုံးမျှမဆို။ ကားကိုသာ ဂရုတစိုက်နှင့်မောင်းလာနေသည်။ ကျွန်တော်တို့ကလည်း တောင်တောင်ဤဤအမေးပုစ္ဆာတွေမထုတ်ခဲ့။ ကားမောင်းနေသူအား စိတ်အနှောင့်အယှက်မဖြစ်စေလိုသောကြောင့်လည်း ဖြစ်ပါသည်။ ခဏအကြာမှာ ရှေ့မလှမ်းမကမ်းတွင် တောင်တန်းကြီးတစ်ခုကို တွေ့မြင်ရသည်။

"ကျုပ်တို့သွားမယ့် ဘုရားကျောင်းက အဲဒီတောင်တန်းပေါ် မှာပါပဲ။ ခဏလောက်ကြာရင် တောင်ခြေကိုရောက်ပါတော့မယ်"

"ကောင်းတာပေါ့ မစ္စတာရှိုင်း။ ကျွန်တော်တို့တစ်တွေလည်း တော်တော်ကိုညောင်းနေကြပြီ။ ဆာလည်းဆာနေကြပြီ"

"တောင်ခြေမှာ စားသောက်ဆိုင်ကောင်းကောင်းတွေရှိပါတယ်။ အဲဒီကျကိုယ်ကြိုက်တာကိုယ်မှာစားကြတာပေါ့"

အိမ်ရှင်၏ ဟိုင်းလပ်ကားသည် အကွေ့တစ်ခုကွေ့ပြီး တက်လိုက်သည်။ မြန်မာနိုင်ငံမှ ကင်မွန်းစခန်းကဲ့သို့ စည်ကားလှသည့်တောင်ခြေဈေးတန်းတစ်ခုသို့ ရောက်ရှိရပ်နားလိုက်သည်။ ကျွန်တော်တို့၏ကားနံဘေးမှာ နိုင်ငံခြားသားတိုးရစ်စုံတွဲတစ်တွဲကို မော်တော်ဆိုင်ကယ်တစ်စီးနှင့် တွေ့မြင်လိုက်ရသည်။ နောက်ခဏအကြာ တိုးရစ်များချည်းပါလာသည့် ခရီးဝေးသွားဘတ်(စ်)ကားတစ်စီးလည်း ရောက်ရှိလာသည်။

"ဒီဘုရားကျောင်းကို နိုင်ငံခြားသားတွေလည်း စိတ်ဝင်စားကြတယ်။ ကျွန်ုပ်လည်း ဩစတြေးလျက မိတ်ဆွေတချို့ကို လိုက်ပို့ရလို့ ရောက်ဖူးသွားတာ"

"ကျွန်မတို့ဖြတ်လာခဲ့တဲ့ရွာလေးကို သတိထားမိကြပါရဲ့လား ရှင်။ Ban

www.burmeseclassic.com


Ko Kam Village။ ဘန်ကိုကန်လို့ အသံထွက်ပါတယ်။ ဘုရားတောင်ကိုတော့ သူတို့က Pha Nan Yoj တောင်လို့ခေါ်ကြတယ်"

စုလွန်ရှာသူ အန်တီဂျိုင်းက ရှင်းလင်းပြောပြ၏။ ထိုင်းနိုင်ငံသို့ ကျွန်တော်တို့ ရောက်ရှိနေစဉ်အခိုက် မြဘုရားမှအစ ဘုရားများ လှည့်လည် ဖူးမြော်ကြရာဝယ် ဘုရားသမိုင်းလည်း မရှာတတ်၊ လိုက်ပို့သူတွေကလည်း မပြောတတ်နှင့်။ အတော်ပင် အခက်အခဲတွေ့ကြရပါသည်။


ယခု လာရောက် ဖူးမြော်သည့် ဘုရားကို အန်တီဂျိုင်းအား တစ်လုံးချင်း မေးမြန်းလျက် သိရှိမှတ်သားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

"ဘုရားကျောင်းကို Vat D Shal Monkom Temple လို့ ခေါ်ကြတယ်။ မြန်မာလိုဆိုရင် လာဘ်လာဘပြည့်ဝစေသောဘုရားပေါ့။ တစ်နည်း အင်္ဂလိပ်လို အခေါ်ကတော့ Mdnkonmkng လို့လည်း ခေါ်ကြပါတယ်"

ကျွန်တော်တို့ စားသောက်ဆိုင်တွေဘက်သွားကြပြီး အချိန်ကုန်သက်သာအောင် ဟမ်ဘာဂါတစ်ယောက်တစ်ခုစီ၊ ကုတ်ဘူးကြီးတစ်ယောက်တစ်ဘူးစီသာ သောက်စားခဲ့ကြသည်။ ပြီးနောက် ယာဉ်ရပ်နားစခန်းရှိရာသို့ပြန်သွားပြီး ဘုရားပေါ်သို့ ပို့ဆောင်သည့် တက်ဆင်းလွန်းပျံကားပေါ်သို့ တက်ရောက် နေရာယူလိုက်ကြသည်။ လွန်းပျံကားကလေးများ တစ်စီးတက်နေစဉ် တစ်စီးကစောင့်နေသည်။ အတက်ကားပြန်ရောက်မှ အဆင်းကားကဆင်းသည်။ လုံခြုံရေးကို ဦးစားပေးလျက် စီစဉ်ထားခြင်း ဖြစ်၏။ လူပြည့်အောင်စောင့်မနေချေ။ ဘုရားပေါ်တက်ရောက်ကြမည့် ဘုရားဖူးငါးယောက်ရှိရှိ၊ ဆယ်ဦးရှိရှိ လိုက်လံ ပို့ဆောင်ပေးသည်။ ဘုရားဖူးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းရှိကြစေရန်အတွက် အဓိကပင်။



လာဘမုနိဘုရားကျောင်းအပေါ်ဆုံး လေသာဆောင်မှ လှမ်းမျှော် တွေ့မြင်ရသည့်မြင်ကွင်း



လာဘမုနိဘုရားကျောင်းအဝင်မုခ်ဦး



ဘုရားဖူးများအတွက် ခြေကျင်အတက်လမ်း

ဘုရားကျောင်းကြီး၏ခြေရင်းသို့ ကားပေါ်မှဆင်းပြီး ကိုက်ငါးဆယ်ခန့် ခြေလျင်သွားကြရ၏။ လွန်းပျံမော်တော်ယာဉ်မစီးဘဲ ခြေကျင်သွားလိုသူများအတွက်လည်း စောင်းတန်းတစ်ခုတည်ဆောက်ပေးထားသည်။ ထိုစောင်းတန်းအတိုင်း စိတ်အေးချမ်းသာ တက်ရောက်သွားနိုင်ပါသည်။ စောင်းတန်းအဆုံးတွင် ပန်းဥယျာဉ်တစ်ခုပြုလုပ်ပေးထားသည်။ ရေပန်းဝိုင်းလှပစွာပြုလုပ်လျက် ရွှေငါးရုပ်ကလေးများဖြင့် တန်ဆာဆင်ထားသည်။ ပန်းဥယျာဉ်ပတ်လည်မှာ ရောင်စုံကျောက်ပြားများခင်းကျင်းထားသည်။ လမ်းတစ်ဖက်တွင် ဘုရားကျောင်းခြေတော်ရင်း။

မုခ်ဦးသို့ လှေကားထစ်ဆယ်ထစ်မျှတက်လိုက်လျှင် ခမ်းနားကျယ်ဝန်းသည့် တန်ဆောင်းကြီးအတွင်းသို့ရောက်ရှိသွားလေ၏။ တစ်ဖက်တစ်ချက်တွင် ရွှေပလ္လင်ထက်မှာ သီတင်းသုံး စံပယ်တော်မူနေကြသော ရုပ်ပွားတော်များကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ တန်ဆောင်းအတွင်းရှိ တစ်နေရာတွင် မောင်းကြီးနှစ်လုံး ချိတ်ဆွဲထားသည်။ ထူးခြားသည်မှာ ထိုမောင်းကြီးကို ထုရမှာမဟုတ်ဘဲ ပွတ်လျက် လိုရာဆုတစ်မျိုးတည်းတောင်းရန်ဖြစ်သည်။ ပွတ်သောအခါ တောင်းဆုမပြည့်နိုင်ပါက မောင်းသံမည်သို့မျှထွက်မလာချေ။ တောင်းဆုပြည့်နိုင်မည်ဆိုပါမူ မောင်းသံသည် မိုးခြိမ်းသံအလား ဘုရားကျောင်းပရိဝုဏ်အတွင်း ဟိန်းလျက်ထွက်ပေါ်လာလေသည်။ ကိုယ်တွေ့မျက်မြင်မို့ ယုံရခြင်းဖြစ်ပါသည်။ သူတို့နိုင်ငံသားအချို့ပင် တစ်နှစ်အတွင်း သုံး၊ လေးခေါက်လာပြီး မောင်းကိုပွတ်လျက်ဆုတောင်းကြသည်။ မောင်းက ဟိန်းသံမပေးသဖြင့် စိတ်ပျက်လက်ပျက်နှင့် ပြန်သွားကြရသည်ဟု အန်တီဂျိုင်းကပြောပြပါသည်။

တန်ဆောင်းအတွင်းမှ ထွက်ကာ ရှေ့သို့ဆက်သွားလိုက်သည်နှင့် ကြာမျိုးငါးပါးနှင့် ရေကန်တစ်ခု။ ကန်စောင့်နတ်သမီးက ရေကန်ထိပ်တွင်ထိုင်ကာ ကျောင်းတော်ကြီးရှိရာဆီသို့ လှမ်းမျှော်ကြည့်ရှုနေသည်။ ရေကန်တွင်းမှရေကကြည်လင်စိမ်းမြနေသည်။

မျက်နှာချင်းဆိုင်တွင် နတ်သမီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါးရှိနေသည်။ ဘုရားကျောင်းကြီးအတွင်းသို့ဝင်ရန်လျှောက်လှမ်းသွားစဉ်ဝဲ၊ ယာနှစ်ဖက် တစ်ဖက်တစ်ချက်မှာ အရန်စေတီတော်တစ်ဆူစီ တွေ့မြင်ရ၏။ ကျောင်းတော်ကြီးအတွင်းသို့လှမ်းဝင်လိုက်သည့်အခါ ကျယ်ဝန်းလှသော အတွင်းဆောင်ကြီးနှင့် ရွှေပွတ်လုံးတိုင်ကြီးများ၊ ဆင်းတုတော်များကို ပူဇော်ထားသည့် ပန်းအပြည့်နှင့် ကြွေပန်းအိုးကြီးများနှင့် သပ္ပာယ်ကြည်ညိုဖွယ်ရာ ရွှေပလ္လင်ထက်တွင် တဝင်းဝင်းနှင့် ဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရသည်။

ပလ္လင်တော်ဝဲ၊ ယာတွင် ဆင်းတုတော်နှစ်ဆူစီ၊ ရဟန္တာတစ်ပါးစီ စသည်ဖြင့် ဖူးတွေ့ရသည်။ ဆင်းတုတော်မြတ်၏တစ်ဖက်တစ်ချက် ဝဲ၊ ယာတွင် နှစ်ဆူစီ၊ ပလ္လင်ရှေ့တွင်တစ်ဆူ၊ ရဟန္တာနှစ်ပါး စသည်တို့ ဖြစ်၏။

သည့်နောက်မှ ဘုရားကျောင်းတော်ကြီးကို တည်ဆောက်သည့် ဘုန်းတော်ကြီး၏ ပုံတုရုပ်တုကို မြင်တွေ့ရသည်။ ပလ္လင်ထက်တွင် အာနာပါနကသိုဏ်းရှုနေဟန်က အသက်ဝင်လှ၏။ ကျောင်းတော်ကြီးကိုတည်ဆောက်ထားသည့်စိတ်ကူး၊ ဗိသုကာပုံပန်းသဏ္ဌာန် စသည်တို့အပြင် ဆင်းတုတော်အဆူဆူ၊ မုခြာအမျိုးမျိုးဖြင့် သပ္ပာယ်ကြည်ညိုဖွယ်ရာကောင်းလှသည်။ ဆရာတော်ဘုန်းကြီး၏ဥပမိရုပ်သွင်သည် ရင့်ကျက်တည်ငြိမ်လှပြီး သာသနာအတွက် မဆုတ်မနစ်သောအားမာန်၊ ဇွဲသန်သန်နှင့် ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားဟန်ပေါ်လွင်နေပေသည်။ ဘုရားကျောင်းဆောင်အထက်ထပ်သို့တက်ရန် လှေကားတစ်ခုရှိပါသည်။


ကြောင်လိမ်လှေကားဖြစ်ပါသည်။ တက်ကြ ဆင်းကြသော ဘုရားဖူးများ ဥဒဟိုရှိနေသည်။ ထိပ်ဆုံးသို့တက်ရသည်မှာ အကြမ်းဖျင်းမှတ်သားထားမိ



လာဘမုနိဘုရားသို့လာရောက်ကြသည့် ဘုရားဖူးယာဉ်များ



ယာဉ်အပ်နှံရာ ဘုရားတောင်ခြေမှစခန်း



လာဘမုနိဘုရားသို့
ဧည့်သည်များကလည်း ဆိုင်ကယ်နှင့်လာကြသည်



လာဘမုနိဘုရားရှိရာသို့ ဘုရားဖူးများအား ပို့ဆောင်ပေးသော
လွှန်းပျံမော်တော်ယာဉ် (Mr.Roy Macmilam)








လာဘမုနိဘုရားတောင်ခြေရင်း ယာဉ်ရပ်နားစခန်းမှ အမှတ်တရပစ္စည်းအရောင်းဆိုင်များ




www.burmeseclassic.com

www.burmeseclassic.com



လာဘမုနိဘုရားတောင်ခြေရင်း ယာဥ်ရပ်နားစခန်းမှ အမှတ်တရပစ္စည်းအရောင်းဆိုင်များ



လာဘမုနိဘုရားသို့လာရောက်ကြသည့်ဘုရားဖူးများအတွက် စားသောက်ဆိုင်တန်း



သည်က လှေကားထစ်ပေါင်း (၁၃၉) ထစ်ရှိပါသည်။ ထိပ်ဆုံးသို့ရောက်သည့်အခါ ကျယ်ဝန်းလှသည့် စံကျောင်းကြီးအတွင်းသို့ ရောက်ရှိသွားကြသည်။ စံကျောင်းတော်ကြီးအတွင်း ရှေးအယုဒ္ဓယခေတ်လွန်ကာလ မဟာရာမဒုတိယမင်းလက်ထက် ဆင်းတုတော်များ၏ ပုံပန်းသဏ္ဌာန်ထုလုပ်ထားသော ရွှေရောင်ဝင်းနေသည့် မုဒြာအမျိုးမျိုးဖြင့် သီတင်းသုံးနေသည့်ဗုဒ္ဓဆင်းတုတော်များကိုမြင်ရ၏။

သည့်နောက် ဆရာတော်ဘုန်းကြီး၏ပုံတော်၊ နောက်ဆက်လက်တာဝန်ယူသည့် ဆရာတော်တို့၏ ပုံတော်တို့ကို ဖူးမြော်ရသည်။ ဆင်းတုတော်များ၊ ဆရာတော်ကြီးများ၏ ရုပ်တုတော်များမှ ရွှေသင်္ကန်းရောင်များကား ဝင်းလက်တောက်ပလျက်ရှိရာ ရွှေသားစစ်စစ်ဖြင့် ပွဲဖော်ထားဟန်သည့်အလား ထင်မှတ်မှားရပါသည်။ ရတနာခုနစ်ပါးစီခြယ်ထားသည့် ပလ္လင်ထက်တွင် စံပယ်တော်မူနေသော မြတ်ဘုရားရှင်သည် ဝေနေယျတို့အား အပြုံးနှင့်ကြိုဆိုနေသလို မြင်တွေ့ရသည်။ စိန်ရောင်ခြယ်ရောင်ခြည်အသွယ်သွယ် ဖြာဝေလင်းလက်နေဟန်ဈာနမုဒြာဖြင့် သီတင်းသုံးနေသော ဘုရားသခင်အား ငြိမ်းအေးချမ်းသာ ဖူးမြော်ရသည်ဖြစ်ရကား အိမ်ရှင်နယူးဇီလန်နိုင်ငံသားကြီးကို ကျေးဇူးစကားအခါခါဆိုမိပါ၏။

စံကျောင်းအတွင်းမှ ထွက်လျက် အပြင်ပတ်လမ်းသို့ သွားရောက် ကြည့်ရှုလိုက်သည့်အခါ ကြည်နူးစဖွယ်ဝန်းကျင်တစ်ခွင်ရှုခင်းကို မြင်တွေ့ရပါသည်။ BIRD'S EYE VIEW အပေါ်စီးမှကြည့်သည့်အမြင်ဖြင့်မြင်တွေ့ရသည်က ရင်သပ်ရှုမောစရာမြင်ကွင်းများဖြစ်၏။ အမြင့်ကြောက်သူများအတွက်ကား မတက်ရောက်သင့်ပါဟုသာ အကြံပြုလိုပါသည်။ အသက် (၈၆) နှစ်အရွယ် သက်ကြီးတစ်ယောက်ဖြစ်သည့်ကျွန်တော်ပင်လျှင် တစ်ခါတစ်ခေါက်ရောက်သည့်အခိုက် နောက်တစ်ကြိမ်လာရောက်နိုင်ရန်မလွယ်လှသည်ဖြစ်ရကား စွန့်စွန့်စားစား အတော်ကြိုးစားလျက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဆိုရိုးတစ်ခုရှိသည်မှာ လာဘမုနိ (လာဘ်လာဘပြည့်ဝစေသောဘုရား)ကို လာရောက်ဖူးမြော်ကြသည့်ဘုရားဖူးများက နောက်ထပ်မံပြီးတစ်ကြိမ်လာရောက်ဖူးမြော်ခွင့်ရပါစေဟု ဆုတောင်းခဲ့ပါက မလွဲမသွေ ထပ်မံရောက်လာရသည်ဟု ပြောကြပါသည်။ ကျွန်တော်ပင်လျှင် မယုံတယုံဖြင့် နောက်တစ်ခေါက်လာရောက် ဖူးခွင့်ရပါစေသားဟု ဆုတောင်းခဲ့သည်။ ရက်သတ္တတစ်ပတ်အတွင်း အမျိုးသမီး၏မောင် စိုင်းမျိုးမင်းတင်နှင့် သူ့ကလေးနှစ်ဦးပါ လာဘမုနိဘုရားကျောင်းသို့ သွားရောက် ဖူးမြော်လိုပါသည်ဟုဆိုလျက် အဖော်အဖြစ် အန်တီဂျိုင်းအား ခေါ်ဆောင်သွားကြသည်။ ကျွန်တော်တို့ကိုလည်း လိုက်ခဲ့ကြပါဦးဟု စိုင်းတင်က ခေါ်သဖြင့် ထပ်မံပြီးတစ်ကြိမ်ရောက်ခဲ့ရပြန်သည်။ မယုံတယုံဆုတောင်းခဲ့ခြင်းပြည့်ဝပါသည်ဟုပြောရတော့မည်ထင်ပါ၏။ တိုက်ဆိုင်ခြင်းတော့ မဟုတ်တန်ကောင်းပါ။

ကျွန်တော်တို့ လာဘမုနိဗုဒ္ဓမြတ်စွာဆုတောင်းပြည့်ဘုရားကျောင်းမှ အပြန်ခရီးကား ဆရာမကြီး ဒေါ်ကြည်အေး၏နှုတ်မှလျှော့ပြန်လိုများဖြစ်နေသည်လားမပြောတတ်တော့ပါ။ မွန်ခွန်မင်းမြန်လာဘ်လာဘ ပြည့်ဝစေသော ဘုရားကျောင်းဆီထပ်မံပြီးတစ်ခေါက်ပြန်လည်သွားရောက်ချင်နေမိသည်ကား အမှန်ပင် ဖြစ်ပါသတည်း။

ခင်မောင်အေး (မန္တလေး)

ကိုးကား -


စူလွန်ရှာသူ အန်တီဂျိုင်း၏ ပြောပြချက်

ကိုယ်တိုင် သွားရောက် လေ့လာတွေ့ရှိမှု



www.burmeseclassic.com

www.burmeseclassic.com



# ကိုရွှေမြသန်း (သမိုင်း)
## ကိုယ့်အရိပ် ကိုယ်စစ်

❑ *ကိုယ့်အရိပ်ကိုယ်ကြည့်*
*အမှားသိ မြင်မိတတ်ပါစေ*
*အမှားပြင်ဆင် အမှန်ထင်*
*လိုအင်ပြည့်ဝစေ*
*လိုအင်ပြည့်မှ ချမ်းသာရ*
*ဘဝရကျိုးနပ်ပါစေ. . . ။ ။*

အထက်ပါ စကားစုစာပိုဒ်လေးကိုဖတ်မိပြီး ဘဝ၌ ကိုယ့်အရိပ်ကိုယ်စစ်ပြီး ကောင်းတာကိုဆက်ပြု၍ မှားတာကို စွန့်လွှတ်သွားခဲ့ကြသည့် ရာဇဝင်ထဲက မင်းနှစ်ပါးကို သတိရလိုက်မိပါသည်။ ကိုယ့်အရိပ်ကိုယ်စစ်ပြီး မှန်တာကိုဆက်ပြုသွားသည့် ဝေဿန္တရာမင်းနှင့် မှားတာကိုတွေ့၍ မှားတာကို စွန့်လွှတ်ခဲ့သည့် သိဝိမင်းကြီးတို့ကိုပါ။ ဘယ်လိုအမှန်ဆက်ပြုပြီး ဘယ်လို အမှားကို စွန့်လွှတ်သွားကြပါသလဲဆိုရင်တော့ . . .

ဝေဿန္တရာမင်းသည် တိုင်းပြည်ကချစ်သော၊ အားကိုးသောပစ္စယဆင်ဖြူတော်ကို ကလိင်္ဂတိုင်းမှ အလှူခံပုဏ္ဏားတို့အား ပေးလှူလိုက်ခြင်းကြောင့် သိဝိတိုင်းပြည်သားတို့သည် အလွန်စိတ်ဆိုးကြသည်။ ထို့ကြောင့် ဝေဿန္တရာမင်းကို တိုင်းပြည်မှ နှင်ထုတ်ပေးရန် တောင်းဆိုကြသည်။ ခမည်းတော် သိဝိမင်းကြီးသည် တိုင်းပြည်မှထွက်ရန် အမိန့်တော်ချမှတ်လေသည်။ အမိန့်တော်ပြန်သောအမတ်လည်း ငိုယိုကာ အမိန့်တော်ကိုပြန်သောအခါ ဘုရားအလောင်းတော် ဝေဿန္တရာမင်းသည် ဤသို့ အမေးသုံးချက်၊ အဖြေသုံးချက်ထုတ်ဝေသည်။

၁။ ငါဘယ်လိုလူလဲ။

ငါသည် အလှူရဲ့မင်းဝေသန်ဘဲ ဟု မိမိဘဝအမှန်ကို ဖြေဆိုသည်။

၂။ ငါဘာကိုလုပ်မိသလဲ။

ငါသည် တိုင်းပြည်က ချစ်သော၊ အားကိုးသော ပစ္စယဆင်ဖြူတော်ကို ငါပိုင်ဖြစ်၍ လှူဒါန်းခဲ့ပြီးဟု မိမိလုပ်ဆောင်ချက်ကို စိတ်ဖြင့်အဖြေထုတ်၏။

၃။ ငါလုပ်တာမှန်ရဲ့လား။

ယခင် ငါလှူသော ဒါနလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com

သည် သဗ္ဗညုတဉာဏ်တော် ဗုဒ္ဓဆုတော်ကြီးကိုပြည့်စေနိုင်သော မှန်ကန်လှစွာသော ပါရမီလုပ်ငန်းကြီးပေတကားဟု အဖြေမှန်ကို တွေ့ရှိလေပြီ။

ထို့ကြောင့် ထိုမှန်ကန်သော ဒါနလုပ်ငန်းကို ငါသည် အသက်ကိုစွန့်ရသော်လည်း နောက်သို့မဟုတ်။ ဆက်၍ လုပ်အံ့ဟု ဆုံးဖြတ်၍ ဤသို့ကြုံးဝါးတော်မူလေ၏။

- ကာမံ မံ သိဝယော သဗ္ဗေ၊
  ပဗ္ဗာဇေန္တု ဟနန္တုဝါ
  နေဝဒါနာ ဝိရမိဿံ၊
  ကာမံ ဆိန္ဒန္တု သတ္တဓာ၊ ။

**သဗ္ဗေ** - အလုံးစုံကုန်သော၊ **သိဝယော** - သိဝိတိုင်းသူပြည်သား လူအများတို့သည်၊ **မံ** - ငါ့ကို၊ **ကာမံ** - စစ်စစ်၊ **ပဗ္ဗာဇေန္တုဝါ** - တိုင်းပြည်ကနှင်ထုတ်လျှင်လည်း နှင်ထုတ်ကြပါစေ၊ **ဟနန္တုဝါ** - အသေသတ်လျှင်လည်းသတ်ကြပါစေ၊ **သတ္တဓာ** - ခုနစ်ပိုင်း၊ **ဆိန္ဒန္တုဝါ** - ဖြတ်လျှင်လည်းဖြတ်ကြပါစေ၊ **ဝေ၀ါတထာပိ** - ဤသို့သတ်ချင်သလိုသတ်ဖြတ်ချင်သလိုဖြတ်နှင်ထုတ်ချင်သလိုနှင်ထုတ်ကြပါသော်လည်း၊ **အဟံ** - ငါသည်၊ **ဒါနာ** - အလှူပေးခြင်းမှ၊ **နဝိရမိဿံ**-ရှောင်ကြဉ်လိမ့်မည်မဟုတ်၊ **ဒါနံဒဿာမိယေဝ** - နောက်သို့မဆုတ် ဒါနအလုပ်ကို ဆက်လက်လုပ်မည်၊ လှူဒါန်းမည်သာတည်း။ ။

ဤကား ဝေဿန္တရာမင်း၏အမေးသုံးချက်ထုတ်က မှန်ကန်သော မိမိအလုပ်ကို နောက်သို့မဆုတ် အသက်စွန့်၍ ဆက်လက် လုပ်ဆောင်ပုံအကြောင်းတည်း။


ဤသို့ပင် မေးခွန်းသုံးချက် အဖြေသုံးချက်ထုတ်၍ အမှားကိုတွေ့သော်၊ နောက်သို့ဆုတ်သော် သူတော်ကောင်းကား သိဝိမင်းကြီးပင်ဖြစ်ပြန်သည်။

သိဝိမင်းကြီးသည် ဥမ္မာဒန္တီကိုတွေ့မြင်ပြီးနောက် ဥမ္မာဒန္တီကိုစွဲလမ်းတမ်းတ၍ စားမဝင်အိပ်မပျော်ဖြစ်လေသည်။ အဘိပါရကစစ်သူကြီး၏မယားဖြစ်သည်ဟု သိရသော်လည်း စွဲလမ်းနေလေ၏။

၁။ ငါသည် ပြည်သူပြည်သားအပေါင်းအားထားရာ ကိုးကွယ်ရာ ဘုရင်ဟူသောဘဝကို မေ့လေပြီ။

၂။ ငါသည် သူတစ်ပါး၏ မယားအပေါ် စွဲလမ်းမှုကြီးပြုမိလေပြီ။

၃။ ထိုပြုမှုချက်ကို အမှား၊ အမှန် မဆုံးဖြတ် မသုံးသပ်နိုင်ပြီ။



ဤတွင် သိဝိမင်းကြီးသည် ငါ၏ စွဲလမ်းချက်ဟည် ပုထုဇဉ်လူသားအဖို့ အမှားဟု မဆိုနိုင်။ ငါသည် ဘဝရှင်မင်းဖြစ်သည့်အားလျော်စွာ မည်သူမဆိုသေစေရှင်စေပြုနိုင်သောပိုင်ရှင်ဖြစ်၍ ဥမ္မာဒန္တီကို ငါသိမ်းပိုက်မည်ဟု ဆုံးဖြတ်လုပ်ဆောင်ပါက အမှားကြီးမှားမည်သာတည်း။

သို့သော် အဘိပါရကစစ်သူကြီးသည် အမျိုးမျိုးတင်လျှောက်၍ မင်းကြီးအား မိမိမယားဖြစ်သော ဥမ္မာဒန္တီကို ဆက်သသည်ရှိသော် သိဝိမင်းကြီး သတိရတော်မူလာ၏။

၁။ ငါသည် အဘိပါရကစစ်သူကြီး၏ တရားဝင်ဆက်သခြင်းကိုလက်ခံ၍ ဥမ္မာဒန္တီကို သိမ်းပိုက်လိုက်ပါက ဥမ္မာဒန္တီသည် တရားဝင်မိဖုရားဟု မည်သူမျှ ယုံကြည်မည်မဟုတ်။ မတရားသိမ်းပိုက်ထားသောမိဖုရားဟုသာ ယူဆကြပေမည်။

၂။ ငါ့အပေါ် တိုင်းသူပြည်သားတို့သည် မတရားသော မယားခိုးမယားလုမင်းဟု ထဲ့ရဲ့ကြလိမ့်မည်။

၃။ ငါသည် အနစ်နာခံ ခေါင်းဆောင်ကောင်း မင်းကောင်းမင်းမြတ်မဖြစ်။ အခွင့်ရေးထူးခံ ခေါင်းဆောင်ညံ့ မင်းဆိုးမင်းယုတ်ဖြစ်လေတော့မည်။

၄။ သိဝိမင်းသည် မိမိကျေးကျွန်စစ်သူကြီး၏မယားကို သိမ်းပိုက်သတဲ့ဟု ရာဇဝင်တွင်ရစ်တော့မည်။

၅။ အဘိပါရကစစ်သူကြီးသည် သူ၏မယားအလှ မယ်ဥမ္မာကို မမြင်ရလျှင် ရင်မှာမအေး ပူဆွေးတမ်းတလွမ်းနာကျရှာတော့မည်။

၆။ ဤစစ်သူကြီးသည် ငါ၏အမှုတော်ကျေပွန်စွာထမ်းရွက်သဖြင့် ငါ၏မိတ်ဆွေကောင်းဖြစ်ပေသည်။ ယင်းသို့ဖြစ်ပါလျက် ငါသည် သူ့ကျေးဇူးကို မမျှော်နိုင်သော၊ ကျေးဇူးကန်းသော သူယုတ်မာဖြစ်ရပေတော့မည်ဟု မိုးခိုးမဆုံး ဆက်လက်တွေးတောတော်မူလေသည်။

(က) ငါဘယ်လိုလူစားလဲ။

ငါသည် ပြည်သူပြည်သား အားထားရာမင်း ဖြစ်သည်။

(ခ) ငါဘာကိုလုပ်မိနေလဲ။

ငါ သူတစ်ပါးမယားကို တပ်မက်လိုချင်နေသည်။

(ဂ) ငါ၏တပ်မက်လိုချင်မှုမှန်ရဲ့လား။

မမှန်ပါတကား။ အမှားကြီးမှားနေပါတကား။

ဤသို့ မေးခွန်းသုံးချက်၊ အဖြေမှန်သုံးချက် ထုတ်ဖော်နိုင်ပြီးဖြစ်၍ သိဝိမင်းသည် ဥမ္မာဒန္တီကို မိမိအား ဆက်သခြင်းကို ပယ်မြစ်တော်မူ၍ တည့်မတ်စွာ မင်းကျင့်တရားကို ကျင့်သုံးတော်မူ၏။

ဤကား မိမိကိုယ်ကို မေးခွန်းသုံးချက်အဖြေသုံးချက်ဖြင့်သုံးသပ်၍ အမှားကို စွန့်ပယ်ပုံအကြောင်းတည်း။

သို့ဖြစ်ပါ၍ -

- ကီဒိသော ဟံ ကတံ ကိံမေ၊
  ကတံ နယုတ္တကံ သိယာ ဣတ္စေတံ
  သမ္မသိတွာန၊ ယုတ္တာ ယုတ္တံ ကရေ ဇဟေ။ ။

(၁) **အဟံ** - ငါသည်၊ **ကီဒိသော** - အဘယ်သို့ သဘောရှိသူဖြစ်သနည်း။ (ငါဘယ်လိုလူစားနည်း။)

(၂) **မေ** - ငါသည်၊ **ကိံ** - အဘယ်အမှုကို၊ **ကတံ** - ပြုအပ်သနည်း။ (ငါဘာကိုလုပ်မိသနည်း။)

(၃) **ကတံ** - ငါသည် ပြုလုပ်သောအမှုသည်၊ **ယုတ္တကံ** - သင့်သည်ကို၊ **သိယာန** - ဖြစ်ပါမည်လော။ (ငါ လုပ်တာမှန်ရဲ့လား)

**ဣတိ** - ဤသို့၊ **တေံ** - ဤမေးခွန်းသုံးချက်ကို၊ **သမ္မသိတွာန** - သုံးသပ်၍ ဆင်ခြင်က အဖြေရှာ၍၊ **ယုတ္တံ** - သင့်သည်ကို၊ **ကရေ** - ဆက်လုပ်ရာ၏။ **အယုတ္တံ** - မသင့်သည်ကို၊ **ဇဟေ** - စွန့်ရာ၏။

ဟူသည့် မေးခွန်းသုံးချက်ကို အဖြေသုံးချက်ဖြင့် ကိုယ့်အရိပ်ကိုယ်စစ်ကြမည်ဆိုပါက. . .။

ကိုရွှေမြသန်း (ဘမိုင်း)

**မှီငြမ်း** -

ဘဒ္ဒန္တကုဏ္ဍလ၏
မဟာသုတဒီပနီကျမ်း(ဒုတိယတွဲ)



www.burmeseclassic.com

www.burmeseclassic.com

# တင်အောင်(စက်မှုတက္ကသိုလ်)

# ဝေဘူဆရာတော်ဘုရားကြီး အမှတ်တရ

ရဟန္တာဟုကျော်စောထင်ရှားတော်မူသော ဝေဘူဆရာတော်ဘုရားကြီးကို သက်တော်ထင်ရှားရှိစဉ်အခါက နှစ်ကြိမ်ဖူးတွေ့လိုက်ရဖူးပါသည်။

၁၉၆၂ ခုနှစ်၊ ဒီဇင်ဘာလကဖြစ်ပါသည်။ကျောက်ဆည်မြို့မှ စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြောပွဲလုပ်ရာ ကျွန်တော်၏ဖခင် စာရေးဆရာကြီး ဦးရန်အောင်၊ စာရေးဆရာကြီး လင်းယုန်မောင်မောင်နှင့် မန္တလေးမြို့မှ စာရေးဆရာကြီး လူထုဦးလှ၊ စာရေးဆရာမကြီး လူထုဒေါ်အမာတို့ကို ဖိတ်ကြားခဲ့သည်။ ကျွန်တော်သည် အဖေနှင့်အတူ ကျောက်ဆည်မြို့သို့ လိုက်ပါသွားသည်။ ကျောက်ဆည်မြို့တွင် စာပေဟောပြောပွဲအပြီး နောက်တစ်နေ့တွင် အဖေနှင့် ကျွန်တော့်ကို ကျောင်းဆရာ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က ဝေဘူသာသနာ့ရိပ်သာသို့ လိုက်ပို့ပေးသည်။

လမ်းတွင် ဆရာဦးတင်လှိုင်က အဖေ့ကို -

"ဆရာကြီး၊ ကျွန်တော် စာရေးဆရာ သိပ်ဖြစ်ချင်တယ်။ ကျွန်တော်က နယ်ကနေ စာပေတိုက်တွေကို စာမူပို့တော့ စာမူရွေး၊ မရွေး စာမူရဲ့အခြေအနေကို သိပ်မသိရဘူး"

အဖေက -

"မောင်တင်လှိုင်၊ စာကိုသာ ကြိုးစားပြီးရေးပါ။ မဂ္ဂဇင်းတို့၊ဂျာနယ်တို့မှာ စာမူပါမှ စာရေးဆရာဖြစ်တာမဟုတ်ဘူး။ စလေ ဦးပုညတို့၊ နတ်ရှင်နောင်တို့၊ လှိုင်ထိပ်ခေါင်တင်တို့ခေတ်တုန်းက ဘာမဂ္ဂဇင်း၊ ဘာစာအုပ်မှ ရှိတာမဟုတ်ပါဘူး။ သူတို့ကို စာရေးဆရာမဟုတ်ဘူးလို့ ဘယ်သူပြောရဲလဲ"

အဖေ၏ပြောကြားချက်ကို ဆရာဦးတင်လှိုင်သည် နှစ်ခြိုက်သဘောကျသွားပြီး စာများကိုဖိရေးကာ ယခုအခါ နာမည်ကြီးစာရေးဆရာ လယ်တွင်းသားစောချစ် ဖြစ်လာလေသည်။ ထိုစဉ်က ဦးတင်လှိုင်မှာ အသက် (၂၂)နှစ်ခန့်သာရှိပြီး အဖေမှာ အသက် (၆၀) နီးပါးရှိနေပြီ ဖြစ်ပါသည်။

ကျောက်ဆည်နယ်သည် မြစ်ငယ်မြစ်နှင့် ဇော်ဂျီမြစ်တို့အကြားတွင်ရှိပြီး ရေလိုသလောက်ရရှိသဖြင့် ဆန်ရေစပါးဖြစ်ထွန်းသည်။ မြို့၏အရှေ့ဘက်ခြမ်း၌ ကျောက်တောင်ကျောက်ကမူများ၊ လျှိုမြောင်များ၊ သစ်ပင် ချုံနွယ်ပိတ်ပေါင်း များစွာဖြင့် စိမ်းလန်း စိုပြည်၏။ ဆရာတော်သည် ဝေဘူတောင်ဝှမ်း၊ လျှိုမြောင်များကြား၌ တရားအားထုတ်ပြီး တရားထူးရရှိသဖြင့် ဝေဘူဆရာတော် ဟူ၍ ထင်ရှားလာခဲ့သည်။ ကျွန်တော်တို့သည် ဝေဘူရိပ်သာထဲသို့ ခြေချမိလျှင် အအေးဓာတ်က လွှမ်းမိုးသွားသည်ကို သိသိသာသာခံစားရသည်။ ဝေဘူဆရာတော်ကြီး၏မေတ္တာဓာတ်က ကြီးမားလှပါဘိ။



၁၉၇၃ ခုနှစ်အတွင်းက ဖြစ်ပါသည်။ ထိုအချိန်က စာရေးသူသည် အနောက်ရန်ကင်း (၅) ရပ်ကွက် တိုက်နံပါတ် (၃၄၃)၊ အခန်း (၁၈) တွင်နေထိုင်လျက် ရန်ကင်းအထက (၂) တွင် (၉) တန်းတက်လျက်ရှိပါသည်။ စာရေးသူသည် မိုးကောင်းဘုရား တနင်္ဂနွေ သန့်ရှင်းရေးအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ပြီး တနင်္ဂနွေနေ့တိုင်း ဘုရားသန့်ရှင်းရေး လုပ်ရသည်။ တစ်နေ့တွင် မိတ်ဆွေများဖြစ်သော ကိုအေးလွင်နှင့်ကိုမောင်မောင်တို့ ၂၈-၁-၇၃ ရက်နေ့တွင် ဝေဘူဆရာတော်ဘုရားကြီး မိုးကောင်းဘုရားသို့ကြွရောက်၍ တရားဟောမည်ဖြစ်သောကြောင့် အတူတကွ တရားနာကြရန် တိုင်ပင်ကြသည်။ ထိုနေ့ ၁၃၃၄ ခုနှစ်၊ ပြာသိုလဆုတ် ၁၁ ရက်၊ ၂၈-၁-၇၃ သည် တနင်္ဂနွေနေ့ဖြစ်၍ စာရေးသူမှာ ကျောင်းမတက်ရချေ။ ဝေဘူဆရာတော်ဘုရားကြီးကိုကြုံကြိုက်တုန်းဖူးတွေ့ရမည်ဖြစ်၍ ယင်းအခွင့်အရေးကို လက်လွှတ်မခံနိုင်ပေ။ သို့နှင့် မိတ်ဆွေများနှင့်အတူတရားပွဲသို့သွားခဲ့ကြသည်။

ရန်ကင်းမိုးကောင်းဘုရားပရိဝုဏ်အတွင်းရှိ အရိယာမဏ္ဍပ်ကြီးမှာ စာရေးသူတို့ ရောက်ရှိသွားချိန်တွင် ပရိသတ်များ ပြည့်ကျပ်လျက်ရှိပါသည်။ တရားဟောပလ္လင်နှင့် နီးသည်ထက်နီးအောင် မနည်းတိုးခွေ့သွားရသည်။ ဝေဘူ

www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးသည် ညနေ (၃) နာရီ ကျော်ကျော်အချိန်တွင် ကြွရောက်တော်မူလာသည်။ ပရိသတ်များက ဆရာတော်ကြီးအား အသင့်ပါလာသည့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပါသည်။ ထို့နောက် ဆရာတော်ကြီးက တရားချီးမြှင့်တော်မူသည်။ တရားပွဲမှာ ညနေ (၅) နာရီအချိန်ကျော်ကျော်တွင် ပြီးစီးသွား၏။ စာရေးသူ၏ ဘဝတစ်သက်တာ၌ ဝေဘူဆရာတော်ကြီးကို နောက်ဆုံးအကြိမ်ဖူးတွေ့လိုက်ရခြင်းပင် ဖြစ်သည်။

ရွှေဘိုခရိုင် ခင်ဦးမြို့သို့ရောက်ရှိစဉ်အခါက စာရေးသူသိလိုသောအချက်မှာ ခင်ဦးမြို့နယ် အင်ကြင်းပင်ရွာပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဝေဘူဆရာတော်ကြီး၏မွေးဖွားရာဇာတိ ဖြစ်သောကြောင့်တစ်ကြောင်း၊ ရဟန္တာဟုကျော်စောလှသော ဝေဘူဆရာတော်ကြီး၏မွေးဖွားရာဇာတိဖြစ်သောကြောင့် တစ်ကြောင်း၊ ရဟန္တာဟု ကျော်စောလှသော ဝေဘူဆရာတော်ဘုရားကြီးသည် သက်တော် (၈၂) နှစ်ရှိသောအခါ မိမိ၏ ဇာတိရွာဖြစ်သော အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းသို့ ပြန်လည်ကြွသွားပြီးနောက်တွင် ခန္ဓာဝန်လက်စသိမ်း၍ တစ်ဘဝငြိမ်းတော်မူကြောင်း သိရှိထားနှင့်သောကြောင့် ဖြစ်ပါသည်။

ဝေဘူဆရာတော်လောင်းလျာကို အေဒီ ၁၈၉၆ ခု၊ ဖေဖော်ဝါရီ ၁၇ ရက် (၁၂၅၇ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်) တနင်္လာနေ့ နံနက် (၄) နာရီအချိန်တွင် ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မဒေါင်းလှဘူတာအနီး အင်ကြင်းပင်ရွာတွင် ဖွားမြင်တော်မူပြီး မိဘများမှာ လယ်သမားကြီး ဦးလူဖေ၊ ဒေါ်ကြင်နုတို့ ဖြစ်သည်။ သားသမီးလေးယောက်အနက် အကြီးဆုံးဖြစ်သည်။ တနင်္လာသားဖြစ်သော်လည်း ငယ်မည်မှာ မောင်စပ်ဖြစ်သည်။ ခမည်းတော်ကြီး ဦးလူဖေမှာ မင်းဆွေမင်းမျိုးဖြစ်၍ ခင်ခင်ဟု ခေါ်သည့် အိမ်ရှေ့စံမိဖုရားငယ်တစ်ပါးမှ ဖွားမြင်သူ ဖြစ်သည်။

မောင်စပ်ကို ငယ်စဉ်က အင်ကြင်းပင်ကျောင်းဆရာတော် ဦးသုမနထံတွင် ပညာသင်ကြားစေပါသည်။

စာချပေးသူမှာ ဦးဖိုးရင် (ဒေသအခေါ် ဘိုးရင်) ဖြစ်ပါသည်။ ဘိုးရင်မှာ ဆရာတော်ထက် အသက် (၆) နှစ်ခန့်ကြီးသည်။ မောင်စပ်သည် ငယ်စဉ်ကပင် ဘာသာရေးကိုင်းရှိုင်းသည်။ သီတင်းကျွတ်တိုင်း အင်ကြင်းပင်ကျောင်းတွင် ကျောင်းသားကလေးများကို မုန့်ဝေလေ့ရှိသည်။ မောင်စပ်သည် မိမိရလာသော မုန့်များကိုမစားဘဲ လမ်း၌လည်းကောင်း၊ သစ်ပင်များ၌လည်းကောင်း ကြိုးဖြင့်ချည်၍ စတုဒိသာကျွေးလေ့ရှိပါသည်။

အသက် (၁၄)၊ (၁၅) နှစ်သားအရွယ်တွင် တစ်ခုသော ကောက်ညှင်းပေါ်ချိန်၌ ဝင်းမှည့်နေသော စပါးခင်းကို မိဘများက စာခြောက်ခိုင်းသည်။ မောင်စပ်သည် မိဘများက စာခြောက်ခိုင်း၍ သာသွားရသည်။ စပါးစားနေသည့် စာကလေးများကို သနားသဖြင့် မခြောက်လှန့်လိုသဖြင့် -

"မင်းတို့လည်းစားကြ၊ ငါလည်းပြန်မယ်"

ဟု ဆိုကာ အိမ်သို့ပြန်လာခဲ့သည်။ ဖခင်ကြီးက ဘာဖြစ်လို့ပြန်လာတာလဲ ဟုမေးရာ -

"သူတို့ ဆာလို့ စားကြတာပဲ၊ မခြောက်ထုတ်ချင်ပါဘူး"

ဟု ဖြေသော ဟူ၏။

၁၂၆၆ ခုနှစ် (၉) နှစ်သားအရွယ်တွင် ရှင်သာမဏေပြုတော်မူလေသည်။ သက်တော် (၁၈) နှစ်သားအရွယ်တွင် မန္တလေးမြို့၌ အဘိုးဖြစ်သူ ဘဏ္ဍာဝန် ဦးကူးက ဒုတိယအကြိမ်ရှင်ထပ်မင်္ဂလာပြုပေးသည်။ ဘွဲ့တော်မှာ ရှင်ကုမာရဖြစ်သည်။ အင်ကြင်းပင်ကျောင်း ငယ်ဆရာ ဦးသုမနထံ၌ ပညာသင်ယူပြီးနောက် ၁၂၇၇ ခုနှစ်၊ သက်တော် (၂၀) အရ ဝါဆိုလတွင် ရဟန်းပြုတော်မူပါသည်။ ၁၂၈၀ - ၈၁ ခုနှစ်များတွင် မန္တလေးမြို့ အနောက်ပြင် မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဦးသူရိယာဘိဝံသ (နောင်အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီး) ထံ၌ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။ ၁၂၈၅ ခုနှစ်အထိ အင်ကြင်းပင်ကျောင်း၌ပင်နေ၍ ဝိသုဒ္ဓိမဂ်တက်ခဲ့ပြီး ထိုနှစ်နယုန်လတွင် တောထွက်တော်မူသည်။

ဆရာတော်လောင်းလျာနှင့်အတူ အဖော် ဦးသုဇာတလည်း ပါရှိသည်။ ရဟန်းတော်နှစ်ပါးသည် ရွှေဘိုမြို့ မူလပုသိမ်ဆရာတော်ကြီးထံ ဥပနိဿယ ခံယူဆည်းကပ်ပြီး ပုသိမ်တောရကျောင်း၌ ဝါဆိုတော်မူကြသည်။ ဝါကျွတ်လျှင် ရဟန်းတော်နှစ်ပါးသည် ရွှေဘို၊ ပုသိမ်တောရမှထွက်လာခဲ့ကြသည်။ ထို့နောက် တစ်ပါးစီခွဲ၍ တရားအားထုတ်ရန်အသီးသီးထွက်ခွာခဲ့ကြလေသည်။

ဝေဘူဆရာတော်ဟု ကျော်ကြားလာမည့် ဦးကုမာရသည် ပုသိမ်တောရမှ ထွက်ခွာလာခဲ့ပြီး မင်းဘူး၊ ရွှေစက်တော်အထိ တောတောင်အနှံ့ကြွရောက်တော်မူသည်။ ထို့ပြင် ညောင်လွန့်တောရ၌လည်း တရားရှာမှီးခဲ့သည်။ ဝေဘူဆရာတော်သည် မှီလျောင်း၍ ကျိန်းစက်မှုကို နာရီအနည်းငယ်သာပြုပြီး ကမ္မဋ္ဌာန်းတရားကို စွဲစွဲမြဲမြဲအားထုတ်ခြင်း၊ အာနာပါနကမ္မဋ္ဌာန်းတရားစီးဖြန်းခြင်းတို့သည် ညောင်လွန့်တောရဆရာတော်ဘုရားကြီး၏ နည်းနာနိဿယကိုလည်း ခံယူတော်မူခဲ့ပါသေးသည်။

၁၂၈၇ ခုနှစ်တွင် ဆရာတော်သည် ကျောက်ဆည်မှ စက်သူဌေး ဦးပျော့အမှူးပြုသော ဒါယကာများနှင့် တံဆုံခဲ့ရာမှ ကျောက်ဆည်မြို့၏အရှေ့ဘက်နှစ်မိုင်အကွာ ဝေဘူတောင်ဝှမ်းလျှိုမြောင်များအကြား တရားအားထုတ်တော်မူစဉ် ဝေဘူဆရာတော် ဟူ၍ ထင်ရှားလာလေသည်။

၁၂၈၉ ခုနှစ်တွင် သတင်းစကားအရ ခမည်းတော်ကြီး ဦးလူဖေသည် ကျောက်ဆည်သို့လိုက်လာသည်။ ဝေဘူဆရာတော်သည် ခမည်းတော်ကို ရဟန်းပြုပေးပြီးနောက်၊ ခမည်းတော်ဦးပဥ္ဇင်း (ဦးဧ ယျ)နှင့်အတူ ဇာတိအင်ကြင်းပင်ရွာသို့ ပြန်ကြွခဲ့သည်။

အင်ကြင်းပင်မှငယ်ဆရာဖြစ်သော ဆရာတော်ဦးသုမနက -

"ပရိယတ်တုန်းကတော့ ငါဟာ မင်းဆရာပဲ။ ပဋိပတ်မှာတော့ မင်းဟာ ငါ့ဆရာဖြစ်ပြီ။ မင်းရထားတဲ့ တရားထူးကို ငါ့လည်းပေးပါ"

ဟု မိန့်တော်မူပြီး ဆရာတော်၏ ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံအားထုတ်တော်မူသည်။

အင်ကြင်းပင်ဆရာတော်သည် တပည့်ထံမှ နိဿယခံယူကာ ကမ္မဋ္ဌာန်းတရားအားထုတ်ရင်း ၁၂၈၉ ခုနှစ်တွင် ပျံလွန်တော်မူသည်။ ပျံလွန်တော်မမူမီ တပည့်အားခေါ်၍ ငါ့နေရာကျောင်းတွင် ပရိယတ်ကိုလည်းမပျက်အောင်လုပ်ပါ။ ပဋိပတ်အတွက်လည်း ပြန့်ပွားအောင် ငါ့တပည့်ကြိုးစားအားထုတ်ပေတော့ဟု မိန့်တော်မူခဲ့သည်။

အေဒီ ၁၉၂၈ ခု၊ ဖေဖော်ဝါရီလ ၆ ရက်၊ တနင်္ဂနွေနေ့။ ၁၂၈၉ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်တွင် အင်ကြင်းပင်ဆရာတော်ပျံလွန်တော်မူသောအခါ ဝေဘူဆရာတော်က မဟာနာယက အဖြစ် ဆက်ခံတော်မူသည်။ ၁၂၉၀ ပြည့်နှစ်တွင် ကျောက်ဆည်ဆည်စက်သူဌေး ဦးပျော့ အမှူးပြုသော



www.burmeseclassic.com

www.burmeseclassic.com

ဒါယကာများက ဆရာတော်ထံ လာရောက် ဖူးမြော်ခဲ့ကြပြီး အင်္ဂကြင်းပင်မှ ဒါယကာများနှင့် ညှိနှိုင်းတိုင်ပင်ကာ အင်္ဂကြင်းပင်၌ (၆) လ၊ ဝေဘူချောင်း၌ (၆) လသီတင်းသုံးတော်မူပါရန်လျှောက်ထားခဲ့ကြသည်။ ထိုအချိန်မှ စတင်၍ နှစ်နေရာစီခွဲကာ (၆) လစီ သီတင်းသုံးတော်မူသည်။ တစ်ဖန် ၁၃၁၂ ခုနှစ်တွင် ရွှေဘိုမှ ဒါယကာကြီး ဦးအုန်းဖေနှင့် ဦးထွန်းဖေတို့ကို အမှူးထားလျက် ရွှေဘိုအောင်မြေသို့ ရက်၊ လ ခွဲဝေ ကြွမြင့်သီတင်းသုံးတော်မူပါရန်လျှောက်ထားကြမြန်သဖြင့် သုံးနေရာစီခွဲလျက် (၄) လစီ သီတင်းသုံးတော်မူခဲ့လေသည်။

ဆရာတော်သည် ဓုတင်(၁၃)ပါးကိုဆောင်တော်မူသော ဆရာတော်ကြီးဖြစ်ပါသည်။ ကမ္မဋ္ဌာန်းအလုပ်ခွင်အတွက် တွန်းအားအကောင်းဆုံးဖြစ်သောအိပ်ခြင်းကိုမဆိုထားဘိ ကျောဆန့်ရုံမျှပင် မပြုသောအကျင့် နိသဇ္ဇိတင်ဓုတင်ကို အထူးရှေ့တန်းတင်၍ ဆောင်တော်မူခဲ့သော ဆရာတော်ကြီး ဖြစ်သည်။ အေဒီ ၁၉၅၀ ပြည့်၊ ၁၃၁၂ ခုနှစ်လောက်တွင်ကား ရဟန္တာ ဟူ၍ သိသိသာသာကြီး ပြောဆိုနေကြပါသည်။ ဆရာတော်ကြီး၏ ဩဝါဒများမှာလည်း အရိုးထိက အဆန်းကလေးများဖြစ်ပါသည်။

တစ်ချိန်က ဆရာတော်ကြီးအား ညစဉ်ဝတ်ပြုနေကျ ယောဂီဘကြီးများကို မိန့်ကြားတော်မူသည်မှာ -

"ဒကာကြီးတို့ ညကစာရေးအလုပ် တော်တော်လုပ်ကြတယ်ထင်ပါရဲ့"

"လုပ်ရင်းငိုက်ရင်းပါပဲဘုရား"

"ငိုက်ပြီးတော့ ထပြီးလမ်း မလျှောက်ဘူးလား"

"သိမ်အပြင်ထွက်ပြီး ပတ်ပတ်လည်လမ်းလျှောက်ပါတယ်ဘုရား"

"နောက်ပြီးတော့ကောဗျာ"

"အိပ်ချင်ပြေပြီး သိမ်ထဲပြန်ဝင်တော့ငိုက်မြဲတာပါပဲ ဘုရား"

"တစ်သံသရာလုံး အိပ်လာငိုက်လာတာ အခုထိ မကျေနပ်သေးဘူးလားဗျာ"

"သုညတန်းပါဘုရား"

"သုညနေးတာတ်ရင်ပဲ လုံးဝမနေတတ်သူတို့ထက်သာတာပေါ့"

"မှန်ပါဘုရား"

"အေး - တရားအလုပ်ဆိုတာ တိုများဟယ်စခံက စာသင်သလိုပါပဲ"

"အမိန့်ရှိပါဘုရား"

"စိတ်ပါလို့ဖြစ်ဖြစ်၊ မပါလို့ဖြစ်ဖြစ် ကျောင်းသွားပြီးစာသင်နေရတာပဲမဟုတ်လား"

"မှန်ပါဘုရား"

"ပျင်းလို့ပဲဖြစ်ဖြစ်၊ ညံ့လို့ပဲဖြစ်ဖြစ် ပထမအရွယ်လုပ်ရမယ့်ပညာကိုရှာတာပဲ မဟုတ်လား"

"မှန်ပါဘုရား"

"ဒါပေမယ့် ကြီးပြင်းလာတဲ့အခါ သူ့အဆင့်နဲ့သူ ပညာတတ်တာပဲ မဟုတ်လား။ တရားအားထုတ်ရမှာလည်း ဒီသဘောပါပဲ။ ပျင်းရင်လည်းကြိုးစားလုပ်၊ ငိုက်ရင်လည်း ကြိုးစားလုပ်ကြဗျာ။ စာသင်နေသောပုဂ္ဂိုလ်သည် တစ်နေ့တွင် စာတတ်မြောက်လာသကဲ့သို့ တရားအားထုတ်နေသူသည် တစ်နေ့ တရားတွေ့ရမယ်ပေါ့ဗျာ"

ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူး စွမ်းရည်ထူးများကို မှတ်သားကြည်ညိုရသည်မှာ မကုန်ခန်းနိုင်မခန်းနိုင်အောင်ရှိပါသည်။ အဘိညာဉ်ရကြောင်း ယုံမှားသံသယဖြစ်စရာမရှိပါပေ။ တိကျခိုင်လုံသော သက်သေသာဓက များစွာရှိပါသည်။ ဆရာတော်ကြီးသည် ဒုတိယကမ္ဘာစစ်မတိုင်မီက ဣဒ္ဓိဝိဓ (စိတ်သွားတိုင်းကိုယ်ပါလိုရာဖန်တီးနိုင်သောတန်ခိုး) ကို ပွင့်ပွင့်လင်းလင်း သုံးစွဲခဲ့သည်ဟု ဆိုနိုင်ပေသည်။ နံနက်စောစော အိပ်ရာထ လုပ်ငန်းခွင်ဝင်ကြရသော နွားနို့ရောင်းကုလားများ၊ မိလ္လာသိမ်းကုလားများက ဒီတောင်ပေါ်မှာ မြန်မာဘုန်းကြီးလူစွမ်းကောင်းရှိသည်ဟု ပြောကြ၍ ဒကာကြီးမှာ အင်္ဂလိပ်အစိုးရအဖမ်းခံရမည်စိုးသဖြင့် လိုက်လံပိတ်ပင်ခဲ့ရဖူးသည်။

ထိုခေတ်က လူတော်တော်များများပင် ဖူးတွေ့ကြသည်။ နေဝင်လျှင် တန်ခိုးတော်ဖူးရအောင်ဟုဆိုကာ ဝေဘူချောင်တစ်လျှောက်ရှိ တောင်ကြိုတောင်ကြား၌ ရံဖန်ရံခါ လူသုံး၊ လေးရာခန့် သူ့အုပ်စုနှင့်သူရှိနေတတ်သည်။ မဖူးမြင်ကြရသူမရှိသလောက်ပင်။ နောက်ပိုင်းကာလတွင် ဆရာတော်ကြီးကိုယ်တိုင်လည်း ဖုံးအုပ်ထားတော်မူသဖြင့် ဝေဘူဆရာတော် ဈာန်ပျံသတဲ့။ မြက်ရိတ်ကုလားကမြင်တယ်ဆိုပဲ ဟူသော ကောလာဟလလောက်နှင့်သာ ကျေနပ်နေခဲ့ကြရသည်။

ကျောက်ဆည်ဝေဘူချောင်အနေအထားမှာ တောင်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက်မျက်နှာ၌ တောင်များအနီးမှ အမြင့် တောက်လျှောက် တံတိုင်းကာရံထားသည်။ ဆရာတော် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တန်ခိုးတော်ဖြင့် တောင်ရိုးတစ်လျှောက်ရှိ စေတီတော်များအား မီးပူဇော်လေ့ရှိသည်။

ရံခါ တစ်တောင်နှင့် တစ်တောင် ကူးသန်းရာတွင် မီးလုံးကြီး၊ ရွှေရောင်အလုံးကြီးအဖြစ်လည်းကောင်း၊ လူကိုယ်တိုင် အရောင်အဝါထွန်းလင်းတောက်ပြောင်စွာ ကူးသန်း၍ လည်းကောင်း မီးပူဇော်လေ့ရှိသည်။ ဘုရားရင်ပြင်ပေါ် ရောက်၍ ဦးတစ်ခါချလျှင် သပိတ်မှောက်အထက်ဖောင်းရစ်နှစ်ရစ်ခန့် လျှပ်စစ်မီးပွင့်သကဲ့သို့ တစ်ပြိုင်နက် တစ်ဆက်တည်း တစ်ခွေလုံးမီးလင်းသွားသည်။ သုံးကြိမ်ဦးချပြီးလျှင် ထီးတော်အထိ စေတီတော်အပေါ်ပိုင်းအားလုံးလင်းသွား၏။

အနောက်တောင်ဘက်ရှိ အမြင့်ဆုံး ရွှေသာလျောင်းတောင်မှ အနောက်မြောက်ဘက်ရှိ တောင်နန့်သာ၊ မြို့ဘက်ရှိ မင်းမွေ့တောင်များသို့ ကူးသန်းပူဇော်သောအခါ အသားတော်ရော သင်္ကန်းရောပါ မီးရောင်ဝင်းဝင်းတောက်ကာ ဖူးမြင်ကြရလေသည်။

ဆရာတော်၏ရဟန်းကိစ္စပြီးမှုနှင့် စပ်၍ ယုံမှားဖွယ်မရှိချေ။ ပြည်တွင်းပြင်ပ ရဟန်းရှင်လူမြောက်ဦးခန့် တိုက်ရိုက်မေးလျှောက်၍ တိုက်ရိုက်ဖြေဆိုတော်မူခဲ့သောမှတ်တမ်းများရှိနေပါသည်။

အီတလီလူမျိုး ဘုန်းတော်ကြီး ဦးလောကနာထသည် ဝေဘူဆရာတော်ဘုရားကြီးအား ရွှေဘိုအောင်မြေသို့ လာရောက် ဖူးမြော်သည်။

ဦးလောကနာထက -

"ဝေဘူဆရာတော် အရှင်ကုမာရသည် ရဟန္တာဟု ကျော်ကြားနေသည် ဟုတ်ပါသလား"

ဟု မေးလျှောက်သည်။

ဝေဘူဆရာတော်က -

"တို့များခရီးသွားပုဂ္ဂိုလ်ပါဗျာ"

ဟု ဖြေပြီး

"လမ်းမှာ ရတနာရွှေငွေကျောက်သံပတ္တမြားတွေတွေ့ရင်ပြောပါမလား"

ဟု ဦးလောကနာထကို မေးတော်မူသည်။

ဦးလောကနာထက -

"မပြောပါဘုရား"

ဟု ပြန်ဖြေသည်တွင် ဆရာတော်က -

"အေးဗျာ ဒီလိုပါပဲ"

ဟု မိန့်တော် မူသည်။


ထိုအကြောင်းကို အတူပါလာသော စကားပြန်က ဝေဘူဆရာတော်သည် ရဟန္တာဟု ဖြေကြောင်း ပြန်လည်နေရှင်းပြတင်ပြသို့ သဘောကျသည်။

ရန်ကုန်မြို့ တကယ်သိမ့်မွေ့ ...



www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်ရက်ဆက် တရားဟောကြားတော်မူနေစဉ် လက်ပံတန်းမှ ဆရာတော်ကြီးတစ်ပါးက ဝေဘူဆရာတော်အား -

"ရဟန်းကိစ္စပြီးပါပြီလားဘုရား"

ဟု မေးလျှောက်သည်ကို -

"တပည့်တော် ခရီးသွားဆဲပါဘုရား"

ဟု ဖြေကြားတော်မူသည်။

၁၃၃၇ ခုနှစ် (၁၉၇၅ ခုနှစ်) တွင် ချုပ်ပြည်မှ ဘုန်းတော်ကြီးများ ဝေဘူချောင်သို့ကြွရောက်လာကြသည်။

"အရှင်ဘုရား ဈာန်ပျံကြောင်း ကြားရတာ မှန်ပါသလားဘုရား"

ဟု မေးလျှောက်ကြရာ -

"ဘုရားရှင်လက်ထက်တော်က ရတာမျိုးတွေကို ရတယ်ပြောတာ ဟုတ်ပါတယ်"

ဟု ပြန်လည် မိန့်ကြားတော်မူသည်။

ဦးကုဏ္ဍလသည် ဆရာတော်အား ဘာမဆိုလျှောက်ရဲသော [illegible] ဦးပဉ္စင်းတစ်ပါးဖြစ်သည်။ ဆရာတော်ထံ၌ ဆရာတော်ဈေးနပ်လောက်အောင် တရားအားထုတ်အပြီး အိန္ဒိယ၊ သီဟိုဠ်သို့ ဘုရားဖူးသွားချင်ကြောင်း လျှောက်ထားသည်။

ထိုအခါ ဆရာတော်က -

"[illegible] မကြေပြားနဲ့ ဒီဟာတိုင်သာ (ဖွတ်လေး၊ ဝင်လေ [illegible]) များများလုပ်၊ [illegible] တော်က [illegible] ဘူး၊ [illegible] တယ်ကွ၊ [illegible] ဆွမ်းခံတွေ့တယ်၊ မြို့ [illegible] ဘူး၊ [illegible] သစ်ပင်ရှိရင် [illegible] ရှိတယ်ကွာ"

ဟု မိန့်တော်မူသည်။

ဆရာတော်သည် ဦးကုဏ္ဍလအား [illegible] ပြောပြီးနောက် [illegible] အဖြေများနှင့်ပါ၍ -

"ငါအသက်ရှင်တုန်း ဘယ်သွားကိုမှ မသွားနဲ့"

ဟု [illegible] မိန့်တော်မူထားသည်။

[illegible]

ရထားပေါ်မှဆင်းလာပြီးလျှင် ရန်ကုန်အတွက် လက်မှတ်ခလှူဒါန်းသည်။ ရန်ကုန်မှတစ်ဆင့် အိန္ဒိယ၊ သီဟိုဠ်သို့ စရိတ်ငွေထောက်ပံ့၍ သုံးနှစ်ကြာခဲ့လေသည်။

[illegible] ဝေဘူချောင်မှလာ [illegible] မိတ္ထီလာအရေးပိုင် ဦးဘာထိုက်မှာ [illegible] တရားထိုင်နေရာမှ ခွင့်ရေး၍ ပြန်ရန်လျှောက်ထားသည်။

ဆရာတော်က -

"ဆယ်ရက်လောက်နေပါဦး။ ခုနစ်ရက်ကျော်ပြီ၊ အနည်းဆုံး သုံးရက်လောက်နေပါ"

ဟု အဆင့်ဆင့်လျှောက်ပြီး တားမြစ်တော်မူပါသည်။

ဦးဘာထိုက်မှာ [illegible]

၁၉၅၅ ခုနှစ် ရန်ကုန် [illegible] တရားဟောကြားတော်မူရာ [illegible] များစွာရလေသည်။

ဆရာတော်က -

"ဒီပုဂ္ဂိုလ်တွေ [illegible] သံဃာတွေ သံဃာများကို [illegible] မမေ့ကြနဲ့"

ဟု မိန့်တော်မူသည်။

[illegible] ရန်ကုန်မြို့ [illegible] မူသည်။ ဆရာတော်က [illegible] ကျေးကျေးဆရာတော်နှင့် [illegible] ဆရာတော်တို့ လာရောက်တွေ့ [illegible] ဆဋ္ဌသင်္ဂါယနာပွဲသို့ [illegible] ရောက်စေလိုကြောင်း [illegible] ပြည့်စုံစေမယ် ပဋ္ဌာန်တွင် ဆရာတော်ပါမှ ပြည့်စုံမည်ဖြစ်ကြောင်း လျှောက်ထားကြသည်။

ထိုရက်များအတွင်း [illegible] အတွင်းရှိ ရပ်ကွက်အသီးသီး [illegible] တော်မူရာ [illegible]

ကျောင်းများသို့ လှူဒါန်းစေသည်။ ရန်ကုန်မြို့တွင် ရောက်ရှိနေသော မိုးညှင်းဆရာတော်ဘုရားကြီးထံ သွားရောက်လှူဒါန်းစေသည်။ ရန်ကုန်မြို့တွင် ရောက်ရှိနေသော မိုးညှင်းဆရာတော်ဘုရားကြီးထံ သွားရောက် လှူဒါန်းသောအခါ -

"ငါတန်ခိုးကြီးလှပြီ အောက်မေ့နေတာ။ လက်စသတ်တော့ မောင်ဝေဘူရဲ့မီးဖိုချောင်လောက်ရှိပါသေးလား"

ဟု ရယ်ရယ်မောမောဖြင့် မိန့်တော်မူလေသည်။

ဆဋ္ဌသင်္ဂါယနာ ပထမနေ့တွင် အထူးဧည့်သည်တော်အခန်း၌နေတော်မူသည်။ ဒုတိယနေ့တွင် မစိုးရိမ်ဆရာတော်ကြီးနှင့်အတူ အလယ်ထပ်၌ သီတင်းသုံးရသည်။ တတိယနေ့၌ ညောင်ရမ်းဆရာတော်ဘုရားကြီးနှင့်အတူ [illegible] နေရာ၌ နေရာပေးခြင်းခံရသည်။ ဝေဘူဆရာတော်ကြီးကို လူအပေါင်းတို့ များစွာကြည်ညိုကြသည်ကို သိရှိနှင့်သောညောင်ရမ်းဆရာတော်ကြီးသည် ဝေဘူဆရာတော်ကြီးအား မဟာပါသာဏလိုဏ်ဂူကြီး၏ လိုဏ်ပေါက်ဝအထိ လိုက်ပို့ပြီး ကြိတ်ကြိတ်တိုးဝေ့နေကြသော လူအများတို့အား -

"ဟဲ့ - ဝေဘူဆရာတော်ဟဲ့။ ဖူးလိုက်ကြ ဖူးလိုက်ကြ"

ဟု ပရိသတ်များကို မိန့်တော်မူလေသည်။

သင်္ဂါယနာတင်ပွဲပြီးလျှင်ပြီးချင်း ရွှေဘိုသို့ပြန်ကြွလာလေရာ ထိုအချိန်က ရန်ကုန် [illegible]

www.burmeseclassic.com

www.burmeseclassic.com

ဘူးဆို။ အခုအိပ်နေတယ်မဟုတ်လား"

ဟု တိုးတိုးလေးမေးလိုက်သည်။ အမေးခံရသော ဒကာကလည်း ဆရာတော်ကို အိပ်၊ မအိပ် အကဲခတ်နေသည်။

ထိုစဉ် ဆရာတော်သည် သူ၏ ညာလက်ဖြင့် မျက်နှာကိုတစ်ချက်သပ်ချလျက် -

"တို့များမအိပ်ပေါင်ဗျာ"

ဟု အမိန့်ရှိလိုက်သောကြောင့် ဒကာနှစ်ဦးမှာ တုန်လှုပ်သွားရှာသည်။

အင်ကြင်းပင်တောရတွင် ယခုအခါ ပြိုပျက်နေသော ဝေဘူဆရာတော်ဘုရားကြီး ကိုးကွယ်ခဲ့သည့် တိလောကသဗ္ဗညုစေတီတော် ထီးတော်တင်လှူသည်။ ထိုအချိန်တွင် ဝေဘူဆရာတော်မှာ ကျော်ကြားစအချိန်ဖြစ်ပြီး ပုပ္ပားတွင်လည်း ဘိုးမင်းခေါင်ဆိုသော ပုဂ္ဂိုလ်ကြီးက ကျော်ကြားလျက်ရှိသည်။ ထိုအချိန်မှာပင် မန္တလေးမြို့ အသောကရံတိုက်၊ ထန်းတပင်ကျောင်းတိုက်မှ ဦးပဥ္စင်း ဦးအာဒိစ္စနှင့် ဦးစန္ဒိမာတို့သည် ဘိုးမင်းခေါင် ဆိုသော ပုဂ္ဂိုလ်ကြီးကို လေ့လာရန် ပုပ္ပားသို့သွားကြသည်။ ဦးစန္ဒိမာနှင့် ဘိုးမင်းခေါင်တို့ သိကျွမ်းရင်းနှီးပြီးနောက် အင်ကြင်းပင်စေတီတော်ကြီး ထီးတော်တင်လှူရာတွင် မိမိ ထီးတော်လှူလိုကြောင်း ဘိုးမင်းခေါင်က လျှောက်ထားရာ ဦးစန္ဒိမာကိုယ်တိုင် ခင်ဦးမြို့နယ် အင်ကြင်းပင်သို့ကြွသွားပြီး ဝေဘူဆရာတော်ကြီးအား ဘိုးမင်းခေါင် လျှောက်ထားချက်ကို လျှောက်ထားသောအခါ

"ကောင်းပါတယ်၊ ကောင်းပါတယ်"

ဟု မိန့်တော်မူသည်။

ဦးစန္ဒိမာသည် အင်ကြင်းပင်သို့ ရောက်ရှိစဉ် ဝေဘူဆရာတော်၏နည်းနာနိဿယကိုခံယူ၍တရားကျင့်ကြသည်။ တစ်ည တရားမှတ်ရင်း မိမိရင်ဘတ်ပေါ်မှ ဝေဘူဆရာတော် ရှာနံ့ဖြင့်ကြွသွားကြောင်း ဖူးတွေ့လိုက်ရသဖြင့် ချက်ချင်းထ၍ ဆရာတော်၏ ထန်းရွက်တဲထဲဝင်သွားပြီး ဆရာတော်အား ဝတ်ဖြည့်ဆဲမှာပင် -

"ရန်ကုန်လက်မှတ်ယူထားပြီး ဘာကြောင့် လမ်းဘူတာဆင်းရတာလဲ"

ဟု ဆီးမေးသဖြင့် -

"တပည့်တော်သဘောပေါက်ပါပြီ"

ဟု ပြန်လည်လျှောက်လိုက်သောအခါ ဆရာတော်ကြီးက -

"ဗုဒ္ဓဘာကျောက်ချဉ်ပင်လယ်ရေ မြုပ်ချ"

ဟု မိန့်ကြားပါသည်။

ထိုအဓိပ္ပာယ်ကို ယနေ့တိုင် အဓိပ္ပာယ်ဖော်မရသေးချေ။ ထီးတော်တင်ပွဲပြုကြောင်း ဘိုးမင်းခေါင်သို့ ပြန်ပြောသောအခါ ထီးတော်ကိစ္စ၌ မိုးညှင်းဆရာတော်ကြီးဆန္ဒအရ အလုံမြို့ ပွဲစားကြီး ဦးဆိုးမေ၊ ဒေါ်တင်တင်တို့က ကျပ်ငွေ (၄၀၀၀) စုစုပေါင်း (၅၄၀၀)ဖြင့် ထီးတော်တင်လှူပါသည်။

ဒုတိယအကြိမ် ဘိုးမင်းခေါင်နှင့် ဝေဘူဆရာတော်တို့ ဆက်သွယ်မှုတွင် ဦးစန္ဒိမာကပင် ဆောင်ရွက်ပေးသည်။ ဘိုးမင်းခေါင် ကမ္ဗလုံးတံဆိပ် သင်းပိုင်၊ [illegible] တံဆိပ် [illegible] ကို ဝေဘူဆရာတော်ကိုပေးလှူရန် စေလွှတ်သည်။ မိမိခေါင်းကို လက်ဖြင့်သပ်လိုက်သောအခါ ဆံပင်တစ်ချောင်းပါလာရာ [illegible] ဝေဘူဆရာတော်အား လှူခြင်းသည်။ ဦးစန္ဒိမာသည် ဝေဘူဆရာတော်ရှိရာ [illegible] ခေါ်ဆောင်သွားသည်။ ဆရာတော်ကြီးအား ဘိုးမင်းခေါင် ဆက်ကပ်လိုက်သော ဆံပင်ကို [illegible] လက်ခံပြီး ခေါင်း [illegible] တားလိုက်သည်။ [illegible] ခါးတွင် ဆက်ကပ်ရာ [illegible] မည်လားဟုမိန့်သဖြင့် [illegible] ပါဘုရားဟု လျှောက်ရာ ချက်ချင်း လဲဝတ်တော်မူသည်။

ဆရာတော်သည် သာသနာတော်အတွက် နေ့ရက်မရှိ [illegible] ကြိုးပမ်းခဲ့ပါသည်။

"တို့များမအားဘူးဟဲ့။ နေ့လည်း နေ့ရှိသတဲ့၊ ညလည်း ညရှိသတဲ့"

ဟူ၍ မိန့်တော်မူသည်။

[illegible] တစ်ပတ်ခန့်အလို အင်ကြင်းပင်တွင် အာရုံခံ၍ [illegible] ကျောင်းတော်သို့ ပြန်ကြွလာရာ အားအင်တော်မှာ တဖြည်းဖြည်းကျခမ်းခဲ့ပြီဖြစ်၍ -

"တို့များခြေထောက်တွေကတော့ လှမ်းပါရဲ့ဗျာ။ ဒါပေမယ့် လှမ်းလို့မရတော့ဘူးဗျာ။ ဒကာကြီးများသာ ဆောင်စရာရှိတာရှေ့ဆက်ဆောင်ကြပေတော့"

ဟု မိန့်တော်မူကာ [illegible] ရပ်နေတော်မူသည်။ ဒကာကြီးများက အလိုက်သိစွာ မွေ့ချိ၍ပင့်ကြရသည်။ ဆရာတော်သည် နောက်ဆုံးနေ့အထိ [illegible] တရားဟောကြားတော်မူသည်။ ခန္ဓာကိုယ်ကြီးကို သာသနာနှင့် သတ္တဝါတို့အတွက် အဆုံးစွန် အသုံးချတော်မူသွားခဲ့သော [illegible] ပါပေ။

ဆရာတော်ကြီးသည် ခန္ဓာဝန်မစွန့်မီ သုံးရက်လောက်မှစ၍ -

"မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတဲ့နေရာဟာ ဘယ်နေရာလဲ။ မြတ်စွာဘုရားဖွားမြင်တော်မူတဲ့နေရာဟာ ဘယ်နေရာလဲ"

ဟူ၍ သုံးရက်ဆက်တိုက်သုံးကြိမ် မေးမြန်းတော်မူခဲ့သည်။ ထူးခြားသည်မှာ ဆရာတော်ကိုယ်တိုင်စိုက်ပျိုးထားသော အင်ကြင်းပင်မှ အင်ကြင်းပွင့်များမှာ အခါမဲ့ ထူးဆန်းစွာဖူးပွင့်လာသည်ကို တွေ့မြင်ကြရပါသည်။

စွန်းလွန်းဆရာတော်ကြီးက ဗမ္မာမှာ တစ်ဆူပဲရှိသည်ဟု ချီးမြှင့်ခြင်းခံရတော်မူရသော ပြည်တွင်း၊ ပြည်ပအထိ တစ်သက်တာပတ်လုံး ဘုရားရှင်သာသနာတော်နှင့်သတ္တဝါဝေနေယျာ၏ အကျိုးစီးပွားအတွက် အားချိန်၊ နားချိန် မှုမထားဘဲ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သော ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ဘုရားကြီးသည် ခင်ဦးမြို့နယ် အင်ကြင်းပင်ရွာရှိ အင်ကြင်းပွင့်များ အခါမဲ့ဖူးပွင့်ဝေဆာနေချိန် ၁၃၃၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့ [illegible] ည (၇) နာရီ (၃၀) မိနစ်အချိန် သက်တော် (၈၂) နှစ်၊ သိက္ခာတော် (၆၂) ဝါအရွယ်တွင် ခန္ဓာဝန်ကို [illegible] တစ်အရပ်သို့ [illegible] ခဲ့ပါသည်။

(ဤဆောင်းပါးဖြင့် ဝေဘူဆရာတော်ဘုရားကြီးနှင့် အဖေ ဦးရန်အောင် တို့အား ဦးနိုက်လျက်)

တင်အောင် ([illegible])

ကျမ်းကိုး

၁။ ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး၏ [illegible] တရားတော်များ ([illegible])
၂။ ဝေဘူဆရာတော်ကြီး၏ [illegible] ([illegible])
၃။ ထူးခြားသည့် သာသနာပြုပုဂ္ဂိုလ်နှင့် [illegible] ([illegible])
၄။ [illegible] ([illegible]) ([illegible])
၅။ သာသနာ့ [illegible] ဆရာတော်ကြီးများနှင့် [illegible] ([illegible]) ([illegible])



www.burmeseclassic.com

www.burmeseclassic.com

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့ရှိ 'ပြည်တော်ပြန်ဘုရား စမ္ဗခဏ်ဂါထာတော်မြတ်၏ အင်မတန်မှ တန်ခိုးထက်မြက်မှုတို့သည် ရှေးမြန်မာဘုရင်များလက်ထက်ကတည်းကပင်ရှိခဲ့သည်ကို စာရေးသူမှ သမိုင်းအကျဉ်းဖြင့် ထောက်ပြ ရေးသား တင်ပြသွားမည်ဖြစ်ပါသည်။

ဤဇလွန်ပြည်တော်ပြန်စမ္ဗခဏ်ဂါထာတော်မြတ်၏ တန်ခိုးထက်မြက်မှုတို့နှင့် ပတ်သက်၍ ယခုခေတ်အခါတွင် အခြားအခြားသောမဂ္ဂဇင်းစာစောင်များတို့၌ အန္တရာယ်အသွယ်သွယ်တို့အား အောင်မြင်စွာ ကျော်ဖြတ်နိုင်မှုတို့နှင့် ပတ်သက်၍ စာရေးဆရာအချို့တို့မှ ရေးသားတင်ပြမှုကို စာရှုသူများ ဖတ်ဖူးကောင်းဖတ်ဖူးကြပါလိမ့်မည်။

ယခုလည်း ပြည်တော်ပြန်စမ္ဗခဏ်ဂါထာတော်ကြောင့် ငွေအထုပ်အထည်ကို ပြန်လည်ရရှိခဲ့သည့် ကိုယ်တွေ့ကြုံခဲ့ရသူတစ်ဦး၏အဖြစ်အပျက်ကို စာရေးသူမှ ရေးသား တင်ပြသွားပါမည်။

ရေးသားမတင်ပြမီ ဇလွန်ပြည်တော်ပြန်ဘုရား၏ သမိုင်းအကျဉ်းကို ရှေးဦးစွာ ရေးသားသွားမည်ဖြစ်ပါသည်။

**□ ဇလွန်မြို့ ပြည်တော်ပြန်ဘုရားသမိုင်းအကျဉ်း**

ဘုရားဒကာသည် ရခိုင်ပြည်ရှင်ဘုရင် စန္ဒသူရိယမင်းကြီး ဖြစ်ပါသည်။ ဘိုးတော်ကဥ္စနမင်းကြီး၏ဖြူခွင်းသက္ကရာဇ် ၁၂၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့တွင် နတ်ဗြဟ္မာအပေါင်း စုရုံး၍ ပုံတော်ကိုသွင်းထုကြခြင်း ဖြစ်ပါသည်။

မဟာမြတ်မုနိဘုရားကြီး၏ အရံသုံးဆူတွင် တစ်ဆူအပါအဝင်ဖြစ်ပါသည်။ စမ္ဗခဏ်အလွတ်ဉာဏ်တော်မှာ (၃) ပေ၊ (၉) လက်မရှိပြီး စမ္ဗခဏ်ပါရေတွက်ပါက (၄) ပေနှင့် (၆) လက်မရှိမည် ဖြစ်ပါသည်။ (၄) နှင့် (၆)ပေါင်းခြင်းသည် (၁၀) ရသဖြင့် (၁၀) ပါးသောသိဒ္ဓိနှင့်ပြည့်စုံသောဘုရားဟုဆိုပါသည်။ ကြေးချိန်မှာ (၆၆၆) ပိဿာနှင့် (၆) ကျပ်သားရှိပါသဖြင့် ကြေးအလေးချိန်ကိန်းဂဏန်း (၆) လေးလုံးအား ပေါင်းပါက (၂၄) ရပြီး (၂)၊ (၄) ကို ထပ်ပေါင်းလိုက်ပါလျှင် (၆) တစ်လုံးတည်းသာရပြီး ဂုဏ်တော် (၉) ပါးတွင် (၆) ပါးမြောက်ဂုဏ်တော်မှာ အနုတ္တရောပုရိသဒမ္မသာရထိဖြစ်၍ ဆုံးမထိုက်သောပုဂ္ဂိုလ်တို့



ကာဝဝ(၁၂)ဓိုးဓို

# ဦးကိုကိုကြီး

## ငွေ(၃)သိန်းနှင့် အသက်အန္တရာယ်ကယ်ဆယ်သည့် ဂါထာတော်

အား ညွှန်ကြားသွန်သင်ပဲ့ပြင်ဆုံးမရာ၌ အတုမရှိ အမြတ်ဆုံးဖြစ်တော်မူပါသော မြတ်စွာဘုရားဟု အဓိပ္ပာယ်သတ်မှတ်ကြပါသည်။

အမရပူရ မြို့တည်နန်းတည် ဘိုးတော်မင်းကြီးက အိမ်ရှေ့ဥပရာဇာသီဟသူရအား ရခိုင်ပြည်ကို သိမ်းယူရန် အမိန့်တော်ချမှတ်သောကြောင့် လူအင်အား၊ လက်နက်အင်အားအလုံးအရင်းဖြင့် ၁၁၄၆ ခုနှစ်၊ တန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

မုန်းလဆန်း ၄ ရက်၊ စနေနေ့တွင် စတင်ပြီး တိုက်ခိုက်ရာ ၁၁၄၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့ တွင် အောင်မြင်ရတော်မူလေ၏။

စစ်အောင်မြင်သဖြင့် မဟာမြတ် မုနိဘုရားကြီးနှင့် အရံ (၃) ဆူတို့ကို လူအင်အားနှင့်ပင့်ကြရာ မကြွဘဲရှိလေ ၏။အိမ်ရှေ့ဥပရာဇာသီဟသူရကိုယ်တိုင် အဓိဋ္ဌာန်ဖြင့်ပင့်မှကြွလေသည်။

မုနိတော်များကို ပြည်မြို့တစ်ဖက် ကမ်း တောင်ကုတ်လမ်းမှပင့်လာရာ ၁၁၄၆ ခု၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့တွင် မြန်မာပြည်ဘက်သို့ ရောက်၏။

ပြည်မြို့တစ်ဖက်ကမ်း၌ ခေတ္တမျှ တပ်စခန်းချနေစဉ် ရခိုင်ပြည်မှလူများက မုနိတော်အားလုံးကို အကုန်ပင့်မသွားရန် လျှောက်ထားကြသဖြင့် တောင်ကုတ် ဘက်၌ အရံမုနိတော်တစ်ဆူတည်ထား ကိုးကွယ်စေခဲ့သည်။

ဘိုးတော်ရှင်ဘုရားသည် အမရပူရ နေပြည်တော်မှ ကြိုးကျယ်ခမ်းနား သိုက်မြိုက်စွာ ကြိုဆိုကြပြီး မြို့မြောက် ဘက် တာတစ်ထောင်ဝေးသောအရပ်၌ ဉာဏ်တော်အကြီးဆုံး မဟာမြတ်မုနိ ဘုရားကို တည်ထားကိုးကွယ်လေသည်။

အရံမုနိများကို နန်းတော်ဦးမှာ ရွှေပြာသာဒ်ပလ္လင်ဖြင့် ကိုးကွယ်လေ သည်။ နန်းတော်ဦးမှာထားသော မုနိ မြတ်ကို ဆုတောင်းပြည့်ပြီး ရန်အောင်မြင် သောကြောင့် မင်းညီမင်းသားများ ကိုးကွယ်မှုကို တားမြစ်ထားသည်ဟု ဆို ၏။

ထိုအချိန်မှစ၍ ဆုတောင်းပြည့် ရန်အောင်မြင်ဘုရားဟု တွင်လာခဲ့သည် ဟုဆို၏။

ပုဂံမင်းလက်ထက်တွင် တိုင်းပြည် မငြိမ်မသက်ဖြစ်နေစဉ် ဇလွန်မြို့သူကြီး ဦးရွှေပွင့်သည် မိဖုရားကြီးထံ ကျေနပ် အောင် လျှောက်ထား၍ ထိုဆုတောင်း ပြည့် ရန်အောင်မြင်ဆင်းတုတော်ကို ၁၂၁၄ ခု၊ တပေါင်းလဆန်း ၈ ရက် ဇလွန်မြို့သို့ပင့်လာခဲ့ခြင်း ဖြစ်သည်။

အင်္ဂလိပ်အစိုးရသည် ၁၂၁၄ ခု (၁၈၅၂ ခုနှစ်) တွင် အောက်မြန်မာနိုင်ငံ ကိုသိမ်းယူပြီးသောအခါ ကြေးဖြင့်ပြုလုပ် ထားသောခေါင်းလောင်း၊ ကြေးစည်များ သာမဟုတ်ဘဲ ကြေးဆင်းတုဘုရားများ ကိုပါ ရှာဖွေစုဆောင်းလျက် အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ လူသတ်လက်နက်ကျည် ဆန်များလုပ်ရန် သယ်ဆောင်သွားခဲ့ လေသည်။ ဇလွန်မြို့ ပြည်တော်ပြန် ကြေးဆင်းတုဘုရားလည်း ၁၂၁၇ ခု (၁၈၅၅ ခုနှစ်) က ပါသွားခဲ့ပါသည်။

ထုထည်ကြီးမားသော အခြား ကြေးပစ္စည်းများ အရည်ပျော်သွားသော် လည်း ရန်အောင်မြင် (ပြည်တော်ပြန်) ကြေးဆင်းတုဘုရားသည် အရည်မပျော် ဘဲ လုံးဝချို့ယွင်းခြင်းမရှိချေ။ ဆူးဆောက် တို့ဖြင့် ထုရိုက်ဖျက်ဆီးပြန်သော်လည်း ခြစ်ရာမျှပင်မထင်ချေ။ ဖျက်ဆီးကြသော သူများသာ ဘေးအမျိုးမျိုးတွေ့ကြုံကြရ သဖြင့် ဆက်ပြီးမလုပ်ဝံ့ကြတော့ချေ။

ယင်းသို့ အံ့သြဖွယ်ရာတွေ့ကြုံနေ ဆဲတွင် အင်္ဂလန်ပြည့်ရှင် ဗိတိုရိယဘုရင် မကြီးမှာ ခေါင်းခဲဝေဒနာဖြစ်ပေါ်လာ လေသည်။ သမားတော်များဖြင့်ကုသ သော်လည်း မပျောက်ကင်းနိုင်ဘဲ ဝေဒနာပြင်းထန်စွာခံနေရစဉ် ဇလွန်မြို့မှ ဘုရားကိုပြန်ပို့မှပျောက်မည်ဟု အိပ်မက် မြင်မက်သဖြင့် မြန်မာပြည်သို့ ချက်ချင်း ပို့ခိုင်းလိုက်သောအခါ ရောဂါလည်း ပျောက်ကင်းသွားတော့သည်ဟုဆို၏။

ထို့ကြောင့် ပြည်တော်ပြန်ဘုရား ဟု အမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။ မြန်မာပြည်သို့ ပြန်ရောက်သည့်နှစ်မှာ ၁၂၁၉ ခုနှစ် (၁၈၅၇ ခုနှစ်) ဖြစ်ပါ သည်။

သောင်းကျန်းသူများ ကြီးစိုးစဉ် အခါတုန်းကလည်း ဘုရားမှုရွှေများခွာ ယူကြသဖြင့် အချို့သောသူများမှာ သေကျေကြ၏။ အချို့သောသူများမှာ ကြောက်၍ပြန်ပို့ကြ၏။

သမိုင်းအကျဉ်းပြီး၏။

ကျမ်းကိုး -
ဦးတင်စိုး(မှော်စရိယ)၏
ပရိတ်တော်(၃၉)သုတ်မှ
မှီငြမ်းပါသည်။

❏

၂၀၁၁ ခုနှစ်က အမှတ် (၁၂) အကြီးစားစက်ရုံ (ထုံးဘို)၊ ယာဉ်တပ် ဆင်ရေးနှင့် ဆေးမှုတ်အလုပ်ရုံတွင် ဌာန စိတ်တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင် နေသော ဦးတင်ထွန်းဆိုသူသည် ဇာတိ ချက်ကြွေမွေးရပ်မြေဖြစ်သည့် ရခိုင်ပြည် နယ်သို့ ခွင့်ဖြင့်ပြန်ခဲ့ပါသည်။

ဦးတင်ထွန်းဆိုသူမှာ ရခိုင်တိုင်း ရင်းသားတစ်ဦးဖြစ်ပါသည်။ သူကြုံတွေ့ ခဲ့ရသည့်ဖြစ်ပျက်ပုံမှာ ဦးတင်ထွန်းသည် မြန်မာပြည်အောက်ပိုင်းမှ စစ်တွေသို့ သွားခဲ့ပြီး စစ်တွေမှ တောင်ကုတ်သို့ အောင့်တံခွန် (၂) ဟု အမည်ပေးထား သောသင်္ဘောကြီး ဖြင့် ၂၀၁၁ ခု၊ နိုဝင် ဘာ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် စတင် ထွက်ခွာခဲ့ပါသည်။ အောင်တံခွန် (၂) သင်္ဘောကြီးပေါ်တွင် ခရီးသည် (၄၀၀) ကျော် ပါလာပါသည်။

သင်္ဘောကြီးစတင်ထွက်ချိန်ကစပြီး ဦးတင်ထွန်းသည် သူနေ့စဉ်နှင့်အမျှ ရွတ်ဖတ်သရဇ္ဈာယ်နေသော အားကိုး အားအထားရဆုံးဖြစ်သည့် ဇလွန်ပြည် တော်ပြန် စမ္ဗုခဏ်ဂါထာတော်မြတ်ကြီး အား၊ ပြည်တော်ပြန် ဘုရားရှင်အား ရည်စူး၍ စိတ်ဖြင့်ပူဇော်နေလေသည်။

သင်္ဘောကြီးသည် မောင်းနှင်လာ ရင်းက နိုဝင်ဘာလ ၂၂ ရက်၊ နံနက် (၄) နာရီ၊ (၄၅) မိနစ်တွင် မြေပုံမြို့နယ် နောင်ထော်မြစ်အတွင်း အစိုးကြီးကျွန်း အနီးမှ မုဆိုးမကျောက်တန်းအား ဝင် ရောက်တိုက်မိလေရာ သင်္ဘောဝမ်းဗိုက် ပေါက်ကွဲခဲ့ပြီး သင်္ဘောကြီးလည်း ယိမ်း ယိုင်သွားခဲ့ပါသည်။ (၂၀၁၁ ခု၊ နိုဝင် ဘာလ (၂၆) ရက်ထုတ် မြဝတီသတင်း စာတွင် ဖော်ပြပါရှိ) တိမ်းမှောက်လုနီး ပါးဖြစ်သွားသည့်အတွက် လူအများ လည်း ရုတ်ရုတ်သဲသဲဖြစ်သွားကြပါ သည်။ အော်သူကအော်၊ ပြေးဖက်သူက ဖက်ကြ၊ ငိုသည့်လူကငိုနှင့် ပွက်လော ရိုက်ကာ ကမ္ဘာကြီးများပျက်သွားလေ သလားဟု အောက်မေ့နေရပါသည်။

ထိုသို့ရှိနေစဉ် သင်္ဘောဆရာများ က -

"ခရီးသည်များခင်ဗျား၊ ငြိမ်ငြိမ် လေးနေပေးပါ။ မစိုးရိမ်ကြပါနဲ့၊ ရုတ်ရုတ် သဲသဲဖြစ်နေရင် ကျွန်တော်တို့ဘာမှလုပ် လို့ရမှာမဟုတ်ဘူး"

ဟု မေတ္တာရပ်ခံ ပန်ကြားကြပါ သည်။

သင်္ဘောကြီးသည် ကျောက် ဆောင်ပေါ်တွင်တင်ကာ သင်္ဘောစက် ပါရပ်သွားပြီး ရှေ့ဆက်ထွက်လို့မရဘဲ တစောင်းကြီးဖြစ်နေလေသည်။ သင်္ဘော ဆရာများကလည်း ကယ်တင်နိုင်မည့် သင်္ဘောရရှိရေး ကြိုးပမ်းဆက်သွယ်ကြ ပါသည်။ ခရီးသည်များမှာလည်း တီးတိုး တီးတိုးနှင့် ကိုယ်ထင်ကြေးကိုယ်ပြောဆို ကြရင်း ပူပင်သောကရောက်နေကြပါ သည်။ ကယ်တင်မည့်သင်္ဘောမလာပါ က အချိန်ကြာသည်နှင့်အမျှ သင်္ဘော ကြီးမှာ နစ်မြုပ်သွားနိုင်ပါသည်။

အချိန်များစွာ ကြာမြင့်ပြီးနောက်မှ သင်္ဘောတစ်စီး ခပ်ဝေးဝေးဆီမှလာနေ



www.burmeseclassic.com

www.burmeseclassic.com

သည်ကို မြင်တွေ့ရပါသည်။ တရွေ့ရွေ့ ဖြင့်မြင်နေရသောသင်္ဘောမှာ အောင် တံခွန်(၂)သင်္ဘောကြီးနားသို့ ရောက်ရှိ လာပါသည်။ ထိုအချိန်တွင် ဦးတင်ထွန်း ကမူ စမ္ဗခဏ်ဂါထာတော်မြတ်ကိုသာ သဲသဲမဲမဲ ဖွဲ့နှင့်ရွတ်နေပါလေသည်။ ကယ်တင်လာသည့်သင်္ဘောမှာ ကျောက် မြို့ရှိ နယ်မြေခံတပ်မတော် (ရေ) မှ ဖြစ်ပါသည်။ ကယ်တင်သင်္ဘောဆိုက် ကပ်ပြီး တင်နေသော အောင်တံခွန် (၂) သင်္ဘောကြီးပါလူများကို ကယ်တင်ကြ ရန် ကြိုးစားကြလေသည်။

ကယ်တင်ရန် ကြိုးစားနေတုန်းမှာ ပင် လူများသည် အသက်ဘေးကြုံလာ သည့်အရေးမှလွတ်မြောက်ကြရန် ကယ် ဆယ်ရေးသင်္ဘောပေါ်သို့ အလုအယက် တက်ကြလေသည်။

ထိုအခါ သင်္ဘောဆရာများက -

"ဖြည်းဖြည်းတက်ကြပါ။ လုယက် တက်နေကြမယ်ဆိုရင် အကုန်ဒုက္ခရောက် တုန်လိမ့်မယ်"

ဟု အော်ဟစ် သတိပေးကြလေ သည်။

ဦးတင်ထွန်းသည်လည်း သင်္ဘော ဆရာများပြောနေသည့်ကြားမှ အသက် ကယ်သင်္ဘောပေါ်သို့ အလုအယက် တက်လိုက်မိပါသည်။

လူများသဖြင့် ကယ်တင်သင်္ဘော ၏ အနေအထားအရ (၂) ခေါက်ခွဲ၍ ကယ်တင်ရပါ၏။

ပထမအခေါက်မှာပင် ဦးတင်ထွန်း ပါလာခဲ့ပါသည်။ ကယ်ဆယ်ရေးသင်္ဘော သည် ပထမအခေါက်အနေဖြင့်တင် ဆောင်ကာ အနီးဆုံးကမ်းစပ်သို့ရောက် သည့်အခါ ကမ်းကပ်ပေးသဖြင့် ဦးတင် ထွန်းနှင့်လူအများ ကမ်းခြေသို့ဆင်းကြ လေသည်။

လူအများကမ်းခြေသို့ချပြီးသည် နှင့် ကယ်ဆယ်ရေးသင်္ဘောသည် ဒုတိယ အခေါက်သွားကယ်ရန် ကမ်းခြေမှခွာ လေသည်။

ကယ်ဆယ်ရေးသင်္ဘော ကမ်းစပ် မှခွာ၍ ခပ်လှမ်းလှမ်းအရောက်တွင် ဦးတင်ထွန်းမှာ ရုတ်တရက်ကြီး -

"ဟာ့ - ငါ့ပိုက်ဆံတွေနဲ့ငါ့အိတ် ကျန်ခဲ့ပြီ"

ဟု တုန်တုန်ယင်ယင်အသံကြီး ဖြင့် နှုတ်မှထွက်ကာပြောလိုက်သံကြောင့် လူအများက ဦးတင်ထွန်းအား စိတ်ဝင် တစား ဝိုင်းကြည့်ကြလေသည်။

လူအများက ဦးတင်ထွန်းအား အမျိုးမျိုးဝေဖန်အကြံပေးကြပါသည်။

ဦးတင်ထွန်း စဉ်းစားမိသည်မှာ ငွေအိတ်သည် သင်္ဘောပေါ်မှလူတွေ တိုးဆင်းရာတွင်ပဲ ပြုတ်ကျ၍ကျန်ခဲ့ သလား၊ အောင်တံခွန်သင်္ဘောကြီးပေါ် ရှိ မိမိနေခဲ့သည်နေရာတွင်ပဲ မေ့ကျန်ခဲ့ သလား။ သို့တည်းမဟုတ် တစ်ယောက် ယောက်ကပဲရသွားလေပြီလားဆိုသည် တို့ကို မတွေးတတ်အောင်ပင်ဖြစ်နေလေ သည်။ ငွေကလည်း (၃)သိန်းများတောင် ဖြစ်ပါ၏။

ပြည်သူ့ဝန်ထမ်းတစ်ယောက်အဖို့ ငွေ (၃)သိန်းရရန် နှစ်နှင့်ချီ၍ မနည်းကို စုဆောင်းရသည့်ပိုက်ဆံမို့ ဦးတင်ထွန်း တစ်ယောက် ဘာလုပ်လို့ဘာကိုင်ရမှန်း မသိအောင်ဖြစ်နေရပါသည်။

ခရီးသည်ပေါင်းများစွာတို့ ကိုယ့် အပူနှင့်ကိုယ် အတိဒုက္ခရောက်နေကြ ချိန်တွင် သည်ပိုက်ဆံပြန်ရဖို့ဆိုသည်မှာ ဘယ်လိုမှပင် တွက်ချက်မရနိုင်သည့်ကိစ္စ ဖြစ်နေသည်မဟုတ်ပါလား။

ဦးတင်ထွန်းသည် အတွေးပေါင်း များစွာတို့ဖြင့် စိတ်သောကတွေရောက် နေချိန်တွင် ခရီးသွားဒုက္ခသည်များထဲမှ သံဃာတော်တစ်ပါးသည် ဦးတင်ထွန်း နားသို့ရောက်ရှိလာပြီး ဦးတင်ထွန်း အဖြစ်ကိုသိသဖြင့် -

"ဒကာ၊ သိပ်လည်းစိတ်ပူမနေပါနဲ့ ပြန်ရနိုင်ပါတယ်"

ဟု တည်ကြည် အေးချမ်းသော မေတ္တာသံဖြင့် မိန့်ကြားတော်မူလေ သည်။

ထိုအခါ ဦးတင်ထွန်းမှာ သံဃာ တော်၏ မေတ္တာစကားတော်ကြောင့် စိတ်သက်သာမှုရရှိသွားကာ ဇလွန်ပြည် တော်ပြန်စမ္ဗခဏ်ဂါထာတော်ရွတ်ဆိုရန် စိတ်ကူးပေါ်ပေါက်လာပါတော့သည်။

သို့အတွက်ကြောင့် မိမိစိတ်တွင် ဖြစ်ပေါ်နေသည့် အတွေးပေါင်းများစွာ ကို ပယ်သတ်လိုက်ပြီး စိတ်ကိုတည်ငြိမ် အောင်ထားလိုက်ကာ ဇလွန်ပြည်တော် ပြန်ဘုရားကြီးအား မိမိစိတ်ထဲတွင် အာရုံပြုပြီး ဇလွန်ပြည်တော်ပြန် စမ္ဗခဏ် ဂါထာတော်မြတ်ကို ရွတ်ဆိုကာနေလေ တော့သည်။ အကြိမ်အရေအတွက်မှတ် မနေတော့ဘဲ ဒုတိယအခေါက်ကယ် တင်လာမည့် ကယ်ဆယ်ရေးသင်္ဘော ပြန်မလာမချင်း ရွတ်ဆိုပူဇော်ကာနေမိ လေတော့သည်။

ကယ်ဆယ်ရေးသင်္ဘောပြန်လာပါ ပြီ။

ကယ်ဆယ်ရေးသင်္ဘောကမ်းကပ် သည်နှင့် ခရီးသည်များ တဖွဲဖွဲသင်္ဘော ပေါ်မှဆင်းလာကြပါသည်။ ဆင်းလာ သမျှလူများကို ဦးတင်ထွန်းသည် တစ်ဦး ချင်းအား လိုက်လံ၍ တစိုက်မတ်မတ် သေချာကြည့်ရှုနေမိလေသည်။

သင်္ဘောပေါ်မှခရီးသည်များကုန် ခါနီးလောက်တွင် ခံ့ခံ့ညားညား အမျိုး သားတစ်ယောက် ကမ်းခြေသို့ ဟိုကြည့် ဒီကြည့်ဖြင့် ဦးတင်ထွန်း၏ပိုက်ဆံအိတ် ကိုလွယ်လျက်သားဆင်းလာပြီး မျက်စိ ပျက်မျက်နှာပျက်ဖြစ်နေသော ဦးတင် ထွန်းကို မြင်တွေ့လိုက်သည့်အခါ စိုးရိမ် ပူပန်နေသည့် ဦးတင်ထွန်း၏မျက်နှာကြီး အား ထိုအမျိုးသားမှ ပြုံးချိုသောမျက် နှာထားဖြင့်ကြည့်ရင်း လက်တစ်ဖက်ကို မြှောက်ပြကာ ဦးတင်ထွန်းထံသို့သွား လိုက်လေသည်။ ဦးတင်ထွန်းသည် ပါးစပ်အဟောင်းသားနှင့် ဘာပြော၍ ပြောရမှန်းမသိဖြစ်နေစဉ်မှာပဲ ထိုအမျိုး သားက ဦးတင်ထွန်း၏ပခုံးကိုကိုင်တွယ် ကာ -

"ခင်ဗျားက အလောတကြီးနဲ့ ကယ်ဆယ်ရေးသင်္ဘောပေါ် ဆင်းသွား တာကိုး။ ကိုယ့်အိတ်ကျန်ခဲ့လို့ကျန်ခဲ့မှန်း ခင်ဗျားမသိတော့ဘူး။ ကျွန်တော်က တော့ ဖြည်းဖြည်းမှပဲလိုက်မယ်ဆိုတဲ့ စိတ်နဲ့ကျန်ခဲ့မိတာ။ ဒီပိုက်ဆံအိတ်ကို တော့ ကယ်ဆယ်ရေးသင်္ဘောထွက်သွား ပြီးမှ ခင်ဗျားနေခဲ့တဲ့နေရာမှာတွေ့တာ။ ခင်ဗျားရဲ့ဘေးမှာ ကျွန်တော်ရှိတာဆို တော့ ခင်ဗျားကို ကောင်းကောင်းမှတ်မိ တယ်။ ခင်ဗျားလည်း စိတ်ပူနေမှာပဲလို့ လည်းတွေးမိတယ်။ ကယ်ဆယ်ထားတဲ့ ကမ်းခြေရောက်ရင် တွေ့ရမှာပဲဆိုပြီး ပိုက်ဆံအိတ်ကိုယူလာတာ။ ရော့-ပိုက်ဆံ အိတ်၊ ခင်ဗျားပစ္စည်းတွေစစ်ကြည့်ဦး"

ဟုဆိုကာ အိတ်ကိုပေးလိုက်လေ သည်။

ဦးတင်ထွန်း ဝမ်းသာလွန်း၍ မျက်ရည်များပင်ရီဝေလာပါသည်။ စိတ် မှလည်း ဒါပြည်တော်ပြန် စမ္ဗခဏ်ဂါထာ တော်မြတ်တန်ခိုးကြောင့်ပဲဟု တထစ်ချ ယုံကြည်စွာ မှတ်ချက်ချလိုက်လေတော့ သည်။

အဘယ်ကြောင့်ဆိုသော် အောင် တံခွန်သင်္ဘောကြီးသည် ရေထဲသို့နစ်မြုပ် သွားနိုင်ပါလျက်နှင့် ကျောက်ဆောင် တွင်တင်ကာ လူအားလုံးအသက်မသေ ကြဘဲ ကယ်မယ့်သင်္ဘောရောက်လာပြီး လူအများကို ကယ်တင်နိုင်ခဲ့ခြင်းနှင့် မိမိ

www.burmeseclassic.com

ပိုက်ဆံအိတ်အားပြန်ပေးသောသူသည် ဦးတင်ထွန်း တစ်ခါမှမမြင်ဘူးသူ ခရီးသွားတစ်ယောက်ဖြစ်သည်။ ပိုက်ဆံကိုယူထားပြီး ပိုက်ဆံအိတ်အား ရေထဲလွှင့်ပစ်လိုက်လျှင်ရနိုင်ပါလျက် ရိုးသားဖြူစင်စွာ ပိုက်ဆံနှင့်ပစ္စည်းများအပျောက်အရှမရှိ ပေးအပ်လာခြင်းသည်ကိုက ထူးခြားလွန်းလှပါသဖြင့် ဇလွန်ပြည်တော်ပြန် စမ္မခဏ်ဂါထာတော်မြတ်၏အစွမ်းထက်မြက်မှုကြောင့်သာဖြစ်သည်ဟု ယုံကြည်လိုက်ခြင်း ဖြစ်ပေသည်။

❑

အထက်ဖော်ပြပါရေးသားတင်ပြထားမှုတို့သည် ကာယကံရှင်ဦးတင်ထွန်း၏ ပြောပြမှုကို ဆီလျော်အောင် အမည်မှန်၊ နေရပ်မှန်တို့ဖြင့် ဇာတ်လမ်းဆင်ထားခြင်း ဖြစ်ပါသည်။

စာရေးသူ ရေးသားရခြင်း၏ အဓိကရည်ရွယ်ချက်သည် ရှေးယခင်နှစ်ပေါင်းများစွာကရော၊ များမကြာသေးခင်နှစ်များတွေက အခြားသော စာရေးဆရာများ၏ ရေးသားတင်ပြမှုတွေမှာရော၊ ယခုစာရေးသူတင်ပြလိုက်သည်ကရော ဇလွန်ပြည်တော်ပြန်ဘုရား စမ္မခဏ်ဂါထာတော်မြတ်ကြီး၏ တန်ခိုးစွမ်းပကားတို့သည် အံ့ဖွယ်ထူးခြားပေါ်လွင်နေသည်မှာထင်ရှားကြောင်း ညွှန်းဆိုလိုက်ခြင်း ဖြစ်ပါသည်။

သို့အတွက်ကြောင့်လည်း ဗုဒ္ဓဘာသာဝင် စာရှုသူများ ပို၍ယုံကြည်သက်ဝင်စွာ ရွတ်ဖတ်သရဇ္ဈာယ်နိုင်ကြစေရန်နှင့် မိမိတို့တွင် အရေးကြုံလာပါကလည်း မြင့်မြတ်သော လက်နက်ကောင်းတစ်ခုသဖွယ် အားကိုးအားထားပြုနိုင်ကြစေရန်အတွက်လည်း ဖြစ်ပါသည်။

နောင်အနာဂတ်တွင်လည်း ဇလွန်ပြည်တော်ပြန် စမ္မခဏ်ဂါထာတော်မြတ်ကြီး၏ တန်ခိုးထက်မြက်ပုံတို့သည်ကားရှိနေဦးမည်ဖြစ်ပါသဖြင့် စာရေးဆရာများကလည်း ဆက်လက်ရေးသားတင်ပြနေကြလိမ့်ဦးမည်ဆိုသည်မှာ မလွဲဧကန်အမှန်ဖြစ်ပါပေသည်။

**ဇလွန်မြို့**
**ပြည်တော်ပြန်စမ္မခဏ်ဂါထာတော်**

❑ ကွတိပိ ပိဋကတ္တယံ၊ အနိစ္စံ၊ ဒုက္ခံ၊ အနတ္တံ၊ သတ္တဗောဇ္ဈင်္ဂေ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေ၊ စတုပဋ္ဌာနံ၊ သဗ္ဗသဿက္ကန္ဓော၊ သဟာသ သူရိယော၊ ဩြောင်း နမော မေတ္တာနံ၊ ရာဇဘာယံ၊ စောရဘာယံ၊ ဥဒကာဘာယံ၊ အဂ္ဂိဘာယံ၊ သတ္တဘာယံ၊ သဗ္ဗဘာယံ၊ ဇေယျော၊ ဇယတုမင်္ဂလံ၊ အနိစ္စံ သခ်တံ ပဋိစ္စ သမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓမ္မံ ခမတိ။

ဤဂါထာတော်မြတ်၌ **စတုပဋ္ဌာနံ** နေရာတွင် **စတုသတိပဋ္ဌာနံ** ဟူ၍လည်းကောင်း၊ **မေတ္တာနံ** နေရာတွင် **ဗုဒ္ဓါနံ** ဟူ၍ လည်းကောင်း ရေးသားပြောဆိုနေကြတာမျိုးရှိကြပါသည်။

သို့ပါ၍ စမ္မခဏ်၌ရှိသောပုဒ်သာလျှင်အမှန်ဖြစ်ပေသည်။

**ဇလွန်မြို့**
**ပြည်တော်ပြန်စမ္မခဏ်ဂါထာတော်၏**
**အနက်အဓိပ္ပာယ်**

**ပိဋကတ္တယံ** - ပိဋကသုံးပုံသည်၊ **ကွတိပိ** - မမြဲခြင်းကြောင့်လည်း၊ **အနိစ္စံ-** အနိစ္စမည်၏၊ **ဒုက္ခံ-**ဒုက္ခမည်၏၊ **အနတ္တံ-** အနတ္တမည်၏။

**သတ္တဗောဇ္ဈင်္ဂေ** - ဗောဇ္ဈင်ခုနစ်ပါးသည် လည်းကောင်း၊ **အရိယော** - မြတ်သော၊ **အဋ္ဌင်္ဂိကော** - အင်္ဂါရှစ်ပါးရှိသော၊ **မဂ္ဂေ** - မဂ်တရားသည် လည်းကောင်း၊ **စတုပဋ္ဌာနံ** - အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ ဟူသော ပဋ္ဌာန်း (၄) ပါးသည် လည်းကောင်း၊ **သဗ္ဗဿ** - အလုံးစုံသောတရားကို၊ **က္ကန္ဓော** - အစိုးရတော်မူသောမြတ်စွာဘုရားသည်လည်းကောင်း၊ **သဟာသသူရိယော** - ရောင်ခြည်တစ်ထောင်အလင်းဆောင်နိုင်သော နေမင်းကြီးသည် လည်းကောင်း၊ (**ကွတိပိ** - မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်း ဟူသော ဤအကြောင်းများကြောင့်လည်း၊ **အနိစ္စံ** - အနိစ္စမည်၏၊ **ဒုက္ခံ** - ဒုက္ခမည်၏၊ **အနတ္တံ** - အနတ္တမည်၏။)

**ဩြောင်း** - မြတ်သူအပေါင်းတို့ထက် အလွန်မြတ်တော်မူကုန်သော၊ **မေတ္တာနံ** - ရာဂကင်းစင် မေတ္တာနှင့်ပြည့်တော်မူကုန်သော ဘုရား၊ ရဟန္တာတို့အား (**အဟံ** - တပည့်တော်သည်)၊ **နမော** - ရှိခိုးပါ၏။ (**ဣမိနာ နမနေန** - ဤသို့ ရှိခိုးရသောကောင်းမှုကြောင့်) **ရာဇဘာယံ** - မင်းဘေးကို လည်းကောင်း၊ **စောရဘာယံ-**ခိုးသူဘေးကိုလည်းကောင်း၊ **ဥဒကာဘာယံ** - ရေဘေးကိုလည်းကောင်း၊ **အဂ္ဂိဘာယံ** - မီးဘေးကိုလည်းကောင်း၊ **သတ္တဘာယံ** - ဓား၊ လှံ၊ လေး၊ မြားစသော ပြင်ပဘေးရန်အပေါင်းကိုလည်းကောင်း၊ **သဗ္ဗဘာယံ** - ကိုယ်တွင်းကိုယ်ပ နှစ်ဌာန၌ ဖြစ်သော ဘေးရန်အပေါင်းကိုလည်းကောင်း၊ **ဇေယျော** - အောင်နိုင်ခြင်း၊ (**ဟောတု** - ဖြစ်ပါစေသတည်း)၊ **မင်္ဂလံ** - ကုသိုလ်မင်္ဂလံ ဟူသမျှသည်၊ **ဇယတု** - အရာရာကို အောင်ပါစေသတည်း၊ **သခ်တံ** - အကြောင်းတရားတို့သည် ပြုပြင်အပ်သော ဥပါဒ်၊ ဋ္ဌီ၊ ဘင်ရှိသောတရားအပေါင်းကိုလည်းကောင်း၊ **ပဋိစ္စသမုပ္ပန္နံ**-အကြောင်းကိုစွဲ၍ဖြစ်သော အကျိုးတရားဟူသမျှကို လည်းကောင်း၊ **အနိစ္စံ** - မမြဲခြင်းကို လည်းကောင်း၊ **ခယဓမ္မံ** - ကုန်ခန်းခြင်းသဘောကို လည်းကောင်း၊ **ဝယဓမ္မံ** - ပျက်စီးခြင်းသဘောကိုလည်းကောင်း၊ **ဝိရာဂဓမ္မံ** - ရာဂတို့၌ကင်းခြင်းသဘောကို လည်းကောင်း၊ **နိရောဓမ္မံ** - ကိလေသာတို့မှချုပ်ငြိမ်းခြင်းသဘောကို လည်းကောင်း၊ (**မေတ္တာနံ** - ရာဂကင်းစင် မေတ္တာရှင်ဖြစ်တော်မူသော ဘုရား၊ ရဟန္တာတို့အား (ဝါ) ဘုရား၊ ရဟန္တာတို့သည်၊ **ခမတိ** - သည်းခံတော်မူနိုင်၏ (ဝါ) မြတ်နိုးတော်မူနိုင်၏။)

ဤစမ္မခဏ်ဂါထာတော်မြတ်အား လက်တွေ့ပွားများ အောင်မြင်လိုသောသူများ အောက်ပါအတိုင်း စနစ်တကျကျင့်ကြံပါက မုချအောင်မြင်နိုင်ပါသည်။

၁။ နံနက် (၁၀) ခေါက်၊ ည (၁၀) ခေါက် (၃) လ ရက်မပျက်ရွတ်ပါ။

၂။ ဂြိုဟ်သက်အတိုင်း တနင်္ဂနွေ (၆)ခေါက်၊ တနင်္လာ(၁၅)ခေါက်၊ အင်္ဂါ(၈)ခေါက်၊ ဗုဒ္ဓဟူးနံနက် (၁၇) ခေါက်၊ ည (၁၂) ခေါက်၊ ကြာသပတေး (၁၉) ခေါက်၊ သောကြာ (၂၁) ခေါက်၊ စနေ (၁၀) ခေါက် ရွတ်၍ သီတင်းပတ် (၉)ပတ်ပြည့်အောင်အားထုတ်ပါ။

၃။ ဂါထာ(၁)ပုဒ်ဆုံး ပုတီး (၁) လုံးချဖြင့် ပုတီး(၁)ပတ်ကို နံနက်၊ ည ပုတီးစိပ်ပါ။

၄။ နံပါတ် (၂) ပုံစံအတိုင်း ဂြိုဟ်သက်အလိုက် ပုတီးပတ်ကိုစိပ်၍ အားထုတ်ပါ။

ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်းများ ပြီးပါက အမျှပေးဝေမှုပြုလုပ်ပါ။

*သူရဋ္ဌမဂ္ဂဇင်းကြီးနှင့်တကွ*
*စာဖတ်ပရိသတ်များအား*
*အစဉ်လေးစားတန်ဖိုးထားလျက်*

**ဦးကိုကိုကြီး (စစ်ဆေးရေး)**
**ကစစ(၁၂)ထုံးဘို**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ လူသားများသည် ဒုက္ခ ဘုံခတ်နေကြမြဲ ဖြစ်သည်။ ပုထုဇဉ် လူသားအားလုံးအတွက် အရင်းဆုံး သော အပေါင်းအဖက်ဖြစ်သည်ဟု သိဒ္ဓိ ဆရာဆရာအောင်က အောက်ပါအတိုင်း အဆိုတစ်ခုကို ဖွဲ့သီထားလေသည်။

□ ဒုက္ခသည် -

*လူသားတိုင်း (ပုထုဇဉ်-သာမန် လူသားတိုင်း) အတွက် အရင်းဆုံး သော အပေါင်းအဖက် ဖြစ်သည်။*

ကျွန်ုပ်တို့သည် တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်မိသားစုချင်းတို့ တွင် လောကဓံတရား (၈) ပါးကို အမြဲ ယှက်တွဲနေကြရလေသည်။ လူ့ဘဝတွင် အယ်လောကနယ်တွင်မဆို လောကဓမ္မ တရား (၈) ပါးသည် -

- □ လာဘ
- □ အလာဘ
- □ ယသ
- □ အယသ
- □ နိန္ဒာ
- □ ပသံသာ
- □ သုခ
- □ ဒုက္ခ

စသည့် ရှစ်ခေါပဏီတပ်ကြီး သည် အဖြူလေးတပ်၊ အမည်းလေးတပ် တို့၏ နှိပ်စက်ကလူပြုခြင်း၊ ပြုစုယုယမှု တို့ဖြင့်ပေးခြင်း စသည်တို့ကို ပြုလုပ်ပေး မြဲဖြစ်နေပါသည်။

နေ့စဉ်မပြတ် မင်္ဂလာတွေအထပ် ထပ်အလီအလီဖြင့် ချမ်းသာပျော်ရွှင်စေ ရန်အတွက်နှင့် စိုးရိမ်ကြောင့်ကြကင်းစေ ကြောင်းတို့ လူလောက၊ နတ်လောက တို့တွင် (၃၈) ဖြာမင်္ဂလာကို တွေးဆကြံ ကြံစည်ကြဖြင့် တစ်ဆယ့်နှစ်နှစ်ကာလ ပတ်လုံး ကြာမြင့်လေတော့သည်။

သုံးလောကသခင် မြတ်စွာဘုရား ရှင်ထံ နတ်တို့သွားရောက်လျှောက်ထား ကြသဖြင့် ဤမင်္ဂလာ (၃၈) ဖြာကို သိရ ကြားရနာကြရတော့သည်။ လူသားများ အတွက် ဘက်ပေါင်းစုံ ထောင့်စုံတို့မှာ ပြထားလေသည်။ ရှောင်ရန်များ၊ ဆောင် ရန်များကို သွန်သင်ဆုံးမဩဝါဒတို့ပေးခဲ့ လေသည်။


ထိုမင်္ဂလာတရားတော်မြတ်သည် ပညာရေး၊ လူမှုရေး၊ စီးပွားရေးဖြစ်သော လောကီနယ်နှင့် သံသရာအတွက်ကိုပါ ကွက်ကွက်ကွင်းကွင်း ထင်လင်းစေပါ သည်။

ပစ္စုပ္ပန်၊ သံသရာအတွက် -

□ လူမိုက်ကို ရှောင်ပါ။ အကြံ ဉာဏ်တောင်းခံခြင်း၊ အဆွေခင်ပွန်းဖွဲ့ ခြင်းမပြုလုပ်နှင့်။

# သုဒ္ဓ (နှင်းမြို့)

## လောကဓံရှစ်ခေါပဏီတပ်ကြီးကို အောင်နိုင်သည့်ဂါထာတော်



www.burmeseclassic.com

□ ပညာရှိကို ချဉ်းကပ်ကာ ပေါင်းသင်းရ၏။ အဆွေခင်ပွန်းဖွဲ့ရခြင်းကို ပြုလုပ်ပါ။ ကောင်း၊ ဆိုး (၂) တန် အလီလီခွဲခြမ်းစိတ်ဖြာပြီး ဟောပြတော်မူပါသည်။

ထိုမင်္ဂလာတရားတို့မှ 'ဖုဋ္ဌဿ' ဂါထာတော်သည် အညစ်ကင်းစင်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် လောကဓမ္မ အရ ကြုံတွေ့ရစေကာမူ မတုန်လှုပ်ခြင်း၊ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်းမရှိ၊ ဘေးလည်းမရှိဖြစ်၍ လွန်စွာ ချမ်းသာစွာနေနိုင်ကြောင်းကိုပြထားပါသည်။ (ဒေသနာတော်လာသည့်အတိုင်း အကျဉ်းပြဆိုခြင်း ဖြစ်ပါသည်။)

ပစ္စက္ခအတွေ့အကြုံတစ်ခုမှာ -

လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကျော်လောက်ကဖြစ်ပါသည်။ ကျွန်ုပ်သည် သားသတ်လွတ်အဓိဋ္ဌာန်ဝင်နေချိန်ကာလအတွင်းမှာ အမှတ်မထင် ခရီးတစ်ခုကိုထွက်ရပါသည်။

ကျွန်ုပ်တို့မြို့မှ နံနက် စက်နာရီ (၄) နာရီမှထပြီး မော်တော်စီးရပါသည်။ ထိုစဉ်က ယခုအခါလို ခရီးသွားလာရာတွင် လွယ်ကူချောမွေ့ခြင်းမရှိပါ။ ကျွန်ုပ်တို့မြို့မှာ ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ကမ်းက ဖြစ်ပါသည်။ မော်တော်စီးပြီး ရေမိုင် (၂၀) ကျော်လောက်အဝေးမှာရှိသော ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းမှာရှိနေသည့်မြို့ကိုရောက်ပါသည်။ ထိုမြို့မှတစ်ဆင့် မိမိသွားရမည့်မြို့ကို ကားဖြင့်ခရီးဆက်ရပြန်ပါသည်။ (ထိုစဉ်က မော်တော်ခမှာ အဆန်ခရီးတွင် တစ်ကျပ်ခွဲသာပေးရပါသည်။ အစုန်ခရီးမှာ တစ်ကျပ်သာပေးရပါသည်။)

ကားဖြင့် ခရီးဆက်ရာမှ ကားမထွက်ခင်မီ လက်ဖက်ရည်တစ်ခွက်နှင့် မုန့်တစ်ခု အစောစာစားလိုက်ပါသည်။ (ကော်ဖီ၊ လက်ဖက်ရည်တစ်ခွက် ယခုခေတ် ရှယ်တစ်ခွက်ကို တစ်မတ်ပေးရပါသည်။ မုန့်ကလည်း တစ်ခုတစ်မတ်ပါ။)



ထိုမြို့မှ နံနက် (၈) နာရီလောက်မှာ စထွက်ပါသည်။ လမ်းခုလတ် ထမင်းစားချိန်ရောက်တော့ အဝေးပြေးလမ်းမကြီးဘေးတွင် တဲတန်းများဖြင့် ထမင်းနှင့် လက်ဖက်ရည်စားစရာမျိုးစုံရောင်းချနေပါသည်။ ကားများမှာ ခရီးသည်များ နံနက်စာထမင်းစားကြရန် ရပ်နားကြပါသည်။ အစုန်၊ အဆန်ကားများ အားလုံးနားကြသောနေရာ ဖြစ်ပါသည်။

ကျွန်ုပ်မှာ သားသတ်လွတ်စားနေစဉ်ကာလဖြစ်နေ၍ ထမင်းဆိုင်ရှင်အား သားသတ်လွတ်ဟင်းဖြင့် စီမံပေးရန်နှင့် ကျသင့်ငွေကိုယူပါရန် ပြောခဲ့ပါသည်။ ဆိုင်ရှင် စိုးကြီးက အောက်ပါအတိုင်း ပြောပြပါတော့သည်။

"တူမောင်လို သားသတ်လွတ်စားတဲ့သူများနဲ့ ဘုန်းတော်ကြီးများကို အခကြေးငွေမယူဘဲ အလှူဒါနပြုပါတယ်"

သူ၏တစ်ဦးတည်းသောသမီးမှာ ငယ်စဉ်ကာလကတည်းက ဘာအသားမှ မစားကြောင်း၊ ကျွေးမရကြောင်းနှင့် သတ်သားလွတ်စားကြောင်း၊ ယခု သမီးလေးမှာ (၁၃) နှစ်ရှိနေပြီဖြစ်ကြောင်း၊ သမီး (၁၂) နှစ်ပြည့်ကတည်းက ထမင်းဖိုးမယူတော့ဘဲ လှူကြောင်း ပြောပြပါသည်။

နောက်တစ်ခုကတော့ မင်္ဂလာသုတ်လာ ဖုဋ္ဌဿဂါထာတော်ကို အမြဲလွတ်နေတဲ့အတွက် စစ်အတွင်းကလည်း အန္တရာယ်ကင်းခဲ့ကြောင်း၊ ဒီဘက်ကာလမှာလည်း ထမင်းဆိုင်ဖွင့်ကတည်းက စီးပွားတက်လာသဖြင့် ဓားပြတိုက်ရန် ကြံရွယ်ခံရတာ (၃) ကြိမ်ရှိကြောင်း၊ ကြံရာပါများ ၎င်းတို့ဆိုင်မှာ ထမင်းလာစားရင်းနှင့် ပြောပြတောင်းပန်သဖြင့် သိရတာဖြစ်ကြောင်းပြောပါသည်။

ထိုသူကိုလည်း ခွင့်လွှတ်ရုံမကဘဲ ထမင်းကသိုလ်ဖြစ်ကျွေးလိုက်ပြီး လမ်းစရိတ်ပါ ထောက်ပံ့လိုက်ပါသည်။ ထိုစဉ်က ပြောပြသူမှာ အကျဉ်းကျခံရပြီး လွတ်လာကြောင်းကိုပါပြောပြလေတော့သည်။

ဖုဋ္ဌဿဂါထာတန်ခိုးနှင့်သားသတ်လွတ်စားသူများ၊ ရဟန်းသံဃာတော်များကို လှူဒါန်းရသည့်အကျိုးကျေးဇူးပင်ဖြစ်ကြောင်း ဝမ်းမြောက်ဝမ်းသာပြောခဲ့ပါတော့သည်။

မင်္ဂလသုတ်တော်လာ ဖုဋ္ဌဿဂါထာတော်ကိုလည်း အောက်တွင်



ရေးသား ဖော်ပြပေးလိုက်ပါသည်။ နောက်တစ်ခုကတော့ ဆရာကြီးဒဂုန်ဦးထွန်းမြင့် ရေးဖွဲ့ထားသော (၃၈) ဖြာမင်္ဂလာကဗျာမှ ဖုဋ္ဌဿကဗျာတို့ကိုပါ ရေးသားပေးလိုက်ပါသည်။

□ ဖုဋ္ဌဿ လောက ဓမ္မေဟိ၊<br>
စိတ္တံ ယဿ န ကမ္ပတိ။<br>
အသောကံ ဝိရဇံ ခေမံ၊<br>
ဧတံ မင်္ဂလ မုတ္တမံ။ ။

ထိုဂါထာကို မိတ်ဆွေတို့ နေ့စဉ် (၉)ခေါက်၊ (၁၀) ခေါက် မိမိသဒ္ဓါပေါက်သလောက် အမြဲရွတ်ဖတ်ကြရန် ဖြစ်ပါသည်။

**ဆရာကြီးဒဂုန်ဦးထွန်းမြင့်<br>ရေးဖွဲ့ထားသော<br>ဖုဋ္ဌဿကဗျာ**

□ ဆင်းရဲချမ်းသာ သဘာဝ၊<br>
တွေ့ကြုံနေကြ လူတိုင်းပေ။<br>
ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊<br>
တစ်လဲစီလှည့် အမြဲနေ။<br>
လောကဓံကြုံ မဖြုံတမ်းပေါ့၊<br>
မကုန်စမ်းနဲ့ စိတ်နိုင်စေ။<br>
သောကကိုထိန်း ရမ္မက်သိမ်း၊<br>
အေးငြိမ်းချမ်းသာနေ။<br>
အဲဒါမှ ဖုဋ္ဌဝါဒကမ္ဘာ့မင်္ဂလာတွေ။ ။

စာချစ်သူမိတ်ဆွေများ မင်္ဂလသုတ်လာ (၃၈) ပါးသော မင်္ဂလာတရားများမှ ဖုဋ္ဌဿဂါထာတော်ကို အမြဲတစေ ရွတ်ဖတ်ကြခြင်းဖြင့် လောကီဥစ္စာ ရွှေငွေများစွာပိုင်ဆိုင်ကြပြီး လောကဓံ၏စိမ်မှုကို မကြောက်တမ်း ကာကွယ်နိုင်ကြပါစေဟု ဆုမွန်ကောင်းလိုက်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

သုဒ္ဓ (နဝင်းမြို့)

မှီငြမ်း -

ရွှေရိုးဘုန်းတော်ကြီးကျောင်းသုံး မြန်မာသင်ပုန်းကြီး (ဗစ်စောင်တွဲ)



www.burmeseclassic.com

www.burmeseclassic.com


## နန်းသက်မြတ် ဝေဒီမင်းကောင်းမှု


# မြစ်ကုန်းရှေးဟောင်းစေတီတော်

### မောင်မိုးဇေွး(ထားဝယ်)

စာရေးသူသည် ရှေးအထက်ဘော့ကာရီက ရှေးမင်းတို့တည်ထားကိုးကွယ်ခဲ့သော ထားဝယ်ဒေသရှိ သမိုင်းဝင် ရှေးဟောင်းဘုရားအဆူဆူတို့၏ သိမှတ်ဖွယ်ရာအဖြာဖြာကို ရပ်နီး၊ ရပ်ဝေးမှ သူရဇ္ဇမဂ္ဂဇင်းကြီး၏ စာဖတ်ပရိသတ်များ သိရှိကြည်ညို ကုသိုလ်ပွားများနိုင်စေရန် ဆန္ဒမွန်ဖြင့် မိမိတတ်စွမ်းသမျှ ဖော်ထုတ် တင်ပြလျက်ရှိပေရာ ယခုလတွင် မြစ်ကုန်းရှေးဟောင်းဘုရားကို ရေးသား ပူဇော်တင်ပြလိုပါသည်။

၁၉၉၄၊ ၁၉၉၅ ခုနှစ်များက လောင်းလုံးမြို့၌ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်ခဲ့သော စာရေးသူသည် အကြောင်းမတိုက်ဆိုင်သဖြင့် မြစ်ကုန်းဘုရားသို့ သွားရောက် ဖူးမြော်နိုင်ခြင်း မရှိခဲ့ပါ။ ထိုနှစ်များမှ ရေတွက်သော် (၂၂) နှစ်ကြာပြီးနောက် ၁၉-၃-၂၀၁၆ ရက်နေ့တွင် ထားဝယ်မှ (၁၄) မိုင်ဝေးသော လောင်းလုံးသို့ ကိုမျိုးမင်းဦးနှင့်အတူ ဆိုင်ကယ်ဖြင့်သွားခဲ့ပါသည်။ လောင်းလုံးမြို့မရောက်ခင် သဗျာရွာနေ မိတ်ဟောင်းဆွေဟောင်း ပညာရေးဌာန စာရေးကြီး အငြိမ်းစား ဦးဦးမောင်ထံ ခေတ္တဝင်နားလျက် မာကြောင်းသာကြောင်း မေးမြန်းရသေးသည်။ လူပျိုကြီး ဦးဦးမောင်ကား ငယ်နုစဉ်အခါကလို လန်းလန်းဆန်းဆန်း မဟုတ်တော့။ ဇရာ၏ အထုအထောင်းတို့ကြောင့် နေကောင်းလိုက်၊ မကောင်းလိုက်သိရ





စေတီတော်ရင်ပြင်
အရှေ့သိမ်ရုပ်ပွားတော်မြတ်



စေတီတော်ရင်ပြင်
မြောက်ဘက်သိမ်ရုပ်ပွားတော်



www.burmeseclassic.com


www.burmeseclassic.com



စေတီတော်ရင်ပြင်တောင်ဘက်သိမ် (ဖွင့်တော်မူပြီး ဗုဒ္ဓပြတ်ဈာတုရားလေးဆူ)



နတ်မင်းကြီးလေးပါးပြိုဟ်ရှစ်ခွင်တံခွန်တိုင်



စေတီတော်ရင်ပြင်အနောက်သိမ် ရှင်ဥပဂုတ္တမထေရ်



ဘုရားဒါယကာ ဝေဇီမင်းကြီးနှင့် မိဖုရား ထုဆစ်ပူဇော်ခဲ့သည့် ကြေးခေါင်းလောင်း



၁၃၄၆ ခုနှစ်၊ မြစ်ကုန်းစေတီတော် မပြုပြင်မီ ပုံတော်

သည်။ သဘောကောင်းသူပီပီ စာရေးသူတို့အား လက်ဖက်ရည်နှင့်မုန့်ချကျွေးသည်။

တစ်ချိန်က မြို့အဝင် လမ်းဘေးဝဲ၊ ယာ ထန်းပင်တန်း စီစီရီရီကို မတွေ့ရတော့သော လောင်းလုံးမြို့ဦးမှ မိန်းလမ်းအတိုင်း (၃) ဖာလုံခန့် ဆက်သွားပါက လမ်းအရှေ့ဘက် ကျောက်စရစ်လမ်းချိုး မြစ်ကုန်းဘုရားသွားလမ်းရောက်သည်။ ထိုမှ မြို့၏ အရှေ့ဘက် ဦးတည်လျက် (၂) မိုင်မရှိတရှိတက်သွားလျှင် ပြင်းထိန်၊ စစ်ပြသို့ ရောက်၏။ ထိုရွာနှစ်ရွာကြား လယ်ကွင်းပြင်ကို ဖြတ်ဖောက်ထားသော လမ်းသွယ်က မြစ်ကုန်းဘုရားခြေတော်ရင်းတည့်တည့် ဦးခိုက်နေ၏။ မြစ်ကုန်းဘုရားမှာ ပြင်းထိန်နှင့် စစ်ပြရွာနှစ်ရွာ

www.burmeseclassic.com


ဒိုင်ဘုရားဟု အဆိုရှိသည်။

သာသနာ့အလံတလူလူနှင့် ရှိုးရှိုးရှင်းရှင်း မြစ်ကုန်းဘုရားမုခ်ဦး၌ 'မြစ်ကူးဘုရား' စာတန်းဖတ်ရသည်။ ကုန်းကိုကူးဟု ပြောင်းလဲသော ထားဝယ်အသံအတွက် တိုက်ရိုက်ရေးထားဟန်တူသည်။ မုခ်ဦးလုပ်ထားသည်မှာ မကြာသေး။ (၇) နှစ်လောက်သာရှိပေဦးမည်။ မုခ်ဦးမှ လှေကားခြေလှမ်း (၂၀)၊ လက်ဝဲဘက်၌ သမိုင်းဝင်ရှေးဟောင်းဘုရား မြစ်ကုန်းစေတီတော်ကြီးအား ဖူးမြော်ကြည်ညိုရပေသည်။ အနီးကပ်ဖူးမြော်ရစဉ် စာရေးသူထံပါး ရှေးအငွေ့အသက်များ တစ်မုဟုတ်ချင်း ရိုက်ခတ်လာသလို ခံစားရ၏။

စေတီတော်ကြီးမှာမဟာရံတံတိုင်းနှင့် (၂၅) ပေအကွာရှိပြီး ပစ္စယာနှစ်ဆင့်တင်ထား၏။ အောက်ပစ္စယာအလျား (၅၈) တောင်၊ အနံ (၅၈) တောင်၊ အမြင့် (၅) တောင် တိုင်းထွာသိရှိရသည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ပစ္စယာနှစ်ဆင့်အလယ်မှ အရံစေတီ (၄) ဆူရှိသည်။ အောက်ပစ္စယာတွင် (၇) ထစ်ပါ အုတ်လှေကားတစ်စင်းတောင်ဘက်လှည့်ချထား၏။ လှေကားရှေ့တစ်ဖက်ခြမ်း၌ ဘုရားဒါယကာ ဗလဒေဝ စောရန်နိုင်၊ ဘုရားဒါယိကာမ သီရိဓမ္မဒေဝီ လှူဒါန်းပူဇော်ခဲ့သော အဝအချင်း (၁) တောင်၊ အမြင့် (၁) တောင် (၁) ထွာ (၁) မိုက်၊ လုံးပတ် (၂) တောင် (၁) ထွာရှိ ကြေးခေါင်းလောင်းကြီးကို အုတ်မိုး၊ အုတ်ကာနှင့် တွေ့ရသည်။

❑

ပေါ်တွံပြည့်ရှင် အလောင်းစည်သူမင်း၏ အဆက်အနွယ်ဖြစ်သော စောသူရမင်းသည် ထောင့်ကွယ်မြို့ (ယခု ကြက်လွတ်ရာ) မှ ပြောင်းရွှေ့၍ သက္ကရာဇ် ၇၉၂ ခုနှစ် (ခရစ် ၁၄၃၀) တွင် ထားဝယ်မြစ်အနောက်ဘက်၌ ဝေဒီမြို့ကို တည်ထောင် စိုးစံသည်။ ဝေဒီမြို့တည်နေရာ မြစ်ကမ်းသည် တိမ်သောရေဝဲရှိပြီး ခန်းခြောက်သွားသည်ကို အစွဲပြု၍ ဝဲတိမ်- ဝဲတီ- ဝဲဒီမှ ရွေ့လျောကာ ဝေတီ-ဝေဒီတွင်လာသည်ဟု ဆိုပါသည်။ ဝေဒီကို စောရသူမင်း၊ ၎င်း၏ သားတော် မင်းစောရောင်၊ ၎င်း၏ သားတော် စေသွားရောင်၊ ၎င်း၏ သားတော် ရွှေနန်းတက်၊ ၎င်း၏သားတော် အိမ်ရှေ့မင်းအဆက်ဆက် အုပ်စိုးကြပြီးနောက် သာဂရမြို့ (ယခု မြို့ဟောင်းရွာ) ကို



မေတ္တာပါရမီဓမ္မသုခတုန်းကြီးကျောင်း



မောင်ဗဆဲနတ်ကွန်း



ကုန်းတော်စောင့်ဘိုးဘိုး



ဝေဒီမင်းကြီး ဗလဒေဝစောရန်နိုင်၊ မိဖုရား သီရိဓမ္မဒေဝီ

အုပ်စိုးသည့် ရှင်ဖံ(နန္ဒိယ)မင်းနှင့် မိဖုရားစောမြဒေဝီတို့၏ သားတော် ဗလဒေဝ စောရန်နိုင် (ခေါ်) စောသီလမင်းပြောင်းရွှေ့အုပ်စိုးသည်ဟု ဆိုကြပါသည်။ ဝေဒီသည် သာဂရ၏ကင်းတပ်မြို့ဖြစ်၏။

မြစ်ရေတိုက်စားသော ကမ်းပါးဇောက်(ကထောင်း)အနီးရှိ သစ်ခြောက်ပင်အိုကြီးအပေါ် ဝဲပျံနေသည့် ဥဒေါင်းငှက်အား မြင်ရသူတစ်ဦးရင်ထဲ လွမ်းစိတ်၊ ဆွေးစိတ်၊ စာနာစိတ် ရောပြွမ်း



www.burmeseclassic.com

www.burmeseclassic.com

လျက် ငြီးတွားလိုက်ပုံ ထားဝယ်တေး ယောင်းတစ်ပုဒ်ကို ဤသို့ မှတ်သား ဖူးပါသည်။

**ထားဝယ်**

(ဝဲဒီ-ဝဲဒီ-အိုဝဲဒီ)၂
(ဝဲဒီကထောန်း သစ်ပန်ယောန်း)၂
ဒေါန်းမန်းရာဇာ
နန် ဖျာကိုလိုဒိ
ဝဲတယ်နူး - ဝဲတယ်နူး
အိုး မယ်ဝေး - မယ်ဝေး
နို့ဝါလွမ်းစလေး။

**မြန်မာ**

(ဝဲဒီ-ဝဲဒီ-အိုဝဲဒီ)၂
(ဝဲဒီကထောင်း သစ်ပင်ယောင်း)၂
ဒေါင်းမင်းရာဇာ
နင် ဘာကိုလိုလို့
ဝဲတာလဲ - ဝဲတာလဲ
အိုး အမေရေ- အမေရေ
တို့ရွာလွမ်းတယ်ကား။

ဝေဒီမင်း ဗလဒေဝစောရန်နိုင်၌ ပေါက်ပေါက်ကို မန်းမှုတ်ပြီး ရန်သူထံ ပစ်လွှတ်လိုက်က ပျားကောင်များအဖြစ် ကူးပြောင်း၍ ရန်သူကို လိုက်လံတိုက် ခိုက်တတ်သည့်အစွမ်းရှိ၏။ သို့ရာတွင် ဘုရားကျွန် ကသည်းမလေးနှင့် နှီးနှော မိ၍ ဘုန်းတန်ခိုးနိမ့်ပြီး ရှင်းမန္တန်မစွမ်း တော့ဘဲ ပျားကောင်အစား ယင်ကောင် များသာဖြစ်သွားကြတော့သည်ကို ပညာရှိ ပုဏ္ဏားတော်တို့က အမှန်ကို မလျှောက် ဝံ့ကြပေ။ ထိုအချိန် ဝေဒီမြို့ အနောက် ဘက် (၂) မိုင်အကွာ ယခု မြစ်ကုန်း ဘုရားနေရာတွင် ငါးပုတ်သင်(ထားဝယ် အခေါ် ငါးဖြစ်သား) ငါးများ အုပ်စု အလိုက် ရေထဲမှ ကုန်းပေါ်သို့ တက်လာသည့် ထူးခြားချက်ကို ပုဏ္ဏားတော် တို့ ကြည့်လိုက်သောအခါ ဝေဒီမင်းကြီး ၏ နန်းသက်ပြတ်နေသည်ကို တွေ့ရ ပြန်၏။ (ငါးပုတ်သင်ငါးများ ရေတက် နှင့် အုပ်ဖွဲ့တက်လာလျှင် တဖြစ်ဖြစ် အော်မြည်သံ ကြားရတတ်ပါသည်။ စကားချပ်)

အကြောင်းခြင်းရာ အမှန်ကို မလျှောက်တင်ရဲသော ပညာရှိ ပုဏ္ဏား တော်များက မင်းကြီးအား ဘုရားဘက် က အသက်ရှည် ဆိုသည့်စကားအတိုင်း ထိုငါးများ ကုန်းပေါ်ရေကူးတတ်သည့် နေရာတွင် ဘုရားတည်ခြင်းဖြင့် ဘုန်း တန်ခိုးတိုး နန်းသက်ရှည်မည့်အကြောင်း လျှောက်တင်သဖြင့် ဝေဒီမင်း ဗလဒေဝ စောရန်နိုင် ကောင်းမှုကုသိုလ် မြစ်ကုန်း စေတီတော် တည်ထားသည်ဟု ဆို၏။ တချို့သူတို့က ထားဝယ်သမိုင်းလာ စက္က ပါလကျွဲမင်းအား သားကျွဲပျိုက လိုက်လံ ဝှေ့ခတ်သဖြင့် ထားဝယ်မြစ်ကူး၍ ထွက် ပြေးရောက်ရှိသောနေရာကို အကြောင်း ပြုပြီး မြစ်ကူးဘုရားတွင်သည်ဟုလည်း ဆိုပါသည်။

❑


စေတီတော်ကျောက်စာကမွည်း ကို အောက်ပါအတိုင်း ဖတ်ရှုရ၏။

မြစ်ကုန်းဘုရားတည်သမိုင်းအရ လွန်ခဲ့သော နှစ်ပေါင်း (၄၁၀) ကျော် ဝဲတီမြို့ခေါ် ယခု ဝေဒီမြို့ကို အုပ်စိုးခဲ့ သော ဗလဒေဝစောရန်နိုင် တည်ထား ကိုးကွယ်ခဲ့ပါသည်။ မိုးဒဏ်၊ လေဒဏ် ကြောင့် ပြိုကျပျက်စီးပြီး နှစ်ပေါင်း (၃၀) ကျော် တောဖုံးနေရာ မြန်မာနှစ်၁၃၄၆ ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် ထားဝယ် မြို့ ရွှေဂူတောင်ဆရာတော် ဦးသုမန အမှူးပြု၍ သင်္ဘောဆိပ်ရပ် ကမ်းနား လမ်းနေ ဦးပန်းမြင့်-ဒေါ်ဆန်းညွန့်နှင့် အများဒကာတို့မှပြန်လည်တည်ဆောက် ခဲ့ပါသည်။ ၁၃၅၄ တွင် အောင်မြင်ပြီး မြောက်ပြီး တပေါင်းလဆန်း ၇ ရက် နေ့ မှ လပြည့်နေ့အထိ (၉) ရက်တိုင်တိုင် ပျော်ပွဲရှင်ပွဲ စုံလင်စွာဖြင့် ထီးတော်မြတ် အား တင်လှူပူဇော်ပြီး ပြန်လည်တည် ဆောက်ခဲ့သော စေတီတော်မြတ်၏ ဉာဏ်တော် (၈၉) ပေ ဘုရား၊ သိမ်၊ ကျောင်း၊ ဗောဓိပင်၊ လမ်း၊ တံတား၊ ရေတွင်း၊ ရှင်ပြုရဟန်းခံ၊ ကုန်းတော် စောင့်ဘိုးဘိုးတို့ကို တစ်နေ့လျှင် သံဃာ တော် အပါး (၉၀) နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ကပ်လှူပြီး ရေစက်သွန်းချ အမျှဝေခဲ့ပါသည်။

မဟာရံတံတိုင်း အရှေ့တောင် ထောင့်၌ တေရဋ္ဌ၊ ဝိရူဠှက၊ ကုဝေရ၊ ဝိရူပက္ခ စတုမဟာရာဇ်နတ်မင်းကြီး (၄) ပါးနှင့် ဂြိုဟ်ရှစ်ခွင်တံခွန်တိုင်ရှိသည်၊ တံခွန်တိုင်ကို ဂြိုဟ်တိုင်သဖွယ် သက် ရောက်မှုရှိအောင် ဂြိုဟ်နတ်ရုပ်များနှင့်




မြစ်ကုန်းဘုရားမုခ်ဦး



www.burmeseclassic.com



လင်းလွန်းပင်



လင်းလွန်းသီးခြောက်



စလင်းမြို့နယ်ရေးယာပြမြေပုံ

တွဲဖက်ပြုလုပ်ထား၏။ ဝေဒီမင်းနှင့် မိဖုရားတို့ အေးနိမိတ်ဆောင် ကြာပန်း ပူဇော်နေဟန်ရုပ်လုံးကို တွေ့ရသည်။ ရင်ပြင်တော်အရှေ့သိမ်တွင် ၁၅ ရာစု တံသာဝတီခေတ် ထိုင်တော်မူရုပ်ပွား တော်ကြီးတစ်ဆူ၊ အနောက်သိမ်တွင် ရှင်ဥပဂုတ္တ ပလတ်စတာရုပ်တုများ၊ မြောက်ဘက်သိမ်တွင် ခေတ်လက်ရာ ရုပ်ပွားတော်တစ်ဆူ၊ တောင်ဘက်သိမ် တွင် နောက်ခံပန်းချီကားချပ်ကြီးနှင့် ပွင့်တော်မူကုန်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ မြတ်စွာ ဘုရားလေးဆူပဇင်မုဒြာ လူနတ်ပြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော် မူလျက်ရှိသည်ကို ဖူးမြော်ရပါသည်။

သာသနာပြုဆရာတော်ဦးသုမန မတိုင်ခင် မြစ်ကုန်းစေတီတော်ကြီးအား ပြန်လည်ပြုပြင်ခဲ့ကြသော ဆရာတော် များ လက်ထက်အခါက အောင်မြင်ပြီး မြောက်မှုမရှိကြောင်း၊ အောင်မြင်ခါနီး မကြာမတင် ပြိုကျ ပျက်စီးကြောင်း၊ ထီးတော်တင်လျှကီ ထီးပျက်ကျကြောင်း တို့ကို ပြင်းထိန်ရွာမှ ဦးအောင်ကြည်ထိန် က ပြောပြသည်။ ဦးသုမန ကြွရောက် လာပြီးနောက် တောချုံဖုံးလွှမ်းနေသည့် ဘုရားငုတ်တို (ထားဝယ်အခေါ် ဘုံရား ဆောင်းကျိုး) အား ရှင်းလင်း သုတ်သင် ၍ ပြန်လည် တည်ဆောက်သောအခါ အောက်ပစ္စယာအား ဖြိုဖျက်မည်လုပ် စဉ် စေတီဖိနပ်တော်အောက်မှ ထူးဆန်း သော အုသံမြည်ဟည်းသည်ကို ရှင်လူ အများကြားသဖြင့် ဆက်မဖြိုရဲတော့ဘဲ ရပ်တန့်ခဲ့ရသည်ဟု လည်းကောင်း၊ ရှေး လူတို့က စေတီအုတ်မြစ်ချစဉ် အံကာ



ထီးတော်မြတ်တင်လှူ ပူဇော်ခဲ့စဉ်က ဝေယာဉ်ပုံ



ဝေဒီမင်းကြီး ရွှေဟောင်ခဲတော်ဆိုက်ရာစေတီအနီးမှ အင်းကြီး

အကွယ်အတားအဆီးသဘော ယန္တရား တစ်မျိုးမျိုး တပ်ဆင်ထားခဲ့သလော ယူဆဖွယ်ဟု လည်းကောင်း၊ ယခင် ပုံစံ မပျက် ယနေ့တွေ့မြင်ရသော အောက် ပစ္စယာမှာ မူလပစ္စယာဖြစ်သည်ဟု လည်းကောင်း စစ်ပြဇာတိ ဂေါပကဥက္ကဋ္ဌ ဦးလှမောင် (၆၇) နှစ် က မှတ်မှတ်ရရ ပြောဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဦးသုမန ဦးဆောင်၍ အများကောင်းမှုဖြင့် မြစ်ကုန်းစေတီတော် အသစ်တစ်ဖန် ပြန်တည်ထားရာ ၁၃၄၆ မှ ၁၃၅၄ အထိ (၉) နှစ် နီးနီး ကြာခဲ့ပါသည်။ ထီးတော်မြတ်ကို ရထားပျံနှင့်မဟုတ်ဘဲ တစ်မူထူးစွာ လေယာဉ်ပျံနှင့် တင်လှူပူဇော်ကြောင်းသိရ၏။ အပဒါန်ပါဠိတော်၌ ပျက်စီးယိုယွင်းနေသော စေတီပေါင်းများကို ပြုပြင်မွမ်းမံလျှင် ဂုဏ်ကောင်းမှုကုသိုလ်ကံသည် အပါယ်မလားဘဲ လူနတ်စည်းစိမ် အကြိမ်ကြိမ်ခံစားရတတ်ပါသည်။နောက်ဆုံးတွင် ကြီးစားရင်းက ရဟန္တာတောင် ဖြစ်နိုင်ပေသည်ဟုပါရှိပါသည်။ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးလှမောင် (ဥက္ကဋ္ဌ)၊ ဦးအောင်ကြည်ထိန် (အတွင်းရေးမှူး)၊ ဦးစံဝင်း၊ ဦးအောင်မင်း၊ ဦးဝင်းစိုးတို့က တာဝန်ယူထားပါသည်။

❑

လွန်ခဲ့သော (၇) နှစ်တုန်းက မြစ်ကုန်းဘုရား ပူဇနီယတပေါင်းပွဲတော် နောက်ဆုံးည သန်းခေါင်ယံ (၁၂) နာရီခန့်တွင် ဇာတ်ပွဲကစင်ပေါ် မျက်စိလည် လမ်းမှားပျံသန်းလာသော ဒေါင်းငှက် တစ်ကောင် ရုတ်တရက်ကျလာသည်နှင့် ဖမ်းပြီး ဘုန်းကြီးကျောင်းဆောင်၌ထည့်ထား၏။ ပွဲခင်းတစ်ခုလုံး အံ့ဩသင့်ကာ သူသူငါငါ ဒေါင်းငှက်အားတိုးဝှေ့ကြည့်ရှုကြသည်။ စစ်ပြေးရွာသား ဦးဘသစ်ဆိုသူက အားလုံးမြင်သာအောင် တံခါးကို အားကုန်တွန်းဖွင့်လိုက်စဉ် တစ်ရှိန်ထိုး ပျံထွက်သွားလေ၏။ ဇာတ်ပွဲပို့ရန် နွားလှည်းနှင့် ပြန်ရောက်လာသော ဦးလှမောင်တစ်ယောက် ဒေါင်းလွတ် ထွက်သွားသောကြောင့် စိတ်ဆိုးရခက်၊ ဒေါသထွက်ရခက်ဖြစ်သည်ဟူ၏။

ထိုနှစ်လောက်တွင်ပင် ည(၉)နာရီ အချိန် စေတီမတော်အပေါ် တည့်တည့် ကောင်းကင်ယံ၌ တောက်ပသော မီးလုံးကြီးတစ်လုံးမွှေ့လည်လျက် ရုတ်ခြည်းကြီးစဉ်ငယ်လိုက် မီးတွဲအဖြစ် ပြောင်းသွားကာ ခန့်မှန်းအနောက် တောင်ဘက် (လက်ခတ်တောင်ဘုရား) သို့ ဦးတည်ရွေ့လျားသွားသည်ကို လယ်တဲမှပြန်လာသော ဦးအောင်ကြည်ထိန် မြင်လိုက်ရ၏။ ဖြစ်စဉ်မှာ မြန်ဆန်လွန်းသဖြင့် ဧကြောင်မှင်တက်မိနေကြောင်း ခပ်ရှက်ရှက်နှင့် ဝန်ခံပါသည်။

တစ်ခါက ဘုရားငုတ်တို ဌာပနာ ဖောက်ထွင်းမည့်သူများ၏အန္တရာယ်မှ ဘုရားတန်ခိုးတော်ကြောင့် သီသီလေး လွတ်ကင်းခဲ့ဖူးပါသည်။ မှောင်မည်းမည်း ညကြီးမင်းကြီး ဘုရားငုတ်တိုဆီမှ ကူသံ၊ ခေါ်သံ၊ အော်သံဆူဆူညံ ကွဲကွဲပြားပြား ကြားရသဖြင့် အနီးအနားလယ်တဲနေသူများ ဓာတ်မီးဝိုင်းထွန်းကြ၍ မသမာသူတို့ ကိုယ်လွတ်ရုန်း ထွက်ပြေးသွားကြပြီး ဖောက်ထွင်းအသုံးပြုမည့် သံတူးရွင်း၊ ပေါက်တူး၊ ပေါက်ချွန်း၊ ဂေါ်ပြားများ ကျန်ရစ်၏။ စေတီအသစ်တည်နေဆဲ ဌာပနာများပူဇော်ထားစဉ် အမည်၊ နေရပ်မသိ ချောမောလှပသည့် အမျိုးသမီးတစ်ယောက် လာရောက် လှူဒါန်းသွားသော ထူးထူးခြားခြား ပြဒါးလုံး တစ်လုံးကို ဗိုလ်ဟန်ကျော် ဆိုသူ အမွေတောင်းယူသွားပြီး ထားဝယ်သို့ကူးရန် မင်းရပ်ကူးတို့ဆိပ်မရောက်ခင် လမ်းတစ်ဝက်၌ မိုင်းထိသေဆုံးသွားကြောင်း၊ နှစ် (၃၀) ခန့် ကြာခဲ့ပြီဖြစ်သော်လည်း ရံခါ စေတီပရိဝုဏ်အတွင်း ရဲဘော်များ သဏ္ဌာန်အရိပ်အယောင်ကို ယခုအထိ မြင်သူကမြင်ရသေးသည်ဟုပြောကြောင်း ဥက္ကဋ္ဌဦးလှမောင်က သူ့အတွေ့အကြုံများကို တွေးတွေးဆဆဆိုပါသည်။

စေတီတော်နှင့်ကပ်၍ မေတ္တာပါရမီမွေ့သုခဘုန်းကြီးကျောင်းရှိသည်။ ကညွှံကျွန်းဇာတိ ကျောင်းထိုင် ဦးပညာနန္ဒ (သက်တော်-၃၆နှစ်၊ ဝါတော်-၁၆ ဝါ) ဦးပဥ္စင်းနှစ်ပါး၊ ကိုရင်ကြီးတစ်ပါး သီတင်းသုံးလျက်ရှိသည်။ လောလောဆယ် ဓမ္မာရုံအသစ်ဆောက်လုပ်နေ၏။ ရွှေဂူတောင်ဆရာတော် ဦးသုမန သီတင်းသုံးသော အုတ်ကျောင်းငယ်ရှိသည်။ ရှားရှားပါးပါး လင်းလွန်းပင်ကြီး တစ်ပင်ကိုလိုက်ပြသော ဦးအောင်ကြည်ထိန်အား ကျေးဇူးတင်ရသည်။ တစ်ချိန်က ဤနေရာသည် လူတိုးမပေါက် တောချုံထူထပ်ခြင်း၊ အဆိပ်ရှိမြွေပါး တင်းပါးပေါ်များခြင်း၊ ဓားပြလူဆိုးများ ခိုအောင်းခြင်း၊ လူသွားလူလာမရှိခြင်းတို့ကြောင့် မြစ်ကုန်းစေတီတော် နှစ်အတန်ကြာ တိမ်ကောသွားပေသည်။

စာရေးဆရာကြီး ရွှေဝယ်၏ ထားဝယ်ရာဇဝင်သမိုင်းစာအုပ်တွင်ပါ မောင်ဗအဲနတ်ကွန်းကို တွေ့ရ၏။ အခါတစ်ပါး ဝေဒီမင်းကြီး ဗလဒေဝ စောရန်နိုင်သည် သက်တော်စောင့် အမှုထမ်း မောင်ဗအဲ၏ဇနီး စောပညာကို တပ်မက်နှစ်သက်ရကား မောင်ဗအဲအား တိတ်တဆိတ်လုပ်ကြံရန် စိတ်ကူးပေါ်သည်နှင့် အခြွေအရံမပါ နှစ်ဦးတည်း တောထဲသို့ ကြက်တည်သွားကြသည်။ တောအုပ်အတွင်းရောက်သော် အကြံသမားမင်းကြီးက ရေကြည်တော်အရှာ ခိုင်းသဖြင့် မောင်ဗအဲသည် ရေတွင်း၌ ဒူးထောက်ကာ ရေခပ်နေခိုက် နောက်မှ မင်းကြီး တွန်းချ၍ သေဆုံးလေသည်။ နောက်တစ်နေ့ ညီလာခံကျင်းပချိန် မောင်းမတစ်ဦးထံ အစိမ်းသေ မောင်ဗအဲ ဝင်ပူးပြီး ရေတွင်းထဲတွန်းချ၍ အဆုံးစီရင်ခံရသည့်အတွက် နက်ကွန်းပေးရန်၊ ကြက်အရှင်နှင့် ပ,သတင်မြှောက်ရန် လျှောက်ထားသဖြင့် မင်းကြီးလည်း ရှက်ရမ်းကာ ဝေဒီအုတ်မြို့ရိုးအပြင်ဘက် တစ်နေရာတွင် မောင်ဗအဲနတ်ကွန်း ဆောက်လုပ်ပေးကြောင်း ဖတ်ရှုရပါသည်။

မြစ်ကုန်းစေတီအနီး အင်းကြီး တစ်အင်း ယခုတိုင်တွေ့ရသေးသည်။ ဝေဒီမင်းကြီးသည် ဘုရားတည်ရာသို့ ရွှေဖောင်တော်နှင့်ကြွရန် တူးမြောင်း ဖောက်တော်မူရာ တစ်အိမ်ထောင်လျှင် ရေထွက်သည်အထိ လက်တစ်ကွင်းစာ တူးဖော်ပေးရသည်ဟု အဆိုရှိ၏။ တူးမြောင်းအတိုင်း ရွှေဖောင်တော်နှင့် ဤအင်းကြီးအထိ ကြွလာလေ့ရှိသည်ဟု လူကြီးသူမပြောစကား ကြားဖူးပါသည်။ ယခုအထိ တာရိုးတန်းကြီးရှိသည်ကိုလည်း မျက်မြင်ဖြစ်၏။ ဘုရားသာသနာ့မြေ (၁၅)ဧကကျော်ကျယ်ဝန်းရာ ထိုခေတ်က သံယာတော်များ ဝေဒီမြို့သို့ ဆွမ်းခံကြွသည့် အုတ်လမ်းကြီး အစွန်းအစတို့ကို အချို့နေရာများတွင် ပြောက်တိပြောက်ကျား တွေ့မြင်နိုင်ပါသည်။

တပေါင်းနေမှာ ချစ်ချစ်တောက်ပူပြင်းလှ၏။ ရိုးပြတ်လယ်ကွင်းအတွင်း တံလျှပ်လက်လက်ထနေသည်။

နွေလေပြည်တစ်ချက် သုတ်ခနဲ ဝှေ့ယမ်းသွား၍ ရွက်ဝါတို့ ရှဲခနဲအသံပြုကာ တဖြောက်ဖြောက်ခုန်ပေါက်သက်ဆင်းလာ၏။

အင်းစပ်မှ ရွှေဘုတ်အီသံက နှေးလိုက်၊ မြန်လိုက်။

လာလမ်းသို့ ရှေးရှုထွက်ခွာစဉ် သမင်လည်ပြန်လှည့်ကြည့်တော့။

မြစ်ကုန်းရှေးဟောင်းစေတီတော် ကြီးထီးထီးစံနေမြဲ။

မောင်စိမ်းထွေး(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

### ◻ အောင်မြင်ချင်ရင်

အောင်မြင်ချင်တဲ့သူက အောင်မြင်နေသူကိုအားကျအတုယူရမယ်။ မုဒိတာ ပွားဝမ်းမြောက်ရမယ်။ မနာလိုစိတ်မဖြစ်ရဘူး။ သူ့ထံကနည်းခံရမယ်။ သူ့အောင်မြင်မှုကို အသိအမှတ်ပြုရမယ်။ သူများထက်သာတဲ့ဇွဲရှိရမယ်။ ဘယ်လိုအခက်အခဲနဲ့တွေ့တွေ့ နောက်မတွန့်ရဘူး။ ရှေ့သားမှုရှိရမယ်။

### ◻ စွယ်စုံလိုချင်စွယ်စုံလုပ်

ရုပ်ပိုင်းဆိုင်ရာ ကြီးပွားခြင်းရဲ့အကြောင်းက ပေးလှူခြင်း။

အသက်ရှည်ကျန်းမာခြင်းရဲ့အကြောင်းက ကိုယ်နဲ့နှုတ်ကို အကုသိုလ်မဖြစ်အောင် စောင့်ထိန်းခြင်း။

စိတ်ပိုင်းဆိုင်ရာ သာယာငြိမ်းချမ်းခြင်းရဲ့အကြောင်းက အာရုံကောင်းမှာ စိတ်တည်ငြိမ်အောင် ကြိုးစားခြင်း။

ချမ်းသာစစ်နဲ့တွေ့ရှိရန်အကြောင်းက ရုပ်၊ စိတ်၊ ဝေဒနာတို့ရဲ့အရှိသဘောကို လေ့လာရှုမြင်ခြင်း။

အစုံအကျိုးပေးချင်ရင် အစုံလုပ်ပါ။ တစ်ခုတည်း အကျိုးပေးချင်ရင် တစ်ခုကိုပဲလုပ်ပါ။

### ◻ ဆက်လုပ်ပါ

ဖြစ်ချင်တာ ဖြစ်မလာတဲ့အခါ စိတ်ဓာတ်ကျ ငေးမှိုင်အရှုံးမပေးဘဲ ဖြစ်နိုင်တာ၊ ဖြစ်သင့်တာကို စိတ်ရှည်ရှည်ဇွဲရှိရှိနဲ့ ဆက်လုပ်ပါ။

### ◻ အောင်မြင်ခြင်းနဲ့ကျရှုံးခြင်း


ဘဝမှာ နေ့စဉ်အဆင်ပြေတဲ့နေ့ရှိသလို အဆင်မပြေတဲ့နေ့လည်းရှိတယ်။ လူတိုင်းတွေ့ကြုံနေကျသဘာဝပဲလေ။

အဆင်ပြေခြင်းကြောင့်လည်းပဲ လွန်ကဲတဲ့စိတ်တက်ကြွမှုမျိုးမဖြစ်သင့်ပါ။ ကျရှုံးခြင်းဆိုတာ မထင်မှတ်တဲ့အချိန် ရောက်လာတတ်တယ်။

အဆင်မပြေမှုတွေကြောင့်လည်း ဝမ်းနည်း အားငယ် စိတ်ဓာတ်မကျနဲ့။ မမျှော်လင့်တဲ့အချိန်က အောင်မြင်မှုတွေ ရောက်လာတတ်တယ်။

### ◻ ကြံ့ခိုင်မှု

ကြီးမားတဲ့ကျောက်တောင်ကြီးကို လေရိုင်းရေလှိုင်းတွေက အလွယ်တကူပြိုလဲသွားအောင် မတိုက်နိုင်ပါဘူး။




www.burmeseclassic.com

www.burmeseclassic.com

ဝင်လေ၊ထွက်လေအပေါ်မှာ စိတ်တည်ငြိမ်အောင် အမြဲလေ့ကျင့်နေသူရဲ့ စိတ်ကို လောကဓံတွေက အလွယ်တကူ ပြိုလဲသွားအောင် မတိုက်နိုင်ပါဘူး။

□ သတိကုသိုလ်

ကုသိုလ်တကာ ကုသိုလ်တွေထဲမှာ သတိနဲ့နေတဲ့ကုသိုလ်က ကုသိုလ်အရအများဆုံးဖြစ်ပါတယ်။

အခြားကုသိုလ်တွေက သိသာထင်ရှားပေမယ့် သတိကုသိုလ်က မသိသာမထင်ရှားပါဘူး။ မသိသာမထင်ရှားတော့ ပြုရကောင်းမှန်းမသိဖြစ်နေကြတယ်။

ကိုယ်မှာ စိတ်မှာ ဝေဒနာမှာ ထင်ရှားဖြစ်နေတာကို ဖြစ်နေတဲ့အတိုင်း ငါဆိုတဲ့အတ္တမရောမစွက်ဘဲစောင့်ကြည့်နေတာဟာ သတိကုသိုလ်အရယူနေတာပါ။

□ မနက်ဖြန်

ဒီနေ့ မင်းအတွက် အခွင့်အလမ်းတွေ လက်လွတ်သွားပေမယ့် မနက်ဖြန်မှာ မင်းအတွက် အခွင့်အလမ်းတွေ ထွက်လာဦးမှာပါ။ ဒါကြောင့် မင်းမှာ ပြန်လည်မျှော်လင့်ဖို့ မနက်ဖြန်များစွာရှိပါသေးတယ်။

□ ရောက်မှုနဲ့ရမှု

ဆုတောင်းပြီးမရောက်သေးတာက နိဗ္ဗာန်။

ဆုမတောင်းဘဲ ဘဝတိုင်းရောက်ခဲ့တာက သုသာန်။

ဘဝတိုင်း လိုချင်တာက ချမ်းသာ၊

ဘဝတိုင်း မလိုချင်ဘဲနဲ့ အမြဲရခဲ့တာက ဆင်းရဲ။

□ အရိပ်

နေပူထဲသွားရင် သင့်နောက်မှာ အရိပ်တစ်ရိပ်လိုက်နေတယ်။

သင်သေသွားရင် သင့်နောက်မှာ အရိပ်နှစ်ရိပ်လိုက်နေတယ်။

ဘာအရိပ်လဲသိလား။

အဖြူရောင် ကုသိုလ်အရိပ်နဲ့ အမည်းရောင် အကုသိုလ်အရိပ်လေ။

□ သင်ဘာနဲ့နေ

သင် ဒါနပြုနေချိန် ဒါနနဲ့နေတယ်လို့ခေါ်တယ်။

သင် သီလစောင့်နေချိန် သီလနဲ့နေတယ်လို့ခေါ်တယ်။

သင် သမထပွားနေချိန် သမထနဲ့နေတယ်လို့ခေါ်တယ်။

သင် ဝိပဿနာပွားနေချိန် ဝိပဿနာနဲ့နေတယ်လို့ ခေါ်တယ်။

အနေကောင်းမှ အသေကောင်းမှာပါ။ အနေတတ်မှ အသေမြတ်မှာပါ။

□ သဒ္ဓါတရား

စားဝတ်နေရေး ပြည့်စုံချင်ရင် ပေးကမ်းလိုတဲ့သဒ္ဓါတရားရှိရမယ်။

ကျန်းမာရေးပြည့်စုံချင်ရင် သီလစောင့်ထိန်းလိုတဲ့ သဒ္ဓါတရားရှိရမယ်။

စိတ်ဓာတ်အဆင့်တန်းမြင့်ချင်ရင် သမထကျင့်ပွားလိုတဲ့ သဒ္ဓါတရားရှိရမယ်။

အသိဉာဏ် ထက်မြက်ချင်ရင် ဝိပဿနာလေ့ကျင့်လိုတဲ့သဒ္ဓါတရားရှိရမယ်။

□ အချစ် အမုန်း

အချစ်ဆုံးဟာ သင့်ကိုယ်သင်ပဲ။

အမုန်းဆုံးဟာ ဝိပဿနာအလုပ်ပဲ။

အချစ်ဆုံးကိုမုန်းစေဖို့ အမုန်းဆုံးဖြစ်တဲ့ ဝိပဿနာအလုပ်ကို မလုပ်မဖြစ်လုပ်ဖြစ်အောင်လုပ်ပါ။ ဒါမှ ချမ်းသာစစ်နဲ့ တွေ့မှာနော်။

□ ယာဉ်

ဒါနသီလက နတ်ပြည်၊ လူပြည်သို့ပို့ပေးမယ့်ယာဉ်နဲ့တူတယ်။

သမထက ဗြဟ္မာ့ပြည်သို့ပို့ပေးမယ့်ယာဉ်နဲ့တူတယ်။

ဝိပဿနာက နိဗ္ဗာန်သို့ပို့ပေးမယ့်ယာဉ်နဲ့တူတယ်။

အကုသိုလ်က အပါယ်လေးဘုံကို ပို့ပေးမယ့် ယာဉ်နဲ့တူတယ်။

□ သူငယ်ချင်းသုံးယောက်


ငါ့မှာ အရင်းနှီးဆုံးသူငယ်ချင်းသုံးယောက်ရှိတယ်။ သူတို့က အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်။

အတိတ်က ငါ့ကို ဘဝသင်ခန်းစာတွေပေးတယ်။ ပစ္စုပ္ပန်က ငါ့ကိုလုပ်ပိုင်ခွင့်တွေပေးတယ်။ အနာဂတ်က ငါ့ကို မျှော်လင့်ချက်တွေပေးတယ်။

□ ငြီးငွေ့စိတ်ပြေနည်း

ကောင်းတာတွေလုပ်နေတဲ့ကြားထဲက ငြီးငွေ့တဲ့စိတ်၊ မလုပ်ချင်တဲ့စိတ်တွေ ဖြစ်လာတတ်တယ်။

ဒီအခါ အလုပ်ကိုဆက်မလုပ်တော့ဘဲ အာရုံပြောင်း စိတ်ပြောင်းပေးတဲ့အနေနဲ့ သက်သောင့်သက်သာလှဲလျောင်းပြီး ဝင်လေ၊ ထွက်လေကို



မှန်မှန်လေး ရှုသွင်း၊ ရှူထုတ်လုပ်ပေးလိုက်ပါ။ စိတ်ပြေလက်ပျောက် လမ်းလျှောက်ပေးလိုက်ပါ။ သဘာဝရှုခင်းလေးတွေကို ကြည့်ရှုပေးလိုက်ပါ။ ငှက်ကလေးတွေ တေးသီကျူးနေတာကို နားထောင်ပေးလိုက်ပါ။ တစ်နေရာရာမှာ အမှိုက်တွေလှည်းရှင်းပေးလိုက်ပါ။

ငြီးငွေ့တဲ့စိတ် မလုပ်ချင်တဲ့စိတ် ပြေသွားရင် မူလကောင်းတဲ့အလုပ်ကို ဆက်လုပ်ပါ။

□ ရုန်းထွက်ကြ

သံသရာ လောကနဲ့တူတဲ့ မြစ်ပင်လယ်ထဲမှာ လှေနဲ့တူတဲ့ တို့လူသားတွေကို လောကဓံနဲ့တူတဲ့ ရေလှိုင်း၊ လေရိုင်းတွေက နေ့စဉ်ပုတ်ခတ်ရိုက်ပုတ်နေပါတယ်။

သတိနဲ့တူတဲ့ပဲ့၊ ဝီရိယနဲ့တူတဲ့စက်၊ ပညာနဲ့တူတဲ့လက်နဲ့ ငြိမ်းအေးချမ်းသာနဲ့တူတဲ့ ကုန်းမြေပေါ်သို့ အရောက်လှမ်းတက်နိုင်အောင် ကြိုးစားကြပါစို့။

□ မေ့ဆေး

ဒေါသဖြစ်ရင် ကိုယ်ပဲ ပထမဆုံးခံရတယ်။

သူက ကိုယ့်အပေါ် တစ်ခါလေး အလိုကျအောင် ဖြည့်ဆည်းမပေးတာနဲ့ သူ့ကိုမကျေမနပ်ဖြစ်သွားခဲ့တယ်။

တစ်ချိန်တုန်းက ကိုယ့်အပေါ် သူကောင်းခဲ့တာတွေ ကိုယ်မေ့သွားခဲ့တယ်။

ဆိုးကွက်ကိုမေ့လိုက်ပြီး သူ့ကောင်းကွက်ကို ကိုယ်အမှတ်ရလိုက်တဲ့ အချိန် ကိုယ့်ရဲ့မကျေနပ်ချက်ဟာ ပြေသွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

**□ တွန်းအား**

ဗုဒ္ဓဘုရားဟာ အခက်အခဲပေါင်း များစွာကို ကျော်ဖြတ်ပြီးမှ ဘုရားဖြစ်လာခဲ့တာပါ။

သင့်မှာလည်း အခက်အခဲတွေ အဟန့်အတားတွေရှိနေမှာပဲ။ အဲဒီ အခက်အခဲတွေ၊ အဟန့်အတားတွေကို သင့်ဘဝအောင်မြင်ရေးအတွက် တွန်းအားပေးတဲ့အရာတွေလို့ မှတ်ယူလိုက်ပါ။

ဒါဆိုရင် သင်ကြုံတွေ့နေတဲ့ အခက်အခဲတွေ၊ အဟန့်အတားတွေကြောင့် စိတ်ဆိုးစိတ်ပျက်စိတ်အားငယ် စိတ်ဓာတ်ကျတာတွေဖြစ်မှာမဟုတ်တော့ပါဘူးလေ။

**□ အထင်မသေးနဲ့**

ဒီလူတော့ တစ်သက်လုံးကောင်းတော့မှာမဟုတ်တော့ပါဘူးလို့ လျှော့ခါးထစ် မကောင်းမြင်စိတ်နဲ့ မမှတ်လိုက်ပါနဲ့။

အဲဒီလူဟာ စာတစ်စု၊ စကားတစ်လုံး၊ အတွေးတစ်ခု၊ အမြင်တစ်မျိုး ဘဝအချိုးအကွေ့တစ်ခုကြောင့် အမှတ်မထင် ကောင်းတဲ့ဘဝသို့ပြောင်းလဲသွားနိုင်တယ်ဆိုတာ သတိပြုပါ။

**□ မစွန့်နဲ့**

တစ်ခုခုကို လိုချင်ရင် တစ်ခုခုကို စွန့်ရမယ်တဲ့။

မဟာတ်သာလို့ စွန့်ဖို့အရေး ရွေးချယ်တဲ့အခါ ကိုယ်ကျင့်တရားနဲ့ စိတ်ထားကောင်းကို ဘယ်တော့မှ မစွန့်မိပါစေနဲ့။

**□ ပျက် ကျက်စား မလေ့လာရင်**

ကိုယ်ကျင့်တရားပျက်ရင် ဥစ္စာပစ္စည်း၊ ကျန်းမာခြင်း၊ သူငယ်ချင်း၊ အများရဲ့ယုံကြည်လေးစားမှု၊ တန်ဖိုးထားမှု၊ စံနမူနာထားမှုတွေ ဆုံးရှုံးမယ်။

ကြုံသရွေ့ အာရုံတိုင်းကို ကျက်စားနေရင် စိတ်ချမ်းသာခြင်း၊ စိတ်ကြည်လင်ခြင်း၊ စိတ်အေးချမ်းခြင်း၊ စိတ်လှပခြင်းတွေ ဆုံးရှုံးမယ်။

ကိုယ့်အကြောင်းကို မလေ့လာရင် အမှန်တရားကိုသိဖို့၊ သဘာဝကို သိဖို့၊ အရှိတရားကိုသိဖို့ ချမ်းသာစစ်ကို ရရှိဖို့ ဝေးသွားပြီ။

**□ အမှား**

အမှားဆိုတာ လူတိုင်းနဲ့ကင်းလို့ မရတဲ့အရာပါ။ အဲဒီအမှားကိုအကြောင်းပြုပြီး နောက်ထပ်မမှားအောင် သတိ၊ ဝီရိယ၊ ပညာတွေအားကောင်းအောင် ကြိုးစားရမယ်။

သူ့အမှား၊ ကိုယ့်အမှားတွေကနေ ကိုယ့်ဘဝအောင်မြင်အောင်၊ အကျိုးရှိအောင် ထုတ်ယူတတ်ရမယ်။ ဒါမှ မှားရကျိုးနပ်မယ်။

**□ ဂုဏ်**

ဂုဏ်နှစ်မျိုးရှိတယ်။ ကောင်းတဲ့ဂုဏ်နဲ့ ဆိုးတဲ့ဂုဏ်။ ကောင်းတဲ့ဂုဏ်က ရဖို့ခက်တယ်။ ဆိုးတဲ့ဂုဏ်က ရဖို့လွယ်ပါတယ်။

ကောင်းဂုဏ်က ရေရှည်တည်တံ့အောင်ထိန်းရတာ မလွယ်ဘူး။ ဆိုးဂုဏ်က ရေရှည်တည်တံ့အောင်ထိန်းရတာ လွယ်ပါတယ်။

ကောင်းဂုဏ်ရှိသူကို လူတွေက လေးစားကြတယ်။ ချစ်ခင်ကြတယ်။ တန်ဖိုးထားကြတယ်။ စံပြထားကြတယ်။ မြတ်နိုးကြတယ်။

ဆိုးဂုဏ်ရှိသူကိုကျတော့ လူတွေက မလေးစားကြဘူး။ မုန်းကြတယ်။ တန်ဖိုးမဲ့အဖြစ် သတ်မှတ်ကြတယ်။ အတုယူဖို့ စံပြမထားကြဘူး။ မြတ်နိုးခြင်း မရှိကြဘူး။

**□ အထင်**

ကိုယ့်ကိုယ်ကိုယ် အထင်သေးရင် သူတစ်ပါးကို အထင်ကြီးတတ်တယ်။

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးရင် သူတစ်ပါးကို အထင်သေးတတ်တယ်။

သူတစ်ပါးကိုအထင်ကြီးလွန်းရင် ကိုယ့်အရည်အချင်းတွေ ငုပ်နေတတ်တယ်။

သူတစ်ပါးကို အထင်သေးလွန်းရင် သူ့အရည်အချင်းက ကိုယ့်ကိုကောင်းကျိုးမပြုတော့ဘူး။

**□ သတိအစွမ်း**

အမှတ်တမဲ့နေရင် စိတ်ကလေးဟာ မကောင်းတဲ့ဘက်မှာ ဦးလှည့်သွားတယ်။ ဒီအခါ ကောင်းတဲ့အာရုံပြန်ရောက်အောင်ဆွဲရတာ ခက်တယ်။

သတိနဲ့နေရင် စိတ်ကလေးဟာ မကောင်းတဲ့ဘက်ကို ဦးလှည့်သွားတဲ့အခါ ကောင်းတဲ့ဘက်ရောက်အောင်ပြန်ဆွဲရတာ လွယ်ပါတယ်။

**□ ကောင်းကြောင်းပြောသူ**

ပညာရှိ သူတော်ကောင်းတွေဟာ သူတစ်ပါးအကြောင်းပြောတော့မယ်ဆိုရင် ဆိုးကြောင်းကိုမပြောဘူး။ ကောင်းကြောင်းကိုပဲ ပြောကြတယ်။

မတတ်သာလို့ သူတစ်ပါးရဲ့ ဆိုးကြောင်းကို ပြောတော့မယ်ဆိုရင် ထိခိုက်နစ်နာအောင် စကားလုံးကြမ်းကြမ်းနဲ့ တိုက်ရိုက်မပြောဘူး။ သွယ်ဝိုက်ပြီး ယဉ်ကျေးတဲ့စကားလုံးတွေနဲ့ ပြောကြတယ်။

**□ ရွေးပြောပါ**

လူတိုင်းမှာ ကောင်းတာတွေရှိသလို ဆိုးတာတွေလည်းရှိတယ်။

ကောင်းတာတွေကျတော့ ပြောစေချင်ပြီး ဆိုးတာတွေကျတော့ မပြောစေချင်ဘူး။

ကိုယ့်အကြောင်းကို လူတွေက ကောင်းကြောင်းပဲပြောစေချင်ရင် သင်ကလည်း လူတွေအကြောင်းပြောတဲ့အခါ ကောင်းကြောင်းပဲ ရွေးပြောပါ။

ကိုယ့်စေတနာအတိုင်း ကိုယ်ပြောစေချင်သလိုပြောလာပါတယ်။

**□ မစွန့်နဲ့**

အဆွယ်ကောင်းလို့ မသွားသင့်တဲ့ နေရာရောက်ခဲ့လို့ရှိရင် ကိုယ့်ရဲ့အကျင့်ကောင်း စိတ်ကောင်းလေးတွေကို မစွန့်ပစ်မိပါစေနဲ့။ သတိပြုပါလေ။

**□ ကွာဟချက်**

အရွယ်၊ နေရာ၊ အကျင့်၊ ဗဟုသုတ၊ အရည်အချင်း၊ ကိုယ်ရည်ကိုယ်သွေးဒါတွေကြောင့် တစ်ဦးနဲ့ တစ်ဦး အသိတရားတွေကွာဟနေကြတာပါ။

ကွာဟနေတဲ့ အသိဓာရားတွေကို နားလည်ကြပြီး သူ့အမှားကို ကိုယ်က ခွင့်လွှတ်၊ ကိုယ့်အမှားကို သူကခွင့်လွှတ်အောင် ရှင်းပြပေးလိုက်ပါ။

**□ နှုတ်ဆိုးသူ**

သူက ငါ့အတွက် ကောင်းကျိုးပြုတယ်။ အဲဒီအထဲမှာ မကျေနပ်စရာလေးတစ်ခု ပါလာတယ်။ ငါ စိတ်မဆိုးပါဘူး။ နှုတ်ကထုတ်ပြောမိလို့ နှုတ်ဆိုးသူဖြစ်သွားခဲ့တယ်။

**□ ခရီးသွားဖော်**

သေမင်းနိုင်ငံ ခရီးသွားဖော် အချင်းချင်း ရန်ဖြစ်မနေကြပါနဲ့။ မနာလိုစိတ်မဖြစ်ကြပါနဲ့။ ရိုင်းပင်းကူညီကြပါ။ မေတ္တာထားကြပါ။ ဖေးမစောင့်ရှောက်ကြပါ။ သနားညှာတာကြပါ။ လက်တွဲခေါ်ယူကြပါ။



www.burmeseclassic.com

www.burmeseclassic.com

▫ အငှားခန္ဓာ

ရုပ်နဲ့ခန္ဓာပေါင်းစပ်ထားတဲ့ ဒီခန္ဓာကိုယ်ကြီးကို သေမင်းထံက ခဏငှားထားတာပါ။

သေမင်းထံ ပြန်မအပ်ရသေးခင်မှာ သူ့အတွက် အသုံးချမှာလား။ ကိုယ့်အတွက် အသုံးချမှာလား။ အများအတွက် အသုံးချမှာလား။ စဉ်းစားသင့်တယ်။

▫ ကိုယ်ချင်းစာစိတ်

ကိုယ်က သူ့ကိုစိတ်ဆင်းရဲအောင်လုပ်ခဲ့တုန်းက သူဘယ်လိုခံစားရမလဲဆိုတာ ကိုယ်နားမလည်ခဲ့ဘူး။ မတွေးခဲ့ဘူး။

ကိုယ့်ကို သူတစ်ပါးက စိတ်ဆင်းရဲအောင်လုပ်ခါကျမှ ကိုယ်ခံစားရသလို သူလည်း ဒီလိုခံစားရမှာပဲလို့ တွေးမိ စာနာနားလည် ကိုယ်ချင်းစာမိတယ်။ ခွင့်လွှတ်နိုင်ခဲ့တယ်။

▫ ဝေဖန်ခြင်း

သူတစ်ပါးက ဝေဖန်ရင် စိတ်ဆိုးတဲ့သူဟာ ကိုယ့်အမှားကိုပြင်ဖို့ အဆင်သင့်မရှိဘူး။

သူတစ်ပါးကဝေဖန်ရင် စိတ်မဆိုးတဲ့သူဟာ ကိုယ့်အမှားကိုပြင်ဖို့ အဆင်သင့်ရှိတယ်။

▫ နေ့စဉ်ပြု

လူတိုင်းဟာ နေ့စဉ် ကောင်းကျိုးပေးတာကိုလိုချင်ကြတယ်။

နေ့စဉ် ကောင်းကျိုးပေးတာကိုလိုချင်ရင် နေ့စဉ်ကုသိုလ်ကောင်းမှုကို မပြတ်ပြုပါ။ ပျင်းလည်းပြု၊ ပျော်လည်းပြုပါ။

▫ ကျေးဇူး

ဘယ်နေရာပဲရောက်နေရောက်နေ ဇာတိမြေရဲ့ကျေးဇူးကို အမှတ်ရနေရမယ်။ တတ်နိုင်ရင် ကျေးဇူးဆပ်ရမယ်။


▫ မွေးနေ့

မွေးနေ့ဆိုပြီး ကျင်းပနေကြတယ်။

အဲဒီမွေးနေ့ဆိုတာ ဖြစ်ပေါ်လာစေတဲ့ အဖေနဲ့ အမေကို သတိရရဲ့လား။ ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်ရဲ့လား။ ရည်စူးကုသိုလ်ပြုဖြစ်ရဲ့လား။ကန်တော့ဖြစ်ရဲ့လား။ ပြန်စဉ်းစားကြည့်ပါ။

▫ မလုံခြုံတဲ့စိတ်နဲ့လုံခြုံတဲ့စိတ်

မကောင်းတာလုပ်နေချိန်မှာ စိတ်ဟာ မလုံခြုံဘူး။ ငါ့ကို ဘယ်သူကများ



ကြည့်နေသလဲဆိုတဲ့ သံသယအကြည့်တွေနဲ့ ပတ်ဝန်းကျင်ကို မကြာခဏ ငဲ့စောင်းကြည့်မိတတ်တယ်။

ကောင်းတာလုပ်နေချိန်မှာ စိတ်လုံခြုံတဲ့အတွက် ဘယ်သူ့ကိုမှဂရုမထားမိဘူး။ ကိုယ့်အလုပ်ကိုပဲအာရုံစိုက်ပြီး လုပ်နေတတ်တယ်။

▫ ကိုယ်နဲ့နှိုင်းမရိုင်းပါနဲ့

ကိုယ်မဟုတ်တာလုပ်တိုင်း သူတို့လည်း ငါ့လိုပဲလုပ်မှာပါ။ ဒီလိုတွေးရင် မှားတတ်တယ်။

ကိုယ်မမှန်တာပြောတိုင်း သူတို့လည်း ငါ့လိုပဲပြောမှာပါ။ ဒီလိုတွေးရင် မှားတတ်တယ်။

ကိုယ်မကောင်းတာကြံတိုင်း သူတို့လည်း ငါ့လိုပဲကြံမှာပါ။ ဒီလိုတွေးရင် မှားတတ်တယ်။

▫ ကုသိုလ်နဲ့ပျားရည်

ပျားရည်ဆိုတာ ချိုတယ်၊ ဆေးဖက်ဝင်တယ်။ ဒါပေမယ့် ခွေးကမကြိုက်ဘူး။

ပျားရည်က မကောင်းလို့မဟုတ်ဘူး။ ပျားရည်ရဲ့အရသာကို ခွေးကသိမှမသိတာ။

ကုသိုလ်ဆိုတာ ကောင်းကျိုးပေးတယ်၊ အပြစ်ကင်းတယ်။ ဒါပေမယ့် လူမိုက်ကမကြိုက်ဘူး။

ကုသိုလ်က မကောင်းလို့မဟုတ်ဘူး။ ကုသိုလ်ရဲ့အရသာကို လူမိုက်က သိမှမသိတာ။

▫ ဘဝလမ်း

မပေါင်းသင့်တဲ့လူကို မပေါင်းနဲ့။ ပေါင်းရင် သင့်ဘဝပျက်စီးလိမ့်မယ်။

မနေသင့်တဲ့အရပ်မှာ မနေနဲ့။ နေရင် သင့်ဘဝတက်လမ်းတွေ ဆုတ်ယုတ်လိမ့်မယ်။

မကျင့်သင့်တဲ့အကျင့်ကို မကျင့်နဲ့။ ကျင့်ရင် သင့်ဘဝ နစ်မွန်းလိမ့်မယ်။

ဘဝလမ်းလေးဖြောင့်စေဖို့ သတိပေးတဲ့သဘောပါ။

▫ နေရာ

နေရာတွေလုနေကြတယ်။ သူ့နေရာ ငါ့နေရာ ငါ့နေရာ သူ့နေရာနဲ့။

သူ့နေရာ ငါ့ထက်သာရင် မကြည်ရွှင်။ ငါ့နေရာက သူ့ထက်နိမ့်ရင် အားငယ်ချင်။

ဘဝမှာ ကိုယ်နေခဲ့တဲ့နေရာတွေ များလှပါပြီ။ ဘယ်နေရာများ အတည်တကျရှိခဲ့လို့လဲ။

ကံ၊ ဉာဏ်၊ ဝီရိယကပေးတဲ့နေရာမှာ နေသောအောင်အဖြေရှာပြီးနေနိုင်ဖို့ပဲလိုပါတယ်။

▫ မားစကား၊ ပန်းစကား

လူမိုက်တွေဟာ စကားပြောတဲ့အခါ တစ်ဖက်သားကို ထိခိုက်ပုတ်ခတ်ပြီး ပြောတတ်ကြတယ်။ ဒါက သူတို့ရဲ့ စရိုက်ဝါသနာဖြစ်တယ်။

လူလိမ္မာတွေကတော့ စကားပြောတဲ့အခါ သူ့မထိခိုက်ကိုယ့်မထိခိုက်အောင်ပြောတတ်ကြတယ်။ ဒါက သူတို့ရဲ့ သဘာဝဗီဇဖြစ်တယ်။

မားစကားကိုရှောင်၊ ပန်းစကားကို ဆောင်နိုင်ကြပါစေ။

▫ ကျီးအာသီးလိုလူ၊ ပိန္နဲသီးလိုလူ

ကျီးအာသီးဟာ အပြင်ကလှပပေမယ့် အတွင်းကတော့ အစေ့နက်တွေနဲ့ မလှပပါ။

ပိန္နဲသီးကတော့ အပြင်က မလှပပေမယ့် အတွင်းကတော့ အဝါရောင်အစေ့တွေနဲ့ လှပပါတယ်။

လူအချို့ဟာ ရုပ်လှပေမယ့် စိတ်မလှကြပါ။ ကျီးအာသီးလိုလူမျိုးပေါ့။

လူအချို့ဟာ ရုပ်မလှပေမယ့် စိတ်လှကြတယ်။ ပိန္နဲသီးလိုလူမျိုးပေါ့။

သင်ကကော ဘယ်အသီးလို လူမျိုးလဲ။

*Face book ပေါ်မှာရေးခဲ့တဲ့ စာစုများကို ပြန်လည်ကူးယူ ဖော်ပြပေးပါတယ်။*

အရှင်ဣန္ဒဝံသ



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)


၂၁-၁၂-၂၀၁၅ ရက်နေ့ နံနက် (၁၁) နာရီခန့်တွင် စာရေးသူ နေအိမ်တွင်ရှိနေစဉ် ဘုရားဖူးအဖွဲ့တစ်ဖွဲ့ ရောက်ရှိလာသည်။ စာရေးသူလည်း ဤဆောင်းပါးကို ရေးသားနေသည်ဖြစ်၍ ပုံမှန်နှုတ်ဆက်စကားပြောပြီး သည်နှင့် စာဆက်ရေးနေလိုက်ရာ -

"ဆရာ၊ သမီးတို့ကို မမှတ်မိဘူး ထင်တယ်။ သမီးတို့ ဟုမွလင်းကလေ"

ဟု ပြောသောအခါမှ စာရေးသူလည်း ၎င်းတို့ကို ဂရုစိုက်ကြည့်မိပြီး မှတ်မိသွားပါသည်။ ၎င်းတို့သည် လွန်ခဲ့သော (၄) နှစ်ခန့်က စာရေးသူတို့ နေအိမ်သို့ ရောက်ရှိလာခဲ့ကြကာ စာရေးသူထံမှ ကျင့်စဉ်ယတြာတို့ဖြင့် ၎င်းတို့၏ အကြွေးရစရာရှိသည်တို့ကို ရရှိခဲ့ကြသေးပြီး ထိုစဉ်က မောင်သောင်းတန်တွင် ငှက်ဖျားမှတစ်ဆင့် အသည်းရောင်အသားဝါရောဂါဆိုးဆိုးရွားရွားဖြစ်ပွားနေ၍ စာရေးသူ၏ ဆေးသိဒ္ဓိသစ္စာရေဖြင့် ကုသပေးခဲ့ရပါသေးသည်။ မောင်သောင်းတန်နှင့် မစုစုလွင်တို့သည် ဇနီးမောင်နှံများဖြစ်ကြပြီး မောင်သောင်းတန်သည်

# ဘိုဘို(ရွှေကံကူ)

# ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင် တြိဖလဆေးဘုရား ပန္နက်တင်မင်္ဂလာကျင်းပ



ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်စေတီတော်တွင် တင်လှူမည့် ရွှေထီးတော်ပုံစံ



ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်စေတီတော် တံခွန်တိုင်စေတီတွင် တည်လှူမည့် စလင်းစိန်ဖူးတော်



ပုဂံခေတ် နရပတိစည်သူမင်းကြီးဓါတ်တော်မှုတော် ပဥ္စလောဟာဆေးဘုရားရုပ်ပွားတော်



www.burmeseclassic.com

www.burmeseclassic.com




ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြစ်ရှင်စေတီတော် (၂) ထဆာတွင်၊
ပြီးစီးရောက်ရှိသောအနေအထား




ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြစ်ရှင်စေတီတော် (၂) ထဆာတွင်၊
ပြီးစီးရောက်ရှိသောအနေအထား



ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြစ်ရှင်စေတီတော်တွင်
ဌာပနာသွင်း၊ ပူဇော်သည့် ဆံတော်ရှင်




ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြစ်ရှင်စေတီတော် စိန်ဖူးတော်နှင့်
ငှက်မြတ်နားတော်တွင် ထည့်သွင်းမည့်
ပုလဲများ



ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြစ်ရှင်စေတီတော်နှင့် ဆက်စပ်သော
ရှေးဟောင်းစေတီတော် (၁၃) ဆူမှ
ပြုပြင်ပြီးစီးသော စေတီတော်များ



ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြစ်ရှင်စေတီတော်အလယ်ဌာပနာတွင်
ထည့်သွင်းသော ငွေအိုး



ရွှေကံကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊
ပြစ်ရှင်စေတီတော် စိန်ဖူးတော်နှင့်
ငှက်မြတ်နားတော်တွင် ထည့်သွင်းမည့်
ကျောက်မျက်များ

မြန်မာဖြစ်သော်လည်း စုစုလွင်သည် ရှမ်းတိုင်းရင်းသားဖြစ်ပါသည်။ စုစုလွင်၏အစ်မအပျိုကြီးမှ သူရဇ္ဇမဂ္ဂဇင်းကြီးတွင် ဖော်ပြပါရှိသော စာရေးသူ၏ ဆောင်းပါးတို့ကို ဖတ်မိရာမှ စာရေးသူထံ ရောက်လာခဲ့ကြသူများ ဖြစ်သည်။ ထိုစဉ်က ရုပ်ရှင်တော်မြတ် မန္တလေးမြို့ ခရီးစဉ်မှ စဉ့်ကိုင်မြို့သို့ ပြန်လည်ကြွမြန်းချိန်တွင် မဟာမြိုင် (၂) ထဲမှ ၎င်းတို့နေအိမ်သို့ နာရီဝက်မျှ ပင့်ဆောင်ကာ ရွှေဆွဲပြားကိုးလျှုဒါန်းခဲ့ကြသူများ ဖြစ်ပါသည်။ ထိုစဉ်က မောင်သောင်းတန်၏ ကျန်းမာရေးအခြေအနေမှာ တော်တော်လေးကို ဆိုးဝါးနေပါသည်။ ၎င်းတို့အားလုံး ဟူမွလင်းမြို့နယ် ဥရုချောင်းရိုးနန့်တောကူးရွာ ရွှေတူးဖော်ရေးလုပ်ငန်း အကြီးအကျယ်လုပ်ကိုင်သောဒေသမှာ ပင်နေထိုင်ကြပြီး အကြောင်းကိစ္စရှိမှ မန္တလေးနေအိမ်သို့ ခေတ္တလာရောက်နေထိုင်ကြသူများဖြစ်သည်။

ယခုလည်း စုစုလွင်၏ အစ်မလည်းပါရှိလာပါသည်။ ကျောင်းတော်ကြီးဆောက်လုပ်လိုက်သည်ကို ၎င်းတို့ မသိရှိလိုက်ပါ။ အံ့သြဝမ်းမြောက်လျက်ရှိကြပါ၏။

စာရေးသူနှင့်စကားပြောဖြစ်သော အခါ ယခုတည်လျက်ရှိသော ရွှေကံကူစေတီတော်အကြောင်း သိရှိသွားကြရာ ဌာပနာတွင် ရတနာပစ္စည်းများထည့်သွင်းလှူဒါန်းလိုကြောင်း ပြောပါသည်။

"ဒီအချိန်ဆို ဘုရားကိုတော့မမှီရ လောက်ဘူး။ ဆရာဘိုဘိုတော့ရှိပါပဲဆို ပြီးလာခဲ့တာ။ ဒီအကြောင်းမှာ ဘာမှ




www.burmeseclassic.com

www.burmeseclassic.com



ရွှေကက်ကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်စေတီတော်နှင့် ဆက်စပ်သော ရှေးဟောင်းစေတီတော် (၁၃) ဆူ ပြုပြင်နေစဉ်



ရွှေကက်ကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်စေတီတော် အောင်မြင်စွာပြီးစီးရေးအတွက် အဓိဋ္ဌာန်များဝင်ရောက်ပုံ

မသိဘူး။ ကျွန်မတို့က မနက်ဖြန်ပြန်ကြတော့မှာ။ ဘယ်လိုလုပ်ရမလဲ"

ဟုဆိုကာ ခေတ္တစဉ်းစားလိုက်ပြီး မောင်သောင်းတန်သည် ကားဆီသို့ ထွက်သွားပြီး အရည်အသားကောင်းလှသော ကြက်ဥနှစ်လုံးခန့်အရွယ် ကျောက်စိမ်းတုံးကို ယူလာပါသည်။ တစ်ဖန် ၎င်းတို့နှင့်အဖော်လိုက်ပါလာသူ ကိုမိုးငယ်မှလည်း လက်မခန့်ရှိ အရည်ကောင်း မော်



ရွှေကက်ကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်စေတီတော်နှင့် ဆက်စပ်သော ရှေးဟောင်းစေတီတော် (၁၃) ဆူ ပြုပြင်နေစဉ်



ရွှေကက်ကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်စေတီတော် ပြီးစီးအောင်မြင်ရေးအတွက် သော်ကြီးဘုရားသို့သွားရောက် အဓိဋ္ဌာန်ဆုတောင်းမွေးမြူပုံ

ကြီးကျောက်စိမ်းတစ်တုံးယူလာပြန်ပြီး ဌာပနာအတွက် လှူဒါန်းကြပါသည်။ ထိုအခါ စုစုလွင်၏အစ်မ အပျိုကြီးမမာမှလည်း ၎င်း၏လက်တွင်ဝတ်ဆင်လာသော စိန်လက်စွပ်ကိုချွတ်လှူပါသည်။

ထို့နောက် မမာက -

"ဆရာဘိုဘို ဆေးနှင့်ပတ်သက်တာ ဘာလှူလို့ရသလဲ"

ဟု မေးရာ ထီးတင်ပွဲတွင်လာရောက်သမျှသောပရိသတ်တို့ကို ဆေးသိဒ္ဓိသစ္စာရေဘူးတစ်သောင်းလှူဒါန်းဝေငှမည်။ ယခု တစ်ဦးလျှင် ဘူးတစ်ထောင်စီလှူမည့် အလှူရှင်သုံးဦးပေါ်



ရွှေကက်ကူ ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်စေတီတော်နှင့် ဆက်စပ်သော ရှေးဟောင်းစေတီတော် (၁၃) ဆူ ပြုပြင်နေစဉ်

ထွက်လျက်ရှိပြီဟုပြောလိုက်ရာ -

"ဒါဆို ကျန်တဲ့ ဘူးခုနစ်ထောင် ကျွန်မတို့ပဲလှူလိုက်မယ်။ ဘယ်လောက်ကျသလဲ"

ဟု မေး၏။ ခုနစ်သိန်းကျမည်ဟု ပြောလိုက်သောအခါ ယခု နှစ်သိန်းပေးခဲ့မည်။ နောက်တစ်ခေါက်လာလျှင် ကျန်သော ငါးသိန်း ထပ်လှူပါမည်ဟုဆိုကာ ငွေနှစ်သိန်းလှူသွားပါသည်။ ထို့နောက် စာရေးသူကိုနှုတ်ဆက်ကာ ၎င်းတို့ထွက်ခွာသွားကြပါသည်။

ဤသည်မှာလည်း ထူးခြားမှုဟုဆိုနိုင်ပါသည်။ သာမန်အားဖြင့် ငွေခုနစ်သိန်းလှူဒါန်းနိုင်ရေးမှာ တော်ရုံတန်ရုံ ယုံကြည်မှုသဒ္ဓါတရားတို့ဖြင့် မည်သို့မျှ ဖြစ်နိုင်မည်မဟုတ်ပါ။ ထိုနေ့ နေ့ခင်းပိုင်းတွင် ကျောက်ဆည်မြို့ ကျော်သူနိုင်တို့ထံ ထွက်ခဲ့သည်။ ၎င်းတို့သည်လည်း စာရေးသူ စီစဉ်တင်ဆက်သော ရွှေကံ့ကူဖြစ်တော်စဉ် သမိုင်း (၂) အခွေအတွက် အသံသွင်းရန် တေးသံသွင်းရှာဖွေရင်း ကျော်သူနိုင်ထံ ရောက်ရှိသွားခဲ့ခြင်းဖြစ်ပါသည်။ ကျော်သူနိုင်သည် တွေ့တွေ့ချင်း စာရေးသူအား ရိုသေလေးစားခင်မင်သွား၏။ အတိတ်ဘဝ ရေစက်ပဋ္ဌာန်းဆက်တို့ပင်ဖြစ်၏။၎င်းဇနီး ဝင်းဝင်းအေးကလည်း ၎င်းနှင့်ထပ်တူထပ်မျှ ခင်မင်ပါ၏။ ၂၀၁၄ ခုနှစ်၊ ၇ လပိုင်းခန့်တွင် ကျော်သူနိုင်တို့နှင့် ခင်မင်ခဲ့ခြင်းဖြစ်ရာ (၉) ရက်၊ (၉) လပွဲတော်နေ့တွင် မျိုးဇေ



www.burmeseclassic.com

www.burmeseclassic.com

ဆင် ကပြပူဇော်ကန်တော့လိုကြောင်း စာရေးသူကိုပြောရာ စာရေးသူတို့ပွဲသည် မည်သည့်ပျော်ပွဲရွှင်ပွဲမျှမပါရှိဘဲ ကျင်းပလာခဲ့သောအစဉ်အလာကို ထိန်းသိမ်းလို၍ ကျော်သူနိုင်၏ကမ်းလှမ်းချက်ကို ငြင်းပယ်လိုက်ရာ ကျော်သူနိုင်နှင့် ဝင်းဝင်းအေးတို့ အတော်စိတ်မကောင်းဖြစ်သွားကြပြီး ဒိုးပတ်နှင့်ဆင်အသစ်ကြီးဖြင့် အသံချဲ့စက်မပါဘဲ လာရောက်ကန်တော့ပါရစေဆိုသောကြောင့် စာရေးသူတို့က ခွင့်ပြုခဲ့ရ၏။ နောက်နှောင် စာရေးသူမှ အလိုရှိလျှင် မည်သည့်ပွဲမဆို အခကြေးငွေမယူဘဲ ကပြပေးမည်ဟု ဆိုခဲ့၍ ယခု စာရေးသူ ၎င်းတို့ထံသွားရောက်ခြင်း ဖြစ်ပါသည်။

ကျော်သူနိုင်သည် စာရေးသူ ဘုရားတည်နေသည်ကိုမသိသေး။ အခုမှ သိရှိရခြင်းဖြစ်၏။ ၈-၆-၂၀၁၆ ထီးတင်ပွဲတွင် ၎င်းတို့ ဆင်အကထည့်သွင်းမည် ဆိုသောအခါ ဝမ်းသာလျက်ရှိကြ၏။ ထို့ပြင် အုန်းတကူးရွာဘုရားပွဲ ၅-၃-၂၀၁၆ နေ့လည်း ထည့်လိုကြောင်းပြောရာ ဝမ်းသာလျက်ရှိပြီး ထိုရက်များပွဲငှားလက်ခံထားပြီးခြင်းရှိ၊ မရှိသိရရန် မန်နေဂျာမောင်အေးလွင်ထံဖုန်းဆက်ရာ မောင်အေးလွင်သည် ကျောက်ဆည်မြို့မှမဟုတ်သော်လည်း ယခု ကျော်သူနိုင်ထံလာနေသည်။ အိမ်ထောင့်ရောက်ပြီဟု ဆိုကာ မကြာလိုက်ပါ။ မောင်အေးလွင်ရောက်ရှိလာ၏။ ခရီးရောက်မဆိုက်ပင် ကျော်သူနိုင်မှ အကျိုးအကြောင်းပြောရာ မောင်အေးလွင်သည်လည်း ဝမ်းသာလျက်ရှိပြီး -

"ဆရာဘိုဘိုအတွက်ဆို ပြက္ခဒိန်ကြည့်စရာမလိုဘူး။ ကပေးမှာ၊ တကယ်လို့ လက်ခံထားပြီးဖြစ်နေရင်လည်း လူကြီးချောရှိလို့ဆိုပြီးလွှန်လိုက်မယ်။ ကျွန်တော်တို့ ပွဲငှားလက်ခံကတည်းက လူကြီးချောပေါ် လာရင် ပွဲလွှန်မယ်လို့ ပြောထားပြီးသား"

ဟု ပြောပါသည်။

ထိုအခါ စာရေးသူမှ -

"အဲဒီလိုတော့မလုပ်ကြပါနဲ့ကွာ။ မအားရင်လည်းနေပါစေ"

ဟု ဆိုလိုက်ရသည်။

မောင်အေးလွင်မှ ၎င်း၏ဇနီးထံ ချက်ချင်းဖုန်းဆက်မေးမြန်းကြည့်၏။ အဆင်ပြေချောမောပါသည်။ နှစ်ပွဲစလုံး လစ်လပ်သောရက်များဖြစ်နေပါသည်။ အကယ်၍ ရက်တိုက်နေလျှင် မူလငှားထားပြီးသူအပေါ်တွင်လည်း အနိုင်အထက်ပြုရာရောက်မည်။ ၎င်းတို့သည် စာရေးသူ၏ ပွဲများကို မေတ္တာဖြင့် ကပြရမည်ဖြစ်၍ ပွဲကြေးများလည်းနစ်နာမည် ဖြစ်ပေသည်။ အုန်းတကူးရွာဘုရားပွဲသို့ စာရေးသူမှ မိုးဇော်ဆင်ထည့်ရခြင်းမှာ စာရေးသူ၏ဘဝတွင် (၃) နှစ်တာမျှ နားခိုခွင့်ရရှိခဲ့သောရွာကလေးဖြစ်ပြီး ဆရာတော် ဦးသုမင်္ဂလနှင့်တကွ ရွာသူရွာသားအားလုံးတို့မှ နွေးထွေးလိုက်လှဲစွာဆက်ဆံခဲ့ကြပြီး ဧည့်ဝတ်ကျေပွန်ခဲ့သော ကျေးဇူးတရားတို့ရှိခဲ့၍လည်းကောင်း၊ စာရေးသူအား စောင့်ရှောက်သော ပဋ္ဌာန်းဆက်ကြီးမားလှသော တောင်တော်သခင်မ၏ ကျေးဇူးတရားတို့ကြောင့်လည်း စာရေးသူ ထိုရွာကလေးသို့ရောက်ရှိပြီးမှ စာရေးသူတို့နေအိမ်တွင် ရုပ်ရှင်တော်မြတ်စတင်ပွင့်ထွန်းတော်မူခဲ့ရပြီး စာရေးသူတို့မိသားစု ငြိမ်းချမ်းသောဘဝအခြေသို့ရောက်ရှိရန် အစပြုသည့် အောင်မြေဖြစ်ခြင်းကြောင့်လည်းကောင်း၊ မကြာမီ အုန်းတကူးတောင်တော်ပေါ်တွင် တည်ထားမည့် စေတီတော်အား အကြိုပူဇော်ပွဲ၊ အောင်ပွဲအဖြစ် လည်းကောင်း အစရှိသော အကြောင်းအရာတို့ကြောင့်ပင် ဖြစ်ပါသည်။

၂၃-၁၂-၂၀၁၅ ဗုဒ္ဓဟူးနေ့ နံနက် (၈) နာရီ (၁၀) မိနစ်တွင် မူလငှားပနာခေါ် အောင်မြေငှားပနာသွင်းမည်ဖြစ်၍ ဦးအေးကိုကိုသွန်းနှင့် မောင်ဝင်းမိုးတို့ကို နံနက် (၆) နာရီခွဲခန့် အောင်မြေသို့ ရောက်ရှိကြစေရန် ခေါ်ယူထား၏။ ၎င်းတို့နှစ်ဦးလုံး ဝီရိယကောင်းကြပါသည်။ အချိန်မီရောက်ရှိလာကြ၏။ မောင်ဝင်းမိုးသည် စာရေးသူနှင့် ၂၀၀၅ (၁)လပိုင်းခန့်မှ သိရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဖားကန့်ဒေသ ဝေခါးရွာနှင့် ဆိုင်းတောင်ရွာတို့တွင် ရောင်ပြန်မိုဘိုင်းတည်ထောင်ထားသူဖြစ်ပြီး (၉)ရက် (၉)လ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်မတိုင်မီ (၆)လပိုင်းကတည်းက စာရေးသူအား လိုအပ်သည်များကို လာရောက်ကူညီဆောင်ရွက်ပေးနေသူဖြစ်ပါသည်။ မောင်ဝင်းမိုးသည် ဖားကန့်သို့ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ရန် ကြိုးပမ်းနေသူ ဖြစ်သည်။

ပြီးခဲ့သော (၆) လပိုင်းတွင် မယ်တော်ကြီးက မောင်ဝင်းမိုးအား ဖားကန့်သို့ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ခွင့်ပေးမည်ဟု (၄)လပိုင်းခန့်ကပြောထားခဲ့ပြီးဖြစ်သော်လည်း ပင့်ဆောင်ရန် (၁၅)ရက်ခန့်အလိုတွင် မယ်တော်ကြီးက နယ်မြေအခြေအနေမကြိုက်၍ ရက်ရွှေ့ဆိုင်းကြောင်း စာရေးသူမှတစ်ဆင့် မောင်ဝင်းမိုးကို ပြောကြားစေရာ စာရေးသူလည်း မောင်ဝင်းမိုးကို အားနာသွားမိသည်။ မောင်ဝင်းမိုးလည်း ကျေနပ်ဟန်မတူပါ။ နယ်မြေအေးချမ်းပါသည်ဟု စာရေးသူကိုပြောပါသည်။ သို့သော် မယ်တော်ကြီးကတော့ ကြွမပေးတော့ပါ။ ထူးဆန်းလှပါသည်။ မောင်ဝင်းမိုး အိမ်ဘုရားပင့်ရန် ပေးထားသောရက် မတိုင်မီ (၅) ရက်ခန့် အလိုတွင် ဖားကန့်တွင် နယ်မြေမအေးချမ်းမှုများဖြစ်ပေါ်လာခဲ့ပြီး မောင်ဝင်းမိုးနှင့်မျက်နှာချင်းဆိုင်အိမ်တွင် လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့ပါသည်။

ထိုအခါမှ မောင်ဝင်းမိုးလည်း -

"မယ်တော်ကြီးပြောတာဟုတ်တယ်ဗျ။ ဒါကြောင့် မယ်တော်ကြီးက ကျွန်တော့်ကို ရက်ပေးပြီးမှ ပြန်ပြုတ်လိုက်တာကိုး"

ဟုပြောကာကျေနပ်သွားပါသည်။ (၉) ရက်၊ (၉) လ ၂၀၁၅ ရွှေကံကူဗုဒ္ဓပူဇနီယပွဲတော်တွင် သာဝကများမှ ၎င်းတို့ကြုံတွေ့ရသော ရွှေကံကူရုပ်ရှင်တော်မြတ်၏ တန်ခိုးတော် ထူးခြားမှုများကို မှတ်တမ်းတင်ရိုက်ကူးရာ၌ မောင်ဝင်းမိုးနှင့် မကြည်ကြည်ဝင်း ဇနီးမောင်နှံတို့သည် ရုပ်ရှင်တော်မြတ်၏ဓာတ်ပုံတော်ကို ဖားကန့်သို့ ပင့်ဆောင်သွားစဉ်နှင့် ဖားကန့်မြို့သို့ ရောက်ရှိချိန်တို့တွင် ကြုံတွေ့ရသောထူးခြားမှုများကို ပြောပြပြီးနောက် ၎င်းတို့နေအိမ်သို့ ရုပ်ရှင်တော်မြတ်အား မပင့်ဆောင်နိုင်သေးပါဟုပြောသောနေရာ၌ မောင်ဝင်းမိုးသည် ဝမ်းနည်းပြီး မျက်ရည်များကျလာပါသည်။

ထိုအခါ စာရေးသူတို့ပါ စိတ်မကောင်းဖြစ်ကြရပါသည်။ ထို့ကြောင့် မယ်တော်ကြီးက ၂၀၁၆ခုနှစ်တွင် ၎င်းတို့၏နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကြွရောက်ပေးမည်။ ဘယ်လရယ်လို့တော့ မပြောနိုင်သေးပါ ဟုဆိုသောအခါ ၎င်းတို့ဇနီးမောင်နှံသည် ဝမ်းသာလွန်းသဖြင့် မျက်ရည်များကျလာပြန်ပါသည်။ သူတို့ဇနီးမောင်နှံနှင့် အချိန်တိုလေးအတွင်း စာရေးသူတို့နှင့် ရင်းနှီးသွားရသည်မှာ ကြည်ကြည်ဝင်းသည် မော်လိုက်သူဖြစ်နေသဖြင့် ရုပ်ရှင်တော်မြတ်၏ဇာတ်မြေမှဖြစ်သောကြောင့် တွေ့မြင်ခွင့်ရသည့် တစ်ခဏအတွင်း ဤကဲ့သို့ ရင်းနှီးသွားကြခြင်းဖြစ်ပေလိမ့်မည်။ ပွဲတော်ရက်



www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းတွင် မောင်ဝင်းမိုးသည် စာရေးသူထံသို့ မကြာမကြာရောက်ရှိလာပြီး စာရေးသူ သွားလိုရာသို့ လိုက်လံ ဆောင်ရွက်ရှိသည်မှာ ဤယနေ့တိုင် ဖြစ်ပါသည်။

ထို့နောက် စာရေးသူတို့လည်း အောင်မြေမှထွက်ခွာခဲ့ကြသည်။ ပန္နက်တင်ပွဲကဲ့သို့ လူမများတော့ပါ။ တိုးတိုးတိတ်တိတ်သာဖြစ်ပါ၏။ စာရေးသူတို့ ရွှေကြက်ယက်သို့ ရောက်ရှိသောအခါတွင် မောင်ဝင်းနိုင်ရောက်နှင့်နေပြီ။ မောင်ဇော်နိုင်ဝေ၊ မဝေဝေမျိုးတို့လည်း ရောက်ရှိနေကြပြီးမကြာမီ မောင်အောင်ကျော်ညွန့်လည်း ရောက်ရှိလာ၏။ (စ)နာရီထိုးလုပြီဖြစ်၍ ပွဲများကိုပြင်စေသည်။ ဌာပနာပစ္စည်းများကိုလည်း နဂါးပုံဖော်ထားသည့်သေတ္တာကြီးအတွင်း မှထုတ်စေပြီး နေရာချထားစေသည်။ ပွဲသုံးပွဲကိုလှူဒါန်းသည်။ အသင့်ပြုလုပ်ထားရှိသောဌာပနာတိုက်၏နှုတ်ခမ်းတွင် ဌာပနာမထည့်သွင်းမီ ပူဇော်ကန်တော့ကြပါသည်။ မူလဌာပနာခေါ် အောက်ဌာပနာတွင် သတ္တသတ္တာဟပုံတော်များ၊ ရုပ်ပွားဆင်းတုတော်များ၊ ရတနာပစ္စည်းများထည့်သွင်းမည်ဖြစ်သည်။ မောင်ဝင်းနိုင်မှလည်း ၎င်း၏ဇနီး နှင်းနှင်းအေးလှူဒါန်းလိုက်သော လက်စွပ်တစ်ကွင်း၊ မောင်ဇော်နိုင်ဝေနှင့် မမျိုးတို့ကလည်း ပတ္တမြားနဂါးလက်စွပ်တစ်ကွင်း၊ မောင်ဝင်းမိုးမှလည်း (၇၀၀၀၀၀) ကျပ်တန်ကျောက်စိမ်းနက်တစ်ပွင့်လှူဒါန်းကြစဉ် ညည့်သည်မိသားစုတစ်စုလည်း ရောက်ရှိလာသည်။ ရန်ကုန်မြို့မှလာရောက်ကြခြင်းဖြစ်ပြီး ရထားမှဆင်းဆင်းချင်း ရွှေကြက်ယက်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်ဟုသိရပြီး ၎င်းတို့သည် လွန်ခဲ့သော (၂) ရက်ခန့်က ဒေါ်ချို့နွယ်ဦး (စစ်သံမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး၏ညီမ၊ ရန်ကုန်မြို့တွင် နေထိုင်ကြသူများဖြစ်ပြီး ရုပ်ရှင်တော်မြတ်ကို ကိုးကွယ်ခဲ့သည်မှာ (၁၀) ကျော်ပြီဖြစ်၍ စာရေးသူတို့မိသားစုနှင့်ရင်းနှီးသူ) ထံ ဆက်သွယ်ပြီး လူကြုံဖြင့် ဤစေတီတော်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းလိုက်ကြသော ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဝတ်ကျောင်းလမ်း ရေကျော်ရပ်ကွက်မှ ပညာရေးမှူး (အငြိမ်းစား) ဦးသာအောင်ကျော်နှင့်ဒေါ် ခင်သန်းမြင့်တို့ဖြစ်ကြောင်း သိရပါသည်။

၎င်းတို့သည် ဒီနေ့ ဒီရက် ဒီအချိန်တွင် ဌာပနာသွင်းပူဇော်ခြင်းမင်္ဂလာပြုလုပ်မည်ဟု မသိရှိထားပါ။ ၎င်းတို့၏ သဒ္ဓါတရား၏ စေ့ဆော်မှုကြောင့်သာ ယခုကဲ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် အချိန်ကိုက် ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့လည်း ဝမ်းသာလျက်ရှိနေကြပါသည်။ ဌာပနာထည့်ရန် လက်စွပ်တစ်ကွင်းလှူဒါန်းကြပြန်၏။

မယ်တော်ကြီးအား VIDEO CALL ဖြင့် ဖုန်းခေါ်လိုက်ပါသည်။ ရုပ်ရှင်တော်မြတ်သည် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇမ္ဗူဟိန်းဆောက်လုပ်ရေးမှ မချောချော (ခေါ်) မသန္တာဟန်၏ နေအိမ်တွင် ကြွရောက်တော်မူလျက်ရှိနေချိန် ဖြစ်ပါသည်။ မချောချောသည် ဆံတော်အလှူရှင်ဖြစ်သောကြောင့် မူလဌာပနာထည့်သွင်းချိန်၌ ရုပ်ရှင်တော်မြတ်သည် ဆံတော်အလှူရှင်၏နေအိမ်တွင် ကြွမြန်းရောက်ရှိတော်မူချိန်နှင့် ကိုက်ညီနေသည်မှာ ထူးခြား၍အဓိပ္ပာယ်ရှိသောတိုက်ဆိုင်မှုပင်ဖြစ်ပါသည်။ ဖုန်းမြင်ကွင်းတွင် မချောတို့အိမ်မှ ဘုရားခန်းနှင့်တကွ ရုပ်ရှင်တော်မြတ်ကြီးကိုပါ ဖူးတွေ့ကြရ၏။ မယ်တော်ကြီးတို့ကလည်း ဌာပနာတိုက်နှင့်တကွ ဌာပနာပစ္စည်းများနှင့် စာရေးသူတို့ကို တွေ့မြင်နေကြရမည် ဖြစ်ပါသည်။ မယ်တော်ကြီးမှ ပူဇော်ကန်တော့ခြင်း၊ ဆုတောင်းခြင်းတို့ပြုသည်ကို စာရေးသူတို့က လိုက်ဆိုကြရသည်။ ထို့နောက် မယ်တော်ကြီးက အောင်ဂါထာ၊ မင်္ဂလာဂါထာများရွတ်ဆိုနေချိန်၌ စာရေးသူက ယခုပါရှိသော သာဝကတို့၏ ဦးဆောင်ပြီး ပူဇော်ခြင်း၊ ကန်တော့ခြင်း၊ တိုင်တည်ခြင်း၊ သစ္စာပြုခြင်းတို့ကိုလည်းကောင်း ဆုတောင်းခြင်း အမျှဝေခြင်းတို့ကို လည်းကောင်း တိုင်တည်ပေးရာ အားလုံးမှ ရွှင်လန်းဝမ်းမြောက်စွာ အားပါးတရလိုက်ဆိုကြ၏။

စာရေးသူတို့၏အစီအစဉ်အစအဆုံးကိုလည်း လွင်အနုပညာမှ မှတ်တမ်းတင်ရိုက်ကူးလျက်ရှိပါသည်။ စာရေးသူမှ ဤသို့တိုင်တည်ခြင်းဖြစ်ပါသည်။

"တပည့်တော်တို့သည် ဗုဒ္ဓ၏သာသနာတော်ကြီးအရှည်သဖြင့် တည်တံ့ခိုင်မြဲစေရန် ဗုဒ္ဓ၏ဆံတော်၊ စွယ်တော်တို့နှင့်တကွ ဗုဒ္ဓ၏ဓာတ်တော် မွေတော်တို့ကို ပူဇော်ခြင်း၊ ထိန်းသိမ်းထားရှိခြင်းလည်းဖြစ်စေရန် ခုနစ်ရက်သားသမီးအပေါင်းတို့လည်း ပူဇော်ကန်တော့၍ ကုသိုလ်တရားရရှိကြရစေရန်ရည်ရွယ်၍ ဤစေတီတော်ကို တည်ထားကိုးကွယ်ခြင်း ဖြစ်ပါသည်။ ဤစေတီတော်ကြီး အရှည်သဖြင့် သာသနာတစ်သက် တည်တံ့စေရန် ဘိုးတော်သိကြားမင်းကြီးနှင့်တကွ သာသနာစောင့်နတ်မင်းကြီးလေးပါး၊ ၎င်းတို့၏အနွယ်ဝင်များဖြစ်သော နဂါး၊ ဂဠုန်၊ ယက္ခ၊ ကုမ္ဘဏ် စသော ဥပါသကာများ၊ အရိယာသူတော်စင်များ၊ သိဒ္ဓိရှင်မဟိဒ္ဓိရှင်များ၊ ဤတောင်တော်ပေါ်ရှိ အစောင့်အရှောက်ပုဂ္ဂိုလ်အပေါင်းတို့အား အပ်နှံပါ၏။ ဤဘုရားတွင်စောင့်ရှောက်ရန် သီးခြားတာဝန်ကျသော ပုဂ္ဂိုလ်အပေါင်းတို့အား အပ်နှံပါ၏။ ဤစေတီတော်ကြီးအား ရန်သူမျိုးငါးပါးရန်မှ ကာကွယ်စောင့်ရှောက်ပေးကြပါ။ ယခုလှူဒါန်းသော ရတနာပစ္စည်းတို့ကို နောင်တစ်ချိန်၌ ဤစေတီတော်ပျက်စီးယိုယွင်းခဲ့သော် ဤစေတီတော်ကို ပြုပြင်ရာ၌ သုံးစွဲနိုင်ပါသည်။ ထိုသို့သုံးစွဲရန် မလိုအပ်ဘဲ ပြုပြင်ခဲ့ကြလျှင်လည်း ဤရတနာတို့သည် အရိမေတ္တယျဘုရားရှင် ကျောင်းတော်ကြီးဆောက်လုပ်ရာ၌ လှူဒါန်းပါ၏။

တပည့်တော်တို့သည် ယခုဘဝမှစ၍ ဘဝဆက်တိုင်းတွင် ဤစေတီတော်တည်ထားရသော ကုသိုလ်တို့ကြောင့် လူဖြစ်လျှင်လည်း လူချမ်းသာ၊ နတ်ဖြစ်လျှင်လည်း နတ်ချမ်းသာဖြစ်ကြရပါစေသား။ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါးတို့မှ ကင်းဝေးရပါလို၏။ ဘဝတိုင်း၌ မိဘ၊ ဆရာသမား၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ခုနစ်ရက်သားသမီးများနှင့် ကျေးဇူးရှင်များ အပါအဝင် သာသနာ့အကျိုးကို ဆထက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်သောသူများဖြစ်ကြရပါလို၏။ ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာအတွင်းမှာပင် သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရာ နိဗ္ဗာန်မင်္ဂဖိုလ်သို့ မျက်မှောက်ပြုကြရပါလို၏။ ဤသာသနာတော်၌ ကျွတ်တန်းမဝင်နိုင်ခဲ့ကြလျှင် အရိမေတ္တယျဘုရားရှင်အား ဖူးတွေ့ကြရပြီးလျှင် သစ္စာလေးပါးတရားတော်အား နာကြားကြရပြီး သံသရာဝဋ်မှလွတ်မြောက်ကြရပါလို၏။ ယခု တပည့်တော်တို့ ပြုသမျှသောကုသိုလ်တို့၏အဖို့ဘာဂကို အထက်ဘဝဂ်၊ အောက်အဝီစိ၊ အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အရပ်ဆယ်မျက်နှာ၊ အနန္တစကြဝဠာရှိ အနန္တသတ္တဝါအပေါင်းတို့အား အမျှကုသိုလ်ပေးဝေပါ၏။

တပည့်တော်တို့၏ ကိုယ်စောင့်နတ်များ၊ မိဆိုင်ဖဆိုင်နတ်များ၊ တပည့်

www.burmeseclassic.com

တော်တို့၏ အိုးအိမ်၊ တိုက်တာ၊ စည်းစိမ်ဥစ္စာ၊ ယာဉ်ရထား၊ လုပ်ငန်းဆောင်တာတို့ကို စောင့်ရှောက်လျက်ရှိသောနတ်အပေါင်း တပည့်တော်တို့နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ်၊ နိုင်ငံတို့ကိုစောင့်ရှောက်လျက်ရှိသော နတ်အပေါင်းတို့အား လည်းကောင်း၊ ဘဝသံသရာအဆက်ဆက် ဆွေတော်မျိုးတော်အပေါင်းတို့အား လည်းကောင်း၊ ယမမင်းကြီးအားလည်းကောင်း အမျှကုသိုလ်ပေးဝေပါ၏။ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ် ဆိုတော်မူကြပါ။ တပည့်တော်တို့နှင့် ထပ်တူထပ်မျှ ကုသိုလ်တရားများရရှိကြပါစေ။ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့ ဟူ၍ အမျှပေးဝေကာ သာဓုခေါ် ဆိုကြပြီးလျှင် စကြဝဠာအနန္တအတွင်းမှ အခါမလပ်ပေးဝေလျက်ရှိသော သူတော်စင်သူတော်ကောင်းတို့ ပေးဝေလျက်ရှိသော အမျှကုသိုလ်တို့ကိုလည်း ဝမ်းမြောက်စွာဖြင့် ထပ်တူထပ်မျှ ရရှိစေရန် သာဓုခေါ် ဆိုပါ၏"

ဆိုကာ သာဓုသုံးကြိမ် သံပြိုင်ခေါ် ဆိုလိုက်ကြပါသည်။

ထို့နောက် အောင်နေလင်းနှင့် ဦးအေးကိုကိုသွန်းတို့မှ ဌာပနာတိုက်အတွင်းသို့ ကမ္ဘည်းမော်ကွန်းကြေးပြားကြီး၊ ရွှေကံကူဂါထာတော်နှစ်ပုဒ် ရေးသား ပူဇော်ထားသော ကြေးပြားတို့ကို ပထမဆုံး ထည့်သွင်းသည်။ ထို့နောက် ခုနစ်ရက်သားသမီးတို့လှူဒါန်းထားသော ဗုဒ္ဓရုပ်ပွားတော်၊ ရှင်သီဝလိရုပ်ပွားတော်တို့ကို ထည့်သွင်းသည်။ ထို့နောက် သတ္တသတ္တာဟပုံတော်များနှင့် သုမေဓာဗျာဒိတ်ယူဟန်၊ သူဌေးသူကြွယ်ကြီးများစသည်တို့ကို ထည့်သွင်းသည်။ထို့နောက် ရတနာပစ္စည်းဘူးများထည့်သွင်းသည်။ ထို့နောက် ရွှေဖြင့်ပြုလုပ်သော နှင်းဆီတစ်ပွင့်စီ၊ ပန်းအိုးနှင့်တကွ ထည့်သွင်းလိုက်သည်။ မယ်တော်ကြီးအား ဖုန်းပြန်ခေါ် လိုက်ပြီး ဌာပနာပိတ်မည်ဖြစ်ကြောင်းပြောကြားရာ မယ်တော်ကြီးမှ ရှေ့ကနေ တိုင်တည်ပေးသည့်အတိုင်း စာရေးသူတို့လိုက်ဆိုကြပြီး 'အောင်ပြီ အောင်ပြီ အောင်ပြီ' ဟု သုံးကြိမ်ဆိုကြပြီး ဌာပနာတိုက်ပေါ် သို့ အသင့်ပြုလုပ်စီမံထားသော အင်္ဂတေကျောက်ပြားကြီး ပိတ်လိုက်ကြပါတော့သည်။

ဤသို့ဖြင့် မူလဌာပနာခေါ် အောက်ခြေဌာပနာထည့်သွင်းခြင်းမင်္ဂလာအောင်မြင်စွာပြီးစီးခြင်းသို့ ရောက်ရှိခဲ့ပါသည်။ စာရေးသူတို့၏ဘဝတွင် ဤကဲ့သို့သော ထွတ်မြတ်လှသည့်ကုသိုလ်မျိုး တစ်ခါမှမပြုဘူးသေးပါ။ ရင်ထဲတွင် ဝမ်းသာပီတိဖြစ်၍မဆုံးနိုင်အောင်ခံစားရပါသည်။ စာရေးသူတို့သည် ယခင်က မမွှာရုံ၊ စေတီ အစရှိသည်တို့ကို ပြုပြင်ခဲ့ဖူးခြင်းများသာရှိခဲ့ပါ၏။ ဤကဲ့သို့ကုသိုလ်မျိုး ပြုနိုင်လိမ့်မည်၊ ပြုရလိမ့်မည်ဟု မတွေးခဲ့မိဖူးပါ။

ရွှေကံကူရုပ်ရှင်တော်မြတ်ကြီး၏ ကျေးဇူး၊ မူလအရင်းခံ သက်တော်ထင်ရှားဘုရားရှင်တို့၏ကျေးဇူးပင်ဖြစ်ပါ၏။ ထိုကျေးဇူးတို့ကို ခံစားရရှိနိုင်ရန်လည်း စာရေးသူတို့၏အတိတ်ဘဝအကြောင်းတရားတို့ ကောင်းခဲ့ပေလိမ့်မည်။

အားလုံးပြီးစီးသောအခါ ပန်းရန်ဆရာများ အလုပ်ဆင်းနိုင်ရန် ကန်တော့ပွဲများကို သောကြာနံဘုရားသို့ ပြောင်းရွှေ့လှူဒါန်းကြပါသည်။ စာရေးသူလည်း ပရိတ်ကြီး (၁၁) သုတ် ပူဇော်လိုက်ပါသေးသည်။ မွန်းလွဲမည်စိုး၍ (၁၁) နာရီမတ်တင်းခန့်တွင် ရွှေကြက်ယက်မှ စဉ့်ကိုင်မြို့သို့ ပြန်ခဲ့ကြပါသည်။

စာရေးသူ၏ ခြေထောက်ကိုက်ရောဂါအကြောင်းကို ယခင်ဆောင်းပါးတွင် ဖော်ပြခဲ့ပြီဖြစ်ပါသည်။ ဤဘုရားတည်ပြီးလျှင် စာရေးသူ၏ ခြေထောက်ကိုက်ရောဂါ ပျောက်ကင်းလိမ့်မည်ဟု ရှင်မထီးဆရာတော်ကြီးက မိန့်ကြားတော်မူခဲ့ပါသည်။ ထိုမိန့်ကြားချက်သည် မှန်ကန်ပါ၏။ စာရေးသူသည် ဤစေတီတော်တည်ထားရန် လုံးပမ်းစဉ်မှစ၍ ခြေထောက်ကိုက်ရောဂါ တဖြည်းဖြည်း မသိမသာ သက်သာလာခဲ့သည်။ ယခုအောက်ဌာပနာထည့်သွင်းပြီးသောအခါ လုံးဝ ပျောက်ကင်းသွားခဲ့ပြီ ဖြစ်သည်။ ထို့အတူ ကိုမြင့်ဦးသည်လည်း လွန်ခဲ့သော (၃) နှစ်ခန့်မှစ၍ ဆီးချိုရောဂါဖြစ်ပွားလျက်ရှိပြီး ယနေ့အခြေအနေတွင် လူမမာရုပ်ပေါက်လျက်ပင်ရှိကာ အတော်ဆိုးနေပြီဖြစ်ပါ၏။ လှုပ်လှုပ်ရှားရှားပြုလျှင် နောက်တစ်နေ့တွင် အိပ်ရာထဲခွေနေရပါသည်။ နာကျင်ကိုက်ခဲလျက်ရှိပါ၏။ ကိုမြင့်ဦးသည် ဒီဇင်ဘာ ၃ ရက်နေ့တွင် ပန္နက်ရိုက်ပွဲရှိသောကြောင့် မတိုင်ခင်ကတည်းက တောင်ပေါ် သို့ အခေါက်ခေါက်အခါခါ တက်ရောက်ရသည်။ ကိုမြင့်ဦးကိုယ်တိုင်လည်း စိုးရိမ်၏။ မနွဲ့နွဲ့ရီလည်း ‡ စိုးရိမ်၏။ ကိုမြင့်ဦးသည် စိတ်ဆောင်နေသောကြောင့်သာ ဤသို့သွားလာလုပ်ကိုင်နိုင်ခြင်းဖြစ်သည်။ နောက်နေ့ဆိုလျှင်တော့ ဗုန်းဗုန်းလဲမည်သာဖြစ်ပါ၏။ သို့သော် ထူးဆန်းလှပါသည်။ ကိုမြင့်ဦးသည် နောက်တစ်နေ့တွင်လည်း ဘာမှမဖြစ်၊ နောက်ရက်နောက်ရက်များတွင်လည်း ဘာမှမဖြစ်တော့ဘဲ နေကောင်းသွားသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

နောက်တစ်ဦးမှာ ရွှေကြက်ယက်ရွာမှကို ကိုမြင့်ဦးတို့၏ အိမ်နီးချင်း၊ ယခုပြဒါးရှင်အလှူရှင် ဦးသန်းအောင်၏တူမလေးဖြစ်ပါသည်။ ဤမိန်းကလေးသည် စာရေးသူတို့ ပန္နက်တင်ပွဲမတိုင်မီ (၁၅)ရက်ခန့်မှစ၍ ခေါင်းမူးသောရောဂါဝေဒနာခံစားနေရသည်။ ပန္နက်တင်နေ့တွင် နွဲ့နွဲ့ရီမှ ထိုကလေးမလေးကို လုပ်အားပေးလိုက်ခဲ့ပါ။ ဤဘုရားသည် ဝဋ်နာကံနာများ၊ ဝဋ်ကြွေး၊ ကံကြွေးများကင်းစင်လွင့်ပျောက်စေသောဆေးဘုရားဖြစ်၍ ဝေယျာဝစ္စလိုက်ပါဆောင်ရွက်ပြီး ဆုတောင်းလျှင် ရောဂါဝေဒနာများ သက်သာကာ ပျောက်ကင်းလိမ့်မည်။ မယ်တော်ကြီးကလည်း မေတ္တာပို့ပေးလိမ့်မည်။ ဆရာဘိုဘိုမှလည်း ဆေးကုပေးလိမ့်မည်။ မလုပ်နိုင်လျှင်လည်း ထိုင်နေပါဟုပြောကာ ထိုနေ့က စာရေးသူတို့ဆရာတော် ဘုရားကြီးများကို ဆွမ်းကပ်သည့်မမွှာရုံတိုက်သစ်ရှမ်းကျောင်းသို့ ခေါ် ဆောင်ခဲ့၏။ သို့ဖြင့် ထိုမိန်းကလေးသည် မနွဲ့နွဲ့ရီတို့နှင့်လိုက်ပါလာခဲ့ရာ ကျောင်းသို့ရောက်ရှိပြီး မကြာမီ ခေါင်းမူးသောရောဂါဝေဒနာသက်သာပျောက်ကင်းသွားခဲ့သည်မှာ ယနေ့ (၂၈-၁၂-၂၀၁၅) ထိတိုင်ဖြစ်သည်။ ထိုနေ့က စာရေးသူတို့သည် အချိန်ကလည်းမရ၊ ညှော်သည်ကလည်းများ၊အလုပ်ကလည်းများနေသဖြင့် မယ်တော်ကြီးကလည်း ထိုမိန်းကလေးကို မေတ္တာမပို့လိုက်ရ၊ စာရေးသူကလည်း ဆေးကုမပေးလိုက်ရဘဲ ကျန်းမာရေး ပြန်လည် ကောင်းမွန်သွားသည်မှာ ထူးခြားလှပါသည်။

နောက်တစ်ဦးမှာ စာရေးသူတို့ ယခုတည်သောဘုရားသို့ အုတ်၊ ထုံး၊ သဲ၊ ကျောက်၊ ဘိလပ်မြေ၊ သံတို့ ပို့ဆောင်ပေးသူ ဝေဝေမျိုး (၀၉-၂၀၄၅၆၇၄)ဖြစ်သည်။ဝေဝေမျိုးသည် ၎င်း၏အမျိုးသား မောင်ဇော်နိုင်ဝေ၏ မိဘများရှိရာ ကောလင်း (ရွှေထွက်ရာဒေသ) သို့ သွားရောက်ခဲ့ကြရာ လမ်းခရီးတွင် မမျိုးသည် အချဉ်ပေါင်းနှင့်အကင်စားလိုက်မိသည်။ မောင်ဇော်နိုင်ဝေ၏မိဘများအိမ်သို့ ညပိုင်းတွင်ရောက်ရှိသွားချိန်တွင် ဝေဝေမျိုး

www.burmeseclassic.com

သည် ဝမ်းလျှောလေလေတော့၏။ (၁၅) မိနစ်တစ်ကြိမ်မျှ ဝမ်းသွားနေရ၏။ ည (၁၂) နာရီခန့်သို့ ရောက်သောအခါ အကြိမ်(၂၀)မျှရှိသွားပြီဖြစ်၍ မောင်ဇော်နိုင်ဝေ၏မိဘများက စိတ်ပူပြီး ဆေးခန်းသွားရန်ပြောသဖြင့် ၎င်းတို့လည်း ဆေးခန်းသို့သွားခဲ့ကြသည်။ ဆေးခန်းသို့ ရောက်ရှိသောအခါ ဆရာဝန်ကို နှိုးမရသောကြောင့် အိမ်သို့ပြန်ခဲ့ကြသည်။ ဝမ်းသွားခြင်းသည်မရပ်ပါ။ ကာလဝမ်းပုံစံမျိုးဖြစ်နေပါ၏။ သို့ဖြင့် (၁)နာရီခန့် အထိ ရောက်သွားသောအခါမှ စာရေးသူထံမှ ယူဆောင်ခဲ့သော ဆေးသိဒ္ဓိကို အမှတ်ရသွားသည်။ ကားထဲတွင်အမြဲဆောင်ထားသော ဆေးသိဒ္ဓိသစ္စာရေကို ယူ၍ သမ္ဗုဒ္ဓေသက်စေ့ရွတ်ပြီး သောက်လိုက်သည်။ အံ့ဖွယ်ကောင်းလှသည်။ ချက်ချင်းဝမ်းသွားရပ်သွား၏။ မကြာမီ အိပ်ပျော်သွား၏။

နံနက်လင်းသောအခါ အိပ်ရာထ ချိန်၌လည်း ဘာမှမဖြစ်တော့ပါ။သို့သော် မနေ့ညက ဝမ်းအကြိမ်ကြိမ်သွားခဲ့ရပြီး အိပ်ရေးပျက်ခဲ့ရသဖြင့် အားအင်ချည်နဲ့မည်မှာတော့ သေချာပါ၏။ ထို့ကြောင့် အားဆေးသွင်းရန် ဆေးခန်းသို့သွားခဲ့ကြသည်။ ဆေးခန်းမဖွင့်သေးပါ။ စောသေးသောကြောင့်ဖြစ်ပါသည်။ မန္တလေးပြန်ရမည့်ခရီးမှာလည်း မနီးလှသဖြင့် ဆေးခန်းဖွင့်ချိန်အထိ မစောင့်တော့ဘဲ ပြန်ခဲ့ကြသည်။

မန္တလေးသို့သာပြန်ရောက်လာခဲ့သည်။အားအင်ကုန်ခန်းပင်ပန်းနွမ်းနယ်ခြင်းမရှိပါ။ ဘာမှမဖြစ်ခဲ့သလို ပကတိလန်းဆန်းလျက်ရှိနေပါ၏။ထိုအကြောင်းအရာတို့ကို တစ်ပတ်ခန့်အကြာမှ စာရေးသူနှင့်တွေ့ဆုံသောအခါ မမျိုးမှ ပြန်လည်ပြောပြ၍ စာရေးသူသိရှိရခြင်းဖြစ်ပါသည်။

နောက်တစ်ဦးထူးခြားမှုမှာ မမျိုးတို့ဆိုင်မှ လုပ်သားဇနီးမောင်နှံဖြစ်သော ကိုအောင်မိုးနှင့်မညိုမြတို့ဖြစ်ပါသည်။ မောင်ဇော်နိုင်ဝေနှင့်မမျိုးတို့သည် ပဋ္ဌာန်းပါရှိသူများဖြစ်ကြ၍ စာရေးသူတို့ ပန္နက်ပွဲမတိုင်မီကတည်းကပင် အကြိမ်ကြိမ် စာရေးသူတို့ထံသို့ လာရောက်ခဲ့ကြ၏။ တစ်နေ့တွင် ၎င်းတို့နှင့်အတူ မညိုမြလည်း ပါရှိလာ၏။ ၎င်းတို့ရောက်လာလျှင် စာရေးသူထံတွင် အကြာကြီးနေလေ့ရှိပြီး ပရိတ်ကြိုးများကူထုံးရင်းစကားပြောကြ၏။ ထိုနေ့က ပြန်ခါနီးတွင် မမျိုးတို့က သစ္စာရေတောင်းခံကြသောအခါ မညိုမြကိုလည်း သစ္စာရေတောင်းခံစေပြီး မမျိုးက ဤသို့ပြော၏။

"ဆရာ၊ သူ့ယောကျ်ား မျက်စိကျောက်စမှန်ထားတာ မျက်လုံးကြီးကိုညှိမည်းပြီး မျက်ရည်တွေကျနေတာ၊ အဲဒါ ဆရာ့သစ္စာရေခတ်လို့ရမလား"

ဟု မေးမြန်းရာ မျက်ခွံပေါ်နှင့် ထိုမျက်နှာတစ်ခြမ်းကို သစ္စာရေနှင့်ပွတ်ပေးပါ။ ပျောက်သွားပါလိမ့်မည်ဟု စာရေးသူက မှာကြားလိုက်ပါသည်။ ကျောက်ကားသမားများတို့သည် (၆×၉) ကျောက်များအဆမတန်ကြီးမားနေလျှင် တူဖြင့်ရိုက်ခွဲရလေ့ရှိ၏။ ယခုလည်း ထိုသို့ပြုလုပ်ရာမှ ကိုအောင်မိုးမျက်စိတွင် ကျောက်စထိမှန်ခဲ့ရခြင်း ဖြစ်ပါသည်။

ထိုရက်များအတွင်းက ကိုအောင်မိုးနှင့် မညိုမြတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြပါ။ မညိုမြက စုဆောင်းထားသောငွေကလေးဖြင့် ရနိုင်မည့် မြေကွက်ကလေးတစ်ကွက်လောက်ဝယ်ယူထားလိုက်၏။ ကိုအောင်မိုးက ထိုကိစ္စသဘောမတူသဖြင့် လင်မယားချင်း စကားပြောအဆင်မပြေကြခြင်းဖြစ်ကာ စကားမပြောကြခြင်းဖြစ်သည်။

ထိုနေ့က မိုးချုပ်မှ ၎င်းတို့အိမ်သို့ ရောက်ရှိသွားကြသည်။ မညိုမြသည် ကိုအောင်မိုးကို စကားမပြောပါ။ ကိုအောင်မိုးက မညိုမြလက်ထဲမှ သစ္စာရေဘူးကို တွေ့မြင်သောအခါ အဲဒါဘာလဲဟု မေး၏။ မညိုမြသည် ဤသစ္စာရေဘူးမှာ ကိုအောင်မိုး၏ မျက်စိဒဏ်ရာအတွက် ယူဆောင်လာခြင်းဖြစ်သော်လည်း စိတ်ဆိုးနေချိန်ဖြစ်၍ ဘာမှပြန်မပြောဘဲနေလိုက်၏။ ထို့နောက် အချိန်ကျသောအခါ အိပ်ရာဝင်ကြသည်။ မညိုမြလည်း နေ့ခင်းတွင် ပင်ပန်းထားသည်ဖြစ်၍ အိပ်ရာထဲရောက်ပြီး မကြာမီ အိပ်ပျော်သွားသည်။ သန်းခေါင်ယံအချိန်၌ မညိုမြ တစ်ရေးနိုးလာ၏။ အိပ်ရာထဲတွင် ကိုအောင်မိုးကို မတွေ့သဖြင့် ဘုရားဆောင်ဘက်သို့ကြည့်မိရာ ကိုအောင်မိုး တရားထိုင်လျက်ရှိသည်ကို တွေ့ရ၍ အံ့ဩသွားသည်။ လက်ထဲတွင်လည်းစိပ်ပုတီးကိုင်ထား၏။ ကိုအောင်မိုးသည် လူရိုးလူအေးဖြစ်သည်။ ကူမဲနယ်မှ ကျေးရွာသားတစ်ဦးဖြစ်ပြီး ညတိုင်းပင်ဘုရားရှိခိုးလေ့ရှိသူမဟုတ်ပါ။ ယခုထူးထူးခြားခြားတွေ့မြင်ရ၍ အံ့ဩမိခြင်းဖြစ်သည်။ မညိုမြလည်းမသိဟန်ဆောင်၍ အိပ်နေလိုက်၏။

နံနက်လင်းသောအခါ မညိုမြသည် ဘုရားဆောင်ပေါ်မှ သစ္စာရေဘူးကိုကြည့်လိုက်ရာ အနည်းငယ်လျော့နေသည်ကိုတွေ့ရသည်။ ထိုသို့ဖြင့် (၂)ရက်ခန့်အကြာတွင် ကိုအောင်မိုး၏မျက်စိနာရောဂါ သက်သာ ပျောက်ကင်းသွားခဲ့သည်။ ကိုအောင်မိုးနှင့် မညိုမြတို့ စကားပြောကြသောအခါမှ သိရသည်မှာ ကိုအောင်မိုးသည် ထိုညက မညိုမြအိပ်ပျော်ချိန်အထိစောင့်နေခဲ့ပြီး မညိုမြအိပ်ပျော်သွားသောအခါမှ ဘုရားဆောင်ပေါ်မှ ရေဘူးကိုယူကြည့်ရာ ဆေးသိဒ္ဓိသစ္စာရေဟုသိရှိလိုက်ရ၍ ရေဘူးတွင်ပါရှိသောအညွှန်းအတိုင်းဆောင်ရွက်ပြီး သောက်၏။ လိမ်း၏။ ထိုသို့ဖြင့် ၎င်း၏မျက်စိပြန်ကောင်းသွားသည်ဟု ပြောပါသည်။

၂၃-၁၂-၂၀၁၅ နေ့ မူလဌာပနာပိတ်ပွဲကျင်းပချိန်၌ မောင်ဇော်နိုင်ဝေနှင့်မမျိုးတို့သည် စာရေးသူတို့နှင့်အတူရှိနေ၏။ ၎င်းတို့ဆိုင်တွင် ကိုအောင်မိုးနှင့် မညိုမြတို့ ကျန်ရစ်ခဲ့ကြသည်။ ထိုအချိန်တွင် ကိုအောင်မိုးတို့၏ အသိမိတ်ဆွေများရောက်လာကြပြီး ထုံးဖိုရဲရွာရေအားလျှပ်စစ်လမ်းခွဲဘက်တွင် မြေကွက်သွားဝယ်မည်ဖြစ်၍ အဖော်လိုက်ခဲ့ကြပါဟုခေါ်ရာ ၎င်းတို့ဇနီးမောင်နှံလည်း လိုက်ပါသွားခဲ့ကြပြီး မရည်ရွယ်ပါဘဲ ၎င်းတို့လင်မယား စိတ်တူသဘောတူမြေကွက်ဝယ်ဖြစ်လိုက်ကြပြန်ပါသည်။ မြေကွက်မှာ (၁၈)သိန်းပေးခဲ့ရပြီး ယခု (၁၅) ရက်မျှကာလအတွင်း ထိုမြေကွက်မှာ သိန်း (၂၀)ဖြစ်သွားပြီဟု သိရှိရ၍ ၎င်းတို့လည်း ဝမ်းသာလျက်ရှိကြောင်း မမျိုးမှ စာရေးသူကိုပြောပြပါသည်။

၂၆-၁၂-၂၀၁၅ နေ့တွင် ပန်းရန်ဆရာနှင့် ၎င်း၏အဖွဲ့သည် ပုံမှန်အလုပ်ဆင်းလျက်ရှိ၏။ ညနေအလုပ်သိမ်းချိန်တွင် ပန်းရန်ဆရာ၏သမီးကို သိုက်များကဝင်စီး၏။ ၎င်းတို့လည်း တစ်ခါမှမဖြစ်ဖူး၊ မကြုံဘူးသဖြင့် ထိတ်လန့်နေကြပြီး အနီးအနားရှိဆရာတစ်ဦးထံ ထိုကလေးမကို ခေါ်ဆောင်သွားကသည်။ ထိုဆရာထံရောက်သောအခါ ထိုကလေးမကို ထိကိုင်မိသော ပန်းရန်အဖွဲ့မှလူများကိုပါ တစ်ယောက်ပြီးတစ်ယောက်ဝင်စီးခံရပြန်ပြီး ကလေးအစောင့်လိုတယ်၊ ကလေးသိုက်အတွက်လိုတယ်၊ ကလေးပေးရမည်ဟု တောင်းဆို၏။ ထို့နောက် သိုက်နန်းရှင်တို့ ပြန်လည်ထွက်ခွာသွား



www.burmeseclassic.com

www.burmeseclassic.com

ကြ၏။ ထိုအခါ ပန်းရန်အဖွဲ့သားများလည်း ကြောက်ကုန်ကြသည်။ ၎င်းတို့သည် ဆက်၍အလုပ်မဆင်း၍လည်းမရပါ။ အလုပ်အပ်နှံစဉ်က စာချုပ်ချုပ်ဆိုထားသောကြောင့် ဖြစ်သည်။ ပန်းရန်ဆင်းကြရာ၌ ဇနီးမောင်နှံများပါပါရှိရာ နို့စို့အရွယ်ကလေးများကိုပါ အလုပ်ဆင်းရာ၌ ခေါ်ဆောင်လာခဲ့ကြသည်ဖြစ်၍ ၎င်းတို့၏ကလေးများကို စိတ်ပူလျက်ရှိနေကြပြီး ထိုကိစ္စ ကိုမြင့်ဦးအား သွားရောက် ပြောကြားကြ၏။ ထိုအခါ ကိုမြင့်ဦးမှ စာရေးသူထံ ထိုကိစ္စဖြေရှင်းပေးရန် ပန်းရန်အဖွဲ့ စိတ်အေးလက်အေး အလုပ်ဆင်းနိုင်ရန် ပြောကြားပေးပါဟု ဖုန်းဆက်ပြောကြားပါသည်။

ထိုအခါ စာရေးသူလည်း အံ့ဩခြင်းများနှင့်အတူ ခေါင်းကြီးသွားမိပြီး ထိုအတွက် စိတ်မပူကြပါရန်၊ မယ်တော်ကြီးအား ဖုန်းဆက်ပြောကြားပြီး စီစဉ်ပေးပါမည်ဟုပြောလိုက်ပါသည်။ ထိုနေ့က စာရေးသူသည် စကျင်ကျောက်သားပလ္လင်တော်နှင့် စကျင်ရုပ်ပွားဆင်းတုတော် ပူဇော်ရန်အတွက် စကျင်သို့ သွားရောက်နေသည်ဖြစ်၍ ရွှေကြက်ယက်သို့ မရောက်ဖြစ်ပါ။ အပြန်စောလျှင်ဝင်မည်ဟု စိတ်ကူးထားသော်လည်း မိုးချုပ်နေ၍ မဝင်ဖြစ်ခဲ့ပါ။ နေ့ခင်းက မောင်ဇော်နိုင်ဝေနှင့် မမျိုးတို့က စာရေးသူထံဖုန်းဆက်သည်။ ၎င်းတို့ စစ်ကိုင်းသို့သွားကြမည်ဟုပြော၍ အပြန် ရွှေကြက်ယက်ကို ဝင်လိုက်ဦးဟု စာရေးသူက ပြောလိုက်၏။ ထို့ကြောင့် ၎င်းတို့သည် စစ်ကိုင်းမှ အပြန် ရွှေကြက်ယက်သို့ဝင်ခဲ့ကြ၏။ ၎င်းတို့သည် ရွှေကြက်ယက်တောင်ပေါ်မှ စာရေးသူထံဖုန်းဆက်ကြ၏။ ထိုအချိန်တွင် မှောင်ရိပျိုးလက်ရှိနေပေပြီ။ ၎င်းတို့လည်း နွဲ့နွဲ့ရီနှင့်တွေ့၍ ကလေးတောင်းသည့်အကြောင်းသိရကြောင်း၊ စာရေးသူမှ တစ်ခုခုဆောင်ရွက်ပေးပါဟု ပြောကြပြန်၍ ကိုမြင့်ဦးထံမှ ထိုကိစ္စသိရှိပြီးပြီဖြစ်ကြောင်း၊ မနက်ဖြန်စီစဉ်မည်ဖြစ်ကြောင်း မန္တလေးမှ ကလေးအရုပ်နှစ်ရုပ်ဝယ်ခဲ့ရန်၊ ပြည်(ပြေ)ငှက်ပျော (၁၁)ဖီးပွဲတစ်ပွဲနှင့် (၃)ဖီးပွဲတစ်ပွဲယူခဲ့ပြီး စဉ့်ကိုင်သို့လာခဲ့ကြရန် စာရေးသူမှ ၎င်းတို့ကိုပြောကြားလိုက်ပါသည်။

ညပိုင်းတွင် စာရေးသူမှ မယ်တော်ကြီးအား ထိုကိစ္စကို ဖုန်းဆက်ပြောကြားသောအခါ မယ်တော်ကြီးကလည်း စာရေးသူပြောသည့်အတိုင်းပင် စီစဉ်စေပါသည်။

နောက်နေ့ (၁၀) နာရီလောက်တွင် မောင်ဇော်နိုင်ဝေနှင့် မမျိုးတို့ ရောက်ရှိလာကြ၏။ ကလေးအရုပ်ကလေးနှစ်ခုလည်း ပါလာသည်။ ယောကျ်ားလေးနှင့် မိန်းကလေးအရုပ်ကလေးတို့ဖြစ်ပြီး လသားအရွယ်ယောကျ်ားလေးအရုပ်ကလေးမှ အကျီ၊ ဘောင်းဘီ၊ ဦးထုပ်၊ ဖိနပ်အစစ်များဝတ်ဆင်ပေးထားရာ တကယ့်ကလေးလေးအတိုင်းပင် ဖြစ်သည်။ စာရေးသူတို့ အောင်မြေတွင်လည်း ကလေးသိုက်ရှိ၏။ ရုပ်ရှင်တော် မြတ်ပွင့်ထွန်းတော်မူခါစက စာရေးသူတို့သည် ဘာဆိုဘာမှ မသိပါ။ အဘယက္ခကြီးရှိသည်ကိုလည်း မသိ၊ နဂါးမယ်တော်များရှိသည်ကိုလည်း မသိ၊ သိုက်နန်းရှင်များရှိသည်ကိုလည်း မသိ၊ ကလေးသိုက်များရှိသည်ကိုလည်း မသိခဲ့ပါပေ။ တန်ခိုးကြီးဘုရားများဖြစ်လျှင် အစောင့်အရှောက်ပုဂ္ဂိုလ်တို့သည် သာသနာစောင့်နတ်မင်းကြီးများမှတာဝန်ပေးအပ်ခြင်းခံရ၍ရောက်ရှိလာကြရခြင်းဖြစ်သည်ဟု ဝါခင်းကုန်းဆရာတော်ဘုရားကြီးမှ မိန့်ကြားဖူးပါသည်။

ထို့အတူ စေတီပုထိုးအသစ်များတည်ထားလျှင်လည်း သာသနာစောင့်နတ်မင်းကြီးများမှ အစောင့်အရှောက်ပုဂ္ဂိုလ်များကို တာဝန်ပေးအပ်၍စေလွှတ်ခြင်းများရှိသကဲ့သို့ အတိတ်ဘဝ ဆုတောင်းတို့ကြောင့် လည်းကောင်း၊ တာဝန်ပေးအပ်ချက်၊ ကတိထားရှိချက်တို့ကြောင့် လည်းကောင်း၊ ထိုပုဂ္ဂိုလ်နှင့်သက်ဆိုင်သော ဘုရားတည်သောအခါ ရောက်ရာဘဝမှ အစောင့်အရှောက်များအဖြစ် ဘဝပြောင်းလဲပြီး ရောက်ရှိကြရသည်ဟုလည်း ဝါခင်းကုန်းဆရာတော်ဘုရားကြီးမှ မိန့်ကြားဖူးခဲ့ပါသေးသည်။ စာရေးသူတို့ ရုပ်ရှင်တော်မြတ် ပွင့်တော်မူစက စာရေးသူတို့နေအိမ်သည် သာမန်မိသားစု လူနေအိမ်ပုံစံသာဖြစ်ပါ၏။ သို့သော် ပုဂ္ဂိုလ်ဆက်ပါရှိသူ၊ ရဟန်းပုဂ္ဂိုလ်များ၊ ရသေ့ပုဂ္ဂိုလ်များ၊ လူပုဂ္ဂိုလ်များ စာရေးသူတို့နေအိမ်သို့ ရောက်ရှိလာကြသောအခါ ဘုရားကန်တော့ပြီးသည်နှင့်-

"ဒီမှာ အစောင့်အရှောက်ပုဂ္ဂိုလ်တွေ အများကြီးပဲ။ ဘယက္ခကြီးလည်း ရှိတယ်။ နဂါးသိုက်လည်းရှိတယ်။ သိုက်တွေလည်းရှိတယ်။ ကလေးသိုက်လည်း ရှိတယ်"

ဟုပြောကြသောအခါ စာရေးသူတို့လည်း မယုံရခက်ယုံရခက် မယုံတစ်ဝက်ယုံတစ်ဝက်သာရှိနေခဲ့ရပြီး တဖြည်းဖြည်းချင်းမှ အစောင့်အရှောက်ပုဂ္ဂိုလ်များရှိနေသည်ကို သိရှိလာခဲ့ကြရပါသည်။

ကလေးသိုက်နန်းရှင်များရှိသည်ကို သတိပြုမိလာခြင်းမှာ ဤသို့ဖြစ်ပါသည်။ စာရေးသူတို့အိမ်သို့ ဘုရားဖူးလာရောက်ကြသောဧည့်သည်များတွင် ကလေးငယ်များပါလာလေ့ရှိကြသည့်။ တစ်ကြိမ်တစ်ခါမှ မရောက်ဘူးသော ကလေးများဖြစ်သော်လည်း စာရေးသူတို့နေအိမ်သို့ရောက်ရှိလျှင် ပျော်ရွှင်နေကြ၏။ တော်တော်နှင့်မပြန်ချင်ဘဲရှိကြသည်။ မိဘများက 'နေခဲ့မှာလား၊ နေခဲ့နော် သွားပြီ' ဟုဆိုပြီး ထွက်သွားကြလျှင်လည်း ကလေးများသည် မိဘများထံ လိုက်မသွားကြပါ။ မိဘများကိုပင် လက်ပြနှုတ်ဆက်ပြီး နေရစ်၏။ မိဘများက ပြန်လာပြီးချော့မော့ခေါ်ယူကြရ၏။ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ဦးပိုင်းကာလများအတွင်းကလည်း စာရေးသူတို့၏ ကျောင်းတော်ကြီးကို သန့်ရှင်းရေးဆောင်ရွက်သော မောင်ဇော်မိုးသည် အလယ်ထပ်ဘုရားခန်းကို တက်ရောက်ရှင်းလင်းရန် တံခါးဖွင့်လိုက်သောအခါ၌ နန်းဝတ်နန်းစားနှင့် ကလေးငယ်များ ဆော့ကစားနေကြသည်ကိုတွေ့မြင်ရပြီး ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ဦး တရားထိုင်နေသည်ကို တွေ့မြင်လိုက်ရ၍ ကြက်သီးများထသွားသဖြင့် တံခါးကိုပြန်စေ့ကာ အောက်ထပ်သို့ ပြန်ဆင်းခဲ့ရသည်။ ထိုသို့ (၃)၊ (၄) ကြိမ်ကြုံတွေ့ခဲ့ရသည်ဟုပြောပြပါသည်။ အတန်ကြာမှ တက်သွားသောအခါတွင်တော့ ဘာမှမတွေ့ရတော့ပါ။ သို့သော် ကလေးခြေရာများစွာ ထင်ကျန်ခဲ့၍ စာရေးသူနှင့် ဘုရားဖူးဧည့်သည်များပါ တက်ရောက်ကြည့်ရှုခဲ့ကြပါသေးသည်။

ရုပ်ရှင်တော်မြတ် အောင်မြေတွင် မရှိလျှင် နေ့ခင်းမှာပင် ဘုရားဖူးဧည့်သည်များများစားစားမရှိပါ။ တစ်နေ့လျှင် (၄)၊ (၅)ဦးသာ လာတတ်ပါသည်။ စနေ၊ တနင်္ဂနွေနှင့် လပြည့်၊ လကွယ် ဥပုသ်နေ့များတွင်တော့ များသည့်အခါလည်းများတတ်ပါ၏။ ညပိုင်းဆိုလျှင်တော့ လုံးပြတ်တတ်ပါ၏။ စာရေးသူတို့သည် သုံးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်စဉ်ကတည်းက မီးဖိုခန်း၊ ထမင်းစားခန်းများ မထည့်သွင်းခဲ့ပါ။ နောက်တွင် နှစ်ထပ်အိမ်တစ်လုံးဆောက်လုပ်ထားရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ညဥ့်ဦးပိုင်း စားစား



www.burmeseclassic.com

www.burmeseclassic.com

ချိန်များတွင် ရှေ့ကျောင်းဆောင်အတွင်း၌ လူတစ်ယောက်မှမရှိဘဲဖြစ်နေတတ်ပါသည်။ စာရေးသူ၏အစ်ကို ကိုဝင်းကိုသည် မယ်တော်ကြီး၏ လမ်းညွှန်မှုဖြင့် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် စာရေးသူတို့ ဘုရားခန်းသို့လာရောက်ပြီး ပုတီးစိပ်မြဲဖြစ်ပါသည်။ တစ်ညဦးတွင် ထိုသို့ ပုတီးစိပ်လျက်ရှိစဉ် ကလေးတစ်ဦးသည် ကိုဝင်းကိုအနားလာလိုက်၊ အပြင်သို့ပြေးထွက်သွားလိုက်၊ ဘုရားခန်းအတွင်း လှည့်လည်ပြေးလိုက်လုပ်နေပါသည်။ ထိုအချိန်များတွင် စာရေးသူ၏တပည့်ကလေး အောင်နေလင်းသည် လာရောက်မြဲဖြစ်ကာ ညစဉ် စာရေးသူတို့အား လက်ဖက်ရည်တိုက်လေ့ရှိပါသည်။ တစ်ခါတစ်ရံ ၎င်း၏သားကလေး ရဲရင့်ခန့်ကို ခေါ်လာလေ့ရှိ၏။ ရဲရင့်ခန့်သည်လည်း ဘုရားခန်းအတွင်းသို့ရောက်လျှင် ပျော်နေတတ်ပြီး ဟိုသည်ပြေးလွှား၍နေတတ်၍ အောင်နေလင်းက အမြဲဟန့်နေရ၏။ကိုဝင်းကိုသည် အောင်နေလင်းသားအဖ ရောက်ရှိနေသည်ထင်မှတ်ပြီး ပုတီးဆက်၍စိပ်နေလိုက်သည်။ ပုတီးစိပ်ပြီးသောအခါမှ ဟိုသည်လှည့်ပတ်ကြည့်ရှုရာ မည်သူ့ကိုမျှ မတွေ့မြင်သဖြင့် နောက်အိမ်ထဲတွင် ထမင်းစားနေသော စာရေးသူတို့ထံလိုက်သွားသည်မှာ ထင်မှတ်နေ၏။ ခဏအကြာတွင် စာရေးသူ ရှေ့ဘုရားခန်းသို့ထွက်ခဲ့ရာ ကိုဝင်းကိုမှ-

"စောစောက အောင်နေလင်းသားအဖ မလာဘူးလား"

ဟု မေးသည်။ 'မလာသေး' ဟု ဖြေလိုက်သောအခါ အောင်နေလင်းထံ ဖုန်းဆက်ကြည့်၏။အောင်နေလင်းလည်း ယနေ့ အလုပ်သိမ်းချိန်မိုးချုပ်မည်။ ယခုထိ အလုပ်မသိမ်းရသေးပါ။ ထို့ကြောင့် ယနေ့ညမလာနိုင်တော့ပါ' ဟုပြော၏။ ထိုအခါမှ ကိုဝင်းကိုလည်း အံ့ဩသွားပါသည်။

ရံဖန်ရံခါတွင်လည်း မယ်တော်ကြီးမှလည်းကောင်း၊ အခြားသောသူများမှလည်းကောင်း ကြိုးဖုန်းအား ဖုန်းခေါ်လျှင် တစ်ဖက်ဖုန်းထဲတွင် ကလေးသံများပါရှိနေ၍ မယ်တော်ကြီးမှ 'ဘယ်က ကလေးတွေရောက်နေတာတုံး' ဟု မေးမြန်းခြင်းခံရလေ့ရှိပြီး အခြားသူများမှလည်း 'ဆရာ၊ ကလေးတွေရောက်နေတာလား' ဟူ၍ မေးမြန်းခြင်းခံရပါသေးသည်။ ထိုအခါမှ စာရေးသူတို့အိမ်တွင် ကလေးသိုက်ရှိသည်ဟု သိရှိရပါတော့သည်။ ဤကလေးသိုက်နှင့်တကွ အခြားသောအစောင့်အရှောက်ပုဂ္ဂိုလ်တို့သည် ဤနေရာဤဌာနသို့ ရုပ်ရှင်တော်မြတ်ပွင့်ထွန်းပေါ်ပေါက်မည်ဖြစ်၍ ကြိုတင်ရောက်ရှိနေကြခြင်းလော၊ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာသောအခါမှ ရုပ်ရှင်တော်မြတ်အား စောင့်ရှောက်ရန် ရောက်ရှိလာကြခြင်းလော သို့မဟုတ် နဂိုကတည်းက သူတို့ဘာသာ သူတို့ သူတို့အကြောင်းနှင့်သူတို့ရှိနေကြခြင်းလောမသိပါ။ ရှိနေကြသည်ကတော့ သေချာပါ၏။

မမျိုးတို့ ပါရှိလာသော ကလေးအရုပ်နှစ်ခုကို သင့်တော်သော ပလတ်စတစ်ခြင်းထဲသို့ ထည့်လိုက်သည်။ အသင့်ပါလာသော ပန်းကုံးများ၊ ပန်းပွင့်များကိုလည်း ခြင်းထဲတွင်ထည့်လိုက်သည်။ကလေးကစားစရာ, အရုပ်ကလေးများကိုလည်းထည့်သည်။ နေထားတကျဖြစ်သောအခါမှ နဂါးမယ်တော်ကြီးများ၏အနီးရှိ စည်ကိုင်သူငယ်တော်ပုံတော်၏ရှေ့တွင်ထားလိုက်ပြီး မယ်တော်ကြီးကို VIDEO CALL ဖြင့်ခေါ်လိုက်ရာ မယ်တော်ကြီးတို့လည်း အသင့်စောင့်နေ၏။ မယ်တော်ကြီးကိုဖုန်းထဲမှ ကလေးများကိုပြသလိုက်သည်။ ထိုအခါ မယ်တော်ကြီးအား ရှင်မထီးဆရာတော်ကြီး ကြွရောက်နာမ်ကိန်းပြီးလျှင် ပုဂ္ဂိုလ်စကားများဖြင့် ပြောကြား၏။ အမိန့်ပေး၊ အမိန့်ပြန်ခြင်းဖြစ်ပေလိမ့်မည်။ထို့နောက် ရှင်မထီးဆရာတော်ဘုရားကြီး၏ နာမ်ထွက်ကြွသွားသောအခါမှ မယ်တော်ကြီး၏ပင်ကိုစိတ်၊ ပင်ကိုစကားဖြင့် ရွှေကံကူအောင်မြေမှ ကလေးသိုက်၏နံများထည့်ပေးလိုက်ပြီး ရွှေကြက်ယက်ကို သွားပို့ခဲ့ချေတော့ဟု ပြောပါသည်။

ထို့နောက် စာရေးသူတို့လည်း ရွှေကြက်ယက်သို့ ကလေးများကိုတင်ဆောင်ပြီး ထွက်ခွာခဲ့ကြသည်။ လမ်းတွင် ဇော်နိုင်ဝေနှင့် မမျိုးတို့မှ မနေ့က ၎င်းတို့ ကြုံတွေ့ရသော ထူးဆန်းသည့်အဖြစ်တို့ကို ပြန်လည် ပြောပြကြ၏။ မမျိုးတို့သည် စစ်ကိုင်းသို့သွားကြသောအခါ ရွှေကြက်ယက်ရွာအနီးမှဖြတ်သန်းချိန်၌ မမျိုးထံ သိုက်တို့ရောက်ရှိလာ၏။ မမျိုးသည် ခေါင်းလည်းမကြည်၊ စိတ်လည်းမကြည်၊ အကြောများတက်ပြီး တဝါးဝါးသမ်းဝေလျက်ရှိ၏။ ထို့ကြောင့် မမျိုးက ကျောင်းသို့ရောက်လျှင် ကျောင်းပေါ်သို့မတက်တော့ဘဲ ကားထဲတွင်သာနေရစ်တော့မည်ဟု ကြိုတင်ပြောထား၏။ မမျိုးတို့သည် သီတဂူကျောင်းမှ လက်ထောက်တရားဟောမေ့ကထိကဆရာတော်ထံ သွားရောက်ကြခြင်း ဖြစ်သည်။ (၎င်းတို့သည် ထိုဆရာတော်ထံ မကြာခဏ သွားရောက်လေ့ရှိရာ စာရေးသူပင် တစ်ခါလိုက်သွားခဲ့ဖူးပါသေးသည်။) သီတဂူကျောင်းဝင်းကြီးအတွင်းသို့ ကားဝင်လိုက်သောအခါ ထူးဆန်းလှပါ၏။ မမျိုးတွင်ခံစားနေရသော လေးလံထိုင်းမှိုင်းသမ်းဝေခြင်းတို့ တစ်ခါတည်း ပြေပျောက်သွားသည်။ သိုက်နန်းရှင်တို့သည် ကျောင်းဝိုင်းအတွင်းသို့ မလိုက်လာနိုင်သောကြောင့်လော သို့မဟုတ် ၎င်းတို့၏နယ်မဟုတ်တော့၍ ပြန်သွားကြခြင်းကြောင့်လော မသိပါ။ မမျိုးကတော့ ပကတိအကောင်းအတိုင်းပြန်ဖြစ်သွားပါသည်။

ဤဆရာတော်သည် တရားပွဲများ အဆက်မပြတ် လိုက်နေရသည်ဖြစ်၍ အရင်အခေါက်များက စကားကောင်းကောင်းမပြောရပါ။ ယနေ့ စကားတော်တော်လေးပြောဖြစ်ကြသဖြင့် အချိန်အတော်လင့်သွားသည်။ စာရေးသူမှ ဘုရားကိုဝင်လိုက်ကြဦးဟုမှာကြားထား၍လည်း ဘုရားသို့ဝင်ကြရ၏။ တောင်ပေါ်သို့ရောက်သောအခါ မှောင်ရီပျိုးလျက်ရှိနေပြီဖြစ်၍ မမျိုးသည် မောင်ဇော်နိုင်ဝေကိုမစောင့်ဘဲ သောကြာနံဘုရားသို့ ရှေ့မှတက်သွားနှင့်၏။ ကြက်သီးတဖြန်းဖြန်းထလာပြီး ကြောက်စိတ်တို့ဝင်ရောက်လာ၏။ ထို့ကြောင့် ဤယနေ့တော့ မိမိအား မစီးနင်းကြစေရန် သိုက်များကို မေတ္တာရပ်ခံ၏။ ခဏအကြာတွင် မောင်ဇော်နိုင်ဝေ ရောက်ရှိလာ၏။ ပြန်မည်ပြုသောအခါ မောင်ဇော်နိုင်ဝေကို သိုက်များက ဝင်ရောက်စီးနင်း၏။ မမျိုးက 'စိတ်တင်းမထားနဲ့လျှော့ချလိုက် လျှော့ချလိုက်' ဟုပြော၏။ မောင်ဇော်နိုင်ဝေလည်း စိတ်ကိုလျှော့ချလိုက်သည်။ ထိုအခါ နဂါးတို့သည် တစ်ကိုယ်လုံးသို့ စီးနင်းဝင်ရောက်သွားပါသည်။ သို့သော် စကားမပြောနိုင်ပါ။ မောင်ဇော်နိုင်ဝေ၏ စိတ်ထဲတွင်တော့ အစ်မတော်စောမွန်လှ၏ရွှေစာရံဘုရားသို့ရောက်ရှိသွားလိုက်၊ စာရေးသူ ဒုတိယဘုရားတည်မည့် သပိတ်ကျင်းနယ်ဘက်သို့ ရောက်သွားလိုက်ဖြစ်နေပါ၏။ ထို့နောက် နဂါးများလည်း ထွက်ခွာသွား၍ မောင်ဇော်နိုင်ဝေတို့လည်း တောင်ပေါ်မှပြန်ဆင်းလာရာ မန္တဲ့နွဲ့ရီနှင့်တွေ့ပြီး ပန်းရန်ဆရာအဖွဲ့ ကလေးအတောင်းခံရပုံကိုပြောပြ၏။

မန္တဲ့နွဲ့ရီနှင့်ကိုမြင့်ဦးတို့သည် ဤပ



www.burmeseclassic.com

www.burmeseclassic.com

နာဝိတ်သောနေ့က မရှိကြပါ။ ဒေးဒရဲသို့ ရောက်ရှိနေကြပါသည်။ ဒေးဒရဲသို့ ရောက်ရှိရသောအကြောင်းမှာ ဤသို့ ဖြစ်ပါသည်။ နွဲ့နွဲ့ရီ ငယ်စဉ်က ဒေးဒရဲ တွင်နေခဲ့ဖူးပါသည်။ ထို့ကြောင့် တစ်မြို့လုံးနီးပါး ဆွေမျိုးများကဲ့သို့ဖြစ်နေပြီး ကျောင်းနေဖက်သူငယ်ချင်းများလည်းရှိပါသည်။ ဒေးဒရဲမြို့မှထွက်ခွာလာချိန်၌ ဖုန်းခေတ်လည်းမဟုတ်၍ မရောက်ဖြစ်တော့သောအခါ အဆက်အသွယ်ပြတ်သွားခဲ့ကြပါသည်။ ထို့အတူ အခြားမြို့မှ မိတ်ဆွေများသည်လည်း ထို့အတူဖြစ်ပါသည်။ ဤသို့ဖြင့် ၂၀၁၅ ခုနှစ်ထုတ် သူရဇ္ဇမဂ္ဂဇင်းကြီးတွင် စာရေးသူ၏ ဆောင်းပါးတစ်ပုဒ်၌ ကိုမြင့်ဦး၊ မနွဲ့နွဲ့ရီ တို့နေအိမ်တွင် ရုပ်ရှင်တော်မြတ်၏ တန်ခိုးတော်ထူးခြားမှုအကြောင်းများကို ဖော်ပြခဲ့ရာ၌ ကိုမြင့်ဦးတို့၏ ဖုန်းနံပါတ်ကို ထည့်သွင်းလိုက်ပါသည်။ ထိုသို့ဖုန်းနံပါတ်ထည့်သွင်းရသောအကြောင်းရင်းမှာ မယုံကြည်သူတို့အတွက် မေးမြန်းစုံစမ်းရန်လည်းဖြစ်သကဲ့သို့ ယုံကြည်သူတို့အတွက်လည်း ပိုမိုပြည့်စုံစွာ သိရှိလိုက မေးမြန်းနိုင်ရန် ထည့်လိုက်ခြင်းဖြစ်ပါသည်။

သူရဇ္ဇမဂ္ဂဇင်းကြီးသည် မြန်မာနိုင်ငံအနှံ့အပြားမျှသာမက ကမ္ဘာ့နိုင်ငံအချို့သို့တိုင် ပျံ့နှံ့ရောက်ရှိသည်ဖြစ်ပြီး ဖတ်ရှုသူပရိသတ်တို့လည်း များပြားလှသည်ဖြစ်ရာ စာအုပ်ထွက်ရှိပြီးသည်နှင့် လူပေါင်းများစွာတို့ ဖတ်မိကြ၏။ ထိုအခါ နွဲ့နွဲ့ရီတို့၏ မိတ်ဆွေဟောင်းတစ်ဦးက ထိုဆောင်းပါးကိုဖတ်မိပြီး စာအုပ်တွင်ပါသော ဖုန်းနံပါတ်ဖြင့် ဖုန်းခေါ်ကြည့်၏။ ဖုန်းအဆက်အသွယ်ရရှိသောအခါ သာကြောင်းမာကြောင်းတို့ကို မေးမြန်းပြောဆိုပြီး ယခု ၎င်းသည် ဓာတ်မြေဩဇာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ ဓာတ်မြေဩဇာကိုယ်တိုင်ဆိုင်ဖွင့်ရောင်းချလိုလျှင် သို့မဟုတ် ကိုယ်စားလှယ်လုပ်လိုလျှင် စရန်ငွေပေးစရာမလိုဘဲ အလိုရှိသလောက် မှာကြားနိုင်ကြောင်း ပြောကြား၏။ ထိုဖုန်းလာပြီးမကြာမီမှာပင် ဒေးဒရဲမြို့မှ ဖုန်းလာပြန်၏။ ထိုနည်းတူ သာကြောင်းမာကြောင်းမေးမြန်းပြောဆိုပြီးလျှင် ၎င်းသည် စိုက်ပျိုးရေးဆေးဆိုင်နှင့် ဓာတ်မြေဩဇာရောင်းဝယ်ရေးဆိုင်ဖွင့်ထားကြောင်း ပြောကြား၏။ ထိုအခါ ကိုမြင့်ဦးတို့က မြေဩဇာသုံးပေးရန် ပြောကြား၏။ ထိုသို့ဖြင့် ကိုမြင့်ဦးတို့သည် မျှော်လင့်ထားခြင်းမရှိဘဲ ဓာတ်မြေဩဇာကိုယ်စားလှယ်ဖြစ်သွားတော့သည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး ကိုမြင့်ဦးတို့က စာရေးသူကို ကျေးဇူးတင်ရှိပါကြောင်း မကြာခဏ ပြောကြားပါသည်။

ကိုမြင့်ဦးတို့ကဲ့သို့ပင် စာရေးသူ၏ ပထမဆုံးဆောင်းပါးတွင် ပါရှိခဲ့သော သစ်တော်ကြီးပေါ် ပေါက်ရှိပုံဆောင်းပါး၌ ကိုယ်တိုင် ပါဝင် ဖော်ထုတ်ခဲ့သော မော်လိုက်မြို့မှ သစ်အုပ်ကြီး (ငြိမ်း) ဦးစိန်သောင်းသည်လည်း စာရေးသူ၏ ဆောင်းပါးဖော်ပြပါရှိသောအခါမှ နှစ်ပေါင်း (၃၀)ကျော်ကွဲကွာနေသော ညီဝမ်းကွဲမှ အဆက်အသွယ်ရရှိကာ ညီအစ်ကိုချင်း ပြန်လည်ဆုံတွေ့ကြရသည်ဟု စာရေးသူထံ ဖုန်းဆက်ပြောကြားခဲ့ပါသည်။ စာရေးသူ၏ ဆောင်းပါးတို့ ဖော်ပြပါရှိခဲ့သည်မှာ များပြားလှပြီဖြစ်ရာ သာဝကဦးရေ ရာချီ၍ပါရှိခဲ့ပေပြီ။ အနှစ်နှစ်အလလ ကွဲကွာနေကြသော၊ အဆက်အသွယ်မရရှိကြသော ဆွေမျိုးမိတ်သင်္ဂဟတို့ပြန်လည်အဆက်အသွယ် ရရှိခဲ့ကြသူတို့အများအပြားပင်ရှိကြောင်း သိရသောအခါ စာရေးသူ ဝမ်းသာမိပါသည်။

ထိုအကြောင်းများကိုလည်း နွဲ့နွဲ့ရီက မမျိုးကို ပြောပြ၏။ ထို့နောက် ၎င်းတို့လည်း လူချင်းခွဲလိုက်ကြသည်။ ယခု ဇော်နိုင်ဝေတို့လာခဲ့ကြသည်မှာ ၎င်းတို့ ဇနီးမောင်နှံနှစ်ယောက်တည်းမဟုတ်ပါ။ ကားမောင်းသော(ကျောက်အားသမား) ကောင်လေးလည်း ပါလာခဲ့၏။ ထိုကလေးသည် တောင်ပေါ်သို့တက်လိုက်မလာဘဲ ကားနားမှာပင် ဖုန်းဆော့ရင်း ကျန်ရစ်ခဲ့၏။ ဘုရားရောက်ပါလျက် မကန်တော့ဘဲနေရကောင်းလားဟု မမျိုးကပင် အပြစ်တင်စကားပြောလိုက်ပြီး ကားပေါ်သို့တက်ကြ၏။ ထိုအခါ ကောင်လေးသည် စကားသံထွက်၍မရဘဲဖြစ်နေ၏။ ဘုရားကို တောင်းပန်ပြီး ဒီနေရာကနေကန်တော့လိုက်ဟု မမျိုးက ပြော၏။ ထို့နောက် စာရေးသူ၏သစ္စာရေကိုတိုက်စေသည်။ မန္တလေးမြို့အတွင်းသို့ရောက်ရှိသောအခါမှသာ ထိုကလေး အသံပြန်ထွက်လာပြီး စကားပြောနိုင်တော့သည်။

"ကျွန်တော့်လည်ပင်းထဲ တစ်ခုခု ဆို့နေသလိုပဲ"

ဟုပြောသောအခါ -

"အေး ဘယ်ဘုရားကိုပဲရောက်ရောက် ကောင်းကောင်းမွန်မွန် ရှိခိုးသေသေ ကန်တော့ရတယ်။ ဘုရားရောက်ပြီး မကန်တော့ဘဲနေရင် ပုဂ္ဂိုလ်တွေ၊ အစောင့်အရှောက်တွေ၊ နတ်တွေက မကြိုက်ဘူး။ ဒါတောင် မင်းက စော်ကားတာမဟုတ်ဘူးနော်။ စော်ကားရင်၊ ပြစ်မှားရင် ဘယ်လောက်အထိဖြစ်မယ်ဆိုတာ စဉ်းစားကြည့်တော့။ အခုဟာက မစော်ကားသော်လည်း မရိုသေရာမလေးစားရာရောက်နေတော့ ဘုရားက အစောင့်တွေကပြတာပေါ့"

ဟု ဇော်နိုင်ဝေက ပြောပြရကြောင်း စာရေးသူကို ပြောပြကြပါသည်။

ထိုသို့ စကားတပြောပြောနှင့်လာခဲ့ကြရာ အချိန်ကြာသည်ဟုမထင်မှတ်လိုက်ရဘဲ ရွှေကြက်ယက်သို့ ရောက်ရှိလာကြသည်။ ကိုမြင့်ဦးတို့အိမ်သို့ အရင်ဝင်လိုက်ကြပြီး ဇော်နိုင်ဝေနှင့် ကိုဝင်းကိုတို့ကို ထမင်းစားစေပါသည်။ စာရေးသူတို့က ဥပုသ်ယူထားသည်ဖြစ်၍ မစားတော့ဘဲ ကိုမြင့်ဦးနှင့် ဧည့်ခန်းတွင်ထိုင်၍ စကားပြောနေကြသည်။ ထိုစဉ်မှာပင် မမျိုးသည် နောက်ကျောများတက်လာပြီး မျက်ရည်များလည်လာ၏။

"ဆရာ၊ ကျွန်မမရတော့ဘူး ဆရာ။ ကားထဲသွားပြီးမှိန်းနေလိုက်ဦးမယ်"

ဟုဆိုကာ ထွက်သွား၏။ မကြာမီ ကြည်ကြည်လင်လင်နှင့် ပြန်လည်ရောက်ရှိလာ၏။

"ကားထဲရောက်တော့ ကလေးပေါင်ဒါနဲ့တွေ့နေတာပဲ။ ပေါင်ဒါမှုန့် တောင်းတာဖြစ်မယ်။ အခု ကျွန်မပေါ့သွားပြီ။ ဘယ်လိုမှမဖိနေတော့ဘူး"

ဟု ပြောပါသည်။

ကိုဝင်းကိုတို့ ထမင်းစားပြီးကြသောအခါ ခေတ္တမျှစကားပြောကြပြီးနောက် ဘုရားသို့ထွက်ခဲ့ကြသည်။ ဘုရားအနီး စတိုးဆိုင်မှ ပေါင်ဒါဘူးဝယ်ခဲ့ကြပါသည်။ သောကြာနံဘုရားတွင် ကန်တော့ပွဲထိုးရန် (၁၁)ဖီးပွဲလည်းပါရှိခဲ့သည်။ တောင်ပေါ်သို့ စာရေးသူတို့ ကားဆိုက်ရောက်သောအခါ ပန်းရန်အဖွဲ့တို့လည်း ဝမ်းသာလျက်ရှိပြီး ပွဲများကိုကူသယ်ကြ၏။ ကလေးများအတွက် ဘာမှစိတ်မပူကြတော့ရန်၊ ယခု ကလေးသိုက်နန်းရှင်မောင်နှမကို လာရောက်ပို့ဆောင်ခြင်းဖြစ်၍ မည်သည့်ကလေးကိုမှ ခေါ်ယူတော့မည်မဟုတ်တော့ပါဟု ၎င်းတို့ကို ပြောပြရ၏။ ထိုအခါ ပန်းရန်



www.burmeseclassic.com

www.burmeseclassic.com

ဆရာမောင်နိုင်မှ -

"ဆရာ၊ ကျွန်တော် (၁၂)နှစ်သားတတည်းက အဖေနဲ့ လိုက်ပြီး ပန်းရန်လုပ်ခဲ့တာ။ ဒီကြားထဲမှာ ဘယ်လုပ်ငန်းမှလဲ ပြောင်းမလုပ်ခဲ့ဖူးဘူး။ ပန်းရန်လောကမှာပဲ တောက်လျှောက်နေခဲ့တာ။ အနှစ် (၃၀) ကျော်ခဲ့ပါပြီ။ ထုံးစံတိုင်းပေါ့ ဆရာရယ်။ စစ်ကိုင်းဝါးချက်သားတွေဆိုတော့ အဆောက်အအုံဆောက်ရတာက နည်းနည်း၊ ဘုရားတည်ဘုရားပြင်ရတာတွေက ပိုများတယ်။ ဒီဘုရားတည်မှ ထူးထူးခြားခြားတွေကြုံလာရတော့ ကျွန်တော်တို့လည်းကြောက်တာပေါ့ ဆရာ"

ဟုပြောပါသည်။

ထို့နောက် သော်ကြာနံ့ဘုရားတွင် (၁၁)ဖီးပွဲတင်လှူသည်။ သိုက်နန်းရှင်ကလေးမောင်နှမကို နေရာချထားသည်။ ထို့နောက် သိုက်ချုပ်ဘိုးတော်အား မေတ္တာရပ်ခံပန်ကြားသည်။ စာရေးသူတို့နေအိမ်၌ ရွှေကံကူရုပ်ရှင်တော်မြတ်သာ ပွင့်ထွန်းတော်မမူခဲ့လျှင် စာရေးသူတို့သည် ယခုတည်သောစေတီကို တည်ထားနိုင်ခြင်းရှိမည်မဟုတ်ပါ။ ယခု စေတီတော်တွင် လုပ်အားဒါန၊ အလှူငွေဒါန၊ သီးခြားအစိတ်အပိုင်းများ၊ ပစ္စည်းများလှူဒါန်းကြသူတို့တွင်လည်း အပြင်လူသက်သက်တို့မပါရှိပါ။ ရွှေကံကူ လေပျံ့သစ်တော်ရုပ်ရှင်တော်မြတ်အား ယုံကြည်ကိုးကွယ်သူသာဝကများသာဖြစ်ကြပါ၏။ ဤစေတီတော်သည် ရွှေကံကူလေပျံ့သစ်တော်ရုပ်ရှင်တော်မြတ်အား အကြောင်းပြု အခြေပြုပြီး ပေါ်ပေါက်လာရခြင်းသာဖြစ်ပါ၍ ဤစေတီတော်ကို စောင့်ရှောက်ရန် တာဝန်ချထားခြင်းခံရသူတို့သည် အကယ်၍ လူ့ဘုံဘဝတွင်ရောက်ရှိနေသည်ဆိုပါက ၎င်းတို့၏လူ့သက်တမ်းတုန်ဆုံးသောအခါမှသာ ဤဘုရားသို့လာရောက်စောင့်ရှောက်ပါစေ၊ သက်တမ်းမစေ့မီ ခေါ်ယူခြင်းမပြုပရန် လူမတောင်းရန်၊ ကလေးမတောင်းရန်၊ အစောင့်အရှောက်အင်အားလိုအပ်ပါက ရွှေကံကူအောင်မြေမှ အစောင့်အရှောက်များ ကူညီစောင့်ရှောက်ပေးမည်ဖြစ်ကြောင်း မေတ္တာရပ်ခံပြောကြားရပြီး ဤကလေးသိုက်နန်းရှင်နှစ်ဦးတို့ ဤဘုရားတွင် စောင့်ရှောက်ရန် လာရောက် ပို့ဆောင် အပ်နှံပါကြောင်း ပြောကြားပါသည်။

ထိုသို့ ပြုဖွယ်ရှိသည်တို့ကိုပြုပြီး မေတ္တာပို့သအမျှဝေပါသည်။ ထို့နောက်အတန်ကြာ စကားများပြောဖြစ်ကြပြီး စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိပန်းထိမ်ဆရာကြီးဦးကျော်ဇောထံထွက်ခဲ့ကြပါသည်။ မန္တလေးမြို့ ကွဲဆည်ကန်ရပ်နေကိုသိန်းလင်း - မခင်စုမာ၊ သားဖြစ်သူမောင်ယသ၊ အမြွာညီအစ်ကို မောင်ပေါ်ကြွယ်နှင့် မောင်ပြည့်တို့ လှူဒါန်းသောကျပ်လေးသိန်းကျော်တန်ဖိုးသင့်သည့် ဓာတ်တော်နှင့်ရတနာများထည့်ရန် ငွေအိုးအပ်နှံထားသည့်အတွက် လာရောက်ရွေးကြခြင်း ဖြစ်ပါသည်။ ဆရာကြီးဦးကျော်ဇောသည် ကြိုတင်ဖုန်းဆက်ထားသည်ဖြစ်၍ အသင့်စောင့်ကြိုလျက်ရှိပါသည်။ ဦးကျော်ဇောသည် အသက်အရွယ်ကြီးရင့်လာ၍လောမသိပါ။စကားပြောဖော်မျှော်နေဟန်တူပါ၏။ စာရေးသူတို့ရောက်လာလျှင် ရှေးဟောင်းနှောင်းဖြစ်များကိုပြောပြလေ့ရှိပြီး ပျော်ရွှင်လျက်ရှိပါ၏။ တော်တော်နှင့်ပြန်စေချင်ပုံမရပါ။ ထို့ကြောင့် ဆရာကြီးဦးကျော်ဇောထံသွားလျှင် အချိန်ယူပြီးမှ သွားကုပါ၏။ ထိုနေ့ကလည်း အိမ်ပြန်မိုးချုပ်ပါသည်။ စကားကောင်းနေ်သောကြောင့်ဖြစ်ပါသည်။

မမျိုးတို့သည် ထိုညက (၈) နာရီကျော်မှ စာရေးသူတို့ထံမှ ပြန်သွားကြသည်။ မောင်ဇော်နိုင်ဝေသည် ထိုညကညတွင်းချင်း ပြင်ဦးလွင်အတက်လမ်း(၂၂)မိုင်သို့ အုတ်ခဲပို့ရန်ရှိကြောင်းပြောရာ မနက်မှသွားစေလိုကြောင်း မမျိုးကပြောသဖြင့် စာရေးသူကပါ ကူပြောပေးလိုက်ရပါသေးသည်။

နောက်နေ့မနက်တွင် ဇော်နိုင်ဝေက စာရေးသူထံ ဖုန်းဆက်ပြောသည်။

"ဆရာ၊ မနေ့ညက ထူးဆန်းတဲ့အိပ်မက်နှစ်ခုမက်တယ်။ တစ်ခုကကောင်းတယ်။ တစ်ခုကမကောင်းဘူး။ ကောင်းတဲ့အိပ်မက်ကို အရင်ပြောမယ်ဆရာ။ ကျွန်တော် အိပ်မက်ထဲမှာ ရွှေကြက်ယက်ဘုရားနားက ဧရာဝတီမြစ်ကမ်းနားမှာရောက်နေတယ်။ အဲဒီအချိန်မှာ စစ်ကိုင်းဘက်ကမ်းကလာတာလား၊ အထက်က စုန်လာတာလား၊ အောက်က ဆန်လာတာလားမသိဘူး ဆရာ။ လောင်းလှေတစ်စီးဆိုက်လာတယ်။ လှေလှော်တာက အဘွားကြီးတစ်ယောက်ပဲ။ ရှေးတုန်းကလိုပဲ၊ မင်းညီမင်းသားအဝတ်အစားနှင့် ကလေးနှစ်ယောက်လည်းပါတယ်။ ဒါနှင့် ကျွန်တော်က 'အမေကြီး ဘယ်သွားမလို့လဲ' လို့ မေးလိုက်တော့ ရွှေကြက်ယက်မှာပွဲဖြစ်ပြီ။ ဒါကြောင့် ကလေးတွေလာပို့တာလို့ပြောတယ်။ အိပ်မက်ကတော့ အဲဒါလောက်ပဲဆရာ။ အဲဒီအိပ်မက်မက်ပြီးတော့ ကျွန်တော် ခဏနိုးလာသေးတယ်။ စောသေးတာနဲ့ ကျွန်တော်ပြန်အိပ်လိုက်တယ်။ တစ်ခါ အိပ်မက်ထပ်မက်ပြန်ရော။ အိပ်မက်ထဲမှာ လူနှစ်ယောက်ရောက်လာတယ်။ ဒီတစ်ခါတော့ ကျွန်တော်တို့ဆိုင်မှာပေါ့။ ကျွန်တော်က အုတ်ကားထွက်ဖို့ရာပြင်နေချိန်ပေါ့။ ဒါနဲ့ ကျွန်တော်က ဘာတင်ချင်လို့လဲလို့မေးလိုက်တယ်။ လူသေနှစ်လောင်းတင်ချင်လို့လို့ ဖြေလိုက်တော့ ကျွန်တော် ကြက်သီးတွေတောင်ထသွားမိတယ်။ မဖြစ်ပါဘူးဗျာ၊ ကျွန်တော်ကားက အုတ်တွေလည်းတင်ထားပြီ။ ထွက်လည်းထွက်တော့မှာ။ ဒါကြောင့် တခြားကားယဲသွားငှားကြပါလို့ ပြောလိုက်တယ်။ အဲဒီလူနှစ်ယောက်လည်း မသွားချင်သွားချင်နဲ့ထွက်သွားကြတယ်။ အဲဒီနေရာမှာတွင် ကျွန်တော်လည်း အိပ်ရာကလန့်နိုးသွားတယ်"

ထိုနေရာတွင် ခဏရပ်လိုက်ပြီး ဆက်ပြောပြန်၏။

"မနက်ကျတော့ ကျွန်တော် အိပ်မက်မကောင်းတာနဲ့ စိတ်တွေလေးနေတယ်။ကျွန်တော်တို့ကလည်းနှစ်ယောက်သွားမှာလေ။ ကျွန်တော့်စပယ်ယာကို ပြောလိုက်တော့ 'ဟာ - ဟုတ်သားပဲဗျ'။ ကျွန်တော်တို့တင်ထားတဲ့အုတ်က တစ်ထောင့်ရှစ်ရာဆိုတော့ ကိုးကျနေတယ်။ ပြီးတော့ ကားနံပါတ်ကလည်း ပေါင်းခြင်းကိုးပဲလို့ပြောတာနဲ့ ကျွန်တော်တို့အုတ်ခဲတစ်လုံးချပြီးမှ ဘုရားစာတွေ ရွတ်ပြီးသွားခဲ့ကြတယ်"

ဟု ပြောပါသည်။

ထိုအကြောင်းကိုကြားသိလိုက်ရသောအခါ စာရေးသူလည်း အံ့သြတုန်လှုပ်သွားမိပါသည်။စာရေးသူတို့ စဉ်ကိုင်အပါအဝင် မန္တလေးသည်ပင် (၉)ခရိုင်နယ်မြေအတွင်းပါရှိပြီး ကားနှင့်ခရီးသွားလာကြလျှင် လူကိုအမြဲစစ်ကြရ၏။ အထူးသဖြင့် ပြင်ဦးလွင်အတက်တွင် ပို၍ဂရုစိုက်ရသည်။ (၉) မြို့ရှင်နယ်မြေဖြစ်သောကြောင့် ပေါင်းခြင်း (၉) များဖြစ်သော (၁၈) ယောက်၊ (၂၇) ယောက်၊ (၃၆) ယောက်၊ (၄၅) ယောက်၊ (၅၄) ယောက်တို့မဖြစ်စေရပါ။ ထို့ထက် (၉) ယောက်တိတိဖြစ်နေလျှင် ပို၍ဆိုးပါ၏။

စာရေးသူကိုယ်တိုင်ကြုံဖူးသည်မှာ စာရေးသူတို့ မြို့သာတွင်နေစဉ်ကဖြစ်၏။ တစ်ခါတွင် စာရေးသူတို့သည် (၃)

www.burmeseclassic.com

တန်လော်ရီကားကြီးဖြင့်လိုက်ပါ၍ မန္တလေးသို့လာခဲ့ကြ၏။ တံတားဦးမြို့နယ်နှင့် ငါန်းဇွန်မြို့နယ် နယ်ခြားမှတ်တိုင်မှာ မြို့သာနှင့် (၄)မိုင်ခန့်တွင်ရှိပါသည်။ ငါန်းဇွန်မြို့နယ်သည် (၉) ခရိုင်အတွင်းတွင် မပါရှိပါ။ တံတားဦးမြို့နယ်ကတော့ (၉) ခရိုင်အတွင်း ပါဝင်သွားပြီဖြစ်ပါသည်။ တံတားဦးမြို့နယ်အတွင်း ဝင်ရောက်လာပြီးနောက် မကြာမီမှာပင် ကားစက်ထိုးရပ်သွား၏။စပယ်ယာသည် အောက်ဆင်းသွားပြီး ကောက်ဖြင့်လှည့်၏။ (၄)၊ (၅)ခါလောက်လှည့်လိုက်သောအခါ စက်နိုးသွားပါသည်။ တစ်ဖာလုံလောက်မောင်းမိလျှင် စက်ရပ်သွားပြန်၏။ တစ်ဖန် ကားစပယ်ယာဆင်းသွားပြန်ပြီး ကောက်ဖြင့်လှည့်နိုးပြန်၏။ ဤတစ်ကြိမ်တွင် (၇) ခါ၊ (၈)ခါလောက်လှည့်ရ၏။ စပယ်ယာလည်း မောဟိုက်နေပြီး ချွေးများရွှဲလျက်ရှိ၏။

ထိုခေတ်က ကားကြီးများတွင် စက်နိုးရာမှာ သံချောင်းကောက်ကြီးဖြင့် လှည့်ရခြင်းဖြစ်ရာ တော်ရုံလူ ကျင့်သားမရှိလျှင် မလှည့်နိုင်ပါ။ ထို့ကြောင့် စပယ်ယာမောနေခြင်းဖြစ်ပါသည်။ ဆက်လက်ထွက်ခွာလာခဲ့ကြရာ တစ်ဖာလုံခန့်အရောက်တွင် ကားစက်ရပ်သွားပြန်ပါသည်။ ထိုအခါ စပယ်ယာသည် တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် ကောက်မလှည့်သေးဘဲ ကားနောက်ပိုင်းသို့လာပြီး လူတို့ကိုရေကြည့်လိုက်၏။ လူ (၉) ယောက်ဖြစ်နေတာကိုး။ တော်ပါသေးရဲ့ ဘာအန္တရာယ်မှမဖြစ်လို့။ (၁၀)ယောက်ဖြစ်သွားအောင် မောင်ကျောက်ခဲကို ခေါ်ခဲ့မှပဲဟုဆိုကာ လမ်းဘေးတစ်နေရာမှ ခပ်ငယ်ငယ် အုန်းသီးအရွယ်ကျောက်ခဲတစ်လုံးကို ကောက်တင်လိုက်ပြီး ကားစက်ကိုသွားနှိုးပါသည်။ ထူးဆန်းလှပါသည်။ဒီတစ်ကြိမ်တွင် တစ်ခါတည်းလှည့်ရုံမျှနှင့် စက်နိုးသွားပြီး မန္တလေးသို့ရောက်သည့်တိုင် ကားစက်မရပ်တော့ဘဲရှိပါ၏။

ထိုအချိန်က (၉)ခရိုင်၏ထုံးတမ်းစဉ်လာဓလေ့တို့ကို စာရေးသူ မသိပါ။ ယခုမှသဘောပေါက်မိခြင်းဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ကလည်း စာရေးသူနှင့် မောင်ဝင်းနိုင်တို့ ကျောက်မဲဘက်သို့ အလဲလှည့်သွားရောက်ခဲ့ရာ (၂၁) မိုင်အတက်သို့ရောက်သောအခါ မောင်ဝင်းနိုင်က -

"ဆရာ၊ ကျွန်တော်တို့ ဒီနေရာမှာ ကားမှောက်ဖူးတယ်။ နှစ်ဆန်း (၁) ရက်နေ့ကြီးပေါ့။ ကျွန်တော့်မိသားစုရယ်၊ တပည့်တွေရယ်၊ ဆွေမျိုးတွေရယ် စားစရိတ်ပါခံပြီး ဘုရားဖူးပို့တာ။ ပြီးမှ သိရတာက လူ (၄၅) ယောက်ဖြစ်နေတယ်။ လူ (၃၀)ကျော်လောက် ဆေးရုံတင်ရတယ်"

ဟု ပြောဖူးပါသည်။

ယခုလည်း မောင်ဇော်နိုင်ဝေတို့ မနေ့ညကသာ ထွက်သွားဖြစ်လျှင် အိပ်မက်ဖြင့်သတိပေးချိန်မရ၍ ၎င်းတို့လည်း သတိပြုမိမည်မဟုတ်။ ကတိုက်ကရိုက်ပင်ထွက်ခွာသွားမည်သာဖြစ်ရာ သေချာပေါက် အန္တရာယ်ကျရောက်နိုင်မည်ဖြစ်ပါ၏။ လွန်ခဲ့သောရက်က သိုက်နန်းရှင်များ၏သတိပေးချက်အရ ရွှေစာရံဘုရားသို့ ကန်တော့ပွဲသွားရောက်လှူဒါန်းခဲ့သည်မှာ မှန်ကန်သွားပြီဖြစ်ပါ၏။ ထိုကဲ့သို့ ပွဲလှူခဲ့သောကြောင့် အန္တရာယ်ဖြစ်မည်ကို (၉)မြို့ရှင်တို့မှ အိပ်မက်ဖြင့် စောင့်ရှောက်ပေးခြင်း ဖြစ်နိုင်ပါသည်။ ဤသို့ဆိုလျှင် ဤအိပ်မက်သည် မှန်ကန်ပြီဖြစ်ပါ၏။ ထိုသို့ဆိုလျှင် ပထမအိပ်မက်ကိုလည်း အမှန်ဟုယူဆရမည်သာဖြစ်ပါသည်။ ထိုအိပ်မက်မှန်ကန်ကြောင်း နောက်ထပ်ပေါ်ထွက်လာသော အထူးခြားဆုံးဖြစ်ရပ်ဆန်းမှာ ဤသို့ဖြစ်ပါသည်။

မယ်တော်ကြီးတို့သည် ရုပ်ရှင်တော်မြတ်နှင့် ၁၈-၁၂-၂၀၁၅ နေ့တွင် နေပြည်တော်သို့ကြွမြန်းတော်မူ၍ ၂၅-၁၂-၂၀၁၅ ရက်နေ့တွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆက်လက်ကြွမြန်းတော်မူခဲ့သည်။ ၃၀-၁၂-၂၀၁၅ နေ့တွင် မယ်တော်ကြီးသည် ပြင်ဦးလွင်ခရီးစဉ်တွင် သာဝကများမှဝယ်လှူသော ရှမ်းအကျီကိုဖြန့်လိုက်ရာ ရွှေချိုလုံးလေးတစ်လုံး ထွက်ကျလာ၏။ သေချာအောင်စစ်ဆေးကြည့်ရှုသောအခါ ရွှေအစစ်ဖြစ်နေပါသည်။ ချိုလုံးကလေးမှာ တချွင်ချွင်နှင့် အသံသာယာလှသည်။ ရှေးခေတ်ကလေးငယ်များခြေထောက်တွင် ဆွဲလေ့ရှိ၏။

စာရေးသူတို့ပေးပို့ခဲ့သောကလေးနှစ်ယောက်သည် မောင်ဇော်နိုင်ဝေကိုလည်း သူတို့ရွှေကြက်ယက်သို့ တကယ်ရောက်ရှိကြောင်းအိပ်မက်ပေးသကဲ့သို့ မယ်တော်ကြီးထံသို့လည်း ၎င်းတို့ အမှန်တကယ်ရောက်ရှိကြောင်း သက်သေပြသည့်အနေဖြင့် ရွှေချိုလုံးပေးပို့ခြင်းလောဟု တွေးတောစရာပင်ဖြစ်ပါသည်။ ထိုသို့မဖြစ်နိုင်ဟုလည်း မပြောနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ရွှေကြက်ယက်ရွာကိုမြင့်ဦး၊ မနွဲ့နွဲ့ရီတို့နေအိမ်သို့ ရုပ်ရှင်တော်မြတ် ပထမဦးဆုံးကြွရောက်တော်မူစဉ်အခါက ညအချိန်တွင် အိမ်တံခါးများပိတ်ထားလျက်နှင့် ဘုရားရှင်၏ရှေ့တွင် ဇွန်ပန်းများရောက်ရှိနေပြီး ထိုပန်းတို့သည် (၃)ရက်တိုင်တိုင် မညှိုးနွမ်းဘဲရှိနေသဖြင့် သာမန်ဇွန်ပန်းများမဟုတ်သည်မှာ သေချာပြီး မယ်တော်ကြီး၏ ခေါင်းရင်း ခါးပန်းပေါ်တွင်လည်း စိန် (၃)ပွင့် ရောက်ရှိနေခဲ့သည်။ နောက်တစ်နေ့တွင် ဘုရားဖူးအမျိုးသမီးတစ်ဦး ရောက်ရှိလာခဲ့ပြီး နဂါးမယ်တော် (ရွှေကြက်ယက်တောင်ပေါ်မှ) စီးနင်းပြီး ထိုစိန်ပွင့်နှင့် ဇွန်ပန်းများ လာရောက်လှူဒါန်းသွားခြင်း ဖြစ်ကြောင်း ပြောပြပါသည်။

ထိုနည်းတူ မြတောင်ညီုဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်အခါက ဒေါက်တာနန္ဒာမောင် (ယခုပုသိမ်မြို့ ဤအကြောင်းအပြည့်အစုံကို ၂၀၁၅ ပုဂံ၊ ပုပ္ပားခရီးစဉ်ဆောင်းပါးတွင် အပြည့်အစုံဖော်ပြထားသည်။) ၏ သိုက်နန်းရှင်ဘဝက ပတ္တမြားလက်စွပ်ကိုယူဆောင်ပေးခဲ့သည်။ ထိုလက်စွပ်ကို ဒေါက်တာနန္ဒာမောင်မှ ၂၀၁၅ နေပြည်တော်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အား လှူဒါန်းခဲ့ပါသည်။ ထို့ကြောင့် ယခု ချိုလုံးရောက်ရှိသောကိစ္စမှာလည်း သိုက်နန်းရှင်ကလေးများမှ လာပို့သည်ဟု ယူဆနိုင်ခြင်းဖြစ်ပါသည်။

နောက်တစ်ခေါက် ဇော်နိုင်ဝေတို့ရောက်လာကြသောအခါ ထီးတော်အပ်နှံရန် စစ်ကိုင်း ရွာထောင်ရပ် ဦးကျော်ဇောထံ ထွက်ခဲ့ကြပြန်၏။ လမ်းတွင် မမျိုးမှပြောသည်မှာ-

"ဌာပနာပိတ်တဲ့နေ့က ဆရာတိုင်တည်ပေးတာရော မယ်တော်ကြီးတိုင်တည်ပေးတာတွေပါ လိုက်ဆိုနေတဲ့အချိန်မှာ ရင်ထဲကိုအေးပြီးတစ်လောကလုံးကိုလည်းမေ့သွားတယ်။ ကိုယ့်ကိုယ်ကိုတောင် ဘယ်ရောက်သွားပြီလဲလို့မသိတော့ဘူး"

ဟုပြောပါသည်။ မှန်ပါသည်။ ထိုနေ့က စာရေးသူလည်း ထို့အတူခံစားရပါသည်။ အခြားသူများကိုမေးကြည့်သောအခါတွင်လည်း ထို့အတူ ခံစားရကြောင်းပြောကြပါသည်။

"အဲဒီအချိန်မှာ ကျွန်မသတိထားလိုက်မိတာက ငှက်အုပ်ကြီး ဘုရားပတ်လည်မှာဝဲနေတယ်ဆရာ။ အဲဒီတွေကျ



www.burmeseclassic.com

www.burmeseclassic.com

ကျလာလို့ မော့ကြည့်လိုက်တာ နောက်တော့ ဘာကိုမှသတိမရတော့ဘူးဖြစ်သွားတယ်ဆရာ။ ပြန်မယ်လှုပ်တော့ ကားခေါင်းပေါ်မှာရော မှန်ပေါ်မှာကော ငှက်ချေးတွေကိုဖွေးနေတာပဲ။ တကယ်တော့ ကိုဝင်းမိုးရဲ့ကားကမှ သစ်ပင်အောက်တည့်တည့်မှာရပ်ထားတာ။ ကျွန်မတို့ကားက သစ်ပင်နှင့်အလှတ်ကြီးရယ်။ အဲဒီတော့ ငှက်တွေပျံဝဲနေလို့သာလျှင် ကျွန်မတို့ကားပေါ် ငှက်ချေးတွေကျနေတယ်ဆိုတာ သေချာပေါက်တွက်လို့ရတယ်”

ဟု ပြောပါသည်။

စာရေးသူတို့ ဥာပနာပိတ်စဉ်က စာရေးသူ ဥပုသ်ယူသောရက်ဖြစ်၍ ကြာကြာမနေဖြစ်ပါ။ ပန္နက်ရိုက်သောနေ့မှ စတင်ရေတွက်လျှင် ရက်ပေါင်း (၂၀) သာရှိသေးသော်လည်း နံရံ (၃)ဖက်နှင့် အဝင်မုခ်ပင်ပြီးစီးနေပြီဖြစ်ပါသည်။ ထို့ကြောင့် ဥာပနာသွင်းချိန်၌ ဘေးပတ်ဝန်းကျင်ကိုမမြင်ရပါ။ သို့ကြောင့်လည်း ငှက်များကိုမမြင်လိုက်ရခြင်းဖြစ်ပါသည်။ စာရေးသူတို့ ဘုရားတွင်ကြာမြင့်ချိန်မှာ (၃) နာရီထက်မပိုပါ။ထိုတစ်ခဏတာအတွင်း ကားပေါ်တွင် ဤမျှ ငှက်ချေးတို့ ကျရောက်လျက်ရှိသည်မှာ ထူးဆန်းလှပါသည်။ ဤ ရက် (၂၀) အတွင်း၌ စာရေးသူတို့သည် ထိုသစ်ပင်အောက်၌ ကားရပ်ထားသည့်အကြိမ်ပေါင်းမနည်းပါ။ သို့သော်လည်း ကားပေါ်သို့ ငှက်ချေးများပေကျံနေသည်ကို တစ်ခါမှမတွေ့ရဖူးပါ။

၁၅-၁၂-၂၀၁၅ နေ့တလည်း ထူးခြားမှုကြုံရပါသေးသည်။ ထိုနေ့က စာရေးသူနှင့်အတူ မယ်တော်ကြီးလည်း ရွှေကြက်ယက်သို့ လိုက်ပါခဲ့သည်။ မန္တလေးမြို့ နန်းတော်ရှေ့ရပ်ကွက်မှ ဆရာမကြီးဒေါ်ခင်စန်းမြင့် (မြင်းခြံတက္ကသိုလ် မြန်မာစာပါမောက္ခ) နှင့် အခြားဧည့်သည်များလည်းပါရှိသည်။ ရွှေကြက်ယက်ရောက်သောအခါ မယ်တော်ကြီးက ပွဲလှူရန် ညွှန်ကြားသဖြင့် ဆရာမကြီးက ပွဲဖိုးကုသိုလ်ယူပါရစေဟုဆို၏။ ထို့ကြောင့် ဦးအေးကိုကိုသွန်းကားဖြင့် နွဲ့နွဲ့ရီတို့ စစ်ကိုင်းဘက်သို့ ပွဲသွားဝယ်ကြ၏။ ထို့နောက် ရွှေကြက်ယက်တောင်ပေါ်သို့သွားပြီး သောကြာနံစေတီတွင် ပွဲလှူကြသည်။ နဂါးစာများ ကျွေးကြသည်။ ထိုနေ့က ရုံးဖွင့်ရက်ဖြစ်၍ ဆရာမကြီး၏အမျိုးသား ဦးသိန်းထွန်းမလိုက်လာဖြစ်ပါ။ စာရေးသူတို့ပွဲလှူနေချိန်၌ ဦးသိန်းထွန်းသည် ခရိုင်တရားရုံးမှပြန်ထွက်လာရာ (၆၅)လမ်းပေါ်မှ (၃၅)လမ်းပေါ်သို့တက်ရန် လမ်းဒေါင့်တွင်ရပ်ပြီး လမ်းပေါ်မှ ကားကြောရှင်းသည်အထိ စောင့်ဆိုင်း၍နေစဉ် ဦးသိန်းထွန်းကားနှင့် (၁၀)ပေခန့်ဝေးသောသစ်ပင်ပေါ်မှခုန်ချသည်ဟုယူဆရ၏။မြွေစိမ်းတစ်ကောင်သည် ကားရှေ့မှန်ပေါ်သို့ ဘုတ်ခနဲရောက်ရှိလာသည်။ ထိုနေရာသည် ကားမှန်၏ညာဘက်အပေါ်ထောင့်ဖြစ်ပြီး ထိုနေရာတွင် အတွင်းမှ ရွှေကံကူရုပ်ရှင်တော်မြတ်၏ဓာတ်ပုံကပ်ထားပါသည်။ မြွေသည် ဘေးပေါက်မှကားခေါင်းအတွင်းသို့ဝင်ရန် ကြိုးစားနေ၏။ မှန်ပိတ်ထားသဖြင့်ဝင်၍မရပါ။ ဦးသိန်းထွန်းသည် မှန်ကို အတွင်းမှလက်ဖြင့်တောက်လိုက်သည်။ ထိုအခါမှ မြွေစိမ်းသည် လမ်းနံဘေးသို့ ခုန်ဆင်းသွား၏။ ဦးသိန်းထွန်းလည်း အံ့ဩသွားသည်။ ဤမြွေသည် ရိုးရိုးသာမန်မြွေမဖြစ်နိုင်ပါ။ သာမန်မြွေဖြစ်လျှင် ကားပေါ်သို့ပြုတ်ကျလျှင် လိမ့်ကျသွားမည်ဖြစ်သည်။ ထိုသို့ အမြင့်မှခုန်ချခြင်းမဟုတ်ဘဲ သည်အတိုင်း မှန်ပေါ်တင်လျှင်ပင် မှန်ပေါ်တွင်သွားလာနိုင်မည်မဟုတ်ပါ။ ထူးဆန်းလှပါ၏။

စာရေးသူသည် ဤစေတီတော် စတင်မတည်ထောင်ခင်ကပင် -

“တပည့်တော် ဤနေရာတွင် နရပတိစည်သူ၏အကြောင်းဆက်မှန်ခဲ့လျှင် အစစအရာရာ ပြေလည်ချောမောစွာ တည်ရပါစေ။ တည်သောအခါ၌လည်း သာမန် အုတ်၊ အင်္ဂတေမျှနှင့် တည်ထားခြင်းမျိုးမဟုတ်ဘဲ အကောင်းဆုံးအမြတ်ဆုံးသောပစ္စည်းများဖြင့် မွမ်းမံဆင်ယင်တည်ထားနိုင်ပါစေ”

ဟု အဓိဋ္ဌာန်ပြုခဲ့၏။ ထိုအဓိဋ္ဌာန်ပြုချက်အောင်မြင်ပြည့်မြောက်သည်ဟုဆိုရပါမည်။ စာရေးသူတို့သည် ၁၉၈၇ ခုနှစ်တွင် ယခု ရုပ်ရှင်တော်မြတ် ပွင့်ထွန်းတော်မူရာ အောင်မြေနေရာတွင် နံကပ်တိုက်ဆောက်ခဲ့သည်။ စာရေးသူတို့၏ ဦးလေးလက်သမားဆရာကြီးမှဦးဆောင်ဆောက်လုပ်ခဲ့၏။ ကုန်ကျငွေလည်းပို၏။ ပစ္စည်းများလည်း လေလွင့်၏။ မိမိတို့က အိမ်ပိုင်ရှင်ဖြစ်သော်လည်း မိမိတို့ဖြစ်လိုသော၊ ဖြစ်ချင်သောဆန္ဒတို့ကို ညှိနှိုင်းမရ။ ထိုသို့ မကျေမလည်နှင့်ပင်ပြီးဆုံးခဲ့ရ၏။

၂၀၀၆ ခုနှစ်တွင် မူလအိမ်ကိုပြုပြင်တိုးချဲ့သည်။ အုတ်တံတိုင်း၊ သံပန်းသံတံခါးများ တပ်ဆင်သည်။ ရေလောင်းအိမ်သာ(၃) လုံးတွဲဆောက်သည်။၂၀၁၂ ခုနှစ်တွင် စာရေးသူတို့သည် အုတ်တံတိုင်းများမြှင့်သည်။ရေမြောင်းများပြုလုပ်သည်။ ဝင်းတံခါးစတီးဘာဂျာများတပ်သည်။ ကုန်ကျငွေများသည်။ စိတ်တိုင်းမကျဖြစ်ရသည်။ မြို့သာရှင်မထီးအောင်မြေတွင် ကြွေပြားခင်းသည်။ ကုဋီသုံးလုံးတွဲဆောက်သည်။ ထိုနည်းလည်းကောင်းသာဖြစ်၏။ ပန်းရန်လက်သမားတို့သည် နေ့စားခိုင်းလျှင် အချိန်ဆွဲပြီးလုပ်၏။ အလုပ်မပြီး။ အပြတ်ခိုင်းလျှင် အများကြီးတောင်းပြီး ပြီးစလွယ်အမြန်လုပ်ပစ်၏။ ၎င်းတို့လုပ်ငန်းပြီး၍ နေ့စားခနှင့်တွက်စစ်ကြည့်လျှင် ၎င်းတို့လုပ်အားခအမှန်မှာ ၎င်းတို့ယူထားသောငွေ၏ တစ်ဝက်မျှသာရှိကြောင်းသိရပြီး မကျေမချမ်းဖြစ်ရ၏။ လက်ရာကျတော့လည်း အလွန်ညံ့၏။ထို့ကြောင့် စာရေးသူသည် မည်သည့်အဆောက်အအုံမှ ဆောက်လုပ်လိုစိတ်မရှိတော့ဘဲဖြစ်ရပါသည်။ ဘာခိုင်းခိုင်း ဈေးများသွားသည်သာဖြစ်ရပါသည်။

ယခု စေတီတည်သောအခါတွင်လည်း ပန်းရန်အပ်နှံရန် စာရေးသူ ရင်လေးမိပါသည်။ ထို့ကြောင့် ကိုယ်တိုင်ပန်းရန်မရှာတော့ဘဲ စာရေးသူတို့နှင့်ရင်းနှီးပြီး ရုပ်ရှင်တော်မြတ်အား နှစ်ကြိမ်မင့်ဆောင်ခဲ့ဖူးသော၊ စစ်ကိုင်းမြို့၏ မြို့မျက်နှာဖုံးဝင်လည်းဖြစ်သော၊ မကြာခင်ကမှ (၃)ထပ်မွှာရုံကြီးနှင့် ဆင်များရှင်ဘုရားဝင်းထဲတွင် နှစ်ထပ်တည်းခိုဆောင်ကြီးများ ဆောက်လုပ်လှူဒါန်းထားသော ဦးစမ်းမောင် (ပွင့်သစ်စကြက်စာဆိုင်) ထံ စုံစမ်းခဲ့ပါသည်။ ထိုအခါ ပန်းရန်ဆရာနှင့် တွေ့ဆုံပေးသည်။ တစ်ပေလက်ခ (၃)သိန်းဟု ပြောပါသည်။ တစ်ပေ ဟူသည်မှာ အမြင့်ကိုဆိုခြင်းဖြစ်ရာ အချို့နေရာများတွင် အုတ်၊ သဲ၊ ဘိလပ်မြေ၊ သံချောင်းဖိုးတို့ကိုပါ တွက်ကြည့်လျှင်ပင် တစ်ပေ (၃)သိန်းမကျသောနေရာတို့ပါရှိ၍ ဈေးနှုန်းအဆမတန်များနေပြီဟု တွေးမိ၏။ ထို့နောက် ဆက်လက်စုံစမ်းရာ တစ်ဦးက တစ်ပေ တစ်သိန်းခွဲ၊ တစ်ဦးက တစ်သိန်းဟုဆို၏။ နောက်ဆုံးတွင် ကိုမြင့်ဦးမှ ရွှေကြက်ယက်ရွာက ပန်းရန်ဆရာနှင့်တွေ့ဆုံပေး၏။ ဉာဏ်တော် (၂၇) ပေ၊ အောက်ခြေပန္နက် (၁၄) ပေ ပတ်လည်၊ အရံစေတီ (၄)ဆူ မုခ်ကြီးတစ်ခု၊ ကပ်မုခ် (၃) ခု၊ ဖိနပ်ခုံ (၂)ပေ



www.burmeseclassic.com

www.burmeseclassic.com

အမြင့်၊ ကုလားကျောင်းအမြင့် (၁၄)ပေ အတိုင်းအတာရှိသော စေတီတည်မည်ဟုပြောသောအခါ လက်ခ (၂၅) သိန်းကျပ်နှင့် တည့်သွားပါသည်။ ထို့နောက် စရန်ငါးသိန်းပေးပြီး စာချုပ်ချုပ်ဆိုလိုက်သည်။

စာချုပ်ချုပ်ပြီးသောအခါတွင်မှ စာရေးသူတို့နှစ်သက်သော စစ်ကိုင်းမြို့ တပ်မ(၃၃)နှင့် မျက်နှာချင်းဆိုင် မုံရွာအထွက်လမ်းပေါ်ရှိ စေတီတစ်ဆူကို လိုက်လံပြသပြီး ဤစေတီအတိုင်းဖြစ်ချင်သည်။ ဤစေတီတော်ကို ရွှေထားသည့်အလား တူညီစေလိုကြောင်း၊ ပန်းရန်ဆရာကိုနိုင်အားပြောကြားရာ လုံးဝတူညီစေရမည်ဟု အာမခံပါသည်။ ဤတွင် နမူနာပြသောစေတီမှာ ဉာဏ်တော် (၃၁) ပေဖြစ်နေပြီး အရံစေတီမှာလည်း (၈)ဆူဖြစ်နေပါသည်။ သို့သော်လည်း ပန်းရန်ဆရာမောင်နိုင်သည် ငွေထပ်၍ မတောင်းပါ။ စေတီတော်တည်သောအခါတွင်လည်း နမူနာကြည့်ခဲ့သော စေတီမှာ ဖိနပ်ခုံပါသော်လည်း ထိုဖိနပ်ခုံမှာ အလှထည့်ထားသည့်သဘောသာဖြစ်ပြီး ရှေ့အဝင်မုခ်သည် ခုံအခြေမှ ဖောက်ဝင်ထားပါသည်။ ယခု ပန်းရန်ဆရာက ခုံကို အပြည့်လောင်းလိုက်ခြင်းဖြစ်ရာ ခုံလောင်းသည့်လုပ်အားလည်း ပါသွားရပြန်ပြီး လှေကားသုံးထစ်လည်း ထည့်ရပြန်၏။ မူလနမူနာပြသောဘုရားတွင် ကပ်မုခ် (၃)ခုမှာ အလှသဘော၊ အင်္ဂါစုံရန်ထည့်ထားခြင်းဖြစ်သော်လည်း ယခု ဘုရားတွင် ဖောက်အနက်ကြီးများပြုလုပ်ထား၍ ရုပ်ပွားတော်ထည့်သွင်းပူဇော်သီတင်းသုံးနိုင်မည်ဖြစ်၏။ ထိုအတွက်လည်း ငွေထပ်မတောင်းပါ။

ထို့အပြင် စာရေးသူတို့သွားလျှင်လည်း တစ်ဖွဲ့လုံး ရှိရှိသေသေကြိုဆိုကြပြီး ကားပေါ် မှပါလာသောပစ္စည်းတို့ကိုလည်းကူသယ်ကြပြီး နေရာထိုင်ခင်းရှင်းလင်းပြင်ဆင်ပေးခြင်း၊ ပွဲများပြင်ပေးခြင်း၊ ပွဲလှူသောအခါတွင်လည်း လိုက်၍ကန်တော့ကြခြင်းတို့ကို စာရေးသူတို့မှမပြောရဘဲ အလိုက်တသိလုပ်ပေးကြသည်။ ထို့ကြောင့် စေတနာအကျိုးပေးသည်ဟုဆိုရပါမည်။ ပန်းရန်ဆရာသည် စာရေးသူတို့ဘုရားတည်သောအချိန်မှစ၍ လုပ်ငန်းသစ်များလည်းရရှိ၏။ အိပ်မက်များရရှိပြီး မမျှော်လင့်သော ငွေကြေးတို့လည်း ရရှိခဲ့သည်။ စာရေးသူတွေ့ဆုံဆက်ဆံရသော ပန်းရန်ဆရာတို့တွင် ဤပန်းရန်ဆရာသည် စိတ်တိုင်းအကျဆုံးဖြစ်ခဲ့ရ၍ ထိုအတွက် စိတ်အေးချမ်းသာ ဖြစ်ရပါသည်။

ဤဆောင်းပါး ရေးသားချိန်တွင် မန္တက်တင်သောနေ့မှစ၍ ဘုရားတည်သည်မှာ တစ်လတိတိသာရှိပါသေးသည်။ ထိုတစ်လတာအတွင်း ထူးခြားမှုများ များစွာဖြစ်ပေါ် ခဲ့ပြီ ဖြစ်ပါသည်။ အချို့အကြောင်းအရာတို့ဆိုလျှင် ထူးဆန်းလွန်လှသောကြောင့် ဖော်ပြခြင်းမပြုဘဲ ချန်လှပ်ထားခဲ့ရပါသေးသည်။ ထူးခြားမှုအဖုံဖုံတို့ ဖြစ်ပေါ် ခဲ့ရခြင်းမှာလည်း တိုက်ဆိုင်မှုများဟုဆို၍မဖြစ်ပါ။ ဌာပနာပစ္စည်းများကိုက တန်ဖိုးဖြတ်မရနိုင်သော ဗုဒ္ဓ၏ဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်တို့ဖြစ်နေသောကြောင့်ဖြစ်ပါ၏။စာရေးသူ၏တစ်သက်တွင် သာမန်ဌာပနာပစ္စည်းများဖြင့် သာမန်စေတီတော် တစ်ဆူတည်ထားကိုးကွယ်နိုင်လိမ့်မည်ဟုပင် ထင်မှတ်မထားခဲ့ပါ။ ယခုကဲ့သို့ သာသနာသမိုင်းတွင် ထူးထူးခြားခြားပေါ်ထွန်းလာမည့်စေတီတော်ကို တည်ထားနိုင်ခြင်း၊ ဤစေတီတော်၏ ဒါယကာဖြစ်ရခြင်းအတွက် မဖော်ပြနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်ရပါ၏။ ထို့အပြင် စာရေးသူ၏ စေတီတော်အနီးတစ်ဝိုက်မှ စေတီတော်များကို ပြုပြင်မည်ဟု ရည်မှန်းရာ ပထမ (၈) ဆူ၊ နောက် (၁၀) ဆူ၊ ယခု တကယ်တမ်းတွင် (၁၃) ဆူအထိဖြစ်သွားရာ ဘုရားအသစ်တစ်ဆူလည်းတည်နိုင်၏။ စေတီပုထိုး (၁၃)ဆူကိုလည်း တစ်ပြိုင်နက်ပြင်နိုင်၏။ အတော့်ကိုထူးသည့် ကုသိုလ်ပါလားဟု ဂုဏ်ယူဝမ်းမြောက်မိပါ၏။

ထို့အပြင် ထီးတော်တင်ပွဲတွင်လည်း ထူးထူးကဲကဲ ခြိမ့်ခြိမ့်သဲကျင်းပမည်ဖြစ်သည်။ မန္တလေးမြို့ တောင်စလင်းတိုက်သစ်မှ ဝါခင်းကုန်းဆရာတော်ဘုရားကြီး ဦးတိက္ခ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဟောင်း ပဓာနနာယက မန္တလေးတိုင်းဒေသကြီး သံဃာနာယကဥက္ကဋ္ဌဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသနှင့် ရွှေကြက်ယက်တောင်ပေါ်ရှမ်းကျောင်းမှ ဆရာတော်တို့ကိုလည်း ကံထပ်မင်္ဂလာပြုလုပ်မည်။ ကြွရောက်လာသမျှသော ဧည့်ပရိသတ်အပေါင်းတို့ကိုလည်း နှမ်းမနဲများဧည့်ခံကျွေးမွေးမည်။ ပိုက်ဆံ (၉)သိန်းနှင့်ရွှေပြား (ထီးတင်ပွဲစာတန်းပါ) (၁၈)ပြားကြဲမည်ဖြစ်သည်။ ၈-၆-၂၀၁၆ နေ့တွင် ထီးတင်ရက်လည်း သတ်မှတ်ထားရှိပြီးဖြစ်၏။ ၅-၆-၂၀၁၆ နေ့မှ ၉-၆-၂၀၁၆ နေ့အထိ ရုပ်ရှင်တော်မြတ်သည် ရွှေကြက်ယက်ရွာ ကိုမြင့်ဦး-မန္တနွဲ့ရီတို့နေအိမ်တွင် ကြွရောက်အပူဇော်ခံပြီး မယ်တော်ကြီးတို့မှ ထီးတင်ပွဲကိုကျင်းပသွားမည်ဖြစ်ပါသည်။

ဤစေတီတော်အား ဖူးမြော်ကြည်ညိုပူဇော်ကြသူတို့လည်း ဆံတော်ရှင်ကိုပူဇော်ရသောကြောင့် ဖြစ်လေရာဘဝတွင် အထက်တန်းစား ထိပ်ဆုံးမှ အကြီးအမှူးအဖြစ်သာရောက်ရှိကြရမည်။ စွယ်တော်ရှင်ကို ပူဇော်ရသောကြောင့် မွန်မြတ်သော အစာအာဟာရတို့ကိုသာ သုံးဆောင်ကြရပြီး အစာအာဟာရနှင့်ပတ်သက်၍ ဘေးကင်းကြရမည်ဖြစ်ကာ မိမိနှုတ်မှ ကောင်းသောစကားတို့သာ ထွက်မည်ဖြစ်၍ မိမိပြောဆိုသောစကားတိုင်း အောင်မည်ဖြစ်၏။ ပြဒါးရှင်၏ သိဒ္ဓိကြောင့်လည်း ဓား၊ လှံ၊ သေနတ်၊ လက်နက်တို့၏ဘေးတို့မှ လွတ်မြောက်နိုင်ပြီး ပိုးမွှားတို့၏ အဆိပ်ဘေးတို့မှလည်း လွတ်မြောက်နိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့သွားလိုရာ၊ လာလိုရာခရီးသို့ ဘေးမသီရန်မခ လွယ်ကူလျင်မြန်စွာ သွားရောက်နိုင်ကြမည်ဖြစ်၏။

ထို့အပြင် ရှေ့တွင် ဖော်ပြပါရှိခဲ့သည့်အတိုင်း ရတနာသုံးပါးကိုဦးထိပ်ထားပြီး ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တရားသုံးပါးတို့ကို မပြတ်ပြုလုပ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါးကို မပြတ်ဆင်ခြင်မည်ဆိုလျှင် သံသရာဝဋ်မှပင် လွတ်မြောက်နိုင်သည်အထိ အကျိုးတရားများရရှိနိုင်ပြီး ပြည့်ဝကုံလုံခြင်းသို့ ရောက်ရှိမည်ဖြစ်ပါသည်။

ထို့အပြင် စာရေးသူ၏ အတိတ်ဘဝ ဝဋ်နာကံနာတို့ ပျောက်ကင်းစေရန်တည်ထား ကိုးကွယ်ခြင်းဖြစ်ပါ၍ မိမိတို့၏အတိတ်ဘဝ ဝဋ်ကြွေးကံကြွေး၊ ဝဋ်နာကံနာများပါ ကင်းဝေးလွင့်စဉ်ကြမည်ဖြစ်ပါ၍ ရွှေကံကူဆံတော်ရှင်၊ စွယ်တော်ရှင်၊ ပြဒါးရှင်၊ တြိဖလစေတီတော်အားဖူးမြော်ကြည်ညိုပူဇော်ကြပြီး သုံးပါးသောအကျိုးတရားများ ရရှိနိုင်ကြပါစေဟု ဆန္ဒပြုလျက် ရေးသားပူဇော်တင်ဆက်လိုက်ရပါသတည်း။

ခုနစ်ရက်သားသမီးအပေါင်းတို့သည် အတိတ်ဘဝ ဝဋ်ကြွေး၊ ကံကြွေး၊ ဝဋ်နာ၊ ကံနာတို့ကင်းဝေးကြပြီး လောကီလောကုတ္တရာ ကောင်းကျိုးအဖြာဖြာ ရရှိကြပါစေဟု ဆန္ဒပြုအပ်ပါ၏။

ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

(ကျိုက်လတ်)

# ဆရာဦးဝိန်လှိုင်

## သာသနာ့အသက်~ဝိနည်း

## (ဝိနယော နာမ သာသနဿ အာယု)

ဗုဒ္ဓမြတ်စွာဘုရားရှင်၏သာသနာတော် တည်တံ့ခိုင်မြဲရေးအတွက် ဝိနည်းတရားတော်သည် အခြေခံအုတ်မြစ်ကြီးဖြစ်၏။ သာသနာတော်၏ အသက်သွေးကြောသဖွယ်လည်း ဖြစ်လေ၏။ မျက်မှောက်လောက ပြစ်ဒဏ်ဆိုင်ရာများနှင့် နောင်သံသရာ လမ်းကောင်းကို ဦးတည်ဆို့တတ်သည့်တရားများကို ဖော်ပြညွှတ်ထားသည့် ပြည့်စုံသောပြဋ္ဌာန်းချက်ကြီးတစ်ရပ်ပင် ဖြစ်သည်။

ဝိနည်းတရားတော်ကွယ်ပျောက်ပါက မြတ်စွာဘုရားရှင်၏သာသနာတော်လည်း ကွယ်ပျောက်မည်သာ အမှန်ဖြစ်၏။ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်များကလည်း မိမိတို့သိထားသင့်သော ဝိနည်းသိက္ခာပုဒ်တော်များကို အသင့်အတင့်သိရှိထားကြပါက သာသနာတော်အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေးအတွက် များစွာ အထောက်အကူဖြစ်နိုင်ကြောင်းကို သဘောပေါက်ရန်လိုပါသည်။ ဗုဒ္ဓသာသနာတော်အစစ်အမှန်ကို ခွဲခွဲခြားခြား နားလည် သဘောပေါက်ရန်လိုပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် ရဟန်းတော်များ ကျင့်ကြံအားထုတ်ရန် ဝိနည်းစည်းကမ်းရှိပါသည်။ လူပုဂ္ဂိုလ်တော်တော်များများက ဝိနည်းဟုရေးလျှင်၊ ပြောဆိုလျှင် ဝိနည်းသည် ဝါတို့နှင့်မဆိုင်ဟု ယူဆထားကြ၏။ ဝိနည်းသည် သာသနာ၏ အသက်ဖြစ်ကြောင်း ဝိနယော နာမ သာသနဿ အာယု ဟူသော ပါဠိတော်မှာရှိသည်။ မြတ်စွာဘုရားသခင်၏ သာသနာတော်ကြီး အစဉ်အမြဲ သန့်ရှင်းတည်တံ့ခိုင်မြဲစေရန်မှာ ဝိနည်းသည် အဓိကဖြစ်သည်။ ရဟန်းတို့ ကျင့်ကြံစောင့်ထိန်းအပ်သော သိက္ခာသုံးပါးနှင့်တကွ ဝိနည်းတော်များကို မစောင့်ထိန်း မစောင့်ရှောက်နိုင် ပျက်ပြားနေပါက ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သာသနာတော်ကြီးသည် မတည်တံ့ မထွန်းကားဘဲ ပျောက်ကွယ်သွားမည်သာ ဖြစ်ပါသည်။

မြတ်ဘုရား သာသနာတော်ကြီး ထွန်းကားပြန့်ပွား တည်တံ့ခိုင်မြဲစေရန် ဘုရားရှင်၏ သားတော်များဖြစ်ကြကုန်သော ရဟန်းသိက္ခာသုံးပါးနှင့် ဝိနည်းတော်များအား မဖောက်မဖျက် ကျင့်ကြံပြည့်စုံညီညွတ်နေသည့် ဆရာရဟန်းတော်များနှင့် မြတ်သာသနာတော်ကို ထွန်းပြောင်စိမ့်သောငှာ ချီးမြှင့်ထောက်ပံ့လှူဒါန်းကြမည့် လူပုဂ္ဂိုလ် ဒကာ၊ ဒကာမတို့ နှစ်ဦးနှစ်ဖက် (ဆရာ-ဒကာ) ညီညီညွတ်ညွတ်နှင့် စွမ်းဆောင်သွားကြလျှင် သာသနာတော်ကြီး မညှိုးနွမ်းဘဲ အစဉ်ထာဝရ အရှည်တည်တံ့ခိုင်မြဲထွန်းကားသွားပါလိမ့်မည်။ သင်္ကန်းဝတ်ထားပြီး ရဟန်းသိက္ခာသုံးပါးနှင့်မညီညွတ်သော ရဟန်းတုရဟန်းယောင်များတို့ကြောင့် ဘုရားသာသနာတော်ကြီး မညှိုးနွမ်း မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်သင့်၏။

အချို့အချို့သော ရဟန်းသံဃာတော်များသည် ရဟန်းတို့စောင့်ထိန်းရမည့် ရဟန်းသိက္ခာသုံးပါးနှင့် သာသနာတော်သုံးရပ်ကို အလေးဂရုမမူဘဲ လူတို့၏ လောကီကိစ္စများကို ဝင်ရောက်ဆောင်ရွက်လုပ်ကိုင်ပြောဆိုနေကြသည်မှာ ဘုရား၏ သားတော်ရဟန်းများအဖြစ် မသင့်တော်ပါ။ လူမှုကိစ္စများကို လုပ်ကိုင်ပြောဆိုနေမည်ဆိုပါက သင်္ကန်းချွတ်၍ လူဝတ်လဲလျှင် အကောင်းဆုံးဖြစ်ပါလိမ့်မည်။

ရဟန်းသံဃာတော်များဘက်ကလည်း ဘုရားသားတော်များ ပီသစေရန် ရဟန်းတို့စောင့်ထိန်းကျင့်ဆောင်ရမည့် ရဟန်းသိက္ခာသုံးပါးနှင့် သာသနာတော်သုံးရပ်ဖြစ်သည့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာ့သုံးဖြာကို ကျင့်သုံးဆောက်တည် ထိန်းသိမ်း စောင့်ရှောက်နေပါက တပည့်ဒကာ၊ဒကာမများဘက်ကလည်း မိမိတို့လေးစားကြည်ညိုနေသည့် ဘုရားရှင်၏ သံဃာတော်အစစ်အမှန်များကို အစဉ်အမြဲထာဝရလှူဒါန်းပူဇော်နေမည်သာ ဖြစ်ပါသည်။

ယနေ့ခေတ်တွင် ရဟန်းတော်များအနေဖြင့် မြတ်စွာဘုရား ပညတ်ထားတော်မူခဲ့သော သာသနာတော် (၃) ရပ် (ပရိယတ္တိသာသနာ) ပိဋကတ်သုံးပုံပါဠိတော်၊ အဋ္ဌကထာပါဠိတော်များ၊ စာပေများကို လေ့လာခြင်း၊ မှတ်သားခြင်းနှင့် အားထုတ်သင်ကြားခြင်း။ သင်ယူရမည့် လမ်းညွှန်သဘောတရားများဖြစ်သည့် သာသနာတော်၏ အဆုံးအမ (ပဋိပတ္တိသာသနာ) သီလ-သမာဓိ-ပညာတရားများ မိမိ၌ တိုးပွားများပြားလာစေရန်၊ ပရိယတ္တိသာသနာနှင့်အညီ လက်တွေ့





www.burmeseclassic.com

www.burmeseclassic.com

လိုက်နာကျင့်ကြံအားထုတ်မှု၊ သမထနှင့် ဝိပဿနာဘာဝနာတရား (၂) ပါးနှင့် ယင်းတရားတို့ကို ကျင့်ကြံအားထုတ်မှုများ၊ တစ်နည်းအားဖြင့် ဘုရားရှင်၏ အဆုံးအမဩဝါဒ လမ်းညွှန်သဘော တရားများနှင့်အညီ လက်တွေ့ကျင့်သုံးရမည် ဟူသော သာသနာတော်အဆုံးအမ။

ရဟန်းများကျင့်ဆောင်ထိန်းသိမ်းရမည့် ရဟန်းသိက္ခာသုံးပါး သီလ၊ သမာဓိ၊ ပညာ သုံးပါးရှိသည်။ **သီလ** ဟူသည် အကုသိုလ်မှန်သမျှမပြုလုပ်ဘဲ ကိုယ်၊ နှုတ်၊ စိတ်သုံးပါးလုံးကို ထိန်းချုပ်စောင့်စည်းခြင်းသည် သီလမည်၏။

**သမာဓိ** ဟူသည် ကုသိုလ်တရားကို ပွားများ အားထုတ်ရခြင်း၊ စိတ်၏ ခိုင်ခံ့တည်ကြည်မှုအတွက် အားထုတ်ခြင်း၊ ထွက်သက်ဝင်သက်အာရုံ၊ အဋ္ဌိကအာရုံ စသည်တို့၌ ရှုကြည့်စွဲမြဲ၍ဖြစ်လာသော ပဋိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ သမာပတ်ရှစ်ပါးဟုဆိုအပ်သော အပ္ပနာဘာဝနာ ဤဘာဝနာ (၃)ပါးသည် သမာဓိမည်၏။

**ပညာ** ဟူသည် မိမိစိတ်ကို စင်ကြယ်သန့်ရှင်း ကိလေသာအညစ်အကြေးကင်းစင်ရန် အားထုတ်ကျင့်ဆောင်ရခြင်း၊ ဒိဋ္ဌိ ဝိသုဒ္ဓိ အစရှိသော လောကီဝိသုဒ္ဓိလေးပါးနှင့်လောကုတ္တရာ ဉာဏဝိသုဒ္ဓိ (ဤငါးပါးသည် ပညာမည်၏။) မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီး တည်တံ့ခိုင်မြဲ ထွန်းကားလိုပါလျှင် ရဟန်းသိက္ခာသုံးပါးကို မကျိုး မပေါက်အောင် ထိန်းချုပ်စောင့်စည်းတော်မူကြပါ။

ယနေ့ခေတ်တွင် အချို့သော ရဟန်းတော်များအနေဖြင့် မြတ်စွာဘုရားသခင် ချမှတ်ထားတော်မူခဲ့သော ရဟန်းများ လိုက်နာကျင့်ဆောင်ရမည့် သာသနာတော်သုံးရပ်၊ ရဟန်းသိက္ခာသုံးပါး သီလ, သမာဓိ, ပညာတို့ကို မကျိုးမပေါက်အောင် ထိန်းသိမ်းကျင့်ကြံပွားများ အားထုတ်သင့်ပါ၏။ ထိုသို့မဟုတ်မူဘဲ ရဟန်းသံဃာတော်များနှင့် မအပ်စပ်သော၊ မလုပ်မကိုင်သင့်သော၊ ရဟန်းသိက္ခာများ ကျဆင်းစေသော လူ့ဘောင်လောကီ၏ လူမှုရေးကိစ္စများကို ဝင်ရောက်လုပ်ကိုင်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းဖြင့် ဘာသာသာသနာတော်၏ ဂုဏ်သိက္ခာကို သေးသိမ်ညှိုးငယ်အောင် ပြုလုပ် သည်နှင့်မခြားဖြစ်ပါ၏။

ရဟန္တာအရှင်မြတ်ကြီး ရှင်သာရိပုတ္တရာ မိန့်ကြားတော်မူခဲ့သော ရဟန်းဆိုး (၄) ပါးမဖြစ်အောင်နှင့် အကျင့်သီလနှင့် ဝိနည်းတော်များကို ထိန်းသိမ်းစောင့်ရှောက်သော ရဟန်းကောင်း ရဟန်းမြတ်များဖြစ်အောင် ကြိုးစားအားထုတ်သင့်ပေသ ည်။

### အရှင်သာရိပုတ္တရာ မိန့်ကြားတော်မူသော ရဟန်းဆိုး(၄)မျိုး

**□ ငုံ့စား၊ မော့စား၊ မျှော်စား၊ ထောင့်စား**

၁။ **ငုံ့စား** - ငုံ့စားရဟန်း-မြေကြန်အတတ်ဖြင့် ဘုန်းတန်ခိုးကြီးအောင် စားလမ်းထွင်သောရဟန်းမျိုးကို 'ငုံ့စားရဟန်း' ဟု ခေါ်၏။

၂။ **မော့စား** - မော့စားရဟန်း - နက္ခတ်အတတ်ဖြင့် ဘုန်းတန်ခိုးကြီးအောင် စားလမ်းထွင်သောရဟန်းမျိုးကို 'မော့စားရဟန်း' ဟု ခေါ်၏။

၃။ **မျှော်စား** - အရပ်လေးမျက်နှာသို့မျှော်၍ လူတို့ခိုင်းစေရာလုပ်ပြီး ဘုန်းတန်ခိုးကြီးအောင် စားလမ်းထွင်သောရဟန်းမျိုးကို မျှော်စားရဟန်းဟုခေါ်၏။

၄။ **ထောင့်စား** - အင်္ဂဝိဇ္ဇာ၊ ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက် ဓာတ်ဆင်၊ ဆေးဝါးကုသသောအတတ်ဖြင့် ဘုန်းတန်ခိုးကြီးအောင် စားလမ်းထွင်နေသော ရဟန်းမျိုးကို အရပ်ထောင့်လေးမျက်နှာလှည့်စားသောရဟန်းမျိုးကို ထောင့်စားရဟန်းဟု ခေါ်၏။

(အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး မိန့်ထားတော်မူသော ရဟန်းဆိုးမျိုး ၄-မျိုးမှ လွတ်ကင်းတော်မူကြပါစေ။)

### ဘုရားအမိန့်ကို ကျူးလွန်သူ ရဟန်းဆိုးများ

□ *သာသနာ အလေးမပြု ဆေးကုလို့ ကျောင်းထိုင်၊ ဗေဒင်လေးဟောပြောနိုင်၊ ဖောပေါလှိုင်ဝင့်ကြွား၊ အာဇီဝမစင်ကြယ်တယ်၊ နင်အပါယ်ရောက်လိမ့်မမှား။*

*သက်မွေးမှု၊ သောင်သာအောင်၊ အချောင်ရှာ၊ ညာစား။ ဒကာတွေ လျှောက်စကားကိုတော့ မဖောက်ပြားလိုက်နာ၊ အာပတ်တွေတပေပေ သင့်ပါလို့၊ ခြေနေဖြင့်ဆိုးလှပေတာ၊ သံဝရအာယတီမပါလျှင်၊ ခါအကြိမ်တစ်ရာထပ်ကာ ကြားသော်လည်း မြတ်ဘုရားမိန့် အာဏာကျူးလွန်လျက်သာ၊ အသွင်ဆန်းတဲ့ သင်္ကန်းဝါကိုဆင်မြန်းကာသာ၊ ပစ္စည်းရှာကြလေး။*

(ဘုရားအမိန့် ကျူးလွန်သူ ရဟန်းဆိုးမဖြစ်အောင်ကျင့်ပါ။)

**□သာသနာကွယ်ကြောင်းတစ်ဆယ့်ငါးပါး**

အင်္ဂုတ္တိုရ်လာ သာသနာကွယ်ကြောင်း၊ တရားပေါင်းကား၊ ရဟန်းများတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု၊ မမှာနု မမှုပဋိပတ်ကွာ၊ ဤငါးဖြာတည်း။

တံထာထို့ပြင်၊ စာပေသင်လျော၊ ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်စွမအံ၊ မကြံမစည်၊ ဤငါးမည်တည်း။

(ဝါ) တစ်နည်းမှာ အက္ခရာပုဒ်ပျက်၊ လေ့ကျင့်သင်ကြ၊ ဒုဗ္ဗစမူ၊ စာချသူရှား၊ လာဘ်များအောင်ဖန်၊ ခိုက်ရန်ကွဲပြား၊ ဤတစ်ဆယ့်ငါးသည်၊ မြတ်ဘုရားသာသနာကွယ်ကြောင်းပါတည်း။

**□ရဟန်းကောင်းဆိုသည်မှာ**

ရဟန်းရဟန်း၊ မည်ပြဋ္ဌာန်းလျက်၊ ရဟန်းလူဟစ်၊ ခေါ်ရာဖြစ်ရုံ၊ စနစ်ခေါက်ချိုး၊ ချုပ်ရိုးခန်းခန်း၊ ဖန်ရည်စွန်းသား၊ သင်္ကန်းဝါဝါ၊ ဦးပြည်းကာဖြင့်၊ ပညာကင်းပ၊ သီလမဲ့မျိုး၊ အတွင်းဆိုးကာ၊ အကျိုးတစ်စိ၊ ဘယ်မှာရှိလိမ့်၊ မော်မော်မန်းမန်း၊ ကြံမဆန်းဘဲ၊ ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူနတ်တကာ၊ ပူဇော်ရာသား၊ သိက္ခာသုံးထပ်၊ ကျင့်ထုံးနပ်သို့ မြဲကြပ်စိတ်တော်၊ ကိုယ်ထူးပျော်၏။

(မယဒေဝ)

**□သာသနာတော်၏သူခိုးကြီး(၅)ဦး**

၁။ အရပ်တကာလှည့်လည်၍ သာသနာ့လုပ်ငန်းမလုပ်ဘဲ ပစ္စည်းလေးပါးတို့ကို အလှူခံနေကြသော သာသနရိက္ခာသူခိုး။

၂။ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီဖြည့်ကျင့်ပြီးမှရသောမြတ်ဘုရားရှင်၏ တရားတော်မြတ်များကို သင်ယူလေ့လာပြီး ဤကား ငါ၏ကိုယ်တွေ့တရား၊ ငါသိသောတရားဟုဆို၍ ဘုရားရှင်၏ တရားတော်ကို ခိုးယူသောသူခိုး။

၃။ သီလ၊ သိက္ခာရှိသော ရဟန်းတို့ကို လူတို့ အကြည်ညိုပျက်ပြားအောင်၊ အထင်လွဲမှားအောင် ဟောကြားသော၊ ရဟန်းကောင်း၏ သီလကို ခိုးယူသောသူခိုး။

၄။ သံဃိကပိုင်ပစ္စည်းကို လူတို့အား

www.burmeseclassic.com

ပေးကမ်းထောက်ပံ့သော သံဃာ့ပစ္စည်းသူခိုး။

၅။ ဈာန်မဂ်ဖိုလ်တရားထူးမရဘဲလျက် ရနေသယောင်၊ မိမိကိုယ်ကို ဝါကြွားလိမ်ညာစားသောသူခိုး။

**□ ဗေဒင်၊ ဆေးကု၊**
**လှည်းသမားကျောင်းထိုင်**
**ဆရာတော်မသင့်လျော်**

ယေဘုယျာ သိအမှတ်မှာဖြင့် ပိဋကတ်မသင်၊ ပဋိပတ်မဖယ့်သည့် အမြင်ပင်ယခု၊ ရုပ်ပွဲနှင့် ကသိုဏ်းပျော်သည်၊ ဆိုင်းဆော်လျှင် သူတို့သာရွှ၊ အင်္ဂလိယငွေစစ်ကြဲသည်၊ ရွှေဖြစ်ရန်သူပြု၊ ဘေသဇ္ဇသူနာပြုနှင့် ယတြာပြုဗေဒင်၊ ဓာတ်စာပါတစ်လည်ပေးပါလို့ ပြည်သေးနှင့်ဆန်ကိုခြင်၊ ပင့်ဖိတ်အောင် တစ်ဉာဏ်ဆင်သည်၊ ဒလန်ပင်ပေါင်းသင်း၍ ကျောင်းတွင်းက ပြောင်းခင်းပိုင်၊ နွားလှဲဂုဏ်ဖြိုင်လှည်းသမားကျောင်းထိုင်သည်၊ ကောင်းနိုင်ဖွယ်ရှိဖူးထင်လေး။

(လယ်တီဆရာတော်ဘုရားကြီး)

**ကျောင်းထိုင်ဘုန်းကြီးကောင်း**
**ပီသအောင်ကျင့်**

မာတုဂါမ၊ သံသဋ္ဌ လုံးဝရှောင်ကြဉ်သင့်၊ လူညံ့လူဖျင်း အိမ်လည်ခြင်း အလျှင်းမပြုသင့်၊ ငွေချေးငွေစု၊ လူအမှု မပြုမိလေနှင့်။

တပည့်ဒကာ၊ ဂုဏ်မျက်နှာ ဘယ်ခါမလိုက်နှင့်။ ခရီးမများ တရားပေစာ၊ ပို့ချကာ၊ နေ့တတ်အောင်သာကျင့်။ ကျောင်းမထိုင်ခင်၊ ထေရ်အရှင်၊ အင်္ဂါငါးရပ်၊ မှတ်ဖို့သင့်။ ဝိဓတ်အားလျော်စွာ၊ အင်ငါးဖြာ၊ လိုက်နာနိုင်မှ တော်ရုံသင့်။

ကျောင်းထိုင်မစား၊ ဘုရားသာသနာ၊ စောင့်ရှောက်ရာ၊ ရောက်မှာ ဧကန်ဖြစ်။

**□ သာသနာတည်မှု၊ ကွယ်မှု**
**ဤလေးခု အထူးသတိပြု**

၁။ ပရိယတ်ကွယ်လျှင် ပဋိပတ်ကွယ်တော့၏။ ပရိယတ်တည်ရှိလျှင် ပဋိပတ်တည်လျက်ပင်ရှိ၏။

၂။ ပရိယတ်မရှိလျှင် ပဋိဝေဓမရှိနိုင်။ ပရိယတ်ရှိနေလျှင် ပဋိဝေဓမပျောက်ကွယ် မဆိတ်သုဉ်း ရှိလျက်သာ ဖြစ်၏။

၃။ သာသနာတည်ခြင်း၏ လိုရင်းပမာဏသည် ပရိယတ်သာလျှင်ဖြစ်၏။ ပရိယတ်တည်ရှိလျှင် သာသနာတည်လျက်ပင်ရှိ၏။

၄။ ပိဋကတ်သုံးပုံ ဟူသော ပရိယတ်တည်ရှိနေသမျှ ကာလပတ်လုံး သာသနာသည် ကွယ်သည်ဟုမဆိုနိုင်။

**ရဟန်းကောင်းများ**
**မထိမကိုင်ကောင်းရာ(၆)မျိုး**

၁။ ရတနာ(၁၀)မျိုး၊ ပုလဲ၊ မြ၊ ကြောင်၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ ရွှေ၊ ငွေ၊ ပတ္တမြားနီ၊ ပတ္တမြားပြောက်။
၂။ အမသတ္တဝါများ။
၃။ စပါးမျိုး(၇)ပါး၊ ကောက်ကြီး၊ ကောက်လတ်၊ ပြောင်း၊ ဘာလီ၊ လူး၊ ဂျုံ၊ ဆပ်။
၄။ မိန်းမများ၏အဝတ်အစားများ။
၅။ တီးမှုတ်ဖွယ်တူရိယာများ။
၆။ သတ်ပုတ်ဖွယ်လက်နက်များ။

**□ ဝန်တိုခြင်း(၅)မျိုး**
**(ရဟန်းကောင်းတို့တွင်မရှိ)**

၁။ **အာဝါသမစ္ဆရိယ** - ကျောင်းဝန်တိုခြင်း။
၂။ **ကုလမစ္ဆရိယ** - ဆွေမျိုးဝန်တိုခြင်း။
၃။ **လာဘမစ္ဆရိယ**-လာဘ်လာဘဝန်တိုခြင်း။
၄။ **ဝဏ္ဏမစ္ဆရိယ** - အဆင်းဝန်တိုခြင်း။
၅။ **ဓမ္မမစ္ဆရိယ** - အတတ်ပညာဝန်တိုခြင်း။

**□ သုံးဆောင်ခြင်း(၄)မျိုး**

၁။ **ထေယျပရိဘောဂ**- ခိုးသူနှင့်တူသော စားသုံးမှု။
၂။ **ဣဏပရိဘောဂ**- ပစ္စဝေက္ခဏာမဆင်ခြင်ဘဲစားသုံးမှု။
၃။ **ဒါယဇ္ဇပရိဘောဂ** - သေက္ခကျင့်ဆဲပုဂ္ဂိုလ်များသုံးဆောင်ခြင်းမျိုး။
၄။ **သာမိပရိဘောဂ**- ရဟန္တာတို့စားသုံးခြင်းမျိုးဖြစ်သည်။

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်တည်တံ့ ခိုင်မြဲစွာဖြင့် သန့်ရှင်းတည်တံ့ ထွန်းကား ပြန့်ပွားရန် စိတ်ရည်သန်၍ ဤဆောင်းပါးကို ရေးသားဖော်ပြလိုက်ပါသည်။

လောကဓာတ်တစ်ခွင်လုံး အထွတ်အမြတ်ဆုံးဖြစ်သော ရတနာအမြတ်ဆုံး သုံးပါးဖြစ်သည့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ဆယ်ဖြာလက်စုံကြာပဒုံဖြင့် ဦးထိပ်မှာပန်ဆင်၍ ပဏာမ ရှိခိုးကန်တော့ပါ၏ ဘုရား။

မြန်မာပြည် တစ်နံတစ်လျားတွင် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သာသနာတော်သုံးဖြာ ကျင့်သုံးကာဖြင့်ရှိတော်မူကြကုန်သော ရဟန်းသံဃာတော်များ အထူးသဖြင့် ရဟန်းကျင့်ဝတ်၊ သိက္ခာသုံးဖြာဖြစ်သော သီလ၊ သမာဓိ၊ ပညာ ကျင့်ဝတ်များကို မချိုးမဖောက် မပြောက်မကြားရအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူ၍ ရဟန်းဝိနည်းတော်များကို စောင့်ထိန်း ကျင့်ကြံနေတော်မူကြကုန်သော ရဟန်းသံဃာတော်အားလုံးတို့ကို (ခြွင်းချက်-သီလ၊ သမာဓိ၊ ပညာ ရဟန်းသိက္ခာသုံးပါးနှင့် ဝိနည်းတော်များကို ဖောက်ဖျက် မလိုက်နာသော ရဟန်းတု ရဟန်းယောင်များ မပါ) ဘုရားတပည့်တော်က ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ ရှိခိုးပူဇော်ကန်တော့ပါ၏။ သံဃာစစ် သံဃာမှန် သံဃာတော်မြတ်တို့ဘုရား။

ဤဆောင်းပါးသည် မည်သည့် အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ် တစ်ပါး၊ တစ်ဦးကိုမှ ထိပါးပုတ်ခတ်စော်ကားလိုခြင်းလုံးဝမရှိပါ။ မြတ်စွာဘုရားရှင် မိန့်ကြား တော်မူခဲ့သော 'ဝိနယော နာမ သာသနဿ အာယု' ဟူသောပါဠိတော် အရ (သာသနာ့အသက်သည် ဝိနည်း) ဟု ဆိုခြင်းဖြစ်၏။

ဝိနည်းဟုဆိုလျှင် အချို့သော လူပုဂ္ဂိုလ်များက ငါတို့နှင့်မဆိုင်ဟု ထင်မြင်ယူဆထားကြသည်။ ဗုဒ္ဓဘာသာဝင်တိုင်း ရဟန်းသံဃာတော်များကျင့်ကြံအားထုတ် ထိန်းသိမ်းစောင့်ရှောက်ရသော ရဟန်းသိက္ခာသုံးပါးနှင့် ရဟန်းတို့ ကျင့်ဆောင်ဆောက်တည်ရမည့် ဝိနည်းတော်များကို တတ်နိုင်သမျှ လေ့လာသိရှိထားဖို့လိုပါသည်။ ရဟန်းသံဃာတော်များနှင့် ပ တ်သက်၍ ဆရာနှင့် ဒကာတို့ ဆက်ဆံရာ၌ ဆွမ်းကပ်သည်မှအစ အလှူအတန်းများ၊ လိုအပ်သော နဝကမ္မငွေကြေးကိစ္စများတွင် ရဟန်းတော်များ ဝိနည်းတော်မှ လွတ်ကင်းအောင်နှင့် အာပတ်မသင့်စေရန် လူပုဂ္ဂိုလ်များကလည်း စီမံဆောင်ရွက်နိုင်ပေမည်။

ဘုရားရှင်၏ သာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲ ထွန်းကားသန့်ရှင်းစွာဖြစ်ဖို့ သာသနာပြုကြရာတွင် ဆရာတော်သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ ကြိုးကြိုးစားစား ညီညီညွတ်ညွတ် စုပေါင်းလုပ်ကိုင်အားထုတ်ကြိုးပမ်းကြရမည် ဖြစ်ပေသည်။

ဘုရားအမိန့်တော်ကို ကျူးလွန်သော သိက္ခာသုံးပါးမကျင့်၊ ရဟန်းဝိနည်းတော်များကို မလိုက်နာ မကျင့်ဆောင်သော ရဟန်းတု၊ ရဟန်းယောင်၊ ရဟန်းဆိုးများ ပပျောက်ပါစေ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



# ပုဂံဘုရင်ခံနှင့် ဂုဏ်တော်(၉)ပါးပုတီးစိပ်နည်း

သစ္စာဝါဒီ-ဦးမြင့်အောင်

ဘုရင့်နောင်ကျော်ထင်နော်ရထာ မင်းတရားကြီး ထူထောင်ခဲ့သော ဒုတိယ မြန်မာနိုင်ငံတော်ကြီးတွင် ညောင်ရမ်း မင်းဆက်အဆုံးဖြစ်သော ပင်းတလဲမင်း ၁၀၁၀ - ၁၀၂၃ နန်းတက်ခဲ့ပါသည်။ ပင်းတလဲမင်းသည် သာလွန်မင်းတရား ကြီး၏ သားတော်ဖြစ်ပြီး စစ်ကိုင်းတွင် ငါးထပ်ကြီးတင်ပျဉ်ခွေဆင်းတုတော်ကြီး ကိုတည်ထားတော်မူ၍ ငါးထပ်ဒါယကာ ဟုလည်း တွင်တော်မူခဲ့ပါသည်။

ပင်းတလဲမင်း လက်ထက်တော် တွင် တရုတ်ပြည်မှ 'မင်'မင်းဆက်၏ နောက်ဆုံးဘုရင်ဖြစ်သော 'ရုံလီမင်း' သည် မန်ချူးတို့ တိုက်ခိုက်မှုကိုမခံနိုင်၍ တရုတ်ပြည်တောင်ပိုင်း ယူနန်နယ်သို့ ထွက်ပြေးဝင်ရောက်လာခဲ့၍ စစ်ကိုင်း တွင် နောက်လိုက်နောက်ပါတို့နှင့်အတူ ပင်းတလဲမင်းက ကာကွယ်စောင့်ရှောက် ထားခဲ့သည်။

ထိုမင်းသားအပြင် နိုင်ငံပျက်ပြား ၍လွင့်ပါးလာကြသော တရုတ်လူဆိုးတို့ ကလည်း မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက် ခဲ့ကြပြီး ရှမ်းပြည်နယ်မြောက်ပိုင်းမှစ၍ ကျောက်ဆည်နယ်အတွင်းသို့ ရောက် အောင် တိုက်ခိုက် လုယက်ခဲ့ကြသည်။ အချို့ဒေသတို့တွင်လည်း အခြေချကာ အိုးအိမ်ထူထောင်ကာနေထိုင်ကြသည်။ ထို့ကြောင့်လည်း နိုင်ငံမငြိမ်မသက်ဖြစ်ခဲ့ ရသည်။ ပင်းတလဲမင်းမှာလည်း တရုတ် တို့အား တွန်းလှန်ရန် အင်အားမရှိသော ကြောင့် အင်းဝမြို့ကိုသာ အခိုင်အလုံပြု ၍နေခဲ့ရသည်။ ရုံလီ၏ စစ်တပ်အချို့ နှင့် အခြားတရုတ်စစ်တပ်များ မိုးနဲ၊ ညောင်ရွှေ စသော မြို့များကိုလည်း တိုက်ခိုက်သိမ်းယူကြရာ မြန်မာတို့ ခုခံ သော်လည်း အင်အားမတန်၍ ဆုတ်ခွာ ခဲ့ကြပြီး အင်းဝ၌ အခိုင်အမာပြုနေကြရ ၏။ ထို့နောက် တရုတ်တို့တောင်ဘက် ကျောက်ဆည်လည်ကွင်းနယ်များတွင် အခိုင်အလုံ တပ်စွဲပြီး လှည့်လည်တိုက် ခိုက်လုယက်ကြသဖြင့် တိုင်းပြည်အလွန် မငြိမ်သက်ဖြစ်ခဲ့ရသည်။တရုတ်စစ်သည် တို့ တိုက်ခိုက်လုယက်ဖျက်ဆီးမှုကြောင့် ပြည်သူပြည်သားအများမှာ လယ်ယာ မလုပ်နိုင်ကြသဖြင့် ဆန်ရေစပါးငတ် မွတ်ခေါင်းပါးခဲ့ကြရသည်။

## □ တရုတ်စစ်သည်များနှင့်ပုဂံဘုရင်ခံ

တရုတ်စစ်သည်တို့သည် ဤသို့ လုယက်ဖျက်ဆီးခဲ့ရုံမက ပုဂံဘုရင်ခံကို ပင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြလေ သည်။ ပုဂံဘုရင်ခံမှာ လူမျိုးခြား တရုတ် စစ်သည်တို့၏ လက်ထဲတွင် အသက် အန္တရာယ်စိုးရိမ်နေရကာ ရတနာမြတ် သုံးပါးမှလွဲ၍ အားကိုးမရှိဖြစ်နေရရှာ သည်။

တစ်ညတွင် ပုဂံဘုရင်ခံသည် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့ကို စိတ်အစဉ်၌ မွမ်းထုံလေးမြတ်စွာ အာရုံ ပြု၍ ဤသို့ ပုတီးစိပ်ပူဇော်နေခဲ့သည်။

### ဘုရားဂုဏ်တော် (၉) ပါး

□ ဣတိပိသော ဘဂဝါ အရဟံ၊ သမ္မာ သမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။ ။

ပုဂံဘုရင်ခံသည် သုံးလောက ထွတ်ထား အတုမဲ့မြတ်စွာဘုရားရှင်၏ ကိုးပါးသော ဂုဏ်တော်တို့ကို မွမ်းထုံ လျက် ပုတီးစိပ်ရာ ဂုဏ်တော် (၉) ပါး (၁၀၀၀) ပြည့်မြောက်၍ စိတ်အစဉ်၌ ချမ်းမြေ့မှုရခဲ့ပြီး မကြာမီ တရုတ်စစ်သည် များက ပုဂံဘုရင်ခံအား ဖမ်းဆီးထားခဲ့ ရာမှ ပြန်လွှတ်ပေးခဲ့ရုံမက အင်းဝရွှေမြို့ တော်သို့ပင် အရောက်ပြန်ပို့ခဲ့သဖြင့် စိတ်နှလုံးချမ်းမြေ့၍ ရပြီးသည့် စည်းစိမ် ဂုဏ်တည်ခဲ့ပါသည်။

ဖော်ပြခဲ့သည့်အတိုင်း ရန်သူ့လက် သူ့စီမံရာခံရမည့် အကျဉ်းအကျပ်အသက် အန္တရာယ်ကြုံနေရသည်ကြားမှ ဘုရား ရှင်၏အတုမဲ့ဂုဏ်တော်ကြောင့် ဘေးရန် ကင်းပချမ်းသာရခဲ့သော ညောင်ရမ်း ခေတ်အခါက ပုဂံမင်း၏ဖြစ်ရပ်ကို စာရှု သူများ သိဆင်ခြင်၍ သုံးလောကထွတ် ထားမြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါး ကို စိတ်အစဉ်တွင်ထင်စေလျက် လေးမြတ် ပူဇော်ခြင်းဖြင့် ကောင်းကျိုးချမ်းသာ လိုက္ခစွာနှင့် ဒိဋ္ဌပြည့်ဝဧဘားရန်ကင်းပကြ ပါစေသောဝ်။

| ပုဂံဘုရင်ခံ၏ ဂုဏ်တော်တစ်ထောင်ပုတီးစိပ်နည်း | |
|---|---|
| အရဟံ | ပုတီးတစ်ပတ် - ၁၀၈ |
| သမ္မာသမ္ဗုဒ္ဓေါ | ပုတီးတစ်ပတ် - ၁၀၈ |
| ဝိဇ္ဇာစရဏသမ္ပန္နော | ပုတီးတစ်ပတ် - ၁၀၈ |
| သုဂတော | ပုတီးတစ်ပတ် - ၁၀၈ |
| လောကဝိဒူ | ပုတီးတစ်ပတ် - ၁၀၈ |
| အနုတ္တရော ပုရိသ ဒမ္မသာရထိ | ပုတီးတစ်ပတ် - ၁၀၈ |
| သတ္ထာဒေဝမနုဿာနံ | ပုတီးတစ်ပတ် - ၁၀၈ |
| ဗုဒ္ဓေါ | ပုတီးတစ်ပတ် - ၁၀၈ |
| ဘဂဝါ | ပုတီးတစ်ပတ် - ၁၀၈ |
| ဣတိပိသောဘဂဝါအရဟံအစ ဘဂဝါအဆုံး (ဂုဏ်တော်ကိုးပါးစလုံး) | ပုတီးတစ်ပတ် - ၁၀၈ |
| | ပေါင်း ၁၀၈၀ ဖြစ်ပါသည်။ |

□ (၁၀၀၀) ပြည့်၍ (၈၀) မှာ ပို၍ပူဇော်ခြင်း ဖြစ်ပါသည်။

သဒ္ဒါသံပါကံဇနေတိ

သစ္စာဝါဒီ-ဦးမြင့်အောင်

ကျမ်းကိုး -

၁။ ခေတ်မီမြန်မာရာဇဝင်အကျဉ်း အမျိုးသား ပညာဝန် ဦးဖိုးကျား ရေးသည်။

၂။ ကျောင်းသုံးမြန်မာရာဇဝင် ဦးဘသန်း-ဘီအေ စီစဉ်ရေးသား သည်။

၃။ မြန်မာနိုင်ငံတော်သမိုင်း ဗိုလ်မှူးဘရှင် စီရင်ရေးသားသည်။

၄။ နှန်းစဉ်သုံးဂါထာမန္တန်ကျမ်း ဆရာဦးမင်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းတန်ခိုးတော်ကြီး ရွှေဘုန်းပွင့်စေတီတော်ကြီးသို့ မရောက်ဖြစ်သည်မှာကြာခဲ့ပြီ။ ရွှေတိဂုံဘုရားကြီးသို့ အပတ်စဉ်ရောက်ဖြစ်သော်လည်း ရွှေဘုန်းပွင့်ဘုရားသို့ မရောက်ဖြစ်ပါ။ (၂) နှစ်ခန့်ပင်ရှိလောက်ပါပြီ။ ယနေ့တော့ရောက်ဖြစ်ပါပြီ။

လစဉ် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှား ကျော်ကြား စေတီဘုရားများအား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဓမ္မမိတ်ဆွေများ သွားရောက်လှည့်လည် ကုသိုလ်ယူ ဘုရားဖူးရာတွင် အထောက်အကူဖြစ်စေခြင်းငှာ ဘုရားစေတီတော်များတွင် ထင်ရှားကျော်ကြားသော ထူးဆန်းသည့် အကြောင်းအရာများကို အထောက်အထားခိုင်လုံစွာဖြင့် သူရဋ္ဌမဂ္ဂဇင်းကြီးမှနေ၍ လစဉ်ရေးသားတင်ပြလျက်ရှိရာ ယခုလ၌ ရွှေဘုန်းပွင့်စေတီတော်အကြောင်း တင်ပြပေးရန်တာဝန်တစ်ရပ် ပေးအပ်လာပြီဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ပန်းခြံအနီးနှင့်ရေကျော်ရပ်တို့တွင် တည်တော်မူသော ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသို့ ရောက်လာခဲ့ရ၏။


ဘုန်းတန်ခိုးတော်ကြီး ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသမိုင်းကို ရှာဖွေလေ့လာကြည့်သောအခါ တန်ခိုးကြီးဘုရားကြီးများ၏ သမိုင်းနိဒါန်းအစတွင် ထင်ရှားခဲ့သော အကြောင်းအရာ၏ အခြေခံသောဘုရားသမိုင်းကို ဖတ်မိ၏။ တန်ခိုးကြီး ရွှေတိဂုံဘုရားကြီး၊ ဆူးလေ

ကံဝင်း


ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ထင်ရှားကျော်ကြား စေတီဘုရားများ (၁၀)

ထူးထူးခြားခြားဖူးမြော်


# ရွှေဘုန်းပွင့်စေတီတော်



ရွှေဘုန်းပွင့်စေတီတော်




ဇက်တော်ရာတန်ဆောင်းတွင်းမှ ကြေးသွန်းရုပ်ပွားတော်မြတ်



အာရုံခံတန်ဆောင်းအတွင်းမှ ဘုရားပုံတော်


www.burmeseclassic.com




ရွှေဘုန်းပွင့်စေတီတော်



သိဒ္ဓိရှင်ဆုတောင်းပြည့်စေတီ



ရွှေဘုန်းပွင့်ရုပ်ပွားတော်မြတ်ကြီး



ရွှေသာလျောင်းဘုရား



မနောမယဆရာတော်ဘုရားကြီးပူဇော်ခဲ့သည့် အုံဖွယ်ပိဋကရုပ်တု




စက်တော်ရာတန်ဆောင်းတွင်းမှခြေတော်ရာ

စေတီ၊ ဗိုလ်တထောင်စေတီသမိုင်းများတွင် ဖြစ်ရပ်မှန်အဖြစ် တင်ပြထားသော ဗုဒ္ဓမြတ်ထံပါးမှဆံတော်ပင့်ဆောင်မှုခန်း၊ ဆံတော်မြတ် (၈) ဆူ တပုဿ-ဘလ္လိက ညီနောင်တို့ ပင့်ဆောင်လာပုံ၊ လမ်းတွင် ကြုံတွေ့ရသောအတွေ့အကြုံများ၊ ဆံတော်မြတ်များအခိုးခံရပုံ၊ ထိုသို့ အဆင့်ဆင့်တင်ပြထားပြီး နောက်ဆုံးဥက္ကလာပမင်းကြီးနှင့် အခြွေအရံများ ခေါပဏီတပ်ခင်း၍ စစ်ဗိုလ်ပေါင်းတစ်ထောင်တို့ဖြင့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ စနေနေ့တွင် ဗိုလ်တထောင်စေတီတည်တော်မူမည့်နေရာဌာနမှ မဏ္ဍပ်ကြီးထိုးလျက် စည်ကားသိုက်မြိုက်စွာ ကြိုဆိုတော်မူခဲ့သည်များ အပါအဝင် တန်ခိုးတော်ကြီး ရွှေဘုန်းပွင့်စေတီတော်သမိုင်းကို အစချီ နိဒါန်းဖွင့်ထားပါသည်။

လူသားများအားလုံး အကျိုးများစေသော တန်ခိုးအရှိဆုံး ဗုဒ္ဓမြတ်၏ ဆံတော်မြတ်များ ဘုရားပွင့်ရာ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံ ဥက္ကလာပတိုင်းသို့ ပင့်ဆောင်လာသော တပုဿ-ဘလ္လိက ကုန်သည်ညီနောင်တို့၏ သာသနာရေးခရီးစဉ်ကို ရွှေတိဂုံစေတီတော်သမိုင်းစာအုပ်၊ ဗိုလ်တထောင်စေတီသမိုင်းစာအုပ်၊ ဆူးလေစေတီတော်သမိုင်းစာအုပ်တွင် အသေးစိတ် လေ့လာကြည့်နိုင်ပါ



www.burmeseclassic.com



ရွှေဘုန်းပွင့်သိကြားမင်း









အဘဘိုးမင်းခေါင်



ကြောင်းနှင့် စာရေးသူကိုယ်တိုင် မှိုငြမ်းကျမ်းကို ရေးသားထားသည့် တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ ဆံတော်မြတ် ပင့်ဆောင်တော်မူပုံအကျဉ်းကို ဗိုလ်တထောင်ဘုရားနှင့် ဆူးလေစေတီတော်သမိုင်းဆောင်းပါးများတွင် ရေးသား တင်ဆက်ပြီးဖြစ်၍ ယခု ရွှေဘုန်းပွင့်စေတီတော်သမိုင်းအကြောင်း တင်ပြရာတွင် တပုဿ၊ ဘလ္လိကကုန်သည်ညီနောင် ဆံတော်ပင့်ဆောင်ခန်းကို သမိုင်းစာထပ်မှာစိုးခြင်း၊ စာလေးသွားမှာပူပန်မိခြင်းကြောင့် ဗိုလ်တထောင် ကမ်းနားမင်္ဂလာမဏ္ဍပ်တော်မှနေ၍ ဥက္ကလာပမင်းကြီးသည် ဗိုလ်ခြေတစ်ထောင်နှင့်ပရိသတ်များခြံရံကာ 'ဆင်တော်'မင်္ဂလာဖြင့်ဆံတော်မြတ်ပင့်ဆောင်တော်မူခန်းမှစ၍ ရွှေဘုန်းပွင့်ဘုရားသမိုင်းနိဒါန်းကို ဖွင့်လှစ် တင်ပြအပ်ပါသည်။


**□ ရွှေဘုန်းပွင့်စေတီတော်အစ ရွှေကြုတ်ပွင့်စေတီတော်က**

ဗုဒ္ဓမြတ်၏ ဆံတော်မြတ် (၈) ဆူတော်ကို ပင့်ဆောင်တော်မူလာသော 'ဆင်တော်'သည် ယခု 'ရွှေဘုန်းပွင့်စေတီတော်'တည်တော်မူရာ ယခင်က ကျင်းပြဟုခေါ်သောအရပ်သို့ရောက်သောအခါ ထူးဆန်းစွာ ဆင်တော်မှာ ဝပ်၍ရပ်နားနေတော်မူပါသည်။


ဗုဒ္ဓမြတ်ဆံတော်များပင့်ဆောင်လာသော မင်္ဂလာဆင်တော်ဝပ်နေပုံကိုကြည့်၍ ဥက္ကလာပမင်းကြီးနှင့် ကုန်သည်ညီနောင်တို့သည် စိတ်ထဲတွင် မတည်မငြိမ် စိတ်လှုပ်ရှားစွာ သံသယဖြစ်ပေါ်နေကြလေ၏။ ထိုသို့ စိတ်မှာတထင့်ထင့်သံသယဖြစ်ပေါ် ရခြင်းအကြောင်းရင်းမှာ အိန္ဒိယနိုင်ငံမှ ဆံတော်မြတ် (၈) ဆူပင့်ဆောင်လာစဉ် လမ်းမှာ နှစ်ခါအခိုးခံရခြင်းကြောင့် မင်္ဂလာဆင်တော်ဝပ်၍နေသည်ကို သံသယဖြစ်ဖွယ်ကြည့်ရှုနေကြကုန်၏။

ကြည့်ရှုနေရင်းမှ မင်းအမိန့်တော်ဖြင့် ဆံတော်ရွှေကြုတ်ကိုဖွင့်၍ စစ်ဆေးကြည့်ရှုကြသောအခါ မူလအတိုင်းဆံတော် (၈) ဆူမြတ်ကို ဖူးတွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်လေ၏။ မင်းကြီးလည်း ဝမ်းမြောက်ရွှင်ပျော်ကြည်လင်သောမျက်နှာတော်ဖြင့် ယခုဆင်တော်မင်္ဂလာဝပ်၍နေသောနေရာ (နောင်-ရွှေဘုန်းပွင့်စေတီ) (၇)ရက်ပတ်လုံး (၇) ရက်တိုင်တိုင် အပူဇော်ပွဲခြိမ့်ခြိမ့်သဲဆင်နွှဲတော်မူကြပါသည်။ ဆံတော်မြတ်မှ ရောင်ခြည်တော်များ ကွန့်မြူးတော်မူပါသည်။ ဥက္ကလာပမင်းကြီးသည်လည်း ဗုဒ္ဓမြတ်စွာဆံတော်များတစ်ထောက်နားကိန်းဝပ်တော်မူရာတွင် ထူးမြတ်သောနေရာအဖြစ် သတ်မှတ်၍ ကျောက်တိုင်ကြီးစိုက်ထူအမှတ်အသားပြုထားတော်မူ


www.burmeseclassic.com




ရွှေဘုန်းပွင့်စေတီတော်



ရွှေဘုန်းပွင့်တံခွန်တိုင်



ဓာတ်စခန်း ဓာတ်နန်းဆောင်များပေါ်မှ စေတီတော်များ



အဓိဋ္ဌာန်အောင်စေတီ



ကဆုန်လပြည့်နေ့ ပန်းစေတီများ ကပ်လှူထားပုံ

ပါသည်။ နောင်သောအခါကာလတွင် ထိုဆင်တော်မင်္ဂလာကိန်းဝပ်သောအမှတ်အသားပြုရာ ထိုဌာနတွင် ဗုဒ္ဓမြတ်၏ ဆံတော်ရွှေကြုတ်ဖွင့်ဖူးမြင်ရသည်ကို အစွဲပြု၍ 'ရွှေကြုတ်ဖွင့်' စေတီတော် တည်တော်မူပါသည်။ ထို 'ရွှေကြုတ်ဖွင့်' စေတီတော်မြတ်ကို ခေတ်အဆက်ဆက် အုပ်ချုပ်သော မင်းအစိုးရများ၊ သူဌေးသူကြွယ်များ၊ သဒ္ဓါကြည်ဖြူပေးလှူကြသော ပြည်သူပြည်သားအလှူရှင်များက မွမ်းမံလှူဒါန်းခြင်းများပြုကြ၏။

(မှတ်ချက် - မြတ်ဗုဒ္ဓ၏ ဆံတော်မြတ်များ (၇) ရက်တိုင်တိုင် အပူဇော်ခံစဉ်က မင်္ဂလာဆင်တော်ကို ရေချိုးမင်္ဂလာပြုလုပ်သောနေရာသည် ယခုပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ဝင်းအတွင်းမှာရှိပါသည်။ ထိုနေရာဌာနတွင် 'ကျိုက်ကမာစိန်' စေတီတော် တည်ထားတော်မူပါသည်။ စာရေးသူ)

## ❑ ချုံနွယ်တို့အောက်မှပျောက်ဆုံးစေတီ


ရွှေကြုတ်ဖွင့်စေတီတော်မြတ်သည် မြတ်စွာဘုရား သာသနာပွင့်ထွန်းပေါ် စသမိုင်းဦးအစ၌ ဥက္ကလာပမင်းကြီးနှင့် ကုန်သည်ညီနောင်တို့ တည်ထားခဲ့သည်ဖြစ်ရာ နှစ်ပေါင်းများစွာကြာညောင်း ဗုဒ္ဓမြတ်၏ ဓာတ်တော်မွေတော်များဖြင့် အာသောကမင်းတရားကြီး သာသနာပြုနေသောအချိန် စေတီတော်ရှိသောင်း



www.burmeseclassic.com

www.burmeseclassic.com


ရွှေဘုန်းပွင့်စေတီတော်မှ မဟာဗောဓိပင်


အဘယထမံဘိုးဘိုးအောင်


ရွှေဘုန်းပွင့်အောင်မြေ


သူရဿတီမယ်တော်ကြီး

လေးထောင်၊ ကျောင်းကန်တန်ဆောင်း ရှစ်သောင်းလေးထောင်၊ ဇမ္ဗူဒိပ်မြေအနှံ့ တည်ဆောက်နေသော(၉)တိုင်း(၉)ဌာန သာသနာပြု ရဟန္တာအရှင် သောဏနှင့် အရှင်ဥတ္တရအရှင်မြတ်ကြီးများ မြန်မာနိုင်ငံ သာသနာပြုကြွတော်မူလာသော မဟာသက္ကရာဇ် ၃၈၃ ခုတွင် 'ရွှေကြုတ်ဖွင့်' စေတီသည် ချုံနွယ်ပိတ်ပေါင်းများစွာဖြင့် လွှမ်းခြုံပိတ်ဖုံးလျက် တိမ်မြုပ်ပျောက်ကွယ်နေလေ၏။

သာသနာပြု ရဟန္တာမထေရ်ကြီးနှစ်ပါးသည်လည်း မြန်မာပြည်အနှံ့အပြား လှည့်လည်သွား၍ အတူပါလာသော မြတ်စွာဘုရားဓာတ်တော်မွေတော်များ ဌာပနာပြု၍ စေတီတော်ဟောင်းများစွာကို ပြုပြင်တည်ထားတော်မူလျက်ရှိပါသည်။ ထိုသို့ သာသနာပြုလှည့်လည် သွားလာနေရင်းမှ ရွှေကြုတ်ဖွင့်စေတီတည်ရာ ကျွန်းကုန်းကလေး၊ ကျင်းပြဲအရပ်သို့ ရောက်သောအခါ ချုံနွယ်ပိတ်ပေါင်း လွှမ်းခြုံထားသော ကုန်းကမူကို သံသယဖြစ်ပေါ်လာ၍ 'အဘိညာဉ်စက္ခု' ဖြင့် ကြည့်ရှုသောအခါ စေတီဟောင်းတစ်ဆူဖြစ်ကြောင်း သိရသဖြင့် ရပ်သူရွာသား ဗုဒ္ဓဘာသာနွယ်ဝင်များ၊ ဥပါသကာများနှင့် ချုံနွယ်ရှင်းတူးဖော်သောအခါ စေတီဟောင်းကိုဖူးတွေ့ရပြီး ရွှေကြုတ်ဖွင့်စေတီတော်ဖြစ်ကြောင်း ဖူးမြင်ကြရ၏။ ရဟန္တာအရှင်မြတ်နှစ်ပါးမှ ဗုဒ္ဓမြတ်ဓာတ်တော်မွေတော်အစစ်များ ဌာပနာပြု၍ တည်တော်မူသောအခါ စေတီဟောင်းမှ စေတီအသစ်သို့ ပြန်လည်ပေါ်ထွန်းလာတော်မူပါသည်။

## ◘ ရွှေဘုန်းပွင့်စေတီတော်ပြောင်း၍ခေါ်

ခေတ်တွေနှစ်တွေအလီလီပြောင်း နှစ်ပေါင်းထောင်ချီကြာခဲ့သောအချိန်ကာလ မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှလူမျိုးများ၏လက်အောက်သို့ ရောက်ခဲ့ရ၏။ သူ့ကျွန်ဘဝတွင် ရန်ကုန်မြို့ကြီးအား နယ်ချဲ့တို့အကြိုက် လမ်းအမည်များပေး၍ မြို့ရွာအသစ်တည်ကြလေသည်။ ထိုအချိန်နှင့် တစ်ပြေးညီ ရန်ကုန်မြို့ကြီး၊ မြို့ထဲနှင့် အနီးကပ်ဆုံးနေရာ ပန်းစွန်တောင်ရပ် (ယခု-ပုဇွန်တောင်) တွင် ချုံနွယ်ပိတ်ပေါင်းများဖြင့် ပြည့်နှက်၍နေလေ၏။ ထိုချုံနွယ်ပိတ်ပေါင်းတို့ဖြင့် မှိုင်းမှုနေသောနေရာမျိုးအား လူတချို့က ဥယျာဉ်ခြံမြေပြုလုပ်ရန်အတွက်ခုတ်ထွင်ရှင်းလင်း၍ သူပိုင်ငါပိုင်နယ်နိမိတ်များ သတ်မှတ်ကာ စိုက်ပျိုးခင်းများ စိုက်ပျိုးကြလေ၏။

ထိုသို့ ဥယျာဉ်ခြံမြေတည်ထောင်ကြသူများတွင် ဗြိတိသျှတပ်များ မြန်မာပြည်သို့ဝင်ရောက်လာစဉ် လက်နက်ထမ်း၊ ရိက္ခာထမ်းအဖြစ် အိန္ဒိယမှခေါ်ဆောင်လာကြသော ကုလားလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သော ချစ်တီးလူမျိုးများလည်းပါဝင်လာ၏။ မြန်မာနိုင်ငံ ရန်ကုန်မြို့ရောက်သော အာဏာရှင်ဗြိတိသျှလူမျိုးများ၏ အခွင့်အရေးအလေးပေးမှုများဖြင့် ရန်ကုန်မြို့၊ လမ်းဖော်ပြီး မြို့ကွက်နေရာလွတ်များတွင် နေခွင့်ရကြ၏။ အထူးသဖြင့် ပန်းစွန်တောင်ရပ် (ပုဇွန်တောင်) တွင်နေကြ၏။ လမ်းနယ်နှင့်လွတ်ကင်းသော ချုံနွယ်များတွင်လည်း ခုတ်ထွင်ရှင်းလင်း၍ နေထိုင်ကြ၏။ ချုံနွယ်များခုတ်ထွင်ရှင်းလင်း၍ ဥယျာဉ်ခြံမြေစိုက်ပျိုးရန် နယ်မြေဒေသသစ်ရှာဖွေသူများတွင် ဗုဒ္ဓဘာသာ ချစ်တီးလူမျိုး 'မူလိယပ္ပိ'ဟု ခေါ်သောသူတစ်ဦးလည်း အပါအဝင်ဖြစ်၏။

မြန်မာနှစ် ၁၂၁၄ ခုနှစ်၊ ခရစ်နှစ် ၁၈၅၂ ခုနှစ်တွင် မူလိယပ္ပိသည် သူပိုင်အဖြစ်ဦးယူထားသော နယ်နိမိတ်တွင် ရှင်းလင်းသောအခါ စေတီတော်ဟုယူဆသော စေတီတော်ဟောင်းကြီးတစ်ဆူကိုတွေ့ရှိပြီးနောက် မူလိယပ္ပိသည် ချစ်တီးလူမျိုး ဗုဒ္ဓဘာသာဝင်ဖြစ်သည့်အတွက် ဝမ်းမြောက်ဝမ်းသာ ပီတိအဖြာဖြာဖြင့် နေ့စဉ် ဆွမ်း၊ ပန်း၊ ရေချမ်း၊ နံ့သာမွှေးများ ပူဇော်တော်မူပါသည်။ ထိုသို့ ပူဇော်ရင်းမှ ဘုရားဘွဲ့တော် ရွှေကြုတ်ဖွင့်ဟုသိလာ၍ အနီးပတ်ဝန်းကျင်မှ ချစ်တီးလူမျိုးများသာမက မြန်မာ

www.burmeseclassic.com

လူမျိုး ဗုဒ္ဓဘာသာဝင်များ တစ်စစ်တစ်စ လာရောက်ဖူးမြော် ကုသိုလ်ယူကြကုန်၏။

တစ်နေ့သ၌ မူလိယပွဲထံသို့ ဝတ်ဖြူစင်ကြယ်ဝတ် သူတော်တစ်ပါး ရောက်လာပြီးနောက် ဤရွှေကြုတ်ဖွင့်စေတီတော်မြတ်ကို အသစ်တစ်ဖန် ပြန်လည် ပြုပြင်တည်တော်မူပါရန် မိန့်တော်မူပါသည်။ ပြန်လည်ပြုပြင်ပါ ဟူသော စကားကြောင့် ဝမ်းမြောက် ဝမ်းသာသော်လည်း မူလိယပွဲမှာ ဆင်းရဲနွမ်းပါးသူဖြစ်၍ ပြန်လည်ပြုပြင်နိုင်မည်မဟုတ်ကြောင်း ပြောပြသော အခါ သူတော်ကြီးမှ ပြုပြင်နိုင်သော အခါတွင် ပြုပြင်ပါမည်ကို ကတိပေးပါရန် တောင်းဆိုပါသည်။ မူလိယပွဲက ကတိပြုလိုက်၏။ထိုအခါ ဦးသူတော်ကြီးက သာဓု(၃)ကြိမ်ခေါ် ဆိုသွားပါသည်။

ချစ်တီးလူမျိုး မူလိယပွဲသည် ဉယျာဉ်ခြံလုပ်ငန်းတို့ကို နံနက်စောစောကြီးထ၍ပြုလုပ်ပြီးနောက် ကြုံရာကျပန်းလုပ်ငန်းများလုပ်ကိုင်ရန် ရန်ကုန်မြို့ထဲသို့ နေ့စဉ်သွားရောက်လေ၏။ ဘုရားကို ပြန်လည်၍ ပြုပြင်နိုင်သောအခါ ပြုပြင်ပါမည်ဟုပြုခဲ့သောကတိကြောင့်ပေလော မူလိကပွဲသည် ကုသိုလ်ကံအခွင့် ပန်းလိုပွင့်ကာ မြို့ထဲ၌ လုပ်ငန်းဆောင်တာကိစ္စအဖြာဖြာတို့၌ ပုတ်ပြတ်တစ်ဖုံ၊ ကန်ထရိုက်လုပ်ငန်းအလုပ်များရသည့်အပြင် အံ့ဩလောက်အောင် စီးပွားတိုးဝင်ငွေတွေမိုးရွာသကဲ့သို့ များစွာရလာလေ၏။ တိုးလာသောငွေများပွားစေခြင်းငှာ အိမ်ဆိုင်လေးပင်တည်လာနိုင်၏။ 'ရွှေကြုတ်ဖွင့်' စေတီတော်ကိုလည်း နေ့စဉ် ဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ လှူဒါန်းမြဲလှူဒါန်းခဲ့တော်မူနေ၏။


တစ်နေ့တွင် မူလိယပွဲ၏နေအိမ်သို့ ဦးသူတော်ကြီးရောက်လာပြန်လေ၏။ ဦးသူတော်ကြီးမှ ရွှေကြုတ်ဖွင့်စေတီတော်အား ပြန်လည်၍ တည်ထားရန် အချိန်ရောက်ပြီဖြစ်ကြောင်းပြောပြသော အခါ မူလိယပွဲက ယခုအချိန်အခါ၌ သူ့တွင် စီးပွားတက်လာပြီး အသင့်အတင့် စုဆောင်းနိုင်ခြင်းမှာ မှန်သော်လည်း ဘုရားပြုပြင်တည်ထားရန် မလုံလောက်သေးပါကြောင်း ပြန်ပြောခဲ့၏။

ထိုအခါ ဦးသူတော်က ဘုရားပြုပြင်တည်တော်မူရန် ပြင်ဆင်ပေတော့ ဟုဆိုလျက် လိုအပ်သောငွေများအတွက် အသုံးပြုပါရန် ရွှေမန်ကျည်းတောင့်များ အလုံလောက်ပေးခဲ့လေ၏။ ဦးသူတော်ကြီးပေးခဲ့သော ရွှေမန်းကျည်းတောင့်များနှင့် သူစုဆောင်းထားသော ရတနာပစ္စည်းများကိုထုခွဲ၍ ရွှေကြုတ်ဖွင့်စေတီတော်ကြီး ထီးတော်တင်ပြုပြီးသည်အထိ မူလိယပွဲသည် ကြိုးစားတည်တော်မူခဲ့ပါသည်။ ဘုရားပြုပြင်တည်တော်မူသော အချိန်တွင် ဥစ္စာစောင့်များ၊ သိုက်နန်းအဆက်များက ဘုရားအတွက် လှူဒါန်းသည်များကို တစ်ခုမကျန်အကုန်လှူဒါန်းနိုင်ခဲ့လေ၏။


ထိုသို့ သဒ္ဓါထက်သန်စိတ်ဓာတ်



ရွှေဘုန်းပွင့်ဘုရားအနီးမှ မော်ရုံတော်ကြီး



ဩဝါဒပါတိမောက်ခမွှေစေတီကျောက်စာ



ရွှေဘုန်းပွင့်စေတီတော်မှန်ဦး

www.burmeseclassic.com

www.burmeseclassic.com

နှင့်အားပြင်းထန်စွာ ကြိုးစားပမ်းစား ဘုရားတည်ခဲ့သော ကုသိုလ်အဟုန် ကြောင့် စီးပွားဥစ္စာအဖြာဖြာတို့ သည် ဒီရေအလား တိုးပွားချမ်းသာလာ ပြီး ဓာတ်ပွင့်၊ လာဘ်ပွင့်၊ စီးပွားပွင့်လာ သည်ကို သတိပြုမိသော ဘုရားဖူးလာ ဧည့်သည်များစွာသည် ရွှေကြုတ်ဖွင့် ဘုရားတွင် အဓိဋ္ဌာန်ပွဲလှူကပ်၊ ရွှေ သင်္ကန်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းများ မူလီယပွဲလှူသကဲ့သို့ လိုက်လှူကြပြီး နောက် ကံပွင့်၊ လာဘ်ပွင့်၊ စီးပွားတွေ ပွင့်လာကြသည်။ ထိုကဲ့သို့ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုကြသူများ ကံပွင့်၊ လာဘ်ပွင့်၊ စီးပွားပွင့်ခြင်းကိုအကြောင်းပြု၍ ရွှေကြုတ် ဖွင့်မှ ရွှေဘုန်းပွင့်သို့ ဘွဲ့အမည်တော် ပြောင်း၍ခေါ်ကြပါတော့သည်။

**◘ မနောမယဆရာတော် ကုသိုလ်တော် နှတ်လှူသာခုခေါ်**

မြန်မာနိုင်ငံ၌ နိုင်ငံတော်တစ်ဝန်း တွင် စေတီပုထိုးတော်များအသစ်တည် ထားတော်မူရင်း ထင်ရှားကျော်ကြား ကြည်ညိုသူများလှသော ဆရာတော်ကြီး တစ်ပါးရှိ၏။ ထိုဆရာတော်ကြီးကား မနောမယဆရာတော်ကြီးဖြစ်တော်မူပါ သည်။

မနောမယဆရာတော်ဘုရားကြီး ၏တပည့်ရင်းများဖြစ်သော ဆေးဝက် ဘာဆရာတော်၊ ခမဲပြင်ဆရာတော်နှင့် တွံတေးဘောင်းတော်ချုပ်ဆရာတော်များ သည်လည်း သာသနာပြုလုပ်ငန်းများဖြင့် ထင်ရှားကျော်ကြားလှပါသည်။ ၁၉၂၈ခု မိုးရာသီကာလသို့ ရောက်လာကြသော အခါ ချစ်တီးလူမျိုး မူလီယပ္ပိတည်ထားခဲ့ တော်မူသော ရွှေကြုတ်ဖွင့်စေတီတော် သို့မဟုတ် ရွှေဘုန်းပွင့်စေတီတော်သည် နှစ်ပေါင်းများစွာ မိုးဒဏ်လေဒဏ်များ ကို ကြံ့ကြံ့ခံတည်တော်မူရာမှ လုံးတော် များရှိ အင်္ဂတေများအက်ကွဲကုန်ကြလေ သည်။

ထိုသတင်းကို သန်လျင်မြို့နယ် နတ်စင်တရာကျောင်းတိုက်ကြီးတွင် သီတင်းသုံးနေသော မနောမယဆရာ တော်ကြီးကြားသိသောအခါ ကိုယ်တိုင် ကြွရောက်တော်မူပြီးသကာလ ဂေါပက လူကြီးများနှင့်ညှိနှိုင်းတိုင်ပင်ကာ ရွှေဘုန်း ပွင့်စေတီတော်ဘုရားကြီးအား အသစ် တစ်ဖန် ပြုပြင်ပါတော့၏။ လိုအပ်ချက် များမှန်သမျှ အကုန်အစင်ပြုပြင်တည် တော်မူပါသည်။ မနောမယဆရာတော် ကြီးသည် သီလ၊ သမာဓိ၊ ပညာဂုဏ်များ နှင့်အတူ သတ္တဝါတွေအပေါ် မေတ္တာ ထား အသေးအသားမစားခြင်း၊ သစ္စာ အဓိဋ္ဌာန်တန်ခိုးများကြောင့် အမြန်ဆုံး ပြန်လည် ပြုပြင်တည်တော်မူအပြီးတွင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးသည် ဘုရားဖူးသူများဖြင့် တစ်ဖန်ပြန်၍ စည်ကားသိုက်မြိုက်လာပါတော့၏။

**◘ ဘုန်းပွင့်ကံပွင့်လာဘ်တွေပွင့်လိုသလား**

ဘုန်းပွင့်၊ ကံပွင့်၊ လာဘ်တွေပွင့် လိုသလားမေးပါလျှင် အဖြေကရှင်းပါ သည်။ ရွှေဘုန်းပွင့်ဘုရားသွားကြပါလိမ့် မည်။ ရွှေဘုန်းပွင့်ဘုရားသွား ကောင်းမှု ကုသိုလ်များနှင့် စိတ်ကြံသမျှအဓိဋ္ဌာန်ပြု လျှင် ပိုမိုအကျိုးများ ထင်ရှားစွာ အကျိုး များလာပါလိမ့်မည်။ ရွှေဘုန်းပွင့်ဘုရား သွား၍ ဒါနမှု၊ သီလမှု၊ ဘာဝနာမှု ကောင်းစွာ မကြာခဏပြုရင်းမှ ကြီးပွား သွားသူတွေအများကြီး။ စာပေနယ်မှာ ကြည့်ကြည့် အဆိုတော်ဂီတာနှင့်လုပ်ငန်း သရုပ်ဆောင်နယ်ပယ်မှာ အတော်များ များ ကြီးပွားသွားကြ၏။ အောင်မြင်ကြ ၏။ နာမည်ရကြ၏။ ကုသိုလ်ကံအခွင့် ပန်းလိုပွင့်ကြကုန်၏။ ရုပ်ရှင်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်သူများ မိမိ တို့ဇာတ်ကားစပြီးရိုက်စဉ်မှစ ပြီးသည် အထိ ကန်တော့ပွဲများကပ်လှူဆုတောင်း ကြ၏။ မင်းသား၊ မင်းသမီးများလည်း မကြာခဏလာရောက်ကန်တော့ကြသည် ကိုတွေ့ရသည်။ စီးပွားရေးလုပ်ငန်းရှင် ကြီးများလည်း ပွဲလှူပွဲကပ်လှူဒါန်းသွား ကြလေ၏။

**ရွှေဘုန်းပွင့်စေတီတော်မြတ် အံ့ (၉) ပါး**

၁။ ဆံတော်ပင့်ဆောင်လာသော ဆင် တော်ဝပ်ခြင်း။

၂။ ဥက္ကလာပမင်းကြီး မိဋ္ဌာန်ပြီး ဆံတော်ရတနာကြုတ်ဖွင့်ခြင်း။

၃။ ဆံတော်မြတ်(၈)ဆူ ရောင်ခြည် တော်များကွန့်မြူး၍ ကောင်းကင်၌ တည်ခြင်း။

၄။ ဥက္ကလာပမင်းကြီး သဒ္ဓါစိတ် လွှမ်းကဲကာ ဦးခေါင်းတော်ဖြတ်၍ ဆံတော်များအား လှူဒါန်းရန်ကြံ ခြင်း။

၅။ ဥက္ကလာပမင်းကြီး ပတ္တမြား ကျောက်မျက်များ စီခြယ်ထား သော မကိုဋ်တော် လှူဒါန်းခြင်း။

၆။ သိကြားမင်း ဗုဒ္ဓသာသနာတော် စည်ပင်မည့်အရပ်တုမိန့်ကြားသော နေရာဖြစ်ခြင်း။

၇။ ဥက္ကလာပမင်းတပုဿနှင့်ဘလ္လိက တို့ သမိုင်းမှတ်တိုင်စိုက်ထူ၍ဘုရား တည်ထားခြင်း။

၈။ ဆံတော်မြတ် (၈) ဆူ ဗိုလ်ခြေ တစ်ထောင်ဖြင့် (၃) ရက်တိုင်တိုင် အပူဇော်ခံရာနေရာဖြစ်ခြင်း။

၉။ ဆင်တော်ဝပ်သည့်နေရာ မြေမျက် နှာပြင်ညီညာပြန့်ပြူးလျက်ရှိခြင်း။

**ထူးခြားအံ့ဖွယ် (၄) မျိုး**

၁။ ဝတ်ဖြူဝတ်သူတော်ကြီးနှင့် သိုက်နန်းရှင်များက မူလီယပ္ပိ ဗုဒ္ဓ ဘာသာဝင်ချစ်တီးအား ဘုရားပြုပြင်ရန် ရွှေမန်ကျည်းတောင့်များပေး၍ ပြုပြင် စေခြင်း။

၂။ မနောမယ နတ်စင်တစ်ရာ ဆရာတော် လှူဒါန်းထားသော ဓာတ် သားဇော်ဂျီရုပ်တုသည် ပုရပိုက်ရွှေအတိ ဖြစ်နေခြင်း။

၃။ ဘုရားထောင့် ရှစ်ထောင့် (၂၄) ပေစီ ကွာဝေး၍ ပဋ္ဌာန်း၂၄ပစ္စည်း ဖြစ်နေခြင်း။

၄။ ဘုရားကြီး အရိပ်တော်များ ကောင်းကင်ပြင်တွင် ငါးညတိုင်တိုင် အဆူပေါင်းများစွာပေါ်ထွက်နေခြင်း

**◘ ထူးထူးခြားခြားအံ့ဖွယ်ဝိဇ္ဇာရုပ်တု**

မနောမယဆရာတော်ကြီးသည် ရွှေဘုန်းပွင့်စေတီ၏ ထီးတော်ငုတ်မြတ် နား၌ ဓာတ်သားဝိဇ္ဇာရုပ်တုတစ်ခုကို ထည့်သွင်း လှူဒါန်းခဲ့ပေသည်။ ထိုဝိဇ္ဇာ ရုပ်တုငယ်မှာ ထိုစဉ်က ဓာတ်သား (ရွှေ မဟုတ်) သာ ဖြစ်၍ လက်ရာနှင့်တကွ တန်ဖိုးဖြတ်ရာ ကျပ်နှစ်ရာသာတန်ပါ သည်။

မကြာသေးမီနှစ်များက ထိုဝိဇ္ဇာ ရုပ်တုနှင့် ကျောက်မျက်ရတနာများကို ဂေါပကအဖွဲ့မှစစ်ဆေး အရောင်တင်ရာ ထူးထူးခြားခြား အံ့ဖွယ်အဖြစ်ဆန်းကို ကြုံရလေသည်။ မနောမယဆရာတော် ဘုရားကြီးလှူခဲ့စဉ်က ထိုဝိဇ္ဇာရုပ်တု ကလေးသည် ရွှေမဟုတ် ဓာတ်သားသာ ဖြစ်ပါသည်။ ယခုအခါ ရွှေစင်ပုရပိုက် ခေါက်အဖြစ် ဝါဝင်းစွာတွေ့ရှိရပေသည်။ ထူးလှပေ၏။

စာရှုသူ ဓမ္မမိတ်ဆွေများ ဘုန်းကံ ပွင့်လိုပါသလား။

ရွှေဘုန်းပွင့်စေတီတော်သို့သွား။

မေတ္တာများစွာဖြင့်

ကံဝင်း

**ကျမ်းကိုး -**

သုသုက် ပြုစု၍ ဂေါပကအဖွဲ့မှ ထုတ် ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီးသမိုင်းအကျဉ်း

ဘုရားဖူးဓမ္မမိတ်ဆွေများနှင့် တွေ့ ဆုံမေးမြန်းမှု

ကိုယ်တိုင် ကွင်းဆင်းလေ့လာခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဦးစန္ဒိမ(စလင်း)

# ဒေါက်တာနန္ဒမာလာဘိဝံသ (ပါမောက္ခချုပ်ဆရာတော်)



ဆရာတော့်တရားတွေ နာရကြားရပြီး ဆရာတော့်ကို ကြည်ညိုနေရသည်။ လူချင်းတော့ မဖူးတွေ့ရသေး၊ စာရေးသူ စွဲစွဲမြဲမြဲ တရားနာဖြစ်သည့် ဆရာတော်များမှာ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၊ စစ်ကိုင်းသီတဂူဆရာတော် အရှင်ဉာဏိဿရ၊ ဒေါက်တာ နန္ဒမာလာဘိဝံသ၊ စစ်ကိုင်းမြစကြာဆရာတော် အရှင်ကုန္ဒကာဘိဝံသတို့ ဖြစ်သည်။ ခုနေခါ စီဒီခွေလို၊ စတစ်လို၊ အက်ဖလ်ကလို နာယူလို့ လွယ်ကူနေပါသည်။ ဟိုတုန်းကလို ကက်ဆက်နှင့်တစ်ခွေပြီးတစ်ခွေနာနေစရာမလို။ တစ်ခါသွင်းထားလိုက်လျှင် အပုဒ်ပေါင်း (၁၀၀၀) ကျော်လောက် နာပါလေ့။

မိမိက တရားနာလျှင် အနီးနားမှာ စာအုပ်နှင့် ဘောလ်ပင်ထား နာလေ့ရှိပါသည်။ မှတ်စုလုပ်ခြင်းဖြစ်သည်။ သည်တော့ အချိန်ယူရသည်။ အာရုံစိုက်ရသည်။ တိုတ်ဆိတ်မှုကို ရွေးချယ်ရသည်။ အရှင်ဇနကာဘိဝံသ၊ သီတဂူဆရာတော်၊ မြစကြာအရှင်ကုန္ဒကာဘိဝံသတို့ တရားတွေထဲက မှတ်စုတွေများစွာ ထုတ်နုတ်ကူးယူထားတာတွေရှိသလို ဒေါက်တာနန္ဒမာလာဘိဝံသ တရားတွေထဲက မှတ်စုတွေလည်း ရှိနေပါသည်။

❑ ဥပဒေ_ ဆိုတာ အမှန်တရားမဟုတ်ဘူး။ ဓမ္မကသာ အမှန်တရားပဲ။ ဥပဒေဟာ အမှန်တရားမဟုတ်လို့ ပြောင်းလဲနေတာပေါ့။

❑ တို့ဂေါတမမြတ်ဘုရားသခင်ဟာလည်း စွပ်စွဲခံရတယ်၊ လုပ်ကြံခံရတယ်၊ ဆဲရေးတိုင်းထွာခံရတယ်။ ဝေရဥ္စာပြည်မှာ မြင်းကျွေးတဲ့ ဂျုံကြမ်းတွေဘုဉ်းပေးရတယ်။ သို့သော် ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တဆိုပြီး တန်ခိုးတော်နဲ့ ကျော်လွှားခဲ့တာမဟုတ်ဘူး။ လက်တွေ့ကျကျ သဘာဝနည်းနဲ့ ကျော်လွှားခဲ့တာချည်းပဲ။

❑ မဟာကရုဏာတော်ရှင်ဖြစ်တဲ့ ဗုဒ္ဓဟာ သူ့ကိုရန်လုပ်သေကြောင်းကြံတဲ့ ရှင်ဒေဝဒတ်အပေါ်ထားတဲ့ မေတ္တာနဲ့ သားတော်ရာဟုလာအပေါ်မှာထားတဲ့ မေတ္တာဟာ ညီတူညီမျှပါပဲ။ အပိုအလိုရှိတော်မမူပါဘူး။

❑ ဘုရားက အသားစားသင့်တယ်လို့လည်း မဟောဘူး။ မစားသင့်ဘူးလို့လည်း မဟောဘူး။ အာဟာရကို အာဟာရအနေနဲ့ပဲထားတယ်။ ထိုအာဟာရအပေါ်မှာတော့ မတ္တညူအတိုင်းအတာသိရမယ်။ သို့မဟုတ် ရသတဏှာမဖြစ်စေရဘူး။ ဘယ်ဟာပဲစားစား အဓိကက အာဟာရအပေါ်မှာတပ်မက်တဲ့တဏှာကိုသာ ပယ်ရမယ်။ အာဟာရကို ပယ်ရမှာမဟုတ်ဘူး။ အဲဒါကြောင့် မြတ်စွာဘုရားက သက်သတ်လွတ်စားဖို့လည်း မတိုက်တွန်းဘူး စားစေချင်လို့ရှိရင် သက်သတ်လွတ်ဓုတင်မှာ ထည့်မှာပေါ့။ သုတ္တန်တစ်ခုမှာ 'ငါနဲ့လောကကြီး မငြင်း ခုံဘူးတဲ့။ လောကကြီးကသာ ငါနဲ့လာငြင်းခုံနေတာ' တဲ့။ အဲဒီတော့ မြတ်စွာဘုရားက ကောင်းတာဆိုလို့ရှိရင် လက်ခံတာပဲ။ အဲဒီတော့ ဗုဒ္ဓဝါဒအရ သက်သတ်လွတ်စားသည်ဖြစ်စေ၊ မစားသည်ဖြစ်စေ အဓိကကတော့ ရသတဏှာမဖြစ်ဖို့ပါဘဲ။

❑ အဘိဓမ္မာဆိုတာနဲ့ လူတွေက လန့်သွားရော။ အနားမသီတော့ဘူး။ တကယ်တော့ အဘိဓမ္မာဆိုတာ ကိုယ့်အကြောင်းကိုယ်သိဖို့ပေါ့။ ကိုယ်နေနေတာဟာ ကုသိုလ်စိတ်နဲ့နေတာလား၊ အကုသိုလ်စိတ်နဲ့နေတာလား အဘိဓမ္မာကိုလေ့လာရင် သိဖါတယ်။ သိတော့ နေ့စဉ်ဘဝမှာ အင်မတန်မှ တန်ဖိုးရှိတယ်။ စိတ်ကိုဖြူစင်အောင်ထားတတ်လာတယ်လေ။

❑ လူတွေ ဓမ္မကိုသိအောင်ရှာဖွေရမယ်။ ဒါမှ အမှန်တရားကိုသိနိုင်မယ်။ အမှန်တရားကိုသိမှ စွဲလမ်းမှုတဏှာကို ပယ်နိုင်မယ်။ စွဲလန်းမှုတဏှာကို ပယ်နိုင်မှ ချမ်းသာကိုရမယ်။

❑ မျက်စိရှိမှမြင်နိုင်မယ်။ ဉာဏ်ရှိမှသိနိုင်တယ်။ မျက်စိက မြင်ရုံမြင်နိုင်တာ၊ မသိဘူး။ ဉာဏ်ကမှ မြင်လည်းမြင်၊ သိလည်းသိနိုင်တာ။

ရွေးထုတ်ပြမည်ဆိုလျှင် အများကြီးပါ။ ဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိကိုသာ အဓိကထား ရေးပြပါရစေ။

ဆရာတော်လောင်းလျာလေးကို မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ညောင်ပင်ရွာနေ အဘဦးစံလှ၊ အမိဒေါ်ခင်တို့မှဖွားပါသည်။ နဝမမြောက်သားရတနာ ဖြစ်ပါသည်။ ၁၃၀၁ ခု၊ တပေါင်းလဆန်း ၁၅ရက်၊ ၂၂-၃-၁၉၄၀ ပြည့်နှစ်၊ စနေနေ့တွင် ဖွားမြင်ပါသည်။ (၆) နှစ်သားအရွယ်မှစ၍ ရွာဘုန်းကြီးကျောင်းတွင် ပညာသင်ပြီး (၁၀)နှစ်သားအရွယ်တွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဝိပဿနာကမ္မဋ္ဌာန်းတိုက်၌ စံကင်းဆရာတော် အရှင်စန္ဒာဘိဝံသထံ ရှင်သာမဏေပြုလျက် နောင်တော်ဖြစ်သူ အရှင်နာရဒထံ ပညာသင်ယူသည်။ (၁၂) နှစ်သားမှာ အဘိဓမ္မာ (၃) ဆင့် စတင်ဖြေဆိုသည်။ (၁၃) နှစ်သားမှာ အငယ်တန်း၊ အလတ်တန်း၊ (၁၅) နှစ်သားမှာ အကြီးတန်း၊ (၁၆) နှစ်သားမှာ ဓမ္မာစရိယ ကျမ်းရင်း(၃)ကျမ်း၊ ဂုဏ်ထူးကျမ်း (၂) ကျမ်း အပါအဝင် ဓမ္မာစရိယအောင်မြင်သည်။ (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ)

ထို့ပြင် ၁၉၅၉ ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းက ကျင်းပပြုလုပ်သော သာမဏေစာပေအောက်မေးခမ်းစာမေးပွဲ၌ (၃) ဆင့်လုံးတွင်



www.burmeseclassic.com

www.burmeseclassic.com




ဓါတ် (၁) ကချည်း အောင်မြင်သဖြင့် သာသနာလင်္ကာရသာမဏေကျော်နှင့် ဆုဒါန်းဖြစ်ပြီး ရန်ကုန်စေတီယင်္ဂဏ စာမေးပွဲ (၁၉၆၃)၊ မန္တလေးသင်္ကျသီဟ စာမေးပွဲ (၁၉၆၄) နိုင်ငံတော်အစိုးရ ရှင်ထူးစာမေးပွဲတွေနှင့် ပါဠိပါရဂူ စာမေးပွဲတွေ ဖြေဆိုအောင်မြင်ခဲ့ပါသေး သည်။

၁၃၆၀ပြည့်နှစ်တွင် စစ်ကိုင်းမြို့ တောသုဓောတာရုံတိုက် ရွှေကျင်သာသ နာပိုင် အဘိဓဇ မဟာရဋ္ဌဂုရုံ စံကင်း ဆရာတော်ဖြစ်သော ဘဒ္ဒန္တစန္ဒာဘိဝံသ ထံ ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ဇာတိရွာ ဦးဇေက သာသ၊ မဟာသုဓောတာရုံ အရှင်နာရဒ၊ ရှောင်တော်အရှင်ဝိမလ ၊ အရှင်ဉာဏ သ၊ ဝိသုဒ္ဓါရုံ ရွှေကျင်သာသနာပိုင် အရှင် အဂ္ဂိယ၊ မန္တလေးရွှေကျင်တိုက်မ ကြီး အရှင်ဝိစိတ္တ၊ ဝိသုဒ္ဓါရုံသံတော်ဆင့် ကျောင်းဆရာတော် အရှင်ဝါသဝ၊ မန္တလေးမစိုးရိမ်အရှင်ဝိစိတ္တ၊ အရှင်ရာဇ ဓမ္မတို့ထံတွင် စာဝါများလိုက်ခဲ့ပါသည်။

၁၉၇၀ ပြည့်နှစ်မှစ၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ကျမ်းစာများ ရေးသားခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ်တွင် စစ်ကိုင်းမြို့နယ် သံဃာ့နာယကအဖွဲ့ (ရွှေကျင်)အဖွဲ့ဝင်။ ထို့ပြင် ဓမ္မာစရိယ အကျိုးဆောင် ပထမပြန်စာမေးပွဲ၊ နိကာယ်စာမေးပွဲစည်းကမ်းရေးဆွဲရေး အဖွဲ့ဝင်၊ နိုင်ငံတော်သီးခြားဝိနည်းမိုရ် ပထမပြန်စာမေးပွဲ စစ်ကိုင်းပစ္စကအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်တော် မူပါသည်။ ဆရာတော်သည် အိန္ဒိယ၊ သီရိလင်္ကာ၊ အမေရိကန်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ကိုရီးယား၊ မက္ကဆီကို၊ ဂျာမနီ၊ ပြင်သစ်နိုင်ငံများစွာသို့ ကြွ ရောက်ပြီး အဘိဓမ္မာသင်တန်းများကို အင်္ဂလိပ်လိုပို့ချပေးခြင်း၊ တရားဟော ခြင်းဖြင့် သာသနာပြုတော်မူပါသည်။

၁၉၆၅ ခုနှစ်တွင် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ တိပိဋကပါဠိ-မြန်မာ အဘိဓာတ်ကျမ်းပြုအဖွဲ့၌ စာပြုအဖွဲ့ တွင် ပါဝင်ဆောင်ရွက်တော်မူပါသည်။ ၁၉၇၀ ပြည့်နှစ်တွင် ဂုရုဝဏ္ဏနာကျမ်း၊ ၁၉၇၂ ခုနှစ်တွင် ဂုရုပတ္တိကထာကျမ်း၊ ၁၉၇၅ ခုနှစ်တွင် ဒေါ်မာလာရီ နှစ် (၉၀) ကျော် ဘဝခရီး၊ ၁၉၇၉ ခုနှစ်တွင် ရွှေဟင်္သာဆရာတော်ဘဝနှင့် စာပေ အထွေထွေကျမ်းတို့ကို ရေးသားပြုစု တော်မူပါသည်။ ဆရာတော်သည် စစ်ကိုင်းသုဓောတာရုံတိုက်မှာ စာချတော် မူခဲ့သလို ၁၉၉၆ ခုနှစ်တွင် စစ်ကိုင်း သီတဂူဗုဒ္ဓတက္ကသိုလ်တွင်လည်း ပါမောက္ခ ချုပ် ၁၉၉၉ ခုနှစ်တွင် ထေရဝါဒဗုဒ္ဓ တက္ကသိုလ်မှလည်း ဧည့်ပါမောက္ခချုပ် အဖြစ် ဆောင်ရွက်တော်မူပါသည်။ ၂၀၁၄ ခုနှစ်တွင် ဒေါက်တာနန္ဒမာလာ ဘိဝံသအား ထူးခြားထင်ရှားသူပုဂ္ဂိုလ် အဖြစ် ဗုဒ္ဓတက္ကသိုလ်မှ ရွေးချယ်လိုက် သည်။

၁၉၉၆ ခုနှစ်တွင် နိုင်ငံတော်မှ 'အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့' ၂၀၀၀ ပြည့်နှစ်တွင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့ တံဆိပ်တော်များ ဆက်ကပ်ပါသည်။ ၂၀၀၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ မာဂဓ တက္ကသိုလ်မှ **Ph.D** ဒေါက်တာဘွဲ့ကို ရရှိခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒသာသနာ ပြုတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် စတင်ထမ်းဆောင်ပါသည်။ ၂၀၀၉ ခုနှစ် တွင် သုဓောတာရုံ သာသနဝံသ ဂဏာ ဓိပတိ မဟာနာယအဖြစ် ဆောင်ရွက် တော်မူပါသည်။ ထိုနှစ်မှာပင် သန်လျင် မြို့ အမှုထမ်းရပ်ကွက် မြတ်လေးလမ်း၌ ဓမ္မဝိဇ္ဇာလယ သုဓောတာရုံကျောင်းတိုက် နှင့် မုံရွာမြို့ နန္ဒဝန်ရပ် သဒ္ဓမ္မဇောတက သုဓောတာရုံကျောင်းတိုက်ကို တည် ထောင်ပေးပါသည်။

၂၀၀၂ ခုနှစ်တွင် ပြင်ဦးလွင်မြို့ အောင်ချမ်းသာရွာ၌ ဓမ္မသဟာယသာ သနစင်တာကို ဖွင့်လှစ်ပေးသည်။ ၂၀၀၄ ခုနှစ်တွင် ဇာတိဒေသ ကျန်းမာရေးပညာ ရေးအတွက် ဒယာနန္ဒဖောင်ဒေးရှင်းကို တည်ထောင်ပေးသည်။ ဆရာတော် သည် ယခုအခါ အောင်ချမ်းသာရွာ ဓမ္မ သဟာယသာသနစင်တာ၌ ဓမ္မသင်တန်း များပို့ချတော်မူခြင်း၊ တရားဟောခြင်း၊ အနယ်နယ်အရပ်ရပ်မှ မေးကြားသော ဓမ္မပုစ္ဆာများ ဖြေကြားတော်မူခြင်းဖြင့် သာသနာပြုလျက်ရှိနပါသည်။

ဆရာတော်က တရားဟောလျှင် အေးဆေး ပြေပြစ်စွာ ဟောပါသည်။ လုပ်သံမပါ သူတစ်ပါး မပုတ်ခတ်၊ မာန် မာနကင်း၊ ငါ့စကားနွားရမဟော။ သူ သိသလို ရိုးရိုးရှင်းရှင်းဟောပါသည်။ အပိုအလိုမပါ။ ခဲရာခဲဆစ်များ ရှင်းလင်း အောင် ပြသနိုင်စွမ်းရှိပါသည်။ တကယ့် ကျမ်းကြီးကျမ်းခိုင်ကျမ်းစာအုပ်ကြီးတွေ ကို သင်ယူနေရသလို ဗဟုသုတများစွာ ရရှိပါသည်။ အဘိဓမ္မာ၊ ပဋ္ဌာန်းနှင့်ပတ် သက်၍ ဥပမာဥပမေယျသုတ္တန်များနှင့် ဝေဆာစုံလင်စွာ လူတိုင်းနားလည် အောင် ဟောကြားနိုင်စွမ်းရှိပါပေသည်။ တောရောမြို့ပါ ဆရာတော့်တရားနာ ကြားကြပါသည်။ နှစ်ခြိုက်ကြပါသည်။

"ဆရာတော့်တရား ဘာလို့ကြိုက် တာလဲ"

ဟု မေးသောအခါ -

"ဆရာတော်က လူပြိန်းနားလည် အောင်ဟောနိုင်လို့ ကြိုက်တာပါ"

ဆိုပြီး ဖြေဆိုကြပါသည်။

သြော် - ဒါ့ကြောင့် အများစုနာ ယူလက်ခံတာပဲဟု ကောက်ချက်ချမိပါ သည်။ ပါဠိ၊ အနက်၊ မြန်မာနှင့်တွဲလျက် အင်္ဂလိပ်လို ရှင်းပြပုံကလည်း စွမ်းအား ရှိလှပါသည်။ ဆရာတော့်စေတနာ၊ လူထု မေတ္တာဖြင့် ဆရာတော်သက်တော်ရာ ကျော်ရှည်လျက် သာသနာပြုနိုင်ပါစေ ကြောင်း ဤဆောင်းပါးဖြင့် ဆုတောင်း ဂါရဝပြုလိုက်ရပါတော့သည်။

ဦးစန္ဒိမ (စလင်း)

www.burmeseclassic.com

"ဒကာကြီး နကုလပိတာ၊ မျက်နှာ ကြည်လင်လှပေ၏။ မြတ်စွာဘုရားထံက သူတော်ကောင်းစကား ကြားနာခဲ့ရပြီထင်၏"

ဘုရားကျောင်းတော်မှ ထွက်လာသော နကုလပိတာ ဒကာကြီးကို ရှင်သာရိပုတ္တာက နှုတ်ခွန်းဆက်မေးလိုက်ပါသည်။

"မှန်လှပါဘုရား၊ မြတ်စွာဘုရားထံက သူတော်ကောင်းစကား ကြားနာခဲ့ရလို့ သောကကင်းစင် စိတ်လန်းရွှင်ခဲ့ရပါသည်ဘုရား"

ဟု နကုလပိတာက ပြန်ဖြေပါသည်။

အသက်(၈၀)ကျော် ဇရာထောင်းသဖြင့် ဝေဒနာအပေါင်း ဖိစီးနှိပ်စက်သောကြောင့် ဘုရားကို ရှေးရေစက်ကြောင့် သားရင်းပမာချစ်ခင်ပြီး မပြတ်ဖူးမြော်ရောက်ခဲ့သော နကုလပိတာသည် ခါတိုင်းကဲ့သို့ မလာနိုင်တော့တဲ့ အလာကြဲသွားရခြင်းကို မြတ်စွာဘုရားအား ယခုအခေါက်တွင် လျှောက်ထားခဲ့ပါသည်။

မြတ်စွာဘုရားက -

"နကုလပိတာ ဒကာကြီး၊ ရုပ်ခန္ဓာကြီးဟာ အမြဲဖောက်ပြန်တတ်တဲ့ သဘောရှိခြင်းကြောင့် နာကျင်ခြင်းကို အမြဲဖြစ်စေပြီး ရောဂါဝေဒနာဖြင့် မပြတ်နှိပ်စက်လျက်ရှိ၏။ ဤရုပ်ခန္ဓာကြီးကို ရထားခြင်းသည် ဒုက္ခဝေဒနာကိုရထားခြင်း ဖြစ်၏။ ထိုဒုက္ခဝေဒနာတို့နှင့် ဒေါမနဿဖြစ်နေက ရုပ်သာမက စိတ်ပါနာရပေအံ့။ ရုပ်သာနာပြီး စိတ်မနာရအောင် ရုပ်၌ ဖြစ်ပေါ်နေသော ဒုက္ခဝေဒနာတို့၌ သောကမပွားဘဲ သဘာဝတရားဟူ၍ နှလုံးသွင်းလော့"

စသည်ဖြင့် မိန့်ကြားတော်မူသည်။

ထိုအခါ နကုလပိတာ ဒကာကြီးသည် သူတော်ကောင်းစကားကိုကြားနာရသဖြင့် အလင်းရောင်ရပြီး ခံစားနေရသော ရောဂါဝေဒနာတို့နှင့် သောက၊ ဒေါမနဿကင်းစင်ပြီး ကြည်လင်သော ချမ်းသာခြင်းကို ရရှိသွားပေသည်။

မကောင်းသောနား၊ မမြဲသောသတိတို့ဖြင့် ပါမောက္ခဆရာတော်၏ တရားကို ကြားနာမှတ်သားပြီး ကျွန်တော်ကဲ့သို့ ရောဂါဝေဒနာခံစားနေရသူများအတွက် သက်သာရာရစေကြောင်း ထပ်ဆင့် ဓမ္မဒါနပြုခြင်း ဖြစ်ပါသည်။ အထက်ပါမြတ်စွာဘုရားနှင့် ရှင်သာရိပုတ္တရာတို့၏စကားကို သဘောလောက်ယူပြီး မှတ်မိသလို၊ သဘောပေါက်သလို ပြန်လည် ရေးသားခြင်း ဖြစ်ပါသည်။

'ရုပ်သာနာပါစေ၊ စိတ်မနာစေနဲ့' ဟူသောစကားသည် အထက်ပါဘုရားစကားကို ပြန်လည် ပြောကြားကြခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား နကုလပိတာ ဒကာကြီးအား မိန့်ကြားတော်မူသော စကားအချုပ်မှာ ဤရုပ်သာနာပါစေ၊ စိတ်မနာပါစေနဲ့ဟူ၍ပင် ဖြစ်ကြောင်း မှတ်ယူတော်မူကြပါသည်။

ရောဂါဝေဒနာဖိစီးသဖြင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်နေရသော နကုလပိတာ ဒကာကြီးသည် ဘုရားစကား၊

# ချောင်းဆုံအုန်းသွင်

## သူတော်ကောင်းစကား





www.burmeseclassic.com

www.burmeseclassic.com

ဆရာ့စကား၊ သူတော်ကောင်းစကား ခြင်း ဤသို့ စိတ်ချမ်းသာမှုနှလုံးအေးချမ်း ရရှိသွားသည့် အကျိုးကျေးဇူးကား အနန္တ-အဆုံးမရှိ၊ အနဋ္ဌ-တန်ဖိုးမဖြတ် နိုင်ပေ။

နောက်တစ်ဦးကို သက်သေပြလို ပါသေးသည်။

သူကား ကုန်းဘောင်ခေတ်တွင် နာမည်ဆိုးဖြင့်ကျော်ကြားခဲ့သော ဘကြီး တော်မင်းတရားကြီး၏ မိဖုရားခေါင်ကြီး နန်းမတော်မယ်နု ဖြစ်ပါသည်။

ပုထုဇဉ်ဟူသမျှ အကောင်း၊အဆိုး နှစ်မျိုးစလုံးရှိတတ်ကြပါသည်။ အဆိုး လုံးဝမရှိဘဲ အကောင်းချည်းသက်သက် ရှိသူဟူ၍မရှိသူ၊ အကောင်းလုံးဝမရှိဘဲ အဆိုးချည်းသက်သက်ရှိသူဟူ၍ မရှိပါ။ နန်းမတော်မယ်နုသည် မောက်မာသူ အဖြစ် နာမည်ဆိုးကိုရထားသည့်အပြင် ဝတောင်းမင်းသမီးအရေး၊ စကြာ မင်းသားအရေးတို့တွင် ကြောက်စရာ ကောင်းသော နာမည်ဆိုးကိုရရှိထားသူ ဖြစ်ပါသည်။

အကောင်းဘက်တွင် -

ရတနာသုံးပါးကို သက်ဝင်ကြည် ညိုပါသည်။ ဒါနကောင်းမှုများစွာပြုခဲ့ သည်။ ဆရာတော်ဦးဗုဓ်အား ဆောက် လုပ်လှူဒါန်းထားသော တိုက်ကျောင်း မှာ ယခုတိုင် မယ်နုအုတ်တိုက်အမည် ဖြင့် တည်ရှိနေပါသည်။

ကုန်းဘောင်ခေတ်တွင်ပေါ် ထွန်း ခဲ့သော စာတတ်အကျော်အမော်များ အနက် ဆရာတော်ဦးဗုဓ်သည် တစ်ပါး အပါအဝင် ဖြစ်ပါသည် ဗုဒ္ဓဂေါတမ၊ ဗုဒ္ဓ ဃောသ၊ ဦးဗုဓ်။ ဗုဓ်အစ၊ ဗုဓ်အလယ်၊ ဗုဓ်အဆုံး ဟူ၍ ဆိုစမှတ်ပြုကြပါသည်။ ဆရာတော်သည် သက်တော် (၅၀) တွင် ပင် ပျံလွန်တော်မူသွားပါသည်။ ကျမ်း ပေါင်း (၅၅) ကျမ်း ပြုစုခဲ့ပါသည်။ ကျမ်း များမှာ သီဟိုဠ် (သီရိလင်္ကာ) အထိ ကျော်ကြားပါသည်။

ဘကြီးတော်ဘုရားလက်ထက်တွင် မယ်နုအုတ်ကျောင်းဆရာတော်ဟုကျော် ကြားပါသည်။ နန်းမတော်မယ်နု အလွန် ကြည်ညိုပြီး အလွန်ကြောက်ရသော ဆရာတော် ဖြစ်သည်။ (၁၀) ခေါက် သွား၍ တစ်ခါစကားပြောချင်မှပြော သည်။ မေးတိုင်းလည်းမဖြေ၊ ဖြေသင့်မှ ဖြေသည်။ ဆရာတော်ထံမှ စကားသံ ကြားရလျှင်ပင် မယ်နု ဝမ်းသာလှပေ သည်။

တစ်ခါက မယ်နုနှင့်လမ်းလျှောက် တတ်စသမီးတော်လေး ပါသွားသည်။ အမှတ်တမဲ့ရှိနေခိုက် ကလေးက ဆရာ တော်၏စာအုပ်သွားကိုင်သည်။ ဆရာ တော်က 'ဒီအမြင်းမလေးဟာ ဘယ်သူ့ ကလေးလဲ' ဟု မိန့်တော်မူသည်။ 'ဆရာ တော်မိန့်တော်မူတယ်' ဆိုပြီး မယ်နု ဝမ်းသာမဆုံးဖြစ်ရသည်ဆို၏။

တစ်ခါကမူ နန်းမတော်မယ်နုက လှူခဲ့သမျှသော အလှူစာရင်းကို ဆရာ တော်အားလျှောက်ထားပြီး 'ဤအလှူ များအတွက် ကောင်းကျိုးချမ်းသာမည် မျှခံစားရပါမည်နည်းဘုရား' ဟု မေး လျှောက်၏။ ဆရာတော်က လောကီ စည်းစိမ်ချမ်းသာအတွက် မေးမှန်းသိ သဖြင့် ဆရာတော်က -

"အိမ်း-မိနု၊ ဟိုပန်းကန်စင်ပေါ် မှာ မှောက်ထားတဲ့ ရေဖလားကိုယူပြီး ရေ တစ်ခွက်အပြည့်ခပ်လာခဲ့စမ်း"

ဟု မိန့်ကြားပါသည်။

မယ်နုက ဝမ်းသာအားရဖြင့် သွားခပ်လာပါသည်။ ဆရာတော်ဆီ ရောက်တော့ ဆရာတော်က -

"အဲဒီပြတင်းပေါက်က အကုန် မှောက်ပြီး သွန်ချလိုက်စမ်း"

ထပ်မံမိန့်ကြားသည်။

မယ်နုက ပြောသည့်အတိုင်း သွန် ချလိုက်တော့ ဆရာတော်က -

"ဖလားထဲမှာ ရေဘယ်လောက် ကျန်သေးသလဲ"

ဟု မေးရာ မယ်နုက -

"အကပ်အသတ်ပဲ ကျန်ပါတယ် ဘုရား"

ပြန်လည် လျှောက်ထားလိုက်ရာ ဆရာတော်က -

"အိမ်း-မိနု အဲဒီလောက်ပဲရတယ်"

ဟု မိန့်ကြားတော်မူပြီး လုံးဝ ဆိတ်ဆိတ်နေလိုက်သည်။လောကီစည်း စိမ်ချမ်းသာကို တောင့်တပြီးလှူသော အလှူသည် အကျိုးမများ ဟူသည်ကို ထင်ရှားပြလိုက်ခြင်း ဖြစ်ပါသည်။

ညီတော် သာယာဝတီမင်းသည် နောင်တော် ဘကြီးတော်မင်းတရားကို နန်းချပြီး ထီးနန်းကို သိမ်းပိုက်လိုက်ပြီး သောအခါ နန်းမတော်မယ်နုအား စကြာမင်းအမှု၊ ပန်းတောင်းမင်းသမီး အမှု စသည်တို့ဖြင့် ရေမှာဖျောက်ရန် စီရင်ချက်ချလိုက်သည်။ မယ်နုသည် ပုထုဇဉ်သားပီပီ မိမိအလှည့်တွင် တုန်လှုပ်ပါမည်။ ပါးကွက်သားများက ရေဆိပ်သို့ဆောင်သွားသောအခါ ဆရာ တော် ဦးဗုဓ်အား ဖူးမြော်ခွင့်ပေးရန် တောင်းဆိုသည်။ ခွင့်ပြုသဖြင့် ဆရာ တော်အား ဖူးမြော်ပြီး -

"ဘုရားတပည့်တော်မ ကုန်း ဘောင်ရိုးတွေက ရေမှာဖျောက်တော့ မယ်ဘုရား"

လို့ တစ်ဆို့သံကိုထိန်းပြီးလျှောက် ထားလိုက်သည်။

ဆရာတော်က -

"အိမ်း-မိနု၊ ကြွေးရှိရင်ဆပ်ရပေ မပေါ့"

ဟု မိန့်တော်မူပြီး ဆိတ်ဆိတ်နေ လိုက်သည်။ နန်းမတော်၏မျက်နှာစိုးရိမ် စိတ်၊ ကြောက်ရွံ့စိတ်များဖြင့် ညှိုးနွမ်း နေရာမှ ချက်ချင်း ဝင်းထိန်သွားသည်။

ပါးကွက်သားများကို -

"ဆရာတော်က ငါ့ကို ကြွေးရှိ ရင်ဆပ်ရမယ်လို့ မိန့်ကြားလိုက်တယ်။ ကဲ-သွားကြစို့"

ဟု ပြုံးရွှင်သောမျက်နှာ၊ ကြည် လင်သောအသံတို့ဖြင့်ပြောပြီး မတုန် မလှုပ်တော့ဘဲ အေးအေးဆေးဆေး လိုက်သွားလေတော့သည်။

မယ်နုအုတ်ကျောင်းဆရာတော် ထေရုပ္ပတ္တိမှ ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါ သည်။

သူတော်ကောင်းစကား၊ တရား စကားကား ဤမျှအကျိုးကြီးပါသည်။ အနာရောဂါဖိစီးသဖြင့် စိတ်မချမ်းမသာ ဖြစ်နေသူကို တည်ငြိမ်သောစိတ်ဖြင့် နာခြင်းတရားကို ရင်ဆိုင်နိုင်အောင် -

မချိမဆံ့သေရမယ့်အရေး၊ သေ ဘေးကြောင့် တုန်လှုပ်နေသူကို တည် ငြိမ်သောစိတ်ဖြင့် သေခြင်းတရားကို ရင် ဆိုင်နိုင်အောင် -

အဖိုးမဖြတ်နိုင်သော ခွန်အားများ ကိုပေးပါသည်။

ဒုလ္လဘတရားငါးပါးတွင် သူတော် ကောင်းတရားကို အလွန်ကြားနာရခဲ သည်ဟူ၍ တစ်မျိုးတည်း၊ တစ်ပါးတည်း ကိုသာ 'အလွန်' တပ်ထားပါသည်။

ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကား သော ကျွန်တော်တို့မြန်မာနိုင်ငံတွင် သူတော်ကောင်းတရားများ ဘဝင်လျှံ နေပါသည်။ အလွန်ရခဲသောအခွင့် အရေးဖြစ်ပါသည်။

သူတော်ကောင်းစကား၊ သူတော် ကောင်းတရားများကို ကြားနာကြပါ။ ဖတ်မှတ်လိုက်နာ ကျင့်သုံး ချမ်းသာကြ ပါဟူ၍။

ချောင်းဆုံအုန်းမြင့်




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် မြေလတ်ပိုင်း မိတ္ထီလာမှ ကျောက်မဲသို့ ကားဖြင့် လိုက်ပါလာခဲ့ပါသည်။ ကားမှာ လူစီးဘတ်(စ်) ကားဖြစ်ပါသည်။ ကျွန်တော့်အသက် (၃၅) နှစ်သာရှိသေး၍ သားကျွေးမှု မယားကျွေးမှုအတွက် လက်ဖက်ခြောက် ကုန်သည်ဖြစ်ပါသည်။ ထိုအချိန်ကား ဗကပနှင့် 'ဝ'တို့ပူးပေါင်းကာ အာဏာလု နေသောအချိန်ဖြစ်သည်။ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသကဲ့သို့ ဓားပြများလည်း ကြမ်းတမ်းစွာ စီးပွားရှာနေကြပါသည်။ စိတ်အခန့်မသင့်လျှင် လူပါသတ်၍ ပစ္စည်းယူတတ်ကြသော ခေတ် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရမှလည်း နိုင်ငံရေးပဋိပက္ခမှအစ သောင်းကျန်းသူများကိုလည်း နှိုင်နင်းစွာတိုက်ခိုက်နိုင်ရန် အားစိုက်နေရသောအချိန်ဖြစ်ပါသည်။ ဝန်ထမ်းအင်အားနှင့် ဆန့်ကျင်ဘက် ရန်သူကိုကြပ်မတ်နိုင်နင်းရန်အာရုံပြုနေကြရ၍ ကြားမြှောင်ဓားပြမှုကိစ္စကို လျစ်လျူရှုသကဲ့သို့ဖြစ်နေရပါသည်။

# မင်းထိုက်ဇော်

## သုတ္တန်မှန်လျှင် အန္တရာယ်လွတ်သည်





www.burmeseclassic.com


www.burmeseclassic.com

ထိုအချိန်အခါက သုံးယောက်၊ နှစ်ယောက်သာမိုက်၍ စွန့်စားရဲသော သူဆိုးများကား ခရီးသည်နှင့် ရောနှောပါလာကာ စိတ်ချရသောနေရာနှင့် စိတ်ချရသောအချိန်ကိုရောက်လေလျှင် သေစေတတ်သော လက်နက်ကိုပြ၍ အားရပ်ခိုင်းကာ ခရီးသည်များကို ခြိမ်းခြောက်လုယက်သူတို့ကို အနုကြမ်းသူဟု သုံးနှုန်းကြ၏။ ဥပဒေဘောင်မှ လွတ်သောနေရာတစ်နေရာ ရောက်တရက်ပေါ်လာကာ ပါလာသော သေနတ်ကို မိုးပေါ်ထောင်ပစ်ဖောက်၍ ခိုင်းဝန်း ရပ်တန့်စေကာ ပါဝင်သူမှာလည်း ငါးယောက်အထက် ခုနစ်ယောက်၊ ရှစ်ယောက်ကြားသူများကို ဓားပြဟု သမုတ်ကြ၏။ ဆယ်ယောက်၊ နှစ်ဆယ့်ငါးယောက်အထက် လက်နက်ပြည့်စုံစွာ ဝန်းရံတိုက်ခိုက်တောင်းဆိုသူများ (ရန်ပုံငွေစတားများ) လက်ကိုင်ထားတိုက်ခိုက်သူများကို သူပုန်ဟု သမုတ်ကြပါသည်။

ကျွန်တော်သည် မိတ္ထီလာ - တောင်ကြီးမဲ ဘတ်(စ်)ကားတွင် အမှတ်(၉) ခုံ ပြတင်းပေါက်ကပ်လျက် လိုက်ပါလာခဲ့သည်။ ငယ်စဉ်မှရခဲ့ဖူးသော မင်္ဂလသုတ်တော်ကို မှတ်မိသလောက်နှင့် အမြီးအမောက်တည့်ခြင်းမရှိ ရွတ်ဆိုလိုက်ပါလာခဲ့သည်။တစ်ခါတစ်ရံ ပြတင်းပေါက်မှမြင်ရသော သာယာသည့်ရှုခင်းမြင်ရသောအခါများမှာလည်း တီးတွတ်ရွတ်မှုရပ်ဆိုင်းကာ ငေးမောမိပြန်ပါသည်။ ဤသို့ဖြင့် ရွတ်တစ်လှည့်မရွတ်တစ်ခါဖြင့်လိုက်ပါလာခဲ့ပါသည်။

ယင်းမာပင်လမ်းခွဲသို့ရောက်ရန် (၁၀) မိုင်လိုသေးသည်ဟု ပြောသံကြားရချိန်မှာ ညခုနစ်နာရီကျော်ကျော်သာ ရှိသေးကြောင်း သတိထားမိပါသည်။ ဒိုင်း ဟူသော သေနတ်အသံတစ်ချက်က ကားပေါ်ပါလာသော ခရီးသည်များကို တုန်လှုပ်စေပါသည်။ တစ်ယောက်တစ်ယောက်ဖက်ကြ၊ မျက်နှာပျက်ကြနှင့် ရှိသောငွေ၊ ပါလာသောလက်ဝတ်ရတနာ တလေးများ ဖြုတ်သူဖြုတ်၊ သိမ်းသူသိမ်း နေကြသည်ကိုမြင်တွေ့ရ၏။ကျွန်တော်မှ ဒိန်းခနဲသေနတ်သံကြားစဉ်တွင် ရင်ဘွင်း၌ ကျဉ်ခနဲပူသွားကာ ကားရပ်သည်ကို ကြည့်နေမိပါသည်။

လရောင်ပိုးတဝါးတွင် လူခုနစ်ယောက်ခန့်က အမေရိကန်ရိုင်ဖယ်လေး၊ ငါးယောက်ကိုင်၍ ကျန်တို့မှာ ခြောက်လုံးပြူးနှစ်လက်ကိုင်လူနှစ်ယောက်နှင့် ငှက်ကြီးတောင်ဓားကိုင်တစ်ဦးကို လှမ်း



မြင်ရပါသည်။ အသံအောအောလူတစ်ယောက်မှ ခြောက်လုံးပြူးကို မိုးပေါ်ထောင်ဖောက်ရင်း -

"မသာမဖြစ်ချင်ရင် ကားပေါ်မှ ဆင်းခဲ့ကြ"

ဟူသောငှက်စုန်းထိုးသည့်အလား အော်ဟစ်အမိန့်ပေးနေသံကို ကြားရပါသည်။

ကျွန်တော်မှာ ခရီးသည်များ အလျှိုအလျှိုဆင်းသွားကြသော်လည်း အကြောက်လွန်၍လော၊ သတ္တိကောင်း၍လော၊ မှင်တက်မိ၍လော ယခုတိုင်ပင် ဝေခွဲမရသောစိတ်ဖြင့်ရှိနေပါသည်။ ထိုစဉ်က အောက်သို့မဆင်းဘဲ ပြတင်းပေါက်နားကပ်နေသော ခုံနံပါတ်(၉)မှာ တင်ထိုင်၍ မေတ္တာသုတ်မရ၍ မင်္ဂလသုတ်မှ တစ်ပိုင်းတစ်စရသော 'ဖုဋ္ဌဿ လောက မမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ' ကိုသာ ထပ်ကာထပ်ကာရွတ်ဆို၍နေမိသည်။ ဇန်းမော်တဘက်ခေါင်းမြီးခြုံကာ ရွတ်နေမိသည်။

"ပါတဲ့အကျန် တစ်ယောက်ချင်း ဒီထဲမှာလာထည့်။ ထိမ်ချန်ထားရင် သေဖို့သာပြင်"

ဟု ခက်ထန်မာကျောသော အသံလည်းကြားရပါသည်။ တစ်ခါတစ်ခါ ရှုန့်ရင်းစွာဆဲဆို၍ တဖုန်းဖုန်းရိုက်သံ၊ ညည်းသံများလည်းကြားနေရပါသည်။

ကျွန်တော့်မှာ အသားများဆတ်ဆတ်တုန်ကာ မင်္ဂလသုတ်တော်ပါ အနီ ဖုဋ္ဌဿလောကဓမ်မေဟိကိုသာ အဖန်ဖန် ရွတ်နေမိပါသည်။ ကယောင်ကတမ်းဖြစ်၍ တစ်ခေါက်ပြီးတိုင်းလည်း (၁)၊ (၂)၊ (၃)ခေါက်မှတ်သားကာ ရွတ်နေမိပါသည်။

"ကားပေါ်တက်ရာစမ်း"

ဟူသောအသံဆိုးကိုကြားလိုက်ရသောအခါ သတိလွတ်မတတ် ဖောခွေးပြန်ကာ ကျိတ်၍ရွတ်ဆိုသော သုတ်တော်ပါစာသားများစိပ်၍လာသည်ထင်မိပါသည်။ ရှာသူများအောက်ပြန်ဆင်းသွား၍ကာ စက်နိုးသံကြားရချိန်တွင် ကိုးခေါက်ပြည့်နေပါသည်။ သတိထားမိသည်မှာ မိမိကိုယ်မိမိ ဘုရားရှင်ကိုယ်တော်မြတ်ကိုလှူဒါန်းထားပြီးဖြစ်ကြောင်း သတိထားမိပါသည်။

လမ်းခုလတ်တွင် ငိုသူငို၊ ကြိမ်ဆဲသူကြိမ်ဆဲနှင့် ယင်းမာပင်လမ်းခွဲထမင်းဆိုင်သို့ ရောက်ကြသောအခါ လူသုံးယောက်ခန့် ရောက်လာကာ ၎င်းတို့အင်မတန်အံ့သြကြောင်းနှင့် ကားပေါ်သို့ တက်သွားသူလေးယောက်အနက်မှ တစ်ယောက်မှာ ကျွန်တော့်ဘေးတွင်ထိုင်၍ ကျန်လူများကို ငါးဆစ်ထိုးလက်နှိပ်မီးဖြင့် အထုပ်အပိုးများကို စေ့စပ်စွာထိုး၍ အမိန့်ပေးနေကြောင်း၊ သို့သော် ကျွန်တော့်ကိုတော့ နှစ်ကြိမ်တိတိ စေ့စပ်စွာထိုးကြည့်ကြောင်းနှင့် ထိုအချိန်တွင် ကျွန်တော်တင်ထားသောဘယ်လက်မှာ ရှေ့ခုံနောက်မှီတွင်ဖြစ်၍ ဝတ်ထားသော နာရီနှင့် လက်စွပ်ကို အောက်မှလှမ်းကြည့်နေသော ၎င်းတို့ကိုယ်တိုင် တစေ့တစောင်းမြင်ရကြောင်းများပြောပါသည်။

ဤသည်ကို ကျွန်တော်စဉ်းစားမိသည်မှာ ဘုရားရှင်ကိုယ်တော်မြတ်က ရဟန်းများကို တရားကျင့်ရန် တောအုပ်သို့လွှတ်သောအခါ ရွတ်ဖတ်သရဇ္ဈာယ်ကြသောရဟန်းတို့ကို အပင်စောင့်နတ်များက ကြောက်လန့်အောင်ခြောက်လှန့်လွှတ်ကြ၍ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်မှ မေတ္တာသုတ်တော်ကို ရွတ်ဖတ်ကြသောအခါ ဘီလူးများကခယ၍ ဝတ်ကြီးဝတ်ငယ်ပြုကြသည်ဟု ကြားနာဖူးပါသည်။ ကျွန်တော်မှာ ထိုစဉ်က မေတ္တာသုတ်မဆိုထားဘဲ မင်္ဂလသုတ်တောင် အမြီးအမောက်တည်အောင် မရွတ်ဆိုတတ်သေးပါ။

သို့သော် ယုံကြည်သောသဒ္ဓါစိတ် မဆုတ်နစ်သောဝီရိယ၊ မဆင်းတော့ဘဲ တွေ့လို့တောင်းလျှင်လည်း ပေးလိုက်ရုံ၊ သတ်လျှင်လည်း တောင်းပန်မရ သေရုံဘဲ။ ခြေထောက်နာသော ဒုက္ခိတပါဟု ပြောမည်ဟု စဉ်းစားထားသော ပညာကြောင့်ပေလော။ သဒ္ဓါ၊ ဝီရိယ၊ ပညာ ဆုံမိက ဘဝလွတ်မြောက်ရာ ဝိပဿနာဖြစ်သည်ဟု ကြားဖူး၍ စွန့်စားလိုက်ခြင်းဖြစ်သည်။ သုတ္တန်ဒေသနာတော်အစွမ်းနှင့်ပေါင်းပြီး ခုံနံပါတ်(၉)နှင့် (၉)ခေါက်သော ရွတ်ဆိုမှုကြောင့် ဟူ၍လည်း ယုံကြည်မိပါသည်။

မင်းထိုက်ဇော်



www.burmeseclassic.com

www.burmeseclassic.com

# ဦးကြည်ဝင်း(ရွှေစင်)ချောက်

# ဘိသိက်မင်္ဂလာကျမ်း



□ လက်ထပ်မင်္ဂလာ
ဘိသိက်သွင်းနည်းနှင့်
မင်္ဂလာစကားချီးမြှင့်နည်း
ကျမ်းပြုစုသူ၏အမှာစာ

ဤလက်ထပ်မင်္ဂလာဘိသိက်သွင်းနည်းနှင့် မင်္ဂလာစကားချီးမြှင့်နည်းကျမ်းငယ်သည် မိမိတို့ရပ်ရွာများတွင် မင်္ဂလာလက်ထပ်ပွဲများနှင့်ကြုံလာ၍ မိမိတို့အား အသက်အရွယ်အရ မင်္ဂလာစကားချီးမြှင့်ပါရန် တောင်းဆိုခံရသော သက်ကြီးပုဂ္ဂိုလ်များမှ မင်္ဂလာစကားကို အလွယ်တကူ ချီးမြှင့်ပြောကြားတတ်ရန်နှင့် ဝါသနာအလျောက် မင်္ဂလာစကားချီးမြှင့်ပြောကြားလိုသောပုဂ္ဂိုလ်များနှင့်အခကြေးငွေယူ၍မင်္ဂလာစကားပြောကြားလိုသော ပုဂ္ဂိုလ်များအတွက် အဆင်သင့်မင်္ဂလာစကားချီးမြှင့်နိုင်ရန် စာရေးသူ၏(၃၂)နှစ်တိုင်တိုင် လက်တွေ့မင်္ဂလာဘိသိက်သွင်းချီးမြှင့်ခဲ့သည်တို့ကို စကားပြောဟန်အတိုင်း ရေးသားထားသော ကျမ်းငယ်ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုလေ့လာခြင်းအားဖြင့် မင်္ဂလာစကားပြောကြားနိုင်မည်ဖြစ်ပါသည်။ သို့သော် ဒုတိယကဏ္ဍကိုမလေ့လာခဲ့သော် ဆရာတစ်ဆူအခေါ်ခံထိုက်မည်မဟုတ်ပါ။ သို့ပါ၍ ဒုတိယကဏ္ဍကိုလည်း ကျက်မှတ်လေ့လာနိုင်ပါရန် မှာကြားလိုပါသည်။

ယခု ကျမ်းစာအုပ်သည် ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်၊ ဇာတ်တော်ကြီးများ ပို့ကဗျာများ၊ မေတ္တာစာများနှင့် သင့်လျော်ရာရာစာအုပ်များမှ ထုတ်နုတ်ကျက်မှတ်၍ (၃၂) နှစ်တိုင် လက်တွေ့ ပြောကြားအောင်မြင်ခဲ့သော စာကောင်းပေမွန်များပင် ဖြစ်ပါသည်။

သို့သော်လည်း မိမိတို့ရပ်ရွာဓလေ့များနှင့် မကိုက်ညီသည်များကိုဖယ်၍ လိုအပ်သည့် ရပ်ရွာဓလေ့အကြောင်းအရာကို ထည့်သွင်းပြောကြားရန်ကိုလည်း မှာကြားလိုပါသည်။

ဤကျမ်းကိုပြုစုရာတွင် -

၁။ ပဏာမခန်း
၂။ ဘုရားပင့်ခန်း
၃။ အနန္တငါးပါးကန်တော့ခန်း
၄။ လက်ထပ်ထိမ်းမြားခန်း
၅။ ဒေဝပူဇနီယခန်း
၆။ ဆုံးမသြဝါဒခန်း
၇။ မင်္ဂလာပွဲသိမ်းဆုပေး

စသဖြင့် (၇) ခန်းခွဲ၍ ရေးသားထားပါသည်။

လေးလေးမှန်မှန် ပြောကြားပါက (၃၅) မိနစ်ခန့်မျှသာကြာမည် ဖြစ်ပါသည်။ ထို့ထက် အချိန်တိုရန် လိုအပ်ပါက အချို့ပါဋ္ဌိများကိုချန်၍ ပြောကြားနိုင်ပါသည်။ အချိန်ကြာကြာပြောကြားရန် လိုအပ်ပါက ဒုတိယကဏ္ဍမှ ဆိုင်ရာစာများကို ထည့်သွင်းပြောကြားနိုင်ပါသည်။

□ ကျမ်းဦးဝန္ဒနာ

နမောဗုဒ္ဓဿ၊ နမောဓမ္မဿ၊ နမောသံဃဿ၊ နမောမာတာပိတဿ၊ နမောအာစရိယဿ။

**ဗုဒ္ဓဿ** - သစ္စာလေးဆင့် ငွားငွားစွင့်လျက် ပွင့်တော်မူပြီး မြတ်ဘုရားအား၊ **နမော** - စေတနာဇောစူး မနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏။

**ဓမ္မဿ** - မြတ်ဘုရားရှင် (၄၅) ဝါတိုင်တိုင်ဟောကြားတော်မူခဲ့သောတရားတော်များအား၊ **နမော** - စေတနာဇောစူး မနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏။

**သံဃဿ** - ပရမတ္ထသံဃာတော်များနှင့်တကွ ယခုလက်ရှိ သမုတိသံဃာတော်များအား၊ **နမော** - စေတနာဇောစူး မနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏။

**မာတာပိတဿ** - မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးအရှင် မိခင်ဖခင်တို့အား၊ **နမော** - စေတနာဇောစူး မနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏။

**အာစရိယဿ** - ကကြီး၊ ခခွေးမှစ၍ ပညာမျိုးစုံတတ်အောင် သင်ကြားပြသပေးခဲ့သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းနှင့်တကွ ဤလက်ထပ်မင်္ဂလာဘိသိက်နည်းနှင့် မင်္ဂလာစကား ချီးမြှင့်နည်းကျမ်းရေးသားရာတွင် မှီငြမ်းပြုစုရသော ကျမ်းများအား ပြုစုရေးသားခဲ့ကြသော ကျမ်းပြုဆရာများအား၊ **နမော** - စေတနာဇောစူးမနောမြူးလျက် ကြည်နူးသဒ္ဓါ ရှိခိုးကန်တော့ပါ၏။

ဤအနန္တငါးဖြာအား ရိုသေလေးစားစွာ ရှိခိုးရသော ကုသိုလ်စေတနာကြောင့် ကျွန်ုပ်ရေးသားပြုစုသော ဤလက်ထပ်မင်္ဂလာဘိသိက်သွင်းနည်းနှင့် မင်္ဂလာစကားချီးမြှင့်နည်းကျမ်းငယ်သည် ကောင်းမွန်စွာ ရေးသားပြီးဆုံးအောင်မြင်ခြင်းသို့ ရောက်ရပါစေသောဝ်။

□ ပဏာမခန်း
လက်ထပ်မင်္ဂလာဘိသိက်သွင်းနည်းနှင့်
မင်္ဂလာစကားချီးမြှင့်နည်း
ပထမကဏ္ဍ

မင်္ဂလာပါခင်ဗျား။

ကောဇာနှစ် ----- ခု၊ ----- လဆန်း/လပြည့်ကျော် --- ရက်၊ --- နေ့သည်ကားဆိုလျှင် မင်္ဂလာရှိသောလ၊ မင်္ဂလာရှိသောရက်ဖြစ်၍ ယခုချိန်သည်ကား မင်္ဂလာရှိသောအချိန် ဖြစ်ပါသည်။

ယခုလို မင်္ဂလာရှိသော နှစ်၊ လ၊ ရက်အချိန်မှာ မင်္ဂလာမဏ္ဍပ်၊ မင်္ဂလာအိမ်ဂေဟာ၊ မင်္ဂလာခန်းမ၌ ကျင်းပလျက်ရှိသော လက်ထပ်မင်္ဂလာအခမ်းအနားသို့ ကြွရောက်လာကြကုန်သော မင်္ဂလာဧည့်ပရိသတ်အပေါင်းတို့သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ ဟူ၍ ပဏာမနှုတ်ခွန်းခြွေရင်း ဒီမင်္ဂလာအခမ်းအနားမှာ ကျွန်တော့်အား အပ်နှင်းထားချက်အရ မင်္ဂလာစကားပြောကြားပြီး လက်ထပ် မင်္ဂလာဘိသိက်သွင်းခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

ဒါ့ကြောင့် ယခုကဲ့သို့ မြတ်လှစွာသော နှစ်၊ လ၊ ရက် ထက်မြက်သန့်စင်သောနက္ခတ် မြင့်မြတ်သောတိထီအကြုံတွင် သဘင်စုံခင်းကျင်း၍ ချစ်ခြင်းမေတ္တာ နှစ်ဖြာစုံဖက် ရွှေနန်းကြိုးတတ်သကဲ့သို့ ဤလက်ထပ်မင်္ဂလာပွဲဆောင်ရွက်ရန်အချိန်သည်ကား



www.burmeseclassic.com

www.burmeseclassic.com

မြန်မာဝေါဟာ ကောဇာနှစ်---ခု၊
——လဆန်း/လပြည့်ကျော် ---ရက်၊
——နေ့သည် ရာသီ၊ လဂ်၊ စန်း၊ တြင်း၊
နှင်းကောင်းခြင်း စုတ်၊ ယုဂ်၊ ဥစ်၊
ဘသစ်တွင်း၊ နိစ်၊ ပြကင်း၍ ပွင့်လင်း
ဘမယ ခါကောင်းရသည့်အလျောက်
-----မြို့၊ ----- နယ်မြေ၊ -----
ရပ်ကွက်နေ အဘဦး-----နှင့် အမိ
ဒေါ်-----တို့၏ (တစ်ဦးတည်း/-----
မြောက်) သား မောင်------နှင့်
-----မြို့၊ -----နယ်မြေ၊ -----
ရပ်ကွက်နေ အဘဦး-----နှင့် အမိ
ဒေါ်-----တို့၏ (တစ်ဦးတည်း/-----
မြောက်) သမီး မ ----- တို့အား -
ထိမ်းမြားလက်ထပ်မင်္ဂလာပြုလုပ်
ရန် အချိန်အခါကျရောက်ပြီ ဖြစ်ပါ
ကြောင်း ကြေညာအပ်ပါသည် ခင်ဗျား။

**□ ဘုရားပင့်နှင့်**
**ဘိသိက်ဆရာ၏ကန်တော့ခန်း**
**ဘုရားပင့်**

ဗုဒ္ဓေါ-ဒုက္ခ-သမုဒယ-နိရောဓနှင့် မဂ္ဂတစ်ဖြာ လေးသစ္စာကို ဦးစွာပိုင်ပိုင် ကိုယ်တော်တိုင် သိမြင်နိုင်၍ သုံးဆိုင် သေနေများ ဗိုလ်ခြေကို မသွေအတူ သိစေတော်မူနိုင်သော ရှင်တော်မြတ် ဘုရားသည် ဤလက်ထပ်မင်္ဂလာသဘင် ကျင်းပရာ(အိမ်ဂေဟာ/မင်္ဂလာမဏ္ဍပ်/ မင်္ဂလာခန်းမ) သို့ ဝိဟာရခေါ် မြတ် ကျောင်းတော်အမှတ်ဖြင့်၊ **တိဋ္ဌတု** - တိမ်းအောင်မွေ့လျော်စံပျော်တော်မူပါ ရွှေဘုန်းတော်သခင် အရှင်ကိုယ်တော် မြတ်ကြီးဘုရား။

(မိမိရသော ဘုရားပင့်ကိုလည်း အသုံးပြုနိုင်ပါသည်။)

မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်ကြီးအား ပင့်တော်မူပြီးသည့်နောက် ကျွန်တော်၏ အနန္တငါးပါးကန်တော့ခန်း ဖြစ်ပါသည်။

(ပါဠိ) နမောဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမောသံဃဿ၊ နမောမာတာ ပိတဿ၊ နမောအာစရိယဿ။

(အနက်) **ဗုဒ္ဓဿ** - **သံ**စွာလေးဆင့် ငွားငွားစွင့်လျက် ပွင့်တော်မူပြား မြတ်ဘုရားအား၊ **နမော**- စေတနာဇော စူး မနေ့ာမြူးလျက် ကြည်နူးသဒ္ဒါ ရှိခိုး ကန်တော့ပါ၏အရှင်ဘုရား။

**ဓမ္မဿ**- ဒေသနာပေါင်း ရှစ် သောင်းလေးထောင် အရောင်များပြား မြက်တရားအား၊ **နမော** - စေတနာဇော စူး မနော့မြူးလျက် ကြည်နူးသဒ္ဒါ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

**သံဃဿ** - များစွာထောင်သောင်း သံဃာတော်အပေါင်းတို့အား၊ **နမော** - စေတနာဇောစူး မနော့မြူးလျက် ကြည်နူး သဒ္ဒါ ရှိခိုးကန်တော့ပါ၏ ရှင်တော်မြတ် ပေါင်းတို့ဘုရား။

**မာတာပိတဿ** - မြင်းမိုရ်တောင် ဦး မကကျူးသည့် ကျေးဇူးအရှင် မိခင်၊ ဖခင်တို့အား၊ **နမော** - စေတနာဇောစူး မနော့မြူးလျက် ကြည်နူးသဒ္ဒါ ရှိခိုး ကန်တော့ပါ၏။

**အာစရိယဿ** - ကကြီး၊ ခခွေးမှ စ၍ ပညာမျိုးစုံတတ်အောင် သင်ကြား ပြသပေးလိုက်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းတို့အား၊ **နမော** - စေတနာဇောစူး မနော့မြူးလျက် ကြည်နူး သဒ္ဒါ ရှိခိုးကန်တော့ပါ၏ ဆရာသခင် သူမြတ်တို့ဘုရား။

ကျွန်တော်၏ အနန္တငါးပါးကို ရှိခိုး ပြီးသည့်နောက် ဒုတိယအကြိမ်မြောက် မင်္ဂလာပါဟု ထပ်မံနှုတ်ခွန်းဆက်သပါ ရစေ။

'မင်္ဂပါပံ လုနာတိဆိန္ဒတီတိ မင်္ဂလံ' ဟု ဝိဂြိုဟ်ဖွင့်ဆိုပါသည်။ အဓိပ္ပာယ်ကို မြန်မာလိုဖွင့်ဆိုရလျှင် **မင်္ဂပါပံ** - ကမ္ဘာ လောကတစ်ခွင်ဝယ် မစင်ကြယ်သော အနိဋ္ဌာရုံဟူသမျှတို့ကို၊ **လုနာတိဆိန္ဒ တီတိ** - အလုံးစုံပြတ်ကင်းအောင် ဖြတ် ရှင်း နုတ်ပယ်ပစ်တတ်၏။ **ဣတိတသ္မာ**- ထိုသို့ အနိဋ္ဌာရုံအလုံးစုံကို ပယ်ရှင်းတတ် သောသဘောကြောင့်၊ **မင်္ဂလံ** - မင်္ဂလာ နိမိတ္တသည်မည်ဖြင့် မင်္ဂလာဟူ၍ ခေါ်ဆို သမုတ်အပ်သည် ဖြစ်ပါကြောင်း။

မင်္ဂလာသမိုင်းကြောင်းကို အနည်း ငယ်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့၏ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော် မမူမီ နုစဉ်ဘဝ မဟာရက္ခိတရှင်ရသေ့ ဘဝမှာ အန္တေဝါသိကတပည့်ဖြစ်တော် မူသော ရှင်သာရိပုတ္တရာလောင်းအား ဟောကြားတော်မူအပ်သော မင်္ဂလာ ရှစ်ပါးနှင့် (မင်္ဂလာရှစ်ပါးကို နောက်ဆက် တွဲကဏ္ဍတွင် ဖော်ပြထားသည်။ အချိန် ရလျှင် ထည့်သွင်းပြောကြားနိုင်သည်။) ဘုရားဖြစ်တော်မူပြီးနောက် ဟောကြား တော်မူအပ်သော (၃၈) ဖြာ မင်္ဂလာတို့ သည်ကားဆိုလျှင် လောကုတ်၊ လောကီ နှစ်လီသောဘဝတွေမှာ တိုးတက်ကြီးပွား စေသော မင်္ဂလာအစစ်များဖြစ်ပါသည်။

ထို့ပြင် လောကီဓမ္မတာအစဉ်လာ အားဖြင့် မင်္ဂလာအမျိုးမျိုးရှိကြသည် တွင် မုနိဦးသျှောင် ဘုန်းထွဋ်ခေါင်ထား အဓုလရှင်တော်မြတ်ဘုရား၏ဟောကြား မိန့်မှာ သိင်္ဂါလသုတ္တန်ဒေသနာတော် ဝယ် မာတာ၊ ပိတ မိနှင့် ဖတို့သည် အရွယ်သို့ရောက်ကြပြီးဖြစ်သော သား သမီးသက်လျာရင်သွေးညာ့တို့အပေါ် ဝယ် အမျိုးနွယ်၏ တင့်တယ်ကြီးပွားရေး ကို မျှော်တွေးထောက်ထားပြီး 'အာဝါ ဟဝိဝါဟ' လက်ထပ်မင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပရသည်ဆိုသည့်အတိုင်း လောကဓမ္မနှစ်ဌာနဝယ် ဘာဝအလျောက် ရှုကောက် ရွေးချယ် အကြောင်းဆွယ်၍ နှစ်သွယ်မိဘညီညွှတ်ခြင်းကိုစွဲကြောင့်

ယနေ့ သတို့သား မောင်-----နှင့် သတို့သမီး မ------တို့၏ လက်ထပ် မင်္ဂလာပွဲ ဆင်နွဲကျင်းပရသည် ဖြစ်ပါ ကြောင်း အသိပေး အပ်နှင်းပါသည် ခင်ဗျား။

**□ အနန္တငါးပါးကန်တော့ခန်း**

လက်ထပ်မင်္ဂလာပွဲကို ဆင်ယင် ကျင်းပပြီဆိုလျှင် ကျွန်တော်တို့တစ်တွေ သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဖြစ်ကြသည့်အတွက် ၎င်းသတို့သား၊ သတို့သမီးတို့သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့အပေါ် ကံ သုံးပါးတို့နှင့် ပြစ်မှားမိသည်ရှိသော် ပြေပျောက်ပါစေခြင်းအကျိုးငှာ ရတနာ သုံးပါးတို့အား ရိုသေစွာ ရှိခိုးကန်တော့ ကြရမှာ ဖြစ်ပါသည်။

ရှိခိုးသည့်နေရာမှာလည်း 'ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူး (၅) ဦးမြေ ဝယ်တည်' ဆိုသည့်အတိုင်း ပါဠိလိုတော့ 'ပဉ္စပတိဋ္ဌိတ' အရပ်အခေါ် ထိခြင်း ငါးပါးနှင့်အညီ ရှိခိုးကန်တော့ကြပါစို့ဟု မောင်နှင့်မယ်တို့အား ဆရာက မှာကြား လိုပါသည်။

(သတို့သား၊ သတို့သမီးတို့အား ငွေဖလားမှ ပန်းတစ်ခက်စီကိုယူ၍ လက်အုပ်တွင်ထားရှိပါစေ။)

မောင်နှင့်မယ်တို့မှ ရတနာ(၃)ပါး အား စိတ်မှရည်စူးထားကြပါ။ (ဆရာမှ အောက်ပါ ကန်တော့စာကိုရွတ်ပါ။)

□ ဗုဒ္ဓဿဂုဏံ မယံဝန္ဒာမ၊
ဓမ္မဿဂုဏံ မယံဝန္ဒာမ၊
သံဃဿဂုဏံ မယံဝန္ဒာမ။

(အနက်) **ဗုဒ္ဓဿ** - မြတ်စွာဘုရား ၏၊ **ဂုဏံ** - ဂုဏ်ကျေးဇူးတော်အနန္တကို၊ **မယံ**-ဘုရားတပည့်တော်/တပည့်တော်မ တို့သည်၊ **ဝန္ဒာမိ** - ရိုသေမြတ်နိုးလက်စုံမိုး ၍ ရှိခိုးကန်တော့ပါ၏ ဘုရား။

**ဓမ္မဿ** - တရားတော်မြတ်၏၊



www.burmeseclassic.com

www.burmeseclassic.com

**ဂုဏံ** - ဂုဏ်ကျေးဇူးတော်အနန္တကို၊ **မယံ**- ဘုရားတပည့်တော်/တပည့်တော်မတို့သည်၊ **ဝန္ဒာမိ**- ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

**သံဃဿ** - သံဃာတော်မြတ်၏၊ **ဂုဏံ**- ဂုဏ်ကျေးဇူးတော်အနန္တကို၊ **မယံ**- ဘုရားတပည့်တော်/တပည့်တော်မတို့သည်၊ **ဝန္ဒာမိ** - ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

(သတို့သား/သမီးတို့အား ဦးသုံးကြိမ်ရှိခိုးစေ၍ လက်အုပ်ထဲရှိသောပန်းများအား အတူပူးယူ၍ သတို့သားမှ ညောင်ရေအိုးတွင် ထိုးစိုက်လှူဒါန်းပေးပါရန်)

ရတနာသုံးပါးအား ရိုသေစွာရှိခိုးကန်တော့ပြီးနောက် နှစ်ဖက်သော မိဘများအား ရိုသေစွာ ရှိခိုးကန်တော့ကြရမှာဖြစ်ပါသည်။ မိဘများကိုရှိခိုးတဲ့အခါမှာ ဆရာကနေ မိဘဂုဏ် (၆) ပါးကို ရွတ်ဆိုရန် မောင်တို့မယ်တို့ကလည်း မိဘများ၏ဂုဏ်ကို စိတ်မှညွတ်ထားကြစေလိုပါသည်။

□ **မိဘဂုဏ် (၆) ပါး**

□ ကူတိပိတေ မာတာပိတရော။
ပါပ နိဝါရဏံ ကလျာဏနိဝေသနံ။
သိပ္ပသိက္ခာပနံ ပဋိရူပဒါရသံယောဇနံ။
သမယေဒါယဇ္ဇ နိယျာတနံ။
ပုဗ္ဗစရိယာ ပုတ္တမိတရာနံ။

(အနက်) **တေမာတာပိတရော** - ထိုမိခင်ဖခင်တို့သည်၊ **ကူတိဝိ** - ဤသို့ မကောင်းမှုကို တားမြစ်တတ်သောကြောင့်၊ **ပါပနိဝါရဏံ** - ပါပနိဝရဏာ မည်တော်မူပေ၏။

**ကူတိဝိ** - ဤသို့ ကောင်းရာကို ညွှန်ကြားတတ်သောကြောင့်၊ **ကလျာဏနိဝေသနံ** 'ကလျာဏနိဝေသနံ'မည်တော်မူပေ၏။

**ကူတိဝိ** - ဤသို့ အတတ်ပညာကို သင်ကြားစေတတ်သောကြောင့် 'သိပ္ပသိက္ခာပနံ' မည်တော်မူပေ၏။

**ကူတိဝိ** - ဤသို့ အချိန်ခါအားလျော်စွာ အိမ်ရာတည်ထောင်ပေးတတ်သောကြောင့် 'ပဋိရူပဒါရသံယောဇန' မည်တော်မူပေ၏။

**ကူတိဝိ** - ဤသို့ အချိန်ခါအားလျော်စွာ သိမ်းထုတ်ထားသော အမွေအနှစ်ကို ခွဲဝေပေးတတ်သောကြောင့် 'သမယေဒါယဇ္ဇနိယျာတန' မည်တော်မူပေ၏။

**ကူတိဝိ** - ဤသို့ သားသမီးတို့၏ ရှေးဦးဆရာဖြစ်သောကြောင့် 'ပုဗ္ဗစရိယ ပုတ္တမိတရာနံ' မည်တော်မူပေ၏။

**ကူတိဝိ** - ဤသို့ ဂုဏ်တော်များနှင့် ပြည့်စုံတော်မူသော 'ဒုဝေပါတရော' ကျေးဇူးကြီးမား မိဘများအား၊ **မယံ** - ကျွန်တော်၊ ကျွန်မတို့သည်၊ **ဝန္ဒာမိ** - ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။

(သတို့သား၊ သတို့သမီးတို့မှ ရှိခိုးကြစေ။)

မိဘများကိုရှိခိုးပြီးနောက် ဆရာကို ရှိခိုးကြရမှာဖြစ်ပါသည်။ ဒီအခမ်းအနားမှာ ဆရာပါချင်မှ ပါလာမှာဖြစ်သော်လည်း ဆရာတို့အား ရည်မှန်းပြီး ရှိခိုးကြရမှာဖြစ်ပါသည်။

ဘာကြောင့် ဆရာဟု ခေါ်ပါသလဲဆိုတော့ **သိဿာနံ** - တပည့်တို့၏၊ **အတ္တံ** - အကျိုးစီးပွားကို၊ **အာ** - လွန်စွာ၊ **စရတိ** - ကျင့်တတ်၏။ **ကူတိတသ္မာ**- ထို့ကြောင့်၊ **အာစရိယော** - အာစရိယ ဆရာမည်ပါပေ၏ဟု ဝိဂြိုဟ်ဖွင့်ဆိုပါသည်။

ဒါကြောင့် -

□ **ဆရာဝတ္တရား (၅) ပါး**

□ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ
သိပ္ပမချန်၊ ဘေးရန်ဆီးကာ
သင့်ရာအပ်ပို့၊ ဆရာတို့
ကျင့်ဖို့ ဝတ် (၅) ဖြာ

ဆိုသည့်အတိုင်း အတတ်မျိုးစုံတတ်အောင် သင်ကြားပေးလိုက်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းတို့အား ကျွန်တော်၊ ကျွန်မတို့သည် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ခင်ဗျား။

အနန္တငါးပါးအားရှိခိုးပြီးတဲ့နောက် ဒီနေ့ လက်ထပ်မင်္ဂလာပွဲကို ကြွရောက်လာကြကုန်သော ဧည့်ပရိသတ်အပေါင်းတို့ထဲတွင် သတို့သား၊ သတို့သမီးတို့ထက် **ဂုဏဝုဍ္ဎိ** - ဂုဏ်အားဖြင့် ကြီးမြင့်သောပုဂ္ဂိုလ်၊ **ဝယဝုဍ္ဎိ** - အရွယ်အားဖြင့် ကြီးမြင့်သောပုဂ္ဂိုလ်၊ **ဇာတိဝုဍ္ဎိ** - ရာထူးဂုဏ်အားဖြင့် ကြီးမြင့်သော ပုဂ္ဂိုလ်များ ပါကြမှာဖြစ်ပါသည်။ ဒီပုဂ္ဂိုလ်များကိုလည်း အရိုအသေပြုရှိခိုးကြရမှာ ဖြစ်ပါသည်။ ထို့ပြင် သတို့သား၊ သတို့သမီးတို့ရဲ့ နှစ်ဖက်သောဘက်မှ ဘကြီး၊ အမေကြီး၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အစ်ကို၊ အစ်မတို့ကိုလည်း ရှိခိုးကန်တော့ပါ၏ ခင်ဗျား။

ယနေ့ သတို့သား၊ သတို့သမီးတို့သည် ပူဇော်ထိုက်သူတို့အား ရှိခိုးပူဇော်သည့်အတွက် 'ပူဇာစပူဇနေယျာနံ' ဆိုတဲ့ မင်္ဂလာကို ရရှိပါသည်။ နှိမ့်ချရိုကျိုးစွာ ရှိခိုးသည့်အတွက် 'နိဝါတ' မင်္ဂလာကိုလည်းရရှိပါသည်။ ရိုသေစွာရှိခိုးကြသည့်အတွက် 'ဂါရဝ' မင်္ဂလာကိုလည်း ရရှိပါသည်။ သတို့သား၊ သတို့သမီးတို့သည် ရှိခိုးနေစဉ်ကာလမှာ ကိုယ်၊ နှုတ်၊ နှလုံး စင်ကြယ်နေသည့်အတွက် 'အာရတိ၊ ဝိရတိ' ဆိုတဲ့ မင်္ဂလာကိုလည်း ရရှိမှာဖြစ်ပါသည်။ သည်မင်္ဂလာများဟာဖြင့် ဘုရားဟောမင်္ဂလာများဖြစ်သည့်အတွက် ယနေ့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် မိဘ၊ ဆရာ၊ ဘကြီး၊ အမေကြီး၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အစ်ကို၊ အစ်မနှင့် လူကြီးလူကောင်းတို့အား ယခုကဲ့သို့ ရှိခိုးခြင်းအမှုကိုဆောင်ယူ၍ ညစဉ်ညတိုင်း ဆောင်ရွက်ကြရင်း ဆက်လက် မင်္ဂလာဆောင်ယူသော မင်္ဂလာဆောင်ဖြစ်ပါစေဟု ဆရာက မှာကြားလိုပါသည်။

(ဆုပေး) ဒါ့ကြောင့် ယခုကဲ့သို့ ရတနာသုံးပါးနှင့်တကွ အမိ၊ အဖ၊ ဆရာစသည်တို့နှင့် ရိုသေထိုက်သောသူတို့ကို ရိုသေစွာရှိခိုးရခြင်းကြောင့် သတို့သား၊ သတို့သမီးတို့မှာ အဝေရာ ရန်ဘေးကင်း၍ အေးချမ်းသုခ ပြည့်ဝစုံညီ လောကီရတနာအဖြာဖြာတို့သည် ဒီရေပမာ တိုးပွားကြပါစေဟု အားလုံး၏ကိုယ်စား ဆရာကအောင်ဆုများပေးအပ်ပါသည်။

(ဆုပေးတစ်နည်း အကျယ်ကို ဒုတိယကဏ္ဍတွင်ကြည့်ပါ။)

**မင်္ဂလာဘိသိက်သွန်း၍လက်ထပ်ခန်း**

ဒီနောက် သတို့သား၊ သတို့သမီးတို့အား ထိမ်းမြားမင်္ဂလာဘိသိက်သွန်းပြီး လက်ထပ်ပေးရန် ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုးများဟာ လက်ထပ်ထိမ်းမြားခြင်းကို အခမ်းအနားနှင့် ကျင်းပပြုလုပ်ကြပါသည်။ လက်ထပ်ခြင်းကို ဘယ်လိုပုဂ္ဂိုလ်များ ပြုလုပ်ကြပါလဲဆိုလျှင် **ပုထုဇဉ်** - ရာဂ ထူပြောသူများဖြစ်တဲ့အတွက် လက်ထပ်ထိမ်းမြားခြင်းပြုကြပါသည်။ **သောတာပန်** - ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာပြုတ်ပြီးဖြစ်သော်လည်း လက်ထပ်ထိမ်းမြားခြင်း ပြုကြပါသည်။ **သကဒါဂါမ်** - ရာဂတော်တော်ပါးသွားပြီးဖြစ်ပေမယ့် လက်ထပ်ထိမ်းမြားခြင်းပြုကြပါသေးသည်။ အနာဂါမ်နှင့် ရဟန္တာအရှင်မြတ်တို့သာလျှင် ရာဂလုံးဝကင်းစင်ပြီးဖြစ်သည့်အတွက် လက်ထပ်ထိမ်းမြားအိမ်ထောင်ပြုခြင်းအမှုမှ ကျွတ်ကြတော့ပေ။ ဒါဖြင့် လက်ထပ်ထိမ်းမြားခြင်းအမှုဟာ ရှက်စရာလား။ ရှက်စရာ



www.burmeseclassic.com

www.burmeseclassic.com

မေတ်ပါ။ မြတ်စွာဘုရားရှင်ဟောကြား တော်မူခဲ့သည့် အနမတဂ္ဂသုတ္တန်အရ ပြောရရင် မောင် ----- နှင့် မ ----- တို့သည် အလွန်နီးစပ်သော တစ်ခုသော ဘဝမှာ အကြင်ဇနီးခင်ပွန်းအဖြစ်ဖြင့် အသျှတစ်ခုကို အတူတကွ လှူဒါန်းရေစက်သွန်းချခဲ့ကြတာကြောင့် ဒီနေ့လို ပြန်လည်ဆုံစည်းရတာဖြစ်သည့်အတွက် ဘဝဖူးစာဖက်တွေဟု ပြောလျှင်လည်း မမှားပေ။ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနှင့် ဘဝသစ်တစ်ခုကို ထူထောင်ကြခြင်း ဖြစ်သည့်အတွက် အားပေးကူညီရမယ့် ပွဲတစ်ပွဲလည်းဖြစ်ပါသည်။

လက်ထပ်ထိမ်းမြားကို ခေတ် (၃) ခေတ်ပိုင်းခြားပြီး တင်ပြရမည်ဆိုလျှင် ဝါရီဓမ္မသတ် ပြုစုသည့် ပုဂံခေတ်မှာ အကြင်သတို့သမီးသည် မိမိနှစ်သက်သဘောတူသူနှင့် ပေါင်းသင်းနေထိုင်၍ ရင်သွေးတစ်ကျိပ်ပင်ရပါစေ အဘသဘောမတူလျှင်၊ ခွဲလျှင် ကွဲပါသည်။ မနုကျယ်ဓမ္မသတ်ပြုစုသည့် ကုန်းဘောင်ခေတ်မှာဆိုလျှင် အကြင်သတို့သမီးအား မိဘတို့မှ ထိမ်းမြားလက်ထပ်ပေးသော်လည်း သုံးကြိမ်သုံးခါမျှ ငြင်းဆိုထွက်ပြေးတိမ်းရှောင်လျှင် ထိုလက်ထပ်ထိမ်းမြားခြင်း ပျက်ပြယ်ပါသည်။ ဒီကနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာဆိုလျှင် အကြင်သတို့သား၊ သတို့သမီးတို့သည် အသက်အရွယ်များပြည့်မီပြီး ရူးသွပ်သူများမဟုတ်လျှင် တိုင်းတရားရုံး၊ မြို့နယ်တရားရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအထံမှာ စာချုပ်စာတမ်းများနှင့် လက်ထပ်လျှင်လည်း ခေတ်ရေစီးအရ ဖြစ်ပါသည်။

သို့သော် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လက်ထပ်ထိမ်းမြားခြင်းကို သုံးသပ်ရမည်ဆိုလျှင် မြန်မာအမျိုးသမီးတစ်ယောက်မှာ အုပ်ထိန်းခြင်း (၂၀) ရှိပါတယ်။ 'အာဂမနိယ' မိန်းမနှစ်ကျိပ်ဟု ခေါ်ပါသည်။ အဲဒီအုပ်ထိန်းခြင်းမကင်းသည့် မိန်းမနှစ်ကျိပ်မှာ (၈) ပါးသော အုပ်ထိန်းခြင်းရှိသည့် မိန်းမများကိုသာ လက်ထပ်ထိမ်းမြားခွင့်ရှိပါသည်။

(အာဂမနိယ မိန်းမနှစ်ကျိပ်ကို ဒုတိယကဏ္ဍတွင် ဖော်ပြထားသည်။)

(၈) ပါးသော အုပ်ထိန်းခြင်းရှိတဲ့ မိန်းမများကတော့ -

၁။ **မာတုရက္ခိတာ** - အမိစောင့်သောမိန်းမ၊

၂။ **ပိတုရက္ခိတာ** - အဖစောင့်သောမိန်းမ၊

၃။ **မာတာပိတုရက္ခိတာ** - အမိအဖစောင့်သောမိန်းမ၊

၄။ **ဘာတုရက္ခိတာ** - မောင်ကြီး၊ မောင်ငယ်စောင့်သောမိန်းမ၊

၅။ **ဘဂိနီရက္ခိတာ** - ညီမ၊ အစ်မစောင့်သောမိန်းမ၊

၆။ **ဉာတိရက္ခိတာ** - အဆွေအမျိုးစောင့်သောမိန်းမ၊

၇။ **ဂေါတ္တရက္ခိတာ** - အနွယ်တူစောင့်သောမိန်းမ၊

၈။ **ဓမ္မရက္ခိတာ** - သီတင်းသုံးဖော် (သူငယ်ချင်း) စောင့်သောမိန်းမတို့ ဖြစ်ပါသည်။

အဲဒီ (၈) ပါးသော မိန်းမတို့ကို တရားရုံးများမှာ လက်ထပ်ယူပြီး သက်ဆိုင်ရာ အမိ၊ အဖ၊ မောင်ကြီး၊ မောင်ငယ်များထံမှာ တောင်းရမ်းလက်ထပ်အမှုမပြုဘူးဆိုလျှင်ဖြင့် အကြင်သတို့သားမှာ ကာမေသုမိစ္ဆာစာရကံထိုက်သည်ဟု မြန်မာ့ဓလေ့ထုံးတမ်းဥပဒေမှာ ဆိုထားပါသည်။

ဒီနေ့ မောင်-----နှင့် မ-----တို့၏ လက်ထက်မင်္ဂလာပွဲကို ကြည့်မည်ဆိုလျှင် ခေတ်ရေစီးကြောင်းအရကြည့်ကြည့်၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်ကြည့်ကြည့် နှစ်သွယ်သောလမ်းကြောင်းတို့နှင့် ညီညွတ်မျှတသည့် လက်ထပ်မင်္ဂလာပွဲတစ်ပွဲ ဖြစ်ပါသည်။

လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာဘိသိက်သွင်းရာမှာလည်း လက်ထပ်ထိမ်းမြားခြင်း (၁၀) မျိုးရှိသည်တွင် (လက်ထပ်ထိမ်းမြားခြင်း ၁၀-မျိုးကို ဒုတိယကဏ္ဍတွင် ဖော်ပြထားသည်။) မောင်နှင့်နှမ၊ သားနှင့်အမိ ပရိသတ်ဗိုလ်ပုံအလယ်မှာ တင့်တယ်ဖွယ်ရာသော လက်ထပ်ထိမ်းမြားခြင်းဖြစ်တဲ့ 'ဩဒပတ္တကိနီတိ' ဟု ခေါ်သည့် သတို့သား၊ သတို့သမီးတို့၏ ညာလက်များကို ငွေဖလားတွင်းရှိ ရေခွက်မှာ လက်ဆုံချ၍ ကျွန်တော်မှ ဦးထိပ်ကို ရေစင်သွန်းလောင်း ဘိသိက်သွင်း၍ လက်ထပ်ပေးမှာ ဖြစ်ပါတယ်ခင်ဗျာ။

ဩဒပတ္တကိနီတိလို့ခေါ်တဲ့ ရေခွက်မှာ လက်ဆုံချထိမ်းမြားခြင်းကို အဋ္ဌကထာဆရာက ဘယ်လိုဖွင့်ဆိုခဲ့သလဲဆိုရင်-

- ဩဒပတ္တကိနီတိ ဉဘိန္န ဧကိဿာ၊ ဒက္ခိဏာယတ္တေ ဩတာရေတွာ ကုဒံဥဒကံ၊ ဝိယကံသဋ္ဌာ အဘင္ဂုရာဟောထာတိဝတ္တွာ

ဟု ဖွင့်ဆိုပါသည်။

(အနက်) **ဩဒပတ္တကိနီတိ** - ဩဒပတ္တကိနီတိဟူသည်ကား၊ **ဧကိဿာ** - တစ်ခုတည်းသော၊ **ဉဒကပါတိယာ** - ရေခွက်၌၊ **ဉဘိန္န** - သတို့သား၊ သတို့သမီး နှစ်ဦးတို့၏၊ **ဒက္ခိဏာဟတ္ထေ** - လက်ယာလက်တို့ကို၊ **ဩတာရေတွာ** - ချထားစေ၍၊ **ကုဒံဉဒကံဝိယ** - ဤရေထဲသို့ **သံသေဋ္ဌာ** - နှီးနှောသည်၊ **ဟောထ** - ဖြစ်ကြကုန်သော၊ **ကုတိ** - ဤသို့၊ **ဝတွာ**- ဆိုကြကုန်ပြီးဖြစ်၍၊ **ပရိဂဟာတိ** - ထိမ်းမြားကြကုန်ရာ၏ဟု ဖွင့်ဆိုပါသည်။ (အချိန်ရလျှင် ဤပါဠိကိုရွတ်ပါ။ အချိန်မရလျှင် မရွတ်ဘဲချန်ထားနိုင်ပါသည်။)

ဦးထိပ်မှာ ရေစင်သွန်းလောင်းပြီး ဘိသိက်ပြုသည်ဆိုရာမှာလည်း 'အဘိသေက' သဒ္ဒါသည် မြန်မာလို သွန်းလောင်းခြင်းဟု အဓိပ္ပာယ်ရပါတယ်။ (အချိန်ရလျှင် ပြောဆိုရန် အဘိသေကဝိဂြိုဟ်ကို ဖွင့်ဆိုဖော်ပြပါမည်။)

- အဘိဝိသေသနသိဥ္စတိ အနေနာတိ အဘိသေကော။

(အနက်) **အဘိဝိသေသန** - အလွန်ထူးမြတ်သော၊ **အနေနဝစနေန** - နှုတ်မင်္ဂလာစကားဖြင့်၊ **သိရောဒကမင်္ဂလာနိစ** - ဦးထိပ်၌ ရေစင်သွန်း၍၊ **သိဥ္စတိ** - သွန်းလောင်း၏။ **ကုတိတသ္မာ** - ထိုသို့ အလွန် ထူးမြတ်သော စကားတို့ဖြင့် ဦးထိပ်၌ရေစင်သွန်းလောင်းကြောင်းဖြစ်သော သတ္တိကြောင့်၊ **အဘိသေကော** - အဘိသိက်မည်၏ဟု ဖွင့်ဆိုပါသည်။

အဓိပ္ပာယ်အတိုချုပ်က အောင်ပါစေကြောင်းဆုမွန်တောင်း၍ မြက်ပန်း အောင်သပြေရေတို့ကို ငွေခရုနှင့် သွန်းလောင်းခြင်း နိမိတ်မင်္ဂလာသည် အဘိသိက်သွင်းသည်ဟုဆိုပါသည်။

(သတို့သား၊ သတို့သမီးတို့၏ ညာလက်များကို သပြေနေစာမြက်နှင့် အခြားမင်္ဂလာရှိသောပန်းများထည့်ထားသောငွေဖလားတွင်းမှ ရေထဲသို့ထားစေ၍ ဆရာက ငွေခရု (သို့) ဖန်ခွက်တို့တွင် အမွှေးနံ့သာရည်တို့ကိုထည့်ကာ သပြေ၊ နေစာမြက်ပန်းတို့ကိုကိုင်၍ အောက်ဖော်ပြပါ မင်္ဂလာဘိသိက်သွန်းလောင်းပေးရန် ဖြစ်ပါသည်။)

- **စိန္တာမဏိမန္တန်**

က။ စိန္တာမဏိရတနာနိ၊
ဗုဒ္ဓိ ဗုဒ္ဓ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပ မေဝ သမိဇ္ဈတု။




www.burmeseclassic.com

www.burmeseclassic.com

ခ။ စိန္တာမဏိရတနာနိ၊
ဓမ္မံ ဓမ္မ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပံ မေဝ သမိဇ္ဈတု။
ဂ။ စိန္တာမဏိရတနာနိ၊
သံဃံ သံဃ ရတနာနံ၊
ကရံ ကရတိ သရဏံ၊
ခိပ္ပံ မေဝ သမိဇ္ဈတု။ ။

(က) **စိန္တာမဏိရတနာနိ** - ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုပြည့်စေနိုင်သောရတနာတို့သည်၊ **ဗုဒ္ဓံ** - ဘုရားတည်းဟူသော ရတနာတည်း။ **ဗုဒ္ဓ ရတနာနံ** - ဘုရားတည်းဟူသောရတနာတို့ကို၊ **သရဏံ** - ကိုးကွယ်ခြင်းကို၊ **ကရံကရောန္တော** - ပြုထိုက်သည်ဖြစ်၍၊ **ကရတိ** - ပြုသောသူ၌၊ **ဣစ္ဆာ** - ကြံစည်တောင့်တ အလိုဆန္ဒသည်၊ **ခိပ္ပမေဝ** - လျင်စွာသာလျှင်၊ **သမိဇ္ဈတု** - ပြည့်စုံပါစေသတည်း။

(ခ) **စိန္တာမဏိရတနာနိ** - ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုပြည့်စေနိုင်သောရတနာတို့သည်၊ **ဓမ္မံ** - တရားတည်းဟူသော ရတနာတည်း။ **ဓမ္မ ရတနာနံ** - တရားတည်းဟူသောရတနာတို့ကို၊ **သရဏံ** - ကိုးကွယ်ခြင်းကို၊ **ကရံကရောန္တော** - ပြုထိုက်သည်ဖြစ်၍၊ **ကရတိ** - ပြုသောသူ၌၊ **ဣစ္ဆာ**- ကြံစည်တောင့်တ အလိုဆန္ဒသည်၊ **ခိပ္ပမေဝ** - လျင်စွာသာလျှင်၊ **သမိဇ္ဈတု** - ပြည့်စုံပါစေသတည်း။

(ဂ) **စိန္တာမဏိရတနာနိ** - ကြံတိုင်း ဖန်တိုင်း ရပ်ဆိုင်းမရှိ အလိုပြည့်စေနိုင်သောရတနာတို့သည်၊ **သံဃံ** - သံဃာတည်းဟူသောရတနာတည်း။ **သံဃ ရတနာနံ** - သံဃာတည်းဟူသော ရတနာတို့ကို၊ **သရဏံ** - ကိုးကွယ်ခြင်းကို၊ **ကရံကရောန္တော** - ပြုထိုက်သည်ဖြစ်၍၊ **ကရတိ** - ပြုသောသူ၌၊ **ဣစ္ဆာ**- ကြံစည်တောင့်တ အလိုဆန္ဒသည်၊ **ခိပ္ပမေဝ** - လျင်စွာသာလျှင်၊ **သမိဇ္ဈတု** - ပြည့်စုံပါစေသတည်း။

**ဣတော** - ဤသို့ နှစ်ဖက်ဆွေစုံ ရံဝန်းရုံ၍ ပရိသတ်ဗိုလ်ပုံအလယ်၌ တင့်တယ်စွာလက်ထပ်ပြီးစီးသောအခါမှ၊ **ပဌာယ** - စ၍၊ **တုမှာကံ** - သင်မောင်မယ်နှစ်ဦးတို့၏၊ **ဟဒ္ဒယရင်္ဂေါရတနဘူတံ**- လက်ချင်းပူးဆုံ အစုံချနိုက်ရာဖြစ်သော၊ **ဣဒံဥဒကံ** - ဤအေးမြကြည်လင်သောရေစင်သည်၊ **အနောဒိပညာယနတ္တာယ**- တကွဲတပြား တသန့်စီခြားနားသွားစေခြင်းငှာ၊ **ကေနစိဝတ္ထုနာ** - တစ်စုံတစ်ခုသောဝတ္ထုပစ္စည်းတို့ဖြင့်၊ **လိဒိကောဝိ** - ရေးခြစ်ခြင်းပြုသော်ငြားလည်း၊ **အနော ဒိကံ** - အပိုင်းအခြားမထင် တစ်သားတစ်ပြင်တည်းဖြစ်သည်၊ **ဟုတွာ** - ဖြစ်၍၊ **အညမည်** - အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်၊ **သမဂ္ဂါ**-သွေးစည်းညီညွတ်ကြကုန်သည်၊ **သမ္မောဒမ္မနာ** - ပျော်တပြုံးပြုံးရွှင်မဆုံးဘဲရှိကြကုန်သည်၊ **ဇော်ဘူတာ**-ရာသက်ပန်စည်းလုံးမိကြသည်၊ **ဖဟာထ** - ဖြစ်ကြပါစေကုန်သတည်း၊ ဖြစ်ကြပါစေကုန်သော်။

(သတို့သား၊ သတို့သမီးတို့၏ လက်များကို ရေခွက်တွင်းမှနုတ်ပါ။)

လက်ထက်ထိမ်းမြားခြင်းမင်္ဂလာ ပြီးမြောက်သွားပြီ ဖြစ်ပါတယ်။ ဒီလက်ထပ်ထိမ်းမြားခြင်းမင်္ဂလာပွဲမှာထည့်သွင်းအသုံးပြုတဲ့မင်္ဂလာပစ္စည်းများအကြောင်းကို ပြောပြရန် ဖြစ်ပါတယ်။

ဒီလက်ထပ်ထိမ်းမြားခြင်းအခမ်းအနားမှာ အသုံးပြုတဲ့ ငွေဖလားမှာ ရေပါတယ်၊ အောင်သပြေပန်းပါတယ်၊ မြက်ခေါ်နေစာပါတယ်။ ရေဆိုတာတော့ ကျွန်တော်ရှတ်ဖတ်တဲ့အထဲမှာ ပါသွားပြီဖြစ်လို့ အထူးပြောစရာမလိုပါဘူး။ သပြေပန်းကိုဘာကြောင့်ထည့်သွင်းအသုံးပြုသလဲဆိုရင် ဒီသပြေပင်မျိုးများဟာ ကျွန်တော်တို့နေထိုင်ရာ တောင်ဘက်ကျွန်းမှာပေါက်လို့ ကျွန်တော်တို့ကျွန်းကို 'ဇမ္ဗူဒီပ' သပြေပင်ကျွန်းလို့ ကျမ်းဂန်မှာ ပြဆိုပါတယ်။ သပြေပင်ဟာ ကျွန်တော်တို့ကျွန်းရဲ့ အောင်ပန်းအဖြစ် 'ဇမ္ဗူဒီပလက်ယာတောင်ကျွန်းဩဘာနမိတ်ထွန်း' လို့ ဆိုကြပါတယ်။ သစ်ကြီး (၇) ပင်မှာ တစ်ပင်အပါအဝင်ဖြစ်ပါတယ်။

သစ်ကြီး (၇) ပင်ဆိုတာကတော့ အရှေ့ကျွန်းမှာ ကုက္ကိုပင်၊ အနောက်ကျွန်းမှာ ထိမ်ပင်၊ မြောက်ကျွန်းမှာ ပဒေသာပင်၊ တောင်ကျွန်းမှာ ဇမ္ဗူသပြေပင်၊ သိကြားပြည်မှာ ပင်လယ်ကသစ်ပင်၊ အသူရာပြည်မှာ သခွတ်ပင်၊ နဂါးပြည်မှာ လက်ပံပင်တို့ ဖြစ်ကြပါတယ်။

မြက်ခေါ် နေစာအား ဘာကြောင့်အသုံးပြုရပါသလဲဆိုရင် ကျွန်တော်တို့၏မြတ်စွာဘုရားသခင် အလောင်းတော် ဘဝ မဟာသေန မည်သော သူကြွယ်သမီးသုဇာတ ကပ်လှူအပ်သော နို့ဃနာဆွမ်းကို အလှူခံတော်မူပြီး နေရဉ္ဇရာမြစ်သုပ္ပတိဋ္ဌိတဆိပ်ကမ်းမှာ ရေချိုးတော်မူပါတယ်။ ဒီနောက် နတ်တို့စီမံဖန်ဆင်းအပ်သည်ဖြစ်၍ ရှစ်ဥသဘကျယ်သော နတ်လမ်းမဖြင့် မဟာဗောဓိပင်သို့ ကြွတော်မူသည်တွင် လမ်း၌ သုဒ္ဓိယမောင်စင်ကြယ်လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို အလှူခံတော်မူပါတယ်။ ထိုမြက်ရှစ်ဆုပ်အား အဖျားကကိုင်၍ မဟာဗောဓိပင် အရှေ့အရပ်ကနေ ကြဖြန့်တော်မူသော် တစ်ဆယ့်လေးတောင်ကျယ်ပြန့်သောအပရာဇိတပလ္လင်ပေါ်ပေါက်တော်မူပါတယ်။ မြက်ခေါ်နေစာအား မြတ်စွာဘုရားသခင်ပင်အသုံးပြုတော်မူခဲ့ကြောင်းတင်ပြခြင်း ဖြစ်ပါတယ်။ ဘာကြောင့်မြက်ခေါ် နေစာလို့ခေါ်လဲဆိုရင် ဘုရားတစ်ဆူပွင့်မယ့် ကမ္ဘာမှာ ကြာတစ်ပွင့်ဦးစွာပေါ်ပေါက်ပါတယ်။ အဲဒီနောက် မြက်ပင်ပေါက်ပါတယ်။ ကျွန်တော်တို့ဘဒ္ဒကမ္ဘာမှာ ဘုရား (၅) ဆူပွင့်မှာဖြစ်တဲ့အတွက် ကြာ (၅) ပွင့် ဦးစွာပေါက်ပါတယ်။ ဒီနောက် မြက်ပင်ပေါက်ပါတယ်။ ကျွန်တော်တို့ရဲ့ကမ္ဘာကြီးဟာ လူတို့ရဲ့ လောဘ၊ ဒေါသ၊ မောဟကြောင့် နေ၊ ရေ၊ လေတို့မှာ သဟဇာတမတည့်တော့ဘဲ ကမ္ဘာကြီးကိုဖျက်တဲ့အခါ ကမ္ဘာပေါ်ရှိ သက်ရှိ သက်မဲ့အားလုံး ပျက်စီးပြီးတဲ့နောက်မှာ မြက်ပင်ဟာ နောက်ဆုံးမှ ပျက်စီးရပါတယ်။ ဒါ့ကြောင့် မြက်ပင်ရဲ့အလွန်ခိုင်မြဲသောအဓိပ္ပာယ်ကိုယူသုံးပြီး နေစာလို့ခေါ်တွင်စေပါတယ်။ မင်္ဂလာအခမ်းအနားများမှာလည်း မင်္ဂလာပန်းအဖြစ် ထည့်သွင်းအသုံးပြုကြပါတယ်။

ဆီဆမ်းမထားဘဲ လက်ဖက်အုပ် (၂) အုပ်ကို မင်္ဂလာအခမ်းအနားမှာ ထည့်သွင်း အသုံးပြုသလဲဆိုရင် လက်ဖက်ရဲ့သမိုင်းကြောင်းကို အနည်းငယ် တင်ပြရမှာ ဖြစ်ပါတယ်။

ဓနု၊ ပလောင်လူမျိုးတို့ နေရာဌာန စိနရဋ္ဌတိုင်းကြီးအရပ်တွင် နတ်သား (၇) ယောက်တို့သည် တစ်လက်ဆွမ်း တစ်လက်ဖက်စီ 'ရသာဝတီ' အမည်ရှိသော နတ်သစ်စေ့ကို ဆောင်ယူခဲ့၍ ဇမ္ဗူဒီပနရအခေါင် ဒွတ္တဘောင်မင်းကြီးအား စားတော်ဆက်ရန် စီမံစိုက်ပျိုးခဲ့သော လက်ဖက်ပင်နှင့် အလောင်းစည်သူမင်းကြီးသည် ဇမ္ဗူကို လှည့်လည်ရာ မာလာယုကျွန်းဦးသို့ ရောက်သည်တွင် နတ်ဘီလူး (၄) ယောက်တို့သည် မြောက်ဥတ္တရကုရုကျွန်းမှ တစ်လက်ဆွမ်း တစ်ဖက်စီကိုယူ၍ စည်သူမင်းကြီးအား ဆက်သသော နတ်သစ်စေ့ကို ဖောင်စကြာနှင့် ယူဆောင်၍ ဓနုပလောင်လူမျိုးတို့နေရာ ရှုသာတင့်တယ် တောင်ငယ်၊ တောင်တန်း၊ တောင်ချွန်းတောင်ပု



www.burmeseclassic.com

www.burmeseclassic.com

တို့မှာ ပြုစုချထားစိုက်ပျိုးခဲ့သော လက်ဖက်ပင်တို့ ဖြစ်ကြပါတယ်။

ဒီလက်ဖက်ကို ဝိဂြိုဟ်ပြုမယ်ဆိုရင် 'လဂ္ဂကမ္မံဘိန္နတိ ဧတေနာတိဝါ လက်ဖက်' လို့ ဖွင့်ဆိုပါတယ်။ **ဧတေန အေဝပဏ္ဏေန** - ထိုနတ်သစ်ရွက်ဖြင့်၊ **လဂ္ဂကမ္မံ** - ခိုက်ရန်ဖြစ်ပွား နှံ့ထားပေါင်သွင်းပေးခြင်းလောင်းတမ်း လင်ခန်းမယားခန်း၊ ကျွန်ခန်းမြို့ကြွေး ရှက်ထွေရောရှုတရားမှုအသီးသီး မပြီးမပြတ် မသေဝပ်မငြိမ်သက်သည်ကို၊ **ဘိန္နတိ** - မညိုမယှက်အသက်ထက်ဆုံး ပျောက်ပြုးကင်းပြတ်ငြိမ်ဝပ်စေတတ်၏။ **ဣတိတသ္မာ** - ထိုသို့သော ဂုဏ်ပြည့်စုံသည့် အချက်ပုဒ်အတွက်ကြောင့် 'လက်ဖက်' အမည်သညာတွင်ပါတယ်။

ကျွန်တော်တို့ ငယ်စဉ်ဘဝက ရှေးလူကြီးများဟာ—မောင်ဘအမည်ကို မောင်လှသို့ ပြောင်းချင်တယ်ဆိုရင် အရှေ့၊ အနောက်၊ တောင်၊ မြောက် (၇) အိမ်စီ လက်ဖက်ကိုဝေပြီး အမည်ပြောင်းရင် မောင်ဘမှ မောင်လှသို့ ပြောင်းလဲ ခေါ်ဆိုပေးရပါတယ်။ မခေါ်ကြရင် လက်ဖက်ဝေခဲ့တာကို တိုင်တည်ပြီး တရားစွဲဆိုနိုင်ပါတယ်။

ဒါကြောင့် ဒီနေ့ မောင် ----- နဲ့ မ-----တို့ရဲ့ လက်ထပ်ပွဲမှာ ဒီလက်ဖက် (၂) အုပ်ဟာ သက်မဲ့သက်သေဖြစ်ပြီး ကျွန်တော့် အပါအဝင် ဒီနေ့ ကြွရောက်လာကြတဲ့ပုဂ္ဂိုလ်များဟာ လက်ထပ်ပွဲအတွက် သက်ရှိသက်သေများ ဖြစ်ကြပါတယ်။

## □ ဒေဝပူဇနီယအခန်း

ဒေဝပူဇနီယ နတ်ပူဇော်ပသခန်းဖြစ်ပါတယ်။ နတ်ပူဇော်ပသခြင်းအတွက်ကို ကျွန်တော့်အနေနဲ့ကတော့ ဘုရားရှင်ရဲ့ နတ်ပူဇော်ပသခြင်း ဟောကြားချက်အရပဲ ညွှန်ကြားလိုပါတယ်။ ဘုရားရှင်က 'ယာတတ္ထဒေဝတာအာသုံ' ဆိုတဲ့ ဂါထာနဲ့ ဘယ်လိုဟောကြားခဲ့သလဲဆိုတော့ အကြင်လူတို့သည် မိမိတို့ပြုသမျှသော ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို နတ်တို့အား အမျှအတန်းပေးဝေခြင်းအားဖြင့် ပူဇော်ပသကြပါ။ ထိုအမျှအတန်းပေးဝေပူဇော်ခံရသောနတ်တို့မှလည်း ထိုသူအား ပြန်လည် မ,စမှာဖြစ်တယ်လို့ ဟောကြားခဲ့ပါတယ်။

(ယာတတ္ထဒေဝတာအာသုံပါဠိနဲ့ အနက်ကို ဒုတိယကဏ္ဍတွင် ဖော်ပြထားပါသည်။)

ဒီတော့ မောင်တို့မယ်တို့သည် ညရောက်လို့ ဘုရားရှိခိုးပြီးတဲ့နောက် နတ်တို့အား အမျှအတန်းပေးဝေခြင်းအားဖြင့် ပူဇော်ပသကြပါလို့ ဆရာက မှာကြားလိုပါတယ်။

(နတ်ပူဇော်ပသခြင်းကို ဆောင်ရွက်လိုသော ဆရာများအတွက် နတ်ပူဇော်ပသခြင်းဆိုင်ရာစာတမ်းကို ရေးသားအပ်ပါသည်။)

## □ နတ်ပူဇော်ပသရန်စာတမ်း

**ကုဏ္ဍဒွာနေ** - မင်္ဂလာသဘင်ဆင်ယင်ကျင်းပရာဖြစ်သော ဤအရပ်၌၊ **ဘုမ္မာနိ** - မြေ၌တည်ကုန်သော၊ **ယာနိဘူတာနိဝါ** - အကြင်နတ်တို့သည်လည်းကောင်း၊ **အန္တလိက္ခေ**-ကောင်းကင်၌တည်ကုန်သော၊ **ယာနိဘူတာနိဝါ** - အကြင်နတ်တို့သည် လည်းကောင်း၊ **သမာဂတာနိ** - ညီညာဖြဖြ ရောက်ကြကုန်၏။ **သဗ္ဗေဝ** - တစ်ပါးမက များလှဲ့ဥသုံ အလုံးစုံသာလျှင်ဖြစ်ကုန်သော၊ **ဘူတာနိ** - နတ်မင်း၊ နတ်မြတ်၊ နတ်အပေါင်းတို့သည်၊ **သုမနာ** - ရွှင်လန်းဝမ်းမြောက်ကြကုန်သည်၊ **ဘဝန္တု** - ဖြစ်စေကုန်သတည်း။ **အထောပိ** - ထိုမှတစ်ပါးလည်း၊ **ဘာသိတံ** - မြတ်စွာဘုရားဟောကြားတော်မူသော. မင်္ဂလာတရားတော်ကို၊ **သက္ကစ္စံ** - ရိုသေစွာ၊ **သုဏန္တု** - နာကြားကြစေကုန်သတည်း။ **ဘူတာနိ** - ထိုနတ်မြတ်အပေါင်းတို့သည်၊ **သမာဂတာ** - ညီညာဖြဖြရောက်လာကြကုန်၏။ **တသ္မာဟိ** - ထို့ကြောင့်သာလျှင်၊ **နိသာမေထ**-အရာအားလျော်စွာနာကြားကြပါကုန်လော့။ **သဗ္ဗေ** - ခပ်သိမ်းကုန်သောနတ်မြတ်အပေါင်းတို့သည်၊ **မနုဿိယာ** - လူဖြစ်သော၊ **ပဇာယ** - သတ္တဝါတို့အား၊ **မေတ္တံ** - ချစ်ခြင်းကို၊ **ကရောထ**- ပြုကြကုန်သော၊ **ယေ** - အကြင်သူမြတ်တို့သည်၊ **ဒိဝါစ** - နေ့၌လည်းကောင်း၊ **ရတ္တောစ** - ညဉ့်၌ လည်းကောင်း၊ **တုမေ** - သင်နတ်မြတ်နတ်အပေါင်းတို့ကို၊ **ဥဒိဿ** - ရည်မှတ်၍၊ **ဗလိံ** - ဗလိနတ်စာပူဇော်သက္ကာရကို၊ **ဟရန္တိ**-ဆောင်ကြပါကုန်၏။ **တသ္မာဟိ တသ္မာဝေ** - ထို့ကြောင့်သာလျှင်၊ **နေ** - ထိုသတို့သား၊ သတို့သမီးတို့ကို၊ **အပ္ပမတ္တာ** - မမေ့လျော့ကုန်သည်ဖြစ်၍၊ **ရက္ခထ** - အပြစ်ဘယမရောက်ရအောင် မေတ္တာစိတ်ဖြင့် စောင့်ရှောက်ကြပါစေကုန်လော့။

## □ ပစ္စည်းလက်ဖွဲ့ခန်း

(ပစ္စည်းလက်ဖွဲ့ခြင်း ရှိ, မရှိကို မင်္ဂလာဘိသိက်ဆရာမှ နှစ်ဖက်မိဘများကိုကြိုတင်မေးမြန်းထားရပါမည်။ ပစ္စည်းလက်ဖွဲ့ခြင်းရှိပါက ပစ္စည်းလက်ဖွဲ့သူအမည်နှင့် လက်ဖွဲ့ပစ္စည်းကို ဆရာက ပရိသတ်အား ကြေညာပေးရပါမယ်။ ပစ္စည်းလက်ဖွဲ့ခြင်းရှိပါက ပြောကြားရန်စာတမ်းကို ပါဠိအနက်တို့ဖြင့် ရေးသားဖော်ပြထားပါသည်။ (ပစ္စည်းလက်ဖွဲ့ခြင်း မရှိပါက ဤစာတမ်းနှင့် ဤအခန်းကို ပြောကြားရန်မလိုပါ။)

## □ ဆရာမှပြောကြားရန် ပစ္စည်းလက်ဖွဲ့ခန်း

□ ကာလသမယေ ဒေန္တိမသိခါဋ္ဌပန အာဝါဟ ဝိဝါဟာ ဒိသာမယေ ဒေန္တိ

ဟု ဒိဃာနိကာယ်သိင်္ဂါလောဝါဒသုတ္တန်၌ ထုတ်ပြထားပါသည်။

**ကာလသမယေ** - အချိန်ရောက်လာ ထိုအခါ၌၊ **ဒေန္တိနာမ** - ပေးခြင်းမည်သည်၊ **ဟောတိ**-ဖြစ်၏။ **ကိံမိဝ**-အဘယ်ကဲ့သို့ပေးခြင်းမည်သည်ဟူမူကား၊ **သိခါဋ္ဌပန အာဝါဟ ဝိဝါဟာ ဒိသမယေ** - ကင်ပွန်းတပ်ခြင်း၊ နားထွင်းခြင်း၊ လက်ထပ်ထိမ်းမြားခြင်း စသော မင်္ဂလာအခါကောင်းတို့၌၊ **ဒေန္တိ** - အထိုက်အလျောက် ချီးမြှင့်မစပေးကမ်းကြရကုန်၏ ဟူ၍ လာသည့်အတိုင်း နှစ်ပါးသောမိဘနှင့် ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ အစ်ကို၊ အစ်မတို့က ဝတ္တရားမပျက်စေဘဲ နှစ်သက်ကြည်ဖြူစွာ ပေးမြဲထုံးရှိခဲ့ကြသည့်အတိုင်း နှစ်ဦးသော အမိ၊ အဖတို့နှင့် ------ တို့က မိမိတို့ သားသမီး၊ တူ/ တူမ၊ မောင်ညီမတို့အား အရင်းအနှီး တည်းဟူသော အမွေအနှစ်ကို မိမိတို့အင်အားရှိသည့်အလျောက် ချီးမြှင့်တော်မူကြပါ ခင်ဗျား။

## □ ဆုံးမဩဝါဒခန်း

ဆုံးမဩဝါဒခန်းဖြစ်ပါတယ်။ သတို့သား၊ သတို့သမီးတို့သည် ပညာရှိလူကောင်းလူတော်များ၊ ဤမိဘများမှ မွေးဖွားလာသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်တဲ့အတွက် အထူးတလည် ဆုံးမဩဝါဒဆိုစရာလိုမယ်မထင်ပါဘူး။ သို့သော်လည်း မြင်းကောင်းခွာလိပ်သလိုဖြစ်မှာစိုးသည့်အတွက် ဆရာဖတ်မှတ်သိရှိထားသော ကျမ်းဂန်များမှ မောင်တို့မယ်တို့ လိုက်နာအပ်သောဝတ္တရားများကို ဆရာမှ လမ်းညွှန်စကား ပြောကြားသွားတယ်လို့ပဲ မှတ်ယူစေလိုပါတယ်။

(ဆုံးမဩဝါဒအခန်းအတွက် ကျွန်တော်အသုံးပြုပြောကြားခဲ့သည်ကို ရေးသားမည်ဖြစ်ပါသည်။ ကျယ်ကျယ်

www.burmeseclassic.com

ပြန့်ပြန့် ပြောကြားလိုသူများအတွက် ဒုတိယကဏ္ဍတွင် ထပ်မံ ရေးသားပါမည်။)

ရှေးဦးစွာ သတို့သားအား ဆရာ လမ်းညွှန်စကားပြောကြားလိုတာကတော့ ဆရာတို့ဘုရားဟော 'ယေဂဟာဠဝန္တနာသုတ်' ရှိပါတယ်။ (ယေဂဟာဠဝန္တနာသုတ်ကို လိုအပ်လျှင် ပြောကြားနိုင်ရန် ဒုတိယကဏ္ဍတွင်ဖော်ပြထားပါသည်။) အဲဒီသုတ်မှာ လူ့ပြည်သက်ဆင်း အရှင်သိကြာမင်းဟာ နတ်ရထားပေါ် ပြန်မတက်မီ လူ့ပြည်ကို လှည့်လည်ပြီး ရှိခိုးပါတယ်။ အဲဒီအခါ မာတလိနတ်သားက အရှင်သိကြားမင်းမှရှိခိုးတဲ့ပုဂ္ဂိုလ်များဟာ ဘယ်လိုပုဂ္ဂိုလ်များလဲလို့ မေးတဲ့အခါ သိကြားမင်းအဖြေမှာ 'အမောင်မာတလိနတ်သား၊ အကြင်အမျိုးကောင်းသားသည် ရတနာသုံးပါးကိုလည်း ရိုသေစွာ ဆည်းကပ်တယ်။ အခါအားလျော်စွာ အလှူဒါနကိုလည်း စင်ကြယ်စွာပြုလုပ်တယ်။ မိမိဇနီးအပေါ်မှာလည်း မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကျင် (၅) အင်သင့်ကျင့်ရာဆိုတဲ့ ခင်ပွန်းကျင့်ဝတ်တရား (၅) ပါးနဲ့အညီ ကျင့်သုံးနေထိုင်ရန် ထိုအမျိုးကောင်းသားကို ငါသိကြားမင်း ရှိခိုးပါတယ်'လို့ ဖြေပါတယ်။

အဲဒီတော့ သတို့သား မောင်--- သည် ယေဂဟာဠဝန္တနသုတ်တော်လာ အချက်များရယ် မိမိလင့်ကျင့်ဝတ္တရား (၅) ပါးရယ်ကို စောင့်ထိန်းလိုက်နာရင်းဖြင့် သိကြားမင်းရှိခိုးတဲ့ပုဂ္ဂိုလ်များထဲမှာ ပါဝင်အောင်တစ်ကြောင်း မိမိကိုယ်ကျင့်သီလလည်း စောင့်ထိန်းရန်အကြောင်းတို့ကြောင့် သက်ထက်ဆုံး ဆက်လက်ကျင့်ဆောင်နိုင်ပါစေလို့ ဆရာက လမ်းညွှန်စကား ပြောကြားလိုပါတယ်။

သတို့သမီး မ-----အား ဆရာ ပြောကြားလိုတဲ့လမ်းညွှန်စကားကတော့ ဆရာတို့လောကနီတိမှာလာတဲ့စကားရှိပါတယ်။

**ကောကိလာနံ** - ဥဩတို့၏၊ **ရူပံ** - အဆင်းကား၊ **သဒ္ဒံ** - အသံတည်း၊ **နာရီရူပံ** - ခင်ပွန်းလင်ရှိသောအမျိုးသမီးတို့၏၊ **ပတိဗ္ဗတာ** - မိမိခင်ပွန်းကို မိမိကျင့်ဝတ်တရားဖြစ်သော အိမ်တွင်းမှုလုပ်၊ သိမ်းထုတ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ ကျော်အောင်ဖြန့်ချီ၊ ပျင်းရိမမူ ဝတ် (၅) ဆူ အိမ်သူမယ်လှ ကျင့်အပ်ကိစ္စ ဆိုတဲ့ ဝတ္တရား (၅) ပါးနဲ့အညီ မိမိခင်ပွန်းကို ပြုစုတာဟာ မိမိရဲ့အလှပါပဲတဲ့။

ဒါကြောင့် သတို့သမီး မ ----- အနေနဲ့ မိမိဆိုင်ရာဝတ္တရားများကို စောင့်ထိန်းလိုက်နာရင်းဖြင့် မိမိကိုယ်ကို အလှတရားများ ဆင်မြန်းပါလို့ ဆရာက လမ်းညွှန်စကား ပြောကြားလိုပါတယ်။

ဒုတိယ လမ်းညွှန်စကားကတော့ ဆရာတို့ရဲ့ဗုဒ္ဓဘာသာလမ်းစဉ်မှာ အမျိုးသားပြုလုပ်တဲ့ကုသိုလ်ကို အမျိုးသမီးက စိတ်တူမှသာ အမျိုးသမီးမှာ အဲဒီကုသိုလ်ကိုရပါတယ်။ အမျိုးသမီးပြုတဲ့ကုသိုလ်ကိုလည်း အမျိုးသားက စိတ်တူမှ အဲဒီကုသိုလ်ကို အမျိုးသားမှာရပါတယ်။ အဲဒါကြောင့် မာဃဒေဝလင်္ကာမှ ဘယ်လိုဆိုထားသလဲဆိုတော့ -

အကုသိုလ်နှင့်၊ ကုသိုလ်တရား၊ ကံနှစ်ပါးကား၊ မယားပြုရာ၊ စိတ်မပါလျှင် လင်မှာမရ၊ လင်ကပြုလည်း၊ မယားအိမ်သူ၊ စိတ်မတူလျှင်၊ မှတ်ယူမှန်စွာ၊ မရရာဘူးလို့ ဆိုထားပါတယ်။

ဒါကြောင့် ပဋ္ဌာန်းဒေသနာတော်အရ 'ပုဂ္ဂလောပိ ဥပနိဿယ ပစ္စယေန ပစ္စယော' လို့ဆိုတဲ့အတိုင်း ပုဂ္ဂိုလ်တစ်ဦးက ပုဂ္ဂိုလ်တစ်ဦးကို ကျေးဇူးပြုခြင်းဆိုတဲ့ တစ်ဦးပြုတဲ့ကုသိုလ်ကို တစ်ဦးက ကြည်ဖြူ စိတ်တူရင်ဖြင့် ကုသိုလ်ကိုရယူနိုင်ကြပါစေလို့ ဒုတိယလမ်းညွှန်စကား ပြောကြားလိုပါတယ်။

တတိယလမ်းညွှန်စကားကတော့ ဆရာတို့ရဲ့ ဇာတ်တော်ကြီးဆယ်ဘွဲ့၊ ဝေဿန္တရာဇာတ်တော်နိဂုံးပိုင်းမှာ ဘယ်လိုဆိုထားသလဲဆိုတော့ လင်ကား မေဃ၊ ဒါရသွယ်မြေ၊ ပုံနှိုင်းခြေ၏၊ မိုးမြေနှစ်ပါး၊ ကောင်းတုံငြားမှ၊ စပါးသီးနှံ၊ ဩဇာပြီးသို့လို့ ဆိုထားပါတယ်။

အမျိုးသား (လင်) ဆိုတာ မိုးနဲ့တူပါတယ်တဲ့။ အမျိုးသမီး (ဇနီး) ဆိုတာ မြေနဲ့တူပါတယ်တဲ့။ ဒီမြေကြီးမှာ စပါးသီးနှံများ စိုက်ပျိုးမယ်ဆိုရင် မိုးလည်းကောင်းပါမှ၊ မြေလည်းကောင်းပါမှ သီးနှံဖြစ်ထွန်းမှာဖြစ်ပါတယ်။

ဒါကြောင့် မိုးနဲ့တူတဲ့ မောင် --- ကလည်း မိမိဆိုင်ရာဝတ္တရားများကို စောင့်ထိန်းလိုက်နာပါ။ မြေနဲ့တူတဲ့ မ-----ကလည်း မိမိဆိုင်ရာ ဝတ္တရားများကို စောင့်ထိန်းလိုက်နာပါလို့ ဆရာက မှာကြားလိုပါတယ်။

## ☐ မင်္ဂလာပွဲသိမ်းဆုပေး

မင်္ဂလာပွဲသိမ်းဆုပေးရန် ဖြစ်ပါတယ်။

(ဆုပေးစာတမ်းကို ကျွန်တော် အသုံးပြုသော ဆုပေးကိုသာ ရေးသားပါမည်။ ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုလိုသောဆရာများအတွက် ဒုတိယကဏ္ဍတွင် ရေးသား ဖော်ပြပေးပါမည်။)

ဆုပေး-သက္ကရာဇ်သချာဖွဲ့နှောင် -----ခု၊ လဆန်း/လပြည့်ကျော် ----၊ ရက်----နေ့တွင် အောင်ဂုဏ်မွမ်းတင် အောင်သဘင်၌ မင်္ဂလာမြူတေ အောင်ဘိသိက်ကိုခံယူနေကြကုန်သော သတို့သား မောင်-----နှင့် သတို့သမီး မ--- တို့မှာ အောင်ချိန်ကြုံ၍ အောင်ဂုဏ်ကို ရရှိကြသည့်အတိုင်း ဤယနေ့ယခုချိန်ခါမှစပြီးလျှင် အဏုမြူလွှာတစ်ဆံညှာမျှ ရောဂါရန်စွယ်အန္တရာယ်တို့သည် ငြိတွယ်ခြင်းကင်းပလျက် ပါပအလုံးစုံ အနိဋ္ဌာရုံ အသွယ်သွယ်တို့မှ ကင်းဝေးစင်ကြယ်ကြပါစေကုန်သတည်း။

မြူမှောင်ညစ်ထေး ကင်းဝေးစင်ကြယ် ကောင်းကင်လယ်တွင် ရောင်နွယ်ပဝင်း ရွှေလမင်းသည် တွင်းပြင်များစွာ ကြယ်တာရာတို့ဖြင့် ဝဲယာခြံရံ ဗိုလ်ရှုခံလျက် မိုးရံနဘော အာကာဘွေဝယ် ကျက်သရေရှိရှိ ထွန်းလေဘိသကဲ့သို့ သုခိတာဂုဏ်ချမ်းသာမျိုးစုံအဖုံဖုံတို့စုံလင်စွာတိုးပွားလျက် ရွှေမိုး၊ ငွေမိုး၊ ရတနာမိုးတို့သည် ဖြိုးဖြိုးဝှန်ဝှန်ရွာသွန်းပြန့်ပြောလျက် အုံ့ဩဖွယ်ပန်းကဲ့သို့ လန်းဆန်းဝေဖြာကြပါစေကုန်သတည်း။ အသက်ရှည်စွာ အနာမဲ့ကင်း ချမ်းသာခြင်းသုခနှင့်ပြည့်စုံကြပါစေကုန်သတည်း။ ရတနာသုံးပါး ထွန်းများမင်္ဂလာ ကုသိုလ်ရေးလယ်တာ၌ သဒ္ဓါရွှေရွှေ မျိုးစေ့ဒါနတို့ကို ကြဲချလှူဒါန်းကြသော သာသနာ့ဒါယကာ/ဒါယိကာမများ ဖြစ်ကြပါစေလို့ ကျက်သရေဂုဏ်ပြုနုတ်ခွန်းသံ ပတ္ထနာပြုပြီးလျှင် အောင်ဆုများပေးအပ်ခဲ့ပါသည်ခင်ဗျား။

(လက်ခုပ်သံများ) မင်္ဂလာစကားပြောနည်းကျမ်းစာကိုယ်ပြီးပြီ။

မင်္ဂလာအခမ်းအနားတွင် တီးဝိုင်းပါခဲ့သော် အခန်းတစ်ခန်းပြီးတိုင်း တီးဝိုင်းကို အလှည့်ပေးရပါမည်။ တီးဝိုင်းကလည်း မင်္ဂလာရှိသောသီချင်းများကိုသာ တီးခတ်ပေးရမည် ဖြစ်ပါသည်။


ဘိသိက်ဆရာများသိသင့်သိထိုက်သော(ခမ်းစာ)များကိုလည်း ဒုတိယကဏ္ဍတွင် ဆက်လက် ရေးသားပါဦးမည်။

ဦးကြည်ဝင်း(ရွှေစင်)ချောက်



www.burmeseclassic.com

www.burmeseclassic.com



# အောင်သာကျော်
# မေရုဒကုန်းတော်မှာ ထွန်းပစံပျော်တာ ရွှေသံတော်စေတီမဟာ



တန်ဆောင်းဆောင်အတွင်းရှိ ဆင်းတုတော်

ရွက်ဟောင်းကြွေ၍ ရွက်သစ်တို့ ဝေစည်စကာလလေးက လူ့ဘောင်လောကသားတို့ကို အလွမ်းဓာတ်တွေ မျှဝေပေးနေသကဲ့သို့ရှိနေ၏။ ရော်ရွက်ဝါတို့ နေ့လယ်ကာလဝယ် ဝေ့ယမ်းတိုက်ခတ်လေ့ရှိသော လေပွေလှိုင်းတို့ထက် လွင့်မျောလိုက်ပါလျက်ရှိနေလေသည်။ တဖြုတ်ဖြုတ်ကြွေသက်နေကြသောရွက်ဝါတို့၏နေရာတွင် အစားထိုးနေရာယူကြတော့မည့် ရွက်နုသစ်ပုရစ်ဖူးတို့ ဝေစည်လျက်ရှိနေသောအခါသမယလေးသည်ကား နုနယ်ငယ်ရွယ်သေးသူတို့အတွက် လွမ်းဆွတ်ဖွယ်ခံစားမှုပေးစွမ်းသကဲ့သို့ ရွယ်လွန်သူဇရာတန်းတို့အတွက်မူ သင်္ခါရနိမိတ်ပုံဆောင်ဖော်ညွှန်းနေသည့်အလားပင်။

ပူပြင်းနေသည့်အချိန်ကာလလေး




www.burmeseclassic.com

www.burmeseclassic.com





မှာ ဘုရားရိပ်၊ တရားရိပ်သည် မှီခိုအား ထားရာ အကောင်းဆုံးသော အရိပ်အာ ဝါသပင်ဖြစ်သည်။ ထိုအသိများဖြင့်ပင် ရေးဖော်ရေးဖက်များဖြစ်ကြသည့် ဆရာ ထွန်းအောင်လင်း (ရွှေပြည်သာ)၊ ဆရာ နိုင်ခင်ရွှေတို့နှင့်အတူ တွံတေးမြို့နယ် အတွင်းရှိ ဘုရားစေတီတော်များထံပါး အရောက်သွားကြရန် ညှိနှိုင်းတိုင်ပင်ကာ ဆရာနိုင်ခင်ရွှေကားဖြင့်ပင် ရွှေပြည်သာ မြို့နယ်မှ ထွက်ခွာလာဖြစ်ခဲ့သည်။


နံနက် (၆) နာရီ၊ (၃၀) ခန့်တွင် ထွက်လာဖြစ်ကြရာ လှိုင်သာယာမြို့နယ် အတွင်း ကားလမ်းများပိတ်ဆို့မှုစောင့် ဆိုင်းမောင်းနှင်နေရသဖြင့် (၇) နာရီ၊ (၃၀) ခန့်တွင်မှ လှိုင်သာယာနယ်နိမိတ်မှ လွတ်မြောက်ကာ တွံတေး-လှိုင်သာယာ သွယ်တန်းဖောက်လုပ်ထားသည့်လမ်းမ ပေါ်သို့ရောက်ခဲ့သည်။ ကားလေးသည် ယခုမှပင် လေကိုခွင်းသွားနေသည့်မြား တစ်စင်းအလား လှစ်ခနဲလှစ်ခနဲပြေးလွှား လျက်ရှိနေတော့သည်။ မြစ်ကူးတံတား မှာ မြူများဖုံးကွယ်နေသည့်ကြားထဲမှာ ပင် ခံ့ညားထည်ဝါမှုအရိပ်အယောင်ကို



အောင်မြေရှိ စေတီတော်







လျောင်းတော်မူရုပ်ပွားတော်



www.burmeseclassic.com


www.burmeseclassic.com




မဟာမြတ်မုနိရုပ်ပွားတော် (အရှေ့ဘက်မုခ်အနီး)



တတ်ခန်းအတွင်းရှိ ဆင်းတုတော်



အလိုတော်ပြည့် ဗုဒ္ဓရုပ်ပွားတော်အုတ်ခွက်



တန်ဆောင်းတော်အတွင်းရှိ ဆင်းတုတော်အား အနီးကပ် ဖူးမြော်ရစဉ်

ပြနေသယောင်ရှိနေ၏။ တံတားကျော်သွားခဲ့ပြီသည်နှင့် တွံတေးမြို့နယ်အပိုင်စည်းသို့ချဉ်းကပ်ထားမိပြီဆိုသည့်အသိတရင်ထဲဝင်လာသည်။ တရိပ်ရိပ်လွင့်စဉ်ကျန်ရစ်နေခဲ့ကြသည့် ဘေးပတ်ဝန်းကျင်မြင်ကွင်းများကလည်း ခုမြင်ခုပျောက်သဘောဆောင်သည့် သင်္ခါရတရားတို့ကို ရှုမြင်ခံစားနေရသကဲ့သို့ရှိနေသည်။ ထိုစဉ်မှာပင် ကားစက်ရှိန်လျှော့ချလိုက်ရင်း ဆရာနိုင်ခင်ရွှေက -

"ဆရာကျော်ရေ၊ ကြည့်စမ်းပါဦး။ ရှေးဟောင်းမြို့ဟောင်းနေရာနဲ့တူတယ်"

ဟု ဆိုလာသဖြင့် လက်ယာဘက်ကို ကြည့်လိုက်မိဖြစ်သည်။ အုတ်မြို့ရိုးသဏ္ဌာန် ဝင်းခတ်ထားပြီး ခုံးညားထည်ဝါလှသည့်မုခ်ဦးတွင် 'ပေါက္ခရဝတီမြို့ဟောင်းနေရာ' ဟု ကမ္ပည်းရေးထိုးထားသည်ကိုတွေ့ရ၏။ အုတ်ပုံများ၊ အုတ်ခုံတန်းများရှိနေပြီး ခပ်လှမ်းလှမ်းတွင် ရွှေရောင်တဝင်းဝင်းဖြင့် တင့်တင့်တယ်တယ်ရပ်တည်နေသည့်စေတီတော်နှင့်အူ




www.burmeseclassic.com


www.burmeseclassic.com




မတ်ရပ်ရွှေဆင်းတုတော်များ




ရင်ပြင်ပေါ်ရှိ စေတီငယ်များ



ပေါက္ခရဝတီမြို့ဟောင်းရှိ စေတီ



စေတီငယ်နှစ်ဆူ



ပေါက္ခရဝတီမြို့ဟောင်းရှိ ကျိုက်ကေသာဆံတော်ကြီးစေတီ

ရှိနေသည်ကို ဖူးတွေ့ရသည်။ ကားလေးပေါ်တွင် သုံးဦးသား ပေါက္ခရဝတီနှင့်ပတ်သက်၍ မိမိတို့ထင်မြင်ယူဆမိရာ သမိုင်းကြောင်းများ ဆက်နွှယ်ပြောဆိုနေမိဖြစ်ကြ၏။ ဆက်မောင်းလာသည့် ကားကလေးစက်ရှိန်လျှော့ချပြန်သဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်မိဖြစ်ကြရာ ကားလမ်းဝဲဘက်တွင် ဗောင်းတော်ချုပ်သာသနာ့နယ်မြေ ကမ္ပည်းထိုးထားသည့် မုခ်ဦးက ခံ့ထည်စွာရပ်တည်လျက်ရှိနေသည်။

အပြန်မှဝင်မည်ဟု ဆုံးဖြတ်ချက်ချမိကြကာ တွံတေးမြို့ဆီသို့ဦးတည်ပြီး ခရီးဆက်ဖြစ်ကြသည်။ ရွှေပြည်သာမှ စတင်ထွက်လာကတည်းက တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီးထံပါး အရောက်သွားကြမည်ဟု ဦးတည်ဆုံးဖြတ်ချက်ချထားဖြစ်ခဲ့ကြသည်။ တွံတေးသို့ ကားဖြင့်သွားရသည်မှာ ချောမွေ့လှပါလှသည်။ ချောမွေ့ပြေပြစ်သော ကားလမ်းကြောဖြစ်နေသဖြင့် အဆင်ပြေလွန်း

www.burmeseclassic.com


ကြသည်။ သိပ်မကြာလိုက်သောအချိန်လေးမှာပင် ရွှေဆံတော်စေတီတော်မြတ်ကြီးသီတင်းသုံးတော်မူရာ ကုန်းမြေ၏ခြေတော်ရင်းသို့ ရောက်သွားဖြစ်ကြတော့သည်။ တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီးသည် သစ်ရိပ်ဝါးရိပ်များဝတ်လည်ဝန်းရံလျက်ရှိသည့် ကုန်းမြင့်ပေါ်တွင် ရွှေရောင်လင်းလက်ဝင်းပစွာဖြင့် သပ္ပာယ်လွန်းလှသည်။ ရွှေဆံတော်စေတီတော်မြတ်ကြီးတည်ရာကုန်းတော်မှာ မေရုဒကုန်းတော်မြတ်ပင် ဖြစ်သည်။ မေရုဒကုန်းတော်မြတ်မှာ ပဲခူးရိုးမတောင်အတက်ကုန်းစွန်းတွင်တည်ရှိသည့် ကုန်းမြင့်ပင်ဖြစ်သည်။

စေတီတော်၏ အောက်ခြေတွင် ပတ်ပတ်လည်တည်ရှိနေသည့် ကားပတ်လမ်းအတိုင်းဝင်လာဖြစ်မိကြကာ အရှေ့မုခ်ဆီမှ စေတီတော်ရင်ပြင်ပေါ်သို့ တက်ရောက်ခဲ့ကြသည်။ အရှေ့ဘက်မုခ်သည် ပြန့်လည် မွမ်းမံ ပြန်လည် ပြုပြင်လျက်ရှိနေသည်။ စေတီတော်ရင်ပြင်ပေါ်သို့ ရောက်သည်နှင့် ရွှေရောင်ဝင်းလက်စွာတည်ရှိနေသည့် တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီးအား အနီးကပ်ဖူးမြော်ကြည်ညိုခွင့်ရတော့သည်။ စေတီတော်မြတ်မှာ အမျိုးအစားကျနသေသပ်စွာ လွန်စွာတင့်တယ်ပြီး ကြည်ညိုဖွယ်ရာကောင်းလှသည်။ စေတီတော်မြတ်သည် (၇၅) ပေအမြင့်ရှိသည့် ကုန်းမြင့်ပေါ်တွင် တည်ထားသည်ဖြစ်လေရာ ဉာဏ်တော်အမြင့်(၂၅၀)ပေအမြင့်ဆောင်လျက်ရှိနေသည်မှာ လွန်စွာခံ့ညားထည်ဝါလျက်ရှိနေသည်။ စေတီတော်မြတ်မှာ ရှေးဟောင်း သမိုင်းဝင် စေတီတော်တစ်ဆူပင်ဖြစ်သည်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဆံတော်မြတ်ခြောက်ဆူ ကိန်းဝပ်စံပယ်တော်မူသည့် စေတီတော်အဖြစ် ဗုဒ္ဓဘာသာသမိုင်းဝယ် အထင်ကရမှတ်တမ်းဝင်နေသည်ဟု သိရသည်။

စေတီတော်မြတ်နှင့်ဆက်စပ်ပတ်သက်နှီးနွှယ်နေသည့် သမိုင်းကြောင်းကစိတ်ဝင်စားဖွယ်ကောင်းလှသည်။တွံတေးမြို့ မေရုဒကုန်းတော်ပေါ်တွင်တည်ရှိနေသည့်ရွှေဆံတော်စေတီတော်မြတ်ကြီးသည် ရှေးနှစ်ပေါင်း (၂၅၀၀) ကျော်ကတည်းက တည်ထားဖြစ်ခဲ့သည့် စေတီတော်မြတ်ပင် ဖြစ်သည်။ သဗ္ဗညုဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားအဖြစ် ပွင့်ထွန်းတော်မူခဲ့သည်။ အသိတ


ရင်ပြင်တော်ရှိ စဉ္စကူစေတီတော် (ကရင်အမျိုးသားတို့ ပွဲထာထိုးလှူရှိ)


ရင်ပြင်ပေါ်ရှိ စေတီတော်


ရှေးဟောင်းတန်ဆောင်းတော်




www.burmeseclassic.com


www.burmeseclassic.com



အနုလက်ရာများနှင့်တန်ဆောင်း




ရင်ပြင်တော်မြင်ကွင်းတစ်နေရာ




တန်ဆောင်းတော်အတွင်းမှ ဆင်းတုတော်များ

ဥနနဂိုရ်ပြည် ရှေးဟောင်း ဒလတွံ့တေး စီရင်စုနယ် ပေါက္ခရဝတီမြို့သားဖြစ်သော တပုဿနှင့်ဘလ္လိကကုန်သည်ညီနောင်တို့သည် မဇ္ဈိမဒေသသို့ကုန်ရောင်းသွားစဉ် ဘုရားပွင့်တော်မူကြောင်း သတင်းကြားရသဖြင့် လင်းလွန်းပင်ရင်းတွင် သီတင်းသုံးနေတော်မူသည့် မြတ်စွာဘုရားရှင်အား သွားရောက် ဖူးမြော် ကြည်ညိုသမှုပြုကြတော့သည်။ ဘုရားရှင်ထံတော်တွင် နောင်အရှည်ကိုးကွယ်ဆည်းကပ်သမှုပြုနိုင်မည့်ဝတ္ထုစွန်နဲ့၍ ပေးသနားတော်မူပါရန် လျှောက်ထားတောင်းဆိုကြ၏။ ဘုရားရှင်က ဆံတော်မြတ်ရှစ်ဆူကို ပေးသနားတော်မူလေရာ ဆံတော်ရှစ်ဆူအား ဥက္ကလာပတိုင်း နေပြည်သို့ ပင့်ဆောင်လာခဲ့ကြသည်။

ထိုသို့ ပင့်ဆောင်လာခဲ့ရာ တွံ့တေးအရှေ့ဘက် ခြောက်မိုင်အကွာတွင်တည်ရှိသည့် ပေါက္ခရဝတီကပင် ဆိပ်ကမ်း (ယခု ကပင်းရွာ) သို့ ရောက်ရှိခဲ့သည်တွင် ပေါက္ခရဝတီမြို့သားများ ဆံတော်



ထီးတော်



ထီးတော်

www.burmeseclassic.com


www.burmeseclassic.com



အောင်မြေဓာတ်နန်းအတွင်းရှိ သုတော်စင်ပုဂ္ဂိုလ်များရုပ်တု



ယက္ခနှစ်တောင်ဆရာတော်ရုပ်တု



သုရဿတီရုပ်တု

မြတ်တို့ကို ပူဇော်ကြည်ညိုသမှုပြုနိုင်ကြစေရန် ရည်သန်ကာ ယခု ရွှေဆံတော်စေတီတော်မြတ်တည်ထားသည့် မေရုဒကုန်းမြေပေါ်တွင် တိုက်စေတီတစ်ဆူတည်ဆောက်ကြပြီး ခုနစ်ရက်တိုင်တိုင် ဆံတော်များကို ကြိုဆိုပူဇော်ခဲ့ကြသည်။ ယင်းတိုက်စေတီမှာ ဘုရားရှင်အားရည်မှန်းကာတည်သောကြောင့် ဥဒ္ဒိဿစေတီတော်ဟု ဆိုရမည်ပင်ဖြစ်ပါသည်။ တစ်ဖန် မဟာသက္ကရာဇ် ၁၁၁ ခုနှစ် (ဘီစီ-၅၀၀) ခန့်တွင် ခပင်းသီဟိုဠ်ငယ်ရွာသား (ယခု ကပင်းရွာ) တိက္ခပညာ၊ သာဂရပညာဟု အမည်တွင်ကြသည့် ညီနောင်တို့ သုဝဏ္ဏဘူမိသထုံဇင်းကျိုက်တောင်သို့ အရောက်သွားဖြစ်ခဲ့ကြ၏။ ဇင်းကျိုက်တောင်သို့ကြွရောက်လာကာ သီတင်းသုံးတော်မူနေသည့် ဘုရားရှင်အား ကြည်ညို ဆည်းကပ် ပူဇော်ခွင့်ရနိုင်ကြစေရန် ရည်သန်ကာ အရောက်သွားဖြစ်ကြခြင်းပင် ဖြစ်သည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆင်မင်းဘဝ၊ သမင်မင်းဘဝများက နေထိုင်ကျက်စားခဲ့ရကာ ဘဝနှစ်ခု၏ သုသာန်အဖြစ်ဖြစ်ခဲ့ဖူးသော မေရုဒကုန်းတော်တွင် လူသူအများ ကိုးကွယ်ဆည်းကပ်ပူဇော်နိုင်ကြစေရန် စေတီတော်မြတ်တစ်ဆူတည်ထားရေးအတွက် ဆံတော်မြတ်နှစ်ဆူပေးသနားတော်မူသည်။ မြတ်စွာဘုရားရှင် ချီးမြှင့်ပေးသနားတော်မူအပ်သော ဆံတော်ရှင်နှစ်ဆူအား ပင့်ဆောင်လာခဲ့ကြကာ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် မူလတိုက်စေတီရှိရာ မေရုဒကုန်းတော်၌ပင် တိုက်တန်ဆောင်းအဖြစ်တည်ကာ ဆံတော်မြတ်နှစ်ဆူကို ဌာပနာအဖြစ် ထည့်သွင်းပူဇော်ထားခဲ့ကြသည်။ ဤသို့ဖြင့် ထာ။ရဆံတော်ကိန်းဝပ်ရာ ထာဝရသရီရစေတီတော်အဖြစ် တည်ရှိခဲ့သည်။

သာသနာတော်နှစ် ၂၃၅၊ ဘီစီ ၃၀၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ သီရိဓမ္မာသောကမင်း တတိယသင်္ဂါယနာတင်စဉ်ကာလ သုဝဏ္ဏဘူမိတိုင်းသို့သာသနာပြုရောက်ရှိလာသော အရှင်သောဏနှင့် ဥတ္တရမထေရ်နှစ်ပါးသည် တပည့်ရဟန်းနှစ်ပါးနှင့်အတူ မေရုဒကုန်းတော်သို့ ရောက်ရှိလာခဲ့သည်။ သာသနာပြုရန် ကြွရောက်တော်မူလာကြသော မထေရ်မြတ်တို့သည် မြတ်စွာဘုရားရှင် ချီးမြှင့်ပေးသနားတော်မူအပ်သော ဆံတော်လေးဆူကိုပါ ထည့်သွင်းကာ တိုက်စေတီ

www.burmeseclassic.com

တော်မြတ်ကို ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသည့် စေတီတော်အဖြစ် ပြန်လည် တည်ထားတော်မူခဲ့ကြသည်။ သာသနာတော်နှစ် ၂၃၈ ခုတွင် ပြန်လည်တည်ထားခဲ့သည်ဖြစ်ရာ ထိုစဉ်ထိုကာလမှစတင်ကာ တိက္ခပညာနှင့် သာဂရပညာတို့၏ မွေးရပ်မြေဖြစ်သော တွံတေးဒလနယ်တွင်တည်ရှိသည့် မေရုဒကုန်းတော်မြတ်ပေါ်တွင် ဆံတော်ခြောက်ဆူကိန်းဝပ် စံပယ်တော်မူလျက်ရှိနေသော ရွှေဆံတော် တွံတေးရွှေဆံတော်စေတီတော်မြတ်ကြီး ဖြစ်တည်လာခဲ့ခြင်းပင်ဖြစ်သည်။ ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်တစ်ဆူဟု ဆိုရမည်ပင် ဖြစ်ပါသည်။

စေတီတော်မြတ်အဖြစ်ပေါ်ထွန်းလာမည့် မူလတိုက်စေတီဖြစ်တည်လာခဲ့ရသည့် ရှေးဟောင်းသမိုင်းကြောင်းကလည်း စိတ်ဝင်စားဖွယ်ရာကောင်းမွန်လှသည်။ ခပင်းသီဟိုဠ်ငယ်၏ အနောက်(၆) မိုင်ကွာသော တွံတေးအရပ်တွင် မြတ်ဗုဒ္ဓမပွင့်သေးမီကာလက ကွမ်းဒေး(ကွာမ်ဒိုင်) ကွမ်းကားရွာ ဒေးကားတောင်ကုန်းဟူ၍ရပါသည်။ တွံတေးမည်သော တောင်ကုန်းရွာကြီး၌ နေထိုင်ကြသော ဆင်းရဲသား လူအများတို့သည် စိတ်သဘောထား တူညီမျှကြသောကြောင့် သမ္မုတအဖြစ်ဖြင့် မင်းမြှောက်ခဲ့ကြရာ သမိန်ထောဗညားရမ်းသည် မင်းအဖြစ် တင်မြှောက်ခံခဲ့ရသည်။ သမိန်ထောဗညားရမ်းသည် မြတ်စွာဘုရားရှင်၏ ဆံတော်ဓာတ်မြတ်နှစ်ဆူအား ပေါက္ခရဝတီရွာသား ကုန်သည်ညီနောင်တို့ ပင့်ဆောင်လာကြကြောင်း သတင်းပေးလျှောက်ထားကြသဖြင့် ဝမ်းမြောက်ပီတိဖြစ်ရကာ မိန့်တော်မြတ်မှတ်တော်မူလေသည်။

"ငါကိုယ်တော်သည် မြတ်စွာဘုရားရှင်၏ ဆံရှင်တော်ဓာတ်တို့ကို ဖူးမြော်ပူဇော်နိုင်ရန် ခပင်းသီဟိုဠ်ငယ်သို့ ကြွတော်မူမည်။ ဗိုလ်ခြေတပ်ခြေအထွေထွေသော ဆင်တပ်၊ မြင်းတပ်၊ ခြေလျင်တပ်အရပ်ရပ်ကိုကောင်းမွန်စွာခင်းကျင်းကြကုန်လော့။ ခပင်းဆိပ်ကမ်းတွင် ကောင်းမြတ်သောနေရာရှာ၍ ဘုံခုနစ်ဆင့်ရှိသောပြာသာဒ်ကို ဆောက်လုပ်ကြပြီး ကောင်းမွန် ဆန်းကြယ်စွာ တန်ဆာဆင်ထားကြကုန်လော့"

ဟူ၍ အမိန့်တော်မြတ်သတ်မှတ်တော်မူကာ သမိန်ထောဗညားရမ်းမင်းကိုယ်တော်တိုင် သဘော်ထက်မှပင့်



ရှေးဟောင်းဘုရားတန်ဆောင်းတော်



ဆောင်စည်ဆောင်မောင်း

ဆောင်ကာ ဘုံခုနစ်ဆင့်ပြာသာဒ်ပေါ်သို့ ပင့်ဆောင် ပူဇော်သမှုပြုသည်။ ရွှေပန်းဆိုင်း၊ ငွေပန်းဆိုင်း၊ ပတ္တမြားပန်းဆိုင်းတို့တွဲရရွဲဆွဲကာ ပူဇော်သမှုပြုသည့်အပြင် ရွှေကန့်လန့်ကာ၊ ငွေကန့်လန့်ကာ၊ ပတ္တမြားကန့်လန့်ကာတို့ဖြင့် လွှမ်းခြုံကာရံပေးထားခြင်းတို့ပြုသည်သာမက ပန်း၊ ရေချမ်း၊ ဆီမီးတို့ မပြတ်ဆက်ကပ်ပူဇော်ထားလျက်ရှိနေခဲ့တော့သည်။ သမိန်ထောဗညားရမ်းသည် အားပါးတရ ကြည်ညိုပူဇော်မှုတို့ပြုပြီးသည်နှင့် မြတ်စွာဘုရားရှင်၏ဗျာဒိတ်စကားကို နာခံလိုက်နာသောအားဖြင့် ဆံတော်ဓာတ်တို့ ကိန်းဝပ်စံပယ်တော်မူရမည့် မေရုဒကုန်းတော်ကို လိုက်လံရှာဖွေလေတော့သည်။ မေရုဒကုန်းတော်ဟု မှတ်ထင်ရသော ကုန်းတော်အနီးသို့ရောက်သည်နှင့် -

"ဤကုန်းသည် ဆံတော်ဓာတ်မြတ်တို့ ကိန်းဝပ်စံပယ်ရမည့် မြတ်ဗုဒ္ဓဗျာဒိတ်တော်ထားရာ မေရုဒကုန်းတော် မှန်ခဲ့ပါသော် တစ်စုံတစ်ရာသောထူးခြားသည့်အတိတ်နိမိတ်ပြပါစေသား"

ဟု သစ္စာတိုင်တော်မူသည်။

အဓိဋ္ဌာန်ပြုသစ္စာတိုင်တည်လိုက်သည့်တစ်ခဏအတွင်းမှာပင် ကုန်းတော်ကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ပြီး ပြင်းထန်လှစွာသော တော်လည်းသံဖြစ်စေလျက် နိမ့်နင်းစောင်းထောင်ပြုပြီးမှ နဂိုအနေအထားသို့ပြန်လည်ရောက်ရှိကာ တည်ငြိမ်ငြိမ် ငြိမ်သက်သွားတော့သည်။ မင်းနှင့်တကွ မှူးမတ်ဗိုလ်ပါ အပေါင်းတို့သာမက ပြည်သူပြည်သား



www.burmeseclassic.com

www.burmeseclassic.com




ဘိုးဘိုးကြီးနတ်နန်း



ဘိုးဘိုးကြီးရုပ်တု



ဘိုးတော်သိကြားမင်း





အပေါင်းတို့၌ ကြက်သီးမွေးညင်းဖျဉ်းဖျဉ်း ရွရွထကြကုန်သည်။ ထိုအခါတွင်မှ ဤကုန်းတော်သည် မေရုဒကုန်းတော်အမှန်ဖြစ်ပြီးဟု အသိအမှတ်ပြုကာ ခုတ်ထွင်ရှင်းလင်းခြင်း၊ ညီညွှတ်ပြေပြစ်အောင် ပြုပြင်ခြင်းတို့ ပြုလုပ်ကြတော့သည်။ ကုန်းတော်ကို ခုတ်ထွင်ရှင်းလင်း ပြေပြစ်အောင်ပြုလုပ်ရာတွင် အမတ်သိန်းက နောက်လိုက်နောက်ပါ အင်အားငါးရာဖြင့် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။မေရုဒကုန်းတော်ကို ရှင်းလင်းပြေပြစ်အောင် ပြုပြင်ပြီးသည်နှင့် ကိုးထောင်သောလူများကို စုဆောင်းပြီး အတိုင်းအထွာတိကျသေချာစွာ သတ်မှတ်ပေး၍ အုတ်များကိုဖုတ်စေသည်။ အုတ်တစ်ဖိုလျှင် လေးသောင်းဖြင့် အုတ်ဖိုပေါင်း (၂၁) ဖို၊ အုပ်ချုပ်ရေ ရှစ်သိန်းလေးသောင်းနှင့် သံအုတ်၊ ကျောက်အုတ်ပေါင်း သုံးသိန်းတို့ကို သုံးနှစ်တာကြာမျှ ပြုလုပ်စေခဲ့သည်။

ထို့နောက် အဂ္ဂသေနာပတိ အမတ်သိန်းကို လူပေါင်း(၅၀၀)အပ်နှင်းစေလျက် အလျား-အနံ (၂၇) တောင် ပတ်လည်ရှိသည့် အဇောက် (၇) တောင်ကျနအောင် ဥမင်လိုဏ်တူးစေသည်။ တူးပြီးသည်နှင့် ၎င်း၏အလယ်တွင် ပိန္နဲတိုင် သစ်ပျဉ်ထိပ်ဝ(၃)တောင်၊ အလျားသံတောင် (၈၉) တောင် (၁) မိုက်စိုက်ထူပြီးလျှင် ဥမင်လိုဏ်အတွင်း သမံတလင်းခင်းသည်။သံမံတလင်းခင်းရာတွင်လည်း ပတ္တမြားအုတ် (၂၄)၊ မြေအုတ် (၈၀)၊ ရွှေအုတ် (၂၃၀)၊ ငွေအုတ် (၈၀၀)၊ ကြေးနီအုတ် (၄၀၀၀)၊ ခဲအုတ် (၆၀၀၀) တို့ဖြင့် ထည့်သွင်း မွမ်းမံခင်းကျင်းခဲ့လေသည်။ ဥမင်လိုဏ်အား စိတ်တိုင်းကျပြုပြင်ပြီးသည်နှင့် မြတ်ဗုဒ္ဓ၏ဆံတော်မြတ်မှီ့သို့ ကြီးကျယ်ခမ်းနားသော အစီအံမံများကို ဆင်ယင်ကာ ဆင်တပ်မြင်းတပ်ခြေလျင်တပ်တို့အပြင် များစွာသော ပရိသတ်အပေါင်း ခြံရံပြီးလျှင် မေရုဒကုန်းတော်ဆီသို့ ပင့်ဆောင်ကြတော့သည်။

မေရုဒကုန်းတော်သို့ ရောက်လာသည်တွင် မေရုဒကုန်းတော်၏ အရှေ့မြောက်ထောင့်(၅)လံအကွာတွင် တည်ရှိသည့်ရေတွင်းမှရေကို ရွှေဖလားဖြင့် ကောင်းမွန်သန့်ပြန့်စွာ စစ်ယူပြီးလျှင် မနောရွှေလင်ပန်းအထက်တွင် စံပယ်တော်မူနေသည့် ဆံတော်မြတ်ကို ရေသပ္ပာယ်ခြင်း၊ အမွှေးနံ့သာများဖြင့် ဖျန်းပက်ခြင်းတို့ကိုပြုသည်။ ပြီးသည်နှင့် ဥမင်အတွင်းသို့သွင်းတော်မူမည်ပြုသော အခါ ရောင်ခြည်တော်ခြောက်သွယ်တို့ တစ်ပြိုင်နက်တည်း ကွန့်မြူးစံပယ်တော်မူရာ မေရုဒကုန်းတော်တစ်ခွင်လုံးသည် လင်းလက်ဝေဖြာသွားသည်သာမကဘဲ အထက်ကောင်းကင်တစ်ခွင်လုံးတွင်ပါ ထူးကဲသော လင်းလက်တောက်ပမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ဖြစ်စဉ်မှာပင် ဆံတော်များကိုဌာပနာသွင်းရန် သိကြားမင်းကိုယ်တိုင် လူပြည်လူ့ရွာကိုဆင်းသက်လာပြီး ဌာပနာသွင်းပေးတော်မူခဲ့ရ၏။ ဆံရှင်တော်မြတ် ကိန်းဝပ်နေသည့် ပတ္တမြားရွှေကြုတ်ကို သိကြားမင်း၏ ရွှေသေတ္တာတွင်ထည့်၍ တိကွသာဂရ ရွှေရုပ်နှစ်ခုကထမ်းနေသည့်ပုံရုပ်လုံးပြင့်



www.burmeseclassic.com

www.burmeseclassic.com

ထည့်သွင်း ပူဇော်ပေးထားခဲ့သည်။

ဆံတော်မြတ်ကိန်းဝပ်တော်မူသော ဥမင်အတွင်းဝယ် အရှင်သုမနရွှေရုပ်၊ သိကြားမင်းရွှေရုပ်၊ သမိန်ထောဗညားရမ်းမင်းရွှေရုပ်၊ သိကြားမင်းမိဖုရား(၄)ဦးတို့၏ရွှေရုပ်၊ မိန္ဒာဒေဝီအဂ္ဂမဟေသီရွှေရုပ်၊ မျုးကြီးမတ်ကြီး၊ သူဌေးသူကြွယ်တို့၏ရုပ်တု ရွှေရုပ်တုများရှိနေပြီး သိကြားမင်းသည် ထောင့်လေးထောင့်တွင် ရတနာဖယောင်းတိုင်ကို မီးထွန်းညှိကာ ပူဇော်ထားပေးခဲ့သည်။ မိဖုရားမိန္ဒာဒေဝီသည် ဆံတော်ရှင်မြတ်အား ကြည်ညို လွန်းသဖြင့် မိမိဆံကေသာကိုဖြတ်ကာ လှူဒါန်းပြီးဌာပနာပြုခဲ့သည်။ ဥမင်လိုဏ်အတွင်း၌ သိကြားမင်းဆင်ထားသည့် ယန္တရားစက်ရှိနေသည်။ သိကြားမင်းသည် ယန္တရားစက်ဆင်ပြီးသည်နှင့် ဥမင်အဝင်အဝကို အလျား (၇) တောင်၊ အနံ (၄) တောင်၊ ထု(၃)မိုက်ရှိသော သုဝဏ္ဏကျောက်ဖြာဖြင့်ပိတ်ထားသည်။ဆံတော်ရှင်မြတ်အား နဂါးတို့မပင့်ဆောင်နိုင်ရန် သုဝဏ္ဏကျောက်ဖျာပေါ်တွင် ဂဠုန်ရုပ် (၄) ရုပ်ကိုပြုလုပ်ကာ အစောင့်အရှောက် အဖြစ်ထားရှိခဲ့သည်။

ထို့နောက် အသျှင်သုမနထေရ်၊ သမိန်ထောဗရမ်းမင်း၊ တိက္ခသာဂရညီနောင်တို့သည် ဆံတော်ရှင်စေတီတော်မြတ်ကို မဟာသက္ကရာဇ် ၁၁၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်၊ တနင်္လာနေ့ နံနက်ရှေးချက်တီးအချိန်သည် နဝင်းတွက်ချက်မှု ကိုက်ညီသဖြင့် ပန္နက်တော်တင်ကာ စေတီတော်မြတ်ကို တည်ထားခဲ့ကြခြင်းပင် ဖြစ်လေသည်။ ထို့နောက် သာသနာတော်နှစ် ၂၃၅ (ဘီစီ ၃၀၉) တွင် အိန္ဒိယနိုင်ငံပြည့်ရှင် သီရိဓမ္မာသောကမင်း တတိယသင်္ဂါယနာတင်ခဲ့သည်။ ထိုစဉ်မှာပင် သုဝဏ္ဏဘူမိတိုင်းသို့ အရှင်သောဏနှင့် ဥတ္တရမထေရ်တို့ သာသနာပြုရန် ရောက်ရှိလာသည်။ မထေရ်မြတ်တို့နှင့်အတူ တပည့်သားရဟန်းတော်နှစ်ပါးပါ လိုက်ပါလာခဲ့သည်။ ၎င်းတို့နှင့်အတူ ဆံတော်လေးဆူပါလာခဲ့လေရာ မြတ်စွာဘုရားရှင်၏ဆံတော်မြတ်လေးဆူကို သာသနာနှစ် ၂၃၈ ခုတွင် တိက္ခပညာနှင့် သာဂရပညာတို့၏မွေးရပ်မြေဖြစ်သော တွံတေးဒလနယ်ရှိ မေရုဒကုန်းမူလတိုက်စေတီတွင် ထပ်မံဌာပနကာ ကိုးကွယ်သမှုပြုခဲ့ကြရာမှ အစပြုကာ ဆံတော်မြတ်ခြောက်ဆူ သီတင်းသုံးတော်မူသည့် တွံတေးရွှေဆံတော်စေတီအဖြစ်ထင်ရှား



ဆရာထွန်းအောင်လင်း၊ ဆရာနိုင်ခင်ရွှေနှင့် စာရေးသူ

လာခဲ့ခြင်းပင် ဖြစ်သည်။

ရှေးမင်းအစဉ်အဆက် ရောက်ရှိဖူးမြော် ဆည်းကပ် ကြည်ညိုခဲ့သည့် စေတီတော်မြတ် ဖြစ်သည်။ ဘီစီ ၄၃၁ တွင် ဗုဒ္ဓဘောင်မင်း ခရစ်နှစ် ၁၀၅၄ ခုနှစ်တွင် ဟံသာဝတီမွန်ဘုရင် ရာဇာဓိရာဇ်တို့ ရွှေဆံတော်စေတီတော်မြတ်သို့ ရောက်ရှိလာကာ မွမ်းမံကုသိုလ်များပြုခဲ့ကြသည်။ဟံသာဝတီမွန်ဘုရင်ရာဇာဓိရဇ်(ရာဇာဓိရာဇ်)သည် ဉာဏ်တော်အမြင့် (၄၅) တောင်အထိ မြင့်တင်ကာ မွမ်းမံတည်ထားခဲ့သည်။ ခရစ်နှစ် ၁၇၇၃ ခုနှစ်တွင် ကုန်းဘောင်မင်းဆက်ဖြစ်သော ဆင်ဖြူရှင်မင်းက ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ပုံစံတူ မွမ်းမံပြုပြင်ကာ ဉာဏ်တော်အမြင့် (၂၀၄) ပေအထိ အမြင့်ဆောင်စေလျက် အရံစေတီတော်ငယ်အဆူ (၄၀) ကိုပါ တည်ထားပေးခဲ့သည်။ထိုသို့ ရှေးမင်းအဆက်ဆက်ပြုပြင်မွမ်းမံတည်ထားခဲ့သည့် တွံတေးရွှေဆံတော်စေတီတော်မြတ်သည် ယခုအခါ မေရုဒကုန်းတော်ထက်ဝယ် ရွှေရောင်တဝင်းဝင်း လင်းလက် တောက်ပလျက် ကြည်ညိုဖွယ်တင့်တယ်လျက်ရှိနေပြီပင် ဖြစ်သည်။

စေတီတော်မြတ်ကြီးနှင့်ပတ်သက်ဆက်နွယ်နေသည့် သမိုင်းကြောင်းတို့ကို ရေးဖော်ရေးဖက်တစ်ဦးဖြစ်သည့် ဆရာ နိုင်ခင်ရွှေက ပြောပြသဖြင့် ပြောပြနေသမျှ နားထောင်ဖြစ်ကြရင်းက စေတီတော်မြတ်ကြီးရင်ပြင်ဝယ် လက်ယာရစ်ပတ်ရင်း ကြည်ညိုနေမိဖြစ်ကြသည်။ ဆရာနိုင်ခင်ရွှေမှာ မွန်အမျိုးသားတစ်ဦးဖြစ်ပြီး မွန်စာပေနှင့် ဗုဒ္ဓဘာသာမြတ်ဘုရား၏ စေတီပုထိုးများ သမိုင်းတို့ကို နှံ့နှံ့စပ်စပ်လေ့လာလိုက်စားနေသူတစ်ဦးပင် ဖြစ်သည်။ ယခုလည်း စေတီတော်မြတ်နှင့်ပတ်သက်၍ သူဖတ်ထားမှတ်ထားမိသမျှ ကြည်ညိုအလေးထားမိစိတ်များပေါ်လာကာ ဖူးမြော်ကြရသဖြင့် ပို၍ အကျိုးထူးမည်ဟု ထင်မိပါသည်။ စေတီတော်ရင်ပြင်ပေါ်ဝယ် ရှေးဟောင်းပန်းကနုတ်လက်ရာများဖြင့်ဝင့်ထည်နေသည့်တန်ဆောင်းများရှိနေသေးသည်ကို တွေ့မြင်ကြရသည်။

စေတီတော်မြတ်၏ အရှေ့ဘက်တန်ဆောင်းအနီးတွင် မဟာမြတ်မုနိရုပ်ပွားတော်မြတ် သီတင်းသုံးတော်မူရာကျောင်းတော်ကြီးရှေ့ဝယ် စေတီတော်ငယ်တစ်ဆူ သီတင်းသုံးတော်မူလျက်ရှိနေသည်။ ထိုကျောင်းတော်ကြီးရှေ့တွင် ခေတ္တနားနေဖြစ်ရင်း တောင်ဘက်သို့ လှမ်းမြော်ကြည့်မိရာ ရှေးကနုတ်ပန်းလက်ရာများဖြင့် ခံ့ထည်စွာတည်ရှိနေသည့် တန်ဆောင်းတော်ကြီးကိုမြင်တွေ့ကြရသည်။ ခေတ္တနားစဉ်အတွင်း ရင်ပြင်ပေါ်ဝယ်တွေ့ခဲ့ကြရသည့် ဇေယျသတ္တမွှေအောင်ကျောက်တိုင်နှင့် ဗုဒ္ဓရုပ်ပွားတော် (၁၀၀၀) ပြည့်စေတီတော်တို့အကြောင်း ပြောနေမိဖြစ်ကြသည်။ စာရေးသူ၏စိတ်အစဉ်ကတော့ ကြွက်အောင်မြေဆီသို့သာရောက်နေဖြစ်၏။ မြွေဟောက်မာန်ထနေသည့်မြွေဟောက်အား ကြွက်ကလိုက်လိုက်ကိုက်နေသည့်ရုပ်တုက အာရုံထဲမှမထွက်နိုင်အောင်ရှိနေခဲ့သည်။

ခေတ္တခဏအပန်းဖြေပြီးသည်နှင့် ရွှေဆံတော်စေတီမြတ် သီတင်းသုံးရာ မေရုဒကုန်းတော်ပေါ်မှ ပြန်ဆင်းကြကာ ကားလေးရပ်ထားရာဆီသို့ လှမ်းခဲ့ကြသည်။ ကားလေးသည် ရန်ကုန်ဆီသို့ ဦးတည်ပြေးလွှားလျက်ရှိနေပြီဖြစ်သော်လည်း တွံတေးသို့အလာ လမ်းတွင် မြင်တွေ့ခဲ့ရသည့် ပေါက္ခရဝတီမြို့ဟောင်းနေရာတို့ ဝင်ကြဦးမည်ကတော့ သေချာပါသည်။ မည်သို့ပင်ဆိုစေ ရှေးဟောင်းသမိုင်းဝင် ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသည့် ရွှေဆံတော်စေတီတော်မြတ်ထံပါး တစ်ခါတစ်ခေါက် အရောက်သွားကာ ဖူးမြော်ကြရင်း ဗုဒ္ဓမြတ်စွာသာသနာသမိုင်းဝယ် ထိမ်ချန်ထား၍မရနိုင်သည့် ပေါက္ခရဝတီမြို့ဟောင်းဆီလေ့လာသမှုပြုသင့်ကြပါသည်။

*ဖူးခွင့်ကြုံကြိုက်နိုင်ကြပါစေ*

အောင်သာချော



www.burmeseclassic.com

www.burmeseclassic.com

# မနှင်းပွင့်(ပြည်)
# ရွှေဘုံသာမုနိမှ သိုက်မယ်တော် မမြစိမ်းနှင့် သူမ၏ပုခက်



မမြစိမ်းပုံ



မမြစိမ်း၏ အပြင်တွင် တွေ့မြင်ရသောပုံအစစ်

ရွှေဘုံသာမုနိဟု ဆိုလိုက်တာနှင့် မြတ်စွာဘုရား ကိုယ်ပွားထားခဲ့သော မုနိ (၄) ဆူကို မျက်စိထဲတန်းမြင်မှာ မလွဲပေ။ ပန်းတောင်းမှာ မုနိတစ်ဆူ၊ ရခိုင်မှာ မုနိတစ်ဆူ၊ ဇလွန်တွင် မုနိတစ်ဆူ၊ မန္တလေးတွင် မုနိတစ်ဆူ ဟူ၍ (၄)ဆူရှိပါသည်။

ရခိုင်မှ မုနိမြတ်စွာဘုရားတစ်ဆူ၊ ဇလွန်မုနိမြတ်စွာဘုရားရှင်တစ်ဆူနှင့် မန္တလေးမုနိမြတ်စွာဘုရားတစ်ဆူတို့ကို ကိုယ်တွေ့ ဖူးတွေ့ရပါသော်လည်း ပြည်မြို့ ပန်းတောင်းနယ်မြေတွင်ရှိပါသော ရွှေဘုံသာမုနိဘုရားအစစ်ကို မည်သူမျှ မျက်မြင်ကိုယ်တွေ့ ယနေ့အထိ မဖူးနိုင်သေးပေ။ ထိုအစစ်ဘုရားသည် တန်ခိုး အင်မတန်ကြီးမားပါသောကြောင့် နတ်များနှင့် သိုက်တို့မှ ဘုရားကြီး၏အောက်ဘက်တွင် လျှို့ဝှက်ထားကြပါသည်။ ထိုအစစ်သည် မြတ်စွာဘုရား၏ ကိုယ်ငွေ့ကိုအပြည့်အဝရထားပေသည်။ ရုပ်တုတော်သည် စကားလည်းပြောပါသည်။ ထို့ကြောင့်လည်း နတ်ဒေဝါများက ကိုယ်တော်ကို သိုဝှက်ထားကြပါသည်။

ယခု ဖူးရှုသည့် ရုပ်ပွားတော်မှာ အစစ်နှင့်မခြား ဖူးတွေ့ရပေမည်။ ထိုသို့ တန်ခိုးကြီးသော ရွှေဘုံသာမုနိကို အဓိကကာကွယ်စောင့်ရှောက်နေသောသူမှာလည်း နဂါးမယ်တော်နှင့် အစ်မတော် မမြစိမ်းပင်ဖြစ်ပါသည်။

တစ်နေ့ -

ရွှေဘုံသာမုနိရွာမှ သူကြီးတစ်ဦးကို အိပ်မက်ပေးဖူးပါသည်။ ရွှေဘုံသာမုနိဘုရားကြီး ပျက်စီးယိုယွင်းနေသည်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် အိပ်မက်ပေး၏။ ထိုဘုရားကြီး စည်ပင်တိုးတက်အောင် သူမကူညီမည်ဖြစ်ကြောင်းနှင့် ရွှေဘုံသာဘုရားကြီးကို မြန်မာပြည်တွင်း ဘုရားဖူးများနှင့် အထူးစည်ကားအောင် သူမမှလုပ်ပေးမည်ဟူ၍လည်း အိပ်မက်ပေး၏။ သူမ၏ပုံကို ထိုဘုရားကြီး၏ရင်ပြင်တော်တွင် ထားရှိပေးရန်လည်း သူမကအိပ်မက်နှင့်တကွ ပြောကြားလာပါသောကြောင့် သူမ၏ရုပ်တုကို ရွှေဘုံသာမုနိဘုရားတွင်ထားရပေးထားရပေသည်။ ထိုရွှေဘုံသာမုနိဘုရားကြီးသည် ၁၉၉၀ ပြည့်နှစ်အထိ အိုမင်းပျက်စီးနေသည်ကို မြင်တွေ့ခဲ့ရသူမှာ စာရေးသူမိမိပင် ဖြစ်၏။ ထိုနေရာကိုသွားဖို့ တောအုပ်ကြီးများ အုပ်ဆိုင်းနေပြီး ဘုရားခြေတော်ရင်းမှ ခြသေ့်ကြီးက အပိုင်းပိုင်းကျိုးနေပြီး ဧရာဝတီမြစ်ကမ်းဘက်သို့ထိုးဆင်းနေ၏။ အမှတ်တရဓာတ်ပုံတောင်ရိုက်ထားပါသေး၏။ ထိုအချိန်က မိမိမှာ (၁၅) နှစ်ကျော်ကျော်လောက်ရှိမည်ထင်ပါသည်။ နောက်ပိုင်း စစ်အစိုးရ (နဝတ) ပြန်လည်ပြုပြင်ပေးထား၍ ယခုကဲ့သို့ မြန်မာပြည်တွင်းမှ သာမက နိုင်ငံခြားသားဧည့်သည်များပင် လာရောက် ဘုရားဖူးမြော်ကြသည်မှာ အထူးပြောစရာမရှိအောင် မြင်ရသည့်အတိုင်း တန်ခိုးကြီးလာပါတော့သည်။

ထိုသို့ ဖြစ်လာရသည်မှာလည်း မမြစိမ်းသည်လည်း တစ်ထောင့်တစ်နေရာကပါဝင်ပြီး ရွှေဘုံသာဘုရားကြီးတိုးတက်ရန်အတွက် အဘက်ဘက်မှ သူမ၏တန်ခိုးဖြင့် ကူညီပေး၏။ မမြစိမ်းဆိုသည်မှာ 'ဘုရားသိုက်ကိုစောင့်ရှောက်သောသိုက်' ပြည်မြို့မှသိုက်အကြီးကျယ်ဆုံးဖြစ်သည်။ မမြစိမ်းသည် အရိမေတ္တေယျဘုရားရှင်ပွင့်တော်မူမှ ကျွတ်တမ်းဝင်မည်ဖြစ်၏။ ပထမဆုံး အရိမေတ္တေယျမြတ်စွာဘုရားရှင်ကို ဖူးတွေ့နိုင်ပေမည်။ မည်သည့်သိုက်မဆို ကိုယ့်ပစ္စည်းကိုယ်စောင့်နေပါသောသိုက်မှလွဲ၍ ကျန်သိုက်များသည် မြတ်စွာဘုရားရှင်ကို ပထမဦးဆုံး ဖူးတွေ့မြင်နိုင်မည် ဖြစ်ပေသည်။ အစ်မတော် မြနန်းနွယ်၊ မမြစိမ်းတို့သည် ဘုရားသိုက်များဖြစ်၏။ ဘုရားပစ္စည်းများကိုစောင့်ရှောက်ရ၏။ မြတ်စွာဘုရား၏ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့ကို စောင့်ရှောက်နေရသောသိုက်များ ဖြစ်သည်။ အရိမေတ္တေယျမြတ်စွာဘုရားသခင်သည် ပထမဆုံး ရွှေစောင်းတန်းမှ ကြွချီမည်ဖြစ်သည်။ မမြစိမ်းသိုက်သည် ပြည်တန်ပတ္တမြားကြီး(၅)လုံးကိုလည်းစောင့်ရှောက်နေရ၏။ ထို့နောက် ရွှေစောင်းတန်းကြီး



www.burmeseclassic.com


www.burmeseclassic.com


နှင့် ပတ္တမြားစောင်းတန်းတို့ကိုလည်း စောင့်ရှောက်နေရ၏။ ထိုတာဝန်အရပ်ရပ်ကို မမြစိမ်းမှတာဝန်ယူထားရသည်။ သူ၏လက်အောက်သိုက်ပေါင်းစုံကလည်း ဝိုင်းဝန်းစောင့်ရှောက်ရ၏။ ထိုစောင်းတန်းတို့သည် ပင်လယ်သမုဒ္ဒရာ၏ အနက်ဆုံးနေရာတွင်ထားရှိသည် ဟူ၍လည်း ဆို၏။ တချို့ကလည်း ပုပ္ပားမြေ၏ တောင်ကြောအောက်ပိုက်မြေတွင်ရှိသည်ဆိုကြပြန်ပါသည်။ ထိုသိုက်တို့၏ အချုပ်သည် အဘဘိုးမင်းခေါင် ဟူ၍လည်း တချို့ပြောကြပြန်ပါသည်။ သူမ၏ရုပ်ပုံထားရှိမှ ရွှေဘုံသာမုနိဘုရားသည် ပို၍လူများလာ၏။ ထို့ပြင် သူမ၏ပုံကိုလည်း ပန်းပုထုသူကို အိပ်မက်ပေး၍ သူမတူအောင်ပင် သူမကလုပအောင် ထုခိုင်း၏။ ပန်းပုဆရာသည် ပန်းပုထုရင်း ရုပ်လုံးတို့သည် အသက်ဝင်နေသလို ခံစားရကာ လှပသော ပန်းပုလက်ရာကိုကြည့်ပြီး သူ့ကိုယ်သူ မယုံနိုင်လောက်အောင်ဖြစ်ရသည်ဟု ပြောသံကြားရပါ၏။

သိုက်မယ်တော်မမြစိမ်းကို အပြင်တွင် ကံထူးသူတို့ တွေ့မြင်ဖူးသူတို့သည် အင်မတန် ချောမောလှပသည်ဟု ပြောကြပါသည်။ လူ့ဘဝတုန်းက အမှန်ပင် ချောမောလှပ၏။ သိုက်တူးသမားတို့လည်း မမြစိမ်းသိုက်ကို အလိုရှိကြ၏။ ထို့ကြောင့်လည်း လူ့ဘဝတွင် မမြစိမ်းသည် ကြာရှည်မနေရဘဲ သိုက်နန်းသို့ပြန်ခဲ့ရခြင်း ဖြစ်ပေသည်။

တကယ်တော့ မမြင်အပ်သော ပုဂ္ဂိုလ်တို့သည် မိမိတို့၏ နီးစပ်ရာတွင် အများကြီးတွေ့ရပေသည်။ မမြစိမ်းသည် အများမခံပေ။ စိတ်လည်းကြီးသူ တစ်ဦးဖြစ်သည်။ တစ်ခါက ရွှေဘုံသာမုနိဖွင့်ပွဲနှင့် ဘုရားပွဲနေ့တစ်နေ့က ပြည်မြို့တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် သွားကြလာကြလျက်ရှိနေသောအချိန်တွင် ရွှေတောင် ကျိုးသဲဘက်မှ ရွာသားတချို့သည် လှေကြီးလှေငယ်များ၊ မော်တော်ဘုတ်များနှင့် လာရောက်ကြပြီး ရွှေဘုံသာဘုရားကို လာရောက်ဖူးကြ၏။ ထိုအချိန်က နဝဒေးတံတားကြီးမှာ တည်ဆောက်ခါစပင်ဖြစ်၍ အုတ်တိုင်ရိုးကြီးများထောင်ထားဆဲ ဖြစ်၏။ ထိုအချိန်ကာလသည်ကား ၁၉၉၄ ခုနှစ်လောက်ရှိမည်ထင်ပါသည်။ ဘုရားဖူးလာရောက်သူလူငယ်များသည် ပျော်ကြရွှင်ကြ၍ မမြစိမ်း၏ သိုက်ပုခက်အစိမ်းရောင်ဒန်းလေးများကို ထိုင်သူကထိုင်၊ လွှဲသူကလွှဲနှင့်လုပ်ကြတော့၏။ ထိုအခါ ဘုရားကို စောင့်ရှောက်နေသော ပုဂ္ဂိုလ်တို့မှ တားဆီးတော့မှ ပုခက်ကို မဆော့တော့ဘဲ ထိုသိုက်ပုခက်အစိမ်းလေးကို အနားမှ စောင့်ရှောက်ကာကြည့်နေရတော့၏။

ပုခက်စီးသူတို့သည် တောင်းပန်ခြင်းမပြုဘဲ အပြန်တွင် မော်တော်ဘုတ်ဖြင့်ပြန်သောအခါတွင် နဝဒေးတံတားအောက်ခြေတွင် ဆောက်လက်စ အုတ်တိုင်ကြီးနှင့် ဆောင့်မိကာ မော်တော်မှောက်သွားတော့၏။ ထိုအချိန်က ပြည်တစ်ဖက်ကမ်းတွင် မိမိထိုင်နေချိန်ဖြစ်သောကြောင့် ထိုအော်သံများကို ကြားရ၏။ 'ကယ်ပါ' ဟူသော အသံကိုကြားရ၏။ ထိုအထဲတွင် မိန်းမတချို့နှင့်ကလေးများ၊ မမြစိမ်း ပုခက်ကို လွှဲကစားမိသော လူငယ်တချို့ သေဆုံးသွားခဲ့ကြောင်း သိရ၏။





အစ်မတော် မမြစိမ်း၏ သိုက်ပုခက်

လှေများကလည်း အချိန်မီရောက်သွားရောက်ကယ်ကြပါသည်။ မိမိသည်လည်း ကြောင်ကြည့်နေရာမှ အော်ဟစ်ကာ အကူအညီတောင်းရ၏။ ဒီအဖြစ်အပျက်လေးက တကယ့်ဖြစ်ရပ်လေးပါ။ နောက်ပိုင်း လူတွေပြောသံများထွက်လာပါတော့သည်။ မမြစိမ်းသိုက်ပုခက်လေးကို မလေးမစားသွားထိုင်လို့တဲ့။ တကယ်တော့ မိမိအထင် 'ဟုတ်မည်မထင်ပါ' သူ့ကံသူ့အကြောင်းကြောင့်သာ ဖြစ်ပေလိမ့်မည်။

သို့သော် ထိုအချိန်မှစ၍ လူများသည် မထိုင်ဝံ့တော့ပေ။ ခုနောက်ပိုင်းတွင်တော့ ထိုအစိမ်းရောင် သိုက်ပုခက်လေးများကို အသံစ်အသစ်လာရောက်လှူဒါန်းသောကြောင့် သိုက်ပုခက်လေးများကို ရွှေဘုံသာမုနိ၏ စနေထောင့်မြေကွက်တွင် အဟောင်းများစွန့်ပစ်ထား၍ မည်သူတစ်ဦးတစ်ယောက် ကစားသော်လည်း အန္တရာယ်မပြုတော့ပေ။ ယခု စာရေးနေချိန်အထိ ထိုအစိမ်းရောက်သိုက်ပုခက်လေးများရှိနေပါသည်။

တကယ်တော့ ရွှေဘုံသာမုနိတွင် မမြစိမ်း စောင့်ရှောက်နေသည်မှာ ယုံများစရာရှိပေ။ မကြာသေး ပြည်မြို့နယ်မှ ပုတီးလာစိပ်သော လူအမည် ဦးထင်။ ရဟန်းအမည်မှာ ဦးတိက္ခဆိုသူသည် မမြစိမ်းကို ကိုယ်တိုင်မြင်ဖူးခဲ့ပါသည်။ မမြစိမ်းသည် သူတွေ့စဉ်က အထက်အောက် အစိမ်းဝမ်းဆက်နှင့် မနက် (၅) နာရီဝန်းကျင် ရဟုထောင့်တွင် ဖြစ်သည်။ ပြီး သူ့ကို တောပန်းများပေးလိုက်သူမှာ ဦးတိက္ခပင်ဖြစ်သည်။

"ဒကာမလေး ရော့ရော့၊ ဒီမှာ တောဒဟတ်ပန်းလေး ဘုရားတင်ပါ၊ ပိုနေတယ်"

ဟု ပြောလိုက်ပြီး ပေးလိုက်ရာ သူမှ -

"ဟုတ်ကဲ့ပါ"

ဟု ပြောပြီး ပန်းကိုယူသွား၏။ ထို့နောက် မမြစိမ်းအဆောင်ဘက်တိုက်ကို တံခါးပိတ်ထားဆဲ အခန်းလည်းရောက်ရော အပြင်မှကြည့်လိုက်ရာ ခုနပေးလိုက်ပါသော လတ်လတ်ဆတ်ဆတ်ပန်းများကို မြင်လိုက်ရသောအခါ ဘုန်းကြီးဦးတိက္ခမှာ တော်တော်ကို အံ့သြသွားရပါကြောင်း၊ သူ၏ ဒကာ၊ ဒကာမများကို အမြဲတမ်းပြောပြ၍ မိမိကလည်း ထပ်ဆင့် တင်ပြအပ်ပါသည်။

မနှင်းနု(ပြည်)



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ထီးတောင်ပေါ်ရှိ နဂါးရုံဘုရား



ဗိဗ္ဗာတောင်ထိပ်ရှိ ဘုရားဆင်းတုတော်ပုံ

## အဘာ၀(သာသနာ့အလင်းရောင်)

# လေးကြိုးမင်းခေါင်ရဲ့ဝိဗ္ဗာတောင်

### တတောင်အတိုက်ခဲ့နိမိတ်ကိုဆောင်

### မိုးထိတက်အောင် လှေကားထောင်မှော

ကျွန်ုပ်၏ ခန္ဓာကိုယ်သည် အဖြူရောင်ဟင်းလင်းပြင်ကြီးထဲ၌ တိမ်တိုက်များပမာ လေထဲ၌ ပေါ့ပါးလွတ်လပ်စွာဖြင့် လွင့်မျောနေပြီး ဖော်ပြခြင်းအလို့ငှာ မစွမ်းနိုင်သောစွမ်းအင်တစ်ခုက ညို့ငင်ဆွဲယူကာခေါ် ဆောင်နေသည်ကို ကျွန်ုပ်၏စိတ်အာရုံက သိရှိနေသည်။ ထိုကဲ့သို့ လွင့်မျောနေရင်းဖြင့် ကျွန်ုပ်၏အရှေ့တည့်တည့် ဟိုးအဝေးတစ်နေရာရှိ အဖြူရောင်ဟင်းလင်းပြင်ကြီးထဲမှ ပြိုးပြိုးပြက်ပြက်ဝင်းဝင်းလက်လက်နှင့်အရောင်များ တဖိတ်ဖိတ်တောက်ပနေသောအရာဝတ္ထုတစ်ခုကို လှမ်းမြင်နေရ၏။ ထိုကဲ့သို့ အရောင်များဖြာထွက်နေသောအရာဝတ္ထုနှင့် ကျွန်ုပ်သည် ဖြည်းဖြည်းချင်း နီးကပ်သထက် နီးကပ်လာသဖြင့် အမြင်အာရုံသည်လည်း သဲသဲကွဲကွဲ ပီပီပြင်ပြင်မြင်ရလာပါတော့သည်။

အရောင်များဖြာထွက်နေသော အရာမှာ တခြားမဟုတ်။ ရွှေရောင်များ တောက်ပစွာဖြင့် အလင်းရောင်များ ဖြာထွက်နေသော ကိုးတောင်ပြည့် ရွှေစေတီတစ်ဆူဖြစ်နေသည်ကို ထူးခြားစွာ တွေ့ရှိလိုက်ရပါတော့၏။ တစ်ဆက်တည်း၌ပင် ထိုစေတီ၏ရင်ပြင်တော်ပေါ်တွင် သင်္ကန်းယိမ်းအကအဖွဲ့များကဲ့သို့ တူညီစွာဖြင့် အစိမ်းရောင်နန်းဝတ်နန်းစားများကိုဝတ်ဆင်ထားကာ ဆံပင်အရှည်များကို ဖားလျားချ၍ ဦးခေါင်းပေါ်တွင် ပန်းများကို ဝေဝေဆာဆာ



အောင်သိဒ္ဓိဗိဗ္ဗာတောင် (ခေါ်)
အောင်မင်္ဂလာသိဒ္ဓိဗိဗ္ဗာတောင်



ဂန္ဓာရီပုဗ္ဗိုလ်ကြီးများ တရားကျင့်ကြံအားထုတ်နေကြသည့် ကိုးတောင်ပြည့်စေတီများ




www.burmeseclassic.com

www.burmeseclassic.com



ဦးပဥ္ဇင်းဝတုတ် ကျောင်းဝင်းထဲရှိ ဘုရားဆင်းတုတော်များ



ဦးပဥ္ဇင်းဝတုတ် ကျောင်းဝင်းထဲရှိ ဘုရားဆင်းတုတော်များ၏ အနောက်ဘက်မှမြင်ကွင်း



ဦးပဥ္ဇင်းဝတုတ် ကျောင်းဝင်းထဲရှိ ဘုရားဆင်းတုတော်များ၏ ဘေးတိုက်မြင်ကွင်း


ပန်ထားကြသော အမျိုးသမီးများသည် ဘုရားရင်ပြင်တော်ပေါ်တွင် ဟိုတစ်စု ဒီတစ်စုဖြင့် အလုပ်များနေကြပါသည်။ ကျွန်ုပ်၏ခန္ဓာကိုယ်သည်လည်း လေထဲ၌ တဖြည်းဖြည်း ရွေ့လျားနေရင်းဖြင့်ပင် ထိုစေတီနှင့် ပိုမိုနီးကပ်လာပါသည်။ ထိုအချိန်တွင် ကြေးစည်ထုသံကို ကြား လိုက်ရပြီးသည်နှင့်တစ်ပြိုင်နက် စေတီ အထက်စောင်းတန်းမုခ်တစ်ခုမှ အသား ညိုညို၊ ခပ်ဝဝ၊ ဗိုက်ရွဲရွဲနှင့် မည်းနက်နေ သောစိပ်ပုတီးအကြီးကြီးကို လည်ပင်း၌ဆွဲထားသော ဘိုးသူတော်ကြီးတစ်ဦး ပန်းမျိုးစုံတို့ကို ခြင်းတောင်းထဲ၌အပြည့် ထည့်ထားကာ အရှေ့၊ အနောက်တောင်းနှစ်တောင်းကို ထမ်းပိုးဖြင့်ထမ်း၍ ကြေးစည်လေးကို ထုကာထုကာဖြင့် ဘုရားရင်ပြင်ပေါ်သို့ ရောက်ရှိလာပါသည်။

ကြေးစည်ထုသံနှင့်အတူ ဘိုးသူတော်ကြီးကို မြင်တွေ့လိုက်သောအခါ ဘုရားရင်ပြင်ပေါ်ရှိ အစိမ်းရောင်နန်းဝတ်နန်းစားများနှင့် အမျိုးသမီးများအားလုံးတို့သည် ဘိုးသူတော်ကြီးရှိရာဆီသို့ သူ့ထက်ငါ အလုအယက်ပြေးလာကာ တောင်းထဲရှိပန်းများကို တိုးဝှေ့၍ ယူငင်ကြပြီး ဤရွှေရောင်တဖိတ်ဖိတ်တောက်နေသော ကိုးတောင်ပြည့်ရွှေစေတီအား ပန်းများဆက်ကပ်ကာ လှူဒါန်းပူဇော်မှုများ ပြုလုပ်နေကြပါသည်။

ထိုသို့ တွေ့မြင်ရပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် ဘိုးသူတော်ကြီး၏အရှေ့သို့ အလိုလိုရောက်ရှိသွားပါတော့သည်။ သူ၏အရှေ့သို့ရောက်ရှိလာပြီး မတ်တတ်ရပ်နေသော ကျွန်ုပ်အား ဘိုးသူတော်ကြီးမှ သူ၏ တောက်ပစူးရှသော မျက်လုံးတစ်စုံဖြင့် စူးစူးစိုက်စိုက်ကြည့်ရှုနေပါသည်။ ဤကဲ့သို့ကြည့်နေရင်းမှ ဘိုးသူတော်ကြီးသည် ကျွန်ုပ်၏လက်ကိုဆွဲကိုင်ပြီး စေတီရင်ပြင်ပေါ်ရှိ ထောင့်တစ်နေရာသို့ ခေါ်ဆောင်လာကာ စေတီရင်ပြင်ပေါ်မှနေ၍ ဟိုးအဝေးခပ်လှမ်းလှမ်းတွင်ရှိသော တောတောင်ကြီးများကိုသာတွေ့မြင်ရသဖြင့် ဘယ်လိုအဓိပ္ပာယ်မျိုးနှင့် တောတောင်ကြီးများကို လက်ညှိုးထိုးပြနေတာလဲဟု ဆိုလိုချင်သောသဘောမျိုးဖြင့် မေးငေါ့ပြလိုက်ပါသည်။

ထိုအခါ ဘိုးသူတော်ကြီးသည် မည်သည့်စကားတစ်ခွန်းကိုမျှမပြောဘဲ ကျွန်ုပ်ကို ထပ်မံ၍ စူးစူးစိုက်စိုက်ကြည့်ပြန်သည်။ ခဏအကြာ၌ သူ၏လက်ညှိုးကို ထပ်မံ၍ တောတောင်ကြီးများဆီသို့ ညွှန်ပြပြန်သည်။ ကျွန်ုပ်လည်း ပထမနည်းအတိုင်းပင် ကြည့်မိပြန်သည်။ ဒီတစ်ခါတော့ ထူးခြားသွားပါသည်။ သူ၏ လက်ညှိုးညွှန်ပြရာဆီသို့ ကျွန်ုပ်၏ခန္ဓာကိုယ်သည် လေထဲတွင် ပေါ့ပါးစွာဖြင့် လက်ညှိုးညွှန်ပြရာဆီသို့ တစ်ပါတည်းလိုက်ပါသွားပြီး တောတောင်ထဲရှိ တောင်တစ်တောင်၏ တောင်ခြေသို့ ရောက်ရှိသွားပါသည်။ တောင်ခြေသို့

www.burmeseclassic.com



ဦးပဥ္စင်းဝတုတ်ကျောင်းဝင်းအတွင်းမြင်ကွင်းများ



မိုးရွာသွန်းမှုကြောင့် တောင်ပြိုပြီး လမ်းပျက်နေသည်ကို ဗိုင်းဝန်းကာ ဤကဲ့သို့ ပြုပြင်ပြီးသွားရပါသည်



တာတ်တော်တိုက်သေးမှ မြင်တွေ့ရသော တောရှင်းပြီး လေးကြိုးမင်းခေါင်ကြီးဟုံ



လေးကြိုးမင်းခေါင်ကြီးရဲ့အရိုးကို အားကြိုးမာန်တက်ဖြင့် တောင်ထိပ်တွင် ဆောင်ရွက်နေကြပုံ



တာရေးသူစိမ္မမိတ်ဆွေများ အသာအရိုးအတွက် တောင်ဆောင်ရွက်ထုပ်ကိုင်နေကြပုံ



ရွှေစေတီဘုရားအား ပန့်ကိရိက်သည့်နေ့ကို မှတ်သားထားသော ကျောက်တိုင်

ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် ဦးခေါင်းကို တောင်ပေါ်သို့မော့ကြည့်လိုက်သောအခါ ‘အောင်သိဒ္ဓိ ဝိဇ္ဇာတောင်’ဟူသောစာတန်းကို တွေ့ရှိလိုက်ရပါတော့သည်။

ထိုကဲ့သို့ မြင်တွေ့လိုက်ရပြီးသည်နှင့်တစ်ပြိုင်နက် မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အချိန်လေးတွင် ကျွန်ုပ်သည် ဘုရားရင်ပြင်ပေါ်ရှိ ဘိုးသူတော်ကြီးအနားသို့ အလိုလိုပြန်လည်ရောက်ရှိနေပါသည်။ ကျွန်ုပ် သူ၏အနားသို့ပြန်လည်ရောက်ရှိလာသောအခါ ဘိုးသူတော်ကြီးမှ ‘လူလေး-ပြန်တော့’ ဟု စကားတစ်ခွန်းသာ စတင်၍ပြောလိုက်ပြီး ကျွန်ုပ်၏ခန္ဓာကိုယ်ကို သူ၏လက်နှစ်ဖက်ဖြင့် ဘယ်၊ ညာလှမ်းကိုင်ကာ အပေါ်သို့ မြှောက်တင်လိုက်ပါသည်။

“ဒုန်း. . . အား. . .”

“ဟင် - အစ်ကို၊ အိပ်နေရင်းနဲ့ ဘယ်လိုဖြစ်ရတာလဲ”

ဟု ဇနီး၏ မေးသောစကားသံကို ကြားလိုက်ရသောအချိန်မှ အိပ်မက်မက်နေသည်ကို သိရှိလိုက်ရပါသည်။

ထို့ကြောင့် ဇနီးဖြစ်သူအား -

“ဘာမှမဖြစ်ပါဘူးကွာ။ အိပ်မက်မက်ပြီး ခေါင်းရင်းကအုတ်နံရံနဲ့ ခေါင်းနဲ့ဆောင့်မိတာပါ”

ဟု ပြောလိုက်ပြီး ဧည့်ခန်းထဲသို့ ထွက်လာကာ အိပ်မက်အကြောင်းကို ပြန်လည်၍ စဉ်းစားနေမိသည်။

ဧည့်ခန်းထဲရှိ နာရီကိုကြည့်လိုက်သောအခါ နံနက်စောစော(၄း၃၀)အချိန်ဖြစ်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်လည်း ဆက်လက်၍ အိပ်ချင်စိတ်မရှိတော့သဖြင့် ရေမိုးချိုးသန့်စင်လိုက်ပြီး ကမ္မဋ္ဌာန်းတရားအားထုတ်လိုက်ပါတော့သည်။ တရားထိုင်မှု ပြီးစီးသွားသောအချိန်၌ မိုးလင်းသွားပြီဖြစ်သောကြောင့် ဇနီးက အဆင်သင့်ပြင်ဆင်ပေးထားသောနံနက်



www.burmeseclassic.com

www.burmeseclassic.com

စာအဆာပြေကို စားသုံးလိုက်ပါသည်။ အဆာပြေစားသုံးပြီးသည်နှင့် ကျွန်ုပ်သည် ဘိုးတော်အောင်မင်းခေါင်ကြီး တည်ထား ကိုးကွယ်ခဲ့သော သာသနာ့အလင်းရောင်ဘုရား ဥက္ကလာဦးစေတီရှိရာသို့ ထွက်ခွာလာခဲ့ပါသည်။

ဘုရားသို့ ရောက်သောအခါ ဂေါပကဥက္ကဋ္ဌဦးသိန်းအေး၊ စာရင်းစစ်ဦးမြင့်ဝင်း၊ စာရေးကြီးဦးထွန်းမြင့်နှင့် အားလပ်သောအချိန်တိုင်းတွင် ဘုရားဝေယျာဝစ္စများကို လာရောက်၍ ကူညီလုပ်ကိုင်ဆောင်ရွက်ပေးသော မင်းမင်းဆိုသူပါ ရောက်ရှိနေပြီး သူတို့လေးဦးဝိုင်းဖွဲ့ကာ စကားပြောနေကြသည်ကို တွေ့ရှိရပါသည်။ ကျွန်ုပ်လည်း သူတို့လေးဦးကို ပြုံးပြနှုတ်ဆက်ကာ စကားဝိုင်းထဲသို့ဝင်ထိုင်၍ နားထောင်နေလိုက်ပါသည်။ သူတို့လေးဦး စကားပြောဆိုကြပြီးသောအခါ ကျွန်ုပ်မှစတင်၍ -

"ကဲ - အားလုံးပဲ ကျွန်တော်နောက်တစ်ပတ် တနင်္ဂနွေနေ့ကျရင် ဒေးစွန်ပါဘုရားရဲ့အနောက်ဘက်တောင်တစ်ကြော ပဲခူးရိုးမတောင်တန်းတွေပေါ်မှာ တရားကျင့်ကြံအားထုတ်ပြီး မြိုးမြိုချွေတာစွာနဲ့ ခက်ခက်ခဲခဲ နေထိုင်နေကြတဲ့ ပုဂ္ဂိုလ်အားလုံးကို ကျွန်တော်နိုင်သလောက်၊ သဒ္ဓါရှိသလောက် အခုလိုဝါတွင်းကာလ မိုးတွင်းအချိန်မှာ စားနပ်ရိက္ခာရှားပါးတဲ့အတွက် တာရှည်စွာအထားခံတဲ့စားစရာကုန်ခြောက်တွေကို ခက်ခက်ခဲခဲနဲ့ တောထဲတိုးဝင်ပြီး သွားရောက် ရှာဖွေလှူဒါန်းမယ်။ ဒါကြောင့် အခုလာမယ့်တစ်ပတ် တနင်္ဂနွေနေ့မှာ ဒေးစွန်ပါဘုရားကို ကျွန်တော်နဲ့အတူတူ ဘယ်သူတွေလိုက်ကြမလဲပြောပါ။ လိုက်ချင်တဲ့သူကို ကျွန်တော်က အစစအရာရာ တာဝန်ယူပြီးခေါ်သွားမယ်။ ဖြစ်နိုင်တယ်ဆိုရင် လေးယောက်စလုံးကိုလိုက်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ခက်ခက်ခဲခဲ သွားရောက် လှူဒါန်းမှာဖြစ်လို့ ထူးထူးခြားခြားအကျိုးပေးလိမ့်မယ်ဆိုတာ ကျွန်တော်ယုံကြည်ထားတယ်။


ဝိဇ္ဇာတောင်ပေါ်မှ မြင်တွေ့ရသော သူတော်ကောင်းကြီးများ ပျော်စံရာ တောမြိုင်မဟာ


စာရေးသူတို့ သွားရောက်လှူဒါန်းခဲ့သော ပဲခူးရိုးမအတွင်းရှိ တောလမ်းတစ်နေရာ


ပထမဆုံး အလှူရှင်သုံးဦးနှင့် အတူတူ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး စာရေးသူအား ဝိဇ္ဇာတောင်တွင် သတိထားပြီး ဆောင်ရွက်ရန် ရှင်းပြခဲ့သော ဆရာတော်ဦးသောဘိတ


လှူဖွယ်ပစ္စည်းများနှင့် တရားနာရန် စောင့်ဆိုင်းနေသော စာရေးသူတို့မိသားစုနှင့် ဓမ္မမိတ်ဆွေများ


ဝိဇ္ဇာတောင်ပေါ်မှ မြင်တွေ့ရသော ပဲခူးရိုးမရှုခင်းများ


ထေးကြီးမင်းခေါင်ကြီးကို နောက်ကျောဘက်မှ မြင်တွေ့ရပုံ

www.burmeseclassic.com




စာရေးသူအား နေ့ ည အကူအညီပေးခဲ့သော ဦးပဍ္ဍင်းယာန်ညွှန့်၊ ဦးပဍ္ဍင်းဝတုတ်



စာရေးသူတို့မိသားစု၏ အလှူခံနေမှတ်တမ်းကျောက်ပြားပုံ



ဆေးကြိုးမင်းခေါင်ကြီး အတိတ်နိမိတ်ဆောင်ခဲ့သော မိုးထိတက်အောင်အတွက် စာရေးသူမှ ဆောင်ထိုက်သောလှေကား



ဦးပဍ္ဍင်းဝတုတ်၏ တစ်ပါးနေကျောင်း



ဦးပဍ္ဍင်းဝတုတ်၏ကျောင်းအဝင်ဆိုင်းဘုတ်

ပြီးတော့ ဒီကုသိုလ်တွေအားလုံးကို ဘုန်းတော်က အမျှပေးချင်တယ်။ အားလုံးကိုလည်း ဝမ်းမြောက်ဝမ်းသာ စွာနဲ့ သာဓုခေါ်စေချင်တယ်။ ကဲ ဘုန်းတော်နဲ့ ဘယ်သူတွေလိုက်ကြမလဲ ပြောပါ"

ဟု ပြောလိုက်သောအခါ လေးဦး စလုံးမှာ ဒေးစွန်ပါဘုရားကိုသာ ရောက်ဖူးကြပြီး ဘုရား၏အနောက်ဘက် ပဲခူးရိုးမတောင်တန်းတစ်လျှောက် မရောက်ဘူးကြသဖြင့် -

"လိုက်မယ်"

ဟု အားလုံးမှ အဖြေပေးကြပါသည်။

ထို့ကြောင့် ကျွန်ုပ်သည်ဒေးစွန်ပါ သာသနာ့နယ်မြေတွင် အလှူအတန်း ပြုလုပ်တိုင်း ကိုယ်ရောစိတ်ပါအားတက် သရော ကူညီလုပ်ကိုင်ဆောင်ရွက်ပေး သော ဒေးစွန်ပါသာသနာ့နယ်မြေရှိ သီတာရုံကျောင်းမှ ကျောင်းထိုင် ဦးဇောတိက (ခေါ်) ဦးပဍ္ဍင်းဝတုတ်ကို ချက်ချင်းဖုန်းလှမ်းဆက်ကာ အသိပေး အကြောင်းကြားလိုက်ပါသည်။ ဦးပဍ္ဍင်း ဝတုတ်ဆီသို့ အကြောင်းကြားပြီးသော အခါ သူတို့လေးဦးနှင့် ခရီးထွက်မည့် အချိန်၊ ဆုံကြမည့်နေရာ စသဖြင့် ကိစ္စ အားလုံးတို့ကို တိုင်ပင်ဆွေးနွေးကြပြီး သာသနာ့အလင်းရောင်ဘုရားဥက္ကလာဦး စေတီမှ ပြန်လာခဲ့ပါသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့ မိသားစုနှင့် အတူ ဓမ္မမိတ်ဆွေများအားလုံး အတူ တကွ နတ်ပေါင်းစုံ၊ ဓာတ်ပေါင်းစုံ၊ သိုက် ပေါင်းစုံ ဂန္ဓာရီခရီးလမ်းကို လျှောက် လှမ်းနေကြသော ပုဂ္ဂိုလ်ကြီးများပါ အစုံ အလင်ရှိသော ဒေးစွန်ပါဘုရား ဂမ္ဘီရ နယ်မြေဆီသို့ ခရီးထွက်ခွာလာပါတော့ သည်။ အချိန် (၂) နာရီခန့် ကားမောင်း လာပြီးသောအခါ ဒေးစွန်ပါသာသနာ့ နယ်မြေအတွင်းရှိ သီတာရုံကျောင်း ဦးပဍ္ဍင်းဝတုတ်ကျောင်းသို့ ကျွန်ုပ်တို့ ရောက်ရှိခဲ့ပါသည်။ ထိုကျောင်းသို့ ရောက်ရှိသောအခါ လိုက်ပါလာသော ဦးသိန်းအေး၊ ဦးမြင့်ဝင်း၊ ဦးထွန်းမြင့်နှင့် မင်းမင်းတို့လေးဦးကို ဦးပဍ္ဍင်းဝတုတ်နှင့် မိတ်ဆက်ပေးကာ စကားစမြည်ပြောဖြစ် ကြပါသည်။ ခဏတာမျှ စကားပြောဆို ကြပြီးသည်နှင့် ဦးပဍ္ဍင်းဝတုတ် အပါ အဝင် ကျွန်ုပ်တို့အားလုံးတို့သည် ဒေးစွန် ပါဘုရား၏ အနောက်ဘက် ပဲခူးရိုးမ တောင်ဆွယ်တောင်တန်းကြီးများရှိရာဆီ သို့ လှူဖွယ်ပစ္စည်းများနှင့်အတူ ကားကို ဆက်လက်မောင်းနှင်ခဲ့ပြီး ခရီးဆက်ခဲ့ကြ ပါသည်။ (၄၅) မိနစ်ခန့် တောတောင် လျှိုမြောင်ချိုင့်ဝှမ်းများကို တစ်တောဝင် တစ်တောထွက် တစ်တောင်တက် တစ် တောဆင်း ဖြတ်ကျော်မောင်းနှင်လာပြီး သောအခါ ၁၃၁၀ ပြည့်နှစ်တွင် ပန္နက် ရိုက်သည်ဟု ရေးသားထားသော ရွှေ စေတီဘုရားသို့ ရောက်ရှိလာပါသည်။ ထိုနေရာသည် ကားလမ်းခရီး ပြီးဆုံးပြီ ဖြစ်သောကြောင့် ကျွန်ုပ်တို့စီးလာသော ကားကိုထားခဲ့ကာ ရွှေစေတီဘုရားသို့ တက်ရောက်ဖူးမြော်ကန်တော့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေစေတီ၌ (၁၅) မိနစ်ခန့်အနားယူလိုက်ကြပြီးသောအခါ လှူဖွယ်ပစ္စည်းများကို တစ်ပိုင်တစ်နိုင်သယ်ဆောင်၍ ခြေကျင်ခရီးဖြင့် တောထဲသို့ တိုးဝင်ကာ ရွာဖွေလှူဒါန်းမှု ပြုလုပ်ရတော့မည်ဖြစ်သောကြောင့် ကျွန်ုပ်၏ဇနီး၊ ကျွန်ုပ်၏သားနှင့်အတူ နှစ်ဖက်မိဘများကို ရွှေစေတီ၌ပင် ကျွန်ုပ်တို့ပြန်အလာကို စောင့်ဆိုင်းစေခဲ့ပါသည်။ ထို့နောက် ဦးပဥ္စင်းဝတုတ်နှင့် ကျွန်ုပ်တို့ ငါးဦးတို့သည် လှူဖွယ်ပစ္စည်းများနှင့်အတူ (၃) နာရီကျော်ခန့် တောထဲတိုးဝင်ကာ ရွာဖွေလှူဒါန်းမှုများပြုလုပ်ခဲ့ပါသည်။

ထိုကဲ့သို့ လှူဒါန်းမှုများပြုလုပ်ပြီးသည်နှင့် ရွှေစေတီရှိရာသို့ပြန်အလာ ရွှေစေတီကို အဝေးမှလှမ်းမြင်ရသော နေရာသို့အရောက် တောင်တစ်တောင်၏စောင်းမှ ကွေ့ဝိုက်ကာ လမ်းလျှောက်လာစဉ် 'ဝေါ. . . ဝရော. . . ဂျိမ်း. . .' ဆိုသော တော်လည်းသံကဲ့သို့ လေတိုက်ခတ်သံနှင့်အတူ အုံ့မှိုင်းနေသော မိုးတိမ်များကြားမှ လျှပ်စီးလက်ကာ ခပ်လှမ်းလှမ်းရှိသစ်ပင်တစ်ပင်ကို အမှတ်မထင် မိုးကြိုးပစ်ချလိုက်သဖြင့် ကျွန်ုပ်တို့အားလုံးသည် ခေါင်းကိုငုံ့၍ ဖက်ပိုးများကို ပုလိုက်ကာ ပြိုင်တူငုတ်တုတ်ထိုင်လျက်သားဖြစ်သွားပါသည်။ ထိုသို့ မိုးကြိုးပစ်ချပြီးသည်နှင့် ကျွန်ုပ်တို့အားလုံးသည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်မိပြီး ရှက်ကိုးရှက်ကန်းဖြင့် ရယ်ရွှင်ကာ ထိုင်နေရာမှ ပြန်ထလိုက်ကြပါသည်။ ဤကဲ့သို့ ပြန်အထတွင် ကျွန်ုပ်သည် အမှတ်မထင် ဘေးတွင်ကပ်လျက်ရှိသော တောင်ပေါ်သို့ မော့ကြည့်လိုက်သောအခါ ဘာကြောင့်မှန်းမသိ ကျွန်ုပ်၏ခန္ဓာကိုယ်သည် လေထဲ၌လွင့်ပျံနေသလိုခံစားလိုက်ရပြီး ဝမ်းသာပီတိဖြစ်မှုများနှင့်အတူ တဒင်္ဂ ခဏတာမျှ အံ့သြမှင်တက်သွားပါတော့သည်။

ထိုကဲ့သို့ ဖြစ်ပျက်ခံစားလိုက်ရခြင်းအကြောင်းသည် အခြားမဟုတ်။ လွန်ခဲ့သော ရက်အနည်းငယ်ကပင် ကျွန်ုပ်



စာရေးသူတို့ ဖြတ်ကျော်မောင်းနှင်ရမည့် တောင်ကျရေစီးကြမ်းပုံ



တက်ညီလက်ညီ ကျော်ဖြတ်လာခဲ့သော တောင်တက်လမ်းတစ်နေရာ



စာရေးသူကားကို တောင်ကျရေများထဲမှ ဖြတ်ကျော်မောင်းနှင်နိုင်ရန် ဦးပဥ္စင်းဝတုတ်မှ လေ့လာနေသောပုံ



အမိုးမိုးရန် ပစ္စည်းများ တင်ဆောင်လာသော စာရေးသူ၏ကား လျှိုထဲသို့ထိန်းပြီးဆင်းနေပုံ



လှေကားမစတင်မီ ဗိဇ္ဇာတောင်ပေါ်မှ မြင်တွေ့ရသော တောင်ခြေရှိ အဝင်မုခ်ဦးပုံ



အမိုးမိုးမှုကိစ္စအောင်မြင်သွားသော ဗိဇ္ဇာတောင်ပေါ်ရှိ ဘုရားကျောင်း၊ ဓာတ်တော်တိုက်နှင့် လေးကြိုးမင်းခေါင်ပုံကို အဝေးမှမြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်မြင်မက်ခဲ့သော ဘိုးသူတော်ကြီး ထတ်ညွှိုးထိုးကာ ညွှန်ပြခဲ့သည့် 'အောင်သိဒ္ဓိ ဝိဇ္ဇာတောင်' ဟု ရေးသားထားသောစာတန်းကိုတွေ့ရှိလိုက်ရသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တောင်ပေါ်သို့မော့ကြည့်ပြီး ကြောင်တောင်ကြီးမတ်တတ်ရပ်နေစဉ် ဦးပဥ္စင်းဝတုတ်မှ-

"ဟေ့-ဒကာကြီး၊ ကြောင်တောင်တောင်နဲ့ ဘာတွေကိုမော့ကြည့်ပြီးရပ်နေတာလဲ။ လာ-သွားမယ်။ တော်ကြာနေမိုးပေါက်တွေကျလာပြီး မိုးရွာလာရင် တောင်ရေတွေဆင်းလာပြီးသွားရလာရတာ ခက်ခဲသွားမယ် လာ"

ဟု ကျွန်ုပ်၏ ပခုံးကိုပုတ်ကာ သတိပေးလိုက်ပါသည်။ ထိုကဲ့သို့ ပခုံးပုတ်ပြီး သတိပေးလိုက်တော့မှ ကျွန်ုပ်လည်း ပြန်လည်၍သတိဝင်လာကာ-

"နေဦး နေဦး ဦးပဥ္စင်းဝတုတ်၊ ဒီအောင်သိဒ္ဓိဝိဇ္ဇာတောင်ပေါ်ကို တပည့်တော်တက်ချင်တယ်"

"ငါ့ဒကာတော့လုပ်ပြီ။ စူးစမ်းချင်တဲ့စိတ်က တော်တော်ပြင်းထန်တာပဲ။ တောင်ပေါ်တက်ရမယ့် အစက်လမ်းရဲ့ အခြေအနေကိုလည်း ကြည့်လိုက်ဦး။ သစ်ပင်သစ်ကိုင်းတွေကိုဆွဲပြီး ခဲရာခဲဆစ်တက်ရမှာ။ ပြီးတော့ မိုးကလည်းရွာလာပြီ လမ်းချော်ပြီး ပစ်လဲရင် မကောင်းဘူး။ လာပါ ဒကာကြီးရာ၊ စိတ်လျှော့လိုက်ပါ။ နောက်တစ်ကြိမ် မိုးကုန်မှပဲ ပြန်လာကြတာပေါ့"

"မရဘူး ဦးပဥ္စင်းဝတုတ်၊ တပည့်တော် ဆုံးဖြတ်ချက်ချပြီးသွားပြီ။ ဘယ်သူမှမလိုက်ရင်လည်း တပည့်တော်စိတ်မဆိုးဘူး။ ဦးပဥ္စင်းဝတုတ်တို့အားလုံး ရွှေစေတီကစောင့်နေကြပါ"

ဟု ပြောပြီး ကျွန်ုပ်သည် အောင်သိဒ္ဓိဝိဇ္ဇာတောင်ပေါ်သို့ သစ်ပင်သစ်ကိုင်းများကိုဆွဲ၍တစ်မျိုး၊ လေးဖက်ထောက်၍တစ်ဖုံ တောင်ပေါ်သို့ စတင်တက်ရောက်ပါတော့သည်။ကျွန်ုပ်တောင်ပေါ်သို့ တောတိုးကာ တက်ရောက်နေသောအချိန်မှ စာရေးကြီး ဦးထွန်းမြင့်မှ-

"ကဲ - တို့တွေလည်းလိုက်ကြမယ်ကွာ။ သွားအတူ လာအတူ စားတော့လည်းအတူတူပေါ့ကွာ"

ဟု ပြောဆိုသံကိုကြားရသဖြင့် အောက်ဘက်သို့ ကျွန်ုပ်ကြည့်လိုက်သောအခါ တောင်ပေါ်သို့ သစ်ကိုင်းများကိုဆွဲကာ ကန်းကုန်းကွကွဖြင့် တောင်ပေါ်သို့ တက်လာကြပါသည်။ ထိုကဲ့သို့ ကျားကုတ်ကျားခဲ ဇွဲဖြင့်ကြိုးစား၍ တက်ခဲ့သောကြောင့် တစ်စုံတစ်ရာမှ ထိခိုက်မှုမရှိဘဲ အောင်သိဒ္ဓိဝိဇ္ဇာတောင်ပေါ်သို့ ဘေးရန်ကင်းစွာဖြင့် ရောက်ရှိခဲ့ပါသည်။

ဝိဇ္ဇာတောင်ပေါ်သို့ ရောက်သောအခါ တောင်ထိပ်တွင် ပျဉ်ထောင်သွပ်မိုး အုတ်ပေါင်ကို ပေါင်အရှင်းလောက်ထိသာ ကာရံထားသော အဆောင်ကိုတွေ့ရှိရပြီး အဆောင်၏အဆုံးတွင် ကျောက်ဆင်းတုတော်ဘုရားတစ်ဆူကိုတွေ့ရှိရပါသည်။ ကျွန်ုပ်တို့အားလုံးလည်း ကျောက်ဆင်းတုတော်ကို ရှိခိုးဦးချကန်တော့လိုက်ပြီး တောင်ထိပ်တွင် လေညင်းခံကာ ပတ်ဝန်းကျင်တွင်ရှိသော တောတောင်ရှုခင်းများကို ကြည့်ရှုခံစားလိုက်ပါသည်။ လေညင်းခံပြီးသောအခါ အဆောင်၏ ဘယ်ဘက်အခြမ်းတွင်ရှိ အုတ်အဆောင်လေးအား သွားရောက်၍လှေ့လာကြည့်ရှုကြသောအခါ ရဟန္တာဓာတ်တော်ဟု ရေးသားထားသော ဓာတ်တော်များကိုလည်း တွေ့ရှိရပါသည်။ ထိုဓာတ်တော်များကို ကျွန်ုပ်တို့အဖွဲ့အားလုံး ဖူးမြော်ကန်တော့လိုက်ကြပါသည်။ ကန်တော့ပြီးသည်နှင့် ကျွန်ုပ်သည် ဘာကြောင့်မှန်းမသိ ဓာတ်တော်တိုက်၏ ဘယ်ဘက်အခြမ်း ကိုင်းတောထဲတွင် အရာဝတ္ထုတစ်ခုကို အမှတ်မထင် တွေ့မြင်လိုက်ရသောကြောင့် ကိုင်းတောထဲသို့ တိုးဝင်လိုက်သောအခါ ကျွန်ုပ်တို့အားလုံး ထင်မှတ်မထားသော မြင်ကွင်းကြောင့် အားလုံးအံ့ဩသွားရပါသည်။

ထိုကဲ့သို့ ဖြစ်ပေါ်ရခြင်းမှာ ဤအောင်သိဒ္ဓိဝိဇ္ဇာတောင်ထိပ် ကျွန်ုပ်တို့၏ အရှေ့တည့်တည့်၌ ဓာတ်ပေါင်းဦးသျှောင်ဘိုးတော်အောင်မင်းခေါင်ကြီး၏ ရုပ်တုအကြီးကြီးကို တင်ပျဉ်ခွေထိုင်ကာ တွေ့ရှိလိုက်ရသောကြောင့် အံ့ဩရခြင်းဖြစ်ပါသည်။တစ်ဆက်တည်းပင် ဝိဇ္ဇာတောင်ထိပ်၌ ဓာတ်ပေါင်းဦးသျှောင်ဘိုးတော်အောင်မင်းခေါင်ကြီးသည် မိုးထဲလေထဲနေပူထဲ၌ အမိုးအကာမဲ့ကာတည်ရှိနေသည်ကို တွေ့ရှိရသဖြင့် ဘိုးတော်အောင်မင်းခေါင်ကြီးလိုအပ်နေသောအမိုးကို လှူဒါန်းမှုပြုလုပ်နိုင်တော့မည့်အခွင့်အရေးရရှိတော့မည်ဖြစ်သောကြောင့် ကျွန်ုပ်စိတ်ထဲတွင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ပီတိဖြစ်မိပါသည်။

ထို့နောက် ကျွန်ုပ်သည် အဘ၏ခြေအစုံကို ဦးခိုက်ပူဇော်ကာ စိတ်ထဲမှပင် အမိုးလှူဒါန်းခွင့်ရရှိရေးအတွက် ဘိုးတော်အောင်မင်းခေါင်ကြီးကို မနောဖြင့် သစ္စာတိုင်တည်မှုပြုလုပ်ကာ ဆုတောင်းလိုက်ပါသည်။ ထိုကဲ့သို့ သစ္စာပြုဆုတောင်းနေစဉ် စာရေးကြီးဦးထွန်းမြင့်သည် ကျွန်ုပ်၏အနားသို့ရောက်ရှိလာပြီး သူလည်း မတ်ဟတ်ရပ်၍ အဘအောင်မင်းခေါင်ပုံကြီးကိုကြည့်ကာ အာရုံခံပြီး ဆုတောင်းနေသည်ကို မြင်တွေ့ရပါသည်။ ဆုတောင်းမှုများ ပြီးဆုံးသွားသောအခါ ကျွန်ုပ်တို့အားလုံးသည် ဝိဇ္ဇာတောင်မှပြန်ဆင်းလာပြီး ရွှေစေတီရှိရာသို့ ထွက်ခွာလာခဲ့ပါသည်။

ရွှေစေတီသို့ ရောက်သောအခါ ခေတ္တနားလိုက်ကြပြီး ခဏအကြာ၌ ကျွန်ုပ်တို့မိသားစုနှင့် ဓမ္မမိတ်ဆွေအားလုံးတို့သည် ရွှေစေတီမှ ဒေးစွန်ပါတောင်ခြေရှိရာသို့ ကားဖြင့်ပြန်လည်ထွက်ခွာလာခဲ့ပါသည်။ ဒေးစွန်ပါတောင်ခြေရှိ ဦးပဥ္စင်းဝတုတ်ကျောင်းသို့ရောက်သောအခါ ညနေ (၃) နာရီကျော်သွားပြီဖြစ်သဖြင့် ဦးပဥ္စင်းဝတုတ် ဆွမ်းလွတ်သွားပါသည်။ သို့သော် ဦးပဥ္စင်းဝတုတ်က ပျော်ပျော်ရွှင်ရွှင်နှင့်ပင် 'ဒီနေ့ဆွမ်းမဘုဉ်းရပေမယ့် ဗိုက်ထဲမှာ ကုသိုလ်ဆွမ်းတွေနဲ့ပြည့်နေတယ်' ဟု အပြုံးနှင့်ပင်ဆိုပါသည်။ ကျွန်ုပ်တို့လည်း ဦးပဥ္စင်းဝတုတ်ကျောင်းသို့ရောက်ရှိသောအခါမှ နေ့လယ်စာကို စားသုံးလိုက်ကြပါသည်။ ထမင်းစားကြပြီးသောအခါ တောလမ်းခရီးကြမ်းများ၏ အတွေ့အကြုံများကို ပြန်လည်၍ပြောဖြစ်ကြပြီးအချိန် (၁)နာရီခန့် စကားပြောဆိုကြပြီးသောအခါ ဦးပဥ္စင်းဝတုတ်ကို ကျွန်ုပ်မှ -

"ဝိဇ္ဇာတောင်အတွက် တပည့်တော်ပြန်လာမယ်"

ဟုပြောပြီး နှုတ်ဆက်ကာ ရန်ကုန်သို့ ပြန်လာခဲ့ပါသည်။

အိမ်သို့ရောက်ရှိသောအခါ ကျွန်ုပ်သည် တစ်နေ့လုံး တစ်တောင်ဆင်း တစ်တောင်တက်နှင့် တောထဲတိုးဝင်ကာ လမ်းလျှောက်ထားရသဖြင့် ပင်ပန်းနေပါသည်။ ထို့ကြောင့် ရေမိုးချိုးသန့်စင်လိုက်ပြီး ဘုရားရှိခိုးဦးချကာ စောစောအိပ်ရာဝင်ခဲ့ပါသည်။ နံနက်လင်းသောအခါ ကျွန်ုပ်သည် ဘိုးတော်အောင်မင်းခေါင်ကြီး တည်ထား ကိုးကွယ်ခဲ့ကြသော သာသနာ့အလင်းရောင်ဘုရား ဥက္ကလာဦးစေတီရှိရာသို့ စောစောထွက်လာခဲ့ပါသည်။ ဘုရားသို့ရောက်သောအခါ စာရေးကြီးဦးထွန်းမြင့်ကို အရန်သင့်တွေ့ရသဖြင့် ဦးထွန်းမြင့်အား ကန်တော့ပွဲ

www.burmeseclassic.com

ဆက်ကပ် လှူဒါန်းရန်အတွက် လိုအပ်သည်များကို အကူအညီတောင်းကာ ဝယ်ခိုင်းလိုက်ပါသည်။ နာရီဝက်ခန့်ကြာပြီးသောအခါ ဦးထွန်းမြင့်လည်း ငှက်ပျောဖီးများနှင့် အုန်းသီးကိုကိုင်ကာ ဘုရားသို့ ပြန်လည် ရောက်ရှိလာပြီး ကန်တော့ပွဲ ဆက်ကပ် လှူဒါန်းနိုင်ရန်အတွက် ချက်ချင်းပင် ပြင်ဆင်ပေးပါသည်။

ထိုကဲ့သို့ပြင်ဆင်ပေးပြီးသည်နှင့် ဦးထွန်းမြင့်မှ ကျွန်ုပ်ကို -

"ဦးလေးက ဒီကန်တော့ပွဲကို ဘယ်နေရာမှာပြင်ဆင်ပေးထားရမလဲ"

"ဩော် - ဟုတ်ကဲ့၊ ကျွန်တော် ပြောဖို့မေ့နေတယ်။ ဒီကန်တော့ပွဲကို ကမ္ဘာ့ဓာတ်တိုင်စေတီနေရာမှာဆက်ကပ်မှာပါ။ ကျွန်တော်ပါ တစ်ခါတည်း ဦးထွန်းမြင့်နဲ့လိုက်ခဲ့မယ်"

ကမ္ဘာ့ဓာတ်တိုင်စေတီရှိရာဆီသို့ နှစ်ဦးသားထွက်လာခဲ့ပါသည်။ စာရေးကြီးဦးထွန်းမြင့်လည်း ကမ္ဘာ့ဓာတ်တိုင်စေတီသို့ရောက်သောအခါ ကန်တော့ပွဲကို ပြင်ဆင်ပေးခဲ့ပြီး သာသနာ့အလင်းရောင် ဘုရားတန်ဆောင်းသို့ ပြန်လည်ထွက်ခွာသွားပါသည်။ ကမ္ဘာ့ဓာတ်တိုင်စေတီသို့ ရောက်ရှိသောအခါ ကျွန်ုပ်သည် ကန်တော့ပွဲမဆက်ကပ်မီ မဟာဂန္ဓာရီခရီးလမ်းကိုလျှောက်လှမ်းနေသော ဇင်းကျိုက်တောင်မှ ဘရသေ့ကြီးပြောကြားခဲ့သော စကားများကို ပြန်လည်၍ သတိရမိပါသည်။

ဘရသေ့ကြီးပြောခဲ့သော စကားမှာ -

"ဤကမ္ဘာ့ဓာတ်တိုင်စေတီမှနေ၍ ကန်တော့ပွဲဆက်ကပ်ကာ အထက်ထွက်ရပ်ပေါက်ဆရာသခင်သူတော်စင်အပေါင်းတို့ကို မှန်ကန်သောသစ္စာတိုင်တည်မှုပြုပါ။ တိုင်တည်သောသစ္စာမှန်ကန်မှုရှိခဲ့လျှင် ဆရာသခင် သူတော်စင်များကြားသိရ၍ မိမိပြုလုပ်ဆောင်ရွက်ရမည့် လောကီအလုပ်ဖြစ်စေ၊ လောကုတ္တရာအလုပ်ဖြစ်စေ တရားဓမ္မဖြင့် မှန်ကန်မှုရှိခဲ့ပါက သူတော်စင်များက အောင်မြင်အောင်ကူညီစောင့်ရှောက်လမ်းပြပေးကြသည်"

ဟုပြောကြားခဲ့သောစကားများကို ပြန်လည်ကြားယောင်၍ ဝမ်းသာပီတိဖြစ်မိပါသည်။ ထို့နောက် ကျွန်ုပ်သည် ကမ္ဘာ့ဓာတ်တိုင်စေတီ၌ ကန်တော့ပွဲကိုကိုင်၍ အဘဘိုးတော်အောင်မင်းခေါင်ကြီးကို စိတ်ဝယ်ရည်မှန်းကာ သစ္စာတိုင်တည်မှုပြုလုပ်၍ဆုတောင်းပြီး ကန်တော့ပွဲအား ဆက်ကပ်လှူဒါန်းလိုက်ပါသည်။ ကန်တော့ပွဲဆက်ကပ်လှူဒါန်းပြီးသည်နှင့် သာသနာ့အလင်းရောင်ဘုရားတန်ဆောင်းသို့ပြန်လာခဲ့ပါသည်။ ဘုရားတန်ဆောင်းထဲသို့ရောက်သောအခါ ဂေါပကဥက္ကဋ္ဌ ဦးသိန်းအေး၊ ဦးမြင့်ဝင်း၊ ဦးထွန်းမြင့်နှင့် မင်းမင်းတို့လေးဦးစလုံးရောက်ရှိနေသည်ကို တွေ့ရပါသည်။ ကျွန်ုပ်ကိုတွေ့သောအခါ ဂေါပကဥက္ကဋ္ဌဦးသိန်းအေးက -

"မင်း ဒီနေ့ ကမ္ဘာ့ဓာတ်တိုင်စေတီမှာ ကန်တော့ပွဲဆက်ကပ်ပြီး အဓိဋ္ဌာန်ပြုဆုတောင်းနေတယ်လို့ ဦးထွန်းမြင့်က ပြောတယ်။ ဘာတွေများထူးထူးခြားခြားအလုပ်ကိစ္စတွေရှိလို့လဲ"

"ဟုတ်ကဲ့ - ထူးခြားမှုတော့ နောက်တော့ရှိလာမယ်ထင်တယ်။ အခုလောလောဆယ်တော့ ကျွန်တော့်ရဲ့ ဆုံးဖြတ်ထားတဲ့ကိစ္စလေးကို အရင်ဆုံးပြောပြမယ်။ ကိစ္စကဒီလို။ ကျွန်တော်တို့မနေ့က ဝိဇ္ဇာတောင်ပေါ်မှာတွေ့လိုက်ရတဲ့ ဘိုးတော်အောင်မင်းခေါင်ကြီးကို အမိုးအကာမပါဘဲ ဟာလာဟင်းလင်းကြီး နေပူထဲမှာတွေ့လိုက်ရတော့ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ဒါကြောင့် အဲဒီဝိဇ္ဇာတောင်ပေါ်မှာပဲ ဘိုးတော်အောင်မင်းခေါင်ကြီးရဲ့ခြေအစုံကို ဦးခိုက်ပူဇော်ပြီး သစ္စာဆိုတိုင်တည်ခဲ့တယ်။ အခုမြင်တွေ့နေရတဲ့ အဘပုံတူရုပ်တုကြီးကို အဘရဲ့တပည့်သားသမီးအဖြစ် ခံယူထားတဲ့ကျွန်တော့်ကို အဘက ချီးမြှင့်မြှောက်စားတဲ့အနေနဲ့ အမိုးအလှူရှင်အဖြစ် ခံယူခွင့်ပေးပါ။ အမိုးမိုးခွင့်ပြုတော်မူပါ ဘိုးတော်အောင်မင်းခေါင်ကြီးခင်ဗျားဆိုပြီးတော့ ကျွန်တော် မနေ့က တစ်ခါတည်းလျှောက်ထားခဲ့တယ်။ အခုအဲဒီလျှောက်ထားချက်ကို အောင်မြင်ချင်လို့ အဘတို့ပိုပြီးသိရှိရအောင် အခုလေးတင်ပဲကမ္ဘာ့ဓာတ်တိုင်စေတီမှာ တန်တော့ပွဲနဲ့ထပ်မံပြီးတော့ ခွင့်တောင်းနေတာပါ"

ဟု ကျွန်ုပ်မှပြောလိုက်သည်နှင့် စာရေးကြီးဦးထွန်းမြင့်မှ -

"ဟိုက် - တန်းနေတာပဲ ကြည့်စမ်း"

ဟု ဆိုင်းမဆင့်ဗုံမဆင့်ပြောချလိုက်သဖြင့် ကျွန်ုပ်မှ ဦးထွန်းမြင့်အား-

"တစ်ယောက်တည်းဘာတွေကို တန်းနေရတာလဲ ဦးထွန်းမြင့်ရဲ့"

"ဒီလိုကွ၊ ငါလည်း ဝိဇ္ဇာတောင်ပေါ်မှာ မင်းကငြိမ်ပြီးဆုတောင်းနေတုန်း အဘကိုရှိခိုးပူဇော်ပြီးဆုတောင်းမိလိုက်တယ်။ ဘိုးတော်အောင်မင်းခေါင်ကြီးခင်ဗျား၊ အခုလိုပုံစံမျိုးကို ကျွန်တော်မကြည့်ရက်လို့ပါခင်ဗျား။ ဒါကြောင့် အဘရဲ့သားသမီးပဋ္ဌာန်းဆက်တွေထဲက အမြန်ဆုံးအမိုးအလှူရှင်ပေါ်ပေါက်လာပါစေအဘလို့ဆိုပြီးတော့ စိတ်ထဲကနေငါဆုတောင်းလိုက်တယ်။ အခုကြည့်လေ၊ အဘရဲ့သားသမီး အလှူ့ဒကာက တိုက်တိုက်ဆိုင်ဆိုင် မင်းဖြစ်နေတော့ ငါကအံ့သြသွားပြီးတန်းနေတာပဲလို့ပြောမိ လိုက်တာပါ"

ဟု သူ့ရဲ့အကြောင်းစုံကို ရှင်းပြပါသည်။ ထိုသို့ ဦးထွန်းမြင့်ရှင်းပြပြီးသည်နှင့် ကျွန်ုပ်လည်း ဂေါပကဥက္ကဋ္ဌ ဦးသိန်းအေးနှင့် မင်းမင်းတို့နှစ်ဦးကို -

"ကျွန်တော် မနက်ဖြန် ဒေးစွန်ပါကိုပြန်သွားမယ်။ ဟိုရောက်ရင် အမိုးအတွက် တိုင်းတာတွက်ချက်ရအောင်နဲ့ ပြီးတော့ အဲဒီတောင်က ရွှေစေတီဆရာတော်ပိုင်တဲ့နယ်မြေထဲကတောင်ဖြစ်နေလို့ ဆရာတော်ဆီကိုသွားပြီးခွင့်ပြုချက်ပေးဖို့အရင်ဆုံးသွားလျှောက်ထားမယ်။ အဲဒါကြောင့် အရင်တုန်းက အဆောက်အအုံကြီးကြီးမားမားတွေကိုဆောက်လုပ်ခဲ့ဖူးတဲ့ဥက္ကဋ္ဌဦးသိန်းအေးရဲ့ လက်သမားပညာကို ဓားမိခေါက်မိတဲ့ မင်းမင်းကိုပါ လိုက်ခဲ့စေချင်တယ်"

ဟု ပြောလိုက်သောအခါ ဥက္ကဋ္ဌ ဦးသိန်းအေးနှင့် မင်းမင်းတို့နှစ်ဦးစလုံးက လိုက်ပါ၍ ကူညီဆောင်ရွက်ပေးမည်ဟု ပြန်ပြောကြပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ဒေးစွန်ပါသို့ တစ်ရက်သာခြား၍ နောက်တစ်ကြိမ်ပြန်၍ရောက်ခဲ့ကြပါသည်။ ဒေးစွန်ပါသို့ရောက်ရှိသောအခါ ဦးပဥ္စင်းဝတုတ်ကို အကျိုးအကြောင်းရှင်းပြ၍ ရွှေစေတီသို့ထွက်ခွာခဲ့ကြပါသည်။ ရွှေစေတီသို့ရောက်သောအခါ ဦးပဥ္စင်းဝတုတ်က ဦးပဥ္စင်းနှစ်ပါးနှင့်အတူ ရွှေစေတီတွင်နေရစ်ခဲ့ပြီး ကျွန်ုပ်တို့သုံးဦးသာ အောင်သိဒ္ဓိဝိဇ္ဇာတောင်ပေါ်သို့ ဦးစွာတက်ရောက်၍ ဘိုးတော်အောင်မင်းခေါင်ကြီးကို ကျွန်ုပ်၏ ရည်ရွယ်ချက်အောင်မြင်စေရန် အဓိဋ္ဌာန်ပြုကာ ရှိခိုးဦးချလိုက်ပါသည်။ ထို့နောက် ဝိဇ္ဇာတောင်ပေါ်မှ ပြန်လည်၍ဆင်းလာကာ ရွှေစေတီဆရာတော်သီတင်းသုံးရာကျောင်းဆီသို့ သွားရောက်ခဲ့ကြပါသည်။

ရွှေစေတီဆရာတော်ထံသို့ရောက်သောအခါ ဆရာတော်အား ရှိခိုးဦးချကန်တော့ပြီး -

www.burmeseclassic.com

"အရှင်ဘုရား၊ တပည့်တော်က ရန်ကုန်ကပါ ဘုရား။ တပည့်တော်အနေနဲ့ အရှင်ဘုရားပိုင်တဲ့နယ်မြေဒေသထဲက အောင်သိဒ္ဓိဝိဇ္ဇာတောင်ပေါ်မှာရှိတဲ့ ဘိုးတော်အောင်မင်းခေါင်ကြီးကို အမိုးမိုးချင်လို့ပါ ဘုရား။ အဲဒါကြောင့် အရှင်ဘုရားထံ ခွင့်ပြုချက်လာတောင်းရင်းနဲ့ ဩဝါဒလာခံတာပါဘုရား"

"အေးအေး - ဆရာတော့်အနေနဲ့တော့ ဘာမှကန့်ကွက်စရာအကြောင်းမရှိပါဘူး။ ဒါ ကောင်းတဲ့အလုပ်လုပ်တာပဲ။ တားမြစ်စရာအကြောင်းလည်းမရှိဘူး ဒကာကြီး။ ဒါပေမယ့် စောင့်ထိန်းရမယ့်ဝတ္တရားတစ်ခုတော့ရှိတယ်။ ဒီဝိဇ္ဇာတောင်ပေါ်မှာ အရင်ဆုံး လှူဒါန်းခဲ့တဲ့ဒကာကြီးဆီကိုတော့ အကျိုးအကြောင်းမေးကြည့်ချင်သေးတယ်။ သူတို့ရဲ့ဆန္ဒပါမှ ကောင်းတော့မှာပေါ့ မဟုတ်ဘူးလား"

"မှန်ပါ့ဘုရား၊ အရှင်ဘုရားပြောသလို မေးကြည့်လိုက်တာ ပိုကောင်းတာပေါ့ဘုရား။ တပည့်တော်လည်း အဲဒီလိုပဲဖြစ်စေချင်ပါတယ်"

ဟုပြောလိုက်သည်နှင့် ရွှေစေတီဆရာတော်သည် ချက်ချင်းပင် ဖုန်းလှမ်းဆက်ပါတော့သည်။ဆရာတော်ဖုန်းပြောနေသောစကားသံသည် ဖုန်းမှတစ်ဆင့်အပြင်ဘက်သို့ အသံပျံ့လွင့်လာပြီး ဤကဲ့သို့ ကြားရပါသည်။

"ဟယ်လို - ဒကာကြီးလား၊ ရွှေစေတီဆရာတော်ပါ"

"မှန်ပါ့ဘုရား၊ တပည့်တော်နားထောင်နေပါတယ်။ အကြောင်းရှိရင်မိန့်ကြားပါ ဘုရား"

"အေးအေး - အကြောင်းကဒီလို ဒကာကြီးရဲ့၊ အခု ဆရာတော့်ကျောင်းမှာ ရန်ကုန်က ဒကာကြီးသုံးဦးရောက်နေတယ်"

"မှန်ပါ့ဘုရား"

"အေး - အဲဒီဒကာကြီးတွေက ဝိဇ္ဇာတောင်ပေါ်မှာရှိတဲ့ ဘိုးမင်းခေါင်ကြီးကို အမိုးလှူချင်လို့ဆိုပြီး ဆရာတော့်ဆီကိုအခုလာပြီးလျှောက်ထားနေတယ်"

"မှန်ပါ့ဘုရား၊ ဆက်လက်ပြီးအမိန့်ရှိပါဘုရား"

"ဒီကိစ္စကို ဆရာတော်ကခွင့်ပြုပေးမယ့် ပထမဆုံး ဝိဇ္ဇာတောင်ပေါ်မှာ သာသနာပြုလှူဒါန်းထားတဲ့ဒကာကြီးရဲ့ သဘောဆန္ဒကို သိချင်လို့ အခုလိုဖုန်းဆက်ရတာပဲ ဒကာကြီး။ ဒီတော့ ဒကာကြီးရဲ့စိတ်သဘောထားကို အခုပဲပြောပြပေးပါ"

"မှန်လှပါဘုရား၊ အရှင်ဘုရားက တောစင်ခွင့်ပြုသေးတာပဲ။ တပည့်တော်အနေနဲ့ ဘာမှကန့်ကွက်စရာမရှိပါဘူး။ သူတို့အမိုးမိုးနိုင်ရင်၊ အမိုးမိုးလို့ရရင်လုပ်ပါလို့ တပည့်တော်ကလည်း ကျေကျေနပ်နပ်ကြီးခွင့်ပြုပါတယ်လို့ ပြောပေးပါဘုရား"

"အေးအေး - သာဓု သာဓု သာဓု၊ ဒါဆိုရင် ဒကာကြီး ဘာပြောချင်သေးလဲ"

"မှန်ပါ့ဘုရား၊ ဝိဇ္ဇာတောင်ပေါ်မှာ အလုပ်လုပ်တဲ့အခါ အစစအရာရာသတိထားပြီးတော့လုပ်ကြပါလို့ ပြောပေးပါဘုရား"

"အေးအေး - ပြောပြလိုက်မယ် ဒကာကြီး၊ ဒါဆို ဖုန်းချလိုက်တော့မယ်နော်"

ဟု ဆိုကာ ရွှေစေတီဆရာတော်သည် ဖုန်းချလိုက်ပါသည်။

ထိုအခါမှ ကျွန်ုပ်လည်း ရွှေစေတီဆရာတော်ကြီးအား-

"အရှင်ဘုရားရဲ့ဖုန်းက လိုင်းဆွဲအားတော်တော်ကောင်းတယ်နော်ဘုရား။ စကားပြောသံတွေက အပြင်ကိုလျှံပြီးထွက်နေတာအကျယ်ကြီးပဲ။အသံလည်း ပီပီသသကြီးကိုကြားနေရတယ်"

"ဟေ - ဟုတ်လား၊ ဒါဆိုရင် ဆရာတော်တို့ စကားပြောသံတွေကို အားလုံးကြားပြီးသွားဆိုတော့ ထွေထွေထူးထူးပြန်ပြီးပြောဖို့မလိုအပ်တော့ဘူးပေါ့။ တစ်ခုတော့သတိပေးစရာရှိတယ်။ ဖုန်းထဲကဒကာကြီးသတိပေးတာနော့။ ဆရာတော့်အနေနဲ့ပါပြောမယ်။ ဒကာကြီးတို့ ဝိဇ္ဇာတောင်ပေါ်မှာ လုပ်ကိုင်ဆောင်ရွက်ကြပြီဆိုရင် ပိုင်ရာဆိုင်ရာပုဂ္ဂိုလ်ကြီးတွေကို အသိပေးတဲ့အနေနဲ့ ကန်တော့ပွဲတွေပေးပါ။ အစစအရာရာ အမှားအယွင်းမရှိပါစေနဲ့။ အဲဒီတောင်က အစောင့်အရှောက်သိပ်ကြီးတယ်။ အစောင့်အရှောက်တွေကြမ်းတယ်။ ဒါကြောင့် ဒကာတို့ သတိဝီရိယနဲ့ အမှားအယွင်းနည်းအောင်လုပ်ဆောင်ကြပါလို့ ဆရာတော့်အနေနဲ့ ဒီလောက်ပဲမှာကြားစရာရှိပါတယ်"

"မှန်ပါ့ဘုရား၊ အခုလိုမျိုး သတိပေးတာ ကျေးဇူးကြီးမားလှပါတယ်ဘုရား။ အရှင်ဘုရားကခွင့်ပြုပြီဆိုတော့ တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦးဘုရား"

ဟု ဆရာတော်ကိုလျှောက်ထားလိုက်ပြီး ရှိခိုးဦးချကာ ဝိဇ္ဇာတောင်ပေါ်သို့ နောက်တစ်ခေါက် ထပ်မံ၍ ပြန်လည်ထွက်ခွာလာခဲ့သည်။ ဝိဇ္ဇာတောင်ပေါ်သို့ ကျွန်ုပ်တို့ရောက်ရှိသောအခါ ဥက္ကဋ္ဌဦးသိန်းအေးမှ လိုအပ်သည့် အချက်အလက်များကို တိုင်းတာတွက်ချက်ပြီးသည်နှင့် ရွှေစေတီရှိရာသို့ ပြန်လာခဲ့ကြပါသည်။ ရွှေစေတီသို့ရောက်သောအခါ ဦးပဉ္စင်းဝတုတ်၊ ဦးပဉ္စင်းဟန်ညွန့်နှင့် ဦးပဉ္စင်းဦးသောဘိတတို့ သုံးပါးကို ရွှေစေတီဘုရားရင်ပြင်တွင် တွေ့ရှိရ၍ စကားပြောဖြစ်ကြပါသည်။ ထိုဦးပဉ္စင်းသုံးပါးထဲမှ ဦးသောဘိတဆိုသော ဦးပဉ္စင်းက -

"ဒကာကြီးတို့ ဝိဇ္ဇာတောင်ပေါ်မှာ အလုပ်ကိစ္စတွေ စတင်လုပ်ကိုင်ပြီဆိုတာနဲ့ သတိထားပြီးလုပ်ဆောင်ပါ။ ဒီတောင်က အစောင့်အရှောက်ကြီးတယ်။ ကြမ်းလည်းကြမ်းတယ်။ တောင်ပေါ်မှာ အခုမြင်တွေ့ရတဲ့ ဘိုးတော်အောင်မင်းခေါင်ကြီးကို ထုလုပ်ပူဇော်တုန်းကလည်း ပြဿနာပေါင်းစုံတက်ပြီး တစ်ဦးနဲ့အကျိုးအကြောင်းမညီညွတ်လို့ နောက်တစ်ဦးကလှူတယ်။ ဒီတစ်ဦးလည်း ပထမလူအတိုင်းပဲ လုပ်ငန်းကမပြီးလို့ နောက်တစ်ဦးထပ်ပြောင်းတယ်။ ဒီလိုနဲ့ပဲ အလှူရှင်သုံးဦးပြည့်မှ အောင်မြင်သွားတယ်။ ဘိုးတော်ကြီးပုံလည်း အချောသတ်အလုံးစုံပြီးသွားတော့ အမိုးမိုးဖို့အတွက် သူတို့တွေအင်တိုက်အားတိုက်ကြိုးစားကြတယ်။ ငွေကြေးလည်း ပြည့်စုံချမ်းသာကြတယ်။ ဒါပေမယ့် ဘယ်လိုမျိုးအကျိုးအကြောင်းကိစ္စတွေနဲ့ဘယ်လိုပဋ္ဌာန်းဆက်တွေရှိလို့လဲမသိဘူး။ အမိုးမိုးဖို့အတွက် ကြိုးစားကြတာ ဘယ်လိုမှကိုမိုးလို့မရဘူး။ ဒါနဲ့ပဲ လက်လျှော့လိုက်ကြတယ်။ အခုဆိုရင် ဒကာတို့မြင်တွေ့ရတဲ့အတိုင်း အမိုးမပါဘဲ ဘိုးမင်းခေါင်ကြီးဟာ မိုးထဲလေထဲနေပူပူမှာ ဒီပုံစံအတိုင်းတည်ရှိနေတာ (၁၀) နှစ်ကျော်သွားပြီ။ ဒါကြောင့် ဦးပဉ္စင်းအနေနဲ့ တွေးမိတယ်။ ဘိုးတော်ကြီးဟာ သူ့သားသမီးတွေထဲက အမိုးမိုးဖို့ပဋ္ဌာန်းဆက်ရှိသူကို သူကိုယ်တိုင် ရွေးချယ်ပြီးခွင့်ပြုလိမ့်မယ်လို့ထင်တယ်။ ဒါကြောင့် အရင်ကဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကြောင့် ဒကာကြီးတို့အနေနဲ့ အစစအရာရာ သတိထားပြီး လုပ်ဆောင်ပါ။ လုပ်ငန်းတွေစပြီးလုပ်ကိုင်တာနဲ့ လုပ်ငန်းခွင်မှာ လုပ်ကိုင်ဆောင်ရွက်ရတာ တလွဲတချော်တွေဖြစ်ပြီး ခက်ခဲနေပြီဆိုရင် အမိုးလှူဖို့အခွင့်မသာဘူး။ အမိုးမိုးဖို့ ပဋ္ဌာန်းဆက်ဒကာမဟုတ်ဘူးဆိုတာကို ဆင်ခြင်သုံးသပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြန်ဆုတ်လိုက်ပါ။ ဇွတ်အတင်းကြီး ရှေ့ဆက်မတိုးပါနဲ့။ အန္တရာယ်အရမ်းများတဲ့အတွက်ကြောင့်ပါ။ ဦးပဍင်းက ဒီအကြောင်းကိစ္စတွေကို ဘာဖြစ်လို့အကုန်လုံးသိနေရတာလဲဆိုပြီး ဒကာကြီးအနေနဲ့ မေးခွန်းရှိလိမ့်မယ်လို့ထင်တယ်။ ဦးပဍင်းက အမှန်ကိုဝန်ခံရရင် ဒကာကြီးရဲ့ရှေ့အချိန်က အလျှုရှင်သုံးဦးစလုံးနဲ့အတူတူ ဦးပဍင်းက ကိုယ်တိုင်ကိုယ်ကျပါဝင်ပြီး လုပ်ကိုင်ဆောင်ရွက်ခဲ့ရလို့ပဲ ဒကာကြီး"

ဆိုပြီးတော့ ဖြစ်ကြောင်းကုန်စင်အောင် ပြောပြပါသည်။

ထိုအခါ ကျွန်ုပ်မှ ဝိဇ္ဇာတောင်အကြောင်းကိုရှင်းပြသော ဦးသောဘိတအား -

"ဦးပဍင်းက အခုလိုမျိုးစေတနာနဲ့ သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော်တို့သတိထားပါ့မယ် ဘုရား"

ဟုပြောကာ ရွှေစေတီမှ ဒေးစွန်ပါတောင်ခြေရှိ ဦးပဍင်းဝတုတ်ကျောင်းသို့ ပြန်လည်ထွက်ခွာလာခဲ့ပါသည်။ တောင်တက်တောင်ဆင်းကားမောင်းလာရင်းဖြင့်ပင် ကျွန်ုပ်ဆုံးဖြတ်ချက်ချလိုက်ပါသည်။ မည်သို့ပင်ရှိစေကာမူ ကျွန်ုပ်သည် ဘိုးတော်အောင်မင်းခေါင်ကြီး၏ အမိုးကိုရအောင်မိုးမည်ဟု ခိုင်မာသော ဆုံးဖြတ်ချက်ကိုချလိုက်ပါတော့သည်။

သို့နှင့် ဒေးစွန်ပါတောင်ခြေရှိ သီတာရုံကျောင်းရှေ့သို့ ရောက်ရှိလာသဖြင့် ထိုကျောင်းရှေ့၌ ကားကိုရပ်လိုက်ပါသည်။ထို့နောက် ကားပေါ်မှဆင်းသွားသော ဦးပဍင်းဝတုတ်ကိုနှုတ်ဆက်ကာ ရန်ကုန်သို့ပြန်ခဲ့ပါတော့သည်။

ရန်ကုန်သို့ ညဘက်ပြန်ရောက်သောအခါ ရေမိုးချိုးသန့်စင်လိုက်ပြီး အမိုးမိုးခွင့်ရရှိပြီဖြစ်သောကြောင့် ဝမ်းသာကြည်နူးစွာဖြင့် ဘုရားရှိခိုးကာ အဘဘိုးတော်အောင်မင်းခေါင်ကြီးနှင့်တကွ ဒေးစွန်ပါသာသနာ့နယ်မြေနှင့် ပဲခူးရိုးမအတွင်းရှိ ဝိဇ္ဇာပိုင်းဆိုင်ရာ၊ မာတ်ပိုင်းဆိုင်ရာ၊ နတ်ပိုင်းဆိုင်ရာ၊ သိုက်ပိုင်းဆိုင်ရာနှင့် တောပိုင်တောင်ပိုင်ဆိုင်ရာပိုင်ရာအားလုံးတို့ကို မေတ္တာပို့အမျှအတန်းပေးဝေကာ အိပ်ရာဝင်ခဲ့ပါသည်။

"လူလေး၊ ထ ထ အဘနဲ့ခဏလိုက်ခဲ့ပါကွယ်။ အဘက မင်းကို ဝိဇ္ဇာတောင်ရဲ့အကြောင်းပြောပြမယ်။ လာလာ"

ဟု ခေါ်သံကြားရသဖြင့် ကျွန်ုပ်သည် အိပ်ရာမှထလိုက်ကာ ဧည့်ခန်းထဲသို့ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ အိမ်မှာမဟုတ်တော့ဘဲ အောင်သိဒ္ဓိ ဝိဇ္ဇာတောင်ပေါ်သို့ရောက်ရှိနေပါသည်။ တောင်ပေါ်တွင် လူသူကင်းမဲ့ကာ တိတ်ဆိတ်ငြိမ်သက်နေသဖြင့် တောသတ္တဝါလေးများ၏အော်မြည်သံကိုပင် အလွန်ကျယ်လောင်စွာဖြင့်ကြားနေရပါသည်။ ထိုအခိုက် တောင်ပေါ်တွင်ရှိသော ထောင့်နေရာတစ်ခုဆီမှ -

"ဝရော ဝူး ဂျိမ်း"

ဆိုသော လေပြင်းတိုက်ခိုက်ကာ တောခြောက်သံနှင့်အတူ တောင်တစ်တောင်လုံး လှုပ်ခါယမ်းသွားသဖြင့် ကျွန်ုပ်သည် ချက်ချင်းပင်အသံထွက်ပေါ်လာရာဘက်ဆီသို့ နားစွင့်ပြီးလှည့်ကြည့်မိလိုက်သည်။ ထိုတောခြောက်သောအသံကြားရာဆီသို့ ခဏကြာအောင်ကြည့်နေမိသော်လည်း ဘာတစ်ခုမှထူးထူးခြားခြားမတွေ့ရပါ။ ထိုသို့ကြည့်နေခိုက် ကျွန်ုပ်နောက်ကျောဘက်တွင် လူတစ်ယောက်လာရပ်နေသည်ဟု စိတ်ထဲ၌ထင်နေ၍ လှည့်ကြည့်လိုက်သောအခါ ဟုတ်နေပါသည်။ ရပ်နေသော ပုဂ္ဂိုလ်ကြီးသည် ပန်းရောင်ချည်ပုဆိုးအချောကွက်၊ တောင်ရှည်လုံချည်ဝတ်ဆင်ထားကာ ရင်ဖုံးအင်္ကျီနှင့်ဆံထုံးကြီးထုံးထားပြီး နှုတ်ခမ်းမွေးကားကားနှင့် တည်ကြည်ခံ့ညားသော မျက်နှာအသွင်အပြင်ရှိပြီး တောင်ဝှေးကိုကိုင်ထားသော ပုဂ္ဂိုလ်ကြီးတစ်ဦးကို တွေ့ရပါသည်။

ထိုအခါ ကျွန်ုပ်မှ -

"ယခု ကျွန်ုပ်၏အရှေ့တွင်ရှိနေသောသူတော်ကောင်းကြီးက ဘယ်လိုမျိုးပုဂ္ဂိုလ်ကြီးလဲဆိုတာကို သိပါရစေခင်ဗျား"

ဟု မေးလိုက်သောအခါ ရပ်နေသောသူတော်စင်ကြီးက -

"ဒီဝိဇ္ဇာတောင်က တောင်မိုင်ကြီးပါလူလေး။အခု လူလေးကိုစောင့်ရှောက်ဖို့ လေးကြိုးမင်းခေါင်ကြီးက မှာကြားလိုက်တဲ့အတွက် ဒီတောင်ပေါ်မှာ လူလေးအလုပ်လုပ်နေတဲ့ ကာလပတ်လုံးစောင့်ရှောက်ပေးနေမှာပါဆိုတာကို အခုလိုခေါ်ပြီး အသိပေးရတာပဲ။ ဒါကြောင့် ဒီဝိဇ္ဇာတောင်ပေါ်မှာ စိတ်ချလက်ချသာ အလုပ်လုပ်ကြပါ။ ဘာမှမဖြစ်စေရပါဘူး။ အဘတာဝန်ယူပါတယ်"

"ဟုတ်ကဲ့ပါ ခင်ဗျား။ ဒါနဲ့ ကျွန်တော်နားမလည်လို့ တစ်ခုလောက်မေးပါရစေ။ ဒီအခုမြင်တွေ့နေရတဲ့ ပုံတော်ကြီးဟာ အဘအောင်မင်းခေါင်ကြီးပုံ မဟုတ်ဘူးလား။ ဘယ်လိုဖြစ်ပြီး လေးကြိုးမင်းခေါင်ကြီးဖြစ်သွားရတာလဲ"

"ဒီလိုပါ လူလေး။ နတ်ကြီး၊ မာတ်ကြီး၊ သိုက်ကြီး၊ သာသနာ့ကြိုးစတဲ့ ကြိုးလေးကြိုးစလုံးကို ချုပ်ကိုင်ထားတဲ့ ထွက်ရပ်ပေါက်သူတော်စင်ဝိဇ္ဇာကြီးဖြစ်လို့ အဘတို့လောကသားတွေက ရိုရိုသေသေလေးလေးစားစားနဲ့ ဘိုးမင်းခေါင်ကြီးကို လေးကြိုးမင်းခေါင်ကြီးလို့ခေါ်တာပါ။ ပြီးတော့ လူလေးအနေနဲ့ ဒီတောင်ပေါ်မှာ အလုပ်တွေစတင်ပြီးလုပ်ကိုင်ပြီးဆိုတာနဲ့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ဆည်းကပ်ပူဇော်ပါ။ လေးကြိုးမင်းခေါင်ကြီးကိုလည်း ဦးထိပ်ပန်ဆင်ပြီး အလုပ်လုပ်ပါ။ အခက်ခဲတွေနဲ့တွေ့ကြုံရပြီး လိုအပ်ရင် တောင်ပိုင်ဘိုးဘိုကြီးဆိုပြီး တ,လိုက်ပါ။ အဘက ဒီတောင်ကို အမြဲစောင့်ရှောက်နေပါတယ်"

ဟု ပြောနေတုန်း ဝိဇ္ဇာတောင်ထိပ်အထက်ကောင်းကင်တွင် မိုးသားမိုးတိမ်များအလိပ်လိုက်တက်လာကာ မိုးများအုံ့ဆိုင်းလာပြီး ဂျိမ်းဆိုသော မိုးခြိမ်းသံကြီးနှင့်အတူ ချက်ချင်းပင် မိုးရွာချလိုက်ကာ တောင်ပိုင်ကြီးဟုဆိုသောပုဂ္ဂိုလ်ကြီးသည် မိုးရေထဲ၌ပင် တဖြည်းဖြည်းချင်း မြင်ကွင်းမှ ပျောက်ကွယ်သွားပါသည်။ ကျွန်ုပ်လည်း ဝိဇ္ဇာတောင်ပေါ်တွင် မိုးရေများကို ဦးခေါင်းကို အထက်သို့မော့ကြည့်၍ မိုးရေများကို မျက်နှာဖြင့်ခံကာ မိုးရေချိုးနေလိုက်ပါသည်။

"အစ်ကို အစ်ကို ထ ထ၊ မျက်နှာပေါ်မှာ မိုးရေတွေစိုရွှဲနေတာတောင် မနိုးဘူး"

ဟုဆိုပြီး ဇနီးဖြစ်သူက လှုပ်ပြီးနှိုးတော့မှ ကျွန်ုပ်သည် အိပ်မက်မက်နေမှန်းသိရှိလိုက်ကာ ခေါင်းရင်းဘက်ရှိ ပြတင်းပေါက်တံခါးကိုထပြီးပိတ်လိုက်ရပါတော့သည်။ ကျွန်ုပ်၏မျက်နှာနှင့် ရင်ဘတ်တစ်ခုလုံးလည်း မိုးရေများဖြင့် စိုရွှဲနေပါသည်။ ကျွန်ုပ်လည်း အဝတ်အစားလဲရန်အတွက် ဧည့်ခန်းထဲသို့ထွက်လာပြီး နာရီကိုကြည့်လိုက်သောအခါ မနက် (၆း၃၀) သွားပါသည်။ ထို့ကြောင့် ရေမိုးချိုးလိုက်ကာ နံနက်စာ အဆာပြေစားသုံးပြီးသည်နှင့် ဂေါပကဥက္ကဋ္ဌ ဦးသိန်းအေးနှင့် ဝိဇ္ဇာတောင်တွင် အမိုးမိုးရန်အတွက် လိုအပ်သော သံထည်ပစ္စည်းများကို တောင်ဒဂုံစက်မှုဇုန်တွင် ဝယ်ရန်ချိန်းထားသဖြင့် ဘုရားသို့ထွက်



www.burmeseclassic.com

www.burmeseclassic.com

ထားခဲ့ပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် တောင်ဒဂုံစက်မှုဇုန်တွင် အမိုးအတွက် ချိုအပ်သောသံထည်ပစ္စည်းများကို ဝယ်ယူ၍ အလုပ်ရုံတစ်ရုံတွင် ရက်(၂၀)နှင့် အပြီးလုပ်ဆောင်ပေးရန် ပြောကြားပြီး အပ်နှံလိုက်ပါသည်။ ဒီလိုနှင့် ရက် (၂၀) ပြည့်သောအခါ အလုပ်ရုံမှ အဆင်သင့် ဖြစ်ပြီဟု ဖုန်းဆက်ကာ အကြောင်းကြားသဖြင့် ဒေးစွန်ပါတောထဲသို့သွားရန် အတွက် ကြိုတင်၍ ဦးပဥ္စင်းဝတုတ်ထံသို့ ဖုန်းလှမ်းဆက်လိုက်ပါသည်။

ထိုအခါ ဦးပဥ္စင်းဝတုတ်မှ ဖုန်းထဲတွင် -

"ဒကာကြီးရေ၊ တောင်ပေါ်မှာ မိုးတွေတအားရွာလို့ တောင်တွေပြိုပြီး လမ်းတွေပျက်နေတယ်။ ကားနဲ့တက်ဖို့ မလွယ်သေးဘူး။ ကိုယ့်လမ်းကိုယ် ဖောက်ပြီးသွားရမှာနော်၊ ဒကာကြီး။ နောက်ထပ် (၅) ရက်လောက် ခဏ စောင့်ကြည့်လိုက်ရင်ကောင်းမယ်"

"မစောင့်ဘူး ဦးပဥ္စင်းဝတုတ်၊ အရှင့်တော်ရဲ့စိတ်ဓာတ်ကိုသိရဲ့သားနဲ့။ ဆုံးဖြတ်ချက်ချထားပြီးသားအလုပ်ကိုစွတစ်ခုကို လုပ်မယ်ဆို အခုချက်ချင်းလုပ်ရမှ။ ဘာကြီးပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲ ခက်ခဲပစေ မဖြစ်ဖြစ်အောင်ကိုလုပ်တတ်တယ်ဆိုတာသိရက်သားနဲ့ ဦးပဥ္စင်းဝတုတ်ကလည်း၊ မနက်ဖြန်ပဲ ကားနှစ်စီးနဲ့ ဒေးစွန်ပါကို အရောက်လာခဲ့မယ်။ လမ်းမရှိရင် လမ်းဖောက်ပြီးတက်မယ်။ တက်ကျိုးရင် လက်ထိုးလျှော်မယ်၊ ဒါပဲနော် ဘုရား"

"အေးအေး - တားမရလည်း သဘောပေါ့ကွာ။ မင်းဆန္ဒပြင်းပြနေရင်လည်း လာသာလာခဲ့ ဟုတ်ပြီလား"

ဟု ကျွန်ုပ်အားပြောကာ ဖုန်းချလိုက်ပါသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် လေးကြီးမင်းခေါင်၏ဝိဇ္ဇာတောင်တွင် အမိုးမိုးရန်အတွက် ကားနှစ်စီးပေါ်တွင် ပစ္စည်းအစုံအလင်တင်ဆောင်လာကာ ဒေးစွန်ပါသို့ ခရီးထွက်လာခဲ့ကြပါသည်။ ဒေးစွန်ပါသို့ရောက်သောအခါ တောင်ပေါ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ခြေရှိ ဒေးစွန်ပါဘုရားသို့သွား သောကားလမ်းမကြီး၏ အမိုးတစ်ပိုင်းသည် တောင်ကျရေစီးကြမ်းနှင့်အတူ မျောပါသွားသဖြင့် ယာယီလမ်းခင်းထားသည်ကို တွေ့ရှိရပါသည်။ ယာယီလမ်းကို ဖြတ်ကျော် မောင်းနှင်လာပြီးနောက် သီတာရုံကျောင်းသို့ ရောက်သောအခါ စောင်များကို အထပ်ထပ်ခြုံထားသော ဦးပဥ္စင်းဝတုတ်ကိုတွေ့ရသဖြင့် ကျွန်ုပ်မှ-

"ဟာ-ဦးပဥ္စင်းဝတုတ်၊ဘယ်လိုဖြစ်တာလဲ။ စောင်တွေလည်းအထပ်ထပ်ခြုံထားလို့ပါလား"

"ဟုတ်တယ် ဒကာကြီး၊ အဖျားဝင်မှာစိုးလို့ပါ။ မနေ့က ဒကာကြီးဖုန်းဆက်ပြီးတဲ့အချိန်မှာ မိုးတွေသည်းကြီးမည်းကြီးရွာချလို့ တောင်ပေါ်ကရေတွေက တောင်ခြေကိုတအားဆင်းချလာပြီး ဘုရားကိုသွားတဲ့ကားလမ်းမကြီး အချပ်လိုက် ရေထဲမျောပါသွားတယ်။ ဒါနဲ့ ရပ်ရွာလူကြီးတွေနဲ့ သံဃာတွေလည်း မနေသာလို့ မိုးထဲလေထဲမှာ ဝါးတွေခုတ်၊ မြေကတုတ်တွေရိုက်၊ သဲအိတ်တွေထမ်းပြီး 'မြေဖို့နဲ့ မိုးရေထဲမှာ အချိန်တော်တော်ကြာသွားတယ်။အဲဒါကြောင့် အအေးမိပြီးဖျားမှာစိုးလို့ အခုလိုမျိုး စောင်ခြုံပြီးကွေးနေရတာ။ ပြီးတော့ ဒကာကြီးနဲ့အတူတူတောင်ပေါ်မှာအလုပ်လုပ်ဖို့ကရှိသေးတယ်။ ဖျားလို့မဖြစ်ဘူး"

ဟု ပြောပါသည်။

ယခု ဦးပဥ္စင်းဝတုတ်ပြောပြသော လမ်းပြုပြင်သော ဒါနကုသိုလ်သည် ယနေ့၌ သူ၏အသက်ကို ဆက်လက်ရှင်သန်ခွင့်ရအောင်ကယ်တင်လိုက်သော မဟာကုသိုလ်ကြီးဖြစ်နေသည်ကို မည်သူမျှ မသိရှိကြသေးပါ။

ကျွန်ုပ်တို့သည် ခက်ခဲကြမ်းတမ်းသော တောင်ပေါ်ခရီးလမ်းကြမ်းကို ဆက်လက် ထွက်ခွာရမည်ဖြစ်သောကြောင့် နှစ်ဖက်မိဘများနှင့်အတူ ကျွန်ုပ်၏ ဇနီးနှင့် သားကိုပါ ဒေးစွန်ပါတောင်ခြေရှိ ဆင်ဖြူရှင်ကျောင်းတွင် ညအိပ်ထားရစ်ခဲ့ကာ ယနေ့အတွက် ကျွန်ုပ်တို့အဖွဲ့စားသောက်ဖို့ကိစ္စကို ချက်ပြုတ်စီမံပေးရန် မှာကြားခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်တို့သည် ရွှေစေတီရှိရာသို့ ကားနှစ်စီးဖြင့် ဆက်လက်ထွက်ခွာလာခဲ့ပါသည်။ လမ်းခရီး၌ ဦးပဥ္စင်းဝတုတ် ကြိုတင်သတိပေးခဲ့သလိုပင် တောင်ပြိုခြင်း၊ လမ်းပျက်နေခြင်း စသည့်အခက်အခဲများကို တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကျော်ဖြတ်ကာ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ရွှေစေတီရှိရာသို့ ခရီးကြမ်းများကို အောင်မြင်စွာ ဖြတ်ကျော်၍ ရောက်ရှိခဲ့ပါသည်။

ရွှေစေတီသို့ ရောက်သောအခါ ဝိဇ္ဇာတောင်ပေါ်သို့ပစ္စည်းများကိုသယ်ယူကြရပါသည်။ ကျွန်ုပ်တို့ ပစ္စည်းများ သယ်ယူနေစဉ် ဦးပဥ္စင်းဝတုတ်မှ ဝိဇ္ဇာတောင်ပေါ်တွင် လိုအပ်မည့်ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက်များနှင့် မီးစက်တစ်လုံးကိုပါ တောင်အောက်တွင်သွားယူရန်ရှိသဖြင့် ဆင်ဖြူရှင်ကျောင်းတွင် နေ့ဆွမ်းတစ်ခါတည်းဘုဉ်းပေးခဲ့ပြီး ကျွန်ုပ်တို့ စားသုံးရန်အတွက်ပါ ဆင်ဖြူရှင်ကျောင်းတွင် ချက်ပြုတ်ထားသော ထမင်းဟင်းများကိုပင် တစ်လက်စတည်း ဝင်ယူခဲ့မည်ဟုပြောကာ ရွှေစေတီမှ ဦးပဥ္စင်းဟန်ညွန့်ကိုအကူအညီတောင်း၍ ဆိုင်ကယ်ဖြင့် ဒေးစွန်ပါတောင်ခြေသို့ ထွက်ခွာသွားပါသည်။ ထိုအချိန်တွင် မင်းမင်းသည် ရွှေစေတီ၌ တရားထိုင်နေ၏။ အချိန် (၂)နာရီခန့်အကြာ၌ မင်းမင်းသည် တရားထိုင်နေရာမှ တရားဖြုတ်ကာ ကျွန်ုပ်ရှိရာသို့လာရောက်၍ ဤကဲ့သို့ ပြောပါသည်။

"အစ်ကို၊ ကျွန်တော်တို့ဒီတောင်ပေါ်မှာ (၃) ရက်ကြာလိမ့်မယ်။ (၃)ရက်ပြည့်မှ အလုပ်ကိစ္စပြီးမယ်လို့ဆိုတဲ့စကားပြောသံကိုတရားထိုင်နေတုန်းကျွန်တော်ကြားလိုက်ရတယ်"

ဟု ပြောပါသည်။ ထိုစကားကို မင်းမင်းမှပြောပြသောအခါ ကျွန်ုပ်မှ-

"ဒါဆိုရင်တော့ ခက်ပြီ။ ငါတို့မှန်းထားတာက ဒီနေ့ပြီးအောင် ညထိ အလုပ်လုပ်မယ်လို့ စဉ်းစားထားပြီး ဦးပဥ္စင်းဝတုတ်ကို ဒေးစွန်ပါတောင်ခြေမှာ မီးစက်တစ်လုံးတောင် ငှားခိုင်းလိုက်ပြီ။ ဒီလိုစကားသံမျိုးကို မင်းတရားထိုင်နေတုန်းကြားရတော့ ပြဿနာတစ်ခုခု တက်လိမ့်မယ်လို့ ငါစိတ်ထဲကထင်နေတယ်။ အစစအရာရာ သတိဝီရိယထားပြီး လုပ်ကိုင်ဆောင်ရွက်ကြဖို့ အားလုံးကို မင်းလိုက်ပြောလိုက်ကွာ"

ဟု ကျွန်ုပ်မှ ဆော်ဩခိုင်းလိုက်သည်။ ခဏအကြာ၌ ဒေးစွန်ပါတောင်ခြေသို့ရောက်ရှိနေသော ဦးပဥ္စင်းဝတုတ်မှ ကျွန်ုပ်ဆီသို့ ဖုန်းဝင်လာပါသည်။

"ဒကာကြီးရေ ဦးပဥ္စင်းကတော့ ဆွမ်းစားပြီးသွားပြီ။ ဒကာကြီးတို့အားလုံးစားဖို့အတွက် ထမင်းအိုးဟင်းအိုးတွေလည်း ယူလာခဲ့ပြီ။ ဘိလပ်မြေ၊ ကျောက်၊ အုတ်၊ သဲနဲ့ မီးစက်တစ်လုံးလည်းရှာပြီးသွားပြီ။ ဒါကြောင့် ဒီပစ္စည်းတွေအားလုံးကို ထွေလာဂျီငှားပြီး တောင်ပေါ်ကို တက်လာခဲ့မယ်။ အဲဒါလှမ်းပြောတာ။ အဆင်ပြေသလိုလုပ်လိုက်ရမလား"

"မှန်ပါ့ဘုရား၊ ကောင်းသလိုသာစီစဉ်ပါ ဘုရား"

ဟု ကျွန်ုပ် ပြန်လည်လျှောက်ထား



www.burmeseclassic.com

www.burmeseclassic.com

တာ ဖုန်းချလိုက်ပါသည်။ တစ်နာရီခန့် အကြာ၌ ဦးပဉ္ဇင်းဝတုတ်တစ်ပါးတည်း ဆိုင်ကယ်စီးကာ ရွှေစေတီသို့ ရောက်ရှိလာပါသည်။

ထိုအခါ ကျွန်ုပ်မှ -

"ဘယ်လိုဖြစ်လာတာလဲ။ ဦးပဉ္ဇင်းဝတုတ်ပြောတော့ ထွေလာဂျီငှားပြီး တောင်ပေါ်တက်ခဲ့မယ်ဆို"

"ဟုတ်တယ်ဟေ့၊ ငါလည်း ပစ္စည်းတွေနဲ့ ထွေလာဂျီငှားလိုက်ပြီး ခေါင်းခန်းထဲကနေ ဘုရားဂုဏ်တော်တွေရွတ်ဖတ်သရဇ္ဈာယ်ပြီးလိုက်လာတာ။ ဒေးစွန်ပါဘုရားမုခ်ဦးအဝင်အဝကိုရောက်တော့ ငါ့ကို လူတစ်ယောက်လှမ်းပြီးအော်ပြောတဲ့အသံတစ်သံကို ငါ့နားနဲ့ကြားလိုက်တယ်။ ကြားလိုက်ရတဲ့စကားသံက 'အခုချက်ချင်းထွေလာဂျီပေါ်ကနေဆင်းတော့' ဆိုပြီးတော့ကြားလိုက်ရတဲ့အသံ။ အဲဒါကြောင့် ငါလည်း ထွေလာဂျီကိုချက်ချင်းရပ်ခိုင်းလိုက်ပြီး ဘယ်ရွာသားကလှမ်းပြီး နောက်ပြောင်ပြောသလဲဆိုပြီး တောင်ကြည့်မြောက်ကြည့်လိုက်ပြီးကြည့်တော့လည်း ဘယ်သူမှမတွေ့ရဘူး။ အဲဒီလိုလိုက်ပြီးကြည့်နေတဲ့အချိန်မှာပဲ ဒေးစွန်ပါဘုရားဝင်းထဲကနေ မိတ်ဆွေတစ်ယောက် ဆိုင်ကယ်စီးပြီးထွက်လာတာမြင်တော့ ငါ့စိတ်ထဲမှာလည်းတစ်မျိုးကြီးဖြစ်သွားတော့ မထူးပါဘူးဆိုပြီး ထွေလာဂျီပေါ်ကနေ အောက်ကိုဆင်းလိုက်ပြီး သူ့ကိုလှမ်းတားကာ ဒကာကြီးဆီကနေ ဆိုင်ကယ်ဆီဖိုးနဲ့ နေ့တွက်ခတောင်းပေးမယ်လို့ ပြောလိုက်တယ်။ အခု သူ့ဆိုင်ကယ်ယူပြီး တောင်ပေါ်ကိုတက်လာရတာပဲ။ ဒါပေမယ့် စိတ်မပူပါနဲ့။ ထွေလာဂျီနောက်ပိုင်းကစီးလာတဲ့လူကလည်း ရွှေစေတီသွားတဲ့တောလမ်းကိုသူသိတယ်ဆိုပြီး အရှေ့ကိုပြောင်းထိုင်ပြီး လှမ်းပြပြီး မောင်းလာပြီ။ မကြာခင်ရောက်လာပါလိမ့်မယ်ကွာ။ ဘာလဲ ဒကာကြီးတို့က ဗိုက်ဆာနေပြီလား"

"မဆာပါဘူး ဦးပဉ္ဇင်းဝတုတ်ရာ၊ မေးကြည့်တာပါ"

ထိုသို့ စကားပြောနေကြစဉ် ဦးပဉ္ဇင်းဝတုတ်ထံသို့ ဖုန်းဝင်လာပါသည်။ ဖုန်းဝင်လာသည့်အကြောင်းမှာ ဦးပဉ္ဇင်းဝတုတ်ပစ္စည်းများတင်ဆောင်ကာ ငှားလာသော ထွေလာဂျီသည် တောင်တစ်တောင်၏လျှိုထဲသို့အဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ ထိုးဆင်းသွားကာ တိမ်းမှောက်သွားသဖြင့် ခေါင်းခန်းမှ လိုက်ပါ၍ လမ်းပြပေးနေသော လူကြီးတစ်ဦးသေဆုံးသွားသည်ဟုသတင်း ပေးအကြောင်းကြားသည့်ဖုန်းဖြစ်နေ၏။ ထိုသတင်းကို ကြားကြားချင်း ကျွန်ုပ်တို့သည်း တောင်ခြေသို့အလျင်အမြန်သွားကြပြီး ကူညီလုပ်ကိုင်ဆောင်ရွက်ပေးလိုက်ကြပါသည်။ ထွေလာဂျီမှောက်သွားသဖြင့် ကျွန်ုပ်တို့အားလုံးစားကြမည့် ထမင်းဟင်းများနှင့် ဘီလပ်မြေအုတ်သဲကျောက် စသည့် ပစ္စည်းများဆုံးရှုံးလိုက်ရသည့်အပြင် မီးစက်တစ်လုံးငှားပြီး တင်ဆောင်လာသဖြင့် ပါလာသော မီးစက်သည် လျှိုထဲရှိစမ်းချောင်းထဲတွင် ရေနစ်မြုပ်သွားသောကြောင့် ဝိုင်းဝန်းကာပြန်လည် ဆယ်ယူကြရပါသည်။ ထိုအဖြစ်အပျက်ကြောင့် မီးစက်ပိုင်ရှင်ကို ကျွန်ုပ်သည် ငွေကျပ်ခုနစ်သောင်းအလျော်ပေးလိုက်ရပါသည်။ သေဆုံးသွားသောလူကြီးအတွက် အားလုံးစိတ်မကောင်းဖြစ်မိကြပါသည်။

ယခုအဖြစ်အပျက်တို့ကိုပြန်လည်စဉ်းစားသုံးသပ်ကာ ဆင်ခြင်ကြည့်လျှင် ယခုမှောက်သွားသော ထွေလာဂျီကို ဦးပဉ္ဇင်းဝတုတ် ခေါင်းခန်းကနေပြီးစီးလာပါသည်။ အကျိုးအကြောင်းကိစ္စများကြောင့် ဆိုင်ကယ်ငှားကာ တောင်ပေါ်သို့တက်လာသဖြင့် အသက်ဘေးမှ ကံကောင်းစွာဖြင့် လွတ်မြောက်ခဲ့ရပါသည်။ ပထမတုန်းက ကျွန်ုပ်ရေးသားတင်ပြခဲ့သလို မနေ့က တောင်ရေကျပြီး လမ်းမျှောပါသွားသောအခါ ဦးပဉ္ဇင်းဝတုတ်က သွားရောက်ပြီး ဝိုင်းဝန်းကာပြုပြင် ဆောင်ရွက်လုပ်ကိုင်ပေးခဲ့သောလမ်းပြင်သောကုသိုလ်ဒါနသည် ယခုအချိန်တွင် သူ၏အသက်ကို လက်မတင်လေးတွင်ကယ်တင်လိုက်ခြင်းဖြစ်ပါတော့သည်။

ဒီလိုနှင့်ပင် ကျွန်ုပ်တို့လည်း တစ်နေ့တာအချိန်ကုန်ဆုံးသွား၍ နေဝင်မိုးချုပ်သွားပါသည်။ ဒီအဖြစ်အပျက်များမဖြစ်မီ ရွှေစေတီဘုရား၌ မင်းမင်းပြောခဲ့သောစကားများအတိုင်းပင် သုံးရက်ကြာမည် ဟူသောအဖြေသည် ယခုအချိန်တွင် ဘွင်းဘွင်းကြီးပေါ်လာပါတော့သည်။ အမှန်ကို တင်ပြရလျှင် ဒီအဖြစ်အပျက်များကြောင့် ကျွန်ုပ်၏စိတ်ထဲ၌ တစ်မျိုးကြီးဖြစ်သွားပြီး ဦးပဉ္ဇင်းဦးသောဘိတ သတိပေးခဲ့သော စကားများကို ပြန်လည် ကြားယောင်နေမိပါသည်။ အဖွဲ့သားအားလုံး၏စိတ်ထဲ၌လည်း စိုးရိမ်ကြောင့်ကြမှုများရှိနေကြသည်ကို သူတို့မပြောဘဲနှင့် ကျွန်ုပ်ခန့်မှန်းသိရှိနေပါသည်။ ယခုညကို ရွှေစေတီရှိ ဦးပဉ္ဇင်းဟန်ညွှန့်ကျောင်းတွင် ညအိပ်လိုက်ကြပါသည်။ ညဘက်အိပ်ရာဝင်တော့မည့်အချိန်တွင် ကျွန်ုပ်သည် ဘုရားရှိခိုးကာ ဝိဇ္ဇာတောင်ပေါ်ရှိ လေးကြိုးမင်းခေါင်ကြီးနှင့်ကျွန်ုပ်အားလိုအပ်သောအချိန်တွင် တ,လိုက်ပါဟုပြောခဲ့သော တောင်ပိုင်ဘိုးဘိုးကြီးတို့ကို စိတ်ထဲ၌ တမ်းတရင်းဖြင့် အိပ်ပျော်သွားပါသည်။

ကျွန်ုပ် တစ်ရေးနိုး၍ လက်မှနာရီကိုကြည့်လိုက်သည့်အခါ နံနက်(၃)နာရီထိုးအတိဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ ကျွန်ုပ်လည်း တစ်ရေးနိုးဆီးသွားချင်သဖြင့် လက်နှိပ်ဓာတ်မီးကိုယူကာထွက်လာခဲ့ပါသည်။ ရေအိမ်သည် ဦးပဉ္ဇင်းဟန်ညွှန့်ကျောင်းရှေ့ ရွှေစေတီဘုရားကြားတွင်ရှိသော ချောက်ကမ်းပါးထဲသို့ ဆင်း၍သွားရပါသည်။ ဒီလိုနှင့် ဓာတ်မီးကိုယူ၍ တစ်ယောက်တည်းထွက်လာခဲ့ပါသည်။

အပြင်ဘက်၌ ငွေစန္ဒာလမင်းကြီးက ထိန်ထိန်သာနေပါသည်။ ဓာတ်မီးထိုးပြီး လမ်းလျှောက်လာစဉ် ကျွန်ုပ်၏အရှေ့တည့်တည့်၌ ဦးသူတော်ကြီးတစ်ဦးသည် သွားမည့်လမ်းကိုပိတ်၍ ပုတီးကိုင်ထားကာ မတ်တတ်ရပ်နေပါသည်။ ကျွန်ုပ်လည်း ဖျန်းစားကြီး မြင်တွေ့လိုက်ရသဖြင့် အနည်းငယ်တွန့်သွားပါသည်။

ထိုအခါ လမ်းပိတ်ရပ်နေသော ဦးသူတော်ကြီးမှ -

"တုန်လှုပ်ချောက်ချားမှုမဖြစ်ပါနဲ့ လူလေး၊ လူလေးနဲ့တွေ့ရအောင် လာခဲ့တာပါ"

ဟုပြောသောအခါမှ ကျွန်ုပ်သည် ဦးသူတော်ကြီး၏မျက်နှာကိုကြည့်လိုက်သောအခါ အိပ်မက်ထဲ၌တွေ့ဆုံဖူးသော ပုဂ္ဂိုလ်ကြီးဖြစ်နေသည်ကို သိရှိလိုက်ပါသည်။ ထိုအခါ ကျွန်ုပ်မှ ဦးသူတော်ကြီးကို ဤကဲ့သို့စတင်ပြီးမေးလိုက်ပါသည်။

"ဦးသူတော်ကြီးက ဒီတောင်မှာနေတာလား"

"ဒီတောင်မှာတင်မဟုတ်ဘူး။ ပဲခူးရိုးမတောထဲမှာရှိတဲ့နေရာအားလုံးမှာနေ တယ်"

"ဒါဆိုရင် ပဲခူးရိုးမကြီးထဲမှာနေတာ ဘယ်လောက်ကြာပြီလဲ ဦးသူတော်ကြီး"

"နှစ်ပေါင်း (၁၀၀၀) ကျော်ပြီ"

"ဟိုက်"

ဆိုပြီး ကျွန်ုပ်သည် အံ့ဩ၍စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com

အသွားကာ သာမန်ပုဂ္ဂိုလ်ကြီးမဟုတ်မှန်း သိရှိလိုက်ပါသည်။ ထို့နောက် ဆက်လက်၍ ကျွန်ုပ်မှ-

"ဦးသူတော်ကြီးရဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲခင်ဗျား။ သိခွင့်ရှိရင် သိချင်ပါတယ်"

"ဦးသူတော်လို့ လူလေးကခေါ်တော့ ဦးသူတော်လို့ပဲ မှတ်ထားလိုက်ပါ"

"ဒါဆို. . . ."

ဟု ကျွန်ုပ်က စကားဆက်ပြီးပြောလှန်း ဦးသူတော်ကြီးမှ-

"တော်ပြီ တော်လောက်ပြီ။ လာရင်းကိစ္စအကြောင်းတရားကိုပဲပြောတော့မယ်။ မေးတာတွေကို ရပ်လိုက်တော့။ အခု ဦးသူတော် လူလေးဆီကိုလာရတဲ့ အကြောင်းရင်းက လေးကြိုးမင်းခေါင်ကြီးလွှတ်လိုက်လို့လာရတာပဲ။ ဒီနေ့ဖြစ်ပျက်ခဲ့သမျှကို ခေါင်းထဲကနေထုတ်လိုက်ပါ။ သူ့အကျိုးအကြောင်းတွေရှိလို့ သူ့ရဲ့ပဋ္ဌာန်းဆက်တွေက လာခေါ်သွားတာပါ။ ဒီအဖြစ်အပျက်တွေကြောင့် ကိုယ်ရည်ရွယ်ထားတဲ့အတိုင်း ခိုင်ခိုင်မာမာဆုံးဖြတ်ထားတဲ့အတိုင်း ဆက်လက်လုပ်ဆောင်ပါ၊ စိတ်ဓာတ်ပျော့ညံ့သူ၊ ဇွဲလုံ့လဝီရိယမရှိသူတွေဟာ အောင်မြင်မှုပန်းတိုင်ကို ဘယ်တော့မှမရောက်ကြဘူးကွယ့်။ အမှန်တကယ်တော့ လူလေးဟာ အမိုးမိုးခွင့်ရတဲ့ဒကာအစစ်ပါ။ တောင်တွေးမြောက်တွေးနဲ့ မဟုတ်တာတွေကို လျှောက်မတွေးပါနဲ့။ ဆက်လက်ပြီး စိတ်ချမ်းချမ်းသာသာနဲ့ လုပ်ဆောင်ပါ။ လူလေးနဲ့အတူပါလာတဲ့ ခုနစ်ရက်သားသမီးအားလုံးကို တောင်ပိုင်ကြီးနဲ့ ဦးသူတော်တို့က အချိန်အခါမလပ် ဟောဒီမဲခူးရိုးမကြီးအတွင်းနဲ့ ဝိဇ္ဇာတောင်ပေါ်မှာ အမြဲစောင့်ရှောက်နေတယ်ဆိုတာကို အသိလာပေးရတာပဲ လူလေး"

"ဟုတ်ကဲ့ပါ ဦးသူတော်ကြီး၊ ကျေးဇူးအရမ်းတင်ပါတယ် ခင်ဗျာ"

"အေး၊ အေး - ဦးသူတော်တို့ကို အမှန်အတကယ် ကျေးဇူးတင်တယ်ဆိုရင် ကမ္မဋ္ဌာန်းတရားနဲ့ ဝိပဿနာတရားတွေကို များများအားထုတ်၊ တရားဘာဝနာတွေ များများပွားများပြီး ရရှိလာတဲ့ ကုသိုလ်အဖို့ဘာဂတွေကို ဦးသူတော်တို့ကို စိတ်ဝယ်ရည်မှန်းပြီးတော့ အမျှအတန်းပေးဝေပါ။ ဦးသူတော်တို့က ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ချင်တယ်။ ဒါဆိုရင် ဦးသူတော်တို့ကို ကျေးဇူးဆပ်တာနဲ့ အတူတူပဲ လူလေး။ ကဲ - ဦးသူတော် သွားတော့မယ်"

ဟု ဆိုကာ နောက်ကျောခိုင်း၍ ကျွန်ုပ်အရှေ့မှလှည့်ထွက်သွားပြီး ခြေလှမ်းသုံးလှမ်းလှမ်းပြီးသောအခါ မြင်ကွင်းမှပျောက်ကွယ်သွားပါတော့သည်။ ထိုအချိန်တွင် ကျွန်ုပ်လည်း ဆီးသွားချင်သည့်စိတ် ဘယ်ရောက်သွားမှန်းမသိလို့ ဘုန်းကြီးကျောင်းထဲသို့ ပြန်ဝင်လာပြီး စိတ်ချမ်းသာစွာဖြင့် အိပ်လိုက်ပါတော့သည်။

နံနက်မိုးလင်းသောအခါ ကျွန်ုပ်သည် အလုပ်လုပ်ကိုင်ကြမည့်သူများကို စိုးရိမ်ပူပန်မှုများမရှိကြစေရန် အားပေးစကားများပြောကြားလိုက်ပါသည်။ ဒီလိုနှင့်ပင် ရွှေစေတီဘုရား၌ မင်းမင်းကြားလိုက်ရသည့်စကားအတိုင်းပင် အောင်သိဒ္ဓိဝိဇ္ဇာတောင်ပေါ်တွင် ယုတ္တိမတန်သော ဂမ္ဘီရအဖြစ်အပျက်များနှင့်အတူ သုံးရက်ပြည့်မှ လေးကြိုးမင်းခေါင်ကြီး၏ အမိုးကို အောင်မြင်စွာမိုးနိုင်ခဲ့ပါသည်။

ဤသို့ဖြင့် ကျွန်ုပ်တို့သည် ဝိဇ္ဇာတောင်ပေါ်တွင် အမိုးလှူဒါန်းမှု အောင်မြင်စွာ ပြီးဆုံးသွားပါသဖြင့် ဦးပဥ္စင်းဝတုတ်ကို အစစအရာရာကူညီခဲ့သည့်အတွက် ကျေးဇူးတင်စကားပြောကြားကာ သီတာရုံကျောင်းမှ ထွက်လာခဲ့ပါသည်။

သို့ဖြင့် ရန်ကုန်သို့ပြန်ရန် ကားဖြင့်ထွက်အလာ ရန်ကုန် - မန္တလေး အဝေးပြေးလမ်းဟောင်း ဒေးစွန်ပါဘုရားအဝင်အဝ မုခ်ဦးထိပ်တွင် ရွှေစေတီဘုရား၌ ဝိဇ္ဇာတောင်အကြောင်းကို သတိပေးစကားပြောကြားခဲ့သော ဦးပဥ္စင်းဦးသောဘိတနှင့် ဆုံမိကြပါသည်။ ဦးပဥ္စင်းဦးသောဘိတက ကျွန်ုပ်မောင်းလာသောကားကို လမ်းမပေါ်သို့တက်၍တားသဖြင့် ကားကို ရပ်ပေးလိုက်သောအခါ-

"ဟေ့-ဒကာကြီး၊ ဝိဇ္ဇာတောင်ပေါ်မှာ အမိုးမိုးပြီးသွားပြီလား"

"မှန်ပါ့ဘုရား၊ . အောင်မြင်စွာနဲ့ မိုးပြီးသွားလို့ အခု ရန်ကုန်ပြန်တော့မလို့ပါ ဘုရား"

ဟု ကျွန်ုပ်က ပြန်လည်လျှောက်ထားလိုက်သောအခါတွင် ဦးပဥ္စင်းဦးသောဘိတမှ သူ၏ ညာဘက်လက်ကို လက်သီးဆုပ်ပြီး အပေါ်ကိုဆန့်ထုတ်ကာ-

"အောင်ပြီ အောင်ပြီ အောင်ပြီ"

ဟု ကြွေးကြော်ပြီး -

"ဒကာကြီးတို့အားလုံးကို အောင်မြင်တဲ့အထိမ်းအမှတ်နဲ့ လက်ဖက်ရည်တိုက်ပြီး ဂုဏ်ပြုမယ်"

ဟု ပြောကာ ကားပေါ်မှ ကျွန်ုပ်တို့အားလုံးကို အတင်းဆင်းခိုင်းသဖြင့် ကျွန်ုပ်တို့လည်း ဦးသောဘိတဂုဏ်ပြုပြီး ကျွေးမွေးသောလက်ဖက်ရည်နှင့်မုန့်များ စားသောက်ခဲ့ပြီးမှ ရန်ကုန်သို့ပြန်လာခဲ့ပါသည်။

ဤသို့ဖြင့် ဝိဇ္ဇာတောင်တွင် အမိုးမိုးပြီး အချိန်တွေတရွေ့ရွေ့ကုန်ဆုံးသွားကာ (၂) လခန့်အကြာတွင် ကျွန်ုပ်တို့မိသားစုသည် ချောင်းသာကမ်းခြေသို့ အလုပ်ကိစ္စတစ်ခုနှင့်ရောက်ရှိခဲ့ပါသည်။ ထိုသို့ရောက်ရှိသောညဉ့်ပင် ကျွန်ုပ်သည် ဘိုးတော်အောင်မင်းခေါင်ကြီးကို အိပ်မက်ထဲ၌ ဖူးတွေ့ခွင့်ရလိုက်ပါသည်။ အိပ်မက်ထဲ၌ အဘက ကျွန်ုပ်ကို ဤသို့အမိန့်ရှိပါသည်။

"ဒီမှာ ငါ့သား မင်းစီးပွားရေးတွေ တိုးတက်အောင်မြင်လာရင် သာသနာတော်အတွက် လိုအပ်တဲ့နေရာတွေမှာ အထောက်အပံ့အနေနဲ့ လှူဒါန်းပေးရမယ်သား။ ဒါကြောင့် ငါ့သားကြီး ပြည့်ပြည့်စုံစုံနဲ့အလှူကြီးပေးနိုင်အောင်၊ စီးပွားရေးတွေ တိုးတက် အောင်မြင်အောင် 'တဘောင်အတိတ်နဲ့ နိမိတ်ဆောင်ရအောင် မိုးထိတက်အောင် လှေကားထောင်ဟေ့' ကြားလား ငါ့သား"

ဟု ဆိုကာ ပျောက်ကွယ်သွားပါသည်။

အိပ်ရာမှနိုးသော် ကျွန်ုပ်သည် ပင်လက်ကမ်းစပ်၌လမ်းလျှောက်ရင်းဖြင့် အိပ်မက်အကြောင်းကို စဉ်းစားနေမိပါသည်။ ထိုသို့စဉ်းစားရင်း စဉ်းစားရင်းဖြင့် ကျွန်ုပ်သဘောပေါက်လိုက်ပါတော့သည်။ ပဲခူးရိုးမတွင်ရှိသော လေးကြိုးမင်းခေါင်ကြီး၏ဝိဇ္ဇာတောင်တွင် လှေကားထောင်ရန်အတွက် အဘကပြောသွားခြင်းဖြစ်သည်ကို သဘောပေါက်လိုက်ပါသည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ် ဝိဇ္ဇာတောင်ပေါ်တွင်အမိုးမိုးပြီးကတည်းက တောင်ပေါ်သို့တက်ရန်အတွက်လှေကားထောင်ရန် စဉ်းစားမိပါသည်။ ဒါပေမယ့် ဝိဇ္ဇာတောင်ပေါ်တွင် လေးကြိုးမင်းခေါင်ကြီးရဲ့ညွှန်ကြားချက်မပါဘဲ မထိရဲမကိုင်ရဲ မလုပ်ရဲတော့ပါ။ အခုတော့ လေးကြိုးမင်းခေါင်ကြီးက ခွင့်ပြုပြီ၊ ပြုလုပ်ခွင့်ပေးပြီ။ ကျွန်ုပ်ရင်ထဲ၌ အလွန်ပျော်ရွှင်သွားပါသည်။ ထို့ကြောင့် ချောင်းသာမှပင် ဒေးစွန်ပါရှိ ဦးပဥ္စင်းဝတုတ်ဆီသို့ ဖုန်းလှမ်းဆက်ကာ အကြောင်းကြားထားလိုက်ပါသည်။

သို့ဖြင့် ကျွန်ုပ်သည် ချောင်းသာမှ

www.burmeseclassic.com

ရန်ကုန်သို့ ပြန်ရောက်သောအခါ ချက်ချင်းပင် ဒေးစွန်ပါသို့ပြန်လည်ထွက်ခွာ၍ ဦးပဥ္စင်းဝတုတ်အကူအညီဖြင့်ပင် ပန်းရန်ဆရာများနှင့်အလုပ်သမားများကို ငှားကာ မိုးထိတက်အောင် လှေကားထောင်လိုက်ပါသည်။ ထူးဆန်းသည်မှာ လှေကားထောင်ပြီးသောနေ့၌ လှေကားထောင်မှုအလုပ်ကိစ္စဆောင်ရွက်ပြီးသည်နှင့် ချက်ချင်းပင် အောင်သိဒ္ဓိဝိဇ္ဇာတောင်အောက်ခြေရှိ ပထမဆုံးလှေကားထစ်မှစ၍ ရသေ့တစ်ပါးသည် ဒေါက်ခြာမပါ ဦးခေါင်းတွင် ဆံထုံးထုံးထားပြီး ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ဆွမ်းဆန်စိမ်းအပြည့်အမောက်ပေါ်တွင် သာသနာ့အလံငယ်လေးများကို နေရာအပြည့်စိုက်ထူထားသော အရှေ့၊ အနောက် တောင်းနှစ်တောင်းကို ထမ်းပိုးဖြင့်ထမ်းကာ ကျွန်ုပ်တို့အားလုံး၏ အရှေ့မှာပင် လှေကားတစ်ထစ်ချင်းလှမ်းတက်ကာ နှုတ်မှလည်း တဘောင်လိုလို ဂါထာလိုလို ရွတ်ဖတ်သရဇ္ဈာယ်၍ ဝိဇ္ဇာတောင်ပေါ်သို့ စတင်တက်ရောက်ပါတော့သည်။ ထိုသို့ ရသေ့ကြီး လှေကားထစ်များပေါ်သို့ တက်သောအချိန်သည် လှေကားထစ်ရှိ ဘိလပ်မြေများ သိပ်ပြီးမခြောက်သေးပါ။ တက်နင်းမိလျှင် အောင်သို့နစ်ဝင်သွားပါမည်။ သို့သော် ယခု ရသေ့ကြီး လှေကားထစ်များကိုနင်း၍ တဝ်လှမ်းချင်းတက်လာသည်မှာ မည်သို့မျှ ချိုင့်ဝင်မသွားဘဲ အကောင်းပကတိအတိုင်းရှိနေသည်ကို အားလုံးသတိပြုမိလိုက်ပါသည်။ ရသေ့ကြီးသည် လှေကားထစ်များမှ တောင်ပေါ်သို့တက်ရင်းဖြင့် ဤသို့ ရွတ်ဆိုလာပါသည်။

*"လူထိပ်မိုး ဟိုးဟိုးကျော်၊*
*ဆောင်နန်းသိုက် ပြိုက်ပြိုက်စီး၊*
*ခုဝံကြွယ် ကောင်းကင်ထွက်၊*
*ပြည့်ပြည့်စုံ ချမ်းသာကြီး၊*
*ဟီးဟီးဟိုက် ပေါ်ပေါ်ဟိုး၊*
*အိုးစလင်း တင်းတောင်းပြည့်၊*
*မိုးပေါ်ပျံ ရှင်ထိပ်မိုး၊*
*ကုဋေကြွယ် ဝကုံပြည့်၊*
*ကျွန်းကျွန်းမာ ရောဂါကင်း၊*
*ပြိုင်ဘက်ကင်း အသက်ရှည်၊*
*ဟန်သစ်လုံး ပတ်ရှစ်ကုံး၊*
*မိုးထိအောင် လှေကားထောင်၊*
*ဗုဒ္ဓေါဆောင် အောင်ပြီ၊*
*ဗုဒ္ဓေါဆောင် အောင်ပြီ၊*
*ဗုဒ္ဓေါဆောင် အောင်ပြီဟေ့"*

ဟု ရွတ်ဆိုကာ ဝိဇ္ဇာတောင်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်ဆင်းတုရှိရာသို့ တက်ရောက်သွားသည်ကိုတွေ့လိုက်ရပါသည်။ ကျွန်ုပ်တို့အားလုံးလည်း လှေကားထောင်ခြင်း အောင်မြင်စွာ ပြုလုပ်ပြီးသည်နှင့် ဝိဇ္ဇာတောင်ပေါ်ရှိ လေးကြိုးမင်းခေါင်ကြီးကို ကန်တော့ပွဲပေးရန်အတွက် လှေကားဘေးရှိ မြေသားလမ်းမှ တောင်ပေါ်သို့ တက်ရောက်ခဲ့ကြပါသည်။

ဝိဇ္ဇာတောင်ပေါ်သို့ရောက်သောအခါ တဘောင်များရွတ်ဆိုပြီး တောင်ပေါ်သို့တက်သွားသော ဆွမ်းဆန်စိမ်းအပြည့်ထမ်းထားသည့် ရသေ့ကြီးကို လုံးဝမတွေ့ရှိရတော့ပေ။ ရသေ့ကြီးသည် တောင်ပေါ်သို့သာတက်လာခဲ့ပြီး ပြန်ဆင်းမလာတော့ပါ။ အမှန်ကိုဝန်ခံရလျှင် ဤဝိဇ္ဇာတောင်၌ အမိုးမိုးစဉ်အချိန်ကာလများနှင့် လှေကားထောင်စဉ်အချိန်ကာလများတွင် တွေ့ကြုံဆုံတွေ့ခွင့်ရသောပဥ္စာန်းဆက်များနှင့် သူတော်စင်ပုဂ္ဂိုလ်ကြီးများအကြောင်း တစ်ခုမကျန်အကုန်ချရေးပြလျှင် လုံးချင်းဝတ္ထုကဲ့သို့ စာအုပ်တစ်အုပ်စာဖြစ်သွားပါလိမ့်မည်။ တချို့သောအကျိုးအကြောင်းတရားများသည် ယုတ္တိမတန်လောက်အောင်၊ လက်ခံ၍မရလောက်အောင်ပင်အလွန်ထူးဆန်းသည့် ဂမ္ဘီရဆန်သော အဖြစ်အပျက်များစွာကို တကယ်တွေ့ကြုံဆုံစည်းခွင့်ရခဲ့ပါသည်။ သို့သော် လူအများလက်ခံနိုင်လောက်သည့် ယုတ္တိရှိသောအဖြစ်အပျက်များကိုသာ ရွေးချယ်၍ ကျွန်ုပ်ရေးသား ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ တချို့ကိုစ မျက်မြင်ကိုယ်တွေ့များကို ချန်လှပ်ကာ ရေးသားခဲ့ရပါသည်။

ဒီလိုနှင့်ပင် လေးကြိုးမင်းခေါင်ကြီး၏ 'အောင်သိဒ္ဓိဝိဇ္ဇာတောင် 'တွင် အမိုးမိုးပြီး လှေကားထောင်ခဲ့သမျှကို ရေစက်သွန်းချ အမျှအတန်းပေးဝေဖို့အတွက် ဝိဇ္ဇာတောင်ပေါ်သို့ သံဃာ(၅)ပါးကိုပင့်ဖိတ်ကာ ကျွန်ုပ်တို့မိသားစုနှင့်အတူ ဓမ္မမိတ်ဆွေများအားလုံး အတူတကွ ကုသိုလ်အဖို့ဘာဂကို ရေစက်သွန်းချ အမျှအတန်းပေးဝေကာ -

"သာဓု သာဓု သာဓု"

ဟု ပရိသတ်အားလုံးမှ ပြိုင်တူ သာဓုသုံးကြိမ်ခေါ် ဆိုပြီးသောအခါ ဝိဇ္ဇာတောင်၏ တစ်ဖက်အခြမ်းတွင်ရှိသော ဂမုန်းရှင်တောင်မှ -

"နောင်ဝဝေ. . . နောင်ဝဝေ . . . နောင်ဝဝေ"

ဆိုသော ကြေးစည်သံနှင့်အတူ-

"ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ"

ဟူသော ကြည်လင်ပြတ်သားသောအသံကို အားလုံးမှ တစ်ပြိုင်နက်တည်း ကြားလိုက်ရပါသည်။ ထိုကဲ့သို့ အသံကြားလိုက်သည်နှင့် ကျွန်ုပ်မှ -

"ဟာ - ဒါဒါ ကျွန်တော်နဲ့တွေ့ဆုံခဲ့တဲ့ ဦးသူတော်ကြီးအသံပဲ"

ဟု ပြောလိုက်သောအခါ ကျွန်ုပ်နှင့်အတူတကွ တရားနာနေကြသော ဓမ္မမိတ်ဆွေအားလုံးတို့မှ စိတ်ဝင်စားသွားသဖြင့် အားလုံးမှ မတ်တတ်ထရပ်ကာ ဝိဇ္ဇာတောင်ပေါ်မှအသံထွက်ပေါ်လာရာ ဂမုန်းရှင်တောင်သို့လှမ်းကြည့်လိုက်သောအခါ ပုတီးအနက်ကြီးကိုလည်ပင်း၌ဆွဲထားသော ဦးသူတော်ကြီးသည် ဂမုန်းရှင်တောင်အောက်ခြေ လှေကားမှစတင်၍ ကြေးစည်လေးကို ထု ကာ-

*"ရွက်လှေကိုပြင်*
*လိုက်ချင်သူ ပဥ္စသီဆောင်လျှင်ဖြင့်*
*အောင်လံထူမယ့်ခေတ်ဦး*
*အအိပ်မကြီးကြပါနဲ့*
*စိတ်ပုတီးလက်မှာဆောင်လို့*
*အသက်ရှည်ရွှေငွေမရှား*
*အဘကမှာကြား. . ."*

ဟု ရွတ်ဆိုကာ ဂမုန်းရှင်တောင်ပေါ်သို့တက်သွားသည်ကို အဝေးမှပင် ကျွန်ုပ်တို့အားလုံးလှမ်းမြင်တွေ့လိုက်ရပါတော့သည်။ ထို့ကြောင့် ထူးဆန်းသော ဂမ္ဘီရများနှင့်ပြည့်နှက်နေသည့် 'လေးကြိုးမင်းခေါင်ရဲ့ ဝိဇ္ဇာတောင် တဘောင်အတိတ်နဲ့ နိမိတ်ကိုဆောင် မိုးထိတက်အောင် လှေကားထောင်ဟေ့' ဟုတင်ပြလိုက်ရပါသည်။

ကျွန်ုပ်အား ဝိဇ္ဇာတောင်ပေါ်တွင် အမိုးမိုးသောနေ့ရက်များနှင့် လှေကားထောင်သောနေ့ရက်များတွင် လိုက်ပါကူညီ၍ကုသိုလ်ပါဝင်ခဲ့ကြသောဦးပဥ္စင်းဝတုတ်၊ ဦးပဥ္စင်းဟန်ညွန့်၊ ဦးပဥ္စင်းဦးသောဘိတ၊ ဦးသိန်းအေး၊ ဦးမြင့်ဝင်း၊ ဦးထွန်းမြင့်၊ မင်းမင်း၊ မောင်တင်သန်းနှင့် ဓမ္မမိတ်ဆွေအားလုံးတို့အား ဤစာမူဖြင့် ကျေးဇူးတင် ဂါဝရပြုလိုက်ရပါသည်။

*သတ္တဝါမှန်သရွေ့ တရားတွေ့*
*အေးငြိမ်းချမ်းသာရှိကြပါစေ*

*ဗုဒ္ဓမြတ်စွာသာသနာ*
*ဖောင်ဝါနေသို့လင်းစေသော်*

အဘဝ (သာသနာ့အလင်းရောင်)



www.burmeseclassic.com

www.burmeseclassic.com



(ဥုဒ္ဓိမိုရာကာဝရာ၊ ဥုဒ္ဓိမိုရာကာကောဝိဒ)

# အရှင်သိရိဒတ္တာလက်ရုံး

လူရို

မကြာမြင့်သေးသောအချိန်က အဘိုးတစ်ယောက် စာရေးသူထံရောက်လာ၏။ သူ့စိတ်ထဲ ကျေနပ်မှုမရှိသော ခံစားချက်အချို့ကို စာရေးသူအား လျှောက်ထား၏။ အထူးအဆန်းတော့ မဟုတ်။ ခုခေတ် မိသားစုပြဿနာ၊ လူမှုပြဿနာပေါင်းသောင်းခြောက်ထောင်ထဲက တစ်ခုသာဖြစ်ပါ၏။

"ခုခေတ်လူငယ်တွေနဲ့ နေရထိုင်ရတာ အတော်ကသိကအောက်ဖြစ်ရတယ်။ သူတို့က သူတို့သဘောချည်းဖြစ်ချင်တော့ လူကြီးတွေကို ဘေးဖယ်လာကြတယ်။ ဘေးဖယ်တော့လည်း ဂုဏ်သိက္ခာရှိရှိ မဖယ်ကြဘူး။ အဘိုးကြီး၊ အဘွားကြီး သုံးမရတဲ့ပုံမျိုး။ သူတို့က ဘယ်လောက်သိနေကြလို့လဲ။ တကယ်ဆို တပည့်တော်တို့က မွေးထုတ်လိုက်လို့ လူ့ဘဝရောက်လာကြတဲ့ကလေးတွေပဲ။ ကိုယ်မွေးထားတဲ့မျောက်က ကိုယ့်ပြန်ခြောက်နေတာကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး ကိုယ်တော်"

ဒေါ်နှင့်မောနှင့် (ဒေါသနှင့်မောဟနှင့်) ပြောနေသော အဘိုး၏စကားကို နားထောင်ပြီး စာရေးသူက ပြုံးလိုက်ပါ၏။ ထိုသို့ ပြုံးပြုံးကြီးလုပ်နေသည်ကို ကျေနပ်ဟန်မရှိသောအဘိုးက -

"ကိုယ်တော်က ဘယ့်နှယ် ပြုံးပြုံးကြီးလုပ်နေတာလဲ။ တပည့်တော်တို့လိုလူကြီးတွေဘက်က စစ်ကူရမလားလို့ ကိုယ်တော်ကိုလျှောက်တာ"

"လူငယ်နဲ့ လူကြီးစစ်ပွဲကြီးဖြစ်နေပြီလား အဘိုးရဲ့"

"ကိုယ်တော်ကလည်းစကားကတ်နေပြန်ပါပြီ။ စစ်ပွဲတော့ ဘယ်ဖြစ်ပါ့မလဲ။ ပြဿနာဖြစ်နေတဲ့သဘောကို ပြောတာပါ"

"အင်း - လူကြီးတွေကလည်း 'ငါမွေးထားတဲ့သားပဲ၊ ငါမွေးထားတဲ့သမီးပဲ ငါခိုင်းတာလုပ်၊ ငါမေးတာဖြေ၊ ငါပေးတာယူ၊ ငါကျွေးတာစား၊ ငါထားသလိုနေ' ဆိုတဲ့ မာန်မာနတွေထားနေကြသရွေ့ လူငယ်တွေဘက်ကလည်း 'အဖေ့ထက် သားတစ်လကြီး' ဆိုတဲ့ ပုံစံမျိုးနဲ့ လူလည်ကြီးလုပ်နေကြသရွေ့ ဒီပြဿနာ ပြေလည်ဖို့ မလွယ်ဘူးလို့ ထင်တယ်။ လူကြီးလည်း လူကြီးအလျောက်၊ လူငယ်လည်း လူငယ်အလျောက် လောကကြီးကို တစ်ဖက်တစ်လမ်းက ကျေးဇူးပြုနေကြတာပဲလို့ နှစ်ဦးနှစ်ဖက်စလုံးက ဗြဟ္မစိုရ်အမြင်နဲ့ မြင်နိုင်ကြပါမှ ဒီပြဿနာ အဆင်ပြေလိမ့်မယ်။ လူကြီးတွေဟာ လူငယ်တွေအတွက်အမြဲတမ်း မရှိမဖြစ် လိုအပ်ချက်ဖြစ်နေဖို့ လိုသလို လူငယ်တွေကလည်း လူကြီးတွေအတွက် အမြဲတမ်း မရှိမဖြစ်လိုအပ်ချက်ဖြစ်နေဖို့လိုတယ်။ လူကြီးနဲ့လူငယ် နှစ်ဖက်စလုံး အချင်းချင်း လူပိုလို့မမြင်ကြရင် ဒီပြဿနာ ပြေလည်မှာပါ။ လူ့ဘဝရဲ့လိုအပ်ချက်ဟာ လူပဲ ဖြစ်စေရမယ် အဘိုးရဲ့"

"အို-ကိုယ်တော့်အတွေးအခေါ်လေး ဘယ်ဆိုးလို့တုံး။ လူတစ်ယောက်ရဲ့တန်ဖိုးဟာ အတော်ကြီးမားတယ်ပေါ့နော်။ အဲဒါကြောင့် မေတ္တာသုတ်မှာ မေတ္တာပို့နည်း (၁၁) နည်းအနက် နောက်ဆုံး (၃) နည်းအရ မေတ္တာပို့တဲ့အခါ လူအချင်းချင်းလှည့်ပတ်ခြင်းကင်းရှင်းကြပါစေ၊ အထင်သေးခြင်းအချင်းချင်းကင်းရှင်းကြပါစေ၊ ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေဆိုပြီး လူသားအချင်းချင်း တန်ဖိုးထားဖို့နဲ့ မေတ္တာထားဖို့ ဗုဒ္ဓဘုရားရှင်က လမ်းညွှန်ခဲ့တာပေါ့နော် ကိုယ်တော်"

"သိပ်ဟုတ်တာပေါ့။ လူအချင်းချင်း အကောင်းမြင်ဝါဒရှိကြဖို့၊ တစ်ဦးအကျိုးကို တစ်ဦးက လိုလိုလားလားရှိ



www.burmeseclassic.com

www.burmeseclassic.com

ကြဖို့ သိပ်အရေးကြီးတယ်လေ"

"ဒါနဲ့ လူပို ဆိုတာ ဘာကိုဆိုလိုတာလဲ ကိုယ်တော်"

"မိသားစုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက်၊ ကိုယ့်နိုင်ငံအတွက် အသုံးမတည့်လို့ မလိုအပ်တော့လို့ ပိုနေတဲ့လူကို လူပိုလို့ခေါ်တယ်"

"လိုအပ်သောလူလား၊ ပိုနေသောလူလားဆိုတာကို ဘယ်လိုစစ်တမ်းထုတ်မလဲ ကိုယ်တော်"

"အဘိုးအချိန်ရတယ်နော်။ အချိန်ရရင်တော့ ဗုဒ္ဓဘုရားရှင်ဟောတော်မူခဲ့တဲ့ အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်က ပတောဒသုတ္တန်နဲ့ညှိပြီး စစ်တမ်းထုတ်ပြမယ်"

"အချိန်ရပါတယ် ကိုယ်တော် အမိန့်ရှိပါ"

"လောကမှာ မြင်း (၄) မျိုးရှိတယ်တဲ့ အဘိုးရဲ့။ အချို့သောမြင်းက အရှင်သခင် ၊ ဝင့်ပြလိုက်သော နှင်တံအရိပ်အရောင်ကို မြင်လိုက်သည်နဲ့ အရှင်သခင်အလိုကျလိုက်နာဆောင်ရွက်တတ်တဲ့ အဲဒီမြင်းမျိုးကို ပထမတန်းစားမြင်း၊ အဆင့် (၁) မြင်းလို့ မှတ်ခဲ့နော်။

အချို့သောမြင်းက နှင်တံအရိပ်အယောင်မြင်ရုံနဲ့ ဘာမှမထူးခြားဘူး။ အရှင်သခင်က နှင်တံဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ အမွေးအမှင်တွေကို ပွတ်သပ်လိုက်မှ၊ ထိုးဆွလိုက်မှ အရှင်သခင်အလိုကျ လိုက်နာဆောင်ရွက်တတ်တယ်တဲ့။ အဲဒီမြင်းမျိုးကို ဒုတိယတန်းစားမြင်း၊ အဆင့် (၂) မြင်းလို့ မှတ်ခဲ့ပါ။

အချို့သောမြင်းက နှင်တံအရိပ်အယောင်မြင်ရုံနဲ့ ဘာမှမထူးခြားဘူး။ အရှင်သခင်က နှင်တံဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ၊ အမွေးအမှင် ပွတ်သပ်ပေမယ့်လည်း မတုန်မလှုပ်။ သို့သော် သွေးစို့ရုံ အသားပေါက်အောင်ထိုးလိုက်ရင်တော့ ကိုယ့်အသား နာကျင်ပြီဖြစ်တဲ့အတွက် အရှင်သခင်အလိုကျလိုက်နာဆောင်ရွက်တယ်တဲ့။ အဲဒီမြင်းမျိုးကို တတိယတန်းစားမြင်း၊ အဆင့် (၃) မြင်းလို့ မှတ်လိုက်ပါ။

အချို့သောမြင်းက နှင်တံပြလည်း မလှုပ်၊ အမွေးအမှင်ပွတ်သပ်လည်း မလှုပ်၊ သွေးထွက်အောင် အသားပေါက်အောင် ထိုးနှက်လည်းမလှုပ်၊ နှင်တံထိပ်မှာတပ်ထားတဲ့သံချွန်နဲ့ အရိုးခိုက်အောင် ခပ်နာနာလေး ထိုးစိုက်လိုက်ကာမှ အရှင်သခင်အလိုကျ ဆောင်ရွက်တယ်တဲ့။ အဲဒီမြင်းမျိုးကိုတော့ စတုတ္ထတန်းစားမြင်း၊ အဆင့် (၄) မြင်းလို့ သတ်မှတ်လိုက်ပါ။ . .

မြင်း (၄)မျိုး စုံသွားပြီနော်။ အဲဒီမြင်းတွေကို ဗုဒ္ဓဘုရားရှင်က ဘာပဲဖြစ်ဖြစ် အရှင်သခင်ခိုင်းတာလုပ်၊ အရှင်သခင်အလိုကျ ဆောင်ရွက်တတ်တဲ့အတွက် အာဇာနည်မြင်း၊ မြင်းကောင်းတွေလို့ သတ်မှတ်ထားတယ်။ သခင်အတွက် လိုအပ်နေဆဲ၊ အသုံးကျနေဆဲ မြင်းတွေပေါ့။

အဲဒီလိုပဲ လောကမှာ လူလည်း (၄) မျိုးရှိတယ်။ အချို့သောလူသည် ဤမည်၊ ဤမည်သောမြို့၊ ရွာလမ်း၌ ဤမည်၊ ဤမည်သောမိန်းမသည်လည်းကောင်း၊ ယောကျ်ားသည်လည်းကောင်း ဒုက္ခရောက်နေသတဲ့၊ သေဆုံးသွားသတဲ့' လို့ သတင်းစကားကြားရရုံနဲ့ ငါလည်းတစ်နေ့သေရမှာပါလားလို့ သတိသံဝေဂကြီးစွာရပြီး ဘုရားရှင် လမ်းညွှန်သည့်အတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်၏။ အမှန်တရားကို ရှေးရှု၏။ ပညာဖြင့် အရာရာကိုနားလည်သဘောပေါက်၏။ သိမြင်၏. . . တဲ့။ အဲဒီလူမျိုး ကတော့ အဆင့် (၁) လူတန်းစားပါပဲ။ နှင်တံမြင်ရုံနဲ့ ခိုင်းတာလုပ်တဲ့မြင်းမျိုးလို သတင်းစကားကြားရုံနဲ့ သတိသံဝေဂရတဲ့လူပေါ့။

အချို့သောလူကတော့ အနိဋ္ဌာရုံသတင်းစကား၊ နာရေးသတင်းစကားတွေကြားရရုံနဲ့တော့ ဘာမှမဖြစ်ပါဘူး။ သို့သော် ကိုယ့်မျက်စိနဲ့ ကိုယ်တိုင်မြင်တွေ့လိုက်ရတဲ့အခါမှာ သတိသံဝေဂရတတ်ကြပါတယ်တဲ့။ သူကတော့ အဆင့် (၂) လူတန်းစားပေါ့။

အချို့သောလူက အနိဋ္ဌာရုံသတင်း၊ နာရေးသတင်းတွေ နေ့စဉ်နဲ့အမျှ ကြားနေရပေမယ့်လည်း သံဝေဂမရ။ ကိုယ့်မျက်စိအောက်မှာ တွေ့မြင်လိုက်ရပေမယ့်လည်း သံဝေဂမရ။ ကိုယ့်မျက်စိအောက်မှာ တွေ့မြင်လိုက်ရပေမယ့်လည်း သံဝေဂမရ။ သို့သော် ကိုယ့်သွေးသားထဲက၊ ကိုယ့်မိသားစုထဲက တစ်ယောက်ယောက် ပျက်စီးဆုံးရှုံးသွားပြီဆိုတဲ့အခါမှာ သံဝေဂရတတ်ပါတယ်တဲ့။ သူကတော့ အဆင့် (၃) လူတန်းစားပေါ့။

အချို့သောလူက အနိဋ္ဌာရုံသတင်း၊ နာရေးသတင်းတွေ ကြားရုံနှင့်လည်း သံဝေဂမရ။ ကိုယ်တိုင်အနိဋ္ဌာရုံမြင်ကွင်းတွေကို တွေ့မြင်ရသော်လည်း သံဝေဂမရ။ ကိုယ့်သွေးသား၊ ကိုယ့်မိသားစုထဲက တစ်ယောက်ယောက် ပျက်စီး ဆုံးရှုံးသွားတဲ့အခါမှာလည်း သံဝေဂမရ။ သို့သော် ကိုယ်တိုင် အလွန်အခံရခက်တဲ့ ရောဂါဝေဒနာဆိုးတွေနဲ့ ကြုံရတဲ့အခါမှာတော့ သံဝေဂရတတ်ပါတယ်တဲ့။ သူကတော့ အဆင့် (၄) လူတန်းစားပေါ့။ အဲဒီ လူ (၄) မျိုးကို ဘယ်အခြေအနေကျမှ သတိသံဝေဂရရ သူတို့ဟာ သံဝေဂရသွားကြတဲ့အတွက် အာဇာနည်လူသား လူတော်လူကောင်းလို့ ဘုရားရှင်က သတ်မှတ်တော်မူတယ်။ မြင်းကောင်း (၄) မျိုးနဲ့ လူတော်လူကောင်း (၄)မျိုးက ဆက်စပ်မိတယ်နော်"

"မှန်ပါ၊ ဆက်စပ်မိပါတယ်။ တပည့်တော်သိချင်တဲ့ လူပိုဆိုတာကိုလည်း ရှင်းပြပါဦး ကိုယ်တော်"

"ဟုတ်ပါပြီ ရှင်းပြပါ့မယ်။ အဘိုးနားထောင်နော်။ မြင်း (၄) မျိုးထဲမှာ အကျုံးမဝင်တဲ့မြင်းမျိုး ဆိုပါတော့။ နှင်တံပြလည်းမရ၊ အမွေးအမှင်ပွတ်သပ်လည်းမလှုပ်၊ အသားပေါက်အောင်ထိုးလည်း အရေးမစိုက်၊ အရိုးခိုက်အောင် ထိုးလိုက်ပါသော်လည်း ပေတေတေ ကတ်သီးကတ်ဖဲ့လုပ်နေတဲ့မြင်းမျိုးကို ဘယ်လိုမြင်းလို့သတ်မှတ်မလဲ အဘိုး၊ ပြောကြည့်ပါဦး"

"အင်း - မြင်းပို၊ မြင်းဖျင်း၊ အသုံးမကျတဲ့မြင်း၊ သုံးစားမရတဲ့မြင်းလို့ဘဲ သတ်မှတ်ရမှာပါ"

"အဲဒီလိုပဲ အဘိုးရဲ့၊ သေသေချာချာနားထောင်နော်။ စောစောက ပြောခဲ့တဲ့ လူ (၄) မျိုးထဲမှာ မပါဝင်တဲ့လူမျိုး။

၁။ အနိဋ္ဌာရုံသတင်းစကားတွေ ခဏခဏကြားနာနေရပါလျက်လည်း သတိသံဝေဂမရ။

၂။ အနိဋ္ဌာရုံမြင်ကွင်းတွေကို မိမိကိုယ်တိုင် တွေ့မြင်နေရပါလျက်လည်း သတိသံဝေဂမရ။

၃။ ကိုယ့်မိသားစုထဲက တစ်ယောက်ယောက် ဆုံးရှုံးပျက်စီးသွားပါလျက်လည်း သံဝေဂမရ။

၄။ နောက်ဆုံး ကိုယ်ကိုယ်တိုင် ရောဂါပေါင်းစုံနဲ့ မထနိုင်လောက်အောင် ဖိစီးနှိပ်စက်ခံရ၍ အိပ်ရာထဲလဲနေပါလျက်လည်း သတိသံဝေဂမရနိုင်သေးတဲ့လူတွေမရှိဘူးလား အဘိုး"

"ဟာ - ရှိတာပေါ့ ကိုယ်တော်၊ အများကြီးပဲ"

"ဒါဆို အဲလိုလူမျိုးကိုဘယ်လို

www.burmeseclassic.com

အမည်တပ်မလဲအဘိုး"

"အင်း- ကိုယ်တော်ပြောသလိုဆို လူပို၊ လူဖျင်း၊ အသုံးမကျတဲ့လူ၊ သုံးမရတဲ့လူလို့ဘဲအမည်တပ်ရမှာပေါ့"

"လူပိုဆိုတာ အဲဒီလိုပဲပေါ့ အဘိုးရဲ့"

"မှန်ပါ နားလည်ပါပြီ ကိုယ်တော်။ ဟိုက မြင်းပို၊ ဒီက လူပို ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်။ ဒါနဲ့ အဘိုးကို မေးခွန်းတစ်ခုထပ်မေးချင်တယ်။ အဘိုးအိမ်မှာ အသုံးမကျတဲ့မြင်းတစ်ကောင်၊ မြင်းပိုတစ်ကောင်ရှိနေမယ်ဆိုရင် အဘိုးအနေနဲ့ အဲဒီမြင်းကိုဘာလုပ်ပစ်မလဲ"

"အို-ကိုယ်တော်ကလည်း သုံးမရတော့ဘူးဆိုမှတော့ သားသတ်သမားတွေဆီ ရောင်းပစ်မယ်။ ဒါမှမဟုတ် ဝယ်မယ့်သူမရှိရင်လည်း သတ်ပစ်မှာပေါ့ ကိုယ်တော။ မြင်းတင်းကုပ်မှာ အရှုပ်ခံပြီးထားမနေနိုင်ပါဘူး။ နေရာပုပ်တယ်၊ ခြေရှုပ်တယ်၊ ဆန်ကုန်တယ်၊ မြေလေးတယ်၊ မြင်းစာကုန်တယ်"

"ဟုတ်ပြီ ကျေနပ်ပြီ။ အဘိုးအိမ်မှာ သုံးမရတဲ့ လူပိုတစ်ယောက်ရှိနေမယ်ဆိုရင်ကော အဘိုးအနေနဲ့ အဲဒီလူကို ဘာလုပ်ပစ်မလဲ"

"ရောင်းပစ်မယ်၊ သတ်ပစ်မယ် ကိုယ်တော်။ အိမ်မှာအရှုပ်ခံပြီးထားမနေနိုင်ပါဘူး။ နေရာပုပ်တယ်၊ ခြေရှုပ်တယ်၊ ဆန်ကုန်တယ်၊ မြေလေးတယ်။ အို-ရှုပ်ကုန်ပါပြီ ကိုယ်တော်။ မြင်းနဲ့လူနဲ့ ရောကုန်ပြီ။ ကိုယ်တော့်လူက ရောင်းရ သတ်ရအောင်လည်း မြင်းမဟုတ်တော့ ခက်နေပြီ"

"အမယ် - လူပိုကြီးကိုကျမှ ကိုယ်တော့်လူ မလုပ်ပါနဲ့။ ကျောင်းမှာရှုပ်ပါတယ်။ မကောင်းကျောင်းပို့ ဘုန်းကြီးရင်ထဲဆို့ဖြစ်နေပါဦးမယ်။ အဲဒါပဲ အဘိုးရဲ့၊ လူမှုပြဿနာအချို့ဟာ လူပိုတွေကြောင့် ဖြစ်နေရတာ။ ကိုယ်က လူပိုမဖြစ်အောင် အမြဲသတိထားနေရမယ်။ ကိုယ်က လူပိုဖြစ်နေရင်တော့ ကိုယ့်သားသမီးကအစ ကိုယ့်ကိုရောင်းချင်နေမှာ၊ သေစေချင်နေမှာ သေချာတယ်။ ကိုယ့်အလုပ်ကိုယ်လုပ်ရင်း ကိုယ်ဟာ လူပိုတစ်ယောက်မဖြစ်အောင် နေ တတ်ရင် ပတ်ဝန်းကျင်က ကိုယ့်ကိုလိုအပ်နေမှာပါ"

"အင်း-ဒီသဘောထိတပည့်တော် မတွေးမိဘူး။ ငါလူကြီးဆိုပြီး ငါတကောကောနေရင်လည်း လူပိုဖြစ်တတ်တယ်၊ နေရာတကာဝင်ပါရင်လည်း လူပိုဖြစ်တတ်တယ်။ နောက်ဆုံးတော့ တရားအသိမရှိရင် လူပိုဖြစ်တတ်တယ်ဆိုတာ တပည့်တော် သဘောပေါက်ပါပြီ ကိုယ်တော်၊ ပြန်ခွင့်ပြုပါဦး။ ကျေးဇူးအထူးတင်ပါတယ်"

ဟု လျှောက်ထားကာ အဘိုးသည် စာရေးသူအား ဦးချကန်တော့၍ အိမ်သို့ပြန်သွားလေ၏။ အဘိုး၏ အိမ်အပြန်ခရီးသည်ကား 'ငါသာ လူပို မဟုတ်လျှင် အိမ်က ကလေးတွေနဲ့ အဆင်ပြေရမည်။ ဇေကန် လူငယ်၊လူကြီး သူ့တာဝန်နှင့်သူ သူ့အသိနှင့်သူ လုပ်ကိုင်နေကြပါလျှင် လူပိုဆိုတာမရှိတော့။ လူပိုမရှိလျှင် လူမှုပြဿနာတစ်ဝက်သာသာ ပြေလည်သွားပြီ။ လူကြီးကလည်း လူငယ်ကိုမျက်စောင်းထိုးစရာအကြောင်း မရှိ၊ လူငယ်ကလည်း လူကြီးကို မျက်စောင်းထိုးစရာမလို၊ လူကြီးနှင့် လူငယ် 'ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နေနိုင်ပြီ' ဟု တွေးကာ စိတ်ပေါ့ပါးသွားမည်ဟု စာရေးသူ၏စိတ်ထဲ၌ ယုံကြည်မိပါ၏။

လူငယ်များကိုလည်း တစ်ခုတော့ သတိပြုစေချင်ပါ၏။ လူငယ်ဟူသမျှသည် နောင်အချိန် လူကြီး၊ လူအိုဖြစ်ရမည်မှာသေချာ၏။ မိမိတို့ လူကြီး၊ လူအိုဖြစ်ရမည်မှာ သေချာ၏။ မိမိတို့ လူကြီးဖြစ်ချိန်၊ မိမိတို့ အိုမင်းရင့်ရော်ချိန်၌ မိမိတို့ကို ပြုမူဆက်ဆံစေချင်သည့်အတိုင်း လက်ရှိအချိန်ဝယ် လူကြီး၊ လူအိုများအပေါ်၌ ပြုမူဆက်ဆံဖို့အရေးကြီး၏။ ကိုယ်ကျင့်ကောင်း အကောင်းချည်းကြိုက်၊ အကောင်းချည်းဖြစ်ချင်နေပြီး သူများအပေါ်ကျတော့ မကောင်းနိုင်ဘူးဆိုပါလျှင် သဘာဝမကျပါချေ။ ထိုသူမျိုးသည် ကောင်းတာလုပ်မှ ကောင်းကျိုးရ၏။ မကောင်းတာလုပ်က မကောင်းကျိုးရ၏ဟူသော ကံတို့၏ထုံးစံသဘော၊ ဓမ္မတို့၏ထုံးစံသဘောဖြစ်သော ကမ္မနိယာမ၊ ဓမ္မနိယာမဖြစ်စဉ်ကို ဆန့်ကျင်နေသူပင် ဖြစ်၏။ ဆန့်ကျင်ပါများက တစ်နေ့သောအခါ၌ ကံနှင့် ဓမ္မတို့က မိမိတို့ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းပစ်မည်ကို အထူးသတိပြုမိကြဖို့ လို၏။ ထို့ကြောင့် ယနေ့ခေတ်လူငယ်များအနေဖြင့် လူကြီး၊ မိဘ၊ သက်ကြီးရွယ်အိုတို့ကို ရိုသေလေးစား တန်ဖိုးထားတတ်ဖို့၊ မြတ်နိုးတတ်ဖို့ လိုအပ်ပါ၏။

❑

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က အသီတိမဟာသာဝက (တပည့်ကြီးရှစ်ကျိပ်) တွင် အပါအဝင် အရှင်လကုဏ္ဍကဘဒ္ဒိယဟု အမည်တွင်သော ရဟန္တာအရှင်သူမြတ်တစ်ပါး ရှိ၏။ ထိုအရှင်၏ ပုံသဏ္ဌာန်သည် အရပ်အားဖြင့်ပုကွ၏။ ကိုယ်လုံးကိုယ်ထည်ကလည်း သေးငယ်၏။ မသိသူများက ကိုရင်လေးတစ်ပါးဟု ထင်မှတ်ကြ၏။ အချို့သော ရဟန်းသာမဏေများက ကစားစရာအရုပ်ကလေးဟု သဘောထားကာ ထိပ်ပုတ်၊ ခေါင်းပုတ်၊ နှာခေါင်းဆွဲ၊ နားရွက်ဆွဲ၊ သက်န်းစဆွဲကာ စကြ၊ နောက်ကြ၊ ပြောင်ကြ၊ လှောင်ကြ၊ မထီလေးစားပြုမူကြ၏။ အရှင်သူမြတ်က ရဟန္တာဖြစ်၍ သည်းခံနိုင်သော်လည်း မြင်တွေ့နေရသည့်မြင်ကွင်းက လောကအလယ် မတင့်တယ်သောမြင်ကွင်း ဖြစ်၏။ ရဟန္တာကြီးတစ်ပါး၊ လူကြီးတစ်ယောက်ကို မထီလေးစားလုပ်နေသောအပြုအမူ၊ အကျင့်စရိုက်သည် ကူးစက်ရောဂါတစ်ခုအနေဖြင့် လူအများထံ ကူးစက်သွားပါက လောကကြီးတစ်ခုလုံး အရုပ်ဆိုးကာ အကျည်းတန်နိုင်၏။ ထိုအနာဂတ်အရေးကို ကြိုတွေးသိမြင်တော်မူသော ဘုရားရှင်သည် တစ်နေ့သောအခါ ရဟန်းသာမဏေတို့အား အဆုံးအမဩဝါဒပေးတော်မူ၏။

"ရဟန်းတို့ သင်တို့သည် လကုဏ္ဍကဘဒ္ဒိယထေရ်ကို မထီလေးစားမပြုလုပ်ကြနှင့်။ ထိုမထေရ်သည် ငါဘုရား၏ သာသနာတော်၌ ထင်ရှားသော ပညာ တတ်မြွေကထိကတစ်ပါးဖြစ်၏။ ရဟန္တာတစ်ပါးလည်း ဖြစ်၏။ သူ၏ အတိတ်ဘဝကပြုခဲ့သော အကုသိုလ်ကံကြောင့် ဤဘဝ၌ အများတကာ၏ မထီလေးစားစော်ကားမှုကိုခံရခြင်းဖြစ်၏။ သင်တို့သည် အကုသိုလ်အမှုကို အသစ်ပြုသူ၊ အမွေဆက်ခံသူမဖြစ်ကြစေနှင့်။

ရဟန်းတို့ သင်တို့၏ နောက်ပြောင်ကျီစယ်မှုကိုခံရသော လကုဏ္ဍကဘဒ္ဒိယထေရ်သည် ရှေးရှေးကာလ အတိတ်ဘဝတစ်ခုက ဗာရာဏသီပြည်၌ နိုင်ငံ့အကြီးအကဲ နိုင်ငံ့ခေါင်းဆောင်မင်းတစ်ပါးဖြစ်ခဲ့၏။ ထိုမင်းသည် အိုခြင်းသဘောကို မနှစ်သက်။ အိုသွားသည့် အရာမှန်သမျှကို မကြည့်ချင်၊ မမြင်ချင်။ ထို့ကြောင့် လကုဏ္ဍကဘဒ္ဒိယလောင်းလျာဖြစ်သော ထိုမင်းသည် ဆင်အို၊ မြင်းအို၊ ကျွဲအို၊ နွားအို စသော တိရစ္ဆာန်အိုတို့ကိုတွေ့လျှင် အဝေးသို့ ရောက်အောင် နှင်ထုတ်စေ၏။ အဘိုး



www.burmeseclassic.com

www.burmeseclassic.com

ကိုတွေ့လျှင် မြေပြင်တွင် ကျွမ်းထိုးစေ၏။ အဘွားအိုကိုတွေ့လျှင် တွန်းလှဲစေ၏။ လှည်းအို၊ ရထားအိုကိုတွေ့လျှင် ဖျက်ဆီးစေ၏။ အိုခြင်းကို မနှစ်သက်သောကြောင့် ထိုမင်းသည် အိုသောအရာဝတ္ထုများကို ကလေးကစားစရာအရုပ်သဖွယ် သတ်မှတ်၏။ သူလုပ်ချင်သလို လုပ်နေ၏။ သူပြုသမျှ နုကြရသော အဘိုးအို၊ အဘွားအိုများကိုကြည့်၍ အပျော်ကြီးပျော်နေတတ်၏။

ဤကြသရာနုဝတ္တကော ဟိ လောကော - လောကသည် အစိုးရသူ၏နောက်လိုက်ဖြစ်၏ ဟူသော စကားနှင့်အညီ မင်း၏နောက်လိုက် မင်းအကြိုက်ကို သိနေကြသော ဝန်ကြီး၊ ဝန်ငယ်၊ အမတ်ကြီး၊ အမတ်ငယ်အသွယ်သွယ်တို့ကလည်း လက်ခုပ်လက်ဝါးတီး၍ အားပေးကြ၏။ အတုလိုက်ကာ ပြုမူကြကုန်၏။ ထိုနိုင်ငံ၌ နေထိုင်ကြသူ အများပြည်သူတို့သည် မင်း၏လုပ်ရပ်ကိုကြည့်၍ ယိုသူမရှက်၊ မြင်သူရှက်ဖြစ်ရသောကြောင့် မိမိတို့၏ မိအို၊ ဖအိုတို့ကို အခြားတစ်ပါးတိုင်းပြည်သို့ပို့ထားကြရကုန်၏။ ထိုနိုင်ငံအတွင်း၌ လူကြီးမိဘ၊ သက်ကြီးရွယ်အိုများ မရှိတော့ရကား ကြီးသူတို့ကို ရိုသေလေးစားခြင်း၊ မိဘတို့ကို ပြုစုလုပ်ကျွေးခြင်း ဟူသော ကိုယ်ကျင့်တရားတို့သည် ပျောက်ကွယ်ပျက်စီးလေ၏။ ကြီးသူတို့ကို မထီလေးစားစော်ကားခြင်း၊ မိဘတို့ကို ပစ်ပယ်ထားခြင်းဟူသော အဓမ္မတရားသည်သာ ထွန်းကားလာ၏။

ထိုအခါ အဓမ္မော နိရယံ နေတိ- အဓမ္မသည် အပါယ်လေးဘုံသို့ ပို့ဆောင်၏ဟူသည်နှင့်အညီ သေဆုံးသူအများစုသည် အပါယ်ဘုံသို့ရောက်ကြရကား အပါယ်ဘုံ၌ သတ္တဝါတို့သည် ပြည့်နှက်နေ၏။ နတ်ပြည်၌ကား နတ်သား၊ နတ်သမီးဦးရေလျော့ပါး၍ ခန်းခြောက်ခြောက်ဖြစ်လာ၏။

ထိုအခြေအနေကို သတိပြုမိသော သိကြားမင်းသည် အဘယ်ကြောင့် နတ်ပြည်၌ နတ်သား၊ နတ်သမီးဦးရေ လျော့နည်းနေရသနည်းဟု ဆင်ခြင်ကြည့်ရာ လူ့ပြည်ရှိ လကုဏ္ဍကဘဒ္ဒိယလျောင်းလျာ မင်းဆိုးမင်းယုတ်မာကြောင့်ဟု အကြောင်းရင်းကို သိရသည့်အတွက် ထိုမင်းကို ဆုံးမရန် မိမိကိုယ်ကို လူအိုသဏ္ဌာန်ဖန်ဆင်း၍ လှည်းအို၊ နွားအိုတို့ကို အသုံးပြုကာ လှည်းအိုပေါ်၌ ရက်တက်ရည်အိုး နှစ်လုံးတင်ပြီးလျှင် လူ့ပြည်သို့ဆင်းခဲ့လေ၏။ လကုဏ္ဍကဘဒ္ဒိယလောင်းလျာ ဗာရာဏသီမင်း တစ်ပါးတည်း မြင်တွေ့စေရန် အဓိဋ္ဌာန်၍ ထိုမင်းရှေ့သို့ရောက်အောင် မောင်းနှင်၏။ လူအိုနှင့် လှည်းအို၊ နွားအိုတို့ကို တစ်ပြိုင်နက်တည်း တွေ့မြင်လိုက်ရသော ဗာရာဏသီမင်းသည် အလွန်ပင်စိတ်ဆိုးမာန်ဆိုးဖြစ်ကာ မင်းမှုထမ်းယောကျ်ားတို့အား ဖမ်းဆီးနှိပ်စက်ဖို့ စေခိုင်းပါသော်လည်း မည်သူမျှမတွေ့မြင်ကြ။ သူတစ်ဦးတည်းသာ တွေ့မြင်ရကား သဲကြီးမဲကြီးနှင့် သူကိုယ်တိုင်လိုက်လံ ဖမ်းဆီးဖို့ ကြိုးစားလေ၏။

ထိုအခါ သိကြားအိုသည် လှည်းကိုရပ်တန့်ပြီး မင်း၏ ဦးခေါင်းထက်၌ ရက်တက်ရည်အိုးတစ်လုံးကို မှောက်ချလေသည်။ ထပ်မံလိုက်လာသောအခါ ဒုတိယရက်တက်ရည်အိုးတစ်လုံးကိုသွန်ချလိုက်ပြန်၏။ ဗာရာဏသီမင်းသည် ဦးခေါင်းမှစ၍ တစ်ကိုယ်လုံး ရက်တက်ရည်တို့ဖြင့် စိုရွှဲသွားလေ၏။ ဧးကပ်ညစ်ပေသွားလေတော့၏။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ်ရှက်လည်းရှက်သွား၏။ တစ်သက်လုံး လူအိုတို့အပေါ်တွင် အနိုင်ယူနိုင်ခဲ့ပါလျက် ဤအဘိုးအိုနှင့်ကျမှ ငါအရှုံးပေးရလေပြီဟုတွေးကာ ကြောက်စိတ်လည်းဝင်လာ၏။ ထိုအခါ အဘိုးအိုယောင်ဆောင်ထားသော သိကြားမင်းသည် မှတ်သားလောက်အောင် ဆုံးမပြီးမှ ကိုယ်ထင်ပြကာ ဝရဇိန်လက်နက်ဖြင့်ရွယ်လျက် -

"ဟယ်- တရားမစောင့်သော မင်းယုတ်၊ သင်ကော တစ်နေ့ မအိုရတော့ပြီလော။ သင်သည် အဘိုးအိုတို့ကို ကစားစရာအရုပ်သဖွယ် နှိပ်စက်ကျီစားသဖြင့် သက်ကြီးရွယ်အိုတို့ကို ရိုသေလေးစားခြင်းဟူသော ကောင်းသောအလေ့အထသည် လူ့ပြည်၌ပျောက်ကွယ်ရလေပြီ။ သင့်ကို အကြောင်းပြု၍ လူအပေါင်းသည် အပါယ်ဘုံသို့ ရောက်ကြရလေပြီ။ သင်၏ အကျင့်ဆိုးကို ဖျောက်လော့။ အကယ်၍ မဖျောက်လျှင် ဝရဇိန်လက်နက်ဖြင့် သင်၏ဦးခေါင်းကိုခွဲပစ်အံ့"

ဟု ခြိမ်းခြောက်၍ ဆုံးမစကားပြောကြားကာ တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေ၏။ လကုဏ္ဍကဘဒ္ဒိယလောင်းလျာဗာရာဏသီမင်းလည်း ထိုအခါမှစ၍ မိမိ၏ အကျင့်ဆိုးကို ပယ်ဖျောက်လေ၏။

ရဟန်းတို့၊ လောက၌ ကာယဗလအားအင်ဆုတ်ယုတ်သော်လည်း ပညာရှိလျှင် ကြီးသည်မည်၏။ ကာယဗလကြီးမားတောင့်တင်းသော်လည်း ပညာမဲ့လျှင် ကြီးသည်မမည်"

ဟု ဆုံးမဩဝါဒစကား မိန့်ကြားတော်မူ၏။

ထို့ကြောင့် ယနေ့ခေတ် လူငယ်များသည် အမိ၊ အဖ၊ သက်ကြီးရွယ်အိုတို့ကို သုံးမရတော့ပါဘူးဆိုပြီး မပစ်ပယ်မိကြဖို့ အရေးကြီး၏။ သက်ကြီးစကား သက်ငယ်ကြား၊ 'အသက်ကြီး တစ်နည်းသာ' ဟူသည်နှင့်အညီ အဘိုးအို၊အဘွားအိုတို့ထံမှ ရယူစရာ ဘဝသင်ခန်းစာ မှတ်သားစရာ နည်းပညာ အတွေ့အကြုံများစွာရှိ၏။ အဘိုးအို၊ အဘွားအိုသက်ကြီးရွယ်အိုဟူသည်လည်း လောက၏ လိုအပ်ချက်တစ်ခုပင်ဟု သဘောပေါက် လက်ခံကြပြီး အချိန်မစီးသည့် လူကြီးများမဖြစ်စေဘဲ အသက်လည်းကြီး၊ တန်ဖိုးလည်းကြီးသည့် လူကြီးများဖြစ်ကြဖို့ လိုအပ်ပါ၏။

ခြုံငုံသုံးသပ်ပြရသော် လူငယ်ပင်ဖြစ်စေ၊ လူကြီးပင်ဖြစ်စေ လူသားအားလုံးသည် လူ့ဘဝ၏ လိုအပ်ချက်ဆိုသည်ကို နားလည် သဘောပေါက်ပြီးလျှင် လူသားအချင်းချင်း ရိုင်းပင်းကူညီတတ်ရန်၊ လူသားအချင်းချင်း စာနာထောက်ထားကြရန်၊ လူသားအချင်းချင်း တစ်ဦးနှင့် တစ်ဦး လိုလိုလားလားရှိကြရန်နှင့် လူသားအချင်းချင်း အထင်သေးခြင်းကင်းဝေးကြစေရန် သတိပြုကြိုးစားနေထိုင်ကြရမည် ဖြစ်၏။ ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားတတ်ဖို့ ကြိုးစားကြရမည် ဖြစ်၏။ မိမိကိုယ်တိုင်ကလည်း လောကအတွက် လူရှုပ်လူပိုမဖြစ်စေဘဲ လောကအတွက် လိုအပ်သော လူတော်လူကောင်းဖြစ်အောင် ကြိုးစားကြပါရန် တိုက်တွန်းရင်း ဤဆောင်းပါးကို နိဂုံးချုပ်အပ်ပါ၏။

အရှင်သိရီဒတ္တာလင်္ကာရ
(ဒွိပိဋကရေး ဒွိပိဋကကောဝိဒ)

ကျမ်းကိုး -

*အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ပတောဒသုတ်နှင့် ခုဒ္ဒကနိကာယ် ဇာတက အဋ္ဌကထာ ကေဠိသီလဇာတ်တို့ကို မှီငြမ်းပြုပြင် တန်ဆာဆင် ရေးဖွဲ့ထားပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

# ချောင်းဆုံအုန်းသွင်

## မိဂုဏ်ဖဂုဏ်



၁၃၇၈ခု၊ မြန်မာနှစ်ဆန်း ၁ ရက် တနင်္ဂနွေနေ့ ဖြစ်ပါသည်။ ကျွန်တော်သည် နံနက် (၇) နာရီခွဲခန့်တွင် ချောက်ထပ်ကြီးဘုရားသို့ ရောက်ရှိသွားပါသည်။ တနင်္ဂနွေထောင့်တွင် ဒီမီးပူဇော်၊ ဘုရားရှိခိုးပြီး လက်ယာရစ်ပတ်ပြီး ဘုရား၏ အနောက်မြောက်ထောင့်ရှိ ရှင်ဥပဂုတ္တ မထေရ်မြတ်၏ ကျောင်းတော်ပေါ်သို့ တက်ရောက် ဖူးမြော်ပြီး မီးပူဇော်ပါသည်။

ထို့နောက် မထေရ်မြတ်၏ နောက်ကျောဘက်သို့သွားပြီး တရားနှလုံးသွင်းရင်း ခေတ္တအပန်းဖြေနားနေလိုက်ပါသည်။ ပလ္လင်နှင့်ကွယ်နေသဖြင့် သတ်သက်လာကြည့်မှသာမြင်ရပါမည်။ နောက်ကျောဘက်မဆိုထားနှင့် ရှေ့ကိုပင် တက်ရောက်ဖူးမြော်သူနည်းသည်။ တက်ဖူးလျှင်လည်း ဖူးပြီးချက်ချင်းပြန်ဆင်းသွားကြပါသည်။

ကျွန်တော်နားနေခိုက် မထေရ်မြတ်၏လက်ဝဲဘက် မြောက်ဘက်ပလ္လင်ဘေးသို့ လူနှစ်ယောက်လာထိုင်ပါသည်။ ဖူးပြီးမှနားရန် သို့မဟုတ် လွတ်လွတ်လပ်လပ်စကားပြောရန်လာခြင်းဖြစ်ဟန်တူပါသည်။ ကျွန်တော်ကတွေ့ပြီး သူတို့က မတွေ့ကြပါ။

တစ်ယောက်မှာ အသက် (၆၀) ခန့်နှင့် နောက်တစ်ယောက်မှာ (၂၀) ခန့်ဟု မှန်းရပါသည်။

"ဘိုးလေး၊ ရွာကိုဘယ်တော့ပြန်မလဲ"

ဟု လူငယ်က ခပ်တိုးတိုးမေးပါသည်။

လူကြီးက -

"မနက်ဖြန်ကိစ္စပြီးရင် သန်ဘက်ခါပြန်မယ်"

ဟု ဖြေပါသည်။

"ကျွန်တော်တစ်ခုမေးချင်လို့"

ဟု လူငယ်ကပြောတော့ -

"ဘာကိစ္စလဲ"

ဟု လူကြီးကမေးသည်။

"သားသမီးကိုမွေးပြီး ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းမရှိဘဲ စွန့်ပစ်သွားတဲ့ မိဘဟာ မိဘမဟုတ်ဘူး။ သူ့မှာ မိဘဂုဏ်ကျေးဇူးမရှိဘူး၊ သူ့ကို မိဘလို သဘောထားဖို့မလိုဘူးဆိုတာဟုတ်သလား"

ဟု လူငယ်ကမေးသည်။

လူကြီးက -

"မင်းအဘွားပြောတာလား"

ဟု ရယ်ပြီးပြန်မေးသည်။

လူငယ်က -

"ဟုတ်တယ် ဘိုးလေး။ အဖေ့အကြောင်း ကျွန်တော် အမေ့ကိုမေးတော့ အဘွားက နင့်အဖေက နင့်ကို (၁) လသားမပြည့်ခင်က စွန့်ပစ်သွားတယ်။ သတိရမနေနဲ့လို့ ပြောတယ်။ အမေက ဘာမှမပြောဘူး။ အမြဲပါးစပ်ပိတ်ထားတယ်။ အဲဒါ ကျွန်တော့်အဖေအကြောင်း ဘိုးလေးသိသလောက်ပြောပြပါလား"

ဟုပြန်ပြောသည်။

လူကြီးက -

"မင်းအဖေ၊ မင်းအဘွားတို့ရဲ့ဖြစ်ပျက်ခဲ့တဲ့အကြောင်းကို မသိချင်နဲ့တော့။ သိလို့လည်း မင်းအတွက် ကောင်းကျိုးဖြစ်ဖို့မရှိဘူး။ မင်းအဖေရဲ့အပေါ်မှာ မင်းဘယ်လိုသဘောထားရမယ်ဆိုတာကိုပဲ ဘိုးလေးပြောပြမယ်။

မင်းဒီနှစ်ဘွဲ့ယူတော့မယ်ဆိုတော့ အသက်ရောဉာဏ်ပညာပါအသင့်အတင့်ရင့်ကျက်ပြီလို့ဆိုရမယ်။ ဒီတော့ ခွေး၊ ကြက်၊ လူ ဆိုတဲ့ သတ္တဝါ (၃) မျိုးထဲက အမေတွေနဲ့ပမာနှိုင်းပြီးပြောပြမယ်။

ခွေးမတစ်ကောင်ဟာ ဆိုကြပါစို့။ သား (၆) ကောင်မွေးတယ်။ အစာမဝလို့ အားပြတ်လည်းနေပေမယ့် နို့ကိုမပြတ်ရအောင်တိုက်တယ်။

ကံအားလျော်စွာ တစ်နေရာမှာ အစာစားရရင်အမြန်ပြန်ပြေးပြီး ကလေးတွေကိုပြန်အန်ကျွေးတယ်။ အခြားခွေးများရဲ့ရန်ကိုလည်း အသက်ပေးပြီးကာ

www.burmeseclassic.com

ကွယ်တယ်။

နောက် ကြက်မ။ သူကတိုက်စရာ နို့မရှိတော့ အစာယက်ကျွေးတယ်။ မြေကြီးကိုယက်လို့ ခြ စတဲ့ အစာတွေပေါ်လာရင် သူလုံးဝမစားဘဲ ကလေးတွေကို ကျွေးတယ်။ သိမ်းတို့၊ စွန်တို့ဝဲလာရင်လည်း ရင်အောက်မှာထားပြီး အသက်နဲ့လဲကာကွယ်တယ်၊ ဒါ - ရှာကြက်။

တောကြက်ကျတော့ ရှာကြက်ထက်စွမ်းတယ်။ ငှက်လိုမြင့်မြင့်နဲ့ဝေးဝေးပျံနိုင်တယ်။ ကလေးတွေကို ရှာကြက်မလို ပြုစုစောင့်ရှောက်တဲ့အပြင် လေးဖက်လေးတန်က တောမီးလောင်လာလို့ ကလေးတွေနဲ့အတူပြေးလို့ မလွယ်တော့ဘူးဆိုရင် ကိုယ်လွတ်ရုန်းပြီးပျံထွက်မပြေးဘူး။ ကလေးတွေကို ရင်ခွင်ထဲထားပြီး အရင်အသေခံတယ်။

နောက် လူမ (အမျိုးသမီး) အကြောင်း သူကပြည့်တန်ဆာမ။ သူမရဲ့ အကြီးဆုံးရန်သူဟာ ကိုယ်ဝန် (သားသမီးရခြင်း) ပဲ။ ဒီအတွက် အသေအချာကာကွယ်တယ်။ ဒါပေမယ့် ကံကပါလာတော့ ရဖြစ်အောင်ရလိုက်တယ်။ တစ်နေ့တစ်ယောက်မက ဆက်ဆံနေရတော့ ဘယ်သူနဲ့ရလိုက်တယ် မသိနိုင်ဘူး။ ဒီတော့ ကြိုးစားဖျက်တယ်မပျက်ဘူး။

နောက်တော့ အသက်ဘေးစိုးရိမ်ရတဲ့အတွက် မဖျက်တော့ဘဲ တစ်နေရာမှာသွားမွေးတယ်။ပြီးတော့ နို့တစ်ပေါက်တောင်မတိုက်ဘဲ လမ်းဘေးမှာသွားစွန့်ပစ်ခဲ့တယ်။ ယောကျ်ားလေးပဲ။ ဖိုးသတ်ပြင်းကမသေဘူး။ စွန့်ပစ်ပြီးမကြာခင်မှာဘဲ ကလေးမရနိုင်တဲ့ ခရီးသွားဇနီးမောင်နှံတွေ့လို့ ဝမ်းသာအားရနဲ့ ကောက်ယူသွားပြီး ကျွေးမွေးပြုစုထားလို့ လူလားမြောက်လာတယ်။

ဟိုခွေးနဲ့ ကြက်တို့ အကြောင်းပြန်ပြောရအောင်။ တစ်ချိန်တည်းမှာဖြစ်တာမဟုတ်ဘူး။ သူ့အချိန်နဲ့သူဖြစ်နေကြတာ။ ခွေးမသားတွေကလည်း ခွေးလားမြောက်လာကြတယ်။ ကြက်မသားတွေကလည်း ကြက်လားမြောက်လာကြတယ်။ တိရစ္ဆာန်တို့ရဲ့ သဘာဝအတိုင်း အဲဒီအချိန်ကျတော့ သူတို့မှာ အမေဆိုတာ မသိကြတော့ဘူး။ အခန့်မသင့်ရင် ပြန်ကိုက်၊ ပြန်ခွပ်မှာပဲ။ အဲဒီခွေးမနဲ့ ကြက်မဟာ သားတစ်ကောင်ကောင် ကိုက်လို့၊ ခွပ်လို့သေရတယ်ဆိုပါစို့။

သူတစ်ပါး အသက်သတ်သူဟာ ငရဲကျမှာပဲ။ ကျေးဇူးရှိဖူးတဲ့အမေကို သတ်တဲ့အတွက် အခြားသတ္တဝါတွေကို သတ်တာထက် ပိုပြီးဆင်းရဲတဲ့ငရဲကို ကျနိုင်တယ်။

ကဲ - ဒီမှာငရဲအကြောင်းအကျဉ်း ပြောကြစို့။ ငရဲကြီး (၈) ထပ်ရှိတယ်ဆိုတာ မင်းကြားဖူးသိထားမှာပေါ့။ အဲဒီမှာ အဆိုးဆုံးက အောက်ဆုံးဖြစ်တဲ့ အဝီစိငရဲပဲ။ စောစောကအမေသတ်တဲ့ခွေး၊ ကြက်တို့ဟာ အဝီစိကိုတန်းမကျဘူး။ အပေါ်ငရဲတွေမှာပဲ။

ကဲ - လူလားမြောက်လာတဲ့ ပြည့်တန်ဆာမသားအကြောင်းပြောရအောင်။ သူလူလားမြောက်လာချိန်မှာ ကံမကောင်းစွာနဲ့ သူ့ကို နို့တစ်စက်တောင်မတိုက်ဘဲ စွန့်ပစ်ခဲ့တဲ့ အမေ သို့မဟုတ် သူ့အမေနဲ့ပျော်ပါးခဲ့တဲ့များစွာသော ယောကျ်ားတွေထဲက သူ့အမေ တောင်မသိလိုက်တဲ့၊ သူ့ကို လူကံပို့ပေး ရာမှ၂ သူ့အမေနဲ့ပူးတွဲလုပ်ဆောင်ခဲ့တဲ့ လူ့အဖေတစ်ဦးဦးနဲ့ မတော်တဆတွေ့ကြပြီး မသိကြဘဲ အခန့်မသင့် ခိုက်ရန်ဖြစ်မိတယ်ဆိုရင် အောက်ဆုံးနဲ့အဆိုးဆုံးဖြစ်တဲ့ အဝီစိငရဲကို ကန်းကျသွားမယ်"

"သိမှမသိဘဲ ဘိုးလေးရဲ့"

လူငယ်ကဖြတ်ပြောလိုက်ပါသည်။

လူကြီးက-

"မီးခဲကိုမသိတဲ့ကလေးနဲ့ သိတဲ့လူကြီးရှေ့ချပေးရင် လူကြီးကိုင်တော့ပူပြီး ကလေးကိုင်တော့ မပူဘဲနေမလား"

ဟု မေးလိုက်သည်။

လူငယ်က -

"အင်း - အဲဒါတော့ဟုတ်တယ်"

ဟု ပြန်ဖြေပါသည်။

လူကြီးက -

"ဒါသဘာဝတရား၊ အမှန်တရားပဲ။ မေးခွန်းထွက်စရာမရှိဘူး။ မေးမယ်ဆိုရင် ကျေးဇူးများတဲ့ ခွေးနဲ့ကြက်ကျတော့ အပေါ်စားငရဲလောက်ပဲကျပြီး ကျေးဇူးလုံးဝမရှိတဲ့လူကျတော့ ဘာလို့ အဝီစိကျရသလဲဆိုတာပဲ"

ဟု ပြောသည်။

လူငယ်က -

"အဲဒါက ဘယ်လိုကြောင့်လဲ ဘိုးလေး"

ဟု သိလိုဇောဖြင့် မေးလိုက်ပါသည်။

လူကြီးက -

"အဲဒီအဖြေအတွက် အရင်ဆုံး ဒုလ္လဘတရား (ရခဲသောတရား) (၅) ပါးအကြောင်းသိဖို့လိုတယ်။ ဘုရားဟောပဲ"

အဲဒါတွေက -

၁။ ဘုရားအဖြစ်ရခဲတယ်။

၂။ ရဟန်းအဖြစ်ရခဲတယ်။

၃။ လူ့အဖြစ် (လူ့ဘဝ) ရခဲတယ်။

၄။ သဒ္ဓါတရားနဲ့ ပြည့်စုံသူအဖြစ်ရခဲတယ်။

၅။ သူတော်ကောင်းတရား အလွန်ကြားနာရခဲတယ်ရယ်လို့ဖြစ်တယ်။

လူ့ဘဝရခဲတာကို ဘုရားဖြစ်ဖို့ခဲယဉ်းတာနဲ့ အတူတူပြထားတယ်။ ဘာကြောင့်လဲ (၃၁) ဘုံမှာ သတ္တဝါအမျိုးအစားဘယ်လောက်များသလဲ။ လူ့ဘုံနဲ့ တိရစ္ဆာန် (၂) ဘုံမှာပဲ (အမျိုးအစား) ရေနေ (၁၀) ကုဋေ၊ ကုန်းနေ (၉) ကုဋေလို့ ဆိုတယ်မဟုတ်လား။ အဲဒီအထဲမှာ လူက(၁)မျိုးတည်း။ ကမ္ဘာ့လူဦးရေဟာ ပုရွက်ဆိတ်တွင်းကြီး(၁)တွင်းထဲက ပုရွက်ဆိတ်ကောင်ရေကိုမမီဘူး။ လူဖြစ်လာဖို့ အလွန်ခဲယဉ်းတယ်။ ဖြစ်လာပြီး မှ လူညံ့၊ လူဆိုး၊ လူတော်၊ လူကောင်းကွဲသွားတာတခြားပေါ့။ လူ့ဘဝကိုရဖို့၊ လူဖြစ်ဖို့ခဲယဉ်းတာကိုပြောတာ။

ပြီးတော့ လူသားကပဲ ဘုရားဖြစ်ရတာ။ ဘယ်နတ်ပြဟ္မာကမှ ဘုရားမဖြစ်ဘူး။ ပြီးတော့ လူသားပဲ ရဟန်းပြုခွင့်ရှိတယ်။ ဘုရားလက်ထက်က အမျိုးသမီးတွေပါ ရဟန်းပြုခွင့်ရလို့ ရဟန္တာမတွေအများအပြားရှိခဲ့တယ်။ ဝိနည်းတော်အရ ရဟန်းမိန်မကသာ အမျိုးသမီးကို ရဟန်းပြုပေးနိုင်တာမို့ အမျိုးသမီးရဟန်းဆက်ပြတ်သွားလို့ အမျိုးသမီးရဟန်းမရှိတော့တာ။

ပြီးတော့ လူ့ပြည်မှာသာ ကုသိုလ်ကောင်းမှုမျိုးစုံပြုနိုင်တာ။ နတ်ပြဟ္မာတွေမှာ ဒီလိုမရှိဘူး။ လူ့ဘဝရခြင်းအတွက် အကျိုးထူးရှိပုံ၊ မြတ်ပုံတွေ အများကြီးပဲ။ အဲဒီ မြင့်မြတ်တဲ့လူ့ဘဝကို ရဖို့အတွက် မိဘက ဖန်တီးပေးတာ အဲဒီလိုဖန်တီးပေးတဲ့ ဂုဏ်ကျေးဇူးဟာ ဘယ်ရွှေဘယ်မျှအပိုင်းအခြားမရှိဘူး။ အနန္တပဲ။ အနန္တဂုဏ်အင်ကျေးဇူးရှင် (၄) ပါးရှိတယ်။

အဲဒါတွေက -

(၁) ဘုရား၊

(၂) ရဟန္တာ၊

(၃) အဖ၊

(၄) အမိတို့ပဲ။

ဘုရားကသတ်လို့မရလို့ သွေးစိမ်းတည် (သွေးခြည်ဥ) အောင်ပြုလုပ်ရင်၊ ကျန်တဲ့ (၃) ပါးကို သတ်ရင် အဝီစိကို တန်းကျတယ်။ မိဘကို ဘုရားနဲ့တစ်ဂိုဏ်းတည်းထားတယ်ဆိုတာ အဲဒါကိုပြောတာ။ ကံကြီးထိုက်တယ်ဆိုတာ ဒါပဲ။ သတ်တာမဟုတ်ဘဲ ကိုယ်၊ နှုတ်၊ နှလုံး



www.burmeseclassic.com

www.burmeseclassic.com

# နေဝင်းဝင်း(လွန်ဆေး)
# ခင်ပုပ်မြစ်ဆေးအစွမ်းများ

ခင်ပုပ်မြစ်ခေါ် ဂင်ပုပ်မြစ်ဆေး အစွမ်းကို သူရဋ္ဌမဂ္ဂဇင်းစာမျက်နှာများမှ တစ်ဆင့် စာဖတ်သူများထံ အကြိမ်ကြိမ် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ အမြို့မြို့ အနယ်နယ်မှ ဆေးမြစ်ယူဆောင်ကြသူများပြား သည့်အတွက် ဆေးမြစ်များလည်း ရှားပါးစပြုနေပါပြီ။ အစဦးပိုင်းကမူ မြစ်ဆုံမြစ်တက်ကြီးများအထိပေးနိုင်ခဲ့သော်လည်း ယခုအခါ ခဲတံလုံးခန့်မျှရှိသောဆေးမြစ်ကိုသာ ဖြတ်တောက်မျှဝေပေးနိုင်တော့သည့်အခြေအနေသို့ရောက်ရှိနေပါသည်။

ဆေးမြစ်ရှားပါးသွားသည့်အတွက် တောင်းဆိုကြသူအားလုံးကို မပေးနိုင်ပါ။ အချို့ ဆေးမြစ်များကို တောင်းယူသော်လည်း အမှန်တကယ် သုံးစွဲမှုမရှိကြပါ။ အချို့က လတ်တလောသာသုံးစွဲပြီး နောက်ပိုင်း သုံးစွဲမှုမရှိဘဲ ပစ်ထားတတ်ကြသည်။ အများအားဖြင့် ဆေးမြစ်ပေးဝေသူများ မုဒိတာပွားနိုင်ရန် ဆေးမြစ်သုံးစွဲပြီး ရောဂါပျောက်ကင်းသက်သာမှုကို သိရှိလိုသော်လည်း လုံးဝအကြောင်းပြန်ကြားမှုမရှိကြပါ။ သို့ဖြစ်၍ ဆေးမြစ်များကို အမှန်တကယ်ရောဂါဖြစ်ပွားပြီး လေးလေးစားစား လိုက်နာသုံးစွဲလိုသူများ၏လက်ဝယ်သို့သာ ရောက်ရှိစေလိုသည့်ဆန္ဒကို အဓိကထားပေးပို့ပါသည်။

❑

ခင်ပုပ်ဆေးမြစ်သည် အစွမ်းထက်ထိရောက်မှုရှိပါသည်။ ကင်ဆာကဲ့သို့ ရောဂါမျိုးကို မလွန်ခင် သိရှိသုံးစွဲနိုင်လျှင် ပျောက်ကင်းနိုင်ပါသည်။ နိုင်ငံခြားဆေးဝါးမဟုတ်သဖြင့် ချက်ချင်းတော့သိသာထင်ရှားမှုမရှိနိုင်ပါ။ မြန်မာတိုင်းရင်းဆေးဆေးမြီးတို့၊ ဆေးဓာတ်စာတို့မှာ အချိန်ယူကုစားရသော သဘာဝရှိပါသည်။ စိတ်ရှည်သည်းခံဝီရိယရှိဖို့လိုပါသည်။

မိတ်ဆွေတစ်ဦးက လမ်းညွှန်သဖြင့် လူငယ်တစ်ဦး လာရောက်၍ ဆေးမြစ်တောင်းပါသည်။ ရောဂါအခြေအနေကို မေးမြန်းသည့်အခါ သူ၏မိခင် ပါးစပ်အတွင်းအထက်ပိုင်းတွင် အဖုတစ်ဖု ဖြစ်ပေါ်နေသည်မှာ ကာလကြာမြင့်နေပြီး ကင်ဆာကျိတ်ဟုပြောကြောင်း၊ ယခုအခါ ကြီးထွားလာသဖြင့် ထမင်းမစားနိုင်တော့သည့် အခြေအနေဖြစ်ကြောင်း သိရပါသည်။ ထိုလူငယ်အား ဆေးမြစ်ကို ပေးအပ်လျက် ဆေးမြစ်ကို ပျစ်ပျစ်သွေး၍ ထိုအကျိတ်ဖုပေါ်တွင် စွဲမြဲအောင်လိမ်းပေးရန်၊ တစ်နေ့ အနည်းဆုံး (၃) ကြိမ်လိမ်းပေးရန် ပြောပြလိုက်ပါသည်။

ထိုလူငယ်သည် သူ၏မိခင်အား ဂရုတစိုက်လိမ်းပေးခဲ့ရာ (၁၀) ရက်ခန့်အကြာတွင် အကျိတ်ဖုမှာ ပေါက်ကျသွားခဲ့ပါသည်။ ဆေးဆက်လိမ်းရာ အနာကစပ်သဖြင့် မလိမ်းတော့ဟု ပြောလာပါသည်။ စပ်တာကို ဆက်သာလိမ်းပါဟု ပြောခဲ့သော်လည်း မလိုက်နာခဲ့ပါ။ သို့သော်လည်း နောက်ပိုင်း အနာပျောက်ကင်း၍ ပုံမှန်အတိုင်း နေထိုင်စားသောက်နိုင်သည်ဟု ကြားသိရပါသည်။

ရန်ကုန်မှ သင်္ကြန်ပိတ်ရက် အိမ်ပြန်လာသော သားငယ်၏ နဖူးတွင် ဝက်ခြံပေါက်ကာ ရောင်ကိုင်းနီရဲနေပြီး ရွှေးကြီးစေ့ပမာဏခန့်ရှိသည်။ ခင်ပုပ်မြစ်ကို ညအိပ်ရာဝင် ပုံမှန်လိမ်းပေးခဲ့ရာ (၄)ရက်ခန့်တွင် အမာရွတ်မကျန်အောင်ပျောက်ကင်းသွားခဲ့ပါသည်။ ယုံကြည်မှုမရှိသောသားငယ်မှာ သဘောကျလျက် ပါးနှစ်ဖက်မှ ဝက်ခြံဖု၊ အမာရွတ်လေးများအတွက် ညအိပ်ရာဝင်လိမ်းကျံရန် ဆေးမြစ်ကို အပြန်တွင် ထည့်ပေးလိုက်ပါသည်။

စာရေးသူကိုယ်တိုင်ပင် ခြေမနှစ်ဖက်စလုံးတွင် ခြေစွယ်ငုပ်နေသည်ကို ညှော်မိကာ ရောင်ကိုင်းလာခဲ့ပါသည်။ ပြည်တွယ်ပါက ထုံဆေးထိုးခွဲစိတ်ခံရမည့် အခြေအနေလည်းဖြစ်သည်။ ခြေစွယ်ငုပ်ရောင်ကိုင်းနေသည့် ခြေမနှစ်ဖက်စလုံးကို ခင်ပုပ်မြစ် မနက်/ညသွေးလိမ်းပေးခဲ့ရာ ပျောက်ကင်းစပြုနေပါသည်။ ထိုအခြေအနေမှာပင် နာရေးကိစ္စတစ်ခုကို လိုက်ပါပို့ဆောင်ပြီးနောက် ညာဘက်ခြေမမှာ ရောင်ကိုင်းစူတက်လာပါသည်။ ၎င်းကို ခင်ပုပ်မြစ်ဆက်လက်သွေးလိမ်းပေးခဲ့ရာ (၃) ရက်ခန့်အကြာတွင် အနာပေါက်သွားပါသည်။ ပေါက်သွားသည့်အနာကို ဖန်ရည်ဆေးစင်ကြယ်စေလျက် ခင်ပုပ်မြစ်ကိုပင် ဆက်လက်သွေးလိမ်းပေးခဲ့ရာ (၇) ရက်ခန့်တွင် လုံးဝ ပျောက်ကင်းသွားခဲ့ပါသည်။

ခန္ဓာကိုယ်(အထူးသဖြင့် ဝမ်းဗိုက်)တွင် အနီဖုလေးများ မတ်ပဲစေ့ခန့် လေးငါးခုထွက်ပြုလာသည်ကို ခင်ပုပ်မြစ်သွေးလိမ်းလိုက်ရာ (၂) ရက်ခန့်နှင့် ပြားချပ်ကာပျောက်ကင်းသွားခဲ့သည်ကို လက်တွေ့သိရှိရပါသည်။

ရောဂါပျောက်ကင်းလိုသည့်စိတ်ဆန္ဒပြင်းပြမှုရှိပြီး အမှန်တကယ်လည်း အလေးထားသုံးစွဲမည်ဆိုလျှင် ခံစားနေရသော ရောဂါသက်သာပျောက်ကင်းလိမ့်မည်ဖြစ်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

နေဝင်းဝင်း(လွန်ဆေး)

---

နဲ့ဖြစ်များရင်တောင် အလွန်အပြစ်ကြီးတယ်။ စိမ်ရည်သင့်တယ်လို့ခေါ် တယ်။ ရှေးလူကြီးတွေကတော့ အဲဒီလိုလူမျိုးဟာ အညွန့်မတက်တော့ဘူးလို့ ပြောတယ်။ ကောင်းကျိုးချမ်းသာကို တားဆီးတယ်ဆိုတာပဲ။ ဒီတော့ မင်းအဘွား၊ မင်းအမေတို့ မင်းအဖေအပေါ် ဘယ်လိုပဲသဘောထားထား၊ မင်းကတော့ ကြည်ညိုလေးစားစိတ်အမြဲနှလုံးသွင်းပြီး အနည်းဆုံးတော့ ညအိပ်ရာဝင်တိုင်းမှာ ကန်တော့။ ရှိသေးသည်ဖြစ်စေ၊ မရှိတော့သည်ဖြစ်စေ ကုသိုလ်ရတယ်။ အတူနေတဲ့ အမေကိုလည်း ပြုစုလုပ်ကျွေး။ အဲဒါ ဘုရားကို ပြုစုလုပ်ကျွေးသလို ကုသိုလ်ရတယ်။ မိဘရှိနေခြင်းဟာ သားသမီးအတွက်ဘုရားပွင့်နေခြင်းပဲလို့ ပညာရှိများဆိုတယ်။

ကဲ-ဒါလောက်ဆို လုံလောက်ပြီ။ သွားကြစို့”

မိမိတို့နှင့် သဘောချင်းမတိုက်ဆိုင်သဖြင့် ပစ်ပယ်လိုက်သော သမက်၊ ချွေးမ စသည်တို့အား မိမိတို့ကဲ့သို့ သဘောထားရန် မြေးများကို ပုံသွင်းတတ်ကြသော ယောက္ခထီး၊ ယောက္ခမ စသည်တို့နှင့် ဖွားဖေါ်မိကြီး စသည့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းတို့က ကလေးများကို ကံကြီးထိုက်အောင် မဖန်တီးကြဖို့ မသိသည့်ကလေးကို မီးခဲအကိုင်မခိုင်းဖို့နှင့် -

သူတို့သွေးသားသောင်းကျန်းလို့ရလာတဲ့ကလေးကို သူတို့ကျွေးမွေးပြုစုရမှာ သူတို့ရဲ့တာဝန်ပဲ၊ ကျေးဇူးတင်ဖို့မလိုဘူး -

ဆိုကြသူများအတွက်. . .

ချောင်းဆုံခုနှမ်းခွင်



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဌာနမှ ဖိုင်နယ်ငွေစာရင်းနှင့် လုပ်ငန်းညှိအစည်းအဝေး ရွှေစက်တော်မှာလုပ်ရန်ရှိကြောင်း၊ တည်းခိုဆောင်နှင့် အစည်းအဝေးဆောင်များ စီစဉ်ပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအင်အားများသဖြင့် စာရေးသူတို့ရိပ်သာကိုပါသုံးလိုကြောင်း ရှည်ဝေးစွာ ရှင်းပြလေသည်။

ရွှေစက်တော်ပွဲတော်ချိန်မှာ ပွဲတော်လာသူတွေကများသည်။ သာမန်အရပ်သား ဘုရားဖူးတွေသာမက ဌာနဆိုင်ရာတွေကပါ တကူးတကလာကြသည်။ ပွဲတော်ကွင်းမှာ ဌာနဆိုင်ရာတဲကျောင်းတွေနှင့် အရပ်သားဘုရားဖူးတွေတည်းခိုနိုင်သည့် တဲကျောင်းတွေရှိသည်။

ဌာနဆိုင်ရာ တဲကျောင်းတွေက အထက်သောင်မှာရှိပြီး အရပ်သား ဘုရားဖူးတွေ တည်းခိုနိုင်သည့် တဲကျောင်းတွေက အောက်သောင်မှာ

အချိန်ကား ၁၉၈၄ ခုနှစ်၊ မတ်လဖြစ်လေ၏။ ရာသီက ပူပြင်းလှသည့် နွေရာသီ။ ရွှေစက်တော်ဘုရားပွဲတော်မှာလည်း စည်ကားဆဲကာလ။ စာရေးသူက နမ္မဒါနဂါးကြီးနှင့် ရပ်တော်မူရုပ်ပွားတော်ကြီးအနီးမှ ဌာနပိုင်ရိပ်သာအား သန့်ရှင်းရေးအလုပ်ဖြင့် အလုပ်ရှုပ်လျက်ရှိလေ၏။

သည်လို အလုပ်ရှုပ်နေဆဲမှာပဲ ဦးဟိန်းထက်အောင်တစ်ယောက် ရိပ်သာဆီသို့ ခပ်ပျာပျာနှင့်သွက်လက်ဖျတ်လတ်စွာ တက်ရောက်လာလေသည်။

"ဗျို့-ဆရာကြီး၊ ပျာပျာပျာပျာနဲ့ ဘာအရေးကြီးလာတာလဲ"

"ဟာ-အတော်ပဲ၊ ခင်ဗျားဆီလာတာ"


ဟု ပြောရင်း -

ဒီနေ့မှ ရုံးကိုစောစောလာမိ၏။

ရုံးရောက်သည်နှင့် စာရေးသူတို့ဌာနကြီးမှ ဌာနခွဲဖြစ်သည့် မကွေးစခန်းတာဝန်ခံ ဦးဟိန်းထက်အောင်တို့အဖွဲ့ လုပ်ငန်းစစ်၊ စာရင်းစစ် အစီရင်ခံစာနှင့် ထိပ်ပြီး အရေးယူခံရသည့်သတင်းဆိုးနှင့် တိုးခဲ့သည်။

ရွှေစက်တော်ပွဲတော်ကြီးမှာ ဌာနခွဲကြီးတစ်ခုလုံး၏ ဖိုင်နယ်လုပ်ငန်းညှိအစည်းအဝေးလာလုပ်ပြီး ပြန်သွားပြီးဘာမှမကြာသေး။ အတွေးထဲမှာ လုပ်ဖော်ကိုင်ဖက် ဦးဟိန်းထက်အောင်၏ သွက်လက်လှုပ်ရှား ပြေးလွှားခဲ့သည့် ပုံရိပ်များကိုပါ မြင်ယောင်လာမိတော့သည်။

❑





www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ အထက်သောင်နှင့် အောက်သောင်တို့၏ နေရာအပိုင်းအခြားသည် အောက်စက်တော်ရာ၏ အထက်နှင့် အောက်ရှိ မန်းချောင်း ဝဲ၊ ယာမှ သဲသောင်များပေါ်တွင် တည်ရှိလေသည်။

ထိုအချိန်က အထက်သောင်တွင် ဌာနဆိုင်ရာ တဲကျောင်းဆောင်များသာ ရှိသော်လည်း အောက်သောင်တွင်မူ တဲကျောင်းဆောင်တွေအပြင် ဈေးဆိုင်ခန်းတွေ၊ စားသောက်ဆိုင်တန်းတွေ၊ ဟင်းသီးဟင်းရွက်ဈေးတန်းတွေနှင့် ရုပ်ရှင်ရုံတွေပါရှိလေသည်။

ရှေးအခါကဆိုလျှင် ဇာတ်ပွဲတွေ၊ ရုပ်သေးစင်တွေပါရှိခဲ့ဖူးကြောင်း၊ အထက်သောင်ဖျားမှာဆိုလျှင်လည်း ဘုရားဖူးလှည်းဝိုင်းကြီးတွေနှင့် ပြည့်နေတတ်ကြောင်း၊ တဲကျောင်းကြီးတွေဆိုလျှင်လည်း ရွှေဆိုင်းရောင်းချသည့်သူတွေက အသင့်ဆောက်လုပ်ထားကြောင်း၊ အခမဲ့တည်းခိုကြရကြောင်း၊ တည်းခိုသည့်ဘုရားဖူးတွေက ဘုရားကိုကပ်လှူရန် ရွှေသင်္ကန်း(ရွှေဆိုင်း)တွေကို တဲကျောင်းပိုင်ရှင်တွေဆီက ဝယ်ယူအားပေးရုံမျှသာရှိကြောင်း၊ မဝယ်သူကိုလည်း ကြည်ဖြူစွာ တည်းခိုခွင့်ပြုလေ့ရှိကြောင်း၊ တဲကျောင်းကြီးတွေကိုလည်း 'ရွှေကြိုတဲ' ခေါ်ကြောင်း၊ ရှေးက အစဉ်အလာကောင်းတွေကို ပြန်ပြောင်းပြောပြနေကြဆဲဖြစ်သည်။

ဒီလိုတဲကျောင်းကြီးတွေသာ အခုချိန်ခါရှိနေသေးလျှင် ခုလိုရပ်ဝေးမှလာသည့် အရေးပေါ်ဆောင်ရွက်ရမည့်ဌာနဆိုင်ရာတွေပါ အဆင်ပြေပြေတည်းခိုနိုင်ကြမည်ဖြစ်ပေသည်။ ခုတော့ နယ်မြေခံဖြစ်သူ ဦးဟိန်းထက်အောင်တစ်ယောက် ဒေါင်းတောက်အောင် ပြေးလွှားလှုပ်ရှားနေရပါလေပြီ။

တဲကျောင်းနှင့် အစည်းအဝေးဆောင်တွင်ဆောက်သည့်နေရာမှာလည်း ပွဲတော်ကွင်းထဲက တဲကျောင်းတွေလို ဝါးစိမ်းစိမ်းစိုစိုတွေနှင့် သပ်သပ်ရပ်ရပ်လှလှပပဆောက်ခဲ့ရသည်။ လုပ်ငန်းညှိအစည်းအဝေးလာမည့် ဌာနခွဲတစ်ခုလုံးမှ အရာရှိတွေနှင့်ဝန်ထမ်းတွေကလည်း အင်အားများသည်။

ဘုရားပွဲတော်ကြီးကလည်း ပွဲတော်လာသူပြန်သူတွေနှင့်စည်ကားလှသည်။ ဒီအချိန်မှာပဲ ဦးဟိန်းထက်အောင်တို့ ဌာနခွဲမှ အကြီးအကဲပုဂ္ဂိုလ်တွေနှင့်အတူ အစည်းအဝေးတက်မည့် အရာထမ်းအမှုထမ်းတွေကလည်းစုပြုံရောက်လာသည်။ ဦးဟိန်းထက်အောင် စီစဉ်ထားသည့် တဲကျောင်းများနှင့်ပင် မဆံ့တော့ပေ။ စာရေးသူတို့ရိပ်သာကြီးပါပြည့်သွားလေတော့သည်။

နေရေးထိုင်ရေးနှင့် စားရေးသောက်ရေးပါ တာဝန်ယူရသူ မကွေးစခန်းတာဝန်ခံ ဦးဟိန်းထက်အောင်တို့အဖွဲ့မှာလည်း ပျာနေပြီ။ ချက်ကြပြုတ်ကြရသည့်သူတွေမှာလည်း ချွေးပြန်နေရှာပြီ။ သောက်စရာ အရက်၊ ဘီယာနှင့် အချိုရည်တွေပါမကျန် ကတ်လိုက်ဖာလိုက် စီမံထားရလေသည်။

ကျောင်းပိတ်ချိန်လည်းရောက်ပြီ။ ဘုရားပွဲတော်ကြီးကလည်း ပိုစည်ကား

# တင်ဘုန်းဝင်း

## မန်းရေဆိပ်ကအရိပ်လား





www.burmeseclassic.com

www.burmeseclassic.com

လာသည်။ ဘုရားဖူးတွေက ပွဲတော်မှာလည်းတိုး၊ မန်းချောင်းရေလည်းချိုးနှင့် ရှိုးအမျိုးမျိုးဖြင့်ပျော်နေကြသည်။ အထက်စက်တော်ရာနှင့် မုဆိုးဒူးထောက်နားက သီကြားပုန်းတောင်ကိုကျော်ကာ ရဟန္တာခြေတော်ရာအရောက် လမ်းလျှောက်ရင်းဖူးကြသည်။ အောက်စက်တော်ရာမှာလည်း ကြည်ကြည်နူးနူး ဦးခိုက်မဝဖူးလိုက်ကြသူတွေမှာလည်း ပြည့်လို့ကျပ်လို့။

ဂေါပကရုံးစိုက်ရာ အလှူခံမဏ္ဍပ်မှာလည်း ဘက်စုံသုံးအလှူငွေတွေကို မချေမတာ ရက်ရောစွာလှူနေကြသည်မှာလည်း အားကျဖွယ်ရာကောင်းလှပါတော့သည်။ ဆည်းဆာအလှနှင့်နေဝင်စ ညချမ်းအချိန်တွင်မူ အလှူရှင်တွေရဲ့ တစ်နေ့တာ လှူဒါန်းမှုအစုစုကို သာဓုခေါ်နိုင်ကြစေရန် ထုတ်ပြန်သည့် အလှူရှင် ကြေညာသံကလည်း နားဝင်ပီယံဖြစ်လှသည်။

ဦးဟိန်းထက်အောင်တို့ဌာနခွဲမှ အစည်းအဝေးလာကြသူတွေကတော့ အစည်းအဝေးတွေလုပ်ကြ၊ ငွေစာရင်းညှိကြနှင့် အလုပ်တွေရှုပ်နေကြသည်။ ညရောက်တော့လည်း စားကြသောက်ကြရင်းနှီးနွေးထွေးစွာ ဆွေးနွေးကြနှင့် လှုပ်မရဖြစ်နေကြသည်။ သည်လိုနှင့် လုပ်ငန်းညှိအစည်းအဝေးကြီးကလည်း (၃) ရက်ပြည့်တော့ ပြီးသွားလေသည်။

အစည်းအဝေးပြီးသွားသည်နှင့် မိုးမမြင်လေမမြင် စခန်းသိမ်းပျော်ပွဲကြီး ဆင်နွှဲကြပြန်သည်။ ဘုရားဖူးများစည်ကားရာ ပွဲတော်ကွင်းမှာလည်း တရုန်းရုန်း၊ မန်းချောင်းရေပြင်မှာလည်း တဝုန်းဝုန်းနှင့် ပျော်မဆုံးဖြစ်နေကြသည်။ သည်အထဲမှာ စာရေးမဆိုသည့် ကလေးမလှလှလေးတွေလည်းပါသည်။

ဒီလို တစ်နေကုန်သောက်စားပျော်ပါးရေကစားနေရုံမျှဖြင့်မပြီးသေး။ နေလုံးပျောက်ပြီး ညရောက်သည်နှင့် မီးပုံပွဲဆင်နွှဲကြပြန်သည်။ မီးကျီးခဲတွေ ရဲနေသည့်မီးပုံကြီးပေါ်မှာ သတ်ပြီးယူလာသည့် ဆိတ်တစ်ကောင်နှင့်ဝက်ငယ်တစ်ကောင်ကို တံစို့ထိုးကာ ငုတ်စင်ပေါ်မှာတင် မီးမှာကင်ပြီး မြည်းကြစားကြသည်။ ဘီယာသောက်သူသောက်၊ အရက်သောက်သူသောက်နှင့် ခွက်တွေမြှောက်၊ ပုလင်းတွေကို မြှောက်ကာ တေးသီချင်းတွေဆိုကြ၊ ကကြ၊ ခုန်ကြ၊ ဝိုင်းကြီးပတ်ကြနှင့် ညလုံးပေါက်မျှ စခန်းသိမ်းပွဲနွှဲခဲ့ကြသည်။



အပျော်လွန်အစွန်းရောက်တော့ ပတ်ဝန်းကျင်ဆိုသည့် ဆင်ခြင်တုံတရားတွေ ပျောက်ကုန်ကြသည်။ ဘာသာတရားကို အလေးထားသည့် ဘုရားဖူးတွေအတွက်လည်း အနှောင့်အယှက်ဖြစ်ကာ မေးငေါ့လာကြတော့သည်။

စခန်းသိမ်းပွဲကြီးနွှဲပြီးသည်နှင့် နောက်နေ့မနက်မှာ ဖုတ်ဖက်ခါပြီး ပြန်သွားကြပါလေတော့သည်။ နယ်မြေတာဝန်ခံတွေမှာသာ ပတ်စာခွာဖျာသိမ်းသည့်အလုပ်ဖြင့် အလုပ်ရှုပ်ကျန်ရစ်ခဲ့လေသည်။

စခန်းသိမ်းအလုပ်တွေနှင့် ပြေးလွှားလှုပ်ရှား အလုပ်တွေများနေသည့်ကြား ပြစ်တင်ဝေဖန်သံတွေကြားနေရလေတော့ ကျန်ရစ်သူတွေမှာ စိတ်သောကရနေရှာလေတော့သည်။

ထူးခြားသည့် ဒီလိုပွဲတော်ကြီး၏ ဘုရားရိပ်တရားရိပ်မှာလာပြီး ဒီလိုလုပ်သွားတာမသင့်တော်ကြောင်း၊ စက်တော်ရာရိပ်လွှမ်းသည့် မန်းချောင်းရေကြည်ကြည်ကို ငပလီထင်နေပုံရကြောင်း၊ ကိုယ်ပြုသည့်ကံ ကိုယ်သာခံရမှာဖြစ်ကြောင်း၊ ကံဆိုတာ ကိုယ့်နောက်မှာ အရိပ်လိုပါနေတာဖြစ်ကြောင်း တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး အမျိုးမျိုးပြောနေကြသည်။

သည်အသံတွေကိုကြားနေရလေတော့ ဦးဟိန်းထက်အောင်တစ်ယောက် အပျော်တွေပျောက်ကာ မျက်နှာအပျက်ကြီးပျက်နေရှာသည်။ ပစ္စည်းတွေသိမ်းပြီးလို့ ပြန်သွားလေသည့် ဦးဟိန်းထက်အောင်ကိုကြည့်ကာ ကိုယ်ချင်းစာနေမိပါတော့သည်။ နှစ်လတာမျှကျင်းပခဲ့သည့် ရွှေစက်တော်ပွဲတော်ကြီးကလည်း ပြီးပေတော့မည်။

❑

ရွှေစက်တော်ပွဲတော်ကြီးပြီး၍ နှစ်သစ်သို့ပင်ရောက်ခဲ့လေပြီ။ သိပ်ကြာသည်မထင်လိုက်။ ဦးဟိန်းထက်အောင်တို့ဌာနခွဲတစ်ခုလုံး လုပ်ငန်းစစ်နှင့်ငွေစာရင်းစစ်နှင့်ထိကာ အရေးယူခံရသည့်သတင်းကရောက်လာသည်။ ဒီအထဲမှာ ဦးဟိန်းထက်အောင်လည်းပါသွားသည်။

ဦးဟိန်းထက်အောင်တို့၏ ဌာနခွဲသည် နောင်မှဖွဲ့စည်းသော်လည်း ပင်မဌာနကြီးထက်ပင် ကျော်ကြားလျက်ရှိလေသည်။ စွမ်းဆောင်ရည်ကလည်း မြင့်မားသည်။ လက်ညှိုးညွှန်ရာ ရေဖြစ်စေဆိုရုံမျှနှင့် ရေတွေရောက် ကြာတွေပေါက်အောင် စွမ်းဆောင်ပြခဲ့ကြသည်။

ခရောင်းလမ်း ဗွက်ထူထူကို သဲဖြူခင်းစေ ဆိုလေလျှင်လည်း သဲဖြူခင်းကာ ရာဇမှတ်ပင်ကာပေးတတ်ကြသည်။ အိမ်တော်ရှေ့မြေပြင်မှာ ပဒေသာပင်ပေါက်စေ မိန့်တော်ချေလျှင် သီးပွင့်တွေဝေလွင်တဲ့ မြောက်ကျွန်းမှပဒေသာပင်ကိုယူငင်ကာ ရှင်အောင်စိုက်ပေးကြပေလိမ့်မည်။

ဒီလိုဒီလို ပေးသမျှ တာဝန်ကို ကျေပွန်အောင်စွမ်းဆောင်ပြနိုင်ခဲ့ကြလေတော့ ငြင်းမရသည့်အပိုအလုပ်တွေက ပိုရှုပ်လာသည်။ အပိုအလုပ်တွေလုပ်ပေးရဖန်များလေတော့ မနိုင်ဝန်တွေကပိလာသည်။ကြာတော့ လုပ်ငန်းစစ်၊ စာရင်းစစ်တွေနှင့်ငြိကာ အထက်စစ်ဆေးရေးတွေထိရောက်လေသောအခါ အရေးယူခံရရှာလေတော့သည်။

အရေးယူခံရပုံကလည်း ဆန်းသည်။ ရွှေစက်တော်လုပ်ငန်းညှိပွဲကိုစီစဉ်ပေးခဲ့ရသည့် မကွေးစခန်းမှစကာ ဌာနခွဲကြီးတစ်ခုလုံးပါသွားသည်။ ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် ဒီအဖြစ်ဆိုးကြီးကို အမျိုးမျိုးပြောနေကြသည်။ ပင်မဌာနကြီးကိုပင် တုန်လှုပ်ချောက်ချားသွားစေခဲ့သည်ဟုဆိုသည်။

ဦးဟိန်းထက်အောင်တို့ မကွေးစခန်းခွဲမှစခဲ့တဲ့ပြဿနာ ဌာနခွဲကြီးတစ်ခုလုံး ပျက်သုဉ်းသွားခဲ့ရသည်မှာ ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေအရ အရေးယူခံခဲ့ရတာမှန်ပေမယ့် ဒီလိုဆိုးဆိုးရွားရွားဖြစ်သွားပုံကြီးက ပွဲတော်ကွင်းမှ ဘုရားဖူးတွေပြောခဲ့ကြတဲ့ 'မန်းရေဆိပ်မှ အရိပ်လား' ဟု စဉ်းစားစရာဖြစ်ခဲ့ရပါသတည်း။


(ကိုယ်တွေ့ဖြစ်ရပ်မှန်ကို အမည်နှင့် ဌာနပြောင်းလဲဖုံးကွယ်ပြီး နောင်တွင် ဆင်ခြင်နိုင်ကြစေရန် စေတနာမှန်ဖြင့် တင်ပြခြင်းသာ ဖြစ်ပါသည်။)

တင့်ဆိုန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



ဖောင်တော်ဦးစေတီတော်မြတ်ကြီး



ဓမ္မာရုံထဲမှ ကြေးဆင်းတုတော်



ရင်ပြင်တော်အရှေ့ဘက်ရှိ မုနိတော်တစ်ဆူ

ရွှေချို့အောင်(ပေလိ)

## မန္တလေးရောက် ရခိုင်မဟာမြတ်မုနိဘုရားကြီး ပင့်ဆောင်စဉ် ဖောင်တော်ဆိုက်ကပ်ခဲ့ရာ တောင်ကုတ်မြို့ သမိုင်းဝင်

# ဖောင်တော်ဦးစေတီတော်မြတ်ကြီး

စာရေးသူသည် တောင်ကုတ်မြို့သို့ အကြိမ်ကြိမ်ရောက်ရှိကာ ရန်ကုန်သို့ အကြိမ်ကြိမ် ဖြတ်သန်းသွားလာခဲ့သော်လည်း တောင်ကုတ်မြို့ရှိ သမိုင်းဝင် ဖောင်တော်ဦး စေတီတော်မြတ်ကြီး အကြောင်း လေ့လာ ဖူးမြော်ရေးသား တင်ပြရန် အချိန်မရခဲ့ပေ။ တောင်ကုတ်မြို့သည် တောင်ကုတ် - သံတွဲလမ်း၊ တောင်ကုတ်-ကျောက်ဖြူ တောင်ကုတ်-စစ်တွေ၊ တောင်ကုတ်-ပြည်-ရန်ကုန် ခရီးလမ်းဆုံမြို့တစ်မြို့ဖြစ်ပြီး ရခိုင်ပြည်နယ်နှင့်မြန်မာပြည်အနှံ့ ဆက်သွယ်ရေး အချက်အချာကျရာဝင်ပေါက်မြို့တစ်မြို့လည်းဖြစ်သည်။ ရှေးယခင်က စက်လှေ၊ သင်္ဘောများဆိုက်ကပ်ရာ အချက်အချာဒေသဖြစ်ခဲ့ပြီး ပုဂ္ဂလိကပိုင်စက်လှေကြီးငယ်များ၊ အစိုးရပိုင်သင်္ဘောများဖြင့် မာန်အောင်၊ ရမ်းဗြဲ၊ ကျောက်ဖြူ မြေပုံ၊ ပေါက်တော၊ စစ်တွေ၊ ကျောက်တော်၊ ရသေ့တောင် မင်းကြား စသည့်မြို့များသို့ ဆက်သွယ်သွားလာခဲ့ရာ အဓိက ဆိပ်ကမ်းမြို့လည်းဖြစ်သလို ကုန်စည်များ စီးဆင်းရာမြို့တစ်မြို့လည်းဖြစ်ခဲ့ပါသည်။

သို့ရာတွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှ စတင်၍ ကျောက်ဖြူ အမ်း၊ မြောက်ဦး၊ ကျောက်တော်၊ စစ်တွေမြို့များသို့ မော်တော်ကားလမ်း ဖောက်လုပ်ပြီးစီးသွားသည့်အခါ ရေကြောင်းထက် ကုန်းကြောင်းကို ပိုမိုအားထားသွားလာနိုင်ကာ တောင်ကုတ်မြို့ကြီးသည် တစ်ဟုန်ထိုး စည်ပင်ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလက စာပေခရီးစဉ်တစ်ခုအတွက် တောင်ကုတ်မြို့သို့ အောင်သစ္စာအဝေးပြေးလေအိတ်ကားဖြင့်လိုက်ပါလာခဲ့သည်။ ကားပေါ်တွင် သံတွဲမြို့သူဌေး ချောင်းအောက်နတ်မော်ဇာတိဖြစ်သူ ရန်ကုန်နေ စာရေးဆရာဦးထွန်းခင် (ကိုချစ်မုန်း - သံတွဲ) နှင့် ဆုံဖြစ်ကြပါသည်။ ခရီးသွားရင်း သံတွဲ၊ တောင်ကုတ်မြို့များ



www.burmeseclassic.com

www.burmeseclassic.com


အကြောင်းပြောဖြစ်ကြရာမှ စာရေးသူက သူရဇ္ဇမဂ္ဂဇင်းတွင် တောင်ကုတ်မြို့သမိုင်းဝင်ဖောင်တော်ဦးစေတီတော်မြတ်ကြီးအကြောင်း ဖူးမြော်ရေးသားလိုသည်ဟုပြောသည့်အခါတွင် ကိုထွန်းခင်ကသူ တောင်ကုတ်မြို့တွင် တစ်ရက်ခန့်နားနေ ပြီးမှ နောက်တစ်နေ့တွင်မှ ရန်ကုန်သို့ ခရီးဆက်မည်ဖြစ်ကြောင်းနှင့် သူ့ညီဖြစ်သူ ပန်းထိမ်ဆရာ ကိုခင်သိန်းနှင့် မိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ ကိုခင်သိန်းအိမ်သို့ လိုက်ခဲ့စေလိုကြောင်း ပြောပြပါသည်။

တောင်ကုတ်အဝေးပြေးဂိတ်တွင် အောင်သစ္စာကားရပ်တန့်လိုက်သည်နှင့် ကျွန်တော်တို့ စာရေးဆရာ ညီအစ်ကိုနှစ်ယောက် ဆိုက်ကားဖြင့် ကိုခင်သိန်းအိမ်သို့သွားခဲ့ကြသည်။ ကိုခင်သိန်းတို့နေအိမ်မှာ တောင်ကုတ်မြို့ ဖောင်တော်ဦးစေတီတော်မြတ်ကြီး၏အနီးတွင်တည်ရှိနေရာ အဆင်ပြေလှသည်။ ကျွန်တော်က ရသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ နေရောင်ရှိနေတုန်း မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပါသည်။ သိလိုသမျှကို ဆရာ ကိုချစ်မုန်း (သံတွဲ) က လိုက်ပါ ပို့ဆောင် ရှင်းပြပေးပါသည်။

ထို့နောက် ကိုခင်သိန်းတို့အိမ်တွင် ခရီးဆောင်အိတ်တို့ကိုထားခဲ့၍ လက်ဖက်ရည်ဆိုင်သို့သွားကြပါသည်။ လက်ဖက်ရည်ဆိုင်တွင် တောင်ကုတ်မြို့ခံ ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့နှင့် တွေ့ဆုံကြရာ ကိုခင်သိန်းက မိတ်ဆက်ပေးပါသည်။ ဂေါပကအဖွဲ့ဝင်များကလည်း ဝမ်းပန်းတသာနှင့် သိလိုသမျှကိုရှင်းလင်းပြောပြ၍ ဖောင်တော်ဦးစေတီတော်မြတ်ကြီးရှေးဟောင်းဘုရားသမိုင်းကို ပေးဖတ်ကြ၏။ တောင်ကုတ်မြို့ခံများနှင့်စာရေးသူတို့မှာ တောင်ကုတ်မြို့နှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာများကို အချိန်တော်တော်ကြာပြောဆိုဖြစ်ကြသည်။

**ပတောင်အောင်တောင်ဟိန်းဂန္ဓီရနယ်မြေ**


ဒေသခံတို့က ရှေးအခါကပင် ဝိသေသပြုခဲ့သည့် တောင်ကုတ်တောင်၏အမည်မှာ တောင်အောင်တောင်ဟိန်းပင် ဖြစ်လေသည်။ အဆိုပါ တောင်



အိမ်တော်ရာဘုရားပုံစံစေတီတော်



ကြိုးပြတ်တိုင်နှင့်ခြသေ့ရုပ်




ရင်ပြင်တော်အနောက်ဘက်ရှိ ဆင်းတုတော်များ




www.burmeseclassic.com


www.burmeseclassic.com



စေတီတော်ကမ္ပည်းဆိုင်းဘုတ်



မုခ်ဦးနှင့်တန်ဆောင်းတော်ကြီး



အဝင်မုခ်ဦးနှင့်ပြာသာဒ်တော်


အောင်တောင်ဟိန်းသည် ရခိုင်ရိုးမကြီး၏ အလယ်ဗဟိုတွင် ထည်ဝါခံ့ညားစွာ တည်ရှိနေလျက်ရှိပေသည်။ ၎င်းတောင်ထွတ်ကြီးသည် တောင်တကာ့တောင်တို့၏ အထွတ်အထိပ်ဖြစ်ပြီးလျှင် ဒါးချောင်း၊ ဆားချောင်း၊ မှတ်ချောင်း၊ သုဝဏ္ဏချောင်း၊ လေးချောင်းတို့ ပေါင်းဆုံမြစ်ဖျားခံ စီးဆင်းရာနေရာလည်း ဖြစ်လေသည်။ ထိုတောင်ထွတ်ကြီးသည် တောင်ကုတ်ချောင်းအတိုင်း ဆန်တက်သွားပါက အရှေ့မြောက်အရပ်ရှိ အလွန်မတ်စောက်လှသည့်တောင်ထွတ်တောင်တန်းချောက်ကမ်းပါးကြီးများကို ကျော်ဖြတ်၍သွားပါက (၆၅) မိုင်ခန့် ကွာဝေးလှပေသည်။

ထိုတောင်အောင်တောင်ဟိန်းတွင် ထွက်ရပ်လမ်းကို အလိုရှိအပ်သည့် လောကီဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့သည်ကား လူတို့သည် အလိုရှိအပ်သော သီးပင်စားပင်ဆေးပင်ဝါးပင်များကိုစိုက်ပျိုးထားရှိသကဲ့သို့ ဝိဇ္ဇာဇော်ဂျီတို့အတွက် လိုလေသေးမရှိအောင်ပင် ဘယဆေးပင်များ၊ ဂမ္ဘီရဆေးပင်များ စုဝေးပေါက်ရောက်လျက်ရှိပေရာ ဘယဆေးဘဏ္ဍာတိုက်ကြီးနှင့် တူလှပေတော့သည်။ တောင်အောင်တောင်ဟိန်းခေါ် တောင်ကုတ်တောင်တွင် ရှေးအခါသမယကာလက မင်းညီမင်းသားများဖြစ်ကြသည့် စိတ္တကုရနှင့် ဝတ္ထကုရ ရသေ့ညီနောင်နှစ်ပါးတို့သည် တောင်ကုတ်တောင်၏ မြောက်ဘက်အရပ်တွင် သီတင်းသုံးလျက်ရှိပေရာ လောကီဝိဇ္ဇာပညာရပ်၊ အင်္ဂါရတ်ပညာရပ်နှင့် စမ်းသပ်ပြုပြင်ထားရှိသော ရွှေပုံ၊ ငွေပုံ၊ ပြဒါးပြာ၊ ပြဒါးရှင်လုံးတို့သည် ယနေ့တိုင် အများအပြား စုပုံလျက်ရှိနေသေးသည်ဟု သိရှိရပါသည်။ ထိုကဲ့သို့ စုပုံတည်ရှိနေသော အဖိုးအနဂ္ဃထိုက်တန်သည့် ဆေးဝါးရတနာများကို အလိုရှိကုန်သော ရှင်လူအပေါင်းတို့သည် တောင်အောင်တောင်ဟိန်းခေါ် တောင်ကုတ်တောင်ဆေးသိုက်သမိုင်းကို ရှာဖွေလေ့လာ၍ လမ်းညွှန်အတိုင်း သွားရောက်ပြီးလျှင် ယူငင် အသုံးပြုနိုင်ကြသည်ဟု ဆိုပါသည်။

### ◘ နတ်ဝုက်သိဒ္ဓိဝင်ပစ္စည်းများ

ရှေးမိနောက်မိရှေးလူကြီးများ၏ အဆိုအရ ဝိဇ္ဇာဇော်ဂျီတပသီတို့သည် လောကီထွက်ရပ်နည်းအရ ထွက်ရပ်ပေါက်ဖြစ်သည့်အားလျော်စွာ ပြဒါးတို့


www.burmeseclassic.com



မူလကျောင်းထိုင်ဆရာတော်ကြီး




လက်ရာမြောက် ခြင်္သေ့ရုပ်တု



အဆင့်ဆင့်ဆက်ခံသည့် ဆရာတော်များ



ဓမ္မာရုံကြီးအတွင်းမြင်ကွင်း



စေတီတော်အနောက်ဘက်တန်ဆောင်းကြီး

စမ်းသပ်ခြင်း၊ မြစ်ချင်းပြီးဆေးမြစ်တို့ကို ရှာဖွေစိုက်ပျိုးထားခြင်း၊ အာဟာရပြီး စေသောဆေးပင်၊ ပြဒါးပြာကျစေသော ဆေးပင်၊ ရွှေဖြစ်စေသောဆေးပင်၊ ငွေဖြစ်စေသောဆေးပင်၊ ခုန်ပျံနိုင်သော ဆေးပင်၊ အရွယ်နုပျိုစေသော ဆေးပင် စသည်တို့ကို စိုက်ပျိုးထားကြလေသည်။ ၎င်းအပြင်တို့ကိုလည်း အမှန်တကယ် ရွှေဖြစ်ငွေဖြစ်စေသလား၊ ပြဒါးပြာ ဖြစ်စေသလားဟု စမ်းသပ်ပြီးမှသာ အသေအချာ စိုက်ပျိုးထားကြခြင်း ဖြစ်လေသည်။ ၎င်းပြာတို့သည် ရွှေဖြစ်၊ ငွေဖြစ်မှသာ သိဒ္ဓိမျိုးစုံတို့ကို ပြီးပြည့်စုံနိုင်လေသည်။ ထိုသို့ စမ်းသပ်စိုက်ပျိုးထားသည့် ဆေးပင်များနှင့် စမ်းသပ်အောင်မြင် ပေါက်မြောက်ကြသည့် ရွှေ၊ ငွေ၊ ပြဒါးပြာဓာတ်လုံးဆေးပင်တို့သည်ကား များပြားလှချေသည်။ ထိုသို့ စမ်းသပ်အောင်မြင်ကြသည့် ရွှေ၊ ငွေ၊ ပြဒါးပြာ၊ ဓာတ်လုံး၊ ဆေးပင်တို့ကား ၎င်းထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့အဖို့ ပြည့်စုံပြီးသား




www.burmeseclassic.com


www.burmeseclassic.com



ဗုဒ္ဓ ကြွချီတော်မူခန်း ရုပ်ပုံကားချပ်



မင်းနှင့်ပြည်သူများ ဘုရားရှင်ကို ပူဇော်နေပုံ



တန်ဆောင်းအလှုရှင်ဝန်းမောင်နံ

ဖြစ်သဖြင့် နောင်လာနောက်သားများ အတွက် မပျောက်မပျက်ရအောင်သာ စောင့်ရှောက် စိုက်ပျိုးထားကြသည်ဟု ဆိုပါသည်။ ထို့ကြောင့် ၎င်းတောင်တွင် ရုက္ခစိုး၊ ဘုမ္မစိုး စသည့် တန်ခိုးကြီးနတ်တို့သည် အမြဲတစေ စောင့်ရှောက်ထိန်းသိမ်းထားလျက်ရှိနေကြပေရာ နတ်တို့၏တန်ခိုးဖြင့် လျှို့ဝှက်ထားသဖြင့် လူတိုင်း သာမန်အနေဖြင့် တွေ့နိုင်ခဲသည်ဟု ဆိုကြပါသည်။ ၎င်းတောင် သိုက်သမိုင်းအရသာ နည်းလမ်းညွှန်ချက်အတိုင်း ရှာဖွေသွားရောက်မှသာလျှင် သီလသမာဓိမြဲမြံ၍ အလိုလောဘနည်းသူများသာလျှင် နတ်တို့က ကူညီစောင့်ရှောက်သဖြင့် ရွှေ၊ ငွေ၊ ပြဒါးပြား၊ ဆေးလုံးဆေးပင်များကို ရှာဖွေတွေ့ရှိနိုင်သည်ဟု ဆိုကြပါသည်။

ရှေးလူကြီးတို့အဆိုအရ တစ်ခါတစ်ရံ အမှတ်မဲ့သွားလာရင်းတွေ့ရှိတတ်သော်လည်း တွေ့လျှင်တွေ့ချင်း တစ်ခါတည်း လိုချင်သည်ကို ယူခဲ့ပါက ရနိုင်သည်ဟုဆိုကြပါသည်။ နောက်မှတစ်ဖန်လာယူမည်ဟု အကြံဖြင့်ထားခဲ့ကာ နောက်တစ်ဖန် သွားရောက် ရှာဖွေပါက ရှာမတွေ့နိုင်ဟုလည်း သိရပါသည်။ ၎င်းတောင်ဟုတ်၊ မဟုတ်ကိုလည်း စမ်းသပ်ကြည့်နိုင်သည်ဟု ဆိုပါသည်။ သိုက်သမိုင်းပါ လမ်းညွှန်ချက်အရ လိုက်အော်ဟစ်ကြည့်ပါက သိနိုင်ကြသည်ဟု ပြောကြပါသည်။ ရှေ့မှအော်ဟစ်ကြည့်လျှင် နောက်ဘက်သို့ ရောက်နေတတ်ပြီး တောင်ပေါ်က အော်ဟစ်လျှင် တောင်အောက်သို့ရောက်နေတတ်သည်ဟုသိရှိရပါသည်။၎င်းသည် အလွန်အစွမ်းထက်သော အသက်ကို ပြန်လည်ရှင်သန်နိုင်သည့်ဆေးပင်တစ်မျိုးဖြစ်သည်ဟု ပြောကြပါသည်။

□တောင်ကုတ်အမည်ဆန်းလှသည်

ဂျုံတောင်သည် အော်တတ်ဟိန်းတတ်သောကြောင့် ဒေသခံတို့က တောင်အော်တောင်ဟိန်းဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ ၎င်းတောင်သည် လိုက်ရှာပါက တွေ့ရှိနိုင်ရန် ခဲယဉ်းလှပေသည်။တောင်စဉ်တောင်တန်းတောင်ဝှမ်းအတွင်း ပုန်းလျှိုးကွယ်လျှိုးနေသကဲ့သို့ရှိပေသည်။ သူနှင့်အလားတူ တောင်များကို အမှတ်မှားလေ့ရှိတတ်ကြသည်ဟု ဆိုသည်။ ထို့ကြောင့် ရခိုင်ဝေါဟာရဖြင့် သုံးနှုန်းပါက ကုပ်ကုပ်နေသည်ဟု အဓိပ္ပာယ်ရသဖြင့် တောင်ကုတ်တောင်ဟု မြန်မာအဓိပ္ပာယ်ရပါသည်။

www.burmeseclassic.com

မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၅)တွင် (တောင်) နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုထားရာတွင် ရခိုင်ရိုးမတောင်ကို တောင်ကုတ်မြို့မှနေ၍ကြည့်လိုက်လျှင် ရိုးမတောင်တန်းသည် ကုပ်၍ကိုင်းလာသယောင်ယောင်ရှိသည်ကိုအစွဲပြု၍ ၎င်းအရပ်ကိုလည်း တောင်ကုတ်ဟုခေါ်ကြသည်ဟု ပြဆိုထားပါသည်။ ထိုတောင်ကို အစွဲပြု၍ စီးဆင်းလာသောချောင်းကိုလည်း တောင်ကုတ်ချောင်းဟုခေါ်ဝေါ်ကြလေသည်။ ၎င်းတောင်ကုတ်ချောင်းကို အမှီပြု၍ တည်ဆောက်ထားသောမြို့ကိုလည်း တောင်ကုတ်မြို့ဟုခေါ်တွင်ခဲ့လေသည်။

ဖောင်တော်ဦး စေတီတော်၏ အရှေ့ဘက်တွင် မြန်မာပြည်မှ ရဟန်းတော်များက ဥက္ကာသိမ်တော်ကြီးကို သိမ်သမုတ် ဆောက်လုပ်တော်မူခဲ့ကြသည်။ ၎င်းသိမ်တော်ကို အစွဲပြု၍ သိမ်တောင်ရွာ (ယခု သိမ်တောင်ရပ်ကွက်) ဟု လည်းကောင်း၊ ပေါက်ရောက်နေကြသည့် ကန်ပိုင်ခေါ် ကပိုင် (လမု) ပင်များကိုခုတ်ထွင်၍ ရွာတည်ခြင်းကို အစွဲပြုကာ ကန်ပိုင်ရပ်ဟုလည်းကောင်း၊ အင်္ဂလိပ်တို့အုပ်ချုပ်ခဲ့ပြီးနောက် ဂိုဒေါင်များဆောက်လုပ်ခြင်းကို အစွဲပြု၍ ကာလရှည်လျားလာသည့်အခါ ဂူတာရပ်ဟု လည်း ကောင်း၊ ဂါတ် (ရဲကင်း) ဆောက်လုပ်သည့်နေရာကို အစွဲပြု၍ ဂါယာတန်း ဟူ၍လည်းကောင်း နောက်အခါတွင် ၎င်းအရပ်များကို စုစည်း ပေါင်းစပ်ကာ တောင်ကုတ်မြို့အဖြစ် တည်ခဲ့ခြင်း ဖြစ်လေသည်။

**□ မဟာမြတ်မုနိဘုရားကြီးအား ပင့်ဆောင်လာခြင်း**

ရခိုင်ပြည်ကို သိမ်းပိုက်ပြီးနောက် အိမ်ရှေ့ဥပရာဇာသည် ရခိုင်မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား မန္တလေးနေပြည်တော်သို့ ပင့်ဆောင်တော်မူခဲ့လေသည်။ ရုပ်ရှင်တော်မြတ်ကြီးအား ပရိဝင်္သိမ်တော်၏ မြောက်ဘက်မှနေ၍ ဈေးချောင်းကမ်းထိပ်သို့ ပင့်ဆောင့်တော်မူလေသည်။ ကမ်းပါးပေါ်မှတစ်ဆင့် ရွှေဖောင်တော်ကရဂိုက်ဆီသို့ စက်ပြန်ကမုတ်ကြိုးများဖြင့်တပ်ဆင်ကာ ဖောင်တော်ပေါ်သို့ ကြွချီစံမြန်းစေလေသည်။ ထို့နောက် ရှေ့နောက်ဝဲယာလောင်းလှေတော်များ ခြံရံယှဉ်တွဲပြီးနောက် အခမ်းအနားဖြင့် ပင့်ဆောင်တော်မူကြလေ၏။ ရုပ်ရှင်တော်မြတ်ကြီးအား ပင့်ဆောင်သည့်နေ့မှာ ၁၁၄၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ တနင်္ဂနွေနေ့ ဖြစ်လေသည်။

**□ ရုပ်ရှင်တော်မြတ်ကြီး တောင်ကုတ်မြို့သို့ ရောက်ရှိခြင်း**

ရုပ်ရှင်တော်မြတ်ကြီးမှာ တောင်ကုတ်ချောင်းအတွင်းသို့ တဖြည်းဖြည်း ပင့်ဆောင်လာခဲ့ရာ ရွှေဖောင်တော်ဆိုက်ကပ်ရာနေရာသို့ ၁၁၄၆ ခုနှစ်၊ တပို့တွဲလဆုတ် ၇ ရက်နေ့တွင် ရောက်ရှိတော်မူခဲ့သည်ဟု ခန့်မှန်းကြပါသည်။ အိမ်ရှေ့ဥပရာဇာမင်းသည် ရုပ်ရှင်တော်မြတ်ကြီးကို ရခိုင်ရိုးမကြီးမှ ဖြတ်ကျော်ပင့်ဆောင်နိုင်ရန်အတွက် စွတ်ဖားလမ်းများ ရှာဖွေခုတ်ထွင်ရှင်းလင်း၍ တဖြည်းဖြည်း ပင့်ဆောင်ခဲ့သည်ဟု ဆိုပါသည်။ ဖောင်တော်ကြီး ဆိုက်ကပ်လာသည့်အချိန်က ထိုအရပ်၌ လူနေအိမ်ခြေများမရှိသေးဟု သိရှိပါသည်။ အိမ်ရှေ့ဥပရာဇာမင်းသည် ရုပ်ရှင်တော်မြတ်ကို ကမ်းပေါ်သို့ ပင့်ဆောင်နိုင်ရန်အတွက် ကိုယ်တော်တိုင် ကွပ်ကဲစီမံတော်မူလေသည်။ စက်ရဟတ်များကိုဆင်စေ၍ ကမုတ်ကြိုးနှစ်ချောင်းကိုလည်း ပြင်ဆင်စေခဲ့သည်။ ရုပ်ရှင်တော်မြတ်ကြီးအား ပင့်ဆောင်မ,ချီရာတွင် ကမုတ်ကြိုးနှစ်ချောင်းအနက် တစ်ချောင်းကို စစ်သည်ဗိုလ်ပါတို့က ဆွဲယူရပြီး တစ်ချောင်းကိုမူ ပြည်သူအများတို့အား ဆွဲစေလေသည်။

စက်ရဟတ်တို့ အကူအညီဖြင့် ဆွဲယူမ,ချီပင့်ဆောင်ကြသည့်အခါတွင် လူအပေါင်းတို့က -

"မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးဘုရား၊ ကြွချီတော်မူပါ"

ဟု သောင်းသောင်းဖြဖြ သံပြိုင်ကြွေးကြော်လျက် အားပါးတရ ပင့်ဆောင်တော်မူကြလေသည်။ ထိုအခါတွင် စစ်သည်ဗိုလ်ပါနှင့်တကွ လူပရိသတ်အပေါင်းတို့သည် ဝမ်းမြောက်ရွှင်လန်းပီတိလွှမ်းလျက် ဘဝင်တိုင်အောင် ဟစ်ကြွေးကြကုန်လျက် အုတ်အုတ်သည်းသည်းဖြင့် အုံ့သံမစဲပွဲကြီးသဘင်ကဲ့သို့ရှိနေချေလေသည်။ မဟာမုနိရုပ်ရှင်တော်ကြီးသည်လည်း ယခုလက်ရှိဖောင်တော်ဦး စေတီတော်မြတ်ကြီးတည်ထားသည့်နေရာ(ယခုတောင်ကုတ်မြို့အလယ်) အရပ်သို့ ချောမောပြေပြစ်စွာ အောင်အောင်မြင်မြင်ဖြင့်ပင့်ဆောင်ရောက်ရှိ စံပယ်တော်မူနိုင်ခဲ့လေသည်။

အိမ်ရှေ့ဥပရာဇာသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ယာယီစံမြန်းတော်မူနိုင်ရန်အတွက် ယာယီကျောင်းမဏ္ဍပ်ကြီးကို ဆောက်လုပ်ပူဇော်ခဲ့လေသည်။ ယာယီကျောင်းမဏ္ဍပ်ကြီးကို အဆန်းတကြယ် တင့်တယ်လျောက်ပတ် ရှုမငြီးအောင် စီမံတည်ဆောက်၍ သဲဖြူခင်း၊ ရာဇမတ်ကာလျက် ပန်းနွယ်ပန်းကျင်းတို့ဆင်ယင်ကာ ပန်းမျိုးစုံကြဲခင်း၍ နတ်နန်းတမျှ ကြီးကျယ် ခမ်းနားစွာ ဆောက်လုပ်ထားခဲ့လေသည်။ ပြည်သူအပေါင်းတို့လည်း နောက်ဆုံးအနေဖြင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကို ပူဇော်သက္ကာရဖူးမဝအောင်ပင်ရှိကြလေတော့သည်။

**□ ဖောင်တော်ဦးစေတီတော် တည်ထားခြင်း**

အိမ်ရှေ့ဥပရာဇာမင်းသားသည် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ဖောင်တော်ဆိုက်ကပ်ရာ ဤဆိပ်ကမ်းသာနှင့်ကျက်သရေမင်္ဂလာအပေါင်းတို့ ပြည်စုံတော်မူလှသော ဤယာယီစံမြန်းသိတင်းသုံးတော်မူခဲ့သည့်နေရာဌာနကို နှောင်းလူတို့ မမေ့မပျောက်နိုင်သောစိတ်ဖြင့် မပျောက်ပျက်ကောင်းရာဌာနအရပ်ဖြစ်သည်ကို အမှတ်တရစေခြင်းငှာ ဆောင်ရွက်တော်မူခဲ့လေသည်။ နှောင်းလူတို့ ခေတ် နှောင်အနာဂတ်သာသနာတော်ကြီး အဓွန့်ရှည်ကြာ သာသနာ့အလင်းရောင် တည်တံ့နိုင်စေခြင်းအကျိုးငှာ ထိုနေရာ၌ အမှတ်အသားတိုင်ကြီးများ စိုက်ထူစေခဲ့သည်။ ထို့ပြင် ဘုရားဝတ္တကမြေအဖြစ် သတ်မှတ်ပေးခဲ့လေသည်။ ထို့နောက် ရခိုင်ပြည်မှ ပင့်ဆောင်ယူလာခဲ့သော ဓာတ်တော်မြတ်တို့ကိုထည့်သွင်းဌာပနာတော်မူ၍ ဖောင်တော်ဦးစေတီတော်မြတ်ဟု ဘွဲ့မည်တော်ချီးမြှင့်၍ ဖောင်တော်ဆိုက်ရောက်ရာ အထိမ်းအမှတ်အဖြစ်စေတီတော်ကို တည်ထားတော်မူခဲ့လေသည်။

ဖောင်တော်ဦးစေတီတော်မြတ်တွင် ဓာတ်တော်စင်စစ်(၁၂)ဆူ ဌာပနာ၍ထားတော်မူခဲ့သည်။ ရခိုင်ဘုရင်မင်းမြတ်တို့ နန်းဦးတွင် ရွှေကြုပ်၊ ငွေကြုပ်တို့ဖြင့် ပူဇော်ထားရှိလေ့ရှိသည့် ဓာတ်တော်များကို ယူဆောင်လာ၍ ဌာပနာခဲ့ခြင်း ဖြစ်သည်။ မဟာမုနိရုပ်ရှင်တော်မြတ်နှင့် သက်ဆိုင်သော ဖောင်တော်ဦးစေတီတော်နှစ်ဆူကိုတည်ထားခဲ့ကြောင်း တွေ့ရှိရပေသည်။ ပထမဖောင်တော်ဦးစေတီတော်မှာ ရခိုင်ပြည် ရေလယ်ရိုးဆုံးရာဖြစ်သည့် တောင်ကုတ်မြို့တွင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဆူနှင့် ဒုတိယဖောင်တော်ဦးစေတီတော်ဖြစ်သည့် ဧရာဝတီမြစ်ကြောင်းရေလမ်းဆုံးဖြစ်သည့် စစ်ကိုင်းမြို့ဆိပ်ကမ်းရှိ ဖောင်တော်ဦးစေတီတော်တစ်ဆူဖြစ်သည်ဟု သိရှိရပါသည်။

**□ စေတီတော်အား ထပ်မံတိုးချဲ့တည်တော်မူခြင်း**

နှစ်ပေါင်း မြောက်မြားစွာ ကြာသင့်ခဲ့ပြီးနောက် ဉာဏ်တော် ဆယ်တောင်ခန့်ရှိသည့် စေတီတော်မှာ ညောင်ပင်များ တွယ်ကပ်ပေါက်ရောက်၍ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်လျက်ရှိနေပေသည်။ ထိုအခါ ၁၂၆၅ ခုနှစ်၊ နှောင်းတန်ခူးကာလတွင် တောင်ကုတ်မြို့ကို ပြောင်းရွှေ့ အုပ်ချုပ်လာသည့် မြို့ပိုင်စစ်ကဲ ဦးဘိုကြီးနှင့် ဇနီးဖြစ်သူ ဒေါ်ရွှေမယ်တို့သည် ထိုအခြင်းအရာများကိုမြင်တွေ့ရသဖြင့် သစ်ခုတ်သမားတို့အား ငှားရမ်း၍ သစ်ပင်ချုံနွယ်ပိတ်ပေါင်းတို့ကို ခုတ်ထွင်စေခဲ့ကြလေသည်။ သို့ရာတွင် ညောင်ပင်၏ အမြစ်များမှာ စေတီတော်အတွင်း ထိုးဖောက်တွယ်ကပ်လျက်ရှိနေပေရာ စေတီတော်ကိုဖြိုဖျက်၍ အသစ်တည်နိုင်ရန် သဒ္ဓါတရားပေါ်ပေါက်သဖြင့် တောင်ကုတ်မြို့ရှိ ဆရာတော်ကြီးများအား လက်ရှိစေတီတော်ကိုငုံ၍ စေတီတော်ကြီးအဖြစ် တိုးချဲ့တည်ထားကြရန် လျှောက်ထားလေရာ ဆရာတော်ကြီးများက ခွင့်ပြုသဖြင့် ဘုရားဒါယိကာ၊ ဒါယိကာမအဖြစ် တိုးချဲ့တည်ထားကြရန် လျှောက်ထားလေရာ ဆရာတော်ကြီးများက ခွင့်ပြုသဖြင့် ဘုရားဒါယိကာ၊ ဒါယိကာမအဖြစ် ခံယူခွင့်ရရှိခဲ့ကြသည်။

ထို့ကြောင့် စေတီတော်ကိုတိုးချဲ့တည်တော်မူနိုင်ရန် မြို့ခံဂုဏ်သရေရှိလူကြီးများအား ဖိတ်ကြားဆွေးနွေး၍ စေတီတော် တိုးချဲ့တည်ဆောက်ရေး ဝေါပကအဖွဲ့ကို ဖွဲ့စည်းတည်ခဲ့လေသည်။ ထို့ပြင် မန္တလေးမြို့ အိမ်တော်ရာစေတီတော်ကြီး၏ ပုံစံတော်အတိုင်း တည်ထားရန် ဆုံးဖြတ်ချက်အရ မြန်မာ့ဆေးဆရာကြီး ဦးသာဆောင်းနှင့် တုန်သည်ကြီး ဦးထွန်းလှတို့သည် မန္တလေးမြို့မှ ဗိသုကာအကျော် ပန်းရန်ဆရာကြီး ဦးမောင်ကြီး ခေါင်းဆောင်သော ပန်းရန်အဖွဲ့ကို ခေါ်ယူတည်ခဲ့လေသည်။ မြို့မိမြို့ဖအလှူရှင်များ၊ လုပ်သားအလှူရှင်များ၊ လုပ်သားပြည်သူအပေါင်းတို့၏ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းမှုဖြင့် စေတီတော်ကြီးကို ၁၂၆၈ ခုနှစ်အတွင်း အုတ်မြစ်ချတည်ထားတော်မူခဲ့လေရာ သုံးနှစ်ပြည့်မြောက်သည့် ၁၂၇၁ ခုနှစ်တွင် ယခုဖူးမြော်ရသည့်အတိုင်း ပြီးစီးအောင်မြင်တော်မူခဲ့လေသည်။

**□ မန္တလေးအိမ်တော်ရာစေတီထပ်တူညီသို့**

ဗိသုကာအကျော်ပန်းရန်ဆရာကြီး ဦးမောင်ကြီးနှင့် အဖွဲ့သားများတို့သည် ဖောင်တော်ဦးစေတီတော်မြတ်ကြီးအား မန္တလေးမြို့ အိမ်တော်ရာစေတီတော် အချိုးအစားအတိုင်း ထပ်တူထပ်မျှ ပုံစံတူကျအောင် လက်ရာမြောက် တည်ထားနိုင်ခဲ့ကြသည်။ စေတီတော်ကြီး၏ ဖိနပ်တော်မှအစ ပထမပစ္စယံနှင့်ဒုတိယပစ္စယံတို့၌ သေသပ်လှပသော ပန်းအိုးကြီး (၈) လုံးကို လည်းကောင်း၊ တတိယပစ္စယံတွင် အရံစေတီငယ် (၄) ဆူကိုလည်းကောင်း၊ စတုတ္ထပစ္စယံအထက်မှ နှစ်ထပ်ကြာလန်၊ ၎င်းအထက်မှ ဘီလူးခံခေါင်းလောင်းတော်အပြင် ဖောင်းရစ်တော်(၉)ရစ်၊ ကြာမှောက် ကြာလန်၊ ငှက်ပျောဖူးတော်တို့ကို အချိုးအစားကျနစွာ တည်ဆောက်၍ စေတီတော်ခြေရင်း ထောင့်လေးထောင့်တွင် ခြင်္သေ့လေးကောင်ထုလုပ်၍ ပထမပစ္စယံနှင့် တကွ အရုပ်လေးမျက်နှာတွင် ပန်းနွယ်မုတ်တိုင်ခြူးပုံရုပ်များကို ကျနအောင် ဆင်ယင်ထားသည့် ဂူပေါက်ကြီးလေးပေါက်ကိုပါ လှက်စွမ်းပြ တည်နိုင်ခဲ့ကြသည်။ စေတီတော်ကြီးကို ဝန်းပတ်ကာရံထားသည့် တံတိုင်းတော်ကြီးနှင့်တကွ ခံ့ညားလှသည့် အုတ်တိုင်ကြီးဆယ့်နှစ်တိုင်ကို စိုက်ထူကာ လှပဆန်းကြယ်သော သံပန်းများ တပ်ဆင်ထားရှိလေသည်။ စေတီတော်သို့ အဝင်ပေါက်ကိုလည်း အရှေ့၊ အနောက်နှစ်ဌာနတို့တွင်ထားရှိ၍ ဆင်းတုတော်ကြီးများကို ထုလုပ်ထားရှိပေရာ စေတီတော်ကြီးမှာ ကျက်သရေမင်္ဂလာအပေါင်းနှင့် တောင်ကုတ်မြို့လယ်တွင် ကြည်ညိုဖွယ်ရာအတိဖြစ်လေသည်။

**□ ရွှေထီးတော်တင်ဘုရားပွဲတော်ကြီး**

ဖောင်တော်ဦး စေတီတော်မြတ်ကြီးတွင် ရွှေထီးတော်တင်ဆောင်နိုင်ရန်အတွက် မန္တလေးမှ မကိုင့်ပုံရွှေထီးတော်မြတ်ကို သွားရောက် ဝယ်ယူခဲ့ကြလေသည်။ ဖောင်တော်ဦးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်ပွဲဘုရားပွဲတော်မှာ တောင်ကုတ်မြို့နယ်အတွင်း ပြောစမှတ်ဖြစ်လောက်အောင်ပင် ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်ခဲ့ပေသည်။ စတုဒိသာထမင်းကျွေးမဏ္ဍပ်ကြီးအတွင်းတွင် မပြတ်မလတ် ဧည့်ခံကျွေးမွေးခဲ့သလို လာရာပရိတ်သတ်များတည်းခိုရပ်နားကြရန်အတွက် မန္တလေး၊ နေပြည်တော်တစ်ရိုးမှ ရွှေခြည်ထိုးကျောက်မျက်ရတနာများစီခြယ်ထားသည့်ခေါက်မဏ္ဍပ်ကြီးကို ငှားရမ်းကာ စေတီတော်အရှေ့ဘက်တွင် ပြာသာဒ်ကိုးဆောင်တင်လျက် ခံ့ညားလှပစွာပြင်ဆင်ခဲ့ကြသည်။ ရွှေထီးတော်ကြီးကို ၁၂၇၃ ခုနှစ်၊ တပေါင်းလပြည့်နေ့(စနေနေ့)၊ နေ့လယ်(၁၂)နာရီအချိန်တွင် ရွှေထီးတင်နတ်ပန်းရထားဖြင့် အပြီးသတ် တင်ဆောင်နိုင်ခဲ့လေတော့သည်။

တောင်ကုတ်မြို့သည် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရေကြောင်း၊ ကုန်းကြောင်းခရီးများ ကောင်းမွန်လာသည်နှင့်အမျှ တစ်နေ့ထက်တစ်နေ့ ပို၍ပို၍စည်ပင်သာယာခဲ့ပြီ ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၏ ကုန်စည်ဖြန့်ဖြူးရာ ဗဟိုချက်မဒေသကြီးအဖြစ် ထင်ရှားခဲ့ပါသည်။ ရေကြောင်းခရီးစဉ်အနေဖြင့် မာန်အောင်၊ ကျောက်ဖြူ၊ စစ်တွေမြို့များသို့ နေ့ဝက်ခရီးဖြင့် မလိခ၊ ရွှေပြည်တန်ရှပ်ပြေးယာဉ်များနှင့် ရောက်ရှိနိုင်သလို တောင်ကုတ်ကို ဗဟိုပြု၍ သံတွဲ-တောင်ကုတ် - ပြည် - ရန်ကုန်သို့ လည်းကောင်း၊ ရန်ကုန်-တောင်ကုတ်၊ အမ်း၊ မင်းပြား၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စစ်တွေမြို့များသို့ လည်းကောင်း၊ ရန်ကုန်-တောင်ကုတ်-စနဲ-ဇင်ချောင်း-ကျောက်ဖြူမြို့များသို့ လည်းကောင်း အဝေးပြေး ကားဂိတ်မှတစ်ဆင့် သွားလာနိုင်ပြီ ဖြစ်ပါသည်။ တောင်ကုတ်မြို့နယ် မအီမြို့တွင် မအီစက်တော်ရာနှစ်ဆူကိုဖူးမြော်နိုင်ပါသည်။ တောင်ကုတ်မြို့တွင် တောင်ကုတ်တက္ကသိုလ်ကြီးကို ဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်။ ထို့ပြင် တောင်ကုတ်မြို့နယ်အတွင်း ရှေးခေတ်ရခိုင်ဘုရင်များ တည်ထား ကိုးကွယ်ခဲ့သည့် ဇာတိပြင်စေတီ၊ နှာရိုးတော်စေတီ၊ ဇီးကိုင်းစေတီ၊ သံခဲတောင်စေတီ၊ ဆားဒံ့ဗွေဓာတ်တော်စေတီ၊ မြို့တော်စေတီ စသည်ဖြင့် စေတီတော်များကိုသွားရောက် ဖူးမြော်နိုင်ကြပါစေကြောင်း နှုတ်လမ်းညွှန် ရေးသား ပူဇော်အပ်ပါသည်။

ရွှေမျိုးအောင်(ငယ်)



www.burmeseclassic.com

www.burmeseclassic.com



# ရောမြဲ-ကျော်ဝေ

## မဟာပဋ္ဌာန်း လွန်ထူးဆန်းသည့်

စာရေးသူတို့နေထိုင်သောရပ်ကွက်၏ ကိုးကွယ်ရာဖြစ်သော မင်္ဂလာဇေယျပရိယတ္တိစာသင်တိုက်တွင် (၁၈) ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအတွက် အလှူခံမဏ္ဍပ်မှ ဆရာတော်ပဋ္ဌာန်းရှင်ပညာဇောတ(၁)မှ ပဋ္ဌာန်းတရားတော်မြတ် VCD လေဆာခွေမောင်ပြားဖြင့် ဖွင့်သောအသံတော်ကို စာရေးသူ ကြားနာရသောအခါ တစ်ချိန်က ဝန်ထမ်းဘဝ၏ မီးရထားရပ်ကွက်တွင်ရှိသော တောဘာယိလ်ကင်းထဲတွင် (၉)ကြိမ်မြောက် ၁၉၈၅ ခုနှစ်က ပဋ္ဌာန်းပွဲတော် ကျင်းပပူဇော်သည်ကို (၄) ည (၅) ရက်တိုင်ဦးစီးခေါင်းဆောင်သော ပဋ္ဌာန်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌစာရေးကြီးဦးထွန်းရှိန်မှ ငွေအင်အားစိုက်ပြီး တောဘာယိလ်ကွင်းထဲတွင် ဇာတ်ရုံကြီးတမျှကြီးမားလှသော မဏ္ဍပ်ကြီးသည် ဟသ်ာတ-ပုသိမ်ရထားစီးခရီးသည်တို့ အသွားအပြန်မြင်တွေ့ကြရသည်မှာ အံ့သြဝမ်းမြောက်စရာပင်။ ဝန်ထမ်းမိသားစုများကလည်း စုပေါင်း

www.burmeseclassic.com

www.burmeseclassic.com

ငြီး ကောင်းမှုတစ်ခုကို ပေါင်းစု၍လှူကြပါသည်။ မီးရထားစက်မှုပဌာန်းက အုံမခန်းဟုချီးမွမ်းကြသူများလည်းရှိကြပါသည်။

ပဌာန်းတရားပွဲအတွက်မကျင်းပမီကြိုတင်ပြီး အစည်းအဝေးထိုင်၍ တာဝန်အသီးသီးခွဲဝေပေးပြီး ထူးကြီးအောက်မိုင်းတောထဲတွင် သစ်ဝါးတို့ကို သယ်ယူပြီး ကုန်ရထားနှင့်တင်လာပြီးမှ မဏ္ဍပ်ဆောက်ကြရပါသည်။ မဏ္ဍပ်ဆောက်ပြီး အသံချဲ့စက်ဟွန်း (၈) လုံးကို ဝါးနက်ဝါးများအသုံးပြုပြီး အရပ်မျက်နှာကြားရအောင် တပ်ဆင်ရပါသည်။ ထိုအဖွဲ့ဝင်တွင် ကိုခွေးမောင်ဆိုသူ အရက်သမားတစ်ယောက်လည်း ပါပါသည်။

ကိုခွေးမောင်က -

"ငါဒီနေ့အရက်မသောက်ဘူးကွ။ ကုသိုလ်ရယူမယ်။ ငါအမြင့်ကိုတက်ပြီး လော်စပီကာတွေကိုဆင်မယ်"

ဟု ဆိုကာအခါ ကိုခွေးမောင်ကို မယုံကြည်သော စံထွန်းက -

"ဟုတ်မှလည်းလုပ်ပါဗျာ။ တော်ကြာ ကျော်မကောင်းကြားမကောင်းဖြစ်နေပါဦးမယ်။ ကျုပ်တို့လူငယ်တွေလုပ်ပါ့မယ်"

ဟု ဆိုသောအခါ ကိုခွေးမောင်က -

"ဟေ့ကောင် စံထွန်း၊ မင်းက ငါ့ကို အထင်သေးတာပဲ။ ခွေးမောင်ရသင့်တဲ့ကုသိုလ်ကို မင်းတို့မဖျက်နဲ့၊ ငါ နတ်တွေကိုလည်းတိုင်တည်ပြီးပြီကွ"

ဆိုပြီး ပုဆိုးကို ခါးတောင်းကျိုက်၍ ဟွန်းတင်မည့်လင့်စင်ပေါ်သို့ တက်သွားလေတော့သည်။ ကိုခွေးမောင်ဟွန်းလေးလုံး တပ်ဆင်ပြီးချိန်တွင် ပုသိမ်ဘက်မှ လူစီးလော်ကယ်ရထားက ညသြရှည်ဆွဲပြီးဝင်လာသောအခါ လင့်စင်ပေါ်မှ မတ်တတ်ရပ်၍ ရထားစီးခရီးသည်များကို လက်ပြနှုတ်ဆက်လိုက်သောအခါ အမှတ်မထင် ခြေချော်၍ပြုတ်ကျလေတော့သည်။ ကိုခွေးမောင် ပြုတ်ကျတာက ကံကောင်းသည်။ စပါးခွံများပုံထားသောနေရာပေါ်ကို တည့်မတ်စွာကျသဖြင့် ပက်လက်အနေအထားမှ အသာထပြီး စပါးခွံများကို လက်နှင့်ပုတ်ချပြီး -

"ငါဘာမှမဖြစ်ပါဘူးကွာ။ ဖွဲပုံပေါ်ကျတာပဲ၊ ငါမသေဘူးကွ ရေကူးတတ်ပါတယ်"

ဟု ပြောပြီး ဆေးပေါ့လိပ်ကိုဖွာရှိုက်နေလေတော့သည်။

ဝေယျာဝစ္စခေါင်းဆောင် တွဲပြင်ဆရာ ဦးအုံးမောင်က -

"ခွေးမောင်က ကုသိုလ်ကောင်းမှုလုပ်နေထုန်း အမြင့်ကကျပေမယ့် ဘာမှမဖြစ်တာ မင်းတို့သိကြလား"

ဟု အောင်တိုးကြီးတို့အဖွဲ့ကိုမေးသောအခါ အောင်တိုးကြီးက -

"ဦးလေးပုကလည်း၊ ကိုခွေးမောင်က ဒီနေ့ အရက်မသောက်ဘဲ ပဌာန်းမှာလာပြီးကူညီပေးတော့ သူတိုင်တည်ထားတဲ့နတ်တွေကလည်း သူ့ကိုစောင့်ရှောက်ကြမှာပေ့ါ။ ဦးလေးပုက ကြိုတင်ပြီး ပတ်ပတ်လည်ဖွဲစပါးခွံတွေခပ်ထူထူခင်းထားတာလည်းပါတာပေ့ါ။ကျွန်တော်တို့အဖွဲ့တွေက ကောင်းမှုကုသိုလ်လုပ်ကြတာပါ အမှားမရှိကြပါဘူး။ ပဌာန်းရဲ့အကျိုးကျေးဇူးတွေက မရွတ်ခင်မှာတောင် နတ်တွေက စောင့်ရှောက်နေတာပါ။ ရွတ်တဲ့နေ့ဆိုရင် နတ်များလည်း လာရောက် နာကြားကြမှာပါ"

ဟု အောင်တိုးကြီးက ပြောလေသည်။

၁၆-၁-၈၅ မှ ၂၀-၁-၈၅အထိ ပဌာန်းတရားနှင့် အနက်အဓိပ္ပာယ်များကို ဟောကြားတော်မူသလို အင်းမဆရာတော် ဦးကုသလ အရှင်မြတ်ကလည်း ညဥ့်နက်ပိုင်းတွင် ဟောကြားတော်မူပါသည်။ ၁၈-၁-၈၅ နေ့ ညဥ့်သန်းခေါင်ကျော်အချိန်တွင် ပဌာန်းမဏ္ဍပ်ထဲ၌ အစိမ်းရောင်ဝမ်းဆက်နှင့်ချောမောလှပသော အမျိုးသမီးတစ်ဦး ပဌာန်းတရားလာနာသည်ဟု သိရှိရပါသည်။ နတ်လား၊ ဥစ္စာစောင့်လား ဟူသည်ကိုတော့ တွေ့မြင်သူတို့က မဝေခွဲတတ်ပါ။ ၁၉-၁-၈၅နေ့တွင်လည်း အင်းမဆရာတော် ဦးကုသလ ညဥ့်နက်မှ ဟောကြားသော တရားတော်တို့ကို လာရောက်နာကြားသူအမျိုးသမီးသုံးဦးဖြစ်ပါသည်။ အစိမ်းရောင်ဝမ်းဆက်နှင့် အမျိုးသမီးတစ်ဦး၊ အပြာနုရောင်ဝမ်းဆက်နှင့်အမျိုးသမီးတစ်ဦး၊ ပန်းနုရောင်ဝမ်းဆက်နှင့် အမျိုးသမီးတစ်ဦး။ ချောမောလှပပြီး ရုပ်ချင်းကခပ်ဆင်ဆင်ဟုထင်ရပါသော်လည်း ထိုသူတို့က ဘယ်မှာနေပြီး ဘယ်ကလာကြမှန်း မသိကြပါ။ လတ်ဆတ်သော လိမ္မော်သီးများ (၁၈) လုံးတိတိ လှူဒါန်းသွားကြပါသည်။

ထိုနေ့ညတွင် လုပ်ငန်းတာဝန်ကျသူ ကိုစံထွန်းနှင့် ကိုအာဘော (ခေါ်) ကိုလှတင်တို့က အရက်ဆိုင်သို့အသွားတွင် အမှတ်မထင် ပဌာန်းမဏ္ဍပ်ထဲကို ဝင်ကြည့်ရာတွင် တွေ့ခဲ့ရသည်ဟု ပြောပါသည်။ ဥစ္စာစောင့်တွေဟုထင်ပါသည်။ မဟာပဌာန်းသည် လွန်ထူးဆန်းပါဘိ။ မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်တွင် မယ်တော်မိနတ်သားကို ဟောကြားသော ပဌာန်းတရားတော်ပင် ဖြစ်ပါသည်။ မကျွတ်မလွတ်သူတို့ ဤပဌာန်းတရားတော်ကို နာကြားရခြင်းဖြင့် လူမျိုးကွဲပင်ဖြစ်ပါစေ ကျွတ်လွတ်သွားကြပါသည်။ပဌာန်းတရားတော်မြတ်များသည် ကျမ်းကြီးကျမ်းငယ်ကျမ်းအသွယ်သွယ် ရှိပါသော်လည်း ဘယ်တော့မှမဆုံးနိုင်သောတရားတော်ဟု ဆရာတော်ကြီးများက ဆိုမိန့်ရှိပါသည်။ ၂၄-ပစ္စည်း ပဌာန်းတရားတော်ကို နေ့ညအမြဲနိစ္စဘတ်ရွတ်ဖတ်ပူဇော်သူတို့သည် သေလွန်သော် နတ်ပြည်တွင် ဘုံဗိမာန်တို့ဖြင့် တင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည် နေရသည်မှာ မလွဲဧကန်ပင်။

စာရေးသူတို့ ငယ်စဉ်က သိခဲ့ရသော ကျောင်းကြီးတစ်ကျောင်းတွင် သဘက်ကြီးတစ်ကောင်ရှိပါသည်။ ထိုကျောင်းကြီးသည် ရထားလမ်းနှင့်နီးသဖြင့် သဘက်ကြီးသည် ည (၇) နာရီအချိန်တွင် ရထားလမ်းပေါ်တွင် နားရွက်တစ်ဖက်ကိုခင်းပြီး နားရွက်တစ်ဖက်ကို ခြုံ၍အိပ်ပါသည်။ ထိုကျောင်းတွင် လောကီပညာ အနည်းငယ်တတ်သော ဦးပဥ္စင်းတစ်ပါးကမွေးထားသည်ဟု သိရှိရပါသည်။ ကျောင်းတွင် မကြာခဏ သူခိုးသောင်းကျန်းသဖြင့် ဘဘက်ကြီးကို ခိုးသူတို့၏ဘေးမှ ကာကွယ်ရန်ထားသည်ဟု သိရပါသည်။

ထိုကျောင်းတွင် တစ်နေ့ မဟာပဌာန်းပွဲ (၃) ရက် ကျင်းပပါသည်။ ပဌာန်းပွဲလည်းပြီးရော သဘက်ကြီးလည်း မတွေ့တော့။ သဘက်မွေးသော ဦးပဥ္စင်းလည်း သဘက်ကြီးမရှိသည်နှင့် အထက်အညာသို့ အပြီးတိုင် ကြွသွားပါတော့သည်။ ပဌာန်းမြတ်ဒေသနာတော်သည် အလွန်ပင်ထူးဆန်းလှပေစွ။ ထိုသဘက်ကြီးအကြောင်းကို စာရေးသူ၏ဦးလေး ဦးတင်လှမှ ပြောပြပါသည်။ ဦးလေး ဦးတင်လှ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ဖြစ်ပါသည်။ ပဌာန်း-၂၄ပစ္စည်း၏ အစွမ်းထက်မြက်ပုံကို စာရှုသူတို့ သိထားသင့်သိသည်ဟု ထင်မိပါ၍ ရေးသား တင်ပြလိုက်ရပါသည်။

ဇရာမြေ-ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com



တင်တင်ဦး(ပေါင်းတည်)

# ရေတံခွန်တောင်မှထူးမတောင်သို့ ဘုရားဖူးခရီးစဉ်

ဆောင်းအကုန် နွေဦးအစအခါ ရာသီဖြစ်သည့်အတွက် နေ့အခါ ပူပြင်း၍ ညအခါ အေးချမ်းလှသည့် တပို့တွဲလ၏နေ့တစ်နေ့တွင် စစ်ကိုင်းမြို့ဆီသို့ ခရီးထွက်ခဲ့ပါသည်။ မှတ်မှတ်ရရဆိုရပါလျှင် ၁၁-၂-၂၀၁၆ ရက်နေ့ မန္တလေး အမြန်ယာဉ်ဖြင့် ခရီးထွက်ခဲ့ပါသည်။ ၁၁-၂-၂၀၁၆ ရက် မနက်စောစော အချိန် စစ်ကိုင်းမြို့သို့ရောက်ရှိခဲ့ပါသည်။ အလုပ်တာဝန်ထမ်းဆောင်နေသူ ခင်ပွန်းသည်က ဘုရားဖူးရန်ခေါ်သောကြောင့် ဘုရားဖူးရင်း ဒေသန္တရဗဟုသုတများရှာလိုစိတ်ဖြင့်လိုက်လာခဲ့ပါသည်။ အငြိမ်းစားမယူမီ အချိန်ကာလများ၌ ယခုလို နွေရာသီတွင် (၁၀) တန်းစာမေးပွဲကိစ္စများဖြင့် အလုပ်ရှုပ်နေလေ့ရှိပါသည်။ ယခုအခါ သွားလိုသည့်နေရာသို့သွားကာ နားလိုသည့်နေရာတွင်နားနေနိုင်သဖြင့် စိတ်သက်သာမှုရှိပါသည်။



ရေတံခွန်တောင်ဆရာတော် ဦးကုမာရ တရားကျင့်သည့် တဝရ

ကားစီးလာစဉ် ကျွန်မစိတ်ထဲတွင် စစ်ကိုင်းမြို့၏ သမိုင်းကြောင်းကို တွေးတောနေမိပါသည်။ မှန်နန်းရာဇဝင် ပထမတွဲ စာမျက်နှာ (၁၆၄) တွင် မျက်မမြင်မင်းသားနှစ်ပါးဖြစ်သော စူဠသမ္ဘဝနှင့် မဟာသမ္ဘဝတို့ ဖောင်ဖြင့်အမျှောခံရစဉ် မြစ်ဘက်သို့ကိုင်းနေသည့် စစ်ပင်ကြီး၏သစ်ကိုင်း၌ ဖောင်ချိတ်မိ၍ ထိုအရပ်ကို စစ်ကိုင်းဟုခေါ် ကြောင်းသိရပါသည်။

ဟံသာဝတီဦးဘရင်၏ အာဒေသနိုင်မော်ကွန်းအဖြေ၌ စကိုင်း ဟူသော

www.burmeseclassic.com





ရေတံခွန်တောင်ဆရာတော် ဦးကုမာရ



ဝင့်ကြွေးပြေစေတီနှင့် ထူးမတောင်လိုဏ်ဂူတော်



ထူးမတောင် ဆရာတော် ဦးပညာသီဟ



ထူးမတောင်တော်အဝင်

အရှေ့သည် ဧရာဝတီမြစ်စီးဆင်းသည့်ပုံ ကိုတွေ့ရှိ၍တွင်ခြင်းဖြစ်သည်။ ဧရာဝတီမြစ်ကြီးသည် မြောက်မှတောင်သို့စီးဆင်းနေရာမှ မျှင်းဝံတောင်ဆွယ်ဦးသို့ရောက်သည့်အခါ စတင်၍ကွေ့ဝိုက်ပြီး အရှေ့မှ အနောက်သို့စီးဆင်းသွားသည့်နေရာ၊ သက်ယိဘက်ကမ်းပေါ် မှာတည်ရှိသဖြင့် စကိုင်းဟုခေါ် ကြောင်း ရေးဖွဲ့သည်ကို မှတ်ဖူးပါသည်။

ထို့ပြင် စစ်ကိုင်းမြို့သည် မြန်မာပြည်အလယ်ပိုင်း၌တည်ရှိပြီး ရန်ကုန်မြို့မှလေးအမြန်လမ်း စစ်ကိုင်းအဝိုင်းထိ (၁၅၈) မိုင်၊ မီးရထားလမ်းခရီး (၃၉၈) မိုင်၊ ရေလမ်းခရီးအားဖြင့် (၅၈၆) မိုင် ခန့်ကွာဝေးပါသည်။

စစ်ကိုင်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် (၂၂၈)ပေခန့်မြင့်ပါသည်။ အရှေ့နှင့်တောင်နယ်နိမိတ်မှာ ဧရာဝတီမြစ်ဖြစ်ပြီး အနောက်နယ်နိမိတ်မှာ မူးမြစ်ဖြစ်ပါသည်။ မြောက်ဘက်နယ်နိမိတ်မှာ ဝက်လက်မြို့နယ်ဖြစ်ပါသည်။

ထိုသို့ စဉ်းစားတွေးတောပြီးလိုက်ပါလာရာ နောက်ဆုံး စစ်ကိုင်းမြို့သို့ ရောက်ပါခဲ့သည်။

ထို့နောက် စစ်ကိုင်းမြို့နှင့်မန္တလေးမြို့ရှိ တန်ခိုးကြီးသည့်စေတီပုထိုးများကို ခင်ပွန်းဖြစ်သူက လိုက်လံ ပို့ဆောင်ခဲ့ပါသည်။ ဝန်ထမ်းများနှင့် အခြားကျေးဇူးတင်ထိုက်သူများကို ကျေးဇူးတင်ရပါသည်။ ကျွန်မတူဖြစ်သူ မောင်ဟန်ထွန်းနှင့် ဇနီးမစန်းစန်းအေးနှင့် မြေးလေးများကိုလည်း ကျေးဇူးတင်ပါသည်။ အဘယ်ကြောင့်ဆိုသော် လေးတန်းစာမေးပွဲဖြေဆိုရမည့်သားငယ်နှင့် တက္ကသိုလ်ဝင်တန်းဖြေလုဆဲဆဲ သမီးတို့ကိုပါ ခေါ်ဆောင်လာပြီး ကျွန်မအလွန်သွားလိုသော ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့ရှိ ရွှေကံကူလေပျံသစ်တော် (ရုပ်ရှင်တော်မြတ်) ဘုရား သီတင်းသုံးရာ ကျောင်းတော်သို့ ပို့ပေးခြင်းကြောင့် ဖြစ်ပါသည်။

စစ်ကိုင်းမြို့သို့ရောက်ရှိသောအခါ ရွှေကံကူဘုရားမှာ စင်ကာပူနိုင်ငံသို့ ဒေသစာရီကြွမြန်းနေသဖြင့် မဖူးမြော်ခဲ့ရပါ။ သို့ရာတွင် ရွှေကံကူဘုရားကို စိတ်တွင် ရည်မှန်းပြီး ခြေတော်အစုံကို ဦးခိုက်ဖူးမြော်ခဲ့ပါသည်။ ပလ္လင်တော်ကိုလည်းလှူခဲ့ပါသည်။ အခြားစေတီပုထိုးများဖြစ်သည့် စဉ့်ကိုင်ပေါ် တော်မူဘုရား၊ ကံကြီးမဘုရားများသို့ ဖူးမြော်ရအောင် ပို့ပေးသော တူနှင့်တူမတို့ကိုပါ ကျေးဇူးတင်ပါသည်။

မန္တလေးမြို့တွင်ရှိ တန်ခိုးကြီးဘုရားများကို စေတနာ၊မေတ္တာဖြင့်လိုက်ပါပေးခဲ့သော ဓမ္မမိတ်ဆွေ မရီရီသန်းအား ကျေးဇူးတင်ပါသည်။ မရီရီသန်းသည် အသက် (၁၃) နှစ်အရွယ်ကပင် မေတ်တော်ဆိုင်ကယ်စီးခဲ့သဖြင့် ကျွမ်းကျင်းစွာမောင်းနှင်နိုင်ပါသည်။ ခင်ပွန်းဖြစ်သူက အလုပ်တာဝန်ရှိသဖြင့် ကျွန်မအား မရီရီသန်းက ဘုရားဖူးရန်လိုက်ပို့



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ အတွေ့အကြုံတစ်မျိုးဟုဆိုရပါသည်။

စစ်ကိုင်းမြို့ပေါ်ရှိ စေတီများနှင့် မန္တလေး အမရပူရမြို့များသို့ သွားရောက်ခဲ့ပါသည်။ တနင်္ဂနွေနေ့ ၂၁-၂-၂၀၁၆ ရက်နေ့ အားလပ်ရက်ဖြစ်သည့်အတွက် ရေတံခွန်တောင်တော်သို့ သွားရောက်ခဲ့ပါသည်။

ရေတံခွန်တောင်သို့ လွန်ခဲ့သော နှစ်ပေါင်း (၃၅) နှစ်ကျော်အချိန်ခန့်က ရောက်ခဲ့ဖူးပါသည်။ သင်္ကြန်ရက်များတွင် ရွာထောင်မှ တာဝန်ကျသော မီးရထားလက်မှတ်စစ်မှူး ဦးစိုးမြင့် (ကွယ်လွန်) နှင့် ဇနီး ဒေါ်သန်းသန်းမြင့် မိသားစုနှင့်အတူ ရေတံခွန်တောင်သို့ ရောက်ဖြစ်ခဲ့ပါသည်။ ဦးစိုးမြင့်က ဒုလ္လဘရဟန်းဝတ်ပြီး သားနှစ်ယောက်အား ကိုရင်လေးဝတ်ပေးသည့်အလှူပွဲကို ရေတံခွန်တောင် ဆရာတော်ကြီး ဦးကုမာရအထံတွင် ဩဝါဒခံယူလှူဒါန်းခဲ့ပါသည်။

ထို့နောက် ဆိပ်သဲတောင်နှင့် ဟသ်ာဂူသို့ သွားရောက် ဖူးမြော်ခဲ့ရခြင်းအား ရေတံခွန်တောင်ပေါ်မှ ထူးဆန်းသောရေတစ်ခွက်ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်အဖြစ် (၂၀၁၄၊ အောက်တိုဘာလ) သူရဿမဂ္ဂဇင်းတွင် ရေးသားခဲ့ပါသည်။ထိုစဉ်က ကျွန်မတို့ရောက်ခဲ့သောဂူမှာ ဟသ်ာဂူဖြစ်ပြီး လိပ်ပြာဂူဟုဖော်ပြခဲ့မိပါသည်။ စာအုပ်ထွက်ရှိလာမှ ကျွန်မ၏အမှားကိုသိရပါသည်။ ထိုအကြောင်းကို ယခင်က အတူလိုက်ပါခဲ့သော သူငယ်ချင်း မသန်းသန်းမြင့်အား ပြောပြသောအခါ သူကရယ်မောပြီး -

"အေး- ဟသ်ာနဲ့ လိပ်ပြာဆိုတာ အကောင်ကအတော်တူတာကိုး မှားသင့်ပါတယ်ကွာ"

ဟု ပြောဆိုဖြေသိမ့်ပေးပါသည်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်နေ့ထုတ်ကြေးမုံသတင်းစာတွင်'ရေတံခွန်တောင်ရှိ ဟသ်ာဂူ' သို့ မော်တော်ကားလမ်းဖောက်နေပြီဖြစ်ကြောင်းဖတ်လိုက်ရသဖြင့် အလွန်ဝမ်းသာမိပါသည်။

ယခုလည်း ကျွန်မတို့ဘုရားဖူးသွားအဖွဲ့သည် ရေတံခွန်တောင်သို့သွားခဲ့ကြရာ လမ်းခရီးတွင် ပျော်ရွှင်စရာဖြစ်ခဲ့ပါသည်။ ထမင်းဟင်းများကိုလည်း ပြည့်စုံစွာယူဆောင်လာပြီး ရေတံခွန်တောင်မှာ ထမင်းစားရန် စီစဉ်ကြပါသည်။


သို့နှင့် ရေတံခွန်တောင်ပေါ်သို့ မော်တော်ယာဉ်ဖြင့်တက်သောအခါ မြေအနေအထား၊ အဆောက်အအုံများ တိုးတက်များပြားနေသဖြင့် ယခင်ဆရာတော်ကြီးကျောင်းတော်ရာကို မမှတ်မိတော့ပါ။ မုခ်ဦးများနှင့် အခြားသာသနိကအဆောက်အအုံများ ပြင်ဆင်နေပုံတို့ မြင်ရသည့်ကျွန်မမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာကရှိခဲ့သည့် မြေပြင်အနေအထားနှင့် ကွာခြားကြောင်း နှိုင်းယှဉ်မိပါသည်။

ယခင်က ထိုနေရာသည် လိုဏ်ဂူငယ်များရှိပြီး သဘာဝရှုခင်းများဖြင့် တစ်မျိုးသာယာလှပသကဲ့သို့ ယခုအခါ ခေတ်မီ ပြင်ဆင် မွမ်းမံမှုများကြောင့် တစ်မျိုးသာယာလှပသည်ဟု ထင်ပါသည်။

အနီးအနားရှိလူများကို ကျွန်မတို့အဖွဲ့က အထက်ရေတံခွန်တောင်သို့သွားလိုသဖြင့် သွားရမည့်ခရီးစဉ်ကိုမေးမြန်းရာ သူတို့က 'ကားလမ်းအတိုင်းတက်သွားပါ၊ ရောက်ပါလိမ့်မယ်' ဟုပြောသောကြောင့် ကားဖြင့် ဆက်လက်တက်ခဲ့ပါသည်။ ယခင်ကမရှိခဲ့သည့် အုတ်တံတိုင်းကြီးမှာလည်း ရှည်လျားစွာ



ထူးမတောင်ဆရာတော် ဦးယညာသီဟနှင့် ဦးမျိုးဝင်း





ရေတံခွန်တောင်ဆရာတော်ကြီး သီတင်းသုံးသည့်နေရာ



www.burmeseclassic.com

www.burmeseclassic.com

တည်ရှိနေပြီး ကားလမ်းမှာ အတော်ကောင်းမွန်လှပါသည်။ ယခင်က မြေလမ်းများရှိခဲ့ သောနေရာတွင် ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းသည်ဟု ဆိုနိုင်ပါသည်။

သို့နှင့် တောင်တက်၊ တောင်ဆင်း အတွေ့အကြုံများကို ချောမောစွာတက်လာခဲ့ရာ အတော်အချိန်ကြာသည့်တိုင်အောင် အထက်ရေတံခွန်တောင်သို့ မတွေ့ရသေးပါ။ လမ်းတစ်နေရာတွင် စေတီပုထိုးများနှင့် မျောက်များကို မြင်တွေ့ရသဖြင့် အပြန်ခရီးမှ မျောက်စာကျွေးမည်ဟု စဉ်းစားမိပါသည်။ ကျွန်မတို့ကားနောက်မှလည်း ဆလွန်းကားဖြူလေးနှစ်စင်း လိုက်ပါလာရာ လမ်းနှစ်သွယ်ခွဲထွက်သည့်နေရာသို့ရောက်သောအခါ ကျွန်မတို့ဘုရားဖူးအဖွဲ့သည် ရှေ့သို့ဆက်မသွားတတ်တော့၍ မေးမြန်းရန် ကားလမ်းဘေးတွင် ခေတ္တရပ်လိုက်ရပါသည်။ နောက်မှပါလာသည့်ကားနှစ်စင်းမှာ 'ထူးမတောင်သို့' ဟူသော ဆိုင်းဘုတ်ရေးထားသည့်လမ်းအတိုင်း ဆက် သွားကြပါသည်။

အခြားလမ်းတစ်သွယ်ကို လှမ်းကြည့်လိုက်ရာ 'ဟသ်ာဂူသို့' ဟူသော ဆိုင်းဘုတ်ကိုတွေ့ရပါသည်။

အနီးအနားရှိလူအချို့ကိုမေးမြန်းကြည့်ရာ ရေတံခွန်တောင်ကိုကျော်လာခဲ့ပြီး ရှေ့ဆက်သွားလျှင် ထူးမတောင်၊ ထူးမလိုဏ်ဂူသို့ရောက်မည်ဟု ပြောပါသည်။ ကျွန်မတို့လည်း ထူးမလိုဏ်ဂူသို့ ဆက်တက်လာခဲ့ကြပါသည်။

ထိုတောင်တော်မှာ ကျွန်မတို့ ယခင်က လုံးဝမရောက်ဘူးပါ။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သော အနှစ်(၃၅)ကျော်ကာလအချိန်က ယခုကဲ့သို့ ကားလမ်းလုံးဝမရှိဘဲ လူသွားလမ်းကျဉ်းကျဉ်းလေးသာရှိပြီး လူသူအရောက်အပေါက်အလွန်နည်းသောနေရာ ဖြစ်ပါသည်။ ကျွန်မတို့ ယခင်ရောက်ရှိခဲ့ဖူးသည့် ရေတံခွန်တောင်တော်တွင် မည်သည့် သာသနာ့အဆောက်အအုံမှမပေါ်ပေါက်သေးပါ။ ကျွန်ဒေသများမှာ သစ်ပင်ကြီးများထူထပ်စွာပေါက်ရောက်အုပ်ဆိုင်းနေပြီး တောင်ကမ်းပါးယံများမှာလည်း မြင့်မားမတ်စောက်စွာဖြင့် တည်ရှိနေရာ အပေါ်သို့လှမ်းမျှော်ကြည့်ပါက ကျောက်သားကျောက်ဆောင်များ အထပ်ထပ်ရှိနေသောအနေအထားကိုသာတွေ့ရမည်ဖြစ်ပါသည်။ အလွန်သာယာလှပသည့် ရှုခင်းများစွာလည်းရှိပါသည်။

ကျွန်မတို့အဖွဲ့သည် ထူးမလိုဏ်ဂူသို့ ဆက်လက်ခရီးနှင်ခဲ့ရာ ထူးမဂူအောင်ဆန်းရတနာကျောင်း ဟူသည့် အဝင်မုခ်ကြီးကို တွေ့ရပြီး ကားလမ်းအတိုင်း အတွင်းသို့ဝင်လိုက်ပါသည်။

ကားလေးဝင်လိုက်သည်နှင့်ပင် နံဘေးဝဲ၊ ယာလှမ်းမျှော်ကြည့်လိုက်ရာ အလွန်သာယာလှပပြီး ခံ့ညားကောင်းမွန်သည့် သာသနိကအဆောက်အအုံများကိုမြင်လိုက်ရ၍ အလွန်အံ့ဩသွားကြရပါသည်။ သည်လောက်ကျယ်ပြန့်ပြီး သစ်လွင်လှသည့် အဆောက်အအုံများကိုတွေ့မြင်လိုက်ရသဖြင့် အံ့ဩခြင်းနှင့်အတူ သာသနာတော်စည်ပင်မှုကို ဝမ်းမြောက်စွာ ခံစားလိုက်ရပါသည်။

ကျောင်းဝင်းအတွင်း ကျွန်မတို့ကားကို ကျော်တက်သွားသည့်ကားလေးနှစ်စီးကိုလည်း တွေ့ရပါသည်။

ကားပေါ်မှ ဆင်းလိုက်သည်နှင့် အသားဖြူဖြူနှင့်ဖော်ရွေသောအမူအရာရှိသည့်အမျိုးသမီးတစ်ဦးက ကျွန်မတို့ကို ပျူငှာစွာကြိုဆိုနေပါသည်။

"ဘုရားဖူးလာကြတာလား။ ဒီဘက်နားကိုလာပါ၊ အရိပ်လည်းကောင်းပါတယ်။ ဘယ်ဒေသကလာကြပါသလဲ"

ကျွန်မတို့ကလည်း အလိုက်ထိုက် ဖြေကြားပြီး ကျောင်းဝင်းထဲသို့ လမ်းလျှောက်လာရာ ခရီးဦးကြိုသူအမျိုးသမီးက သူ့ကိုယ်သူမိတ်ဆက်ပါသည်။

"ကျွန်မနာမည်က ဒေါ်ရှမ်းမလို့ခေါ်ပါတယ်။ သာသနာ့ကိစ္စတွေကို ဆွေမျိုးတွေနဲ့အတူလုပ်နေတာပါ။ အခုတော့ ကျောင်းထိုင်ဆရာတော်မရောက်သေးပါဘူး။ ဒါပေမယ့် မကြာခင် ပြန်ရောက်လာမှာပါ။ ဆရာတော့်ကိုစောင့်ရင်းနဲ့ ထူးမတောင်အထက်က ထူးမလိုဏ်ဂူကိုသွားဖူးကြပါလား"

ဟုပြောရာ လူငယ်များက တောင်ပေါ်ကိုတက်မည်ဟုပြင်ဆင်ကြပါသည်။ ကျွန်မတို့လူကြီးပိုင်းကမူ တောင်အနေအထားကိုကြည့်ပြီး မတက်နိုင်မှန်းသိသောကြောင့် တောင်အောက်မှာနေခဲ့ပြီး အနီးရှိဘုရားများကို ပါလာသည့် ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူရှိခိုးနေလိုက်ပါသည်။ ဒေါ်ရှမ်းမက CD ခွေတစ်ချပ်ကို ယူလာကာ ကျွန်မတို့ကိုပေးပါသည်။

"ဒီအခွေထဲမှာပါတဲ့သီချင်းက ထူးမတောင်ကို စပ်ဆိုထားတာပါ။ လွတ်လပ်ရေးပွဲတစ်ခုမှာ ပထမဆုရခဲ့ပါတယ်"

ဟုဆို ပါသည်။

တောင်တက်မည့်အဖွဲ့သည်လည်း တောင်တက်လမ်းခင်းလက်စအခြေအနေကြောင့် တောင်ခြေမှာစုပုံထားသော အုတ်ခဲများ၊ သဲအိတ်ငယ်များကို တစ်နိုင်တစ်ပိုင် ဆွဲငင်သယ်ဆောင်လုပ်အားဒါနပြုရင်း တောင်ပေါ်သို့တက်သွားကြပါသည်။ မဖြစ်မနေ သယ်ယူစရာမလိုပါ၊ ဆန္ဒရှိလျှင် သယ်ယူနိုင်ပါသည်။

ထိုအချိန်တွင် ကားတစ်စီးထိုးဆိုက်လာပြီး ဆရာတော်တစ်ပါးနှင့် ဒကာများ ကားပေါ်မှဆင်းလာသည်ကို မြင်တွေ့လိုက်ရာ ဒေါ်ရှမ်းမက ဆရာတော်ထံသို့သွားရောက်ပြီး လျှောက်တင်ပါသည်။

"ဆရာတော်ဘုရား၊ ရန်ကုန်က ဘုရားဖူးဧည့်သည်တွေပါဘုရား"

ဟု လျှောက်ထားပါသည်။

ဆရာတော်က ကျွန်မတို့ကိုပြုံးပြီး အနီးရှိ အဆောက်အအုံတစ်ခုသို့ခေါ်ဆောင်သွားပါသည်။ ကျွန်မအနေနှင့် အသားညိုညို၊ ခပ်ဝဝရှိပြီး ကြည်လင်အေးချမ်းသည့်မျက်ဝန်းတော်ကိုပိုင်ဆိုင်ထားသောဆရာတော်ကို ရိုသေစွာ ရှိခိုးဖူးမြော်သကဲ့သို့ ကျန်သည့်ဘုရားဖူးအဖွဲ့လည်း ဖူးမြော်ကြပါသည်။

ကျယ်ပြန့်သည့်ကွပ်ပျစ်လေးပေါ်တွင် စားပွဲခင်းလေးနှစ်ခု ခင်းထားပါသည်။ ထိုစားပွဲဝိုင်းအပေါ်တွင် နှမ်းမနဲနှင့် မြန်မာမုန့်များ၊ ရေနွေးဓာတ်ဘူးများ တင်ထားသည်ကိုတွေ့ရပါသည်။

"ဒကာကြီးတို့ နှမ်းမနဲကိုစားကြ၊ အဲဒီနှမ်းမနဲက သိဒ္ဓိရှိတယ် စားကြ"

ဟု ပြောသောကြောင့် ကျွန်မတို့ အုပ်စုလည်း ပျော်ရွှင်စွာစားသုံးခဲ့ကြပါသည်။ ထိုအချိန်တွင် ဆွမ်းစားလာပင့်သောကြောင့် တစ်ဖက်အဆောင်သို့ ဆရာတော်ကြွသွားရာ ကျွန်မတို့ကလည်း လမ်းမှဝယ်လာသည့် ကြက်ကင်များကို ထပ်မံ ဆက်ကပ်လှူဒါန်းလိုက်ပါသည်။ ဆရာတော်နှင့် အခြားဘုန်းတော်ကြီး (၃)ပါးသို့ဆက်ကပ်ပြီး ဘုဉ်းပေးသုံးဆောင်ကြပါသည်။

ဆွမ်းချက်အဖွဲ့ကလည်း လာသမျှဧည့်သည်များကို ထမင်းဟင်းမျိုးစုံဖြင့် ဧည့်ခံကျွေးမွေးရာ ကျွန်မတို့အဖွဲ့က မိမိတို့တွင် ထမင်း၊ ဟင်းများပါလာကြောင်း ပြောကြားပြီး ကိုယ့်အဖွဲ့နှင့်ကိုယ်စားသောက်ကြပါသည်။ ဆွမ်းချက်အဖွဲ့ကလည်း ၎င်းတို့ချက်ထားသည့်ဟင်းများကို ထပ်မံချပေးရာ အလွန်စားကောင်းလှပါသည်။

ထို့နောက် ဆွမ်းစားပြီးသွားသည့် ဆရာတော်နှင့် ကျွန်မတို့ဘုရားဖူးအဖွဲ့ အေးအေးဆေးဆေး လျှောက်ထားစကားပြောဖြစ်ခဲ့ပါသည်။ ဆရာတော်၏

www.burmeseclassic.com

သာသနာပွင့်လင်းအောင်လုပ်ဆောင်မှုကို ထပ်မံသိရှိရပါသည်။

ဆရာတော်ဘွဲ့တော်က ဦးပညာသီဟဖြစ်ပါတယ်။ ဒေးဒရဲမြို့ပေါ်ကပါ။ ကွင်းချောင်းကျောင်းမှာ သီတင်းသုံးပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) ကျော်လောက် ဒီတောင်ကို ခရီးကြုံအဖြစ်နဲ့ လိုက်လာရာက ဒီနေရာဟာ ဘုန်းကြီးသာသနာပြုရမယ့်နေရာလို့ ခံစားမိလိုက်တယ်။ အဲဒါနဲ့ ဒကာတွေ၊ ဒကာမတွေရဲ့ အကူအညီနဲ့ တောရှင်းပြီး သာသနာပြုခဲ့တာပါ။ သက်တော် (၅၉) နှစ်၊ ဝါတော် (၃၉) ဝါပါ"

"အဲဒီလိုတောရှင်းပြီး သီတင်းသုံးတော့ အခက်အခဲတွေရှိပါသလား ဘုရား"

ကျွန်မမေးမြန်းလျှောက်ထားမှုကို ဆရာတော်က ဤသို့မိန့်ကြားပါသည်။

"ရှိတာပေါ့ ဒကာမကြီးရယ်။ အလွန်တောကြမ်းတဲ့နေရာဖြစ်လို့ အစစအရာရာဆင်ခြင်ပြီး ပြောဆိုနေထိုင်မှ တော်ရုံကျတာ၊ နို့မို့ဆိုရင် မလွယ်ဘူး"

"တပည့်တော်တို့က ထူးမတောင်ကို ရှိမှန်းတောင်မသိပါဘူး ဘုရား။ ရေတံခွန်တောင်ကိုလာရာက အမှတ်မထင်ရောက်လာတာပါ။ဒါပေမယ့် အခုလို ရောက်လာတာလည်း သူတော်စင်တွေရဲ့ပို့ဆောင်မှုလို့ မှတ်ထင်ပါတယ် ဘုရား"

"အေး - ဟုတ်တယ်ကွယ့်။ ဒီတောင်က ဘယကွလည်းစောင့်ရှောက်တယ်။ ဒကာတို့ ထူးမတောင်ကပြန်ဆင်းရင် အထက်ရေတံခွန်တောင်ကိုတွေ့ရမှာပါ။ ဝိဇ္ဇာထိပ်ခေါင် ရွှေနတ်တောင်ပေါ့။အဲဒီမှာသီတင်းသုံးခဲ့တဲ့ ဆရာတော်ကြီးတွေက ထွက်ရပ်ပေါက်ဆရာတော်ကြီးတွေပေါ့ကွယ်"

ထိုအချိန်မှာ မုန့်အချို့ပွဲများ ထပ်မံပို့လာသဖြင့် စားသောက်ကာ ဆရာတော်မိန့်ကြားချက်ကို ဆက်လက် နားထောင်ခဲ့ပါသည်။

"ဘုန်းဘုန်း အခုမြင်ရတဲ့ ထူးမတောင်က အတော်မြင့်တာပဲနော်။ တောင်ထိပ်မှာ စေတီကိုလည်းလှမ်းဖူးရပါတယ်။ ဘွဲ့တော်အမည်ကို အမိန့်ရှိပါ ဘုရား"

"ဝဠ်ကြွေးပြေဘုရားလို့ခေါ်တယ် ဒကာမကြီး။ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေနဲ့ ဝိဇ္ဇာဇော်ဂျီတွေဟာ ထူးမဂူကိုနောက်ဆုံးအမိဋ္ဌာန်ဝင်ရတယ်ကွယ့်။ သိပ်ထူးခြားတဲ့နေရာပေါ့"

"အရှင်ဘုရား၊ ထူးခြားချက်လေးများရှိရင် သိလိုပါတယ် ဘုရား"

ဟု လျှောက်တင်ရာ ဆရာတော်က -

"ထူးမလိုဏ်ဂူထဲမှာ အလောင်းစည်သူမင်းရဲ့သား မင်းရှင်စောဘုရင်နေခဲ့တယ်လို့ဆိုတယ်။ ရုံရွှေတော်တွေနဲ့ ရဲမက်တွေလည်းပါမှာပေါ့ကွယ်။ တစ်နေ့မှာ တောဆင်ရိုင်းတွေလိုက်တော့ ထွက်ပြေးတဲ့အခါမှာ မမင်းဂေါင် ဆိုသော မိန်းမကြီးက ဖင်လျှောဆင်းမိတယ်တဲ့။ ဒါကြောင့် မမင်းဂေါင်ဖင်လျှောဆိုတဲ့ နေရာရှိတယ်။ ပြီးတော့ မရှင်ဆိုသူက ဂူထဲဝင်ခိုအောင်းတော့ မရှင်ဂူလို့ဆိုပြန်ရော"

ဆရာတော့်စကားကို ကျွန်မတို့အဖွဲ့မှာ အလွန်စိတ်ဝင်စားဖွယ် နားထောင်မိပါသည်။

"အရှင်ဘုရား၊ တပည့်တော် လွန်ခဲ့တဲ့နှစ်ပေါင်း (၃၅)ကျော်က ဟသ်ာဂူကို ခြေကျင်တက်ခဲ့ရတာ အတော့်ကို ပင်ပန်းခဲ့ပါတယ်ဘုရား။ အလွန်ကြီးမားတဲ့မန်ကျည်းပင်ကြီးကိုတော့ အမှတ်ရမိပါတယ်။ အခုရှိပါသေးလား ဘုရား"

"မရှိတော့ဘူးကွယ့်၊ ခုတ်လိုက်ကြတယ်။ အဲဒီနေရာတစ်ဝိုက်မှာ ရွှေဘုန်းပွင့်စေတီရှိနေပြီလေ"

ထိုသတင်းကို ကြားလိုက်ရသော ကျွန်မမှာ အဖိုးတန်နှစ်ချို့မန်ကျည်းပင်ကို အလွန်နှမြောမိလိုက်ပါသည်။ စိတ်ထဲမှာ 'ကွေ့ဝိုက်ပြီး လမ်းဖောက်လို့မရတော့ဘူးလား' ဟုတွေးမိသည်နှင့်အမျှ အခြားတစ်ဖက်မှ စဉ်းစားမိသောအခါ 'ဩော် - လမ်းဖောက်သူတွေက ငါ့ထက်တက်မှာပါပဲ။ မလွဲသာလို့လုပ်တာနေမှာပါပေါ့' ဟု ဖြေလိုက်ပါသည်။

ကျွန်မတွေးနေစဉ်မှာ ဆရာတော်စကားကြောင့် အတွေးရပ်သွားပါသည်။

"အဲဒီမန်ကျည်းပင်ကို ရက္ခစိုးကြီးစောင့်တယ်ကွယ့်။ ဦးပဥ္စင်းလည်း အဲဒီဘုရားမှာပုတီးစိပ်ပြီး ကျောင်းကိုပြန်လာတော့လမ်းပျောက်သွားပါတယ်။ ဒီတော့ ကျုပ်က 'ရက္ခစိုးကြီး၊ ကျုပ်ကို လမ်းပြပါလား' လို့ ဆိုလိုက်တော့ ကြက်သီးထသွားတယ်။ပတ်ဝန်းကျင်မှာလည်း သိုက်နန်းတွေရှိတော့ လူအရိပ်အယောင်မမြင်ရဘဲ စကားပြောသံတွေ ကြားရတယ်။ ကျုပ်က ဒါတွေကို ဂရုမစိုက်ဘဲ ဆက်လျှောက်လာတော့ ကျောင်းရောက်သွားရော။ ဒါနဲ့ 'ရက္ခစိုးကြီး ပြန်နိုင်ပါပြီ' လို့ စိတ်ကပြောလိုက်ရုံနဲ့ ကြက်သီးထသွားတယ်။ ဒီနေရာမှာ ကလေးသိုက်တွေလည်းရှိတယ်ကွယ့်။ သူတို့က ယောဂီတွေကိုလိုက်စထတ်တယ်"

ထို့နောက် ကျွန်မတို့အဖွဲ့ ဘုရားကပ်လှူမည့် ပန်းစည်းများကို ဆွမ်းချက်အဖွဲ့သို့ပေးရာ သူတို့က တောင်ထိပ်ပေါ်ရှိ ဝဋ်ကြွေးပြေစေတီတွင် တက်ရောက်ကပ်လှူပေးမည်အကြောင်းပြောပါသည်။

တောင်ခြေရှိ စေတီနှင့်ရုပ်ပွားတော်များတွင် လှပလန်းဆန်းသောပန်းမျိုးစုံများ ထိုးစိုက်ပူဇော်ထားသဖြင့် အလွန်ကြည်ညိုစရာကောင်းလှပါသည်။

ဒကာတစ်ဦးက ရေနွေးကြမ်းငှဲ့ပြီး ဆရာတော်ကိုကပ်ရာ ဆရာတော်က အလှူခံပါသည်။

"ထူးမတောင်က အတော်တန်ခိုးကြီးတယ်ကွယ့်။ မတော်တဆ အဲဒီတောင်ဘက်ကို ခြေထောက်ပေးပြီးအိပ်မိရင် အစောင့်တွေကမကြိုက်ဘူး။ ဆွဲလှည့်လိုက်တတ်တယ်"

ထိုစကားကိုကြားရတော့ ကျွန်မတို့သံတွတ္တိခဲများမှာ အတော်လန့်သွားပါသည်။

ထို့နောက် ထူးမတောင်ပေါ်သို့ တက်ခဲ့သည့်အဖွဲ့မှာ ဦးအေးမြင့်၊ ကိုဝင်းသန်း၊ မောင်လပြည့်၊ မောင်ရဲမင်းပိုင်၊ မိအိုး၊ မသိမ့်သစ္စာထွန်း၊ မမေသွယ်ဦး၊ မဝေဝေလွင်တို့ဖြစ်ပါသည်။

ဂုဏ်လှူငယ်အဖွဲ့က ဆရာတော်ကို လျှောက်ထားကြပါသည်။

"ဘုန်းဘုန်း၊ ထူးမလိုဏ်ဂူက အတော့်ကိုကျယ်ဝန်းတာပဲ။ ကျောက်ချပ်ကြီးတွေနဲ့ ဘုရားတွေလည်းတွေ့ရတယ်။ ဘုရားရုပ်ပွားတော်တွေက သိပ်ကြည်ညိုစရာကောင်းပါတယ်ဘုရား"

"ဟုတ်တယ်၊ ဒကာတို့ရဲ့အတွေးမှန်ပါတယ်။ ဂူအမြင့်က ပေ (၂၇) ပေရှိပြီး (၆၆) ပေ ပတ်လည်ကျယ်ဝန်းတယ်။ အရင်တုန်းက ဘုန်းဘုန်းတစ်ပါးတည်း ဂူထဲမှာ တရားအားထုတ်နေတုန်း စိပ်ပုတီးအလုံးကြီးကြီးကို တစ်စုံတစ်ယောက်အား စိပ်နေတဲ့အတိုင်းပဲ၊ အနားမှာ ဂျုံးဂျုံးဂျုံးဂျုံးနဲ့မြည်အောင် အသံပေးစိပ်တယ်။ခြေသံတွေလည်းကြားရတယ်။ အမြင်အာရုံတော့မပြေဘူး။ ကျုပ်ကတော့ ကိုယ့်တရားကိုယ်မှတ်နေလိုက်တယ်။ ကျောက်ချပ်ကြီးတွေကတော့ အရင်တုန်းက အောက်မှတစ်ခုခုခံထားပြီး အပေါ်က အချပ်ကြီးတင်လိုက်တော့ ခုတင်လိုဖြစ်သွားတာပေါ့။ အားလုံး ခုတင် (၇) လုံးရှိတယ်။ နောက်တော့လည်း ဆွေးတဲ့ပုံစံဖြစ်နေလို့ မရှိတော့ဘူး"

ကျွန်မတို့လည်း ထူးမတောင်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို စုံလင်စွာ သိရှိရသဖြင့် ဝမ်းမြောက်မိပါသည်။

"ကျုပ်က ဒီတောင်မှာ မေတ္တာပို့ပြီး သီတင်းသုံးနေတော့ ဘယ်တော့မှ သွားရေးလာရေးအခက်အခဲမတွေ့ခဲ့ရဘူး။ အားလုံးအဆင်ပြေသွားတာပဲ"

ဆရာတော် ဦးပညာသီဟမှာ ဝါတွင်းကာလ ဂူအတွင်း တရားများအားထုတ်သီတင်းသုံးပါသည်။ ဝါတွင်းကာလ သက်လွတ်အဓိဋ္ဌာန်အမြဲဆောက်တည်ပြီး အထက်ဂူမှ တောင်အောက်သို့ နေ့စဉ်ဆွမ်းခံသည်ဟု မိန့်ပါသည်။

"ကျုပ်က သဘောဝမှူးဆရာတော်ရဲ့တပည့်ပါ။ ကြည့်မြင်တိုင် ထီးတန်းဈေးကလေးမှာနေပါတယ်။ အဲဒီဆရာတော်က ဆေးကုရာမှာ အတော်စွမ်းတယ်။ တစ်နေ့တော့ ဆရာဆီကို ကလေးလူနာတစ်ယောက် သူ့မိဘတွေကလာပြတယ်။ ထူးခြားတဲ့ရောဂါတစ်ခုပေါ့။ အဲဒါကဘာလဲဆိုတော့ မိဘနှစ်ဦးစလုံးက အသားအရေဖြူဖွေးနေပြီး ကလေးကတော့ အသားအလွန်မည်းနေတယ်။ မိဘတွေပြောတာက အရင်က အသားဖြူပြီး အခုမှမည်းသွားပါတယ်လို့ဆိုတော့ ဆရာတော်ကမိန့်တယ်။ ဒီကလေး ငယ်စဉ်က အမြင့်ကနေကျဖူးလားဆိုတော့ ကျဖူးတယ်လို့ဖြေတယ်။ အဲဒါနဲ့ ဒီရောဂါဟာ သွေးလန့်လို့ဖြစ်တာပါဆိုပြီး ဓာတ်စာနဲ့ကုပေးလိုက်တာ ကလေးအသားက ပြန်ဖြူသွားတယ်တဲ့။ ရှားပါးတဲ့မြန်မာ့ဆေးပညာရပ်ပေါ့ကွယ်"

ထူးမတောင်သာသနာ့နယ်မြေကို ရောက်လာရာတွင် ကျောင်းဆောင်တစ်ခုတွင် 'ရာတနာ့ပိုက်ခိုင်'ဟူသော ကမ္ပည်းထိုးထားပြီး အလှူရှင်မှာ ဦးပိုက်ထွေး၊ ဒေါ်ခိုင်မြင့်သွယ်တို့ဖြစ်ကြောင်းသိရပါတယ်။

ဆောက်လက်စ အဆောက်အအုံတွင် ခိုင်မန္တလေး အဝေးပြေးကားပိုင်ရှင်များ၏ အလှူပါဝင်နေကြောင်း သိရပါသည်။

ထို့နောက် သရက်ပင်၊ ဒန့်သလွန်ပင်၊ မန်ကျည်းပင်၊ တမာပင်၊ သဘောပင်၊ ရှောက်ပင်၊ ပျဉ်မောက်သိမ်ပင်၊ ထညင်းပင်၊ ကြံပင်များနှင့် နှင်းဆီပန်းအပါအဝင် လှပသည့်ပန်းမျိုးစုံဖူးပွင့်နေသော ထူးမတောင် သာသနာနယ်မြေမှ အပြန်ခရီးတွင် ဆရာတော်မိန့်မှာသည့် ထူးခြားမှုကို ကြားယောင်နေမိပါသည်။

"ကျုပ် ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်တော့ (၁၀) ပေကျော်လောက်ရှိတဲ့ စပါးအုံးမြွေကြီး (၂)ကောင်၊ အသေး (၅) ကောင်လာပြီး တရားနာကြတယ်။ အားလုံး (၇)ကောင်ပေါ့။ ပရိတ်လည်းရွတ်ပြီးရော မြွေ (၆) ကောင်က တောထဲကိုပြန်သွားကြတယ်။ အကောင်သေးတစ်ကောင်က သေကျန်ခဲ့တယ်"

သို့နှင့် ရေတံခွန်တောင်ဆီသို့ သင်္ကြီထားမောင်းနှင်လာခဲ့ရာ လမ်းခုလတ်တစ်နေရာတွင် နိုင်ငံခြားသား (၆) ယောက်၊ (၇)ယောက်နှင့် စကားပြန်ဟု ယူဆရသူများကိုမြင်လိုက်ရသဖြင့် ကားကို အရှိန်လျှော့မောင်းရပါသည်။ ဘာများလုပ်နေကြတာပါလိမ့်ဟု လှမ်းကြည့်လိုက်ရာ မြင့်မားမတ်စောက်လှသည့် တောင်နံရံကို ကြိုးများဖြင့်ချိတ်ဆွဲကာ တောင်တက်နေကြသည့်နိုင်ငံခြားများကို တွေ့ရပါသည်။ တစ်ယောက်မှာ တောင်ပေါ်သို့ရောက်လုနီးနေပြီကိုမြင်ရပါသည်။

ဆက်လက်မောင်းနှင်ခဲ့ရာ လမ်းတစ်နေရာတွင် လှပသပ္ပာယ်သောစေတီပုထိုးနှင့် ကျောင်းတော်များကိုတွေ့ရပြီး မျောက်ကလေးများကိုလည်းမြင်လိုက်ရသဖြင့် ကားပေါ်ပါလာကြသည့် တိရစ္ဆာန်ချစ်သူလေးများက ဝမ်းသာအားရ ကားပေါ်မှဆင်းကာ ပါလာသော ပေါင်မုန့်များ ဖဲ့ပြီးကျွေးကြပါသည်။ အနားရှိကျောင်းထဲမှ ကုလားထိုင်ဖြင့်ထိုင်လျက် သီတင်းသုံးနေသော ဦးပဥ္စင်းတစ်ပါးက-

"ငှက်ပျောသီးကျွေးချင်ရင်လာယူကြ"

ဟု ဆိုကာ တင်းတစ်ဝက်ခန့်ရှိ ငှက်ပျောသီးများ ချပေးသောကြောင့် ကျွန်မတို့အားလုံး ဝမ်းသာအားရ မျောက်အစာကျွေးကြပါသည်။ ထိုဒေသရှိ မျောက်ကလေးများမှာ အလွန်ယဉ်ကျေးပုံရပါသည်။ ကျွေးသောအစားအစာများကို ဣန္ဒြေရရလှမ်းယူပြီး ငြိမ်သက်စွာ ထိုင်စားနေပါသည်။

ထိုအခိုက် မော်တော်ဆိုင်ကယ်ဖြင့်တက်လာသော နိုင်ငံခြားသားနှစ်ဦးမှာ တစ်ဦးက အမျိုးသားဖြစ်ပြီး တစ်ဦးက အမျိုးသမီးဖြစ်ပါသည်။ သူတို့လည်း မော်တော်ဆိုင်ကယ်ကိုရပ်ကာ ကျွန်မတို့အစာကျွေးနေသည်ကို ပျော်ရွှင်စွာကြည့်နေသဖြင့် သူတို့ကို အစာများခွဲပေးသောအခါ ဝမ်းသာအားရယူပြီး ထပ်မံ အစာကျွေးကြပါသည်။

တောင်အောက်ဆီသို့ဆင်းလာခဲ့ရာ မူလမျှော်မှန်းထားသည့်ခရီးဖြစ်သည့် အထက်ရေတံခွန်တောင်သို့ ရောက်ပါတော့သည်။

ကားပေါ်မှဆင်းလိုက်ရာတွင် ဟိုးတစ်ချိန်က ဆရာတော် ဘဒ္ဒန္တကုမာရ အရှင်ဘုရား၏မေတ္တာနှင့် ကျေးဇူးတော်ကိုခိုလှုံခဲ့ရသည်များကို ပြန်လည်သတိရမိပါသည်။

ဆရာတော် သီတင်းသုံးခဲ့သည့် ကျောင်းဆောင်နှင့် ဆရာတော်ထိုင်နေကျ ပက်လက်ကုလားထိုင်ရှိသည့်နေရာကိုမြင်တွေ့ရသဖြင့် သတိရလွမ်းဆွတ်စွာဖြင့် မြေကွက်လပ်သာရှိသော ထိုနေရာလေးကို ရည်မှန်းကန်တော့ခဲ့ပါသည်။

ဆရာတော် တရားထိုင်ခဲ့သည့် တစ်ဝဂူသို့သွားရောက်ကြည့်ရှုပြီး ထိုစဉ်က ဆရာတော်တစ်ပါးတည်းတရားမှတ်နေစဉ် ထိုဂူအတွင်းမှ ဇရာမမီးလုံးကြီးတစ်လုံး ဝေါခနဲထွက်လာကာ နောက်မှ ရေများပန်းထွက်လာကြောင်း ပြောပြချက်ကို သတိရမိပြန်ပါသည်။

ထို့နောက် ဆရာတော်ဘုရား၏ ရုပ်တုတော်ကို မြင်လိုက်ရသည့်အခါ ကျွန်မသည် ဆရာတော်ခြေရင်းမှ ကျုံ့ကျုံ့ထိုင်ပြီး အလွန်သတိရလွမ်းဆွတ်စွာရှိခိုးနေစဉ်မှာပင် မျက်ရည်များ ကျဆင်းလာပါသည်။

ကျွန်မကိုယ့်ကိုယ်ကိုယ်အံ့ဩသွားမိပါသည်။

ငါဘာကြောင့်မျက်ရည်ကျရပါလိမ့်။ သူတော်ကောင်းကျေးဇူးရှင်ကြီးက တရားစစ်၊ တရားမှန်ကျင့်ကြံခဲ့ပြီး လမ်းကောင်းလမ်းမှန်တို့ကို ရောက်သွားပြီပဲလေ။ တကယ်တော့ ဆရာတော်ကို တကယ်ကြည်ညိုတယ်ဆိုလျှင် ဘုရားအကြိုက်၊ သူတော်ကောင်းအကြိုက်ဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကိုသာလျှင် ငါကျင့်ကြံရတော့မှာပါလား။ ငိုနေရုံနဲ့ သည်သံသရာကလွတ်မှာမဟုတ်ဘူးလေဟူသောအတွေးများဝင်မိပါသည်။

အမှန်စင်စစ် အို၊ နာ၊ သေဟူသော တရားသဘောသည် သက်ရှိသတ္တဝါများအနေဖြင့် မည်သူမျှလွတ်ကင်းနိုင်ကြမည်မဟုတ်ပါ။

ယခုလည်း အသက် (၇၀)ရှိပြီဖြစ်သော အဘွားအို ကျွန်မသည်လည်း သံသရာမှလွတ်မြောက်ရာ တရားမှန်ကို ယခုထက် ပို၍ ကျင့်ကြံရတော့မည်။ သေခြင်းတရားနှင့်အလွန်နီးကပ်နေသော ယခုအရွယ်တွင် အသေမဦးခင် ဉာဏ်ဦးအောင် ကျင့်ကြံရပေမည်ဟု တရားသံဝေဂရစွာဖြင့် ရေတံခွန်တောင်တော်ခရီးမှ ပြန်လာခဲ့ပါသည်။

ကျေးဇူးတင်လျက်

တင်တင်ဦး (ပေါင်းတည်)



www.burmeseclassic.com

www.burmeseclassic.com



# မြဝင်း(ဒဿယန)

## မြတောင်ဆရာတော်ဘုရားကြီး၏ "ပုဂံမြို့ ဘုရားတဆဲ့ခုနစ်ဆူသမိုင်း" လာ နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်

၁။

တစ်လောဆီက တောရဘုန်းကြီးက စာအုပ်တစ်အုပ်ပို့လိုက်ပါသည်။ ထိုစာအုပ်မှာ မန္တလေးမြို့ မဏိရတနာရာမ မြတောင်တိုက် မြတောင်ဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူသော 'ပုဂံမြို့ ဘုရားတစ်ဆဲ့ခုနစ်ဆူသမိုင်း' ဖြစ်ပါသည်။ မန္တလေးမြို့ သုခဝတီပိဋကတ်ပုံနှိပ်တိုက်က မြန်မာနှစ် ၁၃၁၉ ခုနှစ်တွင် ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်သော စာအုပ် ဖြစ်ပါသည်။ နှစ်ပေါင်း (၆၀) နီးပါးကြာခဲ့ပြီ ဖြစ်ပါသည်။

စာအုပ်အဖုံးအတွင်းမျက်နှာတွင် ကျေးဇူးရှင် မြတောင်ဆရာတော်ဘုရားကြီး ပေးသနားတော်မူသော ဂါထာပါဠိအနက်ကို စာရွက်တစ်ရွက်တွင်ရေး၍ ကပ်ထားပါသည်။ ထိုဂါထာပါဠိအနက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

□ ဗုဓော ပဿေယျ သဒေါသံ၊
နပရေသံ ဂုဏံ ဝဒေ။
နတ္တနော ဝဒကော ဒေါသံ၊
အာယာတံ နာပိ ဗန္ဓယေ။ ။

**ဗုဓော -** ပညာရှိလုပ်လိုသောသူသည်။ **သဒေါသံ-**မိမိအပြစ်ကို၊ **ပဿေယျ-**ရှုကြည့်ရာ၏။ **ပရေသံ-**သူတစ်ပါးတို့၏၊ **ဒေါသံ-**အပြစ်ကို၊ **နပဿေယျ-**မရှုကြည့်ရာ။ **ပရေသံ-** သူတစ်ပါးတို့၏၊ **ဂုဏံ-**ဂုဏ်ကျေးဇူးကို၊ **ဝဒေ-**ပြောဆိုရာ၏။ **အတ္တနော-**မိမိ၏။ **ဂုဏံ-**ဂုဏ်ကျေးဇူးကို။ **နဝဒေ-**မပြောဆိုရာ။ **အတ္တနော-**မိမိ၏၊ **ဒေါသံ-**အပြစ်ကို၊ **ဝဒကော-**ပြောဆိုသူအား၊ **အာယာတံ -** ရန်ငြိုးကို၊ **နာပိဗန္ဓယေ- နာပိဗန္ဓေယျ-**မဖွဲ့ရာ။

ထိုဂါထာပါဠိအနက်အောက်ခြေ၌ ထိုဂါထာ ပါဠိအနက်ကို နှလုံးသွင်းဆင်ခြင်ပြီးမှ ထိုစာအုပ်ကို ဖတ်ပါဟု ရေးသားထားပါသည်။

၂။

မြတောင်ဆရာတော်ဘုရားကြီးသည် ထိုစာအုပ်၌ ပုဂံဘုရားဆဲ့ခုနစ်ဆူ၏ သမိုင်းကို ရေးသားထားပါသည်။ ဆရာတော်ဘုရားကြီး သမိုင်းရေးထားသော ဘုရားဆဲ့ခုနစ်ဆူမှာ -

၁။ ဗူးဘုရား
၂။ ရွှေစည်းခုံဘုရား
၃။ လောကနန္ဒာဘုရား
၄။ မနူဟာဘုရား
၅။ နဂါးရုံဘုရား
၆။ အာနန္ဒာဘုရား
၇။ ရွှေဂူကြီးဘုရား
၈။ သဗ္ဗညုဘုရား
၉။ ဓမ္မရံကြီးဘုရား
၁၀။ စူဠာမဏိဘုရား
၁၁။ ကျောက်ကူးဘုရား
၁၂။ နန်းဘုရား
၁၃။ ဆပဋဘုရား
၁၄။ ကန်တော့ပလ္လင်ဘုရား
၁၅။ ဗောဓိဘုရား
၁၆။ ထီးလိုမင်းလိုဘုရား
၁၇။ မင်္ဂလာစေတီဘုရား

တို့ ဖြစ်ကြပါသည်။

မြတောင်ဆရာတော်ဘုရားကြီးသည် ဘုရားတစ်ဆူစီ၏သမိုင်းအကျဉ်းနှင့် ဘုရားတစ်ဆူစီအားရှိခိုးသောဂါထာပါဠိအနက်တို့ကိုလည်း ရေးသားထားပါသည်။ဘုရားတစ်ဆူစီ၏ဓာတ်ပုံကိုလည်း ဖော်ပြထားပါသည်။ ဓာတ်ပုံနှင့်အောက်ခြေ၌ ဘုရားစေတီတည်ထားသောခုနှစ်သက္ကရာဇ်နှင့် ဘုရားစေတီတည်ရှိရာအရပ်တို့ကို ဖော်ပြထားပါသည်။

ဥပမာဆိုရသော် ရွှေစည်းခုံဘုရားဓာတ်ပုံအောက်ခြေ၌ သက္ကရာဇ် ၃၉၃ ခုနှစ် တည်သည်။ ပုဂံမြို့အရှေ့မြောက် ဥသဘ (၅၀) ကွာအရပ်၌ တည်ရှိသည်ဟု ဖော်ပြထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**ပုဂံရွှေစည်းခုံဘုရား (အနော်ရထာမင်း၊ ကျန်စစ်မင်းတို့ကောင်းမှု)**
**(သက္ကရာဇ် ၃၉၃ ခုနှစ် ခုနှစ်တည်သည်။**
**ပုဂံမြို့ အရှေ့မြောက် ဥသာဘ ၅၀ ကွာအရပ်၌ တည်ရှိသည်)**

၃။

မြတောင်ဆရာတော်ဘုရားကြီးသည် ဘုရားတစ်ဆဲ့ခုနစ်ဆူသမိုင်းကို ဖော်ပြမီ ရှေးဦးစွာ အာသီသ ပုဗ္ဗကဝန္ဒာရမ္ဘနှင့် ဗုဒ္ဓ ဝန္ဒနာ ဥယျောဇနကို ရေးသားထားပါသည်။

ဗုဒ္ဓ ဝန္ဒနာ ဥယျောဇနအခန်းတွင် ဘုရားဖူးသွားသူတို့၏ခြေလှမ်းတစ်လှမ်းသည် အဖိုးအနဂ္ဃထိုက်တန်လှသည်ဟု ဆရာတော်ဘုရားကြီးကဆိုထားပါသည်။

ဤသို့ဖြစ်ပါသည်။

'ဆင်တသိန်း၊ မြင်းတသိန်း၊ အဿတိုရ်မြင်းကသော်ရထားတသိန်း၊ ပတ္တမြားနားဋောင်း၊ ကောင်းစွာပြုပြင်ဝတ်ဆင်ကုန်သော သတို့သမီးတသိန်းအားဖြင့် လေးသိန်းသော အသုံးအဆောင်တို့သည်။ ဘုရားဖူးမြော်ခြင်းငှာ သွားသောသူ၏ ဖဝါးလှမ်းအများတို့တွင် တခုသောဖဝါးလှမ်းအတွင်းနှိုက်ဖြစ်သော ကုသိုလ်၏အကျိုးကို တဆဲ့ခြောက်စိတ်စိတ်၍၊ တနည်းအားဖြင့် တဆဲ့ခြောက်ကိုတည်၊ တဆဲ့ခြောက်နှင့် မြှောက်ပွား၍ နှစ်ရာငါးဆယ့်ခြောက်စိတ်အားဖြင့်၊ အစိတ်ပေါင်းအများစိတ်၍ ထိုအစိတ်တို့တွင် တစိတ်လောက်ကိုမျှမမီနိုင်။ တစိတ်လောက်မျှ အဘိုးမထိုက်တန်ဟူသော သဘောကိုပြပေ၏။'

ထို့ပြင် မြတောင်ဆရာတော်ဘုရားကြီးသည် ဘုရားဖူးသွားသူတို့ ဘုရားဖူးသွားရာ လမ်းစဉ်တစ်လျှောက်၌ မည်သို့အောက်မေ့ နှလုံးထားသင့်ပုံကိုလည်း ဖော်ပြခဲ့ပါသည်။

ဤသို့ဖြစ်ပါသည်။

'ဘုရားဖူးသွားသောအခါ လမ်းစဉ်တလျှောက်နှိုက် အရဟံ စသော ဘုရားဂုဏ်တော်များကိုအောက်မေ့နှလုံးထား၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းတို့ပွားများလျက် ဤသမိုင်းစာအုပ်ပါ ဘုရားများမှစ၍ အရပ်ရပ်နှိုက်ရှိတော်မူသော ဘုရားများကို ဝပ်တွားရှိကျိုး ရှိခိုးပူဇော် ဖူးမြော်ခြင်းငှာ သွားကြရာ၏။ သွားကြပါလေ။'

အရပ်ရပ်သို့ ဘုရားဖူးသွားကြသူတို့ အစဉ်နှလုံးသွင်းအပ်သောအဆုံးအမဖြစ်ပေသည်။

၄။

မြတောင်ဆရာတော်ဘုရားကြီးသည် ဘုရားတဆဲ့ခုနစ်ဆူသမိုင်းနိဂုံး၌ ဘုရာဖူးသွားသူတို့ ဆည်းပူးရရှိသော ကုသိုလ်ကို မဂ္ဂင်ရှစ်ပါး၌ သွတ်သွင်းပြခဲ့ပါသည်။

ဤသို့ဖြစ်ပါသည်။

'စေတီပုထိုးအမျိုးမျိုးသောဘုရား၊ ထိုဘုရားတို့ဒါယကာဖြစ်သောမင်းနှင့်တကွ၊ ခပ်သိမ်းသောသင်္ခါရတို့၏ အမြဲမရှိသောအဖြစ်၊ ခပ်သိမ်းသောသင်္ခါရတို့၏ဆင်းရဲအတိသာ၊ သုခမရှိသောအဖြစ်၊ ခပ်သိမ်းသောသင်္ခါရတို့၏ အတ္တဟုဆိုအပ်သော အနှစ်မရှိအနတ္တသာရှိသည်၏အဖြစ်။ ဤသို့လက္ခဏာယာဉ်သုံးပါးကို မဘောက်မပြန်၊ ဟုတ်မှန်သည့်အတိုင်းမြင်တတ်သော **သမ္မာဒိဋ္ဌိမဂ္ဂင်**။ ရတနာသုံးပါးတည်းဟူသော ကောင်းသောအာရုံသို့သာ စိတ္တုပ္ပါဒ်ကိုတက်စေခြင်း၊ ဘုရားဖူးသွားလိုသော ကောင်းသောအာရုံကိုသာကြံခြင်းဟုဆိုအပ်သော **သမ္မာသင်္ကပ္ပမဂ္ဂင်**။ မဟုတ်မမှန်သောစကားကိုပြောဆိုခြင်း၊ ရှန်းရင်းကြမ်းတမ်းသောစကားကို ပြောဆိုခြင်း၊ အကျိုးမရှိသောစကားကို ပြောဆိုခြင်း။ ဤဝစီဒုစရိုက်လေးပါးမှကြဉ်၍ အသက်မွေးခြင်း အကြောင်းကို မငဲ့သဖြင့် ကောင်းသောစကားကိုသာပြောဆိုခြင်း၊ ဘုရားဂုဏ်တော်ကိုသာရွတ်ဆိုခြင်းဟု ဆိုအပ်သော **သမ္မာဝါစာမဂ္ဂင်**။ အသက်မွေးခြင်း အကြောင်းကိုမငဲ့သဖြင့် သူ့အသက်ကို သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ ကာမဂုဏ်တို့နှိုက် မှားသောအားဖြင့်လွန်ကျူးခြင်း၊ ဤကာယဒုစရိုက်သုံးပါးမှကြဉ်ခြင်း၊ ကောင်းသောအမှုကိုပြုခြင်းဟု ဆိုအပ်သော၊ **သမ္မာကမ္မန္တမဂ္ဂင်**။ အသက်မွေးခြင်းအကြောင်းကိုငဲ့၍ ထိုဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးမှ ကြဉ်၍ ကောင်းသောအသက်မွေးခြင်းဟု ဆိုအပ်သော **သမ္မာအာဇီဝမဂ္ဂင်**။ ကောင်းသောလုံ့လကိုပြုခြင်းဟု ဆိုအပ်သော **သမ္မာဝါယာမမဂ္ဂင်**။ ဘုရားဖူးခြင်း စသော ကုသိုလ်တရား၌ မမေ့မလျော့အောင်ကောင်းစွာအောက်မေ့ခြင်းဟု ဆိုအပ်သော **သမ္မာသတိမဂ္ဂင်**။ မကောင်းသောအာရုံကို မပျံ့စေမူ၍ ကောင်းသောဘုရား စသော အာရုံနှိုက် ကောင်းစွာ ဆောက်တည်ခြင်းဟု ဆိုအပ်သော **သမ္မာသမာဓိမဂ္ဂင်**။ ဤသို့မဂ်စိတ်နှိုက် သမ္ပယုတ်ဖြစ်သော မဂ္ဂင်တရားရှစ်ပါးသည်၊ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့် ဖြစ်သောကြောင့် မဂ္ဂသစ္စာ မည်၏။'

(သတ်ပုံမှာ မူရင်းစာအုပ်တွင်လာသည့်အတိုင်း ဖြစ်ပါသည်။)

မြတောင်ဆရာတော်ဘုရားကြီး၏ အထက်ပါရေးသားချက်သည် အရပ်ရပ်သို့ ဘုရားဖူးသွားသူတို့ အလေးအနက်နှလုံးသွင်းရမည့်အချက် ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီး ပြဆိုထားသည့်အတိုင်း ဘုရားဖူးသွားသောအမှုသည် မဂ္ဂင်ထိုက်သောအမှုဖြစ်၍ ဘုရားဖူးသွားသောအခါ ပေါ့ပေါ့တန်တန်မသွားကြဘဲ မြတ်စွာဘုရား၏ အရဟံဂုဏ်တော်ကို နှလုံးသွင်းလျက်သွားကြရန်ဖြစ်ပေသည်။

မြခင်း(ဒဿန)



www.burmeseclassic.com

www.burmeseclassic.com

မန္တလေးသို့ ဦးတည်ထားသော ကားကလေးထဲတွင် သမိုင်းရေးဆရာကြီး မောင်သန်းဆွေ(ထားဝယ်)၊ ပျဉ်းမနားမှ စာရေးဆရာ ညိုအောင် (ဖခုက္ကူ) နှင့် ဦးဇောမော်ထွန်းတို့ စီးနင်းလိုက်ပါလာခဲ့ကြ၏။ ဦးညိုအောင်က သီချင်းဝါသနာပါသူပီပီ *'ရွှေမန်းဆီသို့×××တစ်ခါတစ်ခေါက်ဖြင့်ရောက်စေချင်သည်××× ကျုံးတော်ပတ်လည်××××မြမြို့ဦးပြအိုးပစ္စင်×××ကာရံကာအတည်×××အညာစံဌာနီ'* အစရှိသော အဆိုတော် မစိမ်းစိမ်း၏ 'ရွှေမန်းဆီသို့' သီချင်းကို ဆိုညည်းပြနေပါ၏။ ယခု အဝေးပြေးလမ်းမကြီးမှ ဖြတ်သန်း မောင်းနှင်လာရသောကြောင့် ခေတ္တခဏတော့ ပျင်းရိခြင်းကို ကွယ်ပျောက်စေပြန်ပါ၏။

ကျွန်တော်တို့ မန္တလေးသို့ အကြိမ်ကြိမ် ရောက်ဖူးခဲ့သော်လည်း မြနန်းစံကျော်ရွှေနန်းတော်ကြီးတည်ရှိရာအဝင်းအဝိုင်းသို့ ရောက်ခဲလှ၏။ ထင်ရှားကျော်ကြားသောဘုရားများလှည့်လည်ဖူးမြော်ပြီး မဆိုင်းမတွပြန်လာခဲ့သည်ကများ၏။ ဟိုးလွန်ခဲ့သော နှစ်ပေါင်းများစွာက ပြင်ဦးလွင်စစ်ကျောင်းတက်နေစဉ်ချိန်ကလည်း မန္တလေးရောက်ခိုက် နန်းတော်တွင်းရောက်ဖို့ဝေးစွ၊ ကျုံးရေပြင်ငေးမောကြည့်ရင်း အလွမ်းပြေရတော့၏။ တစ်ကြိမ်တစ်ခါရောက်ပြန်တော့လည်း ဟင်းလင်းပြင်ဖြစ်နေသော နန်းတော်ဟောင်းကြီးကိုကြည့်၍ မြင်ဖူးထားသော မြေနန်းပြာသာဒ်တော်ကြီးနှင့်နန်းဆောင်အသီးသီးတို့ကို ရော်ရည်စိတ်မှန်းမိပါသည်။

အတိတ်သမိုင်းကလည်း ကြေကွဲစရာကောင်းလှပါဘိတောင်း။ ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှတို့၏အမှတ်(၁၄)တပ်မတော် (14 th Army)၊ အမှတ်(၄) တပ်မကြီး (4 th Corps) မှ ဗိုလ်ချုပ်ရီး(စ်) (General Rees's)၏ အမှတ်(၁၉)တပ်မ(19th Divison)က Fort Duffrin ခေါ် နန်းမြို့တော်ကြီးကို တိုက်ခိုက်သိမ်းပိုက်စဉ်က မီးလောင်ပျက်စီးသွားခဲ့သည်ဟု သိရသည်။ နန်းတော်ကြီးမီးလောင်ပျက်စီးခဲ့ရသည့်နေ့ရက်ကို ၁၃၀၆ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်နေ့ဟု ဆရာတော်ရွှေကိုင်းသားက သူ၏ နှစ် (၁၀၀) ပြည့်မန္တလေးစာအုပ်တွင် ဖော်ပြထားသည်။ သို့သော် ဗြိတိသျှဗိုလ်ချုပ်ကြီး ဆာဝီလျံစလင်း(General Slim)က သူ၏ pefeal into Victory စာအုပ်တွင် နန်းမြို့ကြီးကို ၁၉၄၄ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှစ၍ လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း၊ အလွန်ခိုင်ခံ့သောမြို့ရိုးကြီးကို သာမန်ဗုံးများဖြင့် တိုက်ခိုက်ရာတွင် ထိရောက်မှု

**ဝေးလာနွယ်**

# မြနန်းစံကျော်ရွှေနန်းတော်သို့ တစ်ခေါက်တစ်ခါခရီး


မြနန်းစံကျော် ရွှေနန်းတော်


နန်းမြင့်မျှော်စင်



www.burmeseclassic.com

www.burmeseclassic.com




သံဃာတော်များအား ဆွမ်းကပ် လှူဒါန်းစဉ်



စာရေးဆရာမောင်သန်းဆွေ(ထားဝယ်)နှင့်အတူ သီပေါ်အနွယ်တော်များ တွေ့ဆုံပွဲ



မြနန်းစံကျော်အတွင်းမှ တည်ခင်းဧည့်ခံခြင်း



ကျေနပ်ဝမ်းမြောက်သည်လား၊ ဝမ်းနည်းပူဆွေးသည်လား မခန့်မှန်းနိုင်သည့် ထူးခြားခံစားမှု



သီပေါမင်းအနွယ်တော်များနှင့်အမှတ်တရ

ရှိသဖြင့် မတ်လ ၁၆ ရက်နေ့မှစတင်၍ ပေါင် (၅၀၀)၊ ပေါင် (၂၀၀၀) ပုံးများကို ကြဲချတိုက်ခိုက်ခဲ့ရကြောင်း၊ မတ်လ ၁၉၊ ၂၀ ရက်ညတွင် နန်းမြို့တွင်း၌ ဂျပန်များ မရှိတော့ကြောင်း၊ လာရောက် သတင်းပို့သဖြင့် နန်းမြို့ကို သိမ်းပိုက်နိုင်ခဲ့ကြောင်း ဖော်ပြထားရာ ဆရာတော်ရေးသားထားသည့်နေ့ရက်နှင့် တစ်ပတ်၊ နှစ်ပတ်ခန့် ကွာနေသည်ကို တွေ့ရသည်။ တန်ခူးလဆန်း ၅ ရက်မဟုတ်ဘဲ ၁၃၀၅ ခုနှစ်၊ တပေါင်းလဆုတ် ၅ ရက်ဆိုလျှင် ဗိုလ်ချုပ်ကြီးစလင်းစတင်တိုက်ခိုက်သော မတ်လ ၁၃ ရက်နှင့် ကိုက်ညီမည်ဖြစ်သည်။

အကယ်၍ ဆရာတော် ရွှေကိုင်းသား၏ တန်ခူးလဆန်း ၅ ရက် (မတ်လ ၂၈) နေ့သာမှန်လျှင် နန်းတော်ကြီးမှာ မြို့သိမ်းတိုက်ပွဲဆင်နွှဲစဉ်က မီးလောင်ဆုံးရှုံးခြင်းမဟုတ်ဘဲ နောက်ပိုင်းသိမ်းပြီး တစ်ပတ်ခန့်ကြာမှ မီးရှို့ဖျက်ဆီးခြင်းခံရသည်ဟု ယူဆရမည် ဖြစ်သည်။ မိမိတို့ မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန်ကို လုံးဝကျဆင်းသွားစေရန် ယုတ်မာသော အကြံဖြင့် တမင်မီးရှို့ဖျက်ဆီးခြင်းလည်း ဖြစ်နိုင်သည်ဟု ယူဆရမည်ဖြစ်သည်။

www.burmeseclassic.com

ဗိုလ်ချုပ်ကြီး စလင်းကလည်း အတော်လည်သည်။ သူတို့မဆင်မခြင်ပစ်ခတ်သော အမြောက်ကျည်ကြွချသည့်ဗုံးများကြောင့် နန်းတော်ကြီး မီးလောင်ပျက်စီးခဲ့ရသည်ဟု တိတိကျကျ ဝန်မခံတော့။ သူတို့ဗုံးများကြောင့် ဖြစ်နိုင်သလို ဂျပန်များက နန်းတော်ကြီးအတွင်း သိုလှောင်ထားသောပစ္စည်းများကို မီးရှို့ဖျက်ဆီးရာမှ မီးလောင်ခြင်းလည်းဖြစ်နိုင်သည်ဟု သူ၏စာအုပ်တွင် ရေးသား ဖော်ပြထားသည်။


ကားပေါ်တွင် ကျွန်တော်ဖတ်ခဲ့မှတ်ခဲ့ဖူးသောစာအုပ်များမှအတွေးတချို့ပင် ဖြစ်သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ ကြည့်ခဲ့ဖူးသော စစ်မှတ်တမ်းရုပ်ရှင်တချို့တွင် မန္တလေးမြို့ကြီးမီးဟုန်းဟုန်းတောက်နေပုံများ၊ မန္တလေးနန်းမြို့ရိုးကြီးပြိုကျပျက်စီးလဲနေပုံများ၊ စစ်တလင်းသဖွယ်ဖြစ်နေသောမန္တလေးမြို့တွင်းဝယ် အောင်ပွဲခံတက်ကြွနေသော အင်္ဂလိပ်စစ်သည်တော်များ၊ စိတ်ပျက်အားငယ်နေသော နန်းတွင်းမြို့သူမြို့သားများသည် မီးခိုးတလူလူကြားဝယ် လှုပ်ရှားသွားလာနေပုံများသည် သဏ္ဍာန်လုပ်သရုပ်နှင့်တူပေသည်သာမကဘဲ ရင်နင့်ဖွယ်မြင်ကွင်းအဖုံဖုံကို စုံလင်စွာ တင်ပြရိုက်ကူးထားခြင်း ဖြစ်သည်ကို တွေ့မြင်ရပေသည်။

တစ်ချိန်က ရွှေနန်းတော်ကြီးကလည်း ရွှေရောင်တဝင်းဝင်းနှင့် အံ့မခန်းရှိနေသကဲ့သို့ ရွှေပဟိုရ်စည်သံများကိုလည်း သာယာကြည်နူးဖွယ်ကြားနေရပေလိမ့်မည်။ မောက်တို၊ မောက်ရှည်၊ ဓား၊ လှံလက်နက်များကိုင်ဆောင်ထားသည့်စစ်သည်ဗိုလ်ပါများ၊ ဗောင်းတော်များဆောင်းကာ ဝတ်ရုံရှည်ကြီးများဝတ်ဆင်လျက် ကုန္တြေကြီးစွာဖြင့်သွားလာလှုပ်ရှားနေကြသည့် မှူးကြီးမတ်ရာများ၊ စိန်ရွှေရတနာလက်ဝတ်တန်ဆာများ၊ ပိုးဖဲကတ္တီပါများဝတ်ဆင်ကာ ပြေးလွှားဆော့ကစားနေကြသည့် မင်းညီမင်းသားကလေးသူငယ်များ၊ ခြေတစ်လှမ်းကုဋေတစ်သန်းတန်သော ဟန်အမူအရာဖြင့် လှုပ်လီလှုပ်လဲ့ ကနွဲ့ကလျလှုပ်ရှားနေကြသော နန်းတွင်းသူ အပျိုတော်များကိုလည်း တွေ့မြင်ရပေလိမ့်မည်။ နောင်အခါများကျတော့လည်း အမှောင်တိုက်ဖုံးလွှမ်းသည်ပမာ ရွှေမှန်ကင်း ထင်းဖြစ်သွားပြီချေတကား။

❑

ကျွန်တော်တို့ ကားကလေးသည် မိတ္ထီလာသို့ နံနက်စောစောဆိုက်ရောက်လာ၏။ အဝေးပြေးတိုးဂိတ်အနီး ကားဝင်းကျယ်ကြီးနံဘေးတွင် စားသောက်ဆိုင်များစွာရှိ၏။နာမည်ကြီးစားသောက်ဆိုင်များကို ကွင်းရှောင်ပြီး လူသွားလူလာအနည်းဆုံးစားသောက်ဆိုင်ကိုရွေးချယ်လိုက်သည်။ မျက်စိအေးနားအေးဖြစ်လျှင် တော်လောက်ပါပြီ။ ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်မျိုးစုံတို့က တစ်ခဏဒီအတိုင်းပဲမဟုတ်လား။ ခေတ္တအနားယူစားသောက်ပြီး ဆက်လက် မောင်းနှင်လာပြန်၏။ အဝေးပြေးမိုင်တိုင် (၃၆၀) ကျော်လောက်တွင် လမ်းဘေးမှ ဘုရားသွားဆိုင်းဘုတ်ကို မြင်ယောင်မိ၍ ပြုံးမိသည်။ ကျွန်တော့်မိတ်ဆွေ သူတော်ကောင်းကြီး၏အဖြစ်ကို တွေးမိခြင်းကြောင့်လည်း ဖြစ်သည်။ သူက အရက်ကြိုက်တတ်သူတစ်ဦးပီသစွာ နေ့၊ ညမပြတ် သောက်သုံးခြင်းအမှုကိုပြုသူဖြစ်၏။ ကြာတော့ ကျန်းမာရေးထိခိုက်လာနိုင်သောကြောင့် အရက်ဖြတ်ပါရန် ကျွန်တော်နှင့်တကွ သူ့မိသားစုကတောင်းပန်ခြင်းကို လက်ခံအသိအမှတ်ပြု၍ ဤဘုရားပုရိဝုဏ်အတွင်း မှီတင်းသီတင်းသုံးနေသော ဆရာတော်များမှ အရက်ဖြတ်ပေးခြင်းကြောင့် အရက်လုံးဝပြတ်သွားပြီး နောက်ဆုံးကျန်ရစ်သူ ကျွန်တော့်မှာ အဖော်မဲ့နေသောကြောင့်ပင်။

မိတ္ထီလာမြို့သည် နေပြည်တော် (ပျဉ်းမနား)နှင့်ခရီးတစ်ဝက်ရှိပြီး မန္တလေးမြို့တော်နှင့်ဆိုလျှင် နောက်ထပ်မိုင်(၇၀) ခန့် ခရီးနှင်ရဦးမည် ဖြစ်၏။ ကျွန်တော်သည် ခရီးရှည်သွားရလျှင် မည်သည့်အခါမျှ ငိုက်မျဉ်းခြင်းမရှိပါ။ နိုင်ငံခြားရက်တိုခရီးစဉ်တစ်ခုတွင် မြို့တော်တစ်ခုလုံး မတွေ့မြင်လိုက်မှာစိုးသည်နှင့် လင်းထိန်နေသော သူတို့မြို့ကြီးတစ်နံတစ်လျား ညလုံးပေါက်လျှောက်လည်



ရွှေနန်းတော်ကြီးပြတိုက်အား စစ်ဆေးကြည့်ရှုနေစဉ်




မြနန်းစံကျော်ရွှေနန်းတော်ကြီးအတွင်း တာဝန်ရှိသူများနှင့်အတူ




www.burmeseclassic.com

www.burmeseclassic.com



ဒုဝန်ကြီးမှ တည့်ခင်းချော့ခံသော ထမင်းဝိုင်း၊



ဆင့်ကျောမှ ဒုဝန်ကြီး။ စာရေးဆရာ မောင်သန်းဆွေ(ထားဝယ်)နှင့်အတူ နန်းတွင်းလေ့လာစဉ်

...မိချေသေးသည်။ ကိုယ့်ပြည်ကိုယ့် ...ရောက်လျှင် အိပ်စမ်းပါလေ့။ ကား ...ခန်းမှဘိုးတော်များကတော့ အဆီ ...သွားသည်လားမသိ အိပ်မောကျနေ ...ပါပြီ။ ကားဆရာ ဖိုးခွားလေး ... မျိုးဆက်သစ်တို့မသိမမီလိုက်သော ...လေးမြို့ နှစ် (၁၀၀) ပြည့်ပွဲတော်ကြီး ...ကြောင်း မပျင်းရိစေရန် ပြောကြားနေ ...သည်။

မန္တလေးမြို့ကို ၁၂၂၀ ခုနှစ် ...အောင်ကျော်ချမ်းအေးမန္တလေး နှစ်တွင် ...တုန်းမင်းကြီး တည်ထောင်ခဲ့သည်။

၁။ ရွှေမြို့တော်ကြီး၊

၂။ ကျုံးတော်၊

၃။ လောကမာရဇိန်စေတီ၊

၄။ သိမ်တော်ကြီး၊

၅။ မဟာအတုလဝေယံကျောင်း၊

၆။ ပိဋကတ်တိုက်တော်၊

၇။ သုမ္မောဇရပ်

တို့ကို တစ်ပြိုင်နက် အုတ်မြစ်ချ၍ တည်ခဲ့၏။ အမရပူရမြို့တော်မှ မန္တလေး အရပ်သို့ ပြောင်းရွှေ့၍ မြို့နန်းတည် သင့်၊ မတည်သင့်သည်များကို ကွဲပြား ထွက်ဆိုကြသည့်အတွင်း မင်းတရားကြီး သည် အိပ်မက် (၂) ခု မက်တော်မူသည် ဟုဆိုသည်။ တစ်ခုမှာ မိထွန်းဆောင်ဆို သည့်အမျိုးသမီးမှ မန္တလေးမြို့ကိုတည် တော်မူသည့် အကြံတော်ရှိတော်မူသည် မှာ ရှေးမဆွ အနှစ်မြင့်ရှည်စွာကပင် သိုက်၊ ဓာတ်၊ နိမိတ်၊ ဗျာဒိတ်ရှိသည်ဖြစ် ၍ အကြံတော်အတိုင်း တည်ထောင်စံ နေထိုင်သင့်ကြောင်း လျှောက်ထားသည် ဟု ဆိုသည်။ ဒုတိယတစ်ခုမှာ ထင်ငယ် ဆိုသူမှ မန္တလေးတောင်ပေါ်က မြက်မွေး များရိတ်ယူ၍ ဆင်မြင်းဗိုလ်ခြေနှင့်တကွ ကျွေးမွေးလျှင် ဘေးဥပဒ်အန္တရာယ်ကင်း ကြောင်းဆက်သွင်းသည်ဟု မြင်မက်ခြင်း ဖြစ်သည်။

မြို့တည်ရန် အမိန့်တော်အတိုင်း သာသနာတော် ၂၄၀၀ ရောက်သည့် နှစ်အမီ မြန်မာနှစ် ၁၂၁၈ ခုနှစ်၊ တပို့တွဲလကစတင်၍ မြို့တည်နန်းတည်ခြင်း လုပ်ငန်းကိုစတင်ဆောင်ရွက်ခဲ့ကြသည်။ မြို့တော်တည်ရန်အတွက် မကွေးမြို့စား ဝန်ကြီးသတိုးမင်းကြီးမဟာမင်းလှသီဟ သူ၊ မြဲတောင်မြို့စားဝန်ကြီး သတိုးမင်း ကြီး မဟာမင်းလှကျော်သူတို့ ဦးဆောင် သော ဆယ်ဦးပါအဖွဲ့ကို တာဝန်ပေး သည်။ သက်ဦးဆံပိုင်ဘုရင်စနစ် (သို့) ပဒေသရာဇ်စနစ်ဖြစ်၍ ချို့ယွင်းချက်များ မတွေ့ရ။ အုံမခန်းဖွယ်ရာ မြန်မာ့ဗိသု ကာပညာနှင့် အနုပညာလက်ရာကို ကောင်းစွာတွေ့ရသည်။

စိတ်ဝင်စားစရာ အကောင်းဆုံး အရာမှာ မြနန်းစံကျော် ရွှေနန်းတော်ကြီး နှင့် နန်းတော်ကြီးအတွင်းမှ အဆောင် များပင် ဖြစ်သည်။ အဆောင်များမှာ လုပ်ဆောင်မှုအလိုက်ခွဲခြားသတ်မှတ်ပြီး အမည်များပေးထားသည်။ တင့်တယ် သော ရွှေနန်းတော်ကြီးမှာ အရှေ့နှင့် အနောက် (၁၀၀၄) ပေ၊ တောင်နှင့် မြောက် (၅၇၄) ပေ ကျယ်ဝန်းသည်။ နန်းတော်ဆောင်တစ်ဆောင်စီ၏အမည် များနှင့် လုပ်ဆောင်ပုံ အံသြစိတ်ကို လေ့လာသမျှ ရှေးခေတ်က စနစ်တကျ စီမံအုပ်ချုပ်ခဲ့မှုများသိနိုင်သည်။ ထူးခြား သော ရွှေနန်းတော်တွင် အသုံးပြုသည့် အခန်းများအလိုက် မင်းခန်းတော် အဆောင်အသီးသီးရှိပြီး ဘုရင်မင်းမြတ် နေ့ညမပြတ်စံမြန်းသော မှန်နန်းဆောင် ၏ ဝဲ၊ ယာ အရှေ့ပိုင်းရှိအဆောင်များကို အရှေ့မင်းခန်းတော်ဆောင်များဟု ခေါ် ကြ၏။အရှေ့ပိုင်းမင်းခန်းတော်အဆောင် ပေါင်း (၃၂) ဆောင်ရှိသည်။

အနောက်စမုတ်၊အနောက်ပွဲတက် ဆောင်၊ စေတဝန်ဆောင်နှင့် ဝဲ၊ ယာ ပွဲတက်ဆောင်နှစ်ဆောင် ပါဝင်သော အဆောင်များကို အနောက်ပိုင်းမင်းခန်း တော်အဆောင်အဖြစ်ခေါ်ဝေါ်ကြသည်။ ကျန်ရှိသောအဆောင် (၇၈) ဆောင်မှာ မယ်တော်ဆောင်၊ သမီးတော်ဆောင်နှင့် မိဖုရားအဆောင်များပင်ဖြစ်စေကာ စုစု ပေါင်းအဆောင် (၁၁၄) ဆောင်ရှိသည်။ လေးကျွန်းအောင်မြေ နန်းမြို့တော်ကြီး လုံခြုံရေးအတွက် အုတ်မြို့ရိုးတော်ကြီး နှင့် ကျုံးတော်ကြီးကို တည်ဆောက်ခဲ့ သည်။အုတ်မြို့ရိုးကြီးက သာသနာတော် နှစ် (၂၄၀၀) ပြည့်နှစ် အထိမ်းအမှတ် ဖြစ်စေသောအံ့သောင့ာ မြို့တော်ကို လေးထောင့်စတုရန်းတည်၍ မြို့ရိုးတစ် ဖက်လျှင် တာ (၆၀၀) စီ အညီအမျှခွဲ...

www.burmeseclassic.com

တည်ဆောက်ခဲ့ပါသည်။ လေးမျက်နှာအတွင်း တာ (၂၄၀၀)၊ (၅) မိုင်၊ (၂၀၀) ကိုက် သို့မဟုတ် (၅) မိုင်နှင့် (၁) ဖာလုံ အမြင့်မှာ သူရဲခို အပါအဝင် (၁၈) တောင် (၂၇) ပေ၊ ထုမှာ (၁၀) ပေဖြစ်ပြီး ကျုံးတော်ကိုလည်း နန်းမြို့တော်အုတ်မြို့ရိုးကြီးကို လေးမျက်နှာမှ ထုတ်ချင်းခတ်ပတ်ထားသည်။ ကျုံးတော်၏အနက်၊ အကျယ်နှင့် ပတ်သက်၍ ရတနာဒီပ မော်ကွန်း၌ 'ပတ်လည်ရစ်ခြုံ၊ ခက်ဆစ်ကြုံလည်း၊ မြစ်တုံ့ဇလုတ်၊ ရေတိဝုတ်လျက်၊ ဥသဘတတွန်၊ နက်ကျယ်ဝှန်သည်၊ ရွှေပြည်လွန့်စွတ်၊ မြရည်သန့်နှင့်' ဟု စပ်ဆိုထားရာ အကျယ်တာ (၂၀)၊ အနက်တာ (၂၀)၊ ခေတ်အတိုင်းအတာအားဖြင့် (၁၃၅) ပေခန့်စီဖြစ်နေသည်ကို တွေ့ရသည်။ လက်တွေ့မြေပြင်တွင်မူ အကျယ်(၂၂၅)ပေရှိပြီး အနက်(၁၁)ပေခန့်သာရှိသည်။

ဤမည်သောအကြောင်းကြောင့် ထင်သည်။ နှောင်နှစ်ပေါင်း (၁၀၀) အကြာ၌ နန်းမြို့ရိုးအတွင်း စစ်တပ်မှ တာဝန်ယူ စောင့်ရှောက်နေသည့်ကာလ အတွင်း မှီတင်းနေထိုင်ခဲ့ကြသူအချို့မှ လပြည့်နေ့ညတွင် မင်းဝတ်မင်းစား အခမ်းအနားနှင့် မြို့ရိုးသူရဲခိုတစ်ဝိုက်တွင် အစောင့်အရှောက်.စစ်သည်ဗိုလ်ပါ များပါ လှည့်လည်သွားလာနေသည်ကို တွေ့မြင်သိရှိခဲ့ရ၏။ သမိုင်းရေးဆရာကြီး မောင်သန်းဆွေ (ထားဝယ်) မှလည်း သူတည်းခိုနေထိုင်သည့်အိမ်မှ ပြောဆိုချက်အရ လပြည့်နေ့တစ်ညတွင် စောင့်ဆိုင်းကြည့်ရှုရာ အမှန်တကယ် တွေ့မြင်မိကြောင်း ပြန်ပြောင်းပြောကြားခဲ့ပါသည်။

ထိုအတွက်ကြောင့် စစ်အတွင်းက စစ်တလင်းဖြစ်ခဲ့ရသော မြနန်းစံကျောင်း ရွှေနန်းတော်ကြီးမှ ပြာပုံအတိဘဝမှ ဒဏ္ဍာရီပုံပြင်လာ ဖီးနစ်ငှက်ပမာ နေ့ချင်းညချင်း ပြန်လည် ပေါ်ထွက်လာသည် တော့ မဟုတ်ပါချေ။ ဆရာတော် ဦးသောဘိတ(ရွှေကိုင်းသား)ကိုယ်တော်တိုင် 'နန်းဦးပြသာဒ်တော်ကြီးနှင့်တကွ ရွှေနန်းတော်အဆောင်ဆောင်တို့မှာ ပြာကျပျက်စီးသွားပြီးဖြစ်လေရာ နှောင်ဘယ်သောအခါမှ အစားပြန်လည် ပေါ်လာတော့မည် မဟုတ်တော့ပေ' ဟု လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော် (၅၄) နှစ် ၁၃၂၂ ခုနှစ်က ဆရာတော် အနှစ်(၁၀၀)ပြည့် မန္တလေးစာအုပ်တွင် ဖော်ပြထားသည်။

နိုင်ငံတော်အကြီးအကဲများက ရှေးမူမပျက် တည်ဆောက် လုပ်ကိုင်ခြင်းကြောင့်သာ ယခု ကျွန်တော်တို့မြင်တွေ့နေရသော မြနန်းစံကျော်ရွှေနန်းတော်ကြီးကို ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ပြန်လည် မြင်တွေ့ လေ့လာနိုင်ခြင်းသာဖြစ်သည်။ ရှိပြီးသား အင်္ဂလိပ်တို့၏တိုက်ခိုက်မှုကြောင့် လုံးဝပျက်စီးနေသော လေးကျွန်းအောင်မြေ နန်းမြို့တော်ကြီးကို ပြုပြင်မွမ်းမံခြင်း၊ မြနန်းစံကျော်ရွှေနန်းတော်ကြီးကို အသစ်ပြန်လည်တည်ဆောက်ခြင်းသာ ဖြစ်သည်။ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် သူ့ကျွန်မခံသခင်ဘဝဖြင့် နေထိုင်ခဲ့ကြရသည့် အမျိုးသားရေးစိတ်ဓာတ် ပြန်လည်ရှင်သန်တိုးပွားလာစေရန် ရည်ရွယ်ခြင်းသာ ဖြစ်သည်။ ယနေ့ မြင်တွေ့ရသော မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် လေးကျွန်းအောင်မြေ နန်းမြို့တော်ကြီး၏ ကျုံးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ထားသော မြို့ရိုးကြီးတို့က မြန်မာနိုင်ငံသူနိုင်ငံသားများအဖို့ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ တဖွားဖွားဖြစ်ပေါ်လာစေသည်။ လာရောက်လည်ပတ်ကြည့်ရှုကြသည့် နိုင်ငံခြားသားများအနေဖြင့်လည်း တအံ့တသြ ရင်သပ်ရှုမောဖြစ်စေသည်။ မြန်မာတို့၏ ရှေးဟောင်းအမွေအနှစ်ကို ပြန်လည်ပြုပြင် တည်ဆောက် ထိန်းသိမ်းခြင်းသာ ဖြစ်၍ ပြုပြင်ခြင်းသည် မှန်ကန်သည်ဟု ယူဆရပေမည်။

❑

ကားသည် တရိပ်ရိပ်နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းသို့ ချင်းနင်းဝင်ရောက်လာချေလေပြီ။ တန်ပေါင်ကို မြေအပြည့်ဖို့ပြီးနောက် သွယ်တန်း ဖောက်လုပ်ထားသော ကားလမ်းကျယ်ကြီးများ ဖြောင့်တန်းညီညာလှပပေ၏။ သရက်ပင်တန်းများကို အစီအရီတွေ့မြင်လိုက်ရ၏။ ဟိုးအဝေးမှာ တောင်သမန်အင်းကို မြင်တွေ့ရသလို ဆင်ရွှာမြင်းမူကျေးရွာတွင် တည်ဆောက်လက်စ ဝေရောစနကျောက်စိမ်းစေတီတော်ကြီးနှင့် အဆောက်အအုံများကို ကျော်ဖြတ်လာခဲ့ရပါသည်။ မကြာခင် ရှေးဟောင်းသုတေသနအဖွဲ့မှလာရောက်ကြိုငင်သော ကားလေး၏ လမ်းညွှန်မှုအတိုင်း ရှုပ်ထွေးများပြားလှသည့် ယာဉ်အသီးသီးကို ကျော်ဖြတ်နင်းပြီးနောက် တည်းခိုရာ ဧည့်ရိပ်သာသို့ ချောမောစွာဖြင့် ရောက်ရှိခဲ့ကြပါသည်။ ယခုတော့ ကျွန်တော် တဖွဖွပူဆာနေသော မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီးလက်တစ်ကမ်းအလိုရောက်ရှိနေပြီ ဖြစ်ပါသည်။

သမိုင်းရေး ဆရာကြီး မောင်သန်းဆွေ(ထားဝယ်) နှင့် ရင်းနှီးခင်မင်ခဲ့ပြီးမှ ဆရာကြီးတာဝန်ကျရာ သမိုင်းနယ်မြေများသို့ သွားရောက်ပါက ဆရာကြီးနှင့် အတူလိုက်ပါရန် အကြိမ်ကြိမ်မေတ္တာရပ်ခံခဲ့ပါ၏။ ဆရာကြီးမှာ ယဉ်ကျေးမှုဝန်ကြီးဌာနတွင် အမှုထမ်းနေသည်မို့ သမိုင်းဆိုင်ရာ အချက်အလက်များ ရှာဖွေဖော်ထုတ် ဆွေးနွေးရန်အလို့ငှာ ဒေသန္တရခရီးထွက်သော်ငြား ကိုယ်ပိုင်အားလပ်နားနေခွင့်မရှိခဲ့။ ယခုအချိန်အခါမတော့ မန္တလေးရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးတွင် ကျင်းပပြုလုပ်မည့် 'လွမ်းကြေးဆပ်သည့်ပွဲ' သို့တည်းမဟုတ် ဗဒုံမင်း ဘိုးတော်ဘုရား၊ စစ်ကိုင်းမင်း (ဘကြီးတော်)၊ သာယာဝတီမင်း (ရွှေဘိုမင်း)၊ ပုဂံမင်း၊ အိမ်ရှေ့စံ လှိုင်မင်း၊ မင်းတုန်းမင်း၊ အိမ်ရှေ့စံ ကနောင်မင်းနှင့် သီပေါမင်း စသည့်မင်းများနှင့် ၎င်းတို့၏ အနွယ်တော်များနှင့် တွေ့ဆုံဂါရဝပြုပွဲ တက်ရောက်ခွင့်ရခြင်းပါပေတည်း။

ဆရာကြီးသည် သမိုင်းနှင့်ပတ်သက်သော စာအုပ် (၄၀) ရေးသားပြီးဖြစ်၍ သမိုင်းနှင့်မပတ်သက်သည့် စာအုပ်မှာ (၄) အုပ်သာရှိပါသည်။ ရေးသား၍ရသည့် စာမူခများကိုလည်း သက်ဆိုင်ရာအနွယ်တော်များကို ပူဇော်ကန်တော့ခဲ့ပါသည်။ဆရာကြီး၏စိတ်ထဲတွင် မြနန်းစံကျော်ရွှေနန်းတော်ကြီးပေါ်၌ ဆွမ်းကျွေးချင်သည့်အာသီသရှိခဲ့ပါသည်။ အကြောင်းမှာ ဤနန်းတော်နှင့် နန်းမြို့အတွင်း သမိုင်းအကြောင်းအရ သေခဲ့ကျေခဲ့ရသူ အမြောက်အမြားရှိသဖြင့် မကျွတ်မလွတ်သေးသည့် ပုဂ္ဂိုလ်များရှိသည်ကိုကိုယ်တွေ့ပင်ဖြစ်ပါသည်။

ဆရာကြီး၏ အိပ်မက်ထဲတွင် အမျိုးသမီးကြီးတစ်ယောက်ကို မြင်မက်သည်။ ထိုအမျိုးသမီးကြီး ဝတ်စားဆင်ယင်ထားပုံမှာ မိဖုရားလည်း မဟုတ်ပါ။ မင်းသမီးတစ်ပါးလည်းမဟုတ်ပါ။ အပျိုတော်ဟုထင်ရပါသည်။သူကခါးထောက်လျက် -

"ရှင်ကြီးက ဆွမ်းကျွေးမယ်ဆိုတာ မကျွေးသေးဘူးလား"

ဟုမေးရာ စာရေးဆရာကြီးက -

"ဘယ်မှာကျွေးရမှာလဲ"

ဟု မေးမြန်းလိုက်ရာ -

"မြနန်းပြသာဒ်တော်မှာလေ"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ပြောလိုက်သည်နှင့် မိမိ၏ ဆွမ်းကျွေးချင်သည့်စိတ်ကူးကို ပြန်သတိ ရပြီး -

"ကျွေးပါ့မယ်၊ ကျွေးပါ့မယ်"

ဟု ပြန်ပြောလိုက်ပြီးနောက်တွင် အိပ်ရာမှ လန့်နိုးသွားကြောင်းပြောပြပါ သည်။

သက်ဆိုင်ရာပုဂ္ဂိုလ်များက သတိ ပေးလာသည်ဟုပင် တွေးထင်မိသည်။ ထို့ကြောင့် ၂၀၁၅ ခုနှစ်၊ မတ်လ ၈ ရက် နေ့တွင် ဆွမ်းကျွေးရန်စီမံပြီး ကျွန်တော် အပါအဝင် စာရေးဆရာ ဦးညိုအောင် (ညောင်အို-ပခုက္ကူ)၊ ဦးစောမော်ထွန်းတို့ အား နေပြည်တော်မှ မြနန်းစံကျော် ရွှေနန်းတော်သို့ အရောက်ဖိတ်ခေါ်ခဲ့ ပါသည်။ သီပေါမင်း၏ မြေးတော်ဖြစ်သူ တော်ဘုရားကြီး၏ သားတော် မဟာ နေ့ကုမာရဦးစိုးဝင်း (နိုင်ငံခြားရေးဝန်ကြီး ဌာန အငြိမ်းစားဒုတိယညွှန်ကြားရေးမှူး ချုပ်) နှင့်လည်း တိုင်ပင်၍ မန္တလေး တောင်းကုန်းမှ သီပေါမင်းတို့အရှင်နှစ်ပါး ကောင်းမှုတော်၊ မာန်အောင်ရတနာစေတီ တော်ကျောင်းမှဆရာတော်ကိုအမှူးထား ပြီး ဆရာတော်(၁၁)ပါး ပင့်ချင်ကြောင်း ပြော၍ ၎င်းစေတီတော်ဂေါပကနှင့်တိုင် ပင်ပြီး ပင့်ဆောင်ခဲ့ပါသည်။ ဆရာတော် (၁၁) ပါး ပင့်လိုခြင်းမှာ ကုန်းဘောင် ခေတ်မင်းဆက် (၁၁) ဆက်ကို ရည်စူး ၍ ဖြစ်၏။

ဆွမ်းကျွေးရာတွင်လည်း မင်းတုန်း မင်းတရားကြီးက ငါးကြော်ကြိုက်နှစ်သက် ၍ ဟင်းလျာများအပြင် ငါးကြော်ထည့် ပေးသကဲ့သို့ အိမ်ရှေ့ကနောင်မင်းက ချဉ်ပေါင်သီးထောင်း ကြိုက်နှစ်သက်၍ ချဉ်ပေါင်သီးထောင်းပါထည့်ပေးခဲ့ပါသည်။ မတ်လ ၈ ရက်နေ့ တနင်္ဂနွေ နေ့နံနက် (၉) နာရီအရောက် ကျွန်တော်တို့တည်းခို ရာ မန္တလေးရှိ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနဌာန ညွှန်ကြား ရေးမှူးရုံးရှိရာ ပယ်ပုံတော်ဝင်းအတွင်းရှိ ဧည့်သာမှ အခမ်းအနားစီစဉ်နေကြသည့် မြနန်းစံကျော် ရွှေနန်းတော် မြေနန်း ပြသာဒ်တော်သို့သွားရောက်ကြရပါတော့ သည်။ လမ်းခရီးတွင် မဟာမြတ်မုနိ ဘုရားကြီးသို့ အပြေးအလွှား ဝင်ရောက် ဖူးမြော်ကန်တော့ခဲ့ပါသေးသည်။

မတ်လ ၈ ရက် တနင်္ဂနွေနေ့နံနက် (၉) နာရီအရောက် မြနန်းစံကျော်ရွှေ နန်းတော်၊ မြေနန်းတော်ပေါ် သို့သွားရ သည်။ မြေနန်းပြသာဒ်ညီလာခံခန်းမရှိ သီဟာသနပလ္လင်ကြီးရှေ့၌ ကန်တော့ပွဲ နှစ်ပွဲအပြင် စားတော်ပါ စားပွဲနှင့်တင် ထားသည်ကိုတွေ့ရသည်။ ဆွေတော်မျိုး တော်များ တဖွဲဖွဲရောက်လာကြပါသည်။ ပြင်ဦးလွင်မြို့တွင်စံနေသော သက်တော် (၉၁) နှစ်ရှိ သီပေါမင်းတရား၊ မြေးတော် တော်ဘုရား၊ မန္တလေးမြို့မှ ပျဉ်းမနား မင်းသားကြီး မြေးတော် အသက် (၈၀) နှစ်ရှိ ပျဉ်းမနားခေါင်ဘုရားတော်၊ မန္တ လေးမြို့မှ ဟင်္သာမော်မင်းသမီး မြေးတော် အသက်(၇၉)နှစ်ရှိ ဟင်္သာမော်ထိပ်တင်မွှန် အစရှိသော မိတ္ထီလာစုဖုရားကလေး အနွယ်တော်များ၊ ညောင်အုပ်မင်းသား ကြီးအနွယ်တော်များ၊ မကွေးရာမင်းသားကြီး အနွယ်တော်၊ စကုမင်းသားကြီးအနွယ် တော်များ၊ လှိုင်းပင်မင်းသားကြီးအနွယ် တော်များ၊ ပန်းတိမ်းမင်းသားကြီးအနွယ် တော်များ၊ ဗဒုံမင်း (ဘိုးတော်ဘုရား) အနွယ်တော်များ စုစုပေါင်း (၆၀) ခန့် တက်ရောက်ကြသည်။

နံနက် (၁၀) နာရီတွင် သံဃာ တော်များ(၁၁)ပါးကြွရောက်လာသည်။ ဆရာတော်များသီလပေးပြီးနောက် ပရိတ် တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြ ပါသည်။ ထို့နောက် တရားအနည်းငယ် ဟော၏။ နောက်ဆုံးတွင် မန္တလေးမြို့ တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် နတ်ပြည်စံတော်မူသော မင်းတုန်းမင်း တရားကြီးမှအစပြု၍ ဒုတိယနန်းစံသီပေါ မင်းနှင့် အနွယ်တော်များအားလုံးအတထိ အမည်များကိုခေါ်၍ အမျှ (၃) ကြိမ်ပေး ဝေစေပါသည်။

ဆရာတော်များကို ဆွမ်းကျွေးပြီး နောက် ပြန်ကြွသွားသောအခါ အနွယ် တော်များသည် ထမင်းပင်မစားနိုင်ဘဲ သီဟာသနပလ္လင်တော်ကြီး၏ရှေ့တွင် ဓာတ်ပုံရိုက်ကြပါသည်။ အားလုံးကြည့်ရ သည်မှာ ဝမ်းသာကျေနပ်အားရနေကြ သည်။ ဆိုင်းကလည်း မန္တလေးမြို့ဘွဲ့ သီချင်းများကိုသာ သီဆိုတီးမှုတ်နေ သဖြင့် အတိတ်ကိုလည်း တမ်းတနေမိ သည်။ မင်းသား မန္တလေးသိန်းဇော်၊ ရုပ်သေးတင်မမနိုင်တို့ ကြွရောက်ချီးမြှင့် ပါသည်။

ကျွန်တော့်အဖွဲ့လည်း အနွယ်တော် များနှင့်စုပေါင်းစားသောက်ကြပြီး နန်းမြို့ ဆောင်အခန်းအသီးသီးသို့ ဝင်ရောက် လေ့လာကြပါသည်။ အထူးသဖြင့် ရှေးဟောင်း အသုံးအဆောင်များထား ရှိရာ ပြတိုက်၊ နန်းပွဲတက်ဆောင်၊ မနု ဆောင်အတွင်းသို့လည်းကောင်း၊ နန်းမြင့် မျှော်စင်သို့ တက်ရောက်၍သော် လည်းကောင်း၊ နန်းတော်ခုံဦးတွင် တောင်မြောက်ဆောက်ထားသောအစည်း အဝေးအုတ်တိုက်သို့ လည်းကောင်း၊ အနောက်ဘက် နန်းခုံကွက်လပ်တွင် ပန်းတော်ခုံသို့ လေ့လာကြည့်ရှုကြသည်။ ပန်းတော်ခုံမှာ ဘုရင်မင်းမြတ် စိတ်ကြည် နူးသာယာစေရန် မွှေးပျံ့သောပန်းများကို အုတ်ပေါင်များဖြင့် ကာရံကာ စိုက်ပျိုး ထားသည်မို့ ဆရာမကြီး ဒေါ်ဒဂုန် ခင်ခင်လေး ရေးသား စီရင်ခဲ့သော 'စာဆိုတော်' အမည်ရှိ ဝတ္ထုရှည်ကြီးမှ လွမ်းစရာအဖြစ်အပျက်များကိုမျှော်တွေး မြင်ယောင်လာမိသည်။

အထူးသဖြင့် ဓာတ်ပုံအသီးသီး ရိုက်ပြီးသကာလ ကျွန်တော်တို့လှုပ်ရှားမှု ဖြစ်စဉ်အား ဓာတ်ပုံမှတ်တမ်းတင်ပေးခဲ့ သော ကားဆရာလေး ဖိုးခွား ( အခြား ဘာသာဝင်)မှထူးခြားအံ့ဩဖွယ်ကောင်း သောဓာတ်ပုံတစ်ပုံအားလာရောက်ပြသ ပါသည်။ ပုံပေါင်းများစွာ ရိုက်ကူးခဲ့သော ဓာတ်ပုံများထဲမှ ထူးခြားဓာတ်ပုံမှာ ပုဂံ မြေပေါ် ရှိ ဓမ္မရာဇိကဘုရားပုံတော်အား ရိုက်ကူးခဲ့ရာ စစ်သူကြီးပုံတော်ပါ ပူးတွဲ ပါဝင်လာသကဲ့သို့ ဤမြနန်းစံကျော်ရွှေ နန်းတော်ကြီးထဲတွင် ကလေးချီထား သော ဖိုးခွား၏နောက်ကျောတိုင်တစ်ခု တွင် အမျိုးသမီးတစ်ဦး၏ပုံတစ်ပုံ မထင် မရှားပါဝင်ခဲ့ပါသည်။ ထိုဓာတ်ပုံကိုကြည့် ၍ နန်းတွင်းသူအမျိုးသမီးသည် အနွယ် တော်များ ပေါင်းပါစုရုံး၍ အမျှအတန်း ပေးဝေခဲ့သည်ကို ကျေနပ်ဝမ်းမြောက်နေ သည်လား၊ ဝမ်းနည်းပူးဆွေးမှုရှိနေသည် လား ကျွန်တော်မခန့်မှန်းနိုင်တတ်တော့ ပါတကား။

**စေးလာနွယ်**

(မြနန်းစံကျော်ရွှေနန်းတော်ကြီး အရောက် လိုက်လံ ပို့ဆောင်ပေးသော စာရေးဆရာကြီး မောင်သန်းဆွေ (ထားဝယ်)အား အထူးဂါရဝကျေးဇူးတင် ပါကြောင်း)

**ကိုးကား -**

၁။ လွမ်းကြေးဆပ်သည့်ပွဲ၊ မောင်သန်း ဆွေ(ထားဝယ်)၊ ရွှေအမြုတေရုပ်စုံ မဂ္ဂဇင်း။

၂။ နှစ် (၅၀) ကျော် ကိုယ်တွေ့များ၊ ဗိုလ်ထွန်းကြည်(မုံရွာ)၊ စတုတ္ထတွဲ (၁၉၈၈-၁၉၉၂)။

၃။ ကြေးမုံသတင်းစာပါဆောင်းပါးများ



www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်ဝင်းမြင့်

## ကိုယ်တွေ့ဘေားရှန်ကင်းကျွာဂါထာတော်

ကျွန်တော့်ဘဝတွင် ကျေးဇူးကြီးမား ဆရာများဟု ဆိုထားရလောက်သည့် ဆရာတွေရှိနေခဲ့ပါ၏။

ထိုဆရာများထဲတွင် ဆရာသွင် တစ်ယောက် အပါအဝင်ဖြစ်ခဲ့ပါ၏။ ကျောင်းဆရာနှင့် ကျောင်းသားတပည့် တော့မဟုတ်။ လုပ်ငန်းခွင်အတွင်း အထက် အဆင့်အရာရှိနှင့် အောက်အဆင့် အရာရှိပေါက်စသာ ဖြစ်ပါသည်။

ဦးသွင်။

နာမည်တစ်လုံးနှင့်ပုဂ္ဂိုလ် ဖြစ်ပါသည်။

သူက အုပ်ချုပ်ရေးအရာရှိတစ်ဦး ဖြစ်ပြီး ကျွန်တော်က သူ့လက်အောက်မှ ဒုတိယအုပ်ချုပ်ရေးအရာရှိသာ ဖြစ်ပါသည်။ လုပ်ငန်းခွင်တွင် ဆရာက ကျွန်တော့်ကို လုပ်ငန်းများသင်ကြားပြသပေးသည်။ ဆရာက အသင်အပြကောင်းသည်ဟု ကျွန်တော် ခံယူသည်။ လုပ်ငန်းအကြောင်းအရာများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေပညာရပ်များ၊ ဘက်စုံထောင့်စုံ ဆရာသင်သမျှအကုန် ကျွန်တော် စွဲစွဲမြဲမြဲမှတ်မိသွားစေအောင် ဆရာက သင်ကြားပေးနိုင်ပေသည်။ ဒါပဲလည်းမဟုတ်သေးပါ။ လူကဲခတ်နည်းများ၊ တစ်ဦးချင်းတစ်ယောက်ချင်းမှသည် လူထုရှေ့တွင် စကားပြောဟောနည်းပညာများလည်း ပါဝင်ပါသည်။

သူ့လက်အောက်တွင် ကျွန်တော့်အပြင် ကျွန်တော့်လိုရာထူးတူ ကိုညွန့်လှိုင်ဆိုသောဒုတိယအရာရှိတစ်ဦးလည်း ရှိပါသည်။

ဆရာနှင့် ကျွန်တော်တို့ ခင်မင်ရင်းနှီးမှုတွေ ရှိနေကြသဖြင့် လုပ်ငန်းခွင်အတွင်းလည်း ပျော်ပျော်ရွှင်ရွှင်ရှိကြသလို အားလပ်ချိန်များ၌လည်း အတူသွားလာလည်ပတ်၍နေခဲ့ကြပါသည်။ ကျွန်တော်က ဆရာ့ကို အစ်ကိုကြီးဟု ခေါ်သလို ဆရာဟုလည်း ခေါ်ပါသည်။

ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝတုန်းက စံရွှေမြင့်ရုပ်ပြကာတွန်းကို အမြဲတမ်းဖတ်ပါသည်။ စံရွှေမြင့်ရုပ်ပြကာတွန်းများကို ပန်းချီမြင့်သိန်းက ရေးဆွဲပါသည်။ နောင်အခါ ပန်းချီမြင့်သိန်းသည် ဆရာဦးသွင်၏ညီ ဖြစ်ကြောင်း သိရပြန်သောအခါ ကျွန်တော် ပို၍ ဝမ်းသာသွားမိပါသည်။

ဆရာ၏ဇနီးမှာ ဒေါ်သန်းဆွေဖြစ်ပါသည်။

ဆရာတို့ဇနီးမောင်နှံသည် ပျော်ရွှင်ချမ်းသာလျက် ဥစ္စာမနေပေါကြွယ်ဝမှု ရှိ၊ မရှိတော့ ကျွန်တော်မသိပါ။ နာမည်ကတော့ ရှားလှသည်ဟု ဆိုရပါမည်။ အဘယ့်ကြောင့်ဆိုသော် ဆရာ့နာမည်က တစ်လုံးတည်းဖြစ်နေ၍ပင်။ ထို့အတူ ဆရာ၏ ဇနီးသည်ကလည်း အခြားမိန်းကလေးများလို နာမည်သုံးလုံး၊ လေးလုံးမဟုတ် နှစ်လုံးတည်းရှိ၍ဖြစ်ပါသည်။

ဆရာတို့ဇနီးမောင်နှံမှာ ဘာသာရေးကို အလွန်ကိုင်းရှိုင်းကြပါသည်။ ကျွန်တော်တို့ စကားလက်ဆုံကျသည့်အခါများ၌ ဘာသာရေးဆိုင်ရာဗဟုသုတများကို ပြောပြလေ့ရှိပါသည်။

ဆရာဦးသွင်၊ ကိုညွန့်လှိုင်နှင့် ကျွန်တော်တို့ဆုံခဲ့ကြရာ ဒေသသည် ရှမ်းပြည်နယ်မြောက်ပိုင်းက သီပေါမြို့ဖြစ်ပါသည်။ အချိန်ကား ၁၉၈၅ ခုနှစ်မှ ၁၉၈၇ ခုနှစ် ဖြစ်ပါသည်။ ကျွန်တော်တို့သည် ဒေသလှည့်လည်ပြောင်းရွှေ့ရသော အစိုးရဝန်ထမ်းများဖြစ်ကြ၍ တစ်မြို့တည်းတွင် ကြာကြာမနေလိုက်ကြရပါ။ ကျွန်တော်က ကွမ်းလုံသို့ပြောင်းသွားရပြီး ကွမ်းလုံမှတာဝန်ဖြင့် မန္တလေး၊ ရန်ကုန်ခရီးသွားတိုင်း သီပေါမြို့ကို ဖြတ်ကျော်သွားရပါသည်။ ထိုအခါ အချိန်အားရလျှင်ရသလို ဆရာဦးသွင်ထံ ဝင်ရောက်နှုတ်ဆက်ပါသည်။

တစ်နေ့တွင် ဆရာဦးသွင်နှင့်ရော ဆရာကတော် ဒေါ်သန်းဆွေနှင့်ပါ ဆုံတွေ့ရပါသည်။

"ဟာ - ဆရာကတော်လည်း ရောက်နေတာလား"

"ဟုတ်တယ် ကိုဝင်းမြင့်၊ ကျွန်မရုံးက ခွင့်ယူလာတာလေ။ ကိုသွင်ကလည်း ပြောင်းရဖို့နီးပြီဆိုတော့ မပြောင်းခင် ဒီဒေသကဘုရားတွေ ဖူးရအောင်လို့လေ"

ဆရာကတော် ဒေါ်သန်းဆွေကလည်း အုပ်ချုပ်ရေးရုံးမှ ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ တာဝန်ကျသည်က ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင်ဖြစ်၍ ဆရာတို့ဇနီးမောင်နှံနှစ်ဦးမှာ အမြဲတမ်း





www.burmeseclassic.com

www.burmeseclassic.com

အတူမနေရပါချေ။

"ကိုဝင်းမြင့်၊ အချိန်ရတယ်မဟုတ်လား။ ခင်ဗျားကို ထူးဆန်းတာလေးပြောပြချင်လို့ပါ"

ဆရာဦးသွင်က သောက်နေကျဆေးပေ့ါလိပ်ကို မီးညှိရင်း ပြောလိုက်ပါသည်။

"ဟာ - အချိန်ရတာပေ့ါခင်ဗျာ။ ထူးဆန်းတာဆိုလုပ်ပါဦး။ ကျွန်တော့်ဝါသနာအရ မှတ်သားရဦးတော့မှာပေါ့ဗျာ"

"ဒီလို ကိုဝင်းမြင့်ရဲ့ ပြီးခဲ့တဲ့လကကျွန်မရေထဲလိမ့်ကျသေးတယ်။ ဒီဂါထာကြောင့် ဘေးမသီရန်မခဘဲ လွတ်လာခဲ့တာ"

အစ်မကြီးဒေါ်သန်းဆွေက အားရဝမ်းရဝင်ပြောလိုက်သည်။

"ဟာ-နေရာကျပလေတယ်။ အစအဆုံးပြောပြပါ အစ်မရယ်"

ကျွန်တော်က လက်အိုင်အိတ်ထဲမှ မှတ်စုစာအုပ်လေးကိုထုတ်ပြီး ကြားသမျှကို လိုက်လံမှတ်သားရန် အသင့်အနေအထားပြင်ဆင်လိုက်ပါသည်။

"တို့ ဖိုးဝင်းမြင့်ကြီးကတော့ ဝီရိယရှိလှသဗျာ။ သွားလေရာ မှတ်စုစာအုပ်တတိုင်ကိုင်နဲ့ပါလား"

ဆရာသွင်က ပြုံးစေ့စေ့ဖြင့်ပြောနေသည်။

"ဩော်- ဒါက ကျွန်တော့်ဝါသနာမို့ပါဗျာ။ ကဲ - ပြောပြပါ အစ်မ"


ဒေါ်သန်းဆွေက ရေထဲကျသွားပုံနှင့် ဂါထာမြတ်၏ တန်ခိုးတော်ကြောင့် အန္တရာယ်ကင်းခဲ့ရပုံကို စိတ်ရှည်လက်ရှည်ပြောပြသည်။

ဆရာဦးသွင်နှင့်ဒေါ်သန်းဆွေတို့သည် သန်လျင်မြို့တွင် နေထိုင်ကြပြီး ဦးသွင်က အုပ်ချုပ်ရေးတာဝန်များဖြင့် မြို့ပြပြည်ရွာအနှံ့သွားလာနေထိုင်ဆောင်ရွက်ရသောအခါတွင် ဒေါ်သန်းဆွေက သန်လျင်နေအိမ်တွင်ပင် နေထိုင်ရင်း ဒေါပုံမြို့နယ်အုပ်ချုပ်ရေးရုံး၌ တာဝန်ထမ်းဆောင်နေရပါသည်။

ထိုအခါ ရုံးချိန်မီအောင် သန်လျင်မှ ကူးတို့သင်္ဘောကို စောစောစီးပြီး ထင်းပုံဆိပ်တွင်ဆင်းရသည်။ ၁၉၈၇ခုနှစ်ဖြစ်၍ သံလျင်တံတားကမရှိသေးသဖြင့် ကူးတို့သင်္ဘောများ၊ မော်တော်၊ လှေတို့ကိုသာ အားကိုးရပါသည်။

ဆရာတို့ဇနီးမောင်နှံသည် ဘာသာရေးကို အလွန်ကြည်ညိုလေးစား၍ ဂါထာမန္တန်များကိုလည်း ယုံကြည်ကြပါသည်။ တစ်ချိန်တွင် ဆရာဦးသွင်က သူရလာသော ဂါထာလေးတစ်ပုဒ်ကို ဇနီးဖြစ်သူအားပေးလိုက်သည်။

သို့ရာတွင် အလွတ်မကျက်ရသေးသဖြင့် အချိန်အားရလျှင် ကျက်မှတ်နိုင်ရန်နှင့် မကျက်မှတ်နိုင်သေးမီ အဆောင်အဖွဲ့ဖြစ်စေရန် စက္ကူအပိုင်းလေးတစ်ခုတွင် ဦးသွင်က လက်ရေးသေသေသပ်သပ်ရေး၍ပေးရာ ဒေါ်သန်းဆွေက အမျိုးသမီးများ ဆံပင်ထုံးဖွဲ့ရာတွင် သုံးသည့် ကလစ်အတွင်း ဂါထာစာရွက်လေးကိုလိပ်၍ ထည့်သွင်းယူဆောင်လေ့ရှိပါသည်။



ထိုစဉ်က ယခုလို ဗန္ဓုလတံတားလည်းမရှိသေးသဖြင့် ပုဇွန်တောင်ဘက်မှ ဒေါပုံဘက်သို့ သမ္ဗန်လေးများဖြင့် ကူးသန်းသွားလာကြရပါသည်။ သန်လျင်မှ သီတာသင်္ဘောစီးကာ ပုဇွန်တောင်ဈောင်တန်းသို့ရောက်၊ ဆက်၍ ပုဇွန်တောင်မှ ဒေါပုံသို့ လှေသမ္ဗန်လေးဖြင့်သွားရသည်။

တစ်နေ့တွင် ဆောင်းတွင်းလည်းဖြစ်၍ နှင်းဝေဆိုင်းနေသောကြောင့် ကူးတို့သင်္ဘောများ နောက်ကျမှထွက်ရာ အရေးကြီးသော ရုံးလုပ်ငန်းများကလည်းရှိပြန်၍ ဒေါ်သန်းဆွေမှာ မအေးနိုင်မချမ်းနိုင်ဘဲ စိတ်လောတကြီးဖြစ်နေတော့သည်။ သို့နှင့် ဒေါပုံဘက်သို့သွားမည့်လှေသမ္ဗန်ပေါ် ကပျာကယာဆင်းလိုက်ရာ ရှေ့ခြေက သမ္ဗန်ပေါ်အကျနောက်ခြေက ကမ်းကိုကန်ထုတ်လိုက်သလိုဖြစ်ပြီး လှေအဆင်း မြင်းအတက်စကားပုံအား လက်တွေ့သရုပ်ဖော်သလိုဖြစ်သွားချေတော့သတည်း။

"ဟင် . . . ဟို . . . ဟာ"

ဘေးမှလူများ၏ထိတ်လန့်တကြားအော်သံသဲ့သဲ့ကိုသာကြားပြီး ဒေါ်သန်းဆွေဘာမှသတိမထားမိတော့ပါ။ ခံစားရမှုလည်းမရှိပါ။ လုံ့ခနဲဖြစ်သွားပြီး သတိပြန်ရသောအခါမှ ဘေးကလူများ ဝိုင်း၍ပြုစုနေပြီး တစ်ကိုယ်လုံးစိုရွှဲနေသဖြင့် မိမိရေထဲကျသွားခဲ့မှန်းသတိထားမိတော့သည်။

ပြီးတော့ သူ၏ထမင်းချိုင့်လေးထဲ ရေဝင်ရာ နွံ့ပါသောရေများဖြစ်သည့် အလျောက် ညစ်ပတ်နောက်ကျိသောရေများ ဝင်ရောက်မှုကြောင့် ထမင်းဟင်းများလွင့်ပစ်ရပါသည်။ သို့သော် ထူးခြားစွာ သတိပြုမိသည်မှာ လူရော ချိုင့်ပါရေအောက်သို့ စုံးစုံးမြုပ်သွားခဲ့သော်လည်း သူ၏ နှာခေါင်းနှင့် ပါးစပ်များအတွင်းသို့ နွံ့ရည်များလုံးဝမဝင်ရောက်ခဲ့ခြင်းပင် ဖြစ်ပါသည်။

ရေထဲကျသွားသွားချင်း သမ္ဗန်သမားများက ချက်ချင်းရေငုပ်ပြီး သူမအား အပေါ်သို့ ဝိုင်းဝန်းဆယ်ယူပေးကြခြင်းဖြစ်ပါသည်။သို့သော် ဒေါ်သန်းဆွေကတော့ ရေထဲစကျသွားသည်ကစ၍ ဆိပ်ခံဇောတံတားပေါ် ရောက်လာသည်အထိ ရေမွှန်းသည့်ဒဏ်မခံစားရ၊ မည်သည့်ဝေဒနာစိုးရိမ်ကြောင့်ကြမှုမျှမဖြစ်ဘဲ ခေတ္တမှင်တက်မိသလိုဖြစ်သွားခြင်းပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်တွင်ကား အဆိုပါ ဂါထာလေးကို ဒေါ်သန်းဆွေက ရှေးက ထက်ပင်ပို၍ ယုံကြည်နေပါတော့သည်။

ထို့ကြောင့်ပင် ကျွန်တော့်ကို ထိုဂါထာပေးပြီးဆောင်ထားခိုင်းခြင်းပင် ဖြစ်၏။ အလားတူ လုပ်ဖော်ကိုင်ဖက် ကိုညွန့်လှိုင်ကိုလည်း ပေးလိုက်ပြန်ပါသည်။ ကျွန်တော်ကတော့ အလွတ်ကျက်မှတ်ရွတ်ဆိုရတာကိုကြိုက်နှစ်သက်၍ ဆရာဦးသွင်၊ ဒေါ်သန်းဆွေတို့ပေးသောဂါထာကို အလွတ်ကျက်မှတ်ပြီး နေ့စဉ် လေးလေးနက်နက် တစ်ခေါက်ရွတ်ဆိုလေ့ရှိပါသည်။

နှစ်ကာလတွေ ကြာညောင်းလာတော့လည်း ဆရာဦးသွင်၊ ဒေါ်သန်းဆွေ၊ ကျွန်တော်တို့သည် ပင်စင်စားများဖြစ်သွားကြရပါသည်။ကျွန်တော်က မြောက်ဒဂုံတွင်နေ၍ ဆရာတို့က မူလသန်လျင်ကအိမ်မှာပင်နေကြသည်။ ဤအတောအတွင်း အစ်မကြီးဒေါ်သန်းဆွေ ကွယ်လွန်ခဲ့ရှာပါသည်။

ကျွန်တော်လည်း ဆရာ့ထံမှန်မှန် မရောက်နိုင်ခဲ့ပါ။ ပရိယတ္တိကျောင်းတိုက်ကြီးများသို့ ဆွမ်းဆန်တော်များ အမြဲတမ်း ပေးပို့လှူဒါန်းလျက်ရှိသော ရန်ကုန်ဆန်လှူအသင်းကြီးတွင် ဝင်ရောက်ပါဝင်ဆောင်ရွက်နေသောကြောင့် အားလပ်ရက်မရှိသလို ဆရာ့ထံလည်း အရောက်အပေါက်နည်းပါးခဲ့မိပါသည်။ တစ်ဖက်တစ်လမ်းအနေဖြင့်လည်း ဝါသနာအရ စာရေးသားခြင်းအလုပ်ရှိနေပြန်သဖြင့် ဆရာ့ထံမရောက်ဖြစ်သည်ကို လက်ကိုင်ဖုန်းဖြင့်သာ တောင်းပန်နေရပါသည်။

တစ်နေ့တွင် အစ်မကြီးဒေါ်သန်းဆွေ၏ အမြတ်တနိုးဖြစ်သော ထိုဂါထာလေးကို ဖော်ညွှန်းသောဆောင်းပါးရေးလို၍ ဆရာ့ထံဖုန်းဖြင့်ခွင့်ပြုချက်တောင်းလိုက်မိပါသည်။

ဆရာက -

"ကိုဝင်းမြင့်၊ ခင်ဗျား ကိုညွန့်လှိုင်နဲ့ကောတွေ့သေးလား"

ဟု မေးပါသည်။

"မတွေ့ရသေးဘူးဆရာ။ ဘာလို့လဲ"

"ဒီလိုဗျ။ ဒီဂါထာနဲ့ပတ်သက်ရင် သူ့မှာလည်း လက်တွေ့ယုံကြည်စရာတွေ ရှိနေတယ်ဗျ"

"ဟုတ်လား ဆရာ၊ ဒီလိုဆို သူ့အဖြစ်အပျက်ကို ဆရာသိရင် ပြောပြပါလားဆရာ။ စုံသထက်စုံတော့ပိုကောင်းတာပေါ့"

တစ်ချိန်က အစ်မကြီး ဒေါ်သန်းဆွေသည် သီပေါမြို့တွင် ကျွန်တော်နှင့် ကိုညွန့်လှိုင်တို့ကို ထိုဂါထာရေးပေးခဲ့ဖူးသည်။

ကျွန်တော်က ကွမ်းလုံမြို့နယ်သို့ ပြောင်းရွှေ့သွားသောအခါ ဆရာဦးသွင်နှင့် ကိုညွန့်လှိုင်တို့ သီပေါမြို့နယ်တွင် ဆက်လက်ကျန်ရှိပါသည်။ ဆရာကတော်က ဂါထာလေးကို ပေးပြီးဖြစ်၍ ကိုညွန့်လှိုင်လည်းရနေပါပြီ။ သီပေါမြို့တွင် ကျွန်တော်တို့ ဒုတိယမြို့နယ်အရာရှိများနေရသောအိမ်မှာ . ရွှေကျောင်းရပ်ကွက်တွင်ရှိပါသည်။ ငါးပါးသီလဘုံကျောင်းနှင့်လည်းနီးပါသည်။

၁၉၈၇ ခုနှစ်ထဲတွင်ပင် ဖြစ်ပါသည်။

တစ်နေ့တွင် ကိုညွန့်လှိုင် ရုံးသွားရန် နေအိမ်မှ စက်ဘီးစီးပြီးထွက်လာပါသည်။ လမ်းထိပ်အနီးတွင် အလွန်ကြီးမားအုပ်ဆိုင်းဝေဆာနေသော ညောင်ပင်ကြီးတစ်ပင်ရှိပါသည်။ ညောင်ပင်အောက်ခြေကို အုတ်အင်္ဂတေတို့ဖြင့် ဝိုင်းပတ်ထားပါသည်။ ညောင်ပင်အနီးမှဖြတ်၍ ဆက်လက်သွားပါက မန္တလေး-လားရှိုးအဝေးပြေးလမ်းမကြီးကို ရောက်ပါသည်။ အဝေးပြေးလမ်းဖြစ်သည့်အလျောက် အမြန်မောင်းသောကားကြီးကားငယ်တို့ဖြင့် လမ်းတစ်လျှောက်ယာဉ်ရှုပ်ထွေးမှုရှိပါသည်။

ကိုညွန့်လှိုင်က ရုံးတွင်အရေးကြီးကိစ္စရှိသောကြောင့် အလျင်စလိုစက်ဘီးနင်းခဲ့၏။ ညောင်ပင်ကျော်လိုက်သောအခါ ရုံးလုပ်ငန်းကလည်း ခေါင်းထဲဝင်နေ၍ မြင်ကွင်းကွယ်သောနေရာမှ ကားလာ၊ မလာကို ဂရုမစိုက်တော့ဘဲ အားကုန်သုတ်၍ စက်ဘီးနင်းကာ လမ်းမကြီးကိုကျော်ဖြတ်လိုက်ပါသည်။

"ဟာ. . . ဟင်. . . ဟို"

"အောင်မလေး တိုက်ပြီ၊ တိုက်ပြီ"

အဝေးပြေး ဟိုင်းလတ်ကားက အရှိန်ဖြင့်မောင်းလာသည်။ ကိုညွန့်လှိုင်ကလည်း စက်ဘီးအရှိန်ဖြင့် လမ်းပေါ်ရောက်သွားစဉ်က ဘာလုပ်ရမှန်းမသိ။

သတိရ၍ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ လမ်းဘေးတွင် သူ့ကိုပွေ့ချီထားသူနှင့် ယပ်ခတ်ပေးနေသူတို့ကိုလည်းကောင်း၊ စိုးရိမ်စိတ်ဖြင့် ဝိုင်းကြည့်နေသူများ၊ လဲကျနေသော သူ့စက်ဘီးကို ပြန်ထူပေးသူ စသည်ကိုတွေ့ရသည်။ သူ့ကိုယ်သူဘာဖြစ်သွားမှန်းလည်းမသိ။ တစ်ကိုယ်လုံး ဘယ်ဒဏ်ရာမှလဲမရ။ ကားကလည်း မမြင်ရတော့သော အဝေးသို့ရောက်သွားပြီ ဖြစ်သည်။

ဝိုင်းကြည့်နေသူတစ်ဦးကပြန်ပြောပြသောအခါမှ စက်ဘီးနှင့်လမ်းပေါ်အရောက် ဟိုင်းလတ်ကားက တစ်ဟုန်ထိုးအလာ ဒရိုင်ဘာက ကားလက်ကိုင်ကို ကျွမ်းကျင်စွာကစားလိုက်သောအခါ တည့်တည့်မတိုက်မိဘဲ စက်ဘီးနှင့် ကားဘော်ဒီပွတ်ရုံလေးမျှသာဖြစ်ပြီး စက်ဘီးလဲကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

အဆိုပါဖြစ်ရပ်ကို ဆရာဦးသွင်က ပြန်ပြောပြသဖြင့် ကျွန်တော်သိရခြင်းဖြစ်ပါသည်။

"နောက်တစ်ယောက်ရှိသေးတယ်ဗျ။ မှတ်မိဦးမလား"

"မှတ်မှာပေါ့ ဆရာသွင်"

"နာမည်တော့မေ့နေပါပြီ။ သွားရင်းလာရင်း သိကျွမ်းနေတဲ့ ကားစပယ်ယာတစ်ယောက်ပါ။ သူ့ကိုလည်း ကိုညွန့်လှိုင်က သူရတဲ့ဂါထာကိုပွားပြီး ကုသိုလ်ပြုထားတာ။ သူလိုက်တဲ့ကားက ကုန်တင်ဟိုင်းလတ်ကားပါ။ ကားနောက်ခန်းတစ်ခုလုံး ကုန်အပြည့်။ ကားနဲ့ကုန်မဆံ့လို့ ဆံ့အောင် နောက်ပိတ်ကို မပိတ်ဘဲဖြန့်ချပြီး အဲဒီပေါ်မှာလည်းကုန်တွေထပ်တင်ထားတယ်။ နောက်ပိတ်ကို ကားနဲ့ဆိုင်းကြိုးချည်ထားတယ်။ ကားသွားတော့ ထုံးစံအတိုင်း စပယ်ယာ ကားနောက်ပိတ်ပေါ်တက်ရင်း ဆိုင်းကြိုးကို မြဲမြဲကိုင်ပြီးလိုက်ပါသွားရတာပေါ့လေ။ ဒါပေမယ့် မမြဲဘူးဗျ၊ ကံဆိုးချင်တော့ ကားသွားနေတုန်း နောက်ပိတ်ကို ချည်ထားတဲ့ဆိုင်းကြိုးက ပြတ်ရောဗျာ"

"ဟာ-ဒုက္ခပါပဲ။ ဘာဖြစ်သွားလဲဗျာ"

"ကားနောက်ပိတ်ပေါ် ထိထင်ထားတဲ့ကုန်တွေကြားထဲမှာ ခြေထောက်တင်ပြီး ဆိုင်းကြိုးကို မတ်တတ်ရပ်မြဲမြဲကိုင်နောက်ကားရှင်းတယ်၊ကားကြီးကိုကျော်တက်မယ် စသဖြင့်ပေါ့ဗျာ ဒရိုင်ဘာကြားအောင် အော်ပြောနေရာက ကိုင်ထားတဲ့ဆိုင်းကြိုးက ရုတ်တရက် ပြတ်ထွက်၊ နောက်ပိတ်က ကြိုးပြတ်တော့ အောက်ကိုလန်ကျ၊ ကုန်တွေပါလျှောကျ၊ ဒါပေမယ့် သူကအောက်ကိုကျမသွားဘဲ နောက်လန်ကျရမှာကိုမကျဘဲ ပြောင်းပြန်ဖြစ်ပြီး ရှေ့ကိုမှောက်လဲ၊ ရှေ့ကကုန်တချို့ပေါ်မှောက်လျက်ကျ။ ကုန်တွေကိုလက်နဲ့ ဖမ်းဆုပ်ကိုင်၊ အဲဒီလိုဖြစ်သွားတယ်ဗျ"

"ဘယ်လို. . . ဘယ်လိုဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဩော် - ကိုဝင်းမြင့်ကလည်း၊ သဘောမပေါက်ဘူးလား။ ကုန်တင်တိုင်းလတ်ကားပေါ် အဲဒီလိုလိုက်သွားကြည့်ပါလား။ သဘောပေါက်လိမ့်မယ်"

အရေးထဲ ဆရာက ရယ်သွမ်းသွေး၍ နောက်နေပါတော့သည်။

"ဟာ - မလုပ်ပါနဲ့ ဆရာရယ်။ ကြိုးပြတ်တာ နောက်ကိုလန်ကျပြီး ခေါင်းနဲ့ ကျောက်လမ်းမနဲ့ ညားသွားမှာပေါ့"

"ဩော်-ဟုတ်တယ်၊ ဂါထာအစွမ်းကြောင့်ထင်တယ်။ အခု အဲဒီလိုမဖြစ်ဘဲ ကြိုးလဲပြတ်၊ ရှေ့ကိုစိုက်လဲ၊ ကုန်တွေပေါ် မှောက်လျက်ကျ ကားအပြင်က လမ်းပေါ်မကျတာ မထူးဆန်းဘူးလားဗျာ"

"ဟုတ်ပ့ါ ဆရာရယ်၊ ဟုတ်ပ့ါ။ ဂါထာလေးက ယုံကြည်အားထားစရာကောင်းလိုက်တာနော်။ တကယ်ပါပဲ"

"ဂါထာဆိုတာ အစွမ်းထက်တာတော့မှန်တယ်။ ဒါပေမယ့် ရွတ်ဆိုဆောင်ယူသူမှာ ကိုယ်ကျင့်သီလမရှိရင် ရဘူးဗျ။ ကိုယ်ကျင့်သီလလည်းရှိမယ်။ ယုံကြည်စွာလည်း ရွတ်ဆိုဆောင်ယူရမယ်။ ရေးရင်လည်း ပီသစွာရေးရမယ်။ ရွတ်ဆိုရင်လည်း ပီသစွာရွတ်ဆိုရယ်။ ဒါဆိုရင်တော့ အစွမ်းထက်ပြီပေါ့ဗျာ"

ထိုအဖြစ်သနစ်တို့အပြင် ကျွန်တော့်တွင်လည်း ပြောပြစရာအတွေ့အကြုံတစ်ခုရှိနေပါသေးသည်။ဆရာမသိသေးပါ။

ဆရာနှင့် ဆရာကတော်တို့ထံမှ ထိုဂါထာလေးကို ရပြီးသောအခါ ကျွန်တော့်ဝါသနာအတိုင်း အလွတ်ကျက်လိုက်ပါတော့သည်။ မေ့သွားလျှင် ပြန်ကြည့်ရန် မှတ်စုစာအုပ်ထဲတွင် ရေးသွင်းထားရှိသော်လည်း စာအုပ်ကို အားမကိုးဘဲ အလွတ်ကျက်မှတ်လေ့ရှိပါသည်။ ကျွန်တော်ဂါထာရွတ်သောအခါ၌ အရေအတွက်ကို အဓိကမထားပါ။ တစ်ခေါက်တည်း ပီပီသသရွတ်ဆိုလေ့ရှိပါသည်။ အရေးကြီး၍ (၃) ခေါက်၊ (၅) ခေါက်၊ (၇) ခေါက်ရွတ်ဆိုရမည်ဆိုလျှင်လည်း မပီမသ အလျင်အမြန်ရွတ်ဆိုခြင်းမျိုးမပြုဘဲ ပီသထင်ရှားစွာသာ ရွတ်ဆိုလေ့ ရှိပါသည်။

၁၉၉၇ ခုနှစ်တွင် ဆောမြို့၌ ကျွန်တော်တာဝန်ကျပါသည်။ မြင့်မားမတ်စောက်သော တောင်တန်းကြီးများပေါ် ဖောက်လုပ်ထားသည့် တောင်ပေါ်ကားလမ်းမှာ မြေလမ်းသာဖြစ်ပါသည်။ ယခုလို လမ်းချော်များဖြစ်အောင် မပြုပြင်ရသေးပါ။ မိုးရွာလျှင် သွားလာရပိုခက်ပါသည်။ ကားဘီးများ ရွှံ့ကပ်ပြီး စလစ်ဖြစ်၍ ရှေ့ကိုရွှေ့လိုက် ဘေးကိုရွှေ့လိုက်ဖြစ်တတ်ပါသည်။

အရေးကြီးသော အလုပ်တာဝန်ရှိ၍ ကျောက်ထုမှ ဆောမြို့သို့ မိုးထဲလေထဲ ရွှံ့ဗွက်ထဲတွင် အပြေးအလွှားမောင်းလာခဲ့သော ကျွန်တော်တို့ဂျစ်ကားလေးမှာ တောင်ကြောအကွေ့တွင် ရုတ်တရက်ပေါ်လာသောကုန်ကားကြီးကြောင့် ညာဘက်ကို ကပ်ပေးလိုက်ရာ ရွှံ့များကြောင့် လမ်းလျှော်သွားပါသည်။ လက်ဝဲဘက်တွင် ကုန်းကမူကြီးတစ်ခု၊ လက်ယာဘက်တွင် ချောက်ကြီးတစ်ခု။ ကားကိုလက်ယာဘက်ကပ်လိုက်ရာတွင် ရွှံ့စေးများ၏ ချော်ထွက်မှုကြောင့် ညာဘက်ချောက်နှုတ်ခမ်းပေါ် ရောက်သွားသဖြင့် ကျွမ်းကျင်သော ယာဉ်မောင်းလေးက ကားကိုရပ်လိုက်ပါသည်။

ကျွန်တော်တို့က အောက်ကိုသေချာမကြည့်ဘဲ စိတ်အေးလက်အေးဖြစ်နေသော်လည်း တစ်ဖက်မှ ကုန်ကားမောင်းသူနှင့် ကားကြီးပေါ်ပါခရီးသည်သုံး၊ လေးဦးက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ကျွန်တော်တို့ကားလေး၏ဘီးများကိုကြည့်၍ အော်ဟစ်သတိပေးပါတော့သည်။ ထိုအခါမှ ကျွန်တော့်ညာဘက်ဘေးနှင့် အောက်သို့ကြည့်လိုက်ရာ ကားညာဘက်တစ်ခြမ်းလုံး လေထဲတွင် ရောက်နေပါသည်။

ဘယ်ဘက်ဘီးများသာ လမ်းကမြေပေါ်တွင်ရှိနေပါသည်။ ထိုအတိုင်းသာဆိုလျှင် ကျွန်တော်တို့ကားလေး ချောက်ထဲကျသွားဖွယ်ရာအကြောင်းရှိပါသည်။ ချောက်ထဲကျ၍ ကျွန်တော်တို့အားလုံး အသက်ပျောက်သွားမည်သာဖြစ်ပါသည်။ ယခုမူ ညာဘက်တစ်ခြမ်းလေထဲတွင်ရှိပြီး ဘာကြောင့် ချောက်ထဲမကျသနည်း။ ချောက်နှုတ်ခမ်းထိပ်နှင့် ချောက်ထဲ၌ ပေါက်ရောက်နေသော ဝါးရုံပင်ကြီးများနှင့် သဘာဝနွယ်ကြိုးကြီးများကြောင့် အန္တရာယ်ကင်းသွားခြင်းဖြစ်ရပါတော့သည်။

ကျွန်တော်အတော်ကြောက်သွားပါသည်။ အသည်းယားသွားပါသည်။ ကားမှာ လေအတိုက်တွင် ဝါးရုံပင်များလှုပ်ယမ်းတိုင်း ညွတ်ပဲ့ညွတ်ပဲ့ဖြစ်နေပါသည်။ ဒရိုင်ဘာလေးကလည်း ကား၏ဘယ်ဘက်ခြမ်းမှာဖြစ်၍ ကားပေါ်မှ လမ်းပေါ်သို့ အသာအယာဆင်းလိုက်ပါသည်။ နောက်ခန်းမှ ကျွန်တော့်ရုံးဝန်ထမ်းတပည့်နှစ်ယောက်လည်း ဘယ်ဘက်ဘေးသို့ အသာဆင်းလိုက်ကြပါသည်။

ကျွန်တော်ဆင်းမည်ပြုသောအခါ အတော်ကလေး သတိထားရပါသည်။ ကျွန်တော်က ကားညာဘက်ရှေ့ခန်းမှာ ထိုင်နေခြင်းဖြစ်၍ ညာဘက်ဘေးထိုင်နေရာက ဘယ်ဘက်က ဒရိုင်ဘာထိုင်ခုံသို့ ဖြည်းဖြည်းချင်း ညင်သာစွာရွှေ့ရပါသည်။ နေရာရွှေ့တိုင်းလည်း ကားက လှုပ်လှုပ်လှုပ်လှုပ်ဖြစ်နေပါသည်။ အဌာန မေတံကိုရွတ်ဆိုရင်း ရွှေ့လာပြီးနောက် ဒရိုင်ဘာထိုင်ခုံသို့အရောက် ထိုမှ ထိုင်ခုံအစွန်းအထိရောက်လာပြီး လမ်းပေါ်သို့ ဆင်းလိုက်ရပါသည်။

မြေကြီးပေါ်ရောက်မှ ညာဘက်ဘေးကို ကြည့်လိုက်ရာ ဝါးရုံပင်ကြီးတွေ အလွန်ထူထပ်စွာရှိသောကြောင့် ချောက်ထဲသို့ ကားကျမသွားခြင်းဖြစ်ကြောင်း သဘောပေါက်ရပါတော့သည်။

ဆရာဦးသွင်နှင့် ဆရာကတော်ဒေါ်သန်းဆွေတို့ထံမှ ဂါထာရပြီးကတည်းက အကြောင်းရှိရှိ၊ မရှိရှိ နံနက်အိပ်ရာထ၊ ဘုရားကန်တော့ပြီးတိုင်း ပီပီသသ တစ်ခေါက်ရွတ်ဆိုပါသည်။ အခြားဂါထာများကိုလည်း ရွတ်ဆိုပါသည်။ ခရီးသွားမည်ဆိုလျှင် ခရီးစထွက်လျှင် တစ်ခေါက်ကို လေးနက်ပီသစွာ ရွတ်ဆိုပါသည်။ ရွတ်ဆိုပြီးလျှင်ယုံကြည်မှုရှိရပါမည်။ ရမှရပ့ါမလား၊ စွမ်းမှစွမ်းပ့ါမလားဟု စိတ်မခိုင်မခံ့မဖြစ်ရပါ။ အခက်အခဲအန္တရာယ်တွေ့လျှင် အရေအတွက်အဓိကမထားဘဲ အချိန်ရလျှင် ရသလောက် ရွတ်ဆိုရမည်။ ပီပီသသ ရွတ်ဆိုရန် အရေးကြီးပါသည်။ စိတ်ထဲက ရွတ်ဆိုလျှင်လည်း စိတ်ထဲမှာပင် ပီပီသသရွတ်ဆိုရပါမည်။ ယုံကြည်မှုရှိမှ အစွမ်းထက်ပါသည်။ ဘဝင်ကျသွားမှ အစွမ်းထက်ပါသည်။ သူတော်ကောင်းတရားရှိမှ အစွမ်းထက်ပါသည်။

**အဋ္ဌာနမေတံဂါထာတော်**

- အဋ္ဌာန မေ တံ ဘိက္ခဝေ·အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။

*အန္တရာယ်ဘေးကင်းဝေးကြပါစေ*

တက္ကသိုလ်ဝင်းမြင့်



www.burmeseclassic.com


www.burmeseclassic.com

# နတ်ထီးလှိုင်

# ထိပ်တန်းလျှို့ဝှက် ဓာတ်တော်တိုက်



ဓာတ်တော်တိုက်ပတ်လည်ဥယျာဥ်ပန်းခြံကြီး



အဇာတသတ်၏ဓာတ်တော်တိုက်ရှေ့စာရေးသူ၏အမှတ်တရ

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီး ဒေါဏပုဏ္ဏား ဝေခြမ်းပေးလိုက်သော ရှစ်ပြည်ထောင်မင်းတို့၏ ဓာတ်တော်စေတီများအနက် အဇာတသတ်မင်းလည်း စေတီ (၁) ဆူ တည်ထားခဲ့ပါသည်။ သို့သော် အဇာတသတ်မင်းမှာ ကျန်ဓာတ်တော် (၇) ပြည်အတွက် စိုးရိမ်လွန်း၍ အရှင်မဟာကဿပကြီးနှင့် သီးသန့်တိုင်ပင်ခဲ့ပါသည်။

သင်္ဂါယနာတင်ပွဲပြီးသော် အရှင်မဟာကဿပသည် အနာဂတံသဉာဏ်ဖြင့်ဆင်ခြင်၍ ဓာတ်တော်တို့၏အန္တရာယ်ကိုမြင်၍ အဇာတသတ်မင်းနှင့် တံခါးပိတ်တွေ့ဆုံခဲ့ပါသည်။ ဓာတ်တော်များသိုမှီးရေးကို အဇာတသတ်မင်းကတာဝန်ယူပြီး ဓာတ်တော်များဆောင်ကြဉ်းရန် ရှင်မဟာကဿပက တာဝန်ယူပါသည်။

ရှင်မဟာကဿပသည် တန်ခိုးတော်ဖြင့်ကြွပြီး ခုနစ်ပြည်ထောင်မင်းတို့တည်ပြီးသော စေတီအတွင်းဝယ် ကိုးကွယ်လောက်ရုံ အနည်းငယ်မျှသာ ခြွင်း၍ ကျန်ဓာတ်တော်များကို ဆောင်ယူခဲ့ပါ၏။ ရာမရွာရှိ ဓာတ်တော်တစ်စုံကို နဂါးတို့စောင့်ရှောက်သောကြောင့် ချန်လှပ်ခဲ့သည်။

ရာဇဂြိုဟ်ပြည် မြို့၏အရှေ့တောင်ကုန်းမြင့်မောက်ရာတွင် ရပ်ပြီး မညီမလှသောကျောက်တို့ ကွယ်ပျောက်စေ၊ မြေမှုန့်သက်သက်သာဖြစ်စေ၊ တူး၍ နက်သော်လည်း ရေမထွက်စေဟု အဓိဋ္ဌာန်တော်မူပါသည်။ အဇာတသတ်မင်းလည်း ထိုနေရာကိုတူးစေပြီး တူးရွှင်းစာမြေကို အုတ်လုပ်စေ၏။ တွင်း၏ထက်ဝန်းကျင်ပဟ်ပတ်လည်တွင် (၈၀) သော မဟာသာဝကစေတီကို စီမံတည်ထားပါသည်။

ဓာတ်တော်များထားကြောင်းကို မည်သူမျှမသိစေခြင်ငှာ သာဝက (၈၀) ၏စေတီကို တည်လုပ်ပါ၏။

□ ဓာတ်တော်တိုက်ဗိသုကာ

အတောင် (၆၀) အနက်တွင် သံပြားခင်းစေ၏။ သံပြားပေါ်တွင် သီဟိုဠ်ကျွန်း ထူပါရုံစေတီခန့်ရှိသော ကြေးနီကျောင်းကို ဆောက်စေသည်။ ကြေးနီကျောင်းအတွင်း သာယာစွာခင်းကျင်းပြီးသော် ဓာတ်တော်တို့ကို စန္ဒကူးကြုတ် (၈) လုံး၌သွင်း၏။ ၎င်းအထက်၌ ရွှေကြုတ်၊ ငွေကြုတ်မှမ်းမံပြီး ရတနာ (၉) မျိုးကျောက်တို့ကိုထွင်း၍ အထပ်ထပ်သွင်းပြီးမှ အပေါ်က ပတ္တမြားပြောက်ကျောက်ကိုစေတီပြုထား၏။

ထိုစေတီပေါ်တွင် ရွှေကျောင်း၊ ငွေကျောင်း၊ ဖန်ကျောင်းတို့ကိုဆင့်ကာဆင့်ကာပြုလုပ်စေပါသည်။ အပြင်ဆုံးကြေးပြာသာဒ်တိုင်အောင် အထပ်ပေါင်း (၁၆၀) ရှိပါ၏။

ဓာတ်တော်ဌာပနာတိုက်၌ ရတနာဖြင့်ပြီးသောသဲတို့ကို ကြဲဖြန့်၍ ရေပန်း၊ ကြည်းပန်းမျိုးစုံခင်းထား၏။ နံပါးရှစ်ဖက်တို့တွင် (၅၅၀) ဇာတ်ရုပ်၊ သုဒ္ဓေါဒနမင်း၊ သိရီမဟာမာယာ၊ ဖွားဖက်တော်သားတို့၏အရုပ်များကို ရွှေအတိဖြင့်သွန်းလုပ်ကာထည့်ထားခဲ့သည်။ ၎င်းတို့အကြားတွင် ရွှေတံခွန် (၅၀၀) ငွေတံခွန် (၅၀၀) ရွှေမြူတာ၊ ငွေမြူတာ (၅၀၀) ရွှေဆီမီးတိုင် (၅၀၀)၊ ငွေဆီမီးတိုင် (၅၀၀) နံ့သာဆီမီးတို့ကိုလည်း တညီတည်း ပူဇော်ပါ၏။ အထုံအခိုးမွှေးမျိုးအဝေါင်းကိုလည်း ကြဲဖြန့်ထားသေး၏။

ရှင်မဟာကဿပလည်း မွေးကြူလှသော ကြာညိုပန်းကိုစိုက်ပြီး အဓိဋ္ဌာန်ပုံမှာ -

"ဤပန်းသည် ဓမ္မာသောကမင်းတိုင်အောင် မညှိုးစေ၊ နံ့သာခိုးရနံ့များမပြယ်စေ၊ ဆီမီးမငြိမ်းစေ"

ဟူ၏။

ရွှေပေ၌လည်း 'ပိယဒါသမင်းသားသည် အသောကအမည်ခံကာ ဤဓာတ်တော်တို့ကိုယူ၍ ပြန့်နှံ့စေရန် လုံ့လပြု

www.burmeseclassic.com

www.burmeseclassic.com

သတ္တဲ့.' ဟု ရေးထားစေသည်။

အဇာတသတ်မင်းလည်း အလုံးစုံသောတန်ဆာတို့ကို ပူဇော်ပြီးမှ တံခါးဝတို့ကို အစဉ်အတိုင်းပိတ်လျက် အပေါ်ဆုံးကြေးနီတံခါးတွင် မင်းတုပ်ကြီးကိုဖွဲ့၍ (၂၄) ကုဋေတန်ပတ္တမြားကို တံခါးဝ၌ထား၏။

'နောင်တွင် မင်းဆင်းရဲသည် ဤပတ္တမြားကိုယူပြီး ဓာတ်တော်များကို ပူဇော်စေ' ဟု ရေးထားခဲ့ပါသည်။

ကြောက်မက်ဖွယ်ယန္တရားစက်ကို ထားပြီးမှ အထက်၌ကျောက်ဖျာကြီးဖြင့် ပိ၍ မြေမှုန့်တို့ကိုဖို့စေ၏။ ၎င်းအပေါ်မှ ကျောက်စေတီကိုပြုထား၏။ ဓာတ်တော်များကို ကောင်းမွန်စွာ သိုမှီးပြီးသော် အရှင်မဟာကဿပလည်း သက်တော် (၁၂၀) တွင် ပရိနိဗ္ဗာန်လွန်တော်မူ၏။

□ဓာတ်တော်တိုက်ဖော်ယူသောမင်း

သာသနာနှစ် ၂၂၀ တွင် ပါဋလိပုတ်ကို နေပြည်တော်ပြု၍ သီရိဓမ္မာသောကမင်းကြီး စိုးစံ၏။ မင်းကြီးသည် မြတ်ဗုဒ္ဓ၏တရားတော်များကို ကြည်ညိုလွန်း၍ ဓမ္မက္ခန္ဓာကိုရည်၍ စေတီများတည်လိုပါသည်။ သံဃာတော်များကို မေးရာ အဇာတသတ်မင်းကြီး၏ 'ထိပ်တန်း လျှို့ဝှက် ဓာတ်တော်တိုက်' အကြောင်းကြားရ၏။

"ဓာတ်တော်တိုက်ကို သိသူသည် အသပြာထောင်ထုတ်ယူလေ'

ဟု ဆင်ဖြင့်လည်စေသည်။

(၇) ရက်လည်သောနေ့တွင် ရဟန်းမိန်းမတစ်ပါးက သိကြောင်းဆိုလာ၏။ ၎င်းရဟန်းမိန်းမက (၇) နှစ်အရွယ် သာမဏေမဖြစ်စဉ်က ဆရာနှင့်ဆိမ်း၊ ပန်းနံ့သာကိုင်၍ ပူဇော်ရှိခိုးဖူးသည်ဟုပင့်မေးစဉ်ပြော၏။

□ တူးဖော်စဉ်မြင်တွေ့ရပုံများ

သီရိဓမ္မာသောကမင်းကြီးလည်း ရဟန်းမိန်းမပြောသော စေတီနေရာကိုသိလျှင် သွား၍တူးစေသည်။ ကျောက်အင်္ဂတေအမိုးကိုမြင်၍ထုတ်ငင်ရ၏။

ထို့နောက် အုတ်ကြွပ်အမိုး၊ ထို့နောက်သံအမိုး၊ ထို့နောက် ကြေးဖြူအမိုး၊ ကြေးနီအမိုး၊ သလွဲဖြူအမိုး၊ သလွဲညေးအမိုးတို့ကိုလည်း အစဉ်အတိုင်းထုတ်ယူစေ၏။ အမိုးများကုန်လျှင် ရတနာပြာသာဒ်၏ တံတိုင်း (၇) ထပ်အတွင်း ယန္တရားစက်ရုပ်တို့ကိုမြင်ကြ၍ ရှင်သပ်လက်တီးချီးမွမ်းအံ့သြကြလျက် တစိုက်မတ်မတ်ကြည့်မျှော်လျက်သာနေကြကုန်၏။

ဝင်းဝင်းညီသား ဓားလှံသန်လျက်ကိုဆွဲငင်လျှက် အသက်ရှင်လူကဲ့သို့ပြေးလွှားနေသည် ဟူ၏။

နောက်မှ အကြံရကာ ယန္တရားကို ဖျက်နိုင်သူများအားရှာစေ၏။ ဆင်ကျောကုန်းထက်မှ အသပြာတစ်ထောင်ထုပ်ကို ယန္တရားစက်တပ်ဆင်ဆရာ၏သားမြေးများကသိမ်းယူပြီး မင်းကြီးထံသွားကြ၏။ မင်းကြီးလည်း ထိုသူတို့ကိုတွေ့လျှင် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အသပြာတစ်ထောင်ပေး၍ ယန္တရားစက်ကိုဖျက်စေ၏။ ထို့နောက်မှ မြေကိုတူး၍ တံတိုင်း (၇) ထပ်တို့ကို အစဉ်အတိုင်းပယ်ရှားလျက် ရဟန်းသံဃာပါသမျှဖူးမြော်စေ၏။ မှူးမတ်ပရိသတ်နှင့်တကွ ဓာတ်တော်ပြာသာဒ်ကို လက်ယာရစ် (၃)ကြိမ်လှည့်၍ ဖူးမြော်လေလျှင် ရှင်မဟာကဿပ ထွန်းခဲ့သော ဆီမီး (၄) တိုင်ထွန်းလင်းလျက်ရှိကြောင်း အံ့သြဖွယ်တွေ့ကြပါသည်။ ပြာသာဒ်တွင်းသို့ဝင်၍ ရွှေစင်အတိပြီးသောမြင်းရုပ်ကို ယန္တရားအကျဉ်(သော့)ဖြင့်ဖွင့်သော် ဓာတ်တော်များကို မြင်ကြရ၏။

ဓာတ်တော်တို့သည် ဝဇီရစိန်ကဲ့သို့ ထွန်းတောက်လျက်တည်၍ (၇)ရက်ပတ်လုံးပွဲကြီးခံ၍ ပူဇော်ချီးမြောက်ပါသည်။ ပြီးမှ ပြာသာဒ်၊ မြင်းရုပ်တို့ကို ထုတ်၍ ကောင်းစွာ သုတ်သင် ဆင်ယင်ပြီးသော် တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ဖြင့် စီရင်လျက် မြို့တွင်းသို့ဝင်ကာ ပြာသာဒ်ဦးကင်း၌ထားတော်မူ၏။

ရာဇဂြိုဟ်မှ ပါဋလိပုတ်(ပတ္တနား) မြို့သို့ ဓာတ်တော်များယူပြီး ပြန်ခဲ့ပါသည်။ (၉၆) ကုဋေကို အမတ်တို့ကို အပ်၍ ရှစ်သောင်းလေးထောင်သောမြို့တို့၌ စေတီတစ်ဆူစီတည်၊ ကျောင်းလည်း တစ်ဆောင်စီဆောက်စေ၏။

တန်ခိုးကြီးသော 'ဣန္ဒဂုတ္တ' မည်သောရဟန္တာကို တောင်းပန်၍ ကျောင်း၊ စေတီတို့ကို ပြီးစေပါသည်။ စေတီများကိုတည်ရာတွင် လကို ရာဟုဖမ်းသည့်နေ့တွင် ပန္နက်ချစေ၏။ (၆) လကြာလျှင် လကို ရာဟုဖမ်းသည့်နေ့တွင် တစ်ပြိုင်နက်ပြီးစေပါသည်။

□(၂၁) ရာဇမြေပုံ

ရှေးခေတ် ရာဇဂဟ (ရာဇဂြိုဟ်မြို့) သည် ဗိဟာရ်ပြည်နယ်၏ မြို့တော်ပတ္တနား ပါဋလိပုတ်မြို့မှ အရှေ့တောင်ဘက် ကီလိုမီတာ (၉၀) ဝေးသောအရပ်တွင် ရာဇဂိရိ (Rajgir) ဟူသော အမည်နှင့် ထင်ရှားရှိနေပါ၏။ ဝိနည်းနှင့်သုတ္တန်ပိဋကတ်တော်များတွင် 'ရာဇဂဟ' (ရာဇဂြိုဟ်) အမည်ကို (ဂိရိဗ္ဗဇအမည်ဖြင့် ၆ ကြိမ်) အကြိမ် ပေါင်း (၆၀၁) ကြိမ်ဖော်ပြထားပါသည်။

ဗိဟာရ်ရှရစ်မြို့မှ အနောက်တောင်ဘက် (၂၁) ကီလိုမီတာအကွာတွင် တည်ရှိနေ၏။

ဓာတ်တော်တိုက်မှာ အတွင်းတံတိုင်း၏အလယ်ခန့်တွင် တည်ရှိနေပါသည်။ ရွှေအိုး(၇)လုံးအဖွဲ့မှ ပို့ဆောင်၍ ရောက်ရှိသွားသော ဓာတ်တော်တိုက်နေရာမှာ ပန်းခြံလုပ်ထား၏။ ရှေးဟောင်းသုတေသနမှ အသိအမှတ်ပြုဆိုင်းဘုတ်ထောင်ထားသည်။ ၎င်းဌာနက ပြုပြင်ထိန်းသိမ်းထားသည့်ပုံမှာ ဓာတ်ပုံတွင်မြင်ရသည့်အတိုင်း ဖြစ်၏။ အဝိုင်းကြီးပေါ်တွင် အမိုးတင်ထား၏။ တွင်းထဲဆင်းကြည့်ရာ ငုံ့ဝင်ရပြီး မှောင်မည်းနေ၏။ သဲကွဲစွာမမြင်ရဘဲ မြေသားအုတ်ကျိုးပိုင်းစများသာ။ အဝင်ဝကို သတိထားပြီးငုံ့ထွက်ခဲ့ရ၏။

ကျမ်းဂန်လာပုံများနှင့် တခြားစီပင်။ အဇာတသတ်နှင့်သီရိဓမ္မာသောကမင်း၏ နှစ် (၂၀၀) ကျော် ကွာခြားပြီးတွေ့ရှိသည့်နေရာကား အုတ်ကျိုးတွင်းကြီးသာသာ။ နှစ်ပေါင်း (၂၄၀၀) ကျော်ခဲ့ပြီးမှ ပြန်လည်တွေ့ရှိခဲ့သတတ်။

ဤနေရာတွင် သိုက်တူးပုံများနှင့်ဆင်တူနေ၏။ အဇာတသတ်၏ဓာတ်တော်သိုက်ကို အသောကမင်းကတူးခဲ့သည့်ဇာတ်လမ်းပင်။ သို့သော် ဓာတ်တော်သွင်းရာပုံစံတွင် ရွှေမြင်းရုပ်နှင့် စန္ဒကူးကြုတ် (၈) လုံးဟု ကွဲပြားခြားနားနေ၏။ အသောကမင်းတူးဖော်တွေ့ရှိပုံကို မှတ်တမ်းတင်သူကတစ်ဦးဖြစ်မည်။

ကျီးသဲလေးထပ်ဆရာတော်ကြီးက ဇိနတ္ထပကာသနီတွင် ၎င်း (၂) ခုလုံးကို ပေါင်းရုံးစုထည့်ထား၏။ အဇာတသတ်မင်းက စန္ဒကူးကြုတ် (၈) လုံးတွင် ဓာတ်တော်သွင်းသည်။ အသောကမင်းတွေ့တော့ ရွှေမြင်းရုပ်ကြီးအတွင်းဖြစ်နေပြီ။ မည်သည်က အမှန်ဟုမသိချေ။ သို့သော် ထိပ်တန်းလျှို့ဝှက်ဓာတ်တော်တိုက်နေရာကိုကား မျက်မြင်ဒိဋ္ဌ ရောက်ရှိလေ့လာခဲ့ရချေပြီတကား။

နတ်ထီးလှိုင်

www.burmeseclassic.com

**❑ ကျောက်ဈေးများပြန်ကောင်းလာခြင်း**

ဂျပန်တို့ အုပ်ချုပ်နေစဉ်အတွင်း မိုးကုတ်ပတ္တမြားမြေ၏ အဓိကထွက်ကုန်ဖြစ်သော ကျောက်နီပတ္တမြား၊ ကျောက်ပြာနီလာတို့သည် အဓိကဝယ်လက်ဖြစ်သော အင်္ဂလိပ်ကျောက်ကုမ္ပဏီတို့မရှိတော့၍ ရောင်းရန်ဈေးကွက်လုံးဝမရှိကြတော့ပေ။

ဆန်စပါး လုံးဝမထွက်ရှိသော မိုးကုတ်ပတ္တမြားမြေရှိလူတို့သည် အရေးအကြီးဆုံး စားရေးကို ဦးစားပေးကြရရာ သပိတ်ကျင်း၊ မိုးမိတ်၊ မိုင်းလုံ၊ မတ္တရာ၊ ကုလားကွဲအထိပင် သွားရောက်ကြပြီး စားကုန်တို့ကို ခြေကျင်ထမ်း၍သယ်ယူကြရ၏။ (ထိုအဖြစ်တို့ကို ရှေးလူတို့က ပြော၍မဆုံးပေ။)

၁၉၄၅ ခုနှစ်၊ ဇန်နဝါရီလဆန်းစ၌ ဂျပန်တို့သည် စစ်ရေးအခြေအနေမလှကြောင်းသိ၍ အထူးဂရုစိုက်နေထိုင်ရစဉ် မိုးကုတ်မြို့သူမြို့သားတို့မှာ အေးအေးဆေးဆေးပင်ရှိကြလေသည်။ စစ်ရေးအခြေအနေအား နားမလည်ကြပါ။ ထိုအခါ ဂျပန်စစ်ဗိုလ်တို့မှ စစ်ရေးအခြေအနေမကောင်းသဖြင့် လုံခြုံရာရွှေ့ပြောင်းနေထိုင်ကြရန်သတိပေးသော်လည်း စစ်ရေးအတွေ့အကြုံ ဆိုးဆိုးရွားရွားမကြုံဘူးသေးသောကြောင့် အေးဆေးစွာပင် ရွှေ့သူရွှေ့၊ မရွှေ့သူမရွှေ့ဖြင့်ဖြစ်နေကြလေ၏။

၁၉၄၅ ခု၊ ဇန်နဝါရီ ၂၄ ရက်နေ့တွင်မူ မဟာမိတ်လေယာဉ်ပျံတို့သည် မိုးကုတ်မြို့သို့ ပထမဦးဆုံးအကြိမ် ဂျပန်တို့ကိုတိုက်ခိုက်သောအနေဖြင့် ဂျပန်များရှိမည်ထင်သောနေရာတို့အား ဗုံးကြဲတိုက်ခိုက်လေ၏။

ပထမသော် လေယာဉ်တို့အား အထူးအဆန်းလုပ်၍ ကြည့်ကြသော်လည်း သေမင်းတမန်ဗုံးများကြဲချခြင်း၊ စက်သေနတ်ဖြင့် ပစ်ခတ်ခြင်းပြုမှသာ ပြေးလွှားပုန်းရှောင်ကြပါသည်။ စစ်၏အနိဋ္ဌာရုံကို မိုးကုတ်သားတို့ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရခြင်းဖြစ်ပြီး လူသူများ သေကျေပျက်စီးခြင်း၊ မြို့ပြအဆောက်အအုံများမီးလောင်ပျက်စီးဆုံးရှုံးခြင်းကို ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

အင်္ဂလိပ်တို့၏မဟာမိတ်လေယာဉ်တို့သည် မကြာမကြာလာရောက်တိုက်ခိုက်ကြလေ၏။ မြို့ပြမှလူတို့လည်း တောသို့ပြေးကာ သဘာဝအလျောက်ဖြစ်ပေါ်နေသော ကျောက်ဂူလိုဏ်ခေါင်းများ၌ ပုန်းအောင်းနေထိုင်ကြရလေ၏။

၁၉၄၅ ခု၊ မတ်လ ၁၉ ရက်နေ့တွင် အထက်မြန်မာပြည်ဖြစ်သော မြစ်ကြီးနား၊ ဗန်းမော် စသော မြို့များအားတိုက်ခိုက်သိမ်းပိုက်ပြီးသော အင်္ဂလိပ်မဟာမိတ်တပ်များမှ အမှတ် (၁၄) အင်္ဂလိပ်တပ်ကြီးသည် မိုးကုတ်မြို့သို့ ချီတက်လာကာ သိမ်းပိုက်လိုက်ကြလေ၏။ ဂျပန်တို့သည် အောက်ဘက်သို့ ဆုတ်ခွာသွားကြလေ၏။

အင်္ဂလိပ်တို့ ရောက်လာသည်နှင့် ပထမဆုံးအုပ်ချုပ်ရန်ခန့်အပ်ခြင်းခံရသော မြို့နယ်အရာရှိမှာ မစ္စတာရေးနိုး ဖြစ်

# နေပြည်တော်ကျော်ကျော်စိုး
## မြကျောက် ၆





www.burmeseclassic.com

www.burmeseclassic.com

သည်။ အင်္ဂလိပ်တို့အုပ်ချုပ်သည်နှင့် ...တ်ကုန်သည်များလည်း ပါလာကြ ...တျောက်အရောင်းအဝယ် ပြန်လည် ...တ်ဝင်လှုပ်ရှားလာသဖြင့် ပုန်းအောင်း ...သူတို့မှာ မိမိတို့အိမ်ပြန်၍ကျောက် ...တူးကြလေတော့၏။ သို့နှင့်ပင် အင်္ဂ...ဝယ်လက်တို့ကြောင့် ကျောက်ဈေး ပြန်လည် ဦးမော့လာပြန်တော့၏။

သို့သော် ဂျပန်တို့အုပ်ချုပ်စဉ် အတွင်း စားစရာနှင့် အဝတ်အထည် အသုံးအဆောင်ရှားပါးခဲ့ရာ မိုးကုတ်သားတို့သည် ငွေကြေးထက် စစ်ရိက္ခာ၊ စစ်ဝတ် စသော စစ်အသုံးအဆောင်တို့ဖြင့် လဲလှယ်ကြလေ၏။

မြစ်ကြီးနား၊ ဗန်းမော် စသော အထက်မြန်မာပြည်၌ တပ်စွဲထားကြသော အင်္ဂလိပ်၊ အမေရိကန် စသော မဟာမိတ်စစ်တပ်များမှ စစ်ဗိုလ်တို့သည် ပတ္တမြားတို့ကို လွန်စွာမြတ်နိုးနှစ်သက်ကြသဖြင့် ကားလမ်းမှ ကားဖြင့်တစ်မျိုး၊ လေယာဉ်ဖြင့်တစ်သွယ် တကူးတက



www.burmeseclassic.com

www.burmeseclassic.com

မိုးကုတ်ပတ္တမြားမြေကို လာရောက်လည်ပတ်ကြည့်ရှုလေ့ရှိကြသည်။ ထိုခေတ်က မိုးကုတ်မြို့လယ်ရှိ ဗလီကွင်းကြီးသည် လေယာဉ်ငယ်လေးများဆင်းသက်ရာနေရာဖြစ်ခဲ့ပါသည်။ ထိုသို့လာလည်ပါက မိမိတွင်ပါသမျှ ငွေကြေးနှင့် အသုံးအဆောင်တို့ကို ပတ္တမြားနှင့် လဲလှယ် ယူဆောင်သွားလေ့ရှိကြရာ ကျောက်ဈေးပြန်ကောင်းလာသည်ဟုဆိုရပေမည်။

ဂျပန်ခေတ်တွင်ဖွဲ့စည်းထားသော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဗမာ့တပ်မတော်အပေါ်တွင်လည်း ဂျပန်တို့က လုံးဝအယုံအကြည်မရှိတော့ရာ မတ်လ ၂၇ ရက်နေ့မှစ၍ ဂျပန်တို့ကို စတင်တော်လှန်လေ၏။

မဟာမိတ်တပ်များမှလည်းကောင်း၊ မြန်မာ့မျိုးချစ်တပ်မတော်မှလည်းကောင်း စုပေါင်းတွန်းလှန်မှုကြောင့် ဂျပန်တို့ ကျဆုံးခြင်းများစွာဖြင့် ပြန်လည်ဆုတ်ခွာသွားခဲ့တော့၏။ သို့နှင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ တနင်္ဂနွေနေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်၍လာပါသည်။

**ဦးနုအစိုးရလိုင်စင်ခေတ်**

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် အခြားအာဇာနည်ကြီးများနှင့်အတူ ဂဠုန်ဦးစော၏လက်ပါးစေတို့လုပ်ကြံမှုကြောင့် ကျဆုံးသွားရရာ အောင်ဆန်း-အက်တလီစာချုပ်မှသည် နု-အက်တလီစာချုပ်သို့ ပြောင်းလဲချုပ်ဆိုရ၏။

ထို့ကြောင့် လွတ်လပ်ရေးရသောအခါ ဦးနုသည် ဝန်ကြီးချုပ်ဦးနုဖြစ်လာခဲ့၏။ ထိုဦးနုအုပ်ချုပ်သောခေတ်အား ပါလီမန်ဒီမိုကရေစီခေတ်ဟုခေါ်ကြလေ၏။ အချို့ကလည်း ဦးနုအစိုးရခေတ် ဟုခေါ်ကြပါသည်။

မြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်မူ မိုးကုတ်ပတ္တမြားမြေမှ ကျောက်တွင်းများအား အင်္ဂလိပ်လက်ထက်ကကဲ့သို့ပင် လိုင်စင်ဖြင့် တူးဖော်ခွင့်ပြုခဲ့ပါသည်။

ထိုအခါ ခေတ်ပျက်စဉ်က နားထားခဲ့ရသော ကျောက်တွင်းသူဌေးတို့၏ ကျောက်တွင်းများသည် ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့ကြရပါသည်။

ထို့အပြင် အမြင်ကျယ်သူတို့သည် လိုင်စင်ခံကာ ကျောက်တွင်းများ တူးဖော်ကြလေ၏။ ထိုသို့ နေရာသစ်များရှာဖွေ၍ လိုင်စင်ခံကာ တူးဖော်ကြရာတွင် ဘိန်းစားကြီးဦးနိုးတူးမှုတစ်ဆင့် ပျံ့လွင့်ထွက်သွားသောသတင်းကြောင့် ဦးအောင်၏ ကျောက်ကြောတွေ့ခဲ့ရာ ပေါ်တော်မူတောင်တန်းအား သူဌေးတို့မှ လိုင်စင်တင်ကာ မျှောတိုက်၍ကျောက်ကြောရှာကြလေ၏။

ထိုသူဌေးတို့မှာ မိုးကုတ်မြို့ ရှမ်းတောရပ်မှ သူဌေးဦးဘမို၊ ကျောက်ပြဿဒ်အရှေ့ရွာမှ သူဌေးဦးဖိုးစိန်၊ ကျောက်ပြဿဒ်မှ ဦးထွန်းဝင်း၊ မိုးကုတ် ရှမ်းတောရပ်မှ သူဌေးဦးအိုစသောသူဌေးတို့ ဖြစ်ကြလေ၏။

ထိုတောင်ကြောပေါ်သို့ မျှောတိုက်ရန်ဟူသည်မှာ လွယ်ကူသည် မဟုတ်ပါ။ မျှောတိုက်ရန် သံပိုက်၊ သွပ်ပိုက်များဖြင့် ရေတင်ရပါသည်။ ဦးစွာ တွင်းဆရာတို့မှ ထိုတောင်ထက်မြင့်သောနေရာမှ ရေကြည်ထွက်ကိုရှာပြီး ထိုရေကြည်ကို ကန်ဆည်းကာ ကန်မှနေ၍ ပိုက်တို့ဖြင့် မျှောတိုက်မည့် ပေါ်တော်မူတောင်ပေါ် အရောက် ရေပိုက်လိုင်းများဆွဲရပါသည်။ ရေထွက်ကန်မှ ကန်၏ဖိအားဖြင့် ရေတို့ ပေါ်တော်မူတောင်သို့ ရောက်သဖြင့် အဆင်ပြေကြလေ၏။

ဆင်ခွာရွာသည် ကျောက်ပြဿဒ်ရွာ၏မြောက်ဘက်ကုန်းမြင့်တွင် တည်ရှိကာ ထိုရွာဝန်းကျင်၏ ချောင်းမြောင်းရေထွက်တို့သည် မြင့်မားရာ အများအားဖြင့် သူရိန်တောင်တန်းပေါ်သို့တင်သော ရေကြည်ထွက်ဟူသမျှသည် ထိုဆင်ခွာရွာ၏ အနောက်ဘက်လျှိုမှထွက်သော ရေကြည်တို့ကိုတင်ယူကြသည်ကများ၏။ ဦးစွာ ရေကြည်ကို ကန်ဆည်း၍ ပိုက်ကို ထိုးဆင်းအားကောင်းစေရန် အောက်ဘက်လျှိုထဲသို့ ဆွဲချရ၏။ လျှိုမှသည် တဖြည်းဖြည်းမျှောကာ လိုရာရောက်အောင်ဆွဲသွားရ၏။ ထိုသို့ စနစ်တကျ ပိုက်သွယ်တတ်ပါမှ လိုရာသို့ရေရောက်ပါသည်။

**□ ကျောက်ကြောများပေါက်ကြခြင်း**

ရှေးယခင်က ပေါ်တော်မူတောင်တွင် ကျောက်ကြောများရှိနေသည်ကို လူတို့မသိခဲ့ကြပေ။ ဦးအောင်အား ပေါ်တော်မူတောင်တွင် စောင့်ရှောက်သော ဘိုးဘိုးကြီးခေါ် နတ်က ပြ၍သာလျှင် ဦးစွာ ဦးအောင်သိရ၏။ ဦးအောင်၏လှုပ်ရှားမှုကို လိုက်၍ချောင်းမြောင်းကြည့်ရှုသော ဘိန်းစားကြီးဦးနိုးတူးကြောင့် အများကသိရ၏။ ဦးအောင်မှာ အထိုက်အလျောက်ခံစားခွင့်ရလိုက်သော်လည်း ဦးနိုးတူးမှာ ခံစားခွင့်လုံးဝမရခဲ့သည့်အပြင် အသက်ပါ ဆုံးရှုံးခဲ့ရလေသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း လိုင်စင်ခေတ်သို့ ပြန်ရောက်သော်သာမန်လူတို့မကပ်နိုင်တော့ဘဲ ချမ်းသာကြွယ်ဝသူတို့သာ လုပ်ပိုင်ခွင့်ရသော ပေါ်တော်မူဖြစ်ခဲ့ရလေ၏။

ချမ်းသာသူတို့သည် ကံကောင်း၍သာ ချမ်းသာခဲ့ရခြင်းဖြစ်သောအခါ နတ်ကပြလိုက်သော ကျောက်ကြောတို့သည် အမှန်သော် ထိုသူဌေးများအတွက်သာ ဖြစ်ပါသည်။

အပေါ်ယံ တောင်ကြောထဲတွင် ထုံးကြောများရှိနေရာ ထုံးဖြူများသည် မကောင်းသောအခြောက်များထွက်၍ ထုံးပန်းရောင်တွင် စံချိန်မီ နီလာအစိုတို့ ထွက်ပါသည်။ သို့ကြောင့် မျှောတိုက်သူမှန်သမျှ နီလာအစိုကြောတို့ ပေါက်ကြလေ၏။

ပေါ်တော်မူနီလာတို့သည် ဒုတိယတန်းစားနီလာတို့ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ပထမတန်းစားနီလာ ငှက်ခါးရည်မပါဘဲ ကတ္တီပါရည်ခေါ် အရည်နည်းနည်းကျသော နီလာတို့သာ ထွက်ပါသည်။ အရည်မှာ အားလုံးတစ်ပြေးညီဖြစ်သည်။

လက်ဝတ်ရတနာပြုလုပ်ရာတွင်မူ ပထမတန်းစား ငှက်ခါးရည်မှာ မည်းငုတ်ငုတ်ဖြင့် သိပ်မပွင့်ပေ။ ထောင်ကြည့်သော် ယိုစီးကျမတတ်သော ပြာလဲ့သော အရည်ကို အလွန် လှပစွာ မြင်ကြရပါသည်။ ကတ္တီပါရည်မှာမူ လက်ဝတ်ရတနာလုပ်ပါက ပွင့်ပြီး ကြည့်၍အလွန်ကောင်းသဖြင့် လက်ဝတ်ထည်လုပ်သူတို့ အလွန်ကြိုက်ကြ၏။

ပထမတန်းစားနီလာငှက်ခါးရည် တစ်ပြေးတည်းညီထွက်သောလုပ်ကွက်မှာ မိုးကုတ်အနောက်မြောက်ရှိ ချောင်းကြီးကျေးရွာအနီးရှိ ဦးထွန်းမျှောခေါ် ဦးထွန်းလုပ်ကွက်မှထွက်လေ၏။ ဦးထွန်းမှာ မိုးကုတ်မြို့ ဈေးဟောင်းရပ်မှ ဖြစ်သည်။ ထို့ကြောင့် ဦးထွန်းမျှောအား မိုးကုတ်၌ ပထမတန်းစားနီလာတို့ထွက်သောမျှောဟု အသိအမှတ်ပြုကြလေ၏။

ပေါ်တော်မူတောင်တန်းကြီးအား မျှောတိုက်ကြသူတို့သည် ကျောက်ကြောမပေါက်သူဟူ၍ မရှိကြပါ။ အားလုံးပင် ပေါက်ကြပါသည်။ မျှောနှင့်တိုက်၍ဖြင့် ကျောက်တို့သည် ထုထည်နှင့်ထွက်ရာ

www.burmeseclassic.com

ကျောက်တို့ကို ဂုန်နီအိတ်များဖြင့်ထည့် လျက် မြင်းများဖြင့် ကျောက်ပြဿဒ်သို့ သယ်ရလေ၏။

သို့သော် ကျောက်ပြဿဒ်ရွာ၌ မထားရဲကြပေ။ ထိုခေတ်ထိုအခါသည် ဓားပြများသောင်းကျန်းသောခေတ်ဖြစ်ရာ အချိန်မရွေး ဓားပြတို့လက်သို့ပါ သွားနိုင်၏။

ဦးဖိုးစိန်မှာ ကျပ်ပြင်ဈေးတွင် နီလာကြောပေါက်သည်နှင့် ချက်ချင်းပင် ဝယ်၍ တိုက်တည်ပြီး 'စိန်နီလာ' ဟူသောကမ္ပည်းကို တပ်လေ၏။ ရသမျှ ကျောက်ကြောကို ဂျစ်ကားဖြင့် ကျပ်ပြင်သို့ နေ့စဉ်သယ်၏။

ကျောက်ပြဿဒ်မှ ဦးထွန်းဝင်းမှာ မူ ပေါက်သမျှ ကျောက်ကြောတို့အား ဂုန်နီအိတ်ဖြင့်ထည့်ကာ မိုးကုတ် ရှမ်း တောရပ်မှ ဦးဘမှီထံအပ်ထားလေ၏။ ကျောက်ကြောကြီးကုန်သောအခါ ထို ကျောက်အိတ်တို့အား သူဌေးဦးဘမှီမှ (၆) သိန်းဖြင့်ဖြတ်၍ဝယ်လေသည်။ ထို အချိန်က ဦးထွန်းဝင်းမှာ လူပျိုကြီးဖြစ် သည်။ ရွှေတစ်ကျပ်သား (၁၈၀) ကျပ် ဖြစ်ရာ (၆) သိန်းသည် အတော်တန်၏။

ဦးထွန်းဝင်း (၆)သိန်းတန်ကျောက် ကြောပေါက်ကြောင်း ရန်ကုန်သတင်းစာ တွင်ပါလာသည်။ ဦးထွန်းဝင်း၏ပုံမှာ ခေါင်းကုတ်ကြီးဝတ်ထားသောပုံ ဖြစ် ၏။ သို့နှင့် သူဌေးဦးထွန်းဝင်းဖြစ်ကာ တသည်းမှ မခင်ကြည်နှင့် အိမ်ထောင် ကျလေ၏။

(ကျွန်ုပ်သည် ထိုဦးထွန်းဝင်း ကျောက်ကြောပေါက်သောသတင်းစာကို ဖတ်၍ ငါအရွယ်ရောက်သော် မိုးကုတ် တက်၍ ကျောက်တူးမည်ဟု ဆုံးဖြတ် ကာ အသက် (၂၀) တွင် မိုးကုတ်တက် ခဲ့၏။ ဝါသနာရင်းစွဲရှိသော ကျောက်တူး ခြင်းအလုပ်ကိုလုပ်ခဲ့၏။ တိုက်တိုက် ဆိုင်ဆိုင်ပင် ဦးထွန်းဝင်းတို့ဒေသဖြစ် သည့် ကျောက်ပြဿဒ် ကျောက်ဖျာတွင် အခြေချကာ ကျောက်တူးခဲ့၏။ အချိန် အားဖြင့် နှစ်ပေါင်း (၃၀) တိတိ ကြာမြင့် ခဲ့လေ၏။ ထိုဦးထွန်းဝင်း၊ ဒေါ်ခင်ကြည် တို့နှင့် ကာလရှည်လျားစွာ ခမ္ဗမိတ်ဆွေ များဖြစ်ခဲ့ကြလေ၏။ ကျွန်ုပ်အသက် (၆၃) နှစ်အရွယ် မိုင်းရှူးရတနာမြေမှ ပြန်ရောက်သော် ကျောက်ပြဿဒ် ဘုရားတောင်၌ ဂေါပကလုပ်နေသော ဦးထွန်းဝင်းကို တွေ့ရ၏။

ထိုအခါ သူက -

"ကျော်စိုးရေ ဘိုးအောင်ညွန့်တို့ ဘိုးကျော်လှိုင်တို့ အကုန်သေကုန်ကြပြီ ကွ။ လူကြီးတန်းမှာ ကျုပ်ပဲကျန်တော့ တာ"

ဆိုပြီး ဝမ်းသာအားရ နှုတ်ဆက် လေ၏။ ဦးထွန်းဝင်း ကျောက်ကြော ပေါက်သည်ကို အားကျ၍ မိုးကုတ်တက် ခဲ့သော ကျွန်ုပ်သည်ပင်လျှင် အသက် (၆၃) နှစ်ရှိနေပြီဖြစ်ရာ ရင်းနှီးသော လူကြီးသူမတို့ ကွယ်လွန်ကုန်ကြသည်မှာ အဆန်းမဟုတ်ပေ။ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်များဖြစ်ပါသည်။

၂၀၁၅ တွင် ဦးထွန်းဝင်းမရှိတော့ ဟု သိရပါသည်။

**□ ဦးဖိုးစိန်မျှော်တွင်း**

ဦးဖိုးစိန်၊ ဒေါ်အေးမိသားစုသည် ကျောက်ပြဿဒ်ကျောက်ဖျာမှ မျိုးနွယ်စု များဖြစ်ကာ ကျောက်ပြဿဒ်ရွာလယ် တွင် တိုက်နှင့်နေကြ၏။ ဒေါ်အေးသည် ကျောက်ဖျာသူ ဖြစ်သည်။ ကျွန်ုပ်နေ သောအိမ်မှ ဖွားငြိမ်းသည် ဒေါ်အေး၏ တူမအရင်း ဖြစ်၏။ ကျွန်ုပ်နှင့် ညီအစ်ကို လိုနေသော ဖွားငြိမ်း၏သားများဖြစ် ကြသည့် ကိုကျော်တင်၊ ကိုရွှေထွန်း၊ ကိုဘစိုးတို့မှာ ဒေါ်အေးခေါ် ဘွားအေး ၏မြေးများဖြစ်ကြသည်။ သူတို့ညီအစ်ကို (၃) ဦးသည် ကျွန်ုပ်ကို ညီကဲ့သို့ချစ်ကြ ၏။ ဘဝရေစက်ဟုဆိုရပါမည်။

ကိုရွှေထွန်း အရွယ်ရောက်သည် နှင့် ဦးဖိုးစိန်၏ တွင်းဆရာအဖြစ် ခန့်အပ် ထားခြင်းခံရ၏။ သို့ကြောင့် ဦးဖိုးစိန်နှင့် နေ၏။ ကျောက်ကြောပေါက်ပြီးသော် ကျပ်ပြင်ရွှေ့သွားရာ ကျောက်ပြဿဒ် တိုက်အိမ်တွင် ကိုရွှေထွန်းနှင့် တွင်းသား များသာ နေထိုင်ကြလေ၏။

ဦးဖိုးစိန်သည် နေ့စဉ် ဂျစ်ကားဖြင့် ကျောက်ပြဿဒ်သို့လာကာ တစ်နေ့တာ ထွက်သမျှ နီလာကြောမှ ကျောက်တို့ကို အိတ်များဖြင့်ထည့်ပြီး ကျပ်ပြင်သို့သယ် လေ့ရှိ၏။ နံနက်ပိုင်းလာကာ ညနေပိုင်း ပြန်နေကျဖြစ်သည်။

ထိုခေတ်ထိုအခါက လူတို့သည် ကတိသစ္စာရှိကြလေ၏။ အကြောလိုက် ပေါက်နေသော ကျောက်တို့တွင် အကောင်း၊ အဆိုး ဟူ၍ များစွာပါ၏။ တပ်မက်ဖွယ် တန်ဖိုးကြီးရတနာတို့ ဖြစ် ၏။ သို့သော် မည်သူတစ်ဦးတစ်ယောက် ကမှ ထိုနီလာများအပေါ် စိတ်ဖြင့်ပင် ပြစ်မှားသူမရှိပါ။ ရိုးသားဖြူစင်စွာပင် ပေါလ်ဖြစ်သော ဦးဖိုးစိန်ထံအပ်ကြ၏။ တစ်လတစ်ကြိမ် ပေါလ်ရှင်းပေးသော ပိုက်ဆံကိုသာယူကြလေ၏ ။ ရှေးက မိုးကုတ်သားတို့သည် ဝိသမလောဘ ကင်းကြသူများဖြစ်ရာ လွန်စွာချီးကျူး ဖွယ်ကောင်းလှပေ၏။ မိုးကုတ်သား အများစုမှာ လူရိုးလူဖြောင့်များသာ ဖြစ် ကြပါသည်။

ဥပုသ်နေ့ တွင်းနားသော် ကိုရွှေ ထွန်းနှင့် တွင်းသားတို့သည် ကျပ်ပြင်သို့ တက်ကာ ဦးဖိုးစိန်၏ ဂျစ်ကားကိုယူ လျက် စိတ်ကြိုက်ပျော်ကြပါးကြ၏။ ကိုရွှေထွန်းသည် ကားကို ကောင်းစွာ မောင်းနှင်တတ်သဖြင့် အဆင်ပြေကြ၏။

ဦးဖိုးစိန်၊ ဒေါ်အေးတို့တွင် ခင်သောင်းမြင့်၊ ခင်မေညွန့်၊ ခင်မောင် လွင် ဟူသော သမီးနှစ်ယောက်၊ သား တစ်ယောက်ထွန်းကား၏။ ခင်မေညွန့် သည် အမ်(မ်)အက်(စ်)စီဘွဲ့ပိုင်ရှင် ဖြစ် သည်။ ခင်မေညွန့်သည် လှ၍သိမ်မွေ့ သူဖြစ်သည်။ မာနတရားထားခြင်းမရှိဘဲ အားလုံးကို ချေချေငံငံဆက်ဆံသူအဖြစ် နာမည်ကြီးလှ၏။ တစ်မိပေါက်တစ် ယောက်ထွန်း ဖြစ်ပါသည်။

**□ ကျောက်ဖယောင်းတုံးကြီးမှာ**

ထိုသို့သော အခိုင်အမာတောင် တန်းတို့ကို မျှော်တိုက်လျှင် အချို့သော ရပ်ကွက်တို့၌ ကျောက်ဖယောင်းတုံးများ ရှိ၏။ ကျောက်ဖယောင်းဆိုသည်မှာ ဖယောင်းသားကဲ့သို့ နူးညံ့ချောမွတ် သော ကျောက်တုံးများဖြစ်ကာ အရွယ် မှာ သေးသေးမှသည် အိမ်တစ်ခန်းမျှ ကြီးသော ကျောက်ဖယောင်းတုံးရှိ၏။ သို့သော် ရွက်ရပ်တိုင်းမရှိပါ။

နိုင်းရသော် သူ့အသားမှာ ကျောက် ဖရုံယိုအသားကဲ့သို့ရှိပြီး ဟိုဘက်ဒီဘက် အလင်းဖောက်နိုင်စွမ်းအားရှိလေသည်။ သို့သော် ပျော့စိစိမဟုတ်ဘဲ အလွန် မာကျောသိပ်သည်းကျစ်လျစ်၏။ လေး လည်းအလွန်လေး၏။

(ကျွန်ုပ်တို့ မှန်သော့ပင်မြိုင်ကြီး တွင် ဖောက်တွင်းလုပ်စဉ်က ကျောက် ဖယောင်းနံရံကြီး တွေ့ဖူး၏။ ဟိုဘက်မှ ဖယောင်းတိုင်မီးထားလျှင် ဒီဘက်ထိ အလင်းဖောက်၏။)

ကျောက်ဖယောင်းကား သလင်း မျိုးနွယ်မဟုတ်ပါ။ သလင်းကျောက်များ မှာမူ ပိန်းသားမှလွဲလျှင် အလင်းဖောက် နိုင်စွမ်းအားရှိကြ၏။ ပိန်းဥသားမှာ အညံ့ ဆုံးဖြစ်သည်။

ကိုရွှေထွန်းတို့ မျှော်တိုက်ရာလမ်း ကြောင်းတွင်မူ ကျောက်ဖယောင်းတုံး



www.burmeseclassic.com

www.burmeseclassic.com

အများအပြားတွေ့ရပါသည်။ အချို့သော ကျောက်ဖယောင်းတုံးတွင် နီလာစများ ကပ်ငြိနေသည်ကို အံ့သြဖွယ်တွေ့ရလေ၏။ နီလာတို့သည် ထုံးကိုအောင်းအိမ်ပြုကာ ကျောက်ကြောဖြစ်တည်နေသည်မှာ မြင်နေတွေ့နေကျဖြစ်၍ အဆန်းမဟုတ်သော်လည်း ကျောက်ဖယောင်းကို မှီတွယ်အောင်းအိမ်ပြုကာ နီလာများဖြစ်တည်နေသည်ကိုတော့ ကိုရွှေထွန်းအံ့သြရလေ၏။

နီလာများ အိတ်ကြီး၊ အိတ်ငယ်ဖြင့်ထည့်၍ အိမ်သို့ မြင်းဖြင့် သယ်ယူရသောခေတ်တွင် ကျောက်ဖယောင်းတုံးများ၌ ကပ်ငြိနေသော နီလာတို့ကို စိတ်မဝင်စားအားပါ။ ဒီလိုပင် ထောင်ကြည့်ကာ ကျောက်ဖြုန်းပုံထဲပစ်ထည့်လိုက်ပါသည်။ ယူရသိမ်းရကောင်းမှန်းမသိပေ။ သို့နှင့်ပင် ထိုနီလာတို့ ကျောက်ဖြုန်းပုံထဲပျောက်ကွယ်ကုန်ကြလေ၏။ ကျောက်ဖြုန်းများသည် ကျောက်အမှိုက်များဖြစ်ကြ၏။

တစ်ခါသော် (၃) တင်းဝင် ဆန်အိတ်ခန့်ကြီးသော ကျောက်ဖယောင်းတုံးကြီး (၂) တုံးတွေ့ရာ တစ်တုံးတွင် လက်ဖက်ရည်ကြမ်းပန်းကန်ခန့် နီလာကြီးစိုက်ဝင်နေသည်ကို တွေ့ရ၏။ ထိုတစ်တုံးကို အမှိုက်ထဲစွန့်ပစ်လိုက်၏။

နောက်တစ်တုံးတွင်မူ လက်ဖက်ရည်ကြမ်းပန်းကန်ခန့် နီလာကြီး (၅) ပွင့် ပတ်ချာလည်စိုက်ဝင်နေသည်ကို တွေ့ရရာ -

“ဒီတစ်တုံးတော့စိတ်ဝင်စားတယ်။ လွတ်တဲ့နေရာမှာ ထားကြကွာ”

ဟု ကိုရွှေထွန်းကခိုင်းသဖြင့် လွတ်သောနေရာတွင် သံချောင်းများဖြင့် ဝိုင်းလိမ့်၍ထားကြလေ၏။ နီလာကြီးများမှာ မည်းမှောင်နေသဖြင့် ခွဲထုတ်ခဲ့သော် အရည်အသွေးတော်ဖြစ်ကြမည် ဖြစ်သည်။

လက်ဖက်ရည်အကြမ်းပန်းကန်မျှကြီးသော နီလာဟူသည် သူတို့ရယူနေသော ကျောက်ကြောထဲ၌ မတွေ့ရပါ။ အကြီးဆုံးမှာ ခြေမ၊ လက်မအရွယ်တို့သာ ဖြစ်သည်။ ထို့ကြောင့် ကျောက်ဖယောင်းတုံးကြီးတွင် စိုက်ဝင်နေသော နီလာကြီးများအား ပေါင်(၂၀)လေးသော တူကြီးဖြင့် ရိုက်ခွဲကြည့်လေ၏။

ပေါင် (၂၀) ဟူသော တွင်းသုံးခဲခွဲတူကြီးမျိုးအား အတော်အတန်အားကောင်းသောတွင်းဆရာတို့မရိုက်နိုင်ကြ။ အလွန်အားကောင်းသော ကိုရွှေထွန်းမှသာ ရိုက်နိုင်ပါသည်။ သာမန်တွင်းဆရာတို့သည် (၁၆) ပေါင်၊ (၁၈) ပေါင်တူတို့ကိုသာကိုင်ကြပါသည်။ (၁၈)ပေါင်သည် မစ်လျှင် လူတိုင်းမကိုင်နိုင်ပါ။ ထို (၁၈) ပေါင်၊ ပေါင် (၂၀) လေးသောတူကြီးများဖြင့် ခဲရိုက်ပါက တူကြီး၏ဆွဲအားနောက်သို့ လူပါစိုက်၍ပါသွားတတ်သဖြင့် ဟန်ချက်ပျက်လေ၏။ ထိုအခါ အလိုက်သင့်မဖြစ်ဘဲ တူကိုပြန်မြှောက်နေရသည်ပင် လွန်စွာပင်ပန်းလှပေ၏။ တူကြီးရိုက်သော် မိမိရိုက်သော ခဲ၏ခဲကြောကို နားလည်ရန်လိုသကဲ့သို့ ရိုက်အား၊ တွန်းကန်အား၊ ပင့်အား၊ ရိုက်အားဆိုပြီး ပုံမှန်လည်ပတ်နေမှသာ မာကျောခဲတို့ကွဲလေ၏။

“ဝုန် ထန်”

“ဝုန် ထန်”

“ဝုန် ထန်”

အားကောင်းလွန်းသောကိုရွှေထွန်း၏တူဆွဲသံသည် ဝုန်ခနဲနေကာ ကျောက်ဖယောင်းတုံးနှင့် တူရိုက်ချက်ထိသံက ခွမ်းခနဲကွဲသံမပါဘဲပြန်၍ကန်ထွက်သော ထန်ထန်ဟူသော မာကျောသောအရာနှစ်ခုတို့၏ ပေါင်းစပ်ထိတွေ့သံသာထွက်နေ၏။ အချက်ပေါင်းများစွာအားစိုက်၍ ရိုက်သော်လည်း တထန်ထန်နှင့် တူကြီးမှာခုန်ထွက်လျက်ရှိရာ ကျောက်ဖယောင်းတုံးမည်မျှမာကျောကြောင်း လက်တွေ့သက်သေဖြစ်၏။

“ဟား- အမလေး မာလိုက်တာ။ အတော်မာတဲ့ ကျောက်ဖယောင်းတုံးကွာ။ မကျေနပ်သေးဘူးကွ၊ ထပ်ရိုက်ကြည့်ဦးမယ်”

ဟု ပြောပြီး အမောဖြေကာ ဆေးလိပ်ထိုင်သောက်နေ၏။ နီလာကွက်ကြီးများကလည်း မက်မောဖွယ်အရွယ်တို့ဖြစ်ရာ သူလုပ်များအား သံချောင်းရှည်များယူစေ၍ သံချောင်းများဖြင့် မ,၍ ကော်ကာ မျက်နှာပြင်ကိုလှန်လိုက်လေ၏။ အမောပြေသည်နှင့် ဆေးလိပ်ဘေးချကာ ထပ်၍ရိုက်ပြန်၏။ ဘေးမှတပည့်တို့က ဝိုင်း၍ကြည့်နေကြ၏။

တူကြီးနှင့် ကျောက်ဖယောင်းတုံးတို့ထိသံသာ တထန်ထန်မြည်လျက်ရှိပြီး ကျောက်ဖယောင်းတုံးကြီးကား လုံးဝအရာမယွင်းပါ။ သည်မျှမာကျောသောခဲကို သူ့တစ်သက်တွင် သည်တစ်ခါသာ တွေ့ဖူးလေ၏။ ကြောင်အိမ်မျှကြီးသော အလွန်မာကျောသောခဲတို့ကို ယမ်းမခွဲဘဲ ပေါင် (၂၀) တူကြီးဖြင့် အစိတ်စိတ်အမွှာမွှာထုခြေခဲ့သည်မှာ မရေတွက်နိုင်တော့ပါ။ ခဲစိမ်းသည် မိုးကုတ်တွင် အမာဆုံးခဲဖြစ်လျက် သူထက်မာသည်မှာ ကျောက်ချပ်စိမ်းသာဖြစ်လေသည်။ သို့သော် ကျောက်ချပ်စိမ်းမှာ တွေ့ခဲပါသည်။ ကြာကြာမှတစ်ခါ ခဲစိမ်းတိုက်ထဲတွင်တွေ့ရပြီး ခဲကြောနားလည်သော် ကြာကြာပေရိုက်က ကွဲနိုင်၏။ ကျောက်ချပ်စိမ်းကား ကွဲလျှင် ကွဲချက်ပြင်းကာ အစိတ်စိတ်အမွှာမွှာကွဲသွားတတ်၏။

ကျောက်ဖယောင်းတုံးကား ကြည့်သော် ကြည်လောင်လောင်ဖွယ်စုတ်စုတ်ဖြင့် လွယ်မည်ဟုထင်ရပါသော်လည်း ကိုရွှေထွန်းမှာ ချွေးတို့ဒီးဒီးသာကျသည်။ ကျောက်ဖယောင်းတုံးကြီးမှာ ပန်းပန်လျက်ရှိချေ၏။ အချက်ပေါင်းမရေတွက်နိုင်အောင် ဖွဲ့ကြီးစွာဖြင့်ရိုက်နေပါသော်လည်း ထူးမခြားနားသဖြင့် ကိုရွှေထွန်းသည် တူကြီးကိုပစ်ချကာ အနီးရှိကျောက်တုံးကြီးပေါ် ထိုင်ချလိုက်၏။ အမောပြေ ဆေးလိပ်ကောက်ညှိ၏။

“ဟား. . . မာလိုက်တာ၊ မာလိုက်တာ။ မာလိုက်တဲ့ခဲကွာ၊ တစ်သက်ကြုံမကြုံဖူးပါဘူး။ ကဲပါကွာ-ထားလိုက်ပါဦး။ တူနဲ့ရိုက်လို့ကတော့ လုံးဝရမယ့်ပုံမရှိဘူး။ ယမ်းနဲ့ခွဲလိုက်ရင်လည်း စိုက်ဝင်နေတဲ့ကျောက်တွေပျက်စီးကုန်မှာကွ။ ကဲပါကွာ သူ့ကိုထုနေမယ့်အစား ကိုယ့်အလုပ်ကိုယ်လုပ်တာ ကောင်းပါတယ်။ ကဲ-မျှောသွားတိုက်ကြစို့ကွာ”

ဆိုပြီး မျှောဆီ ဦးတည်လိုက်ကြလေတော့၏။

**□ ဖောက်တွင်းရာသီ**

ကထိန်ရာသီကုန်သော တန်ဆောင်မုန်းလပြည့် နောက်ပိုင်းတွင် မိုးကုတ်၌ မိုးရာသီကုန်ပြီဖြစ်သည်။ မိုးကုန်ပြီဖြစ်ကြောင်း တောင်နေကြာရိုင်းပွင့်တို့က သက်သေပြလျက်ရှိပေပြီ။ မိုးကုန်သည်နှင့် တောတောင်အနှံ့ နေရာယူထားကြသော နေကြာရိုင်းပန်းတို့က တစ်တောတစ်တောင်လုံးဝါထိန်နေအောင်ပွင့်ကာ ဆောင်းဦးကို ကြိုဆိုကြလေ၏။ ရေမြေကောင်းသဖြင့် ဖြစ်ချင်တိုင်းဖြစ်နေကြသော နေကြာရိုင်းတို့သည် တစ်လတာမျှ လောကကို အလှဆင်မြဲဖြစ်သည်။

ဆောင်းရောက်သည်နှင့် ရေကြည်ထွက်များ ရေတွက်အားနည်းကုန်ကြရာ မျှောတိုက်ရန်ရေအလုံအလောက်မရကြတော့ပေ။ ထိုအခါ မျှောတို့နားကာ မျှောခွက်များဝန်းကျင် ဖောက်တွင်းများ၊ အင်းပြင်တွင်းများလုပ်ကြရပေ၏။

ထိုဖောက်တွင်း၊ အင်းပြင်တို့မှရ



www.burmeseclassic.com

www.burmeseclassic.com

သောဖြုန်းတို့ကို ရေမုန်ခွက်တွင်ထည့်ကာ ရေဖြင့်မွှေ၍ဆေးကြရပါသည်။ ရေကြည်ထွက်မှာ ရေမုန်ခွက်ဆေးရုံမျှသာရကြပါသည်။

ငပါ်တော်မူရှိ မျှောတွင်းတို့သည်လည်း ဖောက်တွင်းဖောက်ကာ အောက်ခြေတွင် ကျောက်ကြောရှာကြပါသည်။ ကိုရွှေထွန်းတို့လည်း ဖောက်တွင်းဖောက်ကာ ကျောက်ကြောရှာကြ၏။ ပထမတစ်တွင်းတွင် မတွေ့ပါ။ ထိုပထမဖောက်သောနေရာသည် ကျောက်ဖယောင်းတုံးကြီးနှင့် မဝေးလှပါ။

ရိုက်မရခွဲမရဖြစ်နေသောကျောက်ဖယောင်းတုံးကြီးမှာ ပစ်ရအောင်ကလည်း အဆီနှင့်တဝင်းဝင်း၊ စားရအောင်ကလည်း သဲနှင့်တရှပ်ရှပ်ဆိုသကဲ့သို့ ထိုကျောက်ဖယောင်းတုံးကြီးကိုကြည့်၍ အူတပွပွဖြစ်နေရာ အမြင်ကတ်ကတ်ရှိသည်နှင့် -

"ဟေ့ကောင်တွေ၊ သံချောင်းရှည်တွေယူခဲ့ကွာ။ ဒီကျောက်ဖယောင်းတုံးကြီးက ရိုက်မရခွဲမရနဲ့ခေါင်းမာလှတယ်။ ဟောဒီဖောက်တွင်းဟောင်းထဲလှိမ့်ထည့်ပြီးဖို့ပစ်တာကောင်းတယ်"

ဟု ဆိုကာ သံချောင်းများဖြင့် ဝိုင်းလှိမ့်ပြီး ဖောက်တွင်းအောင်းထဲထည့်လိုက်လေတော့၏။ တွင်းမှာ (၅) လံမျှသာနက်ရာ 'ဝုန်း' ဆိုသောအသံကြီးကိုကြားလိုက်ကြလေ၏။

နောက်တစ်တွင်းဖောက်သော် ဖောက်တွင်းမှထွက်သောပစ်စာများအား ထိုတွင်းဟောင်းသို့ဖို့ပစ်ရာ ကျောက်ဖယောင်းတုံးကြီးသည်လုံးဝပျောက်ကွယ်သွားလေတော့၏။

ကျောက်ကြောများ မြင်းဖြင့်သယ်ယူရအောင်ပေါက်နေသောအခါ ထိုအချိန်ထိုအခါက ကျောက်ဖယောင်းတုံးကြီးတွင်စိုက်ဝင်နေသော လက်ဖက်ရည်ပန်းကန်ခန့်ရှိ နီလာကြီးများအား အရေးအရာလုပ်၍ လွမ်းမနေကြပါ။ မေ့မေ့ပျောက်ပျောက်ရှိခဲ့ကြလေ၏။

**□ ကိုကျော်တင် ဝင်ရောက် လုပ်ကိုင်ခြင်း**

တစ်ခုသော ဖောက်တွင်းရာသီတွင် တွင်းဆရာကိုရွှေထွန်းဦးစီးသော ပေါ်တော်မူတောင် ဦးဖိုးစိန်တွင်း၌ အပေါ်၌နေရန် လူတစ်ယောက် လိုအပ်လေ၏။

အပေါ်၌နေသူသည် တွင်းထဲမှ တက်လာသော ကျောက်ကြောမှထုံးနှင့် ကျောက်တို့အား မောင်းလက်ဖြင့်ဆွဲ၍ ရေမုန်ထဲသို့ထည့်ရန်ဖြစ်သည်။ ထိုအခါ ထိုအပေါ်၌နေသူသည် သစ္စာကတိရှိရန် လိုအပ်လှပါသည်။ ကိုရွှေထွန်းတို့အုပ်စုမှာ ဖောက်တွင်းထဲမှ လက်ဆင့်ကမ်းသယ်ကာ အပေါ်သို့တင်ရသဖြင့် လူကုန်နေပြီဖြစ်သည်။

တွင်းသားတစ်ယောက်လိုသည်ဟု ဆိုသည်နှင့် ချက်ချင်းပင် လူပေါင်းများစွာ ဝင်ချင်ကြပေမည်။ ကျောက်ကြောပေါက်နေသောတွင်းမို့ ဝင်သည်နှင့်ပိုက်ဆံမရမှာ လုံးဝမပူရပေ။ ထိုတွင်းများသို့ လူတိုင်းဝင်ချင်ကြ၏။ သို့သော် သစ္စာကတိရှိ၍ ရိုးသားကြိုးစားသောလူများကိုသာ လိုအပ်ပါသည်။

ထိုအခါ ရိုးသားကြိုးစားသူဟူ၍ သူ၏မိခင်ကြီး ဖွားငြိမ်းအား လုပ်ကျွေးနေသော အစ်ကိုကြီးဖြစ်သူ ကိုကျော်တင်ကိုသာ ပြေးမြင်မိလေ၏။ သို့ကြောင့် ပေါလံဖြစ်သူ ဦးဖိုးစိန်နှင့် တိုင်ပင်ရာ ဦးဖိုးစိန်က -

"အေး - ဟုတ်သားပဲ ရွှေထွန်းရ။ မင်းအစ်ကိုကြီး မောင်ကျော်တင်ရှိနေတာပဲ။ မောင်ကျော်တင်က မယ်ငြိမ်းကိုလုပ်ကိုင်ကျွေးနေတဲ့ သူတော်ကောင်းပဲကွာ။ မယ်ငြိမ်းက တို့တူမပဲကွ။ ဒီတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တာ ပိုကောင်းတာပေါ့ ရွှေထွန်းရ။ မောင်ကျော်တင် မြို့ကြီးကမျှောကို ခဏနားထားပြီး ငါ့တွင်းမှာ တစ်ဆောင်းလာလုပ်ဖို့ပြောလိုက် ဟုတ်ပြီလား"

ဟု ဆိုသဖြင့် ကိုရွှေထွန်းသည် အစ်ကိုဖြစ်သူ ကိုကျော်တင်ကိုလာ၍ခေါ်၏။ သို့နှင့်ပင် ကိုရွှေထွန်းဦးစီးသော ပေါ်တော်မူကျောက်ကြော၌ ကိုကျော်တင်ဝင်လုပ်ဖြစ်သည်။

တွင်းမှာ (၄) လံမျှနက်ရာ မောင်းလက်ဖြင့်ဆွဲရ၏။ ထိုခေတ်တွင် စက်သီးများ ခေတ်မစားသေးပါ။ ဖောက်တွင်းလည်း နက်နက်မဖောက်ကြပါ။ အောက်ပြည်အောက်ရွာ ရေငင်သောမောင်းလက်မောင်းတုန်းများဖြင့်သာ အောက်မှဖြုန်းပစ်စာတို့ကို ဆွဲတင်ရပါသည်။ မောင်းတုံး၊ မောင်းတိုင်၊ မောင်းလက်ဖြင့်ဖွဲ့စည်းထားသော မောင်းလက်ကားအောက်သို့အချတွင် အားစိုက်ရသော်လည်း အောက်မှ ဆွဲအတင်တွင်သက်သာလှပါသည်။

ကိုကျော်တင်သည် (၁၅) နှစ်သားအရွယ်မှစ၍ ကပိုင်မြို့ကြီးချောင်းမှ မျှောစတင်ဖြုတ်ကာ အခြေကောင်းသော မျှောကြီးကို ညီဖြစ်သူ မောင်ရွှေထွန်းဖြင့် လုပ်ကိုင်ပြီး မုဆိုးမဖြစ်သော မိခင်ကြီး ဖွားငြိမ်းအား လုပ်ကိုင်ကျွေးမွေးခဲ့သူ ဖြစ်သည်။

မြို့ကြီးမျှောကား အလွန်ကြီးသော ခေါင်းမြီးခြုံမျှောကြီးဖြစ်ကာ လုပ်ရည်ကိုင်ရည် ဖွဲ့ရှိမှု၊ ကျွမ်းကျင်မှုများကြောင့် ညီအစ်ကိုနှစ်ဦးစလုံး အားကောင်းမောင်းသန် နာမည်ကြီးတွင်းဆရာများဘဝသို့ ရောက်ခဲ့ကြသူများဖြစ်သည်။

ခေါင်းမိုးခေါ် ကျောက်ပုတ်မြေများတက်လာသော် ရေမုန်ခွက်ထဲမထည့်ဘဲ သွန်ပစ်ရပြီး ကျောက်ကြောထုံးပန်းရောင်တက်လာမှသာ ရေမုန်ခွက်ထဲထည့်ရလေ၏။

ထုံးတို့မှာ ရေပန်းစားမှုကြောင့် ရေဖြင့်မျောကုန်ကာ ရေမုန်ခွက်ထဲ၌ နီလာကျောက်တို့သာ ကျန်ရစ်ရာ ဆေးစရာမလိုဘဲ ကျောက်ပုံကြီးအား ဂုန်နီအိတ်များထဲသို့ ကျုံးထည့်ရန်သာလိုပါသည်။ ရေပန်းတဖြန်းဖြန်းအောက်တွင် နီလာတို့သည် ရေပဏ္ဏာဖြင့်အပြာရောင်တောက်ပလျက်ရှိလေ၏။

**□ တွင်းယောင်သူများ**

ဘယ်နေရာမှာလုပ်လုပ် အဆင်မပြေဘဲ ဟိုနားကောင်းနိုး၊ ဒီနားကောင်းနိုးဖြင့်တွင်းပစ္စည်းများထမ်းကာ ပြောင်းရွှေ့လုပ်ကိုင်နေသူများကို တွင်းယောင်သည်ဟုခေါ်ကြောင်း တင်ပြခဲ့ပြီးပေပြီ။

ထိုခေတ်ထိုအချိန်က အားကောင်းမောင်းသန်အရွယ်ကောင်းများဖြစ်သည့် ဦးသင်းနှင့်ဦးသောင်းစိန်တို့သည် တွင်းယောင်နေကြချိန်ဖြစ်ရာ သူတို့နှစ်ဦးသည် အတူတကွ ပူးတွဲလုပ်ကြသူများမဟုတ်သော်လည်း ယောင်ခြောက်ဆယ်ချင်း အဖော်ညှိ၍ တွင်းတောများသို့ လိုက်လည်ကြလေ၏။

ဟိုကွက်ရပ်ကောင်းနိုးနိုး၊ ဒီကွက်ရပ်ကောင်းနိုးနိုး လှည့်လည်ကြည့်ရှုရင်း ငမုန်းချောင်းလုပ်ကွက်မှသည် ပေါ်တော်မူလုပ်ကွက်ဘက်သို့ တက်ခဲ့ကြလေ၏။ ဦးသင်းက ဦးသောင်းစိန်အား အဖော်ညှိလေ၏။

"ကိုသောင်းစိန်ရေ ဦးဖိုးစိန်ကျောက်ကြောပေါက်နေတယ်ပြောတယ်။ သူ့ညီ ရွှေထွန်းလာခေါ်လို့ ကျော်တင်တောင် အဲဒီမှာလုပ်နေတယ်ပြောတယ်။ ကျောက်ကြောပေါက်တာ မြင်ဖူးတာယ်ရှိအောင် သွားကြည့်ကြစို့လား"

"သွားလေ ကောင်းတာပေါ့



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကြောဆိုတာ ကြားသာကြားဖူးတာ မြင်တာတော့ မမြင်ဖူးသေးဘူး"

ဟု ပြောဆိုတိုင်ပင်ကြကာ မဝေးလှသော ပေါ်တော်မူတောင်သို့ တက်ခဲ့ကြလေ၏။ အလွန်ကြီးမဝေးလှပါ။ ငမုန်းချောင်းမှ သူရိန်တောင်ရှိ ပေါ်တော်မူ လုပ်ကွက်သို့ မိနစ် (၂၀)ခန့်သွားလျှင် ရောက်ပါသည်။

တွင်းတို့သည် ယခုခေတ်ကဲ့သို့ စည်းများကာထားခြင်းမရှိဘဲ ပုံမှန်မိုးခိုတဲကြီးသာရှိပါသည်။ မည်သူကမျှလည်း ဝင်ရောက်၍ ခိုးယူခြင်းမရှိကြပါ။ အလွန်ရိုးသားဖြူစင်သောခေတ် ဖြစ်လေ၏။

ဦးသင်းနှင့် ဦးသောင်းစိန်တို့သည် ကိုကျော်တင်ကို အဝေးမှမြင်ရရာ ဦးဖိုးစိန်တွင်းကို အလွယ်တကူ ရှာတွေ့ခဲ့သဖြင့် ကိုကျော်တင်ရှိရာကို လာခဲ့ကြပါသည်။ ကိုကျော်တင်ကား အောက်မှတက်လာသော ကျောက်ကြောများကို ရေမုန်ခွက်ထဲထည့်လိုက်၊ မောင်းလက်ဖြင့်ဆွဲလိုက်လုပ်နေ၏။ ဦးသင်းတို့ကို ရင်းနှီးစွာ နှုတ်ဆက်ပါသည်။

"ဘာလဲ၊ တွင်းယောင်နေကြတယ်ဆို"

"ဟုတ်တယ် ကျော်တင်ရေ ဘယ်နားလုပ်လုပ် အဆင်မပြေတာနဲ့ တွင်းရာလိုက်ကြည့်ရင်း ဗဟုသုတအဖြစ် ကြည့်ချင်တာနဲ့ ဒီကိုရောက်လာတာ"

ဟု ဦးသင်းက ဆို၏။

သူတို့သည် ရေမုန်ဘေးတွင်ထိုင်ကာ ရေပန်းအောက်၌ တဖျပ်ဖျပ်ခုန်နေကြသောနီလာတို့ကိုကြည့်ကာ တစ်သက်နှင့်တစ်ကိုယ် ဤမျှများပြားသောကျောက်တို့ကို မမြင်ဘူးသဖြင့် အံ့သြစွာကြည့်လျက်ရှိကြသည်။ အနည်းဆုံး သုံး၊ လေးတင်းခန့်ရှိပေမည်။ နေ့လယ်နေပဏ္ဏာအောက်တွင် နီလာတို့က လှချင်တိုင်းလှနေကြလေ၏။

"ကြည့်စမ်းပါဦးကွာ၊ သူဌေးကံနဲ့ကျတော့ ပေါလိုက်တဲ့ကျောက်တွေ။ တို့တွေကျတော့ တစ်ပွင့်တောင်တွေ့ဖို့ မလွယ်ဘူး။ ဦးဖိုးစိန်က တကယ်ကံကောင်းတဲ့လူပဲ"

ဟု ဦးသောင်းစိန်က ဆိုလေ၏။

အံ့သြစရာကောင်းသည်မှာ သူတို့နှစ်ဦးသည် သူဌေး၏ကံကို အားကျရုံသာရှိပြီး ထိုကျောက်တို့ကို ရယူလိုသော စိတ် တစ်စက်ကလေးမှမရှိကြခြင်းဖြစ်သည်။ ရေမုန်ဘေးတွင်ထိုင်ကာ အံ့အံ့သြသြကြည့်နေကြခြင်းမှလွဲ၍ ကျောက်တို့အပေါ် စိတ်ဖြင့်ပင်မပြစ်မှားကြသည်မှာလည်း သူဌေး၏ကံကြောင့်လော၊ ရိုးသားမှုကြောင့်လော မပြောတတ်ကြပေ။

အကယ်၍သာ -

"ကျော်တင်ရေ ငါတို့ တစ်ယောက် တစ်ကုပ်လောက်တော့ နှိုက်သွားမယ်ကွာ"

ဟု ပြောပြီး တစ်ယောက်တစ်ကုပ်မျှ နှိုက်ယူခဲ့သော် အပေါ်တွင် တစ်ဦးတည်းသာရှိသော ကိုကျော်တင်ကလည်း အိမ်နီးချင်းများမို့ ဘာမှပြောမည်မဟုတ်ပေ။

သို့သော် -

"ကျောက်ကြောဆိုတာ ဒီလိုကြီးပါလား။ မြင်းနဲ့တင်ရသည်ဆိုသည်မှာ အမှန်တကယ်ပါလား"

ဟူသော အသိကိုရပြီးသောအခါ သူတို့နှစ်ယောက်သည် ခါးကောက်လေးများကိုယ်စီကိုင်ကာ ကိုကျော်တင်ကို နှုတ်ဆက်လျက် ပြန်ခဲ့ကြလေတော့၏။ သူတို့၏ မျက်ဝန်းထဲတွင် ထိုရေမုန်ထဲမှ ကျောက်တို့သည် မျက်စိထဲမှ မထွက်အောင်စွဲလျက်ရှိနေကြလေ၏။

## ◻ ကျွန်ုပ်တို့ခေတ်တွင်

ဦးနုခေတ်၌ ပေါ်တော်မူကျောက်ကြောများ ဖွတ်လဖွတ်ကြေအောင်ရှာဖွေရယူပြီးသောအခါ ကျောက်ကြောကုန်သလောက်ရှိသည်နှင့် ရေပိုက်အား သူရိန်တောင်၏ အနောက်ဘက်ရှိ မြိုင်ကြီးလှပ်ကွက်သို့ ပိုက်များဆက်၍ ရေတင်ကာ မှောတိုက်ပြန်လေ၏။ ထိုအခါ ကျောက်နီကြောများပေါက်ပြန်လေ၏။

ကျောက်နီကြောကား ထုံး၌မနေပါ။ အလွန်စေးပိုင်သော မြေနီကြောထဲ၌နေလေ၏။ ထို့ကြောင့် ရေပန်းကို အားကိုးကာ ရေပန်းရိုက်နိုင်ပါမှ မြေစေးတို့ပြောင်လေ၏။ ကျောက်နီကြောကုန်လုနီးပါးအခြေ၌ တော်လှန်ရေးအစိုးရခေတ်တွင် ပြည်သူပိုင်သိမ်းလိုက်သဖြင့် လိုင်စင်ခေတ်ကုန်ဆုံးသွားကာ ပြည်သူတို့ကြိုက်သည့်နေရာ၌လုပ်ရသော မှောင်ခိုခိုးတွင်းခေတ်သို့ရောက်ခဲ့၏။

ထိုအခါ တော်လှန်ရေးအစိုးရခေတ်အခေါ် အဝေါ်အရ အရင်းရှင်စနစ်ပြုတ်သွားခဲ့သဖြင့် အရင်းရှင်ထံလုပ်ကိုင်နေကြသော တွင်းသားတို့သည်လည်း အရင်းရှင်ကို အားကိုး၍မရတော့ဘဲ သူလိုကိုယ်လိုကိုယ်ထူကိုယ်ထလုပ်ကိုင်စားသောက်ကြရပါတော့သည်။

လိုင်စင်ခေတ်တွင် သူဌေးများမှသာ လုပ်ပိုင်ခွင့်ရှိခဲ့သောနေရာတို့တွင် မည်သူမဆို ဝင်ရောက် လုပ်ကိုင်နိုင်ကြပေပြီ။ ထို့ကြောင့် ထိုတော်လှန်ရေးအစိုးရအုပ်ချုပ်ခဲ့သောခေတ်အား မိုးကုတ်သားတို့ ကောင်းစားသောခေတ်ဟု ဆိုနိုင်ပါသည်။

ထိုခေတ်၌ လူတိုင်းအခွင့်အရေးရခဲ့လေသည်။ ကံကောင်းလျှင် ကောင်းသလောက် အကျိုးခံစားခွင့်ရှိခဲ့၏။ သို့ကြောင့် မိုးကုတ်တစ်မြို့နယ်လုံး တိုးတက်ပြောင်းလဲကာ ပိုပြောင်ပြောင်ရောင်ရောင်ဖြစ်ခဲ့၏။ ကျွန်ုပ်ရောက်စဉ် မတိုးတက်သေးသော ကျောက်ဖျာရွာသည်ပင် အိမ်ကြီးအိမ်ကောင်းတို့ဖြစ်ကာ တိုးတက်ပြောင်းလဲလာခဲ့၏။

ကျွန်ုပ်ရောက်စဉ် အိမ်ကြီးအိမ်ကောင်းဟူသည် ဦးသင်း၊ ဦးစဲ၊ ဦးကျော်တင်၊ ဦးလှဖေ၊ ဦးအောင်ရ အသင့်အတင့်သူကြီး ဦးထွန်းညိုတို့လောက်သာရှိရာ ကျွန်ုပ်၏မျက်စိအောက်မှာပင် သာမန်အိမ်များမှသည် အိမ်ကြီးအိမ်ကောင်းတို့ဖြစ်လာခဲ့ကြ၏။ သူကြီးအိမ်လည်း အိမ်ကြီးဖြစ်လာခဲ့၏။

## ◻ ပြကျောက်လေလား

ကိုရွှေထွန်းကား သူရိန်တောင်တစ်ကြောတွင် ဘယ်နားတာရှိသည်ဆိုသည်ကို သိသူဖြစ်ရာ ခိုးတွင်းခေတ်တွင် ဆရာကြီးတစ်ဆူဖြစ်ခဲ့လေ၏။ တွင်းရာလုပ်စရာမရှိခဲ့သော် လူတို့သည် သူ့ထံသွားကာ အပူကပ်ကြရ၏။ စိတ်ကောင်းရှိသော ကိုရွှေထွန်းကလည်း၊ စိတ်ရှည်လက်ရှည်လိုက်ပြစမြဲဖြစ်သည်။ ပြသောနေရာတိုင်းတွင်လည်း အမှန်တကယ်ကျောက်ထွက်သည်။ ကောင်း၊ မကောင်းကား ကံအပေါ် မူတည်ပါသည်။

ကျွန်ုပ်ကား သူတို့၏ညီအငယ်ဆုံးကိုဘစိုးနှင့်တွဲ၍ လုပ်နေရာ ကိုရွှေထွန်းဆီအကူအညီတောင်းရသောအခါလည်း ရှိခဲ့၏။ သူတို့ညီအစ်ကိုများအကြားတွင် ညပ်နေသောကျွန်ုပ်ကိုလည်း ကိုရွှေထွန်းက ညီအရင်းပမာခင်မင်၏။

ညီအစ်ကိုတစ်တွေတွဲ၍ လုပ်ဖြစ်သော် ကျွန်ုပ်လည်းပါ၏။ ကျွန်ုပ်တို့ (၄)ဦးကား တွင်းလုပ်ရာစွင် ပူးတုံခွာတုံရှိ၏။ ကာလသည် ရှည်လျား၍ဖြစ်ပါသည်။

တစ်ခါသော် လိုင်စင်ခေတ်က ဦးဖိုးစိန် စသည်တို့ ကျောက်ကြောပေါ်ခဲ့ရာ ပေါ်တော်မူဝန်းကျင်၌ ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com

(၄) ဦး ပူးပေါင်း၍ ဖောက်တွင်းလုပ်ကြပါသည်။ ကိုကျော်တင်က စက်သီးလှည့်၏။ ကျွန်ုပ်က ဖြုန်းများသွန်၍ နီလာတုံးကြီးများကိုရှာ၏။ ကျောက်ကြီးသော်မြင်ရပါသည်။ ကိုရွှေထွန်းက ရေ့မှဦးဆောင်၏။ ကိုဘစိုးကား ဖြုန်းသယ်ပေး၏။ ဆေးသော် နီလာများ ကောက်၍မနိုင်အောင် ပေါပါသည်။ ထုံးကြောမဟုတ်ပါ။ ဖြုန်းကြောဖြစ်ပါသည်။ တစ်နေ့သော်တွင်းနားချိန်၌ ကျောက်ဖယောင်းတုံးကြီးအကြောင်းကို ကြားဖူးသော ကျွန်ုပ်က ကိုရွှေထွန်းကို မေးကြည့်ပါသည်။

"ကိုရွှေထွန်း၊ ကိုရွှေထွန်း ပြောပြောနေတဲ့ ကျောက်ဖယောင်းတုံးကြီး အောက်တွင်းထဲ လိုမ့်ထည့်ခဲ့တဲ့ နေရာ မှတ်မိဘူးလား"

"မှတ်မိတာပေါ့ဟာ။ ငါကိုယ်တိုင် လှိမ့်ထည့်ခဲ့တာပဲ မမှတ်မိရှိမလား"

"အခု အဲဒီနေရာကိုဖောက်ပြီး ပြန်ရှာရအောင်လား။ (၅) ပွင့်ဆိုတော့ နည်းတာမဟုတ်ဘူး။ အဲဒီကျောက်ဖယောင်းတုံးကြီးထဲ စိုက်ဝင်နေတာက လက်ဖက်ရည်ပန်းကန်လောက်ဆိုတော့ တစ်ပွင့်တည်းနဲ့ကို အိုကေနေပြီ။ ဟိုတစ်နေ့က မာတ်ခဲအလတ်လောက်ရှိတဲ့ နီလာ (၂) ပွင့်ခဲ့လိုက်တာတောင် ထားအပြည့်ရတယ်။ (၅) ပွင့်ဆိုရင်တော့ ခုခေတ်မှာ ဌေးပြီ ကိုရွှေထွန်းရ"

"ကျော်စိုးရာ၊ မင်းပြောတာ နောက်ကျနေပြီဟ။ မင်းတို့နဲ့မတွဲဖြစ်ခင်တတည်းက အဲဒီနေရာမှာ ငါအနံ့ရှာကြည့်ပြီးပြီ။ ဟောဟိုခဲတောင်ထောင့်ရှိတဲ့ဘေးမှာပဲ။ တစ်တွင်းမတွေ့တစ်တွင်းရှာနဲ့ရှာလိုက်တာနှံ့နေတာပါပဲကွာ။ အင်း-ကျောက်က ပြကျောက်ထင်ပါရဲ့ကွာ။ အရှင်သခင်တွေ ပြန်သိမ်းသွားပုံရှိတယ်။ တွင်းလေးငါးတွင်းကျသွားတယ်၊ အဲဒီကျောက်ဖယောင်းတုံးကြီးလုံးဝမတွေ့တော့ပါဘူးကွာ။ ဦးဖိုးစိန်ကံနဲ့ ပေါ်လာတာနေမှာကွ။ ငါတို့ကံနဲ့ကျတော့ လုံးဝပျောက်သွားခဲ့ပြီ။ မြင်ရရုံပြလိုက်တဲ့ ပြကျောက်ပါပဲ။ မင်းတို့က မမြင်ဘူးတော့ထားတော့၊ မြင်ဖူးလိုက်တဲ့ ငါကတော့ ခုထိမျက်စိထဲကမထွက်ဘူးကွာ"

ဟု ပြောကာ သူ့မျက်ဝန်းတွင် လွမ်းဆွေးသောအရိပ်တို့ တွေ့ရ၏။ ခဏတွင် ဆေးလိပ်မီးညှိကာဖွာနေပါတော့သည်။

ဦးသင်းနှင့်ဦးသောင်းစိန်

ကိုရွှေထွန်းနှင့် ကိုဘစိုးတို့အောက်၌ ဖြုန်းခေါင်းနေချိန်တွင် ကျွန်ုပ်နှင့် ကိုကျော်တင်တို့က အပေါ်၌ ဖိမ်နှင့်နှုပ်နေကြလေ၏။ ကိုကျော်တင်ကား စက်သီးထိုင်ခုံတွင် အသင့်အနေအထားဖြင့်မှီ၍ထိုင်ကာ ဆေးပေါ့လိပ်ဖြင့်နှုပ်လျက် စိတ်ကူးယဉ်နေဟန်ရှိ၏။ ထိုစဉ် လူသံကြား၍ကြည့်လိုက်ရာ တောင်ပူစာလေးအား ဖြတ်ကျော်၍ လျှို့ထဲရှိ ကျွန်ုပ်တို့တွင်းဆီ ဦးတည်၍လာနေသော ဦးသင်းနှင့် ဦးသောင်းစိန်တို့ ဖြစ်နေကြပါသည်။

ရှမ်းထုံးစံအတိုင်း ဘွားလေရာတောယမ်းမားကောက်လေးများကိုယ်စီကိုင်၍ ဖြစ်သည်။ သူတို့နှစ်ဦးသည် တွင်းယောင်နေကြောင်း ကျွန်ုပ်တို့သိထားကြပါသည်။ ထိုအခါ ကိုကျော်တင်က စတင် နှုတ်ဆက်၏။

"ဘယ်လိုလဲ ဆရာကြီးတွေ၊ တွင်းယောင်နေတယ်ဆို"

"အေးကွ ကျော်တင်ရ၊ ဒီလိုပဲတွင်းယောင်တော့ ပျင်းပျင်းရှိတာနဲ့ ထွက်လာကြတာ။ ဒါထက် ကျော်တင် ဒီနေရာဟာ ဟိုးအရင်တုန်းက ဦးဖိုးစိန်ကျောက်ကြောပေါက်ခဲ့တဲ့နေရာ မဟုတ်လား"

"ဟုတ်တယ်လေ ဦးသင်းရဲ့"

"မင်းတို့ သူတို့လက်ကျန်အကြောလေး ဘာလေးမတွေ့ဘူးလား"

"ဘယ်တွေ့မှာလဲဗျာ၊ အဲဒီခေတ်က ဖြုန်းကို စိတ်မဝင်စားကြဘူးလေ။ အကြောလောက်ပဲလိုက်ကြတာ။ ဖြုန်းရှိနေတာ ရွှေထွန်းသိလို့ ပြန်လာဖောက်တာ"

"ဒါထက်ကွာ၊ မင်းတို့အကြောပေါက်နေတုန်းက သောင်းစိန်နဲ့ ငါတွင်းယောင်ပြီး မင်းတို့ဆီလာလည်တာမှတ်မိသေးလား"

"မှတ်မိတာပေါ့ဗျာ၊ မှတ်မိတာပေါ့"

"အဲဒီတုန်းက ရေမုန်ထဲမှာ နီလာတွေဆိုတာ မည်းနေတာပဲကွ။ အနည်းဆုံး နှစ်တင်း၊ သုံးတင်းတောင်ရှိမယ်ထင်တယ်။ ခြေမ လက်မအရွယ်တွေအထိပါတယ်ကွ။ အကောင်း၊ အဆိုးတော့ မသိဘူးပေါ့လေ"

"ဟုတ်တယ်၊ ကျောက်ကြောတစ်ခါတွေ့ရင် သုံး၊လေးတင်းအနည်းဆုံးရတယ်။ ဒါပေမယ့် နေ့တိုင်းတွေ့တာ မဟုတ်ဘူး။ အကြောရှာရင် ကျောက်ပုတ်တွေသွန်နေရတာနဲ့ အချိန်ကုန်တာ။ အကြောတို့ အိုးတို့တွေ့မှ အဲဒီလိုရတတ်တာ"

"အဲဒီတုန်းကကွာ မျက်စိအောက်မှာ ကျောက်တွေတစ်ပုံတစ်ပင်ကြီးတွေ့နေရပါလျက်နဲ့ တောင်းရကောင်းမှန်း၊ယူရကောင်းမှန်းမသိခဲ့ဘူးကွ။ ငါတို့သာ မင်းဆီက တစ်ယောက်ကို တစ်ခါးပိုက်လောက်တောင်းယူခဲ့ရင် ငါတို့ခုချိန်ဆို သူဌေးပဲကွ"

"ခင်ဗျားတို့ကလည်း ဒီလောက်များတဲ့ကျောက်တွေ ခင်ဗျားတို့နှိုက်သွားလည်း အရာမယွင်းပါဘူးဗျာ။ ကျုပ်က ဘာပြောမှာလဲ"

"အေး - မင်းဘာမှမပြောမှာသိတယ်။ ငါတို့ကိုကယူချင်တဲ့လောဘစိတ်လုံးဝကိုမရှိတာ။ တကယ်တော့ ဒါတွေက ဦးဖိုးစိန်ကျောက်တွေလေ၊ ငါတို့ကိုပြရုံသာပြတဲ့ ပြကျောက်တွေပါပဲကွာ။ အခုထိ ငါတို့မျက်စိထဲကမထွက်ဘူး။ စကားစပ်မိတိုင်းလည်း ငါနဲ့သောင်းစိန်အခုထိပြောနေတုန်းကွ။ တစ်သက်မှာ တစ်ခါသာရတဲ့အခွင့်အရေးကို ရယူလိုစိတ်မရှိတာ တကယ်တော့ အဲဒီကျောက်တွေက ငါတို့အတွက် ပြကျောက်တွေဖြစ်နေလို့ပေါ့ကွာ"

ဟု မချိတင်ကဲပြောနေလေ၏။

ထိုစဉ် အောက်မှ စက်သီးကြိုးလှုပ်ပြရာ ချိတ်ခိုင်းနေပြီဖြစ်ကြောင်းသိသည်နှင့် ကိုကျော်တင်က စက်သီးလှည့်၏။ ကျွန်ုပ်က ဖြုန်းသွန်ကာ ကျောက်ရှာ၏။ တွေ့သမျှသော နီလာတုံးတို့အား ချုံစပ်တွင်ထောင်ထားသော ဝါးဆစ်ဘူးထဲသို့ ကောက်ထည့်၏။ ကျွန်ုပ်တို့ အလုပ်ဖြင့်လုပ်ရှားသောအခါ ဦးသင်းနှင့်ဦးသောင်းစိန်တို့ အထက်ဘက်ရှိ ဖောက်တွင်းများဆီသို့တက်သွားကြတော့၏။ မိုးကုတ်ပတ္တမြားမြေ၏ ပြကျောက်သဘောကား ဆန်းကြယ်လှပေစွ။ ဦးသင်းနှင့်ဦးသောင်းစိန်တို့ကလည်း တိုက်ဆိုင်လှပါဘိ။

ကျောက်ဖျာမှ ဦးကျော်တင်နှင့်
ဦးဘစိုးတို့သို့ အမှတ်တရ

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး

ကိုးကား -

ပတ္တမြားမြေသမိုင်းနှင့် ရှေးလူတို့ပြောစကားများ၊ ကိုယ်တွေ့များကို ဖွဲ့သီပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နှင်းဦး

# ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများမှပြောပြနေသော မြောက်ဦးခေတ်အမျိုးသားများ၏ ဝတ်ဆင်မှုအဆင်တန်ဆာများ

‘ရှေးဟောင်းယဉ်ကျေးမှုအကြွင်းအကျန်မရှိသော လူမျိုးသည် သမိုင်းအစဉ်အလာမရှိသောလူမျိုး ဖြစ်သည်’ ဟူသော ဆိုရိုးစကားမှာ ရှေးအတိတ်ကာလများဆီမှ ဘိုးဘွားတို့ကြွင်းကျန်ခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကြီးမားပုံနှင့် အရေးပါပုံတို့ကို အထင်အရှား ပြသလျက်ရှိသည်။ ယဉ်ကျေးမှုသည် ထိုလူမျိုးတို့၏အသက်သွေးကြော နှလုံးသည်းပွတ်ပင် ဖြစ်ပါသည်။ မိမိတို့၏ အမျိုးဂုဏ်ကိုဆောင်နိုင်ရေးအတွက် မိမိတို့၏ အမျိုးသားရေးလက္ခဏာများကိုမပျောက်ပျက်ရအောင် လေးစားမြတ်နိုး တန်ဖိုးထားရန် လိုအပ်ပါသည်။ ထိုသို့ အမျိုးဂုဏ်ကိုဆောင်ပြီး အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်သမျှကာလပတ်လုံး မည်သည့်အခါမျှ ထိုလူမျိုးလည်း မပျောက်ပျက်နိုင်ပါ။

ထို့အတူပင် ရခိုင်တိုင်းရင်းသားတို့သည်လည်း သမိုင်းအစဉ်အလာကြီးမားသော တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်ပါသည်။ ရခိုင်သမိုင်းတွင် ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် ဟူ၍ ခေတ်ကြီး (၄) ခေတ် ထွန်းကားခဲ့ပါသည်။ ရခိုင်တိုင်းရင်းသားတို့၏ ဆင်ယင်ထုံးဖွဲ့မှုမှာလည်း ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် ခေတ်အဆက်ဆက် အဆင့်အတန်းမြင့်မားစွာ ဝတ်စားဆင်ယင်ခဲ့ကြကြောင်း သမိုင်းမှတ်တမ်းတွင် တွေ့ရှိရပါသည်။ ခေတ်ကြီး (၄) ခေတ် အနက် မြောက်ဦးခေတ်သည် ယဉ်ကျေးမှု အမြင့်မားဆုံး ဖြစ်ပါသည်။ မြောက်ဦးခေတ်တွင် ဘုရားစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများတွင် ထင်ဟပ်လျက်ရှိပါသည်။ ၎င်းဘုရားစေတီပုထိုးများအနက်မှ မဟာဗောဓိရွှေဂူစေတီတော်ကို ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများအချို့မှာ မြောက်ဦးခေတ်ဆင်ယင်ထုံးဖွဲ့မှုများကို ပြသလျက်ရှိပါသည်။

မဟာဗောဓိရွှေဂူပုထိုးတော်ကြီးသည် မြောက်ဦးနန်းတော်ကုန်း၏ အရှေ့မြောက်ဘက် (၁) မိုင်ခန့်အကွာ ရတနာ့မှန်ကင်းစေတီတော်၏ မြောက်ဘက်၊ အလယ်စေတီ၏ တောင်ဘက်တွင် တည်ရှိသည်။ ပုထိုးတော်ကြီးကို ဘုရင် စောဖြူစောမွန်သည် ဟိမဝန္တာတောင်ခေါ် နက္ခတ်တောင်တန်း၏ အနောက်ဘက်သို့ ထိုးထွက်နေသော တတိယမြောက်တောင်ဆွယ်တွင် တည်ထား လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အနောက်မဇ္ဈိမဘုရားပွင့်ရာဒေသမှ မဟာဗောဓိရွှေဂူစေတီတော်၏ ထာဝစဉ်အမှတ်ရစေခြင်းအလို့ငှာ မှည့်ခေါ်ထားသောကြောင့် မဟာဗောဓိရွှေဂူစေတီတော် ဟု ခေါ်တွင်ခြင်း ဖြစ်ပါသည်။

မဟာဗောဓိရွှေဂူစေတီတော်သည် အောက်ခြေ (၈) မျက်နှာ၊ (၈) မြောင့် ဓာတ်လုံးပုံသဏ္ဌာန်မျိုးဖြစ်ပြီး သပိတ်မှောက်၊ ထုပိကာ၊ မုခ်ထွက်နှင့် ဂန္ဓကုဋိတိုက်များပါရှိပါသည်။ စေတီတော်၏ အောက်ခြေမှာ ပတ်လည် (၁၀၆) ပေခန့်ရှိပြီး အမြင့်ပေ (၃၀) ခန့်ရှိသည်ကို တွေ့ရှိရပါသည်။

စေတီတော်၏ မျက်နှာထောင့်ချိုးများတွင် ဂြိုဟ်နတ်မင်းနှင့် အာလိန်နတ်မင်း၏ ရုပ်တုများ၊ ဘီလူးရုပ်များ ထုလုပ်ထားသည်ကို တွေ့ရှိရပါသည်။ ဂူဝင်လမ်း၏ နံရံလက်ဝဲ၊ လက်ယာတွင် ကျောက်ဆစ်နံရံ ရုပ်ကြွလက်ရာများကို အဆင့်ခြောက်ဆင့်ဖြင့် ပြသထားသည်ကို တွေ့ရှိရပြီး အရုပ်ပေါင်း (၁၈၀) ကျော်ခန့် ပါဝင်သည်။ ၎င်းအရုပ်များတွင် အပေါ်ဆုံးအတန်း၌ ဗုဒ္ဓရုပ်ပွားတော်များ စီတန်းထွင်းထုလျက် အောက်တွင် တူရိယာတီးမှုတ်ဟန်များ၊ ကျွမ်းထိုးဟန်များ၊ တိရစ္ဆာန်တို့ ပျော်ပါးဟန်၊ ပူဇော်ဟန်၊ ငရဲကျဟန်၊ စစ်တိုက်ဟန်များ၊ ဝေဿန္တရာမင်းကြီး သားသမီးလှူဟန်၊ သုဝဏ္ဏသာမဇာတ်မှ လေးပစ်ဟန်၊ ရွှေဟသာမင်းဇာတ် စသည့်သရုပ်ဖော် ကျောက်ဆစ်ရုပ်ကြွများ ပါဝင်လေရာ မြောက်ဦးခေတ်အစောပိုင်း၌ ဆင်ယင်ထုံးဖွဲ့သော အဝတ်တန်ဆာများကို ဝတ်ဆင်ထားဟန် အနုစိတ်ထုလုပ်ထားပါသည်။ ရုပ်ကြွများကို သူ့အခန်းနှင့်သူ ထီးခန်း၊ နန်းခန်း၊ တောခန်း စသည်ဖြင့်



ဓာတ်ပုံ (၁)



ပုံဆွဲ (၁)



www.burmeseclassic.com

www.burmeseclassic.com

အမွန်းတင်ထွင်းထုထားပါသည်။

မဟာဗောဓိရွှေဂူစေတီတော်တွင်ရှိ တချို့ရုပ်ကြွလက်ရာအများစုမှာ သဘာဝဘေးအန္တရာယ်ကြောင့် ရုပ်ကြွ (၅၀) ကျော်ခန့် ပျက်စီးနေသည်ကို တွေ့ရှိရပါသည်။

ဂန္ဓကုဋိတိုက်အတွင်း အမြင့် (၆) ပေကျော်ခန့်ရှိ ကျောက်ဆင်းတုတော်ကြီးတစ်ဆူ စံပယ်လျက်ရှိပါသည်။ ကျောက်ဆင်းတုတော်ကြီးစံပယ်လျက်ရှိသောပလ္လင်ကို ကျောက်တစ်စလုံးတည်းဖြင့် ထုလုပ်ထားသည်ကို တွေ့ရှိရပါသည်။ ပလ္လင်ရှေ့မျက်နှာအောက်ခြေမှ မိန်းမရုပ်တစ်ရုပ် ကျောက်ဆစ်ရုပ်ကြွတစ်ရုပ်ကို တွေ့ရှိရပါသည်။ ပလ္လင်အောက်ခြေပတ်လည်တွင် ဇာတ်နိပါတ်ရုပ်ကြွများ၊ ကောင်းချီးပေးနေသော ခရုသင်းမှုတ်ဟန်အရုပ်များ၊ ဓားကိုင်သူရဲ၊ ဆင်စီး၊ မြင်းစီးသူရဲကောင်းတို့၏ ရုပ်တုများ ထုလုပ်ထားပါသည်။

ဤရုပ်ကြွများမှာ မြောက်ဦးခေတ်အစောပိုင်း ယောက်ျားများ၏ ဆင်ယင်ထုံးဖွဲ့မှုများနှင့် ခြူးပန်းခြူးနွယ် ရခိုင်စိတ္တလင်္ကာရ အနုလက်ရာများဖြင့် ထုဆစ်ထားပါသည်။ ဤရုပ်ကြွများသည် မြောက်ဦးခေတ်အစောပိုင်း ဘာသာရေး၊ ယဉ်ကျေးမှု၊ ယုံကြည်ချက်နှင့် ဆင်ယင်ထုံးဖွဲ့မှုကို ဖော်ပြထားသော ကြေးမုံတစ်ချပ်ပင် ဖြစ်ပါသည်။ ဂန္ဓကုဋိတိုက်အလယ်၌ ကြာဝတ်ဆံပန်းဆွဲသည့် ကျောက်တုံးအောက်သို့ တွဲကျနေပြီး အလွန်သေသပ်လှပါသည်။ မဟာဗောဓိရွှေဂူမှာ လက်ရာမြောက်သော စေတီတော်ကြီးတစ်ဆူပင် ဖြစ်ပါသည်။

မဟာရွှေဂူစေတီတော်၏ကျောက်ဆစ်ရုပ်ကြွလက်ရာများသည် ပထမမြောက်ဦးခေတ်၏ လက်ရာတစ်ခု ဖြစ်ပါသည်။ ဤစေတီတော်ရှိ ဗိသုကာလက်ရာများနှင့် ဆင်ယင်ထုံးဖွဲ့မှု အထောက်အထားများကို တွေ့ရှိရပါသည်။

မဟာဗောဓိရွှေဂူစေတီတော်ကြီးအတွင်းမှ ကျောက်ဆစ်ရုပ်ကြွများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ ဗောင်းတော်၊ မကိုဋ်တော်များ၊ နားတောင်း၊ တဘက်၊ အင်္ကျီ၊ ပုဆိုးဝတ်ဆင်မှုများကို လေ့လာနိုင်ပါသည်။ ပလ္လင်တော်ကျောက်ဆစ်ရုပ်ကြွများမှ ဝတ်ဆင်မှုတချို့ကို ရခိုင်ရိုးရာ စိတ္တလင်္ကာရအနုပညာလက်ရာများကို လေ့လာနိုင်ပါသည်။ အချို့သော ရုပ်လုံးရုပ်ကြွများတွင် ရွှေချခဲ့ကြောင်း ရွှေရောင်အနည်းငယ်နှင့် သစ်စေးများ ကပ်ကျန်နေသေးသည်ကို တွေ့ရှိရပါသည်။ မဟာဗောဓိရွှေဂူစေတီအတွင်းမှ ကျောက်ဆစ်ရုပ်ကြွများ၏ ဆင်ယင်ထုံးဖွဲ့မှုမှာ သူ့ခေတ်သူ့အခါနှင့် အဆင့်အတန်းမြင့်မားသော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများဖြစ်သည်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

ထိုအရုပ်များထဲမှ အဝင်ဝလက်ဝဲဘက်နံရံ ဒုတိယအဆင့်မှ ကောင်းနိုးရာရာထဲမှ အမျိုးသားဆင်ယင်ထုံးဖွဲ့မှုရုပ်ကြွ (၆) ရုပ်ကို ပုံဆွဲဓာတ်ပုံများနှင့်တကွ ရေးသား တင်ပြသွားမည် ဖြစ်ပါသည်။

မဟာဗောဓိ ရွှေဂူစေတီတော်မှ အမျိုးသားများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုအဖြစ် ပုံဆွဲ (၁) မှ (၆) အထိ ရေးသားဖော်ပြသွားမည် ဖြစ်ပါသည်။



ဓာတ်ပုံ (၂)



ဓာတ်ပုံ (၃)

ပုံဆွဲ (၁)၊ ဓာတ်ပုံ (၁) လက်ရာမှာ မဟာဗောဓိ ရွှေဂူဝင်ပေါက်ဝဲဘက်နံရံ ဒုတိယအဆင့် နံပါတ် (၁၀) အရုပ်ပင်ဖြစ်ပါသည်။ အမြင့် (၂၃) စင်တီမီတာခန့်၊ အကျယ် (၁၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၁) စင်တီမီတာခန့်ရှိပါသည်။ ဗောင်းတော် (မကိုဋ်တော်) ကို လေ့လာကြည့်ရာတွင် လက်ဝဲပြန်ရုပ်ကြွဖြစ်သည်ဟု သိရှိရပါသည်။ နားတွင် နားတောင်းဝန်းကြီးကို ဝတ်ဆင်ထားပါသည်။ လက်တစ်ဖက်၌ ကြာပွင့်ကိုကိုင်ထားပြီး တစ်ဖက်၌ စိပ်ပုတီးကိုင်ထားပါသည်။ ခြေတစ်ချောင်းကိုချပြီး တစ်ချောင်းကို ဒူးထောက်ကာ ထိုင်နေဟန်တွေ့ရပါသည်။ ဤအမျိုးသားဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။



ပုံဆွဲ (၂)




ပုံဆွဲ (၃)



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံ (၄)



ပုံဆွဲ (၄)



ဓာတ်ပုံ (၅)



ပုံဆွဲ (၅)



ဓာတ်ပုံ (၆)



ပုံဆွဲ (၆)

ပုံဆွဲ (၂)၊ ဓာတ်ပုံ (၂) လက်ရာသည် မဟာဗောဓိရွှေဂူအဝင် လက်ဝဲဘက်နံရံ ဒုတိယအဆင့် နံပါတ် (၁၁) ကျောက်ဆစ်ရုပ်ကြွပင် ဖြစ်ပါသည်။ အမြင့် (၂၃) စင်တီမီတာခန့်၊ အကျယ် (၁၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁) စင်တီမီတာခန့်ရှိပါသည်။ ဗောင်းတော်ပုံစံကိုလေ့လာကြည့်ရာတွင် ဇန္ဒတ်လက်ယာပျံချီ(ကြည်း)ဆိုသည်မှာ ဘုရင့်တပ်မတော် ကြေးတပ်မှ လက်ယာသံသူအား သံထူးချွန်သောကြောင့် လက်ယာပျံချီဘွဲ့ အပ်နှင်းခံထားရသော ဗိုလ်မှူးကြီးရာထူးအဆင့်ရထားသောသူကို ခေါ်ဆိုသည်။ နားတောင်းဝန်းကြီးကို ဝတ်ဆင်ထားပြီး လက်တစ်ဖက်စီတွင် လက်ကောက်ပြားကြီးကို ဝတ်ဆင်ထားပါသည်။ ဆင်ယင်ထုံးဖွဲ့မှုမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

ပုံဆွဲ (၃)၊ ဓာတ်ပုံ (၃) လက်ရာသည် ဒုတိယအဆင့် နံပါတ် (၁၆) ကျောက်ဆစ်ရုပ်ကြွပင် ဖြစ်ပါသည်။ အမြင့် (၂၀) စင်တီမီတာခန့်၊ အကျယ် (၁၉) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁) စင်တီမီတာခန့်ရှိပါသည်။ ဗောင်းတော် (မကိုဋ်တော်) ထုံးဖွဲ့မှုဖြစ်ကြောင်း သိရှိရပါသည်။ လက်တစ်ဖက်၌ ဓားလိုလို၊ တုတ်လိုလိုကိုင်ထားပြီး နောက်တစ်ဖက်ကို ဒူးပေါ်၌တင်ထားပါသည်။

ပုံဆွဲ (၄)၊ ဓာတ်ပုံ (၄) လက်ရာသည်လည်း ဒုတိယအဆင့် (၂၃) လက်ရာပင် ဖြစ်ပါသည်။ ရုပ်ကြွအမြင့် (၃၀) စင်တီမီတာခန့်၊ အကျယ် (၁၆) စင်တီမီတာခန့်နှင့် အထူ (၁) စင်တီမီတာခန့်ရှိပါသည်။ ဗောင်းတော်အနေအထားကို လေ့လာကြည့်ရာတွင် ပရောဟိတ် (လက်ဝဲ) အမျိုးသားဆင်ယင်ထုံးဖွဲ့မှု လက်ရာဖြစ်ကြောင်း သိရှိရပါသည်။ လက်နှစ်ဖက် ကြာဖူးကိုင် ဘေးဘက်သို့ ပုဆစ်တုပ်ထိုင်၍ ဂူဇော်နေဟန်ကိုတွေ့ရှိရပါသည်။ ဆင်ယင်ထုံးဖွဲ့မှုများ ရိုးရှင်းလှပါသည်။

ပုံဆွဲ (၅)၊ ဓာတ်ပုံ (၅) လက်ရာသည် အကျယ် (၁၇) စင်တီမီတာခန့်နှင့် အမြင့် (၂၂) စင်တီမီတာခန့်၊ အထူ (၁) စင်တီမီတာခန့်ရှိပါသည်။ ဗောင်းတော်အနေအထားကို လေ့လာကြည့်ရာတွင် ဒါးပိုင်ကြီး(ရေ)အမျိုးသားဆင်ယင်ထုံးဖွဲ့မှုလက်ရာဖြစ်ကြောင်း သိရှိရပါသည်။ ဒါးပိုင်ကြီး (ရေ) ဆိုသည်မှာ ဘုရင်တပ်မတော်မှ စစ်အရာရှိကြီးကို ခေါ်ဆိုသည်။ လက်တစ်ဖက်၌ ကြာဖူး

www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်ဝင်း(ထမင်းဈေးမြို့)

# အာရုံစူးစိုက်မှုနှင့်မှတ်ဉာဏ်ကောင်းစေရန်

ကျွန်ုပ်တို့သည် ပင်ပန်းနွမ်းနယ်မှုကြောင့် လည်းကောင်း၊ ကျန်းမာရေးချို့တဲ့မှုကြောင့် လည်းကောင်း၊ ငြီးငွေ့သောအလုပ်များကို ထပ်ခါတလဲလဲ လုပ်ကိုင်နေရသဖြင့် လည်းကောင်း၊ အာရုံစူးစိုက်မှုများ ချို့ယွင်းလာကာ နောက်ဆုံး မှတ်ဉာဏ်မကောင်းဖြစ်လာတတ်ပါသည်။ ထိုသို့ဖြစ်လျှင် အရာရာမေ့လျော့ကာ မိမိအတွက် အခက်အခဲပြဿနာများဖြစ်လာတတ်ပြီး စိတ်ကျဝေဒနာများလည်းတစ်ဆင့်ဖြစ်လာတတ်ပါသည်။ ထို့ကြောင့် အာရုံစူးစိုက်မှုချို့ယွင်းခြင်းနှင့် မှတ်ဉာဏ်မကောင်းဖြစ်ခြင်းတို့ကို အရေးကြီးရောဂါတစ်ခုအဖြစ်သတ်မှတ်၍ အမြန်ဆုံး ကုသသင့်ပါသည်။

ထိုသို့သော အာရုံစူးစိုက်မှုချို့ယွင်းခြင်းနှင့်မှတ်ဉာဏ်မကောင်းသောရောဂါအတွက် တိုင်းရင်းဆေးမြီးတိုများရှိပါသည်။ အလွယ်ကူဆုံး ဆေးမြီးတိုတစ်ခုကို ဖော်ပြပေးလိုက်ပါသည်။ ဆေးနည်းမှာ တစ်ခါသောက်သုံးရန်အတွက် မြင်းခွာရွက် (၁၀) ကျပ်သားကို အရိပ်တွင် အခြောက်လှန်းပါ။ ၎င်းမြင်းခွာရွက်ခြောက်တွင် ဇာဒ်စေ့ (၇) စေ့၊ ငရုတ်ကောင်း (၇) စေ့တို့နှင့် ညက်အောင်ရောကြိတ်ပါ။ ထို့နောက် ညနေစာလျှော့စားပြီး ညမိုးချုပ်သည်နှင့် အစာလုံးဝမစားတော့ဘဲ နံနက်အရုဏ်တက်သည်နှင့် အထက်ပါဆေးကို ရေအေးအေးဖြင့် နေ့စဉ်သောက်သုံးပေးပါ။ ဆေးသောက်ပြီး နှစ်နာရီအထိ မည်သည့်အစားအစာမျှမစားတော့ဘဲ ဆာလောင်လာပါက ရေအေးအေးကိုသာ သောက်ပေးပါ။ ခုနစ်ရက်အတွင်း အာရုံစူးစိုက်မှုပြန်လည်သန်စွမ်းပြီးမှတ်ဉာဏ်ကောင်းလာပါလိမ့်မည်။

အထက်ပါဆေးနည်းကို စာကျက်မှတ်ရသော စာသင်သားရဟန်းများ၊ ကျောင်းသူကျောင်းသားများနှင့် ဉာဏလုပ်သားများ၊ အနုပညာရှင်များ ပုံမှန်သောက်သုံးပေးသင့်ပါသည်။ မြင်းခွာရွက်သည် မှတ်ဉာဏ်နှင့် အာရုံစူးစိုက်မှုကိုကောင်းစေသော အာဟာရဓာတ်များ စွာပါရှိသည့် ဆေးဖက်ဝင်အပင် ဖြစ်ပါသည်။ အနည်းဆုံး တစ်ပတ်တစ်ကြိမ် သုပ်စားခြင်း၊ တို့မြုပ်စားခြင်းများပြုလုပ်သင့်ပါသည်။ ဇာဒ်စေ့သည်လည်း အန္တရာယ်ကင်းသော အာဟာရဓာတ်ပြည့်ဝသည့် အစားအစာတစ်မျိုး ဖြစ်ပါသည်။ ဇာဒ်ပင်ကို အချို့ဒေသများ၌ ဇန်ဒါပင်ဟူ၍ ခေါ်ဆိုတတ်၏။ ဇာဒ်စေ့ဆိုသည်မှာ အရပ်အခေါ် ဇန်ဒါစေ့နှင့် အတူတူပင် ဖြစ်သည်။ မြို့တိုင်းရွာတိုင်း လမ်းဘေးတွင်စိုက်ပျိုးထားတတ်ကြသဖြင့် မသိသူမရှိပါ။ ငရုတ်ကောင်းသည်လည်း အစွမ်းထက်သောဆေးဖက်ဝင်ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်သဖြင့် လူတိုင်းသိရှိပါသည်။ အုန်းသီးနုနှင့် အုန်းစိမ်းရည်သောက်ပေးခြင်းအားဖြင့် အထက်ပါရောဂါတို့ကို ကာကွယ်နိုင်ပါသည်။

တင်နိုင်ဝင်း(ထမင်းဈေးမြို့)

---

တိုင်ထားပြီး တစ်ဖက်ကိုပေါင်ပေါ်၌တင်ထားပါသည်။ အင်္ကျီဝတ်စားဆင်ယင်မှုမှာ ရိုးရှင်းပြီး ပုဆိုးမှာ ဒီဇိုင်းဆန်းသည်ကို တွေ့ရှိရပါသည်။

ပုံဆွဲ (၆)၊ ဓာတ်ပုံ (၆) လက်ရာသည် စေတီတော်အောက် လက်ဝဲဘက်နံရံ ဒုတိယအဆင့် နံပါတ်(၁၂) ကျောက်ဆစ်ရုပ်ကြွလက်ရာပင် ဖြစ်ပါသည်။ အမြင့် (၂၃) စင်တီမီတာခန့်၊ အကျယ် (၂၀) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁) စင်တီမီတာခန့် ရှိပါသည်။ ဗောင်းတော်ပုံစံကို လေ့လာကြည့်ရာတွင် လွှတ်တော်ဝန် လက်ယာ (ရှေ့တန်း) အမျိုးသား ဝတ်စားဆင်ယင် ထုံးဖွဲ့မှုလက် ရာပင်ဖြစ်သည်ဟု သိရှိရပါသည်။ လွှတ်တော်ဝန်းလက်ယာ (ရှေ့တန်း) ဆိုသည်မှာ လွှတ်တော်တစ်ခုလုံးကို စီမံခန့်ခွဲကျင်းပရသည့်ဝန်းကြီးကို ခေါ်ဆိုသည်။ တဘက်ကို ပခုံးနှစ်ဖက်အလယ်တွင်တင်၍ အဖျားကို ဘေးတွင်ဖြန့်၍ ဆွဲဆစ်ထားပါသည်။ လက်တစ်ဖက်မှာ ရင်ညွန့်အတွင်းဘက်ကိုဖိထားပြီး တစ်ဖက်မှာ ပန်းလိမ်ညွန့်ကိုင်ထားသည်ကို တွေ့ရှိရပါသည်။ လွှတ်တော်ဝန်လက်ယာ (ရှေ့တန်း) အဝတ် အမျိုးသားဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ သပ်ရပ်ပြီး အနုစိတ်လက်ရာမြောက်လှသည်ကို တွေ့ရှိရပါသည်။

ယခုအခါ ရခိုင်တို့၏ ပျောက်ကွယ်လုနီးပါးဖြစ်နေပြီဖြစ်သော ဆင်ယင်ထုံးဖွဲ့မှုများသည် မြောက်ဦးခေတ် ရခိုင်တို့၏ ဆင်ယင်ထုံးဖွဲ့မှုများကို အမြော်အမြင်ကြီးစွာ ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများဖြင့် မှတ်တမ်းတင်ခဲ့သော ရှေးရခိုင်ဘုရားတို့၏ ကျေးဇူးတရားများကြောင့်ဖြစ်သည်။ ထို့အပြင် မဟာဗောဓိရွှေဂူစေတီတော်သည် သျှစ်သောင်းပုထိုးတော်ကြီး ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ ရှေ့ပြေးနမူနာဖြစ်ပါသည်။

ယနေ့ ရခိုင်တို့၏ ဆင်ယင်ထုံးဖွဲ့မှုများသည် မြန်မာနိုင်ငံအနှံ့အပြားတွင် ကျော်စောလျက်ရှိပါသည်။ ရခိုင်လုံချည်၊ ရခိုင်ထဘီများမှာ လူအကြိုက်အများဆုံးအဖြစ် ဝတ်ဆင်ကြသည်ကို တွေ့ရှိရပါသည်။ ထူးခြားချက်မှာ အအိုဆင်၊ အပျိုဆင်ဟူ၍ ခွဲခြားထားသည်။ ယခုအခါ ထိုခွဲခြားမှုမှာ ပျောက်ကွယ်လုနီးပါးဖြစ်နေသော်လည်း အနုဆင်၊ အရင့်ဆင်ဟူ၍ ခွဲခြားရှိနေပြီး ရက်လုပ်ဆဲ၊ ဝတ်ဆင်နေကြဆဲပင် ဖြစ်ပါသည်။

မဟာဗောဓိရွှေဂူပုထိုးတော်ကြီးအတွင်းမှ ကျောက်ဆစ်ရုပ်တုများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများသည် တစ်ချိန်က မြောက်ဦးခေတ်၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများကို မီးမောင်းထိုးပြလျက်ရှိပါသည်။

နှင်းဦး


ကိုးကားချက်များ -

၁။ နှင်းဦး၊ မြောက်ဦးခေတ် ကျောက်ဆစ်ရုပ်လုံးရုပ်ကြွများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု လေ့လာချက် (၂၀၀၃ ခုနှစ်)

၂။ စောမုံညင်း၊ မြန်မာအမျိုးသမီးဆင်ယင်ထုံးဖွဲ့မှုစာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာအုပ် (၁၉၈၉ ခုနှစ်)




www.burmeseclassic.com

www.burmeseclassic.com

(၁)

ဤပရလောကနှင့် ပတ်သက်၍ ကျွန်ုပ်ရေးသားခဲ့သမျှသည် အမှန်ချည်းသာဖြစ်၏။ တချို့သော သိပ္ပံသမားများက (ကျွန်ုပ်သည် Physics) တစ္ဆေသရဲ သဘာက်ရှိသလား၊ စုန်း၊ ကဝေ၊ နတ်တကယ်ရှိသလားဟုမေးကြသည်။ အမှန်ကို မထောက်မညှာဆိုရလျှင် ဤပုဂ္ဂိုလ်များသည် ဗုဒ္ဓဘာသာဝင်မပီသသေး။ ကံကံ၏အကျိုးကို မယုံကြည်ကြသေး၍သာ ဤအမေးကိုမေးနေကြဟန်ရှိသည်။ ကျွန်ုပ်သည် ကွန်ပျူတာ၊ အင်တာနက်ခေတ်ကာလတွင် ခေတ်နောက်ပြန်ဆွဲလျက် တိုးတက်သောလူငယ်ထုအကြား မှိုင်းသွင်းနေခြင်းမဟုတ်။ ခြောက်လှန့်နေခြင်းမဟုတ်။ ဓမ္မလမ်းစဉ်အတိုင်း ရေးသား ဖော်ပြနေခြင်းဖြစ်ကြောင်း ရဲဝံ့စွာသစ္စာဆို၏။ သချိုင်းတွင် လူသေကောင်လူရိုးရှိ၍ စွဲလန်းသည့်နေရာတွင် ပြိတ္တာ၊ တစ္ဆေနေလေ့ရှိကြောင်းပင်။

(၂)

ပေါက်မဒီးဒုတ်ပင်စုရွာမှ ကိုစောမောင်သည် ဇနီးဖြစ်သူ မသိန်းကိုလွန်စွာချစ်သည်။ ကျွန်ုပ်သည် မသိန်း၏တူအရင်းဖြစ်၏။ ဦးဘသိုင်း (စာရေးသူ၏ဖခင်)၊ ကိုခင်၊ မသိန်း၊ မစန်းရီ၊ မညိုတို့သည် မောင်နှမအရင်းများ ဖြစ်ကြပေသည်။ ကိုစောမောင်က မသိန်းကို အဘယ်ကြောင့်ချစ်ရသနည်း။ ကိုစောမောင်သည် မုဆိုးဖို၊ မသိန်းသည် အပျို အချောအလှ ကွမ်းတောင်ကိုင်ဖြစ်နေသောကြောင့်ပေတည်း။ ထိုမျှမကသေး ကိုစောမောင် ယခင်အိမ်ထောင်နှင့်ရလာသည့် လူမမည်မအုန်းကလေးကိုလည်း ရင်အုပ်မကွာ သမီးအရင်းနှင့်မခြားချစ်ခင်စောင့်ရှောက်ခဲ့သူဖြစ်သည်။ ကိုစောမောင် ရှာဖွေပေးသမျှကိုလည်း





www.burmeseclassic.com

www.burmeseclassic.com

စီးသည့်ရေဆည်သည့်ကန်သင်းလစ်ဟင်းမှုမရှိအောင် စီမံထိန်းသိမ်းတတ်သူဖြစ်သည်။ ကိုစောမောင် ဆယ်အိမ်မှူးဖြစ်၍ သူကြီးဦးမွှားအလေးထားရသူဖြစ်သကဲ့သို့ ရွာထဲရှိ အမျိုးသမီးကြီးငယ်တို့၏ အားထားရာသည် မသိန်းဖြစ်၏။ ကျွန်ုပ်၏အမေ ဒေါ်ချောစိန်ပြီးလျှင် မသိန်းသည် ဒုတိယခေါင်းဆောင်ဖြစ်သည်။ ထိုစဉ်က အမျိုးသမီးရေးရာမပေါ်သေးပါ။

လင်းဇင်းဆည်ကြီးတည်ဆောက်ခါစက လင်းဇင်းရွာသူအတော်များများကုလားများနှင့်ရခဲ့ကြလေရာ ရွာထဲရှိ အပျိုများ လင်းဇင်းသို့ ဈေးဝယ် (သို့) အခြားသောကိစ္စများဖြင့်သွားလိုပါက အမေနှင့် မသိန်းတစ်ယောက်ယောက်ပါမှသွားကြရသည်။ဘုန်းကြီးပျံပွဲ၊ ဘုရားပွဲ၊ အလှူပွဲများတွင် တောရွာအပျိုများပွဲကြည့်ကြလေ့ရှိရာ အမေနှင့် မသိန်းမပါလျှင် မိဘများက ပွဲမလွှတ်ကြ။ ထိုမျှဩဇာရှိခဲ့သည့်မသိန်း။

ကိုစောမောင်သည် သတ္တိဗျတ္တိနှစ်ခုစလုံးနှင့်ပြည့်စုံ၏။ ဓားခုတ်၊ လှံထိုး အမျိုးမျိုးပိုင်သကဲ့သို့ ဒူးလေး၊ လင်းလေးပစ်ရာမှာလည်း သူ့ကိုမီသူမရှိချေ။

# ချောဘာသိုင်း

(စလင်း)

## အစွဲအလမ်းသည့် လွဲလမ်းသာတည်း



www.burmeseclassic.com

www.burmeseclassic.com

(၃)

ကောဇာနှစ် ၁၃၀၅ ခုနှစ်၊ ပြာသိုနေ့လပြည့်ညတွင် သူကြီးဦးမွှား အုပ်စိုးသည့် ဒီးဒုတ်ပင်စုရွာကလေးမှ မုန်တိုင်းဝင်လေပြီ။ ထိုစဉ်က မောင်စောမောင်သည် အသက်နှစ်ဆယ်ပင်မပြည့်တတ်သေး။ မောင်စောမောင်ကို ဦးမွှားအလွန်အားကိုးသည်။

*ဟေ့ - မောင်မွှား၊ မနက်ဖြန်ညဆယ်နာရီလာမည်။*

*ရွာတံခါး အသင့်ဖွင့်ထား။ ရွှေငွေစုထား။ တစ်လစာရိက္ခာလိုသည်။*

ပုံ -
အောင်ထွန်း

ထိုစာသည် ဦးမွှားအိမ်ခေါင်းရင်းရှိ ပိန္နဲပင်တွင် ဓားတန်းလန်းဖြင့်တွေ့ရသောစာဖြစ်သည်။

ဦးမွှားအစည်းအဝေးခေါ်ရသည်။

"အားလုံးသိကြတဲ့အတိုင်း ဓားပြဗိုလ် အောင်ထွန်းက တို့ကိုစိန်ခေါ်လိုက်တာပဲ။ ဒီးဒုတ်စုသားတွေ ဘယ်လောက်သွေးစည်းညီညွတ်တယ်၊ ကြံ့ခိုင်တယ်ဆိုတာပြသရမယ့်ပွဲတစ်ပွဲကွ မောင်စောမောင်ရ။ အဲသည်တော့ တို့ဘယ်လိုဆောင်ရွက်ကြရင်ကောင်းမယ်ဆိုတာကို ရွာသူရွာသားများက အကြံဉာဏ်ပေးကြဖို့ခေါ်ရတာပဲ။ မနက်ဖြန်ည ဆယ်နာရီဆိုတော့ တို့တစ်တွေ စီစဉ်ချိန်တစ်ရက်ပဲရမယ်။ စုပေါင်းအားနဲ့မှ တွန်းလှန်ခုခံနိုင်မယ်။ သည်တော့ မင်းတို့အကြံဉာဏ်တွေကို တင်ပြကြပါ"

သူကြီးဦးမွှား၏ စကားဆုံးသည်နှင့် ပထမဆုံးထရပ်သူမှာ မောင်စောမောင်ပင်။

"ဟုတ်ကဲ့ ဘကြီးမွှား၊ ကျွန်တော်နည်းနည်းပြောပါရစေ။ လင်းဇင်းဂါတ်၊ ပေါက်မဂါတ်တွေမှာ ပုလိပ်သားများများမရှိပါဘူး။ စလင်းကို လစာထုတ်သွားနေကြတယ်။ ဓားပြတွေက ဒီအချက်ကိုတွေးမိကြပုံရပါတယ်။ ဗိုလ်ကြီးမောင်မောင်တို့တပ်ကလည်း ယခုတစ်လောဒီဘက်ကိုလာတာမတွေ့ရပါဘူး။ အဲဒီတော့ ကျွန်တော် စဉ်းစားမိတာလေး ပြောခွင့်ပြုစေချင်ပါတယ် ခင်ဗျာ"

အစည်းအဝေးတက်ရောက်လာသူအားလုံးက ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်လျက် နားစွင့်နေကြသည်။

"အေးအေး - လူလေး မောင်စောမောင်ပြောစမ်းကွာ"

"ဟုတ်ကဲ့ - ဘကြီးမွှေးခင်ဗျာ၊ ဘကြီးဟာ ငယ်စဉ်က ပုခက်တိုင်ရွာက ဒေါပအို့ထံမှာတပည့်ခံပြီး ပညာအပြည့်အဝရလာခဲ့သူလို့ အများကသိနေကြပါတယ်။ ကျွန်တော်တို့ လူမှန်းသိစကတည်းက စုန်း၊ ကဝေ၊ တစ္ဆေ၊ မှင်စာဖမ်းစားခဲ့ရင် ဘကြီးကယ်ဆယ်ခဲ့တာချည်းပါပဲ။ အင်း၊ အိုင်၊ လက်ဖွဲ့နှင့်တကွကိုယ်ခံပညာ၊ သေနတ်ပစ်၊ ဓားခုတ်၊ လှံထိုးများကိုလည်း ဘကြီးသင်ပေးခဲ့လို့ကျွန်တော်တို့တတ်ခဲ့ရတာပါ။ ဒီကိစ္စမှာတော့ သမားရိုးကျခုခံကာကွယ်တာထက် ဘကြီးရဲ့ပညာကို အသုံးပြုပြီး ဓားပြများတပ်လန်သွားအောင် အစွမ်းပြပေးစေချင်ပါတယ်ခင်ဗျား"

"ဟုတ်တယ်၊ ဟုတ်တယ် ကိုစောမောင်ပြောတာ ဟုတ်တယ်"

မောင်စောမောင်စကားဆုံးသည်နှင့် တစ်ရွာလုံးကထောက်ခံလိုက်ပေရာ ဦးမွှားက လက်ကာပြလျက် အားလုံးကိုငြိမ်သက်စေလိုက်သည်။

"အေး - ဒီပွဲမှာတော့ ငါလည်းအစွမ်းပြမှဖြစ်တော့မယ်လို့ဆုံးဖြတ်ထားပြီးသားပါ။ ဒါပေမယ့် ဝီရိယဆိုတာပိုတယ်လို့မရှိပေဘူးကွယ့်။ စီစဉ်စရာလေးတွေစီစဉ်ရအောင် မောင်စောမောင်ဦးဆောင်တဲ့ လှံကိုင်၊ ဒူးလေးကိုင်အဖွဲ့နဲ့ မောင်ခင်၊ မောင်ကျော်ဖြိုး၊ မောင်သောင်းရွှေတို့နေခဲ့ကြ။ ကျန်တဲ့ ဆယ်အိမ်ခေါင်းများက ရပ်သူရပ်သားများရဲ့ အကူအညီနဲ့စောင့်ရင်း ဆူးတပ်တွေ စစ်ဆေးပါ။ ပါးနေရှင်ထပ်ဆင့်၊ တောင်တံခါးမှာ ဒီနေ့ည ကင်းစောင့်သုံးယောက်ထား။ ကဲကဲ-ပြန်ကြ၊ ပြန်ကြ"

ပညာစွမ်းပြရတော့မည်ဆိုသည်နှင့် ဦးမွှားသည် ငယ်ရွယ်စဉ်က ပုခက်တိုင်ရွာမှ ဒေါပအို့ထံပညာယူသွားခဲ့ရပုံလေးကို အမှတ်ရလာမိသည်။ ဒေါပအို့ထံမှပညာမှာ လွယ်လွယ်ကူကူရခဲ့သည်မဟုတ်။ မိမိ၏ ကိုယ်ကျင့်သီလစောင့်ထိန်းမှုကြောင့် ရခဲ့သည်ဆိုလျှင် မှားအံ့မထင်။

(၄)

စလင်းချောင်းနားတစ်လျှောက်မေးမြန်းစုံစမ်း၍လာခဲ့ရာ ပုခက်တိုင်ရွာသို့ မြင်းတစ်စီးဖြင့်ခရီးပြင်းနှင်ခဲ့သည်တွင် ညနေလေးနာရီသာသာ၌ရောက်ရှိခဲ့လေသည်။ မေးပါများ စကားရ ဆိုသည့်အတိုင်း ဒေါပအို့ရှိရာကိုစုံစမ်းရာ တွေ့မိမေးမိသူတိုင်းက ပြုံးစစဖြင့်တူညီသောအဖြေကိုပေးခဲ့ကြပေသည်။ ထူးဆန်းပေစွ။

"အေး-မောင်ရင်လေးရဲ့၊ ဒေါပအို့အိမ်ကရွာလယ်မှာကွယ့်။ပျဉ်ထောင်အိမ်မည်းမည်းကြီးပဲ၊ အိမ်ရှေ့မှာ မန်ကျည်းပင်ကြီးရှိတယ်။ သူကျွေးတာကို မငြင်းနဲ့စားသာစား။ အေး - မနက်ဖြန်ပြန်ရင်တော့ တို့များကိုနှုတ်ဆက်ဦးကွယ့်နော်"

ကိုမွှားစိတ်ထဲမှာ ထူးခြားနေသည်ကတော့အမှန်။ အဆင့်မြင့် လောကီပညာတစ်ရပ်ဟာ တစ်ညအိပ်နှင့်ပြည့်စုံပါသလား။ သူတို့ပြောစကားကဖြင့် ပဟေဠိဆန်လှပါဘိ။ ဒေါပအို့၏အိမ်မှာ လေးပင်ငါးပင် ပျဉ်ထောင်နှစ်ထပ်အိမ်ကြီး ဖြစ်သည်။ အိမ်ဝိုင်းမှာ ကျယ်ဝန်းလျက် သစ်ပင်ကြီးများဝိုင်းပတ်လျက် ပတ်ဝန်းကျင်အိမ်များနှင့် ဝေးကွာလှသည်။

"အမေ၊ အမေ ကျွန်တော်လာပါရစေ ခင်ဗျာ"

သူအခွင့်တောင်းသည်နှင့် မရှေးမနှောင်းပင် ဒေါပအို့ကိုယ်တိုင် တံခါးဖွင့်ဆီးကြိုသည်။ ဆံပင်ကောင်းကောင်းကိုကျစ်လျစ်စွာထုံးဖွဲ့လျက် မြန်မာဆန်ဆန်ချောမောသည့် ခံ့ခံ့ထည်ထည်အမျိုးသမီးကြီးဟု မောင်မွှားမှတ်ချက်ချလိုက်သည်။ မောင်မွှားက တပည့်ခံ၍ ပညာသင်ယူလိုပါကြောင်း တောင်းပန်သည့်အခါ -

"အေးကွယ်၊ လူလေးလိုချင်တဲ့ပညာရရပေမပေ့။အမေနဲ့တော့ တစ်ညအတူတူအိပ်ရမယ်ကွယ့်"

ထိုစကားသည် ထိုညအဖို့ ပထမဆုံးနှင့်နောက်ဆုံးစကားလေလား။ အလုပ်သမားဟုထင်ရသူများက သူ့ကို ညစာကျွေးသည်။ စားဟုပင် လောကဝတ်စကားမပြောကြ၊ သံပတ်ပေးထားသည့်အရုပ်တွေနှင့်တူလှသည်။ ည(၆)နာရီခွဲသည်နှင့် မည်သူကိုမျှ မတွေ့ရတော့ပေ။ တိတ်ဆိတ်ငြိမ်သက်နေသည်မှာ ချောက်ချားစရာ။ အိမ်အောက်ထပ်တွင် ကြီးမားထွားကျိုင်းသည့် ခွေးကြီးများက စောင့်ကြပ်လျက်ရှိရာ အိမ်အပေါ်ထပ်သို့တက်ခဲ့ရသည်။ အိမ်ကြီးမှာ ငါးပင်၊ လေးပင်ဖြစ်၍ လွန်စွာမှပင် ကျယ်ဝန်းလှသည်။ ဘုရားခန်းတွင် ပုဏ္ဏားဆီမှန်အိမ်တစ်လုံးကို ထွန်းညှိထားသည်ဖြစ်ရာ ထိုအလင်းရောင်မှတစ်ပါး အခြားမီးအလင်းရောင်မရှိ။ ဘုရားခန်း၊ အလယ်နှစ်ခန်းတို့တွင် အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံးခင်း၍ တစ်ခုမှမတွေ့ရ၊ လွန်စွာပင် ထူးခြားလှသည်ဟု မောင်မွှားထင်မိ၏။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရှေ့တွင်ထိုင်လျက် ဘုရားရှိခိုး၊ မေတ္တာသုတ် (၉) ခေါက်ရွတ်ကာ အရပ်ဆယ်မျက်နှာသို့ မေတ္တာပို့ပြီး ဆုံးဖြတ်ချက်ချလျက် သစ္စာဆိုလိုက်သည်။

"ငါသည် လူမှန်းသိတတ်သည့်အရွယ်မှစ၍ ကံငါးပါးကို လုံခြုံစွာထိန်းသိမ်းခဲ့သည်။ ဤမှန်သောသစ္စာစကားကြောင့် အဒေါ်မယ်ပအိုထံမှ ပညာများရရပါစေသား"

ညဥ့်နက်သည်ထက်နက်လာ၏။ ဆောင်းဝင်စဖြစ်၍ လေလုံသော်လည်း အေးစိမ့်လျက်ရှိသည်။ ခေါင်းအုံး၊ စောင်၊ အခင်းမရှိသည့် ဤအိမ်ပေါ်တွင် ခွေးတို့သို့ အိပ်စက်ရပါမည်နည်း။ ထိုသို့တွေးတောနေစဉ်မှာပင် မီးခြစ်သံရှဲခနဲကြားရလျက် အမျိုးသမီးများအိပ်စက်ရာ အနောက်ခန်းတွင် မီးလင်းလာခဲ့သည်။

"လူလေး-ချမ်းနေရှာပေါ့၊ အမေ့ဆီလာအိပ်ကွယ့် လာလာ"

ညဥ့်ကလည်းနက်၊ အေးကလည်းအေး၊ ကွေးစရာစောင်ကလည်း မရှိသည့်အဆုံး အသံပြုရာအခန်းသို့ ခြေကိုဖွဖွနင်းကာ ခန်းဆီးကိုလှစ်၍ဝင်လိုက်သည်တွင် အလို - ဘုရား၊ ဘုရား၊ ဘုန်းတော်ကထွက်ကျမတတ် အံ့ဩ၊ ထိတ်လန့်စရာမြင်ကွင်းတစ်ခုက သူ့ကိုဖမ်းစားလိုက်သည်။ နှစ်ယောက်အိပ်ကော်ဇောအိအိကြီးပေါ်မှာ သူနှင့်မတိမ်းမယိမ်းလုံမငယ်တစ်ဦး သူ့ကိုကျောပေးလျက် ကုန်းလုံးလှဲနေသည်ကို မြင်ရသည်။ လှလိုက်သည့် ကိုယ်လုံးကိုယ်ပေါက်၊ ဆံပင်များကလည်း ရှည်လျားလှပါသည်။ ခြေသလုံးသားသည် လက်တစ်ဝါးခန့်ပေါ်ထွက်ရှိပေရာ ဖြူဖွေးသောအသားသည်ကား သူတို့တောသူမများနှင့် လားလားမှမဆိုင်၊ အဖြူရောင်ဇာထည်ကို ဝတ်ဆင်ထားခြင်းကြောင့် မီးအိမ်အောက်ထယ် လှချင်တိုင်းလှနေသည့် မိန်းမပျိုပေတကားဟု မောင်မွှား မှတ်ချက်ချမိတော့သည်။

တစ်ခန်းလုံးတွင် ထိုတစ်နေရာသည်း၌သာ စောင်၊ ခေါင်းအုံးရှိလျက် အခြားနေရာများတွင် ထင်းရှူးသေတ္တာ၊ သံသေတ္တာကြီးများဆင့်ထားသည်ကိုတွေ့ရသည်။ စောစောက သူ့ကိုအသံပြုသည့် ဒေါ်ပအိုကား ဘယ်သို့ရောက်သွားလေသနည်း။ ထိုလုံမငယ်ကား သူ၏သမီးလေလား၊ တူမလေးလား။ မိမိကဲ့သို့ပင်ပညာသင်ရန်ရောက်နေသူလား ခွဲခြား၍မရပြီ။ သူကြောင်ချက်ခြေလှမ်းတုံ့ကာရပ်နေသည်တွင် တစ်ဖက်သို့လှည့်နေသည့် လုံမငယ်သည် လွန့်လူးလျက် သူရှိရာဘက်သို့လှည့်လာလေ၏။ အလို-ဇာသည်ဟုပင်ပြော၍မရတော့ပြီ။ လွန်စွာပင် ကြော့ရှင်းသည့် လုံမပျိုလေးပေတကား။ ဘုရားဘုရား - ငါဘယ်လိုများ အိပ်စက်ရမှာပါလိမ့်။

"အမောင် - လာလေ၊ နှမနဲ့အတူယှဉ်တွဲပြီး အိပ်စက်ကြရအောင်လေ"

အလို-ကြည့်စမ်းပါ့ သာယာချိုမြသည့်အသံပိုင်ရှင်မလေးက အပြုံးဖြင့်ဖိတ်ခေါ်နေပါပေါ့လား။

'အေးအေး - လူလေးလိုချင်တဲ့ပညာရရပေမပေါ့။ အမေနဲ့တော့ တစ်ညအတူအိပ်ရမယ်ကွယ့်'

ညနေတုန်းက ခရီးရောက်မဆိုက် ဒေါ်ပအိုပြောခဲ့သည့်စကားတစ်ခွန်းကို အမှတ်ရလာသည်နှင့် ရဲဝံ့စွာပင် သူမနှင့်တစ်တောင်ခန့်ပင်မကွာသည့် ခေါင်းအုံးပေါ်မှာ ခေါင်းချလျက် အမွေးပွစောင်ကြီးကို လွှမ်းခြုံလိုက်တော့သည်။ ချိုအီသင်းပျံ့၍ မွှေးကြိုင်သော ရနံ့များသည် သူ၏နှာဝတွင် ကလူ၏သို့မြူ၏သို့။

မောင်မွှားသည် ဒေါ်ပအို၏ ပရိယာယ်ကို သိရှိနားလည်သည်နှင့် စောစောက ဖြစ်ပွားလာခဲ့သည့်မနောကံများကို အချိန်မီထိန်းသိမ်းလိုက်နိုင်သည်။ မည်သည့်အချိန်တွင် အိပ်မောကျသွားခဲ့သည်မသိ။

"လူလေး-ထကွယ့်၊ မနက်စောစော ကောက်ညှင်းပေါင်းလေး စားလိုက်ရအောင်"

အမယ်ကြီးတစ်ယောက်၏ နှိုးသံကြားမှ သူနိုးလာခဲ့သည်။ သူအိမ်ပျော်ခဲ့သည့်နေရာကား ဘုရားကျောင်းဆောင်ရှေ့တည့်တည့်တွင်ဖြစ်သည်ကို သူအံ့ဩစွာသိလိုက်ရသည်။ အလယ်ခန်းတွင် စောင်အသစ်၊ ခေါင်းအုံးအသစ်များကို အထပ်လိုက်တွေ့ရသည်။ ညတုန်းက မမြင်ခဲ့မိသည်မှာ သူမျက်စိမှောက်မှားခဲ့တာလေလား။ သူနှင့်အတူယှဉ်လျက်အိပ်နေခဲ့သည့် လုံမငယ် ဘယ်မှာလဲ။ သူဘယ်လိုလုပ်ပြီး ခေါင်းရင်းခန်းမှာရောက်နေခဲ့တာလဲ၊ သူမည်သို့မျှစဉ်းစား၍မရပြီ။

"လူလေးရဲ့ ကိုယ်ကျင့်သီလနဲ့ သမာဓိကို အမေယုံကြည်ပါပြီကွယ်။ တစ်ပတ်ရှိရင် သားလိုချင်တတ်ချင်တဲ့ ပညာတွေ အကုန်ရပြီလို့ မှတ်လိုက်ပေတော့။ ကဲ - လူလေးထ မျက်နှာသစ်သွားတိုက်၊ ကောက်ညှင်းပေါင်းပူပူလေးနဲ့ ဆတ်သားခြောက်ဖုတ်ကလေးစားလိုက်ရအောင်"

မောင်မွှား အံ့ဩခြင်း၊ ဝမ်းသာခြင်း၊ ထိတ်လန့်ခြင်းများစွာဖြင့် အမယ်အိုခေါ်ဆောင်ရာသို့လိုက်ခဲ့ရလေတော့၏။

(၅)

ဦးမွှားသည် လက်ရှိအခြေအနေကို လျစ်လျူရှုကာ တွေးတောနေမိရာမှ သူငယ်စဉ် ပညာသင်ယူခဲ့ရပုံကလေးကိုတွေးမိလျက် ကျေနပ်စွာပြုံးလိုက်သည်။

သူကြီးဦးမွှား၏ မျက်နှာကို မှန်ကဲ့သို့ကြည့်နေသည့် မောင်စောမောင်က ဘာအဓိပ္ပာယ်လဲဟု စဉ်းစားနေမိသည်။

"သူကြီးမင်း၊ ဘယ်လိုများဆောင်ရွက်မှာပါလဲခင်ဗျာ"

မောင်စောမောင်မေးမှ ဦးမွှား သတိရလာသည်။

"အေး-အေးကွယ့် - မောင်စောမောင် မင်းတို့ဒိုးလေးအဖွဲ့၊ လုံ့ကိုင်အဖွဲ့တွေက ရွာပြင်မှာ ညနေ ငါးနာရီကတည်းက တံခါးနဲ့မနီးမဝေးကချုံကောင်းကောင်းမှာ ကင်းပုန်းဝပ်နေကြရမယ်။ ဆေးလိပ်လုံးဝမသောက်ရဘူး။ စကားလုံးဝမပြောရဘူး။ မလှုပ်ရှားဘဲနေရလိမ့်မယ်။ ကဲ- မောင်စောမောင်တို့ စီစဉ်စရာရှိတာစီစဉ်ဖို့ပြန်ကြပေတော့။ မောင်ခင်နဲ့ ကျော်ဖြိုးနေခဲ့။ မင်းတို့ကို အစီအရင်တစ်ခုလုပ်ပေးလိုက်မယ်"

ညမှောင်သည်နှင့် ကိုစောမောင်တို့မှာ ရွာအပြင်တွင်ပုန်းလျက်စောင့်ဆိုင်းပြီး ဖြစ်၏။ ကိုခင်နှင့်ကိုကျော်ဖြိုးကား အင်္ကျီကိုချွတ်၊ ပုဆိုးကို ခါးတောင်းကျိုက်လျက် ရွာမြောက်တံခါးထုပ်တန်းပြားပေါ်တွင် လက်ပမ်းပေါက်ခတ်လျက် ဟန်ရေးပြနေဘိ၏။ ညဆယ်နာရီခန့်တွင် မြင်းခွာသံများကြားရလျက် ဓားပြခေါင်းဆောင် အောင်ထွန်း၏ အသံအောအောကြီးကို ကြားရတော့သည်။ တစ်ရွာလုံးကား မည်းမှောင်လျက် ခွေးဟောင်သံပင် မကြားရတော့။

"ဟေ့ - သူကြီးမွှားရဲ့၊ ဘယ်လိုလဲကွ။ တံခါးပိတ်ထားပါလား။ တစ်ရွာလုံး မီးလောင်တိုက်သွင်းခံချင်ပြီထင်ပါရဲ့ ဟုတ်လားကွ"

ဦးမွှားသည် မြင်းခွာသံမကြားမီကပင် စီစဉ်ထားပြီးဖြစ်လေရာ အောင်ထွန်း၏ အသံကြားရသည်နှင့် ခံတပ်ကောင်းသောစစ်သူကြီးကဲ့သို့ ရဲဝံ့စွာတုံ့ပြန်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ - အောင်ထွန်း၊ မင်းတို့အဖွဲ့ ဒီနေ့ကံဆိုးမိုးမှောင်ကျတဲ့နေ့လို့မှတ်လိုက်ကွ။ မင်းတို့ မီးကျိုးမောင်းပျက်တွေနဲ့လာပြီး ခြိမ်းခြောက်မနေနဲ့။ တံခါးပေါင်ပေါ်က ငှါတပည့်နှစ်ယောက်ကို အရင်ပစ်ချလိုက်ကွာ။ သူတို့နှစ်ယောက် သေနတ်မှန်လို့သေသွားရင် ငမွှားလည်စင်းပေးလိုက်မယ်ကွ သိလား"

ဦးမွှားသည် ထိုသို့စိန်ခေါ်ပြီးသည်နှင့် ရှာစောင့်နတ်၊ တံခါးစောင့်နတ်၊ နယ်စောင့်နတ်၊ ကွင်းစောင့်နတ်တို့ကို တိုင်တည်သစ္စာပြုလျက် ပေါက်မရွာကို ဘေးရန်မှလွတ်မြောက်ရပါစေကြောင်း ဆုတောင်းနေလိုက်သည်။

အောင်ထွန်း ဒေါသကြီးလာသည်။

"ဟေ့ - မိုးကြိုးပစ်ချစမ်းကွာ။ ဒီကောင်တွေ အလောင်းကောက်ပွဲကျင်းပရအောင်"

"ချက် ချက် ဂျက် ဂျလောက်"

မိုးကြိုး၏ပစ်ချက်များသည် ဒိုင်းခနဲထွက်လာရမည့်အစား မီးမကူးဘဲ ချက်ချက်ဖြင့်သာ အသံထွက်နေလေတော့၏။ ဦးမွှားနှင့်လူအများကြားကြရသည်။

"ဟေ့-အောင်ထွန်း၊ သူကြီးငမွှားအကြောင်းသိပြီလားကွ။ မတူရင်လာမတူနဲ့ဟေ့။ သိချင်ရင် ဟိုဘက်လှည့်ပြီး တစ်ချက်လောက်ပစ်ကြည့်လိုက်ကြစမ်းပါဦးကွ"

ဦးမွှားစကားဆုံးသည်နှင့် ဒိုင်းခနဲ နှစ်ချက်ဆင့်၍ အသံထွက်သွားလေရာ လက်ထောက်ဓားပြမိုးကြိုးမှာ ပက်လက်လန်လဲကျသွားလေတော့၏။

"လိုက်ဟေ့၊ ပစ်ဟေ့၊ ဓားနဲ့ဝင်ပိုင်းကွာ"

ဆိုသည့် မောင်စောမောင်တို့အဖွဲ့ ဩသံပေးလိုက်သည်နှင့် ထွက်ပြေးကြလေရာ မြင်းနှစ်ကောင်နှင့် သေနတ်နှစ်လက်ပါကျ၍ကျန်ရစ်လေတော့သည်။ ညတွင်းချင်းပင် လင်းဇင်းဌာနာအုပ် ဦးဗလနှင့် ဆာဂျင်ဘဦးတို့ ရောက်ရှိလာကြရာ ဦးမွှားက တောအရက်ကောင်းကောင်း၊ ကြက်ကြော်၊ ကြက်သားကာလသားဟင်း၊ ဆိတ်သားခြောက်ဖုတ်များဖြင့် တည်ခင်းဧည့်ခံသည်တွင် စခန်းမှူးဌာနာအုပ်မှာ လွန်စွာ သဘောကျလျက် ရွာသူရွာသားများ၏ညီညွတ်မှု၊ ဦးမွှား၏ ဦးဆောင်ကောင်းမှုတို့ကို ချီးကျူးပြောဆို၍ပြန်ကြလေ၏။ နောက်နေ့ညနေတွင် ဦးမွှားစီမံသည့်အတိုင်း လိုက်နာဆောင်ရွက်ကြသည့် ကိုစောမောင်၊ ကိုခင်စသော ရွာသားများကိုလည်း ဦးမွှားက ဆန်တစ်အိတ်စီဆုချလျက် ဓားလွယ်တစ်လက်စီလက်ဆောင်ပေးခဲ့သည်။

ကျွန်ုပ်တို့အသက်နှစ်ဆယ်ခန့်တွင် အသက်ကိုးဆယ်အရွယ်ရှိ ဘထွေးဦးခင်ကိုမကြောက်ဘူးလားဟုမေးရာ လွန်စွာထိတ်လန့်မိကြောင်း၊ ဆရာ၏အစွမ်းကိုလည်း ယုံကြည်ကြောင်း ပြန်လည်ပြောပြပါသည်။

(၆)

ကိုစောမောင်မှ ဦးစောမောင်ဘဝသို့ ရောက်ရှိလာသော်လည်း ရမ်ရွာ တာဝန်များကို ထမ်းဆောင်နေရဆဲသာတည်း။ ဦးမွှား ကွယ်လွန်၍ ရွာလူကြီးတင်မြှောက်သည်ကို ဦးစောမောင်က လက်မခံချေ။ ဦးစောမောင် ကွယ်လွန်ချိန်တွင် အသက်ခြောက်ဆယ်ကျော်သာရှိသေးသည်။ ဒေါ်သိန်းမှာ ငါးဆယ်ကျော်ဖြင့် ကျန်ရစ်ရှာသည်။

ထိုကာလတွင် ဦးဘသိုင်းနှင့် ဒေါ်ချောစိန်တို့မှာ လင်းဇင်း - မန္တလေး၊ လင်းဇင်း - ရန်ကုန် အရောင်းအဝယ်တွင်ကျယ်လျက်ရှိသည်တွင် မန္တလေးမြို့သို့ မကြာခဏ ဈေးဝယ်ရောက်သည်။ ဒေါ်ချောစိန်က တစ်ခါတစ်ရံ တရုတ်ပစ္စည်းများကို လာရှိုးမြို့အထိသွားဝယ်တတ်သည်။ တရုတ်တန်းဈေးကလည်း ဘူတာကြီးအနောက်ဘက်တွင်ကပ်လျက်ရှိပေရာ သွားလာရလွယ်ကူစေပါသည်။ ဒေါ်ချောစိန်သည် မန္တလေးသွားလျှင် ဆွေမျိုးသားချင်းများကို ဘုရားဖူးခေါ်တတ်သည်။ မအားလပ်သည့်ကြားမှပင် မဟာမြတ်မုနိ၊ မန္တလေးတောင်၊ ရှင်ပင်ပက်လက်၊ ရေစက်စက်၊ သကျသီဟ၊ ရွှေကျီးမြင်၊ ဦးလှသိန်းဗိမာန် စသည်တို့ကို ရောက်အောင်ပို့လိုက်သေးသည်။

ယခုတစ်ယောက်ကတော့ဖြင့် လင်ပူမိနေသည့် မသိန်းအလှည့်။ မသိန်းတစ်ဦးတည်း ပါလာသည်မဟုတ်။ ဒေါ်စန်းရီသမီး မမြင့်ကြည်၊ ဦးခင်သမီးဖြစ်သူ အငယ်မ မရီမြင့်၊ ကွယ်လွန်သူ မောင်စောလွင်၊ စက်သမား မောင်ယုတို့လည်းပါလာကြသည်။ ဆင်ဖြူကျွန်းမြို့ ကျွန်းညိုဆိပ်မှ မန္တလေးဂေါဝိန်ဆိပ်အထိ တစ်ညအိပ်ခရီးဖြစ်၍ အကြာကြီး သဘော်စီးရသည်။

အရီးလေးဒေါ်သိန်းသည် ခင်ပွန်းဖြစ်သူ ကိုစောမောင်ကို စွဲလမ်းသည့်အလျောက် သုသာန်ဝရောက်သည်နှင့် နှုတ်ကခေါ်လာခဲ့သည်။

"ကိုစောမောင်ရေ၊ ကျုပ်မန္တလေးဘုရားဖူးသွားမလို့၊ တော်လိုက်နိုင်ရင်လိုက်ခဲ့"

အရီးလေး ဒေါ်သိန်းခေါ်သံကို အားလုံးကြားသည်။ မည်သူမျှမပြောခဲ့ကြ။

ပြည် - မန္တလေးကူးတို့သင်္ဘောလေးသည် ပခန်းငယ်၊ စလေ၊ ဆိပ်ဖြူ ချောက်၊ စဉ့်ကူးလမ်းရွာ၊ ရေနံကျပ် လက်ပန်ခြေပေါ်၊ ပုဂံ၊ ညောင်ဦး ပခုက္ကူ၊ မြင်းခြံ စသည်ဖြင့် တရွေ့ရွေ့ ဆန်တက်လာခဲ့ရာ ခရီးသည်များအိပ်သူ အိပ်၊ စကားပြောသူပြော၊ စာဖတ်သူ ဖတ်၊ လက်ဖက်ရည်ဆိုင်ထိုင်သူထိုင်ဖြင့် ခရီးသွားလျက်ရှိကြသည်။ အသွားတွင် ဘာမှထူးခြားမှုမရှိသောလည်း အပြန် ခရီးတွင် ပါလာသည့် မရီမြင့်မှာ ငိုလိုက် ရယ်လိုက်ဖြင့် စုန်းပူးသလို၊ သရဲဝင်ပူး သလိုလိုလုပ်လာသည်။ တစ်ခါတစ်ရံ ဒေါ်သိန်းကို လက်ညှိုးထိုးလျက်ပြောနေ ပြန်သည်။ ဤခရီးတွင် ကျွန်ုပ်လည်း ပါဝင်ရာ အသေအချာ နားထောင်မိမှ မရီမြင့်၏အသံမဟုတ်ဘဲ ဦးစောမောင် အသံဖြစ်နေသည်ကို တွေ့မြင်ရသည်။

"မသိန်း မင်းငါ့ချစ်သလိုမချစ်ဘူး ရက်စက်တယ်ကွာ၊ မင်းရက်စက်တယ်"

မရီမြင့်မှာ ငိုမဲ့မဲ့ပြောနေသော်လည်း ကျွန်ုပ်ကား လွန်စွာပင် ရယ်ချင်မိတော့၏။ သို့နှင့် ဦးစောမောင်ဝင်ပူးနေသည့် မရီမြင့်နှင့် ကျွန်ုပ်မှာ အင်တာဗျူးလုပ်လျက်နေရတော့သည်။

"ဘာတွေရက်စက်နေပြန်ကုံး။အခုပြောနေတာ ဘယ်သူတုံး"

"လူလေးရာ ကျုပ် ကိုစောမောင်ပါဗျာ"

"ကိုစောမောင်က သေပြီးပြီလေ၊ ဘယ်နှယ့် မြစ်ကူးချောင်းခြားလိုက်လာရတုံး။ ဘယ်ဆိပ်ကမ်းကတက်လိုက်လာတာလဲ"

ထိုစဉ် မရီမြင့်သည် နှပ်ညှစ်နေပြန်သဖြင့် နားထားရသည်။

"မသိန်းခေါ်လို့ လိုက်လာတာပါ။ ဘုရားဖူးဆိုပြီး ကျုပ်ကိုရည်စူးပြီး ဘာမှမလှူ၊ အမျှလည်းမပေးဝေ၊ သူစားတာသူသွားလေရာကြည့်နေရတဲ့ဘဝပါဗျာ၊ ကယ်ကြပါဦး"

ဟာ-ခက်ပြီ။ ဒါဟာ တကယ်အတည်ပေါက်ပြောနေတာပါလား။ ပါလာသူအားလုံးမှာ ကြောက်လန့်တုန်ပြီး ဒေါ်သိန်းက ဘာတစ်ခုမှဝင်မပြော



www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး၊ ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ (၁၇)

ရွှေနှစဝင်း(မှုသိမ်)

မိုးအကုန် ဆောင်းအကူး ရာသီဥတုသာယာကြည်လင်အေးမြလာတော့ ရာသီပေါ် သီးနှံများလည်း ဝေဝေဆာဆာ ဖူးပွင့်လို့လာကြလေပြီ။

အစာလည်းဆေး၊ ဆေးလည်းအစာဟု ရှေးဆရာများညွှန်းထားသည်မို့ ရာသီအလိုက်ခေတ်အကြိုက် အလိုက်သင့်ဖွာပေးဆက်ပါသော် ရောဂါရန်ဘေးကင်းစင်ဝေး၏ဟု အတိအကျ မိန့်ဆိုပြသခဲ့ပါသည်။

သို့ပါ၍ ယခုလို ဆောင်းဦးရာသီအခါသမယတွင် မြစ်ချောင်းအင်းအိုင်များ၌ ရေချိုငါးရံ့ကြီးများကို ဖမ်းဆီးအမိများလာသည်မို့ ဈေးများတွင် ငါးရံ့ငါးကြီးငါးကောင်းများကို ရာသီစာအဖြစ် အလွယ်တကူဝယ်ယူရရှိနိုင်ပေသည်။

ရေချိုငါးရံ့တွင် ငါးရံ့နီ၊ ငါးရံ့ကြား၊ ငါးရံ့ခေါင်းတို၊ ငါးရံ့ဒိုင်းဟူ၍ အမျိုးအစား (၅) မျိုးခန့်ရှိပြီး ရေငန်ပင်လယ်ငါးရံ့ဆိုတာလည်းရှိပေသည်။

သို့သော် ၎င်းတို့အထဲမှ ဆေးဖက်ဝင်အာနိသင် အကောင်းဆုံးငါးရံ့မှာ ရေချိုငါးရံ့နီငါး ဖြစ်ပါသည်။ ငါးရံ့နီငါးသည် အသားနူးညံ့၍ အချိုဓာတ်လေးပင်သည်။ ဦးခေါင်းတုတ်ခိုင်ပြီး ပါးအသားပြည့်ဖြိုး၍ ငါးခေါင်းသည် ချိုဆိမ့်ကာ စားကောင်းလှပါသည်။

အချို့က ငါးရံ့ခြောက်ကိုတန်ဖိုးထား ဈေးကြီးပေး၍ စားသောက်ကြပေသည်။ အမှန်တကယ် ဆေးဖက်ဝင်အာနိသင်ပေးစွမ်းတာက ငါးရံ့အစိုအသားသည်သာ အကောင်းဆုံး ဖြစ်ပါသည်။

အကြောင်းမှာ ငါးရံ့ခြောက်ပြုလုပ်ရာတွင် ယမ်းစိမ်းဓာတ်သည် မပါမဖြစ်ပါရပါသည်။ ၎င်းယမ်းစိမ်းဓာတ်က ကင်ဆာကိုဖြစ်စေနိုင်တဲ့ လှုံ့ဆော်မှုကိုဖြစ်စေပါသည်။

ဒ့ါပြင် ယခု ယင်မနားဆေးခေါ်သည့် ငါးခြောက်လုပ်ငန်းတွေမှာ အများဆုံး အသုံးပြုနေသည့် ထရိုင်ကာလိုဖောင်းဓာတုပိုးသတ်ဆေးမှာလည်း အန္တရာယ်များလှပါသည်။ ငါးရံ့သည် ပရိုတင်းဓာတ်ကြွယ်ဝပြီး အားအင်ကိုဖြစ်စေပါသည်။

ငါးရံ့သည် ချိုဆိမ့်ပြီး လေ၊ သည်းခြေ၊ သလိပ်ဒေါသ (၃) ပါးကိုနိုင်၏။ နှုတ်ကိုမြိန်စေတတ်၏။ ကြေကျက်

---

ဆေးလိပ်ဖွာလျက် အမေဒေါ်ချောစိန်နှင့် ရယ်မောကာ စကားလက်ဆုံကျနေ၏။ ကွန်နိုပ်သည် လက်ရန်းနားရှိ အမေ့ကို လက်တို့၍ခေါ်ရသည်။ အကျိုးအကြောင်းပြောပြရာ အမေက စကားရပ်၍ထလိုက်လာသည်။

"ဟဲ့ - မောင်စောမောင်တို့များ ဘာဝရြားနေပြီကွယ့်။ ဘာကိစ္စလိုက်လာရတုံး"

မရှီမြင့်သည် ဒေါ်သိန်းရှိရာသို့ လက်ညှိုးထိုးလျက် စိတ်ဆိုးမာန်ဆိုးအော်လေရာ ခရီးသွားများဝိုင်းအုံကြည့်ကြသည်မှာ ရှက်စရာကောင်းလှပေသည်။

"မသိန်းကခေါ်လို့လိုက်ခဲ့ရတာပါ အစ်မချောရာ။ ပြီးတော့ ကျုပ်အတွက် ဘာမှမလှူ၊ အမျှအတန်းလည်းမပေးနဲ့ ကျုပ်မှာတော့ သူ့ကိုစွဲပြီး အိမ်ရှေ့ကမန်ကျည်းပင်မှာ ခွေးတိုးဝက်ဝင်နေရတာပါ။ စားစရာမရှိ၊ ဝတ်စရာမရှိ၊ နေစရာမရှိပါဗျာ။ သူမတော့ ဟိုကောင်နဲ့ပျော်လို့။ ကျုပ်သေသာသေလိုက်ချင်တယ်ဗျာ"

ခက်ဇိနိပေါ့၊ သေပြီးသား လူက သေလိုက်ချင်ပြန်သတဲ့။ အမေကပြုံးလျက် စဉ်းစားနေသည်ကိုတွေ့ရ၏။

"အေး - ဟုတ်ပြီ။ ငါ မိသိန်းကိုဆွမ်းလည်းကပ်ခိုင်းမယ်။ သင်္ကန်းဒွိစုံလှူမယ်။ ကျောင်းအတွက်လည်း လှူလိုက်မယ်။ ဒါဆို မင်းကျေနပ်လား"

"ကျေနပ်ပါတယ် အစ်မရာ,"

"အေး- အဲဒါဆို သွားတော့။ အိမ်ရောက်ရင် ငါအကုန်စီစဉ်ပေးလိုက်မယ်ကြားလား"

အမေ ဒေါ်ချောစိန်သည် အသင့်ပါလာသည့် ကိုးသိမ်ဝင်ပုတီးကို ခေါင်းမှစွပ်လိုက်လေရာ အသံနက်ကြီးဖြင့် အားခနဲအော်လျက် ကြမ်းပြင်ပေါ် လဲကျသွားတော့သည်။ လူနှစ်ဆယ်ခန့်မှာ အထူးအဆန်း ဝိုင်းအုံကြည့်လျက်။ အမေက ကွန်နိုပ်ကို ရေတစ်ခွက်ပေးကာ 'ယံဒုန္နိမိတ္တံသုံးဂါထာ' ကို ခုနစ်ခေါက်ရွတ်ခိုင်း၏။ ခုနစ်ခေါက်ရွတ်ပြီးသည်နှင့် အမေသည် ရေကို လက်နှင့်တောက်၊ ဆံပင်များကို ရေဖျန်း၊ မျက်နှာကိုသပ်ပေးလိုက်ရာ မရှီမြင့်အိပ်ရာမှနိုးလာသကဲ့သို့ ထထိုင်၏။ ဘေးမှလူများဝိုင်းအုံနေသည်ကိုမြင်ရာ ဘာဖြစ်ကြတာလဲ၊ သဘင်သောင်တင်နေတာလားဟုမေး၏။ ထိုအခါမှ အားလုံးရယ်မောနိုင်ကြသည်။

"မလုပ်ကောင်းတာတွေလုပ်လာသအေ မိသိန်းရာ ညည်းတော့၊ ဟိုက အကုန်သိသတော့"

လောကကောင်းကျိုး သယ်ပိုးခဲ့သူ ဦးစောမောင်။ ဇနီးသည်ကို ချစ်ခင်စွဲလမ်းမှုကြောင့် ပြိတ္တာတစ္ဆေဖြစ်ရသည်။ တရားရစရာကောင်းလိုက်ပါဘိ။

ချောဘသိုင်း (စလင်း)

*စာရေးသူ၏မိခင်ဖြစ်သူ ယခုတိုင် အသက်(၁၀၀)ကျော်၊ မရှီမြင့်တို့ သက်ရှိထင်ရှားရှိကြပါသေးသည်။*



www.burmeseclassic.com

www.burmeseclassic.com

လွယ်၍ ဝမ်းမီးကိုတောက်စေတတ်၏။ သုက်ကိုပွားစေပြီး ယောက်ျားတို့၏ အားထားရာ ဆေးဖက်ဝင်အစာမျိုး ဖြစ်ပေသည်ဟု ဥတုဘောဇနကျမ်းထဲမှာ အတိအလင်း ပြဆိုထားပါသည်။

ရှီးရာဆေးကျမ်းတစ်စောင်တွင် -

❑ *စာဦးခေါင်းနဲ့*
*စလောင်းဝက်. . . အတူ*
*ခေါင်းတွင်အင်အား. . ငါးရံ့. . ငါးနဲ့*
*ငါးကြင်းကိုယူ. . .*
*ပျို. . . အချစ်ကို အရယူရေး.*
*လုလင်မောင်. . အားအင်ကိုမွေး*
*ဟင်းချက်လို့လွေး. . .*

ဟု မှတ်တမ်းတင်ထားပါသည်။

ထိုသို့ ရာသီပေါ် ငါးရံ့ငါးနှင့် အလွန်လိုက်ဖက်အတွဲညီဆေးဖက်ဝင်သော ရာသီပေါ် အသီးအရွက် အစာအာဟာရတစ်မျိုးမှာ ယခုလို ဆောင်းနှောင်းနွေဦးရာသီမှာ ကျေးလက်တောရွာများတွင် ခံတက်ပင်တိုင်း ရွက်နုပုရစ်ဖူးလေးများ အစီအရီပေါ် ထွက်လာခဲ့ပြီး ခံတက်ရွက်နုတွေ လှိုင်လှိုင်ကြီးထွက်ရှိလာသည့်အခါသမယမှာ ကျေးလက်ဓလေ့အတိုင်း ရာသီပေါ်ဆေးဖက်ဝင် ခံတက်ရွက်နုလေးတွေကိုခူးပြီး ဆန်ဆေးရည်နဲ့ဆားလေးရောပြီး အချဉ်တည်၍ မိသားစုထမင်းဝိုင်းမှာ အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် ရွာဓလေ့တဝကြီးစားသောက်တတ်ကြပါသည်။

ခံတက်ရွက်သည် နှုတ်ခံတွင်းမြိန်စေပြီး လေပူကိုနိုင်၏။ ဆီးနှင့်ကျောက်ကပ်ကိုအကျိုးပြု၍ ဆီးအိမ်ရောဂါ၊ ဆီးအနံ့ဆိုးသည့်ရောဂါနိုင်၏။ မန်းကို ကြေစေပြီးရောင်ရမ်းမှုကိုလျော့စေသည်။ အဆစ်အမြစ်ကိုက်ခဲခြင်းကို သက်သာစေသည်။

ဝမ်းမီးနှင့်သဟဇာတဖြစ်စေသည်ဟု ညွှန်းဆိုထားပါသည်။ ထို့ကြောင့် ရာသီပေါ် သားငါးနှင့် သီးရွက်ဖြစ်သော ဆေးဖက်ဝင် ဟင်းလျာအတွဲအဖြစ် အမျိုးသားများအားဆေး ဓာတ်စာ ဟင်းလျာဖြစ်သော ငါးရံ့ခေါင်းအသားအစုံဟင်းလျာနှင့် ရာသီပေါ် ခံတက်ချဉ်တို့စရာဟင်းစပ်အတွဲ။

❑ **ပါဝင်သောပစ္စည်းများ**

၁။ ငါးရံ့တစ်ကောင် (၁) ပိဿာဝန်းကျင်ခန့်၊
၂။ ကိုင်းခရမ်းချဉ်သီး (၂၅) ကျပ်သား
၃။ ရှမ်းနံနံ (၃) စည်း၊
၄။ မရန်းပြားအခြောက် (၃) ပြား၊
၅။ ငရုတ်၊ ကြက်သွန်ဖြူ၊ နီ၊ ချင်း၊ စပါးလင် ဟင်းတစ်အိုးစာ အနေတော် ထောင်းထားပါ။
၆။ ခံတက်ချဉ်ကောင်းကောင်း (၃) စည်း
ကြက်သွန်ဖြူ (၅) တက်၊
ငရုတ်သီးစိမ်း (၁၅) တောင့်၊
(မီးအုံး၍ထောင်းထားပါ)
၇။ ငါး၊ ငါးပိကောင်းကောင်း (၁၀) သား၊ (နနွင်းသင့်ရုံခတ်၍ ငါးပိကို ကျိုထားပါ)

ပါဝင်ပစ္စည်းများပြည့်စုံပြီဆိုလျှင် ငါးရံ့ကိုဆေးကြောသန့်စင်ပြီး အသားကို အကွင်းညီညီလှီးထားပါ။ ဝမ်းတွင်းမှ ကလီစာအူဖတ်ကို ဆား၊ နနွင်းနှင့် သန့်စင်အောင်ပွတ်၍ဆေးပါ။ ပြီးလျှင် ဗင်နီကာနှင့်ထပ်၍စိမ်ပြီးဆေးလိုက်လျှင် အနံ့အသက်ကင်းစင်သွားပါမည်။

❑ **အထူးသတိပြုရမှာက**

ဆောင်းရာသီတွင် ငါးရံ့ငါးကြီးများရဲ့ ဦးခေါင်းအတွင်းဘက်အကြိုအကြားထဲတွင် မျှော့ကဲ့သို့သော ငါးရံ့ခေါင်းပိုးများ၊ ကပ်ပါးကောင်လေးများ ရှိတတ်ပါသည်။

ဤအချက်ကို အိမ်ရှင်မအတော်များများမသိကြပါ။ ဒါကြောင့် ငါးရံ့ခေါင်းကို ထက်ခြမ်းခွဲလိုက်ပြီး ပါးဟက်၊ ပါးသိစသည်တို့ကို ဖယ်ရှားလိုက်ပြီး ခေါင်းအတွင်းပိုင်းကို သေချာစွာစစ်ဆေးကြည့်ပါ။

မည်းမည်းရှည်ရှည်အကောင်လေးများတွေ့ပါက သေချာစွာကော်ထုတ်ပြီး သန့်စင်ရေဆေး၍ ဗင်နီကာရည်တွင်စိမ်၍ ထပ်ဆေးလိုက်လျှင် သန့်စင်၍အညှီနံ့ကင်းသော ငါးရံ့ခေါင်းကို ရပါပြီ။

အားလုံးအသင့်ဖြစ်လျှင် ဆား၊ နနွင်း၊ ငံပြာရည်နယ်၍ထားပြီး ငရုတ်သီးထောင်းပြီးသားကိုဆီသတ်ပါ။

ကြက်သွန်လိပ်လာပြီဆိုမှ ငါးအူဖတ်ကို အရင်ထည့်၍မွှေပေးပါ။ ပြီးမှ အသားနှင့် ခေါင်းတို့ကို ထည့်ပြီး မရန်းသီးခြောက် (၃) ပြားပါ တစ်ခါတည်း ထည့်၍ဆီသတ်ပါ။

လုံးရည်ခန်းစပြေအချိန်မှာ ကိုင်းခရမ်းချဉ်သီးများကို သင့်တော်ရုံ အပေါ်မှအုပ်ထည့်လိုက်လျှင် ခရမ်းချဉ်သီးမှ အရည်ဓာတ်များထွက်လာပြီး ငါးအသားများထဲစိမ့်ဝင်လာပါမည်။

သည်အချိန်မှာ ငံပြာရည်အနည်းငယ်ထပ်၍ ထည့်ပေးလိုက်လျှင် ခရမ်းချဉ်သီးများ အမြန်နူးလာပြီး ဟင်းအနှစ် ထွက်လာပါမည်။

ထိုအခါမှ ရေနွေးဆူဆူသင့်ရုံ ထည့်၍ တစ်ရေခန်းအောင်တည်ပါ။ ပြီးလျှင် ဒုတိယရေနွေးဆူဆူတစ်ရေထပ် ထည့်၍ဟင်းဆီကျန်ရေကျန်အနေတော် ဖြစ်လျှင် ရှမ်းနံနံကို အနေတော်လှီးဖြတ်၍ ဟင်းအိုးအပေါ် မှအုပ်၍ချလိုက်ပြီဆိုလျှင်-

လွန်စွာရန့်မွှေးလှတဲ့ငါးရံ့ခေါင်း အသားအစုံ ဆေးဖက်ဝင်ဟင်းလျာကို ရပါပြီ။

မိသားစုထမင်းဝိုင်းတွင် ငါးပိရည်ဖျော်၊ ခံတက်ချဉ်တို့စရာဝါ တွဲဖက်ပြင်ဆင်ပြီး သုံးဆောင်လိုက်မည်ဆိုလျှင် လွန်စွာနှုတ်ခံတွင်းတွေ့စေပြီး ကိုးရီးယားလူမျိုးများပြောစမှတ်ပြုသော ဆေးဖက်ဝင်ပြီး ကျန်းမာစေသည့် 'ထမင်းသူခိုးဟင်း' ဟုပင် ခေါ် ဆိုရပါလိမ့်မည်။

ယခု ဟင်းစပ်အတွဲတွင် ပါဝင်သော ခံတက်ချဉ်သည် မိမိတို့ခြံထွက် ခံတက်ချဉ်မဟုတ်ခဲ့လျှင် ဈေးမှဝယ်ယူသော ခံတက်ချဉ်မျိုးဆိုလျှင် သတိထားရမည့်အချက်ရှိပါသည်။

အကြောင်းမှာ ယခု ရော်ဘာခြံများ နေရာအနှံ့ စိုက်ပျိုးလာကြတဲ့အခါ အချို့မသမာသူများက ရော်ဘာရွက်နုများကို ခံတက်ချဉ်ကဲ့သို့ အချဉ်တည်ပြီး ခံတက်ချဉ်ဟုအမည်တပ်၍ရောင်းချနေကြပါသည်။

ရော်ဘာရွက်ကိုအချဉ်တည်ထားသည့်ခံတက်ချဉ်အတုက အရွက်အသားပါးပါသည်။ ခံတက်ရွက်လို ရွက်သားမထူပါ။ ဝါးစားလိုက်လျှင် ရော်ဘာရွက်ချဉ်က ခြောက်ကပ်ကပ်ဖြစ်နေပြီး ခံတက်ချဉ်အစစ်က စိုစွတ်နူးညံ့ပါသည်။

ဤအချက်ကို အိမ်ရှင်မများ အထူးသတိပြုစေချင်ပါသည်။ ခံတက်ရွက်နှင့် ရော်ဘာရွက်အကျိုးသွားခြင်း ဆန့်ကျင်ဘက်ဖြစ်၍ ဆေးမဖြစ်ဘဲ ဘေးဖြစ်နေမည်စိုး၍ သတိချပ်စေလိုပါသည်။

မရန်းသီးခြောက်သည် ငါးရံ့ အညှီနံ့ကိုအထူးနိုင်ပါသည်။

*စားသမျှဆေးဖြစ်၍*
*အားလုံးကျန်းမာကြပါစေ*

**ရွှေနဝင်း(လှိုင်သိမ်)**

www.burmeseclassic.com

www.burmeseclassic.com

မနက်အရုဏ်ဦး၏ လေနုအေး တစ်နည်းအားဖြင့် ကန်ရေပြင်ကိုဖြတ်၍ တိုက်ခတ်လာသော သန့်ရှင်းလတ်ဆတ်သည့်လေပြည်အေးကို တဝကြီးရှူရှိုက်ရသည့်အရသာမှာ စိတ်နှလုံးကိုလန်းဆန်းတက်ကြွစေပါသည်။ ကျန်းမာရေးအရပဲကြည့်ကြည့်၊ စိတ်ခွန်အားတိုးပွားစေမှုအရပဲကြည့်ကြည့် ကစ်နေ့တာ၏အဦးအစကို ကြည်နူးရွှင်လန်းစေသည်မှာလည်း အထူးဆိုဖွယ်ရာမလိုတော့ပါ။

ဦးအေးမင်းသိန်း အရုဏ်ဦး အနန်းမောင်းအခေါက်တွင် အိပ်ရာမှထ၊ မျက်နှာသစ်၊ ဘုရားရှိခိုးပြီးသည်နှင့် မနက်(၅)နာရီကျော်လောက်တွင် ကျန်းမာရေးအရ ကန်တစ်ပတ်လမ်းလျှောက်ရင်း နောင်ယားကန်ကို ဖြတ်သန်းတိုက်ခတ်လာသည့် ရေနံ့သင်းသင်းလေနုအေးကို ရှူရှိုက်ရသည့်အရသာအား ခံစားလာသည်မှာ (၂) နှစ်ခန့်ပင်ရှိလာခဲ့ပြီဖြစ်၏။ လာမည့်လဆိုလျှင် သက်ပြည့်အငြိမ်းစားယူခဲ့သည်မှာ (၂) နှစ်တင်းတင်းပြည့်ပါတော့မည်။ ဇရာပိုင်းကို လျှောက်လှမ်း

# အုံ့ကြွယ် နောကိုးတန်ပေး ကိုးချက်ယူ

လာပြီဖြစ်ရာ ကျန်းမာမှ အသက်ရှည်နိုင်မည် ဟူသောခံယူချက်ဖြင့် မနက်တိုင်း လမ်းလျှောက်ထွက်ကာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများလည်း ပြုလုပ်ဖြစ်ခဲ့သည်။ မိုးရွာသည့်ရက်မှအပ တစ်ရက်မျှ ပျက်ကွက်ခဲ့ဖူးသည်မရှိခဲ့။ နေ့စဉ် ပုံမှန် လမ်းလျှောက်၊ လေကောင်းလေသန့် ရှူရှိုက်ရသဖြင့် နာစေး၊ ချောင်းဆိုးပင် မဖြစ်ခဲ့သည်ကို သတိထားမိခဲ့သည်။

နောင်ယားကန်ဆိုသည်မှာလည်း ဘီလူးချောင်းလိုပင် လွိုင်ကော်မြို့၏ အထင်ကရဖြစ်ကာ မြို့၏ ကျက်သရေဆောင်အဖြစ် မြို့လယ်မှာရှိသော ကန်သာယာတစ်ခုပင်။ မြို့လယ်ကိုပတ်ခွေစီးဆင်းနေသည့် ဘီလူးချောင်းနှင့် နောင်ယားကန်မှာ မီတာ (၁၀၀) ခန့်သာ အကွာအဝေးရှိပြီး မိုးတွင်းကာလ နောင်ယားကန်ရေပြည့်လျှင် ဘီလူးချောင်းထဲသို့စီးဝင်လေ့ရှိရာ အစဉ်ဒွန်တွဲနေသည့် ကန်နှင့် ချောင်းဟုဆိုရမည် ဖြစ်ပါသည်။ ယခင်ကာလများဆီက နောင်ယားကန်တစ်ဝိုက်မှာ သက်တမ်းရှည် စိန်မန်းနီ၊ စိန်ပန်းပြာပင်ကြီးများဖြင့် အုပ်ဆိုင်းညို့မှိုင်းနေလျက်ရှိနေလေရာ အရုဏ်ဦးလမ်းလျှောက်သူမဆိုထားနှင့် ညဘက်(၈)နာရီကျော်လျှင်ပင် လူစသူနပင် မတွေ့ရတတ်ပါ။ အခုဆိုလျှင် မြို့ကျက်သရေဆောင်နေရာတစ်ခုအဖြစ် ကန်ပတ်ဝန်းကျင်တွင် စားသောက်ဆိုင်တန်း၊ ဈေးဆိုင်ခန်းများဖြင့်လည်းကောင်း၊ ကယားပြည်နယ်အထိမ်းအမှတ်ဥယျာဉ် (ယခင်သစ်တောဥယျာဉ်) နှင့် တစ်ဆက်တည်းတည်ရှိနေသဖြင့် လည်းကောင်း၊ အနားယူ အပန်းဖြေသူများနှင့် အမြဲမပြတ် စည်ကားနေပြီ ဖြစ်ပါသည်။

မနက်ဘက် လမ်းလျှောက်၊ လေကောင်းလေသန့် ရှူရှိုက်လိုသူများအဖို့ နောင်ယားကန်နှင့် ဥယျာဉ်ခြံသည် ဘူမိနက်သန်နေရာမှန်ပင် ဖြစ်ပါတော့သည်။ ဦးအေးမင်းသိန်းမှာ အိမ်ကထွက်လျှင် နှစ်လမ်းကျော်ရှိ ကယားပြည်နယ် အထိမ်းအမှတ်ဥယျာဉ်မြောက်ဘက်ထိပ်မှ တောင်ဘက်အတိုင်း နောင်ယားကန်ကိုပတ်၊ ကန်အဆုံးတွင် အရှေ့ဘက်ကို ချိုးပြီး ကန်၏အရှေ့ဘက်တွင် တစ်လမ်းတည်းသာရှိသော လမ်းအတိုင်းဆက်လျှောက်ခဲ့ပါသည်။ ထိုလမ်းလေးမှာ အသုံးပြုသူနည်းပါးသဖြင့် တိတ်ဆိတ်ငြိမ်သက်ပြီး သာသနာ့ဗိမာန်တော်ကြီးဆီသို့ ရောက်ရှိစေမည် ဖြစ်ပါသည်။

သာသနာ့ဗိမာန်တော်ကြီး၏ကပ်လျက်တွင် မြို့ကျက်သရေဆောင်ဖြစ်





www.burmeseclassic.com

www.burmeseclassic.com

သည့် ဆုတောင်းပြည့်မြို့နာမ်စေတီတော်ကို ဖူးတွေ့ရမည် ဖြစ်ပါသည်။

ဦးအေးမင်းသိန်း၏ နေ့စဉ်လမ်းလျှောက်၊ ကိုယ်လက်လှုပ်ရှားချိန် စုစုပေါင်းမှာ (၁) နာရီခန့်သာရှိ၍ မြို့နာမ်စေတီသို့ရောက်ချိန်မှာ မနက် (၆) နာရီခွဲနှင့် (၇) နာရီပတ်ဝန်းကျင်ဖြစ်ပါသည်။ စေတီတော်ကြီးတွင် ဝတ်ပြုပုတီးစိပ်ပြီးလျှင် မြောက်ဘက်ဘုရားတန်ဆောင်း၌ ဝင်လေ၊ ထွက်လေရှုမှတ်ကာ အာနာပါနကမ္မဋ္ဌာန်းကို နာရီဝက်၊ တစ်နာရီမျှ မိမိစိတ်နိုင်သည့်အပေါ် မူတည်၍ စီးဖြန်းလေ့ရှိပါသည်။

ယနေ့လည်း အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းပြီး၍ မျက်လုံးနှစ်လုံးအား ဖွင့်လိုက်သည့်အချိန်တွင် မည်သည့်အချိန်ကရောက်နေမှန်းမသိသော လူတစ်ဦး မိမိကို ကျောပေးလျက် စေတီတော်အား အာရုံပြုနေသည်ကိုတွေ့လိုက်ရပါသည်။ ထိုပုဂ္ဂိုလ်၏ အာရုံပြုနေမှုကို အနှောင့်အယှက်ဖြစ်မည်စိုး၍ အသာအယာထကာ ခြေလှမ်းတော့မည်ပြုစဉ် -

"ဟေ့လူ ကိုအေးမင်း၊ နေပါဦးဗျ ပြန်တော့မလို့လား။ ကျွန်တော်က ကိုယ့်လူကိုမြင်လို့ ဒီတန်ဆောင်းကိုဝင်လာတာ။ အေးအေးဆေးဆေးပေါ့ဗျာ၊ ထိုင်ပါဦး"

ရင်းရင်းနှီးနှီး ပြောဆိုနှုတ်ဆက်သံကြား၍ ဦးအေးမင်းသိန်းနောက်ကို လှည့်ကြည့်မိသည်။

"ဟာ - ကိုထင်ပေါ်၊ စီနီယာကြီး ဘယ်တုံးကရောက်တာလဲ။ လွိုင်ကော်ကို အလည်လာတာလား။ မတွေ့ကြတာတောင် လေး၊ ငါးနှစ်ရှိသွားပြီနော်။ အခု ဇီးကုန်းမှာပဲလား။ မိသားစုကော ပါလာသလား"

"ဟိုးဟိုး-ကိုယ့်လူ၊ ဖြည်းဖြည်းမေးပါ။ အဆက်မပြတ်မေးရင်း အမောဆို့သွားပါဦးမယ်ဗျာ"

"ကျွန်တော်လည်း မမျှော်လင့်ဘဲ တွေ့ရတော့ ဝမ်းသာအားရမေးမိတာပါဗျာ။ အခုလို နေကောင်း၊ ကျန်းမာ၊ ရွှင်ရွှင်လန်းလန်းတွေ့ရတော့ ပျော်သွားတာ လည်းပါတာပေါ့လေ"

"ကဲ-ကိုအေးမင်းသိန်း၊ ကိုယ့်လူလည်း ပင်စင်ယူပြီဆိုတော့ ဘာအလုပ်မှမရှိတဲ့ လူပိုကြီးဖြစ်နေပြီပဲ။ လူပိုကြီးနှစ်ယောက် အေးအေးဆေးဆေး စကားပြောကြတာပေါ့ဗျာ။ လက်ဖက်ရည်ဆိုင်တွေဘာတွေ မခေါ်နဲ့ဦး။ ကျွန်တော်တို့နှစ်ယောက် အာကျယ်အာကျယ်ပြောတာနဲ့ ဆိုင်ထဲက မောင်းထုတ်ခံနေရပါဦးမယ်။ ပြီးမှ သွားကြတာပေါ့နော်"

ဦးအေးမင်းသိန်းနှင့် ဦးထင်ပေါ်တို့သည် ဌာနတစ်ခုတည်းမှ အဆင့်တူဝန်ထမ်းများအဖြစ် (၅) နှစ်တာမျှ တတွဲတွဲအတူတာဝန်ထမ်းဆောင်ခဲ့ကြသည့် စိတ်တူကိုယ်တူညီရင်းအစ်ကိုတမျှ ရင်းနှီးကြသူများဖြစ်ပြီး မိသားစုချင်းလည်း ခင်မင်ရင်းစွဲရှိသူများဖြစ်ကြသည်။ ဦးထင်ပေါ်မှာ အသက်ရောလုပ်သက်ပါကြီးသူ အဆင့်တူဝန်ထမ်းချင်းမို့ 'စီနီယာကြီး' ဟု ခေါ်ဝေါ်လေ့ရှိ၏။ ဦးထင်ပေါ်သည် လွန်ခဲ့သော (၄) နှစ်ကျော်က သက်ပြည့်ပင်စင်ယူကာ ဇာတိ ဇီးကုန်းမြို့သို့ပြန်သွားခဲ့သဖြင့် ကွဲကွာသွားသည့် မိတ်ဆွေများလည်း ဖြစ်ကြသည်။

မိတ်ဆွေနှစ်ဦး ရှေးဟောင်းနှောင်းဖြစ်များကို ရောက်တတ်ရာရာပြောဆိုကြရင်း ဦးအေးမင်းသိန်းမှ -

"လုပ်စမ်းပါဦး စီနီယာကြီးရဲ့။ ပင်စင်ယူပြီးနောက် မနေတတ်မထိုင်တတ် ယောင်လည်လည် စမ်းတဝါးဝါးနဲ့ နေခဲ့ရပုံ၊ အလုပ်လက်မဲ့ဘဝလိုက်လျောညီထွေနေတတ်လာပုံလေးတွေကိုရှင်းစမ်းပါဦးဗျ"

ဆိုတော့ ဦးထင်ပေါ်က -

"ဒါကြောင့် တွေ့စမှာ ခင်ဗျားကို လူပိုကြီးလို့ ခေါ်ခဲ့တာပေါ့ဗျ။ ပင်စင်စားဆိုတာ အလုပ်လည်းမရှိ၊ ရုံးတွေလည်း မသွားရ၊ အိမ်မှာလည်း ဦးမဆောင်နိုင်တာကြောင့် ၁ုံးမရတဲ့ လူပိုကြီးတွေလေဗျာ။ ကျွန်တော်က လုပ်သက် နှစ် (၃၀) ကျော်မို့ လုပ်သက်ဆုကြေး (၁၅) သိန်း ကျော်လောက်ရခဲ့တာလေ။ အဲမယ် လွန်ခဲ့တဲ့ (၄)၊ (၅) နှစ် က ငွေ (၁၅)သိန်းဆိုတဲ့ပမာဏက နည်းနည်းနောနောလားဗျာ။ ဒီတော့ ကျွန်တော်က စီးပွားရေးလုပ်ဖို့ စိတ်ကူးလိုက်တယ်။ လုပ်သက်ဆုကြေးငွေရယ်၊ ရှိတာလေးတွေထုခွဲပြီးရယ် အားလုံးပေါင်းရင် သိန်း (၃၀) လောက်ရှိမယ်ဗျ။ ဒီငွေလေးကို ယုံကြည်စိတ်အချရဆုံး ငယ်သူငယ်ချင်းနဲ့ပေါင်းပြီး သီးနှံပွဲရုံဖွင့်ကြတယ်လေ။ အထက်အရပ် ပဲမျိုးစုံနဲ့ အောက်အရပ်ဒေသက ဆန်အိတ်တွေဝယ်ယူသိုလှောင်လက်လီလက်ကားဖြန့်တာပေါ့ဗျာ။ လေး၊ ငါး၊ ခြောက်လလောက်ကတော့ အိုကေစိုပြည်တယ်လို့ ဆိုရမှာပဲဗျ။ အရောင်းအဝယ်ကလည်းသွက်၊ အမြတ်တွေလည်းထွက်မို့ ဟန်အကျသားပဲလေ။ အဲ - ဖြစ်ချင်တော့ (၆)လလည်းကျော်ရော သီးနှံဈေး၊ ဆန်ဈေးတွေက ကမောက်ကမဖြစ်။ အတူလုပ်ဖော်ကိုင်ဖက်သူငယ်ချင်းမိန်းမရဲ့မောင် ပွဲရုံမှာ မန်နေဂျာလုပ်နေသူကလည်း ငွေတွေယူထွက်ပြေးလို့ ဘာမှမကျန်အောင်ကို ချက်ချင်းချွတ်ခြုံကျသွားတော့တာပဲဗျို့။ ရှိတာလေးကုန်သွားတော့ အိမ်ကမိန်းမကလည်း မကြည်ဖြူ။ အပေါင်းအသင်းတွေကလည်း လူရာမသွင်းနဲ့ တကယ်လူပိုကြီးဖြစ်နေရတော့တာပါ ပဲဗျာ။

ဒါနဲ့ အတူလုပ်ဖော်သူငယ်ချင်းကို ပြောရတာပေါ့။ ယောက်ဖဖြစ်သူကိုရှာဖို့နဲ့ အရင်းအနှီးထုတ်ပေးဖို့ အပူကပ်ရတယ်လေ။ ဒါပေမယ့် ဒီပုဂ္ဂိုလ်ကလည်း ကိုယ်လိုသူလိုကောင်ဆိုတော့ ဘယ်မှာလာ အဆင်ပြေပါ့မလဲဗျာ။ အိမ်မှာလည်းမနေချင်၊ လူတွေကြားလည်း မသွားချင်၊ စိတ်ကလည်းညစ်နဲ့မို့ ကြံရာမရတဲ့အဆုံး အရေးကြုံမှ ဘုရားတဆိုသလို နေ့တိုင်း ဘုရားစေတီတွေဆီလှည့်ပြီး ပုတီးစိပ်နေမိတော့တယ်။ တစ်နေ့မှာ ပုတီးသမားတစ်ဦးနဲ့တွေ့ပြီး ကိုယ့်အကြောင်းသူ့အကြောင်းပြောကြရင်းနဲ့ ကြုံတွေ့နေရတဲ့အပူကို ရင်ဖွင့်မိတယ်လေ။ ဒီတော့ သူက လူတစ်ခု ပူမှုက ဆယ်ကုဋေဆိုသလို အပူနဲ့အခက်အခဲဆိုတာ လူတိုင်းတွေ့ကြုံရတတ်ကြောင်း၊ စိတ်ဓာတ်ကြံ့ခိုင်ဖို့လိုအပ်တဲ့အကြောင်း၊ ဘုရားရိပ်တရားရိပ်ကသာလျှင် အေးမြပါကြောင်း အားပေးစကားပြောခဲ့ပါတယ်။ တကယ်လို့ ယုံကြည်မယ်ဆိုရင် သူကျင့်ကြံပွားများနေတဲ့ 'နောကိုးတန်ဂါထာတော်ကြီး' ကို အဓိဋ္ဌာန်ထားပြီး ပုတီးစိပ်ရွတ်ဆိုပူဇော်သင့်ကြောင်းအကြံပေးခဲ့တယ်ဗျ။

ဒါနဲ့ ကျွန်တော်လည်း ပွားများကျင့်ကြံအားထုတ်ပါမယ်လို့ ကတိပေးပြီး နောက်နေ့ကစ (၉) ရက် အဓိဋ္ဌာန်နဲ့ ဒီဂါထာကြီးကို နေ့စဉ်ပုတီး (၉) ပတ်စိပ်လိုက်တာ (၇) ရက်မြောက်တဲ့နေ့မှာပဲ ပွဲရုံအတူလုပ်တဲ့ သူငယ်ချင်းရောက်လာပြီး . သူ့ယောက်ဖယူပြေးတဲ့ငွေအတွက် ယောက္ခမဖြစ်သူကပြန်လျော်ပေးကြောင်း ပြောလို့ ပွဲရုံလုပ်ငန်းအရှိန်မပျက်ပြန်လုပ်နိုင်ခဲ့သလို လှောင်ထားတဲ့သီးနှံတွေ ဈေးကောင်းရပြီး အလုပ်ဖြစ်၊ အဆင်ပြေခဲ့တာကြောင့် အမြတ်အစွန်းတွေရခဲ့လို့ အခုလို လူတစ်လုံးသူတစ်လုံး နေနိုင်လာခဲ့တာပဲဗျ။ ကျွန်တော်ကတော့ 'နောကိုးတန်ဂါထာ' ကို တစ်နေ့မပြတ် ရွတ်ဖတ်ပူဇော်ဆဲပါပဲ။ အရေးကြုံရင် အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com

ထား ဆောင်ရွက်သလို ပုံမှန်ကတော့ အစ်နေ့ (၉) ခေါက် အနည်းဆုံးရွတ်ဆို နေကျပဲဗျ။ အမိဋ္ဌာန်ဝင် ပုတီး (၉) ပတ် စိပ်ရင်တော့ အချိန်တော့ယူရမယ်လေ။ ဖြည်းဖြည်းမှန်မှန်ဆိုရင် (၂)နာရီလောက် ကြာတယ်ဗျ"

ဦးထင်ပေါ်က သူ့အတွေ့အကြုံ၊ ဂါထာရရှိပုံနှင့် ရွတ်ပွားပုံနည်းနိဿများ တို့ အားပါးတရရှင်းပြခဲ့ပါသည်။

ဦးအေးမင်းသိန်းက -

"ဒီလိုဆို စီနီယာကြီးရာ ကျွန်တော့်တို့လည်း ဒီဂါထာတော်ချီးမြှင့်ပေးခဲ့ပါဦး"

ဟု ဆိုခဲ့ရာ ဦးထင်ပေါ်မှ ဂါထာတော်' ကို ရေးသားပေးခဲ့ပါတော့သည်။

**နောကိုးတန်ဂါထာတော်ကြီး**

- နောရဋ္ဌတိ ရဋ္ဌမာနော၊
နနောနေ နနော ဥတ္တမော၊
မာနော နနော ဥတ္တမော၊
နနောနေနနော ဘုမ္မိရာဇာနော။
ဣတိပိသော ဘဂဝါ ဝုတ္တော။
ဣတိမန္တာ သုခါဝဟာ၊
ဣတိ ဗုဒ္ဓေဟိ သရဏံ၊
သဗ္ဗေ ဒေဝါ ပီယံ မမ၊
ဣတိ ဓမ္မေဟိ သရဏံ၊
စတုရာဇာ ပီယံ မမ၊
ဣတိ သံဃေဟိ သရဏံ၊
သဗ္ဗေ ရာဇာ ပီယံမမ၊
ဣတိ ရတနာ သရဏံ၊
ပုရိသ ဣတ္ထိ ပီယံ မမ၊
ဣတိသဗ္ဗေဟိ အန္တရာယော၊
ဝိနဿန္တု အသေသတော။ ။

"အဲဒါကတော့ နောကိုးတန်ဂါထာကြီးပဲဗျ။ အကျိုးကတော့ အန္တရာယ်တင်းတယ်။ ကိုယ့်ဘက်ကအမှန်ဆိုရင် ဘယ်တော့မှမရှုံးဘူး၊ အမြဲနိုင်စေတယ်။ လူချစ်လူခင်ပေါများပြီး နတ်ကောင်းနတ်မြတ်များက စောင့်ရှောက်တယ်လို့ဆိုထားတာလေ။ ကျွန်တော်ကတော့ ကိုယ်တွေ့မို့ မဖောက်မပြန် ယုံကြည်ပါတယ်ဗျာ။ ကဲ - ကျွန်တော့်အခြေအနေနဲ့ကိုယ်တွေ့တွေကိုပြောပြပြီးပြီ။ လုပ်စမ်းပါဦးဗျ၊ ကိုယ့်လူရဲ့အတွေ့အကြုံတွေလည်းကြားရအောင်ပြောပါဦး"

ဟု ဦးထင်ပေါ်က ဆိုလာတာကြောင့် ဦးအေးမင်းသိန်းကလည်း သူ့အတွေ့အကြုံများကို ပြောပြခဲ့ပါသည်။

"ကျွန်တော်ကတော့ ဘယ်လိုပြောရမလဲ။ စီနီယာကြီးလို ဘာစီးပွားရေးမှလည်းမလုပ်တတ်ပါဘူးဗျာ။ လုပ်လည်းမလုပ်နိုင်ပါဘူး။ အခုချိန်ထိ လူပိုကြီးပါပဲ။ အဲ - ထူးထူးခြားခြားပြောရရင်တော့ ပင်စင်ယူဖို့ အလုပ်တာဝန်တွေလွှဲတာစာစရမယ်ဗျ။ တာဝန်လွှဲပေးရမယ့်သူက ကျွန်တော်တို့ဌာနအတွေ့အကြုံမရှိဘဲ အခြားဌာနက ကူးပြောင်းလာတာမို့ နေရာတကာ သံသယအမြင်နဲ့ပဲကြည့်တာကြောင့် လွှဲပြောင်းပေးရာမှာ ကောင်းတာတွေတော့လက်ခံတယ်။ တာဝန်ယူရမယ့်ကိစ္စမျိုးကိုတော့ လက်မခံဘူးဆိုတဲ့လူစားမျိုးဗျ။ ဆိုကြပါစို့ဗျာ၊ ကျွန်တော်ပင်စင်ယူဖို့ ပြင်ဆင်ချိန် LPR ခံစားရမယ့်ကာလဟာ အောက်တိုဘာလကစတာမို့ ဘတ်ဂျက်ကာလနဲ့ကြည့်ရင် ကျွန်တော်တာဝန်ယူစဉ်ကာလက (၆) လရှိပြီး ဒီဘက်မှာ (၆) လကျန်သေးတာဆိုတော့ အဆောက်အအုံအသစ်ဆောက်တာ၊ တိုးချဲ့ပြင်ဆင်တာ၊ စက်ပစ္စည်းဝယ်တာ စတဲ့ငွေလုံးငွေရင်းအသုံးစရိတ်တွေကို ကျွန်တော့်ကာလမပြီးပြတ်မှာစိုးလို့ ဘာမှမထိခဲ့၊ မသုံးစွဲခဲ့ပါဘူး။ ဒါတွေကိုတော့ လက်ခံတယ်။ ကံဆိုးတာက ရုံးကားတစ်စီး ဂီယာဘောက်မကောင်းလို့ ဖြုတ်ထားတာကျတော့ မကောင်းတာမို့ လက်မခံနိုင်ဘူးဆိုပြီးရစ်နေရောဗျို့။ ကျွန်တော်ကလည်း ရှင်းပြတာပေါ့။ ဒီနှစ်ဘတ်ဂျက်မှာ ပြင်ဆင်စရိတ်အဖြစ် ကား (၂) စီးစာ သိန်း (၂၀) ကျော် လျာထားချက်ပါကြောင်း၊ ခွင့်ပြုချက်တောင်းထားပြီးဖြစ်တဲ့အကြောင်း၊ ဒီအသုံးစရိတ်ခွင့်ပြုချက်နဲ့ လုံလောက်မှာဖြစ်တဲ့အကြောင်းပေါ့ဗျာ။ ဘယ်လိုပြောပြောလက်မခံဘူး။ ပင်စင်အမှုတွဲတင်ဖို့ နောက်ဆုံးထုတ်လစာ LPC တောင်းတဲ့အခါကျမှ ကားပြင်ဆင်စရိတ် (၁၀) သိန်းမရရင် LPC မပေးနိုင်ဘူးဆိုပြီး ကပ်ပါရောဗျို့။

အဲဒီကြားထဲ ဝန်ထမ်းတစ်ယောက်ကလည်း ဝန်ထမ်းတွေ မြေကွက်ချပေးရာမှာ သူ့အမည်မပါလို့ဆိုပြီး ကျွန်တော့်အပေါ် အငြိုးထားနေတော့ အလုပ်လက်ခံမယ့် ပြည်နယ်မှူးဆိုတဲ့ပုဂ္ဂိုလ်ကို ချွန်ပေး၊ ထောင်ပေးလုပ်၊ နောက်ကြောင်းပြန် အပြစ်တွေရှာပြီး တိုင်တန်းအထက်တင်ပြနဲ့ တော်တော်လေး စိတ်မချမ်းသာရတဲ့ကာလပေါ့ဗျာ"

"နေစမ်းပါဦးဗျ။ ကျွန်တော် မသိလို့မေးပါဦးမယ်။ ဝန်ထမ်းတစ်ဦးက မြေကွက်မရဘူးဆိုတော့ ခင်ဗျားက မြေကွက်ခွဲဝေပေးဖို့လုပ်ပိုင်ခွင့်ရှိလို့လားဗျ"

"ဟာဗျာ၊ ဘယ်ကလာ မြေကွက်ချထားပေးဖို့ အခွင့်ရှိရမှာလဲ။ ဝန်ထမ်းတွေလျှောက်ထားတဲ့ လျှောက်လွှာပေါ်မှာ ကျွန်တော်က ထောက်ခံပေးရတာမျိုးပဲရှိတာပါ။ သူ့အမည်မပါဘူးဆိုတဲ့ ဝန်ထမ်းရဲ့ လျှောက်လွှာကိုလည်း ထောက်ခံပေးလိုက်လို့ သူကိုယ်တိုင်သွားတင်တာပဲလေ။ အဲ- သတ်မှတ်ရက်ကျော်လို့ လက်မခံတာ ကျွန်တော်ဘယ်တတ်နိုင်ပါ့မလဲ။ အဲဒီမြေကွက်ချပေးတာလည်း အရင်ပြည်နယ်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ လျှောက်လွှာစိစစ်လက်ခံထားတဲ့ဝန်ထမ်း (၁၂) ဦးအတွက် (၁၀)နေရာရတာကြောင့် အမည်ပါတဲ့ဝန်ထမ်းတွေညှိနှိုင်းပြီး ပြန်တင်ပေးခဲ့တာမို့ အဲဒီရုံးကပဲ တရားဝင်မြေပေးမိန့်တွေချပေးခဲ့တာပါ။ ကျွန်တော့် ပယောဂလုံးဝမပါခဲ့တာ အားလုံးအသိပါဗျာ။ ဝန်ထမ်းချင်းချင်း စာနာစိတ်မရှိဘဲ ပင်စင်သွားမယ့်သူကိုတောင် ညစ်ပတ်စုတ်ပဲ့လုပ်ပါလားလို့တွေးရင်း စိတ်မကောင်းဖြစ်ခဲ့ရတာပေါ့ဗျာ။ နောက်ဆုံး ပင်စင်အမှုတွဲအတွက် အဟန့်အတားဖြစ်မှာစိုးလို့ အဲဒီပုဂ္ဂိုလ်တောင်းတဲ့ ပြင်ဆင်စရိတ်ကို ဖျစ်ညှစ်ပေးလိုက်မှပဲ အမှုတွဲတင်ပေးတော့တယ်လေ။

သံဝေဂလည်းရမိပါတယ်။ ဒီကြားထဲ အမျိုးမျိုးသော အဖျက်အဆီး၊ တိုက်ခိုက်မှုတွေကလည်း ဒုနဲ့ဒေးပဲဗျို့။ အဆိုးထဲက အကောင်းဆိုရမလားဘဲ လူတွေရဲ့သဘောကို ပိုသိလာရတော့ ဘာသာရေးဘက်ကို ပိုပြီးအားစိုက်လာနိုင်ခဲ့တယ်။ အရင်ကဆို မနက်စောစောလမ်းလျှောက်ရင် ဒီမြို့နာမ်စေတီဘက်ကို မရောက်ဘဲ မြို့ဦးဘုန်းတော်ကြီးကျောင်းကိုရောက်ပြီး ဆရာတော်ဦးနေမိန္ဒရဲ့ ဆုံးမဩဝါဒကို ခံယူခဲ့ရတာပေါ့။ ဆရာတော်က ကျွန်တော့်ရဲ့ဖြစ်ပျက်သမျှကို ကြားသိရတော့အားပေးပါတယ်။ တရားပြပြီးတော့လည်း ဆုံးမပါတယ်။ အဲဒါကြောင့် ကျွန်တော့်လို လူပိုကြီး လောကဓံကိုခံနိုင်လာခဲ့လို့ သက်ဆိုးရှည်နေခဲ့တာလို့ ဆိုရမလားမသိပါဘူးဗျာ။ စီနီယာကြီးလို စီးပွားရေးမလုပ်ပေမယ့် ဘဝမှာခံနိုင်ရည်ရှိ၊ လူချစ်လူခင်ပေါအောင်ဆိုပြီး ဆရာတော်က 'ဇကိုးချက်ဂါထာတော်' ကိုလည်း ချီးမြှင့်ခဲ့လို့ ဒီဂါထာကို စတင်ရွတ်ဖတ်ပူဇော်ချိန်ကစပြီး နှလုံးစိတ်ဝမ်းအေးချမ်းလာတယ်။ယောနိသော မနသိကာရထားပြီး အသင့်အတင့်နှလုံးသွင်းတတ်လာတယ်။ အဲဒီအချိန်ကစပြီး ကောင်းတဲ့စကားများသာ ကြားရ

www.burmeseclassic.com

တယ်။ ကောင်းတဲ့အဆွေခင်ပွန်းများနဲ့ တွေ့ဆုံရသလို တောင့်တသမျှ လိုအပ်ဆန္ဒများလည်း ပြည့်ဝလာခဲ့ရတယ်ဆိုတဲ့ အကျိုးထူးတွေကိုရလာခဲ့ပါတယ်။ အခုဆိုရင် အားတဲ့အချိန်တိုင်း မပြတ်ရွတ်ဆိုပွားများနေမိပါတယ်။ ကဲ - ဒါကတော့ ခင်ဗျားသိချင်တဲ့ကျွန်တော့်ဘဝတစ်စိတ်တစ်ပိုင်းပါပဲဗျာ"

ဦးအေးမင်းသိန်းရဲ့ စကားအပေါ် ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ရင်း ဦးထင်ပေါ်က -

"ကျွန်တော့်ကိုလည်း ဒီဂါထာတော်ကို လက်ဆင့်ကမ်း ချီးမြှင့်လိုက်ပါဦးနော်"

ဟု တောင်းခံလာ၍ တစ်လုည့်တစ်ပြန် ရေးပေးခဲ့ရပါတော့သည်။

**ကိုးချက်ဂါထာ**

- ကေစိတ္တံ ဝိစိန္တေတွာ၊
  ကေမဇ္ဈံ သုနိသတိ၊
  သေတော သေမော လောကော၊
  ကေရာဇာ တိပါကမ္မော၊
  သေတိ သမ္မာသမ္ဗုဒ္ဓါနံ၊
  သေတိ မေမ္မမုတ္တမံ၊
  သေတိ မဂ္ဂမုဂ္ဂယှ၊
  သေတိ ပန တေ နမော။ ။

"အခုတော့ ဒီဂါထာတော်ကို ဟောပြော သင်ကြားပေးတဲ့ မြို့ဦးကျောင်းဆရာတော်လည်း ဘဝနတ်ထံ ပျံလွန်တော်မူလို့ မြို့ဦးကျောင်းဘက် မရောက်တော့ဘဲ ဒီမြို့နာမ်စေတီဆီကိုသာ နေ့စဉ်ဖူးမြင်နေခဲ့တာလေ။ အဲဒါကြောင့်လည်း အခုလို စီနီယာကြီးနဲ့တွေ့ရလို့ အလွန်ပဲ ဝမ်းသာလှပါတယ်ဗျာ။ ကဲ - အချိန်လည်းတော်တော်လင့်သွားပြီ။ ဗိုက်ကလည်းဆာလာပြီမို့ လက်ဖက်ရည်ဆိုင်ကိုသွားကြပါစို့လို့ ဖိတ်မန္တကပြုပါတယ်ဗျာ"

"အေးဗျာ - ဒီတစ်ခေါက်လှိုင်ကော်ရောက်ရတာ ချစ်သူခင်သူ မိတ်ဆွေများနဲ့လည်းတွေ့ရ၊ ရှေးဟောင်းနှောင်းဖြစ်တွေလည်းပြောရ၊ ကြားရလို့ စိတ်ချမ်းသာလှသဗျာ။ အထူးသဖြင့်ကတော့ ရတနာသုံးပါးကို ဦးထိပ်ထားတဲ့ဂါထာတော်မြတ်တွေဖြစ်တဲ့ 'နောကိုးတန်ဂါထာ' ကို ကျွန်တော်ကပေးပြီး ခင်ဗျားဆီက 'ကိုးချက်ဂါထာ' ကို ရယူနိုင်ခဲ့လို့ အတိုင်းမသိကြည်နူးဝမ်းမြောက်လှပါဘိတော့တယ်ဗျာ"

အံ့ကြွယ်

# ထီ

## ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြဲစေသား)

(၃၃၁) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

**တနင်္ဂနွေသားသမီးများ**

ဇူလိုင်လ ၆-၉-၁၃-၁၆-၂၆ ရက်များမှာ ထီထိုးပါ။

တနင်္ဂနွေနံ ဘွဲ့အမည်ရှိသော ဘုရားစေတီတစ်ဆူဆူသို့သွား၍ တံမြက်စည်းလှည်းကာ သန့်ရှင်းရေးပြုလုပ်ပါ။ ပန်းခြောက်များစွန့်၍ အသစ်ပူဇော်ပါ။ ပြီးရင် နှစ်သက်ရာ အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ပြီးရင် ဒုတိယအကြိမ် သန့်ရှင်းရေးထပ်လုပ်၊ တံမြက်စည်းလှည်းပါ။ အပြန်မှာ ထီထိုးပါ။

ဩဂုတ်လတွင် -၃-၁-၂-၉ ဂဏန်းများကံစပ်နေသည်။

**တနင်္လာသားသမီးများ**

ဘုရားရှင်အား တစ်ပတ် (သို့) (၉) ရက်တိုင်တိုင် ကျောက်ကျောဆွမ်းများနှင့်ကပ်လှူပူဇော်ပါ။ ပြီးမှ ထီထိုးပါ။

ဇူလိုင် ၆-၉-၁၃-၁၄-၂၆ ရက်များမှာ ထီထိုးပါ။

ဩဂုတ်လတွင် ၁-၃-၄-၈ ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဇူလိုင်လ ၆-၉-၁၄-၁၅-၁၈-၂၆ ရက်များမှာ ထိုးပါ။

မေတ္တာသုတ်ကို (၁၀) မိနစ်၊ (၁၅) မိနစ် အနည်းဆုံး အာရုံစူးစိုက်ရွတ်ပြီး သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို မေတ္တာအထူးပို့ပေးပါ။ အမျှဝေပါ။ တစ်ပတ်ပြုလုပ်ပါ။ ပြီးမှ ထီထိုးပါ။

ဩဂုတ်လမှာ ၃-၂-၉-၆-ဂဏန်းများနှင့် ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဇူလိုင်လ ၆-၉-၁၂-၁၅-၂၆ ရက်များမှာ ထီထိုးပါ။

တနင်္လာနံဘွဲ့အမည်တော်ရှိသော ဘုရားစေတီတစ်ဆူဆူသို့သွား၍ တနင်္လာနံ အညွန့်၊ အရွက်၊ ပန်းများနှင့် လှူဒါန်းပူဇော်ပါ။ ဥပမာ ကြံ၊ ကြံညွန့်၊ ကံ့ကော်ညွန့်၊ ဂန္ဓမာပန်း။ အပြန်မှာထီထိုးပါ။

ဩဂုတ်လမှာ ၃-၁-၄-၈- ဂဏန်းများနှင့်ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဇူလိုင်လ ၆-၉-၁၃-၁၆-၁၇-၂၆ ရက်များမှာထီထိုးပါ။

အဓိဋ္ဌာန်ဝင်ပါ ဘုရားဂုဏ်တော်များကို ပုတီးစိပ်အာရုံပြုပြီး ဗုဒ္ဓါနုဿတိဘာဝနာစီးဖြန်းပါ။ တစ်ပတ်ပြည့်ပြီးရင် ထီထိုးပါ။

ဩဂုတ်လမှာ ၁-၂-၉-၆ ဂဏန်းများနှင့် ကံစပ်ပါသည်။

**သောကြာသားသမီးများ**

ဇူလိုင်လ ၆-၉-၁၀-၁၁-၁၈-၂၆ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ပန်းပေါင်းစုံ (၉) မျိုးနှင့် ပူဇော်ပါ။ ပြီးမှ ထီထိုးပါ။

ဩဂုတ်လတွင် ၃-၄-၈-၇ ဂဏန်းများနှင့်ကံစပ်နေပါသည်။

**စနေသားသမီးများ**

ဇူလိုင်လ ၆-၉-၁၁-၁၂-၁၅-၂၆ ရက်များမှာ ထီထိုးပါ။

အကြောင်းညီညွတ်လျှင် ဓာတ်ကြီး (၄) ပါး ဆွမ်းတော်ကပ်ပါ။ အခက်အခဲရှိနေလျှင် တစ်နေ့ထဲ ဘုရား(၇)ဆူပြည့်အောင်သွားပြီး ဘုရားတိုင်းတွင် ဖယောင်းတိုင် (၇) တိုင်စီထွန်းညှိပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

ဩဂုတ်လတွင် ၂-၉-၁-ဂဏန်းများကံစပ်နေပါသည်။

မည်သူမဆို -
၆-၇-၂၀၁၆၊
၉-၇-၂၀၁၆၊
၂၆-၇-၂၀၁၆
နေ့များမှာ ဖြစ်အောင်ထီထိုးပါ။ ၆-၉-၂ ဂဏန်းများကို လုံးဝမမေ့ပါနှင့်။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြဲစေသား)



www.burmeseclassic.com

www.burmeseclassic.com

# ရောမြေ-ကျော်ဝေ
# မသိသူကျော်သွား သိသူဖော်စား
## (အဝေးအနီးကဆေးနည်းနှစ်လက်)

တစ်နေ့တွင် စာရေးသူသည် နေအိမ်ရှေ့တွင် ရွက်လှပန်းပင်များကို ရေလောင်းနေစဉ် သားငယ် မောင်သန်းထိုက်ဝင်း၏ မိတ်ဆွေဖြစ်သူ မိတ်သစ်စက်ဘီးပြင်ဆိုင်မှ ကိုငွေလှိုင်ဆိုသူက -

"ဦးကျော်ဝေ၊ ပန်းပင်တွေရေလောင်းနေတာလား။ ကျွန်တော်လည်း သစ်ပင်စိုက်ဝါသနာပါပါတယ်။ ဒါပေမယ့် ကျွန်တော်က ဆေးဖက်ဝင်တဲ့ အပင်တွေကို အစိုက်များပါတယ်။ ကျွန်တော် ရှားစောင်းလက်ပပ်ပင်တွေ စိုက်တာမဖြစ်ဘူးဗျ။ မြေကိုမကြိုက်လို့လား ဒါမှမဟုတ် ရေလောင်းပေးလို့လား တော့မသိဘူး။ အပင်တွေက သေကုန်တယ်"

ကိုမိတ်သစ် (ခေါ်) ကိုငွေလှိုင်ပြောပြ၍ စာရေးသူလည်း ရှားစောင်းလက်ပပ်ပင်စိုက်တာမရှင်တာကိုသိခဲ့ရပါသည်။ ရှားစောင်းလက်ပပ်ပင်သည် ဆေးဖက်တွင် အများဆုံးအသုံးဝင်သောအပင်မျိုး ဖြစ်လေသည်။ နံနက်ခင်း၏ နေရောင်ခြည်ကို နှစ်သက်သည်။ ထင်းနှင့် ကျောက်မီးသွေးပြာများကို အလွန်နှစ်သက်သည်။ အပင်က အစိုဓာတ်အမြဲရှိနေသဖြင့် ရေကိုလိုအပ်မှလောင်းပေးရပါသည်။ နေ့လယ်ပိုင်းတွင် အရိပ်ရသောနေရာကို နှစ်သက်သည်။ စိုက်ပျိုးရာတွင် နည်းစနစ်မှန်ကန်မှုရှိမှ အပင်ကပွားများမည်။ မြေဆွေးနှင့် ပြာများကို မြေစာအဖြစ် နှစ်သက်သည်။

ကိုငွေလှိုင်က ဆက်လက်ပြီး -

"ဦးကျော်ဝေက သူရဋ္ဌမဂ္ဂဇင်းနဲ့ ဓမ္မရဆန်းကြယ်မဂ္ဂဇင်းတွေမှာ ဆေးဆောင်းပါးတွေရေးတယ်ဆိုတာ ခင်ဗျားသား တရုတ်ကြီးပြောပြလို့သိရတယ်ဗျ"

ကိုငွေလှိုင်ပြောသော တရုတ်ကြီးဆိုသည်မှာ စာရေးသူ၏ သားငယ်မောင်သန်းထိုက်ဝင်းကိုခေါ်ဆိုခြင်းပါ။

"ဟုတ်ပါတယ်၊ ကျွန်တော်က မြန်မာ့တိုင်းရင်းဆေးအမယ်များထဲက ဆေးနည်းတိုလေးတွေကို ရေးတာပါ။ ငွေကုန်သက်သာပြီး ရောဂါပျောက်ကင်းစေလိုတဲ့ စေတနာဆန္ဒသဘောနဲ့ပါ။ တိုက်ဆိုင်မှုရှိရင်လည်း ပျောက်ကြတာပေါ့"

ကိုငွေလှိုင်က -

"ဦးကျော်ဝေကို ကျွန်တော်ဆေးနည်းပြောပြဦးမယ်၊ ကြုံတုန်းကြုံခိုက်ပေါ့။ ဆေးနည်းကတော့ ကျွန်တော့်အဖေငယ်ငယ်ကစားခဲ့တဲ့ ဒူလာဆေးနည်းတစ်လက်ပါ။ ကျွန်တော်တို့ငယ်ငယ်ကလေးဘဝကတည်းက အဖေရဲ့ဆေးတွေကို အဖေရဲ့အလစ်မှာယူပြီး စားကြည့်တာ စားလို့ကောင်းသလို ချိုလည်းချိုတယ်ဗျ။ အုံးတစ်လုံးဆေးလို့လည်းခေါ်တယ်။ ယိုထိုးပြီးစားရတဲ့ ချက်ဆေးလို့လည်း ခေါ်တယ်ဗျ။

ဆေးနည်းက လွယ်ပါတယ်ဗျာ။ အုန်းသီးတစ်လုံးကို အစိတ်ပါးပါးလေးတွေဖြစ်အောင်ခြစ်ဓားနဲ့လှီး၊ ပြီးတော့ ရှားစောင်းလက်ပပ်ကိုလည်း အုန်းသီးနဲ့ ဆတူချိန်ပြီး ထန်းလျက်ခဲက တစ်ဆယ်သား၊ နှမ်းဆီစစ်စစ်က ငါးကျပ်သား၊ နှမ်းဆီလွယ်လွယ်ကူကူမရလည်း မြေပဲဆီသန့်သန့်ငါးကျပ်သားရရင်ဖြစ်ပါတယ်။ အားလုံးကို ရောသမပြီး အုန်းရည်ပါ ထည့်ပြီးချက်၊ ယိုသဘောမျိုးဖြစ်တော့မှ အအေးခံပြီး ဖန်ပုလင်းထဲကို လေလုံအောင်ထည့်ထား။ ဒူလာညောင်းကိုက်ဝေဒနာအတွက်ကတော့ ပထမတန်းဆေးတစ်လက်ပဲ။ ယောက်ျား ဒူလာ၊ မိန်းမ မီးယပ် ဆိုသလို အမျိုးသမီးတွေနဲ့လည်းတည့်ပါတယ်။ ဒီဆေးကဥပဒ်မရှိပါဘူး။ ကျွန်တော် အဖေရဲ့ လက်တွေ့ပျောက်ကင်းတဲ့ဆေးနည်းတစ်လက်ပါ။

ရှားစောင်းလက်ပပ်နဲ့ ပတ်သက်လို့ ဆေးနည်းတစ်လက်ကို ကျွန်တော် ပြောပြဦးမယ်။ ဒီဆေးနည်းက ကျွန်တော်ရဲ့ လက်တွေ့ပျောက်တဲ့ ဆေးနည်းပါ။ ကျွန်တော်ဆီးမကောင်းဖြစ်ပြီးဆီးမသွားနိုင်တာ မိတ်ဆွေတစ်ယောက်ကပြောပြလို့။ ရှားစောင်းလက်ပပ်အတွင်းသားကို သကြားနဲ့ ရေဖျော်ပြီးသောက်တာ ပထမတစ်ကြိမ်သာသောက်ရသေးတယ်။ ဆီးတွေက အနည်အဖတ်တွေထွက်လာတယ်။ သုံးကြိမ်မြောက်သောက်လိုက်တာနဲ့ နင်နေငါသွား မူလပထမအတိုင်း ဆီးဝါတွေကုန်ပြီးဖြူဖွေးတော့တာပါပဲ။ ကျွန်တော် လက်တွေ့ ပျောက်ကင်းတဲ့ ဆေးနည်းတစ်လက်မို့ ဦးကျော်ဝေကို ပြောပြတာပါ။ ဦးကျော်ဝေက မဂ္ဂဇင်းတွေမှာရေးတဲ့စာရေးဆရာဆိုတော့ စာရေးဖို့ပို့ပြီးအဆင်ပြေမှာပေါ့။ ကျွန်တော်လည်း ကုသိုလ်ရ၊ ဦးကျော်ဝေလည်း အကျိုးရှိမယ့် သူရဋ္ဌမဂ္ဂဇင်းကြီးမှာ ဦးကျော်ဝေရေးတဲ့ ဆောင်းပါးပါလာရင် ကျွန်တော်ကိုလည်းပြပါဗျာ။ ကျွန်တော် စာအုပ်ဝယ်ပြီး အမှတ်တရသိမ်းထားချင်လို့ပါ"

ဟု ကိုမိတ်သစ် (ခေါ်) ကိုငွေလှိုင်က စာရေးသူကို ဆေးနည်းတိုနှစ်လက် ပြောပြပါသည်။ ကိုငွေလှိုင်၏လက်တွေ့ပျောက်ကင်းသော ဆေးနည်းနှစ်လက်ကို စာရေးသူက သူရဋ္ဌမဂ္ဂဇင်းကြီးတွင် ရေးသားလိုက်ရပါတော့သည်။

ကိုငွေလှိုင်သည် ဟင်္သာတ တက္ကသိုလ်လမ်းမကြီး၏ နံပါတ်တစ်လမ်းတွင် 'မိတ်သစ်' ဟူသော အမည်ဖြင့် စက်ဘီးနှင့်ဆိုင်ကယ်ပြင်ဆိုင်ဖွင့်ထားပါသည်။

စာဖတ်ပရိသတ်တို့အတွက် မသိသူကျော်သွားသိသူဖော်စား ငွေကုန်ကြေးကျသက်သာသော ဆေးနည်းကောင်းများကို စေတနာမေတ္တာဖြင့် ပြောပြပေးသော ကိုငွေလှိုင်ကို အထူးကျေးဇူးတင်ပါသည်။

အာရောဂျံပရမံလာဘံ

ရောမြေ-ကျော်ဝေ



www.burmeseclassic.com

www.burmeseclassic.com

*သက်ထွန်းတို့နေထိုင်လျက်ရှိသော* ရွာမှာ ပဲခူးရိုးမတောင်တန်းကြီး၏ အရှေ့ဘက် တစ်မိုင်သာသာလောက်သာဝေးသော တောင်ခြေရွာကလေး ဖြစ်သည်။ ထိုရွာတွင်နေထိုင်ကြသူတို့မှာ ကျွဲ၊ နွား၊ လှည်း၊ လယ်မြေပိုင်ဆိုင်ကြသူ ဦးရေကနည်းပြီး လယ်မရှိ၊ လှည်း၊ နွားမရှိသည့် *လက်လုပ်လက်စားသမားများက အရေ* အတွက်များလေသည်။ ထိုလက်မဲ့တို့မှာ မိုးအခါတွင် လယ်ဧကများသောလယ်သမားများက တစ်ယောက်တည်းလယ်လုပ်ကိုင်ရန်မနိုင်နင်းမှုကြောင့် လူငှား၍လုပ်ကိုင်ကြလေရာ လက်မဲ့များအား လူငှားအဖြစ်ငှား၍ လယ်လုပ်ကြ၏။ တချို့ လယ်သမားတို့က လက်မဲ့များအား ထယ်ထိုးငှားကြ၏။ လယ်ထဲတွင် ကန်သင်းပေါက်ငှားကြ၏။ လယ်စိုက်ခါနီးတွင် ပျိုးနုတ်ငှားကြ၏။ ပျိုးနုတ်ငှားကြလျှင် မျိုးထုံးတစ်ရာကို နုတ်ခဘယ်လောက်ပြောဆိုညှိကြပြီးနုတ်စေသည်။ ပျိုးနုတ်ခကို ငွေယူမည်ဆိုလျှင် ငွေရှင်းပေးပြီး စပါးယူမည်ဆိုလျှင် နွေတလင်းသိမ်းပြီးသည့်အခါ စပါးပေါ်မှနုတ်ခပေး*ကြလေသည်။ တချို့ ပျိုးနုတ်သမားက* ပျိုးနုတ်ခကို ငွေတစ်ဝက်ယူ၍ တစ်ဝက်ကိုစပါးယူကြလေသည်။

"သက်ထွန်းရေ ငါ့လယ် သန်ဘက်ခါစိုက်တော့မှမို့ မင်းပျိုးနုတ်ပေးနိုင်မလားဟေ့"

"နုတ်ပေးနိုင်ပါတယ် ကိုသာအေး*ရယ်။ ဘယ်တော့နုတ်ပေးရမလဲဗျ*"

"ဒီကနေ့ကစပြီးနုတ်တော့ကွာ။ ဒါမှ သန်ဘက်ခါ လယ်စိုက်တဲ့အခါမျိုးတွေ အဆင်သင့်ရှိနေတော့မပေါ့ကွ"

"မင်းပျိုးနုတ်မယ်ဆိုရင် ပျိုးနုတ်ခကို ဘယ်လိုပေးရမလဲကွ"

"အိုဗျာ-အခုလောလောဆယ်သုံးစွဲဖို့ ငွေတစ်ဝက်နဲ့နွေစပါးပေါ်လာတော့ကျန်တဲ့တစ်ဝက်ကိုစပါးပေးပေါ့ဗျာ"

ပျိုးနုတ်မည့်သူနှင့် လယ်ရှင်သဘောတူညှိနှိုင်းပြီးကြ၍ သက်ထွန်းလည်း ကိုသာအေး၏လယ်ထဲမှ ပျိုးခင်းတွင် ပျိုးနုတ်နေလေပြီ။

လယ်သမားများက စည်းနှင့်ကမ်းနှင့်ပျိုးနုတ်ပေးတတ်သော သက်ထွန်းကိုသဘောကျ၍ သူ့ကိုသာပျိုးနုတ်ငှားကြ*လေသည်။ ပျိုးနုတ်ရာတွင် စည်းကမ်းရှိ*သည်။ စည်းကမ်းကိုမလိုက်နာ၍ နုတ်ချင်သလိုနုတ်ပြီး ပျိုးထုံးပါက ကြီးသည့်ပျိုးထုံးကကြီး၊ သေးသည့်ပျိုးထုံးကသေးဖြစ်ပေမည်။ မျိုးထုံးတစ်ညီတည်းဖြစ်စေရန်နုတ်တတ်ဖို့လိုအပ်လေသည်။ပျိုးနုတ်ရာတွင် စာဆိုရှိသည်။ 'သုံးဆုပ်တစ်ပုံ၊ *သုံးပုံတစ်ထုံး' ဖြစ်သည်။ ပျိုးပင်များအား* လက်နှစ်ဖက်နှင့်ဆုပ်ကိုင်ပြီးနုတ်၊ ဖဝါးတစ်ဖက်မြှောက်ပြီး ထိုခြေဖဝါးကိုခံ၍ ပျိုးဆုပ်ကိုရိုက်ရသည်။ ထိုအခါ ပျိုးချေးများ လွင့်စဉ်သွားလေသည်။ ထိုပျိုးဆုပ်ကိုပုံထားပြီး နောက်တစ်ဆုပ်ထပ်နုတ်၍ ပျိုးချေးခါပြီးလျှင် ပထမအပုံပေါ်သို့ ညီညီထပ်ပုံပေးရသည်။ တတိယမျိုးဆုပ်ထပ်ပုံလိုက်သောအခါ သုံးဆုပ်တစ်ပုံရ၏။ ထိုအပုံမျိုးသုံးပုံရလာတော့မှ တညီတည်းစုပုံကာ နှီးဖြင့်စည်းပေးလိုက်လျှင် ပျိုးတစ်ထုံးရလာသည်။ စာဆိုစည်းကမ်းနှင့်အညီနုတ်ခဲ့သဖြင့် ပျိုးထုံးတွေမညီမညာမဖြစ်တော့ဘဲ တစ်ရွယ်တည်းသောပျိုးထုံးများ ရရှိလာလေသည်။ သက်ထွန်းလည်း စာဆိုနှင့်အညီ ရှေးလယ်သမားကြီးများ သတ်မှတ်ပေးခဲ့ကြသည့် ပျိုးနုတ်စည်းကမ်းနှင့်အညီ ပျိုးများနုတ်ပေးနေလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

ဆောင်းရောက်လာ၍ စပါးများ မှည့်ဝင်းလာလျှင် ရိတ်ကြရတော့၏။ စပါးများ လယ်ထဲတွင် အမှည့်ညီလာပြီး ပေါင်းညှိချိန်တွင် စတင်ရိတ်ကြရသည်။ အမှည့်လွန်အောင်ထားခဲ့လျှင် စပါးနှံများကုပ်ကျိုးကာ ရိတ်သည့်အခါ စပါးနှံအပိုင်းများ ပြတ်ကျကုန်သည်။ ပြတ်ကျသော စပါးနှံအပိုင်းအစတို့မှာ လယ်ကွက်ထဲတွင်သာကျန်နေခဲ့သဖြင့် လယ်သမားမှာ စပါးရသင့်သလောက်မရဘဲ စပါးထွက်လျော့နည်းခဲ့တော့လေသည်။ လယ်ထဲတွင် ကောက်ရိတ်သုတ်ချ၍ ရိတ်ကြရာတွင်လည်း စာဆိုနှင့်အညီ ရိတ်ရသည့် 'သုံးဆုပ်တစ်ကော်၊ သုံးကော်တစ်ထုံး' ဆိုသည့်အတိုင်း ကောက်ပင်တို့ကို လက်တစ်ဖက်နှင့်ဆုပ်ကိုင်၍ တံစဉ်နှင့်ရိတ်ပြီးပုံရသည်။ ထိုအပုံပေါ်သို့ နောက်ထပ်နှစ်ပုံထပ်ပေါင်းထည့်လျှင် တစ်ကော်စာရလာ၏။ ထိုအကော်သုံးကော်ကိုစုပုံလျှင် ကောက်လှိုင်းတစ်ထုံးစာရလာတော့၏။ ထိုစာဆိုအတိုင်းရိတ်မပုံဘဲ ရိတ်ချင်သလိုရိတ်၊ ပုံချင်သလိုပုံပြီး ကောက်လှိုင်းစည်းပါက ကောက်လှိုင်းထုံးကြီးတာကကြီး၊ ငယ်တာကငယ်ကာ မညီမညာကောက်လှိုင်းထုံးများသာရလာမည် ဖြစ်သည်။ ကောက်လှိုင်းထုံးမညီမညာလျှင် လှည်းပေါ်သို့ စီတင်သောအခါ မြင့်သည့်ဘက်ကမြင့်၊ နိမ့်သည့်ဘက်ကနိမ့်ပြီး ထိုကောက်လှိုင်းလှည်းကို အိမ်တလင်းသို့ မောင်းသယ်သွားခဲ့လျှင် ကန်သင်းအဖြတ်ကိုကျော်တက်မောင်းသည်နှင့် ကောက်လှိုင်းလှည်းမှောက်ရတော့သည်။ ကောက်လှိုင်းလှည်းမှောက်၍ ပြန်ကောက်တင်လျှင် မှောက်သည့်နေရာတွင် ကောက်လှိုင်းများမှ စပါးစေ့များ မြင်မကောင်းအောင်ကြွေကျကျန်သဖြင့် လယ်သမားအတွက် စပါးထွက်နည်းရတော့သည်။

"သုတ်သူကြီး၊ ကျုပ်လယ်ရိတ်ဖို့အတွက် ကောက်ရိတ်သမားတွေပေးရင် စပါးရိတ်ကျွမ်းကျင်သူတွေကို ထည့်ပေးပါဗျာ။ ဟိုမရိတ်တတ်ရိတ်တတ်သင် ရိတ်သမားတွေ မထည့်ပေးပါနဲ့ဗျာ"

## တင့်ထူး (မေယုဝတီ)

## မှင်စာမြူးသောည





www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချပါ သာအေးရာ၊ ငါကလည်း စပါးကို စာဆိုနဲ့အညီ ရိတ်တတ်သူတွေကိုသာရွေးပြီး ကောက်ရိတ်သုတ်ထောင်ထားတာပါကွ"

လယ်သမားများမှ ကောက်ရိတ်သမားရွေးကြသည်မှာလည်း အကြောင်းရှိလေသည်။ ကောက်ရိတ်မကျွမ်းကျင်သူတွေရိတ်ခဲ့သဖြင့် ကောက်လှိုင်းစည်းသည့်အခါ ကောက်လှိုင်းထုံးများ အကြီးအသေးမညီညာခြင်း၊ ကောက်လှိုင်းလှည်းပေါ်တင်သည့်အခါ အနိမ့်အမြင့်မညီမညာရှိတတ်သည်။ ကောက်လှိုင်းများအားအစည်းငွေးသည့်အခါ ကြီးကြီးသေးသေး ကောက်လှိုင်းထုံးအရေအတွက်စည်းခနေ့တွက်ပေးရသဖြင့် လယ်သမားအဖို့ နစ်နာရလေသည်။

သက်ထွန်းမှာ မိုးအခါတွင် ထယ်ထိုးလိုက်၊ ပျိုးနုတ်လိုက်ခြင်း၊ ဆောင်းအခါ ပဲထယ်ရေးထိုးခြင်း၊ ပဲရိတ်ခြင်းအလုပ်များဝင်လုပ်၍ မိသားစုစားဝတ်နေရေး ဖြည့်ဆည်းပေးနေရသည်။

"ဟေ့ - သက်ထွန်း၊ ငါ့ကောက်ဆိုင်ပုံအတွက် မင်းစပါးနယ်ပေးမလားဟေ့"

"နယ်ပေးမယ်လေဗျာ၊ ကျုပ်ကအားနေတာပဲကို"

"အေး - ဒီလိုဆိုရင် မင်း ငါ့အိမ်လာခဲ့ပြီး ကောက်ဆိုင်ပုံကကောက်လှိုင်းတွေကို တလင်းထဲမှာ ဖြန့်ချပေတော့ဟေ့"

လယ်သမားကြီးများက သူတို့ရိတ်ပြီး ကောက်ဆိုင်ပုံများကို စပါးနယ်ရလျှင် နွားများနှင့်သာနယ်ကြလေသည်။ တချို့ လယ်သမားများက နွားများနှင့် စပါးနယ်လျှင် အချိန်ကြန့်ကြာသည်ထင်ပြီး လယ်ထွန်စက်နှင့် ကောက်ပြန့်ပေါ်ပတ်မောင်းပြီး စပါးနယ်စေခဲ့ကြသည်။ ထွန်စက်နှင့်တပ်မောင်း၍စပါးနယ်ခြင်းမှာ မြန်ဆန်သော်လည်း ထိုနယ်၍ရလာသောစပါးများကို ဆန်ကြိတ်ခဲ့သောအခါ ဆန်များအကြေများလေသည်။ ဆန်ကောင်းအထွက်နည်းပြီး ဆန်ကွဲများကပိုထွက်လာသည်။ နွားနှင့်ကောက်တစ်ပြန့်ပြီးတစ်ပြန့်အချိန်ယူကာ စပါးနယ်ခြင်းက ဆန်ကြိတ်ခဲ့လျှင် ဆန်လုံးများကောင်း၏။ အကျိုးအကြေနည်းပါး၏။ ထိုဆန်ကိုထမင်းချက်လျှင် ထမင်းစေ့မှာကော့ပျံ့နေလေသည်။ ထိုဆန်မျိုးသည်သာ ရောင်းပန်းလှလေသည်။

"သက်ထွန်း၊ မင်းကောက်ပြန့်နေပြီလားကွ"

"ပြန့်နေပြီလေဗျာ"

လယ်ရှင်က သက်ထွန်းကောက်ပြန့်နေသည်ကို နံဘေးမှထိုင်ကြည့်နေသည်။ သက်ထွန်းက ကောက်ဆိုင်ပုံမှ ကောက်လှိုင်းထုံးများဆွဲချကာ တလင်းထဲပတ်စီ၍ချသောအခါ ကောက်လှိုင်းထုံး၏စည်းဝက်ကြိုးကို အပေါ်ဘက်တွင်ထားပြီး ကောက်ပြန့်သည်ကို တွေ့မြင်လေသည်။

"အင်း - ဒီကောင် သက်ထွန်း လယ်ပိုင်ချောင်းပိုင်မရှိပေလို့သာပဲ။လယ်ပိုင်ချောင်းပိုင်သာရှိခဲ့မယ်ဆိုရင် သူလုပ်ကိုင်တဲ့လယ်တွေဟာ စပါးသီးနှံတွေ တော်တော်အထွက်ကောင်းမှာပဲ။ တော်တော် စည်းစနစ်ကျအောင်လုပ်တတ်တဲ့ကောင်ပဲ"

ကောက်ပြန့်ရာတွင် ကောက်လှိုင်းထုံး၏ စည်းဝက်ကြိုးများအား အပေါ်ဘက်ကထားကာ ကောက်ပြန့်ရသည်။ ထိုအပြန့်ကို နွားများနှင့်တက်နယ်သောအခါ ထိုစည်းဝက်ကြိုးမှစပါးနှံများကိုနွားများနင်းမိပြီး စပါးစေ့များ ကြွေကျမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ စည်းဝက်ကြိုးကို အောက်ဘက်မှာထားပြီးကောက်ပြန့်ပါက စည်းဝက်ကြိုးမှ စပါးနှံများကို နွားများမနင်းမိသဖြင့် စပါးစေ့များမကြွေနိုင်ဘဲရှိတတ်လေသည်။

နွေရောက်လာပြီဆိုတော့ လယ်သမားတို့၏စပါးနယ်ခြင်း၊ ပဲရိတ်ပဲဆွတ်ခြင်းအလုပ်များက ပြီးဆုံးသွားခဲ့ပြီဖြစ်၍ သက်ထွန်းတို့လိုလက်မဲ့သမားများအဖို့ နေ့တွက်ခယူပြီး လုပ်ကိုင်စရာအလုပ်က မရှိခဲ့ကြတော့ပေ။

"အင်း - ငါတို့လက်မဲ့တွေအနေနဲ့ နေ့စဉ်အလုပ်တစ်ခုခုရှိနေပါမှ ဝင်ငွေရပြီး မိသားစုဘဝ ပြေလည်ရတာပဲ။ အလုပ်မရှိရင် ဝင်ငွေမရဘဲ စားဝတ်နေရေးအခက်တွေ့ကြရမှာပါလား။ ဒီလိုတော့ မဖြစ်ချေဘူးဘဲ။ အခြားဝင်ငွေရနိုင်မယ့်အလုပ်တစ်ခုခုတော့ ရှာလုပ်ရမှာပဲလေ"

"ဟေ့ - သက်ထွန်းရှိလားကွ"

"ဟာ - ဦးလေးလုံပါလား။ ကျွန်တော်ရှိနေပါတယ် ဦးလေးလုံ၊ အိမ်ပေါ်တက်ထိုင်ဦးလေ"

"အေး - ငါကမင်းနဲ့တွေ့ရအောင် လာခဲ့တာပဲကွ"

"ကျွန်တော့်ဆီလာတာ ဘာကိစ္စများရှိနေလို့ပါလဲဗျာ။ ကျွန်တော်ဘာလုပ်ပေးရမလဲ ဦးလေးလုံ"

"တခြားမဟုတ်ဘူးကွ။ ဦးလေးရဲ့ လက်ရှိ အိမ်ပေါ်မှာ သမီးတွေရော၊ သမက်တွေရော၊ မြေးမတွေရောစုပေါင်းနေခဲ့ကြတာလေကွာ။ အခုတော့ မွေးလာတဲ့မြေးတွေနဲ့ လူဦးရေကတိုးပွားလာခဲ့တော့ သူတို့အတွက် အိမ်ခွဲဆောက်ပေးရတော့မယ်ကွ။ ဒါကြောင့် မင်းဆီကို လိုအပ်တဲ့ ပျဉ်းကတိုးတိုင်တွေတက်ခွဲခိုင်းရအောင်လာခဲ့ရတာပဲကွ"

"ဦးလေးလုံကို အိမ်ဘယ်နှလုံးစာခွဲပေးရမလဲဗျ"

"အိမ်နှစ်လုံးစာပေါ့ကွာ။ မင်းက တိုင်စားရွေးလက်ရာကောင်းလို့ ငါခွဲခိုင်းဖို့လာခဲ့တာပဲ"

"ရပါတယ် ဦးလေးလုံရယ်၊ ကျွန်တော် အကောင်းဆုံးဖြစ်အောင်ခွဲပေးပါ့မယ်ဗျာ"

"အဲဒီအိမ်နှစ်လုံးစာတိုင်တွေကို ဘယ်တော့လောက်ယူချင်တာလဲ"

"အိုကွာ၊ တိုင်တွေစုံတာနဲ့ ဒီနွေထဲမှာ အပြီးဆောက်ရမှာလေ။ ဒီတော့ မင်းတိုင်ခွဲပြီးတာနဲ့ယူချင်တာပဲ"

"ဖြစ်ပါတယ် ဦးလေးလုံရဲ့၊ ကျွန်တော်နဲ့ ကျွန်တော့်ညီဝမ်းကွဲတစ်ယောက်ကိုပါခေါ်ပြီး တောတက်ခွဲပေးပါ့မယ်"

"တိုင်တွေကိုတော့ အနာအဆာလွတ်ပါစေကွာ။ ပျဉ်းကတိုးပင်ကြီးကိုလည်းရွေးလှဲပြီးတိုင်ခွဲပေးကြကွာ။ အပင်သက်တမ်းရင့်တော့ တိုင်တွေပိုပြီးခိုင်ခံ့တာပေါ့ကွာ"

"ဟုတ်ကဲ့ပါ၊ကျွန်တော်တို့ကလည်း သက်တမ်းရင့်တဲ့ ပျဉ်းကတိုးပင်ကြီးမျိုးကိုပဲလှဲပြီးခွဲယူကြမှာပါ။ အပင်ကြီးဆိုတော့ တစ်ပင်လှဲပြီးခွဲရင် တိုင်တော်တော်များရတယ်လေ။ အပင်သေးဆိုရင် သစ်ပင်တွေခဏခဏလှဲဖြတ်နေရတော့ အချိန်ကြန့်ကြာလွန်းလို့ဗျ"

ရွာတွင် အလုပ်မရှိကြတော့ တောတက်ကြကာ တိုင်ခွဲသူကခွဲသည်။ ပျဉ်ဆွဲသူကဆွဲသည်။ မီးသွေးဖုတ်ပြီး တက်ထမ်းသူကထမ်းသည်။ တချို့က စက်တုံး၊ ထမ်းပိုးတုံး၊ အကြမ်းယောင်တုံးများတက်ခွဲသူကခွဲကြသည်။ ထိုအလုပ်များကိုမလုပ်တတ်သူတို့က တောင်ပေါ်တွင် ယာစိုက်ထားသော ယာခင်းထဲသွားကာ ငှက်ပျောများထမ်းသယ်ပေးကြသည်။

"ဟေ့ - ငါတို့တောင်းတွေ၊ ခြင်းတွေရက်ရအောင် တောင်ပေါ်တက်ပြီး တင်းဝါးတွေတက်ထမ်းကြမယ်ဟေ့"

တောတက်ကြကာ တင်းဝါးတော

www.burmeseclassic.com

www.burmeseclassic.com

များမှတင်းဝါးများကို လူတစ်နိုင်အလုံး နှစ်ဆယ်ခန့်ခုတ်ယူပြီး ရှေ့တစ်ချက်၊ နောက်နားတစ်ချက် နှီးဖြင့်ခိုင်ခိုင်စည်း၍ ထမ်းကာ အိမ်အရောက်သယ်လာခဲ့ကြသည်။ အိမ်ရောက်လျှင် ပိုင်းဖြတ်ပြီး ခွဲစိတ်၍နှီးပြားများဖြာယူကြသည်။ ထိုနှီးပြားများဖြင့် ဆန်ကော၊ ဆန်ကာ၊ တောင်း၊ ဆန်ဆေးတောင်း၊ ကြက်အုပ်ဆောင်း၊ ထင်းတောင်း၊ ပြည်တောင်း၊ နှီးပလိုင်း၊ ဖျာတို့ကို ရက်လုပ်ကြ၍ ရွာတကာရှက်ထမ်းကာ လှည့်လည်ရောင်းချကြသည်။ မြို့မှကုန်ဆိုင်များသို့ သွားသွင်းပေးကြ၏။ အော်ဒါရလျှင် ရက်လုပ်ကာပေးသွင်းကြလေသည်။

သက်ထွန်းတို့ ညီအစ်ကိုလည်း ပျဉ်းကတိုးတိုင်များခွဲယူကြရန် တောင်ပေါ်တက်လာခဲ့ကြလေသည်။ အိမ်နှစ်လုံးစာအတွက် တိုင်နှစ်စုံစာခွဲရမည်ဖြစ်ခြင်းကြောင့် တောင်ပေါ်တွင်ညအိပ်နေ၍ခွဲကြရမည်။ သို့အတွက် လေး၊ ငါးရက်စာ စားရိက္ခာအပြည့်အစုံထည့်ယူလာခဲ့ကြရသည်။ တိုင်ခွဲမည့် သံသပ်၊ တူ၊ လွှတို့ကိုလည်း အပါယူလာကြရသည်။

"ကဲ - ငါ့ညီနိုင်ဝင်းရေ မင်းကဲ တောဒီရိက္ခာတွေထည့်ထားတဲ့ပလိုင်းကို ထမ်းခဲ့ကွာ၊ ငါကတော့ တူ၊ သပ်တွေနဲ့ လွှတို့ယူလာမယ်ဟေ့"

ပျဉ်းကတိုးတိုင်များခွဲပေးရမှာဖြစ်၍ နီးနီးနားနားတော့မဟုတ်။ ရိုးမကြီး၏ အနောက်ဘက်တောနက်ရာသို့သွားကြရမည်ဖြစ်သည်။ ကြောကြီးအရှေ့ဘက်မြစ်တွင် ပျဉ်းကတိုးပင်မပေါက်ခြင်းမဟုတ်ပေ။ ပေါက်လာသည့် ပျဉ်းကတိုးပင်များက လူတွေခုတ်လှဲယူဆောင်ခဲ့ကြသဖြင့် ငုတ်သာလျှင်ရှိတော့သည်။ တချို့က ပျဉ်းကတိုးထင်းက မီးအားကောင်းသည်ဆိုကြကာ အိမ်မီးဖိုချောင်သုံးထင်းတို့ကိုပင် ပျဉ်းကတိုးပင်ကိုလှဲဖြတ်အသုံးပြုခဲ့ကြလေသည်။

သစ်အမျိုးမျိုးရှိရာတွင် ကျွန်းနှင့် ပျဉ်းကတိုးသစ်မှာ တန်ဖိုးကြီးသောအဖိုးတန်သစ်မျိုးဖြစ်သည်။ ကျွန်းသစ်ထွက်သော မြန်မာ့ကျွန်းသစ်တို့ကို မှာယူအသုံးပြုကြ၏။ ကျွန်းသစ်သည် ရေထဲ ကြာထားသော်လည်း ဆွေးမြည့်ခြင်းမရှိ ဆေးနိုင်၊ နှစ်ရှည်ခံ၏။ ကျွန်းသစ်အား ဥရောပနိုင်ငံများမှ မှာယူပြီးလျှင် အိမ်ဆောက်ခြင်း၊ သင်္ဘောတည်ဆောက်ခြင်း၊ ပရိဘောဂများပြုလုပ်ခြင်းဖြင့် ကုန်ချောများထုတ်လုပ်ကြ၏။

"နိုင်ငံခြားသားတွေက တို့နိုင်ငံက



ဝယ်ယူတဲ့ ကျွန်းသစ်တွေကို လွှစာမှုန့်ကိုတောင်မလွှင့်ပစ်ဘဲ သူ့နေရာနှင့်သူ အသုံးပြုကြတယ်ကွ"

"ဟင် - ဟုတ်လား။ လွှစာမှုန့်ကို ဘယ်နေရာမှာများသုံးကြလို့လဲဗျာ။ ကျုပ်တို့ဆီမှာတော့ ထမင်းဟင်းချက်ရာမှာ မီးဖိုထဲကိုလောင်စာအဖြစ်သာထည့်သုံးကြတာပါ"

"ဒီလိုကွ၊ ကျွန်းသားဟာ ရေနဲ့ထိပေမယ့် မဆွေးလွယ်တာမို့ ရေနဲ့အမြဲထိတွေ့နေတဲ့ သင်္ဘောကြီးတွေရဲ့ကုန်းပတ်နံရံတွေကို ကျွန်းလွှစာမှုန့်တွေနဲ့ရောပြီး ကပ်ထားပေးကြတယ်လေ။ ဒီတော့ ကျွန်းမှုန့်တွေရှိနေလေတော့ သင်္ဘောနံဘေးတွေကို ဆားငန်ရေအမြဲထိနေပေမယ့် မဆွေးမြည့်ဘဲ ကြာရှည်ခိုင်ခံ့တာပေါ့ကွာ"

"ဟော့ - ငါတို့ညီအစ်ကို လမ်းတစ်လျှောက် စကားတပြောပြော နဲ့တောတက်လာခဲ့ကြတာ ရိုးမကြီးရဲ့ထိပ်ပေါ်ကိုတောင်ရောက်လာကြပြီကွ"

"ဟင် - ရိုးမကြီးရဲ့ထိပ်ပေါ်မှာလည်း သစ်ပင်ကြီးတွေပြောင်နေကြပြီပဲ နော်။ အရင်ကဆိုရင် သစ်ပင်ကြီးတွေ ပတ်ဝိုင်းနေလို့ တောင်ထိပ်ကနေ တောင်ခြေဘက်ကိုတောင် မမြင်နိုင်ကြဘူး။ ခုတော့ သစ်ပင်ကြီးတွေမရှိကြတော့လို့ ဟိုးအဝေးတောင်ခြေတစ်လျှောက်မှာရနေတဲ့ရွာတွေတည်ရှိတဲ့ သစ်ပင်အုန်းပင်အုပ်အုပ်တွေကိုတောင် လှမ်းမြင်ကြရပြီနော်"

"အေးလေ၊ ဒါကြောင့် မင်းနဲ့ငါ တိုင်ခွဲယူဖို့ ဒီရိုးမကြီးရဲ့အနောက်ဘက်ထဲကိုလာခဲ့ကြရတာပဲကွ"

ရိုးမကြီး၏ အနောက်ဘက်ထဲ ဆင်းလာခဲ့ကြရာ ခရီးတော်တော်ဝေး ရောက်လာကြလျှင် သစ်ပင်ကြီးများ၊ ဝါးတောကြီးများကို တွေ့မြင်ကြရတော့သည်။

"ဟောဒါ ပျဉ်းကတိုးတောပဲကွ။ ငါ့ညီရ"

"ဟာ - ဟုတ်ပြီ အစ်ကိုရာ။ ပျဉ်းကတိုးပင်တွေတအားပေါနေတာပဲကွ"

"ဟော - အစ်ကိုသက်ထွန်း၊ ဟောဒီပျဉ်းကတိုးပင်ကြီးကိုကြည့်ပါဦး။ ကြီးလည်းကြီး၊ ဖြောင့်လည်းဖြောင့်၊ မြင့်လည်းမြင့်တယ်။ ဒီအပင်ကိုလှဲဖြတ်ပြီး တိုင်ခွဲကြရင် တိုင်အိမ်တစ်စုံစာမကရနိုင်မှာပဲ"

"နေဦးကွ - ဒီအပင်မှာသစ်ခေါင်းရှိနေသလား၊ အနာအဆာရှိသလား ကြည့်ဦးမှကွ။ တော်ကြာ လှဲချပြီးမှ အခေါင်းပါနေရင် နောက်တစ်ပင်ထပ်ပြီး လှဲနေရတော့ လုပ်ငန်းတာပေါ့ကွာ"

"ဟုတ်တယ်ဟေ့၊ အနာအဆာကင်းပြီး သစ်ခေါင်းလည်းမတွေ့ရဘူးကွ"

"ဒါဆိုရင် အခု ဒီအပင်ကိုလှဲကြမယ်လေ"

"ဟာ - ဒီအကောင် တယ်လောနေပါလားကွ။ သစ်ပင်တွေ့တိုင်း အရမ်းကာရောလှဲဖြတ်လို့မရဘူး။ သက်ဆိုင်ရာ တောပိုင်တောင်ပိုင်နဲ့သစ်ပင်ကိုစောင့်ကြပ်နေရတဲ့ အစောင့်အရှောက်တွေကို ပြသပေးပြီး တောင်းပန်တိုးလျှိုးပြီးမှ ဖြတ်ရတယ်လေ။ ဒါမှ အန္တရာယ်ကင်းကြရမှာကွ"

သက်ထွန်းက သစ်ပင်ကြီးအား မလှဲမီတွင် ဆိုင်ရာပိုင်ရာများနှင့် သစ်ပင်စောင့်ကိုတောင်းပန်တိုးလျှိုးပေးခဲ့သည်။

"ကဲ - လွှယူလာဟေ့။ ငါတို့ သစ်ပင်လှဲလို့ရပြီကွ"

"ကဲ - မင်းကတစ်ဖက်ကနေ၊ ငါက ဒီဖက်ကနေပြီး လွှဆွဲတိုက်ဖြတ်ကြမယ်"

အချိန်တစ်နာရီခန့်ကြာအောင် လှဲဖြတ်ကြသောအခါ သစ်ပင်ကြီးလည်း မြေပြင်ပေါ်သို့ လဲကျသွားခဲ့တော့သည်။

သက်ထွန်းက တိုင်အရှည်ကို တိုင်းထားသောဝါးလုံးဖြင့် သစ်ပင်၏ ပင်စည်တွင်တိုင်းကာ ဖြတ်ရမည့်နေရာကို ဓားဖြင့်ခုတ်၍မှတ်သားနေ၏။ ပြီးလျှင် နှစ်ယောက်သား လွှဖြင့်ပိုင်းဖြတ်ကြတော့သည်။ ပင်စည်ကြီးအား ပိုင်းဖြတ်ပြီးကြလျှင် ညနေစောင်းလာပြီ ဖြစ်၍ နားကြကာ ညစာချက်ပြုတ်စားကြ၏။ ညဘက်ရောက်လျှင် ထိုသစ်ပင်ကြီးနားမှာပင် မီးဖိုထားကာ ညအိပ်နားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နံနက်အရုဏ်တက်ချိန်တွင်နိုးလာကြပြီး မျက်နှာသစ်ကြ၏။ ထမင်းအိုးတည်ကြ၏။ ရေနွေးကို ဓားဘူးနှင့်တည်၏။ ပြီးလျှင် ငါးခြောက်ဖုတ်ဆီဆမ်းကာ နံနက်စာကို ရေနွေးနှင့်သောက်စားခဲ့ကြလေသည်။

"ကဲ - စားပြီး လမ်းကြည့်ဆိုသလို ငါတို့ ဒီနေ့ သစ်လုံးတွေကိုခွဲကြရမယ် ဟေ့"

"တူတွေ၊ သပ်တွေထုတ်ခဲ့ကွာ"

သစ်လုံးကြီးအား ထိပ်ဘက်မှသပ်စိုက်ကာ တူနှင့်ရိုက်ခွဲကြသဖြင့် ကွဲအက်လာကာ ထိုအက်ကြောင်းထဲသို့ သံသပ်ထည့်၍ရိုက်ပေးသဖြင့် သစ်လုံးကြီးထက်ခြမ်းကွဲခဲ့တော့သည်။ ထိုသစ်ခြမ်းကို ထပ်စိတ်ခွဲခဲ့သောအခါ တိုင်ဖျဉ်းယူရန်ရလာခဲ့တော့၏။ သစ်သားတုံးရှေ့တစ်တုံး၊ နောက်တစ်တုံးကန့်လန့်ခံထားပြီး စိတ်ထားသောသစ်ခြမ်းကို တင်ကြကာ သက်ထွန်းက ဓားမဝမ်းပူနှင့်သစ်ခြမ်းကို ကားယားခွ၍ ခုတ်ဖျဉ်းခဲ့တော့သည်။ နှစ်ရက်သုံးရက်ခန့်ကြာအောင် တိုင်များခုတ်ဖျဉ်းခဲ့ကြသဖြင့် အိမ်နှစ်လုံးစာဖျဉ်းပြီးသောတိုင်များရလာကြတော့သည်။

"ကဲ - နိုင်ဝင်းရေ၊ ငါတို့တိုင်တွေခွဲခဲ့တာ ငါးရက်လောက်ကြာခဲ့လို့ ဒီညနေစာပဲ ရိက္ခာရှိတော့တယ်ကွ။ မနက်ကိုတော့ ပစ္စည်းတွေသိမ်းပြီးရွာပြန်ကြမယ်။ ရွာရောက်တော့မှ ဦးလေးလုံကို တိုင်တွေတက်ဆွဲယူဖို့ပြောရမယ်ဟေ့"

ညီအစ်ကိုနှစ်ယောက် ပစ္စည်းများလွယ်ပိုးကာ တောထဲမှပြန်လာခဲ့ကြလေသည်။ ခရီးကဝေးလှသဖြင့် နေပူပူတွင် ရေစမ်း၌ ရေသောက်ရင်းနားကြပြီးမှ ခရီးဆက်ခဲ့ကြသည်။ ညနေလေးနာရီခန့်တွင် ကြောကြီးထိပ်သို့တက်လာခဲ့ကြ၏။



"ကဲ - ကြောကြီးပေါ်ရောက်ကြပြီဆိုတော့ အရှေ့ဘက်အဆင်းအတိုင်းဆင်းသွားကြရုံပဲဟေ့"

"ဒါဆို ရွာကို မိုးချုပ်မှောင်မှပဲရောက်ကြမှာပဲနော်"

"မှောင်မှောင်ကွာ။ လသာရက်ပဲကွ၊ လရောင်နဲ့ပြန်ကြတာပေါ့ကွာ"

ကွင်းပြန့်သို့ ရောက်လာကြ၍ တဖြည်းဖြည်း လျှောက်လာခဲ့ကြ၏။ လသာနေသဖြင့် လမ်းဖွေးဖွေးကိုမြင်နေရ၏။

"ဟော - အစ်ကိုရေ၊ ရှေ့မှာရွာသချိုင်းကိုဖြတ်ရတော့မယ်နော်"

"သချိုင်းနားဖြတ်ရတော့လည်း ဘာဖြစ်လဲကွာ။ ကြောက်စရာမရှိပါဘူးကွ"

နှစ်ယောက်သား သချိုင်းဘေးမှ ဖြတ်လျှောက်လာကြ၏။

"ဟာ - အစ်ကို၊ သချိုင်းထဲက ကြောင်ကလေးသုံးကောင်ပြေးထွက်လာကြပါလားဗျ"

"ဒီကြောင်လေးတွေဟာ ရွာထဲက ကြောင်လေးတွေပဲဖြစ်မယ်ကွ။ သချိုင်းတောထဲမှာ ကြွက်လာချောင်းကြတယ်ထင်တယ်"

"ဟော - ကျွန်တော်တို့ကိုမြင်လို့ လှုဆီပြေးလာကြပြီ"

"ဟင် - လူနားရောက်တော့ သချိုင်းတောထဲ ပြန်ပြေးဝင်သွားကြပြန်ပြီ"

"ဟော - ထွက်လာကြပြန်ပြီ"

"ဒီကြောင်လေးတွေလသာသာမှာ ပျော်မြူးနေကြတာပဲကွ"

"ဟင် - လူကိုပတ်ပြေးနေပြန်ပြီ"

"ဟော - ခြေထောက်တွေကြားထဲတိုးဝင်ပြီးပြေးနေကြပါလား"

ခြေထောက်ကြားထဲ တိုးဝင်ပြေးနေကြ၍ အသွားခက်ကြ၏။ ခလုတ်တိုက်လဲကျမှာပင်စိုးနေရသည်။

"သူတို့ပြေးလွှားပြီးဆော့ကြတာ အရေးမကြီးဘူးကွ။ ငါတို့သယ်ယူလာကြတာက သပ်တွေတူတွေလွှတွေနဲ့လဲကျရင်မလွယ်ဘူးဟေ့။ ဒီကြောင်တွေကိုအနားကပ်မခံဘဲကန်ထုတ်ဟေ့"

ကြောင်များအနားရောက်လာ၍ ကန်သော်လည်းမကန်မိဘဲ လေကိုသာကန်မိကြသည်။ လှမ်း၍ရိုက်ကြသော်လည်းမရိုက်မိအောင် တိမ်းရှောင်ကြလေသည်။

"ဟာ - တော်တော်ထူးဆန်းတဲ့ကြောင်တွေပဲ။ လူနားကိုသာ ပတ်ပြေးနေကြတာ ကန်လို့လည်းမရ၊ ရိုက်တော့လည်းမမိတော့ ဒီကောင်တွေဟာ ကြောင်တွေမှ ဟုတ်ရဲ့လားပဲကွာ"

သက်ထွန်းလည်း ထိုကြောင်များကိုသံသယဝင်လာမိတော့သည်။ နောက်မှ သူတဖြည်းဖြည်းစဉ်းစားမိခဲ့တော့သည်။

"ဟေ့ - နိုင်ဝင်းရေ၊ ဒီကြောင်တွေဟာ ရိုက်လို့လည်းမမိဘူး။ ပြီးတော့ လူကိုပတ်ပြေးဆော့ပြီး ခြေထောက်တွေကြားထဲတိုးဝင်နေကြတာဟာ မှင်စာလေးတွေဖြစ်ကြမယ်ထင်တယ်ကွ"

"ဖြစ်နိုင်တယ် အစ်ကိုရ။ သချိုင်းတောထဲက ထွက်လာကြတာပဲမဟုတ်လား"

"အေး- ဒီတစ်ခါပြေးထွက်လာကြရင်ရပ်မနေဘဲ မြေပြင်မှာဖင်ထိုင်ချပြီးနေဟေ့။ ငါတို့ခြေထောက်ကြားထဲ ပြေးဝင်ပြီး ခလုတ်တိုက်လဲရင် သေတတ်တယ်တဲ့ကွ"

"ဟော့ဟော - သချိုင်းတောထဲက ပြေးထွက်လာကြပြန်ပြီ အစ်ကိုရေ"

"ကဲ - ငါတို့ပစ္စည်းတွေချပြီး ထိုင်နေကြမယ်ဟေ့။ အနားရောက်လာရင် ဆီးရိုက်ကြမယ်ကွာ"

လူနားပြေးလာကြလျှင် ထိုင်နေရင်းက ဆီးပြီးရိုက်ခဲ့သဖြင့် နှစ်ပတ်သုံးပတ်လောက်သာပတ်ပြေးကြပြီး သချိုင်းတောထဲက ထွက်မလာခဲ့ကြတော့ပေ။

"ကဲဟေ့ - မှင်စာလေးတွေငါတို့ဆီးပြီးရိုက်ကြလို့ ထွက်မလာကြတော့ဘူးကွ။ ပစ္စည်းတွေပြန်ထမ်းပြီး ရွာထဲအရောက်သွားကြမယ်ဟေ့"

တကယ်တော့ မှင်စာမှာလည်း ပရသားများထဲတွင် အပါအဝင်ဖြစ်ကြသည်။ လသာသာတွင် ပျော်မြူးတတ်ကြပြီး လူတွေ့လျှင်ပတ်ပြေးကာ ခြေထောက်ကြားထဲ တိုးဝင်ပြီးလဲကျအောင်လုပ်ကြ၏။ လဲကျပြီးလန့်လျှင် လဲကျခံရသူမှာ မကြာမီဖျားနာလာကာ သေဆုံးခဲ့ရတော့သည်။ ထို့ကြောင့် မှင်စာများနှင့်တိုးမိပါက လူကြားခြေကြားပတ်ပြေးနေကြလျှင် မလဲကျစေရန် ထိုင်နေပြီးခြောက်လှန့်ကာ ရိုက်လွှတ်ပေးကြရလေသည်။ သက်ထွန်းတို့ညီအစ်ကိုမှာလည်း တောတောင်ထဲညအိပ်၍ တိုင်ခွဲခဲ့ကြရာတွင် ဘာအန္တရာယ်မှမကြုံခဲ့ရဘဲ ရွာနားမှသချိုင်းကိုဖြတ်ကာမှ မှင်စာအခြောက်ခံခဲ့ကြရခြင်းသာဖြစ်လေတော့သည်။

တင့်ထူး(ဓနုဖြူ၀တီ)





www.burmeseclassic.com

www.burmeseclassic.com

အပြောကျယ်လှသော ပင်လယ်ပြင်ကြီးထဲ၌ ဆန့်ကျင်ဘက်အရပ်မျက်နှာမှ တူရူလျှော်ခတ်လာသော လှေဝါနှာနှစ်စင်းသည် တိုက်တိုက်ဆိုင်ဆိုင်ဆုံမိသသည်။ တစ်စင်းက ဇမ္ဗူဒိပ်ကျွန်းမှလျှော်ခတ်လာခဲ့ပြီး တစ်စင်းမှာမူ လင်္ကာဒိပသီဟိုဠ်ကျွန်းမှလျှော်ခတ်လာခဲ့သည့် လှေဝါနှာနှစ်စင်းပင် ဖြစ်လေသည်။ ထူးခြားသည်မှာ လှေဝါနှာအသီးသီးပေါ်၌ ရဟန်းတစ်ပါးစီပါလာခြင်းပင်။ ရဟန်းနှစ်ပါးသည် သူတို့စီးနင်းလာသည့် လှေဝါနှာနှစ်စင်းလှေဦးချင်းမဆိုင်မီ ခပ်လှမ်းလှမ်းကပင် တစ်ပါးနှင့်တစ်ပါးလှမ်း၍အကဲခတ်နေကြကာ လှေနှစ်စင်းအေးချင်းယှဉ်မိသောအခါ ပဋိသန္ထာရစကားစတင်ဆိုကြလေတော့၏။

"တပည့်တော် ဇမ္ဗူဒိပ်ကျွန်းကလာခဲ့ပါသည်။ ယခု လင်္ကာဒီပသီဟိုဠ်ကျွန်းကိုသွားပြီး သီဟိုဠ်ဘာသာနှင့်ရေးသားထားသည့် ဗုဒ္ဓဒေသနာတော်အဖွင့်ကျမ်းကို မာဂဓီဘာသာဖြင့် ပြန်ဆိုရေးသားရန် ထွက်လာခဲ့ခြင်းပါဘုရား"

ရဟန်းငယ်၏ စကားကြောင့် သီဟိုဠ်ကျွန်းမှ လျှော်ခတ်ထားသည့် လှေဝါနှာပေါ်တွင်ပါလာသည့် ရဟန်းအိုကြီးသည် အံ့အားသင့်သွားဟန်ဖြင့် ပြန်လည် ပြောဆိုသည်မှာ -

"ငါ့ရှင်ရဲ့စကားကို ကြားရတာဝမ်းသာလိုက်တာကွယ်။ တို့များလည်း ငါ့ရှင်ရဲ့ ရည်ရွယ်ချက်လိုပဲ သီဟိုဠ်ကျွန်းကိုကူးပြီး ဗုဒ္ဓဒေသနာတော်တွေကို မာဂဓီဘာသာနဲ့ ပြန်ဆိုဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် အသက်အရွယ်ကထောက်လာလို့ ထင်တိုင်းပေါက်မလာဘဲပြန်လာခဲ့တာပါ။ အခု ငါ့ရှင်က တို့များ



# ဓနသျှင်စိုး
## အဋ္ဌကထာကိုဖန်တီးသူ



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ချင်တဲ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ သီဟိုဠ်ကျွန်းကိုသွားမယ်ဆိုတာသိရတော့ ငါ့ရှင်ရဲ့ရည်ရွယ်ချက်အတိုင်း အောင်မြင်အောင်ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့် အသက်အရွယ်က ထောက်လာလို့ ထင်တိုင်းပေါက်မလာဘဲပြန်လာခဲ့တာပါ။ အခုငါ့ရှင်ကတို့များဖြစ်ချင်တဲ့ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ သီဟိုဠ်ကျွန်းကိုသွားမယ်ဆိုတာသိရတော့ ငါ့ရှင်ရဲ့ ရည်ရွယ်ချက်အတိုင်း အောင်မြင်အောင် ကြိုးစားခဲ့ပါလို့တိုက်တွန်းလိုက်ပါရစေကွယ်။ နောက်ပြီးမှာလိုက်ချင်တာက ငါ့ရှင် ကဋ္ဌကထာကျမ်းများကို ပြန်ဆိုပြီးစီးတဲ့အခါကျရင် တို့များထံသို့ ပို့ဖြစ်အောင်ပို့ပေးစေချင်ပါတယ်။ ဒါမှ ငါ့ရှင်ရဲ့လက်ရာကိုကြည့်ပြီး တို့များအနေနဲ့ အဋ္ဌကထာကျမ်းတော်ကို အကျဉ်းရုံးပြီး ထပ်မံရေးသားချင်ပါသေးတယ်"

လေ့ဝါနာနှစ်စီး၏ လှေဦးစီးများသည် ရဟန်းတော်နှစ်ပါး၏ သာသနာရေးဆွေးနွေးမှုများ အားပေးသည့်အနေဖြင့် အချိန်အတန်ငယ်ကြာအောင် စောင့်ဆိုင်းပေးလိုသော်လည်း ပင်လယ်ပြင်၌ဖြစ်သောကြောင့် အချိန်မလင့်စေရန်အတွက် လှေ့ဝါနာနှစ်စီးကို ဦးတည်ရာများဘက်သို့ လှော်ခတ်ရတော့လေ၏။

နောင်တွင် ဇမ္ဗူဒိပ်ကျွန်းမှ သီဟိုဠ်ကျွန်းသို့ကူးလာသော ရဟန်းတော်သည် ဗုဒ္ဓဒေသနာတော်များကို စာသင်သားရဟန်းများ သင်ယူလေ့လာရာတွင် အားထားရသည့်ကျမ်းတစ်ကျမ်းဖြစ်သည့် အဋ္ဌကထာကျမ်းကို ဖွင့်ဆိုရေးသားခဲ့သည့် ရှင်မဟာဗုဒ္ဓဃောသအဖြစ် ထင်ရှားလာခဲ့ပြီး ရဟန်းအိုကြီးမှာမူ ရှင်မဟာဗုဒ္ဓဃောသလောက် မကျော်ကြားစေကာမူ အဋ္ဌကထာများကို ဖွင့်ဆိုရေးသားရာ၌ထင်ရှားခဲ့သည့် ရှင်ဗုဒ္ဓဒတ္တထေရ်ကြီးပင်ဖြစ်လေတော့သတည်း။

❏

ရှင်မဟာဗုဒ္ဓဃောသသည် ဇမ္ဗူဒိပ်ကျွန်း၌ သီတင်းသုံးနေစဉ်ကပင် 'ဉာဏောဒယကျမ်း' နှင့် မဓ္ဓသင်္ဂဏီအဖွင့် 'အဋ္ဌသာလိနီ' ကျမ်းကို ရေးသားပြုစုခဲ့သူဖြစ်သည်။ ထိုကာလက ဇမ္ဗူဒိပ်ကျွန်း၌ ဘုရားဟောတော်မူသော ပိဋကတ်သုံးပုံသာလျှင်ရှိပြီး အဖွင့်အဋ္ဌကထာကျမ်းများမရှိသေးချေ။ လက်ာဒီပသီဟိုဠ်ကျွန်း၌ကား ရှင်မဟာမဟိန္ဒမထေရ် ပြုစု



ပျိုးထောင်ထားခဲ့သော သီဟိုဠ်ဘာသာဖြင့်ရေးသားထားသည့် အဋ္ဌကထာကျမ်းများကရှိနေပြီး ဖြစ်သည်။ ထို့ကြောင့် ဆရာဖြစ်သူ ရှင်ရေဝတမဟာထေရ်က သီဟိုဠ်ဘာသာဖြင့် ရေးသားထားသည့် အဖွင့်အဋ္ဌကထာကျမ်းကို မာဂဓီဘာသာဖြင့် ပြန်ဆိုရေးသားရန်အတွက် ရဟန်းငယ်ဖြစ်သည့် ရှင်မဟာဗုဒ္ဓဃောသအား တာဝန်ပေးအပ်၍ သီဟိုဠ်ကျွန်းသို့ စေလွှတ်လိုက်ခြင်း ဖြစ်၏။

ရှင်မဟာဗုဒ္ဓဃောသကား ဆရာပေးအပ်သည့်တာဝန်ကို ဦးထိပ်ပန်ဆင်ကာ သီဟိုဠ်ကျွန်းသို့ ရောက်ခဲ့လေပြီ။ ဆရာကလမ်းညွှန်လိုက်သည့်အတိုင်းပင် ရှင်မဟာဗုဒ္ဓဃောသသည် အနုရာဓပူရမြို့ရှိ မဟာဝိဟာရကျောင်းတိုက်သို့ ဦးတည်ကြွလှမ်းလိုက်သည်။ ကျောင်းတိုက်အတွင်းရှိ မဟာပဓာန အမည်ရှိသော ကျောင်းဆောင်တော်၌ ကျောင်းတိုက်၏ ဦးစီးနာယက 'သံဃပါလမဟာထေရ်ကြီး' သီတင်းသုံးနေလျက်ရှိသည်။ ရှင်မဟာဗုဒ္ဓဃောသသည် 'မဟာထေရ်ကြီး' ကို ဦးညွှတ်လိုက်ပြီးနောက် မဟာထေရ်ကြီးထံမှ သီဟိုဠ်အဋ္ဌကထာများနှင့် ထေရဝါဒအယူဝါဒများကို ကြားနာခွင့်ရလိုက်သောကြောင့် လွန်စွာ ကျေနပ်အားရသွားလေသည်။ မှန်သည်။ မဟာထေရ်ကြီး ဟောကြားလိုက်သည့် တရားတော်များသည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ဒေသနာအစစ်အမှန်များပင်ဖြစ်သောကြောင့်ဖြစ်၏။ ထို့ကြောင့် ရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းသို့ကူးလာရခြင်း၏ ရည်ရွယ်ချက်ကို 'မဟာဝိဟာရကျောင်းတိုက်' ရှိ သံဃာတော်များအား ဖွင့်ဟလျှောက်ထားလိုက်လေ၏။

"တပည့်တော်သည် သီဟိုဠ်အဋ္ဌကထာများကို မာဂဓီဘာသာဖြင့်

ပြန်ဆိုမည်ဟူသော ရည်ရွယ်ချက်ဖြင့် သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ တပည့်တော်ကို သနားသောအားဖြင့် အရှင်ဘုရားတို့ထံတွင်ရှိနေသည့် အဋ္ဌကထာကျမ်းဂန်များကို ကြည့်ရှုလေ့လာခွင့်ပေးတော်မူပါဘုရား"

"ငါ့ရှင်ရဲ့ ရည်ရွယ်ချက်ဟာ ကောင်းမွန်တဲ့ ရည်ရွယ်ချက်ဖြစ်ပါပေတယ်။ ဒါပေမယ့် ငါ့ရှင်ရဲ့အရည်အချင်းကို တို့များက ဦးစွာစမ်းသပ်ကြည့်ချင်တယ်ကွယ့်"

သို့ဖြင့် သံဃပါလမဟာထေရ်ကြီးသည် ရှင်မဟာဗုဒ္ဓဃောသကို ဂါထာနှစ်ပုဒ်ပေး၍ အဖွင့်ကျမ်းတစ်ကျမ်းကို ရေးသားစေပြီး အရည်အချင်းကို စမ်းသပ်တော်မူလေသည်။ ရှင်မဟာဗုဒ္ဓဃောသသည် သံဃာ့ဦးသျှောင် ပြုပေးသည့် ဂါထာနှစ်ပုဒ်အား အဖွင့်အဖြစ် 'ဝိသုဒ္ဓိမဂ်ကျမ်း' ကို စတင်ရေးသားလေသည်။ ရှင်မဟာဗုဒ္ဓဃောသသည် ဝိသုဒ္ဓိမဂ်ကျမ်းကို အောင်မြင်စွာ ရေးသားနိုင်ခဲ့သော်လည်း ရေးသား စုထားသော ကျမ်းကြီးသည် ထူးဆန်းစွာပင်ပျောက်ဆုံးသွားလေသည်။ ထို့ကြောင့် ရှင်မဟာဗုဒ္ဓဃောသသည် ဒုတိယအကြိမ်အဖြစ် ထပ်မံ ရေးသားရပြန်သည်။ သို့သော် ဒုတိယအကြိမ် ရေးသားထားသည့်ကျမ်းစာသည်လည်း ထပ်မံ ပျောက်ဆုံးသွားပြန်သည်။ ကျမ်းစာများ ပျောက်ဆုံးနေမှုသည် သာမန်မဟုတ်သည့် ထူးခြားမှုတစ်ခုဖြစ်သည်ဆိုသည်ကို ရှင်မဟာဗုဒ္ဓဃောသသည် သတိထားမိသော်လည်း ထိုပြဿနာကို အဖြေမရှာဘဲ ကြိုးစားသော လုံ့လ၊ ဖွဲဖြင့် တတိယအကြိမ်မြောက် ထပ်မံ ရေးသားပြန်လေသည်။ တတိယအကြိမ်မြောက် ထပ်မံရေးသားပြန်လေသည်။ တတိယအကြိမ်မြောက် ရေးသားပြီးစီးသောအချိန်တွင်မူ ယခင်ပျောက်ဆုံးခဲ့သော ကျမ်းစာများကို ပြန်လည် တွေ့ရှိလေတော့၏။ ထိုကျမ်းစာသုံးခုလုံးကို ရှင်မဟာဗုဒ္ဓဃောသသည် သံဃပါလမဟာထေရ်ကြီး အမှူးပြုသော သီဟိုဠ်ရဟန်းတော်များကိုပေးအပ်၍ စစ်ဆေးစေလိုက်သည်။

အံ့ဖွယ်သရဲဖြစ်ဖွယ်ကိစ္စမှာ ထိုကျမ်းစာသုံးခုကို တိုက်ဆိုင်စစ်ဆေးကြည့်သောအခါ ထိုကျမ်းနှင့်တစ်ကျမ်းစာတစ်လုံးတလေမှပင်လွဲနေသည်ကို မတွေ့ရဘဲ တညီတညာတည်းဖြစ်နေသည်ကို တွေ့လိုက်ရလေတော့သည်။ ဤတွင် သီဟိုဠ်ရဟန်းသံဃာတော်များ



www.burmeseclassic.com

www.burmeseclassic.com

သည် ရှင်မဟာဗုဒ္ဓဃောသအား တကယ့်မေတ္တေယျဘုရားအလောင်းပါတကားဟု ဝမ်းသာအားရဖြစ်စွာချီးကျူးဃောမနာပြုကြလေတော့၏။

❑

ရှင်မဟာဗုဒ္ဓဃောသ၏ ပညာအရည်အချင်းကို သီဟိုဠ်ရဟန်းတော်များက ကျေနပ်အားရသွားသဖြင့် မဟာဝိဟာရကျောင်းတိုက်အတွင်း ထိန်းသိမ်းထားသော အဋ္ဌကထာကျမ်းတော်ကို ကြည့်ရှုလေ့လာခွင့်ပေးလိုက်လေတော့သည်။ တတိယသင်္ဂါယနာတင်အပြီး အလင်္ကာဒီပသီဟိုဠ်ကျွန်းသို့ ရှင်မဟိန္ဒသာသနာပြုကြွသောအခါ သင်္ဂါယနာတွင် သတ်မှတ်အတည်ပြုထားသော ဋ္ဌကထာနှင့်အဖွင့်များကို သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်လာခဲ့လေ၏။ ထို့နောက် ရှင်မဟာဟိန္ဒသည် သူပင့်ဆောင်လာခဲ့သောပိဋကတ်တော်များကို သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်လာခဲ့လေ၏။ ထို့နောက် ရှင်မဟာဟိန္ဒသည် သူပင့်ဆောင်လာခဲ့သော ပိဋကတ်တော်များကို သီဟိုဠ်ဘာသာဖြင့်ပြန်ဆိုလေသည်။ ထိုသီဟိုဠ်ဘာသာပြန်ပိဋကတ်တော်များကို သီဟိုဠ်ကျွန်းရှိ ရဟန်းသံဃာတော်အဆက်ဆက်က ပေထက်တွင် အဋ္ဌကထာကျမ်းများအဖြစ် ပေထက်တွင် အက္ခရာတင်ပြီး သီဟိုဠ်ရဟန်းသံဃာများကို သင်ကြားပေးခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီ ဖြစ်လေသည်။ ရှင်မဟာဗုဒ္ဓဃောသအနေဖြင့် သီဟိုဠ်အဋ္ဌကထာကျမ်းကို လေ့လာကြည့်လိုက်သောအခါ အဋ္ဌကထာကျမ်းများသည် တစ်ကျမ်းနှင့်တစ်ကျမ်းမတူညီသော အဆိုအမိန့်နှင့်ဖွင့်ဆိုချက်များကို တွေ့လိုက်ရသောကြောင့် ယခင် မာဂဓီဘာသာသို့ပြန်ဆိုမည့် ရည်ရွယ်ချက်ကို ပြောင်းလဲလိုက်ပြီး အဋ္ဌကထာကျမ်းအဟောင်းများ၏ မိန့်ဆိုချက်များကို အကျဉ်းချုံး၍သော် လည်းကောင်း၊ အကျယ်ချဲ့၍သော် လည်းကောင်း ချန်ထားသင့်သည်များကိုချန်ထား၍ မိမိ၏ကိုယ်ပိုင် အဋ္ဌကထာကျမ်းသစ်ကို ကြီးစွာသောလုံ့လဖြင့် ရေးသား ပြုစုလေတော့သည်။ ဤသို့ဖြင့် ရှင်မဟာဗုဒ္ဓဃောသသည် သမန္တပါသာဒိကာအမည်ဖြင့် ဝိနည်းပိဋကတ်အဖွင့်အဋ္ဌကထာကိုလည်းကောင်း၊ ကင်္ခါဝိတရဏီအမည်ဖြင့် ပါတိမောက်အဋ္ဌကထာကို လည်းကောင်း၊ သုတ္တန်ဘက ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကပါဌနှင့် သုတ္တနိပါတ်အဖွင့်အဋ္ဌကထာ၊ ဓမ္မသင်္ဂဏီ၊ ဝိဘင်းအဋ္ဌကထာကို လည်းကောင်း၊ ပဋ္ဌပ္ပကာရဏအဋ္ဌကထာအမည်ဓမ္မသင်္ဂဏီနှင့်ဝိဘင်းမှတစ်ပါး ကျန်အဘိဓမ္မာငါးကျမ်း၏ အဖွင့်အဋ္ဌကထာကျမ်းများကို လည်းကောင်း၊ ဇာတကအဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာနှင့် အခြားကျမ်းများကို ရဟန်းအာဇာနည်တို့၏ လမ်းစဉ်အတိုင်း ပရိယတ္တိသာသနာတော်အတွက် အထောက်အပံ့ဖြစ်စေခြင်းငှာ ရေးသား ပြုစုခဲ့လေသည်။

* * *

ရှင်မဟာဗုဒ္ဓဃောသ၏ ရည်မှန်းချက်တို့ကား အထမြောက်အောင်မြင်ခဲ့ပြီ ဖြစ်သည်။ သီဟိုဠ်ကျွန်း၌ နှစ်ရှည်လများစွာ သီတင်းသုံး၍ ကျမ်းဂန်တော်များကို မနေမနား ကြိုးစားအားထုတ်၍ ပြုစုခဲ့ရသောကြောင့် ကာယအင်အားများပင် ဆုတ်ယုတ်လာခဲ့ပြီ ဖြစ်သည်။ အသက်အရွယ်သည်ပင် ယခင်လိုရဟန်းပျိုမဟုတ်တော့ဘဲ ဇရာပင်အတော်ထောင်းလာပြီ ဖြစ်၏။ သူ၏အမိနိုင်ငံတွင်ရှိနေသော ဆရာရှင်ဖြစ်သူ ရေဝတမဟာထေရ်ကြီးသည်မင် ခုတင်ညောင်စောင်းပေါ်မှ မထနိုင်တော့ဘဲ တပည့်ဖြစ်သူ ရှင်မဟာဗုဒ္ဓဃောသ ပြန်အလာကို ငံ့လင့်စောင့်စားနေကြောင်း သတင်းများကြားနေ၏။ ရှင်မဟာဗုဒ္ဓဃောသအနေဖြင့်လည်း ဆရာပေးသည့် တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အမိမြေသို့ပြန်ရန် ဆုံးဖြတ်ချက်ချလိုက်လေ၏။

ထို့ကြောင့် ရှင်မဟာဗုဒ္ဓဃောသသည် သူရေးသားပြုစုခဲ့သော အဋ္ဌကထာကျမ်းများကို ဆောင်ကြဉ်းပြီး ဇမ္ဗူဒိပ်ကျွန်းသို့ပြန်ခဲ့လေ၏။ ရှင်မဟာဗုဒ္ဓဃောသသည် သူရေးသားပြုစုခဲ့သည့် ဝိသုဒ္ဓိမဂ်နှင့်အခြားအဋ္ဌကထာကျမ်းများကြောင့် ဗုဒ္ဓဘာသာနိုင်ငံများအလယ်တွင်ထင်ပေါ်ကျော်ကြားသွားလေသည်။ သူ၏ကျမ်းစာများကို ဇမ္ဗူဒိပ်ကျွန်း၌သာမက သီဟိုဠ်၊ မြန်မာ စသောနိုင်ငံများရှိ ရဟန်းစာသင်သားများသည် လေ့လာသင်ကြားမှုပြုခဲ့လေ၏။ ရှင်မဟာဗုဒ္ဓဃောသ ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ ဆဋ္ဌသင်္ဂါယနာတင်ပွဲမှတ်တမ်းအရ ကျမ်းစာအုပ်ကြီးပေါင်း (၃၅) အုပ်၊ စာမျက်နှာပေါင်း (၁၃၀၀၀) ကျော်ရှိလေသည်။ ဤမျှ များပြားလှသောစာများကို ပေရွက်၌ ရေးတင်ဖွင့်ဆိုတော်မူသည်ကိုကြည့်ရုံမျှဖြင့် ရှင်မဟာဗုဒ္ဓဃောသ၏ ကရုဏာ၊ သဒ္ဓါ၊ ဆန္ဒနှင့် လွန်ကဲကြွဲခိုင်သည့် ဉာဏ်တော်ကို သိရှိနိုင်ပါသည်။ ပါဠိစာပေလောကတွင် ရှင်မဟာဗုဒ္ဓဃောသ၏ ကြိုးစားအားထုတ်မှုများသည် ပမာဏအရသော် လည်းကောင်း အသုံးဝင်မှုအရသော် လည်းကောင်း မည်မျှကြီးကျယ်သနည်းဆိုလျှင် ဤမျှကြီးကျယ်များပြားလှသောအမှုကို သူတစ်ဦး တည်း မည်သို့လုပ်ကိုင်ဆောင်ရွက်ခဲ့သနည်းဟူ၍ပင် နောင်းပညာရှင်များက ငေးတောကြဲဆ၍မရနိုင်လောက်အောင်ပင် ဖြစ်ခဲ့ရလေ၏။ သို့သော် အချို့ပညာရှင်များကမူ ရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းကအပြန်တွင် မြန်မာနိုင်ငံ၌ အချိန်ကြာမြင့်စွာ သီတင်းသုံးသွားသည်ဟု လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံကလည်း ဒွာရဝတီနိုင်ငံတွင် ပျံလွန်တော်မူသွားသည်ဟု လည်းကောင်း ယုံကြည်ထားကြလေသည်။ မည်သို့ဆိုစေ ကမ္ဘောဒီးယားနိုင်ငံ၌ ရှင်မဟာဗုဒ္ဓဃောသ နေထိုင်သီတင်းသုံးခဲ့သော ဗုဒ္ဓဃောသဝိဟာရအမည်ရှိ ရှေးဟောင်း ကျောင်းပျက်တစ်ခုသည် သမိုင်းအမွေအနှစ်တစ်ခုအဖြစ် တည်ရှိနေခဲ့လေ၏။ သို့သော်လည်း ရှင်မဟာဗုဒ္ဓဃောသသည် ဇမ္ဗူဒိပ်ကျွန်းသားဆိုသည့်အချက်ကိုမူ သမိုင်းသုတေသီအားလုံးက လက်ခံထားလေသည်။ ရှင်မဟာဗုဒ္ဓဃောသကို ဇမ္ဗူဒိပ်ကျွန်းသားဖြစ်ကြောင်း မည်သူမျှမငြင်းမပွားကြသော်လည်း ဇမ္ဗူဒိပ်တောင်ပိုင်းကဖြစ်သည်၊ မြောက်ပိုင်းကဖြစ်သည်ဟူသောအချက်ကိုမူ အငြင်းပွားနေဆဲဖြစ်၏။ ရှင်မဟာဗုဒ္ဓဃောသနှင့် ပတ်သက်၍ အငြင်းပွားစရာကိစ္စများ မည်မျှပင်ရှိနေလင့်ကစား သူပြုစုခဲ့သော အဋ္ဌကထာကျမ်းများကြောင့် ထေရဝါဒဗုဒ္ဓသာသနာတော်သည် ပိုမိုကျစ်လျစ်ခိုင်မာစွာ အနှစ်အသားပြည့်ပြည့်ဖြင့် ယနေ့တိုင် ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်စွမ်းရှိနေခြင်းကမူ အမှန်တရားတစ်ခုသဖွယ် သက်သေပြနေလေတော့သတည်း။

**နေသျှင်စိုး**

**စာမီး -**
ပါရဂူ၏
ဒုတိယဆွေ့သည်တော်



www.burmeseclassic.com

www.burmeseclassic.com

နာမည်က ရွှေကျွန်း။ ရွှေထွက်သည့်ကျွန်း။ ၁၉၈၁ ခုနှစ်ကာလ။ ရွှေကျွန်းစီမံကိန်း။ ထိုကျွန်းတွင် ငှက်ဖျားပေါသည်။ ငှက်ဖျားရောဂါကြောင့် လူနှစ်ယောက်သေဖူးသည်။ ရွှေကျွန်းစီမံကိန်းမှာ ဓာတ်သတ္တုရှာဖွေရေး၏ စီမံကိန်းများအနက်တစ်ခု ဖြစ်သည်။

ဓာတ်သတ္တုရှာဖွေရေး၊ လွန်တူးဌာနစုမှ ကိုသန်းစိုးမှာ ရွှေကျွန်းသို့ (၆) လအလုပ်လုပ်ဖို့ တာဝန်ကျသောအခါ မိဘများက -

"သားရယ်၊ အဲဒီကိုမသွားပါနဲ့လား။ အဲဒီမှာငှက်ဖျားဒီလောက်ပေါနေတာ မသွားဘဲနေလို့ရရင်နေလိုက်ပါ။ လူစားထိုးလို့ရရင်လည်းထိုးလိုက်ပါ"

ဟု မိဘနှစ်ပါးကအကြံပေးသည်။

"အမေနဲ့ အဖေ၊ ကျွန်တော်က ဓာတ်သတ္တုရှာဖွေရေးရုံးချုပ်မှာ တစ်လကြာအောင်တောင်နေချင်တာမဟုတ်ဘူး။ ရုံးအလုပ်တွေလည်းမလုပ်ချင်ဘူး။ အဲဒါကြောင့် မြန်မြန်နယ်ထွက်ပြီး နယ်မှာပဲအလုပ်လုပ်ချင်တာ။ နယ်မှာဓာတ်သတ္တုတွေတူးမယ်။ အဲဒီလိုတူးရတာကို ပျော်တယ်။ အခုလိုလည်း ဌာနစုမှူးဆီမှာ အဲဒီငှက်ဖျားပေါတဲ့ ရွှေကျွန်းကို တမင်ကျွန်တော်ကိုယ်တိုင်က သွားမယ်ဆိုပြီး တောင်းဆိုတာ။ သွားမယ့်လူလည်းမရှိဘူး။ အဲဒီတော့ ရွှေကျွန်းကိုသွားကိုသွားမှာ"

ဟု ပြောဆိုခဲ့သည်။

"အေး - ပြောမရရင်တော့ သွားပေါ့သားရယ်၊ မင်း အခု ဓာတ်သတ္တုမှာလုပ်သက် (၁၀) နှစ်ရလာပြီ။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကိုမမေ့ပါနဲ့။

ချက်ချင်းပင် ကိုသန်းစိုးက -

"ဒီမှာ အဖေနဲ့ အမေ၊ တောထဲတောင်ထဲမှာ အသားအစားရွေးနေလို့မရဘူး။ လိပ်သားလည်းစားရမှာပဲ။ မြွေသားလည်းစားရမှာပဲ။ မစားရင်ငတ်မှာပေါ့"

ဟု ပြန်လှန်ပြောနေသဖြင့် -

"ဩော် ငါ့သားရယ်၊ ပြောရတော်တော်ခက်ပါလား"

ဟု မိဘနှစ်ပါးမှာ ညည်းညူရုံမှတစ်ပါး မတတ်နိုင်တော့ပါချေ။

ရွှေကျွန်းသို့ ကိုသန်းစိုးရောက်ပါပြီ။ ရန်ကုန်မှ ထားဝယ်သို့ ဘတ်ကာလေယာဉ်စီးခဲ့သည်။ ထားဝယ်မှမြိတ်သို့တွင် အော်တာလေယာဉ်စီးခဲ့သည်။ မြိတ်တွင် ရာသီဥတုအခြေအနေကို (၃) ရက်စောင့်စားပြီး အိုကေပြီဆိုမှ မြိတ်မှ ရွှေကျွန်းသို့လာခဲ့သည်။ မြိတ်မှ ရွှေကျွန်း (၈၄) မိုင်ဝေးသည်။ ရွှေကျွန်းနှင့် ကော့သောင်းမြို့မှ (၂၄) မိုင်ဝေးသည်။ ကိုသန်းစိုးတို့ မြိတ်မှ လိုအပ်သည့်ပစ္စည်း၊ စားစရာများကိုဝယ်ခဲ့သည်။

ရွှေကျွန်းအနီးတွင် စက်လှေကြီးကျောက်ချရပ်နားလိုက်သည်။ ရွှေကျွန်းမှ ဝန်ထမ်း(၃)ယောက် ကူဘိုတာစက်တပ်လှေငယ်နှင့် ကိုသန်းစိုးတို့ကိုလာကြိုသည်။ ရွှေကျွန်းတွင် (၆) လပြည့်ပြီးသော ဝန်ထမ်း (၃) ဦးကို ရန်ကုန်က ကိုသန်းစိုးတို့ ဝန်ထမ်း (၃) ဦးက လာရောက်လဲလှယ်ခြင်း ဖြစ်သည်။

ကိုသန်းစိုးတို့အဖွဲ့တွင် လွန်တူးစက်ပြင်ဆရာကြီး ဦးဇော်ဝင်းနှင့်လွန်တူးအင်ဂျင်နီယာအဆင့် (၁) ကိုအောင်ငွေတို့ပါလာသည်။ ကိုသန်းစိုးမှာ လွန်တူးအဆင့် (၄) ဖြစ်သည်။

လွန်တူးအဖွဲ့မှာ ပေ(၂၀၀)ကျော် (၃၀၀) နီးပါးတူးရသည်။ စိန်လွန်တူးအဖွဲ့ဟုဆိုကြသည်။ လွန်တူးပိုက်၏ ထိပ်တွင် စိန်လွန်သွားတပ်ဆင်ကာ တူးဖော်ခြင်း ဖြစ်သည်။ လက်ဝတ်ရတနာစိန်မဟုတ်ဘဲ ထိုထက် သက်တမ်းနုသောစိန်ပင် ဖြစ်သည်။ သံမဏိထက် အဆတစ်ရာမာသည်။ သို့ဖြစ်၍ ကျောက်သား၊ မြေသားများကို ထွင်းဖောင်နိုင်ခြင်း ဖြစ်သည်။ မည်မျှမာသည့်ကျောက်ဖျာဖြစ်စေ စိန်လွန်သွားကို အရှုံးပေးရသည်။ ကျောက်ဖျာမှာ စိန်လွန်သွားအရာအပေါက်ဖြစ်သွားရသည်။

ကိုသန်းစိုးတို့လွန်တူးအဖွဲ့သားများမှာ ရွှေကျွန်းတွင် (၁၈) ယောက်ရှိသည်။ ရွှေကျွန်းကြီးတွင် (၁၂) ယောက်၊ ရွှေကျွန်းလေးတွင် (၆) ယောက်ရှိသည်။ ထို (၆) ယောက်မှာ စက်ပြင်အဖွဲ့သားများ။ ထိုအထဲမှ (၃) ယောက်မှာ ရန်ကုန်ကလာသူများနှင့် လဲလှယ်ကာ မနက်ဖြန်ရန်ကုန်သို့ပြန်ကြရမည်။

ယခု ကိုသန်းစိုးတို့ ရွှေကျွန်းလေးသို့ ရောက်လာကြပြီ။ စက်ပြင်ဆရာကြီးဦးကိုကိုနှင့် ဦးဇော်ဝင်းတို့ လုပ်ငန်းအတွက် အစစအရာရာ လွှဲပြောင်းပြီးနောက် မနက်ဖြန်မနက်တွင် ဦးကိုကို၊ ဦးလှသန်းနှင့် ကိုဝင်းမောင်တို့ ရန်ကုန်ပြန်ကြမည်။ကိုသန်းစိုးတို့လိုက်ပါခဲ့သော စက်လှေကြီးနှင့် မြိတ်သို့သွားရမည်ဖြစ်သည်။

တကယ်တော့ ရွှေကျွန်းကြီးနှင့် ရွှေကျွန်းလေးမှာ (၂)မိုင်ပတ်လည်ရှိသောကျွန်းကြီး၏တောင်ပိုင်းနှင့်မြောက်



အထူးသဖြင့် တောထဲတောင်ထဲမှာ မေတ္တာပို့ပြီး အလုပ်လုပ်ပါ။ ပြီးတော့ မြွေသားကိုလည်း မစားပါနဲ့။ အရက်မသောက်ပါနဲ့။ တကယ်လို့ ငှက်ဖျားရောဂါရလို့ သောက်တယ်ဆိုရင်လည်း နည်းနည်းပါးပါးပဲသောက်ပါ။ အဲဒါတွေတော့ ငါ့သားနားထောင်ပါကွယ်"

ဟု မိဘနှစ်ပါးက မှာလိုက်သည်။

တကယ်တော့ ကိုသန်းစိုးတို့လွန်တူးအဖွဲ့မှာ ရေနံတူးသလို ဓာတ်သတ္တုတူးဖော်ခြင်းပင် ဖြစ်သည်။ ရေနံက ပေ (၅၀၀၀)၊ (၈၀၀၀)၊ (၁၀၀၀၀)ကျော်တူးသော်လည်း ကိုသန်းစိုးတို့လွန်တူးအဖွဲ့မှာ ပေ (၂၀၀) ကျော်၊ (၈၀၀) ကျော်၊ (၁၀၀၀) ကျော်သာ တူးလေ့တူးထရှိသည်။ ယခု ရွှေကျွန်းတွင်တူးနေသော

ပိုင်းပင် ဖြစ်သည်။ ရွှေကျွန်းကြီးအဖွဲ့တွင် လွန်တူးအဖွဲ့သား (၁၂) ယောက်၊ ဘူမိဗေဒအဖွဲ့သား (၁၂) ယောက်၊ ပုတ်ပြတ်လုပ်သားများနှင့်တကွ အဖွဲ့သား (၇၀) ကျော်ရှိသည်။

ဒီရွှေကျွန်းလေးဘက်တွင် လွန်တူးစက်ပြင်အဖွဲ့သား (၆) ယောက်သာ



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ ရွှေကျွန်းလေးနှင့် (၃)ဖာလုံခန့် တောင်ဘက်တွင် ဆင်ဝပ်နေသည့်ပုံ သဏ္ဌာန် ဆင်ကျွန်းရှိသည်။ ဆင်ကျွန်းတွင် ဝန်ထမ်းလုံးဝမရှိ။

"ကဲ - လုပ်ငန်းတာဝန်တွေလည်း ပြီးပြီ။ ဦးဇော်ဝင်းရေ၊ ကျွန်တော်တို့ မှတ်ကဝယ်လာတဲ့ အရက် (၂)ဂါလန်ထဲက (၂)ပုလင်းလောက်ဖြုံလိုက်ရအောင်သား။ အတော်ပဲ ဒီမှာလည်း အမြည်းမရှိဘူးဆိုတော့ မင်းတို့စက်လှေပေါ် မှာ ချက်လာတဲ့ ကြက်သားဟင်းနဲ့ မြည်းကြတာပေါ့"

ဟု ဦးကိုကိုက ပြောဆိုကာ သောက်ကြစားကြတော့သည်။

မသောက်ခင်လေးတွင် ဦးဇော်ဝင်းက -

"ဟော့ကောင်တွေ၊ ငါပြောထားမယ်နော်။ သောက်ရင်မူးမယ်၊ မူးရင် မရမ်းကားနဲ့၊ ရန်မဖြစ်နဲ့။ ရန်ဖြစ်ရင်

"အေး- နေဦးကွ။ ငါတို့ အခု (၉) ယောက်ဖြစ်နေတယ်။ အဲဒီတော့ (၁)လုံး ထပ်ပေးမယ်။အားလုံး(၃)လုံးပေါ့။ ဘီအီး အစပ်ဆိုတော့ မူးမှာပဲ"

ဟု ပြောပြန်သည်။ ည (၉)နာရီ၌ အရက်သောက်ပွဲက အေးအေးဆေးဆေးပြီးသွားသည်။ နောက်နေ့မနက် (၁၀) နာရီတွင် ဦးကိုကိုနှင့် အဖွဲ့သား (၂)ယောက် ရန်ကုန် ပြန်သွားကြသည်။

၁၉၇၉ ခုနှစ်မှ စတင်ခဲ့သော ရွှေကျွန်းစီမံကိန်းကို အထူးသတ္တု (၂) စီမံကိန်းဟုလည်း ခေါ်သည်။ စီမံကိန်းမှာ မိုးများအလွန်ရွာသွန်းခြင်း၊ ငှက်ဖျားပေါ်ခြင်းတို့ကြောင့် တစ်နှစ်တွင် (၆)လခန့်သာ သေသေချာချာ အလုပ်လုပ်၍ရသည်။ ပွင့်လင်းရာသီတွင်သာ အလုပ်လုပ်ခွင့်ရခြင်း ဖြစ်သည်။

ရွှေကျွန်းကြီးမှာ ဇဒက်ကြီးရေတပ်စခန်းနှင့် (၆) မိုင်ခန့်သာဝေးသည်။ ထို



# သက်လှိုင်မျိုး

(စက်မှုတက္ကသိုလ်)

## တွယ်တာမိ၍ စွဲလမ်းမှုဖြစ်လာရသည်

ရေတပ်စခန်းမှ ရွှေကျွန်းကြီး၊ ရွှေကျွန်းလေးအတွက် လုံခြုံရေးများ ပေးထားသည်။

နံနက် မိုးလင်းပြီဆိုလျှင် ရွှေကျွန်းကြီးနှင့် ရွှေကျွန်းလေးသောင်ပြင်များ၌ အမှိုက်သရိုက်များ ကမ်းကပ်လာသလို တစ်ခါတစ်ရံ မှောင်ခိုစက်လှေများမှ ပစ်လယ်ထဲကျခဲ့သော ဘီစကစ်ပုံးများ၊ ရော်ဘာဖိနပ်များ၊ အရက်ပုလင်းများ၊ အဝတ်အထည်အထုပ်များကမ်းခြေတွင်ရတတ်ပါသည်။

ဓာတ်သတ္တုရှာဖွေရေး အဖွဲ့သားအချို့က နံနက် (၅) နာရီထိုးလျှင် ကမ်းခြေတစ်လျှောက် ထိုပစ္စည်းများကိုရှာဖွေ

ငါနဲ့တွေ့မယ်။ မင်းတို့ ဝဓ၊ မဝဝ (၂) ပုလင်းထက် ပိုမသောက်ရဘူး။ နောက်ရက်တွေရှိသေးတယ်"

ဟုပြောဆိုကာ အားလုံး 'ဟုတ်ကဲ့ပါ' ဟု ဆိုကြသည်။ ထို့နောက် ဦးဇော်ဝင်းက -



www.burmeseclassic.com

www.burmeseclassic.com

တတ်ကြသည်။ များသောအားဖြင့် အစုတ်ပလုတ်များသာရတတ်ပါသည်။ ကံကောင်းထောက်မ၍ (၂) လ၊ (၃) လ တစ်ခါတော့ ဖော်ပြခဲ့သော အဖိုးတန်ပစ္စည်းများရတတ်ပါသည်။ ရွှေကျွန်းကြီးဘက်သောင်ပြင်မှာ ပစ္စည်းအရနည်းသော်လည်း ရွှေကျွန်းလေးဘက်သောင်ပြင်မှာ ပြန့်ပြူးညီညာသဖြင့် ပစ္စည်းများပိုမိုရတတ်ပါသည်။

ဘာလိုလိုနှင့် ကိုသန်းစိုးတို့ရွှေကျွန်းလေးတွင် (၃) လကျော်ခဲ့ပြီ။ ကိုသန်းစိုးတို့အဖွဲ့ ငါးကိုတော့မုန်းအောင်စားရသည်။ အဖွဲ့သား (၆) ယောက်ရှိသည့်အနက် အဖွဲ့ခေါင်းဆောင်ဦးဇော်ဝင်းက ကိုသန်းစိုးကို ထမင်းချက်တာဝန်ပေးထားသည်။ ဦးဇော်ဝင်း အပါအဝင်ကျန် (၅) ယောက်က မနက် (၈) နာရီမှ ညနေ (၅) နာရီအထိ ပုံမှန်စက်ပြင်ကြသည်။ တစ်ခါတစ်ရံ လိုအပ်လျှင် ည (၇) နာရီ၊ (၈) နာရီအထိ စက်များပြင်ဆင်ကြသည်။

ကိုသန်းစိုးမှာ လူတိုင်းနှင့်ချစ်ခင်အောင် ပေါင်းသင်းတတ်သည်။ နှုတ်ချိုသည်။ ဖော်ရွေသည်။ မခိုမကတ်အလုပ်လုပ်သည်။ရေတပ်အဖွဲ့သား(၃)ယောက်ယူလာပေးသော ဗမာခွေး (၂)ကောင်ကို ကိုသန်းစိုး ကောင်းကောင်းကျွေးမွေးထားသည်။ တစ်ကောင်က ရွှေဘ၊ တစ်ကောင်က မေရီမြင့် နာမည်ပေးထားသည်။ နှစ်ကောင်စလုံး လိမ္မာကြသည်။ ငါးဖမ်းတတ်သည်။ ပင့်လယ်ဖွတ်ကို လည်းဖမ်းတတ်သည်။ သူတို့ရှာဖွေပေးသောငါးများ၊ ဖွတ်များဆိုလျှင် ကိုသန်းစိုးက ကောင်းကောင်းအစွမ်းပြကာ ချက်ပြုတ်ပေးသည်။ အားလုံးထမင်းစားမြိန်ကြသည်။

ဖွတ် ဆို၍ မြန်မာပြည် မြေလတ်ပိုင်းတွင်တွေ့ရသော တစ်ဆယ်ကျပ်သား၊ နှစ်ဆယ်ကျပ်သား အကောင်သေးမျိုးမဟုတ်ဘဲ ဒီရွှေကျွန်းလေးတွင်တွေ့ရသည့် ပင်လယ်ဖွတ်များမှာ တစ်ကောင်လျှင် တစ်ပိဿာခွဲ နှစ်ပိဿာအသာလေးရှိသည်။ ရွှေဘတို့၊ မေရီမြင့်ရှာဖွေကိုက်ချီလာသော ဖွတ်များမှာ ကိုသန်းစိုးရှေ့တွင် သေဆုံးနေပြီဖြစ်သည်။ ကိုသန်းစိုးက အသာလေးချက်ပြုတ်ရုံပင်။ ဟင်းခတ်မှုန့်၊ ချင်း၊ ကြက်သွန်ဖြူ ကြက်သွန်နီနိုင်နိုင်ဖြင့်ချက်ထားသော ဖွတ်သားဟင်းမှာ ချက်စဉ်ကတည်းက မွှေးပျံ့နေသဖြင့် ဦးဇော်ဝင်းတို့မှာ နေ့ခင်း (၁၂) နာရီထိမစောင့်နိုင်တော့ဘဲ နေ့ခင်း (၁၁) နာရီခွဲမှာပင် ထမင်းစားကြတော့သည်။ မွှေးပျံ့ကာ ငရုတ်သီးစပ်စပ်နှင့် ချက်ထားသော ဖွတ်သားဟင်းကို အားလုံးမြိန်မြိန် ခေါင်းငုံ့ကာစားသောက်ကြသည်မှာ အားကျစရာအလွန်ကောင်းသည်။ တကယ်တော့ ဖွတ်သားဟင်းမှာ နဂိုကတည်းက အချိုဓာတ်ရှိနေသဖြင့် ဟင်းခတ်မှုန့်မထည့်လည်းရပါသည်။

ချက်ပြုတ်ပြီး အားလပ်ချိန်တွင် ကိုသန်းစိုးမှာ စက်များကို တစ်နိုင်တစ်ပိုင်ဝိုင်းဝန်းပြင်ဆင်ပေးသလို ပိုက်ကွန်အစုတ်ကလေးနှင့် ကျောက်ကြိုကျောက်ကြားကငါးများကို ဖမ်းဆီးပါသည်။ တစ်ပတ်လျှင် (၄) ရက်ခန့် အသီးအရွက်ရာပုံတော်ဖွင့်ပါသည်။ ရွှေကျွန်းကြီး၊ ရွှေကျွန်းလေး တောင်ကြောတစ်ဝိုက်တွင် ဆလုံမုန်လာ၊ ဆလုံမုန်ညင်း၊ ဆလုံမြင်းခွာစသည်တို့ကို ကြုံကြုံဖန်ဖန်ရှာဖွေလျက် ချက်ပြုတ်ပေးတတ်ပါသည်။ ဒီအရွက်များကအလေ့ကျပေါက်နေသောအရွက်များပင်ဖြစ်ပါသည်။

ဆလုံမုန်လာက ရန်ကုန်ကမုန်လာဥနှင့်ဆင်တူပါသည်။ သို့သော် ဆလုံမုန်လာဥက သေးသွယ်ပါသည်။ ရန်ကုန်မုန်လာဥလောက်မကြီး။ ထိုနည်းတူစွာ ဆလုံမုန်ညင်း၊ ဆလုံမြင်းခွာများက ရန်ကုန်မုန့်ညင်း၊ မြင်းခွာများကဲ့သို့ အရသာအတူတူဖြစ်သော်လည်း ယခုဒီအရွက်များက သေးသွယ်ကြုံလှီပါသည်။ သို့သော် အရသာမှာ ချိုမြဆိမ့်သဖြင့် စားကောင်းပါသည်။

ကိုသန်းစိုးမှာ ကွမ်းစားတတ်သူဖြစ်ရာ ရွှေကျွန်းသို့ရောက်ပြီး (၁၅) ရက်ခန့်အကြာတွင် ဝယ်လာသောကွမ်းရွက်များ ပြတ်လပ်သွားပြီး ကွမ်းသီး၊ ထုံး၊ ဆေးရွက်ကြီးများသာကျန်နေတော့သည်။ ထိုအချိန်တွင် ကိုသန်းစိုး ခဲရာခဲဆစ်ဖြင့်ရှာဖွေတွေ့ရှိလာသော ဆလုံကွမ်းရွက်များက အရွက်ထူသော်လည်း အရသာတူသဖြင့် အဖိုးတန်လှပါသည်။ ကိုသန်း[illegible]တို့အဖွဲ့သား (၆) ယောက်တွင် ကျန်အဖွဲ့[illegible]များက ကွမ်းမစားတတ်သဖြင့် [illegible]းသည်။ နို့မို့ဆို ကွမ်းယာလုပ်ပွဲ[illegible]သ်နာရှိမည်မှာ မုချပင်တည်း။

[illegible]ပန်းစိုးတစ်ယောက် ချောင်းချောင်းနေသည်။ ညစာထမင်းစားပြီး ညနေ (၆)နာရီခွဲ မိုးချုပ်စအချိန်တွင် လုံးပတ် (၈) လက်မ၊ အရှည် (၈) ပေခန့်ရှိသောလင်းမြွေကြီးတစ်ကောင် ကိုသန်းစိုးတို့တဲအိမ်အနားသို့ လာလာနေသည်မှာ (၇) ရက်ခန့်ရှိနေပြီ။ ကိုသန်းစိုးတို့ နေ့စဉ်ငါးချည်းစားနေရသဖြင့် အပြောင်းအလဲကလေးများစားချင်လာသည်။ ထိုအခါ မိုးချုပ်စလာလာနေသည့် လင်းမြွေကြီးကို ကိုသန်းစိုး မျက်စောင်းထိုးမိသည်။

ယခု ညနေ (၆) နာရီခွဲနေပြီ။ နေဝင်သွားပြီ။ အမှောင်ဓာတ်ကလေးကူးလာပြီ။ ဟော - ပြောရင်းဆိုရင်း လူးလူးလွန့်လွန့်နှင့် လင်းမြွေကြီး ချုံပုတ်ထဲမှ တရွေ့ရွေ့ထွက်လာနေပြီ။ အမေနှင့်အဖေတို့ပြောခဲ့သည်ကိုလည်းသတိရနေသည်။ သို့သော် စိတ်ဆိုးစိတ်ပုပ်ကအားသာ၍ဆွဲခေါ်သွားသည်။ကိုသန်းစိုးသူ့အနီးတွင်ရှိသော (၃)လက်မ(၂)လက်မ (၆)ပေခန့်ရှိသော သစ်ချောင်းကြီးတစ်ချောင်းကိုယူကာ လင်းမြွေကြီးနောက်သို့လိုက်သွား၍ မြွေဦးခေါင်းကို (၃)ချက်ဆက်တိုက်အားအပြည့်ဖြင့် ထုရိုက်လိုက်သည်။ မြွေကြီးက တွန့်လိမ်နေသည်။ ထို့နောက် မြွေကြီးအလယ်နေရာ ဝမ်းဗိုက်ဆီသို့ (၂) ချက်ဆင့်၍ရိုက်လိုက်မြန်သည်။ အားအပြည့်နှင့်ပင်။

မြွေကြီးမှာ တဖြည်းဖြည်းလူးလွန့်နေရာမှ ငြိမ်သက်သွားသည်။ သို့သော် မြွေဦးခေါင်းက ဖြည်းဖြည်းချင်းလှုပ်၍ ကိုသန်းစိုးကိုကြည့်နေသည်။ မထူးပါဘူးကွာဟုဆိုပြီး အားပါးတရနှင့် မြွေကြီးဦးခေါင်းကို (၃) ချက်ဆင့်၍ ထပ်ရိုက်လိုက်ပြန်သည်။ လင်းမြွေကြီး ငြိမ်သက်သွားပါပြီ။ သေဆုံးသွားပါပြီ။ ကိုသန်းစိုးမှာ မြွေကြီးတကယ်သေ၊ မသေ နာရီဝက်ခန့်စောင့်ကြည့်ပြီး လင်းမြွေကြီးကိုဒယ်အိုးကြီးထဲခွေထည့်၊ ရေထည့်၊ မီးပြင်းပြင်းနှင့်ပြုတ်ပါတော့သည်။ တစ်နာရီခန့်ကျက်ကျက်ဆူအောင်ပြုတ်ပြီး မြွေကြီးကို အအေးခံကာ အရေဆုတ်ပါသည်။ နောက်ပြီး အတုံးအတစ်အနေဒတ်များခုတ်ထစ်၍ မြွေသားဟင်းချက်ပါတော့သည်။ ကိုသန်းစိုးမှာ အချက်အပြုတ်ကောင်းသဖြင့် မြွေသားဟင်းမှာ တကယ့်စားချင်စရာ မွှေးကြိုင်နေပါတော့သည်။ ည (၉)နာရီတွင် အဖွဲ့သားများက စားတော့မည်တကဲကဲလုပ်နေသဖြင့် -

"မနက်ကျရင်ကျွေးမယ်"

ဟု ဆိုကာ မြွေသားဟင်းအိုးကို ကိုသန်းစိုးက ခြင်ထောင်ထဲထည့်၍အိပ်ပါတော့သည်။

တဲအိမ်အနားသို့လာသည့် ခုနစ်ရက်အတွင်း ကိုသန်းစိုးကို လင်းမြွေကြီးက နှစ်ရက်တိတိ အိပ်မက်ပေးပါသည်။ အိပ်မက်ပေးသည့်အချိန်တိုင်းမှာ ည (၁၂)နာရီဖြစ်နေပါသည်။ အိပ်မက်ထဲ

www.burmeseclassic.com

တွင် မြွေကြီးက ကိုသန်းစိုးကို -

"ငါ့ကိုမသတ်ပါနဲ့ကွာ၊ မင်းငါ့ကို သတ်ချင်နေတာ ငါသိတယ်။ ဒါကြောင့် ငါ့ကိုမသတ်ဖို့ တောင်းပန်ပါတယ်"

ဟုဆိုကာ မြွေကြီးက မျက်ရည်ဝဲကာ ပျောက်ကွယ်သွားသည်။ ထိုသို့ (၂) ညဆက်တိုက်အိပ်မက်ပေးသော်လည်း ကိုသန်းစိုးက ပေ့ါပေါ့ပါးပါး အရေးမထားခဲ့ပါချေ။

မိဘစကားလည်း နားမထောင်၊ မြွေကြီးတောင်းပန်တာကိုလည်း ဂရုမစိုက်ဘဲ ယခုတော့ ကိုသန်းစိုးတို့ မြွေသားဟင်းကို မြိန်မြိန်ရှက်ရှက်စားပြီးခဲ့ပါပြီ။ နံနက်ထမင်းကြော်နှင့်တစ်ခါ၊ နေ့လယ်စာနှင့်တစ်ခါ၊ ညစာနှင့် တစ်ခါ (၃) ခါတိတိ လင်းမြွေသားဟင်းကို စားကြပါသည်။ ဒီကြားထဲ ညနေ (၅)နာရီက မြွေသားဟင်းနှင့် အရက်သောက်လိုက်ကြပါသေးသည်။

ရွှေကျွန်းလေးတွင် ကိုသန်းစိုးတို့ နောက်ထပ် (၃)လကြာမြင့်ခဲ့ပါသည်။ ထို (၃)လအတွင်း ကိုသန်းစိုးကို အိပ်မက် (၅) ခါခန့်ပေးပါသည်။ အိပ်မက်ထဲတွင် မြွေကြီးက -

"သန်းစိုးရာ၊ ငါ့ကိုသတ်ရက်တယ်နော်"

ဟု (၂)ခါတိတိ ပြောပါသည်။ ည (၁၂) နာရီတွင် မက်သောထိုအိပ်မက် အားလုံးတစ်ပုံစံတည်းပင်။

ရွှေကျွန်းမှ တာဝန်ပြီးဆုံးခဲ့ပါပြီ။ ကုန်မာတ်သတ္တုရှာဖွေရေးရုံးချုပ်တွင် (၁)ပတ်ခန့်သာနားပြီး လားရှိုး ခနောက်စိမ်းရှာဖွေရေးသို့ ဆက်လက်လိုက်ပါမည်ဟု ကိုသန်းစိုးက မိဘနှစ်ပါးကိုပြောပြပါသည်။

"မသွားပါနဲ့ ငါ့သားရယ်၊ မသွားပါနဲ့ များများမဟုတ်ဘူး။ ဒီမှာ (၂) လလောက်နေပါဦးသားရယ်။ (၂) လပြီးရင်သွားသဘော။ မှန်တာပြောရရင် သားနဲ့ပတ်သက်ပြီး အမေအိပ်မက်တွေမကောင်းလို့ပါ။ နောက်ပြီးတော့ အဲဒီလားရှိုးကရှင် တခြားနေရာကို နောက် (၂) လကြာရင်သွားချင်သွားပေ့ါ"

ဟု မိဘနှစ်ပါးက အတင်းတောင်းပန်သေးသည်။ တားဆီးသေးသည်။

သို့သော် ကိုသန်းစိုးက -

"မဖြစ်ဘူးအမေ၊ သွားကိုသွားရမှဖြစ်မယ်။ အမေ့အိပ်မက်က သွေးလေချောက်ချားလို့မက်တာပါ။ အခု ကျွန်တော် လုပ်သက် (၁၀) နှစ်ကျော်ပြီ။ လားရှိုးကို တစ်ခါမှမရောက်ဖူးသေးဘူး။ ဒါကြောင့် ဒီတစ်ခါတော့ သွားပါရစေ"

ဟု ဆိုကာ အမေ၊ အဖေတားသည့်ကြားက လားရှိုးကို အတင်းထွက်ခွာသွားပါတော့သည်။

ခနောက်စိမ်းရှာဖွေတူးဖော်ရေးလုပ်ငန်းမှာ လားရှိုးမြို့မှ (၁၅) မိုင်အကွာ အဝေးတွင်ရှိသော တောနက်ကြီးထဲတွင်ရှိသည်။ ယနေ့ ကိုသန်းစိုးတို့ လားရှိုးမြို့ပေါ်သို့ စားနပ်ရိက္ခာလာဝယ်ရသည်။ မြို့ထဲသို့ရောက်သည်မှာ နံနက် (၁၀) နာရီ။ ဆန်၊ ဆီ၊ ဆား၊ အသီးအရွက်များ ဝယ်ပြီးသည့်နောက် ကားဒရိုင်ဘာက -

"အေးဆေးပေ့ါဗျာ။ ကိုသန်းစိုးနဲ့ ကိုဝင်းမော်တို့ ရုပ်ရှင်ကြည့်ချင်လည်း ကြည့်ကြပေ့ါဗျာ။ ညနေ (၅) နာရီမှာ ကားပြန်ထွက်မယ်။ထုံးစံအတိုင်း အရက်တွေတော့ သိပ်မသောက်နဲ့ဗျာ။ မူးနေရင်လူအထင်သေးမယ်။အန္တရာယ်လည်း များတယ်မဟုတ်လား"

ကိုသန်းစိုးတို့ ပစ္စည်းပစ္စယစုံလင်အောင်ဝယ်ပြီး နေ့လယ်စာစားပြီးသည့်နောက် ရုပ်ရှင်တစ်ပွဲဝင်ကြည့်ကြသည်။ ရုပ်ရှင်ပြီးသည့်နောက် ကိုသန်းစိုးနှင့် ကိုဝင်းမော်တို့ အရက်သောက်ကြသည်မှာ ညနေ (၅) နာရီထိုးသွားတော့သည်။

ကားဒရိုင်ဘာမှ ကိုသန်းစိုးတို့ကို လိုက်ရှာရာ ထင်သည့်အတိုင်းပင် အရက်ဆိုင်ထဲ၌ တွေ့ရသည်။

"ကဲ-ညနေ (၅)နာရီထိုးနေပြီဗျာ။ သွားကြရအောင်"

ဟု ဆိုကာ ကိုသန်းစိုးတို့ကို အတင်းဆွဲခေါ်လာရသည်။ အတော်ပင် မူးရူးနေကြပြီ။ ဒါတောင် ကိုသန်းစိုးတို့က -

"အရက်ကမဝသေးဘူး။ နောက်ထပ် သောက်ချင်သေးတယ်"

ဟု ပြောနေသေးသည်။ လူကတော့ လုံးဝမဟန်တော့။

TE-11 ကားပေါ်သို့ ကိုသန်းစိုးတို့ တက်ရောက်ခဲ့သည်။ ကား၏နောက်ဘက်တွင်နေရာရှိသည်။ ပစ္စည်းပစ္စယများသဖြင့် အေးအေးဆေးဆေးထိုင်လိုက်လို့ရသည်။ ကိုဝင်းမော်မှာ မူးနေသော်လည်း အေးဆေးငြိမ်သက်စွာထိုင်လိုက်သည်။ ကိုသန်းစိုးမှာ ထိုင်မလိုက်ဘဲ မတ်တတ်ရပ်၍ လေကောင်းလေသန့်ရှူမည်ဟုဆိုကာ ကားခေါင်းရှေ့ပိုင်းသံတိုင်ကို လက်ကိုင်ပြု၍ သီချင်းဆိုရင်းလိုက်ပါလာသည်။

လားရှိုးမြို့ပေါ်မှ ထွက်ခွာပြီး (၇) မိုင်လောက်အကွာ တောတောင်ကိုဖြတ်သန်းနေချိန် ထိုအချိန်တွင် ကားလမ်းနံဘေးမှ မြွေကြီးတစ်ကောင်ကို ကိုသန်းစိုးတွေ့လိုက်ရသည်။

"ဟာ - မြွေကြီး၊ မြွေကြီး"

ဟု ကိုသန်းစိုး၏အော်ဟစ်လိုက်သံနှင့်အတူ ရုတ်တရက် ကားလမ်းနံဘေးမှ သစ်ကိုင်းကြီးတစ်ခုက ကိုသန်းစိုးကို ရိုက်ချလိုက်သည်။ 'အား' ဟု အော်သံကြီးနှင့်အတူ ကိုသန်းစိုး ကားပေါ်မှ တလိမ့်ခေါက်ကွေး လိမ့်ကျသွားတော့သည်။

ထိုအချိန် ကားအရှိန်ကလည်း ပြင်း၊ ကိုသန်းစိုးလိမ့်ကျသည့် နေရာကလည်း ကျောက်တုံးကြီး (၃)တုံးရှိနေရာ ကျောက်တုံးပေါ် ဦးခေါင်းက အရှိန်နှင့် ပစ်ကျသဖြင့် ကိုသန်းစိုးကို ပြင်းထန်စွာ ရိုက်ခွဲလိုက်သလိုဖြစ်သွားသည်။

ကားနောက်ခန်းတွင်ထိုင်နေသော ကိုဝင်းမော်က -

"ဟေ့ - ဒရိုင်ဘာ၊ ဒရိုင်ဘာ၊ ကိုသန်းစိုးကားပေါ်ကကျသွားပြီ။ ကားကို အမြန်ရပ်၊ အမြန်ရပ်"

ဟု အော်ဟစ်ကာ ကားဘော်ဒီကို ရရာတုတ်ချောင်းဖြင့်ထုရိုက်သံပေးလိုက်သဖြင့် ကားမှာချက်ချင်းရပ်သွားသည်။ ကိုသန်းစိုးလဲကျနေရာသို့ သွားရောက်ကြည့်ရှုသောအခါ ကိုသန်းစိုးမှာ သေဆုံးနေပြီဖြစ်သည်။

ကားနောက်ခန်းတွင် ကားကြုံလိုက်လာကြသောခရီးသည်တို့မှာ ထိုင်နေကြဖြင့် ဘာမှမဖြစ်ကြဘဲ တစ်ကိုယ်တည်းမတ်တတ်ရပ်နေသော ကိုသန်းစိုးတစ်ယောက်သာ ကံဆိုးသဖြင့် သေဆုံးရခြင်း ဖြစ်သည်။

ကိုသန်းစိုးမှာ မြွေကြီးကိုမြင်သော်လည်း အခြားခရီးသည် ကိုဝင်းမော်အပါအဝင် (၇) ယောက်မှာ မြွေကြီးကို လုံးဝ မမြင်ပါ။ ကိုသန်းစိုးတစ်ယောက် မူးရူးနေသဖြင့် ကယောင်ကတမ်းပြောနေခြင်းသာဖြစ်ကြောင်း၊ မသေသင့်ဘဲ သေဆုံးရခြင်းဖြစ်ကြောင်း ပြောဆိုနေကြပါသည်။

ကိုသန်းစိုး သေဆုံးခဲ့သည်မှာ ၁၉၈၂ ခုနှစ်ကဆိုတော့ နှစ်အတော်ကြာခဲ့ပြီ။ ကိုဝင်းမော်အဖို့မှာမူ မနေ့တစ်နေ့ကလိုပင် ထင်မြင်နေမိပါသည်။

သက်လှိုင်မျိုး
(စက်မှုတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com



လူကပြား၊ ရေလက်ကြား၊ လူနီဖြူစပ်မပေါင်းအပ် ဆိုသည့်အတိုင်း ကျွန်တော်တွေ့ခဲ့သော လူတစ်ယောက်အကြောင်းကို ပြန်လည်ရေးသားပြသည့် ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ကြောင်း ရှေးဦးပထမ စာဖွဲ့ပြလိုက်ရပါသည်။

ကျွန်တော်တို့ဇာတိသည် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲနယ်မှ ရွာတစ်ရွာဖြစ်ပါသည်။ ရွာသာဆိုပေမယ့် ကျွန်တော်တို့ရွာသည် ဒေးဒရဲနှင့် မနီး။ ဖျာပုံမြို့၏ တောင်ဘက်တစ်ဖက်ကမ်း ပင်လယ်ထွက်ပေါက်မြစ်အနီးတွင် နီးကပ်စွာ တည်ရှိပါသည်။

အချိန်ကာလအားဖြင့် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်ကာလအချိန်၌ ဖြစ်ပါသည်။

ကျွန်တော်တို့ရွာမှ လူများ၏ အသက်မွေးဝမ်းကျောင်းမှုသည် ဓားမဦးချ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းသည် အဓိကစီးပွားရေးပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ရွာရှိအိမ်တိုင်းတွင် ပိုက်တစ်ဖုံ၊ ကွန်တစ်လက် နွားတစ်ရှဉ်းနှင့် မရင်းနှီးဘူးသူဟူ၍ မရှိပါ။

သာရေးနာရေးကိစ္စရှိပါကလည်း ရွာဓလေ့ထုံးစံအရ ညီတူညာတူလုပ်ဆောင်ကြပါသည်။ ရွာသည် မြစ်ကမ်းနံဘေးချောင်းကဝင်သွားလျှင် အတွင်းဘက်ကျကျအထိ ကျယ်ပြန့်စွာတည်ရှိပါသည်။

ကိုတင့် ဆိုသူသည် ရွာ၏ကာလခေါင်းတစ်ယောက်ဖြစ်သလို ရွာတွင်ဘာကိစ္စရှိရှိ ကိုတင့်မပါလျှင်မပြီး။ လူမှုရေးစိတ်ဓာတ်အပြည့်ရှိသလို ရွာသားစိတ်ဓာတ်နှင့် တစ်ဖက်ရွာသားမှ ကိုယ့်ရွာသူရွာသားကို စော်ကားလျှင်လည်း မဟုတ်မခံ တုံ့ပြန်တတ်သူ ဖြစ်၏။ တစ်ရွာလုံးလိုလိုကလည်း ဘယ်ဘက်ကလှည့်စပ်စပ် အားလုံးသည် ရပ်ဆွေရပ်မျိုးများပင် ဖြစ်၏။

ထိုအချိန်က ကောက်ညှင်းချက်အရက်ကလည်း တောနယ်များတွင် ခေတ်စားနေစဉ်ကာလ ရွာတွင် ဘုန်းကြီးပျံ သို့မဟုတ် လူတစ်ဦးတစ်ယောက်သေဆုံးသည်ဆိုပါက အရင်ဆုံးရောက်လာသူသည် ကာလသားခေါင်း ကိုတင့်တို့ပင်ဖြစ်၍ ဂူာယက်ရှင်များ မျက်နှာလွှဲရလောက်အောင် ဝတ္တရားကျေသည့်အဖွဲ့ ဖြစ်သည်။

တစ်ခါတစ်ရံ ရွာတွင်ပိုးထိလို့သေပါက ရပ်ရွာထုံးစံအရ ရွာထဲယူခွင့်မရှိဘဲ လူသေအလောင်းအား သချိုင်းတွင် လေးတိုင်စင်အခေါင်းနှင့်ထားခြင်း၊ ခုနစ်ရက်ခုနစ်လီရွာတွင်ထားသည့်ထုံးစံရှိကြသဖြင့် လူသေအလောင်းကို ကြာကြာခံရန် ရင်ခွဲ၍ ကလီစာများထုတ်



အရက်ပြန်များ၊ ရေနံဆီများလောင်းထည့်လျှင်လည်း ကိုတင့်တို့က မရွံမကြောက်တတ်။ လက်က အလိုလိုယဉ်နေပြီးသား။ သူတို့လိုချင်တာ အကြိုက်သာလုပ်ပေးလိုက်။ အိမ်ရှင်(မသာရှင်) အတွက် လှည့်ကြည့်စရာမလိုအောင် ဝတ္တရားကျေ၏။ မပြောဘဲသိ၏။ ဒီလိုလူစား ကိုရွှေတင့်တို့ ဖြစ်၏။

နာမည်က ကိုတင့်။ လူနီဖြူစပ်အရပ်ရှည်ရှည် ချောသလိုရှိပေမယ့် စိတ်ဓာတ်က ဆန့်ကျင်ဘက်။ ကြက်သတ်ဝက်ထု၊ နွားသတ်၊ လူသေကောင် ...သဂြိုဟ်လည်း ရှေ့ဆုံးက။ ထန်းလျှက်အရက်၊ တောအရက်နှင့် မြည်းစရာ...လျှင် စားမြိန်ထုပ်ဖွင့်မြည်းသည်အ...လက်မရွံ့လူစား။ ခွေးနက် ဒူလာကောင်...သည်ဆိုပြီး ရွာတွင် အောင်နက်မျိုးပြု...သွားသည်မှာလည်း ငတင့်တို့ ခွေးတင်...တို့ ကာလသားအုပ်စုလက်ချက်ဖြစ်...ငတင့်တို့ မိုးရွာထဲထွက်မူးလာပြီဆိုလျှ...ခွေးများ အမြီးကုပ် တအီအီနှင့် မှတ်ကြ...ခြံထဲဝင်ပြေးကြ၏။ ရွာမှာ ဘုန်းကြီးပျံ...များရှိက ငတင့်တို့ကာလသားအဖွဲ့...ဘုန်းကြီးသေ ရွာကြေဆိုပေမယ့် လက်...မရွံ့ ငတင့်တို့အဖွဲ့က ဘုန်းကြီးအနံ့...စွာပန ပြာမကျမချင်း စူဖြိုးလို့ အဆင်...ကိုပြနေကြ၏။

တစ်ခါ အသည်းကောင်...

ဖွဲ့ကောင်းသောကလေးများ ငိုဖ...များ၍ ချော့မရလျှင် လက်မရွံ့ငတ...လာပြီ ဆိုတာနှင့် ကလေးကအစ အ...တိတ်ကြသည်အထိ ငတင့်သတင်း...ကြီးလှ၏။

တစ်ကြိမ်တွင်တော့ ငတင့်...ကာလသားသုံးယောက် သူတို့...ဇီးပင်ပုပ်ရွာကိုခြားထားသော ...တော...ဗျိုက်တောနှင့် တစ်...ကိုတည်...



www.burmeseclassic.com

www.burmeseclassic.com



သချိုင်းကုန်းမှ မနိုဦးရည်အိုးများ၊ ခြံပိုင်ရှင် စိန်လုံး မသိအောင် ခိုးသောက်ကြပြီး ဇရပ်ဝဲသချိုင်းအရပ်တွင် အိပ်ပျော်သွား၏။ ညဉ့်နက်ချိန်ရောက်သော် အနီးရှိ ထိမ်ပင်မှ နာမည်ကြီးသရဲငနီဆင်းလာပြီး တောင့်တို့ကို ဇရပ်ပေါ်မှအိပ်နေတာ ဆွဲချ၏။ ငခွေးတင်ဆိုသည့်ကောင် ပုဆိုးတောင်မဝတ်နိုင်ဘဲကွင်းသိုင်းပြေးပေမယ့် လက်မရှိ့တောင့်တို့က ကျန်သုံးယောက် တော့ချင်းကပ် သရဲငနီနှင့် ဘတစ်ပြန် ကျားတစ်ပြန် လုံး

ထွေးသတ်ပုတ်ရင်းက ဆီးများထွက်ကျပြီး ထိုအခါမှ သရဲငနီ ထိမ်ပင်ပေါ် တက်ပြေးဖူးသည်အထိ တောင့်တို့က လက်ရဲဇက်ရဲ အကုန်ရဲ၏။

အသုဘပို့အလာ ထိမ်ပင်ကို အကြောင်းမဲ့ သားရေခွနှင့်ပစ်ဖန်များတော့ နောက်ဆုံး တစ်ဖက်ရွာကိုသွားသည့် လမ်းနံဘေး ထန်းပင်ကြီးသို့ သရဲငနီပြောင်းပြေးရသည့် အင်မတန်လက်ဆော့သော တောင့် ဖြစ်၏။

သေချာတွက်ကြည့်လျှင် ပါးစပ်စည်းကမ်းမရှိ လက်စည်းကမ်းမရှိ။ မည့်သည်ဘက်ကပဲကြည့်ကြည့် လူမပြောနှင့် ခွေးတိရစ္ဆာန်၊ သရဲတောင်ပြေးရသည့် လက်မရှိ့တောင့်တို့ တစ်နေ့မှာ မနိုရည်မူးတော့ အရိုင်းစိတ်ဝင်လာပြီး မောဟစိတ် တွေဝေစွာ လက်စွမ်းပြချင်သည့်အကြောင်းက မောဟအမိုက်မှောင်ဖုံး၍ -

"နေ့ခင်းက ဟိုကောင် စာရင်းဒိုင်နိုင်ဝင်း စကားပြောတာ တော်တော်လူပါးဝတယ်။ ငါ့တော့မခံချင်ဘူး။ မင်းတို့ကော ကျေနပ်ကြလားကွ"

"ဟုတ်တယ် ကိုကြီးတင့်။ ဘာဟင်းချက်လဲမေးတာ ဝက်သားချက်တယ်။ မင်းတို့ကို ဒါပဲကျွေးမယ်ပြောတယ်"

ရွှေစိုးဆိုတဲ့ကောင်က မြှောက်ပင့်ပြောဆိုလိုက်၏။

"နိုင်ဝင်းဆိုတဲ့ စာရင်းဒိုင်က ကောက်သင်းခိုးဖွတ်ပြီး လယ်ပိုင်လာတဲ့ကောင် အခြေအမြစ်မရှိပါဘူး။ သူ့မိန်းမမိနီက ဆေးလိပ်တောင်လိပ်ခဲ့ရတာ။ ခုမှကြီးကျယ်နေတာ"

ဟု ငဒွေးက ဝင်ရောလိုက်ရာ -

"ဝက်သားဟင်းတစ်ခွက်နဲ့စာရင်းငှားဆိုပေမယ့် ဒီကောင်နဲ့က ဆွေမျိုးသိပ်မကင်းလို့ ပေါ့ကွာ ဟင်း. . . ဟင်း. . . ဟင်း"

# မြတ်ဒေါင်းနိုင်
(ကိုညွှန်းတန်း)

## လက်မရှိ့ တောင့်



www.burmeseclassic.com

“ဒိုက္ကွာ ဘာအမျိုးလဲ။ ဒီကောင်က စပ်မှ ငရုတ်သီးပါ။ အဖျားအနားပဲ ရှိသေးတာ၊ ငါတော့ကြည့်မရဘူး”

မနီရည်အရှိန်က နဂိုကတည်းက မျက်နှာနီစပ်စပ် တေင့်မှာ ခုတော့ပိုလို့ တောင် ရဲရဲတွတ်နေ၏။

“အေး - ဒီကောင်ကိုနည်းနည်း တော့ဆုံးမသင့်တယ်။ ဒါမှ နောင်ကြဉ် သွားမှာ”

“ဒီတော့ ကိုကြီးတေင့်၊ ဘာဖြစ် ချင်လဲ”

ဟု သောက်ဖော်စားဖက်တွေက အမိုက်မှောင်ဘက်သို့ ပိုတိုးပင့်လိုက်၏။ သည်တွင် တေင့်က -

“လာကွာ၊ ကြာတယ်”

ဟု စာရင်းဒိုင် အိမ်ဘက်ခြေဦး ပြန်လှည့်သွားကြ၏။

ခက်သည်က ထိုအချိန်တွင် တောနယ်များ၌ ပညာအဆင့်အတန်း နိမ့်၍ တွေးဆဆင်ခြင်မှုက နည်းပါးကြ သည်။ ကောင်းတာလုပ်မည်ဆိုလည်း အားလုံးလုပ်လိုကြသည်။ ဆိုးတာလုပ် မည်ဆိုလည်း တားဆီးမည့်သူမရှိ အဆင်အခြင်နည်းပါးစွာ မြှောက်ပင့်ကြ သည်မှာလည်း အခြေခံအတန်းပညာ နည်းပါးခြင်း၊ စာမဖတ်ခြင်း၊ ဗဟုသုတ နည်းခြင်းကြောင့် ထိုအချိန်က တောရွာ များတွင် ရာဇဝတ်မှုများထူပြောခြင်းဖြစ် ၏။

ဇီးပင်ပုပ်ရွာနှင့်တေင့်တို့ရွာကို မနီ တောတန်းနှင့် ဖိုးရာဝဲသချိုင်းကခြား ထား၏။ ရိုးချောင်းတံတားလေးက ခနော်နီခနော်နဲ့၊ အချိန်ကလည်း ည အမှောင်ပျိုးချိန် မှောင်ရိပ်ခိုလျက် လူလေးယောက် နိုင်ဝင်းအိမ်နားသို့ ကပ်လာကြသည်။ နိုင်ဝင်းတို့မိသားစုမှာ လူမမည်ကလေးအရွယ်သုံးလေးဦးနှင့် မိနီက ကိုယ်ဝန်လွယ်ထားပြီး ထိုအချိန် အဖြူအမည်းတီဗွီကို ထိုင်ကြည့်နေစဉ် တေင့် နီးရာလက်နက်ရှာရာ ပေါက်တူး ကိုတွေ့၍ ကိုင်ဆလိုက်သလို ရွှေစိုး၊ ငဒွေးတို့၊ ခွေးတင်တို့က ကောက်ဆွတ် ကိုကိုင်လိုက်ပြီး တီဗွီကြည့်နေသော စာရင်းဒိုင်မိသားစုကို ဘာမပြောညာ မပြော ဝင်ရောက် ရိုက်နှက်ခုတ်လေ တော့သည်။

“အား. . . အမယ်လေး ကယ်ပါ ဦး”

“အား. . . သေပါပြီ”

စာရင်းဒိုင်အိမ်က ရွာပြင်လယ် ကွင်းထဲတွင်ရှိ၍ တေင့်တို့လုပ်ချင်တိုင်း လုပ် သောင်းကျန်းပြီးထွက်သွားကြ၏။

နံနက်မိုးလင်းသော ပဲပြုပ်သည် သန်းရင် ပဲပြုတ်လာရောင်းတော့မှ နိုင်ဝင်းတို့မိသားစု သွေးအိုင်ထဲတွင် အသက်ပျောက်နေတာတွေ့၍အော်ပြေး တော့မှ ရွာထဲမှသိကြသည်။

ရက်စက်လိုက်ကြသည့်အဖြစ်။ ဗိုက်ထဲက ကလေးတောင် မကျန်သတ် သွားသည့် တေင့်တို့ ရွာမှ ညတွင်းချင်း ပျောက်သွားကြသည်။ စိန်လုံးက သူ့ခနိ ရည် ခိုးသောက်ကြသည်မှာ တေင့်တို့ ဖြစ်ကြောင်း၊ ကြောက်၍ နှုတ်ပိတ်ရေငုံ နေရကြောင်း၊ အခုသတ်တာလည်း ဒီကောင်တွေပင်ဖြစ်မည်ဟု မြို့ကရဲအား အဆင်းတွင် ဘီးတပ်ပေးလိုက်၏။

ထိုဖြစ်ရပ်တို့ဖြစ်ပြီး တစ်လခန့် အကြာ စိန်လုံးတစ်ယောက် ရန်ကုန်သို့ သွားပြီး ရွာအပြန် သင်္ဘောဆိပ်တွင် လူတစ်ယောက် စိန်လုံးနားကပ်လာပြီး-

“ဟေ့ကောင် စိန်လုံး”

“ဟာ ဟင် ဗျာ ကိုတေင့်”

“ရှူးတိုးတိုး-ဘေးလူတွေမြင်ကုန် မယ်။ ငါ့ကိုပိုက်ဆံပါရင်မျှခဲ့ဦး။ ရွာက အမေတို့ကောနေကောင်းလား။ ငါတို့ ကိစ္စဘာတွေဖြစ်နေလဲ”

စိန်လုံးက လူလည်။

“ဟဲဟဲ - ကိုကြီးတင့်ရယ် ဟိုကိစ္စ အမှုက လက်သည်မပေါ်လို့ ရဲကလိုက် နေတုန်းပဲ။ ဒေါ်ကြီးနေကောင်းပါတယ်။ ကဲ - သွားတော့ လူတွေရိပ်မိကုန်မယ်”

“အေးအေး”

လွယ်အိတ်လွယ်၊ ဦးထုပ်ဆောင်း ပြီး တေင့်အသာ သင်္ဘောပေါ်ကဆင်း သွားသောအခါ စိန်လုံးကား သင်္ဘော အက်စကော့ရဲကို လက်တို့လျက် တေင့် ကို လက်ညှိုးထိုးပြလိုက်ရာ (ထိုစဉ်က ရဲများအစောင့်ထားရှိ၏)

မကြာခင် ရဲများရောက်လာပြီး ဖမ်းခေါ်သွားကာ နောက်ဒေးဒရဲဂါတ် သို့ တေင့်ကိုပို့လိုက်ကြ၏။

နိုင်ဝင်းတို့မိသားစုအားသတ်မှုဖြင့် တေင့်၊ ခွေးတင်၊ ငဒွေး၊ ရွှေစိုးတို့ အနှစ် (၂၀) ကျပြီး သူတို့ကို ထောင်ကြီးချုပ် (အင်းစိန်) သို့ ပို့လိုက်ပြီးနောက် (၅)နှစ် ခန့်အကြာ မြန်မာနိုင်ငံတွင် ရှစ်လေးလုံး အရေးတော်ပုံစခဲ့ပြီးနောက် အင်းစိန် ထောင်မှ ထောင်ခါရာတွင် တေင့်တို့ လွတ်မြောက်လာကြပြီး တစ်ည ဒေးဒရဲ နယ် လမုဝမှ ကျော်တင့်၊ တင်ငွေတို့ အိမ်သို့ရောက်လာ၏။ တစ်ညတွင် စကားပြောနေကြရင်း -

“တေင့်၊ မင်းရွာကိုပြန်ရောက်သေး လား”

ငပဲကမေးလိုက်၏။

“အေး-ရောက်တော့ရောက်တယ် ကွ။ ဒါပေမယ့် ငါ ညဘက်ကောင်း ကောင်းမအိပ်ရပါဘူး။ နွားတင်းကုပ် ပြောင်းအိပ်၊ ကောက်ရိုးပုံထဲပြောင်းအိပ် တစ်ည (၃) ခါလောက် နေရာပြောင်း အိပ်ရတာနဲ့ မင်းတို့ဆီထွက်လာတာ”

“ဘာဖြစ်လို့လဲ တေင့်ရ”

“ဟ-ငါတို့လုပ်ထားတဲ့စာရင်းဒိုင် ဆွေမျိုးတွေက လက်စားချေမလို့လာပြီး ချောင်းနေကြလို့”

“ဒါနဲ့ မင်းကမျက်နှာဘယ်လိုဖြစ် သွားရတာတုံး။ မျက်မှန်လည်းတပ် ထားရတယ်”

“ဒီလို ငပဲရေ၊ ငါတို့စာရင်းဒိုင် မိသားစုကို မူးမူးနဲ့ တက်သတ်တော့ နိုင်ဝင်း (စာရင်းဒိုင်) ကခုခံတာနဲ့ မျက်နှာ ကို ပဲခွပ်နဲ့ခုတ်ပြီး ဗိုက်ကိုဆက်ခုတ်လိုက် တာ နှစ်ခြမ်းကွဲသွားတာ မျက်စိထဲက မထွက်ဘူး။ အဲဒီနောက်တော့ ငါတို့ အဖမ်းခံရပြီး အင်းစိန်ထောင်ပို့ခံရတော့ ညဘက် ငါ စာရင်းဒိုင်မျက်နှာပဲမြင်နေ ပြီး မင်းမျက်နှာကို နှစ်ခြမ်းခွဲဖြစ်မယ်နဲ့ မအိပ်ရဘူး။ တစ်လလောက်ကြာရော ငါ့သွားတွေက ဘာမှစားလို့မရအောင် သွားဖုံးတွေနာလာပြီး ရေစီးကမ်းပြိုလို့ ပြောတာပဲ။ အစားမမှန်၊ အအိပ်မမှန် ဖြစ်ရာက ထောင်ဆရာဝန်နဲ့ ငါ့ကို ထောင်ပိုင်ကြီးက ဂရုစိုက်ပြီးပြတယ်။ နောက် သွားဖုံးကင်ဆာဆိုပြီး ဆေးရုံ တက်၊ မျက်နှာကိုတစ်ခြမ်းလှီးထုတ်ပြီး အံပုံအတုတပ်၊ ပလတ်စတစ်ဆာဂျရီနဲ့ မျက်နှာအသားအစားထိုးလိုက်ရတာပဲ ငပဲရေ”

“နောက်မင်းအိပ်မက်မက်သေး လား”

“ငါ့မျက်နှာခွဲစိတ်ခံရပြီးတဲ့နောက် စာရင်းဒိုင်ကိုမမက်တော့ဘူး။ ဒါပေမယ့် ငပဲရယ်၊ ဝဋ်ဆိုတာ အကြွေးရှိရင်ဆပ်ရ တယ်ကွ။ လောလောဆယ် ငါ့ကိုပဲကြည့် နောင်ဘဝမကူးသေးဘူး။ ဒီဘဝမှာ မျက်နှာကြီးလှီးပြီး အံပုံအတုတပ်ထား တာသာကြည့်ပါတော့ကွာ” တဲ့။

လောကကြီးတွင် တူသောအကျိုး ပေးတတ်ပါသည်ဆိုတာ လက်မရွံ့တေင့် တောင် သတိနောင်တတရားရသွားပြီ သည်။

မြတ်ခေါင်းနိုင်(ဂုံညင်တန်း)



www.burmeseclassic.com

www.burmeseclassic.com

နှင်းမှုန်ဝေကျ ဆောင်းကာလ တစ်ရက်တွင် မင်္ဂလာဆောင်ဖိတ်သော ကြောင့် အိုင်ကလောရွာသို့ သွားခဲ့ရပါသည်။အိုင်ကလောရွာသည် ကနောင်မြို့၏တောင်ဘက် (၂) မိုင်ကျော်ကျော်ဝေး၏။ စာရေးသူနေသော ကုန်းတလုံးရွာမှဆိုလျှင် (၅) မိုင်ခန့်ဝေးသည့်အတွက် စက်ဘီးဖြင့် တစ်နာရီခန့်နှင်းခဲ့ရပါသည်။

မနက် (၈) နာရီအချိန်လောက်မှာ မင်္ဂလာဆောင်အိမ်နှင့် (၄)၊ (၅) အိမ်ကျော်လောက်မှ နှမဝမ်းကွဲအိမ်တွင် စက်ဘီးဝင်ထားရင်းခဏနားနေပါသည်။ ထိုအခါ နှမဝမ်းကွဲများက ကျန်းမာရေး မကောင်းကြ၍ စာရေးသူကို ဗေဒင်မေးကြရာ အချိန်အတော်ကြာသွား၏။ မင်္ဂလာဆောင်အိမ် ရောက်သောအခါ မင်္ဂလာဆောင်ပြီး၍ ပစ္စည်းပစ္စယများ သိမ်းဆည်းနေပေပြီ။ ကိုယ့်အရင်းမို့ ကိစ္စမရှိ။ အကျိုးအကြောင်းပြောပြီး ထမင်းတစ်ခါတည်းဝင်စားလိုက်သည်။

ဗေဒင်ဟောပြောရင်း နှမဝမ်းကွဲတော်သူ မကြည်ဝင်းက သူ၏သမီးကို လက်ညှိုးထိုးပြပြီး -

"အစ်ကိုရေ့ အဲဒါ အစ်ကို့အမေ ဒေါ်လေးသိန်းတင်ဝင်စားတာ"

ဟု ပြောလိုက်၏။



(မြန်အောင်) စိုးလင်းအောင်

# သံသရာရေလျှဉ်ကြောမှာဖြင့်

(သူတို့တူ၊ တူမတွေက စာရေးသူ၏ အမေကို ဒေါ်လေးဟု ခေါ်ကြပါသည်)

သူ၏ သမီးက (၁၆) နှစ်၊ (၁၇) နှစ်ခန့်လောက်ရှိ၏။ မေးကြည့်သောအခါ (၁၀) တန်းတက်နေသည်ဟု သိရသည်။ စာရေးသူကို မြင်သောအခါ ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းငုံ့နေ၏။ စာရေးသူအမေဝင်စားတာဟု သိလိုက်ရ၍ သူ့ကို ငယ်ငယ်ကအကြောင်းတွေ မေးကြည့်ချင်သည်။ ရင်ထဲတွင်လည်း ငါ့အမေဝင်စားတာပါလား ဟူသော အသိကြောင့် လွမ်းမိသလိုလို၊ အောက်မေ့



www.burmeseclassic.com

www.burmeseclassic.com

တမ်းတမိသလိုလို ခံစားလိုက်ရပေသည်။

သိချင်၍ မေးချင်သော်လည်း လူတောထဲမို့ ပြောချင်မှပြောမည်။ တချို့ လူဝင်စားများက သူတို့ပြောချင်သည့်အခါ စီကာပတ်ကုံးပြောနေသော်လည်း တကယ်မေးသော် ပြောချင်မှပြောသည်။

သို့သော်လည်း ကိုယ့်အမေဝင်စားသည်ဆိုတော့ အနည်းငယ်သိချင်ပါသေးသည်။ ကြုံတုန်းဆုံတုန်း မေးရဦးမည်။ နောက်ရက်ဆို သူတို့ကလည်း ကိုင်းထဲသွား၊ စာရေးသူကလည်း အလုပ်မအားနှင့် တွေ့ဖို့ခဲယဉ်းသည်။

အမေသည် ငါးပိဆိပ်ရွာမှ အဖေနှင့်အိမ်ထောင်ကျပြီး သာယာကုန်းရွာကလေးသို့ ပြောင်းရွှေ့နေထိုင်၍ ကိုင်းလုပ်ကြပါသည်။

ခေတ်ကာလက တော်လှန်ရေးကောင်စီတက်ခါစဖြစ်၏။ သာယာကုန်းရွာကလေးကား ရွာသေးရွာငယ်လေးဖြစ်သော်လည်း ကိုင်းထွက်သီးနှံများ နှစ်စဉ်လိုလို အောင်မြင်ဖြစ်ထွန်းမှုကြောင့် ပစ္စည်းဥစ္စာပြည့်စုံကြပါသည်။ ကျွန်းကြီးရွာမှ သူကြီးအုပ်ချုပ်မှုနှင့် ဝေးသောကြောင့် သာယာကုန်းရွာတွင် သူခိုးဓားပြများက ထင်တိုင်းကြဲနေကြသည်။

ထို့ကြောင့် အဖေနှင့်အမေသည် ကျွန်းကြီးရွာတွင် အိမ်နှင့်ခြံကိုဝယ်ယူပြီး ပြောင်းရွှေ့နေထိုင်ကြ၏။ ကိုင်းလုပ်ချိန်တွင်သာ သာယာကုန်းရွာသို့ တဲနှင့်ပြောင်း၍ ကိုင်းလုပ်သည်။ ကိုင်းသိမ်းသောအခါ ကျွန်းကြီးရွာသို့ ပြန်လာကြသည်။

အမေသည် သူ့မွေးရပ်မြေ အိုင်ကလောရွာသို့ တစ်နှစ်တစ်ခေါက် အလည်ပြန်လေ့ရှိ၏။ မိဘများမရှိတော့သော်လည်း မောင်များနှင့် မမရှိသောကြောင့် နှစ်စဉ်ကိုင်းသိမ်းပြီးမိုးဦးကျခါစတွင် ပြန်တတ်ပါသည်။ တစ်ခါတစ်ရံ တစ်လ၊ နှစ်လ ကြာတတ်သော်လည်း အဖေက တားလေ့မရှိပါ။ ကိုယ်ချင်းစာ၍ နားလည်ပေးတတ်သည်။

၁၃၄၁ ခုနှစ်က အမေ အိုင်ကလောသို့ ထုံးစံအတိုင်းပြန်သွားပါသည်။တစ်လခန့်ကြာသော် အစ်မဖြစ်သူ လယ်တွင်ကောက်စိုက်မ မရသဖြင့် ညီအစ်မနှစ်ယောက် ကောက်စိုက်ဆင်းရ၏။

နေက တစ်နေ့လုံးပူနေသည်။ ညနေ (၃) နာရီလောက်တွင် အနောက်တောင်မုတ်သုံမိုးက အငြိုးကြီးစွာရွာချလိုက်၏။ တစ်နာရီခန့် သဲကြီးမဲကြီးရွာနေသောကြောင့် ခိုက်ခိုက်တုန်အောင်ချမ်းလာကြသည်။ နေပူရက်ဖြစ်သောကြောင့် ခမောက်မှလွဲ၍ ပလီမ၊ ပလတ်စထစ်စတို့ မပါကြချေ။ ပျိုးနုတ်ပေးနေသော ဒေါ်ကြီးအေးရင်သား ကိုလှထွန်းပါ (၃) ယောက်စလုံး မိုးမိ၍ပြန်ခဲ့ကြရသည်။

တစ်နေ့လုံး အပူရှိန်အောက်ဝယ် အလုပ်လုပ်နေရပြီး မိုးမိသွားသောကြောင့် ညပိုင်းတွင် (၃) ယောက်စလုံး ဖျားကြပါတော့သည်။ ကနောင်မြို့နှင့် အိုင်ကလောရွာသည် (၂) မိုင်သာသာသာ ဝေးသော်လည်း အိုင်ကလောရွာက ခေတ်နောက်ကျသေး၏။

ကားလမ်းကြီးကဖြူးနေသည်။ စက်ဘီး၊ ဆိုက်ကား၊ မြင်းလှည်း၊ ကားတို့လည်း မရှားပါ။ ငွေကြေးဥစ္စာလည်း ပြည့်စုံပါသည်။ သို့သော် တောသူတောင်သားတို့၏ ဓလေ့ထုံးစံအတိုင်း ဆေးရုံဆေးခန်းကိုသွားရမှာကြောက်နေသည်။

(၃) ယောက်စလုံး အပြင်းဖျားနေသည်ကို ရရာဆေးမြီးတိုများသာ သောက်နေ၏။ မပျောက်ပါ။ အသိအမြင်နည်းသော ခေတ်စနစ်အတိုင်း ကျန်းမာရေးမကောင်းလျှင် တောထုတ်၊ နတ်တင်သည်ဟု ထင်ပါသည်။ သို့သော် ထူးခြားမလာပါ။

ဤလိုနှင့်ပင် အဖျားရောဂါက ဆိုးသထက်ဆိုးလာကာ နောက်ဆုံးအချိန်များကိုရောက်လာသည်။

မိသားစုများနေသော ကျွန်းကြီးရွာသို့သွား၍ အကြောင်းကြားသော်ရောဝတီမြစ်ကိုကူးပြီး (၂) နာရီ၊ (၃) နာရီခန့်သွားလျှင် ရောက်သော်လည်း အကြောင်းမကြားခဲ့ပါ။ ဝါခေါင်လ၏ သောကြာနေ့တွင် အဖျားရောဂါကြောင့် အမေသေဆုံးသွားခဲ့ပါသည်။ အမေ့အလောင်းကို မမဖြစ်သူဒေါ်ကြီးအေးရင် မသိအောင်၊ အသာအယာအောက်သို့ချ၍ စနေနေ့မှာ အသုဘချလိုက်ရသည်။ ဤအကြောင်းအရာများကို ဒေါ်ကြီးအေးရင် မသိလိုက်ပါ။

ဒေါ်ကြီးသား ကိုလှထွန်းမှာ တစ်အိမ်တည်း လူမမာ (၃) ယောက် မထားကောင်းဘူးဆို၍ နောက်ဖေးအိမ်သို့ခွဲထားသောကြောင့် ကိုလှထွန်းလည်း မသိလိုက်ခြင်းဖြစ်ပါသည်။ ဒေါ်ကြီးအေးရင်နှင့် ကိုလှထွန်းတို့သားအမိနှစ်ယောက်ကလည်း အသည်းအသန်ဖြစ်နေ၍ သေမည့်အချိန်ကို စောင့်နေကြ၏။

အသုဘချပြီးသည့် ညပိုင်းတွင် ဒေါ်ကြီးနှင့် ကိုလှထွန်းကို ဝိုင်းဝန်းပြုစုနေကြစဉ် စကားသိပ်မပြောနိုင်သော ဒေါ်ကြီးက လှေကားဘက်သို့ လက်ညှိုးထိုးပြီး-

"ဟိုးမှာ သိန်းတင်ရယ် (စာရေးသူ၏အမေ) ငါ့လာခေါ်နေတယ်"

ဟု ဆို၍ လှေကားဘက်သို့ လှည့်ကြည့်ကြသော်လည်း ဘာမှမမြင်ကြရ၍ ကြောက်လန့်တကြားဖြစ်ကုန်ကြသည်။

အမေဆုံးသွားသည်ကို ဒေါ်ကြီး မသိလိုက်သော်လည်း သေဆုံးသွားသောအမေက ကိုယ်ထင်ပြ၍ သူ့မမကို လာခေါ်နေပြီလား၊ ကျန်လူကောင်းများက မမြင်ရဘဲ လူမမာ သူ့မမက မြင်နေရသည်မှာ ထူးဆန်းနေပါသည်။

ညသန်းခေါင်းကျော်တွင် ငှက်ဆိုးတစ်ကောင်နှင့် တကီးကီးအော်ဟစ်သံက ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွား၏။ မနက် (၄) နာရီလောက်တွင် ဒေါ်ကြီးအေးရင်၏ တဟီးဟီးညည်းသံလည်း ပျောက်ပြီး လူလည်းအနိစ္စရောက်ခဲ့ရပြန်ပါသည်။

မနက်လင်းလျှင် ဒေါ်ကြီးအသုဘကို ပြင်ဆင်၍ နေ့လယ်တွင် အသုဘချကြရပြန်သည်။ တစ်အိမ်တည်း (၂) ရက်ဆက်၍ အသုဘချရသောကြောင့် ပတ်ဝန်းကျင်ကျေးရွာများပါ အထိတ်တလန့်ဖြစ်ကုန်သည်။

ဒေါ်ကြီးဆုံးသည်ကို သားဖြစ်သူ ကိုလှထွန်း မသိလိုက်ပါပေ။ ကိုလှထွန်းမှာ အဒေါ်ဖြစ်သူနှင့် အမေဖြစ်သူ နှစ်ယောက်စလုံးရှိနေသေးသည်ဟု ထင်နေပါသည်။ အသည်းအသန်ဖြစ်နေသော ကိုလှထွန်းကိုကြည့်ကာ ခေတ်မီဟန်ရှိသော ဦးလေးမြမောင်က ကြည့်ပြီး -

"လှထွန်းကို ဒီလိုထားလို့မဖြစ်ဘူး။ ကနောင်ဆေးရုံတင်မှဖြစ်မယ်။ တောမှာ ဒီလိုဆက်ကုနေရင် သူပါသေလိမ့်မယ်"

ဟု ပြောကာ ဆေးရုံတက်၍ ကုသသောကြောင့် ကိုလှထွန်းမှာ အသက်ရှင်လျက် ကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။ (နောင် ၂၅ နှစ်ကြာမှ ကိုလှထွန်းမှာ သေဆုံးသွားပါသည်။)

တောသူတောင်သားတို့သည် ရိုးသားကြ၏။ ရိုးလွန်းတော့လည်း အလွန်းသည်ဟု ဆိုရပေမည်။ အမေသည် ခေတ်အခြေအနေအရ စာမသင်ခဲ့ရ၍ စာမတတ်သော်လည်း ဘာသာရေး[illegible] ရှိုင်းမှုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ကျွန်းကြီးရွာတွင် ပြုလုပ်ခဲ့သော ဝိပဿနာတရားစခန်းပွဲများတွင် ဝင်ရောက်တရားအားထုတ်၏။ သို့သော် တရားစစ်မည်ဆိုသောနေ့ တရားပွဲသို့ အမေ မသွားတော့ပေ။ အမေပြောသည်မှာ -

"ဆရာတော် တရားမေးရင် အမေကပြောမပြတတ်ဘူး"

ဟု ဆိုပါသည်။

အကုသိုလ်အလုပ်ဆိုလျှင် ဘာမှမလုပ်။ ပတ်ဝန်းကျင်နှင့် တစ်ခါမှ ရန်ဖြစ်သည်မရှိ။ စားဖို့အသာထား ဆွမ်းအုပ်ထဲထည့်ဖို့ဆိုလျှင်တောင် ကြက်ဥ၊ ဘဲဥကို ကြော်မထည့်ပါ။ (အသက်ရှိသည်ဟု ယူဆဟန်ရှိသည်၊ ယခုခေတ်လို ဓာတ်နှင့်ဖောက်သော ကြက်ဥ၊ ဘဲဥများမရှိသေးစဉ်က ဖြစ်၏။)

"ပြောစမ်းပါဦး ကြည်ဝင်းရ၊ အမေ ဝင်စားတယ်ဆိုတာ ဘယ်လိုအထောက်အထားတွေတွေ့လို့တုံး"

"ဒီလို အစ်ကိုရဲ့၊ ဦးကြီးမဆုံးခင် ဒီတိုအလည်လာတယ်လေ။ အသက်ကြီးတော့ ခါးကကုန်းပြီး တောင်ဝှေးနဲ့လေ။ အဲဒါကို သမီး (၃)နှစ်သမီးလောက် တုန်းက လှမ်းမြင်တယ်လေ။ (ဦးကြီးဆိုသည်မှာ စာရေးသူ၏ ဖခင်ကြီးကိုခေါ်ခြင်းဖြစ်၏။ ဖခင်ကြီးမှာ အသက် (၉၅) နှစ်ကျမှ ကွယ်လွန်သွားသည်။ မဆုံးခင် အမေ့ဇာတိရွာကို အမေမရှိတော့သော်လည်း ခဏခဏအလည်လာတတ်ပါသည်။)

"ဦးကြီးက ကုန်းကုန်းကုန်းကုန်းနဲ့ ခြံဝဝင်လာတော့ ဘယ်သူမှမမေးဘဲ သမီးက အဲဒါ ငါ့လင်တဲ့။ အဲဒါနဲ့ ကျွန်မတို့က ဟဲ့ကောင်မလေး၊ ကိုယ့်ဘကြီးကို တောက်တီးတောက်တဲ့ဘာတွေလျှောက်ပြောနေတာလဲ။ ငရဲတော့ကြီးတော့မှာပဲ ဆိုတော့ မေမေက ဘာသိလို့လဲ။ ဟုတ်တယ် မေမေရဲ့ အဲဒါ သမီးယောကျ်ား မောင်စံသိန်းတဲ့။ သားသမီး (၅)ယောက် ရှိတယ်ဆိုပြီး အစ်ကိုတို့ မောင်နှမ (၅) ယောက်စလုံး နာမည်တွေကိုလျှောက်ပြောပြတာ။

သမီးနာမည်က သိန်းတင်လို့ ခေါ်တယ်။ မောင်နှမဘယ်နှယောက်ဆိုပြီး သူတို့မောင်နှမ တွေနာမည်တွေကိုလည်း အထစ်အငေါ့မရှိပြောပြတာ။ ဘာပြုလို့သေတာလဲလို့ မေးတော့ ကောက်စိုက်ခင်း မိုးမိပြီး ဖျားလို့သေတာတဲ့။ ညီအစ်မနှစ်ယောက် တစ်ရက်ပဲခြားတယ်တဲ့။ သမီးက အရင်သေတာ။ မမက နောက်တစ်ရက်ကျော်မှသေတာတဲ့။ စုံနေတာပဲပြောတာ။ နောက် သူဖျားတော့ ဗေဒင်မေးကြည့်တယ်။ ဒေါ်လေးဝင်စားတာတဲ့။ သူ့မှာ အိမ်၊ ရွှေ ကိုင်းတွေရှိနေသေးတယ်တဲ့။ ရွှေဖိုးခမဲ့ပေးရမယ်လို့ ပြောတယ်။ ဒါပေမယ့် ကျွန်မတို့က သက်သက်လိုချင်လို့တွင်ပြီးတောင်းတယ် ထင်မှာစိုးလို့ သွားမတောင်းဘူး။ အဲဒီတုန်းက အစ်ကိုတို့မိသားစု စီးပွားရေးကောင်းနေတယ် မဟုတ်လား"

(ထိုစဉ်အချိန်က စာရေးသူတို့မှာ မိသားစုထဲတွင် စီးပွားရေးအကောင်းဆုံးဖြစ်၍ ကျန်မိသားစုများက နွမ်းပါးပါသည်။)

"ဒါနဲ့ နင့်သမီး မွေးသက္ကရာဇ် ဘယ်နှခုလဲ"

"၁၃၅၉ ခုနှစ်ပါ အစ်ကို"

"ဒီလိုဆိုရင် အမေဆုံးတုန်းက ၁၃၄၁ ခုနှစ်ဆိုတော့ အမေကဆုံးပြီး (၁၈) နှစ်လုံးလုံး ဘယ်တွေရောက်နေသလဲ မသိဘူးနော်"

"ဒါကတော့ အစ်ကိုရယ် ဘယ်လိုလုပ်သိမလဲ။ လူဝင်စားတစ်ဦးဦးဖြစ်ပြီး သေသွားတာလည်း ဖြစ်ချင်ဖြစ်မယ်။ မကျွတ်မလွတ်ဘဲ ပြိတ္တာဘဝမှာ ရောက်နေချင်လည်းနေမယ်လေ။ ဘာပြုလို့လဲ ဆိုတော့ ဒေါ်လေး အသုဘချပြီး ညရောက်တော့ သိန်းတင် ငါ့လာခေါ်နေတယ်လို့ ဒေါ်ကြီး မဆုံးခင်ညက ပြောသွားတာ အစ်ကိုလည်းသိရက်သားနဲ့"

"အေး - ဟုတ်တယ်၊ ဟုတ်တယ်"

စာရေးသူက 'ဟုတ်တယ်၊ ဟုတ်တယ်' ဟုဆိုကာ စဉ်းစားနေမိပါသည်။ အမေသည် စာမတတ်ခဲ့သော်လည်း ငါးပါးသီလလုံအောင်ထိန်းသိမ်းသည်။ ရဟန်းခံ၊ ရှင်ပြု၊ ကျောင်းဆောက် စသည်ဖြင့် အလှူဒါနမျိုးစုံနီးပါး လှူခဲ့ပါသည်။

နှမဖြစ်သူ မကြည်ဝင်း၏ သမီးသည် အမေဝင်စားသည်ဆိုလျှင် (၁၈) နှစ်လုံးလုံး ဘယ်ပျောက်နေသနည်း။ ကောင်းမှုကုသိုလ်တွေ ပြုလုပ်ခဲ့သော အမေသည် ပြိတ္တာဘဝတွင် ကျင်လည်နေမည်မထင်ပါ။ စာရေးသူတို့ မသိမမြင်လို့သာဖြစ်ပါလိမ့်မည်။ (၁၈)နှစ်လောက် ဘုံဘဝတစ်ခုခုတွင် ရောက်ရှိနေမည်မှာ အမှန်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် လောက်လမ်းသဖွယ် ဝိညာဉ်တွယ် ဟူသော စကားကရှိနေသည်မဟုတ်လော။

အရင်ဘဝက အမေတော်စပ်ခဲ့သူသည် ယခုဘဝတွင် နှမဝမ်းကွဲ၏သမီးဖြစ်နေ၍ တူမတော်ပြန်သည်။ တစ်ဖန် စာရေးသူက တူမဖြစ်သူကို စွဲလမ်းသောစိတ်ဖြင့် ကွယ်လွန်ပြန်လျှင်၊ တူမ၏ဝမ်းတွင်သွား၍ သားသမီးအဖြစ် မရောက်ဘူးဟူ၍ မပြောနိုင်ပါ။ သံသရာရေလျဉ်ကြောမှာ နစ်မြောနေသမျှ တဏှာဥပါဒါန်ကြောင့် ဘဝများစွာဖြစ်နေရပါဦးမည်။

စာရေးသူ၏ အမေဝင်စားခဲ့သည်ဟူသော တူမကလေးသည် စာရေးသူ၏အမေ (ယခင်) ဘဝက စာမတတ်ခဲ့သော်လည်း ယခုဘဝတွင် ဆယ်တန်းကို တစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သွားသည်ဟု နောက်ပိုင်းတွင်ကြားရပါသည်။

မြတ်စွာဘုရားပင်လျှင် နကုလပိတာ၊ နကုလမာတာတို့ဝမ်းတွင် ဘဝငါးရာဖြစ်ခဲ့ရပါသည်။

ဘယ်သူမှမမြှုပ်ရသေးသောနေရာတွင် သူသေလျှင်မြှုပ်နှံဖို့ နေရာရှာသော ပုဏ္ဏားကြီးပင် ထိုနေရာ၌ ထိုနာမည်ဖြင့် ဘဝပေါင်းသောင်းလေးထောင်မြှုပ်နှံခဲ့ရလေပြီ။

ကမ္ဘာပေါ်ရှိ သစ်ပင်သစ်ကိုင်းမှန်သမျှ လေးသစ်လောက်စီဖြတ်၍ သူနှင့်ငါသည် ဒီဘဝတွင် ဘယ်လိုတော်သည်၊ ဟိုဘဝတုန်းက ဘယ်လိုတော်စပ်ခဲ့သည်ဟူ၍ သစ်ကိုင်းစတစ်ခုကို တစ်ဘဝဟူ၍ အမှတ်အသားပြုလုပ်ခဲ့လျှင် သစ်ပင်သစ်ကိုင်းသာကုန်၍သွားမည်။ တော်စပ်ခဲ့ (ဖြစ်ခဲ့) ဖူးသော ဘဝများကား မကုန်နိုင်ဟုဆိုပေသည်။

အပါယ်ငရဲ၏ ဒုက္ခကို မြတ်စွာဘုရားက 'ငါဘုရားဖြစ်စကနေ ပရိနိဗ္ဗာန်ပြုသည်အထိ အပါယ်ငရဲ၏ ဆင်းရဲခြင်းကိုပြောလျှင် ကုန်နိုင်ဖွယ်မရှိ' ဟု မိန့်ဆိုခဲ့ပါသည်။

ဩော် - သံသရာရေအလျဉ်ဒုက္ခကြောမှာ အဖန်ဖန်အခါခါ အမြုပ်မမျောခင် ဝိပဿနာအလုပ် အားထုတ်ကာ ကြိုးစားရပါတော့မည်တည်း။

*သမ္မာဆန္ဒပြည့်ဝကြပါစေ*

စိုးလင်းအောင်(မြန်အောင်)

**ကိုးကား -**

ဆင်ဖြူကျွန်းဆရာတော်
ဦးမေ့သာရ၏တရားတော်များ



www.burmeseclassic.com

www.burmeseclassic.com

## ၄။ ဆိတ်ကွယ်ရာ

လူသူကင်းဆိတ်သောအရပ်၌ပြု လုပ်သော ကောင်းမှု၊ မကောင်းမှုကိစ္စ ဟူသမျှကို မည်သူတစ်ဦးတစ်ယောက်မျှ မကြားသိနိုင်ဟု ထင်မြင်ယူဆကြပါ သည်။ သို့ပါ၍ များစွာသောသူတို့သည် မမြင်ကွယ်ရာအရပ်တွင် မကောင်းမှု ဒုစရိုက်များကို လွယ်လင့်တကူ ပြစ်မှား ကျူးလွန်လေ့ရှိကြပေသည်။

ဗုဒ္ဓစာပေများ၌ ဆိတ်ကွယ်ရာ ဟူ၍မရှိကြောင်း အခါများစွာဖော်ကြား ဆုံးမခဲ့သော်လည်း လောကီဘုံသားလူ အများပင် အဝိဇ္ဇာ အမှောင်ဖုံး၍ မသိ မမြင် မယုံကြည်ခဲ့ကြပေ။ သိပ္ပံနည်းကျ အဖြေရှာမရသည့် အံ့ဩဖွယ်ဖြစ်ရပ် များသည် အမှန်ပင်ရှိနေခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကိုယ်တွေ့ကြုံမှ ယုံခဲ့ရသော ဖြစ်ရပ်များကို စာရှုသူများ သတိထား ဆင်ခြင်နိုင်ရန် ရေးသား ဖော်ပြလိုက်ရ ပါသည်။

တောင်ငူမြို့ ရွှေဆံတော်စေတီ မြတ်ကြီး၏ အရှေ့တောင်ထောင့်တွင် တစ်ဝဂူစေတီတော်တစ်ဆူရှိခဲ့ဖူးပါသည် ထိုတစ်ဝဂူမှာ လူနှစ်ဦးတရားထိုင်ရန် သာကျယ်ဝန်းပြီး တိတ်ဆိတ်အေးချမ်းလှ သဖြင့် တရားထိုင်၍ ကောင်းမွန်သော နေရာတစ်ခု ဖြစ်ပါသည်။ ကျွန်တော် အနေဖြင့် ထိုတစ်ဝဂူတွင် နေ့လယ်ပိုင်း၌ (၃) နာရီ ကြာသည်အထိ တရားထိုင်ပါ သည်။

တစ်နေ့တွင် မိမိနေထိုင်ရာ ဦးပန်း ဖြူလမ်းရှိ နေအိမ်မှ ဘုရားသို့ထွက်လာ စဉ် သွားရာလမ်းပေါ်တွင်ရှိသောတပည့် တစ်ဦး၏အိမ်မှ ထွက်၍ခေါ်သဖြင့် ခေတ္တဝင်ရောက်ခဲ့ပါသည်။ အိမ်ပေါ်သို့ ရောက်သောအခါ ဘုရားကျောင်း ဆောင်ရှေ့တွင်ထိုင်နေသော အသားညို ညို စွပ်ကျယ်လက်စကနှင့် လူတစ်ဦးကို တွေ့ရပြီး တပည့်ဖြစ်သူ ဦးစိန်လှ၏ မိတ်ဆက်ပေးချက်အရ ဆရာစိန်ဟု သိရ ပါသည်။

ဆရာဦးစိန်ဆိုသူအား ကျွန်တော် မှ နှုတ်ဆက်၍ အနီးတွင် ထိုင်လိုက် သည်။ ထိုသူမှ ကျွန်တော်ကို တစ်ချက် မျှကြည့်၍ စကားပြောလာပါသည်။

"ခင်ဗျား၊ ရွှေဆံတော်တစ်ဝဂူမှာ တရားသွားထိုင်မလို့မဟုတ်လား။ ခင်ဗျား က အဲဒီမှာ တရားထိုင်နေတာကြာပြီ ဆိုပေမယ့် အကြားအမြင်မရဘူး။ ဘယ်ရမလဲ၊ ခင်ဗျားက ဂူအောင်းနေ တာကိုး။ မပွင့်ဘူး၊ ပိတ်နေတယ်။ ဂူက ထွက်တော့ နဂါးရုံဘုရားမှာလည်း တရား သွားထိုင်တယ်။ နဂါးငွေ့က ပူတယ်။ မြစည်းခုံဘုရားမှာပဲ တရားသွားထိုင်ပါ။ မြသဘက်ခြုံတော့လုံတာပေါ့။ တရား ထိုင်ရင်လည်း ဗောဓိပင်အောက်မှာထိုင် ပါ။ ဘုရားတောင်အမှီရှိမှပွင့်တာ။ အင်း- ခင်ဗျား (၇) ရက်ပြည့်ရင် ခင်ဗျားနှုတ်က မြောချင်တာပြောလို့ရပြီ"

ဟု တစ်ဆက်တည်းပြောလိုက် သည်။

အနီးတွင်ထိုင်နေသောဦးစိန်လှမှ လည်း ဆရာစိန်ကိုတစ်လှည့်၊ ကျွန်တော့် ကိုတစ်လှည့်ကြည့်ရင်း -

"ဟုတ်တယ် ဆရာကြီး၊ ကျွန်တော့် ဆရာက အဓိဋ္ဌာန်နဲ့ တရားထိုင်နေတာ ကြာပြီ"

ဟု အံ့ဩသောလေသံဖြင့် ဝင်၍ ပြောလိုက်သည်။ ဦးစိန်၏ ပြောကြား



ချက်များမှာ မှန်ကန်နေပါသည်။ ကျွန်တော်အနေဖြင့် တစ်ဝဂူတွင် တရား ထိုင်သကဲ့သို့ တစ်ခါတစ်ရံ အိမ်နှင့်နီး သော နဂါးရုံဘုရားတွင်လည်း တရား သွားထိုင်သည်။ မြစည်းခုံဘုရားမှာ အိမ် နှင့်အနည်းငယ်ပိုဝေးသဖြင့် မသွားခြင်း ဖြစ်ပါသည်။ ဆရာဦးစိန်၏ ပြောကြား ချက်များ မှန်ကန်ကြောင်း ဝန်ခံရပါ သည်။

ဆရာဦးစိန်မှ ဆက်၍ ပြောပြန် သည်။

"ခင်ဗျား၊ ခုရွှေဆံတော်ဘုရားသွား ရင်း လူတစ်ယောက် ခင်ဗျားကို စောင့် နေတယ်။ သူက ခင်ဗျားကို သိပ်မကြည် ဘူးဖြစ်နေတယ်။ လာစုံစမ်းတာ။ ကိစ္စ မရှိဘူး။ ဘုရားမှာ ဒေါနပန်း (၇) ခက် သာလှူလိုက်ပါ။ ဒေါသပြေသွားလိမ့် မယ်"

ဟု ပြောပါသည်။

ကျွန်တော်မှ တရားထိုင်ရန်အချိန် နီးနေသဖြင့် ဆရာဦးစိန်အား နှုတ်ဆက် ၍ထွက်လာခဲ့၏။ ကျွန်တော်ရွှေဆံတော် တစ်ဝဂူဘုရားရှေ့သို့ရောက်သောအခါ ကျွန်တော်ဌာနမှ ဂိုထောင်မှူးကို တွေ့ လိုက်ရသည်။

ကျွန်တော်က -

"ဘာကိစ္စလာတာလဲ"

ဟု မေးရာ -

"ဆရာဒီမှာတရားထိုင်တယ်ကြား လို့ လာကြည့်တာ"

ဟု ဖြေပါသည်။

ကျွန်တော်တို့ နှစ်ဦးမှာ အကျင့် စရိုက်ချင်းမတူကြသဖြင့် ဆက်ဆံရေးမှာ ရင်းနှီးမှုမရှိပါ။ စိတ်ထဲမှလည်း ဆရာ ဦးစိန်ဆိုတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုလူမျိုးပါ လိမ့်။ သူပြောတာတွေ အားလုံးကတော့ မှန်နေတာပဲဟု တွေးလိုက်မိသည်။

နောက်ပိုင်း ကျွန်တော် မြစည်းခုံ စေတီတော်ရှိ ဗောဓိပင်အောက်တွင် တရားထိုင်သည်။ မြစည်းခုံစေတီတော် မှာ ဘုရင့်နောင်မင်းတရားကြီး တည် ထားကိုးကွယ်ခဲ့သောဘုရားတစ်ဆူဖြစ်ပါ သည်။ ဘုရားကြီးမှာ မန္တလေးမဟာမြတ် မုနိရုပ်ပွားတော်ကြီး၏ ဉာဏ်တော်မျှရှိ သော ပုံစံတူ ရုပ်ပွားတော်ကြီးတစ်ဆူ ဖြစ်ပါသည်။ စေတီတော်သည် ကျယ်ပြန့် သော ကုန်းမြင့်ပေါ်တွင် တည်ထားပြီး ဂန္ဓကုဋိတိုက်မှာလည်း မြင့်မားကျယ်ဝန်း လှပါသည်။ ကျွန်တော်သည် မြစည်းခုံ စေတီ၌တရားထိုင်သည့်တစ်လေ့ကိုလုံး



www.burmeseclassic.com

www.burmeseclassic.com

င် ဂန္ဓကုဋိတိုက်အား ရှင်းလင်းခြင်း၊ ဘုရားကြီးအား ရောင်တော်ဖွင့်ခြင်း၊ သောက်တော်ရေ၊ ချိုးတော်ရေအိုးများ ကို အစဉ်အမြဲ ဆေးကြောသန့်စင်၍ ရေ ဖြည့်ခြင်း၊ ရင်ပြင်တော်အား ဆေးကြော သန့်စင်ခြင်းများကို လမှ နှစ်ကူးသည်ထိ ထုပ်ဆောင်ခဲ့ပါသည်။

တစ်နေ့တွင် ဘုရားမှ ပြန်လာရာ လမ်း၌ ဆရာဦးစိန်နှင့်တွေ့ရပြန်သည်။ သူက ကျွန်တော့်ကိုနှုတ်ဆက်၍ ထူးဆန်း သောစကားကိုပြောပါသည်။

"ခင်ဗျား ဒီမှာမနေရတော့ဘူး။ တောင်ဘက်ကိုပြောင်းရမယ်၊ အလုပ် နှစ်ခုလုပ်ရမယ်။ တစ်ခုက ဂန္ဓာရီလှည့် မယ်။ ရေငန်ပိုင်က ခင်ဗျားကိုဆွဲနေ တယ်"

ဟု ပြော၍ နှုတ်ဆက်ထွက်ခွာ သွားခဲ့ပါသည်။

ထိုပုဂ္ဂိုလ် ယခင်ကပြောခဲ့သော စကားများမှာ မှန်ကန်သော်လည်း ယခု ပြောသော ပြောင်းရွှေ့ရမည်ဆိုသော ကိစ္စမှာ ယုံကြည်ဖို့ခက်လှသည်။ ထို့ပြင် ကျွန်တော်သိသော ဂန္ဓာရီခရီးဆိုသည် မှာ တစ်ကိုယ်ရေ တောတောင်အနှံ့ ခရီး ဆန့်၍ ရောက်ရာဘုရားစေတီပုထိုးများ ၌ တရားရှာမှီကာ ကျင့်ကြံအားထုတ်နေ သူများဟု ယေဘုယျ နားလည်ထားပါ သည်။ ကျွန်တော်ကဲ့သို့ အစိုးရဝန်ထမ်း တစ်ဦးအနေဖြင့် တစ်မြို့မှ တစ်မြို့သို့ သွားလာရန်ကိုပင် ခွင့်ပြုမိန့်မပါဘဲ သွား လာလို့ရသူမဟုတ်ပါ။ ပြောင်းရွှေ့ရန် ကိစ္စမှာလည်း လွယ်ကူလှသည့်မဟုတ်။ ထို့ပြင် တောင်ငူရောက်သည်မှာ သုံး လေးနှစ်ခန့်သာရှိသေးသဖြင့် ခိုင်လုံ သော အကြောင်းပြချက်မရှိဘဲ ပြောင်း ရွှေ့ရန်မှာလည်း မဖြစ်နိုင်ဟုသာ တွေးမိ ခဲ့ပါသည်။

ထိုရက်ပိုင်းအတွင်း ရုံးပိတ်ရက်နှင့် ဆုံသဖြင့် ရန်ကုန်သို့ပြန်လာခဲ့ပါသည်။ ရန်ကုန်ဘူတာကြီးမှထွက်၍ အောင်ဆန်း ကွင်းနားအရောက်တွင် ယခင်ကပင် သိကျွမ်းခဲ့သောသူတစ်ဦးနှင့် တွေ့ဆုံခဲ့ ပါသည်။

ထိုသူက ကျွန်တော့်ကို နှုတ်ဆက် ရင်း -

"ခင်ဗျား တောင်ဘက်ကို ပြန် ပြောင်းရတော့မယ်။ တောင်ငူမှာမနေရ တော့ဘူး"

ဟု ရယ်၍ပြောပါသည်။

ဤတစ်ကြိမ်တွင်မူ ကျွန်တော် အနည်းငယ်စိုးရိမ်သွားသည်။ ကျွန်တော် ရန်ကုန်မှ တောင်ငူသို့မပြောင်းမီ ထိုသူ နှင့်တွေ့ခဲ့ဖူးပြီး အထက်ဘက်ကိုပြောင်း ရမည်ဟုပြောခဲ့သောကြောင့်ဖြစ်ပါသည်။ ထိုသူသည် ရန်ကုန်-မန္တလေး-တောင်ကြီး တို့မှ တချို့သောသူများ ယုံကြည် ကိုးကွယ်သောပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း ကျွန်တော်သိထားပါသည်။ ဆရာဦးစိန် ပြောသော စကားနှင့်လည်း ကိုက်ညီနေ သဖြင့်ယုံရတော့မလိုဖြစ်နေ၏။ သို့သော် ထိုကိစ္စကို ခပ်ပေါ့ပေါ့ပင်မေ့ထားလိုက် ပါသည်။



# စန်းမြင့် (ငြိမ်း)

## ဂန္ဓာရီခရီးသွားမှတ်တမ်း

www.burmeseclassic.com

ကျွန်တော့်အနေဖြင့် အဘယ်ကြောင့် ဟိုမှာလည်း ပုဂ္ဂိုလ်တွေ့လိုက်၊ ဒီမှာလည်း ပုဂ္ဂိုလ်တွေ့လိုက်ဖြစ်နေရသလဲဆိုတာကို စဉ်းစားနေမိသည်။ နေရာတကာတွင် လူအများသည် ပုဂ္ဂိုလ်များနောက်ကိုလိုက်နေကြသည်ကိုလည်း ကြားနေမြင်နေရသည်။သူတို့အကြောင်းနှင့်သူတို့ရှိပါလိမ့်မည်။ မိမိကိုယ်တိုင်က အကျင့်သီလ၊ စရဏတရားများမရှိဘဲ ပုဂ္ဂိုလ်များနောက်လိုက်နေရုံဖြင့် မိမိ၏ လိုအပ်ဆန္ဒများအားလုံးပြည့်ဝနိုင်မည် မဟုတ်သည်ကသေချာပါသည်။ တရားရှင်သည် တရားကိုသာပေးလိုသည်။ လောဘဖြစ်မည့်ကိစ္စများကို ဆောင်ရွက်ပေးလိုစိတ်ရှိကြမည်မဟုတ်ပါ။ သို့ဖြစ်၍ ပုဂ္ဂိုလ်များနောက်လိုက်ရန်ဆန္ဒ ကျွန်တော်၌မရှိပါ။

ကျွန်တော် တောင်ငူမြို့သို့ ပြန်ရောက်ပြီး တစ်ပတ်ခန့်ကြာသောအခါ မမျှော်လင့်ဘဲ အမှုတစ်ခုနှင့် ရင်ဆိုင်ရပါတော့သည်။ ဌာနလက်အောက်ရှိ ဂိုဒေါင်တွင် ဖောက်ထွင်းခိုးယူမှုတစ်ခု ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။ သူခိုးမှာလူမိ၍ ပစ္စည်းကိုထားကာ ထွက်ပြေးသွားသဖြင့် ပစ္စည်းဆုံးရှုံးမှုမရှိသည်ကတစ်ကြောင်း၊ အကျယ်အကျယ်မငြိမ်ဖွယ်ဖြစ်လာမှာကို စိုးရိမ်၍တစ်ကြောင်း အမှုမဖွင့်ရန် ဖျောင်းဖျပြောဆိုသော်လည်း ဂိုဒေါင်မှူးမှ လက်မခံပါ။ မြောက်ပေးသူကလည်း မြောက်ပေးသဖြင့် နောက်ဆုံး၌ အမှုဖွင့်၍ပဏာမစစ်ဆေးရပါသည်။ ဂိုဒေါင်မှူးနှင့် ဂိုဒေါင်အနီးနေသူတစ်ဦးတို့ ပုဂ္ဂိုလ်ရေးအဆင်မပြေမှုကြောင့် ဖြစ်ပေါ်လာသောမှုခင်းပင်ဖြစ်ပါသည်။ ထိုဂိုဒေါင်မှူးမှာ ဆရာဦးစိန်ပြောသည့် ရွှေဆံတော်တစ်ဝဂ္ဂ၌ ကျွန်တော်ထံလာခဲ့သော ဂိုဒေါင်မှူးဖြစ်ပါသည်။

ပဏာမစစ်ဆေးသော ကျွန်တော်တို့အဖွဲ့အား တခြားလူဘက်လိုက်၍ စစ်ဆေးသည်ဟုတိုင်၍ ကျွန်တော်တို့မှာ ရုံးတွင် တွဲဖက်ခံရပြီး ရုံးချုပ်မှစစ်သော အဖွဲ့ကိုလည်း ထပ်တိုင်၍ သုံးကြိမ်ထိ ပြန်စစ်ခဲ့ရသဖြင့် နာမည်ကျော်အမှုကြီး ဖြစ်သွားပါသည်။

နိဂုံးချုပ်ရလဒ်အနေဖြင့် ဂိုဒေါင်မှူးသည် ရာထူးသုံးဆင့်ချ၍ နယ်ပြောင်းခံရပါသည်။ မြောက်ပေးသောပုဂ္ဂိုလ်မှာလည်း နယ်ပြောင်းခံရပါသည်။ ကံကံ၏ အကျိုးကို ခံစားရရှာသည်။ ကျွန်တော်ကိုယ်တိုင်ကမူ ရုံးချုပ်သို့ ပြန်လည်ပြောင်းရွှေ့ခံခဲ့ရပါသည်။ ခိုးယူခံရသော ပစ္စည်း၏တန်ဖိုးမှာ (၂၄၅) ကျပ်သာရှိပြီး ပစ္စည်းဆုံးရှုံးမှုမရှိသည့် ဤအမှုသည် ကျွန်တော်အား တောင်ဘက်သို့ ပြောင်းရွှေ့ရန်အတွက် ဖန်တီးဖြစ်ပေါ်လာသည့် အမှုသာဖြစ်သည်ဟု ကျွန်တော်ယုံကြည်နေမိပါတော့သည်။ မည်သည့်ပုဂ္ဂိုလ်များက မည်သည့်အကြောင်းများကြောင့် ကျွန်ုပ်အား တောင်ငူမှဆွဲထုတ်ခဲ့ကြပါလိမ့်။ ကျွန်ုပ်ဆုတောင်းခဲ့သည့်အတိုင်း တောတောင်ရေမြေခရီးဆန့်၍ မကျွတ်မလွတ်သူတို့အား ပရိတ်တရားများပူဇော်ကာ အမျှအတန်းပေးဝေစေလို၍များ ပြောင်းခဲ့တာလားဟုထင်ခဲ့မိပါသည်။

အထက်ပါ အမှုအခင်းဖြစ်နေစဉ် အတွင်း ကျွန်တော်တို့အဖွဲ့မှာ ရုံးတွင် တွဲဖက်ခံထားရသဖြင့် အားလပ်ခွင့်ရနေသည့်အလျောက် တစ်နေ့ (၅) နာရီအထိ တရားထိုင်ခြင်း၊ သက်သတ်လွတ်၊ သွေးလွတ်သားလွတ်စားခြင်း၊ ဝီပိတ်အဓိဋ္ဌာန်ဝင်ကာ မြို့ပြင်ရှိ ရွှေဂူကြီးဘုရား၌ သွားရောက် တရားအားထုတ်ခြင်းကို ပြုလုပ်သည်။ တစ်ညတွင် ကျွန်တော်သည် အိမ်ရှိဘုရားခန်း၌ ဝတ်တက်ရင်း ဆုတစ်ခုကိုတောင်းခဲ့မိပါသည်။

'အကယ်၍ ကျွန်ုပ်သည် ပြောင်းရွှေ့ရန်အကြောင်းပေါက်ပေါက်ပါက ပဲခူးလုပ်ငန်းခွဲသို့ပြောင်းရွှေ့ရပါလို၏။ပဲခူးမြို့နှင့်နီးသော ဒေးစွန်ပါတောင်ရှိ အောင်တော်မူစခန်း၌ တရားဘာဝနာပွားများအားထုတ်၍သာသနာ့အကျိုးဆက်လက်ထမ်းဆောင်ရပါလို၏'

ဟု ဆုတောင်းခဲ့ပါသည်။

ပဲခူးမြို့လုပ်ငန်းခွဲရှိ ကျွန်တော်၏ မိတ်ဆွေ ဦးသိန်းအေးမှာ တခြားတစ်နေရာသို့ ပြောင်းရွှေ့ရမည့် သတင်းကိုကြားသိ၍ လစ်လပ်သွားသော သူ၏ နေရာကိုသွားလိုကြောင်း ဆုတောင်းခဲ့ခြင်း ဖြစ်ပါသည်။

ထိုသို့ဆုတောင်းပြီး မကြာမီရက်ပိုင်းအတွင်း၌ ဆရာဦးစိန်အား တတိယနှင့် နောက်ဆုံးအကြိမ်တွေ့ခဲ့ရပြန်သည်။

သူက -

"ခင်ဗျား တစ်နေရာကို ပြောင်းဖို့ အဓိဋ္ဌာန်ထားတယ် မဟုတ်လား"

ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်ကလည်း မှန်ကန်ကြောင်း ဝန်ခံသည်။

"အဲဒီလူကလည်း တစ်နေရာကို ပြောင်းရမှာပဲ။ အင်း - ခင်ဗျား အဲဒီကို မပြောင်းရဘူး။ တောင်ဘက်ကိုပဲပြောင်းရမယ်။ ဟိုမှာ အလုပ်နှစ်ခုလုပ်ရမယ်။ တစ်ခုက ဂန္ဓာရီလှည့်ရမယ်။ ရေငန်ပိုင်က ခင်ဗျားကိုဆွဲနေတယ်"

ပြောပြောဆိုဆို နှုတ်ဆက်ထွက်သွားခဲ့ပါသည်။

ကျွန်တော် အထူးပင် ကြောက်ရွံ့တုန်လှုပ်မိပါသည်။ ဆိတ်ကွယ်ရာအရပ်၊ မမြင်ကွယ်ရာအရပ်၊ လုံခြုံစိတ်ချရပါသည်ဆိုသောအရပ်သည် အဘယ်မှာရှိပါတော့မည်နည်း။ မိမိတစ်ဦးတည်းနေသောအိမ်ကြီးပေါ်၌ တိုးတိုးတိတ်တိတ်တောင်းဆိုခဲ့သော ဆုတောင်းစကားကို ဆရာဦးစိန်ဆိုသောပုဂ္ဂိုလ်က တစ်လုံးမကျန်ဖွင့်ချပြောဆိုခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် မိုင် (၁၀၀) ကျော်ဝေးသည့် ပဲခူးမြို့မှ ကျွန်တော့်မိတ်ဆွေ ပြောင်းရွှေ့ရမည့်ကိစ္စကိုပါပြောသွားသေးသည်။

ကိုယ်ပြောသမျှ၊ လုပ်သမျှတို့ကို သူတော်စင်ပုဂ္ဂိုလ်များကပင် သိနေကြပါလျှင် ကျင့်ကြံအားထုတ်၍ ခရီးပေါက်မြောက်ကြသည့် အရိယာပုဂ္ဂိုလ်များ ရဟန္တာအရှင်မြတ်တို့ဆိုပါလျှင် အဘယ်ဆိုနိုင်ဖွယ်ရာရှိပါတော့မည်နည်း။

ဆိတ်ကွယ်ရာအရပ်ဆိုတာ မရှိဘူး၊ မမြင်ကွယ်ရာအရပ်ဆိုတာမရှိဘူး မဟုတ်တာကိုမလုပ်မိစေနဲ့။ အကုသိုလ်အလုပ်ကိုမလုပ်မိစေနဲ့၊ မပြောမိစေနဲ့ အမြဲသတိထားဆိုသည့်အတွေးများသာ ကျွန်တော့်အား ထာဝရလွှမ်းမိုးနေပါတော့သည်။

မကောင်းမှုကိုရှောင်၍ ကောင်းမှုကိုဆောင်ရန်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ဘဝသင်ခန်းစာကိုရရှိခဲ့ပါကြောင်း တင်ပြလိုက်ပါတော့သည်။

### ၅။ ရေငန်ပိုင်လော၊ ဆိုင်ရာလော

ကျွန်တော်သည် တောင်ငူမြို့မှ ရန်ကုန်မြို့သို့ ပြန်လည် ပြောင်းရွှေ့လာပြီးနောက် ရန်ကုန်ရုံးချုပ် ဘဏ္ဍာရေးဌာနတွင် တာဝန်များထမ်းဆောင်ခဲ့ရပါသည်။ ဘဏ္ဍာရေးဌာနတွင် ယခင်ကပင် လုပ်ကိုင်ခဲ့ဖူးသဖြင့် လုပ်ငန်းများကို ကောင်းစွာ သိရှိထားပြီး ဖြစ်ပါသည်။ နိုင်ငံတစ်ခုလုံးရှိ လုပ်ငန်းခွဲရုံးများ၊ ဂိုဒေါင်များ၊ ဆိုင်များ၏နှစ်ချုပ်စာရင်းကို ရေးဆွဲရသဖြင့် ငွေစာရင်းစာအုပ်များ၊ ဂဏန်းတွက်စက်များနှင့်သာ အချိန်ကုန်ကြရသည်။

သို့သော် ရုံးချုပ်သို့ရောက်လာသောအခါ အထက်မှ တာဝန်ပေးချက်အရ နိုင်ငံတစ်ဝန်းရှိ လုပ်ငန်းဌာနဆိုင်၊ ဂိုဒေါင်များကို စစ်ဆေးရန်တာဝန်



www.burmeseclassic.com

www.burmeseclassic.com

ကိုပါ ထမ်းဆောင်ရပါသည်။ တစ်ကြိမ် စစ်ဆေးရန် ခရီးထွက်လျှင် ရက် (၂၀) မှ တစ်လခန့်ကြာပြီး လစဉ်သော် လည်းကောင်း၊ လခြားသော် လည်းကောင်း စစ်ဆေးရေးထွက်ကြရပါသည်။

စစ်ဆေးရေးမှတ်တမ်းများအရ တိုင်းဒေသကြီးနှင့်ပြည်နယ် (၁၄) ခုရှိ မြို့ရွာပေါင်း (၁၅၀) ကျော်နှင့် ဘုရားစေတီများ၊ ဂူ၊ လိုဏ်၊ ဘုရားများကို ထောင်ချီ၍ ရောက်ရှိပူဇော်လှူဒါန်းနိုင်ခွင့်ကိုရရှိခဲ့ပါသည်။ ထူးခြားသော ဆရာတော်ကြီးများကိုလည်း ဖူးတွေ့ခွင့်ရရှိခဲ့ပါသည်။ ရောက်ရှိလေရာ ဘုရားဂူလိုဏ်များ၌ တရားထိုင်ခြင်း၊ ဓမ္မစကြာသုတ်နှင့် ပရိတ်တော်များ၊ မဟာပဋ္ဌာန်းတော်၊ တောင်တန်းဆရာတော်ဘုရားကြီး၏သတသဟဿကာရဂါထာတော်၊ ယေစဗုဒ္ဓါ၊ နမောတော၊ ဒိဝါတပတိဂါထာတော်များကို ဝေနေယျတို့နာကြားနိုင်ရန် ရွတ်ဖတ်ပူဇော်အမျှဝေနိုင်ခဲ့ပါသည်။ ရွှေသင်္ကန်းကပ်လှူခြင်း၊ ရောင်တော်ဖွင့်ခြင်းများကိုလည်း မမေ့မလျော့ ပြုလုပ်ခဲ့ပါသည်။

သို့ဖြစ်၍ ဆရာဦးစိန်ပြောကြားသကဲ့သို့ အလုပ်နှစ်ခုကိုလုပ်ခဲ့ရပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်တော်သည် ဧရာဝတီတိုင်းဒေသကြီးရှိမြို့ပေါင်း (၂၀) ကျော်ကို စစ်ဆေးသည့် ခရီးလမ်းတွင် ရောက်လျက်ရှိပါသည်။ ရေငန်ပိုင်က ဆွဲနေတယ်ဆိုသောစကားနှင့်အညီ ကြုံတွေ့ခဲ့ရသော ရေငန်ပိုင်မှ ထူးခြားသည့် ဖြစ်ရပ်ဆန်းတစ်ခုကို တင်ပြလိုက်ရပါသည်။

ကျွန်တော်တို့၏စစ်ဆေးရေးအဖွဲ့တွင် အဖွဲ့ဝင်လေးဦးပါဝင်၍ မြောင်းမြခရိုင်အတွင်းရှိ မြို့နယ်များအား လှည့်လည် စစ်ဆေးကြရပါသည်။ လပွတ္တာမြို့၌ စစ်ဆေးပြီးသောအခါ မြို့ပေါ်ရှိ သကျရှိန်ဘုရား၊ နေမင်းတင်လမင်းတင်ဘုရားများကို လည်းကောင်း၊ မော်ကျွန်းမြို့မှ လောကသကျမာရဇိန်ဘုရား၊ ရတနာဝတီသာဘုရားနှင့် ပြည်လုံးချမ်းသာဘုရားများကိုလည်းကောင်း ဝင်ရောက်ပူဇော်လှူဒါန်းခဲ့ပါသည်။

ဝါးခယ်မမြို့ရှိ ရှစ်မျက်နှာဘုရား၊ သကျမဟာသီရိဘုရား၊ မြသိန်းတန်ဘုရားများ ဝင်ရောက်ပူဇော်၍ လုပ်ငန်းတာဝန်များလည်း ပြီးဆုံးခဲ့သဖြင့် မြောင်းမြမြို့သို့ ပွဲထောင်လှေဖြင့် ပြန်လည်ကာ ထွက်ခွာလာကြပါသည်။ အချိန်မှာ ည (၇) နာရီခန့်ရှိပြီး ဖြစ်ပါသည်။ ဝါးခယ်မမြို့မှ မြောင်းမြမြို့သို့ သွားရသောချောင်း၏ ကမ်းပါးနှစ်ဖက်မှာ လယ်ကွင်းများနှင့် စပါးခင်းများသာ ရှိပါသည်။ တစ်ခါတစ်ရံ ကမ်းပါး၌ လယ်စောင့်တဲအိမ်တစ်လုံး၊ နှစ်လုံးစကို တွေ့ရ၏။ တိုက်ခတ်လာသောလေပြည်နှင့်အတူ ယိမ်းနွဲ့လှုပ်ရှားနေသော စပါးခင်းများ၊ ပုရစ်နှင့် ပိုးမွှားအော်သံများကို ပတ်ဝန်းကျင်၌ မြင်နေ၊ ကြားနေရသည်။ လပြည့်နေ့မတိုင်မီရက်ဖြစ်သဖြင့် မြို့ပြနှင့် ခြားနားလှသည့် လရောင်အောက်မှ သဘာဝအလှများကို ကြည့်ရှုခံစားရင်း လိုက်ပါခဲ့ပါသည်။

သို့သော် ခရီးစထွက်လာ၍ မကြာမီပင် ပွဲထောင်လှေ၏ ပန်ကာကြိုးမှာပြတ်တောက်သွားပြီး လှေမှာရပ်သွားပါတော့သည်။ လှေကို လှော်တက်ဖြင့် ထိန်းရင်း တရွေ့ရွေ့သာ ခရီးဆက်ခဲ့ရသည်။ ကျွန်ုပ်မှ ပွဲထောင်မောင်းသူအား လမ်းမှ ဖြတ်သွားမည့်လှေများတွင် ပန်ကာကြိုးအပိုပါ၊ မပါနှင့် အကူအညီတောင်း၍ ရနိုင်၊ မရနိုင်ကို မေးမြန်းကြည့်ပါသည်။ သူ၏ပြောပြချက်အရ ဤရေကြောင်းခရီးသည် ကမ်းနှစ်ဖက်နှင့် နီးပြီး လယ်ကွက်များသာရှိသဖြင့် မကြာခဏ ဓားပြထွက်တိုက်၍ ညအခါ လှေများအသွားအလာမရှိကြောင်း၊ အကူအညီတောင်းခံပါကလည်း လူဆိုး၊ လူကောင်း မကွဲပြား၍ လှေချင်းအကပ်မခံဘဲ အကူအညီလည်းမရကြောင်း ပြောပါသည်။ သူ၏ပြောပြချက်အရ ဆိုလျှင် တအိအိသွားနေသော ကျွန်ုပ်တို့လှေဆိုပါက ဓားပြတိုက်၍ပင်ကောင်းနေသဖြင့် စိုးရိမ်မိပါသည်။

လှေမောင်းသူမှ ဆက်လက်ပြောကြားရာတွင် ဤလမ်း၌ စီဘီရေနံတွဲများလည်း ဖြတ်သန်းကြကြောင်း၊ ရေနံတင်တွဲမှာ ဝမ်းပြားဖြစ်ပြီး ကြီးမားကျယ်ပြန့်သဖြင့် လှေငယ်များမထိန်းသိမ်းနိုင်ပါက စီဘီတွဲအောက်သို့ ဝင်သွားနိုင်ကြောင်း ပြောပြန်သည်။ ကျွန်ုပ်တို့အဖြစ်မှာ ကမ်းသို့လည်းမကပ်ရဲ၊ ရေလယ်သို့လည်း မလှော်ရဲဘဲ အန္တရာယ်နှင့်တွေ့ကြုံနေပါသည်။ အခုမှပင် အဖွဲ့သားများလည်း ဇာတ်ရည်လည်ကာ နိုးနိုးကြားကြားဖြစ်လာပါတော့သည်။

ကျွန်ုပ်အနေဖြင့်လည်း စမ်းသပ်မှုတစ်ခုကို ပြုလုပ်ချင်စိတ်ဖြစ်ပေါ်လာပါသည်။ ယင်းမှာ တောင်ငူမှ ဆရာဦးစိန်ပြောသောစကားကို သတိရမိ၍ ဖြစ်ပါသည်။ ကျွန်ုပ်အား တောင်ဘက်ကို ပြောင်းရမယ်။ ရေငန်ပိုင့်ကဆွဲနေတယ်ဟူ၍ ပြောသောစကားအတိုင်း တောင်ဘက်ကို အမှန်တကယ်ပြောင်းခဲ့ရပြီး အဆွဲကောင်း၍လားမသိ ရေငန်ပိုင်ထဲရောက်ရုံတင်မက ဒုက္ခပါကြုံနေရပြီးဖြစ်ပါသည်။ ရေငန်ပိုင်က ဆွဲနေသူမို့ ကျွန်ုပ်ကို စောင့်ရှောက်ရန်မှာ ရေငန်ပိုင်တွင် တာဝန်ရှိသည်ဟု ထင်ပါသည်။ သို့ဖြစ်၍ ရေငန်ပိုင်ဦးရှင်ကြီးနှင့် ဆိုင်ရာပုဂ္ဂိုလ်တို့ကို အကူအညီတောင်းမည်ဟု အကြံရလာပါသည်။ ကျွန်ုပ်၏အဖွဲ့သားများကိုလည်း အကူအညီတောင်းမည့် အစီအစဉ်ကို ကြိုတင်အသိပေးလိုက်ပါသည်။ ထိုအကြံကို အားလုံးက လက်ခံအားပေးကြပါသည်။

ကျွန်တော်သည် လှေဦးတွင် အမွှေးတိုင်ထွန်း၍ ဘုရားဝတ်တက်ရာတွင် ရေငန်ပိုင်ဦးရှင်ကြီးနှင့် ဆိုင်ရာပိုင်ရာအားလုံး မလွတ်ကျွတ်သေးသူများကိုပါ တရားနာကြွပါရန် ဖိတ်ကြားပြီး တရားထိုင်ခြင်း၊ ပရိတ်တရားများရွတ်ဆိုပူဇော်ခြင်းများကိုပြုလုပ်ပြီး မေတ္တာပို့၊ အမျှအတန်းများ ပေးဝေလိုက်ပါသည်။

"ရေငန်ပိုင်ဦးရှင်ကြီး ကျွန်ုပ်သည် သင်၏အမည်ကိုခေါ်၍ လည်းကောင်း၊ ဆိုင်ရာပိုင်ရာဝေနေယျတို့အား လည်းကောင်း နှစ်ပေါင်းများစွာကပင် မေတ္တာပို့၊ အမျှအတန်းပေးဝေလျက်ရှိပါသည်။ ထို့အပြင် သူတစ်ပါးအသက်သတ်ခြင်း၊ သူတစ်ပါး သားမယားအား ပြစ်မှားခြင်း၊ အရက်သေစာသောက်စားခြင်းများကိုလည်း အသက်ထက်ဆုံး ရှောင်ကြဉ်ကြောင်း သစ္စာကိုလည်းပြုပြီးဖြစ်ပါသည်။ ဤသစ္စာစကားသည် မှန်ကန်ပါသည်။ ယခုအခါ ကျွန်ုပ်သည် သင်၏ ပိုင်ရာဆိုင်ရာနယ်မြေတွင် ဒုက္ခအခက်အခဲများနှင့် ကြုံတွေ့နေရ၍ လိုရာခရီးသို့ ချမ်းသာစွာရောက်ရှိရေးအတွက် ကူညီစောင့်ရှောက်ရန် မေတ္တာရပ်ခံပါသည်" ဟု ပြောဆိုလိုက်ပါသည်။ ထို့နောက် ဆက်လက်၍ မေတ္တာသုတ်ကို အကြိမ်ကြိမ် ရွတ်ဆိုခဲ့ပါသည်။ ကျွန်တော်၏အဖွဲ့သားများကလည်း မည်သို့ထူးခြားလာမလဲဆိုသော အတွေးများဖြင့် ငြိမ်သက်စွာ လိုက်ပါလာကြသည်။

အခိုက်အတန့်ကာလအတွင်းမှာပင် ပွဲထောင်လှေတစ်စီး၏တဘုတ်ဘုတ်နှင့် နီးကပ်လာသောစက်သံကို ကြားရပါသည်။ မကြာမီ စက်လှေတစ်စီးကို မြင်တွေ့ရသော်လည်း လှေရှင်ပြောသကဲ့သို့ လူဆိုး၊ လူကောင်းမကွဲပြား

www.burmeseclassic.com

သဖြင့် တိတ်တဆိတ်ပင် ကြည့်နေကြပါသည်။ ထိုလှေမှာ ကျွန်တော်တို့လှေအား ဖြတ်ကျော်တက်ရင်း -

"ဘယ်သွားမလို့လဲဗျို့"

ဟု လှမ်းမေးပါသည်။

ကျွန်ုပ်တို့လှေရှင်မှလည်း မဆိုင်းမတွပင် -

"မြောင်းမြသွားမလို့၊ ပန်ကာကြိုးပြတ်သွားလို့ အပိုပါရင်ပေးခဲ့ပါ"

ဟု ပြန်ဖြေလိုက်ပါသည်။

တစ်ဖက်လှေမှ ၎င်းတို့၏စက်လှေကို စက်ရပ်လိုက်ပြီး -

"ကျွန်တော်တို့လည်း မြောင်းမြသွားမလို့၊ ပန်ကာကြိုးတော့အပိုမပါဘူး။ ကြိုးပဲပါတယ်၊ ဆွဲသွားပေးမယ်"

ဟု ပြောကာ ကျွန်တော်တို့၏ စက်လှေအား ကြိုးဖြင့်ဆွဲကာ မြောင်းမြမြို့ ဆိပ်ကမ်းအထိ ပို့ဆောင်ပေးခဲ့ပါသည်။ စက်လှေချင်း အလှမ်းဝေး၍ မည်သူမည်ဝါပင် မသိလိုက်ရသော စက်လှေအား ပြန်လည် ထွက်ခွာသွားသည်ကိုသာမျှော်ကြည့်ရင်း ကျေးဇူးတင်စကားတို လှမ်းအော်ပြောလိုက်ရပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် သစ္စာစကားကိုဆို၍ အောင်ပွဲတစ်ခုကို ရရှိခဲ့ပါသည်။ ကျွန်ုပ်၏ အဖွဲ့အားကြိုတင်အသိပေး၍ ဆောင်ရွက်ခဲ့သည်မှာလည်း ကျွန်ုပ်သည် သစ္စာတရားကို ယုံကြည်၍ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည်လည်း ချမ်းသာသုခနှင့်ပြည့်စုံသည့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောလမ်းကို သစ္စာတရားဖြင့် ခရီးသွားကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတော့သည်။

### ၆။ ဖားနတ်သား

ကျွန်တော်သည် မြောင်းမြမြို့၌ ရုံးများ၊ ဆိုင်များအားစစ်ဆေး၍ တာဝန်ချိန်ပြင်ပတွင် စကြာနန္ဒ၊ စကြာသီဟ ဘုရားများအပြင် မြို့၏အနောက်တောင်ဘက် ခုနစ်မိုင်အကွာ တောတွင်းရှိ မြစိမ်းတောင်ဘုရားများကို သွားရောက်ဖူးမြော်လျှူဒါန်းခဲ့၏။ မြစိမ်းတောင်တစ်ကြောတွင် ဘုရားစေတီပေါင်းများစွာတို့သည် သစ်ပင်ချုံနွယ်များကြား၌ နှစ်ပေါင်းများစွာ ကိန်းဝပ်စံပယ်လျက်ရှိနေကြပါသည်။ ပြိုအက်ကျိုးပဲ့နေသောစေတီများ၊ရုပ်ပွားတော်များကိုလည်း ဖူးတွေ့ရသည်။ တောင်ပေါ်ရှိ မြစိမ်းတောင်ဆရာတော်ကြီးက မန္တလေးနှင့် ပုဂံကဲ့သို့ နောင်တစ်ချိန်တွင် သာသနာပွင့်ထွန်းလာမည့် မြစိမ်းတောင်သာသနာကို စောင့်ရှောက်ထိန်းသိမ်းနေပုံများ၊ မြစိမ်းတောင်ဘုရားသမိုင်းများကို ပြောပြပါသည်။ 'မြစိမ်းတောင်ညိုထီးရိပ်ခို သာသနာနေသို့ထွန်းလတ္တံ့' ဆိုသော တဘောင်နှင့်အညီ အနာဂတ်သာသနာအတွက်စောင့်ရှောက်နေပုံများကို ရှင်းပြသည်။

ထိုမှအပြန်တွင် လက်၌ စမများပေါ်ပေါက်နေသော ညောင်ပင်ကြီးဆရာတော်နှင့် မဟာဗောဓိမြိုင်ဆရာတော်၏ မပုပ်သိုးသော ရုပ်ကလာပ်ကို ဝင်ရောက် ဖူးမြော်ခဲ့ပါသည်။

မြောင်းမြမြို့၌ ကျွန်တော်သည် အဘအောင်မင်းခေါင် တည်ထားသော ကမ္ဘာအေးစေတီတွင် ည၊ နံနက် တရားထိုင်သည်။ တရားထိုင်ရာစေတီအနီးရှိ သစ်ပင်ကြီးမှ နံနက် (၄) နာရီတွင် အိပ်တန်းပြန်လာသော ထောင်သောင်းမကသော လင်းဆွဲများ၏အသံများကို ကြားနေရသည်။ (၁၀) ရက်ခန့်ကြာပြီးနောက် ကမ္ဘာအေးစေတီတော်၏ စိန်ဖူးတော်ရှိ မာကျူရီမီးလုံးကျွမ်းနေသည်ကိုပြန်လည်တပ်ဆင်ရန် ငွေလှူသည်။ ထိုအခါ ဂေါပကလူကြီးများက ကျွန်တော့်အား အမိဋ္ဌာန်ခရီးလာရောက်ပါသလားဟု မေးမြန်းစုံစမ်းကြသည်။ ကျွန်တော်မှ တာဝန်အရလာသောခရီးဖြစ်ကြောင်း ရှင်းပြပါသည်။ ထိုအခါ ဂေါပကလူကြီးမှ မကြာသေးမီကာလက ဘုရား၌ ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်တစ်ခုကို ပြောပြခဲ့ပါသည်။

ဂေါပကအဖွဲ့မှ ပြောပြရာတွင် ယခု ဆရာကြီးတရားထိုင်နေသည့် စေတီတော်ကို တည်ထားခဲ့သော ဘုရားဒါယကာကြီးမှာ ဘုရားတည်၍ မပြီးသေးခင် လွန်ခဲ့သောနှစ်က ကွယ်လွန်ခဲ့ပြီး မကျွတ်လွတ်ဘဲ ဖားကြီးဖြစ်နေကြောင်း ပြောပါသည်။ ကျွန်တော်မှ မကျွတ်လွတ်သေးကြောင်း မည်သို့သိရှိပါသလဲဟု မေးမြန်းရာ ထိုဘုရား၌ လူများတရားလာထိုင်ပါက အဆိုပါဖားကြီးမှာ ဘုရားဆင်းတုတော်၏နောက်ကျောဘက်မှထွက်လာပြီး တရားထိုင်သူ၏ရှေ့တွင် မျက်နှာချင်းဆိုင်၍ တရားလာနာကြောင်း၊ အမျှအတန်းပေးဝေပါက လှာကိုထုတ်၍ခေါင်းညိတ်ကြောင်း၊ ပြီးလျှင် ဘုရားဆင်းတုတော်၏ နောက်ကျောဘက်သို့ ပြန်ဝင်သွားကြောင်း ပြောပြပါသည်။ ယင်းကဲ့သို့ နေ့စဉ်ပြုလုပ်နေ၍ ဖားကြီးအား ဘုရားဒါယကာကြီးလားဟုမေးလျှင် ခေါင်းညိတ်ပြကြောင်း မကျွတ်သေးဘူးလား မေးလျှင် လည်းကောင်း၊ တရားလာနာတာလား မေးလျှင် လည်းကောင်း ခေါင်းညိတ်ပြကြောင်း ပြောပါသည်။ ထိုဖြစ်ရပ်ကို မြို့မှကြားသိသူများ ဓာတ်ပုံရိုက်ခြင်း မေးခွန်းများမေးမြန်းခြင်းများကိုလည်း ခေါင်းညိတ်ကြောင်း၊ ယခုအခါ ဖားကြီးမှာ မတွေ့ရတော့သဖြင့် ကျွတ်လွတ်သွားပြီးဖြစ်သည်ဟု ယုံကြည်ကြောင်း ပြောပါသည်။

အထက်ပါဖြစ်ရပ်မျိုးသည် ဗုဒ္ဓရှင်တော်မြတ်လက်ထက်တော်အခါကလည်း ဖြစ်ခဲ့ဖူးကြောင်း ဗုဒ္ဓစာပေတွင် ဖတ်ရှု ခဲ့ဖူးပါသည်။ ဘုရားရှင်ဟောတော်မူ သော တရားသံကို ကြည်ညိုနှစ်မြော နေသော ပရိသတ်အစွန်းမှ ဖားသူငယ် သည် နွားကျောင်းသား၏တုတ်ဖြင့်ဖိမိ ၍ သေလွန်သောအခါ နတ်ပြည်၌ နတ်သားဖြစ်ခဲ့ကြောင်း ဖတ်ရှုခဲ့ရ သည်။ ဤဘုရားဒါယကာကြီးမှာလည်း မကွယ်လွန်ခင် လူဘဝ၌ ကြည်ညိုသ စိတ်ဖြင့် ဘုရားတည်ခဲ့ရသော ကုသိုလ် အပြင် ဖားဘဝ၌ အစဉ်ကြားနာရသော တရားကုသိုလ်တို့၏ အဖို့ဘာဂကြောင့် ဖားနတ်သားကဲ့သို့ မြင့်မြတ်သော ဘုံဘဝမှာ ရောက်ရှိနေမည်ဖြစ်ကြောင်း ယုံကြည်မိပါသည်။ ဘုရားရှင်သာ သက်ရှိထင်ရှားရှိခဲ့ပါလျှင် ဤဘုရား ဒါယကာကြီး၏ မြတ်သောလားရာဂတိ ကို မချွတ်ဧကန် လျှောက်ထားမေးမြန်း မိမည်သာ ဖြစ်ပါတော့သည်။ ဘုရားရှင် လက်ထက် လင်းနို့သားငါးရာတို့သည် လည်း တရားသံများကို ကြားရသည့် ကြောင့် နောင်ဘဝတွင် ရဟန္တာငါးရာ အဖြစ် ရရှိခဲ့သည်သာဓကရှိခဲ့ပါသည်။

ထိုကဲ့သို့ လောက၌မကျွတ်မလွတ် သေးသူများနှင့် သံသရာမှ မိဟောင်း ဖဟောင်း ကျေးဇူးရှင်အနန္တတို့သည် လည်း အနေဆင်းရဲ၊ အစားဆင်းရဲ စသော ဒုက္ခများဖြင့် ကျင်လည်နေကြ ရှာပေလိမ့်မည်။ ကျွန်ုပ်တို့သည် ကျေးဇူး ရှင်နှင့်ဝေနေယျများစွာတို့အပေါ် သနား ကရုဏာ၊ မေတ္တာထား၍ ကျေးဇူးဆပ် တရားများ မပြတ်ရွတ်ဖတ်ပူဇော်ကာ ထာဝရအသိတရားနှင့် သတိထားကြ လိုအပ်မည်ဖြစ်ကြောင်း တင်ပြလိုက်ရ တော့သည်။

စန်းမြင့်(...)
ဟိုပေါင်ယဉ်



www.burmeseclassic.com

www.burmeseclassic.com

သန်းလှိုင်ထွဏ်း(အမြင့်)

# လေးဖက်နာဆေး ဘီလူးတောင်ဝှေး

မနက် (၄) နာရီထိုးပြီဆိုတာနဲ့ ကျွန်တော့်အလုပ်က ပုံမှန်အလုပ်စတင်ပါပြီ။

မီးမွှေးကာရေနွေးအိုးတည်ရသော အလုပ်။ နိစ္စဓူဝကိစ္စဖြစ်ပါသည်။ ရေနွေးဆူပွက်လာပြီဆိုလျှင် ပုံးတစ်လုံးထဲမှာ ရေနွေးပူပူတစ်ဝက်ထည့် ရေနွေးနွေးဖြစ်အောင် ရေအေးနှင့်စပ်ထည့်ပြီးလျှင် ကျွန်တော့်ဇနီးအိပ်စက်ရာခုတင်ဆီသို့ ယူသွားပြီး ခြေထောက်နှစ်ချောင်းကို ယင်နွေးနွေးရေပုံးထဲစိမ်ပြီးထားရပါသည်။ ဤအလုပ်ကိစ္စများသည် (၃) နှစ်ထဲသို့ ရောက်လာပါသည်။ (၁) နာရီခန့် ရေပုံးထဲစိမ်ပြီးလျှင် ကျွန်တော့်အမျိုးသမီး အိပ်ခန်းမှထွက်၍ လမ်းလျှောက်လို့ရပြီ။ အလုပ်လုပ်လို့လည်းရပြီ။ ဒါပုံမှန် နံနက်အချိန်ပါပဲ။ ဖြစ်နေတဲ့ရောဂါကတော့ လေးဖက်နာရောဂါ ဖြစ်ပါသည်။

အင်္ဂလိပ်ထိုးဆေး၊ စားဆေးများဖြင့် အစပထမကုပါသည်။ နောင်ကြာလာသောအခါ လေးဖက်နာရောဂါ ပျောက်၊ မပျောက်မသိပါ။ ခြေ၊ လက်များဖြောင့်တန်းခြင်းမရှိဘဲ ကွေးကွေးကောက်ကောက်ဖြစ်လာသောအခါတွင် အင်္ဂလိပ်ထိုးဆေး၊ စားဆေး လုံးဝမစားတော့ဘဲ အထက်ပါ ရေနွေးရေစိမ်ခြင်းဖြင့် ရောဂါကို ကျော်ဖြတ်ဖို့ ကြိုးစားပါသည်။ ဒါပေမယ့် မရပါ။

တစ်နေ့ ကျွန်တော် သစ်စက်တွင် သစ်လာဝယ်သော မိတ်ဆွေတစ်ဦးနှင့် စကားစပ်မိရင်း ကျွန်တော့်အမျိုးသမီး လေးဖက်နာရောဂါနှိပ်စက်နေကြောင်း၊ ကျွန်တော့်မှာလည်း ပုံမှန် နံနက် (၄)နာရီထိုးပြီး ရေနွေးကျိုအလုပ်မပြတ်လုပ်နေရကြောင်း ပြောပြမိသည်။

"စက်ပိုင်ရှာ၊ ဒါများအဆန်းလုပ်လို့၊ အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေးမခက်ပါ ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျုပ်ပြောတဲ့ဆေးပင်ရအောင် ရှာပါ။ ဆေးပင်ကတော့ ဘီလူးတောင်ဝှေးပေါ့ဗျာ။ ပေါက်တဲ့နေရာမှာတော့ တော်တော်ပေါက်တယ်။ ဒါပေမယ့် ရှာရလိမ့်မယ်။ ကျုပ်တို့အညာမှာ ဒီအပင်မျိုးမေးပြီးရှာရင် ရပါတယ်။ အဲဒီဘီလူးတောင်ဝှေးပင်ရတာနဲ့ ကျုပ်ကိုလှမ်းပြီးအကြောင်းကြားပါ။ အသုံးချတဲ့နည်း ကျွန်တော်ပြောပြမယ်"

"ဟုတ်ကဲ့ပါ ကိုမြင့်ဦး"

နောက်ရက်၌ ဘီလူးတောင်ဝှေးပင်အား ဆိုင်ကယ်တစ်စီးဖြင့် ရှာပုံတော်ထွက်ပါသည်။

ကျွန်တော်တို့၏ ရွာနားတစ်ဝိုက် အမြင့်မြို့ဘုရားစေတီများ၊ ကုန်းမို့မို့ရှိသည့်နေရာ မေးလည်းမေး၊ ရှာလည်းရှာပါသည်။ မတွေ့သေးပါ။ မတွေ့ရခြင်းအကြောင်းမှာ အဲဒီဘီလူးတောင်ဝှေးပင်ကိုမသိသူများနေပါသည်။ ကျွန်တော်လည်း မမြင်ဘူးပါ။

နောက်တစ်ရက် အနိမ့်ကျေးရွာကို ရောက်သွားပါသည်။ ကျွန်တော့်မိတ်ဆွေ ကိုဖေရှိန်အိမ်သို့ရောက်သွားသည်။

"ကိုယ့်လူ ဘယ်တုံး၊ မလာစဖူး အလာထူးတယ်"

"ထူးဆို သူငယ်ချင်းရေ ဘီလူးတောင်ဝှေးပင်လာရှာတာ။ တို့ရွာနားမှာတော့ ဒီအပင်မြင်လည်းမမြင်ဖူးဘူး၊ သိလည်းမသိကြဘူး"

"လာပါ-ဆိုင်ကယ်ထားခဲ့၊ခြေကျင်သွားရအောင်။ နေဦး၊ ဓားတစ်ချောင်းယူခဲ့ဦးမယ်။ ဒီအပင်တွေရှိပါတယ်"

အနိမ့်အနောက်တောင်ဖျားမှာရှိသော စေတီကြီးနားသွားကြသည်။

"အဲဒါ ဘီလူးတောင်ဝှေးပင်ပဲဗျ။ ဒါပေမယ့် တက်ပြီးနုတ်ရမှာမလွယ်ဘူး။ စေတီကလည်းအိုနေတယ်။ ဘုရားပေါ်ဖိနပ်စီးပြီးလည်းတက်လို့မဖြစ်။ ပြိုပြီးကျနိုင်တယ်။ နေဦးဗျ ကိုသန်းလှိုင်ရေ ရွာရဲ့အရှေ့ဘက် (ကိုးဆူတန်း) ဘုရားနားပေါက်တတ်တယ်။ အဲဒီသွားမယ်ဗျာ"

"တွေ့ပါပြီ၊ ကိုးဆူတန်းဘုရားနားမှာပေါက်နေတာဗျို့။ နှမ်းခင်းလားအောက်မေ့ရတယ်"

တစ်ယောက်တစ်ပွေ့စီနုတ်ပြီး ဆိုင်ကယ်ပေါ်တင်၍ပြန်လာကြ၏။

အပင်အမျိုးစားက အရိုးပွပင်ပုံစံဖြစ်ပြီး အပွင့်လေးတွေကဝါဝါလေးတွေ။ အမြစ်က မြေပေါ်မှာပဲတည်ပြီးပေါက်၏။ ခြတောင်ပို့လိုနေရာမှာ များများပေါက်သည်။ အရိုးတံကစိမ်းစိမ်းရယ်။ အပင်အနေအထားက နှမ်းပင်ထွားထွားလောက်ရှိ၏။ အရိုးတုတ်က လက်မအရွယ်စားလောက်ရှိပါမည်။

ဆိုင်ကယ်ပေါ် ရှေ့တစ်ထုံး၊ နောက်တစ်ထုံးနှင့် ကျွန်တော်ပြန်လာပြီး ဝမ်းလည်းသာသွားသည်။ ရှာရကျိုးနပ်သွားပြီလေ။

ရောက်ရောက်ချင်း ကိုမြင့်ဦးကို သွားခေါ်လိုက်သည်။

"ဘယ်မှာလဲ ဘီလူးတောင်ဝှေး"

"ဒီမှာဗျ"

"ဟ - တော်တော်များတာပဲကွ။ ဓားတစ်ချောင်းယူခဲ့ကွာ။ ရေစင်အောင်ဆေး။ တစ်လက်မလောက်ဓားနဲ့စဉ်း။ နှစ်ပြည်သားလောက်ရရင် ဒန်အိုးနဲ့ တစ်နာရီလောက်ပြုတ်။ နောက်ရေအေးနဲ့စပ်ပြီးရေဝအောင်ချိုးလိုက်ပါ။ ရေမချိုးခင် အကြမ်းပန်းကန်တစ်လုံးလောက်သောက်။ ဘီလူးတောင်ဝှေးပြုတ်ရည်ကို တစ်နေ့ (၃) ကြိမ် မှန်မှန်သောက်ပါ။ နေ့တိုင်းသောက်ရမယ်။ (၃) လလောက် နေ့စဉ် ပုံမှန်ပြုတ်ရည်နဲ့ရေချိုးပါ။ မကြာခင် ထူးထူးခြားခြားသက်သာပြီး အရှင်းပျောက်သွားပါလိမ့်မယ်"

အမြစ်ကိုဖြတ်ပြီး ရေစိုနေရာ ရေတွင်းရေကန်နားပြန်ပြီးစိုက်ထားပါ။ အပင်အဖြစ်မြန်ပါသည်။ ဆေးဝါးအဖြစ် အိမ်တိုင်းစိုက်ထားနိုင်လျှင် ပိုကောင်းပါသည်။ ကျွန်တော့်အိမ်မှာစိုက်ထားရာ ဒီနှစ် ရေတွေကြီးသောအခါ လုံးဝသေသွားပါသည်။ အပင်ကအခေါင်းပွမျိုးဖြစ်ပါသည်။

နှစ်ပေါင်း (၁၇) နှစ်၊ (၁၈) နှစ်လောက်ဖြစ်လာသော လေးဖက်နာရောဂါမှာ (၃) လမပြည့်မီ ရေချိုး၊ ပြုတ်ရည်သောက်ဖြင့် ပျောက်ကင်းသွားပါသည်။

ကျွန်တော့်အမျိုးသမီး လေးဖက်နာသွေး ဆရာဝန်ပြ၍ ဆေးစစ်သောအခါ လုံးဝကင်းရှင်းသွားကြောင်း ပြောပြပါသည်။

တိုင်းတာအချက် (၅၀)၊ (၆၀) လောက်ရှိသည့်သွေးအချိန်မှာ လေးဖက်နာရှိသည်ဟု မခေါ်နိုင်တော့ကြောင်း ရှင်းပြပါသည်။

ကျွန်တော်၏ဝဋ်ဒုက္ခလည်းလွတ်သွားပြီမို့ ကိုမြင့်ဦးကို အထူးကျေးဇူးတင်ပါသည်။ မမြင်ဘူး၊ မသိဘူးသော ဘီလူးတောင်ဝှေးပင်ရှာပေးသည့် အနိမ့်ရွာ (သို့) သုံးပန်လှရွာမှ ကိုဖေရှိန်အားလည်း အထူးကျေးဇူးတင်ရှိပါသည်။

လေးဖက်နာရှိသောမိတ်ဆွေများ ဤဆေးနည်းနှင့်ကုသလျှင် ငွေကုန်ခြင်းများ သက်သာပြီး အလွယ်တကူ ပျောက်ကင်းကြောင်း စေတနာထားပြီး သတင်းကောင်းပါးရင်း ဒါနတစ်ခုပြုလိုက်ပါသည်။

သန်းလှိုင်ထွဏ်း(အမြင့်)



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုရေ၊ ဘုရားခန်းကို ခဏ လာပါ"

အချိန်က နံနက် (၉)နာရီမျှသာရှိသေး၏။ လက်ဖက်ရည်ဆိုင်မှအပြန်ပြီးခဲ့သောအပတ်က စာတိုက်မှရောက်ရှိလာသော မဂ္ဂဇင်းလက်ဆောင်စာအုပ်ကို ဧည့်ခန်းမှာထိုင်လျက် ကျွန်တော် ဖတ်ရှုနေစဉ် ဖြစ်ပါသည်။

အိမ်သူက ဘုရားကျောင်းဆောင်မှာ ဘုရားပန်းများလဲလှယ်ပြီး သန့်ရှင်းရေးလုပ်နေ၏။ အိမ်သူ၏အသံကြောင့်-

"အေးအေး - လာပြီ၊ လာပြီ"

ဟု ဆိုလျက် ကျွန်တော် ဘုရားခန်းဘက်ကိုဝင်လိုက်သည်။

သည်။ သူတို့အားလုံးကလည်း တညီတညွတ်တည်းပင် -

"ဟုတ်တယ် အဖေ၊ ဘုရားမျက်နှာတော်ကပြုံးနေတယ်"

ဟု ဖြေကြသည်။

ဘုရားဆောင်အတွင်းမှာ ဒက္ခိဏာသာခါအသားရွှေချဘုရားသုံးဆူ၊ လာဘမုနိအသားရွှေချဘုရားတစ်ဆူ၊ ဒက္ခိဏာသာခါ ကြေးဘုရားတစ်ဆူ စုစုပေါင်း ဘုရားငါးဆူ ကျွန်တော် ကိုးကွယ်ထားရှိသည်။

"အစ်ကို၊ ကြေးဘုရားမျက်နှာတော်ပြုံးနေပြီ"

နံနက်လေးနာရီ ကျွန်တော် ပုံမှန်အိပ်ရာကထသည်။

ကိုယ်လက်သန့်စင်ဆေးကြောပြီး ဘုရားခန်းကိုဝင်သည်။ မျက်နှာသစ်တော်ရေ၊ သောက်တော်ရေချမ်းကပ်လှူပူဇော်သည်။



အိမ်သူသည် သူ့ရင်ဘတ်ကို ညာဘက်လက်ဖြင့် ဖိထားရင်းကနေ ကြေးဆင်းတုတော်ကို ကြည့်နေပါ၏။

အိမ်သူက လွန်စွာအံ့အားသင့်အံ့ဩပုံဖြစ်နေ၏။

"ဘုရားမျက်နှာတော်ကို သေသေချာချာကြည့်ပါဦး ဘုရားမျက်နှာတော်က ပြုံးနေတယ် အစ်ကို"

အမှန်ပင် ဘုရားမျက်နှာတော်က ပြုံးနေပုံကို ကျွန်တော် တွေ့ပါသည်။ စိတ်ထင်လို့လားဟုထင်ပါသောကြောင့် အိမ်သူပြောသကဲ့သို့ ကျွန်တော် အသေအချာကြည့်ပါသည်။ ဘုရားဆောင်ကို လေးပေမီးချောင်းထွန်းညှိပူဇော်ထားရာ လျှပ်စစ်မီးရောင်အောက်တွင် ကျွန်တော် ကောင်းစွာ ဖူးမြင်ရပါလေ၏။

သို့ဖြင့် အိမ်မှရှိသမျှ သားလတ်၊ သမီးငယ်၊ သမီးကြီးတို့ကိုခေါ်ပြီးမြ

ဒက္ခိဏာသာခါ ကြေးဘုရားကရှေးဘုရားဖြစ်သည်။

ဉာဏ်တော် ကိုးလက်မ ရှိသည်။ ရွှေချထားသည်။ မကိုဋ်တော်ကို ကျောက်နီကျောက်စိမ်းများချထားသည်။ ထုဆစ်ပုံကောင်းလှပါ၏။ အထူးသဖြင့် မျက်နှာတော်က ကြည်ညိုဖွယ်အပြည့်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကန်တော့၊ ငါးပါးသီလခံယူ၊ မေတ္တာပို့၊ အမျှအတန်းပေးဝေ၊ ပဋ္ဌာန်းဝါဠိတော် (ပစ္စယုဒ္ဒေသပစ္စယနိဒ္ဒေသ) ရွတ်ဖတ်ပူဇော်ပါသည်။

ကျွန်တော် ပဋ္ဌာန်းပြီးချိန် အိမ်သူက ထမင်းတစ်အိုးကျက်ပါပြီ။

ကျွန်တော် ဘုရားရှင်ကို အရဟံ ဆွမ်းတော်ကပ်ပါသည်။

အားလုံးပြီးချိန် အိမ်သူနှင့်အတူ ဈေးသွား၏။ ကျွန်တော်က လက်ဖက်ရည်ဆိုင်မှာထိုင်၊ အိမ်သူကဈေးအတွင်း တစ်နေ့တာအတွက် လိုအပ်သမျှဝယ်ယူ။

အပြန်မှာ ကျွန်တော်က စာဖတ်၊ စာရေး။ အိမ်သူက မီးဖိုဆောင်ချက်ပြုတ် ပြင်ဆင်၊ ပြီးနောက် ဘုရားခန်းသန့်ရှင်း၊ ဘုရားပန်းလဲလှယ်ပြီး အိမ်သူ ဘုရားကန်တော့သည်။

နေ့ (၁၁) နာရီမှာ ကျွန်တော် ဘုရားဆွမ်းတော်ကပ်ပြီး ကန်တော့သည်။

ည (၉) နာရီနှင့် (၁၀) နာရီကြား ကျွန်တော်တို့ ဘုရားကန်တော့ပြီး အိပ်ရာဝင်ပါသည်။

ရက်တစ်ပတ်မျှကြာသွား၏။

ဆန်းကြယ်စွာ၊ အံ့ဩဖွယ်ရာ၊ ကြေးဆင်းတုမျက်နှာတော်ကပြုံးနေပုံကို ကျွန်တော်တို့ဖူးမြော်နေရပါလေသည်။

ကျွန်တော်သည် လယ်မြေဇကေ အနည်းငယ်၊ ကုန်းမြေဇကေအနည်းငယ်



www.burmeseclassic.com

မျှသာလုပ်ကိုင်ရသူဖြစ်ပါ၏။

သမီးကြီးက ဥပဒေနောက်ဆုံးနှစ်၊ သားလတ်က စီးပွားရေးဒုတိယနှစ်၊ သမီးငယ်က စိတ်ပညာပထမနှစ်တက္ကသိုလ်များတက်နေကြသည်။

အပြိုင်တက်ကြ၊ အပြိုင်ငွေပို့ကြရသဖြင့် ပညာရေးစရိတ်သည် ဝန်ပိနေပါ၏။ သားသမီးများငယ်စဉ် စုမိဆောင်းမိသမျှအချို့ ထုခွဲရောင်းချရသည်။

ပထမလေးလပတ်အပြီး ပြန်လာကြရာမှ ဒုတိယလေးလပတ်သွားကြတော့မည်။

တလင်းမှ ထွက်သမျှ ရောင်းပြီးပေးလိုက်ရမည်။ မိုးစပါးကို စပါးကျီမှာ ထည့်ရတော့မည်မဟုတ်ဟု အောက်မေ့သည်။

တစ်ရက်မှာ ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ယောက် သမီးငယ်နာမည်မေးပြီး အိမ်ဝိုင်းထဲဝင်လာကြသည်။

ကျွန်တော်နှင့် အိမ်သူတို့ အနည်းငယ် ထိတ်ထိတ်လန့်လန့် ဖြစ်ခဲ့ရပါလေသည်။

သို့သော် -

ကျွန်တော်တို့ မိသားစုအားလုံး ပြုံးပျော်ရွှင်လန်းခဲ့ကြရပါသည်။

သမီးငယ် မြို့ထီဆိုင်မှ (၅)စောင်တွဲတစ်တွဲ ထီထိုးခဲ့၏။ ကျောင်းပိတ်ရက်ဖြစ်၍ အိမ်လိပ်စာပေးခဲ့သည်ဆို၏။

ထီဆုကြီးတစ်ဆုပေါက်သဖြင့် ထီဆိုင်မှလိုက်၍အကြောင်းကြားခြင်းဖြစ်သည်။

ထိုည ဘုရားခန်းမှာ အချိန်ကြာ၏။ ရတနာသုံးပါး၊ ဂုဏ်တော်ပုတီးစိပ်ခဲ့ရပါ၏။ မေတ္တာပို့၊ အမျှအတန်းပေးဝေပြီး ဘုရားမျက်နှာတော်ကိုဖူးသည်။

ကြေးဆင်းတုမျက်နှာတော်ကား ပြုံးနေဆဲပါတကား။

❑

ကျွန်တော် ရွာမူလတန်းကျောင်းမှ လေးတန်းအောင်ခဲ့၏။

အလယ်တန်းပညာ (ငါးတန်း)ကို ကျွန်တော်တို့ရွာနှင့် (၂) မိုင်မျှအကွာအဝေးရှိသောရွာကြီးတွင် သွားရောက်သင်ကြားရပါလေသည်။

ကျွန်တော်တို့ဒေသက ဆည်မြောင်းကို မူးဟုခေါ်၏။ ဆည်မြောင်းဖောင်ကို မူးရိုးဟုခေါ်၏။ ဆည်မြောင်းမှ ရေလာသည်ကို မူးရေလာသည်ဟု ပြောကြသည်။

ကျွန်တော်တို့ရွာ၏ အရှေ့ဘက်ကပ်လျက် တောင်မြောက်ဆည်မြောင်းတစ်ခုရှိပါသည်။ ထိုဆည်မြောင်းရိုး (မူးရိုး) ပေါ်မှ ခြေကျင်လျှောက်သော် ကျွန်တော် ငါးတန်းတက်ရမည့် အလယ်တန်းကျောင်းရှိရာရွာကြီးကိုရောက်ပါသည်။

မိုးကာလတွင် မူးရိုးမှ ရွံ့များကပ်သဖြင့် စက်ဘီးဖြင့်သွား၍မရပါ။ ခြေကျင်သာသွားရပါသည်။

မူးရိုးအနောက်ဘက်တွင် ကုက္ကိုပင်များ၊ တမာပင်များတန်းလျက် ပေါက်နေပါသည်။ အရိပ်ကောင်းကောင်းရပါသည်။

မူးရိုးအကျယ်သည် ဆယ့်ငါးပေမျှရှိ၏။ တစ်ပတ်တစ်ခါ နွားဆွဲဂျုတ်တိုက်ထားသဖြင့် မြက်ပင်မရှိ၊ အမှိုက်မရှိပါ။

နံနက် (၈)နာရီမထိုးမီ ထမင်းချိုင့်နှင့်ရွာမှထွက်ပါ၏။ ကျောင်းမတက်မီ ရောက်ပါသည်။ နေ့ကျောင်းဆင်းချိန်မှ ထမင်းစားရသည်။ ညနေ (၄) နာရီ ကျောင်းဆင်း၏။ ငါးနာရီအချိန် ရွာပြန်ရောက်သည်။

စက်ဘီးဖြင့်သွားရလျှင် သက်သာပါသည်။

ရွာနှင့်ကျောင်းခြား မူးရိုးအလယ်တည့်တည့် အရှေ့ဘက် (၂) ဖာလုံခန့် အကွာတွင် ရှေးတောရဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် ရှေးဘုရားများ၊ ဇရပ်ဟောင်းများရှိပါသည်။

ကျောင်းထိုင်ဆရာတော်ကြီးက သက်တော်တစ်ရာရှိပြီဖြစ်၏။

ကျောင်းမှာ ကျောင်းသားငယ်သုံးလေးယောက်နှင့် ဦးပဉ္ဇင်းပျို ရှင်ဇာဂရရှိသည်။ ဆရာတော်ကြီး ဆွမ်းကွမ်းဝေယျာဝစ္စကို ရှင်ဇာဂရနှင့် ကျောင်းသားများလုပ်ကိုင်ပေးရပါသည်။

ကျောင်းဝင်းကား အလွန်ကျယ်သည်။

အလွန်ကြီးမားသော မန်ကျည်းပင်ကြီးများရှိသည်။ ကျောင်းဝင်းအလယ်မှာ ဆရာတော်ကြီး သီတင်းသုံးသော တစ်ထပ်တိုက်သုံးခန်းပတ်လည်ကျောင်းဆောင်ရှိပါ၏။

ကျောင်းအဝင် တောင်ဘက်အပေါက်နှင့် မနီးမဝေးမှာ တစ်ထပ်တိုက်ကျောင်းသေးသေးလေးရှိသည်။ နှစ်ခန်းပတ်လည်မျှသာဖြစ်၏။ ထိုကျောင်းဆောင်ကို ရှင်ဇာဂရ သီတင်းသုံးသည်။

ကျောင်းအရှေ့ဘက် တံတိုင်းများနှင့်ကပ်လျက် ဘုရားသုံးဆူရှိသည်။ ဘုရားတစ်ဆူ၏ အရှေ့ဘက်တံတိုင်းနှင့် ဘုရားကြားတစ်ခန်းပတ်လည်သိမ်ရှိ၏။ အောက်အုတ်ခံအပေါ်ပိုင်းသွပ်မိုးဖြစ်ပါ၏။

ဘုရားများ၏အနောက်ဘက်ဇရပ်အဟောင်းနှစ်လုံးရှိသည်။ ဇရပ်ဟောင်းတစ်လုံး၏အဖီထဲတွင် ကျောင်းသားများနေသည်။

မိုးရွာတစ်ရက် ကျွန်တော် ကျောင်းသို့လာစဉ် မူးရိုးလေးပေါ် အနောက်ရွာများမှ ဆွမ်းခံပြန်လာသော ရှင်ဇာဂရနှင့်ဆုံသည်။

ရွံ့များ၊ သဲများကြောင့် ထိုင်ပြီး ကန်တော့ရန်မဖြစ်ပါသဖြင့် လက်အုပ်ချီ မတ်တတ်ရပ်လျက် အနေအထားဖြင့် အရိုအသေပြု ကျွန်တော် ကန်တော့သည်။

"ညနေကျောင်းဆင်းရင် ဦးပဉ္ဇင်းကျောင်းဝင်ခဲ့ပါ"

ဟု မှာလျက် ရှင်ဇာဂရကြွသွားသည်။

ဦးပဉ္ဇင်းနှင့် ကျွန်တော်သည် သိကျွမ်းခင်မင်ရင်းနှီးခြင်းမရှိ၍ အံ့သြသွားပါသည်။ သို့ဖြင့် ညနေပိုင်း ကျောင်းဆင်းသောအခါ ကျွန်တော်ဝင်ဖြစ်ပါသည်။

ရှင်ဇာဂရက မိန့်ကြားပါသည်။

မိုးတွင်းကာလမှာ ရှင်ဇာဂရကျောင်းမှနေ၍ ကျောင်းသွားကျောင်းပြန်လုပ်ရန်၊ ခရီးတစ်ဝက်သက်သာ၍ စာကျက်ချိန်ပိုရပါကြောင်း၊ လူလည်း သက်သာမည်ဖြစ်ကြောင်းဖြစ်သည်။

အိမ်ကိုရောက်သောအခါ အမိအဘများကို ကျွန်တော်ပြောပြပါသည်။

မိုးရွာသည့်ရက်တိုင်း ဦးပဉ္ဇင်းရှင်ဇာဂရ၏ကျောင်းသေးသေးလေးမှာ ကျွန်တော်နေဖြစ်ပါသည်။ ဘုရားခန်းတွင် ကျွန်တော်အတွက် အိပ်ရာနေရာနှင့် စာကြည့်စားပွဲစီစဉ်ပေးပါသည်။

ဆွမ်းနှင့်ဆွမ်းဟင်းများ အလျှံပယ်ရှိပါသည်။ ညနေစာအတွက် ကျောင်းသားများကိုချန်ထားရန် မှာကြားထားပါသည်။

ရှင်ဇာဂရကျောင်းသေးသေးလေးမှ နေ၍ ကျွန်တော်ကျောင်းတက်ရသည်က ပို၍အဆင်ပြေနေပါသည်။

ဆရာရင်းတပည့်ရင်းဖြစ်ခွင့်ရခဲ့ပါ၏။

ကျောင်းက ရှေးကျောင်းဖြစ်သည်။

မင်းတုန်းမင်းကြီး ဆောက်လုပ်လှူဒါန်းထားသည်။ မင်းတုန်းမင်းကြီးသည် ဘုရားကြီးသုံးဆူကိုလည်း တည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က ဆရာတော်ကြီးသည် မင်းတုန်းမင်းကြီး ကိုးကွယ်သည်ဆို၏။ သီပေါမင်းလေးအထိကိုးကွယ်ခဲ့ကြောင်း သိရသည်။

ကြီးမားသောမန်ကျည်းပင်ကြီးများ ဆက်နေပါ၍ အရိပ်ကြီးလျက် မြေပြင်မှာ နေပြောက်မျှသာရှိသည်။ ကျောင်းဝိုင်းတစ်ခုလုံးလည်း ငြိမ်ငြိမ်သက်သက်ရှိသည်။

အနောက်ဘက်နှစ်ရွာ၊ တောင်ဘက်မှရွာကြီးတစ်ရွာတို့က ဥပုသ်နေ့များ အခါကြီးရပ်ကြီးများမှာ ထမင်းချိုင့်များဖြင့် ရောက်လာခဲ့ကြ၏။

သီလယူပြီး တစ်နေကုန်နေလျက် ညနေပိုင်းမှပြန်ကြ၏။

ကျောင်းဝိုင်းကား ထိုရက်များမှသာ လူသူလေးပါးရှိပါသည်။

ရှေးဟောင်းကျောင်းဖြစ်ခြင်း၊ ရွာများနှင့်လည်းဝေးခြင်းတို့ကြောင့် ညအချိန်သည် ကြောက်စရာဖြစ်ပါ၏။

ရှင်ဇာဂရက ကျွန်တော့်ကို ညပိုင်းမှာသာမဟုတ်၊ နေ့ပိုင်းမှာပင် ကျောင်းဝိုင်းအတွင်း သွားခွင့်မပြုပါ။

တစ်နှစ်လျှင် လေးကြိမ်ထက်မနည်း အလွန်ကြီးသော မြွေပွေးကြီးများ အရှေ့ဘုရားများရှိရာရောက်လာလျက် ဘုရားကိုလှည့်ပတ်သွားလာခြင်း၊ ဘုရားရှေ့တည့်တည့် အချိန်ကြာကြာဝိုင်းခွေနေခြင်းများရှိကြောင်း၊ အန္တရာယ်များကြောင့် မိန့်ကြားပြောဆိုတားမြစ်သည်။

ထို့ပြင် ဘုရားများနှင့်ကပ်လျက်ရှိသော သိမ်တိုက်အကြောင်းကိုဆက်မိန့်ကြားခဲ့ပါ၏။

ထိုသိမ်တိုက်သည် မွှေးမိုး၊ဆောင်းတွင်းသုံးပါး မည်သည့်နေ့ မည်သည့်ရက်တွင်ဖြစ် မည်သည့်မိုးရွာရွာ မည်သို့လေပြင်းတိုက်ခတ်တိုက်ခတ် အစဉ်သဖြင့် သိမ်တိုက်ထဲမှာ မိုးရေမရှိ၊ ရွှံ့သဲမရှိ သစ်ရွက်အမှိုက်မရှိ။

တစ်စုံတစ်ဦးက နေ့စဉ်လှည်းကျင်းသန့်စင်ထားသကဲ့သို့ ရှင်းရှင်းလင်းလင်းဖြစ်ပါသည်။ ပြောင်ပြောင်လက်လက်ရှိသည်။

ညညမှာ လူသူအများအိပ်ထားသကဲ့သို့ အနေအထားမျိုးတွေ့ရပြန်သည်။ သို့သော် မည်သူမျှအိပ်စက်ခြင်းမရှိသကဲ့သို့ နေ့စဉ်လှည်းကျင်းသန့်ရှင်းရေးလုပ်သူများကိုလည်း တွေ့မြင်ရခြင်းမရှိ။

သိမ်တိုက်မှာ ဆန်းကြယ်သည်။

ရွာကြီးမှ အလယ်တန်းအောင်ပြီး မြို့တက် အထက်တန်းပညာသင်ခွင့်ရအောင် မိဘများက စီစဉ်ပေးခဲ့ကြပါ၏။

တောရကျောင်းဆရာတော်ကြီး ပျံလွန်သွားသောသတင်း၊ ရှင်ဇာဂရ ကျောင်းထိုင်ဆရာတော်အဖြစ် ရောက်ရှိခြင်းသတင်းများ ကြားနေရပါသည်။

❑

ကျောင်းပြီးချိန် လုပ်ငန်းခွင်ဝင်ခဲ့ရ၏။

ကျွန်တော် အိမ်ထောင်ကျပါသည်။ ဆရာတော်ရှင်ဇာဂရကို မင်္ဂလာဆွမ်းကပ်ခွင့်ရပါသည်။

နောက် ကျွန်တော် သားလတ် ရှင်ပြုနားသအလှူတွင်လည်း ဆရာတော်ကိုပင့်ပါသည်။ ဆရာတော်က ကျွန်တော်ကို အမြဲဆုံးမစကားမိန့်ကြားပါသည်။

ရှင်ဇာဂရသည် ကျွန်တော်တို့မိသားစုများအားလုံး၏ ဘဝဦးဆောင်ဆရာရင်းဖြစ်ပါသည်။

အလုပ်နားရက်၊ အခါကြီးရက်ကြီးများမှာ ကျွန်တော်တို့ ဆရာတော်ကျောင်းမှာရှိသည်။ အလှူဒါနပြုသမျှကိုလည်း ဆရာတော်ကျောင်းမှာပင်ပြုလုပ်ပါသည်။

ကျွန်တော် မြေကွက်ဝယ်၊ အိမ်ဆောက်သောအခါ ဆရာတော်ကပင် မြေနုတ်ပရိတ်ရွတ်ဖတ်ပေးခြင်း၊ အိမ်ဆောက်ရက်ရွေးပေးခြင်းများ ပြုလုပ်ခဲ့ပါ၏။

ဆရာတော် သံယောဇဉ်ကြီးပါသည်။

နားရက်ကောင်းကောင်းရပါသဖြင့် ကျွန်တော်နှင့်မိသားစုများအားလုံး ဆရာတော်ကျောင်းကို လှူဖွယ်ပစ္စည်းများနှင့် ရောက်ရှိခဲ့၏။

ဆရာတော် ရှင်ဇာဂရ လွန်စွာအလုပ်များနေပါသည်။

ဘုရားကြီးသုံးဆူအနက် တောင်ဘက်ဘုရားကြီးက ပြိုကျသွား၏။ ပြုပြင်ရန် မြို့က ဒါယကာ၊ ဒါယိကာမမိသားစုများလည်း ရောက်ရှိနေသည်။

အုတ်ကား၊ သဲကား၊ ထုံးကားများလည်း အဝင်အထွက်ရှိသည်။ ပန်းရန်အလုပ်သမားအဖွဲ့လည်း အလုပ်ဆင်းနေပါသည်။

ဘုရားစေတီသုံးဆူရှေ့မှ ဇရပ်ကြီးကိုလည်း ဆရာတော်ပြုပြင်ပြီးနေပြီ။

ထိုဇရပ်ကြီးထဲမှ နှစ်ခန်းပေါက်ခုတင်ကြီးတစ်ချပ်ရှိပြီး ပြိုကျသွားသောဘုရားကြီးမှ ဌာပနာများတင်ထားသည်။ လူအများပူဇော်ရန် ပြထားခြင်းဖြစ်သည်။

ဘုရားဆင်းတုတော်ဆယ့်ငါးဆူနှင့် ရှေးဟောင်းပစ္စည်းအမျိုးမျိုးပါရှိသည်။ ခုတင်ကြီးအနီး ဆရာတော်ကုလားထိုင်ဖြင့်ရှိနေလျက် ဆရာတော်ရှေ့စားပွဲပေါ်မှာ ကြေးဘုရားဆင်းတုနှစ်ဆူတွေ့ရသည်။

ကျွန်တော်တို့မိသားစုများပြန်ရန် ဆရာတော်ကို ဝတ်ချကန်တော့ပါသည်။

"စားပွဲပေါ်က ကြေးဆင်းတုတော်နှစ်ဆူကို တစ်ဆူပင့်သွား၊ အိမ်မှာကိုးကွယ်။ ရှေးဆရာတော်ကြီးတွေ အနေကဇာတင်ထားတဲ့ ဆင်းတုတော်တွေနော်။ ဒကာအတွက် ဘုန်းကြီးစီစဉ်ထားတာ။ ကျန်တစ်ဆူက မြို့ကလာတဲ့ ဘုရားဒါယကာမိသားစုတွေအတွက်ပါ"

ဟု မမျှော်လင့်သော ဆရာတော်မိန့်ကြားစကားကြောင့် ရင်မှာကြည်နူးပျော်ရွှင်ဖြစ်ရပါ၏။

ကြေးဆင်းတုတော်နှစ်ဆူက ပုံစံတူဖြစ်၏။ စားပွဲမြောက်ဘက်စွန်းမှ ဆင်းတုတော်ကို ကျွန်တော်ရွေးချယ်ပြီး ပင့်လိုက်ပါသည်။

ကျွန်တော့်ဘုရားကျောင်းဆောင်မှာ ဘုရားဆင်းတုတော်မရှိသေး။

အိမ်အလုံးစုံ ဆောက်လုပ်ပြီးမှ မန္တလေးဘုရားကြီးသွားပြီး ဘုရားတစ်ဆူပင့်လျက် ကိုးကွယ်ရန် စိတ်ကူးရှိထားသည်။

ယခု ကျွန်တော့်အတွက် ရေကန်အသင့်ကြာအသင့်ဖြစ်ခဲ့ရပါလေပြီ။

သည်မျှ ဆရာတော်အလုပ်များနေသည့်ကြားမှ နောက်နေ့နံနက်စောစော နောက်ပါသံဃာလေးပါးနှင့်အတူ အိမ်ကိုကြွလာသည်။

ဘုရားအနေကဇာတင်ခြင်း၊ပရိတ်ရွတ်ခြင်းများ ပြုလုပ်ပေးပါသည်။

အစီအစဉ်မရှိပါသဖြင့် အမြန်စီစဉ်လျက် ဆရာတော်နှင့်သံဃာများကို ဆွမ်းကပ်၊လက်ဖက်ရည်တော်ကပ်လိုက်ရပါသည်။

ပစ္စည်းအချို့လှူဖြစ်ပါသည်။

❑

နေရာဒေသအသီးသီးသို့ ဝန်ထမ်းဘဝဖြင့်ရောက်ခဲ့ရ၏။

နောက်ဆုံး အလယ်တန်းအထိ ကျောင်းတက်ခဲ့ရပါသော ရွာကြီးမှာ တာဝန်ဖြင့် ရောက်ရှိခဲ့ပြီး မိသားစုနှင့်



www.burmeseclassic.com

www.burmeseclassic.com

အတူ အခြေချနေထိုင်ခဲ့ခြင်းဖြစ်ပါသည်။

မိမိဇာတိရွာနှင့်နီးပါသောကြောင့် မိမိကိုးကွယ်ဆည်းကပ်ရာ ဆရာတော် ရှင်ဇာဂရနှင့်နီးပါသောကြောင့် ကျေနပ်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါ၏။

ဖခင်ကြီးမှာ လွန်ခဲ့သောနှစ် အနည်းငယ်က ဆုံးပါးသွားပါလေပြီ။

မိခင်ကြီးက အသက် (၇၆) နှစ်ရှိပြီး ညီမငယ်ဖြင့်နေပါသည်။

ဆရာတော် ရှင်ဇာဂရသည် ရုတ်တရက် အသည်းရောဂါဖြင့် ပျံလွန်တော်မူရာ ဝမ်းနည်းမဆုံးဖြစ်ခဲ့ရသည်။

ရှင်ဇာဂရသည် ပျံလွန်တော်မမူခင် တောရကျောင်းကို စာသင်တိုက်ကြီးတစ်တိုက်အဖြစ် စီစဉ်ခဲ့သည်။

တောရကျောင်းကား စာသင်သံဃာများနှင့် စည်စည်ကားကားဖြစ်ခဲ့ပါပြီ။

ဆရာသမားမရှိတော့သည်ဖြစ်ငြား ကျွန်တော်တို့သည် ကျောင်းတိုက်ကို ရောက်၏။

တတ်စွမ်းသမျှ အလှူအတန်းပြုပါသည်။

သို့ဖြစ်၍ နောက်ထပ်တောရကျောင်းဆရာတော်နှင့် ကျွန်တော်တို့မိသားစုသည် ဆရာရင်းဒကာရင်းဖြစ်ခဲ့ရပါသည်။

မကြာမီ နှစ်တစ်နှစ်ကုန်ဆုံး၍ သင်္ကြန်ကာလရောက်တော့မည်။

ကျွန်တော် စိတ်တွေလေးသည်။ ဘယ်ဘက်ညာဘက်မျက်ခမ်းများလည်း နေ့စဉ်ဆက်တိုက်လှုပ်နေသည်။

သမီးကြီးက မြို့ကြီးတစ်မြို့မှာ ရောက်နေ၏။ သမီးကြီးအိမ်သားက အရာရှိငယ်တစ်ဦးဖြစ်ပါ၍ သျှောင်နောက်ဆံထုံးပါ လိုက်ပါသွားခဲ့ရပါလေပြီ။

သားတစ်ယောက်ပင် ပွားစီးခဲ့ပါပြီ။

သားလတ်က မြို့ငယ်တစ်မြို့မှာ ရောက်နေ၏။

ကျွန်တော်တို့နှင့်အတူ အငယ်ဆုံးသမီးငယ်သာရှိပါသည်။

ဘယ်ဘက်ညာဘက်မျက်ခမ်းများ နေ့စဉ်အဆက်မပြတ်လှုပ်ပါသောကြောင့် စိတ်ကလည်း အလိုလိုလေးနေခြင်းဖြစ်သဖြင့် ကျွန်တော်မှာ စိုးရိမ်သောကကြီးနေပါသည်။

အားကိုးအားထားစရာဘုရားသာရှိပါ၍ ဘုရားခန်းတွင် ရသမျှအချိန်နေပါသည်။ ဂုဏ်တော်ထုံမွမ်းသည်။

မေတ္တာပို့ မေတ္တာဖြန့်ဝေသည်။

သမီးကြီးနှင့်မြေးအတွက် စိတ်ပူသည်။

သားလတ်အတွက်လည်းစိတ်မချဖြစ်ခဲ့ရ၏။

ကိုယ်၏စိုးရိမ်သောက ဗျာပါဒကို အိမ်သူအားလည်းမပြောဖြစ်။ သမီးငယ်ကိုလည်း အသိမပေးနိုင်ခဲ့။ မပြောဖြစ်။

ဘုရားခန်းမှာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဆင်းတုတော်မျက်နှာတော်များကို ကျွန်တော်ဖူးမြော်သည်။

ဟင်ခနဲ ရုတ်တရက် ကျွန်တော့်နှုတ်ကထွက်သွားခဲ့ရပါလေသည်။

ထိုအချိန် အိမ်သူက ဆွမ်းတော်ပွဲများပြင်ဆင်၍ ဘုရားခန်းအတွင်းဝင်လာပါသည်။ ဆွမ်းပွဲများ နေရာတကျပြင်ဆင်ပေးနေသည်။

ကြေးဆင်းတုတော်ရှေ့ အိမ်သူ လက်အုပ်ကလေးချီပြီး ရပ်နေရာမှ-

"အစ်ကို၊ ရက်ပိုင်းအတွင်းသတိထားမိသလား။ ဘုရားမျက်နှာတော်ညှိုးနေတယ်။ ကျွန်မစိတ်တွေမကောင်းဘူး။ စိတ်လေးနေတယ်"

ဟု ဆို၏။

"အေး - ဟုတ်တယ်"

ဟု ကျွန်တော်ပြန်ပြောရသည်။

အမှန်ပင် ကြေးဆင်းတုမျက်နှာတော်က ညှိုးနေသည်။

တစ်ရက်၊ နှစ်ရက်၊ သုံးရက် မျက်နှာတော်ကမပြောင်း။

ညှိုးနေဆဲအသွင်ဖြင့်သာ ဖူးမြော်နေရ၏။ ကျွန်တော့်စိတ်သည် မချမ်းမသာဖြစ်နေပြီ။

နံနက် (၁၀) နာရီတိတိမှာ သမီးကြီးထံမှ ဖုန်းဝင်လာသည်။ မြေးနှင့်လည်း ဖုန်းပြောဖြစ်၏။ စိတ်အနည်းငယ်သက်သာသွားပါသည်။

ညနေ (၄) နာရီမှာ သားလတ်ပြန်ရောက်လာသည်။ သူ့အထက်အရာရှိမှ အလှူအတန်းပြုပြီး အားလုံး ဒုလ္လဘရဟန်းဝတ်ကြသည်ဟုပြော၏။

သားလတ်က ရဟန်းဝတ်နှင့်ဖြစ်သည်။ ညနေ (၅) နာရီမှာ ကျွန်တော် သားလတ်ကို တောရကျောင်းလိုက်ပို့ပြီး ဆရာတော်ထံအပ်ရပါသည်။ သင်္ကြန်ပြီးမှ သားလတ် ရဟန်းမှထွက်မည်ဟုပြောသည်။

သင်္ကြန်တွင်းတစ်ခုလုံး ကျွန်တော်တို့မိသားစု တောရကျောင်းမှာရှိကြဦးမည်။

စိတ်ကြည်ကြည်လင်လင်ဖြင့်ပင် ကျွန်တော်ပြန်လာသည်။

သို့သော် -

မှုးရိုးလေးပေါ် အရောက် ကျွန်တော်ဆိုင်ကယ်ကို တောင်ဘက်တည့်တည့်ချိုးအကွေ့ မြောက်တည့်တည့်ကလာသော လူငယ်နှစ်ယောက်နှင့် ဆိုင်ကယ်တစ်စီးက ကျွန်တော့်ရှေ့ ထိုးရပ်လိုက်ပါ၍ ကျွန်တော်လည်း ဆိုင်ကယ်ကို အေးချရပ်လိုက်ရပါ၏။

"ဟာ - ဦးလေး အတော်ပဲ"

ကျွန်တော့်ညီမဝမ်းကွဲကမွေးသော ကျွန်တော်တူနှစ်ယောက်ဖြစ်နေပါသည်။

"အေး-ဘာအကြောင်းရှိလို့တုန်း"

"နေ့ (၁)နာရီက ဦးလေးအမေဆုံးသွားပြီ။ သိပြီးကြားပြီးပြီမှတ်နေတာ။ အဲဒါ အမေကပြောခိုင်းလို့"

ဟု ဆိုကြသည်။

"အေး-မသိသေးဘူး။ လာခဲ့မယ်"

ကျွန်တော် ကြိုးစားပြီး တူနှစ်ယောက်ကို စကားဆိုနေရငြား သတိလက်လွတ်ခဲ့ရပါလေပြီ။

အိမ်ကို မည်သို့ပြန်ရောက်သည်မသိ။ အကျိုးသင့်အကြောင်းသင့်ပြောပြီး ဆိုင်ကယ်ဖြင့် ရွာကိုလာခဲ့၏။

ကျေးဇူးရှင်မိခင်ကြီး နေ့ (၁) နာရီက ဆုံးပါးခဲ့ပါပြီ။

ကျွန်တော် စိတ်တွေလေးသည်။ အဆက်မပြတ် မျက်ခမ်းများလှုပ်ခဲ့၏။ သမီးကြီးမိသားစုအတွက် ပူပန်သည်။ သားလတ်အတွက် စိုးရိမ်သည်။

လာခြင်းက အဝေးမှမဟုတ်။ အနီးလေးမှသာတကား။

❑

မိခင်ကြီးအတွက် ရက်လည်ဆွမ်းကပ်ပါသည်။

ညနေပိုင်း ကျွန်တော်တို့မိသားစု အိမ်ကိုပြန်လာသည်။

ကျွန်တော် ဘုရားခန်းကို တန်းဝင်ခဲ့၏။

သောက်တော်ရေများ အသစ်လဲ၏။ ထိုခြင်းငါးပါးဖြင့် ရိုသေစွာကန်တော့သည်။ မေတ္တာပို့ အမျှအတန်းဝေဝေသည်။

ဂုဏ်တော်ပုတီး မစိပ်သေးမီ မျက်နှာတော်ကိုမော့ဖူးသည်။

ကြေးဆင်းတုမျက်နှာတော်သည် မျက်လွှာချလျက် ပကတိအတိုင်းရှိနေပါ၏။

ကိုဇော်ဝင်း (ဗွဲ့တော)

www.burmeseclassic.com

www.burmeseclassic.com


(ဓာတ်ပုံနှင့်ဆောင်းပါး)

မောင်ပွင့်ဘုံကျော်

# ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်

## စင်ကာပူ-မလေးရှားခရီးစဉ်

'ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်' ဆိုတာ လွန်ခဲ့တဲ့ နှစ်(၅၀)ကျော်လောက် ကတည်းက ဂန္ထဝင်ဂီတစာဆို အလင်္ကာ ကျော်စွာ ဆရာမြို့မငြိမ်း စပ်ဆိုခဲ့တဲ့ 'သူချွန်လူကောင်း'သီချင်းထဲက စာသား ပါ။ လူတစ်ယောက်ချင်းအနေနဲ့ဖြစ်ဖြစ်၊ နိုင်ငံတစ်နိုင်ငံအနေနဲ့ပဲဖြစ်ဖြစ် ခေတ်မီ ချင်ရင် ကမ္ဘာကြီးတစ်ခုလုံးကိုမြင်အောင် ကြည့်ဖို့ လမ်းညွှန်ထားတာမို့ ဒီသီချင်းကို တိုင်းပြုပြည်ပြုသီချင်းလို့တောင်ဆိုသင့် လှပါတယ်။




**မြန်မာတွေ ခရီးများများသွားကြစေချင်ပါတယ်**

ခရီးသွားတာဟာ လူတိုင်း အတွက် လိုအပ်ပါတယ်။ ခရီးသွားတဲ့ အတွက် -

စိတ်ကို အပြောင်းအလဲဖြစ်စေ တယ်။ စိတ်ကို အနားရစေတဲ့အတွက် ပျော်ရွှင်ကျန်းမာလာတယ်။

ဗဟုသုတတွေတိုးပွားလာတယ်။ မိတ်ဆွေသစ်တွေ တိုးပွားလာသလို လူမှု ဆက်ဆံရေးပိုကောင်းလာတယ်။




အတွေးသစ်အမြင်သစ်တွေရလာ တဲ့အတွက် အလုပ်အကိုင် ကိုယ်ရည် ကိုယ်သွေးစတာတွေတိုးတက်လာတယ်။

ခရီးသွားရင် အကျိုးကျေးဇူးများ တာကိုသိလို့ နိုင်ငံအသီးသီးကလူတွေ ကမ္ဘာအနှံ့ ခရီးသွားလာနေကြတာဖြစ် တယ်။ ခရီးမသွားနိုင်သေးရင်တောင် ခရီးသွားစာပေတွေဖတ်သင့်ပါတယ်။ ခရီးသွားစာပေတွေ ဖတ်တဲ့အတွက် ကိုယ်မရောက်ဘူးသေးတဲ့ နေရာဒေသ အကြောင်းအရာတွေကို ထိုင်ရာမထ သိရှိနိုင်ပါတယ်။ ရောက်ဖူးတဲ့နေရာတွေ အကြောင်းပြန်ဖတ်ရရင်လည်း ကိုယ့် အတွေ့အကြုံတွေကို ပြန်ပြောင်းသတိရ လာနိုင်သလို မတူကွဲပြားတဲ့ အတွေ့ အကြုံတွေကိုလည်း ဖြည့်စွက်သိလာနိုင် ပါတယ်။



ဒါကြောင့် ပြည်တွင်းကိုရော ပြည်ပကိုပါ အခွင့်အရေးရတိုင်း ခရီး များများသွားကြဖို့နဲ့ ခရီးသွားစာပေတွေ ဖတ်ကြဖို့ တိုက်တွန်းချင်ပါတယ်။



www.burmeseclassic.com

သဘောပါ။


(ဂျပန်မှာတော့ အလုပ်လုပ်လွန်းလို့ နားရက်မယူချင်တဲ့လုပ်သားတွေကို အစိုးရက မယူမနေရ အားလပ်ရက်ပေးပါတယ်။အလုပ်တက်ရက်တွေမှာတောင် အလုပ်ကနေအပါးခိုချင်ကြတဲ့ ကျွန်တော်တို့ဆီက အလုပ်သမားတွေနဲ့တော့ တခြားစီပါ။ အလုပ်စွဲရောဂါကို workaholic လို့ ခေါ်တယ်။ အရက်စွဲရောဂါ (alcoholic) နဲ့ နာမည်ဆင်တူပေးထားတာပါ။ ပြောလက်စနဲ့ ပြောရဦးမယ်။ အထူးသဖြင့် မိန်းကလေးတွေ အားနေရင် ဈေးဝယ်စရာမရှိဘဲနဲ့တောင် ဈေးတွေကို လျှောက်ပတ်ကြည့်တတ်ကြပါတယ်။ shopaholic ကိုတော့ ရှော့ပင်ရောဂါလို့ ခေါ်လို့ရမယ်ထင်ပါတယ်။)

အိမ်သူဟာ ကျွန်တော်နဲ့ အိမ်ထောင်မကျခင်ကတည်းက စင်ကာပူ တစ်ခေါက်၊ အန်ကောက်နှစ်ခေါက် ရောက်ဖူးပါတယ်။ ပြည်တွင်းမှာလည်း နေရာဒေသအတော်နှံ့နှံ့ကို ရောက်ဖူးပါတယ်။ ကျွန်တော်နဲ့ အိမ်ထောင်ကျပြီးနောက် (၆)လအကြာ ၂၀၁၂၊ နိုဝင်ဘာမှာ ဗုဒ္ဓဂယာဘုရားဖူး၊ ၂၀၁၃ ခုနှစ်မှာ ထားဝယ်-ထိုင်း-မြန်မာနယ်စပ် ထီးခီးကနေ ချန်ကရာဘူရီခရီး၊ ၂၀၁၄ ခုနှစ် အောက်တိုဘာမှာ တရုတ်ပြည် မြို့ကြီး (၁၀) မြို့ခရီးစဉ်၊ ၂၀၁၅ စက်တင်ဘာမှာ မဲဆောက်ခရီး၊ အောက်တိုဘာလမှာ လွိုင်ကော်-မန္တလေး-မုံရွာခရီး၊ နိုဝင်ဘာမှာ မော်လမြိုင်ခရီးစတဲ့ခရီးစဉ်တွေ သွားခဲ့ပါတယ်။

တရုတ်ပြည်ခရီးစဉ်က သူ့မိခင်ဘက်ကအမျိုးတွေဆီသွားလည်တာဖြစ်ပြီး တစ်လလောက်ကြာတာမို့ ကျွန်တော်က အိမ်စောင့်အဖြစ်နဲ့ နေခဲ့တယ်။ မော်လမြိုင်ခရီးစဉ်ကျတော့ ကုန်ကျစရိတ်များပြီး ဗဟုသုတထူးထူးခြားခြားရစရာမရှိတဲ့ ပင်လယ်ကမ်းခြေအပန်းဖြေခရီးဖြစ်တာမို့ လိုက်မသွားခဲ့ပါ။ ကျွန်တော်က နိုင်ငံခြားဆိုလို့ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ကနေ တရုတ်-မြန်မာနယ်စပ်ကိုကျော်တယ်ဆိုရုံလေး ကြယ်ဂေါင်နဲ့ ရွှေလီလောက်သာရောက်ဖူးတာမို့ နိုင်ငံခြားဗဟုသုတနဲ့ ပတ်သက်လာရင် အိမ်သူက ကျွန်တော့်ထက် အများကြီးပိုကြွယ်ဝပါတယ်။

၂၀၁၆၊ မတ်လမှာ ရန်ကုန်မှာနေတဲ့သူ့အစ်မကြီးနဲ့တူမဖြစ်သူက စင်ကာပူ မလေးရှားခရီးစဉ်သွားဖို့ အဖော်စပ်တာနဲ့ နှစ်ယောက်စလုံးသွားဖို့ စာရင်းပေး လိုက်ပါတယ်။


လေယာဉ်ပေါ်တက်ရန် စောင့်ဆိုင်းနေစဉ်


တိမ်တိုက်ကြားက ဖြာထွက်လာသော အလင်းတန်းများဖြင့် စင်ကာပူက ကြိုဆိုခဲ့သည်



## သွားပါများ၍ ခရီးရောက်ခဲ့သူ

၂၀၁၆၊ ဧပြီမှာ ဇနီးသည်နဲ့အတူ စင်ကာပူ-မလေးရှား ခရီးစဉ်ထွက်ခဲ့ပါတယ်။ ကျွန်တော့်အိမ်သူဟာ အလွန်မှ ခရီးသွားဝါသနာပါသူဖြစ်တယ်။ အနှစ် (၃၀)လောက် ဈေးထဲမှာဈေးထိုင်ရောင်းခဲ့ပြီး တစ်နှစ်တစ်ခါ မဖြစ်မနေ ခရီးထွက်လေ့ရှိပါတယ်။ ခရီးသွားရာက ပြန်ရောက်လို့ ဆိုင်ပြန်ထိုင်တဲ့အခါ လူဟာ လန်းဆန်းနေပြီး အင်မတန် အလုပ်လုပ်လို့ ကောင်းတယ်လို့ဆိုပါတယ်။ အမှန်က စိတ်ရောလူပါ အနားရသွားတဲ့

www.burmeseclassic.com

**ခရီးစဉ်အတွက်ပြင်ဆင်ခြင်း**

ပတ်စ်ပို့သက်တမ်း · အနည်းဆုံး (၆) လကျန်မှ ပြည်ပထွက်လို့ရပါတယ်။ အိမ်သူက သက်တမ်းသိပ်မကျန်တော့တဲ့ ကျွန်တော့် နိုင်ငံကူးလက်မှတ် (passport) ကို ကြိုပြီး သက်တမ်းတိုးထားခိုင်းတဲ့အတွက် အဆင်ပြေသွားပါတယ်။ မကြာခင်ကပဲ အမျိုးထဲကတစ်ယောက် ပတ်စ်ပို့သက်တမ်းမကျန်တော့လို့ဆိုပြီး စင်ကာပူလေဆိပ်ရောက်မှပေးမဝင်ဘဲ မြန်မာပြည်ပြန်ပို့တာ ခံရပါတယ်။


ခရီးသွားအကျိုးဆောင်ကုမ္ပဏီနဲ့ ချိတ်ဆက်ပြီးသွားမယ့်ခရီးဖြစ်လို့ ကုမ္ပဏီကို ဒေါ်လာငွေကြိုသွင်းရပါတယ်။ ပြည်ပရောက်ရင်သုံးဖို့လည်း ဒေါ်လာအလုံအလောက်ဆောင်သွားရပါမယ်။ ဒီအတွက် ပုဂ္ဂလိကဘဏ်တွေမှာငွေလဲတဲ့အခါ ဘဏ်တွေရဲ့ငွေလဲနှုန်းက တစ်ခုနဲ့တစ်ခုမတူတာမို့ အရင်စုံစမ်းရပါတယ်။ တစ်လျှက်ဘဏ်နှစ်ခုမှာတောင် တစ်ဒေါ်လာကို (၁၅) ကျပ်လောက်ကွာတာမို့ ဒေါ်လာ (၁၀၀၀)လဲရင် တစ်သောင်းခွဲလောက်ကွာသွားတာ လက်တွေ့ဖြစ်ပါတယ်။

ခရီးရှည်သွားရင် လိုအပ်တဲ့ဆေးဝါးတွေ အလုံအလောက်ယူသွားဖို့ အင်မတန်အရေးကြီးပါတယ်။ ကိုယ်သောက်နေကျဆေးတွေအပြင် နှာစေး၊ ချောင်းဆိုး၊ ကိုက်ခဲဖျားနာ ဝမ်းသွားတာ အစရှိတဲ့ အပယ်ိကရောဂါတွေအတွက်ပါ ဆေးတွေယူသွားဖို့ မဖြစ်မနေလိုအပ်ပါတယ်။ ပြည်ပနိုင်ငံတွေမှာ ဆေးဝယ်ရတာ မလွယ်ပါဘူး။ ဗုဒ္ဓဂယာမှာ ချောင်းဆိုးပျောက်ဆေးတောင်ဝယ်လို့မရပါ။ မသိရင် ကုလားတွေ ချောင်းမဆိုးတာကျနေတာပဲလို့တောင်ထင်ရပါတယ်။ အမေရိကန်မှာဆိုရင် ဘာဆေးဝယ်ဝယ် ဆရာဝန်လက်မှတ်မပါရင် မရောင်းပါဘူး။ ထမ်းဘေးကွမ်းယာဆိုင်မှာတောင် ဆေးအတော်စုံစုံဝယ်လို့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ကွာပါ့။

အိမ်သူကတော့ ခရီးတစ်ခါထွက်ရင် တစ်ပတ်လောက်ကကြိုပြီး ပစ္စည်းစုပါတယ်။ သူ့အတွက် မပါမဖြစ်ပစ္စည်းတွေကတော့ နှီးစက်နာရီ၊ ရေချိုးတဲ့ပုဆိုး (ဟိုတယ်မှာ ရေပန်းနဲ့ချိုးရတာအားမရလို့)၊ အိပ်ရာခင်း (ဟိုတယ်က တစ်နေ့တစ်ခါလဲပေးတဲ့ အိပ်ရာခင်းကို သန့်ဘူးထင်လို့)၊ ဆပ်ပြာ စတဲ့ စုံစီနဖာတွေနဲ့ လမ်းမှာ စားစရာ၊ ရေသန့်ဘူးတာတွေက ဆွဲခြင်းတစ်ခြင်းစာလောက်



ဗိတိုရိယအထိမ်းအမှတ်ခန်းမ (Victoria.Memorial Hall)




ကက်ပီတယ်(လ်)ပလာဇာအရှေ့မှာ Free Lunch 12 pm to... ဆိုလို့ ဝင်ဆွဲကြည့်လိုက်ချင်သေး



မိုးမျှော်တိုက်များ (Sky Scrapper)




www.burmeseclassic.com

www.burmeseclassic.com




ဘယ်ဘက်တွင် Peninsula Tower နှင့်
ညာဘက်တွင် Peninsula Shopping Mall



မြန်မာဆိုင်များနှင့် မြန်မာလူမျိုးအများအပြားရှိသော ပင်နီဆူလာဈေးဝယ်စင်တာ

ရှိတယ်။ ကျန်သွားတယ်ခင်ဗျ၊ မြန်မာနိုင်ငံသားပီသစွာ ညရေးညတာအတွက် လက်နှိပ်ဓာတ်မီး။

**ဘာသာစကား**

ပြည်ပခရီးထွက်သူတွေအနေနဲ့ အင်္ဂလိပ်ဘာသာစကားကို ထမင်းစားရေသောက်လောက်တော့တတ်သင့်တယ်ထင်ပါတယ်။ ညွှ်လမ်းညွှန်နဲ့သွားတယ်ထားဦးတော့။ သူက ကိုယ့်အနားမှာ အမြဲရှိနေတာမှမဟုတ်တာ။ ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးစနစ်ကလည်း စာကိုတကယ်တတ်အောင် သင်တာမဟုတ်တော့ ဘွဲ့ရပြီးသူတွေအတော်များများတောင် အင်္ဂလိပ်စကားတစ်ခွန်းဖြောင့်အောင် မပြောနိုင်ကြပါ။

(၅) တန်းရောက်မှ အင်္ဂလိပ်စာစသင်တယ်ထား၊ (၅)နှစ်သင်လို့ (၁၀) တန်းရောက်ရင် အင်္ဂလိပ်လို ကျွမ်းကျွမ်းကျင်ကျင် ရေးတတ်ဖတ်တတ်တဲ့အဆင့်ရောက်နေရမှာပါ။ လှိုင်ကော်မှာ တွေ့ခဲ့တဲ့ နိုင်ငံခြားသားတစ်ယောက်ဆိုရင် ကျွန်တော့်ကို -

"နေးဂေါင်းလား၊ ဘဲဂ,လာဒလဲ"

ဆိုပြီး နှုတ်ဆက်လို့ -

"မြန်မာပြည်ရောက်တာ ဘယ်လောက်ကြာပြီလဲ"

မေးကြည့်တော့ တစ်ပတ်ပဲရှိသေးတယ်တဲ့။

အရေးကြီးတာက ဒီကနေ့ခေတ်ရဲ့အင်္ဂလိပ်စာတတ်ကျွမ်းမှုလိုအပ်ချက်ကိုသိပြီး ကိုယ်တိုင်က လိုလိုလားလားနဲ့ မပြတ်လေ့လာနေဖို့ပဲဖြစ်ပါတယ်။ အမျိုးထဲက ဦးလေးကြီးတစ်ယောက်ဆိုရင် တရုတ်ပြည် ပြန်လည်ချင်လွန်းလို့ အသက် (၆၀) ရောက်မှ အင်္ဂလိပ်စာကို ဆရာအိမ်ခေါ်ပြီးသင်ပါတယ်။ တရုတ်-အင်္ဂလိပ်အဘိဓာန်စာလုံးသေးသေးလေးတွေကို မှန်ဘီလူးနဲ့ကြည့်တယ်။ အင်္ဂလိပ်သတင်းစာ နေ့တိုင်းဖတ်တယ်။ အင်္ဂလိပ်လို စာရေးကျင့်တယ်။ တစ်နှစ်လောက်ကြာတော့ သင်ပေးတဲ့ဆရာက -

"သူ့ကကိုယ့်ထက်တောင် ပိုတတ်သွားပြီ"

လို့ပြောယူရတယ်။

နောက်တော့ ဘန်ကောက်ကနေတစ်ဆင့် ထိုင်ဝမ်(တိုင်ပေ)၊ ဟောင်ကောင်၊ တရုတ်ပြည်မကြီးရောက်အောင် တစ်ယောက်တည်း ခရီးထွက်သွားတယ်။

စင်ကာပူမှာက တရုတ်လူမျိုးအများစုနေလို့ တရုတ်ကျောင်းနေပြီး တရုတ်စကားကောင်းကောင်းပြောတတ်တဲ့အိမ်သူရဲ့အစ်မအကြီးဆုံးပါသွားတာ အတော်အဆင်ပြေပါတယ်။ လမ်းညွှန်ဆိုင်းဘုတ်တွေ၊ လက်ကမ်းစာစောင်တွေဆိုရင်လည်း အင်္ဂလိပ်-တရုတ်နှစ်ဘာသာနဲ့ ဖော်ပြထားတယ်။ သဘောပေါ်မှာ စပီကာနဲ့ ကြေညာတဲ့အခါ အင်္ဂလိပ်လို အရင်ပြောပြီး တရုတ်လို နောက်တစ်ခေါက်ထပ်ပြောတယ်။

အစ်မကြီးက ပြောသေးတယ်။ တရုတ်စကားတတ်ရင်လည်း ကမ္ဘာပတ်လို့ရတယ်တဲ့။ တရုတ်လူမျိုးတွေဟာ နိုင်ငံတိုင်းက မြို့ကြီးတိုင်းမှာ China Town ဆိုပြီး မြို့တည်နေကြတာကိုး။ စင်ကာပူက China Town ဆိုရင်လည်း အတော်ကြီးတဲ့ရပ်ကွက်ကြီးဖြစ်ပါတယ်။ တရုတ်စာနဲ့စကားတတ်ရင်လည်း အရှေ့တောင်အာရှမှာ ခရီးသွားရတာ အင်မတန်အဆင်ပြေပါတယ်။ မန္တလေးရွှေမြို့တော်မှာ တရုတ်စကားတတ်တဲ့ ကုလားတွေတောင် အတော်အလုပ်ဖြစ်နေကြတယ်ဆိုပဲ။

**ခရီးစဉ်နှင့်ခရီးသွားအကျိုးဆောင်ကုမ္ပဏီ**

ကျွန်တော်တို့ ခရီးစဉ်အကြောင်းကို စိတ်ဝင်စားတဲ့မိတ်ဆွေတွေက ဘယ်လိုစီစဉ်ပြီးသွားတာလဲလို့ မေးကြပါတယ်။ တစ်ခါမှမရောက်ဘူးတဲ့ နေရာဒေသတွေကို အလည်အပတ်သွားရင် ခရီးသွားအကျိုးဆောင်ကုမ္ပဏီတစ်ခုခုနဲ့ ဆက်သွယ်ပြီးသွားတာ အဆင်အပြေဆုံးဖြစ်ပါတယ်။ ဒီကုမ္ပဏီတွေက သွားမယ့်နိုင်ငံ၊ ရောက်မယ့်ခရီးစဉ်၊ ဘယ်နှစ်ရက်ခရီး (ဥပမာ - 4 days 3 nights) လည်ပတ်မယ့်နေရာ၊ တည်းခိုရမယ့်ဟိုတယ်၊ ခရီးစဉ်တစ်ခုလုံးအတွက် ကျသင့်မယ့်စရိတ် စတာတွေကို ခရီးစဉ်စတင်မယ့် နေ့ရက်နဲ့တကွ ကြေညာကြပါတယ်။ ဒီလို ခရီးစဉ်မျိုးကို Package Tour လို့ခေါ်ပါ တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေရာမှာ အလျဉ်းသင့်လို့ မြန်မာအများစုမှားနေကြတဲ့ အင်္ဂလိပ်အသံထွက်အကြောင်းပြောချင်ပါတယ်။ အလည်အပတ်သွားတယ်လို့ အဓိပ္ပာယ်ရတဲ့ Tour ကို တိုး၊ Tourist ကို တိုးရစ်လို့ခေါ်တာများပါတယ်။ Tour ကို ထူးအား၊ (ဒီနေရာမှာ ထူးတစ်လုံး၊ အားတစ်လုံးဆိုရမှာမဟုတ်ဘဲ ထူးကနေ အားကို အသံအရှိန်နဲ့ တစ်ဆက်တည်း အသံထွက်ရပါမယ်)၊ Touristကို ထူးအားရစ်စ်လို့ဆိုရပါမယ်။

ကုမ္ပဏီက ဧည့်လမ်းညွှန် (Tour guide) တစ်ယောက် တစ်ပါတည်း စီစဉ်ပေးပါတယ်။ ဧည့်လမ်းညွှန်ရဲ့တာဝန်က ခရီးသွားတွေ တည်းခိုနေထိုင်ရေး သွားလာလည်ပတ်ရေးစတာတွေကို လိုအပ်သလို စီစဉ်ပေးရမှာဖြစ်တယ်။ တစ်ခုရှိတာက ကုမ္ပဏီတွေမှာ ကိုယ်ပိုင်ဧည့်လမ်းညွှန်တွေမရှိတတ်ဘဲ အပြင်က ဧည့်လမ်းညွှန်တွေကို အဆင်ပြေသလို ခေါ်သုံးတတ်ကြပါတယ်။ အကြောင်းမသိတဲ့ ဧည့်လမ်းညွှန်က အတွေ့အကြုံမရှိတာ၊ စိတ်မရှည်တာ၊ ဆက်ဆံရေးမပြေပြစ်တာတွေနဲ့ကြုံရရင် အတော်စိတ်ပျက်စရာကောင်းပါတယ်။

ခရီးသွားကုမ္ပဏီတွေကို ကိုယ်တိုင်လိုက်ပြီး လေ့လာစုံစမ်းပါ။ သွားဖူးတဲ့သူတွေကို မေးမြန်းပြီး ဝန်ဆောင်မှုကောင်းတဲ့ကုမ္ပဏီကိုရွေးပါ။ ခရီးသွားကုမ္ပဏီတွေကလည်း ကိုယ်ပေးနိုင်တဲ့ဝန်ဆောင်မှုထက် ချဲ့ကားပြီးပိုမပြောသင့်ပါ။ ပြောတဲ့အတိုင်းဖြစ်မလာတဲ့အခါ သေချာပေါက် ပြဿနာတွေတက်ပါတယ်။ ကားစီလုံးငှားတဲ့အခါ ကားအသစ်ဓာတ်ပုံပြပြီး တကယ်တမ်းငှားပေးလိုက်တာက ကားအစုတ်ကြီးဖြစ်နေတာမျိုး၊ အဲယားကွန်းရမယ်ဆိုပြီး ကားပေါ်ရောက်တော့ အင်ဂျင်က အဲယားကွန်းမနိုင်ဘူးဆိုပြီး မဖွင့်ပေးတာမျိုးတွေ ကိုယ်တွေ့ကြုံဖူးပါတယ်။

လူဆိုတာ စရိုက်အမျိုးမျိုးရှိတတ်ကြတာမို့ ခရီးသွားတဲ့အခါ လူများလေ ပြဿနာများလေဖြစ်ပါတယ်။ ခရီးစဉ်တစ်ခုမှာ ခဏနားတော့ သူများတွေ စားသောက်လို့ပြီးလို့ ပြန်ထွက်မယ်လုပ်တော့မှ အစားအသောက်မှာပြီး စိမ်ပြေနပြေထိုင်စားတတ်တဲ့လူမျိုးလည်း ကြုံဖူးပါတယ်။ 'ငါတို့မပါဘဲ သူတို့သွားလို့မရပါဘူးကွာ' လို့ အင်မတန် နားကြားပြင်းကပ်စရာကောင်းတဲ့ စကားမျိုးလည်း ပြောတတ်ကြပါသေးတယ်။ ဒါကြောင့် ခရီးရှည်သွားတဲ့အခါ လူနည်းလေကောင်းလေဖြစ်ပါတယ်။ ဆွေမျိုးသားချင်းတွေ၊ ရင်းနှီးတဲ့မိတ်ဆွေတွေ စုပြီးသွားတာ အကောင်းဆုံးပါပဲ။


ကျွန်တော်တို့သွားခဲ့တဲ့ခရီးစဉ်ရဲ့ Tour Programme ကို လေ့လာကြည့်ရအောင်ပါ။

**9 Apr - 14 Apr,**
**6 Days 5 Nights, Star Cruise**
**(GEMINI)**


၉-၄-၂၀၁၆ နေ့တွင် Singapore Airline ဖြင့် ရန်ကုန်မှ နံနက် (၁၀း၂၅) တွင် စင်ကာပူသို့ ထွက်ခွာပါမည်။ ထို့နောက် စင်ကာပူသို့ ရောက်ရှိကာ လေဆိပ်မှ ဟိုတယ်သို့ ပို့ဆောင်ပေးပြီး (၁) ညတည်းပါမည်။ ၁၀-၄-၂၀၁၆တွင် ဟိုတယ်မှ Star Cruise စီးရန် ဆိပ်ကမ်းသို့ လိုက်လံပို့ဆောင်ပေးမည်ဖြစ်ပြီး Star Cruise Gemini သင်္ဘောဖြင့် မလေးရှားနိုင်ငံ ပီနန်မြို့နှင့် လန်ကာဝီမြို့သို့ထွက်ခွာပါမည်။

Star Cruise စီးရာတွင် မိမိတို့၏ passport များကို ပေးအပ်ထားရမည်ဖြစ်ပါသည်။ Star Cruiseမှ သင်္ဘောပေါ်တက်ရန်နှင့် မိမိတို့နေထိုင်ရမည့် အခန်းကိုဖွင့်ရန် ကတ်တစ်ကတ်ဖေးပါမည်။ သင်္ဘောပေါ်မှပြန်ဆင်းသည့်အခါ ယင်းကတ်ဖြင့် မိမိတို့ပေးအပ်ထားသော passport များ ပြန်ရွေးရပါမည်။ သင်္ဘောပေါ်တွင် ပိုက်ဆံကိုင်သုံး၍မရပါ။ ယင်းကတ်ထဲသို့ အနည်းဆုံး SGD (စင်ကာပူဒေါ်လာ) (၃၀၀) မှစတင်ကာ ဖြည့်သွင်းထားရပါမည်။ သင်္ဘောပေါ်မှဆင်းသည့်အခါ ကျန်ငွေကိုပြန်ထုတ်ယူနိုင်ပါသည်။

သင်္ဘောပေါ်တွင် နေရမည့် ဟိုတယ်အခန်းမှာ နှစ်ယောက်တစ်ခန်း၊ သုံးညအိပ်လေးရက်ဖြစ်ပါသည်။ သင်္ဘောပေါ်တွင် နံနက်စာ၊ နေ့လယ်စာ၊ ညစာနှင့် ညလယ်စာများသုံးဆောင်ခွင့်ရှိသည့်အပြင် လက်ဖက်ရည်သောက် မုန့်စား



လမ်းရှင်းနေသော်လည်း လူကူးအချက်ပြမီးစိမ်းရန် စောင့်ဆိုင်းနေသူများ



အချိန်အခွက် အကျိုးအပဲ့မရှိ လူသွားစင်္ကြံ လမ်းကျယ်၊ ဘယ်နေရာကြည့်ကြည့် အမှိုက်တစ်စမျှမရှိ



www.burmeseclassic.com

www.burmeseclassic.com

ရန် Tea Time-နှစ်ကြိမ်ရှိပါသည်။ မလေးရှားနိုင်ငံ ပီနန်မြို့နှင့် လန်ကာဝီမြို့များသို့ရောက်လျှင် သင်္ဘောသည် ချက်ချင်းမထွက်ခွာသေးဘဲ ရပ်နားထားမည်ဖြစ်ပါသောကြောင့် မိမိစိတ်ကြိုက်လျှောက်လည်ချင်လည်းရသလို သင်္ဘောပေါ်တွင်ပင်နေ၍ အပန်းဖြေ၍လည်းရပါသည်။

အကယ်၍လျှောက်လည်လိုပါက ထိုမြို့၏ (၁) ရက်စာလည်ပတ်မှု (City tour) ကို သင်္ဘောပေါ်တွင် ဝယ်ယူ၍ရပါသည်။ ထိုလည်ပတ်ရန် ကုန်ကျစရိတ်မှာ မိမိဘာသာပေးဆောင်ရမည်ဖြစ်ပါသည်။ အကယ်၍ Tour မယူပဲ မိမိဘာသာလည်ပတ်လျှင် သင်္ဘောထွက်ခွာချိန်ကို သတိထား၍ အမှီပြန်လာရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ Tour packages များကို သာ ဝယ်ယူ၍ လည်ပတ်ရန် အကြံပြုလိုပါသည်။ သင်္ဘောဆိုက်ကပ် ရာမြို့များတွင် ညအိပ်နား၍မရပါ။ သင်္ဘောသည် နေ့ချင်းပင် ပြန်လည်ထွက်ခွာသောကြောင့်ဖြစ်ပါသည်။

သင်္ဘောကြီး စင်ကာပူသို့ ပြန်ရောက်လျှင် စင်ကာပူတွင် (၁) ညအိပ်၍ နောက်တစ်နေ့မှ မြန်မာနိုင်ငံသို့ Singapore Airline ဖြင့်ပြန်ရမည် ဖြစ်ပါသည်။

**ပါဝင်သည့် ဝန်ဆောင်မှုများ**

- စင်ကာပူ ဗီဇာ။
- စင်ကာပူတွင် အသွား (၁)ည အပြန် (၁)ညအိပ်ရန် ဟိုတယ်နှင့် ဟိုတယ်ရှိ breakfast သုံးဆောင်ခွင့်။
- Star Cruise ပေါ်ရှိနှစ်ယောက်အိပ်အိပ်ခန်း (DD Inside; Deck 5) နှင့် Star Cruise ပေါ်တွင် သုံးဆောင်နိုင်မည့် breakfast, lunch, dinner, supper များ။
- စင်ကာပူလေဆိပ်မှ စင်ကာပူတွင် (၁) ညအိပ်ရန် ဟိုတယ်သို့ လည်းကောင်း၊ ဟိုတယ်မှ Star Cruise စီးရန် ဆိပ်ကမ်းသို့ လည်းကောင်း၊ စင်ကာပူဆိပ်ကမ်းမှ စင်ကာပူတွင် အပြန် (၁)ညအိပ်ရန် ဟိုတယ်သို့ လည်းကောင်း၊ နောက်တစ်နေ့ နံနက်တွင် ဟိုတယ်မှ လေဆိပ်သို့သွားရန်လည်းကောင်း ကားအကြိုအပို့စီစဉ်ပေးထားခြင်း။

အစီအစဉ်ကို customer စိတ်ကြိုက်ပြင်ဆင်ပြီး ခရီးသွားကုမ္ပဏီနဲ့ ညှိနှိုင်းလို့လည်း ရပါတယ်။ သင်္ဘောပေါ်မှာ အတွင်းခန်း (DD Inside) မယူဘဲ ပြတင်းပေါက်ပါတဲ့ Sea view cabin အခန်းလိုချင်ရင် ကျပ်(၇၀)ထပ်ဆောင်းပေးရပါတယ်။

ရောက်တဲ့လက်စနဲ့ စင်ကာပူမှာ နှစ်ရက်လောက်ထပ်နေချင်တဲ့အတွက် ဟိုတယ်ခထပ်ပေးရပြီး လေယာဉ်လက်မှတ်ကို နှစ်ရက်နောက်ဆုတ်ပေးပါတယ်။ အဲဒီနှစ်ရက်မှာလည်း ဟိုတယ်တစ်ခုတည်းမရဘဲ ဟိုတယ်တစ်ခုပြီး နောက်တစ်ခုပြောင်းတည်းရတဲ့အတွက် ပစ္စည်းတွေ သယ်ရရွှေ့ရတာ ပင်ပန်းပါတယ်။

ခရီးသွားကုမ္ပဏီတွေက ဖောက်သည်ဆွယ်တဲ့အနေနဲ့ အတတ်နိုင်ဆုံး ဝန်ဆောင်မှုပေးကြပေမယ့် ခရီးစဉ်တိုင်းမှာလိုလို အဆင်မပြေမှုလေးတွေ အနည်းနဲ့အများရှိတတ်ကြပါတယ်။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ တွေးပြီး အသင့်အတင့်နှလုံးသွင်းခြင်းဆိုတဲ့ ယောနိသောမနသိကာရစိတ်ထားနဲ့ ခရီးသွားကြရင်တော့ ခရီးစဉ်တိုင်းဟာ ပျော်စရာကောင်းတာ အမှန်ပဲဖြစ်ပါတယ်။

**(9 April 2016) ရန်ကုန် - မင်္ဂလာဒုံလေဆိပ်**

စင်ကာပူလေယာဉ်က မနက်(၁၀း ၃၅)နာရီထွက်မယ်ဆိုလို့ မင်္ဂလာဒုံလေဆိပ်ကို (၈)နာရီလောက် အရောက်သွားကြပါတယ်။ လေဆိပ်မှာ ခရီးသွားကုမ္ပဏီကဧည့်လမ်းညွှန်နဲ့ တွေ့ပါတယ်။ သူက စင်ကာပူဗီဇာလုပ်ဖို့အပ်ထားတဲ့ နိုင်ငံကူးလက်မှတ် (passport)၊ လေယာဉ်အသွားအပြန်လက်မှတ်၊ လေယာဉ်ပေါ်တက်လက်မှတ် (boarding pass)၊ လူဝင်မှုကြီးကြပ်ရေးမှာပေးရမယ့် ပုံစံစာရွက်စတာတွေကို တစ်ယောက်ချင်းစီလိုက်ပေးပါတယ်။ စာရွက်တွေ မပျောက်အောင် သေချာကိုင်ထားကြဖို့လည်း သတိပေးပါတယ်။

ခရီးသွားကုမ္ပဏီတွေနဲ့ဆက်သွယ်ပြီး ခရီးသွားရတာ တစ်ခုကောင်းတာက Immigration form စတာတွေကို အပြီးအစီး တာဝန်ယူ ဖြည့်ထားပေးပါတယ်။ ကိုယ့်အစီအစဉ်နဲ့ကိုယ်သွားတဲ့ခရီးဆိုရင် ကိုယ့်ဘာသာ အင်္ဂလိပ်လိုဖြည့်ရပါတယ်။ ဒါလည်း ဘာမှမခက်ပါ။ passport ကြည့်ပြီးဖြည့်တာပါပဲ။ tour group တစ်ခုလုံးအတွက် passport တွေမှာ လဝက တံဆိပ်တုံး အပြီးရိုက်ထားပေးလို့ အဝင်ဂိတ်မှာ အကြာကြီးတန်းမစီရပါ။

လိမ္မော်ရောင် အရောင်တောက်တောက် cap ဦးထုပ်တစ်လုံးစီလည်းပေးလို့ အားလုံးဆောင်းထားလိုက်ကြပါတယ်။ ဧည့်လမ်းညွှန် အပါအဝင် အားလုံး အဖွဲ့ဝင်အယောက် (၃၀) ရှိတာမို့ လူစုံ၊ မစုံစစ်ဆေးတာနဲ့ လူကျန်နေရင် လိုက်ရှာရလွယ်ကူစေပါတယ်။

လေယာဉ်ပေါ် တင်မယ့် သေတ္တာ (luggage) တွေမှာတပ်ဖို့ ကုမ္ပဏီက လင်းပိုင်ပုံအစိမ်းရောင် တံဆိပ်ပြားလေးတွေပေးပါတယ်။ နေရာတကာမှာ သေချာတဲ့ ဒေါ်မွေးကတော့ ကိုယ့်သေတ္တာတွေမှာ နာမည်ကတ်ပြားနဲ့ အတူ ပိတ်စလေးတွေပါ ထပ်ချည်ထားပါတယ်။ luggage အပ်တဲ့အခါ လက်ခံဖြတ်ပိုင်းပေးပါတယ်။ ခရီးစဉ်ဆုံးရင် ကိုယ့်အထုပ်ကိုယ်ရွေးယူရပေမယ့်လည်း ပြဿနာတစ်ခုခုဖြစ်ရင် လက်ခံဖြတ်ပိုင်းလက်မှတ်ပြနိုင်ရမှာမို့ သေချာသိမ်းရပါတယ်။

ကိုယ်နဲ့ တစ်ပါတည်း သယ်သွားမယ့် လက်ဆွဲအိတ်၊ ပိုက်ဆံအိတ်တွေကို ရွေ့လျားခါးပတ်ကြိုးပေါ်တင်ပြီး စစ်ဆေးပါတယ်။ လက်ပတ်နာရီနဲ့လက်ကိုင်ဖုန်းတွေပါ တင်ပေးလိုက်ရပါတယ်။ အဲဒီလက်ဆွဲအိတ်တွေထဲမှာ ဓား၊ ကတ်ကြေး၊ ရေမွှေးပုလင်း၊ ဓာတ်ခဲ စတာတွေ ယူလို့မရပါ။

တစ်ယောက်ချင်းစီကိုလည်း စက်ထဲဖြတ်ပြီး အစစ်ဆေးခံရပါတယ်။ ကျွန်တော်အဖြတ်မှာ စက်က တီတီတီမြည်လို့ ကျွန်တော်က ဘောင်းဘီခါးပတ်ခေါင်းကို လက်ညှိုးထိုးပြလိုက်ပါတယ်။ ဒေါ်မွေးလက်ဆွဲအိတ်ဖြတ်တော့လည်း အသံမြည်ပြန်လို့ သူက အိတ်ကိုဆွဲဖွင့်ပြီး သော့တွဲထုတ်ပြလိုက်ပါတယ်။ အားလုံး အဆင်ပြေသွားပါတယ်။

လေယာဉ်တစ်စီးလုံးနဲ့ လေယာဉ်ပေါ်က ခရီးသည်တွေ အားလုံးရဲ့ အသက်အန္တရာယ်လုံခြုံရေးကလည်း အရေးကြီးတယ် မဟုတ်ပါလား။ နောက်အပတ် ဆောင်းပါးမှာတော့ ကျွန်တော်ကိုယ်တိုင်ကြုံခဲ့ဖူးတဲ့ လေယာဉ်ပြန်ပေးဆွဲရန်ကြံစည်မှုကြီးကနေ လက်မဘင်ကလေးလွတ်မြောက်လာပုံအကြောင်းနဲ့ ခရီးစဉ်အတွေ့အကြုံတွေဆက်ရေးသွားပါမယ်။

ဒီဆောင်းပါးအစဉ်ကို နိုင်ငံအနှံ့ ခရီးသွားဆောင်းပါးတွေ အရေးများတဲ့ စာရေးဆရာမ မေတ္တာဦးရဲ့ ဆောင်းပါးအဆုံးတိုင်းမှာပါတဲ့ စကားလေးတစ်ခွန်းနဲ့ အဆုံးသတ်ချင်ပါတယ်။

မုဒိတာပွားနိုင်ကြပါစေ

မောင်ပွင့်ဘဏ် (မော[illegible])



www.burmeseclassic.com

www.burmeseclassic.com

(ကျိုက်လတ်)
# ဆရာဦးစိန်လှိုင်
## (ဗုဒ္ဓမြတ်စွာဘာဟောခဲ့သလဲ-၇)
# ဝေဒနာခံရတိုင်း ကံကြောင့်မထင်နှင့်

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မောဠိယသီဝကအမည်ရှိ ပရိဗိုဇ်သည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ဤသို့ မေးလျှောက်လေ၏။

"အရှင် ဂေါတမ၊ အချို့သော သမဏဗြာဟ္မဏတို့သည် လူတစ်ယောက် ခံစားရသောချမ်းသာမှု၊ ဆင်းရဲမှု၊ ဆင်းရဲချမ်းသာမဟုတ်သည့် ခံစားမှုသည် ရှေးကပြုခဲ့သောကံကြောင့်ဟု ပြောဆိုကြပါသည်။ အယူရှိကြပါသည်။ ဤအရာ၌ အရှင်ဂေါတမက မည်သို့ဆိုပါသနည်း"

မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

"သီဝက၊ လောက၌ သည်းခြေလျှင် ဖြစ်ကြောင်းရှိကုန်သော အချို့သောဝေဒနာတို့သည် ဖြစ်ကုန်၏။ ဝေဒနာခံစားရသူ ကိုယ်တိုင်ကလည်း ဤဝေဒနာသည် သည်းခြေလျှင်ဖြစ်ကြောင်းရှိသောဝေဒနာ ဖြစ်သည်။ လောက၌ သည်းခြေလျှင်ဖြစ်ကြောင်းရှိကုန်သော အချို့သောဝေဒနာတို့ ဖြစ်ကြကုန်သကဲ့သို့ ဤဝေဒနာသည် သည်းခြေလျှင်ဖြစ်ကြောင်းရှိသောဝေဒနာဖြစ်သည်ဟုသောအကြောင်းကို သိနိုင်၏။

လူအများကလည်း (ထိုသူ၏ အသားအရေကိုမြင်သဖြင့်) လောက၌ သည်းခြေလျှင်ဖြစ်ကြောင်း ရှိကုန်သော အချို့သောဝေဒနာမှန်၏ဟု သမုတ်ကြကုန်၏။


ဤသို့သောအရာမျိုး၌ လူတစ်ယောက်ခံစားရသော ချမ်းသာမှု၊ ဆင်းရဲမှု၊ ဆင်းရဲချမ်းသာမဟုတ်သည့် ခံစားမှုသည် ရှေးကပြုခဲ့သောကံကြောင့်ဟု ဆိုလေ့ရှိကုန်သော၊ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့သည် ဝေဒနာခံစားရသူကိုယ်တိုင် သိအပ်သည်ကိုလည်း ကျော်လွန်ကုန်၏။ လောကလူအများက မှန်သည်ဟု သမုတ်ထားအပ်သည်ကို ကျော်လွန်ကုန်၏။ သို့ဖြစ်၍ ထိုသမဏဗြာဟ္မဏတို့၏စကားကိုအမှားဟူ၍ ငါဆို၏။

သီဝက၊ လောက၌ သလိပ်လျှင် ဖြစ်ကြောင်းရှိကုန်သော အချို့သော ဝေဒနာ၊ လေလျှင်ဖြစ်ကြောင်းရှိကုန်သော အချို့သော ဝေဒနာ၊ သည်းခြေ-သလိပ်-လေ သုံးမျိုးအပေါင်းလျှင် ဖြစ်ကြောင်းရှိကုန်သောအချို့ဝေဒနာ၊ ကံလျှင်ဖြစ်ကြောင်းရှိကုန်သောအချို့သော ဝေဒနာတို့သည် ဖြစ်ကုန်၏။ ဝေဒနာခံစားရသူ ကိုယ်တိုင်ကလည်း လောက၌ သလိပ်လျှင်ဖြစ်ကြောင်းရှိကုန်သော အချို့သောဝေဒနာ၊ လေလျှင်ဖြစ်ကြောင်းရှိကုန်သော အချို့သောဝေဒနာ၊ သည်းခြေ-သလိပ်-လေသုံးမျိုးအပေါင်းလျှင် ဖြစ်ကြောင်းရှိကုန်သောအချို့ဝေဒနာ၊ ကံလျှင်ဖြစ်ကြောင်းရှိကုန်သော အချို့ဝေဒနာတို့သည် ဖြစ်ကုန်သကဲ့သို့ ဤဝေဒနာသည် သလိပ်လျှင်ဖြစ်ကြောင်းရှိသော လေလျှင်ဖြစ်ကြောင်းရှိသော သည်းခြေ-သလိပ်-လေ သုံးမျိုးအပေါင်းလျှင်ဖြစ်ကြောင်းရှိသော၊ ကံလျှင်ဖြစ်ကြောင်းရှိသောဝေဒနာဖြစ်သည်ဟု သိနိုင်၏။ လူအများကလည်း (ထိုသူ၏ အသားအရေကိုမြင်သဖြင့်) လောက၌ သလိပ်လျှင် ဖြစ်ကြောင်းရှိကုန်သော၊ လေလျှင် ဖြစ်ကြောင်းရှိကုန်သော၊ သည်းခြေ-သလိပ်-လေသုံးမျိုးပေါင်းလျှင် ဖြစ်ကြောင်းရှိကုန်သော၊ ကံလျှင်ဖြစ်ကြောင်းရှိကုန်သော အချို့ဝေဒနာတို့ သည်ဖြစ်ကြကုန်သကဲ့သို့ ထိုသူ၏ ဝေဒနာသည် သလိပ်-လေ-သည်းခြေ သုံးမျိုးအပေါင်း ကံလျှင်ဖြစ်ကြောင်းရှိသောဝေဒနာမှန်၏ဟု သမုတ်ကြကုန်၏။

ဤသို့သောအရာမျိုး၌ လူတစ်ယောက်ခံစားရသော ချမ်းသာမှု၊ ဆင်းရဲမှု၊ ဆင်းရဲချမ်းသာမဟုတ်သော ခံစားမှုသည် ရှေးကပြုခဲ့သောကံကြောင့်ဟုဆိုလေ့ရှိသော၊ ယူလေ့ရှိကုန်သော သမဏဗြာဟ္မဏတို့သည် ဝေဒနာခံစားရသူ ကိုယ်တိုင်သိအပ်သည်ကိုလည်း ကျော်လွန်ကုန်၏။ လောကလူအများက မှန်သည်ဟု သမုတ်ထားအပ်သည်ကိုလည်း ကျော်လွန်ကုန်၏။ သို့ဖြစ်၍ ထိုသမဏဗြာဟ္မဏတို့၏စကားကို အမှားဟု ငါဆို၏။

*သဠာယတနသံယုတ် ၃-အဋ္ဌသတပရိယာယဝဂ်၊ ၁ သီဝကသုတ်*

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)





www.burmeseclassic.com

www.burmeseclassic.com

# ထောင်မှူးကြီးသိန်းဝင်း

## လမ်းဦးတိုက်၊ လှေဦးတိုက်၊ လှည်းဦးတိုက်အိမ်များနှင့်ပတ်သက်၍

ကျွန်တော်တို့မိသားစုအိမ်ကလေးသည် အင်းစိန်ထောင်ကြီးအရှေ့ဘက် မျက်စောင်းထိုး သက်တမ်းရင့် ကြီးမားထူးခြားလှသော ပိတောက်ပင်ကြီးနှင့် သစ်တခါးနှစ်ဆင့်ပါရှိသော ကုက္ကိုပင်ကြီးများအောက်တွင် တည်ရှိပါသည်။ ဆင်တူအိမ်ကလေးနှစ်လုံးအား (ပလက) က စမ်းသပ်ဆောက်လုပ်ထားခြင်း ဖြစ်သည်။ အိမ်များခြေရင်းဘက်၌ အင်းစိန်ထောင်မော်တော်ယာဉ်ဌာနဝင်းအနောက်ဘက်၌ ဝန်ထမ်းများလေ့ကျင့်ရေးသင်တန်းကျောင်းရှိပြီး ခေါင်းရင်းဘက်၌ ထောင်ဝန်ထမ်း မိသားစုများအတွက် ဆေးပေးခန်းအဆောက်အအုံကလေးရှိသည်။

ကျွန်တော်တို့ အိမ်အရှေ့ဘက်၌ မော်တော်ယာဉ်ဝင်းသွားကားလမ်းနှင့် အုတ်ကြွပ်ဝန်ထမ်းလိုင်းသွာကားလမ်း (၂)ထပ်ရှိနေသည်။ ၎င်းကားလမ်း (၂) လမ်းနှင့် ထိပ်တိုက် လက်ယာဘက်၌ ဒုတိယကမ္ဘာစစ်လက်ကျန် (၂)ထပ်အိမ်မည်းကြီးရှိနေသည်။ ရှေးလက်ရာအတိုင်း တည်နေဆဲဖြစ်ပြီး ထူးဆန်းစွာ အိမ်အမိုးကို ကျွန်းသစ်ပြားများအား သစ်အုတ်ကြွပ်အဖြစ်အမိုးမိုးထားသည်။ အပေါ်ထပ်တက်သည့် ကျွန်းလှေကားကြီးကလည်း ကြီးမားပြီး တောင့်တင်းဆဲဖြစ်သည်။ သစ်အိမ်ကြီးဖြစ်ပြီး တိုင်လုံးများကအဆက်မရှိ။ (၁) ပေပတ်လည်တိုင်လုံးကြီးများဖြစ်ကြသည်။ တိုင်ကြီးများနှင့် ထုပ်၊ လျောက်တန်းများတွင်တော့ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက လေယာဉ်ပျံပေါ်မှပစ်သည့်စက်သေနတ်ကျည်ဆန်ရာများက ကျန်ရှိနေဆဲဖြစ်သည်။ ထိုသို့ နှစ်ကြာရှည်သော်လည်း အိမ်ကြီး၏ခိုင်ခံ့မှုက ယခုတိုင် တောင့်တင်းခိုင်မာဆဲပင် ဖြစ်သည်။

ဒုတိယကမ္ဘာစစ်မတိုင်မီကာလက အင်္ဂလိပ်အစိုးရအရာရှိများနေခဲ့ကြ၏။ ၁၉၄၃ ခုနှစ်က ဂျပန်အရာရှိများနေခဲ့ကြပြီး အင်းစိန်ထောင်ကြီးအား အကျဉ်းသားများမထားဘဲ လက်နက်တိုက်အဖြစ်သာသုံးခဲ့ကြသည်။ ၁၉၄၉ ခုနှစ် ကရင်ကသိမ်းတော့ ထောင်ကြီးအား ခံတပ်အဖြစ်သုံးခဲ့ပြီး ထောင်ထဲ၌ မိသားစုများပင် နေထိုင်ခဲ့ကြကြောင်း သိရှိရပါသည်။

အင်းစိန်ထောင်ကြီးမှာ ခေတ်အဆက်ဆက်မှီခဲ့သော သမိုင်းဝင်ထောင်ကြီးဖြစ်ချေသည်။ ယခုတော့ ကျွန်တော်အကျဉ်းထောင်အရာရှိအဖြစ် အထက်တွင် ဖော်ပြခဲ့သော လမ်းဦးတိုက်လုံးချင်းအိမ်ကလေးတွင် မိသား... ဖြင့်နေထိုင်သည်။ အိမ်ရှေ့စည်းရိုး... စက္ကူပန်းပင်များကတစ်ထပ်၊ အတွင်း... ယုဇနာ၊ သနပ်ခါးပန်းနှင့် ဂမုန်းပင်များ... တန်းစီပြီး ဖူးပွင့်ဝေဆာနေကြသည်။

ထိုအိမ်ကလေးတွင် ကျွန်တော်... မိသားစု အနှစ် (၂၀) ကျော်တိုင်အောင်... အေးချမ်းစွာနေခဲ့ရသည်။ ကျွန်တော်... အမျိုးသားထောင်အရာရှိဖြစ်၍ မြန်မာ... တစ်ပြည်လုံးအနှံ့ ပြောင်းရွှေ့ တာ... ထမ်းဆောင်ခဲ့ရသော်လည်း အမျိုးသမီး...



www.burmeseclassic.com

www.burmeseclassic.com

ထောင်အရာရှိဖြစ်သူ ဖနီးသည်ကတော့ မပြောင်းရွှေ့ရပါ။ ထို့ကြောင့်လည်း အစိုးရ ဝန်ထမ်းများအနေဖြင့် အုံညြဖွယ် ဌာနက ပေးထားသောအိမ်ကလေး၌ အနှစ်(၂၀) ကျော် ကြာရှည်အောင် နေထိုင်ခဲ့ကြရာ လမ်းဦးတိုက်အိမ်ပင် ဖြစ်သော်လည်း ကျွန်တော်တို့မိသားစု ဒုက္ခဆင်းရဲအခက် အခဲမကြုံခဲ့ရဘူးပါ။ ကျန်းမာရေးလည်း ကောင်းကြပါသည်။

အိမ်ရှေ့တွင်ရှိကြသည့် အမိကရ ပိတောက်ပင်ကြီးနှင့် ကုက္ကိုပင်ကြီးများ၏ အကာအကွယ်များကြောင့်လားတော့ မသိပါ။ ကျွန်တော်က ထိုအပင်ကြီးများ





www.burmeseclassic.com

www.burmeseclassic.com

တွင် ဆရာတစ်ဦး၏ လမ်းညွှန်ချက်အရ ရက္ခစိုးနတ်စင်ကလေးများတည်ဆောက်ပေးထားသဖြင့် ယုံကြည်သူများက မနက်၊ ည ပန်း၊ ဆီမီး၊ ရေချမ်းလာကပ်ကြသည်။

❑

အလုပ်တာဝန်များနားကြတော့ ကျွန်တော် ကြိုတင်စီစဉ်ထားသည့် ထောင်ကြီးအနောက်ဘက် ရွာမရပ်ကွက်တွင်အိမ်တစ်လုံးဝယ်ထားသည်။အင်းစိန်တွင်အနေကြာပြီး အပေါင်းအသင်းများနှင့်နီးသောကြောင့် အခြေချနေထိုင်ရန်ဖြစ်သည်။ သို့သော် အသက်(၉၀)ကျော် မိခင်ကြီးကပြန်ခေါ်ပြီး အမွေပေးသဖြင့် သမိုင်းရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်ရ၏။ ထူးခြားသည်က ကျွန်တော်မွေးဖွားခဲ့သောအိမ်ကြီးကိုပင် ပြန်လည်အမွေရခြင်း ဖြစ်သည်။ ယခင်က သစ်သားအိမ်အိုကြီးဖြစ်သောကြောင့် ကျွန်တော်တို့၏ အိမ်ကလေးအဖြစ် ပြန်လည်မွမ်းမံတည်ဆောက်ရသည်။

ကျွန်တော်တို့၏ အိမ်ရှေ့တွင် ဝဲဘက်၌ အစ်ကိုကြီးအိမ်၊ ယာဘက်၌ အစ်မကြီးအိမ်ရှိသည်။ ကျွန်တော်တို့ ခြံကြီးရှေ့တွင် အာသာဝတီလမ်းသွယ်ရှိသည်။ ထိုလမ်းသို့ ရန်ကုန် အင်းစိန်လမ်းမကြီးမှပွဲဝင်သော နှင်းဆီလမ်းသွယ်ကလေးလည်းရှိသည်။ ထိုလမ်းသွယ်လေးက အစ်မကြီးတို့အိမ်နှင့် ထိပ်တိုက်ဖြစ်သည်။ ထူးခြားမည်ဟုမယူဆမိသော်လည်း ထူးခြားချက်များကဖြစ်လာသည်။

ပထမဆုံးထူးခြားသည်က အစ်မကြီး၏ယောကျ်ား ကျွန်တော့်ယောက်ဖဖြစ်သူ ယာဉ်တိုက်မှုဖြင့် ထောင်ကျသည်။ထောင်ကထွက်တော့ သူဘုန်းကြီးဝတ်သွားသည်။ ဒုတိယက အစ်မကြီးသားအလတ် ကျွန်တော့်တူ တီဘီရောဂါစွဲ၍ သေဆုံးသည်။ နောက်တစ်ယောက်ကလည်း အစ်မကြီး၏ သမီးကြီးနှင့် ယောကျ်ားဖြစ်သူတို့ မရှေးမနှောင်း ကွယ်လွန်ကြသည်။ နောက်တစ်ယောက်ကတော့ အသက် (၉၃) နှစ်အရွယ် ကျွန်တော်တို့မိခင်ကြီး လူကြီးရောဂါဖြင့် ကွယ်လွန်ခြင်း ဖြစ်သည်။

သို့နှင့် နောက်ဆုံးတစ်ယောက်ကတော့ ယောက်ဖကြီး နယ်တွင် ဘုန်းကြီးတစ်သက်လုံးဝတ်မည်ဆိုပြီး လူထွက်၍ အိမ်ပြန်လာခြင်း ဖြစ်သည်။ သူက အတွေ့အကြုံရှိသဖြင့် တန်ပြန်စေရန် အိမ်ရှေ့၌ မှန်ထောင်ထားသည်။ အိမ်ရှေ့ဝင်ပေါက်ကိုကာကွယ်ရန် ဂမုန်းပင်မျိုးစုံစိုက်သည်။ ဘုန်းကြီးလူထွက်ပီပီ မနက်၊ ညပရိတ်တော်များကိုရွတ်၍ အမျှဝေ၊ မေတ္တာပို့ပြီး အိမ်ဝင်ပေါက်ဝအခန်းတွင် သူအိပ်သည်။

သို့သော် မကြာလှပါ။ (၆) လခန့်အကြာတွင် အိမ်ပြန်ရောက်ပြီးနောက် သွေးတိုးရောဂါဖြစ်ပြီး လေဖြန်းခံရသည်။ ဆရာစုံပင့်၍ကုတော့ လမ်းပြန်လျှောက်နိုင်သည်။ သို့သော် ကျန်းမာရေးက ယခင်လိုမကောင်းတော့။ သားကြီးသမီးကြီးများရှိသော်လည်း စီးပွားရေးကပြန်လည်ဦးမော့မလာပါ။ အမျိုးမျိုးဒုက္ခရောက်ကြရလေသည်။ ဤသည်မှာ ကျွန်တော်၏ကိုယ်တွေ့ဖြစ်သည်။

❑

နောက်တစ်ဦးက ကျွန်တော်၏ ကျောင်းနေဖက် ငယ်ပေါင်းသူငယ်ချင်း ကျော်စိန်ဝင်းဖြစ်သည်။ သူက ကျောင်း၌ စာတော်သလို ပြင်ပစီးပွားရေးလောကထဲသို့ရောက်တော့လည်း မိဘလက်ငုတ်လက်ရင်း ဆီကြိတ်စက်လုပ်ငန်းကို လုပ်ကိုင်ရင်း ငွေစုလည်းစုမိသည်။ ငွေကလေးဖြင့် လယ်ကွက်များဝယ်သည်။ စပါးရာသီပြီးတော့ မြေပဲစိုက်သည်။ နွေရာသီ၌ ဖရဲခင်းလုပ်သည်။ ပျားဂေဟာကေဒါဆင်းဖြစ်၍လည်း စိုက်ပျိုးရေးကို ကျွမ်းကျင်နားလည်သည်။ အစပိုင်းက ကိုယ်တိုင်လုပ်ခြင်းဖြစ်ပြီး နောက်ပိုင်း စိုက်ပျိုးမြေဧက များပြားလာသဖြင့် လူငှားရသော်လည်း ကိုယ်တိုင်ကြီးကြပ်



သည်။ ထို့ကြောင့်လည်း ဝက်ထီးကန်ဟူသောတောမြို့ကလေး၌ တောသူဌေးကလေးဘဝသို့ ရောက်လာရသည်။

ငွေကြေးလေးအတော်စုဆောင်းမိတော့ ပြည်မြို့ပေါ်တက်၍ ပြည်သာယာရပ်ကွက်တွင် ပေ (၆၀) ပတ်လည် မြေကွက်ကလေးကို ငွေကျပ်သိန်း(၁၀၀)ဖြင့် ဝယ်ဖြစ်သည်။ စားသောက်ဆိုင်လေးတည်ရန် အစဦးက ကြံမြဲပမ်းသော်လည်း လူစည်ကားသောရပ်ကွက်မဟုတ်သဖြင့် အဆင်ပြေမည်မဟုတ်ကြောင်း ကျွန်တော်က အကြံပေးရသည်။ သို့နှင့် ထိုမြေကွက်အတွင်း၌ သစ်သားအိမ်လေး ဆောက်၍ တပည့်လင်မယားအား အစောင့်ထားသည်။ သုက်ကောင်းချင်တော့ မြေဈေးများအဆမတန်တက်လာသည်။ သူတို့ပြည်သာယာရပ်ကွက်သို့ လူချမ်းသာများ ရောက်ရှိလာကြပြီး အပြိုင်အဆိုင် တိုက်အိမ်များဆောက်ကြတော့သည်။ အဝေးပြေးကားဂိတ်နှင့်လည်းနီးပြီး ပြည်မြို့ ရွှေဆံတော်ဘုရားဖြင့်လည်းမဝေးလှသောကြောင့် သူတို့ရပ်ကွက်တွင် တည်းခိုခန်းများပေါ်ပေါက်လာပြီး အလွန်စည်ကားသောရပ်ကွက်ကြီးဖြစ်လာသည်။

ထိုအခါကျမှ ကျွန်တော်က စားသောက်ဆိုင်ဖွင့်ရန် အကြံပေးရတော့သည်။ ကျော်စိန်ဝင်းက အထက်ကပြောခဲ့သလို လူပါး၊ လူလည်၊ အပေါင်းအသင်းကလည်းဆံ့သည်။ သူကျွန်တော်နှင့်တွေ့တော့ တိုင်ပင်သည်။

"သူငယ်ချင်းရေ၊ စားသောက်ဆိုင်ဖွင့်မယ့်အစား ကန်ထရိုက်တိုက်ဆောက်ဖို့ ကိုယ်စီစဉ်ထားတယ်။ ကုမ္ပဏီတစ်ခုက ကိုယ့်မြေကို သိန်း (၆၀၀) နဲ့ဝယ်ဖို့ ကမ်းလှမ်းနေတယ်။ နောက်ကုမ္ပဏီတစ်ခုကတော့ နှစ်ခန်းတွဲ (၄) ထပ် ကန်ထရိုက်တိုက်ဆောက်မယ်။ တိုက်ကို တစ်ဝက်စီပိုင်မှာဖြစ်ပြီး အပိုဆောင်းငွေ သိန်း (၁၀၀) လည်းပေးဦးမယ်။ အဲဒါက ပိုမသာပေဘူးလား"

"အေး - အဲဒါက ပိုကောင်းတာပေါ့။ ဒါပေမယ့် ကန်ထရိုက်က စိတ်ချရရဲ့လား"

"ကိုယ့်မိတ်ဆွေရဲ့အပေါင်းအသင်းပါပဲ၊ စိတ်ချရပါတယ်"

သို့နှင့် သူတို့ စာချုပ်ချုပ်၍ ကန်ထရိုက်တိုက်ကြီးဆောက်လုပ်သည်။ ကျွန်တော် ပြောရန်ကျန်နေသည်မှာ သူတို့၏ ခြံဝဲဘက်ထောင့်၌ အုတ်ရေတွင်းဟောင်းကြီးရှိသည်။ ရေထွက်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသဖြင့် ရပ်ကွက်အတွင်းနေ ဆင်းရဲသားများလည်း အသုံးပြုနေကြဆဲ ဖြစ်သည်။ ထိုအပြင် သူတို့ခြံရှေ့၌ ခရေဟူသော လမ်းလေးရှိသလို စပယ်ဟူသော ကြားလမ်းသွယ်ကလေးက ရေတွင်းဟောင်းကြီးနှင့် ထိပ်တိုက်တည်ရှိပါသည်။ ထို့ကြောင့်လည်း စာရေးဆရာဖြစ်သူကျွန်တော်က အတွေ့အကြုံအရ သူတို့သတိပေးရတော့သည်။

"သူငယ်ချင်းရေ မင်းတိုက်ကြီးဆောက်ရင် ရေတွင်းဟောင်းကြီးကို မဖျက်ရင်ကောင်းမယ်။ နောက်ပြီးတော့ တိုက်ပြီးလို့ ခွဲဝေကြရင် ဝဲဘက်အခြမ်းကို လုံးဝမယူနဲ့။ ယာဘက်အခြမ်းကိုသာ ယူ ကြားလား"

"ကိုသိန်းဝင်းရေ - ဝဲဘက်အခြမ်းက တိုက်အိမ်တွေနဲ့ဆက်နေတာ၊ ယာဘက်အခြမ်းက ဆင်းရဲသားအိမ်လေးတွေနဲ့ ဆက်နေတာကွ။ ဒါကြောင့် ကိုယ်နဲ့ကန်ထရိုက်နဲ့လုပ်နေကြတာ"

"ပေးလိုက်စမ်းပါ သူငယ်ချင်းရယ်၊ မင်းအတွက် ပိုကောင်းတာမြင်လို့ ကိုယ်က ပြောရတာပါ"

"ရေတွင်းကြီးကိုလည်း သူတို့က ဖျက်ပြီးဖို့ကြမှာကွ"

"အေး - အဲဒီအခါကျရင် မင်းဝင်မပါနဲ့။ သူတို့သဘောနဲ့သူတို့လုပ်ပါစေ။ အကြောင်းရှိတယ်"

"အေးပါကွာ၊ မင်းကလည်း အချင်းချင်းလျှို့နေပြန်ပြီ"

သို့နှင့် တစ်နှစ်ကျော် နှစ်နှစ်နီးပါးခန့်တွင် သူတို့တိုက်ကြီးပြီး၍ ဆေးသုတ်နေသည်။ ခြေရင်း ကျော်စိန်ဝင်းရသည့်ဘက်အခြမ်းရှိ ဆင်းရဲသားအိမ်ကလေးများနှင့် စိုက်ပျိုးမြေကွက်လပ်များလည်း အသီးသီးကန်ထရိုက်တိုက်များဆောက်လုပ်ကြပြီ ဖြစ်သည်။

ကျော်စိန်ဝင်းက ကျွန်တော့်အား-

"သူငယ်ချင်းရေ၊ တိုက်ကြီးပြီးတော့ - အခန်းတွေလာဝယ်ကြတယ်။ ကိုယ်က ရင်ကွဲတိုက်ဆိုတော့ (၄) ခန်းရတယ်။ အောက်ထပ်မှာ ကုန်စုံဆိုင်လေး ဖွင့်မလားလို့ မရောင်းဘူး။ အပေါ်ထပ်တွေကိုတော့ ရောင်းမလားလို့"

"မိသားစုနဲ့တိုင်ပင်ပြီးလုပ်ပေါ့ကွာ။ ငွေမလိုသေးရင်တော့ထားလိုက်ဦးပေါ့။ ဈေးတွေကတဖြည်းဖြည်းတက်နေတယ်။ ကျရိပ်မရှိဘူးကွ"

သို့နှင့် သူ ကျွန်တော်နှင့် (၆) လခန့် တွေ့ဆုံဖြစ်တော့။ ကျွန်တော်နယ်ညည့်ခရီးထွက်နေသောကြောင့် ဖြစ်၏။ ကျွန်တော် ပြည်မြို့သို့ ပြန်ရောက်ပြီး သူနှင့်ဆုံဖြစ်တော့ -

"သူငယ်ချင်း ကိုသိန်းဝင်းရယ်၊ ကျေးဇူးတင်လိုက်တာ အလွန်ပါပဲ"

"ဘာများတုံးဟ၊ လင်းစမ်းပါဦး။ ကိုယ်လည်း မိတ်ဆွေတွေဖိတ်တာနဲ့ ကျိုက်ပျော်မြို့သွားရင်း တစ်ဆင့်ပြီးတစ်ဆင့် ဧရာဝတီတစ်တိုင်းလုံးနှံ့သွားတာပဲ။ ကိုယ်သိချင်တာက လပွတ္တာမြို့နားက ပျဉ်းမရယ်မြို့ဟောင်းကြီးအကြောင်းသိချင်တာ။ အခုတော့ ဘိုကလေးပါနှံ့ပြီး မိန်းမလှကျွန်းနဲ့ ကျွန်းညိုကြီးကိုတောင် ရောက်ဖူးရတော့တယ်"

"ဪ - ဒါကြောင့် သူငယ်ချင်း (၆) လလောက်ပျောက်နေတာကိုး။ လာကွာ၊ ပြောစရာစကားတွေအများကြီးရှိတယ်။ စားသောက်ဆိုင်သွားပြီး အေးအေးဆေးဆေးစကားပြောကြရအောင်ပါ"

"အေးအေး - အကောင်းဆုံးအစီအစဉ်ပါပဲ။ ကိုယ်လည်း မင်းကို မြစ်ဝကျွန်းပေါ်မြို့ ရွာတွေကရလာခဲ့တဲ့ဇာတ်လမ်းတွေအများကြီးအတွေ့အကြုံဖလှယ်စရာတွေရှိတယ်"

"ကဲ - ဒါဖြင့်လည်း သွားကြစို့ သူငယ်ချင်းရေ"

❑

ကျွန်တော်တို့နှစ်ဦး ဧရာဝတီကမ်းစပ်က စားသောက်ဆိုင်ကြီးတစ်ဆိုင်သို့ သူဝယ်ထားသောကားလေးဖြင့်သွားကြပြီး အေးဆေးစွာစားသောက်ရင်း စကားပြောကြသည်။

"သူငယ်ချင်းရေ၊ ခေါင်းရင်းက တိုက်တစ်ခြမ်းကို ကန်ထရိုက်ကအပြတ်ရောင်းပြီးလစ်ပြီ။ သူလည်း သိန်း(၁၅၀၀) လောက်ရသွားတာပေါ့။ ကိုယ်ကတော့ သူငယ်ချင်းမှာခဲ့လို့ ချက်ချင်းမရောင်းဘဲ ဈေးရမှာရောင်းလို့ သိန်း (၂၀၀၀) ကျော်ရတယ်။ ချက်ချင်းမရောင်းလို့ မိန်းမနဲ့တော့ စကားများရတာပေါ့။ အခုတော့ သူသိသွားပြီ။ သူငယ်ချင်းကိုကျေးဇူးတင်နေလို့ နယ်ကပြန်ရောက်ရင် သူကိုယ်တိုင် ကန်တော့မလို့တဲ့။ အိမ်မှာစောင့်နေလေရဲ့"

"အကျိုးအကြောင်းကိုလင်းစမ်းပါဦးဟ"

"တိုက်ဆောက်တဲ့သူဌေးက ငွေထုပ်ကြီးရသွားပေမယ့် တော်တော်နေမကောင်းဖြစ်နေတယ်လို့ကြားတယ်။ သူ့ဘက်အခြမ်းမြေညီထပ်တိုက်ခန်းဝယ်တဲ့ တရုတ်လည်း ကုန်စုံဆိုင်ကြီးဖွင့်ပြီး ဘာဖြစ်မှန်းမသိမဲ့သွားပြီ။ ကျန်းမာရေးလည်းမကောင်းလို့အခု ကုလားကိုရောင်းပြီးပြေးပြီ။ ကုလားကတော့ ကုန်မာဆိုင်ဖွင့်ထားတာ အစပိုင်းက ရောင်းရပေမယ့် အခုတော့ ငုတ်တုတ်ပဲ။ နေမကောင်းဘူးလို့လည်းကြားတယ်။ နောက်ပြီး အဲဒီဘက်အခြမ်း အပေါ်ထပ်ကနေတဲ့သူတွေလည်း အလျှိုလျှိုရောင်းပြီး လစ်ကြသဗျ။ မြဲနေကြတာက ကိုယ့်ဘက်အခြမ်းကလူတွေပဲ။ ကျန်းမာရေးလည်းကောင်းကြတယ်။ စီးပွားလည်းဖြစ်ကြသတဲ့။ တစ်အိမ်တည်းအတူနေကြပြီး ဘယ်လိုဖြစ်ကြရတာလဲ ဆရာကြီးရယ် ရှင်းစမ်းပါဦး"

"အေး - အဲဒါ လမ်းဦးတိုက် လှေဦးတိုက်အိမ်လို့ခေါ်တယ်။ တော်သေးတာပေါ့။ တိုက်တစ်ခြမ်းပဲမို့လို့၊ ရေတွင်းဟောင်းကြီးဖျက်လိုက်တော့ ပိုဆိုးသွားတာပေါ့။ သူငယ်ချင်းက အကုန်ရောင်းပစ်လိုက်ပြီဆိုတော့ တော်သေးတာပေါ့။ အိမ်ရှေ့မှ အိမ်နောက်မချမ်းသာဆိုသလို မကြာခင်အဆောက်အအုံတစ်လုံးတည်းဖြစ်တာမို့ ဒီဘက်အခြမ်းကိုလည်း တဖြည်းဖြည်းကူးလာနိုင်တယ်။ သူငယ်ချင်းတို့ကိုယ်တိုင်လည်း ဆိုင်ရာပိုင်ရာကိုရည်မှန်းပြီး ဆွမ်းကျွေးအလှူကလေးလုပ်ပြီး မေတ္တာပို့၊ အမျှအတန်းဝေရင် ပိုအကျိုးရှိတာပေါ့"

"လုပ်ပါ့မယ် သူငယ်ချင်းရယ်၊ ဆွမ်းကျွေးတာ ဘယ်လောက်ကုန်တာမှတ်လို့ ကုသိုလ်တောင်ရသေး။ သူငယ်ချင်းပြန်လာရင် အလှူအတန်းလုပ်ဖို့ မိန်းမနဲ့တောင်တိုင်ပင်ထားသေးတယ်"

"သာဓုပါဗျာ၊ သာဓုပါ။ ရရှိထားတဲ့ငွေတွေကိုလည်း ပျောက်ပျက်မသွားဘဲ တိုးပွားအောင်လုပ်ဦး။ ဒီတစ်ခါတော့မြေပြန်မဝယ်နဲ့ဦး။ ဈေးတွေတက်နေပေမယ့် ကျရိပ်ရှိတယ်။ အခုလိုနွေဦးရာသီမှာ ဝက်ထီးကန်မြို့ကလေးဘက်ဆင်းပြီး စပါးလှောင်၊ ပဲလှောင်လုပ်ပေါ့။ ကိုယ့်မှာ ရန်ကုန်က ဧယ်လက်တွေရှိတယ်။ သူတို့က ရသလောက်ဝယ်ချင်တာ။ တို့တွေက ဒီနယ်သားဆိုတော့ နယ်ခံမိတ်ဆွေအပေါင်းအသင်းတွေပေါ့တော့ တစ်ပန်းသာတာပေါ့နော်"

"ဟုတ်ပါပြီ - သူငယ်ချင်းရယ်၊ မနက်ဖြန်ပဲ ကိုယ့်ကားကလေးနဲ့ ဝက်ထီးကန်ဘက်ဆင်းကြတာပေါ့"

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၁ ခုနှစ်လောက်က ဖြစ်ပါသည်။

ထိုစဉ်အခါက ကျွန်ုပ်တို့ ရှေ့တန်းအမှတ် (---) ခြေမြန်တပ်ရင်းမှာ ကရင်ပြည်နယ် သံလွင်မြစ်၏ အရှေ့ခြမ်းတွင် လှုပ်ရှားတပ်ရင်းများအဖြင့် တာဝန်ထမ်းဆောင်နေရပါသည်။

တစ်နေ့သောအခါ သတင်းရသည်ဆို၍ နောင်တပွဲဆိုသောရွာသို့ ချီတက်ခဲ့ကြရပါသည်။ ထိုရွာကို ကျွန်ုပ်တို့က တစ်ခါမှမရောက်ဘူးပါ။ သို့သော်လည်း သံလိုက်အိမ်မြှောင်နှင့် စစ်သုံးမြေပုံများကို အသုံးပြုကာ ချီတက်ခဲ့ကြပါသည်။


ထိုစဉ်အခါက KNU အကြမ်းဖက်သောင်းကျန်းသူတို့၏အင်အားမှာ ခိုင်မာတောင့်တင်းနေချိန် ဖြစ်သည်။ နယ်စပ်မျဉ်းတွင်ရှိနေကြသော ၎င်းတို့၏ အခိုင်အမာစခန်းများမှာလည်း တစ်ခုမှမကျနှစ်မိုင်၊ သုံးမိုင်အထိဖြန့်ကားပြီး တပ်ဖြန့်ထားတတ်ကြသေးသည်။ ထိုအခါ ကျွန်ုပ်တို့ တပ်မတော်သားများ ၎င်းတို့အား ဘယ်မှဖြစ်စေ၊ ညာမှဖြစ်စေ စစ်ကစားပြီး လှည့်ပတ်တိုက်ရန်ပင် မလွယ်ကူသော အခြေအနေမျိုးပင် ကြုံတွေ့ခဲ့ရတတ်ပါသည်။

ယခု ရရှိထားသည့် သတင်းမှာလည်း အဆိုပါ စစ်ကြောင်းမှူးနှစ်ယောက်ကပူးပေါင်းပြီး ကျွန်ုပ်တို့အား စောင့်နေသည်ဆို၏။ သို့ဖြစ်၍ ကျွန်ုပ်တို့က စစ်တို့၏သဘောအရ ကွင်းကိုရှောင်၊ တောင်ကိုရှင်းဆိုသည့်အတိုင်း ကွင်းတွေ့လျှင်ပတ်ပြီး တွေ့သမျှတောင်ကို တစ်ဆင့်ပြီးတစ်ဆင့်တက်ကာ ချီတက်ခဲ့ကြရတော့သဖြင့် တောတိုးပြီး ချီတက်နေကြရသည်။ တစ်နာရီတစ်ကြိမ်ကျ အထက်ဌာနများနှင့် ဆက်သွယ်မှုရယူကြရသလို ဘေးနံတပ်များနှင့်လည်း ဆက်သွယ်မှုရယူကြရသည်။ ဘေးနံတပ်များပါသော် အခါက တိုက်ခိုက်ရမည့် တပ်ရင်းမှာ ကျွန်ုပ်တို့တပ်ရင်းသာဖြစ်သည်။

တစ်နေကုန် ချီတက်လာခဲ့ကြရာ မွန်းလွဲ (၂) နာရီကျော်ကျော်လောက် ရောက်သောအခါ နောင်တပွဲရွာနှင့် တဖြည်းဖြည်းချင်း နီးကပ်လာတော့သည်။ ကျွန်ုပ်တို့က ရွာ၏အနောက်ဘက်အရပ်တွင်ရှိသော တောင်ကြောအတိုင်း ချီတက်ချဉ်းကပ်လာကြခြင်းဖြစ်သည်။ တောင်ကြောမှာလည်း တွေ့ကွေ့ကောက်ဖြင့် ရွာရှိရာဆီသို့ ဦးတည်

# ချစ်ဆိုင်

# ဆန်းကြယ်သည့်ဂမ္ဘီရတောင်



သေး။ သို့ဖြစ်၍ နောက်ပိုင်းမှ အုပ်ချုပ်ထောက်ပံ့မှုက ပြည့်ဝစွာရနေ၏။ ရှေ့ပိုင်းတွင် လာပြီးသောင်းကျန်းနေသောအဖွဲ့များကလည်း စစ်ကြောင်းမှူးအဆင့်ရှိ ဂျော်နီနှင့် ဂျော်တူးတူးနှစ်ယောက်ပေါင်းမိပြီဆိုပါက အင်အား (၃၀၀၀) နှင့်အထက်ရှိသည်။

ကျွန်ုပ်တို့ တပ်မတော်အား ခံစစ်ယူပြီး တိုက်ကွက်ဖော်လာပြီဆိုပါက တစ်ခါတစ်ရံ သူတို့၏ စစ်မျက်နှာမှာသည်။ တောင်စဉ်တောင်တန်းများက မြင့်မားမတ်စောက်သော တောင်ပြတ်များကိုတော့ မတွေ့ရ။

ချီတက်လာခဲ့ရသော လမ်းတစ်လျှောက်တွင် ကြီးမားသော သစ်တောသစ်ပင်များက ဖုံးအုပ်လျက်ရှိပါသည်။ အထူးသဖြင့် အင်တိုင်းတောပင်ဖြစ်သည်။ တော၏အောက်ခြေတွင် ချုံယောင်ပင်ယောင်တွေကလည်း ရှိနေကာ ရှည်လျားနေခြင်းပင် ဖြစ်တော့သည်။

(၃) နာရီကျော်လောက် ရောက်သောအခါ တောင်ကြောကဆုံးတော့သည်။ တောင်ကြောဆုံး၍ ရှေ့ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်သောအခါ နောင်တပွဲရွာကိုလှမ်းပြီးမြင်နေရတော့သည်။ နောင်တပွဲရွာမှာ မြေနိမ့်လွင်ပြင်တွင်တည်ရှိနေပြီး ရွာ၏ပတ်လည်တွင် လယ်ကွင်းပြင်များကရှိနေသည်။ လယ်ကွင်းပြင်တို့၏ အလယ်တွင်ရှိနေသောရွာဟုဆိုကမမှားပါ။ ကျွန်ုပ်တို့ရောက်ရှိနေသော တောင်ကြောအဆုံးနေရာနှင့် အဖြောင့်တိုင်းသော် ကိုက်တစ်ထောင်ကျော်ရုံမျှသာရှိ၏။ သို့ဖြစ်၍ အတိုင်းသားမြင်နေရသည်။

ထိုတောင်ကြောအဆုံးသို့ရောက်သောအခါ စစ်ကြောင်းကို ခေတ္တရပ်နားထားပြီး တပ်ရင်းမှူးနှင့်တကွ စစ်ကြောင်းမှူး၊ တပ်ခွဲမှူး၊ တပ်စုမှူးများက မြေပြင်အခြေအနေကြည့်ကာ စစ်ရေးသုံးသပ်ကြသည်။ ပြီးလျှင် ဝင်ရောက် တိုက်ခိုက်ရန်အတွက် စီမံချက်ရေးဆွဲကြသည်။

ကျွန်ုပ်သည် ထိုကဲ့သို့ အရာရှိများက စစ်ရေးသုံးသပ်ပြီး စီမံချက်ရေးဆွဲနေစဉ်အတွင်း ဟိုကြည့်ဒီကြည့်လျှောက်ကြည့်လေရာ တောင်ကြောပေါ်တွင် ထူးဆန်းလှပါသော အိုးခြမ်းပဲ့ကွဲအပိုင်းအစများကို တွေ့ရှိခဲ့ပါလေတော့သည်။ အိုးခြမ်းပဲ့ကွဲတွေက အထူးအဆန်းပါ





www.burmeseclassic.com

www.burmeseclassic.com

လားဟု ကျွန်ုပ်အား အပြစ်တင်မစောလိုက်ကြပါနှင့်။ အဆိုပါ အိုးခြမ်းပဲ့ကွဲ၏ အပိုင်းအစများကိုကြည့်ပါဦး။ အိုးခြမ်းပဲ့ကွဲများ၏ အပိုင်းအစအရွယ်အစားများမှာ အကြီးဆုံး အလျားလေးပေ၊ အနံသုံးပေလောက်ရှိသောအပိုင်းအစများဖြစ်သည်။ ၎င်းထက်ကြီးသော အပိုင်းအစများနှင့် ၎င်းထက်ငယ်သော အပိုင်းအစများလည်းပါဝင်၏။

ထိုအပိုင်းအစများမှာ မြေအိုးတစ်လုံးတည်းကနေပြီး ကွဲထားသည့်အပိုင်းအစများသာဖြစ်သည်။ အိုးခြမ်းပဲ့၏အထူမှာ တစ်ပေနီးပါးမျှ ထူ၏။ ဂဝံကျောက်သားများဖြစ်၍ ကြီးမားသော ဂဝံကျောက်တုံးကြီးတစ်တုံးကို ထွင်းထုထားသော မြေအိုးကြီးပင် ဖြစ်သည်။ ကျွန်ုပ်အနေဖြင့် အိုးခြမ်းပဲ့များ၏ အခုံးအခွက်များကိုကြည့်ကာ စိတ်ကူးထဲတွင် ပုံဖော်ပြီးဆက်စပ်ကာ ကြည့်ခဲ့မိပါသည်။ ထိုအခါ အဆိုပါ မြေအိုးကြီးမကွဲခဲ့စဉ်အခါကရှိခဲ့သော မြေအိုးတစ်လုံး၏ အရွယ်အစားကို ခန့်မှန်းနိုင်ခဲ့ပါသည်။ ကျွန်ုပ်၏ ခန့်မှန်းချက်အရ ထိုမြေအိုးကြီးမှာ အချင်း (၇) ပေ၊ (၈) ပေခန့်ရှိနိုင်သည်။ အမြင့်အားဖြင့်လည်း (၈) ပေ၊ (၉) ပေလောက်ရှိနိုင်သော မြေအိုးကြီးပင်ဖြစ်ကြောင်း ခန့်မှန်းမိခဲ့ပါသည်။

ထိုမြေအိုးကြီးသည် ထိုဒေသတွင်ဖြစ်တည်ခဲ့သောမြေအိုးမဟုတ်ဟု ကျွန်ုပ်ယူဆမိပါသည်။ အကြောင်းမူ ကျွန်ုပ်တို့ချီတက်ခဲ့ရာ လမ်းတစ်လျှောက်တွင် ဂဝံကျောက်တောင်နှင့်တကွ ဂဝံကျောက်များရှိခဲ့သော မြေနေရာများကို မတွေ့ခဲ့ရ၍ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ထိုမျှအထိကြီးသောမြေအိုးကို မည်သူက ပြုလုပ်ခဲ့ကြပါသနည်း။ မည်သူက သယ်ဆောင်လာပြီး မည်သည့်အတွက် အသုံးချခဲ့ကြပါသနည်း။ ကျွန်ုပ်အတွက်ကတော့ စဉ်းစားစရာ ပဟေဠိတွေချည်းဖြစ်နေရပါတော့သည်။

❑

ညနေ (၄) နာရီလောက်တွင် အရာရှိများက စစ်ရေးသုံးသပ်၊ စီမံချက်တွေရေးဆွဲကြပြီးသောအခါ စစ်ကြောင်း၏ နောက်ပိတ်ဆုံးမှ လိုက်ပါလာသော အမှတ် (၄) တပ်ခွဲအား ညာဘက်မှ ပတ်ပြီး ရွာထဲသို့ ဝင်စေ၏။ ကျွန်ုပ်တို့ဘက်ကကြည့်လျှင် ညာဘက်က တောတန်းကလေးရှိရာ အဆိုပါတောတန်းကို အမှီပြုပြီး ရွာထဲဝင်ရန် အကောင်းဆုံးဖြစ်တော့သည်။ တပ်ခွဲ (၄) ၏နောက်တွင် အကူပစ်လက်နက်ကြီးတပ်ခွဲတစ်ခွဲကိုပါ ၎င်းတို့၏နောက်တွင် နေရာယူပြီး ပစ်ခတ်ပေးရန် ထည့်ပေးလိုက်သည်။ တပ်ရင်းမှူးနှင့် စစ်ကြောင်းရုံးအဖွဲ့များလည်း လက်နက်ကြီးတပ်ခွဲနှင့်အတူ ပါသွား၏။

ကျွန်ုပ်တို့ စစ်ကြောင်း (၂) ကတော့ လက်ရှိတောင်ကြောပေါ်တွင် ကျန်ရစ်ခဲ့ရသည်။ ကျန်ရစ်ခဲ့ရပြီး စစ်ကြောင်း(၂)စစ်ကြောင်းရုံးတွင်ပါလာသော ၈၁-မမစိန်ပြောင်း (၂) လက်ဖြင့် ပစ်ကူပေးရန် ချိန်ရွယ်ထားကြရသည်။ တောင်ကြောပေါ်တွင် ပတ်လည်ခံစစ်ဆင်ပြီး နေရာယူရသောအခါ ကျွန်ုပ်တို့တပ်ခွဲတောင်ကြော၏ရှေ့တွင် နေရာယူရသည်။ ရှေ့ဆင်ခြေလျှောမြေနေရာဖြစ်၍ အန္တရာယ်များလှပါသည်။

ကျည်ကွယ်အဖြစ် အသုံးပြုရန် ကြီးမားသော သစ်ပင်များမရှိပါ။ မျက်ကွယ်အဖြစ် ဂျာမဏီကိုင်းအချို့သာရှိသည်။ ဤသည်ပင်လျှင် နွေရာသီဖြစ်၍ အရွက်များကကြွေကျပြီး ကျိုးတိုးကျဲတဲဖြစ်နေသေး၏။

ရွာကိုတော့ အတိုင်းသားကြီးမြင်တွေ့နေရသည်။ ကြားထဲတွင် သစ်ပင်သစ်တောများကမရှိ။ ပြောင်သလင်းခါနေသော ကွင်း၊ နွား စားကျက်မြေများကိုသာ တွေ့ရသည်။ ရွာကိုကျော်လွန်ပြီးကြည့်သောအခါ ထိုတစ်လျှောက်တွင်လည်း ကြီးမားသော အင်တိုင်းတောများကရှိသည်။ အင်တိုင်းတောကို ကျော်သွားမည်ဆိုပါက အတန်အသင့်မြင့်သော တောတောင်များ၊ တောင်ကြားများကို တွေ့ရသည်။



ညနေ (၅) နာရီကျော်လောက်ရောက်သောအခါ တပ်ခွဲ (၄) က ရွာထဲသို့ဝင်ရောက်သွားပြီးဖြစ်မည်။ ရွာထဲတွင် စပြီးတိုက်ပွဲဖြစ်တော့သည်။ တစ်ရွာလုံး လက်နက်ကြီးပေါက်ကွဲသံတို့ဖြင့်ဆူညံနေတော့သည်။ အခြားသော လက်နက်မျိုးစုံတို့ကလည်း သူ့ဘက်ကိုယ့်ဘက်ပစ်ခတ်သံတို့ကြောင့် ပွက်လောရိုက်နေ၏။ ကျွန်ုပ်တို့အနေဖြင့်လည်း လက်နက်ကြီးဖြင့် ပစ်ကူပေးနေသလို တပ်ရင်းမှူးနှင့်အတူပါသွားသော အကူပစ်လက်နက်ကြီးတပ်ခွဲမှလည်း ဝိုင်းဝန်းပြီး ပစ်ကူပေးကြသည်။ မကြာမီအချိန်အတွင်း ရန်သူဆီက လှမ်းပစ်လာသော ၈၂-မမစိန်ပြောင်းဗုံးသီးများမှာ ကျွန်ုပ်တို့ ခြေကုပ်ယူထားသော တောင်ကြောပေါ်သို့ တစ်လုံးပြီးတစ်လုံးဆိုသလို လာပြီးကျရောက်ပါတော့သည်။ သို့သော် အံ့သြစရာကောင်းလှသည်မှာ ငါးလုံး၊ ခြောက်လုံးမျှ အပစ်ခံခဲ့ရသော်လည်း တစ်လုံးမှပေါက်ကွဲခြင်းမရှိပါ။ တောင်ကြောပေါ် မကျသောအလုံးများကတော့ ပေါက်ကွဲကြသည်။

ရန်သူ၏ တန်ပြန်လက်နက်ကြီး ပစ်ခတ်ခံရခြင်းမှာ ကျွန်ုပ်တို့ကိုသာ မဟုတ်၊ တပ်ခွဲ (၄) ၏နောက်ကို ကပ်ပြီးပါသွားသော အကူပစ်လက်နက်ကြီးတပ်ခွဲကိုလည်း ဝိုင်းပြီးပစ်ခတ်ခြင်းကို ခံကြရသည်။ သူတို့အား ပစ်ခတ်လိုက်သော လက်နက်ကြီးဗုံးသီးများမှာတော့ သွားပြီးပေါက်ကွဲနေ၏။ တဒုန်းဒုန်း၊ တဒိန်းဒိန်းဖြင့် သွားရောက်ပေါက်ကွဲနေ၏။ ကျွန်ုပ်တို့မှာတော့ အပေါ်စီးကနေနေရသဖြင့် အားလုံးကို မျက်ဝါးထင်ထင်မြင်တွေ့နေရပါသည်။

နေညိုချိန်ရောက်လာခဲ့ပြီ ဖြစ်သည်။ ထိုအချိန်တွင်လည်း ကျွန်ုပ်တို့တောင်ကြောပေါ်သို့ သူ့လက်နက်ကြီးက သုံး၊ လေးလုံးလောက်လာပြီးကျရောက်ပြန်ပါသေးသည်။ သို့သော် တစ်လုံးမှတော့ ပေါက်ကွဲခြင်းမရှိပါ။ မည်သို့မည်ပုံဖြစ်သည်ကိုမသိ။ တစ်သက်နှင့်တစ်ကိုယ် မကြုံခဲ့ရဘူးသည်မှာတော့ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ဖြင့် တစ်ညလုံးဆိုသလို စစ်ကြခတ်ကြဖြင့် တပ်ခွဲ (၄) မှာ နောက်ပြန်ဆုတ်ရဖို့ပင် ခက်ခဲနေရပါတော့သည်။ ရန်သူအင်အားမှာ တင်ပြခဲ့သည့်အတိုင်း အင်အားသုံးထောင်အောက် မလျော့နိုင်ပါ။ ပစ်လာသည့် လက်နက်ကြီးများမှာလည်း ကိုယ်တစ်လုံး၊ သူငါးလုံးလိုဖြစ်နေရသည်။

တပ်ခွဲ (၄) မှာ တစ်ညလုံးတောင့်ခံထားပြီး နံနက် (၄) နာရီလောက်တွင်မှ ခွာစစ်ဆင်လာနိုင်တော့သည်။

နံနက်မိုးလင်းလာသောအခါတွင် ရန်သူများက အလုံးအရင်းဖြင့် ရွာ၏ (ကျွန်ုပ်တို့ဘက်ကနေကြည့်လျှင်) ဘယ်ဘက် လယ်ကွင်းပြင်ဘက်ကနေပြီး ခတ်တိုက်လာကြသည်။ ကျွန်ုပ်တို့က ကောင်းစွာ မြင်တွေ့နေရ၍ လက်နက်ကြီးများအပြင် ပါလာသော MG-42 (စက်လတ်) များဖြင့် ပစ်ခတ်ကြသည်။ သူတို့ထံကလည်း ကျွန်ုပ်တို့ဆီသို့ HK-33 တရုတ်စက်လက်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြပါသည်။

တောင်ကုန်းတစ်လျှောက် ရန်သူ၏ ကျည်ဆန်များက ပလူပျံနေအောင် ထွက်လာ၏။ ထိုအခါ ကျွန်ုပ်က စိတ်ရှုပ်ထွေးဖြင့် ငါ့ကိုလည်း ဒီကျည်ဆန်တွေ မှန်ပါစေ။ ဒဏ်ရာရဖူးသည်ရှိအောင် အမှန်ခံလိုက်ဦးမည်ဟုတွေးကာ လက်ကို အပေါ်သို့ထောင်ထားသေး၏။ ကိုက် (၁၀၀၀) အကွာဟုဆိုသော်လည်း နဖူးကိုသာ တည့်တည့်လာမှန်လို့ကတော့ ဖူးပေါက်ပြီးသေနိုင်သည်။ သို့သော် သေနတ်မှန်ချင်သော ကျွန်ုပ်က ဆုတောင်းမပြည့်ခဲ့။ ကျွန်ုပ်အားမမှန်ခဲ့။ ကျွန်ုပ်ကိုသာမဟုတ်၊ တောင်ကြောပေါ်တွင်ရောက်နေကြသော မည်သည့် စစ်သည်တစ်ဦးတစ်ယောက်ကိုမျှမမှန်ပါ။

ကျွန်ုပ်တို့တပ်ခွဲဆိုလျှင် တင်ပြခဲ့သည့်အတိုင်း တောင်ကုန်း၏ရှေ့ဆင်ခြေလျှောတွင် နေရာယူထားကြသည်ဖြစ်၍ သေနတ်မှန်ဖို့ ရာခိုင်နှုန်းကများ၏။ ရာခိုင်နှုန်းများသော်လည်း မမှန်ကြပါ။

ထိုနေ့နံနက်ပိုင်းတွင်လည်း ကျွန်ုပ်တို့ဆီသို့ လက်နက်ကြီးပုံးသီးများလာပြီး ကျရောက်ပါသေးသည်။ သို့သော် တောင်ကြောပေါ်သို့လာကျသောအလုံးများက မကွဲပါ။ တောင်အောက်နှင့် တောင်စောင်းတစ်လျှောက်တွင်လာကျသောအလုံးများကတော့ ပေါက်ကွဲကြပါသည်။ ထူးဆန်းလေစွ။

တပ်ခွဲမှူးဗိုလ်ကြီး တင်ကြိုင်ပင်လျှင် အဆိုပါ ပေါက်ကွဲခြင်းမရှိသော ပုံးသီးများကိုသွားပြီး မဆွဲနုတ်ကြရန် စစ်သည်များကို သတိပေးနေရသည်။ အကြောင်းမူ ကျွန်ုပ်တို့စစ်သည်များက ထိုမကွဲပုံးသီးများကို သွားပြီးဆွဲနုတ်ယူတတ်ကြ၏။ ဆွဲနုတ်ယူပြီးသောအခါ ပုံးသီး၏ နောက်ပိုင်းတွင်ရှိသော ဓားလက်များကို နည်းမျိုးစုံဖြင့် ရိုက်ချိုးရိုက်ဖွဲ့ကာယူကြ၏။ ယူပြီးသောအခါ ထိုဓားလက်ပြားပေါ်တွင် မိမိတို့၏အမည်များ၊ ကိုယ်ပိုင်နံပါတ်နှင့် သွေးအုပ်စုအမည်များကို ရေးထိုးကာ လည်ပင်းတွင်ဆွဲထားတတ်ကြ၏။

စစ်တပ်ကလည်း သတ္တုပြားများဖြင့် စစ်သည်တစ်ဦးချင်း၏ အမည်၊ ကိုယ်ပိုင်နံပါတ်နှင့် သွေးအုပ်စုအမည်များကို ရိုက်နှိပ်ပြီးထုတ်ပေးထားပါ၏။ သို့သော် သူက သတ္တုပြားဖြစ်နေသဖြင့် အရောင်အဆင်းက မတောက်ပြောင်။ တစ်နည်းအားဖြင့်မလှ။

၈၂-မပုံးသီးနောက်ပါ ဓားလက်ကား အလူမီနီယမ်ဖြင့် ပြုလုပ်ထားလေရာ အနည်းငယ်မျှ ပွတ်တိုက်လိုက်ရုံဖြင့် တလက်လက်ထကာ တောက်ပနေ၏။ ထိုကဲ့သို့ တောက်ပနေခြင်းကို စစ်သည်များက မျက်စိအမြင်လှ၏။ လှ၍သွားကာဆွဲနုတ်၏။ သွားပြီးဆွဲနုတ်သောအခါ မကွဲသည့်အလုံးကလည်းမကွဲပါ။ ကွဲလိုက်သည့်အလုံးနှင့် ကြုံလို့ကတော့ ဖြင့် အမေ့ဘား ကျွဲမတွေ့ဖြစ်ရသည် ထက်ဆိုးတော့၏။ ခြေကျိုး၊ လက်ပြတ်၊ ထိခိုက်အနာတရများကာ အချို့ဆိုလျှင် နေရာမှာပင် စကားမေးမရ၊ သေပွဲဝင်ကြရသည်။

မကွဲပုံးသီးများကို သွားပြီးဆွဲမနုတ်ရန် စာတစ်တန်ပေတစ်တန်ဖြင့် မည်မျှပင် တားမြစ်နေစေကာမူ နုတ်သူကနုတ်ကြသေး၏။ အထူးသဖြင့် တပ်သားသစ်များက နုတ်ယူတတ်ကြ၏။ အတွေ့အကြုံကမရှိ၊ မရှိတော့မမြင်၊ မမြင်တော့ မျက်ကန်းတစ္ဆေမကြောက် ဘဝဖြင့်လုပ်တတ်ကြ၏။

ဤကား စကားချပ်။

သို့ဖြစ်၍ တပ်ခွဲမှူးဗိုလ်ကြီး တင်ကြိုင်က တားမြစ်နေရ၏။

ကျွန်ုပ်တို့က ရန်သူအား လက်နက်ကြီးဖြင့်ပစ်ခတ်ရသောအခါ အကဲကြည့်မလိုပါ။ မိမိတို့၏ မျက်မြင်အရ ပစ်ခတ်နေရခြင်းဖြစ်လေရာ များစွာမှထိရောက်နေပါတော့သည်။ ရွာကိုဝိုင်းပတ်လာနေသော ရန်သူများမှာ လယ်ကွင်းထဲတွင် မဲသဲနေကြ၏။ ကျွန်ုပ်တို့၏လက်နက်ကြီးများကလည်း ၎င်းတို့နေရာတစ်လျှောက်သို့ သွားရောက်ပေါက်ကွဲနေ၏။ ဒဏ်ရာရလူနာများ ဆွဲထုတ်နေကြသည်ကိုလည်း အတိုင်းသားဖြစ်နေကြရသည်။

နေ့လယ်(၁)နာရီကျော်လာသောအခါ နှစ်ဖက်စလုံးက ခွာစစ်စစ်ဆင်ကြပါတော့သည်။ ကျွန်ုပ်တို့ကလည်း လာခဲ့ရာလမ်းကို အခြေခံပြီး ပြန်ခဲ့ကြရသလို ရန်သူတွေကလည်း သူတို့ထွက်လာခဲ့သောလမ်းအတိုင်း ပြန်လည် ဆုတ်ခွာသွားခဲ့ကြပါသည်။

တိုက်ပွဲကတော့ ပြီးသွားပါပြီ။ သို့သော် ကျွန်ုပ်တို့ တောင်ကုန်းပေါ်သို့ လာပြီး ကျရောက်ခဲ့သော ပုံးသီးများကတော့တစ်လုံးမှမကွဲပါ။ ဆယ်လုံးတစ်လုံးမကွဲဆိုလျှင် တော်သေး၏။ ယခုမူ တစ်လုံးမှမကွဲ။ ကျွန်ုပ်တို့မှာ (၂)ယောက်ကျ၊ (၈) ဦးဒဏ်ရာရပြန်ပြန်ခဲ့ရသည်။ နောက် (၂) ရက်လောက် ကြာသောအခါ အရပ်သားများဆီက သတင်းပြန်ကြားရသည်မှာ ရန်သူများ (၂၀) ထက်မနည်းကျဆုံးသွားခဲ့ရပြီး ဒဏ်ရာရလူနာများကို နွားလှည်း (၁၀) စီးဖြင့် ပြန်သယ်သွားကြရကြောင်း ဖြစ်ပါသည်။

ထို့အပြင် KNU ထံက ၎င်းတို့ကြားခဲ့ရသောသတင်းတစ်ခုမှာ လွန်စွာမှ ဆန်းကြယ်လှပါသည်။ ယုံကြည်နိုင်ရန် ခက်ခဲလှသော သတင်းတစ်ပုဒ်ပင် ဖြစ်တော့သည်။

ထိုသတင်းမှာ -

ရန်သူသည် ကျွန်ုပ်တို့စစ်ကြောင်း (၂) အခြေပြုထားသော တောင်ကုန်းအား ၎င်းတို့ပစ်ခတ်ခဲ့သော ပုံးသီးအားလုံး ၎င်းတို့ထံသို့ ပြန်လည်ကျရောက်ကာ ပေါက်ကွဲနေသည်ဆို၏။ ထိုအခါ ကျွန်ုပ်တို့ပစ်လိုက်သော လက်နက်ကြီးပုံးသီးများအပြင် သူတို့ပစ်သော လက်နက်ကြီးပုံးသီးများပါ သူတို့ထံသို့ ပြန်လည်ကျရောက်ပေါက်ကွဲနေသဖြင့် ယခုကဲ့သို့ အထိနာရခြင်းဖြစ်ကြောင်းကို ၎င်းတို့အရာရှိတစ်ဦးထံမှ ကြားသိရသည်ဆိုသည့်သတင်းပင် ဖြစ်သည်။

ထိုသတင်းကို ရွာသားများက လုပ်ကြံဖန်တီးလာပြောစရာအကြောင်းမရှိဟု ကျွန်ုပ်ထင်ပါသည်။ ကိုယ်တွေ့ခံစားကြရသော သောင်းကျန်းသူများကလည်း မဟုတ်သည်ကို အဟုတ်လုပ်ပြီး ပြောမည်မထင်။ ကျွန်ုပ်အနေဖြင့်လည်း



www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်မိပါသည်။ အကြောင်းမူ ကျွန်ုပ်တို့ ဉာဏ်နှင့်မမီနိုင်သောအရာများက ရှိနေ၍ဖြစ်သည်။ မြတ်စွာဘုရားရှင်သော်မှ လောကအကြောင်း မကြံစည်ကောင်းဟု ဟောကြားခဲ့ဖူးသည် မဟုတ်ပါလား။

ကျွန်ုပ်တို့တပ်ရင်းမှာ ထိုတိုက်ပွဲအပြီး မကြာခင် စခန်းတစ်ခုတွင် ရိက္ခာထုတ်ပြီးသောအခါ နောက်တန်းတပ်ရင်းသို့ အပြီးပြန်ခဲ့ကြရပါသည်။ ထိုရွာ ထိုဒေသသို့ ပြန်မရောက်ဖြစ်ခဲ့ကြတော့ပါ။


ကျွန်ုပ်အနေဖြင့်ဆိုလျှင် ထိုရွာကို ယခုအချိန်အထိ ပြန်မရောက်ဖြစ်ခဲ့တော့ပါ။ ထိုရွာမပြောနှင့်၊ ထိုနယ်သို့ပင် ပြန်မရောက်ဖြစ်ခဲ့သည်မှာ ယခုချိန်ထိပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ထိုတောင်၏ အမည်ကို ကျွန်ုပ်မသိနိုင်ခဲ့တော့ပါ။

❑

ကျွန်ုပ်သည် ကာလအတန်ကြာက တွေ့ကြုံခဲ့ဖူးပါသော အထက်ပါ တိုက်ပွဲဖြစ်စဉ်ကြီးအား ယခုချိန်အထိ ပြန်လည်ကာ အမှတ်ရနေဆဲဖြစ်ပါသည်။ ပြန်လည်၍ အမှတ်ရလာသောအခါ အဘယ်ကြောင့် ကျွန်ုပ်တို့အခြေပြုထားသော တောင်ကုန်းအား ရန်သူ၏လက်နက်ကြီးများ မပေါက်ကွဲခဲ့ရပါလေသနည်း။

ပြီးတော့ ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် သေနတ်မှန်ချင်လွန်း၍ သေနတ်မှန်အောင် အားထုတ်ပြုလုပ်ခဲ့ပါသေး၏။ သို့သော် မမှန်ပါ။ ကျွန်ုပ်ကိုသာမဟုတ်၊ မည်သူ့ကိုမျှလည်း မမှန်ခဲ့ပါ။ ပြီးလျှင် ရန်သူတွေပြောပြသွားသော အကြောင်းအရာများ၊ ထိုအကြောင်းအရာများကလည်း ဆန်းကြယ်လွန်းလှပေစွ။ မိမိပစ်လိုက်သော လက်နက်ကြီးဗုံးသီးများမှာ မိမိထံသို့ပြန်ပြီးပေါက်ကွဲရသည်ဆိုခြင်းမှာ ပြောမယုံ ကြုံဖူးမှသိဟုသာဆိုရပါတော့မည်။ ဂမ္ဘီရဆန်လွန်းလှပေစွ။

လွန်စွာမှ ဆန်းကြယ်လှသည်ဖြစ်၍ ကျွန်ုပ်က ဟိုတွေးဒီတွေးတွေးမိပြန်လေသည်။ ထိုအခါ ကျွန်ုပ်တွေ့ခဲ့ရသော အိုးခြမ်းပဲ့ကွဲနှင့်များ တစ်နည်းတစ်ဖုံ ဆက်စပ် ပတ်သက်နေလေသလားဟု တွေးမိ၏။ တွေးမိမည်ဆိုလျှင်လည်း တွေးမိနိုင်ကောင်းပါသည်။ အကြောင်းမူ အဆိုပါ အချင်း(၈)ပေ၊ အမြင့်(၉)ပေလောက်ရှိနိုင်သော အဆိုပါ မြေအိုးမျိုးကို သာမန်လူတို့အနေဖြင့် မည်သူကမျှ



ပြုလုပ်ပြီး သုံးစွဲကြမည်မဟုတ်ပါ။ အထူးအားဖြင့် တစ်ပေလောက်ရှိနိုင်သော ထိုမြေအိုးကြီးကို တစ်နေရာမှတစ်နေရာသို့ပင် ရွှေ့ဖို့ပြောင်းဖို့မလွယ်ကူလှပါ။

ရွှေ့ပြောင်း၍မလွယ်ကူနိုင်သော ထိုမြေအိုးကြီးကို ဘုန်းရှင်ကံရှင်များအနေဖြင့်မူ ၎င်းတို့၏ ကဣဒ္ဓိပါဒ်တန်ခိုးဖြင့်သယ်ယူသော် ရနိုင်ကောင်း၏ဟု ဆံတော်ရှင် ကျိုက်ထီးရိုးဘုရား၏ အောက်ခံကျောက်တုံးကြီးကိုမြင်ယောင်ကာ တွေးမိပြန်သေး၏။ ဆိုချင်သည်မှာ ရှေးခေတ်အခါက ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ အစရှိသော ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများက ထိုအိုးကြီးကို အခြားတစ်နေရာဆီမှ ထိုတောင်သို့ သယ်ယူလာခဲ့ကြခြင်းပေပဲလား။ သယ်ယူလာပြီးသောအခါ ထိုအိုးကြီးထဲသို့ ဝင်ကာ ဂမ္ဘီရကျင့်စဉ်များကို ရက်ရှည်လများ ကျင့်ကြံအားထုတ်ပြီး ထိုကူးခြင်းအမှုကိုပြုခဲ့ကြလေသလား။

သို့တည်းမဟုတ် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ယိုးဒယားသို့ စစ်ချီခဲ့စဉ်အခါက ဘဏ္ဍာရွှေများထည့်သွင်းပြီး ဆင်တွေ၊ မြင်းတွေဖြင့် သယ်ယူခဲ့လေသလား။ ထိုကဲ့သို့ သယ်လာခဲ့စဉ် ထိုနေရာတွင် တိုက်ပွဲဖြစ်ကာ ကစဉ့်ကလျားဖြင့် ထိုမြေအိုးကြီး ပေါက်ကွဲကာ ပျက်စီးခဲ့ရလေသလား။

ထိုကဲ့သို့ ပျက်စီးပြီးရသောအခါ အလောင်းမင်းတရားကြီးက နောင်သောအခါ ဤတောင်ပေါ်သို့ ရောက်ရှိလာကြသော စစ်သည်ရဲမက်များအနေဖြင့် ငါကဲ့သို့ ရန်သူ၏ တိုက်ခိုက်ခြင်းများကို မခံကြရပါစေလင့်။ ခံခဲ့ရသည်ရှိသော့် လာရောက် တိုက်ခိုက်ကြသူများကသာ ပြန်လည်၍ ထိခိုက်ပျက်စီးကြပါစေသတည်း စသည်ဖြင့် ကျိန်စာများ တိုက်ခဲ့လေသလား။ ကျိန်စာတိုက်ခဲ့၍ ယခု ကျွန်ုပ်တို့စစ်ကြောင်းအား ရန်သူမှ ပစ်လိုက်သော လက်နက်ကြီးဗုံးသီးများကလည်းမကွဲ။ ပစ်လိုက်သော လက်နက်ငယ်များကလည်း တစ်ယောက်မှလာမမှန်။ ပြီးတော့ သူတို့ပစ်လိုက်သော

ဗုံးသီးက သူတို့ထံပြန်ကျပြီး ထိခိုက်ပျက်စီးသွားကြရသည် ဆိုသောအချက်မှာ ကျွန်ုပ်တွေးမိသကဲ့သို့ အလောင်းမင်းတရားကြီး၏ကျိန်စာများသင့်ခဲ့လေသလားဟုလည်း တွေးမိပါသည်။

သို့တည်းမဟုတ် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ အစရှိသော သိဒ္ဓိရှင်မဟိဒ္ဓိရှင်များက ထိုတောင်ပေါ်တွင် နေထိုင်ပြီး ထိုမြေအိုးကြီးနှင့်အတူ ဂမ္ဘီရကျင့်စဉ်များကို ကျင့်ကြံအားထုတ်ခြင်း၊ သက်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ခြင်းတို့ကြောင့် ဟိတ်တန်ခိုးအမျိုးမျိုးတို့က ထိုတောင်နှင့် မြေအိုးကွဲများအပေါ် သိဒ္ဓိဝင်သွား၍ ယခုကဲ့သို့ တောင်ပေါ်ရှိ လူသားများအပေါ်ပစ်၍မမှန်၊ ဗုံးသီးလာကျ၍မကွဲရခြင်းများဖြစ်သွားခဲ့လေရော့သလား စသည်စသည်ဖြင့်အတွေးတွေကဝင်လာရပြန်ပါသည်။ ကျွန်ုပ်အတွက် လွန်စွာမှ လျှို့ဝှက်ဆန်းကြယ်နိုင်လွန်းလှပါဘိ။

ထိုတောင်၏အမည်ကို ကျွန်ုပ် မသိခဲ့ရပါသော်လည်း ဒေသခံပြည်သူများကတော့ အမည်တစ်ခုခုကိုပေးပြီး ခေါ်ခဲ့ကြမည်သာဖြစ်သည်။ အခေါ်ဆိုသည်မှာ ပညတ်တစ်ခုမျှသာဖြစ်၍ မည်သူမဆို လွတ်လပ်စွာအမည်ပေးပြီး ခေါ်ဆိုနိုင်ကြသည်သာ ဖြစ်သည်။

ကျွန်ုပ်အနေဖြင့် တောင်ပေါ်တွင် ပြောမယုံ ကြုံဖူးမှသိ ဆိုသကဲ့သို့ ကြုံတွေ့ခဲ့ရလေရာ သူများတွေအတွက်တော့ ထိုတောင်ကို မည်ကဲ့သို့ပင် ခေါ်ဖြစ်ခဲ့ကြသည်ဖြစ်စေကာမူ ကျွန်ုပ်အတွက်ကတော့ တကယ့်ကိုမှ လျှို့ဝှက်ဆန်းကြယ်နိုင်လှသော ဂမ္ဘီရတောင်ကြီးတစ်ခုပင်ဖြစ်ခဲ့ရပါလေတော့သတည်း။

ရွှင်လန်းချမ်းမြေ့ကြပါစေ

ချစ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏာ)

# တရုတ်ဂမ္ဘီရ ဖုန်းရွှေပညာ





**အရပ်ထောင့်တစ်ခုချင်းစီအလိုက် နတ်မင်းကြီးလေးပါးစောင့်ရှောက်ပုံ**

**အရှေ့အရပ်ကိုစောင့်ရှောက်သောနတ်မင်း**

အရှေ့အရပ်အား စောင့်ရှောက်သောနတ်မင်းကြီးသည် Mo Li Ching (မိုလီချင်း) အမည်ရှိပြီး အဖြူရောင်မျက်နှာအား ပိုင်ဆိုင်ထားသည်။ မျက်နှာပေးမှာ ခက်ထန်သောအသွင်ရှိပြီး မုတ်ဆိတ်နှင့်ပါးမြိုင်းမွေးများက ကြေးနီမှင်များနှင့်ဆင်တူပါသည်။ မိုလီချင်းနတ်မင်းသည် ကြိုးလေးချောင်းတပ်မယ်ဒလင် ကိုင်ဆောင် တီးခတ်တတ်ပြီး သူ၏ပိုင်နက်နယ်မြေအတွင်း ကျူးကျော်ဝင်ရောက်လာသူများအပေါ်သို့ မယ်ဒလင် တီးခတ်သည်နှင့် ကောင်းကင်မှ မီးလုံးကြီးများကျလာစေခြင်းဖြင့် တုံ့ပြန်ကာကွယ်တတ်သည်။ မိုလီချင်း ကိုင်ဆောင်သော မယ်ဒလင်လက်နက်က မီးဓာတ်အား တိုက်ရိုက်ကိုယ်စားပြုထားသည်။ သူ့အနေဖြင့် အရှေ့အရပ်ရှိ သစ်သားဓာတ်အား အလွယ်တကူ နှိမ်နင်း ထိန်းချုပ်ထားနိုင်စွမ်းရှိသည်။ အရှေ့အရပ်အား စောင့်ရှောက်သောနတ်မင်းကြီးဖြစ်ရုံမက နတ်မင်းကြီးလေးပါးအနက် ရာထူး (သို့) ဝါအရင့်ဆုံးသော စီနီယာနတ်မင်းလည်းဖြစ်သည်။ ၎င်းပြင် သူပိုင်ဆိုင်သည့် တူရိယာအား တီးခတ်ခြင်းဖြင့်လည်း နိုင်ငံ၏ရာသီဥတုကို လိုအပ်သလို ကောင်းမွန်အောင် ထိန်းချုပ်ပေးတတ်သည်။ မိုလီချင်းနတ်မင်းရုပ်တုအား အရှေ့အရပ် (သို့) ပင်မတံခါးအားစိုက်ကြည့်နေဟန် နေရာထားရှိပေးပါက အိမ်အတွင်းသို့ မကောင်းသောချီဓာတ်များ ဝင်ရောက်လာမည့်အခြေအနေကို ကြိုတင်နှိုးဆော်အသိပေးတတ်ပါသည်။

**အနောက်အရပ်ကို စောင့်ရှောက်သော နတ်မင်း**



၎င်းနတ်မင်းကြီးသည် Mo li Hai (မိုလီဟိုင်း)အမည်ရှိပြီး ကြက်သွေးရင့်ရောင်မျက်နှာပိုင်ဆိုင်ထားသည်။ သူ၏ လက်တစ်ဖက်၌ ပုလဲတစ်လုံးကိုင်ဆောင်ထားပြီး ကျန်လက်တစ်ဖက်၌ မြွေတစ်ကောင် ကိုင်ဆောင်ပါရှိသည်။တစ်နည်းအားဖြင့် လက်တစ်ဖက်က နဂါးကိုကိုင်၍ ကျန်တစ်ဖက်က ရတနာကိုင်ဆောင်ထားသည့်သဘောကိုပြသည်။ မိုလီဟိုင်းနတ်မင်းရုပ်တုအား အနောက်အရပ်တွင် နေရာချ၍ အဝင်ဝတံခါးဘက်သို့ မျက်နှာမူထားဟန်ရှိစေရပါမည်။ ထိုသို့ထားရှိခြင်းဖြင့် မကောင်းဆိုးရွားအန္တရာယ်နှင့် ဘေးဥပဒ်မှန်သမျှ ဝင်ရောက်မလာနိုင်ရန် တားဆီးပေးပါမည်။

**တောင်အရပ်ကို စောင့်ရှောက်သော နတ်မင်း**

၎င်းနတ်မင်းကြီးသည် မိုလီဟွန်း (Mo Li Hung)အမည်ရှိပြီး အပြာရောင်မျက်နှာအား ပိုင်ဆိုင်ထားသည်။သူသည် လှံတိုတစ်ချောင်းနှင့် လိုတရပဒ္မလက်မားကိုင်ဆောင်ထားသည်။ ပဒ္မလက်မားသည် မြေ၊ ရေ၊ မီး၊ လေ ဟူသည့် ဓာတ်ကြီးများအား ကိုယ်စားပြုထားသည်။ ၎င်းပြင် မိုလီဟွန်းကိုင်ဆောင်သောမား၌ ကျူးကျော် ဝင်ရောက်လာသူများအား တုံ့ပြန်ကာကွယ်ရန် သဘာဝလွန်စွမ်းအင်ပါရှိခြင်းကြောင့် ကြောက်မက်ဖွယ်ရာလေထုကိုဖန်တီးပြီး ၎င်းလေအတွင်းမှ သန်းပေါင်းများစွာသောမြွေများ ကျလာစေတတ်ပါသည်။ မိုလီဟွန်းသည် အမြဲတစေ မျက်နှာပေးခက်ထန်မာကျောပြီး စူးရှသောမျက်လုံးအစုံဖြင့် ကြည့်တတ်ပါသည်။ ၎င်းနတ်မင်းကြီးရုပ်တုကိုလည်း အခြား နတ်မင်းကြီးရုပ်တုများအတိုင်း အိမ်၏ မျက်နှာစာအား မျက်နှာမူထားဟန်ထားရှိရပါမည်။

**မြောက်အရပ်ကို စောင့်ရှောက်သော နတ်မင်း**



၎င်းနတ်မင်းသည် မိုလီရှူဟူ၍ အမည်ရှိပြီး အမည်းရောင်မျက်နှာပိုင်ဆိုင်ထားသည်။ Mo li Shou (မိုလီရှူ) နတ်မင်းသည် မိုးကြိုးအား ကာကွယ်နိုင်သော သဘာဝလွန်စွမ်းအင်ပါသည့် ပဒ္မလက်ထီးကိုင်ဆောင်ထားသည်။ ၎င်း၏ထီးအား ဖွင့်လိုက်သည်နှင့် တစ်လောကလုံး အမှောင်ထုလွှမ်းသွားစေပြီး ထီးအား ပြောင်းပြန်ကိုင်လိုက်ပါက အင်အားကြီးမားသော မြေငလျင်လှုပ်ခြင်း၊ ရေမလှိုင်းလုံးကြီးများ ကြွလာစေခြင်း



www.burmeseclassic.com

www.burmeseclassic.com

တို့ကို တတ်စွမ်းဖန်တီးနိုင်ပြီး မြောက်အရပ်အား တိုက်ခိုက်လာမည့် မကောင်းသောဘေးရန် ဟူသမျှအား ချေမှုန်းနိုင်စွမ်းရှိသည်။ ထို့ပြင်မက ရန်သူအင်အားအပေါ် မူတည်၍ မိုလီရှူကိုင်ဆောင်သောထီးများ ပိုမိုပွားများလာတတ်ပါသည်။ ၎င်းနတ်မင်းကြီးရုပ်တုအား အခြားနတ်မင်းကြီးရုပ်တုသုံးရုပ်အတိုင်း အကာအကွယ်အဖြစ် ယုံကြည်လေးစားစွာ ထားရှိပေးပါ။

အထက်ပါ နတ်မင်းကြီးလေးပါးအား ၎င်းတို့ အပိုင်စားစောင့်ရှောက်ရာအရပ်ထောင့်အသီးသီး၌ထားရှိပေးခြင်းက အကောင်းဆုံးဖြစ်ပါသည်။

**ကိုယ်ခန္ဓာလုံခြုံမှုအတွက် အဆောင်လက်ဖွဲ့**



မကောင်းသော ချီဓာတ်များက ယူဆောင်လာတတ်သည့် မတော်တဆထိခိုက်ပျက်စီးမှု၊ နာမကျန်းမှု၊ ဓားပြတိုက်ခံရမှုနှင့် ခန္ဓာကိုယ်ထိခိုက်၍ အသက်အန္တရာယ်ရရှိနိုင်မှုအခြေအနေဆိုးများမှ ကာကွယ်ရန် ဖုန်းရွှေနှင့်အညီ စီရင်ထားသော အဆောင်လက်ဖွဲ့များ လိုအပ်ပါသည်။

အဆောင်လက်ဖွဲ့များစွာအနက် ကောက်ရိုးစက္ကူအဝါ (သို့) အစိမ်းရောင်ပေါ်၌ အထူးစီရင်မှုများ ပြုလုပ်၍ အမှောင့်ပယောဂ အမျိုးမျိုးတို့အား ကာကွယ်ခြင်းက ပိုမိုတွင်ကျယ်ပါသည်။ လက်ဖွဲ့များ အသုံးပြုရာ၌ ကိုယ်ဝန်ဆောင်အမျိုးသမီးအတွက်အဆောင်၊ မီးဘေးကာကွယ်ရေးအဆောင်၊ ရေကြီးမှုမှုကင်းလွတ်စေသည့်အဆောင်၊ မတော်တဆထိခိုက်မှုမှကာကွယ်သည့်အဆောင် ဟူ၍ မျိုးစုံကွဲပြားပါသည်။ ဥပမာအားဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးအတွက် အဆောင်မှာ ကလေးအသေမမွေးရန် (သို့) မွေးဖွားပြီးစ၌မသေဆုံးရန်အတွက် လက်ဖွဲ့ဆောင်ရခြင်းပင် ဖြစ်ပါသည်။ ခန္ဓာကိုယ်ထိခိုက်အသက်ဆုံးရှုံးခြင်းဘေးမှ လွတ်မြောက်အောင် ဆောင်ရသောလက်ဖွဲ့များကို လက်ရေးမူဖြင့်စီရင်ခြင်းက ပိုမိုထိရောက်သည်ဟုအဆိုရှိသည်။


ထို့ကြောင့် မိန်းကလေးများအတွက် စော်ကားခံရခြင်းဘေး၊ ဓားပြတိုက်ခံရခြင်းဘေးတို့မှကာကွယ်ရန် အကောင်းဆုံးဖြစ်သည်။

**အိမ်အား ကာကွယ်စောင့်ရှောက်သောအဆောင်**



နမူနာပုံအတိုင်း ပုံကြွာအင်းပါရှိသောအစီအရင်တစ်ခုဖြစ်သည်။ မိမိအိမ်အား မကောင်းသော ရည်ရွယ်ချက်ဖြင့် ပုံစံအမျိုးမျိုးသုံး၍ တိုက်ခိုက်လာခြင်းများမှ အကာအကွယ်ပေးသည်။ အဝါရောင်(သို့)အစိမ်းရောင်ရင့်ရင့် ကောက်ရိုးစက္ကူပေါ်၌ အစီရင်ပြုလုပ်ပြီး အဝင်ဝအိမ်ရှေ့တံခါး၌ကပ်ထားပါ။ လက်ဖွဲ့၏မျက်နှာဘက်အခြမ်းကို အပြင်ဘက်သို့လှန်၍ကပ်ပါ။ အိမ်အတွင်းမျက်နှာမူမိပါက မိသားစုဝင်များ ထိခိုက်တတ်ပါသည်။

**ဖျားနာခြင်းမှကာကွယ်သည့်အဆောင်**



ဖျားနာခြင်းအမျိုးမျိုးအတွက် နမူနာပုံပါ (အဝါရောင် ကောက်ရိုးစက္ကူ) ပေါ်ပါအစီရင်များက အစွမ်းထက်မြက်စွာ ကာကွယ်ပေးပါသည်။၎င်းအဆောင်ကို မီးရှို့ပြာချ၍ အဖျားတက်နေသူအား ရေဖြင့်ရောစပ်တိုက်ကျွေးပါက ချက်ချင်းလက်ငင်း အဖျားကျသွားသည်ကိုတွေ့ရပါမည်။ ၎င်းအပြင် အဆိုပါလက်ဖွဲ့အား သတ္တုကြုတ်တွင်ထည့်၍ ကြိုးဖြင့်လည်ပင်းတွင်ဆွဲထားပါက ကပ်ရောဂါ၊ ကူးစက်ရောဂါမှန်သမျှမကျရောက်ရန်ကာကွယ်ပေးပါမည်။

**မကောင်းဆိုးရွား၊ စုန်း၊ ကဝေတို့ပြုစားခြင်းမှ ကာကွယ်သည့်အဆောင်**



စုန်းကဝေအတတ်တို့ဖြင့် ပြုစားခံရခြင်းကြောင့် ဝမ်းဗိုက်မခံမရပ်နိုင်အောင်ဖောင့်လာကပါ (နမူနာပုံပါအတိုင်း) အဝါရောင်လက်ဖွဲ့ကို မီးရှို့ပြာချပြီး ရေဖြင့်တိုက်ကျွေးပါက ပြုစားခံရသူ၏ဝေဒနာ ယူပစ်သလို ချက်ချင်းပျောက်ကင်းပါမည်။

**တိဗက်မှလာသောအစွမ်းထက်အဆောင်**

အဆိုပါ အဆောင်လက်ဖွဲ့သည် အရပ်ရှစ်မျက်နှာမှ ဝင်ရောက်လတ္တံ့သော ဘေးဥပဒ်ရန်အပေါင်းမှကာကွယ်ရန် လိပ်၏ ဝမ်းဗိုက်တွင် ပါရှိသော လျှို့ဝှက်သင်္ကေတများမှ ဖုန်းရွှေပညာဖြင့် အဓိပ္ပာယ်ပြန်ဆို၍ စီရင်ထားသောအဆောင်ဖြစ်သည်။ ၎င်းအဆောင်တွင် တြိဂရေခါရှစ်ခုနှင့် တိရစ္ဆာန် (၁၂) ကောင်ပါရှိသည်။ အထက်ပါ အဆောင်အားအရပ်ရှစ်မျက်နှာရှိ ဘေးအပေါင်းမှ ကာကွယ်နိုင်ရန် အိမ်အတွင်း၌ ချိတ်ဆွဲထားရှိပေးပါ။





www.burmeseclassic.com

**နဂါးရုပ်ပါ အကြွေစေ့ (ဒင်္ဂါး)\ များအား အဆောင်အဖြစ်အသုံးပြုခြင်း**

နမူနာပုံပါအရ ငွေအကြွေစေ့ဖြင့် ဒီဇိုင်းပြုလုပ်ထားသော လက်ဖွဲ့များကို သည်တွင်ဆွဲထားနိုင်ပါသည်။




**လိုရှုအင်းကိုအသုံးပြုခြင်း**

ပါကွာပတ်ပတ်လည်၌ နေရာ အသီးသီးယူထားသော ဇြိုရေခါရှစ်ခုတို့ ၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်သိရှိနိုင်ရန်ကြိုးစားမည်ဆိုပါက ၎င်း၏ မူလ အခြေခံဖြစ်သော လိုရှုအင်းကို ပထမဆုံး ဦးနားလည်ထားရန်လိုပါသည်။

**Lo Shu Magic Square**

လိုရှုသည် ပုံတွင်ပါရှိသည့်အတိုင်း ထောင်လိုက်ဖြစ်စေ၊ အလျားလိုက် ဖြစ်စေ(သို့) ထောင့်ဖြတ်အတိုင်းဖြစ်စေ တစ်ဖြောင့်တည်း တည့်တည့်ကိန်း ဂဏန်းများကိုပေါင်းပါက (၁၅) ရရှိစေ ပါမည်။ ပုံတွင်ပါရှိသည့် လိပ်ကျော ကုန်းပါ ကိန်းဂဏန်းများကို အင်းကွက် ပုံချ၍ သက်ဆိုင်သူ၏ မွေးသက္ကရာဇ်နှင့် လိင်အပေါ်မူတည်ကာ ကျရောက်






လတ္တံ့သောဘေးအပေါင်းမှ ကာကွယ် ပေးပါမည်။

၎င်း လိုရှုအင်းနှင့် (ပုံပါအတိုင်း) နဂါးတစ်ပိုင်းလိပ်တစ်ပိုင်းရုပ်တုအား ဘေးဥပဒ်ကင်းဝေးရန် အိမ်အတွင်းထား ရှိ ပြသထားပါ။

**မကောင်းသောကြယ်ပျံများ၏တိုက်ခိုက်မှုမှကာကွယ်ပေးသော Ho Tu (ဟိုတူ) အင်းနှင့် မြင်း-နဂါးရုပ်တု**


မိမိနေထိုင်ရာအိမ်သည် အညာစ် ဖြစ်ပါက ၎င်းနှင့်သက်ဆိုင်သော ကိန်း ဂဏန်းများ အရပ်ရှစ်မျက်နှာအလိုက် အသီးသီးရှိနေတတ်ပြီး အဟောင်းဖြစ် ခြင်းကြောင့် ပြုပြင်ခဲ့ပါက နောက်ဆုံးပြု ပြင်ခဲ့သော (သို့) အသစ်ဆောက်လုပ်ခဲ့ သောအချိန်ကာလ ကိန်းဂဏန်းအသီး သီးရှိနေပါမည်။ ကြယ်ပျံ ဆိုသည်မှာ အိမ်နှင့်ပတ်သက်သော အစိတ်အပိုင်း၊ နေရာကဏ္ဍအလိုက် ကောင်းသော နံပါတ်နှင့် မကောင်းသောနံပါတ်များက အိမ်၏ အရပ်ရှစ်မျက်နှာသို့ ရွေ့လျား (ပျံသန်း) နေတတ်သည့်သဘောကိုဆို ပါသည်။ ကောင်းသောကိန်းဂဏန်း ဖြစ် စေ၊ မကောင်းသောကိန်းဂဏန်းဖြစ်စေ ပင်မတံခါးနှင့် အိပ်ခန်းတို့၌ အဓိက နေရာယူတွယ်ကပ်နေတတ်ပါသည်။




နမူနာပုံပါအတိုင်း ကိန်းဂဏန်း များဖြင့်စီရင်ထားသော ဟိုတူအင်းအား မြင်း-နဂါးရုပ်တု (နဂါးဦးခေါင်းနှင့် မြင်း ကိုယ်ရုပ်) နှင့်တွဲဖက်၍ ပင်မတံခါးအနီး နေရာတစ်ခုနှင့် ဧည့်ခန်းတို့၌ မြင်သာ အောင်ထားရှိပေးပါ။ မြင်းနဂါးရုပ်တုက တံခါးဝအားလှမ်းကြည့်နေဟန်ဖြစ်အောင် ပင်မတံခါးနှင့်ထောင့်ဖြတ်ကျသောနေရာ တွင်ထားပါက အကောင်းဆုံးဖြစ်သည်။

**အဆိပ်မြားကိုကာကွယ်ရန် ပါ့ကွာကြည့်မှန်ကိုအသုံးပြုခြင်း**

ပါ့ကွာကြည့်မှန်အား မူလကောင်း ကင်ဘုံအစီအစဉ်အတိုင်း ဇြိုရေခါ (၈)ခု ပါ ပါ့ကွာဘောင်ပတ်လည် ဝိုင်းရံလျက် အလယ်မှ ကြည့်မှန်ကို စီစဉ်ထားရှိရပါ မည်။ နမူနာပြပုံတွင် ပါ့ကွာမှန်နှစ်ခုပါ ရှိပါသည်။ ဝဲဘက်ပုံကြည့်မှန်သည် မှန် အပြားလိုက်ဖြစ်ပြီး ယာဘက်ပုံကြည့်မှန် က အခုံးပုံစံဖြစ်သည်။ အခုံးပုံစံမှန်သည် အပြင်ဘက်သို့ထိုးထွက်လျက်ခုံးနေပြီး ၎င်း၏ဆန့်ကျင်ဘက်အဖြစ် အခွက်ပုံစံ က(အတွင်းဘက်ဝင်နေသောမှန်)အဖြစ် လည်းရှိနေပါသည်။ ထိုအခါ ပါ့ကွာမှန် နှင့်ပတ်သက်၍ အပြားလိုက်မှန်၊ အပြင် သို့ခုံးနေသောမှန်နှင့် အတွင်းသို့ခွက်ဝင် နေသောမှန် ဟူ၍ သုံးမျိုးခွဲခြားနိုင်ပါ သည်။



အပြားလိုက်ရှိနေသော မှန်သည် အဆိပ်မြား ကိုယ်စားပြု မကောင်းသော အတိုက်အခိုက်များ မိမိအိမ်သို့ တည့် မတ်စွာ ဝင်ရောက်လာခြင်းကို ၎င်းလာ ခဲ့ရာနေရာလမ်းအတိုင်း တန်ပြန် ပြန် လှည့်သွားစေရန် (မိမိအား တိုက်ခိုက်သူ ပြန်ခံရရန်) အကာအကွယ်ပေးသည်။ သို့သော် အလယ်၌ အတွင်းခွက်နေ သောမှန်ခွက်နှင့် အပြင်ဘက်ပြူထွက်နေ သောမှန်ခုံးတို့ကိုထားရှိမိပါက မကောင်း သောချီဓာတ်များအား စုပ်ယူပြီး အိမ်ရှိ မိသားစုဝင်များအား ထိခိုက်စေနိုင်ပါ သည်။ ထို့ကြောင့် ပါ့ကွာမှန်သုံးမျိုး အနက် မှန်ပြားကိုသာ သုံးသင့်ပါသည်။ သင့်အနေဖြင့် ပါ့ကွာမှန်အား အိမ်အ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တွင်း လုံးဝမထားရှိရ။ အိမ်အဝင်ဝ ပြင်ပ နံရံ၌သာ ချိတ်ဆွဲ ပေးရပါမည်။

မသမာသူတို့၏ အမှောင့်ပယောဂ အနှောင့်အယှက်မှ ကာကွယ်ရန် မိမိသွား လေရာ၌ ကြည့်မှန်အသေးတစ်ချပ်ဆောင်ထားသင့်သည်။ အိတ်ဆောင်မှန်သည် သေးငယ်သော်လည်း ကြီးမားသော အန္တရာယ်ရန်စွယ်များအား တုံ့ပြန်ကာကွယ်နိုင်စွမ်းရှိသည်။ ကြည့်မှန်သည် ဖုန်းရွှေပညာအရ ကောင်းသော အတိတ်နိမိတ်နှင့် အကာအကွယ် သဘောရပ်တည်ပေးသလို ကာလံဒေသံ အပေါ် မူတည်၍ မှားယွင်းသုံးစွဲမိပါက တန်ပြန်ဒုက္ခပေးနိုင်သည်ကို သတိပြုပါ။ ထို့ကြောင့် အိပ်ခန်းအတွင်း မိမိအိပ်ရာနှင့် တိုက်ရိုက်ရောင်ပြန်ဟပ် (အလင်းပြန်) စေမည့်နေရာ၌ ကြည့်မှန်ကို လုံးဝမထားရှိသင့်ပါ။

ကြည့်မှန်နှင့်ပတ်သက်၍ အိပ်မက်နိမိတ်အမျိုးမျိုးရှိတတ်သည်။ အိပ်စက်နေစဉ် ကြည့်မှန်အကြောင်း အိပ်မက်မက်ပါက ကံမကောင်းခြင်းနိမိတ်ဆောင်ပြီး အိပ်မက်ထဲတွင် မှန်က နေရောင်နှင့်ထိတွေ့၍ အလင်းပြန်ပုံမက်ခဲ့ပါက ကံကောင်းခြင်းနိမိတ်ကို ဆောင်ပါသည်။ မှန်နှင့်ပတ်သက်၍ လက်ဆောင်အဖြစ် အလှန်ပေးတတ်သော အလေ့အထများလည်း ရှိသည်။ သင့်အနေဖြင့် တစ်ဦးတစ်ယောက် ကံကောင်းစေလိုသောဆန္ဒဖြင့် ကြည့်မှန်လက်ဆောင် ပေးနိုင်ပါသည်။ အကယ်၍ သင်ကိုယ်တိုင်က ကြည့်မှန် တစ်ချပ်လက်ဆောင်အဖြစ်ရခဲ့ပါက မကြာခင်အိမ်ထောင်ရက်သားကျတော့မည့်နိမိတ်ကိုဆောင်ပါသည် သို့မဟုတ် ရာထူးတက်ခြင်းနှင့် သားရတနာထွန်းကား (ရရှိ)ခြင်း နိမိတ်ကိုဆောင်ပါသည်။



**မကောင်းသောချီဓာတ်များအား မောင်းထုတ်နိုင်သည့် စန္ဒကူး ယပ်တောင်**

စက္ကူသားပေါ်၌ စန္ဒကူး သားများကပ်၍ စီမံထားသည့် စန္ဒကူးယပ်တောင်ကို အန္တရာယ်အကာအကွယ်အဖြစ် ဖုန်းရွှေအတိုင်ပင်ခံတို့က လက်ခံထားသည်။ ရှေးခေတ်ရာဇဝင်များအရ တရုတ်၊ ဂျပန်၊ ကိုရီးယားတို့ရှိ အမျိုးသား အမျိုးသမီးတိုင်းလိုလို သွားလေရာ၌ စန္ဒကူးယပ်တောင်အား အင်္ကျီလက်အောက်အတွင်း ထည့်၍ ဆောင်သွားတတ်သည်။ တိုင်းရေးပြည်ရေးနှင့် ရုံးကိစ္စများ ဆွေးနွေးကြစဉ်အတွင်း မိမိ




Various shapes of Chinese Fans

တို့ပါလာသောစန္ဒကူးယပ်တောင်အား ဖြန့်ခတ်၍ အနှောင့်အယှက်၊ အတားအဆီးရှိစေမည့် ချီဓာတ်များအား ဖယ်ရှားရှင်းလင်းတတ်ကြသည်။ စန္ဒကူးယပ်တောင်သည် ရနံ့မွှေးပျံ့သော နံ့သာယပ်တောင်ဖြစ်ခြင်းကြောင့် အမျိုးသမီးအားလုံး၏ တန်ဖိုးထား (မြတ်နိုး) ခဲ့ကြသည်။

**5 Yellow ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ခြင်း**

5 Yellow ခေါ် အဝါရောင်ငါးမျိုး ပါအမှောင့်ပယောဂများသည် နှစ်ကာလအလိုက် ဒုက္ခပေးလေ့ရှိခြင်းကြောင့် သတ္တုချောင်း (၆) ချောင်းပါ (သံစဉ်ညှိထားသောဆည်းလည်း) အား ချိတ်ဆွဲထားရန် ဖုန်းရွှေပညာရှင်တို့က အကောင်းဆုံး အကြံပြုထား၏။ ၎င်းဆည်းလည်းနည်းတူ 5 Yellow ၏ရန်မှကာကွယ်ရန် တရုတ်သူရဲကောင်း Zhong Kui ၏ ရုပ်ပုံပန်းချီကားတစ်ချပ် ချိတ်ဆွဲထားနိုင်ပါသည်။ Zhong Kui အနေဖြင့် (၈၄၀၀၀) ရှိသော နတ်မိစ္ဆာများ၊ နတ်ဘီလူး







များအပေါ် ဩဇာညောင်းသည်အထိ ထက်မြက်သော စွမ်းအင်များ ပိုင်ဆိုင်ထားသည်။ ထိုသို့အစွမ်းရှိသော Zhong Kui သူရဲကောင်းအား မိမိအိမ်အကာအကွယ်အတွက် စောင့်ရှောက်စေရန် ဖိတ်ခေါ်လိုပါက (၅) လမြောက်လ၏ (၅)ရက်မြောက်နေ့၌ ၎င်း၏ပုံပန်းချီကားအား အရှေ့တံခါးအနီးတွင် ချိတ်ဆွဲထားပေးရပါမည်။ ထိုအခါ နမူနာပုံပါအတိုင်း Zhong Kui က အိမ်အတွင်း ဝင်ရောက်လာသည့် မည်သူ့ကိုမဆိုစောင့်ကြည့်၍ မသမာသူ(သူယုတ်)များဖြစ်ပါက တိုက်ခိုက်ချေမှုန်းပေးမည့်ဟန်ဖြင့်ရှိနေပါမည်။

Zhong Kui ပန်းချီကားတို့ မျက်နှာမည်းရုပ်ဆိုးပုံစံဖြင့် ဖန်တီးရေးဆွဲကြသည်။

**အတွင်းရန်ရှင်းရန် အမွှေးတိုင်ထွန်း၍ ဆုတောင်းခြင်း**



အိမ်မိသားစုအတွင်း အချင်းချင်း ဒေါသစိတ်ဖြင့် ခိုက်ရန်ဖြစ်ပွားခြင်း၊ စကား များခြင်းကိုစွ မပေါ်ပေါက်ရန် စန္ဒကူး အမွှေးတိုင်များထွန်းညှိ၍ ဘုရား အား ပူဇော် တိုင်တည်ခြင်းဖြင့် အတွင်းမီးတောက်မှန်သမျှ ငြိမ်းအေး စေပါသည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၏ မြို့တော် ကျိုင်းတုံမြို့နှင့် တောင်ကြီးမြို့ကို ဆက်သွယ်ထားသော မဟာဗျူဟာ လမ်းမကြီးပေါ် မှာရှိသည့် ရင်ကွဲတောင်၊ စပါယ်ရှယ်တောင်၊ ကိုးကွေ့တောင်၊ ဆင်းရှူးတောင် စသည်တို့သည် နာမည်ကြီးတောင်များဖြစ်ကြသည်။

ကျွန်တော်တို့ ကျိုင်းတုံသားတွေဆိုတော့ ဒီလမ်းဒီတောင်ကြီးတွေနှင့် စိမ်းလှပါ၏။ လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်က ဒီလမ်း၊ ဒီတောင်တန်းတောင်မြင့်ကြီးတွေပေါ် မှာ ကျွန်တော်တို့ ခရီးများစွာသွားဖူးပါသည်။ ပြည်မသို့မှောင်ခိုပစ္စည်းများသယ်ယူပို့ဆောင်ရောင်းချနေသောမှောင်ခိုလမ်းမကြီးဖြစ်သည့်အတွက် ခရီးသွားများအဆက်မပြတ်သွားလာနေသောလမ်းကြောင်းကြီး ဖြစ်ပေသည်။ ထိုအချိန်တုန်းက စစ်ကြောင်းကားကြီးများဖြစ်သော ဟီးနိုးကောင်းဘွိုင်ယာဉ်တန်းကြီးနှင့်ခရီးသွားရသည်။ မိုးတွင်းအခါ မိုင်းပျင်းသဲတောင်များပြိုကျနေသည်နှင့် ကြုံကြိုက်ပါက တစ်ပတ်၊ ဆယ်ရက်စောင့်ရတော့သည်။ ကားပေါ်ပါ ရိက္ခာများပြတ်လျှင် မိုင်းပျင်းမြို့တွင်းသို့ ခြေကျင်ဆင်းဈေးဝယ်ရသည့် ဒုက္ခမျိုးစုံကိုလည်း ခံစားဖူးပါသည်။ စပါယ်ရှယ်တောင်မှာ ကားချောက်ထဲကျသွား၍ မိတ်ဆွေအချို့ သေဆုံးသွားသည်ကို မျက်မြင်ကိုယ်တွေ့နာကြည်းစွာခံစားဖူးခဲ့ပါသည်။

စပါယ်ရှယ်တောင်၏ ဝိသေသလက္ခဏာက ရိုးရိုးဂီယာနှင့်တက်၍မရသဖြင့် စပါယ်ရှယ်ဂီယာကို အသုံးပြုတက်ရသောကြောင့် စပါယ်ရှယ်တောင်ဟု နာမည်ကြီးသော တောင်မြင့်တောင်တန်းကြီးဖြစ်လေသည်။ ကျိုင်းတုံမှထွက်လျှင် ဦးစွာ ဈေးဆိုင်တန်းကလေးများနှင့် စားသောက်ဖွယ်ရာများ ရောင်းချသော 'ပန်ကြူ' ခေါ် တောင်ပေါ် ရွာကလေးသို့ ရောက်ပါသည်။ အားခါတိုင်းရင်းသားလူမျိုးစုနှင့် လားဟူတိုင်းရင်းသားလူမျိုးစု အချို့ မှီတင်းနေထိုင်ကြသည်။

ပန်ကြူရွာတွင် တောင်ပေါ်ဒေသ အေးသောအရပ်တွင်ပေါက်ရောက်သော 'ပင်စိမ်းသီး' များလည်း ရရှိနိုင်သည်။

စာရေးသူ ဒီလမ်း၊ ဒီခရီး၊ ဒီဒေသတွေနှင့် ဝေးကွာသွားသည်မှာ နှစ်ပေါင်း (၂၅) နှစ်ခန့်ကြာမြင့်ပြီ ဖြစ်ပါသည်။ တစ်ချိန်က ကလေးငယ်သားသမီးများသည်ပင် ယနေ့ အင်ဂျင်နီယာ(၂)ယောက်၊ B.Ed (ထက်)ပြဆရာ၊ စည်ပင်ဝန်ထမ်း၊ ဌာနအသီးသီးမှာ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေကြပေပြီ။ စာရေးသူကိုယ်တိုင် အသက်(၇၀)ပြည့်သွားပြီကို။ အသက်ကြီးလာတော့ ခရီးသွားဖို့ မကောင်းတော့။ အိမ်မှာနေရင်းမြေးတွေ ထိန်းရတဲ့တာဝန်က အလိုလိုနေရင်းမလွှဲမရှောင်သာရောက်ရှိလာပါတော့သည်။

၅-၁၂-၂၀၁၅ရက်နေ့က ကျိုင်းတုံ နည်းပညာတက္ကသိုလ် (E.P) ဌာနတွင်



(ကျိုင်းတုံ)

# အေးမြင်း

# ရင်ကွဲတောင်



www.burmeseclassic.com

www.burmeseclassic.com

နည်းပြတာဝန်ကို ထမ်းဆောင်နေသော သမီးဖြစ်သူနှင့်အတူ မိသားစု (၅) ဦး ရင်ကွဲတောင်ပေါ်ရှိ နဂါးအိုင်တောရ ကျောင်းသို့ အလှူလုပ်ရန်သွားကြပါသည်။ နဂါးအိုင်တောရဘုန်းတော်ကြီးမှာ စာရေးသူတို့မိသားစုနှင့် ခင်မင်ရင်းနှီးပြီး ကျောင်းသစ်ဆောက်လုပ်ရာတွင် အလှူငွေများထည့်ဝင်လှူဒါန်းထားသဖြင့် ကျောင်းဆောက်လုပ်ပြီးစီးပြီဖြစ်၍ လာရောက်ကြည့်လှည့်ပါဦးဟုဖိတ်ခေါ်သဖြင့် သွားရောက်ကြခြင်း ဖြစ်သည်။

ကျိုင်းတုံနည်းပညာတက္ကသိုလ်မှ နံနက် (၉) နာရီတွင် စာရေးသူစီးသော ဆိုင်ကယ်၌ ဇနီးဖြစ်သူ ဒေါ်ခင်စန်းဝင်း၊ မြေးငယ် သန့်ဇင်ကိုကို (၃) ဦးပါရှိပြီး သမီးဆိုင်ကယ်တွင် သမီးနှင့်မြေးအကြီးမ ဆုပြည့်ပြည့်မောင်တို့(၂)ဦးစီးကြပါသည်။

စာရေးသူမှာ ဆိုင်ကယ်စီးလျှင် အမြန်မောင်းနှင်တတ်ပြီး သမီးဖြစ်သူမှာ ပုံမှန်ဖြည်းဖြည်းစီးနင်းလေ့ရှိသည်။ စာရေးသူတို့ ဆိုင်ကယ် (၂) စီး ပန်ကြူသို့ (၁၀) နာရီ (၁၅) တွင် ရောက်ရှိပြီး ဆိုင်ကယ်များရေလောင်း၊ ထမင်းဆိုင်တွင် ထမင်းစားပြီး ခေတ္တအမောအပန်းဖြေနေကြသည်။ ပန်ကြူမှာနားပြီးဆက်လက်ထွက်ခွာလာရာ 'နှလုံးလှ' နာရေးကူညီမှုအသင်းမှ လူနာတင်ကားတစ်စီး လူနာတင်၍ပြန်လာသည်ကို လမ်းမကြီးပေါ်တွင် တွေ့ရပါသည်။

တောင်တက်လမ်းဖြစ်နေသဖြင့် ဆိုင်ကယ်ကို အရှိန်မြင့်မောင်းနှင်လာရာ သမီးဖြစ်သူဆိုင်ကယ်မှာ နောက်ဘက် အတော်ဝေးဝေးတွင် ကျန်ခဲ့သည်။ မိုင်တိုင်အမှတ် (၃၈၀/၁) ရောက်သောအခါ ဆိုင်ကယ်အကျိုးအပဲ့များကိုတွေ့၍ ဆိုင်ကယ်ကိုရပ်ပြီးအကျိုးအကြောင်း စုံစမ်းမေးမြန်းကြည့်ရာ လမ်းလုပ်သားတစ်ဦးမှ -

"ဆရာရေ့ နံနက် (၁၀း၁၅) နာရီမှာ ဒီနေရာတွင် ဆိုင်ကယ်က ကားကြီးအောက်ဝင်သွားပြီး ဆိုင်ကယ်စီးသူ (၂) ဦး သေဆုံးသွားတယ်"

ပြောပြပါသည်။

စာရေးသူမှာ များစွာစိတ်ဝင်စားသွားသဖြင့် အကျိုးအကြောင်းအသေးစိတ်မေးမြန်းကြည့်ရာ ဖြစ်စဉ်က ဒီလို။

ရှေ့မှာ (၁၈) ဘီးကားကြီးကသွားနေတယ်။ တောင်တက်လမ်းဆိုတော့ တဖြည်းဖြည်းချင်း တက်နေရတာပေါ့။ ကားနောက်ဘက်မှာ ဆိုင်ကယ်တစ်စီးကတော့ အေးအေးဆေးဆေး ခပ်ခွာခွာကလိုက်နေတယ်။ နောက်ထပ် လူ(၂)ဦးပါတဲ့ဆိုင်ကယ်တစ်စီးကတော့ အရှိန်မြင့်မောင်းနှင်လာတယ်။ ကားနောက်ခပ်ခွာခွာလိုက်နေတဲ့ ဆိုင်ကယ်ကိုကျော်တက်ပြီး ကားကြီးကို ကျော်တက်ဖို့ ကြိုးစားတယ်"

တောင်ပေါ်လမ်းကျဉ်းမှာ အကွေ့အကောက်တွေကဲ ပေါများလှသည်။ တချို့နေရာတွေမှာ တံတောင်ဆစ်ကွေးသဖွယ် အန္တရာယ်အလွန်များသော အကွေ့များလည်းရှိပါသည်။ မိုင်တိုင်အမှတ် ( ၃၈၀/၁) နေရာသည် လမ်းကျဉ်း၍အကွေ့နေရာဖြစ်သည်။ လူ(၂)ဦးစီးလာသောဆိုင်ကယ်သည် ကားကြီးကိုကျော်တက်ရန် ဘေးမှအရှိန်မြင့်၍ ကျော်တက်ဖို့ကြိုးစားစဉ် ဆိုင်ကယ်ရှေ့ဘီးသည် လမ်းမပေါ်ရှိ ကျောက်ခဲနှင့်တိုက်မိပြီး ရှေ့ဘီးသည် လည်ပြီး ကားကြီးအောက်သို့ရောက်ရှိသွားချိန် ကားကြီးနောက်ဘီးနှင့်ကြိတ်မိရာ နှစ်ဦးစလုံးသေဆုံးသွားကြောင်း ပြောပြပါသည်။

စာရေးသူကြားရသောသတင်းမှာ များစွာစိတ်မချမ်းမြေ့ဖွယ်ရာဖြစ်သဖြင့် အထူးဝမ်းနည်းကြေကွဲခံစားမိပါသည်။ သတင်းစုံစမ်းနေသည်မှာ နာရီဝက်နီးပါး ကြာမြင့်နေပြီဖြစ်သော်လည်း သမီးတို့ဆိုင်ကယ်မရောက်လာသေးပါ။

သမီးတို့ဆိုင်ကယ်ကို မျှော်နေစဉ် ညှိုးငယ်သောမျက်နှာနှင့် ဆိုင်ကယ်ကို ဖြေးဖြေးစီးလာသော သမီးတို့သားအမိကို တွေ့မြင်ရပြီး အနားသို့ရောက်ရှိလာပြီး ဆိုင်ကယ်ကိုရပ်လိုက်သည်။

"အဖေ၊ သမီးဆိုင်ကယ်ကိုနောက်ကဆွဲချလို့ တစ်လံလောက် နောက်ပြန်ကျပြီး ချောက်ထဲကျတော့မယ့်အချိန် ဘရိတ်အုပ်ပြီးအမြန်ဆင်းလိုက်လို့ သမီးဒုက္ခရောက်တော့မလို့"

သမီးဖြစ်သူ ဝမ်းနည်းစကားကို ကြားလိုက်ရပါသည်။

သမီးဆိုင်ကယ်ကိုဆွဲချသောနေရာသည် ယခု ဆိုင်ကယ်တိုက်မိသောနေရာနှင့်သိပ်မကွာ။ အနီးလေးဖြစ်သော်လည်း အကွေ့ဖြစ်နေ၍ စာရေးသူတို့ မမြင်မိခြင်း ဖြစ်သည်။ သမီးဆိုင်ကယ်တွင် ကျောင်းရောက်လျှင် ဆွမ်းချက်ကပ်ရန် ဝက်သားများနှင့် ဟင်းချက်စရာပစ္စည်းများပါသည်။

ဤလမ်းဤခရီးသည် စာရေးသူငယ်စဉ်က သွားလာနေကျနေရာမို့ ဘယ်နေရာမှာ ဘယ်ရက်က ဘယ်သူကားမှောက်၍ သေဆုံးသွားသည်ဆိုသည့် သတင်းများရံဖန်ရံခါကြားရလေ့ရှိသဖြင့် ဤလမ်းဤခရီးတွင် မကျွတ်မလွတ်သေးသော ပရလောကသားများရှိနေကြေမည်။ ဤမကောင်းဆိုးဝါး အပါယ်သားတို့သည် သမီးဆိုင်ကယ်ပေါ်တွင်ပါလာသော အသားစိမ်းကို စားလိုသောကြောင့် ဆိုင်ကယ်ကိုဆွဲချသည်ဟု စာရေးသူ သံသယပွားမိသည်။ ဤခရီးသည် ကုသိုလ်ပြုရန်သွားသောခရီးဖြစ်သော်လည်း စိတ်မချမ်းမြေ့ဖွယ်ရာအဖြစ်ဆိုးတို့နှင့် ကြုံတွေ့နေရသဖြင့် သမီးဖြစ်သူဆိုင်ကယ်ကို ရှေ့မှမောင်းနှင်စေပြီး စာရေးသူတို့ဆိုင်ကယ်မှာ နောက်မှအေးအေးဆေးဆေးလိုက်လျက်ရှိစဉ် နောက်ဘက်မှ ထိုင်လိုက်လာသော ဇနီးဖြစ်သူ၏ပရိတ်ရွတ်သံမှာ ဆိုင်ကယ်စက်သံကို ဖုံးလွှမ်းလျက်ရှိပါသည်။

ရင်ကွဲတောင် နဂါးအိုင်တောရကျောင်းသို့ နေ့လယ် (၃) နာရီတွင် ရောက်ရှိသည်။ ကျောင်းသို့ရောက်လျှင် ဆရာတော်အား ကန်တော့ပြီး အမောဖြေနေစဉ် ဆရာတော်ကျောင်းရှိုးပဉ္စင်းတစ်ပါးမှ -

"ဒကာကြီးရေ၊ မနက်တုန်းက လမ်းမှာ ဆိုင်ကယ်တိုက်မှုဖြစ်လို့ ဦးပဉ္စင်းသွားကြည့်တာ တော်တော်စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းပဲ"

ငယ်စဉ် ဒီလမ်းပေါ်မှာ သွားလာနေတုန်းကလည်း ဒီလမ်းပေါ်မှာ စိတ်မချမ်းမြေ့ဖွယ်ရာမြင်ကွင်းများ ကြုံဆုံခဲ့ဖူးပါသည်။

ယခု (၂၅) နှစ်ကြာမှ ဒီလမ်းဒီခရီးကို မိသားစုနှင့်အတူ အလှူလုပ်ရန်လာခဲ့သော်လည်း တွေ့ကြုံနေရသည်ကား ရင်မောစရာမြင်ကွင်းက ထပ်မံဆုံစည်းခဲ့ရပြန်သည်။ ရင်ကွဲတောင်ဘုန်းတော်ကြီးကျောင်းတွင် (၃) ညအိပ်၍ ပြန်လာခဲ့ရာ အပြန်ခရီးသည် သမီးတို့ဆိုင်ကယ်ကို ရှေ့မှသွားစေပြီး နောက်မှဇနီးနှင့်မြေးငယ်ကိုတင်၍ ဇနီးမောင်နှံ (၂) ဦး ရွတ်ဆိုလာသော ပရိတ်တော်တို့၏အသံသည် မကျွတ်မလွတ်သေးသော ပရလောကသားများရှိပါက လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေရင်း ကောင်းရာမွန်ရာ ဘုံဘဝဘုံဌာနသို့ ရောက်ရှိကြပါစေ၊ ရရှိကြပါစေဟု ဆုတောင်းမေတ္တာပို့သလိုက်ရပါတော့သတည်း။

ရှင်လန်းကျန်းမာချမ်းသာကြပါစေ

အေးမင်း(ကျိုင်းတုံ)

www.burmeseclassic.com

**ဌ ပါးလျှင်ပေါက်မည်**

အထက်ပါစကားသည် ဝိဇ္ဇာဓရ လောကသုံးသော အဓိကစကားဖြစ်၏။ ဝိဇ္ဇာဓရပညာသည် ခက်ခဲနက်နဲသိမ်မွေ့ လွန်းလှသဖြင့် တုံးသည့်ပုဂ္ဂိုလ်၊ ထူသည့် ပုဂ္ဂိုလ်များသည် မည်မျှပင်ကြိုးစားအား ထုတ်စေကာမူ ပေါက်မြောက်အောင်မြင် မည်မဟုတ်ပေ။ ထို့ကြောင့် ပါးလျှင် ပေါက်မည်၊ ပါးတဲ့သူပေါက်မည်ဟုဆို ခြင်း ဖြစ်၏။ ဤနေရာ၌ ပါးသည် ဟူသော ဝေါဟာရသည် အလွန်ပါးလျ ခြင်း၊ လိမ္မာပါးနပ်ခြင်းတို့၏ အဓိပ္ပာယ် ဖြစ်၏။ ပေါက်သည် ဟူသော ဝေါဟာရ ၏ အဓိပ္ပာယ်မှာ ပေါက်မြောက်သည်၊ ထွက်ရပ်ပေါက်သည်ဟူ၍ အဓိပ္ပာယ်ရ ၏။ ဤကား နားလည်သောအဓိပ္ပာယ် ဖွင့်ဆိုချက်ဖြစ်၏။

သို့သော် လူအများစုသည် ဝိဇ္ဇာ ဓရလောက၏ ဝေါဟာရများကို သိပ်ပြီး သဘောမပေါက်သည်ကများ၏။ အချို့ လည်း အပေါ်ယံမျှသာသဘောပေါက် သည်ကို တကယ်သဘောပေါက်သည် ထင်ကြ၏။ထို့ကြောင့်လည်း အချို့သော ပုဂ္ဂိုလ်များသည် ဝိဇ္ဇာဓရလမ်းကြောင်း ကို အမှန်တကယ် ကြိုးစားပြီး လုပ်ကိုင် ကြသော်လည်း ဆယ်စုနှစ်ပေါင်း သုံး၊

ဝိဇ္ဇာဓရမြန်မာ့အင်္ဂုရိတ်ပညာ ၆၅

# ဆရာဦးဆက်ထွန်းလင်း

(အာယုဗေဒ)

## ဝိဇ္ဇာဓရလောက ဝေါဟာရများ





www.burmeseclassic.com

www.burmeseclassic.com

လေးခုကြာမြင့်သည့်တိုင်အောင် လိုရင်းမထိ ပန်းတိုင်မရောက်ဘဲ တဝဲလည်လည်ဖြစ်နေကြရ၏။

ထိုအခြေအနေမျိုးများကို တွေ့ကြုံမြင်ရဖန်များသောကြောင့် လူအများက ထင်မြင်ယူဆကြသည်မှာ ဝိဇ္ဇာခရလောကသည် အမှန်ရှိသည်မဟုတ်ဘဲ စိတ်ကူးယဉ်လောကသာဖြစ်ကြောင်း၊ အမှန်တကယ်မရှိသည်ကို အမှန်တကယ်ရှိသယောင်ပြုထားခြင်းသာဖြစ်ကြောင်း ထင်မြင်ယူဆကြ၏။ အချို့ကလည်း ပို၍ဆိုးဝါးစွာပင် အလိမ်အညာလောက၊ အတုအယောင်လောကဟူ၍ပင်ဆိုကြ၏။ ထို့ကြောင့်လည်း အချို့သောသူများက ဝိဇ္ဇာခရပညာရပ်များ လေ့လာလိုက်စားမည့်သူများကိုတွေ့လျှင်ပင် မယုံသင်္ကာသောမျက်လုံးများ၊ အကြည့်များဖြင့် ကြည့်တတ်ကြ၏။ အချို့ကလည်း ကိုယ်အမူအရာ၊ နှုတ်အမူအရာများဖြင့် ထုတ်ဖော်မပြသော်လည်း အတွင်းမနောစိတ်အရမူ ကဲ့ရဲ့ပြစ်တင်ခြင်းများကိုပြုလေ့ရှိကြ၏။

ထို့ကြောင့်လည်း ဤပညာရပ်နှင့်လူအများတို့သည် ပို၍ပို၍သာ ဝေးကွာနေမည်သာဖြစ်တော့၏။ တကယ့်ဝိဇ္ဇာခရပုဂ္ဂိုလ်အစစ်အမှန်တို့သည် စကားအများကြီးမပြောဆိုကြပေ။ ပြောလျှင်လည်း မဖြစ်မနေအခြေအနေမျိုးတွင်မှ ပြောတတ်ကြ၏။ ထိုသို့ပြောရာတွင်လည်း တိုတိုနှင့်လိုရင်းကိုသာ ထိထိမိမိပြော၏။ သာမန်လူတို့အဖို့ ထိုပုဂ္ဂိုလ်တို့၏စကားကား တိုလွန်း၊ အနှစ်သာရအဓိပ္ပာယ်ချုပ်ထားလွန်း၍ ရုတ်တရက်နားမလည်ကြပေ။ မေးတိုင်းလည်း သူတို့ဖြေချင်မှဖြေကြ၏။ အထူးသဖြင့် မလိုအပ်သောစကားများ၊ အပိုစကားများ၊ စည်းမျဉ်းစည်းကမ်းနှင့်ငြိစွန်းနေသောစကားများဆိုလျှင် ပို၍ သတိထားပြီးတုံ့ပြန်လေ့ရှိ၏။

သို့ပါ၍ ထိုပုဂ္ဂိုလ်များသည် ကိုယ်တိုင်ကြုံတွေ့ရန်လည်း မလွယ်ကူသလို မိမိ၏ ပါရမီအားကြီးမား၍ ကြုံတောင့်ကြုံခဲ ကြုံတွေ့လာလျှင်လည်း အမှန်တကယ်အရေးကြီးသောစကားများကိုပြောဆိုခြင်း၊ မေးမြန်းခြင်းကသာ အကျိုးဖြစ်ထွန်းစေ၏။ ထိုပုဂ္ဂိုလ်များကို တွေ့ချင်တိုင်းတွေ့၍မရပေ၊ သူတို့ကလည်း မလိုအပ်ဘဲ မည်သူ့ကိုမျှအတွေ့မခံပေ။ မလိုအပ်သောစကားများကိုလည်း တစ်ခွန်းမျှ အပိုမပြောပေ။ ပြောသည့်စကားကလည်း အမှန်တကယ်လိုအပ်၍ အရေးကြီး၍ပြောခြင်းဟု သဘောပေါက်ရပါမည်။

ထိုသို့ သဘောပေါက်မှသာ မိမိ၏ လိုလားအပ်သော အခွင့်အရေး၊ အခြေအနေကောင်းကို ဖန်တီးနိုင်မည်ဖြစ်၏။ ဤသည်လည်း ပါးခြင်းတစ်မျိုးပင် ဖြစ်၏။ ထို့အပြင် ပါးခြင်းဟူသည့် ဝေါဟာရနှင့်ပတ်သက်ပြီး ထပ်မံချဲ့ထွင်စဉ်းစားလျှင် အတွေးအခေါ်၊ စဉ်းစားဉာဏ်၊ ဖြတ်ထိုးဉာဏ်၊ လျှပ်တစ်ပြက်ဉာဏ် စသည် နာမ်ပိုင်းဆိုင်ရာကိစ္စများသာမက ရုပ်ပိုင်းဆိုင်ရာကိစ္စများကိုလည်း များစွာ ထည့်သွင်း စဉ်းစားသင့်၏။

သာဓကအားဖြင့် ဖော်ပြရပါမူ အစားအသောက်နှင့် ပတ်သက်လျှင်လည်း ပါးလျနည်းပါးရမည်ဖြစ်သလို အအိပ်အနေလည်း ပါးလျနည်းပါးရမည်ဖြစ်၏။ ထို့မျှမက အပျော်အပါး အာရုံခံစားမှုများလည်း ပါးလျရမည်ဖြစ်သလို စည်းစိမ်ခံစားမှုဆိုင်ရာကိစ္စရပ်များတွင်လည်း နည်းပါးရမည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ စကားနည်းပါးရမည်ဖြစ်သလို ဂုဏ်ပကာသနဝါကြွားခြင်းဆိုင်ရာတို့တွင်လည်း ပါးလျရမည်ဟု ဆိုလိုပါသည်။ မာန်မာနတက်ကြွမှု၊ ထောင်လွှားမှုတို့ ပါးလျရမည်ဖြစ်သလို ရှုပ်ထွေးသောလူမှုရေးရာများလည်း နည်းပါးရမည်ဖြစ်၏။

ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်ပြီး အချုပ်အားဖြင့်ဆိုရပါမူ အထွေထွေသော ပလိဗောဓများတွင် နည်းပါးရမည်ဖြစ်သလို အရေးကြီးဆုံးမှာ လောဘ၊ ဒေါသ၊ မောဟများ ပါးလျရမည်ဖြစ်၏။ သို့ပါ၍ ပါးလျှင်ပေါက်မည်ဆိုသော ဝိဇ္ဇာခရလောကဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို နောက်ဆုံး လောဘ၊ ဒေါသ၊ မောဟများ ပါးလျသွားခြင်း ဟူသော အနက်သဘောအထိ ဖော်ဆောင်နိုင်မှသာ လိုရင်းရောက်နိုင်မည် ဖြစ်သည်။ ထိုတွင် လောဘသည် မည်သည့်အဆင့်အထိပါးလျရပါမည်နည်းဟူမူ အလောဘအဆင့်ထိရောက်အောင်ပါးရမည်ဖြစ်၏။ ဒေါသသည်လည်း မည်မျှပင်ကြီးသည်ဖြစ်စေ အဒေါသအဆင့်အထိပါးလျရမည်ဖြစ်၏။ မောဟ ဟူသည့် အမှန်ကို အမှန်အတိုင်း မသိမြင်မှုဟူသည်လည်း မည်မျှပင် ပိတ်ဆို့တားဆီးထားသည်ဖြစ်စေ မည်မျှအထိပါးလျရမည်နည်းဟူမူ အမောဟအဆင့်အထိ ပါးလျရမည်ဖြစ်၏။

အလောဘအဆင့်တွင် သာမန်ဒါနအဆင့်မျိုးမှသည် ဒါနဥပအဆင့်၊ ဒါနပရမတ္ထအဆင့်အထိရောက်အောင် ပါးလျသွားရမည် ဖြစ်တော့၏။

ထို့အတူ အဒေါသအဆင့်တွင်လည်း သာမန်မေတ္တာအဆင့်မျိုးမှသည် မေတ္တာဥပအဆင့်၊ မေတ္တာပရမတ္ထအဆင့်အထိ ရောက်ရှိအောင်ပါးလျသွားရမည်ဖြစ်တော့၏။

အမောဟအဆင့်တွင်လည်း သာမန်ပညာအဆင့်မျိုးမှသည် ပညာဥပအဆင့်၊ ပညာပရမတ္ထအဆင့်အထိ ပါးလျသွားရမည်ဖြစ်၏။ ဤအလောဘ၊ အဒေါသ၊ အမောဟတို့ကို နောက်ဆုံးအဆင့်အထိ ပါးလျအောင်ပြုရမည်ဆိုခြင်းမှာ ဤအဆင့်သည် ပါရမီအဆင့်သို့တိုင်တော့၏။ ပါရမီအဆင့်သို့ရောက်သောအခါတွင်မှ ထိုမှတစ်ဖန် အဆိုပါ ပါရမီအဆင့်များ လွန်မြောက်ပြီးသွားပြီဆိုမှ လိုရင်းအထိ ပါးလျခြင်းမည်တော့၏။

လောဘ၊ဒေါသ၊မောဟအကုသိုလ်တရားတို့၏ အကြီးအမှူးခေါင်းဆောင်များ ဖြစ်၏။ ထိုဒုစရိုက်ခေါင်းဆောင်ကြီးများ ပါးလျသွားခြင်းသည်ပင်လျှင် တစ်စထက်တစ်စ ပါရမီဆယ်ပါး အပြားသုံးဆယ်၏ ပြီးမြောက်ခြင်းပင် ဖြစ်ပါသည်။ လောဘသဘာဝကို ပါးလျစေခြင်းဖြင့် အလောဘသဘာဝသို့ရောက်ရှိခဲ့၏။ အလောဘသည် ဒါန၏ အခြေခံဖြစ်၏။ ဒါနသည်ပင်လျှင် တစ်စထက်တစ်စ ပါရမီအဆင့်သို့ရောက်ပြီး ဒါနပါရမီ ထိုမှ ဒါနဥပပါရမီ၊ ထိုမှတစ်ဆင့် ဒါနပရမတ္ထပါရမီအဆင့်သို့ ရောက်ရှိခဲ့ရတော့၏။

ထို့အတူပင် ဒေါသ၏ သဘာဝကို ပါးလျအောင်ပြုခြင်းဖြင့် အဒေါသသဘာဝသို့ ရောက်ရှိမည် ဖြစ်သည်။ အဒေါသသည် မေတ္တာ၏အခြေခံပင်ဖြစ်၏။ ထိုမေတ္တာသည်ပင်လျှင် တစ်စထက်တစ်စ ပါရမီအဆင့်သို့ရောက်လာပြီး မေတ္တာပါရမီ၊ မေတ္တာဥပပါရမီ၊ မေတ္တာပရမတ္ထပါရမီအဆင့်အတန်းသို့ ရောက်ခဲ့ရတော့၏။

မောဟ၏ သဘာဝကိုလည်း ပါးလျအောင်ပြုခြင်းဖြင့် အမောဟသဘာဝသို့ရောက်ရှိမည်ဖြစ်၏။ အဆိုပါအမောဟသည်ပင် ပညာ၏အခြေခံ ဖြစ်၏။ ထိုပညာသည်ပင် တစ်စထက်တစ်စ ပါရမီသဘောသက်ဝင်လာပြီး ပညာပါရမီ၊ ပညာဥပပါရမီ၊ ပညာပရမတ္ထပါရမီအဆင့်အတန်းသို့ ရောက်ရှိပြီဖြစ်၏။ အဆိုပါ ဒါနပါရမီ၊ မေတ္တာပါရမီ



www.burmeseclassic.com

www.burmeseclassic.com

သောပါရမီတို့သည် ပါရမီဆယ်ပါး၏ အနှစ်ချုပ်ပင် ဖြစ်၏။ ထိုပါရမီ သုံးပါးပြီးမြောက်ခြင်းသည် ပါရမီဆယ်ပါးလုံးပြီးမြောက်ခြင်းပင်ဖြစ်တော့၏။

ဤကား 'ပါး' ဟူသည့် ဝေါဟာရတစ်လုံး၏နက်နဲမှု၊ ထိရောက်မှု၊ တာသွားမှုပင် ဖြစ်ပါသည်။ ထို့အတူ 'ပေါက်' ဟူသည့် ဝေါဟာရ၏ အနက်အဓိပ္ပာယ်သည်လည်း ထိုနည်းအတိုင်းပင် နက်နဲသပါသည်။ ပါးလျှင် ပေါက်မည် ဟူရာ၌ ပါးခြင်းကိစ္စတွင် ထစ်စထက်တစ်စ ပို၍ ပို၍ပါးသွားသကဲ့သို့ နောက်ဆုံး ပေါက်သောအခါတွင်လည်း အတိုင်းအတာ အဆင့်အမျိုးမျိုးဖြင့် ပေါက်ခြင်းကိစ္စပြီး၏။ ပါးမှုအတိုင်းအတာပမာဏနှင့် လျော်ညီသော ပေါက်ခြင်းသည် ဖြစ်တော့၏။

ထို ပေါက်ခြင်း ဟူသည့် ကိစ္စတွင်လည်း သိဒ္ဓိပေါက်ခြင်းအဆင့်၊ အဘိညာဉ်ပေါက်ခြင်းအဆင့်၊ ထွက်ရပ်ပေါက်သည့်အဆင့်တို့မှသည် ဗုဒ္ဓါဘိသေကအဆင့်များပေါက်သည်အထိ ဖြစ်တော့၏။ ပါးလျှင် ပေါက်မည် ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ဖွင့်ဆိုမှုကို ဤမျှလောက်နှင့်ပင်ရပ်နားပြီး နောက်ထပ် ဝိဇ္ဇာမဂ်ဝေါဟာရတစ်လုံးအား ထပ်မံဖော်ပြလိုပါသည်။

ထိုဝေါဟာရမှာ -

**သွားလျှင်ရောက်မည်**

ဤဝေါဟာရသည်လည်း ဝိဇ္ဇာမဂ်လောကတွင် အရေးကြီးသောဝေါဟာရတစ်လုံးပင် ဖြစ်၏။ ထိုဝေါဟာရကို ယေဘုယျသုံးသပ်ရုံမျှပင် သူ၏ဆိုလိုရင်းအဓိပ္ပာယ်ကို သိနိုင်မည်ဖြစ်၏။ မြန်မာ့ဆိုရိုးစကား ဝေါဟာရများတွင်လည်း 'သွားပါများ ခရီးရောက်' ဟူသည့် ဝေါဟာရရှိပြီးဖြစ်၏။ ယေဘုယျအဓိပ္ပာယ်မှာ သွားပါများလေ ခရီးရောက်လေ ဟူသည့် အဓိပ္ပာယ်ပင်ဖြစ်၏။ သို့သော် တကယ်လက်တွေ့ဖြစ်စဉ်တွင် သွားတိုင်းရော အမှန်ပင် ခရီးရောက်ပါ၏လောဟု သုံးသပ်ရန်လို၏။

ခရီးပန်းတိုင်တစ်ခုသို့သွားရောက်ရာတွင် အရေးကြီးသည်ကား ထိုပန်းတိုင်သို့သွားရာလမ်းကြောင်းများကို ဦးစွာသိရှိရန်ပင်ဖြစ်၏။ လမ်းကြောင်းမသိဘဲ ထိုပန်းတိုင်သို့ သွားရောက်ရန် မည်သို့မျှ မဖြစ်နိုင်ပေ။ ထိုမှတစ်ဆင့်တက်ပြန်သော် ထိုလမ်းကြောင်းများကိုသိရှိပြီးသည်တွင်လည်း တွေ့ရာလမ်းကြောင်းမှ စတင်ဝင်ရောက်ပြီးသွားခြင်းကို စတင်ခြင်းမပြုသင့်ပေ။ အဘယ်ကြောင့်ဆိုသော် မိမိအဆင်ပြေသလို ရွေးချယ်ခဲ့သောလမ်းကြောင်းသည် လမ်းပန်းအခြေအနေဆိုးဝါးခြင်းသော် လည်းကောင်း၊ ချောက်ကမ်းကြီးခြင်းသော် လည်းကောင်း၊ သားရဲတိရစ္ဆာန်တို့ ထူပြောခြင်းသော် လည်းကောင်း၊ သူခိုးဓားပြသောင်းကျန်းခြင်းသော် လည်းကောင်း၊ သစ်ပင်ချုံနွယ် ထူထပ်ခြင်းသော် လည်းကောင်း စသဖြင့် အပိတ်အဆို့ အကာအရံ အတားအဆီးများ၊ ပြဿနာများ၊ ဘေးရန်များတို့ဖြင့် ကြုံတွေ့ရနိုင်ပြီး မိမိသွားလိုသည့်ပန်းတိုင်သို့ မရောက်ရှိခြင်းမျိုးလည်း ဖြစ်ချင်ဖြစ်နိုင်၏။ ခရီးလမ်းကြန့်ကြာခြင်းမျိုးလည်း ဖြစ်နိုင်သောကြောင့်ပင် ဖြစ်၏။

ထိုလမ်းပန်းအခြေအနေအရပ်ရပ်ကို မိမိကိုယ်တိုင်သော် လည်းကောင်း၊ သွားလာဖူးသည့်သူများကိုသော် လည်းကောင်း၊ ကြားဖူးနားဝရှိသူ တစ်ဆင့်ကြား အတွေ့အကြုံရှိသည့်သူများကိုသော်လည်းကောင်း မေးမြန်းရ၏။ စူးစမ်းရ၏၊ စနည်းနာရ၏။ ထိုလမ်းများထဲတွင်မှ ဘေးအကင်းဆုံး၊ အန္တရာယ်အနည်းဆုံး၊ အဖြောင့်ဖြူးဆုံးလမ်းကို ရွေးချယ်ရမည်ဖြစ်၏။ ထိုအထဲတွင် အကောင်းဆုံးသောလမ်းမှာ လူအများလုံးဝမသွားဘူးသေးသောလမ်းထက် ရှေးရှေးပုဂ္ဂိုလ်များသွားဖူး၊ ခရီးပေါက်ဖူးသည့်လမ်းကိုသာ ဦးစားပေးရမည် ဖြစ်၏။ ထိုကိစ္စနှင့်ပတ်သက်ပြီး မြန်မာဆိုရိုးစကားများတွင် 'အရင်လိုလမ်းအိုလိုက်၊ အမှန်လို စာအိုဌ်' ဟူ၍ ရှိ၏။

လမ်းအို ဆိုသည်မှာ ရှေးယခင်ကတည်းက လူသူအရောက်အပေါက်ရှိခဲ့ဖူးသောလမ်း၊ သွားခဲ့ဖူးသောလမ်းကိုဆိုလိုခြင်း ဖြစ်ပါသည်။ ထိုလမ်းသည် ပို၍ ခရီးရှည်ရှည် အချိန်ကြာကြာသွားချင် သွားရနိုင်ပါသည်။ သို့သော် စိတ်ချရသည့်လမ်းဖြစ်၏။ ခရီးလမ်းဆုံးသို့ ကျိန်းသေရောက်မည်ဟု အာမခံနိုင်သောလမ်း ဖြစ်၏။ မည်သည့်နည်းနှင့်မျှ လမ်းမမှားနိုင်သောလမ်းဖြစ်၏။

ထို့ကြောင့် 'သွားလျှင်ရောက်မည်' ဟူသော ဝေါဟာရအရ သွားပြီဆိုကတည်းက လမ်းရွေးချယ်ပြီးသားဖြစ်နေရပါမည်။ ထို့ကြောင့် ဤအဆင့်သည် ယခုမှလုပ်ငန်းစသော အခြေအနေမျိုးမဟုတ်ပေ။ လမ်းကြောင်းတွေ့၍ (ဝါ) ရွေးချယ်ပြီး၍သွားတော့မည့်အခြေအနေမျိုးကို ဆိုလိုခြင်းဖြစ်၏။

ဤနေရာ၌ စကားချပ်အဖြစ် ဆိုချင်သည်မှာ ယခုတစ်ဘဝတည်းဖြင့်သော် လည်းကောင်း၊ ဘဝတိုတိုဖြင့်သော် လည်းကောင်း မဂ်ဖိုလ်အမြန်ရလိုခြင်းသည် လမ်းတို သို့မဟုတ် ဖြတ်လမ်းကိုရွေးချယ်သည့် အခြေအနေမျိုးကဲ့သို့ဖြစ်နေနိုင်ပြီး ဝိဇ္ဇာမဂ်လမ်းကြောင်းမှတစ်ဆင့် ဆုကြီးပန်ခြင်းသည် လမ်းအိုလမ်းဟောင်း ပါရမီလမ်းကြီးကို ရွေးချယ်ခြင်းနှင့်တူသည်ဟုဆိုရပါမည်။ ဤကဲ့သို့လမ်းများရှိသည်တွင် မည်သည့်လမ်းကိုရွေးချယ်၍သွားမည်ဆိုသည့်အဆုံးအဖြတ်မှာ သွားမည့်ပုဂ္ဂိုလ်၏ ရွေးချယ်မှုသာ ဖြစ်ပေသည်။

လမ်းရွေးချယ်ပြီး၍ သွားပြီဆိုသည်နှင့် ပြန်၍ပြုပြင်ရန်၊ ပြောင်းလဲရန်ဆိုသည်ကား အခက်အခဲများစွာရှိလာနိုင်ပါလိမ့်မည်။ ဤဆောင်းပါး၌ လမ်းကြီးလမ်းဟောင်းဆိုင်ရာအကြောင်းကိုသာ ဆက်လက် ဖော်ပြသွားမည်ဖြစ်ပါသည်။

ဤလမ်းသည် အနည်းဆုံးအားဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသွားရမည့်လမ်းဖြစ်၏။ ရောက်ရှိရမည့်နေရာသည်လည်း ဗုဒ္ဓါဘိသေကအဆင့် (၈) ဖြစ်သော သမ္မာသမ္ဗုဒ္ဓအဆင့်ဖြစ်၏။ ထိုလမ်းမှတစ်ဆင့် နောက်ဆုံးအဆင့် (၁၀) အထိသွားမည် ဖြစ်၏။ ထိုသို့သွားခြင်းကို ပြီးပြည့်စုံသောသွားခြင်းဟု ဆိုရမည်ဖြစ်သလို ရောက်ရှိခြင်းတွင်လည်း အလုံးစုံရောက်ရှိခြင်းဖြစ်၏။

ထိုသို့ ပြီးပြည့်စုံသောသွားခြင်းနှင့် အလုံးစုံ ရောက်ရှိခြင်းအခြေအနေကို သုညတာအခြေအနေဟု သတ်မှတ်ရမည် ဖြစ်၏။ သုညတာကို အမျိုးက





www.burmeseclassic.com

www.burmeseclassic.com

ဘာမှမရှိတော့သည့် အခြေအနေဟု သတ်မှတ်ကြ၏။ အမှန်ကား သုညတာသည် မည်သည့်ဖြစ်ခြင်းပျက်ခြင်း၊ လိုသည်၊ ယုတ်သည်၊ ပိုသည်၊ များသည်၊ ကြီးသည်၊ သေးသည်မရှိသော နုတ်ပယ်စရာ၊ ဖြည့်စွက်စရာ၊ ဖြစ်စရာ၊ ပျက်စရာ မလိုအပ်သောလုံးဝဥသုံအလုံးစုံပြီးပြည့်စုံနေသောအခြေအနေမျိုးကိုဆိုခြင်းဖြစ်၏။ ထို့ကြောင့် ဘာမှမရှိခြင်း၊ ဆိတ်သုဉ်းနေခြင်း၊ တန်ဖိုးမဲ့နေခြင်းအခြေအနေများနှင့် ဆန့်ကျင်ဘက်ဖြစ်၏။

ထို့ကြောင့် သုညတာသည် အများထင်သလို မဲ့ခြင်းမဟုတ်ပေ။ အမှန်ကား တန်ဖိုးကြီးလွန်းခြင်း တန်ဖိုးဖြတ်၍မရခြင်းသာ ဖြစ်၏။ တန်ဖိုးသည် မည်မျှအထိကြီးသနည်းဟူမူ အနန္တ ထက်ပင်ကြီးသည်ဟု ဆိုရမည်ဖြစ်၏။ အဘယ်ကြောင့် ထိုသို့ဆိုရပါသနည်းဟူမူ ဤကိစ္စကို သင်္ချာပညာဖြင့် သက်သေပြ၍ရနိုင်၏။ သင်္ချာပညာတွင် မည်သည့်ကိန်းဂဏန်းတစ်ခုကိုမဆို သုညဖြင့်စားလျှင် အဖြေကား **Infinity** ဟူသော အနန္တသဘောဆောင်စေတော့၏။ ၎င်းကို သင်္ချာသင်္ကေတဖြင့် ရေးပြပါက အောက်ပါအတိုင်းဖြစ်နေသည်ကို တွေ့ရမည် ဖြစ်၏။ ကိန်းဂဏန်းများတွင် အငယ်ဆုံးဂဏန်းဖြစ်သော တစ်ဂဏန်းကို သုညဖြင့်စားခြင်း ဖြစ်၏။

$$\frac{၁}{၀} \cdot \infty$$

ဟူ၍ ဤအတိုင်းဖြစ်နေသည်ကို တွေ့ရ မည် ဖြစ်၏။ ဤတွင် တွေ့ရှိရသော (∞) သင်္ကေတသည် အင်ဖနိခေါ် အဆုံးအပိုင်းအခြားမရှိသည့်အနန္တသင်္ကေတဖြစ်၏။ ထို့ကြောင့် သုညသည် အနန္တကိုဖြစ်စေနိုင်၏။ သို့သော် အနန္တသည် သုညကိုပြန်ဖြစ်စေနိုင်သောအခြေအနေတွင် မရှိနိုင်၊ မဖြစ်နိုင်တော့ပေ။ သို့ပါ၍ သုညသည် အနန္တထက်စွမ်းအားကြီးကြောင်း ထင်ရှား၏။

ထို့ကြောင့် အင်္ဂုရတ်ပညာတွင်လည်းကောင်း သို့တည်းမဟုတ် အခြားသော ဝိဇ္ဇာရေပညာများတွင်လည်းကောင်း ထွက်ရပ်ပေါက်အဆင့်တွင် လည်းကောင်း၊ ဗုဒ္ဓါဘိသေကအဆင့်များတွင် လည်းကောင်း သုညတာဖြစ်ခြင်းကို အထူးဂရုပြုကြခြင်း ဖြစ်၏။ မည်သည့်လမ်းစဉ်ဖြင့်သွားသွား သွားရသည့် အခြေခံအကြောင်းတရားတွင် သုညတာသည် ပဓာနကျ၏။ ထိုသုညတာသည်လည်း နားလည်သဘောပေါက်ရန် အခက်ခဲဆုံး သဘောတရားဖြစ်နေပါသည်။

ထိုကို အင်္ဂုရတ်ပညာဖြင့် သာဓကပြရမည်ဆိုပါက အင်္ဂုရတ်ဓာတ်ပစ္စည်းတို့တွင် နာဟုခေါ်သောခဲသတ္တုရှိ၏။ ထိုနာမှာ ဓာတ်ပစ္စည်းအပေါင်းတို့တွင် တန်ဖိုးအနည်းဆုံးဖြစ်သလို ပစ္စည်းလည်းအပေါ်များဆုံးဖြစ်၏။ ထို့အတူ ကိတ်ဟုခေါ်သောရွှေသည် ဈေးအကြီးဖြစ်သလို ပစ္စည်းကလည်း ရှားပါးသော တော်ဝင်သတ္တုဖြစ်၏။ ထိုဓာတ်ပစ္စည်းတို့အား ဂဏန်းသင်္ကေတဖြင့် ဖော်ပြရပါမူ နာသည် တစ် (၁) ဂဏန်းဖြင့်သင်္ကေတပြုပြီး ကိတ်သည် ကိုး (၉) ဂဏန်းသင်္ကေတဖြင့်ပြ၏။

အင်္ဂုရတ်လုပ်ငန်းကိုလုပ်ကိုင်သူအများစုက ကြိုးစားကြသည်မှာ တန်ဖိုးအနည်းဆုံးဖြစ်သော နာကို ကိတ်ဖြစ်အောင်လုပ်ကိုင်ကြသည့် အညံ့စားသတ္တုကို အကောင်းစားတော်ဝင်သတ္တုအဖြစ်ပြောင်းလဲခြင်းကိုသာ စိတ်အားထက်သန်ကြ၏။ ထိုသို့ နာကို ကိတ်အဖြစ်ပြောင်းလဲနိုင်လျှင်ပင် အောင်မြင်ပြီဟု ယူဆကြ၏။ အမှန်မှာ ကိတ်သတ္တုကို နာပြန်ဖြစ်အောင်လုပ်နိုင်ခြင်းကသာ တန်ဖိုးအကြီးဆုံး၊ တန်ဖိုးမဖြတ်နိုင်ဆုံး ဖြစ်၏။ ထိုနာသည်သာ အရာရာကိုပြီးစေနိုင်သောနာဖြစ်၏။ ထို့ကြောင့် သာမန်လောကအမြင်အရ တစ်ကို ကိုး ဖြစ်အောင်လုပ်ခြင်းသည် တန်ဖိုးအကြီးဆုံး ဟူသောအဆင့်ဟု သတ်မှတ်ကြသော်လည်း အမှန်တကယ် ဝိဇ္ဇာရေလမ်းကြောင်းအရသွားရသောလမ်းသည် ကိုးကိုတစ်ဖြစ်အောင်လုပ်ခြင်းပင်ဖြစ်၏။ ထိုသို့သော သဘောတရားဖြင့်သွားရသကဲ့သို့ သွားတတ်ဖို့လည်း လိုသည်ဟုဆိုလိုပါသည်။ ထိုသို့သွားတတ်ပါမှလည်း လိုရာပန်းတိုင်သို့ ရောက်နိုင်ခြင်းအခြေအနေသည် ဖြစ်ပေါ်နိုင်မည်ဖြစ်ပါသည်။ ထိုကိစ္စသည် နားလည်ရန်ခက်ခဲသဖြင့် ထပ်မံရှင်းပြလိုပါသည်။

**□မူလပြန်ခြင်းသဘောတရားနှင့်သုညတာသဘောတရား**

သုညတာ၏ သဘောတရားကို အထက်တွင် အတော်အတန်ရှင်းပြခဲ့ပြီးဖြစ်သဖြင့် ဤတွင် မူလပြန်ခြင်းသဘောတရားကို အနည်းငယ်ဖော်ပြလိုပါသည်။

ဓာတ်ပစ္စည်းဇယားတွင် နာသည် အနိမ့်ဆုံးဖြစ်သလို ဓာတ်အားလုံး၏မူလအစဖြစ်တည်ခဲ့ရသည်ချည်းဖြစ်၏။ ယနေ့ ရွှေဟု သတ်မှတ်ထားသောအရာ၊ ငွေဟု သတ်မှတ်ထားသောအရာတို့သည် တစ်ချိန်တစ်ခါသော မူလအခြေအနေတုန်းက နာအဖြစ်ဖြစ်တည်ခဲ့ခြင်းဖြစ်၏။ ထိုနာသည် နှစ်ပေါင်းအသင်္ချေ အနန္တအတွင်း ကမ္ဘာမြေ၏ဘူမိဖြစ်စဉ်ပြောင်းလဲမှုများကြောင့် မူလနာဘဝမှသည် နောက်ဆုံး သက်တမ်းအရည်အချင်း ပြည့်စုံလာသောအခါ ကိတအဖြစ်သို့ ပြောင်းလဲလာခဲ့၏။

နာသည် ဓာတ်ကိုးပါးစလုံး၏ အခြေခံဓာတ်ဖြစ်၏။ ဤနေရာတွင် နာကို အခြေခံဓာတ်ဟုဆိုရသော်လည်း တကယ်တမ်းအလုပ်လုပ်သည်မှာ (ဝါ) အဆုံးအဖြတ်ပြုသည့် ပဓာနဓာတ်မှာ အဆိုပါနာထဲတွင်ကိန်းနေသော ပြဒါးဓာတ်ပင်ဖြစ်၏။ ထို့ကြောင့် အခြေခံနာဓာတ်ကို နားလည်သည်ဆိုရာတွင် ကိန်းနေသော ပြဒါးဓာတ်ကိုပါ ထည့်သွင်းပြီး နာဟုဆိုလိုက်သည်နှင့် နာပြဒါးကို နားလည်ထားရပါမည်။ ထိုနာပြဒါးသည်သာ ကမ္ဘာမြေ၏ဘူမိဖြစ်စဉ်ပြောင်းလဲမှုကြောင့် ကိတ်ဖြစ်လာရခြင်း ဖြစ်၏။ ထိုအတွက် အချိန်ကာလအားဖြင့် နှစ်ပရိစ္ဆေဒမြောက်များစွာကြာခဲ့ရ၏။

ထိုကဲ့သို့သော ဘူမိဖြစ်စဉ်မျိုးကို အင်္ဂုရတ်ပညာရှင်က အချိန်တိုကာလအတွင်း ပြောင်းလဲစေခဲ့၏။ ပုံမှန်ဘူမိဖြစ်စဉ်အရ နှစ်ပေါင်းအသင်္ချေအနန္တသွားရသည့်ခရီးလမ်းကို ရက်ပိုင်းလပိုင်းမျှသော အချိန်ကာလအတွင်းမျှနှင့်သွားခြင်း ဖြစ်၏။ ထိုအခါ ကျွမ်းကျင်သော ပညာရှင်တစ်ဦးအဖို့ နာပြဒါးကို ရက်ပိုင်း၊ လပိုင်းမျှဖြင့် ကိတ်ဖြစ်စေနိုင်ခဲ့၏။ ထို့ကြောင့် ကမ္ဘာမြေ၏ ဘူမိဖြစ်စဉ်နှစ်အသင်္ချေအနန္တနှင့် အင်္ဂုရတ်ပညာရှင်၏ ရက်ပိုင်းလပိုင်း အချိန်ကာလမည်မျှကွာခြားပါသနည်းဟူမူ မနှိုင်းယှဉ်နိုင်လောက်အောင် ကွာခြားပါသည်။ မည်သည့်အတွက်ကြောင့် ကွာခြားရပါသနည်းဟူမူ ကမ္ဘာမြေ၏ နှစ်ပေါင်းအသင်္ချေအနန္တဘူမိဖြစ်စဉ်နေရာတွင် အင်္ဂုရတ်ပညာရှင်၏ မီးသွားကိန်းက အစားထိုးနိုင်သောကြောင့်ဖြစ်၏။

အဆိုပါအင်္ဂုရတ်ပညာရပ်ဆိုင်ရာ မီးသွားကိန်းသည် အလွန်ပင်အရေးပါပါသည်။ ထို့ကြောင့် မီးသွားကိန်းကိုသိထားရန် လိုအပ်ပါသည်။ မီးသွားကိန်းဆို



www.burmeseclassic.com

www.burmeseclassic.com

သည်မှာ ကမ္ဘာကြီးတွင်ဖြစ်ပေါ်နေသော ကပ်များအတိုင်း မီးဖြင့်ဖျက်လိုက်၊ ပြန်တည်လိုက်ဖြစ်စဉ်ပင်ဖြစ်၏။ ထိုသို့ မီးဖြင့် ခုနစ်ကြိမ်ဖျက်ပြီးတိုင်း ရေဖြင့်တစ်ကြိမ်ဖျက်ရသော နိယာမသဘောရှိ၏။ ထိုကဲ့သို့ ရေဖြင့်ဖျက်သောအကြိမ်ပေါင်း (၇) ကြိမ်ပြည့်လျှင် လေဖြင့်ဖျက်ရ၏။ ထို့ကြောင့် လေတစ်ကြိမ်ဖျက်တိုင်း မီးဖျက်သည့်အကြိမ်ပေါင်း (၅၆) ကြိမ်ရှိ၏။ ရေဖြင့်ဖျက်သည့် အကြိမ်ပေါင်း (၇)ကြိမ်ရှိ၏။ လေဖြင့်ဖျက်သောအကြိမ် (၁)ကြိမ်ရှိ၏။ ထို့ကြောင့် စုစုပေါင်းလျှင် (၆၄) ကြိမ်ရ၏။ ၎င်းကိုပင် အန္တရကပ် (၆၄) ကပ်ဟု ခေါ်ခြင်း ဖြစ်၏။ မီးဖြင့်ဖျက်ရာတွင် ပထမစျာန် (၃)ဘုံ၊ ပရိတ္တာဘာဘုံ၊ အပ္ပမာလကာဘုံအထိ ဗြဟ္မာဘုံ (၅) တိုင်အောင်ပျက်၏။ ရေဖြင့်ဖျက်သောအကြိမ်တွင် ပထမစျာန် (၃) ဘုံ၊ ဒုတိယစျာန် (၃) ဘုံတို့အပြင် ပရိတ္တာသုဘာဘုံ၊ အပ္ပမာလကာသုဘာဘုံတိုင်အောင် ဗြဟ္မာဘုံ (၈) ဘုံအထိပျက်၏။ လေဖျက်ရာတွင် ပထမစျာန် (၃) ဘုံ၊ ဒုတိယစျာန် (၃) ဘုံ၊ တတိယစျာန်(၃)ဘုံ စုစုပေါင်း ဗြဟ္မာဘုံ(၉)ဘုံတိုင်အောင်ပျက်၏။

ထိုကမ္ဘာမြေ၏ဘူမိဖြစ်စဉ်သဘောတရားကိုပင်ယူ၍ မီး (၇) ကြိမ်ဆိုသည့်နေရာတွင် အင်္ဂါရတ်ထိုးသောအခါ လုံခြောက်ဖြင့် (၇) ကြိမ်ထိုး၏။ ထိုသို့ လုံခြောက် (၇) ကြိမ်ပြည့်သောအခါ ချော်နှစ်ပြီး (၁) ကြိမ်ထိုး၏။ ထိုကဲ့သို့ လုံခြောက် (၇) ကြိမ် ချော်နှစ် (၁) ကြိမ် ထိုးပြီး ထိုဖြစ်စဉ်မျိုး (၈) ကြိမ်မြောက်၌ ဓာတ်ကိုလုံခြောက်တွင်ပင်ထည့်ပြီး လေလမ်းကြောင်းဝင်ရာ နာတိုက်အထက် ထိုက်ကိုတင်ပြီးထိုးခြင်း ဖြစ်၏။ ထိုမီးမျိုးသည် အလွန်ပင်ပြင်းထန်လှသောမီးဖြစ်သဖြင့် ရှေ့ပိုင်း (၆၃) ကြိမ်ထိုးပြီး၍ရင့်သောအခါ ဓာတ်ကိုသာ (၆၄) ကြိမ်၌ သေသဘောဆောင်သော မီးသွားကိန်းမြင့်ထိုးခြင်းဖြစ်၏။

ဤသို့သော အင်္ဂါရတ်ပညာရှင်၏ မီးသွားကိန်းများကြောင့်ပင် နာသည် နောက်ဆုံး၌ ကိတ်ဖြစ်တော့၏။ ဤခရီးသွားခဲ့ခြင်းကို ကိစ္စပြီးပြီထင်မြင်ယူဆလျှင်တား ကြီးစွာသော အခွင့်အရေးဆုံးရှုံးမှုကြီးပင်ဖြစ်၏။ တကယ့်အရေးပါသော ပမနာကျမှုကား ကိတ်ကို နာဖြစ်အောင်ပြန်သွားနိုင်ခြင်းကသာ အဆုံးဓာတ်ဖြစ်၏။ ထိုဖြစ်စဉ်ကို မူလပြန်ခြင်းဟု ခေါ်၏။



ထို့ကြောင့် မူလပြန်ခြင်းဟူသည် မူလက နာဖြစ်သောဓာတ်သည် တော်ဝင်သတ္တုအဖြစ်ပြောင်းပြီးနောက် ထိုတော်ဝင်သတ္တုက နာပြန်ဖြစ်ခြင်းဖြစ်၏။ ထိုကို မူလက နာဖြစ်ခဲ့သောအရာသည် နာပင်ပြန်ဖြစ်သဖြင့် မည်သို့ထူးပါမည်နည်း။ နာကနာပင်မဟုတ်တုံလောဟု ဆိုရန်ရှိပါသည်။ သာမန်ဗဟိဒ္ဓိအမြင်အရတော့ ထိုအတိုင်းပင် ဖြစ်ပါသည်။ သို့သော် အဇ္ဈတ္တအမြင်အရမူကား ကွာခြားချင်တိုင်း ကွာခြားနေတော့၏။ ထိုထက်ပို၍ အဘယ်မျှကွာခြားသနည်းဟူမူ အသင်္ချေအနန္တကွာခြားသည်ဟုဆိုရမည် ဖြစ်၏။ တန်ဖိုးအရလည်း ကွာခြားပါသည်။ နာ၏တန်ဖိုးနှင့် ကိတ်၏တန်ဖိုးသည် အဆပေါင်းများစွာ ကွာခြားသကဲ့သို့ ထိုကိတ်နှင့် မူလပြန်သွားသောနာတို့၏ တန်ဖိုးသည်မှာ ပို၍ဝေးကွာသွားပြီး မနှိုင်းယှဉ်သာအောင်ပင် ကွာသည်ဟု ဆိုရပါမည်။

ထိုသို့ နာမူလပြန်ခြင်းသဘောတရားကို သုညတာသဘာဝနှင့်နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ နာမူလပြန်ခြင်းသည် မိမိလာခဲ့ရာအစသို့ ပြန်ရောက်ခြင်းပင်ဖြစ်၏။ ထိုအခါ မူလအစနေရာနှင့် အဆုံးနေရာတို့ တစ်ထပ်တည်းပြန်ကျခြင်းသည် စက်ဝန်းသဏ္ဌာန်ကဲ့သို့ပင်ဖြစ်နေတော့၏။ ထိုစက်ဝန်းသဏ္ဌာန်ကိုပင် သင်္ကေတအားဖြင့် သုညပမာပြုထား၏။ ထိုကိုပင် သုညတာသဘာဝနှင့် ထပ်တူပြုခြင်းသဘောဆောင်တော့၏။

မူလအစ အမှတ်နှင့် အဆုံးအမှတ် တစ်ထပ်တည်းကျခြင်းကိုကား အစက်တစ်စက်တည်းဖြင့် သင်္ကေတပြုမြဲ ၎င်းကိုကား ဗိန္ဒုသဘာဝနှင့် ခိုင်းနှိုင်းယှဉ်တွဲနိုင်ပါသည်။

ဤဗိန္ဒုထဲတွင် အစက်နှစ်စက်ပါဝင်နေပါ၏။ ပထမအစက်သည် မူလသဘာဝအတိုင်း ဖြစ်တည်နေသည့် အစက်ဖြစ်ပြီး ကျန်သောအစက်ကား ဘူမိဖြစ်စဉ်အတိုင်း ပြုပြင်စီရင်၍ ကိစ္စပြီးသွားသောအစက်ဖြစ်၏။ တန်ဖိုးချင်းကား အထူးပင်ခြားနားနေ၏။ ထို့ကြောင့် ထိုဖြစ်စဉ်နှင့်ပတ်သက်ပြီး နောက်ဆုံးဖြစ်စဉ် အခြေအနေတစ်ခုတည်းကိုသာ ကြည့်ပြီး ဆုံးဖြတ်လျှင် ဗိန္ဒုအခြေအနေဟုဆုံးဖြတ်မည်ဖြစ်ပြီး ထိုမူလဓာတ်၏ သွားရာ လမ်းကြောင်းတစ်ခုလုံးကို ခြုံ၍ကြည့်မည်ဆိုပါက ထိုအခြေအနေသည် စက်ဝန်းပုံသဏ္ဌာန်အခြေအနေဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် မူလနာသည် အဆင့်မြင့်သောဓာတ်အဖြစ် အင်္ဂါရတ်ပညာကြောင့် ပြောင်းလဲလာပြီး နောက်ဆုံးတွင် တော်ဝင်သတ္တု ရွှေ (ကိတ်) ဖြစ်တော့၏။ ထိုကိတ်သည်လည်း ထပ်မံပြီး ဓာတ်ပြောင်းလဲမှုသည် အင်္ဂါရတ်ပညာကြောင့်ဖြစ်ပြန်ကာ အဆုံးဓာတ်ဖြစ်သောနာအဖြစ် ထပ်မံပြောင်းလဲခဲ့ပြန်၏။

ထို့ကြောင့် ဤဖြစ်စဉ်တွင် အဦးအစ နာနှင့် အဆုံးဓာတ်ဖြစ်သောနာတို့သာမက ကြားထဲတွင် ကိတ်ဖြစ်စဉ်တစ်ရပ်ကို ဖြတ်သန်းခဲ့၏။ ထို့အတွက် ဤအခြေအနေသည် စက်ဝန်းပုံသဏ္ဌာန်သွားခဲ့သော အခြေအနေပင်ဖြစ်နေပါသည်။ ထိုစက်ဝန်းပုံသဏ္ဌာန်သွားရာလမ်းကြောင်းကို သံသရာစက်ဝန်းနှင့် ခိုင်းနှိုင်းထပ်တူပြုနိုင်မည့်အခြေအနေပင်ဖြစ်တော့၏။ ထို့အတူ အစက်နှစ်စက်တစ်ထပ်တည်းဖြစ်နေသောဗိန္ဒုအား ဓမ္မသဘာဝဖြင့် ထပ်တူပြုကြည့်မည်ဆိုပါက ပထမအစက်သည် သံသရာ၏အစမှတ်အစက်အဖြစ် အဝိဇ္ဇာကို ကိုယ်စားပြုကာ နောက်ဆုံးမှတ်အစက်သည် ဝိဇ္ဇာအဖြစ်ကို လည်းကောင်း ထပ်တူပြုနိုင်မည် ဖြစ်၏။ ထို့အတူ [illegible] နောက်ဆုံးအခြေအနေတစ်ရပ်လုံးကို ခြုံယူသုံးသပ်ပါက သံသရာနှင့်နိဗ္ဗာန်ဟူသောအချက်သည် ထင်ရှားပေါ်လွင်လာမည်ဖြစ်တော့၏။ ထိုကိုပင် သွားခြင်းနှင့် ရောက်ခြင်းသဘောကို နက်နဲစွာ ဆင်ခြင်နိုင်မည် ဖြစ်ပါ၏။

ရှေ့လဆက်ဖတ်ပါရန်

ဆရာဦးဆက်ထွန်းလင်း

(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်သောည။

တစ်ခါတစ်ရံမှ စူးရှစွာထွက်လာတတ်သောပုရစ်သံ၊ နိမ့်ဆင်းနေသောလမ်းချောလေးအတိုင်း အထစ်အငေါ့မရှိ လျှောက်ခဲ့ပေမယ့် မလုံသောစိတ်ကြောင့်များလား၊ နောက်ကတစ်ယောက်ယောက်လိုက်လာသလိုလို။

ပြန်လှည့်ကြည့်တော့လည်း ဘာမှမရှိ။ စိုးထိတ်သောစိတ်ဝင်မိသော်လည်း မဖြစ်မနေလှပ်ကြည့်မည်ဆိုသောအတွေးကြောင့် ရဲစိတ်ဝင်လာပြန်သည်။

ယာခင်းအစပ်ရောက်တော့မည်။ သစ်ပင်တွေအုပ်ဆိုင်းမနေသည့်အတွက် လရောင်မလင်းတလင်းဖြစ်လာသည်။ မြခင်နှင့်သားလေးမျက်နှာတွေမြင်ယောင်လာ၏။ ချမ်းသာစေချင်သည့် စေတနာ၊ အေးချမ်းသက်သာစွာ ဘဝကိုဖြတ်သန်းစေချင်သည့်မေတ္တာ။

ဦးဘလွင် အမှားလား၊ အမှန်လား ခွဲခြားမနေချင်တော့။ အချိန်ဆွဲတွေဝေနေလျှင် မိုးလင်းတော့မည်။

ပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိတာ သူသိနေသည်။ စိတ်ထဲတင်းခံရင်း တွင်းပေါင်းပျက်ကြီးမှ လျှောဆင်းလိုက်သည်။ အမြင့်က လူတစ်ရပ်ကျော်ကျော်။ ဖျတ်ခနဲ ခုန်ချလိုက်သည်နှင့် အေးခနဲ ရင်မှာခံစားလိုက်ရသည်။

"ဂီး. . . ဂီး. . . ဂီး. . . "

အဆက်မပြတ်အော်သော ငှက်ဆိုးသံကြားသော်လည်း နားအာရုံကိုလွှဲလျက် မြေပွပွကိုယက်သည်။

ချွေးစေးတွေကို မသုတ်ပစ်။ တစ်ပင်တည်းသော ကံ့ကော်ပင်ပေါ်မှ ငှက်အော်သံတွေ ဆူညံကုန်သည်။ ဦးဘလွင် အားစိုက်ပြီး မြေပွပွကိုယက်သည်။

မျက်လုံးတွေ ဝင်းဝင်းတောက်အောင် ဝမ်းသာသွားသည်။ လွယ်လာသောအိတ်ထဲသို့သလောက်ထည့်သည်။

ထိုအခိုက် ခြေထောက်အောက်ရှိမြေကြီးက တလှုပ်လှုပ်ဖြစ်လာသည်။ တွင်းဝတွင်ရှိနေသော သစ်ငုတ်ကိုဆွဲတက်ခဲ့သည်။

သက်ပြင်းမချနိုင်၊ အမောမဖြေနိုင်၊ လွယ်အိတ်ကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အိမ်ရှိရာပြေးခဲ့သည်။ ခြေသံတွေအများကြီးဟု စိတ်မှာထင်မိသည်။

ဒါပေမယ့် ဦးဘလွင် လုံးဝနောက်လှည့်မကြည့်တော့ပါ။

❑

ဘဝတစ်လျှောက်လုံး ဦးဘလွင်စိတ်တိုင်းကျဖြစ်ခဲ့သည်မှာ သူချစ်မြတ်နိုးသော ဒေါ်မြခင်ကို လက်ထပ်ဖြစ်နိုင်ခြင်းပါ။

သို့ပေမယ့် ချမ်းသာကြွယ်ဝသော မိဘနှစ်ပါးက မြခင်ကိုယူလျှင် ထမင်းမငတ်အောင် ဘိုးဘွားပိုင်ယာတစ်ကွက်သာပေးနိုင်မည်။ သူတို့သဘောတူတာယူလျှင် အမွေအားလုံးပိုင်စေတဲ့။

ယာတစ်ကွက်နှင့်မြခင်ကိုသာရွေးခဲ့သည်။ တစ်ခါမှမလုပ်ဘူးသော စိုက်ပျိုးထွန်ယက်ခြင်းနှင့်ဘဝကို ဆက်လျှောက်ခဲ့သည်။ ချစ်ဇနီး ဒေါ်မြခင်ကလည်း မညည်းမညူ။ သားလေးမြအောင် အခါလည်မှစ၍ ယာထဲဆင်း၊ တတ်သမျှစိုက်ပျိုးလုပ်ကိုင်ခဲ့သည်။

သားလေးမြအောင် ငယ်စဉ်တရတာ၊ ကုန်တာမျှပေမင့် အရွယ်ရောက်လာတာနှင့်အမျှ ကျောင်းစရိတ်ကြီးလာသည်။ အလျှင်မီလောက်ဖို့ မြီးခြေချေတာ၊ ကုန်ကျစရိတ်ကြီးမှုအတွက် ပိုပင်ပန်းတာတွေကြောင့် ဦးဘလွင်မယားနှင့် သားကို သနားကြီးစွာဖြစ်ရသည်။

လိုတရနေခဲ့သော သူ၏ဘဝနှင့် မျှော်လင့်ချက်တစ်ခုပြီးမြောက်ဖို့ ပင်ပန်းကြီးစွာ လှုပ်ရှားရုန်းကန်ရသောသားကိုသနားသည်။ ပညာတစ်ခုသာ သူများနည်းတူပေးနိုင်ပြီး ကျန်တာ လိုအပ်ချက်တွေမဖြည့်နိုင်သော ကိုယ့်ကိုယ်ကိုယ်မုန်းသည်။

"ကိုဘလွင်ရယ်၊ သက်ပြင်းတချချနဲ့ အိပ်တယ်လည်းမရှိပါလား။ လင်းတာနဲ့ယာခင်းဆင်းရတော့မယ်။ စိုက်ခင်းတွေပိုးမကျအောင်ဆေးဖျန်းရမှာလေ။ ကျွန်မဈေးစောစောပြန်ခဲ့မယ်။ လိုတာတွေမှာလိုက်၊ သားလည်းပါမှာ။ ပစ္စည်းတွေဝယ်ရမှာများတယ်"

"အေးပါကွာ အိပ်ပါပြီ။ မင်းလည်းအိပ်. . . အိပ်။ မနက်မနိုးလို့ ကားမမီဘဲနေလိမ့်မယ်"

တစ်ဖက်လှည့်ပြီးစောင်းအိပ်လိုက်ပေမယ့် အိပ်မပျော်။ ညဉ့်နက်လေ ပိုစိတ်လှုပ်ရှားနေမိသည်။

သည်အိပ်မက်မျိုးက မိုးလင်းခါနီးမှမက်တာ။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်၊ နှစ်ရက်ခြား၊ သုံးရက်ခြားမက်သည်။ မက်သည့်အိပ်မက်ကလည်းမပြောင်းမလဲ။

"ဘုရားတည်၊ ကျောင်းဆောက်ကွာ။ ပြီးတော့ ယာထဲက တောင်ပို့တိုင်ငုံပြီး ဘုရားတည်ရမယ်၊ ဒါမွေလုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ရင်တော့ မင်းပြန်လာတော့၊ ကဲ - သွားသွား၊ အရုဏ်မတက်ခင် အိမ်ပြန်ရောက်မှဖြစ်မယ်နော်"

အိပ်မက်။

ဖြောင့်စင်းရှင်းလင်းတဲ့အိပ်မက်။ မိန်းမလည်း မပြောပြချင်။ သားလည်း မသိစေချင်။ မတော်၍ အန္တရာယ်ဖြစ်လာလျှင် သူတစ်ယောက်တည်းတွေ့ရအကြောင်းလား။ သားနှင့်မယားတော့ ဘေးကင်းစေချင်သည်။

မအိပ်ဘူးဟု အားတင်းရင်း မေးခနဲအိပ်ပျော်သွားသည်။ ကြောက်စရာမဟုတ်တဲ့အိပ်မက်ကိုထပ်မက်ပြန်သည်။

လန့်နိုးတော့ သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေပြီ။

❑

နှစ်ပေါင်းများစွာ အမွှေပြတ်ကြေညာ အဆက်အသွယ်မလုပ်ခဲ့သော ဦးဘလွင်၏မိဘတွေကအိမ်က ပို့လိုက်သည်ဆိုသော အသုံးအဆောင်ပစ္စည်း အကောင်းစားတွေ၊ တီဗွီ၊ ကက်ဆက်၊ သားအတွက် စက်ဘီး စသဖြင့် လိုအပ်တာမရှိအောင်လာချပေးတော့ ဒေါ်မြခင် မယုံနိုင်။

"ကျွန်မအိပ်မက်မက်နေတာလား။ ဟုတ်ကောဟုတ်ရဲ့လားရှင်"

တစ်ရွာလုံးလည်း လာကြည့်ကြသည်။ အားကျဝမ်းသာကြသည်။ ဟိုလူ့စက်ဘီးလိုက်ရနိုးဒီလူ့စက်ဘီးလိုက်ရနိုး မျက်နှာငယ်နေရသော သားအတွက် ဦးဘလွင်ပျော်သည်။

"သား စာကြိုးစားနော် သားလို အပ်တာ အဖေ့ပြော။ ငါ့သားဆင်းရဲခဲ့တာကြာပြီ၊ နောက်မိုးမကျခင် အိမ်ပြင်ဆောက်ပေးဦးမှာတဲ့ကွာ"

ဝမ်းသာအားရနေသောဦးဘလွင်မျက်နှာက မျက်ရည်တွေဝဲလို့။

သည်လိုနှင့် စားဝတ်နေမှုအတွက် ပူပင်လောကမရှိရသော ဦးဘလွင် သူ့ဆွေမျိုးတွေနှင့်တွေ့ရန်အကြောင်းပြလျက် တစ်လရက်နှစ်ဆယ်အိမ်ကခွာသွား၏။

သားအမိနှစ်ယောက်တည်း ညဉ့်နက်သည့်တိုင် အိပ်မပျော်သောညတွေမှာ ဒေါ်မြခင်စိတ်ထဲ ထူးခြားသလိုခံစားရသည်။


ခါတိုင်းနှင့်မတူ ဘုရားခန်းကိုသပ္ပာယ်လှစွာ မွမ်းမံထားလျက် ညဦးရောက်တိုင်း ဦးဘလွင် ဘုရားရှိခိုးသည်။ အမွှေးတိုင်၊ ဆီမီးပူဇော်သည်။

"မြခင်၊ ငါခရီးသွားတဲ့ရက်လည်း ဘုရားမှာ အမွှေးတိုင်၊ ဆီမီးမပြတ်စေနဲ့။ ပန်းဆိုလည်း မွှေးတဲ့ပန်းမျိုးရှာဝယ်ပါကွာ။ ဈေးကြီးချင်ကြီးပါစေ ဘာမှမနှော မြောနဲ့ကြားလား"

"ရှင်နောက်နေတာလား"

"ဟာ - ဒီကိစ္စနောက်စရာလား။ အရင်က ငါခြိုးခြံချွေတာခိုင်းတာ စီးပွားရေးအဆင်မပြေဘူးလေ။ အခုချိန် ဘာမှမပြောနဲ့။ ဘုရားကျောင်းဆောင်မှာ ပန်းမညှိုးစေနဲ့၊ သားလည်းကြားတယ်နော်"

"စိတ်ချပါ အဖေ၊ သား အဖေ့စကား အမြဲတမ်း နာခံပြီးသားပါ။ ဒါလောက်တော့ စိတ်မပူပါနဲ့။ ခရီးသာ အဆင်ပြေအောင်ဂရုစိုက်ပါ။ နောက်တစ်ခါ သားတို့ပါလိုက်မှာနော်"






www.burmeseclassic.com

www.burmeseclassic.com

ခေါင်းညိတ်ပြပေမင့် ဦးဘလွင် ဒီသားအမိနှစ်ယောက်ကိုခေါ်ဖို့ စိတ်ကူး မထား။ ဒေါ်မြခင်ယောက်ျားဖြစ်သူ ခရီး သွားတာများလာတော့ စစ်ဆေးလာ သည်။

အမျိုးတွေနှင့်ပေါင်းပြီး မော်လမြိုင် ဘက်ကုန်ကူးသည်ဆိုလာ၏။မော်လမြိုင် ထွက်ပစ္စည်းတွေပါလာ၏။ ရခိုင်ဘက် ခရီးထွက်ကုန်ကူးသည်တဲ့။ ရခိုင်ထွက် ပစ္စည်းတွေပါလာသည်။ ရွာထဲမှာရောင်း တန်ရောင်း၊ ပေးတန်ပေးနှင့် ဦးဘလွင် တို့မိသားစုကို မသိသူမရှိတော့ပါ။

❑

လှေကားမှတစ်ထစ်ချင်းနင်းလာ တာသိနေသည်။ ဒေါ်မြခင် စောစော အိပ်ပျော်ခဲ့တာမို့ အခုနိုးနေချိန်က အချိန် ခန့်မှန်းတတ်လျှင် နှစ်နာရီ၊ သုံးနာရီ ကြား။

အပြင်မှာ မှောင်မိုက်ခြင်းက လက်ကွယ်ချိန်နီးတာမို့ ပိန်းပိတ်အောင် မှောင်လျက်ပါ။

တစ်ဖက်ခန်းက သားအသံနားစွင့် ကြည့်မိ၏။ အိပ်မောကျနေသည်မို့ ချွတ်ချွတ်သံပင်မကြားရ။

ခြေသံက ဧည့်ခန်းကိုဖြတ်လျှောက် ကာ ဘုရားခန်းဘက်ရောက်သွားသည်။ အိမ်ကို ဦးဘလွင်စိတ်တိုင်းကျ ကျယ်ဝန်း တောင့်တင်းစွာ ပြင်ဆင်ဆောက်ထား သည်မို့ အိပ်ခန်းနှင့် ဘုရားခန်းအတော် ဝေးသည်။

ဒေါ်မြခင် ထူးဆန်းစွာ မကြားဘူး သောခြေသံကြောင့် အိမ်ဆောက်သည့် ပျဉ်တွေကမသန့်တာလားတွေးဖြစ်သည်။ သည်လိုလည်းဟုတ်မည်မထင်။ အိမ်ပြင် ဆောက်ခဲ့သည်မှာ တစ်နှစ်ကျော်ပြီ။ ဒီခြေသံခုမှစကြားရခြင်းပါ။

ထောက်ခနဲ မီးခြစ်ခြစ်သံကြားရ ပြန်ပြီ။

ခုချိန်မှာတော့ ဒေါ်မြခင်ငြိမ်မနေ တော့။ ဒီအိမ်မှာ သူတို့သားအမိအပြင် တစ်ယောက်ယောက်ရှိနေပေလိမ့်မည်။ ခြေဖွနင်းလျက် သားမြအောင် အခန်း ဘက်ကူးလာခဲ့သည်။

"သား. . . သား မြအောင် ထ . . . ထ. . . ခဏထပါဦး"

မြအောင်က အအိပ်ဆတ်သူမို့ အမေလှုပ်နိုးသံကြောင့် ငုတ်တိုင်ထထိုင် လိုက် သည်။

"ဗျာ - အမေ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

သားကို တိုးတိုးနေရန် လက်ပြရင်း နားဆီကပ်လျက် လေသံဖြင့်ပြောလိုက် သည်။

"သား အိမ်ထဲမှာ လူရောက်နေ တယ်"

"ဟာ- မဖြစ်နိုင်တာ။ သားတံခါး တွေသေချာမင်းတုပ်ချထားတာ။ အိမ်ထဲ ကဖွင့်မပေးဘဲဝင်ဖို့မလွယ်ဘူး"

"တကယ်ပြောနေတာ သား။ လှေကားကတက်လာသံကိုလည်းကြား တယ်။ ပြီးတော့ ဧည့်ခန်းဖြတ်လျှောက် ပြီးမှ ဘုရားခန်းသွားတာ"

"အဖေများလား"

"ဟဲ့ - နင့်အဖေဆိုရင် တို့တွေနိုး မှာပေါ့။ ပြီးတော့ ခရီးသွားတာ နှစ်ရက် လောက်ပဲကြာသေးတာ။ ဘယ်လိုလုပ် မလဲ။ အမေတို့ဒီလိုပဲငြိမ်နေမလား"

"ကျွန်တော်သွားကြည့်မယ်"

"အမလေး-သားရယ်၊ သူခိုးဓားပြ ဆိုရင် ဘယ်လိုလုပ်မလဲ"

"အဖေကမှာခဲ့တယ်၊ သားတို့ စိတ်ချအိပ်တဲ့။ ဒီခြံနဲ့အိမ်ထဲဘယ်သူခိုး၊ ဓားပြမဝင်ရဲဘူးတဲ့။ ဘာမှလဲကြောက် စရာမရှိဘူးတဲ့။ အမေကြောက်ရင်နေခဲ့ လေ၊ သားသွားကြည့်မယ်"

"မနေခဲ့ဘူး၊ ငါ့သားတစ်ယောက် တည်း။ လိုက်ခဲ့မယ်၊ လိုက်ခဲ့မယ်"

သားအမိနှစ်ယောက်စလုံး ခြေဖွ နင်းလျက် ဘုရားခန်းဆီဦးတည်လျှောက် ခဲ့သည်။ ဒေါ်မြခင်လက်ထဲ အသင့်ပါ လာသည့်မီးခြစ်ခြစ်ပြီး ဖယောင်းတိုင် ထွန်းလိုက်သည်။

ဘုရားခန်းမှအလင်းရောင်ကြောင့် သဲကွဲစွာမြင်ရပြီး ဘာဆိုဘာမှမရှိ။ ဒါပေမယ့် မွှေးပျံ့သည့် ရနံ့တစ်မျိုးရနေ လေသည်။ ဘုရားခန်းမှာလှူထားသည့် နှင်းပန်းရနံ့မျိုးမဟုတ်။

ကြောက်ရွံ့မနေဒတော့ဘဲ တံခါးမ ကြီးဘက်ပြန်ကြည့်သည်။ ပကတိငြိမ် သက်ခြင်းနှင့်အတူ ခြေရာလက်ရာ မပျက်။

"အမေနေမကောင်းဖြစ်နေမယ်။ ပြန်အိပ်ပြန်အိပ်၊ သားလည်း အမေနဲ့ လာအိပ်မယ်"

ဘာစကားမှမပြောနိုင်လောက် အောင် ငြိမ်သက်သွားပေမင့် ဒေါ်မြခင် ရင်ထဲတွင် စိုးရိမ်သောကတွေကြောင့် ပူလောင်နေ၏။ ဒါပေမယ့် သားများ ကြောက်ရွံ့သွားမလားအတွေးတွေကြောင့် မျက်လုံးတွေမှိတ်ကာ အိပ်ပျော်ဟန်ပြု လိုက်သည်။

ဒေါ်မြခင် အိပ်မပျော်။ ဘုရားခန်း ထဲမှရသောအမွှေးနံ့ကို သေချာစဉ်းစား သည်။ ခဏကြာမှသတိရလိုက်သည်။

"အို - ဘုရား၊ ဘုရား။ မဟုတ်ပါ စေနဲ့ မဖြစ်နိုင်ပါဘူး"

❑

မထင်မှတ်တဲ့အဖြစ်အပျက်တွေ ကြောင့် စိုးရိမ်သောကတွေနှင့် ညတိုင်း ကောင်းစွာ အိပ်မပျော်ခဲ့တဲ့ ဒေါ်မြခင်။

တစ်လကျော်ကျော်လောက်မှာ ဦးဘလွင် အထုပ်အပိုးတွေနှင့် ပြန်လာ တော့ ထခုန်မတတ်ဝမ်းသာမိ၏။

"ပဲခူးဘက်ရောက်သွားတာဟေ့၊ ငါးရံ့ခြောက်တွေ၊ ငါးချဉ်ထုပ်တွေပါလာ တယ်။ ရွာကျောင်းက ဘုန်းဘုန်းက ငါးရံ့ခြောက်သိပ်ကြိုက်တာ။ ကြီးတဲ့ ကောင်တစ်ပိဿာလှူလိုက်။ ကျန်တာ မင်းကောင်းသလိုလုပ်ကွာ"

ဆွေမျိုးမတော်ပေမည့် သက်ကြီး ရွယ်အိုတွေကို သင့်သလို ဒေါ်မြခင်ဝေ သည်။ ကျန်တာရောင်းသည်။ အိမ်ဧည့် သည်လာလျှင် ငါးရံ့ခြောက်ဖုတ်နှင့် ဧည့်ခံပေးသည်။

"သား၊ မင်းလိုတာရှိရင်ပြောကွာ၊ အဖေနားတုန်ဝယ်ခြမ်းပေးမယ်"

နားရက်မှာ သားအတွက်၊ အိမ် အတွက် စီစဉ်ပေးသည်။ အိမ်ရှေ့ ဈေး ဆိုင်လေးတည်ကာ ကုန်စုံဆိုင်ဖွင့်ပေး သည်။ ညတွေမှာ အိမ်ရှေ့ကြမ်းပြင် ထွက်ထိုင်ရင်း နှစ်နှစ်၊ သုံးနှစ်ဆိုတာ တကယ်တမ်းကျတော့ ခဏလေးပါလား ဟု ထူးဆန်းစွာညည်းသည်။

"ကိုဘလွင်၊ ကျွန်မကိုတစ်ခုခုများ ပြောစရာရှိလား"

"မရှိပါဘူးကွာ။ ဘာမှလဲ အရေး မကြီးဘူး။ ဈေးဆိုင်လေးအဆင်ပြေရဲ့ လား"

"ပြေပါတယ်ရှင်၊စားမယ့်လူလည်း သိပ်များတာမှမဟုတ်တာ။ အိမ်စရိတ် ကာမိပါတယ်"

"အေး- အိမ်စရိတ်လေးနဲ့ကျေနပ် မနေနဲ့ဦး။ သားကျောင်းစရိတ်ကရှိသေး တယ်။ ငါလည်း ရှေ့ဆက်မရှာနိုင်ရင် ခက်မယ်။ ပြီးတော့ အသက်သွေးခဲ့အ မရှိတဲ့"

"အို - ရှင်ကလည်း၊ နိမိတ်မရှိ"

"သဘောပြောတာလေကွာ။ဘယ် သတ္တဝါမှ အမြဲရှင်သန်နေတာမှ မဟုတ် တာ။ လူဆိုတာ သေမျိုးတွေပဲ"

"ဦး၊ဖွ. . . လွဲစေ. . . ဖယ်စေ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း - ဒီမိန်းမနဲ့တော့ခက်ပါပြီ။ ကြောက်တတ်တာကလည်းလွန်ရော။ စကားပြောဖို့တောင်မလွယ်ပါလား"

❑

ဦးဘလွင် ခါတိုင်းအချိန်လို ညဥ့်နက်သည်အထိ ဘုရားရှိခိုး၊ တရားထိုင်သည်။ ဒေါ်မြခင် လုပ်စရာရှိတာလုပ်ရင်း အိမ်ရှေ့ကြမ်းပြင်မှာ မေးခနဲအိပ်ပျော်သွားသည်။

"အမေ. . . အမေ. . . အဖေ တော"

အသားလှုပ်နိုးရင်း သားမြအောင် မေးသံကြောင့် ထထိုင်ဖြစ်သည်။

"ဟဲ့- စောစောကဘုရားခန်းထဲမှာ တရားထိုင်နေတယ်လေ"

"မရှိဘူးအမေ။ သားလည်း တစ်ရေးနိုးလို့ အမေတို့အခန်းထဲဝင်ရှာတယ်။ အမေကဒီမှာအိပ်နေတာလေ"

"ခဏဆိုပြီး အိပ်ပျော်သွားတာ ဘယ်နှနာရီထိုးပြီလဲသား"

"နှစ်ချက်ခွဲ အမေ"

"ဟဲ့ - ဒီအချိန်ကြီး နင့်အဖေ ဘယ်သွားမှာတုံး။ တံခါးကြီးလည်းပွင့်လို့။ လာလာ - အိမ်အောက်ဆင်းရှာရအောင်"

သိပ်အမြင့်ကြီးမဟုတ်သည့်အိမ်လေးမှ နှစ်ယောက်သားဆင်းခဲ့ကြသည်။ ခြံစည်းရိုးတံခါးလည်း ပွင့်လျက်သား။

သားအမိနှစ်ယောက် ကြောက်ရွံ့နေမှန်းမသိ ရွာလယ်လမ်းမဘက်ထွက်ခဲ့သည်။ လဆုတ်ရက်မို့ အလင်းရောင်က မှုန်ပျပျသာ။

ရှေ့ဆက်မလျှောက်ခင် ရွာတောင်ဘက်က ခွေးတစ်အုပ်ဝိုင်းဟောင်သံကြားရသည်။ ရှေ့ဆက်မလျှောက်ဘဲ ခေတ္တရပ်နေကြသည်။

"ဟိုကလျှောက်လာတာ အဖေမဟုတ်လား"

"အေး- ဟုတ်ပါရဲ့၊ ဒီအချိန်ဘယ်ကပြန်လာတာပါလိမ့်"

သူတို့သားအမိကို မြင်လိုက်တော့ ဦးဘလွင် ရုတ်တရက်လန့်သွားသည်။ ပြီးတော့မှ ဘာမှမဖြစ်သလို -

"ဘာလုပ်နေတာလဲ သားအမိတွေ"

"ရှင့်ကိုမေးရမှာလေ။ မိုးတောင် မလင်းသေးဘူး၊ ဘယ်ကပြန်လာတာလဲ။ ဘယ်များရောက်သွားလဲလို့ စိတ်ပူနေကြတာ။ တံခါးလည်းဖွင့်ခဲ့တယ်။ ဘယ်နှ သူခိုးလက်ချက်မိမယ်မသိဘူး"

"ဘယ်သူခိုးမှမလာရဲပါဘူးကွာ။ စိတ်ပူမနေနဲ့။ ထိုင်ရတာညောင်းလို့ လမ်းလျှောက်ရင်း တို့ယာခင်းရောက်သွားတာ"

"ကြုံကြုံဖန်ဖန် ကိုဘလွင်ရယ်။ နောက်ညောင်းရင်ပြော ကျွန်မနင်းပေးမယ်။ မြွေပါးကင်းပါးမကြောက် ညမှောင်မှောင် ယာခင်းဘက်လျှောက်တယ်လို့။ ရှင့်ကို စေတီအိုကြီးထဲက ဥစ္စာစောင့်မကဖမ်းထားမှဖြင့် မကြောက်မရှိ. . ."

"မဟုတ်တာတွေပြောတော့မယ် ဒီမိန်းမ။ ဘယ်ကဥစ္စာစောင့်မလဲ လျှောက်ပြောမနေနဲ့။ ရွာထဲကလူတွေကြားလို့ ဘုရားဖြိုသိုက်တူးလုပ်ကုန်ရင် မင်းတရားခံဖြစ်တော့မယ်"

"ရှင်နောက်တစ်ခါထွက်ရင် ကျွန်မပြောတော့မှာပဲ"

"ပြောမှပိုဆိုးနေပါလား မြခင်။ မင်းဒုက္ခရောက်လိမ့်မယ်"

"မပြောစေချင်ရင်ညဘက်မထွက်နဲ့ပေါ့"

"အေးကွာ အေး၊ ညဘက်မထွက်တော့ပါဘူး။ ရှေ့က သားအိပ်ချင်လို့ သုတ်ခြေတင်လိုက်တာ လိုက်မမီတော့ဘူး မြန်မြန်လျှောက်ကွာ"

ဒေါ်မြခင် စိတ်ဆိုးတာထက် စိတ်ပူတာပိုသည်။ ဦးဘလွင်မျက်နှာမှာ လျှို့ဝှက်ချက်ရှိမှန်းသိလျက် ဘာဆိုတာ သဲကွဲစွာ မဖော်ထုတ်နိုင်သည့်အတွက် ကိုယ့်ကိုယ်ကိုယ်အားမရဖြစ်မိသည်။

"ဘာတွေလျှို့ဝှက်ထားတာလဲ။ တို့မိသားစုရဲ့ကံကြမ္မာကို ဒီလျှို့ဝှက်ချက်ကြီးကပြောင်းလဲစေမှာလား။ ကောင်းသောပြောင်းလဲမှုကောဖြစ်နိုင်မှာတဲ့လား"

❑

ယာခင်းထဲမရောက်တာကြာလို့ သားအမိသုံးယောက်စလုံး ယာခင်းထဲရောက်ဖြစ်သည်။

ဦးဘလွင် မြို့တက်အရေးအဝယ်ထွက်သွားကတည်းက ယာခင်းထဲ လူငှားမချတော့။ ကြံပင်တစ်မျိုးတည်းသာစိုက်ထားသည်။ လူငှားတွေမကြည့်နိုင်တာမို့ ခါတိုင်းလို တစ်မျိုးပြီးတစ်မျိုးပြန်စိုက်တာလည်းမလုပ်တော့။

အထူးသဖြင့် ဦးဘလွင် ပြန်လာတိုင်း ယာခင်းထဲက စေတီအိုကြီးကို သန့်ရှင်းရေးလုပ်ပေးသည်။

"ဒီဘုရားကို အသေအချာပြန်တည်ရမယ်။ ရွှေထီးတင်မယ်။ ရင်ပြင်ကိုလည်းကျယ်ကျယ်ကွန်ကရစ်လောင်းမယ်။ အုတ်စီရင်ခဏခဏပြင်နေရဦးမယ်"

"ထီထိုးလေ။ ထီဆုကြီးပေါက်ရင် စိတ်တိုင်းကျပြုပြင်တည်ဆောက်နိုင်တာပေါ့"

"ထီပေါက်မှပြင်နိုင်မှာလားကွ"

ဦးဘလွင်ပြောပြီးမှ သူစကားဆက်ရန်ခက်သွားသည်။

"ကံပါရင်ပြုပြင်နိုင်မှာပေါ့ မိန်းမရယ်"

သားလှည်းကျင်းထားသောအမှိုက်တွေ မီးပုံရှို့တာကြည့်ရင်း ဦးဘလွင်မျက်နှာမကောင်း။ ဆယ်တန်းအောင်ပြီး ဘွဲ့ရဖို့လိုဦးမည်။ လူ့ဘဝမှာ တင့်တင့်တယ်တယ်နေနိုင်ပါ့မလား။ သူမရှိတော့လျှင် ဒီသားအမိဘဝအဆင်ပြေအောင် ဘာတွေလုပ်ပေးရမည်နည်း။

"မြခင်၊ မင်းတို့သားအမိ စားဝတ်နေရေးမပူရအောင် အိမ်ဘေးထပ်ချဲ့ပြီး ရက်ကန်းစင်ထောင်ရကောင်းမလား"

"ရှင်ကဘယ်သွားမှာတုံး။ နောက်အိမ်ထောင်ထပ်ပြုဖို့ စိတ်ကူးနေပြီလား"

"ကြုံကြုံဖန်ဖန် မိန်းမရယ်။ ငါ အလုပ်တွေတောင် အလျဉ်မီအောင် အချိန်လုနေရတာ။ သားကျောင်းပိတ်ရက် ငါသင်္ကန်းဝတ်မယ်။ သားအဖနှစ်ယောက်သင်္ကန်းဆီးနေတဲ့အချိန် မင်းရွာထဲက တစ်ယောက်ယောက်ခေါ်ထား"

ရွာဦးကျောင်းမှာ လူကြီးတွေ ဖိတ်ပြီး ကျောင်းအသစ်ပြန်ဆောက်ရန် ဦးဘလွင်၊ ဒေါ်မြခင်နှင့် သားမြအောင်တို့က သိန်းရှစ်ဆယ်လှူဒါန်းပါရစေဟု လျှောက်တင်လိုက်သော အသံကြောင့် ဖိတ်ကြားထားသော လူပရိတ်သတ်နှင့် သံဃာအားလုံး အံ့ဩကြသည်။

"မှန်ပါ့ဘုရား၊ တပည့်တော် ဘိုးဘွားအမွေရတာနာပစ္စည်း ထုခွဲရောင်းချလှူတာပါဘုရား။ မသန့်ရှင်းမစင်ကြယ်တဲ့ပစ္စည်းတစ်ခုမှမပါပါဘူးဘုရား အလှူခံတော်မူပါ"

ရွာဦးကျောင်းနှင့် သိမ်ကို ငွေအင်အားတောင့်တင်းစွာအသစ်ဆောက်ခဲ့သည်။

ကျောင်းရေစက်ချပွဲမှာ ဦးဘလွင် မျက်ရည်ကျရှာသည်။ ဘာကြောင့်မှန်းမသိ သာဓုခေါ်ပြီး ဒေါ်မြခင် ရှိုက်ငိုမိသည်။

မိဘနှစ်ပါးကိုကြည့်ကာ မြအောင် မျက်နှာမကောင်း။ အလှူရေစက်ချပွဲမှာ ရွာလုံးကျွတ်မီးခိုးတိတ်ခဲ့ပြီ။

ဆရာတော်က ဦးဘလွင်ကိုကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

"ဒကာကြီး၊ အဆင်ပြေရဲ့လား"

အဓိပ္ပာယ်နားမလည်သောမေးခွန်းကို ဦးဘလွင်ခေါင်းညိတ်ရင်း-

"အဆင်ပြေပါတယ်ဘုရား"

ဟု ဖြေ၏။

❑

ရာသီစက်ဝန်းက ပုံမှန်လည်ပတ်နေသော်လည်း ဦးဘလွင်အတွက် မြန်ဆန်လွန်းသည်ဟုထင်သည်။

သင်္ကန်းဝတ်ပြီးနောက် ခရီးမထွက်ဖြစ်တော့။ အိမ်မှာ အနေများသည်။ အထူးသဖြင့် ဘုရားခန်းမှာ ဘုရားရှိခိုး၊ တရားထိုင်ခြင်းကလွဲလျှင် သားကိစ္စ တစ်ခုမဟုတ်တစ်ခု လုပ်ပေးသည်။

ဒေါ်မြခင်လေးမှာ စကားလာပြောရင် ဈေးဆိုင်ကိစ္စ၊ ရက်ကန်းစင်ကိစ္စ အသေးစိတ်သင့်သည်။ ကြာတော့ ဒေါ်မြခင်စိတ်ထဲမျိုသိပ်မထားတော့။

"ရှင်တစ်ခုခုဖြစ်နေပြီလား။ ကျွန်မကိုလျှို့ဝှက်မထားပါနဲ့ ပြောပြစမ်းပါ"

"မဟုတ်တာကွာ ဘာမှမဖြစ်ဘူး။ ဟိုတွေးဒီတွေးနဲ့ ရောဂါရမယ်။ တို့မိသားစုပိုင်တဲ့ ယာထဲက ဘုရားအိုကြီး ပြင်ရအောင်ကွာ"

"ပြင်ချင်တာပေါ့။ ခု ကျွန်မတို့စုဆောင်းထားတာလေး ထုခွဲရင်တော့ စိတ်တိုင်းကျပြင်နိုင်မယ်မထင်ဘူး"

"အေးပါကွာ၊ မနက်ဖြန် ရွာထဲ ပန်းရန်သမားတွေခေါ်ထား။ ငါအုတ်တွေ တောင်မှာထားပြီ ဘိလပ်မြေ၊ ထုံး မြို့က ပို့လိမ့်မယ်"

ရုတ်တရက်ကြီး ယာထဲလူတွေနှင့် စည်ကားသွားသည်။ အရင်ဆုံး စေတီအိုကြီးကို သန့်ရှင်းရေးလုပ်စေတီအိုကြီးနှင့် တစ်တောင်ခွာ၍ အပြင်မှ အုတ်၊ သစ်ဖြင့် စေတီတည်သည်။

ဘုရားထီးတင်ပွဲမှာလည်း ဆိုင်းဝိုင်းပါသည်။ တစ်ရွာလုံး ပျော်ရွှင်နေသလောက် ဦးဘလွင် မျက်နှာပျက်နေသည်။ လင့်အရိပ်အကဲကြည့်နေသော ဒေါ်မြခင် စိတ်မကောင်းနိုင်။ ဘာမှမသိရှာသော သားလေးမြအောင်မှာ သူငယ်ချင်းတွေနှင့် ဆိုင်းဝိုင်းကြားကမထ အားပေးလက်ခုပ်သံတွေဆူညံနေ၏။

"သားလေး ပျော်နေတယ် မြခင်။ ပျော်ပါစေကွာ ငါ့သားလေး ပျော်နေတာပဲမြင်ချင်ပါတယ်"

❑

ဦးဘလွင် ပြက္ခဒိန်ဟောင်းကို လှန်ကြည့်သည်။ ပြီးမှ ဒုတိယပြက္ခဒိန်၊ နောက်ပြက္ခဒိန်ရောက်တော့ သက်ပြင်းချလိုက်သည်။

သားလေး တက္ကသိုလ်ရောက်နေပြီ။ ဘာမှကြာသည်ဟု မထင်ရ။ နောက်တစ်ပတ် ကျောင်းပိတ်ရက် အိမ်ပြန်လာလျှင် သားမျက်နှာကို မျက်ဝန်းထဲစွဲထင်အောင် ကြည့်နေမိမှာလား။

"ရှင်နေကောင်းရဲ့လား"

"ကောင်းပါတယ် မိန်းမရယ်။ ဘာတွေဖြစ်နေလို့တုံးကွ"

"ကျွန်မစိတ်ထဲတစ်မျိုးပဲ။ ရှင်ပြက္ခဒိန်သုံးခုလုံး အပြန်ပြန်အလှန်လှန်ကြည့်နေတာလေ။ ပြီးတော့ သက်ပြင်းတချချနဲ့"

"ဘာမှမဟုတ်ပါဘူး၊ သားပြန်လာမယ့်ရက်တွက်နေတာ။ မနက်ဖြန် ဟင်းကောင်းကောင်းချက်ထား"

သား ကျောင်းပိတ်ရက်လေးမှာ မိသားစုစားလိုက်သောက်လိုက်၊ ယာခင်းထဲက အသစ်ငုံတည်ထားတဲ့ဘုရားဘက် သန့်ရှင်းရေးလုပ်လိုက်နှင့် ဦးဘလွင် မျက်နှာအပြုံးများနှင့် ကြည်လင်နေသည်။

သားအဖနှစ်ယောက် စက်ဘီးတစ်စီးတည်းအတူစီးရင်း ရွာဦးကျောင်းဆွမ်းပို့သည်။ သားမျက်နှာ အရိပ်တကြည့်ကြည့် မြအောင်က ဘာမှမသိတာကြောင့် ကျောင်းသားသဘာဝပျော်ကြနောက်ကြတာတွေ အဖေကိုပြန်ပြောပြရင်း ပျော်ရွှင်ရသည်။

"သားအမိတွေ ဒီညစကားပြောကြရအောင် လက်ဖက်သုပ်ကောင်းကောင်းလုပ်ခဲ့ပေ့"

ကြမ်းပြင်မှာ ဖျာဖြန့်ခင်းလျက် ထိပ်မှာထိုင်သည်။ ရေနွေးနှင့် လက်ဖက်သုပ်ကို ဒေါ်မြခင် ချပေးရင်း -

"စကားမပြောဖြစ်တာ ကြာပြီးကိုးရှင့်။ ဘာတွေများအထူးအဆန်းပြောမယ်မသိဘူး"

"အဖေ ပုံပြောမလို့လား"

"အေး - ဟုတ်တယ် သားရဲ့၊ ပုံပြောပြမှာ။ သားကိုပြောစရာပုံပြင်ရှိတယ်။ သေသေချာချာသာ နားထောင်။ အရင်က ဒီရွာက မြို့ကြီးတစ်မြို့ဖြစ်ခဲ့ဖူးတယ်။ အဖေတို့ တည်ထား ပြုပြင်တဲ့ ဘုရားက ဒီမြို့မှာ အပိုင်စားရတဲ့နယ်စားအဘိုးနှမတော်တည်ခဲ့တာ။အပျိုကြီးဘဝနဲ့ ၄ ဆွေမျိုးအဆက်ဆက်က စုဆောင်းလာတဲ့ ရတနာပစ္စည်း ရွှေထည်တွေကို နောင်ပွင့်လာမယ့်မြတ်စွာဘုရားအတွက် ရွှေသလွန်နဲ့ မြပလ္လင်ကို လက်ရာမြောက်တဲ့ ပန်းထိမ်ဆရာတွေနဲ့ ပြုလုပ်ထားခဲ့တာ"

"ဒါဆို ချောင်းအနောက်ဘက်တအုတ်ရိုးပျက်တွေက ရှေးကအဆောက်အအုံတွေပေါ့"

"ဒါပေါ့ သား။ ဒီချောင်းကလည်း အရင်က မြို့ကို ပတ်စီးနေတာလေ။ ကာလတွေကြာမှ မြို့ကြီးပျက်ပြီး ရွာပြန်လည်တည်တော့ အလယ်တည့်တည့်ရောက်လာတာ။ ဟိုမြောက်ဘက်တောင်ကုန်းတွေပေါ်မှာဆို မြို့စောင့်မြင်းတပ်တွေထားတဲ့နေရာရှိတယ်"

"ဘယ်လောက်ကြာပြီလဲ အဖေ"

"နှစ်ပေါင်းရာချီနေပြီလေ။ ဒီမြို့ပျက်သွားတာ တခြားကြောင့်မဟုတ်ဘူး။ ကိုယ့်အချင်းချင်းသစ္စာဖောက်ပြီး နယ်စားရာထူးလုရင်း တစ်မြို့လုံးမီးလောင်ပျက်စီးသွားရတာ။ လူတွေ၊ တိရစ္ဆာန်တွေကို လွတ်ရာပြေးခိုင်းပေမယ့် မပြေးနိုင်လို့ သေတဲ့လူတွေ မြင်မကောင်းရှုမကောင်းပေါ့။ အဲဒီမှာ နယ်စားကြီးလည်း ရယာန်းဝတ်တောထွက်သွားတာ ကျိုက်ထီးရိုးဘုရားအောက်ခြေမှာ တဲကျောင်းနဲ့ဘဝ အဆုံးသတ်သွားတယ်။ အဘိုးနှမတော်က ဆွေမျိုးအဆက်ဆက်တရှိတဲ့ရတနာပစ္စည်းတွေ ဘုရားတည်ရင်း သူ့မှာကျန်ခဲ့ တဲ့တူငယ်နှစ်ယောက်ဖြစ်တဲ့ ရဲရင့်သူရနဲ့ သီဟဗလညီအစ်ကိုနှစ်ယောက်ကို ဒီဘုရားကိုစောင့်ဖို့ သဘောတူလားမေးခဲ့တယ်"

"ဘုရားစောင့်မယ် ဟုတ်လား။ ဘာပြောတာလဲ အဖေ"

"ဒီလိုလေ သားရဲ့။ မြို့ကြီးပြာကျပျက်စီးသွားပေမယ့် ရွှေသလွန်စေတီလို့ ဘွဲ့တော်မည်တဲ့ဘုရားကြီးမှာ ရတနာပစ္စည်း အမြောက်အမြားနဲ့ ရွှေသလွန်မြပလ္လင်ရှိတာ အဲဒီခေတ်လူတွေသိကြတယ်။ မီးဘေးကြောင့် ထွက်ပြေးသွားကြပေမယ့် တစ်ချိန်ချိန်မှာ ဘုရားဌာပနာတူးဖို့ အစီအစဉ်တွေရှိကြတာသိတဲ့ မြို့စားမင်းရဲ့ အဘွားတော်က သူတို့ကိုယ်တိုင် ဒီဘုရားစောင့်ရှောက်ဖို့ဆုံးဖြတ်ပြီး တူတော်နှစ်ယောက်ကိုမေးခဲ့တာ"

"အဖေပြောတဲ့ ပုံပြင်က သိန်နားဖို့ကောင်းလာပြီ"

"ပုံပြင်ဆိုပေမယ့် တကယ်ဖြစ်ခဲ့တာပါသားရယ်။ အဘွားလေးလက်ထက်ပြီး မီးလွတ်ရာပြေးနိုင်ခဲ့ပေမယ့် တခြားဆွေမျိုးသားချင်းတွေ ဘယ်ရောက်လို့ရောက်မှန်းမသိတော့တဲ့အခါမှာ အဘွား

www.burmeseclassic.com

www.burmeseclassic.com

တားကို ကျေနပ်ကြည်ဖြူစွာ လက်ခံခဲ့တယ်"

"ဒါဖြင့် ဒီဘုရားမှာစောင့်ရှောက်နေတယ်ပေါ့"

"ဟုတ်တယ် သား။ ဒီဘုရားမှာ ဝတ်ပြုဆုတောင်းရင်း ဒီမှာ နေခင်ဘုရားရှင်လက်ထက်မှာ လှူဒါန်းဖို့အတွက် ရည်ရွယ်ထားသမျှ ဘယ်သူတစ်ဦးတစ်ယောက်မှ လုယက်ခိုးယူမှုမပြုနိုင်အောင် အဘွားလေးနဲ့ညီအစ်ကိုနှစ်ယောက်လုံး အထက်ထက်နဲ့ လက်ကောက်ဝတ်သွေးကြောဖြတ်ပြီး သတ်သေခဲ့ကြတာ။ သူတို့မသေခင် သတိလစ်မေ့မြောနေတဲ့ အချိန်ကတည်းက ဟိုးဘုရားဌာပနတိုက်ထဲရောက်နေကြပြီ။ နှစ်ရက်လောက်ကြာတဲ့ထိ ဘုရားရင်ပြင်မှာရှိတဲ့ရုပ်အလောင်းတွေကို သူတို့ကိုယ်တိုင်စောင့်ကြည့်နေကြရှာတယ်"

အမေ့မျက်လုံးမှာ မျက်ရည်တွေ စီးကျလာသည်။ ဒေါ်မြခင် အကြာကြီးငေးကြောင်ကြည့်နေရာမှ ကိုဘလွင်ကို လှုပ်ခပ်သတိပေးလိုက်သည်။

"ရှင်ကလည်း၊ သားလေးစိတ်ကောင်းဖြစ်အောင် ဘာတွေပြောမှန်းမသိဘူး။ သားအိပ်တော့။ ညဥ့်နက်လာပြီ"

❑

ဆောင်းလေက ချမ်းစိမ့်စိမ့်။ နှင်းမှုန်ဖြူဖြူတွေပွင့်ကြပြီ။ နံနက်ခင်းက ငှက်ဖွေးဖြူဖြူကျတဲ့ နှင်းပတ်ဝန်းကျင်ကလှမ်းမောဖွယ်ရာ။

ဦးဘလွင် ပြတင်းပေါက်တံခါးဖွင့်ရင်း တိုဝေးဝေးကို လှမ်းကြည့်မိသည်။ အဝေးရောက်နေတဲ့သားလေး ကျန်းမာရဲ့လား။ မြခင်တစ်ယောက် အထီးကျန်နေခဲ့မှာလား။

မမြင်နိုင်တော့သည့် ကံကြမ္မာကို ရင်မောအတွေးများနှင့် မျက်ရည်ဝဲနေမိသည်။

အခန်းအောင်းနေတဲ့တစ်ပတ်လုံး ထမင်းကောင်းကောင်းမစားနိုင်။ စိတ်တွေတင်းထားလျက် ကွဲအက်ကြေမွကုန်သည်။ အရာရာကို ကြိုပြီးပြင်ဆင်ထားပါလျက် တကယ်တမ်းခွဲခွာရမည်ဆိုတော့ မိသားစုသံယောဇဉ်က တင်းကျပ်နေအောင်ဖွဲ့လွန်းပါလား။

"ထမင်းစားရအောင် ကိုဘလွင်ရယ်။ ရှင့်စိတ်ထဲရှိတာတွေဖွင့်ပြောလိုက်ရင် စိတ်ပေါ့သွားမှာပါ။ ကျွန်မကိုပြောပြလို့မရဘူးလား"

"မင်းမမေးလည်း ငါပြောပြရတော့မှာပါ မြခင်။ မင်းတို့မိသားစုကို ရှေ့ဆက်စောင့်ရှောက်မှုမပေးနိုင်တော့ဘူး။ စိတ်မကောင်းပါဘူးကွာ၊ ငါပြန်ရတော့မယ်"

"ရှင်ဘာတွေပြောနေတာလဲ၊ဘယ်ပြန်မှာလဲ။ သားလေးကိုသနားပါရှင်"

"ဟုတ်တယ် မြခင်။ သားကို သနားလို့ ငါစကားအကုန်မပြောခဲ့တာ။ ငါတို့ပိုင်တဲ့ယာထဲကဘုရားကိုပြန်ရတော့မယ်။ ငါသာသနာပြုဖို့ လူ့ဝင်စားခဲ့တာ နှစ် (၅၀) အထက်နေလို့မရဘူး။ ငါ့အစ်ကိုအလှည့်ရောက်တော့မယ်။ မင်းတို့ကိုထားပြီး ငါတို့ ရှေးဘဝက ရေစက်ချခဲ့တဲ့ မော်လမြိုင် ရခိုင်ဘက်နဲ့ ပဲခူးဘုရားအိုတွေသွားပြင်ခဲ့ပြီးပြီ။ သားလေးမရှိတုန်း ငါပြန်မှဖြစ်မယ်။ ဒီလိုမှမဟုတ်သွေးသံယောဇဉ်နဲ့ ငါအပြန်ဖြောင့်မှာမဟုတ် ဘူး။

"ကျွန်မထင်တော့ထင်သားပဲ၊ ရှင့်ရဲ့ထူးခြားမှုတွေကို။ ဘုရားကျောင်းဆောင်အောက်မှာ ရွှေဒင်္ဂါးပြားတွေကျွန်မတွေ့တယ်။ ရှင်ဘုရားဟောင်းကတူးလာတာလို့ထင်ပြီး ကျွန်မအမြဲစိုးရိမ်ခဲ့တာ"

"ငါ ဘုရားပစ္စည်းသွားတူးတာမဟုတ်ပါဘူး။ လူ့ဘဝက ပြန်ခါနီးကောင်းမှုကုသိုလ်တွေလုပ်ဖို့ ဘွားလေးနဲ့အစ်ကိုတို့က အိပ်မက်ပေးပြီး ပစ္စည်းလာယူခိုင်းတာပါ။ ငါမသိယောင်ဆောင်ပြီး မတူးဘဲနေတော့ ဘယ်လိုမှနေမရလို့ သွားတူးပြီး ကုသိုလ်ကောင်းမှုတွေလုပ်ရတာ။ ငါပြန်ဖို့နီးလာလေ သားလေးကို ချစ်တဲ့စိတ်ကြောင့် ဝမ်းနည်းရလေပဲမြခင်ရယ်"

ပဲခူးဘုရားဘက်ရောက်စဉ်တစ်ညမှာ အစ်ကိုဖြစ်သူရောက်ပြီး အိပ်မှောကျနေတဲ့သူ့ဝိညာဉ်ကို ယာတဲကဘုရားပျက်မှာရှိတဲ့ ဘွားလေးရှိရာခေါ်သွားခဲ့သည်။ ပြန်လာခဲ့ဖို့ ရက်သတ်မှတ်ပေးပြီး လုပ်စရာရှိတာ ဘွားလေးကမှာကြားပြီးနောက် သူ့အိမ်ရှိရာ ညဘက်ရောက်ခဲ့သည်။

သားအမိနှစ်ယောက် တစ်ဦးနှင့်တစ်ဦး ကြင်နာစွာ အားပေးရင်း သူခိုးလား၊ မားပြလား လိုက်ကြည့်တာမြင်တော့ ဝမ်းနည်း၊ ဝမ်းသာဖြစ်ရသည်။ စိတ်မချပေမင့် အတိတ်ဘဝတွေ မသိတာကြောင့် ခွဲခွာခြင်းနှင့် အဆုံးသတ်မှာအမှန်ပါ။

"သားလေးကိုဘာမှပြန်မပြောပါနဲ့မြခင်။ ငါ့အလောင်းကိုလည်း ဘုရားဘေး မှာ ဂူသွင်းပေးပါနော်။ ကောင်းမှုကုသိုလ်လုပ်ပြီးတိုင်း အမျှဝေပေးပါမြခင်။ သားလေးအိမ်ထောင်ကျပြီး မြေးယောကျ်ားလေးရလို့ ရှင်ပြုရင် ငါ့ဂူမှာလာပြီး အမျှဝေပေးပါနော်"

"ကျွန်မကို သနားရင် တော်ပါတော့ ကိုဘလွင်ရယ်။ ကျွန်မရင်တွေကွဲကြေကုန်ပါပြီ"

❑

"ဖေဖေ၊ အဘွားနဲ့အမေကမီးခြစ်ပေးလိုက်ပါတဲ့။ သစ်ရွက်ခြောက်တွေမီးရှို့တော့မယ်။ ဘိုးဘိုးကို သားရှင်ပြုတော့မယ်လို့ပြောခဲ့ပါတဲ့"

မြအောင် သားလေးလက်ထဲမီးခြစ်ထည့်ရင်း အဖေ့ဂူကိုကန်တော့ပြီး -

"အဖေက သားပြန်လာအောင်မစောင့်ဘဲ ခွဲခွာသွားရက်ပေမယ့် သားဘဝမှာ အဖေအမြဲအသက်ရှင်သန်နေတယ်လို့သတ်မှတ်ထားတာပါ။ အဖေ့မြေးလေး နောက်တစ်ပတ်ရှင်ပြုတော့မယ်။ ပြီးတာနဲ့ သားတို့လာပြီးအမျှဝေမယ်နော်။ အဖေပြောတဲ့ပုံပြင်ထဲကလို သားတို့မိသားစုကိုအမြဲမြင်နေပါနော်"

မြအောင်တို့သားအမိသာသိထားသည့် ရွှေသလွန်စေတီ၏ဆည်းလည်းသံက လေမတိုက်ပေမယ့် သာယာစွာထွက်လာသည်။ အဖေ့ဆန္ဒအတိုင်း ဘုရားပန်းတွေမညှိုးစေရ။ နှစ်ရက်တစ်ခေါက်လာသည်။ တစ်ခါတစ်ရံ အမေ ညမှောင်ထိထိုင်ရင်း စကားကောပြောနေသည်။

မြအောင်မသိပေသည့် အမေ့ကို နားလည်ပေးနိုင်သည်။ စိတ်ရှည်စွာထိုင်စောင့်ရင်း၊သားအမိနှစ်ယောက်ပြန်လာတဲ့အခါ အဖေနောက်ကစောင့်ကြည့်နေသလိုခံစားရသည်။

ဖွင့်မပြောရက်တဲ့ အမေ့ရင်ထဲက စကားတွေ၊ ဖွင့်မမေးရက်တဲ့ သားရင်ထဲက စကားတွေ နှေးညများစွာ ကျော်လွန်သွားသော်လည်း ပြောင်းလဲသွားမှာမဟုတ်။

မြအောင်ရင်ထဲမှာရှိနေတဲ့ ဆန္ဒတစ်ခုကတော့ တစ်ဖန် ပြန်လည်ဆုံတွေ့ခွင့်ရှိလျှင် အဖေ့ကျေးဇူးတွေကို သားကျေအောင်ဆပ်ပါရစေ အဖေ။ သားတို့ကို ဆောလျှင်စွာ ခွဲခွာမသွားပါနဲ့ဆိုတဲ့ ဆန္ဒတစ်ခုပါပဲ။

ခင်မမလင်း (ကလော)



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင် စိုးလွင်၊ ဆရာက ဒီနေ့ သူ့အိမ်ကိုလာဖို့ မင်းကိုမှာထားတယ်။ မနက်ကတည်းကမှာထားတာ၊ မင်းဆိုဒ်ထဲရောက်နေလို့ ငါမပြောဖြစ်ခဲ့ဘူး"

"ဘာကိစ္စလဲ မင်းသိလား"

"ငါသိရသလောက် ဆရာ့မိသားစု ရန်ကုန်ပြန်သွားပြီ။ သူနဲ့အတူ အဖော်ရအောင်လို့ မင်းကိုခေါ်တာဖြစ်မယ်။ မင်းပစ္စည်းတွေ၊ အိပ်ရာလိပ်တွေယူပြီး သူ့ဆီလာဖို့မှာလိုက်တာ။ နေစောင်းတော့မယ်၊ ကျောက်ဝဲဂူစံအိမ်ကိုလိုက်သွားတော့။ တော်ကြာ ငါမပြောဘူးဖြစ်နေမယ်"

ယခု ဆရာ့မိသားစု ရန်ကုန်ပြန်သွား၍ ကျွန်တော့်ကို ခေါ်လိုက်ခြင်း ဖြစ်မည်။

ကျွန်တော်တို့လုပ်ငန်းမှာ ရော်ဘာနှင့် ဆီအုန်းပင်စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ စီမံကိန်းပြီးရန် လေးနှစ်ခန့်လိုသေးသည်။ ယခင်က ဆရာမှာ ဆိုဒ်ထဲတွင် ကျွန်တော်တို့နှင့်အတူပင်နေခဲ့သည်။ စီမံကိန်းစတင်ပြီး တစ်နှစ်ခန့်ရှိမှ ဆရာ့မိသားစုရန်ကုန်မှလိုက်လာခြင်းဖြစ်၏။ ဒေသခံလုပ်သားများက သက်ဆိုင်ရာများနှင့်ညှိနှိုင်းကာ ဆရာတို့မိသားစုကို ကျောက်ဝဲဂူကုန်းထိပ်ရှိ နေအိမ်တွင် နေထိုင်ရန်စီစဉ်ပေးခဲ့သည်။ ရှေးက

ရသည်။ ရေတက်ချိန်၌ ထိုကျောက်ဖျာအနီးတစ်ဝိုက် ရေဝဲကြီးဖြစ်ပေါ်နေလေ့ရှိသည်။ ကျောက်ဝဲဂူကုန်းအောက်တွင် ရှည်လျားသောဂူကြီးတစ်လုံးရှိသည်ဟုလည်း ဒေသခံများက ပြောကြသည်။ ဤအချက်များကိုအစွဲပြု၍ ထိုအိမ်ကို ကျောက်ဝဲဂူစံအိမ်ဟုခေါ် ဆိုကြကြောင်း သိရသည်။ ကျောက်ဝဲဂူစံအိမ်အကြောင်း ကျွန်တော် ဤမျှသာသိထားသည်။ ဤအိမ်အနီးအနားတွင် အခြားလူနေအိမ်များမရှိပါ။ မလှမ်းမကမ်းတွင်သာ အိမ်သုံး၊ လေးလုံးရှိသည်။



# မောင်မောင်မိုးအောင်

(စာပေဗိမာန်စာမူဆုရ)

# ကျောက်ဝဲဂူစံအိမ်ကြီး

ကျွန်တော်နှင့် လုပ်ဖော်ကိုင်ဖက်သူငယ်ချင်း တင်အောင်က ပြောလာခြင်းဖြစ်သည်။ ဆရာဆိုသူမှာ ကျွန်တော်တို့ မန်နေဂျာဖြစ်သည်။ ကျွန်တော်တို့ လုပ်သားအားလုံးကို စီမံခန့်ခွဲအုပ်ချုပ်သူဖြစ်သည်။ ကျွန်တော့်လုပ်ရည်ကိုင်ရည်၊ ရိုးသားကြိုးစားမှုများကြောင့် ဆရာက ကျွန်တော့်ကို အခြားသူများထက် ပိုမိုရင်းနှီးခင်မင်စွာဆက်ဆံခဲ့၏။ ကျွန်တော်တို့ လုပ်ငန်းခွင်နှင့် ဆရာ့အိမ်မှာ တစ်မိုင်ခန့်ဝေးသည်။ ဆရာတို့မိသားစုနေထိုင်သောအိမ်မှာ ကျောက်ဝဲဂူကုန်းထိပ်ပေါ်ရှိ ရှေးဟောင်းနှစ်ထပ်တိုက်ခံအိမ်ကြီးဖြစ်သည်။ ထိုအိမ်ကြီးတွင် ဆရာနှင့် သူ့မိသားစုတို့ အတူနေထိုင်ခဲ့သည်။ မိသားစုဆိုသည်မှာလည်း ဆရာ့ဇနီးနှင့် ငါးနှစ်အရွယ်သမီးလေးတို့သာဖြစ်သည်။

ဗိုလ်တဲအဖြစ်အသုံးပြုခဲ့ပြီး နောက်ပိုင်းလူမနေတော့ဟုသိရသည်။ ဆရာတို့မိသားစုနေမည်ဆို၍ ဒေသခံလုပ်သားများက ဝိုင်းဝန်းသန့်ရှင်းရေးလုပ်ပေးပြီး လိုအပ်သည်များကို ပြင်ဆင်ပေးခဲ့ကြသည်။ ဆရာ့မိသားစုရောက်ရှိလာစဉ်က ကျွန်တော်ကပင် ကြိုဆိုပြီး ဤအိမ်ကြီးသို့ပို့ပေးခဲ့သည်။ ယခု ဆရာ့မိသားစု ရုတ်တရက် ရန်ကုန်ပြန်သွားသည့်ကိစ္စ ကျွန်တော် မတွေးတတ်အောင်ဖြစ်နေသည်။ အကြောင်းတစ်ခုခုရှိမည်ထင်သည်။

ကျောက်ဝဲဂူနေအိမ် ကုန်းထိပ်မှ လှမ်းကြည့်လျှင် သံလွင်မြစ်ကိုလှမ်းတွေ့နေရသည်။ ဤအိမ်ကုန်းထိပ်အစွန်တွင် ချောက်ကြီးရှိသည်။ ရေကျချိန်တွင် ထိုချောက်၌ ကျောက်ဖျာကြီးတစ်ခုတွေ့

ကျွန်တော့်ပစ္စည်းများနှင့် အိပ်ရာလိပ်ကို စက်ဘီးဖြင့်တင်ပြီးနင်းလာခဲ့သည်။ ကျောက်ဝဲဂူကုန်းထိပ်အရောက်တွင် နေမွန်းတိမ်းစပြုနေပြီဖြစ်သည်။ ခြံတံခါးပွင့်လျက်သားတွေ့ရသည်။ ဆရာ့မော်တော်ယာဉ်ကိုမူ မတွေ့ရပေ။ ဆရာ အပြင်သွားနေခြင်း ဖြစ်မည်ထင်သည်။ ပွင့်နေသောခြံတံခါးမှတစ်ဆင့် ခြံတွင်းသို့ ဝင်ခဲ့သည်။ အိမ်အပေါ်ထပ်ကိုလှမ်းကြည့်လိုက်မိသည်။ အပေါ်ထပ်ပြတင်းပေါက်တွင် မိန်းမပျိုတစ်ဦးနောက်ကျောပေးလျက်ရပ်နေသည့်သဏ္ဌာန်လိုလိုတို့ ရုတ်တရက်တွေ့ပြီး ပျောက်သွားသည်။ နက်မှောင်ရှည်လျားလှသောဆံပင်တို ဖားလျားချထားသည့်ပုံစံ ဖြစ်လေသည်။ ဆရာ့အတွက် ချက်ပြုတ်ပေးရန်အလုပ်သမားများစီစဉ်ပေးထားသော မိုးကလေး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မည်ထင်သည်။ ကျွန်တော်အသံပေးပြီးဝင်လာသည့်တိုင် မိန်းကလေးကို မတွေ့ရတော့ပေ။ ကျွန်တော့်စိတ်ထဲ ထူးဆန်းသလိုဖြစ်သွားသည်။ ထိုအခိုက်မှာပင် ကားသံကြားရပြီး ဆရာပြန်ရောက်လာသည်။

"ဩော်- စိုးလွင်၊ မင်းရောက်လာပြီလား။ ငါ နေ့လယ်ကတည်းက မျှော်နေတာ"

"ဆရာမှာလိုက်တာ နေ့လယ်ပိုင်းကျမှသိရတာ။ သိသိချင်း ပစ္စည်းတွေသိမ်းပြီးလာခဲ့တာ။ ဒါနဲ့ဆရာ အိမ်မှာခိုင်းဖို့ မိန်းကလေးတစ်ယောက်ခေါ်ထားသေးလား"

"ခေါ်မထားပါဘူး။ ဘာဖြစ်လို့မေးတာလဲ။ ဒီအိမ်မှာ မိန်းကလေးတွေ့လိုက်လို့လား"





www.burmeseclassic.com

www.burmeseclassic.com

ထိတ်ထိတ်ပျာပျာဖြင့် ဆရာ ကျွန်တော့်ကိုပြန်မေးသည်။

"ဟို . . ဟို မတွေ့မိပါဘူး မေးကြည့်တာပါ"

ထိုနေ့ ညနေစာစားပြီးချိန်တွင် ဆရာ့အတွက် အိပ်ရာပြင်ဆင်ပေးလိုက်သည်။

"ဆရာ အပေါ်ထပ်မှာ အိပ်မယ် မဟုတ်လား။ ကျွန်တော်အောက်ထပ်မှာပဲအိပ်မယ်"

"ဟာ-အပေါ်ထပ်မှာမအိပ်ဘူး။ အောက်ထပ်မှာပဲအိပ်မယ်။ မင်းလည်း ငါ့အနားမှာပဲအိပ်၊ ခုတင်ရှိပါတယ်"

ဆရာက အပေါ်ထပ်တွင်မအိပ်လိုကြောင်း ပျာပျာသလဲဖြင့် ကျွန်တော့်ကိုပြောသည်။ ဆရာ့ဆန္ဒအတိုင်း အောက်ထပ်တွင်ပင် ခုတင်နှစ်လုံးယှဉ်ပြီး နှစ်ယောက်စာအိပ်ရာပြင်ဆင်လိုက်သည်။

"စိုးလွင်ရေ၊ အနီးအနားမှာ အိမ်တွေရှိတာမဟုတ်ဘူး။ တံခါးတွေ အသေအချာပိတ်၊ အပေါ်ထပ်ကတံခါးတွေလည်း ပိတ်ဖို့မမေ့နဲ့"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော် အပေါ်ထပ်တက်ပြီး တံခါးမကြီး၊ ပြတင်းပေါက်တံခါးများ ပိတ်လိုက်သည်။ တံခါးချက်များ အသေအချာချထားလိုက်သည်။

"အပေါ်ထပ်မှာ မီးခလုတ်တွေ တော့တွေ့တယ်။ မီးမလင်းဘူး ဆရာ"

"အေး- ဟုတ်တယ်၊ ခလုတ်တွေသာပြင်ထားရသေးတာ၊ မီးသမားတွေခေါ်ထားတယ်။ မနက်ဖြန်လောက်လာပြင်မယ်ထင်တယ်"

"ဒါနဲ့ မသိလို့မေးပါရစေ၊ ဆရာကတော်တို့ ရုတ်တရက် ဘာကြောင့် ရန်ကုန်ပြန်သွားရတာလဲ။ ဒီမှာနေကြဦးမယ်ဆို"

"ဩော် - ဒါလား၊ သူတို့ပျင်းလို့ပါကွာ။ မီးမရှိတော့ တီဗွီလည်းမကြည့်ရ၊ ရေခဲသေတ္တာလည်းမရှိတော့ ပြန်ချင်မှာပေါ့လေ"

"သူတို့အကြောင်းပြချက်က မခိုင်လုံပါဘူး၊ ဆရာမတားဘူးလား။ ဒီအိမ်ကြီးမှာ ဆရာတစ်ယောက်တည်းပျင်းနေမှာပေါ့"

"အေးလေ၊ ဒါကြောင့်မင်းကိုခေါ်လိုက်တာပေါ့။ ကဲကဲ-အိပ်တော့ကွာ"

ဆရာကတော်တို့ ပြန်သွားသည့် အကြောင်းရင်းကို ဆရာစကားလမ်းကြောင်းလွှဲလိုပုံရသည်။ ဆရာတစ်ခုခုကို ဖုံးကွယ်ထားသည်ဟု ကျွန်တော်ထင်နေသည်။ ကျွန်တော် ဆက်မမေးတော့ဘဲ ခပ်စောစောအိပ်ရာဝင်ခဲ့သည်။ နောက်တစ်နေ့ နံနက်စောစော ကျွန်တော် အိပ်ရာမှနိုးချိန်တွင် ဆရာနိုးနှင့်နေပြီဖြစ်သည်။

"စိုးလွင်ထတော့၊ ငါ့ကားနဲ့လိုက်ခဲ့။ မင်းကို ဈေးမှာချထားခဲ့မယ်။ ဈေးဝယ်ပြီးအိမ်ပြန်၊ ချက်ပြုတ်ပြီးမှ ဆိုဒ်ထဲလိုက်ခဲ့တော့"

"ဟုတ်ကဲ့ ဆရာ"

ဆရာ့ကားနှင့်ပင် ကျွန်တော် ဈေးသို့လိုက်သွားသည်။ အိမ်တွင် ရေခဲသေတ္တာမရှိသေး၍ နှစ်ရက်စာအတွက်သာ ဈေးဝယ်ရသည်။ လိုအပ်သည်များ ဝယ်ယူပြီး ကျွန်တော် ပြန်လာသည်။ ခြံထဲသို့အဝင် အိမ်အပေါ်ထပ်ကိုလှမ်းကြည့်လိုက်သည်။ မနေ့က မိန်းကလေးကိုတွေ့ခဲ့ရသော ပြတင်းပေါက်တံခါးပွင့်နေသည်ကို တွေ့လိုက်ရသည်။ မနေ့ညက ကျွန်တော်အသေအချာပိတ်ခဲ့သည့် တံခါးဖြစ်သည်။ ဈေးခြင်းတောင်းချကာ အပေါ်ထပ်သို့တက်သွားသည်။ ပြတင်းပေါက်အနီးတွင် သတင်းစာလိပ်ခေါက်လျက်သား နှစ်စောင်တွေ့လိုက်သည်။ သတင်းစာမှာ တစ်ရက်နောက်ကျပြီးမှ ကျွန်တော်တို့ဆီရောက်လာခြင်းဖြစ်သည်။ ပွင့်နေသောပြတင်းပေါက်တံခါးပြန်ပိတ်ပြီး အပေါ်ထပ်မှပြန်ဆင်းလာခဲ့သည်။ ကျွန်တော်ချက်ပြုတ်နေစဉ်မှာပင် မီးပြင်ပေးမည့်သူများရောက်လာသည်။ အိမ်ရှိ လျှပ်စစ်မီးကို ပြင်ဆင်ပေးကြသည်။

"ဒီအိမ်ကြီးက လူမနေတာ နှစ်ပေါင်းကြာတော့ မီးကြိုးမီးခလုတ်တွေ တော်တော်ပြင်လိုက်ရတယ်။ အားလုံး ကောင်းသွားပါပြီ။ အသုံးပြုလို့ရပါပြီ"

"ကျေးဇူးပါပဲ၊ မီးပြင်ခဘယ်လောက်ပေးရမလဲ"

"ဟာ- မလိုပါဘူး။ ဒီအိမ်ကဆရာ့ကိုတောင် အားနာနေမိတာ။ မီးပြင်ခိုင်းထားတာကြာနေပြီ။ ခုမှလာပြင်ပေးနိုင်တာ။ ဆရာ့ကိုသာပြောလိုက်ပါ။ သွားတော့မယ်"

"ကောင်းပါပြီ၊ ဆရာ့ကိုဆက်ဆက်ပြောလိုက်ပါ့မယ်"

ဆရာတပည့် နှစ်ယောက်စာ ည၊ မနက်နှစ်နပ်စာချက်ပြုတ်ပြီး အလုပ်သို့ စက်ဘီးဖြင့်သွားခဲ့သည်။ လူကသာ အလုပ်ထဲရောက်နေသော်လည်း စိတ်ကကျောက်ဝဲဂူအိမ်ကြီးဆီရောက်နေသည်။ ဆံပင်ဖားလျားချထားပြီး နောက်ကျောဘက်သာ ရုတ်တရက်တွေ့လိုက်ရသော မိန်းကလေးနှင့် အသေအချာပိတ်ထားသောပြတင်းပေါက်တံခါးပြန်ပွင့်နေသည့် အကြောင်းများက ကျွန်တော့်အတွေးထဲ ရောက်လာသည်။

အလုပ်သိမ်း၍ ညနေအိမ်ပြန်အရောက်တွင် သေသေချာချာ သတိထားပိတ်ထားခဲ့သော အပေါ်ထပ်ပြတင်းပေါက် တံခါးပွင့်လျက်သားဖြစ်နေသည်ကို အံ့ဩဖွယ်ရာတွေ့လိုက်ရပြန်သည်။ ဆရာက ကျွန်တော့်ထက်ဦးစွာ အိမ်ရောက်နေသည်။ ရောက်ရောက်ချင်းပင် ဆရာ့ကို ကျွန်တော် မေးလိုက်မိသည်။

"အပေါ်ထပ်ပြတင်းပေါက် ဆရာဖွင့်လိုက်တာလား"

"ငါမဖွင့်ပါဘူး။ ဘာဖြစ်လို့လဲ"

ဆရာ မျက်စိမျက်နှာပျက်သွားလျက်နှင့် ကျွန်တော့်ကိုပြန်မေးသည်။

"တံခါးပွင့်နေလို့ပါ။ မနက်က ကျွန်တော်ဖွင့်သွားမိတယ်ထင်တာပဲ။ မီးပြင်တဲ့သူတွေ မီးလာပြင်ပေးကြတယ်။ အားလုံးကောင်းသွားပြီ"

"ဟုတ်လား၊ ကောင်းတာပေါ့။ ဒါပေမယ့် ဟော့ပလိတ်နဲ့တော့မချက်နဲ့နော်။ နှစ်တွေကကြာနေတော့ မီးကြိုးတွေမကောင်းတော့ဘူးတဲ့။ ရှော့ခ်ဖြစ်မှာ စိုးရတယ်"

"ကျွန်တော်သိပါတယ်၊ မီးသွေးနဲ့ပဲချက်ပါ့မယ်"

"မင်းရေမိုးချိုးတော့။ ပြီးရင် ထမင်းစားကြမယ်"

တစ်ရက်ခြား နံနက်တိုင်း ဈေးဝယ်သွားနေသဖြင့် ဈေးသည်များနှင့် ရင်းနှီးလာခဲ့ပြီဖြစ်သည်။ တစ်နေ့ ကျွန်တော် ဈေးသို့ရောက်ပြီး ဝယ်နေကျအဒေါ်ကြီး တစ်ဦးဆိုင်တွင် ဈေးဝယ်နေစဉ် အဒေါ်ကြီးက -

"မင်းက ကျောက်ဝဲဂူအိမ်ကြီးမှာ နေတာမဟုတ်လား။ ဆရာကတော် ဈေးဝယ်လာတာ မတွေ့တော့ပါလား"

"ဆရာကတော် ရန်ကုန်ပြန်သွားပါပြီ"

"ဩော်- ဆရာကတော် ရန်ကုန်ပြန်သွားမှာကိုး။ ဒါနဲ့ အဲဒီကျောက်ဝဲဂူအိမ်ကြီးမှာနေထိုင်ရတာ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်။ ဘာဖြစ်လို့ အဲဒီလိုမေးတာလဲ"

"အဆင်ပြေရင်ပြီးတာပါပဲလေ၊ အရင်နေခဲ့ဖူးတဲ့သူတွေတော့ ကြာကြာ မနေနိုင်ကြဘူး။ ပြောင်းသွားကြတာ



www.burmeseclassic.com

www.burmeseclassic.com

ချည်းပဲ”

“ဟင် - ဟုတ်လား၊ ဒီအိမ်ကြီးမှာ ဘာပြဿနာများရှိနေလို့လဲ”

“မင်းက ရောက်တာမကြာသေးတော့ အဲဒီအိမ်ကြီးအကြောင်း ဘယ်သိပါ့မလဲ။ မင်းက အဲဒီအိမ်မှာနေသူဆိုတော့ အိမ်ကြီးအကြောင်းသိထားသင့်တာပေါ့”

“ကျွန်တော် သိချင်ပါတယ်။ ဒေါ်ဒေါ်သိသလောက်ပြောပြပါလား”

“ဟိုမှာအသီးအရွက်ရောင်းနေတဲ့ ဘကြီးတစ်ယောက်တွေ့တယ်မဟုတ်လား။ သူက ရှေ့မီနောက်မီလူကြီးပဲ။ သူ့ဆီသာ သွားမေးကြည့်ပေတော့။ ပြည့်ပြည့်စုံစုံပြောပြလိမ့်မယ်။ ကျောက်ဝဲဂူစံအိမ်ကြီးရဲ့ရာဇဝင်ကိုပြောပြလိမ့်မယ်”

အဒေါ်ကြီးညွှန်ပြရာ ဘကြီးထံ ကျွန်တော်ရောက်သွားသည်။ အသီးအရွက်အချို့ ဝယ်ယူလိုက်သည်။

“ဒါနဲ့ဘကြီး ကျောက်ဝဲဂူအိမ်ကြီးအကြောင်း ကျွန်တော့်ကိုပြောပြပါလား”

“ငါ့တူက ကျောက်ဝဲဂူစံအိမ်ကြီးမှာနေသူမဟုတ်လား။ အရင်ဈေးလာဝယ်တဲ့ ဆရာကတော်နဲ့ သမီးလေးတို့ မတွေ့တော့ပါလား”

“ဆရာ့မိသားစု ရန်ကုန်ပြန်သွားပြီ”

“ထင်သားပဲ။ ဘာကြောင့်ရန်ကုန်ပြန်သွားရတယ်ဆိုတာကောသိရဲ့လား”

“ကျွန်တော့်ဆရာပြောတာကတော့ မီးမရှိလို့ ဇာတ်ပွဲကြည့်မရ ပျင်းကြတာနဲ့ ပြန်သွားတာတဲ့”

“ဆရာကတော်ပြန်သွားတာ ခုန ဘာပြောတဲ့အကြောင်းတွေကြောင့်မဟုတ်ဘူး။ အဲဒီအိမ်ကြီးမှာရှိနေတဲ့မိန်းကလေးကြောင့်ပဲ”

“ဗျာ - အိမ်ကြီးမှာ မိန်းကလေး တစ်ယောက်ရှိနေတယ် ဟုတ်လား။ နက်မှောင်ရှည်လျားတဲ့ဆံပင်ကိုဖားလျားချထားပြီး နောက်ကျောဘက်သာတွေ့ရတတ်တဲ့ မိန်းကလေးလား”

“အင်း - ငါ့တူက မိန်းကလေးကိုတွေ့ခဲ့ပြီးပြီကိုး။ အဲဒီအိမ်ကြီးအပေါ်ထပ် ပြတင်းပေါက်တံခါးပိတ်လို့ရရဲ့လား”

“ပိတ်လို့ရပါတယ်။ ဟော-သိပြီ။ ပိတ်ထားပေမယ့် နောက်တော့ပြန်ပွင့်နေတာတွေ့ရတယ်”

“ပြန်ပွင့်နေတာ အဲဒီမိန်းကလေးဖွင့်လိုက်လို့ပဲကွယ့်”

“အိမ်ကြီးအကြောင်းနဲ့မိန်းကလေးအကြောင်း ကျွန်တော့်ကိုပြောပြပါလား”

“ငါ့တူက အဲဒီအိမ်ကြီးမှာ လက်ရှိနေထိုင်နေသူဆိုတော့ ဒီအကြောင်းတွေ သိထားသင့်တာပေါ့။ အိမ်ကြီးရဲ့ရာဇဝင်က ဒီလိုကွယ့်”

ဘကြီးက ဆေးပေါ့လိပ်မီးညှိပြီး ဖွာလိုက်သည်။ ပြီးမှ စကားဆက်သည်။

“အဲဒီအိမ်ကြီးဟာ လွတ်လပ်ရေးမရမီကာလကတည်းကဆောက်ခဲ့တဲ့အိမ်ကြီးပေါ့။ အိမ်ရှင်တွေက ငွေကြေးပြည့်စုံချမ်းသာကြတယ်။ စိတ်ကြိုက်သစ်တွေနဲ့ဆောက်ထားတာ။ ကျွန်းနဲ့ ပျဉ်းကတိုးချည်းပဲ။ တံခါးရွက်တွေအားလုံး ကျွန်းသားတွေချည်းပဲကွယ့်။ အိမ်ကြီးရဲ့အနေအထားက ပတ်ဝန်းကျင်ကို အပေါ်စီးကမြင်နေရတယ်။ သံလွင်မြစ်ဘက်မျက်နှာမူပြီး ချောက်ကမ်းပါးထိပ်မှာ ဆောက်ထားတာ။ နှစ်ထပ်တိုက်ခံအိမ်ကြီးပဲပေါ့။

အိမ်ဆောက်နေတုန်း အပေါ်ထပ်က အုတ်ချပ်တွေဟာ မတော်တဆအောက်ဘက်ကိုပြုတ်ကျခဲ့တယ်။ ဖြစ်ချင်တော့ အပေါ်ထပ်ကိုမော့ကြည့်နေတဲ့ အိမ်ရှင်ရဲ့သမီးမျက်နှာကို တိုက်ရိုက်အုတ်ချပ်တွေထိမှန်ခဲ့တယ်။ မျက်နှာတစ်ခုလုံး ပျက်စီးသွားပြီး သွေးသံရဲရဲနဲ့ ပွဲချင်းပြီးသေဆုံးသွားခဲ့တယ်။ မျက်နှာတစ်ခုလုံးပျက်စီးပြီး ရုပ်ပျက်ဆင်းပျက်သေခဲ့ရတာကွယ့်။ အုတ်ချပ်တွေကျခဲ့တဲ့နေရာက အခုတံခါးပွင့်ပွင့်နေတတ်တဲ့ ပြတင်းပေါက်နေရာပေါ့။ အဲဒီအပျိုအရွယ်မိန်းကလေးသေပြီးမကျွတ်မလွတ်ဘဲ အဲဒီအိမ်ကြီးမှာရှိနေတာထင်ပါရဲ့။ မိန်းကလေးကို ဆံပင်ဖားလျားချလျက်နဲ့ နောက်ကျောပေးထားတာကို မြင်တဲ့သူတွေရှိတယ်။ အိမ်ကြီးပြီးသွားပေမယ့် အိမ်ရှင်တွေက ကြာကြာမနေတော့ပါဘူး။ တစ်ရပ်တစ်နယ်ကို ပြောင်းသွားကြတယ်။ ခုချိန်တော့ ဘာသတင်းမှမရတော့ဘူး။



ပထမတော့ အိမ်စောင့်တွေထားခဲ့သေးတယ်။ မိန်းကလေးနှောင့်ယှက်လွန်းလို့ မနေဝံ့တော့ဘဲ အိမ်ကိုဒီအတိုင်းထားပစ်ခဲ့ကြတာ။ တချို့ မယုံတဲ့သူတွေ သွားနေကြသေးတယ်။ နောက်တော့ ထွက်ပြေးကြရတာပဲ။ မိန်းကလေးက အရွယ်ကောင်းတုန်းမှာ သေခဲ့ရတာ။ ဆံပင်ကောင်းကောင်း၊ကိုယ်လုံးပြည့်ပြည့်နဲ့ အပျိုအရွယ်ပေါ့။ အဲဒီအိမ်မှာ လူတွေလာနေတာ မိန်းကလေးမကြိုက်ဘူးထင်တယ်။ နောက်ဆုံး သတ္တိကောင်းလှပါတဲ့ လူနှစ်ယောက်သွားနေကြသေးတယ်။ သတ္တိကောင်းကြတော့ မိန်းကလေးက သူရှိနေကြောင်း ဘယ်လိုပြပြလှုပ်လှုပ် မသွားကြဘဲဆက်နေကြတာတဲ့။ နောက်ဆုံး သွေးသံရဲရဲနဲ့ ရုပ်ပျက်ဆင်းပျက်မျက်နှာကိုမြင်လိုက်ရတော့မှ အော်ဟစ်ပြီးထွက်ပြေးကြတာတဲ့။ အဲဒီသတင်းက အနီးပတ်ဝန်းကျင်ကို ပျံ့နှံ့သွားတော့တာပေါ့။ ဘယ်သူမှမနေတာကြာပြီ။ အရင်ကတော့ ဗိုလ်တဲအဖြစ်အသုံးပြုခဲ့ကြသေးတယ်။ ခဏတစ်ဖြုတ်လာနေတဲ့ ဧည့်သည်တွေတောင် မိန်းကလေးခြောက်လှန့်တာခံခဲ့ကြရတယ်”

ဘကြီးက ပြောလက်စ စကားကိုရပ်ပြီး ဆေးလိပ်ဆက်ဖွာနေသည်။

“ခုလိုပြောပြတာ ဘကြီးကို ကျေးဇူးတင်ပါတယ်။ ဘကြီးက ကျောက်ဝဲဂူအိမ်ကြီးအကြောင်း တော်တော်သိထားပါလား”

“သိဆို ဘကြီးက ဒီရွာဇာတိလေ။ အဲဒီအိမ်ကြီးဆောက်တုန်းက ဘကြီး သုံးတန်းကျောင်းသားအရွယ်ပဲရှိသေးတယ်။ ခု ငါ့တူတို့စိုက်ပျိုးရေးတွေလာလုပ်တော့ ရွာကလူတွေ အလုပ်အကိုင်ရကြတယ်။ ချောင်ချောင်လည်လည်ဖြစ်လာကြတယ်။ ရွာလည်း စည်ကားလာတယ်။ ဒါကြောင့် ငါ့တူတို့ကို ဒီကလူတွေအားလုံး ကျေးဇူးတင်နေကြတာ”

“ဟုတ်ကဲ့-ဘကြီးနဲ့စကားကောင်းနေလိုက်တာ၊ ချက်ပြုတ်ရဦးမှာမို့ ပြန်ပါဦးမယ်”

“ဘကြီးအကြံပေးချင်တာကတော့ မိန်းကလေး သူ့မျက်နှာကိုမပြခင် အဲဒီအိမ်ကပြောင်းသွားတာ အကောင်းဆုံးပဲကွယ့်”

ကျွန်တော် ဈေးမှပြန်လာစဉ်လမ်းတွင် သတင်းစာပို့သူနှင့်ဆုံသည်။

“သတင်းစာနှစ်ရက်စာ နှစ်စောင်



www.burmeseclassic.com

www.burmeseclassic.com

ပစ်တင်ခဲ့တယ်။ အပေါ်ထပ်ပြတင်းပေါက်မှာ မိန်းကလေးတစ်ယောက် ဆံပင်ဖားလျားချပြီး ကျောပေးရပ်နေတာတွေ့လို့ လှမ်းခေါ်သေးတယ်။ လှည့်တောင်မကြည့်ဘူး။ သတင်းစာကို သူရပ်နေတဲ့ပြတင်းပေါက်တည့်တည့်လိပ်ခေါက်ပြီး ပစ်တင်ထားခဲ့တယ်"

"ဟင်- ဟုတ်လား၊ အင်း-ကောင်းပါပြီ"

သတင်းစာပို့သူ၏ စကားကြောင့် ကျွန်တော်ထိတ်ခနဲဖြစ်သွားသည်။ ကုန်းထိပ်မှ အိမ်ပြန်ရောက်စဉ် ကျွန်တော်ပိတ်ထားခဲ့သော ပြတင်းပေါက်တံခါးပွင့်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်တစ်ယောက်တည်းမို့ ကျောချမ်းလာမိသည်။ အဖြစ်မှန်ကိုသိပြီးမှ ပို ကြောက်လာမိသည်။ မဝံ့မရဲဖြင့် အပေါ်ထပ်သို့တက်သွားသည်။ သတင်းစာနှစ်စောင် လိပ်ခေါက်လျက်သားတွေ့ရသည်။ ကပျာကယာသတင်းစာယူပြီး ကျွန်တော် အောက်ထပ်ပြန်ဆင်းလာခဲ့သည်။ ဆရာ့မိသားစု ရန်ကုန်ပြန်သွားရသည့်အကြောင်းရင်းအမှန်ကို ယနေ့မှ အဖြစ်မှန်သိခဲ့ရသည်။ ဆရာအပေါ်ထပ်တွင် တစ်ယောက်တည်းမအိပ်တော့သည့် အဖြစ်ကိုလည်း သိခဲ့ပါပြီ။ ကျွန်တော် ကြောက်လန့်နေမည်စိုးသဖြင့် ဆရာက အဖြစ်မှန်ကိုမပြောခဲ့ခြင်း ဖြစ်မည်ထင်သည်။ ချက်ပြုတ်ပြီး၍ အပေါ်ထပ်၊ အောက်ထပ်တံခါးများပိတ်ပြီး ကျွန်တော် လုပ်ငန်းခွင်ထဲသွားခဲ့သည်။ အလုပ်လုပ်နေရသော်လည်း စိတ်ဝင်စားမှုနည်းနေခဲ့သည်။ ညနေထမင်းဝိုင်းတွင် ဈေးထဲကဘကြီးပြောပြခဲ့သော ကျောက်ဝဲဂူအိမ်ကြီးအကြောင်း ဆရာ့ကိုပြောပြမည်ဟု စိတ်ကူးမိသည်။ မည်ကဲ့သို့စပြောရမည်ကို ကျွန်တော် တွေးနေမိသည်။

"မနက် ကျွန်တော် ဈေးကအပြန်လမ်းမှာ သတင်းစာပို့သူနဲ့ဆုံခဲ့သေးတယ်"

"ဟုတ်လား၊ သတင်းစာနှစ်ရက်အတွက် နှစ်စောင်မဟုတ်လား"

"ဟုတ်ပါတယ်၊ နှစ်စောင်ပါ။ သူ သတင်းစာလာပို့တော့ ပြတင်းပေါက်မှာ ကျောပေးပြီးရပ်နေတဲ့ မိန်းကလေးတစ်ယောက် တွေ့လိုက်တယ်တဲ့။ သူခေါ်တာ လှည့်မကြည့်လို့ သတင်းစာလိပ်နဲ့ ပစ်ခဲ့သေးတယ်တဲ့"

"ဟင် - မိန်းကလေးက သူရှိကြောင်း ပြလိုက်ပြန်ပြီလား"

"ကျွန်တော် ဒီအိမ်စရောက်တဲ့နေ့က ပြတင်းပေါက်မှာ အဲဒီမိန်းကလေး နောက်ကျောပေးပြီးရပ်နေတာတွေ့လိုက်မိသေးတယ်"

"ဩော် - စိုးလွင်၊ မင်းတောင် ဒီအကြောင်းတွေသိနေပါလား"

"အစကမသိပါဘူး။ မနက်က ဈေးသွားဝယ်တော့ ဈေးထဲမှာ ရွှေမီနောက်မီ ဘကြီးပြောပြလို့သိခဲ့ရတာ"

"အသီးအရွက်ရောင်းတဲ့ဘကြီးပြောပြတာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ဆရာကတော်တို့ ရန်ကုန်ပြန်သွားရတာလည်း ဒီမိန်းကလေးကြောင့်ပဲမဟုတ်လား။ ဒီမှာ မနေသင့်တော့ဘူးထင်တယ်"

"သူရဲဘောနည်းတဲ့သူလို့ အထင်ခံနေရဦးမယ်။ ပြီးတော့ ဒီမှာနေဖို့ အားလုံးပြင်ဆင်ပေးခဲ့ကြတာ။ ခုဆို မီးတောင်လင်းနေပြီ။ ဒါပေမယ့် ဒီအိမ်ကပြောင်းဖို့ ငါစဉ်းစားပါရစေဦး"

"ဟုတ်ကဲ့ဆရာ၊ ဆရာဘယ်ကိုပဲပြောင်းပြောင်း ကျွန်တော် ဆရာနဲ့လိုက်နေပါ့မယ်"

"ကဲကဲ - ဘုရားရှိခိုး၊ မေတ္တာပို့ပြီး အိပ်ကြစို့"

"စိတ်သန့်သန့်နဲ့အိပ်လို့ရအောင် မီးတွေဖွင့်ထားရင်ကောင်းမယ်ထင်တယ်။ မီးလင်းနေတော့ ဆရာအိပ်လို့ကောရပ့်မလား"

"မီးလင်းနေရင် ငါမအိပ်တတ်ဘူး။ ဒါပေမယ့် မင်းပြောသလို စိတ်သန့်သန့်နဲ့ အိပ်ပျော်အောင် မီးတွေဖွင့်ထားလိုက်။ အပေါ်ထပ်ကမီးတွေလည်းသွားဖွင့်လိုက်ကွာ"

ကျွန်တော်အပေါ်ထပ်တက်သွားပြီး မီးသီးခလုတ်ဖွင့်လိုက်သည်။ အောက်ထပ်ကမီးချောင်းလည်းဖွင့်လိုက်သည်။ အပေါ်ထပ်၊ အောက်ထပ် တစ်အိမ်လုံးလင်းထိန်နေပါသည်။ မီးများဖွင့်ပြီး ဆရာတပည့်နှစ်ယောက် အိပ်ရာဝင်ခဲ့ကြသည်။ ညဉ့်သန်းခေါင်အချိန်ခန့်တွင် အပေါ်ထပ်မှ ကြွက်များပြေးသံလိုလို၊ ခြေသံလိုလိုအသံကြားရသည်။ ထိုအသံကြောင့် ကျွန်တော် အိပ်ရာမှနိုးခဲ့သည်။ အပေါ်ထပ်သို့လှမ်းကြည့်လိုက်သည်။ အိပ်ရာမဝင်မီက ကျွန်တော်ကိုယ်တိုင် မီးများဖွင့်ခဲ့သည်။ ယခုအပေါ်ထပ်တစ်ခုလုံး မှောင်မည်းနေသည်။ ကျွန်တော်ဖွင့်ထားသည့်မီးကို တစ်စုံတစ်ယောက်က ပိတ်လိုက်သည်ထင်သည်။ ကျွန်တော်တို့အိပ်နေသော အောက်ထပ်သာမီးလင်းနေသည်။ မီးလင်းနေလျှင် မအိပ်တတ်သော ကျွန်တော့်ဆရာ မီးထပိတ်လိုက်သည်ထင်သည်။ ထိုစဉ်မှာပင် ဆရာလည်း နိုးလာသည်။

"အပေါ်ထပ်ကမီးတွေ ဆရာပိတ်လိုက်တာလား"

"ဟင်-ဟုတ်သားပဲ၊ အပေါ်ထပ်မီးမှောင်နေပါလား။ ငါမပိတ်ပါဘူး"

"အပေါ်ထပ်က ခြေသံလိုလို၊ ကြွက်ပြေးသံလိုလိုကြားရလို့ ကျွန်တော်နိုးလာတာ။ သတိထားမိတဲ့အချိန်မှာ အပေါ်ထပ်ကမီးတွေမလင်းတော့ဘူး။ မှောင်မည်းနေတာပဲ"

"အေး-ဟုတ်တယ်၊ မီးပျက်ရင် အောက်ထပ်လည်းဖျက်ရမှာပေါ့။ ခုတော့ အပေါ်ထပ်ကမီးတွေပဲပျက်တာထူးဆန်းတယ်။ မှောင်နေရင်လည်း ထားလိုက်တော့ ပြန်မဖွင့်နဲ့တော့။ ပြန်အိပ်ကြစို့"

မနက်မိုးလင်း၍ နံနက် ဈေးထဲရောက်စဉ် ညကအဖြစ်အပျက်များ ဘကြီးအား ပြောပြလိုက်သည်။

"မိန်းကလေးက သူရှိနေကြောင်း ပြတာဖြစ်မယ်။ တခြားနှောင့်ယှက်တာတွေရှိသေးလား။ သွေးသံရဲရဲနဲ့ ရုပ်ပျက်ဆင်းပျက်မျက်နှာကိုကောပြသေးလား"

"နှောင့်ယှက်တာတော့ မရှိဘူး။ မျက်နှာလည်းမပြပါဘူး"

"ဖြစ်နိုင်ရင်တော့ အဲဒီအိမ်မှာ မနေတာ အကောင်းဆုံးပဲ။ ငါတို့ရဲ့ဆရာကို ပြောကြည့်ပါလား"

"ဆရာက သတ္တိတော်တော်ကောင်းတယ်။ တခြားပြောင်းနေဖို့ ကျွန်တော်ပြောတော့ စဉ်းစားဦးမယ်တဲ့"

ဈေးမှအပြန် ချက်ပြုတ်ပြီး ဆရာတပည့်နှစ်ယောက် အလုပ်အတူသွားခဲ့ကြသည်။ စက်ဘီးမစီးတော့ဘဲ ဆရာကားနှင့်ပင်လိုက်သွားသည်။အလုပ်သိမ်း၍ ညနေအိမ်ပြန်ရမည်ကိုပင် ရင်လေးနေခဲ့သည်။ ထိုနေ့ ညနေစာစားပြီးချိန်တွင် ဆရာက-

"စိုးလွင်ရေ ဒီညတော့ အပေါ်ထပ်ကမီးတွေမဖွင့်နဲ့တော့၊ အောက်ထပ်ကမီးတွေပဲဖွင့်ထား"

"ဟုတ်ကဲ့ ဆရာ၊ အပေါ်ထပ်မီးဖွင့်ထားတာ မကြိုက်ဘူးထင်တယ်"

"အင်း-ငါလည်း အဲဒီလိုထင်တာပဲ"

အပေါ်ထပ်သာ မီးပိတ်ထားပြီး အောက်ထပ်ကို မီးဖွင့်ထားလိုက်သည်။ အိပ်ရာဝင်ခဲ့ကြသော်လည်း ရုတ်တရက် အိပ်မပျော်ကြပါ။ စိတ်ကသာ်ထားသော်လည်း နှစ်ဦးစလုံးကြောက်ရွံ့သည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသည်မှာ အမှန်ပင်ဖြစ်သည်။ ဤအိမ်ကြီးတွင် နေချင်စိတ်မရှိတော့ပါ။ ဆရာ့ကို မလွန်ဆန်နိုင်၍သာ ငြိမ်နေရသည်။ ထိုစဉ် တိုင်ကပ်နာရီမှ မြည်သံ ဆယ်ချက်ကြားလိုက်ရသည်။တိတ်ဆိတ်နေချိန်တွင် နာရီမြည်သံကကျယ်လောင်လွန်းသည်ဟုထင်မိသည်။ ထိုအခိုက်မှာပင် အပေါ်ထပ်မှ တရှပ်ရှပ်နှင့် ခြေသံလိုလိုကြားရသည်။ ကျွန်တော် ဆရာ့ကို လေသံဖြင့် တိုးတိုးလေးလှုပ်နှိုးလိုက်သည်။

"ဆရာ အိပ်ပြီလား၊ အပေါ်ထပ်က ခြေသံလိုလိုကြားမိတယ်မဟုတ်လား"

"ငါ မအိပ်သေးပါဘူး။ အသံတွေ ငါလည်းကြားတယ်။ တိတ်တိတ်နေ၊ အသံမထွက်စေနဲ့"

ကျွန်တော်တို့ ဆရာတပည့်နှစ်ဦး စကားမပြောဘဲ အပေါ်ထပ်မှ အသံကို နားစွင့်နေခဲ့ကြသည်။ အပေါ်ထပ်တစ်ခုလုံး မှောင်မည်းတိတ်ဆိတ်နေသည်။ ထိုအခိုက်မှာပင် ခြေသံလိုလိုကြားရပြီး ရုတ်တရက် မီးများလင်းလာသည်။

"ဟင် - စိုးလွင်၊ မီးတွေလင်းလာပါလား"

"ဟုတ်တယ် - ထူးဆန်းလိုက်တာ၊ ကျွန်တော်ကိုယ်တိုင် မီးတွေပိတ်ထားတာ တစ်ယောက်ယောက်က ဖွင့်လိုက်သလိုပဲ"

"မနေ့ညက မီးတွေတို့ဖွင့်ထားတော့ သူကပိတ်တယ်။ မီးဖွင့်ထားတာ မကြိုက်ဘူးထင်လို့ ပိတ်ထားပေးပြန်တော့လည်း သူကပြန်ဖွင့်ပြတယ်။ သူရှိကြောင်းပြနေတာထင်တယ်။ လာ၊ အပေါ်ထပ်သွားကြည့်ရအောင်"

ဆရာတပည့်နှစ်ယောက် ကြောက်ကြောက်ဖြင့် အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ မီးများသာလင်းနေသော်လည်း ဆည်သည့်ထူးခြားမှုမျှမတွေ့ရပေ။

"ဟာ - ဆရာ၊ ဟိုမှာကြည့်ပါဦး"

ကျွန်တော် ပြတင်းပေါက်သို့ လက်ညှိုးထိုးပြလိုက်သည်။

"ဟင်- ပြတင်းပေါက်တံခါးပွင့်နေပါလား။ ညနေက မင်းပိတ်ထားတယ်မဟုတ်လား"

"ညနေက ကျွန်တော်ကိုယ်တိုင် သေသေချာချာပိတ်ခဲ့ပါတယ် ဆရာရယ်"

"တို့နှစ်ယောက်ကိုတော့ သူရှိကြောင်းပြနေပြီ စိုးလွင်ရေ၊ ဒီမှာဆက်နေလို့မဖြစ်တော့ဘူးထင်တယ်"



"ဟုတ်တယ် ဆရာ။ တော်ကြာ သွေးသံရဲရဲနဲ့ ရုပ်ပျက်ဆင်းပျက်မျက်နှာကိုပြနေမှခက်မယ်။ ဒီကနေပြောင်းသင့်ပြီ။ ကျွန်တော်တို့နေတဲ့ဆိုဒ်ထဲမှာပဲလိုက်နေပါ ဆရာ"

"အေး- ငါဆုံးဖြတ်လိုက်ပြီ။ မင်းတို့နဲ့ပဲလိုက်နေတော့မယ်။ ရွာကလူကြီးတွေကို ငါပြောပြလိုက်မယ်။ သူ့ရဲ့ဘောနည်းတယ်လို့ထင်ချင်ရင်ထင်တော့ကွာ"

"ဆရာ တကယ်ပြောတာလား။ ကျွန်တော် ဒီအိမ်မှာမနေချင်တာကြာပြီ။ ဒီအိမ်အကြောင်းသိပြီးကတည်းက မနေချင်တော့တာ။ ဆရာ့ကိုမပြောရဲလို့ စိတ်တထင့်ထင့်နဲ့နေနေရတာ"

"အေးပါကွာ၊ မနက်ဖြန်ကစပြီး ဆိုဒ်ထဲပြောင်းနေဖို့စီစဉ်လိုက်တော့။ လိုအပ်တဲ့ပစ္စည်းတွေလောက်သာယူသွား၊ မလိုသေးတဲ့ပစ္စည်းတွေ ဒီအိမ်မှာပဲထားခဲ့"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် အားလုံးစီစဉ်လိုက်ပါ့မယ်"

နောက်နေ့နံနက်မှာပင် ကျွန်တော် ပစ္စည်းများသိမ်းဆည်းထုပ်ပိုးလိုက်သည်။ အပေါ်ထပ်၊အောက်ထပ်မီးခလုတ်တံခါးများပိတ်လိုက်သည်။ ခြံတံခါးသော့ခတ်လိုက်သည်။ ပစ္စည်းများ ကားပေါ်တင်လိုက်သည်။ အားလုံးပြီးသည်နှင့် ဆရာတပည့်နှစ်ယောက် ဆိုဒ်ထဲပြောင်းခဲ့ကြသည်။ ယခင်နေခဲ့ဖူး၍ နေရာအဆောင်အဆင်သင့်ရှိနှင့်နေပြီ ဖြစ်သည်။ ဆရာနှင့်ကျွန်တော်အတူတူပင်နေခဲ့ကြသည်။ ဆိုဒ်ထဲရောက်ပြီးမှ စိုးထိတ်မှုမရှိတော့ဘဲ စိတ်ချလက်ချအိပ်စက်နိုင်တော့သည်။

ဤသို့ဖြင့် တစ်ပတ်ကျော်ခန့်ကြာခဲ့ပြီး ဆိုဒ်ထဲတွင် နေသားကျလာပြီဖြစ်သည်။ ဆရာ့ကို သီးခြားအခန်းစီစဉ်ပေးခဲ့သော်လည်း ဆရာက ကျွန်တော်တို့နှင့် အတူသာနေခဲ့၏။ ဆယ်ရက်ခန့်အကြာတွင် ဆရာက -

"စိုးလွင်ရေ သတင်းစာတွေ ဆိုဒ်ထဲရောက်မလာသေးပါလား။ မဖတ်ရတာကြာပြီ။ ရုတ်တရက်ပြောင်းလာတော့ သတင်းစာပို့တဲ့သူ တို့ပြောင်းလာတာမသိဘူးထင်တယ်။ သတင်းစာ ဆိုဒ်ထဲပို့ပေးဖို့ပြောပါဦး"

"ဟိုကျောက်ဝဲဂူအိမ်ကြီးကိုပဲဆက်ပို့နေမယ်ထင်တယ်"

"အိမ်တံခါးတွေပိတ်ထားတော့ သတင်းစာဘယ်နေရာပို့ခဲ့မလဲ"

"ကျွန်တော် လူကြုံနဲ့မှာလိုက်ပါ့မယ်"

နောက်တစ်နေ့ ညနေဘက်တွင် သတင်းစာပို့သူ ဆိုဒ်ထဲရောက်လာသည်။

"ကျွန်တော်တို့ ဆိုဒ်ထဲပြောင်းလာတာ မသိသေးဘူးလား"

"ဆရာတို့ ဒီပြောင်းလာတာ ဒီမနက်မှသိရတာ၊ ဆရာတို့ဟိုအိမ်မှာရှိနေတယ်ထင်ပြီး သတင်းစာတွေ ကျောက်ဝဲဂူအိမ်ကိုပဲဆက်ပို့နေတာပါ"

"အိမ်တံခါးအားလုံးပိတ်ထားတာ သတင်းစာဘယ်နေရာမှာထားခဲ့တာလဲ"

"အပေါ်ထပ်ပြတင်းပေါက်ပွင့်နေတယ်။ တစ်ခါတလေ ညနေဘက်သတင်းစာသွားပို့ရင် ပြတင်းပေါက်မှာ နောက်ကျောပေးပြီးရပ်နေတဲ့ ဆံပင်ကောင်းကောင်းနဲ့မိန်းကလေးကို တွေ့ရတတ်တယ်။ သူရှိတဲ့ပြတင်းပေါက်တည့်တည့် သတင်းစာလိပ်ခေါက်ပြီးပစ်တင်ထားခဲ့တာ"

"ဘာပြောတယ်၊ အပေါ်ထပ ပြတင်းပေါက်ပွင့်နေတယ်ဟုတ်လား"

"ဟုတ်ပါတယ်၊ ညနေစောင်းဘက်ရောက်သွားရင် အပေါ်ထပ်မီးလင်းနေတာတောင်တွေ့ရတော့ ဆရာတို့ရှိနေတယ်ပဲထင်တာပေါ့"

"ကဲကဲ-စိုးလွင်ရေ၊ ဒါတွေပြောမနေပါနဲ့တော့။ မှောင်စတောင်ပြုနေပြီ။ သတင်းစာတွေသွားယူလိုက်ကွာ"

"ဟာ - ဆရာ၊ ကျွန်တော်တစ်ယောက်တည်းသွားရမှာလား"

မှောင်စပြုနေ၍ ကျွန်တော် တစ်ယောက်တည်းမသွားဝံ့သဖြင့် ဆရာ့ကို ပြန်ပြောလိုက်မိသည်။ သတင်းစာပို့သူက -

"ကျွန်တော်ပါလိုက်ယူပေးမယ်။ ကျွန်တော် နမော်နမဲ့နိုင်တာလည်းပါတယ်။ အောက်ထပ်သော့ခတ်ထားပြီး အပေါ်ပြတင်းပေါက်မှာ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် နောက်ကျောဘက်တွေ့မိတော့ ကျွန်တော့်စိတ်ထဲ ထူးနေသလိုတောင်ဖြစ်ခဲ့မိသေးတယ်"

"ဒါဆိုလည်း စိုးလွင် အဖော်ရတာပေါ့။ သိပ်မှောင်သွားမယ်၊ သွားကြတော့။ အိမ်သော့ယူသွားဦး"

သတင်းစာပို့သူ၏စက်ဘီးဖြင့်ပင် ကျွန်တော်တို့နှစ်ယောက် ဆိုဒ်ထဲမှ ကျောက်ဝဲဂူအိမ်ကြီးဘက်သို့ ထွက်လာခဲ့သည်။ စကားတပြောပြောဖြင့်နှင်းလာခဲ့ရာ ကျောက်ဝဲဂူကုန်းထိပ်သို့ရောက်လာသည်။ ကုန်းတက်ခရီးမို့ ကျွန်တော်တို့ စက်ဘီးပေါ်မှ ဆင်းလိုက်ကြသည်။ နှစ်ယောက်သား စက်ဘီးတွန်းပြီး ကျောက်ဝဲဂူကုန်းပေါ် ဆက်တက်ခဲ့ကြသည်။ မကြာမီ ခြံဝသို့ရောက်လာသည်။

"ဟော-ဟိုမှာတွေ့လား၊ အပေါ်ထပ်ပြတင်းပါက်တံခါးပွင့်နေပြီးမီးလည်းလင်းနေတယ်"

သတင်းစာပို့သူက ကျွန်တော့်ကို လှမ်းပြောလိုက်သည်။သူ့အပြောကြောင့် ကျွန်တော့် အပေါ်ထပ်သို့ လှမ်းကြည့်လိုက်သည်။ ကျွန်တော်ဆိုဒ်ထဲမပြောင်းမီ အိမ်တံခါးများနှင့် မီးခလုတ်များကိုယ်တိုင်ပိတ်ခဲ့သည်။ယခုပြတင်းပေါက်တံခါးပွင့်နေပြီး အပေါ်ထပ်မီးလင်းနေသည်ကို မယုံနိုင်ဖွယ် လှမ်းတွေ့လိုက်ရသည်။

"ဟာ - ဟုတ်ပါရဲ့၊ ဘယ်လိုဖြစ်ရတာလဲ"

"ကျွန်တော်တွေ့ခဲ့တဲ့ ဆံပင်ဖားလျားချထားတဲ့ မိန်းကလေးဟာ အိမ်စောင့်လား"

အဖြစ်မှန်မသိသော သတင်းစာပို့သူက ကျွန်တော့်ကိုမေးလိုက်သည်။

"အင်း- ခင်ဗျားပြောတဲ့အိမ်စောင့်ပဲဆိုပါတော့၊ လာ-အိမ်ထဲဝင်ကြမယ်"

ခြံတံခါးဖွင့်ပြီး အိမ်ထဲဝင်ခဲ့ကြသည်။ သတင်းစာပို့သူက ကျွန်တော့်နောက်မှလိုက်လာသည်။ အိမ်အပေါ်ထပ်တက်ပြီးသတင်းစာယူရန် ကျွန်တော်တွန့်ဆုတ်နေမိ၏။ ဤအိမ်အကြောင်းမသိသေးသော သတင်းစာပို့သူက -

"ဆရာနေပါ၊ ကျွန်တော်ပစ်တင်ထားတဲ့သတင်းစာတွေ ကျွန်တော်ပဲသွားယူလိုက်မယ်"

သတင်းစာပို့သူ အပေါ်ထပ်တက်သွားသည်။ ခဏအကြာမှာပင် သတင်းစာပို့သူ၏ ကြောက်လန့်တကြားအော်သံနှင့်အတူ အပေါ်ထပ်မှ ဒရောသောပါးပြေးဆင်းလာသည်ကို တွေ့လိုက်ရသည်။

"အမလေး - တစ္ဆေ. . . တစ္ဆေ ကြောက်စရာကြီး၊ ဆံပင်ဖားလျားနဲ့ မိန်းကလေး ကျွန်တော့်ဘက်လှည့်ပြီး ကြည့်လိုက်တော့ သွေးသံရဲရဲနဲ့ ရုပ်ပျက်ဆင်းပျက်မျက်နှာကြီး။ ပြေး. . . ပြေးတော့ ဆရာရေ့"

ကြောက်ရွံ့ထိတ်လန့်ကာ နှစ်ဦးသား အိမ်အပြင်ဘက်သို့ ပြေးထွက်ခဲ့ကြသည်။ စက်ဘီးကိုပင် သတိမရတော့ပါ။ သတင်းစာပို့သူက အော်ရင်း ရှေ့မှပြေးသွားနေသည်။

"တစ္ဆေ တစ္ဆေ၊ အပေါ်ထပ်မှာ တစ္ဆေရှိတယ်။ ပြေး ပြေး၊ နောက်ကလိုက်လာလားမသိဘူး"

ကျွန်တော်တို့နှစ်ယောက်ကြောက်လန့်တကြားပြေးလာစဉ် ကုန်းပေါ်တက်လာသော ကျွန်ရော့်ဆရာနှင့် ရွာသားသုံး၊လေးယောက်ကိုတွေ့တော့မှ အပြေးရပ်သွားကြသည်။

"ဆရာ ဆရာ၊ ကျောက်ဝဲဂူအိမ်အပေါ်ထပ်မှာ ဟိုမိန်းကလေးရဲ့ ရုပ်ပျက်ဆင်းပျက်မျက်နှာကို သတင်းစာပို့တဲ့သူတွေ့လိုက်လို့တဲ့"

ကျွန်တော်တို့နှစ်ယောက်အဖြစ်ကို ရွာသားများ တအံ့တဩဖြစ်နေကြသည်။ ဆရာက သတင်းစာပို့သူကိုမေးလိုက်သည်။

"အဖြစ်အပျက်ကို ပြောပြပါဦး"

"ကျွန်တော် လိပ်ခေါက်ပြီးပစ်တင်ထားတဲ့သတင်းစာတွေယူဖို့ အပေါ်ထပ်အတက်မှာ. . ."

သတင်းစာပို့သူ စကားမဆက်နိုင်သေးဘဲ ဟောဟဲဟောဟဲဖြစ်နေသည်။ အကြောက်မပြေသေးပါ။ ကျွန်တော်က အဖြစ်အပျက်ကို ဆက်လက်ပြောပြလိုက်သည်။

"မင်းတို့ထွက်သွားတော့ မှောင်နေပြီ။ ငါစိတ်ထဲထင့်နေလို့ လူစုပြီးလိုက်လာခဲ့ကြတာ။ ဘယ်လိုဖြစ်လို့ ပြေးလာကြတာလဲ"

"သတင်းစာယူဖို့ ကျွန်တော် အဲပေါ်ထပ်တက်သွားတယ်။ မီးတွေလင်းနေတယ်။ ပြတင်းပေါက်နားမှာ ဆံပင်ဖားလျားချထားတဲ့ မိန်းကလေးတစ်ယောက်တွေ့လိုက်ရတယ်။ ပထမတော့ နောက်ကျောဘက်သာမြင်ရတာ၊ အဲဒီမှာပဲ သူ ကျွန်တော်ဘက်လှည့်လာတယ်။ သွေးသံရဲရဲနဲ့ ရုပ်ပျက်ဆင်းပျက်မျက်နှာကိုတွေ့လိုက်ရတယ်။ ဒဏ်ရာတွေပွနေတဲ့မျက်နှာပါ။ ကျွန်တော်လည်းကြောက်လွန်းလို့ အော်ပြီးပြေးဆင်းလာခဲ့တာ"

"ဪ- မိန်းကလေးက တို့ပြန်လာပြီး ဒီအိမ်မှာပြန်နေမယ်ထင်လို့ ရုပ်ပျက်ဆင်းပျက်မျက်နှာကိုပြပြီး ခြောက်လှန့်မောင်းထုတ်လိုက်တာပဲ။ ကဲလာ-သတင်းစာသွားယူမယ် လိုက်ခဲ့ကြ"

သတင်းစာပို့သူက မလိုက်ချင်တော့ကြောင်း အကျောက်အကန်ငြင်းဆန်သည်။

ကျွန်တော်က -

"ခင်ဗျားစက်ဘီးယူရဦးမယ်လေ။ လူတွေအများကြီးပဲ၊ ကြောက်စရာမလိုတော့ပါဘူး"

ကျွန်တော်တို့အုပ်စု ကျောက်ဝဲဂူအိမ်ရောက်ချိန်တွင် စောစောကလင်းနေသောမီးများ မှောင်နေသည်ကိုတွေ့ရသည်။

"စောစောက အပေါ်ထပ်မှာ မီးလင်းနေသေးတယ်။ ခုတော့ မှောင်နေပါလား။ မီးပျက်သွားတာဖြစ်မယ်"

ရွာသားတစ်ဦးက မှတ်ချက်ပြုရင်း ပြောလိုက်သည်။

"ကျွန်တော်လိပ်ခေါက်ပြီးပစ်တင်ထားတဲ့သတင်းစာဆယ်စောင်လောက်ရှိမယ်ထင်တယ်"

"ကဲလာ - အပေါ်ထပ်သွားရအောင်"

ဆရာဦးဆောင်ပြီး အပေါ်ထပ်သို့တက်သွားသည်။ ဆရာက အသင့်ပါလာသောလက်နှိပ်ဓာတ်မီးဖြင့် မီးခလုတ်ရှိရာထိုးကြည့်ပြီး မီးခလုတ်ဖွင့်လိုက်သည်။ မီးများတစ်ခန်းလုံးထိန်လင်းသွားသည်။ ထိုစဉ် သတင်းစာပို့သူ့ထံမှ အထိတ်တလန့်အသံကြားလိုက်ရသည်။

"ဟောဟိုမှာ သတင်းစာတွေကြည့်ပါဦး။ ကျွန်တော်လာပို့တုန်းက လိပ်ခေါက်ပြီးပစ်တင်ထားခဲ့တာ၊ ခုတော့ ဖြန့်ရက်ဖြစ်နေပြီးထပ်ထားတာညီလို့ပါလား"

ကျွန်တော် သတင်းစာများကောက်ယူလိုက်သည်။ လိပ်ခေါက်ပြီးပစ်တင်ထားခဲ့သော သတင်းစာများအလိပ်အခေါက်အတိုင်းတွေ့ရမည်ထင်ထားခဲ့သည်။ သတင်းစာများမှာ တစ်စုံတစ်ယောက်ကဖြန့်ပြီး ညီညီညာညာစီ၍ထပ်ထားသည့်ပုံစံဖြစ်နေသည်ကို အံ့ဩထိတ်လန့်ဖွယ်တွေ့လိုက်ရပါတော့သည်။

မောင်မောင်မိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လဂ်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် ဤအခါသုံးပါး ထပ်ချိန်တို့တွင် အမိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်တော်ကြီး အပါအဝင် ဓနလာဘ်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော် ကျင့်ကြံပွားများပါလျှင် ထူးကဲသော ကောင်းကျိုးချမ်းသာများကို ရရှိခံစားရမည်မှာ သေချာပါသည်။

စန်းသည် ဓနသိဒ္ဓိနက္ခတ်ကို (၁၇-၈-၂၀၁၆) နေ့လယ် (၁၁း၄၅) နာရီတွင် စတင်ဝင်ရောက်မည်ဖြစ်ပြီး ၎င်းနေ့ ညဉ့် (၁၁း၄၄း၃၁) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ်ဖြင့်ယှဉ်မည်ဖြစ်ကာ (၁၈-၈-၂၀၁၆) နေ့လယ် (၁၁း၄၅) နာရီတွင် စန်းသည် ဓနသိဒ္ဓိနက္ခတ် စတင်ထွက်ခွာမည် ဖြစ်သည်။

(၁၇-၇-၂၀၁၆) နေ့ (၁၈း၀၇း၀၆) နာရီမှ (၁၈း၁၁း၁၇) နာရီတွင် ဥဒယလဂ်သည် ဓနသိဒ္ဓိနက္ခတ်ဖြင့် ယှဉ်ပြိုင်မည် ဖြစ်ပြီး ၎င်းနေ့ (၁၇-၇-၂၀၁၆) နေ့ (၂၃း၄၃း၄၈) နာရီမှ (၀း၃၁း၃၉) နာရီအတွင်း မွန်းတည့်မျဉ်းသည် ဓနသိဒ္ဓိနက္ခတ်အား ယှဉ်ပြိုင်မည်ဖြစ်သည်။

| လဂ်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | စထွက်ချိန် | ရက် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၉း ၁၁း ၀၂ | ၁၉း ၁၄း ၁၃ | ၁ | ၀း ၄၅း ၄၄ | ၁း ၃၄း ၃၅ |
| ၂ | ၁၉း ၀၇း ၀၆ | ၁၉း ၁၁း ၁၇ | ၂ | ၀း ၄၁း ၄၈ | ၁း ၃၀း ၃၉ |
| ၃ | ၁၉း ၀၃း ၁၀ | ၁၉း ၀၇း ၂၁ | ၃ | ၀း ၃၇း ၅၂ | ၁း ၂၆း ၄၃ |
| ၄ | ၁၈း ၅၉း ၁၄ | ၁၉း ၀၃း ၂၅ | ၄ | ၀း ၃၃း ၅၆ | ၁း ၂၂း ၄၇ |
| ၅ | ၁၈း ၅၅း ၁၈ | ၁၈း ၅၉း ၂၉ | ၅ | ၀း ၃၀း ၀၀ | ၁း ၁၈း ၅၁ |
| ၆ | ၁၈း ၅၁း ၂၂ | ၁၈း ၅၅း ၃၃ | ၆ | ၀း ၂၆း ၀၄ | ၁း ၁၄း ၅၅ |
| ၇ | ၁၈း ၄၇း ၂၆ | ၁၈း ၅၁း ၃၇ | ၇ | ၀း ၂၂း ၀၈ | ၁း ၁၀း ၅၉ |
| ၈ | ၁၈း ၄၃း ၃၀ | ၁၈း ၄၇း ၄၁ | ၈ | ၀း ၁၈း ၁၂ | ၁း ၀၇း ၀၃ |
| ၉ | ၁၈း ၃၉း ၃၄ | ၁၈း ၄၃း ၄၅ | ၉ | ၀း ၁၄း ၁၆ | ၁း ၀၃း ၀၇ |
| ၁၀ | ၁၈း ၃၅း ၃၈ | ၁၈း ၃၉း ၄၉ | ၁၀ | ၀း ၁၀း ၂၀ | ၀း ၅၉း ၁၁ |
| ၁၁ | ၁၈း ၃၁း ၄၂ | ၁၈း ၃၅း ၅၃ | ၁၁ | ၀း ၀၆း ၂၄ | ၀း ၅၅း ၁၅ |
| ၁၂ | ၁၈း ၂၇း ၄၆ | ၁၈း ၃၁း ၅၇ | ၁၂ | ၀း ၀၂း ၂၈ | ၀း ၅၁း ၁၉ |
| ၁၃ | ၁၈း ၂၃း ၅၀ | ၁၈း ၂၇း ၀၁ | ၁၃ | ၂၃း ၅၈း ၃၂ | ၀း ၄၇း ၂၃ |
| ၁၄ | ၁၈း ၁၉း ၅၄ | ၁၈း ၂၃း ၀၅ | ၁၄ | ၂၃း ၅၄း ၃၆ | ၀း ၄၃း ၂၇ |
| ၁၅ | ၁၈း ၁၅း ၅၈ | ၁၈း ၁၉း ၀၉ | ၁၅ | ၂၃း ၅၁း ၄၀ | ၀း ၃၉း ၃၁ |
| ၁၆ | ၁၈း ၁၁း ၀၂ | ၁၈း ၁၅း ၁၃ | ၁၆ | ၂၃း ၄၇း ၄၄ | ၀း ၃၅း ၃၅ |
| ၁၇ | ၁၈း ၀၇း ၀၆ | ၁၈း ၁၁း ၁၇ | ၁၇ | ၂၃း ၄၃း ၄၈ | ၀း ၃၁း ၃၉ |
| ၁၈ | ၁၈း ၀၃း ၁၀ | ၁၈း ၀၇း ၂၁ | ၁၈ | ၂၃း ၃၉း ၅၂ | ၀း ၂၇း ၄၃ |
| ၁၉ | ၁၇း ၅၉း ၁၄ | ၁၈း ၀၃း ၂၅ | ၁၉ | ၂၃း ၃၅း ၅၆ | ၀း ၂၃း ၄၇ |
| ၂၀ | ၁၇း ၅၅း ၂၈ | ၁၇း ၅၉း ၂၅ | ၂၀ | ၂၃း ၃၁း ၀၀ | ၀း ၁၉း ၅၁ |
| ၂၁ | ၁၇း ၅၁း ၂၂ | ၁၇း ၅၅း ၃၃ | ၂၁ | ၂၃း ၂၇း ၀၄ | ၀း ၁၅း ၅၅ |
| ၂၂ | ၁၇း ၄၇း ၂၆ | ၁၇း ၅၁း ၃၇ | ၂၂ | ၂၃း ၂၃း ၀၈ | ၀း ၁၁း ၅၉ |
| ၂၃ | ၁၇း ၄၃း ၃၀ | ၁၇း ၄၇း ၄၁ | ၂၃ | ၂၃း ၁၉း ၁၂ | ၀း ၀၈း ၀၃ |
| ၂၄ | ၁၇း ၃၉း ၁၄ | ၁၇း ၄၃း ၄၅ | ၂၄ | ၂၃း ၁၅း ၁၆ | ၀း ၀၄း ၀၇ |
| ၂၅ | ၁၇း ၃၅း ၁၈ | ၁၇း ၃၉း ၄၉ | ၂၅ | ၂ ၁၁း ၂၀ | ၀း ၀၀း ၁၁ |
| ၂၆ | ၁၇း ၃၁း ၂၂ | ၁၇း ၃၅း ၅၃ | ၂၆ | ၂၃း ၀၇း ၂၄ | ၂၃း ၅၆း ၁၅ |
| ၂၇ | ၁၇း ၂၇း ၂၆ | ၁၇း ၃၁း ၅၇ | ၂၇ | ၂၃း ၀၃း ၂၈ | ၂၃း ၅၂း ၁၉ |
| ၂၈ | ၁၇း ၂၃း ၃၀ | ၁၇း ၂၇း ၀၁ | ၂၈ | ၂၂း ၅၉း ၃၂ | ၂၃း ၄၈း ၂၃ |
| ၂၉ | ၁၇း ၁၉း ၃၄ | ၁၇း ၂၃း ၀၅ | ၂၉ | ၂၂း ၅၅း ၃၆ | ၂၃း ၄၄း ၂၇ |
| ၃၀ | ၁၇း ၁၅း ၃၈ | ၁၇း ၁၉း ၀၉ | ၃၀ | ၂၂း ၅၁း ၄၀ | ၂၃း ၄၀း ၃၁ |
| ၃၁ | ၁၇း ၁၁း ၄၂ | ၁၇း ၁၅း ၁၃ | ၃၁ | ၂၂း ၄၇း ၄၄ | ၂၃း ၃၆း ၃၅ |



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

ခရီးရောက်မဆိုက်ဆိုသလို တွေ့မြင်လိုက်ရသောမြင်ကွင်းကြောင့် ဘဝင်မကျဖြစ်သွား၍ အာမေဋိတ်သံပင်ထွက်သွားရပါသည်။ မြင်တွေ့ရသည့်မြင်ကွင်းကား ဘုရားဆောင်ပေါ် ထောင့်နားတွင် ထောင်ထားသည့် သစ်ကွင်းပင်ဖြစ်ပါသည်။


သစ်ကွင်းကိုမပြောခင် ဘုရားဆောင်မြင်ကွင်းကိုပြောရလျှင် ဘုရားဆောင်တစ်ခုလုံး ပြောင်ရှင်းသပ်ရပ်၍နေသည်မှာ အရောင်များပင်ထွက်

အဖေဟာ မကျိုးမကန်းဒဏ်ရာမရဘဲ အကောင်းပကတိနဲ့ တပ်မတော်ကနေပြီး ပင်စင်ရခဲ့တယ်။ အေး - ငါ့သားလည်း စစ်သားဖြစ်နေလို့ မကျိုးမကန်းနဲ့အသက်ရှည်ရှည်နေရအောင် ဒီသစ်ကွင်းကို အဖေပေးမယ်။သားကယုံယုံကြည်ကြည် လေးလေးစားစားနဲ့ ဆောင်ထားပေတော့"

ထိုသို့ ဩဝါဒခြွေ၍ လက်ဆင့်ကမ်းအမွေပေးခဲ့သော သစ်ကွင်းကား

များထဲမှ သားဖြစ်သူစစ်ဗိုလ်ကိုပေးထားသော သစ်ပင်နွယ်ပင်မှာ သစ်ကွင်းပင်ဖြစ်ပါသည်။ သစ်ကွင်းကိုဆောင်ထားပါက -

အောင်မြင်မည်၊ ကြီးပွားချမ်းသာမည်၊ အန္တရာယ်ကင်းမည်၊ ဘေးရန်လုံခြုံ



မတတ်ဖြစ်သည်။ ဘုရားဆောင်ပေါ်ရှိ ညောင်ရေအိုးကလည်း သစ်လွင်နေသလို ဒီနေ့မနက်ကမှထိုးထားဟန်တူသည့်ဘုရားပန်းများကလည်း လန်းလန်းဆန်းဆန်း ငွားငွားစွင့်စွင့်ဖြစ်၍နေသလို-

ရွှေရောင်တဝင်းဝင်းနှင့် သန့်စင်သပ္ပာယ်နေသည့်ဘုရားရုပ်ပွားတော်နှင့် ရွှေတိဂုံဘုရားပုံတော်၊ မန္တလေးမဟာမြတ်မုနိပုံတော်များမှာလည်း ဖုန်မှုန့်ကင်းစင်၍သန့်ရှင်းနေသည်မှာ ကြည်ညိုစရာပင်ဖြစ်ပါသည်။

သို့သော်. . . သို့သော် . . .

ထိုထိုသော အရာများအားလုံး သန့်ရှင်းသပ်ရပ်နေပါလျက်နှင့် ဘုရားဆောင်ထောင့်တွင် ထောင်ထားသော သစ်ကွင်းကား ဖုန်အလိမ်းလိမ်းနှင့် ပင့်ကူမျှင်များပင် စွဲကပ်၍နေပါသည်။ ကျွန်တော်မှ ယုံကြည်မှုအပြည့်နှင့် လက်ဆင့်ကမ်းပေးခဲ့သော ဤသစ်ကွင်းကိုအရေးမစိုက်။ ပစ်ထားရက်သောသားစစ်ဗိုလ်နှင့် ချွေးမကိုလည်း စိတ်ဆိုးမိလိုက်ပါသည်။

"ဒီသစ်ကွင်းဟာ သာမန်ကြည့်ရင်တော့ ဘာမှမဟုတ်သလို ဘာအစွမ်းမှလည်းမရှိဘူးလို့ထင်ရပေမယ့် သူ့ကိုယုံယုံကြည်ကြည်နဲ့ဆောင်ထားရင် အစွမ်းသတ္တိအပြည့်နဲ့ ကိုယ့်ကိုအကျိုးပေးလိမ့်မယ်။ ဒီသစ်ကွင်းဟာ အဖေ့ရဲ့အသက်ကို အကြိမ်ကြိမ်ကယ်တင်ခဲ့လို့ အဖေကတော့ယုံတယ်။ အေး-ဒီသစ်ကွင်းကြောင့်

ဘုရားဆောင်ပေါ်တွင်နေရလင့်ကစား ဘုရားဆောင်၏အနောက်ဘက် နံရံကပ်လျက်ထောင့်တွင် ဖုန်အလိမ်းလိမ်း၊ပင့်ကူမျှင်အရှုပ်အထွေးတို့ဖြင့်ရှိနေပါသည်။ စိတ်မကောင်းပင်ဖြစ်သွားခဲ့ရပါသည်။ သို့သော်လည်း သားသည် တပ်မတော်၏အရာရှိငယ်ဖြစ်သော်လည်း အသက်မှာ (၃၀) နှစ်ဝန်းကျင်သာရှိသေးသဖြင့် ငယ်ရွယ်သေးသည်။ တွေးခေါ်မြော်မြင်မှုအားနည်းသေးသည်။ ဤသို့သော သိပ္ပံပညာနှင့် လိုက်မမီသော ဂမ္ဘီရဆန်ဆန် ဆန်းကြယ်မှုများကို 'အဓိပ္ပာယ်မရှိလိုက်တာ' ဟူသည့် အတွေးအခေါ်များဖြင့် မျက်ကွယ်ပြုခြင်းကား ဤသစ်ကွင်းက သက်သေခံနေပါသည်။

သစ်ပင်နွယ်ပင်များသည် သူ့ဟာနှင့်သူ သူ့အဆင့်နှင့်သူ ထူးခြားသော အစွမ်းသတ္တိများရှိကြပါသည်။ ဥပမာ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုတာမျိုးဖြစ်ပါသည်။

ထိုသစ်ပင်များထဲတွင် ပိုမိုထူးခြားအစွမ်းထက်သည်မှာ သစ်ကွင်းများ၊ သစ်ဖောက်နွယ်ပင်နှင့် သစ်ပျံဆိုတာမျိုးဖြစ်သည်။ ထို့ပြင် လူနှင့်သက်ရှိသတ္တဝါများကို ဖမ်းယူစားသောက်တတ်သော သားစားနွယ်ပင်များလည်းရှိကြပါသည်။ ထိုအစွမ်းထက်သော သစ်ပင်နွယ်ပင်

မည်၊ မီးကွင်းမည် ဟူသော အစွမ်းသတ္တိများ ရရှိခံစားနိုင်ပါသည်။

သို့သော်လည်း သစ်ကွင်းကိုဆောင်ထားသူသည် သစ်ကွင်းကို ယုံကြည် လေးစားမှုမရှိ (အားနည်း) သလို ငါးပါးသီလလည်း မလုံခြုံ၊ ဘုရားတရားလည်း မလေးစား မလုပ်ဆောင်ပါက ထိုသစ်ကွင်းက မည်သည့်အကျိုးသုခစွမ်းအင်ထူးကို ပေးမည်မဟုတ်ပါပေ။ အနည်းဆုံးတော့ ငါးပါးသီလကို လုံခြုံ၍ ဤသစ်ကွင်းကို သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ထားရှိဆောင်ထားပါက သစ်ကွင်းကပေးသော အစွမ်းသတ္တိကို ခံစားရရှိနိုင်ပါသည်။

ဤသို့သောသစ်ကွင်းနှင့်ပတ်သက်သည့် ဗဟုသုတများနှင့်အတူ ကျွန်တော်ကိုယ်တွေ့ဖြစ်ရပ်များပြောပြပြီး ယုံကြည်လေးစားစွာဖြင့်ဆောင်ထားရန်(သေသေချာချာမှာကြား၍) ပြောဆိုပြီး သစ်ကွင်းကို လက်ဆင့်ကမ်းအမွေအဖြစ်ပေးခဲ့သည်။

ထိုစဉ်က -



www.burmeseclassic.com

www.burmeseclassic.com

# (မုံရွာ) မောင်မောင်ချစ်ဦး

## သစ်ကွင်းနှင့်တိုက်ဆိုင်မှုများ





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ အဖေ၊ သားယုံယုံကြည်ကြည်နဲ့ဆောင်ထားပါ့မယ်"

ထိုသို့ ပြောဆိုအာမခံပါလျက် ယခုတော့ သစ်ကွင်းကို ချောင်ထိုးထားပစ်ထားသည်။

"ဟော့ - လာစမ်းပါဦး"

စသည်ဖြင့် သားဖြစ်သူကို အော်ငေါက်ဆဲဆိုရအောင်ကလည်း သားဖြစ်သူက ရှေ့တန်း ရှမ်းပြည်နယ် လောက်ကိုင်ခွင်ထဲမှာ တာဝန်ထမ်းဆောင်နေသည်။ သမီးချွေးမကတော့ နည်းပညာတက္ကသိုလ်တွင် လက်ထောက်ကထိကအဖြစ် တာဝန်ထမ်းဆောင်နေသည်။ ကလေးတစ်ယောက်နှင့်မနိုင်၍ အဖေခဏလောက်လာကူပေးပါဦး' ဟူ၍ခေါ်သဖြင့် ရောက်လာခြင်းပင် ဖြစ်သည်။ ရောက်ရောက်ချင်း ဘုရားဆောင်ပေါ်က သစ်ကွင်းကိုမြင်တွေ့ရမှု စိတ်မကောင်းဖြစ်ကာ အဝေးနယ်ချဲ့နေမိခြင်းပင် ဖြစ်ပါသည်။

တကယ်လည်း ဤသစ်ကွင်းကား စွမ်းပါသည်။

စွမ်းပုံကို ပြောပြရလျှင် -

ဤသစ်ကွင်းကို ကျွန်တော်သည် ကချင်ပြည်နယ် ရွာပျက်တစ်ရွာမှရရှိခဲ့ပြီး ယုံယုံကြည်ကြည်နှင့်ဆောင်ထားခဲ့ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် မိုင်းအန္တရာယ်မှ အကြိမ်ကြိမ်လွတ်ခဲ့သလို ရန်သူ၏အပိုင်ချုံခိုတိုက်ခိုက်မှုမှလည်း ဘေးအန္တရာယ်ကင်းစွာလွတ်မြောက်ခဲ့ပါသည်။ (တိုက်ဆိုင်မှုပါဟူ၍ပြောကလည်းပြောနိုင်ပါသည်။)

ဤသစ်ကွင်းကြောင့် ဘေးအန္တရာယ်အသွယ်သွယ်မှလွတ်ခဲ့ရမှုအများအပြားထဲမှ ဖြစ်ရပ်တစ်ခုကို ထုတ်နုတ်တင်ပြလိုပါသည်။

၁၉၇၅ ခုနှစ်ဝန်းကျင်ခန့်ကဖြစ်ပါသည်။

စာရေးသူဦးစီးသည့် တပ်စုတစ်စုသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ ကျေးရွာကြီးတစ်ရွာတွင် စခန်းထိုင် အခြေပြုနေစဉ်ကဖြစ်ပါသည်။ ထိုအခါက ဤသစ်ကွင်းကိုရရှိထားပြီး ယုံယုံကြည်ကြည်ဖြင့် ဆောင်ထားပါသည်။

ကျွန်တော်တို့တပ်စု စခန်းထိုင်သောရွာမှာ ရွာကြီးဖြစ်ပြီး ရှမ်းဗမာများနှင့် ကချင်တိုင်းရင်းသားများ နေထိုင်ကြပါသည်။ ထိုရွာ၏ကောင်စီဥက္ကဋ္ဌက -

"ဗိုလ်ကြီးတို့ အေးအေးဆေးဆေးနဲ့ သက်သောင့်သက်သာနေကြပါ။ ကျုပ်ရွာမှာ ဘာမှမဖြစ်စေရပါဘူးဗျာ"

ထိုသို့အာမခံပြောကြားမှုနှင့် ၎င်းဥက္ကဋ္ဌ၏စကားကို ယုံကြည်မှုကြောင့် တိုက်ကင်း၊ လှည့်ကင်းများမထွက်ရှိခဲ့သလို ကင်းပုန်းဝပ်ခြင်းများလည်း မရှိခဲ့ပါ။ (မကောင်းသောအမူအကျင့်များသာဖြစ်ပါသည်။)

အိပ်လိုက်စားလိုက်ရွာထဲလျှောက်လည်လိုက်ဖြင့်နေလာခဲ့ရာမှ တစ်နေ့သောမနက်ခင်းတွင်တော့ -

"ဒေါက်. . ."

ဘုရားကျောင်းဆောင်ပေါ်တွင် တင်ထားသောသစ်ကွင်းသည် ကျောင်းဆောင်ပေါ်မှ မြေကြီးပေါ်သို့ကျလာခြင်းပင်ဖြစ်သည်။ ထိုသို့ကျလာခြင်းကို အလေးမထားသေး။ 'အင်း ကြွက်တိုးလို့နေမှာပါ' ဟူ၍ ပေါ့ပေါ့တန်တန်စိတ်မွေးကာ သစ်ကွင်းကို ဘုရားဆောင်ပေါ်သို့ ပြန်လည်တင်လိုက်ပါသည်။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ခန့်သာ ကြာမည်ထင်ပါသည်။

"ဒေါက်. . . . ဂလောက်"

သစ်ကွင်းမှာ ဘုရားဆောင်ပေါ်မှ မြေကြီးပေါ်သို့ ဒုတိယအကြိမ်မြောက်ကျလာပါသည်။ သိပ်မသက်ာချင်တော့ပါ။ လေလည်းမတိုက်၊ ကြွက်လည်းမတိုးပါဘဲလျက် သူ့အလိုလိုကျလာခြင်းက မကောင်းသောအတိတ်နိမိတ်ပင် ဖြစ်ပါမည်။ (တစ်နည်းအားဖြင့်) အန္တရာယ်တစ်ခုခုကြုံလာလိမ့်မည်ဟု သစ်ကွင်းမှသတိပေးခြင်းလည်းဖြစ်ပါမည်။ (ဒါက ကျွန်တော့်အထင်ဖြစ်ပါသည်။)

မည်သို့ဖြစ်စေ စခန်းတွင် တာဝန်အရှိဆုံးကျွန်တော်က ဒီအတိုင်းငြိမ်နေ၍ မဖြစ်ပါ။ တစ်ခုခုတော့လုပ်မှဖြစ်မည်ဟု စိတ်ဆုံးဖြတ်ပြီး တပ်စုတပ်ကြပ်ကြီး ဆရာကြီးမြအေးနှင့် တပ်စိတ်မှူး (၃) ယောက်ကို ခေါ်ယူပြီး သစ်ကွင်း၏ ဖြစ်ပျက်မှုကိုပြောပြ၍ ဆွေးနွေးလိုက်ပါသည်။

"ဘာမှဟုတ်မယ်မထင်ပါဘူး ဗိုလ်ကြီးရာ၊ ဒါတွေကိုမယုံစမ်းပါနဲ့ဗျာ"

ဘာသာတရားလည်းမရှိ၊ မည်သည့်ဘာသာကိုကိုးကွယ်ရမှန်းလဲမသိ၊ ဘာတစ်ခုမှလည်း အယုံအကြည်မရှိဖြစ်သလိုနေထိုင်တတ်သော တပ်ကြပ်ခင်ဝင်းက စတင်၍ပြောလာပါသည်။

"ဟာ-ဆရာခင်ဝင်း၊ မဟုတ်သေးဘူးဗျာ"

ဘာမဟုတ်တာလဲမသိ၊ ဘာမှလည်းရှင်းပြခြင်းမပြုဘဲ တပ်ကြပ်ရန်ရှင်းက ဆရာခင်ဝင်းစကားကို ဆန့်ကျင်လိုက်ပါသည်။

"ကဲကဲ - အားလုံးငြိမ်၊ ငါပြောမယ်"

တပ်စုတပ်ကြပ်ကြီးမြအေးကပြောလိုက်၍ စကားပြောရန်အရှိန်ယူနေသည့် တပ်ကြပ်ဒေါင်လွမ်းက ပါးစပ်ကိုလက်ဝါးနှင့်အုပ်လိုက်သည်။

တပ်ကြပ်ကြီးမြအေးကား စစ်သတ်ကြီးသလို တိုက်ပွဲအတွေ့အကြုံကလည်းများသည်။ မဟုတ်တာမမှန်တာလည်းပြောဆိုခြင်းမရှိ။ခပ်မှန်မှန်ခပ်တည်တည်နေခြင်းကြောင့် တပ်စိတ်မှူးများမှာကြောက်ကြရ၏။ ယခုလည်း တပ်ကြပ်ကြီးမြအေးက 'အားလုံးငြိမ်၊ ငါပြောမယ်' ဟူ၍ စကားအစချီလာသဖြင့် အားလုံး (ကျွန်တော်ပါ)နှုတ်ဆိတ်သွားရပါသည်။

"ဗိုလ်ကြီးခင်ဗျား၊ ကျွန်တော်တို့ဟာ စစ်သားပါ။ စစ်သားဆိုတာ စစ်တိုက်ဖို့ပါ။ စစ်တိုက်တယ်ဆိုပေမယ့်လည်း ကိုယ်က ဦးအောင်တိုက်နိုင်မှပါ။ ခုတော့ ကျွန်တော်တို့ဟာ ကြက်ခြင်းထဲက ကြက်တွေလိုဖြစ်နေပါတယ်ဗျာ"

"ဗျာ-ဆရာကြီးပြောတာက. . ."

ကျွန်တော်က ဆရာကြီးမြအေး၏စကားကို နားမလည်နိုင်အောင်ဖြစ်သွားပါသည်။

"ဒီလိုပါ ဗိုလ်ကြီး၊ ကျွန်တော်တို့တပ်စုဟာ စခန်းထိုင်ဆိုတဲ့စကားအတိုင်း ဒီစခန်းကျဉ်းကျဉ်းလေးမှာ နေ့နေ့ညည အချိန်ပြည့်အိပ်လိုက်စားလိုက်နဲ့ထိုင်နေကြတယ်။ ပြောရရင်တော့ ရန်သူရဲ့လာအတိုက်ကိုစောင့်နေကြတယ်။ တကယ်လို့များ ရန်သူကနေပြီး ကျွန်တော်တို့စခန်းကို သာလွန်တဲ့အင်အားသုံးပြီးလာတိုက်ရင် ကျွန်တော်တို့ဟာ ကြက်ခြင်းထဲကကြက်တွေလို ဘာမှမလှုပ်နိုင်မတိုက်နိုင်ဘဲ အသေခံရဖို့ပဲရှိပါတယ်။ အခု ဗိုလ်ကြီးရဲ့သစ်ကွင်းက ဗိုလ်ကြီးကို သတိပေးလာပြီလို့ ကျွန်တော် ထင်ပါတယ်။ ဒီတော့. . ."

"ဒီတော့ ဆရာကြီးက ဘယ်လိုလုပ်ချင်ပါသလဲ။ ဆရာကြီးကစစ်အတွေ့အကြုံမှာ ကျွန်တော်တို့ထက် အများကြီးရှိတာမို့ ဆရာကြီးရဲ့အကြံဉာဏ်ကိုယူချင်ပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ ရိုးသားစွာနဲ့ ပြောဆိုခြင်းပါဗျာ"

"ဟာ - မဟုတ်တာ ဗိုလ်ကြီးရာ၊ ဗိုလ်ကြီးဟာ အရာရှိပါ။ ကျွန်တော်တို့ တပ်စုရဲ့ခေါင်းဆောင်ပါဗျာ"

"ကဲပါ-ဆရာကြီးရာ၊ ဒါတွေခဏ



www.burmeseclassic.com

www.burmeseclassic.com

ဘေးဖယ်ထားစမ်းပါ။ အခုကျွန်တော်တို့ ဘယ်လိုလုပ်မလဲ"

"ဟုတ်ကဲ့-ကျွန်တော်အကြံပေးရမယ်ဆိုရင် ကျွန်တော်တို့တပ်စု နေ့နေ့ညည အပြင်ထွက်နေရအောင်။ စခန်းမှာတော့ ယောင်ပြအဖြစ် တပ်စိတ်တစ်စိတ်လောက်ပဲထားတာပေါ့"

"ဆရာကြီး ပြောချင်တာက ကျွန်တော်တို့တပ်စုထဲက တပ်စိတ်နှစ်စိတ်ကို တိုက်ကင်း၊ လှည့်ကင်း၊ ကင်းပုန်းအဖြစ် သုံးရက်စာရိက္ခာနဲ့ရွာပြင်ဝန်းကျင်မှာထွက်လှုပ်ရှားမယ်။ အဲ - စခန်းမှာတော့ တပ်စိတ်တစ်စိတ်ကိုပဲ ဟန်ပြအဖြစ်ထားမယ်။ ဟုတ်ပါလား ဆရာကြီး"

"ဟုတ်ပါတယ် ဗိုလ်ကြီး၊ ဒီသဘောပါပဲ။ ဒါမှလည်း ရန်သူက စခန်းကိုလာတိုက်ရင် ရွာပြင်မှာရှိနေတဲ့တပ်စိတ်နှစ်စိတ်က တန်ပြန်တိုက်နိုင်မှာပါ ဗိုလ်ကြီး။ ဒါဆို ကျွန်တော်တို့ဟာ ခြင်းထဲကကြက်တွေလိုမဖြစ်တော့ပါဘူး"

"အိုကေဗျာ၊ သိပ်ကောင်းတဲ့ အကြံပဲ။ ဒါဆို ကျွန်တော်နဲ့တပ်စိတ်နှစ်စိတ် အပြင်ထွက်မယ်။ ဆရာကြီးမြအေးနဲ့ တပ်စိတ်တစ်စိတ်က စခန်းလုံခြုံရေးအဖြစ်နေခဲ့ပါ။ ကဲ-ဆရာကြီး၊ တစ်နာရီအတွင်းထွက်နိုင်အောင်စီစဉ်ပေးပါ"

"ကောင်းပါပြီ ဗိုလ်ကြီး"

ဤသို့ဖြင့် ကျွန်တော်ဦးစီးသည့် တပ်စိတ်နှစ်စိတ်သည် (၃) ရက်တာ လှုပ်ရှားတပ်စုအဖြစ် စခန်းမှထွက်ခဲ့သလို စခန်းတွင်လည်း ဟန်ပြအဖြစ် တပ်စုတပ်ကြပ်ကြီးမြအေးနှင့် တပ်စိတ်တစ်စိတ်ကျန်ရှိခဲ့ပါသည်။

တိုက်ဆိုင်မှုဟုသာဆိုရမည်လား မပြောတတ်ပါ။ သောင်းကျန်းသူများသည် ထိုနေ့ညတွင်ပင် သာလွန်အင်အားဖြင့် စခန်းကို လာရောက်တိုက်ခိုက်ပါတော့သည်။သောင်းကျန်းသူများသည် အင်အားနည်းသော ကျွန်တော့်စခန်းကို ...ရည်၊ သိမ်းပိုက်နိုင်မည်ဟု အပိုင်တွက်ထားပြီး လာရောက် တိုက်ခိုက်ကြခြင်းဖြစ်ပါသည်။ (ဤသတင်းကို နောက်မှသိရပါသည်။)

သို့သော် သောင်းကျန်းသူများသည် ကျွန်တော်နှင့် တပ်စိတ်နှစ်စိတ် အပြင်ထွက်သည့်သတင်းကွင်းဆက်ပြတ်သွားဟန်တူပါသည်။ သောင်းကျန်းသူများ စခန်းကိုတိုက်သည်နှင့် ချက်ချင်းပင် ကျွန်တော်ဦးစီးသည့်တပ်စိတ်နှစ်စိတ်မှ ပြန်လည်တိုက်ခိုက်ရာ မထင်မှတ်သော ဖြစ်ရပ်ကြောင့် သောင်းကျန်းသူများ သည် အံ့အားသင့်ထိတ်လန့်ကာ စစ်ကူလာသည်ထင်ပြီး အပြေးအလွှားပင် ဆုတ်ခွာသွားကြပါတော့သည်။

ဤဖြစ်ရပ်တွင် စခန်းခြံစည်းရိုး အနည်းငယ်ပျက်စီးသည်မှလွဲ၍ ထိခိုက်ဆုံးရှုံးမှုလုံးဝမရှိပါ။

အကယ်၍ သစ်ကွင်းကသာ သတိမပေးခဲ့လျှင် သို့မဟုတ် တပ်စုတပ်ကြပ်ကြီး မြအေး (ယခု အငြိမ်းစားယူ၍ ကလေးမြို့တွင် နေထိုင်သည်ဟု ကြားသိရပါသည်။) ကသာ အကြံပြုခြင်းမရှိခဲ့ပါလျှင် ကျွန်တော်ဦးစီးသည့်တပ်စုတစ်စုလုံးသည် ခြင်းထဲကကြက်များသဖွယ် ခေါင်းငုံ့လည်စင်းခံရဖွယ်ရာရှိပါသည်။ ယခုတော့ ကျွန်တော်ဦးစီးသည့် တပ်စုတစ်စုလုံး (သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်၊ ခဲယမ်းမရလိုက်သော်လည်း စိတ်ဓာတ်အနေဖြင့်) အောင်ပွဲခံနိုင်ခဲ့ပါသည်။

ဤဖြစ်စဉ်သည် သစ်ကွင်းနှင့် ပတ်သက်သည့် အမှတ်တရဖြစ်စဉ်ပင် ဖြစ်ပါသည်။

ယခုတော့ ကျွန်တော်လည်း တပ်မတော်မှအငြိမ်းစားယူခဲ့ပြီးဖြစ်သလို ကျွန်တော်၏ အသက်ခန္ဓာ၊ သိက္ခာကို အကြိမ်ကြိမ်ကယ်တင်ခဲ့သောကျွန်တော့် ကျေးဇူးရှင်သစ်ကွင်းကိုလည်း သားဖြစ်သူ ဗိုလ်ကြီးအောင်အောင်ဦးထံသို့ လက်ဆင့်ကမ်းအမွေအဖြစ်ပေးခဲ့ပါသည်။

သို့သော် သားဖြစ်သူက သစ်ကွင်းကို အယုံအကြည်နည်းဟန်တူပါသည်။ သစ်ကွင်းကို ဟန်ပြအဖြစ် ဘုရားဆောင်ပေါ် တွင်သာတင်ထားသည်။ဘာမှသုတ်သင်ရှင်းလင်းမှုမရှိ၍ ဖုန်နှင့်အလိမ်းလိမ်းဖြစ်ပြီး ပင့်ကူမျှင်များပင်တန်းကာ မြင်၍မှ မကောင်းအောင်ဖြစ်ရပါသည်။

ကျွန်တော်လည်း ချက်ချင်းပင် ညစ်ပတ်ပေနေသောသစ်ကွင်းကို ဆေးကြောသုတ်သင်၍ ဘုရားဆောင်ပေါ်သို့ ပြန်တင်ကာ အမိုက်အမဲလေးမို့ ဗွေမယူဖို့၊ ကျွန်တော့်အား စောင့်ရှောက်သလို သားဖြစ်သူကိုလည်း ဆက်လက်ပြီး စောင့်ရှောက်ပေးပါရန်' တောင်းပန်ရပါသည်။

သို့ဖြင့် နေ့စဉ်ပင် ဘုရားဆောင်နှင့်သစ်ကွင်းကို သန့်ရှင်းရေးပြုလုပ်ခဲ့ရာ (၃)ရက်မြောက်ရောက်ချိန်တွင်ဖြစ်သည်။

"ဒေါက်. . . ဂလောက်"

အံ့ဩစရာပင်။ ဘုရားဆောင်ပေါ် တွင်ရှိနေသော သစ်ကွင်းသည် သမံတလင်းပေါ်သို့ ပြုတ်ကျလာခြင်းပင် ဖြစ်သည်။ ဘုရားဆောင်၏အလယ်တွင် သေသေချာချာတင်ထားပါလျက်နှင့်ပြုတ်ကျရခြင်းမှာ ထူးဆန်းသလို အကြောင်းမဲ့တော့ဖြစ်ဟန်မတူပါ။

ဤဖြစ်ရပ်နှင့်ပတ်သက်၍ ချက်ချင်းဆိုသလို အထက်တွင်ဖော်ပြခဲ့သည့် (၁၉၇၅ ခုနှစ်) ဖြစ်ရပ်ကို မြင်ယောင်မိလိုက်သည်။ ကျွန်တော်လည်း ချက်ချင်းပင် 'အင်း - ဒါဟာ သွေးရိုးသားရိုးတော့မဟုတ်ဘူး။ အချိန်မီတစ်ခုခုတော့လုပ်မှပဲ' ဟု စဉ်းစားတွေးတောပြီး သမီးကို အကျိုးအကြောင်းပြောဆိုကာ နေပြည်တော်သို့ထွက်ခဲ့ပါသည်။

နေပြည်တော်တွင် ကျွန်တော့်၏ ဆရာသမားလည်းဖြစ်၊လုပ်ဖော်ကိုင်ဖက်လည်းဖြစ်သော ဝန်ကြီးဌာနတစ်ခု၏ ဝန်ကြီးကို ပြောဆိုအကူအညီတောင်းရပါသည်။ ထိုဝန်ကြီးကလည်း ချက်ချင်းပင် ဆောင်ရွက်ပေးပါသည်။ (ရာထူးအဆင့်အတန်းလွန်စွာကွာဟမှု၊ လက်ရှိလက်မဲ့ကွာဟမှုများဖြစ်သော်လည်း ရဲဘော်ရဲဘက်စိတ်ဓာတ်ဖြင့် အကူအညီပေးခဲ့ခြင်းပင်ဖြစ်ပါသည်။)

မကြာပါ။

တစ်လလောက်သာကြာပါမည်။

ကျွန်တော့်သားသည် စစ်ကိုင်းတိုင်းဒေသကြီးရှိ န-မ-ခလက်အောက်ခံ လေ့ကျင့်ခန်းတပ်သို့ပြောင်းရွှေ့ခဲ့ရသလို သမီးသည်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နည်းပညာတက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့ရပါသည်။

ဤကဲ့သို့ သားနှင့်သမီးပြောင်းရွှေ့ခဲ့ပြီး တစ်လလောက်သာကြာပါမည်။ လောက်ကိုင်ဒေသတွင် ဖုန်ကြားရှင်၏ စနက်မီးကြောင့် မီးဟုန်းဟုန်းတောက်ခဲ့ရပါသည်။ လောက်ကိုင်ခွင်တွင်သာ စစ်ဆင်ရေးဝင်နေရသောသားနှင့် လားရှိုးနှင့် သိန်းနီကို ကူးသန်းနေရရှာသော တက္ကသိုလ်ဆရာမ သမီးတို့သည်လည်း လောက်ကိုင်ဂယက်မှ လွတ်လွတ်ကျွတ်ကျွတ်လွတ်မြောက်ခဲ့ရပါသည်.


တိုက်ဆိုင်မှုဟုဆိုက ဆိုနိုင်ပါသည်။

မည်သို့ဖြစ်စေ ဤဖြစ်ရပ်မှန်နှင့်ပတ်သက်၍ သစ်ကွင်းကိုတော့ များစွာမှပင် ကျေးဇူးတင်၍ ပိုမို လေးစားယုံကြည်ခဲ့ရသလို -

သားနှင့် သမီးသည်လည်း သစ်ကွင်းမှသစ်ကွင်းဖြစ်နေပြီး နေ့စဉ်နှင့်အမျှ ဂရုတစိုက်လုပ်ဆောင်နေသော မြင်ကွင်းကိုကြည့်၍ ဝမ်းသာပီတိဖြစ်နေရသူက စစ်သားလူထွက်ကျွန်တော်ပင် ဖြစ်ပါတော့သည်။

မောင်မောင်ချစ်ဦး (ရုံရွာ)

www.burmeseclassic.com



အောင်စကြာ

အရှင်သုဓမ္မသာရ(ဥပစာ-ဝိဇ္ဇာ)

အခြေခံစားကျန်းမာရေးမှုး

# ပန်းပေါင်းတစ်ထောင် သိဒ္ဓိဝင်ပျားရည်

(ယခင်လမှအဆက်)

ယခုကာလ တိုင်းရင်းသမားတော်ကြီးများတို့သည် နှလုံးရောဂါကို အထူးဖော်စပ်ထားသော ရွှေဆေး၊ သွေးဆေး၊ ပျားရည်တို့ဖြင့် ကုသပေးကြသည်ကို တွေ့ရှိရပါ၏။

ပျားရည်ထဲရှိ ကလူးကို့(စ်)သည် ခန္ဓာကိုယ်သွေးလည်ပတ်မှု (BLOOD CIRCULATION) ကို ကောင်းစေပါ၏။

နာရီနှင့်အမျှ မိနစ်နှင့်အမျှ စက္ကန့်နှင့်အမျှ လုံးဝရပ်မသွားရဘဲ အလုပ်လုပ်နေရသည့် နှလုံးကြွက်သားများကို ပြန်လည်၍ အားဖြည့်ပေးနိုင်စွမ်းရှိ၏။

ပျားရည်သောက်သုံးခြင်းဖြင့် -

၁။ နှလုံးသွေးပမာဏမှန်ကန်လာ၏။

၂။ သွေးအတွင်း R.B.C ခေါ် သွေးနီဥများ များပြားလာ၏။

၃။ နှလုံးကြွက်သားကို အားကောင်းစေ၏။

၄။ နှလုံးသွေးလည်ပတ်မှုကိုကောင်းစေပါ၏။

ညအိပ်မပျော်သော နှလုံးရောဂါသည်များကို -

၁။ ပျားရည်လက်ဖက်ရည်ဇွန်းလေး (၃) ဇွန်း၊

၂။ ကြက်ဥအစိမ်းတစ်လုံး ရောမွှေပြီး သောက်ခိုင်းသည်ကိုတွေ့ရပါသည်။

နွားနို့နှင့် ပျားရည်ကိုလည်းရောလျက်သောက်ခိုင်းကြပါ၏။



နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေ၏။ ညဘက်အိပ်မပျော်သူများ စမ်းသပ်၍ သောက်သုံးကြည့်စေလိုပါသည်။

ရှေးခေတ်ကာလ အိန္ဒိယတိုင်းရင်းဆေးပညာရှင်များသည် နှလုံးရောဂါသည်များကို ပျားရည်ဖြင့်ကုသခဲ့ကြောင်း မှတ်တမ်းများကို တွေ့ရှိရ၏။



## ၁၁။ ပျားရည်နှင့်ကဗျာဆရာ

အမျိုးသားစာပေဆုရရှိထားသော ကဗျာဆရာ စာရေးသူ သီတင်းသုံးသည့် အောင်စကြာကျောင်းသို့ တစ်နှစ်မှာ တစ်ခါတော့ ရောက်ရှိလာတတ်၏။

ကဗျာဆရာသည် ကလေးစာပေများကို အရေးများ၍လားမသိ၊ ကလေးသူငယ်များနှင့် ရှင်သာမဏေလေးများကို အလွန်ချစ်ခင်တတ်၏။

စာပေဗိမာန်ကလေးကဗျာဆု၊ အမျိုးသားကလေးကဗျာစာပေဆုတွေကို တမွေ့တပိုက်ကြီးရရှိထားသော ကဗျာဆရာ။

သူ့ကိုကြည့်ရသည်မှာ အနည်းငယ်ပိန်ကျသွား၏။ မျက်တွင်းကလည်း ဟောက်ပက်ပက်၊အသားအရေကလည်း မွဲခြောက်ခြောက်၊ ယခင်ကလိုမစိုမပြည်။

သူကြိုက်နှစ်သက်သော ဆေးပေါ့လိပ်ကတော့ လက်ကမချ။

ခရီးရောက်မဆိုက်ပင် စာရေးသူက -

"ကဗျာဆရာ၊ ပိန်သွားပါလား။ ကျန်းမာရေးကောကောင်းရဲ့လား"

ဟု စတင်၍မေးမိ၏။

"ဟုတ်တယ် ဆရာတော်၊ တပည့်တော်မှာ ရောဂါတစ်ခုရနေပါတယ်ဘုရား"

"ဘာရောဂါလဲ ကဗျာဆရာရဲ့"

"အိပ်လို့မရတဲ့ရောဂါပါ ဆရာတော်"

သူ့ကိုခေတ္တအနားယူခိုင်းလိုက်၏။ သူ့အကြိုက်အစားအသောက်တွေကိုစီ… ခိုင်းပြီး ကျွေးမွေးတော့လည်း ဟက်ဟက်ပက်ပက်မစား။ ကော်ဖီမစ်ထုပ်ကိုတော့ တစ်နေ့လျှင် (၅)ထုပ်သောက်၏။

သူရောက်ပြီး နောက်တစ်နေ့တွင် သွေးပေါင်ချိန်ကြည့်၏။ အပေါ်သွေး (၁၀၀)၊ အောက်သွေး(၆၀) ပဲရှိသည်ကို… တွေ့ရ၏။ ကဗျာဆရာ သွေးပေါင်ချိန်… တော်တော်ကျဆင်းနေ၏။ သွေးအား… ကလည်းနည်းနေ၏။

ဒါနှင့် ကဗျာဆရာကို အနားယူခိုင်းပြီး ဆေးကုသရတော့၏။

MULTI-PLEX 500.ccပုလင်းကြီး တစ်လုံးကို DRIP ချိတ်ပေးရ၏။

REVITAL CADSUL ဆေး… နံနက် တစ်တောင့်၊ ညနေ တစ်တောင့် သောက်ခိုင်း၏။

သိဒ္ဓိဝင်ပျားရည် လက်ဖက်ရည်… ဇွန်းလေး (၃)ဇွန်းကို ကြက်ဥတစ်လုံးရော… မွှေပြီး ပျားရည်နှင့်ကြက်ဥကို တစ်နေ့ (၃)ကြိမ်။

သူကြိုက်လှသည့် ကော်ဖီမစ်… နံနက်စောစောတစ်ကြိမ်သာသောက်ခိုင်း၏။

တစ်နေ့လျှင် (၁၀) လိပ်လော… သောက်နေသည့် ဆေးပေါ့လိပ်ကိုတော့ တစ်နေ့ (၂) လိပ်သာ ပေးသောက်၏။

ကဗျာဆရာကို နံနက်စောစော… ပြီး စကြံလမ်းမှာ အခေါက် (၅၀) လ… လျှောက်ခိုင်း၏။

ကဗျာမစပ်ရ၊ စာမရေးရ၊ … မဖတ်ရ၊ တစ်လတိတိ အနားယူရမည်…


နေ့ခင်းဘက်မှာ -

ပျားရည်နှင့် ကျိုပြီးသား နွား… သောက်ခိုင်း၏။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆရာသည် အရပ်ပု၏။ (၅)ပေ၊ (၂) လက်မပဲရှိ၏။

ကျောင်းရောက်ခါစက -

BP = 100/60

WH = 90 ပေါင်ချိန်၊

ယခုတစ်လကြာသောအခါ -

BP = 100- 70

WH = 100 ပေါင်ချိန်ဖြစ်လာ၏။

ကဗျာဆရာ သိဒ္ဓိဝင်ပျားရည်ဖြင့် အိပ်ပျော်လာလေပြီ။

သူကြိုက်နှစ်သက်သော ကြက်သားကာလသားဟင်းကိုလည်း နှစ်နှစ်တာကာ စားနိုင်လေပြီ။

ကဗျာဆရာကိုနှိပ်စက်နေသည်မှာ ဆေးလိပ်နှင့် ကော်ဖီမစ်ထုပ်များပင်ဖြစ်ပါ၏။

ကော်ဖီမစ်ထုပ်များကို များများသောက်လျှင် အိပ်မရတော့ဘဲ ရင်တွေတုန်လာ၏။

ပျားရည်သည် NERVE ခေါ် အာရုံကြောများကို နှိုးဆွပေး၏။ သန်မာလာစေ၏။ စိတ်ကိုတည်ငြိမ်စေ၏။

ရှေးခေတ်ကာလက ဂရိလူမျိုးများနှင့် ရောမလူမျိုးများတို့သည် ပျားရည်ကို စိတ်ငြိမ်ဆေးအဖြစ် သုံးဆောင်ကြ၏။

ပျားရည်သည် အာရုံကြောစနစ်ကြီးတစ်ခုလုံးကို ပုံမှန်ဖြစ်အောင်ဆောင်ရွက်ပေးနိုင်သော သတ္တိစွမ်းအားရှိသည်ကို အာရပ်နိုင်ငံမှ သိပ္ပံပညာရှင်ကြီး အဗီစင်နားက ကောင်းကောင်းလက်ခံခဲ့၏။

သူကိုယ်တိုင်လည်း ပျားရည်ကို မှန်မှန်သောက်၏။ သူတစ်ပါးကိုလည်း သောက်သုံးရန် တိုက်တွန်း၏။

ကဗျာဆရာကို (၄၅) ရက်တိတိ အနားယူခိုင်းထား၏။ သိဒ္ဓိဝင်ပျားရည်ကိုတော့ နေ့စဉ်ပုံမှန်သောက်ခိုင်း၏။

ယခုတော့ ကဗျာဆရာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပါလေပြီ။

ကဗျာဆရာ၏အသားအရေလည်း ခြောက်ခြောက်မဖြစ်တော့ပါ။ အသားအရေစိုပြည်လာပါပြီ။

ရှေးခေတ်ကာလက ရုရှားစစ်သည်တော်များသည် ပျားရည်ကို သောက်သုံးပြီး စစ်တိုက်ကြသည်ဟု မှတ်တမ်းများတွင်ဖတ်ရ၏။

ကဗျာဆရာ ပျားရည်ကိုသောက်ပြီး ကဗျာစပ်ပါဟု တိုက်တွန်းရပါမည်။

ပျားရည်သည် စိတ်ကိုကြည်လင်စေ၏။ ဉာဏ်ပညာကိုထက်စေ၏။

ကဗျာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာ၊ သတင်းစာဆရာများသို့ ပန်ကြားချင်ပါသည်။ အသက်ရှည်ရှည်နှင့် ကျန်းကျန်းမာမာ နေထိုင်နိုင်ကြပြီး ပြည်သူအကျိုးပြုစာပေတွေ ရေးသားနိုင်ပါရန် -

ကော်ဖီထုပ်များကိုသိပ်မသောက်ပါနှင့်။

ဆေးလိပ်ကိုဖြတ်ပါ။

မနေနိုင်လျှင် (၂) လိပ်လောက်ပဲ သောက်ပါ။

နံနက်တိုင်း လမ်းမှန်မှန်လျှောက်ပါ။

အိပ်ပျော်ရန် ပျားရည်ကိုမှန်မှန် သောက်ပါ။

လေကောင်းလေသန့်ရှူရှိုက်ပြီး ပုံမှန် ကိုယ်ကာယလေ့ကျင့်ခန်းလေးတစ်ခုခုကို ပြုလုပ်ပေးပါ။

စာပေအသိုင်းအဝိုင်းမှ မိတ်ဆွေများ အနားယူချင်လျှင် မကျန်းမာလျှင် စာရေးသူ သီတင်းသုံးသည့် အောင်စကြာကျောင်းမှာ အနားလာယူနိုင်ပါသည်။

ဆေးလည်းကုပေးပါမည်။

ထမင်းဟင်းလည်းကျွေးပါမည်။

သိဒ္ဓိဝင်ပျားရည်ကိုလည်းတိုက်ပါမည်။

အထူးသဖြင့်တော့ စာရေးသူခိုင်းသည့်အတိုင်း နံနက်စောစောထ၍ စာရေးသူနှင့်အတူတူလမ်းလျှောက်ရပါမည်။

အောင်စကြာကျောင်းသည် မြို့ပြင်မှာရှိ၏။ လေကောင်းလေသန့်ရ၏။ တိတ်ဆိတ်ငြိမ်သက်၏။ ဦးနှောက်အနားပေးရန် ကောင်းသောနေရာလေးဖြစ်ပါကြောင်း။



လာခဲ့ကြပါ၊

လှိုက်လှိုက်လှဲလှဲ ဖျူဖျူငှာငှာ ကြိုဆိုလျက်ပါ။ သိဒ္ဓိဝင်ပျားရည်ကလည်း အဆင်သင့်ပါ။

## ၁၂။ ပျားရည်နှင့် စိတ်အလိုမကျသောမိန်းကလေးတစ်ဦး

အစ္စတီးရီးယား(HYSTRIEA)ခေါ် စိတ်အလိုမကျသောရောဂါသည် ပုထုဇဉ်လူသားတိုင်းလိုလို၌ ဖြစ်လေ့ဖြစ်ထိုက်ရှိနေတတ်ကြသည်။

လူတို့၏စရိုက်၊ ဝါသနာ၊ ဗီဇသည် တစ်ဦးနှင့်တစ်ဦး မတူကြပါ။

ကြွားချင်သူက ကြွားဝါရမှ ကျေနပ်၏။

အထက်စီးမှနေလိုသူက အထက်စီးနေရမှ ကျေနပ်၏။

သူတစ်ပါးကိုနှိမ်ချ၍ပြောလိုသူက နှိမ့်ချ၍ပြောရမှကျေနပ်၏။

မိမိကိုယ်ကိုသာ အကောင်းမြင်၏။

သူတစ်ပါးကို အကောင်းမမြင်တတ်။

ဝမရှိသူက ဝိလုပ်ချင်၏။

ပညာမရှိသူက ကျော်ကြားလို၏။ ထင်ပေါ်လို၏။

ဤကား ပညာဉာဏ်ပညာနည်းပါးလှသော ပုထုဇဉ်လူသားတို့၏ စရိုက်ပင်ဖြစ်၏။

ပညာရှိများအဆိုရှိ၏။

မပြည့်သောအိုးသည် ဘောင်ဘင်ခတ်၏။

ပြည့်ဝသောစပါးနှံသည် အောက်သို့ငိုက်၏။

မပြည့်ဝသောစပါးနှံသည် အပေါ်သို့ထောင်၏။

မဝါဝါ ဆိုသော မိန်းကလေး (အမည်ရင်းမဟုတ်ပါ။ အမည်တူရှိနေလျှင်လည်း သည်းခံခွင့်လွှတ်ကြပါ။)

ရုပ်ရည်ကလှပသည်။ ချောမောသည်။ မိဘများက ပစ္စည်းဥစ္စာလွန်စွာမှ ကြွယ်ဝချမ်းသာသည်။

သမီးလေး မဝါဝါကို မိဘများက အလွန်ချစ်ကြသည်။ အစစအရာရာ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးသည်။

မဝါဝါ တက္ကသိုလ်ဝင်တန်းမှာ စာမေးပွဲတွေ တဗုန်းဗုန်းကျရှုံးသည်။

မဝါဝါ၏ကျောင်းနေဖက်သူငယ်



www.burmeseclassic.com

www.burmeseclassic.com

ချင်း မအေးအေးက မရှိဆင်းရဲသူ၊ ပဲပြုတ်သည်သမီး။ မအေးအေးက တက္ကသိုလ်ဝင်တန်းကို တစ်နှစ်တည်းနှင့်အောင်မြင်၏။

မဝါဝါက ရုပ်ချောသည်။ လှပသည်။ ဒါပေမယ့် မဝါဝါက စာကိုစိတ်မဝင်စား၊ အလှအပကိုခုံမင်သည်။ ဝတ်ကောင်းများကို အမျိုးမျိုးဝတ်ဆင်သည်။

နဝမတန်းကျောင်းသူဘဝကတည်းက ရည်းစားတွေကမှိုလိုပေါက်သည်။

ဘာသာရေး၊ သာသနာရေးလုံးဝစိတ်မဝင်စား။ တက္ကသိုလ်ဝင်တန်းကျတော့ ကျောင်းထွက်ရပြီ။ ပညာမတတ်လည်း သူ့ဘဝအရေးမကြီး။ မိဘများက ပြည့်စုံသည်။ ကုံလုံကြွယ်ဝသည်။ ကျိကျိတက်ချမ်းသာသည်။

မဝါဝါကျောင်းထွက်ပြီး မော်တော်ဆိုင်ကယ်တစ်စီးဖြင့် အရပ်တကာလှည့်လည်၏။ ဂျင်းဘောင်းဘီအမျိုးမျိုးကို ဝတ်ဆင်သည်။

မဝါဝါ၏အပေါင်းအသင်းတွေကလည်း အမျိုးသားတွေချည်းပင်။

နေ့တစ်နေ့။

မဝါဝါသည် အမျိုးသား(၃)ဦးဖြင့် ဆိုင်ကယ်စီးပြီး တခြားမြို့လေးတစ်မြို့သို့ ခရီးထွက်သည်။ ထိုမြို့လေး၏တိုက်သစ်လေးတစ်လုံးမှာစားကြသည်၊ သောက်ကြသည်၊ ပျော်ကြသည်။ ထိုညမှာ မဝါဝါ အပျိုရည်ပျက်ရသည်။ ပျားရည်မြစ်အတွင်း၊ တဏှာရာဂမြစ်အတွင်းမှာ မဝါဝါမျှောပါသွားရသည်။ မဝါဝါ အပျိုဘဝပျက်ရသည်။

ဆားငန်ရည်သည် သောက်လေလေ ငတ်မပြေပါ။

တဏှာရာဂမီးကလည်း လောင်လေလေ လောင်ပြီးရင်းလောင်စေချင်။ လောင်တတ်သည်။

မဝါဝါ သူ့ဘဝကို သူကျေနပ်နေသည်။ ပျော်ရွှင်နေသည်။ ကိုယ်ဝန်မရှိရအောင် ဆေးမျိုးစုံတွေရှိသည်။ သောက်ဆေး၊ ထိုးဆေး ဒါတွေကို သူနားလည်သည်။

တစ်နှစ်ခန့်ကြာတော့ -

မဝါဝါ ရေယုန်နာတွေပေါက်လေပြီ။ မိဘများက စိုးရိမ်ပြီး ဆရာဝန်များနှင့်ပြသပြီး ကုသပေး၏။

မဝါဝါကို သွေးစစ်ကြည့်ကြသည်။ တွေ့ရပြီ။ HIV ပိုး။ မဝါဝါ AIDS ရောဂါရလေပြီ။

မိဘများက ဆေးတွေဝယ်ပြီး အိမ်မှာ ကျိတ်၍ကုသပေး၏။ အိမ်ပြင်သို့မထွက်ရတော့ပါ။



ငွေကြေးလည်းတတ်နိုင်၏။ ဆေးကလည်းနိုင်၏။ မဝါဝါ AIDS ရောဂါ ပျောက်ကင်းသွားရ၏။

မဝါဝါ၏ဖခင်က သူ့သမီးကိုမချစ်တော့ပါ။ အလို မလိုက်တော့ပါ။

မဝါဝါ၏မိခင်ကြီးမှလွဲ၍ ကျန်ရှိအိမ်သား ညီအစ်ကိုမောင်နှမအရင်းများကပါ ဝိုင်းပယ်ထားကြ၏။ ပစ်ပယ်ထားကြ၏။ တစ်အိမ်တည်းနေပြီး ကောင်းကောင်းမဆက်ဆံကြတော့ပါ။

မဝါဝါမှာ -

၁။ အိမ်ပြင်မထွက်ရ။

၂။ အပေါင်းအသင်းမရှိ။

၃။ အိမ်သားများက ဝိုင်းပယ်ထားကြ၏။

ယခုတော့ အသက်ငယ်ငယ်ဖြင့် မဝါဝါ စိတ်ရောဂါဖြစ်နေရလေပြီ။ HYSTRIEAခေါ် စိတ်အလိုမကျသောရောဂါရနေလေပြီ။

စိတ်ရောဂါဖြစ်ရသည်မှာ မိမိနေထိုင်နေရသောဘဝနှင့် မိမိပတ်ဝန်းကျင်မှာ သဟဇာတမဖြစ်လျှင် ဖြစ်တတ်သည်ဟု စိတ်ရောဂါဆရာဝန်ကြီးဖရွိုက်ကဆိုထားပါသည်။

ယခု မဝါဝါနှင့် သူ့ပတ်ဝန်းကျင်သဟဇာတမဖြစ်ပါ။ သူ့ကို သူ့ပတ်ဝန်းကျင်က ပစ်ပယ်ထား၏။ သူ့ဘဝမှာ တိုက်ထဲမှာ၊ အခန်းထဲမှာ တစ်ဦးတည်းတစ်ယောက်တည်း။

ဒီတော့ မဝါဝါ စိတ်ရောဂါရလေပြီ။

တစ်နေ့သ၌ မဝါဝါ၏ မိခင်ကြီးသည် သူ့သမီးနှင့်အတူတူ စာရေးသူ၏ကျောင်းသို့ရောက်လာ၏။ သူ့သမီးသည် စကားမပြော၊ ညဘက်မအိပ်၊ အစားအသောက်လည်း ကောင်းကောင်းမစား။ စသည်စသည်တို့ကိုပြောပြပြီး အကူအညီတောင်းပါ၏။

မဝါဝါက ဘုန်းတော်ကြီးကျောင်းရောက်တော့ ဘုရားကိုလည်း ဦးမချ။ ရဟန်းသံဃာကိုလည်းရှိမခိုး။

သူ့ကိုတွေ့မြင်ရသည်မှာ တွေဝေငေးမောနေ၏။ မပြုံးမရယ်ငိုင်တိုင်တိုင်။

စာရေးသူသည် ရဟန်းတော်တစ်ပါးဖြစ်၏။ မာတုဂါမများနှင့် သိပ်ပြီးအရောမဝင်လိုပါ။

ယင်းကြောင့် သိဒ္ဓိဝင်ပျားရည် (၃) ပုလင်းကိုပေးလိုက်ပြီး သောက်သုံးနည်းပါ ပြောလိုက်ရ၏။

သူ့သူငယ်ချင်း ပဲပြုတ်သည်သမီး မအေးအေးက တက္ကသိုလ်ဝင်တန်းအောင်ပြီး သယ်နိုးကျွန်းဆရာအတတ်သင်ကျောင်းမှာ သင်တန်းတက်နေ၏။

နွေရာသီကျောင်းပိတ်ရက်မှာ မြို့လေးသို့ပြန်လာ၏။ စာရေးသူထံ လာကန်တော့၏။ မအေးအေးက မြတ်မင်လာစာစောင်မှာ ဘာသာရေးဆောင်းပါးများရေးနေသူဖြစ်၏။

စာရေးသူက သူ၏သူငယ်ချင်း မဝါဝါအကြောင်းကို ပြောပြသဖြင့် မအေးအေး မဝါဝါတိုက်သို့သွား၏။ သူ့သူငယ်ချင်းနှင့်တွေ့၏။

သူငယ်ချင်းကို လိုက်လိုက်လှဲလှဲ ရင်းရင်းနှီးနှီးဆက်ဆံပြီး စကားပြော၏။ မဝါဝါ၏ တောင်းဆိုမှုကြောင့် မဝါဝါနှင့် အတူတူအိပ်ကြ၏။ အတူတူစားကြ၏။

စာရေးသူ မှာကြားလိုက်သည့်အတိုင်း မဝါဝါကို သိဒ္ဓိဝင်ပျားရည်တို့ မှန်မှန်တိုက်ခိုင်း၏။ မအေးအေးပြန်ပြောချက်အရ မဝါဝါစကားတွေလည်းပြော၏။ အစားအစာတွေလည်းစား၏။ သိဒ္ဓိဝင်ပျားရည်ကိုလည်း မှန်မှန်သောက်၏။ ညဘက်အိပ်လည်းအိပ်၏ ဆိုသောစကားများကို ကြားသိရ၏။

သူငယ်ချင်းမအေးအေးက မဝါဝါကို ပြင်ပသို့ထုတ်၏။ သူနှင့်အတူတူဈေးဝယ်ထွက်၏။ အလည်အပတ်ခရီးထွက်၏။

အတွေးအခေါ်ကောင်းမွန်လှသော မအေးအေးက သူငယ်ချင်းကို ပြုပြင်ပေး၏။ ပတ်ဝန်းကျင်နှင့် ပြန်လည်ဆက်ဆံပေး၏။

နောက်(၂)နှစ်လောက်ကြာတော့ မအေးအေး ဆရာအတတ်သင်ကျောင်းက ကျောင်းဆင်းလာ၍ မြို့



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှာ မူလတန်းပြလက်ထောက် ဆရာမရာထူးကိုရ၏။

မအေးအေးက မဝါဝါကို သူတို့ စာသင်ကျောင်းကိုခေါ်၏။ ကျောင်းအုပ် ဆရာမကြီးနှင့်တိုင်ပင်ပြီး မိုးလုံလေလုံ ခန်းမရှိ ကြက်တောင်ရိုက်ရုံကြီးမှာ ကြက်တောင်ရိုက်ကြ၏။

မဝါဝါက ကြက်တောင်ရိုက်ခြင်း တို့ အဌမတန်းကျောင်းသူဘဝကတည်း က ကောင်းစွာရိုက်နိုင်၏။ ဤကြက်တောင် ရိုက် အားကစားရုံကိုလည်း မဝါဝါတို့ မိဘများက လှူဒါန်းထားခြင်း ဖြစ်၏။

ကျောင်းအုပ်ဆရာမကြီးက မဝါဝါ တို့ သူတို့ကျောင်းမှာ စေတနာ့ဝန်ထမ်း ကြက်တောင်ရိုက်နည်းပြဆရာမအဖြစ် ခန့်အပ်ပေး၏။ ကျောင်းသူကျောင်းသား များအား မဝါဝါက ကြက်တောင်ရိုက် သင်ပေး၏။

မဝါဝါက ခေသူမဟုတ်ပါ။ ပညာ ရေးဘက်တွင်သာ မထူးချွန်သော်လည်း ကြက်တောင်ရိုက်ပြိုင်ပွဲမှာ တိုင်းအဆင့် ဝင် ပထမဆုကိုရ၏။

နောက်တော့ နိုင်ငံတော်က ကျင်းပသော အားကစားပြိုင်ပွဲများနှင့် ကြက်တောင်ရိုက်ပြိုင်ပွဲများတွင် ဗိုလ်စွဲ၍ ဆင်ပေါ်လာပါ၏။

မဝါဝါနှင့် နဝမတန်းကျောင်းသား ကျောင်းသူဘဝက ပထမဆုံးရည်းစား ဖြစ်ခဲ့သော ကျော်ဇေယျ။

ကျော်ဇေယျက ပညာထူးချွန်၏။ မိဘများက ဆင်းရဲလှ၏။ တက္ကသိုလ် ဝင်တန်းမှာ (၅) ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ရ၏။

ဆရာဝန်ဘွဲ့ရယူရန် ဆေးသိပ္ပံ တက်ရန် မဝါဝါမိဘများက ကျောင်း ထားပေးရ၏။ အစစအရာရာထောက်ပံ့ ပေးရ၏။

ယခုတော့ မောင်ကျော်ဇေယျ သည်လည်း M.B.B.S (ygn) ဘွဲ့ရ၍ ဆရာဝန်တစ်ယောက်ဖြစ်လာပါပြီ။

နောက်ဆုံးတော့ ဒေါက်တာ ကျော်ဇေယျကို ပြည်နယ်တစ်ခုတွင် လက်ထောက်ဆရာဝန်အဖြစ် ခန့်အပ် လိုက်၏။

ဒေါက်တာကျော်ဇေယျနှင့်မဝါဝါ တို့ လက်ထပ်ကြ၏။ မိခင်ဖခင်များက ကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ပေး ၏။

မင်္ဂလာပွဲပြီးတော့ ဒေါက်တာ ကျော်ဇေယျနှင့် မဝါဝါတို့ စာရေးသူ၏ ကျောင်းသို့ရောက်လာကြ၏။

သူတို့ဇနီးမောင်နှံ ပြည်နယ်ဆေးရုံ သို့ ပြောင်းရမည်ဖြစ်ပါ၍ လာကန်တော့ ပါ၏။

သည်တစ်ခါတော့ မဝါဝါ ဘုရား ကိုလည်းဝတ်ပြု၏။ သံဃာကိုလည်း ရှိခိုး ပါ၏။

စာရေးသူကို ပျားရည်ပုလင်း အလုံး (၃၀)ကိုပါ ကန်တော့သွားပါ၏။ မဝါဝါဘဝက ဖြောင့်ဖြူးသွားရပါတော့ ပြီ။

## ၁၃။ ပျားရည်နှင့် သည်းခြေပျက်ရှူသွပ်နေသူ

သူ့အမည်က ဦးခင်ကြီး။

ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ၏။ တိုက်ပိုင်ကားပိုင်ရှိ၏။ မာန်မာနခက်ထန် ၏။

လူလူချင်းဂရုမစိုက်၊ သွေးနားထင် ရောက်နေသူ၊ ပုထုဇဉ်လူသားပီသ၏။ ပုထုဇဉ်မှ ရိုးရိုးပုထုဇဉ်မဟုတ်။ အန္ဓပုထုဇဉ်။

ရတနာသုံးပါးကို ဆည်းကပ်ရမှန်း မသိ၊ ကိုးကွယ်ရမှန်းမသိ၊ ဘုရားမရှိ၊ တရားမရှိ၊ သံဃာမရှိသော ဦးခင်ကြီး။

ရန်ကုန်-မန္တလေးကားလမ်းမကြီး ပေါ်ရှိ မြို့ကြီးတစ်မြို့မှာ နေထိုင်လျက်ရှိ ၏။

သူ့မိသားစုမှာ ကုန်မျိုးစုံရောင်းချ သည့် ကုန်ခြောက်ကြီးတစ်ဆိုင်ရှိ၏။ အမျိုးသမီးအရောင်း စျေးသည် (၅) ဦး ငှားရမ်းထား၏။

ရွှေဖွေ့ရတနာအရောင်းဆိုင်နှင့် အပေါင်ဆိုင်လုပ်ငန်းဆိုင်လည်းရှိသေး ၏။

ဦးခင်ကြီးက ယခုမှ အသက်(၄၈) နှစ် အရွယ်ကောင်းတုန်း၊ အရွယ်တင် တုန်း။

မိမိအိမ်လုပ်ငန်းများကို ဘာတစ်ခု မျှဝင်မလုပ်။ သားတွေသမီးတွေကပဲ ဦးဆောင်လျက် ဆောင်ရွက်ကြသည်။

ဦးခင်ကြီးက ဘီလိယက်ခုံတွေမှာ ပဲ အနေများ၏။ လောင်းကစားလည်း ဝါသနာပါ၏။

ညနေခင်းဘက်ရောက်လာလျှင် မိတ်ဆွေတစ်စုနှင့် စားသောက်ဆိုင် ကောင်းကောင်းတစ်ဆိုင်မှာ ဘီယာ သောက်၏။ ယမကာကို မှီဝဲ၏။

အစားအသောက်ကောင်းကောင်း စား၏။အဝတ်အစားကလည်းအကောင်း စားမှဝတ်၏။ မြို့ထဲမှာ ဘယ်ကိုပဲသွား သွား သူ့ပိုင်လင့်ရှိဗာကားနှင့်သွား၏။

ဦးခင်ကြီးက အသက် (၄၈) နှစ်ရှိ ပြီဖြစ်သော်လည်း အရွယ်နုပျိုလှသဖြင့် (၄၀) ဝန်းကျင်လောက်ပဲထင်ရ၏။

သူ့ဇနီးသည်က နှလုံးရောဂါသည်၊ ဆေးမှန်မှန်သောက်ပြီး သူ့တိုက်အိမ်ကြီး အအေးခန်းမှာနေထိုင်ရ၏။

တိုက်အိမ်ကြီးက ခြံဝင်းကျယ် ကျယ်ကြီးထဲမှာ ခံ့ညားလှ၏။ ထည်ဝါ လှ၏။ အခိုင်းအစေတွေကများများ။

ဤမိသားစုမှာ ဦးခင်ကြီးသည် လူပိုတစ်ယောက်ဖြစ်နေ၏။

သားသမီးများလုပ်ကိုင်ဆောင်ရွက် နေကြသော စီးပွားရေးလုပ်ငန်းများကို ဝင်မစွက်ဝင်မမေး။ သူ့မှာ ကိုယ်ပိုင်ငွေ တွေရှိ၏။

သူ့ကိုယ်ပိုင်ငွေကိုသာ သူသုံးစွဲ၏။ သားသမီးနှင့်သူ့ကြားမှာ ဘာမှအဖုအ ထစ်မရှိ။ ပဋိပက္ခမရှိ။

သူသွားချင်သည့်အချိန် ထသွား သည်။ အိမ်သို့ပြန်ချင်သည့်အချိန်မှသာ ပြန်၏။

တစ်ခါတစ်ရံ တိုင်းမြို့သို့ သူငယ် ချင်းတစ်စုနှင့်တက်သွားကြ၏။ သုံး၊လေး ရက်ကြာ၏။

စီးပွားရေးခရီးမဟုတ်။

အပျော်ခရီး၊ တကျော့ကာမခရီးဖြစ် ၏။

မိန်းကလေးအနှိပ်ခန်းတွေမှာ ဇိမ် ကျကျနေ၏။ ဟိုတယ်မှာအိပ်၏။ဟိုတယ် မှာစား၏။

မိန်းကလေးချောချောလှလှငယ် ရွယ်သူလေးများနှင့် အိပ်၏။ ပျော်ပါး၏။

သူက ငွေကို ရေလိုသုံးသူပါပဲ။

မိဘများက မိုးကုတ်ဘက်မှာ ကျောက်တွင်းသူဌေးတွေ။ မိဘများထံမှ ရရှိထားသည့် အမွေပစ္စည်းတွေက သူ့တစ်သက်စားမကုန်ပါ။

သူ့ဘဝမှာ အဘက်ဘက်ကပြည့်စုံ နေသူ၊ သူလိုချင်တာဖြစ်၏။ သူလုပ်ချင် တာဖြစ်၏။

ငွေကိုလည်း မနှမြော၊ မတွန့်တို။ အပေါင်းအသင်းများ သုံးစွဲကြရာတွင် သူကပဲအကုန်ခံသုံးပါ၏။ ယင်းကြောင့် လည်း အပေါင်းအသင်းများက သူ့ကို ချစ်ခင်ကြ၏။ ဝိုင်းရံကြ၏။

သူ့ဝါသနာက -

ဘီလိယက်၊ အရက်ဖျော်ယမကာ၊ မိန်းကလေးငယ်ငယ်။ ဒါတွေနှင့်ပဲသူ့ဘဝ ကို ဖြတ်သန်းနေ၏။

လူ့ဘဝ ဆိုသည်မှာ ကံကြမ္မာ ကောင်းချိန်ရှိသလို ကံကြမ္မာဆိုးချိန်

www.burmeseclassic.com

လည်းရှိတတ်၏။

ကံဆိုသည်မှာ ဆန်းကြယ်လှ၏။

ကံကိုမမြင်ရပါ။ မတွေ့ရပါ။

ကံကောင်းချိန်ရှိသည့်အခါရှိ၏။

ကံဆိုးချိန်ရှိသည့်အခါရှိ၏။

ကံကို မည်သူကမျှလုပ်ပေးသည် မဟုတ်ပါ။ နတ်၊ ဗြဟ္မာများကလည်း မပြုလုပ်ပေးနိုင်ပါ။ မိမိကောင်းကံဆိုးကံကို မိမိကိုယ်၌ကသာပြုလုပ်၍ရ၏။

တစ်နေ့သ၌ ချမ်းသာသည့်သူဌေး ဦးခင်ကြီး မန္တလေးမြို့မှ ပြင်ဦးလွင်သို့ အပေါင်းအသင်းများနှင့် ခရီးထွက်၏။

ပြင်ဦးလွင်မှပြန်အဆင်းမှာ သူ့ကားတိမ်းမှောက်၏။ အားလုံးလိုလိုပဲ ဒဏ်ရာတွေရသွားကြ၏။

ယာဉ်ထိန်းရဲများက မန္တလေး ဆေးရုံကြီးတို့ ပို့သရ၏။ ဒဏ်ရာရသူများက မျက်နှာ၊ ခြေထောက်၊ ခေါင်းအသီးသီးရကြ၏။

ဦးခင်ကြီးဒဏ်ရာက ထူးထူးဆန်းဆန်း ကပ်ပယ်အိတ်နှင့် လိင်တံကိုဒဏ်ရာရ၏။

အထူးကုခွဲစိတ်ဆရာဝန်ကြီးများက ကပ်ပယ်အိတ်နှင့်လိင်တံကို ခွဲစိတ်ဖြတ်ထုတ်ပစ်ရ၏။

သူငယ်ချင်းတစ်စု မန္တလေးဆေးရုံကြီးမှာ (၁၅)ရက်မျှလောက်ကြာအောင် ကုသကြရ၏။

အမှုကတော့ ကားမှောက်မှု လောက်ပဲဖြစ်ပါ၏။ အေးဆေးပါ၏။

ဦးခင်ကြီး သူနေထိုင်သည့်မြို့လေးသို့ ပြန်လာ၏။ သူ့မှာ ယောကျ်ားလိင်အင်္ဂါမရှိတော့ပါသဖြင့် စိတ်ဓာတ်တွေကျဆင်းလာတော့၏။ သည်းခြေပျက်ရောဂါဝင်လာ၏။

ဤသတင်းကလည်း မြို့လေးမှာ ပျံ့နှံ့သွားရ၏။ ယခုတော့ သူဌေးဦးခင်ကြီး စိတ်ဓာတ်ကျ၍ စိတ်ရောဂါဝေဒနာသည်ဖြစ်နေပါတော့၏။

မည်သူက ညွှန်ပြလိုက်သည်မသိ။ အဆိုပါဝေဒနာရှင် စာရေးသူထံသို့ ရောက်ရှိလာ၏။

ခေါ်လာသူ သူ့မိတ်ဆွေက သူသူငယ်ချင်း ဦးခင်ကြီးအကြောင်းကို ခရေစေ့တွင်းကျ တစ်လုံးမကျန်ပြောပြပါ၏။

ဝေဒနာရှင်၏လက္ခဏာကို အကဲခတ်ကြည့်ရာ အောက်ပါလက္ခဏာများကို တွေ့ရ၏။

စကားမပြော။

မျက်နှာကခပ်တည်တည်။

မျက်လုံးက ဟိုကြည့်သည်ကြည့်။

အငြိမ်မနေတဲ့မျက်လုံး။

မျက်နှာက တစ်ခါတစ်ရံ ငိုမလိုရယ်မလိုလို။

သူ၏မိတ်ဆွေက စာရေးသူကို အပ်၏။ ကုသပေးရန်ပြော၏။ ငွေကြေးဘယ်လောက်ကုန်ကျကုန်ကျ အကုန်ခံမည်။ (ငွေစကားပါလာ၏။)

စာရေးသူက ရွာသာကြီးရှိ၏။ စိတ်ရောဂါကုဆေးရုံမှာတင်ပြီးကုသဖို့ အကြံဉာဏ်ပေး၏။

သူတို့ဘက်က ဆေးရုံမတက်ချင်၊ ရွာသာကြီးသို့ မသွားချင်။

ရဟန်းတစ်ပါးဖြစ်သည့် စာရေးသူကို ဝေဒနာရှင် ဦးခင်ကြီးက ဦးမတိုက် ဦးမချ။

စာရေးသူသည် မိမိကိုအားကိုး၍ လာအကူအညီတောင်းသူကို နှင်မထုတ်ချင်ပါ။ နှင်ထုတ်ရန်လည်း ဆန္ဒမရှိပါ။

စာရေးသူကိုလည်း စိတ်ဝေဒနာရှင်ကြည့်ရှုပုံက မလေးမစား အထင်သေးသည့်မျက်လုံး။

ယင်းကြောင့် ဆေးကုပေးမည်ဟု ဆုံးဖြတ်လိုက်သည်။

ကိုရင်လေးတစ်ပါးကို ခေါ်ပြီး သီးသန့်အခန်းတစ်ခုမှာ နေရာချပေးထားလိုက်သည်။

ဝေဒနာရှင်နှင့် သူ့မိတ်ဆွေကိုလည်း လွတ်လွတ်လပ်လပ်နေထိုင်ရန် ဖြစ်သည်။

နွားသွေးပေါင်ချိန်ကြည့်သည်။

BP = 110/70

WHT = ပေါင်ချိန် (၁၁၀)ရှိ၏။

အရပ် (၅) ပေ (၆) လက်မရှိ၏။

ဆေးမကုသခင် သူ့မိတ်ဆွေကို ပြောပြရ၏။

ဘုရားရှိခိုးရမည်။

တရားကိုရှိခိုးရမည်။

သံဃာကိုရှိခိုးရမည်။

ငါးပါးသီလဆောက်တည်ရမည်။

သတ္တဝါတွေကို မေတ္တာပို့ရမည်။

ဒါတွေလုပ်နိုင်လျှင် ဆေးကုပေးမည်။ ငွေမလိုပါ။ ဘုန်းကြီးတို့ စေတနာဝန်ထမ်းပဲ။ ဆေးကုသပေးပါသည်ဟု ပြောပြရ၏။

နှစ်ဦးနှစ်ဖက် အပေးအယူပြုလုပ်ကြ၏။ အားလုံးလက်ခံ၏။ အဆင်ပြေ၏။

အထက်ပါ အချက် (၅) ချက်ကို လိုက်နာဆောင်ရွက်ပါသဖြင့် သိဒ္ဓိဝင်ဖျားရည်ကို စတင်တိုက်ပါတော့၏။

နံနက်လက်ဖက်ရည်ဇွန်းလေး (၁) ဇွန်း၊ နေ့လယ် လက်ဖက်ရည်ဇွန်း လေး (၁)ဇွန်း၊ ညနေ လက်ဖက်ရည်ဇွန်းလေး (၁)ဇွန်း။ ညနေဘက်တွင် နွားနို့ကျိုပြီးသား တစ်ဖန်ခွက်ပါတိုက်ပါ၏။

သူ့အိမ်ကို ဖုန်းဆက်၏။ သူ့အား ချက်ပြုတ်ကျွေးမည့်သူများ ရောက်လာကြ၏။

နံနက်စောစောထရ၏။

ဘုရားဝတ်တက်ရ၏။

ငါးပါးသီလခံယူရ၏။

စာရေးသူနှင့်အတူတူလမ်းလျှောက်ရ၏။

တစ်ပတ်ခန့်ကြာတော့ ဦးခင်ကြီး ကောင်းကောင်းအိပ်ပါတော့၏။ ဦးခင်ကြီး စကားပြောလာ၏။ အနေအထိုင် တည်ငြိမ်လာ၏။

ဝေဒနာရှင်မသိရဘဲ စာရေးသူက ရန်ကုန်မှ စာရေးသူနှင့်သိသော ခွဲစိတ်ဆရာဝန်ကြီးထံဖုန်းဆက်၍ ဦးခင်ကြီး၏ လိင်တံမရှိသည့်အကြောင်းကိုပြောပြ၏။

ဆရာဝန်ကြီးက ပြန်ပြောပြပါ၏။ စင်ကာပူနိုင်ငံမှာကုသ၍ရကြောင်း ပြန်ပြောပြ၏။

ဝေဒနာရှင် ဦးခင်ကြီး၊

သူနှင့်ပါလာသည့် သူ့မိတ်ဆွေ၊

သူတို့နှစ်ဦးကို စာရေးသူ၏အခန်းသို့ခေါ်ပြီး လိင်တံကိစ္စကို ဆွေးနွေးကြ၏။

စင်ကာပူနိုင်ငံတွင် ကုသ၍ရကြောင်းသိရသောဦးခင်ကြီးမှာ ချက်ချင်းပင် အပြုံးမျက်နှာကြီးဖြစ်ပေါ်လာ၏။

ချက်ချင်းပဲသွားမည်ဟု ဖြစ်လာပါတော့သည်။ ငွေကြေးတတ်နိုင်သည့်သူတို့သွားနိုင်သည်၊ ကုသနိုင်သည်ကို စာရေးသူသိပြီးဖြစ်၏။

စာရေးသူက ဦးခင်ကြီးထံတွင် ဝန်ခံချက်တောင်းသည်။ ရောဂါကုပြီးပါက -

ငါးပါးသီလမြဲရမည်။

ပရဟိတလုပ်ငန်းများဆောင်ရွက်ရမည်။

ဖျားရည်ကိုလည်း နေ့စဉ်သောက်ရမည်။

ဤအချက် (၃)ချက်ကိုလက်ခံပါ၏။ ယင်းကြောင့် သူတို့ပြန်သွားကြ၏။

(၆)လခန့်ကြာတော့ ဦးခင်ကြီးနှင့် သူ့မိတ်ဆွေကျောင်းသို့ ရောက်လာ၏။

ကျောင်းရှိ သံဃာများအား အတွက် သင်္ကန်းပရိက္ခရာများ [illegible] ဒါန်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးခင်ကြီး အရက်မသောက်တော့ လောင်းကစားလည်းမလုပ်တော့ပါ။ ဘာမတာဏှာကိစ္စလည်းကင်းသွားပါပြီ။

သူတို့နေထိုင်သည့်မြို့မှာ ဦးခင်ကြီးဖောင်ဒေးရှင်း မရှိဆင်းရဲသားများကို ဘျန်းမာရေး၊ ပညာရေးကူညီသည့် အစီအစဉ်ပြုလုပ်ထားကြောင်း ပြောပြပါတော့၏။

သည်းခြေဝေဒနာရှင် သိဒ္ဓိဝင်ပျားရည်နှင့် ပျောက်သွားရပါသဖြင့် စာရေးသူလည်း လွန်စွာမှ ပီတိဖြစ်သွားရပါသည်။

ဦးခင်ကြီးတို့မိသားစုသည် ယခုအခါ စည်းစည်းရုံးရုံး ပျော်ပျော်ရွှင်ရွှင်ဖြင့် သိဒ္ဓိဝင်ပျားရည်ကို မိသားစုတစ်စုလုံး သောက်သုံးနေကြကြောင်း သိရှိရပါ၍ ပို၍ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတော့သည်။

### ၁၄။ ပျားရည်နှင့်သွေးကင်ဆာ

ကင်ဆာရောဂါက အမျိုးမျိုးရှိ၏။ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ဦးနှောက်ကင်ဆာ၊ အသည်းကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ သွေးကင်ဆာ။

ကင်ဆာရောဂါ ဆိုသည်မှာ မလိုအပ်သော ကလာပ်စည်းဆဲလ်လေးများ ခန္ဓာကိုယ်အင်္ဂါများအတွင်းတိုးပွားလာသောရောဂါဖြစ်၏။

သွေးကင်ဆာကတော့ ကုသရန် ပျောက်နိုင်သော ကင်ဆာပင်ဖြစ်ပါ၏။

သွေးတွင်းမှာ W.B.C ခေါ် သွေးဖြူဥများ များပြားလာသောရောဂါပင်ဖြစ်၏။

တစ်နေ့သ၌ စာရေးသူထံ ရွှေကျင်မြို့ တောင်ပေါ်ဒေသတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဘုန်းတော်ကြီးတစ်ပါးကြွလာ၏။ သူ၏ကျောင်းတွင် ဓာတ်ပဋ္ဌာန်းပူဇော်ပွဲကျင်းပရန်ရှိပါသဖြင့် ကိုယ်တိုင်လာပင့်ခြင်း ဖြစ်ပါ၏။

ယင်းကြောင့် စာရေးသူသည် မထင်မှတ်ဘဲ တစ်ခါမှမရောက်ဘူးသော တောင်ပေါ်က ဘုန်းတော်ကြီးကျောင်းသို့ ရောက်ခဲ့ရ၏။

တောတောင်ထဲက တောင်ပေါ်ကျောင်းဆိုပေမယ့် အဆောက်အအုံတွေက ပြည့်ပြည့်စုံစုံ။ ရေစက်၊ မီးစက်ရှိပါသဖြင့် ရေလည်းလုံလောက်၏။ အလင်းရောင်လည်း လုံလောက်၏။

တောင်ပေါ်၊ မြေပြန့်မှာ တိုက်ကျောင်းတွေက (၃)၊ (၄) လုံး။ အစစအရာရာပြည့်စုံ၏။ ပင့်သံဃာ (၂၄) ပါးလုံး ကြွတော်မူကြ၏။

ညတစ်ညတွင် ကရင်အမျိုးသားကြီးတစ်ဦးက ပျားရည်အစွမ်းထက်ကြောင်း ဘုန်းတော်ကြီးတစ်ပါးအား ပြောကြားနေသည်ကို ကြားသိရ၏။

ယင်းကြောင့် သူတို့ပြောနေကြသည့်စကားဝိုင်းနားသို့သွားထိုင်ပါ၏။

"ဒကာကြီး ပျားရည်အကြောင်းပြောပြနေသံကြားလို့ လာတာပါ။ လာနားထောင်တာပါ။ ပျားရည်စွမ်းကြောင်းပြောပြပါဦး"

"မှန်လှပါ ဘုရား၊ ပြောပြပါမယ် ဘုရား"

ဒကာကြီးက ကရင်အမျိုးသားဖြစ်ပါသဖြင့် ကရင်သံဝဲဝဲနှင့် ပြောပြပါတော့၏။

ဒကာကြီးက ဘီလင်းမြို့ဘက်ကဖြစ်၏။ ဤကျောင်းဆရာတော်ကြီး၏ ညီအရင်းဖြစ်ပါ၏။ ဆွမ်းစားကျောင်းတိုက်ကျောင်းကို လှူဒါန်းထားသော အလှူရှင်လည်းဖြစ်၏။

"ဆရာတော်၊ တပည့်တော်မှာ တစ်ဦးတည်းသော သမီးဦးလေးနဲ့ သားနှစ်ယောက်ရှိပါတယ်။ သမီးဦးက ဉာဏ်ပညာထက်မြက်တယ်။ ဘွဲ့ရတယ်။ ကွန်ပျူတာပညာရပ်ကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ပါတယ်"

"ဆက်ပြောပါဦး"

"တပည့်တော်ရဲ့မိတ်ဆွေက ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာနေပါတယ်။အဲဒီမိတ်ဆွေရဲ့အကူအညီနဲ့ ဘန်ကောက်က ကုမ္ပဏီကြီးတစ်ခုမှာ သမီးဖိုးမူအလုပ်ရပါတယ်။ တစ်လကို မြန်မာငွေနဲ့ (၅) သိန်းရပါတယ် ဆရာတော်"

"ရသားပဲ"

"အဲဒီသမီးလေးက ပညာရေးလည်းကောင်းပါတယ်။ ဉာဏ်လည်းကောင်းပါတယ်။ ဝင်ငွေလည်းကောင်းပါတယ်။ ဒါပေမယ့် ကုသိုလ်ကံကဆိုးပါတယ်"

"ဘာဖြစ်လို့လဲ ဒကာကြီးရဲ့"

"သွေးကင်ဆာလေ၊ တော်တော်ဆိုးတဲ့ရောဂါပါ ဆရာတော်ရယ်"

လူကြီးမီးယားခေါ် သွေးကင်ဆာဆိုပါသဖြင့် စာရေးသူ ပို၍စိတ်ဝင်စားသွားပါ၏။

"ဘန်ကောက်မှာ အထူးကုဆရာဝန်တွေနဲ့ကုသပါတယ်။ မပျောက်ပါဘူး။ ဆရာဝန်တွေက ပြောပါတယ်။ ငွေကုန်မခံပါနဲ့။ ကလေးမလေးကိုပြန်ခေါ်သွားပါတဲ့။ဒါနဲ့ပဲ တပည့်တော်လည်း ဘီလင်းကို ပြန်ခေါ်ခဲ့ပါတယ်။ တပည့်တော်တို့နေတာက ဘီလင်းမြို့ပေါ်မှာမဟုတ်ဘူး။ တောရွာလေးတစ်ရွာမှာပါ"

"ဆက်ပြောပါဦး"

"ဖိုးမူကလည်း သူသေရတော့မယ်ဆိုပြီး နေ့တိုင်းပဲ အချိန်တိုင်းပဲ ဘုရားရှိခိုးနေပါတယ်"

"ကောင်းတာပေါ့"

"တစ်နေ့ကျတော့ ကရင်အဘိုးကြီးတစ်ယောက် တပည့်တော်တို့အိမ်ကို ရောက်လာပါတယ်ဘုရား။ တပည့်တော်တို့နဲ့လည်း မသိကျွမ်းဘူးဘုရား"

"ပြောပါဦး"

"အဲဒီကရင်အဘိုးကြီးက ဖိုးမူရောဂါကို ဆေးကုသပေးတာပါပဲ ဆရာတော်"

"ဘယ်လိုကုလဲ ဒကာကြီး"

"ပျားရည်ရှာခိုင်းတယ်။ ပြီးတော့ ကြက်ဆင်သွေးရအောင်ရှာရတယ်။

တပည့်တော်က ဗုဒ္ဓဘာသာဆိုတော့ သူများအသက်မသတ်ဘူး ဆရာတော်။ ဖိုးမူရဲ့မောင်တွေကသိသွားတော့ သူတို့ရအောင်လုပ်ပေးမယ်လို့ တာဝန်ယူကြပါတယ်"

"ဒါနဲ့ ရတယ်ပေါ့"

"ရပါတယ် ဆရာတော်"

"ဘယ်လိုတိုက်လဲဗျ"

"ပျားရည်က ဇွန်းလေး (၃) ဇွန်း၊ သံပရာသီးက (၃) လုံးအရည်ညှစ်ထည့်၊ ကြက်ဆင်သွေးနည်းနည်း (၃)စက်ရောမွှေပြီး ဖိုးမူကိုတိုက်ခိုင်းပါတယ်"

"ထူးခြားလားဗျာ"

"ထူးခြားဆို ပျောက်ကိုပျောက်သွားပါတယ် ဆရာတော်ရဲ့"

"ဘယ်လောက်ကြာကြာသောက်ရလဲဗျ"

"(၂၃) ရက်ပဲ သောက်ရပါတယ် ဆရာတော်"

"ပျားရည်က ရိုးရိုးပဲလား ဒကာကြီး"

"ပျားရည်က သစ်ခေါင်းနှစ်ချို့ပျားရည်ပါပဲ"

"ပျောက်တယ်ဆိုတာ ဘယ်လိုလုပ်သိလဲ"

"တပည့်တော် ဖိုးမူကို ရန်ကုန်ကိုခေါ်သွားပါတယ်။ ဘန်ကောက်က အထူးကုဆရာဝန်တွေရဲ့ ဆေးစစ်ချက်တွေလည်းယူသွားပါတယ်။ ကင်ဆာရောဂါကုသတဲ့အထူးကုဆရာဝန်ကြီးကိုပြသပါတယ်။ ဆရာဝန်ကြီးက ဖိုးမူကို



www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုးစစ်ဆေးပါတယ်"

"ဘာပြောလဲဗျ"

"သွေးမှန်သွားပြီတဲ့၊ သွေးထဲမှာ သွေးဖြူဥတွေမတွေ့ရတော့ဘူးတဲ့ဘုရား။ ရောဂါပျောက်သွားပါပြီတဲ့ ဆရာတော်"

ခက်ခဲတဲ့ သွေးကင်ဆာ။ သမားတော်ကြီးများပင်မကုသနိုင်သေးတဲ့ သွေးကင်ဆာ။ ယခုပျောက်ရသည်ဆိုတော့ ဝမ်းသာစရာသတင်းပါပဲ။

တိုင်းရင်းသမားတော်ကြီးတစ်ဦးကို ဤအကြောင်းပြောပြတော့ ဆရာကြီးက ဝေဖန်ပြ၏။

"ပျောက်နိုင်တယ်လို့ တပည့်တော်လည်း ထင်ပါဘုရား"

ဟု ပြန်လျှောက်၏။

"ဘာဖြစ်လို့လဲ အကြောင်းပြပါဦး"

တိုင်းရင်းသမားတော်ကြီးကဒီလို ပြောပါ၏။

"ဓာတ်တူ နံတူ ဆေးဖက်ယူ၊ ဓာတ်တူသတ်က အသေရ"

"ရှင်းပြပါဦး ဆရာကြီး"

"ဒီလိုပါဘုရား။

သွေး ကင် ဆာ
၆ ၂ ၃
သွေး ကြက် ဆင်
၆ ၂ ၃

ခင်ကြီးဖျော်ရဲ့ ဓာတ်ကျမ်းမှာ ဓာတ်တူနံတူသဘောတွေပါတယ်ဘုရား"

သွေးကင်ဆာကို ပျားရည်၊ သံပရာရည်၊ကြက်ဆင်သွေးနှင့်ပျောက်သည်မှာ မှန်သည်ဆိုပါက ဆေးသုတေသနဌာနမှ ကြက်ဆင်သွေးကို ဓာတ်ခွဲကြည့်ရန် စာရေးသူက တိုက်တွန်းလိုက်ရပါသည်။

သောက်ရသည့် ရက်ကလည်း (၂၃) ရက်ပဲဆိုတော့ ထူးတော့ထူးဆန်းပါ၏။ ပျောက်သူက ပျောက်သွားပါသဖြင့် မယုံလို့တော့မဖြစ်ပါ။

သုတေသနပြုကြည့်ရန်လိုပါတော့သည်။

### ၁၅။ ပျားရည်နှင့် ကိုယ်ရေပြားရောဂါသည်ကို ဆေးကုသခြင်း

စာရေးသူ ဆယ်နှစ်သားကျော်ကျော်အရွယ်ခန့်လောက်က စာရေးသူတို့ရွာတွင် ကိုယ်ရေပြားရောဂါသည် တစ်ဦး (LEPROSY) ရှိခဲ့၏။

သူတစ်ဦးတည်း ဝါးအိမ်ကလေး ဆောက်ပြီးနေထိုင်၏။ သူ့အမည်က ကိုဖိုးငိုဖြစ်၏။ မျက်နှာပြင်မှလွဲ၍ ခန္ဓာကိုယ်တစ်ခုလုံး အဖုအပိမ့်တွေကထွက်နေ၏။

ထိုသူသည် ငါးထောင်သည့်မြှုံးများဖြင့် ငါး၊ ပုစွန်ထောင်ဖမ်းသည့် အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်နေ၏။

တစ်နေ့သ၌ စာရေးသူတို့ရွာသို့ ရှမ်းပြည်နယ်ဘက်မှ ရှမ်းဆေးဆရာတစ်ဦး ရောက်ရှိလာ၏။ ကိုယ်ရေပြားရောဂါသည်များကို ဆေးကုသပေး၏။ ကာလသားအများအတွက် အဆောင်လက်ဖွဲ့ကြီးများပြုလုပ်ပေး၏။

လူကြီးတွေ၏ ပြောပြချက်အရ ရှမ်းဆေးဆရာသည် မြွေပွေးအသေကောင်ကိုရအောင်ရှာဖွေခိုင်း၏။

မြွေပွေးအသေကောင်ရလာသော အခါ သွပ်ပြားပေါ်တွင်တင်၍ မြွေပွေးကို သွပ်ပြားအောက်မှာ မီးမွှေးထားရ၏။

မြွေပွေးအသေကောင်မှအနံ့များ ထွက်လာ၏။ ကိုယ်ရေပြားရောဂါသည်က စောင်တစ်ထည်ကိုခြုံပြီး ထိုအနံ့ကို ရှူရှိုက်ရ၏။

တစ်ကိုယ်လုံး ချွေးတွေတံပြိုက်ပြိုက်ကျဆင်းလာ၏။ ထိုချွေးများက အလွန်ညှီစော်တွေနံ၏။ ထိုချွေးတွေကို အဝတ်သန့်သန့်ဖြင့်သုတ်ပေးရ၏။

မြွေပွေးအသေကောင်က သွပ်ပြားပေါ်တွင် ပြာများဖြစ်သွား၏။ ထိုမြွေပွေးပြာလက်ဖက်ရည်တစ်ပန်းကန်စာရ၏။ ထိုမြွေပွေးပြာနှင့်ပျားရည်လက်ဖက်ရည်ပန်းကန်(၃)လုံး၊ သံပရာသီးအရည် (၃) လုံးတို့ကို ရောစပ်၏။

မြွေပွေးပြာ၊ ပျားရည်၊ သံပရာရည် (၃) မျိုး ရောစပ်ရ၏။

တစ်နေ့လျှင် (၃) ကြိမ် ဇွန်းလေးတစ်ဇွန်းသောက်ရ၏။ ကြက်သွန်ဖြူဥကို မီးဖုတ်ပြီး ရောဂါသည်ကိုဓာတ်စာအဖြစ် ကျွေး၏။

ရေစည်ပိုင်းပြတ်တစ်လုံးထဲ ရေနွေးတည်ပြီး ရေနွေးကိုထည့်ရ၏။ ထိုရေနွေးထဲသို့ နနွင်းမှုန့်စစ်စစ်လက်ဖက်ရည်ပန်းကန် (၃) လုံးထည့်ရ၏။

ပြီးတော့ ရေစည်ပိုင်းထဲမှာ ရောဂါသည်သည် (၁) နာရီတိတိ ရေစိမ်ရ၏။ တစ်နေ့တစ်ကြိမ်ကျ (၉) ရက်တိတိ ရေစိမ်ရ၏။

ဤကဲ့သို့ (၃)၊ (၄)ကြိမ်မျှပြုလုပ်ပေးသောအခါ ထိုကိုယ်ရေပြားရောဂါသည်သည် အဖုအပိမ့်များပျောက်သွားရသည်ကို တွေ့ကြရသည်ဟု ပြောပါ၏။

ရှမ်းဆေးဆရာက -

ပျားရည်တစ်ဇွန်း၊ သံပရာရည်တစ်ဇွန်း ရောစပ်ပြီး တစ်နေ့ (၃) ကြိမ် သောက်ခိုင်း၏။ ကြက်သွန်ဖြူမီးဖုတ်ကိုလည်း စားခိုင်း၏။

စာရေးသူတို့ရွာတွင်ရှိသောအခြားသော ကိုယ်ရေပြားရောဂါသည်များကို အခကြေးငွေမယူဘဲ ရှမ်းဆေးဆရာက ကုသပေးခဲ့ကြောင်း လူကြီးတွေကပြောပြ၏။

ရှမ်းဆေးဆရာကုသသည့်အရေပြားရောဂါဝေဒနာသည်များအားလုံးပင် ပျောက်ကင်းကြောင်းကို သိရှိရပါ၏။

ယခုအခါမှာတော့ အရေပြားရောဂါသည်များကို ကျန်းမာရေးဌာနမှ ဆေးများ အခမဲ့ပေးဝေပြီး ကုသပေးနေပါ၏။ ပျောက်လွယ်ပျောက်ကင်းကြပါ၏။

မိမိတို့၏ သားသမီးများမှာ အရေပြားပေါ်၌ မသက်မသာဖွယ်ရာအကွက်လေးများတွေ့ခဲ့လျှင် ကျန်းမာရေးဌာနသို့ စောစောသွား၍ ပြသပါရန် တိုက်တွန်းရပါ၏။

ရှက်စရာမလိုပါ။ အနူဆယ်ပါး လူတိုင်းမှာ တစ်ပါးပါးတော့ရှိနေပါ၏။

မိမိတို့ရင်သွေးငယ်များကို ဆေးမကုသဘဲထားပါက ကြီးပြင်းလာသောအခါ ထိုကလေးသည် ထိုရောဂါကြောင့် စိတ်အားသိမ်ငယ်ပြီး ဘဝအောင်မြင်မှုတွေမရှိတော့ပါ။

စိတ်အားတွေငယ်လာတတ်ပါ၏။ အရေပြားရောဂါရှိနေပါလျှင် ပြသပါ ကုသပါ။ ပျောက်ကင်းပါ၏။

အထူးသဖြင့် ရှက်စရာမလိုပါကြောင်း။

ရှေးလူကြီး၏ အယူအဆတစ်ခုရှိသေး၏။ ကိုယ်ရေပြားရောဂါသည်တို့ ကြက်သားဟင်းမကျွေးကြပါ။ ကြက်သားစားရင် ရောဂါဆိုးသည်ဟုယူကြ၏။ ရောဂါမတိုးပါ။ အရေပြားရောဂါသည်ကို ကြက်သားကျွေးခြင်းဖြင့် အင်အားကောင်းမွန်ပြီး ရောဂါပင်မြန်မြန်ပျောက်စေပါ၏။

ယင်းကြောင့် ကိုယ်ရေပြားရောဂါသည်ကို ကြက်သားကျွေးကြပါရန် တိုက်တွန်းလိုက်ရပါကြောင်း။

### ၁၆။ ပျားရည်နှင့်အမျိုးသမီးများ

ပျားရည်သည် အရွယ်ကိုတင်စေ၏။ နုပျိုစေ၏။ အရေပြားပေါ်တွင် အနာရောဂါများမဖြစ်ရလေအောင် ကာကွယ်ပေး၏။

အရေပြားကို သန့်ရှင်းစေ၏။ ပြင်ပမှဝင်လာသော ရောဂါပိုးများ



www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ခုခံပေး၏။

**မျက်နှာအလှပြင်ခြင်း**

ကြက်ဥအကာရည်တစ်လုံး၊
ပျားရည်ဇွန်းသေးလေးတစ်ဇွန်း၊
ဂရစ်ဆလင်းဇွန်းသေးတစ်ဇွန်းကို ကြွေပန်းကန်ထဲထည့်၍ ရောမွှေပေးပါ။ အသင့်ဖြစ်နေလျှင် မျက်နှာကို ဆပ်ပြာဖြင့် မျက်နှာသစ်ပါ။ မျက်နှာသုတ်ပဝါဖြင့် ရေတွေစင်ကြယ်အောင် သုတ်ပါ။

ပိတ်ပါးစတစ်စပေါ်တွင် အသင့်ပြုလုပ်ထားသည့် ကြွေပန်းကန်ထဲမှ အရည်ကို ခပ်ပါးပါးသုတ်လိမ်းကျံပါ။

ထိုပိတ်ပါးစကို မျက်နှာပေါ်မှာ အုပ်၍ကပ်ထားပါ။ မျက်စိပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်များကို ဖောက်ထားပေးပါ။

တစ်နာရီခန့်ကြာအောင် မျက်နှာပြင်ပေါ်မှာ ကပ်ထားပေးပါ။

တစ်နာရီပြည့်လျှင် ပိတ်ပါးစကို ခွာပါ။ မျက်နှာပြင်ကို ရေနွေးနွေးနှင့် ဆေးကြောပါ။ မျက်နှာပြင်ဖြူစင်နေသည်ကို လက်တွေ့ပဲ မြင်တွေ့ရပါမည်။

မိမိအိမ်တွင်ပြုလုပ်နိုင်သော ပျားရည်မျက်နှာပေါင်းတင်နည်းဖြစ်၏။

သခွားသီးတစ်လုံးကို ပါးပါးလှီးပြီး မျက်နှာပြင်ကို ပွတ်သပ်ပေးပါ။ ကျန်အညစ်အကြေးများကို သခွားရည်က စုပ်ယူသွားပါမည်။

မျက်နှာပြင်လည်း အေးမြသွားပါသည်။ ညဘက်မှာ ဆောင်ရွက်ကြပါ။

ဝမ်းပျော့ပျော့သွားစေရန် ပျားရည်နှင့်သံပရာကိုရောစပ်၍သောက်ပေးပါ။

ဝမ်းထဲတွင် (မလကြီး၊ မလငယ်) တွေမရှိပါစေနှင့်။ ရေသန့်သန့်ကို နံနက်တိုင်း အိပ်ရာထထချင်း သောက်ပေးပါ။

ဝမ်းတွင်းမှာ ဆီးပုပ်၊ ဝမ်းပုပ်၊ သွေးပုပ်များရှိနေပါလျှင် မျက်နှာအသားအရေမလှပတော့ပါ။

မျက်နှာပြင်မှချွေးများထွက်စေရန် ရေနွေးနွေးဖြင့်ချွေးအောင်းပေးပါ။ ချွေးပေါက်တွေမပိတ်ပါစေနှင့်။

နေပူထဲသို့ထွက်လျှင် ထီးဆောင်းပါ။

ပျားရည်ကိုမှန်မှန်သောက်ပေးပါ။

အိပ်ရေးဝဝအိပ်ပါ။

ဝမ်းချုပ်၊ ဆီးချုပ်၊ သွေးချုပ် မခံပါနှင့်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို တစ်ခုခုနေ့စဉ်ပြုလုပ်ပေးပါ။

ပျားရည်မှန်မှန်သောက်လျှင် အိပ်ရေးဝ၏။ အသားအရေနုပျို၏။ ဉာဏ်ပညာတွေထက်မြက်လာပါ၏။

မိမိမျက်နှာကို မိမိကိုယ်တိုင် ပေါင်းတင်ခြင်းကို ပြုလုပ်ကြည့်ပါ။

အမျိုးသမီးများသဘောကျလက်ခံလာပါမည်။

တချို့သောနိုင်ငံများတွင် ပျားရည်ကို အလှကုန်ပစ္စည်းများတွင် အသုံးပြုလျက်ရှိနေကြပါပြီ။

**၁၇။ ပျားရည်တောက်ခြင်း။ ပျားရည်သီးခြင်း**

လူသားတစ်ထောင်မှာ ပျားရည်တောက်ခြင်း၊ ပျားရည်သီးခြင်းတို့ကို တစ်ယောက်တလေ တွေ့ရှိရတတ်၏။

ပျားရည်သောက်လျှင် ဖြည်းဖြည်းချင်း ဇွန်းလေးနှင့်သောက်ပါ။ အလောတကြီးမသောက်ပါနှင့်။ ပျားရည်သောက်သောက်ပြီးချင်းနောက်မှာ ရေတစ်ခွက်ကို အမြဲသောက်ပါ။

ပျားရည်တောက်ခြင်း၊ ပျားရည်သီးခြင်း (IDIOSYGRASY) ခေါ် (ALLERGY) ကြောင့်လည်း ဖြစ်စေတတ်ပါ၏။

လူတစ်ယောက် ပျားရည်သောက်သုံး၍ မတည့်ပါလျှင် အောက်ဖော်ပြပါ လက္ခဏာများကို တွေ့ရပါမည်။

ကိုယ်ပူရှိန်တက်လာ၏။ မအီမသာ ဖြစ်လာ၏။ ပျို့အန်လာ၏။ ခေါင်းမူးနောက်နောက်ဖြစ်လာ၏။ တစ်ခါတစ်ရံ အရေပြားပေါ်တွင် အဖုအပိမ့်လေးများ ထွက်လာ၏။ အသက်ရှူကျပ်လာ၏။ ဝမ်းတွေသိပ်ပြီးသွားပါ၏။

ဤလက္ခဏာများ တွေ့ရှိပါက အဆိုပါပုဂ္ဂိုလ်သည် ပျားရည်နှင့်မသင့်ပါသဖြင့် ပျားရည်သောက်သုံးခြင်းကို ရပ်ဆိုင်းပစ်ပါ။

**ပျားရည်စစ်၊ မစစ် စမ်းသပ်နည်း**

၁။ မင်နှိပ်ထားသော သတင်းစာစက္ကူပေါ်သို့ ပျားရည်တစ်စက်ချကြည့်ပါ။ စက္ကူထဲသို့ ပျားရည်စုပ်မဝင်ပါ။

၂။ ပျားရည်အနည်းငယ်ကို ဇွန်းလေးထဲသို့ထည့်ပါ။ မီးပြကြည့်ပါ။ မီးမလောင်ဘဲ ပျားရည်ပျစ်တွဲတွဲဖြစ်နေရင် စစ်ပါ၏။

၃။ ပျားရည်အိုးထဲသို့ လက်ညှိုးနှစ်လိုက်ပါ။ ပြီးလျှင် ပျားရည်ပေကျံနေသောလက်ကို ရေဆေးကြည့်ပါ။ ပျားရည်စစ်လျှင် လက်မှာ လုံးဝပြောင်သွားပါ၏။

၄။ ပျားရည်တစ်ဇွန်း၊ နမ်းဆီတစ်ဇွန်း ကြွေပန်းကန်ထဲသို့ထည့်ပါ။ ရောမွှေပေးပါ။ နောက်ဆုံး ပျားရည်တစ်ဇွန်းသာကျန်နေသည်ကို တွေ့ရပါမည်။ ပျားရည်စစ်ပါ၏။

၅။ ပျားရည်ကို ကြွေပန်းကန်ထဲသို့မထည့်မီ ရေကို ကြွေပန်းကန်ထဲသို့ ထည့်ထားပါ။ ပြီးမှ ပျားရည်တစ်စက်ကို ကြွေပန်းကန်ထဲရှိ ရေထဲသို့ချပေးပါ။ ပျားရည်နှင့်ရေ ရောမသွားပါ။ ပျားရည်သည် ပန်းကန်အောက်မှာ ပွင့်လေးအနည်ထိုင်နေသည်ကို တွေ့ရပါမည်။

၆။ ပျားရည်စစ်လျှင် များသောအားဖြင့် တောခွေးများမလျက်ပါ။

(မိမိတို့တွင်ရှိသော ပျားရည်ကို အထက်ပါနည်းအတိုင်း စမ်းသပ်ကြည့်နိုင်ပါသည်။)

အောင်စကြာ
အရှင်သုမေ္ဓသာရ(ဥပစာဝိဇ္ဇာ)
အငြိမ်းစားကျန်းမာရေးမှူး

**မှီငြမ်းသောစာအုပ်များ**

၁။ ဝိနည်းမဟာဝါပါဠိတော်၊ မြန်မာပြန်
၂။ သိဂ်ဝေဒသံဟိတာဆေးကျမ်း
၃။ ဥတုဘောဇနဆေးကျမ်း
၄။ ဓာတုဩသဓရာသီကျမ်း
၅။ သမားတော်လက်စွဲဆေးအဘိဓာန်အဖွင့်
၆။ ဘေသဇ္ဇမဉ္ဇူဆေးကျမ်း
၇။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၇)
၈။ ၁၉၆၅ ခုနှစ် အမျိုးသားစာပေဆုရ ဦးဝင်းတင်ပြုစုသည့် ပျားတို့ကမ္ဘာစာအုပ်၊ စာပေဗိမာန်၊ ပြည်သူ့လက်စွဲစာစဉ်
၉။ ဒေးစွန်ပါတောင်မှသက်တော်ရှည်ဘုန်းတော်ကြီး၏ သိဒ္ဓိဝင်ပျားရည်အကြောင်း
၁၀။ ဘီလင်းမြို့ ကရင်အမျိုးသားကြီး ပြောပြသည့် သွေးကင်ဆာအကြောင်း
၁၁။ တိုင်းရင်းသမားတော်ကြီး ရှမ်းဆေးဆရာကြီး ပြောပြသည့် ပျားအကြောင်း၊ ပျားရည်အကြောင်း မှတ်စု





www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါနံနက်**

၁ ၀ - သမ္မဒါန် (၃-၄-၅ ကဏ္ဍရှင် စွပ်စွဲ၊ သက်သေလိုက်ရ၊ သားသမီးထိခိုက်) (ပရ၊ အတ္တ)
၀ ၆ - အပါဒါန် (၃-၄-၅ အနိဋ္ဌရှင်၊ ငွေကုန်၊ ခွဲစိတ်ကုသခံ) (အတ္တ)
၆ ၅ - ကံ (ကျန်ကဏ္ဍရှင် နိစ်+ပြ ဒုက္ခပေး၊ အတ္တ၊ ပရ)
၅ ၄ - ကရိုဏ်း (ရာဟု) (ကျန်အနိဋ္ဌရှင် ထိခိုက်၊ ရန်ပွား၊ ပြဿနာ၊ အတ္တပရ)
၄ ၃ - ကတ္တား - မိန်းကလေးများ အိမ်ထောင်ရေးဇာတ်သေချာဆင်ခြင်
၃ ၂ - အာလုတ် - စကားပြောဆင်ခြင်၊ ကတိပျက်သော် ပြဿနာပိုလာ
၂ ၁ - ဩကာသ - ဂုဏ်နံနှင့်အတူ ငွေ၊ ကာမဂုဏ်အတွင်းမှာရှုပ်ခြင်းကအပါဒါန်ဖြစ်စေ

**စနေသက်ရောက်နံနက်**

၄ ၃ - ကတ္တား
၃ ၂ - အာလုတ်
၂ ၁ - ဩကာသ

**❑ နှိပ်စက်နေသောနာမည်များ**

"အင်္ဂါသားသမီးတို့ရဲ့ အခြားနိစ်တိုင်။ ဒီမှာ စနေသက်ရောက် အတော်များများက စနေဆိုရင် လန့်ကြတယ်။ သားဦးစနေတဲ့။ နေတက်ရေတက် စနေဖွားတဲ့။ စနေဆိုတာ စိတ်ထက်၊ ဒေါသကြီးသတဲ့။ ကမ္ဘာပေါ်ရှိသမျှ စနေတွေ လူဆိုး၊ လူမိုက်ဖြစ်ရောလား။ မိဘတွေ သားဦး စနေမွေးတိုင်း ဆင်းရဲကုန်သလား။ ပြောမယ်ဆို စနေဂြိုဟ်ဆိုတာလည်း အခြားဂြိုဟ်တွေထက် ဘာမှ ပိုမထူးပါဘူး။ သူ့စရိုက်၊ သူ့ပရိယာယ် အတိုင်း လှုပ်ရှားနေတာပါပဲ။ အကျိုးပေးမြန်ခြင်းရှိတာပဲ ပြောနိုင်မယ်။ ထောင်ကျ၊ အံ့မှုဖြစ်၊ ထိခိုက်ဒဏ်ရာဖြစ်တိုင်း စနေဂြိုဟ်မွှေလိုက်ပြန်ပြီလို့ ဆိုကြတာလည်း အပြည့်အစုံမမှန်ပါဘူး။ ဝေးဝေးသွားမရှာပါနဲ့။ ကိုယ့်နားပြဿနာတက်သူတွေ့တိုင်း မေးပြီးတွက်ကြည့်စမ်း။ ကျန်ဂြိုဟ်တွေဖြစ်နေလိမ့်မယ်။ ထောင်ကျသူတိုင်း စနေကြောင့် မဟုတ်ဘူး။ စနေက ဘူတာကြီးလို့ပေါ့။ ငွေ၊ ကား၊ ရည်းစား တနင်္လာကြောင့် ပြဿနာတက် စနေဘူတာဆိုက် စကား များ လာဘ်စား အင်္ဂါကြောင့် ဆက်သွား

# နေ့ဝိဇ္ဇာ

## နာမည်များနှင့်ငြင်းခုံခြင်း

(၁၁)





www.burmeseclassic.com

www.burmeseclassic.com

နောက် စနေဘုတာရပ် ထောင်က စနေရဲ့ ပရိယာယ်သက်သက်။

ဝမ်းနည်းဖွယ် အကောင်းဆုံးတချို့ဗဟုသုတမရှိကြတဲ့မိဘတွေပေါ့။ သားဦးစနေလေး၊ သမီးဦးလေး မွေးဖွားလာရင် နံနှိမ်တာတဲ့လေ။ မိခင်နို့ (၄၅) ရက်မတိုက်ဘဲထား၊ လှေကားအောက်ခွေးကတတက်သိပ်ထား၊ ကာလေးလည်ပင်းအနိဋ္ဌပစ္စည်းတွေ ချည်နှောင်ထားနဲ့ မိဘမဲ့သပုံများကွာ။ အင်း - ယုတ်ညံ့တဲ့အယူအစွဲရိုးရာတွေဟာ ပညာမဲ့၊ နှလုံးမလှသူတို့အတွက်တော့ အားကိုးစရာဆေးတစ်ပါးလို့ မြင်ကြတာကိုး။ ဒီဆေးက အဆိပ်ဆိုတာ နားမလည်ရှာပေဘူး။

ကဲ - နိစ်ဘက်ကြည့်စို့ရဲ့။ ကတ္တားအာလုတ်မှာ နိစ် ၃၂၊ ၄၃ ပေါ့။ သက်ရောက်စနေမူလက ဒီတိုင်မှာ နေရာယူပြီးခဲ့တဲ့နံတွေထက် ကောင်းနေတယ်။ ၀၆ အတွဲ ပြခွင်နော်။ နေဝက္ကဋ္ဌ အနိဋ္ဌအာရုံဌာနမှာ ရပ်တည်လို့ပေါ့။ နိစ်၊ တိုင်ခြေသက်ရောက်နံရှိတာထက်စာရင် ကောင်းပါတယ်။ စနေသက်ရောက် အင်္ဂါသမီးအတွက် ဟောရတာက ပိုပြီးဘက်ရှင်ပါလိမ့်မယ်။ အင်္ဂါ + စနေ ပါပဖြုတ်။ ၀၃-၃၀ အတွဲ မ-သက်ရှိ၊ ကျား-ဆိုးသက်မဲ့လေ။ ငယ်ရွယ်သူမိန်းကလေးတွေ ချစ်သူနဲ့ခိုးပြေးတာ အများဆုံးကသည်တိုင်ပါပဲ။ ၄၃၊ ၃၂၊ ၂၁၊ ၁၀ဒီလေးတွဲက ကြိုးဆွဲသွားစေတယ်။

၂၁ မှာ ဩကာသကာရက၊ အချစ်ရည်းစား၊ ကာမဂုဏ်။ ဒါ သက်ရှိဝတ္ထုတွေ၊ ငွေ၊ ကား၊ ကွန်ပျူတာ၊ သက်မဲ့တွေမွေးန်-၃ကို ၂-အာလုတ်မှီခေါ်ပြီး သက်ရှိသား၊ သက်မဲ့လား ဩကာသကတော့သတ်ခံရတော့မယ် ဟုတ်ပြီ။

'ဩကာသ၊ ဘယ်မှာဖြစ်ပျက်၊ ဘယ်လက်ထက် ထောက်လျက်ညွှန်ပြ၊ ဩကာသ' တဲ့။ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်၊ ဘယ်နှစ်တွေမှာ ဘာဖြစ်ခဲ့၊ ဘာလုပ်ခဲ့တာလဲဆိုတဲ့ နေရာနဲ့ အချိန်ကာလကိုထောက်ပြသတ်သေခံတဲ့ ပုဒ်ဘာ ဒီဩကာသကာရကပါပဲ။ ဩကာသေသတ္တမီ ဟူသော ကစ္စည်းကျမ်းအရ သတ္တမီဝိဘတ်သတ်တဲ့သုတ် ၌သို့ အနက်ရှိတယ်။

နံနက်(၄)နာရီ၌ ခရီးထွက်မည်။

သည်ဝါကျမှာ ကတ္တားဖြစ်ရာ ခရီးထွက်မည့်သူက ဘယ်အချိန်စမည်ဆိုတဲ့အကြောင်း ၌ ဝိဘတ်နဲ့ တိတိကျကျဆိုလိုက်ရဲ့။ ကျန်အချိန်မရှိတော့ဘူး။ ဩကာသဟာ တိကျတယ်၊ ခိုင်မာတယ်၊ သစ္စာရှိတယ်။ ဒါကြောင့် ဆန်းဗေဒင်အယူအဆဘက်မှာလည်း ကဋ္ဌအဖြစ်သုံးတာ။ နောက်အတွင်းအုပ်စုရဲ့ ပြယုဂ်လင်၊ ဇနီး၊ မိဘ၊ သားသမီး၊ မိသားစုတို့ရဲ့တိုးတက်အောင်မြင်စေမယ့်လမ်းကြောင်းဖောက်ပေးတဲ့ကာရက။

ဩကာသကပ် ဂြိုဟ်အိပ်+သက်ရောက်ရင် ခိုင်ခိုင်မြဲမြဲဖြစ်လိုခြင်း၊ ပုံမှန်အလုပ်မှ စီးပွားတက်ခြင်း၊ ရင်းနှီးထားရာစီးပွားရေး၊ အလုပ်တို့ကြောင့် အမြတ်အစွန်းရခြင်း၊ သားသမီးကြောင့် စိတ်ချမ်းသာခြင်း၊ အလှူပြုရခြင်း၊ အေးချမ်းစွာ ကိုယ့်အိမ်၌ခံစားရခြင်း၊ အတွင်းရေးသာယာခြင်း၊ မိမိရရှိတဲ့ အခိုက်အတန့်ဘဝ၌ ပျော်မွေ့ကျေနပ်ခြင်းတို့ကဩကာသရဲ့ကောင်းဂုဏ်တွေပေါ့။

ဟုတ်ပြီ။ ၂၁ ဩကာသက ငြင်းမရတော့ဘူး၊ လက်ခံရပြီလေ။ အင်္ဂါ+စနေ ပါပတွဲ ၃၀ + ဒါကို မြင်အောင်ဆက်ပြောရရင် နိစ်ကြီး ၃၂ အာလုတ်၊ ပြခွင်ရှိ ၀၆ အပါဒါန်၊ ကပ်ဂြိုဟ်ပယ်ပြီးကြည့်သော် ၃၀ ပဲပေါ့။ အဲဒါကြောင့်အမျိုးသမီးတွေအများများတဲ့ဂြိုဟ်လို့ဆိုရတာ။ ၂၁ တိုင်ခြေမှာ ဩကာသရဲ့ ကဋ္ဌဂုဏ်ပျက်သွားပြီ။ မိဘထံနေခိုက် စိတ်ညစ်၊ အလိုမပြည့်၊ ကိုယ့်ခြေထောက်ပေါ်ရပ်ချင်စိတ်နဲ့ လင်ယူတော့မယ်။ အပေါ်ဆုံး ၁၀ တွေ့လား။ ဒါအိမ်ထောင်ပြုနိုင်ခြင်းအတွက် လွယ်ကူသလိုဖြစ်သွားတာပဲမဟုတ်လား။ စိတ်ညစ်ရင် ထွက်ပေါက်ဟာ ဒီလမ်းကဖြောင့်နေတယ်။

အသက် ၃၅ နှစ်ခန့် အိမ်ထောင်သည် အမျိုးသားတစ်ဦး အင်္ဂါပေါ့။ မကြာသေးဘူး၊ ဥစ္စာထုပ်ပြုတ်သွားတာ။ ရှိတဲ့ငွေအရင်းအနှီးရော မိဘပိုက်ဆံပါပေါင်းပြီး မိတ်ဆွေတစ်ဦးနဲ့ Share လုပ်လိုက်တော့ ၂၁ ဩကာသအတွဲ အနိဋ္ဌဖြစ်နေတာကြောင့် အမြတ်အစွန်းမရ၊ အတွင်းရေးဂယက်ထ၊ အိမ်၌မပျော်တို့ခံစားရ၊ တိုင်ထိပ်အန္တော (၁၀) အလုပ်၊ အိမ်တွင်းရေး တန်းကပ် ၆၅ အိမ်ရှင်မ၊ ဉာတိ၊ ခရီး၊ ရောင်းဝယ်ရေး၊ အပွင့်ကြီးတွေကို တစ်ချက်တည်းနဲ့ ၂၁ ဩကာသက သူ့ကိုယ်ပိုင်နံ တနင်္လာသွားလုပ်လို့တီးထည့်လိုက်တာ မလှုပ်နိုင်မကယ်နိုင်ဖြစ်ကရော။ ကားပါမစ်ပဲပေါ့။ ကားအရောင်းအဝယ်သွားလုပ်သတဲ့။ရှုံးလိုက်သမှ ခွက်ခွက်ကိုလန်လို့။ နိစ်ကပ်ဂြိုဟ် ၄၃၊ ၃၂ တို့ ပညာမပြသေးဘူး။ တိုင်ခြေရဲ့ ဩကာသက သူ့ထိလို့ဆော်လိုက်တာ။

ရှိသေးတယ်။ စနေ + အင်္ဂါ ပါပအတွဲ ဒီတိုင်ရဲ့ အနိဋ္ဌရှိဂြိုဟ်တွေနိုးထအောင် မတော်မလျော်ပုတ်နှိုးတော့ခံရပုံ။ ခုဟာက သက်မဲ့နိစ်+ခြေကြိုးကွင်းစွပ်ခံသွားရရှာတဲ့ လူငယ်နှစ်ဦး။ အပြင်မှာလည်း အများအမြင်ကတတ်အောင်တဝီးဝီးနဲ့ ပရမ်းပတာသွားနေကြရဲ့။ ဖြစ်ချင်တော့ သူတို့နေထိုင်ရာကနေ တစ်ညသူငယ်ချင်းနှစ်ယောက် ဆိုင်ကယ်တစ်စင်းအတူစီးသွားကြစဉ် နိစ် + ခြေအတွက် မောင်းသူက အသက်ပေးရ။ နောက်လူက ခြေနှစ်ဖက်စလုံး ဖြတ်ပေးခဲ့ရရှာပေါ့။ တနင်္ဂနွေဇေယျတိုင်နှစ်ပေါ့။ ၄၃၊ ၃ က ဒွယယကပ်၊ နောက် ကတ္တားကာရက၊ လူနှစ်ယောက် ကတ္တားဖောက်ပြန်တဲ့အတွက် ၃၂ နိစ်ကြီး အာလုတ်ကသူ့တာဝန်အရ စရိုက်ဆိုးတဲ့သူ ခေါ်တာပေါ့။ ၃၂၊ ၂၁ ဆိုင်ကယ်။

ဗုဒ္ဓဟူးနိစ်

| | |
|---|---|
| ၁ ၂ | - ဩကာသ (၁-၅-၄ အနိဋ္ဌရှင်၊ ခရီး၊ စက်ကြောင့်ထိခိုက်နိုင်၊ အတ္တ၊ ပရ) |
| ၀ ၁ | - အပါဒါန် (၁-၅-၄ကဋ္ဌရှင်၊ဆန့်ကျင်ဘက်လိင်၊အပေါင်းအဖော်များမှသောကဝင်ပရ၊အတ္တ) |
| ၆ ၀ | - သာမိ (ကျန်အနိဋ္ဌရှင်၊ ထိခိုက်၊ အဟွင်းမီး၊ ပရ) |
| ၅ ၆ | - ကရိုဏ်း (ကျန်ကဋ္ဌရှင်၊ ငွေကြေး၊ အတွင်းနာတာရှည်ပြန်ပေါ်၊ ပရ၊ အတ္တ) |
| ၄ ၅ | - သမ္ပဒါန် - ပြင်ပမိတ်ဆွေအများနှင့်ဆက်ဆံမိက နိစ်+ပြလာလေပြီ၊ အပါဒါန်ထိနိုင် |
| ၃ ၄ | - ကတ္တား - စိတ်အပြောင်းလဲမမြန်သင့်၊ တည်ငြိမ်ကျန်ရှိပါစေ |
| ၂ ၃ | - အာလုတ် - အလုပ်၊ ရာထူး၊ ငွေသုံးခုက စတင်ရှုပ်စေ |

စနေဂြိုဟ်သက်ရောက်နိစ်



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ နိစ်ကြီးရှိ ၃၄ ကို ဆန်းအရ အောက်ကပ်တဲ့အခါတိုင်း ရာဟု ၈ လို့ ကောက်ရမှာ။ ကောက်ပြီဆိုပါစို့။ အဇ်+မဟိဒ်နှစ်တိုင်စလုံး ရာဟုတိုင်ဖြစ်သွားပြီ။ ဗုဒ္ဓဟူးသားသမီးတိုင်း နိစ်ခံတဲ့အသက်ပိုင်း လုံးဝမရှိတော့။ အမှန်က ၃၄ ကို ဒီနေရာမှာ ၄ ယူမှသာလျှင် ကတ္တားဖွဲ့ပြီး ဗုဒ္ဓဟူးအဖြစ် ပရိယာယ်ဟောကွက်ထုတ်လို့ရမယ်။

| | | |
|---|---|---|
| သမ္ပဒါန်<br>၁ | ကံ<br>၂ | ကရိုဏ်း<br>၃ |
| သာမိ<br>၆ | ရာဟုဂြိုဟ်<br>ကာရက | အပါဒါန်<br>၄ |
| ကတ္တား<br>၈ | အာလုတ်<br>၅ | ဩကာသ<br>၀ |

ဗုဒ္ဓဟူးသီးသန့်ဝေဖန်မယ်။ ဘယ်နေ့သားသမီးရဲ့တိုင်မဆို ယခုလို ဓာတ်၊ မိတ်၊ ရန်အတွဲတွေနည်းပြီး ဥဒါသိန်အတွဲတွေသာများနေရင် ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ စိတ်မရေရာမှုတွေ များနေတတ်ရဲ့။

၂၃ ကူးစံ၊ ဓာတ်ပျက်၊ ၀၁ တောအံ၊ ဓာတ်ပျက်၊ ၆၀ သုတ၊ ရန်၊ ဒီတစ်ခုပဲမှန်နေတယ်။

၄၅ - သမ္ပဒါန်
၃၄ - ကတ္တား
၂၃ - အာလုတ်

သမ္ပဒါန်၊ ကတ္တား၊ အာလုတ်၊ နောက်ပြန်ခွင်ရှိ ၀၁ စနေကို အပါဒါန်ကပ်တဲ့ခွင်ကို ကြိုးတစ်ချောင်းနဲ့ဆွဲပြီး ဝေဖန်ပြချင်ပါတယ်။

↕ ၀၁- ပြခွင်၊ အပါဒါန်၊ ရှိ
၃၄- နိစ်ကြီး၊ ကတ္တား၊ မဲ့

အင်္ဂါ+စနေကြီး၊ ဆန့်ကျဉ်+ပဋိပက္ခကာရကအတွဲ၊ ကတ္တားက ဗုဒ္ဓဟူးသားသမီးတွေ သူတို့ရဲ့ စိတ်အဖွဲ့တွက အပြောင်းအလဲမြန်တဲ့ နိစ်ခံနှစ်၊ အင်္ဂါရဲ့နံတွေ စက်ပစ္စည်း၊ ဆေးဝါးကုန်၊ စားဆီ၊ စက်ဆီ၊ စစ်ဘက်ဆိုင်ရာ၊ စျေးဆိုင်၊ စတိုးဆိုင်၊ စင်တာ၊ စားသောက်ကုန်၊ စာအုပ်၊ စာရေးကိရိယာစုံ (စာပေဆိုင်ရာ၊ ဗုဒ္ဓဟူးနံ ၃၄ တွဲ)

စနေနံတွေဖြစ်တဲ့ နိုင်ငံရေးဘက်၊ တရားဥပဒေ၊ တရားရုံးများ၊ ထိရောင်းဝယ်ရေး၊ ဓာတ်ဆီ၊ ဒီဇယ်၊ စစ်တပ်၊ နို့ဆီ ချက်ရုံ အားလုံးသက်ရှိတော့ နာမည်နဲ့နံယူပေါ့။ သူတို့အတွက် ယမ်းဖွင့်ပေးစေတာက အောက်ခြေ ၂၃ အာလုတ်က သွေးဆောင် ခေါ်ငင်ပို့မှာပဲ။ ရည်မှန်းချက်က ငွေရလိုမှု ပြင်းပြသောစိတ်ဆန္ဒဖြင့် တွေဝေစွာ ကြိုးပမ်းချက်ကြောင့်-

ဟုတ်တယ်၊ လူတွေလန့်တဲ့စနေ သက်ရောက်မယ် ဗုဒ္ဓဟူးတို့အတွက် ပြမှာ စနေ အုပ်စိုးနေပြီ။ ကောင်း+ဆိုး မရေရာတဲ့ခွင်။ အမှန်ကနေအမှားဆွဲပို့ရာဌာန။ ဒီပြမှာ ပိုလန့်စရာကောင်းတာက အပါဒါန်ကာရကဖြစ်နေတာပါပဲ။ ဒီနှစ်သက်ရောက်တဲ့ ဗုဒ္ဓဟူးတို့ရဲ့စရိုက် အရေးပါသွားပြီ။ အပါဒါန်ဟာ ထွက်ခွာခြင်း၊ မနာခံ၊ ပုန်ကန်တတ်တဲ့သဘော။ ကြိုးငြိအလုပ်တို့နဲ့ ဒီနှစ်မှ စတင်ဆက်စပ်ရင် သေချာထိလိမ့်မယ်။

ပိုသေချာအောင် ဒီကာရကနဲ့ ထပ်ရှာရလိမ့်မယ်။ ၄၅ နိစ်ငယ်ရှိ သမ္ပဒါန်။

သမ္ပဒါန ။ ။ ပစ္စည်းထိန်းချုပ်၊ လက်ခံပုဒ်၊ သမုတ်သမ္ပဒါန်တဲ့။

ပစ္စည်း၊ ဝတ္ထု၊ အခြားအရာတို့ကို လက်ခံရာ၊ ထိန်းချုပ်ရာ၊ အနက်သဘောဟာ သမ္ပဒါန်လို့ခေါ်တယ်မှတ်ပါ။ 'အား၊ ဌာနှစ်ပါး၊ ပေးတုံငြား၊ မှတ်သား သမ္ပဒါန်' စတုတ္ထီ ၄-ခုမြောက်ဝိဘတ်သက်ရာပုဒ်။

ဥပမာ ။ ။ ဦးအောင်မြတ်သည် သံဃာတော်များအား လှူဒါန်းသည်။

ဦးအောင်မြတ်ဟာ ကတ္တားပုဒ်၊ သမ္ပဒါန်ပုဒ်က သံဃာတော်များ၊ နောက်လှူတာလက်ခံသူ၊ ထင်ရှားအောင် အား ဝိဘတ်ကပြလိုက်တယ်။ ကတ္တားရှင် ဦးအောင်မြတ် ဘယ်သူ့ကိုလှူလိုက်ကြောင်း မေးစရာမလိုတော့ဘူး။

နောက် ဌာ၊ ဝယ်ခြင်းဌာမသင့်၊ ဝယ်ခြင်း၊ မသင့်၊ လက်ခံတဲ့ပုဒ်က ဘာလဲ။ မသင့်၊ လိုရင်းက သမ္ပဒါန် အနက်ဟာ လက်ခံခြင်းဖြစ်ပါတယ်။ ဆန်းဗေဒင်ဘက် ကြွေယူတယ်။

နှစ်ဦးပိုင်ပစ္စည်းကိုပြုခြင်း၊ သမ္ဘ ကုမ္ပဏီ၊ အစုရှယ်ယာ၌အောင်မြင်ခြင်း အများအားပေးဝေခြင်း၊ ထင်ပေါ်ကျော် စောခြင်း၊ ကြိုးစား၍ချမ်းသာခြင်း၊ ပြင်ပ အုပ်စုနှင့်ညီညွတ်ခြင်း၊ သဒ္ဒါကျမ်းအလို ကရှင်းတယ်။ လက်ခံခြင်း၊ ယူခြင်း။

ပြင်ပလောကရှိလူတွေနဲ့ ဆက်ဆံ ရေးကောင်း၊ ယုံကြည်လို့ရတဲ့ သမ္ပဒါန်ပါ ပဲ။ အမှန် ကြွေဂြိုဟ်အိပ်နေရှင်ကောင်း ပါတယ်။ ခုလို ၄၅ နိစ်ငယ်မှာ ဗျ မရဏကိစ္စကပ်လိုက်ပါပြီတဲ့။ စောစော ကပြောခဲ့တဲ့ကြိုးနဲ့ ကတ္တား၊ အာလုတ် တို့ပါ အနိဋ္ဌအား ပေါင်းစပ်ပြီး အလုပ် နေရာရှာမိလို့ကဖြင့် မြုပ်သွားလိမ့်မယ်။

ဗုဒ္ဓဟူး + တနင်္လာသက်ရောက် နိစ်ထူးခြားချက်ဟာ ပြီးခဲ့တဲ့ စနေ သက်ရောက်ကို ယခုတိုင်က နေရာ မပြောင်းဘဲ အတွဲပါဂဏန်း ရွှေ့နော ပြောင်းပြန်နေရာယူထားတာ နိစ်+ ပြ အားလုံးအတူတူပဲ။ မတူတာက တိုင် အားလုံးထဲမယ် သက်ရောက်ဂြိုဟ်တိုင် ထိပ်ရှိ သမသတ်ကတန်းကပ်ကြွေအဖြ ရပ်တည်ခြင်းပါပဲ။ လူတွေ သည်းခြေ ကြိုက် ထီ၊ လာဘ်၊ ငွေကြေး၊ ထင်ပေ လှုပ်ရှား၊ အချစ်ရေး၊ ပြည်တွင်း၊ ပြည်ပ ခရီးကောင်းနေသောဂြိုဟ်အိပ်။

၅ ၄ - ကတ္တား (ကမ္မ)
၄ ၃ - အာလုတ်
၃ ၂ - ဩကာသ

ကုလား၊ အပြင်မိတ်၊ သက်ရောက် လူ့ဘဝက ဘယ်အခါမှအပြစ်ကင်းသော အောင်မြင်ခြင်း၊ ပန်းခင်းသောလမ်းမျိုး ပါဘူး။ အစမ်းသပ်ခံ၊ ဒုက္ခ၊ မနာလိုသော အာဃာတတို့က ဝင်လာတတ်စမြဲပါ ခုကောင်းနေတဲ့ တိုင်စဉ်၊ ဗုဒ္ဓဟူးရဲ့ ၇ မြောက် ဘုမ္မိကြီး၊ ၅ နံကို နိစ်ငယ်အပိုင် စီးတဲ့နှစ်၊ အောက်ခြေ ၃၂ စံကူး၊ အမြဲ

ဗုဒ္ဓဟူးနိစ်

| | | |
|---|---|---|
| ၂ ၁ | - | အပါဒါန် (အပါဒါန်) (၅-၆ အနိဋ္ဌရှင်၊ အလုပ်၊ အမှုဖြစ်၊ အတ္တ) |
| ၁ ၀ | - | သာမိ (၅-၆ ကြွေရှင်၊ ထိခိုက်၊ နာ၊ အတ္တ) |
| ၀ ၆ | - | ကရိုဏ်း (ကျန်အနိဋ္ဌရှင်၊ ငွေကြေး၊ မြေယာ၊ အတွင်းမီး၊ ပရ) |
| ၆ ၅ | - | သမ္ပဒါန် (ကျန်ကြွေရှင်၊ အမှု၊ နာဖျား၊ ထိခိုက်၊ ပရ) |
| ၅ ၄ | - | ကတ္တား (ကမ္မ) ဘုမ္မိကျစဉ် (ဘာသာရေးဘက်လိုက်စား၊သီလထိန်း |
| ၄ ၃ | - | အာလုတ် (ဝိသမလောဘတား) |
| ၃ ၂ | - | ဩကာသ (ကျား - မိသားစုနဲ့သင့်မြတ်စေ၊ မ - သခင်ကြီးဂရုစိုက် |

တနင်္လာသက်ရောက်နိစ်



www.burmeseclassic.com

www.burmeseclassic.com

ဖြိုဟ်ကို ဩကာသ အတွင်းရေးကာရက တပ်ထားလေပြီ။ ဆေးရုံ ဆေးခန်းနီးနေပေါ့။ အရက်၊ အလုပ်၊ အရှုး၊ အလိမ်၊ အဖေးရောက်၊ အိမ်ရောင်း၊ လူအို၊ ရေအိုး၊ ရေအိမ်၊ ယာဉ်အိုယာဉ်ဟောင်း၊ နံတွဲတွေအများကြီးပါ။ အာလုတ်+သာမိမှ အိမ်တွင်းမိသားစုအထဲရှိနေလောက်မယ်။ ထိခိုက်၊ ဖျား နာ၊ ခန္ဓာစိတ်မောဖြစ်လေ့ရှိမယ့်သက်ရောက်။

တိုင်ခြေ ၃၂၊ ဩကာသ ထိပ် ၂၁၊ အပါဒါန်၊ တနင်္လာက ထိပ်နဲ့အောက်နှစ်နေရာ ဖီလာရှိနေပါပကောလား။ ဒါကို သတိထားဖို့ အရေးကြီးတယ်။ အင်း - ဇေယျတိုင် ၄၊ ၅ မဖြစ်ပါစေနဲ့လို့ ဆုတောင်းပေးရလိမ့်မယ်။ ဖြစ်နေရင် အိမ်ရှင်မတွေ သခင်ကြီးရဲ့ခြေလှမ်းတွေကို သေချာပြန်ဆန်းသစ်ပေးဦး။ ၃၂ ဩကာသဟာ အတွင်းမီးစတစ်ခု၊ သခင်ကြီး စီးပွားရှာကောင်းလေလေ၊ ငွေတွေဝင်လာလေလေ စိတ်အနေအသွင်ပြောင်းပြောင်းလာမယ့်အခြေအနေ။ အိမ်သိပ်တောပ်တဲ့အခါတိုင်း အလုပ်များနေလို့ ရုံးရာရှိသူထံလိုက်နေလို့ အလီဘိုင်အမျိုးမျိုးပြနေလိမ့်မယ်။

ပြီးတော့ မျက်ခုံးလှုပ်စေမယ့်ကိစ္စ။ ဖေဒင်သဘောအားဖြင့် ဗုဒ္ဓဟူးတို့အသက် ၄၇ နှစ်က ရာဟုဖြိုဟ်အိပ်+တနင်္လာသက်ရောက်။ ‘လေးရွာက’ သင်္ကာအရ ၄ တန့် + ၇ တန့်ခွင် ဘုမ္မိနှစ်ထပ်ဝင်နေဆဲ နိစ်ခံအပိုင်းရှိနေဆဲကာလအဆုံး point တစ်ခုဖြစ်နေတယ်။ ဒီနေရာကို ရာဟုက ဝင်မွှေလိမ့်မယ်။ ရာဟုလာရင် ကမ္ဘ (ကံ) ပါပြီလေ။ ဒါကြောင့် ဒီတိုင်မှာ ကတ္တားနဲ့ကံတစ်ခွင်တည်း စံမြန်းပေးထားတယ်။ ဘုမ္မိအားကြောင့် ရာဟုအတွက် ထွဲစပ်ပြီး အဲဒီနှစ်ကိုယူတာပါ။ ဗုဒ္ဓဟူးဇယားမှာ ကံကရာဟုအိမ်ကျနေလို့ပဲ။

□ အိမ်ရှင်များ၏အသက်၊ အညွန့်တတ္တားကပ်၊ ကံကပ်တဲ့ ၅၄ ကိုဝေဖန်အိမ်ထောင်ကွဲခြင်း၊ အလုပ်ပြုတ်ခြင်း၊ သိက္ခာတရားလွင့်ပါးခြင်းတို့ စတင်ဖြစ်စေရန် ကိုယ်တိုင်စိတ်ကူးမှား၊ စရိုက်ဆိုး၊ သင်္ကာအမြင်ကန်းတဲ့လုပ်ဆောင်ချက်တွေကြောင့် တိုင်ခြေ ၃၂ ထိခိုက်လို့။

□ အိမ်ရှင်မတို့အပါ ကျန်အမျိုးသမီးတွေမတော့ ၄၃ အာလုတ်ကပ်ရာမိတိုယ်၌ပင် ကောင်းအောင်နေစဉ်သားက ဘုရားဖူးခရီး + တနင်္လာနံဘတ်၊ ငါး စတဲ့ဟင်းဖြစ်စေ၊ လူဖြစ်စေ နိုင်တား၊ ဆိုင်ကယ်စီး၍ဖြစ်စေပြုမိရာ မကျန်းမာ၊ ထိခိုက်၊ Accident ကြုံခြင်းကြောင့် ၂၁ အပါဒါန်ထိခိုက်လို့။

□ အန္တော၊ စရေရဲ့ ဆန့်ကျင် ဦးဝေ ၁၄ စံကူး၊ ၃၂ ဩကာသဟာ အများနဲ့ရောပြီး ထိခိုက်ခံရတဲ့ သဘာဝဘေး၊ ကားမှောက်၊ လှေမှောက်၊ အခိုက်အတန့်ဘေး၊ ဒါတွေလည်း ကြုံနိုင်ခြင်းကြောင့် စံကူး + အန္တောငြိလို့။

□ ယောက်ျားသခင်တွေဆို ဝိသမလောဘနဲ့ မကောင်းစရိုက်မွေးပြီး ငွေရှာ၊ အရက်၊ ဆေးဝါးကုန်ကူးလို့ အဖမ်းခံ၊ စိတ်ဓာတ်ပြင် နန်းစံမြန်းတတ်ခြင်းကြောင့် အာလုတ်+သာမိအကြိုက်ဝင်မိလို့။

□ သခင်ပါပဲ။ စစ်ကိုင်းမှာနေတယ်။ ဝင်းခိုင်တဲ့။ အလုပ်က ရိုးရိုးကုန်သည်ပါ။ တစ်ညနေ သူခြံထဲ လူတစ်ယောက် ပုန်းလျှိုးကွယ်လျှိုးဝင်လာတာတွေ့စဉ် လေးခွနဲ့ ဆော်ထည့်လိုက်တယ်။ ဟိုလူက တစ်ချက်မှမအော်ဘဲ သူ့ခေါင်းအုပ်ပြီးထွက်ပြေးသွားရဲ့။ သွေးတွေ ပန်းခြံမှာစင်လို့။ နောက်တစ်ရက်ညနေ ဆိုင်ရာရဲဝန်ထမ်းတွေရောက်လာပြီး ဝင်းခိုင်ကို စခန်းခေါ်သွားကြရဲ့။ သူလေးခွနဲ့ပစ်ခဲ့သူက အရှုးတဲ့။ သေပြီလေ။ သေတာက တောင်ခြေမှာ။ သွေးထွက်လွန်လို့။ အရှုးမို့ ဆေးထည့်ရကုရေ ကောင်းမှန်းမသိဘူးနေလ။ ဝင်းခိုင်၊ နိစ် + ပြ အရှုးကြောင့် ယူပါ. . . ”

□ သည်တစ်ခါ သခင်တော့မဟုတ်သူတော်စင်ပုဂ္ဂိုလ်တစ်ယောက်ပါ။ ဘဝခရီးကြမ်းတွေဖြတ်သန်းခဲ့ပြီး အသက် ၃၅ နှစ်။ သံဃော်ဂရကာ ပုတီးနဲ့ တောပျော်မွေ့သူ။ အလျင်ကတော့ ဘာမှမထူးခြားပါဘူး။ ၄၅ နှစ်လောကစပြီး ထင်ရှားလာခဲ့တယ်။ ကျောက်စရစ်ပြားကလေးပေါ် သဘာဝအလျောက် စတုရန်းကွက် ဂဏန်းလေးတွေ ထင်ရှားနေတဲ့ အင်းပြားတစ်ချပ်ရခဲ့ရာကစလို့ တချို့လူနာတွေ ရေစိမ်၊ သစ္စာပြုတိုက်ပေးခဲ့တယ်။ ပျောက်တာများပါတယ်။

ငါနဲ့သိပ်မစိမ်းပါဘူး။ ၄၆ နှစ်၊ ၄ လ အလွန်လောက်မယ် သူဟာ ဧရာဝတီမြစ်ရိုးဘေးရှိ တောရွာကလေးရဲ့ တောင်ပေါ်မှာ စေတီဟောင်းတစ်ဆူကို ဦးစီးပြင်ပါတယ်။ ဆရာအောင် ဂရုစိုက်နော်။ ဒီနှစ် ဘုမ္မိနယ်ထဲဝင်နေတယ်လို့ သူ့ကိုတွေ့စဉ် သတိပေးတော့ နကမ္ဗတိ ပြုံးပြုံးကြီး။ အဲဒီအပြုံးကို ငါနောက်ဆုံးမြင်ခဲ့ရတဲ့ နှုတ်ဆက်သင်္ကေတ။ ဆရာအောင် နာမည်နံက ၄၃၁။ ဆုံးတာက ကျောက်တုံးပိလို့။ ၂၁ ထိပ် အပါဒါန်ကနေ အာလုတ် + ဩကာသ + သာမိတို့ နာမည်တူပိသွားတာပဲ။

## နိစ်+ဘုမ္မိယတြာ

ဗုဒ္ဓဟူးသားသမီးတိုင်း အသက် (၄၆) နှစ်၊ (၄) လအလွန်မှစ၍ -

၁။ တတ်စွမ်းသမျှ ငါးပါးသီလမြဲရန်။

၂။ အင်္ဂါနံ၊ ဗုဒ္ဓဟူးနံနှင့် တနင်္ဂနွေနံပါများ၊ နှစ်လုံး၊ သုံးလုံးတွဲနံများ သတိဖြင့် အဝင်၊ အထွက်စီစစ်ပါ။ ၎င်းနေ့တို့၌ အလုပ်သစ်၊ ခရီးသစ် စသည်တို့ရှောင်ရန်။

၃။ လာဘမုနီ၊ ရာဇမုနီ၊ ရွှေပြည်အေးစသော ၄၊ ၅၊ (၁၀) အဆုံးတွဲရှိ စေတီ၊ ဆင်းတုတော်၌ အထက်ပါ တစ်နေ့နေ့တွင် ရေသန့်စင်ခြင်း၊ ရေလှူခြင်း၊ ရေအတွက် ဒါနပြုထည့်ဝင်ခြင်း၊ တံခွန်လှူခြင်းတို့ပြုပါ။ ဆီမီးမပါစေပါနှင့်။ စားစရာအဖြစ် လိမ္မော်သီး၊ လက်ဖက်ခြောက်၊ လမုန့် မာလကာသီး စသည်လှူရန်။

၄။ မိဘနှစ်ပါးရှိလျှင် မိဘကို ဦးစားပေးလှူရန်။ (ကျန်တာလည်းပါဝင်နိုင်သည်)

၅။ မိဘနှစ်ပါးကို ဤနှစ်တွင် ရှိသေစွာလုပ်ကျွေးရန်။

နေဝိဇ္ဇာ

အပါဒါန်မြန်းပုံ

| | | | |
|---|---|---|---|
| (၀) | ၂ ၀ | - | ကျောက်တောင်မှကျောက်တုံးပိကျသဖြင့် အနိစ္စအပါဒါန်သွားရှာ၏ |
| (၃) | ၆ ၀ | - | တနင်္ဂနွေနာမည်အဆုံးရှိသော ဆရာတစ်ဦးသည် |
| (၅) | ၀ ၆ | - | စနေနံအစ |
| (၄) | ၆ ၅ | - | မြစ်ကမ်းနဘေး၌တည်ရှိသော |
| (၆) | ၅.၄ | - | ကြာသပတေးနံအဆုံးရှိစေတီဟောင်းကိုပြုပြင်စဉ် |
| (၁) | ၄ ၃ | - | ဗုဒ္ဓဟူးနံနာမည်အစ (လ. ဝ) |
| (၂) | ၃ ၂ | - | အင်္ဂါနံနာမည်အလယ် (စ. ဆ. ဇ. ည) |

နံပါတ်



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၅ ခုနှစ်၊ နွေရာသီ၏အပူရှိန်သည် နေ့စဉ်ပြင်းပြလှပေရာ အပူရှိန်ပြသာမိုမီတာ စင်တီဂရိတ် (၃၈) ဒီဂရီ၊ (၃၉)ဒီဂရီဝန်းကျင်၌ အမြဲလိုလိုရှိနေပါသည်။ ပင်လယ်နှင့်နီးသော မြို့တော်ရန်ကုန်လိုနေရာတွင် ဤမျှပူပြင်းနေလျှင် မြန်မာပြည်အလယ်ပိုင်းဒေသများတွင်ဆိုပါက ထိုထက်မက အပူရှိန်ပြင်းပြလှပေမည်။ ထို့ကြောင့်လည်း နေ့စဉ်ထုတ်သတင်းစာနှင့် တီဗွီရုပ်မြင်သံကြားစက်တို့တွင် ကျန်းမာရေးအတွက် သတိပေးထုတ်ပြန်ချက်များ ဖော်ပြထုတ်ပြန်နေသည်ကို တွေ့မြင်ရပါသည်။

ကျန်းမာရေးသတိပေးထုတ်ပြန်ချက်သာမက ဧပြီလနှောင်းပိုင်းစပ်ကူးမပ်ကူးအချိန် ရွာလေ့ရှိသော သကြန်မိုးနှင့်အတူ လေပြင်းများပါတိုက်ခတ်လေ့ရှိရာ သစ်ပင်များလဲကျခြင်း၊ မာတ်အားလိုင်းများပြတ်တောက်ခြင်း၊ လူနေအိမ်ခြေများပျက်စီးခြင်း၊ မြစ်အတွင်းမှ လှေသင်္ဘောများနစ်မြုပ်ခြင်း စသည့် သတင်းများကိုလည်း တွေ့မြင်ဖတ်ရှုရပါသည်။ ၂၀၁၅ ခု၊ ဧပြီလ ၂၄ ရက်နေ့ထုတ်ကြေးမုံသတင်းစာ၌ပင် ရန်ကုန်-မော်လမြိုင်ကျွန်းပြေးဆွဲနေသော မဟာဗန္ဓုလရေယာဉ် တွံတေးတူးမြောင်းအတွင်း၌ သဲမုန်တိုင်းတိုက်ခတ်လာသဖြင့် ကမ်းမမြင်လမ်းမမြင်ဖြစ်ကာ အန္တရာယ်ဆိုးကျရောက်တော့မည့်ဆဲဆဲ ရေယာဉ်မှူးကပ္ပတိန်၏ ကျွမ်းကျင်မှုကြောင့် နီးရာကမ်းသို့ ဝင်ရောက်ခိုလှုံရပ်နားလိုက်သဖြင့် သင်္ဘောရော ခရီးသည်များပါ အန္တရာယ်ဆိုးမှကင်းလွတ်ခဲ့သည်။

ထိုသတင်းကို ဖတ်သောအခါတွင် လွန်ခဲ့သော နှစ်ပေါင်း (၅၅) နှစ်က ကျွန်တော် ဖိုးကျော် ကိုယ်တွေ့ကြုံခဲ့ရသည့် သဲမုန်တိုင်းကြောင့် သင်္ဘောမှောက်ကာ ခရီးသည်များ သေကျေဒုက္ခရောက်ခဲ့ရသည့်ဖြစ်ရပ်ကို ပြန်လည်မြင်ယောင်လာမိပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၅၅)နှစ်က လို့ဆိုတော့ မေးကြပေလိမ့်မည်။

ခု ဖိုးကျော်ရဲ့အသက်က ဘယ်လောက်ရှိနေလို့လဲ ဆိုတဲ့ မေးခွန်းလေးပါ။

ဟုတ်ကဲ့ အခု ဖိုးကျော်အသက်က စာဖတ်သူတို့ ဒီအကြောင်းလေးဖတ်နေတဲ့အချိန်မှာ အသက် (၈၀) ရှိပါပြီ။

မိမိကိုယ်ကို ဖိုးကျော်ဟုသုံးတာက နာမည်ရင်း ကျော်ကျော်ထွန်းကို အပေါင်းအသင်းတွေက အပြည့်အစုံမခေါ်တော့ဘဲ ပြီးလွယ်စီးလွယ် လိုတိုရှင်းသဘောနှင့် ဖိုးကျော်တဲ့။ အဲဒီလိုခေါ်တာကို ကျွန်တော်ကလည်း ပီတိဖြစ်တယ်လေ။ သပိတ်ကျင်း ရတနာမြေမှာ (၁၀) နှစ်ကျော်ကျော်နေခဲ့ရတာမို့ သပိတ်ကျင်းကို ဂုဏ်ပြုသည့်အနေနှင့် သပိတ်ကျင်း-ကျော်ကျော်ထွန်းဖြစ်လာတာပါ။ခေတ်ဦးအင်တာနက်သမားလည်းဖြစ်တာမို့ သပိတ်ကျင်း-ကျော်ကျော်ထွန်းဆိုတဲ့အမည်ဟာ အင်တာနက်ညီမလေးအတော်များများနှင့်အကျွမ်းဝင်တဲ့အမည်ဖြစ်ပါသည်။ ယခုတော့ ဖိုးကျော်ဆိုတာအဘိုးအရွယ်ရောက်နေလို့ ရှေ့က 'အ' ကိုဖြုတ်ပြီး အတိုကောက် ဖိုးကျော်လို့ခေါ်သည်ဟု သတ်မှတ်ခံယူထားပါသည်။

လွန်ခဲ့သော (၅၅) နှစ်ကဆိုတော့ ခရစ်နှစ် ၁၉၆၀ ပြည့်နှစ် ဖြစ်ပါသည်။ ကျွန်တော် ဖိုးကျော်လည်း အသက် (၂၄) နှစ်ပဲရှိသေးတာမို့ အားကောင်းမောင်းသန်အရွယ်ပါ။ ဖိုးကျော်တို့ ဘူမိရူပဗေဒဌာနစိတ်က ကွင်းဆင်းအဖွဲ့ဟာ ပိတောက်ပင်ရေနံမြေမှာ ဘူမိရူပဗေဒဆိုင်ရာတိုင်းတာမှုတွေ ဆောင်ရွက်နေချိန်ကပါ။ ပိတောက်ပင်ရေနံမြေဆိုတာ သရက်မြို့နှင့် မင်းတုန်းမြို့ ဆက်သွယ်ထားသည့် ကားလမ်းဘေးရှိ ပိတောက်ပင်ရွာနားတွင် ဖြစ်ပါသည်။ သရက်မြို့မှ (၇) မိုင်ခန့်အကွာတွင်ရှိပါ သည်။

ဤစာစု၏အစပိုင်း၌ရေးခဲ့သလို နွေရာသီ မတ်လ၊ ဧပြီလတို့တွင် အပူရှိန်ပြင်းပြင်းလှပေရာ ရွာမှ လွတ်ကျောင်းထားသော နွားအုပ်တို့ပင် နွားကျောင်းသား Cow Boy မပါဘဲ အရိပ်ကောင်းသည့် ကုက္ကိုလိုအပင်ကြီးများအောက်တွင် ဝင်ရောက် ခိုလှုံနေကြရပါသည်။ ရေနံမြေလည်းဖြစ်သည့်အတိုင်း သစ်ပင်ကြီးကြီးမားမားရှားလှပြီး ဆီးချုံများ၊ ဇောင်းမလေးလို အပင်ငယ်များသာရှိ သဖြင့် အရိပ်ခိုစရာရှားလှ၏။ အဆိုးဆုံး ကား ဆီးချုံပေါ်နွယ်၍တက်နေသော ခွေးလှေးယားပင်များ ဖြစ်၏။ ကတ္တီပါ အမွေးလိုအပွတ်လိုက်ရှိသောအသီးများ က နေပူပူလေးအရှေ့တွင် လွင့်ပါလာပြီး အနီးအပါးတွင် အလုပ်လုပ်နေကြသော သူများကို ဒုက္ခအပေးဆုံး ဖြစ်၏။ နေတ ပူ၊ ခွေးလှေးယားသီးမွေးကယားဖြင့် သွေးထွက်အောင်ကုတ်ရ၏။

ထို့ကြောင့် နေလယ်ပိုင်း အလုပ် ချိန်ကို ရပ်နားကာ ညနေ (၆) နာရီ နေလုံးပျောက်မှ အလုပ်ပြန်ဆင်းကြရ ၏။ နေပူရှိန်က ပြင်းပြလှသလို သောက် သုံးရေကလည်းရှား၏။ ပိတောက်ပင် ရွာ၏အနောက် တောင်ကြားတစ်ဖက် ပိတ်ကန်ကြီးမှ ရေကိုခြွေခြွေတာတာသုံး ရပါသည်။

တစ်နေ့တွင် ပိတောက်ပင်ရွာ၏ တောင်ဘက်နားတွင် တိုင်းတာမှုများ ဆောင်ရွက်နေချိန်တွင် မနီးမဝေး၌ နွား တစ်အုပ်ကလည်း မြက်စားနေကြ၏။ ခဏကြာသော် နွားအုပ်ထဲမှ နွားနှစ် ကောင် အသည်းအသန်ဝှေ့ကြသတ် ကြသဖြင့် အနီးအပါးရှိ နွားတို့လည်း ခြေဦးတည့်ရာ ရှောင်ပြေးကြရ၏။ နွား တစ်ကောင်က ဘူမိရူပတိုင်းတာရေး စက်ရှိရာပြေးလာရင်း အနီးတွင်ချထား သော သံလိုက်အိမ်မြှောင် (COMPASS အားနင်းမိရာ မှန်ကွဲသွားတော့၏။ ထို ကွန်ပတ်(စ်)မှန်သည် သရက်၌မရှိ ပြည်မြို့၌သာရနိုင်မည်ဟု သိရသော ကြောင့် ပြည်မြို့သို့ ခရီးဆက်ရပြန် သည်။

လိုအပ်သောပစ္စည်းရသောအခါ သရက်သို့ အပြန်ခရီးတွင်မသွားဘူးသေး သော ရေလမ်းခရီးဖြင့် ပြန်လိုသော ကြောင့် ပြည်နှင့်သရက်ပြေးဆွဲသည့် ကူးတို့သင်္ဘောဖြင့် လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# သပိတ်ကျင်း-ကျော်ကျော်ထွန်း

## သဲမုန်တိုင်းမှူးတာ



တံအားလျော့စွာပင် သဘော်ာပေါ်တွင် သရက်မြို့မှ ဦးမောင်မောင်နှင့်ဆုံနေပြန်ပါသည်။ဦးမောင်မောင်သည် ကျွန်တော်တို့ ဘူမိရူပဗေဒအဖွဲ့မှ အခြေစိုက်ရုံးအဖြစ်ငှားထားသောအိမ်ကို ပိုင်ဆိုင်သူအိမ်ရှင်ဖြစ်ပါသည်။ ဦးမောင်မောင်တွင် အိမ်နှစ်လုံးရှိရာ တစ်လုံးကို ကျွန်တော်တို့အဖွဲ့အခြေစိုက်ရုံးငှားထားခြင်းဖြစ်၏။

ကျွန်တော်တို့အဖွဲ့ငှားထားသောအိမ်မှာ ဌာနလမ်း (အသေအချာမမှတ်မိတော့ပါ။) တွင် ရှိပါသည်။ သရက်မြို့သည် ဧရာဝတီမြစ်ကမ်းပေါ်တွင်ရှိသော်လည်း နွေရာသီ၌ရေအလွန်ရှားပါသည်။ ရေစည်လှည်းမှ ရေကို ဝယ်သုံးရသဖြင့် ဖောဖောသီသီမသုံးနိုင်ပါ။ ရေစည်လှည်းတွင် နှစ်မျိုးရှိ၏။ မြစ်ငယ်ရေနှင့် မြစ်မရေ ဟူ၏။ မြစ်ငယ်ရေ ဟူသည် နွေရာသီတွင် ဧရာဝတီမြစ်ကြောင်းသည် သရက်မြို့ဆိပ်ကမ်းဘက်တွင် သောင်ထွန်း၍ မြစ်ရေစီးကြောင်းက အရှေ့ဘက်ကမ်းဘက်ရောက်သွား၏။ သဲသောင်က နည်းနည်းနောနောမဟုတ်။ တစ်မိုင်နီးပါးကျယ်၏။ သဲသောင်အတွင်းပိတ်ကျန်ခဲ့သော မစီးဆင်းတော့သည့်ရေအနည်းငယ်ရှိ၏။ မြို့နှင့်နီး၏။ ထိုရေကို မြစ်ငယ်ရေခေါ်၏။ သိပ်မသန့်ချေ။မြစ်ငယ်ရေတစ်စည်လျှင် တစ်ကျပ်။ ၁၉၆၀ ပြည့်နှစ်ကဖြစ်၏။

ဧရာဝတီမြစ်ကြောင်းရေစီးအတိုင်းစီးဆင်းနေသည့်ရေကို မြစ်မရေခေါ်၏။ တစ်မိုင်ခန့် သဲသောင်ပြင်ကိုဖြတ်၍ ရေစည်လှည်းသယ်ရသောကြောင့် တစ်စည်လျှင် နှစ်ကျပ်ပေးရ၏။ ရေလည်း ပို၍သန့်သည်ဟု ဆို၏။ အိမ်သုံးရန်အတွက်သာ ရေလှည်းဝယ်၍ ရေချိုးလျှော်ဖွပ်ရန် မြစ်မသို့သွားကြ၏။ ညနေစောင်းလျှင် သဲသောင်ကိုဖြတ်သွားကြပြန်ကြသောသူများလည်း မနည်းချေ။ ကျွန်တော်တို့သည်လည်း ထိုနည်းလည်းကောင်းပင်။

သဘော်ာပေါ်တွင် ဦးမောင်မောင်နှင့် စကားလက်ဆုံကျရင်း ပျင်းရိဖွယ်လိုက်ပါခဲ့ကြရာ ညနေ (၄) နာရီခန့်တွင် သရက်မြို့အောက်နားရှိ ပိသလေးရွာနားရောက်လာ၏။ ကျွန်တော်တို့နှင့် မနီးမဝေးတွင်လည်း ပြည်ရွှေဆံတော်ဘုရားအား သွားရောက်ဖူးမြော်ပြီး ပြန်လာကြသော ကြင်စဦးစုံတွဲလည်းပါ၏။ အသက်အရွယ်က ကျွန်တော်နှင့်မတိမ်းမယိမ်း။ ထိုစဉ်က ကျွန်တော်၏အသက်(၂၄)ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

သူကောင်မလေးက အညာသူပီပီ လုံးကြီးပေါက်လှ ညိုချောလေး ဖြစ်၏။ တစ်လမ်းလုံးတွေ့မြင်နေရသဖြင့် မှတ်မိနေခြင်း ဖြစ်ပါသည်။ မကြာပါချေ။ ဧရာဝတီမြစ် အနောက်ဘက်ကမ်း ရာဟုထောင့်မှ ရုတ်တရက်မည်းမှောင်လာပြီး လေပြင်းများတိုက်ခတ်လာပါတော့သည်။ လေပြင်းနှင့်အတူ တစ်မိုင်ခန့်ကျယ်သော သဲသောင်ပြင်မှ သဲမှုန့်များပါ အလိပ်လိုက်ကြွတက်လာပြီး မြစ်ပြင်ဝဲယာအားဘာကိုမှမမြင်ရအောင် သဲမုန်တိုင်းကြီး အသွင်ပြောင်းသွားပါတော့သည်။ လေကလည်း ပိုမိုပြင်းထန်လာရာမှ တစ်ချီတွင် အနောက်အရပ်တည့်တည့်မှ လေပြင်းတစ်ချက်မွှေ့လိုက်ရာ စောစောကနေပူ၍ ချထားသော တာလပတ်မိုးကာကြီးအားဆောင့်တိုက်လိုက်ရာ ဝုန်း. . . ဟူသော အသံကြီးနှင့်အတူ သင်္ဘောတစ်ခုလုံးသိမ့်သိမ့်ခါ၍ အရှေ့ဘက်သို့ လဲကျသွားပါသည်။ ခရီးသည်အားလုံး သင်္ဘောထဲမှ သွန်ချလိုက်သလို မြစ်ထဲလွင့်စဉ်ကျကုန်ရင်း ကယ်ပါယူပါအော်သူအော်လျက် မျက်နှာမူရာကူးခပ်ကြပါတော့သည်။

သင်္ဘောမှောက်၍ ဘေးစောင်းလဲကျသောနေရာသည် ကမ်းနှင့် ပေငါးရာခန့်သာကွာသော်လည်း ရုတ်တရက်ဖြစ်၍တစ်ကြောင်း၊ သဲမုန်တိုင်းမှောင်ကျ၍တစ်ကြောင်း တောင်၊ မြောက်၊ ဝဲ၊ ယာ ဘာမှမမြင်ရတော့ဘဲ ကူးတတ်သူများက မျက်နှာမူရာ ကူးခပ်ကြခြင်း ဖြစ်၏။ သင်္ဘောက မြစ်လယ်ဘက်လည်းကျသဖြင့် မြစ်လယ်ဘက်သို့ ကူးသူများ၏ အောက်သို့ စုန်ကူးသူကူး၏။ မမြင်ရသဖြင့် ထင်ရာကူးကြခြင်းသာ ဖြစ်၏။

ကမ်းပေါ်မှ လူများလည်း လေပြင်းသဲမုန်တိုင်းကြောင့် သင်္ဘောမှောက်ကြောင်း မသိကြ။ ကျွန်တော်လည်း သမ္မုဒ္ဒေရွတ်ရင်း မျက်နှာမူရာကူးရာက ပုံးခွံတစ်ခုရ၍ ကံအားလျော်စွာ ကမ်းဘက်ရောက်သွား၏။ ဦးမောင်မောင်လည်းဘယ်ရောက်နေသည်မသိရတော့။ ခဏကြာမှကမ်းပေါ်မှလူများသိသဖြင့် ကယ်ဆယ်ရေးလုပ်ကြ၏။

သဲမုန်တိုင်းကြောင့်သင်္ဘောမှောက်ရာတွင် လူဆယ်ယောက်ခန့် အသေအပျောက်ရှိသည်ဟုသိရ၏။ ထူးဆန်းသည်မှာ အိမ်ရှင်ဦးမောင်မောင်သည် မျက်မှန်သမားဖြစ်၏။ ရေကူးရင်းမျက်မှန်ပျောက်သွား၏။ ခဏကြာသော် သူ့ရှေ့တွင် မျက်မှန်ပေါ်လာသဖြင့်ဖမ်းဆွဲလိုက်ရ၏။ လူချင်းဆုံမှပြောပြခြင်း ဖြစ်၏။

သေဆုံးသူများထဲတွင် မျက်မှန်းတန်းမိနေသည့် ကြင်စဦးဇနီးမောင်နှံမှ ညိုချောလေးပါသွား၏။ သူ့ယောကျ်ားကိုလူချောသည် ဆောက်တည်ရာမရ ရှိုက်ကြီးတငင် ငိုကြွေးနေသည်ကိုမြင်ရပါသည်။ ထို့အတူပင် အခြားသောသက်ဆိုင်သူတို့လည်း ငိုကြွေးကြပူပင်သောကကိုယ်စီနှင့် စိတ်မချမ်းမြေ့စရာမြင်ကွင်းကိုကျောခိုင်းကာ ထိုနေရာမှ ထွက်ခွာခဲ့ပါသည်။

ကိုလူချော၏ ကြွေကွဲဆို့နင့်သောအသံကိုလည်း နားထဲကမထွက်ပါ။

"သင်္ဘောပေါ်က ရုတ်တရက်လွင့်စဉ်ကျသွားတော့ လူချင်းကွဲသွားကြတယ်။ ကူးရင်းခတ်ရင်းနဲ့ မိန်းကလေးတစ်ယောက်တွေ့တော့ ကျွန်တော့်မိန်းမပဲဆိုပြီးဖမ်းဆွဲပြီး ခက်ခက်ခဲခဲကမ်းဘက်ကို ကူးခပ်ရင်းသယ်ယူခဲ့တယ်။ ကမ်းပေါ်ရောက်တော့မှ ကျွန်တော့်မိန်းမ မဟုတ်မှန်းသိရလို့ တစ်ကျော့ပြန်ရှာပေမယ့်လည်း မတွေ့ရတော့ပါဘူးဗျာ"

ဆိုတဲ့ ငိုရင်းပြောတဲ့စကားလေးပါ။

သရက်လိုခရိုင်မြို့လေးတစ်မြို့မှာ သင်္ဘောမှောက်တဲ့သတင်းဟာ တစ်မြို့နယ်လုံးပျံ့နှံ့သွားပါသည်။ ပီဟောက်ပင်ရေနံမြေမှာကျန်ခဲ့ကြတဲ့ ဘူမိရူပဗေဒအဖွဲ့ လုပ်ဖော်ကိုင်ဖက်တွေဖြစ်ကြတဲ့ ကိုပွင့်လန်း (အမျိုးသားစာပေဆုရ) နဲ့ ကိုစိုးမြင့်၊ ကိုဆန်းဖေတို့လည်း နစ်ဆန်းထရပ်ကားနှင့် ညတွင်းချင်းရောက်လာကြပါသည်။ သူတို့တွေလည်း ကျွန်တော်ဖိုးကျော်ကိုတွေ့မှ သက်ပြင်းချနိုင်ကြပါသည်။

ဒါတောင်မှ ဖိုးကျော်ဆိုတဲ့ ကျွန်တော်က -

"ငါမသေဘူး၊ ရေကူးတတ်တယ်"

ဟု နောက်လိုက်ပါသေးတယ်။

ကျွန်တော်တို့အဖွဲ့လည်း ပီတောက်ပင်ရေနံမြေမှာ ဘူမိရူပဗေဒတိုင်းတာရေးတွေ ဆောင်ရွက်နေရင်းက သရက်မြို့နယ်မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေသည့် ဆိုက်စမစ် (SEISMIC) ဆာဗေးအဖွဲ့ရောက်လာသဖြင့် သူတို့နှင့်ပူးတွဲပြီး လိုက်ပါဆောင်ရွက်ရပါသည်။ နတ်မီးတောက်၊ တုံ၊ ပါးပွတ်ရွာတွေအထိသွားရောက် တိုင်းတာကြရပါသည်။

သေသောသူ ကြာရင်မေ့ ဆိုတဲ့ စကားပုံလိုပါပဲ။ ပီသလေးရွာနားမှာ သင်္ဘောသဲမုန်တိုင်းမိပြီးမှောက်ခဲ့တဲ့ဖြစ်ရပ်ဟာလည်း သုံးလလောက်ကြာတဲ့အခါမှာ မေ့မေ့ပျောက်ပျောက်ဖြစ်ကုန်ကြပါပြီ။ တစ်နေ့တော့ သရက်မြို့လမ်းမတော်က ဗမာ့ခေတ်ဓာတ်ပုံတိုက်ကို လိုင်စင်ပုံရိုက်ဖို့ရောက်ခဲ့ပါတယ်။ ဓာတ်ပုံရိုက်တဲ့စတူဒီယိုခန်းထဲမှာ အတွဲတစ်တွဲဓာတ်ပုံရိုက်တာနှင့် ဆုံနေသဖြင့် ဧည့်ခန်းကစောင့်နေရပါသည်။ ခဏကြာတော့မှ တစ်ယောက်လက်တစ်ယောက်တွဲပြီး ပြုံးပျော်ပီတိတွေနှင့်ထွက်လာကြပါသည်။

ထွက်လာတဲ့အတွဲကို အမှတ်မထင်ကြည့်လိုက်စဉ်မှာပဲ မြင်ဖူးသလိုလိုရှိတာကြောင့် ဘယ်မှာမြင်ဖူးတာပါလိမ့်ဆိုရင်း စဉ်းစားလိုက်တော့မှ သင်္ဘောမှောက်စဉ်က ရှိုက်ကြီးတငင်ငိုပွဲဆင်ခဲ့တဲ့ ညိုချောလေးရဲ့ယောကျ်ားဆိုတာ ပေါ်လာပါတယ်။ ခုတော့လည်း ပီတိဖုံးတဲ့ အပြုံးတွေလှိုင်လို့။

ကျွန်တော်ဆိုတဲ့ဖိုးကျော်ကလည်း မနေနိုင်မထိုင်နိုင်၊ အာသွက်လျှာသွက်။

"ဟိုညီလေး၊ ပီသလေးနားမှာ သဲမုန်တိုင်းမိပြီးသင်္ဘောမှောက်တုန်းတမင်းပါတယ်မဟုတ်လား"

လို့ ဆိုတော့ သူတို့နှစ်ယောက်စလုံး ကျွန်တော့်ကို တအံ့တသြကြည့်ရင်း တစ်ချက်စဉ်းစားဟန်ဖြင့် -

"ဟုတ်တယ် အစ်ကိုရေ၊ အစ်ကိုကော သင်္ဘောပေါ်မှာ တစ်လျှောက်လုံး အဘိုးကြီးတစ်ယောက်နဲ့ SCRABBLE ကစားလာတဲ့ အစ်ကို မဟုတ်လား"

သူပြောသလို သင်္ဘောပေါ်တွင် အပျင်းပြေ တစ်လမ်းလုံး ဦးမောင်မောင်နှင့် SCRABBLE ကစားခဲ့ကြ၏။ နောက်ကြောင်းများကို ပြန်ပြောရင်း -

ဤမိန်းကလေး ခင်မာဝင်းနှင့် ယမန်နေ့က နှစ်ဦးသဘောတူ တရားရုံးတွင် လက်ထပ်ခဲ့ကြပြီး ဒီနေ့ဓာတ်ပုံလာရိုက်ခြင်းဖြစ်သလို ခင်မာဝင်းသည် တခြားသူမဟုတ်ဘဲ သဲမုန်တိုင်းမိပြီး သင်္ဘောမှောက်စဉ်တုန်းက သူသက်စွန့်ကြိုးပမ်းကူးခပ်ကယ်တင်ခဲ့ရသည့်အပျိုမလေးဖြစ်ကြောင်းပါ ထည့်သွင်း ပြောပြသဖြင့် ခင်မာဝင်းက -

"ဟင်းနော် ကိုလေး၊ ရှက်စရာကြီးဘာလို့ပြောရတာလဲ"

ဆိုကာ ကိုလူချော၏ ကျောပြင်ကို ဖွဖွလေးထုလိုက်ပါသတည်း။

သပိတ်ကျင်း-ကျော်ကျော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ရိုးရာနတ်ယုံကြည်မှုစာစဉ် ( ၈၀ )

# မောင်သန်းဆွေ(ထားဝယ်)

## သချိုင်းစောင့် မဖဲဝါ

တချို့က သချိုင်းစောင့် မဖဲဝါကို နတ်မဟုတ်၊ သရဲဟုဆိုကြသည်။ အချို့ နတ်ကနားများတွင် နောက်ဆုံးနေ့ သို့မဟုတ် တစ်ရက်ကနားဆိုလျှင် ကနား၏နောက်ဆုံးမှ မဖဲဝါကိုကျွေးသည်။ အချို့အိမ်ကနားများ၌မူ မဖဲဝါကိုမကျွေးပါ။

စာရေးသူ ရောက်ဖူးသည့် စမ်းချောင်းထဲမှ နတ်ကနားတစ်ခုတွင် နောက်ဆုံးနေ့၌ ထိုနတ်ကနားပေးသည့်

www.burmeseclassic.com

www.burmeseclassic.com

အိမ်အနီးမှ ဒေါ် (×××) (စာရေးသူနှင့် လည်းသိသည်။) သည် ရုတ်တရက် မဖဲဝါထဲပုံကာ ကနားတိုင်များကို တံတောင်ဆစ်ဖြင့်လိုက်ချိုးပစ်နေသည်။ ကနားတိုင်များကျိုးကုန်၍ မဏ္ဍပ်ကနား ပြိုကျမည်ဖြစ်သောကြောင့် လူများက လိုက်ပြီးမထားရသည်။ ဘာကိုမကျေနပ်သည်ဟု မသိပါ။ အချို့ကလည်း ထိုအမျိုးသမီး ဒေါ်(×××)က ကနားရှင်ကို အမြင်ကတ်၍ထလုပ်သည်ဟု ပြောကြသည်။ သို့သော် အသက်(၆၀)အရွယ် ဒေါ်(×××)သည် သူ၏ခွန်အားနှင့် ထိုကဲ့သို့ ကနားတိုင်များကို တံတောင်ဆစ်ဖြင့် ထမချိုးနိုင်ပါ။ တစ်ခုခုဝင်ကပ်နေ၍သာ သဘာဝလွန်သည့် ထိုအဖြစ်မျိုးကိုလုပ်နိုင်သည်ဟု ထင်မြင်မိပါသည်။

သချိုင်းစောင့်မဖဲဝါအကြောင်းကို စုံစမ်းမေးမြန်းကြည့်သောအခါ -

"ဟသ်ာတနယ်၊ သာရဝေါနယ် အပါအဝင် အောက်မြန်မာပြည်ရှိ အင်းလုပ်ငန်းများရှိသောဒေသတွင် အလေးပေး တင်မြှောက်ပူဇော်ပသရသောနတ်မှာ ကွင်းပိုင်ကြီးဖြစ်သည်။ မဖဲဝါသည် ထိုကွင်းပိုင်ကြီး၏ နှမဖြစ်သည်ဟု ဆိုသည်"

**□ နတ်ဖြစ်စဉ်သမိုင်း**

အနောက်ဘက်လွန်မင်းကို သားတော် မင်းရဲဒိဗ္ဗက လုပ်ကြံ၍ ထီးနန်းလုယူသည်။ တစ်ခါ မင်းရဲဒိဗ္ဗကို အနောက်ဘက်လွန်မင်း၏ ညီတော် သာလွန်မင်းက လုပ်ကြံ၍ ထီးနန်းလုယူပြန်သည်။ ထိုအခါ မင်းရဲဒိဗ္ဗ၏ ငယ်ကျွန်များ၊ နောက်လိုက်များ ထွက်ပြေးကြရသည်။ ထိုသူတို့အနက် မင်းရဲဒိဗ္ဗ၏ ငယ်ကျွန် သီရိပုံချိုနှင့် နှမငယ် ခင်ခင်ထွေးတို့လည်း ပါဝင်သည်ဆိုပါသည်။

သီရိပုံချိုသည် နှမငယ်ကို ခေါ်ပြီး သာရဝေါသို့ထွက်ပြေးရာ သူ၏ သူငယ်ချင်း သာရဝေါစား ဘယကျော်သူ ထံ ဝင်ရောက်ခိုလှုံပုန်းအောင်းနေသည်။ သာလွန်မင်းတရားကြီးက မင်းရဲဒိဗ္ဗ၏ လူယုံတော်၊ ကျွေးကျွန်များ၊ သူပုန်သူကန်များကို တစ်တိုင်းပြည်လုံးမှ ဖမ်းဖို့ရန် အမိန့်ထုတ်ထားသည်။ ထို့ကြောင့် သာရဝေါမြို့စား ဘယကျော်သူ သည် သူငယ်ချင်းမောင်နှမကို အမည်များပြောင်း၍ ခေါ်စေသည်။ သီရိပုံချိုကိုမောင်စံမက် ဟူ၍ လည်းကောင်း၊ နှမငယ် ခင်ခင်ထွေးကို မဖဲဝါ ဟူ၍ လည်းကောင်း အမည်ပြောင်း၍ အင်းရဲကြီးတွင် အင်းသူကြီးအဖြစ်ခန့်ထားပြီး သာရဝေါမှ ထွက်ခွာစေသည်။

သီရိပုံချိုနှင့် နှမငယ်တို့သည် အင်းရဲကြီး၌ အင်းသူကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေလေသည်။ အင်းသူကြီးမောင်စံမက်၏ ကြိုးစားဆောင်ရွက်မှုကြောင့် အင်းရဲကြီးတွင် အင်းသူခိုးများကင်းပြီး အင်းလုပ်ငန်းတိုးတက်ကြီးပွားလာသည်။ နောက်ပိုင်းတွင် မောင်စံမက်သည် အင်းလုပ်ငန်းများ ကျွမ်းကျင်လာပြီး ငါးတို့၏သဘာဝကျက်စားမှုအခြေအနေကိုကြည့်၍ ငါးဖမ်းရန်အတပ်ပြောနိုင်ပေါနိုင်သည့်အထိဖြစ်လာပါသည်။ ဤနေရာ၌ ငါးတန်မည်ဆိုလျှင် တကယ်ပင် ငါးတန်ရပြီး ဤနေရာ၌ ငါးကြင်းရမည်ဆိုလျှင် တကယ်ပင် ငါးကြင်းရသည်။ အင်း၏မည်သည့်နေရာ၌ ငါးခိုးနေသည်ဟု အတပ်သိပြီး သွားဖမ်းခိုင်းက ခိုးသည်ကိုမိလာလေသည်။ သို့ဖြင့် အင်းလုပ်ငန်းလောကတွင် မောင်စံမက်သည် တစ်ပွဲစားကြီးအဖြစ် နာမည်ကြီးလာသည်။

ထိုအချိန်တွင် မောင်စံမက်သည် သီရိပုံချိုဘဝ အင်းဝတွင်နေစဉ်က ဗားမဲ့ဆရာတော်ဘုရားကြီး၏ဩဝါဒပေါပြောမှုကိုအမှတ်ရလာသည်။ သို့ကြောင့် သတိသံဝေဂရပြီး အကုသိုလ်ဖြစ်သော အင်းသူကြီးအလုပ်ကို ဆက်လက်မလုပ်ရန် ဆုံးဖြတ်လိုက်သည်။ ထိုအလုပ်မှရသည့် ရွှေ၊ ငွေများကို ရွှေတိဂုံဘုရားသို့လှူရန်လည်း ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် နှမငယ် မဖဲဝါနှင့် တပည့်များပါ ရွှေတိဂုံဘုရားသို့ ဖူးမြော်လှူဒါန်းရန် လာကြလေသည်။ သို့သော် ရွှေတိဂုံဘုရားပေါ် သို့ရောက်သောအခါ မောင်စံမက်သည် ရွှေတိဂုံစေတီတော်ကြီးကို လုံးဝမမြင်ရတော့ချေ။ မှန်း၍သာဖူးမြင်ရသည်ဆို၏။ သို့ဖြစ် ဝမ်းနည်းပက်လက် ခံစားရကာ စိတ်ဓာတ်ကျပြီး ဤမျှလောက် အကုသိုလ်ဆိုးသည့်သူ့ဘဝကို မထူးတော့ပြီဆို၍ လှူရန်ယူလာသည့် ရွှေငွေများကိုမလှူတော့ဘဲ ပြန်ယူလာလိုက်သည်။ သူလုပ်နေသည့် အင်းရဲကြီးမှ အင်းတိုင်ကိုသာ ရွှေချထားလေသည်။ ထို့နောက် ရွာထဲတွင်ပင် မနေတော့ဘဲ ရွှေချထားသောအင်းတိုင်ရှိရာ အင်းထဲတွင်ပင်သွားနေလေ၏။ နှမကိုမူ ရွာထဲ၌ ပင်ထားသည်။

မောင်စံမက်သည် တဖြည်းဖြည်း စရိုက်ကြမ်းလာကာ အသားငါးများကို ချက်မစားတော့ဘဲ အစိမ်းစားလာသည်။ လူစင်စစ်မှ သရဲစိတ်ဝင်လာပြီး နှမကိုပင် နှမမှန်းမသိအောင်ဖြစ်လာသည်။

တစ်နေ့ နှမလုပ်သူက အစ်ကိုထံ စားစရာသွားပို့ရာ နှမကိုနှမမှန်းမသိဘဲ နှမကိုပါ စားမည်ပြုလေသည်။ နှမမဖဲဝါက အော်ဟစ်ငိုယိုပြီး သတိပေးမှသတိရလာပြီးလွှတ်လိုက်သည်။ ဤနေရာတွင်ဆက်နေက ဤကဲ့သို့အမှားများပြုမိမည်ဟု သတိဝင်လာပြီး နှမကို ရွာသို့ပြန်လွှတ်၍ သူကိုယ်တိုင်ကမူ တောထဲသို့ ထွက်သွားရန် စီစဉ်သည်။ နှမကလည်း သူ့ကိုတွေ့လိုက ရွာထိပ်သုသာန်တွင် လာရောက် တွေ့ဆုံရန် မှာလိုက်သည်ဆို၏။ နှမငယ်သည် အစ်ကိုထွက်မသွားရန် အမျိုးမျိုးတောင်းပန်သော်လည်း ပိုဆိုးတော့မည့်အခြေအနေကိုသိသဖြင့် လက်လျှော့လိုက်ရသည်။ နှမငယ်လည်း အစ်ကိုအတွက် ရင်ထုမနာဖြစ်၍ ရင်ကွဲနာကျကာ သေဆုံးသွားရသည်ဆိုပါသည်။ မောင်စံမက်သည်လည်း လူသားစင်စစ်မှ တစ်ပွဲစားသရဲဖြစ်ပြီး ဘဝပြောင်းလာသည်ဆိုပါသည်။

အင်းနှင့်ပတ်သက်၍ လုပ်ကိုင်စားသောက်သူများကို ချီးမြှောက်စောင့်ရှောက်၍ အင်းသားများက တစ်ပွဲစားကြီးမောင်စံမက်ကို တင်မြှောက်ပူဇော်ပ,သကြသည်။

ထိုအချိန်မှစ၍ အင်းလုပ်ငန်းဖြင့်အသက်မွေးဝမ်းပြုကျောင်းသူများမှန်သမျှ အင်းရဲကြီးမောင်နှမဟုဆိုကာ တင်မြှောက်ပသပြီးနောက် အင်းလုပ်ငန်းကိုလုပ်ကိုင်ကြသည်။ သို့ဖြင့်ပင် ရင်ကွဲနာကျပြီး သေဆုံးရရှာသော မဖဲဝါသည် အလိုလိုတစ်ပွဲစားကြီး၏နှမ သချိုင်းစောင့်မဖဲဝါအဖြစ်သို့ ရောက်ရှာလေသည်။

၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ထုတ် စံတော်ချိန်သတင်းစာမှ တွေ့ဆုံမေးမြန်းခြင်းအခန်းတွင် ရုပ်ရှင်မင်းသား အကယ်ဒမီကျော်သူနှင့် တွေ့ဆုံမေးမြန်းခန်းပါ၏။

ထိုဆောင်းပါးတွင် မေးမြန်းသူက -

"ကိုယ်တိုင်ကော ပရလောကနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေဆောင်ရွက်နေတာဆိုတော့ ကိုယ်တွေ့အတွေ့အကြုံလေးတွေရှိခဲ့လား"

ဟု မေးရာ ကိုကျော်သူ ပြန်ဖြေသည်မှာ -

"ကိုယ်တွေ့ကတော့ ရှိပါတယ်။ ကျွန်တော်တို့က အကျွတ်အလွတ်ဆိုတာမျိုးကိုလုပ်ပေးချင်တယ်။ အခုင်တုန်း



www.burmeseclassic.com

www.burmeseclassic.com

ကဆိုရင် သုသာန်ကိုသွားပြီးအစာကျွေးတာတွေလုပ်တယ်။ သုသာန်စောင့်နတ်ဆိုရင်လည်း မဖဲဝါရှိတယ်။ မဖဲဝါဆိုရင် သစ်သီးတွေသာကျွေးရတယ်။သူရဲ့မောင်က အသားစားတယ်"

ဟု ဖြေကြားကြောင်း ရေးထားသည်ကိုတွေ့ရသဖြင့် သုသာန်စောင့် မဖဲဝါသည် အသားမစား၊ သစ်သီးသာစားသည်ဟု ကိုကျော်သူ၏ ဖြေကြားချက်အရ သိရပါသည်။

**၁ စာရေးသူ၏ကိုယ်တွေ့**

စာရေးသူ၏ကိုယ်တွေ့ကို ရေးသားဖော်ပြပါမည်။ ဂျိုးဖြူတောင်သာသနာပြုအဖေကြီးဦးအေးဖေ (ခေါ်) ဆရာတော်အရှင်အဂ္ဂသာယသည် ဂျိုးဖြူတောင်တွင် ကန်တော့ပွဲအလှူအတန်းရှိ၍ စာရေးသူအား ဖိတ်ကြားသဖြင့်သွားခဲ့ပါသည်။

ထိုအလှူပွဲကို အကျွတ်အလွတ်ဘုရားလေးရှိ တန်ဆောင်းတွင် ကျင်းပသည်။ ထိုပွဲ၌ ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များကိုလည်း ကန်တော့ပွဲများဖြင့် ကပ်လှူပူဇော်ပါသည်။ ဗလိအလှူတော်လည်းပါဝင်သည်။ ဗလိ (၅) မျိုးမှ ပဉ္စမဗလိဖြစ်သည့် ဒေဝတာဗလိဖြစ်သော အာကာသစိုး၊ ဘုမ္မာစိုး၊ ရုက္ခစိုး အစရှိသောနတ်များ၊ မိရိုးဖလာနတ်၊ သမ္မာဒေဝနတ်များကိုလည်း ပူဇော်ပါသည်။

ထိုဗလိပွဲတွင် တိုက်ကြီးအပိုင်ရွာက နတ်ဆရာ၊ ဆိုင်းဆရာများက ဆိုင်းနှင့်ပါဝင်သည်။ ထိုဆိုင်းဆရာတစ်ဦးနှင့် စကားလက်ဆုံကျရာ ဒေဝတာဗလိပွဲအပြီး နောက်ဆုံး ဦးညိုကြီးနှင့် သချိုင်းစောင့်မဖဲဝါတို့အထိ ကျွေးမွေးအမှုအတန်းပေးဝေမည်ဟုသိရ၏။ထို့ကြောင့် ဆိုင်းဆရာကို မဖဲဝါအကြောင်းမေးကြည့်ရာ ထိုဆိုင်းဆရာက -

"မဖဲဝါအကြောင်း ယေဘုယျလောက်ပဲသိပါတယ်။ သူတို့ကမောင်နှမနှစ်ယောက်ရှိတယ်။ မိဘနှစ်ပါးသေဆုံးသွားတော့ အစ်ကိုဖြစ်သူက အင်းသူကြီးအဖြစ် လုပ်ကိုင်ခဲ့တယ်။ ညီမလေးကတော့ အိမ်မှာနေတာပေါ့။

အင်းသူကြီးအစ်ကိုဟာ အင်းထဲမှာနေရင်း နှစ်ပေါင်းများစွာကြာလာတော့ ငါးတွေကို ဖုတ်ကင်ချက်ပြုတ်ပြီး မစားတော့ဘဲ အစိမ်းစားလာတယ်။ တဖြည်းဖြည်း နှစ်ကြာလာတာနဲ့အမျှ လူစင်စစ်ကအင်းစောင့်သရဲကြီးဖြစ်သွားခဲ့တယ်။ ညီမလေးဟာ ဒီအဖြစ်ဆိုးတွေမြင်ပြီး သေဆုံးသွားတဲ့အခါမှာ သင်္ချိုင်းစောင့်မဖဲဝါဖြစ်လာတယ်လို့ ဆိုပါတယ်"

ဟု ပြောခဲ့ပါသည်။

စာရေးသူလည်း ထိုဒေဝတာဗလိပွဲ နောက်ဆုံးနေ့အထိ ကြည့်နေလိုက်သည်။ နောက်ဆုံးနေ့တွင် (၃၇) မင်းနှင့် အခြားနတ်အပေါင်းတို့ကို ပူဇော်ပသသည်။တဖြည်းဖြည်းနှင့် နေဝင်ရီတရောအချိန်သို့ရောက်လာသည်။ ထိုစဉ် နတ်ပွဲထဲမှ လူတစ်ယောက်က အမဲသားတွဲတစ်ပိဿာခန့်ရှိသည့် အတွဲနှစ်တွဲကိုဆွဲပြီး ရောက်လာ၏။ မကြာမီပင် အသားညိုညို၊ ထောင်ထောင်မောင်းမောင်း ယောကျ်ားတစ်ယောက်သည် ဆိုင်းဝိုင်းရှေ့သို့ ခုန်ပေါက်ပြေးလာသည်။ သူ့တွင် အပေါ်ပိုင်းအင်္ကျီမပါပါ။ ခါးတောင်းကို မြှောင်အောင်ကျိုက်ထားသည်။ ထိုသူသည် နတ်ဝင်ရောက်ပူးကပ်နေပြီး ခုန်လိုက်၊ တစ်ပတ်ကျွမ်းထိုးလိုက်လုပ်နေ၏။ မေးကြည့်ရာ ဦးညိုကြီး ပူးကပ်နေသည်ဟုပြောပါသည်။ ထိုသူက အမြင့်တွင် ချိတ်ဆွဲထားသည့် အမဲသားတစ်ပိဿာတွဲကိုလှမ်းယူပြီး မြိန်ရေရှက်ရေစားနေသည်မှာ အသည်းယားဖွယ်ကောင်းလှပါသည်။ မကြာခင်ပင် အမဲသားတွဲတစ်တွဲလုံးကုန်သွားသည်။ ဦးညိုကြီး ပူးကပ်နေသူသည် အနောက်ကျွမ်းပစ်ပြီး ဆိုင်းဝိုင်းနောက်သို့ ပြေးဝင်သွားလေသည်။

အမျိုးသမီးအင်္ကျီဝတ်ဆင်ထားပြီး မိတ်ကပ်အပြည့်နှင့် နတ်ကတော်မိန်းမလျာတစ်ဦးထွက်လာပြီး မဖဲဝါကို ပင့်ဖိတ်ပါသည်။ တစ်ခဏအကြာတွင် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်လာပြီး မဖဲဝါဝင်ပူးပါတော့သည်။



ဆိုင်းချက်နှင့်အညီ ကပြနေရာမှ စားပွဲပေါ်တွင်တင်ထားသည့် ကျန်အမဲသားတွဲကိုဆွဲယူလိုက်သည်။ ထိုအမဲသားတွဲကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ မြိန်ရေရှက်ရေစားပါတော့သည်။ တဖြည်းဖြည်းနှင့် နေကလည်းဝင်လာသည်။ အမှောင်ရိပ်သန်းလာပါသည်။ ခွေးများကလည်း အူလာကြသည်။

ကနားအနီးတွင် ဦးညိုကြီးပူးသည့် ထောင်ထောင်မောင်းမောင်း ယောကျ်ားကြီးသည် လာရောက်ထိုင်နေပြီး သူ့သွားကြားထဲမှ အမဲသားစိမ်းများကို သွားကြားထိုးထုတ်ပြီး ထွေးပစ်နေသည်။ အသည်းယားဖွယ်ကောင်းလှ၏။ စာရေးသူသည် မဖဲဝါပူးကပ်နေသည့် နတ်ကတော်မှာ တကယ်ပူးကပ်၍ စားနေခြင်းလော သို့မဟုတ် မပူးကပ်ဘဲ စားနေခြင်းလောဟု တွေးနေမိပါသည်။အကယ်၍ မပူးကပ်ဘဲစားနေခြင်းဖြစ်ပါက လူစင်စစ်က ဤအမဲသားအစိမ်းတစ်ပိဿာခန့်ကို အားရပါးရစားနိုင်ပါမည်လားဟု တွေးနေမိခြင်း ဖြစ်၏။ မည်သို့ပင်ဖြစ်စေကာမူ သည်ညနေချမ်းနှင့်သည်မြင်ကွင်းမှာ စာရေးသူအဖို့ အံ့ဩစရာ၊ ရင်တုန်စရာ၊ အသည်းယားစရာဖြစ်ခဲ့ရသည့် ညနေချမ်းပင်ဖြစ်ပါတော့သည်။

စာရေးသူကိုယ်တွေ့ကြုံရသည့် အထက်ပါ အဖြစ်အပျက်အရဆိုလျှင် အထက်၌ဖော်ပြခဲ့သော ရုပ်ရှင်မင်းသားအကယ်ဒမီကျော်သူပြောသည့် မဖဲဝါကို သစ်သီးတွေသာ ကျွေးရတယ်ဆိုသည်မှာ အံ့ဩစရာဖြစ်နေပါတော့သည်။ သူလည်း သူ့အတွေ့အကြုံအရပြောခြင်းဖြစ်သည်။ စာရေးသူလည်း စာရေးသူ၏ အတွေ့အကြုံအရ ရေးသားခြင်းဖြစ်ပါသည်။

မောင်သန်းဆွေ(ထားဝယ်)

**ကိုးကားချက် -**

၁။ စည်သူမြိုင် (သုတေသန)၊ (၃၇) မင်းနှင့် တိုင်းရင်းသားရိုးရာနတ်များ။

၂။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ထုတ် စံတော်ချိန်သတင်းစာမှ ဦးကျော်သူနှင့် တွေ့ဆုံမေးမြန်းခြင်းအခန်း။



www.burmeseclassic.com

www.burmeseclassic.com



"မုန့်ဖက်ထုပ်ပူပူလေး"

ဖိုးသံချောင်း၏အသံစာစာလေးက နှင်းထုကိုထိုးဖောက်ထွက်ပေါ်လာ၏။ ဒီနေ့မှကျလိုက်သည့်နှင်း။ မနက်ခုနစ်နာရီထိုးသည့်တိုင်မကွဲနိုင်သေး။တစ်ချက်တစ်ချက် ဝေ့ခနဲ ဝဲခနဲ တိုက်ခတ်လိုက်သည့် ဆောင်းလေကြောင့် ဖိုးသံချောင်းလက်ကိုကျစ်သထက်ကျစ်အောင်ပိုက်ရင်းဇက်ကိုပုထားလိုက်၏။

"နှင်းကလည်း ခုထိမကွဲသေးဘူး။ ချမ်းလိုက်တာ အမေရာ။ မုန့်ဘယ်လောက်ကျန်သေးလဲဟင်"

"(၁၅) ထုပ်လောက်ပဲရှိပါတော့တယ်ကွာ။ ရှေ့က ဖောက်သည်လေးငါးအိမ်လောက်ဆိုပြတ်မှာပါ"

ခိုက်ခိုက်တုန်အောင် ချမ်းနေရှာသည့်သားဖြစ်သူကို စိတ်မကောင်းစွာကြည့်ရင်း ကိုလရောင်ဖြေကြားလိုက်၏။ တကယ်တော့ သူတို့မိသားစုသည် ဒီမြို့ ဒီရွာ မြိုင်သာဇာတိမဟုတ်။ လွန်ခဲ့သောနှစ်နှစ်ခန့်ကမှ ပြောင်းရွှေ့လာခဲ့ကြခြင်းဖြစ်သည်။ ကိုလရောင်သည် မြိုင်သာမြို့အရှေ့ (၁၀) မိုင်ခန့်ဝေးသည့် စလူအင်းရွာသားဖြစ်ပါသည်။ စလူအင်းတွင်မွေး၊ စလူအင်းတွင် အရွယ်ရောက်ကာ တစ်ရွာတည်းနေ မမြမေနှင့် အိမ်ထောင်ကျခဲ့၏။ ညားခါစလင်မယားနှစ်ယောက်လုံး အလုပ်အကိုင်မည်မည်ရရမရှိသော်လည်း ကြုံရာအလုပ်လုပ်ကာ ပင်ပန်းသည့်ကြားမှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း တူနှစ်ကိုယ်တိုင်းပြည်လေးတွင်အပျော်ကြီးပျော်နေမိကြသည်။ သည်လိုနှင့် သားလေး ဖိုးသံချောင်းကိုမွေးပြီး စတုတ္ထတန်းတက်သည့်နှစ်တွင်တော့ ကလေးပညာရေးအတွက်သည်အတိုင်းနေသွား၍မဖြစ်နိုင်ကြောင်းအတွေးဝင်လာကြသည်။ လင်မယားနှစ်ယောက် အမျိုးမျိုးညှိနှိုင်းတိုင်ပင်ပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကိုယတိပြတ်ချလိုက်ရ၏။ သားလေးအတွက် စွန့်စားရပေတော့မည်။ တစ်ဦးတည်းသောသားလေးမို့ သူတို့လို ပညာမဲ့ဘဝဖြင့် လောကအလယ်မျက်နှာမငယ်စေလို။ ထို့ကြောင့်လည်း ချစ်သော ရိုးမတောင်ခြေ စလူအင်းရွာကလေးကို ကျောခိုင်းစွန့်ခွာ၍ အလုပ်အကိုင်ပေါသည်ဟု သတင်းသန့်သန့်ကြားရသည့် မြိုင်သာမြို့သို့ ပြောင်းရွှေ့လာခဲ့ကြခြင်း ဖြစ်ပါသည်။

မြို့သာမြို့သို့ ရောက်ပြီးနောက် ကျပမ်းနယ်သားများသာ စုဝေးနေထိုင်ကြသည့် မြို့စွန်အောင်ချမ်းသာရပ်ကွက်ကလေးကိုပင် ရွေးချယ်ဖြစ်ကြ၏။ ဒါကလည်း အကြောင်းရှိသည်။ ကိုလရောင်တို့ အရင်ခုနစ်နှစ်ခန့်စောပြီး ဒီရပ်ကွက်ကလေးသို့ ပြောင်းရွှေ့အခြေချနေသည့် တစ်ရွာတည်းသား လူရင်းလူခံကိုကြီးညိုတို့ရှိနေနှင့်သောကြောင့် ဖြစ်၏။ ကိုကြီးညိုတို့လင်မယားကြောင့်လည်း သူတို့မိသားစုသုံးယောက် ကျောချနေစရာလေးတစ်ခု အလွယ်တကူရရှိခဲ့ခြင်းဖြစ်ပါသည်။

ကိုကြီးညိုမှ

"ဟော့ကောင် လရောင်၊ ဘာမှလုပ်မနေနဲ့ တို့နဲ့ပဲအတူနေပေါ့"

ဟု ဆိုသည်။

ပညာမတတ်ပေမယ့် ရှေးရေးကိုကြိုတွေးတတ်သည့် ကိုလရောင်တို့လင်မယားက ကိုကြီးညိုတို့ အိမ်ခြေရင်းဘက်တွင် နေသာရုံ အဖြီကလေးဆွဲပြီး နေပါရစေဟု တောင်းပန်၍ ကလေးမုန့်ဖိုးအမည်တပ်ကာ တစ်လလျှင် ငွေ (၁၅) ကျပ် အတင်းပေးခဲ့သည်။ ပထမပိုင်းတွင် ကိုကြီးညိုမိန်းမ မနုက နေပါစေဟာ၊ လုပ်မနေစမ်းပါနဲ့ဆိုသော်လည်း နောက်ပိုင်း အခန့်မသင့်၍ ပေးနေကျရက်ထက် အနည်းငယ်စွန်းသွားလျှင်ပင် မျက်နှာက မကောင်းချင်တော့။



www.burmeseclassic.com

www.burmeseclassic.com

# ကိုစနေ

စေတနာကောင်းလျှင်
ကံအကြောင်းလှပါသည်





ချယ်ရီမဂ္ဂဇင်း
အတွဲ(၁၆) အမှတ်(၈) ၂၀၁၆ခုနှစ်ဩဂုတ်လ

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း ကလေးမုန့်ဖိုး ဟုပဲပြောပြော၊ မြေငှားခဟုဆိုဆို လစဉ်ကိုကြီးညီ့တို့ကိုပေးရမည့်ငွေအား အချိန်မီပေးနိုင်ရေးအတွက်ရော မိသားစုသုံးယောက်ဝမ်းရေးနှင့် ကျောင်းစရိတ်အတွက်ပါ မနက်စောစော သားအဖနှစ်ယောက် မုန့်ဖက်ထုပ်ရောင်း၊ ပြီးလျှင် ကိုလရောင်နှင့် မမြမေတို့ မြိုင်သာဈေးကြီးထဲ အချိန်မီပြေးကာ ကြုံရာကျပန်းလုပ်၍ ရတတ်သမျှ ကုပ်ကပ်စုဆောင်းခဲ့ကြရ၏။ မိဘအရိပ်အကဲကို နားလည်သော ဖိုးသံချောင်းတစ်ယောက် ဆဌမတန်းသို့ပင်ရောက်ခဲ့ချေပြီ။

"အဖေ၊ အဖေ ဟိုမှာ ဘကြီးတစ်ယောက်လဲနေတယ်"

ဖိုးသံချောင်း၏ အလန့်တကြားအော်ပြောသံကြောင့် အတိတ်၏အရိပ်ထဲတွင် နစ်မျောနေသည့် ကိုလရောင်တစ်ယောက် ဖျတ်ခနဲ သတိရပြီး ဖိုးသံချောင်းညွှန်ပြရာသို့ကြည့်လိုက်၏။ အသက် (၆၀) ကျော်ခန့်အဘိုးအိုတစ်ဦး နှင်းထုထဲတွင် ခွေခွေလေးလဲနေရာမှ သူတို့သားအဖကို လက်ယပ်ခေါ်နေသည်ကိုပါတွေ့လိုက်ရသည်။ သားအဖနှစ်ယောက်သား အပြေးအလွှားကလေးသွားပြီး အဘိုးအိုကို ထူမကာ ဖိုးသံချောင်းမှ-

"ဘဘကြီး၊ သားတို့ဘာလုပ်ပေးရမလဲ။ ဘယ်ပို့ပေးရမလဲ"

"အဘိုးအိုသည် လေသံသဲ့သဲ့ဖြင့် အနီးရှိ တိုက်အိမ်မကြီးဆီသို့ လက်ညှိုးထိုးပြပြီး-

"အိမ်ထဲကိုပို့ပေးပါ"

ဆိုသဖြင့် ကိုလရောင်သည် အဘိုးအိုအား ကျောပိုးသယ်ဆောင်ကာ အိပ်ရာထဲအထိပို့ပေးခဲ့၏။ အသင့်တွေ့ရသည့် စောင်ထူထူကြီးအား ခြုံပေးပြီးနောက် မျက်လုံးမှိတ်အမောဖြေနေဟန်ရှိသော အဘိုးအိုအား စာနာစိတ်ဖြင့် ကြည့်နေမိသည်။ အတန်ကြာသည်အထိ အခြားအိမ်သား တစ်စုံတစ်ယောက်ကိုမျှမတွေ့ရ၍ ကျယ်ဝန်းသည့်တိုက်အိမ်ကြီးတွင် အဘိုးအိုတစ်ဦးတည်းနေထိုင်လေသလားဟုပင် အတွေးဝင်မိလေသည်။

ခဏအကြာ အဘိုးအိုမျက်လုံးပွင့်လာပြီး -

"ကျေးဇူးတင်လိုက်တာကွယ်။ အတော်လေးနေသာသွားပါပြီ"

"မဟုတ်တာဦးကြီးရယ်။ ကျေးဇူးတင်ဖို့မလိုပါဘူးခင်ဗျာ။ မိဘအရွယ်ကို ကူညီခွင့်ရတဲ့အတွက် ကုသိုလ်တောင်ရပါသေးတယ်"

"မင်းတို့သာမကူညီရင် ခုလောက်ဆို အေးခဲပြီး ဦးကြီးသေနေလောက်ပြီပေါ့။ မင်းတို့ကျေးဇူးကြောင့် အသက်ရှင်ခွင့်ရတာမို့လား။ ဒါနဲ့ ငါ့တူတို့က ဘယ်မှာနေကြသလဲ"

ကိုလရောင်သည် မလှပသည့် အကျည်းတန်သူတို့ဘဝအား အကျဉ်းချုံး ပြောပြနေချိန်တွင် ဖိုးသံချောင်းကမူ အဘိုးအို၏ ခြေသလုံးနှင့်ပေါင်တို့အား နှိပ်နယ်ပေးနေလေသည်။

ကိုလရောင်တို့သားအဖ မုန့်ဖက်ထုပ်ရောင်းပြီးပြန်လာချိန်မှာ မနက်ရှစ်နာရီထိုးလုပြီဖြစ်၏။ မိသားစုသုံးယောက် စကားတပြောပြောနှင့် မနက်အဆာခံစားနေကြသည်။ ကျောင်းပိတ်ရက်မို့ သူပါဈေးထဲလိုက်မည်တကဲကဲလုပ်နေသောဖိုးသံချောင်းအား -

"အိမ်မှာပဲ စာကျက်နေပါလား သားလေးရယ်"

ဟု မမြမေမှချော့၏။

"အိမ်မှာတစ်ယောက်ထဲပျင်းလွန်းလို့ပါအမေရယ်။ စာအတွက်တော့ ဘာမှမပူနဲ့"

မိဘကို ကူညီခွင့်ရအောင် လှည့်ပတ်ပြောတတ်သောသားကို ကြည့်ရင်း မမြမေ ပြုံးလိုက်မိပါသည်။

ထိုအခိုက် သားသားနားနား ဝတ်ဆင်ထားသော လူရွယ်တစ်ဦး သူတို့တဲပေါက်အနီးရောက်လာကာ -

"ကိုလရောင်ဆိုတာ ဒီကနောင်ကြီးထင်ပါရဲ့"

ကိုလရောင်သည် တစ်ခါမှမမြင်ဖူးသည့် သူနှင့်ရွယ်တူလူရွယ်အား အကဲခတ်ရင်း -

"ဟုတ်ကဲ့ ကျွန်တော်ပါ။ ထိုင်ပါဦး။ ဘာများကူညီရမလဲခင်ဗျ"

လူရွယ်သည် ဝါးကြမ်းခင်းထားသော အဆင့်လေးအားကြည့်ပြီး အားနာဟန်ဖြင့် -

"မထိုင်တော့ပါဘူးခင်ဗျာ၊ ခဏပါပဲ။ စပါယ်လမ်းထဲက ဆရာဦးရွှေမောင်က ကိုလရောင်တို့မိသားစုကို ခေါ်ခိုင်းလိုက်လို့ပါ"

ကိုလရောင်သည် ဇဝေဇဝါဖြင့် အတန်ကြာအောင် စဉ်းစားနေရာမှ -

"ဪ - ဦးရွှေမောင်ဆိုတာ ပြီးခဲ့တဲ့ဆယ့်ငါးရက်လောက်က ခြံရှေ့မှာလဲနေတဲ့ဦးကြီးထင်ပါရဲ့။ ဘာကိစ္စများပါလိမ့်"

"ခင်ဗျားတို့မိသားစုကိုတွေ့ချင်ရဲ့သက်သက်ထင်ပါရဲ့။ ကျွန်တော်နဲ့တစ်ခါတည်းလိုက်ခဲ့ဖို့မှာလိုက်ပါတယ်"

အိမ်ကြီးဆီသို့ရောက်ရှိချိန်တွင် ဧည့်ခန်းစားပွဲပေါ်၌ စားစရာများဖြင့် အသင့်စောင့်နေဟန်ရှိသောဦးရွှေမောင်အား ပြုံးရွှင်စွာတွေ့ရ၏။ သို့သော် ကောင်းစွာကျန်းမာပုံမရသေးချေ။ ဖိုးသံချောင်းက သွက်လက်စွာ ဦးရွှေမောင်အနီးကပ်သွားပြီး -

"ဘဘကြီး နေကောင်းသွားပြီးလား။ သားနှိပ်ပေးရဦးမလား"

ဦးရွှေမောင်သည် ဖိုးသံချောင်းခေါင်းအားပွတ်သပ်ကာ ကိုလရောင်တို့ကိုခေါ်လာသူ ကိုတင်ကိုအား အဓိပ္ပာယ်ပြည့်ဝသော မျက်လုံးများဖြင့်ကြည့်လိုက်ရင်း -

"အတော်လေး ကောင်းသွားပါပြီ ဖိုးသံချောင်းရဲ့။ နောက်မှနှိပ်ပေးဦးပေါ့။ မင်းတို့ကို အကူအညီတောင်းစရာရှိလို့ခေါ်လိုက်ရတာ မောင်လရောင်ရေ။ ကဲ- စားကြပါဦး။ ပြီးမှ အေးအေးဆေးဆေး ပြောကြတာပေါ့"

ကိုလရောင်တို့သားအမိသားအဖ စားစရာများကို မရဲတရဲစားရင်း -

"ပြောပါ ဦးကြီး။ ကျွန်တော်တို့တတ်နိုင်တာမှန်သမျှ ကူညီဖို့အသင့်ပါပဲခင်ဗျာ"

"ယုံကြည်ပါတယ်ကွယ်။ အကူအညီမတောင်းခင် ဦးကြီးအကြောင်းကိုအရင်ပြောပြမယ်။ ပြီးမှ ကူညီသင့်၊ မကူညီသင့်စဉ်းစားပေါ့ကွယ်"

ဆိုကာ အထီးကျန်ဆန်လှသည့် သူ့ဘဝအကြောင်းအား ကရုဏာသက်ဖွယ်ပြောပြရှာလေသည်။

❑

လွန်ခဲ့သော နှစ်ပေါင်း (၅၀) ခန့်က မြိုင်သာမြို့၏ မျက်နှာဖုံးပွဲရုံသူဌေးကြီးဦးဖေခင်တွင် မောင်ရွှေအောင် မောင်ရွှေမောင် ဆိုသော မိတဆိုးသားလေးနှစ်ဦးရှိ၏။ ဖခင်ကြီးက စီးပွားရေးလောကတွင် အောင်မြင်နေသည့်နည်းတူ အထက်တန်းကျောင်းတက်နေသည့် သားနှစ်ဦးမှာလည်း လိမ္မာရေးခြား သလောက် ပညာတော်သည်ဆိုသော ဂုဏ်သတင်းကြောင့် သမီးရှင်များအကြား လွန်စွာမျက်နှာပွင့်လန်းနေသော တော့သည်။

ဦးဖေခင်သည် ဇနီးဖြစ်သူ ဒေါ်မမလေးကွယ်လွန်ချိန်က အသက် အားဖြင့် လေးဆယ်ဟူသော

www.burmeseclassic.com

www.burmeseclassic.com

ပိုင်းအရွယ်သာရှိသေးသော်လည်း မိတဆိုးသားနှစ်ဦး၏နောင်ရေးကို တွေးတောကာ နောက်ထပ်အိမ်ယာထူထောင်ခြင်းမပြုတော့ဘဲ စီးပွားရေးကိုသာ အလေးထားခဲ့လေသည်။ သားကြီးမောင်ရွှေအောင် ဆယ်တန်းအောင်သည့်နှစ်မှာပင် ကျောင်းမှထွက်ကာ ဖခင်ကြီး၏ ပွဲရုံလုပ်ငန်းတွင် ဝင်ရောက် ဦးစီး လုပ်ကိုင်ခဲ့သဖြင့် ဖခင်ကြီးမှာ အကျေနပ်ကြီးကျေနပ်ရလေသည်။ မောင်ရွှေမောင်ကမူ တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရလိုကြောင်း ခွင့်ပန်ပြီး ပညာဆက်လက်သင်ကြားခဲ့သည်။ ဦးဖေခင်အနေဖြင့် သားနှစ်ယောက်လုံးကို မိမိပွဲရုံလုပ်ငန်းအားထက်ရှိအခြေအနေထက် ပိုမိုတိုးတက်အောင်ချဲ့ထွင်လုပ်ကိုင်စေလိုသော်လည်း သားငယ်၏ဆန္ဒအတိုင်း ခွင့်ပြုခဲ့သည်။

မောင်ရွှေမောင် ဆယ်တန်းရောက်သည့်နှစ်တွင် ဖခင်၏မိတ်ဆွေရင်းသည်ကြီး ဦးတင်ရွှေ၏ တစ်ဦးတည်းသောသမီးခင်ခင်နှင့်တောင်ပေါ် ဝါဆိုပွဲတွင် တွေ့ဆုံရင်းဖွင့်မိကြ၏။ တကယ်တော့ မောင်ရွှေမောင်နှင့် ခင်ခင်တို့သည် အခုမှစတင်တွေ့ဆုံကြခြင်းမဟုတ်လွန်ခဲ့သော တစ်နှစ်ခန့်ကတည်းက ဖခင်ကြီး၏ ခိုင်းစေချက်အရ ဦးတင်ရွှေအိမ်သို့သွားရာမှ မမျှော်လင့်ဘဲ ခင်ခင်နှင့် မျက်လုံးချင်းဆုံမိကြခြင်း ဖြစ်ပါသည်။ ခဏတာဆုံမိကြသည့် သူတို့အကြည့်များက နှစ်ဦးသားရင်ထဲအထိစူးနစ်နစ်။ ရှေးရေစက် ဆိုသည်မှာ ဤမျှကိုခေါ်လေသလားမသိ။ ထို့နောက်ပိုင်းကာလများတွင် ဟိုဟိုသည်သည်မှာ ကြာခဏ ဆုံတွေ့ရတတ်သော်လည်း အခွင့်မသာ၍ ဆန္ဒကိုယ်စီအား သိမ်းဆည်းထားရာမှ အခုတော့ မစွမ်းရင်းကလည်းရှိ၊ ကန့်စွန်းခင်းကလည်းငြိ၊ အခြေအနေကလည်း ပေးလာသည်မို့ နှစ်ဦးသားပွင့်လင်းခဲ့ကြခြင်းဖြစ်ပါသည်။

မောင်ရွှေမောင်နှင့်ခင်ခင်တို့နှစ်ဦး ရက်တိုတိုလေးအတွင်းမှာပင် အလျင်တိုင်း သူငယ်ချင်းထွေးထွေး၏ အကူအညီဖြင့် တောင်ပေါ်ဘုရားလေးသို့ ရောက်ခဲ့ကြပြီး နှစ်ယောက်တစ်ဘဝ ဆောင်ရန်အထိ သစ္စာထားကတိပြုကြသည်။ သို့သော်လည်း မြန်မာ လေးပိပိ အရှက်အကြောက်ကြီးသည့် ခင်ခင်၏ သိုသိပ်မှုကြောင့် သူငယ်ချင်းထွေးထွေးမှလွဲ၍ သူတို့အချစ် ကမ္ဘာလေးအကြောင်းကို မည်သူမျှမသိ။ ထိုသို့ လျှို့ဝှက်လွန်းချင်းကပင်လျှင် သူတို့နှစ်ဦး၏ဘဝကို နီးလျက်နှင့်ဝေးအောင် ဖန်တီးမည့်အချက်ဖြစ်ကြောင်း လုံးဝရိပ်စားမိခြင်းရှိခဲ့ကြပေ။

ဘွဲ့ရပြီးမကြာမီ လူကြီးဆုံရာဖြင့် လာရောက် ကြောင်းလမ်းပါမည်ဟု အထပ်ထပ် ကတိသစ္စာပြုခဲ့သည့် မောင်ရွှေမောင်တစ်ယောက် တက္ကသိုလ်ပညာသင်ကြားနေသည်မှာ တတိယနှစ်သို့ပင်ရောက်ခဲ့ပြီဖြစ်၏။ မောင်ရွှေမောင်သည် နှစ်ဦးသားတည်ဆောက်မည့် သီးခြားကမ္ဘာလေးကို စိတ်ကူးနှင့်ရှုးရင်း ပညာကို အစွမ်းကုန် ကြိုးစားသင်ကြားနေသလို စောင့်စားနေသူ ခင်ခင်မှာလည်း နေးကွေးလွန်းသည့် နေ့ရက်များကိုပင် စိတ်မရှည်ချင်တော့။ ထို့အတူ မာယာများလွန်းသောကံကြမ္မာကိုလည်း အပြီးတိုင် မယုံစားရဲသည်မို့ တွေးမိတိုင်းရင်ပူနေရရှာလေသည်။

သို့နှင့် မောင်ရွှေမောင်နောက်ဆုံးပညာသင်နှစ်စ၍မကြာမီ -

“မောင်မောင်၊ ဖေဖေ မကျန်းမာ အမြန်ပြန်လာ”

ဆိုသော အစ်ကို၏ သံကြိုးစာကြောင့် စိုးရိမ်စိတ်နှင့်အတူ အပြေးကလေးပြန်လာခဲ့သည်။ အိမ်ရောက်ချိန်တွင်တော့ ဖခင်ကြီးမှာ အတန်အသင့်သက်သာနေပြီဟုဆိုသော်လည်း အိပ်ရာမှမထနိုင်သေး။ မိသားစုဆရာဝန်၏ အဆိုအရ နှလုံးအားအလွန်နည်းနေသည်ဖြစ်၍ စိတ်ချရသည့်အခြေအနေသို့ ပြန်ရောက်ရန် မလွယ်တော့ကြောင်း သိလိုက်ရသဖြင့် ဝမ်းနည်းမဆုံးရှိကြရလေသည်။ ဦးဖေခင်ကိုယ်တိုင်လည်း သူ့အခြေအနေမဟန်မှန်းသိပုံရသဖြင့် ၎င်း၏မိတ်ဆွေကြီး ဦးတင်ရွှေနှင့် နှစ်ဦးတည်း တိုင်ပင်ထားသည့် သားကြီးမောင်ရွှေအောင်နှင့်ခင်ခင်တို့မင်္ဂလာကိစ္စကို အပူတပြင်း စီစဉ်လေတော့သည်။ မင်္ဂလာသတင်းအားကြားလိုက်ရသည့် မောင်ရွှေအောင်အဖို့ ခင်ခင့်အား ကျိတ်ပြီးသဘောကျနေသူဖြစ်၍ အတိုင်းမသိ ဝမ်းသာသော်လည်း မောင်ရွှေမောင်အတွက်မှာမူ နှလုံးသားတစ်ခုလုံး ပေါက်ကွဲလွင့်စဉ်ထွက်သွားသည့်နှယ်ပင် ခံစားလိုက်ရလေသည်။

မင်္ဂလာရက်အတွင်း မောင်ရွှေမောင်တစ်ယောက် အနေအထိုင်ခက်လွန်းလှသဖြင့် အဝေးတစ်နေရာသို့ ထွက်ပြေးသွားလိုလှသော်လည်း သနားစဖွယ် ခင်ခင်၏မျက်နှာလေးကိုငဲ့ကွက်တာ ဣန္ဒြေမပျက်ဟန်ဆောင်နေခဲ့ရ၏။ ယခင်က ကိုရွှေအောင်နှင့် ခင်ခင်တို့ မင်္ဂလာပွဲအပြီး နောက်ရက်တွင် ကျောင်းသို့ပြန်မည်ဟု ရည်မှန်းထားသည့် မောင်ရွှေမောင်တစ်ယောက် မမျှော်လင့်ဘဲ ဖခင်ကြီးဆုံးပါးသွားပြန်သဖြင့် ပြန်ရက်ရွှေ့လိုက်ရပြန်သည်။ မင်္ဂလာပွဲနှင့် တစ်ဆက်တည်းဆိုသလို ဖခင်ကြီး၏ နာရေးကိစ္စကြောင့် ရက်ဆက်ပင်ပန်းနေပြီဖြစ်သည်ကတစ်ကြောင်း၊ ရက်မလည်မီ ပြန်ရန်မသင့်ဟု တားမြစ်ကြသည်ကတစ်ကြောင်းကြောင့် မည်သို့မျှမငြင်းဆန်သာဘဲရှိနေပြန်ပါသည်။

ထိုရက်အတောအတွင်း ကိုရွှေမောင်နှင့် ခင်ခင်တို့ အိမ်ကြီးထဲ၌ အမှတ်မထင် အကြည့်ခြင်းဆုံမိတိုင်း -

“ခွင့်မလွှတ်ပါနဲ့ မောင်မောင်ရယ်”

ဟူသော အဓိပ္ပာယ်များကို သူမမျက်လုံးအိမ်တွင် တွေ့ရတတ်သည်။ ထို့အတူ ရှိုက်သံများကိုပါကြားနေရသည်ဟုထင်မိ၏။ ထိုသို့သောအခါတိုင်း ကိုရွှေမောင်၏ရင်တွင် နာကျင်၍မဆုံးနိုင်တော့။ တစ်စစီပျက်သုဉ်းသွားရသည့် စိတ်ကူးယဉ်ကမ္ဘာလေးအတွက် မည်သူ့ကိုမျှ မပြစ်မတင်ချင်သလို ခင်ခင့်ကိုလည်း သစ္စာပျက်သူဟူ၍ မဆိုရက်ပါချေ။ ရေစက်ကုန်လို့မဆုံလိုက်ရတာမို့ ရှိပါစေတော့ ခင်ခင်ရယ်ဟူ၍သာ ရင်ထဲမှ နှစ်သိမ့်ပေးနေမိ၏။ နောက်နောင်ထိုသို့ နှစ်ယောက်ချင်းမဆုံမိအောင်လည်း အတတ်နိုင်ဆုံး ရှောင်ဖယ်နေခဲ့ရပါသည်။

သို့နှင့် ကိုရွှေမောင်တစ်ယောက် ဥပဒေဘွဲ့ရပြီးနောက်ပိုင်း မြို့သာသို့ မပြန်ဖြစ်တော့။ သူငယ်ချင်းတစ်ဦး၏ ဖခင် ရှေ့နေကြီးဦးမြ အကူအညီဖြင့် ထူးချွန်သောရှေ့နေတစ်ဦးဖြစ်မြောက်ရေးအတွက်သာ အားသွန်ကြိုးပမ်းနေမိတော့သည်။ ရင်ပွင့်မတတ်ခံစားခဲ့ရသည့် အတိတ်ဆိုးကို အတတ်နိုင်ဆုံး မေ့ပျောက်ကာ ဘဝကို တိုးတက်သထက်တိုးတက်အောင် ကြံဆောင်နေချိန်တွင် အစ်ကိုကြီး ကိုရွှေအောင်၏ စိတ်မချမ်းမြေ့ဖွယ်သတင်းများကို မကြားချင်ဘဲကြားလာရ၏။ အိမ်ကြီး၏စီးပွားရေးကို ဦးဆောင်နေသူ ကိုရွှေအောင်သည် ဖခင်ကြီးမရှိတော့သည့်နောက်ပိုင်း အသက်ငယ်ငယ်နှင့် မြို့မျက်နှာဖုံးသူဌေးအသိုင်းအဝိုင်းတွင်ဝင်ဆံ့လာ၏။ သူဌေးစာရင်းဝင် ကိုရွှေအောင်သည် ဟိုဟိုသည်သည် မှဖိတ်ကြားသည့် ပါတီပွဲများ၊ မွေးနေ့ပွဲများ၊ ညစာစားပွဲများသို့ လူမှုရေးအရ



www.burmeseclassic.com

www.burmeseclassic.com

တက်လာရသည်။ ထိုထိုသောပွဲများမှ တစ်စဆာစ်စ အရက်ကို ခုံမင်လာ၏။ တစ်ဆင့်တက်ကာ ပေါ်ကာဝိုင်းများတွင် အချိန်ဖြုန်းတတ်လာ၏။ အလုပ်ပင်ပန်းမှုကို ဖြေဖျောက်ရန် အကြောင်းပြကာ ဟိုတယ်မယ်များနှင့်ပျော်မွေ့တတ်လာ၏။

သည်လိုနှင့် လုပ်ငန်းအပေါ် စိတ်ဝင်စားမှုနည်းပါးကာ အပျော်အပါး ဘက်တွင်သာ အချိန်ကုန်နေသည့် ကိုရွှေအောင် ဦးစီးသည့် ပွဲရုံလုပ်ငန်းမှာ သားကြီးမောင်မောင်ခင်မွေးပြီးချိန်တွင် သိသိသာသာယိုယွင်းလာသည်။ ဇနီးသည်၏ ချော့မော့ ဖျောင်းဖျမှုကြောင့် ပြန်လည်အဖတ်ဆယ်ရန် ကြိုးစားခဲ့သော်လည်း သားငယ် မောင်မောင်တင်မွေးပြီး မကြာမီမှာပင် ဖခင်ကြီး ကြိုးစားပမ်းစားတည်ထောင်ခဲ့သည့် ပွဲရုံလုပ်ငန်းကြီးတစ်ခုလုံးမှာ ပြိုင်ဘက်စီးပွားရေးသမားများ၏ ဩဘာလက်ခုပ်သံတဖြောင်းဖြောင်းအကြားတွင် ဗုန်းဗုန်းလဲကျဆုံးသွားခဲ့လေသည်။

အကုသိုလ်များဝင်လာပြီဆိုမှဖြင့် အသင်းလိုက်၊ အဖွဲ့လိုက်၊ အတုံးလိုက်၊ အခဲလိုက်ဖြစ်၏။ တစ်နေ့ မြိုင်သာမြို့အရှေ့သုံး၊ လေးမိုင်ခန့် ကွာဝေးသည့် ညောင်ပင်သာရွာမှ သူငယ်ချင်းတစ်ဦး၏အလှူသို့ ကိုရွှေအောင်၊ ခင်ခင်နှင့် မောင်မောင်တင်တို့ ကိုယ်ပိုင်ကားလေးဖြင့်သွားခဲ့ကြသည်။ အကြီးကောင် မောင်မောင်ခင်မှာ ကောင်းစွာ မကျန်းမာ၍ အိမ်မှာကျန်ရစ်ခဲ့သည်။

အလှူကိစ္စမှာ စောစောပြီးသော်လည်း အလှူရှင်မှ နေအေးမှပြန်ရန် တားသည့်အပြင် ခရီးဝေးမဟုတ်သဖြင့် ညနေအတော်စောင်းမှပြန်လာခဲ့ကြ၏။ မြေညီတောလမ်းလေးဖြစ်သဖြင့် ယာဉ်ရှင်း၊ လူရှင်း၍ ကားကို စိတ်အေးလက်အေးဖြည်းဖြည်းချင်းမောင်းနှင်လာခဲ့ရာ ခြံပျက်သရက်တောနားအရောက်တွင် လက်နက်ကိုယ်စီကိုင်ထားသူလူတစ်စုမှ ကားကိုတားလေတော့သည်။ ဟိုမနီးသည်မနီး ခရီးတစ်ဝက်ဖြစ်သည့်ပြင် မှောင်ရီပျိုးစမို့ အကြောက်လွန်တရကြမ်းမောင်းရာမှ အရှိန်လွန်ကာ လမ်းဘေးမြောင်းထဲထိုးကျပြီး မိသားစုသုံးယောက်လုံးအသက်ဆုံးရှုံးခဲ့ရလေသည်။

ထိုအချိန်က ဦးရွှေမောင်သည် အလုပ်ကိစ္စတစ်ခုဖြင့် မော်လမြိုင်သို့ရောက်ရှိနေချိန်ဖြစ်၏။ သတင်းကြားကြားချင်း အပြေးအလွှားပြန်ခဲ့သော်လည်း အလောင်းပင် မမီတော့ချေ။ လောကအလယ် တစ်ယောက်တည်း ယောင်ချာချာဖြစ်နေရှာသည့်တူကလေး မောင်မောင်ခင်အား စောင့်ရှောက်ရန် တာဝန်ရှိသေးသဖြင့် ကိုရွှေမောင် ရန်ကုန်သို့မပြန်ဖြစ်တော့။ အချိန်တိုင်း ငေးငေးငိုင်ငိုင်ဖြစ်နေသည့် မောင်မောင်ခင်အား အမျိုးမျိုးအားပေးပြီး ကျောင်းဆက်တက်ရန် တိုက်တွန်းခဲ့သော်လည်း မိဘနှစ်ပါးနှင့် ညီဖြစ်သူ၏အဖြစ်ဆိုးကို မျက်မြင်တွေ့ခဲ့ရသူ မောင်မောင်ခင်သည် သုံးလခန့်အကြာတွင် သာသနာ့ဘောင်သို့အပြီးအပိုင်ဝင်သွားခဲ့လေ၏။ မောင်မောင်ခင်တစ်ဖြစ်လဲရှင်ခေမိန္ဒသည် ယခုအခါ ချင်းတောင်တန်းတစ်နေရာ၌ ဆရာရင်းဖြစ်သူ ဆရာတော်ကြီးနှင့်အတူ သာသနာပြုနေသည်ဟုသာ ကြားရပြီး အိမ်ကြီးဆီသို့ တစ်ကြိမ်တစ်ခါမျှ ပြန်မလာခဲ့တော့ပေ။

ဦးရွှေမောင်သည် ၎င်း၏ဖြစ်စဉ်အကြောင်းစုံပြောပြနေရာမှ ခေတ္တရပ်ပြီး အမောဖြေကာ ဆက်ပြန်သည်။

"ဒီလိုနဲ့ ဦးကြီးတို့ဆွေစဉ်မျိုးဆက်ဆိုလို့ ဦးကြီးတစ်ယောက်တည်းပဲကျန်ရစ်ခဲ့တယ်။ ဟိုတုန်းက အကြောင်းမဟုတ်ပေမယ့် ခုတော့ မောင်လရောင်တို့ မြင်တဲ့အတိုင်း အသက်အရွယ်ရလာတဲ့အပြင် ကျန်းမာရေးပါချို့ယွင်းလာပြီမို့ တစ်ယောက်တည်းနေလို့မဖြစ်တော့ဘူးပေါ့။ စားရေးသောက်ရေးကအစ အခက်အခဲတွေနဲ့တွေ့လာရတယ်။ အဲဒီတော့ . . ."

ဦးရွှေမောင်သည် စကားကိုဆက်သင့်၊ မဆက်သင့် ချင့်ချိန်နေဟန်ရှိ၏။ ကိုလရောင်တို့မိသားစုမျက်နှာကိုလည်း အားနာခြင်း၊ မျှော်လင့်ခြင်းစသည့်အရိပ်အယောင်များရောယှက်နေသည့် မျက်လုံးများဖြင့် အကဲခတ်နေလေသည်။

"ဒီနေရာမှာ ကျွန်တော်နည်းနည်းဝင်ပြောပါရစေ"

တစ်လျှောက်လုံးငြိမ်နားထောင်နေသည့်ကိုတင်ကို စကားဝိုင်းထဲဝင်လာ၏။

"စောစောကပြောသလို ကျန်းမာရေးချို့ယွင်းလာတဲ့ ဆရာ့အဖို့ ခုလိုအိမ်ကြီးတစ်လုံးထဲမှာ တစ်ယောက်တည်းနေလို့ အဆင်မပြေနိုင်တော့ဘူး။ ကျန်းမာရေးမကောင်းလို့မှထူမယ့်သူမရှိ၊ ဆေးပေးသူမရှိ၊ ရေပေးမယ့်သူမရှိဖြစ်လာတယ်။ ကျွန်တော်ကလည်း တစ်မြို့တည်းနေတယ်ဆိုပေမယ့် အနေဝေးနေတော့ အနီးကပ်ပြုစုဖို့ မလွယ်ဘူးဗျာ။ အဲဒီတော့ ကိုလရောင်တို့ကပဲ တစ်လ တန်သည်၊နှစ်လတန်သည် စောင့်ရှောက်ပေးဖို့ မေတ္တာရပ်ခံပါရစေ"

မထင်မှတ်ဘဲ ကြားလိုက်ရသည့်စကားကြောင့် ကိုလရောင် အံ့ဩသလို မော့ကြည့်လိုက်ပြီး -

"ဖြစ်ပါ့မလားဗျာ"

"မဖြစ်နိုင်စရာဘာရှိမလဲ ကိုလရောင်ရယ်။ အမြဲတမ်းမဟုတ်တောင် ယာယီလောက်တော့ ကူညီကောင်း[...] တယ်ဗျာ"

ကိုလရောင်သည် ဝေခွဲရခက်[...] ၍ ဘယ်လိုလဲဆိုသည့်သဘောဖြင့် မ[...] မေကို လှမ်းကြည့်လိုက်ရာ မမြမေက[...] ဦးရွှေမောင်အား စာနာသနားသည့် မျက်ဝန်းအစုံဖြင့် ငေးကြည့်နေသည်[...] တွေ့လိုက်ရသည်။

သို့နှင့် ကိုလရောင်တို့မိသား[...] ဦးရွှေမောင်၏အိမ်ကြီးသို့ ပြောင်းရွှေ့[...] လာကြ၏။ ဦးရွှေမောင်မှ တိုက်အော[...] ထပ်တစ်နေရာကိုပေးသော်လည်း မ[...] ဘဲ အိမ်အနောက်ဘက် မလှမ်းမကမ်း[...] အလုပ်သမားနေအိမ်လေးမှာပင်နေထိုင်ခဲ့ကြသည်။မမြမေက ချက်ရေးပြုတ်ရေး[...] နှင့် အိမ်၏ဗာဟီရကိစ္စများကို တာဝ[...] ယူသလို ကိုလရောင်ကမူ အိမ်နှင့်[...] လုံခြုံရေး၊ ခြံဝင်းသန့်ရှင်းရေးကို တာဝ[...] ယူသည်။ ထို့အတူ ဖိုးသံချောင်းကလည်း ဦးရွှေမောင်၏ နံနက်စောစော လ[...] လျှောက်ဖော်အဖြစ် လည်းကောင်း ရုံး[...] ရုံခါ အနင်းအနှိပ်သည်၊ ညဦးပိုင်း စကား[...] ပြောဖော်အဖြစ် လည်းကောင်း အသီး[...] သီး စေတနာအရင်းခံဖြင့် ဖြည့်ဆည်း[...] ပေးခဲ့ကြသည်။ ထို့အတွက် ကိုလရောင်[...] နှင့် မမြမေအား လုပ်အားခအဖြ[...] တစ်လလျှင် တစ်ယောက် (၆၀) ကျ[...] အပြင် ဖိုးသံချောင်းအတွက် ကျောင်း[...] စရိတ် (၁၀) ကျပ် သီးခြားထောက်ပံ့[...] သည်။

ကိုလရောင်တို့ ပြောင်းရွှေ့လာ[...] (၁၀) ရက်ခန့်အကြာတွင်ဖြစ်သည်။ [...] မေသည် ဦးကြီး၏ ခိုင်းစေချက်အ[...] စာကြည့်ခန်းစားပွဲပေါ်၌ပြန့်ကျဲနေသည့် စာအုပ်များအား ရှင်းလင်းနေစဉ် [...] အုပ်ထူထူကြီးတစ်အုပ်အောက်မှငွေစ[...] အထပ်လိုက်တွေ့ရသည်။ ငွေမည်မျှ[...] မခန့်မှန်းနိုင်သော်လည်း အတော်[...] မည်ဟုထင်၏။ တစ်သက်နှင့်တစ်[...] တစ်ခါမှမကိုင်ဘူးသည့် ငွေအထပ်[...] အား တုန်တုန်ယင်ယင်ကောက်[...] ပြီး သွက်လက်သောခြေလှမ်းများ[...]



www.burmeseclassic.com

www.burmeseclassic.com

ဧည့်ခန်းတွင်ထိုင်နေသည့် ဦးရွှေမောင်ထံ အကျိုးအကြောင်းပြောပြအပ်နှံလိုက်သည်။

ထိုနည်းတူစွာ နောက်ငါးရက်ခန့်အကြာတွင် အိပ်ခန်းအားရှင်းလင်းရာမှကြမ်းပြင်ပေါ်တွင် ရွှေလက်စွပ်တစ်ကွင်းတွေ့ရသဖြင့် အပ်နှံလိုက်ရပြန်ပါသည်။ ရက်များမကြာမီ ကိုလရောင်ခြံရှင်းနေသည့်နေရာသို့ ဦးရွှေမောင်ရောက်ရှိလာကာ အာလာပသလ္လာပပြောဆိုပြီး ပြန်အလှည့် ပိုက်ဆံအိတ်တစ်လုံးကျကျန်ခဲ့၍ ကပျာကယာ ကောက်ယူအပ်ပေးလိုက်ရလေသည်။ ထိုသို့သော အဖြစ်မျိုးနှင့်မကြာခဏတွေ့ကြုံနေရသဖြင့် မမြမေမှ စိုးရိမ်မကောင်းသောလေသံဖြင့် -

" ဦးကြီးလည်း ခက်တော့တာပဲ။ တန်ဖိုးရှိတဲ့ပစ္စည်းတွေ ဟိုနားကျကျန်၊ ဒီနားကျကျန်နဲ့"

"အသက်ကြီးလာတော့လည်း ဒီလိုပဲဖြစ်တတ်ပါတယ်ကွာ။ မေ့မေ့လျော့လျော့တွေဖြစ်လာတာပေါ့။ တို့ကကြည့်ပြီး ထိန်းသိမ်းစောင့်ရှောက်ရမှာပေါ့ကွ"

"တခြားတစ်နေရာမှာ ကျကျန်ခဲ့ပြီး အိမ်မှာပျောက်ပါတယ်ဆိုရင် ကျွန်မတို့အပေါ် ပြဿနာလှည့်လာမှာစိုးရိမ်မိတယ် ကိုကြီးလရောင်ရယ်"

"ဒီလိုလည်း မဖြစ်တန်ကောင်းပါဘူးကွာ။ ကိုယ့်ဘက်ကသာ စေတနာမှန်အောင်ထား သစ္စာမမဲ့စေနဲ့။ ဘယ်တော့မှဒုက္ခမရောက်ဘူးမှတ်"

နောက်တစ်နေ့မနက်တွင် လမ်းလျှောက်ဖော်အဖြစ် ဖိုးသံချောင်းအားခေါ်ရန် အိမ်လေးအနီးသို့ရောက်ရှိနေသည့် ဦးရွှေမောင်သည် ကိုလရောင်တို့လင်မယားပြောဆိုနေသည့် စကားများအား အစအဆုံးကြားလိုက်ရသဖြင့် ပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြန်လှည့်ထွက်သွားသည်ကိုတော့ မည်သူမျှ မမြင်လိုက်မိကြပေ။

အချိန်ကာလများ ကြာလာသည်နှင့်အမျှ ဦးရွှေမောင်နှင့် ကိုလရောင်တို့သားစုပမာ ပိုမိုရင်းနှီးခင်မင်လာကြ၏။ အောင်ချမ်းသာရပ်ကွက်လေးကိုလည်း မြို့ပြန်ဖြစ်တော့။ အခုဆိုလျှင် နှစ်အတန်ကြာ အရောင်မှေးမှိန်နေခဲ့သော တိုက်အိမ်ကြီးမှာလည်း ဆေးရောင်တပြောင်ပြောင်ဖြင့် ငယ်မူငယ်သွေးဆင်နေ၏။ ခေါက်ပြားကို လက်ကုမချတမ်း လှုပ်ရှားနေသည့်ပြင် အလုပ်သမားတန်းလျားရှေ့မြေကွက်လပ်လေးတွင် အဖူးအငုံစီစီရီရီဖြင့်အလှဆင်နေသည့် နှင်းဆီခင်းလေးနှင့် ရနံ့သင်းသင်း စံပယ်ခင်းလေးကမြင်ရသူအဖို့ စိတ်ချမ်းမြေ့စရာ။

တောသူပီပီ အငြိမ်မနေတတ်သည့် မမြမေ၏လက်ရာကြောင့် အိမ်ကြီးတစ်ခုလုံးအတွင်းသန့်ရှင်းနေသည်။ ဦးရွှေမောင်သည် တစ်ချိန်က ခြောက်သွေ့တိတ်ဆိတ်နေရာမှ ပြန်လည်အသက်ဝင်စိုပြည်လာသည့်အိမ်ကြီးအားကြည့်ရင်း တပြုံးပြုံးဖြစ်နေ၏။ ထို့အတူ အတိတ်က စိတ်ပျက်ဝမ်းနည်းဖွယ်အဖြစ်များကိုပင် မေ့ပျောက်သလိုရှိလာသည်။ တစ်ခါတစ်ရံတော့လည်း ပြေးကြည့်မှ တစ်ဦးတည်းသာရှိတော့သည့် တူလေးဖြစ်သူ မောင်မောင်ခင်အဖြစ်လည်း ရှင်ခေမိန္ဒကို အထူးသတိရမိသည်။ သို့သော် သီတင်းသုံးသည့်နေရာအား အတိအကျမသိရသဖြင့် တွေ့လိုစိတ်ကို ချုပ်တည်းထားရလေသည်။ ဘာလိုလိုနှင့် ရှင်ခေမိန္ဒရဟန်းဘောင်သို့ရောက်သည်မှာ (၃)နှစ်ပင်ကျော်ပြီဖြစ်၏။ ဤအတောအတွင်းတစ်ကြိမ်မှမဖူးတွေ့ရ။

တစ်ခုသော နံနက်ခင်း စံပယ်ပင်များ တိုးချဲ့စိုက်ပျိုးရန် မြောင်းဖော်နေသည့် ကိုလရောင်အနီးသို့ ဦးရွှေမောင်ရောက်ရှိလာကာ -

"မောင်လရောင်ရေ ဦးကြီးက မေ့မေ့လျော့လျော့ဆိုတော့ ပျောက်မှာဆိုးလို့ ဒါလေးသိမ်းထားပေးပါ။ လိုမှပြန်ယူမယ်"

ဆိုကာ သော့နှစ်ချောင်းပါသောသော့တွဲလေးတစ်တွဲအပ်ပါသည်။ ဘာသော့ဟုပင် မေးလိုက်မိဘဲ မမြမေထံတစ်ဆင့်အပ်နှံထားလိုက်သည်။

ဒီလိုနှင့် ကိုလရောင်တို့မိသားစု ဦးရွှေမောင်၏အိမ်ကြီးသို့ ရောက်ရှိခဲ့သည်မှာ သုံးနှစ်ကျော်လေးနှစ်အတွင်းသို့ရောက်ရှိခဲ့ပြီဖြစ်သလို ဖိုးသံချောင်း (၁၀) တန်းကျောင်းသားပင်ဖြစ်၍နေချေပြီ။ သွေးမတော်သားမစပ်သည့် မိသားစုအတူတကွနေထိုင်ခဲ့ကြသော်လည်း တစ်ဦးကမေတ္တာ၊ တစ်ဦးက စေတနာဆိုသည့်အတိုင်းမို့ အဆင်မပြေစရာ၊ စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်ကြိမ်တစ်ခါမှ မတွေ့ခဲ့ကြရ။ တွယ်တာစရာကင်းလှသည့် ဦးရွှေမောင်နှင့် အားကိုးရာမဲ့ ကိုလရောင်တို့အား ကံတရားက သင့်တင့်လျောက်ပတ်အောင် တွဲစပ်ပေးလိုက်သည့်အလား သာယာချမ်းမြေ့ဖွယ် အိမ်ဂေဟာကြီးအတွင်း မိသားစုသွေးသားရင်းချာများပမာ သံယောဇဉ်တွယ်မိခဲ့ကြ၏။

ရှင်တော်ဗုဒ္ဓ ဟောကြားခဲ့သည့် မွေးဖွားခြင်းသည် သေဆုံးရန်အတွက်၊ နုပျိုခြင်းသည် အိုမင်းရန်အတွက်၊ ပြုံးရယ်ခြင်းသည် ငိုကြွေးရန်အတွက်၊ ဖြစ်ခြင်းသည် ပျက်ရန်အတွက်ဆိုသည့် တရားတော်အတိုင်း သာယာချမ်းမြေ့စရာအိမ်ဂေဟာကြီးမှ ပြုံးပျော်ကြည်နူးဖွယ်များသည်လည်း ဝမ်းနည်းပူဆွေးငိုကြွေးစရာများနှင့်ဆုံစည်းရန်အကြောင်းဖန်လာလေသည်။

တစ်နေ့ မနက်ငါးနာရီခွဲကတည်းက ဖိုးသံချောင်းသည် လမ်းလျှောက်ထွက်ရန် သွေးပူလေ့ကျင့်ခန်းလုပ်ရင်း ဘဘကြီးဦးရွှေမောင်အားစောင့်နေခဲ့၏။ ခြောက်နာရီထိုးသည်အထိ ဘဘကြီးထွက်မလာခဲ့။ ထို့ပြင် အိမ်ကြီးအတွင်းလှုပ်ရှားမှုတစ်စုံတစ်ရာ မတွေ့ရသဖြင့် နေများမကောင်းလေသလားအတွေးဖြင့် အိပ်ခန်းအတွင်းဝင်သွားချိန်တွင် ဘဘကြီး ဦးရွှေမောင်တစ်ယောက် ချစ်သောမိသားစုနှင့်တကွ လောကကြီးတစ်ခုလုံးအား ထာဝရစွန့်ခွာသွားပြီဖြစ်ကြောင်း ထိတ်လန့်ဝမ်းနည်းဖွယ်တွေ့လိုက်ရလေတော့သည်။

အသုဘရက်လည်ဆွမ်းသွတ်ပြီး ညနေပိုင်း လူရှင်းချိန်တွင် ကိုလရောင်မှ ပိုင်ရှင်မရှိတော့သည့် ဤအိမ်ကြီးတွင် ဆက်လက်နေထိုင်ရန် မသင့်တော်၍ ၎င်းတို့မိသားစုပြောင်းရွှေ့တော့မည်ဖြစ်ကြောင်း ကိုတင်ကိုအား အသိပေးရာ-

"လောလောဆယ်တော့နေပါဦး ကိုလရောင်ရယ်။ ကျွန်တော်ဦးပဥ္စင်းကိုဆက်သွယ်ပြီးစီစဉ်ပါ့မယ်။ နောက်တော့ ခင်ဗျားတို့ဆန္ဒအတိုင်းပါ"

ဟု မေတ္တာရပ်ခံသဖြင့် လိုက်လျောလိုက်ရပြန်သည်။ ဦးရွှေမောင်ရှိစဉ်ကလို အိမ်ကြီးအတွင်းနေ့စဉ်သန့်ရှင်းရေးမလုပ်ဖြစ်တော့သော်လည်း တစ်ပတ်တစ်ခါလောက်တော့ ဝတ္တရားမပျက်လုပ်ဖြစ်ခဲ့သည်။

ဦးကြီးကွယ်လွန်ပြီး (၁၅) ရက်ခန့်တွင် ကိုလရောင်ထူးခြားသော အိပ်မက်တစ်ခုမြင်မက်လေသည်။ အိပ်မက်ထဲတွင် ဦးကြီးဦးရွှေမောင်သည် ပြုံးရွှင်စွာဖြင့် ကိုလရောင်ကိုအိမ်ကြီးအတွင်း ခေါ်သွားကာ ဧည့်ခန်းတွင် အလှချိတ်ထားသည့်ပန်းချီကားကြီးအား လက်ညှိုးထိုးပြပြီး ကွယ်ပျောက်သွားသည်။ အိပ်ရာမှလန့်နိုးချိန်တွင် ဦးကြီးကာကိုဆိုလိုခြင်းဖြစ်ကြောင်း အမျိုးမျိုးစဉ်းစားသော်လည်း အဖြေထွက်မလာခဲ့။ နေ့စဉ်မြင်



www.burmeseclassic.com

www.burmeseclassic.com

တွေ့နေရသည့် သည်ပန်းချီကားကြီးတွင် မည်သို့သောအကြောင်းရှိလေသနည်း။ နောက်တစ်နေ့နံနက် အသေအချာစူးစမ်းကြည့်သော်လည်း ထူးခြားမှုမတွေ့ရ။ နောက်ဆုံးတော့ ဦးကြီးအပေါ်စွဲလမ်းစိတ်ကြောင့်သာ မြင်မက်ခြင်းဖြစ်မည်ဟု အတွေးကို ဖြေလျှော့လိုက်ရလေသည်။

ထို့နောက်များမကြာမီ တစ်ထပ်တည်းတူညီသောအိပ်မက်ကို မက်ပြန်သည်။ သည်တစ်ခါတော့ အိပ်မက်ကြောင့် ကိုလရောင်တစ်ယောက် အလုပ်ကိုပင် ဖြောင့်ဖြောင့်မလုပ်နိုင်။ အဖြေရှာအတွေးတို့၏ နှောင့်ယှက်ခြင်းကို အချိန်တိုင်းခံစားနေရ၏။ ထို့ကြောင့် မမြမေအားပြောပြရာ လွန်စွာအံ့ဩသော အမူအရာဖြင့် ၎င်းလည်း အလားတူအိပ်မက်မျိုးသုံး၊ လေးကြိမ်မျှမက်ဖူးကြောင်းပြောပြခဲ့ပါသည်။ လင်မယားနှစ်ယောက်လုံး တစ်ထပ်တည်းတူညီသည့်အိပ်မက်အား မကြာခဏမက်နေသော်လည်း မည်သည့်အဓိပ္ပာယ်ဟူ၍ အဖြေမရှာနိုင်ခဲ့ကြပေ။

တစ်နေ့ မမြမေသည် ဝတ္တရားအတိုင်း အိမ်ကြီးအတွင်း သန့်ရှင်းရေးလုပ်နေရာမှ မကြာခဏအိပ်မက်မြင်မက်နေသည့် ပန်းချီကားကြီးအား မော့ကြည့်လိုက်ရာ ပန်းချီကားကြီးမှာ သံချက်တစ်ခုပြုတ်ပြီး တွဲလောင်းကြီးဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ခြံထဲတွင် ပေါက်ပြားတစ်လက်ဖြင့် အလုပ်ရှုပ်နေသော ကိုလရောင်အားလှမ်းခေါ်ကာ ပြန်တပ်ခိုင်းလိုက်သည်။

"သံချက်ဆွေးပြီးပြုတ်ကျတာကွ၊ သံအဟောင်းတွေဖြုတ်ပြီး အားလုံးအသစ်ရိုက်တာကောင်းမယ်"

ဟု ပြောပြောဆိုဆို ပန်းချီကားကြီးအားဖြုတ်ချလိုက်ရာ အုတ်နံရံကို ထွင်းထည့်ထားသည့် အံဝှက်တံခါးတစ်ခုအား တွေ့လိုက်ရသည်။ တစ်ချိန်တည်းဆိုသလို မကြာခဏ မြင်မက်နေသည့် အိပ်မက်ကိုလည်းကောင်း၊ ဦးကြီးအပ်နှံထားသည့်သော့တွဲလေးကို လည်းကောင်း သတိရကာ ဦးကြီးဘာကိုပြောချင်ကြောင်း သိသလိုရှိလာ၏။

"ဟိုဟိုသော့လေးတွေ မင်းဘယ်မှာသိမ်းထားလဲ၊ သွားယူစမ်း"

"ကျွန်မ ချွေးခံအိတ်ထဲမှာ အမြဲရှိပါတယ်တော် ရော့ ရော့"

ဆိုသဖြင့် အံဝှက်တံခါးအား ဖွင့်ကြည့်ရာ အလွယ်တကူပင်ပွင့်သွားလေသည်။ အံဝှက်တံခါးပွင့်သွားပြီးနောက် အတွင်းဘက်၌ ယွန်းသေတ္တာလေးတစ်လုံးကို ထပ်မံတွေ့ရှိရပြန်သည်။ ကိုလရောင်နှင့် မမြမေတို့သည် အံ့ဩစိတ်နှင့်အတူ သိလိုဇောဖြင့် သေတ္တာလေးအားကျန်သော့တစ်ချောင်းဖြင့် ဖွင့်လိုက်ရာ သေတ္တာနှင့်အပြည့်ရွှေထည်လက်ဝတ်လက်စားများအား တွေ့လိုက်ရသဖြင့် နှစ်ယောက်လုံး ဟာခနဲဖြစ်သွားကြလေသည်။ ကိုလရောင်သည် သေတ္တာလေးအား ကပျာကယာပြန်ပိတ်လိုက်ပြီး တစ်ဆက်တည်းဆိုသလို -

"ညီမလေး မြမေ၊ သတိထား သတိထား၊ မပြစ်များမိစေနဲ့နော်၊ သတိ သတိ"

မမြမေလည်း အံ့ဩလွန်းသဖြင့် ခေတ္တမျှကြောင်ကြည့်နေပြီး တည်ငြိမ်စွာဖြင့်-

"ကျွန်မသိပါတယ် ကိုလရောင်ရယ်။ ကျေးဇူးရှင်ကိုပြစ်များမိရင် ဒုက္ခအပူမီးအမျိုးမျိုးနဲ့တွေ့မယ်ဆိုတာ ကျွန်မမသိဘဲရှိပါ့မလား။ ဪ-ဦးကြီး၊ ဦးကြီးအခုအထိ ကျွန်မတို့သဘောကို စမ်းသပ်တုန်းပါလား။ ဆင်းရဲပေမယ့် ဘယ်တော့မှ စာရိတ္တအပျက်ယွင်းမခံပါဘူးရှင်"

ဆိုကာ လင်မယားနှစ်ယောက်သား ရွှေထည်သေတ္တာလေးအား နေသားတကျပြန်ထားလိုက်ကြပြီး ကိုတင်ကိုအား အမြန်ဆုံးဆက်သွယ်အကြောင်းကြားလိုက်၏။ ကိုတင်ကိုမှ သေတ္တာလေးကို လည်းကောင်း၊ ပစ္စည်းများကို လည်းကောင်း ကြည့်သည်ဆိုရုံမျှပင် မကြည့်ဘဲ -

"အိမ်ကြီးကို ပိုပြီးဂရုစိုက်ရတော့မယ် ကိုလရောင်ရေ။ ဦးပဉ္စင်းကိုအမြန်ဆုံးပင့်ပြီး ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ လျှောက်ထားပေးပါ့မယ်။ မကြာစေရပါဘူး။ ဒီအတောအတွင်း ကိုလရောင်တို့ပဲ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပေးပါ"

မကြာစေရပါဘူး ဆိုသော်လည်း သုံးလကျော်သည်အထိ ကိုတင်ကိုရော ဦးပဉ္စင်းပါပေါ်မလာကြ။ ကိုလရောင်တို့အဖို့ကတော့ ဝန်ထုပ်ကြီးတစ်ခုကို ရွက်ထားရသလို ပင်ပန်းလွန်းလှ၏။ ထို့ပြင် မသမာသူတို့လက်ချက်မမိစေရန် နေ့နေ့ညည သတိကြီးစွာဖြင့် စောင့်ကြည့်နေရသည်မှာ ပင်ပန်းလှချေသည်။

လေးလလောက်အကြာတွင်တော့ ကိုတင်ကိုနှင့်အတူ ဦးပဉ္စင်းတစ်ပါးကြွလာ၏။ ဦးပဉ္စင်းမှာ အသက်အားဖြင့် (၂၅)နှစ်ကျော်ခန့်သာရှိသေးသော်လည်း ကန္တြေကြီးလှသည်။ တရားရှင်တစ်ပါး[...] မှန်း မြင်ရုံဖြင့်သိသာလှသည်။ ဦးကြီး[...] ရှင်ခေမိန္ဒဟု ပြောပြသိရ၏။ အိမ်ကြီး[...] ဧည့်ခန်းတွင် ထိုင်မိကြသည်နှင့် ကိုတင်[...] ကိုမှ စကားစသည်။

"ဆရာမဆုံးမီ (၃) လလောက်[...] တပည့်တော်ကို စာအိတ်နှစ်အိတ်ပေး[...] ပါတယ်ဘုရား။ ပထမတစ်အိတ်ပေါ်မှာ 'ကျွန်ုပ်သေဆုံးပြီးမှဖွင့်ရန်' လို့ ရေးထား[...] ပြီး ဒုတိယတစ်အိတ်ကိုတော့ ချိတ်ပိတ်[...] ထားပါတယ်။ ဆရာဆုံးပါးပြီးတဲ့နောက်[...] ပထမစာအိတ်ကို ဖွင့်ကြည့်တဲ့အခါ[...] ဆရာရဲ့မှာကြားချက်နှစ်ချက်ကို တွေ့ရ[...] ပါတယ်။ တပည့်တော် ဖတ်ပြပါ့မယ်[...] ဘုရား။

၁။ ကျွန်ုပ်သေဆုံးပြီးနောက် အိမ်နှင့် ခြံအား မောင်လရောင်တို့[...] ဆက်လက် တာဝန်ယူ ထိန်းသိမ်း[...] စောင့်ရှောက်ရန်။

၂။ ထူးခြားမှုတစ်ခုခု တွေ့မှသာလျှင် ချိတ်ပိတ်ထားသော စာအိတ်ကိုဖွင့်[...] ပြီး ကျွန်ုပ်မှာကြားချက်အား ဦးပဉ္စင်း[...] နှင့်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန်။

လို့ ရေးထားပါတယ်။ ဟောဒီမှာ[...] ဖတ်ကြည့်ကြပါ။

ဦးပဉ္စင်း အပါအဝင် ကိုလရောင်[...] တို့မိသားစု တုတ်တုတ်မျှမလှုပ်ကြချေ[...] ဆက်လက်၍ ကိုတင်ကိုမှ -

"ချိတ်ပိတ်ထားတဲ့ စာအိတ်[...] တော့ အများရှေ့မှာပဲဖွင့်ပါမယ်"

စာအိတ်အားဖွင့်ပြီးနောက်-

"ဒီစာမှာလည်း မှာကြားချက်တွေ[...] ပါပဲ"

ယွန်းသေတ္တာအတွင်းမှ ရွှေထည်[...] ပစ္စည်းများသည် ကျွန်ုပ်မိခင်၏ပစ္စည်း[...] များဖြစ်သဖြင့် ကျွန်ုပ်စီမံခန့်ခွဲပိုင်ခွင့်[...] သည့်အလျောက် အောက်ပါအတိုင်း[...] စီစဉ်သည်ကိုလိုက်နာကြစေလိုကြောင်း[...] မေတ္တာရပ်ခံအပ်ပါသည်။

၁။ ရွှေထည်ပစ္စည်းများမှာ ကာလတန်[...] ဖိုး ငါးသိန်းခန့်ရှိမည်ဟု ခန့်မှန်းရ[...] သည်။အားလုံးထုခွဲရောင်းချပြီး ငွေ[...] (၂) သိန်းအား ဦးပဉ္စင်းဦးခေမိန္ဒ[...] အား ကျောင်းဆောက်ဆက်ကပ်[...] ရန်။ အကယ်၍ လက်မခံပါ[...] အလိုရှိသည့်အခါ ထုတ်ယူသုံးစွဲနိုင်[...] ရန်အတွက် ဘဏ်တွင်အပ်နှံ[...] ထားရန်။ အိမ်နှင့်ခြံကိုလည်း ဦးပဉ္စင်းမှသင့်သလိုစီမံရန်။

၂။ ငွေကျပ်(၂)သိန်းအား သို့[...] ရိပ်သာတစ်ခုခုသို့လှူဒါန်းပေးရန်[...]



www.burmeseclassic.com

www.burmeseclassic.com

## ကြည်လွင်

# ဂျပန်ခေတ် မြန်မာ့စာပို့သမိုင်း



တံဆိပ်ခေါင်း ဝါသနာရပ်၏ ဝါသနာအခွဲတစ်ခုဟု ပြောဆိုနိုင်သော 'စာပို့သမိုင်းဆိုင်ရာစုဆောင်းမှု' ဝါသနာမှာ ယခုအခါ ကမ္ဘာပေါ်တွင် အလွန်ခေတ်စားသော ဝါသနာတစ်ရပ်ဖြစ်နေလေပြီ။ စာတိုက်မှပေးဝေခဲ့ပြီးသော ချောစာအိတ်ဟောင်းများ၊ ပို့စကတ်ဟောင်းများနှင့် အခြားထုပ်ပိုးပစ္စည်းများပေါ်မှ စာတိုက်အမှတ်အသားများကို ကြည့်ရှုလေ့လာလျက် စာပို့သမိုင်းအထောက်အထားများကို ဖော်ထုတ်တင်ပြရသည့် ဝါသနာဖြစ်သည်။ ထိုသို့ တင်ပြနိုင်ရန် ဝါသနာရှင်တစ်ယောက်အနေဖြင့် အခြေခံ သမိုင်းကြောင်းကို လေ့လာသိရှိထားသင့်ပါသည်။

စာပို့သမိုင်း စုဆောင်းသူ ဝါသနာရှင်တို့က စာအိတ်ခွံ၊ စာအိတ်ဟောင်းများကို ရှာဖွေဝယ်ယူစုဆောင်းကြရာ ကမ္ဘာပေါ်၌ စာအိတ်ခွံ၊ စာအိတ်ဟောင်းဈေးကွက်ဟူ၍ ဖြစ်တည်လျက်ရှိသည်။ မြန်မာနိုင်ငံမှ စာအိတ်ခွံ၊ စာအိတ်ဟောင်းများအနက် ဂျပန်ခေတ်က ပေးပို့ပေးဝေခဲ့သော စာအိတ်များမှာ ကမ္ဘာ့ဈေးကွက်ဝင်ပစ္စည်းများ ဖြစ်ကြသည်။ မြန်မာနိုင်ငံ ဂျပန်ခေတ်စာပို့သမိုင်း အထောက်အထား စာအိတ်များကို စုဆောင်း လေ့လာလိုသည်ဖြစ်စေ၊ ရရှိလာသော ဂျပန်ခေတ်စာအိတ်များကို ရောင်းချလိုသည်ဖြစ်စေ ထိုခေတ်၏ စာပို့သမိုင်းဆိုင်ရာ အချက်အလက်များကို အခြေခံအားဖြင့် သိရှိနားလည်ထားရန်လိုအပ်ပေသည်။ ယခု ဤဆောင်းပါးမှာ မြန်မာနိုင်ငံသို့ ဂျပန်များဝင်ရောက်လာသည်မှစ၍ ပြန်လည်ထွက်ခွာသွားသည်အထိ ဂျပန်ခေတ်စာပို့သမိုင်းကို အကျဉ်းမျှ ရေးသားဖော်ပြထားခြင်း ဖြစ်သည်။

ဤဆောင်းပါး၌ စာတိုက်ဝန်ထမ်းများ၏ ရာထူးအမည်များကို ယခုခေတ် စာဖတ်ပရိသတ်နှင့်ရင်းနှီးသော မြန်မာအသုံးအနှုန်းများဖြင့် ရေးသားထားသည်ကို တွေ့ရှိရပါမည်။ ဥပမာ-စာတိုက်၏ တာဝန်ခံအုပ်ချုပ်သူကို 'စာတိုက်မှူး' (postmaster) ဟု သုံးစွဲထားပါသည်။ အမှန်မှာ ထိုခေတ်က စာတိုက်မှူးဟူ၍ ခေါ်ဝေါ်မည် မဟုတ်ပေ။ သို့ဖြစ်ရာ ကွင်းစကွင်းပိတ်အတွင်း ဖော်ပြထားသော ထိုခေတ်က အမှန်သုံးစွဲခဲ့သည့် အင်္ဂလိပ်ရာထူးအမည်များကိုသာ အတည်ပြု ကောက်ယူကြစေလိုသည်။ ဤဆောင်းပါး၏ ထူးခြားချက်တစ်ခုမှာ နေ့စွဲ၊ ရက်စွဲများကို အတိအကျ ဖော်ပြထားခြင်းဖြစ်သည်။ ဤနေ့စွဲများမှာ စာပို့သမိုင်း လေ့လာရာ၌ လည်းကောင်း၊ စာပို့သမိုင်းပစ္စည်း (စာအိတ်ဟောင်း) များကို အတု - အစစ် ခွဲခြားရာ၌ လည်းကောင်း အသုံးဝင်မည် ဖြစ်သည်။ ဥပမာ ဂျပန်ခေတ်အတွင်း ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ပေးပို့ခဲ့သော စာအိတ်ပေါ်၌ ၁၉၄၂ ဇွန်လ၊ ၈ ရက်ထက်စောသည့် မော်လမြိုင်စာတိုက်နေ့စွဲအမှတ်အသားတွေ့ရှိရပါက ထိုစာအိတ်မှာ အတုဖြစ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဇွန်လ ၈ ရက်ထက်စော၍ ရန်ကုန်မြို့မှ မော်လမြိုင်မြို့သို့ မည်သည့်

၃။ ငွေကျပ် (၁) သိန်းအား ကျွန်ုပ်အပေါ် ရိုးသား သစ္စာရှိစွာ မိဘသဖွယ်ပြုစုစောင့်ရှောက်ခဲ့ကြသည့် မောင်လရောင်နှင့် မမြမေတို့အား ပေးအပ်ရန်။

၄။ ကျန်ငွေတစ်သိန်းအနက် ငါးသောင်းကျပ်အား ဖိုးသံချောင်း ပညာသင်စရိတ်ထားရန်နှင့် ငါးသောင်းကျပ်အား ကျွန်ုပ်အတွက် အစစအရာရာ အကျိုးဆောင်ပေးခဲ့သည့် တပည့်မောင်တင်ကိုအားပေးရန်။ (ထိုအချိန်က ရွှေဈေးမှာ တစ်ကျပ်သားလျှင် (၃၀၀) ခန့်သာရှိသေးသည်)

လိုအပ်သမျှ ကိစ္စအဝဝအား မောင်တင်ကိုမှ ဆောင်ရွက်ပေးပါရန်။

(ရွှေမောင်)"

စာအဆုံးတွင် ဦးပဥ္စင်းမှအပ အားလုံးအံ့အားသင့်နေကြ၏။

ထိုအခိုက် ဦးပဥ္စင်းလေးမှ တည်ငြိမ်စွာဖြင့် -

"ဒီကဒကာကြီးတို့ကို တစ်ခုတော့ ပြောချင်တယ်။ လောကီစည်းစိမ်စိန်ရွှေ ရတနာဆိုတာ ဘုရားသားတော်တွေနဲ့ လုံးဝမအပ်စပ်တဲ့အရာပါ။ ဦးပဥ္စင်းတို့အတွက်က သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ရှိနေရင် လုံလောက်ပါပြီ။ အဲဒါကြောင့် ဦးပဥ္စင်းအတွက်ရတဲ့ငွေ(၂)သိန်းကို ကွယ်လွန်သူ ဘိုးဘွားမိဘညီအစ်ကိုမောင်နှမများနဲ့ ဦးကြီးအတွက်ရည်စူးပြီး အလှူအတန်းလုပ်ပါ။ ဝေနေယျအားလုံးကို အမျှဝေပေးပါ။ ပိုတာကို သင့်သလို စီမံကြပါ။ ဒကာဦးတင်ကိုပြောပြချက်အရ ဒကာဦးလရောင်တို့အကြောင်းလည်းသိပြီးမို့ ဒီအိမ်ကြီးနဲ့ခြံကိုလည်း ဒကာဦးလရောင်တို့ကပဲ ထိန်းသိမ်းစောင့်ရှောက်ပေးပါလို့ မေတ္တာရပ်ခံပါတယ်"

ဦးပဥ္စင်းစကားအဆုံးတွင် ကိုတင်ကိုမှ -

"အိမ်နဲ့ခြံအတွက် တပည့်တော် စာချုပ်ချုပ်ပေးပါမယ်ဘုရား"

ဦးပဥ္စင်းသည် ကိုတင်ကိုအား ပြုံးယောင်သန်းသောမျက်နှာဖြင့် တစ်ချက်ကြည့်လိုက်ရင်း။

"ဒကာကြီးက ရှေ့နေပီပီ စာချုပ်ကို တယ်ပြီးအားကိုးသကိုး။ လောဘ၊ ဒေါသ၊ မောဟမကင်းတဲ့ ဟောဒီလောကကြီးထဲမှာသာ တစ်ယောက်ရဲ့ သစ္စာ၊ သမာဓိ၊ ကတိကို တစ်ယောက်က မယုံကြည်လို့၊ သံသယမကင်းလို့၊ ဖောက်လွဲဖောက်ပြန်တွေများလို့ စာချုပ်စာတမ်းတွေနဲ့ ချုပ်ဆိုတုပ်နှောင်နေကြတာပါ။ ဦးပဥ္စင်းတို့စကားတစ်ခွန်းက ပိုပြီးယုံကြည်စိတ်ချရပါတယ်။ နောက်ပြောချင်တာကတော့ ဦးပဥ္စင်း ဘယ်တော့မှ ဟောဒီအိမ်ကြီးကို ပြန်မလာတော့ဘူး။ ဘာကိစ္စနဲ့မှ ဦးပဥ္စင်းကို အဆက်အသွယ်မလုပ်ပါနဲ့။ ကဲကဲ - ဦးပဥ္စင်း အချိန်မီကြွဦးမယ်"

ဆိုကာ တစ်သက်လုံးနေလာခဲ့သည့်အိမ်ကြီးအား တစ်ချက်မျှပင်ငဲ့စောင်းမကြည့်ဘဲ ကျောနွဲကြီးစွာဖြင့် ပြန်ကြွသွားလေတော့သည်။

ကိုဒီနေ



www.burmeseclassic.com

www.burmeseclassic.com

ချောစာမှမပို့နိုင်သေးသောကြောင့် ဖြစ်သည်။ (စာကိုယ်၍)။

မည်သို့ပင်ဖြစ်စေ မြန်မာ့စာပေ၌ ဂျပန်ခေတ်စာပို့သမိုင်းဆိုင်ရာ အချက်အလက်များမှာ ဤဆောင်းပါးတွင် အပြည့်အစုံဆုံး ဖော်ပြနိုင်ခြင်းဖြစ်ပေသည်။

**□ ဂျပန်ခေတ်ဦးပိုင်း**

၁၉၄၂ခုနှစ် ဧပြီလနှင့် မေလများအတွင်း၌ အင်္ဂလိပ်တပ်များမှာ မြန်မာပြည်မြောက်ဘက်ခြမ်းသို့ ဆုတ်ခွာပြေးကြရပြီ ဖြစ်သည်။ ထိုသို့ ဆုတ်ခွာရာ၌ စာတိုက်နှင့်ကြေးနန်းဆိုင်ရာဆက်သွယ်မှုအားလုံးကို ဖြတ်တောက်ပစ်ခဲ့ကြသည်။ စာတိုက်များရှိ ငွေတိုက်များမှ တံဆိပ်ခေါင်းများကို ဖျက်ဆီးပစ်ရန် ညွှန်ကြားခဲ့သည်။ စာတိုက်ဝန်ထမ်းအများစုဖြစ်သော အိန္ဒိယနွယ်ဝင်ဝန်ထမ်းများမှာလည်း နိုင်ငံကို စွန့်ခွာပြေးကြပြီဖြစ်သည်။ ရန်ကုန်စာတိုက်ကြီးမှာ ဗုံးဒဏ်ထိခိုက်မှုများစွာမရှိခဲ့သော်လည်း ရုံးတွင်းမှပစ္စည်းများ၊ စာရွက်စာတမ်းများစွာ ဆုံးယူခြင်းခံခဲ့ရသည်။ဂျပန်တို့က ၁၉၄၂၊ မတ်လစောစောပိုင်းကပင် ရန်ကုန်မြို့ကို သိမ်းပိုက်နိုင်ခဲ့ပြီး ဂျပန်စစ်အုပ်ချုပ်ရေး (JAA - Japanese Army Administration) ၏ဆက်သွယ်ရေးဌာနလက်အောက်မှ ယာနို (S.Yano) အား စာတိုက်နှင့်ကြေးနန်းဌာနကို ဦးစီးစေခဲ့သည်။ ယာနိုက စာတိုက်နှင့်ကြေးနန်းဌာနမှ အဆင့်မြင့်အရာရှိကြီးအချို့နှင့် တွေ့ဆုံပြီး ရန်ကုန်စာတိုက်ကြီးနှင့် လက်အောက်ခံစာတိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် စီစဉ်ညွှန်ကြားခဲ့သည်။ ၁၉၄၂ ခုနှစ်၊ မေလတွင် ရန်ကုန်နှင့် ပြည်မြို့ကြားရှိ စာတိုက် (၁၅) တိုက် ဖွင့်လှစ်နိုင်ရန် စီစဉ်ညွှန်ကြားခဲ့သည်။ သို့ဖြင့် ၁၉၄၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် စာတိုက်လုပ်ငန်းများ ပြန်၍စတင်နိုင်မည်ဖြစ်ကြောင်းကို သတင်းစာများမှတစ်ဆင့် ကြေညာခဲ့သည်။ စာတိုက်များဖွင့်လှစ်မည်ဟုဆိုရသော်လည်း မှတ်ပုံတင်မဟုတ်သည့် ရိုးရိုးချောစာများ (unregistered letters) ကိုသာ ကိုင်တွယ်ဆောင်ရွက်ဝန်ဆောင်မှုပေးနိုင်မည် ဖြစ်သည်။ စာပို့ခအနေဖြင့် အလေးချိန် (၁) တိုလာ (1 tola = 11.6381 gramme or 0.41142 ounze) လျှင် စာပို့ခ (၁) ပဲ သတ်မှတ်ထားသည်။ စာတိုက်ဝန်ထမ်းဟောင်းများအပြင် လုပ်အားပေးဝန်ထမ်းများကို ယာနိုကိုယ်တိုင် လူတွေ့ဆုံမေးမြန်းပြီး သက်ဆိုင်ရာ တာဝန်များအတွက် ခန့်အပ်ခဲ့သည်။

စာတိုက်နှင့်ကြေးနန်းဌာနခွဲတွင် ယာနို၏ လက်အောက်၌ ဂျပန်အရာရှိများအနေဖြင့် အိုင်း (T.Aoi)၊ ကတ်ဆုချ (T.Katsucha) နှင့် မာကီနို (K.Makino) တို့ ရှိကြသည်။ ရန်ကုန်စာတိုက်ကြီး၏ စာတိုက်မှူးကြီး (postmaster - general) အဖြစ် ဦးဖိုးဘကို ခန့်အပ်ခဲ့သည်။ဦးဖိုးဘမှာ ဂျပန်ခေတ် (၃) နှစ်တာကာလ တစ်လျှောက်လုံး ရန်ကုန်စာတိုက်မှူးကြီးတာဝန်ယူခဲ့ရသည်။ ရန်ကုန်ဇရိယာအတွင်း ချောအိတ်များသယ်ရန် စက်ဘီးများကို အသုံးပြုခဲ့သည်။ ရန်ကုန်မြို့မှ ပြည်မြို့သို့ပို့ဆောင်သော ချောအိတ်များကို မီးရထားဂတ်ဗိုလ်တွဲ (railway mail guard) ဖြင့် ပို့ဆောင်ခဲ့သည်။ ဦးဖိုးဘ၏ ပထမဆုံးရုံးအမိန့်စာမှာ သက်ဆိုင်ရာစာတိုက်မှူးများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ ပြည်သူလူထုအား စာတိုက်များ ဖွင့်လှစ်တော့မည့်အကြောင်းကို ဖြန့်ဝေအကြောင်းကြားပေးရန် ဖြစ်သည်။

ဤအတောအတွင်း၌ မလေးယား (Malaya)မှ ချီတက်လာသော ဂျပန်တပ်များက မြန်မာနိုင်ငံတောင်ပိုင်းသို့ရောက်ရှိလာရာ စစ်ကြောင်းမှူး ဒုဗိုလ်မှူးကြီး မိုရီတာ (Lt.Col.Morita) က စာတိုက်မှူး ဦးဘယန်ကိုဦးဆောင်စေ၍ စာတိုက်လုပ်ငန်းများကိုပြန်လည်စတင်နိုင်ခဲ့သည်။ ၁၉၄၂၊ ဧပြီလအတွင်းတွင် မော်လမြိုင်စာတိုက်ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ မော်လမြိုင်ဒေသတစ်လျှောက် စာပို့ခနှင့် စာတိုက်ဝန်ဆောင်မှုတို့မှာ သီးခြားပုံစံဖြစ်နေပါ၍ စာပို့သမိုင်းဝါသနာရှင်တို့အနေဖြင့် မော်လမြိုင်ဒေသ စာပို့သမိုင်းကို သီးသန့်လေ့လာသင့်သည်။ ၁၉၄၂ ခုနှစ်၊ ဇွန်လ၌ ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တို့ ဆက်သွယ်မိနိုင်ကြပြီး ရန်ကုန်မြို့မှလာသော ပထမဆုံးချောအိတ်မှာ မော်လမြိုင်မြို့သို့ မီးသင်္ဘောဖြင့် ဇွန်လ ၈ ရက်နေ့တွင် ရောက်ရှိလာပါသည်။

တစ်ချိန်တည်းလောက်တွင် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသရှိ ပုသိမ်၊ ဟင်္သာတနှင့် မြောင်းမြခရိုင်များတွင် သက်ဆိုင်ရာသခင်အစည်းအရုံးများနှင့် မြန်မာ့လွတ်လပ်ရေးတပ်မတော် (BIA) တို့ပူးပေါင်း၍ အုပ်ချုပ်ရေးယန္တရားကို 'တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးကော်မတီ' များဖွဲ့စည်း၍ ထိန်းသိမ်းအုပ်ချုပ်နိုင်ခဲ့သည်။ ဟင်္သာတမြို့တွင်မူ စာတိုက်ကြီးကြပ် (Superintendent) ဦးဘသိုက်ကို စာပို့လုပ်ငန်းများပြန်၍ လုပ်ဆောင်ရန် တာဝန်ပေးခဲ့သည်။ တစ်ချိန်၌ ရန်ကုန်မြို့သို့ ဦးဘသိုက် ရောက်ရှိရာတွင် ဂျပန်စစ်အုပ်ချုပ်ရေးတာဝန်ခံတို့က ဦးဘသိုက်ကို ခန့်အပ်တာဝန်ပေးခြင်းအတွက် အသိအမှတ်ပြုရုံသာမက ဝန်ထမ်းများ လစာငွေပေးနိုင်ရန်လည်း စီစဉ်ပေးခဲ့သည်။ သို့ရာတွင် နောင်တစ်ချိန်၌ ဂျပန်တို့ရောက်ရှိလာပြီး စာတိုက်လုပ်ငန်းများကို ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက်သို့ သွတ်သွင်းခဲ့လိုက်တော့သည်။ ဤမြစ်ဝကျွန်းပေါ်ဒေသအတွင်း ချောအိတ်များသယ်ယူခြင်းကို ဆန်ဒါ (Sunda Co.) မီးသင်္ဘောများ၊ မီးရထားနှင့်လှေ၊ သမ္ဗန်တို့ကိုအသုံးချခဲ့ကြသည်။

**□ ပြန်လည်ဖွဲ့စည်းခဲ့သည့်စာတိုက်ဌာန**

၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၌ ယခင်က အင်္ဂလိပ်ခေတ်က စာတိုက်ဌာန၏ ဒုတိယညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးထွန်းတင်နှင့် ဦးတင်တို့က ရန်ကုန်မြို့ရှိ အစိုးရဂေဟာတွင် ယာနိုနှင့်သွားရောက်တွေ့ဆုံရာ စာတိုက်လုပ်ငန်းများ ပြန်လည်အကောင်အထည်ဖော်နိုင်ရန် ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီတွင် ဦးထွန်းတင်၊ ဦးတင်၊ ဦးဖိုးဘ၊ ဦးလှဘော်၊ ဦးအုန်းနှင့် အခြားအိန္ဒိယနွယ်ဝင်အရာရှိ (၂) ဦး ပါဝင်ခဲ့သည်။ ယာနိုက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဤကော်မတီမှာ ရန်ကုန်စာတိုက်ကြီး၌ အစည်းအဝေးများစွာပြုလုပ်ခဲ့ကြပြီး စာတိုက်ဌာန၏ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထိုအစည်းအဝေးများမှ ဆုံးဖြတ်ချက်နှင့်မှတ်တမ်းအချို့ကိုဖော်ပြရသော် -

(က) စာတိုက်ဌာနကို အသစ်ပြန်လည်ဖွဲ့စည်းရန်။ ထိုသို့ ဖွဲ့စည်းရာတွင် ဌာနခွဲ (၇) ခု ပါဝင်ရန်။ ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့ကို သတ်မှတ်ခန့်အပ်ရန်။

(ခ) မြန်မာနိုင်ငံကို စာတိုက်လုပ်ငန်းဒေသကြီး (၄) ခုဖြင့် ခွဲခြားအုပ်ချုပ်ရန်။ ထိုဒေသကြီးများမှာ အထက်မြန်မာနိုင်ငံဒေသကြီး၊ အောက်မြန်မာနိုင်ငံဒေသကြီး၊ ရခိုင်ဒေသကြီးနှင့် တနင်္သာရီဒေသကြီးတို့ ဖြစ်သည်။ နောင်အခါ၌ ရခိုင်နှင့် တနင်္သာရီဒေသကြီး (၂) ခု ပေါင်း၍ ကမ်းရိုးတန်းဒေသကြီးဟု



www.burmeseclassic.com

www.burmeseclassic.com

သတ်မှတ်ခဲ့သည်။

(ဂ) စာတိုက်များ (head-post offices) လက်အောက်ခံစာတိုက်များ (sub-post offices) နှင့် စာတိုက်ခွဲများ (branch-post offices) များ ဖွင့်လှစ်ရန်။ ရန်ကုန်စာတိုက်ကြီးကို အဆင့် (၁) ဟု သတ်မှတ်ပြီး ကျန်စာတိုက်များကို အဆင့် (၂) ဟု ခွဲခြားသတ်မှတ်ရန်။ လိုအပ်လျှင်လိုအပ်သလို စာတိုက်ခွဲများကို ဖွင့်လှစ်သွားရန်။

(ဃ) ရန်ကုန်စာတိုက်ကြီး၏ ဖွဲ့စည်းပုံနှင့် ဝန်ထမ်းဇယားကို ရေးဆွဲအတည်ပြုရန်။

(င) စာပို့ခနှုန်းထားများကို အင်္ဂလိပ်ခေတ်ကကဲ့သို့သော နှုန်းထားများအတိုင်းသတ်မှတ်ရန်။ သို့ရာတွင် ယာနိုက စာပို့ခနှုန်းထားများကို လျှော့ချစေလိုသည်။ အကြောင်းပြချက်မှာ လက်ရှိမြန်မာစာပို့ခနှုန်းထားများမှာ ဂျပန်နိုင်ငံမှနှုန်းထားများထက် (၂) ဆ ပိုများနေ၍ဟူ၍ ဖြစ်သည်။ ကော်မတီဝင်များကမူ တန်ကျစားရိတ်များကာမိရန် အမှန်စင်စစ် နှုန်းထားများကို (၂)ဆတိုးမြှင့်သင့်ကြောင်းဆိုကြသည်။

(စ) စာတိုက်ဌာနတွင် မြန်မာဘာသာကို ရုံးသုံးဘာသာအဖြစ် အသုံးပြုရန်။

ဤအချက်ကို ယာနိုကကန့်ကွက်ပြီး ဂျပန်အရာရှိတို့မှာ မြန်မာဘာသာ မတတ်ကြကြောင်း၊ အင်္ဂလိပ်ဘာသာ အသုံးပြုခြင်းက သူတို့အနေဖြင့် အသင့်အတင့်နားလည်ကြကြောင်း ပြန်ပြောသည်။ သို့ရာတွင် ၁၉၄၃ ခုနှစ်အရောက်တွင် မြန်မာဘာသာကို ရုံးသုံးဘာသာအဖြစ် သတ်မှတ်ခဲ့သည်။

၁၉၄၂ ခုနှစ်၊ ဩဂုတ်လအထိ ဂျပန်စစ်အုပ်ချုပ်ရေးမှ စာတိုက်နှင့်ကြေးနန်းဌာနကို မြန်မာတို့ထံ လွှဲပြောင်းပေးခြင်းမရှိသေးသလို စာတိုက်ညွှန်ကြားရေးဝန်ခန့်ထားရေးကိစ္စကိုလည်း လျစ်လျူရှုထားခဲ့သည်။ ဤအတောအတွင်း၌ ယာနိုသည် ရုံးကိစ္စဖြင့် စင်ကာပူမြို့သို့ (၆)ပတ်ခန့်ကြာသောခရီး သွားရောက်ခဲ့၏။ ယာနိုမရှိစဉ်ကာလအတွင်း အိုင်း (T.Aoi) က တာဝန်ယူပြီး စာတိုက်လုပ်ငန်းအချို့ကိုတိုးချဲ့ခဲ့သည်။ စာတိုက်ဝန်ထမ်းအသစ် အများအပြားကိုခန့်အပ်ခဲ့ပြီး သူကိုယ်တိုင်မှာလည်း ညွှန်ကြားရေးဝန်တစ်ဦးပုံစံမျိုးဖြင့် အုပ်ချုပ်ခဲ့သည်။ စင်ကာပူမှ ပြန်လည်ရောက်ရှိလာသော ယာနိုက ထိုကိစ္စရပ်အားလုံးကို လက်ခံခဲ့သည်။

မည်သို့ပင်ဖြစ်စေ ၁၉၄၂ ခုနှစ်၊ နိုဝင်ဘာလ ၁ရက်နေ့ အရောက်တွင်မူ ယာနို၏ သဘောဆန္ဒများနှင့်ဆန့်ကျင်လျက် စာတိုက်နှင့်ကြေးနန်းဌာနကြီး တစ်ခုလုံးကို အထက်အမိန့်ဖြင့် မြန်မာအစိုးရလက်အောက်သို့ ပြောင်းရွှေ့ပေးလိုက်လေတော့သည်။ ဦးထွန်းတင်မှာ ညွှန်ကြားရေးဝန်ဖြစ်လာပြီး ဦးတင်မှာ ဒုတိယညွှန်ကြားရေးဝန်ဖြစ်လာခဲ့သည်။ အိုင်းနှင့် အခြားဂျပန်အရာရှိ(၃)ဦးတို့က အကြံပေးပုဂ္ဂိုလ်များအဖြစ် ဆောင်ရွက်ကြသည်။ အသစ်ဖွဲ့စည်းတည်ထောင်လိုက်သော စာတိုက်နှင့်ကြေးနန်းဌာနကို ဆည်မြောင်း၊ ဆက်သွယ်ရေးနှင့် အလုပ်သမားဝန်ကြီးဌာနလက်အောက်တွင် ထားရှိသည်။ ထူးခြားချက်တစ်ခုမှာ တံဆိပ်ခေါင်းပုံနှိပ်ရေးနှင့် ဖြန့်ချိရေးဌာနခွဲ ဟူ၍ ပေါ်ထွန်းလာပြီး တာဝန်ခံ (Superitendent) အဖြစ် ဦးသန်းအောင်ကို ခန့်အပ်ခဲ့သည်။

## ❑ စာတိုက်ဝန်ဆောင်မှုများတိုးချဲ့ခြင်း

၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့အထိ စာတိုက်များ၏ ဝန်ဆောင်မှုမှာ မှတ်ပုံတင်မဟုတ်သည့် ချောစာများကိုသာ ကိုင်တွယ်ဝန်ဆောင်မှုပေးနိုင်ခြင်းဖြစ်သည်။ ထိုရက်နောက်ပိုင်းမှစတင်၍ မှတ်ပုံတင်ချောစာများကို လက်ခံခဲ့ရာ မှတ်ပုံတင်ခအနေဖြင့် (၃) ပဲ ကောက်ခံခဲ့သည်။ ထူးခြားချက်တစ်ခုမှာ ဖြစ်ပေါ်ခဲ့သော စစ်ကြီးအတွင်း၌ စာတိုက်များမှ လုယူခိုးပြေးသော ပစ္စည်းများအနက် ချိန်ခွင်များလည်းပါသွားခဲ့ရာ စာတိုက်များသို့ ညွှန်ကြားစာတစ်စောင်တွင် ချိန်ခွင်မရှိပါက စာတိုက်ဝန်ထမ်းအနေဖြင့် ချောစာအလေးချိန်ကို လက်ဖြင့်မှန်းဆသတ်မှတ်ပိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။

ဂျပန်ခေတ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းတွင် စာပို့သူနှင့် စာတိုက်စာရေးတို့ အငြင်းပွားမှုများ မည်မျှရှိခဲ့မည်ကိုမူ မသိနိုင်ပေ။ နောက်ထူးခြားချက်မှာ လိပ်စာရှင်ထံသို့ အကယ်၍ရောက်ရှိကြောင်း ပြန်ကြားစာ (acknow ledgment) ရယူလိုပါက စာပို့ခ(၁)ပဲ ထပ်မံ၍ ပေးဆောင်ကြရန် ညွှန်ကြားထားခြင်းဖြစ်သည်။ 'အကယ်၍' ဟူသော စကားလုံးအရ မသေချာ မရေရာလှသည့် စစ်ကြီးကာလအတွင်း စာပို့သူတို့၏ '(၁)ပဲ' ပေါင်း မည်မျှဆုံးရှုံးခဲ့မည်ကိုလည်း မခန့်မှန်းနိုင်ခဲ့တော့ပေ။

၁၉၄၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ စာတိုက်လုပ်ငန်း၏ ဝန်ဆောင်မှုများတွင် ပြည်တွင်းငွေပို့လွှာလုပ်ငန်း၊ ငွေစုဘဏ်လုပ်ငန်း၊ ပြည်တွင်းချောထုတ်လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ခဲ့၏။ မည်သည့်နေ့ရက်မှစတင်၍ ပြည်ပချောစာပို့သည့်လုပ်ငန်းကို စတင်လုပ်ကိုင်ခဲ့သည်ကိုမသိရသော်လည်း နောက်ပိုင်းထုတ်ပြန်သော ရုံးအမိန့်စာများအရ ၁၉၄၂ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်မတိုင်မီကပင် လက်ခံဆောင်ရွက်ပေးနေကြောင်းအထောက်အထားများရှိခဲ့သည်။ ချောစာပေးပို့နိုင်သော နိုင်ငံနှင့် ဒေသများမှာ ဂျပန်နိုင်ငံ၊ စင်ကာပူမြို့၊ ဂျာဗား (Java)၊ စုမားတြား (Sumatra)၊ တရုတ်ပြည်နှင့် မန်ချူးရီးယား (Manchuria)တို့ ဖြစ်ကြသည်။ထိုနိုင်ငံများအနက် တရုတ်ပြည်နှင့် မန်ချူးရီးယားမှလွဲ၍ ကျန်နိုင်ငံများကို ဂျပန်နိုင်ငံ၏'အတူတကွချမ်းသာဝပြောရေး အသိုင်းအဝန်း' (Co-prosperity-sphere) အစီအစဉ်ဖြင့် စာပို့ခများကို ပြည်တွင်းစာပို့ခအတိုင်းသာ ကောက်ခံခဲ့သည်။ ပြည်ပသို့ပို့သော ချောစာများ၏ မူရင်းနှင့် လိပ်စာတို့ကို 'ဂျပန်ဘာသာ' ဖြင့်ရေးရမည်ဟုထုတ်ပြန်ထားသည်။

၁၉၄၂ ခုနှစ်၊ ဒီဇင်ဘာလတွင်မူ တောင်ပိုင်း ဘိုနီယို (South Borneo)၊ စီလီဘီးစ် (Celebes)၊ နယူးဂီနီ (New Guinea)၊ ဆန်းဒါးကျွန်း (Sunda Is.) နှင့်မော်လပ်ကတ်(စ်) (Moluccas)ဒေသများသို့ ချောစာများ ပို့ပေးနိုင်ခဲ့သည်။ သို့ရာတွင် ချောစာနှင့် လိပ်စာကို 'မလေးဘာသာ' ဖြင့်သာ ရေးသားရမည်ဟု ထုတ်ပြန်ခဲ့ပြန်သည်။ ပြည်ပမှတ်ပုံတင်ချောစာများကို ၁၉၄၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ စတင် ဆောင်ရွက်ခဲ့ပြီး ဟောင်ကောင်နှင့် ဖိလစ်ပိုင်နိုင်ငံတို့လည်း ပါဝင်လာသည်။ သို့ရာတွင် ယိုးဒယားနှင့် ပြင်သစ်ပိုင် အင်ဒိုချိုင်းနားနိုင်ငံများသို့ ချောစာပို့ခွင့်မပြုခဲ့ပေ။

ဤအချိန်ကာလအထိ ရှမ်းပြည်နယ်ကို ဂျပန်စစ်အုပ်ချုပ်ရေးလက်အောက်၌ထားရှိခဲ့ရာ စာတိုက်လုပ်ငန်းများကိုလည်း ဂျပန်တို့ကသာ ဆောင်ရွက်ခဲ့သည်။ ရှမ်းပြည်နယ်၏ စာတိုက်လုပ်ငန်းရုံးချုပ်ကို ကလောမြို့၌ရုံးစိုက်စေခဲ့သော်လည်း နောင်အခါတွင် တောင်ကြီးမြို့သို့ ပြောင်းရွှေ့ခဲ့သည်။ သို့ရာတွင် ၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်



www.burmeseclassic.com

www.burmeseclassic.com

နေ့တွင် ရှမ်းပြည်နယ်အုပ်ချုပ်ရေးကို မြန်မာအစိုးရလက်သို့ လွှဲပြောင်းပေးခဲ့ရာ စာတိုက်လုပ်ငန်းလည်း ပါဝင်ခဲ့သည်။ ဤအချိန်ကာလအထိ မြန်မာနိုင်ငံတွင် စာတိုက်ပေါင်း (၂၀) နှင့် လက်အောက်ခံစာတိုက်ပေါင်း(၂၄၀)ကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်သည်။

**□ ငွေကြေးစနစ်အသစ်**

'မြန်မာနိုင်ငံဆိုင်ရာ ငွေကြေးလုပ်ထုံးလုပ်နည်းညှိနှိုင်းမှု' (Burma Monetary Arrangement Ordinance) မှာ ၁၉၄၂ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် အသက်ဝင်လာခဲ့သည်။ ဤညှိနှိုင်းမှုအရ မြန်မာတစ်နိုင်ငံလုံးရှိ ငွေကြေးစနစ်ကို ပြောင်းလဲခဲ့ရာ ရူပီး (rupee)ကို အကြီးဆုံးတန်ဖိုးရှိ ဒင်္ဂါး (coin) အဖြစ် ဆက်လက်ထားရှိခဲ့သည်။ သို့ရာတွင် ပဲ (anna) နှင့် ပိုင် (pice) တို့ပျောက်ကုန်ကြပြီး ထိုနေရာတွင် ဆင့် (cent) ဝင်ရောက်လာသည်။ ဆင့် (၁၀၀) လျှင် (၁) ရူပီး ဖြစ်သည်။ ထိုနေ့ နေ့စွဲဖြင့်ပင် နိုင်ငံတော်အမိပတိဒေါက်တာဘမော်က ငွေကြေးစနစ်သာမဟုတ် အခြားတိုင်းတာမှုများအတွက်လည်း ဗြိတိသျှစနစ် (British System) အစား မက်ထရစ်စနစ် (Metric System)ကို ပြောင်းလဲသုံးစွဲရန် အမိန့်ထုတ်ပြန်လိုက်သည်။ ထို့ကြောင့် ချောစာအလေးချိန်ရန် 'တိုလာ' အစား 'ဂရမ်'(gramme) က နေရာယူလာတော့သည်။ စာပို့ဌာနကြီးတစ်ခုလုံးမှာလည်း မက်ထရစ်စနစ်ကို ကျင့်သုံးကြရတော့သည်။

**□ ချောသယ်ယူပို့ဆောင်ရေး**

၁၉၄၃ ခုနှစ် နှောင်းပိုင်း၌ ရန်ကုန်မြို့၏ ချောသယ်ယူရေးမှာ 'ဘိုင်စကယ်စာပို့လုလင်' (bicycle postman) ခေတ်မှသည် ချောသယ်မော်တော်ဘတ်(စ်)ကား (motorbus) ခေတ်သို့ပြောင်းလဲနိုင်ခဲ့သည်။ ဘိုင်စကယ် (ခေါ်) စက်ဘီးဖြင့် ချောသယ်ရသော စာပို့လုလင်များအဖို့ အခန့်မသင့်ပါက မဟာမိတ်လေယာဉ်များ၏ဗုံးကြဲမှုဒဏ်ကိုလည်းခံကြရသေးသည်။ ရန်ကုန်မြို့အတွင်း ချောသယ်ဘတ်(စ်)ကားသုံးစွဲလိုက်ရသည့်ကာလမှာ တိုတောင်းလှပါသည်။ ဂျပန်တို့က ထိုဘတ်(စ်)ကားအတွက် ဓာတ်ဆီမပေးနိုင်တော့၍ လုပ်ငန်းရပ်တန့်ပစ်လိုက်ရပြီး ဘတ်(စ်)ကားအစား နွားလှည်းဖြင့် ချောသယ်ခဲ့ရသည်။ အဓိကမီးရထားလမ်းကြောင်းကြီးများဖြစ်သော ရန်ကုန် - မန္တလေးနှင့် ရန်ကုန်-ပြည်ခရီးစဉ်များ၌ စာတိုက်ဝန်ထမ်းများ စီးနင်းလိုက်ပါ အလုပ်လုပ်ကြသည့် စာပို့တွဲများ (mail vans) ဖြင့် ချောအိတ်များသယ်ယူနိုင်ခဲ့သည်။ လမ်းဆုံလမ်းခွဲများရှိ စာတိုက်များအတွက်ကိုမူ ဂါတ်ဗိုလ်တွဲ (railway guard) မှ ချောအိတ်များ သယ်ယူပေးခဲ့သည်။ မီးရထားလမ်းမပေါက်သည့် မြို့များအတွက် ကန်ထရိုက်စနစ်ဖြင့် အဝေးပြေးဘတ်(စ်)ကားများက ချောသယ်လုပ်ငန်း ဆောင်ရွက်ခဲ့သည်။ အကယ်၍ မီးရထား၊ သင်္ဘောနှင့် ကားများမရောက်ရှိနိုင်သောမြို့များအတွက်မူ 'ချောထမ်းအပြေးသမားများ' (mail runners) တို့က တာဝန်ယူကြရသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ ဂျပန်ကုမ္ပဏီတစ်ခုဖြစ်သော ယာမာရှီတာကီဆင်ကိုင်ရှ (Yamashita Kisin Kaisha) မှ မီးသင်္ဘောများဖြင့် ချောသယ်ခဲ့သည်။ လက်ပံတန်း-ဟင်္သာတခရီးစဉ်အတွက် ချောသယ်ရန် မီးရထားကိုသုံးခဲ့ရပါသည်။ တနင်္သာရီဒေသထားဝယ်မှ မြိတ်သို့ ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ပြေးဆွဲသောဂျပန်စစ်တပ်မော်တော်ယာဉ်က ချောစာများကို အခမဲ့သယ်ဆောင်ပေးခဲ့သည်။ ဂျပန်ခေတ်ဦးပိုင်းက ရန်ကုန်နှင့် မုတ္တမအကြားပြေးဆွဲသော မီးသင်္ဘောဖြင့် ချောသယ်သည့်စနစ်ကို မီးရထားဖြင့် ပြောင်းလဲသယ်ဆောင်နိုင်ခဲ့သည်။ ရခိုင်ဒေသအတွက် ချောစာများကို သာပေါင်းမြို့မှနေ၍ ဂွမြို့သို့ပို့ဆောင်ပြီး ထိုမှတစ်ဆင့် ရခိုင်ဒေသတစ်ဝှမ်း ဆက်လက် ပို့ဆောင်သည်။ စာတိုက်မရှိသော မြို့ငယ်များအတွက် ချောစာများကို သက်ဆိုင်ရာခရိုင်ဝန် (District Commissioner) ရုံးသို့ ပို့ဆောင်စေပြီး ထိုမှတစ်ဆင့် ပေးဝေစေသည်။ ဤသို့ ချောစာများကို မြို့ငယ်များသို့ပေးဝေသည့်လုပ်ငန်းများကို မြန်မာနိုင်ငံအရှေ့အာရှလူငယ်အစည်းအရုံး (East Asia Youth League) မှ လူငယ်များက ပါဝင်ကူညီကြသည်။

**□ ဂျပန်တို့ဆုတ်ခွာလေသော်**

၁၉၄၄ ခုနှစ်အရောက်တွင် ရှမ်းပြည်နယ်စာတိုက်များ အပါအဝင် မြန်မာနိုင်ငံ၏ စာတိုက်ဌာနကြီး၌ စာတိုက်ဝန်ထမ်းပေါင်း (၁၉၁၂) ယောက်၊ စာတိုက်ပေါင်း (၂၁) လုံး၊ လက်အောက်ခံစာတိုက် ပေါင်း (၂၂၄) လုံးနှင့် စာတိုက်ခွဲပေါင်း (၇၉) လုံးတို့ဖြင့် ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်နေလေပြီ။ စာတိုက်ဌာနဝန်ထမ်းများ၏ ရုံးတက်ရုံးဆင်းချိန်များလည်း သတ်သတ်မှတ်မှတ်ရှိနေပြီ ဖြစ်သည်။ စာတိုက်ဝန်ထမ်းများ၏ တူညီဝတ်စုံအဖြစ် လုံချည်ကို ဝတ်ဆင်ကြရသည်။ အင်္ဂလိပ်ခေတ်ကကဲ့သို့ စာတိုက်ဌာနအတွင်း အထက်အောက်ဆက်ဆံရေးပုံစံများဖြစ်သော အထက်အရာရှိကိုလက်အုပ်ချီရန် မလိုတော့သလို ဆာ (Sir) ဟုလည်း ထည့်သွင်းပြောဆိုရန် မလိုတော့ပေ။ ဂျပန်ခေတ်တစ်လျှောက်၌ စာပို့လုပ်ငန်းကို အဓိကအနှောင့်အယှက်ပေးခဲ့သည်မှာ မဟာမိတ်လေယာဉ်များ၏ ဗုံးကြဲတိုက်ခိုက်မှုဖြစ်သည်။ လေကြောင်းရန်ဗုံးဒဏ်များကြောင့် ချောသယ်ယာဉ်များ ပျက်စီးခဲ့ရပြီး အချို့ချောစာများမှာ (၃-၄) လကြာမှ လိပ်စာရှင်ထံသို့ ရောက်ခဲ့သည်။ အင်္ဂလိပ်နှင့် မဟာမိတ်တပ်များ ပြန်လည် ဝင်ရောက်လာရာတွင် နွားနှစ်ကောင်ကြားက မြေစာပင်ကဲ့သို့ မြန်မာနိုင်ငံ၏ စာတိုက်လုပ်ငန်းကြီးလည်း ထပ်မံရပ်ဆိုင်းခဲ့ရပြန်သည်။ အင်္ဂလိပ်တို့က စစ်အောင်ပွဲခံသည့်ချီတက်ပွဲကြီး (Victory Parade) ကို ရန်ကုန်မြို့၌ ၁၉၄၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့ရာ စာတိုက်များလည်း နောက်တစ်နေ့တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

ယခုတင်ပြခဲ့သော မြန်မာနိုင်ငံ ဂျပန်ခေတ် စာပို့သမိုင်းဖြစ်စဉ်များမှာ ၁၉၄၅ ခုနှစ်တွင် အင်္ဂလိပ်စစ်တပ်များ ပြန်လည် ဝင်ရောက်လာပြီး မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်စဉ်ကာလအတွင်း ဂျပန်ခေတ်ကထုတ်ပြန်ခဲ့သော စာတိုက်ဆိုင်ရာရုံးအမိန့်စာများ၊ ကြေညာချက်များ၊ မှတ်တမ်းများ၊ စာတိုက်ဝန်ထမ်းများနှင့် လူတွေ့ဆုံမေးမြန်းခြင်းများမှရရှိလာသော အထောက်အထားများကို အင်္ဂလိပ်ဝါသနာရှင်တို့ကစုစည်းပြုစုရေးသားထားခြင်း ဖြစ်သည်။

ကြည်လွင်

**ကိုးကားမှု -**

G.L. Roberts & E.A:Smythies (1946) The Japanese Occupation Stamps of Burma 1942-1945.
PSI, Lahore.



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း(လွှမ်းဆေး)

# ဒူးနာပျောက်ကြောင်းဆေးနည်းကောင်းများ

စာရေးသူအနေဖြင့် သုရဇ္ဇမဂ္ဂဇင်းတွင် ဆေးမြီးတိုများကို အခါအားလျော်စွာ ရေးသား တင်ပြလျက်ရှိပါသည်။ သို့အတွက် ဒေသခံများကရော၊ ရပ်ဝေးနေ စာဖတ်သူများကပါ ဒူးနာရောဂါပျောက်ဆေးမြီးတိုရှိလျှင် မ,စပါဟု တောင်းခံလာသည်များရှိကြပါသည်။ ထိုအခါမျိုးတွင် အသင့်စုဆောင်းထားတာမျိုးမရှိသဖြင့် လတ်တလောပြန်ကြားရန် အခက်အခဲများစွာရှိပါသည်။ ဝန်ထမ်းလုပ်ငန်းတစ်ဖက်နှင့် များပြားလှသည့်တာဝန်များကြောင့် စာရေးဖို့ကိုပင် ပုံမှန်အချိန်မပေးနိုင်၍ အားနည်းလစ်ဟာမှုများရှိနေဆဲ ဖြစ်ပါသည်။

ယခုတော့ စာရေးသူ၏လက်တွေ့ဆေးမြီးတိုများ မဟုတ်သော်လည်း အင်တာနက်ပေါ်မှ စုဆောင်းရရှိသော ဒူးနာပျောက်ဆေးမြီးတိုများကို တပေါင်းတစည်းတည်း ဖတ်ရှုလေ့လာ သုံးစွဲပျောက်ကင်းနိုင်ကြရန် ရေးသား ဖော်ပြအပ်ပါသည်။

❑

၁။ ဖီးကြမ်းငှက်ပျောသီးအမှည့်ကို ဖင်ဖြတ်၊ ခေါင်းဖြတ်ပြီး သကြားရင်းကြီးခွက်နှင့် လုံအောင်လိပ်၍ အိုးတစ်လုံးတွင် ရေထည့်လျက် (၅) နာရီခန့်ပြုတ်ရပါမည်။ သကြားရင်းကြီးရွက်ဖြင့်ပြုတ်ထားသော ငှက်ပျောသီး (၃) လုံးစီကို နေ့စဉ် (၅) ရက်ဆက်တိုက် စားပေးပါက လေချုပ်၊ လေငန်း၊ လေးဖက်နာ၊ ဒူးနာ၊ ခါးနာရောဂါများ ပျောက်ကင်းနိုင်ပါသည်။

၂။ ငါးကြင်းခေါင်းကို မကြာခဏ ဆင်းချက်စားသုံးခြင်းဖြင့် ပျောက်ကင်းကြောင်း ရှေးယခင်ဆေးကျမ်းများတွင် ဖော်ပြပါရှိသည်။ လက်တွေ့စမ်းသပ်စားသုံးကြည့်ရာ ဒူးထဲမှ ကုန်ခန်းနေသော ရိုးတွင်းခြင်ဆီများ ပြန်လည်အားပြည့်ဝလာပြီး ဒူးနာ၊ ဒူးခေါင်းကျီးပေါင်းရောဂါများအမှန်ပင်ပျောက်ကင်းကြောင်း သိရှိရပါသည်။

၃။ ဒူးနာရောဂါကြောင့် ဆေးရုံ (၃) လခန့် တက်ရောက် ကုသမှု ခံယူသော်လည်း မပျောက်ကင်းပါ။ ဒူးနာရောဂါပျောက်ကင်းနိုင်သည့် ဆေးနည်းမတွေ့ဘဲ ရက်သတ္တ (၃) ပတ်ခန့် ခံစားနေရပါသည်။ ဆေးနည်းကို မမျှော်လင့်ဘဲ ရရှိလက်တွေ့သုံးစွဲကြည့်ရာ (၃) ရက်အတွင်း သိသိသာသာ သက်သာလာပြီး တစ်ပတ်ခန့်အကြာတွင် လုံးဝပျောက်ကင်းခဲ့ပါသည်။ ဆေးနည်းမှာ ချင်းတက်နှင့် မြေဖြူခဲရောထောင်းပြီး နာနေသည့်ဒူးအပေါ် တစ်နေ့ (၂) ကြိမ် လိမ်းပေးပါရန် ဖြစ်ပါသည်။

၄။ ခွေးတောက်ရွက်လက်တစ်ဆုပ်ခန့်ခူးယူရေဆေးသန့်စင်ပါ။ ပြီးလျှင် သန့်စင်ပြီး ငရုတ်ဆုံတွင် ထုထောင်းကာ အရည်ညှစ်ယူပါ။ ထို့နောက် ကြိုတင်သွေးထားသော သနပ်ခါးရည်ပျစ်ပျစ်နှင့် ခွေးတောက်ရွက်အရည်တို့ရောစပ်ပြီး ဒူးပေါ် လိမ်းပေးရပါမည်။ မနက်ရေချိုးပြီးတစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီးတစ်ကြိမ် ရက်သတ္တပတ်ခန့် မှန်မှန်လိမ်းပေးပါက ဒူးနာပျောက်ကင်းပါသည်။

၅။ ရှားစောင်းလက်ပပ်လတ်လတ်ဆတ်ဆတ်ကိုခူးယူပြီး အပေါ်ယံအခွံစိမ်းကို ခွာလိုးဖယ်ထုတ်ပါ။ ပြီးလျှင် အတွင်းသားဂျယ်လီကို ဇွန်းဖြင့်ခြစ်ယူပါ။ ၎င်းဂျယ်လီကို ကျိုချက်အအေးခံထားသော နွားနို့အေးအေးနှင့် ရောမွှေသောက်ပါက (၅)ရက်ခန့်တွင် ဒူးနာသက်သာပါသည်။ နွားနို့ပမာဏအပေါ် မူတည်၍ ဂျယ်လီကို လိုသလောက်သာ ရယူသောက်သုံးရန် ဖြစ်ပါသည်။

၆။ သင်္ဘောသီးအစိမ်းတစ်လုံးကို ထိပ်ဝမှ ကြက်ဥတစ်လုံးစာလောက်ဝင်ဆံ့ရုံ အပေါက်တစ်ပေါက် ဓားဖြင့်လှီးဖြတ်ပြုလုပ်ပါ။ သင်္ဘောသီးအတွင်းမှ အစေ့များကိုမထုတ်ဘဲ ကြက်ဥတစ်လုံး (အိမ်မွေးကြက်ဥ၊ တောကြက်ဥဆိုပါက ပိုကောင်းပါသည်။) ကိုထည့်ပါ။ ပြီးလျှင် သင်္ဘောသီးအစိမ်းကို အစောကလှီးဖြတ်ထားသည့်အပိုင်းဖြင့်ပြန်အုပ်လိုက်ပါက သူ့အစေးနှင့်သူပြန်ကပ်ပါလိမ့်မည်။ သေချာလိုပါက အဆက်နေရာတွင် ရွှံ့စေးများဖြင့် လိမ်းကျံထားပေးနိုင်ပါသည်။ ထို့နောက် အထက်ပါအတိုင်း စီမံပြီးသောသင်္ဘောသီးအစိမ်းကို မီးသွေးမီးဖိုပေါ်တွင် မီးဖုတ်ပေးရပါသည်။ သင်္ဘောသီးပျော့အိပြီး အတွင်းမှကြက်ဥကျက်သွားသည်အထိ မီးဖုတ်ရပါမည်။ ပြီးလျှင် မီးဖုတ်ထားသောသင်္ဘောသီးကို ထုတ်ယူအအေးခံရပါမည်။ ထို့နောက် သင်္ဘောသီးအခွံကို ခွာချပြီး အတွင်းမှ ကြက်ဥကိုထုတ်ယူစားသုံးရပါမည်။ ထိုသို့စီမံထားသည့် ကြက်ဥကို ရက်သတ္တတစ်ပတ် (၁) ကြိမ် သို့မဟုတ် (၃) ကြိမ်ခန့် စီမံစားသောက်ပေးပါက ဒူးနာ၊ ခါးနာဝေဒနာပျောက်ကင်းပါမည်။

၇။ သံပရာသီးတစ်လုံးကို ထက်ခြမ်းလှီး၍ ၎င်းသံပရာခြမ်းဖြင့် နာနေသည့်ဒူးပေါ်သို့ သံပရာအရည်များကုန်သည်အထိ ညင်သာစွာပွတ်တိုက်ပေးရပါမည်။ ယင်းသို့ ပွတ်တိုက်ပေးပြီးပါက နာနေသည့် ဒူးနေရာကို ဆရာခို (သို့) ဒဏ်ကြေဆေးတစ်မျိုးမျိုး လိမ်းပေးပြီး (၁၅) မိနစ်ခန့် အဝတ်ပါးပါးဖြင့် ပတ်စည်းထားပေးပါ။ အထူးအားဖြင့် ညအိပ်ရာဝင်ခါနီး လိမ်းပေးပါက ပိုမိုထိရောက်ပါသည်။ ထိုသို့ တစ်ပတ်၊ ဆယ်ရက်လိမ်းပေးပါက နာနေသော ဒူးနာပျောက်ကင်းပါမည်။

၈။ ပွက်ပွက်ဆူနေသော ရေနွေးအိုးထဲသို့ ဘဲဥတစ်လုံးကို (၂) မိနစ်ခန့် ထည့်ပြုတ်ပြီး ဆယ်ယူလိုက်ပါ။ ဘဲဥကို ပန်းကန်လုံးထဲသို့ ဖောက်ထည့်ပါ။ စားကောင်းစေရန် သကြားအနည်းငယ်ထည့်ခေါက်မွှေပြီးစားပါ။ အခြားစားစရာအမယ်ဘာမှမပါဘဲ တစ်နေ့လျှင် ဘဲဥတစ်လုံးကုန်အောင်စားရမည်။ ထိုနည်းအတိုင်း နေ့စဉ် စားသုံးခြင်းကို မိမိအသက်၏တစ်ဝက်အရေအတွက်အထိ စားသုံးရပါမည်။ (ဥပမာ မိမိ အသက် ၄၀ နှစ်ဆိုပါက အနည်းဆုံး ဘဲဥအလုံး (၂၀) စားရပါမည်။) ထိုထက်များများ စားသုံးနိုင်လျှင်လည်း ကောင်းပါသည်။ ဘဲဥစားသုံးခြင်းသည် လိုအပ်သော ခြင်ဆီဓာတ်ကို ပြန်လည်ဖြစ်ပေါ်စေပါသည်။ ထိုကဲ့သို့ စားသုံးဖြင့် ခါး၊ ဒူးတို့တွင် ရိုးတွင်းခြင်ဆီခန်းခြောက်ခြင်းကို ပြန်လည်ဖြည့်တင်းပေးရာရောက်သည့်အတွက် ဒူးနာ၊ ခါးနာဝေဒနာများ ပျောက်ကင်းပါမည်။

❑

အထက်ပါ ဆေးမြီးတိုများသည် ဒူးနာဝေဒနာအပြင် ခါးနာ၊ ကျီးပေါင်းရောဂါတို့ကိုပင် ပျောက်ကင်းစေနိုင်ပါသည်။ စီမံပြုလုပ်မှုလွယ်ကူသကဲ့သို့ ငွေကြေးကုန်ကျမှုလည်းနည်းပါးသည်။ လိုအပ်သည့်အခါ အသုံးပြုနိုင်ရန်နှင့် လက်ဆင့်ကမ်းမျှဝေနိုင်ပါရန် စုစည်းဖော်ပြအပ်ပါသည်။

နေဝင်းဝင်း(လွှမ်းဆေး)



www.burmeseclassic.com

www.burmeseclassic.com

ရွာက မနက်ပိုင်းထွက်တဲ့ ကားရထားစီးခဲ့တာ (၉) နာရီကျော်တော့ ကလေးဘူတာရောက်သည်။ အရင်သွားရမယ့်နေရာက တပည့်ကျော် တင်မောင်စိုး (ရထားထိန်း) ရဲ့အိမ်။ သူ့အိမ်ရှိရာ လိုင်းခန်းဘက်သွားတော့ အဝေးကမြင်ရတာမို့ကျေနပ်သွားမိသည်။ ကျွန်တော့်ထက် သူကအရင်မြင်ပုံရတော့ ထိုင်ရာကထလို့ သူ့အသံပြကြီးနှင့် လှမ်းအော်နှုတ်ဆက်ပါတော့သည်။

"ဘယ်သူများလဲလို့၊ ကိုယ့်ဆရာကိုး"

သူ့ကိုပြုံးပြရင်း အိမ်ရှေ့ရောက်တော့ သူက -

"ဘယ်သွားမလို့လဲ ဆရာသမားရဲ့"

"မြို့ထဲစာမူပို့မလို့။ မင်းဆီလာတာ စက်ဘီးငှားမလို့"

"ဒါများပြောစရာလား။ ဆိုင်ကယ်လည်းရှိတယ် ဆိုင်ကယ်ယူ"

"ဆိုင်ကယ်တော့ မယူချင်ဘူးကွာ စက်ဘီးယူမယ်"

"ဆိုင်ကယ်က ပိုမြန်တာပေါ့။ ခရီးတောင်တွင်သေးတယ်"

"မဖြစ်ပါဘူးကွာ။ မြို့ထဲကရှုပ်ရှုပ်နဲ့။ သူတို့ကတိုးမလား၊ကိုယ်ကတိုးမလား ကြောက်တယ်၊ စက်ဘီးပဲယူမယ်"

တင်မောင်စိုးဟာ ပြောပြောဆိုဆို အိမ်ထဲကြည့်ကာအော်လိုက်၏။

"ညီမရေ၊ စက်ဘီးထုတ်ခဲ့ပေဟ့။ ဆရာသမား မြို့ထဲသွားမလို့တဲ့"

"ဟုတ်ကဲ့ - အစ်ကို"

အိမ်ထဲမှပြန်အော်သူက သူ့မိန်းမချိုသဲမာ။ စက်ဘီးတွန်းလို့ အပြင်ထုတ်ပေးသည်။ အိမ်ထဲပြန်ဝင်၊ သူထွက်လာတော့ စာရွက်ရှည်တွေကိုင်လို့။ သူရေးထားတာတဲ့။

"ကျွန်မရေးထားတာ ဖတ်ကြည့်ပါဦး"

"နင်က ဘာအကြောင်းတွေရေးတာလဲဟ။ တယ်ဟုတ်ပါလား"

"ကျွန်မအစ်မဝမ်းကွဲဆုံးတော့ သူမဆုံးခင် မျှောတဲ့အချိန်မှာ ကျွန်မဆီရောက်လာတာ။ အဲဒီအကြောင်းရေးထားတာ။ ရေးတတ်သလို ရေးထားတာဆိုတော့ မကောင်းပါဘူး။ အဲဒါ ဦးက အကဲဖြတ်ပေးဦး"

ခက်ပြီ။ ကိုယ်ကလည်း စာပေပညာရှင်မဟုတ်။ ဝါသနာသမား။ သူက ဖတ်စေချင်တော့ သွားမယ့်ကိစ္စဆိုင်းငံ့လို့ ခုံပေါ် ထိုင်ကာ ဖတ်ကြည့်လိုက်ပါသည်။

ဖတ်ကြည့်တော့ စာလေးကလည် နေပြီး အစ၊ အလယ်၊ အဆုံးကရော နေတော့ပြင်ရဦးမည်။ ရေးတဲ့အကြောင်းအရာကကောင်းသည်။ ပညာရှင်မဟုတ်လေတော့ များများမဝေဖန်နိုင်ပေ။ သိသလောက်နှင့်ပြောရသည်။

"ညည်းရဲ့ စာကြောင်းလေးတွေ နှစ်ခါ၊ သုံးခါထပ်နေတယ်။ ရှေ့နဲ့နောက်လွဲတာလေးတွေပြင်ရမယ်။ အကြောင်းအရာကကောင်းပါတယ်။ ပြန်ချောလိုက်ဦး။ ဦးစိုးက မဂ္ဂဇင်းတိုက်ပို့ပေးမယ် ဟုတ်ပြီလား"

ကျွန်တော်ပြောတော့ မျက်လုံးလေးကလယ်ကလယ်နဲ့ ကြည့်နေတုန်း သူ့ယောကျ်ားက -

"ဒီတစ်ယောက်က စာရူးရူးပြန်ပြီ အစ်ကိုရဲ့ ကြည့်လုပ်ပါဦး။ ဘာတွေရေးမှန်းလဲမသိဘူး။ ညညမအိပ်ဘဲရေးနေတာ"

တင်မောင်စိုးစကား ကျွန်တော် မထောက်ခံမိပေ။

"ဒါကတော့ ဝါသနာရှိတာကိုကွာ။ သူ့စိတ်ထဲမှာ သူပြောချင်တာရေးတာပဲ။ဘယ်သူ့ထိခိုက်တာမှတ်လို့ရေးပါစေကွာ"

"အဲ - အစ်ကိုပါမြှောက်ပေးနေပြန်ပြီ"

"မှန်တာပြောတာပါကွာ။ ကဲ - ငါ မြို့ထဲသွားမယ် ဘာမှာဦးမလဲ"

"မှာစရာမရှိပါဘူး"

"အေး - ဒါဆိုလည်းသွားတော့မယ်"

ဒေါက်ဖြုတ်လို့ စီးမယ်ဟန်ပြင်တော့ တပည့်ကျော်က -

"ဆရာသမား၊ ပြောမယ်ပြောမယ်နဲ့ ဟိုတုန်းကကျွန်တော်တို့ကြုံခဲ့တဲ့ အကြောင်းရေးပြီးပြီလား"

သူ့အမေးက စက်ဘီးလည်းမစီးသာ။ စဉ်းစား၍ပင်မပေါ်ပေ။





www.burmeseclassic.com

www.burmeseclassic.com



# စိုးမင်း
(မြောက်စည်း)

# အိမ်အောက်က သိုက်နဲ့ ကျွန်တော့်မိသားစု

"ဘာအကြောင်းလဲဟ"

"ဆရာသမားကလည်း မေ့တတ်ရန်ကော။ မွေ့လယ်တုန်းက အဖြစ်အပျက်လေ"

သူပြောမှ သတိရပြုံးမိပါတော့၏။

"အေးအေး - ငါမှတ်မိပြီ။ ဒီကပြန်ရင်ရေးမယ်ကွာ ဟုတ်ပြီလား"

တပည့်ကျော်နှုတ်ဆက်ရန် မြို့ထဲ စာမူပို့၊ စျေးလေးဝယ်၊ ထိုနေ့ညနေပိုင်း ကားရထားဖြင့် ရွာသို့ပြန်ခဲ့ရ၏။

အလုပ်မပြုတ်ခင် ၁၉၉၇ ခု၊ ဇွန်လဆန်းတွင် ကျွန်တော်က ကလေးက မွေ့လယ်ပြောင်း၊ မွေ့လယ်လက်ရှိရုံပိုင် ကိုသာလင်း (ယခု အထူးတန်း ရွှေညောင်) သူ့တပည့်ဂျမဒါနှစ်ယောက်က ဝင်းစိုးနဲ့ ဆန်းဝင်း။ မိသားစုမခေါ်သေးဘဲ တစ်ယောက်တည်း ဘူတာလွဲဖို့ ရထားနှင့် မနက် (၁၀) နာရီလောက်ရောက်သည်။ ရုံပိုင် ကိုသာလင်းနှင့်သူ့ဇနီး၊ သူ့အမေတို့ သုံးဦးကို ဘူတာထဲမှာ အသင့်တွေ့ရပြီး ကျွန်တော့်ကို နှုတ်ဆက်ကြပါသည်။

ကိုသာလင်းက ကျွန်တော်နှင့် တွေ့ပြီးလျှင် မှန်တောကိုပြောင်းမည့်သူ။ ကျွန်တော်မရောက်ခင်ကတည်းက လွှဲရမည့်စာရင်းတွေ အဆင်သင့်ပြင်စောင့်နေသည်ဟု သတင်းကြားပြီးသားပါ။ ရထားထွက်သွားပြီး ကိုသာလင်းနှင့် ကျွန်တော် ဘူတာရုံးခန်းအတွင်း စကားပြောကြ၏။

"ကိုစိုးမင်းကြီး ခဏစောင့်ဦး။ ငွေသွင်းလိုက်ဦးမယ်။ ပြီးရင် လက်ဖက်ရည်သောက်ရင်း စကားပြောတာပေါ့"

"ဟုတ်ကဲ့"

ခရီးဆောင်အိတ် ဘူတာထဲသွင်းပြီး ရုံးခန်းအား အကဲခတ်ရာ ရုံးခန်းသည် နှစ်ခန်းပတ်လည်၊ နှစ်ခန်းမှာ ဇလီဖားတုံးအဟောင်းများနှင့် ခုတင်သဖွယ်စင်လုပ်ပြီး ဘေးနှစ်ဖက်မှာ လိုက်ကာများချ အခန်းကန့်ထားပေးပါသည်။ ရှေ့မျက်နှာစာနှစ်ခန်းသာ ရုံးခန်းသုံးထားပြီး သူတို့မိသားစု ဘူတာထဲမှာအိပ်သည်ဟု ထင်ပါသည်။

ကိုသာလင်း အလုပ်မပြီးသေး။ ကျွန်တော်က ဆောက်ပြီးစ အိမ်အသစ်ရှိရာလမ်းလျှောက်ထွက်ခဲ့၏။ အိမ်အား အကဲခတ်ရာ နှစ်ခန်းတွဲတစ်ထပ်တိုက်သစ်ဖြစ်၍ အထဲဝင်ကြည့်တော့ တောင်ဘက်ခန်း လူ၊ ပစ္စည်းဘာမှမရှိ၊ အောက်ခံသမံတလင်းအချောမကိုင်ထားသည်မှအပ မှန်တံခါးများဖြင့် လုံခြုံလှသော အိမ်သစ်လေးဖြစ်၍ ဝမ်းသာနေမိ၏။

မြောက်ဘက်အခန်းတွင် ဂျမဒါ ဝင်းစိုးနှင့် ဆန်းဝင်းက တစ်ခန်းစီ၊ အိပ်ရာဖရိုဖရဲ။ ခုတင်ကြမ်းတစ်လုံးစီ တွေ့ရ၏။ အိမ်ပတ်လည်ကြည့်လို့ ဘူတာဘက်အလာ ကိုသာလင်းနှင့် မျက်နှာချင်းဆိုင် စကားပြောဖြစ်ကြသည်။ နှစ်ယောက်သား အိမ်အသစ်ကလေးကြည့်လို့ -

"ဘယ်နှယ့်လဲ ကိုစိုးမင်းကြီး သဘောကျရဲ့လား။ ခင်ဗျားတို့အတွက် အသစ်စက်စက်အိမ်ပဲ။ ဒီရက်ပိုင်း တံခါးတွေ အကုန်တပ်တယ်။ ဆေးသုတ်တယ်။ သမံတလင်းကမကြာခင်ခင်းလိမ့်မယ်။ ခင်ဗျားတို့မိသားစုကသတ္တိကောင်းတော့ ဒီမှာနေကြပေါ့။ ကျွန်တော်တို့က သတ္တိမရှိလို့မနေဘူး။ ရုံခန်းမှာပဲ။ ဒီဘူတာက ဝင့်ကျွတ်တာပေါ့ဗျာ"

သူ့မျက်နှာက မချိပြုံး၊ ခနဲ့တဲ့တဲ့ စကားကြောင့် ကျွန်တော်ပင် စနိုးစနောင့်ဖြစ်မိသည်။ ဒီဘူတာ ကျွန်တော်ရောက်လို့ မနာလိုတာလား။ မနာလိုရအောင် ဒီဘူတာက စည်စည်ကားကား ဖွံ့ဖွံ့ဖြိုးဖြိုးလည်းမဟုတ်။ ခပ်ညံ့ညံ့တောဘူတာ။ ဘယ်နှယ့်ကြောင့် ရိသဲ့သဲ့ပြောပါလိမ့်ပေါ့။ ဒါက ကျွန်တော့်အတွေးနှင့် သုံးသပ်မိခြင်းပါ။

"မနက်ဖြန် စာရင်းဇယားအကုန်လွှဲမယ်။ ရွာထဲက မိတ်ဆွေတွေနှုတ်ဆက်မယ်။ မနက်ဖြန်အလုပ်ဆင်းဗျာ။ သန်ဘက်ခါပြောင်းမယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းညိတ်ကာ ဘူတာအနောက်ဘက်ရှိ ဈေးဆိုင်တန်းသို့ထွက်လာခဲ့မိ၏။ နောက်တစ်နေ့ စာရင်းများလွှဲ၊ အလုပ်စဝင်၏။ နောက်တစ်နေ့ ကိုသာလင်းတို့ မိသားစု မှန်တောပြောင်းသွားကြ၏။

နေစရာ အိမ်အသစ်မို့ ဇနီးနှင့် ကလေးများပျော်ကြမည်။ ဘူတာလည်း လွှဲပြီးသွား၍ ကလေးမှ ဇနီးနှင့်သားသမီးလေးယောက်အားခေါ်၊ မိသားစုခြောက်ယောက် တောင်ဘက်အခန်းအား အသင့်နေထိုင်ကြရ၏။ ကျောင်းဖွင့်ပြီမို့ အကြီးနှစ်ယောက်က နှစ်တန်း၊ အငယ်နှစ်ယောက်က သူငယ်တန်း။ ကျောင်းအပ်ရ၏။

အိမ်ရောက်သည့်နေ့မှ တစ်လခန့်ကြာသောအခါ မြောက်ဘက်မှ တပည့်ကျော်နှစ်ဦး အခြေအနေ ညပိုင်းအကဲခတ်ရာ ဆန်းဝင်းမှာ အခန်းတွင် ပြန်မအိပ်ပေ။ ဝင်းစိုးတစ်ယောက်တည်းသာ အိပ်၏။ ဝင်းစိုးပြောသည်က ဆန်းဝင်းက ဘူတာဆိုင်ခန်းတွင် အိပ်ကြောင်းသိရ၏။

ထိုအချိန် ဆန်းဝင်းမှာ အိမ်ထောင်ရေးအဆင်မပြေ၍ အလုပ်ထွက်ဖို့ ကျွန်တော့်အားပြောလာ၏။ သူ့အား ဖျောင်းဖျသော်လည်းမရပေ။ နောက်ဆုံး ဆရာများနှင့်တိုင်ပင်ကာ သူ့အား အလုပ်ထွက်စေခဲ့ပေ၏။ ဆန်းဝင်းအစား တင်မောင်စိုး (ယခု ရထားထိန်းကလေး) ရောက်လာကာ ဆန်းဝင်းအခန်းတွင် နေ၏။

အရှေ့ဘက်အခန်းမှ ဝင်းစိုး၊ အနောက်ဘက်ခန်းမှာ တင်မောင်စိုး၊ သူတို့နှစ်ဦးစလုံး ဘာသာရေး တစ်နိုင်ရှိကြ၏။ ဝင်းစိုးထက် တင်မောင်စိုးက ပိုသာ၏။ ပရိတ်ကြီး (၁၁) သုတ်အား သက်န်းဝတ်စဉ်က အလွတ်ရခဲ့၏။ သူတို့မှာလည်း တစ်နိုင်ကုသိုလ်ရှိသည်မို့ မိသားစုအတွက်အားရှိလှ၏။

ဤသို့ဖြင့် (၃) လခန့်ကြာသော အခါ တစ်နေ့ ဇနီးသည်က ကျွန်တော့်အား ထူးဆန်းစွာ တီးတိုးစကားပြောလာ၏။

"အစ်ကို၊ ကျွန်မတို့မဲဇာပြန်တော့မယ်။ ဒီအိမ်ကြီးမှာမနေချင်တော့ဘူး"

ကျွန်တော်ပင် ကြောင်သွားပါသည်။ သူ့မျက်နှာက အားငယ်နေသည့်ပုံပေါ်နေ၏။

"ဘာလို့ပြန်မှာလဲကွာ။ ကလေးတွေလည်းကျောင်းအပ်ပြီးပြီ။ ဟိုပြန်မယ့်ခရီးက နီးတာမဟုတ်ဘူး။ ကလေးတွေနဲ့ မင်းဒုက္ခဖြစ်မှာပေါ့။ ဒီမှာဘာဖြစ်လို့လဲ"

"ကျွန်မကလေးတွေစိတ်မချဘူး။ ကလေးတွေတစ်ခုခုဖြစ်ရင် ကျွန်မရင်ကျိုးမှာ"

"ခက်လိုက်တာကွာ၊ ဒီအိမ်မှာ မနေချင်တာက ဘာကြောင့်တုံး။ ငါ့ကို ပြောဦးမှပေါ့။ မင်းပြောမှသိမယ့်ဟာကို"

"ဒီအိမ်ကြီးမှာ သရဲကြီးရှိတယ် အစ်ကိုရဲ့။ အကြီးကြီးပဲ။ ညရောက်မှာကို စိုးရိမ်တာ"

"သရဲကြီးရှိတယ်။ ဟုတ်ရဲ့လားကွာ၊ မင်းကလည်း"

"ဟုတ်တယ် အစ်ကိုရဲ့။ ည (၁၀) နာရီကျော်ရင် အိမ်ခေါင်မိုးပေါ် ခုန်ချနေတာ တဝုန်းဝုန်းနဲ့။ သူခုန်ချရင် ဒီအိမ်တောင်တုန်တယ်။ ကြောက်လို့ သွေးပျက်တော့မယ်။ ကျွန်မမနေရဲတော့ဘူး။ မဲဇာပြန်ပို့ပေးပါ အစ်ကိုရယ်နော်"

ခုမှခက်ချေပြီ။ ဇနီးသည် အပြောဟုတ်သည်၊ မဟုတ်သည် ကျွန်တော်မသိ။ ဇနီးနှင့် ကလေးတွေ ရွာပြန်လို့တော့ မဖြစ်နိုင်ပေ။ သူတို့ပြန်လျှင် အိုးစားနှစ်ခုကွဲ ကျပ်တည်းနိုင်သည်မို့ နှစ်သိမ့်စကားပြောရပါသည်။

"ဒီလိုလုပ်ပါကွာ၊ မင်းပြောတဲ့ကိစ္စ ငါအဖြေရှာမယ်။ ငါ့ကိုအချိန်နည်းနည်းပေး။ အဖြေရှာလို့မရရင် မင်းတို့ မိသားစု ရွာပြန်ပို့ပေးမယ် ဟုတ်ပြီလား"

မျက်လုံးလေးကလယ်ကလယ်နှင့် အားငယ်စွာပြောရှာ၏။

"ကျွန်မကတော့ မထင်ပါဘူး အစ်ကိုရယ်။ အစ်ကို့စကားအတိုင်း ခဏတော့စောင့်ပါမယ်"

"အေးအေး - ဒီလိုလုပ်စမ်းပါကွာ"

ဇနီးသည်မှာ မျက်နှာမကောင်းရှာ။ မီးဖိုချောင်ဝင်သွားရှာ၏။ ဇနီးသည်၏ စကားမှာ ကျွန်တော့အတွက် အံ့ဩမိသလို ဤစကားမှန်၊ မမှန် အဖြေရှာရတော့မည်ဆိုသော်လည်း ဘယ်ကဘယ်လိုစရမည် မသိသေး။ တပည့်ကျော် တင်မောင်စိုးနှင့်တိုင်ပင်ရလျှင် ကောင်းမည်မို့ ရွာထဲရှိလက်ဖက်ရည်ဆိုင် ဆရာတပည့်ထွက်လာရင်း ဆွေးနွေးရ၏။

"တင်မောင်စိုး၊ တို့အိမ်မှာ မင်းအစ်မက ညညသရဲခြောက်တယ်ပြောတယ်။ ည(၁၀)နာရီကျော်ရင် အိမ်ခေါင်မိုးသွပ်ပြားပေါ် ခုန်ချတာ တဝုန်းဝုန်းနဲ့တဲ့။ သူခုန်ချရင် အိမ်တောင်တုန်တယ် ပြောတယ်။ ငါလည်း တစ်ခါမှ မကြုံဖူးဘူး။ အဲဒါမင်းကော ဘယ်လိုထင်သလဲ"

စကားအား နားစိုက်ထောင်နေသော်လည်း သူ့မျက်နှာက ပြုံးစိစိ မထိတထိပြောပြန်သည်။

"အစ်မလိုတော့ မကြုံဖူးဘူး။ ဒီအိမ်က မသန့်တာတော့ အမှန်ဘဲ အစ်ကိုရဲ့"

"ဟေ့ - ဘယ်နှယ့်၊ ဘယ်နှယ့် ဒီအိမ်ကမသန့်ဘူး ဟုတ်လား"

"ဟုတ်တယ် အစ်ကိုရဲ့။ အစ်ကို သတိမထားလို့။ ညည ကျွန်တော်တို့ အခန်းအတွင်းက မီးဖိုချောင်တံခါးရယ်၊ ဧည့်ခန်းတံခါးရယ်၊ အထွက်တံခါးရယ် လူတစ်ယောက်က ခိုခိုစီးတဲ့အသံ ကျွီသံ ရှည်ကြီး ရက်ခြားလည်းစီးတယ်။ အချို့ ရက်တွေ နေ့စဉ်လိုစီးတယ်"

"ရောက်စက တံခါးတွေသေချာ မပိတ်လို့ လေတိုက်လို့ထင်တာ၊ မဟုတ် ဘူး။ တံခါးတွေလည်း ကန့်လန့်ထိုး ချပ်ချပ်ရပ်ရပ်ပဲ။ လေလည်းမတိုက်ဘူး တစ်ခါတလေ အိမ်ရှေ့ကတံခါးမတ... ဒုန်းနဲ့ထုလို့ တံခါးဖွင့်ကြည့်တယ် ဘာမှ တော့မတွေ့ဘူး"

"ဟုတ်ရဲ့လားကွာ"

"အစ်ကို့ကို ကျွန်တော်ပြော... မယ်။ ကျွန်တော်တို့က လူပျိုလူလွတ် တစ်ယောက်တည်းသမား။ အစ်ကို... မိသားစုကလေးတွေနဲ့။ ဒီအိမ်အကြောင်း ရောက်စက သိတာတွေရှိတယ်။ အစ်... တပည့် ထွက်သွားတဲ့ဆန်းဝင်း သူ့အခန်း မှာ အိပ်ရဲတယ်ထင်လို့လား။ မအိပ်ရဲ... အစ်ကိုရဲ့။ ဆိုင်တန်းက မထူးတင်... လင်မယားကြားဝင်အိပ်တာ။ ...ကောင်ကြောက်သလားမမေးနဲ့"

"မင်းကလည်းကွာ၊ ကိုယ်မြင်... လည်းမဟုတ်ဘဲနဲ့"

"ကဲ-အစ်ကိုမယုံရင် ဆိုင်တန်း... မထူးတင်တို့လင်မယားရှိတယ်သွား... ကြည့်လိုက်။ အဲဒါ ကျွန်တော်ပြော... ထက် သေချာတယ်"

"အေးအေး - မင်းပြော... ဟုတ်၊ မဟုတ်မေးရမှာပေါ့ကွာ။ ... ဒါနဲ့ မင်းကောင် ဝင်းစိုး အခြေအနေ... ဘာသံကြားလဲ"

"ဒီကောင်က အေးတိအေး... သမား။ ပြောသံတော့မကြားဘူး"

"ဒါဆို မင်းပြောသလို ဆိုင်... ကလင်မယားမေးဦးမယ်ကွာ။ တဲ-... ကြစို့"

ဆရာတပည့် ရွာထဲမှ... ကျွန်တော့်စိတ်က အတွေးပေါ်... အဖြေကောင်းကောင်းမရ။ ...



www.burmeseclassic.com

www.burmeseclassic.com

ရောက်တော့ ဆိုင်ထန်းက ဒေါ်ထူးတင်ဆီသွားတော့ လူရှင်းနေ၍မေးဖို့ တာစူလိုက်၏။

"ဒေါ်ထူးတင်၊ ဘာချက်တုံးဗျ"

မီးဖိုချောင်းမှထွက်၍ ဒေါ်ထူးတင်အသံထွက်လာ၏။

"ဘယ်သူများလဲလို့ ဦးရုံပိုင်ပါလား။ ထုံးစံအတိုင်း အသီးအရွက်၊ ဝက်သားပေါ့။ ထိုင်ပါဦး၊ ရေနွေးရှိတယ်"

"ဟုတ်ကဲ့"

တန်းလျားခုံတွင် နှစ်ဦးသား မျက်နှာချင်းဆိုင်ထိုင်၍ စကားပြောကြ၏။

"ရောင်းလို့ကောင်းရဲ့လား"

"အဲ- မဆိုးပါဘူး၊ အသင့်အတင့်ပါ"

"ကျွန်တော်မေးစရာလေးရှိလို့"

"ဟုတ်ကဲ့ - မေးပါ"

ဘေးက (၄) ဆိုင်ရှိသေးသည်မို့ ကြားစေချင်။ တိုးတိုးသက်သာမေးရ၏။

"ဒီလိုဗျ၊ ကျွန်တော့်မိန်းမက ဒီအိမ်မှာမနေချင်ဘူးပြောနေတယ်။ သူပြောတာက ဒီအိမ်က သရဲခြောက်တယ်တဲ့။ ကျွန်တော်လည်းမကြုံဖူးဘူး။ တင်မောင်[illegible]ပြောတော့ အရင်အလုပ်ထွက်သွားတဲ့ဆန်းဝင်းဟာ ညည ခင်ဗျားတို့လင်မယားကြားဝင်အိပ်တယ်လို့ ပြောတယ် အဲဒါဟုတ်သလား"

မထူးတင်သည် ကျွန်တော့်ထက် (၅) နှစ်ခန့်သာကြီးသလို ယခုလည်း [illegible]ဝဲ့စောင်းကာ ပြောသင့်၊ မပြော[illegible]ချိန်နေ၏။ ကျွန်တော်က နားထောင်[illegible]သည်မို့ သူမငြင်းသာပေ။

"ကျွန်မသိသလောက်တော့ ပြော[illegible]မယ်။ ဒီအိမ်က မနှစ်ကပြီးတာပါ။ [illegible]ပေါက်တွေနဲ့ ကြမ်းခင်းဆေးသုတ်[illegible]တာ အခုမှအကုန်လုံးပြီးတာ၊ ဒါ[illegible] အောက်ကမခင်းရသေးဘူး။ [illegible]တ ရုံပိုင်ဦးသာလင်းတို့မိသားစုနဲ့ [illegible]၊ ဝင်းစိုးတို့အတူနေကြတယ်။ [illegible]ကြာဘူး။ ဦးရုံပိုင်တို့မိသားစုက [illegible]ရဲလို့ဆိုပြီး ဘူတာထဲအခန်းကန့်နေ[illegible]။ ဆန်းဝင်းနဲ့ ဝင်းစိုးက ဆက်နေ[illegible]။ တစ်ညမှာ (၁၀) နာရီကျော်[illegible] ဆိုင်ကို ဆန်ဝင်းတစ်ယောက်[illegible] ခုန်းပြေးလာတယ်။ အဲဒီနေ့က [illegible] တအားရွာတယ်။ မိုးရွာနေတဲ့[illegible]က ကျွန်မတို့ကိုခေါ်လို့ ဘာဖြစ်[illegible]မေးတော့ စကားကောင်းကောင်း[illegible] ကြောက်လန့်နေတဲ့ပုံပဲ။ အဲဒီည

က ကျွန်မတို့လင်မယားကြား တိုးဝင်အိပ်သွားတာ။ အစွန်မှာ မအိပ်ရဲဘူးတဲ့၊ သူ့ကို သနားတာနဲ့လက်ခံသိပ်ရတယ်။ သန်းခေါင်ကျတော့ အပြင်းဖျားတယ်။ ဆေးတွေတိုက်၊ နှစ်ရက်နေတော့ အဖျားပျောက်တယ်။ သူအဖျားပျောက်လို့ ဘယ်လိုဖြစ်တာလဲမေးတော့ အခန်းမှာ ခုတင်အောက်ဆွဲချတာတဲ့။ နှစ်ခါတောင်လုပ်တာတဲ့။ အဲဒါ ကြောက်လို့ ပြေးလာတာလို့ပြောတယ်"

ဒေါ်ထူးတင်၏ စကားကြား၍ ကြက်သီးပင်ထမိသေး၏။

"အဲဒီနောက်ပိုင်း ဆန်းဝင်းအခန်းပြန်အိပ်သေးလားဗျ"

"မအိပ်တော့ဘူး။ ကျွန်မတို့ဆိုင်မှာပဲ အိပ်တော့တာ"

"ဒီတိုင်းဆို ဘယ်လိုလုပ်ရမှန်းတောင်မသိပါဘူးဗျာ။ ကဲ - ခုလိုပြောတာကျေးဇူးတင်တယ်။ ကျွန်တော်ပြန်ဦးမယ်"

"ဟုတ်ကဲ့"

ဆိုင်ရှင်ကိုနှုတ်ဆက်ပြန်လာသော ကျွန်တော့်ခြေလှမ်းများလေးလံနေ၏။ မေးရမယ့်သူ ဝင်းစိုးကျန်သေး၏။ အိမ်နောက်ဖေး မီးဖိုချောင်တွင် ဇနီးသည် ထမင်းချက်နေ၍ ဝင်းစိုးက သူ့အစ်မအား ရေခပ်ကူရာမှ တီးတိုးခေါ်ကာ ဘူတာဘက်ခေါ် မေးရ၏။

"ဝင်းစိုး၊ မင်းကိုမေးစရာရှိလို့ မှန်မှန်တော့ဖြေကွာ"

သူလည်း ကြောင်တောင်တောင်ဖြစ်နေသလို အပြောငံ့စောင့်နေ၏။

"ညည အခန်းမှာဘာတွေထူးခြားခြားဖြစ်သလဲ"

"ဘာမှမဖြစ်ပါဘူး အစ်ကိုရဲ့၊ ဘာဖြစ်လို့တုံး"



"ဒီလိုကွ၊ မင်းအစ်မက ဒီအိမ်မှာ မနေချင်ဘူးပြောနေလို့၊ သူပြောတာ သရဲရှိတယ်တဲ့။ အဲဒါ မင်းဘာသိသေးလဲ မေးတာပေါ့"

မျက်နှာကဲက ဒီအိမ်အကြောင်း အနည်းအကျဉ်းသိထားပုံပေါ်နေ၏။

"ဘယ်ကစပြောရမလဲ၊ ကျွန်တော်ကတော့ သိပ်မကြောက်တတ်ဘူး။ ကျွန်တော် ကြုံဖူးတာက မနှစ်က အမျိုးသမီးပုံစံလိုပဲ။ အိမ်ပြင်ကျွန်တော့်ခြေရင်း တံခါးပေါက်နား လမ်းလျှောက်သံကြားတယ်။ အမှတ်တမဲ့ကြည့်ရင် မှန်တံခါးကိုဖြတ်သွားတဲ့ပုံက အမျိုးသမီးပဲ။ တွေ့လို့ အပြင်ထွက်ကြည့်ရင် ဘာမှမတွေ့ဘူး။ ဒီလိုသုံးကြိမ်လောက်ကြုံတယ်။

တစ်ခါတလေ ဖယောင်း၊ အမွှေးနံ့သာနဲ့ ဘုရားရှိခိုးရင် ပိုဆိုးတယ်။ အဲဒီည ခြေထောက်ကနေ ခုတင်အောက်ဆွဲချတော့တာပဲ။ ပထမတော့ ကြောက်တာပေါ့။ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ် ကြာတော့ရိုးလာတယ်။ မကြောက်တော့ဘူး။ အခုနောက်ပိုင်း သူဆွဲချရင် ခုတင်ပေါ်ပြန်မတက်ဘူး၊ အောက်မှာ အိပ်ပစ်လိုက်တယ်။ အရင်တုန်းက သူဆွဲချလို့ အောက်ပြုတ်ကျပြီးရင် အပေါ်ပြန်တက်အိပ်သေးတယ်။ တချို့ညဆိုရင် သုံးခါတောင်ဆွဲချတာ။ အခု မဆွဲတော့တာ တော်တော်ကြာပြီ။ ကျွန်တော်ပြောလိုက်လို့ထင်တာပဲ"

"မင်းက ဘာတွေပြောတာလဲ၊ လုပ်စမ်းဦး"

"သူဆွဲတာ လူမမြင်ရဘူး အစ်ကိုရဲ့။ အိမ်အပြင်မှာတွေ့တာ အမျိုးသမီးဆိုတော့ မှန်းရမ်းပြောလိုက်တာ။ ဟေ့-ငါ့ကိုကြိုက်လို့လာလာဆွဲတာလား။ မဆွဲနဲ့၊ သတ္တိရှိရင် ငါနဲ့အတူလာအိပ်လို့ပြောလိုက်တာ"

"ဟား ဟား ဟား - မင်းကသတ္တိကောင်းလှချေလား။ ငါတောင် ဒီလိုမပြောရဲဘူး။ အဲဒီလိုပြောပြီးတော့ ဘာဖြစ်သေးလဲ"

"ဘာမှမဖြစ်ပါဘူး၊ လာမဆွဲတော့တာဘဲ"

"အေးကွာ၊ မင်းလည်းကြုံဖူးတော့ မင်းအစ်မကို ဘယ်လိုပြန်ပြောရမှန်း မသိတော့ဘူး။ ကဲကဲ - မင်းလည်း မင်းအစ်မကူလိုက်ဦး။ ငါလည်း အလုပ်လုပ်လိုက်ဦးမယ်"

ဝင်းစိုးပြန်သွားတော့ တစ်ယောက်တည်း အတွေးနယ်ချဲ့နေမိ၏။ ဝင်းစိုး၏ သတ္တိကို ကျိတ်ပြီးချီးကျူးမိသေး၏။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်သာလုပ်နေသည်၊ စိတ်ကအိမ်မှာ။ ယခင် ရုံပိုင်မိသားစုလည်း မအိပ်ရဲသဖြင့် ဘူတာထဲနေထွက်သွားတဲ့။ ဆန်းဝင်းကလည်းကြုံဖူးသည်၊ တင်မောင်စိုးနှင့် ဝင်းစိုးကလည်းတွေ့ဖူးတယ်။ ဇနီးသည်လည်းပြောသည်။ ဘာမှမသိတာက ကျွန်တော်။

ဒီနေ့ည ဘုရားခန်းမှာ အလုပ်ပြီးတာနှင့် ဤကိစ္စအားအဖြေရှာရမည်။ ညနေစောင်းတော့ တင်မောင်စိုးနှင့် တိုင်ပင်ရ၏။

"ဒီနေ့ည အလုပ်နည်းနည်းပိုလုပ်မယ်ကွာ။ မေတ္တာပို့ကြည့်မယ်။ မင်းက ပရိတ်ကြီးရွတ်ပေးစမ်းကွာ အဖြေပေါ်အောင်လို့"

"ရပါတယ် ဆရာသမားရဲ့။ ည ပရိတ်ကြီး (၁၁) သုတ်အကုန်ရွတ်မယ်"

"အေး - ကောင်းတယ်ကွာ ရွတ်ပေးစမ်း"

ညပိုင်း (၇) နာရီတွင် တစ်ဖက်ခန်းမှ တင်မောင်စိုးက ပရိတ်ကြီး စရွတ်၏။ ဝင်းစိုးလည်း ဆီမီး၊ အမွှေးလှူ၍ ဝတ်တက်ကြ၏။ (၁၀) နာရီထိုးတော့ တစ်အိမ်လုံးတိတ်သွား၏။ တင်မောင်စိုးလည်းပြီး၊ ဝင်းစိုးလည်းတိတ်၊ ကျွန်တော်လည်းပြီးပြီ။ တစ်ဖက်ခန်းမှ တင်မောင်စိုးက ကျွန်တော့်အား အော်၍သတိပေး၏။

"အစ်ကို၊ ပရိတ်ကြီး (၁၁) သုတ်အကုန်ရွတ်လိုက်တာနော်၊ ဘာဖြစ်မလဲဘဲ"

"အဆင်ပြေမှာပါကွာ"

ဟိုဘက်ဒီဘက် အိပ်ရာထဲမှ အော်ရင်း ဇနီးသည်နှင့်အတူ ကလေးလေးယောက် တန်းစီအိပ်ပျော်ပြီ။ ဇနီးသည်မှာ မှိန်းအိပ်နေ၏။ ကျွန်တော်က လေသံတိုးတိုးဖြင့် ဇနီးအားမေးလိုက်၏။

"ဘာသံမှလဲမကြားသေးပါလားဟ"

"လာမှာ အစ်ကိုရဲ့၊ နားသာထောင်။ အမလေး - ကြက်သီးတွေထတယ်တော့"

နာရီကြည့်တော့ (၁၁) နာရီထိုးတော့မည်။ တစ်အိမ်လုံးတိတ်ဆိတ်နေစဉ်။

"ဝုန်း"

"အမလေး ကြားလား ကြားလား။ လာပြီ အစ်ကိုရဲ့"

ဇနီးသည်ရဲ့အသံ၊ အိမ်ခေါင်မိုးပေါ် တစ်ယောက်ယောက်ခုန်ချသံတို့ ရှေ့နောက်ကြားလိုက်ရ၏။ ကျွန်တော်မှာ ကြက်သေသေလျက် ကြောက်ဒူး တုန်၍စကားပင်မပြောနိုင်။ ဇနီးသည်မှာ ကျွန်တော့်ရင်ခွင်ထဲရောက်နေပြီ။ တစ်ကိုယ်လုံးထုံမွမ်းနေစဉ် တစ်ဖက်ခန်းမှ အော်သံကြောင့် သတိဝင်လာ၏။

"ချပြီ ဆရာသမားရေ ဟီ. . . ဟီ အဲဒါပရိတ်ကြီးတန်ခိုးကွ။ ဆော်ပြီ"

အသံတုန်တုန်နှင့် အိပ်ရာထဲမှ ပြန်အော်မိ၏။

"အေး - ဟုတ်တယ်၊ အမိုးပေါ် ပြုတ်ကျတဲ့အသံ အိမ်တောင်တုန်တယ်"

အမှန်မှာ ဤအချိန် အလွန်ကြောက်နေသလို ခန္ဓာကိုယ်ကြက်သီးများပင်ထောင်နေ၏။ အသားများတုန်နေသော်လည်း ဟန်လုပ်နေရင်း ရင်ခွင်ထဲက ဇနီးသည်မှာ ကြောက်ရှာလွန်း၍ ခေါင်းငုံ့တိုးဝင်ရှာလေ၏။ သူ့ထက် ကျွန်တော်ကပင် ပိုကြောက်၏။ ထိုစဉ် တစ်ဖက်ခန်းမှ တံခါးဖွင့်သံကြား၍ အပြင်သို့ထွက်လိုက်၏။ တင်မောင်စိုးနှင့် ကျွန်တော် အပြင်မှ ဓာတ်မီးများနှင့် ဝေ့ထိုးကာ အိမ်အမိုးအားရှာကြည့်သော် ဘာမှမရှိ။ အရှေ့၊ အနောက်အမိုးပေါ် ဘာမှမရှိ ပြောင်နေ၏။ ဇနီးသည်နှင့် ဝင်းစိုးလည်း အိမ်ပြင်ထွက်လာကြ၏။ ဇနီးသည်မှာ အိမ်အပြင်ထွက်လာစဉ် အခန်းတံခါးအား သံကန့်လန့်မင်းတုပ် ထိုးပိတ်ခဲ့လေ၏။

အိမ်တစ်ပတ်လည်ကြည့်ပြီး၍ အိမ်ရှေ့အရောက်တွင် ကျွန်တော်တို့ အခန်းတံခါးမှာသည် အလိုလို ဂလုံးဂလုံး မြည်လျက် တစ်ဦးတစ်ယောက်ကဆွဲဖွင့်နေသည့်အသံအား လေးယောက်စလုံး ကြား၍ တံခါးအား ဓာတ်မီးနှင့်ထိုးကြည့်ရာ ရှေ့တိုးနောက်ဆုတ် ဂလုံးဂလုံးမြည်နေ၍ လေးဦးသား အနီးတိုးကြည့်ရာမှ အသံတိတ်သွား၏။

ထိုစဉ် သူတို့အတွင်းခန်းမှ တံခါးမအား ဆောင့်ပိတ်သံ ဝုန်းခနဲကြားရပြန်၏။ တင်မောင်စိုးနှင့် ဝင်းစိုးလည်း ကြောင်အမ်းအမ်း၊ ကျွန်တော်နှင့် ဇနီးကလည်း မှင်သက်လို့ စကားပင်ဆွံ့နေကြ၏။ ထိုအချိန် လေလုံးစမတိုက် သီသာလှပေ၏။

ထိုအခါ တင်မောင်စိုးက ခနဲ့သံနဲ့ အော်ပြန်၏။

"ဆော်တယ်ဟ။ ဆော်ဆော် ငါကတော့ရွတ်ဦးမှာပဲ"

တင်မောင်စိုးပြောအပြီး အသံများတိတ်သွား၍ သူ့အခန်းကိုယ့်အခန်း အိပ်ရာဝင်ကြရ၏။ ညဥ့် (၁၂) နာရီတွင် ဝုန်းခနဲအသံနှင့်အတူ အိမ်တုန်ခါသွား၏။ တစ်ဖက်ခန်းမှ အသံမကြားသ ဇနီးသည်လည်းအိပ်လေပြီ။ ကျွန်တော် တစ်ယောက်သာကြားရ၏။

မနက်မိုးလင်းတော့ တင်မောင်စိုးနှင့် တိုင်ပင်ရပြန်၏။

"ညကကိစ္စက အံ့ဩစရာကွ။ ငါလည်း ပထမဆုံးကြုံဖူးတာ ဘာကြီးမှန်း မသိဘူး။ မိန်းမပြောသလို သရဲကြီးများ ခုန်ချတာလား။ တစ်ခုခုတော့သေချာ တယ်ကွ"

"ကျွန်တော်တို့က လူလွတ်တွေ နော် အစ်ကိုရဲ့။ အစ်မနဲ့ ကလေးတွေ ရှိသေးတယ်၊ သူတို့အတွက်သာပူ"

"အေးပါကွာ၊ ငါလည်းစဉ်းစား ကျပ်တယ်။ ညကလည်း မေတ္တာအကြာ ကြီးပို့ပါတယ်ကွာ။ ဒါတောင်မရဘူး ဒီနေ့လည်းထပ်ပို့မယ်။ အချိန်စောသေး တယ်၊ ဘာမှမလုပ်ချင်သေးဘူး"

တပည့်ကျော်မှာ စိုးရိမ်စိတ်ဖြင့် သတိပေးရှိ၏။

"ရက်ကြာလို့တော့ မဖြစ်ဘူးနော် ဆရာသမားကြည့်လည်းလုပ်ဦး၊ ကလေး တွေထိကုန်မယ်"

"အေးပါ၊ နောက်ထပ်ရက်နည်း နည်းပဲစောင့်မှာပါ"

ဒုတိယနေ့ညနေပိုင်းရောက်တော့ တပည့်ကျော်နှင့်တိုင်ပင်ရပြန်ပါသည်။

"တင်မောင်စိုး၊ ညကို ပရိတ်ကြီး ရွတ်ဦးမှာလား"

"ရွတ်ဆိုရွတ်မယ်လေ"

"အေး - ရွတ်ကွာ။ အသံကျယ် ကျယ်ရွတ်။ ငါလည်းနားရတာပေါ့"

"စိတ်ချ၊ ရွတ်ဆိုရွတ်မှာပဲ"

ဒီနေ့ည ရှစ်နာရီမှပရိတ်ကြီးစရွတ် သံကြားရ၏။ နဂိုက အသံကျယ်သူ အားရစရာကောင်းသလို နားထောင် နားဝင်ချိုလှ၏။ ညဥ့်နက်လာ ကလေးများအိပ်ကြပြီ။ ဇနီးသည် ပြူတိပြူတိ ကျွန်တော့်အနားက ပေပေ။ သူမအိပ်ရဲသေးပေ။ ပုတီး မေတ္တာပို့ပြီး၍ အိပ်ရာဝင်တော့ တစ် မှ တင်မောင်စိုးကအော်ပြောနေ၏။

"ဆရာသမား ပရိတ်ကြီး (၁၁) သုတ်ပြီးလို့ စက်ကြီး (၁၃) ပါး အ ထည့်သေးတယ်။ စုံအောင်လို့"

"အေးအေး - ကောင်းတယ်ကွာ" ကျွန်တော့်စကားပင် ဆုံး သေးသည်။

"ဝုန်း"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com

သွပ်မိုးပေါ်က အသံ။ အိမ်တစ်ဆောင်လုံး တုန်ခါသွား၏။ ခေါင်းနားပန်းများ ပွင့်ထွက်မတတ်တုန်ခါနေ၏။ လိပ်ပြာမစဉ်အောင် သတိထားနေရ၏။ ဇနီးသည်က အသံမထွက်။ ကျွန်တော့်ရင်ခွင်ထဲရောက်နေလေပြီ။ တစ်ဖက်က တင်မောင်စိုး အသံကြား၍ အားရှိလာ၏။

"ဆော်ပြီဟေ့၊ ဆော်စမ်း ဟား . . . ဟား . . ဟား . . ပရိတ်ကြီးရွတ်မှ ဒိုဆော်တယ်ဟ။ ဆရာသမားကြားလား"

"အေး - ကြားတယ်"

ကျွန်တော့်အသံမှာ တုန်သံဖြင့် ထူးမခြင်းပါ။ ကြောက်စိတ်ပင်မပြေသေးပေ။ အပြင်သို့တစ်ယောက်မှမထွက်။ မထွက်ဆို ကြောက်လို့ဖြစ်ပေ၏။ မနေ့တလည်း ခုန်ချသံ၊ ဒီနေ့လည်း ခုန်ချသံ။ နှစ်ရက်ရှိပြီ။ ဇနီးပြောတာ အရင်ကပေါ့။ အခု ဘာမှတင်မမြင်ရတာ ကြားရတဲ့အသံက နားပွင့်မတတ် လိပ်ပြာစဉ်နိုင်၏။

"ကျွီ ဒုန်း"

"ကျွီ ဒုန်း"

တစ်ဖက်ခန်းမှ တံခါးခိုစီးတဲ့အသံ၊ နှစ်ခါ ဆောင့်ပိတ်သံနှစ်ခါ တိတိကြားရပြန်၏။

"ဆရာသမား၊ ကြားလား"

"အေး - ကြားတယ်၊ နှစ်ခါဆောင်"

"အတွင်းခန်းထဲက ဘယ်တံခါးမှ မှောင့်ဘူး။ ကျွန်တော်ကိုယ်တိုင် ကန့်လန့်ထားတာ တော်တော်မကျေနပ်ပုံဘဲ"

တင်မောင်စိုးဟာ တော်တော်သတ္တိကောင်းပါသည်။ သူ့ပုံစံအမူအရာ ဟန်လုပ်တာမရှိ၊ ဘွင်းဘွင်းရှင်းရှင်းပြောတတ်၏။ ယခုလည်း ကြောက်ဟန်ဆင်တော်မှမပြ။ ဝင်းစိုးကတော့ ဒီနေ့အသံမကြား။ အိပ်မောကျနေသည်ထင်၏။

အိမ်၏အနီး ဘေးပတ်ပတ်လည်တွင် သစ်ပင်အကြီးအငယ်မရှိ။ အနီးဆုံးဆိုတာ အိမ်နှင့်(၁၀)ပေကွာ အိမ်သာနားက သဘောတစ်ပင်တည်းသာရှိပါသည်။ ထိုနေ့ည ဇနီးမှာ ကျွန်တော်နှင့်မခွာရှာ။ တိုး၍အိပ်ရှာပါ၏။ နေ့ညလည်း ရှိစေတော့။ နောက်ညမှ ပြောင်းပြုမည်ဟု ဆုံးဖြတ်ကာ အိပ်ရာဝင်ခဲ့ရ၏။

မနက်မိုးလင်းတော့ ကျွန်တော်တို့လူအား မည်သူ့ကိုမျှမပြောရဲပေ။ နှုတ်ဆိတ်နေရ၏။ ညနေစောင်းတွင် တပည့်ကျော်နှင့်တိုင်ပင်ရပြန်၏။

"ဒီနေ့ည ပရိတ်ကြီးရွတ်ဦးမှာလားကွ"

"ရွတ်မယ်လေ ဘာခက်တာမှတ်လို့။ ဆရာသမားကလည်း ကုသိုလ်ရတာပဲ"

"မင်းရွတ်လို့များပိုဆိုးသလားကွာ"

"ဒါလည်း ဖြစ်နိုင်တာပဲ အစ်ကိုရဲ့။ ပရိတ်ကြီးက အတော်အတန်မခံနိုင်ဘူးလေ"

"ဒီလိုဆို ညအကုန်မရွတ်နဲ့ကွာ။ မေတ္တာသုတ်ပဲရွတ်"

"ဒါလည်း ရပါတယ် ဆရာသမားရဲ့"

"အေး - ည မင်းလည်းမေတ္တာသုတ်ပဲရွတ်၊ ငါလည်း မေတ္တာများများပို့မယ်"

"ဟုတ်ကဲ့ - ဒါလည်းကောင်းပါတယ်"

"အေးအေး - ဒါပဲကွာ၊ မင်းလည်း လုပ်စရာရှိတာလုပ်လိုက်ဦး။ ငါရွာထဲ ခဏဝင်ဦးမယ်"

တတိယညတွင် တစ်ဖက်ခန်းမှ တပည့်ကျော်က ဘယ်အချိန်ရွတ်တယ်မသိ၊ အသံတိတ်နေ၏။ စိတ်နေကျ ပုတီးလေးပြီးလို့ မေတ္တာပို့ကာ အိပ်ရာဝင်တော့၏။ ည(၁၀)နာရီ၊ (၁၁) နာရီ အသံမကြား တိတ်ဆိတ်လှ၏။ တစ်ဖက်ခန်းမှလည်း အသံမလာ။ ထိုနေ့ည တစ်ဆောင်လုံး ချမ်းချမ်းသာသာအိပ်ရ၏။

မနက်မိုးလင်းတော့ ဆရာတပည့် စားမြုံ့ပြန်ကြပြန်၏။

"ညတုန်းကတော့ ဟုတ်တုတ်တုတ်ဗျ။ အိပ်ရေးဝဝအိပ်ရတယ်"

"အေးကွ - ညကဘာသံမှမကြားရဘူး။ အံ့ဩစရာပဲ"

"ပရိတ်ကြီးက ပြင်းလွန်းတယ် အစ်ကိုရဲ့"

"အေး - ဒါလည်းဖြစ်နိုင်တယ်။ ခက်နေတာက မင်းတို့၊ ငါတို့က အသံသာကြားရတာ ဘယ်သူဘယ်ဝါ မမြင်တာ ခက်တယ်"

"အစ်ကို့တပည့် ဝင်းစိုးပြောတော့ မိန်းမပုံစံဆို"

"အေးလေ- ဒါလည်းသူပြောတာကိုး။ ငါလည်းတွေ့တာမှမဟုတ်ဘဲ"

"ဒီကောင်ကလည်း သတ္တိရှိရင် သူနဲ့လာအိပ်လှည့်ခေါ်ထားတဲ့ကောင်ဗျမခေဘူး"

"သတ္တိကောင်းလို့ခေါ်ရဲတာပေါ့ကွ။ ဟေ့-ဒီနေ့ညအစီအစဉ်ဘယ့်နှယ်လဲ"

"မေတ္တာသုတ်လေးပဲ သွားရအောင် အစ်ကိုရဲ့။ ဒါက အိပ်ရေးမပျက်ဘူး"

"အေ - ကောင်းတယ်ကွာ"

လေးရက်မြောက်နေ့တွင် ထုံးစံအတိုင်း မေတ္တာပို့ရင်း အိပ်ရာဝင်ခဲ့ကြ၏။ ထိုနေ့ညအဖို့ (၁၀) နာရီကျော် တစ်ဖက်ခန်းမှ အတွင်းတံခါးခိုစီးသံ တကျွီသံရှည်ကြီးနှစ်ခါသာကြား၍ သွပ်မိုးပေါ် ခုန်ချသံမကြားရပေ။

ငါးရက်မြောက်နေ့သည် ထူးဆန်းလှ၏။ ထိုနေ့ည ဇနီးနှင့်အတူမအိပ်ဘဲ ဘုရားခန်းခုတင်အိပ်ရန် ဆုံးဖြတ်ထား၏။ ဇနီးသည်မှာ ခွဲမအိပ်ဖို့ပြောသော်လည်း မလွန်ဆန်နိုင်၍သာ အိပ်ရရှာ၏။

အဝတ်ဖြူဝတ်၍ ပုတီးစိပ်၊ မေတ္တာပို့လွှတ်ရင်း မှေးခနဲအိပ်ပျော်သွား၏။

မျက်လုံးဆတ်ဆတ်တုန်၍ မိမိအနား တစ်ဦးတစ်ယောက်အားမြင်၍ ထထိုင်လိုက်၏။ ခုတင်ခြေရင်း မားမားမတ်မတ် စူးစူးရဲရဲ စူစူပုတ်ပုတ်မျက်နှာထားနှင့် အမျိုးသမီးတစ်ယောက် သူ့ကိုကြည့်၍ ကြက်သီးများထကာ ကြောက်စိတ်ဝင်နေ၏။

သနပ်ခါးမလိမ်းထားသော်လည်း အသားဖြူဖြူနှင့် မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်၊ ပါးပြင် အားလုံးပြေပြစ်လှသော မိန်းကလေး။ ပိုလှတာက သူ့ရဲ့ဆံကေသာ။ မည်းနက်နေတဲ့ဆံပင်က ဖြောင့်စင်းလို့ ခြေဖနောင့်ထက်ပင် ပို၍ထိုင်နေသေး၏။

ပိုးစပါးပါးအစိမ်းရောင်ရင်ဖုံးလက်ရှည် လည်ကုပ်တွင်အစိမ်းနုရောင်ပဝါသိုင်းလျက်၊ အစိမ်းရင့်ရင့်တွင် အဖြူရောင်လှိုင်းချိတ်မင်းသမီးဝတ်လုံချည်။ တစ်ကိုယ်လုံးအား ခြုံကြည့်လျှင် ယဉ်ကျေးသိမ်မွေ့လှသော မြန်မာအမျိုးသမီးတစ်ယောက်၏ပုံဖြစ်၏။

သူ့လက်နှစ်ဖက်က သောက်ရေအိုးအလတ်အဖုံးပိတ်ဖြင့်ပွေ့ထားသေး၏။ အသက် (၃၀) ဝန်းကျင် ချောမောလှပသော ထိုအမျိုးသမီးအား ငေးကာမှင်တက်နေမိစဉ် သူအသံထွက်လာ၏။

"ရှင်တို့ဒီအိမ်ကထွက်ပါ"

လေသံမာမာ အမိန့်ပေးနေ၏။ မျက်နှာကခက်ထန်နေ၏။ ဘုမသိဘမသိ ကျွန်တော်က ကိုယ့်နှင်တာသဘောမပေါက်သေး၍မေးရ၏။

"ဘာဖြစ်လို့တုံး"

www.burmeseclassic.com

"ဘာဖြစ်လို့တုံး ဟုတ်လား။ နင်က မသိချင်ယောင်ဆောင်တာလား"

"မဟုတ်ဘူး၊ တကယ်မသိတာ"

"အေး - ဒါဆိုလည်း သိအောင်ပြောရတာပေါ့"

"ဒါငါ့နေရာ။ ငါ့ပိုင်မြေ နင်တို့ထွက်သွား ဒါပဲ"

သူ့စကားသည် မေ့နေသောကျွန်တော့်အား အစဖော်သကဲ့သို့ပေါ်လာ၏။

"ဒါ နင့်နေရာမဟုတ်ဘူး။ အစိုးရမြေအစိုးရပိုင်တာ"

"ဟား ဟား ဟား - ရယ်စရာကောင်းလိုက်တာ၊ အစိုးရပိုင်တဲ့။ ဘာအစိုးရလဲ။ ဒီမယ် ပဝေသဏီထဲကနေလာတာ ကြာလှပြီ။ ငါ့မြေလာမခိုးနဲ့ ထွက်သွား"

နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်၊ မျက်နှာထားတင်းလိုက်၊ ဒေါသသံနှင့်အော်ငေါက်လိုက်။ သူ့မျက်နှာက အပြစ်ကင်းစင်နေတော့ ကျွန်တော့်စိတ်ဒေါသခြောင်းခြောင်းမထွက်ပေ။ မခံချင်စိတ်ကလေးဖြင့်သာ အလိုက်သင့်အော်ရ၏။

"ငါက နင့်မြေမခိုးဘူး။ အစိုးရကလမ်းဖောက်၊ အိမ်တွေဆောက်တာ။ ဒီအိမ်မှာငါတို့နေတာ၊ ငါတို့ကအမှုထမ်းတွေ။ ငါတို့နဲ့မဆိုင်ဘူးဟ။ အစိုးရကလုပ်တာ"

"ဒါတွေ ငါနားမလည်ဘူး။ ဒါဟာ ငါ့မြေ ငါ့နေရာ နင်တို့ထွက် ဒါပဲ"

"အဲဒီလို ခွတ်မနင်နဲ့။ ငါတို့ကအမိန့်နဲ့နေရတာ မိသားစုတွေ။ နင်ကကော မိသားစုနဲ့လား"

သူ့မျက်နှာအနည်းငယ်တွေသွား၏။ အားငယ်သည့်ပုံစံပင်ထင်ပေါ်၏။

"မရှိဘူး၊ ငါတစ်ယောက်တည်း"

"နင်က တစ်ယောက်တည်းဆိုတော့ နေလို့ရတယ်။ ငါက မိသားစုတွေနဲ့ဖယ်လို့မဖြစ်ဘူး"

မျက်နှာတင်း၍ကောက်သွား၏။

"မလိုချင်ဘူး။ နင်တို့ဖယ်ရင်ဖယ်၊ မဖယ်ရင် ငါ့အကြောင်းသိမယ်"

သည်အချိန် ကျွန်တော် ဒေါသအနည်းငယ်ထွက်၍ပြန်အော်လိုက်၏။

"နင်က ချိန်းခြောက်နေတာလား။ ငါတို့မဖယ်ရင် နင်ကဘာလုပ်မှာလဲ။ လုပ်လေ"

ခနဲ့တဲ့တဲ့စကားဟာ သူ့အတွက် ဒေါသခြောင်းခြောင်းထွက်သွား၏။

"အေး - တွေ့ကြသေးတာပေါ့။ နင်တို့ကမဖယ်ဘူး။ ငါကလည်းမထွက် ထွက်အောင်လုပ်မှာပဲ။ ငါ့အကြောင်းကောင်းကောင်းသိရမယ်"

သူ့ဒေါသထွက်ပြီး အော်တော့ ကျွန်တော်က မချိပြုံးဘဲရယ်မိ၏။

"အေးပါ လုပ်ပါ၊ ငါတို့ကလည်း ခံနိုင်သလောက်ခံမှာပေါ့"

"အေး - နင့်စကားနဲ့နင် ခံနိုင်အောင်ခံပေတော့။ ဟွန်း. . ."

ဒေါသထွက်နေသော အမျိုးသမီးမရှိတော့ပေ။ ပျောက်ကွယ်သွား၏။ ထိုစဉ် ရုတ်တရက် လန့်နိုးကာထထိုင်မိ၏။ စောစောကအမျိုးသမီး အိပ်မက်ထဲမှာ သေသေချာချာတွေ့လိုက်တာ ဘယ်ရောက်သွားပါလိမ့်။ သူကဘာလဲ ငါလည်းမသိ။ တွေးရင်းတွေးရင်း ကြောက်လာ၏။ ကြက်သီးများထ၍ အဝတ်အစားလဲကာ ဇနီးသည်နှင့် ကလေးများကြားတိုးအိပ်ရတော့၏။

မနက်မိုးလင်းတော့ ထုံးစံအတိုင်း ဇနီးသည်ကွယ်ရာ တပည့်ကျော်နှင့် စားမြဲပြန်ရ၏။

"တင်မောင်စိုးရေ့ မင်းနဲ့ငါဘူတာထဲ စကားပြောရအောင်ကွာ"

"ဟုတ်ကဲ့ - အစ်ကို"

အတွေးကိုယ်စီနှင့် ရုံးခန်းထဲဝင်လိုက်၏။

"ညတုန်းက အိပ်မက်မက်တယ်ကွ။ အမျိုးသမီးတစ်ယောက်နဲ့စကားပြောရတယ်။ သူက ငါတို့မင်းတို့ ဒီအိမ်မှာမနေနဲ့တဲ့ကွ။ ထွက်သွားကြတဲ့ ကြိမ်းသွားတာ"

ပြုံးစိစိဖြင့် တင်မောင်စိုးက -

"အဲဒီတော့ အစ်ကိုက ဘာပြောလိုက်သတုန်း"

"အေး- ငါကတော့ မသွားနိုင်ဘူး။ နင်ပဲသွားလို့ပြောတော့ ဒီမြေကသူ့မြေ သူပိုင်တာတဲ့။ ရှေးပဝေသဏီထဲက နေလာတာတဲ့"

"ဒါဆို သရဲတော့ မဟုတ်နိုင်ဘူး အစ်ကိုရဲ့။ အဲဒီအမျိုးသမီးပုံစံကကော"

"အစိမ်းရောင် ဝမ်းဆက်ပဲကွ။ အပေါ်အောက်အပြင်လည်စည်းပဝါကလည်း အစိမ်း၊ ဆံပင်ကတော့ ကောင်းလိုက်တာကွာ တစ်ရပ်ကျော်သေးတယ်။ မည်းနက်နေတဲ့ ဆံပင်ဖားလျားချ မိန်းသမီးတစ်ယောက်ပုံစံပဲကွ"

မေးစေ့လက်ပွတ် စဉ်းစားနေတဲ့ တပည့်ကျော်က အတွေးဝင်သည်ထင်၏။

"ဟုတ်ပြီ သေချာတယ် ဆရာသမား။ သရဲလုံးဝမဟုတ်ဘူး၊ အဲဒါ ဥစ္စာစောင့်ပဲ။ ဥစ္စာစောင့်တွေက အစိမ်း ရောင်ဝတ်တာများတယ်။ ဆံပင်ဖားလျား ချတယ်။ ဆံရှည်တယ်၊ ရုပ်ရည်ချော တယ်။ စာတွေထဲမှာဖတ်ဖူးတယ်။ ဒါ ဒီအိမ်က သူ့မြေပေါ်မှာ ဆောက်ထား တာပေါ့"

"ထင်တာပဲကွ။ အတိအကျတော့ ဘယ်သိမလဲ။ မင်းပြောသလို ဥစ္စာစောင့် လည်းဖြစ်နိုင်တယ်။ နောက်တစ်ခု သူ့လက်ထဲမှာ မြေအိုးတစ်လုံးပွေ့ထား သေးတယ်။ အဖုံးပိတ်ထားတာ"

"ရွှေတွေ၊ ငွေတွေနေမှာပေါ့ အစ်ကိုရဲ့"

"ဘယ်သေချာမလဲကွာ။ မြင် တာလည်းမဟုတ်။ ဟော့ - ညက သွားတာနော်။ သူ့အကြောင်းသိမယ်"

"ကြိမ်းသွားရင်တော့ ညတွယ် မယ် အစ်ကိုရဲ့"

"တွယ်မှတာတွယ်ကွာ။ မင်းနဲ့ မေတ္တာလေးနဲ့သွားဦးစို့ ဟုတ်ဖူးလား"

"ဟုတ်ကဲ့ - ကောင်းပါတယ် အစ်ကို"

တင်မောင်စိုး ရုံးခန်းအပြင်ရောက် တော့ တစ်ယောက်တည်းအတွေးနယ် မိလေ၏။ ဒီအမျိုးသမီးက ညကအိပ်မက် ပေးကြိမ်းသွားတာ။ တကယ်ပဲ ခြော လှန့်ဦးမည်လား။ မိန်းမနှင့်ကလေး အတွက်သာပူနေမိ၏။ မိမိအတွက် အရေးမကြီးပေ။ မီးစဉ်ကြည့်ကန့် ၏။

ငါးရက်မြောက်နေ့ ညဥ့်ဦးပိုင်း ရောက်ခဲ့လေပြီ။ တစ်ဖက်မှ တင်မော စိုးတို့ နှစ်ယောက်မေတ္တာပို့သံကြား ည (၁၀) နာရီထိုးပြီ။ မိမိအလုပ် နှင့် မေတ္တာပို့လည်းပြီးပြီ။ မသော ကျန်းပါစေနှင့်ဟုသာ ကျိတ်ဆုတော နေမိ၏။

ဘုရားခန်းတွင် အိပ်ရာပြင် ဆဲမှာပဲ နားပွင့်မတတ် သံကြီးကြား ရ၏။

"ဝုန်း"

"ဝုန်း"

အိမ်ခေါင်သွပ်မိုးပေါ်မှ အသံ ကြိမ် ခေါင်းကြီး၊ ဆံပင်များထော ကြက်သီးများပင်ထ၍တုန်နေပါ ရုတ်တရက် ဘုရားခန်းအသံ လျှင် ကျွန်တော်မခံနိုင်။ အလွန် ကြောက်ဒူးတုန်သည်က ထုံးစံ လည်း လိပ်ပြာပြန်ခေါ် ရသလို လှ၏။ ကြောက်စိတ်မပြေခင် တင်မောင်စိုးအသံကြားလ



www.burmeseclassic.com

www.burmeseclassic.com

သွား၏။

"ချပြီကွ ဆော်စမ်း၊ ကြမ်းကြမ်း ဆော်ဟ ကြားလား အစ်ကို"

"အေး - ကြားတယ် ယုတ်တာတွ။ တော်တော်လွန်လာပြီ"

ထိုစဉ် တစ်ဖက်ခန်းမှတံခါးခိုစီးသံ ပေါ်လာ၏။

"ကျွိ . . . ဒုံး"

တစ်ဖက်ခန်းက တင်မောင်စိုးမှာ ရယ်သံပါလျက် နောက်ပြောင်စနေသေး၏။

"ဆော်မှဆော်ပါမလားလို့ စောင့်နေတာ လုပ်စမ်း။ သဘောကျတယ်ကွာ ဟီးဟီး"

"ဝုန်း . . . ဝုန်း"

အိမ်ခေါင်သွပ်မိုးပေါ် သို့ နှစ်ကြိမ်ခုန်ချသံကြားတော့ ကျွန်တော်စိတ်တိုဒေါသထွက်ကာ ပြန်အော်လိုက်၏။

"ဟေ့-မလွန်လွန်းဘူးလား။ ကြာလေ လူပါးစလေ သနားလို့မလုပ်တာ။ နင်က မေတ္တာနဲ့မတန်ဘူး။ အဲဒီတော့ ငါ့အကြောင်းပြရသေးတာပေါ့"

အိမ်ခေါင်မော့၍ မှန်းရမ်းအော်တော့ တစ်ဖက်ခန်းမှတပည့်ကျော်က -

"ဆရာသမား၊ ဘာလုပ်မှာလဲ"

"မီးထွန်းတွယ်တော့မှာကွာ"

တပည့်ကျော်က သတိထပ်ပေးပြန်၏။

"ဟုတ်မှလည်းလုပ်နော် ဆရာသမား။ ပြေးပေါက်များနေဦးမယ်"

"မှားရင် မှောက်အိပ်မယ်ကွာ။ တွယ်မှာပဲ"

"ဒါဆိုလည်း အစ်ကို့သဘော။ တွယ်ဗျာ"

တင်မောင်စိုး အသံတိတ်ပြီး ထမင်းစားပွဲအားရှင်း၍ ဘုရားခန်းရှေ့ ခိုင်းကိုင်စက္ကူနှင့် ကိရိယာခုံ စားပွဲပေါ်တင်လျက် ထိုပစ္စည်းများကြည့်ကာ စိတ်ဆိုးဖြေနေရ၏။ သည်တစ်ခါတော့ ညှာ၊ အင်းချမီးထွန်းဖို့ တာစူနေပြီ။ အချိန် (၁၁) နာရီထိုးတော့မည်။

အင်းချဖို့ ပုဂ္ဂိုလ်တွေပင့်အပြီး ခဲတံကိုင်လိုက်စဉ် နားထဲသို့စကားသံကြားလိုက်၍ နားထောင်နေလိုက်၏။

"အဲဒီလောက်မလုပ်လိုက်နဲ့လေ သူလေး ပြင်းလွန်းတယ်။ သူခမျာ မိန်းမသားတစ်ယောက်တည်း မေတ္တာရပ်ခံ ရှေ့ခိုင်းလိုက်ပါ"

အသံမှာ အသက်ကြီးကြီး ဆောတျာ်းသံ။ အနီးအနား လူရိပ်လူ ယောင်မရှိ။ အပေါ် ဘေးငဲ့စောင်းကြည့် ဘာမှမရှိ။ အသံရှင်အား မှန်းရမ်းအော်လိုက်၏။

"မေတ္တာရပ်ပြီးသား မရဘူး။ တွယ်မှာပဲ"

အသံထပ်ကြား၍ နားစွင့်မိပြန်၏။

"ရတယ်လူလေး ရတယ်၊ ဘိုးဘိုး ပြောလိုက်မယ်"

ဘိုးဘိုးပြောလိုက်မယ်ဆိုပါလား။ ဘယ်လိုဘိုးဘိုးလဲ။ လူလည်းမမြင်ရ။ အသံသာကြားရတာ သေချာအောင် ပြန်အော်မိပြန်၏။

"ပြောလည်းမရဘူး။ တော်တော်ဆိုးတဲ့ဟာမ။ မှတ်လောက်အောင်လုပ်မှာပဲ"

အသံရှင်ထံမှ စကားပြန်လာ၏။

"မလုပ်နဲ့ သူက ပြိတ္တာဘုံသားဥစ္စာစောင့်။ လူလေးလုပ်ရင် သူခံရမှာပေါ့။ မလုပ်ကောင်းဘူး။ အရှေ့ခိုင်းလိုက်"

ကျွန်တော်အော်ပြောစရာ စကားရှာမရ၊ ဆွံ့နေ၏။ အသံရှင်ဘာပြောဦးမည်နည်း။ နားစွင့်သော်လည်း မကြားရပေ။ ထိုင်ရာမှထပြီး ဘုရားခန်းအတွင်း အိမ်ထဲ၊ မီးဖိုချောင် အိမ်ရှေ့အထိ ထွက်ရှာသော် ဘာမှမတွေ့ပေ။ တစ်ဖက်ခန်းမှ တင်မောင်စိုးအခန်းကိုချောင်းတော့ တိတ်နေ၏။ ဘုရားခန်းမှ အင်းပစ္စည်းများသိမ်း၍ အိပ်ပျော်သွားရာ မသိတော့ပေ။

အစိမ်းရောင်ဝမ်းဆက်မင်းသမီး အဝတ်အစားနှင့် ချောချောလှလှ အမျိုးသမီးတစ်ယောက် ခုတင်ခြေရင်းရပ်လျက် ကျွန်တော့်အား ကြည့်နေ၏။ သူ့ပွေ့ထားသည်က မြေအိုးတစ်လုံး။ မျက်နှာမှာ စူစူပုတ်ပုတ်။ ဒေါသကင်းသလိုလိုတွေ့ရ၏။ သူနှင့် ကျွန်တော် အကြည့်ချင်းဆုံလို့ သူပြောကိုယ်ပြောစောင့်နေရာ သူကစပြော၏။



"သိုက်ပွဲပေး"

"ဘာအတွက်လဲ"

"နေရာရွှေ့ပေးမလို့ပေါ့။ ပွဲပေးရင် နေရာရွှေ့ပေးမယ်"

"အခုမှ လာမတောင်းနဲ့။ မပေးဘူး"

"အဲဒီလိုမပြောပါနဲ့။ သိုက်ပွဲလေး ပေးလိုက်ပါ"

"ငါပြောပြီးပြီ မပေးဘူး။ စောစောက ဒီလိုပြောရင်ရဦးမှာ။ ငါ့ကိုစိတ်ပျက်အောင် လုပ်ထားတော့ မပေးဘူး"

"သိုက်ပွဲလေးတော့ပေးပါဦးရှင့်"

သူ့မျက်နှာ အားငယ်သည့်ပုံစံအပြည့် အသံမှာလည်း ညင်သာလှ၏။ အသနားခံသကဲ့သို့ပြောနေသော်လည်း ကျွန်တော်စိတ်ပျက်သွားပြီမို့ မပေးနိုင်ပေ။

"မပေးဘူး၊ မတောင်းနဲ့တော့။ ဒီနေ့ရွှေ့ ဒါပဲ"

သူမက ဆောင့်ဆောင့်အောင့်အောင့် ဖြေပြန်၏။

"ရွှေ့ပါ့မယ်တော်။ တကတဲ သိုက်ပွဲပေးပါပြောနေတာ"

"နင့်ကိုမေးချင်သေးတယ်။ ညည အိမ်ခေါင်မိုးကအသံ နင်လုပ်တာလား"

"ဟုတ်တယ်"

"ဒီလောက် အသံကျယ်အောင် ဘယ်လိုလုပ်တာလဲ"

"ဝါ့တန်ခိုးနဲ့ လူကြီးကြီးလုပ်ခုန်ချတာ"

"နင်တန်ခိုးနဲ့ခုန်ချတာ အိမ်တစ်ဆောင်လုံး တုန်ခါတယ်။ စွမ်းလှချေလား"

"မစွမ်းဘူး၊ ဒါအကုန်ပဲ"

"တံခါးတွေခိုစီးတာ၊ ဆောင့်ပိတ်တာ အကုန်လုံးငါလုပ်တာ"

"အရှင်ထွက်သွားတဲ့ ဆမ်းဝင်းမအိပ်ရဲတာ နင့်ကြောင့်လား"

"ဟုတ်တယ် - ဆွဲချတာ"

"ဝင်းစိုးကိုလည်း ဆွဲချတာမို့လား"

"ဟုတ်တယ် ငါပဲ"

"သူတို့မှာ ဘာအပြစ်ရှိလို့လဲ"

"ရှိတယ်၊ သူကောင်မလေးလာရင် ငါ့အခန်းမှာ စကားပြောတာ ငါရှက်တယ်"

"နင်ကဘာဖြစ်လို့ရှက်ရတာလဲ"

"ငါက အပျိုကြီး။ နင်တို့ကလင်မယား၊ တပည့်တွေက ရည်းစားနဲ့ နင်တို့မရှက်ပေမယ့် ငါရှက်တယ်ဟဲ့"

"နင်အပျိုကြီးမှန်း ဘယ်သူမှမသိဘူး။ နင့်သိုက်က ငါ့အခန်းအောက်မှာ



www.burmeseclassic.com

www.burmeseclassic.com

လား"

"မဟုတ်ဘူး၊ မြောက်ဘက်ခန်း အောက်တည့်တည့်မှာ"

"နင့်လက်ထဲက ဘာအိုးလဲ"

"ဘာရှိရှိ နင့်အပူလား"

"သိချင်လို့မေးတာ မပြလည်းနေပေါ့"

"ကြည့် - ဒီမှာ"

မပြဘဲလည်းမနေနိုင်ရှာ၊ အဖုံးဖွင့်တော့ မြေအိုးအဝန္တတ်ခမ်းအထိ ရွှေရောင်လက်ဝတ်ရတနာများ လင်းလက်နေ၏။ သူ့မျက်နှာမှာ သနားစရာအသွင်ပေါ်နေရှာ၏။

"တွေ့ပြီလား"

"အေး - တွေ့ပြီ နင့်ပစ္စည်းတွေလား"

"မဟုတ်ဘူး၊ ဘုရားပစ္စည်း"

"ဒီတစ်အိုးတည်းလား"

"ဟုတ်တယ်"

"နင့်မှာ အဖော်တွေမရှိဘူးလား"

"မရှိဘူး၊ တစ်ယောက်တည်း"

မိန်းမသား၊ တစ်ယောက်တည်း။ မနိုင်နိုင်ရာနှင့် တွယ်မလို့ တော်ပါသေး၏။ ဘိုးဘိုးဆိုသည့်သူ သတိပေးပေလို့။ နို့မို့ဆို ကျွန်တော် မတွေးရဲပေ။

"ဘိုးဘိုးရွှေခိုင်းလို့ရွှေတာလား"

"ဟုတ်တယ်၊ မဖြစ်မနေရွှေပေးရမယ်ဆိုလို့၊ ဝေးဝေးတော့ မရွှေဘူးနော်။ ဒီအိမ်နားပဲရွှေမှာ"

"အေးပါ၊ နီးနီးပဲရွှေခိုင်းမှာပါ။ ဒီမှာနေတာ နှစ်ကြာပြီလား"

"ကြာပြီ မမှတ်မိဘူး။ ရှေးတုန်းကပဲသိတယ်"

ဒီလိုကြားရတော့လည်း စိတ်ထဲမကောင်းပေ။ သိုက်စောင့်ပေးရသည့်ဘဝဟာ အလွန်ကြာမြင့်သလို လူ့ပြည်တစ်ခေါက်ရောက်ဖို့လည်း ခက်ခဲလှပေ၏။ မိမိ (စာရေးသူ) လည်း သိုက်ကလာတာမို့ ကိုယ်ချင်းစာမိပါ၏။

သိုက်နန်းရှင်များနှင့် အကြိမ်များစွာထိတွေ့ဖူးသည်။ ယခုလိုတစ်ယောက်တည်းထားတာ မတွေ့ဖူးပေ။ ဘာကြောင့်ဆိုသည်ကို ကျွန်တော်မသိ၍ မေးကြည့်မိ၏။

"တစ်ယောက်တည်းထားတာ ဘာကြောင့်လဲ၊ မသိလို့မေးတာ"

"ပစ္စည်းနည်းလို့ အဖော်က မဝေးပါဘူး။ နီးနီးမှာရှိတယ်။ ပျင်းရင် သူတို့ဆီသွားတာပေါ့။ ဘိုးဘိုးလည်းရှိတယ်"

"အသံနဲ့ပြောသွားသူက သိုက်ချုပ်ဘိုးဘိုးလား"

"ဟုတ်တယ်။ ဒီနားက သုံးလေးသိုက်ကိုအုပ်ချုပ်တာ။ သိုက်ချုပ်ကြီးမဟုတ်ဘူး"

"အော် - ဒီလိုလား"

"ညကျရင်ရွှေ့ရမယ့်နေရာ အမွေးတိုင်ထွန်း၊ လက်ညှိုးထိုးပြ ဒါပဲ"

အစိမ်းဝတ်အမျိုးသမီး ပျောက်သွား၏။ အိပ်ရာမှနိုး၍ဟိုဟိုဒီဒီရှာသော်ဘာမှမတွေ့တော့ပေ။

မနက်မိုးလင်းပြီ။ တပည့်ကျော်အား ပြောပြရပေမည်မို့ ခေါ်လိုက်ရ၏။

"ညတုန်းက ဟိုအမျိုးသမီးပြန်လာတယ်။ ရွှေ့ပေးမယ်တဲ့ကွ"

"အမယ် - သူက၊ တယ်ဟုတ်ပါလား။ ကြည့်လည်းလုပ်နော်။ တော်ကြာဟုတ်ပေ့ဖြစ်နေဦးမယ် ဆရာသမားရဲ့"

"သေချာပါတယ်ကွာ သူ့အလိုပုံစံက မပြောင်းဘူး။ သူ့အထက် ဘိုးဘိုးအမိန့်ကြောင့်တဲ့။ ရွှေ့မယ့်နေရာ ငါကိုယ်တိုင် လက်ညှိုးထိုးပြရမယ်တဲ့ပြောသွားသေးတယ်။ ဝေးဝေးလံလံမရွှေ့ရဘူး။ အိမ်လွတ်ရုံပဲတဲ့"

"ဒါတော့ ဘယ်ဖြစ်မလဲ ဆရာသမားရဲ့။ တစ်အိမ်လုံး ဟိုသွားဒီသွားနဲ့ တော်ကြာ သူ့နေရာအပေါ်အပါးသွားရင်တောင် ချမ်းသာပေးပါ့မလား။ အိမ်နဲ့နည်းနည်းဝေးမှာဖြစ်မှာပေါ့"

"အေး - ဒါလည်းဟုတ်ပါတယ်။ ဒီနားမှာ တခြားသိုက်တွေရှိသေးတယ်တဲ့။ အိမ်နဲ့ ပေ (၁၀၀) လောက်ခွာပေးလိုက်မယ်ကွာ"

"ကောင်းတယ် ဆရာသမား၊ ရွှေ့လိုက်"

"မလွတ်ကင်းလို့သာ ရွှေ့ခိုင်းရမှာ သူ့ကိုသနားနေတာကွ"

"မသနားပါနဲ့ ဆရာသမားရယ်။ ရွှေ့သာရွှေ့ပါ"

"သူ့မျက်နှာလေးညှိုးနေတော့ ငါတောင်ငိုချင်လာတာကွ။ မနည်းထိန်းထားရတာ။ သူ့ခမျာ မိန်းမသားတစ်ယောက်တည်း။ ငါက သူ့ကို နှိပ်စက်စီးနင်းလုပ်မိသလားလို့"

"အဲဒီလိုမတွေးပါနဲ့ ဆရာသမား။ ကျွန်တော်တို့က အမှုထမ်းတွေ။ မင်းမိန့်နဲ့နေရတာ၊ မနေလို့လည်းဖြစ်တာမဟုတ်။ သူ့ကိုလည်း နှစ်နာအောင်အစ်ကိုက ဘာမှလုပ်တာမရှိဘူး။ နေရာရွှေ့တာပဲရှိတယ်။ ဒီတော့ ကျွန်တော်တို့လည်း အဆင်ပြေ၊ သူလည်းမနစ်နာဘူး။ မှုပါတယ် အစ်ကိုရယ်၊ စိတ်မကောင်းမဖြစ် ပါနဲ့"

"အေးပါကွာ၊ လုပ်ပြီးရင် စိတ်မကောင်းဖြစ်ရတဲ့ရောဂါက အလိုလိုဝင်လာလို့၊ ကဲကဲ-မင်းလည်းလုပ်စရာရှိတာလုပ်။ ငါလည်း အလုပ်လုပ်လိုက်ဦးမယ်"

ရုံးခန်းအတွင်း စိတ်မကောင်းစွာတစ်ယောက်တည်း အတွေးဝင်နေ၏။ ညက အမျိုးသမီးကိုသာ မျက်စိထဲကမထွက်။ ပထမနေ့တုန်းက သူ့ဒေါသတကြောက်ခမန်း။ ဒီနေ့ညက ဒေါသကင်းညှိုးငယ်တဲ့မျက်နှာ သနားမိနေတာကျွန်တော်၏ စိတ်ရင်းအမှန်ပေ။ သူသိုက်ပွဲတောင်းတော့ ကျွန်တော်ကမပေး။ သိုက်ပွဲလိုချင်ရှာတာ၊ မပေးဘူးလို့ပြောခဲ့ပေမယ့် သူ့ရဲ့ သနားစရာပုံတကျွန်တော့်ဒေါသစိတ်ပြေပြီး ဒီနေ့ညသိုက်ရွှေ့ဖို့နေရာပြပေးရမည်။ နောက်တစ်နေ့မှ သူလိုချင်သည့်သိုက်ပွဲပေးဖို့ဆုံးဖြတ်လိုက်ရပေ၏။

ညရှစ်နာရီတွင် အမွေးတိုင်ထွန်း၍ ဤနေရာရွှေ့ပေးဖို့ မေတ္တာရပ်ခံရင်းမိမိ၏ကုသိုလ်အား အမျှပေးဝေ၏။ အခြားသိုက်နန်းရှင်များနှင့် သိုက်ချုပ်ဘိုးဘိုးတို့အား မေတ္တာရပ်ခံ အမျှဝေကာ အဆုံးသတ်ရ၏။

ထိုနေ့ည တိတ်ဆိတ်လှ၏။ အပ်ကျသံပင်မကြားပေ။ မိုးလင်းတော့ ဇနီးသည်က ကျွန်တော့်အား ထူးဆန်းသည့်စကားလာပြော၏။

"ညတုန်းက ဆိုင်းသံဗုံသံတွေကြားတယ်။ ကျွန်မတစ်ရေးနိုးသန်းခေါင်လောက်မှာ အိမ်နားမှာ ဆူညံနေတာ အစ်ကိုရဲ့။ အသံကြားတော့ အစ်ကိုကိုကျွန်မနှိုးတယ်၊ မရဘူး။ အိပ်လိုက်တာ တရှူးရှူးနဲ့"

ကျွန်တော်စကားမပြန်မိပေ။ ဇနီးသည်၏မျက်နှာကြည့်၍ ပြုံးနေမိ၏။ သေချာပြီ။ ညက သူတို့သိုက်ပြောင်းပြီး အနီးအနားက သိုက်အဖွဲ့တွေနှင့်ဝိုင်းကူရွှေ့ရင်း ဆိုင်းသံဗုံသံပေးသွားတာ ဖြစ်၏။

ထိုနေ့မှစ၍ ဇနီးသည်က မဖေပြန်ဖို့မပြောတော့ပေ။

စိုးမင်း(မြောက်စည်း)

**တကြွင်း** -

၁၉၉၇ ခုနှစ် မွေ့လယ်ဘူတာတာဝန်ကျစဉ် ကြုံတွေ့ခဲ့ရသောဖြစ်ရပ်မှန်အား အမှန်အတိုင်း ရေးသားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ပုဂံခေတ်၏လူဝင်စားဘုရင်များ

လူမြင့် (ရန်ကုန်တက္ကသိုလ်)

လူဝင်စားဟူသည် လူ့ဘဝမှသေဆုံးပြီးနောက် တစ်ဖန်ပြန်၍လူဖြစ်လာသည်ဟု ယုံကြည်ရသူဟူ၍ ပညာရှင်များ သတ်မှတ် မိန့်ဆိုခဲ့သည်။ ရှေးခေတ်မြန်မာ့ဂန္ထဝင်မဟာရာဇဝင်ကျမ်းကြီးများဖြစ်သော ညောင်ရမ်းခေတ်တွင် ဦးကုလားရေးသားခဲ့သော မဟာရာဇဝင်ကြီးနှင့် ကုန်းဘောင်ခေတ် ဘကြီးတော်မင်း ရေးသား ပြုစုခဲ့သော မှန်နန်းမဟာရာဇဝင်တော်ကြီးများတွင် ပုဂံခေတ်လူဝင်စားဘုရင်များ၏ အတ္ထုပ္ပတ္တိနှင့် အကြောင်းအရာများကို စိတ်ဝင်စားဖွယ် ရေးသား မှတ်တမ်းတင်ခဲ့သည်။

ပုဂံခေတ်တွင် အရိမဒ္ဒနပူရမည်သောပုဂံပြည်ကိုစတင်တည်ထောင်သော သမုဒ္ဒရာဇ်မင်းမှစတင်၍ ပုဂံခေတ်လုံးလုံးပျက်စီးသွားခဲ့သော စောမွန်နစ်မင်းလက်ထက်အထိ မင်းဆက်ပေါင်း (၅၅) ဆက်ရှိခဲ့သည့်အနက် ဦးကုလားမဟာရာဇဝင်တော်ကြီး (ညောင်ရမ်းခေတ်) နှင့် မှန်နန်းမဟာရာဇဝင်တော်ကြီးပထမတွဲ (ကုန်းဘောင်ခေတ်) ကျမ်းများတွင် -

'အရိမဒ္ဒနပူရမည်သော ပုဂံပြည်ကြီးကို စတင်ထူထောင်ခဲ့သော သမုဒ္ဒရာဇ်မင်းကြီးသည် ပုဂံခေတ်၏ (၄၂) ဆက်မြောက်ဖြစ်သောအနော်ရထာမင်းအဖြစ်တစ်ကြိမ်၊ မင်းဆက်(၅၀)မြောက်ကျစွာမင်းအဖြစ်တစ်ကြိမ် လူဝင်စားဘုရင်ဖြစ်ခဲ့သည် ဟူ၍ လည်းကောင်း၊ ထိုနည်းတူ ပုဂံခေတ်၏ (၃) ဆက်မြောက် ပျူစောထီးမင်းသည်လည်း

www.burmeseclassic.com

(၇) ဆက်မြောက် သေဉ်လည်ကြောင်မင်းအဖြစ်တစ်ကြိမ်၊ (၄၄) ဆက်မြောက် ကျန်စစ်သားမင်းအဖြစ်တစ်ကြိမ် လူဝင်စားဘုရင်ဖြစ်ခဲ့သည်ဟူ၍လည်းကောင်း၊ ပုဂံမင်းဆက်(၃၆)ဆက်မြောက်ဖြစ်သော စလေငခွေးမင်းသည်လည်း (၄၆) ဆက်မြောက် နရသူမင်းအဖြစ်တစ်ကြိမ်၊ (၅၂) ဆက်မြောက် နရသီဟပတေ့ (တရုတ်ပြေးမင်း) အဖြစ်တစ်ကြိမ် လူဝင်စားဘုရင်ဖြစ်ခဲ့သည်' ဟူ၍ မှတ်တမ်းတင်ဖော်ပြခဲ့သည်။

မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ) တွင် အရိမဒ္ဒနပူရမည်သော ပုဂံပြည်အကြောင်းကို ဘုရားသခင် ထင်ရှားရှိတော်မူသောအခါ မဇ္ဈိမဒေသအရပ်မှ ဒေသစာရီကြွတော်မူသည်။ ထိုပြည်တည်ရာအရပ်သို့ရောက်တော်မူ၏။ တန့်ကြည့်တောင်ဖျားထက်ရပ်၍ ကြည့်တော်မူလေသော် ကမ်းပါးမြင့်ထက် ပေါက်ပင်ဖျား၌ ဥဖျိုင်းဖြူနှင့် ကျီးညိုနား၏။ ပေါက်ပင်ခွ၌ ဖွတ်ပြိတ္တာ လျှာနှစ်ခွနှင့်လည်းနေ၏။ ပေါက်ပင်ရင်း၌ ဖားငယ်ဝပ်လျက်ရှိ၏။ ထိုကိုမြင်လျှင် ပြုံးတော်မူ၏။ ညီတော်အာနန္ဒာသည် ပြုံးတော်မူသည့်အကြောင်းကို လျှောက်ပေ၏။

ဘုရားသခင်က -

"ချစ်သား အာနန္ဒာ၊ ငါပရိနိဗ္ဗာန်ပြုတော်မူ၍ အနှစ်ခြောက်ရာငါးဆယ့်တစ်နှစ်ရောက်သောအခါ ဤအရပ်၌ ပြည်ကြီးဖြစ်လတ္တံ့။

ပေါက်ပင်ဖျား၌ ဥဖျိုင်းဖြူနှင့် ကျီးညိုနားသည်အလိုကား တိုင်းပြည်၌ အလျှုသီတင်းသုံးသူလည်း များလတ္တံ့။ သီတင်းသီလမရှိသော ဒုသီလလည်း များလတ္တံ့။ ပေါက်ပင်ခွ၌ ဖွတ်ပြိတ္တာ လျှာနှစ်ခွနှင့်နေသည်အလိုကား ပြည်သူတို့သည် လယ်ယာမလုပ်ဘဲ အရောင်းအဝယ်၊ ကုန်စလယ်နှင့်သာ အသက်မွေးသောအားဖြင့် မမှန်သောစကားကိုသုံး၍ သစ္စာယိုယွင်းလတ္တံ့။ ပေါက်ပင်ရင်း၌ ဖားသူငယ်ဝပ်သည့်အလိုကား ပြည်သူတို့သည် ဖားနှယ်ဝမ်းချမ်း၍ သာယာစွာ မွေ့လျော်ရလတ္တံ့။ တိုင်းပြည်ကို တည်ထောင်အစပြုသောမင်း(သမုဒ္ဒရာဇ်မင်း) လက်ထက် ငှက်ကြီး၊ ကျားကြီး၊ ရှူးပျံကြီး၊ ဝက်ကြီးတို့သည်လည်း မင်းမူလတ္တံ့။ ထိုငှက်ကြီး၊ ကျားကြီး၊ ရှူးပျံကြီး၊ ဝက်ကြီးတို့ကို ဘုန်းလက်ရုံး၊ အာဏာနှင့် ပြည့်စုံသောမင်း (ပျူစောထီးမင်း) သည် ရှင်းလတ္တံ့."

ဟူ၍ ဗျာဒိတ်ပေးတော်မူခဲ့၏ဟူ၍ မှတ်တမ်းတင်ခဲ့သည်။

ညောင်ရမ်းခေတ်တွင် ရေးသားပြုစုခဲ့သော ဦးကုလားမဟာရာဇဝင်တော်ကြီးတွင်လည်း 'ပုဂံ၌ သုံးကြိမ်မင်းပြုသောမင်းတို့အမည်များအကြောင်းကို ပုဂံသမုဒ္ဒရာဇ်မင်း၊ အနော်ရထာမင်း၊ ကျစွာမင်း ဤမင်းသုံးဆက်တို့သည် ဘုရားလောင်းအရင့်တစ်ကျိပ်ဝင် ပလလည်းဆင်မင်းဖြစ်သောဟူ၏' ဟူ၍ လည်းကောင်း၊ ဘုရားရှင်သည် တန့်ကြည့်တောင်ဖျားထက် ဗျာဒိတ်ထားတော်မူသောအခါ အင်ဖက်သုံးချပ်ကို ထီးပြု၍ ဘုရားရှင်အား နေရောင်ခြည်မှကာပေးဖူးခဲ့သော တောင်စောင့်ဘီလူးကို ဤပြည်၌ မင်းသုံးဆက် (စလေငခွေးမင်း၊ နရသူမင်း၊ နရသီဟပတေ့မင်း) ဖြစ်လတ္တံ့တည်း ဟူ၍လည်းကောင်း၊ ဤပြည်တွင် ငှက်ကြီး၊ ကျားကြီး၊ ရှူးပျံကြီး၊ ဝက်ကြီးတို့ကို လက်ရုံးအာဏာဖြင့် ပြည့်စုံသောမင်း (ပျူစောထီးမင်း) သည် နှိမ်နင်းလတ္တံ့၊ ထိုမင်းသည် မင်းသုံးပါးအဖြစ် (ပျူစောထီးမင်း၊ သေဉ်လည်ကြောင်မင်း၊ ကျန်စစ်သားမင်း) တစ်ယောက်တည်း သုံးကြိမ်ဖြစ်လတ္တံ့ ဟူ၍ လည်းကောင်း ရေးသားမှတ်တမ်းတင်ခဲ့သည်။

ကုန်းဘောင်ခေတ်တွင် ရေးသားပြုစုခဲ့သော မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ) တွင် ပုဂံနေပြည်တော်တွင် လူဝင်စားဘုရင် သုံးဘဝဖြစ်ခဲ့သော သမုဒ္ဒရာဇ်မင်း၊ အနော်ရထာမင်း၊ ကျစွာမင်းကြီးတို့၏ ဘဝဖြစ်စဉ်နှင့် ကံကြမ္မာလမ်းကြောင်းအဖြစ်အပျက်များ တူညီခဲ့ပုံများကို ဤသို့နှိုင်းယှဉ်ဖော်ပြခဲ့သည်။

'သက္ကရာဇ် တစ်ဆယ့်ခြောက်ခုရောက်သောအခါ သရေခေတ္တရာ(ပြည်)



အပျက်တွင် ပျူ ကမ်းယံနှင့် သက် ဟူ၍ သုံးစုကွဲသွားပြီးနောက် ယုန်လွတ်ကျွန်းအရပ်တွင် တစ်ဆယ့်ကိုးရွာ၏ အကြီးအမှူး သူကြီးတစ်ကျိပ်ကိုးယောက်တို့ကို ချုပ်၍ သမုဒ္ဒရာဇ်မင်းပြုတော်မူ၏။ ပုဂံပြည်ကိုစတင်တည်ထောင်ခဲ့သောသမုဒ္ဒရာဇ်မင်းကြီး နတ်ရွာစံလျှင် ဘုရားရှင်၏ ဗျာဒိတ်တော်နှင့်အညီ အရိမဒ္ဒနပူရ ပုဂံပြည်၏ (၄၂) ဆက်မြောက်ဖြစ်သော အနော်ရထာမင်း (အနုရုဒ္ဓါမင်း) ဟူ၍ ဒုတိယအကြိမ် လူဝင်စားမင်းဖြစ်ခဲ့သည်။ သမုဒ္ဒရာဇ်မင်းကြီးသည် ပုဂံနေပြည်တော်ကို ပထမဦးဆုံးစတင်တည်ထောင်ခဲ့သကဲ့သို့ လူဝင်စား အနော်ရထာမင်းသည်လည်း လက်ရုံး၊ ဘုန်းအာဏာနှင့် ပြည့်စုံ၍ အနောက်သို့လားသကား ပဋ္ဋရားမည်သော ကုလားပြည်၊ မြောက်သို့လားသကား ဂန္ဓာလရာဇ်မည်သော တရုတ်ပြည်၊ အရှေ့သို့လားသလား စတိဿမည်သော ပင်ကာပြည်၊ အရှေ့တောင်ထောင့်သို့လားသကား အယောဓမည်သော ဂျွမ်းတို့ပြည်တိုင်အောင် ကျယ်ပြန့်သော ပထမမြန်မာနိုင်ငံတော်ကိုထူထောင်သော မင်းမြတ်ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။ ထိုနည်းတူ အနော်ရထာမင်းဘဝမှ နတ်ရွာစံခဲ့သည့်အခါတွင်လည်း ပုဂံနေပြည်တော်တွင် မင်းဆက် (၅၀) ဆက်မြောက် ကျစွာမင်းကြီးအဖြစ် တတိယအကြိမ် လူဝင်စားဘုရင်ဖြစ်ခဲ့ကြောင်းကိုလည်း သက္ကရာဇ်ငါးရာ့ကိုးဆယ့်ခြောက်ခုသော် ကျစွာမင်းသည် ဓမ္မရာဇ်ဘွဲ့ခံယူ၍ မင်းပြု၏။ ထိုမင်းကား ပြည်သူ၊ လူ၊ ရဟန်းအပေါင်းတို့အား ရင်တော်၌ဖြစ်သောသားကဲ့သို့ သနားတော်မူလေ၏။ ပိဋကတ်သုံးပုံတို့ ကိုးခေါက်ပြန်၍ သင်တော်မူသည်။ အရိယာသံဃာတော်တို့အား တစ်နေ့လျှင် စာခုနစ်ဝါသင်တော်မူ၏။ အနော်ရထာမင်းစောသည် ပြက်ခရွေတောင်မြေ၌ 'ငါ ဤပြည်တွင် မင်းတစ်ကြိမ်ဖြစ်မှ ပေပင်ပေါက်စေသော'ဟု အဓိဋ္ဌာန်ပြု၍ စိုက်တော်မူသောပေပင်သည် ကျစွာမင်းလက်ထက်၌ ပေါက်သောဟူ၏။ ထိုကြောင့် ကျစွာမင်းကြီးသည် အနော်ရထာမင်း၏ လူဝင်စားဘုရင်အဖြစ် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူခဲ့သည်ဟူ၍ မှတ်တမ်းတင်ခဲ့သည်။

ထိုနည်းတူ ဂေါတမဘုရားရှင်၏ ဤအရပ်တွင် အရိမဒ္ဒနပူရအမည်ဖြင့် ထင်ရှား၍ တိုင်းပြည်ကိုထူထောင်သည့် အချိန်တွင် ငှက်ကြီး၊ ကျားကြီး၊ ရှူးပျံကြီး



www.burmeseclassic.com

www.burmeseclassic.com

ဝက်ကြီးတို့၏အန္တရာယ်ကို ဘုန်းလက်ရုံး အာဏာတို့နှင့် ပြည့်စုံသောမင်းသည် ရှင်းလင်းနှိမ်နင်းလတ္တံ့ဟူသော ဗျာဒိတ်တော်နှင့်အညီ အရိမဒ္ဒနပူရ ပုဂံပြည်၌ ငှက်ကြီး၊ ကျားကြီး၊ ရှူးပျံကြီးနှင့်ဝက်ကြီးတို့၏အန္တရာယ်တို့ကို နှိမ်နင်းအောင်မြင်ခဲ့သော ပျူစောထီးမင်းအုပ်ချုပ်ခဲ့သည်။ ထိုပျူစောထီးမင်း နတ်ရွာစံပြီးနောက် ပုဂံနေပြည်တော်၌ သေဥ်လည်ကြောင်မင်းအဖြစ် ဒုတိယအကြိမ် လူဝင်စားဘုရင်ဖြစ်ခဲ့သည်။ ထိုလူဝင်စားဘုရင် သေဥ်လည်ကြောင်မင်းလက်ထက်တွင် ပုဂံရွာစုတစ်ဆယ့်ကိုးရွာကိုဖျက်၍ မြို့တည်ပြီးလျှင် လောကနန္ဒာအရပ်၌ သီရိပစ္စယာဟူသောမြို့ကိုတည်၏။ မင်းကျင့်တရားဆယ်ပါးနှင့်ပြည့်စုံပြီး ပြည်သူ၊ လူ၊ ရဟန်းတို့အား သနားကြင်နာတော်မူ၏။ အမှုးအမတ်ကလန်သံပျင်စသော ပြည်သူအပေါင်း နှစ်သက်မြတ်နိုးသည်။ မင်းမဟာဂီရိနတ်မောင်နှမရောက်လာ၍ ပုပ္ပားတောင်တွင်ထား၏ ဟူ၍ မှတ်တမ်းတင်ခဲ့သည်။ ပုဂံသေဥ်လည်ကြောင်မင်း နတ်ရွာစံလျှင် ပုဂံနေပြည်တော်၌ပင် (၄၄)ဆက်မြောက်ပုဂံမင်းဖြစ်သော ကျွန်စစ်သားမင်းအဖြစ် တတိယအကြိမ် လူဝင်စားဘုရင်ဖြစ်ခဲ့ပြန်သည် ဟူ၍ ဖော်ထုတ်မှတ်တမ်းတင်မှုပြုခဲ့သည်။

ညောင်ရမ်းခေတ်စာဆိုဦးကုလား ပြုစုရေးသားခဲ့သော ဦးကုလားမဟာ ရာဇဝင်တော်ကြီးတွင်လည်း ဂေါတမ ဘုရားရှင်သည် တန့်ကြည့်တောင်ဖျား ထက်တွင် ဗျာဒိတ်ပေးတော်မူချိန်၌ အင်ဖက်သုံးချပ်ကိုထီးပြု၍ ဘုရားရှင်အား မိုးကာပေးသော တောင်စောင့် ဘီလူးကို ဤပြည်၌မင်းသုံးကြိမ်သုံးဆက် ဖြစ်လတ္တံ့ဟု ဗျာဒိတ်ထားတော်မူသည်နှင့်အညီ စလေငခွေးမင်း (၃၆) ဆက်မြောက်) တစ်ကြိမ်၊ နရသူမင်း (ကုလားကျမင်း) (၄၆) ဆက်မြောက် တစ်ကြိမ်နှင့် နရသီဟပတေ့ (တရုတ်ပြေးမင်း) (၅၂) ဆက်မြောက်တစ်ကြိမ် စုစုပေါင်း သုံးကြိမ်တိုင်တိုင် ပုဂံခေတ်လူဝင်စားဖြစ်ကြောင်းကို ဤသို့ဖော်ထုတ်မှတ်တမ်းတင်ခဲ့သည်။

'စလေငခွေးမင်းသည် ဘုရားရှင်အား နေမပူစေရာ အင်ဖက်သုံးချပ်ကာပေးသော တောင်စောင့်ဘီလူးကို ဤပြည်တွင် မင်းသုံးတန်ဖြစ်လတ္တံ့' ဟူ၍ ဗျာဒိတ်ရသောသူဖြစ်၍ ဘုန်းတန်ခိုးအနုဘော်ကြီး၏။ ဘီလူးအဖြစ်မှစုတေသောသူဖြစ်၍ အမျက်ဒေါသကြီး၏၊



အစားကြူး၏။ မှူးမတ်ဗိုလ်ပါတို့ အလွန်ကြောက်ရွံ့ကုန်၏။ ထိုမင်းသည် စလေအရပ်တွင် သခင်ဖြစ်သူ၏ ညှဉ်းပန်းခဲ့သည်ကို အငြိုးထား၍ သခင်ကိုလည်း မင်းဖြစ်လျှင် သတ်လေသည်။ မတရားမှု ပြုဖန်များလတ်သော် အမတ်ဗိုလ်ပါတို့သည် ဆင်ကဲကို တံစိုးများစွာပေး၍ ရေကန်တွင် ရေကစားချိန်၌ ဆင်ကဲသည် အောက်ကကြိုးကိုဖြတ်၍ကလည်လေလျှင် ရေတွင်ကျလေ၏။ မှူးမတ်ဗိုလ်ပါများက ရွံ့နွံတစ်လက်ဖက်စီနှင့် ပစ်၍ အနိစ္စရောက်၏။

စလေငခွေးမင်းသည် ပုဂံနေပြည်တော်တွင် (၄၆) ဆက်မြောက် နရသူမင်းအဖြစ် လူဝင်စားဘုရင် ထပ်မံဖြစ်ခဲ့သည်။ အမျက်စောင်း မာန်ကြီးသည်။ ဟိရိဩတ္တပ္ပလည်းမှုစောင့်။ စကားလည်းမမှန်။ မှူးကြီးမတ်ကြီးမှအစ ပြည်သူပြည်သားများပါမကျန် နှိပ်စက်ညှဉ်းပန်းသည်။ စွမ်းသည်သောရဟန်းတို့ကို လူထွက်စေ၍ စစ်မှုထမ်းစေသည်။ မိဖုရား၊ ကိုယ်လုပ်၊ မောင်းမမှအစ မချစ်မကြိုက်ဘဲ မကောင်းသောဆုကို တောင်းခဲ့ကြသည်။ နောက်ဆုံးတွင် အိန္ဒိယကုလားမင်းကြီးပဋိက္ကရား၏ ကုလားသူရဲကောင်းရှစ်ယောက်၏လက်ချက်ဖြင့် သေဆုံးခဲ့၍ နရသူကို ကုလားကျမင်းဟု ခေါ်ဆိုသည်။

နရသူ (ကုလားကျမင်း) သည် ပုဂံနေပြည်တော်တွင် (၅၂) ဆက်မြောက် နရသီဟပတေ့ (တရုတ်ပြေးမင်း) အဖြစ် လူဝင်စားဘုရင် ထပ်မံဖြစ်ခဲ့ပြန်သည်။ နရသီဟပတေ့မင်းလက်ထက်တွင် ပုဂံသို့ တရုတ်စစ်တပ်များ ချီတက်တိုက်ခိုက်ခဲ့သည့်အတွက် တရုတ်တို့၏ရန်ကို ကြောက်ရွံ့သဖြင့် ပြည်မြို့သို့ ထွက်ပြေးတိမ်းရှောင်ခဲ့သောကြောင့် တရုတ်ပြေးမင်းဟူ၍ အမည်တွင်ခဲ့သည်။ ထိုမင်းသည် ဘုရားဗျာဒိတ်ရသူဖြစ်ပြီး ဘုန်းတန်ခိုးကြီးသည်။ ဘီလူးအဖြစ်မှလာသောကြောင့် အငြူးအစူ အမျက်စောင်း မာန်ပြင်း၏။ အစားအသောက်ကြူး၏။ နောက်ဆုံးတွင် သားတော်ဖြစ်သော ပြည်မြို့စား သီဟသူမင်းက ပွဲတော်စာ၌ အဆိပ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် နတ်ရွာစံခဲ့သည်။

ပုဂံခေတ် လူဝင်စားဘုရင်များ၏ အတ္ထုပ္ပတ္တိအကျဉ်းကို မှန်နန်းရာဇဝင်တော်ကြီး (ပထမတွဲ) ၌ ဘုရားလောင်းအရင့်တစ်ကျိပ်ဝင် ပလလည်းဆင်မင်းဖြစ်ခဲ့ဖူးသော သမုဒ္ဒရာဇ်မင်း၊ အနော်ရထာမင်း၊ ကျစွာမင်း ဤမင်းသုံးဆက်တို့သည် တစ်ယောက်တည်း ဤပုဂံပြည်တွင် သုံးကြိမ်မင်းဖြစ်သောဟူ၏။

ပျူစောထီး၊ သေဥ်လည်ကြောင်၊ ကျန်စစ်သား ဤမင်းသုံးပါးတို့လည်း တစ်ယောက်တည်း သုံးကြိမ်မင်းဖြစ်လာသောဟူ၏။

ဘုရားရှင်အား နေကာပေးဖူးသော တောင်စောင့်ဘီလူးသည်လည်း စလေငခွေး၊ နရသူ၊ နရသီဟပတေ့ဟူ၍ ပုဂံတွင် တစ်ယောက်တည်း သုံးကြိမ်မင်းဖြစ်လာသောဟူ၏ ဟူ၍ ဖော်ပြထားသည်။

ဦးကုလားမဟာရာဇဝင်ကြီးနှင့် မှန်နန်းမဟာရာဇဝင်တော်ကြီးများတွင် ဖော်ထုတ် မှတ်တမ်းတင်ခဲ့သော ပုဂံခေတ်လူဝင်စားဘုရားများ၏ ဘဝဖြစ်စဉ်များသည် မြတ်စွာဘုရားရှင်ဟောကြားတော်မူသည့် စေတနာမှန်သောကံတရား ဟူသော အဆုံးအမနှင့်အညီ ကံကြမ္မာလမ်းကြောင်း၏ အဆိုးနှင့်အကောင်းအလျောက် ဘဝသံသရာတွင် ကျင်လည်လျက် မင်းကောင်းများပင်အဖြစ်လည်းကောင်း၊ မင်းဆိုးများအဖြစ်လည်းကောင်း သမိုင်းမှတ်တမ်းတင်ကျန်ရစ်နေပေသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**


၁။ မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမ ၂တွဲ)

၂။ ဦးကုလားမဟာရာဇဝင်တော်ကြီး (ပထမတွဲ)

၃။ ရာဇဝင်ထဲကဖြစ်ရပ်ဆန်းများ (တင်နိုင်တိုး)




www.burmeseclassic.com

www.burmeseclassic.com



ဆရာဇေယျာဇော်၏ -

ဟောခန်းသို့ မကြာမကြာသွားလေ့ရှိသော်လည်း ယခု မရောက်သည်မှာ တစ်လပင်ကျော်ပြီ ဖြစ်၏။

သူကတော့ ကျွန်ုပ်ထံ အမြဲလိုလို ရောက်ပါသည်။

ကျွန်ုပ်ကသာ အလုပ်များလွန်း၍ သူ့ထံသွားရန် အချိန်ယူနေရ၏။

"အဖေ၊ ရေအေးအေးလေး"

"အေး"

ကျွန်ုပ်လာလျှင် သောက်ရေခပ်၍ပေးနေကျအတိုင်း စတီးခွက်လေးနှင့် သောက်ရေခပ်ပြီးပေး၏။ ကျွန်ုပ်ကလည်း အားရပါးရသောက်၏။ ပြီးမှ သူ့နေ့စဉ်တွက်သောစာအုပ်ဆီ မျက်လုံးရောက်သွား၏။

"သား၊ ဒါ ဗုဒ္ဓဟူးထုတ်ထားတာလား"

"ဟုတ်ကဲ့-အဖေ။ ဂုရုအခါလည်းဖြစ်၊ တနင်္ဂနွေသမီးလည်းဖြစ်လို့ ဗုဒ္ဓဟူး ထုတ်ထားတာ"

"အေးအေး"

စပ်စပ်စုစုနိုင်သည်တော့မဟုတ်ပါ။ သူနှင့် ကျွန်ုပ်သည် သားအဖလိုဖြစ်နေသောကြောင့် သူ့ကိုပေးစရာများရှိလျှင် ပေးရန်၊ မေးစရာများရှိလျှင်မေးရန်၊ ပြောစရာများရှိလျှင်ပြောရန် ကျွန်ုပ်မှာ တာဝန်ရှိသည့်အတွက် သူတွက်ထားသောစာမျက်နှာအားကြည့်နေလိုက်၏။

"ကောင်းတယ်-ဗုဒ္ဓဟူးထုတ်တာ။ သူက အနီးဆင်ဝှေ့ပြန်လေကွာ"

ကိုဇေ မျက်လုံးလေးပေကလပ် ပေကလပ်နှင့်လုပ်နေ၏။ ကျွန်ုပ်လည်း စတီးခွက်ထဲမှရေကို ထပ်သောက်လိုက်ပြီး -

"အနီးဆင်ဝှေ့ပြန်လေ သား"

"အဲဒါ အဖေတစ်ခါပြောဖူးလားလို့၊ ပြင်းတယ်ဆိုတာ"

"ဟုတ်တယ်-ပြင်းတယ်။ ပြင်းတာမှ ကျန်းမာရေးတွေ၊ စီးပွားရေးတွေပါမကဘူး၊ အသက်အန္တရာယ်အထိတောင် ထိခိုက်နိုင်တယ်။ အဖေတို့ဆို အများကြီးကြားခဲ့၊ မြင်ခဲ့၊ တွေ့ခဲ့တာပဲ။ ထိတယ် သားရဲ့"

"အဖေ၊ အဲဒါ ဘယ်လိုဆိုရင်ထိနိုင်လဲ"

"အနီးဆင်ဝှေ့ပြန်ဆိုတာ ဂြိုဟ်တစ်လုံးကို ခယားဇောက်တိုင်ထလိုက်ရင် သူ့ရဲ့အနီးကပ်စတုရန်းဂြိုဟ်ကိုခေါ်တာ သားမျက်လုံးထဲမြင်တယ်နော်"

၅
၂
၆
―
၁
၄
၀
၃

စတုရန်း - ၅၂၆/၁၄၀၃ - ဆင်ဝှေ့ပြန်

"မြင်တယ်လေ အဖေ"

"အေး - အဲဒါဆို ခပ်လွယ်လွယ်ပြောရရင် ဆိုကြပါစို့ကွာ။

တနင်္ဂနွေသားသမီးကို ထိခိုက်စေလိုရင် ရွက်လှစိုက်ရမယ် ဆိုကြပါစို့။ ရွက်လှဆိုတဲ့ ဗုဒ္ဓဟူးနံ အဲဒါ ဆင်ဝှေ့ပြ[illegible] ပဲ"

"ဟုတ်ကဲ့"

"ဒါဖြင့် ဘယ်လိုစိုက်မှာလဲ၊ ဘယ်[illegible] အချိန်မှာစိုက်မှာလဲ။ ဒါကပညာ။ အဲ[illegible] ကိုသိထားမှ ထိခိုက်ခြင်းဆိုတာကိုသိ[illegible] မှာ"

"အဖေ၊ တချို့တနင်္ဂနွေသားသ[illegible] တွေရဲ့အိမ်ရှေ့မှာ ရွက်လှတွေစိုက်[illegible] တာမှ ရှင်သန်နေတာတွေ တွေ့[illegible] တယ်"



www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

## ချင့်ချိန်-စဉ်းစား-ဆင်ခြင်ပြန်အား

"ဟုတ်တယ်၊ တချို့တနင်္ဂနွေသား သမီးတွေအိမ်ရှေ့မှာလည်း ဝါးအလှပင်တွေ စိုက်ထားတာရှိတယ်"

"အဲဒါမျိုးကျတော့ကော အဖေ"

"မင်း မီးခဲကို တက်နင်းကြည့်။ ဘယ့်နှယ်နေမလဲ"

"ပူမှာ အဖေ"

"အေး - ဒါဖြင့် မတော်တဆနင်းမိရင်ကောကွာ။ တမင်နင်းတာမဟုတ်တော့ ပူပါ့မလား"

"ပူမှာပဲ"

"ဟင် - ဘာဖြစ်လို့၊ တမင်နင်းတာမှမဟုတ်တာ"

"မီးခဲက ပူတဲ့သတ္တိရှိနေတော့ သိသိ၊ မသိသိ နင်းမိရင် ပူမှာပဲ အဖေ"

"အေး-ဟုတ်ပြီ၊ အဲဒီသဘောပဲ။ သိလို့စိုက်ထားထား၊ မသိလို့စိုက်ထားထား ဖြစ်မှာကတော့ဖြစ်မှာပဲ။ ဘယ်သူ ဘယ်လိုဖြစ်နေတယ်ဆိုတာ မင်းလည်း မသိဘူး၊ အဖေလည်း မသိဘူးလေ။ သူတို့အတွင်းကိစ္စလေ၊ တို့ဘာသိသိမလဲ။



www.burmeseclassic.com

www.burmeseclassic.com

တချို့ကျတော့လည်း သိအောင်ဘယ် နေပါ့မလဲ"

"ဟုတ်ကဲ့"

"ငါကလည်း အဲဒါမျိုးကျမနေနိုင်ဘူးကွ။ စပ်စပ်စုစုလေ့လာတတ်တယ်။ ဆရာ့ဆီမှာ အင်္ဂဝိဇ္ဇာပညာသင်ကာလက အနီးဆင်ဝှေ့ပြန်ပညာခန်းလည်းသင်ရော အိမ်ရှေ့မှာ အုန်းပင်တွေရှိတဲ့၊ စိုက်ထားတဲ့ ကြာသပတေးသားသမီးတွေကို ငါ လျှောက်လေ့လာတယ်။ တော်တော်လေး လျှောက်ကြည့်လိုက်တော့ အိမ်နှစ်အိမ် သွားတွေ့တယ်။ ကျန်တဲ့အိမ်တွေကတော့ အုန်းပင်တော့ရှိပါရဲ့။ ကြာသပတေး သားသမီးတွေမဟုတ်ဘူး။ ကြာသပတေး သားသမီးတွေဖြစ်နေပြန်ရင် သူတို့က အိမ်ထောင်ဦးစီးတွေ မဟုတ်ပြန်ဘူး။ ဒီတော့ လေ့လာစရာမလိုဘူး။ နှစ်အိမ် သွားတွေ့တော့ တစ်အိမ်က အဲဒီကြာသပတေးသားက စီးပွားတွေပျက်သွားတာ နာလန်မထူဘူး။ အိမ်ကြီးက အကြီးကြီးပဲ။ အထဲမှာဝမ်းခေါင်ခေါင်ဖြစ်နေတယ်။ တစ်အိမ်ကျတော့ အဲဒီကြာသပတေး သမီးအဘွားကြီးပိုင်တာတွေကို ခွဲဝေယူကြဖို့အသင့်စောင့်နေပြီး အိမ်ပေါ်တက် နေကြပြီ။ ဒါကြောင့် အဲဒီစိတ်နဲ့ အဘွားကြီးက လူမမာဖြစ်နေပြီ"

"ဖြစ်တာတော့ဖြစ်တာပဲနော်အဖေ။ မထိဘူးဆိုတာတော့မရှိဘူး။ ထိတာသာ မတူတာ"

"ဖြစ်တယ်၊ ဘယ်ပြောမလဲကွာ။ အနီးဆင်ဝှေ့ပြန်ပဲ၊ ဓာတ်ထိလာရင် လုံးဝနာလန်မထူဘူး"

၂
၆
၇
ကြာသပတေး ၅
ဆင်ဝှေ့ပြန် - ၁ - အုန်းပင်
၄
၀

"ဒါကို မိတ်လို့ပြောလို့မရဘူးနော် အဖေ"

"တစ်ခါက ရသေ့တစ်ပါးနဲ့ငါခင်ခဲ့ဖူးတယ်။ ငါခင်ခဲ့ဖူးတယ်ဆိုတာထက် အမေနဲ့က ပိုခင်တာပေါ့ကွာ။ ရသေ့က ကြာသပတေးသား။ သူက တစ်နေ့ အုန်းသားပုတီးကြီးတော်တော်ကြီးကြီးကိုစိပ် နေတာ ငါသွားတွေ့တယ်။ အဲဒီရသေ့ကြီးက လောကီပညာလည်း ဝါသနာပါလို့ ငါ့ကို မကြာမကြာမေးတတ်တယ်။ ငါကလည်း အနီးဆင်ဝှေ့ပြန်ပညာခန်း သင်နေချိန်ဆိုတော့ ဦးရသေ့ ဒီအုန်းသားပုတီးကို ဘယ်လိုကြောင့်စိပ်တာပါလိမ့်လို့တွေးနေတုန်း သူက သူ့ပုတီးကောင်းကြောင်း၊ ဒီပုတီးကို သူဘယ်လိုရခဲ့ကြောင်း အဲဒါတွေချည်းပြောနေတော့တာပဲ"

"အဖေ့အမြင်မှာ ဝိကတိဖြစ်လာပြီပေါ့"

"အေး-သား၊ ဝိကတိဖြစ်လာတာပေါ့။ သူက ဒီအုန်းသားပုတီးကို သတိထားအောင်လုပ်နေပြီဆိုတော့ အဖေကလည်း သတိထားပြီး ဘာလို့အုန်းသားပုတီးကို စိပ်ရတာလဲဆိုတော့ 'အောင်ပ' လေတဲ့။ မိတ်ဓာတ်တဲ့။ ဒါနဲ့ အဖေက ဘယ်ဟာက အောင်ပလဲ။ 'အောင်ပ'လား၊ 'ပအောင်'လားကြည့်ဦးလေ။ ဘယ်ဟာက အဓိကလဲလို့မေးလိုက်တော့ သူတွေဝေသွားတယ်။ ဘာဖြစ်တတ်လဲတဲ့ထပ်မေးတယ်။ လူထွက်ရတတ်တယ်လို့ ပြောလိုက်မိတယ်"

"တကယ်ထွက်ဖြစ်သွားလားအဖေ"

"ထွက်ဖြစ်သွားတယ်၊ လူဖြစ်သွားတယ်။ အိမ်ထောင်ကျသွားတယ်"

"အင်း-အနီးဆင်ဝှေ့ပြန်သတ္တိဟာ ဘယ်သူ့မှချမ်းသာမပေးဘူးနော်။ ပညာက ပညာပဲ"

"သူက မေးတာကိုး။ သူမမေးရင်တော့ အဖေမပြောပါဘူး။ မေးလာရင်တော့ ပြောမှာပေါ့၊ ပညာပဲလေ"

"ဟုတ်ကဲ့"

ကိုဇေယျကြည့်ဒီကြည့်ကြည့်လိုက်ပြီး ကျွန်ုပ်၏ရှေ့တွင်ချထားသော စတီးခွက်လေးကိုအသာယူ၍ သောက်ရေသွားဖြည့်လိုက်ပြန်၏။ ပြီးမှ ကျွန်ုပ်၏ရှေ့သို့ချထားပေး၏။သူ့ခမျာ ကျွန်ုပ်ရောက်သွားလျှင် သူ့မိတ်ဆွေများနှင့်တောင် စကားမပြောဖြစ်တော့။ ဟိုကဆရာဒီကဆရာဟု သူ့ဟောခန်းရှေ့မှာလာလာရပ်ကြည့်ကြလျှင် လက်ကလေးကာပြ၍ ဒီမှာအဖေရောက်နေတယ်ဟုပြောသည်ကတစ်မျိုး၊ ထိုဧည့်သည်များအနီးသို့သွား၍ ခပ်တိုးတိုးနှင့် အဖေရောက်နေတယ်။ ပြီးမှတွေ့မယ်နော်ဟု ပြောလိုက်သည်က တစ်မျိုးနှင့် သူ့မိတ်ဆွေများနှင့် စကားမပြောဖြစ်တော့။

တချို့က ဟောနေကြသော သူငယ်ချင်းများဖြစ်ပြီး တချို့က သူ့ကို ခင်မင်လေးစား၍ လာရောက်ကြသည့် သူများ ဖြစ်ကြ၏။

"သား-ခေါ်လေ၊ ဧည့်သည်တွေကို။ မင်းက ငါလာရင် အဲဒီလိုချည်းပဲ။ တော်ကြာ ဟောတဲ့ဆရာတွေကနားလည်ပေးပေမယ့် မင်းသူငယ်ချင်းတွေက ငါ့ကို တစ်မျိုးထင်နေပါဦးမယ်။ ဒီလူကြီးလာထိုင်ရင် တို့ဆရာနားတို့ကပ်လို့မရဘူးဆိုပြီး"

ကိုဇေ အားရပါးရရယ်နေ၏။

"မဟုတ်ပါဘူး အဖေရယ်၊ မထင်ကြပါဘူး။သားသူငယ်ချင်းတွေက အဖေ့ကို သိကြပါတယ်"

"ဩော် - ဒီလိုလား"

"ဟုတ်ကဲ့"

ပညာစကားများ ဆက်ရပြန်၏။ ပညာစကားများပြောလျှင်၊ ပညာများ သင်ပေးလျှင် စာအုပ်၊ ဘောလ်ပင် မကိုင်ခိုင်း။ တမင်ကို ထိုင်နားထောင်ခိုင်းပြီး သူ၏ဦးခေါင်းထဲဝင်အောင်ပြောတတ်သော ကျွန်ုပ်၏အကျင့်ကို သူလည်းသိ၏။

ကျွန်ုပ်သည် စတီးခွက်လေးကို ယူ၍ ရေတစ်ကျိုက်သောက်လိုက်ပြီး သူ၏စားပွဲပေါ်ရှိ ငွေဖလားကြီးကိုကြည့်နေလိုက်၏။ ငွေဖလားကြီးဘေးတွင် အာစရိယဆရာအရှင်ဖြစ်တော်မူသော ဆရာတော်အရှင် အရိယဓမ္မသိဒ္ဓိဆရာတော်ဘုရားကြီးအား ကျွန်ုပ်ရှိခိုးနေသောဓာတ်ပုံကြီးကို ထောင်ထား၏။

"အဖေ အဲဒါ အနီးဆင်ဝှေ့ပြန် ဓာတ်သဘောကို အဆောင်ပြုသလိုများ လာလေ ဓာတ်ထိလာလေပေါ့နော်"

"ဟုတ်တယ် သား၊ ထိတယ်"

"လူတိုင်းပဲလား အဖေ"

"ဓာတ်ရဲ့သဘောက ခုနပြောသလို မီးခဲကိုမသိဘဲတက်နင်းရင်ပူသလို သိလို့တက်နင်းရင်လည်းပူမှာပဲလေ။ ဒါပေ မယ့် သီလ၊ သမာဓိနဲ့ အကျင့်စရဏပေါ တော့ တည်မှီမှာပေါ့။ ဘာလို့ အဖေ ဒီလိုပြောရလဲဆိုတော့ စီးပွားဥစ္စာရှာ ဖွေရပြီး လောဘ၊ ဒေါသ၊ မောဟအား ကြီးတဲ့ပုဂ္ဂိုလ်တွေဆိုရင် ထိချက်ပြင်းလို့ပဲ သား"

"ဩော်"

"လောဘ၊ ဒေါသ၊ မောဟအား မကြီးပါဘူးဆိုရင်တောင် သားပူ၊ သမီးပူ မိသားစုအပူရှိတဲ့သူတွေဆိုရင်လည်းထိ တာပဲ။ အပူရှိရာ အပူစုသလိုပဲ"

ကျွန်ုပ်၏ စကားများကို ကိုဇေ သေချာအာရုံစိုက်၍ နားထောင်နေ၏ သူ့စိတ်ထဲတွင်တော့ သူ၏သစ္စာအရှိဆုံး လွယ်အိတ်အစိမ်းကြီးထဲမှစာအုပ်လေး ထဲသို့ စိတ်ကူးနှင့်ရေးမှတ်နေလော ပေရော့မည်။

"ဒီပညာက ထိတဲ့ပညာဆိုတော့ လူတစ်ယောက်ကို အဆောင်သွား



www.burmeseclassic.com

www.burmeseclassic.com

လို့လည်း မရနိုင်ဘူး။ ဥပမာကွာ ဖါးကို ဝက်ရုပ်ထုပြီး တနင်္ဂနွေသားကို ဆောင်ခိုင်းမယ်ဆိုရင်ထိမှာပဲ။ ထိတာလည်း မြင်ဖူးတယ်။ တစ်ခါက လူတစ်ယောက်ဟာ အဆောင်တစ်ခုကို ထူးထူးခြားခြား ဆောင်လိုက်တယ်။ အဲဒီလိုဆောင်ပြီးတဲ့နောက်ပိုင်း သူဟာကြောက်စရာကောင်းလောက်အောင် အတိုက်အခံတွေများလာပြီး သူ့အိမ်ကလူတွေ တစ်ယောက်ပြီးတစ်ယောက် ‌ပုံစံအမျိုးမျိုးနဲ့ထွက်ကုန်တယ်။ သူ့နာမည်က ကိုတိမ်။ နာမည်ရင်းကိုက ကိုတိမ်။ သူဆောင်တာက ခြင်္သေ့။ ဆောင်တဲ့အ‌သားက ဇီးသား။ ဇီးသားကို ခြင်္သေ့ပေ‌ ာက်တဲ့ပုံထုပြီး ဆောင်တာ အတော့်ကိုလ က်ရာမြောက်တယ် သားရေ။ အရုပ်ကလည်‌ က်သီးဆုပ်လောက်ရှိတယ်"

"ဟာ - ကိုတိမ်ဆိုတော့၊ ဇီးသ‌ား ဆိုတော့ အဖေ အနီးဆင်ဝေ့ပြန်ဖြ‌ းပါလား"

ပညာရပ်တစ်ခုကိုသင်ကြားလျှင် ခေါင်းထဲဝင်အောင် သင်ကြားပေး၍ ခေါင်းနှင့်မှတ်ရသောအကျိုးဖြစ်၏။ ဘာဆိုလျှင်ဘာ ဒေါက်ခနဲ သိနိုင်၏။

"အေး-ဟုတ်တယ်။ငါကလည်းသိတဲ့အတိုင်းပဲ၊ စပ်စပ်စုစုနိုင်တဲ့လက်တွေ့သမားဆိုတော့ သေချာမေးကြည့်တာပေါ့။ သူ့ကိုအိမ်ရောင်းရအောင်လာလာ ချစ်နေတဲ့ သူ့အစ်ကိုက ကြာသပတေးသည်ကွ။ ကြွက်ပေါ့ကွာ။ ကြွက်ကို ခြင်္သေ့နဲ့ဟောက်ထုတ်တာပေ့ါ။ ခြင်္သေ့ကလည်းမာန်ဖီနေတဲ့ပုံ။ လှမှလှ။ အမယ် သူ့ဇာတ်က ဟုတ်တော့ဟုတ်သား။ အဲဒီခြင်္သေ့ပုံကိုဆောင်ထားပြီးကထဲက သူ့အစ်ကိုလုံးဝလာမနှောင့်ယှက်တော့ဘူး ငြိမ်သွားတယ်။ ဒါပေမယ့် ကိုတိမ် မိသားစုတွေပြိုကွဲကုန်တယ်။ သူလည်း စိတ်ဝေဒနာတွေဘာတွေရကုန်တယ်။ အဖေနဲ့တွေ့တော့ အဖေဖယ်လိုက်တယ်။ သူ ပထမတော့ မဖယ်ချင်ဘူး ပြောပုံရတယ်။ နောက်သူကိုယ်တိုင် ထိသွားတော့မှ ဖယ်တော့တယ်။ သား-မင်းကြည့်၊ အဲဒီခြင်္သေ့ထိပုံ အဖေ ပြမယ်"

| | | |
|---|---|---|
| | | ဌာန |
| ၁ | ၂ | ၃ |
| ၆ | | ၄ |
| ၈ | ၅ | ၀ ကိုတိမ် |

ကိုတိမ် တည်းဟူသော စနေနံ နာမည်ရှင်၏ စွဲမြဲရာအရပ်ဖြစ်သော ဌာနအရပ်သည် အင်္ဂါဖြစ်နေ၏။

ထိုအခါ အဆောင်ပေးသူသည် ကိုတိမ်၏အခြေခိုင်ရန် အင်္ဂါကို စဉ်းစားပုံရ၏။ စဉ်းစားလိုက်ပြန်သော် တစ်ဖက်သားကို နှိမ်နင်းနိုင်သောဓာတ်ကိုစဉ်းစားခဲ့ပြီး ခြင်္သေ့ဟောက်ပုံကို ထုလုပ်ဆောင်ခိုင်းခဲ့၏။ ဇီးသား တည်းဟူသော အင်္ဂါနံ အသားကို ခြင်္သေ့ တည်းဟူသော အင်္ဂါနံ နှစ်ထပ်ရိုက်၍ အဆောင်ပြုစေခဲ့၏။ အလွန်မှတော်သော၊ အလွန်မှထက်မြက်လှသောပုဂ္ဂိုလ်ဖြစ်ကြောင်းဝန်ခံပါသည်။

အဘယ်ကြောင့်ဆိုသော် လာရောက်ဒုက္ခပေးနေသောတစ်ဖက်ပုဂ္ဂိုလ် ကြာသပတေးအတွက် ဇီးသားခြင်္သေ့သည် 'ဘုတ်' အဆောင်ဖြစ်သွားပြီး ထိုပုဂ္ဂိုလ ကို လုံးဝဟန့်တားနိုင်ခဲ့၏။ ထိုရန်မီး ငြိမ်းသွားခဲ့၏။

၂
၆
ဆပ္ဗ‌ - ၃ - ဇီးသားခြင်္သေ့
ကြာသပ‌
၀

အမှန်က အဆောင်ဆောင်သူသည် ပေးလိုက်သောဆရာ(သို့)ဆရာမအား သေချာမေးခဲ့ရမည် ဖြစ်၏။ မည်သည့်အချိန်တွင် မည်သို့အောင်မြင်ပြီးပါက အဆောင်ကို မည်သည့်နေရာတွင် မည်သို့စွန့်ရမည်ကိုမေးခဲ့ရမည်ဖြစ်၏။

ဤသို့ မမေးခဲ့၍ သတိတစ်ချက်လွတ်ခဲ့သောကြောင့် ရန်မီးငြိမ်းသွားသော်လည်း ဆက်ဆောင်ထားသောအဆောင်၏ ဘေးထွက်ဆိုးကျိုးသက်ရောက်မှုသည် -

အလွန်အဆိပ်ပြင်းလှသောမြွေတစ်ကောင်ကို သေချာမွေးထားလိုက်သည်သို့နှယ် . . .

၄
၁
၅
ကိုတိမ် ၀
အနီးဆင်ဝေ့ပြန် ၃ ဇီးသားခြင်္သေ့
၆
၂

ဤသို့ အနီးဆင်ဝေ့ပြန်ပညာခန်းနှင့် ထိပ်တိုက်ကြုံခဲ့ရလေတော့သည်။

"အဆောင်တစ်ခုဟာ သူ့ဇာတ်နဲ့သူ၊ သူ့အချိန်ကာလနဲ့သူ အစွမ်းပြပြီဆိုရင် ဆောင်ရတဲ့ကာလဆိုတာ ရှိတယ်သား။ ထာဝရဆောင်ရတဲ့အဆောင်မျိုးကို ဆိုလိုတာ မဟုတ်ဘူးနော်။ ယာယီအဆောင်ကို အဖေပြောတာ။ ထာဝရဆောင်ရတဲ့ အဆောင်မျိုးဆိုတာက ဥပမာ တနင်္လာသားဆိုရင် ဩဇာသားကို ကျားမာန်ဖီနေပုံထု၊ အပေါ်မှာ ရှင်သီဝလိရဟန္တာပုံတော်ထုပြီး ပူဇော်ထားတာမျိုးတို့လိုပေ့ါ။ ဒီလိုထာဝရအဆောင်တွေကျတော့ အများကြီးရှိတယ်။ ကောင်းတယ်။ ဒါက ဆောင်သင့်ရင်ဆောင်ရမယ်။ ခုနလို ပြဿနာတစ်ခုခုအတွက် ငြိမ်သွားစေတာမျိုး၊ ငြိမ်းအေးသွားစေတာမျိုးကျတော့ အချိန်ကာလဆိုတာရှိတယ် သား"

"ဟုတ်ကဲ့ပါအဖေ။ သားမှတ်ထားပါ့မယ်"

"သူ့အချိန်နဲ့သူ အစွမ်းပြလို့ ကိုယ့်ကိစ္စအောင်မြင်ပြီဆိုရင် စွန့်ပေတော့။ မစွန့်ရင် ဒီအဆောင်ရဲ့ ဒိပြင်အကျိုးသက်ရောက်မှုတွေက မမြင်နိုင်ဘူးလေ။ ရန်မီးငြိမ်းရင် ရန်မီးငြိမ်းတာနဲ့တော်ပြီပေ့ါ။ လာဘ်ပွင့်ချင်ရင်လည်း လာဘ်ပွင့်တာနဲ့တော်ပြီပေ့ါ။ သူဦးတည်ပေးထားတဲ့ကိစ္စတစ်ခုခုအောင်မြင်ရင်ပြီးပြီလေ။ ကျန်တဲ့အပိုင်းက ကိုယ့်မှာ 'အား'မရှိရင် သတိထားရတယ် သား။ မဖြစ်သင့်တာလေးတွေဖြစ်ဖြစ်လာတတ်တယ်။ မသိမသာ မသိမသာကနေ သိသိသာသာလည်းဖြစ်လာရော မရှုနိုင်မကယ်နိုင်တော့ဘူး"

"သားလည်း အဆောင်တွေပေးနေတာ အတော်သတိထားရဦးမယ်"

"သားပေးတဲ့ အဆောင်တွေက ဘာအန္တရာယ်မှမရှိဘူး။ မဆိုင်ဘူး။ ပေးလို့ရပါတယ်။ ပေးသာပေးပါ"

"ဟုတ်ကဲ့"

"ငါ့ကွာ အဲဒီပညာမသင်ခင်က ငါနဲ့ရင်းနှီးတဲ့လူတစ်ယောက် အင်မတန်လက္ခဏာရှားပါးရှာတာနဲ့ မိုးလင်းရင် လက်ဖက်ရည်လေးဝယ်၊ ဘုသောက်ဖို့သွားသွားပို့ပေးမိတယ်။ နေ့ကိုင်းပေးဖြစ်သလို တစ်ခါတစ်ခါ နှစ်ရက်လောက်ခြားသွားတယ်၊ ပေးဖြစ်တယ်"

"သူက တနင်္ဂနွေဖြစ်နေရောလား အဖေ"

ကိုဇေ အူတက်နေရင်းမေးလိုက်၏။

www.burmeseclassic.com

"အေး - ဟုတ်တယ် သား၊ သူ့နာမည်က တနင်္ဂနွေဖြစ်နေတယ်။ လက်ဖက်ရည်ကလည်း အဲဒီတုန်းက တစ်မတ်ဆိုတော့ပေးနိုင်တယ်။ ဟော - တစ်လ၊ နှစ်လလောက်လည်းကြာရော တစ်မနက် အဲဒီလူမတွေ့ဘူး။ မတွေ့တော့ သူ့အိမ်နားနီးချင်း ကလေးတွေကို မေးကြည့်မိတာပေ့ါ။ ဒီတော့မှ အဲဒီလူ အိပ်ရာထဲလဲနေပြီဆိုတာသိရတော့တယ်။ ဘယ်နေရာမှာချော်လဲပြီး တင်ပါးဆုံရိုးဘာဖြစ်သွားလို့ဆိုလား မေ့နေပြီ။ အဲဒီလိုဖြစ်သွားတယ်။

အဲဒါနဲ့ နောက်နေ့ကျ စကားစပ်မိပြီး ဆရာ့ကိုပြောပြဖြစ်တယ်။ ဆရာက ခပ်အေးအေးပါပဲ၊ ထွေရာလေးပါးဘာမှ မပြောဘူး။ မင်းသူ့ကိုလက်ဖက်ရည်သွားသွားပေးနေတာ ရပ်လိုက်တော့တဲ့။

အဖေလည်းမသိဘူးလေ။ ဆရာပြောတော့ ရပ်လိုက်တာပေ့ါ။ နောက်တော့မှ အနီးဆင်ဝှေ့ပြန်ပညာခန်းကို သင်ရတော့မှ ငါ့ကွာ စိတ်မကောင်းလိုက်တာလေ"

ကိုဇေ အူတက်နေတော့၏။ သူ့ပုံစံမှာ အဖေကတော့ နေရာတကာ လက်တွေ့ဆန်လွန်းတယ်။ ထိရောမို့လား ဟူသည့် အဓိပ္ပာယ်ပေါက်နေ၏။ ဤကိစ္စသည် လက်တွေ့စမ်းခြင်းတော့ မဟုတ်ခဲ့ပါ။ စေတနာနှင့် သွားပေးရာမှ ဤပညာခန်းကို သတိထားခဲ့ရခြင်း ဖြစ်ပါသည်။

"ဒါကြောင့် အဖေပြောတာပေ့ါ သားရဲ့။ ပညာကပညာပဲလို့"

"အဖေပြောသလို မသိလည်းဖြစ်တာပဲနော်။ အခုအဖေပြောတာဆိုရင် အဖေလည်းမသိဘူး။ အဖေလက်ဖက်ရည်သွားပေးနေကျ ဟိုဦးလေးကြီးလည်း မသိဘူး။ ဒါပေမယ့် ထိတာကထိတာပဲ။ အဖေပြောတဲ့ မသိဘဲတက်နင်းတဲ့မီးခဲလိုပဲ"

"အေး - ဒါ အနီးဆင်ဝှေ့ပြန်ရဲ့ သတ္တိပဲ သား။ အင်္ဂဝိဇ္ဇာပညာခန်းသန့်သန့်လေးပဲ။ ထိချက်ကတော့ပြင်းသလား မမေးနဲ့။

ငါ တစ်ခါတုန်းက အမေ့ဆီလာလာပြီး ပိုက်ဆံချေးလွန်းအားကြီးတဲ့သူတစ်ယောက်ကို အနီးဆင်ဝှေ့ပြန်နဲ့ဟန့်ခဲ့ဖူးတယ်။ သူကပိုက်ဆံချေးပြီးရင်လည်း ပြန်မပေးဘူး၊ သူ့ကိုမချေးပြန်ရင်လည်း ရန်လုပ်တယ် တစ်မျိုးကြီးပဲ။ အမေ့ကို များပြောလိုက်ရင် မမသိန်းကလည်း ဤျန်မဒါလောက်ဒုက္ခရောက်နေတာကို ကြည့်နေရက်လားဆိုပြီး အော်ကျယ်အော်ကျယ်နဲ့။ သူ့ယောက်ျားက ဖဲရိုက်တာ။ သူ့ယောက်ျားလိုလာပြီဆိုရင် သူက အဲလို ဟိုလျှောက်ချေးဒီလျှောက်ချေးပေ့ါ။ ဒါနဲ့ အဖေကလည်း အမေ့ကို ထိလာတာများလာတော့ သူ့အိမ်ရဲ့ အနောက်ဘက်တည့်တည့်မှာ ဖျဉ်းမကိုင်းတစ်တောင်လောက်ကို ပြောင်းပြန်ထိုးစိုက်လိုက်တယ်။ အဲဒီနောက်ပိုင်းတော့ မလာတော့ဘူး"

"ထိသွားတာပေ့ါနော် အဖေ"

"ငါက နေဝင်ချိန်ကိုလည်း စောင့်တယ်။ နိမိတ်ကိုလည်းကြည့်တယ်။ ပြီးတော့ အမေ့ကိုလာမနှောင့်ယှက်နဲ့လို့ပဲ ပြောပြီး ထိုးစိုက်လိုက်တာ။ သူဘာဖြစ်ပါစေလို့လုံးဝမပါဘူး။ သူလည်းဘာမှမဖြစ်ဘူး။ လာလည်းမလာတော့ဘူး။ လမ်းမှာတွေ့တာတောင် အမေ့ကို မမြင်ချင်ယောင်ဆောင်ပြီး မျက်နှာလွှဲသွားတယ်။ နှစ်ကြိမ်၊ သုံးကြိမ် အဲလိုကြုံတော့ အမေကငါ့ပြောတယ်ကွ။ လူလေး၊ မဂေါက်တေးကြီးတော့ အမေ့ကိုမြင်တာတောင် မမြင်ချင်ယောင်ဆောင်သွားတယ်သားရေတဲ့။ ငါကဘာမှမပြောဘူး။ အဲဒီလိုဖြစ်သွားအောင် ငါပဲလုပ်ခဲ့တာကိုး"

"ဩော် - အဲလိုကျတော့လည်း အဟန့်သဘောပဲပေ့ါနော် အဖေ"

"ဟုတ်တယ် အဟန့်ပဲ။ သူ့ကိုဘာမှမထိခိုက်ဘူး။ ဒါအနီးဆင်ဝှေ့ပြန်သတ္တိပဲ။ ဒါပေမယ့် ဒါနှစ်ထပ်ပဲမို့လို့။ လေးထပ်ဆိုရင်တော့ မကောင်းတော့ဘူးပေ့ါ သားရယ်။ ကိုယ်လည်း အဲဒီအခါကျတော့ ပြန်ပေးဆပ်ရမှာကြီးသွားပြီပေ့ါ"

"ဟုတ်ကဲ့၊ ဩော် - လေးထပ်ဆိုရင်"

"ဟုတ်တယ်-ထိတယ်၊ ငါနဲ့အရမ်းခင်တဲ့ အိမ်တစ်အိမ်ရဲ့ ခြေရင်းကအိမ်တစ်လုံး အဲသလိုဖြစ်တာငါတွေ့ဖူးတယ်။ အဲဒီအိမ်ရှင်က ဗုဒ္ဓဟူးသား။ သူ့အိမ်က လောကီပညာနဲ့ဆက်နွယ်တဲ့ပုဂ္ဂိုလ်တွေ အဝင်အထွက်ရှိတယ်။ သူလည်းဝါသနာပါတယ်။ အရမ်းခင်တဲ့အိမ်ကမိတ်ဆွေအိမ်ကိုသွားရင်း စကားစပ်မိကြတော့ သူကလည်း အဖေ့ကို ကြားဖူးပြီး အရမ်းတွေ့ချင်တယ်။ ဆရာလာရင်ပြောပါဆိုပြီးမှာထားလို့ ငါ့မိတ်ဆွေက သူ့ကိုခေါ်လိုက်ရော။ ဒါနဲ့ ရောက်လာရော။ တော်တော်ခင်တတ်တဲ့လူ။ သဘောအရမ်းကောင်းတာပဲ။ ခင်ရာခင်ကြောင်း ထွေရာလေးပါးစကားလေးတွေပြောရင်း သူ့ကို သူ့အသိတစ်ယောက်က နဂါးတောင်ဝှေးတစ်ခုပေးထားတယ်လို့ပြောတယ်။ ငါလည်း နားထောင်နေတာပေ့ါ။ အဲဒါနဲ့ မပြီးသေးဘူး။ အဲဒီပုဂ္ဂိုလ်ကပဲ သူ့ကို ဗုဒ္ဓဟူးရဲ့မိတ်ဆိုပြီး ထိမ်သားပုတီးကြီးတစ်ကုံးထပ်ပေးခဲ့တယ်။ ပုတီးကတော့ တော်တော်စွမ်းတယ်ဘာညာပေ့ါကွာ။ ပုတီးလုံးတွေမှာ စမတွေစီရင်ထားတယ်လို့တောင်ပြောတယ်။ သူအဲဒီလိုပြောနေတုန်း သူ့အိမ်ရှေ့မှာ ဒန်းကြီးတစ်ခုဆင်ထားတာကို ငါလှမ်းကြည့်လိုက်မိတယ်။ သူကတော့ သူ့အိမ်ကိုဝါအလည်ခေါ်နေတယ်။ ငါမသွားပါဘူး။ ငါကစဉ်းစားပေးနေတာပဲရှိတယ်။ ဟော- ထပ်တွေ့ပြန်ရော။ နှင်းဆီပန်းအိုးတွေ ဒန်းဘေးမှာ အများကြီးပဲ။ နှင်းဆီတော်တော်ကြိုက်ပုံရတယ်။ ငါလည်းမနေနိုင်တော့ဘူး။ သူ့ရဲ့နဂါးတောင်ဝှေးတွေရော၊ ထိမ်သားပုတီးတွေရော၊ ဒန်းရော နှင်းဆီရောကိုသတိထားမိရာက ခင်ဗျား အိမ်မှာ လူတွေမထွက်ဘူးလားလို့ မေး လိုက်တယ်။

မျက်နှာမကောင်းဘဲ ခေါင်းငုံ့သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့မိန်းမ က ဆင်းသွားပြီ၊ ကွဲသွားပြီ။ သူ့သမီး လေးနှစ်ယောက်ရှိတာ တစ်ယောက်က သူ့အမေနဲ့ပါသွားပြီး သူနဲ့ကျန်ခဲ့တဲ့သူ က လင်နောက်လိုက်ပြေးသွားပြီ"

"ဟာ-အထီးကျန်သွားတာပဲနော်"

"အေး - သူကငါ့မိတ်ဆွေကိုလှမ်း ကြည့်ပြီး ဆရာ့ကိုပြောပြမထားဘူးလား တဲ့။ ငါ့မိတ်ဆွေက မပြောပါဘူး။ သူ့ အကုန်လုံးပြောပြမှ ငါလည်းသိရတာ ဒါကြောင့် ဆရာ့ကို ကျွန်တော် အိမ် ခေါ်တာပါတဲ့။ ငါကလည်း ဗုဒ္ဓဟူးသား ကို စနေတွေအထပ်ထပ်ထိနေမှတော့ သူ့ အိမ်လိုက်စရာမလိုတော့ဘူးလေ သိ ပေ့ါ။ ငါပြောပါတယ်။ ခင်ဗျားအိမ် နှင်းဆီပန်းတွေဝေနေအောင်ပွင့်တဲ့အ ဆိုရင် ခင်ဗျားစိတ်ဆင်းရဲစရာတွေတ ပြီးတစ်ခုပေါ်ပေါ်လာတတ်တယ်လို့ ကလည်း ဝန်ခံတယ်။ ဒါပေမယ့် အင်မတန်မှ နှမြောတဲ့ တောင်ဝှေး မစွန့်ပစ်ရက်ဘဲ အဖေနဲ့တွေ့ပြီးနော သုံးနှစ်အကြာမှာ သူ့ဘဝကို သူစွန့် သွားခဲ့တော့တယ် သား"

"ဟာ - မရှိတော့ဘူးပေ့ါ"

"မရှိတော့ဘူး။ နဂါးတောင် ကြီးကို အကျင့်စရဏအားကောင်း ပုဂ္ဂိုလ်တစ်ပါးပါးကို လှူလိုက်ပါ။ ကြီးကိုလည်း ဖယ်လိုက်ပါလို့ အ ပြောခဲ့ပါတယ်။ ခေါင်းညိတ်ခဲ့ပေမ အသက်မပါဘူး။ ကြုံလို့ အ သလ္လာပပြောတဲ့အဆင့်လောက်ပဲ နဲ့ စကားပြောသွားတယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝင်စားတာတော့ မှန်တယ်။ ဒါပေမယ့် သူ့အဆောင်တွေကို သူနှမြောတဲ့ စိတ်ကပိုနေတယ်။ အဖေ့မိတ်ဆွေတွေက နောက်တော့ပြောပါတယ်။ ဆရာတဲ့ သွားမပြောနဲ့တော့တဲ့ ဒီတစ်ခါဆုံးရင်တဲ့။ သူက ဆရာ့ကိုတွေ့ချင်၊ စကားပြောချင်တာပဲရှိတယ်။ သူ့အဆောင်တွေကိုကျ တော့ မဖယ်ချင်ဘူးတဲ့။ အေး - အဲဒါပဲ သား။ လူတစ်ယောက်ဟာ အကုသိုလ် ဝင်လာပြီဆိုရင် မကောင်းတာကို အကောင်းထင်၊ အကောင်းကို မကောင်း ထင်တတ်တယ်ဆိုတာ မှတ်ထား"

"ဟုတ်ကဲ့ပါ အဖေ၊ သားမှတ်ထား ပါ့မယ်"

"သူ့ရဲ့ နဂါးတောင်ဝှေးက စွမ်းကောင်းစွမ်းလိမ့်မယ်။ ဒါပေမယ့် ဒီအစွမ်းတွေ၊ ပညာခွင်တွေရဲ့အားကို သူဘယ်ခံနိုင်မလဲ။ အဖေသိတာပေါ့။ ဒါကြောင့် အနီးဆင်ဝှေ့ပြန်ပညာခန်းက လွတ်အောင် အဖေကူညီခဲ့တာပါ"

ကိုဇေသည် ကျွန်ုပ်၏ဘေးစားပွဲ ပေါ်တွင်တင်ထားသောလွယ်အိတ်အစိမ်း ကြီးအား မကြာမကြာလှမ်းကြည့်နေ၏။ သူသည်လည်း ဒေါင်လိုက်စင်းလွယ်အိတ် အနွမ်းကြီးတကားကားနှင့်ရောက်လာလေ့ ရှိသော ဆရာအုန်းကဲ့သို့ စာအုပ်ကြီးထဲ ရေးမှတ်ချင်နေပုံရ၏။

"အေး - ဒါဟာ အနီးဆင်ဝှေ့ပြန် ပညာခန်းထဲက အခြေခံလေးတွေပေါ့ သားရယ်။ အဖေမသိတာတွေတောင် အများကြီးရှိသေးတယ်"

"ဒါအခြေခံပဲရှိသေးလား အဖေ"

"အခြေခံပေါ့ သားရဲ့။ ဒီပညာမှာ ဥပမာကွာ မင်းဆိုပါတော့။ သောကြာ အထပ်ထပ်စားဖြစ်လာမယ်။ တမင်စား ဖြစ်လာမယ်။ ဝိကတိပေါ့။ ဒါဆို တစ်မျိုး ဖြစ်လာနိုင်တယ်။ တနင်္ဂနွေသားဆိုပါစို့။ လက်ဖက်ရည်သောက်မယ်၊ လက်ဖက် သုပ်လည်းစားမယ်။ လမုန့်လည်းစားမယ်။ ရွှေရင်အေးလည်းသောက်လိုက်မယ်ဆို တော့။ အဲဒီလို ထူးထူးခြားခြား ဗုဒ္ဓဟူး သားထပ်စားလာပြီဆိုရင် တစ်ခုခုတော့ ဖြတ်ရောက်ပြီမှတ်။ တစ်ကြိမ်မထိ နှစ်ကြိမ်ထိပြီ။ ဒါဟာ အနီးဆင်ဝှေ့ပြန် အနီးဆင်ဝှေ့ပြန်ရဲ့သတ္တိဟာ ဝင်လာ ပြီဆိုရင် အလုံးအရင်းနဲ့ဝင်လာတာ။ ဒါတော့ မှတ်ထားရမယ်"

"ဟုတ်ကဲ့ပါ အဖေ"

"ခုန မင်းတွေ့တယ်မို့လား။ ဒန်း ... နဂါးတို့၊ တောင်ဝှေးတို့ကိစ္စ"

"ဟုတ်ကဲ့ - အလုံးအရင်းပဲနော် အဖေ"

၁
၅
၂
၄ - ဗုဒ္ဓဟူးသား
၀ - နဂါးတောင်ဝှေး-ထိမ်-ဒန်း-နှင်းဆီ
၃
၆

"အေး-ပကတိမဟုတ်တဲ့ ဝိကတိ တွေကိုသိရမယ်။ လူတိုင်း နှင်းဆီစိုက် တာပဲ၊ လှတာကိုး။ ဒါပေမယ့် နှင်းဆီ ရှင်သန်တဲ့အခါ ထိရောက်တဲ့'အား'ကျ မတူတော့ဘူး။ ဘာလို့လဲဆိုတော့ ဘာမှ မဖြစ်တဲ့လူတွေ တစ်ပုံကြီးပဲ။ နှင်းဆီစိုက် ခင်းကြီးတွေစိုက်ထားကြတဲ့ ဥယျာဉ်မှူး တွေဆိုရင် ဘယ်လိုလုပ်မလဲ။ ဟုတ် တယ်မို့လား"

"ဟုတ်ကဲ့"

"အေး - ဘာလို့ထိရလဲဆိုတာကို သိအောင်ကြိုးစား သား။ အဖေက မင်း ကို လမ်းဖွင့်ပေးလိုက်တာ။ လမ်းပြပေး လိုက်တာ။ မင်းဟာမင်းရောက်အောင် လျှောက်"

"ဟုတ်ကဲ့ပါ အဖေ"

"အဲဒီတော့မှ ပညာစွမ်းအားတွေ နဲ့ယှဉ်တဲ့အတွေ့အကြုံတွေမင်းမြင်လာပါ လိမ့်မယ်။ တနင်္ဂနွေသားတိုင်း လက်ဖက် ရည်၊ နေ့တိုင်းသောက်လို့ ဘာမှမဖြစ် သလို ဗုဒ္ဓဟူးသားတိုင်း နေ့တိုင်း တိုရှေ့ စားလို့ဘာမှမဖြစ်ဘူး။တနင်္လာသားသမီး တိုင်း နေ့တိုင်း မုံ့ဟင်းစားလို့ဘာမှမဖြစ် ဘူး။ ဝိကတိကိုတော့ လက်တွေ့နဲ့ယှဉ် ပြီး လေ့လာပေါ့ သားရယ်"

"ဟုတ်ကဲ့ပါ အဖေ"

"စတီးမွက်ထဲမှ ကျန်သော သောက်ရေအား သောက်လိုက်ပြီးချိန် တွင် ကိုဇေအား အနီးဆင်ဝှေ့ပြန်ပညာ ပေးခန်းခေတ္တရပ်နားလိုက်ပါသည်။ များ လွန်းလျှင် ဟုံသွားမည်စိုး၍ဖြစ်၏။

အလွန်အကျင့်စရဏအားကောင်း သူဖြစ်၍ ကျွန်ုပ်၏မျက်စိရှေ့တွင် ထွက် သွားသူများကို သူပြန်ခေါ်လျှင် ခဏ လေးနှင့် ပြန်ရောက်လာတတ်ကြောင်း ကျွန်ုပ်သိထား၏။ သူသည် ဆပ္ပတ်ခတ် ကို အလွန်ဆင်၏။ ဆင်လိုက်လျှင်လည်း အောင်မြင်၏။ ပညာရပ်တစ်ခန်းကိုသင် ကြားပေးလိုက်ပြီဆိုလျှင် စွဲစွဲလမ်းလမ်း အာရုံစူးစိုက် မှတ်သားတတ်သူဖြစ်၍ ကျွန်ုပ် သူ့ကိုအလွန်သံယောဇဉ်ဖြစ်ရပါ သည်။ ထို့ကြောင့် အချိန်ရလျှင်ရသလို ပညာပေးလေ့ရှိ၏။

ယခု -

ဆောင်ရန်၊ ရှောင်ရန်များနှင့်ပြည့် နှက်နေသည့် အနီးဆင်ဝှေ့ပြန်ပညာခန်း မှသည် သူထံလာကြမည့် သူ့မိတ်ဆွေ များကို သူအကြံပြုရပေတော့မည်။

"မှတ်မိရဲ့လား၊ အဖေပြောတာ တွေ"

"မှတ်မိပါတယ် အဖေ"

"အေး - ပြီးရော"

"အဖေ၊ တချို့က တနင်္ဂနွေသားကို ဗုဒ္ဓဟူးနံအဆောင်ခိုင်းတာတွေလည်းရှိ တယ်နော်။ သားဆီကိုလာလာပြကြတဲ့ အရုပ်တွေတွေ့ဖူးတယ်။ အခု ဆင်ဝှေ့ ပြန်ပညာခန်းနဲ့ကျတော့ မှားနေပြီပေါ့ နော်"

"အင်း - မှားတယ်လို့သွားပြောလို့ မရဘူးသား။ အဖေခဏခဏသင်ပေးသ လိုပေါ့။ဂြိုဟ်တစ်ဂြိုဟ်ဟာ တစ်ယောက် ရဲ့ကောင်းကျိုးကိုပြုပေမယ့် တစ်ယောက် မှာသွားခိုက်တတ်တယ်။ ဟိုတခြားတစ် ယောက်ကျ မခိုက်ပြန်ဘူး။ ဒါကတော့ ပညာအမြင်နဲ့ကြည့်လိမ့်မယ်။ ဥပမာ မင်းကွတ်သီးချိုတယ်။စားကောင်းတယ်။ တို့တွေစားနေကြတာပဲ။ သကြားရော"

"ချိုတယ်"

"စားကောင်းတယ်မို့လား၊ တို့တွေ စားနေကြတာပဲလေ။ ဒါပေမယ့် မင်းကွတ် သီးနဲ့ သကြားတွဲစားမိရင်ဘာဖြစ်လာနိုင် လာတယ်ဆိုတာ တို့သိထားတယ်လေ။ တို့ဟာ တွဲမစားဘူးဘဲ သူတို့နှစ်ခုပေါင်း ခြင်းရဲ့အစွမ်းကိုသိထားတယ်လေ။မဟုတ် ဘူးလား၊ ဟုတ်လား"

"ဟုတ်တယ် အဖေ"

"အေး - ဒါဆို သားတွေးတော့"

အမိဌာန်များကိုအဆက်မပြတ်ဝင် လေ့ရှိသော ကိုဇေ၊ အဓိကရညောင်ပင် ကြီးများသို့သွား၍ ရုက္ခစိုးမှော်ကျင့်စဉ် ကြီးများကို တောက်လျှောက်ကျင့်နေ သော ကိုဇေ။

ယခုလိုပညာမေးပြီးပြီဆိုသည်နှင့် အလွန် ရှိသေတတ်၏။ အလွန်လည်း အလိုက်သိ၏။

အလွန်ကြိုးစားလွန်းသော သူ၏ စိတ်ဓာတ်အား သဘောကျလွန်း၍ တတ်ပါစေ၊ မြတ်ပါစေဟု ရင်ထဲမှ ဆုတောင်းမေတ္တာများပို့သနေလိုက်မိပါ တော့သတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)




www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မွန်ဝီဆင်သော်




လျှမ်းထက်

# မီးမြေအနှံ့ ခြေဆန့်၍ရှာဖွေသူ

ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ၂၀၀၅ ခုံ စက်တင်ဘာလ ၂၁ ရက်နေ့ ထုတ်ဝေသောဒိုင်ဝေါ(လ်)သတင်းစာကြီး၏မျက်နှာဖုံးတွင် စာလုံးမည်းကြီးများဖြင့် အောက်ဖော်ပြပါ ခေါင်းစဉ်အတိုင်း ဖော်ပြထားသောသတင်းတစ်ပုဒ်ကြောင့် သတင်းစာဖတ် ပရိသတ်များအတွင်း အထူးဂယက်ရိုက်ခတ်ခဲ့၏။

**မီးမြေအနှံ့ ခြေဆန့်ခဲ့သူ**
**နာဇီမနုဿမုဆိုးကြီး**
**ဆိုင်မွန်ဝီဆင်သော်**
**ကွယ်လွန်ခြင်း**

*ဗီယင်နာ၊ စက်တင်ဘာ ၂၀ ရက်*

ယမန်နေ့ နံနက်စောစောက ကမ္ဘာ့သတင်းမီဒီယာများက နာဇီမနုဿမုဆိုးကြီးဟု တညီတညွတ်တည်းကင်ပွန်းတပ်ခဲ့သော အသက် (၉၆) နှစ်အရွယ်ရှိ ဂျူးအမျိုးသား ဆိုင်မွန်ဝီဆင်သော်သည် သူနေထိုင်ရာ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ နေအိမ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားသည်ဟု သူတည်ထောင်ခဲ့သော ဝီဆင်သော်စင်တာမှတာဝန်ရှိသူများက သတင်းမီဒီယာများကိုပြောကြားခဲ့သည်။

ဆိုင်မွန်ဝီဆင့်သော်မှာ ဒုတိယကမ္ဘာစစ်ပြီးဆုံးသည်မှစ၍ နာဇီဝရမ်းပြေးတရားခံများအား မီးမြေအနှံ့ခြေဆန့်၍ရှာဖွေပြီး တရားဥပဒေအတိုင်း အရေးယူနိုင်ရန် မိမိအစီအစဉ်ဖြင့် တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သူ ဖြစ်၏။ ကွယ်လွန်သူ နာဇီမနုဿမုဆိုးကြီး ဆိုင်မွန်ဝီဆင်သော်၏ ရုပ်အလောင်းအား ဗီယင်နာမြို့တော် ဇဟိုသုသာန်တွင် ဝတ်ပြုဆုတောင်းခြင်း ပြုလုပ်ခဲ့ကြပြီး ထိုရုပ်အလောင်းအား အစ္စရေးနိုင်ငံ တယ်(လ်)အဗီသို့ သယ်ဆောင်၍ တယ်(လ်)အဗီမြို့တော်မှ (၁၀) မိုင်ခန့် ကွာဝေးသော ဟယ်ဇလီယာကျေးရွာသုသာန်တွင် မြေမြှုပ်သင်္ဂြိုဟ်မည်ဟု သတင်းရသည်။

နာဇီမနုဿမုဆိုးကြီး ဆိုင်မွန်ဝီဆင်သော်အား ၁၉၀၈ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ယူကရိန်းပြည်နယ် ဘူချပ်မြို့ကလေးတွင် ဂျူးလူမျိုး မိဘနှစ်ပါးမှ ဖွားမြင်ခဲ့သည်ဟု သိရ၏။

နာဇီမနုဿမုဆိုးဟု နာမည်ကျော်ကြား လူသိများခဲ့သော ဆိုင်မွန်ဝီဆင်သော်သည် နာဇီစစ်ရာဇဝတ်ဝရမ်းပြေးနောက် ခြေရာခံလိုက်ခဲ့ရပုံများမှာ နာမည်ကျော် စာရေးဆရာကြီးများ စိတ်ကူးဉာဏ်ကွန့်မြူး၍ ရေးသားခဲ့ကြသော လျှို့ဝှက်သည်းဖို့ဝတ္ထုကြီးများထက် ရင်သိမ့်တုန်စရာကောင်းသည်ဟု သိရ၏။ ဂျူးလူမျိုးခြောက်သန်းအား ရက်ရက်စက်စက် နည်းအမျိုးမျိုးဖြင့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် အဓိကတရားခံဖြစ်သူ အိုက်(ခ်)မန်အား ဖမ်းဆီးရ[...]ရေးတွင် လည်းကောင်း၊ နာဇီလူသတ်[...]သမား ကလော့(စ)ဘာဘီနှင့် အခြား[...] နာဇီထိပ်သီးတရားခံများဖမ်းဆီးရမိရေး[...]တွင် အစ္စရေးထောက်လှမ်းရေး မော့ဆက်[...]အား ကူညီသတင်းအတိအကျပေးနိုင်[...]သူဖြစ်သဖြင့် အစ္စရေးမော့ဆက်အဖွဲ့[...]အား နောက်ကွယ်မှ ကြိုးကိုင်သူဟူ၍[...]လည်း နိုင်ငံတကာမှ သတင်းမီဒီယာ[...]များက ဆိုခဲ့ကြပါကြောင်း။

ထိုသတင်းကိုပင် ပြင်သစ်နိုင်ငံ[...]လာမွန်ဒေးသတင်းစာ၊ အင်္ဂလန်နိုင်ငံ[...]ဒေလီးအိတ်(စ်)ပရက်(စ်)သတင်းစာနှင့်[...]အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေ[...]သော နယူးယောက်တိုင်း(မ်)သတင်း[...]စာတို့က ကျယ်ကျယ်ပြန့်ပြန့်ထုတ်ဝေခဲ့[...]၏။ ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ထုတ်ဝေ[...]သော ဒိုင်စပီဂျယ်မဂ္ဂဇင်းကလည်း[...] ဆိုင်မွန်ဝီဆင်သော်၏ အတ္ထုပ္ပတ္တိ[...] ဓာတ်ပုံသာဓက အထောက်အထား[...] ဝေဝေဆာဆာနှင့်ဖော်ပြခဲ့၏။ အမေရိ[...]ကန်ပြည်ထောင်စုမှ ထုတ်ဝေသော[...] နယူးဝါး(စ်)သတင်းမဂ္ဂဇင်းနှင့် တိုင်း(မ်)[...] သတင်းမဂ္ဂဇင်းများကလည်း ဆိုမွန်[...]ဆင်သော်အကြောင်းနှင့် သူ ၁၉[...] ခုနှစ်ကတည်းက တည်ထောင်သော[...] ဝီဆင်သော်စင်တာအကြောင်း ခရေ[...]တွင်းကျဖော်ပြပေးခဲ့သည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဂျူးလူမျိုး[...] အများကလည်း ဝီဆင်သော်အတွက်[...] ဝတ်ပြုဆုတောင်းပွဲများ၊ အောက်မေ့[...] ဖွယ်အခမ်းအနားများ ကျင်းပခဲ့ကြ[...] နိုင်ငံတကာမှ ရုပ်သံလွှင့်အစီအစဉ်များ[...] ကလည်း သူ့အတွက် အထူးအစီအစဉ်[...] များ တုတ်လွှင့်ပေးခဲ့ရာ ဆိုင်မွန်ဝီဆင်[...] သော်မှာ လူသေခဲ့ရသော်လည်း နာမည်[...] မသေသော ပုဂ္ဂိုလ်ကျော်တစ်ဦး ဖြစ်[...]၏။ ဤနေရာတွင် ဆိုင်မွန်ဝီဆင်သော်[...] နှင့် ဆက်နွှယ်နေသော သမိုင်းဖြစ်ရပ်[...] များကို အလျဉ်းသင့်သဖြင့် ဖော်ပြ[...] လိုအပ်လာပါသည်။

နာဇီပါတီသည် ၁၉၃၃ ခုနှစ်မှ[...] ဂျာမနီနိုင်ငံ၏ နိုင်ငံတော်အာဏာကို[...] လာသည်နှင့် တတိယဂျာမနီနိုင်ငံတော်[...] ကို တည်ထောင်ခဲ့၏။ (သမိုင်းအ[...] ပထမ ဂျာမနီနိုင်ငံတော်မှာ ရှာလမိန်[...] ဘုရင်ကြီးလက်ထက်ဟု သတ်မှတ်ခဲ့[...] ပြီး ဒုတိယဂျာမနီနိုင်ငံတော်မှာ ဝန်ကြီး[...] ချုပ် ဘစ်ဖတ်လက်ထက်ဟု [...] သည်။)

နာဇီထိပ်သီးခေါင်းဆောင်များ[...]



www.burmeseclassic.com

www.burmeseclassic.com



နာဇီစစ်တရားခံများ

သူတို့တည်ထောင်သော တတိယဂျာမနီနိုင်ငံတော်သည် နှစ်ပေါင်း (၁၀၀၀) ကျော် တည်တံ့ရမည်ဟု ကြေညာချက်ထုတ်ထားသည်။ (တတိယဂျာမနီနိုင်ငံသည် တစ်ဆယ့်နှစ်နှစ်ကြာမြင့်ခဲ့၏။) နာဇီပါတီနှင့် နာဇီဝါဒကို အတိုက်အခံပြုသူများအားလုံးအား ၊ ထိုစဉ်ကပင်တည်ဆောက်ထားသော အကျဉ်းစခန်းများသို့ပို့၍ အချို့အား ကွပ်မျက်ကာ အချို့အား လူသားမဆန်စွာ နှိပ်စက်ညှဉ်းပန်းခဲ့သည်ဟု မှတ်တမ်းများက ဖော်ပြခဲ့ပါသည်။ ထိုစဉ်ကာလကပင် ဂျာမနီနိုင်ငံတစ်နံတစ်လျား အကျဉ်းစခန်းများ ပေါ်ပေါက်လာခဲ့ပေလသည်။ ထိုအကျဉ်းစခန်းများသို့ အပြစ်မဲ့ပြည်သူတို့ သိန်းနီးပါးပို့ခဲ့သည်ဟု သိရှိရ၏။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသည်နှင့် ထိုကာလက နာဇီဒုတိယထိပ်သီးခေါင်းဆောင်ဟင်မလား၏အထူးတာဝန်မှာ ဂျာမနီနိုင်ငံနှင့် လက်အောက်ခံနိုင်ငံများမှ ဂျူးလူမျိုးများအားလုံးအား မျိုးတုံးစေရန် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများပြုရန် ဖြစ်၏။ နာဇီသြဇာခံ ဥရောပတိုက်နိုင်ငံအသီးသီးမှ ဂျူးလူမျိုးသန်းပေါင်းများစွာကို ဥပဒေအမျိုးမျိုးသားအမျိုးမျိုးဖြင့် ညှဉ်းပန်းခဲ့၏။

ဂျူးလူမျိုးများအား အစုလိုက်အပြုံလိုက် နည်းလမ်းအမျိုးမျိုးဖြင့် သုတ်သင်ရာတွင် ဂျာမနီပြည်သူများသိရှိခြင်းမရှိအောင် ဖုံးကွယ်ထားသည်သာမက ဤအနိဋ္ဌာရုံများကို ပြည်သူများ၏မျက်ကွယ်ရှိ အကျဉ်းစခန်းများတွင်သာပြုလုပ်ခဲ့၏။ ဂျူးလူမျိုးများပို့ဆောင်ထားသည့် အကျဉ်းစခန်းများအား ချွေးတပ်စခန်းများဟု ကင်ပွန်းတပ်ခဲ့သည်။

ထိုစခန်းများတွင် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဂျာမနီပြည်သူများမရိပ်မိစေရန်နှင့် နိုင်ငံတကာမှ သတင်းမီဒီယာများ သတင်းမရစေရန် သတင်းများအမှောင်ချထား၏။ ထိုစခန်းများ၌ ဂျူးလူမျိုးများအား အစုလိုက်အပြုံလိုက် ဓာတ်ငွေ့လွှတ်သတ်ဖြတ်ခြင်း၊ လူသားမဆန်သောရက်စက်သည့်နည်းများဖြင့် ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ ပုံးများ၊ ယုန်များကဲ့သို့ ဆေးပညာစမ်းသပ်မှု ပြုလုပ်ခြင်းစသော သမိုင်းတွင်သည့် ရက်စက်မှုများကို နာဇီအက်(စ်)အက်(စ်)တပ်သားများ၊ ဂက်စတာပိုများ၊အကျဉ်းစခန်းစောင့်များက ပြုလုပ်ခဲ့ကြပါသည်။

သမိုင်းသုတေသီများ၏မှတ်တမ်းများအရ နာဇီဂျာမန်ယမမင်းနှင့်လူသတ်သမားများသတ်ဖြတ်မှုသည် သမိုင်းတွင်ဟိုးဟိုးကျော်ခဲ့သော ဂျင်ဂျစ်ခန်တို့လက်ထက်က လူမျိုးတုံးသတ်ဖြတ်ခဲ့မှုများထက် အဆပေါင်းများစွာပိုသည်ဟု ဆိုသည်။ နာဇီခေတ်သစ်ငရဲခန်းများအနက် ပိုလန်နိုင်ငံရှိ အော့ဇဝစ်မြို့ငရဲခန်းမှာ ထူးထူးခြားခြား နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သောစခန်း ဖြစ်သည်။ နာဇီတို့လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော (၁၂) နှစ်တာကာလအတွင်း လူသားချင်း စာနာထောက်ထားခြင်းမရှိဘဲ ရက်ရက်စက်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့ရာတွင် စံချိန်တက်ခဲ့သည့်စခန်းဖြစ်၏။

ထို့အတူ ငရဲခန်းများအနက် သက်ဆိုးအရှည်ဆုံးစခန်းမှ မော်သော်ဆင်းငရဲခန်းဖြစ်ပြီး ထိုငရဲခန်းမှာ နာဇီပါတီ ဒုတိယထိပ်သီးခေါင်းဆောင်ဖြစ်သော ဟင်မလားကိုယ်တိုင်တည်ထောင်ခဲ့သည့် ခေတ်သစ်ငရဲခန်း ဖြစ်၏။ ထို့အတူ ယူကရိန်းပြည်နယ်ရှိ ဆိုဘီနာငရဲခန်းနှင့် အခြားငရဲခန်းများဖြစ်သော မေဒါနက်နှင့်ထရီဘလင်ကာငရဲခန်းများမှာလည်း နာမည်ဆိုးဖြင့် ကျော်ကြားခဲ့၏။ ထရီဘလင်ကာငရဲခန်းမှာမူ ဂျူးလူမျိုးကလေးငယ်များကို ရက်ရက်စက်စက်ညှဉ်းပန်းနှိပ်စက်သည့်နေရာတွင် စံတင်ခဲ့သောငရဲခန်းများ ဖြစ်၏။ ဒုတိယကမ္ဘာစစ်ပြီး ဖမ်းဆီးရမိသည့် နာဇီလျှို့ဝှက်မှတ်တမ်းများအရ ဂျူးလူမျိုး သန်းပေါင်း (၁၁)သန်းကျော်အား နာဇီတို့ကွပ်မျက်ခဲ့သည်ဟု သိရ၏။

ဂျူးလူမျိုးများ ပိုင်ဆိုင်သော ရွှေငွေရတနာပစ္စည်းများ၊ အနုပညာပစ္စည်းများအားလုံးကိုလည်း တရားဥပဒေမဲ့ဖမ်းဆီးခဲ့ကြသည်။ ထိုရတနာပစ္စည်းများအနက် အချို့သာလျှင် အက်(စ်)အက်(စ်)ဌာနချုပ်သို့ ပေးပို့ခဲ့၏။ ကျန်ပစ္စည်းများကိုမူ အက်(စ်)အက်(စ်)



www.burmeseclassic.com

www.burmeseclassic.com

အရာရှိများက ကိုယ်ပိုင်အဖြစ် သိမ်းယူခဲ့ကြသည်။ ၁၉၄၅ ခုနှစ်၊ ဧပြီလ၃၀ရက်နေ့တွင်မူ ဆိုဗီယက်တပ်နီတော် (ယခုရုရှား) ကြီးသည် ဘာလင်မြို့တော်တွင်း ဝင်ရောက်လာခဲ့သည်နှင့် နာဇီပါတီထိပ်သီးခေါင်းဆောင်ကြီး ဟစ်တလာနှင့်ဇနီး၊ ဟစ်တလာ၏လက်ရုံး ဒေါက်တာဂိုးဘဲ(လ်)မိသားစုနှင့် နာဇီခေါင်းဆောင်တို့သည် မိမိကိုယ်တိုင်မိမိ ဆိုင်ယာနိုက်အဆိပ်သောက်၍ သေဆုံးခဲ့ကြကာ နှစ်ပေါင်း (၁၀၀၀) တည်တံ့ရမည်ဟု တစ်ချိန်က ကြွေးကြော်ခဲ့သော နာဇီတတိယဂျာမနီနိုင်ငံတော်မှ တာဝန်ရှိသူများသည် မဟာမိတ်တို့ထံ ခြွင်းချက်မရှိ လက်နက်ချခဲ့ရ၏။

ဤတွင် စစ်ရှုံးသူ နာဇီစစ်တရားခံများသည် ကိုယ်ရောင်ကိုယ်ဝါပျောက်၍ တတိယဂျာမနီနိုင်ငံတော်မှ ထွက်ပြေးတိမ်းရှောင်သွားကြသည်။ ထိုစစ်တရားခံအများစုမှာ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ခေတ်သစ်ငရဲခန်းများတွင် နာဇီပါတီနှင့်ဝါဒကို ဆန့်ကျင်သောဥရောပတိုက်နိုင်ငံအသီးသီးမှနိုင်ငံရေးသမားများ၊ စာရေးဆရာများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မျိုးချစ်ပုဂ္ဂိုလ်များ၊ စစ်သုံ့ပန်းများ၊ ဂျူးလူမျိုးများနှင့် အပြစ်မဲ့ပြည်သူများအား တရားမဲ့ ညှဉ်းပန်းသတ်ဖြတ်ခဲ့သူများ ဖြစ်သည်။ သို့ဖြစ်၍ မဟာမိတ်တို့သည် နာဇီစစ်တရားခံများနောက် တကောက်ကောက်လိုက်၍ ဖမ်းဆီးကာ စစ်ရာဇဝတ်သားများအား နိုင်ငံကကာတရားဥပဒေနှင့်အညီ စစ်ဆေး၍ အရေးယူခဲ့၏။ မှတ်တမ်းများအရ ဂျာမနီနိုင်ငံ နူရင်ဘတ်မြို့ရှိ နိုင်ငံတကာ စစ်ခုံရုံးတော်က ပြစ်မှုကျူးလွန်သူ နာဇီစစ်တရားခံ (၁၂၈၂၆) ယောက်အား စွဲချက်တင် အပြစ်ပေးခဲ့၏။

စစ်ရာဇဝတ်ကျူးလွန်သူ နာဇီစစ်တရားခံများသည် နည်းလမ်းအမျိုးမျိုးဖြင့် ရုပ်ပြောင်းရုပ်လွှဲလုပ်၍ ပြည်တွင်း၊ ပြည်ပရှိ နာဇီဝါဒကို ထောက်ခံသောအဖွဲ့အစည်းများ အကူအညီနှင့် ထွက်ပြေး တိမ်းရှောင်သွားကြသည်။ အချို့စစ်ရာဇဝတ်သားများသည် အရှေ့ဂျာမနီ၊ အနောက်ဂျာမနီ (ထိုစဉ်က ဂျာမနီနိုင်ငံအား အရှေ့၊ အနောက်ခွဲခြားထားခဲ့၏။) နိုင်ငံအတွင်း နာမည်အမျိုးမျိုး၊ ရုပ်ပြောင်းရုပ်လွှဲအမျိုးမျိုးလုပ်၍ နေထိုင်ခဲ့ကြ၏။ ဂျာမနီနိုင်ငံအတွင်း မည်သည့်နည်းဖြင့်မျှ နေထိုင်နိုင်ခြင်းမရှိသော စစ်တရားခံများမှာမူ တောင်အမေရိကတိုက်နိုင်ငံအများတွင် ခိုလှုံနေထိုင်ခဲ့ကြ၏။ စစ်ပြီးကာလတွင် နာဇီခေတ်သစ်ငရဲခန်းများမှ ကံအားလျော်စွာ အသက်မသေလွတ်မြောက်လာသူများ၏ သက်သေခံချက်များ၊ ထုတ်ဖော်ပြောပြချက်များအရ နာဇီဂျာမန်တို့၏ရက်စက်မှုသရဖူဆောင်းခဲ့မှုအပေါင်းကို ကမ္ဘာ့ပြည်သူအများသိခွင့်ရခဲ့၏။

ထိုနာဇီစစ်ရာဇဝတ်သားဝရမ်းပြေးများနောက်သို့ မိမိအစီအစဉ်ဖြင့် တောလိုက်ခွေးများကဲ့သို့ အနံ့ခံလိုက်သော နာဇီမနုဿမုဆိုးကြီးဟု သတင်းမီဒီယာများက တညီတညွတ်တည်း ကင်ပွန်းတပ်ခံရသူမှာ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော သေရွာပြန် ဂျူးအမျိုးသားကြီး ဆိုင်မွန်ဝီဆင်သော် ဖြစ်ပါသည်။ သူ ဤကဲ့သို့ မိုးမြေအနှံ့သို့သွားကာ နာဇီလူသတ်သမား စစ်ရာဇဝတ်သားများအား တစိုက်မတ်မတ် အနံ့ခံလိုက်ခြင်းသည် သူတို့အား ကလဲ့စားချေလိုသော ဆန္ဒကြောင့်မဟုတ်ပါ။ သူ၏ ကြိုးစားအားထုတ်မှုမှာ နောက်ထပ်နာဇီစစ်ရာဇဝတ်သားများကဲ့သို့ ပြစ်မှုကျူးလွန်သူများ သမိုင်းတွင် မပေါ်ပေါက်ရေးနှင့် ရာဇဝတ်ဘေးဆိုသည်မှာ မည်သည့်နည်းနှင့်မျှပြေးမလွတ်ဟူသော ရှေးသူဟောင်းတို့အဆိုအမိန့်အား သက်သေပြရန် ဖြစ်သည်ဟု ဆိုသည်။ သူကိုယ်တိုင် နာဇီအကျဉ်းစခန်းတစ်ခုတွင် အကျဉ်းသားဖြစ်ခဲ့သူဖြစ်သည်သာမက သူ့ဇနီး၊ သူ့ဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများအား နာဇီအက်(စ်)အက်(စ်)ပါးကွက်သားတို့၏လူမဆန်သောနှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့မှုများကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသူ ဖြစ်သည်။

သို့ဖြစ်၍ နာဇီစစ်ရာဇဝတ်သားများနောက်သို့ အရိပ်ပမာ ကမ္ဘာအနှံ့ ခြေဆန့်၍လိုက်ခဲ့သူ ဖြစ်သည်။ သူသည် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် နာဇီစစ်ရာဇဝတ်မှုစုံစမ်းရုံးခန်းကို မိမိအစီအစဉ်ဖြင့် သူကဲ့သို့ သေရွာပြန်ဂျူးအမျိုးသားအချို့၏ အကူအညီနှင့်ဖွင့်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာဇီစစ်ရာဇဝတ်သားတို့ ကျူးလွန်ခဲ့သည့်ပြစ်မှုများ၊ ထိုသူတို့၏နောက်ကြောင်းသမိုင်းများ၊ သဲလွန်စများကို သက်သေသာဓကအထောက်အထား ခိုင်ခိုင်မာမာနှင့် မှတ်တမ်းတင်ခဲ့သည်။

ပထမတွင် ဆိုင်မွန်ဝီဆင်သော်အား လူသိနည်းခဲ့သည်။ သို့သော် တစ်စတစ်စဖြင့် သူ့အား နာဇီမနုဿမုဆိုးကြီးဟုကင်ပွန်းတပ်ခံရသည့်အထိ လူသိများလာခဲ့သည်။ သူ့မှတ်တမ်းဌာနသို့ ဥရော[ပ] နိုင်ငံအသီးသီးမှသတင်းများပေးပို့ခဲ့သာ[း] မက သူ့မှတ်တမ်းထိန်းဌာနအတွက် ငွေ[ကြေး] ကြေးထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်ဟု သိရ၏။ သူတည်ထောင်သောအဖွဲ့တွင် တာဝန်ထမ်းဆောင်သူ အချို့မှာလည်း သူကဲ့သို့ နာဇီငရဲခန်းများမှာ သေ[ဆုံးခြင်း] မရောက်သဖြင့် လွတ်မြောက်လာသူများ သာဖြစ်ရကား နာဇီဝရမ်းပြေးများ နောက်သို့ တောလိုက်ခွေးများပမာ အနံ့ခံ လိုက်ကြရာတွင် သက်စွန့်ဆံဖျား မနေ မနားလိုက်ခဲ့ကြ၏။ သူတို့အဖွဲ့အား စစ် နိုင်မဟာမိတ်အဖွဲ့ကလည်း အကူအညီ ပေးခြင်းမရှိခဲ့။

သူ့အဖွဲ့ဝင်များနှင့် သူ့မှတ်တမ်း ရုံးခန်းအား နာဇီဝရမ်းပြေးအဖွဲ့အား ထောက်ခံသူ၊ သံယောဇဉ်ရှိသူများ လျှို့ဝှက်စွာ ဖွဲ့စည်းတည်ထောင်ထား သော ပင့်ကူနက်အဖွဲ့၊ အိုဒက်ဆာအဖွဲ့ တို့မှ အဖွဲ့ဝင်များက ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်ခဲ့ကြသည်သာမက ဆိုင်မွန်ဝီဆင် သော်နှင့် ထိုအဖွဲ့မှ တက်ကြွသူအဖွဲ့ဝင် များ၏အသက်ကို လုပ်ကြံရန် စီစဉ်ခဲ့ကြ သည်ဟုသိရ၏။ ဤတွင် ဩစတြီးယား နိုင်ငံအစိုးရက သူ့ရုံးခန်းအား အစောင့် များ တင်းကြပ်စွာချထားခဲ့ရသည်ဟု သိရ၏။

သူ့အဖွဲ့အစည်းအား နိုင်ငံတကာ မှ ဂျူးလူမျိုး အဖွဲ့အစည်းများက ငွေ ကြေးထောက်ပံ့ခဲ့သည်သာမက အမေ[ရိ] ကန်ပြည်ထောင်စုရှိ ဂျူးအမျိုးသား သန်းကြွယ်သူဌေးကြီးများတို့ကလည်း ငွေကြေးထောက်ပံ့မှုများပြုခဲ့လေသည်။ သို့ဖြစ်၍ ဆိုင်မွန်ဝီဆင်သော်၏အဖွဲ့ သည် တဖြည်းဖြည်းတိုးတက်လာခဲ့သည် သာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ သတင်း မီဒီယာများ၏ ထောက်ခံအားပေးမှု[ရ] လာခဲ့၏။ ထိုစဉ်ကာလက မှတ်တမ်းများ အရ ၁၉၆၀ ပြည့်နှစ်ဆန်းအထိ ဆိုင်မွန် ဝီဆင်သော်၏ နာဇီဝရမ်းပြေးမှတ်တမ်း ထိန်းဌာနသည် နာဇီဝရမ်းပြေး(၂၂၅၀၀) တို့၏နောက်ကြောင်းသမိုင်းများ၊ လက်[ရှိ] ပုန်းခိုနေသော တိုင်းပြည်များတို့ကို မှတ်တမ်းတင်ထားနိုင်ခဲ့ပြီး နာမည်ကြီး နာဇီလူသတ်သမား (၁၀၀၀) တို့အား သက်ဆိုင်ရာ နိုင်ငံအသီးသီးရှိ စစ်ရာဇ ဝတ်ခုံရုံးများသို့ တရားဥပဒေအတိုင်း အရေးယူခံနိုင်ရန် စီစဉ်နိုင်ခဲ့၏။

အစ္စရေးနိုင်ငံ တည်ထောင်ထား နိုင်သောအခါ ဝီဆင်သော်သည် ရေဆုံးရေဖျား တကောက်ကောက်အနှံ့ လိုက်နေသောနာဇီဝရမ်းပြေးများသတင်း



www.burmeseclassic.com

www.burmeseclassic.com

အား အစ္စရေးအစိုးရ၏မော့ဆက်အဖွဲ့သို့တင်ပေးပို့နိုင်ခဲ့သည်။ ဆိုင်မွန်ဝီဆင်သော်သည် အထူးထင်ရှားသော နာဇီထိပ်သီးခေါင်းဆောင်များဖြစ်သည့် မာတင်ဘိုးမင်းနှင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နာမည်ဆိုးဖြင့် ကျော်ကြားသော လူသတ်သမား အိုက်ခမန်း၊ သေမင်းတမန်ရဲ့သားဆရာဝန် ဒေါက်တာ မင်ဂလေတို့၏ သတင်းသဲလွန်စရရှိရေးကိုမူ သူကိုယ်တိုင် မိုးမြေအနှံ့ခြေဆန့်၍လိုက်ခဲ့သည်။

၁၉၆၀ ပြည့်နှစ်နှောင်းပိုင်းတွင်မူ ဆိုင်မွန်ဝီဆင်သော်၏ သတင်းမှာ ဟိုးဟိုးကျော်လာရန် အခြေအနေပေးလာခဲ့သည်။ သူ၏ သတင်းပေးပို့ချက်အရ အစ္စရေးနိုင်ငံ၏မော့ဆက်အဖွဲ့သည် ဂျူးလူမျိုး(၆)သန်းအား လူမျိုးတုံးအစုလိုက်အပြုံလိုက်သတ်ဖြတ်ရာတွင် အဓိကတာဝန်ရှိသူ၊ နာဇီစစ်တရားခံဝရမ်းပြေး အိုက်(စ်)မန်အားဖမ်းဆီး၍ အစ္စရေးနိုင်ငံသို့ လျှို့ဝှက်စွာ ခေါ်ဆောင်လာပြီး အထူးခုံရုံးတင်ကာ တရားဥပဒေအတိုင်း အရေးယူနိုင်ခဲ့၏။

ဤတွင် ဆိုင်မွန်ဝီဆင်သော်အကြောင်းနှင့် သူတည်ထောင်ထားသော ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ နာဇီစစ်ရာဇဝတ်သားမှတ်တမ်းထိန်းဌာနအကြောင်းသည် နိုင်ငံတကာမှ ထုတ်ဝေသော သတင်းစာကြီးများ၏ မျက်နှာဖုံးတွင် နေရာယူထားခဲ့တော့သည်။ နိုင်ငံတကာမှ ထုတ်လွှင့်သော အသံလွှင့်အစီအစဉ်များတွင် သူ့အကြောင်းနှင့်သူတည်ထောင်ထားသော အဖွဲ့အကြောင်းထုတ်လွှင့်ခဲ့ကြသည်။ သတင်းမီဒီယာများကလည်း သူနှင့်တွေ့ဆုံဆွေးနွေးခန်းများကို ကျယ်ကျယ်ပြန့်ပြန့်ရေးသားခဲ့ကြသဖြင့် ဆိုင်မွန်ဝီဆင်သော်မှာ ဟိုးဟိုးကျော်ခဲ့ရသည်။

၁၉၆၇ ခုနှစ်တွင် ဆိုင်မွန်ဝီဆင်သော်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီငရဲခန်းများတွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များနှင့် နာဇီငရဲသားများအကြောင်း ပါဝင်သော သူကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သည့် The Murderers Among Us (လူ့အဖွဲ့အစည်းအတွင်းမှ လူသတ်သမားများ) ဟူသော စာအုပ်ရေးသား ထုတ်ဝေခဲ့ရာ သောက်သောက်လှိုင်ရောင်းချခဲ့ရသည်။ ထိုစာအုပ်ထုတ်ဝေခြင်းအတွက် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျူးလူမျိုးများအား မျိုးတုံးသုဉ်းပျောက်ကွယ်အောင် ရက်ရက်စက်စက်သတ်ဖြတ်ခဲ့ကြသော နာဇီဂျာမန်တို့၏လုပ်ရပ်အား ကမ္ဘာ့နိုင်ငံအသီးသီးမှမျိုးဆက်သစ်လူငယ်များ သိခွင့်ရသွားခဲ့ကြသည်။ နာဇီငရဲခန်းများမှ ကံအားလျော်စွာ အသက်မသေ လွတ်မြောက်လာခဲ့သူ ဂျူးလူမျိုးအများသည် အခါအားလျော်စွာ စုရုံးကြ၍ သူတို့ဒုတိယကမ္ဘာစစ်ကြီးအတွင်း အကျဉ်းကျခံရသော စခန်းများ၏ အတွေ့အကြုံများအား ဟောပြောခြင်းအောက်မေ့ဖွယ်အခမ်းအနားနေ့များ ကျင်းပခြင်း စသည်တို့ကို ပြုလုပ်ခဲ့ကြသည်။

နိုင်ငံတကာမှ စာရေးဆရာကြီးများကလည်း ဆိုင်မွန်ဝီဆင်သော်၏ ကိုယ်တွေ့အတ္ထုပ္ပတ္တိအား အခြေခံ၍ ဝတ္ထုများ၊ ရုပ်ရှင်များ ရိုက်ကူးတင်ဆက်ခဲ့ကြသဖြင့် နာဇီဝါဒဆိုးဆန့်ကျင်ရေး ဖက်ဆစ်စနစ်ဆိုးပပျောက်ရေးတို့အား ကမ္ဘာ့နိုင်ငံအသီးသီးမှလူအများစိတ်ဝင်စားကြ၏။ ဤသို့အတွင်း တောင်အမေရိကတိုက်နိုင်ငံများနှင့် ဥရောပတိုက်နိုင်ငံအသီးသီးတွင် နည်းလမ်းအမျိုးမျိုးအသုံးပြုကာ ကိုယ်ယောင်ဖျောက်နေကြသော နာဇီစစ်ရာဇဝတ်သားများအဖို့ အထူးတုန်လှုပ်ချောက်ချားကြရတော့၏။ ၁၉၇၇ ခုနှစ်တွင်မူ ဆိုင်မွန်ဝီဆင်သော်သည် ဝီဆင်သော်စင်တာကို စနစ်တကျတည်ထောင်ပြီး နာဇီစစ်ရာဇဝတ်သားများနောက်သို့ ဆက်လက်ခြေရာခံလိုက်ခဲ့သည်။

သူ စနစ်တကျ တည်ထားသော ဝီဆင်သော်စင်တာအား နိုင်ငံတကာမှ အစိုးရအဖွဲ့အစည်းများက အကူအညီများပေးခဲ့ကြ၏။ အလှူငွေများလည်း ပေးခဲ့ကြသဖြင့် ဝီဆင်သော်စင်တာမှ သုတေသီများအဖို့ နာဇီဝရမ်းပြေးတို့နောက် စနစ်တကျ ခြေရာခံ၍လိုက်နိုင်ခဲ့ကြ၏။ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ဝီဆင်သော်စင်တာအား တည်ထောင်ခဲ့သူနှင့်နာဇီမနုဿမုဆိုးကြီးဟူ၍ လည်းကောင်း၊ အစ္စရေးမော့ဆက်အဖွဲ့၏နောက်ကွယ်မှပုဂ္ဂိုလ်ကြီးဟူ၍ လည်းကောင်း နာမည်အမျိုးမျိုးဖြင့် ကင်ပွန်းတပ်ခံရသော ဆိုင်မွန်ဝီဆင်သော်သည် ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ သူ၏နေအိမ်တွင် လူကြီးရောဂါဝေဒနာဖြင့် အသက် (၉၆) နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့လေသည်။ သူကွယ်လွန်သွားသော်လည်း သူတည်ထောင်ခဲ့သော ဝီဆင်သော်စင်တာအား မျိုးဆက်သစ်တာဝန်ရှိသူများက ကျန်ရစ်ခဲ့သည့်မှတ်တမ်းများကို ဆက်လက်ထိန်းသိမ်း၍ နာဇီမနုဿသားကောင်များကို ရှာဖွေဖမ်းဆီးခဲ့သည်ဟုသိရ၏။ သာဓကအားဖြင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီတို့တည်ထောင်ခဲ့သော ပိုလန်နိုင်ငံ ဘဲ(လ်)ဇက်လောကငရဲစခန်း၌ အစောင့်တာဝန်ယူခဲ့ရသော နာဇီအက်(စ်)အက်(စ်)တပ်သားဟောင်း ဆင်မြူရယ်ကွန့်(ဇ်)ဆိုသူအား ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဂျာမနီနိုင်ငံ မြူနစ်မြို့တွင် ဖမ်းဆီးရမိခဲ့၏။ ထိုအချိန်တွင် ဆင်မြူရယ်ကွန့်(ဇ်)မှာ အသက် (၈၉) နှစ်အရွယ်ရှိနေပြီး ဖြစ်သည်။

သူသည် ဘဲ(လ်)ဇက်အကျဉ်းစခန်းတွင် အစောင့်အဖြစ်အမှုထမ်းခဲ့စဉ်က ဂျူးလူမျိုးအကျဉ်းသား လေးသိန်းသုံးသောင်းအား သတ်ဖြတ်ခဲ့ရာတွင် ပါဝင်ခဲ့သူတစ်ဦး ဖြစ်သည်။ သူသည် ဂျူးအမျိုးသား (၁၀) ဦးအား အကျဉ်းသားအများရှေ့တွင် အကြောင်းမဲ့ရက်ရက်စက်စက်သတ်ဖြတ်ခဲ့သူတစ်ဦး ဖြစ်၏။

ထိုပြစ်မှုများအရ ဝီဆင်သော်စင်တာ၏ တတိယမြောက် အလိုရှိဆုံး နာဇီရာဇဝတ်သားတစ်ဦးဖြစ်၏။ ဆယ်မြူရယ်ကွန့်(ဇ်)သည် ရုပ်ပြောင်းရုပ်လွှဲလုပ်၍ ကိုယ်ယောင်ဖျောက်ခဲ့သူ ဖြစ်သည်။ သူ့နောက်သို့ နာဇီမုဆိုးကြီး ဝီဆင်သော်က ခြေရာထပ်မျှ ပိုက်စိပ်တိုက်လိုက်ခဲ့သော် ဖမ်းဆီးမရရှိခဲ့။ ဆယ်မြူရယ်ကွန့်(ဇ်)သည် ပထမဂျာမနီနိုင်ငံ ဘွန်မြို့တွင် အလျှဉ်းသင့်သလို နေထိုင်ခဲ့၏။

သူ့အား ၁၉၇၅ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်ကာလများက သက်ဆိုင်ရာမှ ခေါ်ယူစစ်ဆေးခဲ့ဖူးသည်ဟု သိရ၏။ သူ့အား ယခုထပ်မံ၍ ခေါ်ယူစစ်ဆေးပြီး အရေးယူရန် စီစဉ်ဆောင်ရွက်နေစဉ် လူကြီးရောဂါဝေဒနာဖြင့် ကွယ်လွန်သွားခဲ့ခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ဆိုင်မွန်ဝီဆင်သော်၏ နာဇီဝရမ်းပြေးစာရင်းတွင် တတိယနေရာယူထားသူတစ်ဦးအား ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ရာ ဆိုင်မွန်ဝီဆင်သော် ယုံကြည်ခဲ့သော ရာဇဝတ်ဘေးပြေးမလွတ်နိုင် ဆိုသော အဆိုမှာ တိတိကျကျ မှန်ကန်သည်ဟု ဆိုကြပါကြောင်း။

လျှမ်းထက်

**ကျမ်းကိုး -**
၁။ Hunting Evil.
By - G.Waiten.
၂။ Simon Wiesenthal
By - H.Pick.
၃။ အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com



# မင်းချမ်းမြ

## ရာသီပေါ်သီးနှံ မင်းကွတ်သီး၏ ဆေးဖက်ဝင်လျှို့ဝှက်ချက်များ

မိုးဦးရာသီ ဇွန်၊ ဇူလိုင်လများတွင် ဒူးရင်းသီးနှင့် မင်းကွတ်သီးတို့မှာ ရာသီပေါ် ချိန်သီးနှံများဖြစ်၍ သစ်သီးဈေးတန်းတွင် ဝေဆာစွာနှင့် နေရာယူပြီး စားသုံးသူအကြိုက်တွေ့စေသည့်သစ်သီးများ ဖြစ်ပေသည်။

ဒူးရင်းသီး၏အနံ့ကို မနှစ်သက်သူ အချို့ရှိကြသော်လည်း မင်းကွတ်သီးမှာ လူတိုင်းနီးပါး ကြိုက်နှစ်သက်စွာ စားသုံးသည့်သစ်သီးမျိုး ဖြစ်ပါသည်။

မင်းကွတ်သီး၏ ပင်ရင်းဒေသမှာ အရှေ့တောင်အာရှဒေသပေါက်ပင်ဖြစ်ပြီး ရုက္ခဗေဒအမည်ကတော့ Gracinia ဖြစ်၍ အင်္ဂလိပ်အမည်က Mangosteen ဟု ခေါ်ပါသည်။ ထိုင်း၊ မလေးရှား၊ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ဘရာဇီးနိုင်ငံတွေမှာ စီးပွားဖြစ် အကြီးအကျယ်စိုက်ပျိုးကြပြီး မြန်မာနိုင်ငံမှာတော့ အဓိက မွန်ပြည်နယ်နှင့် တနင်္သာရီဒေသတွင် စိုက်ပျိုးကြပြီး အချို့ဒေသအနည်းငယ်မှာလည်း အနည်းငယ်စိုက်ပျိုးမှုကို တွေ့ရပါသည်။

မင်းကွတ်ပင်သည် စတင်စိုက်ပျိုးချိန်မှ သီးကင်းစအချိန်အထိ ဆယ်နှစ်ပတ်ဝန်းကျင်ခန့်ကြာတတ်သည့်အပူပိုင်းဒေသမှ နှစ်ရှည်သီးပင်မျိုး ဖြစ်ပါသည်။ အပင်သက်တမ်းရင့်လေ အသီးသီးလေဖြစ်သည်။

မင်းကွတ်သီး၏ အေးမြ၍ ချိုမြိန်သည့်အရသာကြောင့်လူကြိုက်များသည့် သစ်သီးစာရင်းဝင် ဖြစ်ပါသည်။ သူနှင့်တစ်ပြိုင်တည်း ရာသီပေါ်ညီအစ်ကိုသီးနှံဖြစ်သည့် ဒူးရင်းသီးနှင့်အတွဲညီသော ဆေးဖက်ဝင်သည့်အသီး ဖြစ်ပေသည်။

ဒူးရင်းသီးစားပြီးလျှင် ဒူးရင်းသီး၏ အပူကန်အခိုးပွင့်ခြင်း (Side effect) ၏ဒဏ်ကို အေးမြချိုမြိန်ပြီး အပူကိုငြိမ်းစေကာ ဆီးကိုရှင်စေသည့် မင်းကွတ်သီးက ဖြေပေးခြင်းကြောင့် ဒူးရင်းသီးဘယ်လောက်စားစား မင်းကွတ်သီး (၄)၊ (၅) လုံးလောက်အဝစားဖြစ်လိုက်လျှင် လူကို အန္တရာယ်မဖြစ်တော့ပေ။

ဒါက မင်းကွတ်သီးအသား၏ ဆေးဖက်ဝင်သော နံပါတ် (၁) သတ္တိတစ်ခုပါ။နောက်တစ်ဖန် မင်းကွတ်သီး၏ အခွံတွင် ကျန်းမာရေးအတွက် လွန်စွာအကျိုးပြု ဆေးဖက်ဝင်သော သတ္တိထူးများကလည်း ပေါကြွယ်ဝစွာဖြင့် အခွံတွင် ပါဝင်ဖွဲ့စည်းထားပါသည်။

ရှေးယခင်ကတည်းက မင်းကွတ်သီးအခွံကို ကျေးလက်ဒေသများမှာ ရိုးရာဆေးနည်းများတွင် တွင်ကျယ်စွာအသုံးပြုခဲ့ကြသည်ကို တွေ့ရပါသည်။

မင်းကွတ်သီးထဲမှ အဓိကအကျိုးပြုဓာတ်သည် ဇန်သုံး (Xanthones) ဟု ခေါ်သည့် ဒြပ်ပေါင်းတစ်မျိုးပင် ဖြစ်ပါသည်။

သဘာဝဇန်သုံးဒြပ်ပေါင်းအမျိုး (၂၀၀) ကျော်ရှိသည့်အနက် မင်းကွတ်သီးအခွံတစ်မျိုးတည်းမှာကို သဘာဝဇန်သုံးဒြပ်ပေါင်း (၃၇) မျိုး ပါဝင်ဖွဲ့စည်းထားသည်ကို သုတေသနပြုလုပ်တွေ့ရှိထားပေသည်။

မင်းကွတ်သီးမှာ ပါဝင်နေသော ဇန်သုံးသည် အင်အားအကောင်းဆုံး အင်တီအောက်စီးဒင့်ဓာတ်ဖြစ်ပါသည်။

ထို့အပြင် အခြားပါဝင်နေသော ဒြပ်ပေါင်းများမှာ အင်တီအောက်စီးဒင့်ဓာတ်အားကောင်းသည့် ကက်တီချင်ဓာတ်လည်း များစွာပါဝင်နေသည့်အပြင် ပေါ်လီဖီနော်လ်နှင့် ပေါ်လီဆက်ကရိုက်များ ပါဝင်နေခြင်းကြောင့် ရောဂါပိုးမွှားမျိုးစုံနှင့် မှိုစွဲကပ်ခြင်းရောဂါများကို အင်အားတောင့်တင်းစွာဖြင့် ခုခံတိုက်ဖျက်ပေးပြီး အကျိုးပြုစေပါသည်။

သတ္တုဓာတ်များဖြစ်သော ပိုတက်စီယမ်၊ ဖော့(စ်)ဖရပ်(စ်) (မီးစုန်းဓာတ်)၊ ကယ်လစီယမ်၊ သံဓာတ်၊ Vitamin B, $B_2$, $B_6$, Vit-C ဓာတ်တွေလည်း ပါဝင်



www.burmeseclassic.com

www.burmeseclassic.com

ဖွဲ့စည်းထားလေသည်။

ထို့ကြောင့် တခြားအသီးအနှံများထက် မင်းကွတ်သီးသည် လူ့ကျန်းမာရေးကို အထူးကျေးဇူးပြု၍ အထောက်အကူပေးနိုင်ခြင်း ဖြစ်ပါသည်။

မင်းကွတ်သီးတွင် သဘာဝတရားကြီးမှ ဖန်တီးလက်ဆောင်ပေးထားသော ဆေးဖက်ဝင်အစွမ်းထက်သည့်ဒြပ်ပေါင်းများ၏စွမ်းအင်ကြောင့် လူတို့၏အသက်ရှည်ကျန်းမာစေရေးအတွက် ကာကွယ်တားဆီးတိုက်ဖျက်ပေးနိုင်သောရောဂါများမှာ -

၁။ ပင်ပန်းနွမ်းနယ်မှုကို ခုခံကာကွယ်ပေးစေခြင်း။
၂။ အဖုအကျိတ်ကို ခုခံတိုက်ခိုက်နိုင်ပြီး ကင်ဆာရောဂါကို ကြိုတင်၍ ကာကွယ်ပေးနိုင်ခြင်း။
၃။ အိုမင်းမှုကိုနှေးကွေးစေခြင်း။
၄။ ဓာတ်တိုးမှုကို တိုက်ဖျက်ပေးနိုင်ခြင်း။
၅။ သွေးတိုးနှုန်းကိုကျစေ၍ သွေးတိုးရောဂါကို ကာကွယ်ပေးနိုင်ခြင်း။
၆။ သွေးတွင်းသကြားဓာတ်ကိုလျော့ချစေနိုင်ခြင်း။
၇။ ရောဂါစနစ်ကို လှုံ့ဆော်၍ကောင်းမွန်သော ခုခံအားကိုဖြစ်စေခြင်း။
၈။ သွေးထဲရှိ ကိုလက်စထရောကို လျော့ချစေနိုင်ခြင်း။
၉။ အဝလွန်မှုကို ကာကွယ်ပေး၍ ကိုယ်အလေးချိန်လျော့ချနိုင်ခြင်း။
၁၀။ သွေးလွှတ်ကြောတွင်း ချိုးမကပ်အောင် ကာကွယ်၍ သွေးလွှတ်ကြောမာကျစ်ရောဂါ (Arterio-sclerosis) ကို ကာကွယ်နိုင်ခြင်း။
၁၁။ နှလုံးကိုကာကွယ်မှုပေးခြင်း။
၁၂။ ဗိုင်းရပ်ကို ခုခံကာကွယ်၍ ပိုးမွှားများကူးစက်မှုကို ကြိုတင်ကာကွယ်ထိန်းချုပ်ပေးနိုင်ခြင်း။
၁၃။ ပိုးမွှားများကို ခုခံကာကွယ်၍ ပိုးမွှားများ ကူးစက်မှုကို ကြိုတင်ကာကွယ်ထိန်းချုပ်ပေးနိုင်ခြင်း။
၁၄။ ဖန်းဂပ်(စ်)မှိုမျိုးကို ခုခံကာကွယ်၍ ဖန်းဂပ်(စ်)မှိုကူးစပ်မှုကို ကြိုတင်ခုခံကာကွယ်ပေးနိုင်ခြင်း။
၁၅။ စိတ်ကျရောဂါကို ခုခံတိုက်ဖျက်စေနိုင်ခြင်း။
၁၆။ စိုးရိမ်ကြောင့်ကြမှုကို ခုခံတိုက်ဖျက်စေနိုင်ခြင်း။
၁၇။ အယ်ဇိုင်းမားရောဂါကို ခုခံကာကွယ်ပေးနိုင်ခြင်း။
၁၈။ အရိုးဆစ်ရောင်ရမ်းခြင်းကို ခုခံကာကွယ်၍ ကြိုတင်ကာကွယ်ပေးနိုင်ခြင်း။
၁၉။ အရိုးများပွဆတ်ရောဂါ (Osteop-rasis) ကိုကာကွယ်ပေးနိုင်ခြင်း။
၂၀။ ဓာတ်မတည့်မှု (Allergy) ကို ခုခံကာကွယ်နိုင်ခြင်း။
၂၁။ ကျောက်ကပ်ကျောက်တည်နိုင်မှုကို ကြိုတင်ကာကွယ်ပေးနိုင်ခြင်း။
၂၂။ ကိုယ်ပူကိုကျစေနိုင်ခြင်း။
၂၃။ ပါကင်ဆန်ရောဂါကို ခုခံတိုက်ခိုက်နိုင်ခြင်း။
၂၄။ ဝမ်းလျှောခြင်းကို ခုခံတိုက်ခိုက်နိုင်ခြင်း။
၂၅။ အာရုံကြောနာကျင်ကိုက်ခဲမှုကို သက်သာလျော့နည်းစေနိုင်ခြင်း။
၂၆။ ရေတိမ် (Glaucoma) ကို ခုခံကာကွယ်နိုင်ခြင်း။
၂၇။ အတွင်းတိမ် (Cataract) ကိုကြိုတင်ကာကွယ်နိုင်ခြင်း။

အထက်ဖော်ပြပါတို့မှာ မင်းကွတ်သီးတစ်မျိုးတည်းမှ စွမ်းဆောင်ပေးနိုင်သည့် ဆေးဖက်ဝင် အစွမ်းသတ္တိများဖြစ်ပါသည်။

မင်းကွတ်သီးကို လူတို့၏ကျန်းမာရေးအတွက် အသုံးပြုပုံနှင့် ဆောင်ရန်၊ ရှောင်ရန်များကို တင်ပြပေးပါဦးမည်။

၁။ ဆေးအနေဖြင့် အသုံးပြုမည်ဆိုလျှင် မင်းကွတ်သီးအခွံကို အသုံးပြုခြင်းဖြင့် ပြည့်စုံလုံလောက်သော ဆေးဖက်ဝင်အစွမ်းသတ္တိများကို ရရှိစေပါသည်။

အထူးသတိပြုရန်အချက်မှာ -

မင်းကွတ်သီးထဲတွင်ပါဝင်နေသည့် ဇန်သုံးဓာတ်ကို မည်သို့ပင်အပူပေးပေး ပျက်စီးသွားခြင်းမရှိသည့်အတွက်ကြောင့် မင်းကွတ်သီးအခွံကို လိုအပ်သည့်အချိန်တွင် အချိန်မရွေး အသုံးပြုနိုင်စေရန် မင်းကွတ်ခွံကို အသီးပေါ်ချိန်တွင် အခြောက်လှန်း၍သေချာစွာသိမ်းဆည်းထားနိုင်ပါသည်။

ကျန်းမာရေးအတွက် အသုံးပြုမည်ဆိုလျှင် ၎င်းမင်းကွတ်ခွံကို အစို (သို့) အခြောက်ခံထားသည်ဖြစ်စေ (၂) မျိုးစလုံးကို လွယ်သလိုပြုတ်၍ ၎င်းပြုတ်ရည်ကို ဆေးရည်အဖြစ် သောက်သုံးရန်ဖြစ်ပါသည်။

၂။ ဆေးပြုတ်ရည်သောက်သုံးသင့်သည့်ပမာဏမှာ -

တစ်ကြိမ်သောက်လျှင် ဆေးပြုတ်ရည် (၂) ကျပ်သားခန့် (သို့) လက်ဖက်ရည်ကြမ်းပန်းကန်တစ်ဝက်ခန့် တစ်နေ့ (၃) ကြိမ် သောက်သုံးနိုင်ပါသည်။ အကယ်၍ ဆေးပမာဏများသွားလျှင်လည်း အန္တရာယ်မရှိပါ။ ရောဂါရင့်သောလူဆိုလျှင် လက်ဖက်ရည်ကြမ်းပန်းကန် (၁) လုံး တစ်နေ့ (၃) ကြိမ် ထမင်းမစားမီ နာရီဝက်ခန့်ခွာ၍ သောက်သုံးပေးနိုင်ပါသည်။

(၃) ဆေးပြုတ်ရည်ကိုသုံးစွဲလျှင် သတိပြုရန်အချက်မှာ -

(က) ကျောက်ကပ်ရောဂါအခံရှိသူ များသတိပြုရန် ဆေးရည်ပမာဏအနည်းငယ်ဖြင့် စမ်းသပ်ပြီးစ၍သောက်ပါ။ ရောဂါအခြေအနေ ပိုဆိုး၍တိုးလာလျှင် ဆေးကိုဆက်မသောက်ဘဲရပ်ပါ။

(ခ) မင်းကွတ်သီးခွံတွင် ကျန်းမာရေးအတွက် အကျိုးပြုဓာတ်များ များစွာပါဝင်နေသော်လည်း တယ်နင်ဟုခေါ်သော ချုပ်စေတတ်သည့် ဓာတ်တစ်မျိုးလည်း ပါဝင်နေသဖြင့် ၎င်းဓာတ်၏ သတ္တိမှာ သုံးစွဲမှုပမာဏများခဲ့လျှင် (သို့) အချိန် ကြာမြင့်စွာသုံးစွဲခဲ့လျှင် Side effet သဘောမျိုးရှိတတ်ပြီး ဝမ်း၊ လေနှင့် အမျိုးသမီးတို့၏လစဉ်ဓမ္မတာသွေးသားကိုချုပ်စေသည့်သဘောရှိတတ်ပါသည်။

ထို့ကြောင့် မင်းကွတ်သီးဆေးပြုတ်ရည်ကိုသောက်၍ ဝမ်းဗိုက်တွင် လေပွခြင်း၊ မအီမသာဖြစ်ခြင်း၊ ဝမ်းသွားရအားမရခြင်းတို့ဖြစ်ခဲ့သော် ဆေးသောက်ခြင်းကို ပြန်လည်၍ ချိန်ဆရန်လိုအပ်ပါသည်။

အခြားသင့်တော်မည့်ဆေးမျိုးတို့နှင့်တွဲစပ်၍ သောက်သုံးပေးရန် လိုအပ်ပါသည်။ ဤအနေအထားမျိုးတွင် နားလည်တတ်ကျွမ်းသည့် ဆေးပညာရှင်နှင့် တိုင်ပင်ဆွေးနွေးရမည့် အနေအထားဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရသော်- မည်မျှဆေးဖက်ဝင်၍အစွမ်းထက်သည့်သဘာဝဆေးပင် ဆေးပစ္စည်းဖြစ်ပါသော်လည်း ဆေးပညာရပ်၏သဘောသဘာဝအတိုင်း တန်ဆေး၊ လွန်ဆေးဟုဆိုအပ်သော ဆေးလောက၊ သဘာဝ၊ ဥပဒေသကို လိုက်နာကျင့်သုံးရန် အထူးသတိပေးချင်ပါသည်။

အရမ်းမဲ့ တရားလွန် ဘယ်အရာမှ မကျင့်သုံးကြပါနှင့်ဟု မေတ္တာပြုပန်ကြားလျက် ဤဆောင်းပါးကို အများပြည်သူအကျိုးရှိစေရန် တင်ပြလိုက်ပါသည်။

မင်းချမ်းမြေ့(ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com



# ညွန့်ဇေယျာ

## အရှုံးက တစ်မူးသာ

လေပြင်းတစ်ချက်တိုက်ခတ်လိုက်သဖြင့် တရုတ်စံကားရွက်တို့ လေနှင့်အတူ လွင့်မျောလိုက်ပါသွားပြီး ချောက်ကမ်းပါးသို့သက်ဆင်းသွားကြလေသည်။

တရုတ်စံကားပင်အောက်ရှိခုံတန်းတစ်ခုတွင် ကိုဘဟိန်းသည် သူ၏လက်ပေါ်တွင်ရှိသောတစ်စုံတစ်ရာကို အသေအချာကြည့်နေ၏။ ထို့နောက် သူ၏ရှေ့တွင် အသင့်ချထားသော ရေနွေးကြမ်းပန်းကန်လုံးထဲသို့ထည့်လိုက်လေသည်။ ပြီးနောက် မည်းညစ်ညစ်မြေကရားအိုးမှ ရေနွေးကြမ်းကို ပန်းကန်လုံးပြည့်မတတ်ဖြည့်လိုက်လေသည်။

ရေနွေးပန်းကန်အလယ်တွင်တော့ အရောင်တဝင်းဝင်းနှင့် ရွှေးကြီးခန့် မာတ်လုံးတစ်လုံး။ မကြာမီအချိန်အတွင်း ရေနွေးကြမ်းများကို ကွပ်ခနဲကွပ်ခနဲ သောက်လိုက်လေတော့သည်။

နေရာကား စစ်ကိုင်းတောင်ရိုးရှိ 'ရခိုင်ပြည်ချောင်'။ 'ချောင်' ဟူသည်မှာ ဘုန်းတော်ကြီးများ သီတင်းသုံးရာ ဘုန်းကြီးကျောင်းကို 'ချောင်' ဟု သုံးစွဲခြင်း ဖြစ်၏။

စစ်ကိုင်းတောင်တွင် ချောင်ပေါင်းများစွာရှိရာ အမည်နာမအမျိုးမျိုးရှိလေသည်။ ဧရာဝတီမြစ်ကမ်းမှ မျှော်ကြည့်လိုက်လျှင် စိမ်းညိုညိုတောင်တန်းကြီးတွင် ထုံးဖြူဖြူစေတီများဖြင့်ပြည့်နှက်နေလေသည်။ ခပ်ဝေးဝေးမှကြည့်လိုက်လျှင် ဖျိုင်းငှက်တို့နားခိုနေသယောင်ထင်ရ၏။ ထို့ကြောင့် စာဆိုတို့က 'စစ်ကိုင်းတောင် ဖျိုင်းတောင်နှင့်တူ' ဟူ၍ စာဖွဲ့လေ့ရှိသည်။

၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး စစ်မီးတောက်လောင်နေချိန်ဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ စစ်ပြေးဒုက္ခသည်တို့ စစ်ကိုင်းတောင်တွင် စုဝေးရောက်ရှိနေကြလေသည်။


ဘုန်းတော်ကြီးကျောင်း (ချောင်) အသီးသီးတွင် မိသားစုသုံး၊ လေးစုထက်မနည်း မှီခိုနေကြရလေသည်။ မတူညီသောမိသားစုများ တစ်နေရာတည်းတွင် စုပေါင်းနေကြရစေကာမူ တစ်ဦးကို တစ်ဦးကူညီရိုင်းပင်းကြပြီး ဒုက္ခသည် အချင်းချင်း ကိုယ်ချင်းစာ နားလည်မှုရှိကြလေသည်။

ကိုဘဟိန်းသည် အလုပ်မည်မည်ရရမလုပ်ချေ။ ဆံပင်ညှပ်သည့်အလုပ်မှရသည့်ငွေစအနည်းအကျဉ်းနှင့်တင်းတိမ်ရောင့်ရဲနေတတ်ပြီး အမြဲလုပ်ဆောင်လေ့ရှိသောအရာမှာ ဖိုထိုးခြင်းအလုပ် ဖြစ်သည်။

အများသူငါလို ရွှေဖြစ်ငွေဖြစ်ထိုးသည်မဟုတ်။ သိဒ္ဓိပေါက်အစွမ်းထက်မြက်သော မာတ်လုံးများကိုသာထိုးလေ့ရှိသည်။

အချို့သောမာတ်လုံးများမှာ မြွေဆိပ်၊ ကင်းဆိပ် အဆိပ်ဟူသမျှ မြ... မကျန်အောင် ကုသနိုင်စွမ်းရှိသည်... ပြောလေ့ရှိသည်။ ထိုမျှမကသေး၊ ကျည်လွဲမာတ်လုံး၊ မီးမကူးမာတ်လုံးများလည်း ရှိသေး၏။ ကျည်လွဲဆိုသည်မှာ သေနတ်ဖြင့်ဖြစ်စေ၊ အခြားကျည်ထည့်ပစ်ရသော လက်နက်တို့ဖြင့်ပစ်ခတ်ပါက ကျည်ဆံ... မှာလွဲသွားရသည်။ မီးမကူးမာတ်လုံး... သေနတ်အမျိုးမျိုးသည် ယမ်းအားကို...

www.burmeseclassic.com



ရသည်။ ယမ်းအားပေါက်ကွဲနိုင်ရန် မီးကိုဖြစ်စေရသည်။ မီးမကူးဆိုသည်မှာ ကျည်ဆန်မထွက်၊ ယမ်းမီးမကူးခြင်းဖြစ်၏။ ကာယသိဒ္ဓိဓာတ်လုံးကား ဓားပြီး၊ တုတ်ပြီးဟုဆိုလေသည်။

ထို့ကြောင့် သူကိုယ်တိုင် ရေနွေးသောက်တိုင်း ထိုဓာတ်လုံးကိုစိမ်၍ သောက်လေသည်။

လူစည်စည်နေရာမျိုးတွင် သူ့ဓာတ်လုံးအကြောင်း ချီးမွမ်းခန်းဖွင့်ရသည်မှာ အမောပင်။

ထို့ကြောင့် လူတော်တော်များများက သူ့အား အဂ္ဂိရတ်အရူးဟု ကွယ်ရာတွင်ခေါ်ကြလေသည်။ သူကိုယ်သူ သိဒ္ဓိပေါက်သည့်အလား ပြောပါများလာသဖြင့်လည်း သူ့ကို မှော်ရူးဟု အမည်သမုတ်ကြပြန်သည်။

မည်သူက မည်သို့ခေါ်ခေါ် ဂျပန်ခေတ်တစ်လျှောက် ခေါင်းညှပ်ခရသမျှ မီးသွေးဝယ်၊ ဖိုထိုး၊ အမျိုးမျိုးသောဓာတ်လုံးတို့ သူ့ထံမှာရှိနေသည်။ စစ်အတွင်း

www.burmeseclassic.com

www.burmeseclassic.com

ကာလဖြစ်၍ ညအချိန်မီးရောင်မမြင်နိုင်စေရန် အလင်းရောင်ကို တက်အားသရွေ့ အုပ်အုပ်ဆိုင်းဆိုင်းလုပ်ကြရသည်။

ထိုအချိန်တွင် ဖားဖိုမှမီးတရဲရဲဖြင့် တရှူးရှူးဖိုထိုးနေသော ကိုဘဟိန်းကို ချောင်အတွင်းရှိနေသည့် မိသားစုတိုင်းက မေတ္တာပို့ကြလေသည်။

"ဒီမယ် ကိုဘဟိန်း၊ တော့်ဟာက မလွန်လွန်းဘူးလား။သူများတွေမီးရောင်တွေ့မှာစိုးလို့ အမှောင်ထဲမှာဒုက္ခခံနေရတာ။ ရှင့်မီးရောင်ကို ကျွဲညီနောင်တွေ့လို့ကတော့ ရှင်တစ်ယောက်တည်းသေမှာမဟုတ်ဘူးရှင့်။ ဟောဒီ ရခိုင်ပြန်ချောင်တစ်ချောင်လုံးမသာဖြစ်ကုန်မှာ။ အလိုက်ကန်းဆိုးဘာမှမသိဘူး ဟင်း"

ဒေါ်စောလှက မဲ့ကာရွဲ့ကာဖြင့် ပြောလိုက်လေသည်။

"ဟေ့-မောင်ဘဟိန်း၊ မင်းရဲ့ဖားဖိုမီးကိုငြိမ်းလိုက်ပါ။ မင်းရဲ့ဓာတ်လုံးကသေနတ်တော့လွဲချင်လွဲမယ်။ ကောင်းကင်ကလာတဲ့ဗုံးတော့လွဲမှာမဟုတ်ဘူး။ အားလုံးဗုံးစာမိကုန်မယ်"

ဒေါ်စောလှယောကျ်ားဦးသိန်းက ပါ ထပ်၍အော်လိုက်လေသည်။

ထိုအခါမှ ကိုဘဟိန်းသည် သူ၏ဖားဖိုကို ရပ်နားပြီး မီးများကိုရေဖြင့်ငြိမ်းသတ်လိုက်၏။

မှတ်ချက်။ ။ ကျွဲညီနောင်ဆိုသည်မှာ ဗုံးကြဲသည့်လေယာဉ်နှစ်စင်းကိုဆိုလိုပါသည်။ မည်းမည်းနက်နက်လေယာဉ်နှစ်စင်းမှာကျွဲကြီးနှင့်တူသဖြင့် မည်သူကစ၍ အမည်ပေးလိုက်သည်မသိ ကျွဲညီနောင်ဖြစ်သွားလေသည်။ ကျွဲညီနောင်ဆိုလျှင် လူကြီးလူငယ်မရွေး ကလေးကအစသိကြသည်။

အချိန်မတော် ဖိုထိုး၍ ကိုဘဟိန်းကို ဝိုင်း၍အပြစ်ပြောကြသော်လည်း စစ်ကိုင်းတောင်ရိုးတွင် မြွေကိုက်ကင်းကိုက်မှန်သမျှ ကိုဘဟိန်းထံရောက်စမြဲ။ ကိုဘဟိန်းက သူတတ်စွမ်းသမျှ ဓာတ်လုံးကိုရေစိမ်တိုက်၊ သွေး၍လူး အထူးထူးသောဝေဒနာတို့ ပျောက်ကင်းချမ်းသာရာရကြသည်။ ဆေးရုံ၊ ဆေးပေးခန်းဆိုသည်မှာ စိတ်ကူးထဲမှာသာရှိတော့သည်။

တစ်နေ့တွင် ကိုဘဟိန်းထိုင်နေကျ တရုတ်စံကားပင်အောက်သို့ ကိုဘိုနီတစ်ယောက်ရောက်လာသည်။ ကိုဘိုနီသည် ကိုဘဟိန်း၏ခုံတန်းတစ်ဖက်တွင် အသာဝင်ထိုင်လိုက်ပြီး -

"ကိုဘဟိန်း၊ ခင်ဗျားရဲ့လက်စွပ်က ဘာတွေစွမ်းသလဲဗျ ပြောပါဦး"

ကိုဘဟိန်းက သူ၏ညာလက်တွင် ငွေဖြင့်ကွင်းထားသောဓာတ်လုံးကိုကြည့်လိုက်ပြီး-

"ဪ - ဒါလား။ ကာယသိဒ္ဓိပြီးတယ်။ ကာယသိဒ္ဓိဆိုတာကောသိရဲ့လား"

"ရှင်းပြပါဦး၊ ကြားဖူးရုံပဲကြားဖူးတာပါ။ သိပ်မသိပါဘူး"

"ကာယသိဒ္ဓိဆိုတာ တုတ်နဲ့ရိုက်လည်း မသေဘူး။ ဓားနဲ့ခုတ်လည်းမသေဘူး အိုဗျာ-လွယ်လွယ်နဲ့သတ်လို့မသေနိုင်ဘူး"

ကိုဘိုနီသည် ကိုဘဟိန်းလက်တွင် ဝတ်ဆင်ထားသောလက်စွပ်ကို စိတ်ဝင်စားသွားသည်။ ကာယသိဒ္ဓိဆိုသော စကားကလည်း သူ၏ရင်ထဲတွင် ပဲ့တင်ထပ်နေတော့သည်။

ကိုဘဟိန်းက သူလုပ်နေကျအတိုင်း အကြမ်းပန်းကန်လုံးထဲသို့ ဓာတ်လုံးတစ်လုံးကို ခေါက်ခနဲမြည်အောင်ထည့်လိုက်ပြီး ရေနွေးကြမ်းအိုးမှ ရေနွေးကြမ်းကိုဖြည့်လိုက်လေသည်။

ထို့နောက် -

"ကဲ- ကိုဘိုနီ၊ ဓာတ်လုံးစိမ်ရည်ကို နည်းနည်းသောက်သွားပါလား"

ကိုဘဟိန်းကမ်းပေးလာသော ရေနွေးကြမ်းပန်းကန်ကို ကိုဘိုနီကလှမ်းယူလိုက်ပြီး -

"ဒါက ဘာကောင်းတာတုံးခင်ဗျ"

"အဲဒါလား၊ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ ဓာတ်လေးပါးကိုညှိပေးတဲ့ဓာတ်လုံး။ သွေး၊ သည်း၊ ခြေ၊ လေ၊ သလိပ်တို့ကို ညှိပေးတာပေါ့။ ဒါတွေညီညွတ်မျှတနေရင် လူဟာ ကျန်းမာနေတာပဲ သောက်လိုက်ပါ"

ကိုဘိုနီသည် လက်ထဲတွင်ရှိသော ရေနွေးကြမ်းများကိုမော့သောက်လိုက်ပြီး-

"ကဲ- ဒီကနေ့ကစပြီး ကျုပ်ဘာရောဂါမှမဖြစ်တော့ဘူးဗျို့ ဟဲဟဲ"

ကျေနပ်စွာ ရယ်မောရင်း သူနေထိုင်ရာ ဘုံပျံချောင်ဆီသို့ထွက်သွားလေသည်။

ကိုဘိုနီသည် ကားမောင်း၍ အသက်မွေးဝမ်းကျောင်းနေရသူ ဖြစ်၏။ စစ်အတွင်းကာလဖြစ်သဖြင့် ကားမောင်းသည့်အလုပ်ကိုရပ်ထားထားရလေသည်။ ထို့ကြောင့် ကြုံသလိုစား၊ကြုံသလိုနေနေနေရသောဘဝ။ ဇနီးသည်မအေးကြည်က စစ်ပြေးဒုက္ခသည်များခိုအောင်းရာချောင်အသီးသီးသို့ သွားရောက်လှည့်လည်ကာ အဝတ်လျှော်ဖွပ်၊ မီးကြွေ

တိုက်(မီးပူတိုက်)အလုပ်ဖြင့် ဝင်ငွေရှာ[...] သည်။ သားတစ်ယောက်မျှ မထွန်း[...] ကား။ မပွေး၊ မငွေး၊ မအေး ဆိုသော [...] သမီးသုံးယောက်နှင့်ဘဝကို ရုန်းကန်[...] ရလေသည်။

နောက်တစ်နေ့ ကိုဘိုနီသည် [...] ကိုဘဟိန်းနေထိုင်ရာဇရပ်သို့ရောက်လာ[...] ၏။ ကိုဘဟိန်းထံ ဆံပင်ညှပ်ရန် ရောက်[...] လာခြင်း ဖြစ်လေသည်။ ဆံပင်ညှပ်[...] စဉ် ကိုဘိုနီကစကားစလိုက်လေသည်။

"ကိုဘဟိန်း၊ ခင်ဗျားရဲ့ကာယသိ[...] လက်စွပ်ခဏငှားဗျာ"

"ဘာလုပ်ဖို့လဲ။ ကျုပ်က အဲ[...] လက်စွပ်ကို အမြဲဝတ်ထားတာ သူများ[...] ကိုမငှားပါဘူး"

ကိုဘဟိန်းက စက်ကတ်ကြေး[...] ညှပ်ရင်းပြောလိုက်၏။

"သိပါတယ်ဗျာ၊ တစ်နေ့တည်း[...] ကျွန်တော်အလုပ်တစ်ခုလုပ်စရာရှိလို့[...]"

"ဘာအလုပ်မို့လို့လဲဗျာ။ ကျုပ်[...] လက်စွပ်နဲ့ ခင်ဗျားရဲ့အလုပ်က ဘယ်[...] ပတ်သက်နေလို့လဲ"

"ပတ်သက်တယ်လို့တော့မဟုတ်[...] ဘူး။ ဒါပေမယ့် အလုပ်မရှိတော့ ဝင်ငွေ[...] မရှိဘူး။ လုပ်ရမယ့်အလုပ်ကလည်း [...] ထဲသွားပြီးလုပ်ရမှာ။ ဟိုမှာ ဂျပန်ငပု[...] က ခြေချင်းလိမ်နေတာ။ မတော်[...] သူတို့က ကျုပ်ကိုမျက်စိနောက်ပြီး[...] လားဆီးလားလုပ်မယ်၊ ရိုက်နက်မယ်[...] ရင် အန္တရာယ်ကင်းအောင် ခဏဝတ်ထား[...] ချင်လို့ပါ"

ကိုဘဟိန်းက စက်ကတ်ကြေး[...] အနီးရှိခုံပေါ်သို့တင်လိုက်ပြီး ကိုဘိုနီ[...] စေ့စေ့ကြည့်လိုက်သည်။ ပြီးမှ -

"အေးဗျာ၊ ခင်ဗျားကလည်း [...] ပဲမောင်းတတ်တာ။ အခြားဘာအလုပ်[...] မလုပ်တတ်တော့လည်း ကိုယ်ချင်းစာ[...] တယ်။ ကျုပ်လက်စွပ်ငှားလိုက်မယ်[...] လက်စွပ်အားကိုးနဲ့တော့ ထင်ရာစွာ[...] မလုပ်ပါနဲ့။ ခင်ဗျားအတွက်ပြောတာ[...] ကဲ - ရော့"

ဒုက္ခသည်ချင်းမို့ ကိုဘဟိန်းသ[...] သွားသည်။ သူ၏လက်တွင် အမြဲဝတ်[...] ဆင်ထားသော ဓာတ်လုံးလက်စွပ်[...] ချွတ်၍ ကိုဘိုနီ၏လက်ထဲသို့ပေးလိုက်[...] လေသည်။

ကိုဘိုနီကား ထိုအချိန်မှစ၍[...] ပျောက်ခြင်းမလှပျောက်ကွယ်သွား[...] သည်။ သူနေထိုင်ရာ ဘုံပျံချောင်[...] ကိုဘဟိန်း သွားရောက် စုံစမ်း[...] သူ့ဇနီးမအေးကြည်ကိုယ်တိုင်ဂယ[...]



www.burmeseclassic.com

www.burmeseclassic.com

မသိ။ အလုပ်အကိုင်မရှိ၍ဘယ်ကိုထွက်သွားကြောင်းမပြောနိုင်အောင်ရှိနေ၏။

ပထမပိုင်းတွင် ကိုဘဟိန်းသည် အလွန်ဒေါသထွက်သည်။သူ၏လက်စွပ်ကို အလွဲသုံးစားရော်းချစားသောက်ခြင်းကို ခွင့်မလွှတ်နိုင်အောင်ရှိနေလေသည်။ ဒီအတွက် မအေးကြည်တို့မိသားစုကို နစ်နစ်နာနာပြောဆိုလိုက်မည်ဟုရည်ရွယ်လျက်လာခဲ့ခြင်း ဖြစ်၏။

သို့သော် မအေးကြည်နှင့်လူမမည် သမီးသုံးယောက်ကို ချို့တဲ့စွာတွေ့ရသဖြင့် မူလကြံစည်ခဲ့သောအကြံနှင့် ဒေါသစိတ်တို့မှာ နှင်းမြူငွေ့များသဖွယ် ပျောက်ကွယ်သွားတော့သည်။

ကိုဘဟိန်းက မအေးကြည်ကို ကြင်နာစွာကြည့်လျက် -

"သူတခြားဘယ်တွေကိုသွားတတ်သလဲ၊ အရင်ကကော ဒီလိုထွက်သွားဖူးလား"

"ကျွန်မနဲ့ပေါင်းလာတာကြာပါပြီရှင်။ သူ ကားမောင်းတဲ့အလုပ်နဲ့ ကျွန်မတို့မိသားစုကို ရှာကျွေးခဲ့တာ ဟောဒီတလေးသုံးယောက်ရတဲ့အထိပါပဲ။တစ်ခါတစ်ရံ သောက်တတ်စားတတ်ပေမယ့် အမြဲတမ်း မူးရူးနေတာမဟုတ်ပါဘူးရှင်။ အခုဆို ငွေပိုငွေလျှံလည်းမရှိ။ စားဖို့တောင်အနိုင်နိုင်မို့ အသောက်အစားမလုပ်တာကြာပါပြီရှင်"

"ဒါဆို တစ်မြို့တစ်ရွာသွားပြီး အလုပ်အကိုင်သွားရှာတာတော့ မဖြစ်နိုင်ဘူးလား"

"ကျွန်မကတော့ အဲဒီလိုပဲတွေးပြီး စိတ်ဖြေရတာပါပဲ။ နို့မဟုတ်ရင် . . ."

မအေးကြည်သည် စကားကို ဆက်မပြောနိုင်တော့ဘဲ ပါးပြင်ပေါ်တွင် စီးကျလာသောမျက်ရည်တို့ကို ညစ်ထပ်နေသောလက်ချောင်းများဖြင့်သုတ်လိုက်၏။

မှန်၏။ ဤအချိန်သည် ဂျပန်တို့အုပ်စိုးသောခေတ်ဆိုးကြီးမဟုတ်ပါလား။ အသက်တစ်ချောင်းလွယ်လွယ်နှင့်ပျောက်သွားနိုင်၏။ လေယာဉ်မှ စစ်သေနတ်တို့တလည်း မိုးစက်မိုးပေါက်များလိုကျလာတတ်၏။ ဗုံးမိုးများကလည်း အခါမဲ့ရွာသွန်းနိုင်သေး၏။

စစ်ကိုင်းတောင်ရိုးမှတစ်ပါး လုံခြုံသောနေရာမရှိ။ ကိစ္စတစ်ခုဖြင့် သွားလာရင်း လေယာဉ်ပျံမှပစ်လိုက်သော စက်သေနတ်ကြောင့် သေပွဲဝင်ကြရ၏။ အနီးအနားဗုံးကျသဖြင့် ဗုံးမှန်၍သေဆုံးသူ၊ ဂျပန်စစ်သားများ၏မသင်္ကာမှုဖြင့်စစ်ဆေးသတ်ဖြတ်ခံရသူများရှိလေသည်။ ဧရာဝတီမြစ်ကမ်းနံဘေး အသက်ဘေးကို အမှုမထားနိုင်ဘဲ အညစ်အကြေးလျှော်ဖွပ်ကြသူတွေ လေယာဉ်ပျံစက်သေနတ်ကြောင့် အသက်ဆုံးကြရသည်မှာ မနည်းပေ။

ဤသို့သော အကြောင်းတစ်ခုခုကြောင့် ကိုဘိုနီခမျာ ပြန်မရောက်လာသလော။ ချွေးတပ်သားအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသလော စသည်စသည်တို့သည် စိတ်မအေးဖွယ်၊ရင်လေးဖွယ်ကောင်းလှပေသည်။ ချွေးတပ်သားအဖြစ် ခေါ်ဆောင်သွားခံရပါက ပြန်လွတ်လာလျှင် တော်သေး၏။ ငှက်ဖျားရောဂါ၊ ဝမ်းရောဂါကြောင့် သေဆုံးသွားကြသူများမှာ ပြန်လာကြသူများထက် ဦးရေပိုများလေသည်။ ယင်းအကြောင်းများကြောင့် မအေးကြည်သည် သူမ၏လင်တော်မောင်အတွက် သောကမီးတောက်လောင်နေရှာသည်။

"ကဲပါဗျာ၊ သူ့အတွက် စိုးရိမ်တာလည်းစိုးရိမ်တာပေါ့။ ဘုရားဂုဏ်၊ တရားဂုဏ်ကြောင့် သူဒုက္ခမရောက်အောင် ဆုတောင်းပေးကြရုံပေါ့။ ကျွန်တော်လည်း သူ့အတွက် အန္တရာယ်ကင်းအောင် ကျွန်တော်ရဲ့ဓာတ်လုံးလက်စွပ်ငှားလိုက်ပါတယ်။ အဲဒီဓာတ်လုံးလက်စွပ်က အလွန်အစွမ်းထက်တယ်။ ကာယသိဒ္ဓိပြီးပါတယ်။ သိပ်စိတ်မပူပါနဲ့"

ထိုသို့ပြောဆိုနေစဉ် မအေးကြည်၏မျက်နှာမှာ အလွန်အံ့ဩသည့်အမူအရာဖြင့် ကိုဘဟိန်းအားမျက်လုံးအပြူးသားဖြင့်ကြည့်နေပြီးနောက် -

"ဟို-ငွေလက်စွပ်၊ဟုတ်တယ်နော်"

"ဟုတ်တယ်၊ ငွေနဲ့ကွင်းထားတဲ့ ဓာတ်လုံးလက်စွပ်ပါ။ တွေ့ဖူးလို့လား"

မအေးကြည်သည် ပြောပြောဆိုဆိုအခန်းအတွင်းသို့ ပြေးဝင်သွားပြီး ပြန်ထွက်လာကာ -

"ဒါလား"

"ဟုတ်တာပေါ့၊ သူဝတ်မသွားဘူးလား"

မအေးကြည်က လက်စွပ်ကို ကိုဘဟိန်းအား လှမ်းပေးလိုက်ပြီး -

"သူဝတ်မလို့ထင်ပါရဲ့ရှင်။ ရေချိုးပြီး အပြင်ထွက်သွားတော့ ဒီလက်စွပ်ကို မေ့သွားတယ်။ ရေချိုးတဲ့နေရာမှာ ကျန်ခဲ့တယ်ရှင်"

ကိုဘဟိန်းသည် လက်စွပ်ကို သူ၏လက်ယာလက်ခလယ်တွင် ဝတ်ဆင်လိုက်ပြီး သက်ပြင်းရှည်ကြီးမသိမသာမှုတ်ထုတ်လိုက်လေသည်။ ကိုဘိုနီအတွက်များစွာစိတ်ပူသွား၏။ အကယ်၍သာ ထိုလက်စွပ်ပါရှိသွားပါက ကိုဘိုနီအတွက် လုံခြုံမှုအတော်အတန်ရှိနေမည်မှာသေချာ၏။

ကိုဘိုနီအား ကြမ္မာဂြိုဟ်ဆိုးဝင်လို့တိုးလေပြီလား။ ထိုသို့ တွေးတောရင်း မိမိနေထိုင်ရာ ရခိုင်ပြန်ချောင်သို့ပြန်လာခဲ့လေသည်။

အချိန်ကား စစ်ဘေးစစ်ဒဏ်ခါးသီးစွာခံနေရချိန် တောမီးလောင် တောကြောင်လက်ပမ်းပေါက်ခတ်ဆိုသလို တောကြောင်များ၏ရန်ကလည်းမအေး၊ ဥဩဆွဲသံကြားက ဘေးလွတ်ရာဗုံးခိုကျင်းသို့ပြေးကြရသည်။ ဒုတိယဥဩသံထွက်လာမှ မိမိတို့ပုန်းအောင်းနေရာများမှထွက်ခဲ့ကြရတော့သည်။

ကိုဘိုနီတစ်ယောက် ဘယ်အရပ်ဌာနေစံလေသည်မသိ။ ကိုဘိုနီဓာတ်လုံးလက်စွပ်ပါမသွားသည့်အတွက် ရတက်မအေးရသူက ကိုဘဟိန်း။

ကိုဘဟိန်းသည် အကြောင်းစုံတွေးရင်း သူ၏မိတ်ဆွေ ကိုတင်ဦးရှိရာ 'ခေမာသီဝံချောင်' သို့ ခြေဦးလှည့်ခဲ့လေသည်။

ကိုတင်ဦး၏ ဇနီးဖြစ်သူ မနော်ကား လင်ဆိုးမယားတဖားဖားတည်း။ ကိုတင်ဦးသည် ခုံဖိနပ်လုပ်ခြင်းဖြင့် ဝမ်းစာရှာရသည်။ ခုံဖိနပ်တစ်ရန်ပြီးတိုင်း ငါးမူးရသည်။ တစ်နေ့ဝင်ငွေအနည်းဆုံး သုံးကျပ်ရ၏။သို့သော် ငွေရသည့်အလုပ်ကို သူစိတ်မဝင်စား။ ငွေအသပြာမရချင်နေ သူစိတ်ပါဝင်စားလျှင် တစ်နေကုန်တစ်နေခန်း ဇွဲနပဲကြီးစွာလုပ်သည်။ ယခုလည်း အလုပ်မရှိအလုပ်ရှာ ဂုန်နီအိတ်ခွံများကိုဖျက်၍ အမျှင်များထုတ်နေသည်။ ထို့ကြောင့် ဇနီးသည် မနော်တမကြည်မသာဖြစ်နေသည်။

"ရှိပါ့တော်၊ ရှင့်သူငယ်ချင်းဟောဟိုက ခရေပင်အောက်မှာ အလုပ်မရှိ ချစ်တီးသန်းရှာနေလေရဲ့"

ကိုဘဟိန်းရောက်သွားစဉ် ဇနီးသည် မနော်က မဲ့ကာရွဲ့ကာဖြင့် မေးငေါ့ပြောလိုက်လေသည်။

ကိုတင်ဦးကား သူ့အလုပ်သူစိတ်ဝင်စားနေဟန်တူ၏။ အနားသို့ ကိုဘဟိန်းရောက်သွားမှ -

"လာ - ထိုင်လေဗျာ။ ဘယ်တလှည့်လာတာလဲ"

"ဘုံပျံချောင်ဘက်ကပါ"

"ကိုဘိုနီရဲ့သတင်းဘာကြားသေး



www.burmeseclassic.com

www.burmeseclassic.com

လဲ။ ကိုယ့်လူကြီးအသက်ရှင်လျက်ရှိပါ့မလား။ စိတ်မကောင်းလိုက်တာ"

"ကျုပ်လည်း အဲဒါပဲတွေးပြီးစိတ်မကောင်းဖြစ်နေတာ။ အခု ခင်ဗျားဆီလာရင်း ဘာသတင်းများထူးမလဲလို့သိချင်တာနဲ့ဝင်လာတာ"

"ကျုပ်လည်း အခုရက်အတွင်း အလုပ်မဆင်းဘူးဗျာ။ ခင်ဗျားမှာထားတဲ့အလုပ်ပြီးစီးအောင်လုပ်နေတာ။ အိမ်ကမိန်းမကတော့ ပူလှဆူလှပြီ"

"ကဲ - ထားပါတော့။ တိုင်းပြည့်အခြေအနေကို ခင်ဗျားသိသလောက်ကြားသိသလောက် ပြောပါဦး"

ကိုတင်ဦးသည် ဟိုစပ်စပ်ဒီစပ်စပ်နှင့် နှံ့စပ်သူဟုဆိုနိုင်၏။ လူအတော်များများကတော့ ယောင်ခြောက်ဆယ်၊ စိတ်မမှန်သူ၊ ခပ်ကြောင်ကြောင်၊ ခပ်ပေါပေါ၊ ကျပ်မပြည့်သူဟု သတ်မှတ်ထားကြသည်။ ထို့ကြောင့် ကိုတင်ဦးသည် ထိုသူများကို အရေးတဝင်ဆက်ဆံခြင်းမပြု။ သူထင်ရာသူစိုင်းနေတတ်သည်။

သူက ပန်းချီပညာမတောက်တခေါက်တတ်သည်။ ပန်းပုအတတ်လည်း ခေသူမဟုတ်။ သူတတ်သည့်ပညာဖြင့် လိုအပ်ပါက မေတ္တာဖြင့် ကူညီတတ်သည်။ သူပေါင်းသင်းသူဆိုလို့ ကိုဘဟိန်းတစ်ယောက်သာရှိသည်။ လူအများက ကွယ်ရာတွင်ပြောကြသည်။ အင်္ဂရိတ်ရူးနှင့် စိတ္တဇအရူးတို့ တွဲမိနေပြီဟု ပြောတတ်ကြသည်။

စိတ္တဇအရူးဟုဆိုသော ကိုတင်ဦးကား နိုင်ငံရေးသတင်းကိုအမြဲနားစွင့်နေတတ်သည်။ ထို့ကြောင့် ကိုဘဟိန်းက နိုင်ငံရေးအခြေအနေကို မေးမြန်းခြင်းဖြစ်လေသည်။

"ကျုပ်ကြားမိတာကတော့ မြန်မာပြည်မှာ ဂျပန်တပ်က လေးခုရှိတယ်။ တစ်ခုက မြန်မာပြည်အရှေ့မြောက်ဘက်ဖျားမှာ တပ်စွဲထားတယ်။ ယူနန်ကတရုတ်တပ်တွေဆင်းမလာနိုင်အောင်ပေါ့ဗျာ။ အဲ - တပ်မနှစ်ခုက အာသံစစ်မျက်နှာနဲ့ မြန်မာပြည်အလယ်ပိုင်းမှာ တာဝန်ယူထားတယ်။ အမှတ်(၅၅)တပ်မကတော့ ကျုပ်တို့မြန်မာနိုင်ငံအလယ်ပိုင်းကိုကာကွယ်ဖို့ တပ်စွဲထားတယ်လို့သိရတယ်ဗျ"

ကိုတင်ဦးသည် အပြောမဟုတ်။ အလုပ်နှင့်လက်တွေ့ပြုလုပ်သူဖြစ်လေသည်။ သူနေထိုင်ရာဇရပ်တွင် မြန်မာပြည်မြေပုံကို လှပစွာ ရေးဆွဲထားပြီး အမှတ်သင်္ကေတများဖြင့် ဖော်ပြထားလေသည်။ သွပ်ပြားတွင်ရေးဆွဲပြီး အခိုင်အမာချိတ်ထား၏။

သူ၏ဇနီး မနော်သည် သူ့ခင်ပွန်းလုပ်သမျှ ဘာမှပြောဆိုခြင်းမရှိ။ တင့်ကားပုံများ၊ လေယာဉ်ပုံများ စသည်တို့ကိုလည်း သူ့စိတ်ကြိုက်သင်္ကေတများဖြင့် ရေးဆွဲထားလေသည်။ ဂျပန်အလိုတော်ရိများကမူ ထိုပုံများကို မျက်စောင်းတခဲခဲနှင့်ဖြစ်နေလေသည်။ သို့သော် မည်သည့် ရည်ရွယ်ချက်ဖြင့် ရေးထားသည်၊ မည်သည့်အတွက်ရေးထားသည်ကို မသိကြသည့်အပြင် စိတ်မမှန်သူဟုအများကပြောဆိုနေကြသဖြင့် ဒီအတိုင်းလက်ပိုက်ကြည့်နေရသည်။

"အေးဗျာ၊ ကျုပ်တို့ရဲ့တော်လှန်ရေးရဲဘော်တွေလည်း တော်တော်ကြိုးစားကြတယ်လို့ကြားရတယ်။ အချို့နေရာတွေဆိုရင် ဘာလက်နက်မှမရှိတော့ ဝါးချွန်တပ်ဆိုပြီး ဝါးတွေကို အဖျားကချွန်၊ မီးနဲ့တော်ရုံကင်၊ ရန်သူကို ဝါးချွန်နဲ့တိုက်ခိုက်ကြတယ်ဆိုပဲ"

"လုပ်ရမယ်လေ။ အစတုန်းကတော့ ဒီနီပွန်တွေက ကျုပ်တို့ကိုအင်္ဂလိပ်အောက်ကကယ်တင်ပြီး လွတ်လပ်ရေးပေးမယ်လေးဘာလေးနဲ့ အသံကောင်းဟစ်ပြီး နောက်ဆုံး ကျုပ်တို့ကိုကောင်းကောင်းဒုက္ခပေးတော့တာပဲမဟုတ်လား။ မြန်မာမိန်းကလေးတွေဆိုရင် မတရားအပြုခံရတာနဲ့။ မသင်္ကာတဲ့လူဆိုရင် လက်သည်းခွံခွာလို့ခွာ၊ နေပူမှာလှမ်း၊ ကမ်းကုန်အောင် မိုက်ရိုင်းလာတော့ ဘယ်သူ့မှမခံနိုင်ဘူးလေ"

"ထားပါတော့၊ ကျုပ်မှာထားတာ ခပ်မြန်မြန်လေးလုပ်ထားဦးနော်"

"စိတ်ချ စိတ်ချ၊ လူတွေက ကျုပ်ကိုအရူးလို့ပြောတယ်။ တစ်ခါတစ်ရံ အရူးတွေရဲ့ ဦးနှောက်ကို လူကောင်းတွေလိုက်မမီနိုင်ဘူးဗျနော် ဟဲဟဲ"

ကိုတင်ဦးသည် သူ့ကိုယ်သူ ကျေနပ်သည့်ဟန်ဖြင့် တဟဲဟဲနှင့်ရယ်လိုက် လသည်။

တစ်ခုသောနံနက်ခင်းတွင် ဂျပန်စစ်သားငါးဦး လက်နက်ကိုယ်စီဖြင့် ရခိုင်ပြန်ချောင်သို့ရောက်လာလေသည်။ စကားပြန်တစ်ဦးလည်းပါလာ၏။ စကားပြန်သည် အလွန်ချိုသာသောမျက်နှာဖြင့် -

"ကိုဘိုနီဆိုတဲ့လူ ဒီချောင်မှာရှိသလားခင်ဗျာ။ ရှိရင်ခေါ်ပေးပါ"

ကိုဘိုနီဆိုသောအသံကြားလိုက်ရုံနှင့် ရခိုင်ပြန်တစ်ချောင်လုံး မျက်လုံးမျက်ဆန်ပြူးကုန်ကြ၏။ ကိုဘိုနီနေထိုင်သော ဘုံပျံချောင်မှာ ရခိုင်ပြန်ချောင်အဆင်း၏ အောက်ဘက်တွင်ရှိသည်။ အကင်းပါးသော လူကြီးများကအချက်ပြလိုက်သည်နှင့် မောင်သန်းစိန်သည် အရှေ့ဘက်ချောင်ကိုဖြတ်၍ ဘုံပျံချောင်သို့ အမြန်ဆုံးသွားလေ၏။

မအေးကြည်အား မရှိ မသိဟု ပြောရန်ကြိုတင်မှာကြားထားလေသည်။ ကိုဘိုနီနေထိုင်ရာ ဘုံပျံချောင်သို့သွားရောက်မမေးဘဲ ဘာကြောင့် ရခိုင်ပြန်ချောင်အား လာရောက်စုံစမ်းသည်မှာ အကြောင်းရှိသည်။

"ကိုဘိုနီကို မသိဘူး ခင်ဗျ၊ ဒီမှာလည်း မနေပါဘူး"

ကိုအေးဖေက သွက်သွက်လက်လက်ဖြေလိုက်သဖြင့် စကားပြန်က ထပ်မမေးတော့ဘဲ ဂျပန်စစ်သားများအား ဂျပန်လိုပြောကြားလိုက်ပြီး ဘုံပျံချောင်အောက်ဘက်သို့ ဆင်းသွားကြလေသည်။

အခြားသောချောင်များသို့ ဝင်ရောက်စုံစမ်းခြင်းမရှိကြောင်း နောင်အခါသိရလေသည်။

စကားပြန်ကလည်း စိတ်ကောင်းရှိပုံရသည်။ ချောင်နေမိသားစုများတလည်း ညီညွတ်ကြသဖြင့် ပါးနားရိုက်ခြင်းဘေးမှဝေးကြရလေသည်။

ထိုအချိန်မှစ၍ ကိုဘိုနီအကြောင်း ရခိုင်ပြန်တစ်ချောင်လုံး တိုးတိုးတစ်မျိုး သဲ့သဲ့တစ်မျိုးပြောဆိုဝေဖန်ကြသည်။ ဂျပန်စစ်သားများ လာရောက် စုံစမ်းခြင်းကိုထောက်သော်၊ ကိုဘိုနီတစ်ယောက် မသေမပျောက် အသက်ရှင်လျက်ရှိနေနိုင်သည်။

ဘာလိုလိုနှင့် ကိုဘိုနီပျောက်သွားသည်မှာ လေးငါးခြောက်လခန့်ရှိပြီး သူမသေခဲ့လျှင် ဇနီးသည်ထံနည်းနည်းပါးပါး အသိပေးဖို့ကောင်းသည်။ အခုတော့ မအေးကြည်ခမျာ အေးလည်းမအေးနိုင် ကြည်လည်းမကြည်နိုင်အောင်ဖြစ်နေရှာသည်။

သူ့အကြောင်းပြောတိုင်း မအေးကြည်ငိုရရှာသည်။ ကိုဘိုနီဘာများလုပ်မိလို့ ဂျပန်စစ်သားတွေက သဲသဲမဲမဲလိုက်နေရသနည်း။ ချွေးတပ်ဆွဲထားရာမှ ထွက်ပြေးခဲ့လို့များလား။ အားလုံးက အဖြေရှာမရဖြစ်နေကြသည်။

ထိုသို့ ပြောဆိုနေကြသော်လည်း ထိန်းထိန်းသိမ်းသိမ်းနှင့်ပြောကြသည်။ အကြောင်းမှာ နေရာတိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com

တ လောက်ထွက်တတ်သည်မဟုတ် လား။

တစ်ခုသော ညနေခင်းတွင် ဘဟိန်းသည် သူထိုင်နေကျ ခုံတန်း င်ထိုင်လျက်ရှိနေစဉ် ခပ်စုတ်စုတ် လေးတစ်ယောက်သည် ကိုဘဟိန်း၏ တ်ထဲသို့ စာရွက်ပိုင်းကလေးတစ်ခု ရောက်ပေးလေသည်။

"လေးလေး ရော့"

ကိုဘဟိန်းက စာကိုယူလိုက်ပြီး နောက် ကလေးငယ်ကိုကြည့်လိုက်၊ ယာသို့ကြည့်လိုက်လုပ်နေပြီးမှ -

"မင်းကို ဘယ်သူကအပေးခိုင်း တာလဲ"

"ဟိုဟို ခေါင်းတုံးပြောင်ကြီးခင်ဗျ"

"မင်းသူ့ကိုသိလို့လား"

"မသိပါဘူး။ မုန့်ဖိုးပဲပေးပြီး လေးလေးကို လက်ညှိုးထိုးပြပြီး အပေး ခိုင်းလိုက်တာ"

"အေး - ဒါဆို သူခုဘယ်မှာလဲ။ တွေ့ချင်တယ်။ ငါ့ကိုလိုက်ပို့စမ်း"

"ဟင့်အင်း - ကျွန်တော်လည်း သိဘူးခင်ဗျ။ ဟိုနောက်နားအတက်မှာ တွေ့တာ"

ကိုဘဟိန်းသည် စာကိုမဖတ် သေးဘဲ ကလေးငယ်ညွှန်ပြရာ ချောက် အစပ်နားသို့ ခပ်သွက်သွက်လှမ်းခဲ့ပြီး စာပေးသူကို လိုက်ရှာကြည့်လေသည်။ သို့သော် မည်သည့်အရိပ်အယောင်မျှ တွေ့ရချေ။

ထို့ကြောင့် ထိုချောက်အနီးရှိ ကုဋီ တ်တစ်ခုအတွင်းသို့ အသာဝင်သွားပြီး ကလေးငယ်ပေးသွားသောစာကိုကြည့် လိုက်လေသည်။ စာရွက်မှာ ဂျပန်သတင်း စာအနားသားကိုဆုတ်၍ ရေးထားသည်။ စာသည် သံ့ကိုရည်ညွှန်းခြင်း မဟုတ်။

အေးကြည်/

ငါမသေဘူး။ တစ်နေ့ပြန်လာ မယ်။

ဘိုနီ

ဟူ၍ဖြစ်လေသည်။

ကိုဘဟိန်း ချက်ချင်းသဘော ပေါက်သွားသည်။ ဘုံပျံချောင်သို့ သုတ်ခြေတင်တော့သည်။ မအေးကြည် အား အံ့ဆင်သင့်တွေ့ရသည်။ ကလေး များမရှိကြ။

"မအေးကြည် ဟောဒီမှာစာ။ ဖတ် ပြီးတာနဲ့ မီးရှို့ပစ်လိုက်"

မအေးကြည်က စာရွက်ပိုင်းကို အပျာကယာလှမ်းယူလိုက်ပြီးဖတ်သည်။

သူမ၏မျက်ဝန်းအစုံတို့မှ ငွေရည်ပုလဲဥ တို့ စီးဆင်းလာလေသည်။ သို့သော် ဝမ်းနည်း၍ကျသော ပုလဲဥများလော၊ ဝမ်းသာ၍ထွက်ပေါ်လာသော ငွေပုလဲဥ များလော မအေးကြည်ကိုယ်တိုင်သာ သိနိုင်လေသည်။

"ကျေးဇူးတင်လိုက်တာ ကိုဘဟိန်း ရယ်၊ ရှင် သူ့ကို တွေ့လိုက်ရသေးလား ဟင်"

"တိုးတိုး - မအေးကြည်၊ ခင်ဗျား ယောကျ်ားမသေဘူးဆိုတာသိရင် တော် တော့။ ကျုပ်လည်း မတွေ့လိုက်ရဘူး။ ကလေးတစ်ယောက်လာပေးတာ။ သူ ကိုယ်တိုင်ခိုင်းတာဆိုတာ ကျုပ်လုံးဝယုံ တယ်။ ကဲ - ကျုပ်သွားမယ်။ အဲ - မီးရှို့ ပစ်နော်"

မဟာမိတ်တပ်များကြောင့် ဂျပန်တို့ အပြင်းအထန်ခံနေရ၏။ တိုက်ခိုက်လာ သောမဟာမိတ်တပ်များအား စစ်ကိုင်း တောင်ရိုးနှင့်ဧရာဝတီမြစ်အနောက်ဘက် မှ ဂျပန်တို့က ခုခံလျက်ရှိသည်။ အချို့ သောတပ်များကမူ မုံရွာနှင့်ဂန့်ဂေါမြစ် ဝှမ်းကို ခြေကုပ်ယူထားကြသည်။

မြန်မာလူငယ်တော်တော်များများ မှာလည်း မြန်မာ့တော်လှန်ရေးတပ်မ တော်သို့ ပါဝင်လာကြသည်။ အထူး သဖြင့် ဖက်ဆစ်ဂျပန်တို့၏ လူပ်ရှားမှု မှန်သမျှကိုသတင်းရယူ၍ တော်လှန်ရေး တပ်ဖွဲ့များသို့ ပေးပို့ကြသည်။ ဤနည်း ဖြင့် မိမိတို့တတ်နိုင်သလောက် ကူညီ ထောက်ပံ့ကြရသည်။

စစ်ဖြစ်နေချိန်တွင် စစ်ပြေးဒုက္ခ စည်များမှာ ရောဂါထူပြောလှသည်။ ဆေးဝါးပြတ်လပ်နေချိန် ဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းမှုမရှိ၍ အတော် များများမှာ၊ ဝဲခြောက်၊ ဝဲစို၊ အရေပြား ရောဂါများခံစားနေကြရသည်။

မြန်မာတိုင်းရင်းဆေးဆရာ ဦးလှ ကျော်၏ ကုသပေးမှုကြောင့် အတော် အတန် သက်သာမှုရသည်။ ဆရာ ဦးလှကျော်သည် စေတနာပြည့်ဝသူဖြစ် သဖြင့် ချောင်အားလုံးသို့ လှည့်လည် ကုသပေးနေရလေသည်။ နားချိန်မရှိ သလောက်ဖြစ်နေ၏။

တစ်နေ့တွင် ဦးလှကျော်သည် ကိုဘဟိန်းအား လူလွှတ်၍ အခေါ်ခိုင်း လိုက်သည်။

"ဆရာ၊ ကျွန်တော့်ကိုခေါ်တယ် ဆိုလို့"

"ဟုတ်တယ် ကိုဘဟိန်း။ ခင်ဗျား ရဲ့အကူအညီလိုနေတယ်"

"ပြောပါ ဆရာ။ ကျွန်တော်ဘာ လုပ်ပေးရမလဲ"

"နှုတ်နဲ့ပြောလို့မရဘူး။ ကျုပ်နဲ့ လိုက်ခဲ့ပါ"

ဆရာဦးလှကျော်သည် စကားကို အခုကဲ့သို့ ပြတ်ပြတ်တောင်းတောင်း ပြောလေ့မရှိ။ ယခုမူ အတော်အရေး ကြီးနေကြောင်း ကောင်းစွာ သဘော ပေါက်လိုက်၏။

ဆရာဦးလှကျော်လက်တို့ခေါ်ရာ သို့လိုက်ခဲ့လေသည်။ သိပ်ဝေးဝေးလံလံ မသွားရချေ။ ထိုစေတီရှိမှန်းပင်မသိကြ။ ပြုပြင်မှုမရှိသောဘုရားအိုကြီး။ ထိုစေတီ ၏ ပရိဝုဏ်အတိုင်း အရှေ့သို့သွားသော် တောင်နံရံ။

ဦးလှကျော်သည် ထိုတောင်နံရံ၌ခြုံ နွယ်ပိတ်ပေါင်းများကို တိုးဝှေ့၍ပျောက် ကွယ်သွားလေတော့သည်။

ကိုဘဟိန်းသည် အလွန်အံ့သြ သွားသည်။ လူငယ်တစ်ယောက်အလား ဦးလှကျော်၏လှုပ်ရှားပုံမှာ မြန်ဆန်လွန်း သည်။ ကိုဘဟိန်းသည် ဦးလှကျော် ပျောက်သွားသောနေရာသို့ သွားရောက် ပြီး ရှာဖွေသော်လည်း မည်သည့်အရာ မျှမတွေ့ရချေ။ ဆူးချုံနှင့်ကပ်စေးနှဲပင် တို့သာ တွေ့ရလေသည်။ နောက်ဆုံးတွင် မနေသာတော့ဘဲ ချုံအတွင်းသို့ အတင်း တိုးဝင်လိုက်သောအခါ အလွယ်တကူပင် တောင်နံရံရှိ ဂူပေါက်တစ်ခုကိုတွေ့ရလေ ၏။ ဂူအဝမှာ ကြီးကြီးမားမား မဟုတ်။ လေးဖက်ထောက်ဝင်မှသာရနိုင်သော အနေအထားဖြစ်သည်။ ထို့ကြောင့် ကိုဘဟိန်းသည် စဉ်းစားမနေတော့ဘဲ လေးဖက်ထောက်၍ဝင်လိုက်ရာ ခြောက် ပေခန့်အမြင့်ရှိ ဂူအတွင်းသို့ ရောက်ရှိ လာလေသည်။

အုတ်များဖြင့် စနစ်တကျ ပြုလုပ် ထားသည့် ရှေးဟောင်းဂူတစ်ခုဖြစ်လေ သည်။ ရှေးအခါက မင်းညီမင်းသားများ ပုန်းအောင်းရာဂူများဖြစ်လေမလားဟု ကိုဘဟိန်းတွေးမိလေသည်။ အတွင်းပိုင်း ကား အနည်းငယ်မှောင်နေပြီး မျက်စိ အကျင့်ရလာသောအခါ အနည်းငယ် သဲသဲကွဲကွဲမြင်ရလေသည်။ ဂူ၏ထောင့် တစ်နေရာတွင် ဝါးကွပ်ပျစ်တစ်ခု။ ထို ကွပ်ပျစ်အပေါ်တွင် လူတစ်ယောက်လှဲ လျောင်းနေသည်။ ဦးလှကျော်သည် ထို သူနှင့်စကားပြောနေ၏။

ထို့နောက် ဦးလှကျော်က -

"ဒါဘယ်သူလဲကြည့်ပါဦး ကိုဘ ဟိန်း"



www.burmeseclassic.com

www.burmeseclassic.com

ဖယောင်းတိုင်မီး၏အရောင်ဖြင့် ကိုဘဟိန်းကကြည့်လိုက်ရာ -

"ကိုဘိုနီ ဟုတ်ပါတယ်။ ကိုဘိုနီ သူဒီမှာရှိနေတာကိုး"

ကိုဘဟိန်းကနှုတ်မှ တိုးတိုးညင်ညင်သာသာရွတ်ဆိုလိုက်၏။

ကိုဘိုနီ ဘယ်ပုံဘယ်နည်းဖြင့် ဤနေရာသို့ရောက်လာသနည်း။ ဘာကြောင့်ပုန်းအောင်းနေရသနည်း။ ဂျပန်စစ်သားများလာရှာကြသည်ကို သတိရလိုက်၏။ သေချာပေါက်သတင်းရ၍သာ ဤချောင်ကိုလာရှာခြင်းဖြစ်သည်။ ဤမျှလုံခြုံသောနေရာကို ဂျပန်ပေတို့မသိနိုင်။

"ကျွန်တော်ပေးလိုက်တဲ့စာရတယ်နော်"

ကိုဘိုနီကလှဲနေရာမှထထိုင်လိုက်ပြီး မေးလိုက်လေသည်။

"ရတယ် ကိုဘိုနီ။ မအေးကြည့်ကို ပေးလိုက်တယ်။ ခင်ဗျားကို ဂျပန်တွေလာပြီးရှာသေးတယ်"

ထို့သို့ပြောလိုက်ရာ ကိုဘိုနီမှဲ့ပြုံးပြုံးလိုက်ပြီး -

"ဒီကောင်တွေ ကျုပ်ကိုအသေသတ်တာ။ ကျုပ်ကမသေဘူး၊ ခင်ဗျားရဲ့ ဓာတ်လုံး လက်စွပ်သာပါခဲ့ရင် ဒီလိုဖြစ်မှာမဟုတ်ဘူး"

"ကဲ - အခု ကျုပ်ဘာလုပ်ပေးရမလဲ"

ထိုအခါ ဆရာဦးလှကျော်က ကိုဘိုနီ၏ဗိုက်မှ ကြီးမားလှသော အနာကြီးကိုပြပြီး -

"မောင်ဘဟိန်းက ကျုပ်ကိုယ်စား တစ်နေ့တစ်ခါ ဒီကိုလာပြီး ဟောဒီနားမှာ ဒီဆေးကိုသုတ်လိမ်းပေးပါ။ ကျုပ်မှာ တခြားလူနာတွေကရှိနေတော့ ကြာရင် ရိပ်မိကုန်မှာစိုးရတယ်။ အနာကကျက်သလောက်ရှိနေပါပြီ။ ဒါပေမယ့် မန်းငန်းဝင်မှာစိုးလို့ပါ။ လုပ်ပေးနိုင်မယ် မဟုတ်လား"

"လုပ်ပေးရမှာပေါ့ ဆရာ"

"အေး - ကိုဘဟိန်းကိုယုံတယ်။ နှုတ်လုံမယ်ဆိုတာလည်း ယုံပြီးသားပါ။ အရေးကြီးဆုံးက ဘုရားစောင်းတန်းတက်တဲ့အခါ တစ်ခုခုရှာဖွေတဲ့ပုံစံမျိုးနဲ့ တက်ခဲ့ပါ။ ကိုယ်မမြင်ပေမယ့် တစ်ခါတစ်ခါ မထင်ဘဲ တခြားသူတွေမြင်တွေ့တတ်တဲ့အခါမျိုးရှိတတ်တယ်"

ဦးလှကျော်သည် အလွန်အကင်းပါးကြောင်း အခုမှသိရသည်။ အရင်က ဘာသာရေးအလွန်လေးစားကြောင်းကို သာသိရသည်။ ကိုဘဟိန်းကိုလည်း လူကဲခတ်ပြီးမှ အကူအညီတောင်းသည်မှာ လျော်ကန်လှပေသည်။

သိပ်မကြာလှချေ။ ဦးလှကျော်သည် ဂူအပြင်သို့ လျင်မြန်စွာထွက်ခွာသွားလေသည်။ ထို့နောက် ကိုဘဟိန်းက -

"ကဲ - ကိုဘိုနီဘယ်နည်းဘယ်ပုံဖြစ်တယ်ဆိုတာ ပြောပြပါဦး"

ဟု စကားစလိုက်သဖြင့် ကိုဘိုနီသည် အောက်ပါအတိုင်း သူ၏ဇာတ်လမ်းကို ပြောပြလေသည်။

❑

"အဲဒီနေ့က အလုပ်ရှာရင်း အသိတစ်ယောက်နဲ့တွေ့တယ်။ သူက အလုပ်ရှိတယ်ပစ္စည်းပို့ပေးရုံပဲလို့ပြောတယ်"

နောက် ထိုသူက -

"ခင်ဗျားပို့ပေးရမှာက ဝေးဝေးလံလံမဟုတ်ပါဘူး။ မိုးဇာဈေးကနေ ဆင်များရှင်ဘုရားအထိပဲ"

ကိုဘိုနီက အတော်သဘောကျသွားသည်။ ထို့ကြောင့် ပစ္စည်းအမျိုးအစားကိုမေးရာ -

"ပန်းဆိုင်၊ မိုးဇာဈေးရဲ့ မြောက်ဘက်မှာ ပန်းဆိုင်ရှိတယ်။ အထမ်းနဲ့ရောင်းတဲ့သူတွေက အဲဒီဆိုင်ကနေပြီး ဝယ်ရတယ်။ ဒိုင်ဆိုပါတော့။ ခင်ဗျားအတွက်တော့ ပန်းဆိုင်းအသင့်လုပ်ပြီးသား အသင့်ပို့ရုံပါပဲ။ ဆင်များရှင်ဘုရားရောက်တော့ ငွေလက်ငင်းရှင်းပေးလိမ့်မယ်။ မှန်းဆိုင်းကို အဲဒီမှာထားခဲ့။ ဒါဆိုပြီးပြီ။ ခင်ဗျားတောင်းသလောက်ပေးလိမ့်မယ်။ အင်္ဂလိပ်ငွေလိုသလား။ ဂျပန်ငွေလိုသလား။ ကြိုက်တာယူနိုင်တယ်"

"အင်္ဂလိပ်ငွေပဲယူမယ်။ ဒါထက်မေးချင်တာတစ်ခုရှိတယ်။ ဒီပန်းဆိုင်းကိုပို့ပေးရုံနဲ့ ဒါလောက် ငွေများများပေးတာ ရိုးသားရဲ့လားဗျာ"

"ဒီမှာ ကိုဘိုနီ၊ ခင်ဗျားအလုပ်လိုချင်တယ်ဆိုလို့ရှာပေးတာ။ ကိုယ့်အချင်းချင်းမို့ တိုးတိုးတိတ်တိတ်ပြောပြမယ်။ ပန်းဆိုင်းတွေအလယ်မှာ ဓာတ်ဆီပုံး တစ်ပုံးစီပါတယ်"

"ဟာ- ဓာတ်ဆီဆိုရင်တော့ ကျုပ်မလုပ်ရဲဘူး။ ဓာတ်ဆီတစ်စက်၊ သွေးတစ်စက်လို့ ဂျပန်တပ်က အမိန့်ထုတ်ထားတယ်လေ။ ကျုပ်မပို့တော့ဘူး"

ထိုသို့ပြောလိုက်ရာ ထိုမိတ်ဆွေမှာ မျက်နှာပျက်သွားပြီး သိသိသာသာ တင်းမာသွားလေသည်။ ထို့ကြောင့် ကိုဘိုနီ၏မျက်နှာကိုစေ့စေ့ကြည့်ပြီး -

"ဒီကိစ္စ ခင်ဗျားသိသွားပြီ။ မပို့လို့ မရတော့ဘူး။ ခင်ဗျားရဲ့ လုံခြုံရေးကို ကျုပ်အာမမခံနိုင်ဘူး။ ဒါစီးပွားရေးလုပ်တာမဟုတ်ဘူး။ ကျုပ်တို့ဖက်ဆစ်တော်လှန်ရေးမှာသုံးဖို့။ ကျုပ်တို့တော်လှန်ရေးမှာ လောင်စာဆီအရေးတကြီးလိုနေတယ်။ စဉ်းစားပါ"

စဉ်းစားပါ ဆိုသောစကားသည် အကြောင်းရှိသည်။ ကိုဘိုနီအား ခြိမ်းခြောက်ခြင်းဖြစ်နိုင်သကဲ့သို့ မြန်မာတစ်မျိုးသားလုံးအတွက် အရေးအကြီးဆုံးအချိန်၊ အလိုအပ်ဆုံးဖြစ်ကြောင်း မြန်မာတစ်ယောက်အနေဖြင့် စဉ်းစားရမည်ဟု သဘောပေါက်မိသည်။

ထို့ကြောင့် မဆိုင်းမတွပင် -

"ကဲ - ဒါဆိုသွားမယ်။ ဟိုမှာ အဆင်သင့်ပဲမဟုတ်လား"

"အဆင်သင့်ပါပဲ။ ခင်ဗျား ပန်းဆိုင်းကို ဆင်များရှင်ဘုရားရဲ့မြောက်ဘက် ပန်းအိုး၊ စဥ့်အိုးရောင်းတဲ့ ဆိုင်မှာထားခဲ ရော့ရော့ - ကျုပ်ပဲရှင်းပေးလိုက်မယ် ဒီမှာ ရှုပီးငါးဆယ်။ သွားတော့"

အချိန်နှင့်အမျှအရေးကြီးကြောင်း ကိုဘိုနီနားလည်လိုက်သည်။ ထို့ကြောင့် မိုးဇာဈေးဘက်သို့ ခပ်သုတ်သုတ်ထွက် လေသည်။

မိုးဇာဈေးမှပန်းဆိုင်သည် ထိုနေ့တွင် လူအတော်ရှင်းနေသည်။ ပန်းလာ ဝယ်သူများလည်းမတွေ့ရချေ။ စိတ်တွင် ခပ်ထင့်ထင့်ဖြစ်သွားသည်။ ကိုဘိုနီသည် ဝဲယာကို အကဲခတ်လိုက်၏။ အားလုံး တည်တည်ငြိမ်ငြိမ်။ သူပန်းဆိုင် ရောက်သွားသည်နှင့် ပန်းသည်မိန်းမကြီး ထွက်လာပြီး -

"ဩော် - ပန်းဆိုင်းပို့ပေးမယ့် ထင်ပါရဲ့။ ဆင်များရှင်ဘုရားကိုပို့ရမှာ နော်"

"ဟုတ်ကဲ့"

ပြောပြောဆိုဆိုနှင့် ကိုဘိုနီသည် ပန်းသည်ကြီးပေးသော ပန်းဆိုင်း အသာထမ်းလျက် မိုးဇာဈေးမှ ကတ္တ လမ်းအတိုင်း ဆင်များရှင်ဘုရားဆီ ခပ်သုတ်သုတ်ထွက်ခဲ့လေသည်။ လာရင်း မသိမသာ ပတ်ဝန်းကျင် အကဲခတ်လျက်ရှိနေသည်။ ထိုအခါ အထိ အားလုံးအဆင်ပြေနေသည်။

ဆင်များရှင်ဘုရားကို ခပ်လှမ်း လှမ်းမှဖူးတွေ့ရပြီ။ ထူးထူးခြားခြား လူ ကင်းရှင်းနေသည်က ကိုဘိုနီအား တစ်ခုခုဖြစ်တော့မည်ဟု သတိ



www.burmeseclassic.com

www.burmeseclassic.com

ယောင်။

သို့သော် ဤလိုအချိန်မျိုးတွင် ရှင်းလေကောင်းလေဟု စိတ်ကိုဖြေ၍ သွားလိုက်သည်။ ထို့ကြောင့် ခြေလှမ်းကျဲဖြင့် စေတီကြီး၏မြောက်ဘက်သို့ ဆင်းတပ်သွားလေသည်။ ထိုဆိုင်ကား အိုးများ၊ ပန်းများရောင်းချသော ဆိုင်ဖြစ်၍ ပေ (၂၀) ပတ်လည်အကျယ် ဆိုင်ခန်းဖြစ်လေသည်။ ဆိုင်ရှေ့တွင် စီဦးတစ်ယောက်မျှမတွေ့သဖြင့် ပန်းအိုးကို အပြင်တွင်ချထားလိုက်ပြီး ဆိုင်အတွင်းသို့ဝင်လိုက်လေသည်။

"ဒုတ်. . . ခွပ်. . . အား"

ကိုဘိုနီဝတ်ဝန်းကျင်နှင့် အဆက်ပြတ်သွားလေသည်။ အားလုံးအမှောင်အတိဖြစ်သွားသည်။ သတိရလိုက်သောအခါ ဂျပန်စစ်သားသည် ကိုဘိုနီ၏ရင်ဘတ်ကိုခြေဖြင့်နင်းထားပြီး သေနတ်ဖြင့် ချိန်ထား၏။ ဆိုင်ခန်းအတွင်းတွင် ကြိုးများဖြင့် ချည်နှောင်ထားသော လူလေးယောက်။ ကိုဘိုနီကဲ့သို့ ဓာတ်ဆီပုံးများကို သယ်ဆောင်ပေးသူများဖြစ်နိုင်သည်။

အသက်ငယ်ငယ် ကုလားကပြားကလေး၏ နှာခေါင်းနှင့် ပါးစပ်မှ သွေးများက ယိုစီးကျနေသည်။ အခြေအနေကောင်းကြောင်းသိလိုက်ရပြီ။ သို့သော် အချိန်နှောင်းသွားလေပြီ။ တစ်ဦးတစ်ယောက် သစ္စာဖောက်လေပြီ။

ကံကောင်းသည်မှာ ဓာတ်ဆီ ရောင်းဝယ်မှုဖြင့် အဖမ်းခံရခြင်းဖြစ်၏။ တော်လှန်ရေးအတွက် အသုံးပြုရန်ဆိုသည်ကိုမူ ဂျပန်များသိဟန်မတူ။ ဖြေသာသည်ဟု ဆိုရမည်။ မဟုတ်ပါက ခေါင်းကြွက်လျှောက်လိုက်လာနိုင်လေသည်။

မည်သို့ပင် ဖြေသာသော်လည်း အပြစ်က အပြစ်သာဖြစ်လေသည်။ နောက်ဆုံးအပြစ်ဒဏ်ကား သေဒဏ်ပင်ဖြစ်လေသည်။

'ဓာတ်ဆီတစ်စက်၊ သွေးတစ်စက်' 'ဓာတ်ဆီတစ်ပုံး အသက်ဆုံး' ကြရပေတော့မည်။

တရားခံ ငါးဦးကို ကြိုးများဖြင့် ချုပ်နှောင်ပြီး ဆင်များရှင်ဘုရား၏ အရှေ့ဘက် 'မရှိခဏသချိုင်းကုန်း' (ယခုအခါ သချိုင်းမရှိတော့ချေ။ မြို့သစ်ဖြစ်နေလေပြီ) သို့ ခေါ်ဆောင်သွားလေသည်။

ကုလားကပြားကလေးမှာ သတိလစ်မေ့မြောဖြစ်နေသည်။ သူ့အကြောင်းကြီးသဖြင့် အမူအရာပျက်နေပုံရသည်။ ဒါကို အခွင့်ကောင်းယူ၍ ဂျပန်စစ်သားများက စစ်မေးရာမှ ဗူးပေါ်သလိုပေါ်လာခြင်းဖြစ်နိုင်လေသည်။

ကြောက်တတ်ဝန်ကင်း ဆိုသောစကား ဤနေရာတွင် လွဲမှားသည်ဟု ဆိုရပေမည်။ မရှိခဏသချိုင်းမြေလွတ်တစ်နေရာတွင် မည်သည့်အချိန်က စိုက်ထူထားသည်မသိ။ မျောတိုင်ငါးလုံးစိုက်ထူထားလေသည်။

ကိုဘိုနီအပါအဝင် တရားခံငါးဦးအား မျောတိုင်တစ်ခုစီတွင် ကြိုးများဖြင့် တုပ်နှောင်လိုက်လေသည်။ အားလုံး၏မျက်နှာများတွင် သွေးမရှိတော့။ သတ္တဝါတိုင်း သေရမှာကြောက်ကြသည်ချည်းပင်။ အဆိုးဆုံးမှာ ကုလားကပြားကလေးဖြစ်သည်။ ကြောက်အားကြီးသဖြင့်သတိလစ်နေလေသည်။ တစ်နည်းဆိုသော် သူ့အတွက်ကောင်းသည်ဟုပင် ဆိုနိုင်သည်။

ဂျပန်စစ်သားငါးယောက် နေရာယူလိုက်သည်။ ဂျပန်စစ်ဗိုလ်၏အမိန့်ကို စောင့်ဆိုင်းနေကြသည်။

ဂျပန်စစ်ဗိုလ်က အမိန့်ပေးလိုက်ရာ လုံ့စွပ်များကို သေနတ်တွင်တပ်ဆင်လိုက်ကြ၏။ ဒုတိယအမိန့်သံပေါ်ထွက်လာပြီး -

"ယား"

ဆိုသော အသံများနှင့်အတူ-

"စွပ်. . . စွပ်. . . အီး"

ဟူသောအသံ၊ ညည်းတွားသံတို့ပေါ်ထွက်လာလေသည်။

ခေတ္တ၍ အသံများငြိမ်သက်သွားသည်။ ဂျပန်စစ်ဗိုလ်၏ အမိန့်ပေးသံနှင့်အတူ ဂျပန်စစ်သားများ၏အသံတို့ တိတ်ဆိတ်သွားသည်။

ကိုဘိုနီနားထဲတွင်အားလုံးကြားနေရသည်။ ဂျပန်များထွက်ခွာသွားသည်ကိုလည်း သူသိနေသည်။ ခပ်လှမ်းလှမ်းမှ ကားသံကိုလည်းကြားနေရသည်။ ဒါဆိုလျှင် ကိုဘိုနီမသေသေး။

အချိန်အတော်ကြာမှ မျက်စိများကို ဖြည်းညင်းစွာဖွင့်သည်။ စစ်သားများမရှိကြတော့။ နံဘေးဝဲယာသို့ အကဲခတ်လိုက်ပြန်သည်။ အားလုံးမြင်မကောင်းအောင်ရှိနေသည်။ သူ့ကိုယ်သူကြည့်လိုက်သည်။ သူ၏အူအချို့ဝမ်းဗိုက်အပြင်သို့ထွက်နေသည်။ သို့သော် သူမသေသေး။ ခြေလက်များကိုလှုပ်ကြည့်ပြန်သည်။ အားလုံးအကောင်းပကတိ။ သွေးများက ယိုစီးနေသည်။

ဂျပန်စစ်သားများ၏ အရိပ်အယောင်များ မတွေ့ရချေ။ ထို့ကြောင့် သူ့အားတုပ်နှောင်ထားသော ကြိုးများကို လူးလွန့်ကြည့်လိုက်သည်။ လုံ့စွပ်ထိသွားသဖြင့် ကြိုးသည်ပြတ်လုပြတ်ခင်ဖြစ်နေသည်။

ကိုဘိုနီသည် ရှိသမျှအင်အားဖြင့် ရုန်းကန်လိုက်ရာ တိုင်မှလွတ်မြောက်သွား၏။ သူမသေသေးသည်မှာ လုံးဝသေချာသွားပြီး သူ၏ထွက်နေသောအူများကို အသာထိုးသွင်းပြီး ကိုယ်မှစွပ်ကျယ်အင်္ကျီကိုချွတ်လိုက်ပြီး ဗိုက်ကိုပတ်ချည်လိုက်လေသည်။ အနီးပတ်ဝန်းကျင်ကိုကြည့်လိုက်ပြီး သချိုင်းကုန်းကိုဖြတ်လျက် စစ်ကိုင်းတောင်ရှိရာ အရှေ့မြောက်အရပ်သို့ ဦးတည်၍ ပြေးထွက်ခဲ့လေသည်။

အချိန်ကား နွားရိုင်းသွင်းချိန်။ နေဝင်ရီတရောဖြစ်သည်။ ထို့ကြောင့် အနောက်ဘက်မှဝင်လုလုနေမင်းသည် ကိုဘိုနီ၏ကျောပြင်ကို မီးထိုးပြနေသကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် ခေတ္တမျှ နဘူးချုံအတွင်းသို့ ဝင်ပုန်းနေလိုက်လေသည်။

နေမင်း၏အလင်းသည် တဖြည်းဖြည်းလျော့ကျလာလေသည်။ ညအမှောင်သို့ရောက်ရှိလာသည်။ အမှောင်ထုကိုအားပြု၍ ကိုဘိုနီသည် စစ်ကိုင်းတောင်သို့ပြန်ရမည်။ ဂျပန်စစ်သားများသည် တရားခံ၏အလောင်းများကို ဒီအတိုင်းနှစ်ရက်သုံးရက်ထားဦးမည်။ သို့အတွက် လူပျောက်ဆုံးနေသည်ကို ရုတ်တရက်သိနိုင်မည်မဟုတ်။

နဘူးချုံအတွင်းမှလေးဖက်ထောက်ထွက်လာခဲ့၏။ သူ့တွင် ရှိသမျှအင်အားကိုအသုံးပြုလျက် စစ်ကိုင်းတောင်ရှိရာ အရှေ့မြောက်ဆီသို့မှန်း၍ပြေးခဲ့လေ၏။ ထိုအခါ ဒဏ်ရာမှသွေးများပို၍ထွက်လာလေသည်။ ဘယ်လက်ဖြင့် ဒဏ်ရာကိုဖိ၍ ခပ်သုတ်သုတ်ပြေးခဲ့ရာ မြေတွင်းဟောင်းတစ်ခုထဲသို့ ထိုးကျသွားလေသည်။ ကံကောင်းသဖြင့် ဒဏ်ရာကိုမထိခိုက်ချေ။

လူသေမြှုပ်နှံထားသည်မှာ မကြာသေးချေ။ အခါတိုင်းအချိန်မျိုးတွင် အလွန်ကြောက်ရွံ့မိမည်ဖြစ်သော်လည်း ယခုလိုအချိန်မျိုးတွင် ဂရုမစိုက်အားချေ။ တွင်းထဲမှ ကုပ်တက်ခဲ့ပြီးပြေးခဲ့ပြန်၏။

ထိုအချိန် စစ်ကားတစ်စီးအသံကို ကြားလိုက်သဖြင့် နီးစပ်ရာ မိုးနံ့ချုံသို့လှဲဝင်လိုက်ရလေသည်။ ကားသည် အနီးမှ ဖြတ်သွားပြီး ရှင်မနန်းဦးဘုရားဘက်သို့



www.burmeseclassic.com

www.burmeseclassic.com

မောင်းနှင်သွား၏။

ကားသံအတော်ဝေးသွားမှ မိုးနံ့ချုံထဲက ရုန်းထွက်ခဲ့ရလေသည်။ တစ်ကိုယ်လုံး မိုးနံ့ဆူးများကစိုက်လျက်ရှိလေ၏။ ဆူးများကို နုတ်ဖယ်နေစဉ် မိမိကျောဘက်မှ တဝင်းဝင်းတောက်နေသော မျက်လုံးကဲ့သို့အရာနှစ်ခုကိုတွေ့လိုက်ရသည်။ ထိုအရာသည် ကိုဘိုနီသွားသည်နှင့် နောက်မှပါလာလေသည်။ သူရပ်လျှင်ရပ်၏။

ကိုဘိုနီသည် ကြက်သီးများထလာတော့သည်။ မတတ်သာတော့။ ကာကွယ်စရာတစ်ခုခုကို အမှောင်ထဲတွင်လိုက်စမ်းရသည်။ ကံအားလျော်စွာ တုတ်ချောင်းတစ်ခုကိုစမ်းမိလေသည်။ ထိုတုတ်ချောင်းဖြင့် ပေါက်လိုက်ရာမှ ပျောက်ကွယ်သွားလေသည်။ (အမှန်မှာ သွေးညှီနံ့ရသဖြင့် ညအခါ အစာရှာထွက်သော ခွေးအပု နောင်အခါမှသိရလေသည်။

ကိုဘိုနီသည် အလွန်မောဟိုက်လာသည်။ သို့သော် နားနေ၍မဖြစ်ချေ။ တတ်နိုင်သမျှ တရွေ့ရွေ့သွားနေရသည်။ မိုးမလင်းမီ စစ်ကိုင်းတောင်ပေါ်သို့ အရောက်တက်ရမည်။ မိုးလင်းသည်နှင့် ဂျပန်စစ်သားများ ခြေရှုပ်ကြတော့မည်။

သချိုင်းကုန်းအလွန်တွင် လယ်ကွင်းများရှိနေသဖြင့် အတတ်နိုင်ဆုံး လယ်ကွင်းများကိုရှောင်သွားရလေသည်။ လယ်ကွင်းများတစ်စတစ်စနည်းပါးလာပြီး ဆူးချုံတို့ကိုကျော်ဖြတ်ရလေသည်။

ထိုမှလွန်သော် နာနတ်တောသို့ ရောက်တော့မည်။ နာနတ်တောကား နာနတ်အရိုင်းများဖြစ်၍ အမြင့်မှာ လူတစ်ရပ်ကျော်သည်။ ထိုတောသို့ရောက်လျှင် ကိုဘိုနီအတွက် အန္တရာယ်ကင်းပြီဟုဆိုနိုင်၏။ နာနတ်တောမှာ အလေ့ကျပေါက်သောနာနတ်အရိုင်းများဖြစ်သည်။ ဇကတော်တော်များတွင် တောကြီးဖြစ်နေသဖြင့် ဂျပန်ခေတ်တစ်လျှောက်လုံး စစ်ကိုင်းတောင်ရိုးစစ်ပြေးဒုက္ခသည်တို့၏ သချိုင်းအဖြစ် အသုံးပြုကြသည်။ (စစ်ကိုင်းတောင်ရိုးနှင့် မင်းဝံတောင်ရိုး အကြားတွင်ရှိခဲ့သော နာနတ်တောကြီးမှာ ယခုအခါ မရှိတော့ပါ။)

ဒဏ်ရာမှသွေးများပို၍ထွက်လာသည်။ စွပ်ကျယ်တစ်ခုလုံးရွှဲရွှဲစိုနေသည်။ ဒဏ်ရာကိုအလေးမထားနိုင်။ ပြေးလိုက်၊ လမ်းလျှောက်လိုက်နှင့် နာနတ်တောသို့ ရောက်လာတော့သည်။ အသက်ရှူပင်မမှန်တော့ချေ။ ရခိုင်ပြန်ချောင်ရှိနိုင်မည့် အရပ်ဆီသို့မှန်း၍ တောင်တမ်းပါးယံကို သစ်ပင်များအားဆွဲ၍တက်ရလေသည်။

လူသံလိုလိုသဲ့သဲ့ကြားလိုက်သည်။ ချောက်ကမ်းပါးအလွန်တွင် ဇရပ်တစ်ခု၏လှေကားကိုကိုင်မိလိုက်၏။ သည့်နောက် အားလုံး မှောင်အတိကျသွားတော့သည်။

ကိုဘိုနီ ကံကောင်းသည်။ ဆရာဦးလှကျော် အပြင်သို့ထွက်ချိန်နှင့်ဆုံလိုက်ရာ ပထမတွင် မည်သူမည်ဝါမှန်းမသိ။ နောက်မှ ကိုဘိုနီမှန်းသိလိုက်ပြီး ဒဏ်ရာမှာလည်း လုံစွပ်နှင့်အထိုးခံရမှန်းသိလိုက်ပြီး အကင်းပါးလှသော ဦးလှကျော်သည် ကိုဘိုနီအားထမ်းလျက် လူသိနည်းသောဂူတစ်ခုအတွင်းသို့သွင်းပြီး ဆေးကုပေးနိုင်ခဲ့လေသည်။

ကိုဘိုနီသည် သူ၏ဇာတ်လမ်းကို ပြောဆိုပြီးမောသွားဟန်တူ၏။ ခေတ္တမျှ နားလိုက်ပြီးနောက် –

"ကိုဘဟိန်း၊ ရက်ဆက်လာဖို့မလိုပါဘူး။ အနာကကျက်သလောက်ဖြစ်နေပါပြီ။ ဆရာဦးလှကျော်က ပုတီးစိပ်မယ်ဆိုပြီး အကြောင်းပြတယ်။ ပြီး သူက ညတိုင်းလိုလိုစားစရာယူလာပေးပါတယ်။ သူက ပုတီးစိပ်ဖို့ ဒီဘုရားကြီးနားလာနေကျမို့ သူ့ကိုဘယ်သူကမှသံသယမရှိကြဘူး"

ထိုနေ့မှစ၍ ကိုဘဟိန်းသည် နှစ်ရက်ခြားတစ်ခါလောက် ကိုဘိုနီထံရောက်လေသည်။ စားစရာများလည်း ယူလာပေးတတ်လေသည်။

အခုတစ်လော နာနတ်တော၏ သတင်းကထူးနေပြန်သည်။မင်းဝံတောင်ရိုးမှ ထင်းခွေအပြန် ဂျပန်စစ်သားများက စစ်လားမေးလားလုပ်နေကြသည်။ထို့ပြင် ညနေစောင်း နေဝင်ချိန်တွင် နာနတ်တောထဲ၌ လူဝံနှင့်တူသော သတ္တဝါတစ်ကောင်ကို တွေ့သူများက တစ်ဆင့်ပြန်ပြောကြသည်။

အချိန်မတော် အပြင်မထွက်ဖို့ တစ်ဦးကိုတစ်ဦးသတိပေးနေကြရသည်။ မကြာခဏတွေ့ကြရသည်ဟုပြောကြရာတွင် အမွေးအမှင်ထူသော သတ္တဝါကြီးဟုပြောကြ၏။ အချို့က နာနာဘာဝဟုဆိုပြန်သည်။

တစ်နေ့ ဆည်းဆာအချိန် ဖြစ်၏။ ဂျပန်စစ်သားလေးငါးယောက် သေနတ်ဖြင့် ထိုမည်းမည်းသတ္တဝါကြီးအား လိုက်လံပစ်ခတ်နေသည်ကို အရပ်သားအချို့တွေ့ကြရသည်။

ခရီးသွားတစ်ဦးက သူ၏မျက်မြင်ကိုပြောပြသည်။

"မျောက်ထက်ကြီးတယ်။ မည်းမည်းအကောင်ကြီးဗျာ။ အမွေးက တော်တော်ထူတယ်။ မင်းဝံတောင်ဘက်က အလာ ဂျပန်စစ်သားတွေတွေ့တော့ သေနတ်နဲ့ဝိုင်းပစ်တယ်။ ဘာမှမဖြစ်ဘူးဗျာ။ ကျုပ်အသေအချာမြင်တာ၊ ဂျပန်တွေလည်း နည်းနည်းလန့်သွားပုံရတယ်"

လက်သမားဆရာ ဦးတင်က တော့ –

"ကျုပ်တစ်သက်မှာဒီလောက်ကြီးတာ ဒီတစ်ခါပဲမြင်ဖူးတယ်။ ကျုပ်ဖြင့် သတိလစ်မတတ်ပါဘဲ။ နာနာဘာဝဖြစ်မှာပေါ့"

တစ်နေ့တွင် ခေမာသီဝံချောင်သို့ ဂျပန်စစ်သားများ ရောက်လာသည်။ ဂျပန်အလိုတော်ရီနှင့် ဂျပန်စကားပြန် တစ်ဦးပါလာသည်။ မူလကပင် ကိုတင်ဦးအား သက်ာမကင်းဖြစ်နေသော ဂျပန်အလိုတော်ရီက ဂျပန်ကင်းပေတိုင်ထံ သတင်းပို့လိုက်သည်။

ကိုတင်ဦးသည် သူအမြဲလွယ်ထားသော သားရေအိတ်ထဲတွင် မြန်မာတော်လှန်ရေးရဲဘော်များအတွက် သတင်းနှင့်မြေပုံများထည့်ထားသည် ဟူ၍ဖြစ်လေသည်။

ကိုတင်ဦးသည် ထိုသားရေအိတ်ကို အမြဲကိုယ်နှင့်မကွာထားသည်။ အိပ်လျှင် ခေါင်းအုံးအောက်တွင်ထားသည်။ ရေချိုးလျှင် သူနှင့်လက်လှမ်းတမီ နေရာတွင်သာထား၏။ ထိုအိတ်ကို မည်သူမျှ မထိမကိုင်ရ။ သူ၏ဇနီး မနော်ပင်လျှင် မကိုင်ရချေ။ အိတ်ကို သော့ခတ်ထားမက သွပ်နန်းကြိုးဖြင့်ရစ်ပတ်ပြီး ဝယိုင်ယာဖြင့် လိမ်ထားလိုက်သေး၏။

သူ့ကိုစိတ်မနှံ့သူ၊ ဦးနှောက်ထုံမပြည့်သူဟု ယူဆထားကြသဖြင့် သူ၏လုပ်ရပ်အားလုံးကို လျစ်လျူရှုထားတတ်ကြသည်။ သူသည် တစ်ခါတစ်ရံ ပန်းချီရေးဆွဲ၏။ လေယာဉ်ပျံများ၊ တင့်ကားများ စသည်ဖြင့် သူထင်ရာသူရေးဆွဲ၍ အိမ်တွင်ကပ်ထားလေသည်။

ကိုတင်ဦးအား ဂျပန်ကင်းပေတိုင်ထံသို့ခေါ်သွားသည့်သတင်းကား စစ်ကိုင်းတောင်တစ်တောင်လုံး ပျံ့နှံ့သွား၏။ သနားသူများရှိကြသကဲ့သို့ သူအမြဲလွယ်ထားသောသားရေအိတ်ထဲတွင်ဘာတွေရှိသည်ကို စိတ်ဝင်စားကြသည်။

တတ်မတတ်ချက်မတတ်ငိုသူကား မနော်ဖြစ်၏။ မနော်သည် လင်ဖြစ်သူ မောင်ကို အလွန်ချစ်ရှာသည့် အပြင်



www.burmeseclassic.com

www.burmeseclassic.com

သည်ဖြစ်စေ၊ အပြစ်မရှိသည်ဖြစ်စေ ဘင်ပေတိုင်ရုံးရောက်လျှင် အကောင်းအတိုင်းပြန်လာရဖို့မလွယ်ချေ။

ယခုတော့ ယောင်ကိုးဆယ်ဆရာ ကိုတင်ဦးဒုက္ခတွေ့လေပြီ။ သူ၏ သားရေအိတ်အတွင်းဘာရှိသည်ကို သူမှတစ်ပါး မည်သူမျှမသိနိုင်ချေ။

နံနက်ပိုင်းက ခေါ်ဆောင်သွားသည်၊ တစ်နေ့လုံးပေါ်မလာ။

ဂျပန်စကားပြန်မှတစ်ဆင့် ကိုတင်ဦး၏သားရေအိတ်ကိုဖွင့်ပြရန် ဂျပန်စစ်ဗိုလ်က အမိန့်ပေးလိုက်လေသည်။ ဂျပန်စစ်ဗိုလ်ရှေ့သို့ရောက်နေသော ကိုတင်ဦးသား အမူအရာမပျက်ချေ။ ဦးနှောက်ထုပ်မပြည့်သူမို့ ဖြစ်လာမည့် အန္တရာယ်ကို သိရှိဟန်မတူ။

ဂျပန်စစ်ဗိုလ်က အသံပြင်းပြင်းနှင့် အမိန့်ပေးလိုက်ပြန်သည်။

စကားပြန်က -

"ကိုတင်ဦး၊ အိတ်ကို မြန်မြန်ဖွင့်လိုက်ပါ။ မဟုတ်ရင် အသတ်ခံရလိမ့်မယ်"

မဖွင့်ချင်ဖွင့်ချင်ဖြင့် ကိုတင်ဦးက ထိုင်ယာတစ်ချောင်းတောင်း၍ သွပ်နန်းကြိုးကို စ၍ဖြေလိုက်သည်။ နောက် သော့ကို ဖွင့်လိုက်လေသည်။ ပြီးမှ ဂျပန်စစ်ဗိုလ်အား သားရေအိတ်ကိုတိုးပေးလိုက်လေသည်။

ဂျပန်စစ်ဗိုလ်က ဆတ်ခနဲ ဆွဲယူလိုက်ပြီး အတွင်းမှစာရွက်ခေါက်များကို ထုတ်လိုက်သည်။ အားလုံးဝိုင်းကြည့်နေကြမှာပင် စာရွက်များကို တစ်ခုချင်းဖြန့်လိုက်သည်။

"ဟင်"

ဟူသော အာမေဋိတ်အသံများ ထွက်လာလေ၏။ ထို့အတူ ဂျပန်စစ်ဗိုလ်နှင့် စစ်သားများမှာ တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ ရယ်ရမလို၊ ဒေါသထွက်ရမလို မျက်နှာကိုယ်စီဖြင့် ဖြစ်နေကြသည်။

ကိုတင်ဦး၏အိတ်ထဲမှ ထွက်လာသောစာရွက်များမှာ သူတို့မျှော်မှန်းထားသလို တော်လှန်ရေးတပ်သားများအတွက် လျှို့ဝှက်သတင်းများ၊ မြေပုံများ မဟုတ်ဘဲ ဟောလိဝုဒ်မှ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးများ၏ မဇပေါ်တပေါ်ပုံများသာဖြစ်လေသည်။

ဂျပန်စစ်ဗိုလ်သည် ပြုံးနေရာမှ ရယ်လိုက်ပြီး သတင်းပေးသူ အလိုတော်ရိအား ဂျပန်လိုဆူဆဲနေတော့သည်။ ကိုတင်ဦးကိုလည်း ပြန်၍လွှတ်လိုက်လေသည်။ ထို့ကြောင့် ကိုတင်ဦးတစ်ယောက် ထူးထူးခြားခြား ဘေးမသီရန်မခဘဲ မနေ့ဆီပြန်ရောက်လာခဲ့၏။

ဂျပန်စစ်တပ်များ အရေးမလှသဖြင့် တစ်စတစ်စဆုတ်ခွာနေသည့် သတင်းများထွက်ပေါ်လာ၏။ သို့ရာတွင် စစ်ကိုင်းတောင်နှင့် စစ်ကိုင်းမြို့အတွင်းမှ ဂျပန်စစ်တပ်များမှာ ရှိနေဆဲ၊ ရမ်းကားဆဲပင်ဖြစ်သည်။

ဘုန်းတော်ကြီးများဆွမ်းခံပြန်ချိန် တောင်ခြေရှိ ကနီချောင်မှ ဦးဝိန် ဆိုသူသည် ရခိုင်ပြန်ချောင်သို့အမောတကော ပြေးတက်လာလေသည်။ သူနှင့်အတူ သတင်းဆိုးတစ်ခုပါလာလေသည်။

"ကိုဘဟိန်းကို ဂျပန်စစ်သားတွေ ဖမ်းသွားကြတယ်။ ကြားပြီးပြီလား"

"မကြားမိသေးဘူးခင်ဗျ။ ဘယ်တုန်းကလဲ"

"အခုမနက်ကပဲ"

ဦးဝိန်နှင့် တစ်ချောင်းတည်းနေ မိတ်ဆွေတို့စကားပြောသံကြားသဖြင့် ဒေါ်စောလှရောက်လာသည်။

"ကိုဘဟိန်းက အင်္ဂရိတ်ရှူးပဲ။ ဘာလုပ်မိလို့ ဖမ်းတာပါလိမ့်တော်"

ဦးဝိန်က ဒေါ်စောလှဘက်သို့ လှည့်ကာ -

"သူ့အိတ်ထဲမှာ ရိုင်ဖယ်ကျည်ဆန် တစ်တောင့်တွေ့လို့တဲ့ဗျ။ ဒီလူကလည်း ဘာပြုလို့ ကျည်ဆန်ကို အိတ်ထဲမှာ ထည့်ထားမှန်းမသိပါဘူးဗျာ"

"ဟုတ်ပါရဲ့၊ ဒီမော်ရှူးကလည်း ဒီခေတ်ကြီးထဲမှာ ရှာရှာပေါက်ပေါက် ကျည်ဆန်ကိုများထည့်ထားရတယ်လို့"

ဒေါ်စောလှ၏ခင်ပွန်း ဦးသိန်းက ဝင်ပြောလိုက်လေသည်။

ထို့နောက် ဦးဝိန်က -

"မဟုတ်မှလွဲရော သူကောက်ရတဲ့ ကျည်ဆန်ကို အင်္ဂရိတ်ထိုးဖို့သိမ်းထားတာပဲဖြစ်မယ်။ ကျည်ဆန်မှာက ကြေးနီ၊ ကြေးဝါနှစ်မျိုးစလုံးပါတယ်လေ"

ထိုသို့ပြောနေစဉ်မှာပင် ကိုလှဖေ ဆိုသူသည် အပြေးတက်လာပြန်သည်။ အားသွန်ခွန်စိုက် ပြေးလာခဲ့ရသဖြင့် ရုတ်တရက် စကားမပြောနိုင်သေးဘဲ ခေတ္တနားနေလိုက်သည်။

ပြီးမှ -

"ကျုပ် ကျုပ် ကိုဘဟိန်းကို တွေ့ခဲ့တယ်ဗျ။ ဟို သရက်ပင်ဆိပ်မှာ ဂျပန်ငပုတွေက ကြိုးနဲ့တုပ်ပြီး အမဲဖျက်သလို ဝိုင်းရိုက်နေကြတာ ကျုပ်မကြည့်ရဲလို့ တောင်ပေါ်ကိုပြေးတက်ခဲ့တာ"

"မင်းကိုယ်တိုင်မြင်ခဲ့ရတာလား"

ဒေါ်စောလှက သေချာအောင် မေးလိုက်သည်။

"ကျွန်တော်ကိုယ်တိုင်မြင်ရတာ။ သွေးတော့မထွက်ဘူးဗျ။ ဒီလူ တကယ် စွမ်းပုံရတယ်"

ဦးသိန်းက ကိုလှဖေ၏ပြောကြားချက်ကို ထောက်ခံလိုက်သည်။

"ဖြစ်နိုင်တယ်။ သူ့မှာ ကာယသိဒ္ဓိပြီးတဲ့ ဓာတ်လုံးရှိတ ယ်။ ဓားပြီး၊ တုတ်ပြီး၊ သေနတ်တောင်ပြီးတယ်လို့ပြောတယ်"

ထိုသတင်းကား စစ်ကိုင်းတောင်တစ်ခုလုံး တောမီးပမာပြန့်သွား၏။ ထိုသတင်းနှင့်အတူ ကိုဘဟိန်းအား သေနတ်နှင့်ဆောင့်သော်လည်း မည်သို့မျှမဖြစ်။ လှံစွပ်ဖြင့်ထိုးသော်လည်းလှံဖူးပ် မတိုးဟုပြောကြလေသည်။ နောက်ဆုံး ဂျပန်စစ်သားများက ကိုဘဟိန်းအား ကျောက်တုံးတစ်တုံးကို ကြိုးဖြင့်ချည်လိုက်ပြီးနောက် မြစ်လယ်သို့ငှက်ဖြင့် (သမ္ဗန်) ဖြင့် ခေါ်ဆောင်သွားပြီး ရေချအဆုံးစီရင်လိုက်ကြောင်း သတင်းရလေသည်။

ကိုဘဟိန်းအကြောင်း စစ်ကိုင်းတောင်တစ်ခုလုံး ပြောဆိုနေကြလေသည်။ သူ၏သနားစရာဘဝ။ သူတတ်နိုင်သည့် ဓာတ်လုံးဖြင့် မြွေဆိပ်၊ ကင်းဆိပ်တို့ကိုကုသပေးခဲ့ပုံ။ သူ့အားအင်္ဂရိတ်ရှူး၊ မော်ရှူးဟု မည်သူကခေါ်ခေါ် အပြစ်မယူတတ်သူ၊ တစ်ကိုယ်ရေသမား၊ တစ်ကောင်ကြွက်။ ဘဝကို ခေါင်းညွှပ်အသက်မွေးသူ။ သူ့အတွက် ရခိုင်ပြန်ချောင်တွင် ဆွမ်းကပ်အမျှပေးဝေကြလေသည်။

❑

ရာသီစက်ဝန်းတို့ လည်ပတ်ကြသည်။ ဂျပန်တို့အပြီးတိုင်ထွက်ခွာသွားကြလေပြီ။ မြန်မာနိုင်ငံအား နောက်ဆုံးတွင် အင်္ဂလိပ်အစိုးရတို့က လွတ်လပ်ရေးပေးကြရသည်။ စစ်ပြေးဒုက္ခသည်တို့ ကိုယ့်အရပ်ကိုယ့်ဌာနေသို့ပြန်ကြရသည်။ ရွှေဘို၊ မန္တလေး စသည် နယ်စုံမှလာရောက် ခိုလှုံကြသည့် ဒုက္ခသည်များ ကိုယ့်နေရင်းသို့ပြန်လာကြသည်။

ရခိုင်ပြန်ချောင်အတူနေ မိသားစုများ၊ ထိုချောင်းအနီးရှိ မိသားစုများ၊ ခေမာသီဝံချောင်နေမိသားစုများ အများဆုံးရှိရာနေရာသည်ကား စစ်ကိုင်းမြို့မြောက်ဘက် လေးကျွန်းမြေအရပ်ပင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ကျုပ်မပြည့်သူ ကိုတင်ဦးတား သူ့အိမ်နေရာသည် ဘုရားခြောက်ဆူ ဇရပ်အနီးဖြစ်ရာ မကြာခဏ ထိုဇရပ်သို့ ရောက်လာတတ်သည်။

ရှေးဟောင်းနှောင်းဖြစ်များကိုပြော ပြလေ့ရှိသဖြင့် သူရှိရာဇရပ်တွင် လူကြီး လူငယ်အရွယ်စုံ စုဝေးရောက်ရှိနေတတ် သည်။

ကိုတင်ဦးသည် ဆေးပေါ့လိပ်ကို လက်တွင်ညှပ်ထားပြီး အင်္ဂရက် ကိုဘဟိန်းအကြောင်း အခုလိုပြောပြ လေသည်။

"ကိုဘဟိန်းက ကျုပ်ရဲ့အရင်းနှီး ဆုံးသူငယ်ချင်း။ ရဲဘော်ရဲဘက်။ ဂျပန် ခေတ်တုန်းက သူက ဂျပန်ပေပုတွေ ဖွက် ထားတဲ့လက်နက်တိုက်ကိုသိထားတယ်။ အဲဒီလက်နက်တိုက်ဆိုတာကလည်း လူ တိုင်းသိတာမဟုတ်ဘူး။ မင်းဝံတောင်ရိုး အတွင်းမှာ ဥမင်လိုဏ်ခေါင်းတူးပြီး ဖွက် ထားတာ။ ဖွက်ထားတာဆိုပေမယ့် တစ်ခုနှစ်ခုမဟုတ်ဘူး။ သေတ္တာတွေ အထပ်လိုက်စီပြီးထားတာလေ"

ကိုတင်ဦးကို စိတ်ဝေဒနာသည်ဟု ထင်ကြသူများက ဟုတ်နိုးနိုးဖြင့် နားထောင်ကြသည်။

ကိုတင်ဦးက ဆက်ပြောသည်။

အဲဒီဥမင်လိုဏ်ခေါင်းအဝင်ဝကို သူတစ်နေ့သွားတွေ့တယ်။ ဒါကလည်း အကြောင်းတိုက်ဆိုင်လို့ပါ။ သူက သူ့ အတွက် အင်္ဂရက်ထိုးဖို့ ခြင်္သေ့ကို မင်းဝံ တောင်ရိုးတစ်ဝိုက်မှာသွားရှာတယ်။

အဲဒီနားမှာ ဂျပန်စစ်သားတွေ ခြေရှုပ်နေတာနဲ့ သူက အသာချောင်းပြီး ကြည့်နေတယ်။ ဒီကောင်တွေက လူပု သလောက်ဉာဏ်အတော်များတဲ့ကောင် တွေ။ ဘယ်အချိန်က တူးထားမှန်းမသိ ရတဲ့ ဥမင်လိုဏ်ခေါင်းထဲကလက်နက် တွေကို ထုတ်ယူနေကြတာကိုး။

ကိုဘဟိန်းက အသာငြိမ်ပြီးစောင့် နေတယ်။ နောက် ဒီအကောင်တွေထွက် သွားမှ သူတို့ဝင်သွားတဲ့နေရာကို သွား ကြည့်ကြတယ်။ ပထမတော့ဘာမှမတွေ့ ရဘူးတဲ့။ ဘယ်တွေ့မလဲလေ၊ ဂူပေါက် ကို ဘုရားစေတီလေးတစ်ခု ဖန်တီးပြီး အပေါက်ဝကို ကာထားတာတဲ့။ နောက် အပေါက်ဝကိုတော့ ဆီးခက်နဲ့ပိတ်ထား တယ်။

ကိုဘဟိန်းကလည်း ဒီလိုစွန့်စားတဲ့ အလုပ်ကို သိပ်လုပ်ချင်တာလား။ သတ္တိ လည်းကောင်းတယ်။ သူ့ရဲ့ ကာယသိဒ္ဓိ ဓာတ်လုံးကိုလည်းယုံတယ်။

အဝင်မှာက ခပ်ကျဉ်းကျဉ်းပဲ။ အထဲမှာ လူတစ်ရပ်ကျော်ကျော်မြင့် တယ်ဆိုပဲ။ အကျယ်ကလည်း ပေ (၂၀) လောက်ရှိမယ်တဲ့။ အရှည်ကတော့ မခန့် မှန်းနိုင်ဘူးတဲ့။ ဒီလူမို့ ဝင်ရဲတာ၊ ကျုပ် ဆို ဘယ်ဝင်ရဲပါ့မလဲ။ သူလည်း ခပ်မြန် မြန်ထွက်ခဲ့တော့တယ်။

အဲ - နောက်နေ့တွေမှာတော့ ရိုင်ဖယ်သေနတ်နဲ့ ကျည်ဆန်တွေကို ရသမျှသယ်တော့တာပဲ။ ပြီးမှတောင်ခြေ အနား ဒီနာနတ်တောထဲမှာ မြှုပ်ထား တယ်။ ဘာကြောင့် ဒီလိုလုပ်ရတာလဲ သိလား။ မြန်မာဖက်ဆစ်တော်လှန်ရေး သမားများအတွက်တဲ့"

ထိုအခါမှ ကိုဘဟိန်းအား ပို၍ ကရုဏာသက်ကြတော့၏။ နားထောင် နေကြသူအချို့က စုတ်တသတ်သတ် ဖြစ်ကြသည်။

ကိုတင်ဦးတဆက်ပြောပြန်သည်။

"ကျုပ်သူငယ်ချင်းက သူမြှုပ်ထား တဲ့လက်နက်တွေကို မြေပုံဆွဲပြီးကျုပ်ကို အပ်ထားတာ။ သေနတ်အရေအတွက် ရောပေါ့ဗျာ။ အဲဒီမြေပုံနဲ့ စာရွက်တွေကို ကျုပ်က သွားလေရာရာ သားရေအိတ်နဲ့ ထည့်ပြီးသိမ်းထားရတယ်။ ကျုပ်သားရေ အိတ်ကိုဘယ်သူမှမထိရဘူး။ ကျုပ်မိန်းမ တောင်မထိရဘူးဗျ။

ထိုစဉ် နားထောင်နေတဲ့သူအထဲ မှတစ်ယောက်က ကြားဖြတ်၍ -

"ကိုတင်ဦး ခင်ဗျားကို ဂျပန်စစ် သားတွေဖမ်းသွားပြီး ရှာတော့ မြေပုံနဲ့ စာရွက်တွေမတွေ့ဘူးဆို"

"ဟုတ်တယ်လေ။ ကျုပ်က လူပါး ပဲ။ အရှုံးဦးနှောက်လူကောင်းလိုက်မမီ နိုင်ပါဘူး။ ကျုပ်ကို သူတို့မသင်္ကာဘူး ဆိုတာသိတာနဲ့ ဟောလိဝုဒ်ရုပ်ရှင် မင်းသမီးပုံတွေနဲ့ လဲထားလိုက်တယ်။ ဒီကောင်တွေ အရှုံးလိုမှ တာခံလိုက်ရ တယ်"

"ဒါထက် နေပါဦးဗျာ၊ ကိုဘဟိန်း က မင်းဝံတောင်နဲ့ နာနတ်တောကူးချည် သန်းချည်လုပ်နေတာ တစ်နေ့မဟုတ် တစ်နေ့တစ်ယောက်ယောက်တွေ့မသွား ဘူးလား"

ကိုသန်းအောင်ဆိုသူက စောဒက တက်လိုက်လေသည်။

"မသိနိုင်ဘူးလေ။ သူက ဒီအတိုင်း သွားတာမှမဟုတ်တာ။ နေဝင်ဖျိုးဖျ ခုအချိန်လောက်မှာ ကျုပ်လုပ်ပေးလိုက် တဲ့ မျောက်ဝံဟန်ဆောင်သွားခဲ့တာ။ အကယ်လို့ တစ်ဦးတစ်ယောက်က မြင် တယ်ထားဦး သူမှန်းမသိနိုင်ဘူး"

(မှတ်ချက် - ကိုဘဟိန်းအတွ[illegible] ဂုန်နီအိတ်မှရသော ဂုန်နီမွေးများ[illegible] မျောက်ဝံကဲ့သို့ ဝတ်စုံကို ကိုတင်ဦး[illegible] ပြုလုပ်ပေးခဲ့သည်)

ဘုံပျံချောင်တွင် ကိုဘိုနီနှင့်အ[illegible] နေခဲ့ဖူးသော ဘိုးအောင်ဒင်က -

"လက်စသတ်တော့ ဒီအ[illegible] ကောင်လုပ်တာကိုး။ ငါ့ဖြင့် ပရိတ်[illegible] ရွတ်ရလို့ ဖတ်ဖတ်ကိုမောနေတာပဲ"

လူငယ်တစ်စုက ဝါးခနဲရယ်လို[illegible] ကြလေသည်။

ထိုသို့ပြောနေကြစဉ် ကို[illegible] ရောက်လာလေသည်။ ကိုဘိုနီ[illegible] ကိုတင်ဦးအနားသို့ရပ်လိုက်စဉ် [illegible] ရက် ကိုတင်ဦးက ကိုဘိုနီ၏စွပ်[illegible] အင်္ကျီကိုဆွဲလှန်လိုက်၏။ အားလုံး[illegible] အံ့အားသင့်နေစဉ်မှာပင် ကိုတင်ဦး[illegible]

"ဟောဒီမှာကြည့်၊ ဘာလဲ"

အားလုံးက ကိုဘိုနီ၏ဝမ်းဗိုက်[illegible] အမာရွတ်ကြီးကို ငေးကြည့်နေကြ[illegible] သည်။ ကိုတင်ဦးက အမာရွတ်ကြီး[illegible] လက်ညှိုးဖြင့်ထိုးလိုက်ပြီး -

"ဒါကြီးရလာတာ ကိုဘိုနီ [illegible] ဥစ္စာမက်လို့ ငွေမက်လို့ရတယ်မထ[illegible] နဲ့။ တော်လှန်ရေးအတွက် လိုအပ်[illegible] ဓာတ်ဆီကို အသက်နဲ့ရင်းပြီးပို့ပေး[illegible] ရခဲ့တဲ့သမိုင်းအမွေ။

အများထင်သလိုမဟုတ်ဘူး[illegible] တိုင်းက ကိုယ်နိုင်ရာတာဝန်ကို [illegible] ဆောင်ခဲ့ကြလို့ ဒီကနေ့ ဟောဒီမှာ[illegible] လို အေးအေးဆေးဆေးနေနိုင်ကြ[illegible] မှတ်ထားကြ။

ကျုပ်မှာလုပ်စရာတစ်ခုကျန်[illegible] တယ်။ ကျုပ်ဆီမှာ သိမ်းထားတဲ့ [illegible] နတ်ခဲယမ်းမီးကျောက်တို့ မြှုပ်ထား[illegible] မြေပုံကို မြို့ပိုင်ဝန်ထောက်၊ နယ်ပိုင်[illegible] ထောက်ဆီပို့ပေးရဦးမယ်"

"ကောင်းတယ်ဗျို့၊ ကောင်းတယ်[illegible]

ဟူသော သြဘာသံမ[illegible] ကိုတင်ဦးသည် ဇရပ်မှထွက်ခွာသွား[illegible] သည်။ သူထွက်ခွာသွားရင်း နော[illegible] စကားတစ်ခွန်းကြားလိုက်ရသည်။

"အရှုံးတွေရဲ့ ဦးနှော[illegible] လူကောင်းတွေလိုက်မမီပါဘူး"

ဟူ၍ဖြစ်ပါသတည်း။

ဖက်ဆစ်တော်လှ[illegible]
အညာတရရဲဘော်[illegible]



www.burmeseclassic.com

www.burmeseclassic.com

# တားရော ဆရာကြီး
## ဖြန့်ခင်းပုံနည်းစနစ်

**မေးခွန်း (၇)**

ရုံး (သို့) အိမ်၌ ကျွမ်းကျင်မှု အသစ်များ သင်ယူရမည်လား။

**အဖြေ**

Hight Priestess - သူမအနေဖြင့် တခြားသူစိမ်းများနှင့် တွဲဖက်နေထိုင်တတ်ပါသည်။ မိတ်ဟောင်းဆွေဟောင်းများရှိရာဒေသ၌ သွားရောက်တွေ့ဆုံနေထိုင်နိုင်ခြင်းဖြင့် ပျော်ရွှင်ဖွယ်ရာအတွေ့အကြုံများစွာရရှိစေပါသည်။

**မေးခွန်း (၈)**

ကျွန်ုပ်အတွက် အနာဂတ်ငွေကြေးအခြေအနေက ဘယ်လိုရှိသလဲ။

**အဖြေ**

Ace of Pentacles - Andrea၏ ပြောင်းရွှေ့နေထိုင်ရသောအကျိုးဆက်တာ ငွေကြေးသုံးစွဲမှုအပိုင်းကဏ္ဍအသစ်တစ်ဖန်ပြန်ပြန်စနေရပါမည်။

**မေးခွန်း (၉)**

ပြောင်းရွှေ့ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်၏ကြောက်ရွံ့မှုနှင့်မျှော်လင့်ချက်တွေက ဘာတွေလဲ။

**အဖြေ**

Eight of wands ပြောင်းပြန်- Andrea သည် သူမ၏သားမိသားစုနှင့် ပတ်သက်ရန်အတွက် ခွန်အားမရှိပါ။ ခွေးမဖြစ်သူမှ သူမ၏ကမ်းလှမ်းချက်အားပယ်ချခြင်းကြောင့် သားနှင့်မြေးတို့နှင့်ပါခွဲခွာနေရတော့မည်ကို စိုးရိမ်နေမိသည်။ သူမထွက်သွားပြီးနောက် သားနှင့်သူ့မိသားတစ်စုလုံး အကောင်းဆုံးအခြေအနေဖြစ်ရန် မျှော်လင့်မိပါသည်။ မည်သို့ပင်ဖြစ်စေ သူမကိုယ်တိုင်အတွက်လည်း ပျော်ရွှင်ဖွယ်အခြေအနေရရန် ဖန်တီးယူရပါမည်။

**မေးခွန်း (၁၀)**

နောက်ဆုံးရလဒ်ကဘာလဲ။

**အဖြေ**


Page of Pentacles ပြောင်းပြန် - ဤကားချပ်သည် ကျောင်းတက်ရန်ငွေကြေးခြင်းအတွက်ငြင်းပယ်သော ကျောင်းသားကို ရည်ညွှန်းပါသည်။ မင်းလုလင်သည် မြေကိုကိုယ်စားပြုအမှတ်အသားဖြစ်ပြီး လက်တွေ့ဆန်သည့်သဘောနှင့် ရုပ်ဝါဒသဘောကို ရည်ညွှန်းသည်။ Andrea ၌ ပြိုသရာသီဖွား မြေး(၂)ဦးရှိသည်။ တစ်ဦးက စက်တင်ဘာလတွင် စတင်ကျောင်းတက်မည် ဖြစ်သည်။

**Comments (ထင်မြင်ယူဆချက်များ)**

Andrea ၏သားဖြစ်သူနှင့်မိသားစုအခြေအနေမည်သို့ပင်ရှိပါစေ သူမကိုယ်တိုင်အတွက် အကောင်းဆုံးဆုံးဖြတ်ချက်ချပေးရမည် ဖြစ်သည်။ မြေးဖြစ်သူများနှင့် အနီးကပ်နေခွင့်မရသော်လည်း အဆက်အသွယ်မပြတ်ထိတွေ့ခွင့်ရနိုင်ပါသည်။

Andrea အနေဖြင့် ငွေကြေးကိစ္စသာမက မိမိကိုယ်ကို ပျော်ရွှင်ရေးအတွက်ပါ ကြိုးစားနေထိုင်သွားတတ်ရမည်ဖြစ်သည်။

**Taking a Trip (ခရီးတိုသွားခြင်း)**




၁။ ကျွန်ုပ်တို့သွားလိုသည့်နေရာ ဘယ်နေရာလဲ။
၂။ ခရီးတိုထွက်ရန် ငွေကြေးအလုံအလောက်ရှိပါသလား။
၃။ မိတ်ဆွေ (သို့) မိသားစုနှင့်အတူ သွားသင့်ပါသလား။
၄။ ခရီးမှာပျော်ရွှင်နိုင်ပါ့မလား။
၅။ လေယာဉ်ဖြင့်သွားရမလား။
၆။ သင်္ဘော (သို့) ရထားဖြင့် သွားရမလား။
၇။ ကျွန်ုပ်ရဲ့ခရီးမှာ အနှောက်အယှက်အတားအဆီးတွေက ဘာတွေလဲ။
၈။ ဘယ်လိုအတွေ့အကြုံမျိုးရမှာလဲ။
၉။ ဒီခရီးမှာ ထူးထူးခြားခြား ဘယ်သူနဲ့တွေ့လိမ့်မလဲ။
၁၀။ အကျိုးရလဒ်ကဘာလဲ။

**Taraအတွက်ခရီးထွက်ခြင်းကိုစွဖတ်ကြားခြင်း**

**မေးခွန်း(၁)**

ကျွန်ုပ်သွားလိုသည့်နေရာကဘယ်နေရာလဲ။

**အဖြေ**

Kniht of wands ပြောင်းပြန် - ဤကားချပ်သည် အလုပ်ကိစ္စနှင့်လူမှုရေးလုပ်ရှားမှုအပိုင်းဆိုင်ရာသတင်းစကားများကို ယူဆောင်လာပေးသည်။ Tara နှင့် သူမသူငယ်ချင်းအတော်များများက အပျော်စီးသင်္ဘောဖြင့် ခရီးထွက်ရန် အစီအစဉ်ဆွဲခဲ့ကြသည်။ သူငယ်ချင်းများအနက် နှစ်ယောက်က ခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။ (သူတို့အားလုံးက) ပြန်တည့်လိုကြသော်လည်း Tara အနေဖြင့် ခရီးဆက်ထွက်လိုခဲ့သည်။ ခရီးသွားရာ၌

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | မြင်းစီးသူရဲကောင်းတောင်ဝှေးကားချပ်(ပြောင်းပြန်) |
| ဒုတိယကားချပ် | သီလရှင်ချုပ်ကားချပ် |
| တတိယကားချပ် | သူရူးကားချပ်(ပြောင်းပြန်) |
| စတုတ္ထကားချပ် | မင်းလုလင်တောင်ဝှေးကားချပ် |
| ပဉ္စမကားချပ် | ဓား(၂)လက်ကားချပ်(ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | ငါးမြှောင့်ကြယ် (၆) ခုကားချပ် (ပြောင်းပြန်) |
| သတ္တမကားချပ် | မိဖုရားဓားကားချပ် |
| အဋ္ဌမကားချပ် | ဓား (၉) လက်ကားချပ် (ပြောင်းပြန်) |
| နဝမကားချပ် | ဖလား (၅) လုံးကားချပ် (ပြောင်းပြန်) |
| ဒသမကားချပ် | ဓား (၄) လက်ကားချပ် (ပြောင်းပြန်) |



www.burmeseclassic.com

www.burmeseclassic.com

ယခုကဲ့သို့ အချင်းချင်းခိုက်ရန်ဖြစ်ပွားခဲ့ခြင်းကြောင့်Tara က စိတ်ပျက်ဒေါသဖြစ်ခဲ့ရသည်။

**မေးခွန်း (၂)**

ခရီးထွက်ရန်ငွေအလုံအလောက်ရှိပါသလား။

**အဖြေ**

The High Priestess - Tara က ခရီးထွက်ရန်ကိစ္စအား ငွေကြေးအလုံအလောက်ဖြင့်စီစဉ်ထားသည်။ သူမချစ်သောခွေးအား သင်္ဘောပေါ် တင်ခေါ်ရန်အတွက်ပါ ငွေကြေးလုံလောက်ပါသည်။

**မေးခွန်း(၃)**

မိတ်ဆွေ (သို့) မိသားစုနှင့်အတူသွားသင့်ပါသလား။

**အဖြေ**

The Fool ပြောင်းပြန် - Tara က ကိုယ်ပိုင်ဆုံးဖြတ်ချက်ချရန် ယုံကြည်မှုအပြည့်ရှိဖို့လိုအပ်ပါသည်။ Tara အနေဖြင့် အဆိုပါခရီးအတွက် အချိန်အတော်ကြာစောင့်ဆိုင်းနေခဲ့ရပါသည်။

**မေးခွန်း (၄)**

ခရီးမှာပျော်ရွှင်နိုင်ပါမလား။

**အဖြေ**

Page of Wands - Tara အတွက် စိတ်လှုပ်ရှားစရာအသစ်၊ အတွေ့အကြုံသစ်များရရှိရန် လိုအပ်သော ပြောင်းလဲမှုများလုပ်ပေးရပါမည်။ သူမက နေရာတကာသွားရန် ခဲယဉ်းတတ်သောကြောင့် ယခုကဲ့သို့သာ အပျော်စီးသင်္ဘောဖြင့် အမှန်တကယ်ခရီးထွက်လိုခြင်း ဖြစ်သည်။

**မေးခွန်း (၅)**

လေယာဉ်ဖြင့်သွားရမည်လား။

**အဖြေ**

Two of Swords (ပြောင်းပြန်) -Tara က လေယာဉ်ဖြင့် ခရီးမသွားလိုပါ။ သူမကလေယာဉ်ဖြင့်တစ်ခါမှခရီးမသွားဘူးသဖြင့် လေယာဉ်စီးရမှာကိုလည်းကြောက်နေပါသည်။ထို့အတွက် အပျော်စီးသင်္ဘောဖြင့်သာ ခရီးထွက်ရန် စီစဉ်ရခြင်း ဖြစ်သည်။

**မေးခွန်း (၆)**

သင်္ဘော (သို့) ရထားဖြင့်သွားရမည်လား။

**အဖြေ**

Six of Pentacles ပြောင်းပြန် - ယခုခရီးသည်အစီအစဉ်ချထားပြီးသောသင်္ဘောဖြင့် ခရီးသွားမည့်အစီအစဉ်ပင်ဖြစ်သည်။ အကယ်၍မသွားဖြစ်ခဲ့ပါက Tear ၏ စရန်ငွေများ ဆုံးရှုံးသွားနိုင်ပါသည်။

**မေးခွန်း (၇)**

ကွန်ုပ်တို့ခရီးမှာ အနှောင့်အယှက်အတားအဆီးတွေ ဘာတွေလဲ။

**အဖြေ**

Qreen of Swords - ဤကားချပ်သည် တူရာသီဖွားအမျိုးသမီးကို ရည်ညွှန်းသည်။ Tara သည် တူရာသီဖွားဖြစ်ပြီး တစ်ခါတစ်ရံ ဖြေရှင်းဆုံးဖြတ်ရန်ခက်ခဲသောပြဿနာများရှိနေတတ်၏။ Tara အနေဖြင့် မိမိဘာသာ အခက်အခဲဖြစ်အောင်ဖန်တီးတတ်ပြီး ခရီးထွက်ရ၍ငွေကြေးကုန်ကျမည်ကို တုံ့ဆိုင်းနေတတ်သည်။ မိမိစိတ်တွင် အလိုရှိသည့်အတိုင်း ဖွတ်မှိတ်လုပ်ရန်အတွက်ပင် အချိန်ပေး၍ အချိန်အတော်ယူနေရသည်။

**မေးခွန်း (၈)**

ဘယ်လိုအတွေ့အကြုံမျိုးရမှာလဲ။

**အဖြေ**

Nine of Swords ပြောင်းပြန် - Tera က သူမထွက်ခဲ့သောခရီးစဉ်အတွင်း ပျော်ရွှင်မှုမရှိမှာကို စိုးရိမ်နေပါသည်။ တူရာသီဖွား၏ လက္ခဏာအရ မိမိကိုယ်မိမိနှိမ့်ချတတ်ခြင်းနှင့်ဆုံးဖြတ်ချက်အခိုင်အမာမချနိုင်ခြင်းတို့ရှိနေတတ်သည်။

**မေးခွန်း (၉)**

ဒီခရီးမှာ ထူးထူးခြားခြား ဘယ်သူနှင့်တွေ့မှာလဲ။

**အဖြေ**

Five of Cups ပြောင်းပြန် - ဤအားချပ်သည် အချစ်နှင့်ပတ်သက်သည့် စိတ်ခံစားမှုကို အယုံအကြည်မရှိခြင်းပယ်ကြောင်း ဖော်ပြပါသည်။ Tear က မိဘနှစ်ပါးဆုံးရှုံးခဲ့ရခြင်း အပါအဝင် မိသား[illegible] ပြဿနာများကြောင့် ပုဂ္ဂလိကစိတ်ခံစား မှုအပေါ် ဦးစားပေးနိုင်မရခဲ့ပေ။တစ်ကိုယ်တည်း အထီးကျန်ဘဝနှင့်နေလာခဲ့သော ငယ်ရွယ်နုပျိုသော Tara အတွက် (သူမ ကိုယ်တိုင်ဆန္ဒရှိပါက) တစ်ယောက်နှင့် တွေ့ဆုံချစ်ခင်ခွင့်ရှိနိုင်ပါသည်။

**မေးခွန်း (၁၀)**

အကျိုးရလဒ်က ဘာလဲ။

**အဖြေ**

Four of Swords ပြောင်းပြန် - Tara အနေဖြင့် သူမ တွေ့ကြုံခဲ့ရသော ပြဿနာဒုက္ခများကို အမှတ်မထားပေ[illegible] သူမ အလုပ်ပြောင်းရွှေ့ခဲ့ပြီး နောက် တစ်ကြိမ် ခရီးထွက်လိုသည့်အစီအစဉ် ကိုလည်း မေ့လျော့နေပါမည်။

**Comments (ထင်မြင်ယူဆချက်များ)**

Tara က သူမမိတ်ဆွေများဖြင့် ခရီးထွက်ရခြင်း လိုလားသော်လည်း ကားချပ်အတော်များများက ပြောင်းပြန် အနေအထားကျနေသောကြောင့် ခရီး ထွက်မည့်အစီအစဉ်အတွက် ချောမွေ့မှု မရှိနိုင်ပေ။

**Jody အတွက် ခရီးထွက်ခြင်းကိစ္စ ဖတ်ကြားခြင်း**

**မေးခွန်း (၁)**

ကွန်ုပ်သွားလိုသည့်နေရာကဘယ် နေရာလဲ။

**ဖြန့်ခင်းထားသည့်ကားချပ်အမည်များ**

| | |
|---|---|
| ပထမကားချပ် | ဓား (၁) လက်ကားချပ် |
| ဒုတိယကားချပ် | ချစ်သူများကားချပ် |
| တတိယကားချပ် | လမင်းစန္ဒာကားချပ် |
| စတုတ္ထကားချပ် | တောင်ဝှေး (၄) ချောင်းကားချပ် |
| ပဉ္စမကားချပ် | မိဖုရားငါးမြှောင့်ကြယ်ကားချပ် |
| ဆဋ္ဌမကားချပ် | မိစ္ဆာကားချပ် (ပြောင်းပြန်) |
| သတ္တမကားချပ် | ဓား (၃) လက်ကားချပ် |
| အဋ္ဌမကားချပ် | ဖလား (၁၀) လုံးကားချပ် |
| နဝမကားချပ် | ရဟန်းမင်းကြီးကားချပ် |
| ဒသမကားချပ် | မရဏမင်းကားချပ် |



www.burmeseclassic.com

www.burmeseclassic.com

**အဖြေ**

Ace of Swords - Jody အနေဖြင့် အပျော်ခရီးထွက်ရန် စဉ်းစားထားသော်လည်း သူမဘယ်နေရာသွားချင်မှန်း အသေအချာမသိရသေးပါ။ သူမအတွက် ဖြေရှင်းရန် ပြဿနာအသစ်များစွာရှိနေခြင်းကြောင့် ခရီးထွက်ရန် အစီအစဉ် မဖြစ်နိုင်သေးပါ။

**မေးခွန်း (၂)**

ခရီးထွက်ရန်ငွေအလုံအလောက်ရှိပြီလား။

**အဖြေ**

The Lovers - Jody က သူမတွင် တင်ရှိနေသောဝန်ထုပ်ဝန်ပိုးများအတွက် တာဝန်ကျေစွာ ဖြေရှင်းနိုင်ပြီးနောက် စိတ်အပန်းဖြေရန် အပျော်ခရီးထွက်သင့်သည့်အချိန်အခါဖြစ်ကြောင်း ဤကားချပ်က ရည်ညွှန်းသည်။ သို့သော်လည်း ကျန်းမာရေးဂရုစိုက်ရန် လိုအပ်ကြောင်း ထပ်မံ သတိပေးထားပါသည်။

**မေးခွန်း (၃)**

မိတ်ဆွေ (သို့) မိသားစုနှင့်အတူ သွားသင့်ပါသလား။

**အဖြေ**

The Moon -မိသားစုနှင့်မိတ်ဆွေများအကြား သူမ အဆင်ပြေစွာဝင်ဆန့်နိုင်ပါ့မလားဟူ၍ Jody ၌ စိုးရိမ်ကြောက်ရွံ့မှုအမျိုးမျိုးရှိနေပါသည်။ သူမ၏ စိတ်ခံစားမှုလွယ်တတ်ခြင်းက သူမကိုအုပ်စိုးထားသည်။ တစ်ခါတစ်ရံ၌လည်း ခံစားမှုများ၏ ယဇ်ကောင်အဖြစ် ခံစားနေရတတ်သည်။ အချို့သော သူငယ်ချင်းများက သူမအပေါ် သစ္စာမရှိတတ်ကြသောကြောင့် သူမအနေဖြင့် အမြဲတစေ အမှန်အတိုင်းမမြင်တတ်တော့ပေ။

**မေးခွန်း (၄)**

ခရီးမှာပျော်ရွှင်နိုင်ပါ့မလား။

**အဖြေ**

Four of Wands-ဤကားချပ်သည် အလုပ်အကိုင်၊လူမှုရေးဆောင်ရွက်ချက်နှင့် အိမ်ထောင်ရေးတို့ကို ဆက်စပ်ကိုယ်စားပြုနေပါသည်။ Jody က အခြားသူများနှင့် တွေ့ဆုံနိုင်မည့် နေရာတစ်ခုသို့ ခရီးထွက်ရန် စဉ်းစားထားပါသည်။ ခရီးထွက်ဖြစ်ရန် ဆုံးဖြတ်ပါက သူမအမှန်ပင် ပျော်ရွှင်ပါလိမ့်မည်။

**မေးခွန်း (၅)**

လေယာဉ်ဖြင့်သွားရမည်လား။

**အဖြေ**

Qeen of Pentacles- Jody ခရီးထွက်ဖို့ အလုပ်ကိုကြိုးစားလုပ်ခဲ့ပါသည်။ ခရီးထွက်ရန် လေယာဉ်ဖြင့်သွားမည်ဆိုပါက ကုန်ကျစရိတ်တွက်ချက်ရပေမည်။

**မေးခွန်း (၆)**

သင်္ဘော (သို့) ရထားဖြင့်သွားရမည်လား။

**အဖြေ**

The devil ပြောင်းပြန်- Jody က ခရီးထွက်လိုသော်လည်း ငွေကုန်ကြေးကျများစွာအကုန်အကျမခံလိုပေ။ အပျော်စီးသင်္ဘောဖြင့်သွားရန် အစီအစဉ်က Jody ၏ ပထမဦးဆုံးရွေးချယ်မှုဖြစ်ပါသည်။

**မေးခွန်း(၇)**

ကျွန်ုပ်တို့ခရီးမှာအနှောင့်အယှက်အတားအဆီးတွေကဘာတွေလဲ။

**အဖြေ**

Three of Swords - သူမပြဿနာ သူမကိုယ်တိုင် ဖန်တီးသည်ဟု Jody က နားလည်ထားသည်။ သူမ၏မောင်နှမရင်းချာများအနေဖြင့် သူမနှင့်အတူ ခရီးထွက်လိုကြသည်။ သို့သော်လည်း ယခုထွက်မည့်ခရီးစဉ်အတွက် သဘောတူညီမှုမရကြသေးချေ။ Jody ၏မိသားစုများက သူမ၏ အပျော်ခရီးထွက်မည့်အစီအစဉ်အပေါ် လှည့်စားသည်ဟု သူမထင်နေမိသည်။

**မေးခွန်း (၈)**

ဘယ်လိုအတွေ့အကြုံမျိုးရမှာလဲ။

**အဖြေ**

Ten of Cups-ယခုထွက်မည့်ခရီးစဉ်ကြောင့် Jody နှင့်သူမ၏မိသားစုဝင်တို့အကြား ဆက်ဆံရေးလည်း (အကြိတ်အခဲရှိနေပါက) ပြေပျောက်သွားနိုင်ပါသည်။

**မေးခွန်း (၉)**

ဒီခရီးစဉ်မှာ ထူးထူးခြားခြားဘယ်သူနဲ့တွေ့မှာလဲ။

**အဖြေ**

The Hierophant-ယခုခရီးစဉ်၌ Jody ဘဝအတွက် အပြောင်းအလဲဖြစ်စေသောသူတစ်ဦးဦးနှင့်တွေ့ရပါမည်။ မိမိကိုယ်ပိုင်ထိုးထွင်းစိတ်ကို ယုံကြည်လျက် စိတ်တည်ငြိမ်စွာဖြင့် ဆုံးဖြတ်အဖြေထုတ်နိုင်ရပါမည်။

**မေးခွန်း (၁၀)**

နောက်ဆုံးရလဒ်ကဘာလဲ။


**အဖြေ**

Death - ဖြစ်ပျက်တွေ့ကြုံခဲ့ပြီးသော အခြေအနေအရပ်ရပ်၏ အဆုံးသတ်၍ စိတ်သစ်လူသစ်ဖြင့် အနာဂတ်အစီအစဉ်များချနိုင်ပြီဖြစ်ကြောင်း Jody အတွက် ယခုအချိန်သည် အမူအကျင့်ဟောင်းများ ပယ်ဖျောက်၍ အချစ်ရေး၌ ပွင့်လင်းမှုရှိနေရပါမည်။ မကျေနပ်မှုဒေါသသောကများကို ဘေးဖယ်လျက် သူမဘဝခရီးပျော်ရွှင်စွာဖြင့် လျှောက်လှမ်းရန်အတွက်သာ ဆုံးဖြတ်ရမည့်အချိန် ဖြစ်သည်။

**(Comments) ထင်မြင်ယူဆချက်များ**

အမူအကျင့်ဟောင်းများကို သုတ်သင်ဖယ်ရှားနိုင်ခြင်းက လူတိုင်းအတွက် အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်ပါသည်။ စိတ်တည်ငြိမ်မှုရှိအောင် တရားထိုင်၍ ခေါင်းအေးအေးစိတ်အေးအေးဖြင့် မိမိဘဝကိုလိုအပ်သလို(အေးချမ်းစွာ)ပြုပြင်နိုင်ပါမည်။ Jody ကိုယ်တိုင် သိရှိထားရမည့်အချက်မှာ သူမဘယ်သောအခါမှ အထီးကျန်နေမည်မဟုတ်ကြောင်းပင်ဖြစ်သည်။

**(Relocation spread) တည်နေရာပြောင်းရွှေ့ခြင်း**




၁။ ဘာ့ကြောင့် ကျွန်ုပ်ပြောင်းချင်တာလဲ။
၂။ အလုပ်သစ်ရနိုင်လို့လား။
၃။ ဒီဒေသက ကျွန်ုပ်ကျန်းမာရေးအတွက် ပြဿနာရှိလို့လား။
၄။ ယခုပြောင်းရွှေ့မှုက ငွေကြေးကိစ္စအတွက် အောင်မြင်နိုင်မည်လား။
၅။ နေရာသစ်မှာ ပျော်နိုင်မည်လား။
၆။ ယခုပြောင်းရွှေ့မှုက ရာသက်ပန်အနေအထားဖြစ်နိုင်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com

**Marty အတွက် တည်နေရာပြောင်းရွှေ့ခြင်းကိစ္စ**

| ဖြန့်ခင်းထားသည့်ကားချပ်အမည်များ | |
|---|---|
| ပထမကားချပ် | ဓား(၁)လက်ကားချပ် |
| ဒုတိယကားချပ် | မင်းလုလင်ငါးမြှောင့်ကြယ်ကားချပ် |
| တတိယကားချပ် | ဘုရင်ငါးမြှောင်ကြယ်ကားချပ်(ပြောင်းပြန်) |
| စတုတ္ထကားချပ် | တောင်ဝှေး(၁)ချောင်းကားချပ် |
| ပဉ္စမကားချပ် | မိဖုရားတောင်ဝှေးကားချပ်(ပြောင်းပြန်) |
| ဆဋ္ဌမကားချပ် | တောင်ဝှေး(၂)ချောင်းကားချပ်(ပြောင်းပြန်) |

**ဖတ်ကြားခြင်း**

**မေးခွန်း(၁)**

ဘာကြောင့် ကျွန်ုပ် ပြောင်းချင်တာလဲ။

**အဖြေ**

Ace of Swords - Marty အနေဖြင့် မိသားစုအတွက် ဆုံးရှုံးပျက်စီးရမှုနှင့် ဆက်ဆံရေးအဆုံးသတ်မှုများ ကြုံတွေ့ခဲ့ရသည်။ ထိုအဖြစ်အပျက်များက သူ့အား စိတ်မချမ်းသာစရာဖြစ်စေခဲ့သည်။ Aces ၏ သဘောသည် အမြဲတစေ အသစ်တစ်ဖန်ပြန်စခြင်းကို ရည်ညွှန်းသည်။ Marty အနေဖြင့်လည်း ပြဿနာအသစ်များပေါ် ပေါက်ဖွယ်ရာရှိနေသည်။ ထိုအခြေအနေများကြောင့် Marty က ပြောင်းရွှေ့လိုခြင်း ဖြစ်သည်။

**မေးခွန်း(၂)**

အလုပ်သစ်ရနိုင်လို့လား။

**အဖြေ**

Page of Pentacles-ကောင်းသောအလုပ်သစ်ရနိုင်ခြေများစွာရှိနေသည်။ အလုပ်လုပ်ရင်းပါတက်နိုင်သည့်အခွင့်အရေးများရှိနေသည်။ ထိုသို့သောအခွင့်အရေးကောင်းကို Marty မှလက်မလွှတ်သင့်။

**မေးခွန်း (၃)**

ဒီဒေသက ကျွန်ုပ်အတွက် ကျန်းမာရေးပြဿနာရှိလို့လား။

**အဖြေ**

King of Pentacles - ပြောင်းပြန် Marty အနေဖြင့် အပျော်အပါးကိုသာလိုက်စားလျှင် လက်တွေ့မဖြစ်နိုင်သောငွေရှာခြင်းဖြင့် စီးပွားဖြစ်လိုလျှင် (သို့) လွယ်လွယ်ရ လွယ်လွယ်သုံး၍ ပျင်းရိနေလျှင် ကျန်းမာရေးပြဿနာကြီးမားစွာ ထိခိုက်လာပါမည်။ Marty က ကန်ရာသီဖွားဖြစ်ပြီး ဂငင်းရာသီဖွားများက အလုပ်အကိုင်ပြဿနာနှင့် ကျန်းမာရေးပြဿနာထိခိုက်နိုင်မည့်အကြောင်း အဓိကကိုယ်စားပြုဖော်ပြပါသည်။ မြေ၏ အမှတ်လက္ခဏာဖြစ်သော ရုပ်ဝတ္ထုပစ္စည်းနှင့် လက်တွေ့ကျမှုတို့က ကောင်းသောသဘောဆောင်ပြီး အမိအရဆုပ်ကိုင်ခြင်းနှင့် လောဘကြီးခြင်းတို့က မကောင်းသဘောဆောင်နေပါသည်။

**မေးခွန်း (၄)**

ယခု ပြောင်းရွှေ့မှုက ငွေကြေးကိစ္စအတွက် အောင်မြင်နိုင်မည်လား။

**အဖြေ**

Ace of Wands - Marty အတွက် အလုပ်နှင့် လူမှုဘဝတို့ အသစ်ပြန်စရကိန်းရှိနေပါသည်။ ယခုရွှေ့ပြောင်းမှုသည် Marty အတွက် အခွင့်အရေးကောင်းများစွာရှိခြင်းကြောင့် ထိုကာလအတောအတွင်း စီးပွားရေးလူမှုရေးနှင့် စိတ်လုပ်ရှားပျော်ရွှင်ဖွယ်များစွာကြုံတွေ့နိုင်ပါသည်။

**မေးခွန်း (၅)**

နေရာသစ်မှာပျော်နိုင်မည်လား။

**အဖြေ**

Queen of Wands ပြောင်းပြန် - ဤကားချပ်သည် လွှမ်းမိုးခြင်း၊ ထိန်းချုပ်ခြင်း၊ တောင်းဆိုခြင်းတို့ကို ကိုယ်စားပြုသည်။ Marty အဖို့ လုပ်ကောင်းတစ်ခု လုပ်ရန်လိုသည်။ သက်ဆိုင်ရာအလုပ်ရှင် (သူဌေး) စိတ်ကျေနပ်လောက်အောင် တိတိကျကျဆောင်ရွက်ပေးတတ်ရန်လိုသည်။ အလုပ်ကိုကျေပွန်စွာအာရုံစိုက်ထားပေးရုံဖြင့် စိတ်ပျော်ရွှင်မှုများစွာရရှိပါမည်။

**မေးခွန်း (၆)**

ယခုပြောင်းရွှေ့မှုက ရာသက်ပန် အနေအထားဖြစ်နိုင်ပါမလား။


**အဖြေ**

Two of Pentacles ပြောင်းပြန် - Marty ကအလုပ်နှင့်ပတ်သက်၍အတွေ့အကြုံသင်ခန်းစာ ရနိုင်သမျှ ရယူနိုင်ရပါမည်။ ငွေကြေးကို ဂရုတစိုက်သုံးစွဲတတ်ခြင်းနှင့် ကျန်းမာရေးကိုလည်း ကောင်းမွန်သည့်အနေအထားအတိုင်းထိန်းထားနိုင်ပါသည်။ ဤကားချပ်သည် ငွေကြေးချို့တဲ့တတ်သည့်သဘော (ကျပ်တည်း) သည့်သဘောကိုပြနေသော်လည်း Marty က ကျော်လွှားသွားနိုင်ပါမည်။ လက်ရှိတည်နေရာ၌ အဆင်ပြေနေခြင်း ထပ်မံပြောင်းရွှေ့စရာမလိုပါ။

**Comments (ထင်မြင်ယူဆချက်များ)**

Marty အတွက် ယခုပြောင်းရွှေ့မှုက ပတ်ဝန်းကျင်သစ်၊ အလုပ်သစ်များဖြင့် ကြုံတွေ့စေပြီး ပျော်ရွှင်ဖွယ်ကောင်းသည့် ဆက်ဆံရေးများကိုပါ ပိုင်ဆိုင်လာစေသည်။ ဘဝသစ်စတင်ရန်အကောင်းဆုံးသောအနေအထား ဖြစ်သည်။

**(Planning a Vacation) အားလပ်ရက်ခရီးထွက်ခြင်းအစီအစဉ်**




၁။ ဘယ်လိုခရီးမျိုးကို နှစ်သက်ပါသလဲ။
၂။ တစ်ယောက်တည်းသွားရမလား။
၃။ အခြားသူတွေနဲ့ သွားရမလား။
၄။ ကျွန်ုပ်ပျော်ရွှင်မှာလား၊ အခြားတစ်ယောက်နဲ့တွေ့မှာလား။
၅။ ငွေကြေးပြဿနာ၊ ကိုယ်ခန္ဓာပြဿနာရှိနိုင်မလား။
၆။ ဒီအချိန် အပျော်ခရီးထွက်ဖို့ လိုအပ်သလား။

ဆက်ရန်




www.burmeseclassic.com


www.burmeseclassic.com


ပြည်မြန်မာ၏ ၂၀၁၆ ခုနှစ် သိဟ်ရာသီပြောင်း

# မန်ဒိန်းဇာတာဟောကိန်း

(၁၆-၈-၂၀၁၆) မှ (၁၅-၉-၂၀၁၆) နေ့အထိ




## သာယနစနစ်မန်ဒိန်းဇာတာခွင်

၁၆-၈-၂၀၁၆ ရက်နေ့ ညဥ့်ဦး (၇း၂၇း၄၄) နာရီအချိန် တနင်္ဂနွေဂြိုဟ်သည် သိဟ်ရာသီသို့ စတင်ကူးပြောင်းဝင်ရောက်သည့်အခါ၌ ဥဒယလဂ်သည် မိန်ရာသီ (၁၀) ဒီဂရီ (၅၃) မိနစ်တွင် ပေါ်ထွက်သည်။ ဤဇာတာခွင်ကို ၂၀၁၆ခုနှစ် သိဟ်ရာသီ စူဠသင်္ကြန်ဇာတာခွင်ဟုလည်း ခေါ်တွင်သည်။

မိန်ရာသီတွင်ရှိ ဥဒယလဂ်သည် (၂) ဒီဂရီအတွင်း ပူးယှဉ်နေကြသော တိတ်ဂြိုဟ်၊ နက်ပတ္တန်းဂြိုဟ်တို့နှင့် (၂) ဒီဂရီအတွင်း ပူးထပ်နေပြီး (၄) ဒီဂရီအတွင်း စနေဂြိုဟ်နှင့်ပူးယှဉ်နေသော အင်္ဂါဂြိုဟ်၏ (၉၀) ဒီဂရီအမြင်ကို ခံယူထားသည်။ နောက် (၁) ဒီဂရီအတွင်း ပူးယှဉ်နေသော ရာဟုဂြိုဟ်နှင့်သောကြာဂြိုဟ်တို့၏ (၁၂၀)ဒီဂရီအမြင်ကို ပလူတိုဂြိုဟ်ကရရှိကာ ၎င်း၏ (၆၀)ဒီဂရီအမြင်ကို လဂ်နှင့်ပူးယှဉ်နေသော နက်ပတ္တန်းဂြိုဟ်က ရယူထားသည်။ ကန်ရာသီ၌ (၁) ဒီဂရီအတွင်း ပူးယှဉ်နေကြသော ရာဟု၊ သောကြာဂြိုဟ်တို့သည် (၄)ဒီဂရီအတွင်း ပူးယှဉ်နေကြသည်။ နောက် ယူရေးနပ်စ်ဂြိုဟ်သည် နောက်တနင်္ဂနွေဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်ဖြင့်မြင်ထားသည်။ ပြီး ဤကာလ၌ ထူးခြားချက်တစ်ခုမှာ (၁-၉-၂၀၁၆) ရက်နေ့ ညနေ (၁၅း၃၈း၀၂) နာရီဝယ် ကန်ရာသီအတွင်း၌ ရာဟုဂြိုဟ်ဖြင့်နေအသဗ္ဗအရစ်ကြတ်သည်။ ထိုနေကြတ်ခြင်းကို မြန်မာပြည်က တိုက်ရိုက်မမြင်ရသော်လည်း တစ်စုံတစ်ရာ သက်ရောက်မှုရှိရမည်ကတော့ အမှန်ပင် ဖြစ်သည်။

၎င်းတို့ကို အနှစ်ချုပ်၍ ကောက်ချက်ငင်ရလျှင် နိုင်ငံတကာဆက်ဆံရေးရာကိစ္စ၊ သံတမန်ရေးရာကိစ္စတို့တွင် ချောမွေ့ဖြောင့်တန်းသယောင်ယောင်နှင့် ထိလွယ်ရှလွယ်အကဲခတ်မှုများ၊ အငြင်းပွားစရာများတွေ့လာရသလို ပြည်မနိုင်ငံများ၊ ပြည်ပအဖွဲ့အစည်းများတို့နှင့် ဆက်နွှယ်နေသော စီးပွားရေးဆိုင်ရာများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာများ၊ ငွေရေးကြေးရေးဆိုင်ရာများ၊ စီမံကိန်းစီမံချက်ဆိုင်ရာများ၊ စာချုပ်စာတမ်းဆိုင်ရာ စသည်တို့ကြောင့် စိန်ခေါ်မှုများ၊ အငြင်းပွားမှုများ၊ ဝိရောဓိဖြစ်မှုများ၊ သဟဇာတမကျမှုများ၊ ပဋိပက္ခဖြစ်မှုများ ရှိတတ်မည်။

စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ တိုင်းရင်းသားအရေး၊ နယ်စပ်ဒေသအရေး၊ တိုင်းရင်းဒေသအရေး၊ ဥပဒေပြုပြင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ စစ်ဘေးရှောင်ဒုက္ခသည်များအရေး၊ ပဋိပက္ခရှောင်ဒုက္ခသည်များအရေး၊ ပြည်ပနှင့် ဆက်နွှယ်နေသော ရွှေ့ပြောင်းနေထိုင်သူများအရေး၊ ရွှေ့ပြောင်းအလုပ်သမားများအရေး၊ လက်နက်ကိုင်ပဋိပက္ခအရေး စသည်တို့ကြောင့် အရေးဆိုမှု၊ တက်ကြွလှုပ်ရှားမှု၊ ဆန္ဒထုတ်ဖော်မှုပေါ်ပေါက်လာသလို လွှတ်တော်ထဲ၌ တင်းမာသောအငြင်းပွားမှု၊ သဘောထားထပ်တူမကျမှုများ၊ စိန်ခေါ်မှုများ ပေါ်ထွက်လာတတ်သဖြင့် အတိုက်အခံများ၊ သဘောထားကွဲပြားသူအင်အားကောင်း[illegible]လို့ရှိလာမည်။ ၎င်းတို့၏ တုံ့[illegible]ယ်သက်ရောက်မှုကြောင့် အစိုးရအဖွဲ့၌ သိသာပေါ်လွင်သော အပြောင်းအလဲများ ဖြစ်ပေါ်တတ်သလို နိုင်ငံရေးထိပ်သီးပုဂ္ဂိုလ်တချို့လည်း ပုဂ္ဂိုလ်ရေးထိပါးတွန်းတိုက်မှုကို ခံစားရတတ်မည်။ ထိုနိုင်ငံရေးလောကထဲမှ ထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရတတ်သည်။

ငွေရေးကြေးရေးဆိုင်ရာ၊ အ[illegible]န်အကောက်ဆိုင်ရာ၊ ကုန်စည်ကူး[illegible]န်းရောင်းဝယ်ရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာတို့၌ မရိုးဖြောင့်မှုများ၊ အကျင့်ပျက်ခြစားမှုများကြောင့် ရှင်းလေရှုပ်လေ ဖြစ်နေမည်။ ဆက်သွယ်ရေးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ မီဒီယာဆိုင်ရာ၌ ပြဿနာတချို့တွေ့သော်လည်း တိုးတက်ဖွံ့ဖြိုးမှုများ တွေ့ရတတ်မည်။ ပရဟိတအဖွဲ့၊ NGO အဖွဲ့၊ အရပ်ဘက်လူ့အဖွဲ့အစည်းတို့၌ အရှုပ်အထွေးရိုက်ခတ်သံများ ပေါ်ပေါက်တတ်မည်။

ဖြေဖျော်ရေး၊ အပန်းဖြေရေး၊ ပညာရေးဆိုင်ရာ၊ ရောင်းဝယ်ရေးဆိုင်ရာတို့တွင် သာမန်မဟုတ်သော မတော်တဆမှုများ ဖြစ်ပေါ်တတ်မည်။ စာနယ်ဇင်းလောက၊ မီဒီယာလောကမှ ထင်ရှားသူတစ်ဦးအတွက် စိတ်မကောင်းဖြစ်ရတတ်မည်။

ပုံမှန်မဟုတ်သော မိုးလေဝသဖောက်ပြန်မှုကို တွေ့ရတတ်မည်။ မိုးခေါင်တတ်သလို မိုးကြီးတတ်မည်။ ရေကြီးတတ်မည်။ လေပြင်းမည်။ မြေငလျင်လှုပ်တတ်မည်။ မြေပြိုတောင်ပြိုတတ်မည်၊ စိုက်ပျိုးရေးအခက်တွေ့မည်။ အစားအသောက်ဆိုင်ရာအကျပ်အတည်းဖြစ်မည်။

အလုပ်သမား၊ လယ်သမားအပါအဝင် အခြေခံလူတန်းစားတို့ စားဝတ်နေရေးဆိုင်ရာတောင်းဆိုမှု တစ်စုံတစ်ရာအတိုင်းအတာထိ ကျေနပ်ရောင့်ရဲစရာတွေ့ရတတ်မည်။ သို့သော် အလုပ်သမား၊ လယ်သမားတို့၏တောင်းဆိုမှုကဆက်လက်ခက်ထန်နေဦးမည်။

မင်းရှိန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

“မသိဘဲနှင့်နှုတ်ဆော့လျှင် ဆင်းရဲတတ်၏။ မဆင်းရဲချင်လျှင် နှုတ်မဆော့နှင့်။ ငြိမ်ငြိမ်နေပြီးသိအောင်လုပ်။ မသိဘဲနှင့် လက်ဆော့လျှင် ဆင်းရဲတတ်၏။ မဆင်းရဲချင်လျှင် လက်မဆော့နှင့်။ ငြိမ်ငြိမ်နေပြီးသိအောင်လုပ်”

ဟု .အထင်ကရ ဆရာတော်ကြီးတစ်ပါး ဆုံးမတော်မူထားသည်ကို မှတ်သားရဖူးပါသည်။ ဟုတ်ပါသည်၊ ကိုယ်နှုတ်တို့ကို မထိန်းသိမ်းမစောင့်ရှောက်မိ၍ ဒုက္ခတွင်းနက်ထဲသက်ဆင်းခဲ့ရသူများမှာ မရေတွက်နိုင်အောင်ပင်ရှိခဲ့ပြီ မဟုတ်ပါလား။

ရုပ်ဝတ္ထုများအံ့မခန်းတိုးတက်နေသည့် မျက်မှောက်သိပ္ပံခေတ်၌ တချို့သောလူငယ်များသည် အရာရာကို သိပ္ပံပေတံဖြင့်တိုင်းတာ၍ သိပ္ပံဘောင်ဝင်မှသာ ယုံကြည်လက်ခံလိုသည့်သဘောရှိကြ၏။ အထူးသဖြင့် သိပ္ပံပညာနှင့် သုံးသပ်မရသည့် သိပ္ပံနယ်လွန်ကိစ္စရပ်များ၌ ယုံကြည်လိုခြင်း အလျှင်းမရှိပေ။ မယုံကြည်သည့်အလျောက် နှုတ်ဆော့လက်ဆော့ပြုမူဖို့ရန်လည်း ဝန်မလေးဖြစ်တတ်ပြီး ထို့နောက် အကျိုးဆက်ဒုက္ခကြီး၊ ဒုက္ခလတ်၊ ဒုက္ခငယ်တို့ဆိုက်ရောက်ခံစားရပြီဆိုမှ နောင်တရတော့၏။ နောင်တရပြီဆိုလျှင် ထိုသူအတွက် တစ်စုံတစ်ခုဆုံးရှုံးခဲ့ရပြီးဖြစ်တော့သည်။ ဆုံးရှုံးခဲ့ရသော ထိုတစ်စုံတစ်ရာသည် ပြင်ဆင်အစားထိုး၍ ရနိုင်သေးပါက

လူငယ်များစဉ်းစားဆင်ခြင်နိုင်ကြစေရန် ရည်ရွယ်၍ မိမိ၏ ကိုယ်တွေ့ဖြစ်ရပ်များကို တင်ပြလိုက်ပါတော့သည်။

မိုင်းရှူးရတနာမြေ၌ ကျင်လည်ခဲ့စဉ် မိမိအသက်နှစ်ဆယ်ဝန်းကျင်ခန့်က တွေ့ကြုံခဲ့ရသည်များ ဖြစ်ပါသည်။ ထိုစဉ်က မိမိတို့ငါးဦးအဖွဲ့သည် တဲတစ်လုံး၌ အတူနေကြ၍ကျောက်တူးကြသည်။ မတိမ်းမယိမ်းအရွယ်များဖြစ်ပြီး အလုပ်လုပ်ရာ၌ အလွန်ညီကြပါသည်။ ခေါင်းမာ၍ တစ္ဆေသရဲ သိုက်၊ နတ်၊ ဝိဇ္ဇာ၊ အထက်လမ်း၊ အောက်လမ်း စသည့် မမြင်ဘူးသည့် ကိစ္စရပ်များတွင် အယုံအကြည်မရှိရာမှာလည်း တူကြသည်။ သို့သော်လည်း စိတ်ဓာတ်စရိုက်များမှာ တစ်ယောက်တစ်မျိုးစီဖြစ်၍ ငါးဦးထဲ၌ မြင့်အောင်သည် နိမ့်ကျသည့်စိတ်အရည်အသွေးအတော်များများပိုင်ဆိုင်ထားသူဖြစ်ပြီး ‘အံရယူသာလျှင် ဘနဖူးသိုက်တူးရဦးတော့’ ဆိုသူမျိုးဖြစ်၍ ခြေဆော့လက်ဆော့ကိစ္စမျိုးကြုံသလိုပြုတတ်ပါသည်။

ရတနာမြေနေသည့် အခြေခံအလုပ်သမားများထုံးစံက ကျောက် (ရတနာ) ရလျှင် ငွေစရှင်၍ မြိုင်မြိုင်သုံးနိုင်သလောက် ကျောက်မရပါက ကွမ်းဖိုးဆေးဖိုးပင်မတတ်နိုင်သည့်အဖြစ်မျိုးဖြစ်တတ်ပြီးထမင်းငတ်သည့်အခါများလည်း ကြုံကြရ၏။

လည်း သစ္စာရှိရှိပြန်ပေးကြသည်သာမျ[…]ပါသည်။

မြင့်အောင်မှာမူ တစ်ရာဖိုးယူလျှ[…] ငါးဆယ်လောက်သာပေး၍ ဆိုင်ရှင်[…] စာရင်းအမှန်တောင်းလျှင် ပြောင်ပြ[…] သည် ဆေးလိပ်ရရ၊ မုန့်ထုပ်ရရ ရ[…] အလစ်သုတ်သွားတတ်၍ တွေ့သွားလျှ[…] ရှူးသလိုလိုပေါသလိုလိုနှင့်လုပ်သွား[…] ဆိုင်ရှင်များသည် ကျန်လူများမျက်[…] ထောက်၍ အောင့်အည်းသည်းခံဆ[…] ဆံနေရသည်။ ဤနည်းဖြင့် ငွေကြေ[…] ကျပ်တည်းချိန်များ၌ပင် အသုံးအ[…] ချောင်လည်၍ မြင့်အောင်သည် ပြုံးပျေ[…] နိုင်ခဲ့၏။

မကောင်းမှုသည် အကျိုးပေးချိ[…] မကျရောက်မီ ပြုံးပျော်နိုင်စေ၍ အ[…] ပေးချိန်ကျရောက်ပါမှ ကြီးစွာဒုက္ခရော[…] ၍ နောင်တဖြစ်စေသည့်အမျိုးမဟု[…] လား။

ကျန်လူများရိပ်မိ၍ စောင်းပါး[…] ခြည်တစ်မျိုး၊ တည့်တည့်တစ်မျိုးတား[…] သော် ဟာသတစ်ခုလုပ်ပစ်၍ စိတ်အ[…] မကျဖြစ်ရခြင်းသာ အဖတ်တင်[…] ရှောင်လွှဲမဖယ်သာ အတူအလုပ်လုပ်[…] လာရတော့သည်။

သို့သော် တစ်နေ့ သူ့အပြု[…] ဟာသများ နိဂုံးကပွတ်အဆုံးသတ်[…] ခဲ့ရရှာတော့သည်။

အပြုံးနိဂုံး၏နိဒါန်းကား မစိန်ဒေါ[…] ဆိုင်သစ်ဖွင့်ခြင်းအစဟု ဆိုရပေမ[…] အဆိုပါ မစိန်ဒေါင်းသည် ရှမ်းတိုင်း[…]




မထောင်းတာ ခံနိုင်ရည်ရှိသေးပြား အစားထိုးမရနိုင်တော့ပါက အလွန်နှမြောဝမ်းနည်းစရာကောင်းလှပါသည်။ အသက်ခန္ဓာဆိုလျှင်မူ အထူးပင်နစ်နာလှ၍ ကာယကံရှင်သာမက မိသားစုများပါ ကြိမ်မီးအုံးခံစားရတော့၏။ ဆိုခဲ့ပြီး

ဒီလိုအခါမျိုးတွင်လည်း ခင်မင်ရင်းနှီးသည့်ဈေးဆိုင်များ၌ အကြွေးယူထားရသည်။ တချို့သောဆိုင်မှာ ကိုယ်ယူသည့်စာရင်းကိုယ်မှတ်၍ ပေးနိုင်သည့်အခါ ပေါင်းပေးရ၏။ ပေးသူက ယုံကြည်ခင်မင်မှုပေးသလို ယူသူက



www.burmeseclassic.com

www.burmeseclassic.com

…ခြင်း၏။ အသက်(၄၀)ခန့်ရှိပြီး ညာဘက် …က်နှာတစ်ခြမ်းမည်းပြာပြာနှင့်ရုပ်ဆိုး …သည်ကြောင့် အပျိုကြီးထင်ပါသည်။ …ငြိမ်းတည်းနေ၍ ဧည့်သည်နည်း၊ …ကားနည်း၏။ ဈေးဝယ်သွားတိုင်း …နွေးကြမ်းထိုင်သောက်နေသည်ကိုသာ …တွေ့ရများလေသည်။ ရက်ကြာတော့ …တို့အဖွဲ့နှင့်ရင်းနှီးပြီး အကြွေးပေး …ကြွေးယူဇာတ်လမ်းဖြစ်လာလေတော့ …သည်။

မိမိသည် အထီးကျန် မစိန်ဒေါင်း …ပေါ် ကရုဏာဖြစ်၍ အကြွေးယူထား …သည့်အခါ ဂရုတစိုက်ပြန်ဆပ်လေ့ရှိ၏။ …ကြွေးစာရင်းဇဝေဇဝါဖြစ်သည့်အခါတိုင်း …ပေးလိုက်မြဲပင်။ ထို့ကြောင့်ထင်သည်။ …တို ပိုခင်မင်ပြီး ဆိုင်ရောက်တိုင်း …စရာတစ်ခုခုနှင့် ဧည့်ခံကျွေးမွေးလာ …သည်။

ဆိုင်သစ်အဖြစ်၍ မြင့်အောင် …အတွက် ရှေးမူမပျက် လက်ဆော့၍ …ရသာပိုတွေ့နေတော့သည်။ တစ်နေ့ …ကားပြောဖြစ်ကြပါသည်။

"အောင်စိန်ရေ၊ မင်းတို့ကိုပြော …ရာရှိတယ်ကွ"

"အေး - ပြောလေကွာ"

အလုပ်သိမ်းကာ ထမင်းစားပြီး …နားတန်ဆေးနေရာမှ သက်လင်းစကား …ကို နားစွင့်လိုက်မိသည်။

"အဘွားဒွေးကပြောတယ်။ မစိန်ဒေါင်းက အောက်လမ်းပညာအတော်တတ်တယ်။ သူနဲ့ဆက်ဆံတာသတိထားဆက်ဆံတဲ့ကွ"

"တော်စမ်းပါကွာ၊ ဘာများလဲလို့ မင်းက အဲဒါတွေယုံနေလား"

ကြားဖြတ်ပြီး ပြောလိုက်သည့် မြင့်အောင်စကားကို စိတ်မရှည်စွာဖြစ်သွားသည်ကြောင့် သက်လင်းသည် -

"ယုံတာ၊ မယုံတာအပထား ငါ့လူ။ မင်းတို့ဒုက္ခရောက်မှာစိုးလို့ပြောတာ"

အဓိကက မင်းပဲ မြင့်အောင်။ ဦးကျောက်ကြီးတုန်းကလည်း မင်းဆက်ဆံတာ အတော်ရှိုင်းတယ်။ အေး - ကြည့်လုပ်ပေါ့ကွာ"

ဟု ပြောပြီး နောက်လှည့်ထွက်သွားပြီးနောက် လည်ပြန်လှည့်၍ -

"ကျော့နှစ်၊ မင်းလည်း မစိန်ဒေါင်း ဆီကြည့်သွားကြည့်စားကွ"

ဟု ပိန္နဲပင်ဆွဲထည့်၍ မိမိပါဒေါသ တစ်ဝက် ဝေမျှခံလိုက်ရပြန်သည်။

သက်လင်းပြောသည့် ဦးကျောက်ကြီးမှာ လွန်ခဲ့သည့် တစ်နှစ်ခန့်က ဆိုင်းလျှံရပ်ကွက်ရှိ ဦးသန်းမောင်ဆိုင်တွင် ဆုံခဲ့ဖူးခြင်း ဖြစ်သည်။ ထိုစဉ်အချိန်က ဦးသန်းမောင် ဆိုင်ရောင်းပြီး ကျင်းလောပန်လုပ်ဖို့ ပြင်ဆင်နေချိန် ဆိုင်အမြန်ရောင်းထွက်ဖို့ ဦးကျောက်ကြီးပညာဖြင့်စီရင်နေခိုက်ဖြစ်သည်။

ဆိုင်အယယ် တိုင်ခြေရင်း မြေပေါ်၌ ရေထည့်ထားသည့်လင်ပန်းတစ်ချပ်ချထား၏။ သပြေခက်ချည်ထားသည့် ကျောက်ငရုတ်၊ ကညွပ်ပွေ့ပြောင်းပြန်စိုက်ပြီး ဖယောင်းတိုင်မီးများထွန်းထားသည့် ကျောက်ငရုတ်ဆုံတစ်ခုသည် လင်ပန်းအလယ်၌ရှိ၍ ကွမ်းယာ၊ လက်ဖက်များလည်းတင်ထားပါသည်။

ဤကိစ္စမျိုး မိမိတို့သည် မယုံသည့်အလျောက် ဘာသိဘာသာ အခြားစကားများကိုသာ ပြောဆိုလျက်ရှိစဉ်-

"ဝယ်ချင်တဲ့သူကိုရှာ၊ သင့်တင့်တဲ့ ဈေးနဲ့ရောင်းရင် ရောင်းထွက်တာပေါ့။ ဒီမဟုတ်ကဟုတ်ကအပိုအလုပ်တွေလုပ်တော့ ပိုက်ဆံအပိုကုန်တာပဲပေါ့ဗျာ"

ဟု ပြောလိုက်သည့် မြင့်အောင်စကားကြောင့် ဦးကျောက်ကြီးသည် ဒေါသတကြီး မတ်တတ်ရပ်လိုက်ပြီးလျှင် -





www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာကောင်လေး မင်းကငါ့ပညာကို စော်ကားလှချေလားကွဟင်။ မင်းမယုံရင် ငါ့ပညာနဲ့ မင်းကို သတ်ပြရမလား ပြောစမ်း"

ဟု ကြိမ်းမောင်းတော့သည်။

"မယုံဘူးဗျာ၊ ခင်ဗျားသတ်နိုင်ရင် သတ်ပေါ့"

ဟု ခွန်းတုံ့ပြန်လေသည်။

ဦးကျောက်ကြီးသည် -

"ကောင်းပြီ၊ မင်းလက်မှတ်ထိုးလိုက်။ ရော့ - ဒီမှာ"

ဟု မြင့်အောင်ရှေ့ ဗလာစာအုပ်ကို ပစ်ချပေးသည်။

ပွဲမှာ အတော်ဆူလာ၍ ဦးသန်းမောင်နှင့် မိမိတို့ အတန်ကြာ ဝိုင်းဝန်းဖျောင်းဖျမှ ဟင်း . ဆိုသည့်သက်ပြင်းရှည်ကြီးချ၍ပြန်ထိုင်လိုက်၏။ နီမြန်းသည့်မျက်နှာမှ ဒေါသရိပ်တို့ကပျောက်ကွယ်မသွားသေး။ မြင့်အောင်တို့ကိုပြန်ခိုင်းလိုက်ရသည်။ ထိုမှ စကားဆက်ရင်း ဒေါသပြေသွားပြီးနောက် ဦးကျောက်ကြီးသည် -

"ဒီပညာရပ်တွေကို မင်းတို့လည်း သိပ်မယုံဘူးမဟုတ်လား။ ဒါပေမယ့် မစော်ကားမိစေနဲ့ကွ။ ဒုက္ခအကြီးအကျယ်ရောက်တတ်တယ်"

ဟု ကျန်နေခဲ့သည့် မိမိနှင့် သက်လင်းကိုဆုံးမ၏။

သက်လင်းသည် -

"ဟုတ်ကဲ့ပါ ဦးလေး၊ ကျွန်တော်တို့က မစော်ကားတတ်ပါဘူး ခင်ဗျ"

ဟု ရိုသေစွာပြော၍ -

"လူကို ပညာနဲ့ဘယ်လိုသတ်တာလဲဆိုတာ ဖြစ်နိုင်ရင် ကျွန်တော်တို့ကို ပြောပြပါလား ဦးလေးခင်ဗျာ"

ဟု အတွန့်တက်ပြန်သည်။

ဦးကျောက်ကြီးသည် ခေတ္တမျှ တွေဝေပြီးနောက် -

"အေးလေ၊ မင်းတို့က လိမ္မာတဲ့ကလေးတွေဆိုတော့ ဗဟုသုတအဖြစ် ပြောပြတာပေါ့ကွာ"

ဟု ဆိုကာ -

"မင်းတို့ လူတစ်ယောက်ကို အပင်းသွင်းတယ်ဆိုတာ ကြားဖူးလား"

"ဟုတ်ကဲ့ - အစားအစာထဲ အပင်းထည့်ကျွေးရင် ရူးတယ်၊ သေကယ်လို့တော့ ကြားဖူးတယ် ခင်ဗျ"

"အစားအစာမကျွေးဘဲနဲ့လည်း သေအောင်လုပ်လို့ရပါတယ်ကွ။ ဒါပေမယ့် အတော်အတန်မလုပ်ကြပါဘူး"

(စကားညှပ်-အောက်လမ်းပညာဖြင့် လက်ဝါးကို ကြက်အပေါ်မှ မထိတထိဖြတ်သန်းရုံနှင့် ကြက်သေ၍ ထိုင်ရာမထ အမိန့်ပေး၍ တံခါးကိုပွင့်စေနိုင်သူ လူငယ်တစ်ယောက်ကို တွေ့ဖူး၏။ ယနေ့ထိရှိပါသည်။)

"ဟုတ်ကဲ့-ဦးလေး၊ ဘယ်လိုလုပ်တာလဲခင်ဗျ"

"အဓိကက မန္တန်ပေါ့ကွာ။ မန္တန်ရွတ်ရင်း သားရေပြားကြီးတစ်ချပ်ကို လက်ဝါးပေါ်တင်ပြီး ပွတ်လိပ်ရတယ်။ တဖြည်းဖြည်းနဲ့ သားရေပြားက အပ်လောက်သေးသွားပြီးရင် ဝါးပိုးဝါးထဲမှုတ်ထည့်ရသည်။ ဝါးပိုးဝါးကိုခွဲကြည့်ရင် သားရေပြားအချပ်ကြီး ပြန်ဖြစ်နေတာတွေ့ရမယ်။အဲဒီလိုနည်းပေါ့ကွာ။နောက်တစ်ခုက ခွေးတစ်ကောင်ကိုစိုက်ကြည့်ရင်း နှီးတစ်ချောင်းကို လက်နဲ့လိမ်ကျစ်နေတာပေါ့။ နှီးလည်းပြတ်ရော ခွေးလည်း အဲဒီနေရာတင် အူပြတ်သေရောဟေ့။ ကဲ - မင်းတို့ ဒီလောက်သိရ တော်ရောပေါ့ကွာ"

ဟုပြောပြီး စကားဖြတ်လိုက်သည်ကြောင့် မိမိတို့ပြန်ခဲ့ပါတော့သည်။

(တိုက်ဆိုင်သည်လား မသိပေ။ နောက်ရက် သိပ်မကြာဘဲ ဆိုင်ရောင်းထွက်သွားပါသည်။)

ဤသို့လျှင် ဦးကျောက်ကြီးနှင့် ရေစက်ဆုံ ငြင်းခုံပြောဆိုခဲ့ဖူးခြင်းဖြစ်ပြီး ယခုလည်း သံသရာတစ်ကွေ့ တွေ့ကြပြန်ရာဝယ်သို့ရှုင်းလို မစိန်ဒေါင်းနှင့်ကြုံပြန်ချိန် မြင့်အောင်သည် သူ့ဝသီအတိုင်းရိုးစိုးပြန်သဖြင့် သက်လင်းက သတိပေးခြင်း ဖြစ်ပါသည်။ သတိပေးသော်ငြား ရိုင်းမြဲရိုင်းလျက်သာ။ မိမိလည်း သွားမြဲသွား၊ စားမြဲစားလျက်ပင် မရှိခိုးနိုး၊ မလှုစုန်းယိုး ထင်တတ်ပြောတတ်သည်မှာ ဖြစ်တတ်သည့် လူ့သဘာဝ မဟုတ်လား။

သည်လိုနှင့် မစိန်ဒေါင်းနှင့် မိမိ ရေနွေးကြမ်းဝိုင်းဖွဲ့ စကားလက်ဆုံကျနေသည့် တစ်ညနေခင်း မြင့်အောင်ရောက်လာ၍စျေးဝယ်၏။ ပြန်အထွက် မုန့်တစ်ထုပ်ဖြုတ်ယူသွားသည်ကို တွေ့လိုက်ရ၏။ မစိန်ဒေါင်းလည်းသိနေသည်ထင့် မျက်နှာညိုးရော်သွား၍ ညည်းညူသည်လား၊ မိမိကိုပြောလေသည်လား မကွဲပြားသည့်လေသံဖြင့် -

"ဒီကောင်လေး၊ ငါ့ကိုအနိုင်ကျင့်တာများပြီ။ အကြွေးလည်းမဆပ်ဘူး။ ဒုက္ခရောက်တော့မယ်"

ဟု ပြောလေ၏။

မစိန်ဒေါင်းကို အားနာ၊သနားစိတ်နှင့် မျက်နှာပူရသည်ကလွဲ၍ ဘာ မပြောသာခဲ့။ ကိုယ့်ကံကိုယ်ထမ်းကို လမ်းကိုယ်သွားနေကြသည်သာ မဟုတ် ပါလား။

နိဂုံးနေ့ရောက်ခဲ့ပြီ။

အောင်စိန်ရေ၊ မြင့်အောင် အ တာလာကြည့်စမ်း။ သွေးတွေကွ။ ဟာ အစိမ်းရောင်တွေဖြစ်သွားပြီကွ၊ အစိမ်း ရောင်တွေ။

(အနှီ အောင်စိန်သည်လည် နောက်ကာလ၌ သိုက်နှင့်ဆက်စပ်သည် ထူးဆန်းမှုများနှင့် ဥပဒ္ဒဝကကံသင့်တာ မရှုမလှ ကွယ်လွန်ရရှာသည်။ သီးခြား ဖော်ပြပါမည်။)

သက်လင်း၏ အော်သံကြောင့ တောင်ကမ်းပါးခြေရင်း ခေါင်းထိုးအ နေသည့် မြင့်အောင်အနီးရောက်သွာ ကြ၍ အန်နေသည်ကိုကြည့်ရာ သွေး နေသည့်အစိမ်းရောင်ခပ်ပျစ်ပျစ်အ တွေ့ရသည်။ ဆက်တိုက်အန်နေသ မှာ အအန်မရပ်သေးပေ။ အခြေအ မကောင်းဖြစ်ပုံရှိ၍ တောင်ကြီးဆေး အမြန်တင်လိုက်ရလေသည်။ ဆေး တစ်ညသာခံ၍ အစာအဆိပ်သင့်သ လည်းမဟုတ် ရောဂါအမည်တပ်မ ကွယ်လွန်ရရှာလေသည်။

အားလုံးပြောဆိုကြသည်မှာ မစိ ဒေါင်းက ကံနိမ့်ချိန် အသေလုပ်လို သည်တဲ့။ မည်သည့်နည်းဖြင့်သေအောင် လုပ်သည်မသိ ဤစကားမှန်၊ မမှန်ခိုင် စဉ်းစားကြရုံသာရှိတော့သည်။ သို့ေ စေတနာမကောင်း၍ ကံမကောင်း ရသည်ဟုဆိုလျှင်မူ မုချအမှန်ဖြစ်ေ မလွဲတော့ပါ။

ဆိုရသော် -

စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ

**ဘိက္ခဝေ** - ပရိသတ်လေး အမျိုးသား၊ အမျိုးသမီးတို့၊ **စေတနာ** ကောင်း မကောင်းနှစ်ဖြာ စေတနာ **ကမ္မံ** - တူသောအကျိုးဖြစ်စေတတ် နှစ်ရပ်ဟူ၍၊ **အဟံ** - လောကထွတ် ဘုရားရှင်သည်၊ **ဝဒါမိ** - ကရုဏာ ထား ဟောကြားတော်မူ၏ -

ဟု မြတ်စွာဘုရားရှင် မိန့်မြွ တော်မူထားသည် မဟုတ်ပါလားေ

စိတ်ကောင်းထား ,ကံကောင်းကြ

ကျော



www.burmeseclassic.com

www.burmeseclassic.com

# နေပြည်တော်ကျော်ကျော်စိုး

# လေပူထခြင်းနှင့်ရဲယိုသီးမှည့်

ဒီနေ့ ၁၇-၂-၂၀၁၆ ပါ။ နေပြည်တော်မှာ နံနက်ပိုင်းအေးပေမယ့် နေ့လယ် အတော်ပူပါပြီ။ နေ့လယ် ရေချိုးချိန်ရောက်တော့ ညီမဖြစ်သူ မဒွေးညွန့်တို့ အိမ်ကို ရေချိုးဖို့ရောက်ပါတယ်။ အဲဒီမှာ တူမဖြစ်သူ မရီရီမြင့်က သပြေကုန်းဈေး ညဈေးသွားထွက်ဖို့ ပြင်ဆင်နေတာ။ အဲဒီလိုပြင်ဆင်နေရင်းက -

"ဗဂျီး (ဘကြီး) တို့အိမ်မှာ ရဲယိုသီးမှည့်ရှိလား"

လို့ မေးပါတယ်။

"ရဲယိုပင်က မိုးတွင်းက ရွှေ့စိုက်ထားတာဆိုတော့ အပင်ခတ်ပျက်ပြီး အသီးကမသီးနိုင်သေးဘူးကွ"

"ရဲယိုသီးမှည့်ရချင်လိုက်တာ ဗဂျီးရာ"

"ဘာလဲ၊ ဆေးသုံးလိုလို့လား"

"ဟုတ်တယ် ဗဂျီးရေ။ သမီး အခု လေပူထနေတာ။ လေပူထရင် ရင်ထဲ တောင့်ပြီး အလွန်အနေခက်တာ။ ရင်ထဲ ပြီးဆို့နင့်နင့်ကြီးဖြစ်နေတာ။ အဲဒီလို လေပူထလို့ လျက်ဆားများသွားမလျက် မိတ်မိစေနဲ့။ ချက်ချင်းကို သိသိသာသာ ဆိုးလာတတ်တာ။ အဲဒီလေပူကြီးထ လာရင် လျက်ဆားယောင်မှားပြီးမလျက် မိအောင် သတိထားရတယ်"

"ဒါဆို ရဲယိုသီးမှည့်နဲ့မှ ရတယ်ပေါ့"

"ဟုတ်တယ်၊ ရဲယိုသီးမှည့်ကို ထန်းလျက်အသင့်အတင့်ထုခြေပြီးထည့်ရတယ်။ ပြီးတော့ သမသွားအောင် ဇွန်းနဲ့မွှေပြီးစားရတယ်။ အဲဒီရဲယိုသီးမှည့်စားလိုက်လို့ကတော့ များများမဟုတ်ဘူး တစ်လုံးလောက်သာစားပါ။အိမ်အောက်မှာစားပြီး အိမ်ပေါ်တက်ရင် အိမ်ပေါ်ရောက်တာနဲ့ လေပူထတဲ့ဝေဒနာလုံးဝ မရှိတော့ဘူး။ အိမ်ပေါ်မှာစားရင်လည်း စားပြီး အိမ်အောက်ဆင်းရင် အိမ်အောက်ရောက်တာနဲ့ လေပူကမရှိတော့ ပါဘူး။ ဒီလောက်အထိကိုမြန်တာ။ သမီးက လေပူမကြာမကြာထတတ်တော့ အဲဒီ ရဲယိုသီးမှည့်နဲ့ ကုနေကျပါ"

"မင်းဆေးနည်းက ခြေလှမ်းဆယ် လှမ်းလောက်အတွင်းမှာ ပျောက်တယ် ဆိုတဲ့သဘောပေါ့"

"ဗဂျီးကြုံရင် လက်တွေ့ကုကြည့်ပါ။ ယူပစ်သလိုကို မြန်တာတွေ့ရမယ်။ သမီးက လက်တွေ့မို့ပြောတာပါ။ ကဲ - ဗဂျီးရေ၊ ဈေးသွားလိုက်ဦးမယ်။ ဈေးထဲကျမှ ရဲယိုသီးမှည့်ရှာကြည့်ရတော့မှာပဲ"

လို့ပြောပြီး သူ့ခင်ပွန်း မောင်စိုးသူနဲ့ သပြေကုန်း ညဈေးပြန်ထွက်ဖို့ ဆိုင်ကယ်နဲ့ထွက်သွားကြပါတယ်။ သူတို့က သပြေကုန်းဈေးမှာ အုန်းငှက်ပျောဆိုင်ဖွင့်ထားပြီး ရီရီမြင့်တံဆိပ်နဲ့ မုန့်ချဉ်လည်း လက်လီ၊ လက်ကားရောင်းချကြပါတယ်။ အောင်မြင်တဲ့ လူငယ်ဈေးရောင်းစီးပွားရေးသမားများပါ။

လေပူထတယ်ဆိုတာမျိုးက လူအတော်များများ ကြာကြာတစ်ခါဆိုတာလို ကြုံတတ်ပါတယ်။ ကျွန်တော်လည်း ဖြစ်ဖူးပါတယ်။ သို့သော်လည်း ဖြစ်ခဲပါတယ်။

လေပူထခြင်းရဲ့အကြောင်းတရားက စားထားတဲ့အစားအစာဟာ ကြေညက်ခဲတဲ့ အစားအစာဖြစ်တာကြောင့် အစာကတောင့်ပြီး လေပူတွေတက်၊ လေချဉ်တွေတက်နဲ့ ဖြစ်ရတာပါ။ လေပူတတ်လာပြီဆိုရင် ရင်ထဲမှာပူပြီး တောင့်တောင့်ကြီးဖြစ်ကာ အနေအထိုင်ခက်ပါတယ်။ ပျို့ချင်အန်ချင်ဖြစ်လာပြီးတံတွေးတပျစ်ပျစ်နဲ့ ဖြစ်နေတတ်ပါတယ်။

အခြားလူတွေတော့မသိပါဘူး။ ကျွန်တော်ကတော့ မခက်ပါဘူး၊ ဒါဟာ လေမသက်လို့ အနေခက်တာပဲဆိုပြီး ခါးကြော ဘယ်၊ ညာကို လက်နဲ့အသာလေးခြေပေးလိုက်တာပါပဲ။ ဒါဆို ခဏအတွင်းမှာပဲ လေသက်လာကာ အနေခက်တာတွေ ပျောက်သွားလေ့ရှိတယ်။ ကိုယ့်အလေ့နဲ့ကိုယ်တော့ ဟုတ်နေတာပါပဲ။ ဒါက ဘာဆေးမှမလိုဘဲပျောက်တဲ့ ကိုယ်ပိုင်နည်းလေးတစ်ခုပါ။ တအားမနှိပ်ရပါဘူး။ ခါးက လေကြောကို အသာလေးခြေပေးရတာပါ။

မြန်မာ့ရိုးရာ ဆေးမြီးတိုအနေနဲ့ကတော့ ငုဝါပင်ရဲ့အမြစ်လက်တစ်ညှိုးစာလောက်တူးပြီး ရေစင်စင်ဆေးပါ။ ပြီးရင် ပါးပါးလှီးပြီး နွားနို့နဲ့ရောပြုတ်ပြီး သောက်ရမှာပါ။ ဒါဆို လေချဉ်တက်တာတို့၊ လေပူထတာတို့၊ လေအောင့်တာတို့၊



လေနာဖြစ်တာတို့ ပျောက်ကင်းနိုင်ပါတယ်။

ပြီးတော့ စမုန်နက်စေ့ကို ဆားနဲ့ ကြိတ်ပြီးပုံးရည်နဲ့ဖျော်သောက်ရင်လည်း ပျောက်နိုင်ပါတယ်။ ဒါမှမဟုတ်ရင်လည်း ကျောက်ချဉ်ရယ်၊ ဇဝက်သာရယ်၊ ဆားခါးရယ် အနည်းငယ်အမျှစီစုပြီး အမှုန့်ပြုကာ ရှောက်ရည်နဲ့ဖျော်သောက်ရင်လည်း ပျောက်နိုင်ပါတယ်။

သို့သော်လည်း ဆေးအမည်တွေဆိုတာက ကိုယ့်အနားမှာ အသင့်ရှိနေတာမျိုးမဟုတ်တာကြောင့် ရုတ်တရက်ရဖို့ ခက်ခဲတတ်ပါတယ်။ တူမအမြဲသုံးစွဲနေတဲ့ ရဲယိုသီးမှည့်နဲ့ ထန်းလျက်ဆိုတာကတော့ အမြန်ဆုံးရနိုင်တဲ့ဆေးနည်းပါ။



ခြံနဲ့ဝင်းနဲ့နေကြတဲ့လူတွေ အတော်များများ ရဲယိုပင်စိုက်ထားတတ်တာကြောင့် ဆေးဖက်ဝင်လှတဲ့ ရဲယိုသီး၊ ရဲယိုရွက် အလွယ်တကူရနိုင်ကြပါတယ်။

တူမဖြစ်သူ ရီရီမြင့်က ရဲယိုသီးနဲ့ ထန်းလျက်ဆိုတော့ ကျွန်တော်ငယ်ငယ်တုန်းက အဘိုးအဘွားတို့အိမ်မှာနေစဉ်က ရဲယိုသီးနဲ့ထန်းလျက်ကို ဇွန်းနဲ့ပေါက်မွှေကာ အဘိုးဖြစ်သူက 'စား-ငါ့မြေးရဲ့၊ ရဲယိုသီးနဲ့ထန်းလျက်က ဆေးဖြစ်တယ်' ဆိုတဲ့ စကားကလေးကို ပြေးပြီးကြားယောင်မိပါရဲ့။ အဘိုးအိုတို့ခြံဝင်းထဲမှာ ရဲယိုပင်တွေရှိတယ်လေ။ ကျွန်တော်လည်း ရဲယိုပင်စိုက်ထားပါတယ်။

*မတုတ်ခေါ် ရီရီမြင့်သို့*
*ကျေးဇူးတင်လျက်*

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

www.burmeseclassic.com

၁၉၄၄ ခုနှစ် ဆောင်းရာသီ၏ တစ်ခုသောညနေခင်း။

ညနေချမ်းချိန်ခါဝယ် ရွှေလောင်းမြစ်ရေပြင်သည် တည်ငြိမ်စွာစီးမျောနေပါ၏။နေဝင်ဆည်းဆာသို့ရောက်ရှိတော့မည်ဖြစ်လေရာ ကောင်းကင်ယံမှ ပုစွန်ဆီရောင်စဉ်သည် ရွှေလောင်းမြစ်ကို အလှသွေးချယ်ထားလေ၏။

ရွှေလောင်း၏တစ်ဖက်ကမ်းသည်ကား နုန်းတင်မြေနုများကြောင့် မြေဆီမြေနှစ် လွန်စွာကောင်းမွန်၏။ မြေဆီသြဇာအဆီအနှစ်ပြည့်ဝသော ထိုအရပ်နေထိုင်ကြသည့်သူများမှာ ယာလုပ်ငန်းရှင်များဖြစ်ကြကုန်၏။ ဘူး၊ ဖရုံ၊ ငရုတ်၊ သခွား စသည့် ယာခင်းသီးနှံဖြစ်ထွန်းအောင်မြင်ကြ၏။ ကမ်းစပ်တစ်လျှောက် ငရုတ်ခင်းများ တစ်မျှော်တစ်ခေါ် ရှုမဆုံးနိုင်ချေ။ ဘူးစင်တို့တွင် ထွားကျိုင်းသောဘူးသီးများ တွဲလောင်းကျနေသည်။ ကမ်းနားတန်း ကြက်မောက်ပန်းတို့သည်လည်း ကြက်သွေးရောင်လည်ဆန်မွေးဖွာလန်ကာ လေယူရာယိမ်းနွဲ့ကြကုန်၏။ ရွှေလောင်းမြစ်ရေကြည်လင်လေရကား ငါးဖောင်ရိုးပေါက်စလေးများ မြူးရွှင်စွာကူးခပ်ပျော်ပါးလျက်ရှိလေ၏။တောက်ပသောနေရောင်အလင်းထဲဝယ် အိပ်တန်းပြန် တင်ကျီးငှက်အုပ်များ ဦးထိုးပျံသန်းလျက်ရှိလေသည်။

တောသဘာဝရှုခင်းအလှအပကို ဖြည့်စွက်ပေးလာသည့်အရာကား မြစ်ပြင်ထဲဝယ် လှေငယ်တစ်စင်းနှင့် မိန်းမချောလေးနှစ်ဦး။ သူမတို့နှစ်ဦးစလုံး အပျိုဖြန်းအရွယ်လေးများဖြစ်ကြကုန်၏။ နုနယ်ပျိုမျစ်စိုပြည်သောအသားအရေ ရှိကြကုန်၏။ သူမတို့နှစ်ဦး ဖျတ်လတ်တက်ကြွစွာ လှေငယ်ကို လှော်ခတ်လျက် ရှိကြ၏။ သူတို့နှစ်ယောက် လှေအပျော်စီးကြကာ ညနေခင်းဆည်းဆာအလှကိုခံစားကြသည်။ သဘာဝရှုခင်းထဲဝယ် ငယ်ရွယ်သူတို့၏အလှဂုဏ်ပေါ်လွင်နေပါတော့သည်။

လှေဦးထိပ်ဆီမှာထိုင်လျက် လှော်ခတ်နေသူ မိန်းမပျိုလေးမှာ ချိုချိုမြင့်ဖြစ်ပါသည်။ သူမ၏လည်တိုင်ရှိ ပုလဲပုတီးကုံးလေးကြောင့် သူမ၏အလှထင်ရှားစေပါ၏။ သူမသည် ဤဒေသခံ မဟုတ်ချေ။ စပါးရိုကျေးရွာမှ ရွှေလောင်းသို့လာ၍

# (မခိုင်းသိုး)

# အောင်မြင့်ထွန်း

## မောင်ခေါ်ရာလိုက်ခဲ့တော့



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဇရုတ်သီးအစိမ်းအခြောက်ကုန်ကောက်ရန် ရောက်ရှိနေခြင်း ဖြစ်ပါသည်။ သူမသည် ရွှေလောင်းသို့လာသည့်အကြိမ်တိုင်း စိန်စိန်လှိုင်တို့နေအိမ်တွင် တည်းခိုပါသည်။ ယနေ့ညနေ ဆည်းဆာချိန် ရွှေလောင်းမြစ်ပြင်ဝယ် ရေလွှာသင်ဖြူးခင်းလျက်ရှိပါ၏။ ဧည့်သည်ဖြစ်သူ ချိုချိုမြင့်က လှေလှော်ရန်ပူဆာ၍ သူမဆန္ဒလိုက်လျောကာ နှစ်ဦးသား လှေလှော်ထွက်လာကြခြင်း ဖြစ်ပါသည်။ အိမ်ရှင် စိန်စိန်လှိုင်က ပဲ့ကိုင်ကျွမ်းကျင်၏။ သူမက ပဲ့ထိန်းကာ ရွှေလောင်းမြစ်ထဲတွင် အပျော်စီးလှေလှော်နေကြလေသည်။

မြစ်ထဲတွင် လောင်းလှေလေးများ တချို့လည်း သူတို့လိုရာခရီးနှင်ကြကုန်၏။ ထိုအချိန်တွင် ကုန်စိမ်းအပြည့်တင်ဆောင်လာသည့် လှေတစ်စင်း စိန်စိန်လှိုင်တို့၏လှေနှင့် နီးကပ်လာခဲ့သည်။ ကုန်စိမ်းလှေပဲ့ကိုင်လာသူမှာ အသက်ကြီးကြီး၊ ခေါင်းပေါင်းနှင့် လူကြီးတစ်ယောက်။ လှေဦးထိပ်မှလူရွယ်မှာ တိုက်ပုံအင်္ကျီအနက်၊ ဘန်ကောက်လုံချည်အစိမ်းရောင်ဝတ်ဆင်ထားသည်။လူရွယ်၏ပုံဟန်မှာ သန့်ပြန့်ခံ့ညားမှုရှိပြီး ဆံပင်ကိုကော့စမတ်တစ်တိုက်ကာ ပြောင်လက်နေအောင်ဖြီးသင်ထားသည်။ ကုန်စိမ်းလှေသည် စိန်စိန်လှိုင်တို့၏လှေအနီးသို့ အရှိန်လျှော့ကပ်လိုက်သည်။

ခံ့ညားသောလူရွယ်က စိန်စိန်လှိုင်ကို နှုတ်ဆက်လိုက်ပါသည်။

"ဟဲ့ - စိန်စိန်၊ နင်တို့ဘယ်လဲ"

"ဟယ်-ကိုကိုတင်ပါလား။ ဘယ်ရယ်မဟုတ်ပါဘူး ကိုကိုတင်ရယ်။ဧည့်သည်မက လှေစီးချင်တယ်ဆိုလို့ ငါတို့အပျင်းပြေလှေလှော်ထွက်လာကြတာပါ"

သူငယ်ချင်း စိန်စိန်လှိုင်နှင့် သူစိမ်းလူရွယ်တို့ အပြန်အလှန်နှုတ်ဆက်သံကြောင့် ချိုချိုမြင့်သည် သူမ၏နောက်ဘက်ဆီသို့ သမင်လည်ပြန်ကြည့်လိုက်၏။ ကိုကိုတင်သည်လည်း သူတစ်ခါမှ မမြင်ဘူးသူလေးကိုစူးစမ်းသောအကြည့်ဖြင့်ကြည့်နေခိုက် ဖြစ်၏။ သူတို့နှစ်ဦး မျက်လုံးချင်းဆုံမိကြတော့သည်။ ကိုကိုတင်၏ရင်တွင်းလှိုက်ဖိုမိလေ၏။ ချိုချိုမြင့်သည်လည်း သူစိမ်းယောကျာ်းလေးနှင့် အနီးကပ်ရင်ဆိုင်တွေ့ရလေသောကြောင့် ရှက်သွေးဖြာလေ၏။ သူမ၏ဦးခေါင်းလေး အလိုလိုငုံ့လျှိုးသွားမိတော့သည်။ သူမပါးမို့မို့ပန်းရောင်ပြေးလေသတည်း။

"ဟဲ့-စိန်စိန်ရေ၊ နင့်သူငယ်ချင်းလားကွယ့်၊ ငါတစ်ခါမှမမြင်ဖူးလို့။ သူလေးကဘယ်သူတုံး"

"နင်နဲ့တစ်ခါမှမဆုံဘူးလို့သာပါဟာ။ တို့သူငယ်ချင်းက စပါးရိမ္မာနေတာ။ သူက တို့ရွာမှာ ကုန်စိမ်းလာကောက်တာလေ။ ဒီနေ့ပဲရောက်တာဟ"

ကိုကိုတင်နှင့်ချိုချိုမြင့်တို့ ဒုတိယအကြိမ် အကြည့်ချင်းဆုံမိကြပြန်သည်။ သည်တစ်ခါ အကြည့်ချင်းဆုံမိသည်က စိန်စိန်လှိုင်နှင့် ရင်းနှီးသူချင်း နှုတ်ဆက်ရမည့်အနေအထားပင် မဟုတ်ပါလား။ သို့သော် မငုံ့မရဲဖြင့်ရှက်နေသူက ဦးခေါင်းငုံ့သွားရပြန်ပါသည်။ ကိုကိုတင်ကတော့ ချိုချိုမြင့်ကို ရွှန်းရွှန်းစားစားဖြင့် တစိမ့်စိမ့်ကြည့်နေမိပါ၏။ ကိုကိုတင်သည် မျက်လုံးဖြင့် နှုတ်ဆက်နေရုံဖြင့် မသင့်တော့ပြီ။ အရဲကိုးကာ သူ၏နှုတ်မှ -

"ဒီကညီမနာမည် ဘယ်လိုခေါ်ပါသလဲ။ တစ်ဆိတ်လောက်သိခွင့်ပြုပါလား"

"သိ. . . သိရပါတယ်ရှင်။ ကျွန်မနာမည် ချိုချိုမြင့်လို့ခေါ်ပါတယ်ရှင့်"

သူမသည် ရှက်စနိုးလေးဖြင့် ပြုံး၍ ဖြေရှာသည်။ ချိုချိုမြင့်သည် ယဉ်ကျေးလိမ္မာသော မြန်မာမိန်းကလေးဖြစ်ပါ၏။ သို့ကြောင့်ပင် ယဉ်ကျေးဖော်ရွေသူ ကိုကိုတင်ကို ရဲရဲတင်းတင်း ပြန်ကြည့်လိုက်သည်။ ချိုချိုမြင့်သည် ပြုံးရွှင်ဖော်ရွေစွာ ခွန်းတုံ့ပြန်လိုက်နိုင်ပေ၏။ ချိုချိုမြင့်၏ချိုသာသောဆည်းလည်းသံသည် ကိုကိုတင်၏ရင်ကိုစွဲငြိစေခဲ့ပါပြီ။ ကိုကိုတင်ကလည်း လိုက်လိုက်လှဲလှဲဖြင့် စကားကို အားတက်သရော တရစပ်ပြောချလိုက်တော့သည်။

"ဩော် - ဟုတ်ကဲ့ပါ မချိုချိုမြင့်၊ ခုလိုတွေ့ရတာ တကယ့်ကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိတယ်ဗျာ။ ကျွန်တော့်နာမည် ကိုကိုတင်လို့ ခေါ်ပါတယ်။ မှတ်ထားပါနော်။ စိန်စိန့်ကိုခင်သလို ကျွန်တော့်ကိုလည်း ခင်မင်စေချင်ပါတယ် မချိုချိုမြင့်ရယ်"

"ဟုတ်ကဲ့ရှင့်"

"ဒါနဲ့ မချိုချိုမြင့်က ကုန်စိမ်းအရောင်းအဝယ်ဆိုရင် ဒီလိုလုပ်ပါလား။ ကျွန်တော် မချိုချိုမြင့်ကို ကောင်းကောင်းကူညီနိုင်ပါတယ်။ ကျွန်တော့်ယာခင်းဆီကို စိန်စိန်နဲ့အတူလာခဲ့ပါ။ မချိုချိုကို အလည်လာဖို့ဖိတ်ခေါ်ပါတယ်နော်။ ဆက်ဆက်လာခဲ့ပါလား"

"ဟုတ်ကဲ့ရှင့်၊ ကျေးဇူးတင်ပါတယ်ရှင်။ ကျွန်မလာခဲ့မှာပါ"

ကိုကိုတင် အားတက်သွားလေ၏။ ကိုကိုတင်နှင့်ချိုချိုမြင့်တို့ပြောနေကြသည်ကို ငြိမ်၍ နားထောင်နေသော စိန်စိန်လှိုင် ခေတ္တတိတ်ဆိတ်ငြိမ်သက်နေရာမှ သက်ဝင်လှုပ်ရှားလာ၏။

"ချိုချိုရေ၊ အခုမှ တိုက်တိုက်ဆိုင်ဆိုင်ကွာ။ သူ့မှာ ယာခင်းကြီးကအကျယ်ကြီး၊ မင်းလိုချင်တာ အကုန်ရမယ်ကွ တို့နှစ်ယောက် သူ့ဆီသွားရင် ကိစ္စအား လုံးပြီးပြီပဲ။ လာခဲ့မယ် ကိုကိုတင်ရေ ဆက်ဆက်လာခဲ့မယ်ဟေ့"

"ဟုတ်ကဲ့ဗျာ၊ ဆက်ဆက်လာခဲ့ ကြပါ။ ကျွန်တော်မျှော်နေမှာနော်။ ကျွ တော်အဆင်သင့်စောင့်နေပါ့မယ်။ ချိုချို ဆက်ဆက်လာရမယ်နော်"

ချိုချိုမြင့်က ပါးချိုင့်လေးပေါ် အောင်ပြုံးကာ ခေါင်းညိတ်ပြသည် ကိုကိုတင်နှင့်အပြုံးချင်းဖလှယ်လိုက်ကြ ပါ၏။ ချိုချိုမြင့်၏ လည်တိုင်ကြော့နှ ပုလဲပုတီးတို့ လိုက်ဖက်ညီစွာလှပသည် ကို ကိုကိုတင် တစိမ့်စိမ့်ကြည့်ပြီးနောက်

"ကျွန်တော်ကလည်း ဒီပစ္စည် တွေကိုသွားပို့ဖို့ အရေးတကြီးကိစ္စပါလာ လို့ပါ"

ဟု ချိုချိုမြင့်ကို တောင်းပန်စကား ဆို၏။ ကိုကိုတင် လက်ပြနှုတ်ဆက် ထွက်ခွာသွားလေသည်။ ကိုကိုတင်သည် ချိုချိုမြင့်က သူ့ကိုလှမ်းကြည့်နေပါလေ ကြောင်း စိတ်ထဲမှကျိတ်၍ဆုတောင် လျက်ရှိ၏။ သူမနှင့်စကားတွေအများ ကြီးပြောလိုပါသေးသည်။ ချိုချိုမြ အနားမှမခွာလိုသေးပါ။ ကိုကိုတင်အနေ ဖြင့် ဤနေရာ၌ သံယောဇဉ်ကျောက်ချ ထား၍မဖြစ်ချေ။ ကိုကိုတင် ဤခရီ မိုးချုပ်ခံ၍မသင့်ပေ။ သူ့ထံမှ ကုန်ဝယ နေကျဖောက်သည်ကို ကုန်စိမ်းပို့ပေး မည့်ကတိတည်ရမည် မဟုတ်ပါလား ထို့ကြောင့် ကိုကိုတင်သည် ပဲ့ပိုင်းမှထော ခတ်နေသူ တပည့်ဖြစ်သူအား လှေ အမြန်လှော်ရန် လက်ဟန်ပြလိုက် တော့သည်။

❑

ယခုနှစ် ဆောင်းရာသီကာ အေးမြလှချေ၏။ ဆောင်းလယ် ပြ လ ငွေနှင်းမှုန်တို့ ရွှန်းရွှန်းစိုနေလေ ရွှေလောင်းတစ်ဖက်ကမ်း၌ ဆောင် ချမ်းညနေစောင်းတွင် ငွေနှင်းဇာပ လွှမ်းနေပါသည်။

ချိုချိုမြင့်သည် ဇရုတ်သီး ရောင်းကုန်ဝယ်ကိစ္စအတွက် ရွှေလော



www.burmeseclassic.com

www.burmeseclassic.com

...ရောက်ရှိလာပါသည်။ စိန်စိန်လှိုင်က ...မြင့်ကို ရွှေလောင်းတစ်ဖက်ကမ်း ...တင်၏ယာခင်းဆီသို့ ခေါ်လာခဲ့၏။ ...တင်၏ရင်ကိုအေးမြစေသူ၊ ကိုကို ...၏အိုအေစစ်လေး ကိုကိုတင့်အနီး ...သို့ရောက်လာခဲ့လေပြီ။ တမ်းတမ်း ...ဖြင့် သတိရနေသော ချိုချိုမြင့်ကို ...လိုက်ရသည့် သူ၏ ဝမ်းသာမှုက ...တွတ်အထိပ်ဆီသို့။

"ဟာ-ချိုချိုတို့ပါလား။ ချိုချို ကိုယ့် ...လာတယ်နော်။ ဝမ်းသာလိုက်တာ ...ချိုရယ်။ ချိုချို အလည်သက်သက်ပဲ ... တုန်ရောင်းကုန်ဝယ်ကိစ္စနဲ့လား၊ ...ယ့်တိုပြောစမ်းပါဦး ချိုချိုရယ်"

"ကဲပါ-ဆရာကြီးရယ်၊ လျှာလည်း ...တိုက်နေပါဦးမယ်တော်။ တချိုချို ...သည်းကိုသည်းလွန်းတယ်။ ကြာတော့ ...တောင် နားကြားပြင်းတောင်ကတတ် ...ပြီနော်။ ဒီမယ်ဆရာကြီး၊ ဧည့်သည် ...ကို ဒီအတိုင်း မတ်တတ်ရပ်ခိုင်းထား ...မှာလား။ မထိုင်ခိုင်းတော့ဘူးလား ..."

ချိုချိုကတော့ ဘာမှမပြော ပြုံး၍ ...နေ၏။

"နင်ကတော့လုပ်ပြီ စိန်စိန်ရယ်၊ ...ချိုလာနော် ထိုင်ပါဦးကွယ်"

ချိုချိုမြင့်သည် ကိုကိုတင်ကို ပြုံးပြ ...ဆက်ပြီး အနီးရှိခုံတစ်လုံးတွင်ဝင်၍ ...လိုက်ပါ၏။ စိန်စိန် တစ်စခန်းထပြန် ...တော့သည်။

"ငါကောမထိုင်ရတော့ဘူးလား။ ...တော့ တစ်ဖက်သတ်ဆန်လိုက် ...နော်"

"စကားနာမထိုးပါနဲ့ စိန်စိန်ရယ်၊ ...ဘယ်လောက်ဝမ်းသာနေတယ်ဆိုတာ ...အသိဆုံးပါဟယ်။ ချိုချိုရေ ခင်ဗျား ...ငယ်ချင်းကိုကြည့်ပြောဦးဗျ။ သူလုပ်ပုံ ... ကျုပ်ရှက်လာပြီ"

"ကိုကိုတင်ရေ ကျွန်မသူငယ်ချင်း ...ကျောင်းတုန်းကအကျင့်တွေမပျောက် ...သေးဘူးရှင့်။ ဒါကြောင့် အမိုက်အမဲလေး ...ခွင့်လွှတ်ပေးလိုက်ပါရှင်"

"ကောင်မစုတ် လုပ်ပြီ"

"ဟား ဟား ဟား"

သူတို့သုံးဦးသား ပြိုင်တူရယ်မော ...ကြလေ၏။ လူငယ်တို့ဘဝ အပျော် ...များဖြစ်ကြကုန်၏။ ချိုချိုမြင့်ကိုယ် ...သိမ့်သိမ့်ခါသည်အထိ အားပါးတရ ...ယ်မောနေသည်ကို ကိုကိုတင်အနီးကပ် ...တွေ့ရ၏။ သူမရယ်နေသည်ကိုကြည့် ...ကောင်းနေတော့၏။ ယာခင်းထဲကို ဖြတ်တိုက်လာသော လေနုအေးသည် သူမ၏ဆံပင်စလေးများကို လှုပ်ရှားဝေ့ဝိုက်စေခဲ့ပါ၏။ နဖူးနှင့်ပါးပြင်ထက်ဝယ် သူမ၏ ဆံစလေးများ ကပိုကရိုဖြင့် တစ်မျိုးကြည့်၍လှကြောင်း ကိုကိုတင် အမှတ်ထင်ထင်ရှိခဲ့သည်။

ကိုကိုတင်သည် ချိုချိုမြင့်အား အနီးကပ်ကြည့်မိတော့မှ သူမ၏လက်ယာဘက်ပါးတွင် ပါးချိုင့်လေးနှင့်အလှတွင်အထည်ဆင့်သူ ညိုချောလေးတစ်ယောက်ဖြစ်လေတော့၏။

"ကိုကိုတင်"

"ခင်ဗျာ ပြောလေ ချိုချို"

"ကျွန်မ အခုလာတာ ငရုတ်ခြောက်ဘယ်နှစ်ပိဿာလောက်ရနိုင်မလဲလို့ပါ။ ကျွန်မပါလာတဲ့ငွေနဲ့ မီသလောက် ယူသွားချင်ပါတယ်ရှင့်"

"ဩော် - ဒါများ ချိုချိုရယ်၊ ချိုချို လိုသလောက် ကိုယ်ပေးလိုက်မှာပေါ့။ ဒီအတွက်မပူနဲ့။ ငွေရေးကြေးရေးက အကြောင်းမဟုတ်ပါဘူး ချိုချိုရဲ့။ ကုန်မဝယ်လည်းကိုယ့်ဆီအလည်သက်သက် လာခဲ့ပါလား။ ကိုယ့်ဆီကို အမြဲလာစေချင်တာ ချိုချို့ကိုအမြဲတွေ့ချင်နေတာပါကွယ်။ ချိုချို့ကို တစ်သက်လုံးကူညီပေးချင်တယ်သိလား"

ချိုချိုမြင့်သည် ကိုကိုတင်၏စကား ရေလျှဉ်ကြောမှာ နစ်မျောနေမိ၏။သူမသည်လည်း ပျော်ရွှင်ရပါသည်။ သူမက ဘာတစ်ခွန်းမှမပြောသော်လည်း ပြုံးရာမှ ကိုကိုတင်ပြောသမျှကို အရေးတယူ နားစိုက်ထောင်နေပါသည်။ ကိုကိုတင်ထံမှ အမြဲမှာလိုက်သော ငရုတ်သီး ကောင်းကောင်းရရှိနိုင်ပါသည်။ ချိုချိုမြင့်၏မိခင် ဒေါ်ယုသည် ငရုတ်ကုန်လှောင်ရာတွင် လက်ကြီးသမားဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်ယုသည် စပါးရိုတွင် ငရုတ်နှင့်ပတ်သက်၍ ကောင်းစွာ



နိုင်နင်းကျွမ်းကျင်ပါသည်။ ငရုတ်ဝယ်ယူရာတွင် ဒီနှစ်မိုးဦး ဘယ်လိုစောသည့်အတွက် ငရုတ်ကို ဘယ်လကျမှဝယ်သင့်သည်။ ငရုတ်ကို ဘယ်လိုသိမ်းဆည်းလျှင် ပိုးမကျနိုင်။ ငရုတ်အထားအသို စနစ်ကျ၏။ ထို့ကြောင့် ဒေါ်ယုထံမှ ငရုတ်ခြောက်ကို ဝါးခယ်မမြို့မှ ကုန်သည်ကြီးများက လက်လွှတ်မခံချေ။ ဒေါ်ယုပို့ပေးသည့် ငရုတ်မှုန့်သမျှ အားလုံး သိမ်းဆည်းသည်ချည်းဖြစ်လေ၏။ ဒေါ်ယုသည် သူမ၏ ငရုတ်ကို ဝါးခယ်မတစ်မြို့တည်းဖြန့်ချိပါသည်။

ကိုကိုတင့်၊ ချိုချိုမြင့်၊ စိန်စိန်လှိုင် တို့သုံးဦး ကိုကိုတင့်ခြံထဲမှာ တွေရာလေးပါး လွတ်လပ်စွာ စကားပြောဆိုနေကြ၏။ စိတ်လက်ပေါ့ပါးကာ ပျော်ရွှင်လျက် ရှိကြကုန်၏။ ကိုကိုတင့်သည် စေတနာ ဗရပွဖြင့် သူတို့ရှေ့စားပွဲခုံတွင် မုန့်ပန်းကန်မျိုးစုံပြည့်နေ၏။ 'ချိုချိုစားနော်' 'ချိုချိုစားပါ' ကျွေးပြီးရင်းကျွေးနေ၏။ ဒေသလုပ်မုန့်အမျိုးမျိုး ဗမာမုန့်၊ တရုတ်မုန့်တို့ကို စားချင့်စဖွယ်ပြင်ဆင်ပေး၏။

"ချိုချိုရေ မုန့်တွေအားရပါးရစား စမ်းပါကွယ်။ မုန့်လုံးဘီးကြိုက်လား၊ တရုတ်ခေါက်ဆွဲမရွေးကမွေးတယ်။ မုန့်ဆပ်သွားဖူးလည်းကောင်းပါတယ်။ရာသီဥတုကအေးတယ် ချိုချိုရဲ့။ ရေနွေးကြမ်း ပူပူလေးမှုတ်သောက်နော်"

"ဟုတ်ကဲ့ပါရှင့်၊ မုန့်တွေက စားလို့ ကောင်းလိုက်တာ"

"ဟဲ့ - ငါကောမစားရဘူးလား"

"စိန်စိန်ရယ်၊ နင့်လက်ထဲမှာလည်း မုန့်နှစ်မျိုးကိုင်ထားသေးတယ်။ နင့်ပါးစပ်ထဲမှာဝါးနေတာ ပလုတ်ပလောင်း။ ငါ နင့်ကိုကျွေးစရာဆိုလို့ အစာကြေဆေးပဲ ကျန်တော့တာနော်"

ကိုကိုတင်၏ စကားကြားရတော့ သုံးယောက်သား ရယ်မိကြပြန်သည်။

"ဩော် - ဒါနဲ့ ချိုချိုရဲ့ အရေးကြီးတဲ့ကိစ္စနဲ့ ချိုချို့ဆီကိုယ်လာခဲ့ဦးမယ်"

"ဘယ်လိုအရေးကြီးတဲ့ကိစ္စများလဲ ကိုကိုတင်ရဲ့၊ ကျွန်မနားမရှင်းဘူး"

"ဒီလိုပေါ့ချိုချိုရယ်၊ ကိုယ့်အတွက် တစ်သက်လုံး အရေးကြီးတဲ့ကိစ္စပေါ့။ ချိုချို့နဲ့ မဖြစ်မနေ လာတွေ့ဖြစ်အောင် တွေ့မယ်သိလား။ ချိုချိုအခုလာတာ ကိုယ်တို့ဆီမှာ နှစ်ရက်၊ သုံးရက်နေပါဦးလား ချိုချိုရယ်"

"အင်း-ဒါတော့မဖြစ်ဘူး။ အမေ ပါမလာတော့လေ။ အမေက ကျွန်မ... စိတ်မချဘူး ဒါကြောင့်ပါ။နောက်တစ်

www.burmeseclassic.com

www.burmeseclassic.com

ခေါက် အမေပါလာရင်တော့ ဖြစ်နိုင်ပါလိမ့်မယ်ရှင်"

ချိုချိုမြင့်က ကိုကိုတင့်၏ရင်းနှီးဖော်ရွေမှုကိုအသိအမှတ်ပြုကာ တောင်းပန်သမှုပြုရသည်။

"ကျွန်တော်က ချိုချို့ကို လက်ဆောင်တွေလည်း ပေးချင်တာ။ နောက်တစ်ခေါက် ချိုချိုလာရင်တော့ ကျွန်တော် အရေးကြီးဆုံးလက်ဆောင်ပေးမှာနော်"

"ကိုကိုတင်လက်ဆောင်ပေးရင် ကျွန်မကကောဘာလက်ဆောင်ပြန်ပေးရမလဲ"

"လက်ဆောင်ပစ္စည်းမလိုပါဘူး ချိုချိုရဲ့၊ ချိုချို အခုလိုပြုံးနေတာမြင်ရရင်ပဲ ကျွန်တော်ပျော်ရွှင်ရပါတယ်"

❑

နောက်တစ်ပတ်ခန့် ကြာသောအခါ -

ချိုချိုမြင့်သည် အမေဒေါ်ယုနှင့်အတူ ရွှေလောင်းသို့လာခဲ့ကြသည်။ သားအမိနှစ်ယောက် ထုံးစံအတိုင်း စိန်စိန်လှိုင်တို့အိမ်တွင်တည်းလေသည်။ ချိုချိုမြင့်လာသောကြောင့် စိန်စိန်လှိုင်ပျော်ရွှင်နေလေ၏။ စိန်စိန်လှိုင်က သားအမိနှစ်ယောက်တို့ကို ဧည့်ဝတ်ကျေပွန်စွာပြုစုဧည့်ခံနေပုံမှာ ဧည့်သည်ပင်အားနာယူရသည်။ စိတ်ထားကောင်းသောစိန်စိန်လှိုင်ကို ချိုချိုမြင့်က ညီအစ်မအရင်းသဖွယ် ချစ်ခင်လေ၏။ စိန်စိန်လှိုင်ကလည်း ညီအစ်မသဖွယ်ခင်မင်ရသော ချိုချိုမြင့်ကို သဘောကောင်းသူ ဖူးစာဖက်နှင့်ဆုံစေချင်ပါသည်။ စိန်စိန်လှိုင်က ချိုချိုမြင့်နှင့် တွေ့သည့်အခါတိုင်း ကိုကိုတင် သဘောမနောကောင်းပုံ၊ စိတ်နှလုံးဖြူစင်ပုံ၊ ရိုးသားပြီး အလုပ်ကြိုးစားပုံတို့ကို ပြောပြလေ၏။

စိန်စိန်လှိုင်ပြောကာစက ချိုချိုမြင့်သည် ရှက်ကိုးရှက်ကန်းဖြင့် စိန်စိန်လှိုင်ကို သူမ၏ လက်သီးဆုပ်ကလေးဖြင့် လိုက်လိုက်ထု၏။ စိန်စိန်လှိုင်က မလွတ်ရုံပြေး၏။ ပြီးတော့ ချိုချိုမြင့်ကိုယ်လုံးလေးကိုဖက်ထားလိုက်၏။ သူမကဖက်ထားရင်း 'ဟောဒီလိုအဖက်ခံချင်လို့လား' ဟု ချိုချိုမြင့်မခံချင်အောင်စနောက်နေတောသည်။ 'နင်တော်တော်ဆိုးတယ်ဟာ' လို့ စကားပလ္လံပထွေးဖြင့် ချိုချိုမြင့်သည် စိန်စိန်လှိုင့်ရင်ခွင်ထဲမှာ အရှက်ပြေ ခေါင်းလေးဝှက်ထားလိုက်ပါတော့၏။

ယခု စိန်စိန်လှိုင်က ငရုတ်လာဝယ်သူတို့ကို အကူအညီပေးရန်ပြင်ဆင်၏။ ဒေါ်ယုတို့သားအမိကို စိန်စိန်လှိုင်ဦးဆောင်ကာ လိုအပ်သောငရုတ်သီးခြောက်ဝယ်ယူရန် ကိုကိုတင့်ထံသို့ပို့ပေးပါသည်။ ချိုချိုမြင့်မျက်နှာလေးကို မြင်တွေ့လိုက်ရသည်နှင့် ကိုကိုတင်ဝမ်းသာလိုက်ရသည့်ဖြစ်ခြင်း။ ကိုကိုတင်ပျော်ရွှင်နေတော့၏။ ထိပ်တန်းအကောင်းဆုံး အလှဆုံး ငရုတ်သီးခြောက်များ ဒေါ်ယုရရှိလိုက်ပါသည်။ ဒေါ်ယုက ကိုကိုတင်ကို ကျေးဇူးတင်စကားဆို၏။ ကိုကိုတင်က အားနာစရာမလိုကြောင်း၊ ဒေါ်ယုလိုအပ်သည့်အခါတိုင်းလာခဲ့ပါရန်နှင့် ကူညီပေးပါမည့်အကြောင်း ကတိကဝတ်ပြု၏။ ဒေါ်ယုတို့ပြန်ကြမည်ဆိုသောအခါ ကိုကိုတင်က ငရုတ်သီးထည့်ထားသည့် ဆာလာအိတ်ကြီးများကို သူ၏လှေဖြင့် ကိုယ်တိုင်ကိုယ်ကျ လိုက်ပို့ပေးပါသည်။

ရွှေလောင်းမြစ်ထဲမှာ လှေနှစ်စင်းယှဉ်၍ လှော်ခတ်လျက်ရှိသည်။ မြစ်ရေပြည့်သည့်အချိန် ရေပြင်လွှာငြိမ်၏။ ကန်အလေးချိန်အပြည့်ပါလာသောလှေကို ဖြည်းညင်းစွာလှော်ခတ်ရပါသည်။ ခရီးကြန့်ကြာလေ ကိုကိုတင်ပျော်လေ၏။ ကိုကိုတင်က ချိုချိုမြင့်ကို စကားဖောင်ဖွဲ့အောင်ပြောနေသည်။ ချိုချိုမြင့်က အင်းလိုက်ကာ နားထောင်၏။ နှစ်ယောက်သား ရယ်ရယ်မောမောပြောဆိုလာကြပုံကို ဒေါ်ယု မသင်္ကာဖြစ်လာ၏။ ဒေါ်ယုသည် သမီးချိုချိုမြင့်ကို မျက်စောင်းခဲကြည့်လေသည်။ နှုတ်ခမ်းကိုပါ ရွဲ့လိုက်သေးသည်။ ချိုချိုမြင့်အပေါ် ဒေါ်ယု၏ မကျေနပ်သောအကြည့်များ တဖွားဖွားကျရောက်လာသည်။ ဒေါ်ယု၏အမူအရာကို နှစ်ယောက်သားမမြင်လိုက်နိုင်ချေ။

ဒေါ်ယုအလစ်တွင် ကိုကိုတင် လှုပ်ရှားလိုက်သည်။

"ဒါ ကျွန်တော့်ရဲ့အမွန်မြတ်ဆုံး လက်ဆောင်ပါပဲ"

ဟုဆိုကာ ကိုကိုတင်က လက်ကမ်းပေးလိုက်သည်။ ချိုချိုမြင့် လျှင်မြန်စွာ လက်လှမ်းယူလိုက်ပါ၏။ သမီးမိန်းမပျိုလေးတစ်ယောက်၏မိခင်မျက်လုံး စွန်ရဲထက် လျှင်မြန်ကြောင်း ငယ်ရွယ်သူတို့ သိနိုးအုံမထင်။

"နောက်တစ်ခါ ချိုချိုတို့ဘယ်တော့လာကြဦးမလဲ။ ကျွန်တော် အခုရက်ထဲမှာတော့ အလုပ်သိပ်များနေတယ်။ ကျွန်တော်လေ တန်ခူးလထဲမှာ စပါးရိုးကိုဆက်ဆက်လာခဲ့မယ်သိလား"

ကိုကိုတင်သူလာခဲ့မည့်အကြောင်းကို ချိုချိုမြင့်အား ထပ်ခါတလဲလဲပြောလျက်ရှိနေပါ၏။ ကိုကိုတင်သည် ချိုချိုမြင့်နှင့်သွားရောက်တွေ့ဆုံလိုသည့်ဆန္ဒပြင်းပြနေတော့၏။ သူ၏ရင်တွင်းဆန္ဒ အတာကူးချိန်မှာ အကောင်အထည်ဖော်ရန် စိတ်ဆုံးဖြတ်ပြီး ဖြစ်၏။ ချိုချိုမြင့်ကလည်း ကိုကိုတင်လာမည်ဆို၍ ရင်ခုန်စိတ်လှုပ်ရှားမိသည်။

"တန်ခူးလသင်္ကြန်ဆိုရင် ကျွန်မတို့စပါးရိုးမှာ အလွန်ပျော်စရာကောင်းတာကိုကိုတင့်ရဲ့။ မကြာခင် တစ်ပတ်လောက်ဆိုရင်လည်း ကျွန်မပြန်လာခဲ့ဦးမှာ"

သူတို့နှစ်ယောက် တစ်ဦးကိုတစ်ဦး-

"လာခဲ့ပါ၊ လာခဲ့ပါ"

"လာခဲ့ပါ၊ လာခဲ့ပါ"

ကိုကိုတင်ကလည်း လာခဲ့ပါ ချိုချိုမြင့်ကလည်း လာခဲ့ပါ အထပ်ထပ်မှာကြားနေသူတို့ကိုကြည့်ရင်း သဘောကျ ဝမ်းသာနေသူက စိန်စိန်လှိုင် မျက်နှာရှုံ့သိုးသိုးဖြင့် သဘောမတွေ့ဖြစ်နေရသူမှာ ဒေါ်ယု။ ကိုကိုတင်လည်း လက်ဆောင်ပေးသည် [illegible] သည်။ ချိုချိုမြင့် ကိုယ်တိုင်လှမ်းယူ [illegible] သည်ကိုလည်း ဒေါ်ယုသိပါသည် [illegible] ကိုကိုတင်နှင့် ချိုချိုမြင့်တို့ လက် [illegible] ယှက်နွယ်သွားသည်ကိုသာ မြင်တွေ့ [illegible] လိုက်ပါ၏။

ဘာလက်ဆောင်ဖြစ်လေသနည်း [illegible]

❑

ဒေါ်ယုနှင့် ချိုချိုမြင့်တို့ စပါးရိုး ပြန်ရောက်ကြလေ၏။ ချိုချိုမြင့် [illegible] နေပါ၏။ ပေါ့ပါးလန်းဆန်း [illegible] ဝေဟင်ယံတွင် လွတ်လပ်စွာပျံ [illegible] သော ငယ်ငယ်လေးအသွင်ပ [illegible] ၏။ တစ်ခါတစ်ရံ သူမအတွေး [illegible] တစ်ကိုယ်တည်းပြုံးနေမိသည်။ [illegible] သည် ရွှေလောင်းတွင်မြင်တွေ့ [illegible] မကြည်ဖြူဖွယ်ရာမြင်ကွင်းကို [illegible] သတိရလေတိုင်း ရင်တွင်းမှာ [illegible] ဆူနေသည်။ ဒေါ်ယု ဒေါသ [illegible] တော့၏။ ဒေါ်ယုသည် မီး [illegible] တောက်သောမျက်လုံးအစုံဖြင့် သမီး သူကိုစိုက်ကြည့်ကာ -

"ဒီကောင်နဲ့ဘယ်တုံးက [illegible] ညည်းသိနေတာလဲ။ နင့်မျက် [illegible] ချေလား။ နင်က ခုမှမြီးကော [illegible]



www.burmeseclassic.com

www.burmeseclassic.com

တာ။ တကတဲ မိန်းကလေးတန်မဲ့ ခဲ့ပါ လာခဲ့ပါ။ လူကအရွယ်မရောက် ဘူး။ အမြီးကပေါက်ချင်နေပြီပေါ့။ ပြီပော့၊ နောင်ကို နင်ရွှေလောင်း နဲ့တော့။ စပါးရိုးမှာလည်း ငရုတ် တယ်။ ဒီမှာရှိတာပဲဝယ်တော့မယ်။ ဒီမယ် ဟိုအကောင်ပေးတဲ့လက် င်ဆိုတာ ဘာလဲ၊ ငါ့ကိုပြစမ်း"

"ဟင့်အင်း - ဘာမှမဟုတ်ပါဘူး ခဲ့။ ဘာမှမပေးပါဘူး"

"ငါ့ကိုမလိမ်နဲ့နော်။ ငါကိုယ်တိုင် တ်တာပဲဟာ။ နင်ကမုန်လာဥလုပ် သေးလား။ ငါ့ကိုလိမ်မယ်မကြံနဲ့"

"ဘုရားပေးပေးကျမ်းပေးပေးပါ ရယ်၊ ကျွန်မလက်ကိုလွှမ်းဆွဲလိုက် ကို လက်ဆောင်လို့ပြောသွားတာ

ဒေါ်ယုက ချိုချိုမြင့်ကို ဘယ်လိုမှ ၍မရတော့ချေ။ ဒေါ်ယုလက်လျှော့ရ ၏။ ရောင်းကုန် ငရုတ်ကုန်သော ဒေါ်ယုသည် ချိုချိုမြင့်ကို ရွှေ င်းသို့သွားခွင့်မပြုတော့ချေ။ ချိုချို ရွှေလောင်းသို့သွားလာခွင့်ကို ဗိုတို ဖြင့် ပိတ်ပင်လိုက်၏။ ချိုချိုမြင့် ်နေကြသူထဲတွင် စိန်စိန်လှိုင် ပါဝင်လေ၏။ စိန်စိန်လှိုင်သည် ၏မျက်နှာကို နောက်ဆုံးအချိန် တ်ရကတည်းက ချိုချိုမြင့်အတွက် အနေမှကောင်းနိုင်တော့သည်ကို ဆမိ၏။ စိန်စိန်လှိုင်က ဒေါ်ယု က်ထန်ပုံကို ကောင်းစွာသိရှိထား တ်ပါလား။

စိန်စိန်လှိုင်သည် သူငယ်ချင်း တ် စိတ်ပူမိသည်။ ချိုချိုမြင့် လောင်းသို့ရောက်မလာသည့်အချိန် င့်လေသော် အခြေအနေအရပ် ကိုယ်တိုင်စုံစမ်းလိုသည်။ စိန်စိန် စပါးရိုးသို့ လိုက်လာခဲ့တော့၏။ သူတို့အိမ်ဘက်သို့ မဝံ့မရဲလျှောက် ခဲ့ပါသည်။ အိမ်ရှေ့တွင် ဒေါ်ယုကို ရဘဲ မှိုင်နေသောသူငယ်ချင်းကို တွေ့လိုက်ရပါ၏။ စိန်စိန်လှိုင်ခမျာ ကောင်းချင်းကြီးစွာဖြင့် -

"သူငယ်ချင်း"

စိန်စိန်လှိုင်၏ ခေါ်သံကြောင့် င့်က ညှိုးငယ်စွာမော်ကြည့်ရှာ၏။ လှိုင်သည် ချိုချိုမြင့်ဘေးတွင်ထိုင် သည်။ ချိုချိုမြင့်၏ပခုံးနှစ်ဖက်ကို ဘာ အားပေးရှာ၏။

"သူငယ်ချင်းရယ်၊ မင်းမလာလို့ ငါ စိတ်ပူပြီးလိုက်လာတာ။ ဟိုနေ့က တည်းက ငါ့စိတ်တွေထင့်နေတာ။ ကိုကို တင်က မင်းကိုမျှော်နေတယ်သိလား။ ကိုကိုတင်လေ မင်းကိုမေတ္တာရှိနေတော့ သူမလာသေးဘူးလား၊ လာမယ်လို့ပြော သွားတယ်လေတဲ့။ ငါ့ကိုနားပူနားဆာ လုပ်ရင်း မင်းလာမယ့်လမ်းကိုပဲမျှော်နေ တော့တာကွ။ ဒီသင်္ကြန်မှာ မင်းကိုလူကြီး စုံရာနဲ့ လာတောင်းမယ်တဲ့။ သူက ဆုံးဖြတ်ပြီးပြီ သူငယ်ချင်း"

စိန်စိန်လှိုင်က ချိုချိုမြင့်ကို အား ပေးစကားလည်းပြော၊ ကိုကိုတင်စီစဉ် ထားပုံတို့ကို အလောသုံးဆယ်ပြောနေ ချိန်မှာ အိမ်နောက်ဘေးမှ ခြေသံပြင်း ပြင်းကိုကြားလိုက်ကြရင်း-

"အောင်မာ - စိန်စိန်လှိုင် နင်က ဘာလာလုပ်တာတုံး။ နင်ကအောင် သွယ်လား။ ရှုပ်ရှုပ်ယှက်ယှက်လာမလုပ် နဲ့ဟေ့၊ ငါမကြိုက်ဘူး။ နင် ငါ့အိမ်ကို မလာနဲ့တော့ နင်ပြန်ပါ"

"ဒီမယ်- ညည်းလည်းမှတ်ထား၊ စိန်စိန်လှိုင်နဲ့ အဆက်အသွယ်မလုပ်နဲ့ တော့ မိချိုချို"

"ကျွန်မ မမိုက်ပါဘူး။ အမေရယ် ဟင့် ဟင့်"

ချိုချိုမြင့်က ဒေါ်ယုကို အသနားခံ ကာ မျက်ရည်လည်ရွဲဖြင့် တောင်းပန်ရှာ ၏။ စိန်စိန်လှိုင်လည်း ချစ်လှစွာသော သူငယ်ချင်းအတွက် စိတ်မကောင်း။ သူမသည် သားအမိနှစ်ယောက်အကြား ဗျာများနေရှာ၏။ ဒီအရေးအခင်းပြေ လည်အောင် မဖြေရှင်းပေးနိုင်လေရ ကား သူမလက်မှိုင်ချရရှာလေ၏။

"သမီးလေးရယ်၊ ကိုယ့်အခြေ အနေကိုယ်သိစမ်းပါကွယ်။ နင့်မှာအဖေ မရှိဘူး။ နင်က ဖတဆိုးလေးဆိုတော့ ဂုဏ်ငယ်တယ်၊မျက်နှာငယ်ရတယ်အေ။ တစ်ရွာသား ဘယ်လိုလူစားမှန်းလဲမသိ၊ တော်တော်ကြာ လူကြားမကောင်းသူ ကြားမကောင်း လူပြောခံနေရဦးမယ် အေ။ တစ်ရွာသားကိုရည်းစားလုပ်တော့ ညည်းလွမ်းရပြီပေါ့။ တယ်- ငါလုပ်လိုက် ရ အမိုက်မ ဟင်း"

ဒေါ်ယု ဒေါသမုန်တိုင်းထန်လေ ၏။ သားအမိနှစ်ယောက် အခြေအနေ ခက်ထန်တင်းမာလေရကား စိန်စိန်လှိုင် ဆက်နေရန်မသင့်ချေပြီ။ ယခုအခြေ အနေမှာ သူမပြန်ရုံသာရှိတော့သည်။ စိန်စိန်လှိုင် ရွှေလောင်းသို့ပြန်ခဲ့ရလေ သတည်း။

❑

ချိုချိုမြင့်သည် ချစ်ရသူကိုလွမ်းရုံ မှတစ်ပါး အခြားမရှိပါ။ မိခင်ကြီး၏ ဒေါသပြင်းထန်လွန်းလှ၏။ မိခင်ကြီး၏ မိမိအပေါ် မေတ္တာကြီးမားပုံကိုလည်း သိပါသည်။ သားသမီးအနေဖြင့် မလို လားအပ်သောပြဿနာ ပေါ်ပေါက်လာ မည်ကိုလည်း မိခင်ကြီးစိုးရိမ်ရှာပေမည်။ ကိုကိုတင့်ကိုချစ်ရသည့် သူမမေတ္တာ အတိုင်းအတာသည် သံယောဇဉ်လုံးဝ ဖြတ်တောက်မရသည့်အနေအထား။

ချိုချိုမြင့်သည် ရွှေလောင်းသို့ မသွားရတော့၍ ကိုကိုတင်လာလေ မလားမျှော်ရရှာ၏။ တပို့တွဲလပေါက်ပွင့် တို့ ဖူးငုံစီကြပြီ။ စပါးရိုးရွာမှာ ထမနဲပွဲ ကျင်းပကြကုန်၏။ အပြိုင်အဆိုင် ထမနဲ ထိုးကြ၏။ တစ်အိမ်မှတစ်အိမ်သို့ ထမနဲ ပေးလှူကြသည်။ ပျော်ကြ၏။ ရွှင်ကြ၏။ ကိုကိုတင်ကတော့ ပေါ်မလာသေး။ တပေါင်းသို့ရောက်ခဲ့ပြန်ပေါ့။ ရွာဦး စေတီပွဲ၊ သဲပုံစေတီပွဲများကျင်းပကြကာ ရွာသူရွာသားတို့ ကုသိုလ်ယူပျော်ရွှင်ကြ ကုန်၏။ ရွာသူရွာသားအများစုတို့ပျော် ရွှင်ကြသော်လည်း ချိုချိုမြင့်တစ်ယောက် မပျော်ရွှင်နိုင်ရှာ။ မိမိကပဲ စိတ်စောကာ မျှော်နေမိလေသလား။ သူကတော့ဖြင့် ပေါ်မလာပြီ။ မျှော်ရှာသူလွမ်းရပြီပေါ့။

ချိန်းဆိုထားသောတန်ခူးလ။

ကိုကိုတင် ကတိပေးထားသည့် တန်ခူးလရယ်ပါ။ သူကတော့ ကတိ တည်မှာပါလေ။ ကိုကိုတင်တစ်ယောက် လာကိုလာမှာပါ။ ချိုချိုမြင့် တွေ့လိုဇော ဖြင့် လွမ်းမောစွာ မျှော်ရှာရပြန်ပေါ့။ ကိုကိုတင်က ရည်ရွယ်ချက်ကြီးမားသူ။ ချိုချိုမြင့်သည် သူ့ကိုတော့ နှုတ်ဖျားမှ အဖြေမပေးရသေးပါ။ သူမအပေါ် ထား ရှိသော ချိုချိုမြင့်၏ သဘောထားကို စိန်စိန်လှိုင်မှတစ်ဆင့် တီးမိခေါက်မိပါ၏။ ကိုယ်တိုင်အတွေ့အကြုံအရဆိုရလျှင် ချိုချိုမြင့်၏ ချစ်ရည်လဲ့သောမျက်လုံး အကြည့်များကို သူရရှိခံစားခဲ့ပြီးဖြစ်လေ သည်။

ဒါကို သူကျေနပ်ပါသည်။ ကိုကို တင်သည် သူ၏ဆန္ဒအကောင်အထည် ဖော်နိုင်ရန် အလုပ်ကိုကြိုးစားလုပ်ကိုင် နေပါ၏။ နေဝင်မိုးချုပ်သည်အထိ ငရုတ် ခင်းထဲက သူမခွာနိုင်။ ချိုချိုမြင့်နှင့်ချိန်း ဆိုထားသော အတာကူးသည့်တန်ခူးလ မတိုင်မီ မင်္ဂလာပွဲအတွက် ပြည့်စုံလုံ လောက်စွာ သုံးစွဲနိုင်ရန် ဖွဲ့နပဲကြီးစွာ စီးပွားရေးလုပ်ငန်းကို ဖိဖိစီးစီးလုပ်ကိုင် ၏။ ငွေစု၏။



www.burmeseclassic.com

www.burmeseclassic.com

တပေါင်းတန်ခူးလမျာ့သည် လေရူးဆော်သွေး၏။ လေရူးတသုန်သုန်တိုက်ခတ်လေ၏။ ညောင်ရွက်တို့ အညာကြွေကုန်၏။ လေအဝှေ့မှာ ရွက်ဝါတို့တဖြုတ်ဖြုတ်ကြွေကာ မြေလွှာဆီသို့လျောကျသက်ဆင်းကြလေသည်။ ဤသို့ဤနှယ်လို့ပဲဆိုပါရစေ။ လွမ်းမောစွာတမ်းတမျှော်နေရှာသူ သူမ၏မျက်ဝန်းအစုံမှလည်း ငွေရည်ပုလဲတို့တစ်ပေါက်ချင်း ပါးမို့မို့ပေါ် လျောကျသက်ဆင်းနေကြသည်ကို တားမရနိုင်ခဲ့ပါ။ တမ်းတသူလွမ်းရသည့်ဖြစ်အင်ကို ကိုကိုတင်တစ်ယောက်သိပါလေစ၊ တငိုငိုတရီရီဖြင့် အချစ်မီးလောင်ကျွမ်းခံနေရသူကို မိခင်ဒေါ်ယုက ထပ်မံကြိမ်းမောင်းပြန်၏။ ချိုချိုမြင့် အလူးအလဲ ခံစားရရှာသည်။

သကြံန်အကြိုနေ့မှာ သူမမျှော်လေ၏။ လာခဲ့မည်ဆိုသောကတိစကားပါးထားသည့်လူကြီး သူကတော့ရောက်မလာခဲ့။

ထိုနေ့က ချိုချိုမြင့်သည် ခင်ခင်နှင့်အတူ ဟင်းရွက်ခူးရန် ရွာပြင်သို့ထွက်လာခဲ့ကြသည်။ တောအရပ်ဒေသသည် ရွာအပြင် ကွင်းထဲမှာ အတို့အမြှုပ်ဖြစ်သော ဟင်းရွက်များဖြစ်သည့် လယ်ပတူ၊ ငါးရံ့ပတူ၊ ဟင်းဂလာ၊ တောကန်စွန်းညွန့်တို့ အလေ့ကျပေါက်ကြကုန်၏။ ကွင်းထဲမှာပေါက်နေသော စားချင့်စဖွယ် အပင်ငယ်လေးများကို သူငယ်ချင်းများနှင့် အလုအယက် ခူးဆွတ်ကြရသည်။ ဤသို့သော တောဓလေ့က ချစ်စရာ။ ချိုချိုမြင့်က သူ၏ရင်တွင်းအပူကို ခင်ခင်အား ဖွင့်ဟလိုက်၏။

"ဒီသကြံန်မှာလေ ငါ့ရဲ့ကိုကိုလာမယ်ဟ။ သူက ငါ့ကိုကြိမ်းသေပေါက်ပြောထားတာသိလား။ အဲဒါ ငါမျှော်နေတာ ယောက်မရေ့"

"လာမှာပေါ့အေ၊ ဒါနဲ့ ကောင်မရေ ညည်းလူကြီးက လက်ဆောင်ပေးထားတယ်ဆို။ အားနာလို့သာ ငါ့မှာမမေးဘဲနေနေရတာတော်ရေ့။ ဘာလက်ဆောင်လဲအေ့။ သိချင်လိုက်တာဟယ်။ ငါ့ကိုပြောပြပါလား ကောင်မ"

"ညည်းကိုတော့ ငါယုံပါတယ်အေ၊ ငါပြောပြချင်ပါတယ်။ ဒါပေမယ့် ညည်း ဘယ်သူ့ကိုမှ ပြန်မပြောရဘူး။ ကတိပေးနိုင်မလား"

"အေးပါ -ကောင်မရယ် စိတ်ချစမ်းပါတော်"

"စာလေးတစ်စောင်ရေးပေးလိုက်တာဟ့"



"ကောင်မ၊ ညည်းမျက်နှာကိုပြုံးနေတာပဲ။ ဘာအကြောင်းရေးထားလဲပြော"

"ဒါတော့ မသိချင်ပါနဲ့ဟာ"

ချိုချိုမြင့်သည် သူငယ်ချင်းခင်ခင်ကို ရင်ဖွင့်လိုက်ရသည့်အတွက် သူမ၏ရင်တွင်း ပေါ့ပါးသွားလေ၏။ အခုမှ အသက်ရှူချောင်သွားသည်။ အိမ်တွင်းပုန်းလုပ်နေရသည်ထက်စာလျှင် မွန်းကျပ်မှုများ ဖြေလျော့သွား၏။ ညနေစောင်းဟင်းရွက်ခူးရင်း သူငယ်ချင်းနှစ်ယောက်တို့ စကားကောင်းနေကြ၏။ ချိုချိုမြင့်၏အပူလုံးများပျောက်ကာ အေးချမ်းမှုရရှိနေချိန် ဖြစ်ပါသည်။

ထိုအချိန်တွင် ရွှေလောင်း၏တစ်ဖက်ကမ်းမှာ ဘာတွေဖြစ်ပျက်နေပါသနည်း။

"ခင်ခင်ရာ သူက သစ္စာရှိသူပါ။ သကြံန်မှာလာမယ်လို့ ငါ့ကိုအထပ်ထပ်မှာ။ ဟာ - ဟိုမှာ ကိုကိုတွေ့လား။ ဘယ်နှယ့် ငါမပြောလား ခင်ခင်၊ သူကတကယ်လာတယ်တော့။ ကိုကိုရေ ကိုကို"

"ဟဲ့ဟဲ့ - ဘယ်မှာတုံး ချိုချိုရဲ့"

"ဟိုမှာ၊ ဟိုမှာ"

ချိုချိုမြင့်သည် ကိုကိုတင်ထံသို့ အမောတကောပြေးသွားတော့၏။ သူမဝမ်းသာလုံးဆို့နေရှာ၏။ ခင်ခင်သည် ကိုကိုတင်ဆိုသူကို လှမ်းကြည့်လိုက်သည်။ တောတန်းလေးကာကွယ်နေသည်။ ခင်ခင်သည် ကိုကိုတင်ကိုမတွေ့ရချေ။ ကိုကိုတင်ဆိုသူ မည်သူနည်း။ ခင်ခင်သည် အလွန်အမင်းသိချင်နေပါသည်။ ချိုချိုမြင့်ပြေးသွားရာဆီသို့ နောက်မှအပြေးလိုက်လာခဲ့၏။ ညနေခင်း နေရောင်အောက်မှာ ချိုချိုမြင့်ပြေးနေ၏။ ကန်သင်းတစ်ခုနားသို့အရောက် ချိုချိုမြင့်လဲကျသွားသည်။ အနီးကပ်ပြေးလိုက်လာသော ခင်ခင်က ချိုချိုမြင့်ကို အမြန်ဆုံးပွေ့ထူလိုက်နိုင်၏။

"ချိုချိုရယ်၊ ဘယ်လိုဖြစ်ရတာလဲဟယ်။နင်ကလည်း ဖြည်းဖြည်းသွားရောပေါ့ဟာ"

"ကိုကိုမှ ကိုကိုပါ သူငယ်ချင်း...
တိုက်ပုံအကျီအနက်၊ ဘန်ကော...
လုံချည်အစိမ်းတောင်ဝတ်ထားသေး...
ဟ။ ငါသေသေချာချာတွေ့လိုက်ရ...
ပါဟာ။ ဪ - ကိုကိုရယ်"

ခင်ခင်က ချိုချိုမြင့်ကိုတွဲ၍ ...
သို့ပြန်လာကြသည်။ အိမ်ပေါက်ဝ...
၍ ဒေါ်ယုဆူပါလေတော့သည်။

"ဟဲ့ကောင်မတွေ ဟင်းရွက်...
ခူးတာ ဟင်းရွက်ပါမလာဘဲ ငို...
လာရသလားဟဲ့။ တောထဲမှာ နင်တို့...
ကောင်တွေ့လို့လဲဟေ့"

ခင်ခင်နှင့် ချိုချိုမြင့်တို့က ဒေါ်...
ကိုပြန်လည်မဖြေကြားနိုင်ဘဲ ချိုချို...
သာ ဖေးကူတွဲလျက် အခန်းထဲသို့...
လာပေးရလေ၏။ ချိုချိုမြင့် ရှိုက်ကြီး...
ငင်ငိုနေပါသည်။

"နင်ကလည်း ဘာဖြစ်နေတာ...
ဟယ်၊ အဖြစ်ကိုသည်းတယ် တတ...
ပဲ ငါမပြောလိုက်ချင်ဘူး။ နင့်အ...
ကြောက်လို့ တောထဲမှာပုန်းနေသ...
မသိတာ။ နင့်လူကလာမယ်ဆို လာ...
ပါဟာ။ စိတ်မပူနဲ့နော် သူငယ်ချင်း...
လား"

ခင်ခင်သည် သူငယ်ချင်း...
ပီသစွာ ချိုချိုမြင့်ကို နှစ်သိမ့်ပေး...
တော့သည်။

❑

အထက်ပါအဖြစ်အပျက်ဖြစ်...
ချိုချိုမြင့် မှိုင်၍သာနေတော့သည်...

တစ်ပတ်ခန့်ကြာသော် -

ခင်ခင်နှင့် ချိုချိုမြင့်တို့သည်...
တိုင်ပင်ကောင်းတိုင်ပင်ဖြင့် နေ...
သူများဖြစ်ကြကုန်၏။ စပါးရိုး...
ဘယ်သွားသွား တတွဲတွဲသွား...
သူငယ်ချင်းနှစ်ယောက်တို့ နေ...
လေ၏။ အိမ်အတွက် သောက်...
ရေခပ်ကြလျှင်လည်း အတူတူပင်...
နေရာမှ မခွဲနိုင်အောင် ခင်မင်ကြ...
သူငယ်ချင်းနှစ်ဦး ဖြစ်ကြလေ...
ယနေ့ညနေသုံးရေအတွက် အော...
ထဲတွင်ကုန်နေလေ၏။ အော...
သည်မှာ မီးဖိုဆောင်သုံးရေတို့...
ခြင်း ဖြစ်သည်။ ချိုချိုမြင့်သည်...
ခေါ်ကာ တောရွာဓလေ့အတိုင်း...
ခါးစောင်းတင်လျက် ရေဆိပ်...
လာခဲ့ကြပါသည်။ ခင်ခင်က...
တံတားစွင် ရေအိုးထဲသို့ ရေ...
ချိုချိုမြင့်က မြစ်ပြင်ကိုငေးမော...
နေသည်။ ရွှေလောင်းမြစ်...



www.burmeseclassic.com

www.burmeseclassic.com

လှေလေးများ သွားလာနေကြသည်ကို ချိုချိုမြင့်ကြည့်ရှုနေခိုက် သူမသည် မြစ်လယ်သို့ လက်ညှိုးထိုးကာ -

"ဟိုမှာ ကိုကို၊ ကိုကိုလာတယ်"

ချိုချိုမြင့်သည် ပြောလည်းပြော ရေထဲသို့ပြေးဆင်းသည်။ ခင်ခင်သည် ချိုချိုမြင့်လက်ညှိုးထိုးရာဆီသို့ ဖြပြေး လိုက်ကြည့်လေ၏။

"ဘယ်မှာလဲ၊ ဘယ်မှာလဲ"

ခင်ခင်၏ မျက်လုံးအစုံက ရေလွှာပြင်ပေါ်က ကိုကိုတင်ကိုရှာသည်။ ခင်ခင်၏လက်အစုံက ရေထဲမှ ချိုချိုမြင့်ကို ဆွဲတင်နေရ၏။ ခင်ခင်သည် ချိုချိုမြင့်ကို ရေထဲမှဆွဲမတင်၍မဖြစ်တော့သည့်အခြေအနေသို့ရောက်နေသည်။ ချိုချိုမြင့်သည် ငယ်စဉ်ကတည်းက ရေကူးလွန်စွာကျွမ်းကျင်သူဖြစ်ပါသည်။ ယခု ရေထဲသို့ဆင်းလာပုံမှာ ရေထဲ၌ စုံးစုံးမြုပ်နေပါ၏။ သူမဆွဲ၍မတင်ပါက ချိုချိုမြင့်ပြန်ပေါ်လာရန် အကြောင်းမရှိ။

"လှေပြန်ခွာသွားပြီ ခင်ခင်ရယ်၊ အမေ့ကိုကြောက်လို့လားမသိပါဘူးဟယ်"

"အေးပါ သူငယ်ချင်းရယ်၊ ဟုတ်မှာပါဟာ။ တို့အိမ်ပြန်ကြရအောင်နော်"

ခင်ခင်က ချိုချိုမြင့်ကိုတွဲ၍ အိမ်ပြန်ပို့ပေးပါသည်။ အိမ်သို့ရောက်သောအခါ တစ်ကိုယ်လုံးရေစိုရွှဲနေကြသူတို့ကို ဒေါ်ယုက ထုံးစံအတိုင်း ဆူပူကြိမ်းမောင်းပြန်တော့သည်။

"ဟဲ့ - 'လင်တရှူး၊ ရည်းစားရှူးတွေ ရေသွားခပ်တာလည်း တစ်ကိုယ်လုံး ရေစိုရတယ်လို့တော်"

နာရီလက်တံတို့သည် တစ်ပတ်ပြီး တစ်ပတ်လည်နေကြလေရာ တစ်ရက်ပြီး တစ်ရက်နှင့် (၁၀) ရက်ကြာသွားလေ၏။

ချိုချိုမြင့်တို့အိမ်နောက်တွင် ရေတွင်းနှင့် ပုဏ္ဏရိက်ပင်များစွာရှိလေ၏။ ပုဏ္ဏရိက်ပင်တို့သည် ခြံစပ်တစ်လျှောက် စီတန်းလျက်ရှိသည်။ ပုဏ္ဏရိတ်ပန်း အနီ၊ အဝါတို့ ပွင့်ကြကုန်၏။ ပန်းကလေးတို့၏အရောင်အသွေးစုံပြည်လှပကြသည်။ ပုဏ္ဏရိက်သီးလေးများသီးနေကြသည်မှာ ပန်းသီးခိုင်လေးများသဖွယ်။ ချိုချိုမြင့်ထံသို့အလည်လာကြသော ခင်ခင်နှင့်လှလှတို့ ပုဏ္ဏရိက်ပန်းများခူးနေကြသည်။ ချိုချိုမြင့်က ဒန်းပုခက်စီးရင်း ပုဏ္ဏရိက်ပန်းလေးများကို ငေးနေသည်။ ခင်ခင်နှင့် လှလှတို့က ပုဏ္ဏရိက်ပန်းအပွင့်ကြီးများ ရွေးကာ အပြိုင်အဆိုင်ခူးနေကြသည်။

ချိုချိုမြင့်သည် အဝေးတစ်နေရာဆီသို့ငေးနေရာမှ -

"ကိုကိုရေ၊ ကိုကိုရေ"

ချိုချိုမြင့်က ကိုကို. . .ကိုကိုဟု တစာစာခေါ်နေ၏။ အိမ်နောက်ဖေးလမ်းကြောအတိုင်းပြေးထွက်သွားသည်။ ခင်ခင်နှင့် လှလှတို့ အံ့အားသင့်ကာ ခူးထားသောပန်းများ လွှတ်ချခဲ့ကြပြီး ချိုချိုမြင့်နောက်သို့ ပြေးလိုက်ခဲ့ကြတော့သည်။ ပြေးနေသော ချိုချိုမြင့် ခြံအပြင်သို့အရောက် တရွတ်တိုက်လဲကျသွားသည်။ ခင်ခင်နှင့်လှလှတို့လည်း ချိုချိုမြင့်ကို ပြေးထူပေးကြကုန်၏။ ချိုချိုမြင့်ကို ပွေ့ထားကြရာမှ သူတို့မျက်လုံးပြူးကုန်ကြသည်။ ခြံအပြင်ဘက် ချိုချိုမြင့်လဲကျရာနေရာသည် ရှင်းလင်းနေသောမြက်ခင်းပြင်သာဖြစ်၏။ သို့သော် ချိုချိုမြင့်၏လည်ပင်းတွင် သူတို့မမြင်ဘူးသော နွယ်ကြိုးတစ်ချောင်း ရစ်ပတ်လျက်ရှိနေသည်။

ချိုချိုမြင့်က သူမ၏လည်ပင်းမှ နွယ်ကြိုးကို ရုန်းကန်ဖယ်ရှားနေသော်လည်း မရချေ။ ခင်ခင်နှင့်လှလှတို့ဝင်ဆွဲမှသာလျှင် နွယ်ကြိုးရန်မှလွတ်ကင်းရလေ၏။ ခင်ခင်နှင့်လှလှတို့က ချိုချိုမြင့်ကို အိမ်ထဲသို့ ပြန်ခေါ်လာနိုင်ခဲ့ကြပါသည်။ ထိုသို့ဖြစ်ပြီးနောက် ချိုချိုမြင့် လုံးဝစကားမပြောတော့ပေ။ထမင်းမစား ရေမသောက်ဘဲနှင့်နေလာတော့သည်။ မျက်လုံးအကြောင်သားဖြင့် ကြည့်ကာ အချိန်အခါမရွေး မှိုင်တွေလျက်သာရှိနေပါ၏။

ထိုအခါမှ ဒေါ်ယုသည် သမီးအတွက် စိုးတိပ်ပူရရှာလေ၏။ သမီးဖြစ်သူကို မဆူတော့ချေ။

❑

ချိုချိုမြင့်သည် မစားမသောက် အနေကြာလာသော် ပိန်လှီလာလေ၏။ ဒေါ်ယုအနေဖြင့် သမီးလေး တစ်ရက်ကောင်းလာနိုး နှစ်ရက်ကောင်းလာနိုး မျှော်ကိုးမိလေ၏။ သို့သော်လည်း အချည်းနှီးသာ။ အခြေအနေမှာပို၍သာဆိုးလာခဲ့ပါသည်။ ဒေါ်ယုသည် မည်သူ့ထံ အကူအညီတောင်းရလျှင်ကောင်းမလဲ။ ချိုချိုမြင့်ကို မည်သည့်ဆရာနှင့်ကုရလေမလဲ။ အတွေးသံသရာထဲဝယ် ရှုပ်ထွေးနေသည်။ ဒေါ်ယု ရှေးဦးစွာ သတိရလိုက်မိသည်မှာ ရွာအနောက်ကျောင်းဆရာတော်ဖြစ်ပါ၏။ ထို့ကြောင့် ဆရာတော် ဦးကောသလ္လနှင့် တွေ့ဆုံလျှောက်ထားလေ၏။

"ဆရာတော်ဘုရား၊ တပည့်တော်ရဲ့သမီးလေးကို ကယ်ပါဦးဘုရား။ မစားမသောက်နဲ့နေလာတာ အရိုးပေါ်အရေတင်နေပါပြီဘုရား အီး ဟီး ဟီး"

"ဒကာမကြီးသမီးရဲ့ရောဂါအခြေအနေပြင်းထန်ပုံရတယ်။ မပေါ့နဲ့ ဒကာမကြီးရဲ့။ ဆရာကောင်းသမားကောင်းနဲ့ တွေ့မှာပါကွယ်။ ဆရာတော် မေတ္တာပို့ပေးနေပါ့မယ်"

ဒေါ်ယုသည် ဆရာတော်၏ မေတ္တာခံယူကာ အိမ်သို့ပြန်လာခဲ့ပါသည်။

"သမီးလေး အမေ့ကိုစကားပြောပါကွယ်။ ထမင်းလည်းစား၊ ရေလည်းသောက်ပါဦး သမီးရဲ့။ အဲဒီကောင်လေးက နင့်ချစ်သူလား။ ငါပေးစားပါ့မယ် သမီးလေးရယ်၊ နင်စကားပြောသာပြောပါ"

ဒေါ်ယုက ချိုချိုမြင့်လိုလားသည် ထင်ရသမျှအကြောင်းတွေကို လိုလိုလားလားဖြင့်လိုက်လျောသည့်စကားများကို တွင်တွင်ပြော၏။သိချင်သည်တို့ကိုလည်း မေးမြန်း၏။ သို့သော် ချိုချိုမြင့်ထံမှ မည်သည့်စကားလုံးမျှ ထွက်မလာတော့ပါ။ ဒေါ်ယု၏အပူစိတ်များ ငယ်ထိပ်အထိ တက်ဆောင့်လေတော့သည်။ ဒေါ်ယု ဘာလုပ်ရမည်နည်း။ တွေးရင်းတွေးရင်း လမ်းစပျောက်နေသည်။ စဉ်းစားလာသည့်အတွေးစများ တိမ်မြုပ်ပျောက်ကွယ်ကုန်၏။

ချိုချိုမြင့်၏အခြေအနေ ဆိုးဝါးလျက်ရှိနေချိန် -

တစ်နေ့သ၌ စပါးရိုအနောက်ပိုင်းကျောင်းဆရာတော် ဦးကောသလ္လထံသို့ အာဂန္တုဆရာတော်တစ်ပါး ကြွရောက်လာ၏။ မနောမဟိဒ္ဓိဆရာတော်ဖြစ်ပါ၏။ မနောမဟိဒ္ဓိဆရာတော်သည် သတ္တဝါအများတို့၏ဘေးဒုက္ခတို့ကို ဝင်္ဂနာကံနာမှလွဲ၍ ကယ်တင်ပေးနိုင်သည့်ဆရာတော်ဖြစ်ပါလေ၏။ ဆရာတော်နှစ်ပါးတို့မှာ ငယ်သူငယ်ချင်းများဖြစ်ကြကုန်၏။ တစ်မြို့တစ်ရွာစီခြားကာ သာသနာပြုနေကြသော သာသနာပြုပုဂ္ဂိုလ်များဖြစ်ကြလေ၏။ ကွဲကွာနေကြသည်မှာ ကြာမြင့်ခဲ့လေပြီ။ သာသနာပြုလုပ်ငန်းများ၌ မွေ့လျော်နေကြကုန်၏။ ယခုမှသာ သူငယ်ချင်းနှစ်ယောက်တို့ ပြန်ဆုံကြခြင်း ဖြစ်တော့သည်။ တရားဘာဝနာအားထုတ်ခြင်းကို အထူးအလေးထားကျင့်ကြံကြကုန်၏။ မနောမဟိဒ္ဓိဆရာတော်ကို ဦးကောသလ္လက ဤသို့လျှောက်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော်ဘုရား ကျန်းခန့်သာလို့မှာတော်မူပါရဲ့လား ဘုရား။ ဆရာတော် ဘယ်ကလာလို့ ဘယ်ကိုကြွမလို့တုံး။ ဘယ်အထိပေါက်မြောက်နေပါပြီလဲ ဘုရား"

"အိမ်း-ပို့သသောမေတ္တာကြောင့်မာပါရဲ့။ ကျုပ်ရွာမှာနေတော့ (၇)ရက်သားသမီးတွေရဲ့ဆင်းရဲဒုက္ခတွေကို တွေ့တွေ့နေရတယ်။ သူတို့ကို တတ်နိုင်သလောက်ကူညီပေးရင်း ကျုပ်တရားဘာဝနာကို အလေးအနက်ထားကာ ကျင့်ကြံအားထုတ်လာတာ သာသနာစောင့်နတ်မင်းတွေရဲ့ စောင့်ရှောက်မှုကို ရလာတယ်။ အဲဒါကြောင့် ကျုပ်သတ္တဝါတွေကို ဆင်းရဲဒုက္ခတွင်းက ကယ်မပေးနိုင်လာခဲ့ပါတယ်။ သူတို့ရဲ့ဝဋ်နာကံနာကလွဲရင်ပေါ့လေ။ သတ္တဝါတွေကို ကယ်ရဖန်များလာတော့ ပရိသတ်ကမစဲဖြစ်လာတယ်။ ကျုပ်တရားဘာဝနာဘက်မှာ အားနည်းလာပါတော့တယ်။ တရားအားထုတ်မှုလျော့လာရင် သာသနာတော်စောင့်နတ်မင်းတွေရဲ့ စောင့်ရှောက်မှုကင်းကွာပြီး သတ္တဝါတွေကို ကယ်နိုင်ပါဦးမလား ကျုပ်စဉ်းစားမိတယ်။ ဒီလိုနေလို့မဖြစ်ဘူးပေါ့။ အဲဒါနဲ့ ကျုပ်ရွာက ထွက်လာခဲ့တာ၊ ကျုပ်ရဲ့ စာသင်ဖက်ကို လာ နှုတ်ဆက်တာပဲ။ ကျုပ်တောင်ညိုဘက်ကိုကြွတော့မယ်လေ"

"တပည့်တော်အကူအညီတောင်းပါရစေ။ ဒီရွာမှာ ကြုံတုန်း ဒကာမလေး တစ်ယောက် ဒုက္ခရောက်နေတာကို ကူညီပေးခဲ့စေချင်ပါတယ်။ ဒကာမလေးဟာ အခုဆိုရင် ကယ်သူမဲ့ဖြစ်နေပြီး ကိုယ်ကျိုးနည်းရရှာတော့မယ်။ စကားလည်း လုံးဝမပြောတော့လို့ ကူညီပါဘုရား"

"ဩော် - ဒီလိုလား"

ဆရာတော်က ဦးကောသလ္လ လျှောက်ထားတင်ပြသည်ကို သေချာစွာနားထောင်၏။ အကျိုးအကြောင်းအစုံအလင်သိရလေသော ဆရာတော်သည် (၁၀) မိနစ်ခန့်ငြိမ်၍ အာရုံယူလိုက်၏။ မဟိဒ္ဓိဆရာတော် အာရုံယူပြီးသည့်နောက် အခြေအနေအရပ်ရပ်ကို သဘောပေါက်သွားရလေသည်။

ထို့နောက် -

"ဩော် ဆရာတော်ရယ်၊ သူတို့ဘဝက သနားစရာကောင်းလှချေလား"

"ဘယ်လိုဖြစ်တာလဲတုံး ဘုရား၊ ဖြစ်ပုံပျက်ပုံအလုံးစုံကို တပည့်တော်ကို မိန့်ပါဦးဘုရား"

"အိမ်း - ဆရာတော်ဦးကောရေ တပည့်တော် အမိန့်ရှိစရာမလိုဘဲ သူကိုယ်တိုင် ပြောပြပါလိမ့်မယ်ဗျာ"

"ဒါဖြင့်ရင် ဆရာတော်ရယ် အဲဒီမိန်းကလေးကိုခေါ်လိုက်မယ်လေ။ ခေါ်ခိုင်းလိုက်ရမလားဘုရား"

"ဘယ်သူခေါ်ခေါ်လာမယ်မဟုတ်ပေဘူး။ တပည့်တော်အမိန့်ပေးမှ သူလာပါလိမ့်မယ်။ သူ့အမေကိုသာ အခုခေါ်လိုက်ပါတော့"

မနောမဟိဒ္ဓိဆရာတော်က အမိန့်ရှိလာသဖြင့် ဆရာတော်ဦးကောသလ္လက ကပ္ပိယကြီးကို ချက်ချင်းစေလွှတ်လိုက်၏။ မကြာမီအချိန်အတွင်း ကပ္ပိယကြီးနှင့်အတူ ဒေါ်ယု ရောက်လာပါ၏။ မဟိဒ္ဓိဆရာတော်ကြီးက ဒေါ်ယုကို ဤသို့စတင်မေးလိုက်သည်။

"ဒကာမကြီးဒေါ်ယု ဒကာမကြီး သမီးရဲ့ဝေဒနာပျောက်စေချင်ပါသလား"

"ပျောက်စေချင်ပါတယ် ဆရာတော်ကြီးဘုရား၊ ကပ္ပိယကြီးပြောပြလို့ တပည့်တော်အရမ်းဝမ်းသာမိပါတယ်။ ဆရာတော်ကြီးကို အားကိုးသမှုပြုပါတယ်"

"ဒကာမလေးရဲ့ဝေဒနာပျောက်ကင်းအောင် ကျုပ်ကုပေးနိုင်တယ်။ ဒါကြောင့် လူနာရှင်က ကျုပ်ကိုလူနာအပ်ရလိမ့်မယ်ကွယ့်။ ဒကာမတို့ကအပ်ရင် ကျုပ်ကုပေးမယ်။ တစ်ထိုင်တည်းနဲ့ ပျောက်ပါတယ်"

ဆရာတော်ကြီး၏စကားကိုကြားလိုက်ရသောအခါ ဒေါ်ယု ကြက်သီးမွေးညင်းထမျှ ဝမ်းသာသွားမိ၏။ ထို့ကြောင့် မဆိုင်းမတွပင် ဒေါ်ယုက ဆရာတော်ကြီးကိုလျှောက်ထားသည်မှာ -



"တပည့်တော်မရဲ့ဝေဒနာသည် သမီးကို အရှင်ဘုရားထံ ယုံကြည်အားကိုးစွာ အပ်နှံပါတယ် ဘုရား။ အမြန်ပျောက်ကင်းအောင်ကုသပေးတော်မူပါ အရှင်ဘုရား"

"ကောင်းပြီ။ ကိုင်း - ကျုပ်အမိန့်ပေးလိုက်မယ်။ စွဲလမ်းသူ ဒကာလေးနဲ့ ဝေဒနာရှင်မိန်းကလေးတို့ မနက်ဖြန် ဆရာတော်ရှေ့မှောက်သို့ အရောက်လာခဲ့ကြ။ ဒီနေ့တော့ ဆရာတော်ကြီးက မင်းတို့နှစ်ယောက်ကိုတွေ့ဆုံခွင့်ပေးထားဦးမယ်။ ကဲ - ရပါပြီ ဒကာမကြီးရေ။ ဒီနေ့တော့ သမီးလေးတို့ကို လွတ်လပ်စွာ တွေ့ဆုံကြပါစေ။ ဒကာမကြီးကို သတိပေးလိုက်မယ်။ သူတို့ကို အနှောင့်အယှက်မပေးပါနဲ့။ အန္တရာယ်မပြုလေနဲ့။ ဒါဆရာတော်အမိန့်ပဲ။ သေသေချာချာ လိုက်နာပါ ဒကာမကြီး။ ကြိမ်းဟယ်မောင်းဟယ်လည်းမလုပ်ပါနဲ့။ အဖြေပေါ်လာပါလိမ့်မယ်ကွယ်"

မနောမဟိဒ္ဓိဆရာတော်ကြီးက ဒေါ်ယုကိုပြောအပြီး မျက်လုံးမှိတ်လျက် ဆရာတော်၏နှုတ်မှထွက်ပေါ်လာသော စကား-

"မနှိပ်စက်ပါဘူးကွာ၊ ဆရာတော်က သတ္တဝါတွေကို မေတ္တာထားတာပဲ။ ကောင်းတဲ့လမ်းကိုပို့ပေးမှာပေါ့"

မနောမဟိဒ္ဓိဆရာတော်ကြီး၏ အထက်ပါစကားကို ဇဝေဇဝါဖြင့် သဘောမပေါက်သော ဦးကောသလ္လက -

"ဘာကိစ္စလဲ ဘုရား၊ ဘယ်လိုဖြစ်လို့လဲ။ အမိန့်ရှိပါဦးဘုရား"

ဟု မေးလေသည်။

မနောမဟိဒ္ဓိဆရာတော်ကြီးက -

"နှိပ်စက်ဦးမလားလို့မေးလို့ ကျုပ်ကပြန်ပြောပြတာပါ"

❑

ဒေါ်ယုသည် ဘုန်းကြီးကျောင်းမှ ပြန်လာခဲ့ပါသည်။ ဆရာတော်ကြီးမိန့်လိုက်သည်တို့ကို အကြွင်းမဲ့ယုံကြည်၏။ ကျိန်းသေပေါက် သမီးလေး ချိုချိုမြင့် ဝေဒနာပျောက်ကင်းတော့မည်ကိုတွေးရင်း ဒေါ်ယု ဝမ်းသာလာပါသည်။

အိမ်တွင် သမီးလေးချိုချိုမြင့်၏ အရိပ်အကဲကိုစောင့်ကြည့်နေရှာသည်။ ချိုချိုမြင့်၏ အခြေအနေ မည်သို့ရှိပေမည်နည်း။ ချိုချိုမြင့်သည် အိမ်ရှေ့ညှဲခန်းရှိ ညောင်စောင်းတွင်ထိုင်နေသည်။ သူမသည် ခါတိုင်းလို မှိုင်တွေမနေတော့



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ထူးထူးခြားခြား သူမ၏မျက်နှာ ပြုံးရွှင်နေပါသည်။ စကားများလည်းပြောနေပါသည်။ ဒေါ်ယုမြင်နေရသည်မှာ သူမတစ်ယောက်တည်း ရယ်ရယ်မောမောပြောဆိုနေ၏။ သူမ၏ပြောဆိုဟန်မှာ တစ်စုံတစ်ယောက်နှင့်ပြောနေပုံဖြစ်လေ၏။ ယခုအချိန်တွင် ချိုချိုမြင့်၏အမူအရာ လန်းဆန်းနေပါ၏။ ချိုချိုမြင့်တစ်ညလုံးပြောနေသည်ကို ဒေါ်ယုက စောင့်ကြည့်နေရုံမျှသာ။ ဘာတစ်ခုမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုခဲ့ပါ။

နံနက်မိုးသောက် အလင်းသို့ရောက်ခဲ့ပြီ။ ဒေါ်ယုနှင့် ချိုချိုမြင့်တို့ ကျောင်းသို့ရောက်လာကြသည်။ ချိုချိုမြင့်သည် မနေ့မဟိဒ္ဓိဆရာတော်ကြီးရှေ့တွင် ကျုံ့ကျုံ့လေးထိုင်၏။ ဆရာတော်ကြီးကို ရိုသေစွာ ဦးချကန်တော့လေသည်။

မဟိဒ္ဓိဆရာတော်ကြီးက -

“အိမ်း-မတူတဲ့ဘဝမှာသံယောဇဉ်မထားကြနဲ့ကွယ့် မသင့်လျော်ဘူး ဒါကိုနားလည်ကြ။ ကိုယ့်လမ်းကိုယ်သွားကြပေါ့။ မင်းရဲ့အဖြစ်မှန်ကိုပြောပြဖို့ အချိန်တန်ပြီ။ ဘဝချင်းမှမတူတာဘဲ။ ကိုယ့်အကြောင်းကိုယ်ရှင်းအောင်သာ ပြောပြလိုက်တော့။ ဘဝချင်းမတူတဲ့ စွဲလမ်းသူ ဒကာလေး အခုရောက်စေ ဆရာတော်အမိန့်”

မဟိဒ္ဓိဆရာတော်ကြီးက ‘ရောက်စေ’ ဟုအမိန့်ပေးလိုက်သည်နှင့် ချိုချိုမြင့် တုန်တုန်ယင်ယင်ဖြစ်လာကာ တစ်စုံတစ်ဦး ဝင်ရောက် ပူးကပ်ခဲ့လေပြီ။ ချိုချိုမြင့်၏ နှုတ်ဖျားမှာ ယောကျ်ားလေးတစ်ဦး၏အသံဖြင့် -

“တပည့်တော်ဟာ ချိုချို့ကို လေ့လော့နေတာ စတွေ့တွေ့ချင်း မေတ္တာရှိခဲ့ပါတယ်။ ငရုတ်ခင်းမှာတွေ့ကြတုန်းက သူ့ကိုချစ်တဲ့အမူအရာပြတော့ သူကလည်း လက်ခံခဲ့တယ်။ တန်ခူးလဆန်းမှာလာမယ့်အကြောင်း စိန်စိန့်ကိုလွှတ်ပြီး အပြောခိုင်းလိုက်သေးတယ်။ ဒါပေမယ့် စိန်စိန်ပြန်လာတဲ့အခါ ဒေါ်ယု သဘောမတူတာကို သိလိုက်ရတယ်။ ငရုတ်ခင်းထဲမှာ တပည့်တော်ပိုးထိလို့ဆုံးတယ်။ အဲဒီလိုဆုံးပြီးကတည်းက ချိုချို့အနားမှာကပ်ပြီးနေလာခဲ့တယ်။

ခင်ခင်နဲ့ချိုချို ဟင်းရွက်ခူးတုန်းက ချိုချိုလက်ကိုဆွဲခေါ်တော့ ချိုချိုလဲကျသွားတယ်။ တပည့်တော်က ချိုချို့ကို အပြီးခေါ်တာ၊ ဒါပေမယ့် ခေါ်လို့မရဘူး။ သူ ရေဆိပ်မှာရေလာခပ်တော့ သူ့ကို ရေထဲဆွဲနှစ်ခဲ့တယ်၊ ခေါ်လို့မရပြန်ဘူး။ ခင်ခင်နဲ့လှလှတို့ ပုဏ္ဏရိုက်ပန်းခူးနေချိန်မှာ ချိုချို့လည်ပင်းကို နွယ်ကြိုးနဲ့ရစ်ပတ်ပြီးဆွဲခေါ်သေးတယ် မရဘူး”

ကိုကိုတင် (ပရလောကသား) ၏ ရှင်းလင်းပြောပြနေသည်ကို အားလုံးနားထောင်နေကြစဉ် မဟိဒ္ဓိဆရာတော်ကြီး ကပြုံး၍ -

“ဒကာလေး ကိုကိုတင်၊ မင်းက ဒကာမလေးကို ဒီလောက်အကြိမ်ကြိမ်ခေါ်နေတာတောင် ဘာကြောင့်ခေါ်လို့မရဖြစ်နေရတာတုံး။ လူအများနားလည်အောင် ရှင်းပြစမ်းပါဦးကွယ့်”

“တပည့်တော်ရဲ့ဘဝထဲကို ချိုချိုမြင့်ရောက်လာအောင် အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် အရာမထင်ခဲ့ပါဘူး။ သူ့မှာက အကာအကွယ်ရှိနေပါတယ်။ ဘာလဲဆိုတော့ သူ့လည်ပင်းက ပုလဲပုတီးသီတဲ့ကြိုးက သိမ်ဝင်အပ်ချည်ကြိုးနဲ့လုပ်ထားတာပါ။ တပည့်တော် သူ့ကိုရအောင် ဘယ်လိုပင်ကြိုးစားပေမယ့် သူ့ရဲ့သိမ်ဝင်ကြိုးက ဟန့်တားထားလို့ပါ”

“အေးလေ - ဒီလောက်ခေါ်မရတာ မင်းလည်းသိနေပြီလေ။ မင်းက ဘဝခြားနေပြီ။ ဒါကြောင့် မင်းလမ်းကို မင်းသွားရမယ်။ မင်းလမ်းကို မင်းဖြောင့်ဖြောင့်သွားပါ။ မင်းကောင်းရာမွန်ရာ ရောက်အောင် ဆရာတော်အမျှဝေပေးမယ်။ အေးလေ၊ မင်းဟာ ကိုကိုတင် ဟုတ်မှန်ကြောင်း ခိုင်လုံတဲ့သက်သေပြနိုင်မလား။ သူ့ကိုလက်ဆောင်ပေးတာ ဘာလဲ။ မင်းပြောနိုင်သလား”

မဟိဒ္ဓိဆရာတော်ဘုရားကြီးက လူအများသိရှိစေလိုသဖြင့် ချိုသာစွာပြုံး၍ မေးသည်။

“ဟုတ်ကဲ့ - ပြောနိုင်ပါတယ်။ အဲဒီလက်ဆောင် သူ့ဆီမှာရှိပါတယ်။ ယူကြည့်ပါ”

အထက်ပါအတိုင်း ပြောဆိုပြီး ကိုကိုတင်သည် ဆရာတော်ကြီးအမိန့်ရှိသည်ကို နားလည်သဘောပေါက်သောအားဖြင့် ချိုချိုမြင့်အနားကပ်ဆက်နေစရာအကြောင်းမရှိတော့ပြီ။ ချိုချိုမြင့်ကို ဝင်ပူးနေရာမှ ပယောဂထွက်ခွာသွားလေ၏။ ပယောဂနှောင့်ယှက်မှုမှ ကင်းလွတ်သွားသော ချိုချိုမြင့် ပုံမှန်အသိစိတ်ဝင်လာ၏။ လက်ဆောင်ပစ္စည်းဆိုတာဘာလဲ။ အရင်ဆုံးသိချင်နေသူမှာ ဒေါ်ယုဖြစ်လေ၏။ ဒေါ်ယုသည် ချိုချိုမြင့်ကို လက်ဆောင်အကြောင်း အလျင်စလို မေးမြန်းပါတော့သည်။

ချိုချိုမြင့်က အဆင်သင့်ပါလာသော ကိုကိုတင်၏လက်ဆောင်ကို သူ၏အမေအား ပြသလိုက်တော့၏။

“သမီးကို ကိုကိုတင်ပေးတဲ့လက်ဆောင်ဆိုတာ ဒီစာရွက်လေးပါ အမေ”

ဟုပြောကာ လှေနှစ်စီးယှဉ်စီးစဉ်က ကိုကိုတင်ပေးခဲ့သောရည်းစားစာကို သူမ၏အမေလက်ထဲသို့ ထည့်ပေးလိုက်ပါတော့သည်။ စာရွက်လေးထဲတွင် ကိုကိုတင်ရေးသားထားသောစာသားများမှာ အောက်ပါအတိုင်းဖြစ်ပါလေ၏။

*အလွန် မေတ္တာရှိရပါသော ချိုချို၊ ကျွန်တော်ဟာ စားနိုင်သောက်နိုင် ပြည့်စုံသူပါ။ သစ္စာရှိလူငယ်တစ်ယောက်ပါ။ ချိုချိုနဲ့ လက်ထပ်ဖို့ ဆက်ဆက်လာခေါ်ပါ့မယ်။ မောင်ခေါ်ရာလိုက်ခဲ့တော့ ရပ်သူကြီးသူမချိုချိုရယ်*

ဟု ပါရှိလေသတည်း။

ထိုသက်သေခံစာရွက်ကို ဖတ်ရှုအပြီး အားလုံးဇာတ်ရည်လည်သွားကြပြီဖြစ်လေ၏။ ကိုကိုတင်သည် အပါယ်လေးဘုံသို့ ရောက်ရှိနေသည်။ လူ့ဘုံလောကမှ ချိုချိုမြင့်နှင့် ဘယ်လိုမှပတ်သက်ဆက်စပ်၍မရနိုင်။ မှားယွင်းသော သံယောဇဉ်ထားရှိရန် အကြောင်းမရှိချေ။ ချိုချိုမြင့် နားလည်သဘောပေါက်ရန်လည်း လိုအပ်သေးသည်။ ထို့ကြောင့် မဟိဒ္ဓိဆရာတော်ကြီးက ချိုချိုမြင့်ကို တရားပြနားချပေးတော်မူ၏။

“ကိုင်း - ဒကာမလေးလည်း အစွဲအလမ်းမကြီးနဲ့တော့။ ဒကာမလေးတို့ဟာ ဘဝချင်းမတူကြတဲ့အတွက်ကြောင့် သူလည်း သူ့လမ်းကိုသွားပါပြီ။ ဒကာမလေးလည်း လူသစ်စိတ်သစ်နဲ့ ကိုယ့်လမ်းကိုကိုယ်လျှောက်လှမ်းပါတော့လေ။ ကျန်းမာချမ်းသာပါစေကွယ်”

ချိုချိုမြင့်သည် မဟိဒ္ဓိဆရာတော်ကြီးကျေးဇူးကြောင့် ကောင်းစွာကျန်းမာလာခဲ့ပါ၏။ မဟိဒ္ဓိဆရာတော်ကြီး၏ တရားတော်ကို နာကြားရပြီးနောက် ချိုချိုမြင့်သည် လူမှန်နေရာမှန်နေထိုင်တတ်လာခဲ့ပါသည်။ ချိုချိုမြင့်ကိုကြည့်၍ ဒေါ်ယုဝမ်းသာရလေ၏။ ထိုအချိန်မှစ၍ ဒေါ်ယုနှင့် ချိုချိုမြင့်တို့သားအမိ အေးချမ်းမှုအတိဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းခဲ့ကြလေသတည်း။

သုခီအတ္တာနံပရိဟရန္တု

အောင်မြင့်ထွန်း(မ[illegible]လုံး)



www.burmeseclassic.com

www.burmeseclassic.com

# ထူးအောင်ထက်

## အိပ်မက်စေတမန်



တပ်မတော်သားဘဝဖြင့် တွေ့ကြုံခဲ့ရသော ဟကယ့်အဖြစ်အပျက်တချို့သည် စိတ်ကူးယဉ်ဇာတ်လမ်းများစွာထက် ပိုမိုဆန်းကြယ်၏။

ယခုတင်ပြမည့်အဖြစ်အပျက်နှင့် အလိုက်ဖက်ဆုံးခေါင်းစဉ်ရွေးရန် မတတ်နိုင်သည့်အဆုံးတွင် နှစ်ဆယ်ရာစုနှောင်းပိုင်းမှ ယနေ့ထက်တိုင် မရိုးနိုင်သေးသော ဂန္ထဝင်သကြန်သီချင်းတစ်ပုဒ်၏ ခေါင်းစဉ်ကိုဆွဲသုံးလိုက်ရပေ၏။

❑

လွန်ခဲ့သော နှစ်လေးဆယ်ခန့်က အမှတ် (---) ခြေလျင်တပ်ရင်းတွင် ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်စဉ်ကတွေ့ကြုံခဲ့ရသော အဖြစ်အပျက်တစ်ခုမှို့ ရေငုံနှုတ်ပိတ်လျက် မေ့မေ့ပျောက်ပျောက်ထားခဲ့၏။

ယခုလိုအသက်အရွယ်ရလာသည့်အခါတွင် ဘုရားတရားကိုအချိန်ပေးလုပ်ရင်း အမျှအတန်းဝေတိုင်း လူချင်းသိဖို့မဆိုထားနှင့် မျက်နှာကိုပင်မမြင်ဘူးခဲ့သောမိန်းမပျိုတစ်ဦး ကောင်းရာသုဂတိသို့ ရောက်ရှိရေးအတွက် မေတ္တာပို့ပေးသော်လည်း ယနေ့အထိ သာဓုခေါ်သံပြန်မကြားရသေးသဖြင့် ခများမှာ ကျွတ်တမ်းမဝင်နိုင်သေးပါလားဟူသော အစွဲတစ်ခုရှိနေသေး၏။

ထိုအစွဲကြောင့်လည်း ဤဝတ္ထုကို ရေးဖြစ်ခဲ့၏။

အနှိမ်မိန်းမပျို၏ အမည်နာမသည်ကား မတင်ညိုဟု ခေါ်တွင်၍ ပဲခူးရိုးမတောင်ခြေတစ်နေရာရှိ ရွာသာယာတွင် နေထိုင်သူ ဖြစ်သည်။ ပညတ်သွားရာ ဓာတ်သက်ပါ ဆိုသည့်ပမာ မတင်ညိုသည် အသားညိုညိုနှင့်လုံးကြီးပေါက်လှတစ်ယောက်ဟုမျှသာ ကြားဖူးခဲ့၏။

မတင်ညို၏ ဂုဏ်သတင်းသည် ရွာ၏ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်အဖြစ် မကျော်ကြားစေကာမူ ရွာနှင့်မလှမ်းမကမ်းက နတ်ဗဇင်း(နတ်ဖန်ဆင်း)ချောင်း၏ကူးတို့သမအဖြစ် လူချစ်လူခင်များသူဟုလည်း ဆို၏။

မိဘမဲ့တစ်ကောင်ကြွက်မတင်ညိုလေးသည် အဘိုးတစ်ခုမြေးတစ်ခုစောင့်ရှောက်နေသော ဘကြီးဖိုးမောင်အတွက် လက်ကသုံးတောင်ဝှေးလို အားကိုးရသူဟု တစ်ရွာလုံးက မတင်ညိုကို ချီးမွမ်းကြ၏။

ထိုစဉ်က ရွာသာယာသည် အညိုရောင်နယ်မြေဖြစ်သည့်အလျောက် လက်နက်ကိုင် သောင်းကျန်းသူများ မကြာခဏဝင်ထွက်သွားလာလေ့ရှိသော

ဘကြီးဖိုးမောင်တို့ မြေးအဘိုး၏ ကူး[illegible] တဲသည် ရံဖန်ရံခါဆိုသလို သောင်းကျန်းသူတို့ ယာယီစခန်းချရာ ဘူမိနက်သန်ဖြစ်သွားတတ်၏။

မှဆိုးစိုင်သင်သည့်ပမာ ဘကြီးဖိုးမောင်တို့မြေးအဘိုးသည် သောင်းကျန်းသူသတင်းကြိုတင်ရသည်နှင့် ကူးတို့လှေကို ကမ်းပေါ်တင်ပြီး တောထဲတွင်ပုန်း၍ ရွာသာယာသို့သွားအိပ်ရ၏။ စိတ်ချလက်ချရှိပြီဆိုမှသာ ကူးတို့ထဲတွင်ပြန်နေ၏။

သို့သော် တစ်နှစ်ပတ်လုံးနီးပါး ကူးတို့ထဲတွင်သာအနေများ၏။

အကြောင်းမှာ ရွာတစ်ဖက်တစ်[illegible] ၌ရှိသောလယ်ယာများကိုသာ အား[illegible] နေရသော တစ်ရွာတည်းသားအချင်းချင်း[illegible] ရေးလာရေး အဆင်ပြေစေလိုသော

www.burmeseclassic.com



...ရင်းခံကြောင့်သာဖြစ်၏။

ခမ ... ... ကိုစေတနာကြောင့် ... အရေးကို စိုးစဉ်းမျှ ... ကူးတို့သမအဖြစ် အသက်မွေးရှာခဲ့လေခြင်းဟု ကရုဏာသက်၍ မဆုံးအောင်ရှိနေကြဆဲဟုလည်းပြန်လည်ကြားသိခဲ့ရ၏။

မိမိတာဝန်ကျသော တပ်ရင်းသည် ပဲခူးရိုးမတွင် တစ်ခွဲနားစနစ်ဖြင့် စစ်ဆင်ရေး၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များထမ်းဆောင်ရ၏။

မိမိတပ်ခွဲတပ်ရင်းဌာနချုပ်တွင် ပြန်လည်စုဖွဲ့လေ့ကျင့်ရင်း အနားယူရမည့်အလှည့်တွင် တပ်ရင်းသို့ပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် အထက်ဌာနမှချပြသော ရန်သူသတင်းအရ နယ်မြေရှင်းလင်းရေးဆောင်ရွက်ခဲ့ရ၏။

ထို့ကြောင့် တပ်ခွဲမှ အိမ်ထောင်သည်စစ်သည်များအား နောက်ချန်အဖြစ်ထားခဲ့၍ တိုက်ခိုက်ရေးအင်းအားလုံလောက်အောင်ဖွဲ့စည်းပြီး ခရီးဆက်ရပြန်၏။

တပ်ရင်းမှ ထွက်ပါပြီဆိုကတည်းက ရွာလိုက်သည့်မိုးသည် တစ်နေကုန်မစဲသဖြင့် နှစ်နာရီအမီ ရည်မှန်းချက်သို့မရောက်ရောက်အောင်ခရီးပြင်းနှင်ခဲ့၏။ လေကြောင်းပစ်ကူနှင့်အမြောက်ပစ်ကူများမပါသည့်တိုင်အောင် သတ်မှတ်ချိန်အတိုင်း ရည်မှန်းချက်တာဝန်ပြီးမြောက်အောင်ဆောင်ရွက်မည်ဟူသောသန္နိဋ္ဌာန်သည် တပ်ခွဲတစ်ခွဲလုံး၏ တစ်ပြေးညီစိတ်ဓာတ်ဖြစ်၏။

တပ်ရင်းဌာနချုပ်နှင့် ရည်မှန်းချက်နေရာသည် မိုင်နှစ်ဆယ်ခန့်ဝေး၏။ သာမန်အားဖြင့် ခုနစ်နာရီခန့်ချီတက်ရဖြစ်သော်လည်း ရာသီဥတုနှင့်မြေအနေအထားကန့်သတ်ချက်ကြောင့် မိုးလင်းမှ မိုးချုပ်ချီတက်ခဲ့ရ၏။

ရွာသာယာနှင့် အနီးတစ်ဝိုက်ကို အသေးစိတ် ရှင်းလင်းပြီးချိန်တွင် အမှောင်ထုကြီးစိုးလာသဖြင့် ရွာ၏အနောက်ဘက် တောင်ကုန်းပေါ်တွင် တပ်ဖြန့်နေရာယူ၍ အုပ်ချုပ်မှုကိစ္စနှင့်အတူ အထက်ဌာနသို့ တပ်လှုပ်ရှားမှုနှင့် ရန်သူသတင်းအစီရင်ခံခြင်းတို့ကို ဖယောင်းတိုင်မီးဖြင့် ပြီးစီးအောင်ဆောင်ရွက်ခဲ့၏။

❑

အကူရဲဘော်လေး ပြင်ဆင်ပေးသော ဟန်းကောထမင်းပူပူကို ဟန်းဘော

www.burmeseclassic.com

ဖုံးထဲမှ ငါးပိထောင်းခပ်စပ်စပ်ဖြင့် လွေးလိုက်ရသည့် အခိုက်အတန့်မှာပင် နတ်သုဒ္ဓါမှိုဝဲလိုက်ရသည်အလား နားထင်သွေးရောက်ခဲ့ရပုံကို စဉ်းစားမိရင်း လည်ချောင်းထဲမှ တံတွေးကို 'ဂလု' ဟူသောနရီဖြင့် အတင်းမျိုချလိုက်ရ၏။

ထိုမျှမကသေး။

ထမင်းဆိပ်တက်လာခိုက် မလှံ့တလုံမိုးကာထဲအောက်တွင် မိုးကာအကျႌဝတ်လျက် ကျောဆန့်လိုက်သည်နှင့် မှေးခနဲအိပ်ပျော်သွားဟန်တူ၏။တာပေါ်လင်မြေခင်းအောက်မှ ဒလဟောစီးနေသော မိုးရေကို စမ်းရေစီးသံဟု ထင်မိယောင်မှားဖြစ်ရပြန်သေး၏။

"ဗိုလ်ကြီး၊ ဗိုလ်ကြီးရှင့်၊ ဗိုလ်ကြီး၊ အရေးကြီးသီတင်းပြောစရာရှိလို့ပါ"

ဟူသော အသံနှင့်တစ်ဆက်တည်း ဆိုသလို လျှပ်စီးရောင်ဖြင့် ရုတ်ခြည်းမြင်လိုက်သော အနားသတ်မျဉ်းအရ ဆံပင်ဖိုးရိုးဖားရားနှင့် အမျိုးသမီးတစ်ယောက်မှန်း တပ်အပ်သိလိုက်ရ၏။ သို့သော် မျက်နှာကိုတော့ သဲသဲကွဲကွဲမမြင်လိုက်ရပေ။

ထိုအမျိုးသမီးထံမှ ခက်ထန်ထန်အသံကို ခန့်မှန်းရုံဖြင့် နာကြည်းခံပြင်းနေဟန်ရှိကြောင်း သိလိုက်ရ၏။ ၎င်းကိုတွေ့စက ကင်းတာဝန်ကျစစ်သည်ကို ထိုက်သင့်သလိုအရေးယူဖို့ စိတ်ကူးမိ၏။

သို့သော် ၎င်းထံမှသောင်းကျန်းသူဖိုးလုံးသဘင်း အပြည့်အစုံနီးပါးသိခွင့်ရလိုက်သဖြင့် အာရုံပြောင်းသွား၏။

ချက်ချင်းဆိုသလို အရေးမတက်မီ ကူးတို့တဲကိုစီးနင်းနိုင်ရန် တပ်လှန့်ပြင်ဆင်နေခိုက်တွင် ထိုအမျိုးသမီး အမှောင်ထုထဲ တိုးဝင်ပျောက်ကွယ်သွားမှန်းသတိမထားမိလိုက်ကြောင်းကိုတော့ ရိုးသားစွာ ဝန်ခံရမည်ဖြစ်၏။

အိပ်မက်မက်နေသည်ဟုဆိုပါကလည်း နဂ္ဂတစ်ဖလင်လို ဝိုးတိုးဝါးတားပုံရိပ်ပဲထင်မည်။ မိမိကြားခဲ့သော စကားအားလုံးသည် ရွာထဲမှရခဲ့သောသတင်းနှင့် တစ်ထပ်တည်းဖြစ်နေသည့်အတွက် အလွန်အံ့အားသင့်ခဲ့ရ၏။

သွေးလေချောက်ချား၍နားကြားမလွဲမှန်းတော့သေချာ၏။

တကယ်၍ တစ္ဆေအခြောက်ခံရသည်ပဲထားဦး။ မိမိတစ်ယောက်တည်းကွက်ပြီး အခြောက်ခံရခြင်းမှာလုံးဝမဖြစ်နိုင်သောကိစ္စဖြစ်၏။ ပတ်လည်နေရာယူထားသော တပ်စိတ်တွေက အနည်းဆုံး တစ်ယောက်ယောက်တော့ အခြောက်ခံရဖွယ်ရှိ၏။

တပ်စိတ်မှူးအားလုံးကို ခေါ်မေးရကောင်းနိုး၊ တပ်ခွဲအရာခံဗိုလ်တစ်ယောက်တည်းကိုသာဖြစ်ကြောင်းကုန်စင်ပြောရကောင်းနိုးဖြင့် မိမိဇဝေဇဝါဖြစ်နေမည်ဆိုပါက မိုးစင်စင်လင်းသွားနိုင်၏။

မိမိအတွေးစမပြတ်ခင် (ရှေ့ပြေးကင်းထောက်) ပွိုင့်တပ်စုမှူးမှတပ်အသင့်ဖြစ်ကြောင်း သတင်းလာပို့သဖြင့် နတ်ဗဇင်းချောင်းဘေးရှိ ကူးတို့တဲကို ညချီတက်မှု (Night Move) ဖြင့် ချဉ်းကပ်စီးနင်းနိုင်ခဲ့၏။

အခြေပြုနေရာမှ ရွာသာယာကိုရှောင်ကွင်း၍ ခြေလုံလက်လုံချီတက်ခဲ့သည့်အပြင် ချီတက်ရာလမ်းတစ်လျှောက် စစ်ဗျူဟာမြောက်ချီတက်ခဲ့သဖြင့် ပထဝီအင်္ဂါနှင့် အချိန်အင်္ဂါတို့ကို အောင်အောင်မြင်မြင်ရယူနိုင်ခဲ့၏။

ကူးတို့တဲအနီး တိတ်တဆိတ်ဝိုင်းပတ်ချဉ်းကပ်သောအခါမှသာ ရန်သူ့ကင်းသမား၏ နိုးကြားမှုကြောင့် လူအင်္ဂါမရသည့်အဆုံး ပစ်အားသုံးပြီး တရစပ်ချေမှုန်းခဲ့ရ၏။ ထိတွေ့မှုဖြစ်ပွားရာတစ်ဝိုက် အသေးစိတ် ရှင်းလင်းပြီးသောအခါ ရန်သူ့အလောင်းသုံးလောင်းနှင့် လက်နက်ငယ်ငါးလက်ကို လက်ရသိမ်းဆည်းရခဲ့၏။

ရွာသားများ၏ ပြောပြချက်အရ ဘယ်ဘက်ပါးပေါ်မှ အမှတ်မည်းကြီးဖြင့် ရန်သူ့အလောင်းသည် နယ်ခံသောင်းကျန်းသူခေါင်းဆောင်ဖိုးလုံးဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့၏ ။ ထူးထူးခြားခြားပင် ကူးတို့တဲအနီး ချဉ်းကပ်ဆဲတွင် ညက အမျိုးသမီး၏ 'ဗိုလ်ကြီးတို့ရယ်၊ လူယုတ်မာ ဖိုးလုံးကို အရှင်မထားပါနဲ့' ဟူသော အသံတိုးတိုးကို ထပ်မံကြားလိုက်ရပြန်၏။

ဖိုးလုံးတို့အဖွဲ့ လွန်ခဲ့သောငါးရက်ခန့်က ရွာကိုရောက်လာပြီး ဆက်ကြေးကောက်ရုံမက လူသစ်စုဆောင်းသည့်အတွက် ရွာမှအလစ်ထွက်၍ မြို့ကိုသတင်းပို့ရန် ကြံစည်ခဲ့ကြောင်း၊ ၎င်းညဦးပိုင်းက ကူးတို့တဲဘက်မှ သေနတ်သံကြားခဲ့ရကြောင်းနှင့် သန်းခေါင်အချိန်ခန့်တွင် မတင်ညို၏ အဘိုးဖြစ်သူသည် ဝိုကြီးချက်မဖြင့် ရွာသို့ရောက်လာပြီး လူယုတ်မာ ဖိုးလုံးက မတင်ညိုကို အဓမ္မကျင့်ပြီး သေနတ်ဖြင့်ပစ်သတ်၍ အလောင်းကိုချောင်းထဲပစ်ချခဲ့သည်ဟု ပြောပြခဲ့ကြောင်း။ ထိုအဖြစ်ဆိုးကိုကြားသိရသည်နှင့် ရွာလူကြီးလည်း မှဆိုးငပိန်ကိုအဖော်ပြု၍ ညတွင်းချင်း တောလမ်းအတိုင်း မြို့ကို သုတ်ခြေတင်ခဲ့ရကြောင်းတို့ကို ခရီးမှပြန်ရောက်စ ရွာလူကြီးမှ လုံးစေ့ပတ်စေ့ရှင်းပြတာကို နားထောင်ရင်း မှင်တက်မိသွား၏။

အမှန်တော့ ညကအဖြစ်အပျက်သည် မတင်ညို၏ဝိညာဉ်က မိမိထံသို့ အိပ်မက်စေတမန်အဖြစ် ရောက်လာတာပါလားဟု ကောက်ချက်ချနိုင်ခဲ့၏။

မိမိ၏ ဂမ္ဘီရဆန်ဆန်ဖြစ်ရပ်ကို လုပ်ဖော်ကိုင်ဖက် အရာရှိတွေအားပြန်လည် ဖောက်သည်ချမည်ဆိုပါက 'အံ့ဩကုန်နိုင်ဖွယ် ကဲ-မယုံချင်နေ' ဟု ဩဘာသပေးကြဦးမည်။ တစ်ဖန် ကံဆိုးမလေး မတင်ညိုက တစ္ဆေသရဲ စသောမကောင်းဆိုးဝါးအဖြစ် နာနာဘာဝဟု သမုတ်ခံရ မည်ကို အစိုးရိမ်ကြီးခဲ့၏။

အထူးသဖြင့် တစ္ဆေသရဲတို့သည် ကံနိမ့်သူကိုသာ ရွေး၍ခြောက်လှန့်နိုင်သည်ဟု မှတ်ချက်အပြုမခံနိုင်သော မိမိ၏အတ္တမာနပင် ဖြစ်၏။

ထိုထိုအကြောင်းကြောင်းတို့ကြောင့် မိမိအဖြစ်ကို ရေငုံနှုတ်ပိတ်ထားရင်း မေ့ပျောက်သွားအောင် အတတ်နိုင်ဆုံးကြိုးစားခဲ့၏။ မတင်ညိုခမျာမှာလည်း ထိုညမှလွဲ၍ ယခုထက်ထိမိမိထံသို့ပြန်ရောက်လာခြင်းမရှိတော့ပေ။

မိမိတွေ့ကြုံဖူးသော တိုက်ပွဲပေါင်းများစွာအနက် မလုံးအဖွဲ့နှင့်ဖြစ်ခဲ့သော တိုက်ပွဲသည် မိမိတပ်ခွဲ၏အောင်မြင်မှုထက် လူယုတ်မာလက်ချက်ကြောင့် အရှက်နှင့် အသက်ပေးခဲ့ရသူ မတင်ညို၏ တမလွန်ဘဝက လက်တုံ့ပြန်မှုအောင်ပွဲအဖြစ်သာ မှတ်ယူထားခဲ့၏။

ဒုက္ခမေတ္တာဘာဝနာဖြင့် မြင်အပ်မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါချမ်းသာကိုယ်စိတ်မြဲပါစေဟူ၍ မိမိမေတ္တာပွားမှုကြောင့် ယခုအချိန်ဆိုမတင်ညိုတစ်ယောက် ကောင်းမွန်သောဘုံဘဝတစ်ခုခုသို့ ရောက်နေလောက်ပါပြီ။


သို့သော်လည်း မသမာသူ လူယုတ်မာ ကာမဘီလူးများကို လက်နက်ရည်ဖြင့် တိုက်ခိုက်ချေမှုန်းခြင်းမပြုနိုင်တော့သည့်တိုင်အောင် မတင်ညိုနည်းတူ မသမာသူ လူယုတ်မာ ကာမဘီလူးများ၏လက်ချက်ဖြင့် အရှက်နှင့်အသက်ပေးခဲ့ရသော မိန်းမသားအားလုံး အမြန်ဆုံးကျွတ်တမ်းဝင်စေရန်အလို့ငှာ နှလုံးရည်ဖြင့် ဒုက္ခမေတ္တာဘာဝနာဆက်လက်ပွားများနေရပေဦးမည်တကား။

ထူးအောင်ထင်

www.burmeseclassic.com

# အင်းဝတံတားကို ဖောက်ခွဲဖျက်ဆီးခဲ့စဉ်က

လှမိုး(ပညာရေး)





အင်းဝတံတား၏ တောင်ဘက်ကမ်းသို့ ချဉ်းကပ်ရာလမ်းများကို ယခုအချိန်ထိ ကျွန်တော်တို့တပ်များကထိန်းသိမ်းထားဆဲ ဖြစ်ပါသည်။ ဤသို့ ထိန်းထားရန် တာဝန်ယူထားရသည့် အမှတ် (၆၃) တပ်မဟာမှအပ ကျန်ကျွန်တော်တို့တပ်များအားလုံး ယခုအခါ ဧရာဝတီမြစ်တစ်ဖက်ကမ်းသို့ ဖြတ်ကူးနိုင်ခဲ့ပြီ ဖြစ်၏။ သို့သော် ကျွန်တော်အဖို့ တင့်ကားများဖြတ်ကူးနိုင်ရေးအတွက် သောကအထွေထွေနှင့်ရင်ဆိုင်နေရသည်။

တံတားတောင်ဘက်တွင်ဖြတ်ကူးမည့်တင့်ကားများကိုစီရပ်ထားပြီး အရာရှိများသည် စုဝေးလျက် တံတားကြီးကိုဖြတ်ကူးသင့်၊ မကူးသင့် ဆွေးနွေးတိုင်ပင်ကြ၏။ စတူဝတ်တင့်ကားကြီးတစ်စီးသည် အလေးချိန် (၁၃) တန်ခန့်ရှိ၏။ တံတားကြီးပေါ် မီးရထားလမ်းတစ်ဖက်တစ်ချက်စီ၌ သံစကာတန်းများကာထားပါသည်။ တံတားကို ဖြတ်ကူးသောမော်တော်ကားလမ်း၏ အလေးချိန်မှာ ခံနိုင်အားမှာ ခြောက်တန်ဖြစ်ကြောင်း ကြော်ငြာကပ်၍သတိပေးထားသည်။

ကျွန်တော်သည် တံတားမှာ တာဝန်ရှိသူများအား ဤတံတားကို မည်သူက တည်ဆောက်ကြောင်း မေးမြန်းရာ ဇယားပုံစံတစ်ခုအရ နာမည်ကျော် ဗြိတိသျှအင်ဂျင်နီယာတစ်ဦး၏ အမည်ကို တွေ့ရ၏။ ကျွန်တော်အတွေ့အကြုံအရ ဗြိတိသျှအင်ဂျင်နီယာများ တည်ဆောက်သော မည်သည့်အခိုင်အမာတံတားမဆို လုံခြုံမှုတွင် ရာခိုင်နှုန်းပြည့်ထားရှိကြကြောင်း ကြားခဲ့ဖူးသည်။

သို့ဖြစ်၍ တင့်ကားကြီးတစ်စင်းဖြတ်ကျော်ပြီးမှ နောက်တစ်စင်းဖြတ်ကျော်စေခဲ့သည်။ အရာရှိအရာခံများအားလုံး စိုးရိမ်သောကကြီးစွာဖြင့် စောင့်ကြည့်နေကြ၏။ ကျွန်တော်ကိုယ်တိုင်ရင်သိမ့်တုန်စွာဖြင့် ရပ်ကြည့်နေမိ၏။ သို့သော် တင့်ကားအားလုံးလုံခြုံချောမွေ့စွာဖြင့် တစ်ဖက်ကမ်းသို့ ရောက်ခဲ့ပါသည်။ ထို့နောက် တံတားကို ကာကွယ်ရန် တာဝန်ပေးထားသော အမှတ် (၆၃) တပ်မဟာအား တံတားပေါ်မှ ဖြတ်၍ ဆုတ်ခွာစေခဲ့သည်။ ဧပြီလ ၃၀ ရက်နေ့ (၂၃း၅၉) နာရီအချိန်တွင် ဖိမ့်ဖိမ့်တုန်သည့်အသံကြီး မြည်ဟည်းစေလျက် တံတားကြီးကို ဖြိုခွဲဖျက်ဆီးလိုက်လေသည်။ တံတား၏အလယ်ဗဟိုသံပေါင်များသည် မြစ်ထဲသို့လှပစွာစိုက်ဆင်းကျသွားတော့၏။




8. A view of the demolished Ava bridge in the Irrawaddy river near Mandalay.



www.burmeseclassic.com

www.burmeseclassic.com

အထက်ဖော်ပြပါ စာပိုဒ်သည် ဒုတိယကမ္ဘာစစ်ကြီးအတွင်း မြန်မာနိုင်ငံ တိုက်ပွဲစဉ်များတွင် ခေါင်းဆောင် ပါဝင် တိုက်ခိုက်ခဲ့သော ဖီလ်မာရှယ်ဒဗလျူ စလင်း ရေးသားသော (Sir Williain Slim) Defeat Into Victory 'အရှုံးမှ အောင်ပွဲသို့' အမည်ရှိ စာအုပ်မှ စာပိုဒ် တစ်ပိုဒ်ကို မြန်မာဘာသာပြန်ဆိုဖော်ပြ ထားခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ စာဖတ်ပရိသတ် သည် ဆာဝီလျံစလင်းနှင့် မိတ်ဖွဲ့ပေး ရန်မလိုဟု ထင်ပါသည်။ သူရေးသော အထက်ဖော်ပြပါစာအုပ်အား ကွယ်လွန် သူ စာရေးဆရာကြီး တက္ကသိုလ် နန္ဒမိတ် က အကျဉ်းချုံး၍ ဘာသာပြန်ဆိုထုတ် ဝေပြီးဖြစ်သည်သာမက ကွယ်လွန်သူ ဗိုလ်မှူးကြီး အုံးဖေ (ကျူမြီး) ကလည်း ထိုစာအုပ်အား လုံးစေ့ပတ်စေ့ တိုက်ရိုက် မြန်မာဘာသာ ပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါ သည်။ (ထိုစာအုပ်အား ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။)

၁၉၄၂ ခုနှစ်ခန်းက ကျွန်တော် တို့မြန်မာနိုင်ငံ ဗြိတိသျှအစိုးရဝါဒဖြန့်ချိ ရေးဌာန (သတင်းနှင့်ပြန်ကြားရေးဌာန) ထုတ်ဝေသော ကမ္ဘာ့ရုပ်စုံဂျာနယ်၊ ရွှေပြည်တော်သစ်သတင်းစာနှင့် သူကြီး ဂေဇက်သတင်းစာများတွင်လည်းကောင်း၊ မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာ ကြီးများ၊ ဂျာနယ်များတွင် မကြာခဏ ဖော်ပြခဲ့ကြသည်။ ထို့အတူ ဂျပန်ဘုရင် တပ်မတော်မှ ထုတ်လွှင့်သော အသံလွှင့် ဌာနမှ ဒေါ်သီ ထုတ်လွှင့်သည့်သတင်း များတွင် လည်းကောင်း၊ ဂျပန်ခေတ် ဒိုမေသတင်းဌာနမှ ထုတ်ပြန်သော သတင်းများတွင်လည်း၊ ဗိုလ်ချုပ်ကြီး စလင်း၏ သတင်းများကို ဖတ်ရှုခဲ့ကြရ သည်။

ကျွန်တော်သည် ဗိုလ်ချုပ်ကြီး စလင်းကို လူကိုယ်တိုင် မမြင်ဘူးပါ။ သို့သော် ထိုစဉ်ကာလက ဗြိတိသျှဝါဒ ဖြန့်ချိရေးဌာနမှ လက်သုံးဝေါဟာရ အတိုင်း ပြောရမည်ဆိုလျှင် ကျွန်တော် နိုင်ငံမှ အောင်မြင်စွာ ဆုတ်ခွာကြသော အခါတွင် ဗိုလ်ချုပ်ကြီးစလင်း၏ အိန္ဒိယ တပ်မတော်အမှတ် (၁၇) မှ တပ်ရင်း အချို့သည် ကျွန်တော်တို့ မင်းဘူးခရိုင် မှဖြတ်၍ဆုတ်ခွာခဲ့ကြပါသည်။ တပ်ရင်း တစ်ရင်းသည် ကျွန်တော်တို့အထက် တန်းကျောင်းတွင် ခေတ္တစခန်းချသွားပြီး မင်းဘူး-စလင်းလမ်းအတိုင်း ခြေကျင် ဆုတ်သွားကြသည်။



ဗိုလ်မှူးကြီးဝေဗဲ(လ်)နှင့် ဗိုလ်ချုပ် ဟာက်တန်

ဗြိတိသျှအစိုးရ၏ထိုစဉ်ကာလက ထားရှိသောဝါဒမှာ မြေလှန်စနစ်ချမှတ် ထား၏။ နောက်မှ ထက်ကြပ်လိုက်လာ သည့် ရန်သူဂျပန်တို့အတွက် မည်သည့် အရာမျှချန်ထားခြင်းမပြုသော ပေါ်လစီ (Denial Policy) ဟု ခေါ်သည်။ အချို့က မူ (Scorched Earth Policy) ဟု ခေါ် ကြပါသည်။ ရန်သူပြည်သိမ်းတပ်များ မသုံးနိုင်အောင် စက်ရုံများ၊ အဆောက် အအုံများ၊ မော်တော်ကားများ၊ တံတား များ၊ မီးရထားများ၊ အခြားယာဉ်များ ဖျက်ဆီးပြီးမှ အောင်မြင်စွာ ဆုတ်ခွာရန် ဖြစ်သည်။ ထို့ကြောင့် မော်လမြိုင်တွင် ဆိပ်ခံတံတားအချို့၊ သင်္ဘောအချို့ကို ဖျက်ဆီးပစ်ခဲ့သည်။ နာမည်ကျော် စစ်တောင်းတံတားကြီးကိုလည်းချိုးပစ်ခဲ့ သည်။ ရန်ကုန်ဆိပ်ကမ်းမှ ကုန်လှောင်ရုံ များ၊ အဆောက်အအုံများ၊ ဓာတ်အား ပေးစက်ရုံများ၊ ရန်ကုန်-ပြည်မီးရထား လမ်းမှတံတားများကိုချိုးခဲ့ကြလေသည်။ ထိုကာလက ကော်လာဟလအရ ဂျပန် ဘုရင်တပ်မတော်မှ တပ်သားများသည် သံပန်းများကို ရက်ရက်စက်စက်လူမဆန် အောင် နှိပ်စက်၍ သတ်ဖြတ်သည်ဟု ဆိုသဖြင့် အလျင်အမြန် ကြောက်အား လန့်အားနှင့် ဆုတ်ခွာခဲ့ကြလေရာ အချို့ အဆောက်အအုံများကို ဖုံးခွဲတိုက်ခိုက် နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ကျွန်တော်တို့မြို့ရှိ ဆန်စက်ကြီး သုံးလုံးအနက် နှစ်လုံးကိုသာ ဗုံးဖြင့် ဖောက်ခွဲနိုင်ခဲ့သော်လည်း ဆန်စက် တစ်လုံးမှာမူ အနည်းငယ်သာပျက်စီး သွားခဲ့သည်။ ကျွန်တော်တို့မြို့မှ သိမ်းဆည်းရမိသွားသော ခရီးသည်တင် ကားနှစ်စီးနှင့်ကုန်တင်လော်ရီကားတစ်စီး အား မန်ချောင်းအနီးတွင် မီးရှို့ဖျက်ဆီး ခဲ့သော်လည်း အဆောက်အအုံများက ဖျက်ဆီးခဲ့ခြင်းမရှိခဲ့ပေ။ အထက်ဆောင် ပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဗိုလ်ချုပ်ကြီးစလင်း၏ တပ်များသည် မြန်မာနိုင်ငံတင်သာမက ကမ္ဘာ့အရှေ့ တောင်အာရှတွင် အရှည်ဆုံးမီးရထား တံတားဟု ဆိုကြသည်။ အင်းဝတံတား ကြီးကို ဖောက်ခွဲဖျက်ဆီးခဲ့သည်။

အတိတ်သမိုင်းကြောင်းများအ အင်းဝတံတား အရပ်ခေါ် အင်းဝ-စစ်ကိုင်း တံတားကြီး ဧရာဝတီမြစ်အား ဖြတ် တည်ဆောက်ရန် ရှေးမြန်မာမင်းများ လက်ထက်ကပင် ကြံရွယ်ခဲ့ကြသည် ၏။ မြန်မာနှစ် ၈၀၆ ခုနှစ်တွင် ထူ ဘုရားဒါယကာ ပြည်သီဟသူနရပ မင်းကြီးက အင်းဝနှင့် စစ်ကိုင်းအကြား သစ်သားတံတားကြီး တည်ဆော သည်ဟုဆိုကြသည်။ ထူပါရုံစေတီတော် ကြီးအား ထီးတော်တင်ချိန်ကမူ မြ သီဟသူနရပတိမင်းသည် စစ်သ တော်ဗိုလ်ပါများနှင့် ထိုတံတားပေါ် မှ ဖြတ်ကျော်ခဲ့သည်ဟု ဆိုသည်။

ထို့အတူ မြန်မာနှစ် ၁၀၁၀ ပြ နှစ်တွင် သာလွန်မင်းကြီးသည် တော မှုတော်စေတီအား ဖူးမြော်ရန်အတွ ဧရာဝတီမြစ်ကြီးအား ဖြတ်ရန်အတွ လှေဖောင်တံတားတည်ဆောက်ရန် ရွယ်ခဲ့သော်လည်း အောင်မြင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

ခရစ်နှစ် ၁၈၈၅ ခုတွင် ဗြိတိသျှနယ်ချဲ့သမားတို့ အထက်မြန်မာနိုင်ငံအား သိမ်းပိုက်ခဲ့ပြီးနောက် ခရစ်နှစ် ၁၈၈၇ ခုနှစ်ကစ၍ မီးရထားလမ်းများ စတင်ဖောက်လုပ်ခဲ့သည်။ ပထမဆုံး ပြည်နှင့် ရန်ကုန်အကြား မီးရထားပြေးဆွဲနိုင်ခဲ့သည်။ ထို့နောက် ဗြိတိသျှအစိုးရသည် တောင်ငူ-မန္တလေးလမ်း-စစ်ကိုင်း မြစ်ကြီးနားအထိ မီးရထားလမ်းတိုးချဲ့ဖောက်လုပ်ခဲ့သည်။ ဗြိတိသျှအစိုးရ မီးရထားဌာနသည် အမရပူရ စစ်ကိုင်း မီးရထားခရီးသည်များကို ခရစ်နှစ် ၁၈၉၃ နှစ်က ကူးတို့ဖြင့်ပို့ခဲ့ရ၏။ ခရီးသည်အချို့ကမူ မိမိတို့အစီအစဉ်ဖြင့် လှေစီး၍ကူးကြသည်။ ထိုအခက်အခဲကို ဖြေရှင်းရန် ဗြိတိသျှအာဏာပိုင်များသည် ခရစ်နှစ် ၁၈၉၈ ခုနှစ်ကပင် စဉ်းစားခဲ့ကြသည်။ ဧရာဝတီမြစ်ကူး တံတားကြီးတည်ဆောက်ရန် ရည်ရွယ်ကြသည်။ ဤသို့ ဖြတ်ကူးတံတားကြီး တည်ဆောက်နိုင်ပါက အမရပူရမြို့ဆိပ်တမ်းနှင့် စစ်ကိုင်းဘက်ရှိ မီးရထားလမ်းတို့ တောက်လျှောက်ဆက်မိကြမည် ဖြစ်၏။ ဤတံတားဖောက်လုပ်ရေးအကြံအစည်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ပေ။

၁၉၀၉ ခုနှစ်ကမူ အင်းဝ-စစ်ကိုင်း တံတားကြီး ဆောက်လုပ်ပါက ကုန်ကျမည်ကိုတွက်ချက်ရာ ရထားသောကျပ်ငွေ (၅၈၉၃၈၈၆) ကျပ်ကို အသုံးပြုရန် မီးရထားဌာနအုပ်ချုပ်ရေး အာဏာပိုင်များကဆုံးဖြတ်ခွင့်ပြုခဲ့ကြသည်။သို့သော် ထိုခွင့်ပြုငွေအား အခြားအရေးကြီးသော နေရာများ၌သာသုံးစွဲရန် သတ်မှတ်ခဲ့ကြသဖြင့် တံတားကြီးတည်ဆောက်ရေး အစီအစဉ်ရပ်ဆိုင်းသွားခဲ့၏။

၁၉၂၄ ခုနှစ်သို့ရောက်သောအခါ တံတားကြီးဆောက်လုပ်ရေးကို ထပ်မံစဉ်းစားခဲ့ကြသည်။ ထိုအကြိမ်တွင်မူ ယခင် ၁၈၉၈ ခုနှစ်ကစဉ်းစားခဲ့ကြသော မီးရထားလမ်းချည်းသက်သက်မဟုတ်တော့။ မီးရထားလမ်းတစ်ဖက်တစ်ချက်တွင် (၁၂) ပေ ကျယ်သော မော်တော်ကားလမ်းပါဝင်လာခဲ့ပြီးဖြစ်၏။ အာဏာပိုင်များသည် တံတားကြီးတည်ဆောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဤတံတားကြီးတည်ဆောက်မည့်ပုံစံကို ထိုစဉ်ကာလက ဗြိတိသျှမြန်မာနိုင်ငံမီးရထားဌာန ဒုအင်ဂျင်နီယာချုပ်ဖြစ်သူ မစ္စတာဂျေအီစပ်ဂိုလီးက ရေးဆွဲ၍ ကုန်ကျမည့်ငွေမှာ ရူပီးငွေ (မြန်မာကျပ်) (၁၅၅၇၇၃၁၈) ဟု ခန့်မှန်းထားသည်။ ထိုပုံစံနှင့် ကုန်ကျမည့်ငွေအား သက်ဆိုင်ရာ မီးရထားဘုတ်အဖွဲ့အား တင်ပြခဲ့ရာ မီးရထားဘုတ်အဖွဲ့ဝင်အားလုံးက တစ်စုံတစ်ရာပြင်ဆင်ဖြတ်တောက်ခြင်းမပြုဘဲ အတည်ပြုခဲ့သည်။

တံတားကြီးအတွက် သံရက်မကြီးများနှင့် သံပေါင်၊ သံထည်အစိတ်အပိုင်းများအား အင်္ဂလိပ်နိုင်ငံ ဘရိတ်ဝိတ်ကုမ္ပဏီ ကန်ထရိုက်ပေးခဲ့၏။ ဤကဲ့သို့ စီစဉ်ဆောင်ရွက်ပြီးသည်နှင့် တံတားကြီး တည်ဆောက်မည့်နေရာကို စနစ်တကျ ကွင်းဆင်းလေ့လာ၍ ရွေးချယ်ခဲ့ကြသည်ဟု သိရ၏။

ဤသို့ မြေနေရာရွေးချယ်ရာတွင် ရွှေကြက်ကျဘုရားဘက်ကမ်းမှာ အသင့်တော်ဆုံးဟု ယူဆကြသော်လည်း ထိုနေရာမှာ သာသနာမြေဖြစ်သဖြင့်လည်းကောင်း၊ အောက်ခြေတွင် ကျောက်တုံးကြီးများ၊ ကျောက်ဆောင်များတည်ရှိနေသည်ကို တွေ့ရသဖြင့် ထိုနေရာအား စွန့်လွှတ်ခဲ့ကြပြီး ယခု တံတားကြီးဆောက်လုပ်ထားသောနေရာကို ရွေးချယ်၍တည်ဆောက်ခဲ့ကြသည်။ တည်ဆောက်ရာတွင် မြစ်အတွင်းမှ သင်္ဘောကြီးများသွားလာမှုကို ထိခိုက်ခြင်းမရှိစေရန် ဧရာဝတီမြစ်ရေအတက်အကျကိုလည်း စနစ်တကျ လေ့လာခဲ့ကြပြီး တံတားအမြင့်ပေကို (၄၅) ပေဟု သတ်မှတ်ခဲ့သည်။

တံတားကြီးဆောက်ရန်အတွက် ကျောက်များကိုမူ မူးမြစ်ဝှမ်း၊ ဘူတာအသီးသီးနှင့် မေမြို့ (ယခု ပြင်ဦးလွင်) လမ်းရှိ ထုံးဘိုဘူတာမှ သယ်ယူခဲ့ကြပြီး ရွာတောင်ဘူတာတွင် ကျောက်ခွဲစက်များနှင့်ခွဲယူခဲ့ကြ၏။ လိုအပ်သောအုတ်များကိုမူ မန္တလေးမြို့မှ ကန်ထရိုက်စနစ်ဖြင့် တင်သွင်းစေသည်။ ထိုအုတ်များ စံချိန်မီ၊ မမီကိုလည်း ရန်ကုန်တက္ကသိုလ်မှ ပညာရှင်များက စမ်းသပ်ခဲ့ကြသည်။ ဘိလပ်မြေကိုမူ အိန္ဒိယမှမှာယူခဲ့၏။

ဤဘိလပ်မြေကောင်း၊မကောင်း အဆင့်အတန်းမီ၊ မမီကိုမူ စစ်ကိုင်းရှိ ဘိလပ်မြေစမ်းသပ်စက်၌ စနစ်တကျ စစ်ဆေးကြည့်ရှုပြီးမှ တံတားတည်ဆောက်ရာတွင် အသုံးပြုသည်ဟု သိရ၏။ ဤအင်းဝတံတားကြီး၏ ကမ်းတစ်ဖက်တစ်ချက်ထိပ်များတွင်ရှိသော အုတ်သံပေါင်နှစ်ခုစပ်ကြား အကွာအဝေးမှာ (၃၉၄၈) ပေရှိသည်ဟု သိရ၏။

တံတားကြီးတွင် ပေါင်းကူးတံတား (၁၀) ခုရှိရာ (၉) ခုမှာ တစ်ခုလျှင် (၃၅၀) ပေရှည်ပြီး ကျန်တစ်ခုမှာမူ ပေ (၂၅၀) ရှည်သည်။ (၆၀) ပေစီရှည်လျားသော သံရက်မအခန်း (၆) ခုလည်းပါသည်ဟု သိရ၏။ ရေလယ်တွင် မြေစိုက်အုတ်တိုင်ပေါင်း (၁၅) တိုင်ရှိသည်။ တံတားကြီးပေါ်တွင်ခင်းထားသော မီးရထားသံလမ်းအမျိုးအစားမှာ ပေါင် (၆၀) အလေးချိန်ရှိသောသံလမ်းများဖြစ်သည်။ ဤသို့တပ်ဆင်ထားသည်မှာ မီးရထားများ စက်အရှိန်မြင့်၍ ခုတ်မောင်းသောအခါ စိတ်ချစေရန် ဖြစ်သည်။

ဤတံတားကြီးစတင်ဆောက်လုပ်စဉ်အခါကမူ သူပြောကိုယ်ပြောယုံတမ်းသတင်းများ၊ ကောလာဟလသတင်းများ နားမဆံ့အောင်ထွက်ပေါ်လာသည်ဟု သိရသည်။ တံတားတည်ဆောက်နိုင်ရေးအတွက် အစစအရာရာလုံခြုံချောမွေ့စေရေးအတွက် လူငယ်အချို့ကို ဖမ်းဆီး၍ တံတားအုတ်တိုင်များအတွင်း စတေးသည်ဟုဆိုကြ၍ တံတားကြီးတည်ဆောက်နေသောနေရာနှင့်နီးကပ်သော စစ်ကိုင်းဘက်မှ လူနေရပ်ကွက်များမှ လူအများထိတ်လန့်ချောက်ချားမှုများရှိခဲ့သည်။ ထို့ပြင်'ရွှေကြက်မိကျောင်းပေါ် မရာကျော်ကိုက်မိကျောင်း' ဟူသော တဘောင်ပေါ်လာသည်။ မည်သူက စတင်စပ်ဆိုသည်ကို မသိရသော်လည်း မန္တလေး၊စစ်ကိုင်းတစ်ခွင်သာမက မြန်မာနိုင်ငံတစ်နံတစ်လျား တောမီးပမာ ပျံ့နှံ့သွားသည်ဟု သိရ၏။ မရာကျော်ဆိုသည်မှာ ဗြိတိသျှ ဧကရီဘုရင်မကြီးကိုရည်ရွယ်သည်ဟု သိရ၏။ အင်္ဂလန်နိုင်ငံသမိုင်းတွင် ဝိတိုရိယဘုရင်မကြီးသည် သက်တော်အရှည်ဆုံး ဧကရီဘုရင်မကြီးဖြစ်သည်ဟု သိရ၏။ (ယခု အင်္ဂလန်နိုင်ငံဘုရင်မကြီး အယ်လိဇဘတ်မှာ ဝိတိုရိယဘုရင်မကြီးထက် သက်တော်ရှည်သည်ဟု သိရ၏)

အထက်မြန်မာနိုင်ငံအား ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့သမားတို့သိမ်းပိုက်ပြီး တစ်နှစ်ခန့်အကြာတွင် ဧကရီဘုရင်မကြီး၏ နေမဝင်အင်ပါယာအတွင်း သွတ်သွင်းကြောင်း ဗြိတိသျှအာဏာပိုင်များက ကြေညာချက်ထုတ်ခဲ့သည်။ သို့ဖြစ်၍ မြန်မာလူထုသည် ဧကရီဘုရင်မကြီးအား မလိုလားအပ်သူဟု မှတ်ယူထား၏။ မရာကျော်မှာ ဧကရီဘုရင်မကြီး ဝိတိုရိယ သို့မဟုတ် ဗြိတိသျှနယ်ချဲ့သမားအား ရည်ရွယ်ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အင်းဝ - စစ်ကိုင်းတံတားမှာ အလွန်ကြီးမားသော မိကျောင်းကြီး သဏ္ဍာန်ရှိသဖြင့် ဤတံတားကြီးတည်ဆောက်ပြီးသည်နှင့် ဗြိတိသျှနယ်ချဲ့ခေတ်ကုန်ဆုံးတော့မည်ဟု ဆိုလိုသည်ဟူ၍လည်း အထက်ဖော်ပြပါ တဘောင်၏အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုခဲ့ကြသည်။

ဤတံတားကြီး၏ အုတ်မြစ်ကို ၁၉၂၇ ခုနှစ်တွင် ဘုရင်ခံဆာဟာကုတ်ဘတ္တလာကချခဲ့သည်။ ဆာဟာကုတ်ဘတ္တလာက နှယ်နှယ်ရရဘုရင်ခံမဟုတ်ပါ။ မြန်မာနိုင်ငံဘုရင်ခံအဖြစ် နှစ်ကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ရသူ ဖြစ်၏။ မြန်မာနိုင်ငံသမိုင်းတွင် မြန်မာလူထုအား ဗြိတိသျှလူမျိုး ဘုရင်ခံတစ်ယောက်၏ မူဘောင်အတွင်းမှ တိုးတက်ကြီးပွားစေလိုသူ ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ဘက်စုံမွမ်းမံတည်ဆောက်ရာ၌ တာဝန်ခံမဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်သည်။ သူ၏ကြိုးပမ်းဆောင်ရွက်မှုကြောင့် ရန်ကုန်တက္ကသိုလ်ကြီးမှာ အရှေ့တောင်အာရှတွင် အထူးထင်ရှားခဲ့၏။ ဒုတိယကမ္ဘာစစ်ကြီးခေတ်ကမှ သူ့အားဂုဏ်ပြုသည့်အနေဖြင့် ပုံတူကြေးရုပ်တုအား ရန်ကုန်တက္ကသိုလ်စာတိုက်ရှေ့ရှိ မြေကွက်လပ်တွင်ထားရှိခဲ့၏။ (ဂျပန်ခေတ်တွင် ထိုကြေးရုပ်အား တာဝန်ရှိသူများက ရွှေ့ပြောင်းပစ်ခဲ့သည်။)

ဆာဟာကုတ်ဘတ္တလာသည် ကချင်ပြည်နယ်တွင် သမိုင်းအဆက်ဆက်ကျင့်သုံးခဲ့သော ကျွန်ပိုင်စနစ်ကိုလည်းဖျက်သိမ်းစေခဲ့သောဘုရင်ခံတစ်ဦးဖြစ်သဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံသမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သောဘုရင်ခံ ဖြစ်သည်။ ၁၉၃၃ ခုနှစ်၊ ဒီဇင်ဘာလတွင် တံတားကြီး တည်ဆောက် ပြီးစီးခဲ့သည်။ ၁၉၃၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် ဘုရင်ခံဆာဟုလင်စဒေါင်းစတီဗင်ဆင်က အခမ်းအနားဖြင့်ဖွင့်ပေးခဲ့သည်။

အရှေ့ဘက်ထိပ် သပြေတန်းခံတပ်အနီး၌ ခမ်းနားသော မဏ္ဍပ်တည်ဆောက်၏။ ဘုရင်ခံက တံတားထိပ်သံမျှော်စင်အောက်ရှိ ဖဲကြိုးအား ရွှေကတ်ကြေးဖြင့်ဖြတ်၍ဖွင့်ပေးလိုက်သည်နှင့်အတူ မီးရထားတစ်စင်းကို တံတားပေါ်မှ ဖြတ်မောင်းသွားစေခဲ့သည်။ ထိုနှစ် ဇူလိုင်လတွင်မှ မော်တော်ကားလမ်းကိုပါဖွင့်လှစ်ပေးနိုင်ခဲ့သည်ဟု မှတ်တမ်းများအရသိရ၏။

ထိုစဉ်က မှတ်တမ်းများရ တံတားကြီးတည်ဆောက်ရာ၌ သံမဏိတန်ချိန်ပေါင် (၁၁၁၄၅) အသုံးပြုခဲ့ရသည်။ တံတားတည်ဆောက်သည့် ကုန်ကျငွေမှာ ရူပီးငွေကျပ်တစ်ရာ့လေးဆယ့်သုံးသိန်းကုန်ကျခဲ့သည်ဟုလည်း သိရှိရ၏။ ဤတံတားကြီး တည်ဆောက်နိုင်ခဲ့သဖြင့် ရန်ကုန်မှမြစ်ကြီးနားသို့တောက်လျှောက်မီးရထားဖြင့်သွားလာနိုင်ကြပြီး ကုန်စည်ပို့ဆောင်ရေးလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့သည်ဟု သိရ၏။

ထိုစဉ်ကာလက ထုတ်ဝေသော သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် အင်းဝ စစ်ကိုင်းတံတားကြီး၏ အံ့မခန်းရှိပုံများကို ရေးသား ဖော်ပြခဲ့ကြသည်။ ကျွန်တော် လူလူသူသူဖြစ်လာသော ဒုတိယကမ္ဘာစစ်ကြီးကာလတွင် နန်းတော်ရှေ့ဆရာတင်က စစ်ကိုင်းတံတားအမည်ဖြင့်သီချင်းတစ်ပုဒ်စပ်ဆိုခဲ့သည်။ ထိုစဉ်က ကျွန်တော့်ဦးလေးများ ဘင်ဂျိုဖြင့် တီးမှုတ်သီဆိုသည်ကို နားထောင်ခဲ့ရ၏။ သီချင်းအပြည့်အစုံကိုမူ မမှတ်မိတော့။ 'ရန်ကုန်သူတွေ×××အရှိန်ကြီးသမို့××× စိန်ဘီးနဲ့×××ပုသိမ်ထီးဆောင်းပြီး×××× စစ်ကိုင်းတံတားကြီးကိုကူးတော့မည်××× ရှောင်တခင်×××ကောင်ပြင်သူတွေ××× သနပ်ခါးဘဲကျား×××ပုသိမ်ထီးနဲ့ စိန်ဘီးစိုက်ပြီး××××စစ်ကိုင်းတံတားကူးတော့မည်×××' ဟူသော သီချင်းစာသားအချို့သာ သတိရတော့၏။

မြန်မာလူထုနှင့်တိုင်းပြည်အတွက် အထူးအရေးပါသော ဤတံတားကြီးသို့မဟုတ် မြန်မာနိုင်ငံ မီးရထားဌာနအလုပ်သမားများ၊ အင်ဂျင်နီယာများ၏ ချွေးနှင့်တည်ဆောက်ခဲ့ရသော တံတားကြီးမှာ ဒုတိယကမ္ဘာစစ်မီးကြီး ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ကူးစက်လာသည်နှင့် ကံဇာတာစန်းလက်ကြုံမှိန်ခဲ့ရတော့၏။

ဤဆောင်းပါးအစတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ၁၉၄၂ ဧပြီလနောက်ဆုံးရက်သတ္တပတ်အတွင်း ဆုတ်ခွာလာသော ဗြိတိသျှတပ်များအား အထက်ပါ ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း မြေလှန်စနစ်အရ ဖောက်ခွဲဖျက်ဆီးရန် ပြင်ဆင်ခဲ့သည်။ ထိုစဉ်က ထွက်ပေါ်လာသော ပါးစပ်သတင်းများအရ စစ်ကိုင်းဇောင်ဆိုတွင် စစ်ဘေးရှောင်မြန်မာအရာရှိအချို့သည် ဗိုလ်ချုပ်ကြီး စလင်းအား သွားရောက်တွေ့ဆုံ၍ အင်းဝ စစ်ကိုင်းတံတားကြီးအား ဖောက်ခွဲဖျက်ဆီးခြင်းမပြုရန်တောင်းပန်ခဲ့သည်ဟုဆိုသည်။ ဗိုလ်ချုပ်ကြီးစလင်းကလည်း ပါးပါးနပ်နပ် မွန်မွန်ရည်ရည်နှင့် ရှင်းလင်းပြသ၍ တောင်းပန်ချက်ကို ငြင်းပယ်ခဲ့သည်ဟု သိရ၏။

မှတ်တမ်းများအရ တံတားကြီး၏ ရေလယ်စိုက်ကျောက်တိုင်အမှတ်(၇)၏ အင်အားကြီးသောဒိုင်းနမိုင်းနှင့် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပေ (၃၅၀) ရှည်သော အမှတ် (၇) နှင့် အမှတ် (၈) တံတားပေါင်ကြီးများသည် မြစ်အတွင်းသို့ထိုးကျသွားခဲ့သည်။ သူပြောကိုယ်ပြောပါးစပ်ဂေဇက်များအရ ဖောက်ခွဲရန် တာဝန်ကျသူများသည် တံတားကြီးအား (၁၈)ကြိမ်မျှ ဒိုင်းနမိုက်နှင့်ဖောက်ခွဲခဲ့ရသည်ဟုဆိုသည်။

ထိုတံတားကြီးအား မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၅၄ ခုနှစ်တွင် ပြန်လည် ပြုပြင်နိုင်ခဲ့သည်ဟု ဆိုကြပါကြောင်း။

လှမိုး (ပညာရေး)

ကျမ်းကိုး -

နှစ်တစ်ရာပြည့်မီးရထား



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံဆိုတာ လူတစ်ဦးချင်းကပြီး အိမ်ထောင်စုမှသည် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ် စသည့် အဆင့်ဆင့်အဆင့်ဆင့်ဖွဲ့စည်းထားခြင်း ဖြစ်လေတော့ နိုင်ငံအရေး ဆိုသည်မှာလည်း လူတစ်ဦးချင်းစီရဲ့အရေးကိစ္စလို့ သဘောပေါက်ပါတယ်။ လူတစ်ဦးချင်းစီကောင်းမှ ဒီလူတွေပေါင်းစုထားတဲ့ ဒနိုင်ငံလည်း ကောင်းမှာဖြစ်ပါတယ်။ လူတစ်ဦးချင်းစီကောင်းဖို့ဆိုတာ တစ်ဦးချင်းစီရဲ့တာဝန်နဲ့ ရပိုင်ခွင့်ပီပြင်ဖို့လိုပါတယ်။ တစ်စုံတစ်ခုရယူလိုရင် တစ်စုံတစ်ရာတော့ ပြန်လည်ပေးဆပ်ရမှာ လောကဓမ္မတာဖြစ်ပါတယ်။ ရပိုင်ခွင့်ကိုသာတောင်းဆိုပြီး တာဝန်မကျေပွန်ရင် မတရားရယူလိုခြင်းသာဖြစ်ပါလိမ့်မယ်။

တာဝန်ဆိုတဲ့သဘောက မဖြစ်မနေထမ်းဆောင်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။ လုပ်ရမယ့်အလုပ်ကိုလုပ်ရန်နဲ့ မလုပ်ရမယ့်အလုပ်ကိုမလုပ်ရန် သတ်မှတ်ထားခြင်းဖြစ်ပါတယ်။ လုပ်ရမယ့်အလုပ်ကိုမလုပ်ရင် တာဝန်ပျက်ကွက်သည်လို့ သတ်မှတ်ပြီး မလုပ်ရမယ့်အလုပ်ကိုလုပ်ရင် စည်းကမ်းချိုးဖောက်တဲ့အတွက် လောကကြောင်းအရ အပြစ်ဒဏ်သင့်ပါတယ်။ တာဝန်ကျေပွန်ရင် ရပိုင်ခွင့်ဆိုတာ ကွဲကူးရေပါဆိုတာလို လိုက်ပါလာပါလိမ့်မယ်။

နိုင်ငံတော်နဲ့ တိုင်းသူပြည်သားအားလုံးတို့ရဲ့ အရေးကိစ္စများကို စီမံခန့်ခွဲအုပ်ချုပ်နေတဲ့ အဖွဲ့အစည်းအဆင့်ဆင့်ကို အစိုးရလို့ အဓိပ္ပာယ်ကောက်ယူပါတယ်။ ဒီတာဝန်တွေကိုထမ်းဆောင်နိုင်ဖို့ တိုင်းပြည်ရဲ့ဘဏ္ဍာငွေထဲက ရသင့်ရထိုက်တဲ့ အချိုးအဆပမာဏအလိုက် လစာရိက္ခာအဖြစ်ရယူနေကြတဲ့သူတွေဟာ ပြည်သူ့တာဝန်ကို ထမ်းဆောင်နေလို့ ပြည်သူ့ဝန်ထမ်းလို့ သတ်မှတ်ထားတာပါ။ ဒီအထဲမှာ အမြင့်ဆုံးအဆင့် နိုင်ငံတော်သမ္မတမှသည် အနိမ့်ဆုံးအဆင့် လမ်းဘေးမှာ အမှိုက်ကျုံးနေတဲ့ အလုပ်သမားအထိ ပါဝင်ပါတယ်။

ဒါကြောင့် အစိုးရဆိုတာ သမ္မတနဲ့ ဝန်ကြီးများအဖွဲ့လောက်ကိုသာရည်ညွှန်းတာမဟုတ်ပါ။ မင်းစေလို့ခေါ်တဲ့ ရုံးလုလင်သည်လည်း အစိုးရအဖွဲ့အစည်းရဲ့ အောက်ခြေအဆင့်မှာ ပါဝင်ပါတယ်။ ဥပဒေပြုတဲ့သူက ဥပဒေတွေပြဋ္ဌာန်းထုတ်ပြန်သလို တရားစီရင်သူကလည်း ဥပဒေပြဋ္ဌာန်းထားတဲ့အတိုင်း တရားစီရင်ဆုံးဖြတ်နေကြပါတယ်။ လုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့အဖွဲ့အစည်းအဆင့်ဆင့်ကလည်း မိမိတို့ကျရာတာဝန်ကဏ္ဍအလိုက် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကာကွယ်ရေးနှင့်လုံခြုံရေးကို တာဝန်ယူထားရတဲ့သူတွေက



# ချစ်ဖိုး (မော်ကျွန်း)

## ကျွန်ုပ်သိသောနိုင်ငံရေးနှင့် ဘဝအမြင်

www.burmeseclassic.com

လည်း ကျရာတာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ကြရမှာပါ။ ဒါတွေဟာ အစိုးရအဖွဲ့အစည်းအဆင့်ဆင့်ရဲ့တာဝန် တွေလို့ ရှုမြင်မိပါတယ်။

ဒီတော့ အစိုးရကောင်းတယ်၊ မကောင်းဘူးဆိုတာ ဖော်ပြပါ ဝန်ထမ်း၊ အမှုထမ်း၊ အရာထမ်းအားလုံး ကောင်းခြင်း၊ မကောင်းခြင်းနဲ့ သက်ဆိုင်ပါတယ်။ ဒီဝန်ထမ်းတွေကောင်း၊မကောင်းဆိုတာလည်း ဒီဝန်ထမ်းတွေနဲ့ဆက်သွယ်နေတဲ့ တိုင်းသူပြည်သားအများနဲ့လည်းဆက်နွယ် နေပါတယ်။ အချုပ်ပြောရရင် လူတိုင်း ကိုယ်စီ တာဝန်ကျေပွန်ကြဖို့ လိုအပ်ပါ တယ်။

စကားဥပမာ တင်စားဆိုရပါရင် လယ်သမားက လယ်လုပ်ပါမယ်။ ဆရာဝန်က ဆေးကုပါမယ်။ ကျောင်းဆရာက စာသင်ပါမယ်။ အလားတူစွာ စစ်သားက စစ်တိုက်ရမှာဖြစ်သလို မားပြက လည်း မားပြတိုက်ရမှာ ဖြစ်ပါတယ်။ သူခိုးက ပစ္စည်းခိုးမှာဖြစ်ပါတယ်။ သူခိုးက ပစ္စည်းခိုးတဲ့အပြင် လူသတ်၊ မားပြတိုက်မယ်ဆိုရင် သူခိုးအလုပ် သူခိုးမလုပ် တဲ့အတွက် သူခိုးသစ္စာမဲ့သွားပါပြီ။ လူဆိုး၊ သူခိုးဆိုရင် ရဲကဖမ်းမယ်။ တရားသူကြီးက ပြစ်ဒဏ်ပေးမယ်။ ဒါတွေဟာ သူတို့အလုပ်သူတို့လုပ်နေကြတာပါ။

တိုင်းပြည်နိုင်ငံတိုင်းမှာ သက်ဆိုင်သည့်မူဝါဒလမ်းစဉ်ချမှတ်ပြီး အုပ်ချုပ် နေကြပါတယ်။ မည်သည့်မူဝါဒနှင့်ပဲ အုပ်ချုပ်ပါစေ လူသာ ပဓာနလို့ဆိုချင်ပါ တယ်။ မူဝါဒ ဆိုတာ လူကပဲသတ်မှတ် ရေးဆွဲတာဖြစ်လို့ပါပဲ။မူဝါဒဘယ်လောက် ပဲကောင်းသည်ဖြစ်စေ လူမကောင်းလျှင် ပျက်စီးခြင်းသို့ ဆိုက်ရောက်တာပါပဲ။ တိုင်းပြည်နှင့် လူမျိုးအတွက် အများကောင်းစားရေးဆောင်ရွက်ခဲ့ကြတဲ့ လူကောင်းလူမွန်၊ လူရည်ချွန်၊ အာဇာနည် ပုဂ္ဂိုလ်တွေရှိကြသလို တိုင်းပြည်ကို ပျက်စီးစေခဲ့တဲ့သူတွေလည်းရှိကြပါတယ်။ မိမိကိုယ်ကျိုးအတွက် လက်ညှိုးထောင်၊ ခေါင်းညိတ်၊ အထက်ဖား၊ အောက်ဖိ၊ ဝိသမသမားတွေရှိကြသလို အာပေါင် အာရင်းသန်သန်နဲ့ မစားရဝခမန်း ဘေးထိုင်ဘုပြောပြီး အများလက်ခုပ်သံကို ကျေနပ်နေတဲ့ အတိုက်အခံ အဆိုးမြင်ဝါဒီတွေလည်းရှိကြမှာပါပဲ။

လောကလူ့သဘာဝအရ စရိုက်အမျိုးမျိုး အကြိုက်အထွေထွေရှိကြတာမို့ ဤကဲ့သို့သောသူများကို အပြစ်မမြင်၊ အပြစ်မတင်လိုပါ။ သူတို့ရောက်ရှိနေတဲ့ ပတ်ဝန်းကျင်အခြေအနေအရ သူတို့ အရောင်သူတို့ဆိုးပြီး လုပ်ကိုင်နေကြတာပါ။ မိမိလည်း သူတို့ဘဝအခြေအအနေမျိုးမှာရောက်နေရင် သူတို့လို အရောင်အသွေးနဲ့ သူတို့လိုပဲ ဆောင်ရွက်နေမှာဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ အမှန်ကို အမှန်အတိုင်းသိမြင်နိုင်တဲ့ အရိယာသူတော်စင်များမဟုတ်ကြသေးလို့ဖြစ် ပါတယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ရဲ့စေခိုင်းရာအတိုင်းလုပ်ကိုင်နေကြတာမို့ အများ မကင်းနိုင်သေးပေ။ အမှား၊ အမှန်၊ အကောင်း၊ အဆိုးဆိုတာလည်း လောကီအမြင်အရ ရှုမြင်သုံးသပ်တဲ့မျက်နှာစာ ပေါ်မှာ မူတည်ပါတယ်။ နှလုံးသွင်းတဲ့ အပေါ်မှာ မူတည်ပါတယ်။ အပေါင်းနှင့် အနုတ်၊ အကောင်းနှင့် အဆိုးဆိုတာ လောကသဘာဝအရ ခေါင်းနှင့်ပန်းလို ဒွန်တွဲရှိစမြဲပါ။

ကျွန်ုပ်ရဲ့နိုင်ငံရေးအမြင်ကိုချုံပြီး ပြောရပါရင် နိုင်ငံတော်ကို ဘယ်စနစ်နဲ့ ဘယ်သူပဲအုပ်ချုပ် မင်းလုပ်ပါစေ ကန့်ကွက်ရန်မရှိ ကျေနပ်ပါတယ်။ ဘယ်သူရှုံးလို့ ဘယ်သူနိုင်ပါစေလို့ ဆန္ဒမပြုလိုပါ။ ရှုံးခြင်း၊ နိုင်ခြင်းသည် ကျွန်ုပ်နဲ့မသက်ဆိုင်ပါ။ နိုင်တဲ့သူသည် ရန်များပြီး ရှုံးတဲ့သူသည် စိတ်ဆင်းရဲရ၏လို့ ဗုဒ္ဓဒေသနာကို သတိပြုမိတဲ့အတွက် ရန်လည်းမများလိုပါ။ စိတ်လည်းမဆင်းရဲလိုပါ။

ခြွင်းချက်အားဖြင့် အမျိုးဘာသာ သာသနာကို ထိပါးနှောင့်ယှက်စော်ကားလာလျှင်တော့ ကျွန်ုပ်ရဲ့နိုင်ငံရေးအမြင်သည် ပြောင်းလဲသွားနိုင်ပါလိမ့်မယ်။ လက်ရှိအနေအထားအရ တိုင်းတစ်ပါးက ကျွန်ုပ်တို့ကိုစက်အုပ်ချုပ်နေခြင်းမဟုတ်ပါ။ ဒါကြောင့် ဘယ်သူပဲအုပ်ချုပ်ပါစေ၊ တက်လာတဲ့အစိုးရဟာ တို့အစိုးရပါပဲ။ တို့အစိုးရမဟုတ်လို့ ဘယ်သူ့အစိုးရဖြစ်မလဲ။ ကျွန်ုပ်တို့က အုပ်ချုပ်သူ လူ့တန်းစာထဲမှာ မပါဝင်ပါ။ အုပ်ချုပ်ခံလူတန်းစားထဲမှာ ပါဝင်နေလို့ပါပဲ။ အုပ်ချုပ်သူက သူ့အလုပ်သူ့တာဝန်ထမ်းဆောင်ရမှာဖြစ်သလို အုပ်ချုပ်ခံကျွန်ုပ်ကလည်း ကျွန်ုပ်တာဝန် ကျွန်ုပ်ကျေပွန်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကိုယ့်တာဝန်ကိုယ်ယူပြီး ကျေပွန်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကိုယ့်တာဝန် ကိုယ်ယူပြီး ကျေပွန်ခြင်းသည်သာ မှန်ကန်သောအလုပ်လို့ ကျွန်ုပ်ခံယူမိပါတယ်။

ဤကဲ့သို့ လောကီတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းသည် မှန်မြတ်သော လောကီထုံးတမ်းတစ်ရပ် ဖြစ်၍ လောကနှင့်မကင်းသော လော[illegible] လူသားတိုင်း မလွဲမသွေထမ်းရွက်ကြ[illegible] မှာ ဖြစ်ပါတယ်။ သို့ကလို တာဝန်ကျေ[illegible] ဒီဘဝ ဒီတစ်သက်နှင့် ထိုထက်ပိုပါ[illegible] သားစဉ်မြေးဆက် နှစ်ကာလအပိုင်းအ[illegible] ခြားတစ်ရပ်အထိ အကျိုးကိုပေးစွမ်းနိုင် ပါလိမ့်မယ်

ဤအမြင်သည်ကား အသက် (၆၅) နှစ်ရှိပြီဖြစ်သော လူ့ဘဝမွန်းလွဲပိုင်း အချိန်ကိုရောက်နေသော ကျွန်ုပ်ရဲ့ နိုင်ငံ ရေးအမြင်ဖြစ်ပါတယ်။

လူ့ဘဝသို့ ရောက်ရှိလာသည့် လူသားတစ်ဦးသည် ဘဝအတွက်ဖြည့် ဆည်းရုံမျှ၊ တာဝန်ကျေရုံမျှဖြင့် လူသား တာဝန်ကျေပွန်သည်ဟု မဆိုနိုင်ပေ[illegible] နောက်တာဝန်တစ်ရပ်မှာ ဓမ္မတာဝန်ဖြ[illegible] ပေသည်။ ဘဝနှင့်ဓမ္မတစ်ထပ်တည်းကျ[illegible] ရပေမည်။ သို့မဟုတ်ပါက တစ်ဖ[illegible] စောင်းသွားတတ်ပါသည်။ အမွန်မြ[illegible] ဆုံး၊ အထက်တန်းအကျဆုံး တာဝ[illegible] တစ်ရပ်ဖြစ်သည့် ဓမ္မတာဝန်မှာ လော[illegible] မှလွတ်မြောက်ဖို့ ကြိုးစားအားထုတ်ခြင်း ဖြစ်ပါသည်။

လောကမှလွတ်မြောက်ပြီးသူများ အကြောင်းကို ကျွန်ုပ်တို့ကြားနာခဲ့ဖူး[illegible] သည်။ ဤပုဂ္ဂိုလ်များကား ဗုဒ္ဓဘုရား ရှင်နှင့်တကွ ဗုဒ္ဓ၏ သာဝကအရိယာ သူတော်စင်များဖြစ်ကြပါသည်။ သူတို့[illegible] သာမန် ပကတိမျက်စိဖြင့် ကြည့်လျှ[illegible] ဘာမှမည်မည်ရရမလုပ်ကြဘူးဟုထင်[illegible] တတ်ပါသည်။ သူတို့လုပ်နေတဲ့အလု[illegible] ကို ဉာဏ်မျက်စိဖြင့်သာ သိမြင်နိုင်[illegible] သည်။ သူတို့ဟာ တိုင်းပြည်တစ်ခု၊ လူ[illegible] တစ်စုအတွက် မရည်ရွယ်ဘဲ လော[illegible] ကြီးတစ်ခုလုံး၏ အကျိုးအတွ[illegible] အကောင်းဆုံး၊ အမွန်မြတ်ဆုံး၊ အ[illegible] ကျယ်ဆုံးအလုပ်ကို ဆောင်ရွက်နေ[illegible] ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်း[illegible] သူတို့၏ မေတ္တာဓာတ်၊ အအေးဓာ[illegible] အငြိမ်းဓာတ်တွေကြောင့် လောကကြီး[illegible] ငြိမ်းအေးစေပါသည်။ ယင်းပုဂ္ဂိုလ်များ ၏အဆုံးအမကို လိုက်နာကျင့်သုံးခြင်း ဖြင့် ကိလေသာအပူမီးတွေ ချုပ်ငြိမ်း စေပါသည်။ မီးဆိုတာ လောင်စာ[illegible] လောင်ရခြင်း ဖြစ်ပါသည်။ လောင်စာ မရှိလျှင် မီးလည်းငြိမ်းရမှာပါ။ ဒါ[illegible] လောင်စာသိမ်းပြီး မီးငြိမ်းစေဖို့[illegible] က ကျင့်စဉ်နည်းလမ်းတွေ ထုတ်ဖော် ဟောကြားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ယင်းပုဂ္ဂိုလ်များ၏ ဉာဏ်ကျေးဇူးကို ပိုမိုတန်ဖိုးထား၏။ လေးစား၏။ မြတ်နိုး၏။ အလေးအမြတ် ပြုစေဖော်ပါ၏။ သူတို့လျှောက်ခဲ့သည့် လမ်းကို စိတ်ဝင်စား၏။ အသိဉာဏ် ဉာဏကိုဦးစားပေးသောလမ်းစဉ်ဖြစ်၏။ သိရောက အများကြီးမရှိပါ။ ချုံ့လိုက် လျှင် ရုပ်ဓမ္မနှင့် နာမ်ဓမ္မတို့၏ ပကတိ အရှိသဘောကို အရှိအတိုင်း၊ အမှန် အတိုင်း ဉာဏ်ဖြင့်သိမြင်ဖို့ဖြစ်၏။ သိရ ည့်အာရုံက အဆန်းတကြယ်မဟုတ် သလို ကြည့်ရသည့်ဉာဏ်ကလည်း ရိုးရိုး လေးဖြစ်၏။ ဆန်းကြယ်သောအာရုံ နောက်သို့ မလိုက်မိဖို့ အရေးကြီး၏။ ရိုးရိုးလေးဖြစ်ပျက်နေသည့်သဘောကို ရိုးရိုးလေးကြည့်ပေးခြင်းဖြင့်ရရှိလာသည့် အသိဉာဏ်ကတော့ အင်မတန်လေးနက် ၏။ အစဉ်အလာအရသိခဲ့ရသောအသိ များနှင့် လုံးဝခြားနားသောအသိဖြစ်၍ ပို၍သိချင်လာ၏။ စိတ်ဝင်စားဖို့လည်း ကောင်း၏။ ညွှန်ပြမည့်ဆရာကောင်း လည်းရှိနေ၏။ သွားရမည့် ခရီးစဉ် မြေပုံအညွှန်းလည်း ရရှိထားပြီးဖြစ် ၏။ လျှောက်လှမ်းရမည့်လမ်းကြောင်းပေါ် လည်း ရောက်နေပါ၏။ ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရေးအတွက် နောက် ဆုံးထွက်သက်အထိ ကြိုးစားနေရမည် မှာ မိမိတာဝန်သာဖြစ်၏။ ဒီဘဝဒီခန္ဓာ ဖြင့် ပန်းတိုင်သို့မရောက်သေးလျှင်လည်း သံသရာခရီးအတွက် ကြီးမားသော အထောက်အပံ့ခွန်အားများ အစွမ်းသတ္တိ များကို အထုံပါရမီအဖြစ် ရရှိမည်ဖြစ်၍ အချည်းအနှီးမဖြစ်သော၊ လုပ်ရကျိုးနပ် သောအလုပ်ဖြစ်ပေသည်။

သို့အတွက် ရည်မှန်းချက်ပန်းတိုင် သို့ လျှောက်လှမ်းစဉ် မိမိခန္ဓာဝန်ကို လျော်ကန်သင့်မြတ်အောင် ထိန်းသိမ်း စောင့်ရှောက်ရခြင်းအလုပ်မှတစ်ပါး အပို ကိစ္စမှန်သမျှ လျှော့ချခြင်းဖြင့် နည်းပါး သောကိစ္စရှိအောင်ကြိုးစားကြရပေမည်။ မြတ်ဗုဒ္ဓ၏အဆုံးအမအနှစ်ချုပ်ဖြစ်သည့် 'မကောင်းမှုရှောင် ကောင်းမှုဆောင်၍ ဖြူအောင်စိတ်ကိုထား' ပြီး ကြိုးစားကာ လျှောက်လှမ်းခြင်းဖြင့် အရဏ်တက်လျှင် နေထွက်မည်မို့ မဝေးလှသော ပန်းတိုင် သို့ အားခဲလျှောက်လှမ်းနေရမည်သာ ဖြစ်ကြောင်း ကျွန်ုပ်၏ ဘဝအမြင်ကို နိဂုံးချုပ်လိုက်ပါသည်။

ချစ်ပို့ (မော်ကျွန်း)

# ထိကရုံးနှင့်အူကျဝေဒနာ

လက်လှမ်းမီရာလူတွေ သို့မဟုတ် ကျွန်တော့်အကြောင်းသိလို့ ကျွန်တော့် ဆီ အားကိုးတကြီးရောက်လာတဲ့လူတွေ ဆိုရင် ဘာပဲဖြစ်ဖြစ်ပေ့ါလေ ကျွန်တော် သိသမျှ၊ တတ်သမျှလေးနဲ့ ကုပေးခြင်း၊ လမ်းညွှန်ပေးခြင်း ပြုလုပ်လေ့ရှိတယ်။ ကျွန်တော်ကုပေးတာက ပရဆေးဆိုင်က ဆေးပစ္စည်းတွေနဲ့မဟုတ်ဘဲ သဘာဝ ပေါက်ပင်လေးတွေနဲ့ ကုသပေးခြင်းပါ။ သူများတွေကို ကုပေးရတာရှိသလို ကိုယ့်ဟာကိုယ်လည်း ပြန်ကုရတာတွေရှိ တယ်။

၂၀၁၆၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့ စပြီး ကျွန်တော် ညာဘက်ဆီးစပ်က အောင့်ပြီး နာလာပါတယ်။ ကြည့်လိုက် တော့ မသိမသာရောင်နေပါတယ်။ လမ်းသွားရင်တောင်မှ ဖြည်းဖြည်းသွားရ ပါတယ်။ ကျွန်တော့်အထင် ဒါဟာ အူကျမယ့်သဘောပါပဲ။ ကပ်ပယ်အိတ် ထဲကို အူကျံစပြုတာလို့ ထင်ပါတယ်။ အတော်အနေခက်ပါတယ်။

ဒါမျိုးဖြစ်ခဲ့ရင် မိုးကုတ်တို့၊ မိုင်းရှူး တို့လို သဘာဝဆေးပင်တွေပေါများတဲ့ နေရာဆိုရင်တော့ ဇော်ဂျီဦးထုပ်ပြုတ် သောက်လိုက်ရင် တစ်ခွက်နှစ်ခွက်နဲ့ ပျောက်နိုင်တဲ့ ဝေဒနာပါ။ ဘာမှစာမဖွဲ့ လောက်တဲ့ ဝေဒနာဆိုပါတော့။

မိုးကုတ်နဲ့ မိုင်းရှူးဆိုတာ အလေး အပင် အမြဲမ,နေရတဲ့အခါ ခါးကိုစည်း မထားရင် တွင်းလုပ်သူတွေ အတော်များ များ အူကျဝေဒနာ ခံစားရလေ့ရှိတယ်။ ကျွန်တော်ကတော့ ခါးကို ကြိုးနဲ့တင်း တင်းချည်ပြီးမှ အလေးအပင်တွေမ,တာ ကြောင့် အူကျဝေဒနာလုံးဝမခံစားခဲ့ရဖူး ပါဘူး။ သူများတွေကိုသာ ကူညီစောင့် ရှောက်ကုသပေးနေခဲ့တာပါ။

ခုခါကျမှ အူကျချင်သလိုဖြစ်လာ တဲ့အခါ 'အင်း-အသက်ကြီးလို့ ပျက်စီး လာတာ' လို့ပဲ တွေးတောဖြေသိမ့်ရပါ တယ်။ ပျောက်နိုးပျောက်နိုးနဲ့ နှစ်ရက် တောင်ကြာသွားခဲ့ပါတယ်။ ဒါဆို ကိုယ့် ကိုယ်ကိုပြန်ကုမှ ရတော့မှာပါ။

ကျွန်တော်တို့ နေပြည်တော် ဒေသ လယ်ဝေးဝန်းကျင်မှာ ဇော်ဂျီ ဦးထုပ်တွေပေါပေမယ့် သွားယူဖို့အခက် အခဲရှိတာကြောင့် လိပ်ခေါင်းပျောက်တဲ့ သို့မဟုတ် စွယ်စုံရတဲ့ ထိကရုံးပင်ပဥ္စင်ါး ပါးကျိုသောက်မှဖြစ်တော့မယ်ဆိုပြီး အိမ် နဲ့ ခြေလှမ်း (၂၀) လောက်သာဝေးတဲ့ လူမနေတဲ့ အိမ်ဝိုင်းထဲက ထိကရုံးပင် သွားယူပြီးကျိုသောက်ပါတယ်။ တစ်ခါ သောက် ဖန်ခွက်ကြီးတစ်ခွက်ပါ။

သူများတွေကိုသာ ဆေးသဘော အရ ညွှန်နေသော်လည်း ကျွန်တော် ကိုယ်တိုင်ကတော့ ခုမှသောက်ဖူးတာပါ။ အရသာကတော့ လူတိုင်းသောက်နိုင်တဲ့ အရသာပါ။ အနံ့လည်းမပြင်းပါဘူး။ တစ်ရက်ကို (၃) ကြိမ်သောက်ပါတယ်။ အရောင်က အစိမ်းနုရောင်ပါ။ နှစ်လို ဖွယ်အရောင်ဆိုပါတော့။

ပထမရက်မှာ သက်သာစပြုပါ တယ်။ ဒုတိယရက်မှာကျတော့ ဝေဒနာ အရှင်းပျောက်သွားပါတယ်။ ထိကရုံး ပင်ရဲ့ ရှုန်းကန်သတ္တိအစွမ်းဟာ အတော် လေး အံ့ဩဖို့ကောင်းတာကို တွေ့ရပါ တယ်။ ဒါကတော့ ကိုယ်တွေ့ကြုံလို့ ဝမ်းမြောက်ဝမ်းသာတင်ပြခြင်းပါ။

ထိကရုံးပင် ဆိုတာ ပေါင်းပင် အမျိုးအစားမှာပါဝင်ပြီး မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ပေါများတာကြောင့် လူတိုင်းနဲ့ လက်လှမ်းမီတဲ့ဆေးပင်ပါ။ ပိုက်ဆံတစ်ပြားမှ မကုန်ရဘဲ ရနိုင်တဲ့ ဆေးပင်ပါ။ အလေးထားတတ်ဖို့သာ လိုပါတယ်။

ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေ ရောင်လာပြီဆိုရင် ထိကရုန်းပင်ကို ပြုတ် သောက်၊ ပြုတ်ချိုးပါ။ ရောင်တယ်ဆိုတာ ဟာ အများအားဖြင့် ကျောက်ကပ် ကြောင့်ရောင်တာများပါတယ်။ အခြား ဝေဒနာတွေလည်း ခြေ၊ လက်အင်္ဂါတွေ ရောင်တတ်ပါတယ်။ ဘာ့ကြောင့်ရောင် ရောင် ထိကရုံးကိုသာ ပြုတ်သောက် ပြုတ်ချိုးလိုက်ပါ။ ရေရှည်သောက်ရင် ဝေဒနာရှင်းသွားနိုင်ပါတယ်။

ထိကရုံးဆိုတာ စားသောက်လို့ ရနိုင်တာကြောင့် ဘေးထွက်ဆိုးကျိုး လည်းရှိနိုင်မယ်မထင်ပါဘူး။အဲဒါကြောင့် လိပ်ခေါင်းဖြစ်ခဲ့ရင်၊ အူကျရောဂါဖြစ် ခဲ့ရင်၊ ဖောရောင်လာခဲ့ရင် မိမိတို့ရဲ့ ပတ်ဝန်းကျင်မှာ တောထအောင်ပေါက် နေတဲ့ ထိကရုံးပင်ကို မမေ့ကြပါနဲ့လို့ စေတနာနဲ့မှာလိုက်ပါရစေ။

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်မိုး

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လွတ်လပ်ရေးမရမီ ကိုလိုနီခေတ်ကာလက ဖြစ်သည်။ ရန်ကုန်မြို့သည် ဆူးလေစေတီနားတွင်သာ မြို့ကွင်းမြို့ကွက်ကျလေသည်။ ကျန်နေရာတို့မှာ မြို့စွန်မြို့ဖျား လူမနေသောတောအရပ်များသာဖြစ်ခဲ့သည်။ သမိုင်း၊ အင်းစိန်သည် ရန်ကုန်မြို့နှင့်သီးခြားစီဖြစ်နေသည်။ သမိုင်းချည်စက်သည် ရန်ကုန်မြို့စွန်တွင်တည်ဆောက်ထားခြင်းဖြစ်သည်။ ယခုအခါ မြို့လယ်ကျနေလေသည်။ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာဆိုတာ မပေါ်သေးပါ။ ကျောက်မြောင်း ဆိုသည်မှာ ဝါးရုံတော၊ သစ်တောများဖြင့်ဖုံးလွှမ်းနေဆဲ ဖြစ်ပါသည်။ အင်္ဂလိပ်အုပ်ချုပ်သောခေတ်က မြန်မာတို့သည် ရွှေတိဂုံဘုရားကြီးကို တန်ဆောင်းတစ်ခုဆောက်လုပ်လှူဒါန်းခဲ့သည်။ သိမ်ကြီးဈေးသူဈေးသားများက နှစ်ပဲစီစု၍ တန်ဆောင်းဆောက်လုပ် လှူဒါန်းခဲ့သဖြင့် နှစ်ပဲတန်ဆောင်းဟု အမည်တွင်လေသည်။

ထိုတန်ဆောင်းထဲတွင် အဘိုးကြီးတစ်ယောက်အိပ်နေလေသည်။ လဲစရာအဝတ်အပိုမရှိ။ မီးလောင်ပေါက်ဗရပွနှင့် ညစ်ပေနေသော လုံချည်တစ်ထည်ကိုခြုံ၍ကွေးပြီးအိပ်နေလေသည်။ လူတွေကတော့ အရူးကြီးတစ်ယောက်ဟု ထင်ကြလေသည်။ ရေဆာလျှင် သောက်ရေအိုးစင်မှသောက်သည်။ ထမင်းဆာလျှင် ဘုရားဆွမ်းတော်ကျန်ကို ဂေါပကအဖွဲ့ထံမှ ရယူစားသောက်လေသည်။ ဆေးလိပ်သောက်ချင်သောအခါ သူများစွန့်ပစ်သော ဆေးလိပ်တိုများကိုကောက်ယူ၍ သောက်ရလေသည်။ မျက်နှာသစ်စရာမလို၊ ညစ်ပတ်ပေရေနေသော အရူးကြီးတစ်ယောက်နှင့်မခြားရှိနေလေသည်။

ရွှေတိဂုံဘုရားသို့ ဥပုသ်ရက်များတွင် မြန်မာများလာကြသည်။ ညနေစောင်းဆိုလျှင် ပန်းများ၊ ဖယောင်းတိုင်၊ အမွှေးတိုင်များဖြင့် ဘုရားကိုလာရောက်ပူဇော်ကန်တော့ကြလေသည်။ ဘုရား၏ တနင်္ဂနွေထောင့်တွင် အရူးကြီးတစ်ယောက်ထိုင်နေလေသည်။ ထိုင်ပုံကတော့ ထူးခြားသည်။ ဒူးပေါ်ချိတ်၍ထိုင်နေသည်။ ပုတီးကြီးလည်မှာဆွဲထားသည်။(၉)လုံးပုတီးကုံးလေးများ၊ ဇီးကွက်ရုပ်လေးများ၊ ပန်းပွင့်လေးများအနားတွင်ချထားလေသည်။

ကိုသောင်းစိန်သည် ထိုထူးခြားသော အဘိုးအိုကို ဂရုပြုမိ၏။ မိမိသည်ပန်းများကိုစိုက်ပျိုးပြီး ရွှေတိဂုံဘုရားသို့ပန်းရောင်းရင်း ဘဝကိုရုန်းကန်ရလေသည်။ မိသားစုသည် ကျောက်မြောင်းတွင်နေသည်။ ရန်ကုန်မြို့၏အစွန်အဖျားသစ်တောဝါးတောများနှင့်ရှိနေလေသော



မြေကွက်လပ်လေးတွင် မနိမ့်မမြင့်(?) ဝါးကြမ်းခင်းနှင့် (၂)ပေခန့်မြင့်သော အိမ်နိမ့်လေးဖြင့်နေသည်။ မိမိအိမ်နားမှ မြေကွက်လပ်ကို မေမြို့ပန်း၊ စံပယ်ပန်း၊ ဇွန်ပန်းများစိုက်ပြီး ညနေတွင် ရွှေတိဂုံဘုရားသို့ပန်းရောင်းရလေသည်။ ဘုရားသို့ နေ့စဉ်သွားနေလာနေကျဖြစ်၍ နှစ်ပြားတန်ဆောင်းတွင်အိပ်နေသောအဘိုးအိုကို သတိပြုမိခြင်း ဖြစ်ပါသည်။

တစ်ခါတလေ ရွှေတိဂုံဘုရားကိုဖူးနေပြီး တရားထိုင်တာလည်း တွေ့ရသည်။ တစ်ခါတလေ နှစ်ပြားတန်ဆောင်းမှာ လုံချည်ကိုခြုံပြီး အိပ်နေတာလည်း တွေ့ရသည်။ တစ်ခါတစ်ရံ သူများစွန့်ပစ်ထားသောဆေးလိပ်တိုများကိုလိုက်ကောက်ပြီး ဆေးလိပ်သောက်နေတာကို တွေ့ရသည်။ လဲစရာလုံချည်မရှိ၊ အင်္ကျီမရှိ ကြေးထူပြီးညစ်ပတ်နေသောအဘိုးအိုသည် လူတိုင်းက အရူးဟုသမုတ်ကြလေတော့၏။ ကိုသောင်းစိန်မှာ ထိုအဘိုးကြီးကိုဂရုပြုပြီးလေ့လာရင်းသနားနေတော့သည်။

ယနေ့ အဘိုးအိုနားတွင် လူတွေပြည့်နေသည်။ တနင်္ဂနွေထောင့်တွင် ဒူးချိတ်၍ထိုင်နေသော အဘိုးအိုသည် မျက်လုံးကိုမှေး၍ ငေးကြည့်နေသည်။ မကြာမီ အမျိုးသမီးတစ်ယောက် သမီးငယ်လေးလက်ဆွဲပြီး အဘနားသို့ရောက်လာသည်။

"ဟဲ့ - မိသဲ၊ လာဦး"

"ရော့ - ဒီရေနွေးကြမ်းကိုနည်းနည်းသောက်"

"ဟုတ်ကဲ့ - အဘ"

"နင့်ယောကျ်ား တော်တော်ဖြုံဟ်(?)မွှေတာ၊ စီးပွားတွေလည်းပျက်ပြီ။ အဘရေနွေးက ရိုးရိုးရေနွေးမဟုတ်ဘူး။ သိဒ္ဓိအားလုံးပြီးတယ်။ ဘုရားတရားမမေ့နဲ့။



www.burmeseclassic.com

www.burmeseclassic.com

သွားတော့"

"ဟုတ်ကဲ့ အဘ"

လမ်းမှဖြတ်သွားသောအမျိုးသမီးကိုခေါ်၍ စကားပြော၏။ ရေနွေးကြမ်းတိုက်၏။ အမျိုးသမီးကလည်း ပြောစကားနားထောင်သည်။ အရူးကြီးပဲ။ ဘာတွေလာပြောတာလဲလို့ စောဒကမတက်ပါ။

ကိုသောင်းစိန်သည် အဘ၏အပြုအမူကိုလေ့လာအကဲခတ်နေသည်။ အဘက တုတ်(၁)ချောင်းတွင် ပန်းပွင့်ကြီးချည်ပြီး သီချင်းဆိုနေပြန်သည်။

"မိန်းမကောင်း ပန်းပန် တစ်ပွင့်ထဲပါကွယ်××× ပန်းပန်ရင် နန်းစံလေ့လေ့××× ဂွက်ထော်တို့ကုသိုလ် ငါ့ကုသိုလ်ပေ့×××"

တချို့က အရူးကြီးသီချင်းဆိုနေသည်ဟုထင်ကြသည်။ အနားမှပရိသတ်က အဓိပ္ပာယ်ရှိသောတဘောင်တွေရွတ်နေသည်ဟု ထင်နေသည်။ အနားကပရိသတ်ကလည်း မထပါ။ ဒီပန်းကိုသူလိုချင်ငါလိုချင်ဖြစ်နေကြသည်။

"ဟိုဘက်ထောင့်နားက ငါ့ကိုချောင်းကြည့်နေတဲ့ သောကြာသားလာခဲ့"

ကိုသောင်းစိန် ကြောင်ကြည့်နေသည်။ မိမိကို လက်ညှိုးထိုးပြီးခေါ်နေသော အဘနားသို့ ယောင်တိယောင်ချာဖြင့် ရောက်သွားလေသည်။

"သားကပန်းရောင်းစားနေတယ်။ အဘပေးတဲ့ပန်းကိုယူပြီး ဘုရားဆောင်မှာတင်ပြီး ဘုရားလှူ သရဏဂုံ (၃) ပါးတည်ပါ"

"ဟုတ်ကဲ့ အဘ"

"အေး- မင်းစီးပွားတက်လာလိမ့်မယ်"

"ဟုတ်ကဲ့ အဘ"

အနားမှ ပန်းလိုချင်သောလူတွေကိုမပေးဘဲ ကိုသောင်းစိန်ကိုပေးလိုက်သဖြင့် မကျေမနပ်ဖြစ်နေပါသည်။ အရူးဟုပြောရလောက်အောင်တော့ မရူးပါ။ ပုံသဏ္ဌာန်အရ အရူးနှင့်တူနေခြင်းဖြစ်သည်။မိမိပန်းရောင်းစားတာကိုသိသည်။ သောကြာသားဟုခေါ်သည်။ ဒီအဘိုးကြီး သာမန်တော့မဟုတ်ဟု စိတ်ထဲတွင်ထင်နေလေသည်။

ဤသို့ဖြင့် အဘနားတွင် လူတွေဝိုင်းဖွဲ့၍နေကြပြီး အဘပြောသောစကားများကို နားထောင်နေကြသည်။ လူတွေ အထင်ကြီး လေးစားသွားလျှင် စကားလမ်းကြောင်းပြောင်းကာ မသက်ဆိုင်သောစကားများကို ပြောနေလေတော့သည်။ အရူးဟုထင်သူနေများကထသွားကြသည်။ တချို့ကလည်း သနားသဖြင့် မုန့်ပဲသရေစာတို့ကိုပေးခဲ့ကြသည်။ အဘကိုချောင်းကြည့်နေသောကိုသောင်းစိန် အိမ်သို့ပြန်လာသည်။ အဘပေးလိုက်သော ပန်းပွင့်ကြီးကိုသေသေချာချာဆေးပြီး ဘုရားပန်းကပ်လိုက်သည်။ ဤပန်းပေးသောသူသည် ထူးဆန်းသောသူဟု ထင်ကြောင်း ထိုအဘပေးသောပန်းဖြင့် ဘုရားလှူရသောအကျိုးအားကြောင့် ပန်းရောင်းကောင်းပြီး စီးပွားတိုးတက်ပါစေဟု ဆုတောင်းလေတော့သည်။

မကြာမီ ကိုသောင်းစိန်တစ်ယောက် ပန်းရောင်းကောင်းပြီး စီးပွားရေးအဆင်ပြေလာသည်။ ရွှေတိဂုံဘုရားမှာတွေ့ရသောအဘိုးကြီးသည် သာမန်အဘိုးကြီးမဟုတ်။ ဝိဇ္ဇာဖြစ်ရမည်ဟု ဆုံးဖြတ်လေတော့သည်။ ဝိဇ္ဇာဆိုလျှင် စခန်းဝင်ဆဲ၊ ကျင့်ဆဲပုဂ္ဂိုလ်ဖြစ်ရမည်ဟု ဆုံးဖြတ်လေတော့သည်။ ရွှေတိဂုံမှာနေရတာ စားရေးသောက်ရေး အဆင်မပြေနိုင်။ အဘကို အိမ်ပင့်၍ကိုးကွယ်မည်ဟု ဆုံးဖြတ်ပြီး ရွှေတိဂုံဘုရားသို့သွားလေသည်။ အဘကိုလိုက်ရှာတာ မတွေ့ပါ။ နှစ်ပြားတန်ဆောင်းတွင် လုံချည်ခြုံ၍အိပ်နေသောအဘကို တွေ့ရလေတော့သည်။

"အဘ၊ အဘ၊ အဘ"

"ဗျာ - ဘာလဲကွ"

"ထပါ အဘရာ"

"အေးအေး- အခု ငါ့ကိုလာနှိုးတဲ့သူ တစ်ယောက်မှမရှိဘူး။ ထူးဆန်းနေတာ"

"သားနာမည် သောင်းစိန်ပါအဘ၊ အဘ ခုလိုနေတာ သားမကြည့်ရက်ဘူး။ သားအိမ်ကိုလိုက်ခဲ့ပါအဘ"

"ဟေ-ငါ့ကိုခေါ်မယ့်သူတစ်ယောက်မှမရှိဘူး။ မင်းက ထူးထူးခြားခြား ငါလိုအရူးကို အိမ်မှာတင်ပြီးထားတော့ ဘာအကျိုးရှိမှာလဲ"

"သားအဘကိုစောင့်ကြည့်နေတာကြာပြီ။ အဘက မရူးပါဘူး။ ရူးချင်ဟန်ဆောင်နေတာ။ တကယ်တော့ အဘကပုဂ္ဂိုလ်ထူးတစ်ပါးလို့ထင်တယ်"

"အေး - မင်းငါ့ကိုချောင်းကြည့်နေတာ ကြာပြီမဟုတ်လား"

"ဟုတ်တယ် အဘ"

"ငါတို့က ဝိဇ္ဇာဖြစ်ဖို့ ကြိုးစားနေရတာ၊ စခန်းတွေဝင်နေရတာ"

"ဒီလိုကြီးတော့မနေပါနဲ့ အဘရယ်။ လူတွေက အဘကို အရူးကြီးလို့ထင်နေကြတာ"

"ငါလည်း အရူးကြီးလို့ထင်အောင်နေရတာ"

"ဘာလို့ဒီလိုနေရတာလဲ အဘ"

"မြေလျှောက်ဝိဇ္ဇာဆိုတာဒီလိုပေါ့သားရယ်။ ရောက်ရာနေရာပေါက်ရာဒေသအနှံ့သွားနေရတာ"

"ကဲကဲ - ဒီလုံချည်ကိုလဲဝတ်ပါ။ ဒီမှာအကျီအဖြူတစ်ထည်ပါတယ်အဘလဲဝတ်ပေးပါ"

"ဝတ်ပြီးရင် ဘာလုပ်ရမှာလဲ"

"သားတို့အိမ်ကို လိုက်ခဲ့ရမယ်။ အဘကို အိမ်ဦးခန်းမှာထားမယ်။ စားရမှာလည်းမပူနဲ့ ။ ဝတ်ရမှာလည်းမပူနဲ့။ သားတာဝန်ယူပါရစေ"

"ဩော်- တော်တော်သဒ္ဓါတရားပြည့်စုံတဲ့ကလေးပဲ။ မင်းသဒ္ဓါတရားကိုတော့ အဘက ချီးမြှောက်ပေးရမှာပေါ့"

ကိုသောင်းစိန်သည် အဘကိုပင့်၍ ကျောက်မြောင်းသို့ လန်ချားဖြင့်သွားကြလေသည်။ အဘကို သူများတွေမြင်သလို အရူးကြီးဟုမမြင်၊ ပုဂ္ဂိုလ်ထူးဟုမြင်သည်။ ဘဝအဆက်ဆက်က ပဋ္ဌာန်းဆက်ကြောင့်လားမသိ၊ အဖေလိုချစ်ခင်နေတော့သည်။ ကျောက်မြောင်းရောက်သောအခါ အဘကို ဇနီးသည် မသန်းလှနှင့် မိတ်ဆက်ပေး၏။

"မိန်းမရေ၊ ဒါ ရွှေတိဂုံမှာနေတဲ့ အဘ ငါပင့်လာတာ။ အိမ်မှာပဲနေလိမ့်မယ်"

"အဘ၊ ဒါ ကျွန်တော့်ဇနီးမသန်းလှလို့ခေါ်တယ်။သမီးလေးတစ်ယောက်၊ သားလေးတစ်ယောက်ရှိတယ်"

"အေးအေး"

မသန်းလှဘာမှမပြောပါ။ အဘိုးအိုကို အထင်သေးသောမျက်လုံးများဖြင့်ကြည့်နေပါသည်။ ပါးစပ်ကတော့ ဘာမှမပြောသေးပါ။ အံ့ဩသောမျက်နှာ၊ အလိုမကျသောမျက်နှာဖြစ်ပေါ်လာပြီး ကိုသောင်းစိန်ဆန္ဒကိုလိုက်လျောပါသည်။ မျက်နှာကိုချက်ချင်းပြင်ပြီး -

"အဘ၊ သမီးတို့အိမ်က ခပ်စုတ်စုတ်ကျဉ်းကျဉ်းလေး၊ အဘနေနိုင်ပါ့မလားမသိဘူး"

"စေတနာသဒ္ဓါက အဓိကပါပဲ။ အိမ်စုတ်ပေမယ့် စေတနာမယုတ်ဖို့လိုတယ်။ အိမ်ကျဉ်းပေမယ့် စေတနာမနည်းဖို့၊ မတွန့်တိုဖို့ အဓိကပါ သမီး"

"အဘ အိမ်ဦးခန်းမှာနေပါ။ သမီးတို့စားသလိုစားရမယ်။ စေတနာသဒ္ဓါ

www.burmeseclassic.com

www.burmeseclassic.com

ရားအပြည့်စောင့်ရှောက်ပါ့မယ်အဘ"

"အေး အေး၊ သာဓု သာဓု သာဓု"

"အဘ၊ သားက ပန်းရောင်းပြီး ရှာတယ်။ တစ်နေ့လုံး ပန်းပင်စိုက် ယ်။ ရေလောင်းတယ်။ မြေဩဇာ တယ်။ ညနေကျမှ ပန်းခူးပြီး ဂုံဘုရားမှာ ပန်းရောင်းတယ်"

"အေးအေး"

"ဒီမှာ အဘ သမီးနဲ့ မြေး (၂) ယောက်နဲ့ အေးအေးချမ်းချမ်းနေပါ အဘ"

"အေးပါကွာ၊ အေးပါကွာ"

ကိုသောင်းစိန်သည် များစွာဝမ်း သွားသည်။ မိဘကိုလုပ်ကျွေးရတော့ ည်။ ကျေးဇူးဆပ်ခွင့်ရတော့မည် သော အခွင့်ထူးကြီးကို လက်ဝယ် ပိုင် ရရှိလေတော့သည်။ အဘကို ပ်ကျွေးပြုစုလေတော့သည်။ ညနေ ရားသို့ ပန်းရောင်းသွားပြီး အပြန်တွင် အဘစားစေချင်သောမုန့်များကိုဝယ်ခြမ်း လေသည်။ ညဘက်တွင် အဘကို ဆုပ်လက်နယ်ပြုစုလေသည်။

အဘက -

"ငါ့သား မင်းက ရိုးသားတယ်၊ ဇူးတရားကို သိတတ်တယ်"

"ဟုတ်ကဲ့"

"လူ့ဘဝဆိုတာ တိုတိုလေး၊ ဒီ အချိန်တိုလေးမှာ ရလာတဲ့အခွင့်အရေး ရအောင်ယူတတ်ရမယ်"

"ဟုတ်ကဲ့ အဘ"

"ငါးပါးသီလလုံအောင်စောင့်ထိန်း မယ်။ သရဏဂုံ (၃) ပါးကို တစ်နေ့ ၁) ကြိမ် ပုတီးစိပ်ရမယ်"

"ဟုတ်ကဲ့ အဘ၊ ဘယ်လိုစိပ်ရမှာ လဲ"

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဆိုပြီး (၁)လုံး ချ ဓမ္မံ သရဏံ ဂစ္ဆာမိဆိုပြီး (၁)လုံးချ၊ သံဃံ သရဏံ ဂစ္ဆာမိဆိုပြီး (၁)လုံးချ၊ တစ်ခါစိပ်ရင် (၉) ပတ်ရအောင်စိပ်"

"ဟုတ်ကဲ့ အဘ"

"အဘနဲ့တွေ့ချင်တယ်။ အဘနဲ့ နီး အမြဲတွေ့နေချင်ရင်တော့ အဘ ပြောတာနားထောင်"

"ဟုတ်ကဲ့ အဘ"

"တစ်ချိန်ကျရင် မင်းအကျိုးပေး မယ်။ မှတ်သားထားပါ"

"ဟုတ်ကဲ့ အဘ"

ကိုသောင်းစိန်သည် အဘကိုဦးချ န်တော့ပြီး အဘပြောသလို ဘုရားရှိခိုး ။ ငါးပါးသီလခံယူဆောက်တည်၊ သရဏဂုံ (၃) ပါးကို ပုတီး (၉) ပတ်စိပ် လေတော့သည်။

မသန်းလှက လုံးဝမကျေနပ်ပါ။ ကိုသောင်းစိန်ကို မလွန်ဆန်၍သာ မပြောဘဲနေရတာ။ ဘယ်ကအဘိုးကြီး ကို အိမ်ပေါ်ခေါ်ထားလဲမသိ။ ဆွေမျိုး တော်စပ်လို့ အိမ်ပေါ်တင်ကျွေးထားတာ ဆိုရင် လူကြားလို့ကောင်းသေးတယ်။ အဖေဘက်ကလည်းဆွေမျိုးမတော်ဘူး။ အမေဘက်ကလည်းဆွေမျိုးမတော်ဘူး။ ဘာကျေးဇူးမှလဲရှိတာမဟုတ်။ယောကျ်ား လုပ်တဲ့သူက ပန်းပဲရောင်းတတ်တာ။ ဦးနှောက်ရှိတာမဟုတ်ဘူး။ ဘယ်က တွေ့လို့ ဘယ်လိုခေါ်ထားသလဲ။ ရှေ့နောက်မစဉ်းစားဘူး။ ကိုယ့်အိမ်မှာ ဆန်ရှိသလား၊ ဆီရှိသလားမသိ။ လူပို တစ်ယောက်ကို ဒီလို နေ့တိုင်းတင်ကျွေး ထားရင် မွဲမှာပေါ့ စသည်ဖြင့် ရင်ထဲမှာ မျိုသိပ်ထားသောမကျေနပ်ချက်တို့သည် တစ်ရက်ပြီးတစ်ရက်ရင့်၍အန်၍ထွက် လာလေသည်။ ပထမရက်က ရွှေဧည့် သည်၊ ဒုတိယနေ့ရောက်တော့ ငွေဧည့် သည်၊ တတိယနေ့ရောက်တော့ ဟဲ့ဧည့် သည်ဟု မောင်းချချင်နေလေတော့ သည်။ ဧည့်သည်ဆိုတော်သေးတာပေါ့။ ပြန်မယ့်နေရာ၊ ပြန်မယ့်အချိန်ရှိသေး သည်။ ခုဟာက ဧည့်သည်မှမဟုတ်တာ။ တစ်သက်လုံးနေလျှင် တစ်သက်လုံး ကျွေးထားရမည်။ ဝဋ်ဒုက္ခတုံးကြီးဟုမြင် နေသည်။ သွားစရာနေရာမရှိ၊ စားစရာ မရှိသောလမ်းဘေးမှအဘိုးကြီးကိုမောင်း ထုတ်လျှင်တော့လဲ ပြန်မည့်သဘောမရှိ။ ထိုအဘိုးကြီးကို အိမ်မှာနေတာ အလိုမရှိ ပေ။

ယောကျ်ားမရှိခိုက် မသန်းလှ ပညာပြလေတော့သည်။ အိမ်နောက် ဘေးမှ ထမင်းပန်းကန်လွှတ်ကျလေ တော့သည်။

"ဂလွမ်း ဂလွမ်း ဂလွမ်း"

"ဒီပန်းကန်က ကိုယ့်နေရာကိုယ် မနေဘူး။ အလုပ်မရှိအကိုင်မရှိ ပန်းစိုက် ဖို့လည်း အားမကိုးရ၊ ပန်းပင်ရေလောင်း ဖို့လည်း အားမကိုးရ။ ရေလည်းမခပ်နိုင်။ ထင်းလည်းမပေါက်နိုင်၊ ထမင်းအလကား ရတာမဟုတ်ဘူး။ ဒါကြောင့် ထမင်း ပန်းကန် လွှတ်ကျတာကို"

အိမ်ဦးခန်းတွင် ကွေးကွေးလေး အိပ်နေသောအဘိုးအိုအတိုင်းသားကြား နေရ၏။ လူတွေ လူတွေ ငါ့ကို သင်ခန်း စာပေးနေကြတယ်။ ငါကအစွမ်းအစမရှိ ဘဲ သူများမှီခိုနေရပါမှာ ဒီလိုပဲမကျေနပ် တာ၊ အလိုမကျတာတွေဖြစ်မှာပဲ။

ယောကျ်ားက လက်ခံရင် မိန်းမက လက်မခံနိုင်၊ မိန်းမက လက်ခံရင်လည်း ယောကျ်ားက လက်မခံနိုင်ဖြစ်တတ် တယ်။ ဒါသဘာဝပဲ။ ဒီနေ့နံနက် ငါပြန် ချိန်တော်ပြီ။ ငါပြန်တော့မယ်ဟုဆုံးဖြတ် ချက်ချလိုက်ပါသည်။

ယနေ့ နံနက်စောစော မောင်သောင်းစိန်မရှိ။ ဘုရားသို့ အစောထသွားသည်။ မသန်းလှ ပန်းခင်းထဲတွင် ရေလောင်းနေသည်။ အဘိုးအိုသည် ဘုရားခန်းရှေ့တည့်တည့် တွင် မစင်စွန့်ခဲ့ပြီး နေအိမ်မှထွက်ခွာ သွားတော့သည်။ မသန်းလှ ပန်းရေ လောင်းပြီး မောမောနှင့် အိမ်ပေါ်တက် ၍ ရေသောက်ဖို့အလာ အနံ့တချို့ရလေ သည်။ ချေးစော်နံနေလေသည်။ မောက မော၊ ရေကဆာနှင့် ဒီအနံ့ဆိုးကြောင့် ပျို့အန်လာတော့သည်။ ဟိုဟိုဒီဒီကြည့် လိုက်တော့ ဘယ်နေရာမှ မစင်ပုံမရှိ။ ဟော - အိမ်ရှေ့ ဘုရားခန်းရှေ့မှာ မစင် ပုံကြီး။ လားလား - နည်းနည်းနော‌နော မစင်ပုံကြီးမဟုတ်ပေ။ ဟိုအဘိုးကြီး ဝမ်းလျှောတာလား၊ ဖင်မလုံတာလား၊ အိမ်သာသို့ထမသွားနိုင်ဘဲ ဘာလို့ အိမ်ဦးခန်းမှာ မစင်စွန့်တာလဲ။

မသန်းလှ လုံးဝမကျေနပ်ပေ။ ဒီ အဘိုးကြီး ဘယ်သွားသလဲ၊ လိုက်ရှာ တော့ မတွေ့တော့ပါ။ သူလွယ်နေကျ လွယ်အိတ်လည်းမရှိတော့။ သူပိုင်ဆိုလို့ လွယ်အိတ် (၁) လုံးပဲရှိတာ။ ခုမရှိတော့ ဘူးဆိုတော့ ပြန်သွားပြီပေါ့။ ဟိုနေ့က ငါ မီးဖိုချောင်က ပွစိပွစိပြောတာ ကြား သွားပြီလား။ ငါပြောလို့ပြန်သွားတာဆို ရင် ကိုသောင်းစိန် ငါ့ကို ခွင့်လွှတ်မှာ မဟုတ်ဘူး။ ဒီအဘိုးကြီးကလည်း ပြန် သွားရင် ရိုးရိုးပြန်သွားပါ့လား။ ခုတော့ မစင်စွန့်ခဲ့သေးတယ်။ မစင်ရင်ဆေးတဲ့၊ မသိရင်မေးတဲ့။ မစင်ကိုဆေးရင် ပြောင် သွားမှာပေါ့။ ဒီအဘိုးကြီးမရှိတာနဲ့ မစင် ဆေးရတာ လဲရတော့မှာပေါ့။ မသန်းလှ အဘိုးကြီးကို လုံးဝဒေါသမထွက်ပါ။ လင် တော်မောင်သို့လည်းမပြောပါ။ ပန်းပင် ရေလောင်းသော ရေပုံးကိုယူပြီး ရေ လောင်း၍ သန့်ရှင်းရေးလုပ်လိုက်ပါ သည်။

ညနေစောင်းတော့ ကိုသောင်းစိန် ပြန်လာသည်။ အဘစားရန် မုန့်စိမ်းပေါင်း ဝယ်လာသည်။ အဘရေဟု တကြော် ကြော်ခေါ်၍ အိမ်ပေါ်သို့ တက်လာ လေသည်။

"မသန်းလှ၊ အဘကောဘယ်သွား



www.burmeseclassic.com

www.burmeseclassic.com

လဲ"

"ကျွန်မရေလောင်းနေတုန်း အဘ အိမ်ကထွက်သွားတယ်"

"မင်းကို ဘာပြောခဲ့သေးလဲ"

"နှုတ်လည်းမဆက်ဘူး။ ဘာမှလဲ မပြောဘူး။ ဘယ်အချိန်ဆင်းသွားမှန်းလဲ မသိဘူး"

"တစ်ခုခုတော့ ထားခဲ့မယ်ထင် တယ်။ ညက ငါအိပ်မက်မက်တယ်"

"ဘယ်လိုမက်တာလဲ"

"အဘက သာမန်လူမဟုတ်ဘူး။ မြေလျှောက်ဝိဇ္ဇာလို့ပြောတယ်။ ငါပြန် ကြွတော့မယ်လို့ နှုတ်ဆက်သွားတယ်"

"ပြီးတော့ ဘာပြောသေးလဲ"

"မင်းတို့လင်မယား တစ်သက်လုံး စားလို့မကုန်အောင် ချမ်းသာလိမ့်မယ်လို့ လည်းပြောသေးတယ်"

"ဒါဆိုရင် ဒီအဘိုးကြီးက လမ်း ဘေးကအရူးကြီးမဟုတ်လား"

"မဟုတ်ဘူးကွ။ ငါ ပန်းရောင်း တော့ ဘုရားမှာတွေ့တာ။ သူပေးလိုက် တဲ့ပန်းပွင့်ကြီးကို ဘုရားမှာလှူလိုက်တာ။ သူပေးတဲ့ဓာတ်ကြောင့် ငါတို့ချောင်ချောင် လည်လည်နေလို့ရအောင် အဆင်ပြေ လာတယ်"

"ဪ - ဒီလိုလား"

"သာမန်လူပုဂ္ဂိုလ်မဟုတ်ဘူးကွ။ ဝိဇ္ဇာလမ်းစဉ်ကိုကျင့်နေတဲ့ပုဂ္ဂိုလ်ထူးပဲ"

"ဘာပုဂ္ဂိုလ်ထူးလဲ။ အိမ်ဦးမှာ ချေးပါခဲ့တယ်"

"ဘာပြောတယ်"

"ဟုတ်တယ်။ ဘုရားခန်းရှေ့မှာ ချေးပါခဲ့တယ်။ ကျွန်မ ရေလောင်းပြီး ဆေးလိုက်ပြီ"

"ဒါကြောင့်ပြောတာ၊ အဘက အဆောင်ပေးခဲ့မယ်လို့ ပြောသေးတာ"

"ဘာအဆောင်လဲ။ လူကြားလို့မှ မကောင်းဘူး။ ချေးပုံကြီးကို သူပဲ အဆောင်လုပ်ပြီးသိမ်းထား"

"အေး- မင်းကိုပညာပေးခဲ့တာပဲ။ မင်းပါးစပ်က အလိုမကျ တဖျစ်တောက် တောက်ပြောလို့နေမှာ။ မင်းအတွက် တမင်လုပ်ခဲ့တာပဲ"

"ဘာလဲ၊ ဘာပြောတာလဲ"

"မင်းအထင်လွဲနေတာငါသိတယ်။ ငါ့ကိုမပြောရဘူးဆိုလို့ မင်းကိုပြန်မပြော တာ။ ဟောဒီမှာကြည့်စမ်း"

ကိုသောင်းစိန်၏ လက်ထဲတွင် ရွှေရောင်ဝင်းဝါနေသော အပြားလေးကို ဖြန့်ပြလေသည်။

"ဒါက အဘက အဆောင်အနေ နဲ့ပေးခဲ့တာ။ ငါချေးရောင်းလို့ရလာတဲ့ အကြွေစေ့ကြေးပြားလေးကိုအဘဓာတ် လုံးနဲ့ တို့ပေးသွားတာ ရွှေဖြစ်နေတယ်"

"မှန်းစမ်း၊ သေသေချာချာကြည့်ရ အောင်"

မသန်းလှ မျက်ရည်တွေကျပြီး နောင်တကြီးစွာရလေသည်။ သူတော် ကောင်းကို စော်ကားမိပြီ၊ ပြစ်မှားမိပြီဟု နောင်တကြီးစွာရလေတော့သည်။

"ကိုသောင်းစိန်၊ ကျွန်မမှားသွား ပြီ"

"မင်းပြောစမ်း၊ ဘာလုပ်လိုက်လဲ"

"ကျွန်မ ဒီအဘိုးကြီး အိမ်ခေါ် လာတာမကြိုက်ဘူး။ ခဏဆိုရင်တစ်မျိုး ပေါ့။ ခုတော့ တစ်သက်လုံးနေမယ်ဆို တော့ ကျွန်မမခံစားနိုင်တော့ဘူး။ မနေ့ က အဘကိုကြားအောင်စောင်းမြောင်း ပြောမိတယ်"

"ဪ - ဒါကြောင့် အဘကပြန် သွားတာပေါ့"

"ဟုတ်တယ်။ ကျွန်မ အပြစ်ကြီး ဖြစ်တော့မှာလား"

"ဘာမှစိတ်မပူပါနဲ့ကွာ"

"ကျွန်မ အဘကိုပြစ်မှားမိတာ ကန်တော့ချင်တယ်။ ဘုရားမှာ အဘရှိ ရင် ပြန်ပင့်ခဲ့ပါ။ အဘကို ခွင့်လွှတ်ဖို့ တောင်းပန်ချင်တယ်"

"အေးအေး - အဘကိုတွေ့ရင် ပင့်ခဲ့ပါမယ်ကွာ"

သို့ဖြင့် ကိုသောင်းစိန်၊ မသန်းလှ တို့လင်မယားနှစ်ယောက်မှာ အဘနှင့် ဘဝတစ်ဆစ်ချိုး တွေ့ကြုံခဲ့ရသည်။ အဘကို အဘအောင်မင်းခေါင်မှန်း မသိ။ မထင်ရှား မကျော်စော်ခင်ကပင် ရိုးရိုးသားသား ကိုးကွယ်ခဲ့ကြသော မိသားစုဖြစ်သည်။ စေတနာသဒ္ဓါတရား မှန်ကန်သဖြင့် အိမ်တွင်နေထိုင်သွားပြီး နောက်တစ်ကြိမ်တစ်ခါမှပြန်မဆုံဖြစ်တော့ ပါ။ ကိုသောင်းစိန်မှာ အဘပေးသော ပုတီးစိပ်နည်းဖြင့် အကြားအမြင်ရပြီး ဗေဒင်ဟောစားရာ အတော်ကြီးပွားချမ်း သာလေသည်။ သူ့ကို ပုဂ္ဂိုလ်ထူးများက စောင့်ရှောက်ပြီး စခန်းဝင်စေသည်။ သမာဓိစခန်းမှ ပညာစခန်းသို့ဝင်စေပြီး ရသေ့ဝတ်သွားလေသည်။ ရသေ့ဝတ်ပြီး ရခိုင်ရိုးမသို့ဝင်ပြီး အတွင်းဒီပါတွင် တရားကျင့်ကြံကြိုးကုတ်အားထုတ်နေပါ သည်။ လူ့လောကသို့ ပြန်မလာတော့ပါ။ မသန်းလှမှာ သားတစ်ယောက်၊ သမီး တစ်ယောက်ဖြင့် ချမ်းသာကြွယ်ဝနေ လေသည်။ လေးထပ်တိုက် (၁၀)လုံးပိုင် ဆိုင်လေသည်။ သားသမီးများ ပညာ တတ်၊ ဥစ္စာပေါ၊ ရုပ်ချောကြသဖြင့် သင့်တောင်းသင့်ရာနှင့်အိမ်ထောင်ကျပြီး ယခုအခါ နိုင်ငံတော်စီးပွားရှင်ကြီးများ ဖြစ်နေပါသည်။

အဘအောင်မင်းခေါင် ပြည်တော် ပြန်ဝင်လာပြီး ရန်ကုန်မြို့ သန်လျင်တွင် နေစဉ် သူ့သမီးတစ်ယောက် ကျောင်း မြောင်းမှာရှိကြောင်း မောင်မွေးလိုက်ရှာ စမ်းဟုခိုင်းပါသည်။ လိပ်စာအတိအကျ မသိသော မောင်မွေးလည်း ဘယ်လို ရှာမတွေ့ပါ။

"အဘက သား ဒေါ်သန်းလှ တာ ကျောက်မြောင်းမှာရှာတာ မတွေ့ ဘူး အဘ။ လိပ်စာအတိအကျမရှိတော့ ရှာရတာခက်တယ်"

"အေးအေး - မနက်ဖြန်လာလိမ့် မယ်။ မင်းက အစွမ်းအစမရှိတော့ ကိုယ်တိုင်ပဲ ရှာရတာပေါ့"

"ဟုတ်ကဲ့ - အဘကဝိဇ္ဇာဆိုတော့ လွယ်တာပေါ့"

နောက်နေ့တွင် သန်လျင် ဗိုလ်ချုပ် ရွာသို့ နောက်ဆုံးပေါ် ကားကြီးတစ်စီး ဝင်လာပါသည်။ အဘအောင်မင်းခေါင် နေသောကျောင်းကိုမေးမြန်းပြီး ကျောင်း ထဲသို့ ဝင်လာပါသည်။ အဘကို ဖူးချင်၍ လိုက်ပို့ပါဆိုသဖြင့် သမီးက လိုက်ပို့ သည်။ ဒေါ်သန်းလှမှာ ယခုအခါအသက် (၈၀)လောက်ရှိနေ၏။ တုန်တုန်ယင်ယင် နှင့် သမီးကိုတွဲ၍ ကျောင်းပေါ် သို့တက် လာပါသည်။

အဘအောင်မင်းခေါင်ကိုတွေ့ပြီး ကန်တော့ကြပါသည်။

"ဟဲ့ - သန်းလှ၊ နင် ငါ့ကို မှတ်မိ သေးလား"

"ဘယ်မှတ်မိမှာလဲ အဘရယ်"

"နင့်အိမ်ဦးခန်းမှ ချေးပါခဲ့တာ ပဲလေ"

"အဘရဲ့ကျေးဇူးကြောင့် သမီး ချမ်းသာကြွယ်ဝလာပါတယ်။ ဒီတုန်းက ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါ အဘ"

"အေး - ခွင့်လွှတ်ပါတယ်"

၁၇-၂-၂၀၁၄ ရက်နေ့ အဘ ကိုယ်တိုင် ဇရပ်ကုန်းဓာတ်ခန်းသို့ သားသမီးများအား ပြောပြနေသော မြေလျှောက်ဝိဇ္ဇာဘဝလျှောက်လှမ်း ကို ကိုးကား၍ သင့်သလိုတစ်ဆင့် လည် ဖော်ပြရပါသည်။

အဏ္ဏဝါ



www.burmeseclassic.com

www.burmeseclassic.com

# တားရေ့ပုံပြင်(၄)

သို့မဟုတ်

# ရောမက ကြွလာတဲ့ ငှုးနတ်မင်းကြီး

## ဆရာစိုး-ရွှေအာရုဏ်ဦး

(အေးရေး-သုခမေဓာဝီ) မိုးအောင်

□ ပဏာမဂါရဝနှင့်သစ္စာစကား

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ တည်းဟူသော ရတနာသုံးပါး၊ အနန္တောအနန္တငါးပါးနှင့်တကွ ခင်ပွန်းကြီးဆယ်ပါးတို့အား ဦးစွာကန်တော့ပါ၏။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ ရတနာသုံးပါး၊ အနန္တောအနန္တငါးပါးတို့နှင့် ရှမ်ဘဲလား မဟာသဒ္ဓမ္မအဖွဲ့မှ သူတော်စင်များ၊ ဂမ္ဘီရဆိုင်ရာ ဆရာသခင်များ၊ တားရေ့ဆိုင်ရာ ဆရာသခင်အပေါင်းတို့အား တိုင်တည်၍ တပည့်တော် သစ္စာပြုပါ၏။

တပည့်တော်သည် တားရေ့ပညာကို အရိပ်အမြွက်မျှသာ နားလည်လာသောအချိန်မှစ၍ တပည့်တော်ကဲ့သို့သော တားရေ့ဝါသနာရှင်များအား တပည့်တော်သိရှိနားလည်သကဲ့သို့ ထပ်တူ သိရှိနားလည်စေလိုသော ဆန္ဒဖြစ်ပေါ်ခဲ့သည်မှာ အမှန်ဖြစ်ပါ၏။

ဤကဲ့သို့ ကိုယ်ချင်းစာသော စေတနာအရင်းခံ၍ ယနေ့အထိ တပည့်တော်လေ့လာသိရှိနားလည်သမျှသော တားရေ့ပညာများကို မဂ္ဂဇင်းတွင် ရေးသားခြင်း၊ ဆန္ဒရှိသူများအား တစ်ဦးချင်းသင်ပေးခြင်းတို့ဖြင့် မျှဝေဖြန့်ဖြူးခဲ့ပါ၏။

နာမည်ကြီးလိုခြင်း၊ ကြွားဝါလိုခြင်းတို့ အလျှင်းမရှိခဲ့ပါ။

ဤသစ္စာ လွဲမှားခဲ့ပါက ဘဝအဆက်ဆက် ပညာအလင်းမရသူဖြစ်ရပါစေသား၊ ဆရာသခင်တို့၏ ဒဏ်ခတ်ခြင်းကိုခံရပါစေသား။

ဤသစ္စာ မှန်ကန်ခဲ့ပါက လောကီပညာ၊ လောကုတ္တရာပညာမှန်သမျှတို့ကို ဆရာမြတ်ဆရာမှန်တို့ထံမှ ပြောသမျှမြင်၊ သင်သမျှတတ်၊ တစ်ဖက်ကမ်းခပ်တတ်မြောက်လိမ္မာ၍ သတ္တဝါတို့၏ကောင်းကျိုး၊ သာသနာ၏ကောင်းကျိုးတို့ကို နိဗ္ဗာန်ရောက်သည့်တိုင် ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်စွမ်းသူဖြစ်ရပါလို၏။

ယခု ရေးသားမည့် 'ငှုးနတ်မင်းကြီးနှင့်တကွ ကြွရောက်လာသော အစောင့်အရှောက်ပုဂ္ဂိုလ်များ'အကြောင်း ဖြစ်ရပ်မှန်ဆောင်းပါးကို ရေးသားဖော်ပြခွင့် ရရှိလိုပါ၏။

(ခွင့်ပြုတော်မူကြပါ။)

ရှေ့လာမည့်အချိန်ကာလများတွင် တားရေ့ဆိုင်ရာပညာများ၊ ဂမ္ဘီရဆိုင်ရာပညာများကို အဆုံးတိုင် သိမြင်နားလည်တတ်ကျွမ်းရပါလို၏။ သိသမျှ မျှဝေဖြန့်ဖြူးပေးရပါလို၏။ ခုနစ်ရက်သားသမီးအကျိုး ဆောင်ရွက်နိုင်ရပါလို၏။

အရှင်သူမြတ်တို့ဘုရား။

□

□ တစ်ဦးမေတ္တာ တစ်ဦးမှာ

တစ်ညနေခင်း ဟောခန်းပိတ်ဖို့ပြင်နေတုန်း -

"ဆရာပိတ်တော့မလို့လား။ ခဏလောက်နေပြီး သမီးကို တားရေ့ကြည့်ပေးပါဦး။ အရမ်းအရေးကြီးတယ်။ မနက်ဖြန် သမီးအလုပ်လျှောက်ထားတဲ့ ကုမ္ပဏီတစ်ခုက Interview လုပ်မှာ။ အဲဒါ ဘာတွေပြင်ဆင်လေ့လာသွားရမလဲ။ အခြေအနေကောင်းနိုင်မလား။ ဘာတွေယတြာဆောင်ရွက်သွားရမလဲ။ တကယ်အရေးကြီးလို့ပါ။ ရုံးဆင်းဆင်းချင်း တန်းပြေးလာတာနော်၊ ဆရာနော်"

သားသမီးကဲ့သို့ ရင်းနှီးကျွမ်းဝင်ပြီး တားရေ့ကို အရှုးအမူး ယုံကြည်လေးစားသူတစ်ဦးမို့ မငြင်းသာ။ စားပွဲမှာပြန်ထိုင်ပြီး ထုံးစံအတိုင်း ပဏာမပြုဖွယ်ရာတွေပြုရင်း -

"သမီး တားရေ့အထုပ်ကို လက်နှစ်ဖက်နဲ့ကိုင်ပါ။ တားရေ့အစောင့်အရှောက်ပုဂ္ဂိုလ်တွေ အမှန်တကယ်ရှိနေတယ်၊ ကြွရောက်နေတယ်ဆိုတဲ့ယုံကြည်မှုနဲ့ 'တားရေ့အစောင့်အရှောက်ပုဂ္ဂိုလ်များ ကျန်းမာပါစေ၊ ချမ်းသာပါစေ' လို့ သုံးကြိမ် လေးလေးနက်နက် မေတ္တာပို့ပေးပါ"

"သမီးလုပ်နေကျပါ။ သမီးသိပါတယ်။ ဆရာက အထူးအဆန်းလုပ်ပြီး ပြောနေတယ်။ သမီးကို လူစိမ်းလူသစ်တစ်ယောက်လို သဘောထားနေတာလား။ နောက်ပြီး ဒီနေ့ ဆရာ နည်းနည်းထူးခြားနေသလိုပဲ။ ခုနက ဆရာပင့်ဖိတ်မေတ္တာပို့နေတာကိုကြည့်ပြီး သမီးရင်ထဲမှာစိမ့်သလိုဖြစ်သွားတယ်။ ဆရာက အရမ်းတည်ငြိမ်ပြီး အရင်အခါတွေထက် ပိုပြီး အလေးအနက်ထားနေသလိုပဲ"

"ဟုတ်တယ်၊ သမီးမေးတာမှန်တယ်။ ဆရာကိုယ်တိုင်လည်း အရင်ထက်ပိုပြီး အလေးအနက်ထားတယ်။ ပိုပြီးတော့လည်း ယုံကြည်လာတယ်။ အဲဒီလိုပဲ သမီးကို အရင်ထက်ပိုပြီး အလေးအနက်ထားစေချင်လို့ ယုံကြည်စေချင်လို့ ပြောတာ"

"ဘာကြောင့်လဲ ဆရာ၊ သမီး မသိရဘူးလား။ ဆရာပြောတာနဲ့ သမီး အရမ်းစိတ်ဝင်စားသွားပြီ။ ခုနကလည်း ကြက်သီးထသလိုတစ်ခုခုဖြစ်သွားတယ်။ အဲဒါ အရမ်းပြောပြ။ နောက်မှဆက်ဟောပေး"

"ဒါဆို ဒီအကြောင်း အရင်ပြောမယ်။ သမီးလည်းသိသင့်တယ်။ ဘာကြောင့်လဲဆိုတော့ သမီးက တားရေ့ပညာကို ယုံကြည်တယ်။ စိတ်ဝင်စားတယ်။ လေးစားတယ်။ တားရေ့ပညာရဲ့အကြံဉာဏ်ပေးချက်တွေ လမ်းညွှန်မှုတွေကိုလိုက်နာပြီး သမီးရဲ့ဘဝပြောင်းလဲမှု တိုးတက်မှုတွေကို လုပ်ဆောင်နေတဲ့သူဖြစ်လို့သိသင့်တယ်။ ကဲ - ပြောမယ်၊ နားထောင်"

□ ငှုးနတ်မင်းကြီးကြွလာခြင်း

"ဆရာစိုး၊ ဒီတားရေ့ကတ်ထုပ်ကလေးကိုကြည့်ပေးပါဦး။ ကျွန်တော့်တူတစ်ယောက်အတွက်ရှာလာတာ။ သုံးလို့ရ၊ မရ ပြောပြပါဦး"

မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့တွင် ဖွင့်လှစ်သော ဝေဒသင်တန်းများတွင် အခြေခံ (၁) မှစ၍ သုတေသနအဆင့်တိုင်အောင်အတူတက်ခဲ့သူ၊ ယခုအထိအောင် ခင်မင်ရင်းနှီးနေသူ၊ ဗေဒင်

www.burmeseclassic.com

ဝါသနာရှင်၊ သင်္ဘောအရာရှိဟောင်း၊ လူပျိုကြီး ဦးဇော်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော်က ခင်မင်ရင်းနှီးစွာ နောက်ပြောင်ပြီး လူပျိုကြီးလို့ပဲ အမည်ပြုပါတယ်။ သူက ကျွန်တော်ဟောခန်းရှိရာ မိုးကောင်းဘုရားအနောက်ဘက်မုခ်ကို မကြာခဏလာလည်တတ်ပါတယ်။ ရုံးခန်းမှာထိုင်လိုက်၊ လက်ဖက်ရည်ဆိုင်မှာ ထိုင်လိုက်နဲ့ ဗေဒင်ပညာအကြောင်း ရောက်တတ်ရာရာတွေ ပြောဖြစ်ကြ၊ ဆွေးနွေးဖြစ်ကြပါတယ်။ ကျွန်တော်မသိသေးတဲ့ ပညာဗဟုသုတအသစ်အဆန်းလေးတွေ ရလာရင် ဝမ်းပန်းတသာ လက်ဆင့်ကမ်း။ သူမသိသေးတာ၊ မရှင်းတာရှိရင်လာမေးပေါ့။ လက်ဆန်းရော၊ လက်ရိုးရော၊ သရောဒယအထိပါ နှံ့နှံ့စပ်စပ်နဲ့ လေ့လာဝါသနာကြီးသူတစ်ယောက်ဖြစ်ပါတယ်။ တားရော့နဲ့ပတ်သက်လို့တော့ သိပ်စိတ်ဝင်စားပုံမရဘူး။ ကျွန်တော့်ဆီမှာ တားရော့သင်မယ် သင်မယ်လို့သာ ပါးစပ်ကပြောနေပေမယ့် တကယ်မသင်ဖြစ်သေးပါ။

"လူပျိုကြီး ခင်ဗျားတူက အပျော်တမ်းလေ့လာမှာလား၊ စနစ်တကျသင်မှာလား။ အပျော်တမ်းလေ့လာတာကတော့ ဘယ်ကတ်ထုပ်ဖြစ်ဖြစ်ကိုင်ပြီး လေ့လာလို့ရပါတယ်။

စနစ်တကျသင်မယ်ဆိုရင်တော့ ဒီကတ်ထုပ်နဲ့သင်လို့မရဘူး။ ရှေးဟောင်းကတ်ထုပ်/ Driginal Design ပါတဲ့ ကတ်ထုပ်နဲ့မှ သင်လို့ရပါမယ်"

"ကျွန်တော်ကတော့ တားရော့ကတ်ထုပ်ဆိုရင် အားလုံးအတူတူပဲလို့ သိထားထင်ထားတာ။ ဘာတွေကွာလဲ။ ဘာကြောင့်ကွာလဲ။ ဘယ်လိုကားချပ်တွေက မူလလက်ဟောင်းကားချပ်တွေလဲ။ ဆရာစိုးမှာရှိရင် ကျွန်တော့်ကို နည်းနည်းရှင်းပြပေးပါ"

"ဖြည်းဖြည်းပေါ့ လူပျိုကြီးရယ်၊ မတူတာတွေပြောပြပေးမှာပေါ့။ အခု ခင်ဗျားယူလာတဲ့ ကတ်ထုပ်က A.E Waite pack ကတ်ထုပ်လို့ခေါ်တယ်။ သူက တားရော့ (သို့) ဂမ္ဘီရပညာရှင်၊ သူ့ရဲ့စီစဉ်ကြီးကြပ်လမ်းညွှန်မှုအရ Miss Pamela Colman Smith ဆိုတဲ့ ပန်းချီဆရာမက အသစ်တီထွင်ရေးဆွဲခဲ့တဲ့ ကားချပ်တွေ ၁၈ ရာစုနှောင်းပိုင်းမှာ ပေါ်ထွက်ခဲ့တာ။ ဒီမှာကြည့် - ဒီကတ်တွေက အခု ကျွန်တော်သုံးနေတဲ့ကတ်တွေ။ သူက ၁၈ရာစုအစပိုင်းလောက်ကတည်းကရှိနေခဲ့တဲ့ ပြင်သစ်ကထုတ်တဲ့ Marseille pack လို့ ခေါ်ပါတယ်။ ဒီမာဆဲလီအုပ်စုထဲမှာပဲ ထုတ်လုပ်တဲ့ နိုင်ငံခုနှစ်အလိုက် အနည်းငယ်စီ ရုပ်ပုံတွေကွဲပြားကြသေးတယ်။ လုံးဝခြားနားသွားအောင်တော့ ကွဲလွဲမှုမရှိကြပါဘူး။ နောက်ခံ Background မှာ အရောင်ပါတာ၊ မပါတာ အဲဒီလောက်ပဲကွဲပါတယ်။ ဒီနေ့ခေတ် အသုံးပြုနေကြတဲ့ တားရော့ကတ်ထုပ်တွေထဲမှာတော့ အရှေးအကျဆုံး မူရင်းရုပ်ပုံတွေနဲ့ အနီးစပ်ဆုံးအဖြစ် တည်ရှိနေတဲ့ကတ်ထုပ်ပေါ့။

အခု ရှေးဟောင်းပုံစံကတ်ထုပ်ထဲကရုပ်ပုံတွေနဲ့ ခင်ဗျားယူလာတဲ့ A.E Waite ကတ်ထုပ်ထဲကရုပ်ပုံတွေနဲ့ ဘာတွေကွာသလဲ ကြည့်ရအောင်။

ဒီကားချပ်က ခင်ဗျားယူလာတဲ့ အထုပ်ထဲက Foot ကားချပ်။ ဟော့ဒီကားချပ်ကတော့ ကျွန်တော့်အထုပ်ထဲက Foot ကားချပ်။ ကဲ - ယှဉ်ကြည့်၊ ဘာတွေကွာသလဲ၊ ဘယ်လိုတွေကွာသလဲ"

"အရောင်တွေကလုံးဝကွာတယ်။ ကျွန်တော့်ပုံထဲမှာ အဝါရောင်လွင်လွင်နောက်ခံ၊ ဆရာစိုးရဲ့ပုံမှာက နောက်ခံ လီမွှော်ရောင်"

"နောက်ထပ် ဘာတွေကွာသလဲ၊ ရုပ်ပုံဟန်ပန်တွေကို သေသေချာချာ ကြည့်ပါဦး"

"ဟုတ်တယ် ဆရာစိုး၊ ကျွန်တော့် ကားချပ်ထဲက အရူးရဲ့ပုံက ဘယ်ဘက်ကို မျက်နှာမူပြီး ရှေ့ကိုသွားမယ့်ဟန်၊ ဆရာစိုးရဲ့ကတ်ထဲကပုံက ညာဘက်ကို မျက်နှာမူပြီးရှေ့ဆက်သွားမယ့်ပုံ။ပြောင်းပြန်ကွာနေတယ်"

"အဲဒီလို ပုံသဏ္ဌာန်တွေကွာရင် အဓိပ္ပာယ်တွေလည်းကွာသွားပါတယ်။ တားရော့ပညာက Sylolism ရုပ်ပုံသင်္ကေတတွေ၊ အရောင်တွေနဲ့ ရေးခြယ်ထားတာကို အဓိပ္ပာယ်ဖော်ရတဲ့ ပညာဖြစ်ပါတယ်။ အဝါရောင်က ချစ်ခြင်းမေတ္တာ၊ သံယောဇဉ်ကိုဖော်ပြပြီး လီမွှော်ရောင်က စိတ်ပျံ့လွင့်ခြင်း၊ မတည်ငြိမ်ခြင်း၊ လေယူရာတိမ်းတတ်ခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ပြပါတယ်။ နောက် တားရော့ဟောရာမှာ မိမိရဲ့ဘယ်ဘက်က အတိတ်၊ ရှေ့တည့်တည့်က ပစ္စုပ္ပန်၊ ညာဘက်က အနာဂတ်ကာလကို ရည်ညွှန်းပါတယ်။ အဲဒီလို တားရော့ပညာရဲ့ အခြေခံသဘောတရားတွေနဲ့ ခင်ဗျားရဲ့ ကားချပ်ကို အဓိပ္ပာယ်ပြန်ပြီးဟောရမယ်ဆိုရင် ပြောင်းပြန်တွေထွက်လာမှာပေါ့"

"တားရော့မှာ အဲဒီလောက် အသေးစိတ်အဓိပ္ပာယ်တွေဖွင့်ဆိုရမှန်း ကျွန်တော် မသိဘူး။ သာမန်ပဲ ကတ်ကိုကြည့်ပြီး ဟောနေကြတာလို့ပဲ ကျွန်တော်ကထင် ထားတာ။ အခုလိုခိုင်မာတဲ့အဓိပ္ပာယ် တွေနဲ့ အကြောင်းနဲ့အကျိုးဆက်စပ်တွေ ခေါ်ပြီးယူရတယ်ဆိုတာ အခုမှသိတာ ပါ။ ခဏဖုန်းဆက်ခွင့်ပြုပါ။ ကျွန်တော် သူငယ်ချင်းကို ဖုန်းဆက်ပြီး ခေါ်လိုက် ဦးမယ်။ သူလာနိုင်မလားမသိဘူး"

. . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

". . . . သူငယ်ချင်း မင်းကို [illegible] နောက်နေတာမဟုတ်ဘူး။ တကယ် အတည်ပြောနေတာ။ အခုငါအဲဒီဆရာ ရှေ့မှာထိုင်နေတာ။ ငါ့ကိုတားရော့ကတ် တွေအကြောင်းပြောပြနေတာ။ အဲဒါ ကြောင့် မင်းလာနိုင်ရင်လာခဲ့။ မိုးကောင်း ဘုရားအနောက်ဘက်မုခ်မှာ။ ဘုရားရှေ့ ရောက်ရင် ဖုန်းဆက်လိုက်။ ငါထွက် စောင့်နေမယ်။ အေး အေး။ ဆရာ့ သူလာမယ်၊ ခဏတော့စောင့်ပေး ပုဇွန်တောင်ကလာရမှာ။ ကျွန်တော် လက်ဖက်ရည်သောက်ရင်း စောင့်ကြ တာပေါ့"

"Ok"

ခဏနေတော့ သူ့မိတ်ဆွေရောက် လာပါတယ်။ ခဏတစ်ဖြုတ် မိတ်ဆက် စကားပြောအပြီးမှာ သူ့မိတ်ဆွေကို တား ရော့နဲ့ကြည့်ဖို့ တောင်းဆိုလာပါတယ်။

"ညီလေးက ဘာတွေသိချင် မေး ချင်တာလဲ"

"အဓိကတော့ စီးပွားရေးအခြေ အနေ၊ အလုပ်အခြေအနေလေးတွေ သိ ချင်ပါတယ်"

ငွေရေးကြေးရေး၊ စီးပွားရေးလုပ် ငန်းတွေပါရင် အတိုက်အခိုက်၊ အပြိုင်အ ဆိုင်၊ အရှုံးအမြတ်ကိစ္စတွေ ရှုပ်ထွေး နေမှာမို့ Major + Minor ပေါင်းထား (၇၈) ကတ်ပါ တားရော့ထုပ်နဲ့ဟော ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော် အဲဒီလိုမျိုး Major + Minor ကတ် (၂) ထုပ်ကို တစ်လှည့်စီသုံးပါတယ် ရောမကလာတဲ့ ကတ်ထုပ်နဲ့ အီတလီက လာတဲ့ကတ်ထုပ်။ အခုလက်ရှိသုံး တာက ရောမကလာတဲ့ ကတ်ထုပ် ဆရာကြီးဦးငြိမ်းအောင်ထုတ်ခဲ့တဲ့ ပါ။ ဆရာကြီးကို အောက်မေ့သတိရ အနေနဲ့ရော ရောမရဲ့အတွေးအ အယူအဆလေးတွေလည်း ပျောက်မပျောက်အောင်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ရောမDesignကတ်ထုပ်ရွေးချယ်သုံးဖို့စဉ်းစားပြီးတဲ့နောက် ကျွန်တော့်ရဲ့ဘယ်လက်နှစ်ဖက်ကို ရေမွှေးရောစပ်ထားတဲ့ရေနဲ့ လက်ဆေးပါတယ်။ ပြီးတော့ ဘယ်ဝဲနှစ်ဖက်ကို ရေမွှေးဆွတ်ဖျန်းပါတယ်။ ပြီးမှ တားရော့ကတ်ထုပ်ကို လက်နှစ်ဖက်ဖြင့်ကိုင်၊ မျက်နှာရှေ့မှာထား၊ နဖူးနဲ့ထိထားပြီး အောက်ပါအတိုင်း မေတ္တာပို့ပင့်ဖိတ်ပါတယ်။

၁။ တားရော့အစောင့်အရှောက်ပုဂ္ဂိုလ်များ (ကျန်းမာချမ်းသာကြပါစေ)၊

၂။ တားရော့ပညာရှင် အစဉ်အဆက်၊ ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာအပေါင်း (ကျန်းမာချမ်းသာကြပါစေ)၊

၃။ ရှမ်ဘဲလား မဟာသဒ္ဓမ္မအဖွဲ့မှ တားရော့ဆိုင်ရာ ဆရာသခင်များ၊ ဂမ္ဘီရဆိုင်ရာ ဆရာသခင်များကိုယ်တိုင် ကြွရောက်၍ တပည့်တော်အား ဉာဏ်အလင်းဖွင့်ပေးတော်မူပါ။

ဤကာယကံရှင် သိလိုသော၊ သိသင့်သိထိုက်သော ကိစ္စရပ်များကို မှန်တန်တိကျစွာ လမ်းညွှန်ပြသပေးတော်မူပါ။

၄။ တပည့်တော်အားစောင့်ရှောက်လျက်ရှိကြကုန်သော သမ္မာဒေဝနတ်အပေါင်း၊ သူတော်စင်သူတော်မြတ်အပေါင်း၊ ဆရာသခင်အပေါင်း၊ ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်အပေါင်း (ကျန်းမာချမ်းသာကြပါစေ)၊

၅။ ဤကာယကံရှင်အား စောင့်ရှောက်လျက်ရှိကြကုန်သော သမ္မာဒေဝနတ်အပေါင်း၊ သူတော်စင်၊သူတော်မြတ်အပေါင်း၊ ဆရာသခင်အပေါင်း ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်အပေါင်း (ကျန်းမာချမ်းသာကြပါစေ)၊

၆။ ဤပတ်ဝန်းကျင်တွင်ရှိနေကြကုန်သော သမ္မာဒေဝနတ်မြတ်အပေါင်း သူတော်စင် သူတော်မြတ်အပေါင်း၊ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်အပေါင်း(ကျန်းမာချမ်းသာကြပါစေ)၊

ကျွန်တော် အထက်ပါအတိုင်း မေတ္တာပို့ပင့်ဖိတ်ပြီးတဲ့အခါ မေးခွန်းမေးမယ့်သူရဲ့ လက်နှစ်ဖက်ကို Snowtower နဲ့ သန့်ရှင်းစေပါတယ်။ ပြီးရင် ရေမွှေးဆွတ်ဖျန်းပေးပါတယ်။ ပြီးတော့မှ အဲဒီလို သန့်ရှင်းစင်ကြယ် မွှေးကြိုင်သန့်ပြန့်တဲ့လက်နှစ်ဖက်နဲ့ တားရော့ထုပ်ကို ကိုင်ခိုင်းပြီး မေတ္တာပို့ခိုင်းပါတယ်။

"တားရော့ အစောင့်အရှောက်ပုဂ္ဂိုလ်များ ကျန်းမာ ချမ်းသာပါစေ' လို့ ယုံယုံကြည်ကြည် လေးလေးနက်နက်နဲ့ သုံးခါ မေတ္တာပို့ပေးပါ"

. . . . . . . . . . . . . .

. . . . . . . . . . . . . .

. . . . . . . . . . . . . .

ပြီးရင် ကတ်ထုပ်ကို စားပွဲပေါ် ချလိုက်ပါ။ ညီလေးရဲ့ဘယ်ဘက်လက်ဖဝါးကို တားရော့ကားချပ်တွေအပေါ်မှာ မှောက်ပြီးတင်ထားပါ။ ပြီးရင် မိမိသိချင်တဲ့အကြောင်းအရာတွေ ပြတ်ပြတ်သားသားမေးပါ။ စိတ်ထဲကမေးရင်လည်းရပါတယ်။ နှုတ်ကဖွင့်ထုတ်ပြီးမေးရင်လည်း ရပါတယ်။ ညီလေးမေးရမှာက တားရော့ကတ်ထုပ်ကို မေးရမှာနော်။ အဖြေပေးမှာက တားရော့ကားချပ်တွေက အဖြေပေးမှာ။ တားရော့ကပြောတဲ့ အကြောင်းတွေကို ဆရာက ဘာသာပြန်ပေးရမှာ။ ဒါကြောင့် တားရော့ကတ်ထုပ်ကိုသာ အာရုံပြုပြီးမေး၊ မေးပြီးရင် ညီလေး စိတ်ကြိုက်ချိုးပြီး ဘယ်ဘက်မှာ ပုံလိုက်"

. . . . . . . . . . .

"ကဲ - ရပြီ၊ ညီလေးရဲ့အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံးရဲ့အခြေအနေ ပြည့်ပြည့်စုံစုံသိရအောင် Calthic Method ဖြန့်ခင်းပုံနဲ့ ကားချပ် (၁၀) ကတ်နဲ့ ဟောပေးမယ်"

တားရော့ကားချပ်တွေ ပုံစနစ်တကျဖြန့်ခင်းနေတုန်း -

"ဆရာစိုး၊ ကျွန်တော်ကြားဖြတ်ပြီး တစ်ခုလောက်မေးပါရစေ"

"မေးလေ"

"ဆရာစိုး၊ အခုနက မေတ္တာပို့ပင့်ဖိတ်တဲ့အထဲမှာ ဇူးနတ်မင်းကြီးဆိုတာပါသလား"

"ပါတာပေါ့၊ ခင်ဗျားက ဘယ်လိုသိထားလို့လဲ။ ဘယ်မှာတွေ့ဖူး၊ ဖတ်ဖူးထားလို့လဲ"

"သိမထားပါဘူး။ ဘယ်မှာမှလဲပဲ မဖတ်ဘူး၊ မကြားဖူးပါဘူး"

"ဒါဆို ဘယ်လိုလုပ်ပြီး ဇူးနတ်မင်းကြီးလို့သိရတာလဲ။ ရောမလူမျိုးတွေဆီကဆင်းသက်လာတဲ့တားရော့ကျတော့ ရောမလူမျိုးတွေ ကိုးကွယ်ယုံကြည်တဲ့ နတ်ဘုရားသမိုင်းတွေပါတာပေါ့။ အီဂျစ်ကလာတဲ့တားရော့ကျတော့ အီဂျစ်နတ်ဘုရားတွေရဲ့ သမိုင်းတွေပါတာပေါ့။ ဒီကတ်ထုပ်က ရောမအထုပ်ဆိုတော့ ရောမဘာသာရေးမှာ ဇူးနတ်မင်းကြီးက အချုပ်ပါပဲ။ သူရှိတာပေါ့"

ကျွန်တော်က လိုရင်းပဲဖြေပြီး တားရော့ဟောဖို့ စတင်စဉ်းစားပါတယ်။ အဲဒီတုန်း တားရော့မေးမယ့် ညီငယ်ကလည်း-

"နည်းနည်းတော့ ထူးဆန်းတယ် ဆရာ။ ကျွန်တော်လည်း ခုနကကြက်သီးတွေထသွားတယ်"

ဒီလိုနဲ့ တားရော့ဟောပြောစရာရှိတာတွေဟောပြောပြီး အကြောင်းကိစ္စလေးရှိနေတာကြောင့် သူတို့နှစ်ဦးအချိန်မီထွက်သွားကြပါတယ်။

ဇူးနတ်မင်းကြီးကိစ္စမရှင်းမရှင်းနဲ့ ရင်ထဲမှာ အရမ်းသိချင်နေတယ်။ ဒါနဲ့ လူပျိုကြီးကိုဖုန်းဆက်ပြီး လူချင်းတွေ့ရင် ဒီအကြောင်းကို စုံစုံလင်လင်ပြောဖို့ တောင်းဆိုထားလိုက်မိတယ်။

**□ လက်ညှိုးထောင် ကိုယ်ရောင်လင်းစေ**

နောက် (၃) ရက်အကြာ -

"ကဲ - လူပျိုကြီး၊ ဟိုတစ်နေ့က လောလောလောလောဖြစ်နေကြတာနဲ့ ဇူးနတ်မင်းကြီးအကြောင်း သေသေချာချာမမေးလိုက်ဖြစ်ဘူး။ လက်ဖက်ရည်ဆိုင်သွားမယ်။ အဲဒီမှာ အေးအေးဆေးဆေးပြောကြတာပေါ့"

"သွားကြမယ်လေ၊ ဆရာဇော်အောင်သိန်းကိုလည်း လက်ဖက်ရည်သောက်ခေါ်လိုက်ရအောင်"

"ခေါ်လိုက်လေ"

လေထန်ကုန်းလို့ ကျွန်တော်တို့ခေါ်တဲ့ မိုးကောင်းစေတီရဲ့တောင်ဘက်၊ ကွင်းစပ်က လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ကြပါတယ်။ Thank You (၂)ခွက်မှာအပြီး ဆရာဇော်အောင်သိန်းလည်း ရောက်လာပါတယ်။

"လူပျိုကြီးပြောတော့ . . . . ဟိုတစ်နေ့ကအကြောင်း. . . "

"ဒီလိုဗျ။ ဆရာစိုး အစောင့်အရှောက်ပုဂ္ဂိုလ်တွေကိုမေတ္တာပို့ပင့်ဖိတ်နေတုန်း ဆရာစိုးရဲ့ရှေ့စားပွဲခင်းကတ္တီပါအစိမ်းရောင်အပေါ်မှာ အဖြူရောင်မှုံတစ်ပုံပေါ်လာတယ်။ အမြင့်က (၂) ပေ၊ (၃)ပေလောက်ပဲရှိမယ်။ အဖြူရောင်ဆိုပေမယ့် ငွေရောင်နော်။ တလက်လက်နဲ့။ ကျွန်တော်က ဘာပါလိမ့်လို့စဉ်းစားပြီး ကြည့်နေတုန်း အဲဒီပုဂ္ဂိုလ်က 'ငါဇူးနတ်မင်းကြီးကွ' လို့ လေသံမာမာနဲ့ ပြောလိုက်သံကြားကြတယ်။ ကျွန်တော့်ကို ယုံစေချင်တဲ့သဘောလို့ ကျွန်တော်ထင်တယ်"

ဆရာဇော်အောင်သိန်းက -

"သူ့မျက်နှာက ဘယ်လိုလူမျိုးရဲ့

www.burmeseclassic.com

တူသလဲ၊ သူက ဘယ်ဘာသာစကားနဲ့ ပြောတာလဲ"

"သူဘယ်ဘာသာစကားနဲ့ပြောတာလဲဆိုတော့ ကျွန်တော်ဘယ်သိမလဲ။ တကယ့်အသံကို ကျွန်တော့်ရဲ့နားနဲ့ တိုက်ရိုက်ကြားရတာ မဟုတ်ဘူးလေ။ ကျွန်တော့်ရင်ထဲမှာသိနေတာကိုပြောတာ။ မျက်နှာကတော့ မထင်ရှားဘူး။ အဲဒီ အဖြူရောင်၊ ငွေရောင်အတိုင်းပဲ။ အဲဒီ ဗူးနတ်မင်း ဆိုတာကို အရင်တုန်းက ကျွန်တော်မကြားဖူးဘူး၊ မသိဘူး။ အဲဒါကြောင့် ကျွန်တော် အံ့ဩနေတာပေါ့။ သူငယ်ချင်းကလည်း သူလည်း ကြက်သီးတွေထလို့ အံ့ဩနေတယ်။ ကဲ- ဆရာစိုး၊ ကျွန်တော်ဆုံးဖြတ်လိုက်ပြီ။ တားရှေ့ သင်တော့မယ်။ ဘယ်နေ့စရမလဲ၊ တားရှေ့ Original ကိုရော ဘယ်လိုရမလဲ"

"သင်ရမှာပေါ့ လူပျိုကြီးရယ် ဖြည်းဖြည်းပေါ့။ ကျွန်တော် သင်္ကြန်တွင်း စစ်ကိုင်းတောင်ကိုသွားရဦးမယ်။ ပြန်လာမှ သင်ကြတာပေါ့။

အကြောင်းဆုံလို့ ပြောရဦးမယ် ကိုဇော်ဝင်းအောင်။ တားရှေ့ကတ်ထုပ်တွေမှာ အစောင့်အရှောက်တွေရှိပါတယ်လို့လာမေးတဲ့ ဗေဒင်မေးပရိသတ်တွေထဲကပြောပြတာ။ ခင်ဗျားနဲ့ဆို(၃)ဦးရှိပြီ။ အရင်နှစ်ယောက်ရှိသေးတယ်"

"ဟုတ်လား၊ ဆရာစိုး လျှိုမထားနဲ့လေ။ ကျွန်တော့်ကိုလည်းပြောပြပါဦး"

"လျှိုထားတာမဟုတ်ဘူး။ မယုံရင် ကြွားတယ်လို့ထင်မှာစိုးလို့။ အခုတိုက်ဆိုင်လာတော့မှပြောပြတာပါ"

"ကျွန်တော်ယုံပါတယ်။ အရင်ထဲက ကျွန်တော့်မှာ ပရလောကနဲ့အတွေ့အကြုံရှိဖူးပါတယ်။ ကျွန်တော် သင်္ဘောပေါ်မှာတုန်းက နှစ်ခါလောက် ပရလောကသားတွေကကူညီခဲ့လို့ ကျွန်တော့်ပြဿနာတွေက သီသီလေးလွတ်မြောက်ခဲ့ရဖူးတယ်။ ပြောပါ"

"ပထမတစ်ဦးက ဒေါ်နီလာဆိုတဲ့ အမျိုးသမီးတစ်ဦးပါ။ သူက ကျွန်တော်ရဲ့တားရှေ့ပရိသတ်ပါ။ ဘာသာရေးကို အရမ်းလေးစားတယ်။ ကြည်ညိုတယ်။ အိမ်ကဘုရားခန်းမှာ ပန်းမညှိုးစေရ၊ ပွဲမပြတ်စေရ။ တစ်နေ့ကို(၃)ကြိမ်လောက် ဘုရားဝတ်ပြု ပုတီးစိပ်တယ်။ ကျွန်တော် အရှေ့ဘက်မုခ်မှာရှိကတည်းက လာမေးနေကျပါ။ ဒါပေမယ့် ဘာမှထူးထူးခြားခြားမပြောခဲ့ဘူး။ အဲဒီအနောက်မုခ်မှာ ဟောခန်းပြောင်းဖွင့်ပြီးတဲ့နောက် သူကိစ္စလေးတွေရှိလို့လာမေးတယ်။ ထုံးစံအတိုင်းပေါ့။ ကျွန်တော့်ဘက်က ပြုဖွယ်ကိစ္စတွေပြုပြီး သူ့ကိုမေတ္တာပို့ခိုင်း၊ မေးခိုင်း၊ ချိုးခိုင်းတာပေါ့။ သူမေတ္တာပို့အပြီးမှာ -

'ဆရာ၊ တားရှေ့ကတ်တွေမှာ အစောင့်အရှောက်ပုဂ္ဂိုလ်တွေ ရှိတယ်ဆရာ။ ကျွန်မလက်ကို ဓာတ်စီးသလို စွမ်းအားတစ်ခုခုစီးဝင်လာတာကို သိသိသာသာသတိထားမိတယ်။ ကျွန်မလည်း အံ့ဩဝမ်းသာပြီး သူတို့ကိုထပ်ပြီးမေတ္တာပို့ပေးလိုက်ပါတယ်ဆရာ' တဲ့။

ဒီတော့ ကျွန်တော်က ရှိမှာပေါ့၊ အစောင့်အရှောက်ပုဂ္ဂိုလ်တွေ ဆရာကတော့ မတွေ့ဖူးဘူး၊ မခံစားဖူးဘူး။ ဒါပေမယ့် ရှိတယ်လို့ ယုံကြည်တယ်။ ဒါကြောင့် ဆရာသခင်တွေကိုပင့်ဖိတ်တဲ့အခါ၊ အစောင့်အရှောက်ပုဂ္ဂိုလ်တွေကို မေတ္တာပို့တဲ့အခါ တကယ်ကြွရောက်လာတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့လေးလေးနက်နက်ပို့ပါတယ်။ သူတို့ကြွရောက်နိုင်အောင်လည်း လက်တွေကို သန့်ရှင်းစင်ကြယ်စေဖို့၊ မွှေးကြိုင်နေစေဖို့ ကြိုတင် ပြင်ဆင်ထားတာပေါ့လို့ အဲဒီလောက်ပဲ ပြောပြလိုက်ပါတယ်။

ဒုတိယတစ်ဦးက ဒီအနောက်မုခ်ရဲ့ရှေ့မှာနေတဲ့ ကျွန်တော်နဲ့ မိဘလိုခင်မင်နေတဲ့ အဘ ဦးခင်မောင်ဝင်းရဲ့သမီးပါ။ အဘက ကျွန်တော့်ဆီ နံနက်တိုင်းနီးပါးလာပြီး အာလာပသလ္လာပစကားတွေပြောရင်း ဆုံးမစရာရှိရင် ဆုံးမပါတယ်။ ကျင့်သုံးတဲ့ဗုဒ္ဓရဲ့ကျင့်စဉ်တွေကိုလည်း လမ်းညွှန်ပါတယ်။ အဲဒီလိုနဲ့ အဘတို့မိသားစုနဲ့ ခင်မင်သွားပါ တယ်။ တစ်နေ့ညနေခင်းမှာ အဘရဲ့သမီးကြီး မခင်မမ (ဒေါ်ခင်မမဝင်း၊ လ/ထ ကထိက(ငြိမ်း) တပ်မတော်ဆေးတက္ကသိုလ်၊ Yadanar La Wun Gems & Jewellery shop - 09 5115473) သူစီးပွားရေး၊ ဘဝကြီးပွားတိုးတက်ရေးကိစ္စလေးတွေကိုလာရောက်မေးမြန်းဆွေးနွေးပါတယ်။ ရှေ့ဦးပြုဖွယ်ကိစ္စတွေပြုပြီး ထွက်ပေါ်လာတဲ့တားရှေ့ရဲ့ဟောကြားချက်တွေကို ပြောပြဆွေးနွေးပါတယ်။ အဲဒီကိစ္စတွေပြီးတော့မှ ဒေါ်ခင်မမကပြောပါတယ်။

'ဆရာ၊ ကတ်တွေမှာ အစောင့်အရှောက်ရှိတယ်။ ခုနက မေတ္တာပို့တုန်းက ကြွလာတယ်' တဲ့။

ညည်းဘယ်လိုသိသလဲ၊ စိတ်ထဲက ခံစားမိတာလား။ ဒါမှမဟုတ် လက်တွေမှာဓာတ်စီးလာတဲ့သဘောလား' လို့ ကျွန်တော်က အသေးစိတ်ထပ်မေးပါတယ်။

ဒီတော့ သူက -

'ကျွန်မက ကျောက်မျက်ရတနာအရောင်းအဝယ်လုပ်တော့ ကျောက်မျက်နဲ့ပတ်သက်ရင် ထိုက်သင့်သလောက်ကျွမ်းကျင်တယ်။ ဒီတော့ တစ်ယောက်ယောက်က ကျောက်တစ်လုံးလာပြရင် ကျွန်မက လက်နဲ့ကိုင်လိုက်တာနဲ့ တန်းသိတယ်၊ ကျောက်အစစ် ဟုတ်၊ မဟုတ်ဆိုတာကို။ အသေအချာကြည့်ပြီးတော့ ခန့်မှန်းတန်ဖိုးလောက်တော့ အကဲဖြတ်နိုင်တယ်။အဲဒီဥပမာလိုပဲ ဆရာ့တားရှေ့ကတ်ထုပ်ကို ကျွန်မကိုင်လိုက်တာနဲ့သိတာပါ'

'အေး- ညည်းတို့က နိစ္စဓူဝ မပြတ်တမ်း ဘုရားရှိခိုး၊ ဗုဒ္ဓဒေသနာ၊ ပရိတ်ဂါထာတွေရွတ်၊ အဓိဋ္ဌာန်တွေဝင်ဆိုတော့ အစောင့်အရှောက်ပုဂ္ဂိုလ်တွေကြွမှန်းသိရတာဖြစ်မှာပေါ့။ ဆရာတို့တကျင့်ကြံအားထုတ်မှုနည်းတယ်ထင်တယ်။ နေ့စဉ် သူတို့ကို ပင့်ဖိတ်မေတ္တာပို့ခဲ့တာနေ့စဉ်ပါပဲ (၇)နှစ်ကျော်ပြီ။ ဘာတစ်ခုမှမခံစားရသေးဘူး။ ဆရာတို့ တော်တော်ညံ့သေးတာပဲ။ သမထဝိပဿနာအလုပ်တွေ အများကြီးလုပ်ဖို့လိုသေးတယ်'

အဲသလို ဝမ်းနည်း၊ ဝမ်းသာခံစားခဲ့ရဖူးပါတယ်။ ဝမ်းသာတာက တားရှေ့ပညာကို ယုံကြည်လေးမြတ်စွာ တန်ဖိုးထားပြီး လေ့လာအသုံးပြုဖြန့်ဝေလုပ်လာတာကြာခဲ့ပြီ။ အခုလို အစောင့်အရှောက်ပုဂ္ဂိုလ်တွေကြွရောက်လာတယ်ဆိုတော့ ဝမ်းသာတာပေါ့။ ပညာလည်းမှန်၊လုပ်နည်းလည်းမှန်တယ်လို့သိရတော့ ဝမ်းသာတာပေါ့။ ဝမ်းနည်းတာကတော့ နေ့စဉ် ဂါဝရပြု၊ မေတ္တာပို့၊ အမျှဝေလုပ်နေတဲ့ကိုယ့်ဆီကျတော့ ကိုယ်တိုင်သိအောင်မပြဘူး။ ဧည့်သည်တွေကိုတော့ သိအောင်ပြပေးတယ်ဆိုပြီး ဝမ်းနည်းတာပေါ့။

ကဲ - လူပျိုကြီး၊ ပုံပြင်လေးတော့ ဒါပါပဲကွယ်။ ဒီအတွေ့အကြုံ သုံးခုထဲမှာ ခင်ဗျားမြင်တွေ့ရတာအထူးခြားဆုံး၊ အထင်ရှားဆုံး ဖြစ်ပါတယ်။ နောက်တစ်ဆက်တည်းပဲ ရင်ထဲမှာပေါ်လာတဲ့ဆန္ဒက ဒီဖြစ်စဉ်လေးတွေကို စာရေးပြီးတော့ သူရဇ္ဇကိုပို့ချင်တယ်။ မဂ္ဂဇင်းမှာ ခွင့်ပြုဖော်ပြခဲ့ရင် တားရှေ့ဝါသနာရှင်တွေ၊ တားရှေ့ပရိသတ်တွေအတွက် တစ်စုံတစ်ခုသော အရှေ့အမြင်၊ တစ်စုံတစ်ရာသော ကောင်း



www.burmeseclassic.com

www.burmeseclassic.com

ထူးလေးတွေရှိမယ်လို့ ထင်ပါတယ်။ ဒီအထဲက ကာယကံရှင်တွေကိုတော့ ခွင့်တောင်းချင်သေးတယ်။ ဒီဖြစ်စဉ်ကို နာမည်အရင်းနဲ့ပါထည့်သွင်းဖော်ပြခွင့် ပေါ့။ နာမည်အတုနဲ့ဆိုရင် ကျွန်တော်က စိတ်ကူးယဉ်ဖန်တီးပြီး လူစိတ်ဝင်စား အောင် ကြေညာတယ်ထင်မှာစိုးလို့ပါ"

□ အဓိပ္ပာယ်ရခက်တဲ့ပဋ္ဌာန်းဆက်

"သမီးရေ၊ အဲဒီလိုထူးခြားဖြစ်စဉ် လေးတွေကြုံခဲ့ရဖူးတယ်။ အဲဒီနောက် ပိုင်းမှာ ဆရာကိုယ်တိုင်ကလည်း အရင် ထက်ပိုပြီးအလေးအနက်ထားတယ်။ ဘုရားရှိခိုးပြီးတိုင်း တားရော့ဆိုင်ရာ၊ ဂမ္ဘီရ ဆိုင်ရာ ဆရာသခင်တွေ၊ တားရော့ အစောင့်အရှောက်ပုဂ္ဂိုလ်တွေကိုပင့်ဖိတ် ပြီး မေတ္တာပို့၊ အမျှအတန်းပေးဝေတာ ကို အထူးသတိထား အာရုံပြုပြီးကုသိုလ် လုပ်တယ်။ သမီးတို့လို တားရော့ကို ယုံကြည် အားကိုးသူတွေကို အရင်က ထက် ပိုပြီးတော့ အလေးအနက်ထားဖို့ တိုက်တွန်းနေရတာပါ။ ပဋ္ဌာန်းဆက် ဆိုတဲ့ စကားကို သမီးလည်းသိပြီးသားပါ။ အရင့်အရင်ဘဝတွေတုန်းက ဆွေမျိုး တော်စပ်ခဲ့ဖူးတဲ့ ပဋ္ဌာန်းဆက်၊ ဆရာ တပည့်တော်စပ်ခဲ့ဖူးတဲ့ ပဋ္ဌာန်းဆက်၊ ဝါသနာတူ လုပ်ငန်းတူ ခင်မင်လက်တွဲခဲ့ ဖူးတဲ့ ပဋ္ဌာန်းဆက်ဆိုပြီး မရေမတွက် နိုင်တဲ့ သံသရာထဲက ဘဝများစွာမှ အကြောင်းအကျိုးဆက်နွယ်မှုတွေရှိခဲ့ကြ မှာပေါ့။

ဆရာလည်း ဗေဒင်ပညာရပ်တွေ အများကြီးရှိတဲ့အထဲကမှ ဒီတားရော့ ပညာကို ပိုပြီးထူးထူးခြားခြားစိတ်ဝင်စား ဖြစ်လေ့လာဖြစ်တယ်။ ပြန်ပြီးဟောပြော အသုံးချတဲ့အခါမှာလည်း လက်ခံတဲ့သူ များတယ်။ ဒီတော့ တားရော့ပညာနဲ့ ပဋ္ဌာန်းဆက်ပါခဲ့မှာပေါ့။ အခု သမီးတို့ လည်း ဗေဒင်ပညာတွေများစွာထဲကမှ တားရော့ကို ပိုပြီးတော့စိတ်ဝင်စားတယ်။ ဗေဒင်ဆရာတွေအများကြီးရှိတဲ့အထဲက မှ ဆရာနဲ့တွေ့ဆုံရင်းနှီးမှုဖြစ်လာတယ်။ ဒါတွေဟာ တားရော့ဆိုတဲ့ဂမ္ဘီရပညာကို အကြောင်းပြုပြီးဖြစ်လာတဲ့ ပဋ္ဌာန်းဆက် တွေပေါ့။ ဒါဆိုရင် တားရော့ပညာရှင် တွေ၊ ဆရာသခင်တွေ၊ အစောင့်အရှောက် ပုဂ္ဂိုလ်တွေကရော. . .။ သူတို့နဲ့လည်း တားရော့ကို အကြောင်းပြုတဲ့ ပဋ္ဌာန်း ဆက်တွေပေါ့။ တားရော့ပညာကို ယုံ ကြည်ရင် သူတို့လည်း ပြန်လည်စောင့် ရှောက်ကူညီကြမှာပေါ့။ အဲဒါကြောင့် ယခင်ကထက် အလေးအနက်ထားပြီး မေတ္တာပို့ဖို့ တိုက်တွန်းတာပါ"

"သမီးက နဂိုကတည်းက တားရော့ ကိုယုံပြီးသား။ အခုဆို ပိုပြီးတော့ ယုံကြည်လေးစားသွားတာပေါ့။ သမီးရဲ့ အလုပ်အကြောင်းဆက်ဟောပေး"

□ ပညာစဉ်နဲ့ဆရာသခင်များ

ဒီဆောင်းပါးကို အံ့သြမှုအပြည့်၊ ဝမ်းသာမှုအပြည့်၊ စိတ်လှုပ်ရှားမှုအပြည့် တားရော့ဝါသနာရှင်တွေသိစေချင်တဲ့ ဆန္ဒအပြည့်နဲ့ ရေးသားပါတယ်။

သစ္စာဆိုထားပါတယ်။

ဂမ္ဘီရနယ်ပယ်မှာ လိမ်ညာ၍မရ ပါ။ သက်ဆိုင်ရာ ဆရာသခင်တွေ၊ အစောင့်အရှောက်ပုဂ္ဂိုလ်တွေ၊ ပညာဦးစီး တွေ ရှိကြ၊ သိကြပါတယ်။ မကောင်းသူ ပယ်ကောင်းသူကယ်ပါလိမ့်မယ်။ ပညာ တိုးတက်ဖို့ သူတို့ရဲ့ ခွင့်ပြုချက် အကူ အညီမပါဘဲနဲ့ မဖြစ်နိုင်ပါဘူး။

စီးပွားရှာတဲ့ရည်ရွယ်ချက်တစ်ခု တည်းနဲ့ တားရော့ကိုအသုံးပြုနေသူတွေ ကို မရည်ရွယ်ပါ။

'တားရော့ပညာ' ကို လေ့လာ လိုက်စားနေတဲ့ ဝါသနာရှင်တွေကို ရည်ရွယ်ပါတယ်။ သိစေချင်ပါတယ်။ ကိုးမီး၊ ဘူကြီး ဖဲရိုက်သလို နာမည်ခေါ် ပြီး ရိုက်မချပါနဲ့။ မှောက်ထားတဲ့ ဖဲချပ် က အပွင့်တွေကို ချောင်းသလိုချောင်း မကြည့်ပါနဲ့။ လက်ထဲမှာ (၂)ချပ်၊ (၃) ချပ်ကိုင်ထားပြီး ဘေးတိုက်ပွတ်ကြည့် လိုက်၊ အောက်ကို ပွတ်ကြည့်လိုက်မလုပ် ပါနဲ့။ အမြင်မသင့်ပါဘူး။ 'အမြင်မတော် ဆင်တော်နဲ့ ခလောက်' ဆိုသလို ကမ္ဘာ့ ဂမ္ဘီရစာရင်းဝင်တော်ဝင်ကားချပ်တွေကို မြတ်နိုးယုယစွာ၊ လေးစားစွာ ကိုင်တွယ် ထိတွေ့စေချင်ပါတယ်။

အဲဒီရည်ရွယ်ချက်နဲ့ ဒီဆောင်းပါး ကို ရေးပါတယ်။

မိမိဘက်ကသာ တပည့်ပီသပါ စေ၊ တာဝန်ကျေပါစေ။

အချိန်တန်ရင် ဆရာသခင်တွေ ကြွလာပါလိမ့်မယ် . . .

ဆိုတာ သတိပေး အားပေးစကား ဆိုရင်း. . .

ဆရာစိုး-ရွှေအချက်ဦး
(တားရော့သုံတေသီ)
မိုးကောင်းစေတီတော်
ဖုန်း-၃၀၃၅၉၆၇

## နတ်မောက်မင်းသန့်နိုင်

## သက်ရှည်ကျန်းမာ ဆေးနည်းတစ်ဖြာ

နတ်မောက်မြို့နယ် စည်သာ ကျေးရွာ အင်ပင်တောကျောင်းဆရာ တော် အရှင်ဥက္ကဋ္ဌယထံ ဖူးမြော်ရန် သွား ရောက်ခဲ့ရာ ဥပုသ်စောင့်လာသော မြန်မာဆေးဆရာကြီး ဦးသန်းနိုင်နှင့် တွေ့ရပါသည်။

ဆရာကြီးမှာ အသက်ရှစ်ဆယ် ထဲရောက်နေပြီဖြစ်သော်လည်း နုပျို ကျန်းမာပြီး နှစ်နာရီကျော်အောင် အာနာပါနတရား ရှုမှတ်နိုင်သည်ကို တွေ့မြင်ရပြီး အလွန်ပင် အံ့သြမိရပါ သည်။ ဆရာကြီးမှာ ငယ်စဉ်မှစ၍ ဆေးလိပ်မသောက်၊ အရက်မသောက်၊ ကွမ်းမဝါး၊ နွားနို့ကို ကြံသလို နှစ်ခြိုက်စွာ မှီဝဲသည်။

ဆရာကြီးမှ ၎င်းအံ့ထူးမှီဝဲသော ဆေးနည်းပြောပြသဖြင့် ရေးသားတင်ပြ ပါသည်။ အသက်လေးဆယ်အရွယ်မှ စတင်မှီဝဲခဲ့သည်ဟု သိရပါသည်။

မြန်မာကြက်သွန်ဖြူ အမြှောင်း သေးလေးများ အခွံသင်ထားပြီး (၁၅) ကျပ်သား ရယူပါ။

ထို့နောက် ထောပတ်(၅)ကျပ်သား နှင့် ဝါညိုရောင်သန်းလာအောင်ကြော် ပါ။ ကြော်သည့်အခါ ကြက်သွန်ဖြူ အမြှောင်းလေးများပေါက်ကွဲတတ်သဖြင့် သွားကြားထိုးတံနှင့် အပေါက်လေးများ တိုးဖောက်ပေးထားရပါသည်။

ထိုသို့ကြော်ပြီး အအေးခံကာ အဝ ကျယ်ဖန်ပုလင်းတွင်ထည့်၍ အပေါ်မှ ပျားရည်မြုပ်အောင် လောင်းထည့်ပိတ် ထားပါ။ သုံးရက်ခန့်ရှိလျှင် စတင်စားသုံး နိုင်ပါပြီ။

နေ့စဉ် နံနက်တစ်ကြိမ်၊ ညအိပ် ရာဝင်တစ်ကြိမ် လက်ဖက်စားတစ်ဇွန်း ကော်စားပေးပါ။

အမောလုံ၍ခန္ဓာကိုယ်နုပျိုပေါ့ပါး တာ အသက်ရာကျော်ရှည်ဆေးဟုသိရ ပါသဖြင့် ရေးသား တင်ပြအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



# အခါးရွက်များ အခါးသက်သာစေရန်

နေပြည်တော်ကျော်ကျော်စိုး

လူဆိုတာ အရွယ်နဲ့လိုက်ပြီး ခန္ဓာကိုယ်က လိုအပ်တဲ့ ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ်၊ ငန် စတဲ့ ရသဓာတ်တွေကို သွေးသားကနေတောင်းတတ်ပါတယ်။ အဲဒီအခါ အရွယ်နဲ့လိုက်ပြီး စားချင်စိတ်ဆန္ဒလေးတွေဖြစ်ပေါ်တတ်တယ်။

ကလေးတွေဆိုရင် အဆီများတဲ့ ဝက်သားကိုစားရမှာ အသားကိုပဲစားတယ်။ သူတို့မှာ အဆီဓာတ်မလိုအပ်တာမို့ အဆီကို မစားကြပါဘူး။ ပြီးတော့ ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီး စတဲ့ အခါးတွေကိုလည်း မစားတတ်ကြပါဘူး။ သူတို့မှာ အခါးဓာတ်မလိုအပ်လို့ပါဘဲ။

အရွယ်လေးရလာပြီဆိုရင်တော့ ဝက်သားဆိုရင် အဆီအခေါက်များတဲ့ ဝက်သားကိုမှ မက်မက်မောမောစားတတ်ကြပါတယ်။ အဆီအဆိမ့်အရသာကိုခံစားတတ်ပါပြီ။ ဘာလို့လဲဆိုတော့ အရွယ်ရင့်လာရင် ခန္ဓာကိုယ်မှာ အဆီဓာတ် လိုအပ်လာလို့ပါပဲ။ ပြီးတော့ ငယ်ငယ်တုန်းက အလွန်မုန်းခဲ့တဲ့ ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီး၊ ခွေးတောက်ရွက်၊ ကြောင်လျှာရွက် စတဲ့ အခါးတွေကိုလည်း သွေးကတောင်းလာတာမို့ မက်မက်မောမောအရသာခံပြီး စားတတ်လာပါပြီ။ ဒါက လူတွေရဲ့ သဘာဝပါ။

ကျွန်တော် မိုးကုတ်ကျောက်ဖျာ ရွာမှာ ကျောက်တွင်းလုပ်ရင်းနေစဉ် အခါက ကျောက်ဖျာကျောင်းဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တနာဂိန္ဒနဲ့ ကြာကြာတစ်ခါ ဘာသာသာသနာနဲ့စပ်တဲ့စကားလေးတွေ ပြောဖြစ်ကြပါတယ်။ အဲဒီလိုပြောရာမှာ ဂုဏ်တော်ပွားခြင်း လည်းပါပါတယ်။ စကားစပ်မိတော့ ဆရာတော်က -

"ဒကာ ကိုကျော်စိုးကြီးရေ၊ လူဆိုတာကြီးကတော့ အခါးစားချင်တဲ့ဆန္ဒလေးတွေဖြစ်မိတာပဲရှိတာပါ။ အဲဒီလို ကြက်ဟင်းခါးသီးစားချင်စိတ်ဖြစ်ပေါ်နေရင် တိုက်တိုက်ဆိုင်ဆိုင်ဆိုတာလိုပဲ ဆွမ်းပို့တဲ့အထဲမှာ ကြက်ဟင်းခါးသီး ပါလာတတ်သဗျ။ အဲဒီလိုပေါ့လေ၊ စိတ်ထဲ ချင်ခြင်းတပ်တာလေးတွေပါပါလာတဲ့အခါ ဩော် - ဂုဏ်တော်ပွားခြင်းရဲ့ အကျိုးဟာ ဆန္ဒလေးတွေပြည့်ဝတတ်ပါလားလို့ လက်တွေ့မို့ သိရပါတယ်"

လို့ ပြောပြဖူးပါတယ်။ မှတ်မှတ်သားသားရှိနေရတာပါ။

ကျွန်တော်လည်း အရွယ်လေးရလာတော့ အခါးစားချင်တဲ့ အာသီသ မကြာမကြာဖြစ်တယ်။ ခွေးတောက်ရွက်စားချင်စိတ်ဖြစ်ရင်၊ ခံတက်ရွက်စားချင်စိတ်ဖြစ်ရင် ကိုဘစိုး-မတင်ကြည်တို့ခြံထဲက ခူးစားလိုက်တာပါပဲ။ ခံတက်ကျတော့ စောပြီးစားကြတာပါ။ ပြီးတော့ ဖက်ခါးရွက်စောလည်းအလွန်ကောင်းတာပါ။ ကြက်ဟင်းခါး၊ ကြက်လျှာ၊ ခံတက်၊ ဖက်ခါး ဒါတွေဟာ အခါးတွေပါပဲ။

မိုးကုတ်ရဲ့တောတွေမှာ အလေ့ကျပေါက်တဲ့ ကြောင်လျှာပင်တွေအလွန်ပေါတယ်။ မိုးရာသီရောက်ရင် ကြောင်လျှာသီးတွေ ခူးဆွတ်စားနိုင်ကြပါတယ်။ လမ်းဘေးမှာနေရတဲ့ကြောင်လျှာပင်တွေမှာတော့ လှမ်းဆော့သူတွေကြောင့် မကြာမကြာဆိုတာလို ဟိုလူကခုတ်သွားလိုက်၊ အရွက်တွေဝေလိုက်၊ ဒီလူကဓားနဲ့ ရမ်းသွားလိုက် အရွက်သစ်တွေပြန်ထွက်လိုက်နဲ့ (၁၂) ရာသီကြုံနေရတာပါ။ တောထဲသွားဓားပါမှဆိုတဲ့စကားအတိုင်း တောထဲလုပ်ကွက်ကိုသွားသူတိုင်း လက်မှာ ဓားပါကြစမြဲပါ။ ဒီတော့ လမ်းဘေးအပင်တွေမခံနိုင်ကြပါဘူး။

အသက်ကလေးနည်းနည်းရလာတော့ အခါးစားချင်စိတ်တွေ တားမနိုင်ဆီးမရဖြစ်တာနဲ့ တွင်းအပြင်မှာ လမ်းဘေး ကြောင်လျှာငုတ်ကြီးကနေ အရွက်တွေထွေးနုနေတာကြောင့် ငါးပိရည်ကျိုပြီး တဝတပြတ်စားမယ်ဆိုပြီး တစ်ပွေ့တစ်ပိုက်ကြီးကို ခူးခဲ့တာပါ။ ကြောင်လျှာရွက်နုတွေကလည်း နုနုထွားထွားနဲ့စားချင်စဖွယ်အနေအထားပါ။ ဒါပေမယ့် ကြောင်လျှာရွက်ပြုတ်ဆိုတာ တစ်ခါမှ မစားဖူးပါဘူး။ စားဖူးတာက အညာကလာတဲ့တမာပဲစားဖူးပါတယ်။


ဒီနေ့ ညစာကို ငါးပိရည်ကျိုပြီး ကြောင်လျှာရွက်ပြုတ်နဲ့ တဝကြီးလွေးထည့်လိုက်မယ်။ ကျန်တာကို နောက်နေ့မနက်စာ ကြောင်လျှာရွက်သုပ်မယ်ပေါ့လေ။ စိတ်ကူးကတော့ဟုတ်နေတာပါ။

ဒါပေမယ့်ဗျာ ပြုတ်ပြီးငါးပိရည်နဲ့ စားတဲ့အခါမှာတော့ စိတ်ကူးနဲ့လက်တွေ့ဟာ တခြားစီဖြစ်သွားပါတော့တယ်။ ဘာလို့လဲဆိုတော့ ခါးလိုက်တာ လန့်ထွက်နေလို့ပါပဲ။ ပြုတ်ထားတာက နူးနေအောင်ကိုပြုတ်ထားတာပါ။ ခါးချက်တာတော့ကမ်းကုန်ပါတယ်။ တစ်လုတ်တောင် မျိုမချနိုင်ခဲ့ပါဘူး။ ချက်ချင်းပဲ ထွေးထုတ်ပစ်ရပါတယ်။ ကြောင်လျှာသီးကြော်တော့ကျတော့ ဒီလောက်မခါးဘဲ ဘယ်နှယ့်ဗျာ အရွက်ကျတော့ ခါးချက်က တကယ်နာပါတယ်ဗျာ။ ဒါနဲ့ပဲ အဲဒီ ကြောင်လျှာရွက်တွေအကုန်လွှင့်ပစ်လိုက်ရဖူးပါတယ်။ အခါးစားချင်မိပါတယ်။ ပက်လက်ကိုလန်သွားတာပါ။

အဲဒီနောက်မှာတော့ ကျွန်တော် ကြောင်လျှာရွက်ကို နောင်ကြဉ်သွားခဲ့တာကြောင့် တစ်သက်လုံး မတမ်းတတော့ပါဘူး။ ကြက်ဟင်းခါးသီး၊ တမာ၊ ခံတက်စော၊ ဖက်ခါးစောစတာတွေပဲ စားပါတယ်။

ကျွန်တော် နေပြည်တော်ရောက်တော့ စကားစပ်မိတဲ့အခါ ကိုတင်သန်း မစိုးစိုးတို့အိမ်မှာ အဲဒီကြောင်လျှာရွက်ပြုတ်အကြောင်း ပြောပြဖြစ်ပါတယ်။ တစ်သက်မှာ တစ်ခါမေ့ရက်စရာမရှိတာ။ အဲဒီလောက်ကိုခါးခဲ့တာပါ။ အဲဒီ







www.burmeseclassic.com

ဟု မစိုးစိုးကပြောပြပါတယ်။

"ဦးရယ်၊ ကြောင်လျှာသီးကသာ ချက်ခင် ဆားနဲ့နယ် ဒါမှမဟုတ် မီးဖုတ်ပြီးပြုပြင်ယူလို့မခါးတာပါ။ အရွက်ကျ တော့ခါးတာပေါ့ဦးရဲ့။ ဒီအတိုင်းပြုတ်လို့ ဘယ်ရမလဲ။ အလွန်ခါးတဲ့တမာရွက်တို့၊ ကြောင်လျှာရွက်တို့၊ သရက်ရွက်တို့ အဲဒီ ကိုခါးတဲ့အရွက်တွေပြုတ်တော့မယ်ဆိုရင် မာလကာရွက် အသင့်အတင့်ထည့်ပြီး ပြုတ်ရတယ်။ အဲဒီလို မာလကာရွက် ထည့်ပြုတ်လိုက်ရင် စားလို့ကောင်းတဲ့ အနေအထားကိုရပါတယ်။ မာလကာ ရွက်ထည့်မပြုတ်ရင် အရမ်းခါးလို့မစား နိုင်ကြဘူး"

ဆိုတော့မှ အခါးရွက်ပြုတ်နည်း ကိုရပါတော့တယ်။ ဟုတ်သားပဲ၊ အဖန် က အခါးကိုသတ်နိုင်တဲ့ဟာပဲ။ ချက်ချင်း ပဲ ကျွန်တော် သဘောပေါက်လိုက်ရပါ တယ်။ ၂၀၁၆ နွေဦးမှာ ကျွန်တော့်ခြံ ထဲက ကြောင်လျှာပင်တွေမြင့်လွန်းလို့ အပင်ခြေကနေပြီး ခုတ်လှဲချပါတယ်။ အဲဒီမှာ မကြာပါဘူး၊ အရွက်နုသန်သန် ကြီးတွေထွက်လာတော့တာပါ။ အဲဒီ တော့ ကြောင်လျှာရွက်ပြုတ်နည်းကို ရထားပြီးတဲ့ ကျွန်တော်ဟာ ရွက်နုတွေ ချမ်းသာမပေးဘဲ မာလကာရွက်နဲ့ပြုတ် တော့တာပါပဲ။

ကြောင်လျှာပင်မျိုးဟာ အရည်ရွှမ်း အပင်မျိုးမို့ ခူးလေနုလေ အကိုင်းအခက် ပွားလေအပင်မျိုးပါ။ ပင်ကြီးမျိုးမဟုတ် ပါဘူး။ ပင်လတ်မျိုးနွယ်ပါ။ ကြောင်လျှာ မှာ အဖြူ၊ အနက်ရှိပါတယ်။ အနက်က ပိုခါးပါတယ်။ ဒါပေမယ့် သူဘယ်လောက် ခါးနိုင်မှာလဲ။ မာလကာရွက်ရှိတယ်လေ။

ငါးပိရည်ကျိုပြီး တို့စားတော့ ဟုတ်ပါ့ဗျာ။ စားလို့သင့်တဲ့ အခါးအနေ အထားကိုရောက်နေခဲ့ပါပြီ။ တို့စားစား၊ မြုပ်စားစား၊ သုပ်စားစား၊ ဘယ်လိုစား စား သင့်တင့်တဲ့အခါးကိုရောက်နေခဲ့တာ မို့ ကြိုက်သလိုစိမ်ပြုပြင်ပြီးစားလို့ရပါပြီ။

ဒါကို မီးဖိုဆောင်ဝင်ရတဲ့ အိမ်ရှင်မ တွေသိကောင်းကြပါလိမ့်မယ်။ မသိရင် လည်းသိအောင်၊ သိပြီးရင်လည်း အမှတ် တရရှိအောင် ပြီးတော့ ကျွန်တော်တို့လို အခါးသွေးတောင်းနိုင်တဲ့ အရွယ်တွေ အထောက်အကူပြုအောင်ဆိုပြီး ဒီစာစု လေးကို တင်ပြလိုက်ခြင်းပါ။

မစိုးစိုးသို့အမှတ်တရ
*ချမ်းမြေ့ကြပါစေ*
နေပြည်တော်ကျော်ကျော်စိုး

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

မြင်မြင်သမျှသော နွယ်မြက်သစ် ပင်တို့သည်ကား ဆေးပင်တို့သာဖြစ်ပါ၏။

အဆိုပါ ဆေးပင်များထဲမှ ကိုယ် ကျွမ်းကျင်သောဆေးပင်တို့ကို ရောဂါ အလိုက် ဆေးကုသအထောက်အပံ့ပြု ကြ၏။ အနာနှင့်ဆေးသင့်အောင်ပေး ပျောက်ရေးမခက်ပါ။ အနာနှင့်ဆေးသင့် အောင်မပေးက ရောဂါတိုးပွားလာတတ် ကြ၏။ ဤအချက်တို့ကို သမားတော် များ အထူးသတိပြုသင့်ကြပေလိမ့်မည်။

ဤနေရာတွင် ဝမ်းကိုက်ရောဂါ ပျောက်ကင်းစေတတ်သော ဆေးတော် တစ်လက်ကို ဖော်ပြပေးပါမည်။

ဝမ်းကိုက်ရောဂါများမှာ -

ဝမ်းကိုက်၊ ပိတ်ဝမ်းကိုက်၊ သွေး ဝမ်းကိုက် ဟူ၍ဝမ်းကိုက်ရောဂါရှိကြ၏။

အဆိုပါ ဝမ်းကိုက်ရောဂါမှာ ဝမ်း တကျိုကျိုနာကျင်ပြီး(တစ်နည်း)ဝမ်းကိုက် ခဲပြီးတော့ ဝမ်းသွားသောအခါ သလိပ် ကဲ့သို့ ဝမ်းသွားခြင်း၊ ဝမ်းအနည်းငယ် သာသွားခြင်း၊ ဝမ်းတစ်ခါသွားတော့မည် ဆိုလျှင် မချိမဆံ့ဝမ်းကိုက်ခြင်းကိုခံစား ရပြီး လူနာမှာ အားကုန်ခန်းလာပါတော့ သည်။ အစားပျက်လာ၏။ အစာမစား လို့၊ တစ်နေ့မှာ ဝမ်းလေး၊ ငါးခါသွားရ ၏။ အိပ်လို့ကားမရ။ နောက်တစ်ဖန် ဝမ်းကိုက်ခြင်းကို မချိမဆံ့ခံစားလာရ၏။ ဝမ်းသွားသောအခါ သွေးဝမ်းသွားလာ ၏။ သွေးတစ်စက်ထွက်လာရန် ဝမ်းက မချိမဆံ့ကိုက်ခဲခြင်းကို ခံစားလာရ၏။ ဤသွေးဝမ်းကိုက်သောရောဂါသည်လည်း လူနာကို အနည်းနှင့်အများဆိုသလို ဒုက္ခ ပေးတတ်ကြ၏။ တစ်ခါတစ်ရံ လူနာမှာ အားအင်ကုန်ခန်းလာပြီး နောက်ဆုံးဒုက္ခ ရောက်သွားရလေ၏။

ဤဝမ်း(သွေးဝမ်း)ကိုက်ရောဂါကို လည်း လူတိုင်း ကြောက်ရွံ့ကြသည်။ တစ်ဖန် ပိတ်ဝမ်းကိုက်ရောဂါ၏ လက္ခ ဏာမှာ ဝမ်းသွားရန် ဝမ်းက ကိုက်ခဲနာ ကျင်လာသော်လည်း ဝမ်းကမသွားဘဲ နေ၏။ ဝမ်းကိုက်ခြင်းမှာပိုလို့ပင်အခံရ ခက်လှပါ၏။

ယင်းသို့ ဝမ်းကိုက်ခဲခြင်းသည် ဆက်ကာဆက်ကာ ကိုက်ခဲလာပြီးမှ အနည်းငယ်မျှသော သလိပ်ကဲ့သို့ ဝမ်း ကထွက်လာတတ်၏။ ဝမ်းကိုက်ခြင်း သည် အချိန်မရွေးအခါမရွေးကိုက်လာ တတ်သဖြင့် များစွာခံရခက်ပါ၏။ အင်အားက ကုန်ခန်းလာတတ်ပါ၏။ ဝမ်းညှစ်အားကများသော်လည်း ဝမ်းက မသွားနိုင်ပါ။

အဆိုပါ ရောဂါတို့ကိုပျောက်ကင်း စေရန် ရှေးရှိုင်သမားတော်ကြီးတို့၏ နည်း (ဆေးနည်း) ကို ဖော်ပြပေးပါမည်။ ဆေးကိုမသိက ရောဂါတာရှည်စွာ ခံစား ရပါ၏။ ဆေးကို သိရှိပါက ရောဂါကို တာရှည်စွာမခံစားရပါ။

ဝမ်းကိုက်ရောဂါဆေးတို့ကားများ စွာရှိပါ၏။ ယင်းတို့အနက် အစွမ်းထက် မြက်သောဆေးတို့ကိုသာတင်ပြပါမည်။

၁။ ဇာတိလဝက်ဆေးနှင့်မင်သော် တို့ကိုပေါင်းစပ်သောက်ပေးပါက ရောဂါ ပျောက်ကင်းပါ၏။

၂။ ပျားရည်စစ်စစ်နှင့် ဇာတိပ္ဖိုလ် သီးကိုသွေးပြီးတိုက်ပေးပါ။ ရောဂါ ပျောက်ကင်းပါလိမ့်မည်။

၃။ တောစံကားမြစ်၊ လက်ထုတ် ကြီးမြစ်ကို ရေစင်အောင်ဆေးပါ။ ဆန် ဆေးရည်နှင့်သွေးတိုက်ပေးပါ။ ပျောက် ပါ၏။

၄။ လက်ဖက်အချိုခြောက် (အဆီ ချပါ) သကြားနှင့် ရောစပ်၍တိုက်ပါ။ ပျောက်ကင်းပါ၏။

၅။ ငစေရှင် (လက်မထောက်ပင် ၏အမြစ်)ကို ဆန်ဆေးရည်နှင့်သွေးတိုက် ပါ။ သွေးဝမ်းကိုက်၊ ဝမ်းကိုက်ရောဂါ ပျောက်ကင်းပါလိမ့်မည်။

၆။ သံပရာရည်၊ ပဲဆီ သို့မဟုတ် နှမ်းဆီ ဆတူစပ်၍တိုက်ပေးပါ။ ဝမ်း ကိုက်ပျောက်ပါ၏။

၇။ ထားဝယ်မှိုင်းအနုကိုရေဖြော ပြီး ကြက်သွန်(ဖြူ၊ နီ) နှင့် သုပ်စားပါ။ ဝမ်းကိုက်ရောဂါပျောက်ပါ၏။

တိုင်းရင်းဆေးပညာကို သေရွာသို့ မယူလိုပါ။

တတ်သမျှသော ပညာရပ်တို့ကို ဖြန့်ဝေပါအံ့။

တိုင်းရင်းဆေး ဗဟုသုတပြည့်ဝ ကုံလုံကြပါစေ။

*စစ်မှန်သော*
*စေတနာမေတ္တာတို့ဖြင့်*
*ကျန်းမာချမ်းသာကြပါစေ*
မဟာနွယ်(မန်းတက္ကသိုလ်)

www.burmeseclassic.com

၎င်းစကားကို အဘမကြာမကြာ ပြော၏။

ပြောပြီးလျှင် ကျွန်ုပ်၏ ခေါင်းမှ ဆံပင်များကို ဘိုကေဖြီးသလို လက်လေးနှင့်ဖြီးပေးနေတတ်၏။ ကျွန်ုပ်ကလည်း ကြည်နူးစွာငြိမ်ခံနေလေ့ရှိ၏။ ဘာသိဘာသာ ခပ်တည်တည်နေတတ်လေ့ရှိသောအဘ၏ ၎င်းအပြုအမူကြောင့် ကျွန်ုပ်မှာ ဝမ်းသာလွန်းပြီး မျက်ရည်ပင် လည်လာတတ်၏။

"လူလေးဟာ နေတတ်ပါပေတယ်။ သမုဒ္ဒရာရေကို တစ်ခါမှမမြင်ဘူးဘဲ ကိုယ့်တွင်းထဲကရေကို အတော်များလှပြီဆိုတဲ့ ဖားသူငယ်လို လူလေး ဘယ်တော့မှမဖြစ်တော့ဘူးမှတ်။ ဒါ ပညာရှိတွေဆုံးမစကားပဲ။ အသိအလိမ္မာဉာဏ်ပညာမှာ မာနထောင်လွှားမှုမရှိရဘူးဆိုတဲ့ ဆုံးမစကားပဲ"

"ဟုတ်ကဲ့ အဘ၊ မှတ်သားပါ့မယ်"

"အေး-လူဆိုတာဒီလိုမှပေါ့ကွယ်။ နည်းနည်းတတ်ပြီး များများမပြောရဘူး မှတ်ထား။ လူကဲခတ်တတ်ရတယ်။ ကိုယ့်မှာအသိအလိမ္မာရှိရတယ်။ ကိုယ့်မှာ အသိအလိမ္မာမရှိရင် ပညာရှိတဲ့ ပညာရှိရဲ့စကားကိုကြားသိရပေမယ့် အဲဒီစကားဟာ တန်ဖိုးကြီးမားလား၊ မကြီးမားလား နက်ရှိုင်းလား၊ မနက်ရှိုင်းလား ကိုယ်မသိနိုင်ဘူး။ ပညာမရှိပေမယ့် ကြားပြောတတ်တဲ့သူရဲ့စကားကို အဟုတ်ထင်ပြီး တကယ့်ပညာရှိထင်ချင်ထင်သွားတတ်တာကွယ့်။ ဒါကြောင့် အသိအလိမ္မာ

# ဆရာဦးမောင်မောင်သန်း

(ရှင်ကိုအေးမြစေသား)

# ပညာရှင်

(အင်္ဂလိပ်ဘာသာဝိဇ္ဇာရဂုဏ်ထူးဆောင်အသင်းဝင်)




www.burmeseclassic.com

www.burmeseclassic.com

...နဲ့နေ။ လူလေးက တစ်ခါတစ်ခါ ...ခါသကြီးတတ်တာလေးကလွဲရင် ပြော ...စရာမရှိပါဘူး။ ဒါလောက်တော့ရှိမှာပေါ့ ...ငယ်ပဲ။ ဒါပေမယ့် လူလေးမှာ သူများ ...သိနိုင်တဲ့အရည်အချင်းတွေရှိနေတာ ...ဘာကတော့သိတယ်။ လူလေးဟာ ...ကိုယ့်ထက်ပိုပြီးထက်မြက်တဲ့သူ၊ မြင့်မြတ် ...တဲ့သူတွေကိုဆက်ဆံရာမှာ ကိုယ့်ကိုယ် ...ကိုယ်နှိမ့်ချပြီးဆက်ဆံတတ်တယ်။ ဒါဟာ ...ဝံလာတရားတော်နဲ့ညီတယ် လူလေး။ ...ပူဇော်ထိုက်သူကို ပူဇော်ရမယ်။ ရိုသေ ...ထိုက်သူကို ရိုသေရမယ်။ မာန်လျှော့ ...ခြင်းဆိုတာ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချခြင်း ...ပဲ။ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချတယ်ဆိုတာ က အပြောလွယ်တယ်၊ အလုပ်ခက်တယ်။ နှိမ့်ချတယ်ဆိုတာ အောက်ကျတာမဟုတ်ဘူး လူလေးသိပါတယ်။ ဒါကို လူလေး လုပ်နိုင်တယ်။ အဘက သဘောကျပြီကော"

အဘသည် ပြောနေရင်းမှ ဘာကို သတိရသွားသည်မသိ၊ အိမ်အပြင်ဘက် ခပ်လှမ်းလှမ်းလေးဆီသို့ ငေးကြည့်လိုက်ပြီး ခေါင်းလေးတဆတ်ဆတ်ညိတ်နေရာမှ ခေါင်းနှစ်ချက်၊သုံးချက်ခန့်ခါလိုက်ပြန်၏။

"အေးလေ - လူလေးဟာ အဲဒီလို ကိုယ့်ကိုယ်ကိုယ်နှိမ့်ချပြီး ဆက်ဆံတတ်တဲ့အကျင့်ကောင်းကြောင့် လူလေးဟာ တစ်နေ့ အောင်မြင်ကြီးပွားလာမှာပဲ။ လူလေးကို အဘယုံတယ်။ တချို့များဆို ဘယ်စကားကို ဘယ်နေရာမှာ ဘယ်လိုပြောရမယ်ဆိုတာကအစ မသိကြတဲ့သူတွေရှိသားလား။ အချိန်အခါ





www.burmeseclassic.com

www.burmeseclassic.com

အခွင့်သင့်၊ မသင့်ဆိုတာ ချင့်ချိန်ရတယ်။ လူလေးက အဲဒီလို စောင့်စည်းလေ့ရှိတယ်။ ဒါလည်း အဘသိတာပေါ့"

"အဘပြောတာ ကျွန်တော် တောင် မနေတတ်တော့ဘူး အဘ"

"ဟုတ်တယ်၊ အဘက မှန်ရာကို ပြောတာ။ မှန်တာကိုပြောခြင်းဟာ သစ္စာစကားပဲ လူလေး။ လူလေးကို အဘပြောစရာတစ်ခုရှိတယ်။ လူလေး သိပ်စိတ်တိုလာပြီဆိုရင် စကားမပြောနဲ့"

"ဟုတ်ကဲ့"

"စကားအများတွေထွက်လာရော။ စိတ်ဆိုးလား။စိတ်ဆိုးနေရင် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ဆိုတဲ့ သရဏဂုံ (၃) ပါးကို အာရုံပြုထား၊ နှုတ်ကလည်း တောက်လျှောက် မနားတမ်းရွတ်နေ၊ ဘာမှအတွေးထဲဝင်မလာစေနဲ့။ တောက်လျှောက်သာ အာရုံထားပြီး ရွတ်၊ တဖြည်းဖြည်းငြိမ်းချမ်းလာလိမ့်မယ်"

ကျွန်ုပ်သည် -

အဘ၏ ဆုံးမစကားများကို ဦးခေါင်းနှင့် နာယူမှတ်သားခဲ့ရပါ၏။ အဘသည် ပြောချင်မှပြော၏။ မပြောချင်ပြန်လျှင် ဆိတ်ဆိတ်နေနေပြန်၏။ အလွန် အသိရခက်လှပါသည်။ အဘ ဆုံးမသောစကားများထဲတွင် သွားတတ်စေ၊ စားတတ်စေ၊ ထိုင်တတ်စေ၊ အိပ်တတ်စေ၊ ပြောတတ်စေ၊ နေတတ်စေ ဟူသော ဆုံးမစကားများမှာ အချိန်ပြည့် ပွဲတင်ထပ်နေတော့၏။

အဘကျန်းကျန်းမာမာရှိနေလျှင် ကျွန်ုပ်ပျော်၏။

ဈေးထွက်ရလျှင် စိတ်ဖြောင့်၏။

❑

ဂျင်းဘောင်းဘီရှည်ကို ဝတ်ဆင်၍ စပို့ရှပ်လက်တိုကို ဝတ်ထားပြီး လွယ်အိတ်ကို ဟန်ပါပါစလွယ်သိုင်းထားသောကျွန်ုပ်အား မြင်ရုံနှင့် အထင်ကြီးနိုင်၏။ ဈေးဗန်းခင်းထားသောရှေ့တွင် ခုံတစ်လုံးနှင့်ထိုင်နေရသော်လည်း ဈေးဦးမပေါက်သည့်ရက်များမှာ မနည်းလှ။

စိန်ဂွမ်းဈေးကြီး တဖြည်းဖြည်းစည်လာပါပြီ။

ဈေးထဲသို့ စိတ်ဝေဒနာရှိသူတစ်ဦး မကြာမကြာလာတတ်၏။ ထိုသူမှာ သူများနှင့်မတူ။ ဘောင်းဘီရှည်ပွပွနှင့် စွပ်ကျယ်ညစ်နွမ်းနွမ်းလက်ပြတ်ကိုဝတ်ဆင်ထားပြီး ဓားနှစ်လက်နှင့် သိုင်းကစားတတ်၏။ သူ၏ဓားသိုင်းကွက်များမှာ အလွန်မြန်ဆန်ပြီး အလွန်လှလှ၏။ ဘကြီးမျှင်ထံတွင် တုတ်ကြမ်း၊ ဓားကြမ်းကို ကျကျနနသင်ခဲ့ရသောကျွန်ုပ်ပင်လျှင် ငေးမောကြည့်နေရ၏။ ထိုစဉ်က ပလေဒီယံ(ပပဝင်း)ရုံတွင်လား၊ သမ္မတရုံတွင်လား မမှတ်မိတော့။ ဒေးဗစ်ချန်း၏ လက်တစ်ဖက်ပြတ်ဓားသမားကားကို ကြည့်ပြီး အားကျနေကြချိန်ဖြစ်သောကြောင့် ထိုကားထဲမှ တီလုံးကဲ့သို့ မြေလှိမ့်ဓားကစားပြနိုင်စွမ်းသော ထိုပုဂ္ဂိုလ်ကို ဈေးသူဈေးသားများကခင်ကြ၏။ အစားအသောက်များပေးကြ၏။ မုန့်ဖိုးများ ပေးကြ၏။ စိတ်မပြည့်ရှာသော်လည်း အလွန်တော်သော ဓားသိုင်းပညာရှင်ဖြစ်၏။ သူစိတ်မပြည့်သည်မှာမရိုင်းပါ။ သူဟာသူငြိမ်ထိုင်ပြီး ဆေးလိပ်သောက်နေတတ်၏။ တစ်ယောက်ယောက်က ကစားခိုင်းလျှင် ထကစား၏။ ကျန်သော အချိန် သီချင်းတအေးအေးနှင့်။

ဈေးကြီးစည်ကားလာလေ သူခိုး၊ ခါးပိုက်နှိုက်များကလည်း တသောသော။ ထုရိုက်ခံရ သွေးသံရဲရဲနှင့် ပြေးကြလွှားကြသည်မှာလည်း မကြာခဏ။

ကျွန်ုပ်မှာ ဘာဖြစ်မှန်းမသိ၊ ဈေးဦးမပေါက်သည့်ရက်က အတော်များ၏။ အမေ့ကို မပြောရက်ပါ။ ညနေ ဈေးသိမ်းသည့်ထိ ဈေးဦးမပေါက်လျှင် ဗန်းထဲမှ ငါးဆယ်တန်အကြွေတစ်ထည်ကို ရောင်းဖော်ရောင်းဖက်သူငယ်ချင်းများဆီသို့ အစိတ်၊ သုံးဆယ်နှင့်သွားပြန်သွင်းလိုက်၏။ ထိုပိုက်ဆံထဲမှ အမေ့ကို ငါးကျပ်၊ တစ်ဆယ်ပေး၏။ မြတ်လာသလိုလိုဘာလိုလိုနှင့်။

အမေခမျာ မသိရှာပါ။

သူ့လက်ထဲသို့ ပိုက်ဆံရှိရှိသေသေထည့်လျှင် ဆုတွေပေးနေသည်မှာ မပြီးတော့။ ကျွန်ုပ်ကမလုံ။

တစ်နေ့ -

ဆိုင်ရှေ့မှ ပါတိတ်ဆိုင်တွင် လူတစ်ယောက်ထိုင်နေ၏။ ဆိုင်ရှင်များက ထိုသူကို လေးလေးစားစားရှိကြ၏။ ထိုလူသည် အသက်တစ်ချက်ရှူလိုက်ပြီး 'ဟေ့ - ဘာလဲဒါ' ဟု ခပ်တိုးတိုးပြောလိုက်ရာ သူကြည့်နေသော ပါတိတ်များခင်းထားသည့်ဈေးဗန်းကြီးမှာ ထက်ဝက်နီးပါးလျော့ကျသွားသည်ထိရောင်းရတော့၏။ သူသည် တစ်ဆိုင်တည်းမဟုတ်၊ နှစ်ဆိုင်၊ သုံးဆိုင်မက ဤသို့ပြုလုပ်၏။ သုံးရာတော့ပေးရ၏။

ကျွန်ုပ်လည်း လူတွေအလစ်တွင် မသိမသာ အသက်ရှူလိုက်ပြီး ဈေးဗန်းကို လက်ညှိုးထိုး၍ 'ဟေ့ - ဘာလဲဒါ'ဟု ခပ်တိုးတိုးပြောလိုက်၏။ သို့သော် ထိုနေ့က ဈေးဦးတောင်မပေါက်ပါ။

အမေ့အားပြန်ပြောပြချင်ပါသည်။ သို့သော် ဈေးဦးမပေါက်ဘာ မပေါက်နှင့် အထည်ကို အချင်းချင်းထံ ပြန်သွင်းရသည့်ကိစ္စများရိပ်မိသွားမည်စိုး၍မဟတော့ပါ။

❑

"ငါမသိလို့မေးပါဦးမယ်"

ထိုစကားကြောင့် ဆတ်ခနဲ မော့ကြည့်လိုက်၏။

"မောင်ရင်က. . . ဦးစိန်သွားလေရာ အခုလိုတကောက်ကောက်လျှောက်လိုက်နေတော့ ဘာတွေများအကျိုးထူးသလဲ၊ ဘာပညာတွေများရလဲ"

"ဒါကတော့ ကျွန်တော့်ကိုယ်ပိုင်ဆုံးဖြတ်မှုပါ"

"မင်းက. . . နောက်ပြီး မတောက်တခေါက်တတ်တယ်ဆို"

"နည်းနည်းပါးပါးပါ"

"ဒါဖြင့်. . . ငါမေးရင် မင်းဖြေနိုင်ပါ့မလား"

နေရာကား -

ကျိုက္ကဆံစေတီတော်မြတ်ကြီး၏ မုခ်ဝရှိ ယက္ခညီတော်နောင်တော်အနီးတွင် ဖြစ်၏။

အဘနှင့် ကျွန်ုပ် ထိုင်ပြီး တွေရာ လေးပါးစကားပြောနေစဉ် အသားညိုညို ပုပု၊ ဝဝလူတစ်ယောက် ရောက်လာပြီး အနားတွင်လာထိုင်၏။ ထိုသူကို အဘသည် လူရင်းတစ်ယောက်ကဲ့သို့ ပြုံးပြုံးရွှင်ရွှင်နှင့်စကားစမြည်ပြော၏။ သို့သော် ထိုသူ၏အမူအရာကို ကျွန်ုပ်မကြိုက်ပါ။ အဘကို ခပ်တည်တည်နှင့် စကားပြန်ပြော၏။ ရယ်ရယ်မောမောမရှိ။အဘနှင့် စကားပြောနေပြန်လျှင်လည်း ကျွန်ုပ်ကိုသာ ကွက်ကြည့်ကွက်ကြည့်နှင့် မနှစ်မြို့ဟန်အမူအရာပြနေ၏။ ဓာတ်မတည့်သည်ဆိုခြင်းမှာ ဒါမျိုးများလားဟု ကျွန်ုပ်တွေးလိုက်မိပါသည်။ သူက ကျွန်ုပ်ကို မနှစ်မြို့ဟန်အမူအရာပြသလို ကျွန်ုပ်ကလည်း သူ့ကိုကြည့်ရင်း ဘယ်လိုမှမတွေ့ မရှိပါ။

ထိုသူ၏မျက်စိတစ်ဖက်မှာ တိမ်စွဲနေ၏။ ထိုသူကို အဘခေါ် လိုက်ပြော လိုက်သံနားထောင်ခြင်းဖြင့် ထိုသူ၏ နာမည်မှာ ဘရှင်ဖြစ်ကြောင်း ကျွန်ုပ် သိလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် အဘ၏ဘေးတွင် ဆိတ်ငြိမ်စွာနေပါသည်။

သို့သော် ဘာအကြောင်းကြောင့်မှန်းမသိ၊ ထိုတိမ်တစ်လုံးဘုရင်သည် ကျွန်ုပ်အား နေရင်းထိုင်ရင်း အမိပ္ပာယ်မရှိ အထက်ပါစကားစုတို့နှင့် လှမ်းမိုးလာပါတော့သည်။

ဒေါသအမျက်ခြောင်းခြောင်းထွက်မိသည်မှာတော့ အမှန်။ လူမှာ ဆိုးဆိုးဆတ်ဆတ်နှင့် သူ့မျက်နှာကိုသာစေ့စေ့ကြည့်နေမိတော့၏။ လူမိုက်များကြားတွင် ကျင်လည်ကျက်စားခဲ့သောသူ၊ လူမိုက်များနှင့်ပခုံးဖက်ကာပျော်မွေ့ခဲ့သူ၊ လူမိုက်ဟူသောအသံကြားလျှင် တကူးတကသွား၍စမ်းရေ့ရှိသူ၊ ကိုယ်တိုင်ကြေးစားလူမိုက်ဘဝကို မသိမသာနှင့်ခဏတစ်ဖြုတ်ဖြုတ်သန်းခဲ့ဖူးသူ၊ စေ့စေ့လှမ်းကြည့်လျှင် ဘာကြည့်တာလဲဟုမေးရင်း အနီးကပ်သွားပြီး ကိုယ်ထိလက်ရောက်ပြုမူတတ်သူ၊ လူမိုက်ချင်းတူလျှင်ပင် ကိုယ်ခံပညာအားကိုးကြောင့် မည်သူ့ကိုမျှ ဂရုမစိုက်ခဲ့ဘူးသောသူတစ်ယောက်အနေနှင့် ဤတိမ်တစ်လုံးဘုရင်ကို သတ်ပုတ်လိုက်ရလျှင် ငါးမိနစ်မျှပင်ကြာမည်မဟုတ်ပါ။

လူမှာ မည်းမည်း၊ ပုပု၊ ဝဝဖြစ်သောကြောင့် ကရာတေးကစားစဉ်က လေ့ကျင့်တန်ကျောက်ခဲ့ရသော သဲအိတ်ကြီးသဖွယ် ပစ်မလွဲကန်နိုင်၏။

"လူလေး လူလေး လူလေး"

"ဗျာ - အဘ၊ ဗျာ"

"ဘာတွေငြိမ်ပြီးစိုက်ကြည့်နေရင်း မေးကြောကြီးတွေထောင်လာလောက်အောင် အံတွေကြိတ်နေရတာတုံး"

"ဩော် . . . အဲဒါ မဟုတ်ပါဘူးအဘ"

"ဟိုမှာ ခုန ဘုရင်ကြီး လူလေးကို မေးလိုက်သလားလို့"

"ဩော်-ဟုတ်ကဲ့ . . . ဘာများလဲမသိဘူး"

"ငါမေးရင် မင်းဖြေနိုင်ပါ့မလားလို့"

"ပြောနိုင်တာဆိုရင်တော့ ပြောရမှာပေါ့လေ။ မသိတာကျပြန်တော့လည်း ဘယ်ပြောနိုင်ပါ့မလဲ"

တိမ်တစ်လုံးဘုရင်သည် သူ့ကိုယ်သူ ဆရာကြီးဂိုက်ဖမ်း၍ ဟိုဟိုဒီဒီ ဝေ့ကြည့်လိုက်ပြီး သူ့အိတ်ထဲမှစာရွက်အဖြူလေးတစ်ရွက်ကို ဖျတ်ခနဲထုတ်၍ မသိမသာကြည့်နေလေ၏။ ကျွန်ုပ်ကကိုယ်နှင့်မဆိုင်သော မည်သည့်ကိစ္စကိုမျှ မစပ်စုတတ်သောကြောင့် ယက္ခညီတော်နောင်တော်ရှိရာဘက်ဆီသို့ ဘာရယ်မဟုတ် ငေးကြည့်နေလိုက်၏။

"အင်္ဂလိပ်စာမှာ အခါပိုင်းတာ ဘယ်နှမျိုးရှိလဲကွာ"

စိတ်ထဲက 'အမယ် - လူပုံက လူမိုက်ပုံနဲ့ ငါ့လာပြီးအင်္ဂလိပ်စာလာမေးနေတယ်' ဟု မချိပြုံးပြုံးရင်း သူ့မျက်နှာကို အကဲခတ်နေလိုက်၏။ 'အင်း - ဒီလူတော့ အင်္ဂလိပ်စာများလေ့လာထားလေပြီလား ဒါမှမဟုတ် သက်သက်မေးလိုက်တာလား' ဟု တွေးရင်း -

"ဩော် - ဒါလား၊ အများကြီးပဲဗျာ။ အကုန်လုံးတော့ ကျွန်တော်မသိဘူး။ ကျွန်တော်မကြားဘူးသေးတဲ့အခါပိုင်းပုံတွေတောင်ရှိတယ်။ ကျွန်တော်ကတော့ တစ်နာရီခွဲနဲ့ပဲပိုင်းတတ်တယ်"

"မှန်ပါ့မလား"

"အခါကမှန်ပြီးသားပါ။ ရှေးရှေးကပညာရှိကြီးတွေရဲ့ပညာပဲ။ ကျွန်တော်တို့သာ မှားချင်မှားနေမှာ၊ အခါကဘယ်မှားမလဲ။ ကိုယ်ပေါလို့လွဲရင် ကိုယ်မှားတာပေါ့။ အခါကိုမှားတယ်သွားပြောလို့မရဘူး။ ပညာစူးသွားမယ်"

"ဩော် - ဒီလိုတဲ့လား"

"ဟုတ်တယ်"

"ကျမ်းရင်းလက်ာကြီး (၄၀) ကောမင်းအလွတ်ရလား"

"အင်း - နှစ်ပိုဒ်၊ သုံးပိုဒ်လောက်တော့ရပါတယ်။ ဒါလောက်ပါပဲ၊ ကျန်တာတွေမရဘူး"

စကားပြေဖြေရင်း တိမ်တစ်လုံးဘုရင်ကို အကဲခတ်လိုက်၏။ သူမေးနေပုံမှာ ခပ်တည်တည်။ အဘကလည်း ပြုံးယောင်ပြုံးတုံ့။ နားထောင်နေပုံရ၏။ 'အင်း - ငါ့ကိုမေးတာတွေနဲ့ပတ်သက်ပြီး အဘစိတ်ဝင်စားနေပုံရတယ်၊ ငါထိန်းပြောမှ။ တော်နေကြာ ငါစကားမှားသွားရင် ဟိုတစ်နေ့ကမှ အဘငါ့ကိုပူပူနွေးနွေးဆုံးမထားတာတွေ ငါနားမထောင်ဖြစ်သွားမယ်' ဟုတွေးနေရင်း -

"ဟင် - မင်းဟာကလည်း ကျမ်းရင်းလက်ာကြီးကိုအလွတ်မရဘဲ ဘာနဲ့ဟောလဲ"

"လက်ာအလွတ်မရလည်း ဟောနိုင်တဲ့နည်းတွေ အင်္ဂလိပ်စာမှာ အများကြီးပါ။ စာအုပ်စာပေတွေထဲမှာ အများကြီးရှိနေပါတယ်"

တိမ်တစ်လုံးဘုရင်သည် ကျွန်ုပ်၏စကားကြောင့် ကျွန်ုပ်ကို ကွက်ခနဲစွေစောင်းစောင်းလှမ်းကြည့်၏။ ကျွန်ုပ်ကလည်း မျက်နှာမလွှဲစတမ်း သူ့မျက်လုံးကို ပြန်စိုက်ကြည့်နေလိုက်၏။ အဘက ကျွန်ုပ်ကိုဆတ်ခနဲလှည့်ကြည့်လိုက်သောကြောင့် ကျွန်ုပ်လည်း ဘုရင်ထံမှမျက်နှာလွှဲပြီး အဘကိုကြည့်နေလိုက်ပါတော့သည်။ အဘသည် ဘာကြောင့်မှန်းမသိ၊ ကျွန်ုပ်ကိုပြုံး၍ကြည့်နေ၏။

အဘရှေ့တွင် အင်္ဂလိပ်စာပညာခန်းများပြောရတော့မည်ဖြစ်၍ စဉ်းစားနေစဉ် မထင်မှတ်သောမေးခွန်းတစ်ခု ဘုရင်ထံမှထွက်လာပါတော့သည်။

"ဗျူဒ္ဓနသုဒ္ဓိ (၁၀) ပါးမှာ နိဂ္ဂဟိတဆိုတာ ကြားဖူးလား"

ရုတ်တရက် ကြောင်သွားပြီး တိမ်တစ်လုံးဘုရင်ကို လှမ်းကြည့်လိုက်၏။ ဤစကားမှာ ဆန်းနှင့်ဆိုင်၏။ ဒီလူဘာတွေများဟိုဖောက်မေးဒီဖောက်မေးလျှောက်မေးနေပါလိမ့်ဟုတွေးရင်း ဆန်းကျမ်းပညာများကို ပြန်စဉ်းစား၊ အာရုံစူးစိုက်လိုက်ပြီး -

"နိဂ္ဂဟိတဆိုတာ . . . နိဂ္ဂဟိတဆိုတာ အသံနှိမ့်ရွတ်တာကိုပြောတာနဲ့တူတယ်။ ပိတ်ရွတ်တာမျိုး၊ ဆက်ရွတ်တာမျိုးလို့တော့ . . . ကြားဖူးတယ်။ မသင်ခဲ့ရဘူးတော့ သိပ်တော့မသိဘူး"

"ဩော် - ဟလား၊ အေးလေ - ဒါဆိုရင် မင်းလည်းတောင်ဟောမြောက်ဟောဟောနေတာပဲ။ ကဲ - ငါမေးစမ်းပါဦးမယ်၊ နံတိုင် ရန်တိုင်မှာ အထွက်ပစ္စည်းကိုဝင်အောင် ဘယ်လိုဓာတ်ရိုက်မလဲ"

"အထွက်ပစ္စည်းဆိုတာ . . . အဝင်ဖြစ်ဖြစ်လာအောင် ဓာတ်မရိုက်ကောင်းပါဘူး။ ဓာတ်ရိုက်လို့ ဓာတ်ထိပြီးဝင်လာပြီဆိုရင်လည်း အဝင်မမှန်တဲ့သဘောရှိလို့ ခိုက်တတ်တယ်။ ဘေးထွက်ဆိုးကျိုးတွေဖြစ်လာနိုင်တယ်။ မလုပ်ကောင်းဘူးဗျ"

"ဟုတ်လို့လား၊ တချို့ အထွက်ကိုအဝင်ရိုက်နိုင်တဲ့သူတွေရှိတယ်နော"

"ဒါတော့ ရှိချင်ရှိမှာပေါ့။ ကျွန်တော်ကတော့မလုပ်တတ်ဘူး"

"ဟင် - မင်းဓာတ်ရိုက်တတ်တယ်လို့ သက်စိုးတို့အသိုင်းအဝိုင်းမှာ နာမည်ထွက်နေတယ်။ ဓာတ်ကို မင်းမပိုင်လို့လား။ ဓာတ်သွားဓာတ်ပြန်ဆိုတာရှိတယ်လေ။ ဓာတ်သွားဆိုတာကော မင်းသိလား"

တိမ်တစ်လုံးဘုရင်သည် ထိုစကားကိုဆိုရင်း လက်ထဲကစာရွက်အဖြူလေးကို ဝေ့ကြည့်နေ၏။ ကျွန်ုပ်ကလည်း ကိုယ်နှင့်မဆိုင်၍ စပ်စပ်စုစုလိုက်မကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

"ခာတ်သွားဆိုတာ တနင်္ဂနွေက နေ သောကြာဆီကို လက်ယာရစ်သွားတဲ့ ဂဏန်းကိုခေါ်တာပါ။ ခာတ်သွား ခာတ်ပြန်သိတာနဲ့ ခာတ်ရိုက်တာနဲ့ ဘာမှတော့မဆိုင်ပါဘူး။ ဆိုင်ရင်လည်း ကျွန်တော်မသိဘူး"

"အေးအေး - ထားကွာ၊ နှာမက္ခရ တိုင်က ဇေယျဂြိုဟ် တနင်္ဂနွေနဲ့ ကောဇာ တိုင်က ကိစ္စဂြိုဟ် တနင်္ဂနွေ ဆန်းကျင်တာကိုမြင်တာနဲ့ တခြားဘာကိုမှမကြည့်သေးဘဲ မင်းဆို ဘာဟောမလဲ"

"ဩော် - ဒါက လွယ်ပါတယ်။ အဲဒီကံဇာတာရှင်ဟာ အိမ်အတွင်းမှာ အဆင်မပြေဘူးပေါ့ဗျာ။ အကြီးအကဲတွေ ရုတ်တရက် ထိခိုက်တတ်တာတို့၊ အလုပ်ပြုတ်တာတို့၊ အိမ်တွေဘာတွေ ရုတ်တရက်ထိခိုက်တာတို့၊ ပြောင်းလဲတာတို့၊ ဦးခေါင်းဝေဒနာရုတ်တရက်ဖြစ်တာတို့၊ ပြီးတော့ ကာယကံရှင်ရဲ့ကံနဲ့ဆိုင်တဲ့ ဂြိုဟ်ပရိယာယ်တွေအတိုင်း အများကြီးပေါ့ဗျာ။ ပြောရင်တော့ ဘယ်ကုန်နိုင်ပါ့မလဲ။ တနင်္ဂနွေပရိယာယ်တစ်မျိုးထဲကိုက ဟောပေါက်အများကြီး။ တချို့ ပရိယာယ်တွေ ကျွန်တော်ပြောရင်တောင် ခင်ဗျားတောင်သိချင်မှသိမယ်"

ရုတ်တရက် လွှတ်ခနဲထွက်သွားသောစကားကို အဘဘယ်လိုနားလည်သွားသည်မသိ၊ ကျွန်ုပ်ကို ခပ်စိန်းစိန်းကြည့်နေ၏။ ကျွန်ုပ်စိတ်ထဲတွင် 'အဘဟာ ငါ့ကိုမေးချင်တာမေးနေတာကျတော့ပြုံးလို့၊ ငါကပြန်ပြောမယ်ရှိသေးဘာလို့ ငါ့ကိုဒီလိုကြည့်ပါလိမ့်' ဟု တွေးလိုက်မိပါသည်။ တိမ်တစ်လုံးဘရှင်ကတော့ ခပ်တည်တည်။

"ဟို . . . တို့ ဘယ်လိုပြောမလဲ၊ အလျော့အတင်း၊ အရှည်အတို၊ အလေးအပေါ့၊ အစပ်အဖြတ်၊ အပိတ်အဖွင့်ဆိုတာ မင်းကြားဖူးလား"

"ဩော် - အဲဒါ . . . အဲဒါ : . . ဗျူဟနသုဒ္ဓိ(၁၀)ပါးရဲ့ အသံတွဲ(၅)ရပ်ထဲကလိုပဲ။ ကြားဖူးတော့ ' . . . ကြားဖူးတယ်၊ သိပ်တော့မသိဘူး။ နေပါဦး ဘာတွေလဲဗျ ဒါ"

"ဟေ"

"ဘာတွေလဲလို့"

"ဘာဖြစ်လို့လဲကွ"

"ခင်ဗျားဟာ အင်္ဂဝိဇ္ဇာဆိုလည်း အင်္ဂဝိဇ္ဇာပေါ့၊ ဆန်းကျမ်းဆိုလည်း ဆန်းကျမ်းပေါ့။ ခုဟာက ဘာတွေမေးလို့မေးမှန်းလဲမသိဘူး။ ဟိုဖြတ်မေး ဒီဖောက်မေးနဲ့ဘာတွေလဲဗျာ။ ဘာတွေမေးလို့မေးမှန်းလဲမသိဘူး။ ကျွန်တော်လည်း အဲဒါတွေသိပ်မသိဘူး"

ကျွန်ုပ်၏အသံအနည်းငယ်ကျယ်သွားမှန်း ကိုယ့်ကိုယ်ကိုယ်သတိထားမိချိန်တွင် အဘသည် ကျွန်ုပ်ဘက်သို့ ဆတ်ခနဲလှည့်၍ ခပ်စိန်းစိန်းကြည့်လိုက်၏။

"လူလေး"

"ဗျာ - အဘ"

"ဘရှင်ကလည်း ဒီပညာတွေနဲ့ ပတ်သက်လာရင် ဝါသနာအိုးပဲ။ လူလေးလိုပဲ ဒုက္ခအတော်ခံပြီး လေ့လာတယ်၊ ရှာတယ်ဖွေတယ်။ အဘသိတယ်။ သူမသိရင် သိတဲ့သူတွေကိုမေးတတ်တယ်။ ဒါ သူ့ရဲ့ဖြူစင်ခြင်းပဲ။ ဒါပေသိ မေးပုံများကသောင်းကနင်းဖြစ်နေရင်တော့ ဒါဟာ သူ့ရဲ့အားနည်းချက်ပဲလို့သာ လူလေး မှတ်လိုက်ပေတော့။ သူသိချင်တာလေးတွေကို ဖောက်ဖော်က်မေးတဲ့သဘောလို့ အဘကတော့မြင်တယ်"

ကျွန်ုပ်ဘာမှမပြောချင်ပါ။

အဘ၏ ပြောဟန်ဆိုဟန်မှာ မပြောင်းလဲပါ။ သို့သော် အမူအရာက တစ်မျိုးဖြစ်နေ၏။ ယခုပင်ထ၍ ကျွန်ုပ်နှင့် ဘရှင် အချင်းများလျှင် အဘသည် ဘရှင်ဘက်က ဖြစ်ကောင်းဖြစ်သွားနိုင်၏။

အဘနှင့် တကောက်ကောက်လျှောက်လိုက်ခဲ့ရသောအချိန်များတွင် အဘ၏မိဖ္ဖာ်ဆွေတော်တော်များများ၏ စကားပြောမတတ်ခြင်းကို ကျွန်ုပ်များစွာခံခဲ့ရပါသည်။

ဆရာသခင်ခိုင်းလိုက်သောတာဝန်အရ ကျွန်ုပ်ကြိုးစားရင်းကြိုးစားရင်း၊ မာန်ချရင်း အဘ၏မေတ္တာကိုရအောင် ခံယူနိုင်ခဲ့ပြီ ဖြစ်၏။ ထို့ကြောင့် ဤမျှထိ ခရီးပေါက်လာပြီးမှ အတိမ်းအစောင်း မခံနိုင်တော့ပါ။ ဖြစ်ချင်ရာဖြစ် အဘ၏ မျက်နှာတစ်ခုတည်းကိုသာကြည့်ပြီးတော့ တွေ့သမျှလူကို အောက်ကျခံကာပေါင်းခဲ့လိုက်ပါသည်။ အဘပြုံးမြင်မှာကို ကျွန်ုပ် အကြောက်ဆုံးဖြစ်လာခဲ့ရပါပြီ။

"ဟုတ်ကဲ့ပါ အဘ။ ကျွန်တော်ကလည်း သူမေးတာတွေသိပ်မသိဘူး။ တောင်မေးမြောက်မေးဆိုတော့၊ ဘာအဆီအငေါ်မှလဲမတည့်တော့ . . ."

"အဆီအငေါ်တည့်စရာမလိုဘူးလေ လူလေး။ လူလေးလေ့လာထားတယ်လေ။ လူလေးလေ့လာထားတာနည်းတာမှမဟုတ်တာ။ အခု ဘရှင်မေးတာလေးတွေဆို အခြေခံလေးတွေပဲရှိသေးတာကလား။ သူဘယ်လိုမေးမေးပေါ့။ သူမေးတာ သူ့အလုပ်၊ လူလေးကဖြေရမှာ လူလေးအလုပ်။ ဒါတွေဟာ ဒီပညာရပ်တွေထဲကပဲလေ။ ပမာပြောမယ်ကွယ်၊ ဘရှင်မေးတာလေးတွေကို နားထောင်ကြည့်ရင် ဆန်းကျမ်းပညာရပ်တွေပါကွယ့်။ အင်္ဂရုတ်ပညာတို့၊ ဆေးကုတာတို့ပါတာမှမဟုတ်တာ။ သူကလည်း လူလေးဒီလိုလေးတွေတတ်ထားမှန်းကြားထားပုံရပါတယ်"

အလွန်နေစိမ့်သောသူ ဖြစ်၏။ သူ၏ဘေးတွင် ကျွန်ုပ်နှင့်အဘအချီအချ ပြောနေသည်ကို တုတ်တုတ်မျှမလှုပ်၊ လှည့်၍ပင်မကြည့်။ ကျွန်ုပ်နှင့်အဘပြောနေသည်မှာလည်း သံမှန်ပင်ဖြစ်၏။ သူကဘေးနားထိုင်နေရင်း တောင်ကြည့်မြောက်ကြည့်ကြည့်လိုက်၊ သူ၏လက်ထဲမှ စာရွက်အဖြူလေးကိုကြည့်နေလိုက်နှင့် ငြိမ်ထိုင်နေ၏။

"ကဲ-ဘရှင်ကြီး၊ လူလေးကို . . . လုပ်လေကွယ်"

အဘသည် ဘရှင်ကိုကြည့်ရင်း ကျွန်ုပ်ဘက်သို့ မေးငေါ့ပြ၏။ 'အဘတလည်း ဘရှင် သူ့ဟာသူငြိမ်နေပြီဥစ္စာ ဘာလို့သွားစပြန်တာလဲမသိဘူး' ဟု ကျွန်ုပ်တွေးနေမိပြန်၏။

"က - ခ - ဂ - ဃ - င ဆိုတာ ဘာဌာန်တွေလဲကွ"

"ကဏ္ဍဌာန်တွေလေ၊ လည်ချောင်းနဲ့ ဆိုင်တယ်။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ မေးကြည့်တာပါ။ တိုင်ထိပ်မှာရှိတဲ့ဂြိုဟ်ကို ကောဇာနဲ့ အောက်ဂြိုဟ်ကပ်လိုက်ရင် မဝင်တော့ဘူးပေါ့၊ ထွက်ပြီပေါ့ ဟုတ်လား"

"ဒီလိုတော့ တရားသေပြောလို့ မရဘူးဗျ။ ခု ခင်ဗျားပြောတာဆို မှန်သင့်သလောက်မမှန်ဘူး"

"ဟေ - ဘာဖြစ်လို့လဲ"

"တိုင်ထိပ်ဆိုတဲ့သတ္တိကိုက အဝင်ကောင်းရှိသလို အဝင်ဆိုးရှိတယ်"

"ဘယ်လိုအဝင်ဆိုးလဲ"

"ဥပမာဗျာ တိုင်ထိပ်မှာ တနင်္ဂနွေဂြိုဟ်ရှိတယ်ဆိုပါတော့။ ကောဇာနဲ့ အောက်ဂြိုဟ်ကကပ်ပြီ၊ ဒီလိုဆို အောက်ဂြိုဟ်ကပ်တဲ့အတွက် ငွေမဝင်တော့ဘူးရယ်လို့ ပြောလို့မရဘူး။ ဒီလိုပြောတယ်ဆိုရင် အဲဒီပြောတဲ့လူဟာ ဒီပညာကိုတကယ်မတတ်သေးလို့ဘဲ။ ကြားဖူးနား နဲ့ အတွေ့အကြုံမရှိဘဲပြောနေတာ"

ပြောရင်းနှင့် သူ့မျက်နှာကို စွေကြည့်လိုက်၏။ ဘရှင်သည် ထုသာ



www.burmeseclassic.com

www.burmeseclassic.com

နာနေသော ပေတုံးကြီးလို ငြိမ်နေ၏။ ဘာမှမပြော။

"အောက်ဂြိုဟ်ကပ်တဲ့အတွက် မူမမှန်တဲ့ငွေမျိုးတွေ ဝင်လာတတ်တာ အများကြီးတွေ့ဖူးတယ်"

ဘရှင်သည် တောင်ကြည့်မြောက်ကြည့်ကြည့်နေပြန်၏။

"အခု. . . ဘာအခါလဲကွ"

"သောကြာအခါပါ"

"ဟ - မြန်လှချည်လား၊ အခါပိုင်းတာ"

"အင်္ဂဝိဇ္ဇာပညာကို ကျွန်တော့်အသက်လောက် ချစ်ရုံတင်မကဘူး၊ အရမ်းရိုသေ၊ အရမ်းလေးစားတဲ့ပညာမို့ပါ။ အခါကိုအမြဲသတိထားနေမိတာပါ"

ဘရှင်သည် အဘဆီသို့ ဖျတ်ခနဲ စွေကြည့်လိုက်ပြီး -

"ကဲပါကွာ၊ ငါက တောင်မေး မြောက်မေးနဲ့ အာရုံအပြောင်းအလဲလေး ဖြစ်သွားအောင် ဒီလိုကွာ ဒီအခါမှာ ကြာသပတေးနံခိုက်တယ်။ ဟုတ်တယ်ဟုတ်"

"ဟုတ်တယ်လေ"

"အေး - အဲဒါဆို ဒီအခါမှာ မင်းကို ငါ ပဲနဲ့လုပ်ထားတဲ့ဗယာကြော်ကျွေးရင် မင်းစားရဲလား"

ကျွန်ုပ်က ပညာနှင့်ပတ်သက်လာလျှင် ဤသို့စိန်ခေါ်လာပါက မည်သူ့ကိုမဆို ရင်ဆိုင်ရန်ဆုံးဖြတ်ထားသူ ဖြစ်၏။ ကျွန်ုပ်၏မျက်နှာမှာ ဝင်းလက်သွားသည်ဟု ကိုယ့်ကိုယ်ကိုယ် ခံစားလိုက်ရပြီး -

"အရမ်းသဘောကျတာပဲ၊ ဒါမျိုးကိုစောင့်နေတာ"

"လူလေး"

"ဗျာ"

"ပညာစကားနော်"

"တုတ်ကဲ့ပါ အဘ။ ပညာစကားပြောတာပါ"

အဘစိတ်ပူသွားဟန်ရှိ၏။

ကျွန်ုပ်က သွေးအေးအေးနှင့် -

"ပညာဆိုတာ တစ်ဖက်သတ်တော့မရှိသင့်ဘူးပေါ့ဗျာ။ နောင်ကြီးက စားရဲလားဆိုတော့ စားရဲတယ်၊ စားမယ်။ နောင်ကြီးကျွေးတဲ့ဗယာကြော်ကို ကျွန်တော်စားမယ်။ ဒါပေမယ့် ဒီတိုင်းတော့မရဘူး။ နောင်ကြီးဘက်ကလည်း ပေးဆပ်ဖို့စဉ်းစားလိုက်ပါ။ ပြန်ပေးဆပ်ရပါလိမ့်မယ်"

"ဟင် - ငါက ဘာပေးဆပ်ရမှာလဲ"

"နောင်ကြီးက ဒီသောကြာအခါမှာ ခိုက်နေတဲ့ကြာသပတေးကို ကျွန်တော့်ကိုကျွေးပေမယ့် ကျွန်တော်က ဒီသောကြာအခါမှာ နဝင်းဖြစ်နေတဲ့ဆေးကို နောင်ကြီးကိုပြန်ကျွေးမယ်။ တခြားမဟုတ်ဘူး၊ လျက်ဆားသုံးထုပ်တည်းပါ။ နောင်ကြီး ကျွန်တော်ကျွေးတဲ့လျက်ဆားသုံးထုပ်ကို ခုတစ်ထိုင်တည်းစားရဲရင် ကျွန်တော် ဗယာကြော် တစ်ထိုင်တည်းစားပြမယ်။ ဘယ်နှယ့်လဲ၊ အဘကို သက်သေထားပြီးစားကြရအောင်။ ကျွန်တော်သွားဝယ်လိုက်မယ် ကဲ"

ဘရှင်သည် ဗိုလ်အောင်ဒင်ဇာတ်ကားထဲမှ မင်းသား ခင်မောင်ရင်ပြုံးနည်းမျိုးဖြင့်ပြုံးရင်း တစ်ဖက်သို့လှည့်သွား၏။ ကျွန်ုပ်ကလည်း အဘကိုလှည့်ကြည့်လိုက်၏။ အဘက ဘာမှဝင်မပြောပါ။ တစ်နေရာသို့သာ ငေးကြည့်နေပုံရသော်လည်း ကျွန်ုပ်တို့ကို နားစွင့်နေမှန်းသိသာပါသည်။ ကျွန်ုပ်အကြိတ်အနယ်ပြောနေသော်လည်းလှည့်ပင်မကြည့်။

"ကိုယ့်ညီက ခေတဲ့သူမဟုတ်ပါလားကွ"

"ထင်လို့ပါ၊ ဒါလောက်ကြီးမဟုတ်သေးပါဘူး"

ကျွန်ုပ်က ပြုံးရင်းနှင့်ပြောလိုက်၏။ ဘရှင်. ဘာမှပြန်မပြောတော့။ သူထပ်ပြောလာဖြီးစားခိုင်းလျှင် ကျွန်ုပ်ကလည်း သူ့ကို လျက်ဆားကျွေးရန် စီစဉ်ထားပြီဖြစ်၏။

သို့သော် -

စကားလမ်းကြောင်းမှာ မထင်မှတ်သောဆီသို့ ရောက်သွားပြန်တော့၏။

"မေးလိုက်ပါဦးမယ်ကွာ။ ဟိုဗယာကြော်ကိစ္စကို ခဏထားပါဦး။ မနက်က ငါထမင်းစားလာခဲ့တယ်။ အဲဒါဘာဟင်းနဲ့စားခဲ့လဲ မင်းပြောနိုင်လား"

"ဟာ"

"လူလေး၊ ဘာဖြစ်လို့လဲ"

"ဩော် . . . ဘာမှမဖြစ်ပါဘူး အဘ။ ဒါကတော့ ကျွန်တော်မပြောနိုင်မှန်းသိတာကို တမင်ရွေးပြီး . . ."

အဘ အားရပါးရပြုံး၏။

"လူလေး၊ လူလေးကိုယ်လူလေး မယုံဘူးလား။ ကဲ - အဘကိုပြောစမ်း"

ကျွန်ုပ်၏အတွေးတို့ ချာလည်လည်သွား၏။ အဘမေးလိုက်သော စကားမှာ တိုသော်လည်း ကျွန်ုပ်၏အတွေးတို့မှာ မိုင်ပေါင်းများစွာရှည်လျားသွားတော့၏။ ကိုယ့်ကိုယ်ကိုယ်မယုံဘူးဆိုလျှင် ကျွန်ုပ်အားသင်ကြားပြသပေးခဲ့သော ဆရာအရှင် ဆရာသခင် ကျေးဇူးရှင်များကို မယုံသလိုဖြစ်ချေတော့မည်။

"ယုံတော့ယုံပါတယ်အဘ။ ဒါပေမယ့် ဒါက ခေါင်းစွဲမေးသလို၊ အကြားအမြင်မေးသလိုမျိုးကြီးလေ အဘ။ ကျွန်တော် ဘယ်လိုလုပ် . . ."

"မဟုတ်ဘူးလေ၊ သူကသူ့အလုပ်သူလုပ်တာ။ လူလေးက လူလေးအလုပ်လုပ်ရမယ်"

အဘစကားဆုံးသည်နှင့် စိတ်အာရုံကို စုစည်းလိုက်ပြီး အသက်ကို မှန်မှန်ရှူ၍ အရပ်ဟုဒ္ဓေါ်မှတ်နေလိုက်၏။ အခါကိုသာ ကြပ်ကြပ်အာရုံစူးစိုက်ထား၏။

သူ့စကားကြောင့် ကျွန်ုပ်ကြောင်သွားသော်လည်း 'အင်း - သူတို့အသိုင်းအဝိုင်းကြားမှာ အဘက ငါ့ကိုအတော်ချီးကျူးတော့ ငါမသိနိုင်တာ၊ ငါမပြောနိုင်တာတွေကို သက်သက်စဉ်းစားပြီးမေးတာပဲ' ဟု တွေးလိုက်မိပါသည်။

တွေးနေရင်းမှပင် ကံကြမ္မာသည် ကျွန်ုပ်ဘက်သို့ ပါလာလေသလားအောက်မေ့ရ၏။

အဖြေရကျပ်ပြီး တောင်ကြည့်မြောက်ကြည့်ကြည့်နေစဉ် ကြည့်လိုက်မိသော မြင်ကွင်းတည့်တည့်တွင် လူတစ်ယောက် ဝါးလုံးတစ်လုံးကိုထမ်း၍ လက်ဝဲဘက်မှ လက်ယာဘက်ဆီသို့ လျှောက်သွားနေသည်ကို မြင်လိုက်ရ၏။ ထိုမြင်ကွင်းသည် ကျွန်ုပ်၏မျက်လုံးထဲသို့ ထင်ရှားစွာဝင်လာလေရာ ဝါးဟူသော ပစ္စည်းကို ထပ်စဉ်းစားလိုက်၏။

ဝါး။ ဝါးသည် နုစဉ်အခါက မျှစ်ဖြစ်၏။ ဝါးလုံးကိုစားလာသည်တော့ မဖြစ်နိုင်။ မျှစ်ဆိုလျှင် နီးစပ်နိုင်၏။ ထို့ကြောင့် ကျွန်ုပ်တစ်ချက်ပြုံးလိုက်ပြီး မျှစ်ကိုပြောတော့မည်အပြု ခပ်လှမ်းလှမ်းမှာ ဝက်တစ်ကောင်ပြေးသွားသည်ကို မထင်မှတ်ဘဲ ထပ်တွေ့လိုက်ရပြန်၏။

အင်း-သောကြာအခါမှာ အထက်သုံးလုံးထဲမှာပါတဲ့ ဆပ္ပတ် ဗုဒ္ဓဟူးတော့ သေချာပေါက်မြင်နေပြီ။ ပြောစရာမရှိရင် အထက်သုံးလုံးကိုပြောဖို့ ငါ့ဆရာ ငါ့ကိုသင်ပေးခဲ့ဖူးပြီ။ ငါလည်း မကြာမကြာပြောကြည့်ခဲ့ဖူးပြီ။ ခုလည်းပြောမည်။ ဝါးလုံးသည် လက်ယာဘက်ကို ဦးတည်သွား၏။

အောင်-ထွန်း-ရာ-ဇာဂြိုဟ်လက်ျာ ပညာခန်းအရ' နဝင်းမှာ အင်္ဂါရှိနေပြီ။ ဒါဖြင့် ဘယ်မှညာသို့ရောက်သွားသော သဘောလည်း သေချာပြီ။ ဝက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com

ညာဘက်သို့ပင်ပြေးသည်။ ဗုဒ္ဓဟူးတော့ ဗုဒ္ဓဟူးတွေခိုင်နေပြီ။ ဒါပေမယ့် ဝါးလား၊ ဝက်လား တစ်ခုခုရွေးရပေတော့မည်။ မခွဲခြားတတ်တော့၍ အသေးစိတ် မစဉ်းစားနိုင်တော့။ မစဉ်းစားတတ်လျှင် ဦးဆုံးနိမိတ်ကို အမှန်ယူရမည်ဟု ဆရာ သင်ပေးထားသည်။ ငါ့ဆရာကို ငါယုံသည်။ ဒါကြောင့် ငါ့ကိုယ်ငါယုံသည်။

"နောင်ကြီး၊ ခင်ဗျား အဲဒီကနေ အဘဘေးမှာ မြေကြီးကို တုတ်နဲ့ခြစ်ပြီး ရေးထား၊ ခင်ဗျားစားခဲ့တာကို ရေးထား"

"ဘာဖြစ်လို့လဲ"

"တော်ကြာ တစ်ယောက်နဲ့တစ်ယောက်ငြင်းကြရင် မကောင်းဘူးလေ။ ခင်ဗျားငြင်းမှာစိုးလို့"

"ဩော် - မင်းက ငါ့ကိုမယုံဘူး ကိုး။ ကဲကဲ... ."

တိမ်တစ်လုံးဘရှင်သည် အဘ၏ ဘေးတွင် တုတ်ချောင်းလေးနှင့် ရေးခြစ်နေ၏။ အဘကလည်း ငုံ့ကြည့်နေ၏။ ကျွန်ုပ်လည်း သူရေးပြီးလောက်ချိန်ကို မှန်းပြီး -

"မျှစ်"

"ဘယ်လို"

"မျှစ်ဗျာ"

"ဟာ - လူလေး တယ်နီးစပ်ပါလား"

အဘက ဟာခနဲဖြစ်ချိန် ဘရှင်ကလည်း အဘမျက်နှာကို ဆတ်ခနဲကြည့်ချိန် တိုက်ဆိုင်နေ၏။ ဤတစ်ကြိမ် ဘရှင်၏မျက်နှာမှာ ထူးဆန်းနေ၏။ အဘကိုကြည့်ရင်း ပြုံးနေသယောင်ယောင် ကျွန်ုပ်၏စိတ်ထဲတွင်ထင်နေမိ၏။

"နီးစပ်တယ်ဆိုတော့ မဟုတ်ဘူးပေါ့နော် အဘ"

"ဒီမှာရေးထားတာက မျှစ်နဲ့ ဝက်သားတဲ့ကွ"

ကျွန်ုပ်လည်း ဘရှင်ရေးထားသောစာအားသွားကြည့်လိုက်၏။ အဘက လက်ညှိုးထိုးပြ၏။ မျှစ်-ဝက်သားဟု ရေးထားသောစာ ဖြစ်၏။

ပထမထိုင်နေသောနေရာဆီသို့ ပြန်လာထိုင်လိုက်ပြီး ကောင်းကင်ကို မော့ကြည့်ရင်း ဆရာသခင် ကျေးဇူးရှင်ကို လက်အုပ်ချီ၍ ကန်တော့နေလိုက်၏။ ဘာရယ်မသိ ဝမ်းနည်းသလိုလိုဖြစ်လာပြီးမျက်ရည်ဝဲလာ၏။ ဘာ့ကြောင့်မှန်းတော့မသိ။

ဟုတ်ပြီ။ ကျွန်ုပ်ပြောခဲ့ပြီးပြီ။ သို့သော် နိမိတ်ကို မြင်ပါလျက်နှင့် မဆုံးဖြတ်ရဲသည်မှာ ကျွန်ုပ်အလွန်ညက်နုံ့နဲသောကြောင့်၊ သတ္တိမရှိသောကြောင့်ဟု ကိုယ့်ကိုယ်ကိုယ် မချင့်မရဲဖြစ်ရင်း တစ်ခုစဉ်းစားလိုက်၏။ ငါပြောလိုက်နိုင်တယ်။ မမှန်ပေမယ့် နည်းနည်းတော့ မှန်တယ်။ ဒီတစ်ခါ ငါ့အလှည့်ပဲ။ ငါက လည်း ခပ်လွယ်လွယ်အညံ့မခံတတ်တဲ့ကောင်ဆိုတော့ . . .

"ကဲ - ခင်ဗျားပြော။ ကျွန်တော့်ကော ဘာနဲ့စားလာခဲ့လဲပြော"

ကျွန်ုပ်၏မေးခွန်းကြောင့် အဘရော ဘရှင်ပါ ကျွန်ုပ်ဘက်သို့ မျက်နှာလှည့်လာကြပြီး ဘရှင်က အဘကိုကြည့်နေ၏။ သူတို့ ဤလိုမေးမည်ဟုထင်ထားဟန်မတူ။

"ငါက ပြောတတ်တယ်လို့ မင်းကို မဟာမိပါဘူး။ မင်းကိုသာ ငါမေးနေတာပါ"

"ဘယ်လို - ဒါဖြင့် မပြောနိုင်ဘူးပေါ့"

"အေး - ငါတော့မပြောနိုင်ဘူး"

"ကိုယ်မပြောနိုင်တဲ့ပညာကို သူများကိုမစမ်းရဘူးဗျ။ သူများကိုစမ်းပြီဆိုရင် အဲဒီစမ်းတဲ့အကြောင်းနဲ့ ပတ်သက်တဲ့ ပညာကိုလည်း ကိုယ်သိထားတတ်ထားမှ"

"လူလေး - ဟုတ်သားလားကွယ်၊ အဘသဘောကျလိုက်သမှ"

ကျွန်ုပ်၏စကားအပြီး အားရပါးရပြုံးရင်း ကျွန်ုပ်ကိုပြောလိုက်သော အဘ၏စကားကြောင့် ကျွန်ုပ်မှာ ငြိမ်သွားရပါတော့သည်။

"အဘ"

"ဟေ"

"ကျွန်တော်မကြုံဘူးတာတွေကြုံနေရတယ်နော်"

"ဘာပြုလို့"

"မေးနေလိုက်တာကြည့်ပါဦး၊ မပြီးတော့ဘူး။ အဘနဲ့ကျွန်တော်နဲ့အေးအေးလူလူလေးထိုင်နေရမလားမှတ်တယ်"

"အိုး - လူလေးနှယ်၊ ဒါအတွေ့အကြုံပေါ့လေကွယ်။ လူလေး ဘရှင်နဲ့ စကားပြောဖြစ်တာ လူဆယ်ယောက်လောက်နဲ့ စကားပြောဖြစ်သလိုပဲ။ အတွေ့အကြုံဆိုတာ ပိုက်ဆံနဲ့ဝယ်ယူလို့ တောင်ရတာမဟုတ်ဘူး"

"ဟုတ်တော့ ဟုတ်ပါတယ် အဘ။ သူမေးနေတာတွေကအဆီအငေါ်လည်း မတည့်ဘူး။ မေးမေးနိုင်လွန်း"

အဘပြုံးရင်း ဘရှင်ဘက်သို့လှည့်ကြည့်နေ၏။

"ကိုယ့်ညီကိုတော့ ကိုယ်သဘောကျသွားပြီကွာ။ လက်စနဲ့ ဒိပြင် ကိုယ့်အကြောင်း၊ ဘာများသိသေးလဲ၊ ပြောပါဦး"

ကျွန်ုပ်သည် ကျောက်စာတိုင် ဘုရားအနီး အကြော်ဆိုင်တွင် အဘနှင့် အကြော်စားရင်း အစ်ကိုတစ်ယောက် ပေးခဲ့သောပညာတစ်ခုကို ပြေးသတိရလိုက်၏။ ထို့ကြောင့် အခါတိုင်းမှသည် သုံးတန်ပေါ် နိစ်တိုင်ကို စိတ်ထဲမှမှန်းထုလိုက်သည့်အခါ ၃-၄-၅တန်းစီးပြုသော သောကြာသက်ရောက်တိုင်ထွက်လာတော့၏။ တိုင်ခြေမြေလူးတွင် ဇနီးတို ကိုယ်စားပြုသော သောကြာဂြိုဟ်ရှိနေလေရာ -

"နောင်ကြီးမိန်းမ အိမ်မှာမရှိဘူး"

"အဲဒါတော့ ဟုတ်တယ် ဦးစိန်၊ အိမ်ကမိန်းမ ဝါးခယ်မသွားတယ်"

"ဟုတ်လား" — ,

"ဟုတ်တယ်"

"ဟုတ်ရင် နောင်ကြီးမှာ အလုပ်မယ်မယ်ရရမခိုင်မာလို့ ငွေကြေးအခက်အခဲတွေဖြစ်နေတယ်"

"ဟုတ်လား လူလေး"

"ဟုတ်တယ် အဘ။ စီးပွားရေးဆိုတာက ကာယကံရှင်ရဲ့အပြင်မိတ်တို့တည်ပြီးဖြစ်ရတာလေ။ ကိုဘရှင်တကြာသပတေးနာမည်။ သူ့မိတ် တနင်္ဂနွေက ကျွန်တော် အခုတွက်နေတဲ့ ပညာရဲ့ 'နာ' နေရာမှာရှိတယ်။ တနင်္လာနံ့ငွေကြတန်းကပ်မှာ 'ထွက်' ဆိုတဲ့ နေရာမှာ ဒီကြာသပတေးနာမည်သမားရဲ့ အညွှန့်က သောကြာ။ အဲဒီအညွှန့်က တိုင်ခြေမြေလူးဖြစ်နေတယ်။ ဒါကြောင့် အလုပ်မယ်မယ်ရရမခိုင်မာဘူး။ ငွေကြေးအကျပ်အတည်းတွေဖြစ်နေတယ်။ အဘမေးကြည့်"

အဘသည် အားရပါးရပြုံးရင်း ဘရှင်ဘက်သို့လှည့်သွား၏။ ဤအနေအထားများကို အကဲခတ်ရသည်မှာ စိတ်ထဲကတစ်မျိုးဖြစ်နေ၏။ စဉ်းစားရခက်နေ၏။

"ကိုယ့်ညီကိုတော့ကိုယ်တော်တော်သဘောကျသွားပြီ"

"ဒါဖြင့်ဝန်ခံလား၊ ဟုတ်တယ်ပေါ့"

"အေး - ဟုတ်တယ်"

"ဒီလိုဆို ထပ်ပြောဦးမယ်။ ကျွန်တော်ပြောရင် စိတ်မဆိုးကြေးနော်"

"အေး - မဆိုးပါဘူး ကိုယ့်ညီ"

"ဒါဖြင့်ပြောမယ်။ နောင်ကြီးရဲ့ နာမည်က ဘရှင် ဆိုတော့အဖေတို့



www.burmeseclassic.com

www.burmeseclassic.com

အဘတို့ရဲ့ အရှင်သခင်ဆိုတဲ့အမိပွာယ် ထွက်နေလို့ နောင်ကြီးဘဝဟာ ဘယ် ပျော်မှမယ်မယ်ရရလုပ်လို့မရဘူး။ မြင့် အရှင်ပျက်မှာပဲ။ အဲဒါဝန်ခံလား"

"ဝန်ခံတယ်၊ ဟုတ်တယ်"

ပြောရင်းနှင့် ခေါင်းတညိတ်ညိတ် လုပ်နေ၏။

အဘသည်လည်း ရွှေမြေကြီးကို ကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေ လေ၏။ အဘနှင့် ဘရှင် ခေါင်းတညိတ် ညိတ်လုပ်နေသည်မှာ တစ်မျိုးဖြစ်နေ၏။

"ဝန်ခံတယ်ဆိုရင် ထပ်ပြောမယ်။ ခင်ဗျား သူများငွေနဲ့ ပြဿနာတက် ခတ်တယ်။ ကြည့်သာနေ"

စတွေ့ကတည်းက သူ့ကိုကြည့် နေခဲ့ပါ။

ထို့ကြောင့် လေ့လာမိသမျှ လေ့လာထားသမျှ အိတ်သွန်ဖာမှောက် ပြောပစ်လိုက်ခြင်း ဖြစ်၏။ သူများငွေ နှင့် ပြဿနာဖြစ်မည်ဟုပြောခဲ့ခြင်းမှာ သူ၏နာမည် အဓိပ္ပာယ်လွန်နေခြင်း တစ်ကြောင်း၊ ထိုနာမည်တည်ဆောက်ပုံ သည် တနင်္လာနံကိုကြေပျက်စေသော 'သမြန်-မင်းလွတ်'ကိန်းမိနေသည်ကတစ် ကြောင်းတို့ကြောင့် ပြောလိုက်ခြင်းဖြစ် သည်ကိုတော့ ဝန်ခံပါသည်။

တနင်္လာတိုင်တွင် ဘရှင် ဟူသော အမည်သည် 'မင်းလွတ်'ကိန်းမိနေသည် ဖြစ်ရာ တစ်ကွေ့မဟုတ် တစ်ကွေ့တော့ ကြုံကိုကြုံရမည်ဖြစ်၏။ တနင်္လာပျက် ခြင်း၊ တနင်္လာကိုဖြိုဖျက်ခြင်း ကြုံကိုကြုံရ မည်ဖြစ်၏။ ပညာသည် လုံးဝမလွဲပါ။

ကျွန်ုပ်ဟိုဟိုဒီဒီကြည့်ရင်း တောင် စဉ်းစားမြောက်စဉ်းစား စဉ်းစားနေလိုက် ၏။ ဒီဘရှင်သည် အလိုက်ကန်းဆိုးမသိ ထိုင်နေမေးနေသည်မှာ ကြာပြီ ဖြစ်၏။ အဘကလည်း သူ့ကိုအတော်နေရာပေး ထား၏။ ဤမျှ အလိုက်ကန်းဆိုးမသိသူ တို့ အဘယ်ကြောင့် ရင်းနှီးပုံဆောင်နေ ရပါသနည်း။ ကျွန်ုပ်ကို အဘချစ်မှန်း ကျွန်ုပ်သိ၏။ ယခု ကျွန်ုပ်ကို ဤမျှထိ မထီမဲ့မြင်လုပ်ပြနေသောသူတစ်ယောက် ကို အဘက အဘယ့်ကြောင့် ခင်ခင်မင်မင် ဖြစ်နေရပါသနည်း။

'ဘရှင်ရယ် တော်တော့၊ လူလေး ကလည်း ငါ့ရဲ့သားတပည့်ဖြစ်နေပြီပဲ' ဟူ၍ တစ်ခွန်းမှပင် ဝင်မပြော။

စဉ်းစားရင်း စဉ်းစားရင်း ယက္ခ ညီတော်နောင်တော်နှင့်မျက်နှာချင်းဆိုင် မုခ်ဝရှိ ဒေါက်ကလေးနှင့်ရောင်းနေသော ဆေးလိပ်ကွမ်းယာဗန်းဆီသို့ထသွားလိုက် ပါသည်။

နဂါးဆေးပေါ့လိပ်တစ်လိပ်ကိုဝယ် လိုက်၏။ ပြီးမှ အဘအနီးသို့ပြန်လာပြီး နဂါးဆေးပေါ့လိပ်ကို မီးညှိ၍ဖွာထုတ်နေ တော့၏။

"အဘ ကန်တော့နော်၊ ခွင့်ပြုပါ အဘ။ စကားတွေပြောရလွန်းလို့ ခံတွင်း တွေချဉ်လာလို့ ဖွာတာပါ"

"ဩော် - အေးအေး"

အဘအကြည့်မှာ ထူးဆန်းနေ၏။ အဘသည် ကျွန်ုပ် ဆေးလိပ်သောက် တတ်မှန်းသိထားသော်လည်း အဘရှေ့ တွင် မသောက်ဖြစ်အောင်ကြိုးစားပြီး လပေါင်းများစွာချီ၍နေခဲ့၏။

ကျွန်ုပ်ယခုထိုင်လိုက်သောနေရာ ကို အဘအကဲခတ်နေ၏။ ကျွန်ုပ်က လည်း နေရာပြောင်းထိုင်လိုက်ပြီ ဖြစ်၏။ အရှေ့ဘက်ကနေ အနောက်ဘက်ဆီသို့ မျက်နှာမူပြီးထိုင်လိုက်ခြင်း ဖြစ်၏။ နဂါး ဆေးပေါ့လိပ်ကြီးကို တစ်ဖွာပြီးတစ်ဖွာ တွင်တွင်ဖွာနေလိုက်၏။ နေရာပြောင်း ထိုင်ထားသောကြောင့် မီးခိုးများက တိမ်တစ်လုံးဘရှင်ဆီသို့သာ ဝေ့ဝိုက် လို့က်၊ ဦးတည်လိုက်နှင့်သွားနေတော့ ၏။ ဘရှင်သည်လည်း ကျွန်ုပ်၏ အပြု အမူကို အကဲခတ်နေပုံရ၏။ နဂါးဆေး ပေါ့လိပ်ကိုကြည့်လိုက်၊ ကျွန်ုပ်ကိုကြည့် လိုက်နှင့် သူလည်း ဤသို့ ဆေးလိပ်ထိုင် ဖွာမည်ကိုထင်ထားပုံမရ။

"ကိုယ့်ညီအို ကိုယ်လျှော့မတွက် ပါဘူး။ ဒါကြောင့် ကိုယ်လေးစားပါ တယ်။ ငယ်ပေမယ့် ပညာဂုဏ်ရှိမှန်း ကိုယ်သဘောပေါက်ပါတယ်။ ဒါကြောင့် သိချင်တာလေးတွေကို မေးကြည့်တာ စိတ်မဆိုးပါနဲ့။ လူဆိုတာက ဟုတ်တယ် မို့လား၊ ဘာမဆို သတ္တိရှိရှိ ရင်ဆိုင်ရဲရ မယ်၊ ပြောရဲဆိုရဲရမယ်။ ကိုယ့်ညီ တကယ်ပြောရဲပါပေတယ်။ ကိုယ်တကယ် ကိုလျှော့မတွက်ပါဘူး"

"ကျွန်တော်အမြဲကြိုးစားနေတဲ့သူ ပါ။ အိပ်ပျော်သွားတဲ့အချိန်ကလွဲရင် ကျွန်တော့်ရဲ့ကြိုးစားမှုကို ဘယ်တော့မှ ရပ်ထားလေ့မရှိပါဘူး။ အိပ်ပျော်နေရင် တောင် အိပ်မက်ထဲမှာကြိုးစားရင်ကြိုး စားနေတတ်ပါသေးတယ်။ ကျွန်တော် က သူများတကာလို မချမ်းသာပါဘူး။ ဒါကြောင့် စာအုပ်တွေစာပေတွေမဝယ် နိုင်ပါဘူး။ ဝယ်နိုင်တဲ့သူတွေဆီကိုချဉ်း ကပ်၊ အပြောခံအဆိုခံပြီး အောက်ကျခံ ပြီး တောင်းဖတ်၊ လိုချင်တာလေးတွေ ခေါင်းနဲ့မှတ်၊ အိမ်ကျပြန်ရေး၊ မှတ်ထား၊ မသိရင် သိတဲ့သူတွေနားကိုပြေး၊ ရိုရို သေသေနဲ့မေး၊ မှတ်သားထား။ ဒါ ကျွန်တော့်ဘဝပါ"

အဘလည်း နားထောင်နေ၏။ ဘရှင်လည်းနားထောင်နေ၏။

ကျွန်ုပ်လည်း အဘဆီထစ်ချက် ဝေ့ကြည့်လိုက်ပြီး -

"စာအုပ်စာပေတွေကို ဖတ်ရင်း တတ်လာခဲ့ရတာလေးတွေပါ။ အားလုံး ဟာ ကျွန်တော့်ရဲ့ မြင်ဆရာ၊ ကြားဆရာ တွေချည်းပါပဲ။ဉာဏ်မမီလွန်းတဲ့အတွက် ပညာတစ်ကွက်ရဖို့အရေး မသိစိတ်ကို ရောက်တဲ့ထိ အလွတ်အာဂုံဆောင်နိုင် အောင်ကျက်ယူရပါတယ်။ ပြီးမှ လက်တွေ့ နဲ့ယှဉ်ကြည့်ရပါတယ်။ နားမရှင်းရင်မေး ဖို့ သိတဲ့တတ်တဲ့သူတွေကိုရှာရပါတယ်။ ပညာကို တော်တော်ဒုက္ခခံပြီးရှာခဲ့ဖွေခဲ့ ရပါတယ်။ ဒါကြောင့် အဘကို စတွေ့ တော့ အရမ်းအားကိုးမိခဲ့ပါတယ်။ အဘ ကိုလည်း ရိုရိုသေသေ ချဉ်းကပ်ခဲ့မိပါ တယ်"

"အေး. . . ဟုတ်တယ်ဟုတ်တယ်။ လူလေးဟာ တကယ့်ကိုကြိုးစားတဲ့ ကလေးပါ။ အင်း . . . ရပ်နေတဲ့သူ မဟုတ်တဲ့အတွက် တစ်နေ့ ခရီးရောက် မှာသေချာတယ်"

အဘပြောနေရင်း ချောင်းနှစ်ချက် ခန့်ဆိုးလိုက်၏။ ကျွန်ုပ်လည်း နဂါး ဆေးပေါ့လိပ်အငွေ့တထောင်းထောင်း ကို ချက်ချင်းရပ်လိုက်တော့၏။

ဘရှင်သည် တွေပြီးငြိမ်နေရာမှ -

"ကိုယ့်ညီနဲ့ ကိုယ်နဲ့ ရင်းနှီးရတဲ့ အထိမ်းအမှတ်အဖြစ် တစ်ခုတော့ မှတ်မှတ်ရရ ပညာလေးတစ်ကွက်လုပ် ပါဦး"

ကျွန်ုပ်သည် ပြုံးရတော့မလိုလို၊ တည်ရတော့မလိုလိုဖြစ်သွားပြီး ဘရှင် ကို သေချာကြည့်လိုက်မိ၏။ သူ၏စကား အသွားအလာကို နားထောင်ရင်း ရုတ်တရက်ကြောင်သွား၏။ဒေါသထွက် ရခက်၊ စိတ်ဆိုးရခက်နှင့် ဘာလုပ်ရ မှန်းပင် ရုတ်တရက်မသိဖြစ်သွား၏။ သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး. . .

(ရှေ့လဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းနှောင်းနေဟာ နေ့လယ်ခင်းမှာ အတော်ပင်ပူပါ၏။ ဟင်္သာတမြို့ အ-မ-က (၂) တာကလေးကျောင်းက ကျောင်းအုပ်ဆရာကြီး ဦးသန်းဝေရဲ့ ဖိတ်ကြားမှုကြောင့် သူ့ရုံးခန်းထဲ အချိန်အနည်းငယ်မျှ နောက်ကျပြီးရောက်ခဲ့ရသည်။ အချိန်ကိုအရေးထားသူ၊ လေးစားသူပီပီ ဆရာကြီးက သူ့လက်မှနာရီကိုတိုက်ပုံအကျီလက်ဆွဲ့မပြီးကြည့်နေလိုက်သေး၏။ အစည်းအဝေးဖိတ်ကြားထားသူတွေ အစုံအလင်မရောက်ကြသေး။ အစည်းအဝေးဖိတ်စာထဲမှာ နေ့လယ် (၁) နာရီတိတိလို့ ရေးထားသော်လည်း ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်၊ နာရီဝက်စွန်းသူများပင် အချို့ရှိနေပါ၏။

တာဝန်အစည်းအဝေး မဟုတ်။ လူမှုရေးအစည်းအဝေးပေမို့ ဆရာကြီးလည်း တင်းတင်းမာမာမပြောသာပါ။ ဒါတောင်မပြောသာပြောသာပြောလိုက်သေး။

"ကျွန်တော်တို့လူမျိုးတွေ တိုးတက်မှုနှေးကွေးတာ အဓိကအချိန်ကိုမလေးစားတာ တိတိကျကျမလိုက်နာလို့ဗျ။ အခုလည်းကြည့်လေ၊ အစည်းအဝေးမှာ လူနှစ်ဆယ်ဖိတ်ထားတယ်။ လူစုံအောင်စောင့်ရတော့ သတ်မှတ်ချိန်ထက် နာရီဝက်နောက်ကျပြီးမှလုပ်ရတယ်။ လူတစ်ယောက်အတွက် နာရီဝက်ဆုံးရှုံးတော့ လူနှစ်ဆယ်ဆိုတော့ (၁၀) နာရီ အလဟဿဆုံးရှုံးသွားတာပေါ့။ ထားတော့၊ ခင်ဗျားတို့ကို အပြစ်ပြောတာ မဟုတ်ပါဘူး အဖြစ်ကိုပြောပြတာပါ"

ဆိုတဲ့စကားဟာ ဗီသာလေးနဲ့ ဘွားပစ်တာထက်တောင် အခံရခက်သေး။ ဆရာကြီးဦးသန်းဝေ ဆိုတာက ကျူပ်နဲ့ကျောင်းနေဖက်ငယ်သူငယ်ချင်းပါ။ ငယ်ငယ်ကတည်းက စည်းကမ်းကောင်းခဲ့တာဆိုတော့၊ ကျောင်းဆရာဖြစ်တော့ စံပြဆရာဖြစ်လာပေတော့တာပေါ့။

ဆရာကြီးရုံးခန်းထဲမှာ ကျောင်းသားဟောင်းတွေ၊ ဆရာဟောင်းတွေ၊ လက်ရှိ ဝါရင့်ဆရာဆရာမကြီးတွေ၊ ကျောင်းအကျိုးတော်ဆောင်တွေ စုံစုံလင်လင်ရောက်ရှိလို့နေလေရဲ့။ အစည်းအဝေးရဲ့ အဓိကကတော့ (၈) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပဖို့ စိုင်းပြင်းလို့နေကြခြင်းပါပဲ။

ယမန်နှစ်က အတွေ့အကြုံတွေ ပြောကြ၊ လာမယ့် ဆရာကန်တော့ပွဲ အတွက် အစီအစဉ်တွေကို မှုကြမ်းချ လို့ ဆွေးနွေးကြတယ်။ တစ်နှစ်ထက် တစ်နှစ်ပိုကောင်းအောင်၊ ပိုပြီးတော့ အငြိမ်းစားဆရာဆရာမကြီးတွေကို လှူဒါန်းနိုင်အောင် အလှူငွေကောက်ခံရေး ကို အလေးပေးပြီး ဆွေးဆွေးပြောပြော ကြပါတယ်။ ယမန်နှစ်ကဆို အငြိမ်းစားဆရာတစ်ဦးကို နှစ်သောင်းခွဲလောက်သာ ကန်တော့နိုင်ခဲ့တာမို့ ယခုနှစ်မှာတော့ ဒီထက်ပိုပြီး ကန်တော့နိုင်ဖို့ပြော ကြတာတွေကို နားထောင်ခဲ့ရပါတယ်။

ဒါကတော့ တပည့်ဟောင်း ကျောင်းသားဟောင်းတွေရဲ့ စီးပွားရေး အခြေအနေတွေနဲ့ သူတို့ရဲ့ စေတနာ သဒ္ဓါတရားအပေါ်မှာ မူတည်လို့နေတာ ပါပဲ။ အလှူငွေကောက်ခံသူ ကျောင်း သားဟောင်းတစ်ယောက်ရဲ့ ရင်ဖွင့်သံ

# ပန်းမြိုင်လယ်-စိန်ဝင်း

## လေစုန်တိုက်သူနှင့် ရေဆန်ကြိုက်သူ





www.burmeseclassic.com

www.burmeseclassic.com

ားကို ကျုပ်ကြားလိုက်ရတော့ ရင်ထဲ တစစ်စစ်နဲ့နာကျင်စူးစူးဖြစ်သွားမိ ယ်ထင်ပါရဲ့။

"ဒီမူလတန်းကျောင်းက ထွက် းကြတဲ့ကျောင်းသားဟောင်းအများစု ာ ရာထူးရာခံနဲ့ အရာရှိဖြစ်တဲ့သူ၊ ှားရေးအရ အောင်မြင်အဆင်ပြေသူ၊ မ်းလျှမ်းတောက်အောင်မြင်ကျော်ကြား ယ်ဆိုတဲ့သူတွေဟာ ရာခိုင်နှုန်းနဲ့ က်ကြည့်ရင်တော့ ပြောပလောက် ာင်မရှိလှပါဘူး။ တကယ်အဆင်ပြေ းသာပြီး ခပ်မြင့်မြင့်နေရာရောက်နေ တဲ့သူတွေက နယ်ဝေးမြို့ကြီးပြကြီး ွမှာ အခြေကျအနေလှနေကြတာ းပါတယ်။ ကျွန်တော်တို့လို မြို့ခံ ကျောင်းသားဟောင်းတွေထဲမှာတော့ က်လုပ်လက်စားတွေ၊အခြေခံဝန်ထမ်း ွ ဆိုက်ကားနင်း၊ ဈေးရောင်းသူတွေ ဟက်သာများကြတာပါ။ တချို့ဆိုဗျာ တော်အတန်တော့ ပြေလည်ကြပါ ယ်။ ဒါပေမယ့် ကန်တော့ခံဆရာတွေ မှာ သူတို့မသင်ရတဲ့ဆရာတွေကများ လို့ဆိုတာကတစ်မျိုး၊ အလှူငွေထည့် င်ပေမယ့် အခြေအနေမပေးလို့ မလှူ င်တဲ့သူတွေကတစ်ဖုံ၊ လက်ခုပ်ပြည့်ပေ ယ့် လက်ကြားတောင်မယိုချင်တဲ့လူ တွေကတစ်သွယ် တွေ့နေရပါတယ်ဗျာ။ တော့ ပိုက်ဆံအိတ်ကြီးခါးကြားထိုး ှ ဟန်းဖုန်းချိတ်ပြီး မော်တော်ကားနဲ့ င်ကယ်ထည်လဲစီးပြီး စတိုင်ကျနေတဲ့ တွေအချို့ကလည်း ပိုက်ဆံအိတ်ကြီး က် ဆွဲထုတ်လိုက်တော့ အရွက်ကြီး ွ၊ အရွက်သေးတွေတစ်ထွေးကြီး ရာပါလာတယ်။ ဒါပေမယ့်ဗျာ အဲဒီ စ်ထွေးကြီးထဲကမှ အသေးဆုံးအရွက် ် ရွေးချယ်ပြီး ငွေရှပ်တောင်မပေါ် က်ပေ့ဆိုတဲ့အဖာတစ်ရာပါငွေအသပြာ ် ပေးလှူတဲ့လူတွေတောင်ရှိနေသေး ရဲ့ဗျာ"

လို့ ဆိုတဲ့ အလှူခံကျောင်းသား ာင်းတစ်ဦးရဲ့ရင်ဖွင့်သံကြောင့် ကျုပ် င်ထဲ တစစ်စစ်မြည်အောင် နာကျင်မိ ယ်ဆိုတာ တကယ်တော့မဆန်းပေ းပေါ့ဗျာ။

(၂)

မနှစ်က ဒီမူလတန်းကျောင်းရဲ့ ရာကန်တော့ပွဲအခမ်းအနားမှာ ဆရာ ီးပြောသွားတဲ့စကားဟာ ကျုပ်ရင်ထဲ တော့ ဒုတ်ဒုတ်ထိပဲလို့ ဆိုရပေမယ်။

"ဟောဒီဆရာကြီးတို့ရဲ့မူလတန်း ကျောင်းကနေ အခြေခံပြီး တစ်ဆင့် တစ်ဆင့် အလယ်တန်း၊ အထက်တန်း၊ ကောလိပ်တက္ကသိုလ်အဆင့်အထိတက် လှမ်းသွားကြတဲ့ တပည့်အပေါင်းဟာ သောင်းသိန်းမက များပြားလှပေါ့ကွယ်။ ဒီလို အတတ်ပညာတွေနဲ့ ပြည့်စုံပြီး မြင့် မြင့်မားမားဖြစ်သွားတဲ့တပည့်တွေသတင်း ကြားရတော့ ဆရာကြီးတို့ဝမ်းသာတယ်။ မုဒိတာပွားမိတယ်ပေါ့။

"အေး -လက်လှုပ်မှ ပါးစပ်လှုပ်ရ မြေကြီးကိုခြေကန်၊ကောင်းကင်ကိုကျော ပေးပြီး စားဝတ်နေရေးအတွက် ရုန်းကန် လှုပ်ရှားရတဲ့တပည့်တွေကို မြင်ရတွေ့ရ တဲ့အခါကျတော့ သနားကရုဏာသက်မိ ပြန်တာပေါ့ကွယ်။ ဆရာဆိုတာ ဘယ် တပည့် သာစေဘယ်တပည့်နာစေဆိုတဲ့ ကွက်ကျားမိုးရွာတာမျိုးမရှိပါဘူး။ အား လုံးကို ညီတူညီမျှ စာသင်ပေးခဲ့တာချည်း ပါပဲ။ ဆိုးတဲ့တပည့်၊ ရန်ဖြစ်တဲ့တပည့် သူများပစ္စည်းမသိအောင်ယူတဲ့တပည့် တွေကိုတော့ ကြိမ်ဖူးဟင်းချိုတိုက်တယ် ဆိုပြီး ကြိမ်လုံးနဲ့ဆော်ပလော်တီးပေးခဲ့ ရတာတွေလည်းရှိခဲ့တာပေါ့။ မန်လည် ဆရာတော်ဘုရားကြီးရဲ့မဃဒေဝလင်္ကာ သစ်မှာဆိုထားတဲ့လင်္ကာလေးက 'ရှေ့ရှု မေတ္တာ ကရုဏာနှင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်မသို ဟုတ်တိုင်း ဆို၍ ကျိုးလိုစိတ်က ဆုံးမတတ်သူ ဆရာ ဟူလော့' ရယ်လို့ ဆိုထားပေတယ်။ အဲဒါကြောင့် ဆရာဆိုတာ တပည့်တွေ အပေါ်မှာ မေတ္တာရှေ့ထားရမယ်။ ကရု ဏာထားရမယ်။ တပည့်တွေရဲ့မလိမ္မာမှု ဆိုးမိုက်မှုတွေနဲ့ ကျောင်းပြေးမယ်၊ စာမကျက်ဘူး၊ စာမရဘူးဆိုရင်တော့ ဘယ်တပည့်ကိုမှမသိယောင်ဆောင်ပြီး မနေခဲ့ ဘူး။ သူကတော့ မင်းကြီးသားမို့ သူကတော့ ဆိုက်ကားသမားသားမို့၊ အကြော်သည်သမီးမို့ဆိုပြီး မခွဲခြားခဲ့ဘူး။ ရိုက်စရာ ဆုံးမစရာရှိတာကိုတော့ မညှာ တာခဲ့ဘူး။ ဒါဟာ ဆရာ့ရဲ့ မှန်ကန်တဲ့ သစ္စာစကားပဲ။

အေး- မင်းတို့တွေဟာ အခုဆိုလူ ကြီးတွေနေရာမှာရောက်နေကြပြီ ဆရာ့ ထက်တော်တဲ့ တပည့်တွေဖြစ်ကောင်း ဖြစ်နေကြပြီပေါ့။ ဒါပေမယ့် ဆရာကြီး ကတော့ မင်းတို့မင်းတို့လေးတွေကို ကလေးလေးတွေလို မြင်နေတုန်းပဲ။ အမြင်မတော်ရင် ပြောချင်ဆိုချင်ဆုံးမ ချင်သေးတာပဲ။ ဆရာဆိုတာ ဆရာနဲ့တူ ရမယ်တဲ့။ မှန်တာပေါ့ကွာ။ သိဿာနံ ဟိတံ အာစရ တီတိအာစရိယောလို့ဆို ထားပေတယ်။ ဒါကို အဓိပ္ပာယ်ဖွင့်ကြည့် လိုက်ရင် သိဿာနံ - တပည့်တို့၊ ဟိတံ- အစီးအပွားကို၊ အာစရတီတိ - ရှေးရှု ကျင့်တတ်၏။ ဣတိ - ထို့ကြောင့်၊ အာစရိယော - အာစရိယ ဆရာမည်ပါ ပေ၏တဲ့။ ဆရာကောင်းတစ်ယောက် လူကောင်းလူတော်တစ်ယောက်ဖြစ်ဖို့ဆို ရာမှာလည်း ဦးစွာ တပည့်ကောင်းတစ် ယောက် အရင်ဖြစ်ဖို့တော့လိုပေတာပဲ။ ပန်းပဲဆရာအထုမခံရတဲ့ သံတုံးဟာ ဓားကောင်းတစ်လက်ဖြစ်မလာနိုင်ပါဘူး။ ကျောက်ဆစ်ဆရာအထုအထွင်းမခံရတဲ့ ကျောက်တုံးဟာလည်း လှပချောမွေ့တဲ့ ကျောက်ဆစ်ရုပ်ကောင်းတစ်ခုဖြစ်မလာ ပေဘူး။ ဒီလိုပါပဲ ဆရာကောင်းအဆုံး အမ အသွန်အသင်အပြုအပြင်မခံရတဲ့ တပည့်ဟာ ဘယ်လိုမှ လူကောင်းသူ ကောင်းဖြစ်မလာနိုင်ပါဘူး။ ပထမ ရွှေကျင်ဆရာတော်ကြီးရဲ့ အဆုံးအမ အတိုင်းပြောရမယ်ဆိုရင် တပည့်ကောင်း သူကောင်းဖြစ်ဖို့ဆိုရင် ဆရာကောင်း တပည့်ဖြစ်ဖို့လည်း အရေးကြီးပါတယ် တဲ့။ ဆရာကောင်းရဲ့ အဆုံးအမကို လေးစား လိုက်နာ ခံယူတတ်ဖို့ဆိုတာ အရေးကြီးလှပေတာပေါ့။ ဆရာဆိုတာ စာကိုလည်းသင်၊ လူလည်းပြင်ဆိုတဲ့ ဆောင်ပုဒ်လိုကျင့်ကြံခဲ့ရတာ။

ဆရာကြီးတို့ မူလတန်းသင်ဆရာ တွေ ဟိုတုန်းကတော့ ကန့်ကူလက်လှည့် ဆရာ၊ အခုခေတ်တော့ ကျောက်တံ လက်လှည့်၊ ခဲတံလက်လှည့်ဆရာပေါ့။ အဲဒီအခြေခံဆရာတွေဟာ ဟိုးသေး သေးလေး ဝလုံးလေးကစပြီး ကမ္ဘာလုံး ကြီးအထိ ကြည့်မြင်တတ်ဖို့သင်ပေးခဲ့ကြ ရတာ။ လူ့ဘဝရဲ့ တိုးတက်မှုအတွက် အခြေခံဖောင်ဒေးရှင်းအုတ်မြစ်ကို ခိုင်ခိုင် မာမာချပေးခဲ့ကြတာ။ အခြေခံမခိုင်ရင် ယိုင်နဲ့ပြိုလဲသွားမှာပေါ့။ ဒီတော့ အခြေခံ ကို ပိုင်အောင်နိုင်အောင်၊ မြဲမြံအောင်ချ ပေးလိုက်ရတာ။ဆရာတို့မူလတန်းဆရာ တွေဟာ ဘာနဲ့အလားတူသလဲလို့ဆိုရင် တိုက်တစ်တိုက်ရဲ့အခြေခံဖောင်ဒေးရှင်း နဲ့ တူတယ်။ ဖောင်ဒေးရှင်းချပြီးတော့ တဖြည်းဖြည်း အမြင့်ကိုတက်တက်သွား လိုက်တာ တိုက်ကြီးလည်းပြီးသွားရော အလှအပတန်ဆာတွေ ပြုံးပြုံးပြောင် ပြောင်အရောင်တွေလက်ပြီး သစ်လွင် လှပလာပေမယ့် အခြေခံဖောင်ဒေးရှင်း ကိုတော့ ဘယ်သူမှ အချောမကိုင် ဆေး မသုတ်ဘဲ မြေကြီးထဲမြှုပ်ပြီး ဖုံးအုပ်လိုက် တာ။ ပိုပြီးခိုင်ခံ့အောင် ဒင်နဲ့တောင်

www.burmeseclassic.com

ဆောင့်လိုက်ကြသေးတယ်။ ဒါပေမယ့် ဖောင်ဒေးရှင်းကြီးကတော့ အပြုံးမပျက် ပခုံးထက်မေါ်က တိုးတက်သွားကြတဲ့ အလှအပတပည့်တွေကို ဝမ်းသာအားရ မုဒိတာအပြုံးနဲ့ ပြုံးပြုံးကြီး ကျေနပ်နေ တယ်ဆိုတာ တပည့်တို့ ယုံလိုက်ကြပါ ကွယ်"

ဆိုတဲ့ ဆရာကြီးရဲ့ ဆုံးမဩဝါဒ စကားဟာ ကျုပ်ရင်ထဲမှာတော့ ဒုတ်ဒုတ်ထိပါလို့ ပြောခဲ့ပြီးပါပကော။

(၃)

ဩော်- အခုဆို ကျုပ်တောင်မှ ဌာနက ပင်စင်ယူခဲ့ရပြီပေါ့။ အရာရာ တိုင်းဟာ ပြောင်းလဲတိုးတက်လို့ အလုပ် ထဲမှာ တာဝန်ထမ်းနေတုန်းကတော့ သွက်သွက်လက်လက်ရှိခဲ့ပါရဲ့။ ဝါသနာ ပါတာက ကျောင်းဆရာအလုပ်။ တကယ် လုပ်ရတာက ဌာနကအရာထမ်း။ တစ် လမ်းစီဆိုပေမယ့် ဌာနတွင်းက ဆင်းရဲ တဲ့ကလေးတွေ၊ ကျူရှင်ခမတတ်နိုင်သူ တွေ တကယ်ပညာလိုလားတဲ့ကလေး တွေကို အလကားပဲတင်း စာပြပေးတဲ့ ဆရာတော့ဖြစ်ခဲ့ဖူးတာပေါ့။

ကျုပ်စာပြပေးလိုက်လို့အောင်မြင် ထွန်းပေါက်သွားတဲ့သူတွေ တော်တော် များများရှိနေသလို လက်လုပ်လက်စား တွေလည်းရှိနေမှာပါပဲ။ ဒါပေမယ့် တပည့် အားလုံးရဲ့ ဆရာလိုအခေါ်ခံရမှုကတော့ အတူတူပါပဲလေ။ ကျုပ်ပင်စင်ထိုင်စတုန်း ကဆို တစ်ခုခုလိုနေသလို မနေတတ် မထိုင်တတ်ဖြစ်လို့ပေါ့။ အဲဒီတော့ ဝါသနာပါတဲ့ စာဖတ်ခြင်း၊ စာရေးခြင်း၊ အလုပ်နဲ့ အချိန်တွေကို အကျိုးရှိရှိပဲ ကုန်လွန်စေခဲ့တယ်။ ဆယ်ရက်တရား စခန်းတွေရှိရင်လည်း အိမ်တံခါးပိတ်ပြီး အဘိုးကြီး၊ အဘွားကြီးနှစ်ယောက်စလုံး တရားဝင်ဖြစ်ခဲ့ပါရဲ့။

ကျန်တဲ့ရက်တွေကတော့ အိမ်မှာ ပဲ တရားထိုင်၊ စာဖတ်၊ စာရေးဖြစ်ပါ တယ်။ ကျန်းမာရေးအတွက်ကတော့ မနက်တိုင်း လမ်းလျှောက်ထွက်တာပါပဲ။ အသက်ကြီးလာပြီဆိုတော့ အဓိက ကျန်းမာရေးနဲ့ စိတ်ချမ်းသာရေးပေပဲ ပေါ့။ မေတ္တာသုတ်တရားတော်ထဲကလို အပကိစ္စစကိစ္စတွေကို နည်းနိုင်သမျှ နည်းအောင်တော့ ကျင့်ကြံရပေတာပေါ့ နော်။

တစ်ခါတလေတော့လည်း လမ်း လျှောက်ရင်း အပြန်မှာ လက်ဖက်ရည် ဆိုင်တော့ ဝင်ထိုင်ဖြစ်ပါရဲ့။ ဒါကလည်း လက်ဖက်ရည်ဆိုင်မှာ နေ့စဉ်ထုတ် သတင်းစာကိုလည်းဖတ်ရင်း၊ ရပ်ကွက် အတွင်းက သတင်းစကားကိုလည်း နားစွင့်ရင်းပေါ့။ စာရေးတဲ့သူဆိုတော့ လက်ဖက်ရည်ဆိုင်က ကုန်ကြမ်းတွေရ တတ်တာမျိုးဆိုပါတော့။ တစ်ချက်ခုတ် သုံးချက်ပြတ်ဆိုသလို လက်ဖက်ရည် သောက်၊ သတင်းစာဖတ်၊ ကုန်ကြမ်းရှာ ဘာညာသရကာပေါ့ဗျာ။

"တို့ဦးလေးကြီး လာတယ်ဟေ့။ စားပွဲရှင်းထား၊ သတင်းစာချပေး ပုံမှန် တစ်ခွက်"

အမြဲမပျက်သော်မှ တစ်ပတ်သုံး၊ လေးခါ ရောက်တတ်တာမို့ စားပွဲထိုး လေးတွေကပင် အကြိုက်ကို အလိုက်သိ တတ်နေကြပြီ။ ထောင့်ကျကျစားပွဲမှာ ထိုင်ပြီး လာချပေးတဲ့ သတင်းစာကို စိမ်ပြေနပြေအပြန်ပြန်အလှန်လှန်ဖတ်ရင်း ပဲပလာတာလေးစားလိုက်၊ လက်ဖက်ရည် လေးအရသာခံပြီး တစ်ကျိုက်ငုံလိုက်နဲ့ ဆိုတော့ စိတ်ရဲ့လွတ်လပ်ခြင်း၊ ဌာန တာဝန်တွေကနေအပြီးတိုင်လွတ်မြောက် ခြင်းဆိုတဲ့ ဝိမုတ္တိရသတွေကိုပါ ခံစား လိုက်ရသလိုပါပဲ။ အဖော်မပါတော့ ဘယ်သူနဲ့မှလည်း စကားပြောစရာမလို တော့ဘူးပေါ့။

စားပွဲပေါ်မှာ လာချပေးထားတဲ့ ရက်ကျော်က သတင်းစာတွေပါ အားရ အောင်ဖတ်နေတုန်းမှာပဲ ဆိုင်ရှေ့မှာထိုး ရပ်လာတဲ့ပါဂျဲရိုးကားကို တစ်ချက်တော့ ငဲ့စောင်းကြည့်ဖြစ်လိုက်မိပါတယ်။ ကား ပေါ်က စမတ်ကျကျ ရှိုးအပြည့်အဝနဲ့ ဆင်းလာတဲ့ သူငယ်ဟာ တကယ့်ကို အပျံစားပါ။ လက်ထဲက ဟန်းဖုန်းနဲ့ စကားပြောလိုက်၊ ရယ်လိုက်မောလိုက် ပတ်ဝန်းကျင်ကလူတွေကို မေ့လျော့နေ သလိုမျိုး။

"အေးကွာ - မင်းပြောတဲ့ မတ်တူး ကားကို ကြိုက်တော့ကြိုက်တယ်ကွ။ ကားရာဇဝင်ကိုငါလက်လှမ်းမီသလောက် ယှေ့လာကြည့်တာ မော်ဘီဒက်မှာ လူ တိုက်ခဲ့ဖူးတယ်လို့ပြောတယ်ကွ။ ကြိုက် ဈေးရရင်တော့ ရိုက်ရမှာပေါ့ကွာ။ အေး အေး-ဟုတ်ပြီ၊ ဒီညနေငါလာကြည့်မယ်။ အိုကေအိုကေ - ပွဲဖြစ်ရင် ဝမ်းတေဘယ် က ပျင်းတောင်ပျင်းသေး။ ရွှေရည်ဝင်း က ကေတီဗွီမှာပါ ဧည့်ခံပေးမယ်။ ဟား ဟား ရိုက်ချက်ရဲ့အပြင်းအပျော့ပေါ်မှာ တော့ မူဟည်တာပေါ့ကွ။ ရိုက်ချက်ပြင်း ရင်တော့ ဒီထက်ပိုစေရမယ်။ စိတ်ချ ဒီညနေ ငါလာဖြစ်အောင်လာမယ်။ စိတ်ချ၊ ဒါပဲနော်"

သူ့စကားသံဆုံးတော့မှ ကျုပ် လည်း သူရှိတဲ့ဘေးစားပွဲကို ငဲ့စောင်း ကြည့်လိုက်မိတော့ အကြည့်ချင်းဆုံသွား မိတော့တယ်။

"ဟာ - ဆရာတစ်ယောက်တည်း လား"

"အေးကွယ်၊ တစ်ယောက်တည်း ပါပဲ"

ဒီသူငယ်ကို ဘယ်မှာမြင်ဖူးပါလိမ့် ဟူသော အတွေးက ကျုပ်ဦးနှောက်ကို အလုပ်ပေးချေပြီ။ ဌာနအလုပ်ထဲက ဝန်ထမ်းသူငယ်တော့ မဖြစ်နိုင်ဘူးဆိုတာ ကိုတော့ အတပ်သိလိုက်မိ၏။ ဝန်ထမ်း တွေထဲမှာ ဒီလိုအဆင်ပြေချမ်းသာတဲ့ သူဆိုတာ အရှားသားကလား။ တစ်လ တစ်လ ရတဲ့လစာနဲ့ အလျဉ်မှီအောင် စားကြရတာ။ ပုံစံခွက်ထက်ကြီးပြီးစား မိတဲ့သူ၊ အပျော်အပါးလိုက်စားတဲ့သူ ဆိုရင်တော့သွားရော။ အကြွေးပတ်လည် ဝိုင်းပြီး ဘဝတစ်ခုလုံး နာလန်မထူနိုင် တော့ဘူးသားမှတ်။ အခု ဒီသူငယ်ဟာ ခပ်ပါးပါးလှပ်လှပ်ကလေးပါ။ ဘာလို့ ဆိုတော့ ကျုပ်ရဲ့သူစိမ်းဆန်ဆန်အကြည့် နဲ့ကြည့်တဲ့မျက်လုံးကို ချက်ချင်းဖတ်တတ် လိုက်လို့ပါပဲ။

"ဩော် - ဆရာက ကျွန်တော့်ကို မမှတ်မိဘူးနဲ့တူတယ်။ ဆရာတို့အလုပ် ထဲက စုပါဗိုက်ဇာဦးသိန်းအောင်ရဲ့သား စိုးသိန်းလေ။ ကျွန်တော်ရှစ်တန်းတုန်းက ဆရာ့အိမ်မှာ ကျူရှင်တက်လာခဲ့ဖူးတာ ပါ"

"ဩော်-အေးအေး မောင်စိုးသိန်း ရယ်။ ဆရာဖြုန်းခနဲမမှတ်မိတာပါ။ ရုပ်ရောလူပါပြောင်းလဲသွားတော့မနည်း ငယ်ရုပ်ဖမ်းယူရတယ်ကွယ်။ မင်းတော့ အဆင်ပြေရဲ့မဟုတ်လား။ ဘာလုပ်ငန်း တွေလုပ်နေလဲ"

"အလုပ်ကတော့ဆရာရယ်။ ကား အရောင်းအဝယ်၊ တိုက်ခန်းအရောင်း အဝယ်လုပ်ပါတယ်။ တစ်ကွက်ကောင်း ရိုက်ချက်ပြင်းပြင်းထိရင်လည်း မြိုးမြိုး မြက်မြက်လေးရပါတယ်။ လက်ထဲမှာ ပိုက်ဆံရှိနေဖို့ကအရေးကြီးတာပါ။ ထဲ့ က လင်သေကြွေးပူတို့ ဗိုက်နာနေတဲ့သူ တွေနဲ့တွေ့လို့ကတော့ အောက်ဈေး ဆွဲစေ့ထားလိုက်ပြီး ကြိုက်ဈေးခေါ် နှပ်ထားလိုက်ရတာမျိုးပေါ့ ဆရာရယ်။ ဆရာကော ဌာနကပင်စင်သွားရော အဆင်ကောပြေရဲ့လား"

"ဒီလိုပဲပေါ့ကွာ မောင်စိုးသိန်းရာ



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓရဲ့အဆုံးအမအောက်မှာ သမ္မာအာဇီဝဖြစ်အောင် ရတဲ့ ပင်စင်လစာလေးနဲ့ စာရေးလို့ရတဲ့ စာမူခလေးတွေပေါ်မှာ တင်းတိမ်ရောင့်ရဲပြီး အေးအေးချမ်းချမ်းဖြစ်အောင်တော့ နေရပေတာပေါ့ကွာ။ ဟိုမှာ မောင်ရင်မှာထားတာတွေ အေးကုန်ရော့မယ် သုံးဆောင်လိုက်ဦး"

မောင်စိုးသိန်းက အပြုံးလေးနဲ့ ခေါင်းတစ်ချက်ဆတ်ပြပြီး သူ့နေရာမှာ ထိုင်လို့ စားသောက်နေသည်မို့ ကျုပ်လည်းမဖတ်ရသေးသည့် ရက်လွန်သတင်းစာကို ကောက်ယူ၍ ဖတ်နေလိုက်ပေသည်။ တစ်အောင့်အကြာမှာတော့ မောင်စိုးသိန်းခါးမှဟန်းဖုန်းက မြည်လာပြန်သည်။

"အေးပြော။ ချိစ်ရယ်၊ ထောပတ်ရယ်၊ ဘရိတ်ဖတ်စားဖို့ အီကလေယားရယ် ဝယ်ခဲ့ရမယ်လေ၊ အေးအေး-စိတ်ချဝယ်ခဲ့မယ်။ ဒါပဲနော် ဘိုင့်ဘိုင်"

ကျုပ်က မောင်စိုးသိန်းကို တစ်ချက်လှမ်းကြည့်လိုက်တော့ -

"အိမ်ကမိန်းမက လှမ်းမှာလို့ ဆရာရေ။ ဒီကအပြန် မုန့်ဝင်ဝယ်သွားရဦးမယ်။ ဟေး - စားပွဲထိုးချာတိတ် ငါစားထားတာ ဘယ်လောက်ကျလဲ။ ရော့ကျသလောက်ဖျက်ယူ"

တစ်ထောင်တန်တစ်ရွက်ထုတ်ပေးပြီး ပြန်အမ်းငွေကို ပိုက်ဆံအိတ်ထဲထိုးထည့်ကာ -

"ကျွန်တော့်ကိုခွင့်ပြုပါဦး ဆရာ။ မိန်းမက ကျွန်တော်ပြန်ရောက်မှ ဘရိတ်ဖတ်စားမှာမို့ပါ"

"အေးအေး - ကောင်းပါပြီကွယ်"

ပါဂျဲရိုးကားကလေးက ငြိမ့်ငြိမ့်ညောင်းညောင်းလေး ပြေးထွက်ခွာသွားလေပြီ။

(၄)

သတင်းစာသုံးစောင်ကို တဝကြီးဖတ်ပြီး စားပွဲပေါ်သို့ မုန့်နှင့်လက်ဖက်ရည်ကို လက်စသတ်နေစဉ်အချိန်မှာပင် မောင်စိုးသိန်းထိုင်သွားသည့် စားပွဲသို့ ချွေးသံ့ရွှဲရွှဲနှင့်စုတ်ချာချာလူတစ်ယောက် ဝင်ထိုင်လိုက်သည်ကို သတိပြုလိုက်မိသည်။ တောဆောင်းစစ်ဦးထုပ်ဟောင်းတစ်လုံးကို ခပ်စိုက်စိုက်ဆောင်းထားသည်မို့ မည်သူမှန်းတော့ မသိနိုင်ပါ။ ထိုသူငယ်က ဦးထုပ်ကို ချွတ်လိုက်ပြီး ခေါင်းဆိုးခါးပုံစဖြင့် ချွေးစိုမျက်နှာကိုသုတ်လိုက်ပြီး -

"ပလာတာနှစ်ချပ်၊ ဟင်းရည်ဆမ်းပေးပါဟေ့"

ဒီသူငယ် အတော်ဆာလောင်နေပုံပဲ။ အလုပ်ကြမ်းသမားနဲ့တူရဲ့။ ပကာသနမရှိ ဟန်ဆောင်မှုမရှိ ပကတိအရှိအတိုင်း ဘာမှအရောင်ဆိုးထားခြင်းမရှိသည်ကိုတော့ ကြည့်ရင်း သတိထားမိလိုက်ပါရဲ့။ ပလာတာဟင်းရည်ဆမ်းပွဲကို ခေါင်းမဖော်တမ်းစားပြီး ရေနွေးကြမ်းနှစ်ခွက်ကို ဆင့်ကာသောက်လိုက်ပြီးမှ ကျွန်ုပ်ဘက်အကြည့်ရောက်လာပြီး -

"ဟာ - ဆရာကြီး လက်ဖက်ရည်လာသောက်တာလား။ ကျွန်တော်မမြင်မိတာခွင့်လွှတ်ပါ"

"အေးပါကွယ်၊ ဒါထက် မောင်ရင်ကဘယ်သူတုံး"

ဝေဝေဝါးဝါးဖြစ်နေသည်မို့ တွဲတိုးပဲမေးလိုက်ရတော့သည်။

"ကျွန်တော် ရှစ်တန်းတုန်းက ဆရာကြီး ကျူရှင်အလကားသင်ပေးတဲ့ မောင်ဝင်းမောင်ပါဆရာကြီး။ ကျွန်တော့်အဖေက ဆရာကြီးအလုပ်ထဲက စက်ပြင်ကူပေါက်ကြီးပါ"

"ဩော်-ပေါက်ကြီးရဲ့သား၊ မှတ်မိပါပြီကွယ်။ မောင်ဝင်းမောင်က အခု ဘယ်မှာလုပ်နေလဲကွယ့်"

"ကျွန်တော့်အဖေဆုံးပြီးကတည်းက ကျွန်တော် ကျောင်းထွက်ပြီး ဆိုက်ကားနင်းရပါတယ်။ ကျွန်တော်ကအကြီးဆိုတော့ အဖေ့တာဝန်ဆက်ထမ်းရတာပေါ့ ဆရာကြီးရယ်။ မိခင်အိုကြီးနဲ့ ကျွန်တော့်မိသားစုကို ရိုးရိုးသားသား ဆိုက်ကားနင်းပြီးရှာကျွေးနေတာပါ။ မိန်းမက ပဲပြုတ်ရောင်းတယ်။ မီးဖိုချောင်စရိတ်ကို တစ်ဖက်တစ်လမ်းက ကာမိတယ်ဆိုပါတော့"

"အေးကွယ်၊ ရိုးရိုးသားသားနဲ့ကြိုးစားတဲ့တပည့်ကို ဆရာကြီးဂုဏ်ယူပါတယ်ကွယ်"

ထိုစဉ် မောင်ဝင်းမောင်က သူ့အိတ်အတွင်းမှ ဆေးပေါ့လိပ်တိုကိုထုတ်ယူ၍ ပါးစပ်ကိုက်လိုက်ပြီး မီးညှိရန် ကောင်တာဆီသို့ ထသွားလိုက်သည်။ ကောင်တာမှာ ဘာတွေပြောသည်တော့ မသိ။ တစ်အောင့်အကြာမှပြန်လာပြီး-

"ဆရာကြီး၊ ကျွန်တော်အော်ဒါတစ်ခုရှိလို့ သွားလိုက်ပါဦးမယ်။ ဆရာကြီး သွားချင်တဲ့နေရာရှိရင်လည်း ပြောနော်။ ကျွန်တော်အချိန်မရွေးလိုက်ပို့ပေးပါ့မယ်"

"အေးကွယ်-ကျေးဇူးတင်ပါတယ် မောင်ဝင်းမောင်ရယ်"

ဆိုက်ကားထားရာဗာဒံပင်အောက်သို့ သုတ်ခြေတင်သွားသော မောင်ဝင်းမောင်၏ ကျောပြင်ကိုကြည့်၍ ကရုဏာသက်မိသော သက်ပြင်းတစ်ချက် ကြွေလွင့်ထွက်သွားမိပါသည်။

ကျုပ်လည်း ပြန်ဖို့ရာပြင်ဆင်လိုက်ပြီး ကျသင့်ငွေကို ရှင်းပေးဖို့ရာ ကောင်တာကို လှမ်းကြည့်လိုက် စားပွဲထိုးလေးတွေကို လှမ်းခေါ်လိုက်သည်။

"ကိုင်း-ကလေးရေ၊ဘယ်လောက်ကျလဲ ရှင်းမယ်ကွယ့်"

"ဦးလေးကြီးအတွက် ကိုဝင်းမောင်ရှင်းပေးပြီးသွားပြီခင်ဗျ။ ဟောဒီ ပါဆယ်ဖိုးပါရှင်းသွားတယ်"

ပဲပလာတာတစ်ထုပ်နှင့်လက်ဖက်ရည်ပါဆယ်ထုပ်ပါ အပိုဝယ်ပေးသွားသည့် မောင်ဝင်းမောင်ကို အားတုံ့အားနာဖြစ်မိသည်။ ငြင်းဆန်ရအောင်လည်း မောင်ဝင်းမောင်ဆိုက်ကားက ထွက်သွားပြီ။ ဒီမနက်မှာတော့ ကျုပ်အတွက် ကုန်ကြမ်းတစ်ခု ပြက်ပြက်ထင်ထင်ကြီးကိုရလိုက်ပါပြီ။ တစ်ထိုင်တည်းမှာကိုပဲ လေစုန်အတိုက်ခံလိုက်ရသလို ရေဆန်ကြိုက်သူနဲ့ပါ ကြုံလိုက်ရတဲ့အကြောင်း ဝတ္ထုဆောင်းပါးလေးရေးရကောင်းမည်လားဟု စဉ်းစားမိလိုက်သည်။

အစုန်နှင့် အဆန်ဆိုတာကို အိမ်အပြန်လမ်းလျှောက်ရင်း တွေးနေမိသည်။

ဘာသာတရားအရ အစုန်နဲ့အဆန်ကို အဓိပ္ပာယ်ဖွင့်ဆိုကြတာက ကုသိုလ်ဆိုတာ အဆန်ခရီးပဲ လှော်နိုင်ပါမှ တက်တာတဲ့။ အကုသိုလ်ကတော့ အစုန်ခရီးပါပဲ၊ အသာလေးမျှောချလိုက်ရုံပဲ။ လှော်စရာတောင်မလိုပါဘူး။ တစ်ခါတည်း အဝီစိတောင်ရောက်သွားဦးမယ်ဆိုတဲ့မေ့ဩဝါဒလေးကို ပဲ့တင်သံအဖြစ် ပြန်ကြားယောင်နေမိပါရဲ့။

ကျုပ်အဖို့မှာတော့ဗျာ ရောင့်ရဲပိုင်ခြားနိုင်သော ဉာဏ်ပညာကိုသာ ဘဝခရီးဆုံးအထိ ဆောင်ယူ ပျိုးသန်းရာ အတောင်ပံများအဖြစ် အသုံးချသွားရပါဦးမည်ဆိုတဲ့အသိတစ်ခုတော့ လင်းလင်းလက်လက် တောက်ပသွားမိတာတော့ အမှန်ပဲပေါ့ဗျာ။

*တတ်သိသူတွေအားလုံး*
*သိတတ်ကြပါစေ*

ပန်းမြိုင်လယ်ခိုင်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



□ **လက်ပံဖူးချိန်**

မြန်မာတို့ရဲ့ တပို့တွဲလရောက်တာနဲ့ အအေးဓာတ်ကပေါ့သွားခဲ့ပါပြီ။ နေလို့ထိုင်လို့ကောင်းရုံမျှတတဲ့ရာသီဥတုလို့ဆိုရမှာပါ။

တပို့တွဲလရောက်တာနဲ့ မုတ်သုံသစ်တောတွေက အချို့အပင်တွေဟာ ရွက်ဝါတွေကြွေကျနေကြပါပြီ။ တပို့တွဲလမှာ စပွင့်တဲ့ ပေါက်နဲ့ လက်ပံတွေကတော့ ရာသီအမီ ဖူးပွင့်ဖို့အတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ အရွက်တွေ ခြွေချနေကြပါပြီ။

ဒီအခါ သူတို့ရဲ့ပင်ကိုအလှဖြစ်တဲ့ ပင်စည်၊ အကိုင်း၊ အခက်၊ အဖုအထစ်၊ အကောက်အကွေ့၊ အကြီး၊ အငယ်အရွယ် အမျိုးမျိုးနဲ့ တန်ဆာဆင်ထားတဲ့ ရိုးတံအပင်ကြီးကိုမြင်ရမှာဖြစ်ပါတယ်။ ဘာနဲ့တူသလဲဆိုတော့ ပင်ကိုအလှကို လှစ်ဖော်ပြသတဲ့ အပျိုဖြန်းလေးနဲ့တူပါတယ်။

ဒါပေမယ့် ကြာကြာမြင်ခွင့်မရတတ်ပါဘူး။ ဘာလို့လဲဆိုတော့ အကိုင်းအခက်တွေမှာ ဖူးတံလေးတွေထိုးလာပြီး မကြာမီမှာပဲ ပန်းကမ္ဗလာနီခြုံထည်ကို လွှမ်းခြုံတော့မှာပါ။ အဲဒီကစပြီး သူ့ရဲ့ပင်ကိုအလှကို မြင်ခွင့်မရတော့ပါဘူး။

ပေါက်ပန်းက လက်ပံထက်နည်းနည်းစောပြီးပွင့်ပါတယ်။ ပေါက်နဲ့လက်ပံပွင့်ပြီဆိုလို့ကတော့ တစ်ပင်လုံး သားတစ်သားတွဲတွေဆွဲထားသလားအောက်မေ့ရလောက်အောင် ပင်လုံးကျွတ်ရဲနေအောင်ပွင့်ကြတာကိုး။ ပေါက်ပန်းကအနီမှာ အဝါသွေးနည်းနည်းရောတယ်။ လက်ပံကျတော့ အနီမှာအဝါသွေးရောတဲ့အမျိုးရှိတယ်။ နီရဲပြီးညို့နေတဲ့အမျိုးရှိတယ်။ အဲဒီမှာ ညို့နေတဲ့အလှက ပိုပြီးတင့်တယ်သလိုထင်မိပါတယ်။ အဲဒါကလက်ပံပင်တွေ တန်းစီးပွင့်နေမှ အဲဒီအရောင်အသွေး တူညီမှုမရှိတဲ့ရသကို ခံစားခွင့်ရတာပါ။ တစ်ပင်တည်းပွင့်နေလို့ကတော့ မသိသာလှပါဘူး။

ခရီးအသွားများတဲ့ကျွန်တော်ဟာ ကားလမ်းဘေးမှာပွင့်နေကြတဲ့လက်ပံပင်တွေကို အမြဲသတိထားတတ်လို့ သိနေခြင်းဖြစ်ပါတယ်။ ဒါကလည်း လက်ပံပွင့်ချိန်နဲ့ကြုံမှပါ။

လက်ပံပင် ဆိုတာ တောင်ပေါ်မှာရော မြေပြန့်မှာပါရှိတဲ့ အပင်မျိုးပါ။ မိုးကုတ်ရဲ့ တောတောင်တွေမှာလည်း ကြီးမားတဲ့လက်ပံပင်ကြီးတွေတွေ့ရတတ်တယ်။ ပြီးတော့ လက်ပံအဖြူမျိုးလည်း တွေ့ရတတ်တယ်။ သူက အပွင့်မနီတာကလွဲရင် ကျန်တာအကုန်တူပါတယ်။

မိုးကုတ်ဘက် တောတွေရဲ့လမ်းဘေးတွေမှာ လက်ပံတွေရဲနေအောင်ပွင့်ကြသော်လည်း လက်ပံပွင့်ကောက်သူဆိုတာ တစ်ဦးမှမရှိပါဘူး။ ဘာလို့လဲဆိုတော့ မိုးကုတ်သားတွေဟာ လက်ပံပွင့်မစားကြလို့ပါ။

အညာဒေသဘက်တွေမှာကျတော့ လက်ပံပင်တွေကောက်ပြီး ပွင့်ဖတ်တွေခြွေကာ အပွင့်ရဲ့ခေါင်းကို အခြောက်လှန်းကြတယ်။ အဲဒါကို လက်ပံခေါင်းလို့ခေါ်ကြတယ်။ အထဲကဝတ်မှုန်တံလေးတွေပါတယ်။ ခြောက်တော့ အမည်းရောင်သန်းသွားတယ်။ အဲဒီလက်ပံခေါင်းအခြောက်ကို ပုံးရည်ကြီးနဲ့ အချဉ်ချက်စားကြတာလေ။ အညာမြေရဲ့ဟင်းတစ်ခွက်ပေါ့။ မြင်းခြံဘက်မှာနေစဉ်က မကြာမကြာစားရတတ်ပါတယ်။ စားလို့လည်းကောင်းပါတယ်။ ကြိုက်တတ်သူတွေအတွက်တော့ ထမင်းမြိန်တဲ့ဟင်းတစ်ခွက်ပေါ့လေ။

နေပြည်တော်ဒေသမှာကျတော့ စားရကောင်းမှန်းမသိကြပါဘူး။ လက်ပံပွင့်အကြွေတွေ အပင်အောက်မှာ ရဲရဲတောက်နေပေမယ့် ဘယ်သူမှမကောက်ကြပါဘူး။ အညာမှာကျတော့ နှစ်ပတ်လည်စားနိုင်အောင် ကောက်ပြီးတော့ အခြောက်လှန်းကာ သိမ်းဆည်းထားတတ်ကြတယ်။

မိုးကုတ်ဈေးမှာ ရွှေဘို မုံရွာဘက်ကလာတဲ့ လက်ပံခေါင်းအခြောက်တွေ ရောင်းတာတွေ့ရတတ်တယ်။ အဲဒါဟာ မိုးကုတ်ရောက်အညာသားတွေအတွက် ပုံးရည်ကြီးနဲ့လက်ပံခေါင်းချဉ်ရည်ချက်စားနိုင်အောင်ရောင်းချခြင်းပါ။ အညာသူအညာသားတွေကတော့ဝယ်ချက်ကြလေ့ရှိပါတယ်။

ဒီလက်ပံပွင့်စားတဲ့ဓလေ့ကြော[illegible] လည်း လက်ပံကောက်တေးဆိုတာ [illegible] လာခြင်းပါ။ မှတ်မှတ်ရရ ကျွန်တော်[illegible] ငယ်ငယ်က ရွှေဘာနဲ့ တင်တင်လှတို့[illegible] တဲ့ 'ပျံလေတဲ့ငှက်ခါး' ဆိုတဲ့ရုပ်ရှင်[illegible] ကားမှာ လှပကြော့ရှင်းတဲ့အ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တင်တင်လှနဲ့ အပျိုတစ်သင်း လက်ပံပင်အောက်မှာ လက်ပံပွင့်ကောက်တဲ့ဇာတ်ဝင်ခန်းပါပါတယ်။ ဇာတ်ဝင်းတေးကလည်း အခုထိတိုင်အသုံးပြုနေဆဲရှိတဲ့ 'နွေမိန်တပေါင်း××× နေရှိန်လောင်း××× ရွက်ဟောင်းမြေခ×××ကြွေကျခဲ့ပြီကွယ်' ဆိုတဲ့ နာမည်ကြီးသီချင်းပါ။ အဆိုရော၊ အတီးရော၊ စာသားပါကြိုက်လွန်းလို့ ငယ်စဉ်မှသည် ခုထိတိုင်ရနေဆဲသီချင်းပါ။ နွေရောက်ရင် ရေဒီယိုကလွှင့်တတ်ပါတယ်။

လက်ပံတွေဖူးရင်၊ လက်ပံတွေပွင့်ရင် အဲဒီလက်ပံပွင့်ကောက်တေးလေးကိုပြေးပြီးသတိရမိတယ်။ သရုပ်ဆောင်ခဲ့တဲ့ တင်တင်လှတောင် ဒေါ်တင်တင်လှဖြစ်

(မိုးကုတ်)

# ရွှေပြည်စိုး

## လက်ပံဖူးချိန်



www.burmeseclassic.com

နေပါပြီ။ ဒါပေမယ့် မျက်စိထဲမှာတော့ ငယ်မူငယ်သွေးနဲ့ လှပကြော့ရှင်းတဲ့ တင်တင်လှကို မြင်ယောင်နေဆဲပါပဲ။

**❑ ခွေးရူးချိန်**

'လက်ပံဖူးချိန် ခွေးရူးချိန်' ဆိုတဲ့ စကားရှိပါတယ်။ လက်ပံတွေဖူးပွင့်တဲ့ ဆောင်းအနှောင်း နွေအကူးမှာ ခွေးတွေ ရူးနေကျအချိန်ပါ။ အဲဒါကြောင့် အဲဒီ စာကိုဆိုခဲ့ဟန်ရှိပါတယ်။ အမှန်တကယ် လည်း ရူးပါတယ်။

ခွေးဟာ ခွေးရူးပြန်ရောဂါပိုးဝင်ပြီး ရူးခြင်းပါ။ ခွေးရူးပြန်ရောဂါပိုးဝင်ပြီး ချက်ချင်းမရူးပါဘူး။ အဲဒီပိုးဟာ ခွေးရဲ့ ခန္ဓာကိုယ်တွင်းမှာ (၆) လတိုင်တိုင် မှိုခို ပေါက်ပွားပြီးပါမှ ခွေးကထရူးခြင်းပါ။ အဲဒီအခါမှာ ရောဂါပိုးတွေအင်အား အလွန်ကောင်းနေတာမို့ ခွေးရဲ့သွားရည် မှာ များစွာပါဝင်နေပါပြီ။

ခွေးရူးအစွယ်ခြစ်မိတာနဲ့ ခွေးရူး ပြန်ရောဂါကပိုးဟာ ကူးစက်ခံရပြီးသား ဖြစ်သွားခဲ့ပါတယ်။ ကိုက်မိလို့ပေါက် သွားမှမဟုတ်ပါဘူး။ အစွယ်နဲ့ခြစ်မိပြီး ပွန်းသွားတယ်၊ သွေးစို့သွားတယ်ဆိုရင် ပဲ နီးရာဆေးရုံကို အမြန်ဆုံးသွားဖို့လို အပ်ပါတယ်။ ကုသမှုခံယူဖို့ အထူးလို အပ်လှပါတယ်။

ခွေးရူးပြန်ရောဂါပိုးဝင်ထားတဲ့ခွေး ဟာ (၆) လမတိုင်မီမှာ အကောင်းပါ။ ဒါပေမယ့် အဲဒီခွေးအကောင်းနဲ့ဆော့ ကစားရာမှ မတော်တဆအစွယ်နဲ့ငြိမိရင် သို့မဟုတ် ကိုက်တတ်တဲ့ခွေးဆိုပါက တစ်ယောက်ယောက်ကိုကိုက်မိရင် အဲဒီ ခွေးရဲ့သွားရည်မှာ ခွေးရူးဆိပ်လို့ခေါ်တဲ့ ရောဂါပိုးဝင်နေပြီမို့ ထိမိကိုက်မိတဲ့လူ ဟာ ခွေးရူးပြန်ရောဂါကူးစက်မှုခံရပါပြီ။

အဲဒီမှာ ကိုက်တဲ့ခွေးကတော့ အကောင်းပါဆိုပြီး ပေါ့ဆမနေသင့်ပါ ဘူး။ ခွေးကိုက်ဒဏ်ရာဆိုတာ ခဏနဲ့ ပျောက်တတ်တာပါ။ ဒါပေမယ့် ပိုးက တော့ပျောက်မသွားပါဘူး။ အဲဒါကြောင့် ခွေးကိုက်ပြီဆိုတာနဲ့ စိတ်ထဲမှာ ခွေးရူး ကိုက်သလိုသဘောထားပြီး ကြိုတင်ကုသ မှုခံယူတာဟာ အသင့်တော်ဆုံးနဲ့ အန္တ ရာယ်အကင်းဆုံးပါပဲ။ ဒါကို တိုးတက် တဲ့ခေတ်မှာမှသိရခြင်းပါ။ ရှေးကသိခြင်း မရှိခဲ့ပါဘူး။

ခွေးရူးချိန်မှာ လမ်းဘေးနေခွေး လေခွေးလွင့်တွေကို အမဲလုံးပစ်ပြီးကြို တင်ကာကွယ်တဲ့အနေနဲ့ သုတ်သင်တတ် တာ ထုံးစံပါ။ လမ်းဘေးခွေးတွေ အတုံး

အရုံးသေကာ ကုန်သွားတတ်ပေမယ့် အိမ်မွေးခွေးတွေဆိုတာကများစွာရှိနေ ကြပါတယ်။ အဲဒီအခါ ခွေးရူးဆိုတာ နှစ် စဉ်ပေါ်လာတတ်တာပါပဲ။

'ခွေးရူးဟော့ ခွေးရူး' ဆိုတဲ့အော်သံ ဟာ လူတွေမီးလန့်သလိုပဲ အလန့်တ ကြားဖြစ်ကြလေ့ရှိပြီး ကလေးတွေရော လူကြီးတွေပါ ခွေးရူးကိုက်မခံရအောင် အိမ်ပေါ်ပြေးတက်ကြတာထုံးစံပါ။ သူက လည်းကြီးမားတဲ့အန္တရာယ်တစ်ခုပေကိုး။

ခွေးရူးကရှေ့ကပြေး လူတွေက တုတ်ကိုယ်စီနဲ့ ခွေးရူးလိုက်ရိုက်တတ်ကြ တဲ့မြင်ကွင်းဆိုတာ ကျွန်တော်တို့များစွာ မြင်ခဲ့ဖူးပါတယ်။ သူလည်း ထိတ်လန့် စရာအနိဋ္ဌာရုံမြင်ကွင်းတစ်ခုပါ။ ဒါကိုစွဲ ပြီး ကလေးတွေ ခွေးရူးလိုက်တမ်းကစား ကြတာပါ။ ခွေးဟာ ရူးတာနဲ့ မျက်စိတွေ ပြာပြီးဘာမှကောင်းကောင်းမမြင်ရတော့ ပါဘူး။ အဲဒီအခါ ခြေဦးတည့်ရာသွား တတ်ပြီး တွေ့ရာကို ဒေါသနဲ့ကိုက်တော့ တာပါပဲ။ ခွေးရူးဟာ အမြီးကုပ်နေတတ် တယ်။ ခေါင်းကိုအောက်စိုက်ပြီးသွား တတ်တယ်။ပါးစပ်မှာသွားရည်တွေထွက် နေတတ်တယ်။ ခွေးရူးကိုမြင်တာနဲ့ ခွေး ကောင်းတွေက အနားမကပ်ဘဲ ဝိုင်း ဟောင်နေတတ်တယ်။ အရဲစွန့်ပြီးဝင် ကိုက်တဲ့ခွေးကျတော့ အပြန်အလှန် ကိုက်ကြတာမို့ ခွေးရူးကိုက်ခံရကာ ရောဂါကူးစက်ခြင်းခံကြရပါတယ်။ ခွေး ရူးနေတာကိုမသိဘဲ အမှတ်တမဲ့သွား လာနေတဲ့လူတွေလည်းအကိုက်ခံရတတ် ပါတယ်။

အဲဒီလို ခွေးရူးက ခြေဦးတည့်ရာ သွားနေတဲ့အချိန်မှာ အိမ်ကခွေးတွေ ထွက်ဟောင်မိရင် ခွေးရူးရဲ့ကိုက်ခဲခြင်း ခံရလေ့ရှိတယ်။ ဒါဆို အိမ်ရှင်က ကိုယ့် ခွေးမရူးအောင် နားရွက်တစ်ဖက်ရဲ့ အဖျားကိုကတ်ကြေးနဲ့ကိုက်ဖြတ်ပစ်လေ့ ရှိတယ်။ အဲဒီလိုဖြတ်လိုက်တာနဲ့ သွေး တွေထွက်လာတော့တာပါပဲ။ သဘောက တော့ ခွေးရူးဆိပ်ကို သွေးဖောက်ပြီး ထုတ်ပစ်တဲ့သဘောပါပဲ။ ကျွန်တော် ငယ်ငယ်က အိမ်ကခွေး ခွေးရူးအကိုက်ခံ ရတဲ့အခါ အဖေလုပ်တာမြင်ဖူးပါတယ်။ အမှန်တကယ်လည်း အဲဒီခွေးရူးမသွား ခဲ့ပါဘူး။ အိမ်မွေးခွေးအတော်များများ ဟာ အဲဒီလိုနားရွက်တစ်ဖက်အဖျားတို လေးတွေဖြစ်နေတာ အတော်များများ မြင်ခဲ့ဖူးပါတယ်။ ဒါဟာ ခွေးရူးအကိုက်ခံ ခဲ့ရတဲ့ခွေးတွေရဲ့ သင်္ကေတတစ်ခုဆိုပါ တော့။ ဒါကရိုးရာနည်းပါ။ သိပ္ပံနည်းကျ

ဆိုရင်တော့ လက်ခံနိုင်ဖွယ်မရှိပါဘူး။ သို့သော်လည်း အခုအခါ ကျွန်တော် နေပြည်တော်ကိုပြန်ရောက်လာတဲ့အခါ မှာတော့ နားရွက်အဖျားဖြတ်ခွေးတစ် ကောင်မှမမြင်ရတော့ပါဘူး။

**❑ စိတ်ပြောင်းသွားတဲ့အခါ**

ကျွန်တော် မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာရွာ ကိုကျော်တင်ရဲ့အိမ် အောက်မှာ တွင်းသားတွေနဲ့နေစဉ်က ခွေးတွေမွေးထားပါတယ်။ ကျွန်တော်က ခွေးအလွန်ချစ်တာကိုး။

အဲဒီခွေးတွေထဲမှာ ဣန္ဒြေအလွန် ကြီးတဲ့ ခွေးနီမတစ်ကောင်ပါပါတယ်။ သူက သူ့ကို ဘယ်လောက်ကျွေးကျွေး အမြီးနှန့်ပြမှာ၊ နားရွက်ကုပ်ပြမှာ၊ တအီ အီလုပ်ပြမှာ၊ ပါးလျက်နားလျက်လုပ်ပြ မှာ လုံးဝမပါဘူး။ ကြည့်တာတောင် ခပ်တည်တည်ကြည့်တာ။ တကယ်ဗျာ အဲဒီခွေးမ မာနကြီးပုံကတော့ စံထား လောက်တယ်။ လူမိန်းကလေးတွေ မာန ကြီးတာလောက်တော့ အဲဒီခွေးမက ပျင်းတယ်တောင်ပြောမှာသေချာတယ်။ ဒီလိုခွေးမျိုးမြင်ကိုမမြင်ဘူးတာ။ ဒါပေ မယ့် ကျွန်တော်ကတော့ ပုံမှန်ကျွေးပါ တယ်။

သခင်ဆိုတဲ့အမျိုးကလည်း ကိုယ့် ကိုဖားတတ်တဲ့ခွေးမှ အချစ်ပိုတာကိုး။ ဘယ်လိုလိမ္မာတာ၊ ဘယ်လိုသိတတ်တာ၊ ဘယ်လိုစာရိတ္တကောင်းတာနဲ့ သူများတို့ လည်း ကိုယ့်ခွေးအကြောင်း ကြွားတတ် ကြတယ်လေ။ ဒါကလည်း လူ့ထုံးစံပေ ကိုး။

အဲဒီခွေးနီမကျတော့ ကျွေးတာ သာစားနေတာ သခင်နဲ့ရင်းရင်းနှီးနှီးနေ လေ့မရှိပါဘူး။ သူ့ဟာသူပဲ ဣန္ဒြေနဲ့နေ တတ်တာ။ ဒီလိုနဲ့ အရွယ်ရောက်လာပါ တော့တယ်။

တစ်နေ့မှာတော့ အဲဒီခွေးမဟာ ခုန်ပေါက်မြူးထူးပြီး အမြီးတနှန့်နှန့် နဲ့ အမှိုက်လေးတွေကိုက်လိုက်၊ တုတ် ချောင်းလေးတွေကိုက်လိုက်နဲ့တစ်ကောင် တည်း ဆော့ကစားနေပါတယ်။ အဲဒီ အခါ ဣန္ဒြေကြီးတဲ့ခွေးမ ဟုတ်မှဟုတ်ရဲ့ လားဆိုတာ အသေအချာကြည့်ဖြစ်ပါ တယ်။ ဟုတ်ပါတယ် - အဲဒီခွေးမပါ။ ဘယ်လိုဖြစ်ပြီး စိတ်ပြောင်းသွားပါလိမ့် ခုတော့လည်း သူမဟုတ်သလိုပါပဲလား ဆိုပြီး ထူးဆန်းလွန်းလို့ တွင်းသားတွေ ကိုခေါ်ပြမိတယ်။

"ဟော့ကောင်တွေ ဒီခွေးမတွေ



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဖောက်သွားပြီထင်တယ်ကွ။ သူ့ရဲ့မူလစိတ်နဲ့ဆန့်ကျင်ဘက်ဖြစ်သွားပြီ။ ငါ့အထင်တော့ ဒီခွေးမရူးများသွားပြီလား မသိပါဘူး”

“ဟုတ်တယ် ဆရာ၊ သတိထားနေမှရမှာ။ ခွေးရူးကိုက်ခံရလို့ကတော့ မချောင်ဘူး”

“အေးကွ၊ ဒါပေမယ့် ဒီဒေသမှာ ခွေးရူးတာတစ်ခါမှမမြင်ဖူးဘူး။ အောက်ပြည်အောက်ရွာတွေသာ ပူလို့ ခွေးရာသီမှာရူးကြတာ။ ဒီမှာက အေးတော့ ရူးခဲပါတယ်”

“ပြောလို့တော့မရဘူးပေါ့ ဆရာရယ်၊ ခွေးရှိရင် ခွေးရူးလည်းရှိနိုင်တာပဲလေ”

“အေးဟေ့၊ သတိထားနေကြကွ။ ခွေးက ကိုယ့်အိမ်ကခွေးဆိုတော့ အနေနီးတယ်”

“ဟုတ်ကဲ့ ဆရာ ဟုတ်ကဲ့”

ခွေးမက စိတ်ချရတဲ့အနေအထား မဟုတ်တော့ကာ အထူးသတိထားနေရပါတယ်။ မကြာမီမှာပဲ နောက်ဖေးဘက်ထွက်မယ်အလုပ်မှာ အဲဒီခွေးနီမနဲ့ပက်ပင်းတိုးတဲ့အခါ တစ်သက်လုံးအမြီးမနှန့်တဲ့ခွေးက အမြီးနှန့်ပြီးတော့ပြေးလာပြီး ကျွန်တော့်ကို ခုန်ဟပ်တော့တာပါပဲ။ သတိထားနေတဲ့ကျွန်တော်ဟာ ခွေးတွေနဲ့ ကစားနေကျမို့ လျှပ်တစ်ပြက်မထိအောင်ရှောင်တိမ်းနိုင်လိုက်ပြီး ငေါက်ထုတ်လိုက်တော့ ပြေးထွက်သွားပါတယ်။ တော်သေးတယ်၊ သတိထားနေလို့သာ။ သတိမထားမိလို့ကတော့ သေချာပေါက် ခွေးရူးကိုက်ခံရပါတယ်။

ခဏနေတော့ အတူနေခွေးတွေကိုရော အိမ်နီးချင်းခွေးကိုပါ လိုက်ကိုက်နေတာ တွေ့ရပါတယ်။ ဒါဟာ အမှန်တကယ် ခွေးရူးရဲ့လက္ခဏာပါ။ ဒါပေမယ့် ခွေးရူးကိုဂရုမစိုက်အားဘဲ အချိန်တန်တော့ ကျောက်တွင်းလုပ်ငန်းဆီ သွားကြရပါတယ်။ ညနေ တွင်းကပြန်လာတော့ ဖွားငြိမ်းကဆီးပြောပါတယ်။

“ဟဲ့ - ကျော်စိုး နင့်ခွေးမကရူးနေပြီဟဲ့။ အဲဒါကလေးတွေသတိပေးထားရတယ်။ ဒုက္ခပါပဲဟယ်။ အလွန်တည်ငြိမ်ပြီး ကြောက်တတ်တဲ့ခွေးမက ခုတော့ တွေ့သမျှခွေးတွေကို အကုန်လိုက်ကိုက်နေတာဟဲ့။ ခွေးတွေ ခုတော့ သူ့ကိုပြန်ကြောက်နေရတယ်”

လို့ ပြောပြပါတယ်။ ခွေးရူးဆိုရင် အရှင်ထားလို့မရဘူးဆိုတာ ကျွန်တော် သိပါတယ်။ ဒီခွေးရူးတစ်ကောင်ဟာ လူတွေကိုရော ခွေးတွေကိုပါ အကြီးအကျယ်ဒုက္ခပေးနိုင်စွမ်းရှိပါတယ်။ အောက်ပြည်အောက်ရွာတွေမှာဆိုရင် အဆိပ်ရှိတဲ့မြွေဖြစ်ဖြစ်၊ အဆိပ်မရှိတဲ့မြွေဖြစ်ဖြစ် အန္တရာယ်ကင်းအောင် ရိုက်သတ်ပစ်ကြလေ့ရှိသလို ခွေးရူးဆိုရင်လည်း အဆိပ်ရှိတာမို့ တွေ့တဲ့နေရာမှာရိုက်သတ်ပစ်လေ့ရှိကြပါတယ်။

အဲဒါကြောင့် အားကောင်းမောင်းသန် ခပ်မိုက်မိုက်တွင်းသားတစ်ယောက်ကိုရှင်းပစ်ဖို့ တာဝန်ပေးရပါတယ်။ ကျွန်တော်ဟာ ခွေးချစ်သူပါ။ မလုပ်ချင်ပါဘူး။ မလုပ်ရက်ပါဘူး။ အခု ရူးနေတာက ကျွန်တော်ကျွေးမွေးထားတဲ့ခွေးဖြစ်နေတော့ ကျွန်တော့်မှာ တာဝန်ရှိနေတာမို့ စိတ်မကောင်းခြင်းကြီးစွာနဲ့ တာဝန်ပေးရခြင်းပါ။ အဲဒီမှာ တွင်းသားက တုတ်ကြီးကိုင်ပြီး ခွေးမ သူနဲ့မနီးမဝေး ဖြတ်ပြေးသွားတာကိုမရိုက်ဘဲ -

“ဆရာရယ်၊ ကျွန်တော့်ကို ရန်မပြုတဲ့ခွေးကို ရိုက်သတ်မှာဆိုတော့ မလုပ်ရက်ဘူးဖြစ်နေတယ် ဆရာ”

လို့ ညည်းတွားပါတယ်။

အဲဒီမှာ ကျန်တဲ့တွင်းသားတွေ က -

“ငါတို့ရောကူညီပါ့မယ်ကွာ။ ဒါမျိုးကထားရင် အားလုံးဒုက္ခရောက်နိုင်တယ်ကွ။ ခွေးတစ်ကောင်ကြောင့် အားလုံးဒုက္ခရောက်ရမယ့်အဖြစ်တော့ လက်ပိုက်ကြည့်မနေကောင်းပါဘူး။ သတ်ချင်လို့သတ်ကြရတာမှမဟုတ်တာဘဲကွာ”

လို့ ဆိုကြပါတယ်။

ခွေးမဟာ သွက်သွက်ခါအောင် မရူးသေးပါဘူး။ သွက်သွက်ခါရူးရင် အိမ်ကနေ ခြေဦးတည့်ရာထွက်သွားတော့မှာပါ။ ခုဟာက သူနေတဲ့ဝန်းကျင်ကမခွာဘဲ အိမ်အောက်ထဲဝင်လိုက်၊ ထွက်လိုက်လုပ်နေတာပါ။ သိပ်မကြာလိုက်ပါဘူး။ ရိုက်ဟဆိုတဲ့အသံနဲ့အတူ တအုန်းအုန်း၊ တဗုန်းဗုန်းရိုက်သံတွေ ကြားလိုက်ရပါတယ်။ တကယ်စိတ်မကောင်းပါဘူး။ မကြည့်ရက်တာနဲ့ အိမ်ထဲဝင်စာဖတ်နေတာပါ။ ဒါဟာ မိုးကုတ်မှာ ပထမဦးဆုံး ခွေးရူးကို စတင်ကြုံဖူးခြင်းပါပဲ။ အမှတ်တရလည်းရှိနေခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ကျောက်တွင်းလုပ်တဲ့လူတွေတိုင်းဟာ သူ့အသက်ကို မသတ်ကြလို့ပါ။

■ မိုးကုတ်နဲ့ခွေးရူးဆိပ်

ရွာလယ်မှာထိုင်ပြီး စကားပြောနေတဲ့ မိန်းကလေးတွေကို ဘယ်ကမှန်းမသိတဲ့ ခွေးရူးတစ်ကောင်ဝင်လာပြီး တန်းစီကိုက်သွားတယ်။ အပေါ့စွန့်နေတဲ့ မိန်းကလေးတစ်ဦးကိုလည်း နောက်ကနေ ဝင်ကိုက်သွားတယ်။ ဘာမှမလုပ်နိုင်မီမှာဘဲ အဲဒီခွေးရူးဟာ ရွာကပြန်ထွက်သွားတယ်ဆိုတဲ့သတင်းကို ကျွန်တော် တွင်းအပြန်မှာ ကြားရပါတယ်။

ဟုတ်ပါတယ်၊ နေ့လယ်ဆိုရင် ယောကျ်ားတွေ တွင်းသွားကြတဲ့အခါ မိန်းမတွေသာကျန်ရစ်တာပါ။ ကလေးတွေကတော့ အကိုက်မခံရလိုက်ပါဘူး။

ခွေးရူးအကိုက်ခံလိုက်ရတဲ့မိန်းမတွေဟာ ကျောက်ပြဿဒ်က ဒေါက်တာဝင်းနိုင်ဆေးခန်းတောင်သွားမပြကြဘဲ သာမန်ခွေးကိုက်သလို ဆိပ်ပေါ့ပေါ့ပဲ နေကြတာပါ။ ကိုက်မိတာကလည်း ပယ်ပယ်နယ်နယ်မဟုတ်ဘဲ ပေါက်ရုံ ခြစ်မိရုံလောက်ဆိုတော့ ဂရုမစိုက်ကြပါဘူး။

ကျွန်တော်ကတော့ သူတို့အတွက် အတော့်ကိုစိုးရိမ်နေတာပါ။ ကျွန်တော်တို့ကျောက်ဖျာဝန်းကျင်မှာ ပဒိုင်းပင်ကလည်းမရှိပါဘူး။ ပဒိုင်းပင်ရှိရင် ပဒိုင်းမြစ် လက်တစ်ဆစ်လောက်နဲ့ ထန်းလျက်တစ်လုံးထုတေပြီးကျွေးလိုက်ရင် ခွေးရူးဆိပ်လောက်တော့ ဂရုစိုက်စရာမလိုပါဘူး။ ဒါက ဆန္ဒပါ။ ရင်ထဲကစေတနာပါ။ သူတို့တွေ ခွေးရူးပြန်ပြီး ဒုက္ခရောက်မှာကို စိုးရိမ်နေတာပါ။

ခွေးရူးဆိပ်ဆိုတာ သုံးလပြည့်ပြီးတာနဲ့ အကိုက်ခံရသူဟာ အဆိပ်ဖြေဆေးတွေထိုးမထားရင် ခွေးရူးပြန်လာပြီး အဲဒီဝေဒနာနဲ့ သေကြရတာပါ။ မြန်မာနိုင်ငံမှာ ခွေးရူးပြန်ပြီးသေရတဲ့လူတွေ အများအပြားရှိခဲ့ကြပါတယ်။

ဟာသတစ်ခုမှာ ဆရာက ကျောင်းသားကို ရန်သူမျိုးငါးပါးဟာ ဘာလဲလို့မေးတော့ ကျောင်းသားက လေးမျိုးသာဖြေနိုင်ပြီး တစ်ပါးလိုနေပါတယ်။

အဲဒီမှာ ဆရာက -

“မင်းဟာ တစ်ပါးလိုနေသေးတယ်လေ”

လို့ပြောတော့ ကျောင်းသားက-

“ဟို - ဆရာ ခွေးရူးလည်းမခေပါဘူး။ သူ့ကိုထည့်လည်းရနိုင်ပါတယ်”

လို့ ဖြေပါသတဲ့။

ဟုတ်ပါတယ်၊ ခွေးရူးဟာ မခေတာအမှန်ပါ။ ခွေးရူးကိုက်ထားတာခံလို့ကတော့ ခွေးရူးပြန်တော့မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

ဦးစွာ အင်ပြင်ယားသလိုယားလာမယ်။ ကုတ်ဖွဲ့နေရမယ်။ ပြီးရင် ရေကြောက်မယ်။ အလင်းကြောက်မယ်။ ဒါဆို ခွေးရူးစပြန်ပါပြီ။ ဘာဆေးနဲ့မှကုလို့မရတော့ဘဲ ခွေးရူးပြန်ရောဂါနဲ့ သေဆုံးသွားရတော့တာပါ။

ကျောက်ဖျာရွာက ခွေးရူးကိုက်ခံရတဲ့မိန်းမအုပ်စုကို ကျွန်တော်သတိထားပြီးနေမိပါတယ်။ ဒီလိုနဲ့ သုံးလကျော်လွန်လာပြီး နှစ်သာချီလာတယ်။ ဘယ်သူမှ ခွေးရူးပြန်ရောဂါဖြစ်တာ မတွေ့ရပါဘူး။ အဲဒီအမျိုးသမီးတွေ ခုထိတိုင်ကျန်းကျန်းမာမာနဲ့ ရှိနေဆဲပါပဲ။

အဲဒီမှာ ကျွန်တော်သုံးသပ်မိလိုက်တယ်။ မိုးကုတ်ဆိုတာ နွေရာသီမှာတောင် အောက်ပြည်အောက်ရွာဆောင်းထက်အေးပါတယ်။ အများတွေ သင်္ကြန်ရေပက်ကစားပြီး ပျော်နေတဲ့အချိန်မှာ တစ်ခါတစ်ရံ မိုးကုတ်မှာ မိုးတွေရွာပြီး အေးစိမ့်နေလို့ ရေပက်ကစားဖို့တင်ထား၊ တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် ရေတောင်မချိုးနိုင်ဘဲ မီးလှုံနေရတဲ့ သင်္ကြန်တွေရှိခဲ့ဖူးပါတယ်။ အဲဒီလိုအေးတာပါ။ ၂၀၁၅ သင်္ကြန် မိုးကုတ်မှာ မိုးတွေရွာနေတာပါ။

ဒီလိုအေးခဲနေတဲ့အခါ လူတွေမှာလည်း အဆိပ်လို့ခေါ်နိုင်တဲ့ ဒေါသအားနည်းတယ်။ မြွေတွေမှာလည်း အဆိပ်အားနည်းတယ်။ ဆူးတွေမှာလည်း အဆိပ်အားနည်းတယ်။ အဲဒီအခါ ခွေးရူးဆိပ်ဟာလည်း လူတွေကိုဒုက္ခပေးနိုင်တဲ့ပမာဏရှိပုံမရပါဘူး။ အဆိပ်အားနည်းပုံရှိပါတယ်။ လူအားကိုမနိုင်ပါဘူး။

အောက်ပြည်အောက်ရွာတွေမှာကတော့ ရာသီဥတုကလည်းပူပြင်းတယ်။ ဒီတော့ လူတွေရောတိရစ္ဆာန်တွေပါသွေးတွေပူနေမယ်။ ဒီအခါ သွေးဆူနေတဲ့လူတွေ ဒေါသအားကြီးပြီး စိတ်မထိန်းနိုင်ဘဲ ရိုက်မှု၊ ခုတ်မှု၊ သတ်မှုတွေဖြစ်ကြတယ်။ ရာဇဝတ်မှုတွေကျူးလွန်ဖို့ သွေးရဲကြမယ်။ တိရစ္ဆာန်တွေလည်း အဆိပ်ပြင်းမယ်။ ဆူးတွေလည်း အဆိပ်ပြင်းမယ်။ ထို့အတူ ခွေးရူးလည်း အဆိပ်ပြင်းမှာပါပဲ။ ပူပြင်းနေတာကိုး။

ကျွန်တော် မိုးကုတ်မှာ နှစ်ပေါင်း (၄၀) ကျော်နေလာခဲ့တာ ခွေးရူးဆိုတာ ကျွန်တော့်အိမ်က ခွေးနီမလေးရူးတာ တစ်ခါမြင်ဖူးလိုက်တယ်။ သူ့အကိုက်ခံရတဲ့ခွေးတွေ တစ်ကောင်မှ ခွေးရူးရောဂါကူးစက်ခံရတာ မတွေ့ရဘူး။ ခွေးရူးက အုပ်စုလိုက်ကိုက်သွားတာ တစ်ခါကြုံတယ်။ ခွေးရူးပြန်ရောဂါဖြစ်တာ မတွေ့ရပါဘူး။ မိုးကုတ်မှာ ခွေးရူးဆိပ်မပြင်းတော့ကတော့ အတော်ဆန်းကြယ်တယ်ဆိုရမှာပါ။

## ❑ ရင်းနှီးမှုကြောင့်

ခွေးနဲ့လူဆိုတာ အတော်ရင်းရင်းနှီးနှီးနေကြတာပါ။ ဘယ်သူကမှ ကိုယ့်ခွေးကို ရူးမယ်မထင်ကြပါဘူး။ ဒီလိုပဲ ရင်းနှီးစွာနေထိုင်ဆော့ကစားလေ့ရှိကြတယ်။ အဲဒီအခါ မတော်တဆ ခွေးစွယ်ငြိတာတို့၊ ကစားရာကနေ ကိုက်မိဟပ်မိတတ်တာတို့ရှိတတ်တယ်။ အဲဒါကို ခွေးရှင်တွေက သတိမထားတတ်ပါဘူး။ ကိုက်မိခြစ်မိရင် တံတွေးနဲ့ဆွတ်ပြီး လက်နဲ့ဖိလိုက်ကြတာများတယ်။ လူ့ရဲ့တံတွေးဂလင်းဟာ အနာကျက်လွယ်တာအမှန်ပါ။ သို့သော်လည်း ကိုယ်မွေးထားတဲ့ခွေးကောင်းရယ်လို့ မပေါ့ဆသင့်ပါဘူး။

ကျွန်တော် မြင်းခြံမြို့ ကိုးဆောင်တိုက်မှာ စာသင်နေတုန်းက ကျွန်တော်တို့တွေ စာမေးပွဲဖြေဖို့ဖောင်တင်တဲ့အခါ လိုအပ်တဲ့ဓာတ်ပုံတွေကို ဓာတ်ပုံဆရာကိုစိုးဝေက အမြဲရိုက်ပေးပါတယ်။ သူက ပျဉ်းမနားသားဆိုတော့ ကျွန်တော်တို့နဲ့ ရင်းနှီးပါတယ်။ မြင်းခြံမြို့ နွားကူးတန်းရပ်မှာနေတာပါ။

သူကလည်း ခွေးချစ်သူဆိုတော့ ခွေးထီးလေးတစ်ကောင်မွေးထားပါတယ်။ သူ့မိန်းမကဆိုတော့ ခွေးမချစ်တတ်ပါဘူး။ ခွေးမမွေးဖို့ မိန်းမက အတန်တန်တားပေမယ့် မရပါဘူး။ သားသမီးကလည်း မရှိတော့ ကိုစိုးဝေက အဲဒီခွေးလေးကိုသား၊ သားနဲ့ အလွန်ချစ်တာပါ။ ဒီလိုနဲ့ ခွေးကအတော်လေးကြီးလာခဲ့ပါတယ်။ အားရင် အဲဒီခွေးနဲ့ဆော့ကစားနေတာပါ။

တစ်နေ့မှာ ဆော့ကစားရင်း ခွေးအစွယ်ငြိကာ နည်းနည်းပေါက်သွားပါတယ်။ ပြောပလောက်တဲ့ဒဏ်ရာမဟုတ်တော့ကာ စိတ်ထဲမှာမရှိပါဘူး။ မိန်းမလုပ်သူကတော့ ပွစိပွစိနဲ့ပေါ့လေ။ ဒဏ်ရာကမကြာဘူး။ ပျောက်သွားခဲ့တာပါ။

ဒီလိုနဲ့ တောင်သာနယ်ထဲက တောရွာတစ်ရွာက သူတို့ရွာဘုန်းကြီးပျံပွဲမှာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပေးဖို့ ကိုစိုးဝေကို လာခေါ်ပါတယ်။ သူ့အိမ်မှာ စိုးဝေဓာတ်ပုံတိုက်ဆိုတဲ့ဆိုင်းဘုတ်ကြီးချိတ်ထားတာကိုး။ ဒီတော့ သိသူများပါတယ်။

ဒီလိုနဲ့ တောရွာဘုန်းကြီးပျံပွဲက ပြန်ရောက်တာနဲ့ ချွေးအတိတ်မှာ မိန်းမက ရေချိုးခိုင်းပါတယ်။ ရေကိုအကျောက်အကန်ငြင်းပါတယ်။ ရေဆိုတဲ့အသံကြားတာနဲ့ကို ကြောက်တာပါ။ နောက်အလင်းပါကြောက်ပြီး အိပ်ခန်းထဲဝင်နေတော့တာပါ။ အမှန်တော့ ခွေးရူးပြန်ရောဂါစဖြစ်နေတာပါ။ နောက်တော့ ယားပြီး တပြင်းပြင်းကုတ်ဖွဲ့တော့တာပါပဲ။ မိန်းမဖြစ်သူလည်း အိမ်နီးချင်းအကူအညီတွေတောင်းပါတယ်။ ဗဟုသုတရှိသူတွေက ‘ခွေးအကိုက်ခံရဖူးသလား’ လို့မေးတော့ အိမ်က သူမွေးထားတဲ့ခွေးနဲ့ ဆော့ကစားရင်း အကိုက်ခံရကြောင်း ပြောပြပါတယ်။ ဒါဆိုရင် ကိုစိုးဝေ ခွေးရူးပြန်ရောဂါခံစားနေရကြောင်းပြောပြကြပါတယ်။ ခွေးကိုက်တာကို ပေါ့ဆမိတာကြောင့် ခုလိုဖြစ်ရခြင်းပါ။ အိမ်ကခွေးတောင် အကောင်းပကတိရှိနေပါသေးတယ်။ မရူးသေးပါဘူး။

အဲဒီသတင်း ကြားတော့လည်း ကိုးဆောင်တိုက်က ရင်းနှီးတဲ့ဘုန်းတော်ကြီးတွေရောက်လာပြီး အခန်းထဲဝင်ကြည့်ပါတယ်။အဲဒီအချိန်အထိ ကိုစိုးဝေ သတိရှိနေပါသေးတယ်။

“ကိုယ်တော်တို့ တပည့်တော်နား မကပ်ကြနဲ့။ တပည့်တော် တအားကိုက်ချင်နေတာ။ ကိုယ်တော်တို့ ဘာမှမသိကြဘူးဘဲ”

လို့ပြောမှ ကိုယ်တော်တွေခပ်ခွာခွာနေပါတယ်။ လူအကိုက်ခံရရင်လည်း ခွေးရူးရောဂါက ကူးစက်မှာကိုး။ အဲဒီဝေဒနာနဲ့ အဲဒီနေ့ညမှာပဲ အိမ်မှာဆုံးပါတယ်။ မှတ်မှတ်ရရ ၁၉၆၅ ခုနှစ်ကပါ။ တော်လှန်ရေးအစိုးရတက်ပြီးစမှာဆိုပါတော့။

ဒါဟာ လူနဲ့ခွေး ရင်းနှီးစွာနေထိုင်ခြင်းကြောင့်ဖြစ်ရခြင်းပါ။ ကိုစိုးဝေ အသက် (၄၀)ကျော်စမှာ ဆုံးပါးသွားခဲ့ပါတယ်။ လုံးဝမမေ့ခဲ့ပါဘူး။ ခွေးနဲ့လက်ပွန်းတတီးနေတဲ့ကျွန်တော်တို့လိုလူတွေဟာ အမှန်တော့ အန္တရာယ်မကင်းပါဘူး။ သတိထားနိုင်မှ တော်ရုံကျပါတယ်။

## ❑ တတိယအိမ်ထောင်ပြုအပြီးမှာ

“ဘကြီး၊ မြောက်ဘက်ကမ်းက ကိုထိန်ကြီးရဲ့အစ်ကို ဦးဝင်းနိုင်ဆုံးလို့ အဲဒါ ဒီနေ့သင်္ဂြိုဟ်မှာ။ လာခဲ့ပါဦးတဲ့”

“အေးအေး”

လို့ ပြောလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဘက်ကမ်းဆိုတာ ကျွန်တော်တို့ အောင်ဇမ္ဗူနဲ့ ငလိုက်ချောင်း သာခြားတဲ့ ဆိတ်နံတုန်းခေါ် အောင်သုခကျေးရွာပါ။ အရင်က ဆိတ်နံတုန်း၊ အခုအောင်သုခကျေးရွာပါ။

ထိန်ကြီး ဆိုတာက ဖြူစင်မေတ္တာပရဟိတအသင်းရဲ့ ဥက္ကဋ္ဌမောင်ဝင်းထိန်ပါ။ သူ့အစ်ကိုက မောင်ဝင်းနိုင်ပါ။ သူတို့ညီအစ်ကိုသုံးယောက် ကျွန်တော် မိုးကုတ်မှာ ကျောက်တူးစဉ်က ကျွန်တော့်ဆီမှာ နေသွားခဲ့ဖူးပါတယ်။ ကလေးတွေကို ပြောခိုင်းလိုက်တာက ယောက်ဖဖြစ်သူ တင်မောင်လတ်ပါ။ ဒါနဲ့ ကျွန်တော် ရောက်သွားတယ်။ မောင်ဝင်းထိန်တို့ အိမ်အောက်မှာ မောင်ဝင်းနိုင်အလောင်းကိုကျင်းထားပါတယ်။ အသက်လေး ဆယ်ကျော်ရှိပါပြီ။ ငယ်ရုပ်က တယ် မပြောင်းပါဘူး။

မောင်ဝင်းနိုင်ရဲ့ ရုပ်အလောင်းဘေးမှာ သူ့မိခင်ကြီးနဲ့မိန်းကလေးတစ်ဦး တတွတ်တွတ် ပြောဆိုငိုယိုနေလေရဲ့။ ဖြူစင်မေတ္တာပရဟိတအဖွဲ့က လူတွေလည်း ရောက်နေကြပါတယ်။ ဒါနဲ့ မောင်ဝင်းထိန်ကိုမေးရပါတယ်။

"မောင်ဝင်းနိုင်က ဘယ်လိုဖြစ်တာလဲ"

"သူက ပျဉ်းမနားအရှေ့ဘက်က ဇီးဖြူပင်ရွာမှာ အမေနဲ့နေတာပါ။ ကိုဝင်းနိုင်ဆေးရုံရောက်နေတယ်ဆိုပြီး လာခေါ်တာနဲ့ ပျဉ်းမနားဆေးရုံကို ကျွန်တော်ရောက်သွားပါတယ်။ အဲဒီမှာ ဒီကောင် တဖြင်းဖြင်းကုတ်နေတာတွေ့ရပါတယ်။ ကုတ်တာမှ သွေးစို့အောင် ကုတ်တာဗျို့။ ဟောဒီလက်မောင်းတွေ ကြည့်ပါလား။ ကုတ်ရာတွေနဲ့မည်းနေတာပဲ"

"ဟုတ်ပါရဲ့၊ လက်မောင်းတစ်လျှောက်မည်းနေပါတယ်"

"ဘယ်လိုဖြစ်တာလဲလို့ကျွန်တော် မေးတော့ ဘာဖြစ်မှန်းမသိဘူး။တစ်ကိုယ်လုံးယားတာနဲ့ နေထိုင်မရတာနဲ့ ဆေးရုံလာတက်တာလို့ပြောပါတယ်။ ဒါဆို ကျွန်တော် ပြေးပြီးမြင်မိတာက ခွေးရူးပြန်တဲ့လူအချို့ဟာ ခုလိုတအားယားတာ မြင်ဖူးတယ်။ အဲဒါကြောင့် မင်းကို ခွေးကိုက်ဖူးသလားလို့မေးရတယ်။ လွန်ခဲ့တဲ့သုံးလက အကိုက်ခံရဖူးတယ်တဲ့။ ဒါပေမယ့် အဲဒီခွေးက ခုထိအကောင်းပါပဲတဲ့ဗျ။ ကျွန်တော်လည်း မပြောတတ်အောင်ပါပဲ။ ဒါပေမယ့် ဒီကောင် ညရောက်တော့ဆုံးတာပါ။ ဒါနဲ့ ကျွန်တော် ဒီကိုသယ်လာတာပါ။ သူကလည်း ငါ ရောဂါပျောက်ရင် ဆိတ်နံတုန်းမှာပြန်နေတော့မယ်လို့ ပြောသွားခဲ့တယ်ဗျ"

"အေးကွာ၊ လူဆိုတာ သူ့သက်တမ်းနဲ့သူလာတာကွ ဘာတတ်နိုင်မှာလဲ။ ဟိုမှာငိုနေတာ သူ့မိန်းမလား"

"ဟုတ်တယ် ဆရာ၊ အဲဒါ ဒီကောင်ရဲ့ တတိယမိန်းမပါ။ ယူထားတာမှ တစ်လခွဲပဲရှိသေးတာ ဆရာရဲ့"

"အောင်မာ၊ ဒီကောင် တယ်ဟုတ်နေပါလား။ မိန်းမတွေတယ်ပေါ်သကိုး"

လို့ ပြောမိပါတယ်။

မိန်းကလေး အငိုတိတ်တော့ မေးကြည့်ဖြစ်ပါတယ်။

"မိန်းကလေး၊ မင်းသူ့ကိုယူတုန်းက သူ့ကိုခွေးကိုက်ထားမှန်းမသိဘူးလား"

"မသိပါဘူး ဦးလေးရယ်၊ ဆေးရုံမှာ ကိုထိန်ကြီးမေးမှ ခွေးကိုက်ခံရဖူးကြောင်းသိရတာပါ"

လို့ ပြောပါတယ်။

စည်ပင်က နာရေးကားရောက်လာတော့ မောင်ဝင်းနိုင်အလောင်းကို သယ်တော့မှာပါ။ အဲဒီမှာ မိခင်ကြီးက တက်နေပါတယ်။ကောင်မလေးကတော့ 'ကျွန်မကိုစိတ်ချလက်ချပစ်သွားခဲ့ပြီလား ကိုဝင်းနိုင်ရဲ့' ဆိုပြီး ငိုကြွေးနေပါတယ်။ ခဏနေတော့ မောင်ဝင်းနိုင်ရဲ့အလောင်းကို ကွင်းကြီးသုသာန်ဆီသယ်သွားခဲ့ပါပြီ။ လိုက်ပို့သူတွေ အသင့်အတင့်ရှိသော်လည်း ကျွန်တော်လိုက်မသွားဖြစ်ပါဘူး။

မောင်ဝင်းနိုင်ကို သူများအိမ်က ခွေးကထွက်ကိုက်ခြင်းပါ။ ကိုက်တဲ့ခွေးဟာ ခွေးရူးရောဂါပိုးဝင်နေတဲ့ခွေးဖြစ်တာကြောင့် ခွေးကမရူးသေးသော်လည်း ခွေးရူးဆိပ်လို့ခေါ်တဲ့ ခွေးရူးပြန်ရောဂါပိုးရှိနေတဲ့အတွက် ခွေးရူးအကိုက်ခံရတာနဲ့အတူတူဖြစ်ကာ ခွေးရူးပြန်ရောဂါဖြစ်ပြီး မောင်ဝင်းနိုင်ဆုံးပါးရခြင်းပါ။

အဲဒါကြောင့် ခွေးရူးပဲကိုက်ကိုက်၊ ခွေးကောင်းပဲကိုက်ကိုက် အကိုက်ခံရတယ်ဆိုတာနဲ့ ပေါ့မနေဘဲ အမြန်ဆုံး ခွေးရူးဆိပ်ဖြေဆေးထိုးဖို့ ဆေးရုံကိုသွားသင့်ပါတယ်။ ခွေးတစ်ကောင်မှာ ခွေးရူးပြန်ရောဂါပိုးရှိမရှိ ဘယ်ပေတံနဲ့မှ တိုင်းတာလို့ရမယ်မထင်ပါဘူး။ မောင်ဝင်းနိုင်က သက်သေပါပဲ။

## ▫ ပဒိုင်းဆိပ်နဲ့ခွေးရူးဆိပ်

ဆုပ်ရင်လည်းစူး၊ စားရင်လည်းရူး၊ နမ်းရင်လည်းမူးဆိုတဲ့ ပဒိုင်းသီးရဲ့ရသကိုဖွက်ထားတဲ့ စကားထာတစ်ခုရှိပါတယ်။ ဘယ်ပဒိုင်းဖြစ်ဖြစ် အဆိပ်ရှိပြီးသားမို့ စားမိရင် (၂၄) နာရီရူးတတ်ပါတယ်။ ပဒိုင်းဟာ မျိုးစုံရှိတာတွေ့ရပါတယ်။ အလှစိုက်ပန်းပဒိုင်းတွေတောင် တွေ့ရတယ်။

ပဒိုင်းဟာ ဘယ်လောက်အဆိပ်ပြင်းလဲဆိုရင် မိမိရဲ့စိုက်ခင်းမှာ ကြွက်တွေ၊ ပွေးတွေ မဖျက်ဆီးစေချင်ရင် စိုက်ခင်းရဲ့ပတ်ပတ်လည်မှာ ပဒိုင်းပင်တွေသာ စိုက်ထားလိုက်ပါ။ မြေအောက်ကနေ တွင်းဖောက်ပြီး ရောက်လာတတ်တဲ့ တောကြွက်တို့၊ ပွေးတို့ဟာ ပဒိုင်းမြစ်ကို ကြောက်တာကြောင့် မဝင်ရဲကြပါဘူး။ ရောက်မလာနိုင်ကြပါဘူး။ ဒီအထိ အဆိပ်ပြင်းတာပါ။

မြင်းခြံမှာနေစဉ်က ကျွန်တော့် အစ်ကိုဟာ သမားတော်ဗိန္ဒောဆရာကြီး ဦးတင်ဆီက ခွေးရူးကုနည်းရလာခဲ့ပါတယ်။ ဦးတင်ဆိုတာ နာမည်ကြီးပါ။ သူ့ခေတ်သူ့အခါက အောင်သာနယ်တစ်လျှောက်မှာ သမားတော်ဦးတင်ဆိုတာ နာမည်တစ်လုံးနဲ့နေတာပါ။ တစ်နယ်လုံး လှည့်လည်ဆေးကုနေသူပါ။

အဲဒီနည်းက ပဒိုင်းမြစ်လက်တစ်ဆစ်လောက်ကိုတူးယူပြီး ထန်းလျက်တစ်လုံးနဲ့ထုခြေပြီး အလုံးကလေးတွေလုံးကာ တိုက်ကျွေးခြင်းပါ။ ပထမ ပဒိုင်းမြစ်ကို ကြေမွသွားအောင်ပြုပါ။ ပြီးမှ ထန်းလျက်နဲ့ ထပ်ထုရခြင်းပါ။ ပြီးရင် တစ်လုံးလောက် တိုက်ကျွေးလိုက်ရုံပါ။ တိုက်ကျွေးသူက 'ပြန်တော့' လို့မပြောရပါဘူး။ 'ကဲ - ရပြီ၊ ပျောက်ပြီ' လို့သာ ပြောရပါတယ်။ ဒါဆိုရင် ပဒိုင်းဆိပ်က ခွေးရူးဆိပ်ကိုခြေဖျက်ပစ်ပါတယ်။

ကြာပါပြီ။ ကျွန်တော်တို့ငယ်စဉ်ကပါ။ အစ်ကိုဟာ အဲဒီဆေးနည်းရလာတော့ ပထမဘာမှအသုံးမဝင်သေးပါဘူး။ ဘာပြုလို့လဲဆိုတော့ ခွေးရူးကိုက်ခံရတဲ့လူမကြုံသေးလို့ပါ။ ကြုံချင်တော့ ဆိတ်နံတုန်းရွာ သိမ်ကျောင်းမှာ နွေရာသီအလည်ရောက်နေစဉ် ကြုံရတော့တာပါပဲ။

သိမ်ကျောင်းက ကိုရင်နဲ့ ကျောင်းသားအချို့ ကျောင်းမှာ ခွေးရူးတော့ကာ ခွေးရူးအကိုက်ခံကြရပါတယ်။ အဲဒီမှာ အစ်ကိုက ကျောင်းမှာ ပဒိုင်းပင်တွေကလည်း အသင့်ရှိနေလေတော့ သူ့ဆေးနည်းနဲ့စမ်းပြီးကုတော့တာပါ။ ကုပြီးတဲ့အခါ ကိုရင်၊ ကျောင်းသားတွေ ချမ်းသာရာရသွားကြပါတယ်။ အဲဒီဆေးနည်းကို

www.burmeseclassic.com

## တင်နိုင်ဝင်း(ထမင်းစျေးမြို့)

# ရုတ်တရက်သွေးပေါင်တက်သော်

သွေးတိုးရောဂါရှိသူများ၏အဝိုးရိမ်ရဆုံး အခြေအနေတစ်ခုမှာ ရုတ်တရက် သွေးတိုးတက်ခြင်း (ဝါ) အမှတ်တမဲ့ သွေးပေါင်တက်ခြင်း ဖြစ်သည်။ ထိုသို့ ရုတ်တရက်ကြီးသွေးတိုးတက်လာပါက ခေါင်းမူးခြင်း၊ မျက်စိများဝေလာခြင်း၊ လဲကျတတ်ခြင်းစသည့် မလိုလားအပ်သော ဆိုးကျိုးများဖြစ်ပေါ်တတ်ပါသည်။ သွေးပေါင်အလွန်အမင်းတက်လာပါက ရုတ်တရက်လေဖြန်းခြင်း၊ လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောထိခိုက်ခြင်းများ ဖြစ်တတ်ပါသည်။ ထို့ကြောင့် ရုတ်တရက် သွေးပေါင်တက်လာလျှင် အမြန်ဆုံးသွေးပေါင်ကျစေသော နည်းလမ်းများကို အသုံးပြုရပါမည်။

ရုတ်တရက် သွေးပေါင်တက်လာလျှင် ရှေးဦးစွာ တစ်ခုခုကိုမှီ၍ထိုင်နေပါ။ အသက်ကိုမှန်မှန်ရှူပြီး အခြားသူအကူအညီဖြင့် ရေအေးအေးဖန်ခွက်တစ်ဝက်ခန့် သို့မဟုတ် အလွန်ဆာလောင်နေလျှင် တစ်ဖန်ခွက်ခန့်သောက်ပေးပါ။ အဓိကမှာ စိတ်ကိုငြိမ်ငြိမ်ထားရပါမည်။ စိုးရိမ်စိတ်မများပါနှင့်။ မျက်စိများဝေနေလျှင် မဖွင့်ပါနှင့်။ မကြာမီ သွေးပေါင်ကျလာပါလိမ့်မည်။

ဆေးမြီးတိုများအဖြစ် အရိပ်တွင်အခြောက်ခံထားသော သံပရာစေ့များကို ဆောင်ထားပါ။ သွေးပေါင်တက်လာပါက သုံး၊ လေး၊ ငါးစေ့ခန့်ကို ဝါးစားပါ။ သံပရာစေ့အခြောက်မရှိပါက ရရာ သံပရာစေ့ကို ဝါးစားနိုင်ပါသည်။

နောက်တစ်နည်းမှာ ဒန့်သလွန်ပင်ခပ်ကြီးကြီး၏အောက်ခြေအခေါက်ကို ဓားဖြင့်သင့်ရုံခုတ်လှီး၍ ဒန့်သလွန်အစေးများကို ခွက်ဖြင့်ခံယူထားပါ။ ၎င်းအစေးများကို အရိပ်တွင်အခြောက်ခံ၍ အတန်ငယ်ခဲလာသောအခါ ဆီးစေ့ခန့် အလုံးကလေးများ ပြုလုပ်ပြီး အရိပ်တွင် ထပ်မံအခြောက်ခံပါ။ မာကျောသော အလုံးကလေးများရလာလျှင် သန့်ရှင်းသော ဖန်ပုလင်းတွင်ထည့်၍ သိမ်းဆည်းထားပါ။ အိမ်အပြင်ထွက်တိုင်း ၎င်းဆေးလုံးများကို လုံလောက်စွာဆောင်ယူသွားပါ။ ရုတ်တရက် သွေးပေါင်တက်လာလျှင် (၁၅)မိနစ်ခန့်ကြိုတင်၍ သို့မဟုတ် ရုတ်တရက် သွေးပေါင်တက်လာပြီဟု သိလျှင်သိချင်း ဆေးတစ်လုံးကို ရေအေးဖြင့် သောက်ချလိုက်ပါ။ ချက်ချင်း သွေးပေါင်ကျစေပါသည်။

တင်နိုင်ဝင်း(ထမင်းစျေးမြို့)

---

လက်တွေ့မြင်ပြီး ရလိုက်တာက သိမ်ကျောင်းဆရာတော် ဦးစက္ကိန္ဒပါ။

ကျွန်တော်တို့ နေပြည်တော်ဒေသမှာ ပေါက်ရောက်တဲ့ ပဒိုင်းကပဒိုင်းခတ္တာလို့ခေါ်ကြတဲ့ သုံးထပ်ပဒိုင်းနက်ပင်မျိုးပါ။ ပဒိုင်းလောကမှာ အစွမ်းဆုံး၊ အထက်မြက်ဆုံးလို့ ဆိုရမှာပါပဲ။ အပွင့်က ခရမ်းနုဖြစ်ပြီး သုံးထပ်ပွင့်ပါတယ်။ အရိုးက အညိုနက်ရောင်ပါ။ အတော်လေးလှပတဲ့အပင်ပါ။အပင်ဟာ စိမ်းညို့ပြီး မည်းမှောင်နေသလိုပါပဲ။

၂၀၁၀၊ ဖေဖော်ဝါရီမှာ နေပြည်တော်ရောက်တော့ သိမ်ကျောင်းဆရာတော်ကြီးဦးစက္ကိန္ဒကို သွားကန်တော့ရင်း ကျောင်းခေါင်းရင်းမှာ တန်းစီစိုက်ထားတဲ့ပဒိုင်းပင်တွေက ပဒိုင်းသီးမျိုးအတော်များများ မိုးကုတ်ကိုယူသွားပြီး ကျောက်ဖျာမှာရော မိုးကုတ်မြို့ မြို့လယ်ကျောင်းမှာပါ စိုက်ကြည့်ပါတယ်။ တစ်ပင်မှ ပေါက်မလာပါဘူး။ အံ့ဩစရာပါ။

ကျွန်တော်ချည်း မဟုတ်ပါဘူး။ ပျဉ်းမနားမြို့ ယောက်သွားအင်းရပ်က ဆရာကြီး စောငုဝါကလည်း သူ့ရဲ့ခြံမှာ အစေ့တွေပျိုးထုတ်လုပ်ပြီးစိုက်ပါတယ်။ တစ်ပင်မှမပေါက်ဘူးလို့ပြောပြပါတယ်။ ဆန်းတော့ အတော်ဆန်းတဲ့အပင်ပါ။ သို့သော်လည်း သိမ်ကျောင်းမှာကျတော့ ဖြစ်ထွန်းနေလေရဲ့ဗျာ။

**□ သူငယ်ချင်းစန်းရီတို့အုပ်စု**

ဆရာတော် ဦးစက္ကိန္ဒ ဆိုတာက ဆရာဆိုလည်းဟုတ်၊ သူငယ်ချင်းဆိုလည်းဟုတ်ပါတယ်။ ကျွန်တော့်ထက် ခြောက်နှစ်ကြီးပါတယ်။ ငယ်စဉ်က အတူတူနေခဲ့ကြဖူးတာကိုး။ အဲဒါကြောင့် ကြာကြာတစ်ခါဆုံတာလိုအလည်ရောက်ဖြစ်တယ်။

နော်က်ပိုင်း သိမ်ကျောင်းဝင်းထဲက အင်းဝခေတ်ကတည်ထားခဲ့တဲ့စေတီရုပ်ပွားတော်တွေကို နိုင်ငံတော်ကပြန်လည်ထိန်းသိမ်းပြုပြင်တဲ့အခါမှာတော့ ကျွန်တော်နဲ့ ကိုတင်ထွန်း (မိဘမေတ္တာမုန့်ဆိုင်) တို့ မကြာမကြာရောက်ဖြစ်ကြပါတယ်။ ပန်း၊ ဆီမီး၊ နံ့သာတိုင်သွားလှူကြခြင်းပါ။

တစ်နေ့မှာ ကျွန်တော်တို့ အောင်ဇမ္ဗူက ကျွန်တော်ရဲ့ ငယ်သူငယ်ချင်းစန်းရီတို့အုပ်စု သိမ်ကျောင်းဆရာတော်ဆီ ရောက်နေတာတွေ့ရတယ်။ မေးကြည့်တော့ သူတို့အိမ်ဝိုင်းထဲမှာ အတူတူနေကြတဲ့ဆွေမျိုးတွေ ခွေးရူးက တန်းစီပြီးကိုက်သွားတာခံရလို့ 'ကယ်တော်မူပါဘုရား' ဆိုပြီး ရောက်လာကြခြင်းပါပဲ။ သူတို့အုပ်စုဟာ ငွေကြေးကုန်ကျခြင်းမရှိဘဲ ချမ်းသာရာရသွားခဲ့ကြတာ မျက်မြင်ကိုယ်တွေ့မြင်ရခြင်းပါပဲ။ ခွေးရူးဆိပ်ကို ပဒိုင်းဆိပ်နဲ့သတ်လိုက်ခြင်းပါ။ ခုထိတိုင်စန်းရီတို့အုပ်စု ကျန်းကျန်းမာမာနဲ့ရှိနေဆဲပါ။ ကြုံခဲ့တာ ၂၀၁၆ မှာဆိုရင် သုံးနှစ်လောက်ရှိပါပြီ။

ဆရာတော်ကြီးဟာလည်း သူ့ဟုတ်ထားတဲ့ဆေးနည်းလေးနဲ့ သူ့ဒကာဒကာမတွေကို လာသမျှကယ်တင်ပေးနေတာ ကာလအားဖြင့် နှစ်ပေါင်းမနည်းတော့ပါဘူး။ နေပြည်တော်ရောက်ခဲ့ရင် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာအနောက်ဘက်က သိမ်ကျောင်းရှိ ရှေးဟောင်း အင်းဝခေတ် စေတီရုပ်ပွားများနဲ့ သက်တော်(၇၆)နှစ်ရှိ သိမ်ကျောင်းဆရာတော်ကြီးကို ဝင်ရောက် ဖူးမြော်ကြည်ညိုနိုင်ကြပါတယ်။

နွေဦးရောက်ရင် လက်ပံတွေဖူးကြပွင့်ကြပါပြီ။ အဲဒီအချိန်မှာ ခွေးတွေရူးတတ်ပါတယ်။ ပိုပြီးရူးတတ်တဲ့အချိန်လို့ ဆိုရမှာပါ။ ဘယ်အချိန်ဖြစ်ဖြစ် ခွေးတွေရူးနိုင်တာကြောင့် ခွေးကိုက်ခံရရင် မဖေ့ဆကြပါနဲ့ သတိပေးလိုက်ပါတယ်။

*သိမ်ကျောင်းဆရာတော်ကြီးသို့*
*ဦးခိုက်လျက်*


*ချမ်းမြေ့ကြပါစေ*

ရွှေပြည်စိုး(မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com




ဘာသိန်း

# ယနေ့ခေတ်သုံး လက္ခဏာကွန်ရက်

**အဓိကလမ်းကြောင်းများပေါ်၌ မကြာခဏတွေ့ရှိရတတ်သော အရေးကြီးအမှတ်အသား (လက္ခဏာ)များ**

**V ပုံသဏ္ဍာန်ရှိ ခက်ရင်းခွများ**

(ဆုံးဖြတ်ချက်တစ်ခုချမှတ်ရမည့် အခြေအနေကိုရည်ညွှန်းသည်)

ခရီးလမ်းသစ်တစ်ခု သွားလာရခြင်း၊ အထုံပါရမီတို့၏ ပံ့ပိုးမှုဖြင့် အခွင့်အရေးကောင်းများရယူ၊ အသုံးချနိုင်ခွင့်ရှိခြင်းကိုဖော်ပြသည်။

**တစ်ခုပေါ်တစ်ခုထပ်နေသောလမ်းကြောင်းများ (Overlapping Lines)**

ဘဝနေထိုင်မှုပုံစံအပြောင်းအလဲရှိခြင်း၊ ဘဝအပေါ် ရှုမြင်ပုံဆန်းသစ်ခြင်းကိုရည်ညွှန်းသည်။

**လက္ခဏာလမ်းကြောင်းပေါ်ရှိ Square box များ**

အခက်အခဲရှိနေသောအချိန်နှင့် ပြောင်းလဲရန်မလွယ်ကူသောအခြေအနေကို ရည်ညွှန်းသည်။ အထူးသဖြင့် စိတ်ခံစားမှုများနေသောကာလအတွင်း တာဝန်ယူနေရသည့်ကိစ္စ များမြောင်ခြင်း၊ ဥပမာ - သားသမီးဦးရေဆက်လက်တိုးပွားနေခြင်းသဘောကို ဖော်ပြသည်။

sudden stop - အခြေအနေတစ်ရပ်ပြန်လည်စတင်ရမည့်သဘောကို ရည်ညွှန်းသည်။)

Gaps - အရာကိစ္စတိုင်း၌ ညှိနှိုင်းကိုက်ညီရမည့်သဘောကိုရည်ညွှန်းသည်။

**Tslands (ကျွန်းများ)**

သီးခြားသဘော၊ ခွဲခြားခွဲခြားလုပ်ခံရသည့်သဘော၊ အထီးကျန်နေရသည့်သဘောကို ရည်ညွှန်းသည်။

အခြေအနေ၊ အကြောင်းတစ်ခုခု၌ ထောက်ချောက်မိနေဟန်၊ မာယာပရိယာယ်တစ်ခုခုကြောင့် ဖမ်းစားခံနေရဟန်ရှိသောအနေအထားကိုဖော်ပြသည်။

**Dots (အစက်အပြောက်များ)**

နှောင့်နှေးကြန့်ကြာခြင်း၊ စိုးရိမ်သောကများခြင်းသဘောကို ရည်ညွှန်းသည်။

**အသက်လမ်းကြောင်းမှလက်ဝါးပြင်အတွင်းသို့တိုးဝင်သွားသော ဆင်ခြေလျှောပုံစံရှိ လမ်းကြောင်း (Sloping Lines) များ**

ခရီးရှည်ထွက်ရတတ်ခြင်း၊ စွန့်စားမှုတစ်ခု အသစ်ပြုလုပ်ရခြင်း၊ မိမိနေထိုင်ရာနိုင်ငံအနှံ့ (သို့) ပြည်ပသို့ခရီးထွက်၍ ကိုယ်ရောစိတ်ပါ မနားရစတမ်း ကျယ်ပြန့်စွာ အလုပ်လုပ်ရတတ်ခြင်းသဘောကို ဖော်ပြသည်။

**အပေါ်ဘက်ထောင်နေသောလမ်းကြောင်း (Lines) များ (သို့) Rising Lines**

အောင်မြင်မှုအတွက် ကြိုးစားအားထုတ်ခွင့်ရသည့်သဘောကို ရည်ညွှန်းသည်။

Rising Lines ပိုမိုရှည်လျားလေလေ သက်ဆိုင်သူ၏ အောင်မြင်မှုဆိုင်ရာ မျှော်လင့်ချက် လင်းရောင်ခြည်များ ပိုမိုလင်းလက်လာမည် ဖြစ်သည်။ အကယ်၍ အသက်လမ်းကြောင်းတစ်လျှောက် Rising Lines (အပေါ်ထောင်နေသောလမ်းကြောင်း) များစွာပါရှိနေပါက ရည်မှန်းချက်ကြီးခြင်း၊ ကောင်းမွန်သော စိတ်စေတနာထားရှိခြင်းနှင့် အောင်မြင်မှုရရှိခြင်းသဘောများရှိနေကြောင်းဖော်ပြပါသည်။

**ဆင်ခြေလျှောပုံစံရှိ လမ်းကြောင်းများ (Sloping Lines) များ**

မျှော်လင့်ချက်များကုန်ဆုံးသည့်သဘော၊ ပျက်စီးဆုံးရှုံး လက်လွှတ်ရသည့်သဘောကို ရည်ညွှန်းပါသည်။

**ကြက်ခြေခတ်ပုံစံရှိ လမ်းကြောင်းများ (Crossing Lines) များ**

အနှောင့်အယှက် အတားအဆီးများခြင်း၊ ပတ်ဝန်းကျင်အသစ်၊ အခြေအနေသစ်နှင့်ရင်ဆိုင်ရခြင်း၊ အရာကိစ္စတိုင်း၌ သူများနောက်လိုက်ရတတ်ခြင်းသဘောကို ဖော်ပြပါသည်။

**Star (ကြယ်များ)**

အကျိုးရလဒ် (သို့) စွမ်းအင် (ခွန်အား) တစ်ခုခု (ပွင့်ထွက်မတတ်) တိုးပွားစည်ပင်လာခြင်းကို ရည်ညွှန်းသည်။

**Strongs lines (အားကောင်းသောလမ်းကြောင်းများ)**

ရည်မှန်းချက်အတိုင်း ဖြစ်မြောက်အောင် အကောင်အထည်ဖော်နိုင်မည့် လုံလောက်သောစွမ်းအင်(အရည်အသွေး)များရှိကြောင်း ကိုယ်စားပြုသည်။

**Feathery lines (ငှက်မွေးသဏ္ဍာန်ရှိ လမ်းကြောင်းများ)**

စိတ်ခံစားမှုနူးညံ့ပျော့ပျောင်းလွန်း

www.burmeseclassic.com

ခြင်း၊ ဟာကွက်ပျော့ကွက်များခြင်း သဘောကို ကိုယ်စားပြုသည်။

**Woolly Lines (မပြတ်သားသော၊ ရှုပ်ထွေးသောလမ်းကြောင်းများ)**

သေချာရေရာမှုမရှိခြင်း၊ အရှုပ်အထွေးများခြင်း၊ စိတ်ဆုံးဖြတ်ချက်၌ မရေရာမပြတ်သားခြင်းသဘောကိုကိုယ်စားပြုသည်။

**အသက်လမ်းကြောင်း**

အသက်လမ်းကြောင်းသည် လက်ဝါးပြင်၌ လွှမ်းမိုးထားနိုင်သောလမ်းကြောင်းတစ်ခုဖြစ်ပြီး လက်မအောက်ဘက် လက်ကောက်ဝတ်နေရာမှ လက်ညှိုးနှင့်လက်မကြားနေရာအထိ ရစ်သိုင်းလျက်ရှိနေတတ်သည်။ အသက်လမ်းကြောင်းသည် တစ်နည်းအားဖြင့် ကျွန်ုပ်တို့၏ခန္ဓာကိုယ်စွမ်းပကား၊ ကိုယ်ကာယကြံ့ခိုင်မှုတို့အတွက်ကိုယ်စားပြုထားသော အရေးကြီးသည့် လမ်းကြောင်းတစ်ခုဖြစ်သည်။ အသက်လမ်းကြောင်းတည်ဆောက်ပုံ အနေအထားကိုကြည့်၍ လက်ရှိ ကျန်းမာရေးအခြေအနေအား အတိအကျ အဖြေထုတ်နိုင်သည်။ အသက်လမ်းကြောင်းသည် ကျွန်ုပ်တို့၏ သက်တမ်း (တိုခြင်း - ရှည်ခြင်း) ထက် အသက်ရှင်နေစဉ်ကာလအတွင်း အရည်အသွေးပြည့်ဝစွာရှင်သန်ရပ်တည်နိုင်ခြင်း ရှိ မရှိကိုသာ ဦးစားပေးကိုယ်စားပြုနေပါသည်။


**အားနည်းသော အသက်လမ်းကြောင်းနှင့် အားကောင်းသောအသက်လမ်းကြောင်း**

Palm-A နှင့် Palm-B တို့အား နှိုင်းယှဉ်ပြထားပြီး မည်သည့်လက်ဝါးပိုင်ရှင်က ကျန်းမာရေးပိုကောင်းသည်ကို ခွဲခြားလေ့လာပါက Palm-A လက်ဝါးပိုင်ရှင်သည် Palm-B ထက် ပိုမိုကြံ့ခိုင်ကျန်းမာသည်ဟုပြောနိုင်ပါသည်။ Palm-A ၏ အသက်လမ်းကြောင်းသည် ဖောက်နက်၍ ရှင်းလင်းထင်ရှားနေပြီး အနိုင်မခံအရှုံးမပေးသည့်သဘော၊ ကြံ့ကြံ့ခံနိုင်သည့်သဘောသက်ဝင်လျက်ရှိသည်။ ၎င်းပြင် အသက်နှင့်ဆိုင်သောစွမ်းအင်၊ ခွန်အားများပြည့်ဝလျက် ဘဝ၏ပျော်ရွှင်မှုအဝဝကို ပိုင်ဆိုင်နိုင်ပါမည်။

Palm-B အနေဖြင့် အသက်လမ်းကြောင်းအနေအထား မှေးမှိန်ဖျော့တော့လျက် လက်ဝါးပြင်အတွင်းသို့ဝင်ရောက်နိုင်စွမ်းလျော့ကျနေပုံကို ပြနေပါသည်။ ၎င်းလက္ခဏာရှင်အဖို့ စိတ္တ-ကာယစွမ်းအင်နှစ်ခုစလုံး လျော့နည်းသလိုမိမိကိုယ်မိမိယုံကြည်မှုလည်းအားနည်းနေပါမည်။

အသက်လမ်းကြောင်းသည် ကျွန်ုပ်တို့၏ ဘဝတစ်သက်တာအတွင်း ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအဖြစ်ရပ်တည်နေပြီး ကျွန်ုပ်တို့၏ဆုံးဖြတ်ချက်ချနိုင်မှု၊ ကိုယ်တိုင်ရွေးချယ်မှုတို့အတွက် ခွန်အားတစ်ရပ်အဖြစ် ကျောထောက်နောက်ခံပြုပေးသည်။ထို့ပြင်မက လူတစ်ဦးတစ်ယောက်၏ ထူးချွန်ပြောင်မြောက်မှု၊ အောင်မြင်မှုနှင့် ကျရှုံးပျက်စီးမှု၊ အတားအဆီးအခက်အခဲရှိနေမှုမှန်သမျှအား ၎င်းအသက်လမ်းကြောင်း၌ မွေးရာပါမှတ်တမ်းတင်ထားပြီးသကဲ့သို့ တစ်ပါတည်းပါရှိပြီးဖြစ်သည်။

Palm Print-11




အားကောင်းသောအသက်လမ်းကြောင်းနှင့် အားနည်းသောအသက်လမ်းကြောင်း




လက္ခဏာပညာရှင်တို့၏ သုတေသနစာတမ်းများအရ လက္ခဏာရှင်အနေဖြင့် 'မိခင်ဝမ်းကြာတိုက်အတွင်း သန္ဓေသားဘဝ (၇) ပတ်အကြာနီးပါး အချိန်အတွင်း အသက်လမ်းကြောင်း စတင်ပေါ်လာကြောင်း သိရှိရသည်။

အသက်လမ်းကြောင်းနှင့်ပတ်သက်၍ သတိပြုမှတ်သားစရာအနည်းငယ်ရှိပါသည်။ လက္ခဏာအရေးအကြောင်းများအား ခွဲခြမ်းစိတ်ဖြာအဖြေရှာသူအချို့က အသက်လမ်းကျောင်းတိုသူဖြစ်လျှင် အသက်တိုသူဖြစ်ပြီး အသက်လမ်းကြောင်းရှည်သူဖြစ်ပါက အသက်ရှည်မည်ဟု လွဲမှားစွာပြောဆိုမိတတ်သည်ကို တွေ့ရှိရသည်။ အမှန်စင်စစ် အသက်လမ်းကြောင်းတိုသူသည် အခြေအနေတစ်ရပ်အား စောစီးစွာ လက်လျှော့အရှုံးပေးတတ်သူ၊ ကြံ့ကြံ့ခံရင်မဆိုင်ရဲသူ သတ္တိနည်းသူသာဖြစ်ပြီး အသက်တိုသူမဟုတ်ပါ။တိုသောအသက်လမ်းကြောင်းများအား ဝဲဘက်လက်တွင် အများဆုံးတွေ့ရှိရသည်။

မိဘများအနေဖြင့် လက္ခဏာရှင်၏ ငယ်ဘဝ၌ အိုးအိမ်တည်နေရာပြောင်းအရွှေ့များခဲ့ခြင်းကြောင့်လည်း အသက်လမ်းကြောင်းထင်ရှားကာ ကောင်းခြင်းမရှိဘဲ မှေးမှိန်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကို သတိပြုရပါမည်။

လက္ခဏာရှင်သည် အောင်မြင်မှု ရနေသော ဩစတြေးလျရှေ့နေတစ်ဦး ဖြစ်ပြီး Palm-B လက္ခဏာရှင်ကမူ ကုထုံး ကျွမ်းကျင်သူဆရာဝန်တစ်ဦး ဖြစ်ပါသည်။

### အားကောင်း၍ ရှင်းလင်းထင်ရှားသော အသက်လမ်းကြောင်း

**ကိုယ်စားပြုအရည်အသွေးများ**

ကိုယ်ကာယကျန်းမာကြံ့ခိုင်မှုစွမ်းအင် - ခွန်အားရှိမှုနှင့်ပြည့်စုံခြင်း၊

ရောဂါဘယကင်းဝေး၍ ကိုယ်ခံအားကောင်းခြင်း၊

ဘဝရည်မှန်းချက်ပန်းတိုင်ဆီသို့ အနှောင့်အယှက်ကင်းကင်းဖြင့်ရောက်နိုင်ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်ချက်ရှိခြင်းကြောင့် ဘဝပြဿနာအမျိုးမျိုးအားရင်ဆိုင်ဖြေရှင်းနိုင်ခြင်း စသည့် အရည်အသွေးများပိုင်ဆိုင်ထားသည်။

အသက်လမ်းကြောင်း ပိုမိုထင်ရှားရှင်းလင်းလေလေ တစ်ဘဝတာအခက်အခဲ၊ အတားအဆီးများအား ပိုမိုကျော်လွှားနိုင်လေလေဖြစ်ပါသည်။ ၎င်းပြင် ခံနိုင်ရည်ဖွဲ့အားကောင်းခြင်းကြောင့် စိတ်ပျော့၊ အားငယ်၊ လက်လျှော့ခြင်း ဟူ၍ မရှိတတ်ပါ။


### အားနည်း၍ မှေးမှိန်သော အသက်လမ်းကြောင်း

**ကိုယ်စားပြုလက္ခဏာများ**

စိတ်ဓာတ်ခွန်အားနှင့် ကာယခွန်အား လျော့နည်း ကျဆင်းခြင်းကြောင့် စွမ်းဆောင်ရည်ညံ့ခြင်း၊ ထိခိုက်ကျရှုံးမှုတစ်ခုဖြစ်ပြီးနောက် ပြန်လည်နာလန်ထူလာရန် အချိန်ကြာတတ်ခြင်း၊ စွန့်စားရမည့်အရာမှန်သမျှတို့ကို ကြောက်ရွံ့ခြင်း စသည့်လက္ခဏာများပိုင်ဆိုင်ထားသည်။ အကယ်၍ အားနည်းသော အသက်လမ်းကြောင်းပါရှိခဲ့လျှင် ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုအတွက် ဦးစွာကြိုးစားရပါမည်။ ရုပ်ပိုင်း(ကာယခွန်အား)ကျန်းမာသန်စွမ်းမှသာလျှင် စိတ်ဓာတ်ခိုင်မာမှုနှင့် မိမိကိုယ်မိမိယုံကြည်စိတ်များရှင်သန်လာပါမည်။


**ဦးခေါင်းလမ်းကြောင်း (စိတ်ကူး-အတွေးအခေါ်- သဘောထား- အယူအဆ)**

ဦးခေါင်းလမ်းကြောင်းသည် ဘဝတစ်သက်တာအတွင်း အောင်မြင်ရန်အလားအလာရှိသော အခြေအနေအရပ်ရပ်၊ အတွေးအခေါ်၊ အယူအဆ၊ စိတ်ကူးအမျိုးမျိုးတို့အပေါ် ရွေးချယ်ဆုံးဖြတ်မှုများအား ကိုယ်စားပြုထားသော အဓိကလမ်းကြောင်း (Major Line) တစ်ခုပင်ဖြစ်သည်။ ၎င်းပြင် သက်ဆိုင်ရာလက္ခဏာရှင်၏ အထုံပါရမီပါရှိမှု၊ တွေးခေါ်မြော်မြင်မှုများ မည်သို့သော အတိုင်းအတာရှိသည်ကို ဦးခေါင်းလမ်းကြောင်း တည်ဆောက်ပုံအနေအထားအလိုက် သိရှိနိုင်ပါသည်။



Palm Print 12
A curved Head Line

ဦးခေါင်းလမ်းကြောင်းအကွေးနှင့်အဖြောင့်ပုံစံ



Palm Print 13
A straight Head Line

**ဦးခေါင်းလမ်းကြောင်းအကွေး(သို့)အဖြောင့်ပုံပါရှိခြင်း**

အကယ်၍ လက်တစ်ဖက်တွင် ဦးခေါင်းလမ်းကြောင်းကွေးလျက် ကျန်လက်တစ်ဖက်၌ ဦးခေါင်းလမ်းကြောင်းဖြောင့်လျက်ပါရှိနေပါက ဆုံးဖြတ်ချက်မပြတ်သားခြင်း၊ အများနှင့်အံဝင်ခွင်ကျဖြစ်အောင် မဆက်ဆံတတ်ခြင်းသဘာဝကိုဖော်ပြပါသည်။ အပြောအဆို၊ အပြုအမူ၊ ဆက်ဆံပုံအတွက် ဝဲဘက်လက်ရှိဦးခေါင်းလမ်းကြောင်းကိုစစ်ဆေး၍ လုပ်ငန်းပိုင်းဆိုင်ရာလိုအပ်ချက်များအတွက် ယာဘက်လက်ရှိ ဦးခေါင်းလမ်းကြောင်းအား စစ်ဆေးအဖြေရှာရပါမည်။

**ဦးခေါင်းလမ်းကြောင်းအကွေးပုံစံပါရှိပါက ဆောင်ရွက်ရမည့်အချက်များ**

အတွေး-စိတ်ကူးရှိထားသည်များအားလက်တွေ့ဖန်တီးအကောင်အထည်ဖော်ပေးပါ။ ပြဿနာအရှုပ်အထွေးမှန်သမျှအား တတ်နိုင်သရွေ့ရှောင်ရှားပါ။

စိတ်ကူးသစ်များရှိနေပါက လက်တွေ့စမ်းသပ်(သုတေသန)ပြု၍ စွန့်စားမှုပြုသင့်၊ မပြုသင့် ချင့်ချိန်ဆုံးဖြတ်ပါ။ ပြဿနာဖြေရှင်းရာ၌ မှန်ကန်ထိရောက်မှုရှိအောင်ကြိုးစားပါ။

လုပ်ငန်းနှင့်ပတ်သက်၍ ရည်မှန်းချက်ကြီးမားပြီး တီထွင်ဖန်တီးနိုင်စွမ်းမြင့်မားသော်လည်း ကျရှုံးမှုဒဏ်၊ မိမိအပေါ်

www.burmeseclassic.com

ဝေဖန် ပြစ်တင်ခံရခြင်းတို့အပေါ် ဆတ်ဆတ်ထိမခံမဖြစ်စေရန် သတိပြုပါ။

အများနှင့် ဆက်ဆံရေး သင့်တင့်မျှတပါစေ။

မိမိကိုယ်မိမိ လေးစားအောင် လေ့ကျင့်၍ အများ၏ ရှိသေလေးစားခြင်းကို ခံယူပါ။

ဆုံးဖြတ်ချက်မြန်တတ်ခြင်းကြောင့် အမှားမရှိအောင်သတိပြုပါ။

ဆက်ဆံရေးနှင့် ပတ်သက်၍ အများအပေါ် အပြစ်တင်တတ်ခြင်းကို ရှောင်ရှားပါ။

ဒေါသထွက်လွယ်ခြင်း၊ စိတ်ဆတ်ခြင်းကို သတိပြုထိန်းချုပ်ပါ။

လုပ်ငန်းခွင်ပြဿနာများအား လူမှုရေးနှင့်မရောဘဲ သီးခြားစီခွဲထားပါ။

အခြားသူတစ်ဦးတစ်ယောက်၏ ပြဿနာအား စာနာနားလည်ပေးသည်ထက် လက်တွေ့ထိရောက်စွာ ဖြေရှင်းနိုင်မည့်အကြံဉာဏ်ကောင်းပေးနိုင်အောင် ကြိုးစားပါ။

ကိုယ်စိတ်(၂)ဖြာ မျှတစွာ ရပ်တည်နိုင်ရန် ကြိုးစားပါ။

**ဦးခေါင်းလမ်းကြောင်းအဖြောင့်ပုံစံပါရှိပါက ဆောင်ရွက်ရမည့်အချက်များ**

နေရာတကာ၌ (မလိုအပ်ဘဲ) စွန့်စားမှုမလုပ်ပါနှင့်။ အကြောင်းအကျိုးဆီလျော်စွာဖြင့် စီရင်ဆုံးဖြတ်ပါ။

နောက်ဆုံး ကောက်ချက်မချမီ သက်သေသာဓကများအား ပြည့်စုံစွာ လေ့လာပါ။

ပြဿနာအား လက်တွေ့ကျကျ ထိရောက်စွာဖြေရှင်းနိုင်ရန် အစမှအဆုံးအထိ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပါ။

လုပ်ငန်းခွင်နှင့် ပတ်သက်၍ ဖြစ်လတ္တံ့သော ပြဿနာများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပါ။

တစ်ဖက်သားအပေါ် လွှမ်းမိုးချုပ်ကိုင်လိုစိတ်ကို ဖျောက်ဖျက်ပါ။

လုပ်ငန်းခွင်အတွင်းမှ စိတ်ဖိစီးစရာကိစ္စများအား အိပ်စက်နားနေချိန်၌ ခေါင်းထဲမှထုတ်ပစ်ပါ။

တိုင်ပင်ဖော်တိုင်ပင်ဖက်အဖြစ် မိတ်ဆွေကောင်းတစ်ဦးရှိနေပါစေ။

အများ၏ ပြဿနာအား ဝင်ရောက်ဖြေရှင်းပေးခြင်းထက် နားလည်နိုင်အောင်သာကြိုးစားပါ။

**တိုသောဦးခေါင်းလမ်းကြောင်းနှင့် ရှည်သောဦးခေါင်းလမ်းကြောင်း**

တိုသောဦးခေါင်းလမ်းကြောင်းသည် လက်သူကြွယ်အောက်နေရာထက် မပါဘဲရှိတတ်ပြီး ရှည်သောဦးခေါင်းလမ်းကြောင်းက လက်ဝါးပြင်အပြင်ဘက်ခြမ်းထိတိုင် ရှည်လျားပါသည်။

**ထူးထူးခြားခြား ရှည်လျားသော ဦးခေါင်းလမ်းကြောင်း**

ဦးခေါင်းလမ်းကြောင်း ထူးထူးခြားခြားရှည်လျားနေပါက ပြဿနာမျိုးစုံအား အဆင်ပြေချောမွေ့စွာဖြေရှင်းပေးနိုင်ခြင်း၊ သိပ္ပံနည်းကျ တွေးခေါ်ရှုမြင်တတ်ခြင်းရှိပါမည်။

လက်ဝါးပြင်အား ဖြောင့်တန်းစွာဖြတ်လျက် လက်ဝါးအပြင်ဘက်သို့တိုင်ရောက်ရှိနေသော လမ်းကြောင်းကို Sydney Line အဖြစ် ဩစတြေးလျဆေးပညာသုတေသနအဖွဲ့က သတ်မှတ်ခဲ့ကြသည်။

**တိုသောဦးခေါင်းလမ်းကြောင်းကဖော်ပြသည့်အရည်အသွေးများ**

ပြတ်သားသောအဆုံးအဖြတ်ပေးနိုင်ခြင်း၊ စိတ်လက်မာန်ပါလုပ်တတ်ခြင်း၊

ပြဿနာ (သို့) အခြေအနေတစ်ရပ်အား ပိုင်းခြားဝေဖန်နိုင်စွမ်းမရှိခြင်း၊

အခြေအနေအပေါ် မူတည်၍ ကြိုတင်စဉ်းစားထားခြင်း၊ ကြိုတင်ပြင်ဆင်ထားခြင်းမရှိတတ်ခြင်း၊

ရုပ်ဝါဒီဆန်သော သဘောထားအမြင်ရှိခြင်း၊

ပြဿနာတစ်ရပ်အား ဆွေးနွေးဖြေရှင်းနေစဉ် (သို့) စုံစမ်းစစ်ဆေးမှုပြုခံရစဉ်အတွင်း ဣန္ဒြေပျက်တတ်ခြင်း (စိတ်မချုပ်တည်းနိုင်ဘဲ ရုပ်ပျက်ခြင်း)၊

အာရုံစူးစိုက်မှု အားနည်းခြင်း (အလေးအနက်မထားဘဲပေါ့ပြက်ခြင်း)

စသည့်အရည်အသွေးများကို ပိုင်ဆိုင်ထားသည်။

**ရှည်သောဦးခေါင်းလမ်းကြောင်းကဖော်ပြသည့် အရည်အသွေးများ**

အရာကိစ္စတိုင်းအား ခရေစေ့တွင်းကျ (အသေးစိတ်) တွေးခေါ်တတ်ခြင်း၊

ကရားရေလွှတ် စကားပြောတတ်ခြင်း၊ (စကားများခြင်း)

ပြဿနာအရှုပ်အထွေးများအား ခြေရာခံနိုင်စွမ်းရှိခြင်း၊

အာရုံစူးစိုက်မှုအားကောင်းခြင်း၊

ဝါသနာစုံ၍ စိတ်ဝင်စားသော အကြောင်းအရာကဏ္ဍများခြင်း၊

စဉ်းစားဆင်ခြင်ဉာဏ်အားကောင်း၍ သွေးအေးအေးဖြင့် ဖြေရှင်းနိုင်ခြင်း

စသည့်အရည်အသွေးများကို ပိုင်ဆိုင်ထားသည်။


**နူးညံ့သောဦးခေါင်းလမ်းကြောင်းနှင့်ကြမ်းတမ်းသောဦးခေါင်းလမ်းကြောင်း**

နူးညံ့မှုသဘောပြသော ပါးလွှာသည့်ဦးခေါင်းလမ်းကြောင်းသည် စိတ်ပိုင်းဆိုင်ရာ နူးညံ့မှုကို ကိုယ်စားပြုပြီး ကြမ်းတမ်းမှုသဘောဆောင်ပြီး ထူထဲသည့်ဦးခေါင်းလမ်းကြောင်းသည် စကားအပြောအဆို တုံးတိတိနိုင်ခြင်း၊ တိုတိပြတ်ပြတ်ပြောတတ်ခြင်း၊ ပြဿနာဖြေရှင်းရာ၌ အပြုအမူအပြောအဆိုကြမ်းတမ်းရိုင်းစိုင်းတတ်ခြင်းရှိတတ်သည်။

**ဦးခေါင်းလမ်းကြောင်းအစပိုင်း**

ဦးခေါင်းလမ်းကြောင်း၏အစပိုင်းသည် အသက်လမ်းကြောင်းအစပိုင်းနှင့်တွဲဆက်လျက် စတင်တတ်သလို သီးခြားစတင်သည်လည်းရှိတတ်ပါသည်။

အကယ်၍ အသက်လမ်းကြောင်းနှင့်တွဲဆက်ခြင်းမရှိပါက ကိုယ်သူ့တိုင်




ဦးခေါင်းနှင့်အသက်လမ်းကြောင်းကွာဝေးစွာရှိနေပုံ



www.burmeseclassic.com


www.burmeseclassic.com

ချွန်၊ ကိုယ့်အားကိုယ်ကိုးတတ်သူ၊ ကိုယ်ပိုင်အတွေးအခေါ် ရှိသူ၊ တစ်ကိုယ်တော် အစွမ်းပြနိုင်သူဖြစ်ကြောင်း ဟောကိန်းထုတ်နိုင်ပါသည်။ ၎င်းပြင် ကျန်းမာရေးနှင့်ပတ်သက်၍ မိမိကိုယ်မိမိ ယုံကြည်ချက်ခိုင်မာသည်အထိ လုံလောက်သောစွမ်းအင်၊ ခွန်အားပိုင်ဆိုင်ထားသူဖြစ်ပါမည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့်ကျယ်ပြန့်စွာ ဝေးကွာလျက် စတင်နေပါက စိတ်လိုက်မာန်ပါလုပ်တတ်သူ၊ သွေးနားထင်ရောက်နေသူ၊မိမိထင်မြင်ယူဆချက်သာ မှန်ကန်သည်ဟုခံယူထားသူ၊ မနာလိုဝန်တိုတတ်သူ ဖြစ်တတ်ပါသည်။ ဦးခေါင်းလမ်းကြောင်း အသက်လမ်းကြောင်းနှင့်တွဲဆက်လျက် အစပြုနေပါက အခြေအနေသစ်တစ်ရပ်အား သတိကြီးစွာဖြင့် စောင့်ကြည့်လေ့လာတတ်ခြင်း၊ အဘက်ဘက်မှ စဉ်းစားချင့်ချိန်ပြီးမှ ဆုံးဖြတ်တတ်ခြင်းရှိပါမည်။ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့က လက်ဝါးအောက်ဘက်သို့ ရောက်ရှိသည့်တိုင် သီးခြားစီမဖြစ်သေးပါက ဘဝရပ်တည်မှုပုံစံ (အဘက်ဘက်၌) နောက်ကျ၍ ကျန်ရစ်တတ်ပါသည်။ ထိုအနေအထားသည် တစ်ခါတစ်ရံ အသက် (၂၀)ဝန်းကျင်အထိ မိဘ၏ထိန်းချုပ်မှုအောက်မှာပင်ရှိနေတတ်သောကြောင့် မိမိအရည်အချင်းပြခွင့်မရသော အခြေအနေနှင့်ကြုံ တွေ့နေရပါမည်။ ၎င်းပြင် အဆိုပါလက္ခဏာရှင်သည် ဆတ်ဆတ်ထိမခံတတ်ခြင်းနှင့် တစ်ခါတစ်ရံ တစ်ဦးတည်း အထီးကျန်စွာနေထိုင်တတ်သည်ကို တွေ့ရပါမည်။


Palm Print-14 လက်ဝါးပုံစံတွင် ဦးခေါင်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့်ဝေးကွာလျက် (သီးခြား) ရှိနေပြီး ရှည်လျားရှုပ်ထွေးကာ ကွေးနေသောအနေအထားကို တွေ့ရမည်။ လက်ဝါးပြင်အလယ်ကောင်မှ လိုင်းသဏ္ဍာန်ရှိ လမ်းကြောင်း(တို့)များ ပါဝင်နေခြင်းကြောင့် အထုံပါရမီအားကောင်းပြီး ဘက်စုံထူးချွန်အောင်မြင်သူ ဖြစ်ကြောင်း ဖော်ပြနေပါသည်။

Palm Print-15 - လက်ဝါးပုံစံတွင် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့က အစပိုင်းမှာပင် တွဲဆက်လျက် ကျွန်းများဖြင့်စတင်နေသည်ကိုတွေ့ရမည်။ ဦးခေါင်းလမ်းကြောင်း အနေအထား သာမန်အရှည်ရှိပြီး ဖြောင့်တန်းသည်။ အဆိုပါလက္ခဏာရှင် အနေဖြင့် အသက် (၂၀) ကျော်၊ (၃၀) ဝန်းကျင်ကာလအတွင်း ချစ်သူ၏ စွန့်ခွာပစ်သွားခြင်းခံရပြီးနောက် ဘဝသစ်ပြန်တည်ဆောက်၍နေသားတကျဖြစ်သော မိသားစုဘဝပုံစံဖြင့် ပြန်လည်ရပ်တည်နေသည်ဟု ဟောကိန်းထုတ်နိုင်ပါသည်။ Palm-15 ရှိ လက်ဝါးပြင်၌ အမွေးပွပုံစံရှိ (မှုန်ဝါးသော) လိုင်းများ ပါနေကြောင်း၊ လမ်းကြောင်းအစပိုင်း၌ ကျွန်းခံနေကြောင်းတွေ့ရပါမည်။




**Palm Print 15**
**A Head Line linked to Life Line at their commencement**
Here a straight, average length Head Line is lightly tied to the Life Line (both lines begin with islands). Note the fuzzy overlap in the late 20s and early 30s, when the owner of this palm print left her partner, began a new life, settled down and started a family.

**ဦးခေါင်းနှင့်အသက်လမ်းကြောင်းအစပိုင်း၌ တွဲဆက်လျက်ရှိနေပုံ**



**Palm Print 16**
**A straight Head Line with a branch rising towards the little finger in the hand of a banker.**

## ဦးခေါင်းလမ်းကြောင်းအဆုံးပိုင်း

ဦးခေါင်းလမ်းကြောင်းအဆုံးပိုင်းနေရာသည် (ထုံးစံအရ) နှလုံးလမ်းကြောင်းအောက် (အကြမ်းဖျင်းအားဖြင့်) တစ်လက်မအကွာတွင် ရှိနေရပါမည်။ အဆုံးသတ်နေရာသည် တစ်ခါတစ်ရံ ခက်ရင်းခွပုံစံဖြင့်ရှိနေပါမည်။ ဦးခေါင်းလမ်းကြောင်းအဆုံးသည် လက်သန်းရှိရာသို့ကွေးလျက် တက်သွားပါက စီးပွားဉစ္စာ (ငွေကြေး) ရှာဖွေရန် စီမံကိန်းချ၍ လုပ်ကိုင်တတ်သူဖြစ်ကြောင်း ဖော်ပြပါသည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်း အဆုံးသတ်သည့် လက်ကောက်ဝတ်ရှိရာသို့ မတ်စောက်စွာထိုးဆင်းသွားပါက စိတ်ကူးယဉ်အတွေးကမ္ဘာထဲ နစ်မွန်းသာယာနေတတ်သူ၊ ပြဿနာအရပ်ရပ် အပေါ် တာဝန်ယူ၍ မဖြေရှင်းလိုသူဖြစ်နိုင်ပါသည်။ တစ်ဖန် ဦးခေါင်းလမ်းကြောင်းအဆုံးသည် ကြယ်တစ်ခုအတွင်းရှိနေပါက မိမိ၏ ဆင်ခြင်တုံတရားနှင့် ပတ်ဝန်းကျင်၏ ထိန်းချုပ်မှုတို့မှ လွတ်ကင်းရမည်ကို ကြောက်ရွံ့နေတတ်ပါသည်။

Palm Print-16 နမူနာပြပုံတွင် ဦးခေါင်းလမ်းကြောင်းဖြောင့်တန်းပြီး ၎င်း၏ လမ်းကြောင်းတို့ (အခက်အလက်) များက လက်သန်းရှိရာသို့ ထောင်တက်သွားသည်ကို တွေ့ရမည်။

ဘသန့်



www.burmeseclassic.com

www.burmeseclassic.com

**□ မိန်းမတောင်းပေးရသော မောင်ထွန်းမြိုင်**

မောင်ထွန်းမြိုင်နှင့် ဘိုးထိုက်တို့သည် ဗဟန်းကြားတောရမှနေပြီး ရထားလုံးငှားကာ စမ်းချောင်းဘက်သို့ ထွက်ခဲ့လေ၏။ စမ်းချောင်းရှိ သတို့သမီးလောင်း၏အိမ်သို့ ရောက်သောအခါ ဘိုးထိုက်က နားပူနားဆာလုပ်လွန်းမက လုပ်လွန်းသောကြောင့် မောင်ထွန်းမြိုင်သည် ရှေ့မျက်နှာနောက်ထား၍ ဖြစ်လိုရာဖြစ်စေတော့ဟု သဘောထားပြီး သတို့သမီးလောင်း၏ မိဘတို့အား နားဖောက်ပြီး မင်္ဂလာစကားပြောကြားလိုက်ရာ သတို့သမီး၏မိဘများကလည်း အလိုက်သင့်အလျားသင့်ပင် ပြန်လည်ပြောဆိုသဖြင့် မောင်ထွန်းမြိုင်အဖို့ ထိုအခါတွင်မှ အသက်ရှူချောင်သွားတော့၏။

ပစ္စည်းများဖြင့် မနက်ဖြန်လာတင်တောင်းသည်မှာ မင်္ဂလာဧည့်ခံပွဲအား ချက်ချင်းကျင်းပရန် ဆိုလိုခြင်းမဟုတ်ကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် သဘောတူညီချက်ရယူကာ နားဖောက်ထားသည့်သဘောသာဖြစ်ကြောင်း ပြောဆိုလိုက်သောအခါတွင်မှ ထိုသူများလည်း ပုံမှန်အတိုင်းပြန်ဖြစ်သွားလေသည်။ ထို့နောက်တွင် မောင်ထွန်းမြိုင်နှင့် ဘိုးထိုက်တို့လည်း ထိုလူများကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြတော့၏။

ထိုနေ့ ညဘက်သို့ ရောက်သောအခါ ဘိုးထိုက်လည်း ဖယောင်းတိုင်တစ်တိုင်ကိုထွန်းပြီး သူ၏ ယခင့်ယခင် ဘဝ ဖခင်တော်စပ်ခဲ့ဖူးသော ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်အား ပင့်လိုက်ရာ မကြာမီပင် ထိုဝိဇ္ဇာပုဂ္ဂိုလ်ကြွလာလေတော့၏။ အဆိုပါ

လိုက်၏။ မကြာမီပင် ဝိဇ္ဇာပုဂ္ဂိုလ်လည်း ပျောက်ကွယ်သွားတော့၏။

ဝိဇ္ဇာပုဂ္ဂိုလ်ပြန်ကြွသွားပြီးနောက် ဘိုးထိုက်လည်း အထုပ်ကိုဖြေကြည့်လိုက်သောအခါ ရွှေ (၃) ပိဿာနှင့် ငွေတစ်သိန်းအပြင် နောက်ထပ် ငွေငါးသောင်းကိုပါတွေ့ရလေ၏။ ထိုငွေငါးသောင်းသည် မင်္ဂလာဧည့်ခံပွဲကျွေးမွေးစရိတ်ဖြစ်၏။

နောက်တစ်နေ့တွင် မောင်ထွန်းမြိုင်၊ ဘိုးထိုက်နှင့် သူတို့၏ မိတ်ဆွေလေး၊ငါးဦးပါသောအဖွဲ့သည် စမ်းချောင်းရှိ သတို့သမီးလောင်းအိမ်သို့သွားရောက်ကြကာ မင်္ဂလာစကားများပြောဆိုကြပြီးနောက် သတို့သမီး၏မိဘများလက်ထဲသို့ ရွှေ (၃) ပိဿာနှင့် ငွေတစ်သိန်းတို့ကို ပေးအပ်လိုက်တော့၏။

ထိုသို့ သတို့သမီး၏ မိဘများလက်ထဲသို့ တင်တောင်းသည့် ရွှေ၊ ငွေများပေးအပ်ပြီးနောက် မောင်ထွန်းမြိုင်



ကျေးဇူးရှင်စစ်ကိုင်းဆရာတော်ကြီး၏တပည့်

# မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်

၁၇

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

## ပထမံသရာဦးအေးရွှေ

ထိုအခါ မောင်ထွန်းမြိုင်သည် တစ်ဆင့်တက်ကာ တင်တောင်းမည့် ရွှေသုံးပိဿာနှင့် ငွေတစ်သိန်းကိစ္စကို ပြောကြားလိုက်သောအခါ သတို့သမီးမိဘဖြစ်သူတို့၏ မျက်နှာသည် ပို၍ကြည်လင်ဝင်းပသွားသည်ကို အကဲခတ်၍ ကောင်းစွာသိလိုက်ရသဖြင့် နောက်တစ်ဆင့်တော့ အောင်သွားပြန်ပြီဟု သဘောပေါက်လိုက်မိ၏။

ထို့ကြောင့် မောင်ထွန်းမြိုင်သည် ရင်ထဲတွင်အေးသွားပြီးနောက် တစ်ဆင့်တက်ကာ သူတို့ဘက်တွင်အခြားသော အလုပ်ကိစ္စများရှိနေသဖြင့် မင်္ဂလာကိစ္စကို အလျင်အမြန်စီမံလိုကြောင်းပြောဆိုသောအခါတွင်းလည်း မငြင်းဆန်ကြသဖြင့် မောင်ထွန်းမြိုင်လည်း အရဲစွန့်ကာ မနက်ဖြန်တွင်လာတောင်းမည်ဖြစ်ကြောင်း ပြောချလိုက်သောအခါတွင်မှ မိဘဖြစ်သူများနှင့် သတို့သမီးလောင်းဖြစ်သူတို့ပါ တအံ့တသြဖြစ်သွားကြ၏။

ထိုအခါတွင် မောင်ထွန်းမြိုင်က ချက်ချင်းပင် မနက်ဖြန် မင်္ဂလာလက်ဖွဲ့

ပုဂ္ဂိုလ် ကြွရောက်လာသည်နှင့် ဘိုးထိုက်လာလက်အုပ်ချီလိုက်ပြီး -

"အဖေ၊ သားမိန်းမယူတော့မယ်။ အဲဒါ တင်တောင်းဖို့ ရွှေ (၃) ပိဿာနဲ့ ငွေတစ်သိန်းပေးပါ။ မနက်ဖြန်မိန်းမသွားတောင်းရမယ်"

ဟု ပြောလိုက်သည်။

အဆိုပါ ဝိဇ္ဇာပုဂ္ဂိုလ်လည်း သူလွယ်လာသည့် လွယ်အိတ်အညိုကြီးအတွင်းသို့ လက်နှိုက်လိုက်သောအခါ အထုပ်တစ်ထုပ် ပါလာလေသည်။ ထိုအထုပ်ကို ဘိုးထိုက်လက်ထဲသို့ ထည့်

က ယနေ့တွင်ပင် မင်္ဂလာဧည့်ခံပွဲကျင်း... မည့်ရက်ကို သတ်မှတ်သင့်ကြောင်းပြော... ရာ သတို့သမီး၏ မိဘများကလည်း သင့်လျော်ပါကြောင်း။ သို့သော် သူတို့၏ ဗေဒင်ဆရာကြီးအား မေးမြန်းပြီး အကြောင်းပြန်ပေးမည်ဖြစ်ကြောင်းဆို... လာရာ မောင်ထွန်းမြိုင်ကလည်း ချက်ချင်းပင် ဗေဒင်ဆရာအား မေးမြန်းပြီး ရက်... သတ်မှတ်မည်ဆိုလျှင် မပူရန်ပြော... မိမိသည် ဗေဒင်ပညာကို ကောင်းစွာ...



www.burmeseclassic.com

www.burmeseclassic.com

တတ်ကျွမ်းကြောင်းပြောရာ သတို့သမီး၏ မိဘများကလည်း ဗေဒင်တတ်လျှင် ရက်ရွေးပေးပါမည့်အကြောင်းပြောရာ မောင်ထွန်းမြိုင်ကလည်း ချက်ချင်းပင် ကောက်တွက်လိုက်ပြီး ရွှေ့လာမည့် သီတင်းပတ်အတွင်း နေ့ကောင်းရက်သာ ရကြောင်းပြောဆိုသဖြင့် သတို့သမီး၏ မိဘများကလည်း လက်ခံကြလေ၏။

ထိုအခါ ဘိုးထိုက်ကလည်း မင်္ဂလာဧည့်ခံပွဲအတွက် ဆွမ်းကပ်ရန်နှင့် ဧည့်ခံကျွေးမွေးရန် နောက်ထပ်ငွေငါးသောင်းကို သတို့သမီး၏ မိဘများအား ထပ်မံပေးအပ်လိုက်ရာ သတို့သမီး၏မိဘများလည်း အထူးပင် သဘောကျနှစ်ခြိုက်သွားကြလေ၏။

မင်္ဂလာပွဲနေ့သို့ရောက်သောအခါ မောင်ထွန်းမြိုင်သည် နံနက်အစောကြီးပင်ရောက်အောင်သွားပြီး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ပေးလေ၏။ လာရောက်သမျှသော ဧည့်ပရိသတ်တို့အားလည်း လိုလေသေးမရှိ အလျှံပယ် ဧည့်ခံကျွေးမွေးလေသည်။ ထို့ကြောင့် လာရောက်သမျှသော ဧည့်သည်တို့ကလည်း ကျေနပ်သဘောကျကြသည်။ မင်္ဂလာပွဲကို အောင်မြင်စွာ ကျင်းပပြီး ညဦးပိုင်းသို့ရောက်သောအခါ အရပ်ထဲရှိ ကာလသားများက ခဲဖိုးလာတောင်းသဖြင့် မောင်ထွန်းမြိုင်ကပင် တာဝန်ယူဖြေရှင်းပေးပြီးနောက် မောင်ထွန်းမြိုင်သည် ဘိုးထိုက်နှင့် သတို့သမီး၊ သတို့သမီး၏မိဘများအား နှုတ်ဆက်၍ သူနေထိုင်ရာ ဗဟန်း(၃)လမ်းရှိနေအိမ်သို့ ပြန်ခဲ့တော့၏။

❑

ဘိုးထိုက်၏ မင်္ဂလာဧည့်ခံပွဲပြီးသောအခါတွင်မှ မောင်ထွန်းမြိုင်လည်း သူ၏အမိဋ္ဌာန်ကိုကောင်းစွာဝင်နိုင်တော့၏။ ဘိုးထိုက်ကလည်း မောင်ထွန်းမြိုင်မအားမလပ်မှန်းသိသဖြင့် တစ်ခါတစ်ရံတွင်မှသာ ရောက်တတ်လေတော့၏။ သို့ဖြင့် အချိန်ကာလတို့သည် တစ်စထက်တစ်စကုန်လွန်လာရာ ရက်ကိုလစား၊ လကိုနှစ်စားဖြစ်လာခဲ့၏။

တစ်နေ့တွင် မောင်ထွန်းမြိုင်သည် စောစီးစွာ အမိဋ္ဌာန်ဝင်လိုသဖြင့် နံနက်မိုးမလင်းမီတွင်ပင် အိမ်မှထွက်လာခဲ့၏။ ထို့နောက် အရှေ့ဘက်မုခ်စောင်းတန်းမှ ဘုရားကြီးပေါ်သို့ တက်လာခဲ့လေ၏။ ရင်ပြင်တော်ပေါ်သို့ ရောက်ခါနီးတွင် စောင်းတန်းထိပ်၌ တစ်စုံတစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။ သို့သော် နံနက်ဝေလီဝေလင်း အချိန်ဖြစ်သဖြင့် မျက်နှာကို အသေအချာမမြင်ရသဖြင့် မည်သူမည်ဝါမှန်းမသိရပေ။ မောင်ထွန်းမြိုင်သည် ဆက်တက်လာရာ စောင်းတန်းထိပ်သို့ရောက်ခါနီးတွင် အသံတစ်သံကြားလိုက်ရ၏။

"ဗျို့- ကိုထွန်းမြိုင်၊ ဘယ်လိုဖြစ်တာလဲ။ ခင်ဗျားကလည်းသုတ်သုတ်နဲ့"

ဟု ခေါ်သံကြားလိုက်ရသဖြင့် အသံလာဆီသို့ ကြည့်လိုက်သောအခါ စောစောက စောင်းတန်းထိပ်တွင်ရပ်နေသူပင် ဖြစ်၏။ မောင်ထွန်းမြိုင်သည် ထိုအသံကိုကျက်မိနေသဖြင့် အသံရှင်ကို အသေအချာကြည့်လိုက်ပြီး -

"ဟာ - ဘိုးထိုက်ပါလား။ စောစောစီးစီး မလာစဖူး အလာထူးလှချေလား"

ဟု မေးလိုက်၏။

ထိုအခါ ဘိုးထိုက်သည် မချိုမချဉ်မျက်နှာဖြင့် မောင်ထွန်းမြိုင်အား တွေတွေကြီးစိုက်ကြည့်နေလေ၏။ ထို့နောက် ဘိုးထိုက်သည် မောင်ထွန်းမြိုင်အားခေါ်၍ လက်ဖက်ဆိုင်သို့သွားလေ၏။ ဆိုင်သို့ရောက်သောအခါ ရေနွေးကြမ်း လက်ဖက်ရည်နှင့် မုန့်များကို မှာယူစားသောက်ကြ၏။ စားသောက်ပြီးသောအခါတွင် မောင်ထွန်းမြိုင်က ဘိုးထိုက်အားကြည့်ပြီး -

"ဘိုးထိုက်၊ ခင်ဗျားကိုကြည့်ရတာ တစ်မျိုးတစ်မည် ထူးနေနေသလိုပဲ။ ခါတိုင်းနဲ့မတူဘူး။ ဘာပြောစရာရှိသလဲ





www.burmeseclassic.com

www.burmeseclassic.com

ပြောပါ"

ဟု မေးလိုက်သောအခါတွင်မှ ဘိုးထိုက်က မဝံ့မရဲလေသံမျိုးဖြင့် စကားကို နိဒါန်းပင်မပျိုးတော့ဘဲ -

"ကိုထွန်းမြိုင်၊ ခင်ဗျား ကျွန်တော့်အဖေနေရာကနေပြီး မိန်းမလိုက်တောင်းပေးပါ"

ဟု ရုတ်တရက် ဆိုလိုက်သဖြင့် မောင်ထွန်းမြိုင်လည်း အလွန်ပင်အံ့သြသွားပြီး ပါးစပ်အဟောင်းသားဖြစ်သွားလေတော့၏။

ထို့နောက်တွင်မှ -

"အရင်မိန်းမက ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ ကျွန်တော်က မိန်းမတစ်ယောက်ကို တစ်နှစ်ပဲပေါင်းတာလေ။ အခု သူ့ကိုကွာရှင်းပြီးသွားပြီ။ နောက်ယူမယ့်တစ်ယောက်တောင်ကြည့်ထားပြီးပြီ။ အဲဒါ ဒီနေ့ပဲ ကိုထွန်းမြိုင် နားလိုက်ဖောက်ပေးပါ"

ဟု ဆိုသဖြင့် မောင်ထွန်းမြိုင်သည် ကောင်းစွာ လက်မခံနိုင်သေးသဖြင့် လည်းကောင်း၊ တကယ်ကော ဟုတ်မှဟုတ်ရဲ့လားဟု သံသယဖြစ်နေပြန်သဖြင့် -

"ဟုတ်ရဲ့လား ဘိုးထိုက်ရယ်"

"ဟုတ်ပါတယ် ကိုထွန်းမြိုင်ရဲ့ သေချာပါတယ်"

"ဒါဆို တင်တောင်းဖို့ ငွေတွေ၊ ပစ္စည်းတွေကကော"

"အဲဒီအတွက် မပူပါနဲ့။ ရွှေသုံးပိဿာနဲ့ငွေတစ်သိန်းတင်တောင်းမှာပါ။ အဲဒါတွေကိုလည်း ဟိုဝိဇ္ဇာမိုရ်အဖေက ပေးမှာပါ။ ကဲ - အချိန်မရှိတော့ဘူး ကိုထွန်းမြိုင်၊ လာ - သွားကြရအောင်"

ဟု ပြောပြောဆိုဆို မောင်ထွန်းမြိုင်၏လက်ကို အတင်းဆွဲထွက်သဖြင့် မောင်ထွန်းမြိုင်လည်း ခေါင်းကိုတွင်တွင်ကုတ်ရင်း ဘိုးထိုက်နောက်သို့လေးကန်သည့်ခြေလှမ်းများဖြင့်ပါသွားလေတော့၏။

မောင်ထွန်းမြိုင်လည်း နှစ်စဉ်နှစ်တိုင်း ထိုအချိန်ထိုကာလသို့ရောက်သည့်အခါတိုင်းတွင် တစ်စုံတစ်ယောက်ကို ရှာလေ့ရှိ၏။ ထိုသူကလည်း အချိန်မှန်ပင်ရောက်လာလေ့ရှိ၏။ မောင်ထွန်းမြိုင်သည် အချို့သောနှစ်များတွင် မိန်းမတောင်းရမ်းပေးရသည့်အလုပ်သာမက အသုဘအခမ်းအနားတစ်ရပ်ပါ ကျင်းပပေးရလေ့ရှိ၏။ အဘယ့်ကြောင့်ဆိုသော် အချို့သောမိန်းမတို့သည် ကွာရှင်းခွင့်တောင်းသော်လည်း ကွာရှင်းခွင့်မပေးသဖြင့် ဘိုးထိုက်သည် အရှင်ကွာအဖြစ်ကွာ၍မရသဖြင့် အသေကွာဖြင့်ကွာရလေ၏။ ထိုအသေကွာဖြင့်ကွာသည့်အခါတွင် မောင်ထွန်းမြိုင်သည် ဘိုးထိုက်၏ အသုဘကို မြေချခြင်း၊ ဂူသွင်းသင်္ဂြိုဟ်ခြင်း၊ ရက်လည်ဆွမ်းသွတ်ခြင်းပြီးစီးသည်အထိ လုပ်ကိုင်ပေးရလေ၏။ ဤကား ဘိုးထိုက်နှင့်ပတ်သက်ပြီး မောင်ထွန်းမြိုင်တာဝန်ယူရသော ကိစ္စအဝဝပင်ဖြစ်ပါတော့သတည်း။

**▫ ပထမံပညာလမ်းစဉ်၏ လမ်းကြောင်းပေါ် စတင်ရောက်ရှိခြင်း**

မောင်ထွန်းမြိုင်သည် အဓိဋ္ဌာန်ဝင်ခြင်း၊ တရားကျင့်ခြင်းတို့ကို ရွှေတိဂုံစေတီတော်၌ပြုလုပ်ပြီး လူနေထိုင်ခြင်းသည် ဗဟန်း (၃) လမ်းရှိ ငှားရမ်းထားသော အိမ်တွင်ဖြစ်သဖြင့် လည်းကောင်း၊ တစ်ခါတစ်ရံတွင် စားရေးသောက်ရေးအတွက် ချက်ပြုတ်လုပ်ကိုင်ရသဖြင့် လည်းကောင်း အားလပ်ချိန်၊ နားနေချိန်ဟူ၍ သိပ်မရှိဘဲ အလုပ်ရှုပ်လျက်ရှိနေသည်ကားများ၏။

တစ်နေ့တွင် မောင်ထွန်းမြိုင်ဆီသို့ ဒေါ်ညိုအမည်ရှိသော အသက်ကြီးကြီး အမျိုးသမီးတစ်ဦး ရောက်ရှိလာခဲ့၏။ ထို့နောက် မောင်ထွန်းမြိုင်နှင့် ဒေါ်ညိုတို့သည် အလွန်ပင် ရင်းနှီးသွားကြ၏။ ဒေါ်ညိုကလည်း မောင်ထွန်းမြိုင်လိုအပ်သမျှကို ထောင့်စေ့အောင်ကြည့်ပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေး၏။ ထောက်ပံ့ပေးလေ၏။ မောင်ထွန်းမြိုင်ကို ဒေါ်ညိုက သားလေးဟုခေါ်ပြီး မောင်ထွန်းမြိုင်ကလည်း ဒေါ်ညိုကို အမေဒေါ်ညိုဟုခေါ်လေ၏။

ဒေါ်ညိုသည် မောင်ထွန်းမြိုင်ထံ ရောက်လာပုံကလည်း ထူးခြားလှ၏။ မောင်ထွန်းမြိုင်သည် အဓိဋ္ဌာန်ကိုတစ်ခုပြီးတစ်ခုဝင်ခြင်း၊ ကျန်ရှိသောအချိန်များတွင် ပုတီးစိပ်ခြင်းဖြင့်သာ အချိန်ကိုကုန်လွန်စေသဖြင့် တစ်နေ့တစ်နေ့ မောင်ထွန်းမြိုင်၏ပုတီးစိပ်ချိန်သည် အလွန်များ၏။ ထို့ကြောင့် စိပ်ဖန်များလွန်းသဖြင့် ပုတီးသည်ကြိုးပြတ်သွားခဲ့၏။ ထိုပုတီးကြိုးပြတ်သောနေ့က ဂြိုလ်တိုင်တစ်ခုအနီးတွင်ထိုင်ပြီးစိပ်နေသဖြင့် ကြိုးပြတ်သွားသောအခါ ပုတီးစေ့အချို့သည် အနီးအနားသို့ လွင့်စဉ်လိမ့်သွားပြီး အကြိုအကြားသို့ရောက်ရှိသွားသဖြင့် ပြန်ရှာ၍မရတော့ပေ။ ထို့ကြောင့် ရနိုင်သမျှသော ပုတီးစေ့များကို ပြန်ကောက်ပြီး ရေတွက်ကြည့်ရာ (၁၀၈) လုံးမပြည့်တော့သဖြင့် မောင်ထွန်းမြိုင်သည် စိတ်မကောင်းဖြစ်သွားပြီး မျက်နှာမသာမယာဖြစ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ထိုပုတီးလေးသည် မောင်ထွန်းမြိုင်အဖို့ ကိုယ်ပိုင်ပစ္စည်းများအနက် အရင်းနှီးဆုံးသော၊ တန်ဖိုးအထားဆုံးသောပစ္စည်းလေးဖြစ်သလို ဝိဇ္ဇာစရာဆိုင်ရာ၊ ဘာသာရေးဆိုင် ရာပစ္စည်းလေးလည်းဖြစ်၏။ ထို့ပြင် ထိုပုတီးလေးကို မောင်ထွန်းမြိုင်ငယ်စဉ် ဘဝ ဖျာပုံမြို့ ဘုန်းကြီးကျောင်းတွင် နေစဉ်ကတည်းက မောင်ထွန်းမြိုင် ပုတီးစိပ်ဝါသနာပါမှန်းသိသဖြင့် ဘကြီးဘုန်းကြီးကပေးထားသော ပုတီးလည်း ဖြစ်သောကြောင့်ပင်တည်း။

ထို့ကြောင့် မောင်ထွန်းမြိုင်သည် သူ၏ ပုတီးကြိုးပြတ်ပုတီးစေ့များကို လက်ထဲတွင်ထည့်ဆုပ်ပြီး မျက်နှာမသာမယာစိတ်မကောင်းစွာဖြင့် ထိုနေရာမှ ထွက်လာခဲ့၏။ ထိုသို့ ဂြိုဟ်တိုင်မှအပြင်သို့ ကွေ့ထွက်လိုက်စဉ် အသံတစ်သံကို ကြားလိုက်ရ၏။

"ဟဲ့ - သားလေး၊ ဘာဖြစ်လာလို့တုံး။ မျက်နှာလည်း မသာမယာနဲ့ပါလား"

ဟု စိုးရိမ်သံစွက်သောလေသံဖြင့် အသက်ကြီးကြီးအမျိုးသမီးကြီးတစ်ဦးက မေးလာသဖြင့် မောင်ထွန်းမြိုင်လည်း ဖြစ်ကြောင်းကုန်စင်ကိုပြောပြပြီး လက်ထဲတွင်ဆုပ်လာသော ကြိုးပြတ်နေသည့် ပုတီးစေ့များကိုဖြေပြလိုက်၏။

ထိုအခါ အဆိုပါ အမျိုးသမီးကြီးသည် စိတ်မကောင်းဖြစ်သွားပြီးနောက် ချက်ချင်းပင် မျက်နှာသည် တစ်ဖန်ပြုံးရွှင်လာပြန်ကာ -

"တိုက်ဆိုင်လိုက်တာ သားလေးရယ်။ ဒီနေ့ အမေလေ အမေ့ဆီမှာ နှစ်ပေါင်းများစွာသိမ်းထားတဲ့ ပုတီးတစ်ကုံးကို လှူချင်စိတ်ဖြစ်လာတယ်ကွယ့်။ ဒါကြောင့် ထိုက်တဲ့ပုဂ္ဂိုလ်တစ်ဦးဦးကို ရှာဖို့ ခုလို ရွှေတိဂုံဘုရားကို ရောက်လာတာပဲကွယ့်။ အခုတော့ ထိုက်တန်တဲ့ပုဂ္ဂိုလ်ကို တွေ့ပြီ။ အဲဒါကြောင့် အမေဝမ်းသာသွားတယ်။ မင်းရဲ့စိပ်နေကျပုတီး ပြတ်သွားတာကိုတော့ စိတ်မကောင်းပါဘူးကွယ်။ ရော့- ဒီပုတီးကိုစိပ်။ ဒီပုတီးက နှယ်နှယ်ရရပုတီးတော့မဟုတ်ဘူးကွယ့်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၇၀၀) လောက်[illegible] တဲ့ ထန်းသားကို ပုတီးအဖြစ်[illegible]ထား ထားတာပဲကွယ့်။ တက[illegible]သမိုင်းဝင်



www.burmeseclassic.com

www.burmeseclassic.com

ပုတီးပေါ့ကွယ်။ ဒါနဲ့ သားလေးနာမည်က ဘယ်လိုများခေါ်လဲကွယ့်"

"မောင်ထွန်းမြိုင်လို့ခေါ်ပါတယ်"

"ဟင် - ဒါဆို သားလေးက စနေသားပေါ့"

"ဟုတ်ပါတယ် ခင်ဗျ"

"ဒါဆို စနေသားနဲ့ ဒီထန်းသားပုတီးက အကိုက်ပဲပေါ့ကွယ်"

ဟု ပြောဆိုပြီး ထန်းသားပုတီးကို မောင်ထွန်းမြိုင် လက်ထဲသို့ထည့်ပေးလိုက်တော့၏။

မောင်ထွန်းမြိုင်အဖို့လည်း သူမြတ်နိုးသော ပုတီးလေးကြိုးပြတ်ပျောက်ဆုံးသွားသော်လည်း တိုက်တိုက်ဆိုင်ဆိုင်ပင် ထူးခြားသော ပုတီးတစ်ကုံးအသစ်ရောက်လာသဖြင့် အတော်လေးဖြည့်ဆည်းသွားနိုင်တော့၏။

❑

အထက်ပါအဖြစ်အပျက်များဖြစ်ပွားနေစဉ်တွင်ပင် စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသ၏ ညာလက်ရုံးတစ်ဆူဖြစ်သော ပထမံအင်းစမပညာရှင်ဆရာတော်ဦးပညောဘာသသည် ဆရာတော်ကြီး၏အနီးတွင်ပင် နေထိုင်သီတင်းသုံးပြီး ဆရာတော်ကြီးထံမှ ပထမံဆိုင်ရာပညာရပ်များကိုလည်း လေ့လာသင်ယူဆည်းပူးခဲ့၏။ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း စသည့် ကျင့်စဉ်များကိုလည်း ကျင့်ကြံပွားများခဲ့၏။ ထို့ကြောင့် ဆရာတော် ဦးပညောဘာသသည် ပထမံပညာလမ်းစဉ်နှင့်ပတ်သက်လျှင် အလွန်ပညာထက်မြက်သည့်ပုဂ္ဂိုလ် ဖြစ်သည်။ မည်မျှအထိပညာထက်မြက်ပါသနည်းဟူမူ ဆရာတော်သည် သူ၏လက်မောင်းနှစ်ဖက်ကို သင်္ကန်းထဲမှဖော်ထုတ်လိုက်ပြီး ညာဘက် လက်မောင်းကို ဘယ်ဘက် သူ့လက်ဖဝါးဖြင့် သပ်တင်လိုက်လျှင် ပထမံဆိုင်ရာစမများပေါ်လာ၏။ တစ်ဖန်အပေါ်မှ သပ်ချလိုက်လျှင် စမများပြန်ပျောက်သွားတော့၏။

ထိုနည်းတူပင် ဆရာတော်သည် သူ့ပေါင်နှစ်ဖက်ပေါ်မှ သင်္ကန်းများကိုအပေါ်ဆွဲတင်ပြီး ပေါင်အား လက်ဖဝါးဖြင့် သပ်တင်လိုက်လျှင် စမများပေါ်လာ၏။ တစ်ဖန် လက်ဖဝါးဖြင့် သပ်ချလိုက်လျှင် စမများပြန်ပျောက်သွားလေ၏။

ထို့မှမက ဆရာတော်သည် ပထဝီသိဒ္ဓိကို ပြီးမြောက် အောင်မြင်ထားသဖြင့် အချိန်အကန့်အသတ်ဖြင့် ပထဝီသိဒ္ဓိကိုအသုံးပြုခွင့်ရရှိထားသည့် ပုဂ္ဂိုလ်လည်းဖြစ်၏။ အချိန်အကန့်အသတ်ဆိုသည်မှာ ဆရာတော်သည် ညနေ(၆)နာရီမှ နံနက် (၆) နာရီအတွင်း ပထဝီသိဒ္ဓိကို အသုံးပြုခွင့်ရရှိထားခြင်း ဖြစ်၏။ ပထဝီသိဒ္ဓိဆိုသည်မှာ မိမိသွားလိုသည့်နေရာသို့ တစ်ခဏအတောအတွင်းတွင်ပင် မြေကြော့ရှုံ့၍သွားနိုင်ခြင်းဖြစ်၏။

ဆရာတော်၏ ပထမံပညာသည် စစ်ကွင်းဆရာတော်ကြီးပြီးလျှင် ဒုတိယမြောက်ပညာအကြီးဆုံးပုဂ္ဂိုလ်ဟုပင်ဆိုရမည်ဖြစ်၏။ ဆရာတော် ဦးပညောဘာသသည် ပထဝီသိဒ္ဓိရော ညသိဒ္ဓိပါရရှိခဲ့သည့်ပုဂ္ဂိုလ်ဖြစ်၏။ တစ်ခါက ဆရာတော်သည် နေ့အချိန်တွင်ဈာန်ပျံခဲ့သဖြင့် နေတွင် ရဟန္တာပေါ်သည်ဟူသော ဥက္ကောဒေယျတစ်ခုသည် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ပျံ့နှံ့ကျော်ကြားသွားခဲ့ဖူး၏။ ထို့ကြောင့်လည်း အထက်ဆရာတော်များက ဆရာတော် ဦးပညောဘာသ၏နေ့သဒ္ဓိကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်၏။ ထိုသို့ ပြန်လည် ရုပ်သိမ်းခဲ့ခြင်းမှာလည်း ကာလအကန့်ဖြင့် ပြန်လည်ရုပ်သိမ်းခြင်းဖြစ်ပါသည်။

ဆရာတော်၏ပညာသည် ဝိဇ္ဇာချင်းတူလျှင်ပင် ဆရာတော့်ပညာထက်ကျော်ရန် မလွယ်ကူပေ။ ပညာကြီး၏။ တစ်ကြိမ်သောအခါက ဦးသူရိယအမည်ရှိသော ရဟန်းတစ်ပါးသည် ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်သို့ ကောင်းကင်ဈာန်ခရီးဖြင့် ကြွရောက်လာခဲ့ပြီးနောက် ရွှေတိဂုံရင်ပြင်တော်ပေါ်သို့ရောက်သော်လည်း သူစီးလာသည့်ဖိနပ်ကိုချွတ်ခြင်းမပြုဘဲ ဖိနပ်စီးလျက်ပင် ရွှေတိဂုံရင်ပြင်တော်ပေါ်၌လမ်းလျှောက်သဖြင့် ဆရာတော်ဦးပညောဘာသက ထွက်ပြီးတားမြစ်ခဲ့၏။

ထိုပုဂ္ဂိုလ်၏ကောင်းကင်ဈာန်ခရီးဖြင့် သွားရောက်နိုင်ခြင်း၏အကြောင်းကို ဦးပညောဘာသက ဆင်ခြင်ကြည့်လိုက်သောအခါ သူ့လက်ထဲတွင် ကိုင်ဆောင်လာသည့် တုတ်လေးထဲတွင် ထည့်ထားသော ဓာတ်လုံး၏ အစွမ်းကြောင့်ဟု သိလိုက်၏။ ထို့ကြောင့် အဆိုပါ တုတ်လေးကို ဦးပညောဘာသက တောင်းယူသဖြင့် ဦးသူရိယသည် အပ်လိုက်ရလေတော့၏။

ဓာတ်လုံးကို အပ်နှံပြီးသည်နှင့် ဦးသူရိယသည် မည်သည့်ဈာန်ကိုမျှမရတော့သဖြင့် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်စောင်းတန်းမှ လမ်းလျှောက်ပြီး ခြေလျင်ဆင်းသွားရလေ၏။ ထိုသို့ဆင်းသွားပြီး မကြာမီတွင်ပင် ဦးသူရိယအား အရှိန်ပြင်းစွာ မောင်းနှင်လာသည့်ကားတစ်စီးလာဝင်တိုက်သွားသဖြင့် နေရာတွင်ပင်ပွဲချင်းပြီးပျံတော်မူသွားခဲ့၏။

ဆရာတော် ဦးပညောဘာသ၏ ပညာစွမ်းနှင့်ပတ်သက်ပြီး ထူးခြားချက်တစ်ခုလည်းရှိသေး၏။ တွံ့တေးမြို့နယ်တွင်တည်ရှိသော ရွှေနံ့သာဘုရား ပြန်လည်တည်ထားခြင်းကိစ္စ ဖြစ်၏။ ဘုရားသမိုင်းများအရ အဆိုပါ ဘုရားသည် အလွန်ရှေးကျသောဘုရားတစ်ဆူဖြစ်၏။ နှစ်ကာလပရိစ္ဆေဒကြာမြင့်လာသောအခါ လောကဓာတ်ထွာမမှုတာအရ ထိုစေတီတော်သည် ပြိုကျပျက်စီးသွားလေ၏။ ပြိုကျသည်တွင်မှ ဘုရားငုတ်တိုမျှပင်မကျန်အောင် ပြိုကျသွားခြင်း ဖြစ်၏။

ထိုဘုရားကို ခေတ်အဆက်ဆက် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များပြင်ရန် ပြန်လည်တည်ဆောက်ရန် ကြိုးစားကြ၏။ သို့သော် မည်သည့်ပုဂ္ဂိုလ်မျှ အောင်မြင်အောင် မစွမ်းဆောင်နိုင်ခဲ့ကြပေ။ ထို့ကြောင့် တွံ့တေးဘောင်းတော်ချုပ်ဆရာတော်ကြီးက အကူအညီတောင်းသဖြင့် ဆရာတော်ဦးပညောဘာသသည် တွံ့တေးသို့ကြွရောက်၍ ဘုရားတည်ပေးခဲ့ရာ ကောင်းစွာ ပြီးစီးအောင်မြင်ခြင်းသို့ ရောက်ရှိခဲ့ပါသည်။

ထို့မျှမက ဆရာတော် ဦးပညောဘာသသီတင်းသုံးရာ ငါးဆူကုန်းဘုရား (ငါးဆူကုန်းဘုရားသည် ရွှေတိဂုံဘုရား၏ မြောက်ဘက်မုခ် သွေးကန်အေးရှိလမ်းပေါ်တွင် တည်ရှိပါသည်) ရှိ၏။ ထိုဘုရားကုန်းပေါ်တွင် ဘုရားငါးဆူတန်ဆောင်းနှင့်အခြားသောကျောင်းတန်များရှိပါသည်။ထိုသာသနိကအဆောက်အအုံများကိုလည်း စစ်ကွင်းဆရာတော်ကြီး ဦးစန္ဒောဘာသ တည်ခိုင်းသဖြင့် ဆရာတော် ဦးပညောဘာသက တည်ထားခြင်း ဖြစ်ပါသည်။ ထိုကုန်းကိုလည်း တန်ခိုးကြီးသည့် မန္တန်ဝိဇ္ဇာတစ်ဦးက အတင်းပင်သိမ်းပိုက်ရန်ကြိုးစားခဲ့သဖြင့် ဆရာတော် ဦးပညောဘာသကပင် ရှင်းလင်းခဲ့ရဖူးပါသည်။

အထက်ဖော်ပြပါ အကြောင်းများအရ ဆရာတော်ဦးပညောဘာသသည် ပထမံပညာရပ်ဆိုင်ရာလမ်းစဉ်နှင့်ပတ်သက်ပြီး ပညာအဆင့်အတန်းမြင့်ကြောင်း သိသာနိုင်မည်ဖြစ်၏။ ဆရာတော်သည် ဆွမ်းခံသည့်ကိစ္စကို နေ့ငြင်ပင် ဗဟန်းတစ်ဝိုက်၌ပြုလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဆရာတော် ဆွမ်းခံနေစဉ် တစ်နေ့၌ အဘွားအိုတစ်ဦးသည် ဆရာတော်ကြွသည့်လမ်းရှေ့တည့်တည့်မှပိတ်ရပ်ကာ တားဆီးသကဲ့သို့ဖြစ်နေသဖြင့် ဆရာတော်က -

"ဒကာမကြီး၊ ဘာအကြောင်းကိစ္စများရှိလို့လဲ"

ဟု မေးလိုက်ရာ ထိုအဘွားကြီးက -

"အရှင်ဘုရားကို တပည့်တော်မလျှောက်ထားစရာတစ်ခုရှိလို့ပါ"

ဟု ပြောရာ -

"ဘာလျှောက်ထားမှာလဲ ဒကာမကြီး ပြောပါ"

ဟုပြောလိုက်သည်နှင့် ချက်ချင်းပင် အဘွားကြီးက -

"ဒီလိုပါ၊ မောင်ပဥ္စင်းရဲ့ ဘဝဟောင်းက ညီအစ်ကိုတော်ခဲ့တဲ့ ညီလေးတစ်ယောက်ရှိပါတယ်။ အရှင်ဘုရားက အဲဒီညီလေးကို ခုဘဝမှာ စောင့်ရှောက်ပေးပါ"

ပြောလိုက်သောအခါ ဦးပညောဘာသကလည်း ချက်ချင်းပင် -

"ဒီမယ် အမေကြီး၊ ကျုပ်မှာဘာညီအစ်ကိုမှမရှိဘူး။ ကျုပ်ကအညာသား။ ကျုပ်မှာ ဆွေမျိုးဆိုလို့လည်း တစ်ဦးတစ်ယောက်မှမရှိဘူးလာပြီး၊ ရှုပ်ရှုပ်ယှက်ယှက်တွေလုပ်မနေပါနဲ့ သွား. . . သွား . . . သွား. . ."

ဟု တုံ့ပြန်ပြောဆိုကာ ထိုအဘွားကြီးကိုပြောလိုက်ပြီး ဆွမ်းခံဆက်ကြွသွားလေတော့၏။

နောက်တစ်နေ့တွင် ဆရာတော်ဆွမ်းခံဆက်ကြွပြန်သောအခါ ယမန်နေ့က ရောက်လာသော အဘွားကြီးပင် ယမန်နေ့ကရှိခဲ့သောနေရာတွင်ပင် ရပ်စောင့်ပြီး ဦးပညောဘာသအား -

"မောင်ပဥ္စင်း၊ ဘဝဟောင်းက မင်းညီလေးကိုစောင့်ရှောက်ပါ"

ဟု ငိုယိုပြောဆိုပြီး တောင်းပန်ပြန်လေ၏။

ထိုအခါတွင်လည်း ဦးပညောဘာသက -

"ဒီမယ် အမေကြီး၊ ကျုပ်မနေ့ကလည်း ပြောခဲ့ပြီးပြီ။ ကျုပ်မှာ ဘာညီလေးမှမရှိဘူးဆိုဗျာ"

ဟု ပြောပြောဆိုဆိုနှင့် ခပ်သွက်သွက်လမ်းလျှောက်ကာ ဆွမ်းခံဆင်ကြွသွားလေတော့၏။

ထိုသို့ပြောဆိုပြီး ဆရာတော်ဦးပညောဘာသသည် ဆွမ်းခံဆက်ကြွသွားရသော်လည်း အဘွားကြီး၏ ငိုယိုတောင်းပန်မှုကို မျက်စိထဲမှဖျောက်ဖျက်၍မရတော့ဘဲ တရစ်ဝဲဝဲသာပေါ်နေလေတော့၏။ စိတ်ထဲတွင်လည်း ဒီအဘွားကြီးကဘယ်ကအဘွားကြီးပါလိမ့်။အရင်တုန်းက တစ်ခါမှလည်း မတွေ့ဘူးပါဘူးဟု တွေးနေမိ၏။ မည်မျှပင်တွေးသော်လည်း အဖြေကပေါ်မလာခဲ့ပေ။

ဆရာတော်ဦးပညောဘာသအဖို့ အဆိုပါပြဿနာသည် ထိုမျှနှင့်ပြီးမသွားခဲ့ပေ။ ညအိပ်ရာဝင်သောအခါ ထိုကိစ္စသည် ခေါင်းထဲသို့တစ်ဖန်ဝင်လာခဲ့ပြန်၏။

'ဒီအဘွားကြီးပြောတာ ဘာတဲ့ မင်းညီလေး၊ ဘဝဟောင်းက မင်းရဲ့ညီလေးတဲ့။ မင်းရဲ့ညီလေးကို စောင့်ရှောက်ပါတဲ့။ ဘယ်ကညီလေးလဲ'

ဟု စဉ်းစားရင်းဖြင့် အိပ်၍သာပျော်သွားခဲ့၏။ အဖြေကား ထွက်မလာခဲ့ပေ။

ထို့သို့ဖြင့် နောက်တစ်နေ့တွင် ဆရာတော်သည် ဆွမ်းခံထွက်ပြန်၏။ ယမန်နေ့များက အဘွားကြီးနှင့်တွေ့ခဲ့သောနေရာအနီးသို့ ရောက်သောအခါ သတိရလာသဖြင့် ထိုနေရာသို့ကြိုတင်၍ လှမ်းကြည့်လိုက်ရာ ယခင်နေ့များက အဘွားကြီးသည်ပင် ထိုနေရာ၌စောင့်နေသည်ကို တွေ့လိုက်ရပြန်၏။

ထိုနေရာသို့ရောက်သောအခါတွင်လည်း ထိုအဘွားကြီးက ယမန်နေ့က များကဲ့သို့ပင်မဟုတ်တော့ဘဲ စပြောကတည်းကပင် ငိုရှိုက်သံများရောစွက်လျက် -

"မောင်ပဥ္စင်းရယ်၊ မင်းရဲ့ဘဝဟောင်းက ညီလေးကိစ္စကို စဉ်းစားပေးပါ။ မင်းစောင့်ရှောက်မှုကိုဖြစ်လိမ့်မယ်။ မင်းမှမစောင့်. . . စောင့်. . . ရှောက်ရင် သူ့မှာစောင့်ရှောက်မယ့်သူမရှိဘူး။ မင်း . . . မင်းမှာလည်း တာဝန်ရှိပါတယ်"

ဟု ငိုယိုတောင်းပန်နေရှာသဖြင့် ဆရာတော်လည်း တစ်ချက်တွေပြီး စဉ်းစားကြည့်လိုက်မိ၏။

'အင်း - ဒီအမေကြီးပြောတဲ့ ဘဝဟောင်းက ညီလေးဆိုတာ ဘယ်လိုညီလေးလဲမသိဘူး။ နောက်ပြီး ဒီအမေကြီးပြောပုံကလည်းတစ်မျိုးပဲ။ မတွေ့မချင်းပြီးမှာ မဟုတ်လောက်ဘူး။ တွေ့ကြည့်လိုက်တာကောင်းမယ်ထင်ပါတယ်'

ဟု စဉ်းစားပြီး -

"ကဲကဲ - အဲဒီကောင်လေးကို နောက်တစ်နေ့ ကျုပ်ဆီခေါ်လာခဲ့၊ တွေ့ကြည့်လိုက်မယ်"

ဟုအဖြေပေးလိုက်သဖြင့် အဘွားကြီးလည်း ချက်ချင်းပင်အငိုတိတ်ကာ ဝမ်းမြောက်ဝမ်းသာအသွင်သို့ပြောင်းသွားပြီး ပြန်သွားလေတော့၏။ ထိုအဘွားကြီးမှာ မောင်ထွန်းမြိုင်အား ထန်းသားပုတီးပေးပြီး အစစအရာရာ ထောက်ပံ့ပေးနေသည့် အမေဒေါ်ညိုပင်ဖြစ်တော့၏။

ထို့ကြောင့်လည်း အမေဒေါ်ညိုသည် နောက်တစ်နေ့တွင် မောင်ထွန်းမြိုင်အား ဦးပညောဘာသထံခေါ်သွား၍ အသေအချာ အပ်ပေးလိုက်၏။ ဤသို့ဖြင့် မောင်ထွန်းမြိုင်သည် ဆရာတော် ဦးပညောဘာသ၏ ကျောင်းသို့ ရောက်ရှိခဲ့လေ၏။

ကျောင်းသို့ရောက်သောအခါတွင် ဆရာတော်သည် မောင်ထွန်းမြိုင်အား မေးမြန်းစစ်ဆေးရာ ကောင်းစွာဖြေဆိုနိုင်သဖြင့် သဘောကျပြီး လက်ခံလိုက်၏။ ထိုအခါတွင်မှစ၍ နောက်နောင်တွင် မောင်ထွန်းမြိုင်ရော ဦးပညောဘာသတို့ပါ အမေဒေါ်ညိုအား ထပ်မံမတွေ့ကြရတော့ပေ။

ဦးပညောဘာသသည် ငါးဆူကုန်းရှိ သူ့ကျောင်းတွင် မောင်ထွန်းမြိုင်အား နေရာထိုင်ခင်းကောင်းစွာပေးပြီး အစားအသောက်များကိုလည်း ကောင်းစွာကျွေးမွေးလေ၏။

ထိုစဉ်တွင် မောင်ထွန်းမြိုင်သည် ဆရာတော်အား အသေအချာကြည့်လိုက်ပြီး ဒီဘုန်းကြီးကို ငါအသေအချာတွေ့ဖူးပါတယ်။ ဘယ်မှာတွေ့ဖူးမှန်းစဉ်းစား၍မရသဖြင့် မကျေမနပ်ဖြစ်ကာ မရရအောင် စဉ်းစားကြည့်လိုက်၏။ ထိုအခါတွင်မှ မောင်ထွန်းမြိုင်သည် ရွှေတိဂုံကုန်းတော်ပေါ်သို့ ဖျာပုံမှ စတင်ရောက်ရှိစဉ် အိပ်ပျော်နေခိုက်မက်ခဲ့သည့် အိပ်မက်ထဲမှ ရဟန်းနှစ်ပါးအနက် တစ်ပါးဖြစ်နေကြောင်း စဉ်းစားမိသဖြင့် ကျေနပ်သွားတော့၏။

ထိုအခါတွင်မှ မောင်ထွန်းမြိုင်လည်း ဆရာတော်ဦးပညောဘာသအား ပညာလမ်းစဉ်များ သင်ကြားပေးပါရန် တောင်းပန်ရာ ဆရာတော်ကလည်း ကြည်ကြည်ဖြူဖြူပင် သင်ကြားပေးလေတော့၏။

ရှေ့လဆက်ဖတ်ပါရန်

ပထမံဆရာဦး[illegible]



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပညာ၏ လျှို့ဝှက်နက်နဲမှုများ

ဦးအောင်မင်း



**လက်ဗွေပုံစံများ**

လက်ဗွေပုံစံ (၅) မျိုးရှိသည်။

၁။ ကြိုးကွင်းပုံလက်ဗွေ (Loop type)
၂။ ခေါင်အုပ်ပုံလက်ဗွေ (Tented Arch type)
၃။ မုခ်ဦးခုံးပုံလက်ဗွေ (Arched type)
၄။ အလိပ်လိုက်ဗွေ (သို့) ခရုပတ်ဗွေ (Whorl type)
၅။ စုပေါင်းဗွေ (သို့) ပေါင်းစပ်ဗွေ (Composite type)

**၁။ ကြိုးကွင်းပုံလက်ဗွေ (Loop type)**



ဗွေ၏အလယ်ဗဟို အူတိုင်၌ ကြိုးကွင်းပုံပါရှိပြီး အူတိုင်တည်ဆောက်ပုံအတိုင်း အလွှာအဆင့်ဆင့် အထပ်ထပ်ဖြင့် ဝဲမှယာ၊ ယာမှဝဲ ဆင်ခြေလျှောပုံဖွဲ့စည်းထားသောလက်ဗွေအမျိုးအစားဖြစ်သည်။

Loop ဗွေသည် စိတ်ပိုင်းဆိုင်ရာခံစားမှုအမျိုးမျိုးအား လိုသလို တုံ့ပြန်ထိန်းချုပ်နိုင်ခြင်းနှင့်ခံစားနားလည်နိုင်မှုအဆင့်အတန်းအနိမ့်အမြင့်အား ကိုယ်စားပြုဖော်ပြပေးသည်။

လက်ဝါးပိုင်ရှင်တစ်ဦး၏ လက်ချောင်းအားလုံးလိုလို၌ Loop ဗွေများပါရှိနေပါက စိတ်ခံစားမှုလွန်ကဲပြီး စိတ်လိုက်မာန်ပါမဖြစ်စေရန်၊ စိတ်အနှောင့်အယှက်ဖြစ်စေမည့် ပတ်ဝန်းကျင်၏ ရိုက်ခတ်မှုများအား အထူးထိန်းချုပ်ရှောင်ရှားနိုင်ရန်လိုပါသည်။

**၂။ ခေါင်အုပ်ပုံလက်ဗွေ (Tented Arch Type)**

ဗွေ၏အလယ်အူတိုင်၌ ခေါင်အုပ်



ပုံစံရှိနေပြီး ရွက်ဖျင်တဲအမိုးနှင့် ဆင်တူလျက်ရှိသည်။ စိတ်ခံစားတုံ့ပြန်မှု၌ အမြင့်ဆုံးအဆင့်တွင်ရှိသူ၊ စိတ်ခံစားမှုပိုင်းလွယ်ကူနူးညံ့သူ၊ အနုပညာရသကို ခံစားနားလည်တတ်သူနှင့် ယင်းလောက၌ အောင်မြင်တတ်သူအဖြစ် ကိုယ်စားပြုဖော်ပြသည်။ အထူးသဖြင့် ဂီတအနုပညာသမားများအဖြစ် အများဆုံးတွေ့ရှိရသည်။

အကယ်၍ လက်ချောင်းထိပ်ဖျားများပေါ်၌ ခေါင်အုပ်ပုံလက်ဗွေများစွာပါရှိနေပါက လက်ဝါးပိုင်ရှင်အနေဖြင့် စိုးရိမ်ကြောင့်ကြမှုလွန်ကဲသူဖြစ်နေပါမည်။

**၃။ မုခ်ဦးခုံးပုံလက်ဗွေ (Arched Type)**



ဗွေ၏ အလယ်အူတိုင်နေရာမှစတင်၍ အထက်နှင့်အောက်သို့ ပုံစံတစ်ခုတည်း တစ်ပြေးညီအဆင့်ဆင့်ထပ်လျက်ရှိသော တံတားခုံး (သို့) မုခ်ဦးခုံးပုံစံရှိ လက်ဗွေမျိုး ဖြစ်သည်။

**၄။ ခရုပတ်ဗွေ (Whorl Type)**

ဗွေ၏အူတိုင်နေရာမှစတင်၍ စက်ဝိုင်းပုံစံများ အဆင့်ဆင့်အထပ်ထပ်ဖွဲ့စည်းလျက်ပါရှိသည်။ လက်ချောင်းများပေါ် ခရုပတ်ဗွေများစွာပါရှိပါက မိမိကြမ္မာမိမိဖန်တီးနိုင်သူ ကိုယ့်ထူးကိုယ်ချွန်ရှန်းကန်ကြိုးစားတတ်သူ၊ မိမိကိုယ်မိမိယုံကြည်မှုရှိကြပြီး လွတ်လပ်စွာတွေးခေါ်ကြံစတတ်သူများဖြစ်ကြောင်း တွေ့ရပါမည်။

**၅။ စုပေါင်းလက်ဗွေ (Composite Type)**

ကြိုးကွင်းပုံ လက်ဗွေနှစ်ခုအားအူတိုင်နေရာ၌ မျက်နှာချင်းဆိုင်ပေါင်းစပ်လျက် (တစ်ခုတည်းပုံစံဖြစ်အောင်) ပေါင်းစပ်နေသည့်လက်ဗွေပုံစံဖြစ်သည်။



အဆိုပါ လက်ဗွေပိုင်ရှင်များသည် စိတ်ခံစားမှုများအပေါ် ထိန်းချုပ်နိုင်စွမ်းမရှိသည့်အပြင် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုသက်သက်ကိုသာ အားပေးသောသူများဖြစ်ကြသည်။

**လက်ဗွေပုံစံနမူနာများ**

လက်ဗွေပုံစံ (၅) မျိုးနှင့်ပတ်သက်၍ တစ်မျိုးချင်းစီအလိုက် ဇယားပုံစံဖြင့် ခွဲခြားလေ့လာနိုင်ရန်ဖော်ပြထားပါသည်။

**စိတ်ပိုင်းဆိုင်ရာ အခြေအနေအရပ်ရပ်ကို ကိုယ်စားပြုဖော်ပြနေသည့် ဦးခေါင်းလမ်းကြောင်းအား အသေးစိတ်လေ့လာခြင်း**

ဦးခေါင်းလမ်းကြောင်းသည် စိတ်ပိုင်းဆိုင်ရာ အခြေအနေအားလုံးအား ဖော်ပြရန်အတွက် အရေးပါဆုံးသော အဓိကလမ်းကြောင်းတစ်ခု ဖြစ်သည်။

ဦးခေါင်းလမ်းကြောင်းဖြောင့်တန်းနေခြင်းသည် စဉ်းစားမြော်မြင်တတ်



www.burmeseclassic.com

www.burmeseclassic.com

လက်ဗွေပုံစံ(၅)မျိုးနှင့်အနှစ်ချုပ်ဇယား

| လက်ဗွေ အမျိုးအစား | စိတ်ဓာတ်ရေးရာနှင့်ဆိုင်သော ထူးခြားသည့် စရိုက်လက္ခဏာများ | ကျန်းမာရေးနှင့်ပတ်သက်သည့် အထုံ(ဗီဇ)ပါရှိခြင်း |
|---|---|---|
| Loop Type | စိတ်ခံစားမှုအမျိုးမျိုးအပေါ် လိုသလို ထိန်းချုပ်နိုင်ခြင်းနှင့် အလိုက်သင့်တုံ့ပြန်နိုင်ခြင်း။ | အာရုံကြောနှင့်ဆိုင်သောရောဂါ အစာခြေအင်္ဂါရပ်အဖွဲ့နှင့်ဆိုင်သော ရောဂါ၊ နှလုံးနှင့်ဆိုင်သောရောဂါများ ဖြစ်တတ်သည်။ |
| Teneted Arch | စိတ်ခံစားတုံ့ပြန်မှုမြင့်မားပြီး အနုပညာရသခံစားတတ်သည်။ စိတ်ထိန်းချုပ်နိုင်စွမ်းကင်းလွတ်သည့်အချိန်များ၌ ကမူးရှူးထိုး လုပ်တတ်သည်။ | ထိတ်ထိတ်ပျာပျာဖြစ်တတ်ခြင်းကြောင့် အာရုံကြောထိခိုက်မှုနှင့် နှလုံးထိခိုက်မှုများဖြစ်တတ်သည်။ |
| Arch Type | အများအပေါ် သံသယများတတ်ပြီး လျှို့ဝှက်သိုသိပ်စွာ လုပ်ကိုင်တတ်သည်။ | အစာခြေအင်္ဂါအဖွဲ့အားနည်းပြီး အနာအဆာပေါ်များတတ်သည်။ သွေးလည်ပတ်မှုစနစ်မကောင်းဘဲ ကူးစက်ရောဂါတစ်ခုခု ရရှိတတ်သည်။ |
| Whorl Type | လွတ်လပ်မှုကိုလိုလားသူ ကိုယ်ပိုင်မူရှိသူ၊ တစ်ကိုယ်ကောင်းဆန်တတ်သူ၊ မိမိအရေးကိုသာ ဦးစားပေးတတ်သူ ဖြစ်သည်။ | နှလုံးရောဂါအာရုံကြောရောဂါနှင့် အစာခြေအင်္ဂါဆိုင်ရာရောဂါများရတတ်သည်။ |
| Composite Type | စိတ်ခံစားမှုအပေါ် ထိန်းချုပ်နိုင်စွမ်းမရှိဘဲ ရုပ်ပိုင်းဆိုင်ရာတိုးတက်မှုကိုသာ လိုလားသူဖြစ်တတ်သည်။ | ခန္ဓာကိုယ်တွင်းအဆီများနေခြင်း (သို့)အဆိပ်အတောက်ဖြစ်ခြင်း နှင့်အကျိတ်ရောင်ရောဂါများ ဖြစ်လာတတ်သည်။ |

အားကောင်းခြင်း၊ ချင့်ချိန်တွက်ချက်နိုင်စွမ်းရှိခြင်းတို့ကို ကိုယ်စားပြုပြီး လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်စွမ်းရှိခြင်းကိုလည်း ရည်ညွှန်းသည်။ တစ်နည်းအားဖြင့် ဥပဒေစည်းမျဉ်းများကို စီမံရေးဆွဲသူ၊ အင်ဂျင်စက်အမျိုးမျိုးအား ပုံစံ(ဒီဇိုင်းထုတ်သူ)၊ လမ်း၊ တံတားများအားတည်ဆောက်သူ စသည့် ဥပဒေပညာရှင်၊အင်ဂျင်နီယာများအဖြစ် တွေ့ရတတ်သည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းသည် လက်ဝါးပြင်အောက်ဘက်သို့ သိသိသာသာညွှတ်ကွေးနေခဲ့ပါက ထိုသို့ကွေ့ဝိုက်ညွှတ်ကွေးမှု ပိုမိုအားကောင်းလေလေ စဉ်းစားတွေးခေါ် (စိတ်ကူး)မှုများ ပိုမိုထက်မြက်အားကောင်းလေလေအဖြစ်တွေ့ရမည်။ ဦးခေါင်းလမ်းကြောင်းသည် သိသာထင်ရှားစွာ ကွေ့ဝိုက်ညွှတ်ကွေးနေခြင်းမရှိဘဲ ညင်သာစွာ ခပ်ပြေပြေကွေးနေခဲ့ပါက ကိုယ်ပိုင်အသိဉာဏ်ပညာရှိသည့်အနေအထားအပေါ် မူတည်၍ တွေးခေါ်စိတ်ကူးမှုများ ထိုက်တန်သရွေ့ အားကောင်းပါမည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းသည် လက်ကောက်ဝတ်အနီး တနလ်ာဂြိုဟ်ခုံရှိရာသို့ သိသာစွာစိုက်ဆင်းခဲ့ပါက တွေးခေါ်စိတ်ကူးမှုများ လွန်ကဲ၍ (စိတ်နယ်လွန်အဖြစ်) စိတ်ကူးယဉ်သမားသက်သက်ဖြစ်သွားတတ်ပြီး တွေးတောကြံစည်ဆူယချက်များအားလုံးလက်တွေ့ဘဝနှင့်လွဲချော်နေတတ်ပါသည်။

**ဦးခေါင်းလမ်းကြောင်းနှင့် သက်ဆိုင်သော နယ်ပယ်များသတ်ခြင်း**

စိတ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ကိုယ်စားပြုဖော်ပြပေးသော ဦးခေါင်းလမ်းကြောင်းအား နယ်ပယ်ပိုင်းခြားသတ်မှတ်၍ အောက်ပါအတိုင်း ခွဲခြားလေ့လာနိုင်သည်။

ဦးခေါင်းလမ်းကြောင်းနှင့်သက်ဆိုင်သောနယ်ပယ်များအား အရှေ့နှင့်အနောက် သွယ်တန်းနေသည့် လောင်ဂျီတွဒ်မျဉ်းများဖြင့် ခွဲခြားသတ်မှတ်ထားသည်။


အမှတ် A - လက်ညှိုးကျွန်း



www.burmeseclassic.com

www.burmeseclassic.com

Figure-12




ကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းကို ရည်ညွှန်းသည်။

အမှတ် B - အတွေးအခေါ်စိတ်ကူးများနှင့်လက်တွေ့ကျခြင်းတို့အကြား ညီညွတ်မျှတနေခြင်းကို ဖော်ပြသည်။

အမှတ် C - စိတ်ကူးဉာဏ်သက်သက်သာရှိခြင်းသဘောကို ရည်ညွှန်းသည်။

အမှတ် D - အမှတ် A ၏ လက်တွေ့ကျခြင်းသဘာဝအား ပိုမိုကျယ်ပြန့်စေကြောင်းဖော်ပြသည်။

Fig-12 ပါ လက်မတည်ဆောက်ပုံ လက်မ၏ထိပ်ဖျားမှ လက်ဆစ်ရိုးနေရာအထိနယ်မြေအကျယ်အဝန်းအား (Will) အလိုဆန္ဒက ကိုယ်စားပြုဖော်ပြသည်။

လက်ဝါးပြင်ပါ လောင်ဂျီတွဒ်မျဉ်းကြောင်းများသည် ဦးခေါင်းလမ်းကြောင်း၏အလျားလိုက်အကျယ်အဝန်းတိုဖော်ပြသည်။

လောင်ဂျီတွဒ်မျဉ်းကြောင်းများဖြင့် ခွဲခြားထားသော A,B,C,D စသည့်နယ်ပယ်တစ်ခုချင်းစီအလိုက် တိကျသော စိတ်ပိုင်းဆိုင်ရာလှုပ်ရှားမှုတစ်မျိုးစီအား ကိုယ်စားပြုထားသည်။ တစ်နည်းအားဖြင့် သက်ဆိုင်ရာ လက်ဝါးပိုင်ရှင်၏ထိုးထွင်းဉာဏ်သဘောထားအမြင်၊ စိတ်ကူးစိတ်သန်း၊ အတွေးအမြင်များ မည်သည့်အဆင့်အတန်းတွင်ရှိနေကြောင်း သက်ဆိုင်ရာနယ်ပယ်အလိုက် ရည်ညွှန်းဖော်ပြခြင်းပင် ဖြစ်သည်။

Fig - 12 A ကို လေ့လာပါက ဦးခေါင်းလမ်းကြောင်းသည် လက်ဝါးပြင်ပေါ်၌ ဖြောင့်တန်းစွာဖြတ်သန်းလျက်ရှိနေသောကြောင့် ဦးနှောက်နှင့်တိုက်ရိုက်သက်ဆိုင်သည့် အရာရာနားလည်နိုင်စွမ်းရှိသောအသိဉာဏ်ကို ကိုယ်စားပြုနေကြောင်းတွေ့ရှိရသည်။ အဆိုပါလမ်းကြောင်းအနေအထားသည် လက်တွေ့ကျကျ အကောင်အထည်ဖော်လုပ်ကိုင်ရသော စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ အင်ဂျင်နီယာနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းများ၌ စိတ်ပါဝင်စားသူ၊ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သူများအား ရည်ညွှန်းနေပါသည်။

တစ်ဖန် ဦးခေါင်းလမ်းကြောင်းအဆုံးသတ်တွင် သေးငယ်သောခက်ရင်းခွခံနေသောကြောင့် လောကီရေးရာနှင့်ပတ်သက်၍ ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိသူ၊ သဘာဝတရား၏အမြဲပုံမှန်ပြောင်းလဲနေသည့်သဘောသဘာဝကိုနားလည်လက်ခံတတ်သူဖြစ်ကြောင်း ဖော်ပြနေပါသည်။

၎င်းအပြင် ခက်ရင်းခွ၏အောက်ဘက်ကျသော အနားစတစ်ဖက်က B နှင့် သက်ဆိုင်သော နယ်ပယ်အတွင်း ဝင်ရောက်နေသောကြောင့် တောင်နှင့်မြောက်သွယ်တန်းနေသည့် လတ္တီတွဒ်မျဉ်းကြောင်းနှင့်ဆိုင်သောနယ်ပယ်ကိုပါ အထောက်အကူပြုနေကြောင်းလေ့လာတွေ့ရှိရသည်။ ဦးခေါင်းလမ်းကြောင်းသည် B နယ်မြေအတွင်းသို့ (အစက်ချမျဉ်းကြောင်းအတိုင်း ဝင်ရောက်နေခြင်းကြောင့် အတွေးအခေါ်နှင့် လက်တွေ့ဆောင်ရွက်ခြင်းတို့အကြားညီညွတ်မျှတမှုရှိနေကြောင်း၊ ပျင်းရိထိုင်းမှိုင်းစွာဖြင့် အချိန်မဖြုန်းတတ်ကြောင်း၊ စိတ်ကူးသက်သက်ကိုသာ ဦးစားမပေးကြောင်းနှင့် တိုးတက်ဖွံ့ဖြိုးလာနိုင်သည့်လမ်းစဟူသမျှအား အကောင်အထည်ဖော်နိုင်စွမ်းရှိကြောင်း ရည်ညွှန်းနေပါသည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းအဆုံးသတ်ရှိ ခက်ရင်းခွ၏ အောက်ဘက်အနားစက B ပိုင်နက်အတွင်း (အစက်မျဉ်း) အတိုင်း ဝင်ရောက်ခဲ့ပါက စိတ်ကူးနှင့်လက်တွေ့ဘဝအကြား မျှတညီညွတ်မှုကို ပိုမိုပီပြင်စေပါသည်။

ဆက်လက် လေ့လာမှုများအရ ဦးခေါင်းလမ်းကြောင်းသည် လက်ဝါးပြင်ပေါ် ထင်ရှားနက်ရှိုင်းစွာဖြင့် C နယ်မြေ (တနင်္ဂနွေဂြိုဟ်ခုံ) ရှိရာသို့ ကွေးညွတ်စွာဆင်းသက်လာခြင်းကြောင့် လက်တွေ့မပါသည့် (စိတ်ကူးယဉ်သက်သက်) ရှိနေခြင်းသဘောကို ရည်ညွှန်းနေပါသည်။

ဦးခေါင်းလမ်းကြောင်းအစပြုနေရာအား ဖော်ပြသော D နယ်မြေသည် ကလေးဘဝကတည်းက စတင်အခြေတည်ခဲ့သည့် လက်တွေ့ကျကျအကောင်အထည်ဖော် လုပ်ကိုင်လိုစိတ်များအား ကိုယ်စားပြုသည်။

တစ်ဖန် ဦးခေါင်းလမ်းကြောင်းသည် (အစက်ချမျဉ်း) အတိုင်း D နယ်မြေရှိရာ လက်သန်းအောက်ဘက်ဆီသို့ ထောင်တက်သွားပြီး ၎င်းနေရာရှိလမ်းကြောင်းအဆုံးသတ်က အစနေရာထက်မြင့်တက်နေသောကြောင့် လောကီကိစ္စမှန်သမျှ၌ လက်တွေ့ကျကျ သဘာဝကျကျရှုမြင်၍ အကောင်အထည်ဖော်ဆောင်ရွက်တတ်သူ၊ A နယ်မြေ၏ အရည်အသွေး ပိုမိုမြင့်တင်ပေးသူအဖြစ် တွေ့ရပါမည်။

ဦးခေါင်းလမ်းကြောင်းနှင့် သက်ဆိုင်သောနယ်မြေများအား တောင်နှင့်မြောက်သွယ်တန်းနေသည့် လတ္တီတွဒ်မျဉ်းများဖြင့် ခွဲခြားသတ်မှတ်ထားသည်။


နမူနာပုံအရ လက်ဝါးပြင်ပါ လတ္တီ



www.burmeseclassic.com

www.burmeseclassic.com

Figure-13




တွဒ်မျဉ်းကြောင်းများသည် A နယ်မြေထက်မကကျော်လွန်ခဲ့ပါက စိတ်ပိုင်းဆိုင်ရာ(တွေးခေါ် မြော်မြင်မှုအပိုင်း) ၌ လုံးဝဥဿုံ လိုအပ်ချက်၊ ချို့ယွင်းချက်ရှိနေသူ၊ စိတ်ကူးအကြံအစည်ကောင်းများ ဖွံ့ဖြိုးမှုမရှိသူ၊ အကြံတုံးဉာဏ်တုံးသူ (မိုက်မဲသူ) ဖြစ်ကြောင်း ရည်ညွှန်းနေပါသည်။ ထို့ကြောင့် ဦးခေါင်းလမ်းကြောင်း A နယ်မြေအဆုံးနှင့် B နယ်မြေအစနေရာကြားတွင် အဆုံးသတ်နေသူများအား လောကအတွက်သာမက မိမိတစ်ကိုယ်တည်းအတွက်ပါ ဘဝအာမခံချက်မရှိသူများအဖြစ် တွေ့ရှိရသည်။

လတ္တီတွဒ်မျဉ်းဖြင့် ဖော်ပြသော B နယ်မြေအထိ ရောက်ရှိသည်။ ဦးခေါင်းလမ်းကြောင်းသည် A နယ်မြေအဆုံးသတ်ထိသာရောက်ရှိသောအနေအထားထက် အနည်းငယ်သာလွန်၍ နည်းပါးသောအတိုင်းအတာတစ်ခုထိ စဉ်းစားဆင်ခြင်တတ်ကြသည်။ C နှင့် D နယ်မြေအထိ ရောက်ရှိနေသော ဦးခေါင်းလမ်းကြောင်းအနေဖြင့် စိတ်ပိုင်းဆိုင်ရာအရ သာမန် (သူလိုငါလို) တွေးတောဆင်ခြင်နိုင်စွမ်းရှိကြသည်။

လတ္တီတွဒ်မျဉ်းဖြင့် ဖော်ပြသည့် A နယ်မြေမှ E နယ်မြေအထိရှိသော ဦးခေါင်းလမ်းကြောင်းဖြစ်ပါက လောင်ဂျီတွဒ်မျဉ်းဖြင့်ဖော်ပြသော စိတ်ပိုင်းဆိုင်ရာတွေးခေါ် မြော်မြင်မှုနှင့် လက်တွေ့ကျသော (အကောင်းဆုံး၊ အဖြစ်နိုင်ဆုံး) အနေအထားအတိုင်း တွေ့ရှိရပါမည်။ တစ်ဖန် လောင်ဂျီတွဒ်မျဉ်းဖြင့် ဖော်ပြသော D နယ်မြေနှင့်လတ္တီတွဒ်မျဉ်းဖြင့် ဖော်ပြသော E နယ်မြေတို့အတွင်း (လက်သန်းအောက်ခြေနေရာ) ၌ အဆုံးသတ်သောဦးခေါင်းလမ်းကြောင်းသည် တည့်မတ်ဖြောင့်တန်းရှည်လျားပြီး အဆုံးသတ်နေရာ၌ အပေါ်ဘက်သို့တက်နေခြင်းကြောင့် လောကီရေးရာကိစ္စမှန်သမျှ၌ အမြင်ကျယ်သူ၊ ချင့်ချိန်တွက်ချက်တတ်သူ၊ စိတ်ကူးနှင့်လက်တွေ့တစ်ထပ်တည်းကျအောင် စွမ်းဆောင်နိုင်သူဖြစ်ကြောင်း ရည်ညွှန်းနေပါသည်။

ဦးခေါင်းလမ်းကြောင်းသည် လတ္တီတွဒ်မျဉ်းဖြင့် ဖော်ပြသော E နယ်မြေအတွင်း အဆုံးသတ်ခဲ့ပါက လောင်ဂျီတွဒ်နှင့်ဆိုင်သော D ၏ စွမ်းဆောင်မှုများက လတ္တီတွဒ်နှင့်ဆိုင်သည့် D နယ်မြေအား ပိုမိုအကျိုးသက်ရောက်စေပါသည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းသည် လောင်ဂျီတွဒ်မျဉ်းနှင့်ဆိုင်သော နယ်မြေ C ၌ အဆုံးသတ်ပါက စိတ်ကူးယဉ်သမားသက်သက်အဖြစ် တွေ့ရပြီး လတ္တီတွဒ်မျဉ်းနှင့်ဆိုင်သောနယ်မြေ E တွင် အဆုံးသတ်ခဲ့ပါက သဘာဝကျကျ လက်ခံနိုင်သည့် စိတ်ကူးအတွေးအခေါ်ကောင်းများရှိနေကြောင်းတွေ့ရပါမည်။

ဦးခေါင်းလမ်းကြောင်း ရှည်လျားဖြောင့်တန်း၍ ရှင်းလင်းနေပါက တွက်ချက်တတ်ခြင်း၊ ရယူသိမ်းပိုက်နိုင်စွမ်းရှိခြင်း၊ ရုပ်ဝါဒအပေါ် အခြေခံသည့်အမြင်ရှိခြင်းတို့ကို ရည်ညွှန်းနေပါသည်။ ဖော်ပြပါ ရှည်လျားဖြောင့်တန်းသည့်ဦးခေါင်းလမ်းကြောင်းအပြင် လက်ချောင်းထိပ်ဖျားများပေါ်၌ ကြိုးကွင်းပုံဗွေ (Loop Type) ပါရှိနေခဲ့ပါက စိတ်ခံစားမှုအမျိုးမျိုးအား လိုသလို ဆွဲဆန့်ထိန်းချုပ်နိုင်ခြင်း၊ အလိုက်သင့်အဆင်ပြေစွာတုံ့ပြန်တတ်ခြင်း၊ မိမိကိုယ်ကျိုးအတွက် (အတ္တကြီး) ခြင်းသဘောများကို တွေ့ရပါမည်။

ဦးခေါင်းလမ်းကြောင်း ရှည်လျား၊ ဖြောင့်တန်းရှင်းလင်းပြီး Loop ဗွေပါရှိနေသော အမျိုးသားဖြစ်ပါက ငွေကြေးဥစ္စာပစ္စည်းအပေါ် မျော်လင့်ချက်ဖြင့် လက်ထပ်ထိမ်းမြားတတ်သူအဖြစ် တွေ့ရပါမည်။ တစ်ခါတစ်ရံ အဆိုပါပုဂ္ဂိုလ်မျိုးသည် ငွေကြေးတစ်ခုတည်းသာမဟုတ်ဘဲ လက်ထပ်မည့်ဇနီးလောင်း၏ရုပ်ရည်ရူပကာနှင့် ခန္ဓာကိုယ်အချိုးအစားလှပကြော့ရှင်းမှုကိုပါ ထည့်သွင်း စဉ်းစားတတ်ကြသည်။

အကယ်၍ ဦးခေါင်းလမ်းကြောင်းရှည်လျားဖြောင့်တန်းရှင်းလင်းပြီး လက်ချောင်းထိပ်ဖျားများပေါ် ၌ ခေါင်းအုပ်ဗွေပါရှိနေပါက စိတ်ခံစားတုံ့ပြန်မှု လွယ်ကူလျင်မြန်တတ်သူ၊ ဆတ်ဆတ်ထိမခံတတ်သူ၊ မိမိကိုယ်မိမိဆန်းစစ်ဝေဖန်တတ်သူ၊ အနုပညာရသလို ခံစားနားလည်တတ်သူ၊ အနုပညာတစ်ခုခုကို ဖန်တီးပုံဖော်တတ်သူအဖြစ် တွေ့ရပါမည်။ အဆိုပါလက်ဝါးပိုင်ရှင်များသည် မိမိတို့၏အားနည်းချက်များအပေါ် ကောင်းစွာသိမြင်ကြပြီး ၎င်းအားနည်းချက်ကြောင့် မရှုံးနိမ့်စေရန် အစဉ်သတိပြုနေသူများ (သတိထားကာကွယ်သူများ)အဖြစ်တွေ့ရတတ်သည်။

အထက်ပါအတိုင်း ဦးခေါင်းလမ်းကြောင်း ရှင်းလင်းဖြောင့်တန်းရှည်လျားသည့်ပြင် လက်ချောင်းများပေါ် ခရုပတ်ဗွေ (whorl) ပါရှိနေပါက လွတ်လပ်စွာရပ်တည်ရှင်သန်လိုသူ၊ မိမိအရေးကိုသာ ဦးစားပေးတတ်သူအဖြစ် တွေ့ရှိရသည်။

ထိုသို့သောဦးခေါင်းလမ်းကြောင်းနှင့်လက်ဗွေပုံစံပါရှိသူအမျိုးသားဖြစ်က အိမ်ထောင်ရေးအပေါ် ဘဝ၏ အခြေခံတွက်ချက်မှုစနစ်တစ်ခုအဖြစ် သို့မဟုတ် ဆင်ခြင်တွေးခေါ်နိုင်မှုအတွက်လက်တွေ့အသုံးချသည့် စနစ်တစ်ခုအဖြစ် ရှုမြင်တတ်သူဖြစ်ကြောင်း တွေ့ရပါမည်။ ၎င်းပြင် အဆိုပါပုဂ္ဂိုလ်များသည် အိမ်ထောင်မပြုမီအချိန်ကတည်းကစိတ် (အခြေခံကျကျ)တွက်ချက်တတ်ကြသည်။ အိမ်ထောင်ပြုပြီးနောက်တွင်လည်း ဇနီးမယားအပေါ် ၌ ဘဝလက်တွဲဖော် (အမှီသဟဲပြုရန်အခါ ကထားသည့်လက်တွဲဖော်) အဖြစ်သာမက တစ်ခါတစ်ရံ၌ အိမ်ထောင်မိသားစုအတွက် ဈေးနှုန်းချိုသာသည့်အိမ်ဖော်တစ်ဦးအဖြစ်ပါ တွက်ချက်စဉ်းစားတတ်သူများဖြစ်ကြသည်။

ထို့ပြင် အဆိုပါ လက္ခဏာပိုင်ရှင်များသည် တရားမဝင်ဇနီးမယား(အငယ်အနှောင်း) ထားရှိသည့်တိုင် အဆိုပါအမျိုးသမီးဘက်မှ မိမိအပေါ် (ငွေကြေးမှအစ ထောက်ပံ့တတ်ခြင်း) ကို ပိုမိုသက်လိုလားကြသည်။

ဦးအောင်ဆန်း



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော ၂၀၀၉ ခုနှစ်က ဖြစ်၏။ ကျွန်တော်သည် ဆယ်တန်းအောင်ပြီးခါစ သစ်ကတိုးကျေးရွာတွင် အငှားဆရာအဖြစ်ဝင်လုပ်ခဲ့၏။ ယင်းအချိန်က ကျွန်တော်တို့ဒေသတွင် ဆရာ၊ ဆရာမ မလုံလောက်သောကြောင့် နှစ်စဉ်နှစ်တိုင်း ဆရာတစ်ယောက်ငှားရ၏။ တစ်နှစ်စာသင်ခအတွက် ဆန်တောင်း (၁၈၀) မှ (၂၀၀) အကြားပေးရ၏။ ဆန်ကိုတစ်နှစ်ကုန်မှပေးရ၏။ ကျွန်တော်လည်း အလုပ်အကိုင်မရှိ၊ ထို့ကြောင့် အမေ၏ မောင်ဖြစ်သူကျွန်တော့်ဦးလေးနှင့်ကျောင်းသားမိဘတွေ၏ တောင်းဆိုချက်ကို လက်ခံကာ စာပြခဲ့ရခြင်း ဖြစ်၏။

သစ်ကတိုးရွာနှင့် ကျွန်တော်တို့ရွာ အောင်မြေကုန်းသည် နာရီဝက်ခန့်ဝေး၏။

အစစအရာရာ အဆင်ပြေစေရန် ဦးလေးအိမ်၌နေခဲ့၏။ အမှန်အတိုင်းပြောရပါမူ ဦးလေးအိမ်၌ ကျွန်တော်

# ကြည်ပြာမောင် (သဗင်မြို့)

# စေတနာမှန်လို့ အကျိုးပေးလေသလား

မနေချင်ပါ။ ဦးလေးသည် အသောက်အစားနည်းနည်းပါးပါးရှိ၏။ တစ်ခါသောက်လျှင် တစ်ပတ်ခန့်ကြာတတ်၏။ ဒေါ်လေးခမျာလည်း ဦးလေးကြောင့် စိတ်ညစ်ရ၏။ ကျွန်တော်လည်း ထို့အတူပင်။ သို့သော်လည်း မကင်းနိုင်သည့်အတူ ကျိတ်မှိတ်ပြီးနေခဲ့ရ၏။

ဒီဇင်ဘာလ၏ တစ်ညနေဖြစ်၏။ ရက်ကိုတော့ အတိအကျမမှတ်မိတော့ပေ။ ဦးလေးနှင့် ဒေါ်လေးသည် တီးတိုးတိုင်ပင်နေကြ၏။ ကျွန်တော်နှင့်တူလေးခိုင်ဇော်မင်းက ထမင်းစားနေကြ၏။ ဒေါ်လေးက တီးတိုးပြောသော်လည်း ဦးလေးက အာကျယ်၏။

"ဝယ်ဖို့တော့ ဟုတ်ပြီ၊ ပိုက်ဆံမပြည့်သေးဘူးတော်ရေ"

"ဘယ်လောက်လိုသေးလို့လဲကွ"

"လက်ထဲမှာ ငါးသိန်းရှိတယ်။ ငါးသိန်းလိုတယ်။ အဲဒါဘယ်လိုလုပ်ကြမလဲ။ မဝယ်လိုက်ရင်လည်း သူများလက်ထဲရောက်သွားမယ်"

"ဒါဆိုရင် ငါ မမဆီမှာ မေးကြည့်ဦးမယ်"

"အို - ရှင့်မမမှာလည်း ငွေကုန်ကြေးကျများပါဘိနဲ့။ ရှိမယ်မထင်ပါဘူး"

"အတိုးနဲ့ချေးရင်ကော"

"အတိုးနဲ့တော့မချေးပါနဲ့တော်။ ဟိုဟာလေးရောင်းလိုက်ရင် မကောင်းဘူးလား"

"ဘယ်ဟာလဲကွ"

"ဆွဲကြိုးတော့ဆွဲကြိုး"

"ဟာ - ဘယ်ဖြစ်မလဲ"

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ။ အို-ရှုပ်ပါတယ်။ ပစ္စည်းဆိုတာ ရှိရင်တန်ဆာ၊ မရှိရင် ဝမ်းစာတဲ့။ ဘာမှစဉ်းစားမနေနဲ့တော့။ မနက်ဖြန် စနဲကိုသွားပြီးရောင်းလိုက်"

"ဒါဆိုရင်လည်းပြီးတာပဲ"

ဦးလေးနှင့်ဒေါ်လေးသည် အပြန်အလှန်ဆွေးနွေးကြပြီးနောက် သဘောတူညီမှုရရှိသွားကြ၏။

❑

ဦးလေးသည် မနက်ကတည်းက ထပြီး စနဲကိုသွား၏။ ညနေဘက် ကျောင်းဆင်းလို့ ကျွန်တော်ပြန်ရောက်သည့်တိုင် ဦးလေး ပြန်မရောက်သေး။ နေဝင်သွားခဲ့ပြီဖြစ်သော်လည်း ဦးလေး၏အရိပ်အယောင်ကိုမျှမတွေ့ရပေ။ ကျွန်တော်စိုးရိမ်စပြုလာ၏။ ဒေါ်လေးကတော့ မှုန်ကုတ်ကုတ်နှင့်ထိုင်နေ၏။ ည (၇) နာရီကျော်သွားပြီ။ ဦးလေးကား ပေါ်မလာ။ ကျွန်တော့်အထင်ပြောရလျှင် ဦးလေးသည် ကုလားတွင်းရွာက အနည်းငယ်သောက်သွားပေလိမ့်မည်။ အကယ်၍များ ပြန်လာခဲ့လျှင်လည်း သောက်ဦးမည်။





www.burmeseclassic.com

www.burmeseclassic.com

သောက်တာက အရေးမကြီး။ လက်ထဲမှာ ငွေထုပ်နှင့်ဆိုတော့ အန္တရာယ်များသည်။ ဦးလေးကိုလည်း အယုံမရ။ မတော်လို့ ဖဲဝင်ကစားရင်တော့ သွားပြီ။ ကျွန်တော့်စိတ်တွေ ဂနာမငြိမ်ဖြစ်နေ၏။

"ဒေါ်လေး၊သွားကြည့်ရင်ကောင်းမလား"

"အမယ်လေးဟော့၊ နင့်ဦးလေး အရက်သမားကတော့ မနက်ကတည်းက မူးနေပြီထင်ပါရဲ့။ သွားကြည့်ရင်လည်း အပိုပဲ"

"မဟုတ်သေးဘူး ဒေါ်လေး။ အခုဟာက"

"ဟော့ - အခုဟာက ဘာညာက လုပ်မနေနဲ့။ နင်သွားချင်ရင်သွား၊ ငါတော့မလိုက်ဘူး။ လွှတ်လိုက်တာကိုက ငါ့အမှားဟော့ ငါ့အမှား"

ကျွန်တော်၏စကားပင်မဆုံးသေး ဒေါ်လေးက သူပြောချင်ရာပြောပြီးထသွား၏။ အကြောင်းမထူးတော့ပြီမို့ ကျွန်တော်လည်း နှုတ်ဆိတ်ပြီး အောက်သို့ဆင်းလာခဲ့၏။ ဒေါ်လေးတစ်ယောက် ပြောသာပြောနေရသော်လည်း စိုးရိမ်နေဟန်တူ၏။ ဒေါ်လေး၏ပြောစကားအရ ယခု ရွှေရောင်းရခြင်းမှာ သူ့အစ်ကို၏လယ်ကိုဝယ်ရန်အတွက် ဖြစ်၏။ ဤဒေသ၌ မိသားစုဝင်တစ်ယောက်က လယ်ဖြစ်စေ၊ တောင်ဖြစ်စေ ဘိုးဘွားလက်ထက်ကအရာဆိုလျှင် ကိုယ့်စိတ်နှင့်ကိုယ်ရောင်းချမရပေ။ ကိုယ့်မိသားစုကို အကြောင်းကြားရသေးသည်။ ကိုယ့်မိသားစုမဝယ်မှ တခြားသူကို ရောင်းချပိုင်ခွင့်ရှိ၏။ အကြောင်းမှာ မိဘဘိုးဘွားတို့၏အမွေကို တစ်ပါးသူလက်ထဲသို့ မရောက်စေလိုသောဆန္ဒဟု ကျွန်တော်ထင်ပါသည်။ မည်မျှပင်မကောင်းသောလယ်ဖြစ်ပါစေ မိသားစုဝင်တွေကာပဲဝယ်လိုက်ကြသည်ကများ၏။

ကျွန်တော်သည် အပြင်သို့ထွက်လာပြီး ဦးလေးလာမည့်လမ်းကို လှမ်းကြည့်လိုက်၏။ ထိုစဉ် လူရိပ်တစ်ခုသည် ခြံစည်းရိုးနားတွင် လဲကျသွား၏။ ကျွန်တော် အပြေးအလွှားသွားရောက်ပြီး ထူပေးလိုက်၏။

"ဟာ - ဦးလေး၊ ဘယ်လိုဖြစ်လာတာလဲ"

"အေးကွာ-ငါနည်းနည်းများသွားတယ်"

"ဦးလေးကလည်းဗျာ၊ စိတ်ညစ်ဖို့ကောင်းလိုက်တာ ဦးလေးလုပ်ပုံကောင်းသေးရဲ့လား။ ပြန်ပြီးတွေးကြည့်ပါဦး"

"ကဲ - ရောက်မှပြော အခုလောလောဆယ် ငါ့ကိုကူပေးဦး"

"ဟင်- ငါမပြောဘူးလား၊ အရက်သမားကမူးလာတော့မှာလို့ ဟင်းနော်ငါမပြောလိုက်ချင်ဘူး"

ဦးလေးကတော့ ဘာတစ်ခွန်းမှ ဝင်မပြော။ ကိုယ်လက်သုတ်သင်ပြီး ထမင်းစားသည်။ ထို့နောက် ကျွန်တော့်ကိုခေါ်ပြီး တိုးတိုးပြော၏။

"ဟုတ်လို့လား ဦးလေးရာ"

"ဟုတ်တယ်ကွ၊ ငါရှာပြီးပြီ ဘယ်မှာကျကျန်ခဲ့မှန်းမသိဘူး"

"ကုလားတွင်းကို သွားမေးပြီးပြီလား"

"မေးပြီးပြီကွ။ အဲဒီမှာလည်း မကျန်ခဲ့ဘူးတဲ့ကွ"

"ဦးလေးလုပ်လိုက်ရင်တော့ ဒီလိုချည်းပဲ။ အခုဘယ်လိုလုပ်ကြမလဲ"

"အေးကွာ၊ အပြစ်တင်ရင်လည်း ခံရမှာပေါ့။ ငါ့အထင်ပြောရရင်တော့ ကုလားတွင်းမှာလည်း ရှိသေးတယ်။ ကိုစံလှိုင်နဲ့ အရက်သောက်ပြီးတော့ ငါလည်း အထုပ်ကိုဆွဲပြီးထွက်လာခဲ့တယ်။ အဲ - သစ်ကတိုးဆည်ကို ရောက်တော့မှ သတိရပြီးကြည့်လိုက်တော့မရှိတော့ဘူး။ ငါလည်း လမ်းတစ်လျှောက် ရှာကြည့်ပြီးပြီ"

"အခု သွားပြီးရှာကြည့်လိုက်ရင် ကောင်းမယ် ဦးလေး"

"ဒါဆိုရင်လည်းသွားကြရအောင်"

ကျွန်တော်သည် လက်နှိပ်ဓာတ်မီးကိုယူပြီး ဦးလေးနှင့် ငွေထုပ်ရှာဖို့ထွက်လာခဲ့၏။ ဒီကိစ္စကိုတော့ ဒေါ်လေးကို ပြန်ရောက်မှပြောရမည်။ ကျွန်တော် ပတ်ဝန်းကျင်ကိုဂရုစိုက်ပြီးရှာကြည့်၏။ ဝန်းကျင်တစ်ခိုတွင် လရောင်တို့ဖြန့်ကြထားသဖြင့် အရာအားလုံးကိုကောင်းစွာမြင်ရ၏။ ဦးလေးပြသောနေရာတို့ကို ဂရုစိုက်ပြီး ရှာကြည့်ကြ၏။ ငွေထုပ်နှင့်တူသည့်အရာဟူ၍ကား မည်သည့်တစ်ခုမျှ မတွေ့ရပေ။တဖြည်းဖြည်းနှင့် သစ်ကတိုးဆည်ကို ကျော်လွန်လာ၏။

"ဒီနေရာမှာကွ၊ ငါ့နောက်က လိုက်လာသလို ခံစားရတယ်"

ဦးလေးညွှန်ပြနေရာသို့ ဓာတ်မီးထိုးကြည့်လိုက်၏။ ညောင်မုတ်ဆိတ်ပင်ကြီးတစ်ပင်သည် နောက်ဘက်သို့ကိုင်းနေ၏။ လမ်းသည် တောင်ကြားလမ်းဖြစ်၏။ သည်နေရာက နာမည်ကြီး။ အခြောက်အလှန့်ရှိသည်ဟု ကြားဖူး၏။ ကျောထဲတွင်စိမ့်ခနဲဖြစ်သွားသည်။

"ဟုတ်တယ်ကွ၊ ဒီနေရာမှဒီနေရာအစစ်။ ငါ့နောက်ကလိုက်လာသလို ခံစားရတယ်။ ပြီးတော့ ရယ်သံလိုလိုငိုသံလိုလိုလည်းကြားလိုက်ရတယ်။ ငါလည်း သွက်သွက်ကလေး လျှောက်လာတော့ အထုပ်ကိုသတိမထားမိဘူး။ သတိရလို့ ကြည့်လိုက်တော့မှကျကျန်ခဲ့မှန်းသိတော့တယ်"

"အို - မဖြစ်နိုင်တာ ဦးလေးရာ။ ဦးလေးစိတ်ထင်လို့ဖြစ်မှာပါ"

"မင်းမယုံရင်လည်းနေကွာ၊ လာသွားကြမယ်။ မနက်မှရှာကြတာပေါ့"

ကျွန်တော်တို့ လာလမ်းအတိုင်း ပြန်ခဲ့ကြ၏။ လမ်းတွင် ဂရုစိုက်ပြီးကြည့်သော်လည်း အစအနပင်မတွေ့ရပေ။ လမ်းတွင် လူတချို့နှင့်တွေ့တော့ ဟိုဟိုဒီဒီပြောပြီး စကားလွှဲခဲ့ရ၏။ ပြောလို့ကလည်းမဖြစ် ငွေကလည်း (၆) သိန်းကျော်ခန့်တဲ့။ မတော်လို့တစ်ယောက်ယောက်ရသွားလျှင်မလွယ်။ ပြန်ပေးလျှင်တော့ ကောင်းသား။ ကျွန်တော်သည် အိမ်သို့ရောက်လျှင်ရောက်ချင်း ဒေါ်လေးကို ဖွင့်ပြောရတော့သည်။ ဒေါ်လေးက ဖျစ်တောက်ဖျစ်တောက်လုပ်ချင်သည်။ ကျွန်တော်ပြောတော့မှ ဘေးလူသိသွားမှာစိုးလို့ဆိုပြီး တိတ်ဆိတ်သွားပြန်၏။ လက် မှနာရီကိုကြည့်လိုက်တော့ ည(၁၁)နာရီ ကျော်နေပြီ။ ဦးလေးကတော့ အိပ်နေပြီ။ ကျွန်တော် အိပ်မပျော်နိုင်။ အပြင်ထွက်ပြီး ကောင်းကင်ကိုမော့ကြည့်လိုက်၏။ ငွေလစန္ဒာထိန်ထိန်သာနေသည်။ ကောင်းကင်ပြင်တွင် တိမ်သလ္လာတို့ကင်းစင်နေကြသည်။ ကျွန်တော်သည် တစ်ယောက်တည်း ထိုင်ပြီး ဆုတောင်းနေပါ၏။

"အရှင်ဘုရား၊ မနက်ဖြန် ငွေထုပ်ကို ပြန်တွေ့ရပါလို၏ ဘုရား"

❑

နံနက် (၆) နာရီတွင် ကျွန်တော် အိပ်ရာကနိုးလာ၏။ ဦးလေးကိုတော့ မတွေ့ရ။ ဒေါ်လေးသည် မီးဖိုချောင်တွင် ထမင်းချက်နေ၏။

"ဒေါ်လေး၊ ဦးလေး ဘယ်တုန်းက ထွက်သွားတာလဲ"

"မနက် (၅) နာရီကတည်းကတော့"

"ဟာ-ဒါဆိုရင် ကျွန်တော်လိုက်သွားဦးမယ်"

"ဟော့ဟော့ - နေဦး၊ ငါလည်းလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် ဒေါ်လေးတို့သည် ပိုက်ဆံထုပ်ရှာပုံတော်ခရီးဖွင့်ကြသည်။ နံနက်ခင်း နေရောင်ခြည်သည် လောကတစ်ခွင်လုံးကို လွှမ်းခြုံထား၏။ သစ်ရွက်များပေါ်တွင် တွယ်ကပ်နေကြသော နှင်းစက်တို့သည်ကား နေရောင်နှင့်တွေ့သောအခါ စိန်ပွင့်သဏ္ဌာန်အလား ထင်ယောင်ထင်မှား။ ငှက်လေးတို့၏တေးဆိုသံ၊ ပုစဉ်းရင်ကွဲအော်သံ၊ နှင်းစက်ကြွေသံတို့ဖြင့် တောတစ်ခုလုံးသည် သံစုံတီးဝိုင်းနှယ်။ အရာအားလုံးသည် လောကကို အလှဆင်နေကြ၏။

"ငါထင်တယ်ဟေ့ ညကမူးမူးနဲ့ ဖဲရှုံးခဲ့ပြီ ထင်ပါရဲ့"

ဒေါ်လေး၏စကားသံက ပတ်ဝန်းကျင်ကို အကျည်းတန်စေ၏။ ချစ်စရာကောင်းသော ဆောင်းတစ်ရက်၏ ဤနံနက်ခင်းဝယ် ပီယဝါစာချစ်ဖွယ်သောစကားကိုဆိုမည့်အစား ဒေါ်လေး၏နှုတ်ထွက်စကားတို့ကြောင့် အရုဏ်ဦးအလှကို ကျွန်တော်ခံစားလို့မရ။ ဒေါ်လေးနှင့်ပြိုင်ပြီးစကားပြောနေလို့ကတော့ ဘာမှအကျိုးမရှိ။ ကျွန်တော်သည် ဒေါ်လေး၏ပြောစကားကို နားမထောင်တော့ဘဲ ပတ်ဝန်းကျင်ကိုသာ ဂရုတစိုက်ကြည့်နေတော့၏။

သစ်ကတိုးဆည်ကို ကျော်လွန်လာခဲ့ပြီ။ ဤနေရာ၌ တောင်ခါးပန်းတွင်ရှိသော လယ်ပြင်ကို ဆည်ဟုခေါ်ကြ၏။တချို့လယ်ပြင်တွေကတော့ တောင်နှစ်လုံးကြားတွင်ရှိကြ၏။ ၎င်းကိုလည်း ဆည်ဟုပင်ခေါ်ကြ၏။ ဆည်လယ်တို့၌ မိုးရွာလျှင် တောင်ကျရေကြောင့် ရေကြီး၏။ တစ်ခါတလေ မြေပြို၏။ ထို့ကြောင့် အချောင်ဖျားကျသော လယ်ကွက်တွေ စပါးမစိုက်ကြဘဲ ဆေးရွက်စိုက်သည်ကများ၏။ သစ်ကတိုးဆည်က ဆေး၊ ကျားသချောင်းဆည်က ဆေးဆိုလျှင် စျေးပိုပေး၏။ သောက်ဆေးအဖြစ် ကျွန်တော်တို့ဒေသ၌ အလွန်နာမည်ကြီး၏။

သစ်ကတိုးဆည်ကို ကျော်လွန်ခဲ့သော်လည်း အထုပ်ကိုကား မတွေ့ရ။ လူတွေကလည်း တစ်ယောက်တစ်ယောက် ဖြတ်သွားကြ၏။ နေမြင့်လာသည်နှင့်အမျှ မရဖို့က ရာနှုန်းပြည့်သေချာနေပြီ။ အကယ်၍များ လမ်းပေါ်၌ ကျကျန်ခဲ့လျှင်တော့ လူတွေ့သွားမည်မှာသေချာ၏။ လမ်းကလည်း အခြားမရှိ၊ ဤတောင်ကြားလမ်းတစ်ခုသာရှိသောကြောင့် ပြန်တွေ့ဖို့လမ်းစမမြင်တော့ပေ။

ဒေါ်လေးက ပွစိပွစိပြောပြီးရှေ့ကသွား၏။ ကျွန်တော်က နောက်ကလိုက်၏။ သည်လိုနှင့် တောတန်းကလေးတစ်ခုကို ဖြတ်ရ၏။ သည်တောတန်းတွင်ဂရုစိုက်ပြီးရှာကြပြန်၏။အထုပ်ကိုမတွေ့ရဘဲ လမ်းပိတ်နေသောကသစ်ပင်တစ်ပင်ကိုသာ တွေ့ရ၏။ လမ်းကပိတ်နေသောကြောင့် လမ်းသွားလမ်းလာများအဖို့ အတော်အတန်ကသိကအောက်ဖြစ်ရ၏။ ကျွန်တော်သည် လက်ထဲကဓားနှင့်ခုတ်ပြီးရှင်းလိုက်၏။ ကသစ်ပင်သည် အဆူးရှိသည့်အပင်တစ်မျိုး ဖြစ်၏။ ရှင်းသည့်အခါ၌ အတော်ကလေးကိုအားစိုက်ရ၏။ ရှင်းပြီးသည့်နောက် သစ်စများကို လမ်းဘေးဝဲယာသို့ ဖယ်ရှားပေးရ၏။ အားလုံးပြီးသောအခါ လက်ကနာရီကိုကြည့်မိ၏။ နံနက် (၁၀) နာရီထိုးနေပြီ။ ဒေါ်လေးကိုတော့မတွေ့ရတော့ပေ။ နောက်ကြောင်းပြန်လှည့်သွားပြီထင်ပါသည်။ ကျွန်တော်သည့် ကိုယ့်လုပ်ရပ်ကိုကြည့်ပြီး စိတ်ထဲတွင် ကျေနပ်သွားသလို ခံစားမိ၏။ ဒီအပင်က လမ်းကို ဖုံးနေတာကြာပြီထင်ပါသည်။ ရှင်းမယ့်သူကမရှိ။ အခု ကျွန်တော်ရှင်းလိုက်ပြီ။ လွတ်လွတ်လပ်လပ်သွားလာနိုင်ကြပြီ။ ရုတ်တရက် ကျွန်တော့်စိတ်ထဲတွင် အကြံတစ်ခုပေါ်လာ၏။ထိုအကြံအတိုင်းပင် ချက်ချင်း အကောင်အထည်ဖော်လိုက်၏။

'အို-ဤတောဤတောင်ကိုစောင့်ရှောက်၍နေကြကုန်သော နတ်ကောင်းနတ်မြတ်အပေါင်းတို့၊ ကျွန်ုပ်သည် ဤသစ်ခြောက်မှုင်အား မည်သူမျှမခိုင်းစေဘဲ မိမိ၏အသိစိတ်ဖြင့် ရှင်းလင်းခဲ့ပါ၏။ ဤသို့ပြုခဲ့ရသော ကုသိုလ်ကောင်းမှု၏အဖို့ဘာဂကို အသင်တို့အား အမျှပေးဝေပါ၏။ ကျွန်ုပ်၏စေတနာ မှန်ကန်ခဲ့ပါလျှင် ယခုပျောက်ဆုံးနေသော ငွေထုပ်အား ပြန်လည်တွေ့ရှိအောင် ကူညီစောင်မပေးကြပါကုန်လော့"

ကျွန်တော်သည် ဤသို့ရွတ်ဆိုပြီး လာလမ်းအတိုင်းပြန်ခဲ့၏။ တောတန်းကလေးကိုဖြတ်ပြီး လယ်နှစ်ကွက်ကျော်လိုက်သည်နှင့် နွားခေါင်းဝတွင်အနံ့တစ်ခုကို ရှူရှိုက်မိ၏။ သတိထားပြီး ရှူရှိုက်ကြည့်လိုက်တော့ ပြည်ကြီးငါးအနံ့ကဲ့သို့ထင်ရ၏။ လယ်ကန်သင်းဘေး ကောက်ရိုးပုံကြားတွင် ပလတ်စတစ်အိတ်အမည်းတစ်ခုကို တွေ့ရ၏။ အပြေးအလွှားသွားပြီး အိတ်ကိုဖွင့်ကြည့်လိုက်တော့ ပြည်ကြီးငါးတစ်ထုပ်ကိုတွေ့ရ၏။နောက်ထပ်ကြည့်လိုက်တော့ ဂေါ်ဖီတစ်ထုပ်၊ လုံချည်တစ်ထည်၊ ငရုတ်သီးတစ်ထုပ်၊ ကြက်သွန်နီတစ်ထုပ်။ အိတ်အမည်းတစ်လုံးကိုတွေ့ရပြန်၏။ အိတ်မည်းကိုဖွင့်ကြည့်လိုက်တော့ ငွေစက္ကူအထပ်ကလက်ရာမပျက်။ ကျွန်တော်ဝမ်းသာလုံးဆို့သွားသည်။

"ဒေါ်လေးရေ၊ ဒေါ်လေး ဒီမှာတွေ့ပြီဗျို့၊ တွေ့ပြီ"

ကျွန်တော့်ခေါ်သံကို ကြားတော့ ဒေါ်လေးသည် အပြေးကလေးရောက်လာ၏။

"ဘယ်မှာလဲဟေ့၊ နင်ဟာက သေချာလို့လား"

"ရော့ - ဒီမှာသေချာကြည့်၊ ဒါငွေမဟုတ်ရင် ဘာလဲ"

"ဟုတ်ပါ့တော်၊ ကံကောင်းချင်တော့လည်း ပြန်ရတောပေါ့။ အမယ်ကြည့်ပါဦး၊ ငရုတ်သီးတွေ ကြက်သွန်တွေပါဝယ်လို့ နှင့်ဦးလေးအရက်သမားဘယ်ဆိုးလို့တုံး"

"ဒါနဲ့ဒေါ်လေးပြန်ပြီမဟုတ်လား"

"မပြန်သေးဘူးဟေ့၊ နင်လမ်းကိုရှင်းနေတုန်း ပတ်ဝန်းကျင်အနံ့လိုက်ရှာနေတာ၊ ဒါကို နင်ဘယ်လိုတွေ့တာလဲ"

"ဒီလို ဒေါ်လေးရေ၊ ကျွန်တော်လည်း ပြည်ကြီးငါးအနံ့ရလို့ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ ဒီအထုပ်ကိုမြင်တာ၊ ဖွင့်ကြည့်လိုက်တော့မှ ငွေထုပ်မှန်းသိရတယ်"

"အေးဟ-ထူးခြားနေသလိုပဲ။ နင်နဲ့ငါလာတုန်းကလည်းမတွေ့။ ကြည့်ပါဦး၊ လမ်းနဲ့ ဘာမှဝေးတာမဟုတ်ဘူး။ ဒါကို ဘယ်သူမှ မမြင်ကြဘူးဆိုတော့ ဆန်းနေသလိုပဲနော်"

ပြောလည်းပြောစရာပင်။ အထုပ်ကောက်ရသောနေရာနှင့် လမ်းသည် ဝါးတစ်ရိုက်ခန့်သာကွာ၏။ အထုပ်ကိုကောက်ရိုးအနည်းငယ်ဖုံးထားသည်။ သို့သော် မည်သူမဆို အလွယ်တကူတွေ့နိုင်ပေသည်။ ကျွန်တော့်အထင်ပြောရလျှင် ဦးလေးသည် ဤနေရာ၌ လဲကျခဲ့ဟန်တူ၏။ မူးမူးနှင့် ပြန်အထတွင် အထုပ်ကျန်ခဲ့ခြင်းပင် ဖြစ်ရမည်။ မည်သို့ဆိုစေ ပိုင်ရှင်မှန်လို့ ပြန်ခြင်းဖြစ်မည်ဟု ကျွန်တော်ယုံကြည်မိပါသည်။ ဤအဖြစ်အပျက်နှင့်ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲတွင် မေးခွန်းနှစ်ခုကျန်ခဲ့၏။ စေတနာမှန်လို့ ကံအကျိုးပေးလေသလား သို့မဟုတ် တိုက်ဆိုင်မှုတစ်ခုလေလား ဟူ၍ပင်။ ဤကား ကျွန်တော်၏ကိုယ်တွေ့ဖြစ်ရပ်တစ်ခုပေတည်း။

ကြည်ပြာမောင်(သဇင်မြေ)



www.burmeseclassic.com

www.burmeseclassic.com



# ဖိုးကျော့

# ဟူးကောင်းကျား

သူ ရ ဿ မ ဂ္ဂ ဇ င် း အ ခ န် း ဆ က် ဝ တ္ထု ရှ ည်


ဤနေ့မနက်တွင် ဟူးကောင်းကျားကြီးဟု နာမဝိသေသနပြုထားကြခြင်းခံရသော ကူပွန်ရွာ၏ ရောမမုဆိုးကျော်ကြီး ဆလိုင်းထန်တောင် သေသည်။ သူသေစဉ်က သူ့အသက်မှာလည်း သေနေ့စေ့သောနေ့ဟု သူတို့ရွာသူရွာသားအားလုံးက လက်ခံကြသည်။ မှည့်၍ကြွေကျသွားသည်ဟုပြောကြ၏။အသက်က ရှစ်ဆယ့်သုံးနှစ်။

ဟူးကောင်းဒေသ၏ ရပ်ဓလေ့ရွာဓလေ့ထုံးစံအတိုင်း ဆလိုင်းထန်ထောင်



www.burmeseclassic.com

www.burmeseclassic.com



၏အလောင်းကို ထုံးနည်းနှင့်အညီ ဦးဆုံး ရေချိုးပေးကြသည်။ ရေချိုးပြီးလျှင် ဦးခေါင်းမှာ ရှုပန်းထည်ပဝါနီရဲရဲကို ပေါင်းပေးကြသည်။

ဤသဘောမှာ သေသူသည် မိမိ ဘာသာမိမိ (လက်ိုင်း) သုသာန်သို့ အိမ် ပေါ်ကဆင်းသွားရန် ဖြစ်၏။ ရှေးရှေး ပဝေသဏီက သူတို့အရပ်တွင် လူသေ ကို ထိုသို့လုပ်ပေးလိုက်ပါက သေသူ သည် နတ်ဆရာ၏ အစီအမံနှင့် မိမိ အလိုအလျောက် သုသာန်သချိုင်းသို့ထ သွားသည်ဟုဆိုကြသည်။

သို့သော် ထိုသို့ အသေကောင်ကြီး သူတာသာသူ သင်္ချိုင်းသို့ထသွားသည် ကို ယခုအခါ သူတို့ရွာ၌ မြင်ဖူးလိုက်သူ ပင် တစ်ဦးတစ်ယောက်မျှ မရှိတော့။ အသက် ကိုးဆယ့်ရှစ်နှစ်တွင် သေသွား သော ဆလိုင်းကြီးကြိန်မ်ဆိုသူကို နတ် ဆရာက ထိုသို့လုပ်ပြီးလွှတ်လိုက်သည် ကို အဘွားအိုမေယာက သူ ကိုးနှစ်သမီး အရွယ်တွင် တစ်ခါမြင်ဖူးလိုက်သည်ဟု ဆို၏။

သို့သော် ဤကျူပွန်ရွာ၌ မဟုတ်။ နာဂတောင်တန်းကြီးရှိ သူ့ရွာ ဒယ်ဒန်း တွင်ဟု အဘွားကြီးက သူမသေမီ ပြော သွားဖူးသည်။

ယခု မုဆိုးကျော်ကြီး ဆလိုင်းထန် ထောင်ကိုကား ခေါင်းတွင် ပဝါနီရှုပန်း ထည်ပေါင်းပေးပြီးသောအခါ တစ်ကိုယ် လုံးကို အဝတ်ဖြူဝတ်ပေးကြ၏။ ပြီး အိမ် ရှေ့ဧည့်ခန်းမှာ ခြေစုံဆင်းပြီး ထိုင်ခိုင်း ထားသည်။ အမှတ်တမဲ့ဆိုလျှင် ဆလိုင်း ကြီး အသက်ထင်ရှားနှင့် ဧည့်ခန်း၌ထိုင် နေသလိုပင်။ သူမှီထိုင်နေသော နောက်ကျောရှိတိုင်ပေါ်တွင် ပန်းနီများ ကို ဦးစောက်ထိုးပြောင်းပြန်တပ်ချည် ထားပေးသည်။

ရှုပန်းထည်ခေါင်းပေါင်းအနီရဲရဲ အသစ်ကျပ်ချွတ်နှင့် ဧည့်ခန်း၌ထွက်ထိုင် သော မုဆိုးကျော်ကြီးရှေ့တွင် သူမုဆိုး ကြီးဘဝက သတ်ဖူးရဖူးသော ဆင်စွယ်၊ ကျားစွယ်၊ ပြောင်ချို၊ စိုင်ချို၊ ဆတ်ချို နှင့် ဝံစွယ်၊ ဝက်စွယ်၊ ချေချိုများကို ခင်းကျင်း ပြသထားသည်။

သားသမီးနှင့် ဆွေမျိုးများထဲက တစ်ယောက်ယောက်သည် မုဆိုးကြီး၏ မျက်လုံးကိုမှိတ်မသွားအောင်စောင့်ကြည့် နေရ၏။ မှိတ်သွားလျှင် မျက်စိနှစ်လုံးကို ပြန်ဖွင့်ပေးရ၏။

သို့မှသာ မုဆိုးကြီးသည် [illegible] အသက်ထင်ရှားရှိပြီး [illegible] အောင်မြင်ခဲ့ဖူး[illegible] ဦးချို၊ အစွယ်များကို [illegible] သည်။ တမလွန်တွင် [illegible] (ယမမင်း) အား အစစ်အ[illegible] သူသတ်ခဲ့ရဖူးသော တိရစ္ဆာန်[illegible] ကောင်အမည်နာမများကို မှန်မှန်[illegible] ကန် ပြောဆိုနိုင်လိမ့်မည်ဖြစ်သည်။

ထိုသို့ ပြောဆိုနိုင်မှ သူသည် တမလွန်ဘဝ၌ ကောင်းမွန်စွာနေရမည်။ ထို့ကြောင့် သူ သတ်ဖူး၊ ရဖူးသော သား ကောင်များကို မှန်မှန်ကန်ကန်ပြောဆို နိုင်ရန် မျက်စိနှစ်လုံးကို ဖွင့်ပေးထားရ ခြင်းဖြစ်၏။

ညနေသို့ရောက်လာ၏။ ထိုအခါ ဆလိုင်းထန်ထောင်၏ အချစ်ဆုံး၊ အခင် ဆုံး သူငယ်ချင်းများနှင့် သူ့တပည့်တပန်း မုဆိုးငယ်များ ရောက်လာကြသည်။ ဝမ်းနည်းကြောင်း စကားကိုဆို၍ ငိုကြ သည်။မုဆိုးကြီး၏ဂုဏ်ပုဒ်ဝိသေသနများ ကို သီချင်းဖြင့်ဖွင့်ဆိုချီးကျူးကြသည်။

"ဟူးကောင်း၊ ပတ်ကိုင်၊ တောင် ဆိုင်နာဂ၊ တောတောင်အားလုံးကို အစိုးရတော်မူခဲ့သော၊ အို. . . ဆလိုင်း ကြီး မုဆိုးထန်ထောင်. . .၊ သင်သေ သွားသော်လည်း သင်သတ်၍သေခဲ့ သော၊ အောင်နိုင်ခဲ့သော ကမ္ဘည်း မော်ကွန်းတို့သည် သင့်ရှေ့၌ အထင် ကရ သက်သေတည်လေပြီ. . ."

"ဒူ"

"ဒူ"

"ဒူ"

မရဏာနိုင်ငံတော်သို့ အကြောင်း ကြားလိုက်သော [illegible]သုံးချက်ကို မုဆိုးကြီးထန်ထောင်၏အချစ်ခင်ဆုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com

အသက်အရွယ်အကြီးဆုံး တပည့်ကြီး မုဆိုး မနားထမ်းက ထုရိုက်၍ အသုဘ အခမ်းအနားကို စတင်ဖွင့်လှစ်လိုက်ကြ သည်။

ထိုသို့တပြီး၌ ရောက်ရှိလာကြ သော မုဆိုးကြီးငယ်များကခုန်ပေါက်၍ မုဆိုးကြီး၏ဂုဏ်ပုဒ်ကို သီဆိုအော်ဟစ် ကြသည်။ သူ့ရှေ့တွင်ခင်းကျင်းပြသထား သောတိရစ္ဆာန်များကို မုဆိုးကြီးထန်ထောင် အမှန်တကယ်အောင်နိုင်ခဲ့ကြောင်း၊သတ် ခဲ့ကြောင်း သက်သေခံကြသည်။

ထန်ထောင် ဆင်သတ်စဉ်က ပါခဲ့သူ၊ မြင်ခဲ့သူက 'ဆင်ကိုသတ်ခဲ့ သော ထန်ထောင်' ဟု အော်လိုက်ရာ ထန်ထောင် ကျားသတ်ခဲ့စဉ်က ပါဖူးသူ၊ မြင်တွေ့ခဲ့သူကလည်း 'ကျားကိုသတ်ခဲ့ သော ထန်ထောင်' ဟု အော်ဟစ် သက်သေခံလိုက်ပြန်သည်။ သည်လိုနှင့် အသံမျိုးစုံသည် သေပြီးထိုင်ကြည့်နေ သော မုဆိုးကြီးထန်ထောင်၏ဧည့်ခန်း၌ ဆူညံလာ၏။

"ဆင်သတ်ခဲ့သောထန်ထောင်"
"ကျားကိုသတ်ခဲ့သောထန်ထောင်"
"ပြောင်ကိုသတ်ခဲ့သောထန်ထောင်"
"ဝံကိုသတ်ခဲ့သောထန်ထောင်"
. . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . .

သူသတ်ခဲ့သော အထင်ကရ တိရစ္ဆာန်ကြီးများ၏ အမည်နာမတို့ကို ကျူးရင့်အော်ဟစ်ကြသည်။

"အာမာန်ကြီးမား တိရစ္ဆာန် ဟူသမျှကို သတ်ခဲ့အောင်နိုင်ခဲ့သော အို- မုဆိုးကျော်ကြီး ထန်ထောင်၊ ယခု သင့်ကို သေမင်းသတ်သွားပြီ၊ သေမင်း သတ်သွားပြီ ဟီး အီး အီး"

ထန်ထောင်၏ အချစ်ဆုံး၊ အခင် ဆုံးမုဆိုးကြီးများနှင့် သူ့တပည့်တပန်းများ ဂုဏ်ပြုပြောဆို ကခုန်ကြပြီးနောက် ထန်ထက်စောစွာ သေရွာသွားကြသူ များ၏ သားသမီး၊ မိဘ၊ လင်မယား၊ ဆွေမျိုးများ ရောက်လာကြသည်။

ဧည့်ခန်းတွင် တိုင်ကိုမှီ၍ ခြေ ဆင်းထိုင်နေသော မျက်လုံးအပြူးသား နှင့် ထန်ထောင်၏ရှေ့တွင် ဒူးတုပ်ထိုင် ကြပြီး တမလွန်ဘဝရောက်နေကြသော မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ လင်မယား စသည်များကို ကျန်ရစ်သူများက မုဆိုး ကြီး ထန်ထောင်နှင့် အမှာစကားပါးကြ သည်။ လွမ်းဆွတ်သတိရနေကြကြောင်း အသီးသီးပြောဆိုကြသည်။ သူ့လင်၊ သူ့ မယား၊ သူ့သား၊ သူ့သမီး၊ မိဘဆွေမျိုးတို့ ၏လက်ရှိဘဝကို သေသွားသူသိရှိအောင် အမျိုးမျိုး တိုင်တန်းပြောဆိုကြ၊ ငိုယို အော်ဟစ်ပြောကြား၍မှာကြားကြသည်။

သူတို့ပြောသမျှဆိုသမျှစကားများ ကို တမလွန်ဘဝသို့ မုဆိုးကြီးထန်ထောင် က သယ်သွားရမည်။ သူ့အား မှာကြား လိုက်သူများဆီ သူသွား၍ပြောကြားရ မည်မှာ မုဆိုးကြီးထန်ထောင်၏ အဓိက မဟာတာဝန်ကြီးဖြစ်လေသည်။

ကူပွန်တစ်ရွာလုံးရှိ တစ်အိမ်အိမ် များမှ မသေဖူးသူဟူ၍လည်းမရှိကြရာ စကားမှာလာပြောသူတွေမှာ မုဆိုးကြီး ထန်ထောင်၏ဧည့်ခန်းတွင် လူပြတ် သည်ဟုမရှိဖြစ်နေ၏။ တစ်ယောက်ပြီး တစ်ယောက် လာလိုက်၊ ပြောလိုက်၊ ပြန် သွားလိုက်၊ နောက်တစ်ယောက်လာလိုက် နှင့် မုဆိုးကြီးအသုဘမှာ အလွန်စည်ကား နေသည်။

ဤသို့စကားမှာလာပါးနေကြသည် မှာလည်း မုဆိုးကြီး၏ ကတိသစ္စာဂုဏ် သိက္ခာတို့ကို ယုံကြည်၍ လာပြော၊ လာ မှာနေကြခြင်းဖြစ်လေသည်။ သာမန်လူ တစ်ယောက်သာဆိုလျှင် ဤသို့လာ၍ မှာကြားကြခြင်းလုပ်ချင်မှလုပ်ကြပေမည်။ ယခုမူ ရွာနီးချုပ်စပ်ကပင် သတင်းစကား လာပြီး မှာကြားနေကြခြင်း ဖြစ်၏။

မုဆိုးကြီးထန်ထောင်မှာ မိမိရွာ၌ သာ ဩဇာတိက္ကမရှိသူဖြစ်ရုံသာမက ရွာနီးချုပ်စပ်တစ်ဝိုက်ကပင် လေးစား ခင်မင်ခြင်းကိုခံထားရသော ဧရာမမုဆိုး ကျော်ကြီး ဖြစ်၏။ ကူပွန်ရွာက မုဆိုးကြီး ဆလိုင်းထန်ထောင်ဆိုလျှင် မသိသူ၊ မကြားဘူးသူမရှိသဖြင့် တောင်မင်း၊ တောင်ပိုင်၊ တောင်အုပ်များကပင် လေးစားရသူလည်းဖြစ်လေသည်။

ထို့ကြောင့်လည်း တိုင်ကိုမှီပြီး သေသည်အထိ ခြေဆင်းထိုင်ကာ မျက် လုံးဖွင့်ကြည့်နေသော ဆလိုင်းကြီးမုဆိုး ထန်ထောင်ရှေ့တွင် လူစည်ကားနေခြင်း ဖြစ်သည်။

ထို့နောက် ဆလိုင်းထန်ထောင်၏ အလောင်းကောင်ကို သစ်လုံးထွင်းခေါင်း ထဲထည့်လိုက်ကြ၏။

ဆလိုင်းထန်ထောင်၏ ဆွေမျိုး သားချင်း ရပ်နီး၊ ရပ်ဝေးက ဆွေမျိုးများ မစုံမချင်း အသုဘမချဖြစ်သေး။ ဆလိုင်း ထန်ထောင်၏ဆွေမျိုးများစုံအောင်စောင့် ထားရ၏။

နောက်တစ်ရက်၊ နှစ်ရက်ဆိုလျှင် ဆလိုင်းထန်ထောင်၏ဆွေမျိုးများသည် ဝက်တစ်ကောင်စီနှင့်ရောက်လာကြလိမ့် မည်။ ဆွေမျိုးစုံလျှင် ဆလိုင်းထန်ထောင် ၏အလောင်းကို သုသာန်သို့ပို့ကြရမည်။ သင်္ချိုင်းကုန်းမှာ အလောင်းကို စင်တင် ထားရမည်။ အလောင်းတင်ထားမည့်စင် ကို ဆလိုင်းထန်ထောင်သေသောနေ့က ပင် ကြည့်ရှုပြုပြင်ထားကြပြီ။

ဆလိုင်းထန်ထောင်၏အလောင်း ခေါင်းကို ဆလိုင်းထန်ထောင်၏အမျိုးထဲ က နောက်ထပ်တစ်ယောက် မသေမချင်း ဤအတိုင်းစင်တင်ထားကြမည်။

ဆလိုင်းထန်ထောင်၏ဆွေမျိုးထဲ က နောက်ထပ်တစ်ယောက်ယောက် သေသောအခါ ဆလိုင်းထန်ထောင်၏ အရိုးကို ကောက်ယူ၍ မြေမြှုပ်မည်။ ဆလိုင်းထန်ထောင်၏ အခေါင်းထဲ ကို နောက်ထပ်သေသော ဆွေမျိုးတစ် ယောက်ယောက်၏အလောင်းကို ထပ် ထည့်မည်။

သို့ဖြင့် ယခု ဆလိုင်းထန်ထောင် သစ်ထွင်းအလောင်းခေါင်းမှာ ယခင်က သေဆုံးခဲ့ကြသောဆလိုင်းထန်ထောင်၏ ဆွေမျိုးတစ်ယောက်ယောက်၏အလောင်း ထည့်ထားသောခေါင်းဟောင်းပင် ဖြစ် သည်။

"ဒိန်းဒေါင်၊ ဒိန်းဒဒေါင်"
"ဒူး ဒူး ဒိန်း ဒိန်း"
"ဒိန်းဒေါင် ဒိန်းဒေါင်"
"ဒူး ဒူး ဒိန်း ဒိန်း"
"ဗြိန်း ဗြိန်း ဗြုန်း ဗြုန်း"

အသုဘ၏မရဏာအော်ခေါ်နေသံ တူရိယာတီးမှုတ်နေကြမှုက စတင်ထွက် ပေါ်လာ၏။

ကြေကွဲဝမ်းနည်းလွမ်းဆွတ်ဖွယ် ရာကောင်းသောမရဏာတေးသံကစီစီညံ လာသည်။ ထိုအသုဘတေးသံသည် ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးကို ရိုက်ခတ်နေသည်။ တောတောင်များဆီ ကပင် မရဏာတီးခတ်သံများ ပဲ့တင်ပြန် လာနေသည်။ ချောက်ချားစရာကောင်း သော ညမှောင်မှောင်ထဲမှာ အသုဘ အထိမ်းအမှတ် တီးမှုတ်တီးခတ်သံတို့ က ဆူညံနေသည်။ ကညင်ဆီ၊ ထင်းရှူး ဆီ၊ ပျားဖယောင်းမီးတုတ်မီးတိုင်များ သည် အမှောင်ထဲတွင် အလျှိုလျှိုလင်း လက်လာကြသည်။ စိတ်ချောက်ချား စရာကောင်းသော မရဏာတီးခတ်သံ များနှင့်အတူ ဆလိုင်းထန်ထောင်၏ အလောင်းခေါင်းကို သုသာန်သို့ထမ်း ယူလာကြသည်။ လူအုပ်ကြီးက အသုဘ မရဏာတေးသံကို ဟစ်ကြွေးဆို



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ အလောင်းခေါင်းထမ်းသူများက အလောင်းခေါင်းကို မြှောက်ချည်နိမ့်ချည်ဘယ်ညာဝှေ့ယမ်း၍ ကခုန်လာကြ၏။

ခေါင်ရည်မူးယစ်နေသူများသည် သေမင်းကို အန်တုစိန်ခေါ်သော တေးသီချင်းများကို အော်ဟစ်သီဆိုလာကြ၏။ မျိုးရိုးအစဉ်အဆက် စွမ်းဆောင်ခဲ့ကြသောအောင်ပွဲများကို ပြန်လည်ဝင့်ကြွားဖော်ထုတ်လာကြသည်။ တစ်မျိုးနှင့်တစ်မျိုး ဂုဏ်တုဂုဏ်ပြိုင် အော်ဟစ်သီဆိုလာကြသည်။

နောက်ဆုံးမှာ တစ်မျိုးနှင့်တစ်မျိုး ကလဲ့စားချေခဲ့ကြသော ရှေးရှေးပဝေသဏီက အကြောင်းအရာများကိုပင် ခေါင်ရည်အမူးလွန်လာသော လူငယ်အချို့က အမူးအရူးမိုက်မိုက်မဲမဲထုတ်ဖော်အော်ဟစ်လာကြပြန်သည်။ လူကြီးသူမများပညတ်ထားသည်ကိုပင် ဂရုမပြုကြတော့။

ခေါင်ရည်မူးယစ်ကာ ခုန်ပေါက်အော်ဟစ်လာသော လျှံထောင်၏အသံက ပိုကျယ်လာသည်။ ကလေးကြီးအချို့ကပင် လျှံထောင်၏အသံကို လိုက်၍ အော်ဟစ်လာကြသည်။ သို့သော် ဘာမှန်းညာမှန်းမသိသောကလေးကြီးများအသံထက် လျှံထောင်၏အသံကပိုကျယ်လာသည်။

"ငါတို့မျိုးဘဘိုးဘီဘင်ထီမထင်"
ကန်ဖုန် ပုပ်ါးဆန်အင် ယန်တီလောင်။
"အစဉ်အဆက်သတ်ကြရဲ့"
ပုဝါးဆန် အိအင်အန် ထပ်အော်။
"ရန်သူလက်ချက်တုံ့ပြန်ခဲ့"
ရာပေါ် လ်ကန် ဒွိလဲ့ရိုလ်ထေးတလု။
"ငါတို့သတ်လို့ သေကြရဲ့"
ကန်သျှတ်ကြီး ပုလ်တလု။
"ကျားကိုသတ်တာ မကြွားနဲ့"
ပေါ်ပီကာကပ် သီအင့ာလ်လုံ။
"ပြောင်ကိုသတ်တာ အလကား"
ဖုန်းကပ်ဟီ အင့ာလ်လု။
"ဆင်ကိုသတ်တာ အလကား"
ဝီကာ ကပ်ဟီအင့ာလ်လု။
"လူကိုသတ်ရဲလား"
မီလှိုင်နာ ထပ်မ်မော်။
"လူကိုသတ်ရဲလား"
မီလှိုင်နာ ထပ်မ်မော်။
"လူကိုသတ်ရဲလား"
မီလှိုင်နာ ထပ်မ်မော်။

အမျိုးစုံအကြောင်းအရာစုံကြုံးဝါးလာကြသူထဲက လျှံထောင်၏ကြုံးဝါးသံကိုကြားစကမူ ပီပီသသမဟုတ်။ ဂရုစိုက်နားထောင်လိုက်မှ သဲသဲကွဲကွဲကြားလာရ၏။

ခွန်လွေ့စိတ်ထဲမှာ ချက်ချင်း ကသိကအောင့်ဖြစ်သွား၏။

ရင်ထဲမှာ တစစ်စစ်နာကျင်လာသည်။ ခေါင်ရည်မူးယစ်နေသောခွန်လွေ့၏စိတ်သည် ရုတ်ခြည်းဆောက်တည်ရာမရ ထုံထိုင်းမှိုင်းဝေသွားသလိုလည်းခံစားလိုက်ရသည်။

ခွန်လွေ့သည် သေဆုံးသွားသော ဆလိုင်းထန်ထောင်ကဲ့သို့ မုဆိုးတစ်ဦးဖြစ်သည်။ ပြောင်ကိုသတ်ဖူးသည်။ ကျားကိုသတ်ဖူးသည်။ ဆင်ကိုတော့ မသတ်ဘူးသေး။ တစ်နေ့နေ့တွင် တောင်ယာစပါးခင်းများကို လာရောက် ဖျက်ဆီးတတ်သော တောဆင်ရိုင်းအုပ်ထဲက တစ်ကောင်ကောင်ကို သူသတ်ဦးမည်။

ဆင်ကိုသာမသတ်ဘူးသေးသော်လည်း သူတို့တောင်ပေါ်ဒေသတွင် အလွန် တွေ့ရခဲကြုံရခဲသောဖျိုင်းဖြူကြီးတစ်ကောင်ကိုတော့ သူ တွေ့ခဲ့၊ ကြုံခဲ့၊ သတ်ခဲ့၏။

ထိုဖျိုင်းဖြူကြီးမှာ နတ်ဒေဝတာများ ဖန်ဆင်းထားသော နာနာဘာဝတစ်ကောင်လိုဖြူဖွေးလှပသည်။ ကြီးမြင့်ထူးဆန်းသည်။ တစ်ကိုယ်လုံး ဖြူဖွေးသော အမွေးအမှင်ဆင်ယင်ထားသည်။ နှုတ်သီးနှင့် ခြေဇုထောက်၊ ခြေသည်းတွေမှာ ပတ္တမြား၊ နီလာ၊ သန္တာသွေးပမာ ရဲရဲနီနေသည်။

ထို့ကြောင့်လည်း ထိုဖျိုင်းဖြူကြီးကို ရွာမုဆိုးကြီးငယ်များကပင် အံ့သြတကြီးဖြစ်ကြသည်။ တစ်ယောက်တစ်မျိုးပြောဆိုချီးကျူး၍ လေ့လာတိုင်းထွာကြည့်ခဲ့ကြသည်။ နှုတ်သီးနှင့်လည်ပင်းက တစ်တောင်ရှည်သည်။ ကိုယ်လုံးကြီးကလည်း တစ်တောင်ရှည်သည်။ ခြေထောက်နှစ်ဖက်က တစ်တောင်စီနှင့် အတောင်ပံနှစ်ဖက်ကလည်း တစ်ဖက်တစ်တောင်စီရှည်သည်။ ထို့ကြောင့် အားလုံး စုပေါင်းပြီး ခြောက်တောင်ဖျိုင်းဖြူကြီးဟု သတ်မှတ်ကြသည်။

သူတို့ တောင်တန်းဒေသတွင် ကျား၊ ဆင်၊ ဝံ၊ ပြောင်၊ စိုင်၊ ဆတ်၊ နွားရိုင်းစသည့် တောတိရစ္ဆာန်ကြီးများပေါသော်လည်း ဖျိုင်းငှက်ဖြူကား အလွန်ရှားပါးသော နတ်ပေးတိရစ္ဆာန်ဖြစ်သည်။ အစဉ်အဆက် မည်သည့်မုဆိုးကမျှ တစ်ကြိမ်တစ်ခါမရဘူးသော၊ တစ်ကြိမ်တစ်ခါမှပင် မမြင်ဘူးကြသော နာနာဘာဝဖန်ဆင်းရှင်တစ်ကောင် ဖြစ်၏။

ထိုဖျိုင်းဖြူကြီးကို မုဆိုးငယ်ခွန်လွေ့ တောနက်အစ်နေရာက ပစ်ခတ်ရလာခဲ့သည်။ အဖော်ကွဲ၍ တောင်တန်းဒေသသို့ မျက်စိလည်လမ်းများရောက်လာသော ဖျိုင်းဖြူကြီး၏ကံကြမ္မာဆိုးဝါးမှုသည် ခွန်လွေ့၏ကြီးမားသောဂုဏ်ပုဒ်ဝိသေသဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း ခွန်လွေ့သည် ဖျိုင်းဖြူကြီး၏ ဦးခေါင်း၊ နှုတ်သီးအတောင်နှစ်ဖက်နှင့်ခြေထောက်တစ်အစုံကို ဂုဏ်ယူဝင့်ကြွားစွာ အမြတ်တနိုး သိမ်းဆည်းထားခဲ့သည်။

ထိုစဉ်က ဟူးကောင်းကျားကြီးဟု နာမည်ကြီးနေသော ဆလိုင်းကြီးထန်ထောင်သည်ပင် သူ့တစ်သက်တာ၌ ဤလိုဖျိုင်းဖြူကြီးကို တစ်ကြိမ်တစ်ခါမှ မမြင်ဘူး၊ မတွေ့ဘူး၊ မသတ်ဘူးသဖြင့် ခွန်လွေ့ကို ဝက်တောင်းကြီးတစ်ကောင်ကိုသတ်၍ ဂုဏ်ပြုပွဲလုပ်ပေးခဲ့ဖူးသည်။

ထိုဂုဏ်ပြုပွဲ၌ ခွန်လွေ့၏ ဖျိုင်းဖြူရခြင်းအတိတ်နိမိတ်မှာ ဤနယ်တစ်ဝိုက်တွင် သူမတူသော မုဆိုးကျော်ကြီးတစ်ယောက်ဖြစ်လာလိမ့်မည်ဟု ဆလိုင်းကြီးထန်ထောင်က နိမိတ်စကား မြွက်ကြားမိန့်မှာခဲ့သည်။

ထို့ကြောင့်လည်း ဖျိုင်းဖြူမမြင်ဘူးကြသော ကူပွန်ရွာသူရွာသားများသည် ခွန်လွေ့၏အိမ်တွင် ကြိတ်ကြိတ်တိုးစည်ကားခဲ့သည်။ သားငယ်၊ သမီးငယ်များကို မြင်ဖူးသည်ရှိအောင် လက်ဆွဲခေါ်လာပြကြရသဖြင့် တစ်အိမ်လုံးသောသောညံခဲ့သည်။ ခွန်လွေ့၏သတင်းကျော်စောမှုသည်လည်း ရွာနီးရပ်နီးတစ်ဝိုက် တောမီးပမာ ပျံ့နှံ့ခဲ့လေသည်။ ထို့ကြောင့်လည်း ငယ်ရွယ်သူ ခွန်လွေ့သည် အင်မတန်အားမာန်တက်ခဲ့သည်။

ယခုတော့ ဤသည်ကို အလကားဟု လျှံထောင်က အသုဘပွဲ အများရှေ့တွင် ချိုးနှိမ်စကားဆိုသည်။ အထူးသဖြင့် သက်တူရွယ်တူ လုလင်ပျိုများရှေ့ ဤသို့အဆိုအကြိမ်း စိန်ခေါ်ခံရသည်ကို အသည်းဆတ်ဆတ်ခါနာသည်။

ခွန်လွေ့သည် လျှံထောင်၏အသံလာရာဘက်ဆီသို့ လှမ်းငဲ့ကြည့်မိ၏။ ခွန်လွေ့ လှမ်းကြည့်မိခါမှ လျှံထောင်၏ကြုံးဝါးစိန်ခေါ်နေသံက ပို၍ပင်ကျယ်လောင်လာသည်။ ကျယ်လောင်လာရုံမက ခွန်လွေ့ကို စိန်းစိန်းဝါးဝါးကြည့်၍ ကခုန်မြူးပေါက်ကာ သူ့အနားရောက်လာသည်။ ဆလိုင်းထန်ထောင်၏

www.burmeseclassic.com

အလောင်းခေါင်းလုံးကိုထမ်းထားသော ခွန်လွေကို ဝိုင်းပတ်၍ကခုန်မြူးထူးသွားသည်။ ခွန်လွေ၏အနားကိုရောက်လာတိုင်း လျှံထောင်၏စိန်ခေါ်သံက ပို၍ကျယ်လောင်လာသည်။ ကြုံးဝါးစိန်ခေါ်သံကလည်း ပို၍ ပီပြင်ပြတ်သားလာသည်။ ပို၍လည်းမာန်ပါလာသည်။

"လူကိုသတ်ရဲလား"

"လူကိုသတ်ရဲလား. . . " တဲ့။

ခွန်လွေမျက်နှာတစ်ပြင်လုံးသည် ခေါင်ရည်၏အရှိန်နှင့် ရဲရဲနီလာသည်။ အံကြိတ်ထားရသဖြင့် မေးရိုးမှအသားဆိုင်များဖုထစ်ထလာသည်။ ရုတ်တရက် မျက်နှာကိုငုံ့ပစ်လိုက်၏။ ရှက်စိတ်နှင့် တစ်ကိုယ်လုံး မွန်ထူလာသည်။ မသာပို့လာကြသူအားလုံး၏မျက်လုံးပေါင်းများစွာသည် သူတစ်ဦးတစ်ယောက်တည်းကို ဝိုင်းကြည့်နေကြသလို ခံစားနေရ၏။ သို့သော် လျှံထောင်၏စိန်ခေါ်ကြုံးဝါးနေသံကား မရပ်သေး။ ပို၍ပင်ကျယ်လောင်လာ၏။

ပြောင်၊ ကျား၊ ဆင်၊ မျိုင်းဖြူသတ်တာ အလကားဟု လျှံထောင်က ထပ်ဆိုလိုက်၏။ ဤတစ်ခါ သူ၏ဂုဏ်သိက္ခာကိုထိပါးစော်ကားလာသည့်အပြင် ရပ်ကျော်၊ နယ်ကျော် ဆလိုင်းကြီး ထန်ယောင်၏ဂုဏ်သိက္ခာကိုပါ ထိပါးလာ၏။တစ်နည်းယူဆရလျှင် သူ့ညီမ လျှံနေနှင့် ခွန်လွေတို့ ချစ်ကျွမ်းဝင်နေကြသည်ကို သိ၍ သဘောမတူကြောင်း တမင်ဖော်ထုတ်ပြသလိုက်ခြင်းလည်း ဖြစ်၏။

နောက်တစ်ကြောင်းမှာ လွန်လေပြီးသော ရှေးရှေးပဝေသဏီနှောင်းလေပြီးသောကာလတစ်ချိန်က နောက်ခံသမိုင်းကြောင်းတစ်ခုကို မဆင်မခြင်တူးဆွ ဖော်ထုတ်လာခြင်းလည်း ဖြစ်၏။ ခွန်လွေ၏ဆွေမျိုးများနှင့် လျှံထောင်၏ဆွေမျိုးများသည် ဘင်ဘီဘိုးဘွားအဆက်ဆက် သတ်ဖြတ်လာခဲ့ကြသည်။ ကလဲ့စားမချေတမ်းချေလာခဲ့ကြသည်။ ဤသည်မှာလည်း အလွန်အလွန်ရှေးရှေးကျသော သူတို့ဒေသ၏ ရိုးရာအပေးအယူတစ်ခုလိုဖြစ်ခဲ့၏။

ယခု နောက်ဆုံးနှင့် အနီးဆုံး ကလဲ့စားချေ သတ်ဖြတ်ခဲ့ကြသည်မှာ လျှံထောင်၏ အဘိုးတစ်ယောက်သည် ခွန်လွေ၏အဘိုးကိုသတ်ခဲ့သည်။ ဤသို့အဘိုးကိုသတ်လျှင် အဖေလက်ထက်မှာ ပြန်ပြီး ကလဲ့စားချေ သတ်ဖြတ်ရမည်။ သို့သော် ခွန်လွေ့အဖေသည် လျှံထောင်၏ အဖေဘက်က ဆွေမျိုးတစ်ဦးတစ်ယောက်ကိုမျှ ကလဲ့စားချေ မသတ်ခဲ့။ ရှေးရှေးပဝေသဏီကာလကဟု အငြိုးအတေးလည်းမထားခဲ့။

ခွန်လွေ၏ အဖေမှာ အသက်ငါးဆယ်ကျော်အရွယ်တွင် ငှက်ဖျားရောဂါနှင့်သေသွားသည်။ ထိုအခါ ညီအစ်ကိုလည်းမရှိ၍ ရန်မီးတစ်ဆက်ငြိမ်းသွားသည်။ ခွန်လွေ၏အဖေမှာ တစ်ဦးတည်းသောသားဖြစ်သဖြင့် ရန်မီးလည်း လျှံထောင်တို့အမျိုးနှင့် မဆက်ခဲ့ပေ။

ထိုစဉ်က ခွန်လွေသည် အရွယ်မရောက်သေးသလို ခေတ်အခါကလည်း တောမင်း၊တောင်ပိုင်ခန့်ထားခြင်းခံရသူတို့က အစိုးရမင်းများ၏ ဥပဒေအရ အချင်းချင်း ကလဲ့စားချေသတ်ဖြတ်ခြင်းကို အရေးယူ တားမြစ်ခြင်းများရှိလာသည်။ ထို့ကြောင့် တစ်မျိုးနှင့်တစ်မျိုး ကလဲ့စားချေသတ်ဖြတ်လာခဲ့ကြသော အလေ့အထဆိုးက တိမ်ကောပျောက်ကွယ်သွားလေသည်။

သေနေပြီး၊ ငြိမ်းအေးနေပြီးဖြစ်သောမီးကို ယခုတော့ လျှံထောင်ကပြန်မွှေးလာသည်။ အမှန်တကယ်မှာမူ ရိုးရာဓလေ့အရဆိုလျှင် အဖေမသတ်ခဲ့သော၊ ကလဲ့စားမချေခဲ့သောကြွေးက ခွန်လွေအပေါ် တင်နေသည်။ ဤတင်နေသောကြွေးကို ယခုတော့ ကြွေးရှင်က ဘာမှမပြောဘဲ ကြွေးပေးဆပ်ရမည့်သူကသာဖော်ထုတ်လာ၏။ ဤသို့ အပြောအဆိုခံရသည့်မှာ ခွန်လွေအတွက် ရှက်စရာသာ မဟုတ်၊ နာကြည်းစရာ၊ သတ္တိနည်းသွေးကြောင်ရာလည်းကျသည်။

"တောက်"

ခွန်လွေသည် တက်တစ်ချက်ကို ကျယ်ကျယ်လောင်လောင်ခေါက်လိုက်သည်။ ပြီးတော့ သူ့အမျိုး၊ သူ့ဆရာ ဆလိုင်းထန်ထောင်၏ခေါင်းကို ထမ်းထားရာမှ ဟာကာကို လက်လွှဲပေးလိုက်သည်။ ထိုအချိန်ထိလည်း လျှံထောင်၏ကြွေးခေါ်တောင်းနေသံက မတိတ်သေး။ ခွန်လွေကို ပြောင်လှောင်သရော်နေဆဲသာရှိနေသေး၏။

ခွန်လွေသည် အရှူးအမူးအော်ဟစ်ခုန်ပေါက်နေသော လျှံထောင်ကို နာနာကြည်းကြည်းလှမ်းကြည့်လိုက်၏။ လျှံထောင်၏ မျက်နှာသည် ကညင်ဆီမီးရောင်အောက်၌လျှမ်းလျှမ်းတောက်နေသည်။ ခွန်လွေကို လှောင်ပြောင်သရော်နေတုန်းပင်။

ခွန်လွေသည် လျှံထောင်ကိုလှမ်းကြည့်၍ အသားတဆတ်ဆတ်တုန်လာ၏။

ထိုစဉ် ကူပွန်၏ရွာသူကြီးလည်းဖြစ်၊ လျှံထောင်၏ ဘကြီးတော်လည်းဖြစ်သော ထန်ဖူးက လျှံထောင်ကိုဆွဲခေါ်၍ အော်ငေါက်မာန်မဲနေသည်ကို မြင်လိုက်ရသည်။ မရဏာမောင်းသံနှင့် အမျိုးလိုက်၊ တစ်ဦးချင်းအလိုက် ဂုဏ်ဖော်အော်ဟစ်နေကြသောအသံဗလံထဲ၌ ထန်ဖူး၏အသံကိုတော့ ပီပီပြင်ပြင်မကြားရ။ လျှံထောင်၏ မဆင်မခြင်စိန်ခေါ်မှုကို ဆုံးမနေသည်ဟုတော့ သိလိုက်ရသည်။

ထိုစဉ် ဘုရားကျောင်းမှ ဖာသာကြီး အရစ်တိုတယ်ဂွန်လည်း လူအုပ်ထဲက ပေါ်ထွက်လာပြီး လျှံထောင်နှင့် ထန်ဖူးတို့ကြားတွင် မားမားမတ်မတ်ရပ်လိုက်သည်ကို မြင်လိုက်ရ၏။ ဖာသာကြီး အရစ်တိုတယ်ဂွန်ကိုမူ သူ၏အဆုံးအမ၌တည်ကြသူများနှင့် နတ်ကိုးကွယ်ကြသူများအားလုံးက လေးစားကြသည်။

သူသာသနာပြုရန် တောင်တန်းဒေသကိုရောက်ကတည်းက လူလူချင်းကလဲ့စားချေမှု၊ သတ်ဖြတ်မှုတို့ကို သူကဟန့်တားစကားဆိုခဲ့သည်။ ဤသည်ကို ဒေသခံတို့က မနှစ်မြို့ကြ။ သူတို့၏ဓလေ့ထုံးစံကို ဖျက်ဆီးစကားဆိုသူဟု အမုန်းပင်ပွားခဲ့ကြသည်။

ထို့ကြောင့် -

"ခင်ဗျားတို့ အင်္ဂလိပ်တွေကော တစ်မျိုးနဲ့ တစ်မျိုး စစ်မတိုက်ကြဘူးလား၊ လူမသတ်ကြဘူးလား"

ဟု မေးခွန်းထုတ်သူကထုတ်ကြသည်။

ထိုအခါ အရစ်တိုတယ်ဂွန်က -

"အကြောင်းမဲ့တော့လူမသတ်ကြပါဘူး"

ဟု ပြန်ပြောသည်။

"ဒါဆို ခင်ဗျားတို့ လီဗိုလမ်းမတစ်လျှောက်မှာ ဂျပန်တွေနဲ့သတ်ကြတာတွေကော"

ဟု တစ်ယောက်ကမေးသည်။

"ဟုတ်တယ်လေ - အဲဒီတုန်းကတော့ သတ်ကြတာပေါ့၊ စစ်ကြီးဖြစ်နေတာလေ။ သတ်ကြတာမှ ခင်ဗျားတို့လိုတစ်ယောက်တငလေ၊ တစ်ရွာနဲ့တစ်ရွာတောင်မဟုတ်ဘူး အစုလိုက်အပြုံလိုက်ကိုသေအောင် သေနတ်တွေ၊ ဗုံးတွေနဲ့သတ်ခဲ့ကြတယ်"

"ဒါဆို အင်္ဂလိပ်တွေ လူသားစားသလား"



www.burmeseclassic.com

www.burmeseclassic.com

"အင်္ဂလိပ်တွေ လူသားမစားဘူး။ လူသားအချင်းချင်းသတ်စားကြတာ သိပ်ရိုင်းတယ်။ လူသားအချင်းချင်း တိရစ္ဆာန်တွေကိုသတ်ဖြတ်ကြသလို သတ်နေကြတာ၊ သတ်စားနေကြတာလည်း သိပ်ယုတ်ညံ့တယ်"

"ဒါဆို စားဖို့လည်းမဟုတ်ဘဲနဲ့ ခင်ဗျားတို့ လူသတ်နေကြတာဟာကမှ ရိုင်းစိုင်းတာ"

ဟု တစ်ယောက်ကမေးလိုက်ရာ အရစ်တိုကယ်ဂျွန်မှာလည်း ရုတ်တရက်သူတို့နားလည်အောင် ဘယ်လိုရှင်းပြရမှန်းမသိတော့ဘဲ ငိုင်တိုင်ငူတူဖြစ်သွားသည်ဟုပြောကြသည်။

နောက်ပိုင်းမှာတော့ အရစ်တိုကယ်ဂျွန်က ဖျားနာသူများကို နတ်ဆရာတွေနှင့်အပြိုင် ဆေးထိုးပေး၊ ဆေးကုသပေးသည်။ အရစ်တိုတယ်ဂျွန် ဆေးကုသပေးသူများသည် နတ်ဆရာတွေ နတ်ဆေးပေးစားသူများထက် ရောဂါပျောက်ကင်းလာသောအခါ အရစ်တိုတယ်ဂျွန်၏အဆုံးအမ၌ တည်သူများလာ၏။ သူ့ကို ယုံကြည်အားထားကြသူများ ရွာတွင်များလာလေသည်။

ထို့ကြောင့်လည်း များမကြာမီမှာပင် ကူပွန်ရွာ၏အထက်ရှိ ဇန်နောတို့တောင်ယာတောင်ကုန်းကမူတွင် ဘုရားကျောင်းဆောက်လုပ်ပေးကြလေသည်။ အရစ်တိုတယ်ဂျွန်သည် ဆေးကုသပေးသည့်အပြင် ရွာ၏ ဒုရေးသုရေးများ၌လည်း ရိုင်းပင်ကူညီတတ်သည်။ ခရစ်ယာန်ဘာသာရေးပွဲတော်ကို တောင်ပေါ်ဒေသ၌ တစ်နှစ်တစ်ခါလုပ်တတ်သည်။ ထိုပွဲတော်တွင် တောင်ပေါ်ဒေသသားများကို ရက်ရက်ရောရော လက်ဆောင်ပေးတတ်သည်။ ခရစ္စမတ်ပွဲ၌ စုပေါင်းသီဆိုကြရန် လူငယ်များကို ဓမ္မတေးများသင်ကြားပေးသည်။ ယင်းကြောင့်လည်း လူကြီးများထက် လူငယ်များက သူ့ကိုပိုခင်ကြ၏။ ထို့ကြောင့် သူ့စကားကိုလိုက်နာနားထောင်တတ်လာကြသည်။

ယခု အရစ်တိုတယ်ဂျွန်ကို မြင်လိုက်သောအခါ လျှံထောင်အား လူကြီးများက မကောင်းဆိုးရွားတစ်ကောင်ကိုမြင်နေကြရသလို မလိုမုန်းထားစွာလှမ်းကြည့်နေကြသည်။ ဤသည်တို့ကြောင့်လည်း သူ့ဘကြီးတော် ထန်ဖူးက ဆွဲခေါ်နေသည်ကိုပင် ကလန်ကဆန်လုပ်နေသော လျှံထောင်သည် နောက်တော့ သူ့ဘကြီးတော်ဆွဲခေါ်ရာသို့ ကိုးရိုးကားရား မလှမပနှင့်ပါသွားလေသည်။

မုဆိုးကျော်ကြီးဆလိုင်းထန်ထောင်၏ အလောင်းခေါင်းသည် အမှောင်ထဲကမီးရောင်တွင် ယမ်းခါလှုပ်ရှားနေ၏။ အလောင်းအခေါင်းကိုထမ်းလာကြသောခေါင်းရည်ယစ်နေသူများသည် အလောင်းခေါင်းကို ခုန်ပေါက်မြှောက်ချီကစားနေကြ၏။ အသုဘပို့သူများသည် အလောင်းခေါင်းနောက်မှ တုံ့နှေးတုံ့နှေးနှင့် သုသာန်ဘက်ကို လိုက်ပါနေကြသည်။ အမှောင်ထဲက ကညင်ဆီ၊ ထင်းရှူးဆီ၊ ပျားဖယောင်းမီးတုတ်မီးရောင်အောက်တွင် လှုပ်လှုပ်ရွရွတရွေ့ရွေ့ရွေ့လျားနေကြသည်။

ခွန်လှေ၏ စိတ်မာန်သည် မီးစွယ်မီးညွန့်များနှယ် လှုပ်ရှားယိမ်းကနေသည်။ သူသည် ခေါင်းငိုက်စိုက်ချကာ ရွာဘက်သို့ တစ်ယောက်တည်းပြန်လှည့်လာ၏။ ရွာအောက်ဘက် စမ်းချောင်းနားကိုရောက်လာသည်။ ရေစပ်နားက ကျောက်တုံးတစ်တုံးပေါ်တွင် ပင်ပန်းကြီးစွာထိုင်ချလိုက်သည်။

အသုဘမှ မရဏဗုံတီးခတ်သံများ၊ သေမင်းခေါ်သံတေးသီချင်းများကို လုံးဝမကြားမိတော့။ 'လူကိုသတ်ရဲလား၊ လူကိုသတ်ရဲလား' ဟူသော လျှံထောင်၏ စူးစူးရှရှကြုံးဝါးလိုက်သံသည် ခွန်လှေ၏ နားထဲ နကျယ်အကောင်တစ်ရာလောက်ဝင်ရောက် အော်မြည်နေနေကြသံကို ဆူညံနေ၏။ ရင်ထဲကပို၍တင်းကျပ်လာသည်။ မျက်နှာတစ်ပြင်လုံးအဆီပြန်ကာ ချွေးပေါက်ပေါက်ကျလာသည်။

"သတ်ရဲတယ်၊ သတ်ရဲတယ်။ မင်းကို ငါသတ်မယ် လျှံထောင်၊ မင်းကို ငါသတ်မယ်"

ခွန်လှေသည် အမှောင်ထဲ၌ စူးစူးဝါးဝါးအော်ကြိမ်းပစ်လိုက်သည်။ ခွန်လှေ၏ ဟအားအော်ဟစ်လိုက်သံသည် တောင်ချိုင့်တစ်ခုလုံးပဲ့တင်ပြန်ကာ သူ့ကိုယ်ထဲပြန်ဝင်လာ၏။ တစ်ကိုယ်လုံးမွှန်ထူကာ သူ့အော်သံကိုသူပြန်ကြားနေရသည်။

"သတ်ရဲတယ် သတ်ရဲတယ်။ မင်းကို ငါသတ်မယ် လျှံထောင်၊ မင်းကို ငါသတ်မယ်"

ခွန်လှေသည် စမ်းရေကို လက်ခုပ်နှင့်ကုန်းခပ်ကာ သူ့မျက်နှာကိုဆွတ်ရိုက်ပစ်လိုက်သည်။ လည်ကုပ်၊ နားထင်တွေကိုလည်း ဆွတ်ရိုက်သည်။ ခေါင်ရည်မူးယစ်လာသောမျက်နှာသည် စမ်းရေနှင့် ဆွတ်ရိုက်လိုက်သော်လည်း အေးမြမသွားပေ။ စမ်းရေကို လက်ခုပ်နှင့်ခပ်သောက်ပစ်လိုက်သော်လည်း ရင်အပူကလျှော့မသွား။ ခွန်လှေသည် စမ်းပေါက်ထဲကတက်လာ၏။

ရွာထဲဝင်လာ၏။ အသုဘပို့သူများပင် ပြန်ရောက်နေကြပြီ။

ခွန်လှေသည် ရွာလမ်းအတိုင်း မိမိတို့အိမ်ရှိရာဘက်ကိုလျှောက်လာသည်။ ရွာတောင်ပိုင်းနားသို့ ရောက်လာ၏။ လျှံထောင်၏ချစ်သူ ပဇံသည် ခွန်သာမိုင်းနော်တို့အိမ်ပေါ် လှမ်းတက်သွားသည်ကို ရိပ်ခနဲမြင်လိုက်ရ၏။

ခွန်လှေ၏ရင်သည် ပို၍အခုန်မြန်လာ၏။ လျှံထောင်သည် သူ့ချစ်သူ ပဇံရှိသော ခွန်သာမိုင်းနော်တို့အိမ်၌ ယခုလောက်ဆိုလျှင် ရောက်နှင့်နေပြီးဖြစ်မည်။ ခွန်လှေ၏ချစ်သူ လျှံထောင်၏နှမလျှံနေကတော့ ရွာမြောက်ပိုင်း ဆလိုင်းခုန်ကျုန်တို့အိမ်တွင် သူ့ကိုများမျှော်နေမလား။

ဤနေ့၌ ရွာရှိ အပျို၊ လူပျိုတို့သည် ခါတိုင်းနေ့များလို ခွန်သာမိုင်းနော်တို့အိမ်တွင် နှလုံးသားတေးသီချင်းများကို တစ်ပြန်တစ်လှည့်ဖွဲ့ဆိုနေကြလိမ့်မည်မဟုတ်။ မုဆိုးကြီးဆလိုင်းထန်ထောင်အသုဘ၌ မည်သို့မည်ပုံထူးခြားချက်ရှိသည်များကိုသာ ပြောဆိုနေကြလိမ့်မည်။

မည်သူသေတုန်းကမှ ခေါင်းထဲရှိသေနေသူသည် သီချင်းဆို၍ ကခုန်အော်ဟစ်လိုက်ပါလာသည်။ သူ့ခေါင်းတလားကိုထမ်းပြီး ခုန်ပေါက်ငှေ့ယမ်းတမ်းကစားနေကြသူအချို့က သေသူ၏အသံကို ပီပီသသကြားလိုက်ရသည်။ အခေါင်းထမ်းသူများကဲ့သို့ပင် သေသူသည်လည်း အပျော်ကြီးပျော်လာသည်။ မည်သူ့တုန်းကမှ ထွန်းညှိကိုင်ဆောင်လာကြသောမီးတုတ်မီးတိုင်များကိုလိုက်မှုတ်ငြိမ်းသတ်ပြသည်။ မည်သူ့တုန်းကမှ အလောင်းပို့သူများအပြန်တွင် သေသူ၏ဝိညာဉ်ပြန်လိုက်လာသည်။ မသာပို့သူများ ရွာပြန်မရောက်မီကပင် ရွာထိပ်၌ သုသာန်က ပြန်လာသူများကို ဆီးကြို၍ အရိပ်ပြသည် စသဖြင့် လူတစ်ယောက်သေတိုင်း တစ်မျိုးတစ်ဖုံစီပြောဆိုလေ့ရှိကြသည်။

ယနေ့၌မူ ထိုအကြောင်းအရာများကို ခွန်လှေ သတိမရ။ လျှံထောင်သည် ခွန်လှေတို့အမျိုးအား ကလဲ့စားမချေဝံ့ကြသောအမျိုး။ သေမှာကြောက်သောအမျိုး၊ သတ္တိနည်းသောအမျိုး၊ တောင်ပေါ်သား သွေးမရှိသောအမျိုးဟု



www.burmeseclassic.com

www.burmeseclassic.com

များ အပျိုလူပျိုများစုဝေးရာ ခွန်သာမိုင်းနော်တို့အိမ်တွင် မူးမူးရူးရူးနှင့် ဝင့်ကြွားစွာပြောဆိုနေလိမ့်မည်လား။ ဤသို့တွေးမိသည်နှင့် လျှံထောင်၏နှမ လျှံနေ၏ မျက်နှာကိုမြင်လာကာ တစ်ကိုယ်လုံး မွှန်ထူသွားပြန်သည်။

သူချစ်သူ လျှံနေကမူ သူ့အစ်ကိုလာတတ်သော ခွန်သာမိုင်နော်တို့အိမ်၌ မရှိ။ မြောက်ပိုင်းက ခုန်ကျွန်မိုင်သန်းယာတို့အိမ်၌သာ သူ့ကိုမျှော်ပြီးရှိနေလိမ့်မည်။ လောလောဆယ် ထူးဆန်းသော ဖျိုင်းဖြူတစ်ကောင်ကိုရထားသူ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးကျော်ဖြစ်နေသူ၊ သူ့ချစ်သူ ခွန်လွေသည် ဆလိုင်းကြီး၏ အသုဘအတွေ့အကြုံကို မည်သို့ပြောလာမည်နည်းဟု တမျှော်မျှော်ရှိနေပေလိမ့်မည်။

'လျှံနေ'

'လျှံနေ'

ခွန်လွေ၏ရင်ထဲက တစစ်စစ်မြည်လာသည်။

ဤနေ့ လျှံနေရှိရာကို သူမသွားချင်။ နောက်နေ့တွေလည်း သွားတော့မည်မဟုတ်။ ဘယ်တော့မှမသွားတော့ဟု သူဆုံးဖြတ်လိုက်သည်။ အသိမပါဘဲ အိမ်ပေါ်ကိုရောက်လာသည်။ နှစ်ချို့ခေါင်ရည်ဘူးကိုယူ၍ အငမ်းမရသောက်ပစ်လိုက်သည်။ ရင်အပူက တရှိန်ရှိန်တက်လာ၏။ မျက်နှာကပို၍နီလာ၏။ ရင်ထဲမှာ ခံပြင်းစိတ်က ပေါက်ကွဲနေ၏။ ခေါင်ရည်အိုးကို ဒေါသတကြီးပေါက်ခွဲပစ်လိုက်သည်။

"ဟဲ့ဟဲ့ ခွန်လွေ၊ သား ဘာဖြစ်လာလဲ"

"ကအူး၊ ဘာဖြစ်လာလဲ"

အိမ်အောက်တွင် ဝက်ပေါက်မသားအမိတို့အသံထက်ကျယ်သောအမေနှင့်ညီမငယ်တို့၏ အထိတ်အလန့်မေးလိုက်ကြသံကိုကြားမိလိုက်သည်။

"ငါ့စိတ်နေမကောင်းဘူး အမေ၊ ငါ့စိတ်နေမကောင်းဘူး"

"ဟင်. . . ဟင် ဘာဖြစ်လို့လဲ လူကလေး"

အမေပြေးထွက်လာသည်။

"ဟင် - ဘာဖြစ်လာလို့လဲလို့"

ခွန်လွေ အံကြိတ်ထားသည်။

သူ့ဆရာ မုဆိုးကျော်ကြီး ဆလိုင်းထန်ထောင်၏အသုဘတွင် လျှံထောင်က သူ့အားစော်ကားသွားသည်ကို အမေအား ပြောပြ၍မဖြစ်။ အမိသိလျှင် ဟန့်တားဦးမည်။

နင့်ကို ဖာသာကြီး အရစ်တိုတယ် ကလက်စားချေတာမကောင်းဘူး။ လူလူချင်း ကလဲ့စားချေကြတာ မကောင်းဘူး။ သတ်ဖြတ်ကြတာမကောင်းဘူး။ ရိုင်းစိုင်းရာကျတယ်။ လူရိုင်းတွေသာ အဲသလို ကလဲ့စားချေကြတာ၊ သတ်ဖြတ်ကြတာ

ဟု သူ့ကို မုချပြောလာမှာ သူသိသည်။

ဖွင့်ပြောလိုက်လျှင် သူ့ကို ပထမဖျောင်းဖျမည်။ သူ့ကိုဖျောင်းဖျ၍မရလျှင် လျှံထောင်၏မိဘများကိုသွားတိုင်မည်။ ဖာသာကြီး အရစ်တိုတယ်ဂျွန်ကိုလည်း သွားတိုင်မည်။ ထိုအခါ လူကြီးတွေက သူ့ကိုစောင့်ကြည့်ကြလိမ့်မည်။ လျှံထောင်ကိုသတ်ရန်သူကြံစည်နေကြောင်းသိလျှင် တောင်အုပ်ကြီးက သူ့ကို ထိတ်တုံးခတ်၍ လီဒိုမြို့ထောင်ကို ပို့လိုက်လိမ့်မည်။ ထိုအခါ လျှံထောင်ကိုမသတ်ရခင် သူသာ ဒုက္ခရောက်မည်။ ထို့ကြောင့် ဤကိစ္စမည်သူ့ကိုမျှပြော၍မဖြစ်။

"ဟင် -- လူလေး၊ ဆလိုင်းကြီး အသုဘက နင်ဘာဖြစ်လာလဲငါ့ကိုပြောစမ်း။ ဘာကြားခဲ့လို့လဲ၊ ဘာမြင်ခဲ့လို့လဲ"

"ငါ့စိတ် နေမကောင်းပါဘူးဆို၊ ကနူး ငါ့ကိုဘာမှလာမမေးနဲ့"

"နွားလေး"

ခွန်လွေက ဘာမှပြန်မပြောဘဲ ကြမ်းပြင်ပေါ် လှဲချလိုက်၏။

"ဘာမှမဟုတ်ဘူး ကနူး၊ အသုဘက ခေါင်ရည်မူးလာတာ"

သူ့ညီမက သူ့အမေကိုပြောလိုက်၏။

"ဟုတ် ဟုတ်တယ်၊ ငါခေါင်ရည်မူးလာတာ"

ဤမျှသာပြောပြီး ခွန်လွေအိပ်ပျော်သွားသည်။

❑

မနက်မိုးလင်းတော့ ခွန်လွေ အမူးပြေသွားသည်။

မျက်စိနှစ်လုံးမပွင့်မီကပင် ညက ဆလိုင်းကြီးအသုဘကို စိတ်ကရောက်သွား၏။ ထိုအခါ လျှံထောင်၏မျက်နှာက အလိုလိုပေါ်လာ၏။ ရုပ်ကိုမျက်စိထဲမြင်နေရသလို လျှံထောင်၏ကြိမ်းဝါးနေသံတို့ကိုလည်း ပြန်လည်ကြားယောင်လာသည်။ ထိုအခါ ဒေါသနှင့်ငေါက်ခနဲထထိုင်လိုက်၏။

သူတို့အိမ်မှာ မည်သူမျှမရှိတော့။ အမိနှင့်နှမငယ်တို့သည် တောင်ယာကိုထွက်သွားကြပြီ။ ညက ဆလိုင်းကြီးအသုဘတွင် အမူးလွန်လာသောသူ့ကို အိပ်ရေးဝအောင် အိပ်လေ့စေဟု တမင်မနှိုးဘဲထားခဲ့ကြ၏။ သူအိပ်ရာကနိုးနိုးချင်း လျှံထောင်ကို သတိရသလို ညဥ့်ဦးကသူထောင်ထားခဲ့သောထောင်ချောက်များကိုလည်း မုဆိုးပီပီ သတိရမိလိုက်ပြန်သည်။

ထိုအခါ မျက်နှာသစ်ရန်ကိုပင် သတိမရဘဲ ဒူးလေး၊ မြားတံ၊ လှံရှည်ဆွဲကာ သူ့ထောင်ချောက်များရှိရာသို့ထွက်လာသည်။ သို့သော် လျှံထောင်ကိုတော့ တစ်လမ်းလုံး မကျေမနပ်စိတ်နှင့် သူသတိရနေဆဲ။ ထိုအခါ သူ့ခြေလှမ်းသည် ဒေါသနှင့်ပိုမြန်လာ၏။

ရွာနားရှိ စမ်းပေါက်နားတွင် ထောင်ထားသောထောင်ချောက်များကို လိုက်ကြည့်၏။ ရွာနားစမ်းပေါက်ရှိ ထောင်ချောက်များမှ သားကောင်မိနေသည်ကို မတွေ့ရ။ ထောက်ချောက်သုံး၊ လေးခုကိုလျှောက်ကြည့်ပြီးမှ သူသတိရသည်။ ညက ဟူးကောင်းမုဆိုးကြီး၏ မရဏစည်သံနှင့်လူအော်သံများကြောင့် ရွာစမ်းပေါက်နားသို့ ဘယ်သားကောင်မှ သီရဲကြမည်မဟုတ်။

ဆလိုင်းကြီး၏ အသုဘနှင့် မရဏစည်ရိုက်သံထဲတွင် လျှံထောင်၏အသံကိုလည်း ပြန်လည်ကြားယောင်လာပြန်သည်။

"မီလှိုင်နာ ထပ်ငမ်မော်"

"လူကိုသတ်ရဲလား"

"မီလှိုင်နာ ထပ်ငမ်မော်"

"လူကိုသတ်ရဲလား"

ဒေါသသည် ချက်ချင်းနိုးထလာ၏။

"သတ်ရဲတယ် သတ်ရဲတယ်။ မင်းကို ငါ သတ်မယ် လျှံထောင်၊ မင်းကိုငါ သတ်မယ်"

စိတ်ထဲက ကြုံးဝါးရင် တောင်ခြေမှ ထောင်ချောက်များဆီ သူ့ခြေလှမ်းက အလိုလိုရောက်လာပြန်သည်။

ခြေသံလုံလုံနှင့် ထောင်ချောက်တစ်ခုနား ခွန်လွေရောက်လာ၏။ မျက်စိနှင့်နားကို ရှင်ရှင်ထားသည်။

လူနံ့ရသည်နှင့် သူ့ထောင်ချောက်တွင်မိနေသော ချေဖားကြီးတစ်ကောင်၏နှာမှုတ်သံကို ချက်ချင်းသူကြားသည်။ လှံရှည်ကို သတိနှင့်ဆကိုင်ပြီးအနားကပ်သွားရာ သူ့မျက်စိသူမယုံဖြစ်သွားသည်။ သူ့သုတ်ကိုင်းတွင် လက်တစ်ဖက်ပိ[illegible]သော ဝက်ဝံသည် လူကိုမြင်[illegible]နှင့် အီလေထိုးပြေးလိုက်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

ဝံကြီးသည် ခွန်လွေနား မရောက်လာ။ ခွန်လွေ၏လက်သုတ်ကိုင်းက ဝံဆွဲအား နှင့်ညွတ်ပါလာရာမှ ကိုင်းကတစ်ခါပြန်၍ တုပ်ဆွဲလိုက်သောအခါ ဝံကြီးပက်လက် လန်သွားသည်။

ဤအခွင့်အရေးသည် ခွန်လွေ အတွက် အကောင်းဆုံးအနေအထား ဖြစ်သည်။ ကိုင်းတံ၏ ဆွဲအားကြောင့် ပက်လက်လန်သွားသောဝံကြီး၏ရင်ဝ ကို ခွန်လွေက လုံ့ရှည်နှင့်ပြေးစိုက်လိုက် သည်။ သို့သော် လွတ်နေသောလက် တစ်ဖက်နှင့် ဝံက ပုတ်ထုတ်လိုက်သော အခါ သူ့ထိုးချက်လွဲသွား၏။ ထိုအခါ ခွန်လွေမှာ ကမန်းကတန်းနောက်ဆုတ် ၍ ရှောင်လိုက်ရသည်။

ရန်လို၍ ဒေါသကြီးနေသောဝံက ကိုင်းတံကိုညွတ်ပါလာအောင် အားကုန် ဆွဲပြီး ရှေ့တိုးလာပြန်၏။

'ကျားနတ်တိုက်၊ သစ်လန့်ကိုက်၊ ဝံတွေ့လိုက်' ဟူသော ဆိုရိုးစကားကို မုဆိုးပီပီ ခွန်လွေ သတိရလိုက်သည်။

ကျားသည် လူကို သူ့အလို အလျောက် ဘယ်တော့မှမကိုက်။ နတ် မကြိုက်လာလုပ်မှ နတ်ကိုက်၍ လူကို ကိုက်သည်။ ထို့ကြောင့် တောထဲတွင် တစ်ခုခုမမှားသမျှ လူကိုမကိုက်။ လူကို တွေ့လျှင် ရှောင်သွားသည်။ အထူး သဖြင့် လူမုဆိုးနှင့် တောမုဆိုးတို့သည် သူ့စည်းကိုယ့်စည်းရှောင်ကြသည်။

သစ်ကလည်း လူကိုအင်မတန် ကြောက်၏။ ကျားလိုပင် သူကလည်း လူ့သံကြားသည်နှင့် ရှောင်ပြေး၏။ သို့သော် တစ်ခါတလေ မရှောင်သာ၍ မျက်နှာချင်းဆိုင်တွေ့လျှင်တော့ လူကို လန့်ကိုက်ကိုက်တတ်သည်။

ဝံကတော့ ထိုသို့မဟုတ်။ တော ထဲတွင် လူကိုတွေ့သည်နှင့် ပြေးလိုက်၍ ကိုက်တတ်၏။ ထို့ကြောင့် တောထဲတွင် ဝံကိုတွေ့လျှင် လက်နှေး၍မဖြစ်။ ကိုယ် ဦးသူဦး လက်ဦးမှုကိုအရယူရ၏။ လူမဦး လျှင် ဝံကဦးသွားမည်။ ဝံကကိုက်ပြီးဆို လျှင်လည်း ဒေါသတကြီး အသေအလဲ ကိုက်တတ်၏။

သို့သော် လူကိုကိုက်ရန်ပြေးလိုက် သော်လည်း ဝံသည် သူ့အန္တရာယ်ကို သူအလွန်သိသည်။ ထို့ကြောင့်လည်း သူကိုကိုက်ရန်လိုက်ရာ၌ သူ၏နှာဖျားကို သတ်နှစ်ဖက်နှင့် အကာအကွယ်ယူပြီး ကိုက်လာတတ်၏။ ဤသည်ကိုသိထား သောမုဆိုးများသည် ဝံလိုက်ခံရပါက မတ်တတ်ရပ်ပေးလိုက်ကာ ဝံအနားကို



ရောက်လာတော့မှ နှာနုကိုဖြတ်ရိုက် လိုက်၏။ ဝံတစ်ကိုယ်လုံးတွင် အနာမခံ နိုင်ဆုံးနေရာမှာ နှာနုပင်ဖြစ်သဖြင့် နှာနု ကိုသာ တစ်ချက်ဆီးရိုက်လိုက်လျှင် တော့ ဝံကပြေးပြီ။

ခွန်လွေ၏အဘိုးလေးဖြစ်သူ မုဆိုး တစ်ယောက်ကမူ တောထဲ၌ ဝံများ ပျားသလက်တက်စားနေလျှင် သူသည် ဝံဆီကပင် တောင်းစားဖူးသည်ဆို၏။ ဤသည်မှာလည်း ထိုဝံမတွင် သားငယ် များပါလာမှ ဝံဆီက ပျားတောင်းစား၍ ရ၏။ သားငယ် ဝံငယ်မပါသော ဝံမ၊ ဝံထီးများဆီကတော့ ဘယ်မုဆိုးမှ ပျားတောင်းမစားရဲဟု ဆိုကြသည်။

ပျားကိုအလွန်ကြိုက်သောဝံမကြီး များ သစ်ခေါင်းထဲရှိ ပျားသလက်များကို နှိုက်စားနေလျှင် သူနှင့်အတူပါလာသော ဝံငယ်သားပေါက်တစ်ကောင်နှစ်ကောင် က သူ့အမေ့အောက်ရှိပင်စည်ကို ဖက် တွယ်ထားကာ သူ့အမေအား ပျားသလက် ပေးရန် သူ့အမေ၏ကိုယ်ကို အောက်က လက်နှင့် လှမ်းပုတ်တတ်ကြသည်။ ထိုအခါ ဝံမကြီးက သူ့သားသမီးငယ် များ ပျားသလက်တောင်းနေကြသည် ကို အတပ်သိသဖြင့် ပျားသလက်ကို သူ့ ကလေးများအား အပေါ်ကလှမ်းပေး တတ်သည်။ ထိုသို့ ပျားသလက်လှမ်း ပေးသောဝံမကြီးသည် အောက်ကိုငုံ့ မကြည့်အား။ ပျားကောင်ပေါင်းများစွာ သူ့ကိုယ်ကိုဝိုင်းတုပ်နေကြသည်ကိုလည်း အမွေးထူသောဝံမက ဂရုမစိုက်။ ပျား တုပ်၍လည်း သူကဘာမှမဖြစ်။ ပျား ကောင်များ မည်မျှဝိုင်းတုပ်တုပ် ပျား ခေါင်းချဲ့ရန် ပျားစွဲနေသော သစ်ခေါင်းဝ ကိုသာကိုက်ဖဲ့ချ၍ ပျားသလက်နှိုက်နေ တတ်၏။

ဤသည်ကို တွေ့ကြုံမြင်နေရ သောမုဆိုးကမူ ဝံမကြီး ပျားနှိုက်နေရာ သစ်ပင်အောက်ကိုသွားပြီး ဝံကလေးများ ကို လူယောင်ပြလိုက်ရာ ဝံကလေးများ က ထွက်ပြေးသွားကြ၏။ သို့သော် သစ် ခေါင်းပျားနှုတ်ခမ်းဝထဲ ခေါင်းသွင်းပြီး ပျားသလက်နှိုက်နေသော ဝံမကြီးက လူရိပ်ကျ၍ သူ့သားသမီးများ ထွက်ပြေး သွားကြသည်ကို မသိလိုက်။ အရာ အထောင်မကသော ပျားကောင်များ တောင်ပံခတ်သံ၊ ရန်လို၍ တဝီဝီအော် မြည်နေကြသံ၊ ပျားခေါင်းဝရှိ သစ်ပါး သစ်လွှာများကို သူဖဲ့ကိုက်ချလိုက်၍ ရွက်ကြွေတောထဲ သစ်ပေါက်ခွဲများ တဖြောက်ဖြောက်ကျနေသံတို့ကြောင့် သူ့သားသမီးများ လူရိပ်ကျ၍ထွက်ပြေး သွားကြပြီဆိုသည်ကိုလည်း သူမသိ။ ပျားသလက်ရရှိရေးသာဇောကပ်နေ၏။

ထိုအခါ မုဆိုးက သူ့သားငယ်များ ဝံမကြီးကို လက်နှင့်လှမ်းပုတ်၍ ပျားသ လက်တောင်းသလို မုဆိုးကလည်း ဝံမ ကြီးကိုတို့လိုက်ရာ သူ့သားငယ်များ ပျား သလက်တောင်းနေကြသည်ထင်၍ ဝံမ ကြီးက မုဆိုးကို ပျားသလက်လှမ်းပေး တတ်၏။ ဝံမကြီးက ထိုသို့ပျားသလက် လှမ်းပေးနေသော်လည်း မုဆိုးက သတိ တော့ထားရသည်။ ဝံမကြီးပေးနေသော ပျားသလက်ကုန်သွား၍ ပျားကြေးအိတ် ကြေးသလက်တွေ ပါလာလျှင်တော့ မုဆိုးက မြန်မြန်ပြေးရသည်။ မပြေးလျှင် ထိုပျားခေါင်း၌ ပျားသလက်၊ ပျားရည် အိတ်ကုန်သွား၍ ပျားကြေးအိတ်သာ ကျန်တော့သည်ကို ဝံမကြီးသိသွားပြီး ထို အခါမှ အောက်ကိုဆင်းရန်ငုံ့ကြည့်၏။ သူ့သားသမီးများကိုမတွေ့ဘဲ လူကိုသာ မြင်လျှင်တော့ ချက်ချင်း လူကိုယ်ပေါ် ခုန်ချ၍ အကိုက်ခံရမည်ဖြစ်သည်။

အလွန်ရန်လိုဒေါသကြီးသော ဝံ လိုက်လျှင် အပြေးမြန်မှ ဝံကိုက်မခံရဘဲ တောထဲကပြန်လာနိုင်မည်။ အပြေးမမြန် လျှင်တော့ ဝံကိုက်၊ ဝံကုတ်ခံရမှာသေချာ သည်။ ခွန်လွေကား ဤအတွေ့အကြုံ များကို ကြားဖူးနားဝရှိထားသည်။

ယခုလည်း အလွန်ရန်လိုသောဝံ ကြီးသည် သုတ်ကိုင်း၌ လက်တစ်ဖက် အမိခံနေရ၍ ဒေါသလည်းကြီးနေရာ ဝံ ကြီးသည် သုတ်ကိုင်းညွတ်ပါလာသည် အထိ အားကုန်ရှေ့ကိုဆွဲပြေးလာပြန်၏။ သို့သော် သူ့ဆွဲအားကုန်သွားသည်နှင့် ကိုင်းတံက တစ်ခါပြန်တုပ်ဆွဲလိုက်သော အခါ ဝံကြီးမှာ ပက်လက်လန်၍ သုတ် ကိုင်းဆွဲဆန့်ရာသို့ ဖင်ဒရွတ်တိုက်ပြန်ပါ သွားပြန်သည်။

ပထမတစ်ချက်တွင် သူ့လှံ့နှင့်ဝံ



www.burmeseclassic.com

www.burmeseclassic.com

ကြီး၏ရင်ဝကို မထိုးမိလိုက်သော်လည်း ဤတစ်ခါတော့ ခွန်လွှေ၏ပြေးထိုးလိုက်သော လှံသွားသည် ဝံကြီး၏ရင်ဝတည့်တည့်ကို ထိုးစိုက်ဝင်သွားသည်။ ထိုအခါ ဝံကြီးမှာ သွေးရူးသွေးတန်းနှင့် တအီအီညည်းကာ ရှေ့တိုးမလာနိုင်တော့ပေ။

ထိုအခါမှ ခွန်လွှေလည်း ဝံကြီး၏နှလုံးသားရှိရာကိုဖိထိုးထား၏။ ဝံကြီး မလိုက်နိုင်၊ မကိုက်နိုင်တော့သည်ကိုသိသော ခွန်လွှေက လှံကိုချက်ချင်းဆွဲနုတ်၍ နောက်တစ်ချက်၊ နှစ်ချက်ဆောင့်ထိုးလိုက်တော့မှ ကိုင်းကြီးတန်းလန်းနှင့် ဝံကြီးမှာ မရုန်းမကန်နိုင်တော့ဘဲ ငြိမ်ကျသွားလေသည်။

ဝံကြီးငြိမ်ကျသွားပြီဖြစ်သော်လည်း ခွန်လွှေသည် ဝံသေကို ချက်ချင်း ကိုင်းမှမဖြုတ်သေးဘဲ နောက်သုတ်ကိုင်းနှစ်ခုကိုသွားကြည့်၏။ နောက်သုတ်ကိုင်းနှစ်ခုကမူ ကိုင်းသီးခလုတ်ပင်မပြုတ်ဘဲကျန်ခဲ့သော ညနေက သူထောင်ထားခဲ့သည့်အတိုင်းပင်ရှိနေသေး၏။ ထိုအခါမှ ခွန်လွှေသည် ဝံကြီးသေကျန်နေခဲ့ရာသုတ်ကိုင်းသို့ ပြန်လာလေသည်။

ခွန်လွှေ ဝံသေကိုင်းနားပြန်ရောက်လာချိန် တောခွေးကြီးသုံးကောင်သည် ဝံသေကြီးကို မြိန်ရေရှက်ရေ ကိုက်ဖဲ့ဝါးစားနေကြသည်နှင့် ပက်ပင်းတိုးနေ၏။ သည်တောခွေးဆိုးများသည် သူနှင့် ဝက်ဝံကြီးတို့ အကြိတ်အနယ်တိုက်ခိုက်နေကြစဉ်ကပင် ဘယ်နေရာက အသံတိတ်ချောင်းကြည့်နေခဲ့ကြသည်မသိ။ ယခု ဝံလည်းသေပြီး လူလည်းလစ်သည်နှင့် ဝံသေကြီးကို အားရပါးရ မြိန်မြိန်ရှက်ရှက်ကြီး ကိုက်ဖဲ့စားနေကြ၏။

တောခွေး၏သွားများမှာ ခွေးသွားလိုအစွယ်အချွန်များမဟုတ်ဘဲ ဆောက်ခုန်းဆောက်ပြားများလို အပြားလိုက်ဖြစ်သဖြင့် သူတို့ကိုက်လိုက်လျှင် အကိုက်ခံရသောသားကောင်၏အသားများမှာ အဖဲ့လိုက်အတုံးလိုက် ကျွတ်ပါလာသည်။ ထို့ကြောင့် ယခု တောခွေးသုံးကောင် ကိုက်စားနေကြသောဝံကြီးကို ခွန်လွှေမှာ သားရေပြားကောင်းကောင်းပင်ရနိုင်ရန် မရှိတော့သဖြင့် ဒေါသပိုဖြစ်သွားသည်။ ဝံရေတစ်ပြားသည် ကာလတန်ဖိုးနှင့် မောင်းတစ်လုံး၊ ဓားတစ်လက်၊ လှံတစ်ချောင်းကောင်းကောင်းရနိုင်သည်။ ယခုတော့ တောခွေးကြီးသုံးကောင်ကိုက်ဖဲ့စားပစ်လိုက်ကြ၍ ဖောက်ချိုတ်လုပ်ရန် ဝံသားရေတစ်ချပ်စာကိုပင် မရနိုင်တော့။

ခွန်လွှေပို၍စိုးရိမ်သွားပြန်သည်မှာ တောခွေးများသည် မည်သည့်တိရစ္ဆာန်ကိုကိုက်သတ်စားစား ဒွါရကဖောက်၍ အူမကြီးကို ဦးဆုံးဆွဲနုတ်စားတတ်ကြသော အလေ့အထရှိ၏။ အစားကြူးသော တောခွေးများသည် ယခု အူသိမ်၊ အူမ၊ အသည်း၊ ကလီစာတွေကိုပင် အကုန်ဆွဲနုတ်စားပစ်လိုက်ကြလေပလားဟုလည်း စိုးရိမ်သွားပြန်၏။

အကယ်၍ တောခွေးသုံးကောင်က အူသိမ်အူမမကျန်ဆွဲနုတ်ဖောက်စားပစ်ကျလျှင် ဝံတစ်ကောင်လုံးတွင် တန်ဖိုးအရှိဆုံးဖြစ်သော သည်းခြေအိတ်ပင်ကျန်ပါဦးမည်လား ဟူသော စိုးရိမ်စိတ်နှင့် တောခွေးသုံးကောင်ကို လှံရှည်နှင့်လိုက်ရိုက်သောအခါ တောခွေးကြီးသုံးကောင်သည် ဝံသေနားက ထွက်ပြေးသွားကြသည်။ သို့သော် ဤတောခွေးကြီးသုံးကောင်သည် တစ်နေရာရာက သူ့ကိုချောင်းကြည့်နေကြဦးမည်။ ဝံသားမှာ အနံ့ဆိုး၍ သူတို့ဆီကလူများမစားသည်ကိုသိ၍ လူပစ်ထားခဲ့သောဝံသားကိုပြန်စားရန် တစ်နေရာရာက ချောင်းမြောင်း၍ရှိနေကြဦးမည်ကို ခွန်လွှေ သိ၏။

သို့သော် ထိုတောခွေးသုံးကောင် ဘယ်နေရာကချောင်းနေကြချောင်းနေကြ ခွန်လွှေ သတိမထားအားနိုင်။ သူတို့သုံးကောင်ကိုက်ဖဲ့ထားခဲ့ကြသော ဝံသေကောင့်ထဲက သားတစ်သားမျှင်အပိုင်းအစများထဲတွင် တန်ဖိုးအရှိဆုံးဖြစ်သော သည်းခြေအိတ်ကိုသာ ခွန်လွှေက ကမန်းကတမ်း မက်မက်မောမောကောက်ရှာနေရသည်။ တော်ပါသေး၏။ အလွန်ခါးသော ဝံသည်းခြေအိတ်ကို တောခွေးများသည် အနံ့ရရုံနှင့် ခါးမှန်းသိကြသဖြင့် ခွန်လွှေအတွက် အလုံးလိုက်ပစ်ထားခဲ့ကြသည်။

ဝံသားရေတစ်ထွာတစ်မိုက်ရလိုရငြား အရေပြားခွာရန် ခွန်လွှေ ဝံသေကောင်အပိုင်းအစများကိုကောက်ကြည့်သောအခါ ခြေ၊ လက်မှလွဲ၍ တစ်ကိုယ်လုံးရှိ အရေခွံများမှာ အားလုံးစုတ်ပြတ်နေလေပြီ။ လက်တစ်ဝါးစာမျှ သားရေပြားကိုပင် ရရန်မမြင်တော့သဖြင့် တောခွေးဆိုးများကို မကျေမနပ်နှင့် ပတ်ဝန်းကျင်ဘယ်၊ ညာကို တစ်ချက်လှည့်ကြည့်သေးသည်။ သို့သော် တောခွေးများကား တော၌လည်းကောင်း၊ တောင်၌လည်းကောင်း အပုန်းအအောင်းအလွန်ပိရိကြသော တိရစ္ဆာန်များဖြစ်လေရာ ပတ်ဝန်းကျင်တွင် ဝံသေအရိပ်အယောင်မျှမမြင်ရသဖြင့် ခွန်လွှေသည် ဝံသည်းခြေအိတ်တစ်လုံးကိုသာယူကာ ရွာပြန်လာလေသည်။

မမျှော်လင့်ဘဲ ဝံသည်းခြေတစ်လုံးရလာသော ခွန်လွှေသည် ယခင်ကသာဆိုလျှင် အလွန်ဝမ်းသာမိမည်။ ဝံသည်းခြေတစ်လုံး၏တန်ဖိုးနှင့် မောင်း၊ ဓား၊ လှံတို့ကို လီဒိုဘက်တွင် သွားလဲ၍ရသည်။ ဝံသည်းခြေနှင့် လဲလှယ်ရသော ပစ္စည်းများနှင့် ချစ်သူ လျှံနေကို အသွင်းပစ္စည်းပေးထားနိုင်မည်။ ယခုတော့ ဝံသည်းခြေတစ်လုံးကို မမျှော်လင့်ဘဲရလာသော်လည်း သူ့စိတ်မပျော်နိုင်။ လျှံနေကို သတိရလိုက်သည်နှင့် ဆလိုင်းကြီး၏အသုဘ၌ သူ့အစ်ကို လျှံထောင်၏ စိန်ခေါ်သံကို ရွာနားရောက်လာသည်နှင့် ပိုကြားယောင်လာသည်။

"မိလှိုင်နာ ထပ်ငမ်မော်"

"လူကိုသတ်ရဲလား"

"မိလှိုင်နာ ထပ်ငမ်မော်"

"လူကိုသတ်ရဲလား"

"မင်းကို ငါသတ်မယ် လျှံထောင်၊ မင်းကိုငါသတ်မယ်"

လျှံထောင်ကို သူသတ်လိုက်လျှင် လျှံထောင်နှမ လျှံနေကို သူဘယ်လိုမှမရနိုင်တော့။ လျှံနေကိုပိုင်ဆိုင်ရယူရန်ထက် လျှံနေတို့အမျိုးတစ်ယောက်ယောက်က သူ့ကို မသတ်နိုင်အောင်သာ သူအထူးသတိဝီရိယထားနေရတော့မည်။

ဤသည်ကို တွေးမိလျှင် ခွန်လွှေစိတ်ထဲ အရမ်းကို ဝမ်းနည်းသွားမိ၏။ ကြွေးဆပ်ရမည့်သူကို ကြွေးမဆပ်ရကောင်းလားဟု စိန်ခေါ်လာသည်။ ရှေးရှေးပဝေသဏီက အစဉ်အလာဆိုးကို ပြန်လည် ဖော်ထုတ်လာလေသည်။ လျှံထောင်သည် သူ့နှမနှင့်သူ့ကိုသဘောမတူတာကြောင့်လည်းပါမည်။ ဤသည်မှာ လျှံနေနှင့်သူဝေးကြရမည့်အကြောင်းရင်းပင် ဖြစ်သည်။

ရွာကို ရောက်လာသောအခါ ခွန်လွှေသည် လျှံနေကို ပို၍သတိရလာပြန်သည်။ သူ့စိတ်က လျှံနေနှင့်တွေ့ခဲ့ကြကြုံခဲ့ကြသောအခါသမယဆီရောက်သွားတော့သည်။

(နောက်လဆက်ရန်)

မိုးတေဇ




www.burmeseclassic.com

www.burmeseclassic.com


## ၂၀၁၆ ခုနှစ်၊ ဩဂုတ်လအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း


### မင်းရှိန်အောင်



၁-၈-၂၀၁၆ နေ့ ဇာတာခွင်



၁၁-၈-၂၀၁၆ နေ့ ဇာတာခွင်



၂၁-၈-၂၀၁၆ နေ့ ဇာတာခွင်

ဤကာလ၏ ပထမဆယ်ရက်ကာလတွင် ရွှေဈေးကွက်ပုံမှန်မဟုတ်။ မကြာခဏပြုတ်ကျတတ်မည်။ ငွေကြေးဈေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ ကျောက်မျက်ဈေးကွက်အပြောင်းအလဲမြန်ဆန်နေမည်။ စတော့ရှယ်ယာဈေးကွက်နေးကွေးနေမည်။ဖက်ရှင်အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေးဈေးကွက် အပြောင်းအလဲမြန်ဆန်နေမည်။ ကားဈေးကွက်တက်ရိပ်ကျရိပ် ရှုပ်ထွေးနေမည်။ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဈေးကွက်၊ မီဒီယာနှင့် စာနယ်ဇင်းဈေးကွက်ထုံထိုင်းနေမည်။ စိုက်ပျိုးရေးထုတ်ကုန်၊ ရေလုပ်ငန်းထုတ်ကုန်ဈေးကွက်များ ငြိမ်နေမည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးဈေးကွက် တက်ရိပ်မြင်နေရသော်လည်း နှေးကွေးနေမည်။ လျှပ်စစ်အီလက်ထရွန်နစ်ပစ္စည်း၊ စက်နှင့်စက်ပစ္စည်းဈေးကွက်ပုံမှန်မဟုတ်ဖြစ်နေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆက်စပ်ပစ္စည်းဈေးကွက်အတက်ထက် အကျကိုယိုင်တတ်မည်။ လောင်စာဆီဈေးကွက်၊ စားသုံးဆီဈေးကွက်တက်ရိပ်မြင်ရသော်လည်း ထိုင်းမှိုင်းနေမည်။ တွင်းထွက်သတ္တုပစ္စည်းများဈေးကွက်တက်ရိပ်မြန်ဆန်လာမည်။

ဒုတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက် အတက်အကျမတည်ငြိမ် ခန့်မှန်းရခက်နေမည်။ ငွေကြေးဈေးကွက် တက်ရိပ်၊ ကျရိပ်ရှုပ်ထွေးပြီး နှေးကွေးနေမည်။ ကျောက်မျက်ဈေးကွက်ထုံထိုင်းနေမည်။ စတော့ရှယ်ယာဈေးကွက်အတက်နှေး၊အကျနှေးဖြစ်နေမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ကားနှင့်ယာဉ်ရောင်းဝယ်ရေးဆိုင်ရာ၊ သယ်ယူပို့ဆောင်ရာ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာဈေးကွက်တို့ထုံထိုင်းနေမည်။ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာဈေးကွက်တို့ ပုံမှန်မဟုတ်၊ ခန့်မှန်းရခက်နေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်းများ၊ ဆေးနှင့်ဆက်စပ်ပစ္စည်းများ ဈေးကွက် တက်ရိပ်ကျရိပ်ရှုပ်ထွေးနေမည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်အတက်အကျပြောင်းလဲမှုများနေမည်။ စိုက်ပျိုးရေးထုတ်ကုန်၊ ရေလုပ်ငန်းထုတ်ကုန်ဈေးကွက်တက်ရိပ်ရှိသော်လည်း နှေးကွေးနေမည်။ လောင်စာဆီဈေးကွက်၊ စားသုံးဆီဈေးကွက် တက်ရိပ်တွေ့မည်။ တွင်းထွက်ပစ္စည်းဈေးကွက်ကောင်းမည်။

တတိယဆယ်ရက်ကာလတွင် ရွှေဈေးကွက်ထိုင်းမှိုင်းလာမည်။ ငွေကြေးဈေးကွက်နှေးကွေးနေမည်။ ကျောက်မျက်ဈေးကွက်၊ စတော့ရှယ်ယာဈေးကွက် တည်ငြိမ်နေမည်။ ဖက်ရှင်နှင့် အလှအပဆိုင်ရာ၊ အနုပညာဆိုင်ရာ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ၊ သယ်ယူပို့ဆောင်ရေး၊ ကားနှင့်ယာဉ်ရောင်းဝယ်ရေးဆိုင်ရာဈေးကွက်တို့ ထိုင်းမှိုင်းနေမည်။ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ၊ မီဒီယာနှင့် စာနယ်ဇင်းဆိုင်ရာ၊ ပညာရေးဆိုင်ရာဈေးကွက်တက်ရိပ်တွေ့ရမည်။ စားသုံးဆီနှင့် လောင်စာဆီဆိုင်ရာဈေးကွက်များ အတက်၊ အကျမြန်ဆန်နေမည်။ ရေလုပ်ငန်းထုတ်ကုန်၊ စိုက်ပျိုးရေးထုတ်ကုန်ဈေးကွက် မကောင်းဘက်ယိမ်းနေသည်။ လျှပ်စစ်အီလက်ထရွန်နစ်ဆိုင်ရာဈေးကွက် ထုံထိုင်းသော်လည်းကောင်းမည်။အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးဈေးကွက် တက်ဈေးကျဈေး ရှုပ်ထွေးနေမည်။ သစ်နှင့်ဆက်စပ်ပစ္စည်းများ၊ ဆေးနှင့်ဆက်စပ်ပစ္စည်းများဈေးကွက် နှေးကွေးမည်။ တွင်းထွက်သတ္တုပစ္စည်းများ ဈေးကွက်ကောင်းမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ကောင်းကျိုးပေးဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စံသူ(B.Sc)

**ဩဂုတ်လ ၁ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း(၇)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်အနေအရပ် အနောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သဗ္ဗာဒေဝမနုဿနံ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂ရက်၊ အင်္ဂါနေ့-**လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း(၂၊ ၈)။ လာဘ်အနေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်အနေအရပ်က တောင်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၄ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်အနေအရပ် မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား သောကြာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၅ ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်အနေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၆ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်အနေအရပ် အနောက်တောင်။ လာဘ်အရောင် အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ ရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၇ ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်အနေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၈ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်အနေအရပ် အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၉ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၈)။ လာဘ်အနေအရပ်က အရှေ့တောင်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ နောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်အနေအရပ် တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၁ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်အနေအရပ် မြောက်။ လာဘ်အရောင် အနက်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သဗ္ဗာဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၂ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ...)။ လာဘ်အနေအရပ် အရှေ့။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၃ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ...)။ လာဘ်အနေအရပ် အနောက်တောင်။ လာဘ်အရောင်က နီညိုရောင်။ အ... ပေးနေ့သား တနင်္လာနှင့် ... တစ်နေ့တာအကြံအစည်အောင်မြင်...



www.burmeseclassic.com

www.burmeseclassic.com

နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၄ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်အနေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၅ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်အနေအရပ် အနောက်။ လာဘ်အရောင် အညိုရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်သို့လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၆ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၆)။ လာဘ်အနေအရပ်က အရှေ့တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၀)။ လာဘ်အနေအရပ်က တောင်။ လာဘ်အရောင်က အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၁၈ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်အနေအရပ် မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၁၉ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၀)။ လာဘ်အနေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၀ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်အနေအရပ် အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထတောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၁ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၈)။ လာဘ်အနေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၂ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၃ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်အနေအရပ် အရှေ့တောင်။ လာဘ်အရောင် လိမ္မော်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၉)။ လာဘ်အနေအရပ်က တောင်။ လာဘ်အရောင်က မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၅ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၄၊ ၇)။ လာဘ်အနေအရပ်က မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၆ ရက်၊ သောကြာ တေးနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၉)။ လာဘ်အနေအရပ်က အရှေ့။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၂၇ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၇)။ လာဘ်အနေအရပ် အနောက်တောင်။ လာဘ်အရောင်ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၈ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်အနေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဩဂုတ်လ ၂၉ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၉)။ လာဘ်အနေအရပ် အနောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်သို့လှည့်၍ သတ္ထာ ဒေဝမနုဿာနံ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၃၀ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၈)။ လာဘ်အနေအရပ် အရှေ့တောင်။ လာဘ်အရောင် ဖေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်[illegible]က်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**ဩဂုတ်လ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၀)။ လာဘ်အနေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)

www.burmeseclassic.com

www.burmeseclassic.com

# သန့်ဇင်

# လူသတ်ကျွန်း



ရွာလေးနာမည်က ကတော့ချွန်။ ဘာကြောင့် သည်နာမည်တွင်ခဲ့ရတာလဲလို့ ရွာက အသက်အကြီးဆုံး ဘကြီးအေးကိုမေးကြည့်တော့ သည်လို ယောင်ဝါးဝါး ဖြေပါသည်။

"ရွာအနောက်ဘက် တောင်ရိုးတွေကနေ ချောင်းဖျားခံလာတဲ့ သပြုချောင်းလေးက ဧရာဝတီမြစ်ထဲ စီးဝင်ခါနီး ချောင်းဝမှာ ကတော့ချွန်ပုံလေးဖြစ်နေလို့နေမှာပေါ့ကွာ" တဲ့။

အိမ်ခြေတစ်ရာခန့်ရှိသည့် ထိုရွာလေးသည် ဧရာဝတီမြစ်အနောက်ဘက် မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းနှင့် ဆိပ်ဖြူသွားကားလမ်း အရှေ့ဘက် ဧရာဝတီမြစ်ထဲစီးဝင်သည့် သပြုချောင်းတည့်တည့် မြစ်အနောက်ဘက်ကမ်းနားတွင် အလျား နှစ်မိုင်၊ အနံ မိုင်ဝက်ခန့် မြေနုကျွန်းတစ်ကျွန်းရှိသည်။ ယင်းကျွန်းကို ယခင်က ရွာသားများအခေါ် မြကျွန်းဟု ခေါ်ကြသည်။

သို့သော် ယင်းမြကျွန်းသည် တဖြည်းဖြည်း အမည်ပြောင်းလာခဲ့သည်။ ယင်းသို့ အမည်ပြောင်းခြင်းကိုလည်း ရွာသားများကသာ အမည်ပေးခဲ့ခြင်း ဖြစ်သည်။ ပြောင်းလဲခဲ့သည့်အမည်က လူသတ်ကျွန်း။ အဘယ်ကြောင့်ဤအမည်သို့ ပြောင်းလဲခဲ့သနည်း။ အဖြစ်အပျက်တွေက ချက်ချင်းကြီးဖြစ်လာသည်မဟုတ်။ အချိန်တွေကြာပြီးမှ ဖြစ်လာခြင်း ဖြစ်သည်။ ကျွန်းပေါ်တွင် ကိုင်းမြက်ပင်တွေပေါက်နေသလို ကျွန်းအလယ်ကောင်တည့်တည့်တွင် သခွတ်ပင်ကြီးတစ်ပင်က ထီးထီးကြီးတည်ရှိနေပါသည်။ တခြားသစ်ပင်လေးများကတော့ ဟိုသည်တစ်ပင်စနှစ်ပင်စ။ မိုးတွင်းကာလ ရေများချိန်တွင် ကျွန်းတစ်ခုလုံးနီးပါးရေဖုံးလွှမ်းသွားသော်လည်း သခွတ်ပင်ကြီးရှိသည့်ကုန်းမို့မို့ကတော့ ရေပေါ်မှာ မြက်ခင်းစိမ်းစိမ်းကိုင်းစိမ်းစိမ်းနှင့် အမြဲတွေ့ရသည်။ ဧရာဝတီမြစ်ထဲသွားသင်္ဘောတွေက ထိုသခွတ်ပင်ကြီးကို သူတို့၏ ရေကြောင်းပြ ဗောယာအလား အမှတ်အသားပြုထားခဲ့ကြသည်။

ကတော့ချွန်ရွာသည် မြောက်ဘက်၊ တောင်ဘက်ရွာများနှင့် အဆက်ပြတ်သလို ကားလမ်းနှင့်လည်းနှစ်မိုင်ခန့်ဝေးသည်။ ရွာသူရွာသားတွေက ကားလမ်းထက် ရေလမ်းကိုပိုပြီးအားကိုးကြသည်။ မြစ်အနောက်ဘက် ဟိုရွာသည်ရွာသွားချင်လျှင် လှည်းဖြင့်ခရီးနှင်ကြ... ပဲ၊ နှမ်း၊ ဆေးရွက်၊ ကြက်သွန်၊ ရှော... သည် ရွာထွက်ကုန်ဖြစ်၏။ သီတင်းကျွ... လကုန်၍ မြေနုကျွန်းကြီးထင်းထင်းပေါ်... လာလျှင်ကား သူ့အကွက်ကိုယ့်အကွက် မှတ်မိကြသည်။ သခွတ်ပင်ကြီးအား... ပြု၍ မှတ်သားထားသော ကိုင်းမြေသ... မည်သူမျှအား မှားအောင် မလုပ်...

❑



www.burmeseclassic.com

www.burmeseclassic.com



သဘာဝတရားသည် တစ်ခါတစ်ရံ ဆန်းကြယ်၏။ ရိုးသားစွာ ထွန်ယက်စိုက်ပျိုးကြသော ရှေးအတိတေကာလများက မြစ်ရေကျသွားလျှင် မြေဆီဩဇာတက်နေသော မြေနုကျွန်းကြီးကား ရှေ့ဦးကမ္ဘာက ဖြုဟ္ဘာကြီးများ မြေဆီကိုစားလျက် အသက်ဆက်ကြသကဲ့သို့ မြေဆီဩဇာကောင်းလှသည်။ ပဲ၊ နှမ်း၊ ကြက်သွန်၊ ငရုတ်တို့ကား ငွားငွားစွင့်စွင့် စိမ်းစိုလျက်အောင်လိုက်သည့်ဖြစ်ခြင်း။ ဆေးရွက်ကြီးတွေကလည်း စကောဝိုင်းလောက်။ ငရုတ်တို့ကလည်း ပင်လုံးကျွတ်မျှ ရဲရဲနီလျက်။ ပဲခင်းများသီးနေပုံက ကိုင်းသမားကြီးတွေ၏ မျက်နှာများပြုံးဖြီးဖြီး။ မြေပဲခင်းဖော်လိုက်လျှင် တွဲရွဲနေသော မြေပဲဥတွေက ဆီနှင့်ရွှဲရွဲ။

သည်လောက် ကောင်းခဲ့သည့် မြေနုကျွန်းသည် အဘယ်ကြောင့် လူသတ်ကျွန်းဖြစ်သွားရသနည်း။

ခေတ်စနစ်တွေပြောင်းလာသည်။ ပြက္ခဒိန်စာရွက်တို့သည် တစ်ရွက်ပြီးတစ်ရွက်လှန်သည်မှာ မြန်လွန်း၏။ နာရီလက်တံသည် စက်မော်တာနှင့်လှည့်သကဲ့သို့ လျင်မြန်သောအဟုန်ဖြင့် လည်ပတ်လျက်။ ဆယ်စုနှစ်တို့သည် မနေ့တစ်နေ့ကကဲ့သို့ အဆက်မပြတ်ရွှေ့နေ၏။ ရှေးမြန်မာကြီးများအခြေချခဲ့ကြသော ကတော့ချွန်ရွာသည် သက်ကြီးရွယ်အိုတို့ ဇရာသဘောအရ တဖြုတ်ဖြုတ်ကွယ်လွန်ကုန်သည်။ နိုင်ငံသည်



www.burmeseclassic.com

www.burmeseclassic.com

လည်း ကိုလိုနီခေတ်၊ လွတ်လပ်ရေးရပြီး ဖဆပလခေတ်၊ ထို့နောက် တော်လှန်ရေးကောင်စီခေတ်မှ ဆိုရှယ်လစ်ခေတ်၏ မီးစာကုန်ဆီခန်းသည့် ၁၉၈၈ ခုနှစ်နီးပါးသို့ရောက်လာသည်။

ယခင်က ဖော်ရွှေ ပြုံးရွှင်ပြီး ကြည်လင်နေခဲ့သောရွာသူရွာသားများ၏ မျက်နှာများသည်လည်း တရွေ့ရွေ့ ပြောင်းလဲပြီး လောဘ၊ ဒေါသ၊ မောဟ အရိပ်အယောင်များသန်းလာနေ၏။

လူတို့၏ စိတ်နေစိတ်ထားနှင့် သဘာဝတရားကြီးသည် မမြင်ရသော ဆက်သွယ်မှုဖြင့် ဆက်စပ်နေပါသည်။ လူတို့သည် လောဘ၊ ဒေါသ၊ မောဟ ထူပြောလာ၍လားမသိ။ မိုးလေဝသည် မမှန်ချင်တော့။ မိုးခေါင်၍ အစာရေစာ ရှားပါးပြီး သရောကြီးခိုင်းသလိုဖြစ်လာသည်။ သီးနှံသည် စိုက်တိုင်းမအောင်တော့။ သီးနှံပိုးမွှားတွေကလည်း ဘယ်သူတွေ အလယ်ခေါ်လာသည် မသိ။ အပင်စိုက်ပြီးလျှင် တစ်ခင်းလုံး ပြုတ်ပြုတ်ပြုန်းသည်အထိဖြစ်လာသည်။

ငတ်လာတော့ လူတွေ၏ သစ္စာတရားသည် မမြင်ကွယ်ရာတွင် ပုန်းအောင်းနေပါတော့သည်။ ဒေါသ၊ မောဟတွေက ခေါင်းဆောင်၍ထလာကြတော့သည်။

သည့်ထက်ဆိုးလာသည်ကတော့ နှစ်စဉ်ပေါ်လာနေကျ မြေနုကျွန်းကြီးသည် မြစ်ကြီးဧရာဝတီ၏ နုန်းတင်မြေနုများအစား သဲတွေဖုန်းလာလေသည်။ ဟိုတစ်ကွက်သည်တစ်ကွက် သဲတွေဖုန်းလာတော့ ယခင်ကဲ့သို့ မြေနုကျွန်းအနှံ့ စိုက်ပျိုး၍မရတော့။ သည်အခါမှာတော့ မြေနုကျွန်းတွင် ကိုင်းမြေကွက်လုခြင်းများ စတင်ဖြစ်ပွားလာပါတော့သည်။

ရွာလူကြီးကလည်း စီးပွားရေးအဆင်မပြေတော့ ငွေထိုးသည့် ကိုင်းသမားအား မြေဆီကောင်းသည့်အကွက်ကိုချပေးသည်။ ငွေမပေးနိုင်သည့်သူအား သဲကုန်းမြေကိုပေး၏။ သဲမြေသည် ဘာပင်စိုက်၍ရမည်နည်း။ သည်မှာပင် တုတ်တစ်ပြက်ဓားတစ်ပြက်ပွဲသည် ပထမဦးဆုံးအကြိမ်အဖြစ် မြကျွန်းတွင်ဖြစ်ပေါ်လာခဲ့ပါတော့သည်။

"မြမောင်၊ လူပါးဝတယ်။ ငါလုပ်နေကျ သခွတ်ပင်တောင်ဘက်ကအကွက်ကို ဥက္ကဋ္ဌကို ငွေထိုးပြီးလုယူတယ်။ ငါဒီသဲစရစ်မြေကွက်မှာ ဘာပင်သွားစိုက်ရမှာလဲ။ ဥက္ကဋ္ဌကလည်း မသိချင်ယောင်ဆောင်နေတယ်။ ဟင်း-တောင်ပိုင်းသားတွေအကြောင်း သိကြသေးတာပေါ့ကွာ"

ရွာတောင်ပိုင်းက အောင်ကြီးဒေါသခြောင်းခြောင်းထနေ၏။ မခံနိုင်လွန်း၍ ပေါက်ကွဲပြီး ချက်အရက်တစ်ပုလင်းကုန်အောင်သောက်သည်။ သူနှင့်အတူ ကိုပု၊ ငကြိုင်တို့ကပါ မခံနိုင်၍ပေါက်ကွဲကြသည်။

"ကြာတယ်ကွာ၊ ဒီကောင့်အိမ်ပေါ်တက်ပြီး ခုတ်ကြတာပေါ့။ ဒါမှ မြောက်ပိုင်းသားတွေငြိမ်သွားမှာ"

"ဒါဆိုလည်း မှန်မှန်သောက်။ ညဉ့်မနက်ခင် အမြန်သွားပြီးလုပ်မယ်"

❑

မန်ကျည်းပင်ကြီးပေါ်မှခင်ပုပ်ငှက်သည် တကွက်ကွက်နှင့် အသံပေးနေသည်။ သုံးရက်လဆန်းစ လကွေးသည် အနောက်အရပ်မှာ ကွေးကွေးလေးပေါ်နေ၏။ မြောက်လေနှော့နှော့က ဖူးညွန့်စပြုလာသောတမာရွက်နုလေးများအား ကလူကျီစယ်ဆော့ကစားနေကြသည်။ ရွာမြောက်ပိုင်းမှ ခွေးတချို့ ဘာရယ်မသိ အူနေကြသည်။ တောသူတောင်သားတို့ သဘာဝနေဝင်သည်နှင့် စားသောက်ပြီး အနားယူအိပ်စက်ကြလေပြီ။ တစ်နေ့တာ ပင်ပန်းသမျှ ညအချိန်သည် သူတို့အတွက် ကောင်းကောင်းအနားယူရခြင်းပင် မဟုတ်လော။

ရွာလယ်လမ်းမှာ လူသုံးယောက်ပုဆိုးခြုံပြီး လျှောက်လာကြသည်။ ခြုံထားသော ပုဆိုးများအောက်တွင်ကားကိုး ခုတ်ဓားရှည်ကိုယ်စီနှင့်။

"ဝုတ် ဝုတ် ဝုတ်"

"အောင်မာ-ဒီခွေးတွေကခွေးပါးဝလို့"

အောင်ကြီး အနီးရှိ အုတ်ခဲဖြင့် ဟောင်နေသော ခွေးတစ်ကောင်အား လှမ်းပစ်လိုက်သည်။ ခဲမှန်သွားသောခွေးသည် တကိန်ကိန်မြည်ရင်းပြေးလေသည်။ လူသံ၊ ခွေးသံကြောင့် အိမ်တချို့ မီးခွက်ထွန်းပြီး လမ်းဘက်သို့ကြည့်ကြသည်။ ကိုယ့်ရွာထဲကလူတွေပဲဆိုပြီး ပြန်ငြိမ်သွားကြသည်။

ရွာခလေ့က အိမ်တံခါးတွေပိတ်လေ့မရှိပါ။ ခြံစည်းရိုးကလည်း နွားမဝင်နိုင်အောင်တန်းထားသည့်ဝါးလုံးသာရှိသည်။ သူတို့တစ်တွေ ရွာမြောက်ပိုင်းက မြမောင်အိမ်ရှေ့သို့ရောက်လာကြသည်။ သူတို့မိသားစုသည် အိမ်ထဲမှာစုအိပ်ကြသော်လည်း မြမောင်က တဲအပြင်ဘက် ကွပ်ပျစ်ပေါ်တွင်အိပ်တတ်၏။ ပူအိုက်၍ အပြင်ထွက်အိပ်ခြင်း ဖြစ်သည်။ အိပ်နေသော မြမောင်အား သူတို့တွေ့ကြပြီ။

"ဟော့ကောင် မြမောင်၊ ထစမ်း"

ကိုမြမောင် အိပ်ချင်မူးတူးဖြင့် လန့်နိုးလာသည်။ သူအိပ်နေသည့် ကွပ်ပျစ်ဘေးမှာက လူသုံးယောက်ဝိုင်းနေသည်။ လက်တွေထဲမှာက ကိုင်းခုတ်ဓားရှည်တွေကိုယ်စီနှင့်။ မြမောင် ရုတ်တရက် ကွပ်ပျစ်တစ်ဖက်သို့လှိမ့်ဆင်းလိုက်သည်။

မြမောင် မလွတ်ပါ။ မြည့်နေအောင်သွေးထားသော ကိုင်းခုတ်ဓား၏ အသွားရောင် လက်ခနဲဖြစ်သွားသည်။

"အား - လာကြပါဦးဗျို့၊ ကျုပ်ကို ဓားနဲ့ဝိုင်းခုတ်နေကြတယ်"

အောင်ကြီး၏ဓားချက်က မြမောင်၏ဓားချက်က မြမောင်၏ဘက်လက်ပြင်အားခုတ်မိသည်။ နောက်တစ်ယောက်က ရှေ့မှနေ၍ စလွယ်သိုင်းခုတ်ချလိုက်ပြန်သည်။ မြမောင် ကွပ်ပျစ်ဘေးမှာ သွေးသံရဲရဲဖြင့် ပုံလဲကျသွားပါတော့သည်။ အော်သံကြောင့် အိမ်ထဲမှ မြမောင်မိန်းမနှင့် ကလေးတွေ ထွက်လာကြသည်။

"ဟင် - အမလေး ကိုမြမောင်ကို ဓားနဲ့ဝိုင်းခုတ်နေကြပါတယ်တော့်။ လုပ်ကြပါဦး"

ကိုမြမောင်မိန်းမအော်သံကြောင့် ဘေးအိမ်တွေလန့်နိုးလာကြပြီးထွက်လာကြသောအခါ အောင်ကြီးတို့ လူတစ်စု ရွာလမ်းအတိုင်း တောင်ပိုင်းသို့ပြေးကြလေ၏။ မပြေး၍လည်းမဖြစ်။ တစ်အိမ် တစ်ယောက်ထွက်လာပြီး ဝိုင်းသမလိုက် လို့ သူတို့တွေ ဝက်သားတွဲတွေလိုတစ်စစီ ဖြစ်သွားနိုင်သည်။ ရွာမြောက်ပိုင်းမှာ တော့ လူသံ၊ ခွေးသံ၊ ငိုသံများဖြင့် ဆူည ပွက်၍ကျန်ခဲ့လေပြီတည်း။

❑

"အောင်ကြီး၊အေးအေးဆေးဆေး အဖမ်းခံပါ။ မြမောင်ဓားခုတ်ခံရလို့သေ ပြီ။ မင်းလက်ချက်ဆိုတာ လူတိုင်းသိ တယ်"

သူကြီးနောက်မှာ ရဲအရာရှိတစ် ယောက်နှင့် ရဲတပ်သားနှစ်ယောက် အောင်ကြီးအား ကြည့်နေကြသည်။

"ကျုပ်လုပ်ရင် ကျုပ်ခံရဲတယ် သူကြီးမတရားလုပ်လို့ ကျုပ်နှစ်ပေါင်း များစွာ စိုက်ပျိုးလာခဲ့တဲ့ ကိုင်းမြေ ဆုံးရှုံးလိုက်ရပြီ။ ဒီကောင် လု စော်ကားလို့လုပ်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ကဲပါ-ဒါတွေကို စခန်းရောက်မှ ပြော၊ မင်းနဲ့အတူ တခြားနှစ်ယောက်ပါ သေးတယ်လို့သိရတယ်။ ဘယ်သူတွေလဲ"

"ကျုပ်တစ်ယောက်တည်းခုတ်တာ၊ ဘယ်သူမှမပါဘူး"

"မြမောင်မိန်းမက လူသုံးယောက်တွေ့တယ်လို့ပြောနေတယ်။ မင်းမှန်မှန်ဖြေနော်"

ရဲအရာရှိက အောင်ကြီးအားစစ်မေးနေသည်။

သူကြီးက စိတ်မရှည်တော့။

"ရဲအုပ်ကြီးရယ် ဒီကောင့်ကို ဂါတ်တဲရောက်မှ ရိုက်စစ်လိုက်ရင်ပေါ်သွားမှာပါ။ ခေါ်သာသွားစမ်းပါ"

"သူကြီး၊ ကျုပ်ထောင်ကလွတ်လာရင် ခင်ဗျားအလှည့်နော်။ ဒီကြားမှာ ထမင်းဝအောင်စားထား"

အောင်ကြီးအား လက်ထိတ်ခတ်၍ လှည်းပေါ်တင်ပြီး မြို့သို့ဖမ်းသွားကြသည်။ အောင်ကြီး၏မိန်းမနှင့် ကလေးများကား ဆူညံစွာငိုကြွေးနေကြသည်။ ပတ်ဝန်းကျင်အိမ်တချို့မှ မကျေမနပ်အသံတွေထွက်လာသည်။

"တောင်ပိုင်းသားတွေရဲ့သတ္တိကို သိပြီမဟုတ်လား။ မတရားလုပ်လာရင် လူသတ်ဖို့လည်းမကြောက်ဘူး။ တွေ့ကြသေးတာပေ့ါ မြောက်ပိုင်းသားတွေရယ်"

မြေနုကျွန်းကိစ္စနှင့် ပတ်သက်၍ ရွာသည် တောင်ပိုင်း၊ မြောက်ပိုင်းနှစ်ခြမ်းကွဲလေပြီတည်း။ ထိုကိစ္စနှင့်ပတ်သက်ပြီး ရွာလည်ဈေးလေးမှာ ပွစိပွစိဝေဖန်နေကြသည်။ တချို့ကလည်း မတရားလုပ်လျှင် ခံမနေနှင့်ဟုဆို၏။ တချို့ကလည်း တစ်ရွာတည်းသားတွေပဲ။ ညှိနှိုင်းလျှင် အဆင်ပြေမှာကို သည်လို လူသတ်တာမကောင်းဘူးဟု ပြောကြ၏။ ရွာလယ်မှာ ဘညာဏ်အိမ်ကြီးကဟီးလို့နေသည်။ အိမ်ရှေ့ တမာပင်အောက် ကွပ်ပျစ်မှာ လူတချို့စုရုံးနေကြသည်။ ဘညာဏ်သည် အသက် (၆၀) ကျော်ပြီ ဖြစ်၏။ အတွေ့အကြုံဗဟုသုတနှင့်လည်း ပြည့်စုံသည်။ သတင်းစာလည်းဖတ်သည်။

""ဆိုရှယ်လစ်ခေတ်ကြီးမှာကွာ၊ လူတိုင်း သာတူညီမျှ ကောင်းစားအောင်လုပ်နေကြပြီပဲ။ မတရားတာလုပ်ရင် မြို့တက်ပြီး ပါတီက လူကြီးတွေကိုတိုင်လို့ရတာပဲ။ ဘာဖြစ်လို့ တုတ်တစ်ပြက်ဓားတစ်ပြက်လုပ်နေကြတာလဲ။ ငါကြည့်နေတယ်။ လူတွေဟာ လောဘတက်ပြီး အရားမဲ့လာနေကြတယ်။ တစ်ယောက်နဲ့တစ်ယောက်ထားအပ်တဲ့မေတ္တာတရားဆိုတာလည်း မရှိကြတော့ဘူး။ လူမှာ အသိဉာဏ်ဗဟုသုတရှိရင် မဖြစ်သင့်တာမဖြစ်ဘူး။ ဒေါသရှေ့ထားရင်ဘာမှမမြင်တော့ဘူးကွ။ တရားရှိမှပေ့ါ"

ကွမ်းလေးတမြုံ့မြုံ့ဝါးရင်ပြောနေသော ဘညာဏ်အေးမှာ ရွာသားတချို့ ဝိုင်းထိုင်နေကြသည်။

"ဘညာဏ်ရာ၊ မတရားအလုပ်ခံရလို့ စားစရာမရှိလာရင်တော့ လုပ်မိလုပ်ရာကိုလုပ်ကြမှာပဲ။ယာသမားကိုင်းသမား စိုက်စားစရာမြေမရှိရင် ဘာသွားလုပ်ရမှာလဲ။ ဓားပြတိုက်စားရုံပဲရှိတော့မှာပေ့ါ"

"မင်းတို့ကောင်တွေ အဲဒါခက်နေတာပေ့ါ"

"သူကြီးကကောကောင်းလို့လား။ ပိုက်ဆံပေးတဲ့သူကို ကောင်းတဲ့ကိုင်းကွက်ကိုချပေးတယ်။ အဲဒါကောင်းလား"

"ဒီမှာ ပါကြီး ငါပြောမယ်။ ဒီမြေနုကျွန်းဟာ အရင်က ဒီလိုမဟုတ်ဘူး။ မင်းတို့တွေ လောဘတက်လာကြလို့ မြေနုကျွန်းကြီး သဲတွေဖုန်းပြီးကောစပြုလာတာ။ ဒီလိုသာဆက်ဖြစ်နေရင် ဒီမြေနုကျွန်းက ဇာတိပြလိမ့်မယ်"

"ဘာလဲဗျ ဘညာဏ်၊ ဇာတိပြတယ်ဆိုတာ"

"ငါ့အဘိုး ဘိုးသာအောင်ပြောသွားဖူးတယ်။ ငါအခုထိမှတ်မိနေတုန်းပဲ။ ဒီမြေနုကျွန်းပေါ်မှာ သွေးစွန်းမခံဘူးနော်။ သွေးစွန်းသွားရင်တော့ သခွတ်ပင်ကြီးကအကောင်ကြီးက သွေးနံ့ရသွားပြီး လူစားလိမ့်မယ်တဲ့။ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ဒီလိုမျိုးမြေလုကြရင်းနဲ့ဖြစ်ခဲ့ဖူးတယ်လို့ အဘိုးပြောသွားဖူးတယ်"

ဘညာဏ်၏စကားကြောင့် ရွာသားတွေ ငြိမ်သက်သွားကြသည်။ မြေနုကျွန်းကြီးက လူစားတယ်ဆိုပါလား။ ဘယ်လိုစားတာလဲ။ သူတို့လည်း မတွေးတတ်ကြ။

❑

ရွာမြောက်ဘက်အိမ်များနှင့်ဝေးသောနေရာတွင် မန်ကျည်းတောအုပ်လေးရှိသည်။ ထိုနေရာလေးသည် ကုန်းကမူများ၊ ချုံပင်၊ သစ်ပင်ငယ်များဖြင့် တောလေးသဖွယ်ဖြစ်နေ၏။ရွာသားတွေ ဟင်းရွက်ခူးထွက်ရာနေရာလည်းဖြစ်၏။ မန်ကျည်းပင်ကြီးတစ်ပင်အောက်တွင် ယောက်ျားလေးနှင့်မိန်းကလေးစုံတွဲတစ်တွဲ ထိုင်စကားပြောနေကြသည်။ သူတို့က တော့ မြောက်ပိုင်းက ဦးသောကြာ၏သမီး မခင်လေးနှင့် တောင်ပိုင်းက ဦးစွဝံ၏သား ကိုသာလှတို့ ဖြစ်သည်။

"အစ်ကိုရယ် ကျွန်မတို့ချစ်သူဖြစ်ခဲ့ကြတာ (၂) နှစ်ကျော်ပြီနော်။ ပစ္စည်းလေးတွေလည်းအတော်စုမိနေပြီ။ အခုရွာမှာက တောင်ပိုင်းနဲ့ မြောက်ပိုင်း မတည့်သလိုဖြစ်နေကြပြီ။ အဖေက အိမ်မှာခဏခဏပြောနေတယ်။ တောင်ပိုင်းသားတွေလူပါးဝတဲ့။ သူကြီးက မြောက်ပိုင်းသားဖြစ်နေတော့ မျက်နှာလိုက်ပြီး ထင်ရာလုပ်လို့ အစ်ကိုတို့ဘက်ကလူတွေ ပိုဆိုးလာလိမ့်မယ်"

"ခင်လေးရယ်၊ အစ်ကို့အိမ်မှာလည်းဒီလိုပါပဲ။ အဖေဆိုရင် တောက်တခေါက်ခေါက်နဲ့"

"အစ်ကိုရယ် စိတ်ညစ်လိုက်တာ၊ ဘယ်လိုလုပ်ရမှန်းကိုမသိဘူး။ ညီမက ဒီတစ်နေ့ ပဲနှမ်းတွေပေါ်ပြီးရင် အဖေနဲ့အမေ့ဆီ အစ်ကို့ကိုလာပြီးတောင်းခိုင်းမလို့တွေးနေတာ"

"ညီမရယ်၊ စိတ်ညစ်စရာတွေ မတွေးပါနဲ့။ အဆင်ပြေသွားမယ်လို့တော့ အစ်ကိုထင်ပါတယ်။ အခုလို တွေ့ရတဲ့အချိန်လေးမှာ စိတ်ချမ်းသာစရာစကားတွေပြောကြပါစို့"

ကိုသာလှ၏ ရင်ခွင်ထဲတွင် မခင်လေးသည် ငြိမ်သက်စွာဖြင့်မှီရင်း အဝေးသို့ငေးနေပါသည်။ ထန်းပင်ထက်မှ ချိုးနှစ်ကောင်သည် တကူကူအသံပေးရင်း ကူချွဲနေကြသည်။ မန်ကျည်းပင်ကြီးထက်မှ ရွှေပြည်စိုးငှက်က သူနာမည်သူအော်ခေါ်နေသည်။ သူတို့ချစ်သူနှစ်ဦး၏ဘဝသည် ဘာတွေဖြစ်လာကြဦးမည်နည်း။

"ကဲ - အစ်ကို၊ ညီမပြန်ဦးမယ်။ ဟင်းရွက်ခူးထွက်လာတာ အချိန်လည်းလင့်သွားပြီ၊ အရေးကြီးရင် ခါတိုင်းလိုပဲ ဒီနေရာမှာ ချိန်းတွေ့ကြတာပေ့ါ။ အိမ်ရှေ့ကိုတော့ ညဘက်မလာပါနဲ့ အစ်ကိုရယ်။ အန္တရာယ်များလွန်းလို့ပါ"

"အစ်ကိုသတိထားပါတယ်။ စိတ်ချပါ ခင်လေးရယ်၊ ဘာမှမဖြစ်နိုင်ပါဘူး"

သူတို့နှစ်ယောက် မန်ကျည်းတောအုပ်လေးမှထွက်လာသည်ကို ရွာမြောက်ပိုင်းက ဒေါ်ကျော့ကြီးက မြင်သွားလေသတည်း။

❑

တောင်ပိုင်းသား ကိုထွန်းခင်ရွှေသည် အစာလည်ရင်း မြောက်ပိုင်းသို့



www.burmeseclassic.com

www.burmeseclassic.com

*ရောက်သွားသည်။ ကိုလူဝ၏ခြံစည်းရိုး* ကို ဖရုံနွယ်များအား ဆွဲစားနေလေ၏။ ကိုလူဝလှမ်းကြည့်လိုက်တော့ ထွန်းခင်နွားဖြစ်နေသည်။ တောင်ပိုင်းကနွားဖြစ်နေတော့ ဒေါသတွေအလိုလိုထွက်လာသည်။

"တွေ့ကြသေးတာပေါ့ကွာ"

ထင်းခုတ်နေသော ဓားမဖြင့် နွားတင်ပါးအားပြေးခုတ်လိုက်သည်။

နွားကြီးသည် ဓားဒဏ်ရာဟက်တက်ပြကြီးဖြင့် သွေးတစက်စက်ကျကာ တဘူးဘူးအော်ရင်း တောင်ပိုင်းချည်တိုင်ရှိရာသို့ပြေးသည်။ အိမ်ရှေ့ရောက်တော့ နွားကြီးမှာ နာလွန်း၍အော်နေရှာသည်။

"ဟင်-ငါ့နွားဘယ်လိုဖြစ်လာတာလဲ။ ဒါဓားဒဏ်ရာကြီးပဲ။ နည်းတာကြီးမဟုတ်ဘူး။ အေးစိန်ရေ နန္ဒင်းဘူးယူလာစမ်းပါ။ သားကြီးရယ်၊ မင်းဘယ်လိုဖြစ်လာတာလဲ။ ငါ့နွားကို ဘယ်သူဓားနဲ့ခုတ်လိုက်လဲကွ။ သတ္တိရှိရင် တိရစ္ဆာန်ကိုမလုပ်နဲ့ လူကိုလာခုတ်။ လူလူချင်းယှဉ်ခုတ်။ ထွန်းခင်တို့က သွေးမနည်းဘူး"

ကိုထွန်းခင်မှာ သူ့နွားဓားခုတ်ခံရ၍ ဒေါသဖြစ်ပြီး ယမ်းမထက်အော်ဆဲနေပါသည်။

ထိုစဉ် နွားကျောင်းသား အပုလေးသည် ထိုထွန်းခင်ရှိရာသို့ အပြေးလာနေသည်။

"အစ်ကိုထွန်းခင်၊ အစ်ကို့နွားက ကိုဝကြီးခြံစည်းရိုးက ဖရုံနွယ်ကို ဆွဲစားလို့ ဓားမနဲ့ခုတ်လိုက်တာလို့ ကျွန်တော်သတင်းကြားလာတယ်"

"ဟင် - ဟုတ်လား၊ တွေ့ကြသေးတာပေါ့ ဝကြီးရာ"

ကိုထွန်းခင် အိမ်ပေါ် ပြေးတက်ပြီး လှံရှည်ကြီးဆွဲ၍ မြောက်ပိုင်းသို့ ပြေးလေသည်။ သူ့နောက်မှာလည်း တောင်ပိုင်းသားတချို့ တုတ်၊ ဓားများကိုင်ပြီး လိုက်ကြ၏။ သတ္တိကောင်းသည့်မိန်းမတွေပါ ရေထမ်းထမ်းပိုးတွေကိုင်ပြီး အားရပါးရဆဲ၍လိုက်ကြ၏။ ဤကဲ့သို့လိုက်လာမည်ကိုကြိုသိနေသောမြောက်ပိုင်းသားတွေကလည်း တုတ်တွေ၊ ဓားတွေနှင့် ရွာလယ်ညောင်ပင်ကြီးအောက်မှာ စုရုံးနေကြသည်။ တွေ့ကြပြီ။ ညောင်ပင်ကြီးအောက် မြေကွက်လပ်သည် ကျယ်ပြန့်၍ အရိပ်ကောင်းသည်။ ရွာမှ ကလေးတွေ အမြဲတမ်းဆော့ကစားနေသည့်ကစားကွင်း ဖြစ်သည်။

"ဟေ့ကောင် ဝကြီး၊ မင်းဘာဖြစ်လို့ ငါ့နွားကိုဓားနဲ့ခုတ်ရတာလဲ"

"ထွန်းခင်၊ နွားမွေးရင် စည်းနဲ့ကမ်းနဲ့မွေးရတယ်ကွ။ ပေါက်လွှတ်ပဲစားလွှတ်ထားလို့မရဘူး။ ငါ့ခြံထဲမှာလာဝင်စားရင် ငါလုပ်မှာပဲ။ အမဲပေါ် မပစ်တာကံကောင်းသွားတယ်မှတ်"

"ဝကြီး၊ မင်းလူပါးမဝနဲ့"

"ဝကြီးပဲ လူပါးဝတာ မစမ်းဘူး။ မင်းကဘာလုပ်ချင်လို့လဲ"

"စကားတွေများမနေနဲ့။ ချကွာ၊ အသေလုပ်"

ရန်ပွဲသည် အရှိန်မြင့်တက်လာနေသည်။ ရွာလေးသည် ကမ္ဘာပျက်တော့မည်လော။

"နှောင်. . . ဒူ. . . ဝေ. . . ဝေ၊ နှောင်. . . ဒူ. . . ဝေ. . . ဝေ"

"ဆွမ်းတော်ပို့"

ကျောင်းသားလေးတစ်ယောက်က ကြေးစည်လေးကိုထုသည်။ ကျောင်းသားနှစ်ယောက်က ဆွမ်းအုပ်ကြီးကို ထမ်းလာသည်။ ဆရာတော်ကြီးသည် တည်ငြိမ်သောဣန္ဒြေဖြင့် ရွာလယ်လမ်းအတိုင်းကြွလာသည်။ ရန်ဖြစ်ရန်တာစုနေကြသောလူအုပ်ကြီးအလယ်သို့ရောက်လာ၏။နှစ်ဖက်ရန်စောင်နေသောလူအုပ်ကြီး နောက်သို့ရှဲသွားကြသည်။

ရွာဦးကျောင်းဆရာတော်ကြီးသည် ကပ္ပိယကြီးမှတစ်ဆင့် ကတော့ချွန်ရွာကလေးတွင် ဖြစ်ပျက်နေသည်များကို ကြားသိနေခဲ့ပြီး ဖြစ်ပါသည်။ ပဋိပတ္တိ၊ ဝိပဿနာ၊ ဈာဝနာတရားဖြင့်မွေ့လျော်နေသော အရိယာသူတော်စင်ကြီးဖြစ်၍ ကိစ္စများမြောင် လူတို့ဘောင်ကိစ္စများ၌ မပါဝင်လိုခဲ့။ သို့သော် လောကတ္ထစရိယာဖြစ်သော မိမိ၏ဂေါစရဂံရွာတွင် သွေးချောင်းစီးမည့်ကိစ္စအားကြိုသိနေသကဲ့သို့ ယနေ့ကျမှ ရွာထဲဆွမ်းခံထွက်မည်ဟု မိန့်ကြားခဲ့၏။ ရွာသားတွေကလည်း ယနေ့ကျမှ ထူးထူးခြားခြားဆွမ်းခံကြွလာသော ဆရာတော်ကြီးကြောင့် အံ့အားသင့်ကုန်ကြသည်။

"ဒကာတို့၊ ဘာအတွက်ကြောင့် ဒေါသမီးတွေတောက်လောင်နေကြတာလဲ"

"မှန်လှပါဘုရား၊ ရွာမြောက်ပိုင်းက ဝကြီး တပည့်တော်နွားကို ဓားနဲ့ခုတ်လိုက်လို့ပါဘုရား"

ကိုထွန်းခင်က လျှောက်သည်။

ကိုဝကြီးကလည်း အားကျမခံ၍ ဤသို့ ပြန်လျှောက်၏။

"တပည့်တော် ခြံစည်းရိုးက ဖရုံနွယ်တွေကို သူ့နွားကလာဆွဲစားနေပါတယ်။ ဒါကြောင့် ခုတ်လိုက်တာပါ"

"အင်း - တိရစ္ဆာန်ထက်မိုက်တဲ့သူတွေနဲ့ ဒေါသရှေ့ထားတဲ့သူတွေအတွက် ဒီအာယာတမီးတွေဟာ ဘယ်တော့မှငြိမ်းမှာမဟုတ်တော့ဘူး။ ဝကြီး၊ မင်းဖရုံနွယ်တွေက ခြံစည်းရိုးမှာ နွယ်တက်နေတာ မင်းခူးစားလို့လား။ နွားလာစားရင် မောင်းထုတ်လိုက်ပါလား။ ထွန်းခင်ကလည်း ဝကြီးကိုလက်တုံ့ပြန်ရင်တစ်ဖက်နဲ့တစ်ဖက်သတ်ကြဖြတ်ကြနဲ့၊ မင်းတို့ရွာဘီလူးဝင်စီးသလို သွေးချောင်းစီးပြီးရွာပျက်သွားလိမ့်မယ်။ သွား-အားလုံးကိုယ့်အိမ်ကိုယ်ပြန်ကြ။ ဘုန်းကြီးစကားကိုနားမထောင်ဘူးဆိုရင် ဘုန်းကြီးဒီရွာမှာ သီတင်းမသုံးတော့ဘူး"

ဆရာတော်ကြီး၏စကားကတာသွားလှသည်။ အားလုံးရှဲသွားကြသည်။ ကိုယ့်အိမ်ကိုယ်ပြန်ကြရ၏။ ဒါပေမယ့် သူတို့ရင်ထဲမှ အစိုင်အခဲတွေကတော့ ပျောက်ပျက်မသွားပါ။

❏

"ဟင် - ငါ့ငရုတ်ခင်းက ဘယ်လိုဖြစ်နေတာလဲ"

ကိုဝကြီး သူ့ငရုတ်ခင်းအားကြည့်ပြီး အံ့အားသင့်နေသည်။ မနေ့ညနေကရေလောင်းတုန်းက ငရုတ်ခင်းသည် အသီးစိမ်းစိမ်းများဖြင့် အားရစရာကောင်းနေခဲ့သည်။ ကိုဝကြီးသည် ကျွန်းမြေမှာ ငရုတ်ခင်းနှစ်ဧက၊ ကြက်သွန်နီခင်း နှစ်ဧကစိုက်ထားခဲ့သည်။ ငရုတ်ခင်းက အသီးစိမ်းစိမ်းတွေလိုက်နေပြီ ဖြစ်၏။ နောက်တစ်ပတ်ဆိုလျှင် သူခူးဆွတ်တော့မည် ဖြစ်သည်။ ယခုတော့ ငရုတ်ပင်အတော်များများသည် ဓားနှစ်လက်သိုင်းသမား အခင်းထဲဝင်သွားကသွားသလို ငရုတ်ပင်တွေက အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်နေလေ၏။ တစ်ခင်းလုံး မပျက်စီးသွားပေမယ့် အတော်များများပြိုလဲကုန်၏။ မရင့်မှည့်သေးဘဲ ခူးဆွတ်လိုက်လျှင် ဒီငရုတ်သီးတွေ ဘာသွားသုံးရမှာလဲ။ ကိုဝကြီး အသားဆတ်ဆတ်တုန်လာ၏။ ဒါ သင်္ချိုင်းလက်ချက်ဖြစ်ရမည်။

သို့သော် လက်ပူးလက်ကြပ်မမိ၍ ဘာမှလုပ်၍မရ။ ကိစ္စမရှိပါ။ သူ့ပုန်းပြီးအိပ်စောင့်မည်။ အခင်းဖျက်တဲ့ကောင် နောက်ထပ်တစ်ခါ ထပ်လာဦးမှာပဲ။ ထိုအဖြစ်အပျက်အား မြောက်ပိုင်းက လက်စလက်နရှိသူ အိမ်နီးချင်းတွေအား ပြောပြပြီး ကင်းပုန်းဝပ်ရန် တိုင်ပင်





www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ သူတို့ကလည်း သူတို့အခင်းတွေ့ ကိုဝကြီး ငရုတ်ခင်းလိုမဖြစ်ရန် စောင့်ကြမည်ဆို၏။

ညမိုးချုပ်တော့ ဝကြီးတို့တစ်သိုက် ရွာမြောက်ဘက်သို့ထွက်သွားကြသည်။ ကိုင်းခုတ်ဓားများအား လှည်းပေါ် တင်ပြီး ကောက်ရိုးများ ဖုံး၍ယူသွားကြသည်။ ရွာမြောက်ဖျားခပ်လှမ်းလှမ်းတွင် လှေတစ်စီးအား မြစ်ကမ်းမှာ နေ့ခင်းကတည်းက ချည်ထားခဲ့၏။ ညအမှောင်ရောက်မှ မြစ်ရေစုန်ဖြင့် ကျွန်းသို့ကပ်ကာ ကမ်းနဖူး မန်ကျည်းပင်ကြီးအနီး ကိုင်းတောထဲတွင် ဝပ်၍စောင့်ကြမည် ဖြစ်သည်။

လမိုက်ညဖြစ်၍ မြစ်ရေပြင်သည် ကြယ်ရောင်ကြောင့် လှိုင်းကြက်ခွပ်တို့မှာ မလင်းတလှည့်လင်းတလှည့်ဖြစ်နေရှာသည်။ လင်းဝက်တို့က ညအမှောင်ကို အားကိုးပြီး ရေစပ်မှာ ပွက်လာသော ငါးတို့အား အမိဖမ်းနေကြသည်။ ကျည်းပင်ကြီးပေါ် မှ မိန်ငှက်ကြီးတစ်ကောင်ကတော့ ဤည အနိဋ္ဌာရုံမြင်ကွင်းများအား မတွေ့လိုဘူးထင့်။ သစ်ခေါင်းဝမှ အဝေးသို့ငေးကြည့်နေရှာပါသည်။

တောင်ပိုင်းသားတွေထဲမှ ကိုထွန်းခင်နှင့် ငကြိုင်သည် တောင်ဘက်မှာနေ၍ မြစ်ရေအားဆန်ပြီး လှေကိုဖြည်းညင်းစွာ လှော်ခတ်လာနေကြသည်။ ရေသံတက်သံကြား၍မဖြစ်ပါ။ လူမသိအောင် နှိုးလုပ်ရမှာဆိုတော့ အသံထွက်၍မဖြစ်။

လှေထဲမှာ မှိန်းတစ်ချောင်း၊ ငှက်ကြီးတောင်ဓားနှစ်လက်၊ ရေနံဆီတစ်ပုံးပါ၏။ သူတို့အကြံက ဝကြီး၏ ကြက်သွန်ခင်းအား ရေနံဆီလောင်းပြီး မီးရှို့ရန်ဖြစ်သည်။ လှေအား ကျွန်းမြေ တောင်ဘက် ကိုင်းတောစပ်ထဲ တိုးဝင်လိုက်ပြီး မြေပဲခင်းတွေကြားထဲမှ ခြေသံမကြားအောင် လျှောက်လာကြသည်။ လမိုက်မိုက်မှာ အဝတ်မည်းတွေဝတ်လာကြတော့ လကွယ်ညသန်းခေါင်ယံမှာ မဟူရာကျောက်တုံးတွေလိုဖြစ်နေ၏။

ဝကြီးတို့လူသိုက်ကလည်း ကင်းပုန်းဝပ်ရင်း ချက်အရက်သောက်ကြရာ မူးပြီးမှေးနေကြ၏။

ထွန်းခင်နှင့် ငကြိုင်က ရေနံဆီပုံးဖွင့်ပြီး ကြက်သွန်ခင်းအနှံ့ လျှောက်ဖျန်း၏။ ပြီးတော့ လေတင်ဘက်မြောက်ဖျားမှ မီးခြစ်ဆံညှိပြီး အခင်းထဲပစ်ချလိုက်ရာ မီးတောက်ကြီးက ဝုန်းဆိုတောက်လောင်လာပါတော့သည်။

"ဟာ - ဟော့ကောင် ဝကြီ၊ ဟိုမှာ မီးတောက်တွေကြည့်ဦး"

"ဟိုက် - အဲဒါငါ့ရဲ့ကြက်သွန်ခင်းပဲ။ ဟော့ဟော့ - ဟိုမှာလူရိပ်တွေ၊ လူလူ လိုက်ကြဟေ့၊ လိုက်ကြ"

လူသံတွေကြားရ၍ ထွန်းခင်နှင့် ငကြိုင် တောင်ဘက်သို့ အားသွန်ပြေးပါတော့သည်။ မြောက်ပိုင်းသားတွေထဲမှာ ဝကြီးနှင့် တင်အောင်က အပြေးသန်သည်။ ရှေ့ကပြေးနေသူများကို တဖြည်းဖြည်းမီလာတော့ သခွတ်ပင်ကြီးနားဖြစ်နေသည်။ သခွတ်ပင်ကြီး၏အနောက်ဘက်သည် စမ့်မြေဖြစ်၏။ မြက်တို့ပေါက်နေပြီး ထွန်ယက်ကြည့်လျှင် သဲပွ၍ ရေစိမ့်ထွက်လာတတ်သဖြင့် မည်သူမျှ ထိုနေရာကွက်လပ်အား မစိုက်ပျိုးကြ။ တစ်ကြောင်းကလည်း သခွတ်ပင်က နတ်ရဲသည်ဟု လူကြီးသူမတွေပြောဖူးသဖြင့် သခွတ်ပင်ကြီးပတ်လည်မှာ ဘာပင်မှမစိုက်ပျိုးဘဲ လျစ်လျူရှုထားကြသည်။ ယခုတော့ လူသားလေးဦး ထိုမြေကွက်လပ်တွင် ရင်ဆိုင်မိကြပါလေသည်။

"ဟော့ကောင်ထွန်းခင် မပြေးနဲ့"

"ဟဲဟဲ - မပြေးပါဘူး ဝကြီးရာ။ ဒီနေရာမှာ မင်းနဲ့ ငါ စာရင်းရှင်းရမှာ"

"လုပ်မနေနဲ့ ဝကြီး၊ မင်းဘေးက အကောင်ပါဝင်ခိုင်းလိုက်။ ငါငကြိုင်နော်။ မင်းတို့ဘက်က တစ်ကောင်ကို ခုတ်သတ်တာ၊ အောင်ကြီးမဟုတ်ဘူးငါ။ ငါ့လက်ချက်နဲ့ မြမောင်သေတာ။ ငါ့လက်စကိုသိရင် နောက်ဆုတ်။ မဆုတ်ရင် ငါ့လက်စာနေမှာမဟုတ်ဘူး"

ငကြိုင်သည် ဘယ်လက်က ငှက်ကြီးတောင်ဓားအား ကိုင်ထားပြီး ညာလက်က မှိန်းကြီးကို ဆ၍ဆ၍ချိန်နေသည်။ ဝကြီး၏ အဖော်အဖြစ်ပါလာသူက -

"ကျား. . . သေပေတော့၊ ငါ့ယောက်ဖ မြမောင်ကို သတ်တဲ့ကောင်"

ကိုင်းခုတ်ဓားအား မြှောက်ပြီး ပြေးဝင်လာသောထိုသူမှာ ငကြိုင့်လက်ထဲမှ ဝှစ်ခနဲထွက်သွားသောမှိန်းတံ၏ ထုတ်ချင်းပေါက်ခြင်းကိုခံလိုက်ရပါတော့သည်။

"အား. . ."

"ဝုန်း. . . အ. . . အ. . . အ"

သခွတ်ပင်ကြီးပေါ် မှ ကျီးငှက်တို့ ပြုံဆင်းသွားကြသည်။

မှိန်းတန်းလန်းဖြင့် လဲကျသွားသူကိုထွန်းခင် လှည့်အကြည့် ဝကြီး၏ငှက်ကြီးတောင်ဓားက စလွယ်သိုင်းဝင်လာသည်။

"အား. . . . အား"

ထွန်းကြိုင်လဲကျသွားသည်။

"ဟာ-ထွန်းခင်၊ ဟော့ကောင်ဝကြီး မင်းနဲ့ငါ ဓားချင်းယှဉ်ခုတ်မယ်။ ရဲရင်တက်လာခဲ့"

"လာတယ် ကိုယ့်လူ။ မင်းသေရင်သေ၊ မသေရင် ငါသေပဲ"

ထိုစဉ် သူတို့ရင်ဆိုင်နေသော မြေကြီးပျော့သည် သွေးတို့ဖြင့်အိုင်ထွန်းနေရာ လျှပ်စီလျှပ်စီဖြစ်လာလေ၏။ ဝကြီးတို့ဘက်မှ အဖော်လိုက်လာသူတွေကလည်း တကယ်တမ်း တိုက်ခိုက်ထိုးခုတ်ကြသောအခါ ကြောက်ပြီ ခပ်လှမ်းလှမ်းမှ ချောင်းကြည့်နေကြရ၏။ တစ်ယောက်နှင့်တစ်ယောက် တစ်လှမ်းချင်း ရှေ့တိုးလာရာမှ သူတို့ခြေလှမ်းတွေ ရှေ့တိုး၍မရတော့ပါ။ အကြောင်းက ခြေထောက်တွေသည် မြေပျော့ထဲသို့ နစ်ဝင်နေ၍ဖြစ်ပါသည်။ ထိုအခါကျမှ တစ်ယောက်နှင့်တစ်ယောက် သတ်ရမည့်အစား မြေပျော့ထဲမှ ရုန်းထွက်ရန် ကြိုးစားကြပါတော့သည်။ ရုန်းလေနစ်လေဖြစ်နေသောသူတို့နှစ်ယောက်နှင့်အတူ စောစောကပင် သေသွားပြီဖြစ်သောနှစ်ယောက်ပါ သဲမြေပျော့ထဲသို့ တဖြည်းဖြည်းနစ်ဝင်နေကြသည်။ နောက်ဆုံး ဝကြီးနှင့် ငကြိုင် ဦးခေါင်းလေးသာပေါ် တော့သည့်အချိန်မှာ -

"ကယ်တော်မူကြပါဦးဗျို့၊ ကယ်ကြပါဦး"

သခွတ်ပင်ကြီးသည် လေမတိုက်ဘဲ ယိမ်းထိုး၍လာပါသည်။ တဟီးဟီး ရယ်သံကြီးနှင့်အတူ သစ်ပင်ထိပ်ဖျားမှ အရိပ်မည်းကြီး ဝဲကျလာချိန်မှာတော့ လေးယောက်စလုံး မြေပြင်ပေါ် မှာမရှိတော့။ မြေအောက်သို့ စုံးစုံးမြုပ်သွားပြီဖြစ်ပါတော့သည်။ သွေးပျက်ဖွယ်ရာ ထိုအဖြစ်အပျက်များအား ငေးကြည့်နေမိသူ မြောက်ပိုင်းသားများမှာ လူရိပ်မည်းကြီး သခွတ်ပင်ကြီးပေါ် ပျံတက်သွားချိန်မှာတော့ ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင်ပြေးကြပါတော့သည်။

❑

ဤကိစ္စဖြစ်ပြီးသည့်နောက်တွင် ရွာသည် သိသိသာသာနှစ်ခြမ်းကွဲသွားပါတော့သည်။ တချို့က ရွာလယ်မှ စည်းရိုးတားပြီး တောင်ကတော့ချွန်၊ မြောက်ကတော့ချွန်ဟု အမည်ပေးဖို့ အကြံပြုကြသည်။ သက်ကြီးဝါကြီးဖြစ်သော ရွာလယ်တွင်နေထိုင်သည့် ဘ[illegible]

www.burmeseclassic.com

ကတော့ လုံးဝသဘောမတူပါ။

"နှစ်ပေါင်းရာချီပြီးတည်လာခဲ့တဲ့ ရွာ။ ဘာမဟုတ်တဲ့မြေနုကျွန်းကိစ္စ သူကြီး ဝင်ရှုပ်လို့၊ ဘက်လိုက်ပြီး မတရားလုပ်လို့ ဖြစ်လာရတဲ့ပြဿနာတွေကြောင့် သေတဲ့သူတွေလည်း သေကုန်ပြီ။ မင်းတို့အခုထိ နောင်တမရကြသေးဘူးလား။ မင်းတို့ လောဘတက်လာလို့ တစ်သက်လုံး မြေကြီးကရွှေသီးလာတဲ့မြကျွန်းဟာ ခုတော့ ဖြည်းဖြည်းချင်းကောလာနေပြီ။ ဒါကို တောင်အသိတရားမရကြသေးဘဲ ဆက်မိုက်နေကြဦးမယ်ဆိုရင် မင်းတို့ရဲ့သင်္ချိုင်းဟာ မြေနုကျွန်းဖြစ်သွားလိမ့်မယ်။ ခုတော့ ဒီကျွန်းဟာ သွေးသောက်ဖူးသွားပြီ။ မင်းတို့ကြပ်ကြပ်သတိထားကြတော့"

ဘညာဏ်က ပြောပြောဆိုဆိုဖြင့် အိမ်ပေါ်တက်သွားပြီး ပြန်ဆင်းမလာတော့ပါ။ အိမ်ရှေ့ကွက်လပ်တွင် စုရုံးနေကြလေသော ရွာသားအချို့ ယောင်လည်လည်ဖြင့်ပြန်သွားကြသည်။ ရွာထဲက လူတွေသေပြီဆိုတော့ ဘညာဏ်ဦးစီးပြီး ရွာလယ်မွှာရုံရှေ့ကွက်လပ်တွင် ပရိတ်ရွတ်ဖို့စီစဉ်ကြသည်။ ရွာဦးကျောင်းဆရာတော်ကြီးနှင့် သံဃာငါးပါးပင့်ကြသည်။ ဆရာတော် ဦးဆောင်၍ ပရိတ်ကမ္မဝါ ရွတ်ဖတ်သရဇ္ဈာယ်ပြီးသော် ဆရာတော်ကြီးက အောက်ပါအတိုင်း မိန့်ကြားပါသည်။

"ဘုန်းကြီး စစ်ကိုင်းတောင်ကို ကြွလိုက်ဦးမယ်။ အဲဒီမှာ ဝါဆိုပြီး တရားအားထုတ်ချင်လို့ ကျောင်းကို ကပ္ပိယကြီးနဲ့လွှဲခဲ့မယ်။ ကိုရင်လေးတော့ရှိမှာပါ"

ဆရာတော်ကြီးက မိန့်ပြီးပြီးချင်း ပြန်ကြွသွားသည်။ ရွာသားတွေ သဘောပေါက်သွား၏။ ဆရာတော်သည် သူတို့အား မျက်နှာလွှဲသွားချေပြီတည်း။ ပြောမရသည့်လူတွေ မင်းတို့ထိုက်နှင့်မင်းတို့ကံဟု မပြောရုံတမယ်ပင် ဖြစ်သည်။

ရွာနိမိတ်တွေကလည်း မကောင်းလှ။ တောင်ဘက်သုသာန်တွင် လင်းတတွေ လာလာဝဲနေသည်မှာကြာပြီ။ နွားကျောင်းသားတွေက လေးခွဖြင့် ချောက်လှန့်ပစ်နေရသည်။ ရွာတောင်ဘက်နှင့် မြောက်ဘက်သည် အဆက်အဆံမရှိကြတော့။ ဆွေမျိုးရင်းချာများက နီးစပ်ရာ အခြမ်းသို့ ပြောင်းရွှေ့သွားကြသည်။ ပြဿနာဖြစ်လာလျှင် အသက်အန္တရာယ် မကင်း၍ဖြစ်သည်။ ရွာလယ်ဈေးသည် နှစ်ခြမ်းကွဲပြီး တောင်ဈေး၊ မြောက်ဈေး ဖြစ်လာသည်။ မြောက်ဘက်မှ တောင်ဘက်ရှိ ရွာများသို့သွားမည့်သူများသည် ရွာအား ကွေ့ကွင်း၍ လှည်းမောင်းရ၏။ တောင်ဘက်မှ မြောက်ဘက်သို့သွားမည့် သူတွေကလည်း ထိုနည်းနှင်နှင်ပင်။ အပြက်အပြက်နှင့် နှာခေါင်းသွေးထွက်ကြလေပြီတည်း။

❑

တောင်ပိုင်းသား ကိုသာလှနှင့် မခင်လေးတို့ ခါတိုင်းတွေ့နေကျ မြောက်ဘက်တောစပ် မန်ကျည်းပင်ကြီးအောက်မှာချိန်းတွေ့ကြသည်။

"အစ်ကိုရယ်၊ ကျွန်မတို့တွေဘယ်လိုဆက်ပြီးလုပ်ကြမှာလဲ အဖေကပြောနေတယ်။ နင်တောင်ပိုင်းသားကိုယူရင် နှစ်ယောက်စလုံးကို သတ်ပစ်မယ်တဲ့။ အစကတော့ သူပဲသဘောတူပါတယ် လေးဘာလေးနဲ့"

"အစ်ကို့မိဘတွေလည်းဘာထူးလို့လဲ ခင်လေးရယ်။ ခါးခါးသီးငြင်းနေကြပြီ။ ဦးလေးပေါ်သမီး အေးမိနဲ့ ပေးစားမယ်လို့ပြောနေကြတယ်။ အပျိုခေါင်း မစိန်ကလည်းတစ်မျှောင့်။ ခင်လေးလောက်တော့ အေးမိလည်းလှပါတယ်တဲ့။ အသားကပိုလို့တောင်ဖြူသေးတယ်တဲ့။ ကဲ - ဘယ်လိုလုပ်ကြမလဲ"

မခင်လေးက ညိုစိမ့်စိမ့်ဖြင့်ချောသူလေးဖြစ်၏။ အေးမိက ရုပ်ရည်လေး သနားကမားသာရှိသော်လည်း အသားဖြူသဖြင့် ကြည့်ပျော်ရှုပျော်ရှိသည်။

"အစ်ကိုက အေးမိကိုသဘောကျလို့လားဟင်"

"ဘယ်ကလာကြိုက်ရမှာလဲကွယ်။ အစ်ကို့ဘဝမှာ ခင်လေးသာ အချစ်ဦးပါ။ ခင်လေးကလွဲလို့ ဘယ်မိန်းမကမှ မလှဘူး။ ခင်လေးသာ အချောဆုံး"

ချစ်သူက ဤသို့ပြောသဖြင့် မခင်လေးစိတ်ချမ်းသာရပါသည်။ သို့သော် သူ့မိဘများကိုတော့ စိတ်မချ။

"အစ်ကို ခင်လေးတို့ထွက်ပြေးကြရအောင်လားဟင်"

"နေပါဦး၊ အစ်ကို စဉ်းစားနေပါတယ်။ တကယ်လို့ အခြေအနေမဟန်ရင်တော့ ပြေးသင့်ပြေးရမှာပဲ"

"ဟင် - ဟိုမှာ ဒေါ်ကျော့ကြီး ခင်လေးတို့ကိုမြင်သွားပြီ လုပ်ပါဦး အစ်ကိုရယ်။ သူရွာဘက်အမြန်ထွက်သွားတယ်"

ကိုသာလှ သဘောပေါက်သွားပါတော့သည်။ အန္တရာယ်သည် မကြာမီလာတော့မည်ကိုသူသိနေ၏။သူဆုံးဖြတ်ချက်တစ်ခု အမြန်ချလိုက်သည်။

"ခင်လေး အိမ်ကို မြန်မြန်ပြန်တော့။ အစ်ကို တောင်ပိုင်းကို အမြန်ပြန်မယ်"

"အစ်ကို ဒီအတိုင်းပြန်ရင် ဖြစ်ပါ့မလား။ အစ်ကို့ကို သူတို့စောင့်နေကြမှာပေါ့"

"အစ်ကို့လွတ်လမ်းအစ်ကိုသိပါတယ်။ ခင်လေးသာ စိတ်ချလက်ချအိမ်ကိုပြန်"

ခင်လေး ခပ်သုတ်သုတ်ရွာပြန်သွားရသည်။ ချစ်သူအား လှည့်ကြည့်လှည့်ကြည့်ဖြင့် စိတ်ကမချ။ ရွာသားတွေကလည်း ရွာအပြင်မှာစောင့်နေကြပြီ ဖြစ်သည်။ ရွာလယ်လမ်းအတိုင်း ပြန်လာလို့ကတော့ အရိုးတခြားအသားတခြားဖြစ်သွားမည်မှာမလွဲ။ ရွာကိုကွင်းပြီး အပြင်ဘက်မှပြန်မည်ထင်ပြီး ရွာပြင်မှာစောင့်နေကြခြင်း ဖြစ်သည်။ ဒါပေမယ့် ကိုသာလှက မြစ်ဘက်သို့အမြန်ပြေးပြီး ဧရာဝတီမြစ်ထဲ ခုန်ချသွားပါတော့သည်။ ရေစီးမှာ အသာကိုယ်ဖျော့၍ သပြေချောင်းပေါက်မှတစ်ဆင့်တောင်ပိုင်းထဲသို့ရောက်သွားသည်ကို ဘယ်သူမှမသိလိုက်။ မြောက်ပိုင်းသားတွေက မကျေနပ်၍ တစ်နေကုန် တောနင်းရှာနေကြသည်။ တောင်ပိုင်းသားတွေက ဒီအချိန်မှာ ကိုသာလှအား ဂုဏ်ပြု၍ ချက်အရက်နှင့် ကြက်သားကာလသားချက်ဖြင့် ဧည့်ခံနေကြ၏။ တောင်ပိုင်းသားဆိုတာ ဒီလိုမျိုးကွဟု ကြုံးဝါးကြသည်။

❑

ဘာတွေဖြစ်ကုန်မှန်းမသိ၊ ကျွန်းမြေပေါ်မှာ ငရုတ်၊ ကြက်သွန်၊ ပဲခင်းများ ပိုးတွေအလွန်ကျနေ၏။ ခါတိုင်းနှစ်တွေ ဤသို့မဖြစ်ပါ။ ထိုခေတ်က ဤခေတ်ကဲ့သို့ ပိုးသတ်ဆေးတွေလှိုင်လှိုင်မပေါ်သေးပါ။ ဆေးရွက်ကြီးအရည်ဖျော်ပြီးဖျန်းသော်လည်းမနိုင်။အပင်တွေလှီးပြီးသေကုန်၏။ ပဲခင်းတွေမှာပြကောင်တွေခဲနေ၏။ ငရုတ်ပိုးကလည်းကြောက်စရာကောင်းလိုက်သည့်ဖြစ်ခြင်း။ ဟိုကောင်တွေသေသွားပြီးကတည်းက တစ်ယောက်အခင်း တစ်ယောက် မဖျက်ဆီးဝံ့တော့ပါ။ ယခုဟာက သဘာဝတရားကြီးက ဖျက်ဆီးနေခြင်း ဖြစ်သည်။ ရွာသားတွေက ရွာမှာသာ နှစ်ခြမ်းကွဲနေကြသည်။ ကျွန်းမြေပေါ်မှာတော့ သူ့အကွက်ကိုယ့်အကွက်မှာ ကိုယ့်ဟာကိုယ်စိုက်ပျိုးကြ၏။ စကားမပြောကြ။ ယခုတော့သည်



www.burmeseclassic.com

www.burmeseclassic.com

တေးလားဝါးလားစကားတွေပြောကြ၊ သီချင်းတွေအော်ဆိုကြ၊ ထမင်းစားချိန်တန်လျှင် အရိပ်ကောင်းကောင်းမှာ စုဝေးပြီးနေစဉ် သတိဝီရိယထားပြီးလုပ်နေကြခြင်းနှင့် တစ်ယောက်မဟုတ်တစ်ယောက်က တခြားဘက်သို့ စောင့်ကြည့်နေခြင်း ဖြစ်သည်။

ကိုသာလှ မြေပဲခင်းအား ပေါက်တူးတစ်လက်ဖြင့် ပေါင်းသင်၍ ပင်ခြေအား မြေရှပ်နေရသော်လည်း စိတ်က ခင်လေးတို့ ကြက်သွန်းခင်ဘက်ရောက်နေသည်။ ထို့ကြောင့်လားမသိ ခဏခဏ မြေပဲပင်တွေ ပြတ်သတ်ထွက်ကုန်၏။

ဖခင်ဖြစ်သူက -

"ဟေ့ကောင် သာလှ၊ မင်းမြေပဲခင်းကို ပေါင်းသင်နေတာလား၊ ပေါက်တူးနဲ့ခုတ်သတ်နေတာလား။ မလုပ်ချင်ရင်သွားအိပ်နေ။ ဟိုမှာကြည့်စမ်း။ အပင်တွေပြတ်ပြီး သေကုန်ပြီ"

အဖေပြောလည်း ပြောစရာပင်။ ပင်ခြေမှ ပြတ်၍လဲနေသောမြေပဲပင်တွေ မနည်းတော့ပြီ။ နေ့စားခေါ်ထားသောကောင်မလေးတွေက ကိုသာလှ၏ အဖြစ်ကိုကြည့်ပြီးကျိတ်၍ရယ်ကြသည်။

မခင်လေးကတော့ ဘာထူးမည်နည်း။ အိမ်အပြင်မထွက်ရအမိန့်ကြောင့် အိပ်ခန်းထဲတွင် ကျိတ်ပြီးငိုနေရ၏။ နောက်ဆုံး ဖခင်ဖြစ်သူ ပေးစားမည့်သူနှင့်ယူပါမည်ဟု ကတိပေးလိုက်ရသည်။ မိဘက ပိုက်ဆံရှိ လယ်ယာကိုင်းမြေတွေပိုင်ပေမယ့် ကြက်တိုက်၊ ဖဲရိုက်နေသောငထူးနှင့်ပေးစားဖို့ သူ့မိဘတွေက စီစဉ်နေကြသည်။

သိပ်ချစ်ကြသော ချစ်သူနှစ်ဦး၏ ဘဝသည် ဘာတွေဖြစ်လာဦးမည်နည်း။

ဘာပဲဖြစ်ဖြစ် ဒီအကြောင်းအား ကိုသာလှသိအောင်လုပ်မည်ဟု ဆုံးဖြတ်ပြီး မြစ်ဆိပ်မှာ ရေခပ်မည်ဟုပြော၍ အိုးတစ်လုံးရွက်ပြီး အိမ်မှထွက်လာခဲ့သည်။ မြစ်ဆိပ်ရောက်တော့ ရေးလာသည့်စာအား ရေအိုးထဲမှာထည့်၍ ဧရာဝတီမြစ်ကြောအတိုင်း တောင်ဘက်သို့ မျှောချလိုက်ပါတော့သည်။ တောင်ဘက်မြစ်ဆိပ်တွင် ရေချိုးနေသူတွေ တစ်ယောက်မဟုတ်တစ်ယောက်တွေ့သွားမှာအမှန်ပင်။ ဒါဆို ကိုသာလှသိနိုင်ကောင်းပါရဲ့။

မခင်လေး အကြံကောင်းသွားသည်။ သာလှသူငယ်ချင်းက ရေကူးနေရင်း အိုးတစ်လုံးမျောလာ၍ မသင်္ကာသဖြင့်ဆယ်လိုက်ရာ မခင်လေး၏ ခိုးရာလိုက်ဖို့ချိန်းသည့်စာဖြစ်နေသည်။ အမြန်ပင် ထိုစာအား ကိုသာလှဆီပို့လိုက်သည်။ ပြီးတော့ သူငယ်ချင်းတွေနှင့် တိုင်ပင်ရသည်။ မြန်မြန်မလုပ်လို့ကတော့ ကြက်သမားငထူးနောက်ပါတော့မည်။

ရွှေပြည်စိုးတို့၊ ဖိုးခေါင်ငှက်တို့ တွန်ကြလေပြီ။ တင်ကျီး၊ ရေကြက်၊ မြစ်တွေးငှက်တို့ မြေနုကျွန်းစပ် ကိုင်းတောထဲမှာ မြူးထူးနေကြ၏။ ရေဘဲတစ်အုပ်က သဲသောင်စပ်မှာ ရေထဲငုပ်လိုက်၊ ပြန်ပေါ်လာလိုက်ဖြင့် ငုံးကောင်များအား မြိန်ရေရှက်ရေစားသောက်နေကြသည်။ သူတို့သည် တိရစ္ဆာန်များဖြစ်သောကြောင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အား မသိနားမလည်ပါ။ အသက်ရှင်ရပ်တည်ရေးအတွက်သာ နေထွက်မှ နေဝင် ဤမြကျွန်းမြေနုပေါ်တွင်အစာရှာကြ၏။

ဤရက်ပိုင်းတွင် ထူးခြားနေသည်က ကျွန်းကြီးပေါ်ရှိ သခွတ်ပင်ကြီးသည် လေမတိုက်ဘဲ တဟီးဟီးမြည်၏။ လှုပ်ရှားယိမ်းထိုးတတ်သည်။ ရှေ့မီနောက်မီ ဗဟုသုတနှင့်ပြည့်စုံသော ဘဘဏ်သည် ဤသည်ကိုသတိထားမိ၏။

ထို့ကြောင့် သူ့အိမ်ရှေ့ တမာပင်ကွပ်ပျစ်၌ထိုင်ပြီး မေတ္တာတရားတွင်တွင်ပော၏။ သွန်သင်ဆုံးမမည့် ဆရာတော်ဘုရားသည်လည်း စစ်ကိုင်းချောင်သို့ကြွသွားလိုက်သည်မှာပြန်မလာတော့ပါ။

တချို့ရွာသားတွေက ဘဘဏ်အား ကြည်ညိုလေးစား၍ ယခင်ကထက်ပိုပြီး ဘာသာတရား လိုက်စားလာကြသည်။ ရွာဦးကျောင်းမှာ ဥပုသ်နေ့ဆိုလျှင် စေတီအနီး ဇရပ်လေးမှာ သီလယူဥပုသ်စောင့်ကြ၏။ ကိုရင်လေးက သီလပေးတတ်၍သာတော်တော့သည်။

နားမလည်သည့် လူအနွ လူမိုက်တစ်စုကတော့ ရွာမြောက်ပိုင်းက သူကြီးနှင့်သူ့တပည့်လူမိုက်တစ်စု၊ ပြီးတော့ ခင်လေး၏ဖခင် ဦးသောကြာဖြစ်သည်။ သူကြီးက သူ့အကြောင်းတွေ မြို့နယ်က လူကြီးတွေသိသွားသည်မှာ တောင်တွင်းသားတွေလက်ချက်ဟုထင်ပြီး ပို၍အငြိုးကြီးလာသည်။ ဦးသောကြာကလည်း သူကြီးနှင့် ပုလင်းတူဘူးဆို့ပီပီ သူ့သမီးအား ဖဲသမားငထူးနှင့်ပေးစားဖို့အမြန်စီစဉ်တော့သည်။

သာလှတို့ကာလသားတွေက မခံချင်။ ထို့ကြောင့် သာလှကို မခင်လေးနှင့် အမြန်နီးစပ်ဖို့ခိုးယူရန်အကြံပေးကြသည်။ မခင်လေး၏စာက လာမည့် တပေါင်းလပြည့်နေ့ညတွင် အိမ်မှမဖြစ်မနေထွက်လာပြီး မြေနုကျွန်းသို့လှေဖြင့်လာမည်။ ကိုသာလှလာစောင့်နေပါတဲ့။ သူမအိမ်ကထင်သည်မှာ ရွာပြင်မှနေ၍ ဆင်ဖြူကျွန်း သို့မဟုတ် ဆိတ်ဖြူသို့ ထွက်ပြေးမည်ထင်သည်။ သို့အတွက် ရွာအဝင်အထွက်တွင် လူမပြတ်စောင့်ကြည့်စေသည်။ ရွာက ဧရာဝတီမြစ်ကမ်းမှာရှိသည့်အတွက် မခင်လေးအဖို့ ညဘက် လူအလစ်တွင် လှေနှင့်မြေနုကျွန်းသို့ထွက်လျှင် ဘာမှကြာမည်မဟုတ်။ ထိုနေရာရှိ ဧရာဝတီမြစ်သည် မြေနုကျွန်းကြီးကြောင့် ရေလမ်းကြောင်းမှာ အရှေ့ဘက်မှစီးပြီး ကျွန်းနှင့် အနောက်ဘက်ကမ်းရွာသည် ဘာမှမဝေးလှ။ ရေလည်းတိမ်သည်။ စည်းခုံသောင်များလည်းရှိသည်။

ထိုည တပေါင်းလပြည့်သည် မြစ်ပြင်တစ်ခွင်လုံးအား ဘောငွေရောင်သန်းလျက် ကြည်လဲ့ဝင်းဖန့်နေ၏။ ညဉ့်ငှက်တွေက မြစ်ပြင်အား ဖြတ်သန်းပြီး အရှေ့၊အနောက်ဖြတ်ပျံလျက်ရှိသည်။ ကိုသာလှတို့ ကာလသားတစ်သိုက်က လှေဖြင့် ကျွန်းမှာကြိုရောက်နေမည်။ မခင်လေးလာလျှင် ကျွန်းအရှေ့သို့ပြေးကြပြီး ကိုင်းစပ်မှာ တစ်ညခိုနေကြ။ နောက်နေ့ မနက်ကျမှ နီးစပ်ရာ လှေကြုံအားခေါ်၍ ဧရာဝတီမြစ်အရှေ့ဘက် စလေသို့သွားကြဖို့ ဖြစ်လေသည်။ ထိုမှတစ်ဆင့် ကြေးနီ - ကျောက်ပတောင်းလမ်းအတိုင်းပြေးပြီး မန္တလေးမှာခိုနေကြရန် အကြံပေး၏။ သာလှသူငယ်ချင်း တင်အောင်က မန္တလေးတွင် ရွှေချည်ထိုးလုပ်ငန်းနှင့် အဆင်ပြေနေသည်။ သူ့လိပ်စာကိုလည်းသိသည်။

ကိုသာလှ ရင်တွေဖိုနေရပြီ ဖြစ်သည်။ မခင်လေးကို တင်တောင်းဖို့စုထားသည့် လက်ကောက်နှစ်ရန်၊ ဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ ငွေသားက နှစ်ထောင်၊ အဝတ်အစား အနည်းငယ်အား လွယ်အိတ်ထဲထည့်လို့ရမည်ရ ဓားမြှောင်တစ်ချောင်း ခါးကြားထိုးပြီး သူငယ်ချင်းတစ်သိုက် ကျွန်းစပ်က ကျည်းပင်ကြီးအနီး ကိုင်းထဲမှာ ဝပ်၍စောင့်နေကြသည်။

ရွာမြောက်ဘက်မှ လှေကလေးတစ်စီးသည် တရွေ့ရွေ့လှော်ခတ်လျက် မြေနုကျွန်းကြီးအနားကပ်လာနေသည်။ လရိပ်ကြောင့် လှေအား ထင်းထင်းကြီးမြင်နေရသည်။ ကျွန်းမြေကမ်းစပ် မန်

www.burmeseclassic.com

ကျည်းပင်ကြီးပေါ်မှ ဇီးကွက်တစ်အုပ်က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေသည့် အလား ကွိကွပ်ကွိကွပ်ဟုအသံပေးကာ အော်ကြသည်။

"သာလှ၊ မင်းကောင်မလေးလာနေပြီ။ မင်းအဲဟိုကိုသွားတော့။ ငါတို့ လှေပေါ်ကပဲစောင့်ကြည့်နေတော့မယ်။ တစ်နာရီလောက် လျှောက်လိုက်ရင် ကျွန်းအရှေ့ကမ်းကိုရောက်မှာပါ"

"ဟေ့ကောင် မြို့ရောက်မှ ဟိုဒင်း ဟိုဟာပြုနော်။ လောလောဆယ် ချုံ ကောင်းကောင်းမှာ အသံမကြားအောင် ခိုနေရမှာ။ ဦးသောကြာလိုက်မလာဘူး လို့ အာမမခံနိုင်ဘူး"

"မင်းတို့ကလည်းကွာ ချုံထဲမှာ ချစ်သူနှစ်ဦး ဖက်ထားပြီး ပုန်းနေကြတာပဲ၊ သာလှလက်မနှေးနဲ့နော်"

သူငယ်ချင်းများ၏ တစ်ယောက် တစ်ပေါက် စကားများအား သာလှနား မဝင်နိုင်ပါ။ လှေအား ကမ်းကပ်ပြီး ကျွန်း မြေပေါ်တက်လာ၍ ဟိုသည်ကြည့်နေ သော မခင်လေးအားတွေ့ရပြီဖြစ်၍ -

"သူငယ်ချင်းတို့ ငါလစ်ပြီ၊ အမေ့ ကို နောက်မှပြောပြ။ စိတ်မပူပါနဲ့လို့။ မင်းတို့လည်း ပြန်ကြတော့"

သူ မခင်လေးရှိရာ နှမ်းခင်းအစပ် သို့ ဒရောသောပါးပြေးလေသည်။

"ခင်လေး၊ အစ်ကိုလာပြီ"

"ဟင် - အစ်ကို"

မခင်လေးသည် ခြုံထည်လေး အား ကိုယ်မှာခြုံထားပြီး အထုပ်လေး တစ်ထုပ်ပိုက်ထား၏။ နှစ်ယောက်သား တင်းကျပ်စွာ ဖက်ထားလိုက်ကြသည်။

"ဟီးဟီး. . . ရုပ်ရှင်ထဲကအတိုင်း မင်းသား၊ မင်းသမီးတွေကျနေတာပဲ"

ကိုသာလှ၏ သူငယ်ချင်းတွေက လှေကို ကမ်းမှမခွာသေးဘဲ ချစ်သူနှစ်ဦး ၏ မြင်ကွင်းအားကြည့်ရင်း အားကျနေ ကြ၏။

"အစ်ကိုဘယ်ကိုသွားမှာလဲ"

"ကျွန်းအရှေ့ဘက်ကိုသွားမယ်။ အဲဒီမှာ တစ်ညအိပ်မယ်။ မနက်ကျရင် တော့ လှေကြုံတွေ့မှာပါ။ ဟိုဘက် ကမ်း စလေကိုကူးမယ်။ ပြီးရင် လွတ်ရာ လွတ်ကြောင်းပြေးကြတာပေါ့။ ခင်လေး မြန်မြန်"

သူတို့နှစ်ယောက် မြေပဲခင်း၊ ကြက်သွန်ခင်း၊ နှမ်းခင်းများအား ကျော် ဖြတ်ပြီး သခွတ်ပင်ကြီးဘက်သို့ ခပ်သွက် သွက်သွားနေကြသည်။ သာလှ၏ သူငယ်ချင်းများသည်လည်း လှေကိုကမ်း မှခွာ၍ ရွာတောင်ဘက်ဆီသို့ လှော်ခတ် သွားနေကြပြီ ဖြစ်၏။

"လိုက်ဟေ့ လိုက်ပါ။ ဟေ့ကောင် မပြေးနဲ့"

"ငါ့သမီးပြန်လာ မလာရင် နင့်ပါ သတ်မှာ"

မြောက်ပိုင်းသားများကား မီးတုတ် များ တဝင်းဝင်းဖြင့် ကျွန်းမြေပေါ်သို့ တက်လာပါချေပြီ။ ဓားတွေ၊လှံတွေကိုင် ပြီး ကျွန်းပေါ်ပြေးတက်လာသောလူအုပ် တွင် သူကြီး ဦးသောကြာနှင့် ဖဲသမား ငထူးက ခေါင်းဆောင်သည်။ ဆူညံနေ ပြီး မီးရောင်တဝင်းဝင်းကြောင့် သာလှ ၏သူငယ်ချင်းများသည် လှေအား ရွာ တောင်ဘက်ကမ်းသို့ကပ်မည်လုပ်ရာမှ ကျွန်းဘက်သို့လှည့်ကြည့်မိကြသည်။

"ဟာ - သာလှတို့ကို မြောက်ပိုင်း သားတွေလိုက်နေပြီ။ ငါတို့သွားမှ ဖြစ် မယ်"

"မဖြစ်ဘူး၊ ငါတို့က သုံးယောက် တည်း။ ဒီကောင်တွေက တစ်အုပ်ကြီး။ ငါတို့တစ်စစီဖြစ်ကုန်လိမ့်မယ်"

"ဒါဆို ရွာထဲပြန်ပြီး လူစုမလား"

"မလုပ်ပါနဲ့တော့ကွာ။ ဒီတစ်ခါ ကျွန်းပေါ်မှာ လူသတ်ပွဲကြီးကျင်းပရင် ငါတို့တစ်ရွာလုံး ပျောက်သွားလိမ့်မယ်။ သာလှတို့ကံကောင်းမှာပါ။ ကံကောင်း ပါစေ သူငယ်ချင်းရယ်"

မီးတုတ်တဝင်းဝင်းဖြင့် ဓားလှံဖွေး ဖွေးဖြင့်လိုက်နေသော လူအုပ်ကြီးရှေ့ ခပ်ဝေးဝေးမှာ နှစ်ယောက်သားလက်တွဲ ပြီးပြေးနေသော ချစ်သူနှစ်ဦး။ ထိုမြင် ကွင်းအားကြည့်ပြီး သာလှ၏သူငယ်ချင်း များ မျက်ရည်ကျနေကြရ၏။ သူတို့ လည်း ဘာမှမတတ်နိုင်တော့ပါ။

ထိုစဉ်အခိုက် ရှေ့ဆုံးမှ ဦးဆောင် ပြီး ငှက်ကြီးတောင်ဓားကိုင်၍ လိုက်နေ သော သူကြီးသည် သဲထဲသို့ မြေကျွံကျ သွားသည်။ သူ့ခြေထောက်တွေကို ပြန် နုတ်၏ မရ။ ရုန်းလို့မရ။ သူ့နောက်မှာ ကပ်ပါလာသော ဦးသောကြာ၊ ဖဲသမား ငထူးတို့သည်လည်း ထိုနည်းနှင်နှင် သဲ ထဲသို့ကျွံကုန်ကြသည်။

"ဟာ-သူကြီးတို့ ဦးသောကြာတို့ သဲထဲနစ်နေပြီ ဝင်ဆွဲရအောင်"

"ဟေ့ကောင်တွေ သွားမဆွဲနဲ့။ မင်းတို့ပါ သဲကွင်းထဲပါသွားမယ်"

ကိုသာလှတို့နောက်လိုက်နေကြ သော လူအုပ်က ချစ်သူစုံတွဲအား ဂရု မစိုက်နိုင်ကြတော့ဘဲ သူကြီးတို့ဖြစ်အင် အား ခပ်လှမ်းလှမ်းမှ စိုးရိမ်တကြီး ဝိုင်း ကြည့်နေကြသည်။

သူကြီးတို့သုံးယောက်သည် လှုပ် လေရုန်းလေ သဲထဲမှာမြုပ်လေဖြစ်ပြီး တဖြည်းဖြည်း ခန္ဓာကိုယ် ခါးအထိ မြုပ် ဝင်နေသည်။

"ဟီ. . . ဟီ. . . ဝေါ. . . ဝေါ"

တဟီးဟီးနှင့် အသံကြီးတစ်သံပေါ် ထွက်လာသည်။ မြေတုန်ဟည်းသော အသံ ဖြစ်ပါသည်။

ကိုသာလှတို့သူငယ်ချင်းတစ်သိုက် လှေပေါ်မှနေ၍ ထိုအဖြစ်အပျက်ကို အငေးသားကြည့်နေကြစဉ် မြေတုန် ဟည်းသောအသံကြီးကြောင့် ယာထဲမှ အိမ်တချို့ လန့်နိုးလာကြသည်။ ရွာသား တွေ ကမ်းပေါ်မှာနေ၍ ကျွန်းပေါ်သို့ လှမ်းကြည့်ကြ၏။ ကျွန်းပေါ်မှာကား ကမ္ဘာပျက်နေလေပြီတည်း။ ကျွန်းမြေ ကြီးသည် တဝုန်းဝုန်းပြိုကျရင်း သူကြီးတို့ သဲထဲမြုပ်နေသောအနားသို့ရောက်လာ သည်။လက်နက်တွေကိုင်ထားပြီး အော် ဟစ်နေသော မြောက်ပိုင်းသားများက ကမ်းဘက်လှည့်အပြေးမှာ သူတို့လည်း မလွတ်ပါ။ တစ်ယောက်ပြီးတစ်ယောက် မြေပြိုသည့်အထဲပါသွားကြသည်။

မြေကျွန်းမြေနုသည် ဒေါသ မောဟကြီးနေသော လူအုပ်အား တဝုန်းဝုန်းပြို၍ ဝါးမျိုပစ်လိုက်ပြီးနောက် လူကုန်သွားသောအခါ ကမ်းပြိုခြင်းရပ် သွားပါတော့သည်။

ကိုသာလှတို့နှစ်ယောက် ကမ်းပြို သံများ၊ လူတစ်စု၏ လိုက်ဟသတ်ဟ ဟူသောအသံများကြောင့် သခွတ်ပင်ကြီး အရှေ့ဘက်ကမ်းစပ်သို့ ဘယ်လိုရောက် မှန်းမသိရောက်လာကြသည်။ မခင်လေး သည် ကြောက်လွန်း၍ ကိုသာလှအား ဖက်ထားပြီး တုန်တုန်ယင်ယင်ဖြစ်နေ၏။

"ခင်လေးရယ်၊ အစ်ကိုတို့ကိုသတ် မလို့လိုက်လာတဲ့သူတွေ သူတို့အကုသိုလ် နဲ့သူတို့ သွားကြပါပြီ။ မကြောက်ပါနဲ့ တော့"

"အဟင့်ဟင့် အစ်ကိုရယ်။ အဖေ့ အသံကိုကြားလိုက်တယ်။ အဖေပါသွား ပြီထင်တယ်။ အဖေရယ် သမီးမိုက်ကို ခွင့်လွှတ်ပါတော့" -

ခင်လေးသည် ရှိုက်၍ရှိုက်၍ ငို နေ၏။ သာလှက ပခုံးလေးဖက်ပြီးချော့ နေရသည်။

ထိုအခိုက် -

လှေတစ်စီး ကမ်းနားကပ်လာ သည်။ လှေပေါ်မှအဘိုးအိုသည် မီးအိမ် လေးတစ်လုံးကိုင်ထားပြီး သူတို့အား



www.burmeseclassic.com

www.burmeseclassic.com

# မြောက်ဦးခေတ်လယ် ၏ ရခိုင်ဝတ်ဆင်ထုံးဖွဲ့မှု

## ဝန်းချိုထူးလှ(ရှေးဟောင်းသုတေသန)

ပုံ (၂၁) ပုံဆွဲဒီဇိုင်းလက်ရာသည် ထုတ္တန့်သိမ်ပုထိုးတော်ကြီး၏ ဝင်ဝလိုဏ် ပတ်လမ်း၊ လက်ယာဘက်ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်သည်။ မူရင်းကျောက်ဆစ်ရုပ်ကြွကို ဘုရားမုခ်ငယ် (၃၉) လက်ယာဘက်တွင် တွေ့ရှိနိုင်ပါသည်။ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၇၇) မှ ကူးယူထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၉) cm ခန့်၊ အကျယ် (၃၃) cm ခန့်နှင့် ရုပ်ကြွအထူ (၁၀) cm ခန့် ရှိပါသည်။ မျက်နှာလုံးသွယ်ပြီးလည်ပင်းကျိုးနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၂၁) ဒီဇိုင်းလက်ရာ၏ ဖောင်းတော်မှာ အဖျားလုံးချွန်ပြီး အောက်ပိုင်းကို အဆင့်သုံးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ အဆင့်သုံးဆင့်တွင် အပေါ်ဆုံးအဆင့်၌ ခပ်ချွန်ချွန်ပွင့်ဖတ်ကလေးများအောက်တွင် ဝတ်ဆံလက်သဲကွင်းလေးများဖော်ထားပါ၏။အလယ်အဆင့်တွင် ခပ်ချွန်ချွန်ပွင့်ဖတ်ကြီးများဖြင့် အလှဆင်ထားပြီး ပွင့်ဖတ်ကြီးများအောက်တွင်လည်း ဝတ်ဆံအဝန်းလေးများဖော်ထားပါသည်။ရှေ့အလယ်တည့်တည့်ပွင့်ဖတ်အောက်တွင် လခြမ်းမှောက်ထားသည့်သဏ္ဌာန် တွေ့ရှိရပါသည်။ ပွင့်ဖတ်ကြီးများကြားတွင်လည်း ကြားညှပ်ပွင့်ဖတ်ငယ်များဖော်ထားပါသည်။ ကြားညှပ်ပွင့်ဖတ်ငယ်များအောက်တွင်လည်း လက်သည်းကွင်းကလေးများ သဏ္ဌာန်ဖော်ထားပါသည်။ ပွင့်ဖတ်ကြီး၊ ပွင့်ဖတ်ငယ်များအောက်တွင် ဖောင်းလုံးနှစ်လုံးကြား၌ ရွဲလုံးတန်းကလေးများဖြင့် အစီအရီအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးနှစ်ဖက်မှာ စပါးရွက်နှစ်ရွက်၊ လက်ဝဲ၊ လက်ယာအဖျား ခပ်ငိုက်ငိုက်သဏ္ဌာန် တွေ့ရှိရပါသည်။ မျက်လုံးနှစ်လုံးမှာလည်း စပါးလုံးများသဏ္ဌာန်တွေ့ရှိရပါသည်။ နှာတံမှာစင်းပြီး နှာဝခပ်ကားကားတွေ့ရှိရပါသည်။ နှာရည်ခံခွက်လေးလည်းဖော်ထားသည်ကိုတွေ့ရှိရပါသည်။ ပါးစပ်မှာလည်း အပေါ်နှုတ်ခမ်းပါးပြီး အောက်နှုတ်ခမ်းထူသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်ကား၍ နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါသည်။ ဘယ်ဘက်ပခုံးနှင့် ညာဘက်ချိုင်းအောက် တဘက် (ပုဆိုးပိုင်း) တစ်ပိုင်းကို ပတ်ထားပါသည်။ တဘက်တစ်ဖက်ကို ညာဘက်ဘေးနားတွင် ဖြန့်ကားစွာချထားပါသည်။ ကျန်တစ်ဖက်ကိုလည်း ဘယ်ဘက်တံတောင်

အချက်ပြနေသည်။

သာလှတို့ အံ့အားသင့်ပြီးကြည့်လိုက်တော့ ဆံပင်သျှောင်ထုံးထုံးထားပြီး အင်္ကျီမပါ၊ ပုဆိုးခါးတောင်းကျိုက်ထားသော အဘိုးကြီးတစ်ယောက် တစ်ကိုယ်လုံးနှင့် ပေါင်တွေပါမကျန် ထိုးကွင်းမှင်ကြောင်များနှင့် ထိုအဘိုးအိုသည် သူတို့နှစ်ယောက်အား လက်ပြခေါ်နေသည်။ နှုတ်ခမ်းမွေးတွေကော့နေသော အဘိုးအို၏မျက်နှာသည် တင်းမာထန်လွန်း၍ မျက်လုံးများက အရောင်တောက်ပြီး စူးရှလွန်းလှသည်။ ထိုအဘိုးကြီးက အသံအောအောကြီးဖြင့် -

"ကလေးတို့၊ ဟိုဘက်ကမ်းကို သွားမှာမဟုတ်လား။ အဘိုးလိုက်လို့ပေးမယ်။ လာကြ၊ လှေပေါ်တက်"

သူတို့နှစ်ယောက် အဘိုးအိုကိုကြည့်ပြီး ကြက်သေသေနေကြသည်။ ကြက်သီးများလည်း တဖြန်းဖြန်းထနေကြ၏။ဒီအဘိုးကြီးကို သူတို့ရွာမှာတစ်ခါမှ မတွေ့ဘူးပါ။

"လာလေ-လှေပေါ်တက်၊ မင်းတို့ကို ဘေးအန္တရာယ်ကင်းတဲ့ဟိုဘက်ကမ်းကိုလိုက်ပို့ပေးမှာ"

အဘိုးအို၏ ဩဇာရှိသော အသံအောအောကြီးကြောင့် သူတို့နှစ်ယောက် ဘာမှပြောနိုင်ခြင်းမရှိဘဲ လှေပေါ်တက်လိုက်ကြသည်။ လှေလေးသည် ဧရာဝတီမြစ် အရှေ့ဘက်ကမ်း စလေမြို့ဆီသို့ ဦးတည်လျက်။ လသည် အနောက်ကျွန်းသို့ခိုလေပြီ။ ဖျောက်ဆိပ်ကြယ်သည် လကို မချဉ်းကပ်တော့။ ခုနစ်စဉ်ကြယ်ပင် အမြီးထောင်နေသည်မှာ ကော့၍ပင်နေ၏။ ငှက်တို့အိပ်တန်းပြန်ကြလေပြီ။ တစ်ညလုံး အစာရှာနေကြသော ညဉ့်ငှက်များက မြစ်ပြင်အား ဖြတ်ပြန်ရင်း ချစ်သူနှစ်ဦးအား ကောင်းချီးပေးသွားကြသည်။

အရှေ့ဘက်မှာ ရောင်နီလာနေချေပြီ။ လှေလေးသည် မြစ်အရှေ့ဘက်ကမ်းသို့ရောက်၏။

ကိုသာလှတို့နှစ်ယောက်လှေပေါ်မှဆင်းတော့ -

"ဒီလမ်းလေးအတိုင်း လျှောက်သွား၊ ရွာတစ်ရွာတွေ့လိမ့်မယ်။ လူညီကြီးတွေဘာတွေရှိပါတယ်ကွယ်။ မင်းတို့သွားချင်တဲ့နေရာကိုရောက်မှာပါ"

သူတို့နှစ်ယောက် အဘိုးအိုအား ထိုင်ကန်တော့ကြတော့ အဘိုးကြီးသည် နှုတ်ခမ်းမွေးကော့ကော့ကြီးအားသပ်လျက် ပြုံးပြုံးကြည့်နေပါသည်။ သူတို့နှစ်ယောက် မြင်နေရသော မြေနီလမ်းလေးအတိုင်းလျှောက်သည်။နှစ်ယောက်သား မတိုင်ပင်ဘဲ ပြိုင်တူလှည့်၍ လှေနှင့်အဘိုးအိုအား ကြည့်လိုက်တော့ လှေနှင့်အဘိုးအိုသည် ဘယ်ပျောက်သွားသည်မသိပါ။ ကမ်းမှခွာသွားသည်ကို တွေ့လိုက်ရ၍ မသကာ ဝါးတစ်ရိုက်လောက်ပင်ရှိဦးမည်ထင်ရသည်။ ယခုတော့ မြစ်ပြင်သည် ဘာလှေမှမရှိ၊ ရှင်းလျက်။ နှစ်ယောက်သား အံ့သြခြင်း၊ ကြောက်လန့်ခြင်း၊ တွေဝေခြင်း ဝေခွဲမရဖြစ်ခြင်းများနှင့်အတူ အဘိုးအိုသည် ဘယ်သူလဲဟုသော အတွေးများဖြင့် သူတို့ဦးတည်နေသည်က ငြိမ်းချမ်းသော အချစ်ကမ္ဘာလေးဆီသို့ဖြစ်ပါတော့သည်။

သန့်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com

ပုံ (၂၁)



ဆစ်အောက်တွင် ဖြန့်ကားစွာချထားပါသည်။ တဘက်အနားများကို ဖောင်းတန်းနှစ်ဆင့်ဖြင့် အနားသတ်ထားပြီး အလယ်တွင် နှစ်ထပ်ပွင့်ဖတ်များဖြင့် အလှဆင်ထားပါသည်။ ညာဘက်တဘက်စတွင် ရွဲလုံးကလေးများ၊ အစင်းကြောင်းအမြိတ်များဖြင့်အလှဆင်ထားပါသည်။ ဘယဘက်တဘက်အစွန်းတွင် အလျားလိုက် အမြိတ်အစင်းကြောင်းလေးများကို ဒေါင်လိုက်ဖောင်းများကြားတွင် အဆင့်ဆင့်ဖော်ထားပါ၏။ လက်နှစ်ဖက်ကိုလည်း တံတောင်ဆစ်ကွေး၍ အောက်သို့နှိမ့်ကာ လက်ဖျားနှစ်ဖက်ကို ဘယ်ဘက်သို့စောင်းထားပါ၏။လက်ဖျားနှစ်ဖက်ကို ပူးထောင်ကာ ပန်းပွင့်တစ်ပွင့်ကို ဘုရားပူဇော်နေဟန်တွေ့ရှိရပါသည်။ လက်မောင်းအရင်းတွင် လက်ပတ်ပတ်ထားပြီး လက်ကောက်ဝတ်တွင်လည်း လက်ကောက်ကွင်းကြီး ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။လက်ကောက်ကွင်းကြီးမှာ ဖောင်းနှစ်လုံးကြားတွင် ခပ်စောင်းစောင်း အစင်းကြောင်းလေးများဖြင့် အလှဆင်ထားပါသည်။

ခါးတွင် ခါးပတ်နှစ်ဆင့်ပတ်ထားသည်ကိုတွေ့ရှိရပါသည်။ ခါးပတ်အပေါ်ဆင့်တွင် ခပ်စောင်းစောင်းအစင်းကြောင်းလေးများဖြင့် အလှဆင်ထားပြီး အောက်ဆင့်တွင် ရာဇမတ်ကွက်များဖြင့် အလှဆင်ထားပါသည်။ ရာဇမတ်ကွက်များအလယ်တွင် အစက်ကလေးများဖြင့် အလှဆင်ထားပါသည်။ ခါးပတ်စကိုလည်း ပေါင်ပေါ်တွင် အပြားလိုက်ချထားပါသည်။ ခါးပတ်ပြားအလယ်တွင် ပွင့်ဖတ်ငယ်များဖြင့် အဆင့်ဆင့်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဒူးတုပ်၍ထိုင်ထားသော ဒူးဆစ်နေရာတွင် ပုဆိုးကို လှိုင်းတွန့်ကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးအောက်နားကို အရစ်သုံးရစ်ဖော်၍ အနားသတ်ထားပါသည်။ ကုပ်ထားသောဒူးကို ဘယ်ဘက်သို့လှည့်၍ ခြေဖနောင့်ကို တင်ပါးတွင်ကပ်ကာ ခြေဖျားကွ၍ထောက်ထိုင်ထားသည်ကို တွေ့ရှိရပါသည်။

ဤပုံ (၂၁) ဒိုင်းလက်ရာဝတ်ဆင်ထုံးဖွဲ့မှုသည်လည်း အနုစိတ်လက်ရာမြောက်စွာ ဝတ်ဆင်ထုံးဖွဲ့ထားသည်ကိုတွေ့ရှိရပါသည်။ ဗောင်းတော်ဖွဲ့စည်းတန်ဆာဆင်ပုံအနေအထားအရ ဤပုံ (၂၁) ဒိုင်းလက်ရာဝတ်ဆင်ထုံးဖွဲ့မှုမှာ မှူးတော်ကြီးလက်ယာဝတ်ဆင်ထုံးဖွဲ့မှုပုံစံလက်ရာပင်ဖြစ်သည်ဟုသိရှိရပါသည်။

ပုံ (၂၂) ဒိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော် ဝင်ဝလိုဏ်ပတ်လမ်း လက်ယာဘက် ကျောက်နံရံဘုရားမုခ်ငယ်(၄၁)ဘုရားလက်ယာဘက်မှ အရုပ်ဖြစ်ပြီး ကျောက်ဆစ်ရုပ်ကြွလက်ရာနံပါတ် (၈၁) မှ ကူးယူရေးဆွဲထားသောဒိုင်းလက်ရာပင်ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၆၂)cm ခန့်၊ အကျယ် (၂၇) cmခန့်နှင့် ရုပ်ကြွအထူ (၁၂) cm ခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွတွင် လည်ပင်းနှင့်တင်ပါးအောက်ပိုင်းကျိုးနေသည်ကိုတွေ့ရှိရပါသည်။ မျက်နှာလုံးသွယ်ပါ၏။

ပုံ (၂၂) ဒိုင်းလက်ရာ၏ဗောင်းတော်ကို အဆင့်လေးဆင့်ဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ဆုံးအဆင့်မှာ လုံးချွန်ပြီး အမြောင့်ကလေးများသဏ္ဍာန် အစင်းကြောင်းလေးများ ဖော်ထားပါသည်။ ဒုတိယအဆင့်ကို နှစ်ထပ်ပွင့်ဖတ်ရှည်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ တတိယအဆင့်ကိုလည်း နှစ်ထပ်ပွင့်ဖတ်များဖြင့် ဖွဲ့စည်းထားပါ၏။ နှစ်ထပ်ပွင့်ဖတ်ကြီးများကြားတွင် နှစ်ထပ်ကြားညှပ်ပွင့်ဖတ်ငယ်များဖြင့်ကျပ်ထားသည်ကို တွေ့ရှိရပါသည်။ ထိုပွင့်ဖတ်များအောက်တွင် ဗောင်းတော်ကို ဖောင်းသုံးဆင့်ဖြင့် အနားသတ်ထားသည်ကိုတွေ့ရှိရပါသည်။ မျက်နှာလုံးသွယ်ပြီး နားနှစ်ဖက်ကားကာ နားတောင်းဝန်းကြီးများပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ မျက်ခုံးနှစ်ဖက်မှာ ထင်ရှားပြတ်သားလှပြီး စပါးရွက်နှစ်ရွက်ကို လက်ဝဲ၊ လက်ယာ အဖျားညွှတ်ထားသည့်သဏ္ဍာန် တွေ့ရှိရပါသည်။

မျက်လုံးနှစ်ဖက်မှာလည်း စပါးလုံးသဏ္ဍာန်တွေ့ရှိရပြီး အပေါ်မျက်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ နှာခေါင်းမှာ ရှည်စင်းပြီး နှာဝကျယ်ကားနေသည်ကို တွေ့ရှိရပါသည်။ ပါးစပ်မှာ အပေါ်နှုတ်ခမ်းထက် အောက်နှုတ်ခမ်းပိုထူသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ဖော်ထားပါ၏။

လက်နှစ်ချောင်းကို အောက်သို့ အနည်းငယ်ချ၍ တံတောင်ဆစ်မှ ကွေးကာ လက်ဖျားနှစ်ဖက်ပူးထားသည်ကို တွေ့ရှိရပါသည်။ ပူးထားသောလက်နှစ်ဖက်ကို ဘယ်ဘက်သို့ အနည်းငယ်ထုတ်၍ အပေါ်သို့မြှောက်ကာ ကြာဖူးတစ်ဖူးကို ဘုရားပူဇော်နေဟန်တွေ့ရှိရပါသည်။ လက်နှစ်ဖက်၏ လက်ကောက်ဝတ်တွင် လက်ကောက်ပတ်ကြီးတစ်ကွင်းဝတ်ဆင်ထားပြီး လက်ကောက်ပတ်ကြီးကို အဆင့်သုံးဆင့်ဖြင့် တွေ့ရှိရပါသည်။ အဆင့်သုံးဆင့်စလုံးကို ခပ်စောင်းစောင်း အစင်းကြောင်းလေးများဖြင့် အလှဆင်ထားပါသည်။ ဘယ်ဘက်ပခုံးပေါ်နှင့် ညာဘက်ခါးအထက်တွင် ပုဆိုးပိုင်း (တဘက်) တစ်ခုကို သိုင်းပတ်ထားပါ၏။ တဘက်ကလေး အစနှစ်ဖက်ကို လက်ဝဲ လက်ယာ ဖြန့်ကားစွာချထားပါသည်။ တဘက်စွန်းနှစ်ဖက်စလုံးတွင် အနားသတ်ဖောင်းနှစ်ဆင့်ဖြင့် တွေ့ရှိရပြီး

ပုံ (၂၂)





www.burmeseclassic.com

www.burmeseclassic.com

အစင်းကြောင်းဆံမြိတ်များဖြင့်အလှဆင်ထားပါသည်။ တဘက်အလယ်တွင် အလျားလိုက်အစင်းကြောင်း၊ဒေါင်လိုက်အစင်းကြောင်းများဖြင့် တွေ့ရှိရပြီး ရာဇမတ်ကွက်အကြီးအငယ်များဖြင့် အလှဆင်ထားပါသည်။ ရာဇမတ်ကွက်ကြီးလေးထောင့်ကွင်းများထဲတွင် ကြိုဂံကွက်များဖော်ထားပါ၏။ ကြိုဂံကွက်များအောက်တွင် လက်သည်းကွင်းများဖော်ထားသည်ကို တွေ့ရှိပါသည်။ တဘက်အလယ်ပိုင်းကို အထက်ဖောင်း၊အောက်ဖောင်းများဖြင့် အနားသတ်ထားပါ၏။

ခါးတွင် ခါးပတ်ပြားကြီးတစ်ပတ်ပတ်ထားပါသည်။ ခါးပတ်ပြားထက်အောက်တွင် အနားသတ်လိုင်းများဖြင့်အလှဆင်ထားပါ၏။ ပေါင်ပေါ်တွင်လည်း ခါးပတ်စကို အခေါက်လိုက်၊ အပြားလိုက် ချထားသည်ကို တွေ့ရှိရပါသည်။ ခါးပတ်စအခေါက်တွင်လည်း အနားသတ်လိုင်းနှစ်ဆင့်ဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းကို ဒူးတုပ်၍ ဘယ်ဘက်သို့လှည့်ထိုင်ထားသည်ကို တွေ့ရှိရပါသည်။ တင်ပါးတွင် ဖနောင့်ကပ်၍ ခြေဖျားကိုကွ၍ ထောက်ထားပါသည်။ ပုဆိုးအောက်နားစကို ဖောင်းဆင့်များခံ၍ ဖောင်းဆင့်များကြားတွင် အစင်းကြောင်းလေးများဖြင့် အဆင့်ဆင့်အလှဆင်ထားသည်။ ပုံ (၂၂) ဒီဖိုင်း လက်ရာသည်လည်း အနုစိတ်လှပြီး ဗောင်းတော်ဖွဲ့စည်းပုံအနေအထားအရ မှူးတော်ကြီးလက်ဝဲရာထူးပိုင်ဆိုင်သူဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၂၃) ပုံဆွဲဒီဖိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ်ပုထိုးတော်ကြီးအဝင်လိုဏ်ပတ်လမ်း လက်ယာဘက်ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၈၂) လက်ရာကိုကူးယူရေးဆွဲထားသောဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။ ထုက္ကန့်သိမ်ပုထိုးတော်ကြီး၏ အလယ်တံခါးပေါက်ကြီးလက်ဝဲဘက်မှ ဒွါရပါလကျောက်ဆစ်ရုပ်ကြွလက်ရာပင် ဖြစ်ပါ၏။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၈၈) cm ခန့်၊ အကျယ် (၄၀) cm ခန့်နှင့် ရုပ်ကြွအထူ (၁၀) cm ခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။

ပုံ (၂၃) လက်ရာ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင် တချို့နေရာများတွင် စဥ့်နီညိုရောင်နှင့် အဖြူရောင်များကပ်ကျန်နေသည်ကို တွေ့ရှိရပါသည်။ မူလက ဤကျောက်ဆစ်ရုပ်ကြွကို စဥ့်




ရောင်စုံဖြင့် ပြုလုပ်ခဲ့လိမ့်မည်ဟု ယူဆရပါသည်။ ကျောက်ဆစ်ရုပ်ကြွ၏ရင်အုံနားနှင့် ဒူးခေါင်းနေရာတို့တွင် ကွဲအက်ပြီး ကျောက်ဆစ်နေရာတွင်ဟာနေသည်ကိုတွေ့ရှိရပါသည်။ မူလကျောက်ဆစ်လက်ရာတွင်လည်း မျက်နှာလုံးပြီး မေးစေ့ချွန်းကာ သွားများပေါ်နေသည်ကို တွေ့ရှိရပါသည်။ ပုံ (၂၃) ဒီဖိုင်းလက်ရာဒွါရပါလ၏ ဗောင်းတော်မှာ နှစ်ဆင့်တွေ့ရှိရပါသည်။ အပေါ်အဆင့်တွင် အမြောင့်လွှေးများဖော်ထားပြီး အောက်ဆင့်တွင် ရှေ့မျက်နှာအောက်နား၌ဖောင်းဆင့်တစ်ဆင့်ခံကာ ဖောင်းဆင့်အပေါ်တွင် ပွင့်ဖတ်ချွန်တစ်ဖတ်ထောင်ထားသည်ကို တွေ့ရှိရပါသည်။ ဗောင်းတော်အောက်တွင် နဖူးဆံစရစ်လည်းဖော်ထားသည်ကိုတွေ့ရှိရပါသည်။ မျက်ခုံးနှစ်ဖက်မှာ ကျွဲချိုသဏ္ဌာန်ခပ်ကွကွလေးတွေ့ရှိရပါသည်။ မျက်လုံးနှစ်လုံးမှာ စပါးလုံးသဏ္ဌာန်ဖော်သည်ကိုတွေ့ရှိရပါသည်။ နှာခေါင်းသွယ်၍နှာဝကားသည်။ နှာခေါင်းအောက်တွင် နှာရည်ခံခွက်ဖော်ထားပါ၏။ ပါးစပ်ဟ၍ သွားများဖော်ထားသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင်လည်း နားတောင်းကို ပန်းဖူးတစ်ဖက်တစ်ဖူးသဏ္ဌာန်အရိုးအရှည်ဖြင့် ပန်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းဖူးမှာ ရင်ဘတ်ထိရောက်သည်ကို တွေ့ရှိရပါသည်။

လည်ပင်းတွင် လည်ရစ်သုံးရစ်ပေါ်လွင်လှပါသည်။ ရင်ဘတ်တွင် ဘယတ်တော်ကို အဆင့်နှစ်ဆင့်ဖြင့် ခါးနားထိရောက်အောင်ဝတ်ဆင်ထားသည်ကို တွေ့ရှိရသည်။ ဘယက်နှစ်ဆင့်စလုံး၏အလယ်တည့်တည့်တွင် လေးထောင့်ကွက်ကလေးကိုကျောက်ရာဖော်ထားသကဲ့သို့ တွေ့ရှိရပါသည်။ ဘယက်ကြိုးနှစ်ဆင့်စလုံးကို အတွန့်ရစ်ကလေးများဖြင့် အလှဆင်ထားပါသည်။ လက်နှစ်ဖက်စလုံးတွင်လည်း လက်မောင်းပတ်နှင့် လက်ကောက်ကွင်းကြီးများဝတ်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ ညာဘက်လက်တွင် တုတ်တစ်ချောင်းကိုင်ထားပြီး ဘယ်ဘက်လက်များကို တင်ပါးတွင်ကပ်ထားသည်ကို တွေ့ရှိရပါသည်။ ခါးတွင်ခါးပတ်ပြားကြီးတစ်ပြားပတ်ထားပြီး ခါး ပတ်ပြားပေါ်မှ ကြုန္ဓေကပြားကို အတိုတစ်စ၊ အရှည်တစ်စချထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးဘယ်ဘက်၊ ညာဘက်တွင်လည်း အရစ်တစ်ဖက်နှစ်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပုဆိုးဘယ်ဘက်တွင် အရစ်နှစ်ရစ်အောက်၌ အတွန့်တစ်တွန့်ပါရှိသည်ကို တွေ့ရှိရပါသည်။ ခြေဖျားနှစ်ဖက်စလုံးကို ညာဘက်သို့လှည့်ရပ်နေသည်ကို တွေ့ရှိရပါသည်။ ပုံ (၂၃) ဒီဖိုင်းလက်ရာသည် ဒွါရပါလတံခါးပေါက်စောင့်အရုပ်၏ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ (၂၄) လက်ရာသည် ထုက္ကန့်သိမ်ပုထိုးတော်ကြီး အဝင်လိုဏ်ပတ်လမ်း လက်ယာဘက် ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၈၃) လက်ရာကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။ ဘုရားမုခ်ငယ် (၄၂) လက်ဝဲဘက်မှ အရုပ်ပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွအမြင့် (၅၉) cmခန့်၊ အကျယ် (၃၂) cmခန့်နှင့် ရုပ်ကြွအထူ (၁၀) cmခန့်ရှိပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာတွင် အဆင်တန်ဆာများ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်နားအပေါ် ပိုင်းပဲ့နေပါသည်။ လည်ဆစ်နှင့်တင်ပါးဆုံအောက်ပိုင်းအက်ကွဲနေသည်ကို တွေ့ရှိရပါသည်။ ကျောက်ဆစ်ရာအထင်းသားပေါ်နေသည်ကို တွေ့ရှိရပါသည်။

ပုံ (၂၄) ဒီဖိုင်းလက်ရာ၏ဗောင်းတော်မှာ လုံးချောအနေအထားတွေ့ရှိရပါသည်။ အောက်ပိုင်းတွင်သာ ဖောင်းနှစ်ဆင့်တွေ့ရှိရပါသည်။ ဖောင်းနှစ်ဆင့်တွင် အပေါ်ဖောင်းထက် အောက်ဖောင်း



www.burmeseclassic.com

www.burmeseclassic.com



ပုံ (၂၄)

မှာပိုကြီးသည်ကို တွေ့ရှိရပါသည်။ မျက်နှာလုံးဝန်းသည့်အနေအထား တွေ့ရှိရပြီး နားနှစ်ဖက်မှာကားကား၊ နားတောင်းဝန်းကြီးအနေအထားတွေ့ရှိရပြီး မျက်လုံးနှစ်ဖက်လည်း သွယ်လျစွာတွေ့ရှိရပါသည်။ မျက်ခုံးနှစ်ဖက်မှာ ခပ်ကွေးကွေးကလေးအနေအထား တွေ့ရှိရပြီး မျက်လုံးနှစ်ဖက်လည်း သွယ်လျားစွာတွေ့ရှိရပါသည်။ မျက်လုံးနှစ်ဖက်စလုံးတွင် အထက်မျက်ခြမ်းများဖော်ထားသည်ကို တွေ့ရှိရပါသည်။ နှာခေါင်းနှာဝကားသည်ကိုတွေ့ရှိရပါသည်။ ပါးစပ်မှာအပေါ်နှုတ်ခမ်းထက် အောက်နှုတ်ခမ်းပိုထူသည်ကို တွေ့ရှိရပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ်ပေါ်လွင်လှပါ၏။ လက်နှစ်ဖက်ကို ပူး၍ တံတောင်ဆစ်မှ အနည်းငယ်ကွေးကာ လက်ဖျားနှစ်ဖက်ကြားတွင် ကြာဖူးတစ်ဖူးကိုင်၍ ဘုရားပူဇော်နေဟန် တွေ့ရှိရပါသည်။ ညာဘက်ပခုံးနှင့်ဘက်ဘက်လက်မောင်းရင်းအောက်တွင် တဘက် (ပုဆိုးပိုင်း) တစ်ထည်ပတ်ထားပါ၏။ ပုဆိုးပိုင်းတစ်စကို ညာဘက်အောက်တွင် ပြန့်ကားစွာချထားသည်ကို တွေ့ရှိရပါသည်။

ခါးတွင်ခါးပတ်တစ်ပတ်ပတ်ထားပါ၏။ ခါးပတ်ပြားအောက် ပေါင်ပေါ်တွင် ဣန္ဒြေကာအပြားတစ်ပြားကိုချထားပါသည်။ ခန္ဓာကိုယ်အောက်ပိုင်းကို ဒူးတုပ်၍ ညာဘက်သို့လှည့်ထိုင်ထားပါသည်။ ဖနောင့်နှစ်ဖက်ကို တင်ပါးတွင်ကပ်၍ ခြေဖျားထောက်ထား၏။ ပုဆိုးဝတ်ထားသည့်အနေအထားကို ခြေချင်းဝတ်လောက်တွင် အောက်ရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပုံ (၂၄) ဒီဇိုင်းလက်ရာ၏ ဗောင်းတော်အနေအထားလက်ရာကို ကြည့်ခြင်းအားဖြင့် ဒါးခံကျအမတ်ဝတ်ဆင်ထုံးဖွဲ့မှုလက်ရာတစ်ခုဖြစ်သည်ဟု သိရှိရပါသည်။ ဝတ်ဆင်မှုမှာ ရိုးရှင်းလှသည်ကိုတွေ့ရှိပါသည်။

ပုံ (၂၅) ဒီဇိုင်းလက်ရာသည်လည်း ထုတ္တန့်သိမ်ပုထိုးတော်ကြီး အဝင်လိုဏ်ပတ်လမ်းလက်ယာဘက်ကျောက်နံရံမှ ကျောက်ဆစ်ရုပ်ကြွနံပါတ် (၈၄) လက်ရာကိုကူးယူရေးဆွဲထားသောဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွလက်ရာအမြင့် (၅၃) cm ခန့်ရှိသည်ကို တွေ့ရှိရပါသည်။

ဤအမျိုးသမီး၏ ဆံထုံးဖွဲ့စည်းပုံမှာ ထိပ်ဆုံး၌နှစ်ထပ်ပွင့်ဖုတ်သဏ္ဌာန်ဖွဲ့စည်း၍ ထိပ်တင်ထားသည်ကို တွေ့ရှိရပါသည်။ နှစ်ထပ်ပွင့်သဏ္ဌာန်အောက်တွင် ဆံရစ်နှစ်ဆင့်ခံထားသည်ကို တွေ့ရှိရပါသည်။ အပေါ်ဆံရစ်ထက်အောက်ဆံရစ်ပိုကြီးသည်ကို တွေ့ရှိရပါသည်။ ဆံရစ်ကြီးနှစ်ရစ်အောက်တွင်လည်း ဆံရစ်ငယ်တစ်ဆင့်ခံထားသည်ကို တွေ့ရှိရပါသည်။ မျက်နှာမှာလုံးသွယ်သည့်အနေအထားတွေ့ရှိရပါ၏။ နားနှစ်ဖက်ကား၍ နားတောင်းဝန်းကြီးများ ပန်ဆင်ထားသည်ကိုတွေ့ရှိရပါသည်။ မျက်ခုံးနှစ်ဖက်ကို ကျစ်ကြီးသဏ္ဌာန် ပီပြင်စွာတွေ့ရှိရပြီး မျက်လုံးနှစ်လုံးမှာ စပါးလုံးသဏ္ဌာန်တွေ့ရှိရပါသည်။ အပေါ်မျက်ခြမ်းရစ်ဖော်ထားပါ၏။ နှာခေါင်းပွကားနေသည်ကို တွေ့ရှိပါသည်။ ပါးစပ်ပြုံးနေပြီး အပေါ်နှုတ်ခမ်းထက်အောက်နှုတ်ခမ်းပိုထူသည်ကို တွေ့ရှိရပါသည်။ လည်ရစ်တစ်ရစ်သာ ပေါ်လွင်လှပါ၏။ ပခုံးနှစ်ဖက်ကို တဘက်ဖြင့် ခြုံထားသည်ကိုတွေ့ရှိရပါသည်။ တဘက်စတစ်ဖက်ကို ညာဘက်တွင် ပြန့်ကားစွာချထားသည်ကိုတွေ့ရှိရပါသည်။ လက်နှစ်ဖက်ကို ပူး၍ တံတောင်ဆစ်မှကွေးကာ ဘယဘက်သို့ ထုတ်၍ ဘုရားပူဇော်နေဟန်တွေ့ရှိရပါသည်။ အင်းရင်ဖုံးအရစ်နှစ်ရစ်ကို ရင်ဘတ်တွင်ဖော်ပြထားပါသည်။ အင်္ကျီကို တင်ပါးဖုံးအောင်ဝတ်ဆင်ထားပါသည်။ ခါးအရစ်ဖော်ထားပါ၏။ ခါးကြိုးစနှစ်စကိုပေါင်ပေါ်တွင်တင်ထားသည်ကို တွေ့ရှိရပါသည်။ ခါးကြိုးစအဖျားကို ပန်းဖွားလေးများသဏ္ဌာန်အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ဘယ်ဘက်ခါးကြိုးစအောက်တွင် ထဘီခေါက်အရစ်ကိုလည်း တွေ့ရှိရပါသည်။

ခန္ဓာကိုယ်အောက်ပိုင်း ဒူးတုပ်၍ ဘက်ဘက်သို့စောင်းကာ ထိုင်နေသည့်ဟန်တွေ့ရှိရပါသည်။ ဖနောင့်ကိုတင်ပါးတွင်ကပ်ထားပြီး ခြေဖျားကော့၍ကောက်ထားပါသည်။ ထဘီစအောက်နားကို ခြေချင်းဝတ်အထက်တွင်အရစ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဤပုံ (၂၅) အမျိုးသမီး၏ဝတ်ဆင်ထုံးဖွဲ့မှုမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။ အထက်



ပုံ (၂၅)

ဖော်ပြပါဒီဇိုင်းလက်ရာများမှာ မြောက်ဦးခေတ်လယ်၏ဝတ်ဆင်ထုံးဖွဲ့မှုကို ဖော်ပြနေသောလက်ရာများပင် ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကို*<br>*ထာဝရ ဦးထိပ်ပန်ဆင်*<br>*ကန်တော့လျက်*

ပန်းချီထူးလှ<br>(ရှေးဟောင်းသုတေသန)


**ကိုးကားချက် -**

၁။ ဦးဦးသာထွန်း (ရခိုင်မြန်မာပဏ္ဍိတ်) ရခိုင်ဆင်ယင်ထုံးဖွဲ့မှု ၁၉၆၇ ခု။

၂။ ထုတ္တန့်သိမ်ပုထိုးတော်မှ ကျောက်ဆစ်လက်ရာများ။

၃။ ကိုယ်တိုင်ကွင်းမှုမှတ်စု။




www.burmeseclassic.com

www.burmeseclassic.com

> တဟိ တဟိ ပါရမီ သဗ္ဗညံ စယံ
> ဂတံ ဂတံ သဗ္ဗိ သုခပ္ပတ္တံ ပဒံ
> နရာ နရာ နံ သုခသံဘဝံ ဘဝံ
> နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးလှူပါ။ ဝတ္ထုငွေများလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ဂြိုဟ်ရစ်ခွင်လှည့်ပြီး ဂြိုဟ်သက်အလိုက် ရေသပ္ပာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆန့်ကျင်ဘက်စကားမပြောပါနှင့်။
**ကျန်းမာရေး** - ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောနွမ်းပါးသူများကို ဆေး၊ အာဟာရ၊ ငွေကြေးလှူပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသော ထီဆိုင်တွင် (၂) ဂဏန်းများစွာပါအောင်ရွေးချယ်ပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံအသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိတဟိအစချီသောဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ မဂ်္ဂစကြာနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အင်းပျက်၊ အဆောင်ပျက်၊ ဦးထုပ်အဟောင်းများ၊ အဝတ်အထည်ဟောင်းများ ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော် တံမြက်စည်းလှည်းပါ။ အမှိုက်ကောက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - လေထိထားသောဝေဒနာရှင်များကို ဆေးလှူပါ။ အာဟာရလှူပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးနေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစောဆွမ်းခံကြွလာသောသံဃာတော်များကို တန်းဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှညွန့်လက်တစ်ဆုပ်ဖြင့်မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ မကြာမကြာသွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမပြုတော့သည့် သစ်ဟောင်းများ၊ သွပ်ဟောင်းများကိုရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ငါးအရှင်လေးများကို တစ်နိုင်ဝယ်ပြီး ဇီဝိတဒါနပြုပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသောထီသည်ထံတွင် (၄) ဂဏန်းများစွာပါသော မင်္ဂလာစုံတွဲများနိုင်သလောက်ထိုးထားပါ။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကိုပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** -သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၃) ဆူပြည့်အောင် တစ်နေ့တည်းသွား၍အမိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွှန့်လက်တစ်ဆုပ်ဖြင့်မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အရှေ့အရပ်ကအကျိုးဆောင်နှင့်စပ်၍ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ ပန်း၊ ရေချမ်းများကပ်လှူပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမပြုတော့သည့်အိတ်အဟောင်းအစုတ်များ၊ အင်းပျက်၊ အဆောင်ပျက်များ ရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားဆောင်တွင် မဆိုင်သောပစ္စည်းများရှင်းလင်းပြီး ဖုန်၊ အမှိုက်များရှင်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကိုအနီရောင်ပစ္စည်းမပေးပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီး၊ ဆိုင်ကယ်၊ ကားများနှင့်လှည့်လည်ရောင်းသော ထီသည်ထံတွင် (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး အင်္ဂါနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးပတ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော် အရှင်သူမြတ်များအား တန်းဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဇီဇဝါညွှန့်လက်တစ်ဆုပ်ဖြင့်မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင် အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ဂြိုဟ်ရှစ်ခွင်လှည့်ပြီးရေသပ္ပာယ်ပါ။ မွေးနံမြန်ရောက်လျှင် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ၂၄-ပစ္စည်းကို နေ့စဉ် ဂြိုဟ်သက်အလိုက်ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး**- ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသောနွမ်းပါးသူများကို ဆေးလှူပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၃) ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်၊ သင်္ကန်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပါ။

**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်က အကျိုးဆောင်နှင့်စပ်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံ့တွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ ပဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** -ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်း၊ ပန်းခြောက်များစွန့်ခြင်းပြုပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ငါးအရှင်လေးများကို တစ်နိုင်ဝယ်ပြီး ဘေးမဲ့လွှတ်ပေးပါ။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို မကြာမကြာအစာကျွေးပါ။

**ထီကံကောင်းလိုသူများ** - ခရီးသွားရင်းလမ်းမှာတွေ့သောထီဆိုင်တွင် ဂဏန်းမရွေးဘဲချက်ချင်းထိုးလိုက်ပါ။

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကိုအဓိဋ္ဌာန်ပုတီးများစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၃) ဆူလှည့်၍ ပန်း၊ ရေချမ်းများ ကပ်လှူပြီး အဓိဋ္ဌာန်ပုတီး စိပ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွက်လှလက်တစ်ဆုပ်ဖြင့်မကြာမကြာစတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသောဘုရားစေတီများသို့သွား၍ပန်းပေါင်းစုံ ဝေဝေဆာဆာကပ်လှူပူဇော်ပြီး အရဟံဂုဏ်တော်ကိုမပြောင်းမချင်းစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အင်းဟောင်း၊ အဆောင်ဟောင်းအဆောင်ပျက်များ၊ အိတ်အစုတ်များကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီများသို့ မကြာမကြာသွား၍တံမြက်လှည်းပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်၊ အနက်ရောင်ပစ္စည်းမပေးပါနှင့်။

**ကျန်းမာရေး** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။

**ထီကံကောင်းလိုသူများ** - စက်ဘီး၊ ဆိုင်ကယ်၊ လှည်း စသည်တို့ လှည့်လည်ရောင်းချနေသော ထီသည် အိမ်နားလာရပ်ပြီးရောင်းပါက (၄) ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင်-

စနေစ ကြာသပတေးပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့် အောင်မြင်မှုများရယူပါ။

ဉပမာ-တိုးဘ-ထွန်းပုံ-နဒီမေ

*မိမိကောင်းမှု အကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

**ပြည်သိန်းဇော်**



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး မည်သည့်ကိစ္စမဆို ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ တိုင်ပင်ပါ။ အကြံဉာဏ်တောင်းပါ။ အလုပ်ပြောင်း၊ အိမ်ပြောင်း၊ နေရာပြောင်းရွှေ့ချင်သူများ အောင်မြင်ပါမည်။ ခရီးယာယီပေါ်မည်။ စက်ပစ္စည်းဟောင်းများ၊ သစ်ဟောင်းများဝင်လာလျှင် စိတ်ညစ်ရတတ်၍ မဝင်ပါစေနှင့်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ဆိုင်ကယ်၊ စက်ဘီးစီးပါက အကြမ်းပတမ်းမစီးပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာစေရန် စကားပြောသတိထားပါ။ အိမ်ဆူ၊ အိမ်ပူအောင် စကားများမနေပါနှင့်။ ကျန်းမာရေးကောင်းစေရန် အစားအသောက်လည်း ဂရုစိုက်ပါ။ စိတ်ဝေဒနာရှင်များကို အာဟာရဒါနပြုပါ။ ပညာရေးကံများကောင်းပါသည်။ အပေါင်းအသင်းများနှင့် အချိန်ကုန်မခံပါနှင့်။ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိပါမည်။ ချစ်သူအား ခရီးနှင့်ပတ်သက်သောစကားမျိုး မပြောမိပါစေနှင့်။ သော့ချိတ်လက်ဆောင်မပေးမိပါစေနှင့်။ ငွေနံကောင်းမည်။ လော်င်းကစားကိစ္စများ အကျိုးမပေးပါ။ ဥပဒေနှင့်မကင်းသောလုပ်ငန်းလုပ်သူများနှင့် တပူးတွဲတွဲမနေပါနှင့်။ ထီဝါသနာရှင်များ တနင်္လာနံထီဆိုင်၊ ကားနှင့်ရောင်းနေသော ထီဆိုင်များတွင် (၄၊ ၈၊ ၂၊ ၉) ဂဏန်းများနှင့် အကျိုးပေးပါလိမ့်မည်။

*ယတြာ ။ ။ သောကြာနံတွဲအမည်ရှိသော ဘုရားတစ်ဆူဆူသို့သွား၍ (သို့) ဘုရားတစ်ဆူဆူ၏ သောကြာထောင့်သို့သွား၍ တစ်နာရီခန့် တံမြက်လှည်း။ အမှိုက်ကောက်ပါ။*

**၂၀၁၆ ခုနှစ်၊ ဩဂုတ်လ**

**ဆရာဦးမောင်မောင်သန်း**

**( ရှင်ကိုအေးမြဝေသား )**

# ခုနှစ်ရက်သားသမီး

**ဟောစာတမ်း**



www.burmeseclassic.com

www.burmeseclassic.com

### တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသောကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးအကျိုးပေးသူများမှာ စနေနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ မမျှော်လင့်ဘဲ ခရီးတစ်ခု ထွက်ဖြစ်မည်။ ရပ်ဝေးမှာရှိသော အလုပ်ကိစ္စများအတွက် စိတ်ပူပန်ရတတ်သည်။ ငွေကုန်ကြေးကျများမည်။ စိတ်တူကိုယ်တူရှိခဲ့သော မိတ်ဆွေများနှင့်လည်း စိတ်ဝမ်းကွဲပြားရတတ်ပါသည်။ မိသားစုတွင်း အရှုပ်အရှင်းများဖြစ်တတ်ပါသည်။ ရန်များလွန်းပါက ၂၄-ပစ္စည်းကို နေ့စဉ် (၂၄) ခေါက်ရွတ်ပါ။ ကျန်းမာရေး - လေနှင့်ဆိုင်သောဝေဒနာများဖြစ်တတ်ပါသည်။ ပန်ကာလေအရမ်းမခံပါနှင့်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ချဉ်စာများ၊ အစပ်များလွန်ကဲစွာမစားပါနှင့်။ ပညာရေးကံများကောင်းနေပါသည်။ ချစ်တတ်သူများ စန်းပွင့်နေလွန်း၍ ချစ်သူခင်သူများနေမည်။ ကျောက်နီမဝင်ပါစေနှင့်။ အနီရောင်အကျႌ (ကုမ္ပဏီယူနီဖောင်းမှလွဲပြီး) ဝတ်ဆင်အကြံမပြုပါနှင့်။ ယခုလတွင် အိမ်နှင့်ဆိုင်သောကိစ္စများ သတိထားဆောင်ရွက်ပါ။ အကျိုးပေးသောနံသင့်သူများနှင့်တိုင်ပင်ပါ။ ထီကံကောင်းပါသည်။ ကားနှင့်ရောင်းသောထီဆိုင်တွင် (၂၊ ၄၊ ၈၊ ၇) ဂဏန်းများများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဦးခေါင်းကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

### အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီနိုင်မည့်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များ ဖြစ်ပါသည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အရမ်းမြင့်သောနေရာမျိုးတွေကိုမတက်ပါနှင့်။ ဆိုင်ကယ်၊ စက်ဘီးစီးပါက အကြမ်းမစီးပါနှင့်။ ကားမောင်းပါကလည်း လုံးဝအကြမ်းမမောင်းပါနှင့်။ အတိုက်အခံ၊ ရန်များနေပါက ပဋ္ဌာန်း၊ ပရိတ်များကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ မထင်မှတ်သောအကြောင်းအရာများနှင့်ကြုံရတတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာနေမည်။ ကျန်းမာရေးကောင်းမည်။ ကိုယ်နှင့်မတည့်သော အစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ ပညာရေးကောင်းမည်။ ထူးချွန်စွာအောင်မြင်ပါလိမ့်မည်။ ချစ်တတ်သူများ တစ်ယောက်နှင့်တစ်ယောက် သစ္စာရှိရန်၊ သည်းခံရန်လိုပါသည်။ စကားများများပြောရင်း အမှားပါသွားတတ်၊ ပြဿနာတက်တတ်သောကြောင့်ဖြစ်ပါသည်။ အလုပ်ပြောင်း၊ အိမ်ပြောင်းများရှိမည်။ ငွေကြေးစာရင်းဇယားများ သေချာစွာဆောင်ရွက်ပါ။ မည်သို့ပင်ဆိုစေ ငွေနံကောင်းနေပါသည်။ ထီထိုးရန်အတွက် ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄၊ ၈၊ ၅၊ ၁) ဂဏန်းများပါအောင် ရွေးချယ်ပါ။

ယတြာ ။ ။ *ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပေးပါ။*

### ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူများမှာ တနင်္လာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၇) ဂဏန်း အကျိုးမပေးပါ။ လူမျိုးခြားများနှင့် စပ်တူလုပ်ငန်းလည်း အကျိုးမပေးပါ။ အဆောက်အအုံနှင့်ဆိုင်သောကိစ္စများ စိတ်အနှောင့်အယှက်ကြုံမည်။ အိမ်တွင်းရေးများသာယာနေစေရန် စကားပြောချိုသာပါ။ ကျန်းမာရေးအတွက် လမ်းများများလျှောက်ပေးပါ။ ရင်ပြည့်စာတွေရှောင်ပါ။ လေတွေတက်ပြီး ရင်ပြည့်ရင်ကယ်မကြာခဏဖြစ်တတ်ပါသည်။ ပညာရေးကံများပြန်လည်ဦးမော့လာမည်။ ပုံမှန်ကြိုးစားပါ။ အရှိန်လျှော့မပစ်ပါနှင့်။ ချစ်တတ်သူများ အချစ်ရေးကံများကောင်းနေပါသည်။ စကားအချေအတင်မဖြစ်အောင် ကိုယ်ကလျှော့ပေးလိုက်ပါ။ အလုပ်ကိစ္စဖြင့် ခရီးတစ်ခုမမျှော်လင့်ဘဲထွက်ဖြစ်မည်။ ငွေရေးကြေးရေးကိစ္စများလည်း စိတ်ပူရန်မလိုပါ။ အဆင်ပြေနေပါလိမ့်မည်။ အရာရာကိုယ့်သဘောအတိုင်းဆောင်ရွက်လျှင် အံချော်နေတတ်သဖြင့် အကျိုးပေးသော နံသင့်သူများနှင့် တိုင်ပင်ဆောင်ရွက်ပါ။ ထီထိုးရန်အတွက် တနင်္လာနံထီဆိုင်၊ အင်္ဂါနံထီဆိုင်များတွင် (၉) ဂဏန်းများစွာပါအောင် ရွေးချယ် ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *အနှာများပေါက်နေသော ကလေးလေးများကိုတွေ့တိုင်း ဆေး၊ ငွေ၊ အာဟာရလှူပါ။*



www.burmeseclassic.com

www.burmeseclassic.com

### ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်များ ဖြစ်ပါသည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ယခုလအတွင်း မြေကိစ္စ၊ အမွေကိစ္စများ ဆောင်ရွက်ခြင်းမပြုဘဲ ဆိုင်းငံ့ထားပါ။ လာဘ်လာဘအတွက် ငွေဝင်စေသော ဂါထာမန္တန်များကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ ဆိုင်ကယ်စီးအထူးဆင်ခြင်ပါ။ သူတစ်ပါးလာအပ်သော စက်ပစ္စည်းများကို သတိထားလက်ခံပါ။ စက်ပစ္စည်းအဟောင်းမဝယ်ပါနှင့်။ ကိုယ့်စက်ပစ္စည်းလည်း ငှားပါနှင့်။ ပျက်တတ်ပါသည်။ ကျန်းမာရေးမကောင်းလျှင် စပ်ဆေးတွေမသောက်ပါနှင့်။ မျက်စိ၊ ဆီးဝေဒနာများမဖြစ်အောင်ဂရုစိုက်ပါ။ ကြာတတ်ပါသည်။ စိတ်ဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရလှူဒါန်းပါ။ ပညာရေးကံများကောင်းပါသည်။ အချိန်ရှိခိုက် လုံ့လစိုက်ပါ။ ချစ်တတ်သူများလည်း စကားတွေအပ်ကြောင်းထပ်အောင်မပြောပါနှင့်။ အမှားပါသွားပြီး ရန်ဖြစ်ရတတ်ပါသည်။ အပျော်အပါး၊ လောင်းကစား ဝါသနာပါသော အပေါင်းအသင်းများကို တောင်းတောင်းပန်ပန်နှင့်ရှောင်ပါ။ ထီဝါသနာရှင်များ ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄၊ ၈၊ ၂၊ ၉၊ ၇) ဂဏန်းများနှင့် ကံစပ်နေပါသည်။

*ယတြာ ။ ။ မျက်စိဝေဒနာရှင်များကို မတွေ့တွေ့အောင်ရှာ၍ ဆေး၊ ငွေ၊ အာဟာရ လှူပါ။*

### သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးကူညီပံ့ပိုးနိုင်သည့် နံသင့်သူများမှာ တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များ ဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ဘုရားဖူးခရီးထွက်ရခြင်း၊ ဆွေမျိုးသားချင်းများ၏အကူအညီအထောက်အပံ့များရရှိခြင်းများ ယခုလအတွင်း မမျှော်လင့်ဘဲကြုံရမည်။ ပညာတော်သင်ခရီးများ ရွေးချယ်စေလွှတ်ခံရကိန်းလည်းရှိနေပါသည်။ အိမ်တွင်းရေးကိစ္စများရှိနေပါက စိတ်လိုက်မာန်ပါမပြုပါနှင့်။ စိတ်ဖိစီးမှုတွေများနေပါက တောင်တွေးမြောက်တွေးမတွေးပါနှင့်။ အရာရာကို အကောင်းမြင်ပေးပြီး အလျှော့ပေးလိုက်ပါ။ အာရုံကြောများခဏခဏအနားပေးပါ။ အပျော်အပါးလျှော့ပါ။ ငွေကိုလည်း ရလေ၊ ဖြုန်းလေ မဖြစ်ပါစေနှင့်။ လောင်းကစားရှောင်ပါ။ ဆီး၊ မျက်စိနှင့်ဆိုင်သောကျန်းမာရေးဂရုစိုက်ပါ။ ပညာရေးကံများကောင်းပါသည်။ ကြိုးစားလေ၊ အောင်မြင်လေဖြစ်ပါသည်။ ချစ်တတ်သူတွေလည်း မျက်နှာအပွင့်လွန်နေတတ်၍ သတိလေးထားလိုက်ပါ။ အပျော်မလွန်ပါစေနှင့်။ ထီထိုးမည်ဆိုပါက ခရီးသွားရင်း လမ်းမှာထီဆိုင်တွေ့ပါက ဂဏန်းရွေးမနေပါနှင့်။ ချက်ချင်းထိုးလိုက်ပါ။ ထီကံကောင်းပါလိမ့်မည်။

*ယတြာ ။ ။ စိတ်ကျန်းမာရေးမကောင်းသူများကို တမင်ရှာ၍ ဆေး၊ ငွေ၊ အာဟာရ အဆင်ပြေသလိုလှူပါ။*

### စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အင်္ဂါနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကောင်းဆုံးအကူအညီပေးပါလိမ့်မည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ငွေဝင်နေသော်လည်း အကုန်အကျများနေတတ်ပါသည်။ လုပ်ငန်းခွင်အတွင်းမှာရှိနေသူများ၊ ငွေကြေးကိစ္စပြဿနာရှိတတ်ပါသည်။ စာရင်းအင်းများ သေချာစွာပြုလုပ်ထားပါ။ အမွေကိစ္စ၊ မြေကိစ္စ၊ အိမ်ခြံမြေကိစ္စများ ဆောင်ရွက်ရန်ရှိပါက စဉ်းစားပါ။ အကျိုးပေးသောနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ မိသားစုအဆင်မပြေတာများလာပါက အင်းဖျက်၊ အိုးပျက် စတာတွေကို စွန့်ထုတ်ပစ်ပါ။ ကျန်းမာရေးကောင်းစေရန် ဆေးလှူပါ။ စိတ်ကျန်းမာရေးမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရထောက်ပံ့ပါ။ ပညာရေးအတွက် ဇွဲမလျှော့ပါနှင့်။ ကြိုးစားပါ။ အောင်မြင်မှုရရှိပါဦးမည်။ စိတ်ဓာတ်မကျပါနှင့်။ ဘာသာရေးလည်း ရွတ်ဖတ်သရဇ္ဈာယ်၍ မမေ့မလျော့ဆောင်ရွက်ပါ။ ချစ်တတ်သူများအတွက် ချစ်ရေးချစ်ရာများအဆင်ပြေပါမည်။ အနီရောင်ပစ္စည်းလေးများ လက်ဆောင်ပေးခြင်းရှောင်ပါ။ ထီဝါသနာရှင်များ ဗုဒ္ဓဟူးနံထီဆိုင်၊ လှည်းနှင့်ရောင်းသောထီဆိုင်များတွင် (၄၊ ၈၊ ၂၊ ၉၊ ၃) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

*ယတြာ ။ ။ တစ်နေ့တည်း ဘုရား (၅) ဆူပြည့်အောင်သွားပါ။ ဘုရားတိုင်းတွင် ပန်းပေါင်းစုံ (၅) မျိုးစီနှင့် ပူဇော်လိုက်ပါ။ (ဘုရားရုပ်ပွားတော်တစ်ဆူရှေ့တွင် ပူဇော်၍ရပါသည်)*

ရ င် ကို ဆေး မြ စေ သ ၁

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၅၂) ကုန်သောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာကျော်နှင့် ဆရာချမ်းမင်း (LL.B)



**ကမ္ဘာကျော် ဂျာမန်လူမျိုး ဗိသုကာနှင့်ဒီဇိုင်နာပညာရှင် JORG PRVIN လက္ခဏာလာရောက်ဆွေးနွေးခဲ့စဉ်က**

**ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား ?** " မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ " ရဲ့ လက္ခဏာပုံတော်ကို နိုပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုဒ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန်ဝင်ပြီးမှ စေတီတော်ရဲ့ ဆောင်းရစ်ပေါ်တင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊လအထိ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၁၉၉၉ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ–၁၅၅ ) ဆရာတော်ဘုရား သက်တော် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါဝေဒနာ ခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆၊နိုဝင်ဘာလထုတ် ဇောတိသဝေဒမဂ္ဂဇင်း အမှတ် (၂၇)၊ စာမျက်နှာ ၁၄–၁၅–၁၆–၁၇–၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

ဂျပန်နိုင်ငံမှာ (၉) နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချမ်းမင်း အခုမြန်မာပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။သူ့ကြော်ငြာကို သတင်းစာထဲမှာ တွေ့လို့ ချက်ချင်းသွားမေးတာ တွက်တိမှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ သာမန်အရောင်းအဝယ်သမားလေးတစ်ယောက်ပဲ။ အိုးအိမ်–မြေယာဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဆရာချမ်းမင်းက ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာ သန်းကြွယ် သူဌေး ဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော် မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်။ ဆရာ တစ်ခေါက်လောက် သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင် ပိုင်ရှင် ဦးသန်းမောင်(မိုးကုတ်) မှ သတင်းစကားပါးခြင်း ဖြစ်ပေသည်။ (တွေ့ဆုံခြင်း နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီလ၊ စာမျက်နှာ– ၁၅၃)

**အမှတ်တရရဲ့ အမှတ်တရ** –ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး **တကာရှီအိတိုစံ**ကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာ လာရောက်ဆွေးနွေး သွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ် (၅၇)၊ ဇူလိုင်၊ ၂၀၀၂ ၊စာမျက်နှာ –၁၃၂– ၁၃၃ – ၁၃၄–၁၃၅)

" ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး (ITTI BALANOORA) ဆိုတဲ့ နာမည်ကြီး အဆိုတော်သီချင်းရေးဆရာ မရိုကျူဆာကို ဟောပြောခဲ့ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက် ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာ ခံစားရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူ ဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကို ထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် ယာသနာပွဲ (၂၇) ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်၊ " (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ– ၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉ ၊ အမှတ်– ၂၈၈၊ စာမျက်နှာ– ၂၃– ၂၄– ၂၅– ၂၆– ၂၇– ၂၈ )"

**သမ်းညွှန်–ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁–၁၁၊ စံပယ်လမ်း ( တတိယမြောက် ဘယ်ဘက်လမ်းသွယ်–ရွှေစေတ္တာလမ်း၊) –ဝန်ထမ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့။(ဥပုသ်နေ့မှအပ နံနက် (၇) နာရီမှ ညနေ (၃) နာရီအတွင်း)Ph-09 8516520**

**ဘဝရှုခင်းအလင်းလက္ခဏာ–အမှတ် (၁)**

**ဖြန့်ချီရေး**

**ဒေါ်ဝင်းဝင်းခိုင် (သိမ့်ထိုက်စာပေ)**

**အမှတ် ( ၂၃၁) ဒုတိယထပ် (ဝဲ)၊ ၃၂ လမ်း (အထက်)**

**ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၀၅၉၂၁၄**

စာအုပ်ဝယ်ယူရန် အခက်အခဲရှိနေပါက သိမ့်ထိုက်စာပေနှင့် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**လက္ခဏာပညာဖြင့် အကူအညီပေးပါရစေနှင့်**

**ဘဝရှုခင်းအလင်းလက္ခဏာ အမှတ် (၂)**

မကြာမီ ထွက်ရှိလာမည်ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com

တစ်လတစ်လ-

ရောက်လာတဲ့စာတွေကများတော့ တစ်ဦးချင်းစီကိုမပြန်နိုင်လောက်အောင် ဖြစ်နေပါတယ်။ ပြန်နိုင်သလောက်တော့ ပြန်ပေးနေပါတယ်။

အဲဒီအထဲက -

မျိုးတူရာတူရာတွေကိုပေါင်းစပ်ပြီး သိသင့်သိထိုက်တယ်ထင်တာလေးတွေ၊ ပြုလုပ်သင့်တာလေးတွေကို ဒီလ သူရဋ္ဌ လက်ဆောင်အဖြစ်ပေးလိုက်ပါတယ်။

ကြွေး -

ကျေချင်သူတွေရှိသလို ရချင်သူတွေလည်းရှိကြပါတယ်။

မှန်ပါတယ်။

ပေးထားတဲ့သူကလည်း သူ့ငွေတွေ ပြန်လိုချင်သလို ယူထားတဲ့သူကလည်း မလွဲသာလို့သာပြန်မပေးရတာ၊ သူလည်း ပြန်ဆပ်ချင်မှာပဲ။ ဆပ်မနေကြတဲ့သူတွေလည်း အများကြီးပါ။

ဟုတ်ပါပြီ။ ဒါဖြင့် ကြွေးပြန်ရအောင်၊ ကြွေးပြန်ဆပ်ချင်အောင်ဆိုတာ ငွေဝင်မှုဖြစ်မှာ။ ငွေနံတွေ၊ ငွေကံတွေ ပွင့်လာမှဖြစ်မှာ။ ငွေကံပွင့်ဖို့ဆိုတာက လည်း အဘက်ဘက်က ကြိုးစားမှုဖြစ်မှာ။

တချို့လာဘ်ပွင့်စေတဲ့ဂါထာတွေ၊ မန္တန်တွေရွတ်ကြတယ်။ ပုတီးစိပ်ကြတယ်။ ဘယ်ဂါထာဟာ ဘယ်လိုလာဘ်လာဘပွင့်တယ်၊ ဘယ်သူဘယ်လိုပွင့်လာတာဆိုတာမျိုးကို ကြားရ မြင်ရ ဖတ်ရပြီဆိုရင် ချက်ချင်းထပြီး ရွတ်ကြဖတ်ကြ စိပ်ကြတော့တာပဲ။

ဒီနေရာမှာ စဉ်းစားရပါလိမ့်မယ်။

ဘယ်သူတော့ဖြင့် ဘယ်လိုပွင့်လာတာဆိုလိုက်တာနဲ့ ချက်ချင်းထရွတ်၊ ဘာမှဖြစ်မလာတော့ နှုတ်ကတောင်ပြောချင်မြောက်ပြောချင်ဖြစ်လာရော။ အမှန်က မောင်'က' ပွင့်သွားတာ ဘယ်လိုပွင့်သွားလဲဆိုတာ လေ့လာရပါလိမ့်မယ်။ သူက အရက်သောက်ပြီးပွင့်တာလား၊ လောင်းကစားလုပ်ပြီးပွင့်တာလား၊ ကိုယ်ကျင့်တရားကောင်းပြီးပွင့်တာလား၊ မိဘကိုပြုစုလုပ်ကျွေးရင်းပွင့်တာလား၊ စရဏအားတွေကြောင့်ပွင့်တာလား ဘယ်လိုပွင့်သွားတာလဲ။ ဒီလိုမှ မလေ့လာဘဲ သူပွင့်သွားတဲ့အကြောင်း၊ နေ့ချင်းညချင်း လာဘ်တွေ ဝင်လာမစဲဖြစ်လာတဲ့ အကြောင်း ဖတ်ကောင်းကောင်းနဲ့ဖတ်ရင်း ကိုယ်ကအားကျ လိုက်လုပ် ဘာမှဖြစ်မလာရင် ဒီဂါထာဟုတ်ပါ့မလားဖြစ်လာပါလေရော။

ဟုတ်တာပေါ့။

ဂါထာက သိပ်ဟုတ်တာပေါ့။

မဟုတ်တာကကိုယ်ဆိုတာ သတိထားမိဖို့တော့လိုလာပါပြီ။ ဒါကြောင့် -

အကြံပြုနေရတာဖြစ်ပါတယ်။

အရမ်းဖြစ်ချင်တဲ့၊ အရမ်းလိုချင်တဲ့ ဆန္ဒတွေနဲ့ ရွတ်ဖတ်၊ ပုတီးစိပ်နေကြတဲ့သူတွေ တော်တော်များများတွေ့နေရပါတယ်။ တချို့ဆို အဓိဋ္ဌာန်တွေဝင်၊ ပြီးရင် ဘာမှဖြစ်မလာတဲ့အခါကျ ကျုပ်က လက်တွေ့သမား။ သူရေးထားတဲ့အတိုင်း အဓိဋ္ဌာန်ဝင်တာ ဘာမှလည်း မထူးဘူး။ ပြီးပြီ၊ ထပ်မဝင်တော့ဘူး





www.burmeseclassic.com

www.burmeseclassic.com



# ဆရာဦးဟောင်းဟောင်းသန်း
(ရှင်ကိုအေးမြ၏အစား)

## ဂရုနဲ့ ပေးရန်များအတွက်
## သူရဿလက်ဆောင်

ဆိုတဲ့လူတွေလည်း တွေ့ဖူးပါတယ်။

ဘယ်ဝင်မလဲ၊ သူတို့က လိုချင်တဲ့ ဆန္ဒအားကြီးနေတာကိုး။

ဒါကို သိထားရင် ငွေကံပွင့်ဖို့ အတွက် အမိကကျတဲ့အကြောင်းအရာ ပေါင်းများစွာထဲက တော်တော်များများ ကို သဘောပေါက်သွားပါလိမ့်မယ်။

ဒီလို အစီအစဉ်တွေဝင်မယ်၊ ရွှတ် ဖတ်မယ်၊ ဖြစ်အောင်လုပ်မယ်ဆိုရင် ဖြစ်အောင်လုပ်ဖို့တော့လိုပါတယ်။

စောစောကပြောသလို သူဘယ်လို ပွင့်သွားတာလဲဆိုတာကို လေ့လာရပါ လိမ့်မယ်။ သူဘယ်လိုပွင့်သွားတာလဲဆို တာကိုသိမှ ကိုယ်ကအားကျပြီး ကိုယ် လုပ်သင့်တာတွေသိရတော့မှာလေ။

ဖတ်ကောင်းကောင်းနဲ့ဖတ်ရုံတော့ မလုပ်နဲ့ပေါ့။ ဘာဖြစ်လို့စွမ်းတာလဲ၊ ဘာဖြစ်လို့ငွေကံပွင့်လာတာလဲဆိုတာကို သေချာလေ့လာရမှာ။

တချို့ဆို တော်တော်ရွှတ်နိုင်ကြ ပါတယ်။

တချို့များ အစီအစဉ်ကြီးတွေ တော်တော်ဝင်နိုင်ပါတယ်။

လူတစ်ယောက်ဆို လပြည့်၊ လကွယ်နဲ့ ဥပုသ်နေ့တွေရောက်တိုင်း အမြဲတမ်း ဥပုသ်စောင့်၊ ပုတီးကိုလက်က မချတမ်းစိပ်ပါတယ်။ ဒါပေမယ့် သူဟာ ဘာမှဖြစ်မလာပါဘူး။

သူကိုယ်သူတော့ သိချင်လည်း သိပါလိမ့်မယ်။ သိချင်မှလည်းသိလိမ့် မယ်။ သိပေမယ့် မသိချင်ယောင်ဆောင် နေတာလည်းဖြစ်ပါလိမ့်မယ်။ အဲဒါက တော့ သူဟာ သူ့အဖေနဲ့ သူ့အမေကို ပက်ပက်စက်စက်ပြောတတ်တဲ့အကျင့် ပါပဲ။ သူ့မိဘတွေရှေ့မှာ ဒေါသကြီးပြ တတ်တဲ့အကျင့်ပါပဲ။ တိုင်းထွာပြောလွန်း တဲ့အကျင့်ပါပဲ။

ဒီအကျင့်တွေက ရှေ့ကပိတ်ဆို့ နေတာကို သူမသိပါဘူး။ သူကတော့ ခုထိ ရွှတ်ဖတ်နေတုန်းပါပဲ။

ဒါ ကိုယ့်ကိုယ်ကိုယ် မညာတမ်း သုံးသပ်ကြည့်ဖို့တွေထဲက တစ်ခုပဲရှိပါ သေးတယ်။

ဂါထာဆိုတာ မစွမ်းတဲ့ဂါထာရယ် လို့မရှိပါဘူး။

ဂါထာတန်ခိုးတော်တွေကိုရေးသား ဖွင့်ဆိုကြတဲ့ပုဂ္ဂိုလ်တွေရဲ့ စေတနာကိုက စီးပွားတက်စေချင်တဲ့သဘော၊ ဂါထာကို ရွှတ်စေချင်တဲ့သဘောရှိလို့ တကယ်ကို မွန်မြတ်တာပဲလေ။ သူဟာဆဲဖို့တိုက်တွန်း တာမှမဟုတ်ဘဲ။ မဟုတ်တာတွေပြောဖို့ အကုသိုလ်တွေပေးတာမှမဟုတ်ဘဲ။ အဲဒါ တော့ လုံးဝသိထားရပါလိမ့်မယ်။

ဒီလိုသိပြီဆိုရင် ဘယ်ကရတယ် တို့၊ ဘယ်လိုစွမ်းတယ်တို့ ခဏထား။ မျှော်မှန်းကြည့်လို့မရတာတွေကို မျှော် မှန်းမနေနဲ့ဦး။

ဂါထာကို သေချာကူးရေး။ ကိုယ် ကလည်းစိတ်ဝင်စားနေပြီ။ တကယ်ရွှတ် တော့မယ်ဆိုရင် ကိုယ်ကြည်ညိုတဲ့ သံဃာ တော် အရှင်သူမြတ်တစ်ပါးကို ရိုရို သေသေလျှောက်ထားပြီး အဓိပ္ပာယ်ဖွင့် ဆိုချက်တွေကို နားထောင်ကြည့်။ မသိ ရင် ရိုရိုသေသေ လျှောက်ထားပြီးမေး။

အဲဒီမှာအစက်အပြောက်ကလေး တွေ မပါသင့်ဘဲပါရင်၊ ပါသင့်ရက်သားနဲ့ မပါရင် ဘယ်လိုအဓိပ္ပာယ်တွေဖြစ်ကုန် တယ်ဆိုတာသိလာပါလိမ့်မယ်။ စာကျန် တာ၊ စာကျတာ၊ စာမပီတာတွေတွေ့လာ ရပါလိမ့်မယ်။ ဒါတွေကိုသိပြီ၊ အဓိပ္ပာယ် ကိုသိပြီဆိုရင်တော့ ရတနာမြတ် (၃) ပါး ကို ကြည်ညိုတဲ့စိတ်နဲ့ ရွှတ်ပေတော့၊ ထုံပေတော့။

အဲဒါဆိုစွမ်းပြီ။ ရေးလိုက်တဲ့ စာရေးဆရာရဲ့ဆန္ဒလည်းပြည့်ဝပြီ။ သူက ဖတ်ကြတဲ့ (၇) ရက်သားသမီးတွေကို လာဘ်ပွင့်စေချင်တာကိုး။ ဒါ သူ့ရဲ့ မေတ္တာတရား။ ခုလိုရွှတ်ရင်၊ ပုတီးစိပ်ရင် သူ့မေတ္တာသူ့အညွှန်းအတိုင်း လာဘ်တွေ ပွင့်ပြီ။

အဲဒီလိုပွင့်ဖို့ စောစောကပြောခဲ့ သလို ကိုယ်တိုင်က လေ့လာအားရှိရပါ လိမ့်မယ်။

ဘယ်လိုကြောင့် စွမ်းတာလဲ၊ ဘာကြောင့်စွမ်းတာလဲ သိလာအောင် လေ့လာရပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်အားကောင်းတဲ့သူဟာ တစ်နေ့ကို ဂါထာတစ်ပုဒ်ဆုံး တစ်လုံးနဲ့ ပုတီးတစ်ပတ် (၁၀၈) ခေါက်ရွတ်ရုံနဲ့ ဂါထာကအစွမ်းပြပါလိမ့်မယ်။ စွမ်းပါပြီ။

အကုသိုလ်များနေတဲ့သူကျတော့ (၁၀၈) ခေါက်ရွတ်ရုံလောက်နဲ့ မရတော့ပါဘူး။ (၅၀၀)၊ (၁၀၀၀) ဒီလိုကြိုးစားပြီး ရွတ်ရပါတော့မယ်။ထိုက်တန်တဲ့ပေးဆပ်မှုတော့ပြုရပါလိမ့်မယ်။ ဒါမှ သူက အဆင်ပြေမှာလေ။

ဒိဝါတပတိဂါထာတော်မြတ်ကြီး တန်ခိုးနဲ့ ကျိကျိတက်ချမ်းသာသွားကြတဲ့သူတွေအများကြီးရှိနေပါတယ်။ ခုလည်း ရွတ်ကြတုန်းပါပဲ။ တချို့ဆို တစ်နေ့ ပုတီးတစ်ပတ် (၁၀၈) ခေါက်ပဲရွတ်ကြရုံနဲ့ တော်တော်ကိုအဆင်ပြေသွားကြတာတွေရှိနေပါတယ်။

သူတို့ကိုကြည့်လိုက်ရင် ဒါနအားတွေကိုပါတွေ့နေရပါတယ်။ မရှိတဲ့ကြားက၊ တိုင်းသုံးနေရတဲ့ကြားက လှူရင်းနဲ့ ရှိသွားကြသူတွေပါ။ တကယ်အားကျလောက်ပါတယ်။ ကုသိုလ်အားများကြသူတွေ၊ မိဘကိုပြုစုလုပ်ကျွေးစောင့်ရှောက်ကြသူတွေများပါတယ်။

သူတို့လိုပဲ ဒိဝါတပတိဂါထာကို ရွတ်၊ အဓိဋ္ဌာန်တွေဝင်ပြီး ဘာမှဖြစ်မလာသူတွေလည်း အများကြီးတွေ့နေရပါတယ်။

သူတို့စကားပြောလိုက်ရင် ကျွန်မလည်း ဒိဝါတပတိစိပ်တာပဲ။ ဘယ်လိုမှကို အဆင်မပြေဘူးဆိုတဲ့သူတွေရှိသလို ကျွန်တော်က ဒိဝါတပတိကို (၉) ရက် အဓိဋ္ဌာန်ဝင်ကြည့်တယ်။ ထူးရင်ဆက်ဝင်မယ်ဆိုပြီး ဝင်လိုက်တာ ဘာမှမထူးတော့ မစိပ်တော့ဘူး၊ ကျွန်တော်က တော့ပြတ်တယ် ဆိုတဲ့လူမျိုးတွေလည်း တွေ့နေရပါတယ်။

ဒိဝါတပတိဂါထာတော်မြတ်ကြီးရဲ့ အဓိပ္ပာယ်ကို သေချာကြည်ညိုကြည့်ပါ။ အလောင်းအစားလုပ်ရမယ့်ဂါထာမဟုတ်ပါဘူး။ အင်မတန်မှကြည်ညိုဖို့ကောင်းတာတွေ တွေ့ရပါလိမ့်မယ်။ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်တွေကိုအာရုံပြုပြီး ရိုရိုသေသေ ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်သရဇ္ဈာယ်ဖို့ပဲလိုပါတယ်။ လောဘကို ဦးဆောင်ပြီးလုပ်နေရင်တော့ စွမ်းမှာမဟုတ်ပါဘူး။ လာဘ်ဝင်ချင်ဝင်၊ မဝင်ချင်နေ၊ ပွင့်ပွင့်၊ မပွင့်ပွင့် ငါနဲ့မဆိုင်ဘူး။ ငါကတော့ ဒိဝါတပတိဂါထာတော်ကြီးကို ရင်ထဲအသည်းထဲမှာစွဲနေအောင်ယုံတယ်။ သစ္စာစကားတွေဆိုပြီး ဘုရားရှင်ကို ကြည်ညိုပူဇော်တာမို့ ငါယုံယုံကြည်ကြည်နဲ့ရွတ်မယ်၊ ဘာလာဘ်မှမမျှော်ဘူး ဆိုတဲ့စိတ်ကို အမှန်တကယ်နှလုံးသားထဲမှာဖြစ်ပေါ်လာအောင်ထားပြီး အဓိဋ္ဌာန်ဝင်မယ်ဆိုရင်တော့ ဒိဝါတပတိဂါထာတော်ကြီးရဲ့တန်ခိုးကို မျက်ဝါးထင်ထင်မြင်ကြရမှာပါ။ စံစားကြရမှာပါ။

ဒါမှမပွင့်သေးရင် ကာယကုသိုလ်တွေနဲ့ထပ်ဖွင့်လိုက်ရင်ပြီးပါတယ်။ ဥပမာ ဘုရားသွား၊ ရင်ပြင်တော် တံမြက်စည်းလှည်း၊ အမှိုက်တွေကောက်၊ သန့်ရှင်းရေးတွေလုပ်၊ ကျောင်းသွားတံမြက်စည်းလှည်း၊ ကုဋီတွေရေဆေး အဲဒီလို ကာယကုသိုလ်တွေလုပ် ပွင့်တာပေါ့။

လိုသေးရင် ငှက်ကလေးတွေကျွေး၊ ခွေးလေးတွေကျွေး၊ ငါးလေးတွေကျွေး ပွင့်တာပေါ့။

ဒါပေမယ့် ငါ ကာယကုသိုလ်မနေ့ကသွားလုပ်ပြီးပြီ။ ဒီနေ့ဘာလို့မပွင့်တာပါလိမ့်ဆိုလို့တော့ မရပါဘူး။

ဦးဖွ မဟုတ်တဲ့အတွက် ခုလုပ်ခုချက်ချင်း ငွေဝင်ချင်လို့မရပါဘူး။ 'အရှိန်' ဆိုတာရှိပါတယ်။ 'အချိန်' ဆိုတာလည်းရှိပါတယ်။ 'ဟိတ်' ဆိုတာလည်းရှိပါတယ်။ ဒါတွေကို မေ့ထားလို့မရပါဘူး။

အရှိန်ဆိုတာ ကိုယ်ဘယ်လောက်ထိ ကာယကုသိုလ်လုပ်လည်းကြည့်ပါ။

ဘုရားသွားတယ်၊ တံမြက်စည်းလှည်းတယ်၊ အားရပါးရ ကုသိုလ်ပြုတယ်၊ အမှိုက်တွေကောက်တယ်။ ဒီလိုအရှိန်အဟုန်ပြင်းပြင်းနဲ့ စိတ်ပါလက်ပါပြုလိုက်တဲ့ ကုသိုလ်ကြောင့် ဖြစ်လာရတဲ့ပီတိတွေဟာ ဘာနဲ့မှမတူပါဘူး။ ဒီအရှိန်အတိုင်း ဆက်လုပ်နေမယ်။ တစ်ကြိမ်၊ နှစ်ကြိမ်မက လေး၊ ငါး၊ ဆယ်ကြိမ်ပြုလုပ်မယ်။ အဲဒီမှာ အရှိန်ကသွားနေပြီ၊ တရွေ့ရွေ့နဲ့သွားနေပြီ။

လူတစ်ယောက်ဟာ တစ်ရာဖိုးကုသိုလ်လုပ်လို့ တစ်ထောင်ဖိုးလောက်ပြည့်ရင် ပွင့်တော့မယ်ဆိုပါစို့၊ နမူနာ။

တစ်ရာဖိုးကုသိုလ်တွေကလုပ်လာပြီ။

တဖြည်းဖြည်းနဲ့ နှစ်ရာ၊ သုံးရာ၊ လေးရာ ဟုတ်လာပြီ။ ဟော - ရှစ်ရာလောက်လည်းကျရော ငါလုပ်နေတာဘာမှလဲမထူးပါဘူးကွာဆိုပြီး စိတ်ဓာတ်ကကျသွားရော။ ဆက်မလုပ်တော့ဘဲ ဒီနေရာတင်ရပ်သွားတော့၊ တစ်ထောင်မပြည့်ခင် နှစ်ရာအလိုမှာရပ်သွားတော့၊ တစ်ထောင်ပြည့်ခါနီးမှကပ်ရပ်သွားတော့ သူလုပ်ခဲ့တဲ့ ရှစ်ရာအတွက်လည်း နှမြောစရာ။ နောက်ထပ် နှစ်ရာဆိုပွင့်တော့မှာမို့ နောက်ထပ် နှစ်ရာအတွက်လည်း စိတ်မကောင်းစရာ။

ဒါဟာ အချိန်ပါပဲ။

ပွင့်ချိန်ရောက်ခါနီးမှာ ရပ်သွားရသူတွေ တော်တော်များများတွေ့ခဲ့ရပါတယ်။ တွေ့နေရပါတယ်။

အချိန်ပေးရပါလိမ့်မယ်။

အချိန်ပေးခြင်းဆိုတာ ယုံကြည်ခြင်းနဲ့လည်းဆိုင်ပါတယ်။

ဒီတော့ -

ပွင့်ချိန်ကဘယ်တော့ပွင့်မှာမို့လို့လဲ။ ဘယ်လိုတိုင်းတာရမှာမို့လို့လဲဆိုရင် -

ကိုယ်လုပ်နေတဲ့ ကာယကုသိုလ်တွေအပေါ်မှာပဲ အာရုံစူးစိုက် ကုသိုလ်ယူပြီးဆက်လုပ်၊ ရွတ်နေကျဂါထာကိုပဲ ယုံယုံကြည်ကြည်ရွတ်၊ အဲဒီလိုတွေ ကုသိုလ်ပြုရင်းရွတ်ရင်းနဲ့ လူလည်း ပေါ့ပါးသွက်လက်လာမယ်။ မခင်ဘူးတဲ့သူတွေက ခင်လာမယ်၊ ရန်လိုချင်တဲ့သူတွေကပါ ပြုံးပြုံးနွတ်ဆက်လာကြမယ်၊ ခင်လာကြမယ်။ ကိုယ့်ကိုစကားပြောကြတာတွေဟာ ကိုယ့်နားထဲမှာ နားဝင်စရာတွေဖြစ်လာမယ်ဆိုရင် ဒါ ပွင့်ခါနီးပြီ။ ဘုန်းကောင်းလာဘ်လာဘတွေပွင့်ခါနီးပြီ။ ဒီအချိန်မှာ ဆက်ရွတ်ပါ။ ဆက်ပြီးကုသိုလ်တွေ အားရပါးရပြုပါ။

လိုချင်တာတွေဖြစ်ပါပြီ၊ ဆန္ဒတွေပြည့်ပါပြီလို့ ပြောလိုက်ပါရစေ။

ဒါကိုတော့ ကုသိုလ်ပြုရင်း၊ ရွတ်ဖတ်ရင်းနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် သတိထားကြည့်ပါ၊ သိလာပါတယ်။

ဒါဆိုရင်တော့ -

ဒီလောက်ထိဖတ်လာပြီးပြီဆိုရင်တော့ -

ကြွေးပြန်လိုချင်သူတွေရော ကြွေးပြန်ဆပ်ချင်ကြသူတွေပါ အများကြီးအထောက်အကူပြုသွားပါပြီ။ စဉ်းစားလို့ရသွားပါပြီ။ တို့လုပ်တော့လုပ်နေတာပဲ။ ဘာများလိုနေလို့ မပွင့်ရတာလဲ။ ဒါလောက်လုပ်နေတဲ့ကြားထဲက၊ သူများအပေါ်လည်း ဒါလောက် စိတ်ကောင်းကောင်းထားတဲ့ကြားထဲက ဘယ်လိုဖြစ်နေမှန်းမသိဘူးဆိုတဲ့အဖြေကိုရှာနိုင်လာပါလိမ့်မယ်။

တချို့လာဘ်ရှင်တယ်လို့မြင်လိုက်ရင် အဲဒီဂါထာကိုကူးရေး၊ ရွတ်ပြန်တာပဲ။ ဘယ်နေရာမှာဘယ်သူဘယ်လိုရွတ်လို့ထီတွေထပေါက်တယ်၊ ငွေတွေအလုံး



www.burmeseclassic.com

www.burmeseclassic.com

လိုက်အရင်းလိုက်ဝင်တယ်မြင်တာနဲ့လိုက်ရွတ်ပြန်ရော။ ဘာမှမဖြစ်ပြန်ဘူး။

အဲဒီလို ရွတ်တတ်သူတွေထဲက အစ်ကိုတစ်ယောက်ကိုပြောပြခဲ့တာလေး သတိရလို့ ပြန်ပြောပြလိုက်ပါဦးမယ်။

ညီလေးရာ ဟိုဂါထာကောင်းတယ်ဆို . ငါရွတ်ပြန်ရော၊ ဒီဂါထာကောင်းတယ်ဆိုလည်း ရွတ်ပြန်ရော။ ဟိုပုတီးစိပ်ကောင်းတယ်ဆို ငါစိပ်ပြန်ရော၊ ဝင်ပြန်ရောအဓိဋ္ဌာန်တွေ။ ဘာမှလဲဖြစ်မလာဘူးကွာဆိုပြီးလာပြောပါတယ်။

သူရွတ်တဲ့ဂါထာတွေ၊ ပုတီးစိပ်တွေကိုကြည့်လိုက်ရင် အင်မတန်မှအစွမ်းထက်တဲ့ဂါထာတွေ၊ ပုတီးစိပ်တွေချည်းပါပဲ။ တကယ်ထက်တာတွေချည်းပါပဲ။

ဒါကြောင့် -

အစ်ကို ကျွန်တော် စာအုပ်လေးတစ်အုပ်မှာ ဖတ်ဖူးတယ်။ ပညာရှိတွေ ရေးသားဆုံးမခဲ့တဲ့ စာအုပ်လေးပါ။ ပြီးတော့ ပညာရှင်တွေ ဟောကြားတာလည်း နာယူမှတ်သားဖူးတယ်။ အဲဒါက ဘာလဲဆိုတော့ -

လူတစ်ယောက်ဟာ ရေတွင်းတူးတယ်။ အဲဒီလိုတူးရင်း တော်တော်လေး ခရီးရောက်လာတော့ လူတစ်ယောက်က ရောက်လာတယ်။ ဟေ့လူ ခင်ဗျားတူးနေတာ ရေကြောလွဲနေတယ်တဲ့။ ရေကြောက ဒီနားမှာ၊ ဒီမှာတူးမှရေထွက်မှာဆိုပြီး ပြကရော။ ဒါနဲ့ ရေတူးသမားက အဲဒီကို ရွှေ့တူးရော။ တော်တော်လေးတူးပြီးပြန်တော့ လူတစ်ယောက်ရောက်လာပြန်ရော။ ခင်ဗျားက ဒီနေရာမှာ ရေတူးရအောင် ဘယ်သူကပြောတာလဲ။ သူက ရေကြောဘယ်လောက်သိလို့လဲ။ ကျုပ်က ဒီကိစ္စတွေနဲ့ပတ်သက်တဲ့ပညာရှင်။ လာ-ဟောဒီမှာတူး၊ ထွက်ကိုထွက်ရမယ်ဆိုပြီးဖြစ်ပြန်ရော။ ဟိုရေတူးသမားက ရော အဲဒီနေရာရွှေ့တူးပြန်ရော။

ဒါကိုကြည့်ကြည့်လိုက်။

ရေတူးသမားဟာ အတောင်ခြောက်ဆယ်ပြည့်ရင် ရေထွက်မယ်ဆိုပါတော့။ သူစတူးခဲ့တာက အတောင်နှစ်ဆယ်လောက်၊ ပထမဆုံးလူလာပြောလို့ ပြောင်းတူးရတာက အတောင်နှစ်ဆယ်လောက်၊ နောက်ထပ် ဒုတိယလူလာပြောလို့ ပြောင်းတူးရတာက အတောင်နှစ်ဆယ်လောက်။ ပေါင်းလိုက်ရင် အတောင်ခြောက်ဆယ်ဖြစ်နေပြီ။ တစိုက်မတ်မတ်တူးချလိုက်လို့ အတောင်ခြောက်ဆယ်ပြည့်ရင် ရေထွက်နေပြီ။ ခုတော့ သူက ဟိုနေရာရေထွက်နိုး ဒီနေရာရေထွက်နိုးနဲ့ သူများပြောတိုင်းလိုက်တူးနေရရှာတော့ အချိန်တွေကုန်သွားတယ်။ ကာယအားတွေ မလိုဘဲ ဆုံးရှုံးတယ်။ ဘာမှဖြစ်မလာတော့ သူ့ရဲ့စိတ်ပိုင်းဆိုင်ရာကိုလည်း ထိခိုက်ရရှာတယ်။ ဟိုခုန်ဒီခုန်နဲ့လုပ်ခဲ့ရတဲ့ သူ့ရေတွင်းတူးခြင်းအလုပ်ကြီးဟာ လူသာပင်ပန်းသွားတယ်၊ ဘာရေမှထွက်မလာတော့ဘူး။ မအောင်မြင်တော့ဘူး။

သူဟာ တစိုက်မတ်မတ်တူးချလိုက်ရင် ရေလည်းထွက်မယ်၊ စိတ်လည်း ချမ်းသာမယ်၊ ကာယအားလည်း မဆုံးရှုံးဘူး -

ဆိုပြီးတော့ အဲဒီရေတူးသမားပုံပြင်လေးကို ပြောပြခဲ့ဖူးပါတယ်။

ဒီတော့မှ သူဟာ အရမ်းသဘောကျသွားပြီး ဂါထာတစ်ခုကို တစိုက်မတ်မတ်စိပ်လိုက်တာ တကယ်ခရီးပေါက်သွားခဲ့ပါတယ်။ သူလိုချင်တဲ့ အိမ်ပိုင်ယာပိုင်လေးဖြစ်သွားခဲ့ပါတယ်။

ဒါကြောင့် သိထားသင့်တာလေးတွေကိုသိထားပါ။

'ဟိတ်'ကလည်း မေ့လို့မရတဲ့အထဲမှာပါပါတယ်။

ဘာလုပ်မှာလဲ။

ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်ရောင်းတာလား။

ဟုတ်ပြီ။ ဈေးဗန်းခင်း၊ ဒိဝါတပတိဂါထာကို ရတနာ (၃) ပါး အာရုံပြုပြီး (၉) ခေါက်လောက် ရွတ်ထားတာနဲ့ ဒီပစ္စည်းတွေကုန်တယ်၊ ရောင်းရတယ်၊ သေချာတယ်။

ဘာလုပ်မှာလဲ။

ဆန်၊ ဆီ ရောင်းမှာလား။ ဒါဆို တစ်နေ့ကို ပုတီးတစ်ပတ်တော့စိပ်။ အိမ်မှာစိပ်။ ဆန်တွေကုန်တယ်၊ ဆီတွေကုန်မယ်၊ ရောင်းကောင်းမယ်။ ခုနလို (၉) ခေါက်လောက်တော့ မရဘူး။

ဘာလုပ်မှာလဲ။

ရတနာဆိုင်လား။ ဒါဖြင့် တစ်နေ့ကို ပုတီး(၃)ပတ်လောက်တော့ အနည်းဆုံးစိပ်ရလိမ့်မယ်။ ဒိဝါတပတိဂါထာကို တစ်နေ့ (၃၀၀) ဒါမှမဟုတ် (၅၀၀) ရွတ်ရလိမ့်မယ်။

ဒါဟာ -

ဟိတ်ပါပဲ။

ကိုယ်လုပ်နေတဲ့လုပ်ငန်း၊ လုပ်ရပ်ပေါ် မူတည်ပြီး ရွတ်ဖတ်ခြင်း၊ အားထုတ်ခြင်း ဆိုတာကိုတော့ သိထားရပါလိမ့်မယ်။

အဆောက်အအုံလုပ်ငန်းတွေရပ်သွားတဲ့လူတစ်ယောက်နဲ့ စကားပြောဖူးပါတယ်။ ကျွန်တော်လည်း ဘုရားရှိခိုးတာပဲ။ သမ္ဗုဒ္ဓေရွတ်တာပဲတဲ့။ ဘယ်နှခေါက်ရွတ်လဲဆိုတော့ (၉) ခေါက်၊ (၁၀) ခေါက် အဲလိုရွတ်တာတဲ့။ ခင်ဗျား သမ္ဗုဒ္ဓေဂါထာတော်ကို ပုတီး (၃) ပတ် ဒါမှမဟုတ် (၅) ပတ်လောက်စိပ်နိုင်ပြီဆိုရင် ခင်ဗျားလုပ်ငန်းတွေ ပြန်အသက်ဝင်လာလိမ့်မယ်လို့ ပြောလိုက်ရတယ်။ သူစိပ်တယ်၊ ကြိုးစားစိပ်တယ်။ (၃) ပတ်တော့မရသေးဘူး။ အလုပ်တွေတရပ်ထားရတော့ စိတ်ညစ်ညစ်နဲ့စိပ်ပုံရပါတယ်။ ဘယ်လိုပဲစိပ်စိပ်ပါ။ (၅) ပတ်မှာ သူဟာ စထူးသွားပါတယ်၊ လုပ်ငန်းတွေပြန်လည်ပတ်လာပါတယ်။ဒါဟာ ဟိတ်နဲ့လိုက်လျောညီထွေသွားခြင်းပါပဲ။ သူဟာ ကန်စွန်းရွက်ရောင်းတဲ့ကလေးတစ်ယောက်ရွတ်သလို (၉) ခေါက်လောက်နဲ့ မရနိုင်တော့ပါဘူး။

ဒါတွေဟာ -

တကယ်ကြွေးပြန်လိုချင်တဲ့သူတွေ၊ တကယ်ကြွေးပြန်ပေးချင်သူတွေအတွက် ရင်ထဲကဖြစ်တဲ့ စေတနာ၊ မေတ္တာတွေနဲ့ တင်ဆက်ပေးနေတဲ့ လက်ဆောင်တွေပါပဲ။

ဒါကြောင့် . ဒါတွေကိုလည်း သိသင့်သလောက်သိထားပြီဆိုရင် -

ဂုဏ်တော်တွေကိုပဲရွတ်ပြီး၊ ပုတီးစိပ်ပြီး အဓိဋ္ဌာန်တွေဝင်ဝင်၊ ဒိဝါတပတိဂါထာတော်ကြီးကိုပဲပုတီးစိပ်ပြီးအဓိဋ္ဌာန်တွေဝင်ဝင် ဆန္ဒတွေစောပြီး လောဘစိတ်တွေ၊ ဖြစ်ချင်လွန်းနေတဲ့ စိတ်တွေကို အဓိကမထားပါနဲ့။ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတော်တွေကို ရင်ထဲ၊ နှလုံးသားထဲက ကြည်ညိုပြီး ပွားများဖို့သာလိုပါတယ်။ ဒါဟာ ကောင်းခြင်းကုသိုလ်တွေကိုပွားများနေခြင်းပါပဲ။ ကောင်းခြင်းကုသိုလ်တွေကို ပွားများနေတဲ့အတွက် ကောင်းကျိုးတွေသာ ပေါ်ဖြာလာမှာ မလွဲပါဘူး။ ကောင်းတဲ့ကံတွေကို တည်ဆောက်နေတာပဲလေ။ ရွတ်ဖတ်မယ်၊ ပုတီးစိပ်၊ အဓိဋ္ဌာန်တွေဝင်မယ်၊ ကာယကုသိုလ်တွေပြုမယ်။

စဉ်းစားကြည့် - ကာယကံရော၊ ဝစီကံရော၊ မနောကံရော အားကောင်းနေပြီ။ ဒါလောက် ကာယကုသိုလ်တွေပြု ရွတ်ဖတ်သရဇ္ဈာယ်ပွားများနေသူရဲ့ ကံသုံးပါးဘယ်လောက်မြင့်မြတ်နေပြီလဲ။ ဘုရားဂုဏ်တော်ရဲ့ ကျေးဇူးတော်တွေ၊ အနက်အဓိပ္ပာယ်တွေ၊ ဒိဝါတပတိဂါထာတော်ကြီးရဲ့ အနက်အဓိပ္ပာယ်တွေ



www.burmeseclassic.com

www.burmeseclassic.com

# ခြစားခြင်းမှကင်းဝေးနည်း

**ဘစိုးသိန်း**

ကျွန်တော်တို့ဝယ်ထားသောအိမ်သို့ပြောင်းရွှေ့အပြီး သုံးနှစ်ခန့်ကြာသောအခါ ကျွန်တော်တို့အိမ်သည် 'ခြမြေ'ပေါ်တွင် ဆောက်ထားကြောင်း သတိမူမိသည်။ စာအုပ်များ၊ အဝတ်အစားများ၊ ကြမ်းခင်းပျဉ်များ၊ သစ်သားတန်းများ၊ အကာပျဉ်ပြားများကို ခြများစားသောက်ဖျက်ဆီးကြပါသည်။ ရေနံဆီလောင်း၍လည်းကောင်း၊ ဆပ်ပြာမှုန့်ကို ရေဖျော်၍ပက်ဖျန်း၍လည်းကောင်း၊ ပရုတ်လုံးတို့ဖြင့် လည်းကောင်း ၎င်းခြများကို သုတ်သင် ဖယ်ရှားပါသည်။ ခဏသာ ခြများပျောက်သွားသည်။ ပစ္စည်းများကို ခြများဖျက်ဆီးမှုမှာ လျော့သွားခြင်းမရှိပါ။ ခြများဖျက်ဆီးမှုဒဏ်ကို ကျွန်တော်တို့ မခံနိုင်တော့ချေ။ ခြနှိမ်နင်းသုတ်သင်ရေးကို ကျွန်တော်တို့စဉ်းစားကြပါသည်။ အဖြေမထွက်ပါ။

မျက်မြင် ခြပြေးနည်းတစ်ခုကို ကျွန်တော်သိပါသည်။ ခြတောင်ပို့ကို တွေ့မှသုံး၍ရသောနည်း ဖြစ်ပါသည်။ ကျွန်တော့်သူငယ်ချင်းတစ်ဦး၏ ခြံဝင်းအတွင်းတွင် ခြတောင်ပုံကြီးတစ်ခုရှိ၏။ ထိုခြတောင်ပို့နေရာတွင် ကျွန်တော့်သူငယ်ချင်းက အိမ်တစ်လုံးဆောက်လိုသဖြင့် အချို့သောသူများ၏ အကြံပေးချက်အတိုင်း ခြတောင်ပို့ကို ရေတစ်ခွက်၊ ဆီမီးတစ်တိုင်ဖြင့် ပူဇော်မေတ္တာပို့ပြီး ခြများကို ခြတောင်ပို့မှ ပြောင်းရွှေ့စေပါသည်။ ပြောင်းရွှေ့စေသောရက်မတိုင်မီ ခြများ ခြတောင်ပို့တွင်မရှိတော့ပါ။ ကျွန်တော့်အိမ်အောက်၊ အိမ်နံဘေးပတ်ဝန်းကျင်တွင် ခြတောင်ပို့မရှိသဖြင့် ထိုနည်းကိုသုံး၍မရဖြစ်နေပါသည်။

ခြရှင်းလင်းရာတွင် ရေနွေးပူပူဖြင့် လောင်းချသုတ်သင်သောနည်းမှာ လွယ်ကူထိရောက်သော်လည်း ခြများပျောက်ကွယ်မသွားပါ။ ကျွန်တော်တို့သည် ခြများတွေ့တိုင်း ရေနွေးပူပူလောင်းလိုက် ခြများပျောက်သွားလိုက်၊ ပြန်ပေါ်လာလိုက်နှင့် သုံးနှစ်ခန့်ကြာသောအခါတွင် ကျွန်တော်တို့အိမ်သည် ခြများဖျက်ဆီးမှုကြောင့် နေထိုင်၍မရနိုင်အောင် အခြေအနေဆိုးလာပါသည်။ အောက်ခြေပြတ်နေသော အိမ်တိုင်ခြစား၍ ကျိုးပဲ့နေသည့် ကြမ်းခင်းပျဉ်းအောက်ရှိ သစ်သားတန်းများ၊ ပြုတ်ကျနေသော အိမ်အကာပျဉ်းတို့ အစားထိုးရန် ကျွန်တော်တို့အိမ်ကိုပြင်ဆင်ရပေတော့သည်။

အိမ်ပြင်ရန် ကြမ်းခင်းပျဉ်းများကို ခွာလိုက်သောအခါ အိမ်အောက်တွင် ခြတောင်ပို့ကိုတွေ့ရသည်။ အိမ်ခေါင်တိုင်၏ ခြေရင်းနံဘေးတွင် တစ်ထွာခန့် အမြင့်ရှိသော ခြတောင်ပို့အသစ်လေးပင်။ ကျွန်တော်ဝမ်းသာသွားသည်။ 'ရေစင်တစ်ခွက်နှင့် ဆီမီးတစ်တိုင်နည်း' ကို သုံးကြည့်ရပါတော့သည်။

အိမ်ပြင်ဆင်ပြီးသောအခါ ရေတစ်ဖန်ခွက်တင်ထားသော ပန်းကန်ပြားလေးတစ်ချပ်နှင့် မီးထွန်းထားသော ဖယောင်းတိုင်တစ်တိုင်စိုက်ထူထားသော ပန်းကန်ပြားလေးတစ်ချပ်တို့ကို ထိုခြတောင်ပို့အနီးတွင် ကျွန်တော်ထားလိုက်ပါသည်။ ထို့နောက် မြေကြီးပေါ်တွင် ဒူးထောက်လိုက်ပြီး လက်အုပ်ချီ၍ နတ်ကောင်းနတ်မြတ်များကို မေတ္တာပို့ပါသည်။ ခြများကိုလည်း နှုတ်မှအသံထွက်၍မေတ္တာပို့ပါသည်။ ပြီးနောက် ခြများ ဤနေရာမှ တစ်လအတွင်း ပြောင်းရွှေ့ပေးရန် ကျွန်တော်မေတ္တာရပ်ခံပါသည်။ ဖယောင်းတိုင်မီးငြိမ်းသည့်အထိ ပန်းကန်ပြားနှစ်ချပ်ကိုထားခဲ့၏။ အိမ်သားများက မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့် ကျွန်တော့်လုပ်ရပ်ကို စောင့်ကြည့်နေကြပါသည်။

ခြများကို မေတ္တာရပ်ခံအပြီး (၁၅) ရက်ခန့်ကြာသောအခါ မိုးကြီးရွာသွန်းပြီး ထိုခြတောင်ပို့လေးလည်း မိုးရေကြောင့် ပျက်စီးသွားသည်။ ထိုရက်ပိုင်းမှစ၍ ကျွန်တော်တို့အိမ်တွင် ခြများမတွေ့ရတော့ပါ။ ကျွန်တော်တို့လည်း ခြကြောင့်ရရှိသည့်စိတ်ဆင်းရဲမှုအပေါင်းမှ ကင်းဝေးပါတော့သည်။ ထို့ပြင် များစွာသော ခြကောင်လေးများကို သတ်ဖြတ်ရသော ပါဏာတိပါတကံကို ကျူးလွန်ရန်မလိုတော့ချေ။

ဘစိုးသိန်း

BURMESE CLASSIC

သိအောင်ကြိုးစားထားလို့ သိလာလေ အကျိုးများတိုးပွားလာလေပါပဲ။ မလွဲပါဘူး။

ဒီလိုပွားများနေတဲ့ပုဂ္ဂိုလ်အတွက် ဘယ်လာဘ်ကမရွှင်ဘဲနေပါတော့မလဲ။ လာဘ်ရွှင်ဖို့လောက်ကတော့ ကာယကံရှင်တောင် သတိမထားမိလိုက်ဘဲ စီးပွားတွေဘယ်လိုဘယ်လိုတက်လာမှန်းတောင် မသိလိုက်ဘဲဖြစ်သွားမယ်။ ငါဟာ ချမ်းသာနေပါရောလားဆိုပြီး ကိုယ့်ကိုယ်ကိုယ်တောင်အံ့အားသင့်နေပါလိမ့်မယ်။

ဒီသူရဿလက်ဆောင်ကို ဒါလောက်အထိဖတ်လာပြီးပြီဆိုရင် ငွေတွေပြည့်နေအောင်ထည့်ထားတဲ့ ဇရာမသေတ္တာကြီးရဲ့ သော့ကိုဖွင့်ဖို့ သော့ကိုင်ပြီးတဲ့အထိဖြစ်နေပါပြီ။

ပွင့်သွားအောင်ဖွင့်ဖို့ပဲလိုပါတော့တယ်။

- မရှင်းသေးရင် ပြန်ဖတ်ကြည့်လိုက်ပါဦး။

- ငွေကံတွေပွင့်လာစေနိုင်တဲ့အကြောင်းအရာတွေကိုသတိထားကြည့်လိုက်ပါဦး။

ပညာရှင် ဆရာ၊ ဆရာမတွေပေးကြတဲ့ငွေဝင်အစီအရင်တွေဟာ အင်မတန်မှ အစွမ်းထက်ကြပါတယ်။ ဂါထာတွေဆိုရင်လည်း အင်မတန်မှစွမ်းကြပါတယ်။ ဒါပေမယ့် ကိုယ်လိုက်လုပ်လို့ဘာမှဖြစ်မလာဘူးဆိုရင် ငါ့မှာဘာလိုနေလို့ပါလိမ့်၊ ဘယ်ကုသိုလ်တွေလိုနေလို့ပါလိမ့်၊ ဘယ်လိုစည်းကမ်းမျိုးတွေလိုက်နာဖို့လိုနေလို့ပါလိမ့်ဆိုပြီး ကိုယ့်ကိုယ်ကိုယ်သာ ပြန်သုံးသပ်ပါ။ မညာပါနဲ့။

ဒီလိုသုံးသပ်ပြီးပြီဆိုရင် လိုနေတဲ့ ကွက်လပ်လေးတွေကိုဖြည့်လိုက်ဖို့ပဲရှိပါတော့တယ်။

ဒါဆို-

ကြွေးပြန်လိုချင်ကြသူတွေအတွက် ကြွေးတွေပြန်ဝင်လာမှာဖြစ်သလို -

ကြွေးပြန်ဆပ်ချင်သူတွေအတွက်လည်း ငွေတွေတအိအိနဲ့ပြန်ပွင့်လာပါပြီ။ ပြန်ဆပ်နိုင်ပါပြီ။

ဒါဟာ -

ငွေကံပွင့်ခြင်း၊ ငွေကံကောင်းစေခြင်း၊ ငွေဝင်အားကောင်းစေခြင်းတို့အတွက် တင်ဆက်လိုက်ရတဲ့ သူရဿလက်ဆောင်ပါပဲလို့ -

မေတ္တာစကားပြောကြားရင်း -

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာခရုဆေးပညာဖြင့် အောက်ပါရောဂါများကို ကုသပေးသည်

# ရွှေပြည်မင်း

ဆရာဦးခင်မောင်လှ (တဆ-၀၂၂၉၀)

တိုင်းရင်းဆေးကုဌာန

အသည်းရောင်၊ အသားဝါ၊ အသည်းကြွပ်၊ အသည်းခြောက်၊ ရေဖျဉ်းစွဲ၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းအနာဖြစ်ခြင်း၊ နာတာရှည်အသည်းရောဂါအမျိုးမျိုး။
နှစ်ရှည်လများ ဆီးချို၊ သွေးချိုကြောင့် အမျိုးသားအားနည်းရောဂါ နှင့် ဆီးကျောက်ကပ်နှင့် ဆီးကျိတ်ရောဂါ။ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ အေဝတွင် အဖုအကျိတ်၊ စအိုနာအမျိုးမျိုး။
အမျိုးသမီးများသားအိမ်အတွင်းအလုံးအကျိတ်တည်ခြင်း၊ နှစ်ရှည်လများမီးယပ်အဖြူဆင်းခြင်း၊ ရင်သားအဖုအကျိတ် မခွဲမစိတ်မှာဘဲကျောက်ဆေးနှင့် သိဒ္ဓိဝင်ဆေးတောင့်၊ ဓါတ်လုံးများဖြင့် သီးသန့် သက်သာပျောက်ကင်းစေရမည်။

စန္ဒာကိုယ် အတွင်းအပြင် နှစ်ရှည်လများ ဖြစ်ပွားနေသော အလုံး၊ အကျိတ်၊ အဖု၊ ကင်ဆာ(ခေါ်)မြစ်ပွားနာရောဂါ အမျိုးမျိုးကို လက်ခံ၍ ကုသပေးသည်။

ဆေးခန်းဖွင့်ချိန် - နေ့လယ် (၁၂)နာရီ မှ ည (၇း၀၀)နာရီထိ တနင်္လာနေ့တိုင်း ပိတ်သည်။

ရွှေပြည်မင်း တိုင်းရင်းဆေးကုဌာန

အမှတ်-၂၇၊အပိုင်း(၃)၊၁၄ ရပ်ကွက်၊သံသုမာလမ်းမကြီးဖြတ်သားတောင်ဥက္ကလာပ မြို့နယ်။ ☎ -၅၇၇၆၄၉၊ ၀၉ ၄၃၁၉၅၄၃၉၊ ၀၉ ၈၅၁၃၁၆၆

မဟာဘုတ်ပါရဂူ ဆရာကြီးဦးကြာမြင့်နှင့် ဆရာ ဦးစိုးလင်းတို့၏ တပည့်

# ဆရာ ဦးခင်ဇော်

* နည်းနည်းပြောရင်များများ [illegible] ကြည့်တယ်ဆိုရင်တော့ တံခါးသာခေါက်လိုက်ပါ။
* ပြဿနာဆိုတာ လိုအပ်နေ [illegible] နေရတဲ့ အခက်အခဲပါ။
* (သင့်ရဲ့ အရေးတကြီးအမေး) [illegible] ပုံနှိပ်နှင့် ဆွေးနွေးကြည့်လိုက်ပါ။
* ဒါကြောင့် သင်လိုအပ်နေ [illegible] ကြည့်ရမှာပေါ့။
* လိုအပ်တဲ့အဖြေကို ရပြီဆိုရင် [illegible] သွားနေပါ။
* နှစ်နှစ်ခြိုက်ခြိုက် အိပ်မော [illegible] နေရပြီဆိုရင်တော့ လောကဓံရဲ့ အလှည့်အပြောင်းကို ကြုံရတော့တယ်။
* အဲဒီအချိန်မှာ ကျွန်ုပ်နှင့်တွေ့ [illegible] အချိန်မှာ နောက်မကျသေးပါဘူး။
* နောက်ကျခဲ့ရင်တော့ [illegible] ပေးဆပ်ရမဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်လာပါလိမ့်မယ်။
* ဘာကြောင့်လဲဆိုရင် [illegible] ကြုံရလေအောင် မြန်မာရိုးရာ နက္ခတ်ပညာဖြင့် ကြိုတင်ကာကွယ် [illegible]
* ခြောက်၍လည်းမဟော [illegible] အရှိအတိုင်း၊ အသိကို အသိအတိုင်းသာဟောမည်။

## ဆရာ ဦးခင်ဇော်

[illegible] မြို့နယ် (ဥက္ကလာပဘုတ်ကုန်း)
ဖုန်း - [illegible]